
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC

# သုရဿတီ

မဂ္ဂဇင်း

အတွဲ(၁၇) အမှတ်(၂) ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com







## ဘာသာရေးဆောင်းပါးများ


၅ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
ဘုရင်
(ကထာစာပေါင်းသိုက်)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၄ ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ကြီး
အဆိုအမိန့်များ
**သူတော်အိမ်(မွေ့သုတေသီ)**

၁၅ စလင်းမြို့က ပျက်စီးယိုယွင်းနေသည့်
မြောက်လေးစဉ်
ရေးဟောင်းရုံကျောင်းတော်ကြီး
**ဦးတင်လှိုင်(မိတ္ထီလာ)**

၁၇ လယ်တီဆရာတော်ဘုရားကြီးအား
ပူဇော်ခြင်း
**မြဝင်း(ဓနသန)**

၁၉ ဘုန်းတော်ကြီးဦးသီလအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၂၅ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၁၆)
**ကံဝင်း**

၃၇ လောကရန်နိုင်
အောင်တော်မူမြတ်စွာဘုရားကြီး
**ခင်မောင်အေး(မန္တလေး)**

၄၁ စန္ဒသူရိယ မင်းအုပ်ဟု ရာဇာဘုန်းမြတ်
သမုတ်နတ်လျှင် စောမွန်ဘုန်းရှိ
မြတ်မုနိ
**စောထွန်းလှိုင်(မြောက်ဦး)**

၄၄ စားချင်တာက နှာမ်၊
စားနေတာက ရုပ်
**ချစ်ရို(မော်ကျွန်း)**

၄၉ ထားဝယ်ရှင်သားရှင်ဘုရား
ရှင်ဖပု၊ ရှင်ဖသီ
**မောင်စိမ်းထွေး(ထားဝယ်)**

၅၇ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာအကျိုး
ဆတိုးပေးသည့်မနောမယိဒ္ဓိ
ဂါထာတော်ကြီး
**နတ်မောက်မင်းသန့်နိုင်**

၆၀ ကျေးဇူးရှင်
ရွှေဥမင်ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တကောသလမဟာထေရ်မြတ်၏
ဆုံးမဩဝါဒများလက်ရေးမူမှ
**ဆရာဦးစိန်လှိုင်**
**(ကျိုက်လတ်)**

၆၁ ရေဆန်ကိုဆန်ကာပျံခဲ့ပြီ
**အရှုန်(မန္တလေး)**

၇၁ ရွှေကံကူလေပျံသစ်တော်
ရုပ်ရှင်တော်မြတ်
၂၀၁၅ ခုနှစ်
ပုဂံ-ပုပ္ပား-ကျောက်ပန်းတောင်း၊
မြင်းခြံ-အောင်လံ-မကွေး-
ကျောက်ပန်းတောင်းခရီးစဉ်
**ဘိုဘို(ရွှေကံကူ)**

၁၀၁ ထူးခြားစွာ နှစ်စဉ်ပဲမိုးရွာသွန်းနေသော
မြောင်းမြမြို့ ဒက္ခိဏကုန်းတော်ပေါ်က
ကမ္ဘာ့ငြိမ်းချမ်းရေး
ရွှေဗုဒ္ဓါစေတီတော်မြတ်ကြီး
**အောင်မြင့်ထွန်း(မသုံးလုံး)**

၁၂၉ သာသနာရောင်ဝါထွန်းနေတဲ့
ချင်းလုံပေါရွာကလေးသို့
**ကလေး-ဝင်းသူ**

၁၃၉ ဂန္ဓိရအဖုံဖုံ
မြစ်စပ်ကမ်းပါးယံထက်ဒီက
ရှေးဟောင်းသိမ်ကုန်းစေတီတော်၊
**အာကာသ(သာစည်)**

၁၅၆ သံအင်းဂူတောရ
**စိုးရာစာကျော်**

၂၂၀ သီတဂူဆရာတော်ဘုရားကြီး၏
နှလုံးလှအဆုံးအမများ
**ဦးစန္ဒိမာ(ဝေထင်း)**


## သုတရသဆောင်းပါး


၃၀ အိပ်မက်များနှင့်တွေ့ဆုံခြင်း
**တာဂရ(သရက်တော)**

၃၃ သံဝေဂညနေခင်း
**မင်းဘုး-ဗိုလ်ဥက္ကာမ**

၄၇ မမှားသင့်သည့်အမှားနှင့်
ရှေးဟောင်းပစ္စည်း
**ရဲမျိုးသူ(ဗောဓိမြိုင်)**

၆၆ ဖိုးဝင်းတောင်နှင့်
ဖိုးဝင်းရှင်မသမိုင်းမှဟောင်း
**စောဗိသွင်(ရန်ကုန်)**

၈၄ အရှင်ဇနကာဘိဝံသနှင့်
ဆရာကြီးဦးဖေမောင်တင်
**ရဲရဲထွန်း(ဟသ်ာတ)**

၈၇ သော့ကိုင်
**အရှင်သီရိဓမ္မာသက်ာရ**
**(နှိုင်ငံကာရေး နှိုင်ငံကကောဝိဒ)**

၉၀ သောတာပန်ဆိုတာ(၂)
**ရဲမြတ်တင်**
**(အမျိုးသားစာပေဆုရ)**

၁၁၀ လမ်းအမှန်လျှောက်လျှင်
စခန်းတကယ်ရောက်မည်
**အဘဝ(သာသနာ့အလင်းရောင်)**

၁၁၈ အသေမဦးခင် ဉာဏ်ဦးကြရအောင်
**ဒုတိယရဲမှူးကြီးဝင်းဦး(ငြိမ်း)ပဲခူး**

၁၂၄ သရေခေတ္တရာမြို့ဟောင်းမှ
ပြည်တော်ပြန် ပျူအနုပညာသည်
ကြေးရုပ်ကလေးများ
**မျိုးဝင်း(ပြည်)**

၁၆၂ ဘကြီးပေးသောအဆောင်လက်ဖွဲ့
**အထွဋ်ဝါလှိုင်း**

၁၇၁ ၂၀ရာစု၏
ထူးခြားသောအကြားအမြင်ပညာရှင်
သို့မဟုတ် ဘွားဘွားဗင်ဂါ
**ဘုန်းမြင့်(ဘူမိ)**

၁၇၉ သွေးလေးဖက်နာလား
ပိုးလေးဖက်နာလား
**ရီရီဌေး**


BURMESE CLASSIC

www.burmeseclassic.com


၈၂ အမြုရောင်
**ဦးကောဝိဒ(မြိတ်)**
၉၇ ရောဝတီမြစ်လယ်က
ပုဂံခေတ် ကျန်စစ်သား စောလူးမင်းနဲ့
ရေမန်တို့ရဲ့
ပြည်တော်သာကျွန်းသို့တစ်ခေါက်
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရေး-သု)**
၂၁၃ ပေတပြိတ္တာ
**အောင်ရွှေစိုး**
၂၄၃ မြောက်ဦးခေတ်လယ်
ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု(၈)
**ပန်းချီထူးလှ**
**(ရွှေပေါင်းသုတေသန)**
၂၆၅ တံဆိပ်ခေါင်းဝါသနာဆိုင်ရာ
အတွေးစုများ
**ကြည်လွင်**
၈၆ ပြုသည့်ကောင်းမှု
တောင်းခုအတွေ့တွေ့(၁)
**ဦးညာဏ်ဇော်**
**(သာမထေးကျော်၊ဓမ္မာစရိယ M.A)**
၃၃ မရှိချမ်းသာ .
**ချောင်းဆုံအုန်းသွင်**
၇၂ မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၈၇)
**မောင်သန်းဆွေ**
**(ထားဝယ်)**
၈၉ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၂၃)
**ပထမံဆရာဦးအေးရွှေ**
၀၃ သိပ္ပံအလွန်ဖြစ်ရပ်ဆန်းများ
**လျှမ်းထက်**
၁၈ နာနာဘာဝစီးသောယာဉ်များ
**တိုးထက်**


## သုရဋ္ဌတိုင်းရင်းဆေး


၃၂ ကလေးသူငယ်များချွဲကျ၍
လေဆန်နာပျောက်ကင်းစေသော
ဆေးနည်း
**နတ်မောက်မင်းချစ်နော်**
၃၉ မွေးကျွတ်နာ၊
သွေးစုနာပေါက်သည့်အခါ
**စိုးမင်း(မြောက်စည်း-ရွာသစ်)**
၈၆ သွေးတိုးရောဂါမဖြစ်အောင်
ကာကွယ်နည်း
**နတ်မောက်မင်းချစ်နော်**
၀၀ ခံတွင်းမကောင်းကြဘူးလား
**နေပြည်တော်ကျော်ကျော်စိုး**

၁၅၅ ဖျားနာအတွက် ခံတက်ရွက်
**ဗန်းမော်ညိုညို**
၁၆၁ ကလေးလိပ်ခေါင်းရောဂါကုသနည်း
**စိုးထွန်း(ဥပဒေ)**
၁၉၁ နို့ကျိုတ်နာနှင့်ဖွတ်ဥခြောက်
**စိုးမင်း(မြောက်စည်း-ရွာသစ်)**
၁၉၅ မြန်မာ့ဆေးစွမ်းကောင်း
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**
၂၄၂ ကျောက်ကပ်ရောဂါအတွက်
ကျားမှတ်ဆိတ်
**နေဝင်းဝင်း(လွန်ဆေး)**
၂၆၀ ဆီးချို သွေးချိုရောဂါအတွက်
ပျောက်ကင်းစေသောဆေးနည်း
**မင်းချစ်ကျော်(ဟသ်ာတ)**
၂၇၁ နာရှုခြင်း၊ နာနတ်ခြင်းဥပဒေသ
**မကြေးဝင်းမြင့်**
၂၇၃ နွေပဲသီးရွက်နှင့်ပွေး
**နေပြည်တော်ကျော်ကျော်စိုး**
၂၈၂ ငယ်ဘဝပုံရိပ်များနှင့်
ထူးခြားဆန်းကြယ်လှသည့်
ဂမ္ဘီရကိုယ်တွေ့ဆေးနည်းများ
အပိုင်း(၁)
**ဦးမင်းဇင်(ရွှေနဝင်း)**
၂၈၄ ရတနာလိုတန်ဖိုးထားရမည့်
လျှာပွတ်ဆေး
**ပညာကျော်**
၂၉၂ အရင်းမပါဆေးမဟာ
**ရွှေနွယ်ရိုး**
၃၀၄ ဖြူနေတဲ့ဆံပင်တွေကြောင့်
စိတ်ညစ်နေပါသလား
**စိုးမင်း(မြောက်စည်း-ရွာသစ်)**
၃၀၄ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၂၃)
**ရွှေနဝင်း(ပုသိမ်)**
၃၆၁ ရေတိမ်အတွက်မျက်စဉ်းဆေး
**စိုးထွန်း(ဥပဒေ)**
၃၆၂ လိပ်ခေါင်းရောဂါပျောက်ကင်းခြင်း
(သိဒ္ဓိဝင်ပျားရည်
နောက်ဆက်တွဲဆောင်းပါး)
**အောင်စကြာ**
**အရှင်သုမေဓသာရ**
**အငြိမ်းစားကျန်းမာရေးမှူး**
၃၆၃ နှာနားလောက်တက်ဆေးကုချက်
**နတ်မောက်မင်းသန့်နိုင်**

၃၈၃ ငှက်ဖျားဆိုချိန်နဲ့လား
**ထောင်မှူးကြီးသိန်းဝင်း**
၃၉၃ သင်ဝပြီးအဆီများနေသလား
မကြောက်နဲ့ဆေးရှိပါတယ်
**ဗန်းမော်ညိုညို**
၄၁၀ ကျွဲမြှားမျက်စိအတွင်း
ပိုးကောင်များကျရောက်ခြင်း
**ဆလိုင်းငွန်သိန်း(ရမည်းသင်း)**


## သုရဋ္ဌဝတ္ထုတို


၁၅၀ အမည်မသိကျွန်းမှာ
ခြောက်နှစ်ကြာခဲ့သူ
**မောင်လင်းနိုင်**
၁၇၄ အမေကာယ်ပေလို့
**မင်းသန့်ကျော်(ဗိုးကုန်း)**
၁၈၆ ခါးပတ်ကျားနှင့်
ကြွက်အုပ်ချုပ်ရေးမှူး
**သပိတ်ကျင်း-ကျော်ကျော်ထွန်း**
၁၉၂ စွဲလမ်းစိတ်တို့တည်ရာမိုရာ
**ငွေသော်တာလင်း (ညောင်လေးပင်)**
၂၁၀ တောင်ပိုင်ရဲ့ရုပ်ဆင်းအင်္ဂါ
**စိုးထွန်း(ဥပဒေ)**
၂၂၂ တစ်ခါက ကျွန်တော့်သူငယ်ချင်းနှင့်
သူ့နှမလေးဘဝပျက်ခဲ့ရပုံ
**စိုးမင်း(မြောက်စည်း-ရွာသစ်)**
၂၃၄ ကျွန်မတွေ့ဖူးသည့်
ပုဂ္ဂိုလ်ကြီးအကြောင်း
**ရေနံ့သာ-ခင်ထေး**
၂၄၀ ဝေသာလီမြို့တော်
**မဟာနွယ်(မန်းတက္ကသိုလ်)**
၂၄၆ မသာတင်ခုတင်မှာတစ်ညတာ
**စိုးသင်းအောင်(မြန်အောင်)**
၂၅၀ ကုက္ကိုရိပ်တွေမရှိကြတော့
ရိုးရာအချို့လည်းအိပ်ပျော်သွားကြပြီ
**မောင်သင်းထုံ(ကျောက်မဲ)**
၂၅၄ ဘုရားကျွန်ရက္ခစိုးကြီး
**မင်းဟိန်းခိုင်**
၂၆၁ စွဲလမ်းစိတ်
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ(၁၂)၊ ထုံးဘို**
၂၈၈ အကုသိုလ်လက်ပြောင်းလက်လွှဲ
**မျိုးသစ်**
၂၉၄ ပျောက်ဆုံးခဲ့သောထိုတောရွာ
**ချစ်ဆိုင်**
၃၀၆ အိမ်တွင်းမင်းမဟာဂီရိ
**သန့်ဇင်**
၃၂၂ အမျိုးဇာတ်နိမ့်သူ
**မဟာသျှံ**


www.burmeseclassic.com

www.burmeseclassic.com


၃၃၆ အုန်းမောင်းတချွေ
**မောင်မောင်မိုးအောင်**
**(စာပေဗိမာန်စာမူဆုရ)**
၃၄၂ သေသူက သတ်သူကို
ငြိုးရက်လေရော့သလား
**အောင်မြင့်ဦး(ထားဝယ်ချောင်)**
၂၄၆ နဂါးမီး
**သက်နိုင်(ဂျီဇွန်)**
၃၅၀ အကြောင်းမသိခင်
**ကိုဝေနေ**
၃၆၄ သစ္စာစကားအကျိုးများသည်
**ထွန်းတောက်**
၃၈၀ ကြောက်ကျွဲခတ်တော့
သေတတ်တယ်
**ကိုထွန်း(မင်းလှ)**
၃၈၆ မိကျောင်းတစ်ကောင်လို
ဝင့်ကြွားခက္ခ
**တင်နိုင်ဝင်း(ထမင်းရေးမြို့)**
၃၉၄ ရေငုပ်တွင်း(၂)
**ရွှေပြည်စိုး(မိုးကုတ်)**

## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်

၂၇၄ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၂၆ ဟူးကောင်းကျား(ဇာတ်သိမ်းပိုင်း)
**မိုးကျော့**

## သုရဋ္ဌ ပညာရပ်

၁၄၅ ဗေဒစက္ကြာအင်းဂါထာနှင့်
လူငယ်လေးတစ်ယောက်အကြောင်း
**ဗြိုရတနာ-ဆရာဗေဒ္ဓျာလင်း**
**(ကဗ္ဗီပါဠိနှစ်စီး ရွှေထီးဆောင်း)**
၃၁၆ ယနေ့ခေတ်သုံးလက္ခဏာကွန်ရက်
**ဘသုန်**
၃၅၄ စကြဝဠာဆိုင်ရာပုံရိပ်များ
**မင်းရှိန်အောင်**

၃၅၈ မြင်ရတွေ့ရကြုံရဆုံရခြင်းများ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၇၅ ဝိဇ္ဇာဓရမြန်မာ့အင်္ဂရတ်ပညာ(၇၁)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၄၀၆ သွပ်မာတတ်ဓါးပရိယာယ်နှင့်
သွပ်ဒုက္ခ(၅)
**မင်းချမ်းမြေ့**
၄၀၈ မိုးကောင်းကင်က
ပြုံးနေသောနိမိတ်များ
**ဖုန်းရှိအောင်**
၄၁၁ လမ်းမှန်လျှင် ကံမပျွင်းပါ
**သုရိန်ထွန်း**
**(ဝိဇ္ဇာဓရဏ)ပြည်**

## သုရဋ္ဌလက်တွေ့အသုံးချ

၄၆ ငွေဝင် ငွေရှင် ငွေလာစေဖို့
အစီအရင်
**ဆရာဦးစိန်လှိုင်(ကျိုက်ထော်)**
၈၉ ဝလေးလုံးပိတ် သိကြားနိပ်သည့်
တံဆိပ်အက္ခရာ
**ဆရာဦးစိန်လှိုင်(ကျိုက်ထော်)**
၉၉ လိုသူများအားလုံးအတွက်
လာဘ်ရှင်အင်း
**ဆရာဦးစိန်လှိုင်(ကျိုက်ထော်)**
၁၂၆ ထီသုံးကြိမ်ပေါက်ဖူးသူ၏
ကျင့်စဉ်နှင့်ဂါထာ
**နတ်မောက်မင်းသန့်နိုင်**
၁၂၇ ရပ်ဝေးရွာဝေး
ကျိန်းမာရေးဆောင်ရွက်နည်းများ
**ငြိမ်းဆုချွှင်**
၁၃၈ ပြည်မြန်မာ၏
၂၀၁၇ ခုနှစ်၊ ကံရာသီပြောင်း၍
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၁၈၄ ခုနှစ်နေ့သားသမီးများ
နှစ်သက်ပျော်ရွှင်သောနေရာများ
**ဆရာဦးစိန်လှိုင်(ကျိုက်ထော်)**
၂၀၉ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂန္ဓိရ)**
၂၃၃ လာစေချင်လွန်းလို့သာ
**ဆရာဦးစိန်လှိုင်(ကျိုက်ထော်)**
၂၉၃ အရပ်တစ်ပါးသွားသူပြန်လာစေရန်
ပဋ္ဌာန်းပွတ်စာတ်
**ဆရာဦးစိန်လှိုင်**
**(ကျိုက်ထော်)**
၃၀၅ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**
၃၄၉ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၇၀ ရှားရှားပါးပါးဂဠုန်မင်းစမ
**သုစ္ဆ(နဝင်းမြို့)**
၄၁၄ မေတ္တာမျှကြသူများအတွက်
သုရဋ္ဌလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၂၀ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**
၄၂၂ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၄၂၅ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
ဆုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
ဝေလုံလုံထွေး

ထုတ်ဝေသူ
ဓမ္မလိုင်၊ ချမ်းမြေ့ကျော်၊
အိမ့်ထွန်း၊ နှင်းသူ့ဇာကျော်၊
သန်းထွန်းမြင့်
ရုံးအဖွဲ့
အေးအေးသန်း၊ ဝှမ်းမှန်၊ ဝေ့ဝေ့ချော
ခိုင်နုစံ၊ နုနု၊ ဖြိုးပတ္တမြား၊ လှလှဝေ
ဖြန့်ချိရေး
အောင်မြင့်သန်း
စာတည်းအဖွဲ့ရုံးနှင့်ဖြန့်ချိရေး
ပညာရှေ့တောင်စာအုပ်တိုက်
အမှတ်(၉၀၉/၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖြန့်ချိရေး-၀၁-၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ-၀၁-၃၈၈၇၁၀

မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်
စိုးအောင်
သုရွှေစတုံးဒီဇိုင်း
ကိုကျော်မင်းအောင်
အတွင်းဖလင်
color king
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၈၄)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

မန္တလေး
တင်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
ရေပြည်တော်ချဉ်မေနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော့ကျော့စာပေ
ရှမ်းဆောင်ကလေး-ဂါနီနီ၊ မိလျှံ
ပဲခူး- သဝင်စာပေ
ဟင်္သာတ-တာဝေးမောင်၊ ရွှေမောင်
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှလှမေတ္တာ
ထုတ်ဝေ ၁၀၀၀
တန်ဖိုး ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

❑ ဗဟုလ္လာ သန္တိကေ မမ၊ တက္က ဝစရ ဝတ္ထုနိ၊
ဧတ္တေ့ တမ္ဗိ ရာသိဧကော၊ ဧကေ ကော ဓမ္မာဘိသယော။ ။

**မမ သန္တိကေ** - ငါ့ထံ၀ယ်. . .၊
**တက္ကဝစရ ဝတ္ထုနိ** - အတွေးမှာလှုံ အကြောင်းရာစုံတို့သည်. . .၊
**ဗဟုလ္လာ** - စာပေါင်းသိုက်အလား များမှများ . . .။
**တ္တေ့** - ဤအတွေးတိုက်ထဲ၌၊ **တေမ္ဗိ** - ဘုရင်ဆိုသော ဤစကားလုံး လေးကလည်း၊ **ဧကောရာသိ** - မှတ်စရာ တစ်ခု စာတမ်းစု တစ်စုပေပဲ။
**ဧကေကော ဓမ္မာဘိသယော** - တစ်ခုပေါ်တစ်ခုနင်းလျက် တက်လာ သည့်တရားပွဲတစ်ပွဲ. . .။ ။

❑ဘုံတိုင်းဘုံတိုင်းတို့၏ ပိုင်ရှင်သည် ဘုံရှင်

သတ္တဝါတို့၏ မှီခိုရာ လောကကြီး များတွင် လဟာပြင်သည် မူလဖြစ်၏။ သည့်နောက် . . . ကံသတ္တဝါတို့၏ကမ္မဘာဝ(ကံသတ္တိ)ကြောင့် ဖြစ်လာကြရ သောဂြိုဟ်များ ပေါ်ထွန်းလာရ၏။ ဂါရ ဂါဟဂရဟ သို့မဟုတ် ဂြိုဟ်။ ထိုစဉ်. . .

ဂါရကား ကံသတ္တဝါတို့နေစရာ။
ဂါဟကား ကံဖြင့် ဖမ်းမျိုထား သည့်နေရာ . . .
ဤ၌လည်း ပြောစရာစကား လက်ဝင်လာပြန်၏။ ယင်းမှာ . . .
ကာမသတ္တဝါများ၏ ကံသတ္တိ အရ ကမ္ဘာပြုမိုးကြီးရွာချပေးစဉ် လဟာ ပြင်ထဲဝဲပျံနေကြသည့် မြေမှုံမြူမှုန်လေး များသည် မိုးရေနှင့်အတူပါလာကြ၏။ လေ၊ မီးများလည်း နောက်ယောင်ခံလိုက် ပါလာကြ၏။ ထိုစဉ် . . . လဟာနယ်၏ အမြင့်ဆုံးနေရာအရောက် မီးဓာတ်သည် လေဓာတ်အကူယူ၍ သူတို့နှင့်အတူပါ လာကြသည့် မြေဓာတ်၊ ရေဓာတ်များ ကိုဝါးမျိုထားလိုက်၏။ ယင်းသည် ကမ္ဘာ ကြီးတည်ရန်ထဲမှ ဖွဲ့ယူထားလိုက်ခြင်း ပင်။



ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော

# ဘုရင်

(ကကာဘာစာပေါင်းသိုက်)



မီးဓာတ်က လေအကူဖြင့် မြေ၊ ရေတို့ကို ဖမ်းယူထားရာမှဖြစ်သော ဤ ကမ္ဘာကို နေကမ္ဘာအမည်ပေးရမည်။ ရေ မြေကို အတွင်းဌာပန၍ လေ၊ မီးတို့ဖြင့် မွမ်းမံထားသည့် ကမ္ဘာဖြစ်နေသော ကြောင့်။

ဤ နေကမ္ဘာသို့ . . . ဘူတရုပ် ဖြင့် တည်ဆောက်ထားသော သက်ရှိ သတ္တဝါမနေနိုင်ကြ။ ဘာ့ကြောင့်။ မြေ အိုးထဲ ရေထည့်၍ မီးပြင်းထိုးထားသော နေရာထက် သတ္တဝါတို့တက်နေဖို့ နေနေ သာသာ ပျံသန်းသွားလာခွင့်ပင် အခြေ မသာတော့၍။

တစ်ဖန် . . . ကာမသတ္တဝါတို့၏ ကံသတ္တိအရ ကမ္ဘာပြုမိုးကြီးရွာချပေးနေ စဉ် ကမ္ဘာတည်ရာ၏အနီး အောက်ခံ ရေပြင်ကြီး၏ နယ်မြေထဲအရောက်တွင် ရေဓာတ်သည် အောက်ခံရေထုကြီး၏ အကူယူ၍ လည်းကောင်း၊ မြေ၏အကူ ယူ၍ လည်းကောင်း၊ လေနှင့်မီးများကို ဖမ်းဆီးဝါးမျိုပစ်လိုက်ရာ လကမ္ဘာဟူ၍ ပေါ်လာသည်။ ဤလကမ္ဘာသို့လည်း ဘူတရုပ်ပိုင်ရှင် သက်ရှိသတ္တဝါများမနေ နိုင်ကြ။ ဘာ့ကြောင့်။ ရေခဲနှင်းပြင်အောက်

www.burmeseclassic.com

တက်အိပ်ဖို့နေနေသာသာ ဖြတ်သွား ဖြတ်လာပင် မပြုလုပ်တော့သည့်ပမာ . . .။

အထက်ပါ နေ၊ လကမ္ဘာနှစ်ခုသည် ဓာတ်လေးခုတို့ အညီစုဆောက်လုပ်ထားခြင်းမဟုတ်ကြ၍ ဓာတ်ဖြစ်သတ္တဝါများအတွက် နေထိုင်၍မရနိုင်၊ သည့်အတူ . . . လေ၊ မီးတို့က အပူအားကြီးသောလဟာပြင်မှနေ ကျန်သောဓာတ်များကို အပိုင်စီးစဉ် ခံစားမခံလိုကြ၍ ထွက်ပြေးသွားကြသော ရေဓာတ်စုများက ကြယ်တာရာများအဖြစ်ဖြင့် ကောင်းကင်လဟာပြင်နယ်အထဲဝယ် ဝဲလည်ကျန်နေရစ်ခဲ့ကြပါသည်။ ယင်းတို့လည်း ရေခဲပြင်ထက် အအေးပိုကဲသောကြောင့် ဘူတရုပ်ပိုင်ရှင်များ မနေနိုင်ကြ။

ဆိုခဲ့ပြီး နေ၊ လ၊ ကြယ်တာရာတို့မှလွတ်သော မိုးရေနောက်ပါ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ခိုးသက်ကြီးလေးမျိုးတို့က ဤကမ္ဘာကြီးအဖြစ် တည်ရှိလာသည်။

ကမ္ဘာတည်သောအခါ ရေကဦးဆောင်၊ မြေကပံ့ကိုင်အဖြစ်ဖြင့် ဝခဲ့ကြရသည်။

**ကမ္ဘာပျက်သောအခါ မီးကဦးဆောင်၊ လေကပွဲသိမ်းအဖြစ်ဖြင့် ပျက်ကျရမည်။**

**မှတ်ချက်။** ။ ဤကမ္ဘာကြီး ကမ္ဘာဝ (ကံသတ္တိ)ဖြင့် တည်ဆောက်ရာ၌ မြူမှုန်တစ်မှုန်ချင်းများမှ ဤမျှထုထည်ကြီးမားသော ကမ္ဘာကြီးဖြစ်လာစေရန်အတွက် နှစ်သန်းချီထားသောကပ်ပေါင်းများစွာ ကြာညောင်းခဲ့သည်ဆို၏။

ကပ္ပ (ကပ်) သည် ပုံစံခွက်ဖြင့်ခြင်ချင့်ရသည်ကို ဆိုလိုခြင်းလည်း ဖြစ်နိုင်၏။

ကန့်သတ်ထားသည့် အကဒ်လိုက်အကဒ်လိုက်ကို ဆိုလိုခြင်းလည်းဖြစ်နိုင်၏။

မည်သို့ဆိုစေ ဤသို့ ကမ္ဘာကြီးဖြစ်တည်လာရန် ကမ္ဘာ့သက်တမ်း၏ လေးပုံပုံတစ်ပုံမျှ ကြာညောင်းဆို၏။ 'အန္တရကပ်ပေါင်း ၁၆- ကပ်ကြာသွားသည်ဟူ၏။

သို့ဖြင့် နေဖြစ်၊ ထိုင်ဖြစ် ကမ္ဘာသစ်ကြီးတစ်ခု ပေါ်ထွန်းလာသောအခါ . . .

ဓာတ်လေးပါးကိုမှီ၍ ဘူတသတ္တဝါများ ပေါ်ထွန်းလာကြ၏။အချို့ရေထဲကနေ ပေါက်ဖွားလာကြ၏။ အချို့မြေပြင်ကနေ ပေါက်ဖွားလာကြရ၏။စီမံရာဓာတ်တို့၏ ပါဝင်သောအချိုးအစားလိုက်၍ သတ္တဝါအမျိုးအစား ကွဲပြားကြရ၏။ ရေ၊ မြေတို့၏ သန့်ရာ၊ မသန့်ရာလိုက်၍လည်း သတ္တဝါအကြီး၊အသေးကွဲပြားကြရ၏။

ထိုစဉ် . . . ကံတူအကျိုးပေးများ စုဝေးနေထိုင်ရာဌာနသည် ဘုံဖြစ်စေရပါပြီ။

တစ်ဦးချင်းစီ၏ ဘဝဖြစ်စဉ်ပါခန္ဓာသည် တစ်ဦးချင်းစီ၏ ဘုံ။

ဖြစ်စဉ်တူ ခန္ဓာတို့ အတူပေါင်းစုဆုံ နေထိုင်ရာဌာနသည် စုပေါင်းဘုံ။

သို့ ပေါင်းဆုံနေထိုင်ကြစဉ် . . . အချင်းချင်း စစ်မက်ဖက်ပြိုင်ရတိုင်း ရှေ့ကမားမားမတ်မတ်ထွက်ရင်ဆိုင်ရဲသူ၊ သားရဲတိရစ္ဆာန်များနှင့်ရင်ဆိုင်ရတိုင်း ရှေ့က မားမားမတ်မတ်ထွက်ရင်ဆိုင်ရဲသူ ထိုသူ



www.burmeseclassic.com

သည့် အများတို့ အားကိုးရာဖြစ်သဖြင့် ဘုံရှင်။

ဤဘုံရှင်မျိုးတို့သည် ဘုံတိုင်းဘုံတိုင်းတို့၌ အသီးသီးရှိနေကြ၏။ ကာမအား၊ ဓမ္မအားလိုက်၍ ဘုံရှင်အမျိုးအစားများ ကွာခြားကြမည်။ ရဲစွမ်းသတ္တိပြရာချင်းတွင်ကား ၊ အတူတူပင်။ သဘာဝသတ္တိချင်း၌ကွာကောင်းကွာမည်။ ဦးဆောင်မှုသတ္တိတွင်ကား အတူတူပင်။ သို့ဖြင့် မျိုးစဉ်တစ်ခု ဘုံစဉ်တစ်စဉ်တွင် ဘုံရှင်တစ်ဆူစီ . . .။

## ◘ဘုံရှင်သည် ဘုရင်

သတ္တဝါများ မျိုးတူ၊ အကျိုးတူ စုပေါင်းနေထိုင်ရာသည့် ဘုံဟုဆိုရာ . . . အချို့က ဤမြေညီမှာ၊ အချို့က မိုးကောင်းကင်ထဲမှာ၊ အချို့က ရေအောက်မှာ . . . ၊ သို့ ကွဲပြားကြရ၏။

ထိုစဉ် . . . ရွက်ခြောက်များ လေအဝှေ့ကြောင့် ကောင်းကင်ပျံတက်ကြရာ၌ ပေါ့ပါးလွန်းသောရွက်ခြောက်တို့က အထက်ဆုံးအထိလွင့်တက်နိုင်ကြပြီး၊ အစိုဓာတ်ပါသော ရွက်ခြောက်တို့က လဟာနယ်ဆုံးအထိ မတတ်နိုင်ကြပါ။ တစ်ဖန် ကျောက်ခဲများရေထဲပစ်ချရာ၌ ရေတိမ်ကျသော ကျောက်ခဲများက ကုန်းမြေနှင့် မဝေးကွာလှသော်လည်း ရေနက်ထဲကျသွားသော ကျောက်ခဲများကား ကုန်းမြေပေါ်ပြန်တက်ရန် အလှမ်းခဲယဉ်းကြ၏ပမာ . . .

ဈာန်သတ္တိကြောင့် ဗြဟ္မာဖြစ်ခွင့်ရကြသူများ၊ ကံသတ္တိထူးဖြင့် နတ်ဖြစ်ခွင့်ရကြသူများ . . . ထိုသူများကား ရွက်ခြောက်များပမာ အထက်ဝယ်လွင့်ပျံခွင့်ရနေကြ၏။ သတ္တိတို့၏ ညီမျှခြင်းလဲက္ခဏာအရ အတူတကွလည်းနေကြရ၏။ သို့နေကြသောအခါ အကြီးအကဲဆိုသည့် ပေါ်ရစမြဲသာ။

ဤအကြီးအကဲသည် သူတို့ဘုံစဉ်၏ အရေးအခင်းများကို ဖြေရှင်းပေးနိုင်စွမ်းရှိ၏။ သို့ကြောင့် ဘုံရှင်အရာဝင်တော့သည်။

ဗြဟ္မာဈာန်တည် ညီရာတိုင်းတို့၌ ဗြဟ္မာဘုံရှင်။

နတ်ကံရည် ညီရာတိုင်းတို့၌ နတ်ဘုံရှင်။

ထိုဘုံရှင်ကို နောင်သောအခါ ဘုရင်အဖြစ် ခေါ်ဝေါ်သုံးစွဲကြဟန်ရှိ၏။ တစ်ဖန်. . . ပြစ်ချက်၌ ကန်နက်စွာတူး၍ကူးသောသူများတွင်လည်း အပြစ်အကြီး၊ အသေးလိုက်၍ ဘုံစဉ်များစုဝေးပေါ်ထွန်းနေကြရ၏။

ယင်းတို့ကား အပြစ်ကျများချည်းဖြစ်နေကြ၍ တစ်ဦးအပေါ် တစ်ဦး အားကိုးမှုမပေးနိုင်ကြပါ။ သို့ကြောင့် သူတို့ဘုံရှင်ကိုကား စတုမဟာရာဇ်နတ်များထံမှ တာဝန်ယူပို့လွှတ်ကြရပါသည်။

တရားခံ တရားခံချင်း သက်သေလိုက်၍ မရ။

တရားခံ တရားခံချင်း တရားစီရင်ပိုင်ခွင့်မရှိ။

သည်သို့ ဘုံတိုင်းတွင် ဘုံရှင်များ အသီးသီးရှိနေကြရာ. . . ဘုံရှင်သည် ဘုံသခင် သို့မဟုတ် ဘုံဘုရင်ဖြစ်ရတော့၏သာ။

ထိုဘုံရှင်. . .

ဓမ္မ၌ အထူးချွန်ဆုံးဖြစ်လျှင် ဓမ္မဘုံဝယ်သူသာလျှင် ဘုရင်တည်း။

ကာမ၌ အထူးချွန်ဆုံးဖြစ်ခဲ့လျှင် ကာမဘုံဝယ် သူသာလျှင် ဘုရင်တည်း။

ဈာန၌ အထူးချွန်ဆုံးဖြစ်ခဲ့လျှင် ဈာန်ဘုံဝယ် သူသာလျှင် ဘုရင်တည်း။

အကုသိုလ်တိတိ . . . အပါယ်၌ အထူးချွန်ဆုံးဖြစ်နေခဲ့လျှင်ကား ထိုသူသည် အပြစ်ဒဏ်ကျခံရရာတွင် သူသာလျှင် ဘုရင်တည်း။

## ◘လူဆိုသည်မှာ

ဤ၌ လူ့ဘုံစဉ်နှင့် လူ့ဘုံရှင်များ အကြောင်းမပြောမီ လူဖြစ်တည်လာခြင်းအကြောင်းကို ဦးစွာပြောဆိုလိုပါ၏။

လူသည် . . .

ဘူတသတ္တဝါများတွင် အသိဉာဏ်အကြီးဆုံးဖြစ်၍. . . ဘုရင်။

ဘူတသတ္တဝါများတွင် ဖန်ဆင်းအားအကောင်းဆုံးဖြစ်၍. . . ဘုရင်။

ဤလူသည်လည်း သတ္တဝါထဲက သတ္တဝါသာဖြစ်၏။ ဘာမှမထူး။

သတ္တဝါ. . . သ-အတ္တ-အာဝါသ ထိုစကားသုံးလုံးတွဲမှဖြစ်သည်။ ထိုစဉ် သ-အတ္တ-ကိုယ့်ကိုယ်နှင့်ကိုယ်၊ အာဝါသ-နေနိုင်စွမ်းရှိသူများ . . .။

ဓာတ်ကောင်တို့မည်သည် ဓာတ်တို့၏အရှိန်လှိုင်းဖြင့် ဓာတ်သက်ဝင်လာရပြီး သတ္တိစွမ်းထမ်းရွက်ပြကြရာတွင် . . . ဓာတ်မွေးသောသစ်သီး စသည်များက မိခင်သစ်ပင်ကြီးမှကျွတ်ကျသွားတော့လျှင် ကံ၊ စိတ်တို့၏ ဓာတ်သက်မပါခဲ့ခြင်းကြောင့် ဥတုသက်၊ အာဟာရသက်များကုန်သည်နှင့် ပျက်စီးပေးကြရမြဲ။

တစ်ဖန်. . . ဓာတ်ကပင်မွေးပေးထားသည့် လူ၊ တိရစ္ဆာန် စသည်များသည်ကား မိခင်ဝမ်းဗိုက်မှကျွတ်ထွက်လာသော်မှလည်း လေးပါးစုံသင်္ခါရသတ္တိများအပြင် အခြားသတ္တိထူးများ၏ ပံ့ပိုးအားကြောင့် ပျက်စီးသွားပြီမရှိတတ်။ သို့ကြောင့် . . . ထို လူ စသည်များကို သတ္တဝါခေါ်ကြရပါသည်။ ထိုသတ္တဝါများအစစ္စာသော ကမ္ဘာ၏အစစ္စာသော ဘဝများတွင်. . . လူသည်လည်း သက်မဲ့ဓာတ်ဖို၊ ဓာတ်မတို့ကို မိဘအရာထား မွေးဖွားခဲ့ရသည်ချည်း။ တိရစ္ဆာန်သည်လည်း သက်မဲ့ ဓာတ်ဖို၊ ဓာတ်မတို့ အကြားမှပင် ပေါက်ဖွားခဲ့ရသည်ချည်း။

ထိုစဉ်. . . မြေဓာတ်၊ ရေဓာတ်တို့က သန္ဓေခံမျှသာဖြစ်၍ ဓာတ်မ။ လေ၊ မီးဓာတ်တို့က သန္ဓေပေးနိုင်စွမ်းရှိသဖြင့် အဖို။ သည်သို့ လူနှင့်တိရစ္ဆာန်များသည် မူလမိဘနှစ်ပါးဖြစ်သော ဓာတ်ဖိုနှင့်ဓာတ်မတို့အကြားမှပင် မွေးဖွားခွင့်ရလာသူ ညီအစ်ကိုမောင်နှမများဖြစ်သော်မှလည်း. . . လူသည် သန့်ပြန့်စင်ကြယ်ရာဓာတ်များမှ မွေးဖွားလာခြင်းကြောင့် အခြားတို့ထက် သွေး၊ သည်းခြေ၊ လေ၊ သလိပ်များသန့်ကြသည်။ အပူ၊ အအေးမျှတကြ၏။ ပိတ်ဆို့နေခြင်း၊ အယိုများနေခြင်း စသော ချို့ယွင်းမှုလည်းနည်း၏။ သို့ကြောင့် ထိုလူသား အများတကာထက် ဉာဏ်သွားသည်။ နောက်ပြန်မျှော်လည်း တစ်မျှော်တစ်ခေါ် ဖော်ကြည့်နိုင်စွမ်းရှိသည်။ ရှေ့ကြိုကြည့်လည်း ရွာစ်မျှော်တစ်ခေါ် ခေါ် မေးကြည့်နိုင်ကြသည်။

တစ်ဖန် . . . ထိုလူသား တီထွင်ရာ၊ ကြံဆရာတိုင်းတို့၌ ကံကိုလည်း ပြုပြင်အသုံးချတတ်၏။ စိတ်ကိုလည်း ဉာဏ်အဖြစ် ပြုပြင်အသုံးချတတ်၏။ သို့ဖြင့်. . . လူသည် နေထိုင်ဝတ်စားမှုများအားလုံး တစ်စတစ်စပြောင်းလဲခဲ့ကြပြီ။ စကား၊ ဝေါ့ အသုံးအနှုန်းအားလုံးလည်း တစ်စတစ်စပြောင်းလဲခဲ့ကြပြီ။

ဓာတ်မသန့် မိဘနှစ်ပါးမှ ဖွားမြင်လာကြရသော တိရစ္ဆာန်တို့ကား . . . ကမ္ဘာဦးက ကြက်တွန်သံသည် ယခုကြက်တွန်သံနှင့် ဘာမှမခြားနားပါ။ ကမ္ဘာဦးက နွားတွန်သံသည် ယခုတွန်သံနှင့် ဘာမှမခြားနားပါ။ ကျန်တိရစ္ဆာန်များသည်လည်း နည်းတူပင်ဖြစ်ကြပါသည်။

ဓာတ်သန့်ရာမှ ဖွားမြင်လာသည့် ထိုလူသား . . . မိမိ၏ အသက်မွေးဝမ်းကျောင်းမှုသို့လိုက်၍ စိတ်ထွက်ကံ



www.burmeseclassic.com

www.burmeseclassic.com

များ စီမံပြုကျင့်တော့ရာ. . . အချို့က သူတစ်ပါး မထိခိုက်စေနည်းဖြင့် ကံဖွင့်၏။ အချို့က သူတစ်ပါး အလေးမထားနည်းဖြင့် ကံဖွင့်၏။

ဤသို့ ရေ၊ မြေဓာတ်တို့ကို အမှီယူ အားပြု၍ မွေးဖွားလာခဲ့ရသူများက သွေးအေးသလောက် စိတ်လက်များပါ အေးဆေးကြသဖြင့် ကောင်းကံများ ဘက်၌ အားသန်ကြ၏။ တစ်ဖန် လေ၊ မီးဓာတ်များကို အားပြုမွေးဖွားလာခဲ့ရသူများက လေ၊ မီးတို့ ဖိတွန်းအားကြောင့် သွေးများဆူပွက်ကြွနေတော့ရာ သူတို့ပြုကျင့်လေသမျှ ဆိုးကံများသာ ဖြစ်နေတတ်လေ၏။ သို့ဖြင့် သက်ဆိုးတိုင် ကံဝင်ခဲ့ကြ၏။

ခန္ဓာတွင်းရှိ ဥတု အခိုးသတ္တိများ အားကုန်လာပြီ။ ထိုနှင့်အတူ . . .

တစ်ဘဝ၊ တစ်ခန္ဓာအတွက် အနုဘက်မှ ရင်ကျက်ပိုင်း၊ တစ်ဖန် ရင့်ကျက်ပိုင်းမှ ဆွေးမြည့်ပိုင်းအထိ အပူပေးနေရသော (ဇီရဏတေဇော) ဓာတ်အားကြီးကလည်း ပုံမှန်အားထွက်မရှိတော့။ သည်အထဲ သွေးကုန်၊ သားခန်း ခန္ဓာကိုယ်တစ်ခုလုံးကလည်း အပျက်ကြမ်းနေတော့ရာ. . . ဝင်လေဖြင့် အသက်မွေးတစ်ချက်လုပ်အပြီး ထွက်လေဖြင့် ထိုမွေးပြီး အသက်ပြန်အထုတ် နောက်ထပ် အလုပ်မလုပ်နိုင်တော့ပြီ။ သို့မဟုတ် ဝင်လေ ပြန်ရှူသွင်းစရာ အားမရှိတော့။

သို့ကြောင့် လူ့တစ်ဘဝသည် ထွက်လေတစ်ချက်ဖြင့်စ၍ ထွက်လေ တစ်ချက်မှာပင်ဆုံးသည်။ ထိုလူသား . . . သေခါနီး စိတ်ဝင်စားရာဘက် ခရီးဆက်ရတော့မည်ဖြစ်ရာ. . . သူ့ကို ငါနှင့်တန်းတူထား၍ ကောင်းကံများဖြင့် ပြုစားထားသူများက လူနှင့်တူသော နတ်၊ (လူနှင့်တူသော ဗြဟ္မာ) ဖြင့် အမြင့်ဆုံး ခုန်တက်ခွင့်ရကြပြီ။

တစ်ဖန်. . . သူ့ကို ငါနှင့်တန်းတူ မထားသည့်အပြင်. . .

(က) လောဘအခံ ဒေါသအရံဖြင့် ကြက်၊ ငှက်၊ ဝက် စသည်များကို ဆိုးကံဖြင့်ပြုစားထားသူများက စွဲရာအတိုင်း ကြက်ကိုယ်၊ ငှက်ကိုယ်များဖြင့် ကိုယ်စားပေး။

(ခ) ဒေါသအခံ ဒေါသအရံဖြင့် လူလူချင်းနှင့် ကြက်၊ ငှက်၊ ဝက် စသည်များအပေါ် ကံပြုစားထားသူများက ကိုယ့်ကိုယ်ကိုယ်စွဲသောကိုယ်ပွားရုပ်ဖြင့် အောက်အထိ ထိုးအဆင်း . . .။

(ဂ) လောဘအခံ မောဟအရံဖြင့် မိမိနှင့်အတူရှိများအပေါ် ငါပိုင်ထင်ထားသူများက ကိုယ့်ကိုယ်ကိုယ်ပြန်စွဲသော ကိုယ်ပွားရုပ်ဖြင့် စွဲရာအနီး ကပ်နေ။

သို့ဖြင့် လူကြောင့် လူမှနေ အထက်ဘုံများပေါ် ပေါက်လာရပါသည်။ လူကြောင့်ပင် လူမှနေ အထက်ဘုံများ ပေါ် ပေါက်လာရပါသည်။ ဘုံသီးခြား မရှိ။- မြေကမြေသာ။ ယင်းအပေါ် လူများ တက်နေက လူ့ဘုံဆိုရ၏ပမာ . . . သဘောတူရာတူရာ ကံတူ (ဈာန်တူ) အတူးပေးရာ၊ စုပေါင်းနေထိုင်ရာ တိုင်း ဘုံဟူ၍ဖြစ်လာရသည်။

တစ်ဖန် ဘုံသားများဟူ၍လည်း သီးခြားမရှိ။ ယနေ့လူ ထိုသူသေပြီး နောက်စွဲရာ (စိတ်ညွတ်ရာ) သို့ တောက်လျှောက်ဘဝဖြစ်စဉ်ကြီး ထင်ရှားစွာဖွားမြောက်သွားသဖြင့်. . . ထိုသည့်သူ. . .

နတ်၊ ဗြဟ္မာလည်း သွားဖြစ်နိုင်၏။ နတ်ဖြစ် နတ်နေဘုံ တက်ရောက်ခွင့်ရ၏။

တိရစ္ဆာန်လည်း သွားဖြစ်နိုင်၏။ တိရစ္ဆာန်ဖြင့် တိရစ္ဆာန်တို့နေရာဘုံ ခိုလှုံခွင့်ရ၏။

ပြိတ္တာလည်း - သွားဖြစ်နိုင်၏။ ပြိတ္တာဖြစ် ကိုယ်စွဲရာက အဆွဲခံထားရ၏။

သို့ကြောင့် ဘဝသီးခြားဘုံသီးခြား မရှိ။ အစွဲ၏ အဆွဲအတိုင်း လှည့်နေကြရ၏။

ဤကား. . . ဓာတ်မွေးလူသားမှ ဘုံနှင့်ဘဝထဲဝဲလှည့်သွားပုံ။သည့်နောက် တည်ပြီးဇာမ္ဘာကြီးပျက်ကျသွားပြီဆိုပါတော့။ ထိုစဉ် . . . ကမ္ဘာ့မီးလွတ်ရာ အထက်ဈာန်များအထိ ပွားပေါက်နိုင်သူများသာ ကမ္ဘာမီးလောင်ကျွမ်းချိန် လွတ်ရာရှောင်ရန် နေခွင့်ရကြမည်။ ဤအားလုံးတို့ကား. . . ကမ္ဘာ့မီးဟုန်းဟုန်းကြား ဝရုန်းသုန်းကားပါချသွားတော့ရာ . . .

သေ၍ ငရဲပြေးသူလည်း ငရဲဘုံ မီးဘုံကြီးအကြား အစွဲသက်ပါ အဝါးခံလိုက်ရပြီ။

သေ၍ ပြိတ္တာပြေးသူလည်း ပြိတ္တာဘုံ မီးဘုံကြီးအကြား အစွဲသက်ပါ အဝါးခံလိုက်ရပြီ။

သေ၍ တိရစ္ဆာန်ပြေးသူလည်း မွေးသူမရှိဘဲ မိမိအစွဲသိပါ မီးထဲပါသွားပြီ။ တစ်ဖန်. . .

သေ၍ နတ်နှင့် အောက်ဗြဟ္မာဘုံများအထိတက်ပြေးသူများလည်း ထိုထို နတ်ဘုံ၊ ဗြဟ္မာဘုံ မီးပုံကြီးများအကြား နတ်ဖြစ် (ဗြဟ္မာဖြစ်) မျိုးစေ့များပါ မီးအဝါးခံကြရပြီ။

ဤနည်းဖြင့် ကမ္ဘာ့မီးကြီးက ဘုံရောပုဂ္ဂိုလ်ပါ ရှင်းပစ်တော့ရာ . . . ကမ္ဘာသည် မူလအတိုင်း ဟင်းလင်း ကမ္ဘာသာကျန်ရှိတော့သည်။ ထိုမှနေ . . . ကမ္ဘာမီးအေး ထိုမီးအပူပေးရာမှ ဖြစ်သော အိုက်ခိုးကြီးများပျံတက်လာပြန်ရာ. . . အအိုက်လွန်ရာမှနေ ကမ္ဘာပြု မိုးကြီး တစ်ခဲနက်ရွာသွန်းကာ ဆိုခဲ့ပြီးသောနည်းအတိုင်း နေကမ္ဘာ၊ လကမ္ဘာ၊ ဓာတ်စုံပွင့်ကမ္ဘာများ ပေါ် ထွန်းလာကြပါသည်။

ထိုစဉ် ကမ္ဘာ့မီးဘေးဒုက္ခသည် ဗြဟ္မာကြီးများ မြို့တော်ကြီးမီးလောင်ပြီးနောက် ဆိုင်ရာတို့က မီးလောင်ပြင် အကွက်ချကာ မီးဘေးဒုက္ခသည်များအား ပြန်လည်နေရာချထားပေးသည့်ပမာ. . . ဤကမ္ဘာကြီးများလည်း မိမိတို့ မူလဘူတ လူ့ဘုံသို့ ပြန်ဆင်းခဲ့ကြရသည်။ ဤသည့်မှာ ဗြဟ္မာကဖြစ်သော တစ်ကျော့ပြန်လူသားများပင် ဖြစ်ပါသည်။

တစ်ဖန် တိရစ္ဆာန်လောကသားထဲမှ. . .

(က) မိခင် စသူများက တစ်ဖက်သားအပေါ် မေတ္တာဖြင့်ကူညီထားသော ကုသိုလ်ကံလည်းရှိမည်။

(ခ) လူများနှင့်လည်း အနေနီးသဖြင့် လူ့စွဲလည်း စွဲနေဦးမည်။

(ဂ) သေခါနီး၏ သူ့နောက်ဆုံးစိတ်က လူ့စွဲစိတ်လည်း ဖြစ်နေဦးမည် . . .

ဆိုပါက ထိုတိရစ္ဆာန် လူ့ဘဝထဲက လူဆိုသောအသိအမှတ်ပြုပွဲနွဲခွင့်ရတော့သည်။ တိရစ္ဆာန်မှဖြစ်သော ထိုလူသား လူ့တိရစ္ဆာန်အဆင့်မျှသာ။ တစ်ဘဝထဲ ရောက်ရုံနှင့် လူစစ်စစ်ဖြစ်ခွင့်မရသေး။

အားလုံးချုပ်လိုက်ပါ. . .။

လူဆိုသည်မှာ . . .

(က) ဓာတ်မှဖြစ်သော ပထမလူသား. . .။

(ခ) ဗြဟ္မာမှဖြစ်သော လူသား . . .။

(ဂ) တိရစ္ဆာန်မှ ကူးဝင်လာသော လူသား . . . ဟူ၍ သုံးမျိုးရှိသည်။

ထိုသုံးမျိုးတွင် ဗြဟ္မာပြန်လူသား တစ်ဦးသာ လူစစ်စစ်ဖြစ်ပါသည်။ ကျန်ဓာတ်ဖြစ် လူ၊ တိရစ္ဆာန်ထွက် လူဤနှစ်ဦးတို့ကား မိတ်ကောင်း၊ သူတော်ကောင်းများနှင့် အကြိမ်ကြိမ်ပေါင်းဆည်းပြီးမှသာ လူစစ်စစ်ဖြစ်ကြပါမည်။



www.burmeseclassic.com

www.burmeseclassic.com

**□ လူ့ဘုံခွင်က လူ့ဘုရင်များ**

လူသည် . . .

သုတ၊ စိန္တ၊ ဝိတ္တာရတို့ဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုလေ့ရှိသောကြောင့် ပတ်ဝန်းကျင်နှင့် ကင်းကင်းမနေတတ်ကြ။ သို့ဖြစ်ရာ . . . သဘောချင်းတူရာ တူရာစုပေါင်း၍ အချို့ ရွာဖွဲ့နေထိုင်ကြ၏။ အချို့ မြို့ဖွဲ့နေထိုင်ကြ၏။ အချို့ ခရိုင်၊ အချို့တိုင်း၊ အချို့ မြို့တော် . . .။ သည်သို့ အဖွဲ့အစုဖြင့်တည်ထောင်၍ နေထိုင်ကြတိုင်း ကွပ်ကဲအုပ်ချုပ်ဆိုသော အကြီးအကဲအလုပ်များကလည်း မပါမဖြစ် ပါကြရသေး။

ထိုစဉ် . . . သတ္တိ၊ ဗျတ္တိအရာ သူတကာထက်သာသူသည်အကြီးအကဲ။

သတ္တိကား နှလုံးရည် (ကြံရည်ကောင်း၊ ဖန်ရည်ကောင်းမျိုး)

ဗျတ္တိကား လက်ရုံးရည် (သေရဲသည်၊ သတ်ရဲသည်ဆိုသော ရဲရင့်မှုမျိုး)

ထိုသည့် သူရဲကောင်းမျိုး . . . မြန်မာစု၌ ကြီးစိုးခဲ့မူ ယင်းသည် မြန်မာ့ဘုံရှင် သို့မဟုတ် မြန်မာဘုရင်။ တရုတ်စု၌ ကြီးစိုးခဲ့မူ ယင်းသည် တရုတ်ဘုံရှင် သို့မဟုတ် တရုတ်ဘုရင်။ ကုလားစု၌ ကြီးစိုးခဲ့မူ ယင်းသည် ကုလားဘုံရှင် သို့မဟုတ် ကုလားဘုရင် . . .။သည့်အတူ ရေမြေအနှံ့ရှိ လူမျိုးစုတို့ စုဝေးနေထိုင်ကြရာ အသီးသီးတို့၌လည်း ဘဝချင်းဆုံ ဘုံထူထောင်ထားကြရာတိုင်း ဘုံရှင်သည် ပေါ်ထွန်းရစမြဲ။

တစ်ဖန် မြန်မာ့လူ့ဘုံကြီး၏ တစ်နံတစ်လျားတို့၌ပင် အထွတ်အထိပ်ရောက်နေသောဘုံရှင်၏မြောက်စားခြင်းနှင့်အတူ . . .

အချို့ နယ်ကို အပိုင်စားရရာ . . . ယင်းသည် နယ်ဘုံရှင်။

အချို့ မြို့ကိုအပိုင်စားရရာ. . . ယင်းသည် မြို့ဘုံရှင်။

အချို့ ရွာကြီးတစ်ရွာ အပိုင်စားရရာ. . . ယင်းသည် ရွာဘုံရှင်။

ယုတ်စွအဆုံး ဖို၊ မချင်း သဘောတူစုပေါင်းတည်ထောင်ကြရာ အိမ်ထောင်တစ်စု၏ အိမ်ထောင်ရှင်သည်ပင် အိမ်ဘုံရှင် သို့မဟုတ် အိမ်ဘုရင်အဖြစ်ဘိသိက်ခံယူကြရသည်။ လူ့ဘုံခွင်လူ့ဘုံရှင်တွေ တ အများသား . . .။

ထို ဘုံရှင်က မိန်းမဖြစ်ခဲ့သော် ဘုံရှင်မ သို့မဟုတ် ဘုရင်မဘိသိက်ခံ။

ထို ဘုံရှင်က ယောက်ျားဖြစ်ခဲ့သော် ဘုံရှင် သို့မဟုတ် ဘုရင်အဖြစ် ဘိသိက်ခံ။

တစ်ဖန် ဘုရင်နန်းတက် ကြင်ဖက်လည်း ပါရဦးမည်ဖြစ်ရာ. . . ဤလူ့အသိုက်အုံတွင် သူမသည် သူမတကာထက် အချောဆုံး အလှဆုံးဖြစ်နေ၏။ တစ်ဖန် တပ်ကွန့်ဂုဏ်အဖြစ် ယဉ်ကျေးသူ၊ သိမ်မွေ့သူ၊ ဣန္ဒြေကြီးသူ စသည့် ကောင်းခြင်းပေါင်းစုံ ကောင်းဂုဏ်များကလည်း ဝိုင်းအုံပေးနေသေး . . .။ ထိုသူမ မှတော်ဝင်သူ၊ နန်းထိုက်သူအဖြစ် တော်ကောက်ခံရသည်။

တစ်ဖန် . . . ဘုံရှင်ကိုယ်တိုင်က သူနှင့်တော်သည်ဟုယူဆကာ သူကတော်အဖြစ် တော်ကောက်ခံရသူလည်းရှိသေးသည်။ ထိုမိန်းမများ . . . ဘုံရှင့်ဖို့ရာ ကြေညာသောအားဖြင့် သူမ၏ အိမ်ရှေ့ရာဇမတ်ကာ သဲဖြူခင်း စသည့်အဆောင်အယောင်များ ပြုလုပ်ထားလိုက်သည်။ ယင်းကို ဖို့ရာရှေ့ မိတပ်၍ခေါ်လိုက်သောအခါ မိဖို့ရာ. . . နောင်သောအခါတွင်ကား မိဖုရားအမည်ဖြင့် နန်းစံခွင့်ရသွားချေပြီ။ ဘုံရှင်ကနေ ဘုရင် . . .၊ ငါ့ဖို့ရာကနေ ငါ့ဖုရား . . . ထိုငါ့ဖုရားမှ "ငါ"အစား "မိ"တပ်၍ ခေါ်လိုက်သောအခါ မိဖုရား . . .။ ဟုတ်၊ မဟုတ် မသိ တွေးကြည့် ခေါ်ကြည့်မိရာမှ ပေါ်လာသည့် အမည်နာမများ။

ဤမိဖို့ရာများကလည်း ဘုံရှင်ကြီးကနေ ဘုံရှင်ငယ်အစားစား သားတော်မင်းသားများ၏ ခံစားခွင့်ရ အဆင့်လိုက်လျက်ကပင် . . .

ဘုရင့် ဖို့ရာက . . . ဘုရင့်မိဖုရားကြီး အမည်တွင်။

အိမ်ရှေ့ ဖို့ရာက . . . အိမ်ရှေ့မိဖုရားအမည်တွင် . . .။

ကျန် နယ်စား၊ မြို့စား၊ ရွာစား . . .။ မင်းသားငယ်များ၏ ဖို့ရာများကိုကား နယ်စားကတော်ကြီး၊ မြို့စားကတော်ကြီး၊ ရွာစားကတော်ကြီး၊ မင်းကတော်ကြီးဆိုသော အမည်တော်များဖြင့်သာ တော်ဝင်ကြရပါသည်။

သည့်အတူ စည်းစိမ်ခံစားကြရာ၌လည်း ဆိုင်ရာဘုံရှင်များ၏ အဆင့်လိုက်၍သာ ခံစားခွင့်ရပါမည်။

ဘုံရှင်သည် . . . ဘုံအရှုပ်ကို အမြဲရှင်းပေးနေရ၏။ ဘုံတိုးတက်ရာ နည်းလမ်းကောင်းကို အမြဲလမ်းကြောင်းပေးနေရ၏။ ဘုံသာယာစရာ အကျင့်မှန်ကိုလည်း အမြဲကျင့်ကြံပြနေရ၏။ ထိုအချိန် . . .

ရာဇာပဓာန်။

ဘုံတစ်ဘုံ၏ တိုးတက်ရာ၊ ဆုတ်ယုတ်ရာသည် မင်းသည်သာ အခရာဖြစ်၏။

ဂုဏ ဝန္တေ ပသန္တိ ဇနာ။

လူသားတိုင်း ဂုဏ်ရှိသူ၏ အပြုအမူကို အမြဲအတုယူလေ့ရှိကြ၏။

ဥသဘော ဥဇံ ဂန္တာ ပစ္ဆာပိဥဇုနာ အာဂစ္ဆန္တိ။

ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောင်နွားတစ်သိုက် ဖြောင့်စွာလိုက်၏ပမာ . . . လူ့ဘုံ (သူ့ဘုံ) ခန်းဝါအတွင်းနေ လူသားအားလုံးတို့ကလည်း ဘုံရှင့်စကားနားထောင်၍၊ ဘုံရှင့်အပြုအမူအတုယူ၍၊ ဘုံရှင်ခမ်းနားပုံအဝဝအားကျ၍ လိုက်နာကျင့်သုံးကြ၏။ ဆည်းပူးလေ့လာကြ၏။ သည်အထဲ အခြားဘုံက ဘုံရှင်နှင့် အပေါင်းပါများ လာရောက်ထိပါးခဲ့ပါလျှင် ကိုယ့်ဘုံရှင်နောက်ကနေ တစ်သွေး၊တစ်သံ၊တစ်မိန့်နာခံ၍ တွန်းလှန်ဖြိုဖျက်ပေးကြသေး၏။

သို့ဖြင့် ဘုံရှင်နှင့်ဘုံ အမြဲလိုက်အုံလိုက် သိုက်သိုက်ဝန်းဝန်းဖြစ်ခဲ့ကြပြီ။

သို့ဖြင့် ဘုံနှင့်ဘုံရှင် ဂုဏ်လွင်ဂုဏ်ပွင့် ဂုဏ်အမျိုးမျိုး တင့်ခဲ့ကြပြီ။

**□ မွေ့ရပ်ဝန်းထဲက ဘုံရှင်များ**

ခန္ဓာဖြစ်စဉ်သည် ဘဝ။ တစ်ဖန် . . .

ဘဝတူတို့ ဆုံမိကြရာသည် ဘုံ။ ဆိုခဲ့ပြီးပြီ။

ဘဝနည်းတူ မွေ့တွင်လည်း မွေ့တူတို့ ဆုံမိက ဘုံဟူ၍ ခေါ်ရမည်သာ။

ဘဝက ဘုံဆိုလျှင် မွေ့ကို မုမိဟူ၍ ခေါ်လိုက ခေါ်နိုင်ကြပါသည်။

ထိုစဉ် . . . မွေ့သည် သဘာဝ၏ အခင်းအကျင်းများပင် ဖြစ်ကြရာ . . . အချို့က လောကီဘုံအတွင်း၏ အခင်းအကျင်းမျှလောက်သာ ကျွမ်းကျင်၏။ အချို့က လောကီဘုံ၊ လောကုတ္တရာဘုံ၊ အလွတ်ဘုံ အခင်းအကျင်းများအထိ ကျွမ်းကျင်၏။ ကျွမ်းကျင်ရုံမျှမက လိုက်နာကျင့်သုံးပြကြ၏။ ကျွမ်းကျင်ရုံမျှမက သင်ကြားပို့ချ လမ်းသွားကိုပါ လိုက်ပြကြသေး၏။

တစ်ဖန် လောကီဘုံပြ လောကီမွေ့တို့ကို သင်ကြားပို့ချကြရာ၌ပင် . . . အချို့ လောကီဘုံရှင်က ကိုးကွယ်ဝတ်ပြုရုံ ကုသိုလ်ဖြစ်လောက် ပြသ၏။ အချို့ လောကီဘုံရှင်က စိတ်စင်ကြယ်ရုံအဆင့်အထိပြသ၏။ အချို့ လောကီဘုံရှင်က စိတ်ဖြင့် လောကီပညာအထိ ပြသ၏။ ထိုအားလုံး ကောင်းသောအပြုအမူချည့်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြသဖြင့် ကောင်းမှုပင် ဆိုရပါ၏။ အဖြစ်ကင်းအကျိုးများသောအထားအသိုများဖြစ်ကြသဖြင့် ကုသိုလ်စာရင်းလည်း ဝင်၏။ သို့သော် အလှည့်ရှည် အလည်မရပ် ပတ်ရဆဲဖြစ်နေ၍ လမ်းမဆုံး။ သို့မဟုတ် လမ်းဆုံးအထိ ခရီးပေါက်မြောက်သော ကောင်းမှုကုသိုလ်မျိုးများ မဟုတ်ကြ။

လောကီ. . . အပျက်အပျက်တို့ဖြင့် အသက်ဆက် လည်ပတ်နေကြရခြင်း။

လောကီ. . . ပျက်စရာများရှာဖွေသိမ်း၍ ဤခရီးဆက်ထွက်နေကြရခြင်း။

ဤလောကီကျင့် မမှုဘုံရှင်များတွင်လည်း ကျင့်၊ တည်၊ သိ အဆင့်သုံးချက်တို့ဖြင့် ကျင့်စဉ် တက်ကြရ၏။ ဤ၌ . . .

အကျင့်တွင် ကိုယ်၊ နှုတ်စောင့်စည်းခြင်းက တာဝန်ယူ။

အတည်တွင် စိတ်စင်ကြယ်ခြင်းက တာဝန်ယူ။

အသိတွင် ကျင့်ရာ ဝင်မြင်ပေးရသောဉာဏ်က တာဝန်ယူ။

ထိုစဉ် . . . ထိုသိက္ခာစဉ်များက မှားနေခဲ့လျှင် ထိုအားလုံး မိစ္ဆာလမ်းသွားဆိုရပြီ။ ထိုသိက္ခာစဉ်များက မှန်နေခဲ့သော် ထိုအားလုံး သမ္မာလမ်းသွားဆိုရပြီ။ သို့ဖြင့် လောကီဘုံစဉ်အကျင့်တွင်လည်း သိက္ခာသုံးဆင့်ဖြင့် ထိပ်ဆုံးမှတက်သွားနိုင်သူက သူနေရာတွင် သူသည် ဘုံရှင်။ သို့မဟုတ် သူ့အကျင့်စခန်း၏ ဘုရင်ဖြစ်ခွင့်ရပြီ။

တစ်ဖန် အကျင့်နှင့်အတည်နှစ်ဆင့်မျှ ထွန်းပေါက်က နယ်ဘုံရှင်။

အကျင့်တစ်ခုတည်းမျှ ထူးချွန်နေပါက မြို့ဘုံရှင်။ အကယ်တိတိ . . .

အကျင့်၌ပင် စုံးစုံးနစ်နစ် မဟုတ်သေးပါက ရွာစားကြီး အဆင့်မျှသာ။ ဤနည်းဖြင့် အချို့ ကုသိုလ်နှင့်ကောင်းကျိုးများကို မိသားတစ်စုလုံလောက်ရုံ၊ တစ်ရပ်တစ်ရွာလုံလောက်ရုံ အကျိုးဆောင်ခွင့်ရကြ၏။ အချို့ တိုင်းလုံးပြည်လုံးနှင့်အတူ မိမိတစ်မျိုးသားလုံးကိုပါ အကျိုးအောင်နိုင်ကြ၏။ ပညာများလည်း လေ့ရာကလာ လာရာက သင်ပေးသွားသောအတိုင်း သင်သလောက်မှတ်ဖြင့် မှတ်သလောက် အသိများရှိနေကြသည်သာ။

**◘ လောကုတ်မှာလည်း ဘုံရှင်နှင့်ပါ**

လောကီမှ ထွက်မြောက်သောလောကုတ္တရာ၌လည်း . . . ဖြစ်စဉ်ဖြင့် အဆင့်ဆင့်မြင့်မြူလာသော စီရင်စုနယ်ပယ်များ၊ ဖြစ်စဉ်မဲ့ ခရီးဆုံးဖြင့် အဖြူစင်ဆုံးဖြစ်လာသည့် အလွတ်လပ်ဆုံးမြို့တော်များဟူ၍ ခွဲခြားသတ်မှတ်နယ်မြေများ အထင်အရှားရှိ၏။

တစ်ဖန် . . . လွတ်လပ်သောမြို့တော်များမှာပင် ဗဟိုမြို့တော်၊ တိုင်းမြို့တော်၊ ပြည်နယ်မြို့တော်စသည် နိုင်ငံတိုင်းဝယ် တည်ရှိနေ၏ပမာ . . . ဤ၌လည်း

အနုပါ ဒိသေသ နိဗ္ဗာန်က ဗဟိုမြို့တော်ကြီး အရာဝင်၏။

အနုပါဒိသေသနိဗ္ဗာန်အမည်ရသောသောတာပန်တို့ အာရုံပြုရာ နိဗ္ဗာန်။

သကဒါဂါမ်တို့ အာရုံပြုရာနိဗ္ဗာန်၊ အနာဂါမ်တို့ အာရုံပြုရာနိဗ္ဗာန်၊ အရဟတ္တဂုဏ်ရှင်များအာရုံပြုရာ နိဗ္ဗာန် သို့မဟုတ် ထိုအသီးသီးတို့ မဂ်ကျ၊ ဖိုလ်ဝင်ချိန်တွေ့မြင်ခံစားလိုက်ကြသည့်နိဗ္ဗာန်။

ထို အကြောင်းပွင့် နိဗ္ဗာန်တို့သည် ဘုရား၊ ရဟန္တာများ သေပြီးနောက် (ပရိနိဗ္ဗာန်စံဝင်ပြီးနောက်) ခံယူကြရမည့် ခန္ဓာမဲ့၊ ဒုက္ခအားလုံးမဲ့ နိဗ္ဗာန်မြို့တော်ကြီးကိုထောက်၍ အရဟတ္တမဂ်၊ ဖိုလ်ရှင်များ ခံစားခွင့်ရ နိဗ္ဗာန်သည် တိုင်းမြို့တော် သို့မဟုတ် ပြည်နယ်မြို့တော်နှင့် အလားတူ၏။

တစ်ဖန် . . . အရဟတ္တအရှင်တို့ မြင်သိရာ နိဗ္ဗာန်မှထောက်၍ အနာဂါမ်အရှင်တို့ မြင်၊ သိခွင့်ရ နိဗ္ဗာန်က ခရိုင်မြို့တော် အရာဝင်၏။ တစ်ဖန် . . . အနာဂါမ်အရှင်တို့ နိဗ္ဗာန်မှထောက်၍ သကဒါဂါမ်အရှင်တို့ မြင်၊ သိခွင့်ရနိဗ္ဗာန်က ခရိုင်ရုံးစိုက်ရာ မြို့တော်၏ ရှေ့ပြေးစီရင်စု အရာဝင်၏။ တစ်ဖန် သကဒါဂါမ်အရှင်တို့၏ နိဗ္ဗာန်မှထောက်၍ သောတာပန်များ မြင်၊ သိခွင့်ရ နိဗ္ဗာန်ကား နိဗ္ဗာန်အမည်တွင် မြို့နယ်ရုံးစိုက်မြို့တော်ငယ်လေးပင်။

ထို ထိုမြို့တော်ခရီး သွားလာရာလမ်းထဲတွင်ကား . . .

(က) သမာဓိဉာဏ်များသည် မြို့တော်သွားရန် စာရင်းတင်ရသည်နှင့်တူ၏။

(ခ) အစစ္စာသော ဝိပဿနာဉာဏ် ၂-ပါးတို့က မြို့တော်သွားလက်မှတ်ဖြတ်ရသည်နှင့် တူ၏။

(ဂ) အလယ်ရှိ ဝိပဿနာဉာဏ် ၁၀-ပါးတို့က မြို့တော်သွားလမ်းမကြီးပေါ်က ရွာစဉ်များ . . .။

သမာဓိဉာဏ်မရင့်သန်ဘဲ ဝိပဿနာပညာဉာဏ်ပွင့်ခွင့်မရ။

ဝိပဿနာ ပညာဉာဏ် မရင့်သန်ဘဲ မဂ်၊ ဖိုလ် ပညာဉာဏ် ပွင့်ခွင့်မရ။

သို့ကြောင့် ဤသမာဓိဉာဏ်၊ ပညာဉာဏ်များသည် မဂ်၊ ဖိုလ်ပညာတို့သို့ သွားလာရာလမ်းကြောင်း။ နိဗ္ဗာန်မြို့တော်တွင်း ချင်းနင်းရာ၏ လမ်းပြမြေပုံ။

အထက်ပါ မြို့ပြနေရာဒေသများ၊ ထိုထိုမြို့များသို့ ဝင်၊ ထွက်ရာလမ်းများ မပေါ်မီက လက်ဦးတီထွင်စွန့်စား သမ္မာသမ္ဗုဒ္ဓဘုရားသည် . . . ဘုံရှင်။

ထိုဘုရား . . . လေးအသင်္ချေကမ္ဘာတစ်သိန်းမှ ပါရမီတော်အများအပြားတို့ကို စုဆောင်းကာ ထိုထိုမြို့နှင့်မြို့တော်များကို သိမ်းပိုက်တော်မူခြင်းကြောင့် . . .။

**◘ လူစုဆေးတို့ ပြေးခိုရာသည် မြို့**

မိုးရွာရာလိုက်ပါနေရသည်ကရွာ။

ရွာအများအပြားတို့ ခိုကိုးရာကမြို့။

မြို့ထက် မြို့ကိုကျော်. . . မြို့တော်. . . သို့ ရှိချေရာ. . .

ရွာသည် မိုးရွာခြင်းကို အရင်းပြု၍ စိုက်ပျိုးမှုများ ပြုကျင့်ကြရရာ . . . ရွာသူ၊ ရွာသားအားလုံးတို့သည် ကာယအခြေခံ ဉာဏအရံဖြင့် နေထိုင်ကြရမြဲ . . .။

ကာယသည် ထွန်ယက်စိုက်ပျိုးရာ တိုင်းတို့၌ မပါမဖြစ်။

ဉာဏသည် မျိုး၊ မိုး၊ မြေ၊ အခြေအနေ သုံးသပ်ရာ၌ မပါမဖြစ်။

တစ်ဖန် . . . မြို့သည် နှစ်မြို့စရာအခင်းအကျင်း အရင်းတည်၍ ရောင်းဝယ်မှုများပြုကျင့်ရရာ . . . မြို့သူ၊ မြို့သားအားလုံးတို့သည် ဉာဏအခြေခံ ကာယအရံဖြင့် နေထိုင်ကြရမြဲ။

ဉာဏသည် ရောင်းကုန်၊ ဝယ်ကုန်တို့၏ အခြေအနေ အချိန်အခါ၌ အသုံးဝင်၏။

ကာယသည် ရောင်းစရာ၊ ဝယ်စရာ၊ သယ်ရာတို့၌ အသုံးပြု၏။

တစ်ဖန် . . . ထိုမြို့သည် မြို့တည်ထားပုံ အကွက်အကွင်း အခင်းအကျင်းများကလည်း နှစ်မြို့စရာ။ မြို့သူမြို့သားများ၏ ပြင်ဆင်မွမ်းမံထားပုံများကလည်း နှစ်မြို့စရာ။ သည့်အပြင် နယ်များမှ လာရောက်ကြသည့် လူအားလုံးကိုလည်း စီးပွားရေးဖြင့်လာချင်သူများ . . . အားကိုးရ၏။ အမှုဖြင့် လာချင်

www.burmeseclassic.com

သလား အားကိုးရ၏။ အထွေထွေကိစ္စရပ်များဖြင့်လာချင်သလား အားကိုးရ၏။ သို့ကြောင့် မြို့တစ်မြို့စီ၏ နယ်ပယ်အတွင်းရှိ လူအားလုံးတို့အား နှစ်မြို့စရာ အရာတွေ ပေးဝေတတ်သောကြောင့် မြို့။

နောက်တစ်ဖန် . . . မြို့အားလုံးတွင် ဘုရင်နန်းစိုက်ရာမြို့သည် အရာရာအလုံးစုံ အကုန်နှစ်မြို့စရာများချည်း ဖြစ်နေသဖြင့် မြို့တော် . . .။

မန ငွေကြေး အပေးအယူလုပ်ချင်သလား လာခဲ့သည်ကို။

ဘဝ အခြေပေး အပေးအယူလုပ်ချင်သလား လာခဲ့သည်ကို။

ကာမဖြေသွေး အပေးအယူလုပ်ချင်သလား လာခဲ့သည်ကို။

မြို့တော်သည် အားလုံးလုံခြုံစိတ်ချရ၏။ လိုချင်လျှင် ပေးသူမရှား။ ပေးချင်လျှင်လည်း ယူသူမရှားနေရာ ဖြစ်၏။ ရှာသောအခါ အလွယ်တွေ့တတ်၏။ ဝှက်လိုသောအခါတွင်လည်း အလွယ်ဝှက်၍ရ၏။ သို့ကြောင့် ထိုမြို့တော် လူပေါ်လူဇော်လုပ်နိုင်သူများ၏ကျက်စားရာ။

သည်သို့ ရွာစုများရာ မြို့ဖွဲ့၊ မြို့စုများသော် မြို့တော်ဖွဲ့ တည်ဆောက်ရာ၌ လူအခြေခံ၍သာ ဖွဲ့စည်းတည်ထောင်ရမြဲ။ ရွာ၊ မြို့၊ မြို့တော် တည်ထောင်ပြီးစီးမှ လူသွင်းပေးသည်ကား မဟုတ် ပမာ. . .

ရွာ၊ မြို့၊ မြို့တော်တည်ရာ ဤသာသနာ၌လည်း . . . ဘုရားရှင်၏ အစည်းအရုံးထဲဝင်၍ ဘုရားရှင် ညွှန်ကြားသောအတိုင်း လိုက်နာကျင့်သူတို့၏ အားပွားရှိန်လိုက်၍သာ သို့မဟုတ် လိုက်နာကျင့်သုံးသူတို့၏ အနည်း၊အများ လိုက်၍သာ မြို့ရွာများ ဖြစ်ထွန်းပေါ်ပေါက်လာကြရာ . . . မြို့သွားလမ်းမပေါ် စုပေါင်းနေထိုင်ကြသည်များက ရွာ သို့မဟုတ် လူအများဖြတ်သွား ဖြတ်လာရှိသည့် ဇနပထ (လူသွားလမ်းပေါ်က ဇနပုဒ်) အမည်ခံ။

တစ်ဖန် . . . အကြံ၊ အဖန်လည်း ပြည့် ပစ္စည်းလည်းရှိကြသူတို့ စုပေါင်းနေထိုင်ကြသည်များက မြို့ သို့မဟုတ် တွေ့သူတိုင်း နှစ်လိုဖွယ်ချည်းဖြစ်နေ၍ (ရမ္မ) မြို့အမည်ခံ။

တစ်ဖန် . . . ခံတပ်ပေါင်းများစွာ၊ အစောင့်အကြပ်ပေါင်း များစွာအပြင် အခြားအခြားသော တိုင်းပြည်များနှင့် ထူးလူးဆက်ဆံရာ မင်းနေပြည်တော်က မြို့တော် သို့မဟုတ် ရွှေအိမ်နန်းနှင့် မတ်ပေါင်းခြံရံ စည်းစိမ်ခံရာနေရာက ရာဇဌာနီ မင်းနေပြည်အမည်ခံ။

သို့ဖြစ်ရာ . . . မဂ်ခရီး၊ ဖိုလ်ခရီး မဂ္ဂင်ယာဉ်ကြီးစီးလျက်က ခရီးထွက်ခွာခဲ့ကြသူများ၊ အခြေခံဉာဏ်နှင့်ဝိပဿနာဉာဏ်များ၌သာ ကျက်စားနိုင်သူများက လမ်းမှာပင် ရွာတည်နေရစ်ခဲ့ကြ။

ပထမမဂ်ခရီး၌သာ ကျက်စားနိုင်သူများက နိဂုံးဆိုသော တောမြို့လေးတည်။

ဒုတိယ၊ တတိယမဂ်ခရီးများအထိ ကျက်စားနိုင်သူများက မြို့ပြစိမ်ကိန်းဝင်မြို့လတ်တည်။

စတုတ္ထမဂ်ခရီးအထိ လမ်းဆုံးအရှိအထိဖြည့်ဝင်နိုင်သူများက. . . ဝင် မြို့တော်. . .။

ဤနည်းဖြင့် မြို့တော်ကြီးမှာလည်း လူတွေ၊ အိမ်ခြေတွေ စည်မှစည်။ ဤနည်းဖြင့် တိုင်း၊ ခရိုင်အဆင့်မြို့တော်များမှာလည်း လူတွေ၊ အိမ်တွေ စည်မှစည်။ ဤနည်းဖြင့် မြို့သွားလမ်းမကြီးပေါ်က ရွာများမှာလည်း လူနှင့်အိမ်တွေ စည်မှစည်။

သည်သို့ လူနှင့်လူအသုံးအဆောင်များ၊ အိမ်ဂေဟာများဖြင့် ဖွဲ့စည်းမိကြသော မျိုး၊ ဗီဇ သတ္တိတူ အလေ့တူတို့ ပေါင်းဆုံမိကြရာ ဒေသတိုင်း စည်ကားပြန့်ကျယ်လာပါက တိုင်းပြည်တစ်ပြည်အဖြစ် အသိအမှတ်ပြုကြရစမြဲ။

သို့ဖြစ်ရာ . . . ဘုရားရှင်၏ အဆုံးမအောက်ဝယ် အကျင့်တူ၊အသိတူများ ပြန့်ကား ကြီးမြင့်လာသော ဤ သာသနာတော်ကြီး၌လည်း . . . နိဗ္ဗာန်ဘုံ၊ အရိယာဘုံ လေးဘုံတို့နှင့်အတူ ဝိပဿနာဘုံများလည်း အစီအရီပွင့်ဆယ်ဆင့်အထိရှိလာနေရာ၊ အခြေခံဝိပဿနာဉာဏ်ကပင် နှစ်ဆင့်ဆင့်လျက်ဝင့်တက်နေချေရာ . . . သာသနာ့ရွှေပြည် ဖြူစင်ကြည် မည်သူတုရ၍ရမည်နည်း။

ဤသာသနာ ရွှေပြည်ကြီးထဲက သာသနာ့ပြည်သူပြည်သားများကလည်း . . . ဂါရဝမင်္ဂလာကြောင့် ယဉ်ကျေးကြ၏။ နိဝါတမင်္ဂလာထပ်ပိုးမှုကြောင့်လည်း သိမ်မွေ့ကြ၏။ သို့ကြောင့် သူတို့အားလုံးကိုကြည့်လျှင် ကျက်သရေရှိလှပါ၏။ သူတို့အသံကို နားထောင်လျှင်လည်း ကျက်သရေရှိလှ၏။

ထိုစဉ် . . . မင်္ဂလာသည် အပြစ်ကင်းစင်ခြင်းကြောင့် ရသောဘွဲ့ဖြစ်ပြီး ကျက်သရေကား အပြစ်ကင်းသော အရည်ကြည်မှ ပွင့်လာသော ပွင့်ဖြူများ၏ဘွဲ့တည်း။

**□ မင်း၊ မိဖုရား နှစ်ပါးစုံစွာ**

တိုင်းပြည်ရှိလျှင် ဘုရင်ရှိရမြဲ . . .။

ဘုရင်ရှိလျှင် မိဖုရားလည်း ရှိရမြဲပင်. . .။

သို့ဆိုသော် . . . ဘုရားမယားဘယ်ကရမည်နည်း မေးစရာ။

မယား ဟူသည် လင်၏ ချစ်ခြင်းထား အယားဖြေပေးရာ။

လင် ဟူသည် မယား၏ မကြည်လင်စိတ် ကြည်လင်အောင်သိပ်ပေးရာ။

ဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် "လောကဝယ် ငါသည် ဘယ်သူ့ဆရာထားရပါမည်နည်း။" ထိုအတွေးနှင့်အတူ သူ့ထက်သာကို ၃၁-ဘုံတစ်လျှောက် သဗ္ဗညုတဉာဏ်ဖြင့် မွှေနှောက်ကြည့်၏။ တစ်ယောက်မျှ မတွေ့။ ထိုစဉ် . . .

"အင်း . . . ငါဘာ့ကြောင့်ဘုရားဖြစ်ခဲ့တာပါလိမ့်။"

တွေးပြန်ရာ . . . တရားကြောင့်ဆိုသည်ကို အသိရှိလာသဖြင့် . . . . ထိုစဉ်မှစ၍ ဘုရားသည် တရားကိုသာ ကိုးကွယ်တော့သည်ဆို၏။ သို့မဟုတ် . . . တရားက ဘုရားကိုဖွားပေးလိုက်သဖြင့် ထိုတရားကိုပင် မိခင်အရာတင် လုပ်ကျွေးသုတ်သင်ပေးနေသည်။

သို့ လုပ်ကျွေးနေချိန် သက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့်နေ့ ဘုရားအဖြစ်ဖြင့် ဘိသိက်ခံစဉ်ကပင် ဝိမုတ္တိသည် ဘုရားရှင်၏ကြင်ရာဖြစ်ခဲ့ပြီ။ သို့ကြောင့် . . . ဝိမုတ္တိသည် ဘုရားရှင်၏ မိဖုရား။ သို့မဟုတ် . . .

သာသနာ့ဘုံရှင်မှဖြစ်သော ဗုဒ္ဓဘုရင်။

သာသနာ့ဘုန်းရှင်ဖြစ်သော ဗုဒ္ဓဘုရင် . . . ထိုဘုရင်ကြီးဖို့ရာ စည်းစိမ်ဖက်ကား ဝိမုတ္တိ။

သာသနာ့ဘုံရှင် ဤဗုဒ္ဓဘုရင်သည် ဓမ္မရာဇာအမည်ဖြင့် ဘိသိက်တော်ခံယူ၏။ တစ်လောကလုံး၏ ဥပဒေကို ကျွမ်းကျင်တော်မူ၏။ သို့ကြောင့် လောကဝိဒူဘွဲ့ဖြင့်လည်း ထင်ရှား၏။ ထိုဗုဒ္ဓဘုရင်သည် သူ့တိုင်းသူပြည်သားအပေါင်းအား. . . အကျိုးမဲ့ရာဆို တားမြစ်မိန့်ဖြင့် အကာအကွယ်ပေး၏။ အကျိုးကြီးရာဆို ချီးမြှင့်မိန့်ဖြင့် တွန်းပို့ပေး၏။



ထွန်းရွှေမှုန်ရှင်း
[illegible]

www.burmeseclassic.com

သို့ကြောင့် သူ့အပေါ် သူပြည်သူပြည်သား အားလုံးတို့က အားလည်းအလွန်ကိုးကြ၏။ ချစ်လည်းချစ်ကြ၏။ ကြည်လည်း ကြည်ညိုကြ။ ကြည်ညိုသည့်အလျောက် လည်း သူ့စကား ရိုသေစွာ လိုက်နာ ကျင့်သုံးပြကြ၏။

"မလုပ်နဲ့"ဆို နွယ်ဓားထိခံရသည့် ပမာ . . . တိခနဲ ဖြတ်ပစ်လိုက်ကြ၏။

"လုပ်ဟဲ့"ဆို ချောင်း၊ မြောင်းရေ များပမာ တစ်ဟုန်ထိုး ဖြန့်ကြက်ယူငင် လိုက်ကြ၏။ သည့်အတူ မင်းအာဏာ အချက်အချာနေရာမှနေ တစ်ဝက်ပိုင် ဆိုင်ထားသူ ဝိမုတ္တိမိဖုရားကြီးအားလည်း အများက အားကိုးကြ၏။ သူ့အလိုကျ လိုက်နာဆောင်ရွက်ပြကြ၏။

ဤသည်မှာ မင်း၊ မိဖုရားနှစ်ပါးစုံ အကြားမှ ပြည်သူများ။

□ ဆုတော်၊ လာဘ်တော်စား သားတော်၊ သမီးတော်များ

သတ္တာဒေဝ မနုဿဘွဲ့တော်ရ ဘုရားရှင်သည် တစ်လောကလုံး (၃၁-ဘုံလုံး) အစိုးရသော တရားမင်း။

ထိုမင်း . . . အခြံရံရှိမှ ပြည့်စုံ၊ အခြံရံဆင့်မှ တင့်တယ်၏ ဆိုစကား အတိုင်း မင်း၏ အနီးဝယ် အခြံအရံများ ဘက်စုံရှိရတော့ရာ . . . အရှင်မြတ် သာရိပုတြာနှင့် အရှင်မြတ် မောဂ္ဂလာန် တို့သည် နန်းရင်း အခြံအရံ။ ကျန် ဌာန ဝန်ဆောင်တို့ကား ဌာနဦးစီး ဝန်ကြီးများ အရာ။

ကျင့်ဆဲများတွင် . . .

တတိယအဆင့် တိုးမြှင့်ခံထားရသူများကား တိုင်းတာဝန်ခံ သို့မဟုတ် ပြည်စိတ်တစ်စိတ်ကို အစိုးရသော နယ်စားကြီးများ။ တစ်ဖန် . . .

ဒုတိယအဆင့် တိုးမြှင့်ခံထားရသူများကား မြို့နယ် တာဝန်ခံ သို့မဟုတ် တိုင်းတစ်စိတ် အစိုးရသော မြို့စားကြီးများ။ တစ်ဖန် . . .

ပထမအဆင့် တိုးမြှင့်ခံထားရသူများကား ရပ်ကျေးတာဝန်ခံ သို့မဟုတ် မြို့နယ် တစ်စိတ်မျှအစိုးရသော ရွာစားကြီးများ။

မှတ်ချက်။ ။ မြို့သွားလမ်းမကြီးပေါ် တက်ရောက် နေထိုင်သူများကား ရွာလူကြီး-ရွာခေါင်း၊ ရွာဆော်နှင့် အချို့သူကြီးမင်းအဆင့်မျှသာ . . .။

သို့ဖြင့် သာသနာ့ တိုင်းတော်၊ ပြည်တော်ကြီး၏ နန်းတွင်း၊ နန်းပြင်ဝယ် ဘုရင်ကြီး ပေးသနားသော ဆုလာဘ် အဖြစ် ရာထူးဌာနများ စီမံအုပ်ချုပ်ခွင့် သားတော်များသည်လည်း . . . မင်း၊ မိဖုရားနှစ်ပါးစုံစွာ ရှိအပ်ကြသည်ချည်း ဖြစ်ရာ . . . လက်ျာရံသားတော်သည် တိုင်းပြည်၏ ရေးရာကိစ္စမှန်သမျှကို အိမ်ရှေ့မင်းရာထူး အဆင့်မြင့်တာဝန်ယူရ၏။ မိဖုရားက ဝိမုတ္တိမိဖုရားကြီးကမွေးသော သမီးတော် စင်ဖြူဖွေး။

တစ်ဖန် . . . လက်ဝဲရံသားတော်က တိုင်းပြည်၏ ကာကွယ်ရေးကိစ္စမှန်သမျှကို စစ်သူကြီးရာထူးဖြင့် တာဝန်ယူရ၏။ မိဖုရားကလည်း ဝိမုတ္တိမိဖုရားကြီး၏ သမီးတော်တစ်ဦးပင်။

သည့်အတူ ကျန်သားတော်ကြီးများ၏ မိဖုရားများလည်း ဝိမုတ္တိမိဖုရားကြီးကမွေးသော စင်ဖြူအေး၊ ခင်ဖြူငွေ၊ စင်ဖြူထွေး စသည့် သမီးတော်များချည်းသာ။

နယ်စား၊ မြို့စား၊ ရွာစားများ အဖြစ်ဖြင့် ချီးမြှင့်ခံထားရသူများထဲတွင် နယ်ရှင်မင်းသားကြီးသည် သူ့နယ်ဝန်အတွင်းက ကိစ္စအားလုံးတို့ကို စီမံအုပ်ချုပ်ခွင့်ရဘုရင်တစ်ဆူဖြစ်၏။ ဘုရင့်သားမို့ ဘုရားအထူးခံခွင့်ရ၏။ သူ့မိဖုရားကား ဦးဖြူ၊ ဒေါ်ညိုတို့မှ ဆက်သသည့် ဖြိုးတင့်တင့်မာ။ တစ်ဖန် . . .

မြို့စားမင်းသားကြီးက မြို့နယ်အတွင်းရှိ ကိစ္စအားလုံး တာဝန်ယူပေးရ၏။ မြို့ပိုင်ဘုရင်တစ်ဆူဖြစ်၏။ ဘုရင့်သားဖြစ်သောကြောင့် ဘုရားထူးလည်း ခံခွင့်ရ၏။ သူ့မိဖုရားလည်း ဦးဖြူ၊ ဒေါ်ညိုတို့၏ ဒုတိယသမီးဖြစ်သူ ဖြိုးဝင့်ဝင့်မာ . . .။ တစ်ဖန် . . .

ရွာစားမင်းသားကြီးကလည်း သူ့နယ်ပယ်အတွင်းက ကိစ္စမှန်သမျှတို့ကို တာဝန်ယူအုပ်ချုပ်ရ၏။ ရွာတစ်ပိုင် ဘုရင်တစ်ဆူ ဖြစ်၏။ ဘုရင့်သား ဘုရားအထူးခံခွင့်ရ၏။ သူ့မိဖုရားကား ဦးဆိုး၊ ဒေါ်မဲတို့မှ ဆက်သသည့် မြကြေးမုံ . . .။

သို့ အခြွေရံ၊ အသင်းပင်း ခိုင်မာတောင့်တင်းလှသည့် သာသနာ့တိုင်းပြည်ကြီးသည် ယခု မြို့တည်သက်တမ်း နှစ်သုံးထောင်ပြည့်လာသည့်တိုင်တည်နေဆဲ။ ထိုစဉ် . . . ဘုရင်ကြီးနှင့် မျှုးကြီး မတ်ရာ သေနာပတိ စသည်များ ကံတော်ကုန် နိဗ္ဗာန်ဘုံခုန်ကူးသွားချိန် . . . ဘုရင့်ခေတ်ကုန်သွားပြီဖြစ်ရာ . . . သားတော်၊ သမီးတော်အဆက်ဆက်က မွေးဖွားထားခဲ့သော မြေးတော်၊ မြစ်တော် စသည်များကသာ တိုင်းပြည်ကြီးကို အားလုံးစုပေါင်းအုပ်ချုပ်ကြ၏။ ကျန်သော တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကျေး အသီးသီးတို့ကိုကား . . .

သည်နေရာ သည်သူရှိ သည်သူကပင် တာဝန်ယူအုပ်ချုပ်၏။

ဟိုနေရာ ဟိုသူရှိ ဟိုသူကပင် တာဝန်ယူ အုပ်ချုပ်၏။ တစ်ဖန် . . .

လစ်လပ်သော နေရာများကို မလစ်လပ်သောနေရာက လှမ်းအုပ်ချုပ်၏။ အုပ်ချုပ်ရေးဥပဒေသကလည်း ဓမ္မဝိနယတို့ဖြင့်ပြဋ္ဌာန်းပြီးရှိ၏။ ထိုဥပဒေသများက ခေတ်တိုင်းနှင့်လည်း အံဝင်၊ ဒေသတိုင်းနှင့်လည်း အံဝင်၏။ ပုဂ္ဂိုလ်တိုင်းနှင့်လည်း အံဝင်၏။ သို့ကြောင့် ဖြည့်စွက်ရေးစရာလည်းမလို။ နုတ်ပယ်စရာလည်း မလို။ သို့ကြောင့်လည်း ရှေးခေတ်နှင့်သာ ကိုက်၏။ အလယ်ခေတ်နှင့်ကျ မလိုက်မရှိ။ တစ်ဖန် အလယ်ခေတ်အထိသာကိုက်၏။ နောက်ခေတ်များနှင့်ကျ မလိုက်ဟူ၍ မရှိ။ တစ်ဖန် . . .

နတ်၊ဗြဟ္မာများနှင့်သာ ထိုက်တန်၏။ လူနှင့်ကား မထိုက်တန် ဟူ၍ မရှိ ထိုက်တန်၏။

လူသော်မှ သည်လူမျိုးနှင့်သာ တန်၏။ ဟိုလူမျိုးနှင့်ကျ မတန်ဟူ၍မရှိ။ အားလုံးတန်၏။ ကောင်းကင်ထက်မှ ထက်သာသော နေ၊ လတို့သည် သူတို့ ရောက်ရာနေရာ၊ အရပ်တိုင်းတို့၌ အားလုံးအပေါ် ညီတူမျှတူ (အလင်းဓာတ်၊ အအေး၊ အပူဓာတ်များ) ချပေးနေသည့် ပမာ။

သို့ဖြင့် ဗုဒ္ဓဘုရင်၏ မြေးစဉ်၊ မြစ်ဆက်တို့ သာသနာ့ တိုင်းချစ်၊ ပြည်ချစ်စိတ်ဖြင့် ခေတ်အမျိုးမျိုး ထိုးဝင်လာခဲ့ကြရာတွင် . . . အထက် ထက်ထောက်၍ အောက် အောက်တို့ကနိမ့်ကျသွားသည် မရှိခဲ့ကြ။ သဘာဝတွင်းထွက်ရတနာများသည် ယခင်နှင့်ယခု အရည်အသွေးရောသတ္တိပါ တစ်ထေရာတည်းထွက်၏ပမာ . . . ယခင်ကလည်း အရည်မီ၊ မမီ ရောလျက်ထွက်ရှိခဲ့၏။ ယခုလည်း အရည်မီရော၊ မမီရော ရောလျက်က ထွက်ရှိနေ၏။ ယင်းမှာ ရတနာတွင်းကမဟုတ်။ တွင်းဝင် ရတနာခဲများ၏ သတ္တိများကသာ။

တစ်ဖန် . . . ရှေးရှေးထောက်၍ နောက်နောက်တို့က နိမ့်ကျလာနေပြီလည်းမရှိခဲ့ကြပါ။ ယခုလည်း ယခင်က ဘုရင်ကြီးတို့၏ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယအားများအတိုင်း လိုက်နာကျင့်သုံးနေပါသ




www.burmeseclassic.com

www.burmeseclassic.com

ယခင်က ဘုရင်ကြီးများအတိုင်းပင် ပြည် ဝင်ခွင့်ရနေကြသည်သာ။

နောက်ကျနေ၍ ရွှေပြည်ကြီး ထီးဆောင်းခွင့် မရတော့ မရှိပါ။

အချိန်ကုန်သွား၍ ရွှေပြည်လမ်း တန်းဝင်ခွင့် မရတော့ မရှိ။

အားလုံးအဖို့ အခုသွား အခု ရောက်၊ အခုပေါက် အခုဖွင့် ရွှေပြည် ကြီးကား ပေးရန်အသင့် . . .။

**□ နင်ကောလို့ စကားတောင်းကြည့်ကောင်း ကောင်းကြီး ဖြေလိုက်ပါ၏**

"နင်ကော. . ." ဟု အားလုံးက ငါ့အား မေးလာသော် . . .

ငါသည် ငါ့အကြောင်း ကောင်း ကောင်းကြီး သိနေသောကြောင့် ပြီးခဲ့ သော ထောင်ထွက်ပေါက် နို့ညှစ်သော လက်သို့ရောက်. . . တောက်ကြောင်းဖြင့် ထောက်ပြပါအံ့။

ငါ့အမျိုးကလည်း. . . အဖေ့ဘက် က အာသံမဏိပူရသား ကုလားနှင့်ဗမာ တို့ကစပ်သောအမျိုး။ အမေ့ဘက်က လည်း ရှမ်းနှင့်ဗမာတို့ကစပ်သောအမျိုး။ သို့ဖြစ်ရာ "နင်ဘာမျိုးလဲ" မေးက "လူမျိုး ပါ" ဖြေရပါတော့မည်။ ထိုစဉ်. . . မျိုးမမှန် စိတ်ထန် သဘာဝနှုန်းအရ ထိုသည့်ငါကား စိတ်ထန်သည်။ တစ်ဖန် ငါမွေးချိန်က ဝါဆိုလပြည့်ည၏ လေကြီး မိုးကြီးသည်းထန်ချိန်လည်း ဖြစ်၏။ တနင်္လာနှင့်အင်္ဂါစပ်နေသော လပြည့်ည သန်းခေါင်ကျော်ပြီးစကာလလည်း ဖြစ် နေပြန်၏။ သို့ကြောင့် ထိုသည့်ငါ စိတ် လည်း မြန်လွန်း၏၊ စိတ်လည်း ကြီး၏။ သည်သို့သော ကျောထောက်နောက်ခံ ပတ်များကြောင့် ထင်၏။ ထိုသည့်ငါ . . . ထောင်ဖောက်ရန် ကြိုးစားခဲ့စဉ် တုန်းကလည်း စိတ်မာန်တက် လက်အံ့ သေအဖြစ်ဖြင့် ထောင်နံရံဖောက်ရင်း မတ်တတ် ထောင်မှုထမ်းများလက် ကိုယ့်ဘဝ"ဝ"ကွက်အပ်ခဲ့ရ၏။

တစ်ဖန် . . . ထိုသည့်ငါ ထောင် ပြင်ဘက် ထွက်ပေါက်ရှာ အလုပ်ဘက် ဆက်ခဲ့ပြန်၏။ ထို ထွက်ပေါက်ရှာခဲ့စဉ် တုန်းကလည်း ထောင်မှုထမ်းများနှင့် ငါ ထုပ်ဆီးတိုးတမ်းပမာ. . .

သူတားတိုင်း ကိုယ်တိုး ကိုယ့်၌ ခံ့ရဲစိတ်က လွှမ်းမိုးနေသောကြောင့်။

ကိုယ်သွားတိုင်း သူဆီး ကိုယ့်၌ မာန်ကြီးစိတ်က ဖိစီးထားခြင်းကြောင့်။

အဓိကထောင် အမှောင်တွင်း လမ်းသော် မှ သေမကွဲ မြင်ကွင်း။ ဤမသေမကွဲ မြင်ကွင်းထဲမှလျှောက် ထွက်ပေါက်က ထွက်ပိတ်ဖြစ်သွားခဲ့ရပြီ။

တစ်ဖန် . . . ထိုသည့်ငါ နွား ကျောင်းသား နို့စားသမားဖြစ်ရန် နို့ညှစ် သမားဘဝခံယူပြန်၏။ ထိုသည့်ငါ၏ အသက်က ၆၀ - ကျော်ခဲ့ပြီ။ သို့ကြောင့် ထွက်ပေါက်ရှာစဉ်၏ အသက် ၄၅ - ရှိ အားများလောက် လက်အား မသန်ခဲ့။ ထောင်မှထွက်ရန်ကြိုးစားစဉ်၏ အသက် ၃၉-ရှိ အားများလောက်လည်း မသန်မာ ခဲ့။

သို့ဖြင့် ထိုသည့်ငါ နို့ညှစ်စားဖို့ ကြိုးစားမိခဲ့ရာ. . . . သူများအာရုံသို့ ကိုယ့်စိတ်သွားစိုချိန် ဖမ်းညှစ်လည်း ခွက် ထဲ နို့မပါခဲ့။ ကိုယ့်အာရုံတို့သို့ သူများစိတ် လာရောက်စိုချိန် ဖမ်းညှစ်လည်း ခွက်တွင် နို့မတင်ခဲ့။ ဗလငါးတန် လက်ငါးချောင်း အားလုံးပေါင်းသော်မှ တစ်ချောင်းစာ အားမပြည့်တတ်။

သို့ဖြင့် ထိုသည့်ငါ သက်တမ်း ၇၀-ထဲလွှဲဝင်လာချိန် . . . ခန္ဓာသည် ရေ၊ မြေတို့ လက်ကနေ လေ၊ မီးတို့လက် လွှဲပြောင်းပေးလိုက်ရချိန်ဖြစ်နေရာ. . . ဝမ်းဗိုက်ကိုလည်း လေ၊ မီးများက . . . ထိုးကြိတ် နှိပ်စက်နေကြ၏။ သို့ကြောင့် ဝမ်းမီးမငြိမ်း။ ဦးခေါင်းအထိလည်း တဒိန်းဒိန်းဖြင့်အငြိမ်းခံနေရ၏။ တစ်ကိုယ် လုံးကိုလည်း လေ၊ မီးများက တွန်းလား၊ ထိုးလားလုပ်နေကြပြန်၏။ သို့ကြောင့် ခန္ဓာမီးစွဲအချိန်တိုင်း ရာသီတိုင်း အပူမစဲ ချွေးရွှဲရွှဲသံရွှဲ။ သည်ကြားထဲ တောတွင်း နေ မှက်၊ ခြင်၊ ယင်တို့၏ စားတော်ခေါ် ပွဲကလည်း ပါလိုက်သေး။

သို့ကြောင့် ထိုသည့်ငါ အဖေ့သား အဖေ့နေရာစား အထားခံရရော့ဟဲ့ဖြင့် သမတရာထူးမှနေ ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးချုပ်၊ ဝန်ကြီးအသီးသီး နေရာများ အထိ ရောက်ရန်၊ ရရန် ကြိုးစားကြည့် မိရာ. . . သို့မဟုတ် အိမ်ရှေ့မင်းရာထူး မှနေ ရွာစားမင်းရာထူးအထိ လှည့်ဝင် ကြည့်မိရာ မြို့တော်ကြီးဝင် အိမ်ရှေ့မင်း အသွင်အပြင်ဖြင့် စင်ဖြူဖွေး မိဖုရားကြီး နှင့် နန်းတက်ပါလားမေး ဟေးဟေးပဲ။

တစ်ဖန် . . . တတိယဖြစ်သော တိုင်းမြို့တော်ကိုဝင် နယ်စားကြီးအသွင် အပြင်ဖြင့် ဖြိုးတင့်တင့်မာနှင့် တွဲဖက် နန်းတက်ပါလားမေး ဟေးဟေးပဲ။

တစ်ဖန် . . . ဒုတိယဖြစ်သော ခရိုင်မြို့တော်ဝင် မြို့စားကြီးအသွင် အပြင်ဖြင့် ဖြိုးဝင့်ဝင့်မာမိဖုရားလေးနှင့် လက်ဆက် နန်းတက်ပါလားမေး ဟေးဟေးပဲ။

တစ်ဖန် . . . ပထမဖြစ်သော မြို့နယ်တွင်းဝင် ရွာစားကြီးအပြင်အဆင် ဖြင့် မြကြေးမုံမိဖုရားလေးနှင့်လက်ဆက် နန်းတက်ပါလားမေး ဟေးဟေးပဲ ဖြေရ မည်သာ။

အင်း. . . သည်နေရာ စကား တစ်ခု ဝင်ရတော့မည်။

တစ်ချိန်က ငါသည် နန်းတော်ထဲ မွေးဖွားပြီး စကားပြောတတ်စအချိန် ငါ့ မယ်တော်က ပြောဖူး၏။

"ငါ့သားက ဆုထူးပန်ပဲ"

ထိုစဉ် ငါက. . ."ဘာဆုထူးပန် လဲ မယ်မယ်" မေးမိ၏။ မယ်တော်က တတိယလက်ညှိုးထောင်ပြခဲ့၏။ ထိုစဉ် က ထိုသည့်ငါ "ဟင်-မယ်မယ်ကလည်း" ဖြင့် နှုတ်ခမ်းစူပြခဲ့ဖူး၏။ ယခုသော်. . . ငါ့အား ဝမ်းလွယ်မွေးပေးခဲ့သော မယ် တော် သူ့ရင်မှဖွား သူ၏သားအကြောင်း ကောင်းကောင်းသိနေသည်မှာ ဓမ္မတာ ပဲ။

□ ဗဟုလ္လာ သန္တိကေ မမ၊ တက္ကဝစရ ဝတ္ထူနိ၊

ဓတ္တေ တမ္ဗိ ရာသိကော၊ ကေကော ဓမ္မာ ဘိသယော။ ။

**မမ သန္တိကေ** - ငါ့ခန္ဓာထဲ သက္ကာန် ထဲဝယ်. . .

**တက္ကဝစရ ဝတ္ထူနိ** - တွေးစရာ၊ ခေါ်စရာ အကြောင်းရာတို့သည်၊

**ဗဟုလ္လာ** - စာပေါင်းသိုက်အလား များမှများ။

**ဓတ္တေ** - အကိုင်း၊ အခက်၊ အရွက်၊ အဖျား ဤများစွာထဲက. . .၊

**တမ္ဗိ** - ဘုရင်ဆိုထား ဤစကား လေးတစ်လုံးကလည်း၊ **ကောရာသိ** - မှတ်စရာ စာစု၊ တစ်ခုသော စာတမ်းပြု ပင်။

**ကေကော ဓမ္မာ ဘိသယော** - တစ်ခုပေါ်တစ်ခုနင်းလျက် တက်လာ သော စာရားပွဲတစ်ပွဲ။

၁၃၇၃-ခုနှစ် ဝါဆိုလပြည့်။
သောကြာနေ့။
အကျွတ်အလွတ်။
ဗုဒ္ဓဝိဟာရ။
မဟာမြိုင်။

**မဟာမောဓိမြိုင်ဆရာတော်ဘုရားကြီး**

www.burmeseclassic.com

www.burmeseclassic.com

## သုတောင်အိမ်

(ဓမ္မသုတေသီ)

# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးအဆိုအမိန့်များ

တစ်နေ့ မေမြို့ဈေးကြီးအပေါ် ထပ်က ထွန်းလင်းကျော်စာပေ စာအုပ်အရောင်းအရောင်းဆိုင်ရှင် အဘဆီက အမျိုးမှန်အဖိုးတန်သည့်ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏အဆိုအမိန့်များစာအုပ်လေးတစ်အုပ်ရခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ တရားစာအုပ်တို့ကို စုံစေ့အောင်ဖတ်နိုင်ဖို့ရာ လူအများစုမှာ လွယ်ချင်မှလွယ်ကြပေမည်။ စုံစေ့အောင် ဖတ်ရှုလိုလျှင် အချိန်များစွာယူ၍ ဖတ်ရပေလိမ့်မည်။

ထိုသို့ စုံစေ့အောင် မဖတ်နိုင်သူတို့နှင့် အချိန်များစွာမပေးနိုင်သူတို့ မဟာစည်ဆရာတော်ကြီး၏အဆုံးအမအနှစ်သာရတို့ကို အချိန်အနည်းငယ်အတွင်း လွယ်ကူစွာ ဖတ်ရှုမှတ်သားကာ ကျင့်သုံးလိုက်နာနိုင်ကြစေရန် ရည်သန်၍ မဟာစည်ဆရာတော်ကြီး၏တရားစာအုပ်များစွာတို့မှ မှတ်သားလိုက်နာဖွယ် အနှစ်သာရအသွယ်သွယ်တို့ကို ရွေးချယ်ကာ 'မဟာစည်ဆရာတော်ကြီး၏အဆိုအမိန့်များ'ဟူသောအမည်ဖြင့် ရေးသားဖော်ပြလိုက်ပါသည် စသဖြင့် စာအုပ်ရေးသားသည့်သာမဏေကျော်၏နိဒါန်းစာမျက်နှာကို ဦးစွာဖတ်ရှုရပါသည်။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ရွတ်ဆိုပြီး 'ဟန်သမားများ' အဆိုအမိန့်ကို အခုလိုဖတ်ရှုခဲ့ရပြန်ပါတယ်။

### ◻ ဟန်သမားများ

တချို့က ပစ္စည်းလေးပါးကို အလွယ်တကူရအောင်၊ ဘုန်းကြီးအောင်ကြိုးစားအားထုတ်နေကြတယ်။ လှူဒါန်းမည့်ဒကာ၊ ဒကာမတွေများအောင်နည်းမျိုးစုံနဲ့ အားထုတ်နေကြတယ်။ တချို့က အကြားအမြင်ပေါက်သယောင်ယောင်၊ သူတစ်ပါးစိတ်ကို သိသယောင်ယောင် ဟန်ဆောင်နေကြတာလည်း ရှိတယ်။ ရဟန္တာဖြစ်သယောင်ယောင်ဟန်ဆောင်နေကြတာလည်းရှိတယ်။ တချို့က ထွက်ရပ်ဝိဇ္ဇာပေါက်သယောင်ယောင်၊ ကျန်းမာရေး စီးပွားရေး ရာထူးဌာနန္တရ မဆုတ်မယုတ်ဘဲ တိုးတက်ရေး စသည်အတွက် စွမ်းဆောင်နိုင်သယောင် ဒီလိုဟန်ဆောင်နေတာလည်းရှိတယ်။ အဲဒီလို မတရားသဖြင့် စီးပွားရှာမှုကိုတော့ ဝိနည်းတော်အရ လုံးဝမပြုသင့်ပါဘူး။

### ◻ တစ်ကိုယ်တည်း

တစ်ကိုယ်တည်း နေတာဟာ အင်မတန်ချမ်းသာပါတယ်။ ဘယ်သူ့ကို မှမငဲ့ရဘူး။ အင်မတန်အေးချမ်းပါတယ်။ အကြောင်းထူးမရှိတဲ့အခါ အဖော်မရှိဘဲ တစ်ကိုယ်တည်းနေရတာ အကောင်းဆုံးပါပဲ။

### ◻ ထွေးခံနဲ့ပေါက်ပြီးတော့တောင်

တချို့က တပည့်တွေကို ငေါက်ငမ်းပြီး ကြမ်းကြမ်းတမ်းတမ်းဆုံးမတာလည်းရှိတယ်။ ငေါက်ငမ်းရုံတွင်သာမကဘူး။ တချို့က ရိုက်နှက်ပြီး ဆုံးမတာလည်းရှိတာပဲ။ တချို့ကတော့ စာချနေရင် ထွေးခံနဲ့ပေါက်ပြီးတော့တောင် ဆုံးမတာလည်းရှိတာပဲ။

အဲဒီလို ကြမ်းကြမ်းတမ်းတမ်းဆုံးမတာကတော့ တော်တော်နေရာမကျတာဘဲ။ ကရုဏာနဲ့မဟုတ်ဘဲ ဒေါသနဲ့ ဆုံးမတာပဲ။

### ◻ ရှေ့ဆောင်လမ်းပြ

ရဟန်းတော်များဘက်မှာလည်း ကြီးတဲ့ပုဂ္ဂိုလ်တွေက နိဗ္ဗာနဖြစ်ပွားရေး အလေးပြုနေရင် ရှင်ရဟန်းငယ်တွေကလည်း အဲဒီအတိုင်းပဲ စိတ်ဝင်စားနေကြတယ်။ ဒါကြောင့် ဆုတ်ယုတ်ကြောင်း နိဗ္ဗာနစိတ်ကူးတွေ လက်ခံအားပေးနေရင် မိမိအတွက်သာမဟုတ်ဘူး။ မိမိနဲ့ စပ်ဆိုင်သူများကိုလည်း ရှေ့ဆောင်လမ်းပြသလို ဖြစ်နေပါတယ်။

### ◻ နေရာမကျဘူး

ပစ္စည်းကို အလေးပြုရင် တရားကျင့်ရေးဖက်က လစ်ဟင်းသွားတတ်တာပဲ။ ပစ္စည်းအမွေကိုသာ ခံယူပြီး ဆရာသမားရဲ့ အဆုံးအမ "ဩဝါဒကို မလိုက်နာဘူး။ သီလ၊ သမာဓိ၊ ပညာ အကျင့်ကို မကျင့်ဘူးဆိုရင် နေရာမကျဘူးပေါ့။

### ◻ သာသနာကိုချီးမြှောက်သူ

မြတ်စွာဘုရားရဲ့ အဆုံးအမ သာသနာတော်ကို အလေးပြုတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ မိမိကိုယ်တိုင်လည်း ပရိယတ်ဘက်ကရော၊ ပဋိပတ်ဘက်ကရော ပြည့်စုံသင့်သမျှ ပြည့်စုံအောင် သတိပြုသင့်တာပဲ။ မိမိ၏တပည့်ပရိသတ်တွေမှာ အကျိုးများအောင် ကိုယ်တိုင်လည်း ဟောပြောသင့်တာပဲ။ သူတစ်ပါးက ဟောပြောနေရင်လည်း စွမ်းနိုင်သမျှ ကူညီအားပေးသင့်တာပဲ။ အဲဒီလိုဆိုရင် တရားအမွေကို အလေးပြုရာလည်း ရောက်တယ်။ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ရာလည်းရောက်တယ်။

### ◻ ရန်တိုက်ပေးနေလို့

ကြက်သားနဲ့မစ္ဆရိယတွေက သတ္တဝါတွေကို ရန်တိုက်ပေးနေတာပဲ။ သတ္တဝါတွေကတော့ ချမ်းသာချင်ကြတာပဲ။ ရန်မဖြစ်ချင်ဘူး။ ဒါပေမယ့် မိမိတို့ကိုယ်ထဲမှာရှိနေတဲ့ ကြက်သားမစ္ဆရိယတွေက ရန်တိုက်ပေးနေတာနဲ့ သတ္တဝါတွေဆင်းရဲနေကြတာတဲ့။

### ◻ ခွေးနှစ်ကောင်နှင့် ထမင်းခဲလေးတစ်ခု

မစ္ဆရိယ ဝန်တိုတယ် ဆိုတာဟာ ခွေးများမှာ အင်မတန်အားကြီးတယ်။ ခွေးနှစ်ကောင်လိုက်တမ်းပြေးတမ်းရင်းရင်းနှီးနှီးကစားနေကြရာမှာ ထမင်းခဲလေးတစ်ခုပစ်ချလိုက်ရင် အဲဒီထမင်းခဲကိုအပိုင်စီးချင်တဲ့ မစ္ဆရိယဖြင့် တစ်ကောင့်တစ်ကောင် အချင်းချင်းကိုက်ကြတော့တာပဲ။ အဲဒါဟာ ကြက်သားနဲ့တွဲဖက်မစ္ဆရိယဆိုတဲ့တရားဆိုးက ရန်တိုက်ပေးလို့ အချင်းချင်းကိုက်ပြီး ဆင်းရဲကြရတာပဲ။

တခြားတခြားသောစာအုပ်တွေသာ ဖတ်မှတ်ခဲ့ပေမယ့် ခုလို ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ အဆိုအမိန့်များကိုတော့ တစ်ကြိမ်တစ်ခါမှ မဖတ်ဖူးခဲ့။ ဒါကြောင့်မို့ ဖတ်ရမည့်အရွယ်မို့ ဖတ်ထိုက်သဖြင့် အချိန်ပေးပြီး စိတ်အေးလက်အေးနှင့် ဖတ်လိုက်၊ တွေးလိုက် ဖတ်မှတ်ခဲ့ပါသည်။

သတိတရားများရရှိခဲ့သဖြင့် အဆိုအမိန့်များကို ကောက်နုတ် ရွေးချယ်တင်ပြပေးပါသောသာမဏေကျော်အား အထူးကျေးဇူးတင်၍ ရှိခိုးကန်တော့လိုက်ပါသည်။

ကျန်းမာချမ်းသာကြပါစေ

သုတောင်အိမ်(ဓမ္မသုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

## စလင်းမြို့က ပျက်စီးယိုယွင်းနေသည့်

# မြောက်လေးစဉ် ရှေးဟောင်းရုပ်စုံကျောင်းတော်ကြီး

ဦးတင်လှိုင်(မိတ္ထီလာ)

စလင်းမြို့သည် ရှေးဟောင်း သမိုင်းဝင်မြို့ကြီး ဖြစ်သည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်ကတည်းက တည်ရှိခဲ့သော ရှေးဟောင်းသမိုင်းဝင်မြို့ ဖြစ်သည့် ပုဂံခေတ် အနော်ရထာမင်းကြီး လက်ထက်က ကျွန်ယုံအမတ်ကြီးမဟာပုံ အား မြို့ရွာတည်ထောင်ရန်နေရာကြည့် ရာ ကျားတစ်ကောင်သည် တောင်အရပ် ကို ဦးခေါင်းပြု၍ သမင်ကိုစားရန် ငံ့လင့် နေသည့်အခြင်းအရာကို တွေ့ရသဖြင့် ဤအရပ်၌ မြို့ရွာတည်ရေသော် အကြီး ဥက္ကဋ္ဌဖြစ်လတ္တံ့ဟု နိမိတ်ယူ၍ မြို့ရွာ တည်ထောင်လေသည်။ သမင်အား ကျားစားရန်လင့်နေသည်ကို အစွဲပြု၍ 'စားလင့်မြို့' ဟု သမုတ်တော်မူလေ၏။ စားလင့်မှ စာလင့်၊ စာလင့်မှ စလင်းဖြစ် လာသည်ဟု ဆိုသည်။

ပုဂံခေတ် အနော်ရထာမင်းကြီး၏ ကျွန်ယုံအမတ်ကြီးမဟာပုံတည်ခဲ့သော ပထမစလင်းမြို့ကိုပင် သက္ကရာဇ် ၅၅၆ ခုနှစ်က နရပတိစည်သူမင်းကြီးသည် ဒုတိယစလင်း၊ သက္ကရာဇ် ၇၃၂ ခုနှစ်က သီဟပတေ့သည် တတိယစလင်း၊ သရေခေတ္တရာခေတ်တွင် ပန်ထွာမင်းသမီးက စခန်းလှမြို့ဟု အမည်ပေးခဲ့သည်။ စလင်းမြို့သည် မြန်မာမင်းများ လက်ထက် တကောင်း၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်၊ ညောင်ဦး၊ ရတနာပုံ မန္တလေး စသော ခေတ်အဆက်ဆက်တွင် စလင်း မြို့မှာ မြို့စား၊ ရွာစား၊ မြို့ဝန်၊ မြို့သူကြီး များအုပ်ချုပ်သောမြို့ဖြစ် သည်။

စလင်းမြို့တွင် စေတီပုထိုးများ မြေကြီးပြိုမတတ်တည်ထားကိုးကွယ်ခဲ့ သည်။ စလင်းမြို့တွင် စေတီပုထိုးထောင် နှင့်ချီ၍ရှိသည်။ ဘုန်းတော်ကြီးကျောင်း (၆၀)ကျော်ရှိသည်။ စလင်းမြို့၏ထူးခြား ချက်မှာ မြို့နှင့်မမျှ စေတီပုထိုးကျောင်း ကန်တို့ပေါ်များခြင်းပင် ဖြစ်လေသည်။ ထိုကျောင်းတော်ကြီးများတွင် သမိုင်းဝင် ဆုံကားတိုက်၊ သက္ကရာဇ်၁၀၀၀ပြည့်နှစ် က သာလွန်မင်းကြီးကောင်းမှု၊ မဟာ လောကရာမတိုက်၊ မြေဝတီတိုက်၊ ဗိမ္မာန်ဘုံသာတိုက်၊ (ကိုးဆောင်တိုက်)၊ လောကမာန်ကင်းတိုက်၊ မဟာသုနန္ဒ တိုက်၊ အနောက်ငါးစဉ်တိုက်၊ မိုင်းကိုင် ကျောင်း၊ ကိုးဆောင်ကျောင်း၊ အုန်းတော ကျောင်း၊ ကန်ကျောင်း၊ ဝန်မင်းနား ကျောင်း၊ ဝန်မင်းနားကျောင်းသစ်၊ ကိုးဆောင် (ဦးတိလောကကျောင်း)၊ မြောက်ဘက်ရွှေကျောင်း၊ မဟာသုဇနာ ရာမတိုက်၊ ခကုကျောင်း၊ မြောက်လေး စဉ်ကျောင်း ဟူ၍ သမိုင်းဝင်ကျောင်းကြီး (၂၅) ကျောင်းရှိခဲ့သည်။

ထိုကျောင်းတော်ကြီးများထဲမှ ၁၉၆၇ ခုနှစ်က စကုကျောင်းဆရာတော် အလျှူကြွခိုက် ကိုရင်ကျောင်းသားများ က ကျောင်းဦးပြာသာဒ်ဘုံဆောင်တွင်ရှိ ပျားအုံအား ပျားဖွပ်ရာမှ မီးစတင်လောင် ကျွမ်းခဲ့လေရာ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းကျောင်းကြီး (၁၁) ကျောင်း မီးလောင်ဆုံးရှုံးခဲ့၏။ အစားထိုးမရသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ရှေးဟောင်းကျောင်းတော်ကြီးများမီးသင့် ခံရသဖြင့် အလွန်နှစ်မြောစရာကောင်း လှသည်။

မြောက်လေးစဉ်ရုပ်စုံကျောင်းကြီး မှာ စလင်းမြို့အနောက်တောင်ထောင့်၊ ရှမ်းရွာကုန်းရွာ၏အရှေ့ဘက် စလင်း - စေတုတ္တရာကားလမ်းဘေးရှိ အနောက် ကန်ဆွယ်ကျောင်းတိုက်အတွင်းတည်ရှိ သည်။ ကျောင်းတိုက်ကြီးမှာ ငါးဧကခန့် ကျယ်ဝန်းသည်။ ကျောင်းတိုက်အတွင်း တွင် ကျောင်းသစ်ကျောင်း၊ ရွှေကျောင်း နှင့် ဓမ္မပါလဘုန်းတော်ကြီးကျောင်းများ ရှိသည်။ မြောက်လေးစဉ်ကျောင်းကြီးကို မင်းတုန်းမင်းကြီးလက်ထက် ၁၈၆၈ခုနှစ် က စလင်းမြို့သူကောင်းမျိုး ဒါယိကာမ





www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီး ဒေါ်ပုက ငွေဒင်္ဂါးခြောက်တင်း အကုန်အကျခံ၍ ဆောက်လုပ် လှူဒါန်းခဲ့သည်။

မြောက်လေးစဥ်ကျောင်းတော်မှာ ကျောင်းတောင်ကျောင်းမကြီး(စေတဝန်ဆောင်) အမိုးတွင် အဆင့် (၄) ဆင့်ရှိ၍ လေးစဥ်ကျောင်းဟုခေါ်သည်။ တောင်လေးစဥ်ကျောင်းလည်းရှိခဲ့၏။ ကျောင်းတော်ဆောက်လှူဒါန်းအပြီး ဒုတိယမောင်းထောင်ဦးဥေ ယျမေ္မဆရာတော် စတင်သီတင်းသုံးခဲ့သည်။ မြောက်လေးစဥ်ကျောင်းတိုက်ကြီးတွင် 'ကနုတ်' (ကြာပန်း၊ တန်ကျစ်ပန်း၊ ချူးပန်း၊ ယိုးဒယားပန်း၊ အပင်၊ အနွယ်၊ အခွေ၊ အဖူးအပွင့်၊ အသီးအရွက်အခက်အညွန့်) များပါရှိသည်။ 'နာရီ' (ဘုရား၊ ရဟန္တာ၊ လူ၊ နတ်၊ ဗြဟ္မာရုပ်လုံးကြွ) များပါရှိသည်။ 'ကပိ' (ပေါ့ပါး သွက်လက် လှုပ်ရှားနေသော တိရစ္ဆာန်ရုပ်လုံးကြွ) များ ပါရှိသည်။ 'ကဇာ' (ဆင်၊ ခြင်္သေ့၊ နဂါး၊ ဂဠုန် အလွန်ကိုယ်ထည်ကြီးမားသတ္တဝါများ ပါရှိသည်။ ပန်းပုရုပ်လုံးရုပ်ကြွများပါရှိ၍ စလင်းရုပ်စုံကျောင်းဟု ခေါ်သည်။

ကျောင်းကြီးဆောက်လုပ်ရန် သစ်လုံးများပုံထားစဥ် သစ်လုံးကြီးတစ်လုံးမှာ ညစဥ်ရွှေ့လျားနေသဖြင့် ကျောင်းအမကြီးဒေါ်ပုက ဗေဒင်သွားမေးရာ ထိုသစ်လုံးကြီးကို ဘုရားထုကိုးကွယ်ရန် ဟောပြောခဲ့သည်။ မြောက်လေးစဥ်ကျောင်းတော်ကြီးတွင် ပြာသာဒ် (ပြာသာဒ်ဆောင်ကို ဘုရားခန်းဟု ခေါ်၏။) ထိုပြာသာဒ်ဆောင်ထဲတွင် ကျွန်းသားတစ်လုံးတည်းနှင့် ထုလုပ်ထားသော ဘုရားဆင်းတုတော်၊ ပလ္လင်၊ တံကဲနှင့်ရဟန္တာနှစ်ဆူထုလုပ်ထားသည်။

မန္ဒဆောင်၊ သံဃာတော်များ ဝတ်တက်၊ ဝက်ကပ်၊ စည်းဝေးခြင်းများ ပြုလုပ်သည်။

ဇေတဝန်ဆောင်၊ တရားနာယူရန် သတ်မှတ်ထားသည်။

မြောက်လေးစဥ်ရုပ်စုံကျောင်းတော်ကြီးတွင် -

ဇေတဝန်ဆောင် တိုင်လုံးပေါင်း (၈၀) လုံး၊ ပြဿဒ်ဆောင်တိုင်လုံးပေါင်း (၂၅) လုံး၊ မန္ဒဆောင် တိုင်လုံးပေါင်း (၁၄) လုံး၊ ကြမ်းပြင်လက်ရန်းတိုင်တိုင်လုံးပေါင်း (၁၂၆) လုံး စုစုပေါင်း (၂၄၅) လုံးရှိသည်။

မြောက်လေးစဥ်ကျောင်းတိုက်ကြီးတွင် တောင်ဘက်၌ လှေကားသုံးစင်း၊ မြောက်ဘက်လှေကားသုံးစင်း၊ စုစုပေါင်း လှေကားခြောက်စင်းရှိသည်။ အလယ်လှေကားများမှာ ဘုရင်နှင့်မင်းညီမင်းသားများတက်ရပြီး အရှေ့ဖျားလှေကားမှ ဘုန်းတော်ကြီးများတက်ရန်နှင့် အနောက်ဘက်လှေကားမှာကား သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားအရပ်သူအရပ်သားများ တက်ရန် သတ်မှတ်ထားခဲ့၏။ လှေကားထစ်များမှာ တစ်ဆယ့်ခုနစ်ထစ်၊ အရှည်မှာ တစ်ဆယ့်ခြောက်ပေ ခြောက်လက်မရှိသည်။ အကြီးဆုံးတိုင်လုံးပတ်မှာကား (၄) ပေ၊ (၁၀) လက်မ၊ အငယ်ဆုံးမှာ (၂) ပေ၊ (၁၀) လက်မရှိသည်။

ကျောင်းမကြီးအရှေ့-အနောက် (၁၇၈) ပေ၊ တောင်-မြောက် (၉၀) ပေ၊ ကျောင်းပြာသာဒ်အဆောင်အမြင့် စိန်ဖူးတော်အထိ (၁၂၅) ပေ၊ မန္ဒဆောင်၊ အမြင့် (၃၀) ပေ၊ ဇေတဝန်ဆောင်အမြင့် (၆၀) ပေ၊ ပြာသာဒ်ဆောင်တောင်-မြောက်အရှည်မှာ (၅၉) ပေ၊ အခန်းပေါင်း (၁၃) ခန်းပါသည်။

မြောက်လေးစဥ်ရုပ်စုံကျောင်းတော်ကြီးတွင် -

ရုပ်စုံကျောင်းမြောက်ဘက်အရုပ် (၃၀)၊ ရုပ်စုံကျောင်းတောင်ဘက်အရုပ် (၂၇)၊ ရုပ်စုံကျောင်းအရှေ့ဘက်အရုပ် (၇)၊ ရုပ်စုံကျောင်းအနောက်ဘက်အရုပ် (၁၅)၊ ပြာသာဒ်ဆောင်ဘုံအဆင့်ဆင့်အရုပ် (၃၂)၊ စုစုပေါင်းအရုပ် (၁၁၁) ရုပ်ဖြစ်ပြီး ဘေးပတ်လည်တိုင်တွင် နဂါးရုပ်တစ်ရုပ် စီထုလုပ်ထားသည်။ ထောင့်တိုင်မှာ နဂါး ရုပ်နှစ်ရုပ်စီ ရုပ်စုစုပေါင်း (၅၄) ရုပ်။ တိုင်များတွင် သံဝေဂရစေမည့် ငါးရာ့ငါးဆယ်ဇာတ်ရုပ်များ၊ ဇာတ်နိပါတ်များ ထုလုပ်ထားသည်။ ရုပ်စုံကျောင်းကြီး တည်စဥ်က တိုင်ထူရာတွင် လူအား၊ ဆင်အားဖြင့်ထူကြရသည်။ ငြာသံပေး၍ ထူကြရသဖြင့် စလင်းအရှေ့မြောက်ဘက် ရွှေကြာငုံရပ်တွင် ရောက်ရှိနေသော အင်္ဂလိပ်စစ်သားများပင် ထိုအသံကြား၍လန့်သွားကြသည်။

မြောက်လေးစဥ်ရုပ်စုံကျောင်းကြီးတွင် မင်းတုန်းမင်းလက်ထက် ၁၈၆၈ ခုနှစ် သာသနာပိုင်ဆရာတော် ဒုတိယမောင်းထောင်ဦးဥေ ယျမေ္မလက်ထက်မှစတင်၍ သီတင်းသုံးဆရာတော်များမှာ ဆရာတော်ဦးကုဏ္ဍလ၊ ဦးဝိသုဒ္ဓ၊ ဦးကလျာဏ၊ ဦးအာစရနှင့် လက်ရှိဆရာတော်ဦးဉာဏအပါအဝင် ကျောင်းထိုင်ဆရာတော် ခြောက်ဆက် ကျောင်းထိုင်ခဲ့ကြသော ကျောင်းတော်ကြီး ဖြစ်သည်။

မြောက်လေးစဥ်ကျောင်းတော်ကြီး၏သက်တမ်းမှာ (၁၄၈) နှစ်ကြာမြင့်လာခဲ့ပြီ ဖြစ်သည်။ လက်ရှိတိုင်လုံးများမှာ (၂၁၅) လုံးသာရှိတော့သည်။ တိုင်အလုံး (၃၀) မှာ ပျက်စီးသွားခဲ့၏။ ထို့ကြောင့် သစ်သားပန်းပုလက်ရာ စုံလင်စွာဖြင့် မြန်မာ့အနုပညာလက်ရာမြောက်လှသော စလင်းရုပ်စုံကျောင်းကြီးသည် နေဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်ကြောင့်ပျက်စီးယိုယွင်းလာနေပြီ ဖြစ်သည်။ မြန်မာ့အမျိုးသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို သက်သေပြနေသည်။ ဂုဏ်ယူစရာတစ်ခုတည်းသော စလင်းမြို့ရှိ မြောက်လေးစဥ်ရုပ်စုံကျောင်းတော်ကြီးအား ရှေးဟောင်းယဥ်ကျေးမှုအမွေအနှစ်အဖြစ် ဆက်လက် မပျက်စီးစေဖို့ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးရန် ရေးသားတင်ပြအပ်ပါသည်။

ဦးတင်သိုင်(မိတ္ထီလာ)

ကျမ်းကိုး -

ဦးစန္ဒိမာ (စလင်း) ၏
အညာမြေရွှေစလင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ဆီက တောရဘုန်းကြီးက စာအုပ်ပို့လိုက်ပါသည်။ တောရဘုန်းကြီးသည် စာအုပ်ကို ဘဲဗာင်းစွာဖြင့် သေချာစွာထုပ်၍ ပိနံကြိုးဖြင့် စည်းနှောင်ပေးလိုက်ပါသည်။ တောရဘုန်းကြီးသည် စာအုပ်ကိုလွန်စွာရိုသေပါသည်။ စာအုပ်များကို စနစ်တကျထားပါမည်။ တစ်စုံတစ်ယောက်ထံသို့ စာအုပ်ပို့သောအခါ၌လည်း ဤကဲ့သို့ သေချာစွာပို့တတ်ပါသည်။

ကျွန်တော်သည် စည်းနှောင်ထားသော ပိနံကြိုးကိုဖြေ၍ သတင်းစာကိုခွာကြည့်လိုက်သောအခါ စာအုပ်တစ်အုပ်တည်းမဟုတ်ဘဲ စာအုပ် (၃) အုပ်ကို တစ်ပေါင်းတည်းချုပ်ထားသည်ကို တွေ့ရပါသည်။ စာအုပ် (၃) အုပ်စလုံးကို လယ်တီဆရာတော်ဘုရားကြီးက စီရင်ခဲ့ပါသည်။

၁။ ဇီးကုန်းကြီးခရစ်ယာန်အသင်းသားတို့၏မေးခွန်း (၁၆)ချက်ကိုအကျဉ်းဖြေဆိုချက်၊

၂။ ဣဏပရိဘောဂဝိနိစ္ဆယကျမ်း၊

၃။ မာတိကာမှဋ္ဌာန်းကျမ်းနှင့် အန္တရာယ်ကင်းဂါထာပါ၌နိဿယတို့ ဖြစ်ပါသည်။

ဇီးကုန်းကြီးခရစ်ယာန်အသင်းသားတို့၏မေးခွန်း (၁၆) ချက်ကို အကျဉ်းဖြေဆိုချက်စာအုပ်၌ အဖုံးနှင့် ရှေ့ဆုံးစာမျက်နှာမပါတော့ပါ။ စာအုပ်ထုတ်ဝေသည့်ပုံနှိပ်တိုက်နှင့် စာအုပ်ထုတ်ဝေသည့်ခုနှစ်ကို မသိရတော့ပါ။

# မြွဝင်း(ဒသမ)

## လယ်တီဆရာတော်ဘုရားကြီးအား ပူဇော်ခြင်း





www.burmeseclassic.com

www.burmeseclassic.com

ကဏ္ဍပရိဘောဂဝိနိစ္ဆယကျမ်း စာအုပ်ကို ကွမ်းခြံကုန်းမြို့ လှကမ္ဘာစိုး စာပုံနှိပ်တိုက်က သက္ကရာဇ် ၁၃၃၃ ခုနှစ် တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ဓာတ်ကမ္ဗဋ္ဌာန်းကျမ်းသစ်နှင့် အန္တရာယ်ကင်းဂါထာပါဠိနိဿယစာအုပ် ကို မန္တလေးမြို့၊ စီ-၈၂၊ အာဠဝီလမ်း၊ ရေဝတီစာပုံနှိပ်တိုက်က သက္ကရာဇ် ၁၂၇၇ ခုတွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ မင်းကတော်ကြီးမပညွန့်ရတနာပုံစာအုပ် ဆိုင်က ဖြန့်ချိသည်ဟု တွေ့ရပါသည်။

ထိုနေ့က ကျွန်တော်သည် ထိုစာအုပ်(၃)အုပ်၌ပါရှိသော အမှာစာ နှင့် နိဒါန်းတို့ကို ဖတ်ကြည့်ပါသည်။

ဇီးကုန်းကြီးခရစ်ယာန်အသင်းသား တို့၏မေးခွန်းကို (၁၆) ချက်ကို အကျဉ်း ဖြေဆိုချက်၌ ဤသို့တွေ့ရပါသည်။

'မြို့စဉ်ရွာစဉ် လှည့်လည်လျှောက် သွားခိုက်ကြုံကြိုက်သည့်အကြောင်း ရောက်လေရာရာ မြို့ရွာတို့၌ လူပရိသတ်၊ ရှင်ပရိသတ်တို့နှင့် နေ့မစဲ ညဉ့်မစဲ ရောနှောဆက်ဆံ၍နေရ သည်ကတစ်ကြောင်း၊ ထိုအကြောင်း များကြောင့် ဗုဒ္ဓကျမ်းဂန်တို့၌ လာရှိသော ပါဠိဘာသာစကား တော်များကို ထုတ်ဖော်ညွှန်ပြ၍ အကျယ်ဝိတ္ထာရအားဖြင့် ဖြေဆိုခွင့် မရ။ ကျမ်းဂန်လာရှိသည့်အတိုင်း သိမှတ်၍နေသော အနက်သဘော ကို ပြောပြဖြေဆိုပေအံ့'

ကဏ္ဍပရိဘောဂဝိနိစ္ဆယကျမ်း စာအုပ်၌ ဤသို့တွေ့ရပါသည်။

'ပျဉ်းမနားမြို့ စမ်းကျတောရ ကျောင်းအနီး အင်ကြင်းမြိုင် စကြံ ကျောင်း၌ မြန်မာသက္ကရာဇ် ၁၂၇၈ခု တွင် သီတင်းဝါကပ်ဆိုနေထိုင်စဉ် စစ်ကိုင်းချောင်မှ ရောက်လာသော ကဏ္ဍဘောဂကို ဖြေဆိုရာ သီတင်း ကျွတ်လဆန်း ၂ ရက်နေ့တွင် အောင်မြင်ပြီးစီးခဲ့လေသည်'

ဓာတ်ကမ္ဗဋ္ဌာန်းကျမ်းနှင့်အန္တရာယ် ကင်းဂါထာပါဠိနိဿယစာအုပ်၌ ဤသို့ တွေ့ရပါသည်။

'ဝတ်ကျောင်းများ၌ သဗ္ဗေသတ္တာ မေတ္တာပို့ကို ရွတ်ဆိုပြီးသည့်နောက် ဝိပဿနာဘာဝနာ ပွားများမှုနှင့် ရွတ်ဆိုကြရန် စီမံ ရေးသား သနား ချီးမြှင့်ပါမည့်အကြောင်းနှင့် မအူပင် မြို့နယ်ဝန်ထောက် မောင်စွဝံ ဆိုသူ ကြည်ဖြူလေးမြတ် တောင်းပန်အပ် သည်ဖြစ်၍ သက္ကရာဇ် ၁၂၆၈ ခု၊ ပြာသိုလအတွင်း ဝါးခယ်မမြို့ နယ်ပိုင်ဝန်ထောက် မောင်ဘဘွား ပင့်လျှောက်ချက်နှင့် ၎င်းမြို့သို့ ဆိုက်ရောက်၊ ဘုရားကြီးအတွင်း၌ (၈) ရက်ခန့် ရပ်တည်နေထိုင်စဉ် အခါ ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ ဒေသနာတော်နှင့်အညီ စီရင် ဖော်ပြအပ်သော ဤဓာတ်ကမ္ဗဋ္ဌာန်း ကျမ်းသစ်ကို ကောင်းမွန်စွာ ပုံနှိပ် လုပ်ဆောင်ပါသည်'

ထိုနေ့က ကျွန်တော်သည် အထက် တွင်ဆိုခဲ့သည့်အတိုင်း ထိုစာအုပ်များ၌ ပါရှိသော အမှာစာနှင့် နိဒါန်းတို့ကို အထပ်ထပ်အခါခါဖတ်ပါသည်။ ထိုသို့ ဖတ်ပြီးနောက် လယ်တီဆရာတော်ကြီး ဉာဏ်တော်ကြီးမားပုံ၊ ဝီရိယတော် ကြီးမားပုံတို့ကို အံ့ဩမဆုံးဖြစ်ရပ်သည် ချီးမွမ်းမဆုံး ဖြစ်ရပါသည်။

လယ်တီဆရာတော်ဘုရားကြီး သည် ထိုကျမ်းစာများကို မုံရွာမြို့ လယ်တီစံကျောင်း၌ သီတင်းသုံးနေထိုင် ၍ စာတိုက်ဗီရိုတို့ကိုဖွင့်ပြီး ပိဋကတ် တော်ကျမ်းစာများ ကိုးကားလျက် အေးအေးဆေးဆေး ရေးသားစီရင်ရ သည် မဟုတ်ပါ။ အနယ်နယ်အရပ်ရပ် သို့ သာသနာပြုကြွတော်မူရင်း ရောက် သည့်နေရာတွင် ခေတ္တသီတင်းသုံးခိုက် ရေးသားစီရင်ခဲ့ရခြင်း ဖြစ်ပေသည်။

ဇီးကုန်းကြီးခရစ်ယာန်အသင်းသား တို့၏ မေးခွန်း (၁၆) ချက်ကို အကျဉ်း အမှာစာ၌ ခရီးသွားစဉ်လည်းဖြစ်၊ ရောက် သည့်နေရာတွင်လည်း လူပရိသတ်၊ ရှင်ပရိသတ်တို့က မပြတ်မလတ်လာ ရောက်ထားနေကြပြန်ဖြစ်သောကြောင့် အကျဉ်းမျှသာ ရေးနိုင်ခဲ့သည်ဟု ဆရာ တော်ဘုရားကြီးက မိန့်ဆိုထားပါသည်။



ကဏ္ဍပရိဘောဂဝိနိစ္ဆယကျမ်း၌ လည်း ပျဉ်းမနားမြို့ စမ်းကျတောရအနီး အင်ကြင်းမြိုင် စကြံကျောင်း၌ဝါကပ်ဆို သီတင်းသုံးနေစဉ် စစ်ကိုင်းမှမေးလျှောက် လာသောအမေးပုစ္ဆာကို ဝါမကျွတ်မီပင် ပြီးစီးအောင် ရေးသားစီရင်သည်ဟုဆို ထားပါသည်။

ဓာတ်ကမ္ဗဋ္ဌာန်းကျမ်းသစ်နှင့် အန္တရာယ်ကင်းဂါထာပါဠိနိဿယ၌လည်း ဆရာတော်ဘုရားကြီးသည် ဝါးခယ်မမြို့ သို့ရောက်၍ ဘုရားကြီးတွင်း၌ (၈) ရက် ခန့် ရပ်တန့်နေထိုင်စဉ် တပည့်ဒကာများ က တောင်းပန် လျှောက်ထားသဖြင့် ထိုကျမ်းစာကို ပဋိသမ္ဘိဒါမဂ်ပါဠိတော် လာ ဒေသနာတော်နှင့်အညီ ရေးသား စီရင်ခဲ့သည်ဟု မိန့်ဆိုထားပါသည်။

ကျွန်တော်သည် ထိုအမှာစာနှင့် နိဒါန်းတို့ကိုဖတ်ပြီး လယ်တီဆရာတော် ဘုရားကြီး ဉာဏ်တော်ကြီးမားပုံ၊ ဝီရိယ တော်ကြီးမားပုံတို့ကို ချီးမွမ်းမဆုံးဖြစ်ခဲ့ ပါသည်။

ကျွန်တော်သည် ဝါသနာအလျောက် ဆောင်းပါးများ၊ စာတမ်းများရေးလျက် ရှိပါသည်။ ကျွန်တော်သည် ဆောင်းပါး တစ်ပုဒ်ရေးနိုင်ဖို့ အတော့်ကို အားထုတ် ရပါသည်။ စာအုပ်ဗီရိုကိုဖွင့်၍ ကိုးကား မည့်စာအုပ်များကို ထုတ်ပြီးဖတ်ရသည်။ မှတ်စုထုတ်ရပါသည်။ ထိုပြီးနောက်မှ ဆောင်းပါးရေးရပါသည်။ ရေးသော အခါ၌လည်း တစ်ထိုင်တည်း၊ တစ်ခါ တည်းရေးနိုင်သည်မဟုတ်။ စာအုပ်ဗီရို သို့သွား၍ လိုအပ်သည့်စာအုပ်စာတမ်း များကို ထပ်ပြီးရှာရပါသည်။ ထို့နောက် စာရေးစားပွဲသို့ပြန်လာပြီးရေးရပါသည်။ ဤသို့အားထုတ်ရပါသည်။

ဆရာတော်ဘုရားကြီးကား ထိုသို့ မဟုတ်။ ရောက်သည့်နေရာ ခေတ္တနား ခိုက်မှာပင် မေးလျှောက်လာသည်ကို မဆိုင်းမတွ ရေးသား စီရင်နိုင်တော်မူပါ ပေသည်။

ထို့နေ့က ကျွန်တော်သည် လယ်တီ ဆရာတော်ဘုရားကြီး၏ ဉာဏ်တော် ကြီးမားပုံ၊ ဝီရိယတော်ကြီးမား ပုံတို့ကို အခါခါမှန်းဆပြီး အကြိမ်ကြိမ်ရှိခိုးမိပါသတည်း။

မြဝင်း (ဒသနိ)



www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# ဘုန်းတော်ကြီးဦးသီလ အမှတ်တရ

ရဟန္တာဟုကျော်ကြားတော်မူသော ဘုန်းတော်ကြီးဦးသီလ၏သာသနာပြုပုံ ပြုနည်းများမကွယ်မပျောက်စေရန်နှင့် အတုယူ လိုက်နာစေရန် ရည်သန်၍ 'ဦးသီလဗိမာန်တော်' အဆောက်အအုံ ကြီးကို နာယကဆရာတော်ကြီးများက ဦးဆောင်ဦးရွက်ပြု၍ ကြခတ်ပိုင်း ဆရာတော်ကြီးမှ ကွပ်ကဲပြီးသကာလ ပဲခူးမြို့ ကြခတ်ပိုင်းပရိယတ္တိစာသင်တိုက် အတွင်း၌ ကြခတ်ပိုင်းသာသနာပြု အမျိုးသား၊ အမျိုးသမီးများအသင်းက တာဝန်ယူ ဆောင်ရွက်ကာ အကောင် အထည်ဖော်ခဲ့လေသည်။

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အဖေ စာရေးဆရာကြီး ဦးရန်အောင်၊ စာရေးဆရာကြီး ပုလိပ်အရာရှိတစ်ဦး (ဆရာစိန်ခင်မောင်ရီ၏ ဖခင်) နှင့် စာရေးဆရာကြီးသခင်တင်ဦး(ပိုလ်သခင် ဆရာ) တို့သည် ပဲခူးမြို့ စာဆိုတော်နေ့ စာပေဟောပြောပွဲကျင်းပရန် ပဲခူးမြို့သို့ ရောက်ရှိနေကြသည်။ ကျွန်တော်လည်း ကပ်ပါသွားသည်။ ဘုန်းတော်ကြီးဦးသီလ ဗိမာန်တော်သို့ သွားရောက် လေ့လာ ကြည့်ရှုကြရာ စာရေးဆရာ ရောင်နီ (ပိုလ်ကြီးတင်လေး - ငြိမ်း) မြို့နယ် ကောင်စီဥက္ကဋ္ဌနှင့် စာရေးဆရာ မောင်ဇေတနာ (ဦးအောင်သန်း) (ပဲခူး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံစာပေပြန့်ပွားရေးအသင်းအတွင်း ရေးမှူး) (မှတ်ပုံတင်အရာရှိ-ငြိမ်း) ရွှေတံခါးမှူး၊ မင်္ဂဇင်း၊ တာဝန်ခံအယ်ဒီ တာ) တို့က လိုက်လံ ရှင်းလင်းပြသကြ သည်။

တောရမထေရ် ဘုန်းတော်ကြီး ဦးသီလသည် ပဲခူးမြို့မြောက်ဘက် (၃) မိုင်ကွာဝေးသော အထက်ဖိုင်းဂနိုင်း ကြီးရွာ၌ အေဒီ ၁၈၃၂ ခု (မြန်မာနှစ် ၁၁၉၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်) သောကြာနေ့ နံနက်(၈)နာရီအချိန်တွင် တုန်သည် အဘ ဦးထွန်းအောင်၊ အမိ ဒေါ်ချိုတို့မှ မီးရှူးသန့်စင်ဖွားမြင်တော်မူ ၏။ မွေးချင်းပေါက်ဖော်တို့မှာ ဦးရွှေသာ၊ ဒေါ်သူဇာ၊ ဒေါ်အို၊ ဒေါ်လှအောင်၊ ဦးဘိုးကျော်တို့ ဖြစ်ကြပြီး ဘုန်းတော်ကြီး ငယ်မည်မှာ မောင်ရွှေသာ ဖြစ်သည်။

## ❑ ဓားပြကြောင့် အသက်ဆုံးရှုံးရသော မယ်တော်ကြီးဒေါ်ချို

ဘုန်းတော်ကြီး ဦးသီလသည် ဘုန်းတန်ခိုးအလွန်ပင်ကြီးမားတော်မူ ကြောင်း ဟိုးဟိုးကျော်သည်နှင့်အမျှ ဘုန်းတော်ကြီး၏ မယ်တော်ကြီးဖြစ်သူ ဒေါ်ချိုသည်လည်း လူသိများလာသည်။ အေဒီ ၁၈၇၉ ခုနှစ် (၁၂၄၁ ခုနှစ်) ဘုန်းတော်ကြီး ရွှေကျင်တောရတွင် သီတင်းသုံးခိုက် မယ်တော်ကြီးမှာ သီလရှင်ဝတ်နှင့် တပ်ကလေးတောရ၌ သီတင်းသုံးသည်။ မယ်တော်ကြီးထံ ဓားပြ လူဆိုးများရောက်လာသည်။ ဥက္ကံရွာ သမီးဖြစ်သူဒေါ်သူဇာထံမှ ငွေသုံးသောင်း နှင့် ရွှေအစိတ်သားအပ်ထားသည်ဟု သတင်းရ၍ လာတိုက်ခြင်း ဖြစ်သည်။ အတင်းတောင်းသည်။ မရှိကြောင်း ပြောပြ၏။ မအပ်တာလည်းအမှန်ဖြစ်၏။ သို့သော် မယုံကြည်ကြ။ ထပ်တလဲလဲ ရိုက်နှက်ကြ၏။ မယ်တော်သီလရှင်ကြီး ၏တောင်းပန်နေသောအသံသည် လူဆိုး များလက်နက်အောက်တွင် တဖြည်းဖြည်း အားယျော့သေးသိမ်ကာ သားနှင့်ဘုရား ကိုတ,လျက် ဝိညာဉ်ချုပ်ရှာလေသည်။



www.burmeseclassic.com

ဘုန်းတော်ကြီးအား ရွှေကျင်တောင်ဘက်ရှိ ဆိတ်ကလေးတောရသို့ လိုက်၍ပင့်ကြရသည်။ မယ်တော်ကြီး အလောင်းကို မီးသဂြိုဟ်၍ ပြာကျသည့်တိုင်အောင် အသုဘဘာဝနာပွားတော်မူသည်။ မီးမငြိမ်းမီမှာပင် မီးသဂြိုဟ်ရာမှ ရွှေကျင်တောင်ဘက် (၅) မိုင်အကွာရှိ ဆိတ်ကလေးတောရသို့ ပြန်ကြွတော်မူသည်။

## ❑ ကြခတ်ဝိုင်းဆရာတော်၏မှတ်တမ်း

ဘုန်းတော်ကြီး ဦးသီလ၏ မဟာရုပ်ပုံလွှာကို ဝီရိယရှေ့ထား ဦးစွာပူဇော်သူမှာ ကြခတ်ဝိုင်းဆရာတော်ကြီး ဦးဇောတိပါလဖြစ်၏။ အထူးအားကိုးရသောစာ ဖြစ်ပါသည်။ ဘုန်းတော်ကြီး ဦးသီလ၏ အကြောင်းအရာတို့ကို ကြခတ်ဝိုင်းဦးဇောတိပါလသည် အေဒီ ၁၉၃၉ ခုနှစ်၊ ဇွန် ၆ ရက် (၁၃၀၁ ခုနှစ် နယုန်လဆုတ် ၅ ရက်) အင်္ဂါနေ့တွင် ဘုရားကြီးဘူတာရွာအရှေ့ ဦးဘိုးအုန်း၊ ဒေါ်မြတို့စက်ရုံတောင်ဘက်ရှိ အိမ်ကြီးပေါ်၌ မှတ်တမ်းတင်ရေးခဲ့သည်ဟု သိရပါသည်။

## ❑ သက်သတ်လွတ်စားသောအလေ့အထ မမွေးခင်က

တစ်ရံရောအခါတွင် ဘုန်းတော်ကြီးဦးသီလက သက်သတ်လွတ်စားခြင်းနှင့်ပတ်သက်၍ ငါသွားနာလို့စားတာဟု မိန့်ခဲ့တော်မူဖူးကြောင်း တစ်ဆင့်စကားကြားသိရပါသည်။

မူရင်းအချက်မှာ ဤသို့ဖြစ်ပါသည်။

ဘုန်းတော်ကြီးအလောင်းအလျာ မောင်ရွှေသာ ပဋိသန္ဓေတည်နေစဉ်အခါက မယ်တော်ကြီးဒေါ်ချို၏အာသာဆန္ဒတို့မှာ သီလသီတင်းစောင့်ထိန်းလိုသည်ဟူ၍လည်းကောင်း၊ သက်သတ်လွတ်အမြဲစားလိုသည်ဟူ၍လည်းကောင်း၊ သူတစ်ပါးအား သနားကြင်နာစိတ်၊ ရဟန်းသံဃာတို့အား ဖူးမြင်လိုစိတ်၊ ပေးကမ်းလှူဒါန်းလိုစိတ်များ ထူးခြားစွာဖြစ်ပေါ်လာကုန်သည်။ ထို့ကြောင့် သီလမြဲစေလျက် အသက်နှင့်စပ်သော အစာဟူသမျှကိုရှောင်၍ ထန်းလျက်၊ ပေါက်ပေါက်၊ ငှက်ပျောသီး၊ ဟင်းသီးဟင်းရွက် စသည်တို့ဖြင့်သာ မှီတကာနေလေ့ရှိလေသည်။

## ❑ ရဟန်းအဖြစ်သို့ရောက်ခြင်း

မောင်ရွှေသာသည် အေဒီ ၁၈၄၂ခု (၁၂၀၄ ခု) (၁၀) နှစ်သားတွင် ပဲခူးအနောက်မြောက် ကျိုက်ဒေးယံရွာအနီး ကျော့ပြင်းရွာ ဘုန်းကြီးဦးမျိုးထံ အပ်နှံပညာသင်စေသည်။ အေဒီ ၁၈၄၆ ခု (၁၂၀၆ ခု) အသက် (၁၂) နှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်သီလသာရ ဖြစ်သည်။

အေဒီ ၁၈၅၁ ခုနှစ် (၁၂၁၃ ခုနှစ် တပို့တွဲလ) တွင် ကျိုက်ဒေးယံရွာ ဘုရားကုန်းရှိ မင်္ဂလာခဏ္ဍာသိမ်တော်၌ ပီလခတ်ရွာဦးဘုန်းတော်ကြီးကိုဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်ရှိသည်။ ဘုန်းတော်ကြီးဦးသီလသည် သီပေါမင်းပါတော်မူသောအခါ သက်တော်(၃၄)နှစ်အရွယ်သို့ရောက်ပြီ ဖြစ်လေသည်။

## ❑ ဘုန်းတော်ကြီး၏အရပ်နှင့် အသားအရောင်

ဘုန်းတော်ကြီး ဦးသီလသည် ဆရာ (ဘုန်းကြီးပုံ) နှင့်အတူ (၂) နှစ်တာမျှလိုက်ပါ ဝါကပ်၍ နောက်ကာလတွင် နေရာအနှံ့အပြား တစ်တောဝင်တစ်တောထွက်၍ အရညကင်ဓုတင်ဆောင်တော်မူလေ၏။ ပဲခူးပတ်ဝန်းကျင်နှင့် ကျိုက်ထို၊ သထုံ၊ မော်လမြိုင်၊ မုဒုံ၊ ဘီလူးကျွန်း စသည်ဖြင့် ဝါဆိုရန်မတတ်နိုင်အောင်ရှိလေ၏။ သွားလေရာ ပိတ်မိုးကျောင်းထိုး၍နေသည်။ အမြဲနေရာမရှိ၊ စောင်ဟူ၍မရှိ။ ချမ်းလျှင် သားရေနွယ်အခင်းကိုခြုံသည်။ ဘုန်းတော်ကြီး၏ အရပ်မှာ (၅) ပေခွဲခန့် ပျပ်ပျပ်ပါးပါးရှိသည်။ အသားတော်မှာ ဖြူဝါ၍ဝင်းနေသည်။ သာသနာရေးနှင့်စပ်လျှင် ပင့်ရာသို့ကြွရောက်ချီးမြှောက်သည်။ စိတ်ဆန္ဒအလွန်ထက်သည်။ ဖြောင့်စင်းသည်။ ပဋိပတ်အရာ၌အလွန်သို့ဝှက်လေသည်။

## ❑ ပရိယတ်၊ ပဋိပတ်အားထုတ်တော်မူခြင်း

ဘုန်းတော်ကြီး ဦးသီလ၏ ငယ်ဆရာများမှာ ပုဂ္ဂိုလ်ထူးရဟန်းထူးများ ဖြစ်ကြပါသည်။ ဆရာစဉ်ဆက်နည်းနာခံ၍ ဘုန်းကြီးပုံ၏ တပည့်ကြီးအဖြစ် ဆောစဉ်တောင်စဉ်အားထုတ်ခဲ့ကြောင်း ဦးစွာပထမ လေ့လာတွေ့ရှိရပါသည်။ ရဟန္တာအရှင်မြတ်ကြီးအဖြစ် ဟိုးဟိုးမကျော်မီက ငယ်ရုပ်ပုံလွှာများ ဖြစ်သဖြင့် အထူးအတုယူသင့်ပါသည်။

ရဟန်းဘဝ နှစ်ဝါအရတွင် ပဲခူးမြို့ ဘုန်းကြီးပုံခေါ် ဆရာတော် ဦးစန္ဒာလင်္ကာရထံ၌ (၅) ဝါတိုင်တိုင် ပရိယတ္တိစာပေများကို သင်ကြားအားထုတ်တော်မူလေသည်။ ထို့နောက် စစ်ကိုင်းတောင်ရိုးအရိယဝံသရေဇုံတိုက်၊ မန္တလေးမြို့အရှေ့ပြင်စလင်းတိုက် စသောစာသင်တိုက်ကြီးများ၌ ပရိယတ္တိသင်ယူသည်။

ထို့နောက် ပညာတတ်မြောက်၍ နေရင်း ပဲခူးမြို့သို့ ပြန်လည်ရောက်ပြီး မြင့်မားနက်ရှိုင်းသော ကျင့်ပတ်ပဋိပတ်သံဝေဂစိတ်ဓာတ်တို့က အမြဲတမ်းပင် နှိုးဆွကာတိုက်တွန်းခဲ့သည့်အလျောက် ပဲခူးအနောက်ဘက်က လာကမ္ဘိရွာ၊ ဈေးညောင်ပင်ရွာ၊ ကျိုက်ပဒိုင်ရွာစသည်တို့၏ တောင်တန်းနှင့် တောင်စောင်းများ၌ လည်းကောင်း၊ ထိုရွာများ၏ သုသာန်တို့၌ လည်းကောင်း သီတင်းသုံးအားထုတ်တော်မူသည်။

ထို့နောက်မှ တောရဂိုဏ်းအစ ဦးသီလ၊ ကြခတ်ဝိုင်းအစ ဦးသီလ၊ ဝိနည်းစာပြန်ပွဲအစ ဦးသီလ ဟူ၍လည်းကောင်း ထင်ရှားခဲ့သည့်အားလျော်စွာ တစ်ခုမြီးတစ်ခု သာသနာပြုလျက် ပရိယတ်၊ ပဋိပတ်ကျင့်စဉ်နှစ်ရပ်တို့တရစပ်ဇောက်ချအားထုတ်တော်မူသည်။ ထိုမှဆက်၍ နေရာအနှံ့အပြား တစ်တောဝင် တစ်တောထွက်၊ တစ်တောင်တက် တစ်ကောင်ဆင်းဖြင့် -

၁။ တိစီဝရိတ်ဓူတင်
၂။ အရညကင်ဓူတင်
၃။ ပံ့သကူဓူတင်
၄။ ပိဏ္ဍပါတ်ဓူတင်
၅။ ရုက္ခမူဓူတင်
၆။ အဗ္ဘောကာသိကဓူတင်
၇။ ဧကာသနိက်ဓူတင်
၈။ ပတ္တပိုဏ်ဓူတင်

စသည်အားဖြင့် ခေါင်းပါးခြိုးခြံလုံခြုံစွာ ကျင့်အပ်သော အကျင့်မြတ်တို့ကို ထိုက်သလိုကျင့်ဆောင်လျက် မျှတစွာနေထိုင်တော်မူလေသည်။

## ❑ အပိုပစ္စည်းမသိမ်းဆည်း

ရဟန္တာအရှင်မြတ်ကြီး၏ အလေ့အထများမှာ မည်သည့်ခေတ်မဆို အတုယူကြည်ညိုသင့်သည်သာ ဖြစ်ပါသည်။ အပိုပစ္စည်းမသိမ်းဆည်းသော ဓလေ့တော်ကို လေ့လာတွေ့ရှိရပါသည်။

ထို့အတူပင် ကျိုက်ထို၊ သထုံ၊ မော်လမြိုင်၊ မုဒုံ၊ ဘီလူးကျွန်း စသည်ဖြင့် ညောင်လေးပင်၊ ဖြူး၊ ရွှေကျင်၊ တောင်ငူ စသည်တို့တိုင်အောင် သတ္တဝါတို့ကို ချီးမြှင့်ရင်း စိတ်ချမ်းသာမှုနှင့် အားထုတ်မှုကိုသာ အဓိကထား၍ တောတန်း တောင်တန်း၊ သုသာန် စသည်တို့၌ ပေါ်သောအသက်မွေးမှုဓလေ့ဖြင့် အမြဲနေ



www.burmeseclassic.com

www.burmeseclassic.com

လေ့ရှိပါသည်။ ကိုယ်၌အသုံးပြုသော သပိတ်၊ သင်္ကန်း၊ ခေါင်းရိတ်ဓား စသည်မှတစ်ပါး (ဝါ) ဝတ်ရုံသုံးစွဲနေသော ပရိက္ခရာမှတစ်ပါး အခြားအပိုပစ္စည်းဟူ၍ ဘယ်အခါကာလမှ မထားခဲ့၊ မရှိခဲ့။ ရလာသောပစ္စည်းများကို နီးရာကျောင်း၊ နီးရာသံဃာတော်များသာ လှူဒိုင်းလေ့ရှိပါသည်။

**□ ရေဆွမ်းကိုသာဘုဉ်းပေးခြင်း**

ရေဆွမ်းကိုသာ ရဟန္တာအရှင်မြတ်ကြီးသည် အကြောင်းအားလျော်စွာ ဘုန်းပေးခဲ့လေသည်။ ဘုန်းတော်ကြီးသည် ရဟန်း (၉) ဝါအရ တောထွက်တော်မူစတွင် အသိမရှိ၊ သတင်းလည်းမကြား ထိုအခါကာလ လဲ့ကမို့၊ ညောင်လေးပင်၊ ကျိုက်ပဒိုင် စသောတောတို့၌ နေရန်ကြွလာ၏။ ဤသို့ကြွလာနေထိုင်စတွင် တစ်နေ့သောအခါ တောထဲမှထွက်၍ ဆွမ်းခံဝင်ခဲ့ရာ တစ်ဆုပ်မျှသောဆွမ်းကိုသာရသည်။ ထိုနေ့၌ ရရှိသော ဆွမ်းအကုန်လုံး ဆွမ်းတော်တင်ပြီး ရေကိုသာသုံး၍ ပီတိမျှတစေပြီး ရဟန်းတရားကို အားထုတ်လေ၏။

**□ မည်သည့်အကြောင်းကြောင့်မျှ လျောင်းစက်မအိပ်**

ဆရာတော်ကြီးသည် မိုးလျက်၊ ထိုင်လျက်သာ အစဉ်အမြဲ သီတင်းသုံးတော်မူခဲ့လေသည်။ အဝိုင်းရွာနှင့် ကလိရွာတို့၏အကြား သရက်တောကျောင်း၌နေစဉ် အာခံတွင်း၌ အနာတစ်ခုပေါက်၏။ ထိုအခါ၌ပင် ယာဂုဖြစ်စေ၊ ဆွမ်းဖြစ်စေ လာကပ်လျှင် တစ်ကြိမ်သာဘုဉ်းပေး၏။ နောက်ထပ်ကပ်လှူသည်ကို အကပ်ခံခြင်းမပြုပေ။ မမာသောအခါ၌လည်း ဆွမ်းခံမကြွနိုင်စေကာမူ အခြားဓုတင်များကို မဖျက်ခဲ့ပေ။ မည်သည့်အခါမျှ လျောင်းစက်၍ အိပ်ခြင်းမပြုဘဲ ထိုင်လျက်၊ မိုးလျက်သာ ကျိန်းစက်တော်မူကြောင်းကို ကြည်ညိုဖွယ်ရာတွေ့ရှိရပါသည်။

**□ တစ်နေ့တစ်ကြိမ်သာဘုဉ်းပေး**

ဘုန်းတော်ကြီး၏ ကျင့်စဉ်များထဲမှ တစ်ခုမှာ တစ်နေ့တစ်ကြိမ်သာ ဘုဉ်းပေးတော်မူခြင်း ဖြစ်ပါသည်။ တပည့်ဒကာများ၏မျက်ကွယ်၌သော်လည်းကောင်း၊ မည်သည့်အကြောင်းကြောင့်သော် လည်းကောင်း တစ်ကြိမ်ထက်ပို၍ ဘုဉ်းပေးတော်မမူခဲ့ပေ။ တစ်ရံရောအခါက ထိုအချက်ကိုမသိသေးသော အလှူဒကာတစ်ဦး၏ သဒ္ဓါကို ငဲ့ကွက်၍ အုန်းစိမ်းရည်ကိုသာဘုဉ်းပေးခဲ့ရ၏။ တစ်နေ့လျှင်တစ်ကြိမ် ဥပဒေတော်အရ ထိုနေ့အဖို့ အုန်းစိမ်းရည်ဖြင့်သာမျှတခဲ့ရကြောင်း ကြည်ညိုစဖွယ်လေ့လာတွေ့ရှိရပါသည်။

**□ အနေရိုးရိုး အပြောရိုးရိုး အလွန်ရိုး**

ဘုန်းတော်ဘုရားကြီးသည် အပိုမပြော၊ မပြော၊ လိုရင်းတိုရှင်းသာပြောတတ်သည်။ ခပ်တိုတိုသာ ဆုပေးတတ်သည်။ ထိုအချက်ကို အောက်တွင်ဖတ်ကြည့်ပါ။

ဘုန်းတော်ကြီးရောက်ရာအရပ်တို့၌ အဖူးအမြော်လာကြသူတို့တစ်သုတ်ပြီး တစ်သုတ် ရောက်လာပြီး 'အချိန်ဆွဲ၍ ငါးပါးသီလ ပေးသနားတော်မူပါ' ဟု တောင်းပန်ကြကုန်၏။ ဩကာသအဆုံး ခပ်တိုတိုဆုပေး၏။ အဟံဘန္တေအဆုံးတွင် နမောတဿဆိုကြဟု မိန့်သည်။ ဗုဒ္ဓံသရဏံဂစ္ဆာမိလျှောက်ဆို၊ ပါဏာတိပါတာလျှောက်ဆိုပါဟု မိန့်၏။ သီလယူပြီးသောအခါ သွားကြ၊ သွားကြဟု မိန့်၏။ အကျွမ်းတဝင် ပြောလေ့၊ ပြောလေ့၊ နေလေ့မရှိ ဟူ၍ သိရပါသည်။

**□ ဘုန်းကြီးစကား အံ့ဖွယ်ကောင်းလောက်အောင် ကရင်များနားထောင်ကြ၏**

ဘုန်းတော်ကြီးအား ကရင်တိုင်းရင်းသားများက အလွန်ကြည်ညိုကြ၏။ ဘုန်းတော်ကြီးသည် ခရွဲတောင်ပေါ်၌နေစဉ်အခိုက် ရွာအရှေ့ဘက်၌ကျောင်းကား ငှက်ဖျားအလွန်များ၏။ ကျောင်းလှေကားအနီး၌ ညပိုင်း ကျားလာအိပ်သည်။ ထိုရွာကား အိမ်ခြေ (၁၀) အိမ်သာရှိသော ကရင်ရွာကလေးဖြစ်၏။

အခါတစ်ပါးတွင် တစ်ရွာလုံး ကြီးကျယ်စွာဖျားကြသည်။

"ဟဲ့-ကြာဖူး၊ ငါသေသွားလျှင် ဤကျောင်းလေးအနီးတွင်မြှုပ်၊ ဘယ်သူ့ကိုမှမပြောနှင့်"

ဟု မိန့်တော်မူသည်။

ကိုကြာဖူးကလည်း ဝန်ခံ၏။

နောင်ကျန်းမာလာသောအခါတွင် ခရွဲဒကာများကိုပြောပြ၏။

ခရွဲကျောင်းဒကာ ဦးထွန်းအောင်က -

"ဟဲ့ - ကရင်၊ နင်ဒီအတိုင်းလုပ်ရင် သေမယ့်သာပြင်"

ဟု ပြန်ပြောသည်။

ကရင်များသည် ဘုန်းတော်ကြီးစကားကို အလွန်နားထောင်ကြသည်။ ငါး၊ ဖားရှာခြင်း၊ သောက်စားခြင်း၊ နတ်စားခြင်းတို့ကို ကရင်တစ်ရွာလုံးရှောင်ကြဉ်ကြ၏ဟူ၍ သိရပါသည်။

**□ သံမှိုစွဲသကဲ့သို့စွဲနေသောဩဝါဒများ**

ရန်ကုန်မြို့၌ အေဒီ ၁၉၃၉ ခု (၁၃၀၁ ခုနှစ်၊ တန်ဆောင်မုန်းလ) တွင် အသက် (၇၀) ကျော် ဆေးဆရာကြီး ဆရာချစ် ဤသို့လျှောက်၏။

ဘုန်းတော်ကြီးကို ကိုယ်တိုင်ဖူးမြင်ဖူး၊ တရားလည်းနာဖူးပါသည်။ သီလနှင့်သမာဓိဂုဏ်တို့မှာ ဥပမာမရှိအောင်ကြီးပါသည်။ တရားများကို မှတ်သားဖွယ် တိုတိုတုတ်တုတ်ပြောလေ့ရှိပါသည်။

၁။ ပစ္စည်းနှင့် အင်္ဂါခြေလက်တစ်ခုခု အန္တရာယ်တွေ့လျှင် အင်္ဂါခြေလက်တို့ အထိမခံပါနှင့်။ ပစ္စည်းသာပေးလိုက်ပါ။

၂။ အင်္ဂါခြေလက်နှင့် အသက်တစ်ခုခု အန္တရာယ်တွေ့လျှင် အသက်ကိုအထိမခံပါနှင့်။ အင်္ဂါခြေလက်အပျက်ခံပါ။

၃။ အသက်နှင့်သီလ တစ်ခုခုအန္တရာယ်တွေ့လျှင် သီလကိုအထိမခံပါနှင့်။ အသက်သာအပျက်မခံပါ ဟူ၍ဖြစ်ပါသည်။

ယခုတိုင် ထိပ်သံမှိုဖြင့် စွဲစေထားသကဲ့သို့ အမြဲစွဲနေသောဩဝါဒ ဖြစ်ပါသည်ဟု သိရှိရပါသည်။

**□ မီးရထားစီးသင့်၊ မစီးသင့်နှင့်စပ်လျဉ်း၍**

အောက်ပြည်အောက်ရွာ၌ ရဟန္တာဟု နာမည်ကျော်ကြားသော ဘုန်းတော်ကြီးဦးသီလကပင် -

"ဂူဖြူဘုန်းတော်ကြီးက တို့များထက်သာတယ်"

ဟု အမိန့်ရှိဖူးလေသည်။

(ဝိနည်းလေးစားမှုအရာတွင်ဆိုလိုဟန်ရှိသည်။) ထိုခေတ်က ဘုန်းတော်ကြီးဦးသီလ၊ အလုံမြို့ ခင်မွန်ဆရာတော်နှင့် ဂူဖြူတောရဆရာတော်ကြီးသုံးပါးစလုံးသည် မီးရထားပေါ်စဖြစ်၍ မီးရထားကိုပင်စီးတော်မမူကြပေ။

တစ်နေ့သ၌ ဘုန်းတော်ကြီး ပဲခူးသို့ရောက်၍ လိပ်ပြာကန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဂူဖြူတောရဆရာတော်ကြီးသည် ရေလမ်းဖြင့် ရန်ကုန်မှလှည့်၍ ပဲခူးရှိ ဘုန်းတော်ကြီးထံရောက်လာ၏။ ဘုန်းတော်ကြီးထက် နှစ်ဝါကြီးသည်။ အချင်းချင်းလည်း



www.burmeseclassic.com

www.burmeseclassic.com

သတင်းစကားဖြင့် ရှေးကတည်းက အလေးပြုကြသည်။ ဂူဖျူးဆရာတော်ကြီးက ဘုန်းတော်ကြီးအား -

"မီးရထားစီးပြီးပြီဟုကြားရသည်။ ဟုတ်လေသလား"

ဟု အပြစ်တင်စကား မိန့်ကြားတော်မူသည်။

"အုတ်တွင်းသိမ်သမုတ်သွားရာမှ အစစီးမိပါပြီ၊ ဆုံးမတော်မူပါ၊ နာခံပါမည်"

ဟု လက်အုပ်ချီလျက် ဝန်ခံတော်မူသည်။

"မကျန်းမမာ ဂိလာနဖြစ်လျှင် အပြစ်မဆိုသာပေဘူး။ တပည့်တော်ဖြင့် ကျန်းမာသေးရဲ့"

ဟု မိန့်လေသည်။

(သိမ်သမုတ် သံဃာမကြွမဖြစ် ကံဆောင်ကိစ္စဖြစ်သည့်အပြင် မကျန်းမမာအခါနှင့်ကြုံလာလျှင် မကျန်းမမာ ပုဂ္ဂိုလ်များအား ရထား၊ လှည်း၊ သန်လျင်း၊ ထမ်းစင်၊ အဝတ်ပုခက် ဟူသော ဝိနည်းပေါင်းချုပ်၊ ပါဠိတော်လာ ယာဉ် (၆) မျိုးစလုံး စီးအပ်လေသည်။

□ **လူစကားနားလည်သော ပုရွက်ဆိတ်၊ ခါချဉ်၊ ပျားများအကြောင်း**

ရွှေကျင်မြို့ တောရကျောင်းသည် မှက်၊ ခြင်၊ ပုရွက်ဆိတ်များ အလွန်ပေါ၏။ ဘုန်းတော်ကြီး (၁) နာရီ (၂) နာရီကြာအောင်ထိုင်၍တရားရှုခြင်းပြုသော်လည်း တစ်ချက်မျှမလှုပ်သဖြင့် ညအိပ်ဥပုသ်သည်များက ခြင်မကိုက်ဟုလည်းကောင်း၊ ကိုက်မှာပါပဲ သမာဓိကြောင့်သာနေမှာပါဟု လည်းကောင်း ဥပုသ်သည်များမှာ မိမိကိုယ်ကို ခြင်မကိုက်အောင် တဘက်ဖြင့်ယမ်းလျက် ပြောဆိုနေခဲ့ကြဖူးသည်။ အလားတူပင် ဖျာပုံနယ်၌ ကျောင်းတိုက်တည်၍ သိမ်သမုတ်ရန်အတွက်ကြွရဖူးရာ သိမ်သမုတ်ပြီးသောအခါ ပုရွက်ဆိတ်၊ ခါချဉ်၊ ကရင်နီများ အလွန်ပေါသောမြေကွက်ဖြစ်လျက် တိရစ္ဆာန်များအလိုအလျောက် ထွက်သွားကြလေ၏။ ကျိုက်ထိုဆိပ်ဖူးတောင်တောကျောင်းတွင် ပျားအုံကြီးများ လုပ်နေရာမှ တရုန်းရုန်းပျံဝဲလှုပ်ရှားနေကြသဖြင့် ဒကာ၊ ဒကာမများမသွားဝံ့ကြချေ။

"အဖူးအမြော်လာသူတို့အား သင်တို့မနှောင့်ယှက်ကောင်း"

ဟုဆိုလိုက်လျှင်ပင် အအုံသို့သွားရောက်ငြိမ်နေကြသည်ဟု အံ့ဩစွာပြောဆိုကြသည်။

□ **ကေလာသတောင်ခြေက အရက်သမားတစ်ယောက်အကြောင်း အံ့ဖွယ်**

ရွှေဟောင်းသုဝဏ္ဏဘူမိမြို့ဟောင်းတည်ရာ ကေလာသတောင်တိုက် ကုလားတောရ၌နေစဉ်က ရွာနေဘုန်းတော်ကြီး အချို့သည် ဘုန်းတော်ကြီး ဦးသီလ အပေါ် မနာလိုဝန်တိုစိတ်ဖြင့် အရက်သမားတစ်ယောက်အား ပိုက်ဆံပေး၍ ဘုန်းတော်ကြီးအား ရန်ပြုစေသည်။ ထိုအရက်သမားသည် ဘုန်းတော်ကြီး ဆွမ်းခံကြွရာလမ်းမှကြို၍ ဘုန်းတော်ကြီးအား ခေါင်းနှင့်တအားဝင်တိုက်ပြီးဝှေ့လေ၏။ ဘုန်းတော်ကြီး၏မေတ္တာ၊ သီလတို့ကြောင့် သူ၏ခေါင်းဒဏ်ကို မြေကြီးက ကိုယ်စားခံယူလိုက်သည်။ အရက်သမားလည်း အရှိန်ပြင်းစွာနှင့် ထိုနေရာ၌ပင် လဲကျသွားလေသည်။

□ **မြွေနှင့်စကားပြောသော ဘုန်းတော်ကြီးဦးသီလ**

တစ်နေ့သောအခါ ဘုန်းတော်ကြီးသည် ပဲနွယ်မြို့နယ် ဘုရားကလေး ဥတ္တံရွာ ကုသိနာရုံဘုရားဝင်းအတွင်း၌နေသည်။ မလှသူသည် ဘုန်းတော်ကြီးကြွရောက်နေကြောင်း သတင်းကြား၍ အသင့်ရှိနေသောဆွမ်း (ဆွမ်းဟင်းအသက်လွှတ်ပစ္စည်း)များကိုသွားပို့၏။ ဘုန်းတော်ကြီးမှာ တစ်ပါးတည်းစကားပြောနေကြောင်း သိရ၏။ မလှသူမှာ ချောင်းမြောင်းကြည့်၏။ ဘုန်းတော်ကြီးရှေ့၌ မြွေကြီးတစ်ကောင်စင်းနေသည်ကို တွေ့ရ၏။

"ဒကာရှေ ရန်သူများဘေးမှလွတ်ရာ သွားတော့"

ဟု မိန့်တော်မူ၏။

ထိုအခါ မြွေကြီးမှာ လှည့်ပြီးထွက်သွားသည်ကို ကိုယ်တိုင်မြင်ရကြောင်း ပြန်လည်ပြောပြလေသည်။

□ **ဘုန်းတော်ကြီးတရားအားထုတ်ခဲ့သော အောင်မြေနေရာများမှတ်သားဖွယ်**

ဘုန်းတော်ကြီး တရားအားထုတ်တော်မူခဲ့သော နေရာဌာနများမှာ တစ်တောဝင်တစ်တောင်တက်ဖြစ်သဖြင့် ကျယ်ဝန်းလှပါသည်။ သို့သော်လည်း မှတ်တမ်းအရအချို့ကိုသာ သိခွင့်ရပါသည်။ အောက်တွင်ဖတ်ကြည့်ပါ။

အကောင်းဆုံး ပန်းရန်တို့သည် လေအောက်သာမွှေး၍ လေအထက်ဆန်တက်မမွှေးနိုင်ချေ။ ဘုန်းတော်ကြီး ဦးသီလ၏ ဂုဏ်တော်ရနံ့တို့မှာကား လေအောက်၊ လေထက်မရွေး မော်လမြိုင် တစ်နယ်လုံးမွှေးကုန်၏။ ဝါကျွတ်သောအခါ အရပ်ရပ်မှလာပင့်ကြ၏။ တစ်နယ်လုံးအနှံ့ရောက်တော်မူ၏။ သီတင်းသုံးဖူးသောအရပ်တို့မှာ ဘီလူးကျွန်းတွင် (က) ကျိုက်ကွဲတောင်၊ (ခ) ကျိုက်သုတ်၊ (ဂ) ကွမ်းတိုင်းတောရ (ဃ) သက်ငယ်တောင်၊ (င) မြတောင်၊ (စ) ကျိုက်ဒိုး၊ (ဆ) နတ်မှော်နှင့် မြို့ဘက်တွင် (ဇ) ငှက်ပျောတောကျောင်း၊ (ဈ)တောင်ဝိုင်းကြီး စသည်တို့ဖြစ်၍ အချို့နေရာ၌ တစ်ဝါ၊ အချို့နေရာ၌ နှစ်ဝါ၊ ကျိုက်ကွဲတောင်၌ ဥတုကောင်းလှသည်မှာဆို၍ သုံးဝါတိုင် သီတင်းသုံးတော်မူသည်ဟု သိရှိရပါသည်။

□ **တရားလာနာသွားသော ကျားကြီးအကြောင်း**

ပဲခူးမြို့၏မြောက်ဘက် (၄) မိုင်အကွာ အရညကင်ခုတင်တောရတောင်စဉ်ရှိ ဘုရားကုန်း၌ ဘုန်းတော်ကြီးသည် တစ်ဥတုမျှ သီတင်းသုံးတော်မူသည်။ ကပ္ပိယကြီးတစ်ဦးပါလေသည်။ အနီးရှိ ရွှေလှေရွာ၊ ကော့ပြင်းရွာ၊ နံမြရွာ စသောရွာများရှိ ဒကာ၊ ဒကာမများ အလွန်ဝမ်းသာကြ၏။ အနီးရှိရွာများသို့လှည့်လည်၏။ ဆွမ်းခံကြွ၏။ လေးတိုင်ပိတ်မိုးကျောင်းကလေးဖြင့် သီတင်းသုံး၏။ တစ်ညဉ့်သောအခါ အနီးရှိတောကြီးထဲမှ ကျားကြီးတစ်ကောင်သည် အစာရှာရှင်း မျက်စိလည်လာသကဲ့သို့ဆိုက်ဆိုက်မြိုက်မြိုက်ထိုးဝင်လာသည်။ ကပ္ပိယကြီးက ဘုန်းတော်ကြီးအား ကျားကြီးတစ်ကောင်တိုးဝင်လာနေကြောင်း စိုးရိမ်တကြီးလျှောက်၏။

ထိုအခါ ဘုန်းတော်ကြီးက -

"ကပ္ပိယကြီး၊ တောက ဒကာကြီးဟာ တရားနာဖို့လာနေတာပါ။ သင်၏ရန်သူလည်းမဟုတ်ပါဘူး"

ဟု မိန့်၏။

ကျားကြီးသည်လည်း အနီးအပါး၌ ခေတ္တမျှမလှုပ်မယှက်နေပြီး ကြွေရရပင် တောနက်ထဲသို့ ဦးတည်ပြန်သွားလေတော့သည်။

□ **(၃) ကြိမ်တိုင် သေနတ်မီးမကူးခြင်း သိဒ္ဓိအကြောင်း**

ဘုန်းတော်ကြီးသည် ကော့ပြင်းရွာအနီး၌သီတင်းသုံးစဉ် အနီးရှိကျေးရွာများသို့ ဆွမ်းခံကြွလေ့ရှိ၏။ တစ်နေ့သ၌



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းခံရန်ထွက်လာရာ အလွန်အေးမြသောရာသီဖြစ်၍ နှင်းများလည်းမကွဲသေး။ ကုန်းစွန်းတစ်ခု၌ နေဆာကိုလှုံရင်း သပိတ်ချခေတ္တထိုင်နေ၏။ မျက်စိအောက်ရောက်နေသော မြက်ပင်လေးများ၏အရွက်များ၌သီးနေသောနှင်းရည်ပေါက်တို့သည် တဖြုတ်ဖြုတ်ကျနေ၏။ တရစပ်ပျက်ကျနေသည်ကို စူးစိုက်၍နေစဉ် နဲမြရွာမှ မုဆိုးသည် သားကောင်ပစ်ရန် တောလှည့်ရင်း ချောင်းကြည့်ရာ ဘုန်းတော်ကြီးထိုင်နေသည်ကို သားကောင်ဟုထင်မှတ်ပြီး သေနတ်ဖြင့်ပစ်တော့၏။ (၃) ကြိမ်တိုင်မီးမကူးသဖြင့် အံ့ဩသွား၏၊ စဉ်းစား၏။ ဤအခိုက်တွင် လှုပ်ရှားမှုကိုမတွေ့ရ။ စုံစမ်းရန် ချဉ်းကပ်သွား၏။ ဘုန်းတော်ကြီးမှန်းသိ၍ ငါအမှားကြီးမှားပြီဟု အမျိုးမျိုးတောင်းပန်ကန်တော့၏။ လျောက်ပတ်သောတရားစကားကိုဟောလိုက်လေတော့သည်။

## ❑ ညွှတ်သမား ညွှတ်များမီးရှို့သွားခြင်းအကြောင်း

ကော့ပြင်းရွာမှ ညွှတ်ထောင်အသက်မွေးသော ညွှတ်သမားတစ်ယောက်ရှိ၏။ သူသည် အရက်တက်ခါနီးတွင် သားကောင်ငယ်များဖမ်းမိစေရန် ညွှတ်ထောင်လျက် ပုန်းခိုနေသည်။ ဘုန်းတော်ကြီးသည် အရုဏ်တက်သောအခါ ဆွမ်းခံကြွလာပြီး ညွှတ်ကွင်းတွင် ညာခြေထောက်မိနေသည်။ စုံရပ်ပြီး ရှေ့ဆက်မသွားပေ။ ညွှတ်သမားသည် သားကောင်မိသည်ထင်ပြီး ထကြည့်သောအခါ ဘုန်းတော်ကြီးမိနေသည်ကို မြင်သွား၏။ နာရီဝက်ကျော်ကြာသောအခါ ညွှတ်သမားသည် သတိရလာ၏။ ငါမသွားဝံ့၍ ဘုန်းတော်ကြီးဆွမ်းတစ်နပ်လစ်ဟင်းပါက ငါ၏အပြစ်သည် ပို၍ကြီးမည်။ ရိုက်လိုကရိုက်စေ ပြုသမျှခံတော့မည်ဟု ဇွတ်တိုးသွားဖြုတ်၏။

ဘုန်းတော်ကြီးက -

"ဒကာ၊ မင်းညွှတ်မှန်ရဲ့လား"

"မှန်ကြောင်းပါဘုရား"

သင့်တော်သောတရားဟောကြား၏။ ညွှတ်သမားသည် အထူးသံဝေဂဖြစ်တာ ညွှတ်များကို အားလုံးသိမ်းလျက် လယ်ကွင်းထဲတွင်ပုံ၍မီးရှို့သွားလေတော့သည်။

## ❑ ဗိုင်းဂနိုင်းအသွား မီးရထားရပ်ခြင်းအကြောင်း

ဘုန်းတော်ကြီးသည် ပဲခူးမြို့နယ် ရွှေလှေရွာအနီး တစ်ခုသောတောတွင် သီတင်းသုံးနေစဉ် ဗိုင်းဂနိုင်းရွာသို့ ဆွမ်းခံကြွ၏။ မန္တလေးမှ ရန်ကုန်သို့ခုတ်မောင်းလာသော အမြန်ရထားသည် ရွှေလှေဘူတာအနီးတွင် အလိုလိုရပ်သွား၏။ ရထားစက်ပိုလ်နှင့်ဂါတ်ပိုလ်များဆင်းလာပြီးစုံစမ်းကြ၏။ ခရီးသည်များပါဆင်းလာကြ၏။ ရထားစက်ကချို့ယွင်းမှုမရှိသောကြောင့်ရပ်သွားသည်ကို မသိရ။ ရှေ့သို့လှမ်းကြည့်ရာ တစ်ဖာလုံခန့်အကွာတွင် ရထားလမ်းပေါ်၌ ဘုန်းတော်ကြီးကြွလာနေသည်ကို မြင်ကြရ၏။ ဘုန်းတော်ကြီးကြောင့်ရပ်သလေလောဟု တအံ့တဩပြောဆိုကြ၏။ သွားရောက်ဖူးမြော်ကန်တော့ကြ၏။ ဘုန်းတော်ကြီးလည်း မည်သို့မျှမပြော။ လိုရာခရီး ဗိုင်းဂနိုင်းရွာသို့ကြွသွား၏။ ခရီးသည်တို့သည်လည်း ရထားပေါ်ပြန်တက်ကြ၏။ ရထားမှာလည်း အလွယ်တကူစက်နိုးလျက် မောင်းနှင်ထွက်ခွာလေ၏။ ခရီးသည်တို့သည် တအံ့တဩပြောဆိုကြရင်း ရထားသည် ပဲခူးဘူတာသို့ဝင်လာလေသည်။

## ❑ ရွှေကျင်နယ်ဘုန်းတော်ကြီး၏ သိမ်ငါးလုံးအကြောင်း

ဘုန်းတော်ကြီး ဦးသီလသည် အေဒီ ၁၈၈၂ ခု (၁၂၄၄ ခုနှစ်) တွင် ရွှေကျင်မြို့အနီး ကျောင်းဝိုင်းကြီးခေါ် ဆင့်ရုံတောရ၌ သီတင်းသုံး၏။ ထိုအခါ ရွှေကျင်မြို့ပတ်ဝန်းကျင်၌ သိမ်ငါးလုံးကို ကိုယ်တိုင်သမုတ်ပေးတော်မူ၏။ ယင်းတို့မှာ ကျောင်းဝိုင်းကြီးသိမ်၊ ကြားတောရသိမ်၊ ဆိပ်ကလေးတောရကြီးသိမ်၊ ရွှေဂူတောရသိမ်၊ တံခွန်တိုင်တောရသိမ်တို့ဖြစ်သည်။

ယင်းသိမ်တို့ကို သံဃာတော်များကပင် ဆက်လက်သာသနာပြုထိန်းသိမ်းနိုင်ခဲ့ပါသည်။

## ❑ အလွန်ကျော်ကြားသော သေက္ခတောင်ဦးတိလောကနှင့် အမေးအဖြေစိပ်ပုတီးပြဿနာ

ဘုန်းတော်ကြီးသည် အေဒီ ၁၉၀၀ ပြည့်နှစ် (၁၂၆၂ ခု) တွင် ရွှေကျင်နယ်၌ သီတင်းသုံးစဉ် ဒကာကိုထွန်းအောင်ပင့်သဖြင့် ကျိုက်ထိုနယ်ရှိ ဆိပ်ဖူးတောင်၊ သစ်ချတောင်တို့သို့ ရောက်၏။ သစ်ချတောင်တွင် ဆရာတော်ဦးတိလောကနှင့်တွေ့၏။ ဦးတိလောကမှလျှောက်သည်မှာ ပုတီးစိပ်ခြင်းသည် (လိမ်ကွင်း) စိပ်ခြင်းကြောင်းလျှောက်၏။ လိမ်လည်ခြင်းသာဖြစ်သည်ဟု ဆိုလို၏။ ယင်းပြဿနာကို ဘုန်းတော်ကြီးကနွားလှည်းဥပမာဖြင့်ဖြေရှင်းပေးတော်မူ၏။ ဖြေရှင်းပေးပုံမှာ နွားလှည်းကို နွားများဆွဲသွားလေ၏။ နွားများနောက်သို့လှည်းပါသွားလေ၏။ နွားများကြောင့် လှည်းသည် ရွေ့လျားသည်မှန်၏။ သို့သော် ထိုလှည်းလမ်းမှန်သို့ရောက်အောင် လှည်းမောင်းသူ လူက နွား၏ကြိုးကိုမလွှတ်ဘဲထိန်းသိမ်းတည့်မတ်ပေးရ၏။ လမ်းမှန်ရောက်ဖို့က နွား၏တာဝန်မဟုတ်။ လူ၏တာဝန်သာ ဖြစ်၏။ ယခု ပုတီးစိပ်ရာ၌လည်း ပုတီး၏တာဝန်မဟုတ်။ စိပ်သူ၏တာဝန်သာ ဖြစ်၏။ စိပ်သူကိုယ်တိုင်က မလိမ်ဖို့ နှလုံးသားကောင်းဖို့လိုသည်။ ပုတီးကို လိမ်ကွင်းဟုမခေါ်ထိုက်။

## ❑ ဆင်မနင်း၊ ကျားမကိုက်သော [...]တော်ကြီးဦးသီလ

ကော့ကဒွတ်ရွာ တောကျောင်း၌နေစဉ် ကျိုက်ထိုမြို့ အရှေ့ဘုရားသုံးဆူတောရမှ ရဟန်းကိစ္စအတွက် ညဥ့်အခါ တစ်ပါးတည်းကြွလာ၏။ လမ်းခုလတ်ဇရပ်တစ်ခုတွင် လှည်းသမားများသည် လှည်းဖြုတ်စခန်းချနေ၏။ ခရီးသွားဒကာတစ်ယောက်သည် လှမ်းကြဲ၍ သပိတ်လွယ်ကာလိုက်လာ၏။ ညလသာသာ တောလမ်းခရီးတွင် ဖြစ်၏။ တောဆင်အုပ်ကြီးလာနေသည်ကို အဝေးမှပင် မြင်ရ၏။ နောက်ဆုတ်ဖို့ရန် အကြိမ်ကြိမ်လျှောက်၏။ နောက်ဆုံး မရသဖြင့် သပိတ်ပြန်အပ်ပြီးပြေးလေ၏။ အဝေးမှ လှမ်းကြည့်လိုက်ရာ ဘုန်းတော်ကြီးသည် ဆင်အုပ်ထဲတွင် နစ်မြုပ်သွားသည်သာ မြင်ရ၏။ လှည်းဝိုင်းသို့ရောက်သောအခါ -

"ခုလောက်ဆို ဘုန်းတော်ကြီး အစအနတောင် ရှာရတော့မှာမဟုတ်ဘူး"

"မင်းပြောတာ ဘုန်းတော်ကြီး ဦးသီလဖြစ်လိမ့်မယ်။ အဲဒီဘုန်းတော်ကြီးဦးသီလကို ဆင်မနင်း၊ ကျားမကိုက်ဘူး"

ဒကာလည်း နောက်တစ်နေ့ ကျောင်းလိုက်သွားရာ ဘုန်းတော်ကြီးကို တွေ့ရသည်။ များစွာအံ့ဩ၍ ကန်တော့ပြီး ပြန်ခဲ့ရလေသည်။

## ❑ မနက်စောစောကြက်တွေတွန်ဖို့ ဘယ်သူကတိုက်တွန်းသလဲ

ဘုန်းတော်ကြီးသည် သထုံမြို့အနီး ကျိုက္ကော်၌နေစဉ် တစ်နေ့သ၌ ဘုန်းကြီးဦးမဏ္ဍသာရနှင့် ဘုန်းကြီးဦးနန္ဒမာလာသည် ကလဲတက်လုပ်ဖို့ သစ်သား



www.burmeseclassic.com

www.burmeseclassic.com

ရှာရင်း ဘုန်းတော်ကြီးထံရောက်လာကြ၏။

"ဘာကိစ္စလာကြသလဲ"

ဟု မေးလေသော် မနက်ဘုရားဝတ်တက်အတွက်ခေါက်ဖို့ရန်ကလတက်အလိုရှိ၍လာကြောင်းလျှောက်၏။

"မနက်ထပြီးတွန်တဲ့ကြက်တွေကို ဘယ်သူကလတက်ခေါက်ပေးသလဲ"

ဟု မိန့်လိုက်ရာ နှစ်ပါးစလုံး ခေါင်းမထောင်ဝံ့တော့ဘဲ ပြန်လာခဲ့ရလေသည်။

**□လူနှင့်ကျားကြီးတစ်ကောင်တစ်ပြိုင်နက် နူနာရောဂါပျောက်ကင်းခြင်း**

ဘုန်းတော်ကြီး သီလ၊ သမာဓိ၊ မေတ္တာတော်တို့ကြောင့် လူရောကျားပါ ဝဲနာရောဂါပျောက်သွားလေ၏။

"ကပ္ပိယကြီး၊ ဝဲစွဲနေတဲ့ကျားကြီး တစ်ကောင် မကြာခဏလာတတ်တယ်။ သူမှာမအိပ်နိုင်အောင် ဝဲတွေကုတ်နေရတဲ့ဒုက္ခရောက်နေတယ်။ သူ့ဝေဒနာလည်းပျောက်၊ သင့်ဝေဒနာလည်းပျောက်အောင်ကုပေးမယ်။ အဲဒီကျားကြီးကို ငါ အခုခေါ်ထားတယ်။ မကြာခင်ရောက်လာလိမ့်မယ်"

ရောက်လာပြီး ဟိန်းဟောက်၍နေ၏။

"ငါ နင့်ရဲ့ရောဂါတွေ ကုပေးမယ် ငြိမ်ငြိမ်နေ"

ဟု ဆိုပြီး ကပ္ပိယကြီးအား ရေချိုးပေးစေ၏။ နေ့စဉ်လာရောက်ရေချိုးခံ၏။ (၁၅) ရက်ကြာသောအခါ ကျားကြီး၏ ဝဲစွဲရောဂါ၊ ကပ္ပိယကြီး၏ ကုဋ္ဌနူနာရောဂါအားလုံး ပျောက်ကင်းသွားလေ၏။

**□ ခန္ဓာဝန်စွန့်ခြင်းအကြောင်း**

အေဒီ ၁၉၀၆ ခု (၁၂၆၈ ခုနှစ်)တွင် မော်လမြိုင်တစ်ဖက်ကမ်းရှိ ဘီလူးကျွန်း ကွမ်းသဲတောရ၌ ဝါဆို၍ မြစ်ဝကျွန်းပေါ်ရှိ ပန်းတနော်၊ ဓနုဖြူ၊ ဇလွန်အထိ (၁၀) ဌာန သိမ်သမုတ်ကြွတော်မူပါရန် မင်းဘုန်းကြီး ဦးဝိမလနှင့် ဒကာများပင့်လျှောက်ကြ၍ မီးသင်္ဘောဖြင့်ကြွလာသည်။ ဇလွန်မြို့၌ ထိုခေတ်ကနာမည်ကြီး ဦးပု၏ စင်တော်ကြီးပွဲကပြနေ၏။ အေဒီ ၁၉၀၇ ခု (ဧပြီ ၂၈ ရက်၊ တနင်္ဂနွေနေ့) (၁၂၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့) အဝင် ညဦး (၂) နာရီတွင် ဇလွန်သင်္ဘောဆိပ်သို့ ဆိုက်ရောက်လာလေသည်။ သင်္ဘောမှ ဥဩသံကြားရလျှင် တစ်မြို့လုံးထွက်၍ကြိုကြသည်။ ဦးပု၏စင်တော်ကြီးရုံပွဲမှာကပြခိုက်ဖြစ်၍ ပွဲကြည့်သူများမရှိတော့သဖြင့် ပွဲရပ်လိုက်ရလေသည်။ အလွန်အားနည်း၍ ရောဂါဖောက်ပြန်နေသော်လည်း ကဆုန်လဆုတ် ၃ ရက်နေ့တွင် ဇလွန်မြို့ သုသာန်တောရ (ယခု ပုပ္ပာရုံ/ ဓမ္မိကာရုံ) ကျောင်း၌ နေ့ချင်းပြီး သိမ်သမုတ်ပေး၍ တစ်နေ့လုံးကြည်လင်နေလျက် တရားချီးမြှင့် ရေစက်ချလေသည်။

သိမ်သမုတ်ပြီး၍ ညဦးတွင်ဆေးဝါးများကို ပယ်ပြစ်လျက် သတိသမ္ပဇဉ ခန့်တည်ပြည့်ဝသဖြင့် တစ်ချက်မျှ သတိမလစ်ဘဲ ကဆုန်လဆုတ် ၄ ရက်၊ တနင်္လာနေ့ နံနက်(၇)နာရီတွင် ခန္ဓာဝန် ဒုက္ခတုံးကြီးကို အပြီးတိုင်စွန့်လွှတ်တော်မူလေသည်။ ဇလွန်နယ်မြေတစ်ပြင်လုံး သိမ့်သိမ့်တုန်မျှ လျှင်တုန်လှုပ်ပဲ့တင်ဟည်းလေ၏။ သစ်ပင်တို့သည် အခါမဲ့ သီးကြွပွင့်ကြ၍ ပူဇော်အလေးပြုကြလေသည်။ ဘုန်းတော်ကြီးရုပ်ကလာပ်တော်၏ လေးဖက်လေးတန်၌ ညစဉ်ဖယောင်းတိုင်မီးများဖြင့် ပူဇော်ကြရာ မီးလျှံအားလုံးသည် ရုပ်ကလာပ်တော်ဘက်သို့ စောင်းငဲ့၍ ဦးညွှတ်ပူဇော်ကြလေသည်။ပြင်ဆင်ထားသောဘုန်းတော်ကြီးအလောင်းတော်၏အနီးတွင် ညစဉ်ဘုန်းတော်ကြီးတစ်ပါးက သပိတ်ပိုက်၍ ရှေ့မှုကြွလျက် နတ်လိုလို၊ ဗြဟ္မာလိုလို ပုဂ္ဂိုလ်ကြီး ထီးမိုးလိုက်ပါလှည့်လည်နေသည်ကို ဖူးမြင်ကြရ၏။ ဘုန်းတော်ကြီးအလောင်းတော်မှာ (၉) လထားသော်လည်း အနံ့မနံ၊ ပုံပျက်မပျက် တအံ့တသြဖြစ်ကြရလျက် မီးသဂြိုဟ်ပြီးနောက်တွင် ဓာတ်တော်များကို ဈာပနအဖွဲ့မှ သိမ်းဆည်းပြီး အကြွင်းအကျန်များကို ယူခွင့်ပြုလိုက်ရာ ဓာတ်တော်များသာမက ပြာ၊ ရာဇမတ်၊ ဝါးများပါကုန်၍ မြေကြီးပင် တွင်းကြီးဖြစ်ကျန်ခဲ့သည်။ အိမ်သို့ရောက်၍ မိမိရလာသော အရိုးပြာများကို ရေမွှေးပုလင်း၌ထည့်ထားရာ ပြာမှ အလုံးကလေးများဖြစ်ကာ တက်ချည်ဆင်းချည်ဖြင့် ဓာတ်တော်များကွန့်မြူးနေသည်ကို အံ့သြဘနန်းဖူးတွေ့ကြရသည်။ ဈာပနပွဲကြီးပြီးသွားသော်လည်း မီးသဂြိုဟ်ရာဌာနတွင် ညဘက်မှာ မီးလုံးကြီးများမကြာခဏဖျတ်ဖျတ်လျက် ဓာတ်တော်များမြူးနေကြလေသည်။ ယင်းအကြောင်း ကျော်ကြားလာ၍ တစ်နွေလုံး ပွဲကြီးအဖြစ် စည်ကားလျက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲလုပ်ကြပြန်လေရာ လှည်းပေါင်းတစ်ထောင်ကျော် အရပ်ရပ်မှလာရောက်ပူဇော်ကြ၍ ဈာပနပွဲတန်းကလို စည်ကားပြန်၏။ ဈာပနပွဲပြုလုပ်ရာနေရာ၌ သဲပုံစေတီတည်ပေးကြသည်။ ထိုသဲပုံစေတီမှလည်း ညဘက်တွင် မီးလုံးကြီးများပျံကြွကွန့်မြူးနေသည်ကို မကြာခဏတွေ့ကြရပြန်သည်။ သဲပုံစေတီအနီးမှ ပြာနှင့်ရောနေသောသဲများကို ရေဖန်ခွက်နှင့်ထည့်လျှင် သင်္ဘောစေ့ခန့် ပုလဲရောင်အလုံးကလေးများသည် ငုပ်ချည်ပေါ်ချည်ဖြစ်တာ မြူးကြွနေပြန်သည်။ ထိုသဲပုံစေတီနေရာ၌ ဉာဏ်တော်အတောင် (၃၀) ရှိ အရိုးဓာတ်စေတီတည်ထားကိုးကွယ်ကြသည်။ ယနေ့တိုင်ထင်ရှားစွာတည်ရှိလေသည်။ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ပဲခူးတောရဘုန်းတော်ကြီး ဦးသီလကား ဤသို့ဓာတ်တော်များထင်ရှားစွာကျသည်ကိုထောက်ဆ၍ ဈာန်အဘိညာဉ်ရသော ခီဏာသဝ (ရဟန္တာအစစ်) ပုဂ္ဂိုလ်ထူးကြီးဖြစ်ကြောင်း ရှေ့ဘုန်းတော်ကြီးများထောက်ခံကြလေသည်။

ဤဆောင်းပါးဖြင့် ရဟန္တာဘုန်းတော်ကြီး ဦးသီလနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်။

တင်အောင်(စက်မှုတက္ကသိုလ်)

**ကျမ်းကိုး -**

၁။ ပဲခူးတောရ အရည်ဂါသီ ဦးသီလထေရုပ္ပတ္တိစိဘာဝနီကျမ်း (ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ရေးသား ပြုစုသည်) (၁၉၈၂ ခုနှစ်၊ ဖွန့်လထုတ်)

၂။ ဘုန်းတော်ကြီးဦးသီလထေရုပ္ပတ္တိ (ညောင်လေးပင်တောရဆရာတော် ဦးအရိယ ပြုစုသည်။)

၃။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ (ဓမ္မာစရိယဦးဌေးလှိုင်) (၁၉၉၃ ခုနှစ်၊ မေလထုတ်)

၄။ မြန်မာနိုင်ငံရဟန္တာနှင့် ရဟန်းထူးများ ပထမတွဲ (မောင်ပန်းမွှေး ပြုစုသည်)

၅။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ (တင်အောင်ဆွင်) (တိုးထက် စီစဉ်၍ ရန်အောင်စာပေမှထုတ်ဝေသည်)



www.burmeseclassic.com

www.burmeseclassic.com

ကံ့ဝင်း
ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ
ရွှေဦးသျှောင် မြတ်ဘုန်းခေါင် အမှတ်(၁၆)

# တက်ပေါင်းစုံစေတီတော်များ


ဘာသာရေး၊ သာသနာရေး အကြောင်းပြု၍ စာရေးသူသည် မကြာခဏ ခရီးထွက်ရ၏။ ခရီးထွက်ရာတွင်လည်း အောင်မင်္ဂလာအဝေးပြေးဂိတ်မှ အဝေးပြေးကားများစီးပြီးသွားရသောခရီးကများလှ၏။

အောင်မင်္ဂလာအဝေးပြေးဂိတ်မှ ခရီးသွားကားကြီး စထွက်ပြီဆိုလျှင်ဖြင့် ဦးစွာပထမ အဦးဆုံး ဆယ်ဖြာလက်အစုံ ကြာပဒုံဖြင့် ဖူးဖြစ်သည်က အောင်မင်္ဂလာအဝေးပြေးဝင်းကြီးထိပ်မှ မင်္ဂလာဒုံ'ဇေကမ္ဘာဘုရားစေတီပုထိုးများ' ဖြစ်ပါသည်။ မင်္ဂလာဒုံဥယျာဉ် မြို့ဦးဘုရားများဟုလည်း ခေါ်ကြပါသည်။ အဦးဆုံးကားစထွက်ထွက်ချင်း ရွှေရောင်တဝင်းဝင်းဘုရားစေတီများဖူးရခြင်းက လွန်စွာ ကြည်နူးချမ်းမြေ့ဖွယ်ရာဖြစ်ရပါသည်။ ခရီးထွက်တိုင်း ရိုကျိုးရှိခိုးကန်တော့နေကျ မင်္ဂလာဒုံဥယျာဉ်မြို့ဦး 'ဇေကမ္ဘာဘုရား' များ တည်တော်မူရာ ဇေကမ္ဘာဝင်းကို တစ်ခါဖူးမျှ သွားရောက်ဖူးမြော်ခြင်းမရှိပါ။ ခရီးသွားမှသာ သတိတရဖူးရခြင်းဖြစ်သည်။ သည်တစ်ခေါက်ခရီးသွားကပြန်မှ အေးအေးဆေးဆေး သွားဖူးမည်ဟု စိတ်မှာဖြစ်ပေါ်နေသည်မှာ ကြာလှပါပြီ။ အခေါက်ပေါင်းများစွာ တိုင်သည့်တိုင် မဖူးဖြစ်ခဲ့ပါ။ ကပ်ကပ်ပြီး ကျော်သွားသဖြင့် 'ကပ်ကျော်' ဘုရားဟူ၍ပင် တင်စားခေါ်ဝေါ်တော်မူရမည် လိုဖြစ်နေပါသည်။


၁၃၇၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ 'အမျိုးသားနေ့' အလုပ်မသွားရ၊ အလုပ်အားပါသဖြင့် သမီးဖြစ်သူ မေရှင်နှင့် ရွှေပုဏ္ဏမီတို့ကို ခေါ်လျက် မင်္ဂလာဒုံဥယျာဉ်မြို့တော် အဝင်အဝ အောင်မင်္ဂလာအဝေးပြေးဝင်းကြီးထိပ်ရှိ ဇေကမ္ဘာဘုရားကြီးသို့ သမီး မေရှင် မောင်းသော SUCCEED ကားလေးစီးပြီး ဘုရားဖူးထွက်ခဲ့သည်။ မြောက်ဥက္ကလာ ခြောက်ကွေ့ကျော်ကျော် သီရိရတနာကုန်စည်ဖုန်ရှေ့ကျော်လာသည်နှင့် ဘာဏုရာဇာနေမင်းကြီးမှ ဦးတိုက်ပူဇော်နေမှုကြောင့် ရောင်ခြည်ဖြာတဝင်းဝင်းနှင့် ရွှေတောင်တော်အလား စေတီပုထိုးများကို ဦးစွာပထမ ကြည်နူးစွာ ဖူးမြော်ခွင့်ရလိုက်၏။

"အဲဒါ ဇေကမ္ဘာဘုရားတွေ"

စာရေးသူမှ လက်ညှိုးညွှန်ပြလိုက်သောအခါ ကားမောင်းလာသူ သမီး မေရှင်က အာရုံဖြင့်လှမ်း၍ ဘုရားကန်တော့ဟန်ပုံပေါ်ပါသည်။ သမီးရွှေပုဏ္ဏမီကတော့ လက်အုပ်ချီကန်တော့ကြပါသည်။ အဝေးပြေးဂိတ်အမှတ်(၁) ကျော်သည်နှင့် ဇေကမ္ဘာဘုရားဝင်ပေါက်




ရွှေဦးသျှောင် မြတ်ဘုန်းခေါင် ရွှေတိဂုံပုံတူစေတီတော်




မာရဇေကစေတီတော်ကြီး

www.burmeseclassic.com




ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်



ကျိုက်ထီးရိုးပုံတူစေတီတော်



ကေလာသဆံတော်ရှင်စေတီတော်



ဓမ္မရာဇကမှန်ဝစေတီ



မဟာမုနိ



လိုဏ်အတွင်းမှ ရုပ်ပွားတော်မြတ်


သို့ ရောက်လာပါသည်။ ဘုရားဝင်း အတွင်းမှာ ဘုရားဖူးများဖြင့် စည်ကားနေသည် ကိုတွေ့ရပါသည်။ ထီးတော်များ အသစ်တစ်ဖန်ပြန်တင်ရန်ဟု ဆိုပါသည်။ ဘုရားကြီးများပေါ်တွင် ငြမ်းဆင်နေကြလေ၏။ ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ထီးတော်တင်ပွဲကျင်းပမည်ဖြစ်ကြောင်း ကြားသိရပါသည်။ ဘုရားဝင်း သာသနာ့နယ်မြေရောက်သောအခါတွင် ဘုရားစုံဖူးရပါတော့သည်။ ပုဂံဓမ္မရာဇကဘုရား၊ ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်၊ ကေလာသဆံတော်ရှင်စေတီတော်၊ ကျိုက်ထီးရိုးစေတီတော်၊ မဟာမြတ်မုနိဘုရားကြီး စသည်ဖြင့် စေတီပုထိုးများတစ်နေရာတစ်ဌာနတည်းတွင် ဖူးမြော်ရသည်မှာ လွန်စွာဝမ်းသာပီတိ ဂွမ်းဆီထိသလို ကြည်နူးချမ်းမြေ့ရပါသည်။ ဆံတော်ရှင် ကျိုက်ထီးဆောင်း သာသနာပြု ဆရာတော်ဘုရားကြီးကိုလည်း ရင်ထဲအသည်းထဲမှ ကျိတ်ပြီးကျေးဇူးတင်မဆုံးဖြစ်နေမိပါသည်။ ဆရာတော်ဘုရားကြီးသည် စိတ်ကူးပုံရိပ်ကို အကောင်အထည်ဖော်ရာတွင် လုံးဝပီပြင်လှပါသည်။

မဟာမြတ်မုနိဘုရားကြီးဝင်ဖူးဖြစ်တော့ မန္တလေးမဟာမြတ်မုနိဘုရားကြီးသို့ သွားရောက် ဖူးမြော်ရသကဲ့သို့ ထင်မှတ်နေမိပါသည်။ မဟာမြတ်မုနိဘုရားကြီး၏ ပုံတော်ကို ပုံဖော်အာရုံပြုဆုတောင်းနေရသည်မှာ မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်အခါက ရင်ငွေ့လှုံကိုယ်စားကိုယ်ပွားထားတော်မူသော မဟာမြတ်မုနိဘုရားကြီးသို့ ပကတိအတိုင်းဖူးရသကဲ့သို့ ခံစားရမှုနှင့်အတူ ထူးကဲ့သော သန္တိသုခဓာတ်အေးငြိမ်းချမ်းသာခြင်းကို ရရှိစေခဲ့ပါသည်။

မဟာမြတ်မုနိရုပ်ပွားတော်ဘုရားအား ဖူးမြော်ကန်တော့ပြီးနောက် လေးဆူဓာတ်ပုံဘုရားရွှေတိဂုံပုံတူစေတီတော်ဖြစ်တော်မူသော မင်္ဂလာဒုံဥယျာဉ်ဇေကမ္ဘာဘုရားသာသနာ့နယ်မြေ၌ ဉာဏ်တော်အကြီးဆုံး ပင်မစေတီဖြစ်သော ဇမ္ဗူဥသျှောင် မြတ်ဘုန်းခေါင်စေတီတော်ကြီးသို့ ဝင်ရောက် ဖူးမြော်ကြပါသည်။ ဘုရားကြီးမှာ လိုဏ်ဘုရားကြီးဖြစ်ပြီး အတွင်းသို့ဝင်ရောက်ဖူးသည်နှင့် အေးမြသောထိတွေ့မှုနှင့်အတူ ဘုရားအာရုံပြု၍ လွန်စွာကောင်းမွန်လှပါသည်။ အရပ်လေးမျက်နှာသို့ မျက်နှာမူထားသော မတ်ရပ်ရုပ်ပွားတော်လေးဆူကို ဖူးတွေ့ရပါသည်။ လိုဏ်ဂူတော်မျက်နှာကြက်တွင် ဗုဒ္ဓမြတ်၏ဗုဒ္ဓဝင်များကို မှတ်တမ်းတင် ဖော်ပြထားသည်ကိုတွေ့ရပါသည်။

ပင်မစေတီတော်မြတ်ကြီးပတ်ပတ်လည်တွင် စေတီပုထိုးများတည်တော်မူထားသည်ကို ဖူးတွေ့ရပါသည်။ ရှင်သီဝလိရဟန္တာရုပ်တုတော်နှင့်ဥပဂုတ္တ


www.burmeseclassic.com




ဘုရားကြီးသို့ဆင်ဝင်မုခ်ပေါက်



ရင်ပြင်တော်ကျောင်းဆောင်ဘုရားခန်း



အမှတ် (၃) လမ်းမကြီးပေါ်မှ ဖူးမြင်ရ ဗမ္မဦးသျှောင် မြတ်ဘုန်းခေါင်ဘုရား



ဗောဓိပင်နှင့်ရွှေပလ္လင်

ရဟန္တာမထေရ်မြတ်တို့ သီတင်းသုံးရာကျောင်းဆောင်တော်များကို ဖူးတွေ့ရပါသည်။ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဘုရားဖူးသောအခါ ရှင်ဥပဂုတ္တမထေရ်အဆောင်နှင့် ရှင်သီဝလိရဟန္တာမထေရ်မြတ်တို့အဆောင်များကျော်လာသောအခါ အနီအောက်ခံနှင့် ရွှေရောင်တွေ ဝင်းထိန်နေသော စေတီတစ်ဆူကို ဖူးတွေ့ရပါသည်။ လှေလာကြည့်သောအခါ 'ကေလာသဆံတော်ရှင်စေတီတော်' ကို ဖူးမြင်ရပါသည်။

**ကေလာသဆံတော်ရှင်စေတီတော်သမိုင်း**

မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် နိုးဓလွန်း (ခေါ်) ကေလာသတောင်ပေါ်နေ တိလရသေ့သည် ဘုရားရှင်တော်ထံမှ ဆံတော်(၂)ဆူရရှိခဲ့သည်။ တိလသရသေ့သည် ဆံတော်(၂)ဆူကို မိမိ၏ဆံကျစ်ကြား၌ ထည့်သွင်းပူဇော်လာခဲ့ရာ (၃) နှစ်ခန့်အကြာတွင် နာမကျန်းဖြစ်လာ၍ ကျိုက်ထီးရိုးတောင်ပေါ်နေ မိတ်ဆွေဖြစ်သူ ဗုဒ္ဓဉာဏရသေ့ကို ပင့်ခေါ်၍ ကေလာသတောင်ထိပ်တွင် စေတီတည်ကာ ဆံတော်များကို ဌာပနာထည့်သွင်းပူဇော်ပေးရန်မှာကြားပြီး ပျံလွန်ခဲ့သည်။ (ဆံတော်(၂)ဆူအနက် (၁)ဆူကို တိသရသေ့ကြီးက ယူဆောင်၍ ကျိုက်ထီးရိုးစေတီတွင် ဌာပနာထားသည်။)

ဗုဒ္ဓဉာဏရသေ့သည် တိလရသေ့ထံမှ ဆံတော်(၁)ဆူရရှိပြီး၍ တစ်နှစ်ခန့်အကြာတွင် ဇရာဒုဗ္ဗလဖြစ်လာကာ ပျံလွန်ရမည့်အခြေအနေဖြစ်လာသည်။ မိမိရရှိထားသော ဆံတော်(၂)ဆူ အပါအဝင် ဆံတော်(၃)ဆူအတွက် ကြောင့်ကြမှုဖြစ်လာရသည်။ ထိုအချိန် သိကြားမင်းရောက်ရှိလာ၍ ဗုဒ္ဓဉာဏရသေ့သည် တိလရသေ့ မှာကြားခဲ့သည့်အတိုင်း အကြောင်းစုံကိုရှင်းပြသည်။သိကြားမင်းသည် ရသေ့နှင့်အတူ ကေလာသတောင်ပေါ်သို့ သွားရောက်ကာ အကြီးဆုံးကျောက်တုံးကြီးပေါ် အနက်(၃)တောင်(၁)မိုက်ရှိသည့် ဌာပနာတိုက်တော်ကို သန်လျက်ဖြင့် ထွင်းဖောက်ပေးသည်။ ရသေ့ကြီးကိုယ်တိုင် ဆံတော် (၃) ဆူကို ရွှေကြုတ်အတွင်းထည့်သွင်း၍ ဌာပနာသွင်းလှူပူဇော်သည်။

မဟာသက္ကရာဇ် ၁၁၈ ခုနှစ် တိုက်ကုလားမြို့စား သပေါ်မင်းသည် ဆံတော်များဌာပနာထားသော ကျောက်တုံးကြီးကိုငုံ၍ ဖိနပ်တော်အတောင်(၅၀)ရှိ လေးမျက်နှာတိုက်စေတီပုံ တည်ထားပူဇော်ခဲ့သည်။ စေတီတော်သည် မွန်ဘာသာဖြင့် 'ကျိုက်ကေသာရ' မြန်မာဘာသာဖြင့် 'ဆံတော်ရှင်ဘုရား' ဟု ဘွဲ့အမည်တော်ရှိသည်။ တိုက်ကုလားမြို့စား သပေါ်မင်းသည် မကြာခဏလာရောက်၍ သီလဆောက်တည်လေ့ရှိသဖြင့် 'ကျိုက်သီလပေါ်' ဟုလည်း ခေါ်တွင်သည်။ အထူးသဖြင့် 'ကေလာသဆံတော်ရှင်စေတီတော်' ဟု အပေါ်များ

www.burmeseclassic.com

၍ ထင်ရှားပါသည်။

**□ ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်သမိုင်း**

ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၁၁ ခုနှစ်၊ ဘီစီ ၅၉၁ တွင် သုဝဏ္ဏဘူမိ သထုံပြည်သို့ ရဟန္တာငါးရာ ခြံရံလျက် ကြွရောက်တော်မူခဲ့စဉ် ကေလာသကျွန်းမှ နတ်ဘီလူးအကြီးအမှူး မဏ္ဍိကုဏ္ဍလနှင့် ဒေဝကုဏ္ဍလ ညီနောင်တို့အား ဆံတော်တစ်ဆူ ချီးမြှင့်တော်မူခဲ့သည်။ နတ်ဘီလူးညီနောင်တို့ ဥည်ကေလာသကျွန်းရှိ မြဦးတောင်တွင် ဂဝံကျောက်အုတ်ချပ်များဖြင့် စေတီတော် တည်ထား၍ ဆံတော်ကို ဌာပနာထည့်သွင်းပူဇော်ခဲ့သည်။ စေတီတော်အား လှပဆန်းကြယ်သော ကျောက်ဆစ်အနုပညာလက်ရာမျိုးစုံတို့ဖြင့် မွမ်းမံတည်ဆောက်ထားသည်။ စေတီတော်၏ ပန်းတင်ခုံသည် အမြင့် (၁၈) ပေရှိရာ ဘိလပ်မြေ၊ ထုံး၊ သဲမပါဘဲ ဂဝံကျောက်များဖြင့်သာ တည်ဆောက်ထားသည်မှာ ထူးခြားလှသည်။ ဂဝံအခြေခံပလ္လင်တော်အထက်၌ ရှစ်မြောင့်ရှိစေတီတော်ကား အံ့ချီးဖွယ်ကောင်းလှပါသည်။


ယခင်အခါက စေတီတော်ကြီး၏ ထီးတော်မှာ တိမ်းစောင်းနေသဖြင့် 'ထီးစောင်းစေတီ' ဟု ခေါ်တွင်သည်။

၁၃၃၃ ခုနှစ်တွင် သာသနာပြုဆရာတော်အရှင်ပညာဒီပရောက်ရှိလာပြီး ဆံတော်ရှင်နှင့်စပ်လျဉ်းသည့် စေတီပုထိုးများကို မနေမနား ကြိုးစားဆောင်ရွက်ခဲ့ရာ ၁၃၃၅ ခုနှစ်တွင် အရှင်ပညာဒီပ ဦးဆောင်၍ ရွှေထီးတော်အသစ်ကို တင်လှူပူဇော်ခဲ့ကြသည်။ ထိုအခါ ထီးတော်ကြီးမှာ တိမ်းစောင်းမနေတော့ဘဲ ဖြောင့်စင်း တိကျစွာ တည့်မတ်သွားပါသည်။ ထိုအချိန်မှစ၍ 'ထီးစောင်းစေတီ' ဟူသောဘွဲ့အမည်မှ 'ကျိုက်ထီးဆောင်းစေတီ' ဟူသော ဘွဲ့အမည်တွင် ပြီးပြည့်ခွင်တစ်လွှားတွင် ပေါ်လွင်ထင်ရှားအသိများလှသည့် စေတီတော်တစ်ဆူအဖြစ် အပူဇော်ခံလျက်ရှိပါသည်။

□ *ဆံတော်ဓာတ်တော်၊ အာရုံမျှော်၍ ပူဇော်လှူဒါန်း၊ ကုသိုလ်ပန်းသည် မြိုက်ခန်းနိဗ္ဗာန် လှိုင်စေသော်။*

သုဝဏ္ဏဘူမိ ဆံတော်ရှင်များ တစ်ကျော့ပြန်ဖြင့် ဖော်ဆောင်တော်မူခဲ့သော ကျိုက်ထီးဆောင်းဆံတော်ရှင်များ၊ သာသနာပြုဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာသီဒ ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးမှ ဦးဆောင်၍ တည်တော်မူထားသော ပုံတူရုပ်ပွားစေတီတော်များ လှည့်လည်ဖူးမြော်ပြီးနောက် ကမ္ဘာ့အံ့ချီးမကုန် တန်ခိုးတော်ကြီးဘုရားစေတီတော်ဖြစ်၍


ရုပ်တော်မှုရုပ်ပွားတော်


ရှင်သီဝလိရဟန္တာ


ရှင်ဥပဂုတ္တကျောင်းဆောင်


တံခွန်တိုင်



ရှင်ပြင်တော်ကျောင်း


ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းမှ ရသေ့ကြီးဦးခေါင်းနှင့်တူ တော်မူသောကျောက်တုံးကို ရှာဖွေတွေ့ ရှိပြီး ဗုဒ္ဓမြတ်စွာ၏ ဆံတော်မြတ်ကို သိကြားမင်းအကူအညီဖြင့် ရသေ့ကြီး ဌာပနာတော်သွင်းလှူပူဇော်တော်မူထား ခဲ့သည့် ရှေးခေတ်အခေါ် 'ကျိုက်ကသိယို' ယနေ့ခေတ်အခေါ် ဆံတော်ရှင်ကျိုက်ထီး ရိုးစေတီတော်ပုံတော်ပွားပုံတော်ကိုလည်း မင်္ဂလာဒုံဥယျာဉ်မြို့တော် သာသနာ့ နယ်မြေတွင် တည်တော်မူထားသည်ကို ဖူးမြော်ခဲ့ရပြန်ပါသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ တော်ပုံတူစေတီတော်ကိုဖူးမြော်ကန်တော့ ပြီးသည့်နောက် ယခုတစ်ဖန် ဖူးမြော်ရန် ရောက်ရှိလာသည်ကတော့ ပုဂံသာသနာ တော်ဝယ် လွန်စွာထင်ရှားကျော်ကြား ခဲ့တော်မူသော နရပတိစည်သူမင်းကြီး (၂)နှစ်အကြာ တည်ထားတော်မူခဲ့သော ဓမ္မရာဇကာဘွဲ့မည်တော်ရသည့် ပုံတော် တူပုံတော်ပွားစေတီသို့ ရောက်ရှိနေခြင်း ဖြစ်ပါသည်။ နရပတိစည်သူမင်းကြီး သည် သိန်းယိုမင်းထံမှပေးပို့သော သရီရ ဓာတ်တော်အဆူ(၃၀)ကို ရွှေကြုတ်တွင် ဌာပနာသွင်းလှူပူဇော်တော်မူခဲ့ပါသည်။ ပစ္စယာသုံးဆင့်ရှိသည်။ ပစ္စယာအဆင့် ဆင့်သို့လှေကားမှတက်၍ရအောင်တည် တော်မူခဲ့ပါသည်။ ပထမပစ္စယာမှစပြီး လက်ယာရစ်လှည့်ပြီးဖူးမြော်နိုင်ပါသည်။ ပစ္စယာအဆင့်ဆင့်တွင် ဇာတ်တော်များ ကို စဉ့်ချပ်တို့တွင် ထွင်းထုပြီး စီခြယ်ထား သည်ကို လေ့လာတွေ့ရှိရပါသည်။

ဓမ္မရာဇကစေတီတော်ပုံတော်မှာ ရွှေစည်းခုံဘုရားတည်တော်မူပုံနှင့်အခြေခံ တူညီနေဟန်တူပါသည်။အာရုံခံမုခ်ထား ရှိတည်တော်မူပုံကလည်း တစ်မူထူးလှပါ သည်။ ပွင့်တော်မူပြီးသောဘုရား(၄)ဆူ နှင့် ပွင့်လာမည့်ဘုရား(၁)ဆူ စုစုပေါင်း ဘုရား(၅)ဆူရည်စူးပြီး ငါးမျက်နှာတွင် တစ်မျက်နှာမှာ ကြေးဆင်းတုဘုရား တစ်ဆူ၊ စုစုပေါင်း ဘုရား (၅) ဆူတည် တော်မူဟန်မှာ ထူးခြားချက်ဖြစ်ပါသည်။ စေတီတော်ကြီးနှင့်တစ်ဆက်တည်းတည် ထားသော ထိုဘုရားငါးဆူအတွင်းနံရံ များ၌ ပုဂံခေတ်ပန်းချီ ပုဂံခေတ်ကမ္ပည်း စာများရှိပါသည်။

ပုဂံရှိ ဓမ္မရာဇကစေတီတော် ကမ္ပည်းကျောက်စာတွင်းမှတ်တမ်းများ ရေးထိုးထားခဲ့သည့် သမိုင်းကျဉ်းမှာ -

. . . . သက္ကရာဇ် ၅၅၈ ခု သီတင်း ကျွတ်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ တွင် ပုထိုးတော်ပြုအံ့ခြင်းငှာ လက်ခင်ွ လေးသောင်းလေးထောင်နှစ်ဆယ့်ခုနစ် ကျပ်ပဲတစ်ဆယ့်ရှစ်လုံးရေစက်သွန်းချလှူ တော်မူသည်။

၂။ သက္ကရာဇ် ၅၅၉ ခု၊ သီတင်း ကျွတ်လဆန်း ၂ ရက်၊ သောကြာနေ့ မူလနက္ခတ် မိန်လဂ်နေ့သုံးပဟိုရ်တွင် သရီသဓာတ်တော် (၃၀) တွင် ရချေ သော ဓာတ်တော်လေးလုံးနှင့်တကွ ကျောက်ဖျာထက်တွင် ဌာပနာတော်မူ သည်။

၃။ သက္ကရာဇ် ၅၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ သောကြာ နေ့တွင် အထွတ်တင်သည်။

မင်္ဂလာဒုံဥယျာဉ်မြို့တော်သာသနာ့ နယ်မြေအတွင်းတည်ရှိ ပုဂံဓမ္မရာဇာပုံတူ ပုံပွားစေတီတော်ကို ဖူးမြော်နေရင်းမှ ပုဂံမှ ဓမ္မရာဇကစေတီတော်ကြီးဆီသို့ စိတ်အာရုံလွင့်ပါးရောက်ရှိသွားပြီး ယခင် က ဖူးတွေ့ရပုံကို ပြန်လည် အမှတ်တရ ဖြစ်ပေါ်နေမိပါသည်။

သာသနာပြုဆရာတော်ကြီးမှ ပုံတူ ရုပ်ပွားစေတီပုထိုးများ တည်တော်မူရာ တွင် အလွန်တရာစနစ်ကျ၍ ပုဂံဘုရား ဆိုပါလျှင်လည်း ပုဂံပြည်ရောက်နေ သကဲ့သို့ခံစားရပါသည်။ ကျိုက်ထီးရိုး ဘုရားဆိုပါလျှင်လည်း ကျိုက်ထီးရိုး တောင်ပေါ်ရောက်နေသကဲ့သို့ထင်သွား ရခြင်း၊ မဟာမြတ်မုနိဘုရားဖူးရာတွင် လည်း မန္တလေးမဟာမြတ်မုနိဘုရားရှေ့ တော်မှောက်ရောက်၍ဖူးနေရသကဲ့သို့ ကုသိုလ်ယူဖူးခွင့်ရသည်မှာ ထူးခြားချက် တစ်ခုဖြစ်ပါသည်။

ယခင် အောင်မင်္ဂလာကားဝင်း ခရီးသွားကားကြီးပေါ်မှ မကြာခဏ အကြိမ်ကြိမ်ဖူးမြော်ခဲ့ရသော ရွှေရောင် တဝင်းဝင်းနှင့် ဇေကမ္ဘာဝင်း (မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ဝင်း)ထိပ်မှ ဘုရားစေတီ တော်များကို ယနေ့တွင် ထင်ထင်ရှားရှား ဖူးမြော်နိုင်ခဲ့ပါပြီ။ ရွှေတိဂုံစေတီတော် ပုံတူစေတီတော်ဖူးမြော်ရခြင်း၊ ပုဂံဓမ္မ ရာဇကစေတီပုံတူဖူးရခြင်း၊ ကျိုက်ထီး ဆောင်း၊ ကေလာသစေတီတော်များဖူး ကြရခြင်း၊ မဟာမြတ်မုနိဘုရားဖူးမြော်ရ ခြင်း စသည်ဖြင့် ဘုရားစေတီတော်မြတ် များသည် ပုံတူဘုရားစေတီများပင်ဖြစ် လင့်ကစား ပုဂံဆို ပုဂံဘုရားရောက်နေ ရသကဲ့သို့၊ မန္တလေးမဟာမြတ်မုနိဆို မန္တလေးမဟာမြတ်မုနိရောက်နေသကဲ့သို့ ကျိုက်ထီးရိုးဆိုပါကလည်း ကျိုက်ထီးရိုး တောင်ပေါ်ရောက်နေသကဲ့သို့ ကြည်နူး ခံစားဖူးမြော်ရသည်မှာ လွန်စွာ ထူးခြား လှသည်ဖြစ်၍ အလုပ်များ အလုပ်မအား ၍ ပုဂံ၊ မန္တလေး စသဖြင့် သွားရောက်၍ ဘုရားဖူးမသွားဖြစ်ကြသေးသော ဗုဒ္ဓ ဘာသာနွယ်ဝင် ပြည်သူပြည်သားများ၊ ကျောင်းသားကျောင်းသူများ၊ နယ်ဘုရား ဖူးမသွားနိုင်ကြသေးသောသူများအဖို့ မင်္ဂလာဒုံဥယျာဉ်မြို့တော်ထိပ် မြို့ဦးထိပ် တွင် တည်ထားသော 'ဇမ္ဗူဥသျှောင်မြတ် ဘုန်းခေါင်ဓာတ်ပေါင်းစုံဘုရားများ' သို့ တစ်ခါတစ်ခေါက် သွားရောက် ဖူးမြော် ကုသိုလ်ယူကြပါ။ ထူးထူးခြားခြား အကျိုး များကြပါလိမ့်မည်ဟု တိုက်တွန်းနှိုးဆော် တော်မူပါသည်။

*မေတ္တာများစွာဖြင့်*

*ကံဝင်း*

**ကျမ်းကိုး -**

၁။ ဘုရားသမိုင်းမော်ကွန်းကျောက် စာများ။

၂။ ကေလာသ၊ ကျိုက်ထီးဆောင်း ဘုရားသမိုင်းစာများ

၃။ ပါရဂူရေး - ပုဂံခရီးသည်

၄။ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု

www.burmeseclassic.com



# ဇာဂရ(သရက်တော)
# အိပ်မက်များနှင့် တွေ့ဆုံခြင်း

လောကီဘုံသား လူတို့အတွင်း အိပ်မက်မြင်မက်မှုအထွေထွေရှိနေပါသည်။ အိပ်မက်မြင်မက်သည်ဆိုရာမှာလည်း သွေးလေချောက်ချား မကျန်းမာ၍ မြင်မက်ခြင်း၊ ကောင်းသည်၊ ဆိုးသည် မည်သည့်ပင်ရှိစေ စိတ်မှာစွဲလမ်းမပြေပျောက်ခြင်းကြောင့် ညအခါ အနားယူအိပ်စက်သည်တွင် အိပ်မက်ခြင်းအဖြစ်သို့ ရောက်၍မြင်မက်ခြင်းနှင့် လောကီ၊ လောကုတ္တရာစာပေကျမ်းလာဖတ်ရှုရာတွင် နတ်ဒေဝါပုဂ္ဂိုလ်အထွေထွေတို့၏ အရိပ်အဝါအသိပေးမှုများကြောင့်လည်း အိပ်မက်မြင်မက်ခြင်းများရှိကြောင်းကို ဗဟုသုတအရာ မှတ်သားဖွယ်ရာများရှိနေပါသည်။

"ရဟန်းဂေါတမကား အလွန်ခြိုးခြံစွာကျင့်၍မျှ ဘုရားမဖြစ်နိုင်ခဲ့။ ယခု လာဘ်လာဘပေါ်များရာဘက်သို့လည်းပြီး ကျင့်ကြံသွားပြီဖြစ်သဖြင့် အဘယ်မှာ ဘုရားဖြစ်နိုင်တော့မည်နည်း"

ဟု အလောင်းတော်ကို စွန့်ခွာ၍ (၁၈) ယူဇနာဝေးသော ဣသိပတန မိဂဒါဝုန်တောသို့ထွက်သွားခဲ့ကြသည်။

(မှတ်ချက်။ ။ မြတ်စွာဘုရားအလောင်းတော်သည် ဒုက္ကရစရိယာအကျင့် (၆) နှစ်မျှ ကျင့်ကြံအားထုတ်ပါလျက် ဘုရားအဖြစ်သို့မရောက်နိုင်သည်ကို ဆင်ခြင်တော်မူ၍ သပိတ်ဖြင့်ဆွမ်းခံဘုဉ်းပေးသည့်အခါမှသာလျှင် ရက်ပိုင်းအတွင်းမှာပင် အားအင်ပြည့်ဖြိုး၍



www.burmeseclassic.com

www.burmeseclassic.com

အဆင်းတော်လည်း ဝင်းဝါစိုပြည်လာသည်ကိုမြင်၍ မရှိမပဋိပဒါခေါ် အလယ်အလတ်လမ်းစဉ်ကို မသိကြကုန်သော ပဥ္စဝဂ္ဂီရဟန်းတို့ အလောင်းတော်ကို စွန့်ခွာသွားခဲ့ကြခြင်း ဖြစ်သည်။)

သို့ဖြင့် ကဆုန်လဆန်း ၁၄ ရက် ညသန်းခေါင်ကျော် မိုးသောက်ချိန်တွင် အလောင်းတော်သည် အိပ်မက်ကြီး ငါးပါးကို မြင်မက်လေသည်။

❑ ဘုရားအလောင်းတော် မြင်မက်သော အိပ်မက်ငါးပါး

၁။ မြေအပြင်ကို အိပ်ရာပြု၍ ဟိမဝန္တာတောင်ကိုခေါင်းအုံးကာ အရှေ့အနောက်သမုဒ္ဒရာပြင်ပေါ်၌ လက်တော်တစ်ဖက်စီကိုထားလျက် တောင်သမုဒ္ဒရာ၌ ခြေတော်နှစ်ဖက်ထားပြီး အိပ်စက်တော်မူ၏ဟု လည်းကောင်း။

၂။ သန္တာနီအဆင်းရှိ တိရိယ မည်သောမြက်မျိုးသည် ဝင်ရိုးပမာ ချက်တော်မှဖောက်၍ တဖြည်းဖြည်း ကြီးထွားသွားပြီး အမြင့်ဆုံးဘုံဘဝဂ် အထိရောက်သွား၏ဟု လည်းကောင်း။

၃။ တစ်ကိုယ်လုံးဖြူသည့် ပိုးမျိုး အပေါင်းတို့သည် ခြေတော်များမှ ဒူးခေါင်းအထိ တရွရွတက်ရောက်၍ ဖုံးလွှမ်းသွား၏ဟု လည်းကောင်း။

၄။ အဆင်းအမျိုးမျိုးရှိသောငှက် အပေါင်းသည် အရပ်လေးမျက်နှာမှလာ၍ ခြေတော်ရင်း၌ ဝပ်စင်းကြသော် အားလုံး ဆွတ်ဆွတ်ဖြူသွားကုန်၏ဟု လည်းကောင်း။

၅။ ကိုယ်တော်မြတ်သည် မစင် တောင်ကြီးပေါ်သို့တက်၍ စင်္ကြံကြွတော်မူသော်လည်း မစင်လိမ်းကပ်ခြင်းမရှိဟု လည်းကောင်း အိပ်မက်ကြီးငါးပါးကို မြင်မက်ကြောင်း ဗဟုသုတရပါသည်။

❑ မယ်တော်မဟာမာယာ၏အိပ်မက်

စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် မယ်တော်မဟာမာယာကို အိပ်ရာသလွန်နှင့်တကွချီ၍ ဟိမဝန္တာတောသို့ဆောင်ပြီး ဆေးဒါန်းမြင်းသီလာကျောက်ဖျာပေါ်တွင် အင်ကြင်းပင်ကြီး အောက်၌ချထား၏။ နတ်မိဖုရားလေးဦးတို့ကလာ၍ သီဒါနဝဒတ်ရေဖြင့် ရေချိုးပေးပြီး နတ်တို့၏ပန်းနံ့သာတန်ဆာတို့ဖြင့်ဆင်ယင်ပေးလျက် ရွှေတောင်ထိပ်၌ ရွှေဗိမာန်သို့ဆောင်၍ အိပ်စေပြန်သည်။ ထိုအခါ ဆင်ဖြူတော်ကြီးတစ်ကောင်သည် မြောက်အရပ်မှလာ၍ မယ်တော်မဟာမာယာ၏လက်ယာနံပါးကိုဖောက်၍ဝင်သွားကြောင်း အိပ်မက်မြင်မက်ပုံကိုဖတ်ရှုရပါသည်။

ထို့ပြင်မက ကောသလမင်းကြီး အိပ်မက်များကိုလည်း ဖော်ပြလိုသော်ငြား စာရှည်မည်စိုးသည်ကတစ်ကြောင်း၊ ကောသလမင်းကြီးအိပ်မက် (၁၆) ချက် ကို သာသနိကအဆောက်အအုံ၊ ဇရပ်၊ တန်ဆောင်း၊ ဘုန်းတော်ကြီးကျောင်း အချို့တို့တွင် တွေ့မြင်လွယ်ကူရှိသကဲ့သို့ အလောင်းတော်သန္ဓေယူခန်းနှင့် ဖွားမြင်တော်မူပုံရုပ်ပုံနှင့်တကွ စာတို့ကိုလည်း တွေ့မြင်နိုင်သည်။ သို့သော်လည်း မြတ်စွာဘုရားရှင် အလောင်းတော်ဘဝ အိပ်မက်ခြင်းကို တွေ့ရမြင်ရရှားပါးလှ၍ဖြင့် ဆောင်းပါးအစပိုင်း၌ ဖော်ပြခဲ့ရပါသည်။

သူသူငါငါ လူအများတို့ ယနေ့ ခေတ်အခါ အိပ်မက်မြင်မက်ရာတွင် ကိုယ်၏အလိုစိတ်မှာကြည်စွာအိပ်မက် မြင်မက်ပါက ကောင်းသောအိပ်မက် မြင်မက်ခြင်းဟု ကောက်ချက်ပြုကြ၍ ကိုယ်၏အလိုစိတ်မှာမကြည်လေပါက အိပ်မက်မကောင်းဟု ကောက်ချက်ပြုကာ နီးစပ်ရာမှာရှိသော သစ်ငုတ်မှိုထံ အရောက်သွား၍ ငါအိပ်မက်နင်ယူဟု နှုတ်မှရေရွတ်ကာရိုတတ်ကြသည်။ ရှေ့တွင်ဖြစ်လာမည့်အိပ်မက်ရလဒ်ကောင်း၊ မကောင်းကို သတိထားစောင့်ကြည့်ခြင်း မပြုတတ်ကြပါ။

စာရေးသူကိုယ်တွေ့အိပ်မက်နှစ်ခု၏ရလဒ်ကိုပြောပြချင်ပါသည်။ အိပ်မက်ထဲ၌ ကိုယ်၏အလိုစိတ်မကြည်ဖွယ်ရာ မြင်မက်ခဲ့သော်လည်း အိပ်မက်ရလဒ် ကောင်းလှလေစွဟု ပြောရလောက်ပါ၏။ စာရေးသူ အသက် (၂၀) ဝန်းကျင် ၁၉၆၆ ခုနှစ်က ဖြစ်သည်။ ဦးစီးဌာန တစ်ခုတွင် ဝန်ထမ်းငယ်အဖြစ်နှင့်ခန့်အပ် ခံရ၏။ လုပ်ငန်းခွင်တွင်ကြိုးစားမှုကြောင့် အရာရှိကြီး/ငယ်တိုင်းက ဒီကောင်လို အလုပ်ကိုခါးချိုးလုပ်တဲ့ကောင်ရှားတယ် ဟု အခါမလပ် ချီးကျူးခံရသလို မျက်နှာသာပေးခြင်းလည်းခံရသည်။ တစ်နေ့တည်း တစ်ချိန်တည်း အလုပ်စဝင်သူ အတူတူ (၅) ယောက်ရှိသည်။ ဤသို့နှင့် ရက်ကိုနေ့စား၊ နေ့ကိုလစား၊ လကိုနှစ်စား ဖြင့် (၆) နှစ်အတွင်းသို့ရောက်ခဲ့သည်။ ဖွံ့စည်းပုံမကျ၍ ရာထူးမတက်ရှိလေသည်။ လုပ်ငန်းဝင်အတူတူတို့အနက် (၃) ယောက်က ဌာနပြောင်းရာထူးတက် ကြလေပြီ။ ထိုသူတို့ကို တွေ့ရမြင်ရ တော့ အားကျမိသလို ကိုယ့်အတွက် စိတ်ပျက်လာသည်။ ထိုအချိန်တွင် လုပ်ဖော်ကိုင်ဖက်အလုပ်အတူဝင်အခြား တစ်ယောက်လည်း ကွယ်လွန်တော့ မိမိ တစ်ယောက်တည်း ရာထူးမတက် နဂို တည်မြဲအတိုင်းရှိတော့သည်။

၁၉၇၂ ခုနှစ်၏ တစ်ခုသောည တွင် အိပ်မက်မြင်မက်ပုံမှာ -

၁။ ရင်ခွဲရုံကိုဖြတ်ကျော်ခြင်း

ရင်ခွဲရုံတစ်ခုသို့ ရောက်သွား၏။ စနစ်တကျရုံးတက်အဝတ်အစားနှင့်ဖြစ်သည်။ မှတ်မှတ်ရရ တိုက်ပုံနှင့် ဖိနပ်က အသစ်။ ရင်ခွဲရုံရှိစင်ပေါ်တွင် လူသေ အလောင်းကို ရင်ခွဲနေကြ၏။ ဘေးတွင်လည်း ရင်ခွဲပြီးသား သုံး၊ လေးဦးရှိသည်။ ရင်ခွဲစင်ပေါ်မှ သွေးများက ရင်ခွဲရုံအပြင်ဘက်ရှိသွေးနှင့် အညစ်အကြေးများစွန့်ပစ်စီးဆင်းသွားရာ ကွန်ကရစ်ကုန်းလျှော လေးက အရှည် (၁၀) ပေခန့်၊ အကျယ် (၄) လက်မခန့်ရှိသည်။ ထိုကုန်းလျှော အဆုံး၌ (၁) ပေခန့်အကျယ်မြောင်းငယ် ရှိနေသည်။

အိပ်မက်အစတွင် လူကြီးတစ်ဦး က မိမိကို -

"မင်းရင်ခွဲရုံကိုသွားပြီးရင် သွေးတွေ ကြေးညှော်တွေနဲ့ချောနေတဲ့ ကုန်းလျှောအတိုင်း ဆင်းသွား၊ ချော်မလဲစေနဲ့။ ကုန်းလျှောတစ်လျှောက် ဘယ်ညာမှာရှိနေတဲ့ အမြင့်မတင့်တယ်သူတွေက မင်းကိုဆွဲရင် လွှတ်အောင်ရှောင်နော်။ ကုန်းလျှောအဆုံးက သွေးစီးမြောင်းကို ကျော်"

ဆိုလို့ မိမိလည်း အိပ်မက်ထဲက လူကြီးခိုင်းတဲ့အတိုင်းလိုက်လုပ်လိုက်တာ မှ အနံ့အသက်ကဆိုး၊ မြင်နေရတာက အသေကောင်များနှင့် ကြောက်စရာ မြင်ကွင်း။ လုံချည်ကိုတိုတိုနှင့်တင်းတင်းဝတ်၊ တိုက်ပုံအကျႌကြယ်သီးတပ်၊ ဖိနပ်ကိုချွတ်ပြီး လက်တွင်ကိုင်ကာ သွေး၊ ကြေးညှော်အညစ်အကြေးများပြန့်ကျဲပြီး ကုန်းလျှောတစ်လျှောက် ဘယ်၊ ညာမှာထိုင်လျက် တန်းစီပြီးတော့ မိမိကို လက်တစ်ကမ်းအမီလှမ်းလှမ်းဆွဲနေတဲ့ အမြင်မတင့်တယ် (သရဲဝိညာဉ်များထင်ပါ၏။) ယောက်ျား၊ မိန်းမကလေးတို့ရဲ့ အလယ်ကနေ သည်းထိတ်ရင်ဖိုလျှောက်လှမ်းဆင်းကာ မြောင်းလေးကိုကူးနိုင်ပြီး အိပ်ရာမှနိုးခဲ့ရသည်။

အိပ်မက်အကြောင်းကို ယခု စာမရေးမီကာလတစ်လျှောက် မည်သူ့ကိုမျှပြန်၍ဖောက်သည်ချပြောမပြဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ထိုအိပ်မက်၏ ရလဒ်ကတော့ အိပ်မက်ထဲ၌ ကိုယ်၏အလိုစိတ်မကြည် ဖွယ်ရာဖြစ်သော်လည်း ရလဒ်ကတော့ အင်မတန်ကောင်းလှပါသည်။ ပြောပြပါမည်။ ၁၉၆၆ တွင် အလုပ်ဝင်သည်။ မိမိ အပါအဝင် (၅) ယောက် ဖြစ်သည်။ ကြားကာလနှစ်များတွင် ဌာနပြောင်း ရာထူးတက်သုံးဦးရှိပြီး တစ်ဦးကွယ်လွန်သည်။ ၁၉၇၂ ခုနှစ် အိပ်မက်မြင်မက်ပြီး လအနည်းငယ်အတွင်း ဝန်ကြီးအမိန့်ဖြင့် နဂိုဝန်ထမ်းလုပ်သက်တစ်ရက်သတ်မှတ်ပြီး ရာထူးတိုးမြှင့်ကာ လုပ်သက်နှစ်များနှင့်တကွ ခြားနားလစာများကို ခံစားခွင့်ပေးခဲ့ခြင်းပင် ဖြစ်ပါသည်။

**၂။ အိပ်မက်ထဲမှာဝိညာဉ်ခွာ**

၁၉၈၇ နှစ်ဆန်းပိုင်းတစ်ခုသောညတွင် အိပ်မက်မြင်မက်ခဲ့၏။ အိပ်မက်ထဲ၌ မိမိသေလေသည်။ ဝိညာဉ်သည် သေဆုံးနေသော ကိုယ်ခန္ဓာမှခွာသွားပြီး အလောင်းကို အပေါ်မှမိုးကြည့်ပြီး တစ်နေရာသို့ လမ်းလျှောက်ထွက်သွားခဲ့သည်။ မြေနီလမ်းတစ်ခုအတိုင်းလျှောက်လှမ်းနေသည်။ ပတ်ဝန်းကျင်အာယ်ညာကိုကြည့်မိတော့ ရော်ဘာပင်တောကြီးအလယ်က မြေနီလမ်းဖြစ်၏။ ဝန်းကျင်တစ်ဝိုက်တွင် မည်သည့်လူ၊ မည်သည့်တိရစ္ဆာန်ကိုမျှ မတွေ့မမြင်ဖြစ်သည်။ သို့ဖြင့် ခြေကျင်ခရီးဆက်ခဲ့ရာ ရော်ဘာပင်တောအဆုံး၌ မြစ်ရေပြင်ကျယ်ကြီးတွေ့နေရသကဲ့သို့ ကမ်းစပ်တွင်ဝါးဖောင်များလည်းရှိသည်။ မြစ်တစ်ဖက်ကမ်းတွင် မိမိ၏အိမ်ကို မြင်နေရပြန်သည်။ အိမ်ကိုမျှော်ကြည့်ရင်း ဝါးဖောင်တစ်ခုပေါ်သို့ တက်လိုက်သည်။ ဝါးဖောင်တွင် ရေညှိများရှိနေ၍ ခြေချော်ကာ ရေသို့ ခြေတစ်ဖက်ကျ ဖင်ထိုင်ရက်ဖြစ်ပြီး အိပ်ရာမှလန့်နိုးခဲ့လေ၏။ ထိုအိပ်မက်မြင်မက်ပုံကိုလည်း ယခုစာရေးဖြစ်သည့်အချိန်ထိ မည်သူ့ကိုမျှပြောမပြခဲ့ဘူးပါ။ အိပ်မက်၏ရလဒ်ကတော့ -

အိပ်မက်မြင်မက်ပြီး (၁) လခန့်လောက်တွင် ဌာနဆိုင်ရာတာဝန်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ပြောင်းရွှေ့ရသည်။ အချိန်ကာလအားဖြင့် ရာသီဥတုမှာပူပြင်းလှသည်။ မည်၍မည်မျှ မုံရွာရာသီဥတုအပူပြင်းသည်လည်းဆိုလျှင် ညအခါ ခြင်ကိုက်လျှင် ခြင်ရိုက်စရာမလိုဘဲ လေတွင်ပျံဝဲနေသောခြင်တို့ခမျာမှာ အလိုလိုမြုတ်ကျပြီးသေကြသည်။ လူတို့လည်း အိပ်ရာထဲတွင် လဲလျောင်းနေကြား အပူဒဏ်ကြောင့် နံနက်လင်းအားကြီး (၃) နာရီ (၄) နာရီခန့်မှ အိပ်ပျော်ပြီး နံနက် (၆) နာရီနေ၏ အပူရှိန်ကြောင့် အိပ်ရာမှနိုးထကြရ၏။ နဂိုမြို့ခံလူတို့ကတော့ အသားကျနေကြလင့်ကစား ရန်ကုန်မှမုံရွာသို့ရောက်သွားသော မိမိအတွက်တော့ နိစ္စဓူဝအခက်အခဲကြီးတစ်ခုသာဖြစ်တော့သည်။

တစ်ခုသောနေ့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဝေဒနာပြင်းစွာခံစားရပြီး မုံရွာမှာမနေသာဘဲ မန္တလေးဆေးရုံသို့ ဌာနဆိုင်ရာကားဖြင့် အရောက်ပို့ဆောင်၍ (၁၄) ရက်မျှ ဆေးရုံတက်လိုက်ရသည်။ ရောဂါဝေဒနာက ခံစားရချက်ပြင်းထန်၊ ကိုယ်အနားမှာက ရုံးအတူလေးတစ်ယောက်သာရှိတော့ စိတ်အားကငယ်ဆိုတာလို အထီးကျန်ဘဝရောက်လေသည်။ ကိုယ်အလေးအချိန်ကလည်း သိသိသာသာဝိတ်ကျသွားပြီး မျက်တွင်းဟောက်ပက်ဖြစ်သည်။ သေတော့မှာပဲဟု အထင်ရောက်လင့်ကစား စိတ်ကိုတင်းထားမိသည်။ ရန်ကုန်မှ မိသားစုကိုလည်း မိမိအတွက် ဒုက္ခဖြစ်မည်စိုး၍ ဌာနကိုတားထားမိသည်။

ဤသို့ဖြင့် တစ်နေ့တွင် မိမိမွေးရပ်မြေက ငယ်သူငယ်ချင်း အထူးကုဆရာဝန်တစ်ယောက် သူ၏မိတ်ဆွေလူနာတစ်ဦးကို လူနာလာမေးရင်း အမှတ်မထင်ဆုံတွေ့ပြီး မန္တလေးဆေးရုံကြီးမှ ဆရာဝန်အချို့နှင့် မိတ်ဆက်ပေးပြီး နောက်ပိုင်း ဆေးကုသချက် ယခင်ရက်များနှင့်မတူ ပိုကောင်းလာလို့ဟုဆိုရမည်။ မိမိကျန်းမာရေးစိတ်ချရကာ ဆေးရုံမှဆင်းခဲ့ရတော့သည်။

နောက်များမှ မိမိ၏စိတ်တွင် တရေးရေးပြန်ပေါ်လာသည်က ကိုယ်၏ ဘုရား၊ တရား၊ သံဃာများအပေါ် ရှိသေကြည်ညိုထာဝရရှိခြင်းနှင့် ကျင့်ကြံပွားများ ဝိပဿနာတရားတို့၏ ကုသိုလ်အကျိုးအား၏ အတိမ်အနက်အတိုင်းအတာကြောင့် မုံရွာတွင်ကြုံတွေ့ရသည့် ကျန်းမာရေးအခက်အခဲသည် သေနိုင်လောက်သော်လည်း အသက်မသေရုံမျှမက ရာထူးပင်တစ်ဆင့်တက်၍ ရန်ကုန်သို့ ၁၉၈၈ ခုနှစ် နှစ်ဦးတွင် ပြန်လည်ပြောင်းခဲ့ရခြင်းကို သမ္မာဒေဝနတ်ကောင်းအပေါင်းက ကြိုတင်အိပ်မက်ပေးကာ စိုးရိမ်စရာမလို အသက်မသေဘူးကွဟု ဆိုလေသည်သာဖြစ်ပေမည်။

ဇာဂရ (သရက်တော)

နတ်မောက်မင်းချစ်နော်

# ကလေးသူငယ်များချဲကျ၍ လေဆန်နာ ပျောက်ကင်းစေသော ဆေးနည်း

လသားအရွယ်မှအခါလည်တစ်နှစ်သားအရွယ်အထိ ကလေးသူငယ် နို့စို့အရွယ်များတွင် ကြက်သွန်ဖြူ ကြက်သွန်နီကြော်သည့် ဆီညှော်နံ့များ၊ သစ်ရွက်ဆွေးနှင့် အခြားအမှိုက်သရိုက်များမီးရှို့သည့်အညှော်နံ့များကို ကလေးရောမိခင်ပါရှူမိလျှင် လည်းကောင်း၊ သို့မဟုတ် မိခင်ဖြစ်သူမှ ကိုယ်လက်ဇထရောများသည့်အဆီအအိမ့်အဆိမ့်ဖြစ်သော မြေပဲဆန်၊ ဝက်သား၊ ဆူဖြိုးအဆီများသည့်ကြက်သား၊ ငါးတို့စားလျှင်လည်းကောင်း၊ နို့ရည်မှတစ်ဆင့် ထိုကလေးငယ်သည် ချဲကျပ်၊ အသက်ရှူမဝဖြစ်ပြီး လေဆန်နာဖြစ်တာ ဗိုက်နာ၍ ခါးကော့ထိုးငိုယိုနေတတ်ပါသည်။

ထိုသို့သော ကလေးငယ်များနှင့် မိခင်များအတွက် ပရဆေးဆိုင်တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် အောက်ပါဆေးဖက်ဆေးအမည်များကို ဝယ်ယူ၍ ဆေးအဖြစ် ဖော်စပ်သုံးစွဲပေးခြင်းဖြင့် အလွယ်အသာ ရောဂါပျောက်ကင်း အဆင်ပြေစေပါမည်။

ရှိန်းခို၊ ကြက်သွန်ဖြူ၊ စမုန်နက်စေ့၊ ရွှေဖြူစေ့ အထက်ပါ ဆေးအမည်များတစ်ကျပ်သားစီဝယ်ယူ၍ ဦးစွာရွှေဖြူစေ့နှင့် စမုန်နက်စေ့ကို မှုန့်အောင်ထောင်းပါ။ ထို့နောက်မှ ကြက်သွန်ဖြူကိုထည့်ထောင်းပါ။ နောက်ဆုံးမှ ရှိန်းခိုကိုထည့်ထောင်းပြီး ရွှေးစေ့ခန့်အလုံးလေးများလုံးကာ လင်ပန်းတွင်ထည့်၍ နေရိပ်ထဲတွင် လေသလပ်ခံကာ အခြောက်လှန်းပါ။ (နေပူတွင်မလှန်းရပါ။)

နေ့စဉ်နံနက်တစ်ကြိမ်၊ တစ်ကြိမ်၊ ကလေးငယ်ကို ဆေးတစ်လုံးတိုက်ကျွေးပါ။ မိခင်မှာ နှစ်လုံးစားပေးပါ။ ကလေးသူငယ်သည် လေများလည်ပြီး ဝမ်းတွင်းမှအချဲများလည်း ဝမ်းနှင့်အတူပါသွားကာ ကျန်းမာချမ်းသာလန်းဖြာနေပါမည်။

နတ်မောက်မင်းချစ်နော်

www.burmeseclassic.com

မတ်လကုန်ရက်များမို့ နေအဝင်နောက်ကျလို့နေသည်။ ညနေ (၆) နာရီထိုးပြီ ဖြစ်ပေသည်။ အပြင်ဘက်သစ်ပင်များများတွင် အဝါဖျော့ရောင်နေခြည်နုကို မြင်တွေ့လို့နေရဆဲ။ ရန်ကုန်မြို့ အမှတ် (၄၀)၊ နတ်မောက်လမ်းတွင်ရှိ ချတ်ထရီယမ်ဟိုတယ်၏ရေကူးကန်ဘေးတစ်နေရာတွင် ကျွန်တော်ရောက်ရှိလို့နေသည်။ ကျွန်တော်နှင့်တစ်တိုက်တည်းသော သဘော်အရာရှိညီငယ်၏မင်္ဂလာအခမ်းအနားသို့ ဖိတ်ကြားသဖြင့် ရောက်ရှိနေခြင်း ဖြစ်သည်။ (၆) နာရီမထိုးမီလေးတွင် ကျွန်တော်ရောက်တော့ စောနေပေရာ လက်ဖွဲ့လက်ခံသော စားပွဲမှာပင် လူမရှိသေးပါ။ မကြာမီ ဝတ်ကောင်းစားလှနှင့် ဧည့်သည်တွေတဖွဲဖွဲရောက်လို့လာကြသည်။ ခေါက်ရိုးကျိုးနေပြီဖြစ်သော ပုံစံအတိုင်းပင် အမျိုးသားကြီးများကတိုက်ပုံနှင့်။ အမျိုးသမီးကြီးများကမူ ပြိုးပြိုးပြက်ပြက်လုံချည်များနှင့်။ အမျိုးသမီးကြီးအချို့က ဇာပဝါကိုခြုံထားကြသည်။ မကြာမီမှာပဲ လက်ဖွဲ့ဧည့်ခံမည့်လူငယ်လေးများ၊ မိန်းမပျိုလေးများ ရောက်လာကြသည်။ ကြိုးတစ်ချောင်းဝတ်စုံနှင့် ဂါဝန်တွေ၊ စကပ်တွေ၊ မိုဘိုင်း




# မင်းဘူး-ဗိုလ်ဥက္ကာမ

## သံဝေဂညနေခင်း

www.burmeseclassic.com

ဖုန်းတွေကြားဝယ် လက်ဖွဲ့လက်ခံပြီး ရေးသားသည့်မိန်းကလေးက တစ်မူထူးလို့နေပြန်သည်။ သာမန်မြန်မာအမျိုးသမီးဝတ်စုံကိုသာ ဝတ်ဆင်ထားပြီး မိုဘိုင်းဖုန်းလည်း ပါလာတာ မတွေ့ရပါ။

လက်ဖွဲ့အပ်ပြီးသည်နှင့် အောက်ထပ်က ရေကူးကန်ဘေးရှိ မင်္ဂလာခန်းမသို့ဆင်းလာခဲ့သည်။ လဟာပြင်မင်္ဂလာခန်းမမို့ နေရတာကောင်းပါသည်။ အသက်ရှူရတာဝသည်။ ပွဲတင်သံများ ထပ်နေခြင်းမရှိပါ။ ရေကူးကန်နှင့်ကပ်လျက် စားပွဲတစ်လုံးတွင်ဝင်ထိုင်လိုက်သည်။ ရေကူးကန်ထဲရှိ ရေများကကြည်လင်ပြီး စိမ်းပြာလို့နေသည်။ ဤမင်္ဂလာခန်းမတွင်းရှိ အုန်းပင်အမြင့်များတွင် မီးရောင်စုံများ ထွန်းညှိထားသည်။ လှပလှပါ၏။ အပြင်ဘက်လမ်းမများရှိ သစ်ပင်ထိပ်ဖျားများတွင်မူ စောစောကတင်းခံနေခဲ့သော ယနေ့အဖို့ နောက်ဆုံးလက်ကျန်နေခြည်နုများက အရည်ပျော်ဆင်းလို့သွားခဲ့ပါပြီ။ မှောင်ရိပ်သန်းလို့လာခဲ့ပြီ။

ညနေခင်းလေး။ လှပတိတ်ဆိတ်သောညနေခင်းလေးဖြစ်သည်။ တဖြည်းဖြည်းနှင့် ပရိသတ်များလို့လာခဲ့လေပြီ။ ကျွန်တော်စားပွဲရှိသဘော်သားသုံးဦးက ဝီစကီနှင့်ရေခဲနှင့်သောက်နေကြသည်။ တစ်ဦးသောသဘော်သားက ယဉ်ကျေးသည်။ အလိုက်သိသည်။

"ဦးလေး၊ ဝီစကီသောက်မလား"

မေးသဖြင့် -

"ကျေးဇူးတင်ပါတယ်။ ကျွန်တော်မသောက်တော့ပါဘူး"

ဟု သူ့ကိုလေးစားစွာပဲဖြေလိုက်သည်။ သည်အန္တရာယ်ကို ကာကွယ်ဖို့ရန်အတွက် စောစောလေးတင် ကျွန်တော့်ရှေ့တဖန်ခွက်တွင် ကိုကာကိုလာအချိုရည်ဖြည့်လို့ထားခဲ့သည်။ လူတိုင်းမဟုတ်ပေမယ့် စားပွဲတိုင်းမှာလိုလို မိုဘိုင်းဖုန်းတွေပါကြသည်။ သည်တော့ ကင်မရာဆောင်လာရန် အထူးမလိုတော့။ မိုဘိုင်းဖုန်းကင်မရာနှင့် အမှတ်တရဓာတ်ပုံတွေရိုက်ကြသည်။ ဒါပဲ။ ဒါကိုပဲ အမှတ်တရလို့ သူတို့ထင်ကြသည်။ ကျွန်တော့်စားပွဲရှိ သဘော်သားမိသားစုထဲမှအမျိုးသမီးတစ်ဦးက သူ့အဖော်မိန်းကလေးကိုခေါ်၍ ရေကူးကန်နံဘေးတွင် ဓာတ်ပုံရိုက်သည်။ ဘေးစားပွဲက မိသားစုကလည်း ဖုန်းကင်မရာနှင့် သူတို့မိသားစုထဲက သမီးငယ်လေးကို ဓာတ်ပုံရိုက်ခိုင်းနေသည်။

အမှတ်တရတဲ့လား။ ဒီအမှတ်တရဟာ တကယ်ကောရှိရဲ့လား။ ဓာတ်ပုံ၊ သည်ဓာတ်ပုံကို ကျွန်တော်လည်း ယခုလိုပဲ အမှတ်တရရိုက်ခဲ့ဖူးသည်။ ၁၉၆၇ ခုနှစ် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်။ အမှတ် (၂) စာတ္တသိုလ်လေ့ကျင့်ရေးတပ် ကိုယ်ပိုင်နံပါတ် (တ/၁၃၀၅၁) နှင့် လေ့ကျင့်ရေးသင်တန်းဆင်းခဲ့စဉ်က ဖြစ်သည်။ တပ်စုတစ်ခုတည်းရှိ သူငယ်ချင်းကျော်ဝင်းမှာ ကင်မရာပါလာသည်။ မိတ္ထီလာ အမှတ် (၃) လေ့ကျင့်ရေးတပ် လေ့ကျင့်ရေးကွင်းထဲမှ ခေတ္တတန်းဖြုတ်စဉ် ကျော်ဝင်းက ဓာတ်ပုံရိုက်ပေးသည်။ ဖိုင်ဘာဦးထုပ်ဆောင်း၊ ရိုင်ဖယ်သေနတ်ကိုလွယ်၍ကိုယ်တစ်ပိုင်းနှင့်ပုံ၊ ဘက်နက်ဖိုက်တင်း (လှံစွပ်ထိုး) လေ့ကျင့်ခန်းဆင်းတော့ ဘက်နက်ဖိုက်တင်းဝတ်စုံနှင့်ပုံလေး၊ ငါးပုံရိုက်ပေးခဲ့သည်။ ကျွန်တော့်ဘဝတွင် အနှစ်သက်ဆုံးနှင့်အမြတ်နိုးဆုံးသောဓာတ်ပုံများဖြစ်ခဲ့သည်။ ထိုစဉ်က ချစ်သူကို ရိုင်ဖယ်လွယ်ထားသည့်ပုံပေးခဲ့၏။ ယခု အဲဒီဓာတ်ပုံများဘယ်ရောက်သွားခဲ့ပြီလဲ။ ဘယ်ပျောက်သွားခဲ့သည်လဲ မသိတော့ပါ။ ကျွန်တော့်လက်ထဲမှာ တစ်ပုံမှမရှိတော့ပါ။ အမြတ်နိုးဆုံးအရာများသည် ကျွန်တော့်ထံပါးတွင် တစ်ခုမှ မရှိခဲ့တော့ပါပြီကော။

သူတို့သူတို့လေးတွေဓာတ်ပုံရိုက်နေတာတွေ့တော့ ကျွန်တော်က ဒါတွေကို ပြန်ပြောင်းအောက်မေ့လို့နေမိပြန်သည်။ ဝတ်ကောင်းစားလှတွေဝတ်ဆင်လို့လာကြသည်။ ဤဝတ်ကောင်းစားလှဆိုတာတွေရော သူတို့ရဲ့နှပျိုခြင်းဆိုတာတွေပါ မည်၍မည်မျှကြာအောင်ခံမှာမို့လဲ။ တစ်ခါတုန်းက တက္ကသိုလ်ကျောင်းသားဘဝတွင် အဖေဆင်ယင်ပေးသည့်တက်ကရက်တိုက်ပုံနှင့်အင်းလေးလုံချည်တို့ကို ကျွန်တော်သည်လည်း သူတို့သူတို့တတွေလိုပင် ကျေနပ်အားရစွာဝတ်ဆင်ခဲ့ဖူးပါ၏။ ယခုတော့ ယင်းတက်တရက်ဘိုက်ပုံသည် လည်းကောင်း၊ ယင်းအင်းလုံချည်သည်လည်းကောင်း ကျွန်တော့်ဘဝထဲမှာ မရှိတော့လေပြီ။ နုပျိုသော၊ လန်းဆန်းသော၊ သစ်လွင်သော တက္ကသိုလ်ကျောင်းသားဘဝသည်လည်း ဟိုအဝေးအတိတ်မှာ မှုန်ရီဝါးလို့ကျန်ခဲ့ပြီ။ ဒါတင်မကသေးပါ။

နိုင်ငံရေးသမား ကျွန်တော်သည်လည်းကတုံးအကျီ၊ ပင်နီတိုက်ပုံနှင့် အင်မတန်မှ တက်ကြွခဲ့သော နိုင်ငံရေးသမားပေါက်စ ကျွန်တော်။ တစ်ခါက မဆလနိုင်ငံရေးတွင် ကာလတစ်ခုမျှ ကျွန်တော်ကျင်လည်ခဲ့ဖူးသည်။ မြန်မာစကားတွင် 'အလှည့်ကျသော် နွားမပင် လှည်းရှုန်းရ၏' ဆိုပြီးရှိ၏။ ကျွန်တော်သည် နွားမတစ်ကောင်မဟုတ်စေကာမူ အလှည့်ကျသဖြင့် ဤနိုင်ငံရေးအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့ပါ၏။ စကားပြောစင်မြင့်မိုက်ခွက်ရှေ့ကနေ 'ကြွရောက်လာသောလုပ်သားပြည်သူများခင်ဗျာ' ဆိုပြီး မိန့်ခွန်းခြွေခဲ့ဖူး၏။ ဒါတွေသည်လည်း သခါရတရားနှင့်အညီ ဟိုအဝေးမှာ မှုန်ရီဝါးလို့ကျန်ရစ်ခဲ့ပြန်သည်ကော။

ပရိသတ်တစ်ရာကျော်ပေသည်။ တိတ်ဆိတ်လို့နေသည်။ယဉ်ကျေးသိမ်မွေ့စွာ တိတ်ဆိတ်လို့နေသည်။ ယဉ်ကျေးသိမ်မွေ့ဟန်ဆောင်ကာ တိတ်ဆိတ်လို့နေကြသည်။ ဝတ်ကောင်းစားလှတွေ၊ မိုဘိုင်းဖုန်းတွေ၊ ကြွားဝါမှုတွေ၊ ကျေနပ်ပီတိဖြစ်မှုတွေနှင့်မို့ ဤအချိန်ဝယ် ဤနေရာ၌ လောဘအဓိပတိတပ်သည့်ကာလနှင့် ဌာနဟု ပြော၍ရပါသည်။ လောဘ၊ ဒေါသနှင့်စာလျှင်မူ အနည်းငယ်ပို၍ရပါသည်။ ကြည့်ပျော်ရှုပျော်ရှိသောအရာပါပဲ။ တစ်ပတ်တွင် တစ်ခါသို့မဟုတ် လွန်ရောနှစ်ခါထိုင်လေ့ရှိသည့် လက်ဖက်ရည်ဆိုင်၏ နံနက်ခင်းကမူ ဤသို့မဟုတ်။ ဆိုင်ရှင်ယောက်ျားသည် စားပွဲထိုးကောင်လေးများကို ငေါက်ငမ်းဆူပူနေတတ်သည်။ အသက်ခြောက်ဆယ်နီးပါး သို့မဟုတ် ခြောက်ဆယ်ကျော်၊ ကျွန်တော်နှင့်ရွယ်တူမိန်းမကြီးသုံးဦးက စားပွဲထိုးကောင်လေးကို ဖြစ်တင်မောင်းမဲလို့နေသည်။ စိတ်နှင့်ကိုယ်နှင့်မကပ်ဘူးဟု ပြောကြသည်။ မနေ့ညက မည်သည့်အချိန်တွင် အိပ်ရာဝင်၍ ယနေ့မနက်မည်သည့်အချိန်တွင် အိပ်ရာကထခဲ့ရသည်ကို သူတို့မသိ။ အိပ်ရေးမဝလျှင် သို့မဟုတ် ခန္ဓာကိုယ်ညောင်းကျအောင်ပင်ပန်းလွန်းလှသည်။ လန်းဆန်းသွက်လက်ခြင်း မရှိတော့ပါ။ မနက် (၈) နာရီမှနေ ည (၉) အထိတောက်လျှောက် ခန္ဓာကိုယ်ညောင်းကျအောင် နိုင်ငံခြားတွင် ကျွန်တော်အလုပ်လုပ်ခဲ့ရဖူးသည်။ ကာမဂုဏ်စိတ်၊ ရာဂစိတ်ပင် ခေတ္တပျောက်ကွယ်ခဲ့ရသည်အထိ ဖြစ်ခဲ့ပေသည်။ ကျွန်တော့်ကို မည်သူမျှခိုင်းသည် မဟုတ်။ ငွေလိုချင်သော ကျွန်တော်၏ လောဘစိတ်က ခိုင်းခဲ့တာပါ။ မနေ့က. အညောင်းသည် ယနေ့မနက်အထိမပြေသေး။ သို့ပေမယ့် ဤအညောင်းသံသရာထဲ တစ်ခေါက်

www.burmeseclassic.com

ဆင်းရပြန်သည်။ လူမှာ ဝင့်လိုက်နေသလား အောက်မေ့ရသည်။ ဘဝတစ်ခုတွင် ကျွဲ၊ နွားတွေကို ပင်ပန်းကြီးစွာ ေသာင်းကျအောင်ခိုင်းခဲ့မိသည့်အတွက် ဝဋ်ကြွေးဆပ်ရတာနှင့်တူသည်။

မင်္ဂလာခန်းမတွင် လူတွေအတော်လေးပဲပြည့်လို့လာသည်။ ကလေးအဆိုတော်အဖွဲ့က တေးသီချင်းများနှင့် ဖျော်ဖြေသည်။ သူတို့ဆိုတဲ့အထဲမှာ တစ်ခေတ်က မချိုပြုံး၏ မိတယ်မိုက်တယ်သီချင်းလည်းပါသည်။ အမေရိကန်အမျိုးသမီးအဆိုတော် Linda Raustat ၏ Jambalaya သီချင်း ဖြစ်လေသည်။ ဟိုတုန်းက မချိုပြုံး၏ သီချင်းများကို ကျွန်တော် အင်မတန် ကြိုက်ခဲ့ပေသည့် ယခုအခါ မည်သို့မျှ ခံစား၍မရတော့။ ဂီတ။ ကျွန်တော်၏ချစ်မြတ်နိုးစွာသောဂီတ။ မင်းဘူး ဆိုသည့် ဧရာဝတီမြစ်ကမ်းပေါ်က မြို့လေးမှာ စာအုပ်နှင့်ဂီတကိုပဲအဖော်လုပ်ကာ ကျွန်တော်ကြီးပြင်းခဲ့သည်။ ထူးထူးခြားခြား ဆရာတနသ်ာရီ ချစ်စံက ကျွန်တော့် လက်ဖဝါးပြင်ကို ဖတ်ရင်း-

"ခင်ဗျားဟာ သီချင်းတော်တော်ကြိုက်တာပဲ"

ဟု ပြောခဲ့သဖြင့် -

"မှန်ပါတယ် ဆရာ"

ဟု ဝန်ခံလိုက်ရသည်။

သီချင်းကို ခေတ်ဟောင်းတေး၊ အနှစ်နှစ်ဆယ်တေးမှသည် မနေ့တစ်နေ့က သားစိုး၏ဟစ်ဟော့အထိ ကျွန်တော်ကြိုက်ခဲ့၏။ သို့သော် ယနေ့ဤသီချင်းကို ကျွန်တော်ခံစား၍မရတော့။ တရားတော်သည် ကျွန်တော့်အားသွန်သင်ဆုံးမခဲ့၍ ဖြစ်၏။ သို့သော် သီချင်းကို သံယောဇဉ်လုံးဝပြတ်သည့်အဆင့်သို့ကား မရောက်သေးပါ။

နှစ်ဖက်သောမိဘများ ခြံရံ၍ သတို့သား၊ သတို့သမီးတို့ မင်္ဂလာခန်းမထဲသို့ ရောက်ရှိလို့လာကြသည်။ ရှေ့က စားပွဲတွင် စားစရာများရောက်လာပြီး စားပွဲရှိလူအားလုံးသည် ဣန္ဒြေရစွာပဲ တစ်ဦးကိုတစ်ဦး အလှည့်ပေး၍စားသုံးကြသည်။

မှတ်မိသေး၏။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းတုန်တောင်ရပ်ကွက် ဘာဝနာလမ်းမြဲ သဘင်တွင် သစ္စာရွှေစည်ဆရာတော် အရှင်ဥတ္တမက သံဝရသာခု (စောင့်ထိန်းခြင်းသည် ကောင်း၏) တရားတော်ကို ဟောကြားခဲ့သည်။ အာရုံ (၆) ပါးကို စောင့်ထိန်းရကြောင်း၊ ဇီဝှာဆိုသည့်လျှာကို စောင့်ထိန်းရကြောင်း၊ ကာယတွင်အထိအတွေ့ကိုသာမက ကာယကံမှုဒုစရိုက်မဖြစ်အောင် စောင့်ထိန်းရကြောင်းပါရှိခဲ့သည်။

မှန်သည်။ အချို့သူများသည် ရင်ထဲတွင် မကျေနပ်လျှင်မကျေနပ်သလိုပြောတတ်သည်။ တစ်ဖက်သားတွင် စိတ်ထိခိုက်မှုမည်သို့ရှိမည်ကိုမစဉ်းစားပါ။ ဤသို့သော စရိုက်ဆိုးရှိသူသည် ပညာတွေမိုးပျံ့အောင်တတ်ထားပါစေ အင်မတန်မှရိုင်းပျသူဖြစ်သည်။ ဤသို့သောသူမျိုးများစွာကို ကျွန်တော့်ဘဝမှာ တွေ့ခဲ့ဖူးသည်။ ဤဆောင်ပါး၏ ရှေ့ပိုင်းတွင် ယဉ်ကျေးသိမ်မွေ့စွာ တိတ်ဆိတ်လို့နေသည်။ ယဉ်ကျေးသိမ်မွေ့ဟန်ဆောင်ကာ တိတ်ဆိတ်လို့နေသည်ဟု ရေးသားခဲ့သည်။ ယင်းသို့ ယဉ်ကျေးသိမ်မွေ့ဟန်ဆောင်ခြင်းဟူသည် ကိုယ်ကို၊ နှုတ်ကို ကောင်းစွာ စောင့်ရှောက်ခြင်း (ဝါ) သံဝရသာခုဖြစ်တော့သည်။ မျိုသိပ်ခြင်း၊ အောင်းအည်းခြင်းသည် ယဉ်ကျေးမှုတစ်ပါးဖြစ်သည်ဆိုခြင်းကို စိတ်ထဲရှိသမျှ ဒိုးခနဲဒေါက်ခနဲပြောတတ်သော ဉာဏ်တိမ်သူတို့ နားလည်နိုင်စွမ်းရှိပါ့မလား။

တစ်ခဏအကြာတွင် Presenter လုပ်သူက သတို့သားနှင့် သတို့သမီးတို့ကို စင်ပေါ်သို့ ဖိတ်ခေါ်လိုက်သည်။ ပြီးတော့ သူတို့မိတ်ဆွေနှစ်တွဲ၊ သုံးတွဲကိုလည်း စင်ပေါ်သို့ဖိတ်ကြားခဲ့သည်။ ဤစုံတွဲများ စင်ပေါ်ရောက်သော် Presenter က ပျော်စရာအစီအစဉ်လေးများ စီစဉ်တင်ဆက်သည်။ ဧည့်ပရိသတ်က တဝါးဝါးတဟားဟားသဘောကျကာရယ်မောလို့နေ ကြသည်။ ကျွန်တော်က မရယ်မိပါ။ အတွေးနယ်ချဲ့လို့နေမိသည်။ ဩော် - သူတို့မသိလို့ပျော်နေကြတာပဲ။ ဒါဖြင့် မင်းကောသိလို့လား။ မှန်သည့်အတိုင်းဝန်ခံရသော် ကျွန်တော့်အသက်(၅၆)နှစ်အထိ မသိခဲ့ပါ။ မြသည်ဟုအထင်မှတ်ကာ လောဘနောက်သို့လိုက်ခဲ့သော ကျွန်တော်။ ဒါဖြင့်လျှင် သူတို့လေးတွေမသိတာဟာ အပြစ်တင်စရာလား။ မည်သူ့ကိုမျှ အပြစ်မတင်ပါ။ ဖြစ်စဉ်ကိုပြောပြနေခြင်းသာဖြစ်ပါသည်။ (၅၆)နှစ်ကျမှ ကရုဏာစာအုပ်များဖတ်ကာ တရားလမ်းကြောင်းပေါ်သို့ ကျွန်တော်ရောက်ခဲ့သည်။ ယခု ကျွန်တော်သိတယ်ဆိုတာလည်း သညာသိမျှသာပါ။ ဉာဏ်သိသိဖို့ရန် ကြိုးစားရပါဦးမည်။

ဤညနေခင်းဝယ် ကျွန်တော်သည် မမြဲခြင်းသဘောတရားကို ကောက်ချက်ဆွဲလို့နေမိသည်။ အရာရာတွင် ဘာမှမရှိ။ မမြဲခြင်းသာဘဲရှိ၏။ ဤမမြဲခြင်းကိုမသိတော့ မိမိတို့ပိုင်သမျှ၊ ဆိုင်သမျှ၊ ဖြစ်သမျှ၊ ပျက်သမျှကို မြသည်ဟုထင်ကြသည်။ မြသည်ထင်လို့ပဲတပ်မက်သည်။ မြသည်ထင်လို့ပဲ ကျေနပ်အားရနေသည်။ မြသည်ထင်လို့ပဲ အလှတွေဆင်ကြသည်။ မြသည်ထင်လို့ပဲ လောဘဖြစ်တာဖြစ်သည်။ မြသည်ထင်လို့ပဲ လိုချင်တာမရလို့ ဒေါသဖြစ်တာဖြစ်သည်။ ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ၊ နာမည်ကျော်ကြားတာတွေ၊ ရာထူးဂုဏ်သိန်တွေ၊ ဝမ်းသာမှုတွေ၊ အားရမှုတွေ၊ ဝမ်းနည်းမှုတွေ၊ ကြေကွဲမှုတွေ ဟူသမျှတို့သည် မမြဲပါလား။

၂၀၁၂ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ မွန်းလွဲအချိန် အင်းစိန်ကနေ (၄၈) အထူးကားစီးကာ စမ်းချောင်းသို့ ပြန်လာခဲ့စဉ် လှည်းတန်းမီးပွိုင့်အလွန်တွင် ကိုယ်ပိုင်ကားတစ်စီးက ဤဘတ်(စ်)ကားကိုဖြတ်တက်ရာ ဘက်(စ်)ကားက ဘရိတ်ဆောင့်အုပ်လိုက်ရသည်။ ကျွန်တော့်မှာ လဲမလိုဖြစ်သွားခဲ့၏။ လဲတော့မလဲပါ။ သို့သော် ကျွန်မ္ဘတော့်တစ်ကိုယ်လုံးချွေးစေးတွေပြန်လာပြီး ရင်တွေတုန်လာခဲ့သည်။ အင်းစိန်မှာသောက်ခဲ့သည့် လက်ဖက်ရည်က ကျွန်တော့်ကို ကောင်းကောင်းဒုက္ခပေးလာပြီ။ သွေးကျပြန်ပြီး ခေါင်းတွေတရိပ်ရိပ်နှင့်မူးနေပြီ။ ဟံသာဝတီအဝိုင်းမှာ ကားရပ်တော့ စပယ်ယာညီလေးကို ငါမူးနေပြီတွဲချပေးလို့ပြောရသည်၊ သူက တွဲချပေးလို့ အောက်ရောက်တော့ မှတ်တိုင့်ကထိုင်ခုံမှာ ထိုင်နေရသည်။ အနားမှလူငယ်လေးကတွဲပြီး ဆိုက်ကားဂိတ်သို့ လိုက်ပို့သည်။ ဆိုက်ကားနှင့် ပြန်လာခဲ့ရသည်။

သေခြင်းတရား။ အသက်(၆၆)နှစ်ရှိ ကျွန်တော့်နှလုံးသားကို သေခြင်းတရားခေါက်လို့နေပါပကော။ လူတွေဟာ နောက်ဆုံးတစ်နေ့မှာ သေကြရတာချည်းပဲ။ မြင့်မြင့်လတ်လတ်နိမ့်နိမ့် သေခြင်းကလွဲလို့ ဘာမှမရှိပါလား။ အစားမစားရလျှင် သေမှာမို့ အစာအတွက်ရှာကြဖွေကြ၊ ရလာတော့ ချက်ပြုတ်စားကြ။ အစာမစားရလျှင် သေမှာမို့ အစာစားပြန်တော့ မသေတော့ဘူးလား။ ဟင့်အင်း - စားပေမယ့်လည်း တစ်ချိန်မှာတော့ သေရတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

ချည်းပါပဲ။ ဘယ်အချိန်သေမည်၊ ဘယ်ရောဂါနှင့်သေမည်၊ ဘယ်နေရာမှာသေမည်၊ ဘယ်ဂတိကိုလားမည် မည်သူမျှမသိ။ သေခြင်းနှင့်ပတ်သက်ပြီး မသိတရား (၄) ပါးကို မြတ်ဘုရားက မိန့်ခဲ့သည်။

အကြောင်းကြောင့်ဖြစ်သောအကျိုးတူသမျှတို့သည် ပျက်စီးခြင်းသာပဲရှိသည်။ မမြဲခြင်းသဘောဘဲရှိသည်။ ရုပ်ရှင်ရိုက်ထားသောဖလင်တွင် လက်ကမြှောက်လိုက်၊ အပေါ်ရောက်သွားလိုက်၊ ပြန်ချလိုက်နှင့် အဆင့်ဆင့်အကွက်တွေနှင့်ပါ။ ဒါကို စက်နှင့်ပြလိုက်တော့ တစ်ဆက်တည်း လှုပ်ရှားမှုတွေဖြစ်သွား၏။ လျှပ်စစ်မီးသီးလေးတွေက ပိုထင်ရှားသည်။ တစ်ခုကငြိမ်း၊ ဟိုဘက်တစ်ခုကလင်း၊ မြန်လွန်းလို့ မီးအလင်းကခုန်ကူး၍ပဲသွားတော့သလိုထင်ရသည်။ အဲဒီလိုပါပဲ။ လူ့ဘဝကြီးတစ်ခုလုံး၏စားဝတ်ဝတ်မှုနေမှုထိုင်မှု၊ တပ်မက်မှု၊ အားကျမှု၊ ကျေနပ်မှု၊ မကျေနပ်မှု၊ အရက်မူးတာတွေ၊ အချစ်မူးတာတွေ အားလုံးသည် မမြဲသောတရားတွေမျှသာဖြစ်ပေသည်။ မသိတော့ ရှိနေသည်ပဲထင်ရသည်။ တကယ်ကားမရှိ။ တံလျှပ်ကို ရေထင်ပြီး အလိုက်မှားနေကြပါလေသော မနုဿရွှေသမင်များ။ ကျွန်တော် အပါအဝင် မနုဿလူသားများ။ စေတနာကံပေါင်းကြောင့် ဝင်္ဋလိုက်နေကြလေသူများ။ ဝိပါကဝင်္ဋကို ခံစားနေရလေသူများ။ ဘယ်တော့များမှပြီးဆုံးမှာလဲ။ ဘယ်လိုနည်းနှင့်များပြီးဆုံးမှာလဲ။

နည်းကမူရှိပါသည်။ မြတ်ဗုဒ္ဓကသနားကြင်နာစွာဖြင့်ပေးသနားခဲ့သည်။ သို့သော် ကိုယ်လုပ်မှကိုယ်ရကြပါမည်။ သညာသိပဲရှိသေးသည်။ သို့သော် ဤသညာသိမျှနှင့်ပဲ ကျွန်တော်ငြိမ်းငွေ့ပြီးအရာရာတို့ ကျွန်တော်ငြိမ်းငွေ့ပါပြီ။ မိမိခန္ဓာကိုလည်းငြိမ်းငွေ့ပြီ။ အသက်ရှင်နေလိုမှု ဘဝတဏှာကို ငြိမ်းငွေ့ပြီ။ တစ်ခါတုန်းကပေါ့။ နွေနေ့လယ်ခင်းတစ်ခုမှာ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းပေါ် ကြေးနန်းရုံးကြီးဘက်ကနေ တစ်ဖက်က (၃၇) လမ်းဘက်ကိုအကူး ပန်းဆိုးတန်းလမ်းပေါ်မှာ အသက်ရှင်နေရတယ်ဆိုတာ ရှုပ်နေတာပဲဆိုသောအတွေးကိုရခဲ့သည်။ နောက်များမကြာမီ ပြည်လမ်းနှင့် မဟာမြိုင်လမ်းထောင့်တစ်နေရာမှာ ဒီအသက်ကမရှင်လို့လည်း ဘာမှမဖြစ်ပါဘူးလို့ တွေးမိပြန်သည်။ မရပါ။ ကံဆိုသောစေတနာကြောင့်ဖြစ်လာရသော



ခန္ဓာ။ ကိလေသာမစင်သရွေ့ ရုပ်သစ်နာမ်သည်တို့သည် ဘဝဟောင်းကစေတနာကိုအကြောင်းပြုကာဖြစ်၍နေပေလိမ့်မည်။

မည်သည့်အရာမျှမမြဲပါလား။ ခန္ဓာသည်မှမမြဲလေတော့ သည်ခန္ဓာကြောင့်ဖြစ်လာရသော ချမ်းသာကြွယ်ဝမှု၊ ထင်ပေါ်ကျော်ကြားမှု၊ ရာထူးစည်းစိမ်မှန်သမျှတို့သည်လည်းမြဲလိမ့်မည်မဟုတ်ပါ။ မသိတော့ ရှိသည်ဟုထင်သည်။ တကယ်ကမူမရှိ။ အမြဲပြောင်းလဲလို့နေသည်။ ကျန်တဒင်္ဂလေးကိုပဲမြဲသည်ဟုထင်ကြသည်။ ကြည့်လေ - ယခုမင်္ဂလာအခမ်းအနားမှပျော်ရွှင်မှုသည် ည(၉)နာရီခဲ့လို့ အစီအစဉ်ရုတ်သိမ်းပြီးပြီဆိုတော့ ရှိပါဦးမလား။ တကယ်တော့ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်နှင့် စဉ်ဆက်မပြတ်ဖြစ်ပျက်နေတော့ရှိတယ်လို့ထင်ရသည်။ မြဲတယ်လို့ထင်ရသည်။ အဲဒီအထင်လေးကိုပဲ တပ်မက်လို့နေကြ၏။ ဒါကြောင့်ပဲ တရားတော်က အနိစ္စကို သန္တတိဖုံးသည်ဟု ဆိုထားခြင်းဖြစ်သည်။ သန္တတိ ဟူသည် စဉ်ဆက်မပြတ်ဖြစ်နေခြင်းကိုခေါ် သည်။

မဟာစည်ဆရာတော်ဘုရားကြီးက သီလဝိသုတ္တန်တရားတော်တွင် အနိစ္စကိုရှင်းခဲ့သည်။ အနိစ္စ၏အဓိပ္ပာယ်၊ အနိစ္စလက္ခဏာနှင့်အနိစ္စာနုပဿနာဉာဏ်ကို ဆရာတော်ဘုရားကြီးက ရှင်းလင်းမိန့်ကြားခဲ့သည်။

အနိစ္စဆိုတာဘာလဲ။

အနိစ္စံ မမြဲသောတရား ဟူသည်မှာ ခန္ဓပဉ္စကံ - ခန္ဓာငါးပါး အပေါင်းပေတည်း။ မမြဲသောတရားဆိုတာ မြင်ဆဲ၊ ကြားဆဲ၊ တွေ့သိဆဲ၊ ကြံသိဆဲမှာ ထင်ရှားဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာငါးပါးပဲတဲ့။ ထင်ရှားဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တွေကိုမပြတ်လိုက်ရှုနေတဲ့ ယောဂီမှာ သတိသမာဓိဉာဏ်အားကောင်းလာတဲ့အခါကျတော့ ခဏမစဲဖြစ်ပျက်နေတာကိုသာ တွေ့ရ၏။ အဲဒီလို ခဏမစဲဖြစ်ပြီးပျက်ပျက်သွားတာတွေဟာ မမြဲတဲ့ အနိစ္စတရားတွေပဲဟု ဆိုလိုပါသည်။

အနိစ္စလက္ခဏာ ဆိုတာ ဘာလဲ။

ဟုတွာ အဘာဝါကာရော အနိစ္စလက္ခဏံ။ ဟုတွာ - မူလကမရှိသေးဘဲ ရှိလာပြီး၍ (ဝါ) ဖြစ်ပေါ်လာပြီး၍ အဘာဝါကာရော - မရှိပြန်သော အခြင်းအရာသည်၊ အနိစ္စလက္ခဏံ - မမြဲဟု မှတ်သိရကြောင်း အနိစ္စလက္ခဏာမည်သည်။

အနိစ္စာနုပဿနာဉာဏ်အစစ်ဖြစ်ပုံ တသာအနိစ္စကာယ - ဖြစ်ပြီးလျှင်ပျောက်ကွယ်သွားခြင်းတူသော၊ ထိုအနိစ္စလက္ခဏာ၏၊ ဝသေန - အစွမ်းအားဖြင့်၊ ရူပါဒိသု - ရုပ်စသည်တို့၌၊ အနိစ္စန္တိ နုပဿနာမမြဲဟု ရှုမြင်သောဉာဏ်သည် အနိစ္စာနုပဿတိ - အနိစ္စာနုပဿနာ မည်ပေ၏။ (သီဝန္တသုတ္တန် - စာ ၅၀)

တကယ်တော့ ဤချက်ထရီယံ ဟိုတယ်ရှိ ပျော်ရွှင်ဖွယ်ရာကောင်းသော နေရာသည် ကျွန်တော်နှင့် မည်သို့မျှမဆိုင်ပါ။ သို့ဆိုလျှင် ဘာကြောင့် ဤနေရာသို့ ကျွန်တော်ရောက်နေရပါသလဲ။ အိမ်နီးချင်းတစ်ဦး၏ တာဝန်ဝတ္တရားကျေပွန်ရန်အလို့ငှာသာ ဤနေရာသို့ ကျွန်တော်ရောက်လာခဲ့ခြင်းဖြစ်သည်။ မိမိနှင့်လုံးဝမသက်ဆိုင်သောနေရာတစ်ခုသို့ရောက်နေခိုက်မှာပဲ မမြဲသောအနိစ္စတရားသံဝေဂဉာဏ်(အတွေးမျှသာ) ကို ကျွန်တော်ရခဲ့သည့် ဤညနေခင်းလေးသည် သတို့သား၊ သတို့သမီးနှင့် သူတို့၏ မိဘဆွေမျိုးမိတ်ဆွေများအတွက် မင်္ဂလာညနေခင်းလေး ဖြစ်သည်။ ထို့အတူ ကျွန်တော့်အတွက်လည်း ကျွန်တော့်နည်းကျွန်တော့်ဟန်ဖြင့် မင်္ဂလာရှိသော သံဝေဂညနေခင်းလေးဖြစ်တော့၏။ ပျော်စရာတင်ဆက်မှုများကို ခံစား၍မရ ငြိမ်းငွေ့လာသော ကျွန်တော်သည် တစ်စားပွဲတည်းရှိ သခင်္ဘာသားများကို နှုတ်ဆက်ကာ အခမ်းအနားမပြီးခင်မှာဘဲ မင်္ဂလာခန်းမကနေထွက်ခွာ၍ပြန်လာခဲ့ပါတော့သည်။

မင်းဘုန်း-ဗိုလ်မှူးတွံမ

ကျမ်းကိုး -

သီလဝန္တသုတ္တံ

မဟာစည်ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

စေတမန်သည် ကျွဲဆည်ကန် အဝေးပြေးကားဂိတ်တွင် ခရီးဆုံးပြီဖြစ်သဖြင့် ရပ်နားလိုက်လေသည်။ မိမိတို့၏ ကိုယ်ပိုင်ပစ္စည်းအသီးသီးတို့ကိုဆွဲလျက် ကားပေါ်မှဆင်းလိုက်၏။ အသင့်စောင့်ဆိုင်းနေကြသည့် အငှားယာဉ်တွေက အလုအယက်။ လက်ဆွဲအိတ်ကိုပင် ဆွဲလုတော့မတတ်ပင်။ ဈေးနှုန်းသင့်တင့်သည့် အငှားကားတစ်စီးနှင့် မိမိတို့ တည်းခိုကြမည့် တည်းခိုခန်းသို့ရောက်ရှိသွားကြ၏။ သည့်နောက် အစစအရာရာ အဆင်ပြေသွားသည့်အတွက် တည်းခိုခန်းတွင် တစ်နေကုန်ပင် နားလိုက်ကြသည်။ ညနေပိုင်းကျမှပင် အစားတစ်ခုခုကို ထွက်စားလိုက်ကြပြီး တစ်ညတာနားနေအိပ်စက်လိုက်ကြသည်။

၂၀၀၆ ခုနှစ်၊ ဇွန်လပိုင်းတုန်းက အမိရင်ခွင်သို့ ကျွန်တော်တို့ဇနီးမောင်နှံ တစ်ခေါက်ပြန်လည်ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်က ဇနီးသည်၏ တူမလေးပါဝင်တာ စစ်ကိုင်း၊ ပြင်ဦးလွင်နှင့် ကံတလူဘုရားသို့ပါ ရောက်ရှိခဲ့ကြပါသည်။ ရွှေမန္တလေး၏ ကျက်သရေဆောင် မြန်မာတို့၏ ဂုဏ်ရောင်ထွန်းပြောင်စေသည့် ဗုဒ္ဓဘာသာဝင်တို့၏ အမြတ်တနိုးတန်ဖိုးထားသော မဟာမြတ်မုနိ ကိုယ်တော်မြတ်ကြီးအား (၉) ပါးသော ဂုဏ်တော်မြတ်ကို ပုတီး (၉) ပတ်စိပ်လျှ ပူဇော်လျက် ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူးနှင့် ထိခြင်းငါးပါးဖြင့်ဖူးမြော်မာန်လျှော့ကန်တော့ခဲ့ပါသည်။ ယခု ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၈ ရက်နေ့တွင် ထပ်မံရောက်ရှိလာခဲ့ပြန်ပါပြီ။ (၁၀) နှစ်တိုင်တိုင် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

# လောကရန်နိုင် အောင်တော်မူမြတ်စွာဘုရားကြီး

## ခင်မောင်အေး(မှူလေး)



လောကရန်နိုင်အောင်တော်မူမြတ်စွာဘုရားကြီး



အောင်တော်မူမြတ်စွာဘုရား
ဂန္ဓကုဋိတိုက်အတွင်းမှရှေးမူပြာဆင်းတုတော်




ဂန္ဓကုဋီအတွင်းမှ ဆင်းတုတော်



www.burmeseclassic.com


www.burmeseclassic.com




ဂန္ဓကုဋိတိုက်အတွင်းမှ မှုရာနမုခြာဆင်းတုတော်



ဂန္ဓကုဋိတိုက်အတွင်းမှ သံဝေဇနီယမုဒြာ ကျောက်ဖြူဆင်းတုတော်



ဧအောင်တော်မူမြတ်စွာဘုရားဂန္ဓကုဋိတိုက်



မဟာမုနိမြတ်စွာဘုရားကြီးအား ကြည်ညိုဖွယ်ရာ ဖူးတွေ့ရစဉ်

နောက်နေ့ နံနက်စောစော နိုးထလာသည့်အချိန် ကိုယ်လက်သုတ်သင်လျက် ကျွန်တော်တို့ အဆင်သင့်ဖြစ်နေသည့်အခါ မန္တလေး၏ နာမည်ကျော်နန်းကြီးသုပ်နှင့် လက်ဖက်ရည်တစ်ခွက်စီသောက်ပြီး အသင့်စောင့်နေသည့်အချိန်တွင် ဖိုးလမင်းတို့ ဇနီးမောင်နှံ ရောက်ရှိလာကြ၏။ ကျွန်တော်တို့သွားလိုကြသောဘုရားများသို့ လိုက်ပို့ရန်ဖြစ်ပါသည်။ ကနဦးသွားရသည့်ဘုရားကား မဟာမုနိမြတ်စွာဘုရား။

(၁၀) နှစ်မျှမက ကင်းကွာနေခဲ့ရသော ရွှေမန္တလေးသည် ကျွန်တော့်အတွက်မူ သူစိမ်းသဖွယ်ဖြစ်နေခဲ့ပါပြီ။ လမ်းတွေကိုလည်း မမှတ်မိတော့။ ဘုရားကြီးအတက်လမ်းကို ဖိုးလမင်းဦးဆောင်ခေါ်သွားသဖြင့်သာ ဘုရားရှေ့သို့ရောက်သွားသည်။ မဟာမိုနိ၏ အသရေတော်ကို ရှေး (၁၀) နှစ်ကျော်ခန့်ကထက်ပင် ကြည်ညိုရှိသေစွာ ဖူးမြော်ရပါသည်။ ကိုယ်တိုင်က ယခင်ကလို ကျန်းမာရေးမကောင်းမွန်တော့သဖြင့် ဘုရားကြီးအား ကိုယ်တိုင်ကိုယ်ကျ ရွှေသက်န်းများမကပ်နိုင်တော့ဘဲ ကိုယ်စားသာကပ်လှူပူဇော်ခိုင်းရသည်။ မဟာမုနိမြတ်စွာဘုရားကြီးသည် ဟိုယခင်ရှေးနှစ်ပေါင်းများစွာက ဖူးတွေ့ခဲ့ရသည်ထက် တိုး၍ကြည်ညိုသပ္ပာယ်နေသည်။ မေတ္တာဓာတ်များပို့လွှတ်ဆဲ။ ဘုရားရှင်၏ ကရုဏာတော်များထုံမွှမ်းနေဆဲ။

မဟာမုနိမြတ်စွာဘုရားကြီးအား ကြည်ညိုရှိသေစွာ ဝတ်ပြုနေစဉ် ဘုရားဖူးများက ရွှေသက်န်းများ တက်ရောက်ကပ်လှူပူဇော်လျက်ရှိကြ၏။ နိုင်ငံခြားသားအများအပြား ပါဝင်သည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ပုံရသည်။ ကြည်ညိုရှိသေစွာ ကန်တော့နေကြသည်။ ကပ်ကြီးသုံးပါးဖြစ်သော သတ္တန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်ဘေးတို့မှ ကင်းဝေးနိုင်ကြပါစေကြောင်းဆုတောင်းနေကြသည်။ အလားတူ မိမိကိုယ်တိုင်လည်း ယင်းဘေးဒုက္ခများမှ ကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့လွှတ်ခဲ့ပါသည်။

www.burmeseclassic.com

ပေါ်မောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသဆရာတော်ဘုရားကြီး၏ မေတ္တာအနှစ်ချုပ်တရားဒေသနာတွင်ဟောကြားချက်များအတိုင်း. . .

မေတ္တာ ဆိုတဲ့ တရားဟာ ရွတ်ရဖတ်ရမယ့်တရားမဟုတ်ဘူး။ ပွားများရမယ့်တရားသာ ဖြစ်တယ်။ မေတ္တာဟာ ကမ္မဋ္ဌာန်းပဲ။ များသောအားဖြင့် ဝိပဿနာတရားအားထုတ်နေမှ ကမ္မဋ္ဌာန်းလို့ယူဆနေကြတယ်။ မေတ္တာပွားနေတာလည်း ကမ္မဋ္ဌာန်းပဲပေါ့။ သမထကမ္မဋ္ဌာန်းထဲမှာပါတယ်။ အဲဒါကြောင့် မေတ္တာသုတ်နဲ့ ပတ်သက်လာရင် ရွတ်ရမှာသက်သက်မဟုတ်ဘူး။ နာရမှာသက်သက်မဟုတ်ဘူး။ မေတ္တာသုတ်ကို နေ့စဉ်ရွတ်ဖတ်လို့ရှိရင် အန္တရာယ်ကင်းတယ်၊ နာယူရင်အန္တရာယ်ကင်းတယ်လို့ ဒီမေတ္တာသုတ်ထဲမှာပြဆိုထားတဲ့စကား တစ်လုံးမှမပါဘူး။ သို့သော် ဒီအတိုင်းပဲ ယုံကြည်နေကြတယ်။ မိုးကုတ်ဆရာတော်ကြီးပြောတဲ့စကားလုံးနဲ့ ပြောရမယ်ဆိုလို့ရှိရင် 'တို့




အောင့်တော်မူမြတ်စွာဘုရား
တန်ဆောင်းအတွင်းမှ ဆင်းတုတော်



အောင်တော်မူမြတ်စွာဘုရား
အရှေ့ဘက်တန်ဆောင်းတော်




ဗုဒ္ဓမြတ်စွာဘုရား၏
ခြေတော်ရာ



ဘုရားမြတ်စွာ
ဓေသစာရီကြွတော်မူစဉ်




ဂန္ဓကုဋီတိုက်အတွင်းမှ
ရှင်သီဝလိရဟန္တာမထေရ်




အောင်တော်မူမြတ်စွာဘုရားအား
ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ပူဇော်ထားစဉ်



အောင်တော်မူမြတ်စွာဘုရားပရဝဏ်အတွင်းမှ
မဟာဗောဓိညောင်ပင်



အောင်တော်မူမြတ်စွာဘုရားမှ
မင်္ဂလာခေါင်းလောင်း



သောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား
အဝင်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အောင်တော်မူမြတ်စွာဘုရား
အလှူခံတန်ဆောင်း




အောင်တော်မူကြိုယ်ပြေနံ့ပြေဘုရား
အလှူခံဌာန



မဟာမုနိမြတ်စွာဘုရားကြီးမှ
ကြေးရုပ်ကြီးများ



'ယွန်းခင်ခင်' မြန်မာထမင်းဆိုင်တွင် နေ့လည်စာဖြင့် ညှိခံကျွေးမွေးကြသည့်
ဖိုးလမင်းတို့ဇနီးမောင်နှံ

လူတွေက သောက်ဆေးကို လိမ်းဆေး လုပ်နေကြတယ်ပေါ့။ သောက်ရမှာကို မသောက်ပါဘဲ လိမ်းဆေးအဖြစ် သုံးနေကြမယ်ဆိုရင် အကျိုးသက်ရောက်မှု အားနည်းမှာပေါ့နော်။ သောက်ရမယ့်ဆေးက သောက်ကိုသောက်မှ အကျိုးသက်ရောက်မှုဖြစ်မှာပေါ့။ ဒါကြောင့် မေတ္တာဆိုတာ ဘာဝနာတရားဖြစ်တယ်လို့ ပွားများကြရမယ်ဟု ဟောကြားတော်မူခဲ့သည်။

မဟာမုနိမြတ်စွာအား ကန်တော့ပြီး ဘုရားပေါ်မှ ပြန်လည် ထွက်ခွာလာကြ၏။ ဖိုးလမင်းတို့က ကျွန်တော်တို့ကို ယွန်းခင်ခင် မြန်မာထမင်းဆိုင်ဆီသို့ ခေါ်ဆောင်သွားသည်။ သူတို့ဟင်းလျာများကား စားပွဲနှင့်အပြည့်။ စားသောက်ပြီးစီးကြသည့်အခါ ခဏတစ်ဖြုတ်နားပြီးနောက် မန္တလေးအရှေ့ပြင်ရှိ လောကရန်နိုင် အောင်တော်မူမြတ်စွာဘုရားသို့ ရောက်လာကြ၏။ အဝင်တွင် မွှန်မွှန်က စံပယ်ပန်းဝယ်ပေးသည်။

ရှိသေကြည်ညိုကာ ကန်တော့ပြီး ဂုဏ်တော်ပုတီး (၉) ပတ်စိပ်လှူပူဇော်သည်။ လောကရန်နိုင်မြတ်စွာဘုရား၏ အသရေတော် တင့်တယ်လှသည့် မျက်နှာတော်က ဖူးမြော်ကြည်ညိုလို့ မဝ အောင်ပင်။ သီပေါဘုရင်နှင့်မိဖုရားကြီး စုဖုရားလတ်တို့ ရန်မာန်ဟူသမျှကွယ်ပျောက်စေရန် တည်ထားခဲ့သည်ဟု ဆိုပါသည်။ ကိုယ်လုံးပြည့်ရွှေသင်္ကန်းများ ကပ်လှူထားသဖြင့် လည်းကောင်း၊ ဘုရားပန်းများ ကပ်လှူထားသဖြင့် လည်းကောင်း သပ္ပာယ်လှ၏။ အဓိဋ္ဌာန်ပုတီး (၉) ပတ်စိပ်လှူပူဇော်ပြီး ဘုရားဒါယကာ သီပေါဘုရင်၊ မိဖုရားတို့နှင့် ဝေနေယျအပေါင်း မေတ္တာပို့ခဲ့သည်။ မြတ်စွာဘုရားရှေ့ လက်ဝဲ၊ လက်ယာမှ ပူဇော်ကြည်ညိုလို့မဝနိုင်။ လက်ယာဘက်တွင် ရောင်စုံမီးပူဇော်ထားသည့် ဈာနမုဒြာဆင်းတုတော်၊ တန်ဆောင်းတစ်ခုအတွင်းမှ ဆင်းတုတော်တို့ကို ဖူးမြော်ရသည်။

ကြိုယ်ပြေနံ့ပြေဘုရားအလှူခံဌာန၊ မင်္ဂလာရွှေမောင်းတော်၊ မဟာဗောဓိရွှေညောင်ပင်၊ မြတ်ဘုရား၏ကိုယ်စား ခြေတော်ရာ စသည်ဖြင့် ပူဇော်ထားသည်။ သံဝေဇနိယမုဒြာဘုရားရှင်ကိုလည်း ဖူးမြင်ရသည်။ ဘုရားအား ရွှေသင်္ကန်းများ ပူဇော်နိုင်ရန် ဖိုးလမင်းက ကိုယ်စားဆောင်ရွက်ပေးသည်။ တစ်နေ့တာအတွက် နှစ်သိမ့်ဝမ်းမြောက်မှုက စင်စစ် တန်ဖိုးကြီးလှပါသည်။ သက်ကြီးရွယ်အို မသန်မစွမ်းအဘိုးအိုတစ်ဦးအား ကူညီစောင့်ရှောက်ခြင်းက ကုသိုလ်များစွာရပေလိမ့်မည်မုချ။ ဘုရားကြီးဝေယျာဝစ္စအတွက်လည်း တတ်စွမ်းသမျှ လှူဒါန်းခဲ့ပြီးနောက် တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာသည့်အခါ ကျွန်တော်ခြေကုန်လက်ပန်းကျသွားသည်။

တစ်နေ့တာ ပြုခဲ့သမျှ ကုသိုလ်များကို ပြန်လှန် သုံးသပ် ဆင်ခြင်မိပြီး နှစ်သိမ့်ကျေနပ်စွာနားလိုက်ရပါသည်။ ဖိုးလမင်းတို့ဇနီးမောင်နှံအား ကျေးဇူးတင်လျက် အနားယူလိုက်ရလေသည်။ စင်စစ် မြတ်စွာဘုရား၏ ဒေသနာတော်များအား ကြားနာရခြင်း၊ လိုက်နာကျင့်ကြံခြင်းဖြင့် သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်နိုင်သည့်လမ်းကို ရှာဖွေတွေ့ရှိပေလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါသည်။

ခင်မောင်အေး(မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၂) မန္တလေးမဟာမုနိ



အမှတ် (၃) ရခိုင်မဟာမြတ်မုနိ



အမှတ် (၄) ထွန်မာ့ရ်အောင်မြင်မုနိ

စောထွီးလျှင်(မြောက်ဦး)

# စန္ဒသူရိယ၊ မင်းဒွါပါ၊ ရာဇာဘုန်းမြတ်သမုတ်နတ်လျှင်

# စောမွန်ဘုန်းရှိ မြတ်မုနိ


ဘုရားရှင်နှင့် စန္ဒသူရိယတို့၏ ရှေးဘဝများစွာကပင် ပါရမီဆက်မြတ်စွာဘုရားရှင်အား စန္ဒသူရိယမင်းက ပင့်တော်မူခြင်း၊ ဘုရားရှင် ဓညဝတီသို့ ကြွတော်မူခြင်းနှင့် ဘုရားရှင်ကိုယ်တော်တိုင် မဟာမုနိဘုရားကိုသွန်းလုပ်တော်မူခြင်း စသော ကဏ္ဍများစွာပါဝင်ပြီးမှ မဟာမုနိဘုရားကို သွန်းလုပ်အောင်မြင်တော်မူလေသည်။

□ ဘုရားရှင်နှင့် စန္ဒသူရိယတို့၏ ပါရမီဆက်


ဘုရားလောင်းသည် ကာလိင်္ဂပြည်တွင် ဗြဟ္မာဘာဝီမင်းဖြစ်စဉ် စန္ဒသူရိယအလောင်းသည် ဇေယျနန္ဒီအမတ်ကြီးဖြစ်၍ အကျွမ်းတဝင်ရှိခဲ့ဖူးလေသည်။ အလောင်းတော်က တောထွက်အံ့ဟု အမတ်ကြီးအား ထီးနန်းကိုလွှဲအပ်ရာ စန္ဒသူရိယအမတ်ကြီးက လက်မခံဘဲ နောက်ပါးကလိုက်ပါ၍ ရသေ့ဘဝဖြင့် အလောင်းတော်အား ပြုစုလုပ်ကျွေးခဲ့လေသည်။

တာရာဏသီပြည်တွင် ဘုရားအလောင်းသည် ဗေဒင်အရာ၌ အထူးထက်ကျွမ်းသော ပုဏ္ဏား၏ သားတော်ဖြစ်ခဲ့ရာ စန္ဒသူရိယအလောင်းသည် နွားကျောင်းသားဖြစ်ခဲ့ဖူးသည်။ တစ်နေ့တွင် သူခိုးအားမြှများဖွက်ထား၍ နွားများပျောက်ဆုံးနေလေ၏။ ပူဆွေးသောကရောက်နေသော စန္ဒသူရိယအလောင်းအား ဘုရားလောင်း ပုဏ္ဏားငယ်က ဗေဒင်တွက်၍ ဝှက်ထားသောနေရာသို့ ညွှန်ပြခဲ့ဖူးလေသည်။ ထိုအခါမှစ၍ အဆွေခင်ပွန်းဖြစ်ကာ ဘုရားလောင်းထံ အလုပ်အကျွေးပြုခဲ့လေသည်။ ခေတ္တတစ်ရွာတစ်ပြည်သို့ မလွဲမရှောင်သာ သွားရအံ့။ ကိုယ်စားရုံ့ရုပ်ပြုလုပ်ကာ ထားခဲ့ရသည်။ ထိုရုပ်တုကို တစ်နေ့ (၃)ကြိမ် ပူဇော်ခဲ့ဖူးလေသည်။ ထိုရုပ်ကို နွားကျောင်းသားအိမ်ရာ ညောင်ပင်မှ ညောင်စောင့်နတ်က မနာလိုဝန်တိုသဖြင့် ဖုံးကွယ်ဖျောက်ပစ်၍ ပူပင်သောကဖြင့် ဘဝဆုံးသည်ထိဖြစ်ခဲ့ဖူးသည်။

ရှေးအခါက တစ်ဇာတ် ဘုရားအလောင်းတော်သည် ဟိမဝန္တာတော၌ ရသေ့ဖြစ်စဉ် စန္ဒသူရိယအလောင်းသည် မင်းဖြစ်ခဲ့၏။ ထိုမင်းသည် တောကစားထွက်ရင်း အလောင်းတော်ရသေ့နှင့်တွေ့၍ ကြည်ညိုစိတ်ပွားကာ သားကောင်သတ်ဖြတ်သည့်စိတ်များကင်းစင်လျက် အလုပ်အကျွေးပြုလေသည်။ တိုင်းပြည်သို့ပင့်လေသော်လည်း လူ့ဘောင်ကို ငြီးငွေ့ပြီးဖြစ်သော ရသေ့က မချဉ်းကပ်လို၍ ငြင်းဆန်သောအခါ၌ (၇) ရက်ပတ်လုံး ဆက်၍လုပ်ကျွေးပြန်သည်။ ပြန်မည်ပြုသောအခါ ဤဆွမ်းပန်းလှူရသောအကျိုးကြောင့် ဘုံသုံးပါးတွင် ဘုရားစင်စစ်အမှန်ဖြစ်သောအခါ ဖူးတွေ့ရပါလို၏။ နိဗ္ဗာန်ကြွသွားတော်မူပြီး



အမှတ် (၁) ကျောက်တော်တောင်မှ ဘုရားရှင် စန္ဒသူရိယမင်းအား တရားဟောနေပုံ



အမှတ် (၅) ရှင်ကျော်မုနိ



www.burmeseclassic.com

www.burmeseclassic.com

လည်း သာသနာတော်အရှည်တည်တံ့ရေးအတွက် ကိုယ်စားတော်တည်ထားခွင့်ရလိုပါ၏ဟု ဆုတောင်းခဲ့ဖူးလေသည်။

ဘုရားအလောင်းသည် ပါရမီဖြည့်စဉ်ကာလက ဟိမဝန္တာတောရှေ့ ပဗ္ဗတတောင်တွင် ရသေ့ဖြစ်၍ တရားအားထုတ်နေစဉ် စန္ဒသူရိယအလောင်းသည် မုဆိုးဖြစ်၍ ချေ၊ ဆတ်၊ သမင်၊ ဒရယ်တို့ လိုက်လံရှာဖွေရင်း ယူဇနာလှမ်းသောခရီးကိုသွားပြီး၍ မျက်စိလည်လမ်းမှားကာ ရသေ့ထံသို့ရောက်ရှိခဲ့လေသည်။ ရသေ့လည်း မုဆိုးအား လမ်းခရီးမှန်ကိုပို့ပေးလေ၏။ ကျေးဇူးပြုလိုသောမုဆိုးသည် ရသေ့အား ဆွမ်းမပြတ်လုပ်ကျွေးလိုကြောင်းပြောသောအခါ ရွှံ့ဖြင့်ပြုလုပ်ထားသော ကိုယ်စားရုပ်တုကိုပြုလုပ်၍ပေးခဲ့သည်။ ဘဝဆက်တိုင်းလည်း ပူဇော်ခွင့်ရရန် ဆုတောင်းခဲ့ဖူးလေသည်။

ဘုရားအလောင်းတော်မြတ်သည် ရဟန်းဖြစ်စဉ် စန္ဒသူရိယအလောင်းသည် မဏိဥတ္တရပြည် မဟာဇနကမင်းကြီး၏ သားတော်ဖြစ်လေသည်။ မင်းသားသည် ရဟန်းအားပင့်၍ ကျောင်းဆောက်လုပ်လှူဒါန်းခဲ့ဖူးသည်။ ကိစ္စကြီးငယ်ဖြင့် တစ်ရပ်တစ်ရွာသို့သွားရသော် ခွဲခွာ၍ မနေလိုသော စန္ဒသူရိယအလောင်းသည် ဘုရားလောင်း၏ ကိုယ်စားရုပ်တုငယ်ပြုလုပ်၍ ပူဇော်နေလေ့ရှိသည်။

ဤသည်တို့မှာ ဘုရားရှင်နှင့် စန္ဒသူရိယတို့၏ ပါရမီဆက်ဖြစ်လေသည်။

## ◘ မြတ်စွာဘုရားသခင်အားပင့်တော်မူခြင်း

မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်သည် ရခိုင်ပြည်နယ်စပ်ချင်း (၂၅၆) မိုင်ခန့်သာ ဝေးကွာသည်ဖြစ်၍ ကုန်းကြောင်း၊ ရေကြောင်းမပြတ်ရောင်းဝယ်ဖောက်ကားသွားလာနေထိုင်ကြသော ကုန်သည်များထံမှ ဘုရားသခင်ပွင့်တော်မူကြောင်း သတင်းစကား တစ်ဆင့်ကြားသိရလေသည်။ ထို့ပြင် ဖွားတော်မူစဉ်က ဘုံသုံးပါးတွင် အတုမရှိသော မြတ်စွာဘုရားဖြစ်လာမည်ဟူသော အတိတ်နိမိတ်ကို သိမီလိုက်သော ပညာရှိတို့က ပြောဆိုလျှောက်တင်လေသောကြောင့် အလွန်ပင် ဖူးမြင်လိုသောစိတ်ဖြစ်ပေါ်လာလေ၏။ ရံဖန်ရံခါ ဘုရားရှင်ကို အောက်မေ့တသကာ ဆောက်တည်ရာမရ မိန်းမောကာရှိလေသည်။

တစ်ရံရောအခါ ဆရာပုဏ္ဏားတော်တို့အား မြတ်စွာဘုရားအား ပင့်ချေဟု စေတော်မူ၏။ ဆရာပုဏ္ဏားတို့က ပင့်ကြွမည်မဟုတ်ပါဟု လျှောက်လေသဖြင့် စန္ဒသူရိယမင်းလည်း သဒ္ဓါခြင်းပြင်းပြလွန်း၍ ပုဏ္ဏားတော်တို့၏ လျှောက်ထားချက်ကို နားမျှမကြားနိုင်ဖြစ်၍ တောသို့နှင်ထုတ်ရန် အမိန့်ချမှတ်လေသည်။

ထိုနည်းတူ ဘိုးတော်နရပတိဝင်စားက ဆရာပုဏ္ဏားတော်တို့ကို တောသို့ မနှင်ထုတ်အပ်ပါဟု လျှောက်လေသော် ဘိုးတော်အား တောသို့နှင်ထုတ်ပြန်သည်။ ထို့အတူပင် တောင်ဆောင်မိဖုရား စန္ဒာဒေဝီက ဘိုးတော်နရပတိအား မနှင်ထုတ်သင့်ပါဟု လျှောက်ထားသဖြင့် မိဖုရားအား တောသို့နှင်ထုတ်ပြန်သည်။ မြောက်မိဖုရား အဠနဒေဝီ မိဖုရားက တောင်မိဖုရားအား မနှင်ထုတ်သင့်ပါကြောင်း လျှောက်ထားပြန်ရာ ယင်းမိဖုရားကိုလည်း တောသို့နှင်ထုတ်ပြန်သည်။ နှမတော် ဥဒုမ္ဗရဒေဝီလည်း ဘုရားသခင်သည် ရောက်အံ့သောအကြောင်းရှိလျှင် ဖူးရပါလိမ့်မည်ဟု လျှောက်ထားလေသော် မင်းကြီးလည်း သတိသံဝေဂ်ရရှိ၍ လိမ္မာသော အမတ်ကြီးတစ်ယောက်ကိုခေါ်၍ တိုင်ပင်ဆွေးစမ်းမေးမြန်းတော်မူသည်။

အမတ်ကြီးက မြတ်စွာဘုရားအား ရည်မှန်း၍ တံခွန်ငါးရာ၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ရည်မှတ်၍ ပူဇော်တော်မူပါဟု လျှောက်ထားလေ၏။

မင်းကြီးလည်း အမတ်ကြီးပေးသည့် အကြံဉာဏ်အတိုင်း မြတ်စွာဘုရားအားရည်မှတ်၍ (၇) ရက်ပတ်လုံး ပူဇော်တော်မူသည်။ ထိုအခါ မြတ်စွာဘုရားသည် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို ဏာဏ်ရှုရှုရှု၍ ကြည့်တော်မူခိုက် ကြုံကြိုက်၍ စန္ဒသူရိယမင်းကြီး ပင့်ဖိတ်တောင်းပန်သဖြင့် မြင်တော်မူလျှင် ညီတော်အာနန္ဒာအား ခေါ်တော်မူ၍ -

"ဓညဝတီ ရက္ခိုင်ပြည်ကြီးကို အစိုးရသောစန္ဒသူရိယမင်းသည် ငါ့အား မဖူးရလျှင် ခန္ဓာပင်လျှော့ကျအံ့တည်း။ ဘဝများစွာသံသရာ မေတ္တာကရုဏာများစွာရှိသောကြောင့် လည်းကောင်း၊ တိုင်းနေပြည်သူပြည်သားအပေါင်းတို့လည်း သရဏဂုံပဉ္စသီ အစရှိသည်တို့၌ တည်အံ့သော အကြောင်းကြောင့်လည်းကောင်း ငါ၏ကိုယ်စား ရုပ်ပွားတော် မဟာမြတ်မုနိကို ခွင့်ပြုသွန်းလုပ်တည်ထားကိုးကွယ်စေသဖြင့် ငါဘုရားထားတော်မူလတ္တံ့သော သာသနာတော်ငါးထောင်ပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ ကောင်းမှုတရားပွားများအံ့သောအကြောင်းတို့ကို ဆင်ခြင်တော်မူ၍ ဓညဝတီရခိုင်ပြည်နယ်သို့ ကြွအံ့"

— ဟု ကြံတော်မူသည်။

## ◘ ဘုရားရှင် ဓညဝတီသို့ကြွတော်မူ

မြတ်စွာဘုရားသည် ဓညဝတီပြည်သို့ ကြွအံ့သောအကြောင်းကို သိကြားမင်းသိလတ်၍ ဝိသကြုံနတ်သားအား စေခိုင်းအပ်သည်ဖြစ်၍ ပြာသာဒ်ငါးရာတို့ကို အသင့်ထားလင့်ပေ၏။ မြတ်စွာဘုရားသခင်သည် တပည့်သံဃာငါးရာနှင့်တကွ ဝိသကြုံနတ်သားဖန်ဆင်းအပ်သော ပြာသာဒ်ငါးရာတွင် ကိန်းဝပ် စံပယ်တော်မူလျက် မဟာသက္ကရာဇ် ၁၂၃ ခု၊ ဘီစီ ၅၅၄ တွင် ရာဇဂြိုဟ်ပြည် စေဠုဝန်ကျောင်းတော်မှ ဝါတော် (၂၀)၊ သက်တော် (၅၅)နှစ်တွင် ကောင်းကင်ခရီးဖြင့် ဒေသစာရီကြွချီတော်မူလေသည်။ ရခိုင်ပြည်(နယ်) ဓညဝတီ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ကမ်း မောရပဗ္ဗတမည်သော သေလာဂီရိကျောက်တော်တောင်ထိပ်၌ သက်ဆင်းရပ်နားတော်မူသည်။

ယင်းအကြောင်းကို(တောင်ပေါက်ကြီးကျောက်စာ) က သက်သေခံနေပေသည်။ ယင်းကျောက်စာမှာ -

၁။ အထခေါ ဘဂဝါ ဘိက္ခုသံဃ ပါသာဒ အာရုဟာပေတွာ။

၂။ ပဉ္စပါသာဒ သတပရိဝုတော ဓညဝတီ ရဋ္ဌအာကာသမဂ္ဂနစာရိက စရမာနော။

၃။ ဓညဝတီမာနဂရဿပစ္ဆိ မဒိသာ ဘာဂေ။

၄။ ကစ္ဆပနဒီယာပုရတ္တိ မတီဝရေ သလာဂီရိ ပဗ္ဗတ မုဒ္ဒမိ။

၅။ ဩရောဟိတွာ ပတိဋ္ဌာတိ (တောင်ပေါက်ကြီးကျောက်စာ)

တတိယ ဓညဝတီမြို့သည် စန္ဒသူရိယမင်းလက်ထက် ဘီစီ ၅၅၄ ခု၊ သာသနာတော်နှစ် ၁၂၃ ခုတွင် ဗုဒ္ဓရှင်တော်သည် ရခိုင်ဒေသသို့ကြွရောက်ခဲ့ကြောင်း အဆိုပါကျောက်စာကို ဗြဟ္မအက္ခရာ ပါဠိဘာသာဖြင့် ရေးထိုးထားသော တောင်ပေါက်ကြီးကျောက်စာအရ သိရပါသည်။ ယင်းကျောက်စာ၏ဆိုလိုသည်မှာ မြတ်စွာဘုရားသခင်သည် နောက်ပါ ရဟန္တာငါးရာ ခြံရံလျက် ပြာသာဒ်ယာဉ်ပျံများဖြင့် ကောင်းကင်ခရီးမှ ဓညဝတီဒေသသို့ ဒေသစာရီလှည့်လည်လာစဉ် ဓညဝတီနိုင်ဒေသ၏ အနောက်အရပ်၌ရှိသော ကစ္ဆပနဒီ



www.burmeseclassic.com

www.burmeseclassic.com

မြစ်၏အရှေ့ဘက်ကမ်းကျောက်တောင ထိပ်၌ ဆင်းသက်တော်မူခဲ့သည်ဟု အမိပ္ပာယ်ဆောင်သည်။

ထို့ပြင် မြတ်စွာဘုရားသခင်သည် သေလာဝီရိကျောက်တောင်ပေါ်မှနေ၍ ရခိုင်ဒေသတွင် ပေါ်လွင်လာမည့် ဓာတ်တော်မွေတော်၊ စေတီတော်တို့ကို ဗျာဒိတ်ပေးခဲ့ကြောင်းနှင့် စန္ဒသူရိယ မင်းကြီးက ဗုဒ္ဓရှင်တော်ကိုယ်စား မဟာမြတ်မုနိရုပ်ပွားတော် သွန်းလုပ်ခဲ့ကြောင်း ရခိုင်ရာဇဝင်အစောင်စောင်တို့ကဆိုပါသည်။ မဟာရာဇဝင်ကြီးတွင် မဟာမြတ်မုနိသွန်းလုပ်ခဲ့ပုံနှင့်ပတ်သက်၍ ရမ်းဗြဲတောင်ကျောင်းဆရာတော် အရှင်စန္ဒမာလာလင်္ကာရ ရေးထားသော ရခိုင်ရာဇဝင်သစ်ကျမ်းစာ စတုတ္ထတွဲတွင် -

'သူရိစန္ဒာ၊ ဗြဟ္မာသိကြား၊ နတ်များညီညွတ်၊ မှတ်ခတ်ကျူးလွင်၊ ပဉ္စင်ပြီးစီး၊ မဏ္ဍပ်ကြီးတွင်၊ ရှင်တော်ကိုယ်စား၊ ရုပ်ပွားဆင်းတု၊ သွန်းပြုသောခါ၊ နှစ်ကောဇာမူ၊ တရာနှစ်ဆယ်၊ စွန်းဝယ်သုံးခု၊ ရတုဂိမ္မာ၊ နွေလ ကဆုန်၊ ပုဟုန်ဖြင်းစွာ၊ ဝိသာခါနှင့်၊ မကွာယှဉ်မှတ်၊ ရက်မြတ်ဗုဒ္ဓ၊ ညဦးကလျှင်၊ စ၍သွန်းရာ၊ ထိုအခါတွင် တေဇာတန်ခိုး၊ တက်တိုးဝှန်ဝေ၊ ဖြစ်စေခြင်းငှာ၊ အံမိဌာဖြင့်၊ မဟာပူရိသ၊ လောကကြေးမုံ၊ သုံးဘုံမျက်ဖျော်၊ ရွှေကိုယ်တော်ငွေ့၊ လက်တော်ပွေ့လျက်၊ ထည့်၍ကြည့်ရှု၊ သဗ္ဗညုတ၊ ကြပ်မသွန်းလုပ်၊ ရုပ်တုတော်ကြီး၊ ထိန်ညီးလျှံပြေး၊ ကြာသပတေးနေ့တွင်၊ ပြီးအောင်မြင်၏။ သုံးခွင်ဘုံသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါတို့၊ ရွှကာတီတီ၊ မျက်စိ၌တွင်၊ ရှင်တော်ဘုရား၊ နှစ်ပါးရှည်တူ၊ နှစ်ဆူမပျက်၊ တပြိုင်နက်လျှင်၊ ပွင့်သည်ထင်၏။ ပြည်ရှင်မင်းဖျား၊ နတ်အများနှင့်၊ သိကြားဗြဟ္မာ၊ ဝမ်းမြောက်ကာလျှင်၊ များစွာပူဇော်။ ရှင်ပျော်စိတ်နှ၊ သာဓုသာရွှ၊ ခေါ်ပြုအသံ၊ ပဲ့တင်လျှံရှင့်၊ မိုးယံဘဝဂ်၊ ကျော်ဝှန်တက်သည်၊ အုတ်ကျွတ်နတ်လူ၊ သောင်းသောင်းတည်း . . .

ဟူ၍ ဖော်ပြထားလေသည်။

မြတ်စွာဘုရားရှင်သည် သိကြား၊ ဝိသုကြံတို့ကိုခေါ်တော်မူ၍ ငါဘုရားရှင်နှင့် မယုတ်မလွန်အတိုင်းအရှည်ပမာဏရှိသော ရုပ်တုတော် (မဟာမြတ်မုနိ) ကို ဤမျှသော ရတနာအစုဖြင့် ပြုလုပ်စေရန် လက်တော်ဖြင့် ခုနစ်လက်ခုပ် ကျုံးပြီးသော် တစ်ကုဋေမျှလောက်သော ရတနာရွှေငွေကို သိကြားမင်းအား အပ်နှင်းတော်မူ၏။ သိကြားမင်းလည်း စန္ဒသူရိယမင်းနှင့်တကွ မှူးမတ်ဗိုလ်ပါ အပေါင်းနှင့် တစ်ကုဋေမျှလောက်သော ရတနာရွှေငွေတို့ကို ရတနာအတိပြီးသောရွှေပန်းတောင်းမှာထည့်၍ ရတနာဆင်ဖြူထက်တင်ပြီးလျှင် ထီးဖြူအုပ်မိုးလျက် သိရိဂုတ်တောင်သို့ ဆောင်ယူခဲ့ပြီးလျှင် သာသနာနှစ် ၁၂၃ ခုနှစ်၊ ကဆုန်လ၊ ဗုဒ္ဓဟူးနေ့ကစတင်၍ သွန်းလုပ်ရာ ထိုမုနိတော်မှာ ဦးခေါင်းတော်မစေ့သဖြင့် မြတ်စွာဘုရားရှင်က ရင်ငွေ့တော်ခုနစ်အုပ်ဖြင့်ထည့်လုပ်ကြပ်မတ်သည်။ မြတ်စွာဘုရားရှင်နှင့် တစ်ဆံခြည်မျှမချွတ်ယွင်းဘဲ ဘုရားနှစ်ဆူတစ်ပြိုင်နက်ပွင့်တော်မူသကဲ့သို့ ထင်ကြကုန်၏။ မဟာမြတ်မုနိအစစ်သည် ထက်ဝက်ဖွဲ့ထိုင်လိုက်လျှင် (၃ တောင်၊ ၁ မုတ်) သာရှိရမည်ဖြစ်ပေသည်။

## ◻ဘုရားရှင်နှင့် စန္ဒသူရိယမင်းတို့၏ ဝတ်စားဆင်ယင်မှု

ဤနှစ်ပုံတွဲဝတ်စားဆင်ယင်မှုမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ဤကျောက်ပြားမှာ သဲကျောက်ဖြစ်ပြီး မဏိတော်အပေါ်ပိုင်းတွင် ဆံလိပ်ဆံခွေများဖြင့်ပင် ထုဆစ်ထားပြီး မဏိတော်အပေါ်ပိုင်းတွင် ရောင်လျှံရောင်ခြည်ဖြာထွက်ရှိနေဟန် ဘဲဥပုံအဝန်းများဖြင့် သရုပ်ဖော်ထားသည်။ နားပေါက်မှာ အလွန်ကျယ်ပြီး လည်ပင်း၏အထက်နားတွင် သက်န်းစဖြင့် လွှမ်းခြုံထားပြီး လက်နှစ်ဖက်မှာ ဓမ္မစကြာမုဒြာဟန် သရုပ်ဖော်ထားလေသည်။

ဘယ်ခြေကိုကွေးထားပြီး ဒူးခေါင်းနှင့် ခြေချောင်းလေးများမှာ မြေကြီးနှင့်ထိနေသည်။ လက်ယာခြေကို လက်ဝဲခြေပေါ်တွင်ဖိ၍တင်ထားပြီး လက်ယာခြေဖဝါးကိုလှန်လျက် ထိုင်တော်မူဟန်ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးတရားတော်ကို ဟောပြောဟန်နှင့် မိစ္ဆာတိတ္ထိတို့ကို ချေဖျက်တော်မူဟန် အနက်အဓိပ္ပာယ်ရှိသည်။ လက်ယာခြေသည် 'သမ္မာ' ဟူသောအနက်ကိုဆောင်၍ လက်ဝဲခြေသည် 'မိစ္ဆာ' ဟူသော အနက်ဆောင်သည်။ ဤထိုင်တော်မူဟန်မှာ မင်္ဂလာရှိခြင်း၊ နိမိတ်ကောင်းခြင်းအနက်ဆောင်သည်။

စန္ဒသူရိယမင်းထက် အနည်းငယ်မြင့်သောပလ္လင်ပေါ်၌ ထိုင်နေတော်မူဟန် ပေါ်လွင်လှသည်။

စန္ဒသူရိယမင်းမြတ်သည် ဦးခေါင်းပေါ်၌ သရဖူဆောင်းထားလေသည်။ မြတ်စွာဘုရားဘက်သို့ မျက်နှာမူပြီး တရားသဘောကို ခံယူဟန်ပေါ်လွင်လှသည်။ မျက်စိနှစ်လုံးသည် မှေးစင်းလျက်ရှိပြီး တရားသဘောကို နာယူဟန်ပေါ်လွင်လှသည်။

ဘယ်ဘက်နားတော်မှ နားဆွဲသည် ဘယ်ဘက်ပခုံးထိ ထိလျက်ရှိပြီး အကျီမောင်းကွက်သည် အလှအပဝတ်ဆင်လျက်ရှိလေသည်။ လက်နှစ်ဖက်စလုံးသည် ရင်ဘတ်ပေါ် လက်အုပ်ချီလျက်ရှိ၏။ ဤသည်မှာ ဗုဒ္ဓဘာသာဆိုသည်ကို ငြင်းချက်မထုတ်နိုင်ချေ။

ထို့ပြင် လည်ဆွဲဘယက်များ၊ လက်ကောက်များ၊ ခြေချင်းများနှင့် ခါးပတ်တန်ဆာများ သွင်ဟန်အမျိုးမျိုး အပြားပြားပြုလုပ်ဝတ်ဆင်ထားသည်ကိုလည်း တွေ့ရသည်။

ထို့နောက် မြတ်စွာဘုရားရှင်သည် ဒေဝါမုနိ၊ စန္ဒမုနိ၊ ရာဇမုနိ၊ ရှင်ကျော်မုနိဟူ၍ မုနိများကို သွန်းလုပ်တော်မူခဲ့ပြန်သည်။ ဤပုံများမှာ ဘူမိဖဿမုဒြာဟန်ပန်များပင် ဖြစ်သည်။

၁။ မင်းနှင့်တကွ ပြည်သူပြည်သားများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြခြင်း။

၂။ ဗုဒ္ဓဘာသာသည် ဘုရင်အပါအဝင် အုပ်ချုပ်သူများ၏ ကိုးကွယ်သောဘာသာဖြစ်ခြင်း။

၃။ ရခိုင်ပြည်နယ်တွင် အေဒီ ၄ ရာစု မတိုင်မီကပင် ဗုဒ္ဓဘာသာရောက်ရှိနေခြင်း။

၄။ ဓညဝတီ မြို့တော်ဟောင်းသည် အေဒီ ၄ ရာစု မတိုင်မီကပင် မြို့တော်ဟောင်းအဖြစ် တည်ရှိနေခြင်း။

၅။ မဟာမုနိဘုရားနှင့် ဓညဝတီမြို့ဟောင်းကို ဓညဝတီမြို့သားများ တည်ဆောက်ခဲ့ကြခြင်း စသည်တို့ကို တွေ့ရှိရပါသတည်း။

**စောထွီးသျှင်(မြောက်ဦး)**

**ကျမ်းကိုး -**

၁။ ရမ်းဗြဲတောင်ကျောင်းဆရာတော် အရှင်စန္ဒမာလာလင်္ကာရရေး ရခိုင်ရာဇဝင်သစ်ကျမ်း (စတုတ္ထတွဲ)။

၂။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) ရေး ရခိုင်မဟာမုနိဘုရားသမိုင်း (၁၉၉၀ ခု)

၃။ စောမင်းနွယ် (မြောက်ဦး) ရေး ရခိုင်မြို့တော်ဟောင်းမှ ကြေးဆင်းတုတစ်ဆူဆောင်းပါး၊ ရခိုင်သဟာယမဂ္ဂဇင်း အမှတ် (၃)။

၄။ စာရေးသူ၏ ကွင်းဆင်းလေ့လာမှုများ။



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ဖိုး (မော်ကျွန်း)

## စားချင်တာက နာမ်၊ စားနေတာက ရုပ်

စာရေးသူသည် ဗုဒ္ဓစာပေများကို လက်လှမ်းမီသရွေ့ လေ့လာနာကြားရုံ သာမက ဝိပဿနာတရားအလုပ်ကို လည်း စွမ်းနိုင်သမျှ ကြိုးစားအားထုတ် နေပြီး မိမိသိရှိသမျှ တရားအသိများကို မျှဝေလိုသောစေတနာဖြင့် စာတိုပေစ များကို ရေးသားလေ့ရှိကြောင်း သိရှိ ထားသည့် မမိတ်ဆွေတစ်ဦးက -

"လူတစ်ယောက် ထမင်းဆာတာ ရုပ်ကဆာတာလား၊ စိတ်က ဆာတာလား၊ ရုပ်၏ ဖောက်ပြန်မှုလား၊ စိတ်၏ဖောက်ပြန်မှု လား"

ဟု သိလိုစိတ်ဖြင့် မေးမြန်းလာပါ သည်။

ထမင်းဆာခြင်း ဟူသည်မှာ ထမင်းစားလိုသည့်စိတ် ပေါ်ပေါက်လာ ခြင်းဖြစ်ကြောင်း၊ ဤစိတ်သည် အလိုလို ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ရုပ်တရား ၏ဖောက်ပြန်မှုကို အကြောင်းခံကြောင်း၊ ရုပ်တရားသည် ဖောက်ပြန်တတ်သော သဘောရှိပြီး နာမ်တရားက ခံစားတတ်သည့်သဘော၊ စေ့ဆော် တိုက်တွန်းတတ်သည့်သဘော၊ မှတ်သား တတ်သည့်သဘော၊ သိတတ်သည့် သဘောရှိကြောင်း၊ ရုပ်ကဖောက်ပြန် တိုင်း စိတ်က သိချင်မှသိမှာဖြစ်ကြောင်း၊ နှလုံးသွင်းမှု (မနသိကာရ) ရှိမှသာသိမှာ ဖြစ်ကြောင်း စာရေးသူ ဉာဏ်မီသရွေ့ အကျဉ်းမျှ ဖြေဆိုခဲ့ပါသည်။ ပိုမိုပြည့်စုံ သောအဖြေကိုရရှိစေရန် စိတ်နှင့်ရုပ်တို့ ၏သဘောသဘာဝကို သင်္ဂြိုဟ် (၉) ပိုင်းတွင် ပြည့်စုံစွာ ဟော ကြားထားရာ စိတ်တို့၏ဖြစ်စဉ် 'ဝီထိ' ပိုင်းကို ကိုးကားပြုပြီး ဉာဏ်စွမ်းရှိသမျှ ဖြေဆိုလိုက် ပါသည်။

လူတွင် နာမ်ခန္ဓာ လေးပါးနှင့် ရုပ်ခန္ဓာတစ်ပါး ရှိသော်လည်း ချုံ့လိုက် လျှင် ရုပ်မမှုနှင့် နာမ် မမှု ဟူ၍ (၂)ပါး သာ ရှိပါသည်။

'စားချင်တာကနာမ်၊ စားနေတာကရုပ်၊ ငါမဟုတ်-သူမဟုတ်၊ အဲဒါ နာမ်နှင့်ရုပ်' ဟူသော ဩဝါဒကို နာကြားဖူးပါသည်။

ရုပ်ခန္ဓာကြီး တည်မြဲနေစေရန် ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းလေးပါး က ထောက်ပံ့နေရ၏။ ရုပ်ခန္ဓာအတွက် အာဟာရဖြည့်တင်းပေးရန် လိုအပ်နေ ကြောင်း ရုပ်တရားက ဖောက်ပြန်နေ ခြင်းကို နာမ်တရားကသိလိုက်သဖြင့် (ဝါ) သတိထား အာရုံပြုမိသဖြင့် ဆာ လောင်သောစိတ်၊ စားလိုသောစိတ်များ ပေါ်ပေါက်လာခြင်း ဖြစ်ပေ၏။

စိတ်ဟူသည်မှာ အာရုံနှင့် ဒွါရ တိုက်ပြီးပေါ်လာသော တရားသဘော ဖြစ်ပါသည်။ သို့သော်လည်း အာရုံနှင့် ဒွါရတိုက်မိတိုင်း သိစိတ်ဖြစ်မလာနိုင်ပါ။ သိစိတ်ဖြစ်လာစေရန် အကြောင်း(၄)ပါး ညီညွတ်ရပါမည်။

ဥပမာ မြင်သိစိတ်ဖြစ်လာစေရန်-

၁။ စက္ခုပသာဒခေါ် မျက်စိအကြည် ဓာတ်ကောင်းရမည်။

၂။ ရူပါရုံ ဟူသော မြင်နိုင်သည့် အဆင်းရှိရမည်။

၃။ အာလောက ဟူသည့် အလင်း လည်းရှိရမည်။

၄။ မနသိကာရခေါ် နှလုံးသွင်းမှုရှိရ ပါမည်။

ထို (၄) ပါးထဲမှ တစ်ခုခုချွတ်ယွင်း လျှင် မြင်သိစိတ်မဖြစ်နိုင်တော့ကြောင်း အဘိဓမ္မာဒေသနာတွင် တိကျစွာဟော ကြားထားပါသည်။





www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံပညာအလိုအရ မြင်ခြင်းကိစ္စဖြစ်ပေါ်ရာတွင် ရုပ်ဝတ္ထုမှပြန်ထွက်လာသော အလင်းတန်းများက မျက်စိအမြင်လွှာပေါ်၌ကျရောက်သည့်အခါ မျက်လုံးအတွင်းရှိ အာရုံကြောများကတစ်ဆင့် ဦးနှောက်သို့သတင်းပို့၏။ ဦးနှောက်က မြင်လွှာတွင် ထင်လာသောအာရုံကိုသိရှိပြီး မည်သည့်အဆင်းပုံသဏ္ဌာန်ဖြစ်သည်ကို ပြန်ကြားပေးခြင်းဖြစ်သည်ဟု ဆိုထားသည့်အတွက် ပထမ (၃) ချက်ကိုသာ အဓိကထားပြီး နှလုံးသွင်းမှုဟူသော မနသိကာရကို ထည့်သွင်းစဉ်းစားထားခြင်း မတွေ့ရပေ။ ဗုဒ္ဓအဘိဓမ္မာကမူ ရုပ်ဝတ္ထု၊ မျက်စိနှင့် အလင်းတို့အပြင် နှလုံးသွင်းမှုကို အဓိကထား၏။ 'သတိမမူ ဂူမမြင်' ဟု ဆိုသည့်အတိုင်း သတိထားမှုမရှိလျှင်မမြင်နိုင်ပေ။ မျက်စိရှေ့တွင် ရုပ်ဝတ္ထုပေါင်းများစွာ၏ပုံရိပ်များတို့သည် မျက်စိအမြင်လွှာပေါ်သို့ ကျရောက်ထင်နိုင်သော်လည်း တစ်ကြိမ်လျှင် နှလုံးသွင်းသောပုံရိပ်တစ်ခုကိုသာ မြင်နိုင်၏။ စိတ်တို့၏ဖြစ်စဉ်သည် လွန်စွာလျင်မြန်သောကြောင့် အားလုံးကို တစ်ပြိုင်တည်းမြင်သိနေသကဲ့သို့ ခံစားရခြင်းဖြစ်၏။ တစ်စုံတစ်ရာကို တွေးတောငေးမောနေသည့်အချိန်၌ မြင်လွှာပေါ်တွင် ပုံရိပ်ထင်သော်လည်း မမြင်သိလိုက်ခြင်းသည် နှလုံးသွင်းမှုမရှိခြင်းကြောင့်ဖြစ်ပေသည်။

စားသိစိတ်၊ နံသိစိတ် စသည့် အခြားသောစိတ်များ' ဖြစ်ပေါ်ရာတွင်လည်း မနသိကာရသည် အရေးပါ၏။ မနသိကာရသည် စိတ်အစဉ်တန်းကို အာရုံဘက်သို့ ဦးလှည့်ပေးသည့်သဘောရှိ၏။ အာရုံသိမှုတွင် မနသိကာရဟူသော နာမ်ဓမ္မနှင့်အတူ ဝီထိစိတ်တို့၏ ပါဝင်မှုလည်း လိုအပ်၏။ ထို့ကြောင့် အာရုံသိမှုသည် ရုပ်သဘောနှင့် နာမ်သဘောတို့ ပူးပေါင်းထားသည့် ဖြစ်ရပ်တစ်ခုဖြစ်ပေ၏။

စိတ်၏သဘာဝသည် ဆန်းကြယ်၏။ စိတ်သည် တစ်ခုတည်းမဟုတ်။ တစ်ချိန်လုံးသိနေသည်လည်းမဟုတ်၊ အလိုလိုသိနေသည်လည်းမဟုတ်။ ခန္ဓာကိုယ်တွင်း တစ်နေရာတည်း၌ရှိနေသည်လည်းမဟုတ်။ စိတ်သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ နှလုံးသားတစ်နေရာနှင့် ခန္ဓာကိုယ်အကြည်ဓာတ်ရှိသည့်နေရာတို့၌ တည်နေ၏။

စိတ်ဖြစ်ပေါ်ခိုက်ကာလကို 'ဥပါဒ်ခဏ' ဟု လည်းကောင်း၊ တည်မြဲနေခိုက်ကာလကို 'ဌီခဏ' ဟု လည်းကောင်း၊ ပျက်ချုပ်သည့်ကာလကို 'ဘင်ခဏ' ဟု လည်းကောင်း ခေါ်၏။ 'ဥပါဒ်-ဌီ-ဘင်' ခဏငယ်သုံးချက်ကို 'စိတ္တက္ခဏ' တစ်ခုဟုခေါ်၏။

စိတ်တို့၏သက်တမ်းကာလသည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းပုံလျှင် တစ်ပုံခန့်သာကြာ၏။ သိပ္ပံပညာရှင်များ၏အကောင်းဆုံး၊ အမြန်ဆုံးကွန်ပျူတာပင် ဤမျှတိုတောင်းမြန်ဆန်သောအမြန်နှုန်းကို လုံးဝလိုက်၍မမီနိုင်ပေ။

စိတ်တို့သည် တွယ်ရာအာရုံနှင့် မှီရာဝတ္ထုရှိမှဖြစ်နိုင်ကြ၏။ စိတ်တစ်လုံးဖြစ်ပျက်ပြီးမှ နောက်တစ်လုံး ဖြစ်ပျက်နိုင်၏။ တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းကျော်နှုန်းဖြင့် တစ်ရှိန်ထိုး အဆက်မပြတ် ဖြစ်ပျက်နေသည်မှာ ပုတီးလုံးကလေးများကို မဆုံးတမ်း သီကုံးသွားသည်နှင့် တူပေ၏။ အဘိဓမ္မာဒေသနာ၏ အနှစ်ချုပ်ဖြစ်သည့် သင်္ဂြိုဟ်ကျမ်း၏ 'ဝီထိ' ပိုင်းတွင် စိတ်တို့သည် စိတ္တနိယာမအရ ဖြစ်သင့်သော စိတ်အစဉ်အတိုင်း ဖြစ်ပျက်နေကြပုံကို မြတ်ဗုဒ္ဓက အသေးစိတ် ဟောကြားတော်မူခဲ့ပေသည်။

တစ်ဘဝ၌ ပထမဦးဆုံးဖြစ်သောစိတ်ကို 'ပဋိသန္ဓေစိတ်' ဟု ခေါ်၏။ ထို့နောက် ဆက်တိုက်ဖြစ်သွားသောစိတ်များကို 'ဘဝင်စိတ်' ဟု ခေါ်၏။ တစ်ဘဝ၏နိဂုံး နောက်ဆုံးဖြစ်သောစိတ်ကို 'စုတိစိတ်' ဟု ခေါ်၏။ ထိုပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့သည် ဤဘဝ၌ ဖြစ်ပေါ်ရန် အကျိုးပြုလိုက်သောကံ၏အကျိုးဖြစ်၏။ ဟဒယဝတ္ထုကိုမှီ၍ မရဏာသန္နဇောအခါကယူခဲ့သောအာရုံကို အာရုံပြုလျက် ဖြစ်ပျက်သွားရ၏။ အသက်ရှင်နေစဉ်အတွင်း ဖြစ်ပျက်နေသော ဘဝင်စိတ်အစဉ်သည် ဘဝကို ပြတ်မသွားရန် ဆက်စပ်ပေးနေသည့်အပြင် စိတ်၌အာရုံသစ်ထင်စေဖို့ တံခါးပေါက် (မနောဒွါရ) လည်း ဖြစ်သည်။ သို့အတွက် ဘဝင်စိတ်တို့ယူနေသော အလွန်သိမ်မွေ့သည့်အာရုံသည်(မရဏာသန္နအာရုံ) ဖြစ်သည့်အတွက် ကျွန်ုပ်တို့ သိနိုင်ခွင့်မရှိပေ။ ထိုကဲ့သို့ မသိနိုင်သည့်အတွက် စိတ်ပညာရှင်တို့က ဘဝင်စိတ်အစဉ်ကို မသိစိတ် (UNCONSCIOUS MIND) ဟု ခေါ်ဆိုကြသည်။

ဒွါရတစ်ခု၌ ပြင်ပအာရုံဝင်ရောက်လာသောအခါ ဘဝင်စိတ်တို့သည် မရဏာသန္နအာရုံကို စွန့်လွှတ်၍ အာရုံသစ်ဘက်သို့ ဦးလှည့်ပေးရ၏။ သို့သော် အလွန်အားကောင်းသော အာရုံသည်ပင် 'ဥပါဒ်' ခိုက်၌ အားမရှိသေးဘဲ အနည်းဆုံး စိတ္တက္ခဏတစ်ချက်လွန်မြောက်ပြီး 'ဌီ' သို့ ရောက်မှသာ အားရှိလာကြသည်။ ထိုအခါ ဒွါရ၌ အာရုံထင်လာပေပြီ။ ထိုအာရုံကိုယူရန် အတွက် ဘဝင်စိတ်တို့သည် မရဏာသန္နနိမိတ်ကို စွန့်လွှတ်ရန် စိုင်းပြင်းကြတော့၏။

ဥပမာအားဖြင့် အရှိန်ပြင်းစွာ ပြေးလာသော ယောကျာ်းတစ်ဦးသည် ချောက်ကမ်းပါးကို မြင်၍ ရပ်လိုသော်လည်း ချက်ချင်းမရပ်နိုင်ဘဲ နှစ်ဖဝါးသုံးဖဝါးလွန်မှ ရပ်နိုင်သကဲ့သို့ အရှိန်အဟုန်လျင်မြန်စွာ ဖြစ်ပေါ်နေသော ဘဝင်စိတ်အစဉ်သည် အာရုံဟောင်းကို ချက်ချင်းမစွန့်နိုင်ဘဲ အာရုံသစ်ထင်ပြီးနောက် ဘဝင်စိတ်နှစ်ကြိမ် လွန်ပြီးသည့်အခါမှ စွန့်နိုင်၏။ ထိုဘဝင်စိတ်နှစ်ကြိမ်ကို 'စလနဘဝင်' (ဝါ) 'ဘဝင်္ဂစလန' (လှုပ်သွားသောဘဝင်) ဟု လည်းကောင်း၊ ဒုတိယဘဝင်္ဂစလနနောက်၌ ဘဝင်စိတ်အစဉ်ပြတ်သွားသဖြင့် ထိုဒုတိယဘဝင်္ဂစလနကို ဘဝင်္ဂုပစ္ဆေဒ (ပြတ်သွားသောဘဝင်) ဟုလည်းကောင်း ခေါ်၏။

ဘဝင်စိတ်အစဉ် ပြတ်သွားပြီးနောက် ဒွါရငါးခု၌ထင်လာသော အာရုံကို ပဉ္စဒွါရာ ဝဇ္ဇန်းစိတ်က ဆင်ခြင်နှလုံးသွင်း၏။ ပမာအားဖြင့် ရေဒီယိုအသံဖမ်းခွက်ပေါ်သို့ အသံလွှင့်ဌာနမျိုးစုံမှ လှိုင်းအလျားမျိုးစုံဖြင့် တစ်ပြိုင်နက်ထုတ်လွှင့်ရိုက်ခတ်နေကြသော်လည်း လှိုင်းညှိခလုတ် TUNER က ရွေးချယ်ပေးလိုက်သော အသံလှိုင်းတစ်မျိုးသာ အသံမြည်နိုင်သကဲ့သို့ ဒွါရခြောက်ပါး၌ အာရုံမျိုးစုံ တစ်ပြိုင်နက်ထင်နေသော်လည်း အာဝဇ္ဇန်းစိတ်က ရွေးချယ်နှလုံးသွင်းပေးလိုက်သော အာရုံတစ်ခုတည်းကိုသာ နောက်စိတ်တို့က အာရုံပြုကြ၏။

ဤသို့အားဖြင့် စက္ခုဒွါရ၌ ရူပါရုံထင်လျှင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ချုပ်ပြီးနောက် စက္ခုဝိညာဉ်စိတ်ဥပါဒ်ပြီး ထိုစိတ်က အာရုံကိုမြင်သိလိုက်၏။ စက္ခုဝိညာဉ်စိတ်တစ်ခု၏ သက်တမ်းသည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းပုံတစ်ပုံခန့်သာ ကြာသဖြင့် ဤမျှတိုတောင်းသောအချိန်အတွင်း အာရုံကို ကောင်းစွာမသိနိုင်၊ မဆုံးဖြတ်နိုင်သေးပေ။ သို့အတွက် စက္ခုဝိညာဉ်ယူပြီးသော အာရုံကိုပင် သမ္ပဋိစ္ဆိုန်းစိတ်က ဆက်လက်ခံယူ၏။ ထိုအာရုံကို သန္တီရဏစိတ်က စုံစမ်း၏။

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ငွေဝင်၊ ငွေရှာ၊ ငွေလာစေဖို့ အစီအရင်

**၁။ အစီအရင်အတွက် လိုအပ်သောပစ္စည်းများ**

က။ လေးထောင့်လင်ပန်းတစ်ချပ်။ (စတုရန်းသည် စည်းစိမ်ကိုပေးစေတတ်၏)

ခ။ ကလော(ပီလောပီနံ့ဥ) ဆွမ်းတော်ကပ်ရန်၊ စားဖွယ် ကလောရွှေချီ ပြုလုပ်ပါ။

ဂ။ ဘုရားကပ်လှူရန် ကံ့ကော်ညွန့်၊ ရွှက်လှညွန့် အဆင်သင့်ရှာထားပါ။

**၂။ ပြုလုပ်ရန်အချိန်**

နံနက်မွန်းမတည့်မီ နေတက်ချိန် ဘုရားရှင်အား လှူဖွယ်ဝတ္ထုများကို ကပ်လှူပြီးလျှင် ငါးပါးသီလခံယူ ဆောက်တည်၍ အောက်ပါဂါထာကို (၇) ခေါက် ရွတ်ဆိုပါ။

**ဂါထာတော်**

သုနက္ခတ္တံ သုမင်္ဂလံ၊
(သုနက်ခတ်တံ သုမင်ဂလံ)
သုပ္ပဘာတံ သုဟုဋ္ဌိတံ၊
(သုပ်ပဘာတံ သုဟုတ်ထိတံ)
သုခဏော သုမုဟုတ္တောစ
(သုခဏော သုမုဟုတ်တောစ)
သုယိဋ္ဌံ ဗြဟ္မ စာရိသု။
(သုယိတ်ထံ ဗြန်မ စာရိသု)

ဂါထာရွတ်ဆိုပြီး လင်ပန်းအလယ်တွင် ကလောရွှေချီကိုထည့်၍ဆွမ်းတော်ကပ်ပါ။ ငွေဝင်စမလေးလုံး **ဒအသဝ** ကို ပုတီးတစ်လုံးချ ရသမျှစိပ်ပါ။ မွန်းမတည့်မီ ဆွမ်းတော်ကိုစွန့်ပါ။


သတိပြု - လေးထောင့်လင်ပန်းတွင် အောက်ပါအတိုင်း ငွေဝင်စမလေးလုံး **ဒသအဝ** ကို ရေးထားပါ။

**ဆုတောင်း**

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့်တကွ ပစ္စေကဗုဒ္ဓါဘုရားရှင်များ၊ ရဟန္တာအရှင်သူမြတ်များတို့အား ရည်စူး၍ ဤကလောဆွမ်းကို ဆက်ကပ်လှူဒါန်းပါ၏။ ဘုရားတပည့်တော်၏ ဤပစ္စုပ္ပန်ဒါနကုသိုလ်ကြောင့် အတိတ်ဘဝက ကုသိုလ်ကံတို့သည် လျင်မြန်စွာအကျိုးပေးပြီး ငွေဝင်မစဲရရှိရပါလို၏ဘုရား။

{ ကံ့ကော် -၂
ရွှက်လှ -၄

၂+၄
ငွေဝင်




(ကလောရွှေချီ)
၂+၄ ၄+၂
၂+၄ ၄+၂
ငွေလာ ငွေရှာ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

ထို့နောက် ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ်က မည်သည့်အာရုံဖြစ်သည်ကို ဆုံးဖြတ်၏။ ထို့နောက် ဇောစိတ်တို့သည် အာရုံကို ပိုင်းပိုင်းခြားခြားသိလျက် အာရုံ၏အရသာကို ခံစားပြီး အာရုံ၌ပြုဖွယ်ကိစ္စကို ပြီးမြောက်စေခြင်းငှာ (၇) ကြိမ်တိုင်တိုင် အရှိန်အဟုန်ဖြင့် ဖြစ်ကြ၏။ ထို့နောက် ရေဆန်ခုတ်မောင်းသွားသော သင်္ဘော၏နောက်သို့ ရေလှိုင်းတချို့ လိုက်ပါသွားသည့်နည်းတူ ဇောစိတ်တို့ ခံစားသည့်အာရုံကို ဆက်လက် ခံစားသော 'တဒါရုံ' အမည်ရှိသည့်စိတ်သည် နှစ်ကြိမ်ဖြစ်ပေါ်၏။ ထို့နောက်တွင်ကား အာရုံတစ်ခု ချုပ်ငြိမ်းသွားပြီဖြစ်၍ ဘဝင်စိတ်အစဉ်တို့သည် မူလမရဏာသန္နိမိတ်ကို တစ်ဖန်အာရုံပြု၍ ဖြစ်မြဲဖြစ်ကြ၏။

ဘဝင်စိတ်အစဉ်သည် သိမ်မွေ့၏။ တည်ငြိမ်၏။ ငြိမ်သက်နေသော ရေပြင်ကျယ်နှင့်တူ၏။ ပဉ္စဒွါရာဝဇ္ဇန်းမှစပြီး တဒါရုံအဆုံးရှိသော ဝီထိစိတ်အစဉ်တန်းကား ဒွါရနှင့်အာရုံတိုက်ခိုက်နေသဖြင့် ကြွတက်လာသော ပင်လယ်လှိုင်းလုံးကြီးများနှင့် တူပေ၏။ ဝီထိစိတ်တို့သည် ဒွါရအသီးသီးတို့၌ ထင်လာသောအာရုံများကိုသိရှိစေသဖြင့် သိစိတ် (CONSCIOUS MIND) ဟု စိတ်ပညာရှင်တို့က ခေါ်ဆိုကြ၏။

သို့အတွက် လူတစ်ဦးစီ၏ တစ်သက်တာတွင် ဝီထိစိတ်အစဉ်နှင့် ဘဝင်စိတ်အစဉ်တို့သည် အဆက်မပြတ် တစ်လှည့်စီ ဖြစ်ပေါ်နေကြသည်။ ရုပ်ဓမ္မနှင့် နာမ်ဓမ္မတို့သည်လည်း သီးခြားစီ ရပ်တည်နိုင်ခြင်းမရှိဘဲ ရုပ်က စိတ်အပေါ်တွင် လည်းကောင်း၊ စိတ်က ရုပ်အပေါ်တွင် လည်းကောင်း အမှီသဟဲပြုနေကြရ၏။ ငကျိုးနှင့်ငကန်း လမ်းသွားရာတွင် ငကန်းက ငကျိုးကို ကျောကုန်းပေါ်တင်ပြီး ငကျိုးညွှန်ပြသည့်အတိုင်း သွားရသကဲ့သို့ နာမ်ဓမ္မညွှန်ပြသည့်အတိုင်း ရုပ်ဓမ္မကလိုက်နေရကြောင်း မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သည်ကို အထောက်အထားပြု၍ ဤဆောင်းပါးအစတွင် မေးမြန်းထားသော မေးခွန်း၏ အဖြေကို စာရေးသူလေ့လာသိရှိထားသည့် သုတမယဉာဏ်ကို အခြေခံ၍ ဉာဏ်မီသမျှ ဖြေကြားလိုက်ရပေသည်။

ချစ်ဗိုလ် (ဓာတ်ကျွန်း)

www.burmeseclassic.com

ရဲမိုးသူ(ဘောဓိမြို့)

# မမှားသင့်သည့်အမှားနှင့် ရှေးဟောင်းပစ္စည်း



လူသားတို့ မွေးဖွားလာရာမှ ဉာဏ်အသိဝင်လာချိန်တွင် ဝါသနာ ဗီဇအသီးသီးပါလာတတ်ကြသည်မှာထင် မိပါသည်။ အချို့က ဝါသနာပါရာအလုပ် ကို အပတ်တကုတ် ကြိုးစားအားထုတ် လုပ်ကိုင်နိုင်ကြသော်လည်း အချို့က ဘဝပေးအခြေအနေအရ ဝါသနာပါရာ အလုပ်ကိုမလုပ်ကိုင်ရဘဲ စားဝတ်နေရေး အတွက် သင့်ရာအလုပ်ကိုသာလုပ်ကြရ သည်လည်းရှိပါသည်။ လူအမျိုးမျိုး၊ ဝါသနာအမျိုးမျိုး ပါရှိလာကြပုံက စိတ်ဝင်စားဖွယ် ဆန်းကြယ်လှပေသည်။ ငယ်စဉ်ကပင် ယခုတိုင် ဝါသနာပါရာ ရှေးဟောင်းပစ္စည်းအလုပ်ကို လုပ်ကိုင် သည့်မိတ်ဆွေတစ်ဦးကို အကြောင်းပြု၍ ရှေးဟောင်းပစ္စည်းဇာတ်လမ်းအား သတိ တရရေးဖြစ်ပါသည်။

အစ်ကိုတစ်ဦးသဖွယ်ရင်းနှီးသည့် ကိုမောင်စိုးအား အမှတ်မထင် လက်ဖက် ရည်ဆိုင်တွင် တွေ့လိုက်ရသည်။

"ကိုမောင်စိုး၊ မတွေ့တာကြာပြီ။ ဘာတွေလုပ်နေလဲ"

"ဝါသနာပါရာ အရင်အတိုင်း ရှေးဟောင်းလိုင်းပဲပေါ့ ညီလေး"

"အရောင်းအဝယ်ကောကောင်းရဲ့ လား အစ်ကို"

"တအားတော့ မကောင်းဘူး။ သူ့ဟာနဲ့သူတော့ရှိပါတယ်"

ကိုမောင်စိုးက ကျွန်တော်နှင့် တစ်မြို့တည်းနေ တစ်လမ်းတည်းသား ဖြစ်ပါသည်။ ငယ်စဉ်ကပင် ကိုမောင်စိုး ဝါသနာပါသည်က ရှေးဟောင်းပစ္စည်း လေးများအား ဝယ်ယူစုဆောင်းသိမ်း ဆည်းခြင်း ဖြစ်ပါသည်။ မိဘမျိုးရိုး လုပ်ငန်းလည်းမဟုတ်ပါဘဲ ထူးထူးဆန်း ဆန်း ဝါသနာပါတတ်သည့် ကိုမောင် အား အံ့ဩမိပါသည်။ ကိုမောင်စိုး ငယ်စဉ်ကပင် ဟင်္သာရုပ်အလေးအရွယ် စုံ အရုပ်စုံများစွာ၊ စံလင်း၊ မောင်ကောင်း ငွေစက္ကူဟောင်းများ၊ အိန္ဒိယရူပီကြေး ပြားငွေပြားများ၊ ထိုင်းပိုက်ဆံစေ့များ၊ ရှေးဟောင်းဆေးတံအိုးများ၊ ယွန်းအစ် များ ဆင်ခလောက်များ စုဆောင်းနေမိ သည်။ ယခုလည်း အသက် (၅၀) ကျော်ရှိနေသည့်တိုင် ရှေးဟောင်းပစ္စည်း ရောင်းဝယ်ရေးကို မိသားစုစီးပွားရေး အဖြစ် လုပ်ကိုင်နေသေးသည်ဆို၍ အံ့ဩ မိပြန်သည်။

ကျွန်တော်မှ -

"အခုအစ်ကိုဘယ်မှာအခြေချလဲ"

"ပြင်ဦးလွင်မှာ။ ညီလေးရောက် ရင်ဝင်ခဲ့လေ။ နောက်နေ့ အစ်ကို ပြင်ဦး လွင်ပြန်တက်မှာ"

ကိုမောင်စိုးနှင့် လက်ဖက်ရည် ဆိုင်တွင်ဆုံမိရာမှသည် ရှေးဟောင်း ဆင်းတုတော်တစ်ဆူနှင့်ပတ်သက်သည့် ကိုယ်တွေ့ဇာတ်လမ်းလေးတစ်ပုဒ်အား ပြောပြခဲ့၍ မှတ်သားဖွယ်ဗဟုသုတများ ရရှိခဲ့ရပါသည်။

ကိုမောင်စိုးမှ -

"မင်းက စာရေးတယ်ဆိုတော့ ကိုယ့်အတွေ့အကြုံကလေးပြောပြမယ်။ လွန်ခဲ့တဲ့ (၁၀) နှစ်လောက်က အရောင်း အဝယ်ကိစ္စနဲ့ မြန်မာ - တရုတ်နယ်စပ် လောက်ကိုင်မြို့ကို ရောက်ခဲ့တယ်။ တစ်ဆင့်စကားတစ်ဆင့်နားကကြားပြီး အစ်ကို့ဆီကို မြန်မာလူမျိုးဦးလေး တစ်ယောက် ရောက်လာတယ်။ သူ့ လက်ထဲမှာ ဉာဏ်တော် (၆) လက်မ လောက်ရှိတဲ့ ထိုင်တော်မူဗုဒ္ဓရှေးဟောင်း



ဆင်းတုတစ်ဆူပါလာတယ်။ အစ်ကို့ မှတ်မိသေးတယ်။ ဦးလေးကြီးအမည်က ဦးထွန်းအောင်တဲ့။ အစ်ကိုတို့သိတဲ့အသိ ပညာနဲ့ မှန်းဆကြည့်တော့ အင်းဝခေတ် လောက်က ထူးခြားတဲ့သတ္တုတွေပေါင်းစပ် သွန်းလုပ်ထားတဲ့ ကြေးရောင်ဆင်းတု တော်ပဲ။ ပလ္လင်တော်က အခေါင်းပေါက် နဲ့။ ဆင်းတုတော်ရဲ့နောက်ကျောမှာ မသိ နိုင်တဲ့ ဂမ္ဘီရအက္ခရာစာတွေပါတယ်။ အစ်ကိုတို့လည်း နားမလည်ပါဘူး"

"အဲဒီဦးလေးကြီးက အစ်ကို့ကို လာရောင်းတာလား"

"လာရောင်းတာလည်း မဟုတ် ဘူး။ လာပြတဲ့သဘောပဲ။ သူကြည့်ရတာ ကိုက အစ်ကို့စိတ်ထဲတစ်မျိုးကြီး"

"ဘာဖြစ်နေလို့လဲ"

"ကြည်ကြည်လင်လင်လည်းမရှိ ဘူး။ ဦးလေးရောင်းမှာလားလို့ အစ်ကိုက မေးတော့ မရောင်းပါဘူး ငါ့တူရယ်၊ လာပြကြည့်တာပါတဲ့။ အစ်ကိုလည်း ဦးလေးရဲ့ဆင်းတုတော်က ရှေးဟောင်း ပစ္စည်းမှန်ပါတယ်လို့ပြောပြီး ဦးလေးကြီး မျက်နှာကိုအကဲခတ်လိုက်တော့ မျက်နှာ မကောင်းတဲ့အပြင် အစ်ကို့ကို တစ်ခုခု ပြောချင်နေတယ်ဆိုတာသိနေမိတယ်။ အရောင်းအဝယ်တွေလုပ်ခဲ့တာများတော့ အကဲခတ်တတ်နေတာပေါ့ကွာ။ ဒါနဲ့ ဦးလေးပြောချင်တာ၊ တိုင်ပင်ချင်တာရှိ ရင်ပြောပါ။ ကျွန်တော့်ကို တူလိုသားလို သဘောထားပြီး တိုင်ပင်လို့ရပါတယ်လို့ ပြောလိုက်တယ်"

"ဘာတွေပြောလဲ အစ်ကို"

"သူ့ရင်ထဲက စိတ်ခံစားချက်နဲ့ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်အကြောင်း ပြောပြတော့တာပေါ့။ ခက်တာက မလုပ် သင့်တဲ့အမှားလုပ်ခဲ့ပြီးပြီ။ ဒီလိုကွ သူယူ လာပြတဲ့ဗုဒ္ဓဆင်းတုတော်ဟာ ရှမ်းပြည် တန့်ယန်းဘက်ကပဲ။ တန့်ယန်းကလာတဲ့ သူ့ဆီကနေ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ရထားတာ။ ဆင်းတုတော်ကြွလာတော့ ဗုဒ္ဓဘာသာပီပီ ဘုရားကျောင်းဆောင် ပေါ်တင်ပြီး ကိုးကွယ်ထားခဲ့တာတဲ့။



www.burmeseclassic.com

www.burmeseclassic.com

အဲလိုကနေ တန့်ယန်းက ဘုရားပင့်လာတဲ့လူ နောက်တစ်ခါ ဦးလေးကြီးအိမ်လာပြန်တယ်။ ဒီဗုဒ္ဓဆင်းတုတော်ဘယ်ကရခဲ့တာလဲမေးတော့ ရှေးဟောင်းဘုရားစေတီပြိုထဲကရလာတာလို့ပြောတယ်ဆိုပဲ။ အစ်ကို့အထင်ကတော့ ရှေးဟောင်းစေတီပြိုထဲက ဌာပနာထိုက်တဲ့ဆင်းတုတစ်ဆူဖြစ်မှာပေါ့ကွာ"

"ဖြစ်နိုင်တာပေါ့။ ဗုဒ္ဓဆင်းတုတော်တွေ့တာနဲ့ မစဉ်းစားဘဲယူလာတာနေမှာ"

"ဒါနဲ့ဆက်ဦးမယ်၊ တစ်နေ့ ဘုရားကျောင်းဆောင်မှာ ဆီမီးပူဇော်ရာက ဘုရားဆောင်မီးလောင်တယ်။ မီးတော်တော်လောင်လိုက်တာ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်အတွင်းပိုင်းကရွှေတွေဟာ အရည်ပျော်ပြီးကျလာတာတဲ့။ အဲဒါ ဦးလေးကြီးကိုယ်တိုင် ပြောပြခဲ့တာ။ ရွှေကအခေါက်ရွှေငါးကျပ်သားလောက်ရှိတယ်ပြောတယ်"

"ရွှေမှန်းဘယ်လိုသိတာတဲ့လဲ"

"ညီလေးရာ အေး,နေကြဦးမယ်။ ပန်းထိမ်ဆိုင်ကိုပြမှာပေါ့ဟ။ ရွှေဆိုတဲ့ အသိပဲရှိခဲ့တယ်။ လောဘကြောင့် ဗုဒ္ဓဆင်းတုတော်က ရွှေဆိုတာကို မစဉ်းစားနိုင်တော့ဘူး။ နောက်ပြီး မိသားစုရဲ့ အဓိကအခက်ခဲမှာ အမြဲလိုနေကြတာက ငွေလေ။ ဒါနဲ့ ရွှေတွေကိုရောင်းချသုံးစွဲလိုက်တော့တာပေါ့"

"အဲတော့ဘာတွေဆက်ဖြစ်ကုန်လဲ"

"ဘာတွေဆက်ဖြစ်သလဲဆိုတော့ ရွှေရောင်းပြီးတဲ့နေ့ကစပြီး အစ်ကို့ဆီ ဆင်းတုတော်လာပြတဲ့ အခုအချိန်အထိ စိတ်မကြည်လင်ပါဘူးတဲ့။ ငါဘုရားရွှေကိုရောင်းချစားသုံးမိပြီးဘာများဖြစ်မလဲ၊ ခိုက်များခိုက်မှာလားဆိုတဲ့စိတ်ပဲတဲ့။ ဖြစ်ချင်တော့ သမီးကြီးက အိမ်ထောင်ကျတာမှ တစ်လကျော်ပဲရှိသေးတယ်။ ယောက်ျားလုပ်သူက အရက်သောက်ပြီး ရှုးရှူးမူးမူးစကားများရန်ဖြစ်ရင်း ဓားနဲ့ထိုးလို့ သမီးကြီးသေတယ်လို့ ပြောပြတယ်။ ထပ်ဖြစ်ပြန်တာက သမီးအလတ်အပျိုမက ဦးနှောက်ဖောက်သလိုလို၊ စုန်းပူးသလိုလိုဖြစ်နေတာ အခုအထိပဲလို့ ပြောပြန်တယ်"

"စိတ်ထိခိုက်စရာတွေဆက်တိုက်ဖြစ်နေတာပေါ့"

"အမှန်ပဲ၊ ဦးလေးကြီးကပြောသေးတယ်။ အဲလိုတွေဖြစ်နေတာတောင် စိတ်ထဲမှာ ဘာတွေမကောင်းတာတွေထပ်ဖြစ်ဦးမလဲတွေးရင်း အိပ်လို့လည်း မပျော်ဘူးလို့ပြောတယ်။ ဒါနဲ့ အစ်ကိုက ဒါဆို ဦးလေးအလှူဒါနတွေပြုပြီး တရားအမှတ်နဲ့နေပေါ့လို့ အကြံပေးမိတယ်။ တရားမှတ်လည်း ခဏပါပဲ ငါ့တူရာတဲ့။ သူ့ကြည့်ရတာ စိတ်ဝေဒနာသည်ကြီးလိုဖြစ်နေရှာတော့တာ"

"နောက်ဆုံး ဦးလေးကြီးနဲ့အစ်ကို့ဇာတ်လမ်းဘယ်မှာဆုံးသွားလဲ"

"အစ်ကိုက ပထမတုန်းကတော့ ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်ကို ရှေးလက်ရာမှန်းသိတော့ လိုချင်ခဲ့တာအမှန်ပဲ။ ဒီဇာတ်လမ်းသိတော့ တော်တော်လည်း ကြောက်သွားသလို ဝယ်ချင်စိတ်လည်းမရှိတော့ဘူး။ သူကလည်းမရောင်းပါ ဘူး။ ဒါနဲ့ ဦးလေး ဆင်းတုတော်ကို ဘာဆက်လုပ်မလဲမေးလိုက်မိတယ်။ သူလည်း ဘာလုပ်ရမလဲမသိဘူးတဲ့။ သူတွေးထားတာက အိမ်မှာလည်းမထားချင်ဘူး။ သူများလည်းမပေးချင်ဘူး။ သင့်လျော်တဲ့ဗောဓိပင်အောင်သွားထားမယ် ပြောပြီးထွက်သွားတော့တာပဲ။ အစ်ကိုလည်း သူ့ကိုငေးရင်းကျန်ခဲ့တော့တယ်"

"အစ်ကိုနဲ့ပြန်ဆုံသေးတာလား"

"အဲဒါပြောမလို့ဘဲ။ အစ်ကို အဲဒီဦးလေးကြီးနဲ့တွေ့ခဲ့ပြီး (၃) နှစ်လောက်ကြာတော့ လားရှိုးမြို့ မန်ဆူဘုရားကြီးအောက်ဘက်မှာရှိတဲ့ ဗောဓိညောင်ပင်ကြီးအောက်မှာပြန်တွေ့ခဲ့တယ်။ ဦးလေးကြီး ငါ့ကိုမမှတ်မိတော့ဘူး။ သူရူးသွားပြီ ညီလေး"

"ဗုဒ္ဓဆင်းတုတော်တော့တွေ့လား အစ်ကို"

"မတွေ့တော့ဘူး။ အစ်ကိုလည်း သနားမိတာနဲ့ ကိတ်မုန့်ရယ်၊ ပိုက်ဆံတစ်ထောင်ရယ်ပေးလိုက်တယ်။ ဦးလေးကြီး အစ်ကို့ကိုပြူးကြောင်ကြောင်နဲ့ကြည့်ပြီး ကျန်ခဲ့တော့တယ်။ ဇာတ်လမ်းရဲ့ နောက်ဆုံးနိဂုံးပဲ"

ကျွန်တော်တို့နှစ်ဦး အတွေးကိုယ်စီရှိသွားကြသည်မို့ ခေတ္တခဏတာငြိမ်သက်သွားခဲ့ပါသည်။ အတွေးစကိုဖြတ်ရင်း ကိုမောင်စိုးနှင့်ကြုံတုန်းသိချင်သည့်ကိစ္စတစ်ခု ခေါင်းထဲဝင်လာပြန်သည်။

"အစ်ကို၊ သိချင်တာလေးပြောပြပေးဦး။ ရှေးဟောင်းသတ္တုပစ္စည်းတွေကို ဘယ်လိုခွဲခြားလဲ"

"အများမသိတဲ့ ပညာအသိကွ။ ပညာရဲ့လျှို့ဝှက်ချက်မို့ မပြောပြကြဘူး။ မင်းကိုပြောပြခဲ့လိုက်မယ်။ ဗဟုသုတသေသေချာချာမှတ်ပေါ့ကွာ"

ရှေးဟောင်းပစ္စည်းများအဲမှ သတ္တုရုပ်တုများ ရှေးဟောင်းပစ္စည်းစစ်၊ မစစ်အကဲဖြတ်ရာတွင် အချက် (၃) ချက်ကို အဓိက စမ်းသပ် စစ်ဆေးရကြောင်း၊ ပထမအချက်မှာ သားရေ (ဂျက်ကော့) သားကဲ့သို့ ကိုင်တွယ်ပါက လက်တွင် နူးညံ့မှုရှိသည်ဟု ဆိုပါသည်၊ ဒုတိယအချက်မှာ ကာဗွန်စကေးဟုခေါ် ကြောင်း၊ သတ္တုအညှိတက်သည်ကိုကြည့်ရကြောင်းနှင့် နောက်ဆုံးအချက်မှာ ဂေါ်င်းရင်းပရဆေးဟဲ့သို့အနံ့ရှိမှသာ ရှေးဟောင်းပစ္စည်းစစ်ကြောင်း ဗဟုသုတကြားသိရခြင်းဖြစ်ပါတော့သည်။ ထိုအချက်(၃)ချက်သည် ရှေးဟောင်းပစ္စည်းသတ္တုများစစ်ဆေးရာတွင် ပညာရှင်၏အသက်ဟုဆိုပါသည်။

"အဲဒီ(၃)ချက်ညီရင် ရှေးဟောင်းပစ္စည်းစစ်ပြီပေါ့"

"အသေအချာပြောဖို့ဆိုတာခက်လှတယ် ငါ့ညီ။ အားလုံးခြုံငုံပြီးတော့ ရှေးဟောင်းပစ္စည်းကို အတု၊ အစစ်ခွဲခြားနိုင်တာ။ နှစ်ပေါင်းများစွာ ဝါသနာအရ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံနဲ့ အဓိကပညာမျက်စိလို့ ပြော့ရမယ်။ ဘာကြောင့်လဲဆိုတော့ ပရဆေးအနံ့နဲ့ ကာဗွန်စကေးမှာ အလိမ်အလည်တွေ ရှိနေတတ်လို့ပဲဆိုရင် မင်းလက်ခံနိုင်မယ်ထင်တယ်။ အချို့ကိစ္စတွေကျတော့ ရှင်းပြလည်း ညီလေးနားမလည်နိုင်တော့ဘူးလေ"

"အစ်ကို့ရဲ့ အလုပ်ကြီးကလည်း မလွယ်ပါဘူးဗျာ"

ကိုမောင်စိုးနှင့် ယနေ့တိုင်မတွေ့ရတော့ပါ။ မန္တလေးဘုရားများဖူးရန်ခရီးထွက်ခဲ့ရာ မန္တလေးမဟာမြတ်မုနိဘုရားကြီးအရောက် ဘုရားစောင်းတန်းတွင် ရောင်းချလျက်ရှိသည့် ရှေးဟောင်းကြေးထည်အရုပ်များ၊ ရှေးဟောင်းသတ္တုမျိုးစုံအရုပ်များ၊ ဆင်းတုတော်များအားတွေ့ရှိသည်မို့ ကိုမောင်စိုးပြောသည့် ရှေးဟောင်းပစ္စည်းစစ်၊ မစစ် အချက် (၃) ချက်ဖြင့် စစ်ဆေးကြည့်လျှင်ကောင်းမလား စိတ်တွင်တွေးရင်း ဖြတ်သန်းလျှောက်လှမ်းခဲ့ရာ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးရှေ့ရောက်လာခဲ့ပါတော့သည်။

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ကြီးအား
အာရုံဖြင့်ဦးခိုက်လျက်

ရဲမျိုးသူ (ဗောဓိမြိုင်)

www.burmeseclassic.com

www.burmeseclassic.com

မောင်စိမ်းဝေ့(ထားဝယ်)

# ထားဝယ် ရှင်သားရှင်ဘုရား
# ရှင်ဖပု၊ ရှင်ဖသီ

'ဟေမာဂီရိ၊ မြို့တြိ၊ မှတ်ဘိရှင်ကိုးရှင်' ဟူသော သံပေါက်လင်္ကာအရ ထားဝယ်ဒေသတွင် တောင်သုံးတောင်၊ တောသုံးတော၊ မြို့သုံးဆူအားဖြင့် ရှင်ကိုးရှင်ဘုရားထင်ရှားကျော်ကြားပါသည်။

**၁တောင်သုံးတောင်ဆိုသော တောင်ပေါ်ဘုရားသုံးဆူ**

- က။ ရှင်ဆံတော်စေတီတော် (ရေဖြူမြို့နယ်)
- ခ။ ရှင်မျှော်စေတီတော် (လောင်းလုံးမြို့နယ်)
- ဂ။ ရှင်တောင့်ပုံစေတီတော် (သရက်ချောင်းမြို့နယ်)

**၁တောသုံးတောဆိုသော ကျေးလက်တောရွာဘုရားသုံးဆူ**

- က။ ရှင်မာတ်ဝဲစေတီတော် (မောင်မယ်ရှောင်၊ ရေဖြူမြို့နယ်)
- ခ။ ရှင်ဇလွန်စေတီတော် (မြို့ဟောင်း၊ လောင်းလုံးမြို့နယ်)
- ဂ။ ရှင်တောက်ထိန်ရုပ်ပွားတော် (ကမြောကင်း၊လောင်းလုံးမြို့နယ်)

**၁မြို့သုံးဆူဆိုသော ထားဝယ်မြို့ ရပ်ကွက်/ကျေးရွာဘုရားသုံးဆူ**


- က။ ရှင်ပင်ခရုစေတီတော် (ကရပ်ပြင်ရပ်)
- ခ။ ရှင်ဥသြစေတီတော် (ပိန္နဲတောရပ်)
- ဂ။ ရှင်မုတ္ထီးရုပ်ပွားတော် (ရှင်မုတ္ထီးရွာ)

အထက်ဖော်ပြပါ ရှင်ကိုးရှင်သမိုင်းဝင် ရှေးဟောင်းဘုရား (၉) ဆူအပြင် နောက်ထပ် 'ရှင်သားရှင်' ဟု ဒေသခံတို့ ခေါ်ကြသည့် 'ရှင်' ဘွဲ့ချီသော ရှေးဟောင်းဘုရားများကိုလည်း ထားဝယ်ဒေသ၌ဖူးမြော်နိုင်ပါသေးသည်။ မှတ်တမ်းမှတ်ရာ အထောက်အထားခိုင်မည်ရရ ပြည့်ပြည့်စုံစုံမရှိသောကြောင့် လည်းကောင်း၊ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းရာ၌ ရေးထိုးထားသောကမ္ပည်းစာများပျောက်ပျက်ကွယ်ပသွားသောကြောင့်လည်းကောင်း၊ ဒေသခံပညာရှင်တို့၏ လေ့လာဖော်ထုတ်မှုအားနည်းသောကြောင့် လည်းကောင်း၊ သက်ကြီးစကား အမှတ်သညာများ ရေရေရာရာပြောပြနိုင်သူရှားပြီး ရှာဖွေရခက်ခဲသောကြောင့် လည်းကောင်း မထင်မရှား လူသိနည်းပါး တိမ်မြုပ်နေသော ထို 'ရှင်' ဘွဲ့ချီ ရှင်သားရှင်ရှေးဟောင်းဘုရားများမှာ ယခုအခါတွင် ရောင်ခြည်ပွင့်ထွန်းလျက်ရှိနေပြီဖြစ်ရာ အနီး၊ အဝေး ဗုဒ္ဓဘာသာဝင်ဘုရားဖူးများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန်အတွက် စာရေးသူကြိုးစား ရေးသား ပူဇော်တင်ပြလိုက်ရပါသည်။

၁၈ - ၉ - ၂၀၁၆ ရက်နေ့မနက်



ရှင်ဖပုဘုရားသိမ်အတွင်း ဖူးမြော်ရစဉ်



ရှင်ဖသီဘုရား အနီးကပ် ဖူးမြော်ရပုံ




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် ကိုစိုးညီညီတို့ အိမ်မှထွက်လာသည့်အချိန် ရာသီဥတုကြည်ကြည်လင်လင်မရှိလှ။ မိုးကောင်းကင်တစ်ခွင်တိမ်ညိုတချို့တို့ အနောက်မှ အရှေ့ဆီသို့လွင့်မျောလျက်ရှိနေပြီး အုံ့လိုက်ပျံလိုက်ရှိသကဲ့သို့ နေရောင်လည်းပွင့်လိုက်မပွင့်လိုက်ရှိနေလေ၏။ ကျွန်တော်တို့သည် ယောက်ယက်ခတ်မျှလူသူရှုပ်ထွေးသောမြို့လယ်လမ်းမှ ဆိုင်ကယ်အား ဂငယ်ကွေ့၍ လူရှင်းသော ဆိပ်ကမ်းသာလမ်းပေါ်တက်လိုက်သည်နှင့် မြစ်ပြင်လေနုအေးမြမြညင်းသက်ပွေ့ဖက်ကျီစယ်သွားသည်ကို ခံစားရပါသည်။

ကမြောကင်းမြစ်ကူးတံတားဖြတ်ပြီးနောက် ဆိုင်ကယ်ကိုချိုးကွေ့၍ မြစ်နှင့်အပြိုင် တောင်စူးစူးဆီသို့ ဦးလှည့်ကာ အင်းဇောက်ရွာဆီ ခရီးဆက်ကြသည်။ ကဘူ၊ ကမြောကြီး၊ သာယာကုန်း၊ မင်းရပ်၊ ရပေါင်း၀၊ ပန္နလဲရွာကြီးများကိုကျော်လျှင် အင်း၀ဇောက်သို့ရောက်သည်။ အင်းဇောက်ရွာသည် ထား၀ယ်-လောင်းလုံးကားလမ်းပေါ်တည်ရှိ၍ ထား၀ယ်မှ (၉) မိုင်ကွာဝေးသည်။ လယ်ယာဥယျာဉ်ခြံရော်ဘာခြံလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုသည်။ အိမ်ခြေ(၄၀၀)ကျော်သော ရွာကြီးတစ်ရွာဖြစ်သည်။ ကြိုတင်ဖုန်းဆက်ထားသဖြင့် ရွာခံ



ရန်မျိုးအောင်ဆုတောင်းပြည့်စေတီ



နဂါးရုံဘုရား



လက်ဝဲဘက် ထိုင်တော်မူ (ရှင်ဖပုဘုရားဆိပ်)



ရှင်ဖပုဘုရားအား ကြည်ညိုဖွယ် ဖူးတွေ့ရစဉ်



လက်ယာဘက်ထိုင်တော်မူ(ရှင်ဖပုဘုရားဆိပ်)



www.burmeseclassic.com


www.burmeseclassic.com


ကြာပလ္လင်ခံဘုရားတစ်ဆူ


အဝေးရောက်အလှူရှင်များ၏ကုသိုလ်ကောင်းမှု


အင်္ဂတေးရုပ်ကြွနံရံကပ်စေတီ


ရှင်ဖပုဘုရားတံခွန်တိုင်


ရှင်ဖသီဘုရားတံခွန်တိုင်


ရှင်ဖသီဘုရားကြေးခေါင်းလောင်း

မိတ်ဆွေကြီး ဦးတင်ဝင်း စောင့်နေသဖြင့် အစစအရာရာ ချောမော အဆင်ပြေလှပါသည်။

ထားဝယ်မှတ်တမ်းအရ ကောဇာနှစ် ၇၀၀ မှ ၈၀၀ အတွင်း ထားဝယ်မြစ်အနောက်ဘက်ကမ်း ရှေးမြို့ဟောင်းဖြစ်သော ဝေဒီမြို့ (ယခု ဝေဒီရွာ) ကို အုပ်ချုပ်မင်းပြုသောသာသနာပြုမင်းကြီး ဗလဒေဝစောရန်နိုင်ခေါ် စောသီလမင်းသည် ဝေဒီအုတ်မြို့ရိုးအပြင် အနောက်ချုပ် (၃) မိုင်အကွာ အင်းဇောက်ရွာ၌ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူတည်လုပ်ပြီး ရေစက်သွန်းချ လှူဒါန်းပူဇော်ခဲ့ရာ စောသီလမင်းကောင်းမှုဖြစ်၍ ဘုရားဒါယကာအလှူရှင်၏အမည်တွင်ရစ်နေသည့်အတွက် ရှင်ဖသီဘုရား၊ ဝေဒီမင်းစောသီလ၏သားတော် ဖပုသည် ခမည်းတော်မင်းကြီး၏ ကောင်းမှုရုပ်ပွားတော်အနီးတွင် အလားတူရုပ်ပွားတော်တစ်ဆူကို တည်ထားပူဇော်အပ်သဖြင့် ကောင်းမှုရှင်အမည်တွင်ကျန်ရစ်ကာ ရှင်ဖပုဘုရားဟု တွင်မည်သည်ဟုဆိုပါသည်။

## ◘ ရှင်ဖပုဘုရား

ထားဝယ်မှ လောင်းလုံးသွားလျှင် ကားလမ်းညာဘက်၊ လောင်းလုံးမှ ထားဝယ်သွားလျှင် ကားလမ်းဘယ်ဘက် အင်းဇောက်ရွာလယ် ရှေးသိမ်ကြီးအတွင်း ရှင်ဖပုဘုရားရုပ်ပွားတော်မြတ်ကိန်းဝပ်စံပျော်မူပါသည်။ ဇကာဝက်နီးနီးရှိ ဝတ္တကမြေပေါ် ဆောက်ထားသော သိမ်ကြီးကို မဟာရံအုတ်တံတိုင်း ပတ်ပတ်လည်ကာရံထား၏။ ကျွန်တော်တို့ရောက်စဉ် သိမ်တံခါးသော့ခတ်ထားသည်ကို တွေ့ရသဖြင့် ဦးတင်ဝင်းကို မေးကြည့်ရာ ကလေးသူငယ်များ၊ လူရှုပ်သူရှုပ်များ၊ ခွေးကြောင်တိရစ္ဆာန်များ အခါမဲ့မဝင်နိုင်အောင်ကာကွယ်ထားကြောင်းဆိုသည်။ နေ့စဉ် ညနေ (၄) နာရီ သိမ်တံခါးဖွင့်၍ ဘုရားဝတ်တက်ခြင်း၊ တရားရှုမှတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အလင်းတိုင်၊ အမွှေးတိုင်ထွန်းပူဇော်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းပြီးစီးလျှင် သိမ်ကြီးအားပြန်ပိတ်ထားသည်ဟုသိရသည်။

သိမ်ကြီး၏ခိုနန်းခိုးမုခ်ဦး၌ သမိုင်းဝင် ရှင်ဖပုဘုရားသိမ်စာတမ်းဖတ်ရ၏။ မုခ်ဦးအောက်တွင် မုခ်ဝအတက်လှေကားထစ် (၃) ထစ်ကျော်တက်ရ၏။ ဤမုခ်ဝ ရွှေမြေကွက်လပ်၌ တစ်ရံရောအခါက ရေနံချေးဝ၍ အရောင်မည်းမည်းမှောင်သစ်သားဇရပ်ရင်ကွဲအိုကြီးတစ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ခနော်ခနဲ့နှင့်တည်ရှိရာ ခေတ်ကာလ မတည်မငြိမ်အချိန်များက ရွာသားတို့ အိပ်ဖန်စောင့်ကင်းတဲနေရာဖြစ်ကြောင်း ဦးတင်ဝင်းက ပြောပြ၏။ ကျွန်တော်တို့ ထားဝယ်ခလေ့ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ရှေးတုန်းက ရပ်ရွာတိုင်း၌ အာဂန္တုရဟန်းသံဃာတော်များနှင့်တကွ ခရီးသွားဧည့်သည်များ တည်းခိုနားနေပြုရန် ရွာလယ်ဇရပ်တစ်ဆောင်စီရှိမြဖြစ်သည်။ ဇရပ်မှ တုံးခေါက်အချက်ပေးသံကြားပါက ရပ်ရွာနေသူတို့က ရဟန်းသံဃာတော်များအား ချိန်ခါမီ ဆွမ်းကွမ်းကပ်ခြင်း၊ ဧည့်သည်စောင်သည်များအတွက် ထမင်းဟင်းစားသောက်ဖွယ်ရာပေးပို့ခြင်းပြုသော အလွန်ကောင်းမြတ်သည့်အစဉ်အလာတစ်ရပ်ရှိခဲ့ဖူးသည်ဟု စာရေးသူ၏ဘိုးဘွားမိဘများဆုံးမပြောစကားကို ပြန်လည် သတိရကာ မိတ်ဆွေကြီးဦးတင်ဝင်းပြောသော ဇရပ်ရင်ကွဲ (ကင်းတဲ) ဆိုသည်မှာ ထိုသို့သော ရွာဇရပ်ပင်ဖြစ်လိမ့်မည်ဟု ဖျတ်ခနဲ အတွေးဝင်မိပါသည်။ (ယခုအခါတွင် ၎င်းယဉ်ကျေးမှုဓလေ့ပျောက်ကွယ်ခဲ့ပါပြီ။) သို့သော် နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့၌ ရပ်ရွာအတွင်း ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံမည့် နှစ်ကျိပ်ရှစ်ဆူဘုရားပင့်ဆောင်ပြီး ရှင်ဖပုဘုရားသိမ်ရှေ့ ယခင် ဇရပ်ရင်ကွဲနေရာတွင် ယာယီစံမဏ္ဍပ်ထိုးကာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကုသိုလ်ဒါနကို ယခုအထိ အစဉ်အလာပျက်ဟု ဝမ်းမြောက်ဖွယ်သိရပါသည်။

အရှေ့အရပ်သို့မျက်နှာမူသိမ်ကြီးအတွင်း တင်ပျဉ်ခွေထိုင်ရုပ်ပွားတော်မြတ် (၃) ဆူအနက် အလယ်ထိုင်မှာ ရှင်ဖပုဘုရားဖြစ်သည်။ မှန်စီရွှေချတံကဲတော်၊ လက်ဝဲ-လက်ယာရွှေထီးတော်နှစ်စင်းစိုက်၊ ကျောက်(၁၁)လုံးစီသင်းကျစ်တော်၊ ကြွေပြားကပ်ပလ္လင်တော်ပေါ် ထက်ဝယ်ဖွဲ့ခွေတော်မူလျက် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူနေဟန် ခြေထပ်တင်ပျဉ်ခွေပဇင်မုဒြာ၊ ဘယ်လက်ကို ရင်ခွင်ပေါ် လှန်တင်ထားပြီး ညာလက်မှာ မဟာပထဝီမြေကိုတိုင်တည်သက်သေပြုသော လက်ယာခြေသလုံးနားမှ လက်ချောင်းများမှောက်လျက်အနေအထား မြေကြီးထိလျက် ဘူမိဖဿမုဒြာဖြင့် ရှင်ဖပုဘုရားရုပ်ပွားတော်အား ကြည်ညိုဖူးမြော်ရပါသည်။ လုံးဝန်းသောမျက်နှာတော်၊ ရှည်လျားသောနားရွက်တော်၊ ထင်ရှားသော


ပဉ္စဝဂ္ဂီငါးဦးအား တရားဟောကြားနေပုံ


ရှင်ဖသီဘုရား လက်ဝဲဘက် ထိုင်တော်မူနှစ်ဆူ


ရှင်ဖသီဘုရား လက်ယာဘက် ထိုင်တော်မူနှစ်ဆူ

လည်တိုင်သုံးရစ်၊ ပြည့်ဖြိုးညီညွတ်သော လက်မောင်းတော်၊ ပြုံးယောင်ယောင် နှုတ်ခမ်းနှင့် မျက်လုံးတော်ဖွင့်လျက် အချိုးအစား ပြေပြစ်ကျနသပ္ပာယ်သည့် ရုပ်ပွားတော်တစ်ဆူ ဖြစ်၏။ ဝတ်ရုံထားသည့်သင်္ကန်းကို ဝဲဘက်ပခုံးတော်ပေါ် တင်ထားသလို ယာဘက်ပခုံးတော်ပေါ်၌လည်းတင်ထားသည်။ ဦးခေါင်းတော်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောင်နှင့် ရှင်ဥပဂုတ္တမထေရ် (ရှင်ဖဝှာဘုရားသိမ်)



ရှင်သီဝလီမထေရ်



ရှင်ဥပဂုတ္တမထေရ် (ရှင်ဖဝှာဘုရားသိမ်)



သက်ရင့် သပြေပင်ကြီး



ရှင်ဖဝှာဘုရားဝင်းရှိ သစ်ရင့် ခရေပင်ကြီး

ထိပ် ဆံထုံးအဝိုင်းဖြစ်သည်။ တစ်ဆူလုံး သစ်စေးချထားသဖြင့် ရွှေအဆင်းဝင်းအိ နေသည်။ ယခင်ကျောက်ပလ္လင်မှာနိမ့်ပြီး ခံ့သဘောသာရှိသောကြောင့် နောက်လူ တို့က ကြွေပြားကပ်ပလ္လင် (၄) ပေ (၅)လက်မအထိ မြှင့်တင်ပြုပြင်ထား ကြောင်းသိရသည်။ ရပ်ဘုရားရွာဘုရား ဖြစ်၍ အင်းဖောက်ရွာသူရွာသားအများ ဒါယကာကောင်းမှုဖြင့် ရှေးလူကြီးသူမ အဆက်ဆက် ရုပ်ပွားတော်နှင့်သိမ်တော် ကို ပြုပြင်ထိန်းသိမ်းလာကြကြောင်း၊ ဘုရား တည်ခုနှစ်သက္ကရာဇ်ကိုမသိရှိကြောင်း၊ ချုပ်မဝင်ခင် အင်္ဂလိပ်အစိုးရလက်ထက် အသိုးဖြစ်သူ ဦးဘဟင် ပြုပြင်ခဲ့စဉ်က ငွေ (၁၀၀) ကုန်ကျသည်ကို သူမှတ်မိ ကြောင်း အကျိုးတော်ဆောင်ဦး ဘင်ဆိုင် (၈၈) နှစ်က ပြောသည်။

ရှင်ဖဝှာဘုရား၏လက်ဝဲဘက်တွင် ဉာဏ်တော် (၇) ပေ (၅) လက်မ ရုပ်ပွား တစ်ဆူ လက်ယာတွင် ဉာဏ်တော် (၇) ပေ၊ (၆) လက်မ ရုပ်ပွားတစ်ဆူ ပလ္လင်များပေါ် ဖူးတွေ့ရ၏။ ဦးထွန်းဝင်း၊ ဒေါ်မြကြည်မိသားစု၏ ကောင်းမှုတော် ရှင်ဥပဂုတ္တမထေရ်ကို ကျောင်းဆောင်နှင့် ပူဇော်ထားပါသည်။ ကျောင်းဆောင် အတွင်း၌ ပင်လယ်ရေပြာနောက်ခံပန်းချီ ခြယ်မှုန်းထားပြီး ကျောင်းဆောင်နံဘေး တွင် အမောက်ထောင်ထောင်နဂါးကြီး တစ်ကောင်အသက်ဝင်နေသလိုရှိသည်။ တောင်-မြောက်အကျယ်မှာ (၂၇) ပေ၊ (၈) လက်မ၊ အရှေ့-အနောက်အရှည် (၃၃) ပေ၊ (၁၀) လက်မရှိသောလည်ပေါ် သိမ်ကြီးနှင့် တစ်ဆက်တစ်စပ်တည်း အာရုံခံစောင်းတန်းတို့ကို မုခ်ဝအထိ လှူဒါန်းကုသိုလ်ပြုထားသည်။ အာရုံခံ စောင်းတန်းတို့၌ ဘုရားဖူးများအနားယူ ရန် အင်္ဂတေထိုင်ခုံရှည်များလည်းရှိ၏။ စောင်းတန်းမှ အာရုံခံသို့ လှေကားထစ် (၃) ထစ်တက်ရသည်။ အာရုံခံ (၁၄)ပေ (၄)လက်မ၊ စောင်းတန်းအရှည် (၃၃)ပေ

www.burmeseclassic.com

(၆) လက်မအလျား ရှိ၏။

ရှင်ဖပုဘုရားသိမ်အရှေ့မြောက်ထောင့်၌ စတုမဟာရာဇ်နတ်မင်းကြီး (၄) ပါးနှင့် တံခွန်တိုင်ကိုတွေ့ရသည်။ ၎င်းတံခွန်တိုင်ကို ကြိုးဟ်တိုင်သဖွယ် သက်ရောက်မှုရှိစေရန် ကြိုးဟ်ရှစ်ခွင် ကြိုးဟ်ရုပ်လုံးများ ပြုလုပ်ထားသဖြင့် ကြိုးဟ်စီးကြိုးဟ်နင်းညှိခုနစ်ရက်သားသမီးတို့ ဆုတောင်းသမှုပြုသော ပန်းအိုး၊ ရေချမ်းအိုး၊ အမွှေးတိုင်၊ အလင်းတိုင် စိုက်အိုးများ တွေ့မြင်ရ၏။ သိမ်အရှေ့တောင်ထောင့်တွင် လူကြီးနှစ်ယောက်ဖက် သက်ရင့်ခရေပင်ကြီးတစ်ပင်ရှိကာ မိုးကြိုးပစ်ခံရ၍ထက်ပိုင်းကျိုးမီးစွဲလောင်ဖူးကြောင်း၊ သို့သော် မသေဘဲ ရှက်နုဝေ၍ အခုအထိရှင်သန်လျက်ရှိကြောင်း၊ သူတို့ငယ်ဘဝ ခရေပင် (ထားဝယ်အခေါ် ရှားပင်) အရိပ်အောက်ကစားနေရာဖြစ်ကြောင်း ဦးတင်ဝင်းက လွမ်းဆွေးသံနှော၍ဆိုပါသည်။

□ ရှင်ဖပုဘုရားအတိုင်းအတာ

ဉာဏ်တော် (၈) ပေ၊ ဆံထုံးတော်အဝန်း (၃) ပေ၊ မျက်နှာတော် (၁) ပေ (၈) လက်မ၊ သင်းကျစ်တော် (၃) ပေနှင့် (၁) လက်မ၊ နှာတံတော် (၉) လက်မ၊ နှုတ်ခမ်းတော်(၁၀)လက်မ၊ နားရွက်တော်မှာ (၁) ပေနှင့် (၄) လက်မ၊ လည်တိုင်တော်၏လုံးပတ်မှာ (၃) ပေ (၇) လက်မ၊ ရင်အုပ်တော်၏အကျယ် (၂) ပေ (၈) လက်မ၊ လက်မောင်းတော်လုံးပတ် (၂) ပေ (၁၀) လက်မ၊ ပခုံးတော်နှစ်ဖက်၏ အကျယ် (၃) ပေနှင့် (၁၀) လက်မ၊ ဒူးစွန်းနှစ်ဖက်အကျယ် (၆) ပေ (၂) လက်မ၊ ခါးတော် (၁) ပေ (၉) လက်မ၊ ခြေဖဝါးအကျယ်မှာကား (၉) လက်မ။


□ ရှင်ဖသီဘုရား

ထားဝယ်ရှင်သားရှင်ရှေးဟောင်းဘုရားနောက်တစ်ဆူကတော့ ရှင်ဖသီဘုရားဖြစ်ပြီး အင်းဇောက်ရွာမှာပဲစံနေတော်မူပါသည်။ ရှင်ဖပုဘုရားအရှေ့တောင်ခပ်ယွန်းယွန်း ခါးလွယ်ခုတ်အနေအထား ကားလမ်းအရှေ့ခြမ်းမှာတော့ ရှင်ဖသီဘုရားမုခ်ဦးကို တွေ့မြင်နိုင်၏။ အင်းဇောက်ရွာသား ဦးစံဝင်း၊ ဒေါ်ခင်စန်းမိသားတစ်စုက ၁၃၆၁ ခုနှစ်မှာ လှူဒါန်းထားသည့်မုခ်ဦး ဖြစ်သည်။ မုခ်ဝကနေပြီး ကိုက် (၁၅၀) လောက်ဝင်လိုက်သွားလျှင် ရှင်ဖသီဘုရားရောက်ပါပြီ။


အရင်တုန်းက ဒီရှင်ဖသီဘုရားလမ်းဆိုတာ လူတစ်ယောက်သွားရုံသာရှိကြောင်း၊ ရှင်ဖသီဘုရားနှင့်ရှင်ဖပုဘုရားနှစ်ဆူအကြား အုတ်လမ်းမြောင်မြောင်လေးခင်းထားကြောင်း၊ ယနေ့လို အိမ်ခြေယာခြေမများသေးသောကြောင့် ဥယျာဉ်ခြံအကြိုအကြားကလျှိုပြီးကွေ့ပတ်သွားရကြောင်း၊ သည်အခက်အခဲပြေလည်ဖို့ တစ်ရွာလုံးဆော်ဩပြီး ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်းကြကာ လက်ရှိဘုရား



ရှင်ဖပုဘုရားသိမ်မုခ်ဦး




ရှင်ဖသီဘုရားမုခ်ဦး



ကွင်းပြင်စပ် ရှင်ဖသီဘုရားမုခ်



www.burmeseclassic.com



ရှင်ဖပုဘုရားသိမ်ဆောက်မြင်ကွင်း



ဓမ္မသာလာဆောင်

လမ်းတစ်ဖက်တစ်ချက်မှ ခြံမြေရှင်များ ကျေကျေနပ်နပ်ကုသိုလ်ပြုတာနှင့် ယခု တော့ (၁၂) ပေကျယ်လမ်းတစ်ဖြောင့် အညီဖောက်လုပ်ထားနိုင်ကြောင်းကို မိတ်ဆွေကြီး ဦးတင်ဝင်းက ရှင်းပြပါ တယ်။

ရှင်ဖသီဘုရားဝတ္တကမြေမှာလည်း ရှင်ဖပုဘုရားဝတ္တကမြေလိုပင် မဟာရံ အုတ်တံတိုင်းခတ်နှင့် ကေဝက်နီးနီးရှိ တာကို သတိပြုမိပါသည်။ ကွဲလွဲချက်က တော့ ရှင်ဖသီဘုရားမြေ၏ အရှေ့ခြမ်း တံတိုင်းအပြင်ဘက်က လယ်ကွင်းပြင် ကြီးဖြစ်နေပြီး ဘုရားမြေအရှေ့မြောက် ထောင့်ကွင်းပြင်စပ်မှာ မုခ်ဦးတစ်ခုလည်း တွေ့ရပါသေးသည်။

ရှင်ဖသီဘုရားသည် အင်္ဂတေ ဗိမာန်တော်တစ်ဆူဖြစ်ပြီး ရှေ့က ဆောက်လုပ်ထားသည့် သိမ်ဟောင်း အတွင်း ကိန်းဝပ်စပယ်တော်မူလျက်ရှိ တာကို ကြည်ညိုဝပ်တွားဖူးမြော်ရပါ သည်။ ရွှေအဆင်းသက်န်းဝတ်ရုံနှင့် မျက်နှာတော်သွယ်လျလျ ကျောက်စီ နဖူးသင်းကျစ်တော်၊ ဆံထုံးတော်အဝိုင်း နှင့် ရှည်လျားလျားနားရွက်တော်ပခုံးထိ ရှပ်ပွားတော်မြတ်ဟာ ပုပုရွရွ ဝေနေယျ သတ္တဝါအပေါင်းအား မေတ္တာကရုဏာ ပြည့်လျှမ်းသည့် မျက်ဝန်းတော်အစုံနှင့် စူးစူးစိုက်စိုက်ကြည့်နေသယောင်ရှိတာ ကြောင့် ဘုရား၏တန်ခိုးတော်ကြောင့်ပေ လားမသိ ဖူးမြော်ရသူ စာရေးသူမှာတော့ နှလုံးစိတ်ဝမ်းအေးချမ်းမိပါရဲ့။

အမြင့် (၂) ပေ၊ (၁၀) လက်မ မှန်စီ ကြာပလ္လင်ပေါ် သီတင်းသုံးလျက် ရှိသည့် ဘူမိဖဿမုဒြာ ရှင်ဖသီဘုရား အား လေးထောင့်စတုရန်းကြက်ခြေခတ် မှန်စီအင်္ဂတေတံကဲတော်နှင့်တကွဖူးတွေ့ ရပါသည်။ ရှေးလက်ရာ တံကဲတော်ကြီး က ကြာဖူးကြာငုံပုံသဏ္ဌာန်ဖြစ်ပြီး အထု (၁) ပေ (၈) လက်မရှိပါသည်။ အနား တစ်လျှောက် ကြေးရိုးကြာနွယ်များဝန်းရံ ထားတာရှုမြင်ရပါသည်။ တံကဲအမြင့်ကို တိုင်းကြည့်တော့ (၁၀) ပေ (၂) လက်မ စွန်းစွန်းရှိတာတွေ့ရ၏။ တံကဲတော်ကြီး ကျောဘက်မှာ အင်္ဂတေရုပ်ကြွနံရံကပ် စေတီငယ်တစ်ဆူ ထုဆစ်ထားတာကို ရှားရှားပါးပါးတွေ့ရပါသည်။ ဒါပေမယ့် ဘုရားသမိုင်းနှင့် ဆက်စပ်သည့် ခုနှစ် သက္ကရာဇ်မထိုးထားတာရယ်၊ ဘယ်သူက မှ ဂဃနဏမပြောနိုင်တာရယ်အတွက် စိတ်မကောင်းဖြစ်ရတာတော့အမှန်ပါပဲ။ ရှင်ဖသီဘုရား၏ လက်ဝဲ၊ လက်ယာ နှစ်ဖက်မှာကား ကြာပလ္လင်ခံထိုင်တော်မူ (၃) ဆူနှင့် အပြောက်အမွမ်းပလ္လင်ခံထိုင် တော်မူ (၁) ဆူဝန်းရံလျက် စုစုပေါင်း ဘုရား (၅) ဆူ ဖူးမြင်ရတာဖြင့် ဤဘဒ္ဒ ကမ္ဘာဝယ် ဘုရား(၅)ဆူပွင့်တော်မူမည့် ပုဗ္ဗနိမိတ်ဟုဆိုနိုင်ပါသည်။ ပြီးတော့ ကြာနိမိတ်လည်းရှိနေပြန်ပေါ့။ ဘာသာ ရေးရှုထောင့်ကကြည့်မယ်ဆိုပါက ကြာ ဆိုတာ သန့်ရှင်းစင်ကြယ်ခြင်း၊ မြင့်မြတ် ခြင်းသဘောကိုဆောင်တာကလား။


ဦးမောင်ဦးနှင့် လှေသားများ ကောင်းမှုဒါန ပန်း၊ ရေ၊ ဆီမီးပူဇော်ဖို့ စတီးခုံတန်းရှည်တစ်ခု ရုပ်ပွားတော်များ ရှေ့မှာချထားပြီး ခုံတန်း၏ တစ်ဖက် တစ်ချက် ဝသုန္ဒရေရုပ်တုနှစ်ခုတွေ့ရပါ သည်။ သိမ်ကြီး၏ အတွင်းထောင့်တစ် နေရာမှာ (၁) ပေ (၁) လက်မအမြင့် ကြေးသွန်းခေါင်းလောင်းတစ်လုံးလျှုဒါန်း ထားတာတွေ့ရပြီး ခေါင်းလောင်းအဝ (၁) ပေ၊ အထု (၁) လက်မ၊ အနားပတ် လည် (၃) ပေ (၁½) လက်မရှိတယ်။ ခေါင်းလောင်းလည်ပင်းမှာ စိန်တောင် ပန်းဆွဲထားတာရယ်၊ အောက်ပိုင်း တံတောင်ဆစ်ကွေး ဘီလူးပန်းကိုက် နှစ်ဆယ့်သုံးကောင်သွင်းထားတာရယ်၊ ကေသရာဇာခြင်္သေ့နှစ်ကောင်ကျောချင်း ကပ်ခံပြီး နဂါးရုပ်နှစ်ခုဖော် ပုစွန်တုပ် ကွေးသွန်းလုပ်ထားတာရယ်တွေဟာဖြင့် မြန်မာတို့၏ပန်းတည်းပညာတန်ဖိုး မြင့်မား တာကိုဖော်ပြနေခြင်းပင်။ ခေါင်းလောင်း ရင်စည်းအထက်ဖောင်းရစ်မှာ သာသနာ တော်သက္ကရာဇ် ၂၅၂၁ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၃၉ ခု၊ ကဆုန်လပြည့် တနင်္ဂနွေနေ့ ဇေယျတုသဗ္ဗမင်္ဂလာ ဇိန သာသနံ ဇိရံတိဋ္ဌတု အင်းဇောက်မှ ရှင်ဖသီဘုရားသိမ်တော်ကို ထပ်မံပြုပြင်

www.burmeseclassic.com

သူ ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အင်းဖောက်ရွာက ဦးရွှေထွန်း - ဒေါ်အင် တို့ကို ရည်စူးလျက် ရန်ကုန်မြို့ ကြည့်မြင်တိုင် ကျွန်းတောလမ်း မေဃဝတီကျောင်းဆရာတော် ဦးဉာဏိန္ဒ ကောင်းမှု၊ ခေါင်းလောင်းတန်ဖိုး ၁၂၅ဝိ၊ ကြေးချိန်ကိုင်းစုံ ၁၉ါး ၂ဝိဟု ကမ္ပည်းစာ ဖတ်ရှုရပါသည်။

အရှေ့ - အနောက် (၂၅) ပေ (၆) လက်မ၊ တောင်-မြောက် (၂၀) ပေ (၇) လက်မ၊ အမြင့် (ခေါင်မိုးမပါ) (၁၀) ပေ (၂) လက်မ၊ ကြွေပြားခင်း အင်္ဂတေအကာ သွပ်မိုးသိမ်ကြီးအရှေ့ ဘက်မျက်နှာပြုဝင်ပေါက်နှင့် တစ်ဆက် တည်း (၂၄)ပေ (၆)လက်မ × (၂၂)ပေ ဓမ္မသာလာဆောင်ရှိပြီး အဆောင်၏ ခေါင်းရင်းဘက်ကို သံဃာစင်အနေနှင့် (၆) လက်မခန့်မြှင့်ထားသည်။ ဘာသာ ရေးပွဲနှင့်သက်ဆိုင်သဖြင့် ရဟန်းရှင်လူ တို့ စုဝေးသည့်အခါ၊ တရားပေးသည့် အခါ၊ အလှူဒါနပြုသည့်အခါ ဆွမ်းကွမ်း လှူဖွယ်ဝတ္ထုဆက်ကပ်သည့်အခါ ဒီဓမ္မ သာလာဆောင်မှာပဲ ပြုလုပ်လေ့ရှိသည် ဟု သိရပါသည်။ နှစ်စဉ်နှစ်တိုင်း တပို့တွဲ လပြည့်နေ့ရောက်လျှင် လယ်ကွင်းပြင် ထဲ ရှင်ဖသီဘုရားမီးအနွေးမာတ်ပူဇော်ပွဲ (ထားဝယ်အခေါ် မီးကန်ပွဲ)ကို ရှေးအစဉ် အလာမပျက် သုံးရက်သုံးည စည်ကား သိုက်မြိုက်စွာကျင်းပသည်ဟု ဦးတင်ဝင်း မှ ပြောပြပါသည်။ ဒီလိုပူဇော်သည့် အချိန် ရှင်ဖသီဘုရားရုပ်ပွားတော်တစ်ဆူ လုံး ထူးထူးကဲကဲ အနွေးမာတ်ကူးနေ သည်ဟုလည်း စိတ်ဝင်စားဖွယ်ဆိုပါ သည်။

သိမ်၏လက်ဝဲ မြောက်ဘက်မှာ ဉာဏ်တော် (၂၁) ပေရှိ ရန်မျိုးအောင် ဆုတောင်းပြည့်စေတီ (၁၃၅၆ ခုနှစ်) ကို ဖူးရပါသည်။ စေတီပစ္စယံကိုဝန်းပတ်ပြီး အရပ်ရှစ်မျက်နှာမုခ်ဆောင်တွေနှင့်ဂြိုဟ် ရှစ်ခွင်ရှိလေရဲ့။ စေတီ၏ဖိနပ်တော် တစ်ဖက်မှာ (၂၄) ပေ (၁၀) လက်မစီ လေးဖက်လေးတန်အညီအမျှပင်ရှိသည်။ ထောင့်လေးထောင့်မှာ (၅) ပေ (၅) လက်မ အမြင့် အရံစေတီ (၄) ဆူဝန်းရံ နေပြီး ထီးတော်တို့က (၁) ပေ (၄) လက်မ အသီးသီးရှိသည်။ အရှေ့တောင်ထောင့် အရံစေတီအလှူရှင် ကိုဦးမြင့် - မမြစန်း မိသားစု အနောက်တောင်ထောင့် အရံ စေတီအလှူရှင် ကိုဉာဏ်ဝင်း-မသန်းနွဲ့၊ အရှေ့မြောက်ထောင့် အရံစေတီအလှူ ရှင်မှာ ဦးအောင်ဉာဏ် - ဒေါ်မြစန်း၊



စေတီမြို့ဟောင်း (ကောင်းကင်ဓာတ်ပုံ)

အနောက်မြောက်ထောင့် အရံစေတီ အလှူရှင် ဦးစံထွန်းအောင် - ဒေါ်ထူးရှင် ဆိုပြီး စေတီအုတ်ခုံမှာ စာထွင်းထား တာကို ဖတ်ရှုရပါသည်။ အလှူရှင်အား လုံးဟာ အင်းဖောက်ရွာသူရွာသားချည်း ပါ။

ပြီးတော့ ဂြိုဟ်ရှစ်လုံးနတ်မင်းကြီး လေးပါးတံခွန်တိုင်ကြီးလည်းရှိလေရဲ့။ ရှင်ဖပုဘုရားရှိ တံခွန်တိုင်ကြီးနှင့် လက်ရာအတူတူဖြစ်နေသဖြင့် ပန်းရန် ဆရာတစ်ဦးတည်းပဲဆိုတာသိရပါသည်။ မေဃဝတီကျောင်းဆရာတော်ဦးဉာဏိန္ဒ ကောင်းမှုနဂါးရုံဘုရား၊ ဦးစံထွန်းအောင် - ဒေါ်ထူးရှင်မိသားစုကောင်းမှုတော် ပညောင်ပင်နောက်ခံပန်းချီကြာပလ္လင် ဆင်းတု၊ ဒေါ်စိန်ကြည် သား မောင်စိုး ဝေယံ မြေး နိုင်နိုင်စိုးကောင်းမှု ပဥ္စဝဂ္ဂီ (၅) ဦးအား တရားထူးဟောကြားသော ဆင်းတု၊ အဝေးရောက်အလှူရှင်များ ကောင်းမှုဆင်းတု၊ ရှင်ဥပဂုတ္တာမထေရ်နှင့် ရှင်သီဝလိမထေရ်ကျောင်းဆောင်တွေ ကို စေတီအနီး ဖူးမြင်ရပါသည်။ ဘုရား စေတီ၊ တံခွန်တိုင်၊ ကျောင်းဆောင်နှင့် မုခ်ဦးသာသနိကအဆောက်အအုံတို့ကို နောက်လူတွေက သူတို့၏ချွေးနဲ့စာနှင့် အရင်းအနှီးပြုပြီး မဂ်ဖိုလ်နိဗ္ဗာန်ရည်စူး လှူဒါန်းပူဇော်ထားတာကို တွေ့ရမြင်ရ တော့ ဒီအင်းဖောက်ရွာသား ဗုဒ္ဓဘာသာ ဝင် သူတော်စင် သူတော်ကောင်းတို့၏ ထက်သန်လှသည့် သာသနာ့လုံ့လကို စာရေးသူ လေးစားအသိအမှတ်ပြုရပါ သည်။

"ကျွန်တော်တို့ငယ်ငယ် ရှင်ဖသီ ဘုရားသိမ်ထီးထီးပဲ။ ဟိုအရှေ့အုတ် တံတိုင်းအစပ်မှာ သပြေပင်ကြီးတွေတန်း စီလို့။ အရိပ်ကောင်းတော့ လာလာပြီး ကစားကြတာပေါ့။ ဟောဟိုမှာ တစ်ပင် ကျန်သေးတယ်"

ပြောပြောဆိုဆို ဦးတင်ဝင်း လက်ညှိုးထိုးပြရာ လှည့်ကြည့်လိုက် တော့ လူကြီးနှစ်ယောက်ဖက် နှစ်ချို့ သပြေပင်ကြီးတစ်ပင်ကို ပင်စည်အခေါက် အတွန့်တွန့်ပြုပ်ထလို့ တစ်ဖက်ခြံအစွန်း မှာ မားမားကြီးမြင်တွေ့ရသည်။

□ ရှင်ဖသီဘုရားအတိုင်းအတာ

ဉာဏ်တော် (၈) ပေ၊ ဆံထုံးတော် (၂) ပေ (၁၁) လက်မ၊ မျက်နှာတော် (၁) ပေ (၇) လက်မ၊ သင်းကျစ်တော် (၂) ပေ (၁၀) လက်မ၊ နှုတ်ခမ်းတော် (၉) လက်မ၊ လည်တိုင်တော် (၃) ပေ (၅) လက်မ၊ နှာတံတော် (၈½) လက်မ၊ နား ရွက်တော် (၁) ပေ (၅) လက်မ၊ ရင်အုပ်တော် (၂) ပေ (၇½) လက်မ၊ လက်မောင်းတော် (၂) ပေ (၈) လက်မ၊ ပခုံးတော်နှစ်ဖက် အကျယ် (၃) ပေ (၇) လက်မ၊ ဒူးစွန်းနှစ်ဖက် (၅) ပေ (၁၁) လက်မနှင့် ခြေဖဝါးအကျယ် (၇) လက်မ။

မောင်စိမ်းငွေ (ထားဝယ်)

စာကြွင်း -

ဝေဒီမင်းစောသီလ၏သားတော် ကြီး ဖပုသည် ကောဇာနှစ် ၈၅၀ မှ ၈၅၆ အထိ ကမြော်နန်းမြို့ (ယခု - ကမြော်ရွာ) တည်ထောင် အုပ်စိုး၏။ ကမြော်ရွာ၌ နန်းတော်ကုန်း၊ လူသတ်ကုန်း၊ သောက်တော်တွင်း၊ ရှေးရိုး အမှတ်အသားများ ယခုအထိရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

မနောမယိဒ္ဓိဂါထာတော်ကြီးကို သိသူများရှိသလို မသိသေးသူများလည်း များစွာရှိကြပါသည်။ စာရေးသူသည် သာမန်သိမျှသိခဲ့ဖူးသူဖြစ်ပြီး ဂယနကာ ရေရေလည်လည်မသိရှိခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။

ရေရာသေချာ သိလိုက်ချိန်တွင် မနောမယိဒ္ဓိဂါထာတော်၏ အကျိုးကျေးဇူးဂုဏ်အင် အထူးပင် ကြီးမားခဲ့ထည်ကြောင်း သဘောပေါက်အလင်းပွင့်ခဲ့ရပါ၏။ နတ်မောက်မြို့နယ် စည်သာတောရဆရာတော်ကြီး အရှင်ဥဇ္ဇယ၏ ကျေးဇူးတော်မိန့်ကြားလမ်းညွှန်မှုကြောင့် ဖြစ်ပါသည်။

"လောကီ၊ လောကုတ္တရာ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာအကျိုး ဆတိုးပေးစေပြီး နိဗ္ဗာန်ဘုံရောက်သည်အထိ အထောက်အပံ့ပြုတဲ့ ဂါထာတော်ကြီးရှိပါတယ် ဒကာကြီး။ သိသူရွတ်ပွားသူအကျိုးထူးခံစားရသူတွေလည်း အနန္တမတတွက်ပါပဲ ဒကာကြီး။ ဒကာကြီးနောက်ကျသူဖြစ်နေပြီကော"

ဟု မိန့်တော်မူကာ လမ်းညွှန်ပြသခဲ့သဖြင့် သေချာပင်ထုံနေအောင် ရွတ်ပွားမှတ်သားခဲ့ပြီး လက်ဆင့်ကမ်းတင်ပြရေးသားအပ်ပါသည်။

ဂါထာတော်မှာ အပိုဒ် (၃) ပိုဒ်ရှိပါသည်။

၁။ ယဿ ဒဿကွာရာ၊
အ သံ ဝိ သု လော၊

# နတ်မောက်မင်းသန့်နိုင်

## ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာအကျိုး ဆတိုးပေးသည့် မနောမယိဒ္ဓိဂါထာတော်ကြီး





www.burmeseclassic.com

www.burmeseclassic.com

အ ပု သ ဗု ဘ။ ။

အထက်ပါဂါထာပိုဒ်မှာ အ-သံ ဝိ-သု-လော-အ-ပု-သ-ဗု-ဘ အက္ခရာ ဆယ်လုံးသည် ဘုရားရှင်၏ ဂုဏ်တော် ဆယ်ပါးအနှစ်ချုပ် သံခိပ်ပင်ဖြစ်သဖြင့် ထိုအက္ခရာများကို စိတ်ဖြင့်ပွားများခြင်း ဖြင့် ဗုဒ္ဓါနုဿတိဘာဝနာဖြစ်မြောက်ပြီး ဖြစ်၍ မည်မျှအကျိုးကြီးမားသည်ကို စိတ်မျက်စိဖြင့်သာ မှန်းဆကြည့်ပါတော့ ဟု ဆိုချင်ပါသည်။

ထိုအက္ခရာဆယ်လုံး၏ အနက် အကျယ်မှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

- အ - အရဟံ
- သ - သမ္မာသမ္ဗုဒ္ဓေါ
- ဝိ - ဝိဇ္ဇာစရဏသမ္ပန္နော
- သု - သုဂတော
- လော - လောကဝိဒူ
- အ - အနုတ္တရော
- ပု - ပုရိသဒမ္မသာရထိ
- သ - သတ္ထာဒေဝမနုဿာနံ
- ဗု - ဗုဒ္ဓေါ
- ဘ - ဘဂဝါ

ဂုဏ်တော်ဆယ်ပါးအနှစ်ချုပ်ဖြစ် ၏။

အကျိုး ထူးဂုဏ်အင်အနန္တမှာ -

'အရဟံ' ဂုဏ်တော်သည် ပညာ ကြီးသောအကျိုးပေး၏။

'သမ္မာသမ္ဗုဒ္ဓ' ဂုဏ်တော်သည် ပညာအပေါင်းနှင့်ပြည့်စုံစေသောအကျိုး ကိုပေး၏။

'ဝိဇ္ဇာစရဏသမ္ပန္န' ဂုဏ်တော် သည် ကောင်းကျိုး၊ မကောင်းကျိုးတို့ကို ဆင်ခြင်တွေးခေါ် မြော်မြင်သိမြင်နိုင် သောအကျိုးကိုပေး၏။

'သုဂတော' ဂုဏ်တော်သည် စီးပွားချမ်းသာအခါမရွေးမချို့မတဲ့ပြည့်စုံ ကြွယ်ဝစေသောအကျိုးကိုပေး၏။

'လောကဝိဒူ' ဂုဏ်တော်သည် သူတစ်ထူး၏ အကျိုးစီးပွားတိုးပွား များပြားအောင် ဆောင်ရွက်နိုင်စေသော အကျိုးပေး၏။

'အနုတ္တရော' ဂုဏ်တော်သည် ပညာဉာဏ်ကြီးကျယ်ထွန်းပေါက်သော အကျိုးပေး၏။

'ပုရိသဒမ္မသာရထိ' ဂုဏ်တော် သည် မိမိလိုရာအလိုခပ်သိမ်းပြီးပြည့်စုံ စေခြင်း အကျိုးပေး၏။

'သတ္ထာဒေဝမနုဿာနံ'ဂုဏ်တော် သည် နှလုံးစိတ်ဝမ်းအပူဗျာပါကင်းငြိမ်း စေကာ အေးချမ်းရွှင်လန်းမှု အကျိုးပေး ၏။

'ဗုဒ္ဓေါ' ဂုဏ်တော်သည် ကျေးဇူး သစ္စာသိတတ်စွာဖြင့် ဖောက်လွဲဖောက် ပြန်မဖြစ်စေသောအကျိုးပေး၏။

'ဘဂဝါ' ဂုဏ်တော်သည် ဆင်းရဲ ကျပ်တည်းကျဉ်းမြောင်းခြင်း၊ အပူဒုက္ခ အဝဝမှ ကင်းငြိမ်းချမ်းသာလွတ်မြောက် စေနိုင်သော အကျိုးထူးပေးပါပေသည်။

ပထမဂါထာပိုဒ်ကို အထက်ပါ အတိုင်း အနက်သိနားလည်ထား၊ သဘောပေါက်ထားပြီး အက္ခရာဆယ် လုံးဖြစ်သော အ-သံ-ဝိ-သု-လော-အ- ပု-သ-ဗု-ဘကို စိတ်တွင်ပွားများရုံ နှင့် ဗုဒ္ဓါနုဿတိပွားများခြင်းမည်ကာ မယုံကြည်နိုင်သော အကျိုးတရားများ ရရှိနိုင်ပေမည်။

ဒုတိယဂါထာပိုဒ်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

၂။ ယဿ အဋ္ဌ,က္ခရာ အဋ္ဌ၊
သော သော သ သ အ အ အ အ၊
ဝစသာ ပဂုဏ်, ထျ, တွေ့ာ၊
မနုဿ သော သုခံ လဘီ။ ။

ဒုတိယဂါထာပိုဒ်မှ 'သော- သော- သ-သ-အ-အ-အ-အ' ဟူသော အက္ခရာ ရှစ်လုံးသည် သံဃာနုဿတိဘာဝနာ ပွားများခြင်းအနှစ်ချုပ်ပင် ဖြစ်လေသည်။ ထိုအက္ခရာရှစ်လုံးကို စိတ်မှာပွားများ လျှင်ပင် သံဃာနုဿတိဘာဝနာဖြစ် မြောက်ပြီဖြစ်ပါ၍ အကျိုးကျေးဇူး အနန္တပင်ဖြစ်ပါတော့သည်။

ထိုအက္ခရာရှစ်လုံးတို့၏ အနက် အကျယ်သိထားရန်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

- သော - သောတာပတ္တိမဂ္ဂဋ္ဌာန်
- သော - သောတာပတ္တိဖလဋ္ဌာန်
- သ - သကဒါဂါမိမဂ္ဂဋ္ဌာန်
- သ - သကဒါဂါမိဖလဋ္ဌာန်
- အ - အရဟတ္တမဂ္ဂဋ္ဌာန်
- အ - အရဟတ္တဖလဋ္ဌာန်

အရိယာသံဃာတော်တို့၏ ဂုဏ် တော်ကို အနှစ်ချုပ်ထားခြင်းဖြစ်သဖြင့် ရွတ်ပွားသူတွင် ချမ်းသာသုခပြည့်ဝစေ ပါသည်။

တတိယဂါထာပိုဒ်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

၃။ သံ ဝိ ဓာ ပု က ယ ပါဒိ၊
ပါ ပါ မ စူ ပ အာဒိကော၊
ဒီ မ သံ အ ခုံ ပုဗ္ဗာဝ၊
သကလတ္တပကာသကာ။

အထက်ပါ တတိယဂါထာပိုဒ် သည် မြတ်စွာဘုရားရှင်၏ ပိဋကသုံးပုံ ကို အနှစ်ချုပ်ထားခြင်း ဖြစ်ပါသည်။

'သံ-ဝိ-ဓာ-ပု-က-ယ-ပ' အက္ခရာ ခုနစ်လုံးသည် အဘိဓမ္မာ (၇) ကျမ်း အနှစ်ချုပ်ဖြစ်ပြီး -

- သံ - ဓမ္မသင်္ဂဏီ၊
- ဝိ - ဝိဘင်း၊
- ဓာ - ဓာတုကထာ၊
- ပုံ - ပုဂ္ဂလပညတ်၊
- က - ကထာဝတ္ထု၊
- ယ - ယမိုက်
- ပ - ပဋ္ဌာန်းကျမ်း

တို့ဖြစ်ပါသည်။

'ပါ-ပါ-မ-စူ-ပ' အက္ခရာငါးလုံး သည် ဝိနယပိဋကပါဠိတော်၏ အနှစ် ချုပ်ဖြစ်ပြီး -

- ပါ - ပါရာဇိကဏ်
- ပါ - ပါစိတ်
- မ - မဟာဝါ
- စူ - စူဠဝါ
- ပ - ပရိဝါ

ဟူသည် ဝိနည်း(၅)ကျမ်းပိဋကတ် အနှစ်ချုပ်သံခိပ် ဖြစ်ပါသည်။

'ဒီ-မ-သံ-အ-ခုံ' သည် နိကာယ် (၅)ပါး၏သံခိပ်ပင် ဖြစ်ပါသည်။

- ဒီ - ဒီဃနိကာယ်၊
- မ - မဇ္ဈိမနိကာယ်
- သံ - သံယုတ္တနိကာယ်
- အင် - အင်္ဂုတ္တရနိကာယ်
- ခု - ခုဒ္ဒကနိကာယ်

ဟူ၍ ဖြစ်ပါသည်။

အထက်ပါ တတိယပိုဒ်ဂါထာကို ရွတ်ပွားခြင်းဖြင့် ဓမ္မာနုဿတိဘာဝနာ ပွားများပြီးဖြစ်၍ စိတ်ချမ်းမြေ့သာယာမှု ကိုရရှိစေပြီး ငြိမ်းအေးစေပါသည်။ ခပ်သိမ်းသောအကျိုးလိုရာဆောင်နိုင်ကြ ပါသည်။

ဖော်ပြပါ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာ သောအကျိုးဆတိုးပေးစေသည့် မနော မယိဒ္ဓိဂါထာတော်ကြီးကို ရွတ်ပွားမည် ဆိုပါက အောက်ပါအတိုင်း ဆောင်ရွက် ပြီးမှ ရွတ်ပွားလျှင် ပိုမိုလျင်မြန်စွာ အကျိုးထူးအကျိုးဦးရရှိစေပါသည်။

- ဦးစွာပထမ လေးနက်စွာ သရဏဂုံ ဆောက်တည်ပါ။
- မိဘ၊ ဆရာသမားတို့ကို ရည်မှန်း ဦးခိုက်၍ ဂါရဝပြုပါ။
- ခင်ပွန်းကြီးဆယ်ပါး၊ အနန္တငါးပါးတို့ အပေါ် ကာယကံ၊ ဝစီကံ၊ မနောကံ ဖြင့် ပြစ်မှားကျူးလွန်မိသည်များရှိ ခဲ့ပါသော် တောင်းပန်ချရှိခိုး



www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း(မြောက်စည်း ရွာသစ်)

# မွေးကျွတ်နာ၊ သွေးစုနာ ပေါက်သည့်အခါ

ဒီအနာများသည် အလုပ်ပျက်သောအနာများဖြစ်သည်။ မွေးကျွတ်နာသည် ခန္ဓာကိုယ်အနှံ့ပေါက်သော်လည်း သွေးစုနာသည် ပေါင်ခွကြား၊ တင်ပါး၊ တင်ပါးဆုံတွင် အပေါက်များပါသည်။ အနာရှိန်မြင့်လာသည့်အခါ အဖျားဝင်ပါသည်။ ညှော်မိလျှင် အနာရင်း၍ကိုက်ပါသေးသည်။နာကျင်လှသောအနာများဖြစ်ပါသည်။

တချို့အနာတစ်လုံး၊နှစ်လုံးပေါက်သော်လည်း တချို့ခုနစ်လုံးခန့်ပေါက်သောသူပင် တွေ့ရဖူးပေသည်။ ထိုသူမှာ မခံနိုင်လွန်းသဖြင့် ဆေးခန်းတွင်ခွဲ၍ ကုသရှာပါသည်။

ထိုအနာများပေါက်လျှင် အုံ့တုံ့ပင်အားရှာပါ။ ယောနယ်က အုံ့တုံ့သေးဟုလည်းခေါ်ကြပါသည်။ အုံ့တုံ့ပင်အားလူတိုင်းသိပါသည်။ လယ်ထဲမှာလည်းပေါက်၏။ ကန်သင်းရိုးလမ်းနံဘေးနေရာအနှံ့ပေါက်ပါသည်။ ဒေသအနှံ့ပေါက်ပါသည်။ အမြင့်တစ်တောင်ခန့်ရှိပြီး သူ့အသီးက ဒူးရင်းသီးလေးများသဖွယ် အပွတ်လိုက်သီးပါသည်။ အသီးခြောက်သွားလျှင် လုံချည် ပုဆိုးအား ကပ်ငြိပါသည်။

အုံ့တုံ့ပင်၏အမြစ်အား အနာပတ်ပတ်လည်သွေး၍လိမ်းပါ။ အရွက်၊ အရိုးအား ဆုထောင်း၍ အနာပေါ်မှတည့်တည့်အုံထားပါ။ ပတ်တီးစည်း၍ရလျှင်စည်းထားပါ။ ပလာစတာနှင့် ဖိကပ်အုပ်ထားပါ။ မနက်ပိုင်းတစ်ခါ၊ ညအိပ်ရာဝင်တစ်ခါအုံပေးပါ။ သုံး၊ လေးရက်ကြာလျှင် မွေးကျွတ်နာသည် လည်းကောင်း၊ သွေးစုနာသည် လည်းကောင်း အမြစ်များချောင်၍ အပေါ်သို့ထိုးထွက်လာပါမည်။ အနာအနီရောင်မှ အညိုရောင်ပြောင်းသွားလျှင် အနာ၏အမြစ်အား ညှစ်ထုတ်ပါ။ အမြစ်အချောင်းလိုက်ထွက်ပါသည်။

အကယ်၍ အမြစ်တည်းခံနေလျှင် တစ်ရက်ဆေးပြန်အုံပါ။ ဤအနာများသည် အမြစ်ကျွတ်ထွက်မှသာ အနာအရှင်းပျောက်ပါသည်။

အုံ့တုံ့ပင်သည် ထိုအနာများအား နိုင်လှပါသည်။ နည်းကောင်းလှသဖြင့် စာရှုသူများအတွက် မျှဝေလိုက်ပါသည်။

စိုးမင်း (မြောက်စည်း-ရွာသစ်)

---

ကန်တော့ပြီးမှ ရွတ်ပွားကြပါကုန်။

ဤဂါထာတော်ကြီးနှင့်ပတ်သက်၍-

- မင်းစိုးရာဇာချစ်ခင်စေလိုလျှင် - ကွမ်းယာကို (၃၉) ခေါက်မန်းပြီးစားပါ။ သို့မဟုတ် ဈေးမဆစ်ဘဲဝယ်ယူထားသော မဆစ်ဆီကို (၃၉)ခေါက်မန်းပြီး နဖူးတွင်တို့ပါ။
- မိမိသည် ကျမ်းကျိန်ဆိုထားသဖြင့် ကျမ်းစူးသည်ဟုသံသယရှိနေခဲ့လျှင် ဘုရားစိမ်ရေ၊ တရားစိမ်ရေ၊ သံဃာစိမ်ရေ၊ ကျမ်းစိမ်ရေသင့်နေသည်ဟု အထင်ရှိကာ ဥပါဒါန်ဖြစ်နေခဲ့လျှင် တရော်ကင်ပွန်းရည်ကို (၃၉) ခေါက်မန်း၍ ခေါင်းဆေးမင်္ဂလာပြု ရေချိုးပါ။ မကောင်းမှုပျောက်၍ ကောင်းမှုလိုရာရောက်စေပါမည်။
- ငါးအရိုးမျက်အရိုးနင်ပါက သောက်ရေသန့်ကို ခုနစ်ခေါက်မန်းပြီး သောက်ပေး၊ တိုက်ပေးပါ။ အလွယ်တကူ အရိုးမျက်ပြေပျောက်သွားပါသည်။
- ချောင်းဆိုးနေပါက အနာအဆာတင်သော ကွမ်းရွက်သုံးရွက်ရွေးယူပြီး (၇) ခေါက်မန်း၍ ဝါးစားပါ။
- ရွှေ ငွေဝင်လာမစဲပေါများမြဲဖြစ်စေလိုလျှင် ထမင်းတစ်ဆုပ်ကို (၇) အုပ်မန်းပြီးကျီးစာကျွေးပါ။
- မိမိအပေါ် ခင်မင်ရိုကျိုးစေလိုပါက ထိုသူ၏မျက်နှာကို စိတ်မျက်စိတွင် မြင်အောင်ကြည့်ပြီး (၄) ခေါက်ရွတ်ပွားပါ။
- အစိမ်းတိုက်၊ စုန်းတိုက်၊ နတ်တိုက်၊ နတ်ဖမ်းစားပါက အခေါက် (၂၀) ရွတ်ဖတ်သရဇ္ဈာယ်ပေးပါ။
- ဂြိုဟ်စီးဂြိုဟ်နင်းမကောင်း၊ ရာဟုဂြိုဟ်စီးခြင်းခံနေရပါက နေ့စဉ်အခေါက် (၆၀) ရွတ်ပွားပါလျှင် ညှိုးသောကံဇာတာများလန်းလာပြီး လာဘ်မိုးစွေစေပါသည်။ဘုန်းတန်ခိုးပြန်လည်တိုးလာပြီး ဘေးကင်းရန်ကွာချမ်းသာမှုရရှိစေပါသည်။
- စုန်းတစ္ဆေတို့ကပ်ငြိနေသူအတွက် ဦးခေါင်းထိပ်ဆံစပ်ကိုင်ပြီး အခေါက် (၈၀) ရွတ်ပွားပေးပါ။ မိမိအတွက် အခေါက် (၇၀) ရွတ်က စုန်းတစ္ဆေဝေးစွာရှောင်ရှားပြီး အနားပင်မသီနိုင်ပါ။
- ရန်သူပတ်လည်ဝိုင်း၊ အတိုက်အခိုက်ရန်များနေပါက အခေါက် (၁၀၀) အထိ ရွတ်ပွားပေးပါက ရန်များဆုတ်ခွာဝေးသွားပါလိမ့်မည်။
- အများသူငါ၏ ချစ်ခင်ကြင်နာမှုလိုလျှင် မြတ်လေးပန်း သို့မဟုတ် မရိုးပန်းကို (၇) ခေါက်မန်း၍ဆောင်သွားပါ။ မေတ္တာသက်ဝင်စေပါမည်။
- ကုန်ပစ္စည်းများ၊ အိမ်ခြံမြေ၊ တိုက်၊ ကားရောင်းမစွံနိုင်လျှင် ရေစင်ကို (၃၇) ခေါက်မန်းပြီး ပစ္စည်းပိုင်ရှင်ကိုသောက်ပါစေ။ ရောင်းမည့်ပစ္စည်းကိုလည်း ထိုရေဖြင့်ပက်ပေးတောက်ပေးပါ။ ခုနစ်ရက်အတွင်း ရောင်းစွံပါမည်။

ဤမနောမယိဒ္ဓိဂါထာတော်ကြီးသည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာအကျိုးကိုပေးစေပြီးနောက် ဉာဏ်ကျယ်သလိုသုံး အဆုံးမသတ်နိုင်အောင် အကျိုးထူး အကျိုးဦးများပေးစွမ်းနိုင်သည်ဖြစ်ပါ၍ သာသနာပြုပုဂ္ဂိုလ်တိုင်း သူတော်စင်ဓမ္မမိတ်ဆွေများ ရွတ်ပွားအားထုတ်နိုင်စေရန် ရည်သန်ရေးသားတင်ပြလိုက်ရပါသည်။

(နတ်မောက်မြို့နယ် စည်သာတောရဆရာတော် အရှင်ဥဇ္ဇယအား ဦးခိုက်ပူဇော်အပ်ပါသည်။)

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး

# ဘဒ္ဒန္တကောသလ္လမဟာထေရ်မြတ်၏ဆုံးမဩဝါဒများ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

နံနက်ခင်း နေရောင်ခြည်လေးသည် တစ်နေ့လုံးရှိနေမည်မဟုတ် အချိန်ရှိခိုက် လှံ့လစိုက်၊ လသာတုန်း ဗိုင်းငင်။

သင့်ဘဝကို ချစ်မြတ်နိုးလျှင် အချိန်ကိုအလကားမဖြုန်းတီးမကုန်ဆုံးပါစေနှင့်။ အချိန်သည် ဘဝ၏အသက်တာ ဖြစ်သည်။ ကုန်ဆုံးသွားသောအချိန်ကို ဘယ်တော့မှပြန်မရနိုင်။ အိပ်ရာထ နေမြင့်သောသူသည် တစ်နေ့လုံး လမ်းသွားရတတ်၏။ သူများအတွက် ကောင်းသောအပြုအမူကို ပြုလုပ်တတ်သူသည် ကိုယ့်အတွက်လည်း အကောင်းဆုံးလူ တစ်ယောက်ဖြစ်သည်။

လူအများ၏ ချီးမွမ်းပြောဆိုမှုကို ခံယူချင်လျှင် သိမ်မွေ့ယဉ်ကျေးသော စကားများကိုပြောပြီး ကောင်းမွန်အကျိုးရှိသောအလုပ်ကို လုပ်ကိုင်ပါ။ ဒွံ့လဝီရိယရှိသူအတွက် ဘယ်အလုပ်မျိုးမဆို လွယ်ကူသောအလုပ်များသာဖြစ်သည်။ ပျင်းရိသူအတွက် ဘယ်အလုပ်မျိုးမဆို ခက်ခဲသောအလုပ်ချည်းသာ ဖြစ်သည်။

အမြဲတမ်း ရှေ့ကိုလှမ်းပြီးကြည့်ပါ။ သို့မဟုတ် သင်သည် သူများနောက်တွင် ကျန်ရစ်လိမ့်မည်။ တိုးတက်သော လူမျိုးသည် စာဖတ်ကြ၍ စာဖတ်သော လူမျိုးသည် တိုးတက်ကြသည်။

ကမ္ဘာကျော် စာရေးဆရာကြီး ဘားနဒ်ရှောက -

"ကျွန်ုပ်အသက် (၉၂) နှစ်ရှိပေမယ့် ယနေ့တိုင်သင်ယူနေရတုန်းပဲ"

ဟု ထုတ်ဖော် ပြောကြားခဲ့လေသည်။

သင်သင်အံအံ

*ကြံကြံကြည့်ကြည့်ဉာဏ်စုံပွင့်*

*နှန်းမြင့်နိဗ္ဗာန်တိုင်စေသော။ ။*

### ❑ ဗုဒ္ဓ ပစ္ဆိမ ဝစန (အပ္ပမာဒ)

လူ့ဘဝဖြစ်လာလျှင် အပ္ပမာဒ တရားကိုလက်ကိုင်ထားရမယ်။ အပ္ပမာဒ တရားကို လက်ကိုင်ထားသော ပုဂ္ဂိုလ်ဟာ ဒါနမှုလည်းပြုနိုင်သွားတယ်။ သီလလည်း လုံလုံခြုံခြုံစောင့်စည်းသွားနိုင်တယ်။ သမာဓိဘာဝနာလည်းပွားများပြီးသားဖြစ်နေတယ်။ သိက္ခာသုံးပါးစလုံး ပြည့်စုံပြီးတော့နေတယ်။

အပ္ပမာဒဟာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်။ အနှစ်ချုပ်လိုက်ရင် ဗောဓိပက္ခိယတရား (၃၇) ပါး။ ထပ်ချုပ်လိုက်တော့ မဂ္ဂင် (၈) ပါး။ စုပေါင်းတော့ သီလမဂ္ဂင်(၃)ပါး၊ သမာဓိမဂ္ဂင်(၃)ပါး၊ ပညာမဂ္ဂင်(၂)ပါး။ ပေါင်း မဂ္ဂင် (၈) ပါးပြန်ရတယ်။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ (၃) ပါးလို့လည်း ခေါ်တယ်။ သီလ၊ သမာဓိ၊ ပညာဖြစ်ဖို့ရာ သတိမဂ္ဂင်တစ်လုံးပဲ။ အပ္ပမာဒတရားဆိုတာ သတိပဋ္ဌာန်ရှိနေတဲ့အတွက် သမာဓိတွေလည်း ညီညွတ်မှုရနေတယ်။ သတိမရှိရင် သမာဓိက ဦးထောင်ပဲ့ထောင် အိုးနင်းခွက်နင်းဖြစ်နေတယ်။ သတိမရှိရင် ပညာဘာဝနာမဖြစ်နိုင်ဘူး။ သတိပဋ္ဌာန်ဆိုတာ အပ္ပမာဒပါပဲ။

### ❑ သူတော်ကောင်းတို့၏စံအိမ်

သတိဟာ သူတော်ကောင်းတို့၏ စံအိမ်ပဲ။ လုံခြုံအေးချမ်းသောစံအိမ်ပါပဲ။ သတိတရားက လောကီ၊ လောကုတ္တရာ ချမ်းသာကိုပေးတယ်။ နိဗ္ဗာန်ချမ်းသာကြီးအထိရစေတယ်။ သတိကင်းလွတ်ခြင်းကတော့ အဖန်တလဲလဲ သေရခြင်းနဲ့ ဆင်းရဲခြင်းဝဋ်ဒုက္ခတွေပဲ။

### ❑ အပ္ပမာဒေန သမ္ပာဒေထ

မမေ့မလျော့မပေါ့ဆတဲ့ အပ္ပမာဒ တရားနဲ့ ပြည့်စုံအောင်နေကြနော်။ မမေ့ဘူးဆိုတာက သတိ၊ မလျော့ဘူးဆိုတာက ဝီရိယ၊ မကောင်းတဲ့စိတ်တွေ မဖြစ်အောင် အမြဲတမ်းဝီရိယရှိရမယ်။ မလျော့ရဘူး၊ မပေါ့ရဘူးဆိုတာက၊ သမာဓိမဆရဘူးဆိုတာက ဉာဏ်ပဲ။ တွေးနေဆနေရင် ဉာဏ်အားမကောင်းဘူး။ ကြံစည်တဲ့ဉာဏ်၊ တွေးတောတဲ့ဉာဏ်ပဲဖြစ်မယ်။ တကယ်အနှစ်သာရရှိတဲ့ဉာဏ်၊ မမေ့မလျော့မပေါ့ဆတဲ့ဉာဏ်မျိုးမှ အထက်တန်းကျတဲ့ဉာဏ်၊ အထွတ်အထိပ်ရောက်နိုင်သောဉာဏ်။ အဲဒီဉာဏ်ပညာနဲ့ပြည့်စုံရမယ်။

(ရွှေဥမင်ဆရာတော်ကြီး
ဘဒ္ဒန္တကောသလ္လမထေရ်)

### ❑ အ-သုံးလုံးကြေ

ဒကာဒကာမတွေ အသုံးလုံးကြေဖို့လိုတယ်နော်။ အသုံးလုံးဆိုတာက အလောဘ၊ အဒေါသ၊ အမောဟဖြစ်ဖို့ ပြောတာ။ လောဘက ရှိတာကို မပေးချင်၊ တွန့်တိုတယ်။ လူတစ်ယောက် ထမင်းဆာနေတယ်။ ပိုက်ဆံလည်း အပြည့်ပါတယ်၊ စားစရာရောင်းတဲ့ ဆိုင်လည်းရှိတယ်။ ဒါပေမယ့် သူဝယ်မစားဘဲ အငတ်ခံနေခဲ့တယ်။ အဲဒါ လောဘပဲ။ ဟိုဟာလေးကောင်းလိုက်တာ၊ ဒီဟာလေးကောင်းလိုက်တာဆိုရင် လောဘပဲ။ လောဘကို တဒင်္ဂပယ်ဖြတ်နိုင်ရင် အလောဘပေါ့။

လှူကြတန်းကြ၊ ပေးကြကမ်းကြ ဒါနဟာ အလောဘ။

ကိုယ်နှိုက်မယ့်ဟင်းခွက် သူများ ဦးသွားတော့ မကျေနပ်ချင်ဘူးမဟုတ်လား။ အဲဒါ ဒေါသပဲ။ လိုချင်တာမရလို့ မကျေနပ်တာ ဒေါသပဲ။ ငါချမ်းသာတယ်။ ငါ့မှာဂုဏ်ရှိတယ်လို့ လက်မထောင်နေကြတာလည်းဒေါသပဲ။ ဒေါသကိုအချိန်မီမငြိမ်းနိုင်ရင် ကိုယ့်ကိုယ်ကိုယ် မီးလောင်သလို လောင်ကျွမ်းစေတယ်။ ဒေါသကို အ-တစ်လုံးထည့်ပြီးငြိမ်းသတ်ရမယ်။ အဒေါသဖြစ်အောင် မေတ္တာပွားကြရမယ်။ သီလဆောက်တည်ထားရင်းက မေတ္တာစိတ်တွေဖြစ်နေတော့ ဒေါသလည်း မရှိသလောက်ပါးနေတယ်လို့ ဆိုနိုင်တယ်။ ဒေါသမဖြစ်ရင် အဒေါသ။ ဒုတိယအ-တစ်လုံးကြေသွားပြီ။

လောဘဖြစ်မှန်း၊ ဒေါသဖြစ်မှန်း မသိတာ မသိမှု မောဟကြောင့်ပဲ။ မကောင်းတဲ့ လောဘဆိုး၊ ဒေါသဆိုးတွေဖြစ်ရပြန်တယ်။ မောဟပျောက်အောင် သတိတရားထားရမယ်။ နောက်ဆုံး အတစ်လုံးဆိုတာက ဉာဏ်နဲ့သတိကျန်နေတယ်။ တွေဝေမိုက်မှားခြင်းနဲ့ အကောင်းအဆိုးနဲ့ ဖြစ်ပျက်သမျှသိနေအောင် တရားဘာဝနာရှုပွားမှတ်သားနေခြင်းဟာ အမောဟပါပဲ။

ဒါဆိုရင် အသုံးလုံးကြေသွားပါပြီ။

ရွှေဥမင်ဆရာတော်ကြီး
ဘဒ္ဒန္တကောသလ္လမဟာထေရ်မြတ်
ဩဝါဒများ

❑

ဆရာတော်ကြီးများ၏ ဩဝါဒတော်များကိုဖတ်ရှုရပြီး လိုက်နာကျင့်ပွားကြသူများမှာ အသိအမြင်တိုးပွားခြင်း၊ ကုသိုလ်တရားပွားများခြင်း၊ ကိုးကွယ်ဆည်းကပ်မှုမှန်ကန်ခြင်း အစရှိသည့် ကောင်းကျိုးချမ်းသာမင်္ဂလာများရရှိစေနိုင်ပါသည်။

စုစည်းပြုစုသူ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

[illegible] မှတ်သားရစီစဉ်၊ ယဉ်ယဉ်မဖော်ပြ။ မှိုခိုသူ လူပဏ္ဍိုတို့ ရယ်၊ နှိုင်းညှိယူဆ။ ။

ဘိုးတော်မင်းတရားကြီး၏အမိန့်တော်နှင့် ဦးကျော်ရွှေ၊ ဦးပေါ်ဦးတို့ မြတ်ထင်ကိုသွား၍ခေါ်ခိုက် မိဖုရားကြီးက ရိပ်မိ၍ ထွက်လာပြီးလျှင် ဘိုးတော်အပါး၌ ခစားလျက်နေတော်မူ၏။

ဘိုးတော် -

"ဟဲ့ - မြတ်ထင်၊ မောင်မင်းကို မည်သူက လွှတ်တော်ဝန်ကြီးခန့်ထားတော်မူသလဲ"


"ခမည်းတော်ဘုရားမှ ခန့်ထားသူကောင်းပြုတော်မူကြောင်းပါဘုရား"

ဘိုးတော်မှ -


"ဟဲ့-မြတ်ထင်၊ နင့်ကိုငါဘယ်တုံးကများ လွှတ်တော်ဝန်ကြီးခန့်ထားသလဲဟဲ့"

"ဟိုတစ်နေ့က မယ်မယ်ဘုရား နန်းတော်ဆောင်တွင် ခမည်းတော်ဘုရားမိန့်တော်မူသည်မှာ ကျော်ရွှေလည်းဝန်ကြီးဟဲ့၊ ပေါ်ဦးလည်းဝန်ကြီးဟဲ့။ နင်လည်းရှိရင် ဝန်ကြီးဖြစ်မှာပေါ့ အမိန့်တော်ရှိ၍ ယခု ကျွန်တော်မျိုးလည်းရှိနေသောကြောင့် ကျော်ရွှေ၊ ပေါ်ဦးတို့လို ဝန်ကြီးလုပ်လာပါကြောင်း။ (ကျွန်တော်မျိုးသည် စစ်ကိုင်းဘက်၌ ခမည်းတော်စံနေစဉ်က ဗန်းမော်၊ ကောင်းတုံရောက် လှေထိုးလိုက်၍ကျွေးရပါသည်။ တစ်နှစ်


# အရှုနု(မှူးလေး)
# ရေဆန်ကိုဆန်ကာပျံခဲ့ပြီ



မဟာသိမ်တော်ကြီး (ဗန်းမော်)



သစ်တော်ပျံဘုရား (မံရွတ်) ဗန်းမော်



ကျိုက်ထီးရိုးပုံတူ ရွှေကျိုးများ



www.burmeseclassic.com


www.burmeseclassic.com




ရွှေကျိုးနားဘုရားအတွင်းမှ ကျိုက်ထီးရိုးပုံစံတု



မပြိုမကွဲ ကျန်ရစ်သော ဓာတ်တော်များ (စေတီနှင့် အာရုံခံတန်ဆောင်း ပြိုကျစဉ်က





ရွှေကျိုးနားဘုရား (ဗန်းမော်)



ထိပ်ဖာတောင် (ဗန်းမော်)

ကို သုံးခေါက်သာ အိမ်တော်ကို ပြန်ရောက်ပါသည်။)

ကျော်ရွှေမှာ သားတော်များကို ထိန်း၍ ရံခါ မန်ကျည်းရွက်နုခူး၍ရောင်းရပါသည်။ ပေါ်ဦးမှာ စကနေ ဖင်ကျယ်လုပ်ပြီး မန်ကျည်းရွက်နုရောင်းသလိုလို၊ ပဲလှော်ရောင်းသလိုလိုနှင့်သာ အိမ်တော်မှာနေရပါသည်။ ကျွန်တော်မျိုးသာ အပင်ပန်းဆုံးဖြစ်ပါသည်။ ကျွန်တော်မျိုးသာလျှင် ဝန်ကြီးဖြစ်ထိုက်ပါသည်။

နန်းတော်ကို ရှိခိုးဝင်တော့ နှင်လည်းရှိရင် ဝန်ကြီးဖြစ်မှာပေါ့ မိန့်တော်မူချက်အရ ပေးသနားတော်မူတဲ့ ဆုငွေနဲ့ ဝယ်ခြမ်းချုပ်လုပ်ဝတ်ဆင်ပြီး ကျော်ရွှေ၊ ပေါ်ဦးတို့လိုဝန်ကြီးလုပ်၍လာပါကြောင်းပါဘုရား"

ထိုအခါ ဘိုးတော်နှင့်မိဖုရားကြီးတို့က များစွာရယ်တော်မူကြလေသည်။

မှော်ပီဆရာသိန်းကြီး
(ငမြတ်ထင်မှ)

ဘိုးတော်ဦးဝိုင်း၊ ငမြတ်ထင်၊ ပေါ်ဦး၊ ကျော်ရွှေတို့နှင့် ဗန်းမော်မြို့နယ် မံရွှတ်ရွာမှ သစ်တော်ပျံဘုရား ဘယ်လိုများပတ်သက်နေသလဲ။ ရှေးမှာက ဘုရားသမိုင်း၊ ပလ္လင်ခံနေတာ ဘိုးတော်ဦးဝိုင်း။ ဧရာဝတီအပြန် လမ်းမပေါ်က ဖြစ်ရပ်မှန်တစ်ခုကို တင်ပြပါတော့မည်။

◘ သစ်တော်ပျံ

www.burmeseclassic.com

သစ်ပင်ကို မောင်မြတ်ထင်တို့အဖွဲ့က ခုတ်ဖြတ်ကြသောအခါ မလဲဘဲ အမြစ်ကကျွတ်ထွက်ကာ လေထဲပျံတက်သွားသည်။ ရိုးရိုးကျွန်းမဟုတ်သည့် ကျွန်းနက်ဖြစ်နေ၏။

၁၁၃၃ ခုနှစ်မှာ ဆင်ဖြူရှင်မင်းတရားကြီးက သားတော်စဥ့်ကူးမင်းသားအား ထီးနန်းအမွေပေး၏။ကျန်သားတော်တို့ကို အဆောင်အယောင်များမှ ရုတ်သိမ်းခဲ့၏။ ဗဒုံမြို့စားဘိုးတော်ဦးဝိုင်းသည်လည်း သားတော်၊ သမီးတော်များ၊ လက်သုံးတော် မောင်ကျော်ရွှေ၊ မောင်ပေါ်ဦး၊ မောင်မြတ်ထင်တို့နှင့်အတူ စစ်ကိုင်းမြို့တွင် အိမ်နီမ့်စံနေရရှာသည်။

အင်းဝထီးနန်းကို ဖောင်းကားစားမောင်မောင်ကလုပ်ကြံ၍ ထီးနန်းသိမ်းပိုက်လိုက်၏ ဖောင်းကားစားမောင်မောင်၏အကြံပေးပုဂ္ဂိုလ်များက ထီးနန်းသက်ရှည်စေလိုပါက ကုက္ကိုပင်များကို သုတ်သင်ရမည်ဟု နိမိတ်စကားဆိုသည်။ ဘိုးတော်ဦးဝိုင်း (တနင်္လာသား) ကို သုတ်သင်ခိုင်းတာကို နားမလည်၍ ပကတိကုက္ကိုပင်များကို သုတ်သင်ပစ်ကြသည်။


ဗဒုံမင်းသားသည် စစ်ကိုင်းတွင်ဆက်၍မနေရဲတော့ဘဲ သားတော်၊ သမီးတော်၊ ကိုယ်လုပ်တော်များ၊ လက်သုံးတော်များနှင့်အတူ ထီးချိုင့် မြတောင်အရပ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

မောင်မြတ်ထင်သည် ဆင်းရဲသားအသွင်ဖြင့် ဗန်းမော်၊ ကောင်းတုံရွာကြီးများအထိ လှေထိုးလိုက်သည်။ ခါတစ်ရံထင်းခုတ်ကျွေးမွေးပါသည်။


မောင်မြတ်ထင်တို့ မြတောင်အရှေ့ဘက်ကမ်းက ခုတ်လှဲသောကျွန်းပင်နက်သည် အသံမြည်ဟည်းကာပျံတက်ပျောက်သွား၏။ တောနင်းရှာကြသောအခါ ထီးချိုင့်အနီးတွင် ရောက်ရှိနေ၏။ နောက်ထပ်၍မပျောက်ဆုံးရန်အတိုင်းအခက်တို့ကို ဝိုင်း၍ဖြတ်တောက်ကြသည်။ ချည်ထားသောကြိုးများပြတ်တောက်၍ အသံများမြည်ဟည်းကာ ရေအောက်ကိုငုပ်လျှိုးသွားပါသည်။

မြန်မာနှစ် ၁၁၄၁ ခုနှစ် ဧရာဝတီမြစ်ရေကျချိန်တွင် ကုန်းကြီးရွာအနီးသောင်စပ်၌ လှပဖြောင့်ဖြူးအဖုအထစ်မရှိသော ကျွန်းတုံးကြီးတစ်တုံးတင်နေသည်ကို တွေ့ကြရသည်။ ရွာသားများကကျွဲ နွားများဖြင့် သွားရောက်ဆယ်ကြသော်လည်း မရရှိကြပေ။ ရေချိုး၊ အဝတ်လျှော်ကြသူများကိုလည်း အမွှေးနံ့ပေး၍



ရွှေကျီးနားဘုရားရှိ ပေါ်တော်မူဘုရားများ (၁၃၇၄)



ရွှေကျီးနားဘုရား ဆွမ်းတော်ကြီးလောင်းလှူပွဲ (တပေါင်းလပြည့်ကျော် ၁၂ ရက်)


တုံးကိုလှုပ်ခါပြသည့်အတွက် ကြောက်လန့်ပြီး မည်သူမျှမကပ်ရဲကြတော့ပေ။

မောင်မြတ်ထင်သည် ဗန်းမော်သို့ လှေထိုးလိုက်လာခဲ့၏။ လှေထိုးသားများသည် ဗန်းမော်တို့မရောက်မီ ကောင်းတုံ၊ ကုန်းကြီးရွာတို့တွင် ရပ်နားကြရ၏။ မောင်မြတ်ထင်ကျွန်းနက်တုံးအကြောင်းကြားရ၍ သွားရောက် စုံစမ်းသောအခါ ပျောက်ကွယ်သွားသောကျွန်းနက်တုံးကြီးဖြစ်နေတာကို သိကြရသည်။

www.burmeseclassic.com



ရွှေကျီးနား ငုတ်ရှုပ်များ



နဂါးရုံဘုရား



ရွှေကျီးနားဘုရားပွဲတော်ထား ညရှုခင်း



မဟာသိမ်တော်ကြီးဘုရား



ဥမောင်းတောင်ကျောက်ဂူ (ရွှေကူမြို့နယ်)

ရွာဦးကျောင်းဆရာတော်ကြီးနှင့် ဆွေးနွေးတိုင်ပင်ကြည့်သောအခါ ဆရာတော်မှ -

၁။ ကျွန်းပင်ကြီးသည် ခုတ်လှဲသော်လည်း ကောင်းကင်သို့ပျံတက်ခြင်းသည် ဝါယောအကြောင်းနှင့်အာကာသသိဒ္ဓိပြီးကြောင်း။

၂။ တုပ်နှောင်ဖြတ်ကြသောအခါ လှိုင်းတံပိုးကြီးစွာလာ၍ အသံမြည်ဟည်း နှောင်ကြိုးများပြတ်ကာ ငုပ်လျှိုးပျောက်ကွယ်သွားခြင်းသည် အာပေါ်အကြောင်း နှင့် ပထဝီသိဒ္ဓိပြီးကြောင်း။

၃။ ကျွဲ၊ နွားတို့ဖြင့်ယူဆောင်၍ မရခြင်းသည် နတ်၊ ဝိဇ္ဇာတို့စောင့်ရှောက်ခြင်းတို့ကြောင့် ဘုရားရှင်ရုပ်ပွားတော် ထုလုပ်ကိုးကွယ်သင့်ကြောင်း ဩဝါဒ ပေးလိုက်ပါသည်။

ဘိုးတော်ဦးဝိုင်းအားလျှောက်ထားသောအခါ ကျွန်းနက်မြတ်အား ရာဇမတ်ကာ၊ သဲဖြူခင်း၊ ငှက်ပျောပင်စိုက်၊ ကြံပင်စိုက်၊ တံခွန်ကုက္ကား၊ မုလေးပွား၊ ကြက်လျှာတို့ကို တင့်တယ်စွာပြင်ဆင်စေပါသည်။ သံဃာတော်(၉)ပါးနှင့် ပရိတ်တော်များ ရွတ်ဖတ်ကြ၏။ နတ်များအား တိုင်တည်ကူညီစောင့်ရှောက်ကြပါရန် ပန်ကြား၍ ကျွန်းမြတ်အား ပင့်ဆောင်ရာ အလွယ်တကူ လိုက်ပါလာခဲ့ပါသည်။

ကျွန်းမြတ်ကို ပြည်မြို့မှ ပန်းချီပန်းပုဆရာဦးအောင်မှ ထုလုပ်ပူဇော်ခဲ့၏။ ထိုစဉ်က ကျွန်းမြတ်အားလာရောက်ပူဇော်ကြသူများသည် ကြက်ပျံမကျ စည်ကားပါသည်။

၁၁၄၃၊ သီတင်းကျွတ်တွင်ထုလုပ်ပြီးဆုံးခဲ့၏။ ၁၁၄၃၊ တန်ဆောင်းမုန်းလတွင် ကုန်းကြီးရွာဆရာတော်ဘုရားကြီးအရှင် သီဟစက္ကမထေရ်မြတ် ဦးစီးကာ ဗုဒ္ဓါဘိသေကအနေကဇာတင်ခဲ့ပါသည်။


## ❑ ကျွန်းမြတ်၏တန်ခိုးပေလော

ဘိုးတော်ဦးဝိုင်းသည် (၉)နှစ်ခန့် ရှောင်တိမ်းနေခဲ့ရာမှ ၁၁၄၃ ခုနှစ်တွင် ဖောင်းကားစားမောင်မောင်အား ညီတော်ပင်းတလဲမြို့စားမှလုပ်ကြံကာ ဘိုးတော် ဦးဝိုင်းအား နန်းတင်ခဲ့၏။ နောင်တော်ပါ မြတ်ထင်၊ ပေါ်ဦး၊ ကျော်ရွှေးတို့ပါ

www.burmeseclassic.com



ကောင်းတုံဘုရား



ပန်းမော်မြို့ရွာခင်း တာပိန်မြစ်



ဧရာဝတီမြစ်ကူး ဆင်ခမ်းတံတား



လှေကလေးဖြင့်ရှုပ်ပြေးဖက်လှေဆီသို့ထမင်းရောင်းလာသောဈေးသည်များ

ဝန်ကြီးများဖြစ်ခဲ့ကြသည်။

**၁နတ်ထိန်းရေဆန် ကျွန်းနက် အောင်ကျော်ဇေယျမြသိန်းတန်ဘုရားကြီး၏ အံ့ဖွယ် (၈) ပါး**

၁။ မြတောင်တောအုပ်အလယ် အခြားသစ်ပင်များကိုလွှမ်းမိုး၍ပေါက်နေခြင်း၊ အခြားအပင်များက ဝန်းရံဦးခိုက်နေသကဲ့သို့ရှိခြင်း။
၂။ အဖုအထစ်အနာအဆာကင်းခြင်း။
၃။ ဖြတ်တောက်ခုတ်လှဲမခံ တော်လည်းသံပေး၍ တစ်ပင်လုံး အမြစ်မှနေကျွတ်ထွက်၍ ကောင်းကင်ပျံတက်ခြင်း။
၄။ ကြိုးဖြင့်တုပ်နှောင်ပါသော်လည်း လှိုင်းတံပိုးထ၍ ကြိုးများပြတ်ထွက်ခြင်း၊ မြစ်ညာသို့ဆန်တက်ငုပ်လျှိုးပျောက်ကွယ်သွားခြင်း။
၅။ ကျွန်းတုံးပေါ် တက်ပါက အမွှေးနံ့သာပေးခြင်း၊ တုန်ခါပြုခြင်း။
၆။ ကျွဲ၊ နွား၊ ဆင်၊ မြင်းတို့ဖြင့် ဆွဲယူ၍မရခြင်း။
၇။ တင့်တယ်စွာ ပန်ကြားပင့်ဆောင်မှ လွယ်လင့်တကူပါခြင်း။
၈။ တုတ်၊ ဓားလက်နက်တို့ဖြင့် ဖျက်ဆီး၍မရခြင်း။

ကျွန်းနက်မြတ်သီတင်းသုံးသော အောင်ကျော်ဇေယျမြသိန်းတန်ဘုရားကြီး၏ အာရုံခံကြီးသည် နှစ်ပေါင်း(၉၈)နှစ်ရှိသောအခါ ကွဲအက်ပျက်စီးလာခဲ့သည်။ ထိုအာရုံခံကို ပြုပြင်ရန်အတွက်ဖျက်နေစဉ် မိုးသည်းထန်စွာရွာသွန်းခဲ့ပါသည်။ လုပ်အားပေးများမှ ကလေးငယ်များလည်း ပါဝင်ခဲ့ပါသည်။

၁၃၆၂ ခုနှစ် (၁၅ - ၈ - ၂၀၀၀ ရက်နေ့) ညနေ (၃း၀၅) မိနစ်ခန့်တွင် ဂန္ဓကုဋိကြီးရုတ်တရက်ပြိုကျခဲ့ပါသည်။ ဘေးနှစ်ဖက်နံရံများပွင့်ထွက်သွားခဲ့ပါသည်။ ဘုရားကြီး၏ မဏ်ိတော်အထက် (၂) ပေခန့်အကွာရှိ ဉာဏ်တော်(၁၅)ပေခန့်ရှိ စေတီတော်မှာလည်းမရှိတော့ပေ။

အားလုံး ကြက်သေသေသွားကြသည်။ လုပ်အားပေးများအတွက် စိုးရိမ်နေကြ၏။ ကလေးငယ်များသေကုန်ပြီထင်ကြသည်။ မိဘများအပြေးအလွှားရောက်လာကြသည်။

အုတ်ကျိုးအုတ်ပဲ့များအကြားမှ ဘုရားကြီးကို အကောင်းပကတိအတိုင်းမြင်ကြရသည်။ လူများလည်း ဘာမှမဖြစ်ကြပေ။

ပြိုကျစဉ်က ဘုရားကုန်းတော်တစ်ခုလုံး မြည်ဟည်းတုန်ခါသွားခဲ့သော်လည်း ဘုရားကြီးမှာ ပုံတွင်မြင်ရသည့်အတိုင်း ရုပ်တော်မူမှ လဲကျမသွားခဲ့ပေ။

စေတီတော်၏ ဌာပနာတော်များလည်း မပျက်စီးခဲ့။ ဘုရားရှင်ဓာတ်တော်ကိန်းဝပ်ရာ ဖန်ပုလင်းကို အကောင်းအတိုင်း တွေ့ကြရသည်။

၁၂၆၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့မှ လပြည့်ကျော် ၂ ရက်နေ့အထိ ရောင်ခြည်တော်ကွန့်မြူးခဲ့ပါသေးသည်။ ထိုစဉ်က မကောင်းဆိုးရွားခြောက်လှန့်သည်ထင်ပြီး ဘုရားကြီးကို တုတ်၊ ဓားများဖြင့် ဖျက်ဆီးကြပါသည်။ ဘုရားတန်ခိုးတော်ကြောင့် ဘာမှမပျက်စီးခဲ့ပေ။

မံရွတ်ရွာတွင် သီတင်းသုံးနေသော ကျွန်းနက်ရေဆန်ဘုရားကြီးသည် ထူးခြားမှုများနှင့် ပြည့်နှက်နေပါသည်။ ဘိုးတော်ဦးဝိုင်း အိမ်နိမ့်စံဘဝမှသည် ရှင်ဘုရင်ဖြစ်ခဲ့ရသည်။

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် တစ်ဝိုက်တွင် တန်ခိုးကြီးဘုရားများ၊ သမိုင်းဝင်ဘုရားများ များစွာရှိနေပါသည်။ ရွှေကျီးနားဘုရား၊ အိုက်ခေါ်တောဘုရား၊ မဟာသိမ်တော်ကြီးဘုရား စသည်များအပြင် ယခု ဥဒေါင်းတောင်တောင်ဂူ၊ သဘာဝအလှများ များစွာရှိနေပါသည်။ ကြုံကြိုက်ပါက ဖူးမြော်လည်ပတ်နိုင်ကြရန် တင်ပြအပ်ပါသည်။

အဇ္ဈုန (မနှင်းငြိမ်း)

www.burmeseclassic.com

# ဖိုးဝင်းတောင်နှင့် ဖိုးဝင်းရှင်မသိပိုင်းမှုဟောင်း

စောမိသွင်(ရန်ကုန်)

ဖိုးဝင်းတောင်သည် မုံရွာ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ မုံရွာဘက်မှလာလတ်သော် မုံရွာနန်ချွန် မြစ်ဆိပ်မှနေ၍ ညောင်ပင်ကြီးဆိပ်ကမ်း ဒါမှမဟုတ် အောက်ဆိပ်ဘက်မှနေ၍ စက်လှေဖြင့် အနောက်ဘက်ကမ်းသို့ကူး လာပြီးမှ ဖိုးဝင်းတောင်သို့ ဆိုင်ကယ် သို့မဟုတ် ကားဖြင့်သွားနိုင်ပါသည်။ ကားဖြင့်တိုက်ရိုက်လာကြသူများကတော့ ချင်းတွင်းတံတား၊ ယမားတံတားတို့ကို ကျော်ဖြတ်ကာ ဖိုးဝင်းတောင်သို့သွား နိုင်ပါသည်။


ဖိုးဝင်းတောင်ကို အရပ်ရှစ်မျက်နှာ မှကြည့်လျှင် လှေလှောင်းကိုမှောက်ထား ဘိသကဲ့သို့ရှိ၏။ ယခင်က ဆရာဇော်ဂျီ ဦးဖိုးဝင်းနေထိုင်သောတောင်ဖြစ်သဖြင့် ထိုတောင်ပိုင်းကို ဆရာဇော်ဂျီဦးဖိုးဝင်း တောင်ဟု သမုတ်ပါသည်။ ကာလ ရှည်လျားသောအခါ ဦးဖိုးဝင်းတောင် အမည်ပျောက်ကာ ဖိုးဝင်းတောင်ဟု ခေါ်ခြင်း ဖြစ်ပါ၏။ ရှေးအခါကာလက ချင်းတိုင်းရင်းသားများနေသောတောင် ဖြစ်ပြီး ချင်းတိုင်းရင်းသားတို့ အနောက် သို့ တဖြည်းဖြည်းရွှေ့လျားသွားကြလေ သည်။

ဖိုးဝင်းတောင်နှင့်မကွာဝေးသော တောင်တွင် ဆရာဇော်ဂျီဦးဖိုးဝင်းသည် ကျောက်ဂူလိုဏ်ခေါင်းအောင်း၍နေလေ သည်။ ထိုတောင်ကား စဖုံတောင်ဖြစ် ကာ ဇော်ဂျီဦးဖိုးဝင်း၏ပြဒါးသိဒ္ဓိတန်ခိုး ကြောင့် ထိုက်သောသူမှသာ ၎င်းဂူကို မြင်နိုင်လေသည်။ မထိုက်သောသူများ ကား ယခုထက်တိုင် ရှာမတွေ့နိုင်ကြပါ။ ဆရာဇော်ဂျီဦးဖိုးဝင်းသည် ထိုကျောက် လိုဏ်ဂူ၌နေထိုင်ကာ တောင်အောက် တွင် အများတကာသုံးစွဲရာအဖြစ် ဝမ်းဘဲ၊ ဟသ်ာ၊ ကြိုးကြာတို့ အလိုအလျောက် ပျော်မွေ့ရာ ရေကန်တစ်ခုဖြစ်ပေါ်လာ ရာ ထိုရေကန်ကို သိဒ္ဓိပထမံရေကန်ဟု ခေါ်ဆိုကြပါသည်။


## ▫ ကြာဖူးမှပေါ်လာသောသမီးငယ်

ဇော်ဂျီဦးဖိုးဝင်းမှာ စဖုံတောင်က ဆင်းသက်၍ သိဒ္ဓိပထမံရေကန်သို့ရောက် ပြီး လှည့်လည်ကြည့်ရာ ရေကန်၌ ပဒုမ္မာ ကြာပင်များ များစွာပေါက်၍ ချိုးမွှမ်း အုံ့ဩလေသည်။ ဆက်လက်ကြည့်ရှုရာ ရေကန်အလယ်မှာ အလွန်တရာ ထူးဆန်း အံ့ဩဖွယ်ကောင်းသောပဒုမ္မာကြာဖူးကြီး ကိုမြင်ရ၍ ချိုးယူကာ စဖုံတောင်ပေါ်သို့ ယူဆောင်လာခဲ့ပါသည်။ တောင်ပေါ်သို့ ရောက်သောအခါ သစ္စာအဓိဋ္ဌာန်ပြု၍ ပဒုမ္မာကြာဖူးကြီးကို ဖွင့်လှစ်ကြည့်သော အခါ သံသေဒဇဖြစ်ပေါ်နေသော လူမက နတ်တမျှ လှပသည့် သန္ဓေသူလေးကို တွေ့ရှိ၍ ကျောက်ဂူအတွင်း ယူဆောင် ကာ သမီးအမှတ်ဖြင့် ကျွေးမွေး ပြုစု စောင့်ရှောက်ထားလေ၏။ ကြာဖူးကြီး ထဲတွင် သန္ဓေစတည်ဖြစ်သောကြောင့် ပဒုမ္မအလှဒေဝီဟု အမည်ပေးခဲ့ပါသည်။

ထိုစဉ်က ပုဂံ နာဂရပြည်၌ သီရိ ဇေယျနန်းတောင်းမင်း ထီးနန်းစံလျက်ရှိ ပါသည်။ နန်းတောင်းမင်း၏ စားတော် သွင်းမှုဆိုးသည် သမင်၊ ဒရယ် စသော တောသတ္တဝါတို့ကို ရှာဖွေရာမှ မျက်စိ လည်လမ်းမှားကာ ဆရာဇော်ဂျီဦးဖိုးဝင်း နေသောကျောက်ဂူနားသို့ရောက်လာရာ ဇော်ဂျီဦးဖိုးဝင်း ဆေးကြိတ်နေသည်ကို တွေ့သွားခဲ့သည်။ ဇော်ဂျီဦးဖိုးဝင်းမှ ကျောက်ဂူဝတွင် အပန်းဖြေ၍ နားနေ စေပါသည်။ မုဆိုးက ဘယ်ရောက်၍ ရောက်မှန်းမသိရောက်ရ၍ တစ်ရက်



ဖိုးဝင်းတောင်ပုံ




ဖိုးဝင်းတောင်ကျောက်ဂူများ

www.burmeseclassic.com



ကျောက်ဆင်ကြီး



ဖိုးဝင်းရုပ်ပုံ



မျောက်များ

နှစ်ရက်နားပြီးမှ မိမိနေရာ နဂါးရမြို့သို့ ပြန်လိုကြောင်းပြောပြီး မိမိသွားရမည့် ခရီးကို မျှော်မှန်းမရ၍ လမ်းညွှန်ပေးတော်မူပါဟုပြောဆိုပါသည်။

မုဆိုးပြန်သည့်အခါတွင် ဇော်ဂျီဦးဖိုးဝင်းမှ လက်ညှိုးထိုးပြ၍ အရှေ့သို့ ဖြောင့်ဖြောင့်မတ်မတ်သွားလျှင် ချင်းတွင်းမြစ်ကိုတွေ့လတ္တံ့။ ထိုမြစ်သို့ရောက်သောအခါ ရေစီးရာကိုသာအစွဲပြု၍ မြစ်ရိုးတစ်လျှောက်လိုက်လေက ပုဂံနဂါးမြို့သို့ ရောက်လိမ့်မည်ဟု လမ်းညွှန်လိုက်၍ ပုဂံဌာနသို့ ပြန်ရောက်ရှိသွားပါသည်။

မုဆိုးကား ဘုရင်ကိုဆက်သရန် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်စသော သတ္တဝါများကို မရခဲ့၍ မင်းပြစ်သင့်မည်ကို စိတ်ပူကာ -

အချောအလှတို့ဖြင့် ရှုမဝနိုင်သော သံသေဇမယ်ကလေးသည် အရှင်ဘုရင်မင်းမြတ်နှင့် ထိုက်တန်ကြောင်း လျှောက်၍ မင်းကြီး သဘောကျကာ မင်း၏ အမိန့်တော်ဖြင့် သင်မုဆိုးကသွားရောက် ခေါ်ဆောင်ရမည်ဟု စေလွှတ်လိုက်ပါသည်။

## ❑ ဆရာဇော်ဂျီဦးဖိုးဝင်းမရှိစဉ်မှာ

ဆရာဇော်ဂျီဦးဖိုးဝင်းသည် ဖိုကူးရန် ဆေးမြစ်လိုနေ၍ ထိုတောင်ပေါ်နှင့် အနီးအပါးတွင်မရှိသဖြင့် ပုပ္ပားတောင်တွင်သာရှိကြောင်း သိရသည်။ သမီးပဒုမ္မာအလှဒေဝီကလေးကို ဆေးမြစ်ရှာရန်သွားရမည်။ အဖေပြန်မလာမီ ဤကျောက်ဂူမှာနေရစ်ပါ။ ဘယ်မှမသွားပါနှင့်ဟု မှာခဲ့ကာ သိဒ္ဓိတန်ခိုးဖြင့် ပုပ္ပားတောင်သို့သွားလေသည်။

ထိုအချိန်တွင် စားတော်သွင်းမုဆိုးလည်း စဖိုတောင်သို့ ရောက်လာကာ ဇော်ဂျီမရှိကြောင်းသိသွားသည်။ သနွေ့သူကလေးအား ဘုရင်မင်းမြတ်၏ ခိုင်းစေချက်ကြောင့် ပုဂံနဂါးမြို့သို့ ခေါ်ဆောင်သွားရမည်ဖြစ်ကြောင်းဆိုရာ ပဒုမ္မာအလှဒေဝီသည် နန်းတောင်းမင်းဘုရင်ရာဇာဟူသောအမည်ကိုကြားသည့်အခါ ပန္နက်ဖူးသောသစ္စာ၊ ချဖူးသောရေစက်တို့ကြောင့်လိုက်မည်ဟု ဆုံးဖြတ်ကာ အဖဇော်ဂျီသိအောင် ကျောက်စာရေးထိုးထားခဲ့၍ ပုဂံနဂါးမြို့သို့ လိုက်ပါသွားခဲ့ပါသည်။

မုဆိုးလည်း သနွေ့သူလေးအား နန်းတောင်းဘုရင်မင်းမြတ်ကို ဆက်သရာ မင်းကြီးသဘောတော်ကျသဖြင့် တောင်နန်းဒေဝီ မဟေသီမိဖုရားအရာ ဆောင်နှင်း၍ မင်းကြီးနှင့်အတူတကွ စံတော်မူလေသည်။

ဆရာဇော်ဂျီဦးဖိုးဝင်းသည် ပုပ္ပားတောင်တွင် အလိုရှိသော ဆေးမြစ်ကို ရှာ၍ သစ်ပင်အောက်တွင် အပန်းဖြေ အိပ်စက်စဉ် အလွန်တရာကြွမ်းတမ်းလှသော ဘီလူးတစ်ယောက်သည် ငါ့အိပ်ရာလာ၍ ငါ့အူအသည်းများကို ထုတ်ယူသွားလေသည်ဟု အိပ်မက်ရာ ငါ၏အရေးလား၊ သမီး၏အရေးလား မသိရ၍ ပုပ္ပားတောင်ပေါ်မှ ဆင်းသက်ကာ မိမိနေသော စဖိုတောင်သို့ အလျင်အမြန်ပြန်ခဲ့သည်။ ဂူအနားသို့ရောက်၍ သမီးခေါ်ရာမထူး၍ ဂူထဲသို့ဝင်ကြည့်သည့်အခါ သမီးမရှိသည်ကို သိရှိပြီး ကျောက်ပြားတွင် ကမ္ပည်းစာထိုးထားသည်ကိုတွေ့ရှိခဲ့၍ စဖိုတောင်မှဆင်းသက်ကာ ဟလင်္ဂပူရတိုင်းပြည်သို့ အကြံပြုရန်သွားလေသည်။

## ❑ မုံရွာမြို့ဟုအမည်တွင်ရခြင်းအကြောင်း

မြစ်ဆိပ်မှကူးကာ တစ်ဖက်ကမ်းသို့ရောက်သည့်အခါ ကျောင်းသင်္ခမ်းကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိသော်လည်း ရှင်ရသေ့ကိုမတွေ့၍ ရှာရာ ကမ္ပည်းစာတမ်းကို တွေ့ရှိရလေသည်။ ထိုကမ္ပည်းစာတမ်းကား မုံရွာမြို့ဟူ၍ ဖြစ်ပေါ်လာမည့် အကြောင်းကို ထိုနေရာတွင်နေသည့်လောကီအဘိညာဉ်နှင့် ပြည့်စုံသော ဇောတိပါလရသေ့က ဟောပြောထားသည့်စာတမ်း ဖြစ်လေသည်။

ဇောတိပါလရသေ့သည် မုံပင်ခြေရင်းတွင် တရားအားထုတ်ရာ ကြောင်နှင့်ကြွက်၊ မြွေနှင့်ဖားတို့သည် မုံပင်အောက်သို့ဝင်မိလျှင် ကြွက်က ကြောင်ကိုနိုင်ကာ ဖားက မြွေကို နိုင်ရသည့်အဖြစ်ကိုတွေ့၍ ထူးဆန်းအံ့ဩလောက်သော မုံပင်ပါတကားဟု အဘိညာဉ်ဖြင့်ကြည့်ရာ နောင်ငါမရှိသည့်နောက် ဤနေရာ၌အသွားအလာများကြ၍ တစ်ဦးသောယောကျ်ားသည် ထိုမုံပင်အောက်၌ဆိုင်ခင်းကာ မုံဆီလုပ်ရောင်းချလတ္တံ့။ မုံပင်ကိုအစွဲပြု၍ မုံဆီရွာဟုတွင်လေသည်က တစ်ချက်။ ရှေ့တစ်ဖန်ကြည့်ပြန်သော် လူတို့၏ကောဇာနှစ် ၁၂၄၀ ပြည့်နှစ်၊ သာသနာတော်နှစ် ၁၄၃၀ ပြည့်နှစ်အတွင်း ရောက်သောကာလ လူမျိုးကွဲတို့စိုးမိုးလတ္တံ့ဟု မြင်သည်ကတစ်ချက်။ မုံဆီရွာအမည်ပျောက်၍ မုံရွာမြို့ဖြစ်လတ္တံ့သည်ကတစ်ချက်။ မုံရွာမြို့သို့ မိကျောင်းဆိုက်ရောက်လတ္တံ့။ မိကျောင်းဆိုက်ရောက်သည့်အခါ မုံရွာမြို့သည် စည်စည်ကားကား ထာဝရဈေးဖြစ်လတ္တံ့ဟု ဟောပြထားခဲ့ပါသည်။ ဇော်ဂျီမင်းလည်း ခိုးမွမ်းထောမနာပြု၍ ဆက်သွားလေသည်။

**□ ဟာလင်္ဂပူရမင်းကြီး၏နန်းတော်သို့ဆိုက်ရောက်ခြင်း**

ဟာလင်္ဂပူရမင်းကြီး၏ နန်းတော်သို့ ဆိုက်ရောက်သောအခါ ဇော်ဂျီမင်းက မင်းကြီးအား သန္ဓေသူသမီးလေးတစ်ယောက်ရှိရာ ပုဂံနဂရမြို့ဌာနမှ နန်းတောင်းမင်း၏စားတော်သွင်းမှုဆိုးက သန္ဓေသူလေးကို မတောင်းမရမ်း မပြောမဆိုဘဲခေါ်ဆောင်သွားခဲ့ကြောင်း၊ ထိုသမီးလေးကို အရှင်မင်းမြတ်အား ဆက်သရန် ရည်ရော်ထားကြောင်း လျှောက်ထားပါသည်။

ပြုလဝရာဇာမင်းမြတ်သည် ငါ၏ နှမတော်လောင်းမှန်း မသိရှာ့သလား အလွန်တရာစော်ကားသော နားတောင်းမင်းအား စစ်ထိုးမည်ဆိုလေ၏။ ဇော်ဂျီမင်းက ကိုယ်တော်တိုင်ထွက်တော်မူရန်မသင့်ပါ၍ ဗိုလ်ခြေတပ်သားတစ်ထောင်ကိုသာ ပေးသနားတော်မူပါ။ ၎င်းတပ်သားများနှင့်တကွ သွားရောက်ပြီး သန္ဓေသူလေးကို မပါ့ပါအောင်တိုက်ခိုက်လုယူ၍ အရှင်မင်းမြတ်ထံ ဆက်သပါမည်ဟု လျှောက်တင်ပါသည်။

ဇော်ဂျီဦးဖိုးဝင်းသည် ပြုလဝမင်း၏ စစ်သည်ဗိုလ်ပါများနှင့်တကွ ပုဂံနဂရမြို့သို့ အလျင်အမြန်ချီတက်သွားရာ ပုဂံနဂရမြို့သို့ရောက်လေသည်။ ဇော်ဂျီဦးဖိုးဝင်းက မြို့တံခါးမှနေ၍ တစ်မြို့လုံးအိပ်မွေ့သွင်းလေသည်။ ပြဒါးသိဒ္ဓိတန်ခိုးဖြင့် နန်းတော်တွင်းဝင်ကြည့်ရာ မြသလွန်တော်ပေါ်တွင် မင်းကြီးနှင့်အတူ စက်တော်ခေါ်နေသောသမီးကိုတွေ့သဖြင့် အသာပွေ့ပိုက်ကာ မြို့တွင်းကထွက်ပြီးလျှင် အိပ်မွေ့ကိုဖြေထားခဲ့လေသည်။ ဇော်ဂျီကား စဖိုတောင်သို့ သမီးအားပြန်ခေါ်လာခဲ့သည်။

ပြုလဝမင်းကြီးသည်လည်း အမတ်တို့နှင့်တိုင်ပင်ကာ ဇော်ဂျီဦးဖိုးဝင်းတောင်သို့ချီတက်လာရာ ပြုလဝမင်း၊ ပြုံးမင်းညီနောင်နှစ်ဖော်တို့သည် များစွာသော ဗိုလ်ခြေနှင့် လှည်းအစီးငါးရာတို့ကိုပြင်ဆင်ကာ မှူးကြီးမတ်ရာမောင်းမမိဿံနှင့်တကွ များစွာသောရဲမက်ဗိုလ်ခြေဝင်းခင်းကျင်းလျက် ဇော်ဂျီမင်းအလံပန်းထိုး၍ထားခဲ့သောလမ်းအတိုင်းချီတက်တော်မူလာခဲ့သည်။ ချင်းတွင်းမြစ်ဆိပ်ကမ်းနားသို့ကူးနိုင်ရန် သစ်သားတို့ကိုစီမံ၍ ချက်ချင်းတံတားခင်းစေသည်။ လှည်းများဖြင့်ကူးသည်ကိုအစွဲပြု၍ လှည်းကူးဆိပ်ဟုအမည်တွင်ရာ ယခုအခါ လှေကူးဆိပ်ကမ်းဟု ခေါ်ကြသည်။

**□ အနောက်ဘက်ကမ်းသို့ ချီတက်ရာလမ်း၌တွေ့ရှိချက်များ**

အနောက်ဘက်ကမ်းသို့ ရောက်သောအခါ အလွန်စိုပြည်သာယာသော ညို့ညို့ဆိုင်းဆိုင်းမှိုင်းမှိုင်းဝေဆာသော တောင်ကြီးကိုမြင်ရ၍ စခန်းချနားလေသည်။ တောင်ပေါ်သို့ အမတ်တို့ကိုတက်ကြည့်စေရာ ထိုတောင်သည် သုံးဆယ့်သုံးလုံးရှိ၏။ လှည့်လည်ကြည့်ရှုကြရာ ထိုတွင်းများတွင် မြင်တွင်း၊ ရွှေတွင်း၊ ဘော်တွင်း၊ စိန်တွင်းတို့ကို တွေ့ရှိရ၍ အနီးအပါးတောင်တစ်လုံးမှာ ဒုတ္တာထွက်ကြောင်း အမတ်တို့က မင်းကြီးကိုပြန်လျှောက်ကြ၏။ ထိုမှဆက်သွားရာ ယခင်က ချင်းတိုင်းရင်းသားတို့ နေထိုင်ကြပြီး မိုးကြိုးပစ်သဖြင့် တစ်ရွာလုံး ပျက်စီးကုန်သောကြောင့် မိုးကြိုးပစ်တွင်သော်လည်း ယခုအခါ မိုးကြိုးပြင်ရွာဟုခေါ်သောနေရာသို့ရောက်ရှိလေ၏။ ၎င်းမှ ကပြုတွင်းသို့ ရောက်ရှိသည်။ ထိုတွင်း၌ မြေဖြူ၊ မြေနီ၊ မြေဝါ၊ မြေပြာ၊ မြေအမျိုးမျိုးတို့ရှိ၍ လူအများသုံးစွဲကြသောကြောင့် တွင်းကြီးဖြစ်နေရကြောင်း သံတော်ဦးတင်ကြရာ ကပြုတွင်းအနီး တောင်ပူစာထိပ်တွင် ဘုရားစေတီသုံးဆူတည်၍ ကိုးကွယ်ထားကြရာ ယခုအခါ ကပြုတောင်ဟု ခေါ်ကြလေသည်။ ကပြုတွင်းမှ ဆက်လက်ချီတက်ရာ ကျောက်ဖျာကြီးကိုတွေ့ကြရာ ခုတင်နှင့်တူ၍ ကျောက်ကုတင်ဟုခေါ်ဝေါ်ကြပါသည်။ ဆက်လက်ချီတက်လာပြန်ရာ တောင်၏အနီး ကွင်းပြင်ကြီးကိုရောက်ရာ ပြုလဝမင်းနှစ်ဖော်သည် ခေတ္တစခန်းချနားနေကြသည်။

ဗိုလ်ခြေနှင့် လှည်းအစီးငါးရာတို့သည် ခေတ္တနားစဉ် မန်ကျည်းသီးစားပြီး မန်ကျည်းစေ့တို့ကိုပစ်ကြ၍ များစွာသော မန်ကျည်းပင်တို့ပေါက်ပြီး စည်ကားခြင်းသို့ရောက်၍ မန်ကျည်းတထောင်ဟု အမည်ခေါ်ဝေါ်ကြသည်။ မန်ကျည်းတထောင်ကွင်းပြင်မှ ပြောင်းရွှေ့၍ချီတော်မူရာ ယခု ရွှေဘတောင်ခေါ်သော တောင်ဆွယ်လေးပေါ်သို့ ဆိုက်ရောက်လေသည်။ တောင်ခြေရင်းသို့ချီတက်ကြပြီး တောင်ခြေ၌စခန်းချနေတော်မူသည်။ ယခင်က အလျင်မြင်သောဌာနဖြစ်၍ အလျင်မြင်တောင်ဟုခေါ်ခဲ့ရာ ယခုအခါ ဆုတောင်းပြည့်လည်းခေါ်၍ ရင်ပြင်တောင်ဟုလည်း ခေါ်ဆိုကြလေသည်။ မင်းနှစ်ပါးတို့သည် အလျင်မြင်တောင်သို့ တက်ကြလျှင် ကျောက်ထုကျောက်လျှိုတို့သည် ထူးဆန်းပေသည်။ ဗုဒ္ဓတော်၏ ရုပ်တုတော်များကိုထုရလျှင်ကောင်းမည်ဟု တိုင်ပင်ပြောဆို၍ တောင်ပေါ်က ဆင်းသက်ကြသည်။ ဘူမိနက်သန်မြေကိုလိုက်ရှာသောအခါ တောင်နှင့်မနီးမဝေး စိမ့်စမ်းရေအစဉ်မပြတ်စီးဆင်းနေသောဌာနကို မြင်တော်မူ၍ ပြုလဝမင်း၊ ပြုံးမင်းတို့သည် အမတ်တို့နှင့်တိုင်ပင်ကာ ခေတ္တထီးနန်းစိုက်၍ စံတော်မူ၏။

**□ သန္ဓေသူသမီးသေပွဲဝင်ခြင်း**

ထိုအချိန်တွင် ဇော်ဂျီဦးဖိုးဝင်းကလည်း သမီးလေးကို ပြုလဝမင်းရာဇာနှင့် လက်ဆက်ရန် နားချတော်မူလေသည်။ ပဒုမ္မဒေဝီမင်းသမီးလေးသည် သူ့တွင် နန်းတောင်းမင်းရှိပါလျက် မယူ

www.burmeseclassic.com

www.burmeseclassic.com

လို့ကြောင်းပြောသော်လည်း ဇော်ဂျီမင်းက အတန်တန်ချော့မော့ပြောဆိုသဖြင့် စိတ်မကောင်းဖြစ်ကာ နားထောင်ပါတော့မည်ဟု ပြောရှာခဲ့သည်။ ဇော်ဂျီလည်း ကျောက်ဂူတွင် သမီးအားထားခဲ့၍ စဖိုတောင်ပေါ် ဆင်းသက်ခဲ့သည်။ ပြုလဝမင်းထံလျှောက် တင်ရာ ပြုလဝမင်းက ခုနစ်ရက်တိုင်လျှင် ပဒုမ္မဒေဝီလေးကို သိမ်းပိုက်တော်မူမည်ဟု အမိန့်တော်ရှိလေသည်။

ပဒုမ္မဒေဝီမင်းသမီးကလေးလည်း ကျောက်ဂူမှထွက်ခွာလာရာ မိမိသန္ဓေစွဲငြိသည့်အောင်သိဒ္ဓိရေကန်အနားသို့ ရောက်ခဲ့၏။ လှည့်ပတ်ကြည့်ရှုပြီးနောက် ထိုရေကန်မှထွက်ကာ တောင်ကမ်းပါးယံလေးသို့တက်လာခဲ့၏။ တဖြည်းဖြည်း တောင်ထိပ်ပေါ်သို့ရောက်ရှိခဲ့ပြီး မျှော်ကြည့်လိုက်ရာ ရေလျဉ်စိမ့်စမ်းဂနိုင်နှင့် မြိုင်တန်းတို့ကိုမြင်သည့်အခါ မောင်တော်နန်းတောင်းမင်းကို မျှော်တွေးကာ ရှေးရင်ဆို့လာပြီး သောကမီးအရှိန်ကြောင့် ချွေလဲကာ သေပွဲဝင်ခဲ့လေသည်။ သေပွဲဝင်သည့်အခါ အယူတိမ်း၍ ဤတောင်ကို စောင့်ရှောက်ရသော တောင်တော်ရှင်မဖြစ်ရရှာလေသည်။

ဇော်ဂျီဦးဖိုးဝင်းလည်း ပြုလဝမင်းထံမှ ပြန်လာပြီး စဖိုတောင်သို့အရောက်တွင် သမီးကိုမတွေ့၍ လိုက်ရှာရာ တောင်ထိပ်ပေါ်၌ သန္ဓေသူသမီးကလေး၏အလောင်းကိုသာ တွေ့ရှိရသည်။ ဇော်ဂျီမင်း ပူဆွေးနေစဉ် ဖြူနီးခန့် သန္ဓေသူသမီးကလေးက ပြိုးပြိုးပြက်သော အရောင်အဝါနှင့် ရှေ့တွင့်လာရပ်ပြသည့်အခါ သမီးဖြစ်သူ နတ်စိမ်းဖြစ်သွားမှန်းသိရှိခဲ့လေသည်။ သမီးလေးက ဘဝဟောင်းက ဖြစ်စဉ်တွေကို ပြောပြကာ ကွယ်ပျောက်သွားခဲ့သည်။ ဇော်ဂျီဦးဖိုးဝင်းသည်း တောင်တော်ရှင်မဖြစ်သွားကြောင်းသိရ၍ သမီးဖြစ်သူကိုလည်း စောင့်ရှောက်ရန် ကျောက်ဂူမှာပဲအမြဲနေ၍ ဖူးတူးမှုတော်မည်ဟု စိတ်ကူးကာ ကြွသွား၍ သိဒ္ဓိဝိဇ္ဇာရှင်ကြီးဖြစ်သွားလေသည်။ တောင်တော်ရှင်မကို အဖနာမည်အားအစွဲပြု၍ ဖိုးဝင်းရှင်းမဟု ခေါ်ဆိုကြပါသည်။

## နန်းတောင်းဘုရင် မိဖုရားအရှာထွက်ခြင်း

နန်းတောင်းဘုရင်လည်း နံနက်လင်းသော် မိဖုရားဖြစ်သူ ပျောက်ခြင်းပျောက်သွားကြောင်းသိလိုက်သည်။ ပဒုမ္မဒေဝီ၏အဖသည် ဇော်ဂျီဖြစ်သည်ဟု မှုဆိုးလျှောက်တင်ဖူးသဖြင့် မိဖုရားကို ဇော်ဂျီယူဆောင်သွားလိမ့်မည်ဟု မှူးမတ်တို့နှင့်တိုင်ပင်ကာ အမတ်တချို့အား နန်းတော်ကို စောင့်ရှောက်စေ၍ များစွာသောဗိုလ်ခြေတို့နှင့် အရှာထွက်တော်မူလေသည်။ တောထောင်အထပ်ထပ်ကို ချီတက်တော်မူခဲ့၍ ပင်ပန်းတော်မူသဖြင့် အမတ်ကြီးတို့နှင့် ဤနေရာဌာနတွင် တဲနန်းစိုက်ရန် သင့်လျော်ပါမည်လားဟု တိုင်ပင်တော်မူရာ ဆင်စာမြင်းစာကအစ ပြည့်စုံတော်မူ၍ သင့်လျော်ကြောင်းလျှောက်ထား၍နားကြရာ ယခုထက်တိုင် ထိုနေရာကို မင်းတိုင်ပင်ဟုခေါ်လေသည်။

ပြုလဝမင်း၊ ပြုံးမင်းညီနောင်တို့ကလည်း ခုနစ်ရက်စေ့လျှင် သမီးသန္ဓေသူလေးကို ဆက်သမည်ဆို၍ များစွာသောဗိုလ်ခြေနှင့်တကွ ချီတက်တော်မူရာ ဖိုးဝင်းတောင်နှင့် မနီးမဝေး ချင်းစုရွာသို့ ဆိုက်ရောက်၍ တဲနန်းဆောက်ကာ ခေတ္တစံနေတော်မူလေသည်။နန်းတောင်းဘုရင်မင်းမြတ်ကလည်း ပြုလဝမင်း၊ ပြုံးမင်းတို့ မြို့သစ်ဌာန၌စံနေသည်ကိုသိရှိ၍ စစ်ထိုးရန် အမတ်များနှင့်တိုင်ပင်၍ မင်းတိုင်ပင်ဟုခေါ်ကြောင်း အချို့သမိုင်းစာစောင်များက ဖော်ပြကြလေသည်။ အမတ်များကချီတက်ရန်မသင့်တော်သေးပါ။သန္ဓေသူလေးနေရာကို ထောက်လှမ်းပါမည်ဟုလျှောက်ရာ ဖိုးဝင်းတောင်သူပါလားဟု သိရှိရ၍ ဖိုးဝင်းတောင်ပေါ်သို့သွားရာ ဖိုးဝင်းရှင်မသည် လူယောင်ဖန်ဆင်းကာ ဖြစ်ကြောင်းကုန်စင်ကို သံတော်ဦးတင်လေသည်။ မင်းကြီးလည်း မိဖုရားဖြစ်သူ အလွမ်းဆို့၍ သေပွဲဝင်ရကြောင်းသိရှိရ၍ ပြုလဝမင်းတို့နှင့် စစ်ထိုးမည့်အကြံကို အကျိုးမရှိတော့၍ အမတ်တစ်ယောက်ကို စေလွှတ်ပြီးလျှင် သဝဏ်လွှာဆက်သလေသည်။

နန်းတောင်းမင်းလည်း ချင်းစုရွာသို့ ချီတက်ကာ ပြုလဝမင်းနှင့်တွေ့ဆုံပြီး မင်းသုံးပါးကောင်းမွန်စွာစံတော်မူလေသည်။ ထိုနေရာကို မင်းသုံးပါးစုဝေး၍ မင်းစုရွာဟု ခေါ်ဝေါ်ကြလေသည်။ နန်းတောင်းဘုရင်မင်းမြတ်လည်း နှမတော် သေဆုံးသည့် တောင်ထိပ်သို့ တက်ရောက် ကြည့်ရှုကာ အရိုးတို့ကို တွေ့၍ အုတ်တိုက်ပုံပြုလုပ်ကာ အရိုးတို့ကိုထည့်သွင်း၍ မောင်ရွှေဘကို အကြီးအမှူးထားပြီး စေတီတည်စေခဲ့ပါသည်။

## ▫ ရုပ်ပွားဆင်းတုတော်တို့ထုလုပ်စေခြင်း

ဤတောင်ဤဌာနတွင် မြတ်ဗုဒ္ဓရှင်တော်၏ ရုပ်ပွားဆင်းတုတော်တို့ကို ထုလုပ်လျှင်ကောင်းမည်ဟု တွေးတောကာ ဆင်းတုတော်များ ထုလုပ်ရန် မောင်ရွှေဘကို စေခိုင်းခဲ့၏။ မောင်ရွှေဘလည်း အလျှင်မြင်တောင်သို့သွား၍ မြတ်စွာဘုရားများကို ပြီးစီးအောင် ထုလုပ်ပါသည်။ မင်းကြီးလည်း ကြည်ညိုပီတိဖြစ်၍ ရင်မြင်တော်ဘုရား၊ ဆုတောင်းပြည့်ဘုရားဟု ဘွဲ့တံဆိပ်နှိပ်တော်မူပါသည်။

ပြုမင်းနှစ်ဖော်တို့လည်း ချင်းစုရွာမှနေ၍ ဖိုးဝင်းတောင်သို့ချီတက်ကြရာ တောင်ခြေရင်းသို့ရောက်ရှိ၍ သစ်ခက်တဲနန်းဆောက်လုပ်စေ၍ အမတ်ရဲမက်တို့နှင့် တောင်ပေါ်သို့တက်လေသည်။ အလျှင်တောင်တော်ပေါ်၌ ထုလုပ်ထားသော မြတ်စွာဘုရားရုပ်ပွားတော်တို့ကို မြင်တော်မူရာတွင် ကြည်ညိုဝမ်းမြောက်၍ သည်တောင်ကိုလည်း ဆက်လက်၍ လုပ်ရန် မောင်ရွှေဘကို နန်းတောင်းမင်း ထံစေလွှတ်ပါသည်။ နန်းတောင်းမင်းလည်း ခွင့်ပြု၍ ပန်းရန်ဆရာဦးရွှေဘမှ ရုပ်ပွားဆင်းတုတော်များ ဖိုးဝင်းတောင်တွင်တည်တော်မူလေသည်။နန်းတောင်းမင်းကလည်း မိမိနှမတော်သေဆုံးသည့်နေရာတွင် လွမ်းစေတီဘုရား၊ ရင်မြင်တော်ဘုရား၊ ဆုတောင်းပြည့်ဘုရား သုံးဆူတို့ကို တည်ထားသောကိစ္စပြီးသည်နှင့် တိုင်းပြည်သို့ပြန်လေသည်။ ဦးရွှေဘကို ဖိုးဝင်းတောင်တွင် ရုပ်ပွားဆင်းတုစေတီတို့ အရှည်တည်စေရန်၊ ဖိုးဝင်းတောင်၌ အမြဲနေရန်ထားခဲ့လေသည်။ ပြုလဝမင်းတို့က နန်းတောင်းမင်း တည်ထားသောဘုရားတို့နှင့်အစဉ်တိုင်း ဘုရားငါးဆူထုလုပ်ရမည်ဟု အမိန့်တော်သတ်မှတ်လေ၏။ လိုဏ်ကို ငါးပေါက်ဖောက်ရာ တောင်ဆုံးတွင် သွား၍မဆုံးသော အံ့ဩဖွယ်ရာ ကျောက်ခေါင်းကြီးကို တွေ့မြင်ခဲ့ကြသည်။

မင်းကြီးကို လျှောက်တင်လေရာ ကိုယ်တော်တိုင် ဝင်ရှုစား၍ အဆုံးအထိ လိုက်ရန်စေလွှတ်ရာ လက္ခတ်တောင်အထိ ရောက်ကြောင်းနှင့် ထိုကျောက်ခေါင်းကြီးတွင် အလွန်ထူးဆန်းသောအဖိုးတန်ရတနာမျိုးစုံတွေ့ခဲ့ရကြောင်း သံတော်ဦးတင်ကြပါသည်။ ပြုလဝမင်းလည်း မိမိတွင်ပါသော ရွှေငွေရတနာတို့ကိုပါ ထည့်သွင်း၍ အရိမေတ္တေယျဘုရားသွင်းတော်မူသောအခါ ကျောင်းတော်ဆောက်



www.burmeseclassic.com

www.burmeseclassic.com

ရန် မည်သူမျှမဖွင့်စေနိုင်ခြင်းငှာ သစ္စာအဓိဋ္ဌာန်၍ ကျောက်ခေါင်းကြီးအလယ်တည့်တည့်တွင် တိုက်လုပ်၍ထည့်ထားပြီး ဝတ်လဲတော်ပုဆိုးကို အနည်းအပါးတွင်ထားလေသည်။

"ရင်းဥစ္စာပစ္စည်းများကို အယူလာသောသူတို့ကို ငါ၏ဝတ်လဲတော်ပုဆိုးက မြွေဖြစ်၍ကိုက်စေသား"

ဟု သစ္စာအဓိဋ္ဌာန်ပြုထားခဲ့သည်။

ရင်းအပြင် နွားသိုးထုလုပ်ပြီး ၎င်းအောက်မှာ များစွာသော ရတနာတို့ကိုထားပြီး ဆင်၏အောက်မှာလည်း မိဖုရားမောင်းမမိသံခြွေရံသင်းပင်းတို့၏ လက်ဝတ်လက်စား ပုတီးနားတောင်းများကို ကောင်းမွန် လုံခြုံစွာထား၍ပိတ်ခဲ့ပါသည်။ ဤပစ္စည်းများကိုယူလာလျှင် နွားသိုးကြီးနှင့် ဆင်တို့ကလိုက်ပါစေသားဟု အဓိဋ္ဌာန်ပြုကြလေသည်။

ဗုဒ္ဓရှင်တော်ကိုယ်စား ရုပ်ပွားတော်တို့ပြီးသည့်အခါ အလျင်ဆုံးဘုရား ဘွဲ့တော်ကို တောင်းတိုင်းပြည့်ဘုရားတစ်ဆူ၊ တင်းတင်းပြည့်ဘုရားတစ်ဆူ၊ သက်တော်ရှည်ဘုရားတစ်ဆူ၊ သက်တော်ရဘုရားတစ်ဆူ၊ ထင်ကရဘုရားတစ်ဆူဟု အသီးသီးဘွဲ့တော်များပေးခဲ့ပါသည်။ ဦးရွှေဘနေသောတောင်ကို ရွှေဘတောင်ဟု ခေါ်ကြပါသည်။ ဦးရွှေဘတို့သည် မင်းနှစ်ပါးပေးသည့် ဆုတော်လာဘ်တော်ရိက္ခာတော်များဖြင့် သုံးစွဲမကုန်သောအခြေအနေသို့ရောက်ရာ တောင်ပေါ်တွင်နေရန် မသင့်လျော်၍ မင်းစုရွာ၏အနောက်တောင်နားကုန်း 'မြေပြင်ကလေးပေါ်၌ အိမ်ဆောက်နေကြရာ သူဌေးဦးရွှေဘနေသောဌာနမို့ သူဌေးကုန်းဟု အမည်တွင်သည်။

ဦးရွှေဘသည် နောင်လာနောင်သားတို့ လွယ်လင့်တကူ ရုပ်တုစေတီပေါင်းအရေအတွက်ကို သိနိုင်စေရန် 'ရွှေလသာဝါဝါဝင်း' ဟု အက္ခရာစဉ်ထားခဲ့ရာ ရုပ်တုစေတီပေါင်း (၄၄၆၄၄) ဟု မှတ်သားထားခဲ့ပါသည်။

ဖိုးဝင်းရှင်မကြီးကို စကားမယ်ဟု ခေါ်ဝေါ်ကြခြင်းမှာ စကားပင်ကို သန္ဓေမိုး၍မဟုတ်ဘဲ စစ်စစ်အမှန်မှာ အောင်သိဒ္ဓိရေကန်တွင်း ကြာဖူးထဲမှ သန္ဓေမိုးခြင်းဖြစ်ပါသည်။ မောင်တော်ကို လွမ်းဆွတ်၍ ရင်တွဲနာကျ စုတိစိတ်ကျသောအခါ အယူတိမ်း၍ နတ်စိမ်းဖြစ်မှန်းသိ၍ မောင်တော်ဘုရားက ရှေးကအလျင်မြင်ခေါ် ယခု ဆုတောင်းပြည့်ဟု ခေါ်ဝေါ်ကြသောဌာန၌ စကားနန်းကို အပိုင်စားပေးတော်မူသည်ကို အစွဲပြု၍ စကားမယ်ဟုခေါ်ခြင်းဖြစ်ကြောင်း ဖိုးဝင်းတောင်သမိုင်း မှုဟောင်းမှတ်ချက်တွင် တွေ့ရှိရပါသည်။

**▫ ဖိုးဝင်းတောင်ကြီးတွင်တွေ့ရမည့် အံ့ဩစရာများကား**

၁။ သံတောင် သုံးဆယ့်သုံးတောင်ရှိသော ရွှေသာလျောင်းရုပ်ပွားတော်ကြီးကလည်း အံ့တစ်ပါး။

၂။ တောင်နှဉ်ခုနစ်ထပ်နှင့် မြင့်မိုရ်တောင်ရုပ်တုတော်ကြီးကလည်း အံ့တစ်ပါး။

၃။ ပြုလဝမင်း၊ ပြုံးမင်းတို့ ရတနာ ရွှေ ငွေအထွေထွေတို့ကို ထည့်သွင်းပြီးလျှင် သစ္စာဓိဋ္ဌာန်ပြီးထားခဲ့သောကျောက်ခေါင်းကြီးကလည်း အံ့တစ်ပါး။

၄။ အကွေ့အကောက်တွေနှင့် ၎င်းအတွင်းမှာရုပ်ပွားတော်များစွာရှိသောဝက်ပါဂူကလည်းအံ့တစ်ပါး။

၅။ နွားသိုးကြီးနှင့် ဆင်မယဉ်သာ၏အောက်မှာ များစွာသော ရွှေ ငွေရတနာတို့ကို အရိမေတ္တေယျဘုရားကျောင်းတော်ဆောက်ရန် သစ္စာအဓိဋ္ဌာန်ပြု၍ မြှုပ်ထားရာ ရန်သူများတူးဖော်လျှင် ၎င်းနွားသိုးကြီးနှင့် ဆင်မယဉ်သာတို့က ရန်သူတို့ကိုလိုက်ခြင်းအံ့တစ်ပါး။

၆။ ကွမ်းစဉ်တိုင်ဘုရားကြီးကိုလည်း ဘီလူး၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓမ္ဗတို့ကို အစောင့်အရှောက်ထား၍ ကြီးမားသော တိုင်ကြီးများနှင့် ကြီးမားစွာ ထုလုပ်ထားခြင်းကလည်း အံ့တစ်ပါး။

၇။ ရွှေဘတောင်၌ ကြီးမားစွာထုလုပ်ထားသောဆင်ကြီးကလည်း အံ့တစ်ပါး။

၈။ သံတောင် တစ်ဆယ့်ရှစ်တောင်ရှိ၍ မျှော်၍ကြည့်ရသော ရပ်တော်မူရုပ်ပွားတော်ကြီးကလည်း အံ့တစ်ပါး။

၉။ အထူးထူးအထွေထွေ ဆေးပင်တို့ ပေါက်ရောက်ခြင်းကလည်း အံ့တစ်ပါး။

၁၀။ သနားစဖွယ် သားငယ်ကို ချီပိုက်၍ မျောက်တွေပေါခြင်းကလည်း အံ့တစ်ပါးဖြစ်လေသည်။

ထို့ပြင် မန္တလေးမြို့မှ ဒေါ်ဒေါ်ဦး လှူသော မှော်ရုံကြီးလည်းရှိ၍ ဇရပ်များ၊ ရေအိုးစင်များ၊ အတုမရှိဇမ္ဗူပတိချွတ်ခန်းရုပ်တော်၊ အနာကင်းသောအရှင်ဗာကုလပုံတော်၊ ဆုလာဘ်ပေါသောအရာ၌ ဧတဒဂ်ဖြစ်တော်မူသော အရှင်သီဝလိပုံတော်၊ ဘေးရန်အပေါင်းမှ ကင်းလွတ်စေနိုင်၍ သမုဒ္ဒရာ၌ သီတင်းသုံးနေတော်မူသော အရှင်ဥပဂုတ္တပုံတော်တို့ အပြင် ရုပ်ဝေး၊ရုပ်နီးမှလာကြကုန်သော လူအပေါင်းတို့ဂါရဝပြုဆုတောင်းနိုင်ရန် ဖိုးဝင်းရှင်မကြီးပုံတို့ကိုလည်းထုလုပ်ထားပါသည်။ ပိဋကတ်သုံးပုံကိုတင်ထားသည့် ဆင်ရတနာတစ်ပါးပုံ၊ နာဂရမယ်တော်ပုံ တိမ်ဝသို့ခွာချီနေသော ဝေလာအသသပုံ၊ အကအခုန်တို့ဖြင့် ထုလုပ်ထားသည့် ဇော်ဂျီရုပ်နှစ်ပုံတို့ကိုလည်း တွေ့ရှိနိုင်ပါသည်။

ဆရာမောင်သန်းဆွေ (ထားဝယ်) ရေးသည့် ဖိုးဝင်းရှင်မနှင့်ပတ်သက်သည့် ဆောင်းပါးကို ၂၀၁၆၊ အောက်တိုဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းတွင် ဖတ်ရသည့်အခါ ကိုယ်မသိသေးသည့်အကြောင်းအရာများကိုသိရ၍ ဗဟုသုတရရှိခဲ့ပါသည်။ ဖိုးဝင်းရှင်မအကြောင်းနှင့် ဖိုးဝင်းတောင်အကြောင်း မှုဟောင်း (မှုကွဲ) ရှိ၍လည်း စာဖတ်သူတို့ သိရှိလေ့လာနိုင်ပါရန် ယခုဆောင်းပါးကို ရေးဖြစ်ခဲ့ပါသည်။

ဖိုးဝင်းတောင်ကြီးမှ မျောက်များသည် ဦးထုပ်စသည့်ပစ္စည်းတို့ကို ဆွဲယူပြေးလျှင် ပဲလှော်ထုပ်ပြ၍ပြန်တောင်းပြီးလဲလှယ်နိုင်ပါသည်။ သင်းကွဲမျောက်တို့ကိုလည်း တွေ့ရှိနိုင်သည့်အပြင် ဘုရားပွဲတော်ရက်များတွင် မျောက်တို့ကို သိပ်မတွေ့ရှိရဘဲ တောင်တော်သခင်မက သိမ်းထားသည်ဟု ပြောကြပါသည်။ မုံရွာမြို့နှင့် ချင်းတွင်းမြစ် ယခုအခေါ် သလ္လာဝတီမြစ်ခြားကာ အနောက်ဘက်ကမ်းမှနေ၍ (၁၄) မိုင်ခရီးကို ပျော်ပျော်ပါးပါးသွား၍ ဘုရားများကိုဖူးမြော်နိုင်ပါကြောင်းနှင့် ဆေးကျောက်ပျဉ်ကြီးနှင့် သနပ်ခါးများကိုယ်တိုင်သွေးကာလိမ်းနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

စောမိသွင်(ရန်ကုန်)

**ကျမ်းကိုး -**

ဦးဉာဏဝံသ (ဖိုးဝင်းတောင်) ရေးသည့် ဖိုးဝင်းတောင်သမိုင်းမှုဟောင်းစာအုပ်နှင့် ကိုယ်တိုင်သွားရောက်ဖူးမြော်၍ တွေ့ရှိချက်များ။



www.burmeseclassic.com

(အခင်လမှအဆက်)

၂၆-၉-၂၀၁၇ နေ့တွင် စာရေးသူ ဦးအေးကိုကိုသွန်းနှင့်အတူ မြင်းခြံမြို့သို့ သွားရောက်ခဲ့ပါသည်။ မနှစ်တုန်းက ဦးစိန်ဝင်းကျော်တို့ နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကို ဆွမ်းကပ်ပြီးသွားနှင့်ပြီပါသည်။ ယခုနှစ်တွင်တော့ ဤမိသားစုမှ ညီသူတို့မှ ဆေးကုပေးရခြင်းမရှိတော့။ အားလုံးကျန်းမာရေးကောင်းမွန်လျက် ရှိနေကြပါသည်။ ဦးစိန်ဝင်းကျော်နှင့် ဒေါ်ခင်မာဌေး၊ ဒေါ်ခင်မာဌေး၏ အမေနှင့် ညီမ၊ မောင်ဝင်းမင်းသန်းနှင့်ဇနီး၊ မောင်ပွမ်ပွမ်တို့ မိသားစုအားလုံးတို့က ဝမ်းသာစွာနှင့် နှုတ်ဆက်ကြသည်။



ပုဂံမြို့မှ ဓမ္မရံကြီးဘုရား

ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေးပုံ့သစ်တော်ရုပ်ရှင်တော်မြတ်

## ၂၀၁၇ ခုနှစ် ပုဂံ-ပုပ္ပား-ကျောက်ပန်းတောင်း၊ မြင်းခြံ-အောင်လံ-မကွေး-ကျောက်ပန်းတောင်းခရီးစဉ်



ရုပ်ရှင်တော်မြတ်အား သပ္ပာယ်စွာ ပူဇော်ထားရှိပုံ



'ရွှေရည်ပွင့်' မိသားစုတွင် ပူဇော်ထားရှိပုံ



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ ရောက်ရှိလာကြသည်။ ဒေါ်မာကြည်ခေါက်ဆွဲဆိုင်မှ စိုးစိုးနှင့် ၎င်း၏သူငယ်ချင်း စန္ဒာစိုးတို့လည်း ရောက်ရှိလာကြသည်။ ၎င်းတို့သည် စာရေးသူ၏ ပရိသတ်များဖြစ်ကြပြီး စာရေးသူရောက်ရှိနေကြောင်း သတင်းကြား၍ လာရောက် တွေ့ဆုံ နှုတ်ဆက်ကြခြင်း ဖြစ်သည်။

စန္ဒာစိုးမှ စာရေးသူ ရွှေကြက်ယက်တောင်ပေါ်တွင် တည်ထား ပူဇော်မည့် ရွှေကံကူတြိဖလစေတီတော်တွင် အလှူငွေနှစ်သိန်းထည့်ဝင်ပါသည်။ စန္ဒာစိုးသည် ရွှေကံကူအောင်မြေရှိ သုံးထပ်ကျောင်းဆောင်တော်ကြီးဆောက်လုပ်စဉ်က စကျင်ဘုရားကျောင်းဆောင်တွင် သိန်း (၁၀၀) ကျပ် လှူဒါန်းခဲ့သူ ဖြစ်ပါသည်။ ထိုစဉ်ကဆိုလျှင် စာရေးသူနှင့် သုံးကြိမ်မျှသာ တွေ့ဆုံဖူးခြင်းရှိပြီး ရင်းနှီးမှုပင် သိပ်မရရှိပေ။ စကားပင်ကောင်းကောင်း ပြောဖူးခြင်းမရှိသေးဘဲ လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ စာရေးသူတို့သည် ပုပ္ပားသို့ခရီးဆက်ရမည်ဖြစ်ရာ ဧည့်သည်များကို ခဏတာမျှသာ စကားပြောနိုင်ပါသည်။

ထမင်းစားပြီးသည်နှင့် ပုပ္ပားသို့ ထွက်ခဲ့ကြသည်။ မယ်တော်ကြီးနှင့် အန်တီအေးလည်း လိုက်ပါလာခဲ့ကြသည်။ မယ်တော်ကြီးသည် မနေ့ညက အိပ်မက်မက်၏။ အိပ်မက်ထဲတွင် အမေကြူတို့ခြံထဲမှ စေတီတော်တွင် သောက်တော်ရေနှင့် အချိုရည်ကပ်လှူနေရ၏။ အိပ်မက်ထဲတွင် အမေကြူတို့ခြံထဲမှစေတီတော်တွင် သောက်တော်ရေနှင့် အချိုရည်ကပ်လှူရန် လိုက်ပါခဲ့ခြင်း ဖြစ်ပါသည်။ စာရေးသူတို့သည် မြင်းခြံ - တောင်သာ - ပုပ္ပားလမ်းမှ မသွားပါ။ မြင်းခြံ - ညောင်ဦး - ကျောက်ပန်းတောင်းလမ်းမှသွားပြီး တောင်ဇင်းရွာမှ အရှေ့ဘက်သို့ဝင်ရသော ဗျတ္တပန်းဆက်လမ်းအတိုင်းသွားကြခြင်း ဖြစ်သည်။

ပုဂံခေတ်က လူစွမ်းကောင်းကိုဗျတ္တအား လေးစားချီးကျူးမိပါသည်။ ညောင်ဦးနှင့် ပုပ္ပားမှာ မိုင် (၂၀) နှင့် (၃၀) အကြားရှိပေမည်။ တစ်နေ့သုံးကြိမ်ပန်းဆက်ခဲ့ရသော ကိုဗျတ္တသည်ကား စွမ်းလှပါ၏။ စာရေးသူသည် အမေကြူ၏ခြံသို့မရောက်ဘူးပါ။ ယခုအကြိမ်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ခြံဝင်းအဝင် တံခါးဘေးများ၌ လည်းကောင်း၊ ခြံစည်းရိုးများတွင်လည်းကောင်း ပန်းပင်ပန်းရုံ



ညောင်ဦးသူရှင် သရက္ခန်ရုပ်ပွားတော်အား ရွှေကံကူမိသားစုမှ လှူဒါန်းသော မကိုဋ်တော်၊ စလွယ်တော်ဖြင့် ဖူးတွေ့ရပုံ



ရွှေတန့်တစ် သရက္ခန်ရုပ်ပွားတော်အား ရွှေကံကူမိသားစုမှ လှူဒါန်းသော မကိုဋ်တော်၊ စလွယ်တော်ဖြင့် ဖူးတွေ့ရပုံ



အလောင်းစည်သူမင်း တည်ထားသော သဗ္ဗညုဘုရား

တို့နှင့်သာပြည့်နေပါ၏။ အနောက်ဘက်တောင်ကုန်း၏စောင်းနေရာဖြစ်သည်။ မြေပြင်ညီတော့မဟုတ်ပါ။ လျှိုကလေး၏ ထိပ်တွင်ရှိပါသည်။ အနောက်ဘက်တောင်စောင်းမှ အရှေ့ဘက် ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ်တို့ကို မျက်နှာချင်းဆိုင်မြင်တွေ့နိုင်ရန် နှစ်ထပ်တိုက်နှစ်လုံးကိုယှဉ်၍တည်ထားခြင်း ဖြစ်ပါသည်။

အမေကြူ၏တိုက်ပေါ်သို့ ခြံတစ်ခု


www.burmeseclassic.com



အမှတ် (၈၈) မြေမြန်တိပ်မဟာနေရုပ်တွင် ကြွရောက်စဉ်



(၉-၉-၂၀၁၅) ရွှေဘုံကုဋ္ဌပူဇနီယပွဲတော်



အောင်ထံတံခွန်မိသားစုတွင် နေ့ဆွမ်းဆက်ကပ်စဉ်

ယုံတိုစီး၍မြင်တွေ့နိုင်ပြီး ပုပ္ပားတောင်မကြီးနှင့်တောင်ကလပ်တို့ကို အခြေမှပင်မြင်တွေ့ရသဖြင့် သာယာလှပါ၏။ နိုင်ငံခြားနှင့်ဆီမွှေးစုံ၊ ဂမုန်းမျိုးစုံနှင့်ပန်းပင်မျိုးစုံတို့ဖူးပွင့်လျက်ရှိပြီး သဘာဝပေါက်ပင်တို့ကိုပါ စုံလင်စွာတွေ့ရသည်။ စာရေးသူရောက်လာသည်ကို တွေ့ရသောအခါ အမေကြီးသည် ဝမ်းသာလျက်ရှိပါ၏။

ထို့နောက် အတန်ငယ်မြင့်သော တောင်စောင်းတန်းထိပ် အမေကြီးတို့နေထိုင်မှာပင် တည်ထားသောဘုရားသို့ စာရေးသူတို့လိုက်ပို့သည်။ ပုဂံဘုရားများ ပုံစံအတိုင်း အင်္ဂတေမဖျော်ဘဲ အုတ်ကွက်ဖော်၍တည်ထားခြင်း ဖြစ်သည်။ မယ်တော်ကြီးလည်း အိပ်မက်ထဲက အတိုင်း လှူဒါန်းပူဇော်ရန်ပြင်ဆင်လျက်ရှိစဉ် အချိန်လင့်မည်စိုး၍ စာရေးသူနှင့် ဦးအေးကိုကိုသွန်းတို့ ပုပ္ပားတောင်ကလပ်သို့ထွက်ခဲ့ကြပါသည်။ အဘ၏ထွက်ပွဲမှာ စက်တင်ဘာ ၃၀ ရက်နေ့ဖြစ်ပါသည်။ မနှစ်က အဘထွက်ပွဲသို့ မလာဖြစ်ပါ။ စာရေးသူတို့ဘုရားပွဲနှင့် တစ်ရက်တည်း သာခြားသောကြောင့် မသွားရောက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူတို့မိသားစုအား ယခုကဲ့သို့အခြေအနေမရောက်မီ ရုပ်ရှင်တော်မြတ်မှာ စာရေးသူတို့နေအိမ်သို့ မကြွမြန်းလာမီကပင် စာရေးသူတို့ကို အဘအောင်မင်းခေါင်မှ စောင့်ရှောက်ခဲ့ပါသည်။ ယနေ့တိုင်လည်း စောင့်ရှောက်လျက်ရှိနေပါသည်။ ထို့ကြောင့် စာရေးသူသည် အဘထံသို့ ထွက်ပွဲမမီသော်မှ တစ်နှစ်တစ်ခေါက်တော့ ရောက်ဖြစ်အောင်သွား၍ အဘကိုကန်တော့မြဖြစ်ပါသည်။ ယခုလည်း ပွဲနှစ်ပွဲဖြင့် အဘကိုကန်တော့ပြီး ငါးထောင်တန်ငွေစက္ကူများဖြင့်ပြုလုပ်သော ငွေလွယ်အိတ်လှူဒါန်း၍ အဘကိုကန်တော့ကာ ပုပ္ပားတောင်ကလပ်မှ ပြန်ခဲ့ကြပါသည်။

မယ်တော်ကြီး၊ အန်တီအေး၊ အမေကြူ၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ထားထားဦးတို့သည် စာရေးသူတို့အား စိုးစန္ဒာထွန်း၏ မာတ်နန်းမှ စောင့်ကြိုလျက်ရှိကြပါသည်။ စိုးစန္ဒာထွန်းသည် မာတ်တော်စေတီ (၃) ဆူတည်ထားပြီးဖြစ်ကာ ထီးတင်ပွဲကျင်းပရန် ပြင်ဆင်လျက်ရှိပါသည်။ အဘအောင်မင်းခေါင်၏မတ်ရပ်ကြေးသွန်းရုပ်တုတော်၊ ဘုရင်မိဖုရားပုံတော်၊ နဂါးမယ်တော်ပုံတော်များ၊ သိုက်နန်းရှင်ပုံတော်များ၊ ဘိုးတော်သိကြားပုံတော်များကို တွေ့ရပြီး မညိုးပန်းများနှင့် အလှဆင်ထားပါသည်။ လွန်ခဲ့သော (၅) ရက်ခန့်ကမှ ဤပုံတော်များ၊ မညိုးပန်းများ၊ အခမ်းအနားပစ္စည်းများကို ရန်ကုန်မြို့မှ (၁၂) ဘီးကားကြီးများဖြင့်သယ်ယူလာသည်ဟုသိပါသည်။ ဤမာတ်နန်းမှာ ယခုနှစ်မှအသစ်ဖွင့်လှစ်ခြင်းဖြစ်ပြီး စိုးစန္ဒာထွန်းသည် ဇာလီတောင်ဆရာတော်ဘုရားကြီးနှင့် အဘအောင်မင်းခေါင်၏မာတ်တို့ဖြင့်သာသနာပြုနေခြင်း ဖြစ်ပါသည်။

စိုးစန္ဒာထွန်းသည် မာတ်တော်စေတီတော်သုံးဆူထီးတင်ရန်နှင့်အဘ၏ထွက်ပွဲကျင်းပရန်ပြင်ဆင်နေသည်ဖြစ်၍ ပင်ပန်းနေပြီဖြစ်သော်လည်း မာတ်နန်းသို့ ရောက်ရှိလာသမျှသော ဧည့်သည်တို့ကို အယုတ်အလတ်မရွေး ဖော်ရွေစွာ နှုတ်ဆက်ပြီး အချိုပွဲသစ်သီးပွဲများနှင့် ကျွေးမွေးဧည့်ခံလျက်ရှိသည်။ အမေကြူနှင့်ရင်းနှီးပြီးဖြစ်သော်လည်း စာရေးသူတို့နှင့် ယခုမှသာတွေ့ဆုံဖူးကြသည်ဖြစ်သော်လည်း တစ်ခဏအတွင်းမှာပင် ခင်မင်ရင်းနှီးသွားပါသည်။

စာရေးသူတို့အဖွဲ့နှင့် စိုးစန္ဒာထွန်းတို့စကားကောင်းလျက်ရှိစဉ် ရုပ်ရှည်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ညား၍ အထက်တန်းလွှာအသိုင်းအဝိုင်းကဟု မြင်ရုံနှင့်သိနိုင်သော အမျိုးသမီးကြီးတစ်ဦးရောက်လာပြီး -

"မယ်တော်ကြီး၊ ဝမ်းသာလိုက်တာ မယ်တော်ကြီးရယ်၊ သမီးဆုတောင်းပြည့်ပြီ။ သမီးလေး စိုးစန္ဒာထွန်းက အမေ သမီးရဲ့ ထွက်ပွဲထီးတင်မွဲကျင်းပတာ အောင်မြင်အောင် အမေလာခဲ့ပါ။ အမေ့ရဲ့စေတနာနဲ့အားဖြည့်ပေးပါလို့ လှမ်းခေါ်တာနဲ့ ပုပ္ပားကိုလာခဲ့တာ။ အဲဒီအချိန်မှာ မယ်တော်ကြီးကို တွေ့ချင်တဲ့ဆန္ဒတွေ ပြင်းပြလာတာနဲ့ ရွှေကံကူဂါထာကို အခေါက်တစ်ထောင်ပူဇော်ပြီး မယ်တော်ကြီးနဲ့တွေ့ရပါစေလို့ ဆုတောင်းခဲ့တာ တကယ်တွေ့ရတယ်။ ဝမ်းသာလိုက်တာ မယ်တော်ကြီးရယ်"

ဟု အားရဝမ်းသာပြောပြီး မယ်တော်ကြီးကို ကန်တော့ပါသည်။

ထိုအခါ မယ်တော်ကြီးက -

"ဒါ ဒေါက်တာ နန္ဒာမောင်ပဲကွ။ ပုသိမ်ကလာတာ"

ဟု စာရေးသူကို ပြောလိုက်ပြီး တစ်ဆက်တည်းပင် -

"ဒေါ်နန္ဒာ၊ ဒါဆရာဘိုဘိုပဲ"

ဟူ၍ မိတ်ဆက်ပေးလိုက်ရာ -

"မယ်တော်ကြီး၊ သိတယ်။ ဆရာ့ကို ဓာတ်ပုံထဲမှာ မြင်ဖူးနေတာ။ မယ်တော်ကြီးကို နှုတ်ဆက်ပြီးမှ ဆရာ့ကို နှုတ်ဆက်မလို့"

ဟု ပြောပါသည်။

"ကျွန်တော်လည်း ဒေါက်တာနန္ဒာမောင်ကိုသိပါတယ်။ ထူးခြားတဲ့နာမည်မို့မှတ်မိနေတာ။ ဘာလို့လဲဆိုတော့ ၂၀၁၅ နေပြည်တော်ခရီးစဉ်ကိုရေးတုန်းက ဒေါက်တာနန္ဒာမောင်အကြောင်းပါတယ်"

ဟု ပြောလိုက်ပါသည်။

(မှန်ပါသည်။ စာရေးသူ ဒေါက်တာနန္ဒာမောင်ကို မှတ်မိနေခြင်းမှာ ၂၀၁၅ ခုနှစ်၊ (၃) လပိုင်းတွင် ရှုပ်ရှင်တော်မြတ်အား တရားဥပဒေညွှန်/ချုပ် ဦးကျော်ဆန်းမိသားစုမှ နေပြည်တော်ရှိ ၎င်း၏နေအိမ်သို့ ပင့်ဆောင်ခဲ့ပါသည်။ ဦးကျော်ဆန်းသည် ဒေါ်နန္ဒာမောင်၏ မောင်အရင်း ဖြစ်ပါသည်။ ထိုအခါ ဒေါက်တာနန္ဒာမောင်သည် ပုသိမ်မှ နေပြည်တော်သို့ လာရောက်ပြီး ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကန်တော့ပါသည်။ ဒေါက်တာနန္ဒာမောင်အရွယ်ကောင်းစဉ်က ဇာလီတောင်ဆရာတော်ဘုရားကြီး၏ သိဒ္ဓိတန်ခိုးဖြင့် ဒေါက်တာနန္ဒာမောင်၏



အမှတ် (၁) နှံ့စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ ဆွမ်းဆက်ကပ်စဉ်



ပုပ္ပားမြို့ စိန်ခုံသင်းမြိုင်ခြံတွင် နေ့ဆွမ်းဆက်ကပ်စဉ်



အောင်သပြေကိုယ်ပိုင်အထက်တန်းကျောင်းတွင် နေ့ဆွမ်းဆက်ကပ်စဉ်



အောင်သပြေကိုယ်ပိုင်အထက်တန်းကျောင်းတွင် အရုဏ်ဆွမ်းဆက်ကပ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



စိန့်သင်းမြိုင်မြို့တွင် အမေကြီး မယ်တော်ကြီးနှင့် စိုးစန္ဒာထွန်း



ရွှေကာကုမ္ပဏီသားစုနှင့် ရွှေရည်ဖွင့်မိသားစု ရွှေအနန္တတစ်သရက္ခန်ရုပ်ပွားတော်အား မကိုဋ်တော်၊ ဆွယ်တော် ထုမြင်နေစဉ်

ဒိုက်နန်းရှင်ဘဝက ပိုင်ဆိုင်ခဲ့သော ပတ္တမြားလက်စွပ်ကိုယူဆောင်ပေးခဲ့သည်။ ဒေါက်တာနန္ဒာမောင်သည် ထိုပတ္တမြား လက်စွပ်ကို ဘဝတစ်လျှောက် မြတ်နိုး တန်ဖိုးထားသိမ်းဆည်းလာခဲ့ပြီး ရုပ်ရှင် တော်မြတ်အား ဖူးတွေ့ရသောအခါ ကြည်ညိုလွန်းလှသဖြင့် ထိုလက်စွပ်ကို ရုပ်ရှင်တော်မြတ်အား လှူဒါန်းခဲ့သည်။ ထို့ကြောင့် ဒေါက်တာနန္ဒာမောင်အား ယခုချိန်ထိ မတွေ့ဘူးသေးသော်လည်း မှတ်မိ နေခြင်း ဖြစ်သည်။ ထိုခရီးစဉ်မှ ရုပ်ရှင် တော်မြတ် ရန်ကုန်မြို့သို့ပြန်လည်ကြွမြန်း တော်မူသောအခါ မယ်တော်ကြီးသည် သဘောစပ်မိ၍ ထိုပတ္တမြားလက်စွပ်ကို ရွှေရည်ဖွင့်စိန်ရွှေရတနာရောင်းဝယ်ရေး ဆိုင်ပိုင်ရှင် အန်တီစန်း (ဒေါ်ခင်မေ စန်း) အား ပြကြည့်ရာ -

"တုတ်တယ် မယ်တော်ကြီး၊ ဒီ လက်စွပ်ဟာ အလွန်ရှေးကျတဲ့လက်စွပ် ပဲ ပြီးတော့ ပတ္တမြားကလည်း အရည် ကောင်းတယ်။ ဒီပတ္တမြားမျိုး အခုခေတ် ရှားသွားပြီ"

ဟု ပြောကြောင်း သိရပါသည်။

ထို့နောက် အတန်ကြာမျှ စာရေး သူတို့စကားများပြောဆိုပြီးကြသောအခါ မယ်တော်ကြီးမှဦးဆောင်ပြီး ဓာတ်တော် စေတီတို့ကို ပူဇော်ကန်တော့ပါသည်။ ပြီးလျှင် အောင်ဂါထာ၊ အောင်အဟိန်း မန္တန်များကိုတိုင်ပေးရာ စာရေးသူတို့ အားလုံးလိုက်ဆိုကြပါသည်။ နောက်ဆုံး တွင် မေတ္တာအမျှပေးဝေပါသည်။ သာမှု ခေါ် ဆိုသောအခါ စာရေးသူမှာ အောင် စည်ကြီးကို (၉) ချက်တီတီဆော်ရွှမ်းပါ သည်။

စိုးစန္ဒာထွန်း၏ ခြံကြီးမှာလည်း ကျယ်ဝန်းပါသည်။ ပုပ္ပားမြို့၏အနောက် ဖျားမှာဝင် ရှိပါသေးသည်။ အမေကြီး တို့ခြံ၏ အထက် (၃)ထပ်ကွေ့မဆင်းမီ ကျောက်ပန်းတောင်းလမ်းပေါ်မှာပင်တည် ရှိသည်။ လမ်း၏အရှေ့ဘက်တွင်တည်ရှိ ၏။ စိုးစန္ဒာထွန်းခြံ၏ အထက်တွင် ရုပ်ရှင်မင်းသား နေမျိုးအောင် ဖွင့်လှစ် တည်ထောင်သော နေမင်းသားဟိုတယ် တည်ရှိသည်။ ပြုဖွယ်ကိစ္စအားလုံးတို့ ဆောင်ရွက်ပြီးသောအခါ မယ်တော်ကြီး သည် စိုးစန္ဒာထွန်း၊ ဒေါက်တာနန္ဒာမောင် နှင့် သာသနာပြုအဖွဲ့သားအားလုံးကို နှုတ်ဆက်ပါသည်။ အမေကြီးနှင့် ဒေါ်မြင့်မြင့်ကြည်တို့ညီအစ်မ၊ ဒေါက်တာ နန္ဒာမောင်တို့သည် ကားနားအထိ လိုက်လာပြီး နှုတ်ဆက်ကြလျက် စာရေးသူတို့ကားထွက်သွားသည်အထိ မျက်ရည်ဝဲလျက် လက်ပြကျန်ရစ်ကြပါ သည်။

လူ့ဘဝသည်လည်း ဆန်းကြယ်ပါ ၏။ ပဋ္ဌာန်းဆက်အကြောင်းတရားတို့ သည်လည်း ဆန်းကြယ်လှပါသည်။ တကယ်ဆိုလျှင် စာရေးသူတို့မိသားစု နှင့် ယခုတွေ့ကြုံရသူအားလုံးတို့သည် တွေ့ဆုံသိကျွမ်းရန် မည်သို့မျှအကြောင်း ဆက်စပ်စရာမရှိပါ။ စာရေးသူသွားလေ ရာသို့ ၎င်း၏ကားဖြင့်လိုက်ပို့သည့်အပြင် လမ်းတစ်လျှောက် စားရေးသောက်တာ တို့ကိုပါ အကုန်အကျခံတာဝန်ယူသော ဦးအေးကိုကိုထွန်း၊ မောင်ဝင်းနိုင်၊ မောင်အောင်ကျော်ညွန့်တို့သည်ပင်လျှင် တကယ်တော့ သူစိမ်းတစ်ရံဆံများဖြစ် ပါ၏။ စာရေးသူ၏ ဆွေမျိုးရင်းချာများ သော်မှ ထိုသို့ဆောင်ရွက်ပေးကြမည် မဟုတ်ပါ။ ဦးအေးကိုကိုထွန်းသည် ကား မောင်းကျွမ်းကျင်မြန်ဆန်လှသကဲ့သို့ ၎င်း ၏ WIST ကားအသစ်ကလေးမှာလည်း ကောင်းမွန်လှရာ မကြာမီမှာပင် စာရေးသူ တို့မြင်းခြံမြို့သို့ ရောက်ရှိလာပါသည်။

ဒေါ်ခင်မာဌေးတို့က ညနေစာစား သုံးရန် ခေါက်ဆွဲကြော်များ ကြိုတင် မှာယူ ပြင်ဆင်ထားပါသည်။ ဤနေအိမ် တွင် ရုပ်ရှင်တော်မြတ်နှင့်ပတ်သက်၍ မယ်တော်ကြီးတို့ထံမှ ဘာမှပြောသံ မကြား၍ စာရေးသူလည်း ဒေါ်ခင်မာဌေး အား ဒီနှစ်ဘာထူးသေးလဲဟုမေးရန် အားနာသဖြင့် ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်၍ ခပ်မဆိတ်ပင်နေလိုက် သည်။ မောင်ဝင်းမင်းသန်းဇနီးမောင်နှံ တို့လည်း ယခု ညကားဖြင့် ရန်ကုန်သို့ ပြန်ကြတော့မည်ဟုသိရသည်။ ၎င်းတို့ ဇနီးမောင်နှံနှင့် ပွမ်ပွမ်တို့က စာရေးသူ အား လေးစား ရိုသေစွာ လာရောက် နှုတ်ဆက်ကြသည်။

ဒေါ်ခင်မာဌေးမှ စာရေးသူအား-

ဒီနှစ်လည်း မိုးရွာတယ် ဆရာ။ မနှစ်ကလိုဘုရားခန်းတစ်ခန်းလုံးအတွင်း ရွာတာမဟုတ်ဘူး။ ဘုရားရှင်ကိုယ်တော် အပေါ်ပဲရွာတာ။ ရေတွေစီးကျနေတာ ဖူးရတယ်။ တကယ်တမ်းတော့ အဲဒီရေ တွေဟာ ပလ္လင်ပေါ်မှာအိုင်နေရမှာပဲ လူတွေရေလောင်းချိုးသလိုကိုတွေ့ရော။

www.burmeseclassic.com

ဒါပေမယ့် ရုပ်ရှင်တော်မြတ်ကိုယ်တော် ပေါ်က ရေတွေစီးကျသွားတာ ဘုရားရဲ့ အောက်မှာတော့ ဘာမှမရှိဘူး"

ဟု ပြောပြပါသည်။

စားသောက်ပြီးကြသောအခါတွင် စာရေးသူတို့လည်း ရုပ်ရှင်တော်မြတ်ကို အပေါ်ထပ်သို့ တက်ရောက် ဖူးမြော်ကြပြီး စဉ့်ကိုင်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။

၂၇-၉-၂၀၁၅ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်သည် မြင်းခြံမြို့ ဗိုလ်ချုပ်လမ်းပေါ် နာရီစင်လမ်းဆုံ၏ တောင်ဘက်လမ်းအနောက်ဘက်ခြမ်းမှ အရှေ့ဘက်မျက်နှာပြုဖြစ်၏။ ရွှေပြည့်အိမ်စတိုးမှ ဦးညီညီ၊ ဒေါ်ခင်ညိုနွဲ့တို့ မိသားစုတို့မှ ပင့်ဆောင်ပူဇော်ပါသည်။ ဤမိသားစုသည်လည်း ၂၀၁၄ ခုနှစ် ခရီးစဉ်တွင် ပင့်ဆောင် ပူဇော်ခဲ့ကြပြီး ထူးခြားမှုများ ဖူးမြော်ကြုံတွေ့ခဲ့ကြရပြီး ဖြစ်ပါသည်။ ယခုနှစ်ပင့်ဆောင်သောအခါတွင်လည်း မနှစ်က ပင့်ဆောင်ပူဇော်စဉ်ကကဲ့သို့ပင် ရောင်ခြည်တော်များကွန့်မြူးတော်မူခြင်း၊ မျက်လုံးတော်ဖွင့်တော်မူခြင်း၊ ပြုံးတော်မူခြင်းတို့ဖြစ်ပေါ်ကြောင်းသိရှိရပါသည်။ ဦးညီညီတို့၏နေအိမ်တွင် နှစ်နေ့နှစ်ညသီတင်းသုံးတော်မူသောအခါ မျက်လုံးတော်ပွင့်တော်မူခြင်းတို့မှာ နေ့တွင်လည်းကောင်း၊ ညတွင် လည်းကောင်း၊ မကြာခဏဖြစ်ပေါ်လေ့ရှိပြီး ရောင်ခြည်တော်ကွန့်မြူးတော်မူခြင်းမှာ ညအချိန်တွင်သာ ဖြစ်ပေါ်သည်ဟု ဦးညီညီမှ စာရေးသူကိုပြောပြပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်သည် မြင်းခြံမြို့ ရွှေနှင်းဆီဆေးလိပ်ခုံ ဒေါ်စန်းမြင့်မိသားစု၏ ပင့်ဆောင်ပူဇော်မှုကို ခံယူပါသည်။ ဒေါ်စန်းမြင့်သည် ပြီးခဲ့သောနှစ်က ဦးညီညီတို့၏ နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြွမြန်းတော်မူစဉ်အခါက လာရောက် ဖူးမြော်ပြီး (၅) နှစ်တိတိ ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ခွင့်ရရှိရန် လျှောက်ထား ဆုတောင်းခဲ့သည်ဟု သိရသည်။ ထိုသို့ လျှောက်ထားစဉ် မယ်တော်ကြီးတို့သည် ဒေါ်စန်းမြင့်နှင့် မတွေ့လိုက်ရ။ ယခုရုပ်ရှင်တော်မြတ်အား ပင့်ဆောင်သောအခါမှသာ ဒေါ်စန်းမြင့်ကို သိရှိကြရခြင်း ဖြစ်ပါသည်။ သို့သော် ဒေါ်စန်းမြင့်နှင့် သမီးလေးနှစ်ယောက်တို့သည် မယ်တော်ကြီးနှင့် အန်တီအေးတို့အား နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီးလာကြသူများကဲ့သို့ နွေးထွေးလှိုက်လှဲ



ရွှေထဲထုမိသားစုနှင့် ရွှေရည်ပွင့်မိသားစု ညည်လူရှင် သရက္ခန်ရုပ်ပွားတော်အား မကိုင်စေတော်၊ စလွယ်တော် ထုမ္မနေမည်



ရွှေရည်ပွင့်ပိုတယ်ရောတ် အမှတ်တရ ရွှေကံထူ ဓာတ်ပုံ

ပျူငှာစွာဆက်ဆံကြ၏။ မယ်တော်ကြီး၏အကြိုက်၊ အန်တီအေး၏အကြိုက်တို့ကို လေ့လာသိရှိထားပြီး လိုလေသေးမရှိရအောင် ကျွေးမွေးပြုစုနေပါသည်။

လာမည့်နှစ်များတွင်လည်း ရုပ်ရှင်တော်မြတ်အား ဆက်လက်ပင့်ဆောင်ခွင့်ပေးပါရန် ပြောကြား၏။ ဒေါ်စန်းမြင့်၏ သားအကြီးလေးမှာ ပခုက္ကူမြို့တွင် အိမ်ထောင်ကျလျက်ရှိပြီး ရုပ်ရှင်တော်မြတ် ၎င်းတို့၏နေအိမ်တွင် ကြွရောက်တော်မူစဉ် ညအိပ်ညနေလာရောက်၍ ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စတို့ကို ဆောင်ရွက်ပါသည်။ လာမည့်နှစ်တွင် ပခုက္ကူမြို့ ၎င်း၏နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်လိုကြောင်း လျှောက်ထားပါသည်။ ဒေါ်စန်းမြင့်သည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိသည့်အတွက် မယ်တော်ကြီးတို့အား ကျေးဇူးတင်လျက်ရှိပြီး မယ်တော်ကြီးတို့ မည်သည့်အကြောင်းရှိရှိ မည်သည့်ခိုင်းစရာရှိရှိ အချိန်မရွေးဖုန်းဆက်ပါ။ ကူညီဆောင်ရွက်ပေးပါမည်ဟု ပြောကြားပါသည်။

ဤရုပ်ကွက်သို့ ရုပ်ရှင်တော်မြတ်ကြွမြန်းတော်မူခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သောကြောင့် ဘုရားဖူးပရိသတ်တို့ အထူးစည်ကားလှပါသည်။ ဒေါ်စန်းမြင့်တို့နေအိမ်တွင်လည်း ရုပ်ရှင်တော်မြတ်သည် ရောင်ခြည်တော်ကွန့်မြူးတော်မူခြင်း၊ ပြုံးတော်မူခြင်း၊ မျက်လုံးတော်ဖွင့်တော်မူခြင်း၊ သက်တော်ထင်ရှားဘုရားရှင်ကဲ့သို့ မျက်နှာတော်အမူအရာတို့ပြောင်းလဲတော်မူသည်ကို ဖူးတွေ့ကြရပါသည်။

၃၀-၉-၂၀၁၅ နေ့တွင် ရုပ်ရှင်တော်မြတ်အား ပြည်ပဲကြော်၊ ပဲလှော်၊ လက်ဖက် အမေနီနှင့်သမီးများဖြစ်သော မာယာတင်နှင့် မှုံရွှေရည်တို့မှ ပင့်ဆောင်ပူဇော်ကြပါသည်။ ဤမိသားစုသည် လွန်ခဲ့သောနှစ်အတန်ကြာက နှစ်ကြိမ်မျှ ပင့်ဆောင်ပူဇော်ခဲ့ကြပြီး ယခုနောက်ပိုင်းနှစ်များတွင် အမေနီ၏ ကျန်းမာရေး အခြေအနေကြောင့် ပင့်ဆောင်နိုင်ခြင်း မရှိခဲ့ရာမှ ယခုနှစ်တွင် ပင့်ဆောင်ပူဇော်နိုင်ခြင်းမရှိသော်လည်း စာရေးသူတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com

အဆက်မပြတ်ဘဲရှိပါသည်။ (၉) ရက် (၉) လ ရွှေကူကူပုဒ္ဓပူဇနီယပွဲတော်သို့လည်း နှစ်တိုင်းလာရောက်ခဲ့ကြသည်။ မြင်းခြံမြို့သို့ ရုပ်ရှင်တော်မြတ်ကြွရောက်သီတင်းသုံးတော်မူနေသရွေ့ နေ့စဉ်ရုပ်ရှင်တော်မြတ်အား လာရောက်ဖူးမြော်ပြီး မယ်တော်ကြီးနှင့် အန်တီအေးတို့နှစ်သက်သော ပန်းလျာတို့ကို စီမံပြီးလာရောက် ပို့ဆောင်မြဲ ဖြစ်ပါသည်။

အမေနီတို့မိသားစုသည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်မရရှိသည်မှာကြာပြီဖြစ်၍ ယခုပင့်ဆောင်ပူဇော်ခွင့်ရရှိသောအခါ ဝမ်းသာမဆုံးဖြစ်ကြရပါသည်။ အမေနီတို့နေအိမ်သို့ပင့်ဆောင်ပူဇော်သောနေ့တွင် နံနက်အစောကြီးကတည်းက မိုးသည်းလျက်ရှိပါသည်။ ထူးခြားတိုက်ဆိုင်သည်ဟုပြောရမည်ဖြစ်၏။ ပထမဦးဆုံး 'ပြည်ကျော်မိသားစု' ရုပ်ရှင်တော်မြတ်အားချောင်ကိုင်မြို့သို့ လာရောက် ပင့်ဆောင်သောနေ့ကလည်း မိုးရွာခဲ့ပါသည်။

ရုပ်ရှင်တော်မြတ်သည် မိုးရေထဲမှာပင် အမေနီတို့နေအိမ်သို့ကြွရောက်တော်မူခဲ့ရပါသည်။ ရုပ်ရှင်တော်မြတ်အား နေရာထိုင်ခင်းများပြင်ဆင်ပြီးသောအခါမှ မှုံရွှေရည်က -

"မယ်တော်ကြီး၊ မနေ့ညကထူးခြားတဲ့ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာကျွန်မတို့အိမ်ကို မြွေအကြီးကြီးတစ်ကောင်ရောက်လာတယ်။ ကျွန်မအဲဒီမြွေကြီးကို တစ်ခါမှမမြင်ဖူးဘူး။ ဒါပေမယ့် ကျွန်မ မြွေကြီးကိုမကြောက်ဘူး။ မြွေကြီးက ကျွန်မကို စကားပြောတယ်။ ဘုရားလာဖူးတာ။ နောက်မှာခြောက်ကောင်ကျန်သေးတယ်ပြောနေတုန်းမှာ ဒီမြွေကြီးထက် အဆင့်ဆင့်ငယ်တဲ့ မြွေခြောက်ကောင်တို့ရောက်ရှိလာတယ်။ မြွေကြီးတွေရောက်လာတဲ့အခါဆွေမျိုးတွေရောက်လာသလိုမျိုးခံစားရတယ်။ မြွေအသွင်နဲ့တွေ့ရပေမယ့် စိတ်ထဲ လူမိန်းကလေးတွေလို့ခံစားရတယ်"

ထိုအခါ အန်တီအေးက -

"ဒါဆို သေချာပြီ။ အမေကြီးတို့အိမ်မှာရှိတဲ့ နဂါးမယ်တော်ညီအစ်မခုနစ်ပေါ်က ဦးပဥ္စင်းလေးကို အိပ်မက်ပေးခဲ့တာ။ ခုနစ်အိမ်တိတိ ရုပ်ရှင်တော်မြတ်ကို လိုက်ပါဖူးမြော်မယ်လို့ ပြောခဲ့တဲ့အတိုင်း နဂါးမယ်တော်တွေ ဘုရားလာဖူးတာဖြစ်မယ်"

ဟု ဆိုသောအခါ မှုံရွှေရည်၏တူမလေးကလည်း-

"သမီးလည်း မနေ့ညက အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ဒီအိမ်ထဲကို ရေလုံးကြီးလှိမ့်ဝင်လာတယ်။ အဲဒီရေလုံးကြီးနဲ့အတူ မြွေကြီးတစ်ကောင်ပါလာတယ်"

ဟုပြောပါသည်။

ပို၍ ထူးခြားသည်မှာ မှုံရွှေရည်၏အိပ်မက်ထဲမှမြွေကြီးနှင့် မှုံရွှေရည်၏တူမ အိပ်မက်ထဲမှ မြွေကြီးမှာ တူညီနေခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ထူးခြားသောအကြောင်းအရာတို့ဆက်စပ်သိရှိရသောအခါ အမေနီတို့မိသားစုသည်လည်း ဝမ်းသာပျော်ရွှင်လျက်ရှိကြပါသည်။

နောက်ရက်တွင် မိုးတိတ်သွားပါသည်။ အမေနီတို့၏နေအိမ်တွင်လည်း ဘုရားဖူးညှို့ပရိသတ်တို့ စည်ကားပါသည်။ ရုပ်ရှင်တော်မြတ်ပြုံးတော်မူခြင်း၊ မျက်လုံးတော်ဖွင့်တော်မူခြင်း၊ ရောင်ခြည်တော်ကွန့်မြူးတော်မူခြင်းတို့ကို အိမ်ရှင်မိသားစုမျှသာမက ဧည့်သည်များပါဖူးတွေ့ကြရပါသည်။ မြင်းခြံမြို့ပရိသတ်သည် အမာခံပရိသတ်ဖြစ်ပါသည်။ နှစ်တိုင်းလည်း ပင့်ဆောင်ပူဇော်ကြ၏။ ပင့်ဆောင် ပူဇော်သူ မိသားစုများရောလာရောက် ဖူးမြော်ကြသော ပရိသတ်အပေါင်းတို့ကပါ ယုံကြည်လေးမြတ်စွာပူဇော်ကြပါ၏။ လျော့ရဲခြင်းမရှိသောကြိုးပမ်းအားထုတ်မှုတို့ဖြင့် အကောင်းမွန်ဆုံးဖြစ်အောင် ပူဇော်ကြသည်ကိုတွေ့ရှိရပါ၍ ကျေနပ်အားရစွာဖြင့် သာဓုခေါ်ဆိုမိပါသည်။ မယ်တော်ကြီး၊ အန်တီအေးနှင့် အမေနီတို့သားအမိတစ်တွေ စကားလက်ဆုံပြောမကုန်အောင်ပင်ရှိနေကြပါသည်။ ဤသို့ဖြင့် နှစ်ရက်တာအချိန်တို့ကုန်လွန်သွားခဲ့ပါသည်။

ထိုညတွင် အောင်လံသို့ပင့်ဆောင်ပူဇော်ကြမည့် ဦးသိန်းသန်း၊ ဒေါ်ဒွေးဒွေး၊ သမီး နီနီဝင်းတို့အဖွဲ့ ရောက်လာကြပါသည်။ တစ်လမ်းလုံးမိုးမိလာပြီး မြင်းခြံအဝင်မှ မိုးတိတ်ပါသည်။ လမ်းတွေလည်းမှား၊ လမ်းကလည်းကြမ်းသဖြင့်အချိန်အကြာကြီးလာခဲ့ရကြောင်းပြောကြားပြီး တည်းခိုခန်းသို့ သွားရောက်အိပ်စက်ကြပါသည်။

ထိုညတွင် ဒေါ်စန်းမြင့်တို့သားအမိတစ်တွေလည်း ရုပ်ရှင်တော်မြတ်ကိုလာရောက်ဖူးမြော်ရင်း မယ်တော်ကြီးနှင့် အန်တီအေးတို့ကို နှုတ်ဆက်ရင်းရောက်ရှိလာကြပါသည်။ ဤယနေ့ညသည် မြင်းခြံမြို့တွင် ရုပ်ရှင်တော်မြတ် ၂၀၁၅ ခုနှစ်ခရီးစဉ်၌ နောက်ဆုံးအပူဇော်ခံခြင်းဖြစ်ပါ၍ အားခဲလာရောက်ဖူးမြော်ခြင်း ဖြစ်ပါသည်။

"ဘုရားပြန်ကြွသွားတော့ ကျွန်မတို့ခန္ဓာကိုယ်ထဲက တစ်ခုခုကိုထုတ်ယူသွားသလို ဟာရှေမာပြီးကျန်ရစ်တယ်။ ဖြစ်နိုင်ရင် လာပင့်တဲ့သူတွေရဲ့လက်ထဲ ရုပ်ရှင်တော်မြတ်ကိုမထည့်လိုက်ချင်ဘူး။ ပြန်ပင့်ထားချင်တာ။ ရုပ်ရှင်တော်မြတ်ကို အိမ်မှာပူဇော်ထားတဲ့အချိန်တွေမှာကြည်နူးချမ်းမြေ့မှုတွေ၊ ပီတိတွေနဲ့ ပျော်ရွှင်အေးချမ်းတဲ့ခံစားမှုမျိုးပြည့်စုံလုံခြုံနေတဲ့ခံစားမှုမျိုးတွေ ရုပ်ရှင်တော်မြတ်ရဲ့မေတ္တာဓာတ်တွေရရှိတာ မပြောပြတတ်အောင်ဘဲ"

ဟူ၍ ထုတ်ဖော်ပြောကြားသွားပါသည်။

၃-၁၀-၂၀၁၅ နံနက်(၆)နာရီတွင် မြင်းခြံမြို့ ပြည်ကျော်မိသားစုနေအိမ်မှ အောင်လံမြို့သို့ စတင်ကြွမြန်းတော်မူပါသည်။အမေနီတို့အိမ်မှထွက်ခွာမကြွမြန်းမီ အမေကြီးနှင့်ဒေါ်မြင့်မြင့်ကြည်တို့လည်းရောက်ရှိလာပါသေးသည်။ မှုံရွှေရည်၏အိပ်မက်ကိုသိရသောအခါ အမေကြီးတို့လည်း ဝမ်းသာလျက်ရှိပါသည်။

အောင်လံမြို့သို့ ရုပ်ရှင်တော်မြတ်ကြွမြန်းတော်မူဖြစ်ပုံမှာ ဤသို့ဖြစ်သည်။ ၁၄-၉-၂၀၁၅ နေ့ ညပိုင်းတွင် ဘုရားဖူးကားတစ်စီး စဥ့်ကိုင်မြို့ အောင်ဇမြသို့ရောက်ရှိလာသည်။ ယခင်နေ့တုန်းက စာရေးသူအား ဖုန်းဖြင့် ဆက်သွယ်လာသော မိသားစုပင် ဖြစ်သည်။ ထိုသို့ဆက်သွယ်စဉ်ကတည်းက ရုပ်ရှင်တော်မြတ်အား အောင်လံမြို့သို့ ပင့်ဆောင်လိုကြောင်း ပြောကြားရာ စာရေးသူလည်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လိုသူတို့နှင့် ပေးနိုင်သောရက်တို့ မျှတမှုမရှိသောကြောင့် ရက်ပေးနိုင်မည်မထင်ပါ။ ထို့ကြောင့် မယ်တော်ကြီးတို့ကိုသာအကျိုးအကြောင်းပြောပါဟုပြောလိုက်ရသည်။ ဤနေ့သည် ရုပ်ရှင်တော်မြတ်အောင်မြေတွင် နောက်ဆုံးသီတင်းသုံးတော်မူသောရက်ဖြစ်ပါသည်။ မနက်ဖြန် ၁၅ ရက်နေ့မှစ၍ ဒေသစာရီစတင်ကြွမြန်းတော့မည် ဖြစ်ပါ၏။

ဒေါ်ဒွေးဒွေးနှင့် နီနီဝင်းတို့က ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကန်တော့ကြပြီးလျှင် ရုပ်ရှင်တော်မြတ်အား အောင်လံမြို့သို့ ပင့်ဆောင်ပူဇော်လိုကြောင်း ပြောကြားကြ၏။ ထိုအခါ အန်တီအေးမှ ရက်ကျပ်လျက်ရှိကြောင်း မန္တလေးမြို့မှ နှစ်စဉ်ပင့်ဆောင်ပူဇော်နေ



www.burmeseclassic.com

www.burmeseclassic.com

ကျသာ၀ကအရင်းများစွာတို့ပင် ယခုနှစ်တွင်ချန်ထားခဲ့ရကြောင်း ၂၀၁၆ ယခုအချိန်လောက် ပုဂံခရီးစဉ်မှသာရနိုင်လိမ့်မည်ထင်ကြောင်း ပြောသောအခါ သားအမိနှစ်ယောက်စလုံး မျက်နှာလေးများငယ်၍ ငိုမဲ့မဲ့ဖြစ်သွားကြပြီး နီနီဝင်းမှ -

"အမေက နေမကောင်းဖြစ်နေတာ။ ရက်ပတ်နဲ့ ဆေးထိုးနေရတာပါ။ ဒီကနေ့ဆေးထိုးရမယ့်ရက်ကို ငါဆေးမထိုးဘူး။ ဘုရားဆီရောက်အောင်သွားမယ်။ ဘုရားပင့်ဖို့ လျှောက်ထားမယ်။ ဘုရားပင့်သွားရင်းသေပါစေ မကြောက်ဘူးဆိုပြီးထွက်လာခဲ့တာပါ"

ဟု အစချီ၍ အောက်ပါအတိုင်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ရန် မည်သည့်အတွက်ကြောင့် လာရောက်ခဲ့ကြပါသည်ဟူသော ရာဇဝင်ကို ပြောပြပါသည်။

ရုပ်ရှင်တော်မြတ်သည် ၂၀၁၅၊ (၁) လပိုင်းက မကွေးမြို့ မိုနာလီဇာ(၂) စားသောက်ဆိုင် ဒေါ်မှီမှီရွှေမှ မကွေးမြို့သို့ ပင့်ဆောင်ပူဇော်ပါသည်။လွန်ခဲ့သော (၂) နှစ်ကလည်း ဤမိသားစုမှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ဖူး၏။ နှစ်ကြိမ်စလုံး ပရိသတ်တို့ကြိတ်ကြိတ်တိုးစည်ခဲ့ပြီး ထူးခြားမှုများလည်းများစွာဖြစ်ပေါ်ခဲ့ပါသည်။ (ထိုအကြောင်းအရာတို့ကို အလျဉ်းသင့်သောအခါမှ သီးခြားရေးသားပါဦးမည်။) ထိုအခါ ဒေါ်မှီမှီရွှေ၏သား ကိုသူသည် ရုပ်ရှင်တော်မြတ်၏ ထူးခြားသောတန်ခိုးတော်တို့ကိုလက်တွေ့ဖူးတွေ့ရသောအခါ ကြည်ညိုမဆုံးဖြစ်ရပြီး ရန်ကုန်မြို့မှ ၎င်း၏မိတ်ဆွေ စီးပွားရေးလုပ်ဖော်ကိုင်ဖက် (ဆီဘောက်ဆာကားများ၊ ကုန်တင်ကားကြီးများတည်ထောင်ထားကြသည်။ ဆီဆိုင်များလည်းဖွင့်လှစ်ထားကြသည်။) ကိုမင်းမင်းစိုးကို ရုပ်ရှင်တော်မြတ်၏ ထူးခြားသောကိုယ်တွေ့အဖြစ်အပျက်များကို ပြောပြသည်။ ကိုမင်းမင်းစိုးသည်လည်း ပဋ္ဌာန်းဆက်ပါရှိသူဖြစ်ရာ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်လိုသောဆန္ဒတို့ ဖြစ်ပေါ်လာ၍ ကိုသူမှတစ်ဆင့်ဆက်သွယ်ပြီး ရန်ကုန်မြို့တွင် ၎င်း၏နေအိမ်၌ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့သည်။

ကိုမင်းမင်းစိုးနေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလျက်ရှိစဉ် ကိုမင်းမင်းစိုး၏ ဆီဘောက်ဆာကားဆယ်စီးခန့်ကို ကွပ်ကဲအုပ်ချုပ်သော အောင်လံမြို့မှ မန်နေဂျာ ကိုညွန့်ရွှေ ရောက်ရှိလာ၏။ကိုညွန့်ရွှေသည် စိတ်တိုစိတ်ဆတ်လှပြီး မည်သည့်အကြောင်းကိုစွမဆို ယုံကြည်တတ်သူ မဟုတ်ပါ။ လက်တွေ့ကိုယ်တွေ့ကြုံမှယုံကြည်တတ်သူဖြစ်၏။ ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရသောအခါ ၎င်း၏စိတ်တွင် အေးချမ်းမှုများကို ခံစားရပြီး ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်ကို တစိမ့်စိမ့်ဖူးမြော်၏။ သက်တော်ထင်ရှား ရုပ်ရှင်တော်အဖြစ်ဖူးတွေ့ရလေဖြစ်ရာ ရုပ်ရှင်တော်မြတ်အား အကြွင်းမဲ့ယုံကြည်သွားပြီး ထူးထူးခြားခြားကြည်ညိုသွားမိ၏။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်၏အိတ်ဆောင်အရွယ် ဓာတ်ပုံတော် (၁၀) ပုံခန့် ဝယ်ယူပူဇော်သွားခဲ့သည်။

အောင်လံမြို့သို့ရောက်သောအခါ ကိုညွန့်ရွှေသည် သူငယ်ချင်းလည်းဖြစ်၊ မယားညီကိုဝမ်းကွဲလည်းတော်စပ်သော (ကိုညွန့်ရွှေနှင့် ကိုသိန်းနိုင်တို့၏ ဇနီး မအေးမာနှင့် မအေးမတို့သည် တစ်ဝမ်းကွဲညီအစ်မများဖြစ်ပြီး နာမည်အချင်းလည်း ဆင်တူသကဲ့သို့ ရုပ်ချင်း၊ အသံချင်းပါဆင်တူလှသည်။) ကိုသိန်းနိုင်အား ဘုရားပုံတော်(၅)ပုံ လက်ဆောင်ပေးအပ်ပြီး တန်ခိုးအလွန်ကြီးသောဘုရားဖြစ်ကြောင်း ပုံတော်များကို ယုံကြည်ရိုသေစွာ ကိုးကွယ်ပူဇော်ပါက သိသိသာသာကောင်းကျိုးချမ်းသာများရရှိမည်ဟုပြောကာ ပေးအပ်လိုက်သည်။ ကိုသိန်းနိုင်သည် ရွှေကံကူပုံတော်များရရှိသောအခါ ကောင်းမွန်စွာ ပူဇော်ထားရှိပြီး မိသားစုသဖွယ် ခင်မင်ရင်းနှီးသော ဒေါ်ဌေးဌေးမိသားစုအား ရွှေကံကူပုံတော်တစ်ပုံ လက်ဆောင်ပေးလိုက်ပြီး ၎င်းအား ကိုညွန့်ရွှေပြောပြသည့်အတိုင်း ပြန်လည်ပြောပြလိုက်သည်။

ဒေါ်ဌေးဌေးတို့လည်း ၎င်းတို့နေအိမ်အောက်ထပ်တွင် ရွှေကံကူပုံတော်အား ပန်း၊ ရေချမ်း၊ ဆွမ်း၊ သစ်သီး၊ ပွဲ အစရှိသည်တို့ဖြင့် ကောင်းမွန်ရိုသေလေးမြတ်စွာ ပူဇော်ထားရှိရာ ချက်ချင်းလက်ငင်းပင် ထူးထူးခြားခြား အရောင်းအဝယ်တို့ မကြုံဘူးအောင် ကောင်းမွန်လာခဲ့သည်။ ထို့အပြင် အိတ်ဆောင်အရွယ် ရွှေကံကူဓာတ်ပုံတော်လေးမှာလည်း တန်ခိုးတော်ဖြင့် အရပ်မျက်နှာပြောင်းလဲ ကြွမြန်းတော်မူလျက်ရှိရုံမျှမက မကြာမကြာ နောက်မီနှင့်လွှတ်ပြီး ထူးဆန်းအံ့ဩဖွယ်ဆောင်၍နေပါသည်။ ဦးသိန်းသန်း၊ဒေါ်ဌေးဌေး၊သမီးမနီနီဝင်းတို့သည်လည်း ရုပ်ရှင်တော်မြတ်၏ပုံတော်မှ ထူးခြားသောတန်ခိုးတော်တို့ဖြစ်ပေါ်လာသောအခါ ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ကြရပြီး ရုပ်ရှင်တော်မြတ်ကို ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်လိုသောဆန္ဒတို့ ဖြစ်ပေါ်ခဲ့ကြသည်။ သို့သော် ဒေါ်ဌေးဌေးမိသားစုသည် စာရေးသူတို့မိသားစုနှင့် ဆက်စပ်မှုမရှိသဖြင့် မည်သို့ဆက်သွယ်ရမှန်းကိုမသိဖြစ်နေခဲ့ကြပြီး ထိုအကြောင်း ကိုသိန်းနိုင်ကို ပြောပြရာ ကိုသိန်းနိုင်မှ ကိုညွန့်ရွှေ၊ ကိုညွန့်ရွှေမှ ကိုမင်းမင်းစိုး၊ ကိုမင်းမင်းစိုးမှ ကိုသူသို့ အဆင့်ဆင့် ပြန်လည် ပြောကြားကြရာ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့ပေါ်မှာပင်ရှိနေသည်ဖြစ်၍ ကိုသူမှ မယ်တော်ကြီးတို့ထံဆက်သွယ်ပြီး ရူကိုယ်တိုင်လာရောက်တွေ့ဆုံကာ အောင်လံမြို့သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်နိုင်ရန် ရက်တောင်းခံခဲ့သည်။ မယ်တော်ကြီးက ဖြစ်အောင် စီစဉ်ပေးပါမည်ဟု ပြောကြားလိုက်သောအခါ ထိုသတင်းကို ဒေါ်ဌေးဌေးတို့မိသားစုပြန်ကြားခဲ့ရာ ဒေါ်ဌေးဌေးတို့မိသားစုသည် ဝမ်းသာပျော်ရွှင်လျက်ရှိကြ၏။

ရုပ်ရှင်တော်မြတ် မြန်မာပြည်အောက်ပိုင်းနှင့် နိုင်ငံခြားခရီးစဉ်များပြီးဆုံးသည်အထိ စောင့်ဆိုင်းနေခဲ့ကြ၏။ မယ်တော်ကြီးက (၉) ရက်၊ (၉) လ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်ရက်နောက်ပိုင်း ရရှိလိမ့်မည်ထင်ကြောင်း ပြောကြားခဲ့ရာ (၉) ရက်၊ (၉) လပွဲတော်နေ့တွင် ကိုညွန့်ရွှေအား စေလွှတ်ပြီး မိမိတို့ပင့်ဆောင် ပူဇော်ခွင့်ရရှိမည့်နေ့ကို စုံစမ်းစေခဲ့ပါသည်။ (၉) ရက်၊ (၉) လပွဲတော်နေ့တွင် ကိုညွန့်ရွှေသည် အောင်မြေသို့ရောက်လာခဲ့ပြီး မယ်တော်ကြီးအား အောင်လံသို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ရန် ရက်ချိန်းလာရောက်တောင်းခံခြင်းဖြစ်ကြောင်းပြောကြားရာ မယ်တော်ကြီးသည် ဒေါ်ဌေးဌေးအတွက် ကိုသူမှ ရန်ကုန်မြို့တွင် လျှောက်ထားခဲ့သည်တို့ကို မေ့လျော့လျက်ရှိသည့်အပြင် ကိုညွန့်ရွှေ လာရောက်စုံစမ်းခြင်းမှာလည်း ကိုသူလျှောက်ထားပေးသူအတွက်ဟု မသိရှိသဖြင့် ၂၀၁၅ ခုနှစ်ထဲတွင် မရရှိနိုင်ဟု ပြောကြားလိုက်သည်။

တကယ်တော့ မယ်တော်ကြီးမှာ သတိမေ့တတ်သူမဟုတ်ပါ။ ပွဲတော်ရက်ဖြစ်နေ၍ တစ်နေကုန် သောင်းဂဏန်းမျှရှိသော ဧည့်ပရိသတ်တို့ကိုလက်ခံတွေ့



www.burmeseclassic.com

www.burmeseclassic.com

ဆုံနေရပြီး တစ်ဦးကို နှုတ်ဆက်မပြီးခင် အခြားတစ်ဦးဘက်ကိုလှည့်၍နှုတ်ဆက်ရပြန်၏။ လူပေါင်းများစွာတို့က အကြောင်းအရာမျိုးစုံကို တစ်ပြိုင်နက်ပြောကြားနေကြသောကြောင့် မည်သူ့ကိုမျှ အေးအေးဆေးဆေးစကားပြောချိန်မရသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ပွဲတော်ရက်သို့ လာရောက်ကြသော ဧည့်ပရိသတ်များတွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်လျှောက်ထားကြသူတို့မှာလည်း ရာဂဏန်းမျှရှိ၍ ရောထွေးသွားခြင်း ဖြစ်ပါ၏။

ကိုညွန့်ရွှေစည်း (၉)ရက်၊(၉)လ ရွှေကံကူအောင်မြေမြင်ကွင်းများကို ဖုန်းတင်မရာဖြင့် ဓာတ်ပုံများရိုက်သွားပြီး ဖယ်တော်ကြီး၏ပြောကြားချက်ကိုလည်း အသံဖမ်းယူ၍ အောင်လံမြို့သို့ ပြန်ခဲ့သည်။ အောင်လံမြို့သို့ရောက်သော အခါ ဒေါ်ငွေငွေထံ တင်ပြလိုက်ရာ ဒေါ်ငွေငွေတို့မိသားစုသည် မိမိတို့မျှော်လင့်သည့်အတိုင်းဖြစ်မလာသဖြင့် စိတ်မကောင်းဖြစ်ကြပြီး -

"ဒီအတိုင်းနေလို့တော့မဖြစ်သေးပါဘူး။ အောင်မြေကိုကိုယ်တိုင်မသွားလို့ဖြစ်မယ်။ ကိုယ်တိုင်ကိုယ်ကျသွားပြီး လျှောက်ထားကြမယ်။ အောင်မြေမှာ ရုပ်ရှင်တော်မြတ်က ၁၄ ရက်နေ့အထိရှိသေးတယ်ဆိုတော့မီသေးတယ်။ ဒေသစာရီကြွသွားပြီဆိုရင်လိုက်ဖို့လည်းမလွယ်တော့ဘူး။ အေးအေးဆေးဆေးပြောပြချိန်လည်းရမှာမဟုတ်တော့ ပင့်ခွင့်ရမှာမဟုတ်တော့ဘူး"

ဟု မိသားစုတိုင်ပင်ကြသည်။

၎င်းတို့သည် စဉ့်ကိုင်မြို့ကို မရောက်ဘူးပါ။ စဉ့်ကိုင်မြို့ဘယ်နားတွင် ရှိမှန်းမသိပါ။ မည်သို့သွားရမည်လည်း မသိကြပါ။ ထို့အပြင် ဒေါ်ငွေငွေသည် ကျန်းမာရေးမကောင်းသည့်အပြင် ခရီးဝေးလည်း တစ်ကြိမ်တစ်ခါမျှမသွားလာဘူးပါ။ သို့သော် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်လိုသောဆန္ဒကြောင့် ကိုယ်တိုင် လိုက်ပါပြီး မရရအောင် တောင်းပန်ပြောကြားမည်ဟု ရည်ရွယ်ကာ စဉ့်ကိုင်မြို့အောင်မြေသို့ လိုက်ပါမည်ဟုဆုံးဖြတ်ကြခြင်း ဖြစ်သည်။

ထိုညက ဒေါ်ငွေငွေသည် ဖျားနာလျက်ရှိပါသည်။ သို့သော် မည်သူမျှ ဒေါ်ငွေငွေကို တားမြစ်မရ၊ ဒေါ်ငွေငွေကလည်း မိမိကိုယ်တိုင်လိုက်သွားမှ ပင့်ဆောင်ပူဇော်ခွင့်ရရှိမည်ဟု ယုံကြည်နေသောကြောင့် အိမ်သားများကတား သော်လည်း လက်မခံခြင်း ဖြစ်ပါသည်။

ထိုညက ဒေါ်ငွေငွေတွင် ထူးခြားသော အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် ရုပ်ရှင်တော်မြတ်သည် ဒေါ်ငွေငွေတို့နေအိမ်သို့ သက်တော်ထင်ရှားအသွင် ဖြင့်ကြွရောက်တော်မူလာပြီး -

"ဘုရားအစစ် ကြွလာပြီနော်၊ ဘုရားအစစ်ကြွလာပြီနော်"

ဟု မိန့်ကြားတော်မူသည်။

ဒေါ်ငွေငွေသည်, တစ်ရေးနိုးသောအခါ သမီးဖြစ်သူ မနီနီဝင်းကိုနှိုးပြီး အိပ်မက်အကြောင်း ဝမ်းသာအားရ ပြောပြပြီး -

"အမေတို့ရဲ့ယုံကြည်မှုသဒ္ဓါတရားကို ရုပ်ရှင်တော်မြတ်ကသိတော်မူတယ်။ အမေတို့သေချာပေါက်ပင့်ခွင့်ရမှာ"

ဟုပြောကြားပါသည်။

ထိုအခါ နီနီဝင်းမှ -

"အမေ၊ အစောကြီးရှိသေးတယ်။ ပြန်အိပ်ပါဦး"

ဟု ဆိုကာ ပြန်အိပ်ကြသည်။ ဒေါ်ငွေငွေလည်း ပြန်လည်အိပ်ပျော်သွား၏။ ထိုအခါ အိပ်မက်တစ်ခုထပ်မက်ပြန်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ဒေါ်ငွေငွေတို့၏နေအိမ်သို့ ထပ်မံကြွရောက်တော်မူလာပြန်၏။ ဤတစ်ကြိမ်တွင်တော့ သက်တော်ထင်ရှားပုံစံမဟုတ်ပါ။ အပြင်ရုပ်ရှင်တော်မြတ်ပုံတော်အတိုင်းဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်၏ ဉာဏ်တော်နှင့် ကိုက်ညီသော ဗောဓိပင်ငယ်လေးပါပါရှိလာပါသည်။ ဗောဓိပင်၊ ဗောဓိရွက်တို့သည် ရွှေကံကူ ရုပ်ရှင်တော်မြတ်၏ အမှတ်အသားသင်္ကေတပင်ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် ရွှေကံကူအောင်မြေတွင် ဗောဓိညောင်ရွက်ကျရောက်ခြင်းတို့ ဖြစ်ပေါ်ခြင်းများရှိသကဲ့သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာ ဌာနတို့တွင်လည်း ထိုအဖြစ်မျိုးတို့ဖြစ်ပေါ်ခဲ့ဖူးသောကြောင့် ဖြစ်ပါ၏။

နီနီဝင်းမှ အထက်ပါအတိုင်း ဖြစ်ကြောင်းကုန်စင်ကို ပြောပြသောအခါ အန်တီအေးသည် မယ်တော်ကြီးအား ဤသို့တိုင်ပင်ပါသည်။

ဒေါ်ငွေငွေသည် ကျန်းမာရေးမကောင်းဘဲနှင့်အောင်မြေသို့အရောက်လာခဲ့သည်။ အိပ်မက်လည်း ဘုရားရှင်ကပေးပြီဆိုတော့ ရုပ်ရှင်တော်မြတ်ဆန္ဒတော်ရှိပေပြီ။ မြင်းခြံနှင့် အောင်လံသို့ ဆက်လက် ကြွမြန်းတော်မူရန် ခရီးစဉ်ရေးဆွဲခဲ့ကြသည်။ ထိုသို့ဖြင့် ယခုကဲ့သို့ အောင်လံမြို့သို့ ကြွမြန်းတော်မူရခြင်း ဖြစ်ပါသည်။ ဒေါ်ငွေငွေတို့သည် ပင့်ဆောင်ပူဇော်ပွဲကို လွယ်လွယ်ရရှိခဲ့ခြင်းတော့မဟုတ်ပါ။

ဦးသိန်းသန်း၊ ဒေါ်ငွေငွေနှင့် သမီး နီနီဝင်းတို့သည် မြင်းခြံမြို့သို့ ကားနှစ်စီးဖြင့် လာရောက် ပင့်ဆောင်ကြခြင်း ဖြစ်ပါသည်။ မြင်းခြံသို့လာစဉ်ကလည်း အောင်လံမှ နံနက်စောစောတွင်ထွက်လာခြသည်ဖြစ်၍ နေ့ခင်းလင်းလင်းချင်းချင်း မောင်းနှင်လာကြခြင်းသာဖြစ်သော်လည်း လမ်းသည် ကြမ်းတမ်းလှပြီး ခရီးမတွင်ဘဲရှိသဖြင့် မြင်းခြံမြို့သို့ ညမှရောက်ပါသည်။ ယခု ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်၍ အောင်လံသို့ပြန်သောအခါ မနေ့ကလမ်းမှဟုတ်ရဲ့လားဟုထင်မှားရအောင် လမ်းတို့သည် ချောမွေ့လျက် ခရီးတွင်လှသည်ဟု ဒေါ်ငွေငွေမှပြောပါသည်။ ထူးခြားချက်မှာ ဒေါ်ငွေငွေသည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရဖို့ လျှောက်ထားပြီး အောင်မြေမှပြန်ခဲ့ချိန်မှစ၍ အဖျားပျောက်သွားပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်သွားခဲ့ပါသည်။

အောင်လံသို့ ကြွမြန်းတော်မူရာ လမ်းတစ်လျှောက် နေချစ်ချစ်တောက်ပလျက်ရှိ၏။ ကားလမ်းဝဲယာရှေ့နောက်တို့တွင် နေပူလျက်ရှိသော်လည်း ရုပ်ရှင်တော်မြတ်ပင့်ဆောင်သော လမ်းခရီးတစ်လျှောက်လုံး တိမ်တိုက်တစ်ခုက မိုးကာပေးသကဲ့သို့ နေရိပ်လျက်ရှိသည်ကို လူအားလုံးတို့ အံ့ဩမဆုံးတွေ့မြင်ကြရသည်။

အောင်လံမြို့သူမြို့သားတို့သည် ရုပ်ရှင်တော်မြတ်အား မြို့လုံးကျွတ်မျှ သောင်းသောင်းဖြဖြကြိုဆိုဖူးမြော်ကြ၏။ အောင်လံမြို့အဝင်မှ အခမ်းအနားဖြင့် စောင့်ကြိုပင့်ဆောင်ကြသည်။ ရှေ့တော်ပြေးဆိုင်ကယ်တန်းကြီးမှာလည်း အရှည်ကြီး။ ကားတန်းကြီးမှာလည်း အရှည်ကြီး။ ရှေ့ပြေးနိဗ္ဗာန်ဆော်အဖွဲ့မှ ရုပ်ရှင်တော်မြတ်၏ဖြစ်တော်စဉ်သမိုင်းအကျဉ်းကိုကြေညာပြီး အောင်လံတံခွန်ဆန်ရောင်းဝယ်ရေးမိသားစုတွင် အပူဇော်ခံမည်ဖြစ်ကြောင်းဖူးရခဲကြုံရခဲလှ၍ ဖူးဖြစ်အောင်လာရောက် ဖူးမြော်ကြပါ။ အလွန်ပင်ထူးခြားသော တန်ခိုးတော်တို့နှင့် ပြည့်စုံတော်မူသောရုပ်ရှင်တော်မြတ်ဖြစ်ပါသည်ဟု ဖိတ်ခေါ်နှိုးဆော်၏။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခဲ့ရာလမ်းတစ်လျှောက် မိမိတို့အိမ်ရှေ့ရောက်ပြီး

www.burmeseclassic.com

မြေပြင်ပေါ်တွင် အခင်းလေးများခင်းကာ ရှိခိုးကန်တော့ကြသည်။ သို့ဖြင့် လမ်းတစ်လျှောက် ဖူးမြော်သူမပြတ်လပ်ဘဲ ဦးသိန်းသန်း၊ ဒေါ်ဌေးဌေး၊ သမီး နီနီဝင်း တို့၏အောင်လံတံခွန်ဆန်ရောင်းဝယ်ရေး မိသားစုနေအိမ်သို့ ရောက်ရှိပါသည်။

ရုပ်ရှင်တော်မြတ်အားပူဇော်ရန် နေရာထိုင်ခင်းကို ကျယ်ဝန်းစွာစီစဉ်ထား ရှိ၏။ ရုပ်ရှင်တော်မြတ် ကြွရောက်တော် မမူမီ ဧည့်ပရိသတ်ကြီးက အိမ်ဝင်း အပြည့် ကြိုတင်ရောက်နှင့်နေပါသည်။ ထိုနေ့ညအစောပိုင်း ရုပ်ရှင်တော်မြတ် ရောက်ရှိကြွမြန်းတော်မူချိန်မှ စတင်၍ ညဥ့်(၁၂)နာရီတိုင် ဧည့်ပရိသတ်တို့မစဲဘဲရှိနေပါသည်။ ဘုရားပွဲကဲ့သို့ပင် ကားများ၊ ဆိုင်ကယ်များ၊ ခြေကျင်များ အုပ်လိုက်အုပ်လိုက်ရောက်ရှိလာကြ၏။ ပရိတ်ကြိုးတို့လည်း မလောက်နိုင်အောင် ဝေငှရ၏။ ထို့ကြောင့် အောင်လံမြို့မှာပင် ပရိတ်ကြိုးအသစ်များထပ်မံပြုလုပ်ရ၏။ အိမ်ရှင်မိသားစုသည်လည်းကောင်း၊ မယ်တော်ကြီးနှင့် အန်တီအေးတို့သည်လည်းကောင်း တစ်နေကုန် ကားစီးလာခဲ့ကြရ၍ ပင်ပန်းလျက်ရှိကြသော်လည်း မနားကြရပါ။ (၁၂) နာရီကျော်မှသာ အိပ်ရာဝင်ကြရသည်။

နံနက် (၄) နာရီခွဲတွင် မယ်တော်ကြီးသည် မဟာသမယသုတ်ပူဇော်မြဖြစ်၍ ဘုရားခန်းသို့ထွက်ခဲ့ရာ ဝတ်ရွတ်စဉ်အဖွဲ့တို့ပူဇော်နေကြပြီဖြစ်သကဲ့သို့ ဘုရားဖူးပရိသတ်တို့လည်း ပြည့်လျှံလျက်ရှိနေပြီဖြစ်ပြီး အရုဏ်ဆွမ်းများ၊ သစ်သီးများ၊ အောင်ပန်းများ၊ မုန့်များ လာရောက်လှူဒါန်းထားကြသည်မှာ တောင်ပုံရာပုံပင် ဖြစ်ပါ၏။ ထိုအချိန်မှစတင်၍စည်ကားခဲ့သော ပရိသတ်ကြီးသည် ညဥ့်(၁၂)နာရီခွဲတိုင်ဖြစ်ပါ၏။ နေ့လယ်ခင်းတွင် လုံးဝ တိုးမပေါက်ပါ။အောင်လံမြို့နယ်အတွင်းမှရွာများ၊ သရက်မြို့နှင့်တကွ သရက်မြို့နယ်အတွင်းရှိရွာများတို့မှ ထွေလာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ကား စသည်တို့ဖြင့် လာရောက် ဖူးမြော်ကြ၏။ ရုပ်ရှင်တော်မြတ်၏ သက်တော်ထင်ရှားကဲ့သို့အသက်ဝင်နေသောမျက်နှာတော်ကို ဖူးတွေ့ကြရခြင်း၊ မျက်လုံးတော်ဖွင့်တော်မူခြင်းကို ဖူးတွေ့ကြရခြင်းတို့မှာ ၎င်းတို့၏တစ်သက်တာတွင် ကြုံဖူးခြင်းမရှိ၍ အံ့ဩမဆုံး ကြည်ညိုမဆုံးဖြစ်နေကြ၏။ ထို့ကြောင့် ဖူး၍မနိုင်အောင်ရှိကြပါသည်။

အောင်လံမြို့ပေါ် နှင့်သရက်မြို့တို့မှ ၂၀၁၆ ခရီးစဉ်တွင် ပင့်ဆောင် ပူဇော်ခွင့်ရရှိရန် လျှောက်ထားကြသူတို့မှာ (၁၀) ဦးထက်မနည်းရှိ၏။ အန်တီအေးမှ ဖြစ်အောင်စီစဉ်ပေးပါမည်ဟု ၎င်းတို့ကို နှစ်သိမ့်ရပါသည်။ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ပြီး မျက်ရည်ဝဲသူ၊ မျက်ရေကျသူတို့လည်း များပြားလှပါ၏။ ထူးခြားသော အိပ်မက်ကိုလည်း မြင်မက်ကြသည်။ နီနီဝင်း၏ညီမ စီစီဝင်းသည် အိပ်မက်ထဲတွင် ၎င်းတို့၏နေအိမ်သို့ သက်တော်ထင်ရှား ဘုရားရှင်ကြွရောက်တော်မူနေသည်ဟု အိပ်မက်မက်၏။ အရပ်ထဲမှ မိန်းကလေးတစ်ယောက်ကလည်း နဂါးတွေကိုးကွယ်ပူဇော်တဲ့ဘုရားပွင့်တော်မူနေသည်၊ ကြွရောက်တော်မူနေသည်ဟု အိပ်မက်မက်၏။ ထို့ပြင် အခြားသူများတွင်လည်း ထူးခြားသောအိပ်မက်တို့ မြင်မက်ပြန်၏။ ထိုအကြောင်းအရာတို့ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ပျံ့နှံ့သွားသောအခါ အောင်လံမြို့တွင် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလျက်ရှိနေသည့်တိုင် အောင်လံမြို့သူမြို့သားတို့သည် ပရိသတ်ကိုမတိုးနိုင်သဖြင့် ရုပ်ရှင်တော်မြတ်အား အားရအောင်ဖူးရခြင်း မရှိဖြစ်ရ၏။

နေ့ဆွမ်းဆက်ကပ်သောအခါတွင်လည်း ထို့အတူဖြစ်၏။ အိမ်ရှင်မိသားစုမှလည်း ဆွမ်းဟင်း၊ အချိုပွဲ၊ သစ်သီးပွဲများကို အလျှံပယ်စီစဉ်ချက်ပြုတ်သကဲ့သို့ မြို့ထဲ ရပ်ကွက်ထဲမှလည်း ဆွမ်းဟင်း၊ အချိုပွဲ၊ သစ်သီးပွဲများ အများအပြား လာရောက် လှူဒါန်းကြသဖြင့် စားပွဲနှစ်ချပ်ဖြင့်ဆွမ်းကပ်ရသည်။ လာရောက်ကြည်ညိုသူ ဧည့်ပရိသတ်တို့ များပြားလှသောကြောင့် မယ်တော်ကြီးနှင့် အန်တီအေးတို့မှာ မိုက်ဖြင့်ဆွမ်းကပ်ခြင်း မင်္ဂလာကို ဆောင်ရွက်ကြရပါသည်။ အောင်လံမြို့တွင် ရဟန်းသံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ ရင်ခွင်ပိုက်အရွယ်မှ အသက် (၈၀) ကျော်အဘိုး၊ အဘွားများအထိ အရပ်သား၊ ဝန်ထမ်း၊ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစား၊ လက်လုပ်လက်စားမှအစ အရွယ်စုံအလွှာစုံတို့ လာရောက် ဖူးမြော်ကြပြီး အားလုံးသည် အကြွင်းမဲ့ယုံကြည်လျက်ရှိသေလေးမြတ်စွာ၊ ဝမ်းမြောက်ရွှင်လန်းစွာ ဖူးမြော်ကန်တော့ကြခြင်း ဖြစ်ပါ၏။ အတိုက်အခိုက်ပြောဆိုဝေဖန်သူတစ်ဦးတစ်ယောက်မျှမရှိပါ။ အေးချမ်းစွာဖြင့် အအောင်မြင်ဆုံး ပူဇော်ပွဲတစ်ခုဖြစ်ခဲ့၍ အိမ်ရှင်မိသားစုသည်လည်း ဝမ်းသာပျော်ရွှင်ကျေနပ်အားရမဆုံးဖြစ်နေပါ၏။

ရွှေကျကူရုပ်ရှင်တော်မြတ်၏တန်ခိုးတော်၊ ဂုဏ်တော်တို့ဖြင့် အောင်လံမြို့တွင် ဗုဒ္ဓ၏ သာသနာ့အောင်လံတံခွန်စိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါ၏။

ရုပ်ရှင်တော်မြတ်သည် ပြန်ကြွခါနီး လေ့ ပရိသတ်တို့မှာ တိုးမပေါက်အောင် စည်ကားလေဖြစ်သည်။ မည်သို့ပင် ဧည့်ပရိသတ်တို့ များပြားသည်ဖြစ်စေကာမူ အခြားတစ်ဌာနသို့ ကြွရောက်တော်မူရန် ကြိုတင်ရက်ချိန်းအချိန်တို့ သတ်မှတ်ထားရှိပြီးဖြစ်၍ ရုပ်ရှင်တော်မြတ်၏ ပစ္စည်းပစ္စယ၊ မယ်တော်ကြီးတို့၏ အသုံးအဆောင်၊ အဝတ်အစားတို့ကို သိမ်းဆည်းကြရပါတော့သည်။

ထိုအခါ အိမ်ရှင်မိသားစုသည် ဝမ်းနည်း၍လာကြပါ၏။ မိမိတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလာပြီး ဧည့်ပရိသတ်တို့ နှစ်ရက်တိတိ ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်မှာ လျှပ်တစ်ပြက်မက်သော အိပ်မက်ပမာ တိုတောင်းလျင်မြန်လွန်းလှပါ၏။ ရုပ်ရှင်တော်မြတ်သည်ကား အားလုံးအပေါ် တူမျှသောမေတ္တာကရုဏာတော်ထားရှိသည်ဖြစ်၍ ဆက်လက် ကြွမြန်းတော်မူရန် အသင့်ရှိနေပြီ ဖြစ်ပါ၏။

ဤသို့ဖြင့် ၅-၁၀-၂၀၁၅ နေ့တွင် ရုပ်ရှင်တော်မြတ်အား မကွေးမြို့တပ်မ (၈၈) တပ်မမှူးမိသားစု၏ အစီအစဉ်ဖြင့် တပ်မဌာနချုပ်မှ လာရောက် ပင့်ဆောင်ပါသည်။ တပ်မမှူးသည် ရှေ့တန်းသို့ ရောက်ရှိနေသဖြင့် တပ်မမှူးဇနီးမအိဝါနှင့် မောင်လေး ဒေါက်တာထွန်းထွန်းတို့ လိုက်ပါလာခဲ့ကြပါသည်။ ဤမိသားစု ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ဖြစ်ပုံမှာ ဤသို့ဖြစ်ပါသည်။ ယခုခရီးစဉ်၌ အမေကြူတို့တပ်ရင်းမှ တပ်ရင်းမှူးမိသားစုနှင့် တပ်ဖွဲ့ဝင်မိသားစုတို့ ရုပ်ရှင်တော်မြတ်အား လာရောက်ဖူးမြော်ကြ၏။ ၎င်းတို့တပ်ရင်းမှာရုံသို့ ပင့်ဆောင်ပူဇော်လိုကြောင်း ပြောကြားကြပါသည်။ ယခုနှစ် ပင့်ဆောင်ပူဇော်ခွင့်မရရှိလျှင်လည်းရှိပါစေ၊ မြင်းခြံသို့ပြန်လည်ကြွမြန်းသောအခါ မိမိတို့တပ်အတွင်း နာရီပိုင်းမျှကြွမြန်းပေးတော်မူပါရန် တောင်းပန်ကြပြန်၏။

ထိုအခါ မယ်တော်ကြီးမှ ထိုသို့ဆန္ဒပြင်းပြနေလျှင် နာရီပိုင်းမျှကြွမြန်းပေးနိုင်ခြင်းတော့မရှိပါ။ တပ်ထဲတွင် တစ်ပတ်ပတ်ပေးမည်ဟု ပြောကြပြီး တပ်ထဲတွင် တစ်ပတ်လှည့်ပြီး ပူဇော်ခံပေးခဲ့ရပါသေးသည်။ တပ်ရင်းမှူး



www.burmeseclassic.com

www.burmeseclassic.com

မိသားစုနှင့် တပ်ဖွဲ့ဝင် မိသားစုတို့သည် ထိုသို့ပူဇော်ခွင့်ရရှိသည်ကိုပင် မယ်တော်ကြီးတို့အား ကျေးဇူးတင်လျက်ရှိပါ၏။ တပ်ရင်းမှူးမိသားစုမှ ၎င်းတို့၏ တပ်မမှူး မိသားစုထံ ရုပ်ရှင်တော်မြတ် အောင်လံမြို့သို့ကြွရောက်တော်မူမည့်အကြောင်း သတင်းပေးပို့၏။ ထိုအခါ တပ်မမှူး မိသားစုမှ တပ်မဌာနချုပ်သို့ ပင့်ဆောင် ထိုကြောင်း လျှောက်ထားပေးပါဟု ဆို၏။ ထိုသို့တပ်မ (၈၈) ခြေမြန်ဌာနချုပ်မှ ပင့်ဆောင်ပူဇော်ရန် လျှောက်ထားကြ၏။ မယ်တော်ကြီးတို့လည်း တပ်မ (၈၈) တွင် ဗိုလ်မှူးချုပ်ထွန်းထွန်းနောင် တပ်မမှူးအဖြစ်တာဝန်ထမ်းဆောင်စဉ်ကလည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ရန် လျှောက်ထားခဲ့ကြဖူးသည်။ ထိုစဉ်က ကြွရောက်ပေးပါမည်ဟု မယ်တော်ကြီးတို့က ကတိပြုခဲ့သည်။ သို့သော် ခရီးစဉ်ရက်တို့ဆက်သွားသဖြင့်မကြွလိုက်ရဘဲရှိသည်။ ထို့ကြောင့် တပ်မ (၈၈) သို့ ကြွရောက်ပေးပါမည်ဟူသော နှုတ်ကြွေးတင်ရှိခဲ့သဖြင့် ထိုနှုတ်ကြွေးကိုဆပ်သည့်အနေဖြင့် ကြွရောက်ပေးပါမည်ဟု အကြောင်းပြန်ကြားလိုက်သည်။ သို့ဖြင့် ယခုတဲ့သို့ တပ်မ(၈၈)သို့ကြွရောက်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ထားပေါ်တွင် မအိဝါမှ ပြောကြားပါသည်။ ယခုနှစ် (၃) လပိုင်းတွင် ရုပ်ရှင်တော်မြတ်သည် နေပြည်တော်ရေဆင်းအဏ္ဏဝိုလ်ဒုတိယပါမောက္ခချုပ်ဖြစ်သော ဒေါက်တာ အောင်ကြည်၏နေအိမ်တွင် ကြွရောက်တော်မူစဉ် တစ်ရပ်ကွက်တည်းဖြစ်၍ ဒေါက်တာအောင်ကြည် မိသားစုမှ ဘုရားကြွရောက်ရန်ဖိတ်ကြားသဖြင့် ၎င်း၏မိခင်နှင့်အတူ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ထိုသို့ ဖူးမြော်ရင်း တပ်မ (၈၈) သို့ ပင့်ဆောင်ပူဇော်လိုပါကြောင်း လျှောက်ထားခဲ့ဖူးသည်ဟု ပြောကြားပါသည်။ မအိဝါ၏မောင်လေး ဒေါက်တာထွန်းထွန်းမှလည်း ၂၀၁၃ခုနှစ် (၉) ရက် (၉) လ ဗုဒ္ဓပူဇနီယပွဲတော်နေ့တွင် ဒေါက်တာထွန်းထွန်းသည် မန္တလေးသို့ ရောက်ဆည်သို့ လိုင်းကားဖြင့်ထွက်လာခဲ့သည်။ သူသည် ရုပ်ရှင်တော်မြတ်၏ ထူးဆန်းသတင်းတို့ကို တစ်ပိုင်းတစ်စမျှ ကြားဖူးခဲ့၍ မန္တလေးဘက်ရှိ သူငယ်ချင်း ဆရာဝန်လေးများထံ အလည်လာရင်း ရုပ်ရှင်တော်မြတ်၏အကြောင်းကိုမေးမြန်း စုံစမ်းကြည့်ရာ မည်သူမျှမသိရှိကြပါ။ ကံကြမ္မာ တိုက်ဆိုင်ဆိုင်ပင် ထိုလိုင်းကားပေါ်၌ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့ဖူးပြီး မယ်တော်ကြီး၏သမီးပမာဖြစ်သော မြသစ္စာသည် လိုက်ပါလာပြီး ငှက်ပျောသီး၊ အုန်းသီး၊ ပန်းများဆွဲခြင်းတွင်ပြည့်လျက် မနိုင်မနင်း ပွေ့ကိုင်ထားရသည်ကိုတွေ့မြင်သဖြင့် ဆရာဝန်လေး ထွန်းထွန်းမှ -

"မမ၊ ကျွန်တော်ကိုင်ထားပေးပါ့မယ်။ မမမှာ ကလေးတစ်ဖက်နဲ့"

ဟုဆိုပြီး ဆွဲခြင်းကို ၎င်း၏ပေါင်ပေါ်တင်လာခဲ့သည်။ စဉ့်ကိုင်မြို့ဝင်ခါနီးသောအခါ -

"မမ ဒီမှာဆင်းမှာ။ မောင်လေးကြားဖူးမလားမသိဘူး။ ဒီနေ့ ရွှေကူ ဘုရားပွဲလေ။ မမကအဲဒီကိုသွားမှာ"

ဟု ဆိုရာ -

"ဒါဆိုအတော်ပဲ။ကျွန်တော်လည်း အဲဒီဘုရားကိုဖူးချင်နေတာ"

ဟုဆို၍ မြသစ္စာနှင့်အတူ ရွှေကူအောင်မြေသို့ လိုက်ပါခဲ့ပြီး ရုပ်ရှင်တော်မြတ်ကိုဖူးမြော်ကြည်ညိုခဲ့ပါသည်ဟူ၍ ပြောပြပါသည်။

ဒေါက်တာထွန်းထွန်းသည် နေပြည်တော်ရှိ ခုတင်တစ်ထောင်ဇမ္ဗူသီရိဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိရာမှ (၇) လပိုင်းက အလုပ်ထွက်လိုက်ပြီး တနင်္လာနေ့မှ သောကြာနေ့အထိ ကုသိုလ်ဖြစ် ပရဟိတဆေးခန်းများတွင် ပညာဒါနပြုလျက်ရှိပြီး စနေ၊ တနင်္ဂနွေ နှစ်ရက်တွင်သာ နေပြည်တော် ဉပ္ပါတသန္တိစေတီတော်တွင် လူတစ်ယောက်ကို နှစ်ထောင်နှုန်းဖြင့် ဗေဒင်ဟောကြားလျက်ရှိကြောင်း ပြောပြပါသည်။ ဆရာကြီးမင်းသိမ်နှင့် ဆရာမဒေါ်စောယုနွယ်တို့၏နည်းနိဿယဖြင့် ဟောပြောပြီး နေ့စဉ် ဗေဒင်ဟောခ၏ တစ်ဝက်ကို ဘာသာသာသနာရေးတို့တွင် ပြန်လည်လှူဒါန်းကြောင်းသိရပြီး ၎င်း၏ပါရမီနှင့် မွန်မြတ်သော စိတ်နေစိတ်ထားတို့ကြောင့် ၎င်း၏ဟောပြောချက်မှန်သမျှတို့ မှန်ကန်မှုရှိကြောင်းလည်း သိရပါသည်။

ယခုလည်း ရုပ်ရှင်တော်မြတ်ပင့်ဆောင်ရာသို့လိုက်လာနိုင်ခြင်းမှာ လွန်ခဲ့သောငါးရက်ခန့်က ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၏ ဇနီး အန်တီဒေါ်ထွေးရီမှ -

"ထွန်းထွန်း၊ အန်တီ အခုစဉ့်ကိုင်မြို့ရွှေကူအောင်မြေမှာ ဘုရားပင့်ဖို့ လျှောက်ထားနေတယ်။ အန်တီတို့က ရက်မရသေးဘူး။ မင်းအစ်မတို့ကရက်ရသွားပြီ။ (၁၀) လပိုင်း၊ ၅ ရက်နေ့မှာ တပ်မ (၈၈) ကို ဘုရားကြွလိမ့်မယ်"

ဟု ဖုန်းဆက် အကြောင်းကြားသောကြောင့် ဤနေ့အမီ နေပြည်တော်မှရောက်ရှိလာကြောင်းပြောပါသည်။

တကယ်တော့ တပ်မမှူး၏ဇနီး မအိဝါသည် ရုပ်ရှင်တော်မြတ်၏သမိုင်းကြောင်းနှင့်တကွ ထူးခြားသောတန်ခိုးတော်များအကြောင်းကို သိရှိထားသည် မဟုတ်ပါ။ မိမိနေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူသောအခါမှသာ မယ်တော်ကြီးတို့ထံ မေးမြန်းသိရှိကြည်ညိုရခြင်း ဖြစ်ပါသည်။ ဆရာဝန်လေး ထွန်းထွန်းကသာလျှင် ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်တို့ကို ကြိုတင်သိရှိထားခြင်းဖြစ်သည်။ ဆရာဝန်လေးထွန်းထွန်းသည် ပုဂ္ဂိုလ်ဓာတ်ပါရှိသည်ဟု ဆိုရပါမည်။ တပ်မတော်အရာရှိကြီး၏သားလည်းဖြစ်၊ ဆရာဝန်လည်းဖြစ်သော်လည်း ဘောင်းဘီရှည်ကိုမနှစ်သက်ပါ။ ပုဆိုးကိုသာဝတ်ဆင်ပါသည်။ ရန်ကုန်၊ နေပြည်တော်တို့တွင် ရုပ်ရှင်တော်မြတ်ကြွမြန်းတော်မူသောအခါ မောင်ထွန်းထွန်းသည် နေ့စဉ်ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရာ နေရာဌာနများသို့ နေ့စဉ်အချိန်ပိုင်း နာရီပိုင်းလာရောက်ပြီး ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စတို့ကိုလည်း ဆောင်ရွက်မည်။ အလိုရှိသောခုနစ်ရက်သားသမီးတို့ကိုလည်း ဟောပြောပေးမည်ဟုသိရပါသည်။

ရုပ်ရှင်တော်မြတ် တပ်မ (၈၈) သို့ ကြွမြန်းရောက်ရှိတော်မူသောအခါတွင် ရုပ်ရှင်တော်မြတ်အား နေရာချထားပင့်ဆောင်ပူဇော်ပြီးနောက် ရုပ်ရှင်တော်မြတ်၏ အခြံအရံများဖြစ်ကြသော လက်ဝဲတော်ရံ၊ လက်ယာတော်ရံ၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ၊ နတ်မင်းကြီးလေးပါး၊ ဘိုးတော်သိကြားမင်း၊ ရွှေတော်ပြေးမြင်းသည်တော်၊ ရှင်ဘုရား၊ ဝန်ကြီး၊ သူဌေးကြီးများနှင့် ဗုဒ္ဓစွယ်တော်(သီဟိုဠ်စွယ်တော်ပွား-နိုင်ငံတော်ဗဟိုသံဃာ့နာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီးမှမယ်တော်ကြီးအား ချီးမြှင့်ထားသည်။) ပင့်ဆောင်ထားသော ဆင်ဖြူတော်တို့ကို နေရာချထားရာ ရှင်သီဝလိကိုယ်တော်မပါလာဘဲ အောင်လံမြို့တွင်ကျန်ခဲ့သည်။

အောင်လံမြို့မှ ဒေါ်နီနီတို့ပြန်သွားကြပြီဖြစ်၍ နောက်တစ်နေ့ညနေမှ မယ်တော်ကြီးမှ ဖုန်းဆက်ပြီး နောက်နေ့မှလာပို့ကြပါဟု ပြောသော်လည်း -

"ဟာ-မဖြစ်ဘူး၊ အခုပဲလာပို့မယ် မယ်တော်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆို၍ ကားနှစ်စီးဖြင့် ရှင်သီဝလိ ကိုယ်တော်အား လာရောက်ပို့ဆောင်ကြ၏။ ည (၁၁) နာရီမှ အောင်လံတစ်ဖွဲ့ တပ်မ (၈၈) သို့ ရောက်ရှိကြသည်။ အောင်လံမြို့သို့ပင့်ဆောင်ရန်အကြောင်း ပြုသော ကိုညွန့်ရွှေလည်း လိုက်ပါလာခဲ့၏။ ကိုညွန့်ရွှေသည် မနက် (၅) နာရီတွင် ရန်ကုန်မြို့သို့သွားရမည်ဖြစ်ပါ၏။ မနက်ဖြန်သောကြာနေ့ဖြစ်သောကြောင့် ဘဏ်ငွေလွှဲရန်ကိစ္စများ၊ ကိုမင်းမင်းစိုး၏ပက်ထရိုကက်သုံးဆီမှ ဂါလန်တစ်သိန်း ပို့ဆောင်ရေးကိစ္စတို့ကြောင့် ရန်ကုန်သို့ သွားရမည်မှန်းသိလျက်နှင့် ရုပ်ရှင်တော်မြတ်အား ကြည်ညိုလွန်းသောကြောင့် လိုက်လာခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းတို့လာရာလမ်းတွင် ရေချောင်းတို့ကိုဖြတ်ရသည်။ မိုးရွာသွန်းလျက်ရှိသောကြောင့် တောင်ကျရေတို့လာနေပါ၏။ ၎င်းတို့သည် ရုပ်ရှင်တော်မြတ်အား တိုင်တည်၍ ဘုရား၏သားတော် ရှင်သီဝလိ ကိုယ်တော်မြတ်ကြီးကို ပင့်ဆောင်လာခြင်း ဖြစ်ပါသည်။ ဘေးရန်ကင်းစွာဖြင့် လျင်မြန်စွာရောက်ရှိပါစေဟု ဆုတောင်းကြရာ မည်သည့်အန္တရာယ်မျှမကျရောက်ဘဲ ယခုကဲ့သို့ချောချောမောမောရောက်လာခြင်း ဖြစ်ပါသည်ဟု ပြောပြကြပါသည်။

အောင်လံမြို့သားတို့သည် ရုပ်ရှင်တော်မြတ်နှင့်မယ်တော်ကြီး၊ အန်တီအေးတို့ကို သတိရတမ်းတလွမ်းမောလျက်ရှိကြပြီး ဒေါ်ဌေးဌေးတို့အိမ်သို့လာရောက်စုဝေးကြပြီး ရုပ်ရှင်တော်မြတ်အကြောင်းနှင့် အန်တီအေး၊ မယ်တော်ကြီးတို့၏ အကြောင်းများကို ပြောဆို၍မဆုံးနိုင်အောင်ရှိနေကြပါသည်ဟု ဒေါ်ဌေးဌေးမှ ပြောပါသည်။ ညဉ့် (၁၂) နာရီတွင် ၎င်းတို့ပြန်လည်ထွက်ခွာသွားရာ နံနက် (၄) နာရီတွင် ပြန်လည်ရောက်ရှိကြကြောင်းသိရပါသည်။ ဤခရီးသည် ဤအချိန်မျှနှင့်မရောက်နိုင်ပါ။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကြောင့်ဟု ၎င်းတို့ယုံကြည်ကြကြောင်းသိရပါသည်။

တပ်မ (၈၈) တွင်လည်း နည့်ပရိသတ်တို့ အသင့်အတင့်ရှိပါသည်။ ထို့နောက် ၈ ရက်နေ့တွင် ကျောက်ပန်းတောင်းမြို့ အမှတ် (၁) ဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ ဗိုလ်မှူးချုပ်သိန်းဝင်း၊ ဇနီး ဒေါ်နန်းခမ်းမိသားစုတို့နေအိမ်မှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ပါသည်။ မူလက ကျောက်ပန်းတောင်းမှ လာရောက်ပင့်ဆောင်ရန်ဖြစ်သော်လည်း ဗိုလ်မှူးချုပ်သိန်းဝင်းသည် ထိုနေ့က မအားလပ်သောကြောင့် မကွေးသို့သွားရောက်ပင့်ဆောင်နိုင်ခြင်းမရှိ၍ တပ်မ (၈၈) မှ ကျောက်ပန်းတောင်း ဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်သို့ ပင့်ဆောင်ပေးပို့ကြရပါသည်။

ဤဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်သို့ ကြွရောက်တော်မူဖြစ်ခြင်းမှာ ဤသို့ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်က ပဲခူးတိုင်းဒေသကြီးတောနက်အနီး အမြောက်တပ်မှူး ဗိုလ်မှူးကြီးဇော်ဝင်း၊ ဒေါ်နန်းရွှေနုယဉ်မိသားစုမှ ရုပ်ရှင်တော်ကို ပင့်ဆောင် ပူဇော်ခဲ့ပါသည်။ ထိုစဉ်က ဗိုလ်မှူးကြီးဇော်ဝင်းသည် လောက်ကိုင်ဒေသ ရှမ်းတန်းစစ်မြေပြင်သို့ ရောက်ရှိနေပါသည်။ ဒေါ်နန်းရွှေနုယဉ်သည် ရုပ်ရှင်တော်မြတ်ကို အထူးပင်ကြည်ညိုပါသည်။

မယ်တော်ကြီးမှ -

"ဘုရားကြီးရဲ့တန်ခိုးနဲ့ . ညည်းယောကျ်ား ဘာအန္တရာယ်မှမကျရောက်နိုင်ဘူး။ မကြာခင် ပြန်လာလိမ့်မယ်။ ရာထူးလည်းတက်လိမ့်မယ်"

တိုက်ဆိုင်သည်ဟု ဆိုရပါမည်။

(၃) ရက်ခန့်အကြာတွင် (၄) လပတ်အစည်းအဝေးရှိ၍ တိုင်းမှူးက ပြန်လည်ခေါ်ယူလိုက်သည်။ ထို့နောက် ဗိုလ်မှူးချုပ်အဖြစ် ရာထူးတိုးမြှင့်သွားခဲ့သည်။ ရုပ်ရှင်တော်မြတ် ထိုအိမ်တွင် ကြွရောက်လျက်ရှိစဉ် ဒေါ်နန်းရွှေနုယဉ်၏သူငယ်ချင်း ရှမ်းအမျိုးသမီးများလည်း ဘုရားဖူးရောက်ရှိလာကြသည်။ ၎င်းတို့လည်း ဤမျှတန်ခိုးကြီးသောဘုရားကိုဖူးရ၍ ဝမ်းသာမဆုံးဖြစ်ကြရပြီး ပုံတော်များ ပင့်ဆောင်သွားကြ၏။ ထိုအမျိုးသမီးများသည် ဒုံးတပ်မှ ဒေါ်နန်းခမ်းရှုံနှင့်လည်း သူငယ်ချင်းများ ဖြစ်ကြသည်။

မကြာမီ ထိုရှမ်းအမျိုးသမီးကြီးများသည် ကျောက်ပန်းတောင်းမြို့ ဒုံးစစ်ဆင်ရေးဌာနချုပ်ရှိ ဒေါ်နန်းခမ်းရှုံထံ ရောက်ရှိသွားကြ၏။ ဒေါ်နန်းခမ်းရှုံအား ဒေါ်နန်းရွှေနုယဉ်တို့နောက်အိမ်၌ ရွှေကံကူရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်ထားရှိသည်နှင့်ကြုံကြိုက်ကြောင်း၊ ရုပ်ရှင်တော်မြတ်သည် တန်ခိုးတော်ကြီးမားကြောင်း၊ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ပြီးသည့်နောက်ပိုင်း ဒေါ်နန်းရွှေနုယဉ်တို့မိသားစုသည် အစစအရာရာအဆင်ပြေတိုးတက်အောင်မြင်ကြောင်း၊ မိမိတို့လည်း ရွှေကံကူရုပ်ရှင်တော်မြတ်ကို ဖူးမြော်ပြီးသည့်နောက်ပိုင်း အစစအရာရာ ယခင်နှင့်မတူဘဲ သိသိသာသာ အဆင်ပြေလာကြောင်း၊ ထို့ကြောင့် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ရန်တိုက်တွန်းပြောကြားကြသည်။ သို့သော် ထိုစဉ်က ဒေါ်နန်းခမ်းရှုံသည် ခင်ပွန်း ဗိုလ်မှူးချုပ်သိန်းဝင်းမှာ (၄) လပတ်အစည်းအဝေးများနှင့်အလုပ်ရှုပ်နေသဖြင့် မပင့်ဆောင်နိုင်ဘဲရှိခဲ့ပါသည်။

ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ထောက်/ပို့တပ်သို့ ကြွရောက်တော်မူလျက်ရှိပါသည်။ ဗိုလ်မှူးကြီးဇော်ဝင်းသည် ၎င်းနေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူစဉ်အခါက ၎င်းသည် ရှမ်းတန်းသို့ရောက်နေသဖြင့် ရုပ်ရှင်တော်မြတ်ကို မဖူးတွေ့လိုက်ရပါ။ ထို့ကြောင့် လာရောက်ဖူးမြော်ခြင်း ဖြစ်ပါသည်။ ဗိုလ်မှူးချုပ်အဖြစ်နှင့်လာရောက်ဖူးမြော်၍ မယ်တော်ကြီးတို့အားလည်း ကျေးဇူးတင်ကြောင်းပြောကြားပြီး အဆင်သင့်သောနေ့ရက်တွင် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခွင့် တောင်းခံပါမည်။ ပူဇော်ခွင့်ရရှိရန်စီစဉ်ပေးပါဟု ပြောကြားသွားပါသည်။ (၂၀၁၅၊ နိုဝင်ဘာ ၂၇ရက်နေ့တွင် နောင်ချိုမြို့နယ် တောင်းခမ်းကျေးရွာအနီးရှိ အမြောက်တပ်မသို့ ပင့်ဆောင်ပူဇော်ခဲ့ပြီ ဖြစ်ပါသည်။)

ဒေါ်နန်းခမ်းရှုံအကြောင်းဆက်ရလျှင် ယခုခရီးစဉ်မှာပင် ရုပ်ရှင်တော်မြတ်သည် အမေကြူတို့နေအိမ်သို့ကြွရောက်တော်မူလျက်ရှိစဉ် ဒေါ်နန်းခမ်းရှုံ၏တပည့်လက်သားများမှ -

"အန်တီ၊ အဘဗိုလ်မှူးကြီးမင်းလှအောင်တို့နေအိမ်မှာ ရွှေကံကူဘုရားကြွနေတယ်။ ဖူးဖြစ်အောင်သွားဖူးပါ"

ဟု ပြော၏။

"အေးပါ၊ ငါမအားသေးဘူး"

ပြန်လည်ပြောကြားလိုက်သည်။

ထိုအခါ အခြားတပည့်တစ်ဦးမှ -

"အန်တီ၊ တကယ်ထူးခြားတဲ့ဘုရားပါ။ ဖူးဖို့ရာမလွယ်ဘူး။ ဒီကိုကြွလာတဲ့အခါမှသာဖူးရတာ။ ရောက်အောင်သွားလိုက်ပါ"

ဟု ထပ်ဆင့်တိုက်တွန်းပြန်၏။

ထိုအခါ ဒေါ်နန်းခမ်းရှုံလည်း -

"ဒါလောက် လူပြောများလှတာ သွားမယ်ကွာ"

ဟု ဆိုကာ ထွက်လာလို့ပါသည်။

ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရသောအခါမှ သူငယ်ချင်း ဒေါ်နန်းရွှေနုယဉ်၏နေအိမ်တွင် ပင့်ဆောင်ပူဇော်



www.burmeseclassic.com

www.burmeseclassic.com

သောဘုရားဖြစ်နေသည်ကို သိရှိလိုက်ရသည်။ တစ်ခဏအတွင်း မယ်တော်ကြီး၊ အန်တီအေးတို့နှင့် စကားလက်ဆုံကျပြီး ခင်မင်ရင်းနှီးသွားပါသည်။ ထိုအခါ ၎င်းတ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်လိုကြောင်း ပြောကြားသည်။ ဒေါ်နန်းရွှေနုယဉ်မှလည်း မယ်တော်ကြီးကို မေတ္တာရပ်ခံပြောကြားပေးပါသည်။ မိမိတို့သည် ကလေးဘဝမှ ယခုတိုင် သူငယ်ချင်းများဖြစ်ကြောင်း၊ မိမိကဲ့သို့ သဘောထားပြီး ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခွင့်ပေးလိုက်ပါဟု ဆိုပါသည်။ ထို့ကြောင့် ယခုကဲ့သို့ ဗိုလ်မှူးချုပ်သိန်းဝင်း၊ ဒေါ်နန်းရွှေနုယဉ်တို့၏နေအိမ်သို့ကြွရောက်တော်မူခြင်း ဖြစ်ပါသည်။

ဒေါ်နန်းခမ်းရုံသည် ၎င်း၏နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသောအခါ ဝမ်းသာလွန်းသဖြင့် ငိုကြွေးပါသည်။ ဗိုလ်မှူးချုပ်သိန်းဝင်းသည်လည်း ရုပ်ရှင်တော်မြတ်ကို ကြည်ညိုလှပါ၏။ နံနက်စောစောထကြပြီး တရားမွှေတို့ဖြင့် ဖနီးမောင်နှံနှစ်ဦးစလုံး ပူဇော်ကြ၏။ ညတွင်လည်း ညဥ့်နက်သည့်တိုင် တရားမွှေတို့ဖြင့် ပူဇော်ကြ၏။

ဇနီးမောင်နှံနှစ်ဦးလုံးသည် တပည့်သက်သားများအပေါ် ဆက်ဆံရာ၌လည်း သိမ်မွေ့နူးညံ့စွာ မေတ္တာတရားဖြင့်ပြောဆိုဆက်ဆံကြပါ၏။ အေးချမ်းသော မိသားစုအဖြစ် တွေ့မြင်ရပါသည်။

ဒေါ်နန်းခမ်းရုံတို့၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ် ပူဇော်ထားရှိစဉ် ကျောက်ပန်းတောင်းမြို့ပေါ်မှ သဒ္ဓမ္မရံသီ သီလရှင်စာသင်တိုက်မှ ဆရာလေး(၉)ပါး ကြွရောက်လာပြီး မဟာပဋ္ဌာန်းကျမ်းကြီးကို (၂၇) နာရီတိတိ အသံမစဲရွတ်ဖတ်ပူဇော်ပါသည်။ (၉) ရက်နေ့နံနက်တွင် ရုပ်ရှင်တော်မြတ်အား ပဋ္ဌာန်းရွတ်ဖတ်ပူဇော်သောသီလရှင်(၉)ပါးထဲမှ တိုက်အုပ်ဆရာလေးတစ်ပါးက ဖုန်းကင်မရာဖြင့် ဓာတ်ပုံရိုက်ကူးပါသည်။ ထိုအခါ ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်မှိတ်လျက် ရှုသက်နေအပြည့်ဖြင့်ဖူးတွေ့ရပါသည်။ နေ့ဆွမ်းဆက်ကပ်ပြီးချိန်၌ ရုပ်ရှင်တော်မြတ်ကို ထပ်မံရိုက်ကူးရာ မျက်လုံးတော်ဖွင့်တော်မူလျက်ရှိသည်ကို ဖူးတွေ့ရပါသည်။ ဆရာလေးသည် ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်တို့ကိုလက်တွေ့ဖူးမြင်ရသည်ဖြစ်၍ ဝမ်းသာလျက်ရှိပါ၏။

ဆရာလေးတို့သည် ရုပ်ရှင်တော်မြတ်အား အထူးကြည်ညိုကြပါသည်။ အကျင့်သီလတရားမွှေတို့နှင့်ပြည့်စုံကြသည်ဖြစ်၍ ဖူးတွေ့ရသည်မှာပင် အေးချမ်းသိမ်မွေ့လှ၍ လေးစားကြည်ညိုဖွယ်ပင် ဖြစ်ပါသည်။ ဆရာလေးတို့သည် မအားလပ်ကြပါ။ တိုက်အုပ်ဆရာလေးထံ စာအံစာတက်ရင်းဖြင့် အလှည့်ကျ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်နေကြခြင်း ဖြစ်ပါသည်။ ထိုအခါ အန်တီအေးနှင့်မယ်တော်ကြီးတို့သည် ယဉ်ကျေးသိမ်မွေ့၍ တရားဓမ္မနှင့်အညီကျင့်ကြံနေထိုင်လျက်ရှိသော ဆရာလေးတို့အပေါ် သဒ္ဓါတရားတို့ ဖြစ်ပေါ်လာကြ၍ ဓမ္မရံသီကျောင်းရှိ စုစုပေါင်း ဆရာလေးအပါး (၃၀) တို့အား စာအုပ်တစ်ဒါဇင်စီနှင့်ဝတ္ထုတွေသုံးထောင်ကျပ်စီ လှူဒါန်းရာ ဆရာလေးများမှ ဝမ်းမြောက်စွာဖြင့် သာဓုခေါ်ဆိုကြပြီး မယ်တော်ကြီးနှင့် အန်တီအေးတို့လည်း-

"သက်ရာကျော်ရှည်ပြီး ဆတက်ထမ်းပိုး သာသနာအကျိုးသယ်ပိုးဆောင်ရွက်နိုင်ကြပါစေ"

ဟု ဆုမွန်ကောင်းများတောင်းပေးကြပါသည်။

ဗိုလ်မှူးချုပ်သိန်းဝင်း၊ ဒေါ်နန်းခမ်းရုံတို့နေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်ဖွင့်တော်မူ၏။ ပြုံးတော်မူ၏။ ရောင်ခြည်တော်ကွန့်မြူးတော်မူ၏။ သက်တော်ထင်ရှားကဲ့သို့ပင် ဖူးတွေ့ကြရ၍ ဝမ်းသာပျော်ရွှင်ကျေနပ်အားရလျက်ရှိကြသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ကြောင်းလည်း ပြောကြားကြ၏။ လာမည့်နှစ် ခရီးစဉ်တွင်လည်း ပင့်ဆောင်ပူဇော်ခွင့်ပြုရန်လည်းပြောကြားကြသည်။ မယ်တော်ကြီးတို့လည်း ယခုမှ ဤမိသားစုနှင့် တွေ့ဆုံကြရသော်လည်း ဆွေမျိုးရင်းချာပမာ ရင်းနှီးပွင့်လင်းစွာ၊ နွေးထွေးဖော်ရွေလှိုက်လှဲစွာဆက်ဆံကြသည်ဖြစ်၍နေထိုင်ရသည်မှာ လွတ်လပ်၍ သက်သောင့်သက်သာ ပြည့်ပြည့်စုံစုံ အေးချမ်းလှပါသည်။

၁၀-၁၀-၂၀၁၅ နေ့တွင် ရုပ်ရှင်တော်မြတ်အား နေ့ဆွမ်းဆက်ကပ်ပြီးနောက် ဒေါ်နန်းခမ်းရုံကိုယ်တိုင်လိုက်ပါပြီး ကား (၃) စီးဖြင့် စဥ့်ကိုင်မြို့အောင်မြေသို့ ပို့ဆောင်၏။ အမေကြီးနှင့် ကျောက်ပန်းတောင်းမြို့အောင်သပြေကိုယ်ပိုင်အထက်တန်းကျောင်းမှ ဒေါ်မြင့်မြင့်ကြည်ညီအစ်မတို့တလည်း ၎င်းတို့၏ ကားဖြင့် လိုက်ပါလာကြပါသည်။

စာရေးသူလည်း စဥ့်ကိုင်မြို့ အောင်မြေမှ ရုပ်ရှင်တော်မြတ်အား ကြိုဆိုရန် ပြင်ဆင်စောင့်ဆိုင်းလျက်ရှိ၏။ လိုက်ပါပို့ဆောင်သော ဧည့်သည်တို့ကို ကျွေးမွေးဧည့်ခံရန် ရေအေး၊ ရေနွေးကြမ်း၊ လက်ဖက်၊ အကြော်၊ မုန့်ပေါင်းတို့ ပြင်ဆင်ထားပါသည်။ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ရန် အဝေးသင်ကျောင်းသားကျောင်းသူများ၊ ရန်ကုန်၊ မန္တလေး၊ ရွှေဘို ဧည့်သည်များလည်း စောင့်ဆိုင်းနေကြ၏။ ပွဲများတွင် သစ်သီးများ၊ ပန်းများလည်း လှူဒါန်းထားကြ၏။ ရုပ်ရှင်တော်မြတ်သည် တန်ခိုးကြီးဘုရားစစ်မှန်ပါ၏။ ယခုကဲ့သို့ ရုပ်ရှင်တော်မြတ် ဒေသစာရီကြွမြန်းသည့်ရက်များတွင် အောင်မြေသို့ စနေ၊ တနင်္ဂနွေ၊ ဥပုသ်နေ့များတွင်သာ ဘုရားဖူးဧည့်သည်တို့ရောက်ရှိတတ်ပြီး ကြားနေ့များတွင် တစ်ဦးတလေမျှ ဧည့်သည်မရောက်လာသောနေ့တို့ပင်ရှိသော်လည်း ရုပ်ရှင်တော်မြတ် အောင်မြေသို့ ပြန်လည် ကြွရောက်တော်မူလာသည့်အခါတိုင်း ဧည့်ပရိသတ်တို့သည် လှူဖွယ်ပစ္စည်းပြည့်ပြည့်စုံစုံဖြင့် ကြိုဆို၍နေသည်ကို ကြုံတွေ့ရမြဲဖြစ်ပါ၏။

ညနေ (၅) နာရီခန့်တွင် ရုပ်ရှင်တော်မြတ်အောင်မြေသို့ ကြွမြန်းရောက်ရှိတော်မူပါသည်။ စောင့်မျှော်နေသော ဧည့်ပရိသတ်တို့လည်း ဝမ်းမြောက်စွာ ဖူးတွေ့ကြရ၏။ ဒေါ်နန်းခမ်းရုံ၊ အမေကြီးနှင့်တကွ လိုက်ပါပို့ဆောင်သော ဧည့်တို့လည်း မယ်တော်ကြီးတို့နှင့်စကားများ ပြောမကုန်အောင်ရှိကြပါသည်။ ဒေါ်နန်းခမ်းရုံနှင့်အရာရှိစစ်သည်များမှ စာရေးသူထံ ဆေးသိဒ္ဓိသစ္စာရေနှင့် ပရိတ်ကြိုးများ တောင်းခံကြပါသည်။ အမေကြီးသည် လည်းကောင်း ဒေါ်နန်းခမ်းရုံသည် လည်းကောင်း ၎င်းတို့၏ နေအိမ်များသို့လာရောက်လည်ပတ်လှည့်ဟု စာရေးသူအားဖိတ်ခေါ်၏။ အတော်မိုးချုပ်မှ ရုပ်ရှင်တော်မြတ်အားပင့်ဆောင်ပေးပို့သောအဖွဲ့-အောင်မြေမှ ပြန်လည်ထွက်ခွာသွားကြပါသည်။

၂၀၁၅ ပုဂံ-ပုပ္ပား-မြင်းခြံ-အောင်လံ-မကွေး၊ ကျောက်ပန်းတောင်းခရီးစဉ်ကြီးလည်း အောင်မြင်စွာ ပြီးဆုံးခြင်းသို့ ရောက်ရှိပါတော့သည်။

(ဤခရီးစဉ်တစ်လျှောက်ပင့်ဆောင်ကြသူ ဖူးမြော်ကြသူ သာဝတာအပေါင်းတို့အား ကျေးဇူးအထူးတင်ရှိစွာဖြင့် သာဓုခေါ်ဆိုပါကြောင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသတည်း။)

ဘိုဘို (ရွှေဘိုကု)



www.burmeseclassic.com

www.burmeseclassic.com



# (ဟာသိဝတ)
# ရဲရဲထွန်း
## အရှင်ဇနကာဘိဝံသနှင့် ဆရာကြီးဦးဖေမောင်တင်

ရန်ကုန်တက္ကသိုလ်ကျောင်းအုပ် ဆရာကြီး ဦးဖေမောင်တင်သည် ပါဠိဘာသာဖြင့် တည်ရှိသော နာမည်ကျော် 'ဝိသုဒ္ဓိမဂ်'ကျမ်းကြီးကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့၍ ၁၉၂၃ ခုနှစ်က လန်ဒန်ပါဠိအသင်းကြီးမှ ထုတ်ဝေဖေးခဲ့သည်။ တစ်ဖန် ၁၉၂၀ - ၂၁ ခုနှစ်ကလည်း 'အဋ္ဌသာလိနီ' အဋ္ဌကထာကြီးကိုလည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့၍ လန်ဒန်ပါဠိအသင်းကြီးမှ ထုတ်ဝေခဲ့သည်။ ဆရာကြီး၏ အမြော်အမြင်နှင့် ပညာအစွမ်းကား ကြီးမားလှပါပေသည်။ ထို့ကြောင့် မြန်မာအမျိုးသားထဲမှ ပထမဦးဆုံး ပါမောက္ခဖြစ်ခဲ့၏။ ၁၉၂၀ ခုနှစ်အသက် (၂၄) နှစ်အရွယ်ကပင် ပါဠိပါမောက္ခအဖြစ်ခန့်အပ်ခြင်းခံရသည်။

တစ်နေ့သောအခါ ဆရာကြီးသည် တပည့်တစ်ဦးဖြစ်သော (ထိုအချိန်က မြန်မာစာပါမောက္ခဖြစ်နေသော) ဦးတင်အေးတို့အိမ်ဘက်သို့ ခြေဦးလှည့်ခဲ့သည်။ ဦးတင်အေးတို့ မိသားစုသည် ဆရာတော်ကြီး အရှင်ဇနကာဘိဝံသဟောကြားသော အနတ္တလက္ခဏသုတ် တရားတော်တိပ်ခွေကိုဖွင့်၍ စိတ်လက်အေးချမ်းစွာဖြင့် နာယူနေကြသည်။

ထိုအခိုက် ဆရာကြီးရောက်လာရာ ဦးတင်အေးက တိပ်ရီကော်တာကို ပိတ်မည်ပြု၏။ ဆရာကြီးက 'မပိတ်နှင့်' ဟုတား၍ ဆက်လက်နာကြားနေသည်။

ဆရာကြီးသည် စကားမပြောဘဲ စူးစူးစိုက်စိုက်နာယူနေ၏။ ဦးတင်အေးတို့မိသားစု အံ့အားသင့်နေကြရသည်။ အကြောင်းမှာကား ဆရာကြီးသည် ဗုဒ္ဓဘာသာဝင်မဟုတ်ဘဲလျက် ဗုဒ္ဓသာဝက တစ်ပါးဟောကြားထားသောတရားကို နာယူနေသောကြောင့် ဖြစ်ပေသည်။

ထူးဆန်းပါသည်။ သဗ္ဗညုတဘုရားရှင်၏ တရားတော်တို့သည် မည်သည့်ဘာသာဝင်မဆို ပညာရှိတို့၏ နှလုံးသားကိုထိထိခိုက်ခိုက်စိုက်၍ရောက်အောင်သက်ဝင်စေနိုင်၏။ ယခုသက်ဝင်နေပြီမဟုတ်ပါလော။ ဤသည်မှာ ဗုဒ္ဓတရားတော်များသည် သစ္စာလေးပါး မြတ်တရားအမှန်ဖြစ်သောကြောင့်ပင်တည်း။

ဆရာကြီးဦးဖေမောင်တင် နာယူမှတ်သားနေသည်မှာ ပုဂ္ဂိုလ်၏ အသံမဟုတ်၊ တရား၏အဓိပ္ပာယ်ကိုသာနာယူနေခြင်းဖြစ်ပါ၏။တရားတိပ်ခွေဆုံးသောအခါ ဆရာကြီးက -

"ယခုဟောပြောနေသည့်ပုဂ္ဂိုလ်ဟာ ဘယ်ကလဲ၊ ဘယ်သူလဲ"

ဟု မေး၏။

ဦးတင်အေးတို့မိသားစုက -

"ဒါဟာ ဆရာတော်အရှင်ဇနကာဘိဝံသလို့ ခေါ်ပါတယ်။ မန္တလေး အမရပူရမှာ သီတင်းသုံးပါတယ်"

ဟု ဖြေသောအခါ -

"ဒီဆရာတော်ထံ ဆရာသွားချင်တယ် ဘယ်လိုသွားရမလဲ၊ ဘယ်လိုတွေ့ရမလဲ"

ဟု ဆရာကြီးက မေးတော့၏။

ဆရာကြီးဦးဖေမောင်တင်သည် ဆရာတော်အရှင်ဇနကာဘိဝံသနှင့် တွေ့လိုသောဆန္ဒပြင်းပြလျက်ရှိသည်။ အမှန်ကား ဆရာတော်နှင့်တွေ့ချင်သည်ထက် ဟောပြောအပ်သော အနတ္တတရားနှင့် တွေ့ချင်သည်ဆိုသည်က ပို၍မှန်ပါလိမ့်မည်။ ယခုအခါ ဗုဒ္ဓ၏ အနတ္တတရားတော်တွေက ဆရာကြီးဦးဖေမောင်တင်ကို ဆွဲဆောင်နေပြီ ဖြစ်သည်။ ဆရာကြီးနှင့် ဆရာတော်ကို ဆက်သွယ်ပေးနေကြပြီ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေ ဤသို့ပင်လျှင် ထူးထူးဆန်းဆန်းဖြစ်တတ်ပါ၏။ ဗုဒ္ဓအရှင်၏ တရားတော်များသည် စဉ်းစားဉာဏ်ရှိသူတို့ကိုဖိတ်ခေါ်၏။ ဝေဖန်တတ်သူတို့ကို ကြိုဆို၏။ လက်တွေ့ကျကျလေ့လာသူတို့ကိုခွင့်ပြုပြီးလျှင် အပြည့်အဝ လိုက်နာကျင့်သုံးသူတို့ကို လက်ခံတတ်လေသည်။ တစ်နည်းအားဖြင့် ကမ္ဘာလူသားတို့ကို စောင့်စားနေလျက် ရှိပါသည်။

၁၃၂၈ ခုနှစ်၊ တန်ခူးလ (၁၉၆၆ခု၊ ဧပြီလ) ထဲတွင် ဖြစ်၏။ ဆရာကြီးသည် မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်သို့ရောက်လာခဲ့သည်။ ဆရာကြီးမှ လုပ်ငန်းကိစ္စများဆောင်ရွက်ပြီး အမရပူရမဟာဂန္ဓာရုံ ဆရာတော်ထံသို့ပို့ပေးရန် တပည့်တို့ကို ဆို၏။ ဆရာကြီး၏ဘာသာရေးခံယူချက်ကိုသိနေသောတပည့်များက အံ့အားသင့်နေကြသည်။ နောက်ဆုံး ဆရာကြီး၏ တောင်းဆိုချက်ကို လိုက်လျောခဲ့ရသည်။

ဆရာတော်ထံပါးသို့ရောက်လျှင် ဆရာကြီးဦးဖေမောင်တင်က -

"ဆရာတော်ဟောကြားထားသော အနတ္တတရားကို ရန်ကုန်မှာတပည့်တော်နာကြားခဲ့ရပါသည်။ အဲဒီကတည်းက ဆရာတော်နှင့် တွေ့ချင်နေပါသည်။ ဒါကြောင့် ယခုလာခဲ့ပါသည် ဘုရား"

ဟု လျှောက်၏။

ဆရာတော်အရှင်ဇနကာဘိဝံသသည် ဆရာကြီးဦးဖေမောင်တင်ကို တစ်ခါမျှ မတွေ့မြင်ဘူးချေ။ နာမည်ကိုတော့ ကြားဖူးနေသည်။ ယခုရောက်လာသူကား မည်သူမည်ဝါ သေချာစွာ မသိသေးသော်လည်း ရည်မွန်ယဉ်ကျေးသော ဥပါသကာကြီးတစ်ယောက်ဟူ၍သာ သတိပြုမိလိုက်သည်။ ထို့ကြောင့် ဆရာတော်က -

"ကောင်းပါတယ်၊ ယခုလိုတွေ့ရတာ။ ဘုန်းကြီးဟောထားတဲ့တရားဆိုပေမယ့် တကယ်တော့ ဗုဒ္ဓဘုရားရှင်ဟောထားတာပါ။ ဘုန်းကြီးကတစ်ဆင့်နားလည်အောင်ရှင်းပြခြင်းပါ"

ဟု အတ္တကင်းသနမပါသောအပြောမျိုးဖြင့်မိန့်လိုက်ရာ ဆရာကြီးက ပို၍ သဘောကျသွားတော့၏။

"ဆရာတော်ဘုရား၊ ဒီပုဂ္ဂိုလ်ကြီးက အခြားသူမဟုတ်ပါ။ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးဟောင်း ဆရာကြီးဦးဖေမောင်တင်ပါ ဘုရား"

ဟု လိုက်ပို့ကြသော မန္တလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများက မိတ်ဆက်ပေး၏။

"ဪ-တက္ကသိုလ်ကျောင်းအုပ်ကြီးဆရာကြီးဦးဖေမောင်တင်ဆိုတာကိုး။ နာမည်တော့ကြားဖူးနေပါတယ်။ လူချင်းသာမတွေ့ရသေးတာပါ"

ဤသို့ အပြန်အလှန်ပြောဆိုကြပြီးလျှင် ဆရာတော်နှင့် ဆရာကြီးတို့ ရင်းနှီးမှုရသွားလေသည်။

"ဒီလိုဘုရား၊ အကြောင်းရင်းကဟိုတစ်ချိန်တုန်းက အမေရိကန်ကို တပည့်တော်သွားပြီး တရားဟောရဖူးတယ်။ အဲဒီတုန်းက အနတ္တအကြောင်းကိုဝိုင်းပြီးမေးကြလို့ သူတို့ကျေနပ်အောင် တပည့်တော်မဖြေနိုင်ခဲ့ဘူးဘုရား။ အဲဒီကတည်းက အနတ္တအကြောင်းကို လေ့လာပြီး စိတ်ဝင်စားနေခဲ့တာ။ မကြာခင်ကမှ အရှင်ဘုရားဟောထားတဲ့တိပ်ခွေကိုနာရတော့ တပည့်တော် ကျေနပ်ပါတယ်ဘုရား။ အတော်လေးအားရတယ်။ ဒါကြောင့် ကျယ်ကျယ်ပြန့်ပြန့်သိချင်လို့ အခုလိုလာခဲ့ရတာပဲဘုရား"

ဤသို့လျှင် ဆရာကြီးသည် မထိမ်မချန် ရိုးသားစွာ ဝန်ခံလျှောက်ထားလေ၏။

ဆရာတော်ကလည်း ယခုကဲ့သို့ ရိုးသားဖြောင့်မတ်စွာဝန်ခံသည်ကို ကျေနပ်တော်မူ၏။

ထို့နောက် ဆရာတော်က -

"ဟုတ်ပါတယ် ဒကာကြီး။ ဒီအနတ္တအကြောင်းအရာတွေက နက်လည်းနက်တယ်၊ ခက်လည်းခက်တယ်၊ သိမ်လည်းသိမ်မွေ့တယ်၊ ကျယ်လည်းကျယ်တယ်၊ သိလည်းသိနိုင်ခဲပါတယ်"

ဟု မိန့်၍ အနတ္တအကြောင်းကို စိတ်ရှည်လက်ရှည် ရှင်းပြတော်မူခဲ့ပါသည်။

"ဒီလို ဒကာကြီးရဲ့၊ အနတ္တအကြောင်းကိုမပြောမီ အတ္တအကြောင်းကို ဦးစွာပထမပြောကြစို့လား။ အတ္တသဘောကို ပထမရှင်းပြလိုက်ဦးမှ အနတ္တကို ပိုပြီးသဘောပေါက်လွယ်ပါလိမ့်မယ်။ အတ္တနှင့်ပတ်သက်လို့ အတ္တ၏ပုံသဏ္ဌာန်၊ အတ္တ၏တည်ရာ၊ အတ္တ၏နာမည်၊ အတ္တ၏သတ္တိ၊ အတ္တ၏ စွဲလမ်းမှုများ အဲလိုအားဖြင့် တော်တော်ရှေးကျတဲ့အချိန်တုန်းကပဲ ပညာရှိတွေ တွေးတောခဲ့ကြ၊ စဉ်းစားခဲ့ကြပါသတဲ့။

အဲဒီလိုစဉ်းစားတဲ့နေရာမှာ တချို့ပုဂ္ဂိုလ်တွေက အတ္တသည် အလွန်သေးငယ်၏။ ပရမာဏုမြူလို့ခေါ်ရတဲ့ လူတို့မျက်စိနဲ့ ကြည့်လို့မမြင်နိုင်သောက်အောင် အသေးဆုံးမြူမှုန်မျှလောက်သာ ရှိ၏လို့ ယူဆကြသတဲ့။

နိဂဏ္ဌနာဋပုတ္တလို့ထင်ရှားတဲ့ ဂိုဏ်းဆရာတို့ကတော့ အတ္တသည် ခန္ဓာကိုယ်ပျံ့နှံ့နေတယ်။ ခန္ဓာကိုယ်ကြီးသလောက် အတ္တလည်းကြီးတယ်။ ဥပမာအားဖြင့် ပုရွက်ဆိတ်လေးခန္ဓာကိုယ်၌ရှိတဲ့ အတ္တက သူ့အရွယ်လောက်ပဲရှိတယ်။ ဆင်ကြီးမှာတည်ရှိနေတဲ့ အတ္တကျတော့ ခန္ဓာကိုယ်အလိုက် အတ္တကြီးတယ်ပေါ့လေ။

တစ်ခါ ဝေဒန္တကျမ်းဆရာတို့ကျပြန်တော့ အတ္တဆိုတာ ကမ္ဘာကိုဖန်ဆင်းနိုင်တဲ့ ဗြဟ္မာကြီးတို့ရဲ့အစိတ်အပိုင်းပဲ။ ဗြဟ္မာကြီးတွေ တန်ခိုးကြီးသလို အတ္တလည်း တန်ခိုးကြီးတယ်။ ပမာဏကတော့ ကြီးမားသင့်တဲ့အခါကြီးမားတယ်။ ခန္ဓာကိုယ်အဟောင်းကိုစွန့်ပြီး ခန္ဓာကိုယ်အသစ်ကိုရှာနေတဲ့အခိုက်မှာ အလွန်သေးငယ်တဲ့ပမာဏရှိတယ်လို့ အယူအဆတွေအမျိုးမျိုးရှိကြသတဲ့။

နောက်တစ်မျိုး ပရမအတ္တဆိုတာကတော့ ဖန်ဆင်းပြုပြင်နိုင်တဲ့ အစွမ်းသတ္တိရှိတယ်။ ဒီကမ္ဘာလောကကြီးနဲ့ သတ္တဝါတွေကို အတ္တက ဖန်ဆင်းထားတယ်လို့ယုံကြည်ယူဆနေတာ။ ဒါကြောင့် ဒီပရမအတ္တတွေကို ဤသွရ၊ ပရမီသွရ၊ ပရမီသွား၊ ပရမတ္တာလို့ ဟိန္ဒူတွေခေါ်ကြတာပဲ။ ဖန်ဆင်းစီမံနိုင်သောကြောင့် အစိုးရတယ်လို့ ဆိုလိုသတဲ့။

ဒါကြောင့် **အတ္တ** - အစိုးရသည်၊ **အနတ္တ** -အစိုးမရ လို့ ဘာသာပြန်တယ်။ အဘိုးအဘွားတွေဆိုရင် **အနိစ္စ** - အမြဲမရှိ၊ **ဒုက္ခ** - ဆင်းရဲ၏၊ **အနတ္တ**- အစိုးမရလို့ ပုတီးစိပ်လေ့ရှိကြတယ်။ အနတ္တလက္ခဏသုတ်တော်၌ ဤပရမအတ္တကို ပင်ရည်စူး၍ ဟောတော်မူထားတာတွေ့ရပါတယ်"

ဟု ဆရာတော်က အတ္တသဘောကို အကျဉ်းမျှရှင်းပြခဲ့သည်။

ဆရာကြီးကလည်း သူသိချင်တာတွေမေး၏။ အပြန်အလှန်အမေးအဖြေများဖြင့် စကားဝိုင်းသည် တဖြည်းဖြည်းကျယ်ဝန်းနက်ရှိုင်းလာခဲ့တော့သည်။

"ဒါကြောင့် ဗုဒ္ဓဘုရားရှင်ပွင့်တော်မူလာတော့ ဒီအယူဝါဒတွေကို ပထမဆုံးတိုက်ဖျက်မယ်ဆိုပြီး ဝါဆိုလပြည့်နေ့မှာ မမ္မစကြာတရားကို ဟောတော်မူခဲ့သည်။ လပြည့်ကျော် ၅ ရက်နေ့အထိ ဟောခဲ့ပြီး နောက်ဆုံး (၅) ရက်မြောက်မှာ ဒီအတ္တဖျက်တရား (အနတ္တသုတ်) တော်ကို ဟောတော်မူခဲ့ပါတယ်။

www.burmeseclassic.com

### နုတ်မောက်မင်းချစ်နော်

# သွေးတိုးရောဂါမဖြစ်အောင်ကာကွယ်နည်း

ယနေ့ခေတ်တွင် စားအုန်းဆီနှင့် မသန့်သော အရောအနှောစားအုန်းဆီများကြောင့် လည်းကောင်း၊ ရယ်ဒီမိတ် အစားအစာများ, အကင်များကြောင့် လည်းကောင်း နှလုံးသွေးကြောကျဉ်း ရောဂါ၊ သွေးထဲတွင် ကိုယ်လက်စထရော အဆီများပိတ်ဆို့ပြီး သွေးတိုး၊ သွေးချို ဆီးချိုရောဂါများ အဖြစ်များလာရပါသည်။

ကျွန်ုပ်၏မျိုးရိုးမှာ သွေးတိုးမျိုးရိုး ဟုဆိုရလောက်အောင်ပင်။ အဘိုး၊ အဘွားလည်း သွေးတိုးကြောင့် အသက်ပါ ဆုံးပါးခဲ့ရသည်။ အဖေ၊ အမေလည်း သွေးတိုးနှင့်ပင် ဘဝဆုံးခဲ့ရပါသည်။ သို့အတွက် ကျွန်ုပ်သည် သွေးတိုးဆိုလျှင် လွန်စွာကြောက်ရွံ့ပြီး ကြားပင် မကြားချင်ပါ။ သို့အတွက် ကြိုတင်ကာကွယ်နည်းများ ရှာဖွေလေ့လာရာ ဆယ်နှစ်အတွင်း ထိရောက်အောင်မြင် မှန်ကန်သံဖြင့် တင်ပြရေးသားအပ်ပါသည်။

▫ ပထမနည်း

မဟာတ္တမဂန္ထိကြီး၏နည်း ဖြစ်ပါသည်။ နေ့စဉ်ထမင်းစားသည့်အခါတိုင်း ကြက်သွန်ဖြူတစ်ဥကို ထမင်းနှင့်အတူ မြုပ်စားပေးပါ။ ထမင်းတစ်လုတ်၊ ကြက်သွန်ဖြူတစ်မြွှာင်းပေါ့။ တစ်နေ့ ထမင်းသုံးကြိမ်စားလျှင် ကြက်သွန်ဖြူသုံးဥစားပြီးသားဖြစ်သွားပါသည်။

▫ ဒုတိယနည်း

တစ်ပတ်လျှင် တစ်ကြိမ်ပြုလုပ်သောက်သုံးပေးရပါမည်။ သံပရာသီးတစ်လုံးကို လေးစိတ်စိတ်ပြီး မတ်ခွက်ထဲထည့်ပါ။ ရေနွေးဖြူပူပူမက်ခွက်ထဲအပြည့်လောင်းထည့်ပြီး ပိတ်ထားနှပ်ထားလိုက်ပါ။ ညအိပ်ရာမဝင်မီ ပြုလုပ်ထားပြီး နောက်နေ့မနက် အိပ်ရာထကိုယ်လက်သန့်စင်ပြီး မည်သည့်အစာမျှ မစားမီ သောက်လိုက်ပါ။ သံပရာအခွံနှင့်အစေ့များပါ ဝါးစားလိုက်ပါ။ တစ်လလျှင် လေးကြိမ်သောက်ဖြစ်သွားပါမည်။

တတိယနည်း

လူတိုင်းသိသော ဆေးခါးပင်မှ အရွက်နှစ်ရွက်ကို ရေနွေးပူနှင့် ငါးမိနစ်စိမ်ထားပြီး သုံးရက်တစ်ကြိမ်မှန်မှန် သောက်သွားပါ။တစ်လလျှင် ဆယ်ကြိမ် သောက်ဖြစ်သွားပါမည်။

အထက်ပါအတိုင်း ကြိုတင်သောက်သုံး စားသုံးသွားပါက သွေးတိုးလေငန်း၊ လေဖြတ်မဖြစ်သည့်အပြင် အခြားအခြားသော ရောဂါများကိုပါ ကာကွယ်ပေးပြီးဖြစ်စေသဖြင့် ရေးသားတင်ပြအပ်ပါသည်။

နုတ်မောက်မင်းချစ်နော်

---

ဟိန္ဒူဝါဒဟာ ဗုဒ္ဓဝါဒနဲ့ အလွန်နီးစပ်ပါတယ်။ ဒါပေမယ့် ဒီနေရာမှာတော့ လမ်းခွဲကြတော့တာပဲ။ ဟိန္ဒူဝါဒက အတ္တစွဲအားကြီးတယ်။ ဗုဒ္ဓဝါဒက အတ္တကို အမြစ်ပါမကျန်နုတ်ပြီး ဖြိုဖျက်ပစ်တယ်။ အဲလိုကွာခြားတာ။ မိုးနဲ့မြေကြီးလို သမုဒ္ဒရာရဲ့ဒီဘက်ကမ်းနဲ့ဟိုဘက်ကမ်းလို ကွာလှမ်းကြတော့တာပဲ။

ဘာကြောင့် ဗုဒ္ဓရှင်တော်မြတ်က အတ္တကိုပယ်ရသလဲဆိုရင် အတ္တဆိုတာ အစစ်အမှန်မရှိလို့ရယ်၊ ပြီးတော့ ဒီအတ္တစွဲကြောင့် သတ္တဝါတွေ ဒီဘဝသံသရာမှ မကျွတ်လွတ်နိုင်ဘူးဆိုတာရယ်ကို သေသေချာချာ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အတိအကျ သိတော်မူထားတဲ့ အတွက်ကြောင့် ဖြစ်တယ်။ ဒါကြောင့် အတ္တဖြုတ်တရား အနတ္တသုတ်တော်ကို ဓမ္မစကြာဟောအပြီးမှာ စောစောစီးစီး ဟောတော်မူရခြင်း ဖြစ်ပါတယ် ဒကာကြီး”

ဆရာတော်မှ အနတ္တသုတ်မပြောကြားမီ အတ္တ၏ အခြေခံသဘောကို ရှင်းလင်းပြခဲ့သည်။

ထိုအခါ ဆရာကြီးက -

“ဪ- ဒီလိုကိုး။ အရှင်ဘုရားက အခုလိုထောက်ပြမှပဲ အနတ္တလက္ခဏာသုတ်ကို စောစောစီးစီးဟောကြားရတဲ့ အကြောင်း၊ ပြီးတော့ ဒီအတ္တစွဲကို အရေးတကြီးဖြုတ်သင့်တဲ့အကြောင်းကို ပိုပြီး သဘောပေါက်လာရပါတယ်”

ဟု လျှောက်တင်၏။

ထိုအခါ ဆရာတော်အရှင်ဇနကာဘိဝံသက -

“ဟုတ်တယ် ဒကာကြီး။ ယောဂီပုဂ္ဂိုလ်တစ်ယောက်ဟာ ရုပ်နာမ်ခန္ဓာအပေါ်မှာ ရှုမှတ်လို့ အနိစ္စနှင့် ဒုက္ခ ထင်မြင်လွယ်ပေမယ့် အနတ္တကျတော့ မထင်မြင်နိုင်ဘဲရှိတတ်ပါတယ်။ အတ္တစွဲကျန်နေတတ်ပါတယ်”

ဟု ပြော၏။

ဆက်၍ ဆရာတော်က အနတ္တဖြစ်တဲ့ နိဗ္ဗာန်ဆိုက်ဖို့ရန်အတွက် ဆက်ဟောသည်။

“အတ္တစွဲကျန်နေလို့ အတ္တခံနေရင်လည်း လိုရင်းကိုမဆိုက်နိုင်ဘဲဖြစ်နေပါ့မယ်။ ဘယ်လိုဖြစ်မလဲဆိုရင် ရုပ်နာမ်ဓမ္မတွေပျက်ကြလို့ ဒုက္ခဖြစ်ကုန်ကြသော်လည်း (အနစ္စ၊ ဒုက္ခဖြစ်ကုန်ကြသော်လည်း) အမာခံအထည်ကိုယ်အတ္တဘော လေးကတော့ မပျက်ဘဲ ကျန်နေသေးတယ်လို့ ယူဆနေဦးမယ်။ အဲလိုယူဆနေရင်လည်း အနတ္တမဟုတ်သေးဘူးပေါ့။ အနတ္တလို့ မယူနိုင်သေးသမျှလည်း အတ္တထင်မှတ်စရာ ခန္ဓာငါးပါးကမလွတ်နိုင်သေးဘူး။ မလွတ်သေးသမျှ အနတ္တဖြစ်တဲ့ နိဗ္ဗာနဓာတ်သို့ မဆိုက်ရောက်နိုင်ဘူး။

အမှန်စင်စစ်က ရုပ်နာမ်ဓမ္မတွေကို ‘အနိစ္စ၊ ဒုက္ခ၊ အနတ္တ’ လို့ လက္ခဏာရေးသုံးပါးတင်၍ ပိုင်နိုင်စွာရှုမှတ်နိုင်တဲ့ သူတွေမှသာ သောတာပန်စတဲ့အရိယာတွေဖြစ်ပြီး နောက်ဆုံးမှာ ရဟန္တာတွေအထိဖြစ်နိုင်တာ။ ဒါကြောင့် အနတ္တအစစ်အမှန်ဖြစ်ပုံကိုရှုနိုင်ဖို့၊ အတ္တစွဲကို ဖြုတ်နိုင်ကြဖို့ ဗုဒ္ဓရှင်တော်မြတ်က ဟောကြားတော်မူခဲ့တာပဲ ဒကာကြီး”

ဆရာတော်၏ အတ္တနှင့် အနတ္တတို့၏ ရှင်းလင်းဟောပြောချက်များကို ဆရာကြီးဦးဖေမောင်တင်က ဘဝင်ကျခဲ့ပြီး ကျေနပ်ဝမ်းမြောက်စွာဖြင့် -

“သာဓုပါ ဘုရား။ တပည့်တော် ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒီလာရတာ ကျေးဇူးများလှပါတယ်။ နောက်လည်း လာခွင့်ပြုပါ”

ဟု လျှောက်တင်ပြီး ပြန်လည်ထွက်ခွာသွားပါတော့သည်။

ရဲရဲထွန်း (ဟသ်ာတ)

ကျမ်းကိုး -

အရှင်ဇနကာဘိဝံသ၏
တစ်ဘဝသာသနာ



www.burmeseclassic.com

မပွားရည်သည် သူ့အိမ်၌ သော့ကိုင် ဖြစ်သည်။ သော့ကိုင်တစ်ဦး ၏တာဝန်မှာ ပစ္စည်းဥစ္စာ ငွေရေးကြေးရေး အလေအလွင့်မဖြစ်အောင်၊ မပျောက်မျက်အောင် ထိန်းသိမ်းရ၏။ ထို့ပြင် ပစ္စည်းဥစ္စာတိုးသထက်တိုးအောင်၊ ပွားသထက်ပွားအောင် ပြုလုပ်ဆောင်ရွက်နိုင်သော စွမ်းရည်ရှိရ၏။

အိမ်၌ မပွားရည်သော့ကိုင်ဖြစ်နေသည်ကို မောင်ဖြစ်သူများနှင့် အစ်မများ ညီမများက မကျေနပ်ကြ။ မပွားရည်တို့အိမ်၌ ညီအစ်ကိုမောင်နှမ(၅)ယောက်ရှိ၏။ တစ်ယောက်တစ်မျိုးစီ စရိုက်ချင်းမတူညီကြ။ မိဘနှစ်ပါးက လောကလမ်းကြောင်း၊ ဓမ္မကြောင်းလမ်းကြောင်းနှစ်ခုပေါ်၌ မားမားမတ်မတ်ရပ်တည်နိုင်ကြသလောက် သားသမီးများကတော့ လောက၊ ဓမ္မလမ်းကြောင်းပေါ်၌မရှိကြ။ လမ်းချော်နေကြ၏။ မိဘနှစ်ပါးက သူတို့လမ်းစဉ်အတိုင်း လက်တွဲခေါ်ပါလျက် သားသမီးများက လက်လွှဲကာရှောင်ဖယ်ဖယ်ကြောင်တောင်တောင်လုပ်နေကြ၏။ မိဘနှစ်ပါးက ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗာရာဏသီသူဌေးဇနီးမောင်နှံလို သားသမီးအလိုမလိုက်ပါဘဲ သွန်သင်ဆုံးမပြသော်လည်း... ဆုံးမပါလျက် သူတို့က ဗာရာဏသီသူဌေးသားဆိုက်အမြည့်ယူကာ သုံးဖို့ဖြုန်းဖို့ ပျော်ဖို့ပါးဖို့သာ ကြိုးစားကြ၏။ မိဘကိုကူရမှန်းမသိကြ။ မိဘကိုပူရမှန်းသာသိကြ၏။

သားသမီး (၅) ယောက်တွင် မပွားရည်က (၃)ယောက်မြောက်ဖြစ်၏။ လိမ္မာရေးခြားရှိ၏။ မိဘခြေရာနင်းနိုင်မည့်သမီး ဖြစ်၏။ မိဘလက်ငုတ်မပြုတ်အောင် ထိန်းသိမ်းမည့် အရည်အချင်းရှိ၏။ မိဘလတ်ထက်ကထက် တိုးပွားအောင် ပြုလုပ်နိုင်မည့်စွမ်းရည်ရှိသည်။

# အရှင်သိရှိဒ္ဓာလက်ဘာရ

သော့ကိုင်



အသုံးနှင့်အဖြုန်းကို နားလည်၏။ ဝင်ငွေနှင့် ထွက်ငွေကို ဟန်ချက်ညီညီထိန်းနိုင်၏။ ထို့ကြောင့် မိဘနှစ်ပါးက သူတို့အသက်အရွယ်ကြီးသောအခါ မပွားရည်ကို သော့ကိုင်အဖြစ် ခန့်အပ်ကာ မိမိတို့၏လုပ်ငန်းများကို ဦးဆောင်စေ၏။ ကျန်သော သားသမီးများက မကျေနပ်ပေ။ သို့သော် မိဘနှစ်ပါး၏ ဆုံးဖြတ်ချက်မို့ မကန့်ကွက်ရဲကြ။

မပွားရည်သည် သော့ကိုင်ခန့်အပ်ခံရသည့်အချိန်မှစ၍ ပစ္စည်းဥစ္စာတို့ကို စနစ်တကျစီမံခန့်ခွဲ၏။ အဖြုန်းစရိတ်ကို တတ်နိုင်သမျှလျှော့ချ၍ အသုံးစရိတ်

www.burmeseclassic.com

ကိုသာထုတ်ပေး၏။ မောင်နှမအားလုံးသော့တုများဖြင့် ဖွင့်ချင်သလိုဖွင့်ယူချင်သလိုယူနေကြသော အခွင့်အရေးကို ဟန့်တားသောအနေဖြင့် သော့အသစ်များလဲလှယ်၍ခတ်ထားလိုက်၏။ အမှန်တော့ မပွားရည်သည် စည်းကမ်းရှိရှိဆောင်ရွက်ခြင်း ဖြစ်သည်။ သို့သော် စည်းကမ်းမရှိသော မောင်နှမများက မလိုလားကြ။ အသားတုံးလေးတစ်တုံးရထားသောကျီးတစ်ကောင်ကို အခြားကျီးများက ဝိုင်းအုံထိုးဆိတ်အော်ဟစ်ကြသကဲ့သို့ သော့တွဲရထားသောသူမကို ကျန်မောင်နှမများက ဝိုင်းအုံထိုးဆိတ်ကြ၏။ မျက်စောင်းတွေထိုးကြ၏။ မိဘနှစ်ပါး အထင်လွဲအောင် တစ်ယောက်တစ်မျိုးကုန်းချောကြ၏။

ကာမဂုဏ်ဝတ္ထုအစုစုတို့သည် သာယာစရာနည်းကုန်၏။ ဆင်းရဲဒုက္ခများကုန်၏။ ကာမဝတ္ထုအစုစု၌ အပြစ်အာဒီနဝကသာများ၏။ ကာမဝတ္ထုအစုစုတို့သည် အသားတုံးနှင့်တူကုန်လေ၏။ အသားတုံးကိုရသွားသူကို မရသူတို့က မျက်စောင်းထိုးကြ၏။ မကျေနပ်ကြ။ လုကြ၏။ ခိုက်ကြ၏။ အသားတစ်ကို လွှတ်ချလိုက်မှ ဒုက္ခအေးမည် ဖြစ်၏။ ယခုလည်း သော့တွဲကိုင်နေရသောငါ့ကို မကျေနပ်ကြ။ လုကြ၏။ တိုက်ကြ၏။ ငါလွှတ်ချလိုက်မှ ဒုက္ခအေးမည်ဟု မပွားရည်သည် ဘာသာရေးကိုင်းရှိုင်းသူပီပီ တရားသဘောဖြင့် ဆင်ခြင်ကာ သော့တွဲကို မိဘနှစ်ပါးထံသို့ ပြန်အပ်ဖို့ အကြိမ်ကြိမ်ကြိုးစား၏။ သို့သော် မိဘနှစ်ပါးက လက်မခံ။ သမီးမှမထိန်းလျှင် ဘယ်သူထိန်းမလဲ။ အဖေတို့ အမေတို့ တစ်မိသားစုလုံးထမင်းငတ်သွားမှာပေါ့။ ဒုက္ခရောက်သွားမှာပေါ့ဟု ဖျောင်းဖျဆုံးမသောအခါ မပွားရည်ဘာမှပြန်မပြောနိုင်။ မိဘနှစ်ပါး၏ရှေ့ရေး မောင်နှမများ၏ရှေ့ရေးကိုတွေးကာ လက်ခံရပြန်၏။ သို့သော် မပွားရည်၏မေတ္တာစေတနာကို မောင်နှမများကနားမလည်ကြ။ ရန်ကြဆဲ။ မုန်းကြဆဲ။

မောင်နှမများ၏ဒဏ်ကို မည်သို့မျှ သည်းမခံနိုင်သောအခါ မပွားရည်သည် မိသားစုအားလုံးဆုံဖြစ်သည့် တစ်ရက်သော ညနေခင်း ထမင်းစားပြီးချိန်၌ မောင်နှမအားလုံး၏ ရှေ့မှောက်ဝယ် သော့တွဲကို မိဘနှစ်ပါးထံ အပ်နှံလိုက်သည်။ လုပ်ပိုင်ခွင့်အရပ်ရပ်ကိုလည်း လုပ်ချင်သူလုပ်ရန်ပြန်လည်လွှဲအပ်လိုက်၏။

ထိုအခါ မိဘနှစ်ပါးစလုံးသည် စိတ်မကောင်းကြီးစွာဖြစ်ရ၏။ အားလုံးခေတ္တခဏမျှ တိတ်ဆိတ်ငြိမ်သက်သွားပြီးနောက် ဖခင်ဖြစ်သူက စကားစလိုက်၏။

"ကဲ - သားတို့ သမီးတို့ အားလုံးနားထောင်ကြ။ ဖေဖေပုံပြင်လေးတစ်ပုဒ်ပြောပြမယ်။ အသေအချာနားထောင်ကြနော်။

ဟိုရှေးရှေးတုန်းက အင်မတန်ချမ်းသာကြွယ်ဝတဲ့မုဆိုးဖိုကြီးတစ်ဦးဟာ သားလေးယောက်၊ ချွေးမလေးယောက်နဲ့ အတူတူနေထိုင်သတဲ့။ ဘယ်ချွေးမကို သော့ကိုင်အဖြစ် ယုံကြည်စိတ်ချစွာအပ်နှံရမလဲဆိုတာ မဝေခွဲမဆုံးဖြတ်တတ်တာကြောင့် တစ်နေ့မှာ ချွေးမလေးယောက်စလုံးကို ခေါ်ပြီး -

'မင်းတို့လေးယောက်စလုံးကို ငါစမ်းသပ်ကြည့်မယ်။ အမှတ်အများဆုံးရတဲ့သူကို ပစ္စည်းဥစ္စာရတနာတွေကို ထိန်းသိမ်းတဲ့ သော့ကိုင်အဖြစ် ယုံကြည်စွာအပ်နှံမယ်' လို့ ပြောပြီး တစ်ယောက်ကို ပြောင်းဖူးစေ့ (၅) စေ့စီပေးကာ -

'ကဲ-ငါခရီးထွက်ဦးမယ်။ သုံးလေးနှစ်ကြာကောင်းကြာမယ်။ ဒီပြောင်းဖူးစေ့(၅)စေ့ကို ကောင်းကောင်းထိန်းသိမ်းနိုင်တဲ့သူကို ငါပြန်လာရင် သော့အပ်မယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ထိန်းသိမ်းစောင့်ရှောက်ကြပါ။ ကောင်းကောင်းထိန်းသိမ်းနိုင်သူဟာ ဒီအိမ်ရဲ့သော့ကိုင်ဖြစ်မှာပဲ။ ပြောင်းဖူးစေ့ (၅) စေ့ကိုမှ မထိန်းသိမ်းနိုင်ရင် ဒီအိမ်ရဲ့ပစ္စည်းဥစ္စာတွေကို ဘယ်လိုလုပ်ထိန်းနိုင်ပါ့မလဲ။ ဒါဟာ မင်းတို့ကို စမ်းသပ်စစ်ဆေးခြင်းပဲ' လို့ပြောပြီး ခရီးထွက်သွားသတဲ့။

အဘိုးကြီးလည်း အိမ်မှထွက်သွားရော အကြီးဆုံးချွေးမက

'အဘိုးကြီးက ရူးများနေသလားမသိပါဘူး။ ပြောင်းဖူးစေ့ (၅) စေ့များတကူးတက ထိန်းသိမ်းမနေနိုင်ပါဘူး။ လွှတ်ပစ်လိုက်ရုံပဲ။ အလုပ်ရှုပ်ပါတယ်။ သူပြန်လာမယ်ဆိုမှ တစ်ယောက်ယောက်ဆီက တောင်းယူပြီးပြလိုက်ရင် ပြီးတာပဲ' ဆိုပြီး အဘိုးကြီးပေးခဲ့တဲ့ပြောင်းဖူးစေ့ (၅) စေ့ကို လွှင့်ပစ်လိုက်သတဲ့။

ဒုတိယချွေးမကတော့ -

'ဒီအဘိုးကြီးပေးခဲ့တဲ့ပြောင်းဖူးစေ့တွေကို သိမ်းရမှာရှုပ်တယ်။ ဒါပေမယ့် လွှင့်တော့မပစ်ပါဘူး။ ဒီပြောင်းဖူးစေ့တွေမှာ ဘယ်လိုအစွမ်းထက်တဲ့တန်ခိုးအစွမ်းတွေရှိလဲမသိနိုင်ဘူး။ ဒီပြောင်းဖူးစေ့တွေကို ငါစားလိုက်ရင် တန်ခိုးရှင်ကြီးဖြစ်ချင်ဖြစ်သွားမှာ'ဆိုပြီး ပြောင်းဖူးစေ့ (၅) စေ့ကို စားပစ်လိုက်သတဲ့။

တတိယချွေးမကတော့ -

'အို - သိမ်းဆိုလည်း သိမ်းထားလိုက်ရုံပေါ့။ ဘာခက်တာမှတ်လို့' ဆိုပြီး ပြောင်းဖူးစေ့ (၅) စေ့ကို ဒီအတိုင်းသိမ်းထားလိုက်သတဲ့။

စတုတ္ထချွေးမလေးကတော့ စဉ်းစားတယ်တဲ့။

'ဖခင်ကြီးက ပြောင်းဖူးစေ့ (၅) စေ့ကို ထိန်းသိမ်းခိုင်းတာဟာ ကြီးမားတဲ့ ရည်ရွယ်ချက်ရှိရမယ်။ ရိုးရိုးတော့မဖြစ်နိုင်ဘူး။ အဖြေသိရမယ့်ပဟေဠိတစ်ခုပဲ' လို့ လေးလေးနက်နက် စဉ်းစားလိုက်တော့ အကြံကောင်းဉာဏ်ကောင်းတွေ ထွက်ပေါ်လာတယ်။ သူ့ရဲ့အကြံဉာဏ်ကို အကောင်အထည်ဖော်ကြည့်မယ်ဆိုပြီး အိမ်နောက်ဖေး မြေကွက်လပ်မှာ ပြောင်းဖူးစေ့ (၅) စေ့ကို စိုက်လိုက်တယ်တဲ့။ အချိန်တန်တော့ ပြောင်းဖူးပင် (၄) ပင်ပေါက်လာတယ်။ တစ်ပင်တစ်ပင်မှာ ပြောင်းဖူးစေ့တွေအများကြီးထွက်လာတယ်။ ထွက်လာသမျှ ပြောင်းဖူးစေ့တွေကို နောက်ထပ်ထပ်စိုက်တယ်။ အပင်တွေပေါက်၊ အစေ့တွေအများကြီးရ၊ ထပ်စိုက်၊ ထပ်ရ။ ဒီလိုနည်းနဲ့ ပွားယူလိုက်တာ ပြောင်းဖူးစေ့တွေ ဂိုဒေါင်နဲ့ အပြည့်နီးပါးဖြစ်လာသတဲ့။

အဘိုးကြီးပြန်လာတော့ ချွေးမတွေကို ခေါ်စစ်တဲ့အခါ စတုတ္ထချွေးမရဲ့ လုပ်ရည်ကိုင်ရည်ပြောင်းဖူးစေ့ (၅) စေ့ကို တိုးပွားအောင် ဆောင်ရွက်နိုင်တဲ့ အရည်အချင်းကို သဘောကျလို့ သူ့ကို သော့ကိုင်အဖြစ် အပ်နှံလိုက်သတဲ့။ အရပ်စကားနဲ့ပြောရရင် စတုတ္ထချွေးမကို ယောက္ခမကြီးက heart ထိသွားတာပေါ့။

ကဲ. . . . သားတို့သမီးတို့လည်း ပွားရည်ကို သော့ကိုင်အဖြစ် အပ်နှံထားတာကို မနာလိုမဖြစ်ကြနဲ့။ မကျေနပ်မဖြစ်ကြနဲ့။ ပွားရည်ဟာ စတုတ္ထချွေးမလို စီးပွားဥစ္စာတိုးပွားအောင်ဆောင်ရွက်နိုင်တဲ့အရည်အချင်းရှိလို့ အဖေတို့က သော့အပ်ထားတာ။ မင်းတို့လည်း ပွားရည်လို သော့ကိုင်ဖြစ်ချင်ရင် ပွားရည်လို အရည်အချင်းရှိအောင် ကြိုးစားကြ။ အဖေတို့ပစ္စည်းဥစ္စာအမွေတွေဟာ ခံယူထိုက်သူသာရမယ်။ မခံယူထိုက်သူမရနိုင်ဘူး။ သားတို့သမီးတို့တွေ အမွေခံထိုက်အောင် မိဘစကားနားထောင်ကြသည်သာ သားသမီးကျင့်ဝတ်ဖြစ်တယ်။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဝလေးလုံးပိတ် သိကြားနှိပ်သည့် တံဆိပ်အက္ခရာ

ဝလေးလုံးပိတ် သိကြားနှိပ်သည့် တံဆိပ်အက္ခရာ ဤလေးဂါထာကို ညနံနက်ရွတ်လျှင်မှု လူတွင်ထင်ရှားအကျိုးများ၏။

**ဝလေးလုံးပိတ်ဂါထာ**

- ဝဏ္ဏတေ ဝဏ္ဏတော အသာဝဏ္ဏ ဝယောသုတောနဝ၊
  ဝဏ္ဏတောဝရံ တမ္ဗဝသ ဒသနဝ ဝကပ္ပိယောဝ၊
  ဝနလိမ္ပန္န အရဟံဝ ဒသနသနဝ၊
  ဝမ္မာနဝနိ ဝယေန အရဟံဝ ကပ္ပိတောဝ။

**ဝလေးလုံးပိတ်ဂါထာတစ်နည်း**

- ဝဏ္ဏတေန ဝဏ္ဏတော ဘာသဝရော ရှုဘောဘဝ၊
  ဝဏ္ဏတောဝရံ ဌာနေ ခေနတောဝရံ သပ္ပနဝ၊
  ဝံပ္ပဏာနိနေန ဘဟိ သပ္ပနဝ၊
  ဝကပ္ပိတော နလိမ္ပန္နော ဝသာ တသာနဝ။

ကြိုက်နှစ်သက်ရာ ဂါထာကို ရွတ်ပါ။

- **ဂါထာ၏အကျိုးကျေးဇူး**

*ဝလေးလုံးပိတ်၊ တံဆိပ်တော် အက္ခရာ ကမ္ပည်းစာကို မကွာရှည်လျက်၊ ညနံနက်လျှင်၊ ရွတ်တို့ချင်က၊ လူတွင်ထင်ရှား၊ စည်းစိမ်များ၏။ လေးမြား သေနတ် ပစ်ခတ်သောအခါ၊ လက်နှင့်သာလျှင်၊ လျှင်စွာရစ်ဦး၊ မီးမကူးတည်း။ ပန်းသစ်ပင်ကို လက်တွင်ကိုင်ဆုပ်၊ ခုနှစ်အုပ်ပင် ရွတ်တို့ချင်လျက် သုံးချက်ဖနောင့်၊ ခြေဖြင့်ဆောင့်က၊ ညှိုး၍ကျလိမ့်၊ နောက်မှတစ်ဖန်၊ လန်းခဲ့ပြန်မှု ပန်သောသူမှာ၊ ရန်သူသမျှ ရှောင်ရှားရ၏။ ထိုမှတစ်ချက်၊ တံခါးရွက်ကို ရွတ်လျက်ပုတ်ခါ၊ သော့သေတ္တာနှင့်၊ မှတ်ပါမယွင်း၊ ခြေချင်းကြိုးထိတ်၊ လက်ဖြင့်နှိပ်က၊ ပွင့်ကြစမြဲ၊ အိမ်ထဲတည့်တည့်၊ မီးတွန်းရှိမူ၊ ကြည့်၍ရွတ်လေ၊ မီးငြိမ်းပေလိမ့်၊ တစ်ထွေရှုတ်၊ ရေငုပ်မှန်ငြား၊ မန်း၍စားက၊ သေနတ်၊ ဓား၊ လှံ တစ်နေ့ခံသည် ရှင်ပုံ့ရှုသော့ပညာတည်း။ ။*

ပျားရည် (၇) ကျပ်သား၊ နှမ်းဆီ (၇) ကျပ်သား၊ ပေါက်ပေါက် (၃၇) ပွင့်၊ ကောင်းစွာ ရောစပ်၍ ဘုရားရှေ့တော်တွင် အထက်ပါ ဂါထာမန္တရားနှင့် ဩောင်းထပ်၍ (၃၇) အုပ်စုတ်ပြီး လိုရာဆုတောင်းကာ အမိဋ္ဌာန်သစ္စာပြု၍ စားလေ။ အကျိုးကျေးဇူးကား အထက်လင်္ကာတွင်ပါဝင်သော စကားတို့သည်၊ ကေန်မုချမှန်လေတော့၏။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

တာဝန်ကိုယ်ကျေပွန်အောင်ကြိုးစားကြ။ စိတ်ကောင်းထားကြ။ သဘောပေါက်ကြရဲ့လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

မပွားရည်၏ မွေးချင်းတစ်စုသည် ဖခင်ကြီး၏ရှေ့၌ ဟုတ်ကဲ့ပါဟု အာမဘန္တေခံကြသော်လည်း မပွားရည်ကို သိပ်တော့ကျေနပ်ကြသည် မဟုတ်ပါ။ မိဘနှစ်ပါးကိုလည်း မျက်နှာလိုက်သည်ဟုထင်ကာ စိတ်ထဲကပြစ်မှားနေကြဆဲ။

မိဘနှစ်ပါး ကွယ်လွန်သွားသောအခါ မပွားရည်ဆီက သော့တွဲကိုအလုအယက်တောင်းယူ၍ သူတို့စိတ်တိုင်းကျ မိဘအမွေကိုယူကြ၏။ မပွားရည်က မျှတစွာ စီမံခွဲဝေပေးပါမည်ဟုဆိုသည်ကို သဘောမတူ။

"ညည်းဆရာမလုပ်နဲ့။ ဟိုတုန်းက အဖေ၊ အမေရှိတုန်းမို့ မပြောချင်လို့ကြည့်နေတာ။ အခုအချိန်မှာ မရတော့ဘူး တို့သဘောပဲ။ ဒီအချိန်ကို တို့စောင့်နေတာကြာပြီ"

ဟု အစိမ်းသရဲဝင်ပူးနေကြသလို မကြားဝံ့မနာသာပြောဆိုကြ၏။ သူတို့မို့ပြောရက်ပလေ။

မကြာပါ။ ရသမျှကိုသာယူ၍ ဘဝရပ်တည်ဖို့ ကြိုးစားခဲ့သော မပွားရည်သည် သူမ၏ဘဝကို တည်ငြိမ်စွာ ဟန်ချက်ညီအောင်ထိန်းနိုင်သော်လည်း အမွေမခံထိုက်ဘဲ အမွေယူခဲ့ကြသော မပွားရည်၏မွေးချင်းတစ်စုသည် ပစ္စည်းဥစ္စာများကို ထင်သလို သုံးဖြုန်းပစ်ကြသဖြင့် သူတို့၏ဘဝပုံရိပ်သည် ဟန်ချက်မညီကြတော့ပေ။ ယိမ်းယိုင်ပြိုလဲ၍ ဘဝတစ်ဆစ်ချိုးပြောင်းလဲသွားကြလေသည်။

မိဘအမွေခံထိုက်အောင် မကြိုးစားဘဲ မိဘအမွေကိုသာ မက်မောနေကြသော မပွားရည်၏မွေးချင်းတစ်စု၏ မြင့်ရာမှ နိမ့်ရာသို့ အထက်တန်းအဆင့်မှ အောက်တန်းအဆင့်သို့ လျှောကျပြိုဆင်းပြောင်းလဲသွားသော ဘဝပုံရိပ်များသည် ယနေ့အထိ နောင်လာနောက်သားသမီးများအား သတိပေးနေဆဲ ဖြစ်ပါ၏။

ကဲ - စာဖတ်သူကော သော့ကိုင်ဖြစ်ချင်ပါသလား။ သော့ကိုင်ဖြစ်ချင်လျှင် စာရေးသူကပဲ အကြံဉာဏ်ပေးလိုက်မည်။

၁။ ပုံပြင်ထဲက အကြီးဆုံးချွေးမလို ပစ္စည်းဥစ္စာထိန်းသိမ်းရမှာကို မပျင်းနဲ့။ ပစ်စလက်ခတ်မလုပ်နဲ့။ အချေးအငှားမထူနဲ့။

၂။ ဒုတိယချွေးမလို အယုံမလွယ်ကြနဲ့။ ကိုယ့်အားကိုယ်အားကိုးကြ။ အချောင်လိုစိတ်မမွေးကြနဲ့။

၃။ တတိယချွေးမလို အဖေမှာ မှာတဲ့အတိုင်းမလုပ်ကြနဲ့။ ထိုင်နေလို့တော့ ဘာမှဖြစ်မလာနိုင်ဘူး။

၄။ စတုတ္ထချွေးမလေးလို အစွမ်းအစရှိအောင်ကြိုးစားကြ။ ရလာတဲ့အရင်းအနှီးကို ဖြုန်းတီးမပစ်ဘဲ တိုးပွားအောင်ကြိုးစားကြပါဟုအကြံပြုရင်း သော့ကိုင်ဖြစ်ကြပါစေ။

အရှင်သိရီဒတ္တာလင်္ကာရ
(ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ)



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

မေး။ ။ သာခုပါဗျာ။ ဝမ်းမြောက်စရာပါ။ ကိုမျိုးအောင် ဒုတိယမဂ်ဉာဏ်ကိုရခဲ့တာ အခုဆို (၁၅) နှစ်တောင်ရှိခဲ့ပြီပေါ့။ တတိယမဂ်ဉာဏ်ကတော့ ရဖို့ တော်တော်ခက်ခဲကြောင်း ကျွန်တော်လည်း လေ့လာ မှတ်သားဖူးပါတယ်။ ဒီတော့ ကျွန်တော်က စိတ်စောပြီး အဆုံးကိုသာ အရင်သွားလိုက်မိတယ်။ အစကိုတော့ချန်ထားခဲ့မိတယ်။ အခုအဲဒီအစကို ပြန်ဖော်ပေးဦးမှဖြစ်မယ်လို့ထင်မိပါတယ်။ ဒါကြောင့် ကိုမျိုးအောင် လာခဲ့တဲ့လမ်း၊ လျှောက်ခဲ့တဲ့လမ်းကိုလည်းပြန်ပြောပြပေးပါဦး။ ကိုမျိုးအောင်မဂ်ဉာဏ်ရခဲ့တယ်ဆိုတာကို ကျွန်တော် အကြွင်းမဲ့ယုံကြည်ပါတယ်။ သို့သော် ပုဂ္ဂိုလ်တစ်ဦးနဲ့တစ်ဦး အတွေ့အကြုံချင်း မူကွဲလေးတွေရှိတတ်တာမို့ ဗဟုသုတအလို့ငှာ ကိုမျိုးအောင် မဂ်ရအောင် အားထုတ်ခဲ့ပုံလေး ကျွန်တော့်ကို ပြောပြပါခင်ဗျား။

ဖြေ။ ။ ဟုတ်ကဲ့-ကျွန်တော်စခန်းဝင်ပြီး အားထုတ်ခဲ့တာက မွန်ပြည်နယ်က တော်ကူးရိပ်သာပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဆရာသခင်ကျေးဇူးရှင်တွေကတော့ မဟာစည်ဆရာတော်၊ ပထမတော်ကူးဆရာတော်၊ ဒုတိယတော်ကူးဆရာတော်တို့ ဖြစ်တယ်လို့ ခံယူထားပါတယ်။ ကျွန်တော်အားထုတ်ခဲ့တဲ့နည်းက မဟာစည်နည်းပဲ ဖြစ်ပါတယ်။ တော်ကူးရိပ်သာကို ထူထောင်ခဲ့သူက ပထမတော်ကူးဆရာတော်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်ကို ကမ္မဋ္ဌာန်းပေးခဲ့တဲ့သူကတော့ ဒုတိယတော်ကူးဆရာတော်ကြီး ဦးနာဝိကပဲ ဖြစ်ပါတယ်။ ဒီဆရာတော်သုံးပါးစလုံးကိုပဲ ကျွန်တော့်ရဲ့ မြတ်ဆရာတွေအဖြစ် ကျွန်တော်က ခံယူထားခြင်းဖြစ်ပါတယ်။

ဒီအရင်က ဘယ်မှာမှ ရိပ်သာ မဝင်ခဲ့ဖူးပါဘူး။ တော်ကူးရောက်တော့ ဆရာတော်ဦးနာဝိကပေးတဲ့ကမ္မဋ္ဌာန်းဟာ ကျွန်တော့်စရိုက်နဲ့ တော်တော်အပ်စပ်သွားခဲ့ပါတယ်။ တော်ကူးနည်းဟာ မဟာစည်နည်းပဲဖြစ်ပါတယ်။ ဒါကြောင့် မဟာစည်တရားအားထုတ်ဖူးတဲ့သူတိုင်း ဒီကမ္မဋ္ဌာန်းကို ရိပ်မိပြီးဖြစ်ပါလိမ့်မယ်။ ပြောစရာမူကွဲဆိုလို့ နည်းနည်းပဲရှိပါတယ်။ အဲဒါကတော့ တော်ကူးနည်းက တရားထိုင်ချိန်ကိုကန့်သတ်မထားပါဘူး။ ယောဂီက တရားကောင်းလို့ ဆက်အားထုတ်ချင်တယ်ဆိုရင် ကြိုက်သလောက် အားထုတ်ခွင့်ပြုထားပါတယ်။ ဆရာတော် ဦးနာဝိကဟာ နာရီ (၂၀) ကျော်ခန့် တစ်ဆက်တည်း အားထုတ်ခဲ့ဖူးတယ်လို့ သိရပြီး (၁၀) နာရီကျော်ကျော်လောက် တစ်ဆက်တည်း အားထုတ်သွားတဲ့ သီလရှင်ယောဂီတစ်ပါးကိုတော့ဖြင့် ကျွန်တော်ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပါတယ်။

တော်ကူးကမ္မဋ္ဌာန်းကို ဝေဒနာနုပဿနာကမ္မဋ္ဌာန်းလို့ပြောမယ်ဆိုပြောနိုင်ပါတယ်။ ဆရာတော်က ယောဂီတိုင်းကို ဝေဒနာကျော်နိုင်တဲ့အထိ အားထုတ်ကြဖို့ တိုက်တွန်းတော်မူပါတယ်။ ဒီတော့ မဟာစည်နဲ့ တော်ကူးကွဲလွဲတာဆိုလို့ အဲဒီအချက်ပဲရှိပါတယ်။ ဆိုရရင် မဟာစည်ကိုပဲ အခြေခံပြီး မူသစ်ထွင်လာတဲ့ အပြင်းစားကမ္မဋ္ဌာန်းတစ်မျိုးလို့ ပြောနိုင်ပါတယ်။ တကယ်ကို တရားရမှဖြစ်မယ်ဆိုပြီး ရွပ်ရွပ်ချွံချွံအားထုတ်လိုသူတိုင်းအတွက် တော်ကူးကမ္မဋ္ဌာန်းဟာ အလွန်ပဲ သင့်လျော်ပါတယ်။ အလွန်ပြင်းပြတဲ့စိတ်ဆန္ဒနဲ့ အားထုတ်လိုသူ ကျွန်တော်ကိုယ်တိုင် တော်ကူးနည်းနဲ့ တစ်ခါတည်း အပ်စပ်သွားခဲ့ရပါတယ်။

ကျွန်တော့် ကိုယ်ရေးကိစ္စကို နည်းနည်းပြောပြပါဦးမယ်။ ကျွန်တော်ဟာ အစိုးရဝန်ထမ်းအလုပ်ကနုတ်ထွက်ပြီးတဲ့နောက်မှာတော့ ယိုးဒယားနယ်စပ် ကော့သောင်းဘက်မှာ ဆန်ကုန်သည်အဖြစ် လုပ်ကိုင်နေခဲ့ပါတယ်။ အဲဒီဒေသမှာ ကျင်လည်ရင်းက လူပေါင်းစုံနဲ့ ပေါင်းသင်းခဲ့ရပါတယ်။ အဲဒီလူပေါင်းစုံထဲမှာ ဒုစရိုက်သမားတွေပါ ပါဝင်ပြီး ဒုစရိုက်လုပ်ငန်းတချို့ကိုပါ ကျွန်တော် လုပ်ကိုင်ခဲ့မိပါတယ်။

၁၉၉၉ ခုနှစ်ဟာ ကျွန်တော့်အတွက် အလွန်အမှတ်ရစရာကောင်းတဲ့နှစ်ဖြစ်ပါတယ်။ အဲဒီနှစ်မှာ ဆုံးရှုံးမှုတွေနဲ့ အတော်များများကြုံတွေ့ခဲ့ရပါတယ်။ တစ်ကြိမ်မှာတော့ ဆန်အိတ် (၂၀၀) ဖိုးလောက် အလိမ်ခံလိုက်ရတဲ့အတွက် ကျွန်တော်လည်း ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း ကူးချည်သန်းချည်လုပ်ရင်း လိမ်သွားတဲ့လူကိုလိုက်ရှာနေမိပါတယ်။ ရှာသာရှာနေပေမယ့် လိမ်သွားတဲ့သူကိုတော့ ဖမ်းမမိပါဘူး။ ဒါနဲ့ တစ်နေ့မှာတော့ စိတ်ကလည်းညစ်၊ ပျင်းပျင်းလည်းရှိလှတာနဲ့ စာအုပ်အငှားဆိုင်က စာအုပ်တစ်အုပ်ကိုငှားပြီး သစ်ပင်တစ်ပင်အောက်မှာ ထိုင်ဖတ်နေမိပါတယ်။


ကျွန်တော်ဟာ စာဖတ်ဝါသနာတော်တော်ကြီးပါတယ်။ အဲဒါကြောင့် ငှားလာတဲ့စာအုပ်ဟာ တော်တော်ကောင်းတဲ့စာအုပ်ဖြစ်ကြောင်းကို လက်ထဲရောက်ရောက်ချင်းပဲ သိလိုက်ပါတယ်။ စာအုပ်က ဆရာမြသန်းတင့် ဘာသာပြန်ထားတဲ့ 'အချစ်မိုးကောင်းကင်' စာအုပ်ဖြစ်ပါတယ်။ နှစ်အုပ်တွဲပါ။ နှစ်အုပ်စလုံးကို ပူးပြီးချုပ်ထားပါတယ်။

စာအုပ်က ကောင်းလွန်းတော့ လက်ကမချနိုင်ဘဲ ဆက်ဖတ်နေမိပါတယ်။ ဖတ်ရင်းဖတ်ရင်းနဲ့လည်း ကျွန်တော့်မှာ ကြောက်စိတ်တွေဝင်ပြီးရင်းဝင်နေမိရပါတယ်။ ဒီစာအုပ်ဟာ အေအိုင်ဒီအက်စ်ရောဂါအကြောင်းကို အပြည့်စုံဆုံး ရေးသားထားတဲ့စာအုပ်ဖြစ်ပါတယ်။ ဥပမာ အိပ်ချ်အိုင်ဗွီပိုးဟာ မူးယစ်ဆေး၊ လိင်ကိစ္စ အစရှိတဲ့ လမ်းကြောင်းတွေကနေ ဝင်ရောက်လာတာဖြစ်ကြောင်း စေ့စေ့ငငရေးပြထားတော့ အဲဒီမူးယစ်ဆေး၊ လိင်ကိစ္စတို့နှစ်ခုစလုံးနဲ့ အတော်အတန်ရာဇဝင်ရှိထားတဲ့ ကျွန်တော်က ငါ့သွေးထဲမှာများ ပိုးတွေရောက်နေပြီလားဆိုပြီး တွေးကြောက်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


ရှုမဝမဂ္ဂဇင်း
၂၀၀၃ခုနှစ် အောက်တိုဘာလ အတွဲ(၁၅)အမှတ်(၂)

www.burmeseclassic.com

လာမိခြင်း ဖြစ်ပါတယ်။

အဲဒီရောဂါကြီးဟာ အဲဒီအချိန်လောက်က အတော်ပေါ်ပြူလာဖြစ်နေပါတယ်။ လူတိုင်းလိုလို အလန့်တကြားဖြစ်နေတဲ့အချိန်ပါ။ ဒီရောဂါကြီးကို ကျွန်တော်ကြောက်နေပုံကတော့ ဘယ်သူနဲ့မှမတူဘူးလို့ပြောနိုင်ပါတယ်။အဲဒီစာအုပ်က ဖမ်းစားတာကိုခံရပြီးတဲ့နောက်မှာ ကျွန်တော် အအိပ်ပျက်၊ အစားပျက်ဖြစ်လောက်အောင်ကို ကြောက်လန့်နေမိပါတယ်။ ဒီရောဂါကြီး ငါ့ဆီမကြာခင်လာတော့မယ်၊ ငါသေရတော့မယ်ဆိုပြီး ကြောက်နေမိပါတယ်။ ကြောက်လွန်းလို့ ဆန်လူလိမ်ကိုတောင် မေ့သလိုဖြစ်သွားပါတယ်။

အဲဒီနောက် နည်းနည်းနေမကောင်းဖြစ်ရင်တောင် အဲဒီရောဂါကြီးရဲ့လက္ခဏာတွေများလားဆိုပြီး တွေးလာမိတယ်။ သွေးအားနည်းလို့ လျှာပေါ် အဖြူကွက်တွေပေါ်လာတာ မှန်ထဲမှာမြင်ရတော့ ဒါမှက္ခရှတွေပဲဆိုပြီး ထင်နေမိတယ်။ နည်းနည်းဖျား၊ နည်းနည်း ချောင်းဆိုး၊ နည်းနည်းဝမ်းသွားတာကအစ ဒီရောဂါကြီးရဲ့လက္ခဏာတွေများလားဆိုပြီးတွေးကြောက်နေမိပါတယ်။ နောက်တော့ နေစရာမရှိအောင်ကို ကြောက်လာရာက ဂနာမငြိမ်နဲ့ ချောက်ချောက်ချားချားတွေဖြစ်လာပါတယ်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဆိုတဲ့သဘောမျိုးပေါ့။

တိုက်တိုက်ဆိုင်ဆိုင် တစ်နေ့ကျတော့ မြို့ထဲက စာအုပ်ဆိုင်တစ်ဆိုင်မှာ တော်ကူးဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိစာအုပ်ကို တွေ့ရပါတယ်။ နည်းနည်း မြည်းကြည့်ပြီး သဘောကျတာနဲ့ ဝယ်လိုက်ပါတယ်။ အိမ်ပြန်ပြီး စိတ်ဝင်တစားနဲ့လည်း ဖတ်ဖြစ်ပါတယ်။ ဖတ်ရင်းနဲ့ပဲ ကျွန်တော့်အတွက် ထွက်ပေါက်ကိုတွေ့သွားပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော့်ရောဂါကို ကျွန်တော့်ဘာသာ ပြန်ကုဖို့ နည်းလမ်းကောင်းတွေ့သွားပါတယ်။ တော်ကူးဆရာတော်ဘုရားကြီးအကြောင်းကို ဖတ်ရတော့ သိပ်ပြီးအံ့ဩသလို သိပ်ပြီးတော့လည်း အားတက်ရပါတယ်။ ဆရာတော်ကြီးဟာ ဒူးခေါင်းမှာ ဒဏ်ရာရတော့ ဒဏ်နာနှစ်ယောက်ကို ကျတွဲခိုင်းပြီး မတ်တတ်ရပ်လျက်ဝေဒနာကိုရှုမှတ်ပုံ၊ ရှုမှတ်ချိန် (၆) နာရီလောက်လည်းကြာရော ဝေဒနာလည်း ယူပစ်သလိုပျောက်သွားပုံတွေကို ဖတ်ရပါတယ်။ ဒါ့အပြင် တော်ကူးရိပ်သာဟာ ရိပ်သာသက်သက်မဟုတ်ဘဲ ဓမ္မဆေးရုံတော်ဖြစ်ကြောင်း၊ ဗုဒ္ဓရဲ့ဝိပဿနာဓားဟာ ခရမ်းသီး၊ ဘူးသီးလောက်ကိုသာ လှီးဖြတ်နိုင်တဲ့ဓားမဟုတ်ဘဲ ကင်ဆာရောဂါလို ဝေဒနာဆိုးကြီးတွေကိုတောင် လှီးဖြတ်ကာပယ်ဖျောက်နိုင်တဲ့ဓားဖြစ်ကြောင်း၊ တော်ကူးရိပ်သာမှာအားထုတ်ရင်း ကိုယ်ရောဂါ၊ စိတ်ရောဂါတွေ ပျောက်ကင်းသွားကြတဲ့ ယောဂီတွေဟာ မရေမတွက်နိုင်တော့ကြောင်း၊ အမြတ်အစွန်း အကြီးအဆုံးအဖြစ် မအို၊ မနာ၊ မသေတဲ့ နိဗ္ဗာန်ကိုတောင် မျက်မှောက်ပြုသွားကြတဲ့ပုဂ္ဂိုလ်တွေ မနည်းတော့ကြောင်း စသဖြင့် အားတက်ဖွယ်ဖတ်ရှုရပါတယ်။

ကျွန်တော်ဆေးနဲ့တွေ့သွားသလို ဖြစ်သွားပါတယ်။ ချက်ချင်းဆုံးဖြတ်ချက်ချပါတယ်။ တော်ကူးကို အမြန်သွားမယ်။ အမြန်အားထုတ်မယ်။ ကျွန်တော့်အတွက် မက်လုံးဖြစ်နေတာက မအို၊ မနာ၊ မသေတဲ့နေရာကိုရောက်နိုင်တယ်လို့ဆိုတယ်။ ဒီတော့ သေမှာကိုကြောက်နေတဲ့ ကျွန်တော့်အတွက်တော့ ဒါဟာ လွတ်လမ်းပဲ၊ အခွင့်အရေးပဲဆိုပြီး မှတ်ယူလိုက်မိပါတယ်။ အဲဒီတုန်းကတော့ သေခြင်းတရားသာရှိပြီး သေတဲ့ပုဂ္ဂိုလ်မရှိဘူးဆိုတဲ့ ပရမတ်သဘောကို မသိမမြင်သေးဘူးပေါ့။

မေး ။ ဒါလည်းမှတ်သားစရာပါပဲ။ စပြီးအားထုတ်တုန်းကတော့ အတ္တအကျိုး၊ မျက်မှောက်အကျိုးကို ရှေးရှုလိုလားပြီးအားထုတ်ကြတယ်။ ဒါပေမယ့် တကယ်သိသွားရတာကတော့ အနတ္တသဘောနဲ့ သံသရာအကျိုးဖြစ်နေတယ်ပေါ့။ ဒါနဲ့ပဲ ကိုမျိုးအောင်က တော်ကူးရိပ်သာကို ချက်ချင်းထသွားရောဆိုပါတော့။

ဖြေ ။ ဟုတ်ကဲ့-ဆရာတော်ဟာ ယောဂီတိုင်းကို ဝေဒနာကျော်နိုင်အောင် ကြိုးစားကြဖို့ တိုက်တွန်းတော်မူတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်က သူများတကာတွေထက် ပိုကြောက်နေတဲ့သူဆိုတော့ ဆရာတော့်တိုက်တွန်းချက်အတိုင်း ဝေဒနာကိုရအောင်ကျော်မယ်ဆိုပြီး တစ်ခါတည်း ဆုံးဖြတ်လိုက်တယ်။ ပထမတစ်ရက်၊ နှစ်ရက်လောက်တော့ ကမ္မဋ္ဌာန်းနဲ့ရင်းနှီးကျွမ်းဝင်အောင် စနစ်တကျ အားထုတ်တတ်အောင် လေ့လာလေ့ကျင့်နေရတာမို့ တိုက်ပွဲမဝင်ဖြစ်သေးဘူး။ တတိယမြောက်နေ့ကျမှစပြီးတိုက်ပွဲဝင်ဖြစ်ပါတယ်။

ကမ္မဋ္ဌာန်းက ဝမ်းဗိုက်ရဲ့ ဖောင်းတက်လာမှုသဘော၊ ပိန်ကျသွားတဲ့သဘောတွေကို စောင့်ကြည့်ရှုမှတ်ရတဲ့ကမ္မဋ္ဌာန်းဖြစ်ပါတယ်။ အဲသလို ဝမ်းဗိုက်အပိန်၊ အဖောင်းကို ရှုမှတ်နေရင်း ကြားညှပ်ပေါ်လာတတ်တဲ့ ကိုယ်အမူအရာ၊ စိတ်အမူအရာတွေကိုလည်း အသိမလွတ်အောင် တစ်ခါတည်းရှုမှတ်သွားရပါတယ်။

မူလ ကမ္မဋ္ဌာန်းကို အားထုတ်ရင်း (၁၅) မိနစ်လောက်ကြာတယ်ဆိုရင်ပဲ ဝေဒနာက စပြီးပေါ်လာပါတယ်။ ပခုံးနှစ်ဖက်၊ လက်ပြင်နေရာတွေက တင်းကျပ်တဲ့ဝေဒနာမျိုး၊ တင်ပါးအောက်က ပူပြင်းနာကျင်တဲ့ဝေဒနာမျိုး၊ ဒူးဆစ်နဲ့ ခြေချင်းဝတ်တွေဆီကနေ တစစ်စစ်ကိုက်ခဲတဲ့ဝေဒနာမျိုး စသဖြင့် အမျိုးစုံအောင်ပေါ်လာပါတယ်။ ဒီလိုဝေဒနာပေါ်လာတာနဲ့ ရှုမှတ်စိတ်က မူလကမ္မဋ္ဌာန်းကို လွှတ်ပြီး ဝေဒနာပေါ်ကို အလိုအလျောက်ရောက်ရှိသွားပါတယ်။

ဝေဒနာက တရှိန်ရှိန်နဲ့တက်လာပါတယ်။ သူ့ရဲ့တဖြည်းဖြည်းပြင်းထန်လာပုံက စာမဖွဲ့နိုင်လောက်အောင်ပါဘဲ။ ဝေဒနာဟာ ခန္ဓာကိုယ်တစ်ခုလုံး နေရာမျိုးစုံကကိုထိုးနှက်လာပါတယ်။ ဒီနေရာမှာ ဝေဒနာတွေရဲ့ အချင်းချင်းဗိုလ်လုနေတတ်တဲ့သဘောကို ကျွန်တော်စပြီး သတိပြုမိလာပါတယ်။လက်ပြင်တစ်ဝိုက်က ကိုက်ခဲနေတာကို ရှုမှတ်နေရင်း သူ့ထက်ပိုပြင်းထန်တဲ့ဝေဒနာက တင်ပါးအောက်မှာပေါ်လာရင် အဲဒီတင်ပါးအောက်ကိုပဲ အသိကလွဲပြောင်းပေးလိုက်ရပါတယ်။ တစ်ခါ ခြေဖျားနေရာက ပိုပြင်းထန်လာရင်လည်း မှတ်နေဆဲ တင်ပါးနေရာဟာ နောက်ကောက်ကျသွားပြန်ပါတယ်။ သာတဲ့သူ၊ အင်အားကြီးတဲ့သူက နေရာဝင်ဝင်ပြီးလုနေသလိုမျိုး ကျွန်တော်တွေ့ရပါတယ်။ တစ်ခါတစ်ခါ ဝေဒနာနှစ်ခုဟာ ချိန်သီးတန်းပြီး ညီမျှနေတာမျိုးလည်း တွေ့ရတတ်ပါတယ်။ ဒီအခါမျိုးမှာ ကိုယ်ကဉာဏ်သုံးပြီး ပိုထင်ရှားတယ်လို့ ထင်ရတဲ့ဘက်ကို ရွေးချယ်လိုက်ရပါတယ်။ ပထမအကြိမ်မှာပဲ (၅) နာရီလောက်ကြာအောင် ကျွန်တော် ဝေဒနာနဲ့ စီးချင်းထိုးနိုင်ခဲ့ပါတယ်။ နာချင်သလောက်နာဆိုပြီးတော့ ပေပြီးအားထုတ်ခဲ့ပါတယ်။ အထိုင်ကို လုံးဝမပြင်ပါဘူး။ (၅) နာရီအတော အတွင်း မိမိဆန္ဒနဲ့ လက်လေးကိုတစ်လက်မလောက် နေရာရွှေ့တာမျိုးတောင်မလုပ်ခဲ့ပါဘူး။ ဝေဒနာဟာ



www.burmeseclassic.com

www.burmeseclassic.com

မီးပြင်းအတိုက်ခံရသလို၊ စူးနဲ့တဆတ်ဆတ်အထိုးခံရသလို၊ သံတုံးကြီးနဲ့ အဖိအကြိတ်ခံရသလို အရသာမျိုးစုံပေးနေပါတယ်။ ဝေဒနာပြင်းထန်လွန်းလို့ ချွေးသီးချွေးပေါက်တွေတောင်ယိုကျလာပါတယ်။ ဒီဝေဒနာကို စိတ်ထဲက အကြီးအကျယ်ငြူစူနေမိပါတယ်။ မြန်မြန်ပြီးပါတော့လို့လည်း ဆန္ဒစောနေမိပါတယ်။ ဒါပေမယ့် မပြီးပါဘူး။ ပိုပြီးတော့သာ တက်လာနေပါတယ်။

ပြောခဲ့တဲ့အတိုင်း ဝေဒနာဟာ တစ်နေရာကတစ်နေရာလက်လွှဲပေးပြီး ကျွန်တော့်ကို မနားတမ်းနှိပ်စက်နေပါတယ်။ ဒူးခေါင်းကဝေဒနာကိုမှတ်နေရင်း အရှိန်လျော့တော့မလိုလိုဖြစ်နေရာကနေ ပေါင်လယ်နေရာလောက်မှာ တစ်ခါ ခေါင်းပြန်ထောင်လာပြန်ပါတယ်။ အဲလိုပဲ ပေါင်ကနေ တံတောင်ဆစ်၊ တံတောင်ဆစ်ကနေ ကျောကုန်း၊ ကျောကုန်းကနေ ခြေဖနောင့်ဆိုပြီး ဘက်စုံထောင့်စုံ တတို ထိုးနှက်နေပါတော့တယ်။

ဒီနေရာမှာ ကျွန်တော်အသိတစ်ခု ထပ်တိုးလာပြန်ပါတယ်။ ဝေဒနာဟာ ပြင်းချင်သလောက်ပြင်း၊ တက်ချင်သလောက်တက်၊ သူ့ရေချိန်အထိရောက်ပြီးရင်တော့ တန့်သွားရမြဲ၊ လျော့သွားရမြဲ ဆင်းသွားရမြဲပဲ။ မဆုံးတမ်း၊ မတုံးတမ်းတက်နေတာမျိုးဆိုတာကမရှိဘူး။ ထာဝရသဘော မြဲနေ၊ ခိုင်နေတာမျိုး မရှိဘူး။ ဒါဟာ 'သဗ္ဗေသင်္ခါရအနိစ္စာ' ဆိုတဲ့အတိုင်း ဝေဒနာရဲ့မမြဲတဲ့သဘော၊ ပျက်စီးတတ်တဲ့သဘောကိုပြတာပါပဲ။ ဒါတို ရိပ်မိလိုက်တာနဲ့ ကျွန်တော်ပိုပြီး အားတက်လာတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်အားပေးရတယ်။ သေချာပြီ၊ ဒီတောင်ဟာ မမြဲဘူး။ အခုနေ ငါ့ကို ခြိမ်းလှယ်နှိပ်စက်နေပေမယ့် တစ်ချိန်မှာ ငါသူ့ကိုနိုင်ကိုနိုင်ရမယ်ဆိုပြီးတော့ ပြန်အားပေးရပါတယ်။

ဒီလိုနဲ့ပဲ အချိန်ဟာ တစ်နာရီပြီး တစ်နာရီကုန်လာခဲ့ပါတယ်။ အားထုတ်ချိန် (၄) နာရီနီးပါးလောက်ရှိလာတော့ ဝေဒနာတွေက စပြီးလျော့သလိုဖြစ်လာပါတယ်။ ကျွန်တော်လည်း သိပ်ပြီး ဝမ်းသာနေပါပြီ။ ဒါပေမယ့် ပြီးလုပြီးလု၊ ကုန်လုကုန်လုဖြစ်နေတဲ့အခြေအနေဟာ နောက်ထပ်တစ်နာရီကျော်ကျော်လောက်လောက် ဆက်ဖြစ်နေပါတယ်။ ခြေဖျားလောက်မှာ နောက်ဆုံးကျန်နေတဲ့ဝေဒနာ အမြင်ကတတ်စရာကောင်းလောက်အောင်တို နာရီဝက်နီးပါး လောက် 'ခဲ' ပြီးနေပါတယ်။ အားလျှော့ချင်တဲ့စိတ်တွေမကြာမကြာပေါ်ပေါက်လာပေမယ့် မလျှော့နဲ့၊ လျှော့ရင် မင်းသေလိမ့်မယ်၊ အာဇာနည်မဖြစ်ချင်ဘူးလား၊ ဖြစ်ချင်ရင် ကြိတ်မှိတ်ခံဆိုပြီး အရှုံးပေးချင်တဲ့စိတ်ကို ပြန်ချေဖျက်နေရပါတယ်။ ဒီလိုနဲ့ ဝေဒနာတွေပါးသလောက်ဖြစ်သွားပြီဆိုတော့မှ ကျွန်တော်လည်း အမောဖြေ၊ သက်ပြင်းချပြီး စိတ်ကို မူလကမ္မဋ္ဌာန်းဆီ ပြန်ပို့လိုက်ပါတယ်။ မကြာခင် တရားကိုပါ ဖြုတ်လိုက်ပါတယ်။

မေး။ ။ တိုက်ပွဲကိုအောင်မြင်သွားတယ်ဆိုရမှာပေါ့။ အောင်မြင်မှုအရသာကတော့ ဘာနဲ့မှမတူအောင်ကို ချိုမြိန်နေမှာပါပဲ။

ဖြေ။ ။ မဟုတ်ဘူး။ ကျွန်တော်မျက်စိလည်သွားတာ။ ညပိုင်း ဆရာတော်ကို တရားလျှောက်တော့ ဝေဒနာဟာ တကယ်မကုန်သေးဘူးတဲ့။ ပါးသွားတာတော့မှန်တယ်။ ဒါပေမယ့် နောက်ထပ်နှစ်ကျော့လောက်တော့ အနည်းဆုံးပြန်လာဦးမှာတဲ့။ ဆရာတော်က မိန့်ကြားပါတယ်။ ကျွန်တော်လည်း ငါတရားဖြုတ်တာစောသွားပြီ၊ ငါညံ့သွားပြီဆိုပြီး မချင့်မရဲဖြစ်ရပါတယ်။ ဒါနဲ့ နောက်နေ့ဆက်အားထုတ်တော့ အရင်နေ့ကထက် အချိန်ပိုကြာသွားတယ်။ ပြီးပြီထင်လိုက်၊ မူလကမ္မဋ္ဌာန်းကိုပြန်သွားလိုက်၊ ဝေဒနာကထပ်ကျော့လာလိုက်နဲ့ သုံးကြိမ်လောက် သံသရာလည်နေပါတယ်။အားထုတ်ချိန် (၇)နာရီလောက်ကြာတော့မှ ဝေဒနာက တကယ်ကုန်သွားတယ်။ ဘယ်လိုစောင့်ကြည့်ကြည့်ပေါ်မလာတော့ဘူး။

မေး။ ။ ဘယ်လောက်ပေါ့သွား၊ အေးသွား၊ ချမ်းသာသွားမလဲဆိုတာ ကျွန်တော် ခန့်မှန်းမိပါတယ်။ မူလကမ္မဋ္ဌာန်းက ဖြောင့်ဖြူးသွားတာပေါ့။ နောက်ရက်တွေမှာကော အခြေအနေက ဘယ်လိုလဲ ကိုမျိုးအောင်။

ဖြေ။ ။ ထုံးစံအတိုင်းပြန်လာတာပါပဲ။ စထိုင်ပြီး (၁၅) မိနစ်လောက်ကြာရင် သူရောက်လာတာပါပဲ။ ဒါပေမယ့် ပထမတစ်ပွဲ သူ့ကိုနိုင်ပြီးပြီဆိုတော့ ကျွန်တော်မကြောက်တော့ပါဘူး။ ရဲရဲရင်ဆိုင်သွားနိုင်ပါပြီ။ ဒီနောက်တော့ သူနဲ့တိုက်ရင်း သူနဲ့ရင်းနှီးသလိုတောင် ဖြစ်လာပါတယ်။ ရင်းနှီးလာတော့ သူ့အကြောင်းကို ပိုသိရတာပေါ့။ သူ့လှည့်ကွက်တွေ၊ သူ့ပရိယာယ်တွေကို ပိုသိရတာပေါ့။ အဲသလို ကျွန်တော်ဟာ သူ့အကြောင်း ပိုသိလာလေ၊ သူကလည်း ကျွန်တော့်ကို ကြာကြာမျက်နှာမပြဝံ့လေ ဖြစ်လာတော့တာပါပဲ။ တဖြည်းဖြည်းနဲ့ ဝေဒနာကမြန်လာပါတယ်။ တစ်နေရာရာမှာ ကြာကြာခံနေတတ်တာမျိုးမရှိတော့ဘူး။ ခဏတစ်ဖြုတ်နေပြီးတာနဲ့ ပျောက်သွားတော့တယ်။ နောက်တော့ စစ်ခနဲဖြစ်သွားလို့ ဖြစ်တဲ့နေရာကို လှမ်းကြည့်လိုက်တာနဲ့ နာတာနဲ့ သိတာဟာ တစ်ချိန်တည်းပျက်သွား၊ ချုပ်သွားတာကိုသိလာရပါတယ်။ သူက ငါပဲဟေ့ဆိုပြီး ဖျတ်ခနဲပေါ်လာ၊ ကျွန်တော်က လှမ်းကြည့်၊ သူက စွပ်ခနဲပြန်ငုပ်သွားနဲ့ပေါ့။

မေး။ ။ သိပ်ကောင်းတာပဲ။ ဝေဒနာကို လုံးလုံးနိုင်သွားတဲ့အထိ ကိုမျိုးအောင် ဘယ်နှရက်လောက် အားထုတ်လိုက်ရလဲ။ ဘယ်နှကြိမ်လောက်ကျော်လိုက်ရလဲ။

ဖြေ။ ။ တစ်ပတ်လောက်ဆိုပါတော့။ (၇) ကြိမ်၊ (၈) ကြိမ်လောက် ဝေဒနာကျော်ခဲ့ရပါတယ်။ ဝေဒနာနဲ့ နောက်ဆုံးနေ့ကိုတော့ ကျွန်တော် ခုထိ သတိရနေသေးတယ်။ အဲဒီနေ့က တရားစထိုင်လိုက်တာနဲ့ အရင်လိုပဲ သူရောက်လာပါတယ်။ ကျွန်တော်ကလည်း သူ့ကို လက်ခံပြီး ကြိုဆိုပါတယ်။ ဒီလိုနဲ့ နာရီဝက်လောက်ကြာတယ်ဆိုရင်ပဲ ခန္ဓာကိုယ်အောက်ပိုင်းမှာ စုဝေးနေတဲ့ ဝေဒနာတွေဟာ ဖြုန်းဆို ထမင်းကြမ်းခဲကို လက်နဲ့ခြေမွလိုက်သလိုမျိုး ရုတ်တရက်ကြီးကြေမွသွားတယ်။ ဖျိုးဖျိုးဖြန်းဖြန်းနဲ့လည်း ဝေါခနဲထိုးဆင်းသွားတယ်။ ဘာမှမကျန်အောင်ကိုဆင်းသွားတာ၊ ပျောက်သွားတာ မြန်လွန်းလို့ ကျွန်တော်လည်း အံ့ဩနေမိတယ်။ အဲဒါနောက်ဆုံးနေ့ပဲ။ အဲဒီနောက်ပိုင်း သူလုံးဝမလာတော့ဘူး။ နည်းနည်းမှလာမနှောင့်ယှက်တော့ဘူး။

မေး။ ။ သူမရှိတော့ဘူးဆိုတော့ အားလုံးဖြောင့်တန်းသွားပြီပေါ့။ ဒါဟာ နီဝရဏကင်းစင်သွားတဲ့သဘောပဲ။ ဗိုလ် (၅) ပါးက အောင်နိုင်သွားတဲ့သဘောပဲ။ နောက်ဆက်ဖြစ်ပုံလေး။

ဖြေ။ ။ မူလကမ္မဋ္ဌာန်းက ဘေးကင်းရန်ကင်းနဲ့ လုံလုံခြုံခြုံဖြစ်သွားပါတယ်။ အဖောင်း၊ အပိန်မှတ်ရတာ ပိုသွက်လာပါတယ်။ အဖောင်း၊ အပိန်ကလွဲပြီး စိတ်ကဘယ်မှမသွားတော့ဘူး။ စိတ်ကပိုပြီး ရွှင်လာ၊ လန်းလာ၊ ပျော်လာပါတယ်။ နာရီအများကြီးကိုလည်း သက်သက်သာသာပဲထိုင်နိုင်လာပါတယ်။

အဲဒီနောက်တော့ ကျွန်တော် နိမိတ်တွေကို စပြီးမြင်ရတယ်။ မှုန်နေ



www.burmeseclassic.com

www.burmeseclassic.com

တဲ့အဖောင်း၊ အပိန်ဟာ အဝိုင်းကြီးလှည့်ပြေးနေသလို၊ ဝင်လိုက်ထွက်လိုက်နဲ့ အချောင်းလိုက်ကြီးလွန်းဆွဲနေသလို စသဖြင့် အမျိုးမျိုးမြင်ရတယ်။ စိတ်က သိပ်ချမ်းသာတယ်။ လူဟာ ပေါ့ပါးပြီး ကောင်းကင်ထဲရောက်နေသလိုဖြစ်နေတယ်။ နိမိတ်တွေကို ကြိုက်သလိုကစားလို့ရတယ်။ ခေါင်းပေါ်မှာတင်ထားလို့ရသလို ခြေထောက်နဲ့နင်းထားလို့လည်းရတယ်။ စကြဝဠာတံတိုင်းအထိပစ်လွှတ်ကြည့်တော့ နိမိတ်ဟာ အစင်းကြီးထင်ပြီး ပြေးလွှားသွားတယ်။ မှန်ကိုစိန်သွားနဲ့ခြစ်လိုက်သလို ထင်းခနဲထင်းခနဲ ဖြစ်ဖြစ်သွားတယ်။ ဒါတင်မက ကိုယ့်ဦးခေါင်းကို နိမိတ်နဲ့ဖြတ်တောက်ကြည့်တယ်။ ဖြတ်လို့ရတယ်။ ဝမ်းဗိုက်ကိုလည်း ထိုးဖောက်ကြည့်တယ်။ ဖောက်လို့ရတယ်။ သိပ်ကိုချမ်းသာတာပါပဲ။ ဘာအရသာနဲ့မှကိုမတူဘူး။ တရားထိုင်ရတာလည်း တင်းတိမ်တယ်လို့ကိုမရှိဘူး။ ထမင်းစားရတာလည်း အရသာမရှိဘူး။ အနီးအနားက အဖော်အလော့တွေနဲ့ စကားစမြည်ပြောဆိုရတာလည်း စိတ်မပါဘူး။ စိတ်ကဟိုကိုပဲရောက်နေတယ်။ တရားအရသာကိုပဲ ခံစားချင်နေတယ်။

အဲဒီလို နိမိတ်တွေနဲ့ပျော်နေတာဟာ သုံး၊ လေးရက်လောက်ကြာသွားပါတယ်။ ဒီနောက်မှာတော့ အခြေအနေက တစ်မျိုးပြောင်းလာတယ်။ နိမိတ်တွေဟာ ပျောက်သွားတယ်။ နိမိတ်တွေတင်မကဘဲ အဖောင်း၊ အပိန်တွေပါ ပျောက်ချင်သလိုဖြစ်လာတယ်။ မှတ်ရတာ သိပ်ပြီးနူးညံ့လာတယ်။ ဝါဂွမ်းကလေးနဲ့ တို့ထိနေသလောက်ပဲ သိသာပြီး တစ်ခါတစ်ခါ ပျောက်လို့တောင်နေတတ်တယ်။ အဲလိုအဖောင်း၊ အပိန်ကိုရှာမတွေ့တဲ့အခါ ရိုးရိုးပဲ 'သိတယ် သိတယ်' လို့သာ မှတ်နေရတော့တယ်။

အဲသလို ကမ္မဋ္ဌာန်းက နူးညံ့ပြီး ပျောက်သလိုလိုဖြစ်နေတာ သိပ်တော့ မကြာဘူး။ မကြာခင်ပြန်ပေါ်လာတယ်။ ပြန်ထင်ရှားလာတယ်။ ဒါပေမယ့် အဲလိုပြန်ပေါ်လာတဲ့အချိန်မှာပဲ သိသာတဲ့ အပြောင်းအလဲတစ်ခုကို ဒက်ထိကြုံရတယ်။ ဘယ်လိုလဲဆိုတော့ အရင်က အရှည်လိုက်၊ အကွင်းလိုက်ဖြစ်နေတယ်တဲ့ အဖောင်း၊ အပိန်ဟာ ခုတစ်ခါမှာ အပြတ်အပြတ်တွေနဲ့ဖြစ်လာတယ်။ ရှေ့ကပျောက်သွားလိုက်၊ နောက်ကပေါ်လာလိုက်နဲ့ တစ်ခုပြီးမှတစ်ခုပေါ်လာသလိုမျိုးဖြစ်လာတယ်။ စောင့်ကြည့်လို့လည်း သိပ်ကောင်းတာပဲ။ တစ်ခါတစ်ခါမှာ သင်္ဘောရိုးထဲကနေ ဆပ်ပြာပူဖောင်းလေးတွေ စီခနဲစီခနဲထွက်လာတဲ့အလားထင်မှတ်ရတယ်။ နောက်တော့ ဒီလိုဖြစ်လာတာတွေဟာ ပိုမြန်လာတယ်။ တဖွဲ့ဖွဲ့တသဲသဲနဲ့ဖြစ်စပြုလာပါတယ်။ ကြည့်ရင်းကြည့်ရင်းကနေ ကိုယ်ကဘေးရောက်နေသလိုမျိုးဖြစ်လာတယ်။ သူ့အလိုအလျောက် လည်ပတ်နေတဲ့ အင်ဂျင်စက်တစ်လုံးကို ကိုယ်ကထိုင်ကြည့်နေရသလိုမျိုးဖြစ်လာတယ်။

မေး။ ။ ကောင်းလှပြီပေါ့ဗျာ။ သက္ကာယကင်းစင်လာတဲ့သဘော၊ ဘာဝနာနယ်ထဲကို ရောက်လာတဲ့သဘော၊ ရုပ်နာမ်ကိုစတွေ့ပြီဆိုတဲ့သဘော၊ လက္ခဏာရေးသုံးပါးကို စပြီးဆင်ခြင်မိပြီဆိုတဲ့သဘောတွေပေါ့ဗျာ။ အဲဒီနောက်. . . ။

ဖြေ။ ။ မြင်တွေ့နေရတာတွေက မြန်ဆန်လွန်းတာမို့ ဒီအတိုင်းပဲထိုင်ကြည့်နေရတော့တယ်။ တစ်ခါတစ်ခါမှာတော့ တစ်နေရာကတစ်နေရာပြောင်းရွှေ့ပြီးကြည့်ရှုမိတယ်။ ဘယ်နေရာကိုပဲကြည့်ကြည့် အဲဒါတွေကိုပဲမြင်နေရတယ်။ စမ်းချောင်းတစ်ခုဟာ အရှိန်၊ အဟုန်ပြင်းပြင်းနဲ့ စီးဆင်းနေသလိုမျိုး အဲဒါတွေတဖွဲ့ဖွဲ့တသဲသဲဖြစ်နေတာကိုပဲ တွေ့ရတယ်။ ကျွန်တော့်ခန္ဓာကိုယ်ရဲ့ ခြေ၊ လက်၊ ခေါင်း၊ ခါး စတာတွေကို ဘာဆိုဘာမှရှာမတွေ့တော့ဘူး။ ကိုယ့်ကိုယ်ကိုယ်ပြန်မမြင်ရတော့လို့ ဆွေမျိုးသားချင်းတစ်ယောက်ယောက်ရဲ့ရုပ်သွင်ကို မှန်းကြည့်တယ်။ ဖမ်းကြည့်တယ်။ ဘာမှမရဘူး။ အမှုန်အမွှားအစက်အပြောက်တွေပဲဖြစ်နေတယ်။ ဆက်ပြီးမှတ်နေရာက လုံးလုံးကိုယ်ပျောက်သွားတယ်။ ဒီအရင်က အမှုန်အမွှားတွေကိုသာတွေ့နေရတယ်ဆိုပေမယ့် မိမိခန္ဓာကိုယ်ရှိနေမှန်း မှန်းကြည့်လို့ရသေးတယ်။ ကိုယ်ပျောက်သွားတဲ့အခါကျတော့ လုံးလုံးကို မှန်းလို့မရတော့ဘူး။ စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် အခွံကြီးသက်သက်ဖြစ်နေသလိုလို၊ ဟာလာဟင်းလင်းကြီးဖြစ်နေသလိုလို ခံစားရတယ်။ တော်တော်အံ့ဩစရာကောင်းတယ်။

မေး။ ။ ဘာဝနာဉာဏ်ရင့်လာတဲ့သဘောပေါ့။ ဘင်္ဂဉာဏ်လောက်ရောက်ရင် ကိုယ်ပျောက်နေတတ်တယ်လို့ ကျွန်တော်မှတ်သားခဲ့ရဖူးတယ်။ အထက်ဉာဏ်တွေကရော တစ်ခုစီတစ်ခုစီ သိသိသာသာထင်ရှားသလား ကိုမျိုးအောင်။

ဖြေ။ ။ နောင်တစ်ချိန် စာပေတွေကို ပြန်လေ့လာတဲ့အခါမှာ ဉာဏ်စဉ်အားလုံးရဲ့သဘောသဘာဝကို ကျွန်တော်သိရှိခဲ့ရပါတယ်။ ကျွန်တော်အားထုတ်နေတုန်းကတော့ ဒါဘာဉာဏ်၊ ဒါဘာဉာဏ်ဆိုပြီး တစ်ခုချင်းသိရှိနေမိတာမျိုးမရှိဘူး။ ကျွန်တော်မှတ်မိသလောက်တော့ အားလုံးလေးမျိုးလောက်ကိုသာ ထင်ထင်ရှားရှားမှတ်မိပါတယ်။ စောစောကပြောခဲ့တဲ့အတိုင်း အင်ဂျင်တစ်လုံးလည်ပတ်နေတာကိုထိုင်ကြည့်နေရသလိုဖြစ်ပေါ်လာတဲ့ဉာဏ်၊ ကိုယ်ပျောက်နေတာကို တအံ့တဩသိရှိနေရတဲ့ဉာဏ်၊ အဲဒီနောက် တရားအားထုတ်ရမှာကို တွအားငြီးငွေ့ပြီး တအားပျင်းလာမိတဲ့ဉာဏ်၊ အဲဒီနောက် ဘာကိုမှအမှတ်မထားတော့ဘဲ ပစ်ပစ်ခါခါပြုပြီးတော့ ငြိမ်သက်ချမ်းသာနေတဲ့ဉာဏ် အဲဒီ(၄)ခုကိုပဲ ကျွန်တော်ထိထိမိမိရှိပါတယ်။

မေး။ ။ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ နိဗ္ဗိန္ဒနဲ့ သင်္ခါရုပေက္ခာဉာဏ်တွေလို့ ဆိုရမှာပေါ့။ ဉာဏ်စဉ်တွေမှာ ဗိုလ်ချုပ်လိုဖြစ်နေတဲ့ သင်္ခါရုပေက္ခာဉာဏ်အထူးကို နည်းနည်းလောက်ပြောပြပေးပါဦး။

ဖြေ။ ။ သိပ်ချမ်းသာပါတယ်။ လေးလေးပင်ပင်ကို ချမ်းသာပါတယ်။ ပထမတုန်းက ရုပ်နာမ်တွေကို ကိုယ်က ဉာဏ်မျက်စိနဲ့လိုက်ပြီးကြည့်ခဲ့ရတယ်။ ဒီဉာဏ်ကိုရောက်တော့ ရုပ်နာမ်တွေက ကိုယ့်ကိုပြန်ပြီးခစားလာရပါတယ်။ မိမိရဲ့ဉာဏ်က ငြိမ်သက်ပြီးတော့နေတယ်။ ရုပ်နာမ်တွေကသာ ကျွန်တော်ပါခင်ဗျ၊ ကျွန်တော်ပါခင်ဗျဆိုပြီး လာသတင်းပို့နေသလိုလို၊ လာမိတ်ဆက်နေသလိုလိုဖြစ်နေပါတယ်။ ပိုးဖလံမျိုးမီးကိုတိုးဆိုတဲ့စကားပုံလို မီးတောက်နဲ့တူတဲ့ဉာဏ်က ငြိမ်နေပြီး ဖလံလေးတွေနဲ့တူတဲ့ ရုပ်နာမ်တွေကသာ ဖျတ်ခနဲ၊ ဖျတ်ခနဲ လာလာတိုးနေသလိုမျိုး အဲဒီအချိန်မှာခံစားရတယ်။

ဒါပေမယ့် သူက ဘယ်လောက်အရောဝင်ဝင် ကိုယ်ကလုံးဝဂရုမစိုက်တော့ဘူး။ ကိုယ်ဂရုမစိုက်တဲ့အတွက်လည်း သူကပေါ်မလာတော့ဘူး။ ပြောရရင် အောက်ကိုမကြည့်တော့ဘူး။ အထက်ကိုပဲမျှော်နေတော့တယ်။ ဉာဏ်က ပိုပြီးထက်မြက်လာတယ်။ သမာဓိက ပိုပြီးလေးလေးပင်ပင်ဖြစ်လာတယ်။ စိတ်က တစ်နေရာရာကိုညွှတ်နေပြီ၊ မျှော်ကြည့်နေပြီ။ အဲဒီနေရာကို ဘာရယ်လို့ မပြောနိုင်ပေမယ့် ဒီနေရာကိုပဲ မကြာခင် ပြေးဝင်သွားတော့မယ်၊ ခုန်ကူးသွား



www.burmeseclassic.com

www.burmeseclassic.com

တော့မယ်ဆိုတာကို အလိုလိုသိနေမိတယ်။

ဒါပေမယ့် ထင်သလိုဖြစ်မလာပါဘူး။ အဲလိုအထွတ်အထိပ်ရောက်နေရာက အားကောင်းနေရာက အောက်ကိုပြန်ပြီးလျှော့ကျလာပါတယ်။ သမာဓိက ဆုတ်ယုတ်ပြီး ခပ်ပေါ့ပေါ့ ခပ်ကျဲကျဲပြန်ဖြစ်လာပါတယ်။ မျှော်လင့်သလို ပေါက်မြောက်တဲ့အတွက် အားမလိုအားမရဖြစ်ရပါတယ်။ တစ်ခါ သူက ခပ်ကျဲကျဲဖြစ်သွားချိန် ဟိုကရုပ်နာမ်တွေ အလည်း တဆက်ဆက်နဲ့ခုန်ပေါက်ပြီး ရောက်လာကြပြန်ပါတယ်။ သူတို့ကိုပဲ ပြန်မှတ်ပြီးပြန်သတ်ရတယ်။ အားမလျှော့ဘဲ နောက်တစ်ချီပြန်ကြိုးစားရပါတယ်။ ကြိုးစားတဲ့အတွက်လည်း မကြာခင်မှာပဲ သမာဓိဟာအထွတ်အထိပ်ကိုပြန်ရောက်သွားပြန်ပါတယ်။ အဲသလို တက်လိုက်၊ ကျလိုက်၊ လေးလိုက်၊ ပေါ့လိုက်ဖြစ်နေတာဟာ အကြိမ်ကြိမ်အခါခါပါပဲ။ နောက်တစ်ချိန်ကျမှ ဒါဟာ သဘောတစ်စီးစီးပေါင်မပြည့်သေးလို့ ကမ်းကမခွာနိုင်သေးတာနဲ့ ပမာအားဖြင့်တူညီကြောင်း စာပေတွေထဲမှာပြန်တွေ့ရပါတယ်။

အဲ - ကျွန်တော်က ဒီလိုအကြိတ်အနယ် ဆင်နွှဲနေတုန်းမှာပဲ၊ ပွဲကောင်းနေတုန်းမှာပဲ အဖျက်က အလိုလိုဝင်ရောက်လာပါတယ်။ ကျွန်တော့်ဇနီးသည်က ကျွန်တော့်ကို အတင်းလာခေါ်ထူသွားတာမို့ ကျွန်တော်ရိပ်သာကနေထွက်လိုက်ရပါတယ်။

မေး။ ။ ဟောဗျာ၊ ဖြစ်မှဖြစ်ရလေ။ ဘယ်လိုအကြောင်းများကြောင့်လဲ။

ဖြေ။ ။ ကျွန်တော် တရားစခန်းဝင်တော့မယ့်အကြောင်း ကျွန်တော့်မိန်းမကို အကြောင်းကြားထားတာရှိပါတယ်။ မိန်းမက လိပ်စာအတိုင်း ကျွန်တော့်နောက်လိုက်လာတာပါ။ ကျွန်တော့်သားငယ် ရန်ပွဲမှာဓားထိုးခံရလို့ မန္တလေးဆေးရုံကြီးမှာတင်ထားရတဲ့အကြောင်းပြောပြီး မိန်းမက ကျွန်တော့်ကိုခေါ်ပါတယ်။ မတတ်သာတဲ့ကိစ္စမို့လို့ တို့လို့တန်းလန်းနဲ့ပဲ ရိပ်သာကနေထွက်ခဲ့ရပါတယ်။ ဟိုရောက်တော့ သားကသေနိုင်လောက်တဲ့အခြေအနေမျိုးတော့မရှိတော့ဘူး။ ဒါပေမယ့် ကျွန်တော်သားအတွက် ပူပန်သောကဖြစ်ရတဲ့အပြင် မိန်းမကိုလည်း သားသမီးတွေမထိန်းသိမ်းရကောင်းလားဆိုပြီးဒေါသဖြစ်မိပါတယ်။

တကယ်တော့ ကျွန်တော်တော်တော်လိုက်ကောင်းသွားတာပါ။ အဲဒါတွေဟာ ကျွန်တော့်ရဲ့အောင်ပန်းကို ချေဖျက်ဖို့ ဝင်လာတဲ့ နီဝရဏတွေပါ။ မာန်နတ်တွေပါ။ အလုံးအရင်းနဲ့ကို ဝင်ဆောင့်လာတာပါ။ ကြီးမားတဲ့အပူလှိုင်းကြောင့် ခေတ္တခဏတော့ ကျွန်တော် 'လွတ်' သွားခဲ့ပါတယ်။ ဒါပေမယ့် သတိကိုပြန်ထိန်းပါတယ်။ ပန်းတိုင်မပျောက်အောင်ပြန်ကြည့်ပါတယ်။ တန်းလန်းဖြစ်နေတဲ့အလုပ်ကို လုပ်ဖြစ်အောင်ပြန်လုပ်ပါတယ်။ ဆေးရုံပေါ်က သားကို မိန်းမနဲ့လွှဲထားပြီး ကျောက်တော်ကြီးဘုရားထဲမှာ ကျွန်တော်ဆက်ပြီးအားထုတ်ပါတယ်။ မြင်းမြင်းထန်ထန်ပြန်အားထုတ်လိုက်တာနဲ့ ပျက်မလိုလိုဖြစ်သွားတဲ့သမာဓိကို မကြာခင်မှာပဲ ပြန်ရလာပါတယ်။ အဲသလိုအားထုတ်ရင်း (၅) ရက်မြောက်တဲ့နေ့မှာပဲ ဘုရားရဲ့တောင်ဘက်တန်ဆောင်းထဲက ခုံတန်းပေါ်မှာ လဲလျောင်းလျက်သား ပထမအကြိမ်အတွေ့အကြုံထူးကို မျက်မှောက်ပြုခဲ့ရတာ ဖြစ်ပါတယ်။

မေး။ ။ သာဓုပါဗျာ၊ သာဓုပါ။ အစကအဆုံးအားလုံးပြည့်စုံသွားပါပြီ။ ဒီတော့ ကိုမျိုးအောင်က တတိယမင်္ဂကို မရနိုင်တော့ဘူးလို့ဆိုတယ်။ တစ်ခါ လောကထဲမှာ မပျော်ဘူးလို့လည်းပြောခဲ့ပါတယ်။ လက်ကျန်အချိန်ကို ကိုမျိုးအောင် ဘယ်လိုဖြတ်သန်းမလဲ။ အရိယာပုဂ္ဂိုလ်များဟာ ရှာန်ချမ်းသာ၊ ဖလသမာပတ်ချမ်းသာကို ခံစားရင်း ခန္ဓာဝန်အပူလျှော့ကြတယ်။ အပန်းဖြေကြတယ်လို့ ဆိုပါတယ်။ ကိုမျိုးအောင်ကော ဒီအတိုင်းပဲဖြတ်သန်းမလား။

ဖြေ။ ။ ဖိုလ်ချမ်းသာဟာ တော်တော်ကောင်းပါတယ်။ ဒါပေမယ့် တစ်နေကုန် ဒါကိုဝင်စားနေဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဆိုခဲ့တဲ့အတိုင်း ခန္ဓာဝန်ကလေးလွန်းပါတယ်။ အသက်ကြီးလေ ပိုလေးလာလေပါပဲ။ အချိန်အကြာကြီးထိုင်ပြီး ဝင်စားနိုင်ဖို့ဆိုတာ ကြာလေခက်လေဆိုသလို ဖြစ်လာပါတယ်။ ပြီးတော့ အောက်မဂ်အောက်ဖိုလ်သမားတွေရရှိတဲ့ မဂ်သမာဓိဖိုလ်သမာဓိဆိုတာ တော်တော်အားနည်းပါတယ်။ နာရီပေါင်းများစွာ ငြိမ်သက်နေဖို့၊ ခိုင်ခံ့နေဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒီတော့ လောကီအပူဒဏ်ကို ဖလသမာပတ်နဲ့ ဖြေဖျောက်တဲ့အခါ ဖြေဖျောက်၊ ဝိပဿနာသမာဓိနဲ့ အန်တုတဲ့အခါ အန်တုပြီး ကျန်တဲ့အချိန်တွေကိုတော့ ကံစီမံတဲ့အတိုင်းပဲ ဝပ်စင်းခံဖို့သာရှိပါတယ်။ ဒီနည်းလမ်းပဲရှိပါတယ်။

မေး။ ။ ဟုတ်ကဲ့ - သဘာဝကျပါတယ်။ ဒါထက် ကိုယ့်ကိုယ်ကိုယ်တရားထူးရလို့ရမှန်းမသိတဲ့ပုဂ္ဂိုလ်မျိုး ရှိနိုင်သလား။ တရားထူးရတဲ့သူတွေထဲမှာလည်း ဖလသမာပတ်မဝင်စားနိုင်တဲ့ပုဂ္ဂိုလ်မျိုးရှိသလားခင်ဗျ။

ဖြေ။ ။ တရားထူးရလိုက်တာနဲ့ ပစ္စဝေက္ခဏာတစ်ခုခုကိုတော့ ဆင်ခြင်မြဲဖြစ်တယ်လို့ ကျမ်းတွေမှာဆိုထားတာတွေ့ရပါတယ်။ ကျွန်တော့်အတွေ့အကြုံနဲ့ နှိုင်းယှဉ်စဉ်းစားလိုက်တော့ ဒါဟာဖြစ်နိုင်တယ်လို့မှတ်ယူပါတယ်။ တရားထူးရလိုက်မှန်း တစ်နည်းနည်းနဲ့တော့ သိကိုသိသွားနိုင်ပါတယ်။ ဖိုလ်ဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တွေရဲ့ ကိုယ်ပိုင်ပစ္စည်းလို့ဆိုထားပါတယ်။ ဒါကို မိမိအလိုရှိတဲ့အခါ အချိန်မရွေးပြန်ပြီးသုံးဆောင်နိုင်၊ မှီဝဲနိုင်တယ်လို့ဆိုပါတယ်။

မေး။ ။ ဖလသမာပတ်ဟာ ဝင်စားချင်တိုင်း ဝင်စားလို့ရသလား။ ဝင်စားနေတုန်းမှာလည်း ဘာမှမသိတော့ဘူးဆိုတာမှန်ပါသလား။ ဥပမာ ခြင်ကိုက်ဖြတ်ကိုက်တာကအစ မိုးကြိုးပစ်တဲ့အဆုံး ဘာဆိုဘာမှမသိတော့ဘူးဆိုတာ မှန်ပါသလား။

ဖြေ။ ။ ဖလသမာပတ်ဟာဝင်စားချင်တိုင်း ဝင်စားလို့မရပါဘူး။ အလေ့အကျင့်များဖို့ဟာ အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ အလေ့အကျင့်များရမယ့်အပြင် ဝင်စားမယ့်အချိန်မှာ ကိုယ်စိတ်နှစ်ပါးစလုံး ငြိမ်းအေးချမ်းသာမှုရှိနေဖို့လည်း လိုအပ်ပါတယ်။ ဒါဆိုရင် အချိန်မရွေး ဝင်စားနိုင်ဖို့ အလားအလာရှိပါတယ်။ ဝင်စားခြင်းကို မပြုလုပ်တာကြာပြီ၊ ပစ်ချထားတာကြာပြီဆိုရင် မိမိနဲ့ကင်းကွာသွားတဲ့ဖိုလ်ဉာဏ်ကို အလွယ်တကူပြန်ခေါ်နိုင်ဖို့မလွယ်ဘူး။ တော်တော်ကြီးကို ပြန်ပြီးအားထုတ်ရတတ်ပါတယ်။ ကိုယ်စိတ်နှစ်ပါးမှာ ပလိဗောဓတွေ၊ ပူပင်သောကတွေသိပ်များနေတဲ့အချိန်မျိုးမှာလည်း ဘယ်လိုမှဝင်စားနိုင်မှာမဟုတ်ပါဘူး။

ဝင်စားနေချိန် ဘာမှမသိတော့ဘူးဆိုတဲ့ကိစ္စကတော့ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ဘုရားလက်ထက်က ရဟန္တာများရဲ့သမာဓိဟာ အလွန်ကြီးကျယ်ပါတယ်။ အလွန်ခိုင်ခံ့ပါတယ်။ မိုးကြိုးပစ်လိုက်တာတောင် မသိလိုက်တာ၊ မိမိအပါးက လှည်းပေါင်း (၅၀၀) ဖြတ်မောင်းသွားတာကိုတောင် မသိလိုက်တာမျိုး

www.burmeseclassic.com

ဟာ အဲလို ရဟန္တာကြီးတွေအတွက် ဖြစ်နိုင်ပါတယ်။

ဒီဘက်ခေတ်အောက်မင်အောက် ဖိုလ်ရသာဝကတွေအတွက်ကတော့ လုံးဝမဖြစ်နိုင်ပါဘူး။ ကျွန်တော့်အတွေ့အကြုံအရ ဖလသမာပတ်ဝင်စားခြင်းကို အသံဗလံတွေကလည်း အနှောင့်အယှက်ပေးသလို ခြင်တို့ ဖြုတ်တို့ကလည်း အနှောင့်အယှက်ပေးပါတယ်။ ဒါကြောင့် အတော်အတန် ငြိမ်သက်တိတ်ဆိတ်တဲ့နေရာမျိုးမှာ တရားထိုင်ခြင်ထောင်လို အကာအကွယ်မျိုးကိုယူပြီး ဝင်စားမယ်ဆိုရင် အကောင်းဆုံးပဲထင်ပါတယ်။

ဝင်စားနေချိန်မှာ ဘာမှမသိတော့ဘူးဆိုတဲ့ဝေါဟာရကတော့ တော်တော်မအပ်စပ်တဲ့ဝေါဟာရပဲ ဖြစ်ပါတယ်။ ဘာမှမသိတာဟာ မောဟပဲဖြစ်ပါတယ်။ မောဟဟာ နိဗ္ဗာန်နဲ့ ပြဒါးတစ်လမ်းသံတစ်လမ်းပါ။ ရဟန္တာကြီးတွေကိုယ်တိုင် မိုးကြိုးပစ်တာကိုသာ မသိရင်မသိမယ်၊ မိမိမျက်မှောက်ပြုနေတဲ့ ဖလသမာပတ်ချမ်းသာကိုတော့ သိရှိခံစားနေရတာပဲ ဖြစ်ပါတယ်။ ဒီဘက်ခေတ် သာဝကတွေမှာတော့ ပုဂ္ဂိုလ်အလိုက် ကွဲပြားတာမျိုး ရှိနိုင်ပါတယ်။ တစ်ဦးနဲ့တစ်ဦး သမာဓိအဆင့်အတန်းချင်း မတူညီနိုင်ပါဘူး။ သမာဓိပိုကောင်းပြီး ဝသီဘော်ပိုနိုင်နင်းတဲ့ပုဂ္ဂိုလ်ဟာ ပိုပြီးအနှောင့်အယှက်ကင်းပါလိမ့်မယ်။

မေး။ ။ ဓာတ်ကဲ့-ရှင်းသွားပါပြီ။ နိဗ္ဗာန်ချမ်းသာဟာ အတုမရှိဘူးဆိုတာ လက်ခံပြီးသားပေါ့ခင်ဗျာ။ ဆက်လက်ပြီး ကိုမျိုးအောင်ရဲ့ ကိုယ်တွေ့တရားအရသာခံစားရပုံတွေကို တစ်ဆင့်နားကြားရခြင်းဖြင့် ကုသိုလ်ယူပါရစေဦး။

ဖြေ။ ။ စောစောကပြောခဲ့တဲ့အတိုင်း ဝသီဘော်နိုင်နင်းအောင် များများဝင်စားဖို့လိုပါတယ်။ မိမိဝင်စားမယ့်နေရာကလည်း ကြန်အင်လက္ခဏာနဲ့ ပြည့်စုံမယ်ဆိုရင် ချမ်းသာသုခကို ပိုပြီးရရှိနိုင်ပါတယ်။

စပြီးဝင်စားတော့မယ်ဆိုတာနဲ့ မိမိဝင်စားလိုတဲ့အချိန်ကို ကြိုတင်အဓိဋ္ဌာန်ပြုရပါတယ်။ အထူးမလိုပါဘူး။ ဥပမာ ကျွန်တော်သည် (၁၅) မိနစ်ခန့် ဖလသမာပတ်ဝင်စားပါမည်ဆိုပြီး စိတ်ထဲက အဓိဋ္ဌာန်ပြုလိုက်ရုံပါပဲ။ အဲသလိုအဓိဋ္ဌာန်ပြုလိုက်တာနဲ့ သူ့သဘောသူဆောင်၊ သူ့အလုပ်သူလုပ်သွားပါလိမ့်မယ်။ ဖျိုးဖျိုးဖျပ်ဖျပ်နဲ့ ရုပ်နာမ်တွေကို စမြင်ရတဲ့ဉာဏ်ကနေ ဖိုလ်ကိုရောက်သွားတဲ့အထိ အလိုအလျောက် ဖြစ်ပေါ်သွားပါလိမ့်မယ်။ အစီအစဉ်အရသာ ပြောရတာပါ။ တကယ်တော့ ဖိုလ်ကိုရောက်သွားဖို့ ဘာမှမကြာပါဘူး။ မကြာရုံမက သိပ်ကိုမြန်တဲ့အခါမျိုးတောင်ရှိပါတယ်။ အဲဒီအခါမျိုးမှာ အဓိဋ္ဌာန်လိုက်တာနဲ့ တစ်ပြိုင်နက် (၅) စက္ကန့်လောက်နဲ့တင် ဖိုလ်ကိုတန်းပြီးရောက်သွားတတ်ပါတယ်။ မဂ်ဖိုလ်ကိုရပြီးခါစပုဂ္ဂိုလ်ဟာ သိပ်ပြီးထက်သန်ပါတယ်။ သိပ်ပြီးအားကောင်းပါတယ်။ နောက်ပိုင်းရောက်မှသာ တဖြည်းဖြည်းဝင်စားဖို့ခက်လာတာမျိုးနဲ့ ကြုံရတတ်ပါတယ်။ အခု ကျွန်တော်ကိုယ်တိုင် အဲသလိုမျိုးဖြစ်နေပါတယ်။ တော်တော်နဲ့ဝင်စားလို့မရပါဘူး။ ဖိုလ်ကိုရောက်ဖို့ (၁၀) မိနစ်၊ (၁၅) မိနစ်လောက်အထိ စောင့်နေရတာမျိုးတောင်ရှိလာပါတယ်။ ဖိုလ်ကိုတော်တော်နဲ့မရောက်နိုင်လို့ ကိုယ်ကစိတ်မရှည်ဘဲဖြုတ်လိုက်မိတဲ့အခါမျိုးလည်းရှိပါတယ်။ ဒါဟာ အသက်ကြီးလာလို့ သမာဓိယုတ်လျော့လာတဲ့သဘောလား၊ အလေ့အကျင့်နည်းလို့ဖြစ်ရတာလားဆိုတာ ကျွန်တော်ကိုယ်တိုင် မသဲကွဲပါဘူး။ လေ့လာရပါဦးမယ်။

ဖိုလ်ချမ်းသာရဲ့ လက္ခဏာတွေကတော့ ပထမဆုံး အဓိဋ္ဌာန်ပြီး ဖိုလ်ကိုရောက်သွားတာနဲ့ တစ်ချက်မှိုင်းခနဲဖြစ်သွားတယ်။ အိပ်ချင်ချင်ဖြစ်သွားတာမျိုးနဲ့ ဆင်တူပါတယ်။ အဲသလို ဟုန်းခနဲကျရောက်လာပြီးတဲ့နောက် ဖိုလ်စိတ်ဖိုလ်ဉာဏ်တွေကများသထက်များလာပါတယ်။ အဲဒီဖိုလ်စိတ်ဖိုလ်ဉာဏ်တွေကိုပဲ စပြီးတည်ငြိမ်အောင်၊ မြဲမြံအောင်ကြိုးစားရပါတယ်။ ရောက်ရှိလာတဲ့အငြိမ်ဓာတ်ထဲမှာ မိမိစိတ်ကိုဝပ်နေအောင်၊ ကိန်းနေအောင် လုံ့လပြုရပါတယ်။ စိတ်ကို အတတ်နိုင်ဆုံးလျှော့ထား၊ ပျော့ထားဖို့လိုပါတယ်။ အသက်ရှူနှုန်းကိုလည်း ထိန်းသိမ်းတတ်ရပါတယ်။ အသက်ရှူနှုန်းသိပ်ကြမ်းနေရင် ဖိုလ်ကို အနှောင့်အယှက်ဖြစ်စေသလို စိတ်မငြိမ်ရင်လည်း ဖိုလ်က တော်တော်နဲ့မတည်နိုင်ပါဘူး။ အသက်ရှူနှုန်းကို ထိန်းညှိရတဲ့အတွက် မကြာမကြာသက်ပြင်းချနေရတာမျိုးဖြစ်တတ်ပါတယ်။

ဖိုလ်ကိုရောက်တာနဲ့ ခန္ဓာကိုယ်ဟာ တောင့်တောင့်ခိုင်ခိုင်ဖြစ်သွားပါတယ်။ ကြာရိယာပုတ်ဟာ မြဲမြံသွားပါတယ်။ ဒီမတိုင်ခင်က ခံစားနေရတဲ့ အညောင်းအညာ၊ အကိုက်အခဲဝေဒနာတွေဟာ ဖိုလ်ဓာတ်တိုးဝင်လာတာနဲ့ ဘေးကို ဖယ်ရှားပေးလိုက်ရပါတယ်။ ဝင်စားနေတဲ့ ကာလတစ်လျှောက်လုံး ဝေဒနာမှန်သမျှ ကင်းစင်နေပါတယ်။ ခြွင်းချက်အနေနဲ့ ဖိုလ်ဓာတ်တွေထူထူထဲထဲကျရောက်လာပြီး သမာဓိကလည်း သိပ်အားကောင်းနေချိန်မျိုးမှာ သမာဓိဆွဲအား၊ တစ်နည်းအားဖြင့် ဖိုလ်ဆွဲအားကြောင့် ကိုယ်လုံးက တစ်ဖက်ကို ယိုင်သွားတာမျိုး၊ ဦးခေါင်းကငိုက်မှန်းမသိငိုက်ကျသွားတာမျိုးဖြစ်လေ့ရှိပါတယ်။ ဖိုလ်ဓာတ်တွေ တစ်ပြင်တည်းဖြစ်ပြီး ငြိမ်းသထက်ငြိမ်းသွားတာနဲ့အမျှ တခြားပြင်ပအာရုံတွေကပိုပြီးကင်းဆိတ်သွားပါတယ်။ ဖိုလ်ထဲမှာပဲ အလိုက်သင့်မျှောပြီးလိုက်ပါနေမိပါတယ်။ သိပ်ချမ်းသာပါတယ်။ ချမ်းသာလို့လည်း မကြာခဏပြန်ဝင်စားချင်ပါတယ်။

မေး။ ။ သာဓုပါ။ ဝင်စားလို့ အဓိဋ္ဌာန်စေ့တာနဲ့ ဖိုလ်ကနေ အလိုအလျောက်ပြန်ထလာသလားခင်ဗျ။

ဖြေ။ ။ မှန်ပါတယ်။ (၅) မိနစ်ဆို (၅) မိနစ်၊ (၁၀) မိနစ်ဆို (၁၀) မိနစ် အချိန်စေ့တာနဲ့ သူ့အလိုလိုပြီးဆုံးသွားပါတယ်။ ဖိုလ်ဓာတ်တွေဟာ တဖြည်းဖြည်းကျဲကျဲလာပြီး လုံးဝပြန်ထွက်သွားပါတယ်။ ဒီနောက် အစဉ်အတိုင်းပဲ ဖျတ်ဖျတ်ဖျတ်ဖျတ်နဲ့ ရုပ်နာမ်တွေပြန်ပေါ်လာတယ်။ ပညတ်ကိုယ်လုံးကြီးကိုလည်း ပြန်ပြီးမှန်းကြည့်လို့ရလာတယ်။ အစောပိုင်းကရှဲပေးထားတဲ့ ဝေဒနာအသေးအမွှားတွေကလည်း ပြန်ပြီးဝင်ရောက်လာပါတယ်။ စိတ်ဟာပြန်လွတ်သွားပြီး ပြင်ပအာရုံတွေနဲ့ပြန်ချိတ်ဆက်မိလာပါတယ်။ ဣရိယာပုတ်ကပါ ပျက်သွားပြီး မဝင်စားခင်ကပုံစံမျိုးပြန်ဖြစ်သွားပါတယ်။

မေး။ ။ ကိုမျိုးအောင် ဘယ်လောက်အထိအဓိဋ္ဌာန်ဖူးသလဲ။ ဘယ်လောက်ကြာအောင်ဝင်စားဖူးသလဲ။

ဖြေ။ ။ကျွန်တော်မှတ်မိသလောက် (၂) နာရီလောက်ကြာတဲ့အထိ ဝင်စားဖူးပါတယ်။ တကယ်တော့ တစ်ကြိမ်တည်းအကြာကြီးအဓိဋ္ဌာန်ပြီးဝင်စားတာဟာ သိပ်မကောင်းပါဘူး။ အဓိဋ္ဌာန်ပြုချိန်ရှည်ကြာလွန်းရင် စဉ်းစားဆင်ခြင်တဲ့စိတ်ကလေးတွေက မကြာမကြာဝင်ဝင်လာတတ်လာမှ သူတို့ကို နှိမ်နင်းနေရတာနဲ့ပဲ ချမ်းသာတဲ့အပိုင်းကလျော့သလိုဖြစ်သွားပါတယ်။ ဖိုလ်ဓာတ်ရဲ့ သဘောသဘာဝကိုက တစ်ကျော့ပြီးမှတစ်ကျော့ ဖြစ်ပေါ်လာတတ်တဲ့သဘောရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အကျော့တစ်ကျော့အရှိန်ကုန်သွားတာနဲ့ နောက်ထပ်အကျော့တစ်ကျော့အတွက် မြန်ပြီး ထူထောင်ပေးရတဲ့သဘောရှိပါတယ်။ အဓိဋ္ဌာန်အစကအဆုံး တစ်ခွင်တစ်ပြင်လုံး တန်းပြီးတည်ရှိနေတာမျိုး မဟုတ်ပါဘူး။ ဒါကြောင့် (၅) မိနစ်၊ (၁၀) မိနစ်စီ ပိုင်းခြားပြီး အဓိဋ္ဌာန်တာက ပိုကောင်းတယ်လို့ ထင်ပါတယ်။ (၅) မိနစ်ပြီး နောက် (၅) မိနစ်၊ (၅)မိနစ် ပေါင်းများစွာ ဆက်ကာဆက်ကာဝင်စား သွားနိုင်ပါတယ်။ အစောပိုင်းကပြောခဲ့သလို သမာဓိကောင်းရင်ကောင်းသလောက်၊ ခန္ဓာကိုယ်ကြံ့ခိုင်ရင်ကြံ့ခိုင်သလောက် ဝင်စားသွားနိုင်ပါတယ်။

မေး။ ။ ဟုတ်ကဲ့-ထပ်မေးပါရစေဦးခင်ဗျ။ တရားထူးမရခင်နဲ့ ရပြီးတဲ့နောက် ကိုမျိုးအောင်ရဲ့ အမူအကျင့်နဲ့ အတွေး လောကအမြင်၊ ဘဝအမြင်တွေ ဘယ်လိုကွာခြားသွားသလဲဆိုတာလေး ပြောပြပေးပါဦး။

ဖြေ။ ။ သိပ်ပြီးကျယ်ပြန့်တဲ့မေးခွန်းပါ။ ဒါပေမယ့် စာသိကျမ်းသိတွေနဲ့ အာမှမညီဘဲ ကျွန်တော်သိသလောက်ကိုပဲ ကြိုးစားပြီးဖြေပေးပါ့မယ်။ အမှန်တော့ဝန်ခံရရင် ကနဦးမှာ အများကြီးကွာခြားသွားတာမျိုး၊ ပြောင်းလဲသွားတာမျိုး မရှိပါဘူး။ အထူးသဖြင့် လောဘစိတ်၊ ဒေါသစိတ်တွေဟာ အရင်အတိုင်းပဲလို့တောင်ပြောလို့ရပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် ယခုတိုင်စောင့်ကြည့်နေမြဲ သုံးသပ်နေမြဲပဲဖြစ်ပါတယ်။ ကျန်ခဲ့တဲ့တာလတစ်လျှောက်လုံးကိုပြန်ကြည့်လိုက်တော့ အားမရစရာ၊ မကျေနပ်စရာအတော်များများကို တွေ့ရပါတယ်။ အပြစ်ကျူးလွန်မှုတွေအတော်များများရှိခဲ့တဲ့အဖြစ်ကို ကျွန်တော်ဝန်ခံပါတယ်။ ဒီလိုအပြစ်တွေကျူးလွန်မိတိုင်း ငါဟုတ်မှဟုတ်ရဲ့လားလို့ ပြန်ပြီးသံသယဝင်ရတဲ့အကြောင်း အထက်မှာ ပြောခဲ့ပြီးပါပြီ။

ဒီအပိုင်းကိုရောက်လာတော့မှ အများနဲ့မတူတဲ့ စိတ်သဘောထားတွေ ကိုယ့်မှာဖြစ်ရှိနေတာကို သတိပြုမိလာပါတယ်။ အထူးသဖြင့် လောဘဟာ အတော်နည်းသွားပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် တာဝန်ပြီးနေတဲ့သူ အလုပ်ကုန်နေတဲ့သူပမာခံစားနေရပါတယ်။ ကျွန်တော်နဲ့သက်တူရွယ်တူတွေ အလုပ်တွေနင်းကန်လုပ်၊ ပိုက်ဆံတွေနင်းကန်ရှာကြပေမယ့် ကျွန်တော်က အဲဒီလိုလုပ်ချင်စိတ်မရှိတော့ပါဘူး။ လောဘအတော်နည်းသွားတာနဲ့အမျှ လောဘနဲ့ပတ်သက်တဲ့နေရာတွေကိုရှောင်ပါတယ်။ လောဘကိုရှောင်တော့ ဒေါသကိုပါ ရှောင်ပြီးသားဖြစ်သွားပါတယ်။

မေး။ ။ ဟုတ်ကဲ့-သဘောပေါက်ပါပြီ။ ကျွန်တော့်အနေနဲ့ သောတာပန်ပုဂ္ဂိုလ်ဆိုတာ သီလနဲ့ပတ်သက်ပြီး အပြည့်အဝလုံခြုံသလားဆိုတဲ့ မေးခွန်းမျိုး မမေးအပ်ကြောင်း သိရှိပါတယ်။ ဒီနေရာမှာ စွန်းလွန်းဆရာတော်ကြီးက 'သောတာပန်ဖိုလ်နှစ်ခု ဟုအမှုလိုသေးတယ်' ဆိုပြီး အောက်မဂ်အောက်ဖိုလ် သမားမှန်သမျှကို သောတာပန်လို့ပဲ ပေါင်းရုံးပြီးခေါ်ထားတာမို့ ကျွန်တော်ကလည်း အဲဒီအတိုင်း သုံးနှုန်းလိုက်ရခြင်း ဖြစ်ပါတယ်။ သကဒါဂါမ်ကိုပါ သောတာပန်လို့ ညွှန်းလိုက်ရခြင်း ဖြစ်ပါတယ်။

ဒီတော့ ကိုမျိုးအောင်ခင်ဗျာ။ ကျွန်တော်သည်လည်း မဂ်အလွန်ရချင်သလို သောတာပန်အလွန်ဖြစ်ချင်တဲ့သူပါ။ အဲသလိုဆန္ဒရှိတာနဲ့အမျှ သောတာပန်အကြောင်းရေးသားထားတဲ့စာတွေကို အကုန်လျှောက်ဖတ်ပါတယ်။ အဲတော့ သောတာပန်ဆိုတာ ဘယ်လိုဘယ်ညာဆိုပြီး ပုဂ္ဂိုလ်အသီးသီးက ဖွင့်ဆိုထားတာတွေကို ကျွန်တော်မှတ်သားခဲ့ရ၊ သိရှိခဲ့ရပါတယ်။ ဥပမာ လယ်တီဆရာတော်ကြီးက သောတာပန်ဖြစ်၊ မဖြစ် (၇) နှစ်၊ (၈) နှစ် စသဖြင့် စောင့်ကြည့်ရမယ်လို့ဆိုတယ်။ မိုးကုတ်ဆရာတော်ကြီးကတော့ သောတာပန်ဆိုတာ အရှူးလေးပုံပုံ တစ်ပုံပဲကုန်သေးတယ်။ သုံးပုံတိတိကျန်သေးတယ်လို့ဆိုထားပါတယ်။ တည်တောဆရာတော်ဘုရားကြီးကတော့ သောတာပန်ဆိုတာ အောက်တန်းစားစိတ်ဓာတ်တွေ အများကြီးကျန်သေးတယ်လို့တောင်ဆိုခဲ့သလို ဖျာပုံတိုက်သစ်ဆရာတော်ဦးဩဘာသကတော့ သောတာပန်ဆိုတာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဒီနှစ်ခုပဲပယ်ရသေးတယ်လို့ တိုးတိပဲဖြေဆိုတော်မူပါတယ်။ ဒီတော့ သီလကိစ္စဟာ နက်နဲပြီးအရာကျယ်တာနဲ့အမျှ ဆုံးဖြတ်ရခက်ခဲလှပါတယ်။

သို့သော် မဂ်ရပုဂ္ဂိုလ်ဟာ လောကအမြင်၊ ဘဝအမြင်အားဖြင့်လည်းကောင်း၊ ကိုယ်စိတ်အမူအကျင့်အရလည်းကောင်း ပုထုဇဉ်ထက်တော့ သိသိသာသာကို ထူးခြားနေမှာ ဖြစ်ပါတယ်။ ဒီတော့ ဒီထူးခြားမှုလေးတွေကိုပဲ ကိုမျိုးအောင် စောစောကပြောပြခဲ့တာတွေထက် နည်းနည်းလောက်အနုစိတ်ပြီး ထပ်ပြောပြစေချင်ပါတယ်။ သီလနဲ့ပတ်သက်တဲ့ အကြောင်းလေးတွေပေါ့။

ဖြေ။ ။ သောတာပန်ဟာ အပြစ်တချို့ကိုကျူးလွန်သေးတယ်။ ဒါပေမယ့် အပါယ်ကိုတော့ မရောက်နိုင်တော့ဘူးလို့ ညွှန်းဆိုထားတာ ဦးစံလင်းလည်း သိပြီးဖြစ်ပါလိမ့်မယ်။ သောတာပန်ကို အပါယ်ရောက်အောင် ဘယ်လိုမှတွန်းချမရတော့ဘူးလို့ဆိုထားမှတော့ သူ့အတွက် သူဖြည့်ကျင့်ရမယ့် ကိုယ်ကျင့်သိက္ခာက လုံလောက်ပြီးသား၊ ဖူလုံပြီးသားဖြစ်နေပါတယ်။

သောတာပန်များဟာ လက်ရှိဘဝကို အသွင်နှစ်မျိုးနဲ့ နေထိုင်ဖြတ်သန်းသွားသူလို့ ပြောမယ်ဆိုပြောလို့ရပါတယ်။ သူက မဂ်ချမ်းသာဖိုလ်ချမ်းသာကိုလည် ခံစားချင်သလို တစ်ဖက်က လောကီချမ်းသာကိုလည်း လက်မလွှတ်ချင်သေးပါဘူး။ ပိန်းကြာရွက်ပေါ်ရေမတင်သလို အပြစ်ဆိုလို့ မြူတစ်မှုန်စာလောက်တောင်မရှိတဲ့ နိဗ္ဗာန်ချမ်းသာကိုခံစားရင်း လောကီလူ့ရွာ အိမ်ကြိုအိမ်ကြားမှာ ပေလူးနိမ့်ကျတဲ့အသွင်ကိုလည်း သူကယူထားပြန်ပါတယ်။

ဒီတော့ ဒီနေရာမှာ ကျွန်တော့်ဘာသာစဉ်းစားမိတဲ့ အချက်တစ်ချက်ကို ပြောပြပါမယ်။ ရဟန်းပုဂ္ဂိုလ်နဲ့ လူပုဂ္ဂိုလ် သောတာပန်ဖြစ်တာချင်းယှဉ်လိုက်ရင် ရဟန်းပုဂ္ဂိုလ်က သီလအရာမှာ ပိုပြီးလုံခြုံတယ်၊ စောင့်စည်းတယ်လို့ထင်ပါတယ်။ စည်းကမ်းအရာမှာ လူက လူ့စည်းကမ်းတစ်ခုကိုသာ စောင့်ထိန်းဖို့လိုပြီး ရဟန်းကတော့ လူ့စည်းကမ်းအပြင် ရဟန်းစည်းကမ်းကိုပါ ထပ်ပြီးတော့ စောင့်ထိန်းရပြန်ပါတယ်။ ဒီတော့ လူပုဂ္ဂိုလ်က အကာအကွယ်တစ်ထပ်ပဲရှိပြီး ရဟန်းပုဂ္ဂိုလ်ကတော့ အကာအကွယ်နှစ်ထပ်ရှိနေတဲ့သဘောမျိုးဖြစ်နေပါတယ်။

ရဟန်းများဟာ ရဟန်းဖြစ်လိုက်တာနဲ့ လောကီဒုစရိုက်တွေကိုရှောင်ရှားရပါတယ်။ တစ်ဖက်ကလည်း ဘုရားအမိန့်တော်ဆိုတဲ့ ဝိနည်းသိက္ခာရပ်ကို ကြပ်ကြပ်မတ်မတ်စောင့်ထိန်းရင်း ဝိနည်းကိုဖျက်ဆီးလာမယ့် အန္တရာယ်မှန်သမျှကို ကြိုးစားပြီး ရှောင်ရှားရပြန်ပါတယ်။ ဒီနေရာမှာ လူက ရဟန်းနဲ့ကွာခြားပါတယ်။ သူက လောကီကိစ္စတစ်ခုပဲရှိပါတယ်။ ဥပမာတစ်ခုကို ကျွန်တော်ထပ်ပြီးပေးပါဦးမယ်။ ဖယောင်းတိုင်သုံးတိုင်ကို လေဟာပြင်ထဲမှာတစ်တိုင်၊ အခန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုနောက်မှာတစ်တိုင်နဲ့ အုတ်နံ့ရံ နှစ်ခုနောက်မှာတစ်တိုင်ဆိုပြီး အသီးသီး ထွန်းညှိလိုက်တယ်ဆိုပါစို့။ လေဟာပြင်ထဲက ဖယောင်းတိုင်ဟာ လေရဲ့ဖျက်ဆီးငြိမ်းသတ်ခြင်းကို ချက်ချင်းပဲခံသွားရပါလိမ့်မယ်။ အုတ်နံ့ရံတစ်ခုနောက်က ဖယောင်းတိုင်ကိုတော့ လေကမဖျက်ဆီးနိုင်ပါဘူး။ အလွန်ဆုံး မီးညွန့်ကလေး လှုပ်ယမ်းနေရုံလောက်သာ နှောင့်ယှက်နိုင်ပါမယ်။ အဲ - အုတ်နံ့ရံနှစ်ခုနောက်က ဖယောင်းတိုင်ကိုတော့ လေကဘယ်လိုမှ ထိပါးနိုင်တော့မှာမဟုတ်ပါဘူး။ အလုံခြုံဆုံးနေရာကိုရောက်နေတဲ့ အဲဒီဖယောင်းတိုင်ဟာ ဘေးအကင်းဆုံးဖြစ်နေပါလိမ့်မယ်။

ဒီသဘောအတိုင်းပဲ၊ ပထမဖယောင်းတိုင်နဲ့တူတဲ့ ပုထုဇဉ်ကို ကိလေသာက ဗုန်းဗုန်းလဲတဲ့အထိ ဖျက်ဆီးချေမှုန်းနိုင်ပါတယ်။ ဒုတိယဖယောင်းတိုင်နဲ့တူတဲ့ သောတာပန်လူပုဂ္ဂိုလ်ကိုတော့ ကိလေသာက အတော်ကြီး အနှောင့်အယှက်ပေးနိုင်သေးပေမယ့် ဖျက်တော့မဖျက်ဆီးနိုင်တော့ပါဘူး။ တတိယဖယောင်းတိုင် သောတာပန်ရဟန်းပုဂ္ဂိုလ်မျိုးကိုတော့ ကိလေသာက လွှမ်းမိုးနိုင်ခြင်း၊ စီးပိုးနိုင်ခြင်း အလွန်ကိုနည်းသွားပါတော့တယ်။ ဒီနေရာမှာ ကိလေသာက လူပုဂ္ဂိုလ်မှာ များများဖြစ်ပြီး ရဟန်းပုဂ္ဂိုလ်မှာတော့ နည်းနည်းပဲဖြစ်တယ်လို့ မဆိုလိုပါဘူး။ ကိလေသာဝင်တဲ့ အတိုင်းအတာဟာ ပုဂ္ဂိုလ်နှစ်မျိုးစလုံးမှာ အတူတူပဲဖြစ်ပါတယ်။ ဆတူလောက်ပဲဖြစ်ပါတယ်။ ကွာခြားသွားတာက ကိလေသာကို တုံ့ပြန်ပုံပဲဖြစ်ပါတယ်။ ဆိုခဲ့တဲ့အတိုင်း လူပုဂ္ဂိုလ်ဟာ အိမ်ကြိုအိမ်ကြားမှာ ကျင်လည်နေရသူပီပီ အန္တရာယ်နဲ့ပိုနီးပါတယ်။ လူ့စည်းကမ်းတစ်ခုတည်းကိုသာ ဆောင်ထားနိုင်တဲ့သူ့အတွက် အကာအကွယ်ကလည်း ပိုပြီးပါးလွှာသွားပါတယ်။ ကိလေသာကို တုံ့ပြန်အန်တုနိုင်စွမ်းနည်းပါးပါတယ်။

ရဟန်းပုဂ္ဂိုလ်ကတော့ သူနေရာယူထားတာကိုက အလွန်အကာအကွယ်ကောင်းတဲ့နေရာပါ။ စင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်းနဲ့ပြည့်စုံတဲ့ တောရကျောင်းအစရှိတဲ့နေရာတွေဟာ အများကြီးအထောက်အကူပေးပါတယ်။ ပြီးတော့ ဘုရားအမိန့်တော်ကလည်း အလွန်ပြင်းထန်ပါတယ်။ ပုထုဇဉ်ပင်ဖြစ်စေ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တဖြစ်တော်မူကြတဲ့ ရဟန်းတော်များဟာ ဘုရားအမိန့်တော်ကို အလွန်ကြောက်ရွံ့ပါတယ်၊ ရှိသေပါတယ်။ အရိယာရဟန်းများကတော့ ပြောနေစရာကိုမလိုတော့ပါဘူး။ ဝိနည်းကိုအလွန်ရှိသေပါတယ်။ အမှုကိစ္စအားလုံးမှာ ဝိနည်းကိုပဲ ရှေ့ကတင်ပြီး စဉ်းစားလေ့ရှိပါတယ်။

ပြောရရင် ရဟန်းသောတာပန်ဟာ လူသောတာပန်ထက် အများကြီးပိုဆင်းရဲတယ်လို့တောင် ကျွန်တော်ယူဆမိပါတယ်။ ဘုရားရှင်နဲ့ စေခိုင်းမှုကြောင့် ကောသလမင်းကြီးရဲ့ နန်းတော်ထဲကို သွားရောက်ပြီး စာပေသင်ကြားပေးရတဲ့ အရှင်အာနန္ဒာဟာ နန်းတွင်းသူအာချောအလှတွေကို တွေ့မြင်ရပြီးတော့ ဝိသဘာဂအာရုံ အနှောင့်အယှက်တွေနဲ့ အများကြီးကြုံရပါတယ်။ အများကြီးလည်း ဆင်းရဲရပါတယ်။ ဒါကြောင့် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူခါနီးမှာ 'တပည့်တော်တို့ မာတုဂါမတွေနဲ့တွေ့ရင် ဘယ်လိုပြုမူနေထိုင်ရပါမလဲ' ဆိုပြီး မြတ်စွာဘုရားရှင်ကို အရှင်အာနန္ဒာက မေးလျှောက်ခြင်းပြုရတဲ့အထိပါပဲ။ ကိလေသာတွေသိပ်ပြီးပြင်းထန်လာရင် သောတာပန်ရဟန်းဟာ လူတောင်ထွက်နိုင်သေးတဲ့အကြောင်း မဟာစည်ဆရာတော်ကြီးအခိုင်အမာဟောဆိုခဲ့တာဟာလည်း အထောက်အထားတစ်ခုဖြစ်နေပါတယ်။

ဒါကြောင့် ဦးစံလင်းအနေနဲ့ သောတာပန်သီလလုံ့မလုံ ရဟန်းပုဂ္ဂိုလ်ကိုသွားမေးမိရင် သီလလုံခြုံကြောင်း၊ လုံ့ဝဖောက်ဖျက်ခြင်းမရှိကြောင်း အဖြေမျိုးကို ရသွားမှာဖြစ်သလို လူပုဂ္ဂိုလ်ကိုသွားမေးကြည့်ရင်တော့ သောတာပန်ဟာ အပြည့်အဝ မလုံခြုံနိုင်ကြောင်း၊ ဥပမာ မိမိရင်သွေးတွေကလည်း အစာငတ်နေတဲ့အချိန်၊ တစ်ပါးသူရဲ့ ငွေသေတ္တာကလည်း ပွင့်နေတဲ့အချိန် ဒီလိုအခါမျိုးမှာ ခိုးချင်စိတ်မရှိပေမယ့် မတတ်သာနိုက်ယူမိတာမျိုးဖြစ်ချင်ဖြစ်သွားနိုင်သေးကြောင်း အဖြေပေးတာမျိုးနဲ့ ကြုံရပါ-ဒီမှ့မယ်။ ကျွန်တော့်အယူအဆအရတော့ အဆိုပါ နှစ်မျိုးစလုံးဟာ မှန်တယ်လို့ပဲ ထင်မိပါတယ်။ ဦးစံလင်းသာ မိမိဘာသာချင့်ချိန်ပိုင်းဖြတ်ပြီး ကုသိုလ်ယူပေါ့ခင်ဗျား။

မေး။ ။ သာဓု၊ သာဓု၊ သာဓု။ ကျွန်တော့်မေးခွန်းတွေ ဒီမှာပဲပြီးဆုံးပါပြီ။ ခုလိုနာကြားရတဲ့အတွက် ကျေးဇူးကြီးလှပါတယ်။ ဒီတိပ်ကြိုးကတစ်ဆင့်ကိုမျိုးအောင်ပြောကြားချက်တွေကိုကြားရပြီး ကျွန်တော့်လိုပဲ သဒ္ဓါထက်သန်ရှင်လန်းအားရဖြစ်ရမယ့်ပုဂ္ဂိုလ်တွေအများကြီးပေါ်ထွန်းလာဦးမှာသေချာလှတာမို့ ကိုမျိုးအောင်အနေနဲ့ ဒီကောင်းမှုတွေကို ရည်မျှော်ပြီး သာဓုခေါ်ပါလို့ ကြိုတင်ပန်ကြားလိုက်ပါရစေခင်ဗျား။

အသံများ ရပ်စဲသွားပါသည်။ လေလှိုင်းသံတရှဲရှဲကိုသာ ဆက်လက်ကြားနေရသည်။ ဦးစံလင်းက မီမိုရီစတစ်ကလေးကို ဆွဲနုတ်လိုက်သော် အသံအားလုံးပြတ်သွားတော့သည်။ ဦးစံလင်းက ခလုတ်ကိုပါ အပြီးပိတ်လိုက်သည်။

စိုက်စိုက်ပြီးနားထောင်နေရာမှ အားလုံး ခေါင်းမော့လာကြ၊ ခါးဆန့်လာကြသည်။

ဦးကျော်ခင်ကတော့ သက်ပြင်းချပြီးနောက် လက်အုပ်ကိုပါချီပြီးပြောလိုက်သည်။

"ဦးမျိုးအောင်ကို ကျေးဇူးတင်သလို ဆရာကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီလိုနာကြားရတာမျိုးက တစ်သက်နဲ့တစ်ကိုယ် ကြုံရဖို့မလွယ်ပါဘူး ခင်ဗျ"

ဦးညိုအောင်က -

"မှန်ပါရဲ့ခင်ဗျာ။ တကယ့်ကိုယ်တွေ့ ပရမတ်တွေကိုချည်း ဟောသွားလိုက်တာများ တန်ဖိုးနည်းတဲ့စကားဆိုလို့ တစ်လုံးမှကိုမရှိဘူး။ ဒီနေရာဒီနေရာတွေမှာတော့ ယုတ္တိမတန်ဘူး၊ သဘာဝမကျဘူးဆိုပြီး ထောက်ပြစရာရယ်လို့ ဘာမှကိုမရှိဘူး။ မင်္ဂလာရှိတဲ့နေ့ပါပဲဗျာ။ ကျွန်တော်တို့ မျှော်လင့်နေတဲ့နေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာပါပဲ။ ဦးမျိုးအောင်ကို လူကိုယ်တိုင်မြင်ဖူးချင်လိုက်တာ။ နို့ - ဆရာကြီးက သူ့ရဲ့လိပ်စာကို ယူထားလိုက်တယ်မဟုတ်လားခင်ဗျ"

"မယူလိုက်မိဘူး။ သတိတော့ရပါရဲ့။ ဒါပေမယ့် ကျွန်တော်စဉ်းစားတယ်။ သူ ကျွန်တော့်ကို ခုလောက်ပြောပြပေးတာကို တော်တော်လွန်လှပြီ။ ဒါကလည်း ရိပ်သာကနေ လူချင်းခွဲပြီးရင် ပြန်တွေ့နိုင်စရာမရှိကြတော့တဲ့သူတွေမို့ အကုန်ပြောပြသွားတာပါ။ ဒီတော့ သူ ကျွန်တော့်ကို ဖြတ်ထားခဲ့ချင်လိမ့်မယ်လေ။ ဒီလိုဖြတ်ထားခဲ့ချင်တဲ့သူကို ကျွန်တော်က နောင်တစ်ချိန် ဆက်သွယ်ဖို့တွေဘာတွေ ကမ်းလှမ်းနေသေးရင် မသင့်တော်ဘူးလို့ ထင်ပါတယ်။ သူက



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ၊ ဆိုင်မှာထားပါ

လိုလူများအားလုံးအတွက်

# လာဘ်ရွှင်အင်း




လာဘ်ရွှင်အင်း

စမတစ်လုံးရေးတိုင်း 'ဥုံ မုသာ ဝါဒါ ဝေရမဏီ' ဟု ရွတ်ဆိုချပါ။

က။ က-ယှက်၊ ယ-ယှက်ကိုချရေးပါ။

ခ။ ဝ-စမ ချရေးပါ။

ဂ။ န-ငယ် (၉) လုံးဖြင့် ဝံ-စမကို ရံရေးပါ။

ဃ။ ပိ-စမကိုအလယ် န-အထက်မှာ ရံရေးပါ။

င။ ကဃဏဌ-ကြီးလေးလုံးကို အင်းထောင့်မှာရံပါ။

အထက်ပါအင်းအတိုင်း ရေးစီရင်ပြီးပါက 'နမောဗုဒ္ဓါယသိဒ္ဓိဘဂဝါဂါထာ ကို (၃၇) ခါရွတ်ပါ။ ထိုနောက် အင်းကို ကိုင်၍ အောက်ပါ ဆုတောင်းဂါထာကို (၃၇) ခေါက်စုတ်ပါ။

□ ဥုံ ရှင်သီဝလိ ဘုန်းရှိမြတ်စွာ၊ ရဟန္တာထိပ်မှာမြတ်ဖျား၊ ကိုယ်တော်ထား၊ နားမှာကိုယ်တော်ကျိန်း၊ ခပ်သိမ်းလိုရာရ ကာယဝစီ၊ မနောချီ-သုံးလီ ဩကာသ၊ ရှိသေမြတ်နိုး၊ ကျွန်ရှိခိုး၊ တန်ခိုးကိုယ်တော်ပြ၊ အရာခပ်သိမ်း၊ အောင်မြင်ပြီးငြိမ်းစေသတည်း။

ဦးစိန်လှိုင်(ကျိုက်လတ်)

အင်းပြုလုပ်ရန်အချိန်များ

| နေ့သား | ပီယအလိုရှိလျှင် | နေအလိုရှိလျှင် |
|---|---|---|
| တနင်္ဂနွေသား | နံနက် (၆) နာရီမှ (၈) နာရီ | နံနက် (၁၀း၂၉) နာရီမှ နေ့ (၁) နာရီထိ |
| တနင်္လာသား | နံနက် (၈း၂၆) နာရီမှ (၁၀း၂၈) နာရီ | နေ့ (၁း၁၃) နာရီမှ ညနေ (၃း၄၈) မိနစ် |
| အင်္ဂါသား | နံနက် (၁၀း၃၀) နာရီမှ နေ့ (၁း၁၂) နာရီ | ညနေ (၃း၄၉) နာရီမှ ညနေ (၆) နာရီထိ |
| ဗုဒ္ဓဟူးသား | နေ့လယ် (၁း၁၃) နာရီမှ ညနေ (၃း၄၈) နာရီ | နံနက် (၆) နာရီမှ (၈း၂၅) နာရီ |
| ကြာသပတေးသား | ညနေ (၃း၂၆) နာရီမှ ညနေ (၆) နာရီ | နံနက် (၈း၂၆) နာရီမှ (၁၀း၂၈) နာရီ |
| သောကြာသား | နံနက် (၆) နာရီမှ (၈း၂၅) နာရီ | နံနက် (၁၀း၂၉) နာရီမှ (၁း၁၂) နာရီ |
| စနေသား | နံနက် (၈း၂၆) နာရီမှ (၁၀း၂၈) နာရီ | နေ့ (၁း၁၃) နာရီမှ ညနေ (၃း၄၈) နာရီ |

...သာရပြန်ရင် တခြားနေရာကို ...ပြောင်းတော့မယ့်သဘောမျိုးပြောနေတာတို့ ကြားလိုက်ရတာကလည်း ...ကြောင်းတစ်ကြောင်း ဆိုပါတော့ဗျာ။ ...ပြောပြော ဟိုလူကြီးကိုတော့ ...အောင်တို့ ပြန်စိန်ခေါ်နိုင်သွားပြီ ... ဟုတ်တယ် မဟုတ်လား"

"ဦးတိုင်းကျော်ကိုလား။ ဒီလူကြီး ... တရှင်းမသွင်းတော့ပါဘူး ဆရာကြီး ... အခု ကျွန်တော်တို့လည်း ပိုပြီး ...ပေါက်ပါပြီ။ တရားဆိုတာ ငြင်း...အလုပ်မျိုးမဟုတ်ဘူး။ အားထုတ်...အလုပ်မျိုးပါ။ မျက်မှောက်အချိန် ... တရားထူးရနိုင်သေးတဲ့အချိန်လို့ ...တော်တို့ ယုံကြည်တယ်။ ယုံကြည် ...လည်း မဂ်ရဖိုလ်ရ သူတော် ...တစ်ပါးကို ထင်ရှားသိရှိခဲ့ရပြီ။ ...ဖြစ်ပုံဖြစ်နည်းတွေကိုလည်း ...သဘွယ်သိရှိလိုက်ရပြီ။ ဒီတော့ ... တကယ်ဖြစ်ချင်နေတဲ့ ကျွန်တော်တို့အတွက် တကယ်ဖြစ်အောင်အားထုတ်ဖို့ပဲလိုပါတော့တယ်။ သူလိုလူနဲ့တွဲပြီး အချိန်ဖြုန်းမနေတော့ပါဘူး ခင်ဗျာ"

"ကောင်းပါလေ့ဗျာ၊ ကြိုးစားကြပါ။ ကျွန်တော်လည်း ကြိုးစားနေတုန်းပါပဲ။ ကြိုးစားရင် အောင်မြင်ရမှာပေါ့"

ထိုသို့ ဦးစံလင်းက ပြန်ပြောလိုက်ချိန်မှာပင် 'ဘူ. . . ဘော်. . . ဘော်' ဟူ၍ သဘော်ဥဩဆွဲသံက ထွက်ပေါ်လာသည်။ ဦးကျော်ခင်က အပြင်ဘက်ကို ခေါင်းထောင်ကြည့်လိုက်ပြီး -

"ဟော- အချိန်ကိုမေ့နေလိုက်ကြတာ။ သင်ပေါင်းကိုတောင် ရောက်နေပြီပဲ။ ကိုင်း- ဆရာကြီးခင်ဗျာ၊ မေတ္တာရပ်ခံပြီး ဖိတ်ကြားလိုက်ပါရစေ။ သင်ပေါင်းမှာကိစ္စပြီးတာနဲ့ ကျွန်တော်တို့စန်းကျကို တစ်ရက်လောက်ကြွခဲ့ပေးပါ။ ကျွန်တော့်အိမ်မှာ ထမင်းသုံးဆောင်ပြီး ဦးမျိုးအောင်ရဲ့တရားခွေကိုလည်း ကျွန်တော်တို့ မမွှမိတ်ဆွေတစ်စု ထပ်မံပြီး နာကြားပါရစေ။ ဖြစ်နိုင်တယ်မဟုတ်လားခင်ဗျ"

ဟု ပြောလာလေရာ ဦးစံလင်းက မဆိုင်းမတွပင် ဖြစ်နိုင်ပါကြောင်း ပြန်ကြားလိုက်သည်။

သည့်နောက် သူတို့ (၃) ဦးစလုံး ရွှင်လန်းစွာဖြင့် ပစ္စည်းများသိမ်းဆည်းကြလေသည်။ အခြားခရီးသည်များကလည်း ပစ္စည်းသိမ်းသူသိမ်း၊ ကမ်းကိုမျှော်ကြည့်သူကြည့်ဖြင့် လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ ကယ်လ်ဗင်သင်္ဘောကြီးကား 'ဘော် . . . ဘော်' ဟု ဥဩသံ ထပ်မံပေးလိုက်ပြီးသကာလ ကမ်းကပ်ရန်အတွက် သူ့တာဝန်ကို ကြွေ့ရပင် ထမ်းဆောင်နေလေတော့သတည်း။

(မမွှမိတ်ဆွေဦးအုန်းကြိုင်သို့)

ရဲမြတ်တင်(အမျိုးသားစာပေဆု)



www.burmeseclassic.com

www.burmeseclassic.com

# ခံတွင်းမကောင်းကြဘူးလား

၂၀၁၆ ရဲ့အောက်တိုဘာလဆန်း လောက်မှာ ရာသီဥတုအကူးအပြောင်း ကြောင့်လားတော့ မသိဘူးပေါ့နော်။ ထမင်းစားချိန်ရောက်ပေမယ့် ထမင်း မစားချင်ဘူး။ မစားရင်မဖြစ်ဘူးဆိုပြီး စားပြန်တော့လည်း တစ်လုတ်တောင် စားမရဘူးဖြစ်နေတယ်။

မနက်အစောဆို ကိုတင်ထွန်း ကားနဲ့ ဘုန်းကြီးကျောင်းတွေကုသိုလ်ပြု ဘုရားမှာကုသိုလ်ပြုလုပ်ပြီးရင် ဇမ္ဗူသီရိ မြို့ ရွှေကြာပင်ရပ် စစ်တောင်းလမ်းက ချိုးယားဖူးလ်ဆိုင်မှာ ရွှေတောင်ခေါက်ဆွဲ နဲ့ ဒင်းဆန်းစားလေ့ရှိကြတယ်။ ငွေကုန် ကြေးကျများပေမယ့် သန့်ရှင်းပြီး အဆင့် မြင့်တာကြောင့် ကိုတင်ထွန်းရော ကျွန် တော်ပါ သဘောကျနှစ်ခြိုက်ခြင်းပါ။

ကျွန်တော့်ဗိုက်ထဲမှာ တစ်နေကုန် အဲဒီရွှေတောင်ခေါက်ဆွဲနဲ့ ဒင်းဆန်းပဲရှိ တယ်။ အစာအိမ်က တစ်နေ့ကုန်အစာ မတောင်းဘူး။ အဲဒီတော့ ချက်ထားသမျှ ခွေးပဲကျွေးရပါတယ်။ အဲဒီလိုမနက်စာ အနည်းငယ်စားပြီးရင် ဘာမှစားချင်စိတ် မရှိတာ (၃) ရက် ကြာသွားပါတယ်။

စိတ်တော့မကောင်းဘူးပေါ့လေ။ ဒီလိုထမင်းမစားနိုင်တော့ဘူးဆိုရင် အဲဒီ လူဟာ ကြာကြာအသက်ရှည်ခွင့်မရ တတ်ပါဘူး။ ငါများသံသရာခရီးနီးနေပြီ လားဆိုတဲ့အသိက လွှမ်းမိုးလာတာ အမှန်ပါ။ လူကနေကောင်းတယ်။ စာရေးနိုင်တယ်။ တီဗွီကြည့်နိုင်တယ်။ ဖေ့စ်ဘုတ်ကြည့်နိုင်တယ်။ လည်နိုင်ပတ် နိုင်တယ် အလန်းကြီးပါပဲ။ ဒါပေမယ့် ထမင်းလုံးဝမစားချင်တာ၊ မစားနိုင်တာ က ခက်နေတာပါ။ မနက်စာနဲ့ပဲပြီးနေပါ တယ်။ သို့သော်လည်း စားချင်စိတ်ပေါ် နိုးနိုးနဲ့ အံချိန်မှန်ချက်နေတာပါပဲ။ ဘာအလုပ်ရှိတာမှတ်လို့။

ဒါနဲ့ စတုတ္ထမြောက်နေ့မှာ မျက်စိ က ဘာကိုသွားမြင်သလဲဆိုတော့ အိမ် မြောက်ဘက်တည့်တည့် ရဲယိုပင်ကရဲယို သီးတွေ ဖွေးဖွေးလှုပ်မှည့်နေတာပါပဲ။ ရဲယိုသီးမြင်တော့ ကျွန်တော့်အဘိုးဖြစ် တဲ့ ဗိန္ဒောဆရာကြီး ဦးရွှေမင်းကိုပြေးပြီး သတိရတယ်။

အဘိုးတို့အိမ်က ဟိုးတုန်းက အလယ်ဝိုင်းမှာပါ။ သူ့အိမ်မှာလည်း အပင်မျိုးစုံရှိခတယ်။ ရဲယိုသီးတွေမှည့် ရင် ခူးပြီးထန်းလျက်နဲ့ပေါက်ကျွေးလေ့ရှိ တယ်။ ရဲယိုသီးရဲ့အနံ့ကမွှန်ပေမယ့်လည်း ထန်းလျက်က ချိုတော့ကာ ကြိုက်တာ ပေါ့လေ။ ကြိမ်ဖန်များစွာစားဖူးတော့ ယဉ်ပါးနေတဲ့ အစားအစာပါ။

စားတဲ့အခါတိုင်းလည်း အဘိုးက-

"စား၊ ငါ့မြေးရဲ့ဆေးဖြစ်တယ်"

ဆိုတာကလည်း စားတိုင်းပြော လေ့ရှိတယ်။ ဒါကိုလည်း နားထဲစွဲနေ တယ်။ မနှစ်က ကျွန်တော့်တူမ မတုတ် က -

"ဘကြီးရဲယိုသီးမှည့်မရှိဘူးလား"

လို့ မေးတယ်။

"ဘာလုပ်မလို့လဲ"

ဆိုတော့ -

"လေပူထနေလို့" တဲ့။

လေပူထရင် ထန်းလျက်နဲ့ပေါက် စားက ချက်ချင်းယူပစ်သလိုပျောက် တယ်ဆိုပဲ။ အဲဒီအချိန်မှာ ကျွန်တော့် ရဲယိုပင်က အသီးနုတွေပဲရှိနေတဲ့အချိန် ဆိုတော့ တူမရဲ့ဆန္ဒကို မကူညီနိုင်ခဲ့ပါ ဘူး။ သို့သော်လည်း ဆေးနည်းတော့ ရလိုက်ပါတယ်။

ဒီလိုနဲ့ ရဲယိုသီးစားချင်စိတ်ပေါ် လာတာကြောင့် ရဲယိုသီးမှည့်မှည့်ကြီး ကြီးတစ်လုံးခူးပြီး ထန်းလျက်ပါးပါးလှီး ထည့်ကာ ပေါက်စားလိုက်ပါတယ်။ နှစ် ပေါင်း (၆၀) လောက်မစားဖြစ်တဲ့ ရဲယို သီးကို ပြန်စားလိုက်တော့ ငယ်စဉ် ကလေးဘဝကိုသတိရမိသလို ဘိုးဘွား တွေကိုလည်း လွမ်းမိပါရဲ့။ တကယ်ပါ ဗျာ။ကလေးဘဝပြန်ရောက်သွားသလား အောက်မေ့ရပါတယ်။ အဘိုးအမြဲပြော သလို ဆေးတော့ဖြစ်ကောင်းပါရဲ့ပေါ့။

ဒီလိုနဲ့ အချိန်တန်တော့ မြတ်စွာ ဘုရားကို ဆွမ်းပွဲပြင်ပြီးကပ်ပါတယ်။ ခင်ပွန်းကြီးဆယ်ပါးကန်တော့၊ မဟာ သမယသုတ်တော်ကြီးရွတ်၊ ဂုဏ်တော် ပုတီး (၉) ပတ်စိပ်၊ မေတ္တာပို့၊ အမျှဝေ လုပ်ပြီး ဆွမ်းပွဲသိမ်းပေါ့ဗျာ။ အရင်နေ့ တွေကတော့ ဆွမ်းပွဲသိမ်းပြီးအုပ်ထား လိုက်တာပါ။ စားချင်စိတ်မှမရှိတာ။ ဒီနေ့ကျတော့ ထူးထူးဆန်းဆန်းစားချင် စိတ်တွေလှုန်ကဲပြီးဆာနေပါရောလားဗျာ။ ဒါနဲ့ စားဖို့ဟန်ပြင်ရတာပေါ့။

အမှန်တော့ မြတ်စွာဘုရားကို ဆွမ်းပွဲကပ်ပြီး ပြန်စွန့်ရင် ကျွန်တော်က စားနေကျပါ။ နေ့စာ၊ ညစာမစားဖြစ်တာ သုံးရက်ရှိပြီလေ။ဒီနေ့တော့ ထူးထူးကဲကဲ အစာအိမ်ကတောင်းနေတာကြောင့်လည်း စားလိုက်တာ မြိန်လိုက်တဲ့ဖြစ်ခြင်းပါပဲ။ ခွေးနက်ကလေးထိုင်မျှော်နေတာမြင်မှ ခွေးစာချန်ဖို့သတိရတော့တယ်။ အရင် နေ့တွေက ကျွန်တော်မစားတော့ကာ ခွေးကအဝအပြဲစားရတယ်။ ဒီနေ့တော့ မျှတရုံပေါ့ဗျာ။ ဘယ်တတ်နိုင်မလဲ။ ဟုတ်ဖူးလား။

အဲဒီကျမှ ကျွန်တော် သတိပြုမိ တယ်၊ ထမင်းချက်ပြုတ်နေတုန်း ရဲယို သီးကိုထန်းလျက်နဲ့ပေါက်စားမိတာကိုး။ ဒီတော့ ဝမ်းမီးထတောက်ပြီပေါ့ဗျာ။ အမှန်တော့ ကျွန်တော်ဟာ ပန်ကာလေ ကြောင့် အအေးပတ်ပြီး ဝမ်းမီးနှိုးသွားခဲ့ ဟန်ရှိပါတယ်။ ရဲယိုကအပူဆိုတော့ကာ ဝမ်းမီးပြန်တောက်စေတာပါပဲ။ ဒီတော့ ဝမ်းမီးပြန်ကောင်းကာ အရင်လိုပုံမှန်ပြန် စားနိုင်တော့တာပါပဲ။ အဲဒီကျတော့မှ ငါ့သံသရာခရီးနဲ့မနီးသေးဘူးလို့ပြန်တွက် ကာ ဝမ်းမြောက်ဝမ်းသာဖြစ်ရတာပါ။ ဒါက အမှတ်တမဲ့ကနေပြီး အမှတ်တရ လေးဖြစ်သွားတဲ့ တကယ့်ဖြစ်ရပ်မှန်ပါ။

အစားအသောက်ပျက်တဲ့လူတွေ၊ ဝမ်းမီးမကောင်းတဲ့လူတွေ၊ အစာအိမ် ရောဂါဖြစ်နေတဲ့လူတွေ၊ လေနာထနေ တဲ့လူတွေ၊ ချောင်းဆိုးရင်ကျပ်နေတဲ့လူ တွေစသည်ဖြင့်ပေါ့လေ။ စားသင့်တဲ့ အစားအစာပါ။ ဆေးဖြစ်စေတဲ့အစား အစာပါ။

ရဲယိုပင်ဆိုတာအလွန်ဖြစ်လွယ်ပါ တယ်။ အပင်ထလာတာနဲ့တစ်ပြိုင်နက် အသီးလေးတွေပါ ကိုင်းခွမှာသီးလျက် ပါလာတာမို့ အသီးလည်းစားရမြန်ပါ တယ်။ သူ့အရွက်ကလည်း ချက်စား၊ ပြုတ်စား၊ ပေါင်းစားစား စားချင့်စဖွယ် အရသာနဲ့ ဆေးဖြစ်စေတဲ့ အစားအစာ ပါ။ ပင်လတ်မျိုးဖြစ်တာကြောင့် နေရာ အများကြီးမယူပါဘူး။ အိမ်တိုင်းတစ်ပင် လောက်တော့စိုက်ထားသင့်တဲ့အပင်ပါ။ မြေရှိရင်ပေါ့လေ။ မြေမရှိရင်တော့ မဆို လိုပါဘူး။

အခုတော့ ရဲယိုသီးတွေမှည့်ရင် အရင်ကလို အလဟဿအဖြစ်မခံတော့ ပါဘူး။ ခူးပြီး ထန်းလျက်နဲ့ ပေါက်စား လေ့ရှိပါတယ်။ ဝမ်းမီးကလည်းတောက် သလားမမေးနဲ့။ အစားနဲ့ပါးစပ်မပြတ် အောင် ဟိုဟာစား၊ ဒီဟာစားနဲ့ ဝမ်းမီး ကိုနိုင်အောင် လောင်စာထည့်ပေးနေရ ပါတယ်။ မယုံမရှိကြပါနဲ့။

အဲဒါကြောင့် ခံတွင်းမကောင်းကြ သူများ ခံတွင်းလိုက်ပြီး ဗိုက်ဆာအောင် ရဲယိုသီးမှည့်ကို ထန်းလျက်နဲ့ပေါက်စား ကြပါလို့ စေတနာနဲ့တိုက်တွန်းလိုက်ပါ ရစေ။

ကျန်းမာကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင့်ထွန်း(မသုံးလုံး)

ထူးခြားစွာ နှစ်စဉ် ပဲမိုးရွာသွန်းနေသော မြောင်းမြမြို့ ဒက္ခိဏကုန်းတော်ပေါ်က

# ကမ္ဘာ့ငြိမ်းချမ်းရေး


# ရွှေဗုဒ္ဓေါစေတီတော်မြတ်ကြီး

ဒက္ခိဏကုန်းမြေကို ဟိုးရှေးယခင်က ကုလားကုန်းဟု လူသိများခဲ့ပါ၏။ ဒက္ခိဏကုန်းမြေသည် မြကန်သာ ရပ်ကွက်အတွင်း ကျရောက်ပါ၏။ ယခု ခေတ်တွင် ဒက္ခိဏကုန်းဟူသာ ထင်ရှားလျက်ရှိနေပါတော့သည်။


မြောင်းမြမြို့တောင်ဘက်ခြမ်းရှိ ကုန်းမြေမြင့်သည်ကား မြို့မြေပြင်အနေအထား ကုန်း (၉) ကုန်းရှိသည့်အနက် ဒက္ခိဏကုန်းမြေမြင့်သည် မြောင်းမြမြို့တွင် အမြင့်ဆုံးဖြစ်တော့သည်။ ထိုကုန်းမြေမြင့်၌ တည်ထား ကိုးကွယ်သည့် ရွှေဗုဒ္ဓေါစေတီမြတ်ကြီးကို အဝေးကပင် ဖူးမြင်နိုင်ပါသည်။ ထိုဘုရားတည်ရှိရာ ခရီးလမ်းကြောင်းမှာ မြောင်းမြ-ကုန်းသာလမ်းတွင် တည်ရှိလျက် သွားရောက်ဖူးမြော်ရန်မှာလည်း ခရီးလမ်းကြောင်း အဆင်ပြေချောမွေ့ပါ၏။

ကုန်းသာမှ ရှေ့ခရီးဆက်လျှင် မြို့ဟောင်း မြစိမ်းရောင်တောင်သို့ ရောက်ရှိသည်။

ကျွန်ုပ်သည် ယခင်က ရွှေဗုဒ္ဓေါစေတီတော်မြတ်ကြီးကို အကြိမ်ကြိမ် ဖူးမြော်ခဲ့ဖူးသည်။ ၂၀၁၅ ခုနှစ်တုန်းက



အရံစေတီကို အထယ်ပစ္စယ်မှ အနီးကပ် ဖူးမြင်ရပုံ



ရွှေဗုဒ္ဓေါစေတီတော်မြတ်ကြီး



ဇေတဝိပင်ရင်းမှ ဗုဒ္ဓမြတ်စွာအား အနီးကပ်ဖူးမြင်



ရွှေဗုဒ္ဓေါစေတီကို အထယ်ပစ္စယ်မှ အနီးကပ်ဖူးမြင်ရပုံ



ပရဝဏ်အတွင်းရှိ အာရုံခံတန်ဆောင်းတော်ကြီး



www.burmeseclassic.com


www.burmeseclassic.com


စေတီလိုဏ်အတွင်းရှိ ဘူမိဖဿမုဒြာဘုရား


စေတီလိုဏ်အတွင်းရှိ ဓျာနမုဒြာဘုရား


ကမ္ဘာ့ငြိမ်းချမ်းရေးနောင်တော်ကြီးစေတီ


စေတီလိုဏ်အတွင်းရှိ အဘယမုဒြာဘုရား


စေတီလိုဏ်အတွင်းရှိ ဓမ္မစက္ကမုဒြာဘုရား


ရွှေဗုဒ္ဓေါစေတီတော်ကြီးအဝင်မုခ်ဦး

စစ်ကိုင်းတွင် တာဝန်ထမ်းဆောင်နေသော သားငယ် မိဘရပ်ထံသို့ အလည်အပတ်ပြန်လာခဲ့သည်။ မိဘနှင့်ခွဲခွာနေရသည်ဖြစ်၍ မြောင်းမြသို့ရောက်သော် မိသားစုဘုရားဖူးအဖြစ် ရွှေဗုဒ္ဓေါစေတီသို့ပင် သွားရောက် ဖူးမြော်ကြလေ၏။

ထိုအခါ ဘုရားဖူးအချင်းချင်း စကားစပ်မိကြရာမှ ထိုဘုရားတွင် ပဲမိုးရွာသွန်းကြောင်း၊ ထိုဘုရားမှရောင်ခြည်တော်ကွန့်မြူးကြောင်းတို့ကို သိရှိလိုက်ရပါတော့၏။ ရွှေဗုဒ္ဓေါစေတီတော်မြတ်ကြီးသည် မြောင်းမြမြို့ရှိ တန်ခိုးကြီးဘုရားများထဲတွင် ပါဝင်နေပါသည်။ ထိုကဲ့သို့သောဘုရားအကြောင်း၊ ဘုရားသမိုင်းကို မှတ်တမ်းပြုစုရန် ကျွန်ုပ်ရင်တွင်းဆန္ဒဖြစ်ပေါ်လာခဲ့၏။

ကျွန်ုပ်၏ကျန်းမာရေးအခြေအနေအရ အပြင်မထွက်နိုင်သေး၍ ဘုရားသို့ နောက်တစ်ခေါက်မရောက်ဖြစ်ခဲ့။ ထိုအချိန်တွင် ကျွန်ုပ်၏ သားငယ်သည် စစ်ကိုင်းမှ မြောင်းမြမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ရုံးမိန့်လက်ခံရရှိခဲ့၏။ အချိန်ကာလအားဖြင့် ၂၀၁၆ ခု၊ ဇူလိုင်လ၊ ဩဂုတ်လံလောက်တွင် ဖြစ်ပါ၏။ သားငယ်ရောက်ရှိချိန် ကျွန်ုပ်၏ ကျန်းမာရေးသင့်တင့်လာပြီ ဖြစ်သည်။ သားငယ်အားလပ်သည့် ၂၂-၁၀-၂၀၁၆ နေ့တွင် ရွှေဗုဒ္ဓေါစေတီတော်မြတ်ကြီးဆီသို့ သွားရောက်ဖြစ်ခဲ့ကြပါသည်။

ရွှေဗုဒ္ဓေါစေတီသို့ အဖူးအမြော်တစ်ခေါက် ကျွန်ုပ် ရောက်ခဲ့လေပြီ။

ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး ဆိုသလို ရွှေဗုဒ္ဓေါစေတီကို ဖူးမြော်ရင်း ဘုရားသမိုင်းကြောင်းအတ္ထုပ္ပတ္တိကိုလည်း မြောင်းမြမှတ်တမ်းတစ်ခုအဖြစ် မှတ်တမ်းတင်ခွင့်ရရှိပါတော့မည်။ ကျွန်ုပ်တို့ သားအဖ နံနက် (၈း၁၅) နာရီခန့်တွင် သားငယ်၏ဆိုင်ကယ်ဖြင့် အိမ်မှစတင်ထွက်ခွာသည်။ မိုးလေကင်းလွတ်၏။ ကောင်းကင်တွင် မိုးသားအနည်းငယ်မျှရှိသည်။ ယမန်နေ့က မိုးသဲသဲမဲမဲရွာသွန်းခဲ့သည်။ ယနေ့တွင်မူ နေရောင်ခြည်သည် မိုးတိမ်မိုးသားအကြားမှ နေရောင်ထွက်ကျလျက်ရှိသည်။ ဘုရားဖူးခရီးစဉ်ပွင့်လင်းမြင်သာလေ၏။

သားငယ်သည် ဆိုင်ကယ်ကို စကမြားရပ်ကွက်လမ်းကြားကိုဖြတ်ကာ ဒိုဘီကုန်းလမ်း၊ အဝေးပြေးလမ်းမကြီးထိုမှရှေ့အနည်းငယ်မောင်းလိုက်သည်နှင့် ရွှေဗုဒ္ဓေါစေတီခြေရင်းသို့ ဆိုက်ရောက်ခဲ့ပါ၏။ ပျမ်းမျှအချိန် (၁၅) မိနစ်ခန့်သာ မောင်းရချေ၏။

ရွှေဗုဒ္ဓေါစေတီတွင် ဂေါပကဥက္ကဋ္ဌနှင့် အဆင်သင့်တွေ့ဆုံခွင့်ရပါသည်။ ဂေါပကအဖွဲ့ဝင်အချို့လည်းရှိနေသည်။ ကျွန်ုပ်က ရွှေဗုဒ္ဓေါစေတီမှတ်တမ်းရေးလိုကြောင်း ခွင့်တောင်းခံလိုက်ပါသည်။ ဂေါပကဥက္ကဋ္ဌအမည်မှာ ဦးတင်ရွှေဖြစ်ပါသည်။ ဒု-ဥက္ကဋ္ဌ၏အမည်မှာ ဦးလှငွေဖြစ်လေ၏။ ဂေါပကဥက္ကဋ္ဌဦးတင်ရွှေက ဘုရားစတင်တည်ခဲ့သည့်သမိုင်းကြောင်း ဘုရားနှင့်ပတ်သက်သည့်အချက်အလက်များ အစုံအလင် ပြည့်ပြည့်စုံစုံရှင်းပြပေး



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

**□ ရွှေဗုဒ္ဓါစေတီတော်မြတ်ကြီး၏ ဖြစ်စဉ်အတိတ်သမိုင်း**

မြောင်းမြမြို့ မဟာဗောဓိမြိုင်တောရကျောင်း စတင်တည်ထောင်သီတင်းသုံးတော်မူခဲ့ပြီး အနယ်နယ်အရပ်ရပ်တွင် ထင်ရှားကျော်ကြားတော်မူခဲ့သည့် ဆရာတော်ကြီး ဦးဇနိတ (၁၂၆၆-၁၃၃၇) မှ လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကျော်ခန့် သက်တော်ထင်ရှားရှိစဉ်တုန်းက -

"ဤကုန်းတော်တွင် စေတီတော်မြတ်ကြီးတစ်ဆူတည်ထားရမည်။ အရပ်လေးမျက်နှာမှ ဖူးမြော်ဖွယ်ရာ စေတီတော်ကြီး တည်ထားကိုးကွယ်ကြ"

ဟု မိန့်ကြားခဲ့ပါသည်။

ဆရာတော်ကြီး အမိန့်ရှိသည့်အတိုင်း တပည့်ဒါယကာတို့မှ လုံ့လထုတ်ကြိုးပမ်းခဲ့ကြသော်လည်း အချိန်အခါမကျရောက်သေးဟု ဆိုရပါတော့မည်။ မည်သို့ပင် ကြိုးပမ်းကြစေကာမူ ရွှေဗုဒ္ဓါစေတီတော်မြတ်ကြီးတည်ရန် အောင်မြင်မှုနှင့်ဝေးကွာခဲ့ရပါ၏။

**□ မျက်မှောက်ခေတ်လမ်းညွှန်ပြမှု**

၁၉၉၇ ခု၊ ဧပြီလ ၂၇ ရက်နေ့ မြောင်းမြမြို့ မြစိမ်းရောင်တောင်ပေါ်တွင် တည်ထား ကိုးကွယ်မည့် 'မြတိဂုံစေတီတော်' အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန် မြစိမ်းရောင်တောင်ဆရာတော်ကြီးမိန့်ကြားချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရောက်ရှိလာကြ၏။

ထိုခရီးစဉ်၌ အတွင်းရေးမှူး (၁) သည် မြောင်းမြမြို့ ကြိုးတံတားပေါ်မှ မြို့ဝန်းကျင်ကို ကြည့်ရှုလေ့လာသည်။ မြို့တော်ကျက်သရေတော်ဆောင်အဖြစ် လက်ရှိသာသနာတော်အဆောက်အအုံများအားလုံးထက်မြင့်သော စေတီတစ်ဆူကို သင့်လျော်သည့်ကုန်းမြေတွင် တည်ထားကိုးကွယ်ရန် လမ်းညွှန်မှာကြား၏။ မြင့်မြင့်မားမားစေတီတော်တည်ထားရန်အတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဦးဆောင်လျက် သင့်လျော်သည့်မြေနေရာရွေးချယ်ရန် စီစဉ်လေ၏။

ထိုစဉ်က အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးမှာ ဗိုလ်ချုပ်ညွန့်တင်ဖြစ်သည်။

အတွင်းရေးမှူး (၁) က မြောင်းမြမြို့မှာ သာသနာတော်ထွန်းကားနေသည်ကို သာသနိကအဆောက်အအုံမြင့်မြင့်မားမားတစ်ခု တည်ဖို့ကောင်းသည်ဟု မေတ္တာရပ်ခံခဲ့လေသည်။ မြောင်းမြခယကဥက္ကဋ္ဌမှာ ဒု-ဗိုလ်မှူးကြီးဝင်းထိန်ဖြစ်သည်။ ခယကဥက္ကဋ္ဌမှ ဘုရားစေတီဖြစ်မြောက်ရေးကို အဖွဲ့တစ်ဖွဲ့ စတင်ဖွဲ့စည်းလိုက်ပါတော့၏။

မြို့နယ်မြေစာရင်းဦးစီးမှူး အပါအဝင် စား/ဖျော်ဌာနမှ ဦးတင်ရွှေ (ယခုဂေါပကဥက္ကဋ္ဌ)၊ အခွန်ဦးစီးမှူးဦးစိန်ဟန်၊



ဌာပနာတိုက်အတွင်းရှိ ရွှေဘုန်းအောင်ဘုရား



ဌာပနာတိုက်အတွင်းရှိကောရာဇ်ဘုရား



ဌာပနာတိုက်အတွင်းရှိ ရတနာပုံခေတ်ဘုရား



ဘုရားပရဝဏ်အတွင်းရှိ တံခွန်တိုင်ကြီး




ဌာပနာတိုက်အတွင်းရှိအင်းဝခေတ်နန်းဦးဘုရား




ရွှေဗုဒ္ဓါစေတီမှ အဓိဋ္ဌာန်ခံရသည့် စိန်ဖူးတော်


www.burmeseclassic.com




စေတီလိုဏ်အတွင်းရှိကုဝေရနတ်မင်းကြီးရုပ်တု



စေတီလိုဏ်အတွင်းရှိဝိရူပက္ခနတ်မင်းကြီးရုပ်တု



စေတီလိုဏ်အတွင်းရှိဝိရူဠကမင်းကြီးရုပ်တု



စေတီလိုဏ်အတွင်းရှိဓတရဋ္ဌမင်းကြီးရုပ်တု



အာရုံခံတန်ဆောင်းကို အလယ်ပစ္စယံမှမြင်ရပုံ



ရွှေဗုဒ္ဓေါအခုံစေတီနှင့်အဝင်မုခ်ဦး

မီးသတ်ဦးစီးဌာနမှူးဦးနေအေး (ကွယ်လွန်)၊ ဆေးနှင့်ဆေးပစ္စည်းခရိုင်မန်နေဂျာ ဦးလေးကြိုင်နှင့် ခရိုင်တရားသူကြီး ဦးအောင်တင့်တို့ဖြင့် ဖွဲ့စည်းလိုက်ပါသည်။ မြောင်းမြမြို့ (၇) လမ်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် မြေနေရာရှာဖွေရေးကိစ္စစည်းဝေးပွဲတစ်ရပ်ကျင်းပပြုလုပ်ကြပါသည်။

မြင့်မြင့်မားမားဘုရားတည်ရန်မြေနေရာရှာဖွေကြရာ ဗောဓိမြိုင်ဆရာတော်ကြီးဥူးဇနိတအမိန့်ရှိခဲ့သည့်အတိုင်းပင် ရှေးယခင်အခေါ် ကုလားကုန်း ယခု ဒက္ခိဏကုန်းမြေကို ရွေးချယ်သဘောတူညီမှုရရှိခဲ့ကြပါသည်။ ထိုစည်းဝေးဆုံးဖြတ်ချက်ကို တင်ပြလိုက်ကြလေ၏။ မြေနေရာရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်လိုက်သည့် ဒက္ခိဏကုန်းမြေကိုပင် အတည်ပြုပေးကြပါ၏။

မြစိမ်းရောင်တောင်ဆရာတော်ကြီး ဦးကုသလိယ၏ဩဝါဒခံယူလျက် ဒက္ခိဏကုန်းတောင်ပေါ်တွင် မြေသန့်မင်္ဂလာကျင်းပခြင်း၊ မိုးကြိုးပန္နက်တင်ခြင်း၊ မဟာဗောဓိပင်စိုက်ပျိုးခြင်း၊ ယာယီဓမ္မာရုံတန်ဆောင်းတို့ဆောက်လုပ်ခြင်း၊ ကုန်းမြေစိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်မျိုးစုံစိုက်ပျိုးခြင်း၊ သာသနာ့အလံများစိုက်ထူခြင်း၊ ဘုရားတည်ရန်အလှူခံမဏ္ဍပ်ဖွင့်လှစ်လျက် နေ့စဉ်အလှူခံလေ၏။

အုတ်မြစ်ပိုင်တိုင် (၂၅) တိုင်တူးဖော်ခြင်း၊ ကွန်ကရစ်ပိုင်တိုင်ထိပ်အုပ်ဆောက်လုပ်ခြင်း အစရှိသည့် အဓိကကျသောလုပ်ငန်းများ စတင်ဆောင်ရွက်ကြလေ၏။

မြစိမ်းရောင်တောင်ဆရာတော်ကြီးဩဝါဒပေးသည့်အထဲတွင် -

"ဒက္ခိဏကုန်းတွင် ယခုတည်မည့် ရွှေဗုဒ္ဓေါစေတီကို မြန်မြန်တည်ပါ။ ဒီဘုရားပြီးမှ မြောင်းမြမြို့ ဘေးရန်ကင်းသလို ကမ္ဘာကြီးလည်းငြိမ်းချမ်းမယ်။ မြစိမ်းရောင်တောင်တော်တွင် ဘုရားတည်ရန် အစီအစဉ်ရှိထားသည့် မြတိဂုံစေတီတည်မည့်အရေးကို ခေတ္တထားပြီး ရွှေဗုဒ္ဓေါစေတီကို မြန်မြန်တည်ကြ"

ဟု ဩဝါဒပေးတော်မူခဲ့ပါ၏။

## ◘ ရွှေဗုဒ္ဓေါစေတီတည်ရန် နာယကဆရာတော်ကြီးများရွေးချယ်

ရွှေဗုဒ္ဓေါစေတီတော်မြတ်ကြီးတည်ထားရာတွင် နာယကဆရာတော်ကြီးများအဖြစ် မြောင်းမြမြို့ရှိ ဆရာတော်ကြီး (၄) ပါးတို့မှ ဆောင်ရွက်ကြလေကုန်၏။ နာယကဆရာတော်ကြီးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဦးကုသလိယ
(မြစိမ်းရောင်တောင်ဆရာတော်)
၂။ ဦးခေမာစာရ
(စမ်းချောင်းဆရာတော်)
၃။ ဦးမဟာသေန
(ဗောဓိမြိုင်ဆရာတော်)
၄။ ဦးပညာသီဟ
(အလည်တောရဆရာတော်)
တို့ ဖြစ်ကြပါ၏။



www.burmeseclassic.com


www.burmeseclassic.com




ရှင်ဥပဂုတ္တကျောင်းတော်



ရှင်ဥပဂုတ္တနှင့် ဘိုးတော်အောင်မင်းခေါင်




ဘိုးတော်အောင်မင်းခေါင်ဓာတ်ခန်း၊



ပရဝဏ်အတွင်းရှိဝေါပကာရုံး



စေတီမျက်နှာပြင်ကိန်းဝပ်ဘုရား (၃၂၄) ဆူ



ရွှေမုဋ္ဌောစေတီတော်အလှူခံဌာန



စာရေးသူနှင့် ဂေါပကအဖွဲ့ဆွေးနွေး



ပရဝဏ်အတွင်းမြင်ကွင်း



အလယ်ပစ္စယံမှ စာရေးသူဆင်းလာပုံ

ခုံသကာဥက္ကဋ္ဌ ဒု-ဗိုလ်မှူးကြီး [illegible] အဖွဲ့ဝင် (၁) ဦးခိုင်ထွန်း၊ [illegible]ဥက္ကဋ္ဌ ဦးချစ်လှိုင်တို့ထံ အလှူငွေ[illegible] လှူဒါန်းကြပါရန် ကြေညာ[illegible]၊ နတခတိုင်းမှူး ဗိုလ်ချုပ်ကြီး [illegible]၊ ဒု-တိုင်းမှူးဗိုလ်မှူးတင့်ဆွေ၊ [illegible](၁) ဦးစောမြင့်၊ ဧရာဝတီတိုင်း

အေးချမ်းသာယာရေးနှင့်ပြည်သူ့ကောင်စီတို့မှ ဦးစီးဆောင်ရွက်၏။

□ ရွှေမုဋ္ဌောစေတီတည်ထားမှု

စေတီတော်၏ဘွဲ့တော် - ဇိနသီရိ မြထွဋ်ခေါင်ရွှေမုဋ္ဌော။

တည်နေရာ - ဒက္ခိဏကုန်းမြေ၊ မြကန်သာရပ်ကွက်၊ မြောင်းမြမြို့၊

ပရဝဏ်အကျယ်အဝန်း - (၅. ၃၈) ဧက။

ဉာဏ်တော်အမြင့် - (၈၁)ကောင် (၁၂၁. ၅ ပေ)။

ဉာဏ်တော်အလျား - (၃၃. ၄) တောင် (၅၀ ပေ) ပတ်လည်။



www.burmeseclassic.com

www.burmeseclassic.com

**ခန့်မှန်းတန်ဖိုး** - ကျပ်သိန်းပေါင်း (၃၅၀) ခန့်။

**ရရှိပြီးအလှူငွေ** - ကျပ်သိန်းပေါင်း (၁၆၃)။

**စေတီပန္နက်တော်တင်မင်္ဂလာနေ့** - ၁၃၅၉ ခု၊ ဝါဆိုလပြည့်ကျော် ၈ ရက်။ ၁၉၉၇ ခု၊ ဇူလိုင်လ ၂၇ ရက်၊ တနင်္ဂနွေ။

**ဌာပနာတော်သွင်းမင်္ဂလာနေ့ရက်** - ၁၃၆၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်။ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ သောကြာနေ့။

**ရွှေထီးတော်တင်မင်္ဂလာနေ့ရက်** - ၁၃၆၂ ခု၊ နှောင်းတန်ခူးလဆန်း ၁ ရက်။ ၂၀၀၁ ခု၊ မတ်လ ၂၄ ရက်၊ စနေနေ့။

**စေတီတော်တည်ဆောက်မှုတန်ဖိုး**- စုစုပေါင်း (၇၀,၁၈၄,၈၉၈) ကျပ်။

**စေတီတော်** - (၄၈၂. ၈) သိန်း။

**ပစ္စည်းလှူဒါန်းမှုသိန်း** - (၉၀)။

**လုပ်အားဒါန** - (၁၂၈) သိန်း။

**□ ဘုရားတည်ရာတွင် ပါဝင်သော အပိုင်းကဏ္ဍ**

အထွတ်စေတီ (၁၈) ပေအမြင့်ရှိ အရံစေတီ (၄) ဆူ၊ ဘုရားလိုဏ်အဝင်မုခ်ဦး (၄) ခု၊ ဘုရားနှင့်မုခ်ဦးတံကဲ၊ လိုဏ်အတွင်းဘုရား (ပလ္လင်ပါ) (၄)ဆူ၊ အလင်းရောင်ပေါက်(၁၆)ခု၊ စိန်တောင် (၁၂၀) ခု၊ ဘီလူးပန်းဆွဲ (၁၀၀) ခု၊ လေဝင်ပေါက် (၁၆) ခု၊ မကာန်းလှေကား (၄) ခု၊ အဖြည့်ပန်းများ (၁၈၀၀) စတုရန်းပေ၊ စဥ့်အုတ်ခွက် (၂၆၄) ခွက်၊ စေတီမျက်နှာတစ်ဖက်လျှင် ဘုရားအဆူပေါင်း (၈၁) ဆူ (ကိုးနဝင်းကျေ)၊ စေတီ (၄)မျက်နှာရှိဘုရား အဆူပေါင်း(၃၂၄)ဆူ (ကိုးနဝင်းကျေ)၊ ဘုရားဘုံအဆင့်ပေါင်း (၉) ဆင့်၊ စေတီဖောင်းရစ်(၉)ရစ်၊ ထီးတော်အဆင့်(၉)ဆင့်တို့ ဖြစ်ကြပါသည်။

**□ တည်ဆောက်သည့်စနစ်ပုံ**


**အုတ်မြစ်**

(၄) ပေအချင်းရှိ (၂၅) ပေအနက်ပိုင်တိုင် (၂၅) လုံးပေါ်တွင် ပိုင်တွဲခုံတည်ဆောက်။


**ကိုယ်ထည်ပိုင်း**

လေးမျက်နှာမုခ်ဦးထား၍ မဟာဗောဓိပုံ၊ သံအားဖြည့် ကွန်ကရစ်တိုင် ရက်မများအမာခံထား၍ အုတ်ဖြင့်ကာ တည်ဆောက်ပြီး ပတ်လည်လေးမျက်နှာတွင် ဗုဒ္ဓရုပ်ပွားတော်မြတ် (၃၂၄) ဆူ


စေတီတော်ကြီးတွင် နှာခဲ့သည့်ဆောင်းခိုင်ကျက်


စေတီတော်ကြီးတွင်ရှာရသောပဲစေ့များ


နောင်တော်ကြီးနှင့် ရွှေဗုဒ္ဓေါစေတီပန်းချီကား


ရွှေဗုဒ္ဓေါစေတီမှတ်တမ်းကမ္ပည်းကျောက်စာ


စေတီတော်တည်ဆောက်ရေးကမ္ပည်းကျောက်စာ


ရွှေဗုဒ္ဓေါစေတီတော်ကြီးဆိုင်းပုံ



www.burmeseclassic.com

www.burmeseclassic.com

ညှိသွင်းပူဇော်။

**အပေါ်ထည်ပိုင်း**

လေးထောင့်ပုံ လိုဏ်ပေါ်တွင် စေတီပုံကို အုတ်ဖြင့်ခေါင်းပွတည်ထား၍ ထီးတော်တင်လှူ။

**□ ရွှေဖုဒ္ဓေါစေတီတည်ရန်စတင်ပြင်ဆင်**

စေတီတည်မည့် မြေနေရာသည် ကျောက်ကုန်းမြေ ဖြစ်၏။ အပင် ပေါက်ရန်ခဲယဉ်းသော ကျောက်သား များဖြစ်လေ၏။ သို့သော်လည်း ကုန်း ခေါင်ခေါင်မြေနေရာသည် အပူလွန်ကဲ ၏။ အပင်ရှိမှအရိပ်ရမည် ဖြစ်လေ၏။ အပင်ဖြစ်ထွန်းအောင်မြင်စေရန် ကြိုးစား ကြကုန်၏။ ကြိုးစားခြင်း၏အကျိုးရလဒ် သည်ကား အောင်မြင်ခြင်း ဖြစ်၏။ ဆိုင်တ ဦးတင်ရွှေ ဦးဝင်းနိုင်တို့ ဦးဆောင်ကာ ဘုရားကုန်းမြေပေါ်တွင် စပ်ပင် (၉၀၀၀) စတင်စိုက်ပျိုးနိုင်ခဲ့ကြ ပါသည်။ အပင်များကို ဘေးမဲ့တော ဖြစ် ဖန်တီးရည်ရွယ်ချက်ဖြင့် စိုက်ပျိုး ကြခြင်း ဖြစ်ပါသည်။ လုပ်ငန်းစတင် ချိန်တွင် အလွန်ပူပြင်းသောရာသီစက် ၌ လမ်းဘေးအရိပ်မရှိ ဆောင်ရွက် ကြသည်။ စိုက်ပျိုးထားသောအပင်များ ရှင်သန်ကြီးထွားစေရေးအမြန်ဆောင်ရွက် ကြကုန်၏။ စိုက်ပျိုးထားသောအပင်တို့ အတွက် လိုအပ်သောရေကို လုံလောက် စွာပေးဝေနိုင်ခဲ့၍ နေအပူဒဏ်ကို ကြံ့ကြံ့ ခံနိုင်ကာ အပင်များရှင်သန်ခဲ့ကြသည်။

ယခုသုံးစွဲနေသောမီးစက်ကြီးမှာ ကုန်မှ ဦးကျော်တင့်နှင့်အဖွဲ့မှလှူဒါန်း ခြင်းဖြစ်၏။ မြို့မီးလင်းရေးအခြေအနေ မီးနေချိန်တွင် ဘုရားတန်ခိုးတော်ဖြင့် ဘုရားကုန်းမြေမီးအလင်းရောင်ဖြာဝေ ခဲ့သည်။ ဘုရားလိုဏ်အတွင်းအောက် ခြေအခင်းကျောက်ပြားများကိုလည်း ဦးကျော်တင့်နှင့်အဖွဲ့ကပင် လာရောက် ခင်းပေးခဲ့ပါသည်။ ယခုသုံးစွဲနေသော (၅) ဗို့အားရှိ ထရန်စဖော်မာကို စစ်တော်ပိုရေးရှင်းမှ ဦးရန်နိုင်က နိုင်ပါသည်။

ရွှေဖုဒ္ဓေါစေတီတည်ရာ အချိန် (၃) နှစ် ကြာမြင့်၏။

**ရွှေဖုဒ္ဓေါစေတီနှင့် အရံစေတီ (၄) ဆူ ရောင်ခြည်တော်လွှတ်ခြင်း**

ဂေါပကဥက္ကဋ္ဌဦးတင်ရွှေမှ ဘုရား ဖူးမျှော်ပြရာတွင် ထူးခြားချက်များ ပါဝင်လာ၏။

ရွှေဖုဒ္ဓေါစေတီတော်မြတ်ကြီးသည် (ခုနှစ်သက္ကရာဇ်ကိုတော့ မမှတ်မိတော့ပါ) တပေါင်းလဆန်း ၁၄ ရက်နေ့မှ လပြည့်ကျော် ၉ ရက်နေ့အထိ ရောင်ခြည်တော်ကွန့်မြူးရာ အရံစေတီများပါ တစ်ပြိုင်တည်း ထူးခြားစွာ ရောင်ခြည်တော်ကွန့်မြူးနေသည်ကို လူအများတို့ ဖူးမြော်ခဲ့ရကြောင်း သိခွင့်ရလိုက်ပါ၏။

ရောင်ခြည်တော်လွှတ်ကြောင်းကို မြို့အနီးဝန်းကျင် ကျေးရွာများကပင် သတင်းရရှိကြ၍ လာရောက် ဖူးမြော် လိုက်ကြသည်မှာ ကြက်ပျံမကျစည်ကား သည်ဟု ဆို၏။

**□ ရွှေဖုဒ္ဓေါစေတီတွင်ပဲမိုးရွာသွန်းခြင်း**

ရွှေဖုဒ္ဓေါစေတီတော်တွင် ပဲမိုးရွာ သွန်းကြောင်းပြောပြ၍ ကျွန်ုပ်အနေဖြင့် ထူးခြားသတင်းရရှိလိုက်ပါ၏။ နာဂစ် မုန်တိုင်းမတိုက်ခတ်မီ တပေါင်းလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်နေ့များတွင် ဘုရား၌ ပဲမိုးများရွာသွန်းခဲ့ကြောင်း၊ ထိုပဲမိုးနှင့် ပတ်သက်၍ ဂေါပကဥက္ကဋ္ဌဦးထွန်းရွှေက-

"ပဲမိုးကနှစ်တိုင်းရွာတာ"

"ဗျာ-ပဲမိုးကနှစ်တိုင်းရွာတာလား။ ဟုတ်လား၊ အံ့ဩဖို့ကောင်းလိုက်တာ ဗျာ"

"ဟုတ်တယ်၊ တပေါင်းလဆန်း ၁၃၊ ၁၄၊ ၁၅ ဆိုရင် အမြဲရွာတယ်"

"ပဲမိုးရွာသွန်းချိန်ကလည်း အချိန် မှန်လိုက်တာ။ တကယ်ကိုထူးတယ်ဗျာ"

ကျွန်ုပ်မှာ အံ့ဩမှုကိုပင်ထိန်းချုပ်၍မရတော့။ အလွန်ပင်အံ့အားသင့်ခဲ့မိပါ၏။ ထူးခြားဆန်းကြယ်ဖြစ်ရပ် ဂမ္ဘီရ ဆန်လွန်းဘိ၏။ ယုံကြည်ရန်မလွယ်ကူ သောဖြစ်ရပ်ဟု ဆိုလိုက်ချင်ပါသည်။ အံ့ဖွယ်ကောင်းလေစွတကား။ ထိုပဲစေ့ ကို ရရှိသူအချို့က မျက်စိနာရောဂါကို ပျောက်ကင်းလို၍ ပဲစေ့ကို ကျောက်ပျဉ် တွင်သွေး၍လိမ်းကြည့်ရာ မျက်စိနာ ရောဂါပျောက်သွားကြောင်း သိရလေ ၏။

ဦးတင်ရွှေမှ ယခုဆောင်းပါးကို မည်သည့်မဂ္ဂဇင်းသို့ပေးပို့မည်လဲမေးမြန်း လာ၏။ ကျွန်ုပ်က သုရဿမဂ္ဂဇင်းသို့ ပေးပို့ မည်ဖြစ်ကြောင်း လေးလေးစားစား ဖြေကြားခဲ့ပါသည်။

**□ စိန်ဖူးတော်ခိုးခံရသည်ကို သိမ်းငှက်ကြီး က သတိပေးလေသလော**

တစ်ခါသော် ခယကဥက္ကဋ္ဌ ဦးအေးဟန်သည် ဘုရားဖူးကြွရောက် လာခဲ့သည်။ ဘုရားဖူးပြီး ဂေါပကဥက္ကဋ္ဌ အား ထီးတော်စောင်းနေကြောင်းပြော ၏။ ဥက္ကဋ္ဌက မယုံခဲ့ပါ။

သို့သော် -

ထိုအချိန်မတိုင်ခင်က သိမ်းငှက် ကြီးတစ်ကောင်ဘုရားပေါ်သို့လာရောက် နားလေသည်။ ဘုရားပေါ်နားနေရာမှ ဂေါပကလူကြီးများရှိရာဆီသို့ ရုတ်ခြည်း ထိုးဆင်းလာ၏။ ဂေါပကတစ်ဦး၏ ဦးခေါင်းပေါ်ရှိ ဆံပင်များကို သူ၏ခြေ နှစ်ချောင်းဖြင့်ကုပ်ဆွဲလျက် ဆက်လက် ပျံသန်းထွက်ခွာသွားပါတော့သည်။ ယခု ဦးအေးဟန်ပြောသည့် ထီးတော်စောင်း နေခြင်းနှင့် ဆက်စပ်ကြည့်ရာ ဘုရားတွင် တစ်ခုခုတော့ထူးချေပြီ။ ဂေါပကတို့ စိတ်ထဲထင့်ကာ ဇဝေဇဝါဖြစ်လာရတော့ သည်။ ဘုရားမှာဘာတွေဖြစ်နေသနည်း စစ်ဆေးကြည့်ရှုကြကုန်၏။

သိမ်းငှက်ကြီးက ဂေါပကအဖွဲ့ဝင် တို့ကို သတိပေးလေသလော။

ဤကိစ္စသည် ၂၀၀၅ ခုနှစ်ခန့် လောက်ကဖြစ်ခဲ့ပါသည်။ ထိုအခါမှ စိန်ဖူးတော်ကို တက်ရောက် စစ်ဆေးကြ ရာ စိန်ဖူးတော်အစစ်မရှိတော့ပါ။ အတု ကို အစစ်နှင့်ပုံများရိုက်ခဲ့ကြလေသည်။ ဘုရားစိန်ဖူးတော်မှာ အခိုးခံရလေပြီ။ အကုသိုလ်မကြောက်၊ ငရဲမကြောက်သူ မိစ္ဆာဒိဋ္ဌိတို့ ရမ်းကားလှချေ၏။ စိန်ဖူး တော်ကို အဘယ်အရပ်ဆီသို့ခိုးယူသွား ကြလေကုန်သနည်း။ စုံစမ်းရလေတော့ ၏။

**□ စိန်ဖူးတော်သဲလွန်စ**

ဘုရားစိန်ဖူးတော်သတင်းအစအန ရရှိခဲ့ပုံကို ဥက္ကဋ္ဌကဆက်ပြောလေသည် မှာ -

မသမာသူမိစ္ဆာဒိဋ္ဌိတို့ ညောင်တုန်း ဘုရားစိန်ဖူးကိုခိုးယူကြသည်။ ထိုစိန်ဖူး တော်ခိုးသည့်အဖွဲ့အား ညောင်တုန်း ရဲတပ်ဖွဲ့မှ ဖမ်းဆီးမိလိုက်ကြပါသည်။ ထိုအခါ မအူပင်ခရိုင်ရဲမှူးက ယခု ညောင်တုန်းဘုရားစိန်ဖူးခိုးအဖွဲ့သည် မြောင်းမြက စိန်ဖူးခိုးခံရသည့်ကိစ္စနှင့် ဆက်စပ်မှု၊ ပတ်သက်မှုရှိနိုင်သလားဟု အတွေးရကာ စစ်ဆေးစေလိုက်သည်။ ထိုသို့စစ်ဆေးရာမှ ရွှေဖုဒ္ဓေါစေတီစိန်ဖူး ခိုးယူသူတို့မှာ သူတို့အဖွဲ့ပင်ဖြစ်ကြောင်း ပေါ်ပေါက်လာခဲ့ပါတော့၏။

စိန်ဖူးခိုးယူသူများမှာ ဝင်းငွေ၊ သိန်းထွန်း၊ အောင်ဆွေ ငွေမင်းဝင်း၊ မြကြိုင်၊ ဝင်းလှိုင်တို့ဖြစ်ကြလေ၏။ သူတို့ သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ တွင်နေထိုင်သူများ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်းစိန်မူခင်းရဲတပ်ဖွဲ့မှ ရဲအုပ်အေးထွန်းက ရွှေဗုဒ္ဓါစေတီဂေါပကဥက္ကဋ္ဌ ဦးတင်ရွှေထံ အကြောင်းကြားလိုက်၏။ ဦးတင်ရွှေမှ သက်သေခံအဖြစ်နှင့် လာစစ်ပါ ဟူ၍ ခေါ်လိုက်ပါသည်။ ဦးတင်ရွှေ သွားရောက် စစ်ဆေးကြည့်ရှုသည်။ အခိုးခံရသောပစ္စည်းများမှန်ကန်ကြောင်း တွေ့ရှိလေ၏။ ရဲတို့၏စစ်ဆေးချက်အရ ဘယ်ဆိုင်တွင်ရောင်းချထားသည်ဆိုသည့် ထွက်ဆိုချက်အတိုင်း ကွင်းဆက်လိုက်ရာမှ ရသင့်သလောက်ပြန်လည်ရရှိခြင်းဖြစ်ပါတော့သည်။

**□ ရွှေဗုဒ္ဓါစေတီသို့ရောက်လာသော ဆောင်းခိုငှက်**

၂၀၀၆ ခုနှစ်၊ မေလပိုင်းလောက်က ရွှေဗုဒ္ဓါစေတီတော်ကြီး၏ထီးတော်တွင် ဆောင်းခိုငှက်ကြီးတစ်ကောင်လာရောက်နားလေ၏။ (၅) နာရီနီးပါးခန့်ကြာမြင့်၏။ ထို့နောက် အရှေ့ဘက်အရပ်သို့ပျံသန်းထွက်ခွာသွားကြောင်း၊ အတောင်ပံနှစ်ဖက်ဖျားအထိ (၆) ပေခန့်ရှည်လျားကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးမှပြော၏။

**□ အလယ်ပစ္စယံရှိ ဘုရားဌာပနာတိုက်လေ့လာ**

ရှေးဦးစွာ ရွှေဗုဒ္ဓါစေတီလိုဏ်အတွင်းရှိ ဘုရားများကို ဖူးမြော်ရင်းလေ့လာခဲ့ပါသည်။ ဂေါပကအဖွဲ့ဝင်တစ်ဦးမှ ကျွန်ုပ်အား လိုက်လံရှင်းလင်းပြသပေး၏။

စေတီလိုဏ်အတွင်း အလယ်ဗဟိုမဏ္ဍိုင်တွင် ကျောချင်းကပ်ဘုရားလေးဆူတို့သည် အရပ်လေးမျက်နှာဆီသို့ အသီးသီးမျက်နှာမူ တည်ထား ကိုးကွယ်ထားသည်ကို ဖူးမြော်ရပါသည်။

ဘုမိဖဿမုဒြာဘုရား (အရှေ့အရပ်)၊ ဓမ္မစက္ကမုဒြာဘုရား (တောင်အရပ်)၊ အဘယမုဒြာဘုရား (အနောက်အရပ်)၊ ဈာနမုဒြာဘုရား (မြောက်အရပ်)။ ထိုလိုဏ်အတွင်း၌ပင် အရှေ့မြောက်ထောင့်တွင် ကုဝေရနတ်မင်းကြီး၊ အရှေ့တောင်ထောင့်တွင် ဓတရဋ္ဌနတ်မင်းကြီး၊ အနောက်တောင်ထောင့်တွင် ဝိရူဠှကနတ်မင်းကြီး၊ အနောက်မြောက်ထောင့်တွင် ဝိရူပက္ခနတ်မင်းကြီးလေးပါး ရုပ်တုတို့တည်ရှိကြကုန်၏။

စေတီအခြေလိုဏ်အတွင်းတွင် တည်ထား ကိုးကွယ်ထားသည့် ဘုရားလေးဆူကို ကြည်ညိုပြီးနောက် အလယ်ပစ္စယံသို့ လေ့လာရေးခရီးဆက်သည်။ လိုဏ်အတွင်းမှ အလယ်ပစ္စယံသို့တက်သောလှေကားထစ်များအတိုင်း ဂေါပကအဖွဲ့ဝင်တစ်ဦးနှင့်အတူ တက်ရောက်ခဲ့ကြပါသည်။ အလယ်ပစ္စယံမှနေ၍ ရွှေဗုဒ္ဓါအရံစေတီ (၄) ဆူတို့ကို အနီးကပ်ဖူးမြော်နိုင်ပါသည်။ အလယ်ပစ္စယံမှနေ၍ မြောင်းမြမြို့ဝန်းကျင်ရှုခင်းများကြည့်ခွင့်ရသည်။

ထိုအလယ်ပစ္စယံ၌ ဘုရားဌာပနာတိုက်ရှိသည်။

ဌာပနာတိုက်အခန်းသော့ကိုဖွင့်၍ ဘုရားဂေါပကအဖွဲ့ဝင်မှ ကျွန်ုပ်အားဝင်ခွင့်ပြုကာ အချက်အလက်များ ရှင်းလင်းပြောကြားပေးပါသည်။ ထိုဂေါပကအဖွဲ့ဝင်အဆိုအရ ဌာပနာတိုက်ခန်းအတွင်းသို့ လူတိုင်းဝင်ခွင့်မပြုကြောင်းသိလိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် ဌာပနာထားသည့် အဖိုးတန်ပစ္စည်းများနှင့် အဖိုးမဖြတ်နိုင်သောရှေးဟောင်းဘုရားဆင်းတုများရှိနေခြင်းကြောင့် ဖြစ်ပါတော့၏။ ကျွန်ုပ်အနေဖြင့် ရှေးဟောင်းဘုရားများကို ဖူးမြော်ခွင့်ရရှိ၍ ကုသိုလ်ထူးခဲ့ပါ၏။

ဤတွင် လူတိုင်းဝင်ခွင့်မရသော ဘုရားဌာပနာတိုက်အတွင်းသို့ ကုသိုလ်ထူးကဲစွာ ကျွန်ုပ်နှင့် သားငယ်တို့ အဘယ်ကြောင့်ဝင်ခွင့်ရခဲ့ပါသနည်း။

၂၀၁၆ ခု၊ စက်တင်ဘာလထုတ် သုရဋ္ဌမဂ္ဂဇင်းတွင် ပိန္နဲကုန်းကျေးရွာရှိ အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော်မြတ်အကြောင်း ရေးသားတင်ပြခဲ့ဖူးသည်။ ထိုသို့တင်ပြပြီးမကြာမီ အချိန်ကာလတစ်ခု၌ ပိန္နဲကုန်းကျောင်းကျောင်းထိုင်ဆရာတော်နှင့် တွေ့ဆုံခဲ့ရပါ၏။

ဆရာတော်က -

"ဒိုမ်း - ဒကာကြီးက အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော်ကြီးအကြောင်း ရေးသား တင်ပြခဲ့တာတာ ဒကာကြီးလည်း သာသနာပြုခဲ့ပေတာပဲ"

ဟု ကျွန်ုပ်အား အမိန့်ရှိခဲ့ဖူး၏။

ကျွန်ုပ်သည်လည်းကောင်း၊ ဘုရားဆောင်းပါးမှတ်တမ်းဓာတ်ပုံများရိုက်ကူးပေးနေသူ သားငယ် ကိုပြည့်ဖြိုးအောင်သည်လည်းကောင်း၊ သာသနာပြုနေသူများဖြစ်ကြ၍ ကုသိုလ်သည် ကုသိုလ်နှင့်သာ ပေါင်းစည်းနိုင်ပေလိမ့်မည်။ ကျွန်ုပ်တို့သားအဖ ကုသိုလ်ထူး၍သာ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းဘုရားအဆူဆူတို့ကို ကိုယ်တိုင်ကိုယ်ကျ ဖူးခွင့်ကြုံခဲ့ရသည်မဟုတ်ပါလား။

**□ ဌာပနာတိုက်အတွင်းရှိ ရှေးဟောင်းဘုရားများနှင့်စိန်ဖူးတော်**

အလယ်ပစ္စယံရှိ ဌာပနာတိုက်နေရာတွင်လည်း အလယ်ဗဟိုမဏ္ဍိုင်တွင် ကျောချင်းကပ်လျက် ရှေးဟောင်းဘုရားလေးဆူ ပူဇော်ထားပါ၏။ အချိန်မရွေး ဖူးမြော်ရန် မလွယ်ကူသလို လူတိုင်းဝင်ခွင့်မရရှိသော ဌာပနာတိုက်အတွင်းရှိ ရှေးဟောင်းဘုရားလေးဆူကို သုရဋ္ဌပရိသတ်အပေါင်း ဓာတ်ပုံဖြင့် ဖူးမြော်ကြည်ညိုနိုင်ကြစေရန် ဖော်ပြပေးလိုက်ပါသည်။

၁။ ရွှေဘုန်းအောင်ဘုရား၊ အရှေ့အရပ်မျက်နှာမူ (ရှေးယခင်မင်းများဘုန်းကံကြီးမားစေရန် ရည်ရွယ်ပြီး ပူဇော်သောဘုရားဖြစ်ပါသည်။)

၂။ ကေရာဇ်ဘုရား၊ တောင်အရပ်မျက်နှာမူ (မင်းနှင့် ပြည်သူများအေးချမ်းသာယာစွာနေထိုင်နိုင်ရေးအတွက် ကေရာဇ်သားဖြင့် ထုလုပ်ထားသည့်ဘုရား ဖြစ်ပါသည်။)

၃။ ရတနာပုံခေတ်ဘုရား၊ အနောက်အရပ်မျက်နှာမူ (သီပေါမင်းတရားကြီး နန်းဦးတွင်ကိုးကွယ်ထားသော ပဉ္စလောဟာဘုရား ဖြစ်ပါသည်။)

၄။ အင်းဝခေတ်နန်းဦးဘုရား၊ မြောက်အရပ်မျက်နှာမူ (အင်းဝခေတ် နန်းဦးတွင် မင်းများကိုးကွယ်ခဲ့သည့်ဘုရားဖြစ်ပါသည်။)

ရွှေဗုဒ္ဓါစေတီတော်မြတ်ကြီး၏ မူလစိန်ဖူးတော်ကိုလည်း ဌာပနာတိုက်အတွင်း၌ ဖူးမြော်ခွင့်ရခဲ့ပါသည်။ ထိုစိန်ဖူးတော်ကို ဌာပနာတိုက်အတွင်း၌ လုံခြုံစွာသိမ်းဆည်းထားရခြင်းမှာ အခိုးခံရဖူးသောကြောင့် ထပ်မံအခိုးမခံရစေရန် စီစဉ်ထားခြင်းဖြစ်ပါတော့သည်။ သူတော်ကောင်းအပေါင်းတို့ ဖူးမြော်နိုင်ကြစေရန် ဓာတ်ပုံမှတ်တမ်းရယူခဲ့ပါသည်။ အောက်ခြေရှိ စိန်ဖူးတော်အလုံးမှာ သူခိုးများထားခဲ့သည့် ပလတ်စတစ်ဖြင့်ပြုလုပ်ထားသည့် စိန်ဖူးအတုဖြစ်ကြောင်း သိရပါသည်။

အထက်ပါအတိုင်း ဂေါပကအဖွဲ့ဝင်မှရှင်းပြခဲ့ပါ၏။

**□ ရွှေဗုဒ္ဓါစေတီအလှူပွဲများ**

လွန်ခဲ့သော(၃)နှစ်ခန့်လောက်က မြောင်းမြမြို့သို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ခယကဥက္ကဋ္ဌ ဦးထွန်းမင်းဇော် ရွှေဗုဒ္ဓါစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို တပို့တွဲလပြည့်နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

ကျင်းပပြုလုပ်ရန် သတ်မှတ်လိုက်ပါ၏။ ဂေါပကအဖွဲ့တို့ စွမ်းအားရှိသလောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ထမနဲထိုးပွဲကျင်းပပြုလုပ်ပြီး ဘုရားတင်လှူပူဇော်ကြမည်။ ဌာနဆိုင်ရာများအား ဖိတ်ကြားကာ ကိုယ်တိုင်လာရောက်တင်လှူပူဇော်စေပါသည်။ ထိုအစဉ်အလာအတိုင်း နှစ်စဉ်ပြုလုပ်ခဲ့ပါသည်။

ဦးထွန်းမင်းဇော်-ဒေါ်ခင်သန်းမြင့် (အထိကပုသိမ်တက္ကသိုလ်) တို့က နှစ်စဉ်လာရောက်၍ အလှူဒါနများ ဦးဆောင်ပြီး ဝါတွင်းအလှူပွဲများဆောင်ရွက်ပေးခဲ့ပါသည်။ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ဝါတွင်းလပြည့်၊ လကွယ် (စရက်နေ့မပါ) ဥပုသ်နေ့တိုင်းတွင် ဧည့်ပရိသတ် (၁၀၀) ကျော်ကို နံနက်စာအာဟာရ ကျွေးမွေးပါသည်။ ဘုရားအမှူးရှိ သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့်ဆွမ်းကပ်လှူကြသည်။

အလှူဒါနပြုလုပ်တိုင်း လောက်ငရှိပါ့မလားဟု ဂေါပကအဖွဲ့ဝင်တို့ စိုးရိမ်တတ်ကြ၏။ မည်သည့်အလှူပွဲမျှ မလောက်ငမှုတို့ အလျှင်းမရှိဘဲ ပိုလျှံနေသည်ကိုသာ အမြဲမြင်တွေ့ကြရလေကုန်၏။ ဘုရားပရဝဏ်ရင်ပြင်ကျောက်ပြားခင်းစဉ်ကလည်း အပြည့်အဝခင်းနိုင်ပါ့မလား ပူပန်မိကြသည်။ အလှူရှင်ပေါ်များလွန်း၍ မလှူလိုက်ရသည့် အလှူရှင်များပင် စိတ်မကောင်းဖြစ်ကြရသည်။ အလှူကိစ္စတစ်ခု ပေါ်ပေါက်လာပါက အလှူရှင်ကပေါ်လာစမြဲ။

ဘုရားတွင် လစဉ်အလှူပွဲများရှိသေရာ ဝါတွင်းကာလပြီးလျှင် သီတင်းကျွတ် တန်းဆောင်တိုင်မီးထွန်းပွဲတော်တို့တွင် ဘုရားမီးကပ်လှူပူဇော်ခြင်း၊ ဘုရားရင်ပြင်အနှံ့ ဆီမီးတိုင်မြိုင်မြိုင်ထွန်းညှိပွဲများ စည်ကား၏။ စတုဒိသာကျွေးမွေးဧည့်ခံကြကုန်၏။ လှူဒါန်းထားသော အလှူပစ္စည်းမျိုးစုံတို့ကို ဘုရားဖူးလာဧည့်ပရိသတ်တို့အား ကံစမ်းမဲဖောက်ခြင်းသည်၍ဒါနပြုလုပ်ပေးသည်။ တပို့တွဲလတွင် ထမနဲထိုးပြိုင်ပွဲများနှစ်စဉ်ကျင်းပပြုလုပ်သည်။ ရှေးဦးစွာ ထမနဲကို ဘုရားအမှူးရှိသံဃာအပေါင်းကို ဆက်ကပ်လှူဒါန်းပါသည်။ ပရိသတ်တို့ကို ဧည့်ခံကျွေးမွေးသည်။ အနီးအနားရှိ ဘိုးဘွားရိပ်သာ၊ ပရဟိတဂေဟာနှင့် ဘုန်းကြီးကျောင်းများ၊ သီလရှင်စာသင်ကျောင်းများသို့ သွားရောက် လှူဒါန်းသမှုပြုကြကုန်၏။

တံခွန်တိုင်၊ တန်ခူး သင်္ကြန်အပြီး အသံမစဲမဟာပဌာန်းပွဲ (၃) ရက်ရွတ်ဖတ်ပူဇော်ခြင်း ကျင်းပပြုလုပ်ခဲ့သည်မှာလည်း နှစ်စဉ်မပျက်ခဲ့ချေ။

**၁ စေတီပရဝဏ်အတွင်းအခင်းအကျင်း**

ရွှေဗုဒ္ဓေါစေတီပရဝဏ်အတွင်းသို့ လေ့လာကြည့်ရှုရာ ဂေါပကအဖွဲ့ဝင်တစ်ဦးမှ လိုက်လံကူညီပြသပေးသည်။ ဘုရားဝင်းအတွင်း၌ စိုက်ပျိုးထားသော သစ်ပင်တို့မှာ ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီတို့ဖြစ်ကြပါ၏။ ဘောစကိုင်းပင်များကိုလည်းထည့်သွင်းစိုက်ပျိုးထားလေ၏။ ဘောစကိုင်းမျိုးသည် အကြီးမြန်သစ်မျိုးဖြစ်ချေ၏။ ထင်းလောင်စာအဖြစ် အသုံးပြုနိုင်သည်။ ဘုရား၌ အလှူပွဲများ ကျင်းပပြုလုပ်ရာတွင် ချက်ပြုတ်ကြော်လှော်ရာ၌ လိုအပ်သော ထင်းကို စိုက်ပျိုးထားသော ဘောစကိုင်းပင်တို့မှ ကောင်းစွာ ဖြည့်တင်းပေးနိုင်ခဲ့ပါသည်။ လောင်စာထင်းအတွက် ပြင်ပမှဝယ်ယူသုံးစွဲစရာမလိုတော့ချေ။

၂၀၀၅ ခုနှစ်က တည်ဆောက်ခဲ့သော အာရုံခံတန်ဆောင်းကြီးသည် ခံ့ခံ့ညားညားရှိနေပါ၏။ မဟာဗောဓိပင်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြင်ရသည်မှာလည်း မြတ်စွာဘုရားရှင် ဗောဓိပင်ကို အမှီပြု၍ပွင့်ထွန်းခဲ့သည်ကို အမှတ်ရစေပါ၏။ ဗောဓိပင်၏အရိပ်အောက်ဝယ် ကိန်းဝပ်စံပယ်တော်မူနေသောဘုရားရှင်၏အသရေတော်မှာ လွန်စွာတင့်တယ်ပါပေသည်။ ကျွန်ုပ်သည် ဘုရားကိုကြည်ညိုရင်း ဗုဒ္ဓ၏ တရားတော်များတို့သည် ကျွန်ုပ်၏ နှလုံးအိမ်တွင်းသို့ ကိန်းအောင်းလာနေသည်ဟူ၍ ခံစားလာရသည်။

ထိုဗောဓိပင်ကို ဗုဒ္ဓဂယာမှ ပင့်ဆောင်လာသည်ဟု သိရပါသည်။ ပင့်ဆောင်လာစဉ်က အပင်အမြင့်မှာ (၆) ပေမျှသာရှိသေး၏။ ယခုတွေ့မြင်ရသည့်အတိုင်း ပင်စည်ထွားထွားအကိုင်းအခက်အလက်အရွက်တို့ဖြင့် ဝေဆာနေပါသည်။ ဗောဓိပင်အနီး၌ ရှင်ဥပဂုတ္တကျောင်းဆောင်ရှိလေ၏။ အလှူပွဲရှိ၍ မိုးရိပ်မိုးသားတို့ ကင်းစင်စေလိုပါလျှင် ရှင်ဥပဂုတ္တမထေရ်မြတ်ကို မီးပူဇော်၍ ဆုတောင်းပါက အလှူပွဲကို မိုးလွတ်လေလွတ်ကျင်းပနိုင်သည်ဟု ဆိုပါသည်။ ရှင်ဥပဂုတ္တကျောင်းဆောင်နှင့်တစ်ဆက်တည်း ဘိုးတော် အောင်မင်းခေါင်၏ ခေတ်ခန်းတွဲလျက်ရှိနေပါ၏။

ဘုရားပရဝဏ်အတွင်း၌ ဂေါပကရုံးကို သီးသန့်ဆောက်လုပ်ထားသည်ကို တွေ့ရသည်။

ပန်းပင်များကို စီရရီစိုက်ပျိုးထားသည်မှာလည်း မျက်စိပသာဒအလှတိုးစေပါသည်။ အနားယူရင်း၊ လေညင်းခံရင်း ထိုင်စရာခုံတန်းလေးများလည်းရှိသည်။ ပန်းများပွင့်နေသောနေရာတွင် တံခွန်တိုင်ကြီးရှိသည်။ တံခွန်လုံးသည်လည်း လေတဖြူးဖြူးနှင့် အတူလွင့်မျောနေသည်။ တံခွန်တိုင်အနီးတွင် အောင်မြေရှိသည်။ ကုသိုလ်ပြု အမှုဝေရာ ခေါင်းလောင်းကြီးတစ်လုံးလည်းရှိနေသည်။ ဘုရားရိပ်သည် အေးချမ်းလှပေ၏။ တိတ်ဆိတ်ငြိမ်သက်သည့်ဘုရားဝင်းအတွင်း တရားဘာဝနာဖြင့် မွေ့လျော်နိုင်၏။

ရွှေဗုဒ္ဓေါစေတီဘုရားဝင်းသည် သူတော်ကောင်းတို့ ပျော်စံရာ အေးငြိမ်းသောမေတ္တာနယ်မြေပါတကား။

ရွှေဗုဒ္ဓေါစေတီတောင်ဘက်တွင် ၁၉၈၈ ခုနှစ်က တည်ထားကိုးကွယ်သည့် ကမ္ဘာ့ငြိမ်းချမ်းရေးနောင်တော်ကြီးစေတီရှိပါသည်။ တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးကို ရည်ရွယ်လျက် တည်ထားကိုးကွယ်ခြင်းဖြစ်ပါသည်။

ဘုရားဂေါပကအဖွဲ့ဝင်များအနေဖြင့် လခစားများမဟုတ်ကြပါ။ လှူစရာရှိလျှင် ကိုယ်ပိုင်ငွေထည့်ဝင်လှူဒါန်းသမှုပြုကြကုန်၏။ ဘုရားအလုပ်၊ တရားအလုပ်တို့ကိုသာ အာရုံနှစ်ထားကြသည်။ ဘုရားဝေယျာဝစ္စလစ်ဟင်းမှုမရှိကြလေကုန်။ သာသနာတော်ထွန်းကားရေး၊ သာသနာတော်ပြန့်ပွားရေးတို့ကို ရှေးရှုလုပ်ဆောင်လျက်ရှိကြကုန်၏။

ဗောဓိမြိုင်ဆရာတော်ကြီးဦးဇနိတ (၁၂၆၆-၁၃၃၇) ၏ မိန့်ကြားချက်နှင့် မြစိမ်းရောင်တောင်ဆရာတော်ဘုရားကြီးဦးကုသလိယ၏ဩဝါဒတို့နှင့်အညီတည်ထားသည့် ရွှေဗုဒ္ဓေါစေတီတော်မြတ်ကြီးကို ဖူးမျှော်ကြည်ညိုကြကာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့သနိုင်ကြစေရန် မြန်ပြည်အဝန်းမှ သူတော်ကောင်းအပေါင်းတို့ထံ တင်ပြအပ်ပါသတည်း။

မြောင်းမြမြို့မှသည် မြန်မာပြည်တစ်ဝှမ်းလုံးနှင့် ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းပါစေသော်ဝ်။

ဗုဒ္ဓသာသနံစိရံတိဋ္ဌတု

**အောင်မြင့်ထွန်း(မဒဲးသုံး)**

www.burmeseclassic.com

သူတော်ကောင်းတွေမှုကိန်းအောင်းမွေ့လျော်ကြတဲ့ စုံတော ××× မဟာမြိုင်××××ပန်းမာလာမြိုင်××××လွမ်းစရာပိုင်×××တောဂနိုင် မြိုင်အတွင်းမှာလေ×××ပျံ့သင်း×××ဝေဝေလွင်××××စခန်း×××တစ်ပင်×××နှစ်ပင်×××ပန်း×××သဇင်သဇင်×××ပေါ်ပါဘိသနဲ့×××စုံတောမြိုင်ချောင်×××'

တေးသံရှင် မြန်မာပြည်သိန်းတန်၏ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော စုံတောမြိုင်သီချင်းကို ကျွန်ုပ်သည် ရုပ်ကိုမသုံး နာမ်ကိုသာသုံးသည့် ဓာတ်ပေါင်းဦးသျှောင် အောင်မင်းခေါင်နှင့် အတွင်းရွှေကြာအိုင်သိုက်မှ သိုက်နန်းရှင်တို့၏သာစုခေါ် သံစာမှုကို အချောသတ်ရေးသားခြင်းပြီးဆုံးသွားသဖြင့် ဧည့်ခန်းထဲတွင်ထိုင်ပြီးအပန်းဖြေကာ နားထောင်နေမိပါသည်။

ထိုသို့ စုံတောမြိုင်သီချင်းကို နားထောင်နေရင်းဖြင့်ပင် လွန်ခဲ့သော အချိန်ကာလက မဟာမြိုင်တောကြီးနှင့် တစ်ဆက်တည်းတည်ရှိသော ပုံတောင်၊ ပုံညာဒေသတွင် မဟာဂန္ဓာရီခရီးလမ်း အကျင့်စခန်းကို ကျင့်ကြံအားထုတ်နေသော မျက်လုံးထဲမှ မျက်ဆန်အဖြူလည်ပင်း၌ ပုတီးအဖြူ ပိတ်ဖြူစင်ကြယ်နှင့်ဆံပင်သျှောင်တံစောင်းထုံးထားသော သူတော်စင်အဘ'ဘိုးသုည'နှင့်အတူ 'ဝ' တစ်လုံးရသေ့ကြီးတို့နှင့် အမှတ်မထင် ဆုံတွေ့ခဲ့ရပုံများကို ပြန်လည်မြင်ယောင်လာမိပါသည်။

ကျွန်ုပ်တို့မိသားစုသည် မဟာမြိုင်တောကြီးအတွင်းရှိ ဝေဘူ၊ ဝေဘာရ၊ သုနန္ဒရ အမည်တွင်သော တောင်သုံးလုံး၏ အလယ်ဗဟိုဖိုခုံလောက်ဆိုင်နေရာတွင် တည်ရှိသော အလောင်းတော်ကဿပမထေရ်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရန်အတွက် ရန်ကုန်မြို့မှ မုံရွာမြို့သို့ ရောက်ရှိလာခဲ့ပါသည်။ ထိုသို့ရောက်ရှိကြသောအခါ အလောင်းတော်ကဿပရှိရာဆီသို့ ခရီးဆက်လက်ထွက်ခွာရန် ကျန်ရှိနေသေးသဖြင့် ကျွန်ုပ်တို့မိသားစုသည် တည်းခိုခန်းတစ်ခုကို ရှာဖွေကာ ငှားရမ်းလိုက်ပါသည်။ ထိုတည်းခိုခန်း၌ပင် နေ့လယ်စာစားသုံးကြပြီးသောအခါ မုံရွာမြို့မှ အလောင်းတော်ကဿပမထေရ်မြတ်ကြီးတည်ရှိရာတောအတွင်းသို့ ဘုရားဖူးခရီးသည်များကို ကားစင်းလုံးငှားဖြင့်ပို့ဆောင်ပေးနေသောကားဂိတ်တစ်ခုကို ဖုန်းဖြင့်ဆက်သွယ်လိုက်ပြီး စူပါကာစတန်ကားတစ်စီးကို စီးလုံးငှားလိုက်ပါသည်။ ထိုကားဖြင့်ပင် မုံရွာမြို့မှ စတင် ထွက်ခွာလာရာ ညနေ (၄) နာရီကျော်ကျော်ခန့်လောက်တွင် 'ကားမကောင်းလျှင် လုံးဝမတက်ရ' ဟု ဆိုင်းဘုတ်ရေးသားထားသော မဟာမြိုင်တောအစပ်ရှိ စစ်ဆေးရေးဂိတ်ဆီသို့ ရောက်ရှိခဲ့ပါသည်။ ထိုစစ်ဆေးရေးဂိတ်တွင် (၁၀) မိနစ်လောက်ကြာပြီးနောက် ဆက်လက်ထွက်ခွာလာရာ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီနှင့်သူတော်ကောင်းကြီးများပျော်စံရာ မဟာမြိုင်တောကြီးအတွင်းသို့ စတင်ဝင်ရောက်ခဲ့ပါတော့သည်။

ကျွန်ုပ်တို့စီးလာသောကားသည် တစ်တောဝင်တစ်တောထွက်တစ်တောင်တက်တစ်တောင်ဆင်းလျှံမြောင်ချိုင့်ဝှမ်းများနှင့် တောင်ကျချောင်းငယ်လေးများပေါ်မှ ဖြတ်ကျော်မောင်းနှင်လာပြီး တစ်နာရီခန့်အကြာ၌

# ဒွာရ

## (သာသနာ့အလင်းရောင်)

# လမ်းအမှန်လျှောက်လျှင် စခန်းတကယ်ရောက်မည်



www.burmeseclassic.com

ကားဒရိုင်ဘာမှ ကားမောင်းနေရင်းဖြင့် ...င် -

"အစ်ကိုတို့၊ အစ်မတို့ခင်ဗျား ...ကြောခင်မှာ ကျွန်တော်တို့ကားဟာ ...ဟာမြိုင်တောကြီးအတွင်းမှာသွားလာ နေကြတဲ့ကားမှန်သမျှ ဦးတိုက်ပူဇော်ရ ...တဲ့ နတ်တောင်လို့ခေါ်တဲ့ တောင်ပေါ် ...ကိုရောက်ရှိပါတော့မယ်ခင်ဗျား။ အဲဒီ တောင်ကိုရောက်တာနဲ့ ကျွန်တော်က ...ကားကို ဦးတိုက်ပူဇော်နေတဲ့အချိန်မှာ ...ကားပေါ်မှနေပြီးတော့ အမှိုက်မပစ်ရ ...ဘူး ကွမ်းတံတွေးမထွေးရဘူး၊ ဆင်းပြီး ...တော့အပေါ့အလေးမသွားရပါဘူးခင်ဗျာ။ ...ါကြောင့် ကြိုတင်ပြီး အသိပေးတာပါ"

ဟု ပြောပြနေရင်းဖြင့်ပင် ကျွန်ုပ် ...တို့ကားသည် နတ်တောင်ထိပ်သို့ရောက် ...ရှိလာပါသည်။ နတ်တောင်ထိပ်တွင် နတ်ကွန်းစင်အကြီးကြီးတစ်ခုကိုတွေ့ရှိရ ...ပြီး ထိုနတ်ကွန်းအား ကားဒရိုင်ဘာမှ ကျွန်တော်တို့စီးလာသောကားကို ရှေ့တိုး နောက်ဆုတ်ကားဟွန်းတီးခြင်း သုံးကြိမ် ...ပြုလုပ်လိုက်ပါသည်။ ထို့နောက် ကား ...ပေါ်တွင် အရန်သင့်ယူဆောင်လာသော ...အမွှေးတိုင်တစ်ထုပ်နှင့် ဖယောင်းတိုင် ...တစ်ထုပ်ကို ကားဒရိုင်ဘာမှယူဆောင် ...ကာ ကားအောက်ဆီသို့ဆင်းသွားပြီး နတ်ကွန်းစင်ကြီးတွင် သွားရောက်ပူဇော် နေသည်ကို ကျွန်ုပ် ကားပေါ်မှနေ၍ ...မြင်တွေ့နေရပါသည်။ ခဏအကြာတွင် ...ကားဒရိုင်ဘာသည် ကားပေါ်သို့ ...ပြန်လည် တက်ရောက်လာပြီးသည်နှင့် ကျွန်ုပ်တို့သည် သစ်ကြီးဝါးကြီးများဖြင့် ...အရိပ်အာဝါသအလွန်ကောင်းမွန်သော ...မဟာမြိုင်တောကြီးထဲသို့ တစ်တောင်ဝင် ...တစ်တောင်တက်ဖြင့် ဆက်လက်ခရီးနှင် ...ခဲ့ပါသည်။

ထိုသို့ ကားမောင်းလာရင်းဖြင့် ...တောင်တစ်တောင်၏ တောင်ထိပ်သို့ ...ရောက်ရှိသောအခါ ကားဒရိုင်ဘာမှ -

"အစ်ကို၊ ဟိုးအဝေးခပ်လှမ်းလှမ်း ...မှာ ခပ်ရေးရေးမြင်နေရတဲ့တောင်ကြီး ...နှစ်လုံးကိုတွေ့လား။ အဲဒါ ပုံတောင်၊ ...ပညာလို့ခေါ်တယ်"

ဟု ကားမောင်းနေရင်းဖြင့် ကျွန်ုပ် ...အား လှမ်းပြပါသည်။ ထိုသို့ လှမ်းပြပြီး ...ကားကို ဆက်လက် မောင်းနှင်လာရာ ...တောင်အဆစ်ချိုးကွေ့နေရာအရောက်၌ ...အမျှခပ်ကြီးကြီးကို ယည်ပင်း၌ဆွဲ ...ပြီး ပိတ်ဖြူစင်ကြယ်နှင့် ဆံပင်သျှောင် ...ထုံးထားသော အဘိုးအိုတစ်ဦး ...သည် ကျွန်ုပ်တို့စီးလာသောကားအား ...ထားနေသည်ကို တွေ့ရသဖြင့်

ကျွန်ုပ်မှ ကားဒရိုင်ဘာကို အဘိုးအိုရှေ့၌ ရပ်တန့်ပေးရန် ပြောလိုက်ပါသည်။ ကားရပ်တန့်ပေးလိုက်သည်နှင့် ပိတ်ဖြူစင်ကြယ်ဝတ်အဘိုးအိုမှ ကျွန်ုပ်ကို -

"ဩော်-လူလေး၊ အဘ လူလေး တို့နဲ့အတူတူ အလောင်းတော်ကဿပ မထေရ်မြတ်ကြီးကို ဖူးမြော်ချင်လို့ ကား ကြုံလိုက်ခဲ့လို့ရမလား"

"ဟုတ်ကဲ့ အဘ။ ရပါတယ် လိုက် ခဲ့ပါ လာလာ - အဘ၊ ရှေ့ခန်းမှာထိုင်"

ဟု ပြောလိုက်ကာ ကျွန်ုပ်သည် ရှေ့ခန်းမှဆင်းလိုက်ပြီး အနောက်ဘက် သို့ပြောင်းရွှေ့ထိုင်လိုက်ပါသည်။ ထူးခြား နေသည်မှာ အဘိုးအိုနှင့်စကားပြောမိ သောအချိန်တွင် အဘိုးအို၏မျက်လုံးထဲ မှမျက်ဆန်သည် မည်းနေရမည့်အစား ဖြူနေပြီးတော့ အဘိုးအိုကားအတွင်းသို့ ဝင်ထိုင်လိုက်ချိန်တွင် ပန်းပေါင်းစုံတို့၏ မွှေးရနံ့တို့သည် ကားအတွင်းသို့ သင်းပျံ့ ကြိုင်လှိုင်သွားပါလေသည်။ ထိုအချက် ကြောင့် ကားကြုံလိုက်ပါလာသော အဘိုးအိုအား သူတော်စင်ကြီးတစ်ဦးဖြစ် လိမ့်မည်ဟု ကျွန်ုပ်သုံးသပ်လိုက်ပါသည်။ ကျွန်ုပ်တို့လည်း သူတော်စင်ကြီးကို လမ်း ကြုံတင်လာခဲ့ပြီး ဆက်လက်ထွက်ခွာလာ ရာ ည (၇း၃၀) ခန့်တွင် အလောင်းတော် ကဿပမထေရ်မြတ်ရှိရာသို့ တစ်ဆင့် သွားရောက်ရမည့် ဆင်စခန်းသို့ရောက် ရှိလာပါသည်။

ထိုဆင်စခန်းသည် ကားလမ်း ခရီးပြီးဆုံးပြီဖြစ်သောကြောင့် ကျွန်ုပ်တို့ လည်း ကားပေါ်မှ အထုပ်အပိုးများ ယူဆောင်ကာ ဆင်းလိုက်ကြပါသည်။ ထို့နောက် ကျွန်ုပ်လည်း မိသားစုအားလုံး နှင့် အထုပ်အပိုးများ တင်ဆောင်ရန် အတွက် ဆင်နှစ်စီးကို ငှားရမ်းလိုက်ပါ သည်။ ပထမဆင်တစ်စီးတွင် ကျွန်ုပ်ဇနီး၊ ကျွန်ုပ်သားနှင့် နှစ်ဖက်မိဘများကို တင်ဆောင်ကာ အရှေ့မှနေ၍ ကြိုတင် သွားခိုင်းလိုက်ပါသည်။ နောက်ထပ် ငှားရမ်းထားသော ဆင်တစ်စီးအား အထုပ်အပိုးများတင်ဆောင်ရန်အတွက် လှည့်ကြည့်သောအခါ ထိုဆင်ကြီးနှင့် ဆင်ဦးစီးတို့သည် သူတော်စင်ကြီးအား မြေတွင်ဝပ်တွားကာ ဦးခိုက်ပူဇော်နေ သည်ကို အံ့သြစွာဖြင့် တွေ့မြင်လိုက်ရပါ သည်။ ဤမြင်ကွင်းအဖြစ်အပျက်များ အား ကျွန်ုပ် ကြည့်ရှုနေစဉ် အဘိုးအိုမှ ကျွန်ုပ်ကို -

"လူလေး၊ ဒီဆင်အပေါ်ကို လူလေး တို့ပါလာတဲ့ အထုပ်အပိုးပစ္စည်းတွေ အားလုံးတင်ပေးလိုက်ကွယ်။ လူလေးနဲ့ အဘကတော့ ဒီမဟာမြိုင်တောကြီးရဲ့ ညချမ်းအရသာကို ခံစားရင်းနဲ့ လမ်း လျှောက်ပြီးစကားပြောကြတာပေါ့ကွယ်"

"ဟုတ်ကဲ့ - အဘ၊ ဒီအစီအစဉ် လည်းကောင်းတာပဲ။ တောရဲ့ညဘက် အရသာကို လမ်းလျှောက်ရင်း ခံစား ကြည့်တာပေါ့"

ဟု ပြန်လည် ပြောကြားလိုက်ပြီး အထုပ်အပိုးပစ္စည်းများအားလုံးကို ဆင် ပေါ်သို့တင်ပေးလိုက်ကာ ကျွန်ုပ်အရှေ့ မှ အရင်သွားနှင့်စေပါသည်။ ထို့နောက် ထိန်ထိန်သာနေသော လမင်းကြီး၏ အလင်းရောင်ဖြင့် မဟာမြိုင်တောကြီး အတွင်း၌ ကျွန်ုပ်တို့နှစ်ဦး စတင်ကာ လျှောက်လှမ်းလိုက်ပြီး ဆင်စခန်းမှ ထွက်ခွာလာခဲ့သည်။ ထိုသို့ အနည်းငယ် လျှောက်လာပြီးနောက် သူတော်စင်ကြီး ၏ နောက်ထပ်ထူးခြားမှုတစ်ခုကို ကျွန်ုပ် ကောင်းကောင်းကြီးသတိထားမိလိုက်ပါ သည်။ ဆင်စခန်းမှထွက်ခွာလာပြီးနောက် တောင်ကုန်းလေးများကို ဖြတ်ကျော် လမ်းလျှောက်မှုများလာသောအခါတွင် ကျွန်ုပ်သည်မောပန်းလာပြီး အသက်ရှူ သံပြင်းလာပါသည်။ သို့သော် သူတော်စင် ကြီးမှာကား မောပန်းဖို့နေနေသာ ပြုံးရွှင် သောမျက်နှာအနေအထားဖြင့် ကျွန်ုပ်အား အကဲခတ်ကြည့်ရှုနေပါသည်။ ထိုသို့ လျှောက်လှမ်းလာရင်းဖြင့် တောင်ကုန်း ထိပ်တွင်ရှိသော ခုံတန်းရှည်လေးတစ်ခု ရှေ့သို့ ရောက်ရှိသောအခါ သူတော်စင် ကြီးမှ -

"လူလေး၊ ဒီခုံလေးမှာ အဘတို့ နှစ်ယောက် ခဏအမောအပန်းဖြေရင်း စကားစမြည်ပြောကြရအောင်ကွယ်"

"ဟုတ်ကဲ့ပါ - အဘ၊ ကျွန်တော် လည်း မောနေတာနဲ့ အတော်ပဲ"

ဟု ပြောလိုက်ကာ ခုံတန်းလေး ပေါ်သို့ ကျွန်ုပ်တို့နှစ်ဦးသား အတူတကွ ထိုင်နားလိုက်ကြပါသည်။ ခုံတန်းပေါ် တွင်ထိုင်မိလိုက်သည်နှင့် ကျွန်ုပ်သည် စိတ်ထဲမှနေ၍ ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ကြီးကို အဘနာမည်ဘယ်လို ခေါ်ပါသလဲ၊ မျက်လုံးထဲမှ မျက်ဆန် က ဘာအတွက်ကြောင့်ဖြူနေပါသလဲ၊ ဘယ်အရပ်ဒေသကလာပါသလဲစသည့် မေးခွန်းများကို မေးလိုက်တော့မည်ဟု စိတ်ထဲမှတွေးလိုက်ပြီး -

"အဘ"

ဟု ခေါ်လိုက်တုန်းရှိသေးသည်၊ သူတော်စင်ကြီးမှ ကျွန်ုပ်အား လက်ကာ ပြလိုက်ပြီး ကျွန်ုပ်တို့နှစ်ဦး လျှောက်လှမ်း ခဲ့သည့် တောင်ခြေတွင်ရှိသော ...





www.burmeseclassic.com

www.burmeseclassic.com

လမ်းကလေးအား လှမ်းမျှော်ကာကြည့်လိုက်ပါသည်။ ကျွန်ုပ်လည်း ဘုမသိဘမသိဖြင့် သူကြည့်သည့်နေရာကား ထပ်တူမျှော်ကြည့်လိုက်ပါသည်။ ထိုသို့ လှမ်းမျှော်ကာ ကြည့်ရှုနေစဉ် -

"ကွတိပိတော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊" ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ"

ဟု ကြည်လင်ပြတ်သားသောအသံဖြင့် ဂုဏ်တော် (၉) ပါး ရွတ်ဖတ်သရဇ္ဈာယ်သံကို ကြားလိုက်ရပါသည်။ ထိုသို့ ဂုဏ်တော်ရွတ်သံများကြားလိုက်ရပြီးသည့်ခဏ၌ ဦးခေါင်းပေါ်တွင် ၈-၆-၀-၀ စမအက္ခရာစာလုံးပါသည့် ဒေါက်ခြာကိုဆောင်းထား၍ ကြိမ်ပလိုင်းလွယ်ထားသော ရသေ့တစ်ပါးသည် ဂုဏ်တော်များကို ဆက်လက်ရွတ်ပွားနေရင်းဖြင့်ပင် ကျွန်ုပ်တို့ရှိရာဆီသို့ဦးတည်လျှောက်လှမ်းလာနေသည်ကို တောင်ကုန်းထိပ်မှနေ၍ ကျွန်ုပ်တွေ့မြင်နေရပါသည်။ ခဏအကြာ၌ ထိုရသေ့သည် ကျွန်ုပ်တို့နှစ်ဦးရှိရာ ထိုင်ခုံလေးဆီသို့ ရောက်ရှိလာပါတော့သည်။ ကျွန်ုပ်တို့နှစ်ဦး၏အရှေ့သို့ ရောက်ရှိသည်နှင့် ရသေ့ကြီးသည် သူလွယ်ထားသောကြိမ်ပလိုင်းထဲမှ ငှက်ပျောသီးတစ်လုံးကို နှိုက်ယူကာ ကျွန်ုပ်အားပေးလေသည်။ ထူးခြားနေသည်မှာ ရသေ့ကြီးပေးသော ငှက်ပျောသီးသည် မည်းနက်နေသဖြင့် ယူသင့်၊ မယူသင့် စိတ်နှစ်ခွဖြစ်ကာ ကျွန်ုပ်တွေဝေနေ၏။

ထိုအချိန် သူတော်စင်ကြီးမှ ကျွန်ုပ်အား -

"လှမ်းယူလိုက်လေ လူလေး၊ ဘာတွေတွေဝေနေတာလဲ။ ဒါသူတော်ကောင်းတွေချီးမြှင့်တဲ့ သိဒ္ဓိဝင်ငှက်ပျောသီး မြန်မြန်ယူပြီးစားလိုက်"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း တွေဝေနေရာမှ ချက်ချင်းလှမ်းယူကာ စားသုံးလိုက်ပါသည်။ ထိုငှက်ပျောသီး စားသုံးလိုက်သောအခါ အရသာမှာ ချိုအီမွှေးနေပြီး မောပန်းနွမ်းနယ်မှုတို့သည် ယူပစ်သလိုပင် ချက်ချင်းပျောက်ကင်းသွားသော စိတ်ကြည်လင်အေးချမ်းမှုကို ခံစားလိုက်ရပါသည်။

ငှက်ပျောသီးစားသုံးပြီးသည်နှင့် ရသေ့ကြီးသည် သူ၏ ညာလက်ဖြင့် ကျွန်ုပ်၏ဦးခေါင်းကို သုံးကြိမ်ပုတ်ကာ -

"ပဋ္ဌာန်းဆက်တွေ၊ ပဋ္ဌာန်းဆက်တွေ။ တကယ်ဖြစ်ချင်တကယ်လုပ်ကွယ့် အဟုတ်ဖြစ်တယ်"

ဟူသောစကားကို ပြောကြားကာ ကျွန်ုပ်တို့နှစ်ဦး၏အရှေ့မှ ဂုဏ်တော်များ ဆက်လက်ရွတ်ပွားကာ ထွက်ခွာသွားပါတော့သည်။ ဤအဖြစ်အပျက်များကို သူတော်စင်ကြီးမှ ပြုံး၍ကြည့်ရှုနေပါသည်။ ကျွန်ုပ်တို့အရှေ့မှထွက်ခွာသွားသောရသေ့ကြီး မြင်ကွင်းမှပျောက်ကွယ်သွားသောအချိန်မှ သူတော်စင်ကြီးက -

"လူလေးကို အခု ငှက်ပျောသီး လာကျွေးသွားတဲ့ရသေ့ကြီးဟာ လူလေးနဲ့ ဓမ္မဆက်ရှိခဲ့တဲ့ပုဂ္ဂိုလ်ကြီးပဲ။ ဒီရသေ့ရဲ့ ဘွဲ့အမည်ကတော့ 'ဝ'တစ်လုံး ရသေ့လို့ ခေါ်တယ်ကွယ့်။ အဘကတော့ ရသေ့ကြီးနဲ့ နာမည်တူသံတူကြားကွဲ ဘိုး'သုံးညှ' လို့ ခေါ်တယ်။ ဒီဘိုးသုံးညှနာမည်ကို ဘယ်လိုအဓိပ္ပာယ်နဲ့မှည့်ခေါ်သလဲဆိုရင် ဒီလောကကြီးမှာ အကျိုးနှစ်ခုရှာလို့ရတယ်ကွယ့်။ လောကီအကျိုးရယ်၊ လောကုတ္တရာအကျိုးရယ်ပေါ့ကွယ်။ ဒီအကြောင်းအရာနှစ်ခုဟာ ကိုယ်ကျိုးအတွက် ရှာဖွေတာချင်းတူပေမယ့် လုပ်ဆောင်ရတဲ့ အချက်တွေကျတော့ ဆန့်ကျင်ဘက်တွေပဲ။ လောကီအကျိုးကိုရှာရင် ကြီးပွားတိုးတက်ချမ်းသာဖို့နဲ့ စည်းစိမ်ဥစ္စာရွှေငွေများကိုရှိပြီးရင်းရှိချင်ကြတာမို့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနဆိုတဲ့ အတ္တစိတ်တွေအမြဲတမ်းတမ်းကိန်းအောင်းနေတဲ့အတွက် ပင်လယ်ဆားငန်ရည်လိုပဲ သောက်လေသောက်လေငတ်မပြေစကားပုံအတိုင်း လောဘစိတ်ကို ဘယ်တော့မှ မတောမသတ်နိုင်ကြဘူး။ ငါဆိုတဲ့အတ္တကြီးကိုရှေ့တန်းတင်ပြီး စီးပွားရှာကြရတယ်။ အဲ-ဒါပေမယ့် လောကုတ္တရာအကျိုးကို ရှာမယ်ဆိုရင် လောကီအကျိုးစီးပွားနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လောကီစည်းစိမ်ကာမဂုဏ်တွေအားလုံး တစ်ခုမှမရှိလေကောင်းလေဘဲ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခုရှိရင်တစ်ခုစွဲတယ်။ နှစ်ခုရှိရင် နှစ်ခုစွဲတယ်။ အများကြီးရှိရင်တော့ အများကြီးရစ်ပတ်ချည်နှောင်တဲ့အတွက် ဒီကာမဂုဏ်အာရုံခံစားမှုတွေကနေရုန်းမထွက်နိုင်ကြတော့ဘူး။ ဒါကြောင့် လောကုတ္တရာအကျိုးရှာမယ်ဆိုရင် ဘာတစ်ခုမှမရှိရင် ဘာမှမစွဲလမ်းတဲ့အတွက် ပိုပြီးတော့ အထောက်အပံ့ရတယ်လူလေး၊ အဲဒါကြောင့် အဘမှာ ပစ္စည်းဥစ္စာဆိုလို့ ဘာတစ်ခုမှမရှိဘူး။ နောက်ဆုံး ကိုယ့်ဆီမှာ မှည့်ခေါ်ထားတဲ့ နာမည်ကိုတောင် အနှောင်အဖွဲ့ကင်းပြီး ဘာမှမရှိတဲ့ အဖြူသက်သက်ဖြစ်အောင် ဘိုးသုံးညှဆိုပြီး အမည်ခံကာ ကျင့်ကြံအားထုတ်နေခဲ့တာပဲ။ လူလေးနဲ့ အခုတွေ့ဆုံခဲ့တဲ့ ဝတစ်လုံးရသေ့နဲ့ အဘတို့ဟာ ပုပ္ပား၊ ပုဂံ၊ ပုံတောင်၊ ပုံညာနဲ့ ဒီမဟာမြိုင်တောကြီးထဲမှာပဲ ပညာစခန်းကို မြင့်သထက်မြင့်အောင် ကျင့်ကြံနေကြတဲ့ပုဂ္ဂိုလ်တွေပဲဖြစ်တယ်။ ပြီးတော့ အဘမျက်လုံးထဲကမျက်ဆန်ဟာ သာမန်လူတွေနဲ့မတူဘဲ ဖြူနေရတဲ့အကြောင်းက နေကသိုဏ်းကျင့်စဉ်ကို ထူးထူးခြားခြား ကျင့်ဆောင်ခဲ့လို့ပါ လူလေး"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်မှာ အလွန်ပင် အံ့ဩသွားပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏စိတ်ထဲမှ မေးမည့် အကြောင်းအရာကိစ္စများကို နှုတ်မှမမေးဘဲနှင့် အကုန်သိနေသဖြင့် သမထအကျင့်စခန်းပေါက်မြောက်အောင်မြင်ထားသောပုဂ္ဂိုလ်ကြီးဖြစ်မှန်း ကျွန်ုပ်ခန့်မှန်းသိရှိလိုက်ပါသည်။ ထို့နောက် ဆက်လက်၍ သူတော်စင်ကြီးမှ -

"အဘရဲ့ ဆရာသခင်ကျေးဇူးရှင်ကြီးဖြစ်တဲ့ အဘအောင်မင်းခေါင်ဟာ လူလေးရဲ့ ပဋ္ဌာန်းဆက် အစစ်အမှန်ပဲကွယ့်။ အဘကိုလည်း ဆရာသခင်ကြီးကိုယ်တိုင်ကပဲ ဒီအခြေအနေမျိုးဖြစ်အောင် ဒီအဆင့်အထိရောက်အောင် အတင်းဆွဲခေါ်ကာ ညွှန်ကြားပြသပေးပြီး သာသနာ့တာဝန်တချို့ကို ထမ်းဆောင်စေခဲ့တယ်။ ဒါကြောင့် လူလေးကိုလည်း အဘအောင်မင်းခေါင်ကြီးက ပဋ္ဌာန်းဆက်တွေဖြစ်နေတဲ့အတွက် မကြာခဏတွေ့ဆုံခွင့်ပေးခဲ့ပြီး မကြာတော့တဲ့အချိန်ကာလတစ်ခုအတောအတွင်းမှာ လူလေးကိုယ်တိုင်လျှောက်လှမ်းရတော့မယ့် ဂန္ဓာရီစခန်းပညာလမ်းမှာ အထောက်အပံ့တွေဖြစ်လာအောင်၊ ပံ့ပိုးကူညီမှုတွေရအောင် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ၊ ဓာတ်ပိုင်းဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာ၊ သိုက်ဘိုင်းဆိုင်ရာနဲ့ ပိုင်ရာဆိုင်ရာအားလုံးတို့အတွက် ရည်စူးပြီးတော့ မကြာခဏဆိုသလို ဒါနပါရမီတွေကို ပြုလုပ်ဆောင်ရွက်ခိုင်းနေခြင်းဖြစ်တယ်။

ဆရာသခင်ကြီး အဘအောင်မင်းခေါင်ဟာ ဆုထူးပန်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်အမှန်ပင်ဖြစ်တယ်ကွယ့်။ အဲဒီလိုဆုထူးပန်တဲ့ပုဂ္ဂိုလ်ကြီးတွေဟာ ခန္ဓာကိုလက်ကိုင်မပြု၊ သစ္စာကိုစွဲ၊ သမာဓိကိုခွင်းအောင်ထားပြီး ကျင့်ကြံကြိုးကုတ်အားထုတ်ကြရတဲ့ မဟာဗိဒ္ဓိပညာရှင်ကြီးတွေဖြစ်တယ်ကွယ့်။ ဒီလိုပုဂ္ဂိုလ်ကြီးတွေဟာ ခေတ္တခဏ ရပ်နားရာ နိဗ္ဗာန်မရောက်ခင် ခရီးလမ်းတစ်လျှောက်မှာ ပါရမီဖြည့်ဖက် သူတော်စင်များကို ဖေးကူမြှောက်



www.burmeseclassic.com

www.burmeseclassic.com

…င်မြင်အောင် လမ်းညွှန်ပေးခြင်း၊ …င့်ရှောက်ခြင်းနဲ့ ရှေးဘုရားရှင်တို့ရဲ့ …သနာတော်ကြီးကို အဓွန့်ရှည်စွာ …သင်း တောက်ပအောင် ကြိုးစား အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ် …ကြောင့် ဒီလိုပုဂ္ဂိုလ်မျိုးတွေကို …ပန်တွေလို့ခေါ်တယ်ကွယ့်။ ဒီလို …ပန်တို့မည်သည် အင်မတန်ထူးကဲ …အများသူငါထက် သာလွန်သော …ဝီရိယတို့ ကြိုးစားအားထုတ်ပြီး …ဆောင်ပြုလုပ်နိုင်မှ သုံးလောက …ထား ဘုရားရှင်အဖြစ်ကို ရယူနိုင်၊ …နိုင်ပြီး ဆုထူးဆုမြတ်ကို ပန်ဆင် …ကြတာကွယ့်။ ပြီးတော့ အဘအောင် …ခေါင်တို့လို သူတော်စင်ကြီးတွေရဲ့ …ဓာတ်ဒ္ဓိအစွမ်းနဲ့ ဝိဇ္ဇာအတတ်ပညာ …ဘုရားဟောထားတဲ့တရားတော် …င်း လိုက်နာကျင့်ကြံအားထုတ်ပြီး …တဲ့ ပညာရပ်တွေပဲ ဖြစ်တယ်။ …ညာရပ်တွေဟာလည်း လူတိုင်းမရနိုင် …ညာတွေပဲ။ ဒီပညာတွေကို ရယူနိုင်ဖို့ … အဓိကအချက်က ပါရမီရှိဖို့လို … လူဆယ်သိန်းမှာ ဆယ်ယောက် …တ်လေးပမာဏတောင် ဝိဇ္ဇာတို့ရဲ့ …ဓာတ်ဒ္ဓိပညာကိုရရှိဖို့ အလွန်ခဲယဉ်း … အဲဒီလိုခဲယဉ်းတဲ့ ပညာစခန်း …အနေကြောင့် တဖြည်းဖြည်းလူသိ …လာပြီး စိတ်ဝင်စားမှုလျော့နည်း …အတွက် ဝိဇ္ဇာပညာနဲ့ ထွက်ရပ် …တ် သူတော်စင်ကြီးတွေကို ပုံပြင် …ဒဏ္ဍာရီဆန်ဆန် အပြောများ …တယ် လူလေး။

လူလေးတို့ အခုခေတ်ပုဂ္ဂိုလ် …တော်များများဟာ အဘအောင် …ခေါင်အပါအဝင် ထွက်ရပ်ပေါက် …တော်စင် ဝိဇ္ဇာကြီးတွေအားလုံးကို …ထုတ်စရာ၊ လျှောင်ပြောင်စရာ …အထားမျိုး သဘောထားလာကြ … အဲဒီလိုသဘောထားတဲ့ပုဂ္ဂိုလ်မျိုး … အတော့်ကို မိုက်မဲတဲ့သတ္တဝါ …တယ်။ လူလေးပဲစဉ်းစားကြည့် … ဒီလိုထွက်ရပ်ပေါက်သူတော်စင် …တွေဟာ ခုနစ်ရက်သားသမီး … အရက်သောက်စေ၊ ဖဲရိုက်စေ၊ …မယားဖျက်ဆီးစေဖို့ခိုင်းနေ …တွေမဟုတ်ဘူး။ မျက်စိလည် …နေတဲ့ ဝေနေယျသတ္တဝါတွေကို …တဲ့ဘဝကနေ ကောင်းတဲ့ဘဝ …ရောက်အောင်၊ လမ်းမှား …သူတွေကို လမ်းအမှန်ပေါ် …ရောက်အောင် နည်းပရိယာယ် … တွဲခေါ် ဆွဲခေါ် နေကြတာ။ …လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို သွန်သင်ဆုံးမပြီး ပဲ့ကိုင်လမ်းပြပေးနေတာဆိုတာ လူလေးလည်းအသိပါပဲ။

အဲဒါကို သီလတစ်ပြားသားမှမရှိတဲ့ မိစ္ဆာဒိဋ္ဌိဆန်ဆန်ပုဂ္ဂိုလ်တွေက ကဲ့ရဲ့ပြောဆိုနေကြတဲ့ စကားသံတွေကို အဘတို့ ကြားသိနေရတယ်။ အင်း - သင်းတို့လေးတွေအတွက် ကရုဏာသက်ပြီး သနားမိတာတော့အမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတော်စင်ကြီးတွေကို စော်ကားမိတဲ့အတွက် သံသရာဘေးကို ရှောင်မလွတ်ဘူး။ မြစ်ဒဏ်ကို ရင်ဆိုင်ခံစားကြရလိမ့်မယ် လူလေး။ အဘ အခုပြောပြတဲ့ အကြောင်းအရာအားလုံးကို လူလေးက မှတ်သားထားပြီး နီးစပ်ရာအသိုင်းအဝိုင်းကလူတွေကို သူတော်စင်ကြီးတွေကို မကိုးကွယ်ချင်နေပါ။ သွားပြီးမတိုက်တွန်းပါနဲ့။ ဒါပေမယ့် မစော်ကားမိကြဖို့ အရေးကြီးတယ်ဆိုတာကိုတော့ လူလေးကတစ်ဆင့်ပြောပြပေးပါ။

လူလေးကိုလည်း အဘအနေနဲ့ မှာကြားစရာရှိတယ်ကွယ့်။ အဲဒါဘာလဲဆိုတော့ လူဆိုတာ လောဘစိတ်တွေများလာရင် အရှက်တရားမဲ့လာတတ်တယ်။ ဒေါသစိတ်တွေများလာရင်လည်း အသိတရားတွေကင်းမဲ့လာတတ်တယ်။ မောဟစိတ်တွေ သိပ်ပြီးများလာရင်တော့ အမှန်တရားတွေနဲ့ဝေးကွာသွားတတ်တယ် လူလေး။ ဒါကြောင့် လူလေးအနေနဲ့ အဘအောင်မင်းခေါင်ကြီးရဲ့ တပည့်သားသမီးဆိုပြီး အချိန်တွေကို အလကားမကုန်စေနဲ့ကွယ့်။ နာသီးဝမှာ အချိန်တိုင်းထိနေတာကို အချိန်တိုင်းသိနိုင်အောင် လေ့ကျင့်ကြိုးစားပါ။ ပြီးတော့ ဝိပဿနာနဲ့ ကမ္မဋ္ဌာန်းတရားတွေကို အချိန်တိုင်း ကျင့်ကြံအားထုတ်ပါလို့ အဘ မှာချင်တယ် လူလေး။ ပြီးတော့ အဘအောင်မင်းခေါင်ကြီးကိုယ်တိုင်ပြောကြားခဲ့တဲ့ ဆုံးမဩဝါဒတစ်ခုရှိသေးတယ်။ အဲဒါ ဘာလဲဆိုတော့ -

'ငါလမ်းညွှန်ဆုံးမထားတဲ့အတိုင်း တရားဘက်အသိကပ်ပြီး ကျင့်ကြံအားထုတ်တဲ့ ငါ့တပည့်သားသမီးတွေဟာ ဘယ်လောက်ပင်ဝေးနေပါစေ ငါနဲ့ ထာဝစဉ် မကွဲမခွာစတမ်း တွေ့စေရမယ်၊ မြင်စေရမယ်။ အဘစောင့်ရှောက်မယ်ဟေ့။ တရားမဖက် အသိမကပ်ဘဲ ငါ့နာမည်နဲ့လုပ်စားတဲ့တပည့်၊ ငါ့စကားနားမထောင်တဲ့ တပည့်အတုအယောင်တွေဟာ ငါ့လုံချည်စကိုအတင်းဆွဲထားပြီး လိုက်မေမယ်လို့ တရားလုပ်ငန်းစဉ်များ ကျင့်ကြံအားမထုတ်တဲ့အတွက် ငါ့လုံချည်စကို ဘယ်လောက်ပင်ဆွဲထားသော်ငြားလည်း ငါနဲ့စကြဝဠာကမ္ဘာခြားနေလိမ့်မယ်ဆိုတာကို မြဲမြဲမှတ်ထားကြ'

လို့ ဆိုပြီး မိန့်ကြားခဲ့တဲ့အတွက် လူလေးကိုလည်း တရားဖက်ပြီး အသိကပ်ပါလို့ အဘမှာကြားချင်တယ်ကွယ်။ ကဲ - အဘတို့နှစ်ယောက်လည်း စကားပြောကောင်းနေလိုက်တာ ဒီနေရာမှာ အချိန်တောင်အတော်ကြာသွားပြီပဲ။ ဒီလောက်ဆိုရင် လူလေးလည်း အမောပြေလောက်ရောပေါ့ သွားကြစို့"

ဟု ပြောသဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် အလောင်းတော် ကဿပမထေရ်မြတ်ရှိရာဆီသို့ ခရီးဆက်ခဲ့ကြပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် ဥတာလမ်းလေးပေါ်တွင် ဆက်လက်လျှောက်လှမ်းနေရင်းကပင် သူတော်စင်ကြီးသည် သြဇာပါသော သူ၏အသံဖြင့် -

- *အလောင်းမှန် ရထားဆိုက်ပါလိမ့်*
  *ဒေါင်းအလံ ပတ္တမြားမှတိုင်တွေနဲ့*
  *သိကြားတွေဝိုက်ခါ မ,ပါလို့*
  *ဓာတ်မသိသူတွေက*
  *အထင်ခံ အလွန်သေးတယ်*
  *ခွေးလောက်ပမာ*
  *ဟိတ်ဆိုတာ ဘာမဟုတ်ပါဘု*
  *ဝိဇ်ဆိုရင် ဇာအချုပ်ပါပဲ*
  *မဟာဘုတ်လလည်းမထင်ကြပါနဲ့*
  *ထူးတာကတော့ မသိဘဲ*
  *ချိန်အခါ ကျတာမှ*
  *တိမ်ဝ ဝဠာတစ်ခွင်က*
  *သမ္မာတွင် လက်စုံမိုးလို့ရယ်*
  *ဦးချမယ့်ပွဲ. . .*

ဟူသော တေးဘောင်ကို လမ်းလျှောက်ရင်း ရွတ်ဆိုနေပါသည်။ ထိုကဲ့သို့ရွတ်ဆိုကာ လျှောက်လှမ်းလာရင်းဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် အလောင်းတော်ကဿပမထေရ်မြတ်၏စံကျောင်းတော်ကြီးအရှေ့တွင်ရှိသော လမ်းနှစ်ခွဆုံသောနေရာသို့ ရောက်ရှိလာသောအခါ သူတော်စင်ကြီးသည် ရပ်တန့်လိုက်ပြီး ကျွန်ုပ်ကို -

"လူလေးက ဒီအလောင်းတော် ကဿပမှာ ဘယ်နှရက်နေ့မှာလဲကွယ့်"

"ဟုတ်ကဲ့ - အဘ၊ ကျွန်တော် ဒီမဟာမြိုင်တောမှာ နောက်ထပ် (၃) ရက် ဆက်ရှိနေဦးမယ်။ အဘ အကြောင်းကိစ္စများရှိလို့လား".

"အေး-ရှိတယ်ဆိုပါတော့။ မနက်ဖြန်နံနက်ကစပြီး နံနက်စောစော(၄)နာရီထိုးတိတိကို လူလေးက အလောင်းတော် ကဿပမထေရ်မြတ်ကြီး စံမြန်းရာကျောက်လိုဏ်ဂူအဝကို (၃) ရက်ဆိုး မပျက်မကွက် အရောက်လာခဲ့ပါ၊ အဲဒီ

www.burmeseclassic.com

နေရာမှာ အဘာရယ်၊ ဝတစ်လုံးရသေ့ကြီး ရယ် လူလေးကို စောင့်နေမယ်ဆိုတာကို သေသေချာချာ မှတ်သားထားပါ။ ဒါမှ ဆရာသခင် အဘာအောင်မင်းခေါင်ကြီး ညွှန်ကြားခိုင်းစေတဲ့အတိုင်း ဝတစ်လုံး ရသေ့ကြီးရယ်၊ အဘာဘိုးသုညရယ်၊ လူလေးအဘာဝရယ် တို့သုံးဦး ဝလုံး ပဋ္ဌာန်းဆက်တွေ မြန်ဆုံကြတာပေါ့ လူလေး။ ကဲ - အဘာလည်း အဓိဋ္ဌာန်ဝင်ဖို့ အချိန်ကျရောက်ပြီမို့ သွားတော့မယ် လူလေးရေ။ မနက်ဖြန့်နံနက်ကို အရောက်သာလာခဲ့ပေတော့"

ဟု ပြောကြားသွားကာ ကျောက်လိုဏ်ဂူရှိရာဘက်သို့ ကျောခိုင်းကာ ထွက်ခွာသွားပါသည်။ ကျွန်ုပ်လည်း ထွက်ခွာသွားသော သူတော်စင်ကြီး၏ စကားကြောင့် အံ့ဩမှင်တက်သွားပါတော့သည်။ အဘာယ်ကြောင့်ဆိုသော် အကြောင်းအရာကိစ္စတစ်ခုကို အစပြု၍ ကျွန်ုပ်ကို 'အဘာဝ' ဟု နာမည်ပေးခဲ့သူမှာ ကျွန်ုပ်၏ဇနီး ဖြစ်ပါသည်။ ဒီနာမည်ကို ကျွန်ုပ်တို့နှစ်ယောက်မှလွဲ၍ မည်သူတစ်ဦး တစ်ယောက်မျှ မသိကြပါ။ ယခုမှာမူ ဤသူတော်စင်ကြီးသည် မပြောပြဘဲနှင့် သိရှိနေသောကြောင့် ဖြစ်ပါသည်။ မည်သို့ပင်ရှိစေကာမူ ချိန်းဆိုထားသော နေရာသို့ ကျွန်ုပ်အရောက်သွားကာ ဝသုံးလုံးဆုံတွေ့ကြမည့်အရေးကို ကြိုတင်တွေးဆကာ လန်းဆန်းတက်ကြွနေပါသည်။ မြင်ကွင်းမှ သူတော်စင်ကြီး ပျောက်ကွယ်သွားသည်နှင့် ကျွန်ုပ်လည်း ဘုရားဖူးဧည့်သည်များကို နေရာချထားရေးရုံးရှိရာဘက်သို့ လျှောက်လှမ်းလာခဲ့ပါတော့သည်။

ဤသို့ဖြင့် ဘုရားဖူးဧည့်သည်များ နားခိုရာအဆောင်သို့ရောက်ရှိသောအခါ ကြိုတင်ရောက်နှင့်နေသော ကျွန်ုပ်၏ ဇနီးမှ တည်းခိုရမည့် အိပ်ဆောင်နေရာအား အိပ်စက်အနားယူနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ထို့နောက် ကျွန်ုပ်မှ ဇနီးဖြစ်သူအား ဤအလောင်းတော်ကဿပတောတွင်နေထိုင်သည့် (၃) ရက်စလုံးကို နံနက်စောစော(၄)နာရီအချိန်တိတိတွင် အလောင်းတော်ကဿပကျောက်လိုဏ်ဂူတံခါးဝ၌ သူတော်စင်ကြီးနှစ်ဦးနှင့်ချိန်းဆိုထားသော အကြောင်းအရာများကို ပြောပြလိုက်ပါသည်။ ထိုသို့ ဇနီးဖြစ်သူအား ပြောပြလိုက်ပြီးသည်နှင့် ကျွန်ုပ်သည် လက်တွင်ပတ်ထားသောနာရီအား နံနက် (၃) နာရီတိတိကို နှိုးစက်ပေးကာ အိပ်ရာဝင်ခဲ့ပါတော့သည်။

## ◻ ပထမနေ့

ဤသို့ဖြင့် နံနက် (၃) နာရီထိုးသောအခါ လက်ပတ်နာရီမှနှိုးစက်သံ မြည်လာသဖြင့် ကျွန်ုပ်သည် အိပ်ရာမှထကာ ကိုယ်လက်သန့်စင်လိုက်ပြီး အလောင်းတော်ကဿပမထေရ်မြတ်ကြီးစံမြန်းရာ ကျောက်လိုဏ်ဂူရှိရာဆီသို့ ထွက်ခွာလာခဲ့ပါသည်။ ထိုသို့ နံနက်စောစော တစ်ယောက်တည်းထွက်ခွာလာသောအခါ ကျောက်လိုဏ်ဂူသွားရာလမ်းမပေါ်တွင် တည်ရှိသော သစ္စာရေတွင်းအရှေ့သို့ ရောက်ရှိလာပါသည်။

ထိုသစ္စာရေတွင်းအရှေ့သို့ရောက်သောအခါ သစ္စာရေတွင်းဘက်ကို ဦးခေါင်းထားပြီး သွားရမည့်လမ်းအား ကန့်လန့်ကြီးလဲလျောင်းကာ အိပ်စက်နေသော အဝတ်အစားအစုတ်အပြတ်များနှင့်ဆံပင်များရှုပ်ပွကာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးဗရပွနှင့် အရူးကြီးတစ်ဦး အိပ်စက်နေပြီး ဟောက်သံပင်ထွက်နေပါသည်။ ထိုကဲ့သို့ တွေ့မြင်ရသောအခါ ကျွန်ုပ်မှ သူ့အပေါ်မှခွကျော်ပြီး မသွားချင်သောကြောင့် -

"ဦးလေး - ဦးလေး၊ နည်းနည်းလောက်လမ်းဖယ်ပေးပါလား"

ဟု သူ၏မခံးကိုကိုင်လှုပ်နှိုးလိုက်သောအခါ ထိုလူကြီးသည် သူ၏မျက်လုံးကိုတစ်ဖက်ပဲဖွင့်ကြည့်ကာ -

"ဟေ့ - လူပျိုပေါက်အရွယ် ကောင်လေး၊ မင်းငါ့ကိုပြောနေတာလား"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ဦးလေးကိုပဲ ပြောတာပါ"

"အေး - မင်းငါ့ကိုပြောတာဆိုရင် ငါ့ကို ဦးလေးလို့မခေါ်နဲ့။ ဦးလေးလို့ခေါ်ပြီး နှိုးရင်ငါမထဘူး။ အရူးကြီးလို့ခေါ်ပြီး နှိုးမှ ငါထမယ်ကွ"

ဟု ပြောကာ တစ်ဖက်သို့စောင်းလိုက်တာ ပြန်လည်အိပ်စက်နေပါသည်။

ထိုအခါ ကျွန်ုပ်မှ ချိန်းထားသည့်နေရာအားသွားရန်အချိန်နောက်ကျမည်စိုးသဖြင့် မသက်သာသည့်အဆုံးသူပြောသလိုပဲ ခေါ်လိုက်ပါတော့သည်။

"ဟုတ်ကဲ့ - ဦးလေး အရူးကြီး၊ လမ်းနည်းနည်းလောက်ဖယ်ပေးပါလား ခင်ဗျား"

"ဟေ့-ကောင်လေး၊ မင်းကိုငါအခုလေးတင် ဘာပြောထားသလဲကွ။ ငါ့ကို အရူးကြီးလို့ပဲခေါ်၊ ဦးလေးတွေဘာတွေ အရှေ့ကနေတပ်ပြီး မခေါ်နဲ့။ လုံးဝကို မထဘူးကွ"

ဟု ထပ်မံပြောကာ ပေကတ်ကတ်ဖြင့် ပြန်အိပ်ပါသည်။

ထိုအခြေအနေသို့ရောက်ရှိသောအခါ ကျွန်ုပ်လည်း မသက်သာသည့်အဆုံး၌ -

"ဟုတ်ကဲ့ - အရူးကြီးခင်ဗျား၊ ကျေးဇူးပြုပြီး လမ်းဖယ်ပေးပါလား ခင်ဗျား"

"အေး- ဒီလိုမှပေါ့ကွ မညတ်သွားရာ စတ်သက်ပါကွ။ ရူးမှထူးတာ ထူးမှရူးတာ။ ပုထုဇဉ်နော ဥမ္မတ္တကောတဲ့ကွ ဟုတ်တယ်မှတ်လား ဟား ဟား ဟား ဟား"

ဟု ရယ်ပြီး ငုတ်တုတ်ထထိုင်ပါတော့သည်။ ပြီးတော့ ထိုပုဂ္ဂိုလ်မှပင် ဆက်လက်၍ -

"ဒီမယ် ကောင်လေး၊ မင်းအနေနဲ့ ငါ့ကို သာမန်အရူးတွေလို လင်တရူး၊ မယားတရူး၊ ဥစ္စာရူး၊ တဏှာရူး၊ နာဘူးကိလေသာအရူးတွေလိုမျိုးတော့ အရူးချင်းမရောလိုက်ပါနဲ့။ ငါက ဘုရားရူး၊ တရားရူး ထူးတဲ့အရူးကွ ဟား ဟား ဟား ဟား"

ဟု ပြောပြီး ကျွန်ုပ်၏အရှေ့တွင် မတ်တတ်ထရပ်လိုက်ပြီး ကွေးနေအောင်ကကာ -

◻ ကြာပဒိုး အင်္ကျီဖြန့်မပါလို့
မာလာမှုံ ထုံရနံ့တွေနဲ့
ကုံကူမံ ရွှေဝတ်လှော
သဇင်မြိုင် လျှိုခင်သာဂနိုင်နဲ့
မဟာမြိုင် ထိုစခန်း
စမ်းရေကဖြာ
အကြောင်းမျှော်ကာ
မာတ်အရနှော့ပြန်တော့
အလောင်းတော်ကဿပတောဆီက
ကောလီမာတ် တစ်ဂုဏ်လာ
နှိုင်းစာတော့ ထိုစကား
ပြဒါးလမ်းစားလမ်းအကုန်ဆောင်လို့
ထုံအောင်ရင် ဘုံတောင်ခေါက်ပါလို့
ယူလိုသူ လူပျိုပေါက်ရယ်
မင်းအသွားရောက်

ဟု ရွတ်ဆိုပြီး ကွေးနေအောင်ကကာ ဘေးဘက်တွင်ရှိသော တော အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွား သည်။

သို့ဖြင့် ကျောက်လိုဏ်ဂူတံခါး အရှေ့သို့ရောက်သောအခါ ဝတစ်လုံး ရသေ့ကြီးနှင့် အဘာဘိုးသုညတို့နှစ် ကြိုတင်ရောက်ရှိနေသည်ကို တွေ့မြင် ပါသည်။ ကျွန်ုပ်လည်း လိုဏ်ဂူဝ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် လိုဏ် ကြီး၏အရှေ့တွင်တည်ရှိသော ဆင်းတုတော်နှင့် လိုဏ်ဂူတွင်း အလောင်းတော် ကဿပမထေရ်မြတ် ကြီးကို စိတ်ဝယ်ရည်မှန်းကာ ရှိခိုးဦး



www.burmeseclassic.com

www.burmeseclassic.com

ကန်တော့လိုက်ပါသည်။ ထို့နောက် ဆက်လက်၍ ဝတစ်လုံးရသေ့ကြီးနှင့် ဘိုးသုံ့ညတို့နှစ်ဦးအား ထပ်မံကန်တော့လိုက်ပါသည်။ ထိုသို့ ကန်တော့ပြီးသော အခါ ဝတစ်လုံးရသေ့ကြီးမှစတင်၍ -

"လူလေးရေ လူရယ်လို့ဖြစ်လာပြီဆိုရင် အဓိကအချက်က မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။ ကိုယ့်စိတ်ကိုယ် နိုင်ပြီဆိုရင် ဝစီကံလည်းချုပ်တယ်။ ကာယကံလုပ်လည်းချုပ်တယ်။ အပါယ်တံခါးလည်းတင်းတယ်။ ဒါကြောင့် ကိုယ့်စိတ်ကို ကိုယ့်ရဲ့ရုပ်မှာပဲ အမြဲရှိနေအောင် အသိသတိနဲ့အမြဲမှတ်နေပါ။ ဒါမှ ရုပ်နာမ် (၂) ပါး ခန္ဓာ (၅) ပါးရဲ့ ဖြစ်ပျက်မှုသဘောကို မြင်နိုင်မယ်၊ တွေ့နိုင်မယ်၊ သိနိုင်မယ်ကွယ့်။ ကိုယ့်အကြောင်းကိုယ်သိရင် ဝိဇ္ဇာ၊ သူတစ်ပါးအကြောင်းကို သိရင် ပြိတ္တာကွယ့်။ ဒါကြောင့် ဝိဇ္ဇာဖြစ်ချင်တဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်အကြောင်းကိုယ် သိဖို့အတွက် ကိုယ်ရဲ့ရုပ်ခန္ဓာနဲ့ ကိုယ့်ရဲ့ စိတ်ကို အမြဲတမ်း အတူရှိနေဖို့အတွက် လေ့ကျင့်ကြိုးစားပြီး ကျင့်ကြံအားထုတ်ရမယ်ကွယ့် ကြားလား လူလေး"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"အေးအေး - ပဌာန်းဆက်တွေမို့ ပြောရတာ။ သေချာမှတ်သားထား ကွယ်"

ဟုပြောပြီး ဝတစ်လုံးရသေ့ကြီးသည် ဘုရားဆင်းတုတော်အရှေ့သို့ထွက်သွားကာ ကမ္မဋ္ဌာန်းတရားအားထုတ်နေလေသည်။

ထိုအချိန်ကျမှ အဘဘိုးသုံ့ညမှ ဆက်လက်၍ -

"လူလေးရေ၊ ဒီလမ်းနဲ့ဒီစခန်းကို လျှောက်မယ်ဆိုရင် အတုကတစ်ထောင် အယောင်ဆောင်တစ်သိန်း အပလ္လိန်းအနွံ့ဆိုတဲ့ စကားအတိုင်း လူလေးတို့ မျက်မှောက်ခေတ်ကာလမှာ အထက်ဆရာအတုအယောင်နဲ့ဂန္ဓာရီအတုအယောင်တွေဟာ အစစ်ပုံစံနဲ့တူအောင် အဝတ်ဖြူအဝတ်ညိုတွေဝတ်၊ လည်ပင်းမှာ ပုတီးအကြီးကြီးတွေကိုဆွဲ၊ နှုတ်ခမ်းမွေးတဆိတ်မွေးကားကားနဲ့တောင်ဝှေးကိုင်ပြီးလုပ်စားနေတဲ့ရုပ်အဘိဓာန်ဘာသာ ဆရာတွေကို ဆရာမတင်မိဖို့လိုတယ်။ ဒါကြောင့် အဲ့ဒီလိုပုံစံမျိုးတွေနဲ့တွေ့ရင် ရှောင်ကြဉ်ကွယ်ပါနဲ့။ ဒီပုဂ္ဂိုလ်တွေကို ကောင်းအပြင်လေ့လာပါ၊ စမ်းသပ်ပါ၊ သေချာမှတ်ပြီးဝေဖန်သုံးသပ်ပါ။ ပြီးတော့ ပုဂ္ဂိုလ်တွေရဲ့ဟောတာကိုဖယ်၊ ပြောတာကိုဖယ်ပါ။ သူတို့ကို မနောနဲ့လျှောက်ကြည့်ပါ။ မနောနဲ့ လျှောက်ကြည့်လို့ မဖြောင့်ပေါက်ရင် အလကားပဲ။ ပုဂ္ဂိုလ် အမှန်မဟုတ်ဘူးကွယ့်။ ဒါကြောင့် ဆရာတင်မမှားဖို့အရမ်းအရေးကြီးတယ်ကွယ့်။ ဆရာတင်မှန်မှ အကျင့်စခန်းမှန်မယ်။ အကျင့်စခန်းမှန်မှ ထွက်ရပ်စခန်းရောက်မှာဆိုတော့ လမ်းအမှန်လျှောက်မှ စခန်းတကယ်ရောက်မယ်ကွယ့် ကြားလား လူလေး"

"ဟုတ်ကဲ့ပါ လူလေး"

"အေးအေး - ပြီးတော့ လူလေး အနေနဲ့ သတိထားပြီးတော့ လူတွေ အတော်များများကို ဝိဇ္ဇာဖြစ်ချင်လားလို့ မေးကြည့်လိုက်ပါ။ အားလုံးနီးပါးက ဝိဇ္ဇာဖြစ်ချင်တယ်လို့ ဖြေကြလိမ့်မယ်။ ဒါပေမယ့် ဝိဇ္ဇာဖြစ်ချင်တဲ့ပုဂ္ဂိုလ်၊ ဂန္ဓာရီလမ်းလိုက်နေတဲ့ပုဂ္ဂိုလ်အတော်များများဟာ အချိန်ရတိုင်းတရားအားထုတ်နေတာမဟုတ်ဘူး။ တရားအလွှပ်နည်းနည်းလုပ်ပြီး မိမိကိုယ်ကိုအထင်ကြီးပြီး စိတ်ကြီးဝင်ကာ ဟိတ်ဟန်ကြီးတွေနဲ့ အချိန်တိုင်းစကားပဲပြောနေကြပြီး သမာဓိထူထောင်ဖို့အတွက် ဝီရိယအားတွေပျက်လာကြတယ်။ ဒီလိုမျိုးကျင့်ကြံအားထုတ်မှု ဝီရိယအားတွေနည်းလာပြီဆိုရင်တော့ သမာဓိထူထောင်နိုင်ဖို့ အလှမ်းဝေးကွာသွားကြတယ် လူလေး။ ဒီသမာဓိဆိုတဲ့ သမထအား ကိုယ့်ခန္ဓာအိမ်မှာမရှိဘူးဆိုရင် မိမိတို့မျှော်မှန်းထားတဲ့၊ မိမိတို့ တောင့်တအိပ်လိုချင်တပ်မက်တဲ့ ဘယ်လိုပါရမီစခန်းကိုမှ သမာဓိမခိုင်ဘဲမလျှောက်လှမ်းနိုင်ဘူး။ ပြီးတော့ လူလေးကို ဒီနေ့အတွက် နောက်ဆုံးအနေနဲ့မှာကြားစရာတစ်ခုကတော့ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နဲ့ လမ်းဘေးနေလမ်းဘေးအိပ်ပြီး အရူးဟန်ဆောင်ကာအရူးစခန်းသွားနေတဲ့ ပုဂ္ဂိုလ်ကြီးတွေလည်း ဒီလောကကြီးမှာ အများကြီးရှိနေတော့ အရူးတွေတိုင်းလည်း အထင်အမြင်သေးပြီး မစော်ကားမိဖို့ အရေးကြီးတယ် လူလေးရေ။ ကဲ - ဒီနေ့အတွက်တော့ ဒီလောက်ပဲ။ အဘတို့လည်း အဓိဋ္ဌာန်စခန်းဝင်ရောက်ရမယ့်အချိန် နီးကပ်လာပြီးမို့ သွားတော့မယ် လူလေးရေ"

ဟု ပြောကာ ကျွန်ုပ်အရှေ့မှပင် ပျောက်ကွယ်သွားပါသည်။

ဤသို့ဖြင့် ကျောက်လိုဏ်ဂူအဝ အရှေ့တွင် ကျွန်ုပ်တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ အဘဘိုးသုံ့ည၏ ပြောစကားများကြောင့် ဤလိုဏ်ဂူရှိရာသို့အလာတွင် လမ်းတွင်တွေ့ဆုံခဲ့သော အရူးကြီး၏မျက်နှာကို မြင်ယောင်လာမိပါသည်။ ထို့နောက် ကျွန်ုပ်လည်း အလောင်းတော် ကဿပလိုဏ်ဂူဝမှ ဘုရားဖူးများနားနေအဆောင်ရှိရာသို့ ပြန်လာခဲ့ပါသည်။

□ **ဒုတိယနေ့**

ဤနေ့၌ ပထမနေ့က အတိုင်းပင် ကျွန်ုပ်သည် နံနက် (၃) နာရီအချိန်၌ အိပ်ရာမှထ၍ အလောင်းတော်ကဿပမထေရ်မြတ်ရှိရာ ကျောက်လိုဏ်ဂူဆီသို့ အလာ သစ္စာရေတွင်းအနားသို့ရောက်သောအခါ မနေ့က လမ်းပိတ်ပြီးကန့်လန့်အိပ်နေသောအရူးကြီးငုတ်တုတ်ထိုင်နေသည်ကို တွေ့ရှိလိုက်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးကိုတွေ့လိုက်ရသော မနေ့က အဘဘိုးသုံ့ညပြောကြားထားသောစကားများကို ပြန်လည်ကြားယောင်မိသဖြင့် ကျွန်ုပ်သည် ထိုအရူးကြီး၏အရှေ့မှ လက်အုပ်ချီ၍ခေါင်းငုံ့ကာ ဖြတ်ကျော်လိုက်ပါသည်။ ထိုကဲ့သို့ ကျွန်ုပ် သူ၏ အရှေ့မှဖြတ်ကျော်နေစဉ် အရူးကြီးမှ -

"အံ့မယ် အံ့မယ် - ဒီနေ့ကျတော့ မင်းက တယ်ပြီးရိုသေပြနေပါလားဟေ့ ဟား ဟား ဟား ဟား။ ဒီမယ် လူပျို ပေါက်အရွယ်ကောင်ကလေး၊ မင်းအခုတင်ထားတဲ့ဆရာကလည်း မှန်တယ်။ မင်းအခုသွားနေတဲ့လမ်းလည်းမှန်တယ်။ ဒီနှစ်ခုမှန်နေတယ်ဆိုတော့ စခန်းကလည်း မှန်ပြီပေါ့ကွာ။ ဒါကြောင့် လမ်းအမှန်လျှောက်ရင် စခန်းတကယ်ရောက်တယ်ဟေ့ ကြားလားကွ သွားသွား စခန်းရောက်အောင်သာသွား ဟား ဟား ဟား ဟား"

ဟု ကျွန်ုပ်အားပြောပြီး မင်တတ်ထရပ်လိုက်ကာ ကွေးနေအောင် ကပြပြီး -

□ *သရက်အိုး ကြွက်တိုးသည့် ဥပမာ တပုံလေးရှုံဖြာ*
*ကြားသိစေရာ ပညာရှိကဝိတို့ သေချာမှတ်စွဲ*
*အရူးဆိုချင်ဆိုတော့ မရူးလိုလျှင် အိုမရူးပါ*
*သူရူးလိုလျှင် ပိုလို့ရူးတယ် ထူးတဲ့ကံပဲ။ ။*

ဟု ရွတ်ဆိုကာ ကျွန်ုပ်၏အရှေ့မှပင် တောထဲသို့ တိုးဝင်ကာ ပျောက်ကွယ်သွားပြန်ပါသည်။ ထို့နောက် ကျွန်ုပ်လည်း ကျောက်လိုဏ်ဂူရှိရာသို့ထွက်ခွာလာခဲ့ပါသည်။ ကျောက်လိုဏ်ဂူသို့ ရောက်သောအခါ ဝတစ်လုံးရသေ့ကြီးကိုမတွေ့ရဘဲ ဘိုးသုံ့ညကိုသာတွေ့ရှိရပါသည်။ ထို့နောက် ကျွန်ုပ်လည်း လိုဏ်ဂူတံခါးဝအနီးတွင် တည်ရှိသောဘုရားဆင်းတုတော်ကို ဖူးမြော်ကန်တော့လိုက်ပြီး ကျောက်လိုဏ်ဂူကြီးအတွင်း၌ တည်ရှိနေသော အလောင်းတော်ကဿ



www.burmeseclassic.com

www.burmeseclassic.com

ပမထေရ်မြတ်ကြီးကို ရည်မှန်းကာ ဦးချ ကန်တော့လိုက်ပါသည်။ ထို့မှဆက်လက်၍ အဘဘိုးသုံ့ညကို ဦးချကန်တော့ လိုက်ပါသည်။

ထို့နောက် အဘဘိုးသုံ့ညမှ -

"လူလေးရေ ဒီနေ့တော့ ပထစ်လုံး ရသေ့ကြီးက အထက်ဆရာသခင်ကြီး များရဲ့ တာဝန်ပေးချက်အရ ဒေးစွန်ပါ ဘုရားဘက်ကိုကြွသွားတယ်ဟေ့။ အဲဒါကြောင့် အဘတစ်ဦးတည်းလာခဲ့တယ်ဟေ့"

"ဟုတ်ကဲ့ပါ အဘ။ ဒါဆိုရင် အဘကပဲ ဆက်ပြီးတော့ ကျွန်တော့်ကို လမ်းညွှန်ပြသပြီး ဆုံးမဩဝါဒတွေပေးပါဦး"

ဟု ကျွန်ုပ်မှပြောလိုက်သောအခါ အဘဘိုးသုံ့ညမှ ခေါင်းညိတ်ကာ -

"အေးအေး"

ဟု ပြောလိုက်ပြီးသည်နှင့် -

"လူလေးရေ ထွက်ရပ်ပေါက်သူတော်စင် ပုဂ္ဂိုလ်ကြီးတွေဟာ လူသတ္တဝါတွေရဲ့ ချမ်းသာမှု၊ အန္တရာယ်ကင်းမှုတို့အတွက်ကို တတ်နိုင်တဲ့ဘက်ကနေ စောင့်ရှောက်ကာကွယ်နေရတယ်ကွယ့်။ ဒါပေမယ့် လူတွေဟာ သိပ်ပြီးရိုင်းစိုင်းတယ်။ တိရစ္ဆာန်တွေလိုပဲ မိုက်လုံးကြီးတယ်။ ဘုရားမှန်းတရားမှန်းမသိကြဘူး။ အရေးလည်းမစိုက်ကြဘူး။ ငါးပါးသီလဆိုတာ သူတို့နဲ့မဆိုင်သလို သူတို့နဲ့ပဲ လုံးဝပတ်သက်သလိုမျိုးပဲ။ သီလဆိုတစ်ပြားသားမှမရှိကြတော့ဘူး။ အဲဒီလိုမျိုး ရတနာသုံးပါးကို ယုံယုံကြည်ကြည်နဲ့ ကိုးကွယ်မှု မရှိဘူး။ ငါးပါးသီလလည်း လူတွေမှာမရှိကြတော့ဘူးဆိုရင် လူ့လောကနဲ့ တိရစ္ဆာန်လောက ဘာမှ မခြားနားတော့ဘူး။ လူလေး ဒါကြောင့် ဒီပုဂ္ဂိုလ်မျိုးတွေဟာ အပါယ်ငရဲစာ သက်သက်တွေပဲ။ ပြီးတော့ သင်းတို့ဟာ အကုသိုလ်အလုပ်တွေလုပ်ကြရမှာကို မကြောက်ကြမရှက်ကြဘူး။ ဒါကြောင့် နောင်လာနောက်သားခေတ်လူငယ်တွေဟာ သူတော်စင်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေရဲ့အကြောင်းကို သိပ်မသိကြတော့ဘူး။ သိဖို့ရာလည်း မလွယ်ကူတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ပါရမီချင်းကလည်း မအပ်စပ်ကြသလို သူတို့ရဲ့ အကျင့်သိက္ခာတွေကလည်း ပြတ်သထက်ပြတ်လာကြပြီး သီလဆိုတာ လုံးဝမရှိတော့တဲ့အတွက် သီလသမာဓိနဲ့ပြည့်စုံတဲ့ သူတော်စင်ပုဂ္ဂိုလ်ကြီးတွေကို ဘယ်မှာ တွေ့နိုင်ပါတော့မလဲ လူလေးရေ စဉ်းစားသာ ကြည့်ပေတော့။ အဲ - ဒါပေမယ့် အဲဒီလိုလူတွေကြားထဲကနေပြီး ဘုရားတရားရှိသေကိုင်းရှိုင်းတဲ့ပုဂ္ဂိုလ်မျိုးတွေလည်းရှိကြပါတယ်။ သူတို့ကတော့ ပါရမီ ဓာတ်ခံရှိတဲ့သူတွေပေါ့။ အဘတို့အနေနဲ့ ဆွဲခေါ်လို့ရမယ့်ပုဂ္ဂိုလ်မျိုးတွေပေါ့ကွယ်။ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေကို အဘပြောချင်တဲ့အဓိကအချက်က ဝိဇ္ဇာဆိုတိုင်း သံသရာကိစ္စမပြီးဘူး။ ဝိဇ္ဇာဆိုတာ သီလမြဲဖို့ အရေးကြီးတယ်။ ဒါကြောင့် ပါရမီရှင်သူတော်ကောင်းတွေ ဝိဇ္ဇာဖြစ်ဖို့အတွက် အဓိက လိုအပ်တဲ့အခြေခံဟာ သမာဓိထူထောင်ဖို့ပဲဖြစ်တယ်။ ဒါကြောင့် သီလစောင့်သိကြပါ။ သီလကိုလုံအောင်ထိန်းကြပါ။ သီလရှိမှ သမာဓိတရားကိုရနိုင်တယ်။ သမာဓိရှိမှ ပညာစခန်းဖြစ်တယ်။ ဒါကြောင့် ဝိဇ္ဇာဖြစ်ချင်တဲ့ သူတော်ကောင်းတွေဟာ အဓိကမဏ္ဍိုင်ဖြစ်တဲ့သမာဓိကို အရင်ဆုံးရအောင်ထူထောင်ကြပါ။ ကိုယ့်မှာ သမာဓိခိုင်ခိုင်မာမာရှိမှ သူတစ်ပါးရဲ့စိတ်အာရုံခံစားမှုတွေကိုကြားနိုင်သိနိုင်တဲ့ အကြားအမြင်ဆိုတာ ရကြမှာဖြစ်တယ်။

အဲဒီမှာ တစ်ခုသတိထားရမယ့် အချက်က လောကီပညာဝိဇ္ဇာလမ်းဟာ သိဒ္ဓိမဟိဒ္ဓိရပြီး တန်ခိုးကြီးတာအမှန်ပဲ။ ဒါပေမယ့် လမ်းမဆုံးသေးဘူး၊ သံသရာလည်တတ်တယ် လူလေး။ ဒါကြောင့် ဒီအဆင့်ကို အောင်မြင်ပေါက်မြောက်ပြီဆိုရင် ရုပ်နာမ်(၂)ပါး၊ ခန္ဓာ(၅)ပါးတို့ရဲ့ အဖြစ်အပျက်တွေကို သိရှိရအောင် ဝိပဿနာအကျင့်စခန်းကို ကူးပြောင်းပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ရွှေပြည်လမ်းကို ရောက်ရှိအောင် ဆက်လက်ကျင့်ကြံအားထုတ်ကြရမှာပဲ ဖြစ်တယ်။ ကဲ- ဒီနေ့အဘပြောခဲ့တဲ့စကားတွေကို သေသေချာချာ မှတ်သားထားကွယ့်။ နောင်တစ်ချိန် လူလေးအတွက် အသုံးဝင်လာလိမ့်မယ်။ ဒီကနေ့အတွက်တော့ ဒီလောက်နဲ့ပဲ တော်ကြရအောင်။ အဘလည်း အမိဋ္ဌာန်ဝင်စရာရှိသေးသကွယ့်"

"ဟုတ်ကဲ့ပါ အဘ"

ဟု ပြောပြီး ကျွန်ုပ် ကန်တော့လိုက်သောအခါ သာဓုသုံးကြိမ်ခေါ်ပြီး အဘဘိုးသုံ့ညပျောက်ကွယ်သွားပါသည်။ ထို့နောက် ကျွန်ုပ်လည်း ဘုရားဖူးများ နားနေဆောင်ရှိရာဆီသို့ ပြန်လည်ထွက်ခွာခဲ့ပါသည်။

## ❑ တတိယနေ့

ဤနေ့တွင်လည်း ကျွန်ုပ်သည် ပထမနေ့နှင့် ဒုတိယနေ့အတိုင်းပင် မနက်(၃)နာရီတိတိတွင် တည်းခိုဆောင်မှ ထွက်ခွာလာခဲ့၏။ ထိုသို့ ထွက်ခွာလာသောအခါ သစ္စာရေတွင်းအနားသို့ ရောက်ရှိလာပြီး နှစ်ရက်စလုံးမြင်တွေ့ခဲ့ရသော အရှူးစခန်းသွားနေသောပုဂ္ဂိုလ်ကြီးဟု ကျွန်ုပ်ယူဆသည့် ပုဂ္ဂိုလ်ကြီးကို ထပ်မံ၍ တွေ့ရှိရပါသည်။ သို့သော် ထိုပုဂ္ဂိုလ်ကြီးသည် ပထမနေ့နှင့်ဒုတိယနေ့များကကဲ့သို့ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် ညစ်ပေပေပုံသဏ္ဍာန်မျိုး မဟုတ်တော့ဘဲ အင်္ကျီလက်ရှည်လည်ကတုံးအဖြူ၊ ပလေကတ်ပုဆိုးနှင့် ဦးခေါင်းပေါ်ရှိ ဆံပင်များကို ဆီများလိမ်းကာ သပ်သပ်ရပ်ရပ်ခေါင်းဖြီးထားပြီး တောစံပယ်ပန်းပွင့် (၄) ပွင့်အား ဦးခေါင်းပေါ်တွင် ပန်ဆင်ထားသည်ကို တွေ့ရှိလိုက်ရပါသည်။ ထိုကဲ့သို့ ထူးထူးခြားခြားပြောင်းလဲသွားသောပုံစံကိုတွေ့မြင်ရသဖြင့် ကျွန်ုပ်မှ မှင်တက်ငေးကြည့်နေသောအခါ -

"ဟေ့ - လူပျိုပေါက်အရွယ်ကောင်လေး၊ အီးဖေကိုကြီးကို ငေးလှချေလားကွ။ ရုပ်ဆိုတဲ့ခန္ဓာကိုယ်ကြီးက အခုချက်ချင်းအလှပြင်ရင် အခုချက်ချင်းပဲ အရောင်ထွက်တယ်ကွ။ အဲ-ရုပ်အနေအထားကောင်းပြီး စိတ်ထားမကောင်းရင် အလကားပဲ။ ပြီးတော့ ရုပ်လှဖို့ထက် စိတ်လှဖို့က ပိုပြီးတော့အရေးကြီးတယ်။ ဒီရုပ်ဆင်းအင်္ဂါကြီးက ဘယ်လောက်ပင် အကြည့်ရဆိုးပလေ့စေ စိတ်ထားဖြူစင်ပြီး စိတ်ထားကောင်းရင် ပုဂ္ဂိုလ်ကြီးတွေက ချစ်တယ်ကွ။ ဒါကြောင့် စိတ်ထားကောင်းအောင်လုပ်။ စိတ်ထားကောင်း သူတော်ကောင်းစိတ်တွေ ကိန်းအောင် မယ်ကြားလားကွ။ အခု အီးဖေကိုကြီး ပြောတဲ့စကားတွေကို သေသေချာချာ မှတ်သားထားပါ။ အီးဖေကိုကြီးပြော စကားက အရူးစကား၊ အရူးစကား တော့ ထူးခြားမယ်ကွယ့် အဘဝ ရဲ့ . . ."

ဆိုပြီး ပြောကာ ကျွန်ုပ်၏အရှေ့ မှာပင် ကွေးနေအောင်က၍ -

❑ စံပယ်တဲ့လေးရဲ့
ဖျိုတို့မောင် မပန်ထိုက်တယ်
ပန်းပြုတ်ခိုက်ကြုံ
အပွင့်ရယ်ကုန်
တစ်ပင်ငုံဖြင့်ကျန်ပါသေး
ပန်ချင်သူ ဖျို့မောင်ကြီးရယ်
ခေါင်းဖြီးခဲ့လေး။ ။

ဟုရွတ်ဆိုကာ လမ်း၏ဘေး တွင်ရှိသော တောထဲသို့တိုးဝင် ပျောက်ကင်းသွားပါသည်။ ထို ကျွန်ုပ်၏အရှေ့မှ ထွက်ခွာသွား ပုဂ္ဂိုလ်ကြီးသည် အရူးစခန်းသွား ပုဂ္ဂိုလ်ကြီးအမှန်ပင်ဖြစ်ကြောင်း သိရှိလိုက်ရပါတော့သည်။ အဘ





www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ဆိုသော် ဤပုဂ္ဂိုလ်ကြီးသည်လည်း ကျွန်တော့်အား မည်သည့်အကြောင်းအရာမှမမေးဘဲ 'အဘဝ' ဟု ခေါ်ဆိုလိုက်သောအချက်က သက်သေပြလိုက်ပါသည်။

ဤသို့ဖြင့် ကျွန်ုပ်လည်း အရှုခန်းသွားနေသည့်ပုဂ္ဂိုလ်ကြီးမြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့် အလောင်းတော်ကဿပကျောက်လိုဏ်ဂူရှိရာဆီသို့ ထွက်ခွာလာခဲ့ပါသည်။ အလောင်းတော်ကဿပကျောက်လိုဏ်ဂူတံခါးဝဆီသို့ ရောက်သောအခါ အဘဘိုးသုံးညကို အသင့်တွေ့ရှိရပါသည်။ ထို့နောက် ကျွန်ုပ်လည်း ပြုမြဲဖြစ်သည့် ကျောက်လိုဏ်ဂူအနီးရှိ ဘုရားဆင်းတုတော်နှင့် ကျောက်လိုဏ်ဂူကြီးအတွင်း၌ရှိသော အလောင်းတော်ကဿပမထေရ်မြတ်ကြီးအား စိတ်ဝယ်ရည်မှန်းကာ ဖူးမြော်ကန်တော့လိုက်ပါသည်။ ပြီးတော့မှ တစ်ဆက်တည်း အဘဘိုးသုံးညကို ရှိခိုးကန်တော့လိုက်ပါသည်။ ထိုအခါ အဘဘိုးသုံးညမှ သာဓုသုံးကြိမ်ခေါ် ၍ ကျွန်ုပ်အား ဆုများပေးပါသည်။ ဆုပေးပြီးတော့မှ အဘဘိုးသုံးညက -

"လူလေးရေ ဒီနေတော့ အဘတို့ ဒီကျောက်လိုဏ်ဂူအဝမှာ (၃) ရက်မြောက်တွေ့ဆုံတဲ့နေ့ပဲကွယ့် ဟုတ်တယ်မှတ်လား"

"ဟုတ်ကဲ့ပါ အဘ။ ကျွန်တော်တို့ တွေ့ဆုံတာ (၃) ရက်ပြည့်တဲ့နေ့ပဲ အဘ"

"အေးအေး - ဒီနေ့တော့ လူလေးအတွက် ဒီအလောင်းတော်ကဿပကျောက်လိုဏ်ဂူတံခါးအဝမှာ တွေ့ဆုံကြတဲ့အခန်းကဏ္ဍ ပြီးဆုံးပြီပေါ့ကွယ်။ နောင်အခါအခွင့်သင့်တဲ့အချိန်ကျမှ ပြန်ဆုံကြမပေါ့ ဟုတ်ပြီလား လူလေး"

"ဟုတ်ကဲ့ပါ အဘ"

"အေးအေး - လူလေးရေ"

လူလေးအနေနဲ့ သိထားရမယ့်အချက်တစ်ချက်က ဝိဇ္ဇာသူတော်စင်ကြီးတွေဟာ အခုခေတ်ကာလမှရှိတာမဟုတ်ဘူး ဘုရားရှင်လက်ထက်ကတည်းက ရှိကြတာ။ အဲဒီလိုပေါက်မြောက်ကြတဲ့ဝိဇ္ဇာတွေဟာ သူတို့ကိစ္စပြီးတာနဲ့သိဒ္ဓိတွေ ဘာနဲ့ လုပ်ချင်တာလုပ်ပြီးနေချင်သလို နေလို့ရတယ်လို့ အများကထင်နေကြတာ အဲဒီအထင်တွေဟာ တစ်ခုမှမမှန်ဘူး ဝိဇ္ဇာတွေကို အတွင်းကနေပြီး အုပ်ချုပ်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေရှိတယ် ကွယ့်။ အမှန်တော့ ဝိဇ္ဇာတွေဟာ ခဏ ...မအားရအောင် သာသနာ့အရေး ... သူတာဝန်နဲ့သူ ကျရာအခန်းကဏ္ဍတွေမှာ ထမ်းဆောင်နေကြရတယ်။ ပြီးတော့ သူတို့အနေနဲ့ မပြီးပြတ်သေးတဲ့၊ မပြည့်ဝသေးတဲ့ သမထဘက်နဲ့ ဝိပဿနာဘက်တွေကိုလည်း အချိန်ရတိုင်း တစ်ဖက်တစ်လမ်းကနေအားထုတ်ရသေးတယ်။ ဒါကြောင့် လူလေးကိုလည်း တရားဘက် အသိကပ်ပြီး သစ္စာလေးပါးကိုမြင်အောင်ကြည့်ပါလို့ အဘအနေနဲ့ တိုက်တွန်းချင်တယ်။ နေ့စဉ်အချိန်နဲ့အမျှ ကိုယ့်ခန္ဓာအိမ်မှာ ဖြစ်ပျက်နေတဲ့ ဖောက်လွှဲဖောက်ပြန် မမြဲတဲ့ သဘောတရားတွေကို သိအောင်မြင်အောင်လို့ သမထ၊ ဝိပဿနာနဲ့ ကမ္မဋ္ဌာန်းတရားတွေကို ကျင့်ကြံအားထုတ်ပါ။ ပြီးတော့ အဘအနေနဲ့ကလည်း လူလေးကို လမ်းအမှန်ကိုလည်းပြပြီးပြီ။ လူလေးအနေနဲ့ကလည်း လမ်းမှန်ကိုလျှောက်ဖို့အတွက် ပါရမီဓာတ်ခံရှိပြီးသားလူဖြစ်တဲ့အတွက် အခုအဘပြတဲ့လမ်းအမှန်ကို လျှောက်ရင် စခန်းတကယ်ရောက်မယ့်သူ ဧကန်စင်စစ်အမှန်ပင်ဖြစ်တာကြောင့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့နဲ့ ပေါက်မြောက်အောင်မြင်ကျင့်ကြံကြိုးစားပြီးအားထုတ်ပါလို့ အဘမှာခဲ့ချင်တယ် လူလေးရေ။ ကဲ - အဘလည်း အဓိဋ္ဌာန်စခန်းဝင်ရန် အချိန်အခါကျရောက်လာပြီမို့ သွားပြီ လူလေးရေ"

ဟု ဆိုကာ ပျောက်ကွယ်သွားပါတော့သည်။

ဤသို့ဖြင့် အဘဘိုးသုံးည ပျောက်ကွယ်သွားသည်နှင့် ကျွန်ုပ်လည်း ကျောက်လိုဏ်ဂူအနီးရှိ ဘုရားဆင်းတုတော်နှင့် လိုဏ်ဂူကြီးအတွင်း၌ရှိသော အလောင်းတော်ကဿပမထေရ်မြတ်ကြီးကို ရှိခိုးဦးချကန်တော့လိုက်ပါသည်။ ထို့နောက် ဤတော၊ ဤတောင်၊ ဤနေရာဒေသတွင် တွေ့ဆုံခဲ့ရသော ဝတစ်လုံးရသေ့၊ အဘဘိုးသုံးည၊ အရှုစခန်းသွားနေသောပုဂ္ဂိုလ်ကြီးနှင့် ကျွန်ုပ်အဘဝတို့ မည်သို့မည်ပုံဆက်စပ်နေသနည်းဟု ကျောက်လိုဏ်ဂူကြီးအဝ၌ပင် ကျွန်ုပ်စဉ်းစားကြည့်နေမိပါသည်။ သို့သော် မည်သို့မျှစဉ်းစား၍မရပါ။ ထိုသို့စဉ်းစား၍မရသည့်အဆုံး၌ ပဋ္ဌာန်းဆက်ရှိခဲ့ကြလို့ပဲဖြစ်မှာပါဟု ဆုံးဖြတ်ကာ ကျွန်ုပ်သည် အလောင်းတော်ကဿပမထေရ်မြတ်ကြီးစံမြန်းရာ ကျောက်လိုဏ်ဂူအဝမှ ဘုရားဖူးနားနေဆောင်များရှိရာဆီသို့ ပြန်လည် ထွက်ခွာလာခဲ့ပါသည်။ ထိုသို့ ထွက်ခွာလာသောအခါ ကျွန်ုပ်သည် လမ်းလျှောက်နေရင်းဖြင့် စိတ်ထဲမှနေ၍ 'လမ်းအမှန်လျှောက်လျှင် စခန်းတကယ်ရောက်မည်' ဟု အကြိမ်ကြိမ်အခါခါ ရေရွတ်နေစဉ် အရှုစခန်းသွားနေသောပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်ရှေ့တွင် ဖြုန်းစားကြီးပေါ် ထွက်လာကာ -

"ဟိတ်. . . လူပျိုပေါက်အရွယ်ကောင်ကလေး စိတ်ထဲကနေဘာတွေကိုရွတ်ဆိုလာတာလဲကွ။ ဒီမယ် အဲဒီဖေကိုကြီးပြောတာကိုသေသေချာချာမှတ်ထား။ တကယ်ဖြစ်ချင်ရင်တကယ်လုပ်အဟုတ်ဖြစ်တယ်ကွ"

ဟု ရယ်၍ ကွေးနေအောင် ကပြကာ -

ဓ ထွက်ရပ်လေးမျိုး အုပ်စိုးမည့်သခင်
စမပေါက်အရှင် ဝိဇ္ဇာတွင်ခေါင်တစ်
မနောနှင့်လိုရာကို ချီသာစွာပြီး
သည့်စနစ်
နိယာမအစဉ်လာ ကမ္ဘာမှာကြေလစ်
မ်ညာအမြစ်မို့
နောင်မဖြစ်ပြောင်ပြောင်
ချိန်တန်လျှင်ပေါ် လာ့မြဲသာပ
မျှော်ပါစဲ ပွဲရထိပ်ခေါင်
စမနှင့်မျိုးထောင်သည်-
မိုးမခေါင် နွေနှောက်တော့
ဝိဇ္ဇာညှောက် ထိုက်တန်ရာ
ပေါက်ကြမည်သာ
တမကြီးနှင့် ယကြီး ဏကြီးဟာကို
ဠကြီးမှာ ပိုက်လုံးနှင့်
ဆိုက်ဦးမျှ နတ်ရေစင်
သွန်းချသွင်သွင်
ဝိဇ္ဇာဥမသွန်ခင်
ထွန်ယက်ချင်မြေကွက်သို့
စေမြွက်ဖို့ တစ်ဆယ့်ရှစ်ပညာ
ပွားပေါက်စေရာ
ကံလိုက်လို့ စံထိုက်ပါလျှင်
ဉာဏ်ဆိုက်ရာပေါက်ကြောင်းကွယ့်
လေး။ ။

ဟု ကွေးနေအောင်က,၍ ရွတ်ဆိုသွားကာ သူ၏ ညာလက်ကို အထက်သို့ ဆန့်တန်း၍ -

"လမ်းအမှန်လျှောက်လျှင် စခန်းတကယ်ရောက်မည်"

"လမ်းအမှန်လျှောက်လျှင် စခန်းတကယ်ရောက်မည်ဟေ့"

ဟု (၃) ကြိမ်တိုင်တိုင် အကျယ်ကြီးအော်၍ ဟစ်ကြွေးကာ သမ်း၏ဘေးဘက်တွင်ရှိသောတောထဲသို့တိုးဝင်ကာ ပျောက်ကွယ်သွားပါတော့သည်။

သတ္တဝါမှန်သရွေ့ တရားတွေ့အေးငြိမ်းချမ်းသာရှိကြပါစေ။

ဗုဒ္ဓမြတ်စွာသာသနာ
ရောင်ဝါနေသို့လင်းစေသော်

အဘဝ (သာသနာ့အလင်းရောင်)



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် နိုင်ငံ့ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးနောက် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေ ရေကြည်ရွာရှိ 'ဓမ္မမဏ္ဍလဝိပဿနာ ရိပ်သာစခန်း' ၌ ဝစီပိတ် (၁၀) ရက် တရားစခန်းကို မန္တလေးမြို့နေ သမီး မအိသိမ့်သိမ့်သွယ်၏ နှိုးဆော်တိုက်တွန်း မှုကြောင့် ပထမဆုံးအကြိမ် တရားစခန်း ဝင်ရောက်ခဲ့ဖူးပါသည်။

ထိုသို့ ဝင်ရောက်ခဲ့သော်လည်း စာရေးသူအနေဖြင့် အမှန်ဝန်ခံရပါလျှင် တရားရှုမှတ်ခြင်းကို နားလည်သဘော ပေါက်ခဲ့ခြင်းမရှိပါ။ စာရေးသူ၏ ဓမ္မဉာဏ်အားနည်းမှုဟုဆိုရမည် ဖြစ်ပါသည်။ တရားရှုမှတ်ခြင်းနည်းပြများက ပထမဦးစွာ မိမိစိတ်ကို တည်ငြိမ်အောင် လေ့ကျင့်ခိုင်းကြပါသည်။ သမာဓိတည်ကြည်မှုရရှိစေရန်ဟု သဘောပေါက်ပါသည်။ သို့သော် စိတ်အာရုံက စုစည်း၍ မရနိုင်လောက်အောင် မိမိစိတ်ကပျံ့လွင့်ခဲ့ပါသည်။ ဤသို့နှင့်ပင် (၁၀) ရက် တရားစခန်းအား ပြီးမြောက်ခဲ့ပါသည်။ ထိုသို့ တရားစခန်းဝင်ပြီးသည့်နောက် ထပ်မံ၍မဝင်ရောက်ဖြစ်တော့ပါ။ ပုံမှန် ဘုရားရှိခိုးခြင်းဖြင့်သာ အချိန်ကုန်လွန် ခဲ့ရပါသည်။

(၂) နှစ်ခန့်အချိန်ကြာမြင့်ပြီးသည့် နောက်တွင် ဇနီးဖြစ်သူဒေါ်ခင်ခင်ကြည် ၏ တဖွဖွတိုက်တွန်းမှုကြောင့် 'ပဲခူးမြို့ မင်္ဂလာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ' ၌ (၉၄) ကြိမ်မြောက်ဖွင့်လှစ်သော (၇)ရက် တရားစခန်းကို ဒုတိယအကြိမ်မြောက် ဝင်ရောက်ခဲ့ပါသည်။ ထိုဓမ္မရိပ်သာမှာ ပဲခူးမြို့ရပ်ကွက်ကြီး(၈) အုန်းခြံလမ်းသစ် ဥဿာမြို့သစ်တွင် တည်ထောင်ဖွင့်လှစ် ထားသောတရားစခန်း ဖြစ်ပါသည်။ ယခုအခါ ပဲခူးမြို့ အဝင် မြို့ရှောင်လမ်း ဘေးတွင် တည်ရှိနေပါသည်။

နည်းပြဆရာ ဦးသန်းစိုး၏ ရှင်းလင်းဟောပြမှုများကြောင့် မြတ်စွာ ဘုရားရှင်ဟောကြားတော်မူခဲ့သော သစ္စာလေးပါးတရား၊ မဂ္ဂင်ရှစ်ပါးနှင့် ပဋိစ္စ သမုပ္ပါဒ်တရားတော်များအား လေ့လာ မှတ်သား နာယူခွင့်ရရှိခဲ့ပါသည်။ ယခုမှသာ ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဟောပြောညွှန်ကြားသည့် အတိုင်း ဆရာဦးသန်းစိုးကလည်း အများ နားလည်လွယ်နိုင်သော အသုံးအနှုန်း၊ ဟောပြောမှုများကြောင့် တရားရှုမှတ်ခြင်း ကို အနည်းငယ်သဘောပေါက်လာမိပါ သည်။ ဤသို့နှင့် ထပ်မံ၍သဘောပေါက် နားလည်ရန်အတွက် (၉၆) ကြိမ်မြောက် ဖွင့်လှစ်သော (၇) ရက်တရားစခန်းကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၄ ရက်နေ့အထိ မင်္ဂလာမိုးကုတ် ဓမ္မရိပ်သာ၌ပင် မိမိသဘောအလျောက် ထပ်မံ ဝင်ရောက်ခဲ့ပါသည်။

တတိယအကြိမ်မြောက်ဝင်ရောက် သောတရားစခန်း၌ စာရေးသူ၏ဆရာ ဖြစ်သောရဲမှူးစိုးတင့်(ငြိမ်း)၊ သူငယ်ချင်း




ဒုတိယရဲမှူးကြီးဝင်းဦး (ငြိမ်း) ပဲခူး

## အာသေမဦးခင် ဉာဏ်ဦးကြရအောင်



www.burmeseclassic.com

www.burmeseclassic.com



နာရဃီသိမ်တိုင်




ရှေးဟောင်းစေတီအား ငုံ၍ တည်ထားသော သမ္ဗုဒ္ဓေစေတီတော်



ဆရာဦးသန်းစိုး တရားဟောပြောပြနေစဉ်



သမ္ဗုဒ္ဓေစေတီအား ညအချိန် သပ္ပာယ်စွာ ဖူးတွေ့ရပုံ



ပဲခူးမြို့ နာရဃီသိမ်တော်

... လှကြွယ်(ငြိမ်း) တို့ကို စည်းရုံး ...တွန်းမှုကြောင့် စာရေးသူနှင့် အတူတူ တရားစခန်းဝင်ရောက်ခဲ့ကြပါသည်။ ရဲမှူး စိုးတင့် (ငြိမ်း) ကလည်း ...မိတ်ဆွေ ဦးသိန်းဇော (ဆလက-...) တို့ပါ ထပ်မံ စည်းရုံးမှုကြောင့် ...သူတို့(၄)ယောက် ရိပ်သာဆောင် ...၍ အတူတူတရားစခန်းဝင်ရောက် ...ခြင်း ဖြစ်ပါသည်။ မိမိအပါအဝင် ...သောဆရာ၊ သူငယ်ချင်း၊ မိတ်ဆွေ ...ပါ စည်းရုံးနိုင်ခဲ့မှုကြောင့် စာရေးသူ ...တိဖြစ်ခဲ့ရပါသည်။

ဓမ္မလာမိုးကုတ်မေ့ရိပ်သာတရား ...ရှိသော အဆောက်အအုံများမှာ ...ရိုးရိုးတည်ဆောက်ထားခြင်း၊ ...တ်ငြိမ်သက်စွာဖြင့် တရားရှုမှတ် ...ရာနေရာကောင်းတစ်ခုဖြစ်နေ ...ည်သို့တည်ထောင်ဆောင်ရွက် ခဲ့သည်ကို စာရေးသူ စိတ်ဝင်စားမှုရှိလာပါသည်။ တရားနည်းပြဆရာ ဦးသန်းစိုး၏ ဆောင်ရွက်ချက်များကို စာရေးသူ သိချင်စိတ် ပြင်းပြလာခဲ့ပါသည်။


■ တရားဟောနည်းပြဆရာအဆင့်သို့ ရောက်ရှိလာပုံ

ဆရာဦးသန်းစိုး၏ မူလလုပ်ငန်း တာဝန်မှာ ပဲခူးတိုင်းဒေသကြီး မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ကြီးကြပ်သူ



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာမိုးကုတ်ဝိပဿနာတောရဓမ္မရိပ်သာအတွင်း တွေ့ရှိခဲ့သော ရွှေဟောင်းစေတီ



မင်္ဂလာမိုးကုတ်ဝိပဿနာတောရဓမ္မရိပ်သာ၏မုခ်ဦးပေါက်



နာရဏီသိမ်တော် တောရကျောင်းတိုက်ဆရာတော် ဦးသုနန္ဒ



ဆရာဦးသန်းစိုး

အရာရှိတစ်ဦး ဖြစ်ပါသည်။ ပဲခူးမြို့၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မမ္မမိတ်ဆွေ ဦးအောင်သန်း (ကုန်သွယ်လယ်ယာ) ၏ နှိုးဆော်တိုက်တွန်းမှုဖြင့် ၂၂-၃-၈၅ နေ့တွင် ရွှေမောဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ဆရာကြီးဦးကျော်တင့် (အလှည့်ကျဧပကာဥက္ကဋ္ဌ)ဇရပ်ပေါ်၌ ပဋိစ္စသမုပ္ပါဒ်တရားသင်တန်း စတင်တက်ရောက်သင်ကြားခဲ့ကြောင်းနှင့် ထိုအချိန်က ဆရာကြီးဦးအောင်ကြွယ်သည် သင်တန်းဟောပြောပို့ချခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ ဆရာကြီးဦးကျော်တင့်၊ ဆရာကြီးဦးအောင်ကြွယ်တို့၏ ခန္ဓာဉာဏ်ရောက်သစ္စာလေးပါးတရားများကို ဆရာဦးသန်းစိုးအနေဖြင့် (၁) လခန့်နာကြားပြီးသည့်နောက် ဆရာကြီးနှစ်ဦးမှ ၎င်းအား ဆရာအဖြစ်ဟောပြောပို့ချရန် ကြိုးစားတိုက်တွန်းခဲ့သည်ဟုသိရ၏။ ဆရာဦးသန်းစိုးကလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သာသနာအဆုံးအမများကို နှစ်ခြိုက်သဘောကျခြင်း၊ ဗုဒ္ဓ၏ဂုဏ်တော်များကို ပူဇော်သောအားဖြင့် လည်းကောင်း၊ မိမိအားသင်ကြားပြသခဲ့သော ဆရာကြီးများ၏ကျေးဇူးကို ပေးဆပ်လိုသောကြောင့် လည်းကောင်း မိမိကိုယ်တိုင် ခန္ဓာဉာဏ်ရောက်သဘောပေါက်သကဲ့သို့ ကျန်ပုဂ္ဂိုလ်အားလုံးလည်း သဘောကျ နှစ်ခြိုက်စေလိုသောစေတနာဖြင့် ဆရာအဖြစ်ဟောပြောပို့ချနိုင်အောင် ကြိုးစားအားထုတ်ခဲ့ရသည်ဟု သိရှိရပါသည်။

□ မူလပထမတရားစခန်းဖွင့်လှစ်ခြင်း

၁၉၈၅ ခုနှစ်၊ ဇူလိုင်လ (ဝါတွင်းကာလ) ၌ ဆရာဦးသန်းစိုးသည် မမ္မမိတ်ဆွေ ဦးအောင်သန်းနှင့်အတူ ပဲခူးမြို့ နာရဏီသိမ်တော်တောရကျောင်းတိုက်သို့ ရောက်ရှိခဲ့ပါသည်။ ဆရာတော်ဦးသုနန္ဒအား မိုးကုတ်ဝိပဿနာတရားစခန်းဖွင့်လှစ်လိုပါကြောင်းကို တင်ပြလျှောက်ထားခဲ့သဖြင့် ဆရာတော်ကြီး၏ခွင့်ပြုချက်အရ ပထမအကြိမ် မိုးကုတ်ဝိပဿနာ (၇) ရက်တရားစခန်းကို ၁၉၈၆ ခုနှစ်သကြိန်ကာလတွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဆရာကြီးဦးကျော်တင့်ဆရာကြီး



www.burmeseclassic.com

ဦးအောင်ကြည်၊ ဦးအောင်သန်း၊ ဦးသန်းစိုးတို့ ဦးဆောင်ပြီး (၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ) (၃) နှစ်တာ ကာလအတွင်း တရားစခန်း (၃) ကြိမ်ကျင်းပခဲ့ပါသည်။ ၁၉၈၉ ခုနှစ်တွင် ဆရာကြီးဦးကျော်တင့်၊ ဆရာကြီးဦးအောင်ကြည်တို့မှာ ကျန်းမာရေးမကောင်းကြသဖြင့် ဆရာဦးအောင်သန်း၊ ဦးသန်းစိုးတို့ ဦးဆောင်၍ တစ်နှစ်လျှင်တစ်ကြိမ် နှစ်စဉ်ပျက်မကွက် တရားစခန်းဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ် မတ်လတွင် ဆရာကြီးဦးအောင်သန်း၊ ၁၉၉၄ ခုနှစ် မတ်လတွင် ဆရာကြီးဦးကျော်တင့်၊ ၁၉၉၉ ခုနှစ် မတ်လတွင် ဆရာကြီးဦးအောင်ကြည်တို့ ကွယ်လွန်ခဲ့ကြပါသည်။ တရားနည်းပြဆရာကြီးများ ဆုံးပါးသည့်လများ တူညီနေမှုမှာလည်း ထူးခြားမှုရှိလှပါသည်။ ၁၉၉၉ခုနှစ် (အကြိမ်တာလနှင့် ဒီဇင်ဘာလ) တို့၌ တစ်နှစ်လျှင် (၂) ကြိမ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၈၆ ခုနှစ်မှ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအထိ (၂၄) နှစ်တိုင်တိုင် တရားစခန်း အကြိမ်ပေါင်း (၃၅) ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။

၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆရာကြီးဦးအောင်ကြည်နှင့် တွဲဖက်ပြီး ဆရာဦးသန်းစိုးသည် လက်ထောက်ဆရာအဖြစ် ဟောပြောပို့ချခဲ့ပါသည်။ ဆရာကြီးဦးအောင်ကြည် ကွယ်လွန်ပြီးသည့်နောက် ၁၉၈၉ ခုနှစ်မှစ၍ ယနေ့အချိန်အထိ တရားပြဆရာ ဦးသန်းစိုးကိုယ်တိုင်ဦးဆောင်၍ ပင်တိုင်ကမ္မဋ္ဌာနာဆရာအဖြစ် တာဝန်ယူ ဆောင်ရွက်ဆဲဖြစ်ပါသည်။ ဆရာဦးသန်းစိုး၏ ဇွဲ၊ လုံ့လ၊ မလျှော့သောစိတ်နှင့်စေတနာတို့မှာ လေးစားဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

**မဟာသမိုးကုတ်ဝိပဿနာတောရမှ ဖြစ်သော အသစ်စတင်တည်ထောင်ခြင်း**

၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် အကြောင်းအမျိုးမျိုးကြောင့် လက်ရှိ စခန်းရိပ်သာပို့ချနေသော နာရဏိ တောရကျောင်းတိုက်မှထွက်ခွာခဲ့ပါသည်။ ယခု လက်ရှိဓမ္မရိပ်သာ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ နေ့တွင် စတင်အကောင်အထည် ဆောင်ရွက်ခဲ့၏။ တောင်ပိုင်း ဌာနချုပ်တိုင်းမှူး ပဲခူးတိုင်း သာသနာရေးနှင့် ဖွံ့ဖြိုးရေး ဦးစီးဌာန ဗိုလ်ချုပ်လှမင်း၏ ခွင့်ပြု ချက်ဖြင့် အဆင့်ဆင့်စိစစ်ပြီးသည့်နောက် သာသနာပြုရန် (၇. ၂) ဧက မြေနေရာ အား ရရှိခဲ့သည်။ ယခုလက်ရှိဓမ္မရိပ်သာ ကြီးတည်နေရာသည် ယခင်ကတောရိုင်း မြေဖြစ်ပြီးမြေမညီညာခြင်း၊ တောရိုင်းပင် များ ပေါက်ရောက်နေခြင်းများကြောင့် ဓမ္မမိတ်ဆွေလူအင်အားဖြင့် ခုတ်ထွင် ရှင်းလင်းခဲ့ရာ အချိန် (၁) လကြာခဲ့ပါ သည်။ ရှင်းလင်းပြီး မြေကွက်ပေါ်တွင် အဆောက်အအုံစီမံချက်များချမှတ်ပြီး



တရားစခန်းဝင် ယောဂီများ နေ့ဆွမ်းသုံးဆောင်နေပုံ



တခရေသူ တရားစခန်းအိပ်ဆောင်ရှေ့ အမှတ်တရ



ပဲခူးမြို့မြောက်ထပ်မံပေါ်မှ ရှုမြင်ရသော သမ္ဘုဒ္ဓေစေတီတော်

www.burmeseclassic.com

စက်ရေတွင်းများတူးခြင်း၊ တံတားနှစ်စင်း တည်ဆောက်ခြင်း၊ လျှပ်စစ်မီးတိုင်များ စိုက်ထူ၍ မီးကြိုးများသွယ်တန်းခြင်း၊ အိမ်သာ ရေချိုးခန်း များတည်ဆောက်ခြင်း၊ ဆွမ်းစားဆောင်တည်ဆောက်ခြင်း၊ အမျိုးသားယောဂီဆောင်၊ အမျိုးသမီး ယောဂီဆောင်များ တည်ဆောက်ခြင်း၊ ရုံးခန်း၊ ဆေးခန်းတည်ဆောက်ခြင်းများကို အစီအစဉ်အတိုင်း ဆောက်လုပ်ခဲ့ပါသည်။ ထိုသို့တည်ဆောက်နိုင်ခြင်းမှာ အလှူရှင်များ၏ သဒ္ဓါတရားထက်သန်မှုများကြောင့် ဖြစ်ပါသည်။ စကြိုလမ်းပေါင်း (၈) လမ်း၊ စက်ရေတွင်း (၄) တွင်း၊ ရေစင် (၄) စင်၊ စက်ခန်း (၄) ခန်းတို့ဖြင့် လျှပ်စစ်မီးလာလျှင် မော်တာဖြင့်လည်းကောင်း၊ မီးပျက်လျှင် အင်ဂျင်စက်ဖြင့်လည်းကောင်း အချိန်တိုင်း ရေမပြတ်စေရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆောင်များတွင်လည်း ရေချိုးခန်းများ၊ ရိုးရိုးရေလောင်းအိမ်သာများနှင့် ဘိုထိုင်အိမ်သာများတွဲ၍တည်ဆောက်ထားသည့်အပြင် အများသုံးရေချိုးကန်များလည်း အဆင်သင့်တည်ဆောက်ပေးထားပါသည်။ ယခုအခါ အဆောက်အအုံပေါင်း (၃၆) လုံးရှိနေပြီး အလှူရှင်များ ပေါ်ပေါက်ပါကလည်း မြေအနေအထားပေါ်တွင် မူတည်၍ ဆက်လက်ဆောက်လုပ်ရန် စီစဉ်ထားရှိကြောင်း သိရှိရပါသည်။

□ ရှေးဟောင်းစေတီတော်ကြီး ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း

ထိုသို့ ဓမ္မရိပ်သာခြံမြေတောရှင်းစဉ်အခါက ချုံနွယ်များပိတ်ဖုံးနေသော ရှေးဟောင်းစေတီပျက်တစ်ဆူတွေ့ရှိခဲ့ပါသည်။ ပဲခူးမြို့ ရှေးဟောင်းသုတေသနဦးစီးဌာန၏ စိစစ်ချက်များအရ တွေ့ရှိသောစေတီတော်ပျက်ကား ဓမ္မစေတီမင်းတရားလက်ထက် သာသနာပြုမြေအတွင်းတည်ထားခဲ့သောစေတီ ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းရှေးဟောင်းစေတီတော်အား ရှေးမူမပျက် ပြန်လည်တည်ထားကိုးကွယ်ရန် အလှူရှင်များလည်း ပေါ်ထွန်းလာခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလလောက်မှစတင်၍ အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ၌ ကြည်ညိုဖွယ်စေတီတော်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့ပြီး မြို့ရှောင်လမ်းပေါ်မှ ကြည့်လျှင် ကြည်ညိုသပ္ပာယ်စွာဖြင့် ဖူးတွေ့နိုင်ပြီ ဖြစ်ပါသည်။

စေတီတော်ကြီး၏ဘွဲ့တော်အား 'သဗ္ဗညုစေတီတော်' ဟု အမည်သမုတ်ထားပါသည်။ စေတီတော်ကြီးအား နှစ်စဉ်ဗုဒ္ဓပူဇနီယပွဲတော်များ ကျင်းပခြင်း၊ တပို့တွဲလတွင် ထမနဲပွဲများကျင်းပပြီး စတုဒိသာကျွေးမွေး၍ စေတီတော်ကြီးအား ဩဝါဒဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းများကိုလည်း မပျက်မကွက် ဆောင်ရွက်လျက်ရှိကြပါသည်။ စေတီတော်ကြီးသည် ယခုအခါ အလှူရှင် ကမ္ဗည်းကျောက်စာများနှင့်ဝေဝေဆာဆာတင့်တယ်သပ္ပာယ်လျက်ရှိနေပါသည်။

□ ဓမ္မရိပ်သာကြီး၏ ပုံမှန်တရားစခန်းများ ဆောင်ရွက်ခြင်း

မင်္ဂလာမိုးကုတ်ဓမ္မရိပ်သာသည် အပတ်စဉ် ဝါတွင်း-ဝါပဥပုသ်နေ့တိုင်း နံနက် (၉း၃၀) နာရီမှ ညနေ (၄း၃၀) နာရီအထိ နေ့ချင်းပြန် ဥပုသ်တရားစခန်းကျင်းပခြင်း၊ တစ်နေ့လျှင် တရားနာ၊ တရားထိုင် တစ်နာရီ (၄) ချိန်၊ ထို့ပြင် ဝါတွင်း-ဝါပဥပုသ်နေ့တိုင်း တရားစခန်းများကို ၂၀၀၈ ခုနှစ်မှစ၍ ယနေ့တိုင် ရက်ပျက်မရှိ ဆောင်ရွက်နိုင်ခဲ့သဖြင့် (အာစိဏ္ဏကံ) ဖြစ်မြောက်နေပြီ ဖြစ်ပါသည်။ ထို့အပြင် လစဉ် မြန်မာလဆန်း ၉ ရက်နေ့မှ လပြည့်နေ့အထိ (၇) ရက် တရားစခန်းပွဲများကျင်းပခြင်း၊ သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် (၁၀) ရက် တရားစခန်းပွဲများလည်းကျင်းပခြင်း၊ ထိုလပြည့်နေတိုင်း ဩဝါဒါဆရာတော်ကြီးများက အလှည့်ကျလာရောက်ပြီး နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားတော်မူကြပါသည်။ နှစ်စဉ် ဝါဆိုလဆန်း ၈ ရက်နေ့၌ ဓမ္မရိပ်သာ၏ ဩဝါဒဆရာတော်ကြီး (၅) ပါးတို့အား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းခြင်း၊ ဩဝါဒခံယူခြင်း၊ ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုများ လှူဒါန်းခြင်းနှင့် ဧည့်ပရိသတ်များကျွေးမွေးလှူဒါန်းခြင်းများလည်း မပျက်မကွက် ဆောင်ရွက်လျက်ရှိပါသည်။

□ မင်္ဂလာမိုးကုတ်တောရ ဓမ္မရိပ်သာကြီး၏ ဩဝါဒါစရိယဆရာတော်ကြီး (၅) ပါး

၁။ ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ ဝိနယာရာမပရိယတ္တိစာသင်တိုက်၊ တောင်ငူလမ်း၊ ပဲခူးမြို့။

၂။ ဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသ၊ ကိုးသိန်းပရိယတ္တိ စာသင်တိုက်၊ ကျောက်ဖူးကုန်းရပ်၊ ပဲခူးမြို့။

၃။ ဆရာတော်ဘဒ္ဒန္တဉာဏိဿရ၊ ရွှေဂူပရိယတ္တိစာသင်တိုက် ပန်းခြံကုန်းရပ်၊ ပဲခူးမြို့။

၄။ ဆရာတော် ဘဒ္ဒန္တကဝိဓဇ၊ ဓမ္မရံသီ (ကမ္မဋ္ဌာနရိပ်သာ) ရပ်ကွက်ကြီး (၈)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့။

၅။ ဆရာတော်ဘဒ္ဒန္တကုဏ္ဍာစာရ၊ ဥဿာတောရ ပရိယတ္တိစာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့။

□ မင်္ဂလာမိုးကုတ်ဝိပဿနာတောရဓမ္မရိပ်သာကြီး၏ နေ့စဉ်ဆောင်ရွက်ချက် တရားလုပ်ငန်းစဉ်များ

မင်္ဂလာမိုးကုတ်ဝိပဿနာတောရ ဓမ္မရိပ်သာကြီး၏ လစဉ်တရားပတ်စခန်းများ ဖွင့်လှစ်ခဲ့ရာ ၂၀၁၆ ခုနှစ်၊ မတ်လအထိ တရားပတ်ပေါင်း (၉၇) ကြိမ် မြောက်ရောက်ခဲ့ပြီ ဖြစ်ပါသည်။ ဤရိပ်သာကြီး၏ ပင်တိုင်ကမ္မဋ္ဌာနာစရိယအဖြစ် တရားပြဆရာဦးသန်းစိုးမှ တာဝန်ယူ၍ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယနှင့် ဆရာတော်ဘုရားကြီး၏ တပည့်များဖြစ်ကြသော ကမ္မဋ္ဌာနာစရိယဆရာတော်ကြီးများ၊ ဆရာကြီးများ၏ ဩဝါဒကိုခံယူပြီး ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ယောဂီအများ နားလည်လွယ်နိုင်သော ဟောပြောချက်များဖြင့် လစဉ်ပို့ချပေးလျက်ရှိပါသည်။

နေ့စဉ် နံနက်(၀၃း၄၅)နာရီအချိန်မှစ၍ အိပ်ရာမှထကြရန် ဆရာတော်ဦးသုန္ဒရ အိပ်ရာနိုးတရားတော်အား ဖွင့်လှစ်၍ နံနက် (၀၄း၃၀) နာရီမှ (၀၅း၃၀) နာရီအချိန်အထိ တရားထိုင်ခြင်း၊ နံနက် (၀၅း၃၀) နာရီအချိန်တွင် အရုဏ်ဆွမ်းသုံးဆောင်ခြင်း၊ နံနက် (၀၇း၀၀) နာရီမှ (၀၈း၀၀) နာရီထိ ဆရာဦးသန်းစိုး၏ ပဋိစ္စသမုပ္ပါဒ်တရားဟောပြောမှုနာယူခြင်း၊ နံနက် (၀၉း၃၀) နာရီမှ (၁၀း၃၀) နာရီအချိန်ထိ ယောဂီများသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံသွင်းတိပ်ခွေမှ (၈) ပါးသီလ တည်ဆောက်ပြီး တရားထိုင်ခြင်း၊ နံနက် (၁၀း၃၀) နာရီအချိန် နေ့ဆွမ်းသုံးဆောင်ခြင်း၊ နေ့ (၁၂း၃၀) နာရီမှ ညနေ (၀၁း၃၀) နာရီထိ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံသွင်းတိပ်ခွေတရားနာယူခြင်း၊ နေ့ (၂) နာရီမှ ညနေ(၃)နာရီအထိ တရားထိုင်ခြင်း၊ ညနေ (၃း၃၀) နာရီမှ (၄း၃၀) နာရီထိ ဆရာဦးသန်းစိုး၏ ဟောပြောပို့ချမှုနာယူခြင်း၊ ညနေ (၅) နာရီမှ (၆) နာရီထိ တရားထိုင်/



www.burmeseclassic.com

www.burmeseclassic.com

ကြီးလျှောက်ခြင်း၊ ည (၇) နာရီမှ (၈) နာရီအထိ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံသွင်းတိပ်ခွေတရားနာယူခြင်း ည (၉) နာရီအချိန် အိပ်စက်အနားယူကြခြင်း ဖြစ်ပါသည်။

လစဉ် တရားဝင် ယောဂီဦးရေမှာ ပျမ်းမျှ (၁၅၀) ဦးခန့်ရှိပါသည်။ သင်္ကြန်ကာလများတွင် တရားဝင် ယောဂီဦးရေမှာ (၄၀၀) ကျော်ခန့်ရှိပါသည်။ မင်္ဂလာမိုးကုတ်ဝိပဿနာရိပ်သာ၌ တရားလာရောက်ဝင်ကြသော ယောဂီများအတွက် စာရင်းမှတ်တမ်းများပြုစုခြင်း၊ သက်ဆိုင်ရာနယ်မြေရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးများတွင် ဧည့်စာရင်းတိုင်ကြားပေးခြင်း၊ လစဉ်ဝင်ငွေ/ထွက်ငွေ စာရင်းနှင့် တရားပတ်ပြီးဆုံးသည့်အခါတိုင်း စာရင်းရှင်းလင်းမှုများကို အကျိုးတော်ဆောင်ဗိုလ်ကြီးဘချစ် (ငြိမ်း) မှ ပုံမှန်ရှင်းလင်းပေးကြပါသည်။ ထို့ပြင် ဓမ္မဗိမာန်ကြီးအဘက်ဘက်မှ တိုးတက်နိုင်ရေးအတွက် နာယကအဖွဲ့ (၁၅) ဦး၊ အလုပ်အမှုဆောင်အဖွဲ့ (၂၅) ဦး၊ လစဉ်တရားစခန်းပွဲများဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့ (၃၃) ဦး၊ ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့ (၂၉) ဦးတို့အား စနစ်တကျဖွဲ့စည်းထားရှိပြီး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါသည်။

**တရားစခန်းဝင်ရောက်ရန်ဖိတ်ခေါ်ခြင်း**

စာရေးသူအနေဖြင့် (၇) ရက်တာကာလ တရားစခန်းဝင်ရောက်စဉ်အတွင်း တွေ့ကြုံစမ်းရချက်များအား အကျဉ်းချုံးတင်ပြခြင်း ဖြစ်ပါသည်။ တရားနည်းပြဆရာဦးသန်းစိုးအနေဖြင့် ၁၉၈၅ ခုနှစ်မှ ယနေ့အချိန်အထိ နှစ်ပေါင်း (၃၀)ကျော်အတွင်း မြတ်ဗုဒ္ဓ၏ တရားတော်များအပေါ် လေးစားယုံကြည်မှုအကျိုးအားလည်းကောင်း၊ သဒ္ဓါတရားထက်သန်သော ယောဂီသူတော်စင်တို့၏အလှူငွေများကြောင့် လည်းကောင်း မင်္ဂလာမိုးကုတ်ဝိပဿနာရိပ်သာကြီးသည် အရှိန်အဟုန်ပြင်းမြန်စွာဖြင့် တိုးတက်ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။

ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ နေဝင်ချိန်သည် နေ့၊ လ၊ နှစ်သို့ တရွေ့ရွေ့ကုန်ဆုံးနေပြီး မိမိဘဝနိဂုံးချုပ်မည့်အချိန်သည်လည်း တဖြည်းဖြည်းနီးကပ်လာလေပြီဖြစ်ပါသည်။ ဘုရားရှင်ဟောကြားသည့် ဓမ္မဒေသနာတော်နှင့်အညီ ပုထုဇဉ်လူသားများအဖို့ တဏှာအဆော်မလုပ်တဲ့ ဉာဏ်ကိုအဖော်လုပ်ကြရန် လိုအပ်လှပြီ ဖြစ်ပါသည်။ နောက်ထပ်ခန္ဓာထပ်ရနေသမျှ ကာလပတ်လုံး သမုဒယသံယောဇဉ်ဖြစ်၊ ဒုက္ခသစ္စာနွံ့အတွင်း၌ပင် တဝဲလည်လည် ရုန်းမထွက်နိုင်အောင်ဖြစ်ကြရမည်သာ ဖြစ်ပါသည်။ နောက်ခန္ဓာရအောင်လုပ်ခြင်းသည် လူမိုက်၊ နောက်ထပ်ခန္ဓာမရအောင် နိဗ္ဗာန်ချမ်းသာရောက်ရှိရေး ကြိုးပမ်းမှုသာ လူလိမ္မာများဖြစ်ကြမည် ဖြစ်ပါသည်။

ကံကို ယုံကြည်ပြီး ဉာဏ်ကို အားကိုးကြရမည် ဖြစ်ပါသည်။ စိတ်ကြောင့်ဖြစ်သော အညစ်အကြေးများကို စိတ်နှင့်ပင်ဆေးကြောရမည်ဖြစ်ပါသည်။ စိတ်အညစ်အကြေးကို ဆေးကြောခြင်းသည် ဝိပဿနာရှုခြင်းဟု ခံယူမိပါသည်။ မိမိရုပ်ကို စစ်ဆေးလိုလျှင် မှန်ကြည့်၍ စစ်ဆေးသကဲ့သို့ စိတ်ကိုစစ်ဆေးလိုလျှင် ဉာဏ်နှင့် စစ်ဆေးကြရမည် ဖြစ်သည်။ ထို့ပြင် လူပုဂ္ဂိုလ်သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓ၏အဆုံးအမသာသနာတော်နှင့်အညီ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်တရားကိုလည်းစီထားရှိကြပြီးလျှင် တစ်ဦးနှင့်တစ်ဦး သည်းခံခွင့်လွှတ်မေတ္တာထားစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။ အနမတဂ္ဂသံသရာ အတိတ်ဘဝအဆက်ဆက်က (ကာယကံ၊ ဝစီကံ၊ မနောကံ) အပြစ်ကြွေးများ၊ ပစ္စုပ္ပန်အပြစ်များတို့ကို အနာဂတ်သံသရာ မပါရလေအောင် ဉာဏ်နှင့်ဆင်ခြင်၍ ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။

ဗုဒ္ဓ၏အမြတ်ဆုံး၊ အငြိမ်းချမ်းဆုံး၊ အချမ်းသာဆုံး ဆိုအပ်သော အဆုံးအမ (အပ္ပမာဒေန သမ္ပာဒေထ) ဖြစ်သည့် **အပ္ပမာဒ-** မမေ့မလျော့ မပေါ့မဆ မှန်ကန်သောသတိတရားဖြင့်၊ **သမ္ပာဒေထ-** မိမိတို့အားထုတ်ကြရမည့် (သီလ၊ သမာဓိ၊ ပညာ) သိက္ခာ(၃)ပါးတို့ကို ကိုယ်စီကိုယ်ငပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြရန် အထူးအရေးကြီးလှပါသည်။

စာရေးသူအနေဖြင့် မင်္ဂလာမိုးကုတ်ဓမ္မရိပ်သာကြီး၌ တရားဘာဝနာ မအားထုတ်မီ 'အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော်ဖြစ်တော်မူသော အရှင်ဇနကာဘိဝံသဆရာတော်ဘုရားကြီး၏ အောက်ပါ ဓမ္မသံဝေဂလင်္ကာကို (၃) ကြိမ်စီ ရွတ်ဖတ် ပွားများခဲ့ခြင်းကြောင့် မိမိကိုယ်တွင် မှန်ကန်သောအတွေးများ ပေါ်ပေါက်လာပြီး ဘဝနိဂုံးမဆုံးမီ မိမိဘာလုပ်သင့်သည်ကို ကောင်းကောင်း သဘောပေါက်မိခဲ့ပါသည်။

- ငါတို့နေရာ ဤကမ္ဘာ
  တဏှာအုပ်စိုးသည်၊
- တဏှာစေရာ မနေသာ
  ဖွေရှာဆက်ရသည်၊
- ရယူညှဉ်စွာ ချစ်သူပါ
  စွန့်ခွာသွားရမည်၊
- တကယ့်အရေး တကယ့်ဘေး
  ဘယ်ဒွေးဘယ်သားမကယ်ပြီ၊
- ကိုယ်နှင့်ရွယ်တူ
  ကိုယ့်အောက်လူကြီး
  သူသေကြများလှပြီ၊
- ခဏမစဲ အိုစမြဲ
  ကိုယ်လည်းသေဘက်နီးခဲ့ပြီ။
- ဇရာမီးတောင် ကိုယ်တည်းလောင်
  သေအောင်မြိုက်တော့သည်၊
- မသေရခင် သွားလမ်းစဉ်
  ကြိုတင်ပြင်သင့်ပြီ၊
- ဒါနသီလဘာဝနာ
  လမ်းသာထွင်လိမ့်မည်၊
- မဂ္ဂင်ယာဉ်ကြီးအမြန်စီး
  ခရီးထွက်တော့မည်။ ။

ထို့ကြောင့် မိမိအတွက် သာသနာဆိုတာ မသေခင်အချိန်အတောအတွင်း လေးပါ။ မိမိသေသွားသည့်နေ့ဟာ မိမိအတွက် သာသနာကွယ်သွားတဲ့အချိန်ပါ။ သာသနာနှင့်ကြုံတုန်းမှာ ဝိပဿနာရှုပွားခြင်းအလုပ်ကို လုပ်ဖြစ်အောင်လုပ်နိုင်ရေးအတွက် သူတော်စင်အပေါင်းတို့အား တိုက်တွန်းနှိုးဆော်အပ်ပါသည်။

သို့ဖြစ်၍ အသေမဦးခင် ဉာဏ်ဦးရလေအောင် ပဲခူးမြို့ မင်္ဂလာမိုးကုတ်ဝိပဿနာရိပ်သာကြီးသို့ တစ်ခေါက်တစ်ခါ လာရောက်၍ ဗုဒ္ဓ၏အဆုံးအမ တရားတော်များကို ရှုပွားနိုင်ကြစေရန် ဖိတ်ခေါ်လိုက်ရပါသည်။

**ဒုတိယဗိုလ်မှူးကြီးဝင်းဦး(ငြိမ်း)ပဲခူး**

**မှီငြမ်း -**

- ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားတော်နှင့် အလုပ်ပေးတရား၊ ဦးသန်းစိုးတရားပြဆရာ။
- မင်္ဂလာမိုးကုတ်ဝိပဿနာတောရဓမ္မရိပ်သာပဲခူး၏ သမိုင်းအကျဉ်းချုပ်။
- မင်္ဂလာမိုးကုတ်ဝိပဿနာတောရဓမ္မရိပ်သာပဲခူး၏ ဓမ္မသံဝေဂလင်္ကာနှင့် ဩဝါဒကထာများ။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသား ပြတိုက်သို့ ကျွန်တော်ရောက်သွားသည့် အခါတိုင်း သွားရောက် ကြည့်ရှုလေ့ရှိသော ရှေးဟောင်းယဉ်ကျေးမှုလက်ရာမှာ သရေခေတ္တရာမြို့ဟောင်းမှ ပျူအနုပညာသည် ကြေးရုပ်ကလေးများ ဖြစ်ပါသည်။ အဆိုပါ ကြေးရုပ်ကလေးများမှာ အရွယ်အစားအားဖြင့် အမြင့်ဆုံး အရုပ်သည်ပင် (၅) လက်မခန့်သာရှိသဖြင့် သေးငယ်သည်ဟု ဆိုနိုင်သော်လည်း သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးနှင့် အနုပညာတန်ဖိုးအရ အလွန်တရာ အရေးပါသည်ဟု ဆိုရမည်ထင်ပါသည်။ ထို့ပြင် ထိုအရုပ်လေးများအား တူးဖော်တွေ့ရှိပြီးနောက်ပိုင်း၌ ယင်းတို့နှင့် ဆက်နွယ်ပြီး ပေါ်ပေါက်ခဲ့သော အဖြစ်အပျက်ကလည်း ထူးခြားလှသဖြင့် သမိုင်းမှတ်တမ်းတင်ရလောက်အောင် အရေးပါနေကြပြန်ပါသည်။

ထိုကြေးရုပ် (၅) ရုပ်မှာ မျက်နှာပေးကောင်းကောင်း၊ လက်ချိုးခြေချိုး လှလှပပနှင့် သွဲ့ပျောင်းနွဲ့နှောင်းစွာ 'က' နေသော ကချေသည်အရုပ် ဗျာဝင်စားမှုအပြည့် တင့်တယ်သော ကိုယ်နေဟန်အတိဖြင့် ပလွေမှုတ်နေသော ဂီတပညာရှင်၊ ရွှင်လန်းသောမျက်နှာ၊ လှပနွဲ့နှောင်းသောကိုယ်ဟန်ဖြင့် ဗုံတီးခတ်နေသော အရုပ်၊ ကိုယ်တိုင်ပါဝင်ဖန်တီးနေသော ဂီတတွင် ကိုယ့်ကိုယ်ကိုယ် နှစ်မြောရင်း ကြည်နူးကျေနပ်နေသောခွက်ခွင်းတီးခတ်သူအရုပ်နှင့် နောက်ဆုံးအရုပ်သည် ကျန်အရုပ် (၄) ရုပ်ထက် အရပ်အမောင်းရော ကိုယ်ခန္ဓာအရွယ်အစားကပါ သိသိသာသာ ပုကွသေးညှက်သည့် ပြောင်ချော်ချော်မျက်နှာပေးဖြင့် ပါးစပ်ဟောင်းလောင်း'ဟ'ထားသောလူရွှင်တော် အရုပ်ကလေးဖြစ်သည်။ ထိုလူရွှင်တော် အရုပ်ကလေးသည် သက်ကြီးပုပုံစံပေါ်နေသည့်အပြင် ကျောကုန်း၌ အထုပ်တစ်ထုပ်ကို လွယ်ပိုးထားသည့်အတွက် ရယ်စရာကောင်းနေသည်။ ထို့အပြင် သူ၏ ညာဘက်လက်ကို ခေါင်းပေါ်သို့ မြှောက်ထားကာ ဘယ်ဘက်လက်ကိုမူ ခွက်ခွင်းတီးခတ်သူ၏တင်ပါးရှိရာဘက်သို့ ရွတ်နောက်နောက်အမူအရာဖြင့် ညွှန်းပြနေပြီး ကိုးရိုးကားရား 'က'နေ၏။

အရုပ်ကလေး (၅) ခုစလုံးသည် ကိုယ်ဟန်အမူအရာ၊ မျက်နှာအမူအရာနှင့် ဝတ်စားဆင်ယင်ထားပုံများမှအစ သရုပ်ပေါ်လွန်း၊ အသက်ဝင်လွန်းလှသည်ဖြစ်ရာ ယင်းတို့ကိုကြည့်လိုက်လျှင် သက်ရှိသဘင်သည်အဖွဲ့တစ်ဖွဲ့ပျော်ရွှင်ကြည်နူးစွာ တက်ညီလက်ညီ မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ကပြ အသုံးတော်ခံနေကြသည်အလား ခံစားရတတ်သည်။ ကြည့်ရှုသူ၏ စိတ်နှလုံး၌ ကြည်နူးပျော်ရွှင်မှုတို့ ကူးစက်လာကြသလို၊ ကြည့်ရှုသူ၏စိတ်နားထဲ၌ ငြိမ့်ငြိမ့်ညောင်းညောင်းတေးဂီတသံကို ကြားယောင်နေရတတ်သည်။

အဆိုပါ အနုပညာသည်ကြေးရုပ်ကလေးများကို ဖန်တီးခဲ့သည့် တကယ့်ကြေးသွန်းအနုပညာရှင်၏ အနုပညာပါရမီဓာတ်ခံနှင့် ထိုခေတ်ထိုအခါက ကြေးသွန်းအတတ်ပညာ၏အဆင့်အတန်းမြင့်မားပုံတို့ကိုလည်း မချီးမွမ်းဘဲမနေနိုင်ပါချေ။ ထို့အပြင် ထိုကြေးရုပ်(၅)ရုပ်သည် ပျူခေတ်က အနုသုခုမသဘင်ဂီတတို့၏ မြင့်မားသော အဆင့်အတန်းကို ကိုယ်စားပြုကာ ဖော်ပြပေးနေသလို သရေခေတ္တရာ ပျူဘုရင် ကုမာရစန္ဒြ၏ လက်ထက် အေဒီ ၈၀၂ ခုနှစ်က တရုတ်နိုင်ငံသို့ သံအဖွဲ့တစ်ဖွဲ့စေလွှတ်ခဲ့ရာ ယင်းသံအဖွဲ့၌ ပါဝင်ခဲ့သည့် ပျူဂီတနှင့် သဘင်အဖွဲ့ဝင်တို့၏ ဝတ်စားဆင်ယင်ပုံ

မျိုးဝင်း(မြသီ)

# သရေခေတ္တရာမြို့ဟောင်းမှ ပြည်တော်ပြန် ပျူအနုပညာသည် ကြေးရုပ်ကလေးများ





www.burmeseclassic.com

www.burmeseclassic.com

သီဆိုတီးမှုတ်ကပြအသုံးတော်ခံခဲ့ကြပုံများကို သရုပ်ဖော်နေကြပါလေသည်။

အဆိုပါ လက်ရာမြောက် ပျူအနုပညာရှင် ကြေးရုပ်ကလေးများအား ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလတွင် သရေခေတ္တရာမြို့ရိုးဟောင်း၏အပြင် အရှေ့မြောက်ဘက်ရှိ ဘုရားမာစေတီတော်ကြီးနှင့် မလှမ်းမကမ်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံနေရာတစ်ခုကို ဆရာကြီးဦးစိန်မောင်ဦး ဦးဆောင်သည့် ရှေးဟောင်းသုတေသနအဖွဲ့က တူးဖော်စဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ တူးဖော်စဉ်က ဗုဒ္ဓကြေးဆင်းတုတော် (၅) ဆူနှင့် ကြေးခေါင်းလောင်းတစ်ခုကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယင်းကြေးခေါင်းလောင်း၏အတွင်းတွင် အဆိုပါ ကြေးရုပ်လေးများပါဝင်သော ကြေးခေါင်းလောင်းမှာ တစ်ဆယ့်တစ်လက်မအမြင့်ရှိပြီး ပျူဒင်္ဂါးများတွင် တွေ့ရလေ့ရှိသည့် သီရိဝစ္ဆအမှတ်အသားအချို့ကို ခေါင်းလောင်းပေါ်တွင်ရေးထွင်းထားသည်။ ဆရာကြီးဦးအောင်သော် (ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်ဟောင်း) ၏ အဆိုအရ သီရိဝစ္ဆအမှတ်အသားကို ဗြာဟ္မဏဘာသာ၊ ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့တွင် မင်္ဂလာနှင့်ပြည့်စုံသောလက္ခဏာအဖြစ် လက်ခံသုံးစွဲလာခဲ့ပြီး သီရိဝစ္ဆဆိုသည်မှာ ဗိဿနိုးနတ်မင်း၏ ကြင်ရာတော် သီရိဒေဝီ မြတ်နိုးသောအရာဟု အဓိပ္ပာယ်ရှိပါသည်။

အဆိုပါ ကြေးခေါင်းလောင်းကို ပျူအနုပညာသည်ကြေးရုပ်ကလေးများနှင့်အတူ ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တွင် ယနေ့အခါ တွေ့မြင်နိုင်ပါသည်။ ပျူအနုပညာသည် ကြေးရုပ်လေးများမှာ လက်ရာမြောက်လှသည့်အပြင် သမိုင်းတန်ဖိုး ယဉ်ကျေးမှုတန်ဖိုး မြင့်မားလှသည်ကို ငြင်းဆိုမည့်သူရှိမည်မထင်ပါ။ ယင်းတို့အား တွေ့ရှိခဲ့မှုသည် သုတေသနတူးဖော်မှုသမိုင်း၌ ထူးခြားသောဖြစ်ရပ်တစ်ခုဖြစ်သလို မြန်မာနိုင်ငံအတွက် အဖိုးဖြတ်၍မရနိုင်သောရတနာတစ်ပါးလည်း ဖြစ်နေပေသည်။

သို့သော် တူးဖော်တွေ့ရှိပြီး (၂)လအကြာ မတ်လ ၆ ရက်နေ့ သန်းခေါင်ယံတွင် သရေခေတ္တရာမြို့ဟောင်းရှိ မှော်ဇာပြတိုက်တွင် ထိန်းသိမ်းထားသော အဆိုပါ ကြေးရုပ် (၅) ရုပ်အနက် လူရွှင်တော်ကြေးရုပ်လေးမှလွဲပြီး ကျန်အရုပ် (၄) ခု ပျောက်ဆုံးသွားပါသည်။ လူရွှင်တော်ရုပ်လေးသည် ရှေးဟောင်းပစ္စည်းသူခိုးများ ပစ္စည်းများကိုခိုးယူပြီး အလျင်အမြန်ပြန်လည်ထွက်ခွာချိန်တွင် ပြတင်းပေါက်ပေါင်နှင့်တိုက်မိကာ ကြမ်းပြင်ပေါ်ပြုတ်ကျပြီး ကျန်ရစ်ခဲ့သည်ဟု ဆိုပါသည်။

သမိုင်းဆိုင်ရာ၊ အမျိုးသားယဉ်ကျေးမှုဆိုင်ရာနှင့် အနုပညာဆိုင်ရာ ရှားရှားပါးပါး ရှေးဟောင်းပစ္စည်းများ ဆုံးရှုံးသွားခဲ့ရသဖြင့် တန်ဖိုးထားတတ်သူအားလုံး အကြီးအကျယ်စိတ်မကောင်းဖြစ်ကြရသည်။ မည်သည့်နည်းနှင့်မျှ ပြန်လည်အစားထိုး၍ မရနိုင်တော့သော ရတနာများကို နိုင်ငံသားအားလုံး၏ မျက်နှာကို မထောက်မကွက်ဘဲ ကြီးမားလှသော ရာဇဝတ်မှုကြီးကိုကျူးလွန်ခဲ့ကြသည့် ရှေးဟောင်းပစ္စည်းသူခိုးများကို မဖမ်းဆီးနိုင်၊ မတားဆီးနိုင်လိုက်ကြပါချေ။

ကြေးရုပ်ကလေး (၄) ရုပ်သည် နယ်စပ်ဒေသ မှောင်ခိုလမ်းမှတစ်ဆင့် အိမ်နီးချင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ကြီးတစ်ဆိုင်သို့ ရောက်ရှိသွားခဲ့သည်။ ထိုနှစ်ဧပြီလ၌ ရှားပါးအနုပညာလက်ရာများ စုဆောင်းသူ အမေရိကန်သန်းကြွယ်သူဌေးတစ်ဦးက အဆိုပါကြေးရုပ်လေးများကို နှစ်သက်လှသဖြင့် အမေရိကန်ဒေါ်လာငါးသိန်းဖြင့်ဝယ်ယူကာ အမေရိကန်ပြည်ထောင်စုသို့ ယူဆောင်သွားပါတော့သည်။

ပြန်လည်အစားထိုး၍မရနိုင်တော့သည့်ရှေးဟောင်းကြေးရုပ်လေးများအား တူးဖော်တွေ့ရှိပြီး မကြာမီ ဆုံးရှုံးသွားခဲ့ရ၍ စိတ်သောကအကြီးအကျယ်ရောက်ခဲ့ရသူများတွင် ဆရာကြီး ဒေါက်တာနိုင်ပန်းလှသည်လည်း တစ်ဦးအပါအဝင်ဖြစ်လေသည်။ ဆရာကြီးသည် ထိုအရုပ်လေးများရှိနေမည့်နေရာကို တွေ့အောင်ရှာပြီး ယင်းတို့ကို မြန်မာနိုင်ငံသို့ပြန်လည်ဆောင်ကြဉ်းယူနိုင်ရန် ဆုံးဖြတ်ချက်ချကာ မဆုတ်မနစ် ဇွဲဖြင့်ကြိုးစားပါတော့သည်။

နှစ်များစွာကြာမြင့်ပြီး တစ်နေ့တွင် ဆရာကြီး၏မိတ်ဆွေဖြစ်သူ အမေရိကန်နိုင်ငံသားတစ်ဦးမှတစ်ဆင့် ပျောက်ဆုံးနေသော ပျူကြေးရုပ်ကလေးများသည် အမေရိကန်ပြည်ထောင်စုရှိပုဂ္ဂိုလ်တစ်ဦး၏လက်တွင်ရှိနေကြောင်း သိလိုက်ရပါသည်။ ဆရာကြီးသည် အမေရိကန်ပြည်ထောင်စုမှ မိတ်ဆွေများအား ပျောက်ဆုံးနေသော ကြေးရုပ်ကလေးများရှိနိုင်မည့်နေရာများကို စုံစမ်းပေးရန် အကူအညီတောင်းခံခဲ့သည်။ သို့သော် နှစ်ပေါင်းများစွာ ကြာမြင့်သွားခဲ့သည်။ သဲလွန်စမရခဲ့ပါချေ။

လွယ်လွယ်ကူကူ လက်မလျှော့သော ဆရာကြီးသည် ပျောက်ဆုံးသွားသော ကြေးရုပ်ကလေးများအား ခိုးရာပါပစ္စည်းမှန်းမသိဘဲ ဝယ်ယူထားမိသူအနေဖြင့် ပိုင်ရှင်အမှန်ဖြစ်သည့်မြန်မာပြည်သူတို့အား ပြန်လည် ပေးအပ်ပေးပါရန် အနူးအညွတ်မေတ္တာရပ်ခံချက်များပါဝင်သည့်ဆောင်းပါးများကို ထိုစဉ်အခါက မြန်မာနိုင်ငံတွင် ထုတ်ဝေသည့် Working People Dailyသတင်းစာ၌ အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်။

၁၉၈၃ ခု၊ ဧပြီလတွင် အမျိုးသားပထဝီဆိုင်ရာမဂ္ဂဇင်းမှ အကြီးတန်းအယ်ဒီတာဖြစ်သူ မစ္စတာဘာရိုင်ရန်ဟောဒ်ဆန်သည် ဆရာကြီးဆောင်းပါးကို ဖတ်မိပြီး စိတ်မကောင်းဖြစ်ကာ ဆရာကြီးထံ ဆက်သွယ်လာပါသည်။ ထို့နောက် ပျောက်ဆုံးနေသည့် ပျူကြေးရုပ်လေးများအား ပြန်လည် ပို့ဆောင်ပေးရန် စည်းရုံးသိမ်းသွင်းနိုင်မည့် သြဇာတိက္ကမကြီးသူများထံ ဆရာကြီး၏ ဆောင်းပါးများကို ဖြန့်ဝေပေးသည်။

သည်လိုနှင့် ၁၉၈၃ခု၊ နိုဝင်ဘာလ ၁၇ ရက်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်စီးတီး ပဉ္စမရိပ်သာလမ်း (Fifth Avenue) ၌ နေထိုင်သော သန်းကြွယ်သူဌေးကြီး မစ္စတာရောဘတ်အိပ်ချ်အယ်စ်ဝေါ့သ်သည် သူဈေးကြီးကြီးပေးဝယ်ထားပြီး လက်ထဲတွင် (၁၆) နှစ်ခန့် ထိန်းသိမ်း စောင့်ရှောက်ထားခဲ့သော ကြေးရုပ်ကလေးများကို ပိုင်ရှင်နိုင်ငံသို့ ပြန်လည်ပေးအပ်ရန် ကိုယ်တိုင်ရောက်ရှိလာပါတော့သည်။

အဆိုပါသူဌေးကြီးသည် အနုပညာသည် ကြေးရုပ်လေးများကို ဈေးကြီးကြီးပေးပြီးဝယ်ခဲ့၊ နှစ်ပေါင်းများစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော်လည်း ဆရာကြီး ဒေါက်တာနိုင်ပန်းလှ၏ ဆောင်းပါးများကို ဖတ်မိသည့်အခါ မြန်မာပြည်သူများအပေါ် စာနာစိတ်ဖြစ်ခဲ့ရသည်။ သူ၏မိတ်ဆွေအပေါင်းအသင်းများကလည်း မူလပိုင်ရှင်ကို ပြန်လည်ပေးအပ်လိုက်ဖို့ တိုက်တွန်းကြသည်။ ထို့ပြင် ထိုစဉ်က အမေရိကန်ပြည်ထောင်စု၏ သမ္မတကတော် နန်စီရေဂင်ကိုယ်တိုင်က ဤရှေးဟောင်းပစ္စည်းလေးများမှာ မြန်မာပြည်သူများအတွက် တကယ်ပင် တန်ဖိုး

www.burmeseclassic.com

နတ်မောက်မင်းသန့်နိုင်

# ထီသုံးကြိမ်ပေါက်ဖူးသူ၏ ကျင့်စဉ်နှင့်ဂါထာ

ကျွန်ုပ်မိတ်ဆွေဦးသောင်းဟန်မှာ ထီသုံးကြိမ်ပေါက်ဖူးပြီး ချမ်းသာကြွယ်ဝခဲ့သူဖြစ်ပါသည်။ ထီတစ်စောင် နှစ်ကျပ်လောက်ကဖြစ်ပါသည်။ တစ်သိန်းဆုတစ်ကြိမ်၊ ငါးသောင်းဆုတစ်ကြိမ်၊ ခုနစ်ရာဆုတစ်ကြိမ် ဖြစ်ပါသည်။(ထိုကာလက ဆန်တစ်ပြည် နှစ်ကျပ်၊ ဆီတစ်ဆယ်သား တစ်ကျပ်ဖြစ်ပါသည်။ ငွေကြေးတန်ဖိုးချိန်ထိုးကြည့်နိုင်ပါသည်။)

ဥပုသ်နေ့တစ်နေ့ မြို့မကျောင်းတိုက်၌ သူနှင့်ကျွန်ုပ်တွေ့ဆုံပြီး ထီပေါက်ခဲ့သည့်အကြောင်း စကားစပ်မိမေးမြန်းရာ သူကပြောပြသည်မှာ -

"အတိတ်ကံ ကုသိုလ်၊ ပစ္စုပ္ပန်ရဲ့ ကံကုသိုလ်လည်းပါမှာပေါ့ဗျာ။ကျွန်တော့်ကျင့်စဉ်ကတော့ ဂုဏ်တော်ကိုးပါးကို နေ့စဉ် သက်စေ့ ပုတီးစိပ်ပွား ဘုရားရှိခိုးပါတယ်။ အခြားထွေထွေထူးထူးကျင့်စဉ်တော့မရှိဘူး။ ထိုးလာသမျှထီလက်မှတ်တွေကို ဘုရားကျောင်းဆောင်မှာတင်ထားပြီး ဒီဂါထာနဲ့ နေ့စဉ်ထီမဖွင့်မချင်း ခုနစ်ခေါက်မန်းပေးတယ်။

□ ကုဿန္တော သာသပဂဗ္ဘော၊
စက်မတိ ကုတောစီတော။
စတ္တဝါဠံ သကာလမ္ပိ၊
အတ္တဘာဝေန ဆာဒယိ။
ဇဝံ ကုဿေန သမ္ဗုဒ္ဓ၊
လောကဇေဋ္ဌ နမာမဟံ။
တေန ပုညေန သဗ္ဗေန၊
ကုဿာ ပူရေတု မေ သဒါ။ ။

အဲသလို ထီထိုးလာတာ ဆယ့်နှစ်ကြိမ်လောက်မှာ ငါးသောင်းဆုစပေါက်တယ်။ နောက် ခုနစ်ရာဆု၊ နောက်ဆုံး သိန်းဆုပေါက်၊ အရင်းအနှီးများလာပြီး အခုလို လျှိုနိုင်တန်းနိုင် ကြီးပွားခဲ့တာပါပဲဗျာ"

လက်တွေ့သိမြင်ရပြီး ဦးသောင်းဟန်၏ပြောပြချက်ကို လိုရင်းတိုရှင်း ရေးသား တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

---

မဖြတ်နိုင်သောပစ္စည်းများဖြစ်နေသဖြင့် ပြန်လည် ပေးအပ်ဖို့ မေတ္တာရပ်ခံခဲ့သည်ဟု ဆိုခဲ့ပါသည်။ နောက်ဆုံးမတော့ မစ္စတာအယ်စ်ဝေါ့သ်သည် သာမန်ပုထုဇဉ်တစ်ယောက်အနေဖြင့် အလွန်ခက်ခဲလှသော ဆုံးဖြတ်ချက်တစ်ခုကိုချမှတ်လိုက်ကာ မြန်မာပြည်သို့ ရောက်လာခဲ့ရပါလေ သည်။

ဤသို့ဖြင့် ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ နေ့လယ် (၂) နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း (၆) မိုင်ခွဲတွင်ရှိ ရှေးဟောင်းသုတေသနဌာန၌ မစ္စတာအယ်စ်ဝေါ့သ်သည် ပျူကြေးရုပ်ကလေးများအား ထိုစဉ်က ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးဥက္ကါထံသို့ အခမ်းအနားဖြင့် ပြန်လည် အပ်နှံခဲ့လေ၏။ နောက်တစ်နေ့တွင် သူသံယောဇဉ်ရှိသည့် ကြေးရုပ်ကလေးများ၏ မူလဇာတိဖြစ်သော သရေခေတ္တရာသို့သွားရောက်လေ့လာခဲ့သည်။ ထိုမှ ပုဂံသို့ဆက်လက်သွားရောက်ခဲ့ပြီး နိုဝင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

သည်လိုဖြင့် မြန်မာ့မြေမှ (၁၆) နှစ်ကျော်ကြာ ခွဲခွာသွားခဲ့ရသော ပျူအနုပညာသည် ကြေးရုပ်ကလေး(၄)ရုပ်သည် ပြည်တော်ပြန်လာခဲ့ကာ မြန်မာ့မြေ၌ တစ်ဦးတည်း အထီးကျန်သင်းကွဲဘဝဖြင့် အဖော်များကို စောင့်မျှော်နေရှာဟန်တူသော လူပြတ်ရုပ်ကလေးနှင့် ပြန်လည် ပေါင်းစည်းမိသွားပါလေတော့သည်။

ထို့ပြင် ကျွန်တော်သည် ထိုကြေးရုပ်ကလေးများကို အနုပညာမြောက်စွာ ဖန်တီးနိုင်စွမ်းရှိသည့် သရေခေတ္တရာ ပျူလူမျိုးတို့၏ အနုပညာအဆင့်အတန်းကိုလည်း အံ့သြမိပါသည်။ အမျိုးသားယဉ်ကျေးမှုအမွေတစ်ရပ်အဖြစ် ဂုဏ်ယူစွာ ထိန်းသိမ်း စောင့်ရှောက်ထားနိုင်ခွင့်ကို ဖန်တီးပေးခဲ့သော ကျေးဇူးရှင်အသီးသီး၊ အနုပညာသည် ကြေးရုပ်ကလေးများအား တူးဖော်ပေးခဲ့သည့် ဆရာကြီးဦးစိန်မောင်ဦး ဦးဆောင်သည့် ရှေးဟောင်းသုတေသနဌာနမှ အဖွဲ့သားများကို လည်းကောင်း၊ သူခိုးရန်ကြောင့် လုံးဝဆုံးရှုံးသွားခဲ့ပြီဟု ထင်မှတ်ထားကြရာမှ ပြန်လည် ရရှိလာအောင် နှစ်ပေါင်းများစွာ ဇွဲကောင်းကောင်းဖြင့် ကြိုးပမ်းအားထုတ်ခဲ့သော ဆရာကြီး ဒေါက်တာနိုင်ပန်းလှကို လည်းကောင်း၊ အမျိုးသားပထဝီဆိုင်ရာမဂ္ဂဇင်းမှ အကြီးတန်းအယ်ဒီတာမစ္စတာဘာရိုင်ရန်ဟောဒ်ဆန်၊ အမေရိကန်သမ္မတကတော်နန်စီရေဂင်နှင့် အကူအညီပေးခဲ့ကြပါသော အခြားအမေရိကန်နိုင်ငံသားတို့ကို လည်းကောင်း၊ ကြေးရုပ်လေးများအားကိုယ်တိုင်ပြန်လည်အပ်နှံပေးခဲ့သော မစ္စတာရောဘတ်အိပ်ခ်ျအယ်စ်ဝေါ့သ်ကို လည်းကောင်း ရင်ထဲမှ တကယ်ပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေမိပါလေသည်။

သို့သော် ခံစားမှုလွန်ကျွံတတ်သော ကျွန်တော်ကတော့ တစ်မျိုးတွေးကြည့်၊ ခံစားကြည့်မိပါသည်။ ပုထုဇဉ်သာဖြစ်သော ကျွန်တော်၏ ဆန္ဒစွဲမကင်းသောအတွေးနှင့် ခံစားမှုများမှာ ဤသို့ဖြစ်ပါသည်။ အဆိုပါ ပြည်တော်ပြန် ပျူအနုပညာသည် ကြေးရုပ်ကလေးများမှာ သူတို့ ယခုနေထိုင်ကြသည့် ရန်ကုန်မြို့ အမျိုးသားပြတိုက်ကြီး၏ ရှေ့မှ ပြည်လမ်းမကြီးကို ငေးမျှော်ကြည့်ကာ ထိုလမ်းမကြီး၏ ခရီးလမ်းဆုံးဖြစ်သည့် နှစ်ပေါင်း (၅၀) နီးပါး ခွဲခွာလာခဲ့ရသော သူတို့၏ဇာတိမြေ သရေခေတ္တရာမြို့ဟောင်းသို့ သတိရလွမ်းဆွတ်နေမည်လားဟု သံသယဝင်တော့ဝင်မိပါသည်။

မျိုးဝင်း (ပြည်)


တကိုး -

၁။ ရှေးဟောင်းပျူတို့၏မြေ သရေခေတ္တရာ၊ ကြည်စိုးသောင်း။
၂။ ကိုယ်ပိုင်မှတ်စုများ။



www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းဆုသျှင်

## ချပ်ခလေ့၊ ရှာခလေ့ ရဆောင်ရွက်နည်းများ (၃)

ချပ်ခလေ့ရှာခလေ့ အလွယ်တကူ ဆောင်ရွက်နည်းများကို သစ်တံခါး ဆရာတော် ဘဒ္ဒန္တမဏိဇောတ (ယော) ၏ ထုံးတံမြင့်လာဘ်ပွင့်စေကြောင်း ချွန်တျင့်စဉ်ကောင်းမှ ပြန်လည် ကောက်နုတ် ရေးသားတင်ပြလိုက်ပါ၏။

**ငါးရိုးစူးပျောက်နည်း**

အရိုးစူးဝေဒနာခံစားနေရပါလျှင် ခွက်ကို အရိုးစူးသူကိုယ်တိုင် ဆောင်စေပြီး-

- *ဥုံ . . . ဝါးရုံပင်အောက် နှင့်ဆောက် ဂျောက်*

ဘုရားရှေ့ဝတ်ပြု၍ ဤဂါထာကို (၃၇) ကြိမ်ရွတ်ဆိုပြီး အရိုးစူးနေသော ဝေဒနာရှင်ပျောက်ကင်းစေရန်ဆုတောင်း ပြီးတိုက်ပါ။ မည်သည့်အရိုးစူးစူး ရောဂါ ဝေဒနာကြီးငယ်မရွေး ပျောက်ကင်း ချမ်းသာ၏။

- *တင်ကျီးပက်လက် ငါးရိုးမျက် သက်ဆရာသက် ကျဆရာကျ ဆင်းဆရာဆင်း*

အသက်အောင့်ကာ (၇) ခေါက် ရွတ်ဆို၍ ရေကိုမန်းပြီးတိုက်လျှင် မကြာမီ အတွင်း အန္တရာယ်ကင်းသွားမည် ဖြစ်၏။

သောက်ရေအိုးမှ ရေသန့်သန့် တစ်ခွက်ကိုယူပြီး မိမိအိမ်ရှိဘုရားရှေ့ တွင်ဦးချအာရုံပြုပါ။ ထို့နောက် အသက် အောင့်ပြီး -

- *ဥုံ . . . ကျီးနှစ်ကောင် ရေကန်သွား ရေချိုးကျ အရိုးသွင်သွင်ကျ*

ဟူ၍ အရိုးချဂါထာကို (၇) ကြိမ် မန်းပြီး ဝေဒနာရှင်အားတိုက်ပါ။ ပျောက် ကင်း၏။



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်အရိုးဖြစ်ဖြစ်စားသောက်ရင်းစူးသော် ကြိုးစား၍ထုတ်ပါ။ ထုတ်၍မရဖြစ်နေခဲ့လျှင် -

□ ရေပုံး၊ ဆီပုံးတို့အား ခွေဖြင့်ခံ၍ သိုင်းထားကာထမ်း၍ရသောဆိုင်းကို ခေါင်းမှနေလျှို့ပြီး ခြေထောက်အောက်ချွတ်။ ထိုသို့ လျှိုလိုက်၊ ချွတ်လိုက် (၇) ကြိမ် ပြုလုပ်ပါ။

ထိုသို့ (၇) ကြိမ် ပြုလုပ်ပြီးပါက ငါးမိနစ်အတွင်း ယူပစ်သလိုပျောက်သွားမည် ဖြစ်၏။

## စကားပြောနှေးနေလျှင်ပျောက်နည်း

ကိုယ်အင်္ဂါမချို့ယွင်းဘဲ ကလေးငယ်သည် စကားပြောချိန်တန်ပါလျက် စကားမပြောဘဲနေသော် နွားခလောက်နှင့်ရေကိုတိုက်ပေးပါ။ လည်ပင်းတွင် ငွေဖြင့် ဖားရုပ်ကလေးပြုလုပ်၍ဆွဲထားပေးပါ။ မကြာခင် ထိုကလေးသည် စကားပြောလာပါလိမ့်မည်။

## ရေယုန်ပျောက်နည်း

မှရယုန်ပေါက်နေသူအား သောက်ရေတစ်ခွက်ခပ်ပြီး 'ရေယုန်ပါသလား' ဟူ၍မေးပါ။ ရေယုန်ပေါက်နေသူက 'ရေယုန်ပါတယ်' ဟူ၍ ဖြေဆိုလျှင် ထိုရေကိုတိုက်လိုက်ပါ။ တစ်ရက်၊ နှစ်ရက်အတွင်း ရေယုန်များ လုံးဝပျောက်ကင်းသွားမည် ဖြစ်၏။

## အပြင်လိပ်ခေါင်းပျောက်နည်း

အပြင်လိပ်ခေါင်းရောဂါဖြစ်နေ၍ လိပ်ခေါင်းများအပြင်သို့ထွက်ထွက်နေချိန်တွင် ငါးလိပ်ကျောက် (ငါးခြောက်) ကို မီးကင်ဖုတ်၍ ထွက်ပေါ်လာသော မှိုင်းအနံ့များကို ပုဆိုးမ,ပြီးမှိုင်းခံလိုက်လျှင် ထွက်နေသော လိပ်ခေါင်းနှင့် ငါးလိပ်ကျောက်မှိုင်းထိမိသော် အပြင်သို့ထွက်နေသော လိပ်ခေါင်းသည် အတွင်းသို့ပြန်၍ဝင်သွားမည် ဖြစ်သည်။

## မီးမဖွားနိုင်ဖြစ်နေလျှင်

အမျိုးသမီးများ မီးမဖွားနိုင်ဘဲ အခက်အခဲတွေ့နေခဲ့လျှင် -

□ ယတောဟံ ဘဂိနိ အရိယာယ
ဇာတိယာ ဇာတော နာဘိ ဇာနာမိ
သဉ္စိစ္စပါဏံ ဇိဝိတာ ဝေါရောပေတာ။
တေန သစ္စေန သောတ္ထိတေ ဟောတု
သောတ္ထိ ဂဗ္ဘဿ။ ။

ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်သော် နာကျင်ခြင်းဒုက္ခမရှိဘဲ တစ်ခဏချင်း မွေးဖွားနိုင်တတ်၏။



"ယုံကြည်မှုသာ ပိုပါစေ၊ ယုံကြည်စွာဖြင့် သစ္စါဆိုပြီး နေ့စဉ်အထုံ ဆောင်ရွက်ပါက အောင်မြင်မှုအပေါင်း သရဖူဆောင်း၏" (သုစိတ်ဓါးဆရာတော်)

ရေတစ်ခွက်ကို -

□ *ဦး . . . ဘုရားမြတ်စွာ သံတော်ပါ၏ နှင့် အိမ်သစ်ခေါင်း မအောင်းရရာ ထွက်ဆရာထွက်*

ဟူ၍ (၇) အုပ်မန်းကာ တိုက်။ အလွယ်တကူမီးဖွား၏။

ရေသန့်ကို -

□ *ဦး . . . ကြောမသုံးဆယ်၊ ကြောမငယ် သက်ဆရာသက်*

ဟူ၍ (၇) အုပ်မန်းပြီး တိုက်ပါ။ အလွယ်တကူ မီးဖွားနိုင်၏။

## မိုးကြိုးလွဲသည့်ဂါထာ

မိုးသည်းထန်စွာရွာသွန်းပြီးလျှင်၊ လျှပ်စီးများလက်ကာ မိုးခြိမ်းသံများ အကြိမ်ကြိမ်ကြားနေရပြီး မိုးကြိုးများပစ်လျှင် -

□ နဘံ ပရေယျ၊ ပထဝီ စရေယျ၊
သဗ္ဗေပိ ပါဏာဥ၊ သံသတေယျ၊
တံလံပိစေဝ၊ ဥပရိယံ ကရေယျ၊
နကရောန္တိ ဗုဒ္ဓါ။ ။

ဤဂါထာကို အကြိမ်ကြိမ်ရွတ်ဖတ်သရဇ္ဈာယ်လေသော် မိုးကြိုးလွဲ၏။

## မြေငလျင်လှုပ်သော်လည်း မပျက်စီးသည့်ဂါထာ

မြေငလျင်ကြီးစွာလှုပ်သော် -

□ ယော ဒေဟိ ဒေဝ ဒေဝေါဂ္ဂံ
ဓမ္မ ပဂ္ဂ ဖလံ ဒဒေါ
နမာမိ ဟံ အရဟံ ပဂ္ဂံ
နော်သော ပါလေတု ပါတုရတော။ ။

ဤဂါထာကိုအကြိမ်ကြိမ်ရွတ်ဖတ်သရဇ္ဈာယ်သော် မြေငလျင်လှုပ်သော်လည်း မပျက်စီးနိုင်။ ငလျင်အန္တရာယ်မှ လွတ်ကင်း၏။

## အစိမ်းသရဲကြောက်သည့်ဂါထာ

နာနာဘာဝ အစိမ်းသရဲများ ခြောက်လှန့်၍ ဒုက္ခအမျိုးမျိုးတွေ့ကြုံရလေသော် စိတ်ဆင်းရဲကိုယ်ဆင်းရဲခံစားနေရတတ်သည်။

ထိုသို့ဖြစ်လျှင် -

□ နညတြ ဗောဇ္ဈာ တပသာ
နညတြိန္ဒြိယသံဝရာ
နညတြ သဗ္ဗနိဿဂ္ဂါ
သောတ္ထိံ ပဿာမိ ပါဏိနံ။ ။

ဤဂါထာကို ရေးသားပြီး လေးဖက်လေးတန်နံရံများတွင် ကပ်ထားလျှင်သော် လည်းကောင်း၊ နှုတ်မှ ရွတ်ဖတ်သရဇ္ဈာယ်လျှင်သော် လည်းကောင်း၊ နာနာဘာဝအစိမ်းသရဲများ အလွန်ပင်ကြောက်ရွံ့ထိတ်လန့်ပြီးပြေး၏။

## နတ်ချစ်နည်း

ထက်-အောက်နတ်ဒေဝါများက မိမိအား အငြိုးထားပြီး မကောင်းကျိုးအမျိုးမျိုးပေးနေသော် မိမိနေအိမ်ရှိဘုရားတွင် နာနတ်သီးအလုံးလိုက်ဆွမ်းတော်တင်ကပ်ပြီး နတ်ဒေဝါများကို တောင်းပန်၍ မေတ္တာပို့သသော် အငြိုးများ ပြေပျောက်ကာ နတ်များချစ်၏။

ဤသည်တို့သည်ကား ရပ်ဝေးရွာဝေး အလွယ်တကူ ရှာရဆောင်ရွက်နည်းများပင်ဖြစ်၏ဟု စာစကားပြုအပ်ရင်း . . . ။

ငြိမ်းဝေသွင်



www.burmeseclassic.com

www.burmeseclassic.com

# သာသနာရောင်ဝါထွန်းနေတဲ့ ချင်းလုံ့ပေါ်ရွာကလေးသို့ . . .

## ကလေးဝင်းသူ

ရှစ်ခွင်ဖြိုးပြက်ပျော်စံကြွ ××× ဘွဲ့ ... ရ အောင်မြေရတနာ ××× ဦးတင် ... နှာနိမ်ချွေ ××× ဂုဏ်အရှိန်ပြောင် ... ××× (မြင့်မြတ်တဲ့ စေတီတော် ကို)ᐟ ... တင်တာ ကန်တော့ပါရဲ့လေး×××။

မြောက်ကိုးဆယ် ဘယာဘေး××× ... ဖေးဖို့ပေါ်လာ××× စာရေးလို့××× ... ငြာမယ်×××ဖော်သဟာမိတ်ပေါင်း ××× (စုပေါင်းလို့ တောင်းဆုခြွေမယ်)ᐟ ... ကောင်းဆုတွေပြည့်ဝစေသား×××။

... ဂီတစာဆို ကိုမောင်မြင့် (ရွှေလုံ့မြေ) အထက်ပါ သီချင်းစာသားလေး ... ယောနယ်ရှိ ဂန့်ဂေါမြို့နယ် ... ပေါ်ရွာနေ စာပေဝါသနာရှင် ဂီတ ... ဆို ကိုမောင်မြင့်(ရွှေလုံ့မြေ) ရေးသား ... ဆို ပူဇော်ထားသည့် လုံ့ပေါ်ရွာ ... အောင်မြေရတနာပဌာန်းစေတီတော်ကြီး ... ရတုအထိမ်းအမှတ်ပွဲတော်ဂုဏ်ပြု ... ချင်းတစ်ပုဒ် ဖြစ်ပါသည်။

ကိုမောင်မြင့်သည် အသက် (၅၀) ... ရှိပြီး 'ဝှမ်းထန်း' ချင်းတိုင်းရင်းသား ... ပါသည်။ ချင်းတိုင်းရင်းသားဖြစ်သော် ... ကဗျာစပ်စာစပ်ဝါသနာပါသူဖြစ် ... ယ်ဒလင်တစ်လက်ဖြင့် ရေးဆို ... ချင်းစပ်တတ်သူလည်း ဖြစ်ပါသည်။ ... ရေးသားစပ်ဆိုသော ကဗျာများကို ... ပေါ်ရွာစိန်ရတုသာသနာစာစောင်၊ ... ပေါ်ရွာအောင်မြေရတနာပဌာန်းစေတီ ... ငွေရတုစာစောင်တို့တွင်လည်းဖတ်ရှု ... ပါသည်။

လုံ့ပေါ်ရွာကို မောင်မြင့်ဖိတ်ခေါ် ... ကျွန်တော်သည် လုံ့ပေါ်ချင်းရွာ ... တွင် ကျင်းပပြုလုပ်သည့် 'လုံ့ပေါ် ... ရတုသာသနာပွဲတော်နှင့် လုံ့ပေါ် ... အောင်မြေရတနာပဌာန်းစေတီတော် ... ငွေရတုပွဲတို့ကို ဆင်နွှဲပူဇော်ခွင့်ရရှိ ... သည်။ ယခုတစ်ခေါက်တွင်လည်း ... မြင့်ကပင် ဖုန်းဖြင့်ဆက်သွယ် ... လာပြန်ပါသည်။

"ဆရာကြီးဦးဝင်းသူ၊ မနက်ဖြန်ခါ ... ရွာကို ကြွခဲ့ပါဦး။ လုံ့ပေါ်ရွာ ... ရတနာပဌာန်းစေတီတော်ကြီး (၂၅) နှစ်ပြည့် ငွေရတုပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပမှာမို့ပါ။ လာဖြစ်အောင်လာခဲ့ပါဦး"

"အေးအေး - လာခဲ့မယ်"


ဟု အကြောင်းပြန်လိုက်ရသည်။

လုံ့ပေါ်ရွာ ကိုမောင်မြင့်ထံမှဖုန်းလာပြီး ညနေပိုင်းတွင် တမူးမြို့ကိုရောက်နေသော ကျောင်းနေဖက် သူငယ်ချင်း မတင်ကြည်ထံက ဖုန်းဝင်လာပြန်၏။

"မောင်ဝင်းရေ၊ နင့်အိမ်မသိလို့ ကျော်လာခဲ့တာ။ ငါခုတမူးမြို့နမ်းဖာလုံ့ ဈေးရောက်နေတာ။ အပြန်ခါ နင့်အိမ် ဝင်ခဲ့မယ်နော"

"အေးအေး - ဝင်ခဲ့၊ ဝင်ခဲ့"

ဂန့်ဂေါမြို့နယ်ကျေးရွာတွင်နေထိုင်ပြီး တမူးမြို့သို့အလည်ရောက်နေသော မတင်ကြည်ထံမှဖြစ်ပါသည်။ သူမနှင့် ကျွန်တော်သည် လွန်ခဲ့သော ၁၉၆၅-၆၆ ခုနှစ်က ဂန့်ဂေါအထက်တန်းကျောင်းတွင် နဝမတန်း၌ အတူကျောင်းတက်ခဲ့ရသော ကျောင်းနေဖက်ချစ်သူငယ်ချင်းများ ဖြစ်ကြသည်။ ထိုနဝမတန်းနှစ်က စာမေးပွဲဖြေပြီး သူမနှင့်မတွေ့ဖြစ်တော့။ ကျွန်တော်လည်း ကလေးမြို့ အထက



ချင်းလုံ့ပေါ်ရွာကလေးရှိ အောင်မြေရတနာပဌာန်းစေတီတော်ကြီး

www.burmeseclassic.com



ချင်းလုံပေါကျေးရွာကလေးရှိ လုံပေါဆရာတော် သီတင်းသုံးရာ ခေတ်မီ
အမ္ဗာရာမစံကျောင်းကလေး



လုံပေါရွာ ဗုဒ္ဓဘာသာ သာသနာကို စတင်ခဲ့သည့်
လုံပေါရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ပျဉ်မိုး ပျဉ်ကာ ဓာတ်ကြွပ်ကျောင်းမကြီး



ဂန့်ဂေါမြို့နယ် ချင်းလုံပေါကျေးရွာကလေးတွင် ရန်ကုန်မြို့က ဆရာဦးနိုင်နိုး မ,တည် လှူဒါန်း
ဆောက်လုပ်သော နိုင်ရွှေရတနာသုခမိတာရာမစွန်စားကျောင်းဆောင်ဖွင့်ပွဲ ကျင်းပပြုလုပ်နေစဉ်

ပြောင်း၊ စာမေးပွဲအောင်တော့ မူလတန်းပြဆရာဝင်လုပ်၊ သူလည်း ဂန့်ဂေါမြို့နယ် ကြက်ရိုးရွာကလေးတွင် သားဖွားဆရာမလုပ်နေသဖြင့် တစ်နယ်တစ်ကျေး ဝေးကွာသွားကြကာ မတွေ့ဖြစ်ကြတော့ပေ။ ဂန့်ဂေါကျေးရွာအနီးရှိ ပုံညာတောင်မီးရထားဥမင်လိုဏ်ဖွင့်ပွဲတွင်မှ တစ်ခါသာ တွေ့ခဲ့ကြရသည်။ ဤအချိန်တွင် သူလည်း ပင်စင်ယူ၍ ကျေးရွာတွင် အခြေကျနေပြီ။ ကျွန်တော်လည်း ပင်စင်ယူ၍ နတ်ချောင်းရွာတွင် အခြေကျနေပြီ။ ယခုအခါမူကား သူမနှင့် ဒုတိယအကြိမ်တွေ့ဆုံရတော့မည်ဖြစ်၍ ဝမ်းသာမဆုံးဖြစ်နေမိသည်။

ထိုသို့ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် စဉ်းစားနေချိန် နောက်တစ်နေ့၌ တမူးမြို့မှ မတင်ကြည်၏ ပါဂျရိုကားဖြူဖြူလေးသည် ကျွန်တော့်အိမ်ရှေ့ရပ်လာပါသည်။ အချိန်ကား နံနက် (၈)နာရီရှိပြီ။ ကားကို သားကြီးဖြစ်သူမောင်း၍ သားငယ်လင်မယားမိသားစုများပါ ကားပေါ် ကဆင်းလာကြသည်။

ကျွန်တော့်အိမ်ရှေ့ခန်းတွင်အဆင်သင့်ပြင်ထားသော စားကောင်းသောက်ဖွယ်တို့ဖြင့် ဧည့်ခံသည်။ လက်ဖက်ရည်လည်းတိုက်သည်။ ပြီးလျှင် အာလာပသလ္လာပစကားများပြောဖြစ်ကြသည်။ ယခုတစ်ကြိမ်သည် မတင်ကြည်နှင့် ဒုတိယအကြိမ် တွေ့ဆုံရခြင်းဖြစ်သည်။ သူလည်း အသက် (၇၀) ရှိနေပေပြီ။ ကျွန်တော်လည်း အသက် (၇၀) ရှိနေကြပြီ။ ငယ်သူငယ်ချင်းများဖြစ်၍ ယနေ့တိုင် ခင်မင်မှုမဆုံးကြ။ သူမမှာ ကိုယ်ရေစစ်သွားသော်လည်း 'မအိုသေးတဲ့သူ အပျိုကလေးနဲ့တူ' ဆိုသကဲ့သို့ ကျန်းမာလှပနေဆဲ ဖြစ်သည်။ ကျွန်တော်ကမူ ဆံဖြူသွားကျဲအဘိုးအိုဖြစ်နေလေပြီ။ နာရီဝက်ကြာ စကားပြောနေကြပြီးနောက် ကျွန်တော်ကပင်စ၍ -

"မတင်ကြည်ရေ နင့်ကားနဲ့ ငါ ဂန့်ဂေါလိုက်ခဲ့ဦးမယ်။ မနေ့က လုံပေါရွာက အောင်မြေရတနာပဋ္ဌာန်းစေတီတော် ငွေရတုပွဲက ဖိတ်ကြားထားလို့ပါ"

"အေးအေး - လိုက်ခဲ့။ ကဲ - ကားပေါ် တက် သွားကြစို့"

ကျွန်တော့်ကို ကားရှေ့ခန်းနေရာပေးပြီး မတင်ကြည်က နောက်ခန်းပြောင်းထိုင်ပါသည်။ ကျွန်ုပ်နေထိုင်ရာကလေးမြို့နယ် နတ်ချောင်းရွာနှင့်ဂန့်ဂေါမြို့နယ် လုံပေါရွာသည် မိုင်ပေါင်း(၉၅) မိုင် ဝေးကွာပါသည်။ ယခင်က ဂန့်ဂေါ



www.burmeseclassic.com


www.burmeseclassic.com



ထုံပေါ့ချင်းရွာတစ်ရွာလုံး
ဆေးရဝါဒ ဗုဒ္ဓအယူဝါဒကို ခံယူနိုင်အောင်
သာသနာပြု စည်းရုံးတော်ပြတော်မူသော
ထုံပေါ့ဆရာတော် အရှင်အရွှဝါစာရအား
ဖူးမြော်ခဲ့ရစဉ်



ထုံပေါ့ရွာ ပဌာန်းစေတီတော်ရွှေရတုပွဲတွင် ရန်ကုန်မြို့မှအလှူရှင် ဆရာဦးခိုင်စိုး(ဦးကုသလ)က
ထုံပေါ့ရွာတွင် ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းခဲ့ပုံများကို ရှင်းလင်းပြောပြနေစဉ်



ပဌာန်းစေတီတော် ရွှေရတုပွဲတော်အတွင်း (၃) ရက်တိုင်တိုင်
သံဃာတော်များက အလှည့်ကျ ပဌာန်းရွတ်ဖတ်ပူဇော်ခဲ့ကြသည်



ထုံပေါ့ရွာ အောင်မြေရတနာ
ပဌာန်းစေတီတော် ရွှေရတုပွဲတွင်
အလှူရှင်များက ဆရာတော်များအား
ထမ်းယူဝတ္ထုအစုစုကို ကပ်လှူနေကြစဉ်



ထုံပေါ့ရွာဘုန်းတော်ကြီးကျောင်းတွင် ရေကန်တည်၍
တပေါ့ချောင်းမှ ရေတင်ကာ တစ်ရွာလုံးသို့ ဖြန့်ဝေပေးနေသော ရေကန်

သွားတိုင်း ရထားဖြင့်သာသွားပါသည်။
ဘု ဂန့်ဂေါ-ကလေးကားလမ်းကောင်း
သွားပြီမို့ ဂန့်ဂေါ-ကလေးကားလမ်းမှာ
ကလေး - ရန်ကုန်၊ ကလေး - မန္တလေး၊
ကလေး - မုံရွာ အဝေးပြေးကားများ၊
ဂန့်ဂေါနယ်ကျေးရွာများမှ လိုက်ထရပ်
ကားငယ်လေးများ နေ့စဉ်ပြေးဆွဲပေး
လျက်ရှိနေပါသည်။

ကျွန်တော်စီးလာသောမတင်ကြည်
၏ ကားကလေးသည် ကလေး-ဂန့်ဂေါ
ကားလမ်းပေါ်တွင် ပြိုင်မြင်းတစ်ကောင်
ကဲ့သို့ အရှိန်ပြင်းပြင်းမှန်မှန်ဖြင့်ရွေ့လျား
ပြေးသွားလျက်ရှိနေပါသည်။ မကြာမီ



www.burmeseclassic.com

www.burmeseclassic.com

မြောက်စည်း၊ ကျော့်ရွာ၊ မှန်တောရွာများစွာကို ဖြတ်ကျော်ခဲ့ပြီး ဂန့်ဂေါနယ်ရှိ ဟံသာဝတီရွာသို့ ရောက်ရှိပါသည်။ ဟံသာဝတီရွာသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ဆုံရာ ဂန့်ဂေါနယ်စပ်ရွာကြီးဖြစ်သည်။ အိမ်ခြေ (၂၀၀၀) ခန့်ရှိပြီး လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တို့ဖြင့် စည်ကားနေသောရွာကြီး ဖြစ်သည်။ တိုက်နယ်ဆေးရုံ၊ အထကခွဲတို့ရှိသည်။ ဘူတာရှိသည်။ ကားများရပ်နားရာဖြစ်၍စည်ကားသည်။ ကလေးမှ မိုင် (၄၀)၊ ဂန့်ဂေါမှ မိုင် (၅၀) အကွာခန့်တွင်ရှိသည်။ ဟံသာဝတီရွာသည် ကျွန်တော်ကျောက်ဂူတောရသွားတိုင်း ကားရပ်နား လက်ဖက်ရည်သောက်ရာရွာဖြစ်သည်။

ယခု မတင်ကြည်ကားမှာ မရပ်ပါ။ အိမ်မှာပင် စားသောက်ခဲ့ကြပြီးဖြစ်၍ ကျောက်ဂူသို့အရောက်မောင်းပါမည်။ ကျောက်ဂူအနီးက မွေ့လယ်ရွာထမင်းဆိုင်တွင်လည်း မရပ်တော့ မနားတော့ဘဲ ကျောက်ဂူတောရအထိ ဆက်မောင်းခဲ့ကြပါသည်။ ကျောက်ဂူတောရသို့ နေ့(၁၂) နာရီတွင်ရောက်ပါသည်။

ကျောက်ဂူတောရရိပ်သာသည် ၂၀၀၈ ခုနှစ်ကတည်ထောင်ခဲ့ရာ ယခုအခါ သာသနိကအဆောက်အအုံပေါင်းများစွာဖြင့် သာသနာဝေစည်ဖြာ၍နေပါသည်။ တစ်ဝဂူအောင်တော်မူရုပ်ပွားတော်ကြီး၊ ရွှေတိဂုံပုံစံတူစေတီတော်ကြီး တရားဟောတရားထိုင်ရာ ဓမ္မဗိမာန်တော်ကြီး၊ ဗုဒ္ဓဝင်ပြတိုက်၊ အသုဘသချိုင်း၊ ရဟန်းသံဃာဆောင်၊ သီလရှင်ဆောင်၊ စာကြည့်တိုက်၊ ဆေးခန်း၊ စောင်းတန်းအသွယ်သွယ်တို့ဖြင့် နတ်ဘုံနတ်နန်းသဖွယ် စည်ကားတိုးတက်လျက်ရှိပါသည်။ 'ကျောက်ဂူတောရရိပ်သာ'ကို ကျောက်ဂူဆရာတော် ဘဒ္ဒန္တကုသလာစရိယ(ယော)က တည်ထောင်ထားခြင်းဖြစ်သည်။


စာရေးသူတို့အဖွဲ့ ရောက်ရှိသွားသောအခါ ဆရာတော်မရှိပါ။ ဆရာတော်သည် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားနေပါသည်။ ဆရာတော် သီတင်းသုံးနေထိုင်ရာ အင်ဖက်မိုးတပ်ကာကျောင်းကလေးရှိ ဆရာတော် ကျိန်းစက်ရာ အသုဘခေါင်းကိုသာ ရှိခိုးဦးချကန်တော့ပြီး ပြန်ခဲ့ကြပါသည်။ မပြန်မီ အလှူငွေတစ်သောင်းကျော် ထည့်ဝင်လှူဒါန်းပြီး သာသနာအဆောက်အအုံများကို ကားဖြင့်လှည့်ပတ်ကြည့်ရှုဖူးမြော်ကြပါသည်။



ပဌာန်းစေတီတော် တည်ထား၍ ငွေရတုပွဲဆင်နွှဲဖြစ်ပုံကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းမှ ရှင်းလင်းတင်ပြနေစဉ်



ပဌာန်းစေတီတော် ငွေရတုပွဲတွင် ထုံးဘောကျေးရွာဂေါပက ဓမ္မာစရိယကိုရ ဦးဝိုင်းမောင်မှ ရတုပိုမိစုံဖြင့် ရွတ်ဖတ် ပူဇော်နေစဉ်



ပဌာန်းစေတီတော်ငွေရတုပွဲ ဆင်နွှဲသည့်အခါပါဝင်းအား ကျောင်းဝင်းအတွင်းရှိ သရက်ပင်မဏ္ဍပ်အောက်တွင် ညီညီ ညွှန်းပေါင်းကျွေးမွေးကြသည်

www.burmeseclassic.com




လုံယောကျေးရွာ၌ ဗုဒ္ဓဘာသာဝင်ဖြစ်လာသူတစ်ဦးအား ရန်ကုန်မြို့ ဒေါ်ခွေးယဉ်မှ ရုပ်ပွားတော်တစ်ဆူ ပေးအပ် လှူဒါန်းနေစဉ်



လုံယောကျေးရွာ ပဏ္ဏာန်းစေတီ ငွေရတုပွဲ ဆင်နွဲ ရေစက်ချပွဲအပြီး ညအခါ၌ တာဝတိံသာရှိ စူဠာမဏိစေတီတော်အား မီးပုံးပျံလွှတ်တင်၍ ပူဇော်နေကြစဉ်



ချင်းလုံယောကျေးရွာကလေးတွင် ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးပြောင်းဝင်ရောက်လာကြသူ (၂၇) ဦးက အဆုံးအမ ခံယူနေကြစဉ်



ချင်းလုံယောရွာကလေး သာသနာစေတည်ခြားနေပုံမှာ နှစ်စဉ်နှစ်တိုင်း ရှင်ပြုအလှူပွဲတို့ကလည်း စည်ကားသိုက်မြိုက်နေတဲ့ မြင်ပါသည်

ကျောက်ဂူတောရရိပ်သာမှာ ဧက(၂၀၀) ကျော် ကျယ်ဝန်းပါသည်။ ဂန့်ဂေါ - ကလေး ကားလမ်းဘေး (၁) မိုင်ကျော် တွင်ရှိသည်။ ဂန့်ဂေါမြို့မှ (၂၁) မိုင်ကွာ ဝေးပါသ ည်။

ကျွန်တော်တို့သည် ကျောက်ဂူ တောရမှထွက်လာရာ မကြာမီ ကျွန်းဒတ် ရွာသို့ရောက်ပါသည်။ ကျွန်းဒတ်ရွာ လမ်းဘေးရှိ ဖရဲသီးဆိုင်တွင် ကားရပ် လိုက်ပါသည်။ ဆိုင်ရှင်က ကျွန်တော်တို့ ကို ဖရဲသီးကြီးကြီးလှလှတစ်လုံးခွဲကျွေး ပါသည်။ စားကြည့်ရာ ချိုမှချိုလှပါ၏။ ထိုဖရဲသီးဆိုင်ကား မတင်ကြည်၏အစ်မ ဆိုင်ဟုသိရသည်။ ဖရဲသီးတို့မှာ တောင်ပုံ ရာပုံ အိမ်အပေါ်ထပ်၊ အောက်ထပ် အပြည့်။ ဂန့်ဂေါတွင်သာမက ကျေးရွာ အထိပါ သွားရောင်းချရသည်ဟု သိရ သည်။ ကလေး - ဂန့်ဂေါသွားကားများ၊ ကလေး - ဂန့်ဂေါ၊ မန္တလေး-မုံရွာသွား ကားများပါ ဝယ်ယူကြသည့်အပြင် ဂန့်ဂေါ-ကျောက်ထု-မင်းတပ်-ထီးလင်း သွားကားများမှလည်း ဝယ်ယူကြသည် ဟုသိရသည်။

ထိုကျွန်းဒတ်ရွာ၌ မကွေးတိုင်း ဒေသကြီး ပခုက္ကူခရိုင်မှ တည်ဆောက် သည့် ကျပ် သိန်း (၃၀၀၀) ကျော်ကုန် ကျွန်းဒတ်တံတားကြီးရှိသည်။ ထိုတံတား ကြီးမရှိမီက ကားများမှာ ရေအကျကို စောင့်ပြီးစီးကြရသည်။ ယခုတော့ တံတားကြီးပြီးသွား၍ ဆက်သွယ်သွား လာလွယ်ကူသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ကျွန်းဒတ်ဖရဲသီးဆိုင်မှ ဖရဲသီးများဝယ်ယူကြသည့်အပြင် လက်ဆောင်ပေးလိုက်သော ဖရဲသီးများကိုပါ တင်ဆောင်၍ ကျွန်းဒတ်ရွာကလေးမှ ဆက်လက်ထွက်ခွာလာရာ ညနေ (၅) နာရီခန့်တွင် ဂန့်ဂေါမြို့သို့ ရောက်ရှိကြပါသည်။ ကားလေးသည် စည်ပင်သာယာရပ်ကွက်ရှိ မတင်ကြည်၏သားငယ် ယောကျ္ခမအိမ်၌ ထိုးရပ်လိုက်ပါသည်။

ကားရပ်လျှင်ပင် ကားပေါ်က ဆင်း၍ လုံပေါရွာရှိ ဦးမောင်မြင့်ထံ ဖုန်းဆက်ခေါ်ရပါသည်။ ပြီးလျှင် အနီးရှိ သွားစိုက်ဆရာဦးတင်မောင်ဝင်းအိမ် ဝင်ပါသည်။ ဦးတင်မောင်ဝင်းတို့ဇနီးမောင်နှံနှင့်စကားပြောနေစဉ် လုံပေါက ဦးမောင်မြင့်ရောက်လာပါသည်။ ဦးတင်မောင်ဝင်းအား နှုတ်ဆက်ပြီး ဂန့်ဂေါမြို့မှ လုံပေါရွာသို့ ဦးမောင်မြင့်၏ဆိုင်ကယ်ဖြင့် ခရီးဆက်ခဲ့ပါသည်။


ဂန့်ဂေါနှင့်လုံပေါမှာ (၅)မိုင်ဝေးပါသည်။ မြစ်သာမြစ်၊ ဇာဟောချောင်းတို့ကိုဖြတ်ရသည်။ မြစ်သာမြစ်ကို ဝါးတံတားခင်းထား၍ အလွယ်တကူသွား၍ရနေ၏။ မကြာမီ ဇာဟောရွာသို့ ရောက်ပါသည်။ ဇာဟောရွာမှာ ဂန့်ဂေါနှင့် (၃) မိုင်ဝေးပါသည်။ မြစ်သာမြစ်ခြားနေ၍ မိုးရာသီ စက်လှေဖြင့်ကူးရပါသည်။ ဆောင်းနှင့်နွေတွင် ဝါးတံတားဆောက်၍ကူးရပါသည်။ ဝါးတံတားကို သုံးဘီးဆိုင်ကယ်သွားနိုင်ရန် ခိုင်ခံ့စွာဆောက်လုပ်ထားပါသည်။ ဇာဟောရွာသည် စာရေးသူ ၁၉၆၄-၆၅ ပညာသင်နှစ်က ဂန့်ဂေါအထကသို့ ကျောင်းတက်ခဲ့ရသောရွာဖြစ်ပါသည်။ ဇာဟောသူကြီးဘကြီးဦးသောင်းမော်အိမ်နေ၍ ကျောင်းတက်ခဲ့ရပါသည်။ ထိုစဉ်က အိမ်လခစားစရိတ်အဖြစ် ဆန် (၁၀) တင်းနှင့် ဆီ (၁) ပုံးပေးကြရပါသည်။

ဇာဟောရွာသည် စာရေးသူဘကြီး ဦးသောင်းမော်ဆွေမျိုးများရှိ၍ တစ်နှစ်တစ်ခါဆိုသလိုရောက်ရှိပါသည်။ ထိုဇာဟောရွာတောင်ပိုင်းကို ဖြတ်ကျော်၍ လုံပေါရွာသို့ ခရီးဆက်ခဲ့ပါသည်။ မကြာမီ လုံပေါရွာကြီးတံတားကြီးပေါ်သို့ ရောက်ရှိလာပါသည်။

လုံပေါကြီးတံတားကို ၂၀၁၁ခုနှစ်တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုကြောင့် ရေလယ်တိုင်ရေတိုက်စားကာ ပျက်စီးသွားခဲ့၍ ယခုအသစ်တည်ဆောက်ထားရသည်ဟုသိရသည်။



လုံပေါကျေးရွာ ပဋ္ဌာန်းစေတီတော် ငွေရတုပွဲတွင်
ရပ်ဝေး ရပ်နီးမှ လာရောက်ကုသိုလ်ပြု လှူဒါန်းကြသူများကလည်း မနည်းလှပေ



လုံပေါကျေးရွာ အောင်မြေရတနာ ပဋ္ဌာန်းစေတီတော် ငွေရတုပွဲတွင်
အထိမ်းအမှတ်စာစောင်များလည်း ဤသို့ ထုတ်ဝေဖြန့်ချိပေးခဲ့ပါသည်




လုံပေါတစ်ရွာလုံး မီးထိန်ထိန်လင်းရန် ညစဉ် မီးပေးနေသည့် ဇီဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံ



www.burmeseclassic.com



**လုံဟောရွာ ကိုယ်ထူကိုယ်ထ ကြိုးတံတား**



**လုံဟောရွာသို့ ဆက်သွယ်သွားလာရန် ဖောက်လုပ်ထားသော ကိုယ်ထူကိုယ်ထလမ်းနှင့် အစိုးရလမ်းနှစ်သွယ်အား ဤသို့ တွေ့ရစဉ်**

ကြိုးတံတားမှာ အရှည်ပေ (၄၅၀) ရှိပြီး ...ယ် (၆) ပေကြမ်းခင်းထားပါသည်။ ...တယ်ဖြတ်စီး၍ ရပါသည်။ ရေပြင် ...(၂၇) ပေတွင်ရှိပြီး ကျပ်ငွေသိန်း ...(၂၄၀) ကုန်ကျသည် ဟုသိရပါ သည်။

ထိုကြိုးတံတားကို လုံဟောရွာသူ ...များက ကိုယ်ထူကိုယ်ထတည် ...ထားခြင်း ဖြစ်သည်။ ကြိုး ...မရှိမီက ခက်ခဲစွာ လောင်းလှေ ...ဖြင့်သွားလာခဲ့ကြရသည်ဟုသိရ ...။ ကြိုးတံတားပေါ် ကဆင်းလိုက် ...င် မကြာမီ လုံဟောရွာသို့ ရောက် သည်။ လုံဟောရွာအဝင်တွင် ရွာ ...တံတစ်ခုတွေ့ရပါသည်။ ဖတ်ရှု ...ရာ 'ဂန့်ဂေါမြို့နယ် လုံဟော ...ရွာအုပ်စု လုံဟောကျေးရွာ အိမ်ခြေ ...) လူဦးရေ (၁၀၀၃)' ဟူ၍တွေ့ရပါ သည်။ လုံဟောကျေးရွာသည် ဇာဟော ရွာနှင့် (၃) မိုင်ကွာ ဂန့်ဂေါမြို့နှင့်(၅)မိုင် ကွာ ချင်းပြည်နယ် ဟားခါးမြို့နယ်စပ် တွင်ရှိပါသည်။ နယ်စပ်နှင့် (၃) မိုင်သာ ကွာပါသည်။ ထိုနယ်စပ်ရှိ ဂန့်ဂေါ - ဟားခါးလမ်းသို့ လုံဟောရွာမှ ကိုယ်ထူ ကိုယ်ထလမ်းနှင့် အစိုးရလမ်းဟူ၍ လမ်း နှစ်သွယ်ဖောက်လုပ်ထားပါသည်။ မြေ သားလမ်းများဖြစ်ပါသည်။ ဆိုင်ကယ်၊ ကား၊ လှည်းသွားနိုင်သည်။ လုံဟောရွာ၌ လယ်မြေ (၁၆၅) ဧက၊ ကိုင်းမြေ (၄၇၂) ဧကရှိသည်။ လယ်ယာဖြင့် အသက်မွေး နေထိုင်ကြသည်။

## □ လုံဟောရွာသမိုင်းအကျဉ်း

၁၇၇၅ ခုနှစ်မတိုင်မီက လုံဟော ချင်းရွာကလေးသည် ချင်းပြည်နယ် ဟားခါးမြို့တော်၏ အရှေ့တောင် ထောင့် မိုင် (၄၀) အကွာတွင် တည်ရှိ ခဲ့ပါသည်။ ထိုစဉ်က အိမ်ခြေ (၉၀) သာ ရှိပါသည်။ ထိုရွာကလေး၏အရှေ့ဘက် တွင် ထလုံတောင်မြင့်မြင့်ကြီးရှိပါသည်။ ထိုတောင်မြင့်မြင့်ကြီးရှိ၏။ ထိုတောင် မြင့်မြင့်ကြီးရှိ တောင်စောင့်နတ်ကို ကိုးကွယ်ကြပါသည်။

လုံဟောကို ချင်းဘာသာစကား ဖြင့် Lung Hau ဟု ရေးရပါသည်။ Lung သည် ချင်းလို 'လုံ' ဟုခေါ်၍ မြန်မာလို 'ကျောက်' ဟု အဓိပ္ပာယ်ထွက်သည်။ Hau သည် ချင်းလို 'ဟာဖ့်' ဟုခေါ်၍ မြန်မာလို 'အဆီးအတား၊ အကာအရံ' ဟု အဓိပ္ပာယ်ရသည်။ နှစ်ရပ်ပေါင်းလိုက် သောအခါ ရွာကလေးကို ကျောက် တောင်ကျောက်ခဲများဖြင့် ကာရံပေး ထားသောကြောင့် 'လုံဟော' ဟူ၍ အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

## □ ဂန့်ဂေါနယ်သို့ပြောင်းရွှေ့လာကြခြင်း

ချင်းပြည်နယ် ချင်းလုံဟောရွာ ကလေးတွင် နေထိုင်ခဲ့ကြစဉ်က ဟားခါး မြို့နယ် ဘုံသွကျေးရွာကို အပိုင်စားရ ထားသော နယ်ပိုင်ကြီး ဦးမင်းလှဲ၏ ပိုင်နက်နယ်မြေတွင်နေထိုင်ခဲ့ကြရသည်။ ထိုသို့နေထိုင်စဉ် တစ်နေ့၌ ရွာသားများ နှင့် နယ်ပိုင်တို့ စကားများရန်ပွဲဖြစ်ကြ သည်။ ရွာသားတို့က နယ်ပိုင်မင်းကို ဝိုင်း ရိုက်ကြသည်။ ထိုအခါ နယ်ပိုင်မင်းက သူ့ထက်အာဏာရှိသော ယိုးခွားနယ်ပိုင် မင်းကိုတိုင်ကြား၍ ယိုးခွားနယ်ပိုင်မင်း က ရွာမှနှင်ထုတ်လိုက်သည်။ ထိုအခါ ဦးအဲကာ ဦးဆောင်သော အိမ်ထောင်စု (၁၅) စုတို့သည် ယောနယ်ရှိ ဂန့်ဂေါမြို့ နှင့် (၅) မိုင်ကွာ ဇာဟောချောင်းဘေးရှိ ယခုနေထိုင်သည့်လုံဟောရွာကလေးသို့ ပြောင်းရွှေ့နေထိုင်လာခဲ့ကြသည်။ ရွာ အမည်ကိုလည်း နေထိုင်ခဲ့စဉ်က ရွာ အမည်ကိုပင် မှည့်ခေါ်ခဲ့ကြသည်။ ၁၇၇၅ ခုနှစ်က ဖြစ်ပါသည်။ ထိုအချိန် ကစ၍ လုံဟောရွာကလေးသည် ယော နယ် ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာ တစ်ရွာအဖြစ် ရပ်တည်လာခဲ့၏။ ထိုစဉ် က ရွာလေးမှာ ဇာဟော လက်အောက်ခံ ရွာဖြစ်ခဲ့ရပြီး ၁၉၇၄ ခုနှစ် ဦးချသိန်း ဥက္ကဋ္ဌလက်ထက်တွင် ကျေးရွာ အုပ်စု ဖြစ်လာခဲ့ပါသည်။

ဦးအဲကာလက်ထက်ကစ ၍ ရွာသူကြီးအဆက်ဆက်အုပ်ချုပ် ခဲ့ရာ ယခုလက်ရှိ အုပ်ချုပ်ရေးမှူးဦး နောင်း လက်ထက်အထိ ဥက္ကဋ္ဌသူကြီး(၂၁)ဆက်



www.burmeseclassic.com

www.burmeseclassic.com




လုံပဟောရွာအနီး တပဟောချောင်းပေါ်က ရေတံခွန်တစ်ခု

ရှိပြီဟု သိရပါသည်။ သူကြီး (၂၁) ဆက်မြောက် ဦးစိန်းလွင်၏ လက်ထက်တွင် 'လုံပဟောရွာသာသနာ (၇၅) နှစ်ပြည့် စိန်ရတုပွဲ' ကို ကျင်းပပြုလုပ်ခဲ့ပြီး ယခု ဦးထိန်ဝင်းလက်ထက်တွင် 'လုံလောရွာ ပဋ္ဌာန်းစေတီတော်ငွေရတုပွဲ' ကို မြိမ့်မြိမ့်သဲသဲ ကျင်းပပြုလုပ်ခြင်း ဖြစ်ပါသည်။

## ■သုံးရက်တိုင်ဆင်နွှဲ ပဋ္ဌာန်းစေတီတော်ငွေရတုပွဲ

လုံပဟောရွာ အောင်မြေရတနာ ပဋ္ဌာန်းစေတီတော်ငွေရတုပွဲကို (၃) ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ပါသည်။ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပရာ ပထမနေ့တွင် အောင်မြေရတနာပဋ္ဌာန်းစေတီတော်ကြီးအား ဆီမီးများ ပူဇော်ထွန်းညှိပြီး ဆွမ်းတော်များ တပ်လှူကြပါသည်။ ထိုနေ့နံနက်ပိုင်းမှစ၍ ရဟန်းသံဃာတော်များက အသံမစဲ ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ညပိုင်းတွင် တာဝတိံသာရှိ စူဠာမဏိစေတီတော်အား ရည်မှန်း၍ မီးပုံးပျံလွှတ်ပူဇော်ကြပါသည်။

ဒုတိယနေ့တွင်လည်း စေတီတော်ကြီးအား ဆီမီးထွန်းညှိပူဇော်ပြီး ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ကြပါသည်။ ည (၇) နာရီမှ (၉) နာရီအထိ တရားပွဲကျင်းပပြုလုပ်ကုသိုလ်ယူကြပါသည်။



လုံပဟောချင်းရွာကလေးရှိ ထက်စက်တောင်နှင့်တပဟောချောင်းအလှကလည်း မွှမ်းငြီးလှပါသည်



လုံပဟောချင်းရွာကလေး၏ ပဋ္ဌာန်းစေတီတော်ငွေရတုပွဲတွင် တပဟောချောင်း၌ ဆွမ်းဆန်များ ရေဆေး၍ ရေချိုးနေကြသူများကလည်း ရွာကလေး၏ ကျက်သရေအလှကို ဆောင်ပြနေပါသည်



www.burmeseclassic.com

www.burmeseclassic.com

တတိယနေ့တွင်မူ ပင့်ဖိတ်ထားသော ရဟန်းသံဃာအပါး (၅၀) ကျော်ကို လှူဖွယ်ပစ္စည်းမှာ ဆက်ကပ်လှူဒါန်းကြပါသည်။ ထိုဆရာတော်များအား ဆွမ်းကပ်လှူဒါန်းပြီး ရေစက်ချတရားနာကြားကြပါသည်။

ထိုနေ့နံနက်ပိုင်းတွင် ရေစက်ချတရားကို ဆရာတော်တစ်ပါးက ချီးမြှင့်ဟောကြားတော်မူပြီး ဆွမ်းစားကျောင်းအလှူရှင်ဦးခိုင်စိုး (ရန်ကုန်) (ဦးကုသလ) က ဝေးလံခေါင်သီသော ချင်းလုံဟောရွာကလေးသို့ လာရောက် လှူဒါန်းကုသိုလ်ပြုရခြင်းအကြောင်းကို ဟောပြောရှင်းလင်းပြပါသည်။

ရန်ကုန်မြို့မှ ဆရာဦးခိုင်စိုး (ဗုဒ္ဓဘဝတ်ဦးကုသလ) သည် ချင်းလုံဟောရွာလေး၌ အမ္ဗရာရာမစံကျောင်းဆောင်၊ သုခိတာရာမခိုင်ရွှေဝါရတနာဆွမ်းစားဆောင်၊ နိမ္မိတာရာမအာဂန္တုကျောင်းဆောင်များကို မ,တည်ဆောက်လုပ်လှူဒါန်းထားသည့်အပြင် ပဋ္ဌာန်းစေတီတော်ကြီး၌လည်း ဆိုလာမီးများဖြင့် ပူဇော်ထားပြီး ရင်ပြင်တော်ကို ကွန်ကရစ်ကျောက်ပြားခင်းကာ အရံစေတီတော်၊ ထီးတော်သစ်များတင်လှူထားသူတစ်ဦးဖြစ်ပါသည်။

လုံဟောရွာ၌ ကုသိုလ်အမျိုးပေါင်း (၁၅) မျိုးကို ပေးလှူထားသူတစ်ဦးဖြစ်ပါသည်။ ရန်ကုန်မြို့ကြီးတွင်မလှူဘဲ ချင်းလုံဟောရွာကလေးတွင် လာရောက်လှူဒါန်းခြင်းမှာ ပကာသနမဖက်ကုသိုလ်စေတနာသက်သက်သာ ဖြစ်ပါသည်။ ဦးခိုင်စိုးသည် ဖခင်ကြီးဦးလှမြအား ရည်စူး၍ မိခင်ဒေါ်ဒေစီသွင်နှင့်အတူ လုံဟောရွာတွင် လာရောက်၍ လိုအပ်ရာရာကို ကုသိုလ်ပြုလှူဒါန်းနေခြင်း ဖြစ်ပါသည်။

ထိုနည်းတူ ရန်ကုန်မြို့က အလှူရှင် ဒေါ်ဌေးစုယဉ်သည်လည်း လုံဟောရွာကလေးသို့ လာရောက်၍ ကုသိုလ်ပြုဖွယ်ရှိရာ ကထိန်အလှူပွဲကို (၆) ကြိမ်အထိ လာရောက်ကုသိုလ်ပြုလျက်ရှိပါသည်။ ထိုနည်းတူစွာ ခိုင်ရွှေရတနာဆွမ်းစားဆောင်ရေစက်ချပွဲတွင်လည်း ဗုဒ္ဓဘာသာအဆုံးအမခံယူလာကြသော လုံဟောရွာချင်းအမျိုးသားအမျိုးသမီးများအတွက် ရုပ်ပွားဆင်းတုတော် (၂၀) ဆူကိုလည်း လှူဒါန်းပေးအပ်တော်မူခဲ့ပါသည်။

ဤကား အလွန်ဝေးကွာသော မြို့ဝေးကပင် ချင်းလုံဟောရွာကလေးသို့ [illegible]တတ လာရောက် လှူဒါန်းသော ကုသိုလ်ရှင်နှစ်ဦး၏ ထူးခြားမှုအလှူကို ကုသိုလ်ယူနိုင်ကြရန် ရေးသား ဖော်ပြရခြင်း ဖြစ်ပါသည်။

ထိုရပ်ဝေးကုသိုလ်ရှင်များသာမက လုံဟောရွာအနီးရှိကျေးရွာများ၊ ဂန့်ဂေါမြို့နှင့် ဂန့်ဂေါနယ်ရှိ ကျေးရွာများ၏ စုပေါင်းကုသိုလ်များကြောင့် ယခင်က ဗုဒ္ဓဘာသာဝင်နည်းပါးခဲ့ရသော လုံဟောချင်းရွာကလေးမှာ ယခုအခါ ဘာသာသာသနာရောင်ဝါထွန်းလင်း၍နေပါသည်။ တစ်ရွာလုံးနီးပါးမှာလည်း ဗုဒ္ဓဘာသာဝင်များဖြစ်နေကြပါပြီ။

ယခင်က ကျားနတ်၊ ရိုးရာနတ်တို့ကို ကြက်၊ ဝက်သတ်၍ ပူဇော်သောဓလေ့မှ ယခုအခါ ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို ခံယူလာကြသူများ ဖြစ်နေကြပါပြီ။ ဤသို့ ဗုဒ္ဓဘာသာဝင်များဖြစ်လာကြရခြင်းမှာလည်း ဦးကုမာရ (မင်းရွာ)၊ မင်းစိန်မော်(အနောက်ဂန့်ဂေါ)၊ ဦးသုမန (ပျားရွာ)၊ ဦးနန္ဒဝိသ (ကွမ်းဇဲရွာ)၊ ဦးအဂ္ဂဝံသ (ခိုင်ဒူးရွာ)၊ ဦးအရိန္ဒမ (ညောင်ကန်) နှင့် လက်ရှိဆရာတော် (ဦးအဇ္ဈဝါစာရ) လုံဟောရွာတို့၏ အဆက်ဆက်သာသနာပြုခဲ့မှုကြောင့်ဖြစ်ပါသည်။

လက်ရှိဆရာတော် ဦးအဇ္ဈဝါစာရ လက်ထက်တွင် ချင်းလုံဟောတစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များဖြစ်လာပြီး ရွာ၏ အနောက်ဘက်ကုန်းမြင့်ပေါ်တွင် 'အောင်မြေရတနာပဋ္ဌာန်းစေတီတော်ကြီး' ကို တည်ထား ကိုးကွယ်နိုင်ခဲ့ကြပါသည်။

ထိုစေတီတော်ကြီးကို ၁၃၅၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ သောကြာနေ့ နံနက်တွင် ပန္နက်တော်တင်၍ ထိုနှစ် တပို့တွဲလပြည့်နေ့တွင် အုတ်မြစ်ချကာ ၁၃၅၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ နံနက် (၉) နာရီတွင် ထီးတော်တင်လှူပူဇော်ခဲ့ကြပါသည်။

ပန္နက်တော်တင်သည့် ၁၃၅၂ ခုနှစ်မှ ယခု ၁၃၇၇ ခုနှစ်အထိ စေတီတော်ကြီး၏ သက်တမ်းမှာ (၂၅) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်၍ 'အောင်မြေရတနာပဋ္ဌာန်းစေတီတော်ကြီး၏(၂၅)နှစ်မြောက်ငွေရတုပွဲ' ကို ယခုကဲ့သို့ ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲခံကျင်းပရခြင်း ဖြစ်ပါသည်။

ရှေးက ရွာလယ်ကောင်တွင်သာ ရွာသူရွာသားများက ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ပူဇော်နေခဲ့ကြရာမှ ယခုအခါ ပဋ္ဌာန်းစေတီတော်ကြီးတွင် ရဟန်းသံဃာများပါ ရွတ်ဖတ်ပူဇော်လျက်ရှိနေကြပါပြီ။

အောင်မြေရတနာပဋ္ဌာန်းစေတီတော်ကြီးတွင် အသံမစဲပဋ္ဌာန်းပွဲများကို နှစ်စဉ် ရွတ်ဆိုပူဇော်လာခဲ့ကြရာ ယနေ့ယခုအခါတွင် (၂၅) နှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီ။ ထို (၂၅) နှစ်တာကာလအတွင်း၌ လုံဟောရွာဘုန်းတော်ကြီးကျောင်းဝင်းဝင်းအတွင်း၌လည်း ပျဉ်မိုးပျဉ်ကာအုတ်ကြွပ်ကျောင်းမကြီး၊ ဆရာတော်အဇ္ဈဝါစာရသီတင်းသုံးရာ အမ္ဗရာရာမစံကျောင်း၊ ခိုင်ရွှေရတနာသုခိတာရာမဆွမ်းစားကျောင်း၊ နိမ္မိတာရာမအာဂန္တုကျောင်းဆောင်များသာမကဘဲ လုံဟောတစ်ရွာလုံးသို့ ရေပေးဝေနေသော ရေကန်၊ ရေစင်၊ လုံဟောတစ်ရွာလုံးသို့ မီးထိန်ထိန်လင်းစေသည့် ဇီဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများဖြင့် ခေတ်မီတိုးတက်အလှဝေဖြာလျက်ရှိနေကြပါသည်။

ဤကား ပဋ္ဌာန်းစေတီတော်ကြီးတည်ထား ကိုးကွယ်ရခြင်း၏ အကျိုးများပေတည်း။ 'ဘုရားကိုးကွယ်တန်ခိုးကြွယ်' ဆိုသည့်အတိုင်း ခံစားစံစားရခြင်း ဖြစ်ပေသည်။

၁၇၇၅ ခုနှစ်က စတည်ထောင်လာခဲ့သော လုံဟောချင်းရွာကလေးမှာ ယခုအခါ သက်တမ်း (၂၄၀) နှစ်ရှိသွားပါပြီ။ သို့သော် ထိုရွာလေး၏သက်တမ်း (၁၀၀) ကျော်မှာ ရိုးရာနတ်ကိုသာ ကိုးကွယ်ခဲ့ကြပြီ။ ၁၂၈၄ ခုနှစ်ကမှစ၍ ဗုဒ္ဓဘာသာအယူကိုလက်ခံယုံကြည်လာခဲ့ကြရာ သက်တမ်း (၈၃) နှစ်မျှသာရှိပါသေးသည်။ ထိုသက်တမ်း (၈၃) နှစ်အတွင်း၌ 'စိန်ရတုသာသနာပွဲတော်ကြီးနှင့် (၂၅) နှစ်ပြည့် အောင်မြေရတနာပဋ္ဌာန်းစေတီတော်ငွေရတုပွဲတော်' တို့ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပပြုလုပ်နိုင်ခဲ့ကြပါသည်။ အိမ်ခြေ (၁၈၄) အိမ်ရှိသော လုံဟောရွာကလေးမှာ (၁၀) အိမ်မျှသာ ဘာသာခြားအယူဝါဒသာရှိနေပါတော့သည်။ ထို(၁၀)အိမ်သည်လည်း မကြာမီ ထေရဝါဒဗုဒ္ဓအယူကို ယုံကြည်သောသူများဖြစ်လာကြတော့မည်။

ထိုရောအခါ အောင်မြေရတနာပဋ္ဌာန်းစေတီတော်ကြီး၏ နှစ် (၃၀)ပြည့် ပုလဲရတုပွဲ နှစ် (၄၀) ပြည့်ပတ္တမြားရတုပွဲ၊ နှစ် (၅၀) ပြည့် ရွှေရတုပွဲများကို ယခုကဲ့သို့ ခြိမ့်ခြိမ့်သဲသဲကျင်းပသွားဦးမည်ဖြစ်ရာ လုံဟောချင်းရွာလေး၏ ဘာသာသာသနာရောင်ဝါသည် အစဉ်ထာဝရ လင်းထိန်ဖြာ၍နေဦးတော့မည်ပေကား။

ကလေး-ဝင်းသူ


www.burmeseclassic.com

မင်းရှိန်အောင်

## ပြည်မြန်မာ၏ ၂၀၁၇ ခုနှစ်၊ ကုံရာသီပြောင်း

# မန်ဒိုင်းဇာတာဟောကိန်း

## (၁၂-၂-၂၀၁၇) နေ့မှ (၁၃-၃-၂၀၁၇) နေ့အထိကာလ




အနောက်တိုင်းသာယနစနစ်ဇာတာခွင်

၁၂-၂-၂၀၁၇ နေ့ ညဥ့် (၉း၂၈း ၅၀) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် မကာရရာသီမှ ကုံရာသီသို့ ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် တူရာသီ (၁၂) ဒီဂရီ (၁၃) မိနစ်မှာ ထွက်ပေါ်လာသည်။ ၎င်းကို ၂၀၁၇ ခုနှစ် ကုံရာသီ စူဠသင်္ကြန်ဇာတာဟုလည်း ခေါ်ဝေါ်သည်။

ဤဇာတာခွင်၏ ထူးခြားချက်များမှာ နက်ပကျွန်းဂြိုဟ်နှင့်ဂြိုဟ်ပြိုင်ဖြစ်နေသောယူရေးနပ်ဂြိုဟ်သည် ကြာသပတေးဂြိုဟ်ကို (၁၈၀) ဒီဂရီဖြင့် မြင်ထားပြီး ကြာသပတေးဂြိုဟ်က ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီဖြင့် မြင်ထားလျက် ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၁၂၀) ဒီဂရီဖြင့် မြင်ထားသည်။ သောကြာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်သည် (၆) ဒီဂရီအတွင်းပူးယှဉ်နေပြီး နက်ပကျွန်းဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့ (၈) ဒီဂရီအတွင်း ပူးယှဉ်သည်။ တနင်္လာဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် (၁၈၀) ဒီဂရီအတွင်း မြင်လျက်ရှိကာ ကြာသပတေးဂြိုဟ်က တနင်္ဂနွေဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ယူရေးနပ်ဂြိုဟ်က တနင်္လာဂြိုဟ်ကို (၁၄၄) ဒီဂရီအမြင်ဖြင့် မြင့်နေကြသည် ဖြစ်၏။

အားလုံးကိုခြုံ၍ ကောက်ချက်ချရလျှင် နိုင်ငံတကာအရေး၊ သံတမန်အရေးတို့နှင့် နီးနွယ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ အမျိုးသားရေး၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့နှင့် စပ်လျဉ်း၍ သံသယပွားမှု၊ စောဒကတက်မှု၊ ဆန့်ကျင်တုံ့လှယ်မှု၊ တက်ကြွလှုပ်ရှားမှုများ ဖြစ်ထွန်းတတ်မည်။ မြီး ရေကာတာ၊ တာတမံ၊ ဆည်မြောင်း၊ သတ္တုတွင်းမြေ၊ သစ်တောမြေ၊ လယ်ယာမြေ၊ လူနေအိမ်ခြံမြေနှင့်စပ်လျဉ်းနေသော အကျယ်ကျယ်မငြိမ်းဖွယ်များ ထကြွလာမည်။

နိုင်ငံတကာနှင့် ဆက်နွယ်နေသော အိမ်နီးနားချင်းနှင့် ဆက်နွယ်နေသော နယ်စပ်ဒေသအရေး၊ တိုင်းရင်းဒေသအရေး၊ ပဋိပက္ခအရေး၊ အကြမ်းဖက်မှုများအရေး၊ လုံခြုံရေးကိစ္စရပ်များကြောင့် မလိုလားအပ်သော ပြဿနာများ၊ စိန်ခေါ်မှုများကိုလည်း ကြုံဆုံရနိုင်မည်။ အလုပ်သမား၊ လယ်သမားတို့ပါဝင်သော အခြေခံလူတန်းစားတို့ တောင်းဆိုမှုများက တင်းမာစွာလှုပ်ခတ်လာနေဦးမည်။ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပရဟိတအဖွဲ့၊ N.G.O အဖွဲ့တို့နှင့်ပတ်သက်၍ အငြင်းပွားစရာများ၊ စောဒကတက်စရာများ ဝေဖန်ထိုးနှက်မှုများရှိမည်။ နိုင်ငံတကာနှင့်ပတ်သက်လာလျှင် ပို၍ဆိုးတတ်မည်။

မီဒီယာလောက၊ စာနယ်ဇင်းလောကမငြေပြစ်မှုများ၊ သဟဇာတမဖြစ်မှုများ ခုတ်ရာတစ်ရှပြတ်ရာတစ်ရှဖြစ်တတ်မည်။ ပညာရေး၊ ဘာသာရေး၊ စီးပွားရေး၊ ဖြေဖျော်ရေး ဆက်နွယ်နေသော နေရာဌာနများတွင် မတော်တဆဖြစ်မှုများ၊ မလိုလားအပ်သောပြဿနာများဖြစ်ပေါ်တတ်မည်။ သို့မဟုတ် ၎င်းတို့နှင့်ပတ်သက်နေသော အသင်းအဖွဲ့များအဖို့ ဇရာမစိန်ခေါ်မှုများတွေ့မည်။ ပညာရေး (သို့) အနုပညာဆိုင်ရာပုဂ္ဂိုလ်တစ်ဦးအတွက် စိတ်မချမ်းမမြေ့ဖြစ်ရမည်။ အစိုးရအဖွဲ့၊ လွှတ်တော်တို့၌ အောင်မြင်သောပုံရိပ်များကို ရရှိသလို ကြီးမားသော စိန်ခေါ်မှုများကို ရင်ဆိုင်ရလိမ့်မည်။ အဓိကပြုပြင်ပြောင်းလဲမှုများ ပေါ်ထွက်မည်။ အစိုးရမှ ထိပ်သီးပုဂ္ဂိုလ်တစ်ဦးအတွက် စိတ်သောကဖြစ်ရတတ်မည်။ အတိုက်အခံများ၊ ဆန့်ကျင်တက်ကြွလှုပ်ရှားမှုများ သိသိသာသာပေါ်လွင်လာမည်။

ရာသီဥတုအခြောင်းအကြီးမဟုတ်သော်လည်း သိပ်မဆိုးပါ။ မြေပြိုမှု၊ တောင်ပြိုမှု၊ မြေငလျင်လှုပ်မှုများရှိမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



တံခွန်တိုင်ဘက်မှ ဖူးမြော်ရသော
သိမ်ကုန်းစေတီတော်မြတ်

# ဂမ္ဘီရအဖုံဖုံ မြစ်စမုံကမ်းပါးယံထက်ဆီက
# ရှေးဟောင်းသိမ်ကုန်းစေတီတော်

## အာကာလ(သာစည်)

တန်ခိုးကြီးမား ရှေးဟောင်းသိမ်ကုန်းဘုရားသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ထနောင်းကန်ရွာအနီး ဖြတ်သန်းစီးဆင်းသော စမုံမြစ်၏ အနောက်ဘက် ကမ်းပါးယံထက်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ ယင်းနေရာတွင် နိုင်ငံတော်အစိုးရက စမုံမြစ်ကိုပိတ်၍ ရေထိန်းတမံကြီးတည်ဆောက်ထားရာ သိမ်ကုန်းဘုရားနှင့် ဗမှီရဆန်သောစမုံမြစ်ကား စိတ်ဝင်စားဖွယ်ကောင်းလှလေသည်။

စမုံမြစ်သည် ရမည်းသင်းခရိုင်မှ မြစ်ဖျားခံ၍ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းနယ်မှဆင်းသော ခွေးသေချောင်းရေတို့နှင့် ပေါင်းစည်းပြီး တောင်မှမြောက်သို့စီးဆင်းသောမြစ်တစ်စင်းဖြစ်လေသည်။ ပျော်ဘွယ်၊ သာစည်၊ ဝမ်းတွင်း၊ မြစ်သားမြို့နယ်တို့ကိုဖြတ်၍ အုံတားဦးမြို့နယ် ဒွေးလှရွာအနီးတွင် ပန်းလောင်မြစ်နှင့်ပေါင်းဆုံပြီး မြစ်ငယ် (ဥတ္တဝတီ) မြစ်ထဲသို့စီးဝင်သည်။ ဇော်ဂျီ၊ ပန်းလောင်၊ စမုံမြစ်တို့ စီးဝင်သော ဥတ္တဝတီခေါ် မြစ်ငယ်မြစ်သည်လည်း အင်းဝအနီး ဧရာဝတီမြစ်ကြီးအတွင်း စီးဝင်ပါသည်။

မြန်မာနှစ် ၃၇၉ ခုနှစ်တွင် ပုဂံထီးနန်းကို သိမ်းမြန်းစိုးစံတော်မူသော အနော်ရထာမင်းစောသည် နောင်တော် စုက္ကတေးမင်းကိုသတ်၍မင်းဖြစ်လာသည်။ ထီးနန်းကိုရသော်လည်း နောင်တော်ကို ပြစ်မှားမိလေပြီဟူ၍ နှလုံးတော်မသာမယာရှိခဲ့ရာ ခြောက်လတိုင် စားတော်မဝင်၊ စက်တော်မပျော်ဘဲရှိခဲ့သည်။ တစ်ညဥ့်သောအခါ သိကြားမင်းလာ၍ အိပ်မက်ပေး၏။

"မင်းကြီးသည် နောင်တော်ကို ကျူးလွန်ပြစ်မှားမိသော မကောင်းမှုမှ




ရွှေရောင်တဝင်းဝင်းနှင့် အဝေးမှ ဖူးမြင်ရသော သိမ်ကုန်းစေတီတော်မြတ်ကြီး

www.burmeseclassic.com



သိမ်ကုန်းစေတီတော်ရင်ပြင်ပေါ်ရှိ သိမ်သမုတ်ထားသောနေရာ



ကျေးဇူးရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



စမုံရေထိန်းတမံကျောက်စာ



သိမ်ကုန်းစေတီတော်ပရဝုဏ်ရှိ သာသနိကအဆောက်အဦများ

ခေါင်းပါးပယ်ပျောက်စေလိုသော် ဘုရား၊ ဂူကျောင်း၊ တန်ဆောင်း၊ ဇရပ် အစရှိသည်တို့ကို ဆောက်လုပ် လှူဒါန်းကာ နောင်တော်ကို အမျှအတန်းပေးဝေပါလေ။ ထိုမှတစ်ပါးလည်း ဆည်မြောင်း၊ ကန်ချောင်းတို့ကိုတူးဖော်၍ နောင်တော်ကိုပေးဝေရာသည်"

ဟူ၍ အိပ်မက်ပေး၏။

အနော်ရထာမင်းလည်း မြန်မာပြည်အဝန်း လှည့်လည်၍ သာသနာပြုရင်း ဆည်မြောင်း၊ ကန်ချောင်းတို့ကိုတူးဖော်တော်မူသည်။ ထိုသို့ မြစ်သားနယ်ပြက်တောင်နှင့် ခရွှေတောင်ထွတ်တို့တွင် စွယ်တော်မြတ်စေတီတော်တို့ကို တည်ဆောက် လှူဒါန်းတော်မူလျက် အနာဂတ် မြန်မာနိုင်ငံတော်အတွက် ရိက္ခာတော်ဖူလုံရေးသည် ဆည်မြောင်း ကန်ချောင်းများ တည်ဆောက်ရန် အရေးကြီးကြောင်း အကြံတော်ပေါ်ပေါက်လေသည်။

မင်းကြီးသည် နိုင်ငံတော်ရေ့ရေးမြော်တွေးပြီး ညဉ့်အခါစက်တော်ခေါ်ရာတွင် အလွန်ကြီးမားသောမြွေကြီးသုံးကောင်နှင့် ဖျင်းဖြူတစ်ကောင်တို့ကို အိပ်မက်မြင်မက်တော်မူသည်။ အိပ်မက်တွင် ပထမမြွေတစ်ကောင်က မင်းကြီးကို အန္တရာယ်ပြုရန် ပါးပျဉ်းထောင်မာန်ထကာ ဇွတ်အတင်းပြေးဝင်လာခဲ့သဖြင့် လက်သုံးတော်သန်လျက်နှင့် ခုတ်ပိုင်းလိုက်ရာ လေးပိုင်းပြတ်ကာသေလေ၏။ ဒုတိယမြွေလည်း အလားတူပြေးဝင်လာရာ မင်းကြီး၏ သန်လျက်ဓားအောက် အသက်ပျောက်၍ သုံးပိုင်းပြတ်ပြီးသေသည်။ တတိယမြွေကား ခုတ်ပိုင်းရန် သန်လျက်အမြောက်လိုက်တွင် မင်းကြီး၏လက်တော်အောက်က သီသီကလေး လွတ်မြောက်ထွက်ပြေးသွားသည်။

မင်းကြီးလည်း နံနက်မိုးသောက်အလင်းရောက်သောအခါ ညကအိပ်မက်ကို နိမိတ်ဖတ်ပုဏ္ဏားတို့အား စစ်ဆေးတော်မူရာ ကျွမ်းကျင်လိမ္မာသော ပုဏ္ဏား တစ်ဦးက -

www.burmeseclassic.com

"မင်းကြီး၏ ဘုန်းတော်ကြောင့် သန်လျက်တော်နှင့်ပိုင်းလိုက်သော ပထမ မြွေသည် ပန်းလောင်မြစ်ဖြစ်၍ လေးပိုင်း ပြတ်ခြင်းကြောင့် ဆည်လေးဆည်တည် ရာဖြစ်ပြီး ဒုတိယမြွေကား ဇော်ဂျီမြစ် ဖြစ်ကာ သုံးပိုင်းပြတ်သဖြင့် ဆည်သုံး ဆည်တည်ရဖို့ရှိ၍ တတိယမြွေကတော့ စမုံမြစ်ဖြစ်ပြီး လွတ်ထွက်သွားခြင်း ကြောင့် ဆည်တည်မရနိုင်ကြောင်း" လျှောက်ကြားလေသည်။

ထို့ကြောင့် ပန်းလောင်မြစ်ပေါ်တွင် ကင်းတားဆည်၊ ငနိုင်သေဉ်ဆည်၊ ကြောင်းပြာဆည်နှင့် ဂုမည်း (ခ) ကူမည်း ဆည်တို့ကိုတည်တော်မူ၍ ဇော်ဂျီမြစ်ပေါ်တွင် နွားတက်ဆည်၊ ကွမ်းဆေး ဆည်နှင့် ဂူတော်ဆည်တို့ကိုတည်တော်မူသည်။ စမုံမြစ်ကား နိမိတ်ဖတ်သည့်အတိုင်း ဆည်မတည်နိုင်ဘဲ လက်လျှော့တော်မူခဲ့ရလေသည်။

စမုံဆည်တည်ရခြင်းကို သက်ကြီးစကားသက်ငယ်ကြား၍ ပါးစပ်ရာဇဝင်ရှိခဲ့သောဒဏ္ဍာရီပုံပြင်သဖွယ်ကို ထနောင်းတန်ရွာတွင်နေသော ဦးတင်ထွန်းမှ ပြောပြခဲ့ဖူးသည်။ အနော်ရထာမင်း ထက်ထက်တော်အခါက စမုံမြစ်ကို သူအင်အားနှင့်ဆည်ခဲ့ရာ မအောင်မြင်၍ ဘီလူးတို့ကို အမိန့်ပေးဆည်ခိုင်းတော်မူသည်။ ဘီလူးတို့လည်း ညတွင်းချင်းပြီးအောင်ဆည်မည်ဆိုကာ မနားမနေ ဆည်ဖို့ကြသည့်အခါ သိကြားမင်းက အနော်ရထာမင်းအလိုတော်ပြည့်စေဖို့ မီးမြောက်စေခြင်းငှာ ဘီလူးများကိုကူညီသည့်အနေနှင့် မီးတုတ်ပြပေးရန်လာသည်။


ဘီလူးတွေကလည်း သိကြားမင်းကိုင်လာသောမီးရောင်ကို နံနက်လင်းခါနီးအရုဏ်လာသည်အထင်နှင့် ဆည်ဖို့၍ပြီးခါနီးတွင် ပြီးသင့်လျက်မပြီးစီးသဖြင့် ကျေမနပ်ဖြစ်ကာ ရပ်နားသွားကြသည်။ ထိုသကျမှ ဘီလူးမတစ်ကောင်မီးဖွားသည်နှင့်ကြုံ၍ လုပ်အားလျော့နည်း သဖြင့်မပြီးခြင်း ဖြစ်သည်။ ဘီလူးတို့ သိတ္တာကျဆင်းရသည်ဟုဆိုကာ အကြီးအမှူးလုပ်သူဘီလူးက ဘီလူးမကိုသတ်ပစ်လိုက်သည်။

သေအုံ့ဆဲဆဲဖြစ်သော ဘီလူးမသည် ဤစမုံဆည်တည်ဆောက်ခြင်းအကြောင်းကြောင့် ငါသေရတော့မည်။ စမုံဆည်ကြီးမည်သည့်အခါမျှပိတ်၍မလုံစေနှင့်ဟု ကျိန်စာတိုက်ပြီးသေသွားခဲ့သည်။ ဘီလူးမအသတ်ခံရသော မောင်းမဆည်ရွာအနီး စမုံမြစ်ရှိနေရာကို ယနေ့အထိ ဘီလူးမကျောက်တန်းဟု ခေါ်ဝေါ်လျက်ရှိနေသေးသည်။

မြန်မာနှစ် ၆၆၂ ခုတွင် ညီနောင်မင်းများဖြစ်ကြသော အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူတို့သည် မြင်စိုင်း၊ မက္ခရာ၊ ပင်လယ်မြို့အသီးသီးတို့တွင် ထီးပြိုင်နန်းပြိုင်များစိုးစံတော်မူကြသည်။ ပင်လယ်မြို့တွင် နန်းစံသော ညီတော် အငယ်ဆုံး သီဟသူသည် ၆၇၄ ခုနှစ်၊


မြကွဲရွှေတောင်တက်မုခ်ဦး


ဗိုလ်သူကြီးသရက်ဥယျာဉ်ထားနေရာ


ဗိုလ်သူကြီးဦးအောင်မြင့်၏သရက်ဥယျာဉ်သို့ ကြွရောက်သီတင်းသုံးခဲ့သောနေရာ



www.burmeseclassic.com

www.burmeseclassic.com

တပေါင်းလဆန်း ၁၅ ရက်နေ့တွင် ပင်းယမြို့သစ်ကို တည်ထောင်ပြီး ပြောင်းရွှေ့ နန်းစံတော်မူသည်။

ပင်းယမြို့သစ်ကို တည်ထောင်မင်းပြုသော သီဟသူ မင်းပြု၍ နှစ်နှစ်ခန့်အကြာတွင် စမုံမြစ်အတွင်းမျောပါလာသော ဆင်ဖြူမအသေတစ်ကောင်ကို ရရှိ၍ ပညာရှိအမတ်များ လျှောက်ထားသဖြင့် ယင်းဆင်ဖြူအား ငမွဲဥယျာဉ်တွင် ထူမတ်ပြီး ရတနာ့ကကိုတင်ကာစီးတော်မူ၏။ ထို့ကြောင့် တစ်စီးရှင်သီဟသူဟု ခေါ်တွင်လေသည်။

တစ်စီးရှင်သီဟသူ၏ သားတော်ကျော်စွာမင်း နန်းတက်သောအခါတွင် ဆင်ဖြူတော်ငါးစီးကို စမုံမြစ်ဖျားကတစ်စီး၊ လှိုင်းတက်ကတစ်စီး၊ မုန်တောမြောင်းကျပ်ကတစ်စီး၊ ပြက်တောင်ခြေကတစ်စီးနှင့် သဘန်းကိုင်းကတစ်စီး ရရှိသည်။ ဆင်ဖြူတော်ငါးစီးအနက် စမုံမြစ်ဝှမ်းနှင့် မြစ်ညာတို့မှအများဆုံးရရှိပြီး ကျော်စွာမင်းလည်း ငါးစီးရှင်ကျော်စွာဟုတွင်လေသည်။ အင်းဝခေတ် စမုံမြစ်ရိုးတစ်လျှောက် ပေါက်မြိုင်မြို့နှင့် ဓားရဲကောင်းရွာတို့တည်ရှိ၍ ပေါက်မြိုင်မြို့မှာ လှေများဆိုက်ကပ်ရာဆိပ်ကမ်းမြို့ဖြစ်ခဲ့ဖူး၏။ ဓားရဲကောင်းရွာကား စမုံမြစ်၏ ဝဲယာနှစ်ဖက်တွင် မြစ်ကိုခွ၍တည်ရှိပြီး ဓားရေးကျွမ်းကျင်သော သူရဲကောင်းများပေါ်ထွန်းသဖြင့် ရှေးမင်းများစစ်ရေးလိုအပ်သည့်အခါ ခေါ်ယူအသုံးပြုလေ့ရှိ၏။

ဟိုစဉ်က ဆင်များခိုအောင်းနိုင်သည်အထိ ထူထပ်သော တောနက်ကြီးများရှိခဲ့သည့် စမုံမြစ်ရိုးတစ်လျှောက်သည် စစ်ရေးအတွက် မဟာဗျူဟာကျခဲ့သည်။ ထို့ကြောင့် အမြော်အမြင်ကြီးမားသော အနော်ရထာမင်းသည် ကင်းမြို့(၄၃)မြို့ကိုတည်ထားရာတွင် မြစ်သား၊ သာဂရ၊ လှိုင်းတက်နှင့် ညောင်ရမ်းမြို့တို့ကို စမုံမြစ်နှင့်မလှမ်းမကမ်းတစ်လျှောက်၌ တည်ထားတော်မူလေသည်။

ပုဂံခေတ် အနော်ရထာမင်းမှစ၍ ရှေးမင်းအဆက်ဆက်တို့သည် သမိုင်းအစဉ်အလာကြီးသော စမုံမြစ်ကို လက်ရုံးတစ်ခုသဖွယ် အားကိုးအားထားပြုတော်မူခဲ့ကြသည်။ ထို့ကြောင့် စမုံမြစ်ဝှမ်းတစ်လျှောက် စစ်ရေးအတွက် ဆင်လုံးမြင်းရင်းစစ်သည်အင်အား တောင့်တင်းခိုင်မာလှသော ကင်းထောက်မြို့များကို တည်ထောင်ရင်း ဘုရားပုထိုးများလည်း တည်ထား လှူဒါန်းတော်မူခဲ့သည်။


ယင်း၌ ထနောင်းကန်ရွာအနီး စမုံမြစ်ကမ်းပါးထက်ရှိ သိမ်ကုန်းဘုရားလည်း တစ်ဆူအပါအဝင် ဖြစ်သည်။

ဤသို့ ခေတ်ကာလကြာမြင့်စွာကတည်းကပင် တည်ရှိတော်မူခဲ့သော သိမ်ကုန်းဘုရားသည် လူသူကင်းကွာ၍ ထိန်းသိမ်း စောင့်ရှောက်မှုကင်းမဲ့ပြီး တောချုံရုံ့များ ပိတ်ဖုံးပြိုပျက်လျက်ရှိသည်။ ထူးတွင်းချောက်နှင့်ဘုရားလိုက်တို့တွင် မှီခိုကျက်စားလေ့ရှိသော ငန်းမြွေ အန္တရာယ်တို့ကိုကြောက်ရသည့်သာမက ဥစ္စာစောင့်များရှိသည်ဆိုခြင်းကြောင့်လည်း ဘုရားပျက်အနီးသို့ တော်စွလျော်စွနှင့် သွားလာခြင်းမပြုဝံ့ကြချေ။


သိမ်ကုန်းဘုရားကို မည်သည့်ခေတ်ကာလက အဘယ်မင်းတည်ထား



အဝေးမှလှမ်းမြင်ရသော ပြကွဲရွှေတောင်



ပြကွဲရွှေတောင်တောတွင်းတစ်နေရာ




ဗိုးသူကြီးသာရက်ဥယျာဉ်ကို အဝေးမှမြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



စမုံရေထိန်းတာပေါင်

ခဲ့သည်ကို ဂဃနဏပြောမပြနိုင်ကြသော်လည်း ရှေးဟောင်းဘုရားတစ်ဆူဖြစ်၍ ရှေးဟောင်းဌာပနာပစ္စည်းရှိသဖြင့် ဥစ္စာစောင့်များစောင့်ကြပ်လျက်ရှိလေသည်။ ဥစ္စာစောင့်တချို့တလေကို မြင်ဖူးကြုံကြိုက်ဖူးသူတို့ရှိသည်ဟူသောစကားကျော်ကြား၍နေသည်။

ဟိုတုန်းက မသမာသူလူတစ်စုသည် လူသူအစောင့်အရှောက်ကင်းဝေး၍ ဆိတ်သုဉ်းသောနေရာဖြစ်ခြင်းကို အခွင့်ကောင်းယူ၍ ဘုရားဌာပနာပစ္စည်းများကို ဖောက်ထွင်းခိုးယူရန် ကြံစည်သောဖြစ်စဉ်ရှိခဲ့ဖူးသည်။ တစ်ဆင့်စကားတစ်ဆင့်ကြားဖူးသည်ကို ဦးတင်ထွန်းက -

"တို့ဘိုးကြီးရှိတုန်းက ငါတို့ခပ်ငယ်ငယ်အရွယ်မယ် ဒီသိမ်ကုန်းဘုရားအကြောင်းပြောပြတာ ခုထိမှတ်မိနေသေးတယ်။ သူတို့နွားကျောင်းသားအရွယ်ကပေါ့ကွာ။ စမုံမြစ်ဘက်နွားတွေလွှတ်ကျောင်းတော့ နွားတချို့အဖော်ကွဲပြီး ဘုရားဟောင်းဘက်ရောက်သွားလို့လိုက်လံမောင်းတဲ့အခါ ကယ်ပါကယ်ပါအစာစာအော်သံတွေကြားသတဲ့။ ဒါနဲ့အဖော်တွေခေါ်ပြီး ကြောက်ကြောက်လန့်လန့်နဲ့သွားကြည့်တော့ လူတစ်သိုက်မြေပြင်ကို ရေတွေထင်ကာ ဝမ်းလျားမှောက်ကူးနေကြတာတွေ့သတဲ့။ခင်ဗျားတို့ဘာလုပ်နေကြတာတုံးလို့မေးတော့ကျုပ်တို့ဘုရားဌာပနာပစ္စည်းဖောက်မယ်ကြံမိလို့ အခုလိုရေကူးနေရတာပါ။နောက်ဆိုမကြံစည်ဝံ့တော့ပါဘူး။ ရေနစ်ပြီးသေရပါတော့မယ် ကယ်ကြပါဦးလို့ ငိုယိုတောင်းပန်ကြသတဲ့"

ဟူ၍ ပြောပြခဲ့ဖူးသည်။

ဘုရား၏ တန်ခိုးတော်အရ အချိန်အခါကျရောက်လာသည်နှင့်အမျှ ဘုရားအား ပြုပြင်မွမ်းမံတည်ထားရန် ဘာသာရေးအသိရှိသူများနိုးကြားလာကြသည်။ ရှေးဟောင်းသစ်ပင်ကြီးများကို ချန်ထားကာ တောချုံတောအုံတို့ကို ခုတ်ထွင်ရှင်းလင်းပြီး ဘုရားဟောင်းကို ငုံ၍ စေတီတည်ထားကိုးကွယ်ကြသည်။ ထိုစဉ်မှစ၍ ပြာသို၊ တပို့တွဲလတို့တွင် နှစ်စဉ် ဗုဒ္ဓါဘိသေကမင်္ဂလာတင်လှူ၍ ပွဲတော်ကျင်းပလာခဲ့ကြသည်။

ဘုရားပရိဝုဏ်သည် မူလကပင် ဥစ္စာစောင့်များရှိသည်ဟု လည်းကောင်း ရွာနှင့်အနည်းငယ်လှမ်းသောနေရာဖြစ်ခြင်းကြောင့် လည်းကောင်း၊ လူသူအရောက်အပေါက်နည်းပြီး ဆိတ်ငြိမ်တိတ်ဆိတ်လျက်ရှိ၏။ တစ်ခွင်တစ်ပြင်ဝန်းကျင်တစ်ခုလုံးကလည်း တောချုံရုံများ ထူထပ်လျက်ရှိ၍ ဧရာမမန်ကျည်းပင်ကြီးများအုပ်လွှမ်းနေသဖြင့် ဘုရားနေရာ အသွားအလာကျဲပါးကာ ပွဲတော်ရက်မှလွဲ၍ ခေါင်းပါးလျက်ရှိ၏။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးနှင့် သိမ်ကုန်းဘုရားကား ရှေးကပဋ္ဌာန်းဆက်များရှိခဲ့လေသလားမသိ။ ဆရာတော်ဘုရားကြီးကိုယ်တိုင်ရေးသားသော 'ဘဝကန္တာရ သင်္ကေတကထာ ခရီးလမ်းကြမ်းစခန်းဖွေရှာတစ်သက်တာ' စာအုပ်တွင် တွေးတောစဉ်းစားဖွယ်ရာ ဖတ်ရှုရပါသည်။

မြန်မာနှစ် ၁၃၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ညနေချမ်းက သာစည်မြို့နယ် အုတ်တွင်းအုပ်စု အင်တိုင်းသာရွာမြောက်ဘက် ဘုရားတိုက်သို့ ရဟန်းတစ်ပါး ကြွရောက်လာ၏။ နောင်တွင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဖြစ်လာသည့်ယင်းရဟန်းသည် ရွှေကျောင်းကုန်းတော်သို့ ဧကစာရီတောရဆောက်တည်ရန် ကနဦးတောထွက်လာရင်း ဤနေရာသို့ ရောက်ရှိလာခြင်းဖြစ်၏။

ထိုရဟန်းကို ဒေသခံဆရာတော်မှ ယုံကြည်ခြင်းမရှိသဖြင့် လက်ခံမထားလိုပေ။ ထို့ကြောင့် လူတို့မသွားဝံ့သောနေရာ ရှေးကဘုရားဟောင်းဘုရားပျက်များရှိရာ ဘုရားတိုက်တောအုပ်ထဲသို့ ပြီးကပစ်ပို့ဆောင်စေခဲ့သည်။ ခပ်မြန်မြန်ပြန်ပြေးလိမ့်မည်ဟု ယူဆထားသည့်ယင်းရဟန်းကို တစ်ပတ်သာဧခွင့်ပြုထားပြီး ထိုသတင်းကလည်း တောမီးပမာ ပျံ့နှံ့သွားသည်။

အင်တိုင်းသာရွာတောင်ဘက်အနီး သရက်တောဥယျာဉ်ကြီးတွင် နေထိုင်သော ဖိုးသူကြီးဦးအောင်မြင့်က ရဟန်းထံ ရောက်လာပြီး -

"ဤဒေသတွင်နေမည်ဆိုလည်း ပစ္စည်းလေးပါး တာဝန်ယူ ထောက်ပံ့ပါမည်။ အခြားနေရာသို့ကြွမည်ဆိုလျှင်လည်း စရိတ်စကလှူဒါန်းပါမည်။ သရက်ဥယျာဉ်ကိုသာကြွဖြစ်အောင်ကြွခဲ့ပါ"

ဟု ပင့်လျှောက်သည်။

ဦးအောင်မြင့်ကား အုတ်တွင်းရွာကဖြစ်၍ အုတ်တွင်းဒိုင်သူကြီးလုပ်ခဲ့ဖူးသဖြင့် ဖိုးသူကြီးဟုတွင်လျက်ရှိသည်။ တာဝန်မှအနားယူချိန်၌ သရက်ဥယျာဉ်စိုက်၍ ယာတောတွင် အေးချမ်းစွာနေထိုင်လျက်ရှိ၏။ ဦးအောင်မြင့်သည် ရွှေကျောင်းကုန်းတောင်ပေါ်ရှိ ဘုရားဟောင်းနှင့်လည်း ပဋ္ဌာန်းဆက်ရှိခဲ့ဖူးလေသည်။

ပုဂံခေတ်တွင် ရွှေကျောင်းကုန်းတောင်ပေါ်ရှိစေတီကို ရှင်မထီးဆရာတော်ကြီးတည်တော်မူရာ ထိုဘဝ၌ ဦးအောင်မြင့်ပါဝင်ကြီးကြပ်ဆောင်ရွက်ရသည်ဆို၏။ ယင်းစေတီသည် အုတ်ကျိုးအုတ်ပုံတစ်ခုအဖြစ်သာရှိတော့ရာ ယခုဘဝတွင် လူလာဖြစ်သောဦးအောင်မြင့်ပါဝင်ဆောင်ရွက်မှ အထမြောက်အောင်မြင်မည်ဆို၏။ ဘုရားကို ဆရာတော်ဘုရားကြီး ပြန်လည်တည်သောအခါ တကယ်လည်း ဦးအောင်မြင့်ပါဝင်ခဲ့ရ၏။ လောကမုနိစေတီတော်ဟု ကမ္ပည်းထိုး၍ ၁၃၄၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်နေ့၊ (၁၁)နာရီ (၁၁)မိနစ်တွင် ဌာပနာပိတ်ပြီး ထိုနှစ်တပေါင်းလပြည့်နေ့တွင် ရွှေထီးတော်တင်လှူခဲ့သည်။

အင်တိုင်းသာဘုရားတိုက်တွင်ရှိသောရဟန်းကို ပင့်ဆောင်ရန် ဦးအောင်မြင့် လျှောက်ထားပြီးနောက် နှစ်ရက်ခန့်မြောက်တွင် ထနောင်းကန်ရွာမှ ဦးဟံခင် ရောက်လာ၍ ပင့်ပြန်၏။

ဦးဟံခင်က ထနောင်းကန်ရွာ



www.burmeseclassic.com

www.burmeseclassic.com

ကား ချောင်ကျသဖြင့် အဘယ်ရဟန်းလာလာ ရွာအထိရောက်မလာဘဲ လှည့်ပြန်သွားမြဲဖြစ်သည်။ တပည့်တော်ရွာကိုသာကြွခဲ့ပါ။ အမြဲနေလိုကလည်း သိမ်ကုန်းဘုရားတွင် နေနိုင်ပါသည်။ အခြားကြွမည်ဆိုလည်း နီးရာဟံဇာဘူတာမှတစ်ဆင့် လိုရာဒေသအထိ ခရီးလက်မှတ်ဆက်ကပ်ပါမည်ဟု လျှောက်၏။

သီတင်းကျွတ် လကွယ်နေ့တွင် နေထိုင်ခွင့်တစ်ပတ်ပြည့်၍ ရဟန်းသည် သက်ဆိုင်ရာဆရာတော်ထံလျှောက်ထား၍ မူလလာပင့်သော ဖိုးသူကြီး သရက်တောဥယျာဉ်ခြံသို့ ကြွရောက်လာ၏။

ဖိုးသူကြီး ဦးအောင်မြင့်လည်း ရဟန်းကို ဝမ်းပန်းတသာဆီးကြိုကာ -

"ရဟန်းဆိုတာ အရင်ပင့်သူထံ အရင်ကြွရိုးထုံးစံရှိပါတယ်။ တပည့်တော်က အရင်ပင့်ထားတော့ တပည့်တော်ဆီမှာပဲ သီတင်းသုံးပါဦးဘုရား။ ဟောဟိုခေါင်းရင်းက သရက်ပင်ကြီးနှစ်ပင်ကို အရှင်ဘုရား တစ်သက်လုံးနေ တစ်သက်လုံးပင်လှူပါသည်ဘုရား"

ဟု လျှောက်ထား၏။

ရဟန်းလည်း ဖိုးသူကြီးဦးအောင်မြင့်လျှောက်ထားသည့်အတိုင်း သရက်ပင်အောက်ရှိ ဝါးကွပ်ပျစ်တွင် ငါးရက်သီတင်းသုံး၍ မူလစိတ်စွဲရာ ရွှေကျောင်းကုန်းတောင်တွင်သာနေလိုသောဆန္ဒဖြစ်သဖြင့် တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့တွင် သရက်ဥယျာဉ်မှ တောင်ခြေသို့ ကြွတော်မူ၏။ ထိုစဉ်မှစ၍ ရွှေကျောင်းကုန်းတောင်သာသနာနေလိုလလိုပမာ ထွန်းလင်းလာပြီး ရွှေကျောင်းကုန်းတောင်ဆရာတော်ဟူ၍ တစ်မုဟုတ်ချင်း ကျော်ကြားလာလေသည်။

ရွှေကျောင်းကုန်းတောင်တော်တွင် သီတင်းသုံးတော်မူလျက်ရှိသော ဆရာတော်သည် အင်တိုင်းသာဘုရားတိုက်တွင် သီတင်းသုံးနေစဉ်အခါက ဖိုးသူကြီးဦးအောင်မြင့်နောက် လာပင့်ဖူးသော ထနောင်းကန်ရွာမှ ဦးဟံခင်ကို တရားဖြင့် ကျေးဇူးဆပ်ရန်ရှိနေသည်။ ၁၃၄၂ ခုနှစ်၊ ပထမဝါဆိုလဆန်းတွင် ထနောင်းကန်ရွာ သိမ်ကုန်းဘုရားသို့ ကြွတော်မူ၏။ သိမ်ကုန်းဘုရားတွင် ဝေနေယျအပေါင်းတို့အား တရားဟောတရားပြခြင်းများပြုလေ၏။ ယင်းမရိုး၊ ထနောင်းကုန်း၊ ကျားပစ်ကန်၊ ငှက်ကြီးသိုက်၊ မြောင်းဦးရွာများသို့ အလှည့်ကျဆွမ်းခံကြွပေး၏။ ဆယ်ရက်မြောက်နေ့ပေးပြီး ရွှေကျောင်းကုန်းတောင်သို့ ပြန်ကြွတော်မူ၏။

ဤတွင် ဦးအောင်မြင့်နှင့် ရွှေကျောင်းကုန်းတောင်ရှိ ဘုရားတို့ ပဋ္ဌာန်းဆက်ရှိသကဲ့သို့ သိမ်ကုန်းဘုရားနှင့် ဦးဟံခင်လည်း ပဋ္ဌာန်းဆက်မရှိခဲ့ဟု မပြောနိုင်ပေ။ ယင်းဘုရားနှစ်ဆူစလုံးသည် ရှေးဟောင်းဘုရားများဖြစ်သည့်အလျောက် ဥစ္စာစောင့်၊ သိုက်စောင့်များရှိသည်ဟူသောစကားကလည်း ကျော်စောနေရာ ထိုမသိအပ်မမြင်အပ်သောပုဂ္ဂိုလ်တို့က ဆရာတော်ပြန်မကြွရန် ထိုစဉ်၌ ဦးအောင်မြင့်နှင့် ဦးဟံခင်တို့အား ဆော်ကျူးပေးခြင်းလည်း ဖြစ်နိုင်ချေသည်။

၁၉၉၀ ပြည့်နှစ်၊ မေလ၁ရက်နေ့တွင် သိမ်ကုန်းဘုရားနေရာတည့်တည့်၌ နိုင်ငံတော်အစိုးရက စမုံမြစ်ရေထိန်းတမံကြီး စတင် တည်ဆောက်သည်။ ထမံအလျား (၁၄၁၅၀) ပေ၊ အမြင့်(၃၈)ပေရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ရေပိုလွှဲအကျယ်(၄၀၀) ပေ၊ ရေတံခါးရေပိုလွှဲ (၈ ပေ× ၆ ပေ) (၈)ပေါက်၊ သဲထုတ်တံခါး (၈ ပေ × ၆ပေ) (၉)ပေါက်တို့ဖြင့် တည်ဆောက်ထားသည်။

ရေပြည့်ချိန် ကန်ရေပြင်အကျယ် (၂၀၀၁) ဧကရှိပြီး ရေလှောင်ပမာဏ (၈၀၀၀) ဧကပေရှိကာ ရေသောက်ဧရိယာ (၁၂၀၀၀) ဧကသောက်သုံးနိုင်သည်ဟု တွက်ချက်ထားသည်။ (၁၀)မိုင်မျှရှည်လျားသော လက်ဝဲရေပေးမြောင်းနှင့် (၅)မိုင်ခန့်အရှည်ရှိ လက်ယာရေပေးမြောင်းတို့ကို လူထုလုပ်အားဖြင့် တူးဖော်၍ ခန့်မှန်းကုန်ကျငွေ (၇၅. ၅) သန်းဖြစ်ပြီး ၁၉၉၃ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် တည်ဆောက်မှုလုပ်ငန်း ပြီးစီးခဲ့သည်။

သမိုင်းထင်ရှားစွာရှိခဲ့သောစမုံမြစ်သည် ရေထိန်းတမံကြီးတည်ဆောက်ထားသော်လည်း ကောက်ပဲသီးနှံစိုက်ပျိုးရေအတွက် လုံလုံလောက်လောက် မည်မည်ရရမပေးနိုင်ချေ။ တမံထရတောင့်ရခဲဝင်လာသောရေကို တမံပေါင်ကျိုးမည်စိုးပြီး စိတ်မချသဖြင့် လွှတ်ပစ်ရခြင်း၊ အနည်းအကျဉ်းကျန်နေသောရေကို ပိတ်ထားသော်လည်း ရေတံခါးမလုံသဖြင့် ဖစိမ့်စိမ့်ကုန်သွားခြင်းကြောင့် တစ်နှစ်လာလည်း ထိုနည်းလည်းကောင်းဖြစ်နေသည်။

၁၉၉၃ ခုနှစ် တမံတည်ဆောက်ပြီးခါစက ရွာသွန်းသောမိုးတွင် ရေဝင်ကြမ်းတမ်းပြီး ရေတံခါးများသံချေး၍ ဖွင့်မရသဖြင့် တမံပေါင်ပေါ် ရေကျော်ကာ တမံကျိုးပေါက်သွားဖူးသည်။ တမံအောက် စမုံကမ်းပါးတစ်လျှောက်တွင် တဲအိမ်ဆောက်လုပ်ကာ နေထိုင်ကြသောတောင်သူများ တစ်ဝဲလုံးကျွတ်ပြီးလူရောတဲတို့ပါရေစီးနောက်မျောပါသွားသဖြင့် လူအသေအပျောက်ပင်ရှိခဲ့သည်။ ကျွဲ၊ နွားတိရစ္ဆာန်၊ ပစ္စည်းပစ္စယနှင့် မျိုးပဲများဆုံးရှုံးခြင်း၊ ကောက်ပဲသီးနှံခင်းများပျက်စီးခြင်းတို့လည်းရှိခဲ့သည်။

အနော်ရထာမင်းလက်ထက်တော်က စမုံမြစ်တွင် ဆည်တည်၍မရနိုင်ကြောင်း နိမိတ်ဖတ်သဖြင့် ဆည်မတည်ဘဲ လက်လျှော့တော်မူခဲ့သည်။ ယခုမျက်မှောက်ခေတ်တွင် အယူသီးမှုတို့ကို ဘေးချိတ်၍ စက်ယန္တရား၊ လူအင်အားငွေကြေးများစွာ အကုန်အကျခံကာ ဆည်တမံတည်ဆောက်ခဲ့ရာ ဆည်ပြီးပြီးချင်းပင် ကျိုးပေါက်သွားသည်။ ထို့ပြင် ရေထိန်းတံခါးများကလည်း မည်သို့ပင် ပိတ်ဆို့စေကာမူ ရေပိတ်၍မလုံနိုင်အောင် တစိမ့်စိမ့်ထွက်နေသည်မှာ ဘီလူးမကျိန်စာသင့်နေသည်လားမပြောတတ်ပေ။ ဆည်ကျိုးပေါက်သည့်နေရာကို ပြန်လည်ဆ ့ိပိတ်ဆို့ထားရာ ကွေ့ကောက်လျက်ရှိသောတမံပေါင်ကို တွေ့နိုင်သကဲ့သို့ မည်သို့မျှ ရေပိတ်၍မလုံခြုံသော သက်သေသာက်ကန်တို့ကလည်း ယနေ့တိုင်ရှိနေဆဲဖြစ်လေသည်။

စမုံမြစ်နှင့် ရှေးဟောင်းသိမ်ကုန်းဘုရားကား သမိုင်းစဉ်တစ်လျှောက်ဖြစ်စဉ်မည်သို့ရှိခဲ့သည်ကိုမသိနိုင်သော်လည်း တစ်သီးတခြား သမိုင်းခွဲခြားမရသည်ကတော့ သေချာနေသည်။ မည်သို့ပင်ရှိစေ သိမ်ကုန်းစေတီတော်မြတ်သည်ကား စမုံမြစ်ရေထိန်းတမံပေါင်ထက်တွင် ရွှေရောင်တဝင်းဝင်းသပ္ပာယ်ခြင်းဖြင့် ကိန်းဝပ်စံပယ်တော်မူလျက်ရှိလေသည်။

အာကာသ (သာစည်)

**မှီငြမ်း -**

ပုဂံနွယ် ကိုးခရိုင်ဉာဏ်အောင် (ကျောက်ဆည်ဒေသမ ပြက္ခဒိန် အနောက်တောင်ထိပ်ရှိ စွယ်တော်ရှင်စေတီတော်မြတ်ဘုရားသမိုင်းနှင့် မြစ်သားမြို့သမိုင်း)၊

ကိုယ်တိုင် ရောက်ရှိ မှတ်တမ်းယူပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ခေတ်ကာလ သိပ္ပံပညာရပ်များ အလွန်တိုးတက်ထွန်းကားနေသော အချိန်၊ အိုင်တီခေတ်၊ ကမ္ဘာကြီးပင် ရွာကြီးတစ်ရွာပမာမျှသာရှိတော့သော၊ ...ပိုင်းဆိုင်ရာပညာရပ်များ အလွန် ...တက်ဖြစ်ထွန်းနေသော အခါသမယ ...၌ ဂါထာ၊ မန္တန်၊ အင်း၊ အိုင်၊ ခါးလှည့်၊ ...၊ ဆေးဝါး စသည့်နာမ်ပိုင်းဆိုင်ရာ ...ရှိဝိဇ္ဇာမယလောကီပညာရပ်များ ...ပေါ် ယုံကြည်သူတွေ တစ်စတစ်စ ...ပါးသွားကုန်ကြသည်ဟု ကျွန်ုပ် ...ထင်မိသည်။ သို့ဖြစ်၍ ဤသို့သော ...လအခါသမယမျိုးဝယ် ဂန္ဓာရီဝိဇ္ဇာ ...လောကီပညာများသည် ယုံကြည် ...ထားလောက်ပါသည်ဟု မဆိုချင် ...လို မယုံကြည်ကြပါနှင့်ဟုလည်း မဆို ...ချင်ပါ။ ပညာရပ်တို့ဟူသည် သိပ္ပံပညာရပ်ဖြစ်စေ၊ ဝိဇ္ဇာမယပညာရပ်ဖြစ်စေ ပညာရပ်တို့၏ အတိမ်အနက် အတိုင်းအတာတို့ကို ဂယနဏမသိဘဲ အရမ်းကာရော မှတ်ချက်ချ ဝေဖန်ပြောဆိုရန်မသင့်သောကြောင့် ဖြစ်ပါလေသည်။

လွန်ခဲ့သော ဒုတိယအင်းဝခေတ်ဟုဆိုခဲ့သော ခေတ်ကာလက အင်းဝိဇ္ဇာအကျော် ဗားမဲ့ဆရာတော်ဘုရားကြီးက သာလွန်မင်းကြီးအား -

'ယခုအခါကာလ အခါသမယ (ထိုအင်းဝခေတ်ကပင်) ပညာသိ၊ ပညာမှန် တတ်သိသူအလွန်ရှားလှပေသည်။ တတ်သိသူရှိသော်လည်း နည်းစနစ်တကျ စီရင်ပြုလုပ်တတ်သူရှားပါးလှပါ

△ ကြို့ရတနာ -


# ဆရာဇေယျာလင်း

(ကာတ္တိပါဖိနပ်စီး၊ ၂ ရွှေထီးဆောင်း)

## ဇေယစက္ကာအင်းဂါထာနှင့် လူငယ်လေးတစ်ယောက်အကြောင်း



www.burmeseclassic.com



**မောင်သော်တာဝင်းအား စီရင်ပေးလိုက်သော ယေစတွေ့ာအင်းအစီအရင်ပုံ**

ချေ၏။ တစ်ဖန် လောကီပညာသည် မှားသည်လည်းရှိ၏။ မှန်သည်လည်း ရှိ၏"

ဟု မိန့်ကြားပြောဆိုခဲ့ဖူးပါသည်။

ဆရာတော်ဘုရားကြီး၏ထိုစကားတို့ကို ထောက်ရှုကြည့်သော် ထိုဗားမဲ့ ခေတ် (အင်းဝဒုတိယခေတ်)လောက်က ပင် ပညာတကယ်တတ်သိသူရှားပြီး စနစ်တကျ လုပ်ကိုင်တတ်သူ ရှားပါးပါ ချေသည်ဟုဆိုပါလျှင် ဤသို့ အိုင်တီခေတ်၊ ကမ္ဘာ့ရွာခေတ်၊ အင်္ဂါဂြိုဟ်၊ သောကြာဂြိုဟ်တို့ကိုပင် ခြေဆန့်ရန် ကြိုးစားနေသော ဤယခုကာလရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာရပ်များ အစွမ်းကုန် တိုးတက်နေသောခေတ်သစ်မျိုး၌ ဂန္ဓာရီ ဝိဇ္ဇာမယပညာရပ်များ မှေးမှိန်နေသလို ပညာရှင်အစစ်အမှန်များ ရှားပါးနေသည်ဖြစ်ရကား ဂန္ဓာရီဝိဇ္ဇာမယလောကီ ပညာရပ်များအပေါ် လူအများယုံကြည်မှုကင်းမဲ့နေသည်ကို အပြစ်မဆိုသာပါချေ။

သို့သော် ယခု ကျွန်ုပ် ရေးသားပြောဆိုနေသည့်အတိုင်း ဤ ယခု သိပ္ပံခေတ်ကြီး၌ သိပ္ပံပညာရပ်အတတ်ဖြစ်သော အီလက်ထရွန်နစ်ပညာရှိ (Electronic Technician) လူငယ်အင်ဂျင်နီယာတစ်ယောက်က လောကီဂန္ဓာရီပညာရပ် ဝိဇ္ဇာမယအဆောင်အင်းအစီအရင်တစ်ခုနှင့် ဂါထာမန္တန်အပေါ် အလွန်ယုံကြည်သက်ဝင်သွားရလောက်အောင် တွေ့ကြုံခဲ့ဖူးသည်ဆိုပါလျှင် စာရှုသူတို့ လက်ခံကြပါမည်လော။ ဤအကြောင်းကို ကျွန်ုပ်သည် ဤလောက၌ ဤသို့သောဝိဇ္ဇာမယပညာရပ်မျိုးရှိသည် ဟူသောသာဓကလေးကို ဤမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်နှင့် အများပြည်သူတို့ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာစွမ်းကို သိရှိနိုင်ကြပါစေရန်အလို့ငှာ ဤဆောင်းပါးလေးကို ရေးသား မျှဝေ တင်ပြလိုက်ရခြင်း ဖြစ်ပါလေသည်။

❑

"ဟိုက်. . . ဗုဒ္ဓေါ"

မောင်သော်တာဝင်းတစ်ယောက် ရုတ်တရက် မြည်တမ်းရေရွတ်ရင်း အာမေဍိတ်သံဖြင့် လွှတ်ခနဲအော်လိုက်မိသည်။ သူ့ဘေးဘယ်၊ ညာဘောင်းဘီ အိတ်နှစ်ဖက်ကိုလည်း စမ်းကြည့်လိုက်သည်၊ မရှိ။ သို့နှင့် သူ့ပခုံးလွယ်အိတ်ထဲလည်း မွှေနှောက်ရှာကြည့်လိုက်သည်၊ မရှိ။ သေချာပြီ။သူ့လက်ကိုင်ဖုန်းပျောက်သွားပြီ။ ဘယ်မှာပျောက်သွားသလဲ။ သူ အလျှင်အမြန် စဉ်းစားလိုက်သည်။ ရုံးကနေ အရိုးအကြောဆေးရုံကြီးဆီကို ထွက်လာခဲ့ခြင်းဖြစ်ရာ ရုံးကနေ ဆေးရုံ ရှိ သူ့လုပ်ဖော်ကိုင်ဖက်အချို့ကိုပင် ဖုန်း ခေါ်လိုက်သေးသည်။ နောက်ဆေးရုံရှေ့ အရောက် Taxi ကို ရပ်ခိုင်းပြီး ဆင်း လာခဲ့သည်။ ဆေးရုံပေါ် တက်ကိုအောက် ရောက်မှ ရုံးကိုဖုန်းပြန်ဆက်ရန် သတိရ မိသဖြင့် လက်ကိုမ,လိုက်ရာ လက်ထဲမှာ ဖုန်းကပါမလာ။ ဗလာလက် ချည်းသက် သက်။ သို့ကြောင့် သူခေါင်းနားပန်းကြီး ထူပူသွားကာ အထက်ပါအတိုင်း အာမေဍိတ်ရေရွတ်ရင်း သူ့လက်ကိုင်ဖုန်း ကို နေရာအနှံ့ရှာဖွေသော်လည်း မတွေ့ တော့။

ခက်ချေပြီ။ ဘယ်မှာကျန်ခဲ့ပါ လိမ့်။ အပြေးအလွှားစဉ်းစားရင်းမှ 'ဟာ- ဟုတ်ပြီ တက္ကစီပေါ် ပါသွားပြီ။ ငါတက္ကစီ ကားပေါ်မှာထိုင်တုန်းက သူငယ်ချင်း တစ်ယောက်ဆီ ဖုန်းဆက်သေးတယ်၊ ပြီးတော့ အိတ်ထဲက စာရွက်တစ်ရွက် ထုတ်ဖတ်ချင်လို့ ဖုန်းကိုပေါင်ပေါ် လား ထိုင်ခုံကူရှင်ပေါ် လား တင်ထားခဲ့တာ သေချာပြီ၊ တက္ကစီပေါ် ဖုန်းမေ့ကျန်ခဲ့ပြီး ကားပေါ် ပါသွားပြီ၊ ဒုက္ခပဲ။ ကားနံပါတ် လည်း မမှတ်မိ။ ဟာ - ဟုတ်ပြီ။ မောင် မျိုးဆီအပြန်သွားပြီး ငါ့ဖုန်းကိုခေါ်ကြည့် မှပဲ။ တက္ကစီဒရိုင်ဘာရိုးသားရင်တော့ ပြန်ရမှာပေါ့။ ထိုသို့ မိမိလက်ကိုင်ဖုန်း တက္ကစီကားပေါ် ပါသွားမှန်း သေချာ သွားသောအခါ သော်တာဝင်း တစ်ယောက် ဆောက်လက်စ ဆေးရုံ အဆောင်ထဲ အပြေးဝင်သွားကာ -

"ကိုမျိုးရေ ကိုမျိုး"

"ဗျာ - အစ်ကို"

"ဗျာအစ်ကိုလုပ်မနေနဲ့။ မင်းဖုန်း ငါ့ကိုအမြန်ခဏပေးစမ်း ငါအရေးကြီး လို့"

"ဟုတ်-အစ်ကို။ ဒါနဲ့ အစ်ကို့ဖုန်း က"

ကိုမျိုးဟာ သူနှင့်လုပ်ဖော်ကိုင်ဖက် ဂျူနီယာအင်ဂျင်နီယာလေးတစ်ယောက် အရိုးအကြောဆေးရုံသစ်ဆောက်လုပ်ခန်း သူနှင့်အတူတူ တာဝန်တွဲကျသူ။ ကိုမျိုး လည်း ဘာမသိဘာမသိနှင့် သော်တာဝင်း လက်ထဲသို့ သူ့ဖုန်းလေးကိုကမ်းပေး လိုက်သည်။ ဖုန်း ခေါ်သံဝင်သွားသည် သူ့ဖုန်းကို သူအကြိမ်ကြိမ်ခေါ်သော် လည်း ဖုန်းသံဝင်ပေမယ့် ဖုန်းကိုမကိုင် (၅) ကြိမ်မြောက်ခေါ်သည့်အခါတွင် ကား တစ်ဖက်က ဖုန်းကိုလုံးဝပိတ်သွား လိုက်သည်။

သော်တာဝင်း ရင်မောသွားရပြီ



www.burmeseclassic.com

www.burmeseclassic.com

သည့်ပုံစံက သူ့ဖုန်းကိုရရှိသူက ပြန်မပေးချင်သဖြင့် ဖုန်းကိုပိတ်ပြီး အစသတ်ပြီးရာဖျောက်သွားချေပေပြီ။ ဖုန်းက ပြဿနာမရှိ။ ဖုန်းအသစ်ပြန်ဝယ်၍ရသည်။ သို့ပေမယ့် ဖုန်းထဲက ဆင်းကတ်များက သူနှစ်ရှည်ကြာသုံးလာသော ဆင်းကတ်များဖြစ်သဖြင့် မိတ်ဆွေ သူငယ်ချင်း၊ ဆွေမျိုးညီအစ်ကိုမောင်နှမ၊ လုပ်ငန်းနှင့်ဆက်စပ်သည့်အဆက်အသွယ်များစွာဖြင့် လုပ်ငန်းဆိုင်ရာ ဖော်မြူလာ အရေးကြီးအချက်အလက်များ အားလုံးက ထိုဖုန်းထဲမှာပါသွားချေပြီ။

သော်တာဝင်း စိတ်ဓာတ်အကြီးအကျယ်ကျသွားပြီ။ သူ့ဖုန်းကိုသာပြန်ပေးပါက ဖုန်းတန်ဖိုးအတိုင်း ဆုငွေပြန်ပေးရန် ဝန်မလေး။ ထို့ကြောင့် ဖုန်းကောက်ရသူက စိတ်ကောင်းနှလုံးကောင်းဝင်ပြီး ကိုမျိုးဖုန်းမှတစ်ဆင့် ပြန်ဆက်သွယ်လာရန်သာ ဘုရားတ,၍ မျှော်လင့်နေပေတော့မည်။ သို့နှင့် သော်တာဝင်းတစ်ယောက် တစ်နေကုန် အလုပ်လုပ်ရသော်လည်း စိတ်မဖြောင့်။ ကိုမျိုးကိုလည်း ဖုန်းကောက်ရသူဆက်သွယ်လာပါက သူ့ထံအမြန်အကြောင်းကြားရန်မှာထားရသည်။

❑

သော်တာဝင်း ဖယောင်း (၉) တိုင်၊ အမွှေး (၉) တိုင်၊ သောက်တော်ရေချမ်း၊ ပန်းများ ကပ်လှူလျက် ဘုရားကိုသေချာစွာရှိခိုးလိုက်သည်။ ထို့နောက် ဘုရား၊ တရား၊ သံဃာ ရတနာ (၃) ပါး၊ အမိအဖ ဆရာသမား အနန္တောအနန္တငါးပါးကို ရိုသေစွာရှိခိုးပြီး ငါးပါးသီလခံယူကာ မေတ္တာသုတ် (၃) ခေါက်ရွတ်ပြီးနောက် သူ့လက်ကိုင်အိတ်ထဲ အမြဲဆောင်ထားသော 'ဇယစက္ကောအင်းချပ်လေး' ကို ထုတ်လိုက်သည်။ ထိုအင်းချပ်လေးမှာ [illegible]တ်စတစ်လောင်းထားပြီး အင်းကွက်ထွင် အရံဂါထာတစ်ပုဒ်ကိုလည်း ရေး၍ [illegible]ထားကြောင်း တွေ့ရသည်။ သူသည် အီလက်ထရွန်နစ်အင်ဂျင်နီယာ ခေတ်ပညာတတ် လူငယ်တစ်ယောက်။ သို့သော် ဂမ္ဘီရပညာရပ်များကို သူ စိတ်ဝင်စားသည်။ သို့ကြောင့်လည်း ဤအင်းချပ်လေးကို တရိုတသေ သိမ်းဆည်းဆောင်ယူထားခဲ့သည်မှာ (၁) နှစ်ခန့်မျှ ကြာမြင့်ခဲ့ပြီ။ သူသည် အင်္ဂါသားဖြစ်သဖြင့် ဇယစက္ကောအောင်ဂါထာခေါ် [illegible]ချက်အောင်ဂါထာနှင့် ထိုဂါထာကို [illegible]ထားသော ဇယစက္ကောအင်းသည် သူ့ကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဟုဆိုထားသဖြင့် သူဆောင်ယူထားခဲ့ခြင်း ဖြစ်သည်။ (ထိုအင်းမှာ ကျွန်ုပ် တြိရတနာ ဆရာဖေယျာလင်း စီရင်ပေးလိုက်သော အင်းဖြစ်ပေသည်။)

သော်တာဝင်းသည် အင်းချပ်ကို ဘုရားကျောင်းဆောင်ပေါ် ညောင်ရေအိုး၌ မှီလျက်ထောင်ထားလိုက်ပြီးနောက် (၁၀၈) လုံးပုတီးကိုကိုင်ကာ ဇယစက္ကောအောင်ဂါထာကို တစ်ထောင်ပြည့်အောင် စိပ်လေတော့သည်။ သော်တာဝင်း၏ စိတ်ကူးကား မရသည့်အဆုံးတော့ ဘုရားသာ အားကိုးစရာရှိတော့သည်ဟူသော စိတ်ကူးပါပေ။ အောင်ဂါထာကို တစ်ထောင်ပြည့်ပြီးနောက် -

"ဘုရားတပည့်တော်သည် မြတ်စွာဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီး အလင်းဓာတ်များ ကပ်လှူပူဇော်ရသော ကုသိုလ်၊ ဇယစက္ကောအောင်ဂါထာဖြင့် ပူဇော်ရသောကုသိုလ်နှင့် ဤအောင်ဂါထာအင်းမြတ်၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့် ဤအင်းစောင့်နတ်မှစ၍ သာသနာတော်စောင့်နတ်၊ လောကပါလနတ်တို့နှင့် သမ္မာဒေဝနတ် မြတ်နတ်ကောင်းနတ်အပေါင်းတို့သည် တပည့်တော်၏ ပျောက်ဆုံးသွားသော လက်ကိုင်ဖုန်းကိုပြန်လည်ရရှိရန် စောင်မကူညီတော်မူကြပါစေသတည်း"

ဟု သူတတ်သလောက် တိုင်တည်ဆုတောင်းလိုက်လေတော့သည်။ မနက်အစောပိုင်းလည်း ဘုရားရှိခိုးကာ အင်းချပ်ကိုကိုင်လျက် ဇယစက္ကောအောင်ဂါထာကို (၁၀၈) ခေါက် ရွတ်ဖတ်ကာ ထပ်မံဆုတောင်းလိုက်သေး၏။ သို့သော် ထိုနေ့ နေ့လယ် (၁၂) နာရီအထိတိုင်အောင် တစ်စုံတစ်ရာ ထူးခြားမရှိပါသေးချေ။



ထို့ကြောင့် သော်တာဝင်းလည်း လုံးလုံးဆုံးပေပြီဟု စိတ်လျှော့လိုက်ကာ အလုပ်ထဲ၌သာ စိတ်နှစ်ထားလိုက်ပါသည်။ သည်ကြားကာလ ဖုန်းသုံးစရာရှိလျှင် ကိုမျိုးလေးဖုန်းကိုသာ အငှားသုံးရလေသည်။

သို့နှင့် နေ့လယ် (၂) နာရီခန့်တွင် -

"ကိုသော်ရေ ကိုသော်၊ ဒီမှာကြည့်ပါဦး။ ကျွန်တော့်ဖုန်းထဲမှာအစ်ကို့နာမည်နဲ့ ဖုန်းနံပါတ်ကိုခေါ်နေတယ်။ လာကြည့်အစ်ကို လာကြည့်"

အလုပ်လုပ်နေရာမှ သော်တာဝင်းတစ်ယောက် ကိုမျိုးက အလန့်တကြား ပုံစံမျိုးခေါ်သံကြားမှ ခေါင်းမော့ကြည့်မိပြီး ကိုမျိုးရှိရာသို့ခပ်သွက်သွက်ကလေး လှမ်းသွားလိုက်မိသည်။ အားလုံးသိကြသည့်အတိုင်း သော်တာဝင်းဖုန်းနံပါတ်ကို အမည်နှင့်တွဲလျက်ပေါ်နေလေခြင်း ဖြစ်ပါသည်။

"ဟဲလို ဟဲလို၊ ဘယ်သူများလဲခင်ဗျာ"

သော်တာဝင်းက ဖုန်းကိုပြန်၍ထူးလိုက်သည်။

"ဩော် - ညီလေးရေ အခုနံပါတ်ပေါ်နေတဲ့ ဖုန်းပိုင်ရှင်နဲ့ ညီလေးများ အဆက်အသွယ်ရှိသလား။ ဒီနံပါတ်နဲ့ အစ်ကို့ကိုခေါ်ထားလို့လေ"

"ဟုတ်ကဲ့ - အဲဒါကျွန်တော်ပါ အစ်ကို။ အဲဒီဖုန်းနံပါတ်ဆင်းကတ်နဲ့ ဖုန်းက ကျွန်တော့်ဖုန်းပါ အစ်ကို။ အစ်ကိုက ဘယ်သူလဲ"

သော်တာဝင်း စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

"အစ်ကိုက မနေ့က ညီလေးငှားစီးတဲ့ တက္ကစီယာဉ်မောင်းပါ။ ညီလေးကို နည်းနည်းမေးချင်တယ်။ ဒီဖုန်းကို ညီလေးဘယ်နေရာမှာကျန်ခဲ့တယ်ထင်သလဲ။ ဖုန်းအမျိုးအစားကဘာလဲ"

"မနေ့က မနက် (၁၀) နာရီလောက်မှာ ကျွန်တော်နောက်ဆုံး အရိုးအကြောကုဆေးရုံတိုးချဲ့ဆောင်သစ်နားမှာ ဆင်းခဲ့တာအစ်ကို။ ဖုန်းအမျိုးအစားကတော့ Samsung Note-3 ပါ"

"အဲ-ဒါဆိုဟုတ်ပြီ၊ ညီလေးဖုန်းပဲ။ ညီလေးက အရိုးကြောကုဆေးရုံတိုးချဲ့ဆောင်သစ်မှာ ပျာပျာပျာပျာနဲ့ ဆင်းသွားပြီး ညီလေးစီးသွားတဲ့နောက်ထိုင်ခုံ ကုရှင်ပေါ်မှာကျန်ခဲ့တာ၊ ဒီလိုလုပ်၊ ညီလေးကို အစ်ကိုဘယ်မှာလာတွေ့ရမလဲပြော"



www.burmeseclassic.com

www.burmeseclassic.com

"အခု ချက်ချင်းကို တွေ့ချင်တာ အစ်ကို။ ဒါပေမယ့် အရေးတကြီး စက်တချို့ ပြီးအောင်ဆင်ရမှာမို့ ညနေ (၅) နာရီခွဲလောက် အစ်ကိုရှိတဲ့နေရာကို လာခဲ့ပါ့မယ်"

သော်တာဝင်း ထခုန်မတတ် ဝမ်းသာမိသွား၏။ ထို့ပြင် သူ့လက်ကိုင်အိတ်ထဲမှ ဇယစက္ကောအင်းချပ်ကလေးကိုလည်း ထုတ်ကြည့်မိ၏။ ဤအင်းချပ်ကလေးဆောင်ပြီးနောက်မှစ၍ သူသိသိသာသာ အကျိုးကျေးဇူးတွေခံစားရ၏။ ယခင်က ကုမ္ပဏီက နိုင်ငံခြားလုပ်ငန်းသင်တန်းများ (Over Sea Work Train-ing) လွှတ်စဉ်က သူကံချော်လွဲခဲ့ရသည် အကြိမ်ကြိမ်။ ဤအင်းလေးဆောင်ပြီးမှ စတင်တာ ဇယစက္ကောဂါထာကိုလည်း ဆရာမှာသည့်အတိုင်း မနက်(၂၇)ကြိမ်၊ ည (၂၇)ကြိမ်ရွတ်ခဲ့ရာ ယခုအခါ ပထမအကြိမ်က အိန္ဒိယနိုင်ငံသို့ပညာသင်သွားခဲ့ရ၏။ ဒုတိယအကြိမ်အဖြစ် ထိုင်ဝမ် (တိုင်ပေ) နိုင်ငံသို့ သွားခဲ့ရကာ တတိယအကြိမ်၌ကား စင်ကာပူသို့ ပညာသင်သွားခဲ့ရရာ (၃) ကြိမ်စလုံး သိပ်ကာလမခြားဘဲ သွားခွင့်ရခဲ့ခြင်း ဖြစ်၏။

ယခုအခါ သူ ယခု တာဝန်ထမ်းဆောင်နေသောကုမ္ပဏီကြီး၏ ဆေးဝါးကိရိယာ (Medical Equipments and Implements) များ ရောင်းချထားသော ဆေးရုံကြီးများ၊ ဆေးခန်းများ၊ ဓာတ်ခွဲခန်းများ၌အတွက် Service Engineers အဖြစ် အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပြီး ရာထူးလစာများလည်း တိုးကက်လာ၏။ သူတစ်ပါးမပြင်ဆင်နိုင်သော လုပ်ငန်းဆိုင်ရာစက်များကို သူသွားလုပ်လျှင် အဆင်ပြေအောင်မြင်သည်သာဖြစ်လျက် ထိုလုပ်ငန်းလောက၌ အတော်အတန် အမည်ထင်ရှားအောင်မြင်သော အင်ဂျင်နီယာတစ်ဦးဖြစ်နေလေပြီ။

ယခုလည်း သူမ ရတော့၊ ဆုံးပြီဟုထင်ထားသော ငွေတန်ဖိုးအရ အရေးမကြီးလှသော်လည်း လုပ်ငန်းခွင်နှင့် ဆက်သွယ်ရေးအတွက်အဖိုးတန်လှသော ဖုန်းကို ပြန်ရအောင်အထိ စွမ်းဆောင်ပေးနေပေပြီ။ ဖုန်းပြန်ရမည်ဖြစ်သဖြင့် သော်တာဝင်း ပျော်ရွှင်ဝမ်းမြောက်နေမိပါသည်။

"ကဲ - ညီလေး ဒီမှာ မင်းဖုန်း။ အထဲကအချက်လက်တွေစစ်ကြည့်ပါဦး။ အစ်ကိုတို့ကဖုန်းပဲဆက်တတ်တာ။ ကျန်တာတွေမလုပ်တတ်ပါဘူး"

"အားလုံးပြည့်စုံပါတယ် အစ်ကို။ ဒါနဲ့ ဒီအတွက် အစ်ကို့ကို ကျွန်တော် လက်ဖက်ရည်ဖိုးဘယ်လောက်ပေးရမလဲ ပြောပါ အစ်ကို။ အားမနာပါနဲ့"

တက္ကစီယာဉ်မောင်းနှင့်သူ သူ့မိုင်းလမ်းဆုံရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဆုံတွေ့ကြပြီးနောက် တက္ကစီယာဉ်မောင်းက (သူ့အမည်ကို ကိုထွန်းဟု ဆိုပါစို့။) သူ့လက်ထဲ ဖုန်းကိုကမ်းပေးရင်းပြောသဖြင့် သော်တာဝင်းက ဖုန်းကိုစစ်ဆေးကြည့်ပြီး အချက်အလက်များနှင့် အခြားအဆက်သွယ်များ (Contacts) လည်း ပြည့်စုံသဖြင့် ကျေးဇူးတုံ့ပြန်လိုသောကြောင့်မေးလိုက်ခြင်း ဖြစ်သည်။

"ဟာ - မလုပ်ပါနဲ့ ညီလေးရာ။ ညီလေးဆီက တစ်ပြားတစ်ချပ်မှမလိုချင်ဘူး။ ယူလည်းမယူဝံ့ပါဘူးကွာ။ ညီလေးမင်းကသူတော်ကောင်းတစ်ယောက်ဖြစ်ပုံရတယ်နော်။ သာမန်လူတော့ မဟုတ်ဘူး"

သော်တာဝင်းကို ပြန်ပြောလိုက်သည့် ကိုထွန်း၏ပုံစံသည် အထိတ်တလန့်ဖြစ်သွားဟန်နှင့် ပျာပျာသလဲ ပြန်ပြောလိုက်ပုံကြောင့် သော်တာဝင်းလည်း အံ့အားသင့်သွားကာ -

"ဘာဖြစ်လို့လဲ အစ်ကိုထွန်းရဲ့။ ကျွန်တော်က အစ်ကိုဖုန်းတန်ဖိုးအတိုင်း တောင်းရင်တောင် ပေးဖို့စဉ်းစားထားတာပါ။ ပြန်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

"မဟုတ်ဘူးညီလေး၊ မဟုတ်ဘူး။ မင်းပေးလည်း ငါမယူရဲဘူး။ မင်းက တစ်ခုခုတော့ တစ်ခုခုပဲ"

"ဟာ - မဟုတ်တာ အစ်ကိုရာ။ ဘာဖြစ်လို့လဲ"

"အေး - ညီလေး၊ မင်းသိအောင် ပြန်ပြောပြရရင် ငါ အခုထိ ထိတ်လန့်ကြောက်ရွံ့နေမိတုန်းပဲ။ ဒီလိုကွ"

❑

မနေ့က သော်တာဝင်းကို အရိုးအကြောဆေးရုံအဆောင်သစ်နားချပေးခဲ့ပြီးနောက် အောက်ကြည့်မြင်တိုင် ကမ်းနားလမ်းအတိုင်း ကိုထွန်း ကားမောင်းထွက်လာခဲ့သည်။ စံပြ ငါးဈေးသက်မှာ ရံခါ အငှားစီးသူများရတတ်သည်မို့လား။ သို့နှင့် နတ်စင်လမ်းရောက်ခါနီးတွင် ဖုန်းခေါ်သံကြား၍ ကြည့်မိရာ သူ့ဖုန်းမှလည်းမဟုတ်သဖြင့် နောက်ဘက်လှည့်အကြည့် ဖုန်းတစ်လုံးလှမ်းမြင်လိုက်ရလေသည်။ သို့သော် ကားမောင်းနေစဉ်ဖြစ်သဖြင့် သေချာမကြည့်

အားသေးဘဲ ယာဉ်ကြောရှင်းကားရပ်ရန် နေရာကို အတန်ရှာတွေ့မှ ကားကိုထိုး ရပ်လိုက်ပြီး ဖုန်းကို ကောက်ယူကြည့် လိုက်သည်။ ဖုန်းအမျိုးအစားကိုတော့ သူနားမလည်။ နောက်မှ နားလည်သူကို မေးကြည့်တော့ ပြန်ရောင်းလျှင် (၂) သိန်းခန့်ရနိုင်သည်ဟု ဆိုသည်။ (သူ တကယ်ရောင်းရန်ဆိုင်တော့ (၁)သိန်း သာပေးသည်။) ဖုန်းက အနည်းဆုံး (၁) သိန်းရနိုင်သည်ဆိုတော့ ကိုထွန်း နည်းနည်းတွေသွားသည်။ ခုတစ်လော ကားက ဆွဲ၍မကောင်း။ အုံနာကြေးပင် အနိုင်နိုင်ဖြစ်နေသည်။ သည်ကြားထဲ အိမ်က (၈) တန်းကျောင်းသူနှင့်(၆)တန်း ကျောင်းသား ကျောင်းစရိတ်၊ အတူနေ ယောက္ခမက မကျန်းမာ၍ ဆေးကု တာတစ်ဖက်မို့ ကိုထွန်း ကားကို အပ တပြင်း ကြိုးစားပမ်းစားမောင်းနေ သော်လည်း ငွေက အနုတ်လက္ခဏာပြ နေသည်။ ချေးယူသုံးထားသော ကြွေး ရှင်တွေကလည်း တပူပူ။ သို့နှင့် ခဏ ခဏဆက်နေသောဖုန်းကို ဆင်းကတ် ဖြုတ်ပြီး ပြန်ရောင်းရန် ဆုံးဖြတ်လိုက် သည်။ ဝယ်မည့်သူ မနက်ဖြန် ညနေပိုင်း တွင် ငွေချေမည်တဲ့။ 'ကမ္ဘာမီးလောင် သားတောင်ချနင်း' ဆိုမဟုတ်လား ဒါကြောင့် ကိုထွန်း ဆုံးဖြတ်ချက်ချလိုက် သည်။ ကိုယ်က ခိုးယူထားတာမှမဟုတ် ဘဲ။ သူ့ဘာသာသူ ကျန်ရစ်လေသည် ဒါကြောင့် ဖုန်းကိုရောင်းပြီး မိသား အခက်အခဲကို ဖြေရှင်းလိုက်မည် ဟု . . ။

"ဟေ့ - လိုက်ဟ။ သူခိုး၊ လူယုတ် သူများပစ္စည်းမက်တဲ့ကောင်လိုက်ဟ"

လူတစ်စု၏အော်သံ။ ထိုအော်သံ ကြီးများကလည်း သာမန်လူတွေအသံ မျိုးမဟုတ်။ အသံနက်ကြီးများနှင့်အော် သံမို့ ကိုထွန်းနောက်လှည့်ကြည့်မိသည် တစ်ဖန် သူမသိသော တောစပ်လိုနေရာ မျိုးတစ်နေရာမှာ နေ့လည်းမဟုတ်၊ ည လည်းမဟုတ်သောအချိန်နေရာမျိုး သူရောက်နေပြီး သူနောက်လှည့်ကြည့် လိုက်စဉ် အမွေးအမှင်များထူပြောလှ သာမန်လူတွေထက်တော့ ကိုယ်လုံးအ နှစ်ဆ၊ သုံးဆမျှကြီးပြီးတော့ လက် တင်းပုတ်တွေလို၊ ခက်ရင်းခွတွေ၊ မီး တွေလို လက်နက်အစုံကိုင်ထားသော မည်းမည်းသည်းသည်းနှင့် မျက်နှာမ မသဲကွဲလှသောလူတစ်စု ခပ်လှမ်းလှမ်း သူ့ထံပြေးလာနေကြသည်ကို တွေ့လိုက် ရသည်။ ကိုထွန်း လွန်စွာကြောက်မိ



www.burmeseclassic.com

www.burmeseclassic.com

ခြေဦးတည့်ရာသို့ အားကုန်ပြေးရတော့သည်။

"လိုက်ဟ၊ ဖမ်းဟ မလွှတ်စေနဲ့၊ သူ့ကိုမလွှတ်စေနဲ့"

ထိုလူအုပ်ကလည်း ပြာသံပေး၍ အပြေးလိုက်လာနေကြသည်။ ထိုလမ်းကလည်း ခလုတ်တံသင်း၊ ခဲ၊ ချိုင့်များပေါလှသည့်လမ်းကြမ်းဖြစ်ခြင်းကြောင့် ကိုထွန်း ခြေဖဝါးများအရမ်းနာသော်လည်း အပြေးမရပ်ရဲ။ အားစိုက်လျက်တစ်စိုင်းပြေးနေရသည်။ တစ်ချိန်၌မူ လူအုပ်ကို နောက်ပြန်လှည့်ကြည့်ရင်း အပြေး ခလုတ်တိုက်မိပြီး ပက်လက်လန်လဲကျသွားစဉ် နောက်ကလိုက်လာသော လူမည်းကြီးတစ်ကောင်က သူ့လက်ထဲတွင် တင်းပုတ်လိုအရာတစ်ခုဖြင့် သူ့ကို အားလွှဲထုလိုက်သည်ကို မြင်လိုက်ရသဖြင့် -

"အောင်မလေး - သေပါပြီဗျ"

"ကိုထွန်း ကိုထွန်း၊ ရှင်ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲလို့"

သူ့မိန်းမ မိအေးအသံကိုကြားမှ ကိုထွန်းမျက်စိအစုံကို ဖွင့်ကြည့်လိုက်မိသည်။ မိအေးက သူ့ကိုစိုးရိမ်စိတ်ဖြင့် သူ့အတ်ကိုကိုင်လှုပ်နှိုးခြင်းဖြစ်သည်ကိုသိရပြီး သူအိပ်မက်ဆိုးမက်နေပါကလားလို့ တွေးမိသည်။ ဒါတောင် ကိုထွန်းမောနေသေးသည်။ မိအေးပေးသောရေကို သောက်ပြီးမှ အိပ်မက်အကြောင်း မိအေးကို ပြန်ပြောပြလိုက်ရာ မိအေးက-

"ဩော် - ဘာများလဲလို့ ကိုထွန်းရယ်။ ရှင်ဖုန်းကိစ္စစိတ်စွဲပြီး မက်တာနေမှာပေါ့"

"အင်း - ဟုတ်မှာပါပဲလေ"

ဟု ကိုထွန်းတစ်ယောက် မိအေးစကားဖြင့် ကိုယ့်ကိုယ်ကိုယ်ဖြေသိမ့်လိုက်ရသည်။ ဒါပေမယ့် စိတ်ထဲမှာ လေးလံနေသလိုဖြစ်နေသည်။ သို့နှင့်ထိုနေ့တစ်မနက်လုံး ကိုထွန်း တက္ကစီမောင်းသော်လည်း သိပ်အဆင်မပြေ။ အူကြောင်ကြားစွာ စိတ်ရောလူရောပန်းပြီး မျက်စိတွေလေးလံထိုင်းမှိုင်းနေသဖြင့် နေ့ခွန်းတည့်စဉ်တွင် သူအိမ်ပြန်ကာ ထမင်းစားပြီး ခေတ္တမှေးမည်ဆိုကာ မျက်စိမှိတ်နားလိုက်သည်နှင့် အိပ်ပျော်သွားတော့သည်။

"ဟဲ့-လူယုတ်။ မင်းသူများပစ္စည်းကို ခိုးယူထားတာ ပြန်မပေးချင်ဘူးဆိုတာလား။ ခုပြန်ပေးလိုက်။ မပေးရင် မင်းကိုငါတို့သတ်မယ်။ မသေချင် ပြန်ပေးလိုက်"



"ဟာ"

ကိုထွန်း အံ့အားသင့်သွားသည်။ သူ့အိပ်ရာပေါ်တွင် သူ့ဘေးနှစ်ဖက်၌ ညကအိပ်မက်ထဲ တွေ့ခဲ့သော လူမည်းကောင်ကြီးများရောက်နေပြီး မျက်လုံးကြီးများက ပြူးကျယ်ကာ မီးခဲများလို နီရဲနေပြီး အစွယ်တဖွေးဖွေးတွေနှင့် လူလား၊ ဘီလူးသူရဲလား ခွဲခြားမရသော ထိုသတ္တဝါကြီးများသည် ပြောပြောဆိုဆို သူ့ကိုဝိုင်းဝန်းတွန်းထိုးယမ်းခါပစ်လိုက်ရာ တစ်ကိုယ်လုံး နာကျင်လွန်းလှသည့် ဝေဒနာကို မခံနိုင်တော့သဖြင့် -

"အား. . ."

ဟု အားရပါးရအော်လိုက်မိသည်။

"ဘာဖြစ်ပြန်တာလဲ ကိုထွန်း။ အိပ်မက်ဆိုးတွေမက်နေပြန်ပြီလား"

မိအေးအသံကြား၍ မျက်စိဖွင့်ကြည့်လိုက်တော့ မိအေးက သူ့ကိုလှုပ်နှိုးမေးမြန်းနေခြင်းဖြစ်သည်။ သည်တစ်ခါတော့ ကိုထွန်း တကယ်ကြောက်သွားပြီ။ မကြောက်ခံနိုင်ရှိုးလား။ အိပ်မက်ပဲထားဦး။ ခုတစ်ကိုယ်လုံးကိုင်ရိုက်ထားသလို နာကျင်နေသည်။ ကိုထွန်းမျက်နှာဖြူဖပ်ဖြူရော်ဖြစ်ပြီး ဇောချွေးများပြန်နေသည်။ သည်အတိုင်းဆိုလျှင်မဖြစ်တော့။ နောက်တစ်ခါဆို သူ့ကို တကယ်သတ်ကြလေမည်လားမသိ။

"ဘာမှပြောမနေနဲ့တော့ မိအေး။ ငါ့ကို ဟို - ကားပေါ်ကရတဲ့ ဖုန်းနဲ့ သူ့ဆင်းကတ်လေးယူပေးပါတော့ဗျာ"

ကိုထွန်းသည်မျှသာ ပြောနိုင်ပြီး မိအေးဆီမှ ဖုန်းကိုယူကာ သူ့ဆင်းကတ်ကို ပြန်ထည့်ကာ ဖုန်းခေါ်လိုက်သည်။

❑

အဖြစ်ကတော့ အဲဒါပါပဲ ညီလေးရာ။ ညီလေးဖုန်းကို အစ်ကိုဆက်ယူမထားရဲတော့ဘူး။ ဆက်ယူထားရင် တစ်ခုခုဖြစ်တော့မယ်ဆိုတာ အလိုလိုသိနေတယ်။ ဒါကြောင့် ခုလို ပြန်ပေးတာပါ။ အစ်ကို့ကိုလည်း ခွင့်လွှတ်ပါကွာ။ ဒါကြောင့် ညီလေးပေးလည်း အစ်ကို မလိုချင်တာ။ မယူရဲတာ။ အစ်ကို့ထင်တာမလွဲရင် ညီလေးဟာ တစ်ခုခုတော့ တစ်ခုခုပဲ"

ကိုထွန်းသည် ပြောပြောဆိုဆို သော်တာဝင်းလက်ထဲသို့ ဖုန်းကို ကမ်းပေးလိုက်ပြီး သော်တာဝင်းကို အံ့ဩသောအကြည့်၊ စူးစမ်းသောအကြည့်မျိုးနှင့် ကြည့်နေလေသည်။ ထိုနောက်ပိုင်းတွင်မတော့ ကိုထွန်းနှင့်သော်တာဝင်းတို့ ရင်းနှီးသွားကြကာ သော်တာဝင်း အငှားတက္ကစီစီးတိုင်း ကိုထွန်းကို တတ်နိုင်သမျှ ခေါ်ယူသုံးစွဲခဲ့လေတော့သည်။

စာကြည့်ပရိသတ်အပေါင်းတို့ ဤဖြစ်ရပ်သည် အမှန်တကယ်ဖြစ်ရပ်ဖြစ်ပြီး ဇယစက္ကောအင်းအစီအရင်နှင့်ဂါထာမြတ်တို့၏ အကျိုးတန်ခိုးသိဒ္ဓိကို လက်တွေ့ခံစားခဲ့ရသော ခေတ်ပညာတတ်လူငယ် အင်ဂျင်နီယာတစ်ဦး၏ ပြန်လည်ပြောပြချက်ကို ကျွန်ုပ်အနေဖြင့် အနည်းငယ်သာ ဖတ်ကောင်းအောင်ဇာတ်လမ်းပမာ ရေးပြခဲ့ခြင်းသာဖြစ်ပါသည်။ ဤဖြစ်ရပ်ကို စိတ်ဝင်စားလွန်း၍ မေးမြန်းလာမည်ဆိုပါက အင်ဂျင်နီယာလေး မောင်သော်တာဝင်းက အချိန်မရွေး သက်သေတည်ရှင်းပြမည်ဟု ဆိုထားပါသည်။

ဇယစက္ကောအင်းမှာ အောင်ခြင်း တကာ့အောင်ကြောင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ရှိခိုးလျက် အောင်ဆုတောင်းသော ဂါထာမြတ်ဖြစ်သဖြင့် ထိုအင်း၊ ထိုဂါထာကို ယုံကြည်စွာ ဆောင်ယူလေသောသူအဖို့ ဘုရားရှင်၏ တန်ခိုးတေဇော်အာနုဘော်နှင့် ဂါထာ၏သိဒ္ဓိတန်ခိုးတို့ကြောင့် ထိုအကျိုးတန်ခိုးသိဒ္ဓိကြောင့် နတ်တို့ကူညီစောင့်ရှောက်မှုကို မောင်သော်တာဝင်း တစ်ယောက် ရခဲ့လေသည်ဟု ပြောပါရစေ။ (မောင်သော်တာဝင်း ဆောင်ယူထားသော ဇယစက္ကောအင်းပုံကို ဖော်ပြလိုက်ပါသည်)

*သိသူဖော်စား၊မသိသူကျော်သွား*

*အနန္တစကြဝဠာအနန္တသတ္တဝါတို့*

*ချမ်းသာကြပါစေ*

*မေတ္တာများဖြင့်-*

**တြိရာနာ-ဆရာဖေမျာလင်း**

**(ကတ္တိပါပိန့်စီး၊ ရွှေထီးဆောင်း)**

www.burmeseclassic.com

ကျွန်တော် အလျှုတစ်ခုမှအပြန် ကျွန်တော်၏မိတ်ဆွေသူငယ်ချင်းတစ်ဦး အိမ်သို့ဝင်ပါသည်။ ထိုမိတ်ဆွေ၏ အမည်မှာ ဦးသာရင် ဖြစ်ပါသည်။ သူသည် တွေ့ကြုံခဲ့ရသည့်အဖြစ်အပျက်များကြား သိမြင်တွေ့ခဲ့ရသော ဖြစ်စဉ်များကို ပြောပြတတ်ပါသည်။ ၂၀၁၅ ခု၊ ဒီဇင်ဘာလထုတ် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင်ပါရှိသည့် အပူနှင့်အအေးဆောင်းပါးသည် ဦးသာရင်၏ ပြောပြချက်များကို အခြေခံ၍ရေးခဲ့သောဆောင်းပါး ဖြစ်ပါသည်။သူ့အိမ်ဝင်သွားသောအခါ ဝါးလုံးကိုခွဲစိတ်လျက် နှီးဖျာကာ ခမောက်ရက်နေပါသည်။ ကျွန်တော့်ကို တွေ့သောအခါ ပြုံးရယ်လျက် -

"သူငယ်ချင်း၊ မင်းကိုတွေ့ရတာ အတော်ပဲကွာ။ ငါပြောစရာတစ်ခုရှိနေတယ်ကွ"

ဟု ဆိုပါသည်။

ကျွန်တော်လည်း သူ့အနားတွင် ထိုင်လျက် -

"ဘာပြောမလဲ ဆိုစမ်းပါဦး"

ဟု ပြန်လည်မေးလိုက်သည်။

"ပြောစရာရှိတယ်ဆိုတာ ပြောစရာရှိလို့ပေါ့ကွ"

ဟု ရယ်လျက်ပြောလေသည်။

"အရင်တစ်ခါလို အလံနီခေတ်ပဲလား"


"မင်းကလည်း ဒါပဲမှတ်ထားတာကိုး။ အဲဒီအကြောင်းမဟုတ်ဘူးကွ။ ခုဟာက ပင်လယ်ပြင်မှာမျောပါသွားပြီး ကျွန်းတစ်ကျွန်းရောက်သွားခဲ့တဲ့ လူတစ်ယောက်အကြောင်းပြောမလို့ကွ"

"မသိပါဘူးကွာ၊ မင်းတို့က အလံကွန်မြူနစ်တွေနဲ့ဆက်စပ်နေတော့ ဒီအကြောင်းပဲထင်တာပေါ့ကွ"

ဦးသာရင်၏ အဖေ ဦးညီပိန်မှာ အလံနီခေတ်က အလံနီတွေ၏ခိုင်းစေချက်အရ လစဉ်ဆက်ကြေးကောက်ပေးခဲ့ရသူ ဖြစ်ပါသည်။ သို့ကြောင့် သူ့ဆီက အလံနီတွေ၏ ပြည်သူတွေအပေါ် နှိပ်စက်ညှဉ်းပန်းပြုမူခဲ့ပုံတွေ ကြားသိခဲ့ရ ခြင်း ဖြစ်ပါသည်။

"ဒီလို သူငယ်ချင်းရဲ့။ ငါ့သားအကြောင်းနဲ့ဆက်စပ်ပြီးပြောကြဆိုကြရင်းက လူတစ်ယောက်က သူကြားခဲ့သိခဲ့ရတဲ့အကြောင်းအရာတစ်ခုကို ငါ့တို့ပြန်ပြောပြသွားတာ။ အဲဒီအကြောင်းတွေကြားရတော့ မင်းကိုသတိရနေတာ။ မင်းသာဆို ဒီအကြောင်းတွေ စာရေးဖြစ်မှာပဲလို့"

ဦးသာရင်၏ သားအငယ်မှာ မော်တော်တစ်စီးဖြင့် မာန်အောင်ဘက်သို့ ငါးရှာလိုက်သွားရင်း ရေထဲကျသွားကာ အစရှာမရ ပျောက်ဆုံးနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအကြောင်းနှင့်ပတ်သက်၍ပြောကြဆို ကြရင်းက လူတစ်ယောက် သူကြားခဲ့ရပုံ အလေးကို ဦးသာရင်အား ပြန်ပြောခဲ့ ခြင်း ဖြစ်ပါသည်။


"ဒီလိုကွ သူငယ်ချင်းရဲ့၊ နာမည် တွေဘာတွေတော့ မသိတော့ပါဘူးကွာ။ ပြောခဲ့တဲ့လူကလည်း လူတစ်ယောက်လို့ သာပြောသွားတာကိုးကွ။ ဒီတော့ လူ တစ်ယောက်လို့သာ မှတ်ထားပေတော့။ မင်းဘာသာ နာမည်တပ်ချင်ရင်တော့ မောင်ဖြူ မောင်မည်းသာတပ်ပေတော့"

ဦးသာရင်သည် ဆေးလိပ်ကလေး ရှာလိုက်၊ ခမောက်ကလေးရက်လိုက်နှင့် သူပြောလိုသည့်အကြောင်းရာကိုပြောပါ လေတော့သည်။ ကျွန်တော်က နာမည် မသိသဖြင့် စာဖတ်သူများ မောင်မောင် သိဖြစ်နေမှာစိုး၍ မောင်ညိုဟူသော နာမ်စားနာမည်တစ်လုံးတပ်ပေးလိုက်ပါ သည်။

❑

မောင်ညိုသည် ပိုက်သူကြီးဦးစံဘ ၏လှေဖြင့် ငါးရှာလိုက်သွားလေသည်။ လှေမှာ လှေကြီးဖြစ်ပြီး လှေလုပ်သား (၁၀) ယောက်၊ (၁၂) ယောက်လောက် ပါသည်။ နှစ်ရက်၊ သုံးရက်ကြာခရီးမို့ စားနပ်ရိက္ခာ အပြည့်စုံယူသွားရသည်။ ကူဘိုတာရေစုပ်စက်၊ ဒီဇယ်ဆီ ညထွန်း ညှိမည့် မီးလုံးမီးဆိုင်းများ၊ စားရေရိက္ခာ များ ရေအပြည့်အစုံပါသွားလေသည်။ ငါးများမှာ အဖမ်းဆီးများလွန်းသဖြင့် ကမ်းနီးတွင်မရနိုင်တော့ဘဲ ကမ်းဝေး အရပ်တွင် သွားရောက်နေကြသဖြင့် လှေလုပ်သားအပြည့်၊ စာရေရိက္ခာ အပြည့်အစုံဖြင့် ကမ်းဝေးသို့ထွက်ရလေ သည်။

ကမ်းဝေးသို့ရောက်သော်လည်း ငါးများက ပါးနပ်နေကြပြီ ဖြစ်သည်။ စက်သံကြားလျှင် အဝေးသို့ဆုတ်သွား တတ် ကြသည်။ သည်တော့ လူက ငါး ထက်ဦးနှောက်သာသူမို့ ညဘက်ရောက် လျှင် စက်ရပ်ကာ မီးတွေထွန်းရသည်။ သည်တော့ ငါးသတ္တဝါတို့သည် မီးရောင် မြင်သောအခါ မီးရောင်ရှိရာသို့လိုက်လာ ကြသည်။ ငါးအုပ်စုဝေးရောက်လာလျှင် ပိုက်သားတွေက ပိုက်တွေပြင်ပြီးဝိုင်းပိုက် အဖြစ် ဝန်းရံကာ ဖမ်းဆီးကြတော့သည်။ ငါးတွေမှာ ပိုက်ထဲတွင်မိပြီး ရုန်းမထွက် နိုင်ကြတော့ပေ။ မောင်ညိုတို့ ဒီနည်းနှင့် ငါးဖမ်းကြရာ ငါးတွေအမြောက်အမြား ရကြသည်။ ကမ်းနှင့်လည်း အလှမ်းဝေး နေခဲ့ပြီ။ တစ်ပတ်လောက်ငါးရှာပြီး လို သည့်ငါးကလည်း ပြည့်စုံအောင်ရနေပြီမို့ ပြန်ဖို့ လှေဦးပြန်လှည့်ကြတော့သည်။




www.burmeseclassic.com

www.burmeseclassic.com

သည်တွင် မမျှော်လင့်သောအဖြစ် အပျက်က ဖြစ်ပေါ်လာလေတော့သည်။ ကောင်းကင်ပြင်မှာ ရုတ်တရက်အရောင် ပြောင်းသွားကာ ဖြူနေရာမှ မည်းလာလေတော့သည်။

"ဟာ-မိုးရွာတော့မယ်ထင်တယ်ဟေ့။ ပစ္စည်းပစ္စယတွေလုံလုံခြုံခြုံသိမ်းထားကြ"

ဟု လေသူကြီး ဦးစံဘက အော်ပြောလိုက်သည်။ ပြော၍မှမကြာမီ သုတ်လာသည့်လေက ဖြည်းဖြည်းမှ ခပ်ကြမ်းကြမ်းတိုက်လာသည်။ မိုးကလည်း တဖြောက်ဖြောက်ကျလာသည်။ လှေလုပ်သားတို့မှာ လှေမမှောက်အောင် ကြိုးစားထိန်းကြရသည်။ ပဲ့ကိုင်သူကလည်း လှေလည်မသွားအောင် တက်ကို ကြိုးစား၍ ထိန်းကိုင်ပေးထားရသည်။ သို့သော်လည်း ပြောရင်းဆိုရင်းပင် လေကကြမ်းသထက်ကြမ်းလာလေတော့သည်။ တက်ကိုမည်မျှပင်ကြိုးစား၍ထိန်းပါသော်လည်း အချည်းနှီးဖြစ်သွားလေသည်။ အားလုံး လေနောက်လိုက်ပါလွှင့်မျောကုန်လေတော့သည်။ ကမ်းမမြင် လမ်းမမြင်အလှမ်းဝေးလှ၏။ ပင်လယ်ပြင်အလယ်တွင်ရောက်နေသဖြင့် ဘယ်ဆီဘယ်ဝယ်ရောက်နေသည်ဟု ခန့်မှန်းမရတော့ပေ။ ဤတိပိသောတို့၊ သမ္ဗုဒ္ဓေတို့နမောတတို့ဆိုလျှင် အမြီးအမောက်မတည့်ရွတ်မိရွတ်ရာရွတ်နေကြလေတော့သည်။

မောင်ညိုမှာလည်း ငယ်တုန်းက ဘုန်းကြီးကျောင်းနေခဲ့ရသမျှအချိန်တွင် ဘုန်းကြီးသင်ပေး၍ရထားသောသမ္ဗုဒ္ဓေ၊ ဂုဏ်တော်ကိုးပါး အစကဆို အလယ်ကဆို အလယ်ကဖောက်ဆို အဆုံးကဆို ရမိရရာဆိုနေလေတော့သည်။ လေမှာ တစ်စထက်တစ်စကြမ်းလာသည်မို့ လှေနှင့်ပစ္စည်းတွေထက် ကိုယ့်အသက်လုံခြုံရေးကိုသာ ဦးစားပေးနေကြရလေတော့သည်။ မည်သို့ပင် ကြိုးစားပြီးထိန်းနေစေကာမူ လေမှာရိုးရိုးလေမဟုတ်တော့ဘဲ မုန်တိုင်းအသွင်ဖန်တီးလာသဖြင့် ခါးကပုဆိုးကိုတင်းတင်းဆီးပြီး လှေကို ဖက်ခံကြရတော့သည်။ လေမှာကြမ်းသထက်ကြမ်းလာသည်။ တစ်နာရီမိုင် တစ်ရာကျော်နှုန်းလောက်များရှိမလား မသိပေ။ အားလုံးတို့သည် လေနှင့်အတူ လွင့်မျောပါသွားလေတော့သည်။လူတွေလည်း တစ်ယောက်တကွဲကွဲကာ သူ့ငါ မစစ်နိုင်၊ ငါ့သူမစစ်နိုင်ဖြစ်ကြကာ ရေထဲမျောပါသွားကြလေတော့၏။ လှေကြီးလည်း ရေထဲစုံးစုံးမြုပ်၍ ရေငုပ်သွားလေတော့သည်။

မောင်ညိုလည်း အသက်လု၍ကူးနိုင်သမျှကူးရလေသည်။ လှိုင်းလုံးကြီးတွေမှာ မိုးထိမြင့်မားကာ မင်းမူချင်တိုင်းမင်းမူနေလေတော့သည်။ မောင်ညိုမှာ ခါးကပုဆိုးကိုကွင်းသိုင်း၍ လည်ပင်းတွင် ရစ်သိုင်းကာ ရောက်ချင်ရာရောက်မျောပါလေတော့သည်။ ဣတိပိသောတို့၊ သမ္ဗုဒ္ဓေတို့ကိုလည်း သတိလျှင်ရွတ်လိုက်၊ မေ့သွားလိုက်နှင့်ရေထဲမြုပ်မသွားအောင် အသက်လုပွဲကြီးကိုယှဉ်နွှဲနေရလေတော့သည်။ ရေထဲတွင် ဘယ်နှနာရီကြာပြီ၊ ဘယ်နှရက်ရှိပြီဟုပင်မတွက်ဆနိုင်တော့။ သို့သော် မောင်ညို၏ သေကံမရောက်သေးသောဘဝကုသိုလ်ကံကလေးကြောင့် သူသည် ကမ်းစပ်တစ်ခုတွင်သွားတင်နေလေတော့သည်။ လှိုင်းက ရိုက်ပုတ်၍ ကမ်းကိုတင်ပေးလိုက်သည်။ ပင်လယ်တို့ မည်သည် မည်သည့်ပစ္စည်းမျှ ရေထဲမှာ မထား အားလုံးကမ်းကိုသာပို့ပေးတင်ပေးတတ်သည်။

မောင်ညိုသည် ကမ်းပေါ်တွင် သောင်တင်ပြီး သတိမေ့မြောနေခဲ့လေသည်။ သူသတိရလာတော့ နေဝင်ဖျိုးဖျမှောင်ရီတန်းကလေးဖြစ်နေလေသည်။ မောင်ညိုအစာမစားရသည်မှာ ဘယ်နှရက်ရှိပြီလဲမသိတော့ ပင်ပန်းနွမ်းနယ်ပြီး မောပန်းနွမ်းလျနေသည်။ လည်ပင်းမှာ ရစ်သိုင်းထားသည့် လုံကွင်းကလေးကို ချွတ်၊ အရေညှစ်ပြီး ခါးမှာပြန်ဝတ်ကာ ကမ်းပေါ်သို့တက်သွားခဲ့သည်။ လူသူ အရိပ်ယောင်လည်း စိုးစဉ်းမျှမမြင်ရ။ သတ္တဝါတစ်ကောင်ကောင်၏ သွားလာလှုပ်ရှားမှုကိုလည်း မတွေ့မြင်ရပေ။ သူသည် သက်ရှိသတ္တဝါတစ်ကောင်တွေ့နိုးနှင့်လျှောက်သွားကြည့်သည်။ သက်ရှိသတ္တဝါဆို၍ တစ်ကောင်တမြီးမှ မမြင်တွေ့ရပေ။အချိန်ကလည်း တဖြည်းဖြည်း မှောင်လာပြီး မိုးချုပ်သထက်ချုပ်လာကာ ရှေ့ခရီးကိုဘာမှလှမ်း၍မမြင်ရအောင် မှောင်မည်းသွားလေတော့၏။ ညမှောင်နေ၍ သက်ရှိသတ္တဝါတစ်စုံတစ်ဦးမျှ မတွေ့ရသည်လားဟု စဉ်းစားကာ နံနက်မိုးသောက်လျှင် တွေ့ရနိုးနှင့် မျှော်ကိုး၍ ကျောက်ဆောင်ကြီးတစ်လုံး၏အောက်တွင်ဝင်ခိုကာ ညဉ့်ကိုကုန်လွန်စေခဲ့လေသည်။

မောင်ညိုသည် အစောကြီးနိုးလာသည်။ ပတ်ဝန်းကျင်မှာမှောင်နေသည်။ ပင်လယ်ပြင်ကမူ လှိုင်းရိုက်သံတို့ဖြင့် ဆူညံနေသည်။ ပင်လယ်ပြင်ဘက်သို့ မျှော်ကြည့်ပြန်သော်လည်း ဘာမှသဲသဲကွဲကွဲမမြင်ရ။ လှိုင်းရိုက်သံမှလွဲ၍ဘာမှ အသံမကြားရပေ။ တဖြည်းဖြည်းနှင့် အလင်းရောင်ပေါ်လာကာ ပတ်ဝန်းကျင်တစ်ခုလုံး မြင်မြင်ထင်ထင် တွေ့မြင်လာရလေတော့သည်။ သူရောက်နေသည်မှာ ကျွန်းကြီးတစ်ကျွန်းဖြစ်နေသည်။ သစ်ဝါးတွေနှင့်ပတ်လည်ဝိုင်းထားကာ တောတန်းလေးသဖွယ်ဖြစ်နေလေသည်။ အစားမစားရသည်မှာ ဘယ်နှရက်ရှိပြီဟုပင် မသိနိုင်တော့သဖြင့် ဗိုက်အရမ်းဆာလောင်နေပြီမို့ အရင်ဆုံး စားစရာကို လိုက်ရှာသည်။ ဖြစ်ဖြစ်မြောက်မြောက် စားစရာသစ်သီးသစ်ရွက်ကိုရှာမတွေ့။ ရော်ဘာသီးကဲ့သို့အရွယ်ရှိ နွယ်လိမ်သီးဟုခေါ်သည့်အသီးတွေတွေ့၏။ ဩဇာသီးအရွယ်လောက်ရှိသည်၊ သစ်ကလိန်သီးခေါ်သည့်သစ်သီးတွေ တွေ့သည်။ သစ်ကလိန်သီးတွေက ဗျူးပင်ဗျာပင်တို့ အပေါ်တွင်တက်၍ ပေါက်ရောက်ကာ သီးနေကြသည်။ ထိုအသီးတွေက သူနေထိုင်ခဲ့ရာ ချောင်းရိုးတစ်လျှောက် ဓနိခင်းတွေထဲတွင် တွေ့နေကျအသီးတွေမို့ သူခူးစားနေကျမို့ အန္တရာယ်မရှိပေ။ သူသည် တခြားအသီးအရွက်များမတွေ့ရှိသဖြင့် ထိုအသီးတွေသာခူး၍ အဆာပြေစားရလေတော့သည်။ ကိုယ်မှာလည်း အကျီလည်းမရှိ ရေစိုညှစ်ပြီးဝတ်ထားသည်။ လုံကွင်းက လေးထည်သာရှိသည်။ လုံကွင်းအစိုမှာလည်း ကိုယ်ငွေ့နှင့်တဖြည်းဖြည်းခြောက်လာလေသည်။ မောင်ညိုသည် ပင်လယ်ကမ်းနားသို့ ဆင်းကာ သားငါးရှာဖွေရပြန်သည်။ တောထဲမှာဘာမှစားစရာသောက်စရာ အသီးနှံရဖွယ်ရာမမြင်သဖြင့် ပင်လယ်ကမ်းစပ်သို့ဆင်းကာ ငါးရှာဖွေရေးလုပ်ရလေတော့သည်။ ကမ်းနားသို့ကပ်လာသည့် ငါးတစ်ကောင်တလေတွေ့လျှင် ကျောက်ခဲတစ်လုံးကောက်ယူ၍အပေါ်မှ ထုချလိုက်သည်။ ကံဆိုးသည့်ငါးမှာထိမိပြီး သေဆုံးသွားသည်။ အခြားငါးတွေကတော့ လန့်ဖျပ်ပြီးထွက်ပြေးသွားကြလေသည်။

မောင်ညိုသည် ပင်လယ်ပြင်ကြီးကြည့်လိုက်သည်။ တစ်မျှော်တစ်ခေါ်ကြီး ဘယ်ဝယ်ဘယ်ဆီ မှန်းဆ၍ မမြင်ရ။ လူမနီးသူမနီးသည်လိုကျွန်းမျိုးရှိနေပါကလားဟု စဉ်းစားကြည့်သည်။ လူ့အရိပ်ယောင်မမြင်ရ။ သက်ရှိသတ္တဝါဟူ၍လည်း တစ်ကောင်တမြီးမှ မမြင်

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရ။

မောင်ညိုသည် သက်ပြင်းချ၍ -

'အင်း - ငါတစ်ယောက်တည်း ဒီကျွန်းပေါ်မှာ ဒီလိုနေရင်း သေသွားတော့မယ်ထင်ပါရဲ့'

ဟု ဝမ်းနည်းစွာတွေးမိသည်။ သူရောက်နေသည်မှာ တစ်ပတ်လောက်ရှိပြီး သက်ရှိသတ္တဝါဆို၍ ခြင်တစ်ကောင်၊ ယင်တစ်ကောင်ပင်လျှင် မတွေ့မြင်ရ။ မောင်ညိုသက်ပြင်းအကြိမ်ကြိမ်ချမိ၏။ ငါးကိုလည်း ကြံဖန်ဖမ်းဆီးရှာဖွေရသည်။ သစ်တောထဲမှာ သစ်ကိုင်းတစ်ခုကိုချိုးယူ၍ ကျောက်ခဲနှင့်ထုကာ အချွန်လေးဖြစ်အောင်လုပ်ရသည်။ ပြီးတော့ ငါးတွေခိုအောင်းတတ်သည့် ကျောက်ကြိုကျောက်ကြားသွားကာ ကျောက်ရိပ်ခိုအငြိမ်သက်နေသည့်ငါးကို အသာယာခြေသံမကြားအောင်သွားပြီး အပေါ်မှထိုးသည်။ ကံကောင်းသည့်အခါလည်း ငါးကိုထိုးမိပြီးရတတ်၏။ တစ်ခါတစ်ခါလည်း လွဲချော်သွားတတ်သည်။

ကဏန်းကတော့ ငါးလိုမဟုတ်။ ကျွန်းပေါ်တက်တက်လာသဖြင့် အသာချောင်းပြီး ရိုက်ဖမ်းရုံသာရှိသည်။ ချက်ပြုတ်ရအောင်ကလည်း မီးဆိုတာ စိတ်ကူးအိပ်မက်တွင်သာရှိသည်။ သူနေသောနေရာတွင် ရေပြင်မှလွဲ၍ ဘာမှမရှိ မမြင်ရ။

သားစိမ်းငါးစိမ်းမစားချင်။ မစားလိုသော်လည်း ဗိုက်ကဆန္ဒပြတောင်းဆိုနေကြသည်မို့ ထုထောင်းရိုက်ခွဲကာ အစိမ်းစားရတော့သည်။ စားသောက်ပြီးလျှင် အိပ်ဖို့နေရာသို့သွား၊ ကျောက်တွေကို ညီညာအောင် ပြုပြင်ထားသည့် ကျောက်တုံးကြီးတစ်တုံး၏အောက်တွင် ခို၍အိပ်စက်ခြင်းပြုရသည်။ သူ၏နေ့စဉ်ဝတ္တရားမှာ ငါးရအောင်ရှာရေးပင် ဖြစ်သည်။ မနက်ငါး၊ ညငါးဖြင့် ဝမ်းအတွက် အာဟာရဖြည့်ရသည်။ ရေကတော့ အားလျော်စွာ ကျောက်တောတွင် သက်ယက်တွင်းတူးကြည့်ရာ ရေထွက်လာသည်။ သောက်ကြည့်ရာ ရေချိုနေပြီး ရေအတွက် မပူရတော့ပေ။ အစားအသောက်မှာ ငါးတစ်လှည့် ဖျူးပင်အုပင်တောမှာပေါက်၍သီးနေသည့် ဖျူးသီးတွေစားလိုက်နှင့် အသက်ဆက်နေတော့သည်။ သူကျွန်းပေါ်မှာရောက်နေသည့်ရက်မှုလ လမှန်သို့ကူးခဲ့ပြီ။

သို့သော် သူမှာ ဘယ်လောက်ကြာပြီဟု မှတ်သားရအောင်ကလည်း အမှတ်အသားမရှိ။ မိုးရွာသည်၊ နေပူသည်၊ အေးသည်၊ ဒီတော့ မိုးဆက်တိုက်ရွာနေလျှင် မိုးရောက်ပြီ။ အအေးဓာတ်လွှမ်းလာလျှင် ဆောင်းရောက်ပြီ၊ အပူတွေများလာလျှင် နွေရောက်ပြီဟုသာ သတ်မှတ်ရတော့သည်။ ရက်တွေ၊ လတွေ၊ နှစ်တွေကြာလာခဲ့သော်လည်း သက်ရှိသတ္တဝါဆို၍ တစ်ကောင်တစ်မြီးမှ မမြင်တွေ့ရပေ။ ဟိုအဝေးကြီးမှဖြတ်သန်းသွားကြသည့်သင်္ဘောကြီးတွေသာ တစ်ခါတစ်ရံ မြင်တွေ့ရသည်။

'အင်း - ငါ့ဘဝတော့ပင်လယ်ပြင် ဒီကျွန်းမှာ အဆုံးသတ်ရတော့မယ် ထင်ပါရဲ့'

ဟု တွေးနေမိသည်။

ဆံပင်တွေကလည်း ခါးထိရောက်နေခဲ့ပြီ။ မုတ်ဆိတ်မွေးတွေကလည်း ပန်ချာပီကုလားက အဘခေါ် ရလောက်အောင် ရှည်လျားနေခဲ့ပြီ။ ပုဆိုးကလေးတစ်ထည်ကလည်း နှစ်ကြာလာတော့ ရိလာပြီ။ ဆွေးချင်လာပြီ။ ညစ်လာလွန်းလျှင် လျှော်ပြီးလှမ်း ပြန်ဝတ်သည့်လိုနှင့် သံသရာလည်နေခဲ့သည်။ ဘယ်ဘဝက ဝဋ်ကြွေးတွေများလဲမသိဟု မောင်ညို တွေးနေမိသည်။

တစ်နေ့ မောင်ညို ပုဆိုးလျှော်ပြီး ပင်လယ်ပြင်ကို ငေးမောနေစဉ် လှေတစ်စင်း ဦးတစ်ယောက်၊ ပဲ့တစ်ယောက် ရွတ်တိုက်၍ရွက်လွှင့်လာသည်ကို တွေ့လိုက်ရလေသည်။ အိပ်မက်လေလားဟု ပင်ထင်မိသည်။

မောင်ညိုသည် ဝမ်းသာအားရဖြင့် ကမ်းစပ်သို့ပြေးဆင်းသွားလေသည်။ လူနှစ်ယောက်မှာ ရွက်တိုက်၍ ကမ်းနားမှ ဖြတ်သန်းလာကြသည်။ သူ့ကိုယ်မှာ ပုဆိုးမပါသည်ကိုပင် သတိမထားမိဘဲ လူတွေ့သဖြင့် ကမ်းစပ်သို့ပြေးဆင်းသွားလေသည်။ တစ်ကိုယ်လုံးမှာလည်း အမွေးအမှင်တွေဖုံးအုပ်၍ လူမျောက်ဖြစ်



နေသည်။ မောင်ညိုသည် သက်ရှိလူသားတွေ့ရှိသဖြင့် လက်ခုပ်တီးကာအော်ခေါ်လိုက်လေသည်။

လေပေါ်မှ လူနှစ်ဦးမှာ ခေါ်သံကြားသဖြင့် ကမ်းဘက်သို့လှည့်လိုက်ရာ လူလိုလို၊ မျောက်လိုလိုနှင့် တစ်ကိုယ်လုံးတွင် အမွေးတို့ဖုံးလွှမ်းနေသောသတ္တဝါတစ်ကောင်ကို တွေ့မြင်လိုက်ရသောအခါ ရွက်တိုက်ရုံပင်မက လက်ကလှော်တက်နှင့်လှော်ကာ ကမ်းမှအပြေးလွှားခွာ၍ပြေးသွားကြလေတော့သည်။

မောင်ညိုသည် မျှော်လင့်ချက်ကြီးစွာဖြင့် လူသားများကို လှမ်း၍ခေါ်ပါသော်လည်း လှည့်ကြည့်ရုံသာကြည့်ပြီး ပြေးထွက်သွားကြလေသည်။

သက်ပြင်းကို ခပ်လေးလေးချ၍ -

"ဟင်း-မျှော်လင့်ချက်တော့ ဆုံးပါပြီ"

ကျောက်ဆောင်ပေါ်မှာပစ်၍ထိုင်ကာ စိတ်ဓာတ်ကျသွားလေတော့သည်။ ဆံပင်က ခါးလောက်ရှည်ပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးက ရှည်လျားလွန်းနေသဖြင့် မြင်သူတွေက သရဲခြောက်သည်ဟု ထင်မှတ်ကာ ထွက်ပြေးသွားလေသည်။ နှစ်ပေါင်းများစွာကြာမှ လူသားတစ်ဦးကို တစ်ခါမြင်ပါသည်။ လူသားတွေက အတွေ့မခံဘဲ ထွက်ပြေးသွားသဖြင့် စိတ်မောလူမောမောကာ လဲကျသွားရလေသည်။

"ဟင်-ဆိုးလိုက်တဲ့ငါ့ကံနှယ်"

ဟု ညည်းတွားရလေတော့သည်။ သို့သော် မောင်ညို၏ကုသိုလ်ကံကလေး ပြန်လည်၍တည့်မတ်လာပြန်လေသည်။ တစ်မိုးကုန်ပြီးနောက် တစ်ဆောင်းကူးနွေဦးပေါက်စတွင် ရွက်လွှင့်၍လှေတစ်စီးပေါ်လာပြန်လေတော့သည်။ လှေတွင်းတွင် ကုန်တွေပါလာသည်။ လူကလည်း (၃)ယောက်ပါလာသည်။

မောင်ညိုသည် ကမ်းစပ်သို့ပြေးဆင်းကာ လက်ခုပ်တီး၍ -

"ဗျို့ - လှေဆရာတို့"

ဟု ဟစ်၍ခေါ်လေသည်။ လေး၊ ငါးကြိမ်မျှခေါ်သော် လှေမှ ကမ်းဘက်သို့ လှည့်ကြည့်ကြလေသည်။ လေတိုက်နှုန်းကြောင့် တော်တော်နှင့်ခေါ်၍မကြားနိုင်ပေ။ လေထုကိုဖောက်၍ လှေဆီကိုရောက်ဖို့ရာ တော်တော်ကြိုးစားရရှာသည်။ မောင်ညိုက အားမလျှော့ဘဲ လက်ယပ်ခေါ်ကာ -

"လာကြပါဦးဗျာ"

ဟု အကြိမ်ကြိမ်အော်ခေါ်လေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

လှေပေါ်မှလူများ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ကမ်းသို့ကပ်ရန် သဘောတူကြလေသည်။

"ဘီလူးလား၊ သရဲလားမသိဘူး"

ဟု လည်း ပြောကြသေးသည်။

"ဘာဖြစ်ဖြစ်မြန်မာလိုစကားပြောနေတယ်ဗျာ။အကျိုးကြောင်းသိရအောင် သွားကြည့်လိုက်ကြရအောင်"

ဟု ပြောကြပြီး ကမ်းသို့ကပ်လာကြလေသည်။

မောင်ညိုက တစ်ကိုယ်လုံးမှာလည်း အမွေးအမှင်တွေဖုံးကာ တကယ့်ဘီလူးရုပ်ပေါက်နေလေသည်။ တစ်ခါမှာတော့ မောင်ညိုမှာ ပုဆိုးနံငယ်ပိုင်းလေး ဝတ်ထားသည်။ အသားအရေမှာလည်း နေလောင်သွားသဖြင့် ညိုမည်းကာ လူမျောက်ဆိုလျှင်လည်း မမှားအောင် ဖြစ်နေလေသည်။

ကမ်းစပ်သို့ ရောက်သောခါတွင် မောင်ညိုက -

"ကျွန်တော်လူပါဗျာ၊ သရဲမဟုတ်ပါဘူး"

ဟု ပြောလေသည်။

"ခင်ဗျားတစ်ကိုယ်လုံးမှာလည်း အမွေးတွေဖုံးနေတော့ ကျွန်တော်တို့က ဘီလူးသရဲလို့ထင်တာပေါ့ဗျာ"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့ ငါးဖမ်းလှေမှန်တိုင်းမိလှေမြုပ်ပြီး လူတွေသေကြတယ်။ ကျွန်တော် တစ်ယောက်သာ ကံသီပြီး ဒီကျွန်းကိုရောက်နေတာ။ ကျန်လူတွေ သေသလား၊ ရှင်သလား မသိဘူး"

"ခင်ဗျား ဘယ်မြို့ ဘယ်ရွာကလဲ"

"ကျွန်တော် အုန်းကျွန်းကဗျာ။ ဒီကျွန်းရောက်နေတာ နှစ်ချီနေပြီ။ ဘာကျွန်းခေါ်မှန်းလဲမသိဘူး။ လူသားဆိုလို့ ခုမှခင်ဗျားတို့ကိုမြင်ရတယ်။ ကျွန်တော့်ကိုကယ်ပါဗျာ"

"ကောင်းပြီလေ၊ လာ-ကျွန်တော်တို့နဲ့လိုက်ခဲ့။ ခင်ဗျားမှာ ဘာယူစရာရှိသေးသလဲ"

"ဘာမှယူစရာမရှိဘူး။ မျောလာတုန်းကလည်း ဒီပုဆိုးကလေးတစ်ထည်တည်းနဲ့မျောလာတာ။ ပုဆိုးတောင်ရိနေပြီ"

"ကဲ - ဘာမှယူစရာမရှိရင် လှေပေါ်တစ်ခါတည်းတက်လိုက်ခဲ့ပေတော့။ ကျွန်တော်တို့ ခင်ဗျားရွာရောက်အောင်လိုက်ပို့ပါ့မယ်"

မောင်ညိုသည် သူနေခဲ့ရာနေရာဟောင်းကလေးကို ပြန်လှည့်ကြည့်လိုက်သည်။ ကျွန်းလေးသည် လွမ်းမောစရာအဖြစ် တဖြည်းဖြည်းဝေး၍နောက်မှာကျန်ရစ်ခဲ့လေတော့သည်။

မောင်ညို သူ့ရွာသို့ပြန်ရောက်သွားသောအခါ - အားလုံးက သူ့ကို မမှတ်မိကြတော့ပေ။ သူ့မိခင်လည်း ကွယ်လွန်သွားခဲ့ပြီ။ သူထွက်သွားစဉ်က ကိုယ်ဝန်ဖြင့်ကျန်ရစ်ခဲ့သော သူ့မိန်းမ အေးစိန်မပင် သမီးကလေးမွေး၍ ငါးနှစ်အရွယ်ရှိနေပေပြီ။ သူပြန်ရောက်လာတော့ တစ်ရွာလုံးဝိုင်း၍လာကြသည်။ မေးကြမြန်းကြသည်။ သူကလည်း အကြောင်းစုံပြောပြရသည်။

"မင်းကိုသေပြီဆိုပြီးတော့ ဟိုတွေ ဘုန်းကြီးပင့်ဆွမ်းတွေဘာတွေသွတ်ပြီးကြပြီကွယ်"

ဟု ရွာခံအဘွားကြီး ဒေါ်ငြိမ်းခင်က ပြောသည်။

"မင်းပျောက်သွားတာ (၆) နှစ်ရှိပြီကွယ့်"

"ကျွန်တော်ကတော့ ဘာမှမသိတော့ဘူး ဘွားလေးရယ်။ ကျွန်းပေါ်မှာ တစ်ယောက်တည်း ဘယ်သူနဲ့မှ စကားပြောစရာမရှိ။ သားစိမ်းငါးစိမ်းစားပြီးနေခဲ့ရတာ။ မီးဆိုတာ တစ်ခါမှမမြင်ဘူးခဲ့ဘူး။ ခုမှပဲမီးမြင်ရတော့တယ်"

မောင်ညိုသည် အဖြစ်စုံသနစ်စုံ ပြောပြပြီး ရှည်လျားလှသောဆံပင်များ၊ မုတ်ဆိတ်များရိပ်ပယ်၍ ရွာဦးကျောင်းမှဆရာတော်ထံတွင် တစ်ပတ်မျှ ဒုလ္လဘဝတ်ကာ သူ၏သောကတို့ကိုဖြေဖျောက်လိုက်ရလေသည်။

❑

"အဲဒါကတော့ ငါ့ကိုဟိုလူပြောပြသွားတာပဲကွာ။ မင်းစာရေးချင်တယ်ဆိုလည်းရေးပေါ့"

"အေး - ငါရေးတော့ရေးချင်ပါတယ်ကွာ။ ဒါပေမယ့်သိပ်မပြည့်စုံဘူးလို့ထင်တယ်။ သူရောက်သွားတဲ့ကျွန်းက ဘယ်တိုင်း ဘယ်မြို့နယ်ထဲက ဖြစ်တယ်ဆိုတာရယ်၊ ဒီကျွန်းကို ဘာကျွန်းလို့ခေါ်တာလဲဆိုတာရယ်က မသိရတော့ ရမ်းတုတ်လိုဖြစ်နေမှာလည်းစိုးသေးတယ်ကွ။ ငယ်ငယ်တုန်းက အဘွားပြောခဲ့တဲ့ ပုံပြင်ဖြစ်လို့ တာရာဏသီက ဘာမြို့ကြီးမှာ ဘာသီးသီးသတဲ့။ ဘာဓားကြီးနဲ့ခွဲလိုက်တာ ဘာမှမရှိဘူးတဲ့။ အဲ့သလိုဖြစ်နေမှာလည်းစိုးပါသေးတယ်ကွ"

"ဟေ့ကောင်၊ ငါက ငါ့သူငယ်ချင်းစာရေးချင်ရေးဖို့ရအောင် ငါကြားသိသမျှ ပြန်လည်းပြောပြရသေးတယ်။ ငါလုပ်ပြောနေတာမဟုတ်ဘူး ဟေ့ကောင်ရဲ့။ သူပြောပြခဲ့သမျှ ငါက မင်းကို ပြန်ပြောရတာ"

ဦးသာရင် ဒေါသထွက်လာသဖြင့် ကျွန်တော်က အလျှော့ပေးကာ -

"အေးပါကွာ အေးပါ။ မင်းလည်း မင်းသိသမျှ ကြားသမျှ ပြန်ပြောရတာပဲ။ ဆောရီးကွာ ဆောရီး"

"မင်းရေးချင်လည်းရေး၊ မရေးချင်လည်းနေကွာ။ ငါက ငါသိသမျှ မင်းပြောပြတာပဲ"

ကျွန်တော်သည် မိတ်ဆွေကြီး ဦးသာရင် ဒေါပွသွားသဖြင့် အတတ်နိုင်ဆုံး အလျှော့ပေးကာ -

"အေးပါကွာ၊ အေးပါ။ ငါက ပိုပြီးပြည့်စုံအောင်လို့ကွာ။ တစ်ဖက်ကမ်းမရှိ ကျယ်ပြောလှတဲ့ပင်လယ်ပြင်ကြီးမှာ ဒီလိုလူမသိသူမသိလူမရောက်သူမရောက် ကျွန်းတွေဘယ်လောက်များရှိသလဲသိချင်လို့ပါကွာ။ စာတစ်ပုဒ်ရေးတယ်ဆိုတာ မဟုတ်တာကို ဟုတ်တာလုပ်ပြီး ဖြီးဖြန်းရေးလို့လည်းကောင်းတာမဟုတ်ဘူးကွ။ ကိုယ်က ဖြီးဖြန်းရေးလိုက်လို့ သိတဲ့လူက ထောက်ပြလိုက်ရင် မောကြောပဲ သူငယ်ချင်းရေ။ ဒါကြောင့်ဒါကြောင့် စိတ်မရှိပါနဲ့ကွာ"

"အေး-ငါကလည်း ငါ့သူငယ်ချင်းအတွက် ကုန်ကြမ်းရမလားလို့ ပြောပြတာပါ။ မင်းကို အလံနီဗိုလ်ထွန်းနှင်အကြောင်းလည်း ပြောပြလိုက်တာပဲမဟုတ်လား"

"ကျေးဇူးတင်ပါတယ်သူငယ်ချင်းခေါင်းတုံးရယ်"

ဦးသာရင်မှာ အပူနာတစ်ခုကြောင့် ဆံပင်ကျွတ်ကာ ခေါင်းပြောင်နေသည်မို့ 'ခေါင်းတုံး'ဟုပြောလိုက်ရာ ဦးသာရင်လည်း ဒေါခွီးသွားကာ ရှိုးဖြာနေသောဓားနှင့်ရွယ်ကာ -

"ငါ ဓားနဲ့ခုတ်လိုက်ရ သေတော့မှာပဲ"

ပြောလေတော့သည်။

"အေးပါကွာ၊ မင်းခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်။ ငါအဆင်ပြေအောင်ကြည့်ရေးလိုက်ပါ့မယ်"

မောင်သောင်းနိုင်

(ဤအဖြစ်အပျက်ကိုပြောပြသော ဦးသာရင်အား ကျေးဇူးတင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

ဗန်းမော်ညိုလှ

# ဖျားနာအတွက် ခံတက်ရွက်

ဒုတိယကမ္ဘာစစ်ကြီးဟာ မြန်မာနိုင်ငံကို ကူးစက်တဲ့အချိန်ကပေါ့ဗျာ။ ကျွန်တော်တို့ ဗန်းမော်မြို့ကို ဗုံးတွေချပြီး ဂျပန်နောင်ဆိုတဲ့လေယာဉ် (၂) စင်းဟာ ကျွန်တော်တို့ ဗန်းမော်မြို့ကို ဝိုက်ဝိုက်ပြီးဗုံးတွေကြဲနေတော့ မြို့ပေါ်ရှိ ဘုရားများ စေတီများ၊ ကျောင်းများ ပျက်စီးကုန်ကြပြီး မြို့ပေါ်ရှိတဲ့အိမ်များလည်း မီးလောင်ကုန်ပြီ။ ဒီအချိန်မှာ ကျွန်တော်တို့မိသားစုဟာ စစ်ရှောင်ပြေးလို့ ဧရာဝတီတစ်ဖက်ကမ်းမှာရှိတဲ့ သပြေကုန်းကျေးရွာကိုရောက်ရှိနေကြပါပြီ။ အခြားအခြားဗန်းမော်မြို့သူမြို့သားအချို့လည်း ရောက်ရှိနေကြပါတယ်။ သပြေကုန်းကျေးရွာဟာ တောများထူထပ်တဲ့အတွက် လေယာဉ်ပေါ်ကကြည့်ရင် မမြင်နိုင်တဲ့ ရွာလည်းဖြစ်ပါတယ်။ စစ်ပြေးဒုက္ခသည်တွေဟာ စစ်ဘေးလွတ်ပြီး အေးအေးချမ်းချမ်းရှိနေကြပါတယ်။

ဒါပေမယ့် ရေမြေအပြောင်းအလဲကြောင့်လားမပြောတတ်။ စစ်ရှောင်လာသူအားလုံးနီးပါးလောက်ဟာ ဖျားနာကုန်ကြတယ်။ အိပ်ရာထဲကမထနိုင်အောင်ဖြစ်နေကြပါတယ်။ ကျွန်တော်လည်း အပါအဝင်ပေါ့။ ဒီအချိန်မှာ ကျွန်တော့်အဖေဟာ ဖျားရက်တန်းလန်းကနေ သူ့မိတ်ဆွေဖြစ်တဲ့ မြန်မာသမားတော်ကြီး ဦးခိုင်ကို သွားပင့်ပါတယ်။ ဆရာကြီးဦးခိုင်ဆိုတာ သပြေကုန်းရွာသားကြီးပါ။ မျိုးရိုးက သမားတော်မျိုးရိုးဖြစ်နေလို့ သမားတော်လုပ်နေတာပါ။

ဆရာရောက်လာတော့ ဆရာဟာ ကျွန်တော့်အဖေမှစပြီး မိသားစုအားလုံးရဲ့ သွေးကြောကောက်ဝတ်တွေကို စမ်းသပ်ပါတယ်။ အဲဒီနောက် ခဏလို့ပြောပြီး ကျွန်တော်တို့တည်းခိုနေတဲ့အိမ်ပေါ်က ဆင်းသွားပါတယ်။ မကြာလိုက်ပါဘူး။ ဆရာခိုင်ဟာ အရွက်တွေကိုခြင်းတောင်းထဲမှာထည့်ပြီး ပြန်ရောက်လာပါတယ်။ အရွက်တွေကိုကြည့်လိုက်တော့ ခံတက်ရွက်တွေဖြစ်နေတာကို တွေ့လိုက်ရပါတယ်။

"အဲ - ကိုဆန်နီရေ ကျုပ်ကို ရေနွေးဆိုးပေး။ နောက်ပြီး ချက်ထားတဲ့ ထမင်းလည်းပေးပါ"

ဟု ဆိုပါသည်။ အဖေလည်း မီးဖိုချောင်ထဲသွားပြီး ငရုတ်ဆုံနဲ့ ထမင်းတစ်ပန်းကန်ယူလာပါတယ်။ ဆရာခိုင်ဟာ အိမ်အောက်မြေပေါ်ဆင်းသွားပြီး ငရုတ်ဆုံနဲ့ ခံတက်ရွက်ကိုထောင်းပါတယ်။ ခံတက်ရွက်ညက်တဲ့အချိန်မှာ ထမင်းကိုထည့်ပြီးထောင်းပြန်ပါတယ်။ ထမင်းရယ်၊ ခံတက်ရွက်ရယ် ငရုတ်ဆုံထဲမှာ သမသွားတဲ့အချိန်မှာ -

"ကိုဆန်နီ၊ ပုဆိုးအစုတ်ပေးဗျာ"

အဖေက ပုဆိုးအစုတ်ပေးလိုက်ပါတယ်။ ဆရာခိုင်ဟာ ပုဆိုးကို အစိတ်စိတ်အမြှာမြှာဆုတ်ဖြဲလိုက်ပါတယ်။

"ကဲ - ကိုဆန်နီ၊ ခင်ဗျားကစပြီး ဆေးစည်းမယ်ဗျာ။ ခင်ဗျားပက်လက်လန်အိပ်ပါ"

အဖေပက်လက်လန်အိပ်လိုက်တာနဲ့ ဆရာခိုင်ဟာ အဖေ့ရဲ့ခြေမတစ်ဖက်ကို ကိုင်ပြီး ထမင်းနဲ့ထောင်းထားတဲ့ ခံတက်ရွက်ကို ခြေမတစ်ခုလုံးအုံလိုက်ပါတယ်။ ပြီးတော့ ပတ်တီးကိုတင်းတင်းချည်လိုက်ပါတယ်။ နောက် ခြေမတစ်ဖက်ကိုလည်း ဒီအတိုင်းပဲလုပ်ပါတယ်။ ဖျားနေတဲ့ မိသားစု (၁၁) ယောက်ကို ဆရာခိုင်ဟာ ခံတက်နဲ့ထမင်းထောင်းကို ခြေမမှာစည်းပေးလိုက်ပါတယ်။

"ကဲ - ကိုဆန်နီ၊ ကျုပ်စည်းပေးလိုက်တဲ့ဆေးကို နောက်တစ်ရက်ဒီအချိန်ရောက်မှအားလုံးကိုဖြေပေးပါ။ ဆေးကဆွဲတယ်နော်။ ကြိတ်မှိတ်ပြီးခံကြပါ။ ကလေးတွေဆေးဆွဲလို့ တအားငိုရင်လည်း ဖြေမပေးပါနဲ့။ ဒါမှခန္ဓာကိုယ်ထဲမှာရှိနေတဲ့အဖျားအပူတွေကုန်သွားမှာ။ ဖျားတယ်ဆိုတာ ခန္ဓာကိုယ်ထဲမှာ အပူများလွန်းလို့ဖျားတာ။ အပူမရှိရင် မဖျားဘူး။ ဒီဆေးဟာ အပူကိုဆွဲထုတ်တဲ့ဆေးပဲ။ ခြေမမှာဘာဖြစ်လို့စည်းထုံးရသလဲဆိုတော့ ခြေမဆိုတာ ခန္ဓာကိုယ်မှာရှိတဲ့ အကြောတွေရဲ့သော့ချက်ပဲ။ သူကနေဆွဲထုတ်မှ အားလုံးအပူတွေဟာထွက်လာမှာ။ မယုံရင်ကြည့်ထား။ နက်ဖြန်ဒီအချိန်မှာ တစ်ယောက်မှမဖျားတော့ဘူး။ ကျုပ်အာမခံတယ်"

ဆရာခိုင်ဟာ ပြောပြီးပြန်သွားပါတယ်။

ဆရာခိုင်ပြောကြားတဲ့အတိုင်းပင် ကြိတ်မှိတ်ခံခဲ့ကြတော့ နောက်နေ့မှာ မိသားစုအားလုံးဟာ ဖျားနာမှုမရှိဘဲ အကောင်းပကတိဖြစ်သွားခဲ့ကြပါတယ်။

ကျွန်တော်ဟာ ခံတက်ပင်နဲ့ ခံတက်ရွက်ကိုသိပါတယ်။ ဒါပေမယ့် ဆေးဖက်ဝင်မှန်းမသိခဲ့ပါဘူး။ ခံတက်ရွက်ကိုအချဉ်တည်ပြီး ငါးတင်းခပ်များများနဲ့ အရည်သောက်သုပ်စားရင် အင်မတန်အရသာရှိတာ။ ကျွန်တော်တို့အထက်ပိုင်းကတော့ ခံတက်ရွက်ကို အချဉ်တည်ပြီး သုပ်စားတာများပါတယ်။

လူတစ်ယောက်ဖျားတယ်ဆိုတာ (ငှက်ဖျားကြောင့်ဖြစ်စေ၊ အအေးပတ်လို့ဖျားတာဖြစ်စေ၊ ထိခိုက်ရှနာလို့ဖျားတာဖြစ်စေ) အပူကြောင့်ဖြစ်တာပဲရယ်လို့ မြန်မာသမားတော် ဆရာခိုင်က ခံယူထားပါတယ်။ သူ့ခံယူချက်အတိုင်း အပူကိုထုတ်နိုင်တဲ့ဆေးကို ရှာခဲ့ဟန်တူပါတယ်။ နောက်ဆုံး ခံတက်ရွက်ကိုတွေ့လို့ ခံတက်ရွက်နဲ့ပဲ အဖျားသမားအားလုံးကို ကုခဲ့ဟန်တူပါတယ်။ ထမင်းသုံးတာကတော့ ဆေးမကွာကျစေရန် အထိန်းအဖြစ်သုံးတယ်လို့ ယူဆရပါတယ်။

ဒီခေတ်မှာတော့ လူတစ်ယောက်ဖျားလာရင် အလွယ်တကူ ပါရာစီတမော(လ်)၊ ဒီကိုဂျင် စတဲ့ ဆေးများကိုသောက်ပြီး အဖျားကျသွားအောင်လုပ်ကြပါတယ်။ အဖျားနဲ့ပတ်သက်လာရင် တိုင်းရင်းဆေးဇာတိဝင်မှအစ ဆေးအားလုံးဟာ သောက်ဆေးများပါတယ်။ သပြေကုန်းကျေးရွာ မြန်မာသမားတော်ဆရာကြီးဦးခိုင်ကတော့ ခံတက်ရွက်ကို ထမင်းနဲ့ထောင်း၊ ခြေမမှာအုံပြီး အဖျားပျောက်အောင်ကုတဲ့နည်းကတော့ရှားပါတယ်။ ဒါကြောင့် ဖျားနာလာရင် ခံတက်ရွက်ကို သုံးကြည့်ပါလို့ တင်ပြလိုက်ပါတယ်။

ဗန်းမော်ညိုလှ

www.burmeseclassic.com

## ရိုးရာသတင်းဆောင်

# သဲအင်းဂူတောရ

မော်ဘီမြို့နယ်သည် သာသနာနှင့်ပတ်သက်သော စေတီပုထိုး၊ ဘုရားကျောင်းကန်နှင့်တောရရိပ်သာများရှိရာ မြို့နယ်တစ်ခုဖြစ်ပြီး ရန်ကုန်မြို့နှင့် မိုင် (၃၀) ကျော်သာ ကွာဝေးပါသည်။ သာသနိကအဆောက်အအုံများစွာရှိခဲ့ပါသော်လည်း မူလက ရှိခဲ့ပြီးသော ကျိုက်ဒေးဒလွန်နှင့် ရွှေမော်တင်စေတီတို့နောက်ပိုင်းတွင် ဦးစွာသော တောရရိပ်သာတစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့သော သာသနာ့နယ်မြေ ဖြစ်ပါသည်။


သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဌာနချုပ်သည် ၁၉၆၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တည်ထောင်ခဲ့သူမှာ ဦးဥက္ကဋ္ဌ (ဦးအောင်ထွန်း) ဖြစ်ပါသည်။ မော်ဘီမြို့နယ် နှောကုန်းရွာဇာတိဖြစ်ပြီး ဓားပြဘဝဖြင့် ကျင်လည် ကျက်စားခဲ့ပြီးနောက် စွန်းလွန်းဆရာတော်ဘုရားကြီး၏ အဋ္ဌုပ္ပတ္တိစာအုပ်ကို ဖတ်ရှုခဲ့မိရာမှ (၂၁)လအတွင်း သမထဝိပဿနာကျင့်စဉ်များကို ကျင့်ကြံခဲ့ရာမှ ထူးခြားသော ပုဂ္ဂိုလ်ဖြစ်ခဲ့ပြီး ယနေ့တိုင်အောင်ပင် နာမည်ကျော်ကြား လူစည်ကားရာ ကမ္မဋ္ဌာန်းရိပ်သာဖြစ်ခဲ့ပါသည်။

သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်သည် မော်ဘီမြို့မှ တိုက်ကြီးမြို့သို့သွား မော်တော်ကားလမ်း စုပေါင်းရုံးကားမှတ်တိုင်မှ အနောက်ဘက်သို့ မုခ်ဦးမှ (၂) မိုင်ကွာဝေးသော နှောကုန်းကျေးရွာတွင် တည်ရှိပြီး မော်တော်ကားလမ်း၏ အဆုံးတွင် ကြီးမားသောမုခ်ဦးကြီးရှိပြီး ဧက(၇၀)ကျော်ကျယ်ဝန်းသောသာသနာ့နယ်မြေဖြစ်ပါသည်။ မုခ်ဦးကြီး၏မြောက်ဘက် မော်တော်ကားလမ်းအကျော်တွင် ဓာတ်တော်မြူးစေတီတော်၏မုခ်ဦးရှိပြီး ကွန်ကရစ်ခွေးလမ်းမှ ဝင်ရောက်ခဲ့ပါက ရေကန်နှင့် တောအုပ်ပတ်လည်ဝန်း၍ထားသော ဓာတ်တော်မြူးစေတီနှင့် မီးသင်္ဂြိုဟ်စက် (အသုဘကမ္မဋ္ဌာန်းရှုရာနေရာ) တို့ရှိပြီး ဓုတင်ဆောင်နယ်မြေ သတ်မှတ်ထားပါသည်။ သဲအင်းဂူဆရာတော်၏အဋ္ဌိစျာပနာပြုပြီးတည်ထားခဲ့သောစေတီတော်ဖြစ်ပြီး ဓာတ်တော်များ ကွန့်မြူး၍ ဓာတ်တော်မြူးစေတီဟုခေါ်တွင်သမုတ်ခဲ့ကြသည်။

ထိုမုခ်ဦး(၂)ခု၏ အနောက်ဘက် ကွန်ကရစ်ခွေးလမ်းအတိုင်း (၀း၁၅) မိနစ်ခန့်သွားပါက သဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ကနဦးတရားကျင့်ကြံအားထုတ်ခဲ့သော ဆေးရိုးပင် (၃နဲ) ကြီးရှိရာ



အရိယာစေ့ဓာ့ရုံထဲရှိ ဆရာတော်ရုပ်တု



လေးကျွန်းအကြာရှင်စေတီတော် မူလစေတီကို ငုံပြီး စေတီတော်အသစ်တည်ဆောက်နေပုံ



သစ္စာမရှိုင်ကျောက်တိုင်



အရိယာကျောင်းတော်နှင့် ဆရာတော်ဆံရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



အောင်တော်မူစေတီနှင့်
ဆရာတော်ကြီး၏သင်္ချိုင်းဂူ



သဲအင်းဂူစေတာရာဝင်ပေါက်မှဝင်ရောက်
ဓုတင်ဆောင်သံဃာတော်များ



သိမ်ဆင်းရဟန်းသံဃာများကို
သိမ်ဆင်းလောင်းလှူပုံ



မူလစေတီကိုဖုံးပြီး စေတီတည်ထားပုံ



အရိယာမွေ့ရုံကြီး၏အတွင်းပိုင်း



ဆရာတော်ကြီးရုပ်တု

...ဆူးမြတ်စေတီ' သို့ ရောက်ရှိပါ...

သဲအင်းဂူဆရာတော် ဦးဥက္ကဋ္ဌ (...အောင်ထွန်း) ကို ၁၂၇၄ ခုနှစ်၊ ...သဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် နှောကုန်းရွာတွင် မွေးဖွားပါသည်။ နှောကုန်းရွာသည် အိမ်ခြေ (၃၀၀) ကျော်ရှိပြီး ကျောင်းကြီးကျောင်းနှင့် ကျောင်းလေးနှစ်ကျောင်းရှိပြီး ရခိုင်ဘုန်းတော်ကြီးနှင့် ဗမာဘုန်းတော်ကြီးတစ်ပါးစီ ကျောင်းထိုင်ကြ၏။ နှောကုန်းရွာတွင် အောက်အရပ်မှ ရွှေ့ပြောင်းလာကြသူများနှင့် အထက်အရပ်အညာဒေသမှ ရွှေ့ပြောင်းအခြေချနေထိုင်ကြသူများ ဖြစ်ကြပြီး ဦးအောင်ထွန်း၏ မိဘများမှာ အထက်အညာဒေသမှ ရွှေ့ပြောင်းအခြေချသည်။ မြန်မာတတ်ဗိန္ဒောဆရာဖြစ်၏။ နှောကုန်းရွာတစ်ဝိုက်တွင် ကြာအင်း၊ ညောင်ပင်အင်း၊ ခွေးပုတ်အင်းနှင့် သဲအင်းဂူဟူ၍ အင်းလေးအင်းရှိပြီး လယ်ယာလုပ်ငန်းတို့ဖြင့် ရွာသားများ အသက်မွေးကြသည်။

ငယ်စဉ်က စာမသင်ဘဲ ရွာဦးဆိုင်တွင် ခိုင်းသမျှလုပ်ပေးပြီး ထန်းရည်သောက်၊ ဆေးလိပ်သောက်လုပ်နေသဖြင့် မိဘများကလက်လျှော့ထားလိုက်ကြသည်။

www.burmeseclassic.com

ရွာမလေ့ စပါးရိတ်သိမ်းပွဲအပြီးတွင် မြေးပြိုင်ပွဲကျင်းပရာ ကရင်အမျိုးသား မောင်ဂိုနှင့် ယှဉ်ပြိုင်ပွဲတွင် ပန်းတိုင်အဆုံး ဝါးလုံးတိုင်တွင်စွပ်ထားသော ကြိမ်လုံး (ပန်း) ကို ပြိုင်တူလှမ်းယူမိကြသော်လည်း မောင်အောင်ထွန်းက ဆောင့်ပြီးဆွဲယူခဲ့ရာ မောင်ဂို မိမိရရ မဆွဲယူနိုင်ဘဲ မောင်အောင်ထွန်းက မိမိရရဆွဲယူပန်းတိုင်ဝင်ခဲ့သည့်ဇာတ်ကိုပြခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် မြို့ရွာတိုင်း၌ လူမိုက်ကြီးစိုးမှုများရှိလာခဲ့ရာ နှောကုန်းရွာတွင်လည်း လူမိုက်များဒဏ်ကို ဖခင် ဦးသော်တာနှင့် မိခင်ဒေါ်အုံ့တို့ခံခဲ့ရသည်။ တစ်နေ့ လူမိုက်ခေါင်းဆောင်က မိဘများထံသို့ ငွေကြေးတောင်းစဉ် မောင်အောင်ထွန်းက လူမိုက်ခေါင်းဆောင်အား ထင်းစနှင့်ရိုက်ခဲ့ရာမှ တစ်ရွာလုံးက မောင်အောင်ထွန်းကို လေးစားလာခဲ့ကြသည်။ ထိုမှစပြီး မသိမသာ ဓားပြဘဝသို့ ရောက်လာခဲ့ပေသည်။

ဦးအောင်ထွန်းသည် နှောကုန်းရွာမှ မဖွားညွန့်ဆိုသူနှင့် ပထမဆုံးလက်ထပ်ခဲ့ပြီးနောက် ဓားပြလိုက်တိုက်ခဲ့သည်။ ဇနီးမှမေးလျှင် အခြားရွာမြို့များသို့ အကြွေးလိုက်တောင်းသည်ဟုသာပြောဆိုခဲ့သည်။ ယင်းနောက် ဓားပြမသင်္ကာမှုဖြင့် အဖမ်းခံရပြီး စွဲချက်မတင်နိုင်၍ မှော်ဘီမြို့မှ အဖျောက်မြို့နယ် လှည်းကူးရွာသို့ နှစ်နှစ်နယ်နှင်ခံခဲ့ရ၏။ လှည်းကူးရွာသူကြီးအိမ်တွင် အလုပ်စေခိုင်းခြင်းခံရသည်။ အလုပ်တာဝန်ကို ကောင်းမွန်စွာလုပ်ကိုင်၍ (၆) လသာ နေထိုင်ခဲ့ရပြီး အဖျောက်မှ မှော်ဘီသို့ ခြေကျင်ပြန်ခဲ့ပြီး ရွာအရောက်တွင် အဖျောက်မြို့ရဲစခန်းမှ ဓားပြမှုဖြင့် ထပ်မံဖမ်းဆီးခံရသည်။ ထောင် (၇) နှစ်အပြစ်ကျခဲ့သည်။ အဖျောက်မှ မှော်ဘီသို့အပြန်လမ်းတွင် ဓားပြအပေါင်းအသင်းများနှင့်တွေ့၍ ဓားပြဝင်ရောက်တိုက်ခဲ့ရာမှဖြစ်သည်။ ထောင်သားအဖြစ် ဟင်္သာတ၊ ပုသိမ်၊ မုံပွလင်နှင့် မန္တလေးထောင်များတွင် နေထိုင်ခဲ့ရသည်။ စစ်ဖြစ်၍ ထောင်မှ လွတ်လာရာ ရွာအရောက်တွင် ဖခင်ဆုံးပြီး မဖွားညွန့်နှင့် ကလေး(၃)ယောက်တို့လည်း အိမ်မှဆင်းသွားကြသောအဖြစ်နှင့် ကြုံတွေ့ခဲ့ရပြီး ပုသိမ်ထောင်မှတွေ့ဆုံခဲ့ကြသော လူမိုက်များဖြင့် ပေါင်းဆုံမိကြပြီး အသက် (၃၉) နှစ်မှ အသက် (၅၉) နှစ်အကြား ဓားပြဘဝဖြင့် နာမည်ကြီးထွားလာခဲ့သည်။

ဒုတိယမယားအဖြစ် နှောကုန်းရွာမှ မကျင်စိန်နှင့် လက်ဆက်ခဲ့ရာ ကလေးတစ်ယောက်ရရှိပြီး ဇနီးရောဂါလေးပါကွယ်လွန်ခဲ့ကြပြီး လူဆိုးဓားပြကြီးအဖြစ် ဆက်၍ ကျင်လည်ခဲ့ပြန်သည်။

တတိယမယားမှာ စွယ်တော်ကုန်းရွာမှ ကရင်အမျိုးသမီးနှင့်ပေါင်းသင်းခဲ့ပြီး ဇနီးမစီမှာ သီလရှင်ဆရာကြီးဒေါ်ပုညဝတီအဖြစ် သဲအင်းဂူတော[illegible]တွင်နေထိုင်ခဲ့သည်။

စတုတ္ထမယားသည် ရေကုန်း[illegible]



နယ်ချဲ့ဘုရား





ရထင်းနယ်ချဲ့ပြောင်ပေါက် ဓာတ်တော်ပြူစေတီဝင်ပေါက်မှန်ဦး


www.burmeseclassic.com



မျက်ရှင်တော်လှည့်လည်ပူဇော်ပွဲ



သဲခင်းဂူဆရာတော်ကြီးရှိစဉ်ကတည်းက
ယနေ့တိုင်ရှိခဲ့သော ညောင်ပင်ကြီး



ရတင်နယ်မြေအတွင်းမှ



လေးကျွန်းစကြာရှင်စေတီ၏
အနောက်ဘက်မုခ်ဦးအဝရှိ ဘီလူး...

...ခွတ်တွင် နေထိုင်သူဖြစ်ပြီး ...အောင်ထွန်းနှင့် ထိမ်းမြှားခဲ့ပြီး ...အောင်ထွန်းထက် အသက် (၉) နှစ် ...သူ ဒေါ်သန်းရှိန်ဖြစ်၏။ ဒေါ်သန်းရှိန် ...သည် ဘာသာရေးသက်ဝင်ယုံကြည်သူ ...သလို ဦးအောင်ထွန်းအား ရှာဖွေ ...ပေးသည်။ ဇနီးသည်သည် ရွှေတိဂုံ ...အနီးရှိ မင်းကွန်းတောရတွင် ...ဝင်လေ့ရှိသည်။ ထိုစဉ်ကာလ ... တဲတစ်လုံး၌ ပက်လက်လှန် ...နေသော တဲခေါင်မိုးတန်းတွင်ထိုးထား ...စာအုပ်တစ်အုပ်တွေ့ရှိရ၍ ဖတ် ...ရာ စွန်းလွန်းဆရာတော်ကြီး၏ ...ပ္ပတ္တိစာအုပ်ဖြစ်၍ ဖတ်ရှုရာ၌ ပါဠိ ...အရေးအသားများဖြင့် ရေးသား၍ ...စ်ခဲ့ပေ။ မင်းကွန်းတောရရှိ ...သန်းရှိန်ထံ လိုက်သွားရာမှ ရွှေတိဂုံ ...ကောင်းတန်းတွင် စွန်းလွန်းဆရာ ...ကြီး၏ အတ္တုပ္ပတ္တိစာအုပ်ကို ရှာဖွေ ...ပြီး မသိသည်များကို သိသူများ ထံမေးမြန်းပြီး စာလုံးပေါင်းဖတ်ခဲ့ရပေသည်။

မြန်မာနှစ် ၁၃၂၁၊ ဝါခေါင်လတွင် သာစုကန်မှ ရန်ကုန်သို့ကားစီးလာခဲ့ရာ ဦးအောင်ထွန်းနှင့်တပည့်များသောက်သုံးခဲ့သော အရက်နံ့ကို ကားပေါ်တွင်ပါခရီးသည်များ မကြည်ဖြူကြပေ။ ကားစပယ်ယာသည် ကားရပ်ခိုင်းပြီး ရှေ့သို့ဆက်မသွားသဖြင့် ဦးအောင်ထွန်းနှင့်အဖွဲ့ ကားပေါ်မှဆင်း၍ လမ်းလျှောက်သွားခဲ့ကြသည်။

ဦးအောင်ထွန်းသည် လက်နှိပ်ဓာတ်မီးနှင့် သေနတ်ကို အမြဲကိုင်ဆောင်ခဲ့ရာ ခုအခါတွင် မကိုင်ဆောင်ဘဲ လွယ်အိတ်ထဲတွင်သာ ထည့်ထားပြီး လမ်းလျှောက်၍ ဓားပြတိုက်မည့်အိမ်ကို ရှာဖွေလေတော့သည်။ ဦးဆုံး အိမ်ကြီးတစ်အိမ်ကိုတွေ့ရှိပြီး စိတ်ကြိုက်မတွေ့၍ ဒုတိယအိမ်သို့ အိမ်ကြီးတစ်အိမ်ကိုတွေ့ရှိပြီး စိတ်ကြိုက်မတွေ့၍ ဒုတိယအိမ်သို့ဝင်ကြည့်ကြပြန်သည်။နောက်ဆုံးပထမတွေ့ခဲ့သော အိမ်ကြီးသို့ဝင်ရန်ဆုံးဖြတ်ခဲ့ပြီး ဓားပြဝင်တိုက်ပါတော့သည်။ အိမ်ကြီးအတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ရာမှ တံခါးမကြီးကို လက်ဖြင့်တွန်းလိုက်ရာ တံခါးမကြီးသည် အလွယ်တကူပွင့်သွားပြီး အိမ်ထဲမှ ဓားဖြင့်ခုတ်လိုက်ရာ မျက်နှာတွင် ဓားခုတ်ခံရပြီး ဖင်ထိုင်လျက်ကျသွားလေတော့သည်။ ဦးအောင်ထွန်းမှ ပြန်လည်မခုခံရန် တပည့်များအား ပြောကြားပြီး ထိုအိမ်ကြီးမှ ဆုတ်ခွာခဲ့ပြီး ဘေးကင်းရာသို့ထွက်ပြေးခဲ့ကြသည်။ ဘေးကင်းရာသို့ရောက်ရှိ၍ ဒဏ်ရာကိုစမ်းသပ်ကြည့်ရာ လက်ညှိုးဝင်သွားခဲ့ပြီး သွေးများစီးကျလာတော့သည်။ ထိုဒဏ်ရာကို ဆရာ... နှင့် ကျိတ်ပြီးကုသခဲ့ရာ (၇) ရက်ကြာ

www.burmeseclassic.com

တွင် သက်သာမှုရှိခဲ့သည်။

မအားခုတ်ဒဏ်ရာပျောက်ကင်းပြီးသောအခါ စတုတ္ထမယားဒေါ်သန်းရှိန်အား -

"ငါ တောမှာ ကရင်မ မယားတစ်ယောက်ရှိတယ်။ အဲဒီကိုပြန်ပြီး တရားကျင့်ကြံအားထုတ်တော့မယ်။ နင်လည်း ငယ်ရွယ်သေးတယ်၊ နောက်လင်ယူချင်ရင်ယူလို့ရတယ်။ ငါ့ကိုမျှော်ကိုးမနေနဲ့တော့"

ဟု ပြောဆိုပြီး မှော်ဘီ နွားကုန်းသို့ ပြန်လာခဲ့ပြီးနောက် ၁၃၂၀ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်။ ခရစ်နှစ် ၁၉၅၉၊ စက်တင်ဘာလ ၇ ရက်နေ့တွင် နွားကုန်းရွာလေးကျောင်းတွင် ဆရာတော်ထံ နဝကသီလခံယူပြီး (၁၆) နာရီခန့်မျှ တရားထိုင်ခဲ့သည်။ ၁၃၂၀ ခုနှစ်အတွင်းမှာပင် ကျောင်းကလေးသိမ်တော်၊ ဆေးရိုးပင် (ယခုထက်တိုင်ရှိ) နွားကုန်းသုသာန် မသက်မှုဖြင့်အချုပ်ခံရသော (၄၅) ရက်ကာလအတွင်း တရားကျင့်ကြံခဲ့သည်။

၁၂ - ၃ - ၁၉၆၁ ခုနှစ်တွင် နွားကုန်းကျောင်းကြီးကျောင်းဆရာတော် ဦးပညိန္ဒိယထံ ဥပဇ္ဈာယ်ပြုပြီး မိခင်ဒေါ်မယ်အုံ့အား ဦးထိပ်ထား၍ ရဟန်းဘဝ ခံယူခဲ့သည်။

(၄၅)ရက်အချုပ်ခံရသည်မှာ နိုင်ငံတော်သမ္မတဟောင်း ဒေါက်တာဘဦး၏အိမ်တွင် ပစ္စည်းပျောက်မှုမသင်္ကာဖြင့် အင်းစိန်တွင် - အချုပ်ခံရခြင်းဖြစ်ပြီး အမှုတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း စစ်ကြောခံရပြီးပြန်လွတ်လာခဲ့ခြင်း ဖြစ်သည်။

တရားကျင့်ကြံအားထုတ်မှုများပြုလုပ်ခဲ့ပြီးနောက် မှော်ဘီမြို့နယ်တစ်ဝိုက်ကျော်ကြားလာခဲ့ရာမှ မြန်မာနိုင်ငံရှိမြို့ရွာများသို့ ဖိတ်ကြားခံရပြီး ကိုယ်တွေ့ကျင့်စဉ်တရားများကို ဟောပြောခဲ့ပြီး နိုင်ငံကျော်ဆရာတော်ဘဝသို့ရောက်ရှိခဲ့ရပြီး ယခုလက်ရှိ သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်သည်လည်း ပရိသတ်များဖြင့်ပြည့်လျက် စည်ကားလာခဲ့ပေသည်။ ယခု တွေ့မြင်ရသည့် အရိယာဓမ္မာရုံကြီးကို ၁၆-၁၁-၆၉ ရက်နေ့တွင်ပန္နက်ချတည်ဆောက်ခဲ့ရာ ဓမ္မာရုံကြီးသည် အလျားပေ (၁၈၀)၊ အနံပေ (၈၀)၊ အမြင့် (၄၀) ရှိပြီး တစ်ထပ်ဓမ္မာရုံအဖြစ် ခမ်းနားထည်ဝါစွာ တွေ့မြင်ရပေသည်။

ဆရာတော်ကြီး ဦးဥက္ကဋ္ဌသည် ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အန္တိမဈာပနကို ၁၉၇၆ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် နိုင်ငံတော်အစိုးရမှ ဦးဆောင်ကျင်းပပေးခဲ့ပြီး ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီး ဦးကိုကိုက မှော်ဘီဗဟိုစိုက်ပျိုးရေးခြံအဆောက်အအုံမှ စီစဉ်ညွှန်ကြားပေးခဲ့သည်။ ကြွင်းကျန်သော ဓာတ်တော်များကိုစုစည်းပြီး စေတီတည်ထားခဲ့ရာ ဓာတ်တော်များကွန့်မြူး၍ ဓာတ်တော်မြူးစေတီဟုခေါ်တွင်သမုတ်ခဲ့၏။ ယနေ့ချိန်ရေကန်နှင့်တောအုပ်ကြီးအလယ်တွင်ရှိပြီး မွန်းတည့်ချိန်မှလွဲ၍ နေပြောက်မထိုးသောတောအုပ်ကြီးအဖြစ် ယနေ့တွေ့မြင်ရပါသည်။

ဆရာတော်၏ရုပ်အလောင်းအား မီးသဂြိုဟ်ခြင်းပြုလုပ်လိုကြသူများနှင့် ရုပ်အလောင်းအတိုင်းစေတီတည်ထားလိုသူများ အငြင်းပွားခဲ့ကြရာမှ (၃) နှစ်တိုင်အောင် ရုပ်အလောင်းအား မသဂြိုဟ်ဖြစ်ခဲ့ရာမှ တိုင်းပြည်သူ့ကောင်စီ၊ မြို့နယ်ပြည်သူ့ကောင်စီနှင့် သာသနာရေးဌာနတို့မှ ဈာပနကိစ္စတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရပြီး ရဲတပ်ဖွဲ့များ၊ အစောင့်အရှောက်များဝန်းရံ၍ အဂ္ဂိဈာပနကိုပြီးဆုံးအောင် ဆောင်ရွက်ပေးခဲ့ရသည်။

သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်သည် ဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏နောက်ပိုင်းမှ ယနေ့အချိန်အထိ ပဓာနနာယကဆရာတော်လေးပါးအထိဆက်လက်အုပ်ချုပ်ဆောင်ရွက်လာခဲ့ရာ မဟာသင်္ကြန်ကာလသည် အစည်ကားဆုံးကာလဖြစ်ပြီး ကဆုန်ညောင်ရေသွန်းပွဲတော်ကာလ၊ ကထိန်ပွဲတော်ကာလများတွင်လည်း စည်ကားလျက်ရှိပြီး ဝါတွင်းကာလတွင် အဓိဋ္ဌာန်ဝင်ရောက်ကြသူများလည်း ရှိကြသည်။

ယခုချိန်ခါ သင်္ကြန်ကာလရက်များအတွင်း သဲအင်းဂူကမ္မဋ္ဌာန်းတောရကျောင်းသို့ရောက်ရှိခဲ့ရာ တွေ့မြင်ခဲ့ရသောသာသနိကများမှာ -

၁။ လေးကျွန်းဓမ္မစကြာရှင်စေတီတော် မူလစေတီတော်အားငုံပြီး စေတီတော်အသစ် တည်လျက်ရှိရာ ပေ (၅၀) ခန့်မျှအထိရောက်ရှိနေပြီဖြစ် သည်။

၂။ ဓာတ်တော်မြူးစေတီသည် သဲအင်းဂူပင်မမုခ်ဦး၏ မြောက်ဘက်တွင်ရှိပြီး သင်္ကြန်ကာလ ဓုတင်ဆောင်သံဃာတော်များ ဓုတင်ဆောင်နယ်မြေနှင့် အသုဘကမ္မဋ္ဌာန်းရှုရန်မီးရှို့ခုံဇရပ်နှင့် ကြည့်ရှုစင်တို့ရှိပါသည်။

၃။ ပြည်လုံးချမ်းသာစေတီတော်မှာ လေးကျွန်းဓမ္မစကြာရှင်စေတီ၏ အနောက်တောင်ထောင့်တွင်ရှိပါသည်။

၄။ ပြည်လုံးချမ်းသာစေတီနှင့်ကပ်လျက် လှည့်သွားလမ်းခြားသောနေရာတွင် ဦးဥက္ကဋ္ဌ၏ အသုံးအဆောင်များထားရှိထားရှိပြသရာပြတိုက်။

၅။ ပြတိုက်နှင့်ကပ်လျက်ရှိသော အရိယာသိမ်တော်ကြီး။

၆။ အရိယာသိမ်တော်၏တောင်ဘက်ရှိ 'သစ္စာမဏ္ဍိုင်ကျောက်တိုင်'။

၇။ ယင်းနှင့်ကပ်လျက်တောင်ဘက် 'အရိယာကျောင်းတော်ကြီး'။

၈။ အရိယာကျောင်းတော်ကြီး တောင်ဘက်ရှိ 'ညောင်ပင်ကြီး' (ဆရာတော်ရဟန်းဘဝမရောက်ခင်ကတည်းက ရှိခဲ့သော ယခုတိုင်ရှိနေသည့်အပင်ကြီး)

၉။ 'အောင်တော်မူစေတီ'အရိယာကျောင်းတော်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် ဆရာတော်ကြီးအသုံးပြုခဲ့သော သလွန်ပေါ်တွင် ဆရာတော်၏ရုပ်တုလဲလျောင်းထားရှိသည့် ပြာသာဒ်ဘုံစေတီ။

၁၀။ ထိုစေတီတော်နှင့်ကပ်လျက် ဆရာတော်ကြီး၏ 'ကြေးရုပ်တု'။

၁၁။ စေတီ/ရုပ်တု မျက်နှာချင်းဆိုင်တွင် 'အရိယာဓမ္မာရုံကြီး'။

၁၂။ ကျောင်းတိုက်တောင်ဘက်တွင် 'နဂါးရုံဘုရားနှင့် ရေကန်တော်ကြီး'။

၁၃။ ထိုမှ အနောက်ဘက်တွင် 'ပညာပျိုးခင်းသုံးထပ်ဆောင်' (စာသင်ကြားလျက်ရှိကြသောသာမဏေများ သံဃာများစာသင်ဆောင်)

၁၄။ ဇရပ်တန်းလမ်းအဆုံးတွင်ရှိ 'ရှင်ဥပဂုတ္တရဟန္တာရုပ်တု'။

၁၅။ ဆွမ်းစားကျောင်းတစ်ထပ်ဆောင်နှင့် သုံးထပ်ဆောင် အစရှိသည့် သာသနိကများအပြင် အဝင်မုခ်ဦးအနီးတွင် မှော်ဘီဘိုးဘိုးကြီးနတ်ရုပ်နှင့် ညောင်ပင်ကြီး ယင်းအနောက်ဘက် ညောင်ပင်တွင် ဆရာတော်ရှိစဉ်ကတည်ဆောက်ခဲ့ပြီး ယခုအခါ ပြိုပျက်နေသော တစ်ပါးဂူပျက်များနှင့်အတူ လေးကျွန်းဓမ္မစကြာရှင်အနောက်ဘက်ဝင်ပေါက်တွင် သက်ဝင်နတ်ရုပ်တုနှစ်ရုပ်၊ မြောက်ဘက်ဝင်ပေါက်တွင် တိုက်ဆင်နှစ်ကောင်ရုပ်လုံး စသည်တို့ရှိကြပါသည်။

အထူးသဖြင့် မဟာသင်္ကြန်ကာလတွင် လာရောက်၍ အဓိဋ္ဌာန်ဝင်ရောက်ကြသူများ လာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## စိုးထွန်း(ဥပဒေ)

# ကလေးလိပ်ခေါင်းရောဂါကုသနည်း

လိပ်ခေါင်းရောဂါဟာ လူကြီးတွေမှဖြစ်တဲ့ရောဂါမဟုတ်ပါဘူး။ ကလေးငယ်တွေလည်းဖြစ်တတ်ပါတယ်။ အထူးသဖြင့် ဝမ်းသွားဖို့ညစ်အားကို လိုတာထက်ပိုပြီးသုံးရတဲ့သူရယ်၊ ဝမ်းချုပ်တဲ့သူရယ်မှာ အဖြစ်များပါတယ်။ ကလေးငယ်ဆိုရင်တော့ သူတို့ဘာဖြစ်လို့ဘာဖြစ်မှန်းတောင် မသိပါဘူး။ သားနောက်ဖေးသွားပြီး ဖင်စူနေတယ်လို့ မိဘကို ပြောသော မိဘတွေကသိကြမှာပါ။

အခုတင်ပြမယ့်အကြောင်းအရာကတော့ ကလေးလိပ်ခေါင်းဖြစ်နေရင် ဘယ်လိုကုရမယ်ဆိုတာကို တင်ပြပေးမှာပါ။ ကျွန်တော့်သူငယ်ချင်းရဲ့မိခင် ဒေါ်အရှာဘီက ကလေးလိပ်ခေါင်းကို ကုသပေးပါတယ်။ အထူးသဖြင့် ငါးနှစ်သားအရွယ်ထက်ကြီးရင် ဒေါ်အရှာဘီက မကုတော့ပါဘူး။ ဘယ်လိုကုရမယ်ဆိုတာကို လက်တွေ့လေ့လာခိုင်းပြီး ဒါတွေကို ကုသပုံကုသနည်းကို ကြည့်ခိုင်းပါတယ်။

ဒေါ်အရှာဘီအိမ်ကိုရောက်တော့ ကလေးလိပ်ခေါင်းဖြစ်တဲ့ ကလေးတွေ အများကြီးပါလားလို့ သိရတော့တယ်။ ဆက်လက်ပြီး ဒေါ်အရှာဘီကုသပုံကို ပြောပါတော့မယ်။

ပထမဦးဆုံး လမ်းဘေးမှာပေါက်တဲ့ ပိန်းရိုင်းပင်အရွက်တွေကို အရင်စုဆောင်းထားရပါမယ်။ ကုသတော့မယ်ဆိုရင် ပိန်းရွက်ကို လူကြီးလက်တစ်ဝါးစာလောက်ဖြစ်အောင် အရင်ဦးဆုံးကတ်ကြေးနဲ့ညှပ်လိုက်ပါ။ ပြီးရင် မီးသွေးမီးဖိုမှာ နွမ်းသွားအောင်ကင်ရပါမယ်။

ဒီလို ပထမအဆင့်လုပ်ပြီးရင် အဲဒီပိန်းရွက်အနွမ်း (၃) ရွက်လောက်ကို ထပ်လိုက်ပါ။ ပြီးရင် ဘယဆေးဆိုင်မှာ ကြက်ဆူဆီကိုဝယ်ရပါမယ်။ အခုလို ကြက်ဆူဆီရှိပြီဆိုရင် ပိန်းရွက်အပေါ်မှာ ကြက်ဆူဆီကို မထူမပါးပွတ်လိုက်ပါ။ ကုသမယ့်ကလေးကိုတော့ အထူးသဖြင့် ဝမ်းသွားပြီး စအိုဝစူနေချိန်မှာ ကုရမယ်လို့ ဒေါ်အရှာဘီကပြောပါတယ်။

ပထမ ကလေးကို ဘေးစောင်းလှဲခိုင်းပြီး ဒူးနှစ်ဘက်ကိုကွေးပြီး ပုစွန်တုပ်ကွေးသလိုနေခိုင်းလိုက်ပါ။ ပြီးတော့မှ ကြက်ဆူဆီသုတ်ထားတဲ့ပိန်းရွက်နဲ့စူထွက်နေတဲ့ စအိုဝအသားစိုင်ကို အတွင်းဝင်သွားအောင်ဖိပြီးတွန်းသွင်းရပါမယ်။ ပုံမှန်အနေအထားရောက်တဲ့အထိ ဖိသွင်းတဲ့လက်ကိုငြိမ်းပြီးထားလိုက်ပါ။ လက်လွှတ်လိုက်တဲ့အခါ ကလေးရဲ့စအိုဝဟာ ပြန်ထွက်မလာတော့ဘူးဆိုရင် ကုသတဲ့ကိစ္စပြီးသွားပါပြီ။

ဒေါ်အရှာဘီကုနေတာ မြင်တော့မှ ငါးနှစ်သားထက်ကြီးရင် ဒေါ်အရှာဘီက မကုဘူးလို့ပြောတာ ဒါကြောင့်ကိုးလို့ သိရပါတယ်။ လက်နဲ့ပယ်ပယ်နယ်နယ်ဖိပြီး ပြန်သွင်းရတဲ့အလုပ်ဖြစ်လို့ ကြီးကောင်ဝင်တဲ့ကလေးဆိုရင် သူကုပုံနည်းကြည့်ထားပြီး အိမ်မှာ ဒီအတိုင်းလုပ်ပါလို့ ဒေါ်အရှာဘီက လမ်းပြပေးပါတယ်။

အခုဆိုရင် မိဘရှင်တိုင်း ကိုယ့်ကလေးမှာ ဒီရောဂါငယ်ငယ်ရွယ်ရွယ်နဲ့ ဖြစ်နေတာမြင်ရင် အခုတင်ပြတဲ့နည်းအတိုင်း ကုလိုက်ပါ။ (၃) ကြိမ်လောက်လုပ်လိုက်တာနဲ့ လိပ်ခေါင်းရောဂါဟာ ပိန်းကြာဖက်မှာ ရေမတင်သလိုပျောက်ကင်းသွားတာကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့် ပိန်းရွက်နဲ့ကြက်ဆူဆီရှိနေရင် ဒီရောဂါဖြစ်လည်း ကြောက်စရာမလိုတော့ပါဘူး။ ဒေါ်အရှာဘီက ဒီနည်းနဲ့ လူကြီးတွေလည်း ကုလို့ရပါတယ်လို့ ရှင်းပြလိုက်ပါတယ်။

ကုသနည်းအား နည်းလမ်းပေးသည့် ဒေါ်အရှာဘီအား အထူးကျေးဇူးတင်စွာဖြင့်. . .

**စိုးထွန်း (ဥပဒေ)**

---

...အင်းဂူကျောက်တိုက်ဝင်းအတွင်းတွင် ...း ဇရပ်တန်းများရှိပါသည်။ လူနေ...တ်တဲ့သို့ လမ်းများဖောက်လုပ်...ပြီး လမ်းပေါင်း (၆) လမ်းရှိပြီး ...လမ်းပေါင်း (၅) လမ်းရှိသည်။ ... (၆) လမ်းတွင် ကွန်ကရစ်လမ်း ...ပေးသည်။ ဇရပ်တန်းရှိ မိမိဇရပ် ...လည်း မိသားစုလိုက်လာရောက် ... သကြ်န်ကာလပြီးဆုံးမှ ပြန်ကြ ... သကြ်န်ကာလတွင် လာရောက် ...များမှာ တရားဝင်သူ/လာရောက် ...တ်သူ ငါးထောင်ခန့်မျှရှိမည်ထင် ...

တရားပေးချိန်မှာ -

နံနက်(၆)နာရီမှ နံနက်(၈)နာရီ။

... (၁၂) နာရီမှ မွန်းလွဲ (၂)

...မွန်းလွဲ(၃)နာရီမှ ညနေ(၅)နာရီ။

... (၆) နာရီမှ ည (၈) နာရီ အထိ သတ်မှတ်ပေးထားပါသည်။

ညပိုင်းအချိန်တွင် တရားထိုင်ရာမှထလာကြသူများသည် မိမိတို့၏ဇရပ်များသို့ပြန်ကြသူများရှိသကဲ့သို့ သဲအင်းဂူကျောင်းတိုက်မုခ်ဦးနှင့် မြစည်းရိုးအကြား လမ်းပေါ်ရှိ ဆိုင်တန်းများတွင်လာရောက်သုံးဆောင်ကြသူများဖြင့်လည်း ဘုရားပွဲဈေးပမာ စည်ကားလှပေသည်။ သကြ်န်ကာလအတွင်း ရှင်သာမဏေဝတ်ကြသူများ၊ ရဟန်းဝတ်ကြသူများနှင့် သီလရှင်များသာမက ဥပုသ်ယောဂီများလည်းရှိကြသဖြင့် ပေ (၁၈၀×၈၀×၄၀) ရှိသော အရိယာဓမ္မာရုံကြီးတစ်ဆောင်လုံးပြည့်လျှံနေရုံသာမက ဓမ္မာရုံပဲ/ယာမြက်ခင်းပြင်တွင်လည်း တရားထိုင်ကြသူများလည်းရှိကြသည်။ ဒုလ္လဘသံဃာများမှာ ဓမ္မာရုံကြီးရှိ သံဃာတော်များသီတင်းသုံးရာ အထပ်မြင့်တွင် တရားထိုင်ရန်သတ်မှတ်ပေးထားသော်လည်း တရားဟောပလ္လင်ရှေ့တွင်လည်း တရားထိုင်ကြပါသည်။

ရန်ကုန်မြို့နှင့် မိုင် (၃၀) ခန့်အကွာ မှော်ဘီမြို့နယ်ရှိ ကျိုက်ဒေးဒလွန်နှင့်ရွှေမော်တင်စေတီတော်တို့နောက်ပိုင်းတွင် အဦးဆုံးသော သာသနာ့နယ်မြေတည်ထောင်ခဲ့ရာ ယနေ့တိုင် သဲအင်းသာသနာပျံ့နှံ့ပြီး အခါကာလတွင် စည်ကားရာ မှော်ဘီမြို့နယ် နှောကုန်းကျေးရွာရှိ 'သဲအင်းဂူ' တောရကမ္မဋ္ဌာန်းကျောင်းတိုက်၏ အကြောင်းကို မျှဝေရေးသားလိုက်ရပါသည်။

**စိုးရာဇာကျော်**

ကိုးကား -

မူလသဲအင်းဆရာတော် ဘဒ္ဒန္တ ဥက္ကဋ္ဌမထေရ်၏ ထေရုပ္ပတ္တိကထာ

www.burmeseclassic.com

**က။ (၁၀) တန်းဘဝ**

ကျွန်တော့်နာမည် မောင်ချိုပါ။ ဖေဖေ ဦးပန်းခြံ၊ မေမေ ဒေါ်စောတို့မှ မွေးဖွားပါသည်။ သီးပင်ရွာဇာတိ ချက်မြှုပ်ဖြစ်၏။ သီးပင်ရွာသည် မကွေး တိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင်ပါဝင်၏။ မြို့သစ်မြို့ကို ရထားဖြင့်လာပါက ပျဉ်းမနား - တောင်တွင်းကြီး - ကျောက်ပန်းတောင်းလမ်းခွဲမှ လာလို့ရပါသည်။ တောင်တွင်းကြီးနှင့် နတ်မောက်ဘူတာကြားတွင် တည်ရှိ၏။ ကားဖြင့်လာပါက တောင်တွင်းကြီးမှ လမ်းခွဲရှိပါသည်။ တောင်တွင်းကြီးမြို့ လုလင်မြို့သစ်မှ တစ်ဆင့် နတ်မောက်သို့ရောက်ပါသည်။ နေပြည်တော်မှလာပါက နေပြည်တော် မြို့သစ် မကွေးလမ်းအတိုင်းလာလို့ရပါသည်။

ကျွန်တော်သည် မြို့သစ် အထက တွင် ပညာသင်ကြားပြီး ၁၉၇၆ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၇ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ကျရှုံးပြီး ကျောင်းမှ ထွက်ခဲ့ရ၏။ မိဘများဆွေမျိုးအသိုင်းဝိုင်းများက (၁၀)တန်းနှစ်ကြိမ်ကျခြင်းအပေါ် အားမလိုအားမရဖြစ်နေပါတော့သည်။

"သားငယ်"

"ဟုတ်ကဲ့ ဖေဖေ"

"မိဘတို့ တာဝန်အရ သားကို ကျောင်းထားပေးတယ်။သားက(၁၀)တန်းနှစ်ခါကျတော့ ကျောင်းကထွက်ရတော့မယ်။ ငါ့သားလေးဘာလုပ်မှာလဲ"


"သား (၁၀) တန်းကို အောင်အောင်ကြိုးစားမှာပါ။ သားပညာရေးကို လုံးဝမစွန့်နိုင်ဘူး ဖေဖေ"

"ဖေဖေကတော့ သား (၁၀) တန်းရှုံးတာကိုပဲ သဘောကျနေတာ"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ဖေဖေ့မှာ သား (၃) ယောက်ရှိတယ်။ သားကြီးက မိုးမိတ်မှာ အစိုးရအမှုထမ်းဖြစ်နေပြီ။ ငါ့သားငယ်နှစ်ယောက်ကို ကျောင်းမထုတ်ပါနဲ့။ ကျောင်းစရိတ်တာဝန်ယူပါတယ်ဆိုပြီး ထောက်ပံ့ပေးနေတာ"

"ဟုတ်ကဲ့ - အစ်ကိုကြီးကျေးဇူးကြောင့် သားတို့ညီအစ်ကို ကျောင်းနေ




www.burmeseclassic.com

www.burmeseclassic.com

နိုင်တာ သားသိပါတယ် ဖေဖေ"

"မင်းအစ်ကိုလတ်က (၁၀)တန်း အောင်လို့ အခုကျောင်းဆရာဖြစ်နေပြီလေ။ သားယောကျ်ားလေးဆိုလို့ မင်းတစ်ယောက်ပဲ ကျန်တော့တာ။ ဖေဖေ့အမွေကို ဘယ်သူပေးရမှာလဲလို့ စိတ်ပူရောမလိုတော့ဘူး။ ငါ့သားငယ်ကို အတုန်လွှဲပေးမယ်"

"ဖေဖေ့အမွေဆိုတာက"

"ဖေဖေတတ်တဲ့ လက်သမားပညာနဲ့ ငါ့သားကို လှည်းလုပ်သင်ပေးမယ်။ ပန်းပဲဖိုလည်းရှိတယ်။ နွေရာသီဆို လှည်းမီးချတတ်ရင် အပိုဝင်ငွေလည်းရမယ်။ (လှည်းမီးချခြင်း ဆိုသည်မှာ လှည်းဘီးအပေါ်မှ သံဖြင့်ပတ်၍ ချုပ်နှောင်သည့်ပညာ ဖြစ်လေသည်။ သံရည်ထွက်လာပါကဖြတ်၍ တိုအောင်ပြုလုပ်ပြီး ပြန်ဆက်၍ သံပတ်ပေးခြင်းကို ဆိုလိုပါသည်။)

"ဖေဖေ့ပညာကကောင်းပါတယ်။ သားငယ်တော့ လက်သမားပညာမကျွမ်းကျင်သေးဘူး။ ဖိုကြီးနဲ့ ပန်းပဲအလုပ်ကလည်း နွေရာသီမှာ နေကပူပါတယ်ဆို မီးဖိုနားမှာနေရတာ မလွယ်ပါဘူး ဖေဖေရာ"

"အေးကွာ၊ ငါဒီအပူနှစ်ခုကြားမှာ ဘကြီးနဲ့ထုပြီးငွေရှာခဲ့လို့ ခုလိုလယ်ယာတွေဝယ်နိုင်တယ်၊ အိမ်ဆောက်နိုင်တယ်၊ မင်းတို့ကို ကျောင်းထားနိုင်တာလေ"

"ဟုတ်ကဲ့၊ ဖေဖေပင်ပင်ပန်းပန်း ရှာဖွေနေတာ သားသိပါတယ်"

"အေးလေ- မင်းဆန္ဒမင်းသဘောပါပဲ။ ကျောင်းက လက်မခံနိုင်တော့ ကျောင်းကထွက်ရပြီ။ ဖေဖေ့တောင်သူအလုပ်ကိုပဲ ဝိုင်းကူပေးပါကွာ"

"ဟုတ်ကဲ့ ဖေဖေ"

ကျွန်ုပ်သည် (၁၀) တန်း နှစ်ကြိမ်ကျသဖြင့် သေမိန့်ရသော ရာဇဝတ်သားလို အလိုလိုအားငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်းဖြင့်ပြည့်နေပါသည်။ ကျရှုံးခြင်း၏အရသာကို မြိန်မြိန်ရှက်ရှက် စားသုံးခံစားရင်း အချိန်ဖြင့်ကုစားနေပါတော့သည်။ (၁၀) တန်းအောင်တဲ့သူကို အားကျမိခြင်း၊ ဘဝတစ်ဆစ်ချိုးလမ်းကြောင်းပေါ်သို့ရောက်သွားပြီး ဘွဲ့ရကြမည်။ ပညာရေးနို့စို့လို့ဝပြီး အလုပ်ကိုယ်စီဖြင့် ဘဝမှာစိုပြည်နေကြလိမ့်မည်။တောသားဘဝ၊ ဆင်းရဲသားဘဝမှ ရုန်းထွက်နိုင်ကြလေပြီ။ လူရာဝင်သွားကြလေပြီ။ ရှုံးနေသော မိမိဘဝသည် နွားနှင့်ဖက်၍ ဆင်းဆင်းရဲရဲ တောင်သူလုပ်ရမည်။ ဗွက်တွေ၊ အညစ်အကြေးတွေကိုအဖော်လုပ်ပြီး ထမင်းကြမ်းခဲကို ဟင်းမပါဘဲ ဝါးမျိုရမည့်ဘဝ။ လူရာမဝင်သောဆင်းရဲသားဘဝကို အလုပ်လျှောက်လွှာမလို၊ အလုပ်ခန့်စာမလိုဘဲ အလိုအလျောက် ရရှိသွားပါတော့သည်။

ညီအစ်ကိုနှစ်ယောက်အတူကျောင်းထားတာပဲ။ အကြီးကောင်ကတော့ (၁၀)တန်းနှစ်ချင်းပေါက်အောင်လို့ အခုကျောင်းဆရာဖြစ်သွားပြီလေ။ အငယ်ကောင်က ခပ်တုံးတုံး ခပ်အအ ဉာဏ်မကောင်းဘူး။ အဖြစ်ရှိတဲ့ကောင်မဟုတ်ပါဘူး. . . စသဖြင့် မြေနိမ့်ရာ လှံစိုက်စကားများ မနားတမ်းပြောနေကြ၏။ ကျွန်ုပ်သည် အရာရာမှာ အားငယ်သေးသိမ်သောစိတ်ဖြင့်နေရရှာ၏။

**၁။ လယ်သမားကြီးဘဝ**

ကျွန်တော်သည် သီးပင်ရွာတွင် အသစ်စက်စက်လယ်သမားကြီး ဖြစ်ပါသည်။ မိဘပိုင်သော လယ်မြေ (၁၅) ဧက၊ ယာမြေ (၁၅) ဧကကို နွားတစ်ရှဉ်းဖြင့် တောင်သူလုပ်ရပါတော့မည်။ လယ်မြေများမှာ ဆည်မြောင်းမရှိပါ။ မိုးကို



www.burmeseclassic.com

www.burmeseclassic.com

သာ အားကိုးစိုက်ပျိုးကြ၏။ မိုးကို အားကိုးစိုက်ရသောလယ်ကို 'မိုးကောင်းသောက်' လယ်ဟု ခေါ်၏။ ကန်ရေကို အားကိုးစိုက်ပျိုးရသောလယ်ကို 'ကန်ရေသောက်လယ်' ဟု ခေါ်၏။ ဆည်ရေကို အားကိုးစိုက်ပျိုးရသောလယ်ကို 'ဆည်ရေသောက်လယ်'ဟုခေါ်၏။ ကျွန်တော့်၏မိဘဖြစ်သူများပိုင်ဆိုင်သောလယ်မှာ မိုးကောင်းသောလယ် အမျိုးအစားတွင် ပါဝင်၏။ မိုးကောင်းမှ စပါးစားရ၏။ မိုးခေါင်ပါက စပါးမအောင်ဘဲ စပါးမျိုးလည်းရှုံး၊ လုပ်အားလည်းရှုံး၊ လုပ်သမျှအကုန်ရှုံးရပေတော့သည်။ လယ်မှ စပါးမရသော်လည်း ယာခင်းမှ ပြောင်းဖူး၊ ပဲများ၊ နှမ်းများရပါက အဆင်ပြေနိုင်သေး၏။ ယာသီးနှံကိုရောင်းပြီး ဆန်ဝယ်စားကြရသည်။ နောက်မိုးကောင်းပါက ဆောင်းသီးနှံအဖြစ် ခရမ်းချဉ်ပင်၊ ငရုတ်ပင်၊ ဘူးပင်၊ ခရမ်းပင်များကို စိုက်ပျိုးကြ၏။ မိုးရွာဖို့မလိုပါ။ နောက် မိုးဓာတ်ဖြင့် ဆောင်းသီးနှံကို စိုက်ပျိုးပါက ပုံသေထွက်ပါသည်။ ထွက်လာသော ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ခရမ်းသီး၊ ဘူးသီးများကို လှည်းဖြင့်တင်ပြီး မြို့သစ်ဈေးသို့ တင်ပို့ရောင်းစားရလေသည်။

တောင်သူများ စပါးလည်းမရ၊ ယာသီးနှံလည်းမရပါက စာဝတ်နေရေး အတော်ကျပ်တည်းကြသည်။ အကြွေးသံသရာလည်းရှည်ပါလေတော့သည်။ မိုးနတ်မင်းကို တရားစွဲလို့မရ၊ ဆန္ဒပြလို့မရ။ ကျုပ်တို့ လယ်သမား အငတ်ဘေးကို မိမိဘာသာရှာဖွေစားသောက်ကြလေရ၏။ နွားလှည်းရှိသူများက အလယ်ရိုးမသို့တက်ပြီး သစ်ခုတ်၊ ဝါးခုတ်၊ ထင်းခုတ်ပြီး ရောင်းစားကြရလေသည်။ နွားများမှာ မိုးရာသီတွင် လယ်ထွန်ဖို့ရှုန်းပေးရပြီး နွေရာသီသစ်ဝါးများကိုရုန်းပေးရပြန်သည်။ လူတွေအတွက် မညည်းမညူ ဘဝအကြွေးတွေကျေဖို့ ခန္ဓာနှင့်ဆပ်နေရပါတော့သည်။

မိုးဦးကျပြီဖြစ်၍ မိုးများဖြိုင်ဖြိုင်ရွာသွန်းပါသည်။ လေတိုက်ခြင်း၊ မိုးရွာခြင်းဖြင့် မုတ်သုံမိုးလာပြီဖြစ်ကြောင်း အသိပေး ကြေညာလေတော့သည်။ တစ်နွေလုံး ပူပြင်းသော နေပူရှိန်ကြောင့် လယ်ယာမြေများလည်း ခြောက်သွေ့ပြီး ပပ်ကြားအက်နေကြ၏။ မိုးဦးကျပထမဆုံးရွာသွန်းသောမိုးသည် ဆီပူအိုးထဲသို့ ရေစက်ကျသလို ပျောက်သွားကြပေသည်။ နောက်ထပ် (၃/၄) ကြိမ်ရွာမှသာ မိုးနံ့ရခြင်း၊ အအေးဓာတ်လွှမ်းမိုးလာခြင်း၊ မြက်ပေါက်ခြင်းများ ဖြစ်ပေါ်လာပါသည်။

ကျွန်ုပ်သည် ထွန်ရေးငင်ဖို့ ထွန်များ၊ ထယ်များ၊ လယ်ယာသုံးကိရိယာများကို ကြံ့ခိုင်ရေးပြုလုပ်ပါသည်။ ဆွေးနေသော သစ်သားများကို အစားထိုးလဲလှယ်ရ၏။ ကြိုးအသစ်များနှင့် ချည်နှောင်ရ၏။ ထွန်သွား၊ ထွန်းတံများကို ပြုပြင်ပြီး ထွန်ရေးငင်ဖို့ ကြိုတင်ပြင်ဆင်ရပါတော့သည်။ တစ်နွေလုံး အနားပေးထားသော ဖေဖေ၏ ရွှေနီကြီးတစ်ရှဉ်းမှာလည်း မြူးကြွလန်းဆန်းနေသဖြင့် အသင့်ဖြစ်ကြောင်း ပြောနေပါတော့သည်။

လယ်ယာမြေများသို့ ခမောက်ဆောင်းပြီး ထွက်ခွာလာခဲ့၏။ လယ်ထွန်လို့ ရ/မရ ရှေ့ပြေးလာကြည့်ခြင်း ဖြစ်ပါသည်။ ဦးမှင်ရိုးတန်းသို့ရောက်သောအခါ ဖေဖေ၏လယ်ကွင်းအပြည့် မြက်များ စိမ်းစိုနေလေသည်။ မြက်များနှင့်အတူ ဆူးပဒေါင်းပင်များရှင်သန်ကြီးထွားနေလေသည်။ နောက် (၂) လခန့်ကြာပါက ဒီဆူးပဒေါင်းပင်တို့သည် အသီးသီးကြမည်။ အသီးများရင့်မှည့်လာပြီး နောင်နှစ်အတွက် မျိုးစေ့များ လယ်ထဲသို့ချသွားကြတော့မည်။ နှစ်စဉ် ဆူးပဒေါင်းသားစဉ်မြေးဆက် ရှင်သန်ပေါက်ဖွားသဖြင့် မျိုးဆက်ပြန့်နေခြင်း ဖြစ်၏။ ဆူးပဒေါင်းသည် အသီးမှာအလုံးဖြစ်ပြီး ဆူးများ (၂) လက်မမှ (၃) လက်မထိရှည်၏။ လူထိပါက ဆူးစူးပြီး အနာတရဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် ဆူးပဒေါင်းကို အလွန်မုန်း၏။ ဒီဆူးပဒေါင်းမျိုးကို အကုန်ရှင်းမည်ဟု ဆုံးဖြတ်ချက်ချ၏။ ဆူးပဒေါင်းမျိုးစေ့များ လယ်ထဲမရောက်မီ အပင်ပေါက်ဘဝမှာပင် အမြစ်ကနုတ်ပြီး မီးရှို့ဖျက်ဆီးခဲ့လေသည်။ ရရှိသမျှ အပင်ပေါက်မှန်သမျှ ဘာမှမကျန်အောင် ဖျက်ဆီးခဲ့သဖြင့် နောက်နှစ်အတွက် မျိုးစေ့များမထွက်နိုင်တော့ပါ။ အသီးမသီးရခြင်း၊ မျိုးစေ့များမှာ လယ်ထဲသို့ ကျမကျန်သဖြင့် လာမည့်နှစ်တွင် ဆူးပဒေါင်းပင်များ မပေါက်လာတော့ပါ။ ဆူးပဒေါင်းမျိုးကို မိမိဖြုတ်ပေးလိုက်ပါသည်။နှောင်နှစ်နှောင်နှစ်တွေမှာ ဖေဖေ၏လယ်တွင် ဆူးပဒေါင်းပင်မှာ မူး၍ရှူစရာမရှိအောင် မျိုးပြုတ်သွားပါတော့သည်။ ဖေဖေက ကျွန်တော့်ကို ချီးကျူးစကားပြောပါသည်။

"ငါ့သား၊ မင်းအတွေးအခေါ်တော်တော်ကောင်းတာပဲ။ ငါ့ဒီအသက်အရွယ်ရောက်လာပြီ၊ တောင်သူလုပ်လာတာ။ ဒီဆူးပဒေါင်းမျိုးကို မဖြုတ်နိုင်ခဲ့ဘူး။ မင်းလက်ထက်ကျမှ မျိုးပြုတ်တော့တယ်"

"ဖေဖေကလည်း သားအဖချင်း မြှောက်နေပြန်ပါပြီ"

"မြှောက်တာမဟုတ်ဘူး။ အမှန်ပြောတာ"

"အဖေက အဓိကအချက်ကို မသိလို့ပါ။ ဒီဆူးပဒေါင်းပင်က အသီးမသီးခင် အပင်ပျိုကတည်းက ခုတ်ပစ်ရတာ။ မျိုးစေ့မရှိတော့ နောက်နှစ်အပင်မပေါက်တော့ဘူးပေါ့"

"ဟုတ်ပါပြီ၊ ဒါကြောင့် ငါ့သားအတွေးအခေါ်ကို ချီးကျူးတာ"

"သားတစ်ခုမေးချင်တယ်"

"ဘာမေးမှာလဲ သား"

"ဒီနှစ် မိုးလေဝသအခြေအနေ သိချင်တယ်။ မိုးဦးကောင်းမှာလား၊ ညှို့မှာလား၊ မိုးလယ်၊ မိုးနှောင်း ကောင်းမှာလား၊ ညှို့မှာလား"

"ဟ-သားရ၊ မိုးလေဝသဆိုတာ သဘာဝတရားပဲ။ အမှန်ပြောဖို့မလွယ်ဘူးကွ"

"အဖေကလည်း၊ တစ်သက်လုံး ဒီမိုးနဲ့လုပ်စားနေတာ မိုးအကြောင်းတော့ သိရမှာပေါ့"

"သဘာဝကဉာဏ်များတယ်ကွ၊ မိုးနဲ့ နွားသိုး အစိုးမရဘူးလို့ စကား[illegible] တောင်ရှိသေးတယ်။ သဘာဝတရား[illegible] ကြိုသိနိုင်တာက တိရစ္ဆာန်တွေက ကြိုသ[illegible] ကြတယ်ကွ"

"ဟာ-အဖေကလည်း၊ လူတွေ[illegible] တိရစ္ဆာန်ထက် ဦးနှောက်ရှိတယ်ဆို"

"လယ်ပုစွန်လုံးတွေ ကုန်းပေါ်[illegible] တက်လာတာတို့၊ ပုစဉ်းတွေ မြေကြီးနား[illegible] ကျပ်ပျံတာတို့တွေ့ရင် ဒီနေ့ မိုးရွာမှာ[illegible] ကွ"

"ဟုတ်ကဲ့"

"ပုရွက်ဆိတ်တွေ သစ်ပင်ပေါ်[illegible] တက်ပြီး အသိုက်လုပ်ရင်တော့ ရေကြီး[illegible] တော့မယ်ကွ။ လေတိုက်မယ်၊ ရေကြီး[illegible] မယ်၊ မိုးကောင်းမယ်၊ ညှို့မယ်ဆိုတာ တချို့တိရစ္ဆာန်တွေကြည့်ပြီး ခန့်မှန်း[illegible] တာကွ"

"ဟုတ်ကဲ့၊ ဒီနှစ် မိုးဦးကောင်း[illegible] မကောင်း သိချင်တာ"

"သားကဘာလုပ်ချင်လို့လဲ"

"မိုးဦးညှို့ရင် နှမ်းကြဲချင်လို့။ [illegible] များရင် နှမ်းကသေတယ်လေ"

"ပုံသေတော့ မပြောနိုင်ဘူး[illegible] ဒီနှစ်ခန့်မှန်းရတာတော့ မိုးဦးညှို့မှ[illegible] သိရတယ်။ သင်္ကြန်စာတွေလည်း[illegible] မိုးညှို့တယ်ဟု ရေးထားတာ[illegible]

www.burmeseclassic.com

"ဟုတ်ပြီ အဖေ၊ သား ဒီနှစ် နှမ်းတင်း(၅၀)ကျော်ထွက်အောင်လုပ် မယ်"

"ဟော့ကောင် ဒါတော့ လုံးဝမဖြစ်နိုင်ဘူးကွ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

"ငါ့တစ်သက် လက်ရှိလယ်မြေနဲ့ နွားတစ်ရှဉ်းနဲ့နှမ်းကြဲလာတာ (၁၀) တင်း ပြည့်အောင် မရခဲ့ဘူး။ တစ်ခါတလေ မိုးလဝသညီမှ (၂၀)တင်းရတာ အများဆုံးပဲ"

"ဘာဖြစ်လို့လဲ ဖေဖေ၊ နှမ်းကြဲရတာ ဘာလို့အများကြီးမရတာလဲ"

"နှမ်းရဖို့က အဓိက၊ မိုးရွာတာ အဓိကကျတယ်ကွ။ နှမ်းဘယ်လောက်ကောင်းကောင်း မိုးများရင် နှမ်းပင်တွေ သေကုန်တာပဲ။ နှမ်းပင်ပေါက်စမှာ ဒဏ်မခံနိုင်ဘူး။ အတော်ကြီးလာရင်တော့ မိုးဒဏ်ခံနိုင်ပါတယ်"

"ဒါဆို နှမ်းကြဲတဲ့ရက်နဲ့ မိုးနဲ့ အပေးအယူအဆင်ပြေသွားရင် ဒီရက်ကြဲတဲ့နှမ်းသာရတာမျိုးပေါ့"

"ဟုတ်တယ်ကွ၊ ဖေဖေ ယာခင်းတွေကို တစ်ရက်တည်းဘယ်အကုန်ကြဲ နိုင်မှာလဲ။ နှမ်းကြဲရက်က အရှည်ကြီးပဲ။ အပင်ပေါက်ကလည်း ကြီးစဉ်ငယ်လိုက်ဖြစ်နေတာပေါ့။ နှမ်းပင်တွေကြီးတဲ့ အရွယ်ရောက်မှ မိုးများရင်တော့ ခံနိုင်သေးတယ်။ မသေဘူး။ အပင်ပေါက် ခင်းတော့သေကုန်တာပဲ။ ဒါကြောင့် တိုရအောင်မလုပ်နိုင်တာဘဲ"

"သား၊ ဒီနှစ် နှမ်း (၅၀) တင်းရအောင် လုပ်ပေးမယ်"

"မဖြစ်နိုင်တာပြောရင်ကြွားရာကျမယ်"

"နှမ်းတင်း (၅၀) ထွက်ရင် သား တစ်ခုကို ခွင့်ပြုပေးမှာလား"

"မဖြစ်နိုင်တာမှ ဖြစ်လာရင်တော့ သား ဆန္ဒကိုဖေဖေခွင့်ပြုရမှာပေါ့"

"ဒါဆို ဖေဖေက ဘယ်နေ့ နှမ်းကြဲလို့ကောင်းတယ်ဆိုတာပဲ ပြောပေး၊ ကျွန်တော် နှမ်းရအောင်လုပ်ပေးမယ်"

"မင်းကတော့ တော်တော်ကြီးကျယ်ကျယ်ပြောတဲ့ကောင်ပဲ။ မဟုတ် ငါ စောင့်ကြည့်နေမယ်"

မိုးများ (၄)၊ (၅) ကြိမ်ရွာသော လယ်ယာမြေများထွန်လို့ရလေ ထွန်ဖြင့်ထွန်ခြင်း၊ ထယ်ထိုးခြင်းကို နေ့စဉ်ဆောင်ရက်ရ၏။ နံနက် ထပြီး နွားတစ်ရှဉ်းဖြင့် လယ် သွားရ၏။ ထွန်သွားမှာ (၃) ချောင်း၊ ချောင်း၊ (၅)ချောင်းဖြင့်တပ်၍ထွန်လို့ရ၏။ မြေကြီးကိုနက်နက်ထွန်ပါက (၃)ချောင်းတပ်၍ထွန်ရ၏။ မြေကိုညက်အောင်ထွန်လိုပါက (၅)ချောင်းတပ်၍ ထွန်ရလေသည်။ ယခုမြေကြီးကို အထက်အောက်လှန်ပြီး မြေဆွသည့်အလုပ်လုပ်ကြရ၏။ မိမိလယ်မြေများထွန်၍ပြီးပါက အခြားသူများ၏ လယ်မြေများကို လက်စားလိုက်ပြီး ကူထွန်ပေးပါသည်။ (လက်စားလိုက် ဆိုသည်မှာ သူ့လယ်ကို လိုက်ထွန်ပြီး မိမိလယ်ကို ပြန်ထွန်ပေးရခြင်းကို ဆိုလို၏။) ကျွန်ုပ်၏ အပေါင်းအသင်းများ၊ ရွာမှ ဦးလေးအမျိုးတွေ၏ ယာခင်းများကို နေ့စဉ်လိုက်ကူထွန်ပေးပါသည်။

ဖေဖေက -

"ဘာလို့သူများလယ်တွေကိုလိုက်ထွန်နေတာလဲ"

ဟု မေး၏။ လက်စားမလိုက်စေချင်ပါ။

"သားမှာ အကြံရှိတယ်။ သားလုပ်ချင်တာခွင့်ပြုပါ"

ဟု ဆိုသဖြင့် ဘာမှမပြောတော့ပါ။ ဤသို့ဖြင့် အခြားသူ၏ ယာခင်းများကို (၃၀) ရက်ခန့် လိုက်ထွန်ပေးပြီးဖြစ်ပါသည်။ ကျွန်ုပ်အကူအညီလိုအပ်ပါက မဖြစ်မနေ တစ်ရက်ဝိုင်းကူထွန်ပေးပါဟု ကြိုတင်တောင်းပန်ထားရ၏။ ကျွန်ုပ်၏အကြံမှာ ကျွန်ုပ်လယ်ယာမြေအားလုံးကို တစ်ရက်တည်း၊ တစ်နေ့တည်း အပြီးကြဲချင်သောကြောင့် ဖြစ်ပါသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် လယ်မြေ၊ ယာမြေများကိုမြေလှန်ပြီး မိုးရွာချသဖြင့် နှမ်းနှမ်းနပ်နပ်ရှိသောအချိန်သို့ရောက်လာပါတော့သည်။

"သားရေ၊ မင်းမမျှော်နေတဲ့ နှမ်းကြဲရက်ရောက်ပြီကွ"

"ဟုတ်ကဲ့ ဖေဖေ၊ ဘယ်နေ့ကြဲလို့ရပြီလဲ"

"မနက်ဖြန်ကြဲလို့ရပြီ။ ဒီနေ့နှမ်းကြဲလို့ အခြေအနေကောင်းပဲ"

"ဟုတ်ကဲ့ - ဖေဖေ"

ကျွန်ုပ်သည် လက်စားလိုက်ထားသောသူများကိုလိုက်ပြော၏။ မနက်ဖြန်နှမ်းကြဲမည်ဖြစ်သောကြောင့် မဖြစ်မနေ (၁) ရက်တည်းသာ ဝိုင်းကူပေးကြပါရန် ပြောပါသည်။ အပေါင်းအသင်းများ၊ ဆွေမျိုး၊ ဦးလေးသားချင်းတို့က ကျွန်ုပ်ဆန္ဒကို လိုက်လျောကြ၏။ ဒီတစ်ရက်တည်းကို မိမိယာခင်းကြဲရက်ဖျက်ပြီး လိုက်တွန်းပေးကြ၏။ သီးပင်ရွာထဲမှ နွားအရှဉ်း (၃၀) ဖြင့် ကျွန်ုပ်ယာခင်း လယ်ယာမြေအားလုံးကို တစ်နေ့တည်း၊ တစ်ရက်တည်းဖြင့် နှမ်းကြဲလေသည်။ နှမ်း(၁)တင်းအကုန်ကြဲရသောမြင်ကွင်းကို ဖေဖေမြင်ရသောအခါ အံ့သြနေလေသည်။ နွားရှည် (၃၀)၊ လူ (၃၀) စာကို ထမင်းကျွေးရသောအဖွဲ့ကလည်း အလှူသေးသေးလေးလှူရသလို အဖွဲ့နှင့်အသင်းနှင့် ချက်ပြုတ်ကျွေးမွေးရပေသည်။

'သြော် - ငါ့သားက နှမ်းကြဲရက်ကို ဒါကြောင့်မေးတာကို။ ဒီကောင်လုပ်လိုက်ရင် အကြီးကြီးလုပ်တာပဲ။ တော်တော်အကြံကြီးတဲ့ကောင်ပဲ'

ဟု မှတ်ချက်ပြုလေ၏။ ဒီကလေး အတွေးအခေါ် တော်တော်ကောင်းတာပဲ။ မိရိုးဖလာအစဉ်အလာက ခွဲထွက်ပြီး ထိုးထွင်းလုပ်တတ်တယ်။ ငါ့တစ်သက် ဒီလိုတစ်ခါမှမလုပ်ဖူးဘူး။ ဒီကလေး တစ်နေ့ ကြီးပွားချမ်းသာမယ့် ကလေးပဲဟု စိတ်ထဲမှ ဖြစ်ပေါ်လာပြီး မျက်နှာမှာ ပြုံးရောင်သန်းလာပါတော့သည်။

နှမ်းကြဲသောအဖြစ်ကို ရွာသားများက ချီးကျူးကြ၏။ (၁၀) တန်းသာ မအောင်တာ တောင်သူလုပ်တာတော့ အထူးအဆန်းပဲ။ တောက်ချင်တဲ့မီးခဲ အရှိန်နဲ့ရဲရဲဆိုသလို မီးတောက်မီးလျှံကို မြင်နေရ၏ဟု ချီးကျူးကြ၏။ ချီးကျူးသံများကြား၌ (၂) ရက်ခန့်ကြာသောအခါ အနောက်တောင်မှ မိုးရိပ်များတက်လာပြီး ရေအိုးသွန်ချသလို မိုးရွာချပါလေတော့သည်။ လယ်ယာမြေများ ရေလွှမ်းသွားပါတော့သည်။ နှမ်းခင်းမပြောနှင့် လယ်ကန်သင်းကိုကျော်၍ရေများစီးဆင်းနေလေတော့သည်။ နှမ်းပင်ပေါက်စနှင့် နှမ်းပင်ကြီးထွားနေသော နှမ်းခင်းများ အားလုံး ရေပြင်အောက်တွင် နစ်မြုပ်၍ ပျက်စီးသွားကြလေပြီ။

"အဖေ၊ အဖေ"

"ဘာလဲ သား"

"သားတို့ နှမ်းကြဲထားတာတော့ သွားပါပြီ အဖေရာ။ မိုးရေတွေစီးနေတာ လယ်ကန်သင်းတောင်ကျော်နေတာ"

"ဘာမှမစိုးရိမ်နဲ့သား။ နှမ်းကြဲထားတာ အပင်မပေါက်သေးတော့ ရေဝင်လည်းဘာမှမဖြစ်သေးဘူး"

"ဒါဆို သားတို့ကြဲထားတဲ့နှမ်းခင်းက ပျက်စီးသွားတာမဟုတ်ဘူးပေါ့"

"ဟုတ်တယ်၊ မိုးပြတ်သွားလို့ ရေတွေကျသွားရင်တော့ နှမ်းစေ့တွေရေစိမ်ထားသလိုဖြစ်ပြီးအကုန်ပေါက်ကြမှာပဲ"

"ကျွန်တော် ကြီးစားသမျှ ကုန်ပါပြီဆိုပြီး ဝမ်းနည်းနေတာ"

ဤသို့ဖြင့် အညာမိုးသည် အားရ

www.burmeseclassic.com

ပါးရရှာပြီး အနားယူသွားပါတော့သည်။ မိုးပြတ်သွားသဖြင့် ရေများပြတ်သွားပြီး ခမ်းခြောက်လာသောအခါ နှမ်းပင်များ ညီညီညာညာ ပေါက်လာပါတော့သည်။ နှစ်ရွက်မှ လေးရွက်၊ ခြောက်ရွက်မှ ရှစ်ရွက်အထိ နေ့ချင်းညချင်း ကြီးထွားလာကြ၏။ နှမ်းပင်များနှင့်အတူ မြက်၊ ပေါင်းပင်များသည် ရောယှက်ရှင်သန်လာကြ၏။ ထို့ကြောင့် နှမ်းခင်းပေါင်းထိုးကြ၏။ ပေါင်းမြက်နှင့်ပေါက်ပြီးမြေဆွခြင်း၊ ပေါင်းပေါက်ခြင်းကို ဆောင်ရွက်ကြရ၏။ အကြီးမြန်သော နှမ်းပင်များမှာ လေယူသိမ်းပြီးကြည့်ကောင်းနေပါတော့၏။ အကြီးမြန်သောနှမ်းကို မိန်းကလေးနှင့် လည်းကောင်း၊ အကြီးနှေးသော ထန်းပင်ကို ယောကျ်ားလေးနှင့် လည်းကောင်း နှိုင်းယှဉ်ပြီး မိန်းမနှမ်း၊ ယောကျ်ားထန်းဟု ဆိုစမှတ်ပြုကြ၏။ ကျွန်ုပ်သည် (၁၀) တန်း နှစ်ခါကျသော်လည်း လူပျိုပေါက်မဖြစ်သေး။ အခုထိ ရှက်တတ်၊ ကြောက်တတ်သောကလေးဖြစ်နေသော်လည်း ကျွန်ုပ်သူငယ်ချင်းမတွေမှာ အပျိုကြီးဖားဖားဖြစ်နေပြီး ရည်းစားများပင်ရနေပါသည်။

နှမ်းပင်များကြိုက်သောမိုးမှာ ဖွဲဖွဲရွာသောမိုးကိုကြိုက်၏။ နေပူလိုက်၊ မိုးရွာလိုက်ဖြင့် နှမ်းခင်းကို ရေပန်းခရားနှင့်ဖျန်းသလို ရွာနေပါတော့သည်။ နှမ်းပင်သေသွားသောတောင်သူများမှာ နောက်ထပ်နှမ်းကြဲဖို့ မြေခြောက်အောင် စောင့်နေရ၏။ မြေကြီးရေစိုနေပါက ထွန်လို့မရပါ။ နေပူတာ (၂) ပတ်ပြည့်ပြီး နှမ်းကြဲသောအခါ နှမ်းပင်ပေါက်များပေါက်လာ၏။ သို့သော် ကျွန်ုပ်နှမ်းခင်းမှာ (၂)ပေမှ (၃) ပေထိအမြင့်ရောက်ပြီး အပွင့်များစတင်ပွင့်စပြုသောအရွယ်သို့ရောက်နေပေပြီ။ မိုးကြီးရွာချသောအခါ အတော်ပင် မိုးဒဏ်ကို ကျွန်ုပ်နှမ်းခင်းမှာခံနိုင်ရည်ရှိသော်လည်း ခုမှ အပင်ပေါက်စနှမ်းခင်းမှာ သေကျေပျက်စီးရပြန်၏။ထို့ကြောင့် နှမ်းရဖို့မလွယ်ဘူးဆိုတာ လက်တွေ့သိလိုက်ရပေသည်။

နှမ်းများမြိုင်မြိုင်သီးပြီ။ ကုန်းမြေရော လယ်မြေပါ တစ်အုပ်တစ်မကြီးရှင်သန်ကြီးထွားနေသော နှမ်းခင်းများက လေအတိုက်တွင် ယိမ်းကသလိုက နေကြလေသည်။ နှမ်းများရင့်မှည့်ချိန်ရောက်သောအခါ နှမ်းရိတ်ရ၏။ စုပုံရ၏။ နှမ်းသီးများကို ဖက်များ၊ သစ်ကိုင်းများနှင့်အုပ်ပြီး ငှက်ပျောသီးအုပ်သလို (၁) ပတ်၊ (၂) ပတ်အုပ်ထားရ၏။ အစိမ်းရောင်ရှိသောနှမ်းများသည် အဝါရောင်ပြောင်းသွားသောအခါ နှမ်းများစုကာ လက်တစ်အုပ်စုချည်ရ၏။ နှမ်းစည်းကို နှမ်းရိုးနှင့်သာစည်းရ၏။ နှမ်းစည်း(၃)ခုကို အသီးများပေါ်မှာထားပြီး ဖိုခုံလောက်ဆိုင်ထောင်ရ၏။ နေပူလှန်းရပေသည်။ နေပူရှိန် (၄) ရက်ခန့် လှန်းလိုက်သောအခါ နှမ်းရိုးများခြောင်တင်းကြီးမားလာ၏။ နှမ်းသီးများအာလာပြီး နှမ်းစေ့များကို မြင်ရပေသည်။ ထိုအခါ နှမ်းခါခြင်းအလုပ်ကိုလုပ်ရလေသည်။

နှမ်းခါခြင်း ဆိုသည်မှာ (၅) နံစပ်အညာစောင်ကို ဖြန့်ခင်းရ၏။ ထောင့်အစွန်းများကို စုချည်ပြီး ထုံးထားရ၏။ ဝါးတိုင် (၄)တိုင်စိုက်ပြီး ထုံးထားရ၏။ ဝါးတိုင် (၄) တိုင်စိုက်ပြီး ထောင့်လေးထောင့်ကို ချည်ထားရ၏။ ရေကန်လိုဖြစ်သွားပါသည်။ ထိုစောင်ဖြင့် ပြုလုပ်ထားသောကန်ထဲသို့ နှမ်းစည်းများကို သွန်ချရ၏။ တုတ်ဖြင့်ရိုက်ချရသည့် နှမ်းများကုန်သောအခါ နှမ်းစည်းများကို မီးရှို့ရလေသည်။ မီးလောင်ပြီး မီးခိုးလုံးကြီးများ ကောင်းကင်သို့တက်သွားကြလေပြီ။ ရလာသောနှမ်းကို စောင်ဖြင့်စုချည်ပြီး လှည်းပေါ်သို့တင်ပြီး အိမ်ပြန်ယူလာရ၏။ အမိုးအကာအောက်သို့ရောက်သောအခါမှ နှမ်းရသည်ဟု ခေါ်ပါသည်။တစ်ရက်တည်းကြဲထားသောနှမ်းများ တစ်ရက်တည်းပဲယူရသောအခါ ရွာသားများကို အကူအညီတောင်းပြီး နှမ်းခါယူရလေသည်။

"တို့ရွာမှာတော့ မင်းလိုလယ်သမား ရှားမှရှားပဲကွာ"

"ဘာလို့လဲဗျ"

"နှမ်းက စပါးရိတ်နည်းရိတ်ရတာလေ။ ဘယ်သူမှ မင်းလောက်နှမ်းရကြတာမဟုတ်ဘူး။ တချို့ မျိုးတောင်တုံးတယ်"

"ကံလို့ပဲပြောရမှာပေါ့"

"ကံဆိုတာ အလုပ်ပဲ။ မင်းလုပ်နည်းမှန်တာကြောင့် နှမ်းကိုထားစရာမရှိအောင်ရတာ ငါတို့ကို ဦးလေးချီးကျူးပါတယ်ကွာ"

ဖေဖေ့လက်ထက်က နှမ်းထည့်ရန် ဂုန်နီအိတ်ပဲရှိ၏။ ယခု တင်း (၆၀) ခန့်ထွက်သဖြင့် စပါးထည့်သောပုတ်ဖြင့်ထည့်ရ၏။ အဖေက သူတစ်သက်မှာ အခုလိုနှမ်းတွေတစ်ခါမှမရဘူးကြောင်း၊ ငါ့သားကိုပေးထားတဲ့ ကတိအတိုင်း ခွင့်ပြုမည်ဟု ပြောပါသည်။

"သား၊ မင်းကိုပေးတဲ့ကတိအတိုင်း မင်းလုပ်ချင်တာလုပ်၊ အဖေခွင့်ပြုမယ်"

"သား ရန်ကုန်က မမကြီးဆီမှာ ကျောင်းသွားတက်ချင်တယ်"

"မင်းက ပညာရေးကို စိတ်မကုန်ဘူး။ ငါ့သမီးကြီး ခင်ဝေရှိတယ်။ ငါမှာလိုက်မယ်။ မင်းအစ်မကြီးနောက်လိုက်သွားပြီး ငါ့သားလိုချင်တဲ့ပညာရေးကို ကြိုးစားပါ"

"ဟုတ်ကဲ့ အဖေ"

**ဂ။ မဟာရန်ကုန်မှာ ပညာကုန်ရှာခဲ့ခြင်း**

ကျွန်ုပ်သည် (၁၀) တန်းအောင်ချင်သောစိတ်က ကြီးစိုးနေလေသည်။ ပညာရှာရတာ လွယ်ကူသော၊ ဝညာတတ်ပေါသော ရန်ကုန်တွင် ကျူရှင်တက်ချင်နေပါသည်။ ရန်ကုန်တွင် အစ်မအကြီးဆုံးမှာ သမိုင်းတွင်နေ၏။ သူ့ယောကျ်ားမှာ သမိုင်းချည်စက်တွင် အလုပ်လုပ်၏။ မချမ်းသာသော်လည်း စားနိုင်သောက်နိုင်နေနိုင်ကြ၏။ မကြာ[illegible] မမကြီး ရန်ကုန်မှပြန်ရောက်လာ၏။ မိ[illegible] အား လိုလိုချင်ချင်ဖိတ်ခေါ်ပါသည်။ ပညာရေးအတွက် အားလုံးတာဝန်ယူ[illegible] ကြောင်း ဖေဖေ့အား ကတိပေးပါသည်။ မေမေကတော့ ငါ့သား ရန်ကုန်ဆိုတာ လူမိုက်တွေပေါတယ်။ ခါးပိုက်နှိုက်တွေ[illegible] ပေါတယ်။ ငါ့သားလေး အတတနိုင် ရန်ကုန်မှာနေလို့ဖြစ်ပါ့မလားဟုစိတ်ပူနေ၏။ လူလိမ်လူညာမခံရဖို့ အကင်းပါး[illegible] နေဖို့ မှာတမ်းခြွေလေသည်။ မိဘနှစ်ပါး[illegible] ဆွေမျိုးများ၊ အပေါင်းအသင်းများ[illegible] နှုတ်ဆက်ပြီး ရန်ကုန်မြို့သို့ ထွက်လာ[illegible] ပါတော့သည်။

'ရန်ကုန်မြို့ကြီးကိုတဲ့×××ယော[illegible] လည်လည်ရောက်လာခဲ့တယ်××မျက်[illegible] လေးကလယ်ကလယ်×××မျှဉ်းကျားမ[illegible] တတ်လို့ဖမ်းကာ×××ဒဏ်ရိုက်ခံရတ[illegible] ×××အောက်ပြည်အောက်ရွာဆိုတာ[illegible] လူညာတွေပေါပါသတဲ့×××(မကြုံ[illegible] မယုံဘူး မေရေ. . . )[၂] အဲဒါကြော[illegible] လည်း ရန်ကုန်သူကို အညာသ[illegible] ကြောက်ရတယ်×××'

ဤသီချင်းပေါ်စနှစ် ကျွန်[illegible] ရန်ကုန်ရောက်ခဲ့ပါသည်။ ကျွန်ုပ်အ[illegible] ရည်ရွယ်၍ရေးစပ်ထားသလားဟု ထ[illegible] ပါသည်။ သမိုင်း(၁)ရပ်ကွက်၊ (၁၅)လ[illegible] မှာနေရ၏။ အိမ်မှ သမိုင်းဘူတာ[illegible] လမ်းလျှောက်လာရ၏။ ဘူတာအ[illegible] နည်းသစ်ကျူရှင်တွင် ကျောင်းအပ်[illegible] သည်။ ကျူရှင်ဆရာ ဦးကံထွန်း[illegible] ခင်မင်ရင်းနှီးခွင့်ရပြီး ညဘက် တ[illegible] ကျောင်းမှာလာအိပ်ဖို့ပြောလာပါ[illegible] မမကြီးမှ ခွင့်ပြုသောအခါ တ[illegible] ကျောင်းသားဘဝမှ ကျောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းစားဘဝသို့ ရောက်လာပါတော့သည်။ ကျူရှင်တက်စဉ် ကိုကျော်ဝင်း၊ ဝင်းကျော်ဦး၊ လှမြင့်ဦး၊ ညီညီတို့အား ခင်မင်ခဲ့ရ၏။ ကျွန်ုပ်ကို ဘယ်မြို့ကလာနေတာလဲဟု မိတ်ဖွဲ့ကြ၏။ မြို့သစ်က လာတာဟုပြောသောအခါ နားမလည်ကြ။ မြို့သစ်ကိုမသိကြပါ။ တောင်တွင်းကြီးကလာတာပါဟုပြောမှ သိကြလေသည်။ ကျွန်ုပ်အမည်ကို 'တောင်တွင်း'ဟု အမည်သစ်ပေးလေသည်။ ဝင်းကျော်ဦးက မော်လမြိုင်မှလာသဖြင့် 'မော်လမြိုင်' ဟု ခေါ်၏။ ကိုကျော်ဝင်းမှာ အသက်အကြီးဆုံးဖြစ်ပြီး တွဲတေးသိန်းတန်သီချင်းကို အော်ဟစ်သီဆိုတတ်၍ 'တွဲတေး' ဟု ခေါ်၏။

"တောင်တွင်း၊ မင်း (၁၀)တန်းကျဖူး"

"ဟုတ်ကဲ့ - နှစ်ခါကျပြီ"

"ငါက (၁)ခါကျပြီ (နားနေတာ)။ (၁၀) တန်းကျတိုင်း လူအ,လူညံ့လို့ ကိုယ့်ကိုယ်ကိုယ် သေးသိမ်တဲ့စိတ်တွေ မဝင်နဲ့ကွာ"

"ဟုတ်ကဲ့"

"(၁၀) တန်းဘာလို့ကျတာလဲဆိုတာ သိဖို့လိုတယ်"

"ဟာ - ကိုတွဲတေးကလည်း (၁၀) တန်းရှုံးလို့ ကျတာပေါ့ဗျ"

"ဟာ-ငါပြောချင်တာက ဒီသဘောမဟုတ်ဘူး။ (၁၀) တန်းမှာ (၆) ဘာသာရှိတယ်၊ (၅) ဘာသာဂုဏ်ထူးထွက်ပြီး ကျန်နေပါစေ (၁) ဘာသာကျရင်လည်း ကျတာပဲ"

"ဪ - ဒီလိုလား"

"ဟုတ်တယ်၊ လူတွေက(၁၀)တန်း အောင်ဖို့ ကြိုးစားတဲ့အခါမှာ ကိုယ်ညံ့တဲ့ ဘာသာတို့ (၂)ဆ (၃)ဆ ကြိုးစားရမှာ။ အဲဒါကြောင့်ပြောတာ"

"အေးဗျာ ကိုတွဲတေးရာ။ ခင်ဗျားပြောမှပဲ အတွေးအခေါ်သစ်တွေကြားရတော့တာပဲ။ ကျွန်တော်ကကိုယ်ကြိုက်နှစ်သက်တော်တဲ့ဘာသာကိုပဲ စိတ်ဝင်စားတာ ဟုတ်ပြီဗျာ (၁၀)တန်းအောင်ဖို့ နည်းလမ်းကောင်းတစ်ခုရတာပဲ၊ကျေးဇူးပဲ"

"တောင်တွင်းက ဘယ်ဘာသာ အားနည်းတာလဲ"

"ကျွန်တော်က သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ အားသန်တယ်"

"အညံ့ဆုံးက"

"အင်္ဂလိပ်စာပဲ"

"ဒါဆိုရင် မင်း (၁၀) တန်းရှုံးတာ အင်္ဂလိပ်စာကြောင့် ရှုံးတာပဲ။ ဒီမှာနောက်ဆုံး အင်္ဂလိပ်စာကို ဖိကြိုးစားကွာ"

"ဟုတ်ကဲ့"

"ကျွန်ုပ်သည် နည်းသစ်ကျူရှင်တွင် ဘာသာစုံယူသော်လည်း အင်္ဂလိပ်စာကို အားမရပါ။ အခြားအင်္ဂလိပ်စာကျူရှင်တစ်ခုကို အချိန်ပိုတက်ပါသည်။ ညဘက်တွင် နည်းသစ်ကျူရှင်ကျောင်းမှာ ညအိပ်ရ၏။ ညဘက်တွင် ဆရာဦးကံထွန်းက သင်္ချာသင်ပေး၏။ သင်္ချာဂုဏ်ထူးထွက်မည့် (၁၀) ဦးကို သီးသန့်ခေါ်၍ သင်ပေးခြင်းဖြစ်၏။ ကျွန်ုပ်သည် အင်္ဂလိပ်စာကို သဲကြီးမဲကြီး ဖတ်ရှုလေ့လာ၏။ မီးနင်းများကို အရကျက်၏။ အချိန်ပိုတွင် (၁၀) တန်းအင်္ဂလိပ်ဖတ်စာကိုအရကျက်မှတ်နေပါသည်။ ကျွန်ုပ်ကြိုးစားနေစဉ်မှာ အင်္ဂလိပ်စာကို ဘုန်းကြီးစာကျက်သလို ကျက်မှတ်နေသဖြင့် သနားစရာသတ္တဝါဟု အထင်သေးသည့်မျက်လုံးဖြင့် ကြည့်နေကြ၏။

"တောင်တွင်း၊ မင်းဟာက အင်္ဂလိပ်ဖတ်စာကို အရကျက်နေတာပဲ။ အဲဒီလောက်မလိုပါဘူးကွ"

"မော်လမြိုင်ကလည်း၊ ခင်ဗျားက အင်္ဂလိပ်စာတော်တယ်လေ။ ကျွန်တော်က အင်္ဂလိပ်စာညံ့လို့ ရှုံးရတာမို့ (၂) ဆတိုး ကြိုးစားနေတာ။ အပိုတော့မဖြစ်ပါဘူး။ အကုန်ရအောင်ကျက်မှာပဲ"

"အေးကွာ အလကားတော့မဖြစ်ပါဘူး။ အင်္ဂလိပ်စာနဲ့ပတ်သက်လို့ ဆရာသင်တာ နားမလည်ရင် ဆွေးနွေးလို့ရတယ်။ တိုင်ပင်လို့ရတယ်။ ခင်ဗျားရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုချင်လို့ပါ၊ လေးစားလို့ပါ"

"ကျေးဇူးပါပဲ မော်လမြိုင်ရေ"

ဤသို့ဖြင့် ကျူရှင်မှပေးသော လေ့ကျင့်ခန်းများ၊ အင်္ဂလိပ်သဒ္ဒါများကို မော်လမြိုင်မှ စိတ်ရှည်လက်ရှည်ရှင်းပေးပါသည်။ အင်္ဂလိပ်ဝေါဟာရများ အလွတ်ရခြင်း၊ အင်္ဂလိပ်ဖတ်စာများ အလွတ်ရသောအခါ အင်္ဂလိပ်လိုရေးချင်စိတ်တွေဖြစ်ပေါ်လာ၏။ အင်္ဂလိပ်သဒ္ဒါ စည်းကမ်းသိသွားသောအခါ အတော်လွယ်သွားပါသည်။ ကြိုးစားမှုရလဒ်ကြောင့် အင်္ဂလိပ်စာကို ခက်ခဲသည်ဟု ကြောက်နေသည့်အနေအထားမှ အလွယ်လေးပါလားဟု ထင်မြင်လာပါတော့သည်။ ဤသို့ဖြင့် (၃) လခန့် ရန်ကုန်မြို့တွင် ကျူရှင်တက်ပြီး မြို့သစ်သို့ပြန်လာခဲ့ပါသည်။ ၁၉၇၈ ခုနှစ် (၁၀) တန်းစာမေးပွဲကို မြို့သစ်အထကတွင် အပြင်ဖြေဖြင့် စာမေးပွဲပြန်ဖြေခြင်း ဖြစ်သည်။

(၁၀) တန်းစာမေးပွဲကို မတ်လတွင် ဖြေဆိုခဲ့၏။ (၃) ဘာသာအနည်းဆုံး ဂုဏ်ထူးရမည်ဟု မှန်းထားပါသည်။ အောင်စာရင်းထွက်သောအခါ သင်္ချာ (၁) ဘာသာ ဂုဏ်ထူးထွက်ပြီး ဂုဏ်ထူးမှန်းသောရူပဗေဒနှင့် ဘိုင်အိုမှာ ဂုဏ်ထူးမှတ်နားတွင်ရောက်ရှိခဲ့၏။

မြို့သစ် အထကမှ (၁၀) တန်းကို အောင်မြင်ခဲ့၏။အောင်ချက်အလွန်နည်းသောကာလတွင် ဂုဏ်ထူးနှင့်အောင်သော ကျွန်တော့်ကို လူတိုင်း ချီးကျူးထောမနာပြုကြလေတော့သည်။

"ဒီကလေးက တော်လိုက်တာ၊ ဘယ်သူ့သားလေးလဲ"

"သီးပင်ရွာက လယ်လုပ်ရင်းဖြေတာ"

"ဂုဏ်ထူးတောင်ပါတယ်၊ တော်တော်ချီးကျူးစရာကောင်းတယ်"

"သူ့မိဘတွေ ဘယ်လောက်များ ဝမ်းသာမလဲမသိဘူး"

စသဖြင့် ချီးကျူးဂုဏ်ပြုသံတွေ တစ်လတိတိ ကြာမြင့်သွားလေသည်။ ကျွန်တော်လည်း (၁၀) တန်းအောင်မှ လူရာဝင်တယ်၊ လူဖြစ်တယ်ဟုထင်ထားတာ ဒီ,ခအောင်တော့လည်း ဘာမှ မဟုတ်ပါလားလို့ တွေးမိပြန်၏။ သို့သော် အနှစ်နှစ်အလလ မျှော်လင့်စောင့်စားခဲ့ရသော အောင်မြင်မှုရလဒ်သည် ပီတိကိုဖြစ်စေပြီး ဝန်ထုပ်ဝန်ပိုးကြီးကျသွားပါတော့သည်။ (၁၀) တန်းကိုအောင်ပြီး ဖခင်က ကျောင်းဆက်မထားနိုင်သဖြင့် အလုပ်ရှာပြီး စာပေးစာယူတက်ရန် ပြောပါသည်။ ရန်ကုန်သို့ ဒုတိယအကြိမ်ထွက်ခွာခဲ့ပြီး ရှာကိုနှုတ်ဆက်ခဲ့ပါတော့သည်။

**ယ။ တပ်မတော်သားဘဝ**

(၁၀) တန်းအောင်ပြီး ရန်ကုန်တွင် အလုပ်ရှာရာ ထင်သလောက် ခရီးမပေါက်ပါ။ အစိုးရအလုပ်အကိုင်ရဖို့ အလွန်ခက်ခဲသောကာလဖြစ်လေသည်။ သီးပင်ရွာမှ ကျွန်ုပ်မိတ်ဆွေ တပ်မတော်သား၏ ပယောဂကြောင့် စစ်တပ်ထဲသို့ ဝင်လိုက်ပါသည်။ အစတုန်းကတော့ စစ်သားဆိုတာ ဗန္ဒူလတ်ဆိပ်နှင့် ခြေလျင်စစ်သားပဲရှိသည်ဟုထင်ခဲ့၏။ ဘယ်ဟုတ်မှာလဲ။ အင်ဂျင်နီယာတပ်၊ ဆေးတပ်၊ အမြောက်တပ်၊ ဆက်သွယ်ရေးတပ်၊ ရေတပ်၊ လေတပ် စသဖြင့် ပညာရပ်ပေါင်းစုံရှိလေသည်။ ကျွန်ုပ်က အင်ဂျင်နီယာကို သဘောကျသဖြင့် အင်ဂျင်နီယာတပ်သို့ ဝင်ခဲ့၏။ အခြေခံစစ်ပညာကို မေမြို့ (ပြင်ဦးလွင်) တွင်



www.burmeseclassic.com

www.burmeseclassic.com

တက်ရ၏။ (၆) လတက်ပြီးသောအခါ အင်္ဂလိပ်နီယာဘာသာရပ်များကို (၃) လ ဆက်သင်ပေးပါသည်။အရာရှိဖြစ်မလား ဆိုသော မျှော်လင့်ချက်ဖြင့် စစ်ထဲဝင်ခဲ့ခြင်း ဖြစ်၏။ (၁၀) တန်း နှစ်ခါကျ၍ ဗိုလ်သင်တန်းခေါ် သည့်အသက်ထက် ကြီးနေ၏။ စစ်ထဲဝင်ပြီး ဗိုလ်ဖြစ်အောင် ကြိုးစားမယ်ဆိုပြီးဝင်ခဲ့တာပဲ။ တပ်ကြပ်ကြီးဖြစ်၍ ဗိုလ်သင်တန်းဖြေဆိုဖို့ခေါ် စာရပါသည်။ ဖေဖေက ဗိုလ်မလုပ်ချင်ပါနှင့် ဖေဖေ့စကားနားထောင်ပါဟု ဆုံးမသဖြင့် ဗိုလ်သင်တန်းသို့ မတက်ခဲ့ရပေ။ ကံတရားကပေးသော ရာထူးဖြင့်သာ ရောင့်ရဲတင်းတိမ်ခဲ့ရပါသည်။

အခြေခံစစ်ပညာတက်ပြီး ကလောမြို့သို့ တာဝန်ထမ်းဆောင်ရ၏။ တပ်မှူးမှခွင့်ပေးသဖြင့် သီးပင်ရွာသို့ စစ်သားအသစ်စက်စက်ဘဝဖြင့် ပြန်လည်ရောက်ရှိခဲ့၏။ စစ်ထဲဝင်တာ မိဘများ မသိခဲ့ပါ။ သင်တန်းဆင်းမှသိရလေသည်။ ရွာရောက်သောအခါ လူတိုင်းက အံ့ဩနေကြ၏။ လူရိုးလူအ၊ လူကြောက်ဟု ထင်နေသောသူက စစ်ထဲဝင်ပြီး သတ္တိရှိပုံကိုချီးကျူးကြလေသည်။ ဖေဖေကတော့ စစ်သားယူနီဖောင်းကိုကြည့်ပြီး စိတ်ထဲမှာ မသက်မသာဖြစ်နေ၏။

"ဖေဖေ၊ သားကို မစိုးရိမ်ပါနဲ့။ စစ်ထဲဝင်ရင် သေတော့မှာပဲဆိုပြီး စိုးရိမ်နေတယ်မဟုတ်လား"

"ဖေဖေတို့မျိုးရိုးမှာ စစ်သားမရှိဘူးလေ၊ ဖေဖေစိုးရိမ်တာပေါ့"

"သားက (၁၀) တန်းအောင်တယ်၊ ပညာတတ်တယ်လေ။ သားတပ်ကြပ်ကြီးစာရေးလျှောက်ထားတယ်။ ရန်ကုန်မှာ သင်တန်းတက်ရမယ် ပြောတယ်။ သင်တန်းဆင်းရင် တပ်ကြပ်ကြီးဖြစ်မယ်။ ရုံးမှာပဲ ရုံးအလုပ်တွေလုပ်ရမယ်။ ဖေဖေ စိုးရိမ်တဲ့ ရှေ့တန်းမသွားရပါဘူး"

"ဘာပဲပြောပြော မင်းကစစ်သားဆိုတော့ အသက်အန္တရာယ်ကတော့ နီးစပ်နေတာပဲ။ မင်းဘဝအတွက် ငါမှာစရာရှိတယ်"

"ဟုတ်ကဲ့ ဖေဖေ"

ကျွန်တော်သည် မိဘနှစ်ပါးကို ဦးချပြီး ကလောမြို့သို့ ပြန်လာခဲ့၏။ တပ်ကြပ်ကြီးစာရေးကို ရန်ကုန် ဘောက်ထော်မှာတက်ရ၏။ သင်တန်းဆင်းသောအခါ တပ်သားဘဝမှ တပ်ကြပ်ကြီးဘဝသို့ ခုန်တက်သွားပါတော့သည်။ တပ်ကြပ်ကြီးဘဝဖြင့် ပုသိမ်ဆောက်လုပ်ရေးတပ်သို့ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရ၏။ ပုသိမ်မြို့တွင် တာဝန်ထမ်းဆောင်စဉ်အတွင်း ပုသိမ်တက္ကသိုလ်မှ စာပေးစာယူဖြင့် ဘွဲ့ရရှိခဲ့၏။ ၁၉၈၅ ခုတွင် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ကို ရရှိခဲ့၏။ ရာထူးအဆင့်ဆင့်တိုးပြီး မိတ္ထီလာ၊ လားရှိုး၊ ရန်ကုန်မြို့များသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရ၏။ မိတ္ထီလာမြို့သို့ တာဝန်ထမ်းဆောင်စဉ် မိတ္ထီလာနည်းပညာကောလိပ်တွင် ညကျောင်းတက်ခွင့်ရရှိခဲ့၏။ အင်္ဂလိပ်နီယာဒီပလိုမာကို ရရှိခဲ့သဖြင့် လမ်းဗိုလ်ဘဝသို့ ရာထူးရခဲ့လေသည်။

ကျွန်ုပ်သည် မိတ္ထီလာတွင် တာဝန်ထမ်းဆောင်စဉ် သီးပင်ရွာသို့ ခဏခဏရောက်၏။ မိဘများ၏ စားဝတ်နေရေးကို တာဝန်ယူ၏။ အဖေသည် အသက်အရွယ်ရလာသောအခါ တောင်သူမလုပ်နိုင်တော့ပါ။ နွားများ၊ လှည်းများ၊ တောင်သူသုံးပစ္စည်းများအားလုံး အစ်ကိုလတ်ကို ပေးလိုက်၏။ တောင်သူလုပ်ငန်းကို ငှား၍လုပ်စေ၏။

"သားရယ် ငါတို့ရွာမှာ ဓမ္မာရုံမရှိဘူး မင်းလှူပေးပါ"

"ဟုတ်ကဲ့ - ဖေဖေ"

သီးပင်ရွာသူရွာသားများအတွက် ဓမ္မာရုံ (၁) လုံးကို ဆောက်လုပ်လှူဒါန်းပါသည်။ ရွာဦးကျောင်းဆရာတော်မှ ခေါ်သဖြင့် ကျောင်းသို့သွားရ၏။

"ဆရာတော်ဘုရား၊ တပည့်တော်ရောက်ပြီ ဘုရား"

"ဒကာကြီး၊ သီးပင်ရွာက ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်လာခဲ့တဲ့ ရွာဦးက စေတီကြီး ထီးမြေခသွားတယ်"

"ရွှေဦးမှင်ဘုရားကို ပြောတာလား ဘုရား"

"ဟုတ်တယ်။ တို့ရွာသူရွာသားတွေ ပြင်ချင်တယ်၊ ထီးတင်ချင်တယ်၊ ရွာသားတွေဆင်းရဲကြလို့ ဘယ်သူမှ မပြင်နိုင်ဘူး"

"တင်ပါ့ဘုရား"

"ဒကာကြီးတတ်နိုင်ရင် ဘုရား ဒကာခံစေချင်တယ်"

"တင်ပါ့ဘုရား"

ကျွန်ုပ်သည် ရွာသူရွာသားများနှင့်တိုင်ပင်ပြီး ဘုရားကြီးအား ပြန်လည်ပြုပြင်ဖို့ အစည်းအဝေးပြုလုပ်ကြသည်။ ဘုရားပေါပကများဖွဲ့ပြီး စနစ်တကျပြန်လည်ပြုပြင်မွမ်းမံကြသည်။ ဘုရားထီးတော်ကို အသစ်တစ်ဖန်ပြန်လည်တင်ပေးပါသည်။ ဘုရားငုတ်တိုနှင့် မတင့်တယ်သော ရွှေဦးမှင်စေတီကြီးမှာ ယခုအခါတွင် ရွှေရောင်တဝင်းဝင်း၊ ဆည်းလည်းသံတချွင်ချွင်နှင့် လွန်စွာသပ္ပာယ်တော်မူနေပါသည်။

ရွာဦးကျောင်းဆောက်လုပ်ခြင်းလုပ်ငန်းရပ်ဆိုင်းထားဖြင့် လိုအပ်သောဝတ္ထုငွေကြေးများ လှူဒါန်းခဲ့၍ ကျောင်းမှာအတော်ပြီးစီးသွားလေသည်။ သီးပင်ရွာသားတစ်ယောက်အနေဖြင့် သီးပင်ရွာ၏ ဘာသာရေးကိစ္စ၊ လူမှုရေးကိစ္စများကို ဦးဆောင်၍ ကျေးဇူးဆပ်ခွင့်ရခဲ့ပါသည်။ တောင်တွင်းကြီးမှ မိုးကုတ်ဓမ္မကထိကအားပင့်ပြီး သီးပင်ရွာဓမ္မာရုံတွင် (၇) ရက်စခန်းဖွင့်ပေးခဲ့၏။ တရားလည်းပေး၏။ အစားလည်းကျွေး၏။ တရားနာရုံ တရားရှုမှတ်ရုံသာ လာကြပါဟု ချော့ခေါ်ရလေသည်။ မိုးကုတ်ဝိပဿနာဆိုတာ ဒီလိုပါလားလို့ သိသားသောအခါ များစွာကျေးဇူးတင်နေပါတော့သည်။

တစ်နေ့ ကျွန်ုပ်သည် ကိုယ်ပိုင်ကားနှင့် သီးပင်ရွာသို့ရောက်လာပြန်ပါသည်။ ဖခင်ကြီး၏ ကျန်းမာရေးကြောင့် ဆေးရုံတင်ပေးရ၏။ ကျန်းမာရေးကောင်းမှ ဆေးရုံက ပြန်ခေါ်လာ၏။ သီးပင်ရွာသား မောင်သိန်းတစ်ယောက် ကျွန်ုပ်ထံရောက်လာပါတော့သည်။

"ဟေ့ကောင် မောင်ချို"

"ဟာ - သူငယ်ချင်း မောင်သိန်း လာလာ"

"ငါ မင်းနဲ့စကားပြောချင်လို့လာတာ"

"အေး-ပြောကွာ၊ ငါလည်း အား ပါတယ်"

"မင်း Father ကြီးကျန်းမာရေး"

"ဆေးရုံကဆင်းရပါပြီ၊ ကောင်း ပါတယ်"

"အေးကွ၊ ငါမင်းကိုကြည့်ပြီး ဂုဏ်ယူနေတာကွ"

"ဘာလို့လဲကွ"

"မင်းကသီးပင်ရွာသားတစ်ယောက်ရဲ့တာဝန်ကျေပါတယ်ကွာ။ ဘုရားလည်း ပြုပြင်မွမ်းမံပြီးပြီ၊ ထီးအသစ်လည်းတင် ပေးခဲ့တယ်၊ မင်းက ဘုရားဒကာဖြစ်နေ ကွ။ နောက် ရွာအတွက်လိုနေတဲ့ဓမ္မာရုံ လည်း ဆောက်လုပ်လှူဒါန်းပြီးပြီ"

"အေးကွာ၊ ငါတတ်နိုင်တာ ပေးတာပါ"

"သီးပင်ရွာသားတွေ မတတ်နိုင် ကွက်လပ်လေးတစ်ခုကို မင်းဖြည့် လိုက်တာ ငါဂုဏ်ယူတယ်ကွာ"

"ဟုတ်ပါပြီ"

"ဒီထက် ဂုဏ်ယူစရာကောင်း က သီးပင်ရွာသားတွေကို တရား သိအောင် မိုးကုတ်ဝိပဿနာ ရား





www.burmeseclassic.com

www.burmeseclassic.com

ခွင့်ပေးတာပဲကွ"

"ဒါကလည်း ငါ့ရွာကိုငါတရားနဲ့ တွေးရှုဆပ်တာပေါ့ကွာ"

"အေးကွ- မင်းအလှူက လူသာမှ ခေါ်၊ နတ်သာစုခေါ် အလုပ်ပဲကွ။ ဒါ ကြောင့် ဂုဏ်ယူတယ်ပြောတာ"

"ငါလည်း တတ်နိုင်သလောက် လုပ်ပေးတာပဲကွာ၊ ဂုဏ်ယူချင်လို့မဟုတ် ပါဘူး"

"သီးပင်ရွာသားတွေအနယ်နယ် မှာ ကြီးပွားချမ်းသာကြတာ အများ ကြီး။ မင်းလိုပြန်ကြည့်တဲ့လူတစ်ယောက်မှ မရှိဘူး"

"ဒါကလည်း သူတို့အကြောင်းနဲ့ သူတို့ဖြစ်မှာပါ"

"ငါ မင်းကို မေးစရာရှိတယ်။ မင်း မှန်မှန်ဖြေရမယ်နော်"

"မေးပါ သူငယ်ချင်း ငါဖြေပါ့မယ်"

"မင်းဟာ စစ်သားလည်းဟုတ် တယ်၊ ဘာသာရေးလည်းလိုက်စားတယ်၊ ကြီးပွားချမ်းသာတယ်"

"စစ်သားဆိုရင် မွဲနေရမယ်၊ မူးနေ ရမယ်လို့ ထင်နေတာလား"

"ငါတွေ့သမျှ စစ်သားလူထွက် တွေက အရက်သမားတွေများတယ်ကွ။ မူးပြီး အရက်နာကျ၊ စီးပွားရေးကမရှိ၊ နောက်ဆုံး ဘုန်းကြီးကျောင်းမှာ သောင် တင်နေတော့တာပဲ"

"စစ်သားတိုင်းတော့ မဟုတ်ပါဘူး ကွ။ စစ်သားထဲမှာလည်း သူတော် ကောင်းတွေရှိပါတယ်ကွ"

"ငါ မင်းကို တည့်တည့်မေးမယ် နော်။ မင်း ဘာလို့ ဒီလောက်ကြီးပွား ချမ်းသာနေတာလဲ"

"မင်းကတော့ ငါ့ကိုအထင်ကြီး လွန်းနေပြီ။ သီးပင်ရွာအနေနဲ့ကြည့်ရင် ငါက အတော်ချမ်းသာတယ်လို့ မြင်မှာ ပဲ။ အပြင်မှာတော့ ငါကဘာမှမဟုတ်တဲ့ ကောင်ပဲကွ။ ဥပမာ ကင်းမြီးကောက်က ကင်းခြေများကိုကြည့်ပြီး ခြေထောက်တွေ အများကြီးပဲလို့ အထင်ကြီးနေတာ။ ကင်းခြေများကလည်း ပိုးသန်ကောင်ကို ကြည့်ပြီး ငါ့ခြေတွေက ဘာမှမဟုတ်ပါ ဘူးလို့ သိမ်ငယ်နေသလိုပဲ"

"အေးပါ၊ ထားပါတော့။ ငါသိချင် တာက မင်းခုလိုအခြေအနေဖြစ်အောင် ဘာတွေလုပ်လို့လဲ။ ဘယ်လိုကြီးပွား ချမ်းသာတာလဲဆိုတာ သိချင်တာ"

"ဒါက ငါ့ဘကြီးဦးထွန်းသောင် ဆုံးခင်မှာ ပေးခဲ့တဲ့လက်ဖွဲ့ကို ဆောင် ထားလို့ပဲကွ"

"ဟေ-ဟုတ်လား။ ဒါဆိုရင် ငါ့ကို ပြပါဦး။ ငါလည်းဆောင်ထားချင်တယ်"

"နောက်နေတာ မဟုတ်ဘူး။ တကယ့်အဆောင်ရှိတာ"

"အေးကွာ - အဆောင်က ဘာလဲ ပြောပြပါကွာ"

"ငါစစ်ထဲဝင်တော့ ငါ့အသက် အန္တရာယ်စိုးရိမ်ကြတာပေါ့ကွာ။ သင်တန်း ဆင်းလို့ ရွာကိုတစ်ခေါက်လာသေးတယ် ကွ"

"အေး - ငါမှတ်မိတယ်"

"ငါ့ဘကြီးက မဆုံးသေးဘူး။ ငါ့ကိုအဆောင်ပေးခဲ့တာပဲ။ ဒီအဆောင် ကို ခန္ဓာကိုယ်မှာအမြဲဆောင်ထားရမှာ။ အဆောင်ရှိနေသရွေ့ သီလမြဲရမယ်လို့ မှာခဲ့တာကွ"

"ငါ စိတ်ဝင်စားလာပြီ၊ ဘာ အဆောင်လဲကွ"

"မင်းကိုပြရင် မင်းမြင်ရမှာမဟုတ် ဘူး။ ငါ့နှလုံးသားထဲမှာအပြီးထည့်ထား တာ"

"မင်းဟာကလည်း လျှို့ဝှက်ဆန်း ကြယ်ဆန်နေပြန်ပါပြီ"

"ငါ့အဆောင်က တခြားမဟုတ်ပါ ဘူး။ နှစ်ပါးသီလမြဲရမယ်၊ သရဏဂုံ တည်ရမယ်၊ ဂုဏ်တော်ပွားရမယ်"

"ငါးပါးသီလပဲ ကြားဖူးပါတယ်"

"ငါးပါးလုံးကိုမစောင့်ထိန်းရဘူး။ နှစ်ပါးပဲ တစ်သက်လုံးမပေါက်အောင် စောင့်ထိန်းရတာ"

"မင်းဟာက လွယ်သလိုနဲ့ ခက် တယ်"

"ကြိုက်တဲ့နှစ်ပါးကို တစ်သက်လုံး လုံခြုံအောင် စောင့်ထိန်းပါမည်ဆိုပြီး သစ္စာဆိုရတာ"

"ကြောက်အောင်လန့်အောင်လို့ ပေါ့ကွ။ လူတွေက ငါးပါးသီလကို စောင့် ထိန်းတာ။ သီလမြဲဖို့ မလွယ်ဘူးလေ။ သာမန်သီလမျိုးမဟုတ်ဘဲ 'အမိသီလ (မွန်မြတ်သောသီလ)'လို့ခေါ်တယ်။ ဒီလို မှစည်းကမ်းမရှိရင် ကျားဥပုသ်စောင့် သလိုဖြစ်မှာပေါ့"

"လုပ်ပါဦး၊ ကျားဥပုသ်စောင့်တာ"

"ပုံပြင်ပါကွာ။ ကျားတစ်ကောင် က မိုးရွာပြီး ရေကြီးတော့ ရေထဲမျောပါ သွားတယ်။ ကံကောင်းတော့ ကျွန်းတစ် ကျွန်းမှာတင်နေတာ။ ကျားက စဉ်းစား တယ်။ ဒီကျွန်းမှာ ဘာသတ္တဝါမှမရှိဘူး။ ငါအစာပြတ်ပြီးသေရတော့မယ်။ သေ ချင်းအတူတူ ဥပုသ်စောင့်သေတာမြတ် တယ်လို့ စဉ်းစားမိတယ်။ ဒါနဲ့ ငါးပါး သီလကို စောင့်ထိန်းတော့တာပဲ။ သိပ် မကြာပါဘူး။ သူ့လိုရေထဲမျောလာတဲ့ သမင်တစ်ကောင် မသေဘဲ သူ့ရှေ့က ဖြတ်သွားတာတွေ့လိုက်တော့ အိပ်ရာ က လန့်နိုးသလို မျက်လုံးကြီးပြူးသွား တာပေါ့။ 'အင်း-ဥပုသ်ဆိုတာ မနက်ဖြန် မှစောင့်လည်းရသေးတယ်။ ဒီနေ့တော့ ငါဥပုသ်မစောင့်တော့ဘူး' ဆိုပြီး သမင် ကိုလိုက်ဖမ်းတာ သမင်က ကြောက်လန့် ပြီး ရေထဲဖြတ်ပြေးတာ ရေစီးအတိုင်း မျောပါသွားတယ်။ ကျားက ရေမကူးရဲ တော့ ကျွန်းမှာကျန်ရစ်ခဲ့တယ်။ ကျားက စဉ်းစားတယ်။ 'ငါ ဥပုသ်စောင့်တာ ခုထိ ဥပုသ်မကျိုးသေးဘူး' လို့စဉ်းစားမိရင်း ဆက်ပြီးငါးပါးသီလကိုစောင့်တယ်။ ဒါကို ကျားဥပုသ်လို့ခေါ်တယ်"

"အေးကွ သာမန်လူတွေဟာ ကျားဥပုသ်ပဲစောင့်မှာပဲ"

"ဒါကြောင့် (၅)ပါးလုံးမထိန်းဘဲ (၂) ပါးကို အသက်နဲ့လဲကာကွယ်စောင့် ရှောက်ရတာပဲ။ ချိုးဖောက်ရင် သွေးအန် သေပါစေဘဲဖြစ်ပါစေဆိုပြီး သစ္စာဆို ရတာ။ သွေးအန်မှာကြောက်လို့၊ သေရ မှာကြောက်လို့ ဒီကံနှစ်ပါးက လုံခြုံတာ ပေါ့ကွာ"

"ဒါကြောင့် အမိသီလလို့ခေါ်တာ လား"

"ဒီသီလကို အမြဲစောင့်ထိန်းရ တော့ ကိုယ်ကျင့်တရားဖြူစင်လာတယ်။ သီလရဲ့တန်ခိုးကြောင့်ဘေးရန်ကင်းတယ်။ နတ်ကောင်းနတ်မြတ်တွေစောင့်ရှောက် လို့ ငါကြိုကြိုသိတာတွေဖြစ်လာတယ်။ ရှေ့တန်းမှာ အသက်ဘေးက သီသီလေး လွတ်လာတာလည်းကြုံရဖူးတယ်"

"အေးကွာ-မင်းပြောတော့လည်း စိတ်ဝင်စားဖို့ကောင်းတယ်။ ဒီသီလကို လုံ/မလုံ စမ်းသပ်ခံရတာတွေ မရှိဘူး လား"

"မင်းပြောသလို စစ်သားတိုင်း အရက်သောက်တတ်တယ်ကွ။ ငါက တော့ ဘယ်နေရာရောက်ရောက်အရက် မသောက်ဘူး။ သူများမယားမစော်ကား ဘူး။ ပုတီးစိပ်၊ မေတ္တာပို့တာ။ လူမိုက် တွေကြားမှာလည်း လိမ္မာတဲ့သူရှားရှား ပါးပါး ငါတစ်ယောက်တည်း။ စမ်းသပ်ခံ ရတာတွေတော့ အများကြီးပေါ့"

"အေး - ပြောပါဦး"

"ငါက ညနေဆိုရင် ဘုရားသွား ပုတီးစိပ်တယ်၊ မေတ္တာပို့တယ်။ တပ်မှူး လုပ်တဲ့လူက ငွေကြေးကိစ္စတွေနဲ့ တာဝန် ကြီးကြီးယူရတာဆိုတော့ စိတ်ချယုံကြည် ရမယ့်တပည့်ကို အရင်ဘယ်သူ့ကိုရွေး မှာလဲ"

"မင်းကိုပဲရွေးမှာပေါ့"

www.burmeseclassic.com

"ဟုတ်တယ်ကွ၊ သီလမြဲတဲ့သူကိုပဲ ရွေးမှာပေါ့။ ဒီလိုနဲ့ လူကြီးချစ်ခင်မှုကို ရတယ်၊ ယုံကြည်မှုရတယ်ပေါ့ကွာ"

"အေးကွာ-ထားပါတော့။ နောက် သရဏဂုံဆိုတာက ဘယ်လိုတည်ရမှာလဲ"

"သရဏဂုံဆိုတာ အိပ်ရာထရင် တစ်ခါရွတ်ရတယ်၊ မျက်နှာသစ်ရင်၊ ထမင်းစားရင်၊ ရေသောက်ရင်၊ အိပ်ရင်၊ သွားရင်၊ ဘာလုပ်လုပ် သရဏဂုံတည်ပြီးမှလုပ်ရတာ။ လုပ်စတော့ မလုပ်ဖြစ်တာများတယ်။ ကြာတော့ အလေ့အကျင့်ရလာပြီး သရဏဂုံကရှေ့ကရောက်ရောက်လာတာ ပါးစပ်ကနေ ဖွင့်မရွတ်ပေမယ့် စိတ်ထဲကရွတ်တာဆိုတော့ ဘယ်သူမှ အနှောင့်အယှက်မဖြစ်ပါဘူး"

"မင်းဟာ လွယ်တော့လွယ်တယ်၊ ရေရှည်လုပ်ရတာခက်တယ်"

"နောက်တစ်ခုက ဘုရားမရှိခိုးဘဲ မအိပ်ရဘူး။ ရှေ့တန်းမှာ အလုပ်ပင်ပန်းပြီး တအားအိပ်ချင်ရင်တော့ ဘုရားကို အာရုံပြုပြီး လက်အုပ်ချီရှိခိုး ဦး (၃) ကြိမ်ချပြီးမှ အိပ်ရတာ။ အိပ်မပျော်မီ 'အရဟံ' ဂုဏ်တော်ကို မပြတ်ရွတ်ပြီး အိပ်ပျော်သွားတယ်ဆိုတော့"

"မင်းက နှစ်ပါးသီလကိုမြဲပြီးနေသလို သရဏဂုံလည်းအမြဲတည်နေတာပဲ။ နောက် ဘုရားမရှိခိုးဘဲ ညမအိပ်ဘူး။ အရဟံဂုဏ်တော်ကို မပြတ်ရွတ်တယ်ဆိုတော့ မင်းလုပ်နေတာ ကောင်းတာတွေပဲကွ"

"မင်းကိုငါပြောမယ်။ ဘုရားတည်တာ အုတ်တွေ၊ ဘိလပ်မြေတွေနဲ့ တည်ဆောက်ထားတာ။ တကယ်ဦးချ ကိုးကွယ်တာကဘုရားရဲ့အလယ်မှာ ဌာပနာတိုက်ဆိုတာရှိတယ်။ ဘုရားရှင်ရဲ့ဓာတ်တော်မွေတော်တွေကို ဌာပနာတာ အဓိကအချက်ပဲ။ လူလည်း နေ့စဉ်သရဏဂုံတည်နေတယ်။ ဂုဏ်တော်တွေရွတ်ဖတ်နေတယ်။ သီလကလည်းမြဲနေတယ်ဆိုရင် စေတီထိုက်နေတယ်ကွ။ ဒါကြောင့် နတ်မြတ်နတ်ကောင်းတွေစောင့်ရှောက်တာပေါ့"

"မင်းဘာတွေဆက်ဖြစ်သလဲပြောပါဦး"

"ဒီလိုကွ - ငါ ဒီစရဏကို နှစ်ချီလများကျင့်ကြံကြိုးကုတ်အားထုတ်လာတာ ကြာလာတော့ ကောင်းမှုကုသိုလ်တွေ စုမိလာတယ်ကွ။ ငယ်ငယ်က စုဘူးနဲ့ ငွေစုသလိုပေါ့ကွာ။ စုစတော့ ငါးပြား၊ ဆယ်ပြားပဲ။ ဟော-ကြာလာတော့ စုဘူးပြည့်ရင် ငွေတွေအများကြီးစုမိသလိုပေါ့ကွ။ ငါလည်း နှစ်ချီကြာလာတော့ ကုသိုလ်တွေစုမိလာတယ်။ ဘာဖြစ်လာသလဲဆိုတော့ သူတော်ကောင်းတွေ၊ သူတော်စင်တွေနဲ့ တွေ့လာရတယ်။ ဝိဇ္ဇာတွေ၊ ဂန္ဓာရီပုဂ္ဂိုလ်တွေနဲ့ တွေ့လာရတယ်ကွ"

"ထူးထူးဆန်းဆန်းတွေပါလား"

"ငါ့ကို အိပ်မက်ပေးပြီး ဘုရားတည်ခိုင်းတယ်။ ငါ့မှာ ပိုက်ဆံမှမရှိတာ ဘယ်မှာတည်နိုင်မှာလဲ။ ဒါနဲ့ တစ်နေ့ (၃) လုံးထီကို တဲ့(ဒဲ့)လာပေးတာ။ ငါလည်း ဒီလောက်တောင်ရှိတာ ငါးသောင်းဖိုးထိုးလိုက်တာ တကယ်ပေါက်တယ်ကွ"

"ဟာ - ဒါဆို မင်းကို ပုဂ္ဂိုလ်တွေစောင့်ရှောက်တယ်ဆိုတာ တကယ်ပဲကွ"

"ငါလည်း အလကားရတဲ့ငွေတွေကို ရန်ကုန်၊ မိတ္ထီလာ၊ နေပြည်တော်မှာ ဈေးချိုချိုနဲ့ရတဲ့မြေကွက်တွေဝယ်ထားတာ။ နေပြည်တော်မှာ (၆၀×၄၀) ပေကို (၂၀)သိန်းနဲ့ ဝယ်ရတယ်။ နေပြည်တော်ခေတ်စားတော့ သိန်း (၄၀၀) နဲ့ ပြန်ရောင်းရတယ်။ ဒါနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ချမ်းသာလာတယ်ဆိုပါတော့ကွာ။ ဒါနဲ့ ငွေဆောင်တို့၊ ချောင်းသာတို့မှာ မိန်းမအမျိုးတွေရှိတယ်လေ။ပင်လယ်ကမ်းစပ်မှာ ဈေးချိုချိုနဲ့ဝယ်ပြန်ရော။ ဟော - ငွေဆောင်ဆိုပြီး နာမည်ကြီးတော့ ငါ့မြေကွက်တွေက ထောင်ချီပြီး ရလိုက်ပြန်ရော"

"ဟာ - မင်းကို နတ်တွေ၊ ဝိဇ္ဇာတွေစောင့်တာတော့ အမှန်ပဲကွ။ ဝိဇ္ဇာတွေနဲ့ကော တွေ့ဖူးလား"

"ဝိဇ္ဇာတွေအကြောင်းတော့ နောက်မှ သီးသန့်ပြောမယ်ကွာ။ မင်းငါဘာကြောင့် ကြီးပွားချမ်းသာရတာလဲဆိုတာ သိအောင်ပြောပြတာပါ။ ပြောမပြရင် ငါကပဲ ခိုးလို့အချောင်ရတာလို့ထင်နေမှာစိုးလို့ပါ"

"ဒါနဲ့ မင်း ခုထိ ဒီစရဏကိုကျင့်နေတာပေါ့"

"ဟုတ်တယ်ကွ၊ ငါနှစ်(၂၀)ကျော်ပြီ။ ဒီလွယ်တာကိုပဲ လူတွေက နေ့စဉ်မလုပ်နိုင်ကြဘူး။ ဒါကြောင့် သစ္စာဆိုလို့မရတာ။ ငါ့အခက်အခဲဖြစ်တယ်။ ဒုက္ခနဲ့ရင်ဆိုင်ရပြီဆိုရင် ငါ့ရဲ့စရဏကိုတိုင်တည်ပြီး သစ္စာဆိုတာ အဟုတ်ကိုအောင်မြင်တယ်ကွာ"

"ငါ မင်းကိုတော့လေးစားသွားပြီ။ မင်းဘကြီးပေးတဲ့လက်ဆောင်က ဘုရားဂုဏ်တော်တွေပဲ။ ဘုရားရဲ့ ဂုဏ်တော်တွေဟာ တကယ်လိုက်နာကျင့်ကြံရင် အကျိုးပေးတယ်ဆိုတာ ငါယုံပါပြီကွာ"

"ငါက မင်းသိချင်တဲ့ ဝိဇ္ဇာတွေနဲ့လည်းတွေ့ဖူးတယ်။ ပုပ္ပားအဘအောင်မင်းခေါင်နဲ့လည်းတွေ့ဖူးတယ်။ ငွေဆောင်မှာလည်း (၂၇)တောင်ဘုရားကြီးတစ်ဆူ ငါတစ်ဦးတည်းဒကာနဲ့တည်ခဲ့ပြီးပြီ"

"ဘယ်လောက်ကုန်သလဲ"

"သိန်း (၅၀၀) လောက်ကုန်တယ်ကွာ"

"ဟာ - မင်းဟာ အများကြီးပဲ"

"ဒါကကြွားစရာမှမဟုတ်တာ၊ မင်းမေးလို့ ဖြေရတာပါ။ လူတွေက ကြီးပွားချင်တယ်၊ ချမ်းသာချင်တယ်။ ဒီချမ်းသာချင်မှုကြောင့် နည်းမျိုးစုံနဲ့ လုပ်ကြတယ်။ တရားဝင်တာရော တရားမဝင်တာပါ လုပ်ကြတာပေါ့ကွာ။ တကယ်မချမ်းသာလာကြဘူး။ ချမ်းသာခြင်းဆိုတဲ့အကျိုးကအကြောင်းကြောင့်ရတာပဲ။ အကြောင်းကောင်းမှ အကျိုးကောင်းတယ်၊ အကြောင်းညံ့ရင် အကျိုးညံ့မယ်၊ အကြောင်းကင်းပြီး အကျိုးမဖြစ်လာဘူးကွ။ ကြီးပွားချမ်းသာခြင်းဆိုတဲ့ အကျိုးကို ချက်ချင်းမရနိုင်ဘူးကွ။ သီလစင်ကြယ်ရမယ်၊ ဘာဝနာပွားများရမယ်၊ ဒီအကြောင်းတွေများလာရင် အကျိုးပေးမှာပေါ့ကွာ"

"အေးကွာ၊ ခုလိုစိတ်ရှည်ရှည်ရှင်းပြတာ ကျေးဇူးတင်ပါတယ်"

ကျွန်ုပ်သည် ဘကြီးပေးသော လက်ဖွဲ့လေးကို အမြတ်တနိုးရင်မှာဆွဲထားပါသည်။ ဒီအဆောင်လက်ဖွဲ့က ရင်ထဲမှာ ထာဝရဆွဲထားခြင်းကြောင့် ဘေးအန္တရာယ်တို့မှအကြိမ်ကြိမ်လွတ်ခဲ့သည်။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် သူတော်ကောင်းတို့နှင့် တွေ့ဆုံရလေသည်။ နတ်မြတ်နတ်ကောင်းတို့၏စောင့်ရှောက်မှုကိုခံရလေသည်။ ဒီလောက်အစွမ်းရှိသော အဆောင်လက်ဖွဲ့လေးကို ကျွန်ုပ်သူငယ်ချင်း၊ စာဖတ်သူတို့အား ဝေငှပေးလိုက်ရပါသည်။

(ဤဆောင်းပါးကို ဖတ်ရခြင်းဖြင့် (၁၀) တန်းရှုံး၍ စိတ်ဓာတ်ကျနေသော ကလေးများအားဆေးဖြစ်ပါစေ။ ဘုရားတရား၊ သံဃာ ရတနာမြတ်သုံးပါးကို တကယ်ယုံကြည်ကိုးကွယ်ပါက အန္တရာယ်ကင်းပြီး ကြီးပွားချမ်းသာနိုင်ပါကြောင်း ကောင်းမွန်သောစိတ်ဖြင့် ရေးသားရပါသည်။)

အဏ္ဏဝါဝိ



www.burmeseclassic.com


www.burmeseclassic.com

စုန်းမြင့်တဲ့

# ၂၀ ရာစု၏ ထူးခြားသောအကြားအမြင်ပညာရှင် ဘွားဘွားဗင်ဂါ

ထိုးမယာ

ဘာဘာဗင်ဂါသည် ဘူဂေးရီးယား နိုင်ငံသူ မျက်မမြင်အမျိုးသမီးကြီး ဖြစ်သည်။ သူမကို ဘော်ကန်ဒေသ၏ နော်ထရာဒေးမတ်ဟု ခေါ်ကြသည်။ သူမ၏ထူးခြားအံ့ဩဖွယ်ကောင်းသော ဟောကိန်းများကြောင့် ကမ္ဘာပေါ်တွင် ထင်ရှားလာခဲ့သည်။ ဗင်ဂါ၏ဟောကိန်းများမှာ ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာမည့် အကြောင်း၊ ဆိုဗီယက်ယူနီယံပြိုကွဲမည့် အကြောင်း၊ အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီ ပူးပေါင်းသွားမည့်အကြောင်း၊ နိုင်ငံယာနာ ၊ သေဆုံးမည့်အကြောင်း၊ အင်ဒိုနီးရှားဆူနာမီအကြောင်း၊ တိုက် အမြွာညီနောင်ပြိုကျမည့်ဟောကိန်းနှင့် ဆီးရီးယား ပြည်တွင်းစစ်၊ ISIS ဖြစ်ပေါ် လာခြင်း စသည်တို့ကို ကြိုတင်ဟောကိန်း များအဖြစ်ဟောထားခဲ့သည်။




သူမ၏ ထင်ရှားသောဟောကိန်း တစ်ခုမှာ ဘူဂေးရီးယားဘုရင် ဘောရစ် -၃ (Tzar,Boris III) လာရောက် မေးမြန်းခဲ့စဉ် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ဘုရင်နန်းတော်မှာ အနီရောင်အလံများ ဖုံးလွှမ်းသွားမည် ဟု ဟောပြောခဲ့သည်။ ထိုနေ့မှာပင် ဘုရင်သေဆုံးခဲ့ပြီး ဘုရင့်နန်းတော်ကို ကွန်မြူနစ်များ၏သိမ်းပိုက်ခြင်းခံခဲ့ရသည်။ အမေရိကန်၏ (၄၄) ယောက်မြောက် သမ္မတသည် အာဖရိကန်အမေရိကန် သမ္မတဖြစ်မည့်အကြောင်းများကိုလည်း သူမ မသေဆုံးမီက မှန်ကန်စွာ ဟော ကိန်းထုတ်ခဲ့သည်။


ဘာဘာဗင်ဂါကို ၁၉၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ယခင် ခေါ် အော်တူမန်အင်ပါယာ စတူမီ ကာဒေသ ယခုအခေါ် မက်ဆီဒိုးနီးယား ဒေသတွင် မွေးဖွားခဲ့သည်။ မွေးဖွားချိန် တွင် မွေးရာပါရောဂါပါလာပြီး အချိန် မစေ့မီ မွေးဖွားလာခဲ့သည်။ စတူမီကာ ဒေသ၏ ဓလေ့ထုံးစံအရ မွေးဖွားလာ သောကလေးငယ်ကို အမည်ကြိုတင် ပေးထား၍မရပါ။ အမည်ကြိုတင်ပေး မထားသော ကလေးငယ်များသာ အသက်ရှင်ကျန်နိုင်မည်ဟု ယုံကြည်ကြ သည်။ မွေးဖွားပြီးနောက် မွေးဖွားပေး သော သားဖွားဆရာမက လမ်းပေါ်ထွက် ပြီး လူစိမ်းတစ်ယောက်ကို ကလေးငယ် ၏အမည်ကို ပေးခိုင်းရသည်။ လူစိမ်းမှ ပေးသောအမည်မှာ 'အင်ဒရိုမာယာ (သို့) အင်ဒရိုမာချီ'ဟု အမည်ပေးခဲ့သည်။ သို့သော်လည်း ဘူဂေးရီယန်းလူ့အဖွဲ့ အစည်းက ဂရိအမည်များကို လက်မခံ သောကြောင့် သူမ၏အမည်ကို ဗင်ဂီ လီယာ ပင်ဒီဗာ ဒီမီထရိုဗာ (Vangelia Pandeva Dimitrova) ဟုသာ ခေါ်ဝေါ် ခဲ့ကြသည်။

ဗင်ဂီလီယာ ငယ်ရွယ်စဉ်က မျက်လုံးအညိုရောင်၊ ကြေးနီရောင်ဆံပင် နှင့် သာမန်ကလေးငယ်တစ်ယောက် သာဖြစ်ခဲ့သည်။ မြူပြင်ပြောင်းလဲရေးဝါဒီ ဖြစ်သော သူမဖခင် အင်ဒရိုကို ဘူဂေးရီ ယန်းစစ်တပ်က စစ်မှုမထမ်းမနေရဥပဒေ ဖြင့် စစ်တပ်သို့ဆင့်ခေါ်ခဲ့ပြီး ပထမကမ္ဘာ စစ်ဖြစ်ပွားချိန် ဘူဂေးရီးယန်းစစ်တပ်တွင် စစ်မှုထမ်းခဲ့ရသည်။ မကြာမီ မိခင်ဆုံးပြီး သူမကို အိမ်နီးချင်းများနှင့် နီးစပ်သော မိသားစုမိတ်ဆွေများက စောင့်ရှောက် ခဲ့သည်။ စစ်ကြီးပြီးနောက် စတူမီကာမှ ဆာဗီးယားသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ သည်။ ဆာဗီးယားအာဏာပိုင်များက မြူပြင်ပြောင်းလဲရေးဝါဒီဖြစ်သော သူမ ဖခင်ကို ဖမ်းဆီးခဲ့သည်။ အာဏာပိုင် များသည် အင်ဒရိုကိုဖမ်းဆီးရုံမက ပိုင်ဆိုင် မှုအားလုံးကိုလည်း သိမ်းဆည်းသွားခဲ့ သည်။ ထို့ကြောင့် ဗင်ဂီလီယာ၏ မိသားစုသည် နှစ်ပေါင်းများစွာ ဆင်းရဲ သွားခဲ့သည်။ နောက်ပိုင်းတွင် ဘဝပေး အခြေအနေအရ ရင်းနှီးသော မိတ်ဆွေ များကို ဘယဆေးပင်များအသုံးပြုပြီး ဆေးကုသမှုစတင်ခဲ့သည်။ မုဆိုးဖိုဖြစ်ခဲ့ သော သူမဖခင်ကို လက်ထပ်စေခဲ့ပြီး မိထွေး (ဖခင်၏နောက်အိမ်ထောင်)နှင့် မိထွေး၏သမီးများကို ထောက်ပံ့မှုများ ပြုလာနိုင်ခဲ့သည်။

သူမဘဝ၏ ကြီးမားသောအလှည့် အပြောင်းမှာ အသက် (၁၂)နှစ်အရွယ် တွင် မျက်စိဒဏ်ရာကိုဆိုးဝါးသောကုသ မှုကြောင့် မျက်စိနှစ်လုံးကွယ်သွားခြင်းက အစပြုခဲ့သည်။ ၁၉၂၅ ခုနှစ် (အသက် (၁၄) နှစ်) တွင် ဇီမန်မြို့ရှိ မျက်မမြင် ကျောင်းသို့ ပို့ဆောင်ခြင်းခံခဲ့ရပြီး (၃)နှစ်ခန့် ကြာညောင်းခဲ့သည်။ ဖခင်၏ နောက်အိမ်ထောင် သေဆုံးပြီးနောက် သူမ၏ အဖေတူအမေကွဲညီအစ်မများကို စောင့်ရှောက်ရန် အိမ်သို့ပြန်လာခဲ့သည်။ ထိုအချိန်တွင် သူမ၏ အသက်သည် (၁၇) နှစ်ခန့်ရှိနေပြီ ဖြစ်သည်။ သူမ၏ မိသားစုသည် ဆင်းရဲနွမ်းပါးသော ကြောင့် တစ်နေ့လုံးအလုပ်လုပ်ကိုင်ခဲ့ ရသည်။

၁၉၃၉ ခုနှစ် (အသက် ၂၉ နှစ်) တွင် အဆုတ်ရောင်ရောဂါဖြစ်ခဲ့သော် လည်း နှစ်အနည်းငယ်ကြာအောင် အသက်ဆက်ရှင်သန်နေပြီး အံ့ဩဖွယ် ကောင်းလောက်အောင် လျင်မြန်စွာ ကျန်းမာလာခဲ့သည်။ ဒုတိယကမ္ဘာစစ် အတွင်း ဗင်ဂါသည် သူမကို လာရောက် တွေ့ဆုံသူများကို ရောဂါများကို ကုစား

www.burmeseclassic.com



ပေးခြင်း၊ အနာဂတ်ဟောကိန်းများဟောပြောခြင်းဖြင့် နှစ်သိမ့်ပေးခဲ့လေသည်။ လာရောက်တွေ့ဆုံသူများကို သူတို့၏ဆွေမျိုးများ ဘယ်အရပ်မှာ အသက်ရှင်နေသည့်အကြောင်းကို အရိပ်အမြွက်မျှပြောပြခြင်း သို့မဟုတ် သူတို့တစ်နေရာရာတွင် သေဆုံးသွားပြီဖြစ်ကြောင်းပြောပြခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဘူဂေးရီးယန်းဘုရင်ဘောရစ်-၃က လာရောက်တွေ့ဆုံပြီး သူ၏ကံကြမ္မာကို မေးမြန်းခဲ့သည်။

၁၉၄၂ ခုနှစ်၊ မေလ ၁၀ ရက်နေ့၌ ဘူဂေးရီးယားနိုင်ငံ ပက်ရစ်မြို့နယ်တွင်နေထိုင်သော စစ်မှုထမ်း ဒီမီတာဂတ်တရော့နှင့်လက်ထပ်ခဲ့သည်။ လက်ထပ်ပြီးနောက် ပက်ရစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဗင်ဂါသည် မကြာမီ အနာဂတ်ဟောကိန်းများဟောပြောခြင်းကြောင့် ထင်ရှားကျော်ကြားလာခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဒီမီတာဂတ်တရော့ သေဆုံးခဲ့သည်။

သူမထံသို့ ရာထူးဂုဏ်ထူးကြီးမြင့်သူများရော သာမန်လူများပါလာရောက်ပြီး အနာဂတ်ဟောကိန်းများမေးမြန်းခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်တွင် ဘူဂေးရီးယန်းနိုင်ငံရေးသမားများ၊ ခေါင်းဆောင်များ၊ အထူးသဖြင့် ဆိုဗီယက်ပြည်ထောင်စုမှ ခေါင်းဆောင်ဖြစ်သော လီယွန်နစ်ဘရက်စည်းကိုယ်တိုင် လာရောက်မေးမြန်းခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဩဂုတ် ၁၁ ရက်နေ့တွင် ကမ္ဘာကြီး၏ အံ့သြဖွယ်ရာဟောကိန်းများ ဟောပြောခဲ့သူမျက်မမြင်အမျိုးသမီးကြီး ဘာဘာဗင်ဂါ အသက်(၈၅)နှစ်တွင် ကွယ်လွန်ခဲ့သည်။

**၂၀၁၆ ခုနှစ်မှ အနာဂတ်ကာလ၏ ဘာဘာဗင်ဂါ၏ဟောကိန်းများ**

**၁။ ဘားရက်အိုဘားမားသည် အမေရိက၏ နောက်ဆုံးသမ္မတ**


ဘာဘာဗင်ဂါ၏ ဟောကိန်းမှာ အမေရိကန်ပြည်ထောင်စု၏ (၄၄) ကြိမ်မြောက်သမ္မတသည် အာဖရိကန်အမေရိကန် သမ္မတဖြစ်လိမ့်မည်။ သူသည် နောက်ဆုံးသမ္မတဖြစ်လိမ့်မည်။ အမေရိကန်နိုင်ငံတွင် တောင်ပိုင်းပြည်နယ်များနှင့် မြောက်ပိုင်းပြည်နယ်များအကြား ကြီးမားသောသဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းစစ်ဖြစ်ပွား၍ အမေရိကန်သမ္မတသည် အိမ်ဖြူတော်မှထွက်ခွာရမည်။

**၂။ ဥရောပတိုက်တွင် ငြိမ်းချမ်းရေး တည်တံ့နေမည်**

၂၀၁၆ ခုနှစ်တွင် ဥရောပတိုက်တွင် ငြိမ်းချမ်းရေးတည်တံ့နေမည်။ ဘာသာရေးအစွန်းရောက်များက ဓာတုလက်နက်များအသုံးပြု၍ ဥရောပတိုက်ကိုတိုက်ခိုက်လိမ့်မည်။

**၃။ အစ္စလာမ်ဘာသာဝင်များ ဥရောပသို့ ကျူးကျော်ဝင်ရောက်လိမ့်မည်**

လျှို့ဝှက်နက်နဲသော မျက်မမြင်အဘွားအိုက အစ္စလာမ်ဘာသာဝင်များ







www.burmeseclassic.com

www.burmeseclassic.com



St Petka of Bulgaria, Baba Vanga's church and grave




ဥရောပသို့ ကျူးကျော်ဝင်ရောက်လိမ့်မည်ဟု ဟောပြောခဲ့သည်။ ဘာသာရေးအစွန်းရောက်များကြောင့် အကြမ်းဖက်မှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်လာလိမ့်မည်။ ပြင်းထန်သော အစ္စလာမ်မစ်စစ်ပွဲကြီးများ ဆီးရီးယားနယ်မြေတွင် စတင်လိမ့်မည်။

**တရုတ်နိုင်ငံသည် တစ်ခုတည်းသော အင်အားကြီးနိုင်ငံဖြစ်လာခြင်း**

အမေရိကန်ပြည်ထောင်စုသည် Super Power နိုင်ငံအဖြစ်မှ အဆုံးသတ်သွားပြီးနောက် စီးပွားရေးတစ်ဟုန်ထိုးတက်လာသော တရုတ်နိုင်ငံသည် Super Power အဖြစ်သို့ ၂၀၁၈ ခုနှစ်တွင် ဖြစ်လာမည်။ မျက်မမြင်အဘွားအိုဟောကိန်းအရ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများက တတိယကမ္ဘာစစ်ဆင်နွှဲကြလိမ့်မည်။

**တော်မွတ်ခေါင်းပါးမှုကို အမြစ်ပြုတ်ဖယ်ရှားပစ်ခြင်း**

ဘာဘာဗင်ဂါ၏ ကြိုတင်ဟောကိန်းအရ ကမ္ဘာပေါ်တွင် ငတ်မွတ်ခေါင်းပါးသောကပ်ဘေးဒုက္ခကို ၂၀၂၅ ခုနှစ်မှ ၂၀၂၈ ခုနှစ် အတွင်းဖြစ်ပေါ်လာ ငတ်မွတ်ခေါင်းပါးသောကပ်ဘေးဒုက္ခတို့ အမြစ်ပြုတ်ချေမှုန်းဖယ်ရှားနိုင်လိမ့်မည်။

**သောကြာဂြိုဟ်သို့ခရီးထွက်ခြင်း**

ကမ္ဘာ့လူသားများသည် စွမ်းအင်အသစ်ကို ရှာဖွေတွေ့ရှိပြီးနောက် သောကြာဂြိုဟ်သို့ ခရီးဆက်လိမ့်မည်။ သောကြာဂြိုဟ်ရှိနယ်ပယ်သစ်များကို ကိုလိုနီအဖြစ်သိမ်းပိုက်ကြလိမ့်မည်ဟု ဘာဘာဗင်ဂါက ဟောကိန်းထုတ်ခဲ့သည်။

**၇။ ရောမမြို့သည် အစ္စလာမ်မစ် စော်ပွားနိုင်ငံ၏ မြို့တော်ဖြစ်သွားခြင်း**

၂၀၄၃ ခုနှစ်တွင် ဥရောပတိုက်အနှံ့အပြားသို့ အစ္စလာမ်ဘာသာဝင်များ ကျူးကျော် ဝင်ရောက်လာပြီးနောက် ရောမမြို့သည် အစ္စလာမ်မစ်စော်ပွားနိုင်ငံ၏ မြို့တော်ဖြစ်သွားလိမ့်မည်ဟု ဘာဘာဗင်ဂါက ကြိုတင် ဟောကိန်းထုတ်ခဲ့သည်။

**၈။ ရေခဲတောင်များအရည်ပျော်ကျခြင်း**

ဘာဘာဗင်ဂါ၏ ဟောကိန်းအရ ၂၀၄၅ ခုနှစ်တွင် ကမ္ဘာကြီးပူနွေးလာခြင်း၏ အကျိုးဆက်အရ ရေခဲတောင်များအရည်ပျော်ကြလိမ့်မည်။

**၉။ ပုံတူမျိုးပွားနည်းပညာဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများထုတ်လုပ်ခြင်း**

၂၀၄၆ ခုနှစ်တွင် လွယ်ကူသောနည်းလမ်းများဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ပုံတူမျိုးပွားနည်းပညာဖြင့် ထုတ်လုပ်လာနိုင်မည်ဟု ဘာဘာဗင်ဂါက ဟောကိန်းထုတ်ခဲ့သည်။

**၁၀။ အစ္စလာမ်လွှမ်းမိုးထားသော ဥရောပကို အမေရိကန်ပြည်ထောင်စု တိုက်ခိုက်ခြင်း**

၂၀၆၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသည် အစ္စလာမ်ဘာသာလွှမ်းမိုးထားသောဥရောပကို ရာသီဥတုပြောင်းလဲသွားနိုင်သည့် လက်နက်ဖြင့် တိုက်ခိုက်လိမ့်မည်။ ထို့နောက် ရောမမြို့ကို ခရစ်ယာန်ဘာသာဝင်များလက်သို့ ပြန်ပေးလိမ့်မည်။

**၁၁။ ကွန်မြူနစ်ဝါဒပြန်ပေါ်လာခြင်း**

၂၀၇၆ ခုနှစ်တွင် ကမ္ဘာပေါ်တွင် ပျောက်ကွယ်နေသော ကွန်မြူနစ်ဝါဒသည် ဥရောပတိုက်တွင် ပြန်လည်ပေါ်ထွန်းလာလိမ့်မည်။

**၁၂။ ရေအောက်မှာနေထိုင်သော တိုးတက်သောလူ့အဖွဲ့အစည်း**

၂၁၃၀ ပြည့်နှစ်တွင် အခြားကမ္ဘာမှ ဂြိုဟ်သားများ၏ အကူအညီဖြင့် ရေအောက်တွင်နေထိုင်သော တိုးတက်သောလူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာမည်။

**၁၃။ ကမ္ဘာကြီးသေဆုံးခြင်း**

၃၃၉၇ ခုနှစ်တွင် ကမ္ဘာပေါ်တွင်ရှိသောအရာအားလုံးငြိမ်းချမ်းရေးတည်တံ့နေမည်။ သို့သော်လည်း လူသားများသည် နည်းပညာများတိုးတက်ထွန်းကားလာ၍ အခြားကမ္ဘာသို့သွားရောက်နေထိုင်ကြမည်ဖြစ်သောကြောင့် ကမ္ဘာပေါ်တွင် လူသားအရင်းအမြစ်နည်းပါးလာမည် ဖြစ်သည်။

ဘုန်းမြင့် (ဘူမိ)

**မှီငြမ်းကိုးကား -**

၁။ Internet Source
၂။ Wikipedia
၃။ Daily Musing



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကုန်သွယ်လယ်ယာ မြို့နယ် မန်နေဂျာတာဝန်ထမ်းဆောင် နေစဉ်က တွေ့ကြုံခင်မင်ရင်းနှီးခဲ့ရသော 'အမေ' ဟု ခေါ်သော ခေါင်းစွဲဟောသည့် လူငယ်ကလေးတစ်ယောက်ရှိခဲ့လေသည်။

သူနှင့်ခွဲခွာချိန်အထိ သူ၏အမည်ရင်းကို မသိခဲ့ရပါ။ သို့သော် သူ၏ဟောပြောချက်များမှာ မှန်လွန်းလှသဖြင့် နတ်ဟောသူတို့ကို မယုံကြည်သော ကျွန်ုပ်ပင်လျှင် ယုံရမလိုဖြစ်ခဲ့၏။

ကိုညိမ်းမောင်သည် ညစဉ်ညတိုင်း ကျွန်ုပ်ထံ လာရောက် လည်ပတ်သည်။ ထုံးစံအတိုင်း တစ်ညတွင် စက်ဘီးလေးစီးကာ ရောက်လာလေ၏။

"ဆရာ (၈) နာရီထိုးပြီ။ ဟိုဘက်ကမ်းက နတ်ဟောတဲ့ဆီမသွားတော့ဘူးလား"

"အေးလေ၊ တို့က အမြဲအလည်သွားနေကျဆိုတော့ အချိန်တန်ရင် မျှော်နေမှာပဲ။ သွားကြစို့ကွာ"

ကျွန်ုပ်က စက်ဘီးတစ်စီး၊ ကိုညိမ်းမောင်က စက်ဘီးတစ်စီးဖြင့် ဟိုဘက်ကမ်းဟုခေါ်သောခဲပေါင်တံတားအနီးရှိ ဦးရင်းနား၏ ဆန်စက်အတွင်းရှိ သိုလှောင်ရုံများရှိရာသို့ ဦးတည်ထွက်ခွာလာခဲ့ကြလေသည်။

ထိုစဉ်က လုံခြုံရေးအခြေအနေအရ ခဲပေါင်တံတားကြီးတွင် အစောင့်များချထားလေသည်။ သို့ရာတွင် အစောင့်များသည် ကျွန်ုပ်တို့ကိုသိသဖြင့် ဖြတ်သန်းသွားလာခွင့်ပြုလိုက်လေသည်။

ခဲပေါင်တံတားမှဆင်းသော လမ်းအနိမ့်ပိုင်းသည် မြင့်ရာမှ တဖြည်းဖြည်းနိမ့်ဆင်းသွားရာ စက်ဘီးကိုမနင်းဘဲ အလိုက်သင့်ကလေးမျှောလိုက်သွားရုံသာဖြစ်လေသည်။ အမြင့်မှ အနိမ့်ပိုင်းသို့ဆင်းရာတွင် လမ်းသည် ဘယ်ဘက်သို့ကွေ့လိုက်ပါက မနဂုဏ်ဆန်စက်သို့ ရောက်မည်ဖြစ်ပြီး ညာဘက်ကိုလိုက်သွားမှ သွားလိုသည့် ဦးရင်းနားဆန်စက်သို့ရောက်မည်ဖြစ်လေသည်။

ကျွန်ုပ်၏စက်ဘီးသည် လမ်းခွဲနေရာအရောက်တွင် မည်သို့ဖြစ်သည်မသိ ဘရိတ်ဖမ်း၍မရတော့ဘဲ မနဂုဏ်ဆန်စက်သို့သွားရာ လမ်းအတိုင်းကွေ့ဆင်းသွားပါတော့သည်။

ကိုညိမ်းမောင်က -

"ဆရာ၊ ဆရာ ဒီဘက်ကိုသွားရမှာလေ"

"ငါသိပါတယ်ကွာ၊ စက်ဘီးက ဘာဖြစ်တယ်မသိဘူး။ ဘရိတ်ဖမ်းလို့လည်းမရ၊ ဆွဲလို့လည်းမရနဲ့"

လမ်းအနိမ့်ပိုင်း မြေညီသို့ရောက်မှ စက်ဘီးကို ဘရိတ်ဖမ်းကြည့်ရာ စက်ဘီးရပ်သွားပါတော့သည်။

"ဟင် - ခုန ဘာဖြစ်တယ်မသိဘူး"

ကိုညိမ်းမောင် ရောက်ရှိလာပြီး စက်ဘီးကို ဦးရင်းနားဆန်စက်သို့ဆွဲလှည့်ကာ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။

အမေ့ထံရောက်သောအခါ -

"ဆရာတို့ခဲပေါင်တံတားအလွန်မှာ ဘာဖြစ်လို့ဟိုဘက်ကွေ့သွားတာလဲ"

"မသိပါဘူးဗျာ၊ စက်ဘီးက မနဂုဏ်ဆန်စက်ဘက်ကိုဆွဲချသွားတော့တာပဲ။ ဘယ်လိုမှလုပ်လို့မရဘူး"

"ဆရာတို့ကို ချစ်လို့စတာပါတဲ့။ အဲဒီအနားက မိန်းမတစ်ယောက်က ခုနလေးတင်ပြောသွားတယ်"

"ဟုတ်လား"

"ထားပါတော့လေ၊ ဆရာ့ကိုပြောရဦးမယ်။ ဆရာကတော်နက်ဖြန်ရောက်လာလိမ့်မယ်"



# မင်းသန့်ကျော်
## (ဒီးကုန်း)
# အမေကယ်ပေလို့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ဇနီး နက်ဖြန်ရောက်လာမည်ဆို၍ ကျွန်ုပ် ဝမ်းသာပါသည်။ သို့သော် ကျွန်ုပ်ပင်မသိသေးသောကိစ္စတစ်ခုကို အမေဘာယ်လိုသိပါလိမ့်ဟု စဉ်းစားရင်း အံ့ဩနေမိပါတော့သည်။

❑

အမှန်တကယ်ပင် ကျွန်ုပ်၏ဇနီးသည်ရောက်လာပါသည်။

ကျွန်ုပ်သည် ထိုနေ့က ကွင်းမစပါးဒိုင်တွင် စပါးစုပေါင်းရောင်းချပွဲရှိသဖြင့် ကွင်းမစပါးဒိုင်သို့ နံနက်(၄)နာရီခန့်တွင် ရုံးမှငှားသုံးသော ဂျစ်ကားဖြင့် ထွက်လာခဲ့ပါသည်။

စပါးစုပေါင်းရောင်းချပွဲမှာ နံနက် (၇) နာရီခန့်တွင် ပြီးဆုံးသွားပါသည်။ ကွင်းမစပါးဒိုင်သည် ကျုံပျော်မြို့နယ်နှင့် ဟင်္သာတမြို့နယ်ကြားတွင်ရှိရာ ဟင်္သာတမြို့နယ်အစွန်တွင် ဖြစ်ပါသည်။ ကားဒရိုင်ဘာကိုအောင်နိုင်က -


"ဆရာ၊ ဆရာကတော် လာမယ်ဆို ဟင်္သာတကို သွားကြိုပါလား။ ကျွန်တော်ကားခကို ဒီအတွက်မယူပါဘူး။ စေတနာနဲ့လိုက်ပို့ပေးပါ့မယ်"

"အေးဗျာ-ခင်ဗျားလိုက်ပို့ရင်တော့ သွားကြိုချင်တယ်"

ဤသို့ဖြင့် ဟင်္သာတသို့ရောက်သောအခါ ဆိပ်ကမ်းသို့သွား၍ ကြိုကြ၏။ ထိုအချိန်က ဆိပ်ကမ်းသည် ယခုဆိပ်ကမ်းနေရာမဟုတ်ပါ။

ထိုနေ့သည် နေထွက်လာမှ နှင်းများထူထပ်စွာကျလာ၏။

ကျွန်ုပ်တို့သည် လှေတစ်စင်းဆိုက်လာတိုင်း ဇနီးသည်ပါ၊မပါ ဂရုစိုက်ကြည့်ကြ၏။ ကြိုဆိုသူနှင့်မတွေ့ဘဲ လူချင်းလွဲ



www.burmeseclassic.com

www.burmeseclassic.com

နေမှာစိုးရလေသည်။ နှင်းများထူထပ်စွာကျနေသဖြင့် တစ်ဦးကိုတစ်ဦးမည်သူမည်ဝါဖြစ်သည်ကို မသိကြချေ။

လှေ(၃)စင်းခန့်ဆိုက်လာသော်လည်း ဇနီးသည်မပါသေး။

အမေဟောတာ ဟုတ်မှဟုတ်ပါလေစဟု သံသယဝင်လာ၏။

ယခင်အခါများက အမေဟောပြောချက်များ လွဲမှားမှုမရှိဘဲ အားလုံးမှန်ကန်ကြောင်း တွေးမိမှ စိတ်သက်သာရာရလေတော့၏။

ကျွန်ုပ်တွေးဆချက်မမှားချေ။

နောက်လှေတစ်စင်းဆိုက်၍လာသောအခါ ဇနီးသည်ပါလာလေသည်။

သူမသည် လှေပေါ်မှဖြည်းဖြည်းချင်းဆင်းကာ ကုန်းပေါ်သို့တက်လာလေသည်။ ကျွန်ုပ်နှင့်ကိုအောင်နိုင်က ကုန်းပေါ်မှစောင့်ခေါ်ကြလေသည်။

"ကျွန်မလာမယ်ဆိုတာသိလို့လား"

"သိတယ်ပဲပြောပါတော့ကွာ၊ ညကအမေပြောလို့သိရတာ။ အမေဆိုတာတို့ဆီရောက်နေတဲ့နတ်ဟောတဲ့ဗေဒင်ဆရာညည့်သည်တစ်ယောက်ပဲ"

"သူက ကြိုတင်ဟောနိုင်တယ်နော်"

"ဟုတ်တယ်၊ သိပ်အံ့ဩစရာကောင်းတာပဲ"

"ဒါဆို အိမ်မှာ သူခိုးခိုးခံရလို့ဘယ်သူခိုးတယ်ဆိုတာ သူ့ကိုမေးကြည့်ရအောင်"

"အေးလေ၊ ဟိုရောက်ရင် ညကျတော့ သွားကြတာပေါ့။ အခိုးခံရတာကဘာတွေလဲ"

"(၅) ဆင့်စတီးချိုင့်ရယ်၊ (၄) ဆင့်စတီးချိုင့်ရယ်၊ ပါတိတ်ထဘီတွေရယ်ပါသွားတယ်"

"ပစ္စည်းတွေက ဘယ်မှာထားလို့လဲ"

"အောက်ထပ်မှာလေ၊ မီးဖိုဆောင်ထဲက ဗီရိုထဲမှာထားတာ။ ထဘီတွေကတော့ ထဘီတန်းမှာခေါက်ပြီးတင်ထားတာ"

"မင်းကဘယ်သွားနေလို့လဲ"

"အမေတို့အိမ်ကို ခဏကလေးသွားတာပါ။ ပြန်လာတော့ တံခါးကြီးကလည်းပွင့်လို့၊ ဗီရိုကလည်း တံခါးတွေပွင့်လို့"

ကျွန်ုပ်တို့အိမ်မှာ အိမ်ရှေ့ပေါက်ရော နောက်ဖေးပေါက်ပါ အမြဲဖွင့်ထားရာ ရှေ့လမ်းနှင့်နောက်လမ်းတို့ကိုဆက်သွယ်ပေးသည့်ဖြတ်လမ်းသဖွယ်ဖြစ်နေပါသည်။ ထို့ကြောင့် ထိုလမ်းမှ အသွားအလာရှိပါသည်။

"မင်းကဘယ်သူ့ကိုထင်လို့လဲ"

"မထင်တတ်ပါဘူးရှင်"

"အေးလေ၊ ညကျတော့မှ အမေနဲ့တွေ့ပြီး မေးတာပေါ့"

ည (၈) နာရီထိုးသောအခါတွင် စက်ဘီးတစ်ယောက်တစ်စီးဖြင့် ကျွန်ုပ်တို့သည် ခဲပေါင်တံတားကြီးကိုဖြတ်ကာ အမေနေသော ဒေါ်သန်းဝင်းအိမ်သို့လာခဲ့ကြပါသည်။ ကျွန်ုပ်တို့ဆိုသည်မှာ ကျွန်ုပ်တို့ဇနီးမောင်နှံနှင့် ကိုညိမ်းမောင်ဖြစ်ပါသည်။

အမေ့အခန်းထဲရောက်သောအခါ အမေသည် နတ်တစ်ဦးထွက်သွားသည်နှင့် အေးမှလူငယ်ကလေးများက အဝတ်အစားအသုံးအဆောင်များသိမ်းဆည်းနေသည်ဖြစ်ရာ ကျွန်ုပ်တို့လာသည်ကိုမြင်လျှင်မြင်ချင်း -

"ဟော - ဆရာကတော် ရောက်လာပြီလား။ နေကောင်းပါရဲ့လား။ မေးစရာတစ်စုံတစ်ရာပါလာပြီထင်တယ်"

ကျွန်ုပ်က -

"ဟုတ်ပါတယ်ဗျာ၊ အိမ်မှာပစ္စည်းတွေပျောက်သွားလို့၊ ဘယ်သူခိုးတယ်ဆိုတာမေးချင်လို့ပါ"

"ဘာပစ္စည်းများလဲ"

ကျွန်ုပ်က ခိုးယူခံရသည့်ပစ္စည်းအမျိုးအစားများကို ပြောပြလိုက်ပါသည်။

"ဘယ်နေ့ကပျောက်တာလဲ"

"မနေ့က တနင်္လာနေ့ကပါ"

"သမီးကဘာနေ့သမီးလဲ"

"ကြာသပတေးသမီးပါရှင်"

"ဘယ်မှာနေတာလဲ"

"ဇီးကုန်းမြို့ မြရတနာလမ်းမှာပါ"

"ကဲ - ခဏစောင့်"

အမေက နဖူးပေါ်လက်နှစ်ဖက်ပူးယှက်ပြီး နတ်တစ်ဦးဦးကိုပင့်နေပုံရပါသည်။ ခဏကြာမှ အသက်ဝင်လာပြီး-

"အိမ်မှာ လူဝင်လူထွက်တယ်များတာပဲ"

"မှန်ပါတယ်။ အိမ်ကဖြတ်လမ်းလိုဖြစ်နေတာပါ"

"အင်း - အမြဲတမ်းဝင်ထွက်သွားလာနေသူ သုံးဦးရှိတယ်"

"ဟုတ်ပါတယ်ရှင်"

"အဲ့အထဲက အသက်ကြီးကြီးလည်း မဟုတ်ဘူး၊ အသက်ငယ်ငယ်လည်း မဟုတ်ဘူး။ အလယ်အလတ် ထဲကပဲ သူယူတာ။ အစတုန်းကတော့ ဗီရိုကိုဖွင့်ကြည့်ရုံကြည့်တာပါ။ နောက်ဘယ်သူမှမရှိမှန်းသိတော့မှယူလာခဲ့တာ။ သူကလမ်းသွားရင် ဒီလိုဒီလိုသွားတတ်တယ်"

ထိုနေရာတွင် အမေသည် မတ်တတ်ထ၍ လက်ကို ဘယ်ညာယမ်းကာ ရင်ကိုကော့ပြီး ဘောက်ဆတ်ဘောက်ဆတ်နှင့်လမ်းလျှောက်ပြပါသည်။

ကျွန်ုပ်ဇနီးက တစ်စုံတစ်ယောက်ကိုသတိရကာ -

"အဲ - ဟုတ်တယ် ဟုတ်တယ်၊ အဲဒီလိုသွားတာ"

"သူ့နာမည်ထဲမှာ ခ၀်တို့ မြင့်တို့ပါရမယ်။ နာမည်သုံးလုံးနဲ့ပဲ"

"အောင်မယ်လေး - ဟုတ်လိုက်တာရှင်၊ သူ့နာမည်က (×××) ပါ"

"ပစ္စည်းတွေကတော့ပြန်မရတော့ဘူး။ ပြန်ထားရခက်လို့ တစ်ခါတည်းယူထားလိုက်တယ်"

"မရလည်း ကိစ္စမရှိပါဘူးရှင်။ အားလုံးအသစ်ဝယ်ပြီး အစားထိုးလိုက်ပါပြီ။ ဘယ်သူဆိုတာသိရရင်တော်ပါပြီ။ နောင်သတိထားရတာပေါ့"

"အေးအေး - ကောင်းတယ်အဲ... ပြန်မယ်"

ကျွန်ုပ်တို့အလှည့်ပြီး၍ နောက်... နတ်မေးမည့်သူတစ်ဦးအား ဟော... ပြင်ဆင်နေချိန်တွင် ကျွန်ုပ်တို့သည် ဒေါ်သန်းဝင်းနှင့် စကားပြောနေလိုက်ပါသည်။

ကျွန်ုပ်၏ဇနီးမှ-

"အဖေကြီးကိုပြောဖို့မေ့နေတယ်... အိမ်မှာ နတ်ကနားပွဲပေးမလို့၊ တန်ခူး... ဆန်း ၁ ရက်နေ့အစပဲ။ နတ်ကတော်... ချိန်းပြီးပြီ။ အဖေကြီးပြန်နိုင်ရင် ပြန်ခဲ့... လား"

"မင်းပြောတဲ့ တန်ခူးလဆန်း ၁ ရက်ဆိုတာ မတ်လ ၃၁ ရက်နေ့... အဲဒီနေ့မှာဝယ်ပြီး စပါးအားလုံးသိုလှောင်... ရုံသွင်းပြီးရမယ်လို့ ညွှန်ကြားထားတယ်... လက်ရှိအခြေအနေတော့ ချိန်ခါမဟုတ်... မိုးတွေကလည်း ခဏခဏရွာနေတော့... လုပ်ငန်းတွေနှောင့်နှေးနေတယ်။ အဲ... နေ့ပြီးအောင်တော်တော်ကြိုးစားရမှာ... ပြီးရင်တော့ လာခဲ့မယ်လေ။ စပါး... သိုလှောင်ရုံသွင်းလို့မပြီးမချင်း ဘယ်... မှခွင့်မယူရ၊ ခရီးမသွားရလို့ ဗိုလ်ကြီး... ထားတယ်"

ထိုစဉ်က ကျွန်ုပ်တို့၏ အ... အရာရှိ လက်ထောက်တိုင်းမ... ဗိုလ်ကြီးစိန်ထွန်း(တပ်မတော်အငြိမ်း...


ဆွေ့ရှုမဂ္ဂဇင်း
၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ အတွဲ(၁၇)အမှတ်(၂)

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

ထိုစဉ် အမေသည် နတ်ပောာနေရာမှ ခေတ္တနားနေစဉ် ကျွန်ုပ်တို့ပြောစကားများကို ကြားသွားရာ -

"နတ်ကနားပွဲကဘယ်တော့လဲ"

"တန်ခူးလဆန်း ၁ ရက်၊ ၂ ရက်ပဲအမေ"

"ဆရာ့ကိုယ်စား ဒီကသွားလိုက်မယ်လေ"

"အင်မကူညီနိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမယ့် အမေသွားရင် ဟိုကနတ်ကတော်တွေ ပင့်လို့ရ တလို့မရဖြစ်နေပါမယ်"

အမေသည် ရယ်မောကာ -

"အေးပါ - ဒီလိုဆိုလည်းမသွားပါဘူး။ ဆရာကတော်ပြန်မယ့်လမ်းတစ်လျှောက်လုံးနဲ့ နတ်ကနားပွဲမှာပါ ဒီကနေပြီး အစွမ်းကုန်ကူညီပါ့မယ်။ စိတ်ချသာပြန်ပါ ဆရာကတော်"

❏

ကျွန်ုပ်ဇနီး ပြန်သွားပြီးနောက် စပါးများသိုလှောင်ရုံသွင်းသည့်လုပ်ငန်းကို အင်တိုက်အားတိုက်နှင့် ဆက်လက်ဆောင်ရွက်ရာ မတ်လ ၃၁ ရက်နေ့ (တန်ခူးလဆန်း ၁ ရက်နေ့) တွင် လုပ်ငန်းအားလုံး ပြီးမြောက်သွားလေသည်။

ထိုနှစ်က အချိန်အခါမဟုတ်ဘဲ မိုးများမကြာခဏရွာသွန်းလေသည်။ တစ်ခါတစ်ရံတွင် မိုးသည် တဖွဲဖွဲနှင့်မစဲတော့ဘဲ တစ်ပတ်လောက်ကြာအောင် ဆက်တိုက်ရွာသွန်းနေလေသည်။

ထိုအခါမျိုးတွင် စပါးဒိုင်ဝန်ထမ်းများ လုပ်သားများသည် အလွန်ပင်ပန်းကြ၏။ စပါးဝယ်သည့်လုပ်ငန်းကိုလုပ်ရသည်ကတစ်မျိုး၊ မိုးစိုသည့်စပါးများကို ဒိုင်ပုံများမှလွှာချကာ အခြောက်လှန်းရသည်ကတစ်မျိုး၊ စက်များသိုလှောင်ရုံများသို့ပေးပို့ရသည်ကတစ်မျိုးနှင့် မိုးပြတ်သည့်အချိန်များတွင် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ကြရသဖြင့် လုပ်ငန်းများ ရှုပ်ထွေးပါသည်။

ဆို့ရာတွင် မတ်လ ၃၁ ရက်နေ့တွင် စပါးများအားလုံးသိုလှောင်ရုံများသို့ သွင်းပြီးအောင် ဆောင်ရွက်နိုင်ခြင်းမှာ ဝန်ထမ်းအားလုံး၊ လုပ်သားအားလုံး၊ ကော်တော်ယာဉ် ရေယာဉ်များပါမကျန် အားလုံးတက်ညီလက်ညီဆောင်ရွက်ကြခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်သည် ဗိုလ်ကြီးထံတွင် ခွင့် (၃) ရက်တင်ကာ ဇီးကုန်းသို့ ပြန်ခဲ့ပါတော့သည်။ ကျွန်ုပ်သည် ဇီးကုန်း မပြန်မီညတွင် မောင်မြတ်ခိုင်နှင့်အတူ အမေ့ထံသွားရောက်နှုတ်ဆက်ပါသည်။

"ဆရာပြန်မလို့လား။ ပြန်ပါ၊ ပြန်ပါ။ ဒီကသားလေးမောင်မြတ်ခိုင်ကိုခေါ်သွားလေ။ သားလေးက ကြာသပတေးသားမဟုတ်လား။ တနင်္ဂနွေနဲ့ ကြာသပတေးဆိုတော့ မိတ်ဖက်ပေါ့။ လမ်းမှာ အခက်အခဲတွေ့ရင်လည်း အမေ့ကိုသာ တမ်းတလိုက်၊ ချက်ချင်းလာပြီးကူညီပေးမယ်"

ကျွန်ုပ်နှင့် မောင်မြတ်ခိုင်သည် ဟင်္သာတသို့ထွက်သော ဘတ်(စ်)ကားဖြင့် နံနက်စောစောထွက်လာခဲ့ကြရာ လမ်းတွင် ကားပျက်သည်ကိုပြင်နေရသောကြောင့် အချိန်နောက်ကျသွားကာ ဟင်္သာတမှ သာရဝေါသို့ ကူးသော စက်လှေကိုမမီတော့ချေ။

ကျွန်ုပ်တို့သည် စက်လှေတစ်စီးကို စီးလုံးငှားကာ သာရဝေါဘက်ကမ်းသို့လာခဲ့ကြပါသည်။

စက်လှေထွက်ခွာမည့်ဆဲဆဲတွင် ကမ်းပေါ်မှ အမျိုးသားကြီးတစ်ယောက်ပေါ်လာပြီး -

"နေကြပါဦး နေကြပါဦး။ ဒါ သာရဝေါကိုသွားမယ့်စက်လှေလား"

စက်ဆရာက -

"ဟုတ်ပါတယ်။ သာရဝေါကိုပါ။ ဒါပေမယ့် စင်းလုံးငှားပြီးသားမို့ လူပိုလိုက်လို့မရပါဘူး"

ထိုစဉ် အမျိုးသားတစ်ဦးနှင့်အမျိုးသမီး ထပ်မံရောက်ရှိလာကာ အမျိုးသားက -

"လိုက်ပါရစေဗျာ။ ကျွန်တော်တို့က ဇာတ်သမားတွေပါ။ ဒီည ဇီးဖြူကုန်းမှာ ပွဲကရမှာမို့ပါ။ မဖြစ်လို့ပါ"

ကျွန်ုပ်က စက်ဆရာအား -

"ခေါ် ခဲ့ပါဗျာ၊ ဘာအပန်းကြီးတာမှတ်လို့။ သွားမယ့်ခရီးချင်းလည်းတူနေတာပဲ"

အမျိုးသား (၂) ဦးနှင့် အမျိုးသမီး (၁) ဦးတို့သည် ကပျာကယာပြေးဆင်းလာပြီး စက်လှေပေါ်တက်ကြပါသည်။ သူတို့တက်ပြီးသည်နှင့် စက်လှေလည်း စတင်ထွက်ခွာလာပါတော့သည်။

အမျိုးသားကြီးက ကျွန်ုပ်တို့အား ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောကြားပါသည်။ အမျိုးသမီးမှုကား စက်လှေစထွက်ပြီး မကြာမီ သီချင်းဆိုပါတော့သည်။ သူမသီဆိုသည်မှာ အလင်္ကာကျော်စွာရွှေမန်းတင်မောင်၏သီချင်းများဖြစ်၏။ တစ်ပုဒ်ပြီးလျှင်တစ်ပုဒ်ဆက်၍ သီဆိုလာပါသည်။

ကျွန်ုပ်သည်လည်း ရွှေမန်းတင်မောင်၏သီချင်းများကို ကြိုက်နှစ်သက်သူတစ်ယောက်ဖြစ်ရာ သူမသီဆိုသောသီချင်းများကိုသိပါသည်။

အောင်ပါစေ၊ အသစ်စက်စက်၊ မလှချင်၊ ထွက်ရပ်လမ်း၊ မုဒုလက္ခဏာ နှစ်ပါးသွား၊ မြိုင်ထ စသောသီချင်းများဖြစ်ပါသည်။

သူမသည် အသက် (၃၀)၊ (၃၅) ခန့်သာရှိပါသေးသည်။ ကိုယ်လုံးကိုယ်ထည်မှာ သူ့အမေက မင်းသမီးလုပ်စားပေတော့ဟု မွေးပေးလိုက်သလားထင်ရလောက်အောင် မင်းသမီးအဆစ်အပေါက်အတိုင်း ဖြစ်ပါသည်။ ထဘီမှာ အပြာအရင့်တွင် အစင်းကလေးများပါသော ချည်လုံချည်ကို ဝတ်ဆင်ထားပြီး အင်္ကျီမှာလည်း အပြာရင့်တွင် ပန်းပွင့်ကလေးများဖောက်ထားသောအင်္ကျီဖြစ်ပါသည်။ ထို့ပြင် ပဝါတစ်ထည်ကိုပါခြုံထားသေးရာ ပဝါမှာလည်း အပြာရောင်ဖြစ်ပါသည်။ တစ်ကိုယ်လုံးအပြာဝမ်းဆက်ဆင်ထားသူ ဖြစ်ပါသည်။

သူမသည် သီချင်းများဆက်တိုက်သီဆိုပြီး မောသွားဟန်ဖြင့် ခေတ္တနားနေခိုက်တွင် မြစ်ထဲတွင် ရုတ်တရက်မှောင်ကျလာပါသည်။ လေပြင်းများလည်း တိုက်ခတ်လာပါသည်။မိုးသားများလည်း ချက်ချင်းတက်လာပြီး မိုးရွာတော့မည့်ဟန်ဖြင့် လျှပ်စီးများလည်းလက်လာပါသည်။ မကြာမီ မိုးရွာပါတော့သည်။

မောင်မြတ်ခိုင်က -

"ဒီမိုးကလည်း ခုထိရွာတုန်းပါပဲလား။ အချိန်အခါလည်းမဟုတ်ဘဲနဲ့။ စပါးတွေသွင်းပြီးလို့တော်သေးတယ်"

လှိုင်းများလည်းတဖြည်းဖြည်းထန်လာကာ လေတိုက်နှုန်းမှာလည်းမြင့်လာပါသည်။

အမျိုးသမီးဘေးမှာထိုင်နေသော အမျိုးသားသည် သီချင်းဆိုသောအမျိုးသမီးကို ဖက်ထားလိုက်ပြီး -

"မိုးတွေပက်တယ်။ အောက်ဆင်းထိုင်ရအောင်"

ကျွန်ုပ်တို့လည်း မိုးများပက်နေသဖြင့် လှေဝမ်းထဲသို့ဆင်းပြီးထိုင်နေကြရပါသည်။

မိုးသည် စဲသွားသည်ဟူ၍မရှိဘဲ ထိုး၍ထိုး၍ရွာသွန်းလာပြီး မြစ်အတွင်း လေပြင်းများတိုက်ခတ်ခြင်း၊ လှိုင်းလုံးကြီး



www.burmeseclassic.com

www.burmeseclassic.com

များ ကြီးမားလာသောကြောင့် စက်လှေသည် လိုရာခရီးသို့မောင်း၍မရတော့ဘဲ လှိုင်းလုံးများကြားတွင် တဝဲလည်လည်ဖြစ်နေခြင်းများကြောင့် ခရီးသည်အားလုံးမှာ အသက်ဘေးအတွက် ကြောက်လန့်နေကြပါသည်။ ထို့ပြင် ကျွန်ုပ်မှာရေမကူးတတ်ပါ။

ကျွန်ုပ်တို့စက်လှေကဲ့သို့ပင် မြစ်အတွင်း ခုတ်မောင်းနေသော စက်လှေများမှာ နီးစပ်ရာကမ်းသို့ ကပ်မောင်း၍တစ်နေရာတွင် ကမ်းကပ်နေသည်ကို မြင်ကြရပါသည်။

ကျွန်ုပ်တို့စက်လှေမှာ မြစ်လယ်သို့ရောက်ရှိနေပြီး မိုးဒဏ်လေဒဏ်လှိုင်းဒဏ်များကို အလူးအလှိမ့်ခံနေရကာ ကမ်းသို့ကပ်ရန် ကြိုးစားလိုက်တိုင်း ကမ်းဘက်သို့မောင်း၍မရဘဲ မြစ်လယ်၌သာ တဝဲလည်လည်ဖြစ်နေပါသည်။

ကျွန်ုသည် ရတနာသုံးပါးကို စိတ်တွင်းမှ အာရုံပြုကာ ဂုဏ်တော်ကွန်ချာကို နှုတ်မှ တိုးတိုးလေးရွတ်ဆိုလာပါသည်။

သီချင်းဆိုသော အမျိုးသမီးက လက်နှစ်ဖက်မြှောက်လိုက်ပြီး လက်အုပ်ချီကာ သူကိုးကွယ်ယုံကြည်ရာ နတ်တစ်ပါးကို တိုင်တည်လိုက်ပါသည်။

"သမီးအားကိုးအားထားပြုရတဲ့ အမေဂျမ်းရှင့်။ သမီးတို့မြစ်လယ်မှာ လေဒဏ်မိုးဒဏ်တွေခံရပြီး ဒုက္ခရောက်နေပါတယ်။ အမေ အမြန်ဆုံးလာကယ်ပါ။ အမေမကယ်ရင် သေဖွယ်ရာသာ ရှိပါတော့တယ်"

အမျိုးသမီးသည် အထက်ပါအတိုင်းကျယ်ကျယ်ပြောပြီး လက်အုပ်ချီလျက်သားပင် နှုတ်မှတိုးတိုးလေးဆက်ပြောနေပါသည်။

ထိုတွင်မှသတိရပြီး မောင်မြတ်ခိုင်က -

"ဆရာ၊ ကျွန်တော်တို့လည်း အမေဂျမ်းကိုတိုင်တည်ရအောင်"

ကျွန်ုပ်ကဘာမှမပြောပါ။သို့သော် အမေ၏ကြိုတင်သိမြင်ချက်၊ ဟောပြောချက်များကိုအကြိမ်ကြိမ်ကြားသိခဲ့ရသော မောင်မြတ်ခိုင်က အမေ့ကို ယုံကြည်ကာ အားကိုးတကြီး တိုင်တည်မည်ဆိုသည်ကို ကန့်ကွက်ရန်မရှိ၍ ငြိမ်နေလိုက်ပါသည်။ လူသည် အခက်အခဲတွေ့ပါက ကောက်ရိုးတစ်မျှင်ကိုပင် အားကိုးတကြီးဆွဲထားသည်ဟူသောစကားလည်းရှိသေးသည်မဟုတ်လော။

ထို့ပြင် အမေသည် အခက်အခဲများရှိပါက သူ့ကိုသာ တမ်းတလိုက်ပါ။ ကူညီပါမည်ဟု အမေမှာထားလိုက်သည်မဟုတ်ပါလား။

"အမေဂျမ်းခင်ဗျား၊ သားတို့ အခုမြစ်လယ်မှာ ဒုက္ခရောက်နေပါတယ်။ အမြန်ဆုံးလာကယ်ပါ"

ခဏအကြာတွင် မောင်မြတ်ခိုင်က လှေဦးကို လက်ညှိုးထိုးပြ၍ -

"ဆရာ၊ ဆရာ ဟိုမှာ အမေလာတယ်။ လှိုင်းတွေလေတွေကို ရပ်တန့်သွားအောင်လားမသိဘူး။ သူလက်နှစ်ဖက်ကို ဝှေ့ယမ်းပြီး နှုတ်ကလည်းတစ်ခုခုကိုပြောနေတယ်"

မောင်မြတ်ခိုင်ပြ၍ ကျွန်ုပ်သည် လှေဦးကိုကြည့်လိုက်ရာ အမေ့ကိုမမြင်ရတော့ပါ။ သို့သော် ထူးခြားစွာပင် လှိုင်းများလေများသည် တဖြည်းဖြည်းလျော့ကျသွားကာ မြစ်ပြင်သည် ငြိမ်သက်စပြုလာသည်ကို မြင်ရပါတော့သည်။

ထိုအခါတွင်မှ လှေသည်လည်း ဆက်ပြီး ခုတ်မောင်း၍ရသွားပါတော့သည်။

စက်ဆရာက -

"တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်တော့ဒုက္ခရောက်ပြီထင်နေတာ။ ခါတိုင်းဒီလိုဖြစ်ရင် လှိုင်းဒဏ်လေဒဏ်ကြားက ထွက်ဖို့ဆိုတာ မလွယ်ဘူး"

သီချင်းဆိုသောအမျိုးသမီးက -

"အမေရယ်၊ ကျေးဇူးတင်လိုက်တာ။ ဇီးကုန်းရောက်တော့မှ အမေ့ကို ကောင်းကောင်းကျေးဇူးသိတတ်ပြီးပူဇော်ကန်တော့ပါမယ်။ အမေကယ်လိုက်တာပါပဲ"

ပတ်ဝန်းကျင်တွင် တဖြည်းဖြည်း မိုးသားများကင်းစင်သွားကာ မိုးတိတ်သွားပြီး နေရောင်ကိုမြင်ရပါတော့သည်။

ရှေ့ခပ်လှမ်းလှမ်းတွင် သာရဝေါကိုမြင်နေရပြီ ဖြစ်ပါသည်။

သာရဝေါဆိပ်ကမ်းသို့ရောက်သောအခါ စက်လှေပေါ်မှအသီးသီးဆင်းကြပြီးနောက် သီချင်းဆိုသော အမျိုးသမီးက မောင်မြတ်ခိုင်အား -

"ဒီကမောင်လေးလည်း အမေဂျမ်းကို ကိုးကွယ်တာပဲလား။ ဘာပဲဖြစ်ဖြစ်လေ ဒီခရီးစဉ်မှာ လှိုင်းတွေလေတွေ လွတ်အောင် အမေကယ်လိုက်တာပဲ။ အမေသာမကယ်ရင် မမတို့ မောင်လေးတို့ လိုရာခရီးကို ခုလိုချောချောမောမော မရောက်နိုင်ဘူး။ အစ်မက ရေမကူးတတ်ဘူး"

သူတို့အဖွဲ့သည် ဇီးကုန်းသို့ ခရီးဆက်ရန် ရထားစောင့်နေကြစဉ် လက်ပံတန်းသို့သွားမည့် ဌာနဆိုင်ရာဂျစ်ကားတစ်စီးရောက်ရှိလာပြီး ကားမောင်းသူမှာ ကျွန်ုပ်နှင့်အသိအကျွမ်းဖြစ်သည်နှင့် ကျွန်ုပ်အားနှုတ်ဆက်ပါသည်။

"လက်ပံတန်းကိုသွားမှာ ဆရာတို့လား"

"ဟုတ်ပါတယ်ဗျာ၊ လက်ပံတန်းကနေ ဇီးကုန်းကို ကားနဲ့ဆက်သွားရမှာပါ။ ရထားနဲ့ဆိုရင် အချိန်တော်တော်ကြာစောင့်ရဦးမှာ"

"ဒါဆို လိုက်ခဲ့ကြလေ၊ ကျွန်တော်တို့လည်း ခုပဲပြန်မှာ"

ကျွန်ုပ်တို့လည်း ထိုဂျစ်ကားလေးဖြင့် လက်ပံတန်းသို့လာခဲ့ကြပါသည်။ ဆက်လက်၍ လက်ပံတန်းတာဆီ... ကားစီးကာ ဇီးကုန်းသို့လာခဲ့ကြပါသည်။ ဇီးကုန်းသို့ နေ့လယ် (၁) နာရီခန့်တွင် ရောက်ပါသည်။

ကျွန်ုပ်တို့အိမ်တွင် နတ်ကနား... ပေးနေသည်နှင့်ကြုံရပါသည်။ ကျွန်ုပ်တို့ ရောက်သွားချိန်တွင် ထမင်းစားနားသိမ်း... ဖြစ်၍ ဆိုင်းသမားများ၊ နတ်ကတော်များ ခေတ္တနားနေကြလေသည်။

မောင်မြတ်ခိုင်သည် ကျွန်ုပ်ဇနီး... သွား၍ လမ်း၌ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်များနှင့် အမေကိုယ်တိုင်လာ... ရောက်ကယ်တင်သွားပုံတို့ကို အားရပါး... ပြောပြနေပါသည်။

❑

ဧပြီ ၂ ရက်နေ့တွင် ကျွန်ုပ်တို့... သည် ဇီးကုန်းမှ ကျုံပျော်သို့ပြန်လာ... ပါသည်။ ထုံးစံအတိုင်း လက်ပံတန်း... သာရဝေါ-ဟင်္သာတလမ်းမှ ပြန်လာ... ခြင်းဖြစ်ပါသည်။ လမ်းခရီးတစ်လျှော... လုံး ကျွန်ုပ်တို့သည် အမေ့အကြောင်း... များကို ပြောလာခဲ့ကြပါသည်။

သာရဝေါမှ ဟင်္သာတသို့အ... တွင် စက်လှေသည် ဧရာဝတီမြစ်ကို... ကျော်ရာတွင် မြစ်လယ်အရောက်... အလာခရီး၌ မိုးသက်လေပြင်းမိ၍ ... ရောက်ရပုံများ၊ အမေ့ကိုတမ်းတ... ၍ အမေလာရောက်ကယ်တင်ပုံများ... မောင်မြတ်ခိုင်က သတိရပြီးပြောပြ... သည်။

"ဆရာ့ကိုပြောရဦးမယ်။ ဆရာ... ပြန်သွားတဲ့နေ့ မနက်(၁၀)နာရီလော... မှာ အမေ့ဆီကို လူနာတစ်ယောက်... လာတယ်။ အစာအပင်းထည့်ခံ... ဗိုက်ကြီးကိုဖောင်းနေတာပဲ။ ...




www.burmeseclassic.com

www.burmeseclassic.com

ရိရိမွေး

# သွေးလေးဖက်နာလား၊ ပိုးလေးဖက်နာလား




အရိုးအဆစ်ရောဂါများအနက်မှ ...ဖက်နာရောဂါသည် အဖြစ်အများ ...ရောဂါဖြစ်ပြီး ကမ္ဘာပေါ်တွင် အသေ ...ပျောက်အများဆုံးရောဂါ ဖြစ်သည်။ ...ဖက်နာရောဂါတွင် သွေးလေးဖက်နာ ... ပိုးလေးဖက်နာ ဟူ၍ နှစ်မျိုးရှိပါ ...သည်။ ၎င်းရောဂါနှစ်မျိုးမှာ လေးဖက်နာ ...မျိုးအစားခြင်းတူသော်လည်း ရောဂါ ...ပုံချင်းကွဲပြားပါသည်။ သို့သော် ...ရောဂါနှစ်ခုမှာ မှားယွင်းတတ်သည့် ...ရောဂါများ ဖြစ်သည်။

သွေးလေးဖက်နာရောဂါသည် ...အဆစ်သုံးခုထက်ပို၍ နာကျင်ရောင်ရမ်း ...တတ်ပြီး အဆစ်လေးများပါနာကျင် ...တတ်ကြောင်းတွေ့ရှိရသည်။ အများ ...အားဖြင့် လက်ချောင်းသေးကလေးများ ... လက်ကောက်ဝတ်တို့တွင် နာကျင် ...တတ်ပြီး ဘယ်ဘက်လက်ချောင်းက ...လေးများရောင်လာပါက နောက်နေ့များ ... ညာဘက်ရှိလက်ချောင်းကလေး ...များသည်းရောင်တတ်ပါသည်။ ထို့အတူ ...ပင် ဘယ်ဘက်လက်ကောက်ဝတ်ရောင် လာလျှင်လည်း ညာဘက်လက်ကောက် ဝတ်ပါ ရောင်ရမ်းလာတတ်ပါသည်။ အဆစ်လေးခု၏ ရောင်ရမ်းမှုမှာ တူညီမှု ရှိပါသည်။

နံနက်အိပ်ရာထတွင် လက်များ ကွေးဆန့်၍မကောင်းအောင် တောင့်တင်း နေတတ်ပြီး သွေးပူလာမှ ပျေ့ပါးသွားပါ သည်။ ထိုရောဂါရှင်များ၌ လက်ဆစ်များ စားသွားပြီး အဆစ်သုံးခုထက်ပိုပြီးရောင် လာတတ်ပါသည်။ ထိုသို့လက်ဆစ်ရောင် ခြင်းသည် သုံးလခန့်ကြာအောင် မပျောက်ပါက ဆရာဝန်ကြီးများနှင့် ပြသ ကာ ကုသမှုခံယူသင့်ပါသည်။

---

... အိမ်ကိုယူလုပ်တဲ့စာရင်းတစ်ခုမေ့ ...ခဲ့လို့ အိမ်ကိုပြန်အယူမှာသိရတာ"

အဲဒါ အမေကအစာအပင်းထည့် ...တဲ့ ငါကုပေးမယ် ဘာမှမပူနဲ့တဲ့ ...နေတုန်း တစ်စုံတစ်ရာအသံကို ...ရတဲ့အတိုင်း သူ့လက်ဝါးကို နားနား ...ထားပြီးနားထောင်တယ်။ ပြီးတော့-

'အေးအေး-အမေလာကယ်မယ်၊ ...မကြောက်နဲ့' လို့ ပြောပြီး ငါကိစ္စရှိ ...လေးသွားလိုက်ဦးမယ်။ ပြန်လာ ...စောင့်နေကြလို့ပြောပြီး ပတ်ခန် ...သွားလိုက်တာ သတိမေ့သလိုဖြစ် ...အသက်တော့ရှူတယ်။ အနား ...လေးတွေက ယပ်ခပ်ပေးနေရ ... (၁၅) မိနစ်လောက်ကြာမှ သတိ ...လာပြီး လူပ်လူပ်ရှားရှားဖြစ်လာ ...ပြီးတော့ အပင်းထည့်ခံရတဲ့လူနာ ကို ဆက်ကုတယ်။ ကျွန်မလည်းဆက်ပြီး မကြည့်နိုင်တော့ဘူး။ ကျွန်မအမျိုးသား ကိုထွန်းဝင်းတော့ အမေ့အနားမှာ တစ်ချိန်လုံးရှိနေတာပဲ။ ဆရာက ပင်စင် ယူရင် စာရေးမယ်ဆိုပြီး ရေးစရာကုန် ကြမ်းတွေစုနေတာကိုသိလို့ အပင်းထည့် ခံရတဲ့လူနာကိုကုပုံကို ဆရာသိရအောင် ကိုထွန်းဝင်းကိုတွေ့လိုက်ပါလားဆရာ"

ဒေါ်သန်းဝင်းက ကျွန်ုပ်အား စကားအရှည်ကြီးပြောပြီး သူ့စားပွဲကို ပြန်သွားပါသည်။ ကျွန်ုပ်က ကျေးဇူးတင် ကြောင်းပြောလိုက်လေသည်။

ကျွန်ုပ်မရှိသည့်အချိန်တွင်မှ အမေ က အပင်းထည့်ခံရတဲ့လူနာကို ကုသ ပေးလိုက်ခြင်းကိုမသိလိုက်ရသည့်အတွက် ကျွန်ုပ်သည် မချင့်မရဲဖြစ်နေပါသည်။

နောက်နေ့တွင်မှ ကိုထွန်းဝင်းထံ သွားရောက်တွေ့ဆုံကာ သေသေချာချာ မေးတော့မည်ဟု ဆုံးဖြတ်ပြီး ရုံးဆင်း လာခဲ့ပါတော့သည်။


ကျွန်ုပ်မြန်သွားသည့်နေ့က အမေ သည် အပင်းထည့်ခံရသည့်လူနာတစ် ယောက်ကို ကုနေစဉ် ပက်ခနဲလန်သွား ပြီး (၁၅) မိနစ်လောက်ကြာမှ သတိပြန် ရလာခြင်းမှာ ကျွန်ုပ်တို့စက်လှေ့မြစ် လယ်၌ လှိုင်းကြီးမိုးကြီးမိနေစဉ် သီချင်း ဆိုနေသောအမျိုးသမီးနှင့် မောင်မြတ်ခိုင် တို့က အမေ့အား လာရောက်ကယ်တင် ပါရန် တိုင်တည်လိုက်သောကြောင့် အမေ ရောက်လာပြီး လှိုင်းလေများကို ဖယ်ရှား ပေးခြင်းကြောင့်ဖြစ်ကြောင်း စာဖတ်သူ ရိပ်မိပါလိမ့်မည်။

မင်းသန့်ကျော်(ဗိုလ်...နိုး)



www.burmeseclassic.com

www.burmeseclassic.com




**□ သွေးလေးဖက်နာ ဖြစ်ပွားရခြင်းအကြောင်းရင်း**

လူသားတို့၏ ခန္ဓာကိုယ်တွင် ခုခံအားများရှိပြီး ထိုခုခံအားသည် ပြင်ပမှ ရောဂါပိုးများ ဝင်ရောက်လာပါက ခုခံကာကွယ်တိုက်ခိုက်ရန် ဖြစ်ပါသည်။ သွေးလေးဖက်နာဖြစ်ခြင်းတွင် ပြင်ပမှ ရောဂါပိုးများ ဝင်ရောက်ခြင်းမရှိဘဲ ခုခံအားများသည် လိုအပ်သည်ထက် ပိုမိုထွက်နေခြင်းကြောင့် ဖြစ်ပါသည်။ ထိုခုခံအားများ ပိုမိုထွက်ရှိလာပြီး တိုက်ခိုက်ရန် ရောဂါပိုးများမရှိသည့်အတွက် မိမိ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ပြန်လည်တိုက်ခိုက်ရသည့်အတွက် ခန္ဓာကိုယ်တွင်းရှိ အဆစ်များရောင်လာကာ သွေးလေးဖက်နာဖြစ်လာသည်။ လေးဖက်နာရောဂါသည် အဆစ်သုံးခုမှ လေးခုခန့်အထိ အဆစ်လေးဆစ်နာလာသည်ကို အစွဲပြု၍ လေးဖက်နာဟုခေါ်ခြင်း ဖြစ်ပါသည်။

**□ ရောဂါရှာဖွေစစ်ဆေးခြင်း**

ဓာတ်မှန်ရိုက်၍စစ်ဆေးခြင်း

လူနာကိုဓာတ်မှန်ရိုက်၍စစ်ဆေးပါက လက်ဆစ်လေးများစားသွားသည်ကိုတွေ့ရှိလျှင် သွေးလေးဖက်နာရှိကြောင်း သိရှိနိုင်သည်။

သွေးစစ်ဆေးခြင်း

သွေးထဲတွင် Rheumatoid factor ရှာဖွေရမည်။ သွေးထဲတွင် ခုခံဓာတ်များများနေသည်ကိုတွေ့ရှိရလျှင် ထိုလူနာ၌ သွေးလေးဖက်နာရှိကြောင်းသိနိုင်သည်။

ရောဂါကုသခြင်း

အဆစ်ရောဂါပျောက်ဆေး (NSAID) ဆေးဝါးဖြင့် ကုသပေးပါသည်။

အဆစ်ရောင်ပျောက်ပါက ခုခံအားကိုဟန့်တားစေသည့်ဆေးများပေးပါသည်။

အဆစ်ရောင်ရောဂါပျောက်ပြီး ခုခံအားဟန့်တားဆေးမပေးပါက အဆစ်များ တဖြည်းဖြည်းကောက်ကွေးလာပါသည်။

**□ သတိထားရမည့်အချက်များ**

ရောဂါဖြစ်ခါစမှ သုံးလအတွင်း ဆရာဝန်နှင့်ပြသပြီး ကုသမှုခံယူရမည်။ အချိန်ကြာမြင့်စွာ ကုသမှုမခံယူပါက အရိုးများကောက်သွားပြီး ခွဲစိတ်ကုသမှုခံယူရသည်အထိဖြစ်သွားတတ်၏။ အဆစ်ရောင်သောက်ဆေးကို ရက်အနည်းငယ်သောက်ခြင်းဖြင့် ရောဂါပျောက်ကင်းနိုင်သော်လည်း ခုခံအားဟန့်တားဆေးကို အနည်းဆုံး (၂) နှစ်ခွဲခန့် သောက်မှသာ ရောဂါပျောက်ကင်းနိုင်သည်။

**□ ပိုးလေးဖက်နာရောဂါ**

ထိုရောဂါသည် လေးဖက်နာရောဂါထဲတွင် ဒုတိယအဖြစ်အများဆုံးဖြစ်သည်။ ထိုရောဂါသည် ငယ်ရွယ်သူများ အသက် (၁၅)၊ (၂၀) ဝန်းကျင်၌ အဖြစ်များသည်။ ရောဂါ၏နောက်ဆက်တွဲရောဂါမှာ အသက်အန္တရာယ်ဖြစ်စေသည့်အထိဖြစ်စေနိုင်သည်။ လေးဖက်နာရောဂါအားလုံးသည် အဆစ်နာခြင်းဖြစ်ပြီး အဆစ်နာခြင်းမှာ အနည်းဆုံးသုံးခုနှင့်အထက်ရှိပြီး တစ်ခါတစ်ရံတွင် ငါးခုမှ ခြောက်ခုအထိနာတတ်ကြောင်း တွေ့ရှိရသည်။ ၎င်းသည် သွေးလေးဖက်နာကဲ့သို့ပင် လက်ချောင်း၊ ခြေချောင်း၊ လက်ကောက်ဝတ်အဆစ်များတွင်ရောင်ရမ်းခြင်းမဟုတ်ဘဲ လည်ပင်းနာခြင်း တံတောင်ဆစ်နှင့် ဒူးခေါင်းရောင်ခြင်းဖြစ်လျှင် ပိုးလေးဖက်နာဟု ယူဆနိုင်သည်။ ပိုးလေးဖက်နာရောဂါရှင်သည် နှလုံးထဲသို့ပိုးဝင်ခြင်းကြောင့် ရင်တုန်ခြင်း မောပန်းခြင်း၊ ကတုန်ကယင်ဖြစ်ခြင်းတို့လည်း ဖြစ်တတ်ပါသည်။

**□ ပိုးလေးဖက်နာရောဂါဖြစ်ပွားရခြင်း အကြောင်းရင်း**

ပိုးလေးဖက်နာ ဖြစ်ပွားခြင်း၏ အဓိကအကြောင်းရင်းမှာ ခန္ဓာကိုယ်အတွင်းရှိ အသက်ရှူလမ်းကြောင်းအပေါ်ပိုင်းသို့ ဟီမိုလိုက်တစ်စထရက်တိုကော့ကိုင်း (Haemolytic Streptococci) ခေါ် ရောဂါပိုးအမျိုးအစားတို့ဝင်ရောက်ခြင်းကြောင့် ဖြစ်ပါသည်။ ထိုပိုးများသည် ခန္ဓာကိုယ်ကိုတိုက်ခိုက်သည့်အတွက် ခုခံဓာတ်များထွက်ပေါ်လာသည်။ ထိုခုခံဓာတ်ကြောင့် လည်ပင်းနာခြင်း၊ အာသီးရောင်ခြင်းတို့ဖြစ်စေသည်သာမက နှလုံးသို့ပါရောက်ရှိသွားပြီး နှလုံးရောင်ခြင်းဖြစ်လာပါသည်။ ထိုသို့ နှလုံးရောင်ခြင်း မကြာခဏ ဖြစ်ပွားခြင်းကြောင့် နှလုံး၌ အမာရွတ်များဖြစ်သွားပြီး နှလုံး၌ရှိသော အဆို့ရှင်ကလေးများကျုပ်သွားပါသည်။ ထိုအခါ သွေးလည်ပတ်ရာတွင် ကောင်းစွာ မစီးဆင်းနိုင်ဘဲ အဟန့်အတားဖြစ်လာပါသည်။ ၎င်းကို အဆို့ရှင်ကျဉ်းခြင်းဟု ခေါ်ပါသည်။ ထိုသို့ အဆို့ရှင်ကျဉ်းခြင်းကြောင့် လှုပ်ရှားသွားလာရာတွင် ပုံမှန်ထက် မောပန်းနွမ်းနယ်ခြင်းတို့ဖြစ်လာပါသည်။ ထို့အပြင် လည်ပင်းနာခြင်း တံတောင်ဆစ်နာခြင်းဒူးနာခြင်းတို့လည်း ဖြစ်ပါသည်။ အရေပြား၌ အနီကွက်များ ထွက်လာတတ်ပြီး တံတောင်ဆစ် ဒူးဆစ်အရေပြားတွင် အဖုကလေးများလည်းထွက်လာတတ်ပါသည်။ ထိုသို့တွေ့ရှိလျှင် ပိုးလေးဖက်နာဟု ယူဆရမည်။

**□ သတိထားရမည့်အချက်များ**

ပိုးလေးဖက်နာသည် နှလုံးအဆို့ရှင်ပျက်စီးတတ်သည့်ရောဂါဖြစ်၍ အလွန်သတိထားရမည့်ရောဂါဖြစ်သည်။ ငယ်ရွယ်သော ကလေးများနှင့် (၁၅)၊ (၂၀) နှစ်အရွယ်များတွင် အဖြစ်များသည်။ ရောဂါဖြစ်ခါစတွင် အာသီးရောင်ခြင်း၊ လည်ပင်းနာခြင်းတို့ဖြစ်တတ်သည်။ ထိုသို့မဖြစ်ရန် ကြိုတင်ကာကွယ်ရေး မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင် ... များ၊ မီးခိုးငွေ့များမရှူမိအောင် ...



www.burmeseclassic.com

www.burmeseclassic.com

ရှောင်ရှားရမည်။ အထူးသဖြင့် လည်ပင်းနာနေချိန်၌ မရေခဲရေမသောက်မိရန် ရှောင်ကြဉ်ရမည်။ ဆရာဝန်နှင့်ပြသကာ ပိုးသေဆေး (ပင်နီဆီလင်) ဆယ်ရက်ပြည့်အောင်သောက်ရမည်။ ပိုးမသေပါက ထိုပိုးသည် နှလုံးဆီသို့သွားကာ နှလုံးကို ထိတ်ခိုက်ခြင်းဖြင့် အရွယ်မတိုင်မီ နှလုံးရောဂါဖြစ်နိုင်သည်။ ထို့ကြောင့် ဆရာဝန်နှင့်ပြသပြီး ထိရောက်သည့် ကုသမှုကို ခံယူရမည်။

ပိုးလေးဖက်နာရောဂါရှင်များသည် နှလုံးရောဂါဖြစ်ခြင်းကြောင့် ကောင်းစွာ သွေးလည်ပတ်မှုမပြုနိုင်သဖြင့် မောပန်းနွမ်းနယ်ခြင်းဖြစ်တတ်ပါသည်။ နှလုံးမှ သွေးခဲလေးများကျွတ်ထွက်ပြီး ဦးနှောက်သွေးကြောထဲသို့ ရောက်ရှိသွားပြီး ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ခြင်းဖြစ်စေနိုင်ပါသည်။

ပိုးလေးဖက်နာနှင့် သွေးလေးဖက်နာရောဂါတို့မှာ အဆစ်အမြစ်များနာကျင်ခြင်းတူနေသဖြင့် သွေးလေးဖက်နာကို ပိုးလေးဖက်နာနှင့် မှားယွင်းကာ ပိုးသတ်ဆေးများပေးပါက သွေးလေးဖက်နာရောဂါမပျောက်ဘဲ တဖြည်းဖြည်းအဆစ်များကောက်လာတတ်သည်။ ထို့ကြောင့် ငယ်စဉ်တွင်အဆစ်အမြစ်များနာကျင်ကိုက်ခဲခြင်း ရောင်ရမ်းခြင်းတို့ ဖြစ်ပေါ်ပါက အရိုးအထူးကုဆရာဝန်ကြီးနှင့်ပြသကာ သေချာစွာ ရောဂါကိုစစ်ဆေးပြီး မှန်ကန်သောကုသမှုကို ခံယူသင့်ပါသည်။

ပိုးလေးဖက်နာရောဂါဖြစ်၊ မဖြစ်ကိုသိရှိနိုင်ရန် ဓာတ်ခွဲခန်းတွင် Blood for Aso တိုင်းတာရပါသည်။ သွေးအဖြေ၌ ပမာဏထက်များနေပါက ပိုးလေးဖက်နာဖြစ်နိုင်သည်။ ထိုလူနာကို ပင်နီဆီလင်ဆေးထိုးပေးပြီး တစ်လခန့်အကြာတွင် သွေးပြန်စစ်ရမည်။ အကယ်၍ သွေးထဲတွင် ASO မြင့်နေသေးပါက စိတ်မပူသင့်၊ သွေးထဲ၌ပိုးများသေသွားသော်လည်း ပိုးဓာတ်များကျန်နေသေးသည့်အတွက် ASO မြင့်နေသေးခြင်း ဖြစ်ပါသည်။ နောက်ပိုင်းသော် တဖြည်းဖြည်း ASO တိုင်းခြင်းသည်မှာ လေးဖက်နာပိုး၏ ခုခံအား ကိုတိုင်းတာခြင်း ဖြစ်ပါသည်။

ပိုးလေးဖက်နာရောဂါရော သွေးလေးဖက်နာရောဂါပါ သင့်တင့်သော အစားအစာများမှာ -

ချယ်ရီသီး၊ နာနတ်သီး၊ အိုမီဂါ-၃ ပါဝင်သောအက်စစ်ဓာတ်ပါဝင်သောဆာဒင်းငါး တူနာငါး၊ ဆော်လမွန်ငါး။

အာလူး၊ ကန်စွန်းဥ၊ ဗီတာမင်အေပါဝင်သည့်အစားအစာ။

လူးဆန်၊ ဆန်လုံးညို၊ ပေါင်မုန့်ကြမ်း။

အစိမ်းရောင် ဟင်းသီးဟင်းရွက်၊ မုန်လာထုပ်၊ ဂေါ်ဖီထုပ်၊ တရုတ်နံနံ။

စားသုံးသင့်သည့်ဆီများမှာ -

သံလွင်ဆီ၊ နေကြာဆီ၊ ဟင်းရွက်ဆီ၊ နှမ်းဆီ။

စားသုံးသင့်သော အခွံမာအသီးများမှာ -

နေကြာစေ့၊ ဖရုံစေ့၊ သီဟိုဠ်စေ့၊ ဗာဒံစေ့၊ သစ်ကြားသီး။

မဂ္ဂနီဆီယမ်ပါဝင်သော အစားအစာများမှာ -

သွပ်ဓာတ်ပါဝင်သော ရွှေဖရုံသီးနှင့် ရွှေဖရုံသီးစေ့၊ ကိုကိုး။

**သင့်တင့်သောဗီတာမင်အုပ်စု**

ဗီတာမင် (B) ကွန်ပေါင်း ပါဝင်သော အားဆေးများ။

ငါးကြီးဆီလက်ဖက်စားဇွန်းနှင့် နေ့စဉ် တစ်ဇွန်းသောက်ပါ။

ဗီတာမင်ဒီ ပါဝင်သော အားဆေးများ။

ဗီတာမင်စီ (၁.၃) ဂရမ် နေ့စဉ် စားသုံးပါ။

သွပ်ဓာတ်၊ မဂ္ဂနီစီယမ်ဓာတ်ပါဝင်သောအားဆေးများ။

သွေးလေးဖက်နာရောဂါရှင်များနှင့် ပိုးလေးဖက်နာရောဂါရှင်များ ရှောင်ကြဉ်ရမည့်အစားအစာများမှာ -

အမဲသား၊ ဆိတ်သား၊ ကော်ဖီ၊ လက်ဖက်ရည်၊ အရက်၊ ကိုလာအချိုရည်ဘူးများ။ ခရမ်းချဉ်သီးနှင့် လုံးဝမတည့်ပါ။ အထူးရှောင်ကြဉ်ရမည့်အစားအစာဖြစ်သည်။

ခရမ်းသီး၊ လိမ္မော်သီး၊ ဆီးသီး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသောဥအမျိုးမျိုး။ အဆီအပြည့်ပါသည့် အစားအစာများ၊ အကြော်အလှော်၊ ဝက်အူချောင်း၊ ရယ်ဒီမိတ်အစားအစာများ၊ ချောကလက်။

မလိုင်အပြည့်ပါသော နွားနို့၊ ဒိန်ခဲနှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး။

ဖြူဖွေးအောင် ပြုလုပ်ထားသည့် ပေါင်မုန့်ဖြူ၊ ပီဇာမုန့်။

ပိုးလေးဖက်နာအတွက် မတည့်သောအဓိကအစားအစာမှာ ရေခဲဖြစ်ပါသည်။ အမှန်မှန်မူကား ရေခဲကြောင့် အာသီးရောင်ခြင်းမဟုတ်ပေ။ လမ်းဘေး၌ရောင်းသည့်ရေခဲကို ပြုလုပ်ရာတွင် ရေသန့်ဖြင့်မလုပ်သည့်အတွက် ရေခဲထဲတွင် ရောဂါပိုးများ အလွယ်တကူဝင်နိုင်ပါသည်။ ထို့ပြင် ရေခဲတွင် စပါးခွံများအုံထားပြီး လမ်းဘေးတွင်ချထားသည့်အတွက် ရေခဲမှာမသန့်စင်ဘဲ ပိုးဝင်နိုင်ပါသည်။

အကယ်၍ ရေခဲကိုစားသုံးမည်ဆိုပါက ရေသန့်ကို ရေခဲသေတ္တာထဲတွင် ထည့်ပြီး ရေခဲအောင်ပြုလုပ်ပါ။ သန့်စင်သောရေခဲကိုတော့ အသုံးပြုနိုင်ပါသည်။ ပိုးလေးဖက်နာရောဂါရှင်များ အာသီးရောင်ခြင်း၊ လည်ပင်းနာခြင်းတို့ဖြစ်လျှင် စောစီးစွာ ဆရာဝန်နှင့် ပြသပြီး ကုသမှုခံယူပါ။ မသင့်တင့်သောအစားများကို ရှောင်ကြဉ်ပါ။ ဆရာဝန်ညွှန်ကြားသည့် ဆေးညွှန်းအတိုင်း သောက်သုံးပါ။ ထိုရောဂါသည် ကလေးငယ်များနှင့် အသက်ငယ်သူများတွင် ဖြစ်သဖြင့် မိဘများကပါ မိမိ၏ရင်သွေးငယ်များကို ဂရုစိုက်ကုသပေးရမည်။

သွေးလေးဖက်နာရောဂါရှင်များသည် အများအားဖြင့် အသက် (၄၀)၊ (၅၀) နှစ်အတွင်းတွင် အဖြစ်များသည်။ ထိုအရွယ်တွင် အခြားသောရောဂါများဖြစ်သည့် ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါများရှိတတ်သဖြင့် ထိုရောဂါပေါင်းစုံဝေဒနာရှင်များသည် မောပန်းနွမ်းနယ်ပြီး အိပ်ရာထက်မှ မထနိုင်အောင်ဖြစ်တတ်ပါသည်။

သွေးလေးဖက်နာရောဂါနှင့် ပိုးလေးဖက်နာရောဂါရှင်များသည် အဆစ်အမြစ်နာကျင်ခြင်းတူသဖြင့် မှားယွင်းတတ်ပါသည်။ ဆေးကုသခြင်းမှားယွင်းပါက ရောဂါမပျောက်သည့်အပြင် အသက်အန္တရာယ်ကိုပါဖြစ်စေနိုင်သည်။ ထို့အတွက် ၎င်းရောဂါနှစ်ခုကွဲပြားခြားနားပုံနှင့် ဓာတ်ခွဲခန်းတွင် သွေးစစ်ဆေးများပါ မတူညီပုံများကို တင်ပြထားပါသည်။ အဆစ်အမြစ်တို့ နာကျင်ကိုက်ခဲပါက ကျွမ်းကျင်သော ဆရာဝန်ကြီးများသို့မဟုတ် အရိုးအထူးကုဆရာဝန်ကြီးများနှင့် စောစီးစွာပြသကုသခြင်းဖြင့် ပိုးလေးဖက်နာလော၊ သွေးလေးဖက်နာလောဟူ၍ ခွဲခြားသိကာ မှန်ကန်သော ကုသမှုကို ခံယူနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

ခိခိဖွေး

Ref;

*Rheumatoid arthritis or Rheumatic Fever.*



www.burmeseclassic.com

www.burmeseclassic.com

# ဦးကောဝိဒ (မြိတ်)

# အဖြူရောင်

အဖြူရောင်ဟာ အရောင်တကာ့ အရောင်တွေထဲမှာ အစင်ကြယ်ဆုံး အရောင်တစ်ခုဖြစ်တယ်။ ဒီလိုပါပဲ လူတွေရဲ့စိတ်နေစိတ်ထားဟာ လိုချင်မှု၊ မခံသာမှု အစရှိတဲ့ ညစ်ပေစေတတ်တဲ့ စိတ်ထားမျိုးတွေ အကြောင်းအားလျော်စွာရှိနေမယ်ဆိုရင် စိတ်ဟာ ညစ်ထေးပြီး နေပါတယ်။ တကယ်လို့ စိတ်က လိုချင်မှုစတဲ့ ကိလေသာအညစ်အထေးတွေမရှိဘူးဆိုရင် ဖြူစင်တဲ့စိတ်တွေဖြစ်နေမှာပါ။ အဲဒီလို ဖြူစင်တဲ့စိတ်ရှိတဲ့သူတိုင်းဟာ အနှောင်အဖွဲ့မှလွတ်လိုက်တဲ့ငှက်လေးလိုပါပဲ။ စိတ်ဟာ လွတ်လပ်ပေါ့ပါးပြီး နေပါတော့တယ်။ ဒီလိုစိတ်မျိုးကို အဖြူရောင်စိတ်လို့ပြောချင်ပါတယ်။

အေးရိပ်ချောင်မဟာစည်ရိပ်သာမှာ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်နေကြတဲ့ ကိုရင်လေးများ၊ ဆရာလေးများအပါး (၂၀၀) ဝန်းကျင်လောက်ရှိပါတယ်။ အဲဒီကလေးတွေရဲ့ ကျန်းမာရေးကိုစောင့်ရှောက်မှုပေးနိုင်ရန်အတွက် နေ့စဉ်လာရောက်ဆေးကုသပေးနေကြတဲ့ နှလုံးလှူဆရာဝန်များရှိကြပါတယ်။

တစ်နေ့ ဒေါက်တာဆုမြတ်မို၊ ဒေါက်တာ အေးယုယုမော်၊ ဒေါက်တာ ဝင်းယုယုဖြိုးတို့က -

"ဘုန်းဘုန်းဘုရား၊ တပည့်တော်တို့ နယ်ထွက်ဆေးကုပြီး ကုသိုလ်ယူချင်ပါတယ်။ 'ဘုန်းဘုန်းရန်ပုံငွေရှာပေးပါလား ဘုရား"

လို့ လျှောက်ထားတောင်းဆိုလာပါတယ်။ မှမျှော်လင့်တဲ့စကားကြားလိုက်ရတဲ့အခါ စိတ်ထဲမှာ ချက်ချင်းကြီး မဆုံးဖြတ်နိုင်တဲ့အတွက် -


"စဉ်းစားပါရစေဦး"

လို့ပဲ ပြောခဲ့ပါတယ်။

ညဘက် နဖူးပေါ်လက်တင်ပြီး စဉ်းစားပါတယ်။ တွေးကြည့်လေပေါ်လေ ဆိုတာလိုပဲ ဆေးဝါးအလှူလှူဒါန်းပြီး ဆေးကုသပေးတာဟာ အလွန်မွန်မြတ်တဲ့အလုပ်တစ်ခုဖြစ်တဲ့အပြင် အသက်ရှည်ကြောင်း အလှူခြောက်ခုထဲမှာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကျန်းမာခြင်းဟာ လာဘ်တစ်ပါးလို့ဆိုတဲ့အတိုင်းပဲ ကျန်းမာရေးကောင်းချင်ကြပါတယ်။ အသက်ရှည်ချင်ကြတယ်ဆိုရင် ရေစစ်၊ ဆေး၊ ကျောင်း၊ အဟောင်းပြုပြင်၊ ပဒ္ဓင်အဋ္ဌ၊ သီလဖြူစင်၊ သက်ရှည်ကြောင်းစု ကောင်းမှုခြောက်အင်လို့ ရှေးဆရာတော်များ ရာ[illegible]စုဆောင်းပြီး လက်ာစပ်ဆိုခဲ့ကြ[illegible]။ ဆိုလိုတာက ကောင်းမှုခြောက်[illegible]ပြုလုပ်ကြတဲ့သူ[illegible]တွက် အသက်ရှည်ရာ အနာရောဂါ[illegible]င်းတဲ့ အကျိုးတရားတွေ ခံစားကြရမှာဖြစ်တယ်။

ဒါနဲ့စပ်လို့ အသက်(၁၆၀)ရှည်ပြီး အနာရောဂါလုံးဝမဖြစ်ဘူးသူတစ်ယောက် သာသနာတော်မှာရှိခဲ့ဖူးတယ်။ နာမည်က အရှင်ဗာကုလပါ။ အသက်ရှည်ပြီး အနာရောဂါကင်းရတဲ့အကြောင်းကတော့ ပစ်ပယ်လို့မရတဲ့ အတိတ်အကြောင်းကောင်းမှုတွေကြောင့်ပါပဲ။

အနုဗာဒ္ဓကမ္ဘာကနေပြန်ရေတွက်ရင် လွန်ခဲ့တဲ့ တစ်အသင်္ချေနဲ့ကမ္ဘာတစ်သိန်းအထက်တုန်းက အနောမဒဿီမြတ်စွာဘုရားပွင့်တော်မူခဲ့ပါတယ်။ အဲဒီအချိန်တုန်းက အရှင်ဗာကုလလောင်းလျာဖြစ်တဲ့ အမျိုးကောင်းသားဟာ သတိသံဝေဂရတဲ့အတွက် ရသေ့ဝတ်ကာ တောထဲမှာပဲ တစ်ဦးတည်းသီတင်းသုံးတော်မူနေပါတယ်။ ဒီလိုနဲ့ အနောမဒဿီဘုရားရှင်ပွင့်တော်မူတယ်လို့ ကြားတဲ့အတွက် ဘုရားရှင်ထံဖူးမြော်ဖို့သွားခဲ့ပါတယ်။ အဲဒီမှာ ဘုရားရှင် လေနာရောဂါစွဲကပ်နေတယ်လို့ ကြားသိတဲ့အခါ ရသေ့ဟာ ဘုရားရှင်ရဲ့လေနာရောဂါကို ကိုယ်တိုင်ပဲပြုစုကုသခဲ့ပါတယ်။ ရောဂါကင်းပျောက်တဲ့အခါ ရသေ့က -





www.burmeseclassic.com

www.burmeseclassic.com

"ဘဝသံသရာမှာ တပည့်တော်ရဲ့ နွားဟာ နွားနို့တစ်ညှစ်စာအချိန်လေးကိုတောင်မှ အနာရောဂါမဖြစ်ပါစေသား"

လို့ ဆုတောင်းခဲ့ပါတယ်။

ဒီလိုနဲ့ ကမ္ဘာတစ်သိန်းမှာ ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူတဲ့အခါ ဘုရားရှင်ဟာ သာမန်သူဌေးသားတစ်ယောက်ကို အနာကင်းခြင်းဆိုတဲ့ ဧတဒဂ်ဘွဲ့ကိုပေးတော်မူပါတယ်။

ဒါကိုအားကျတဲ့ အရှင်ဗာကုလအလောင်းအလျာဟာ ဘုရားအမှူးရှိသံဃာတော်များကို နေအိမ်သို့ပင့်ဖိတ်ကာ ဆွမ်းအလှူကြီးပေးပြီး အနာကင်းရာမှာ အမြတ်ဆုံးဖြစ်ရပါလို၏လို့ဆုတောင်းခဲ့ပါတယ်။

လွန်ခဲ့တဲ့ကိုးဆယ့်တစ်ကမ္ဘာကပွင့်တော်မူခဲ့တဲ့ ဝိပဿီဘုရားရှင်လက်ထက် အရှင်ဗာကုလလျောင်းလျာဟာ ရသေ့ပြုလုပ်ပြီး တောထဲမှာနေရင်း တရားရှာနေခဲ့ပါတယ်။ ဒီလိုနဲ့ နွေဦးကာလ သစ်ရွက်ကြွေတဲ့အချိန်မှာ လေနဲ့အတူပါလာတဲ့ အဆိပ်ပန်းရနံ့ကို ရှူရှိုက်မိလို့ သံဃာတော် (၆)သန်းနဲ့(၈)သိန်း ခေါင်းကိုက်ဝေဒနာစွဲကပ်နေပါတယ်။ အဲဒီအချိန်မှာ အရှင်ဗာကုလအလျောင်းလျာရသေ့ဟာ ဘုရားကိုဖူးမြော်ဖို့ရောက်လာပါတယ်။ သံဃာတော်များ သင်္ကန်းခေါင်းမြီးခြုံပြီး ကျိန်းစက်နေကြတာကို တွေ့ရပါတယ်။ အကြောင်းပါလိမ့်လို့ စုံစမ်းတဲ့အခါမှာ သံဃာတော်များခေါင်းကိုက်ရောဂါဖြစ်နေတာကိုသိရပါတော့တယ်။ ဒါနဲ့ တောထဲသို့သွားကာ သစ်ဥသစ်ဖုများရှာဖွေပြီး ဆေးဖော်စပ်ကာ ကိုယ်တိုင်ဆေးကုသပေးခဲ့တဲ့အတွက် သံဃာတော်များလည်း ရောဂါမှကင်းပျောက်ခဲ့ရပါတယ်။

တကယ်တော့ အရှင်ဗာကုလအတိတ်ဘဝတွေတုန်းက အနောမဒဿီမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရား ဆူနဲ့သံဃာတော်များမှာစွဲကပ်နေတဲ့ ရောဂါတွေကိုပျောက်ကင်းအောင် ကုသခဲ့တာဟာ တကယ့်ကောင်းမှုကြီးခဲ့ပါပဲ။ ဘာနဲ့တူလဲဆိုရင် မြေဩဇာကောင်းလှတဲ့မြေပေါ်မှာ အလွန်ကောင်းတဲ့မျိုးစေ့ကိုကြဲချလိုက်သလိုပါပဲ၊ လယ်ခွင်မှာ စားလို့မကုန်အောင် အကျိုးပေးရသလို ဆေးဝါးအလှူပေးလှူခြင်း၊ ကိုယ်တိုင် ဆေးကုသပေးခဲ့ခြင်းဆိုတဲ့ တကယ့်ကောင်းမှုကြီးတွေကြောင့် အရှင်ဗာကုလဟာ အကျိုးတရားတွေကိုစားလို့ သုံးလို့မကုန်ဖြစ်ခဲ့ရပါတယ်။

ဒါ့ပြင် -

အခုဘဒ္ဒကမ္ဘာမှာ ကဿပဘုရားရှင်ပွင့်တော်မူပါတယ်။ သက်တမ်းက အနှစ်နှစ်သောင်းတမ်းမှာဆိုတော့ကာ လူအများအနှစ်နှစ်သောင်းအထိ အသက်ရှည်ကြရပါတယ်။ အဲဒီတုန်းက အရှင်ဗာကုလအလျောင်းလျာဟာ ကျေးရွာတစ်ခုမှာ သာမန်လူတစ်ယောက်ဖြစ်ခဲ့ပါတယ်။ တစ်နေ့ ပျက်စီးယိုယွင်းနေတဲ့ သူ့အိမ်ကိုပြန်လည်ပြုပြင်တည်ဆောက်ဖို့အတွက် သစ်ဝါးများရှာဖွေခုတ်ယူဖို့ တောထဲသို့ထွက်လာခဲ့ပါတယ်။ အဲဒီမှာ သံဃာတော်များ နှစ်ပေါင်းကြာရှည်စွာ သီတင်းသုံးတော်မူနေတဲ့ ကျောင်းလေး ပျက်စီးယိုယွင်းနေတာကိုတွေ့မြင်ရတဲ့အတွက် ထိုအမျိုးကောင်းသားစိတ်ထဲမှာ ကျောင်းကိုပါ ပြုပြင်ချင်တဲ့စိတ်တွေ တဖွားဖွားဖြစ်ပေါ်ခဲ့ပါတယ်။

အဲဒါနဲ့ အမျိုးကောင်းသားဟာ -

"ပျက်စီးနေတဲ့ ငါ့အိမ်ကိုပဲ အရင်ပြင်မလား၊ ကျောင်းကိုပဲအရင်ပြင်မလား၊ အင်းလေ ငါ့အိမ်က ငါရှိနေသ၍ ပြုပြင်လို့ရပါတယ်။ သံဃာတော်များမှာ ပြုပြင်ပေးမယ့်သူရှိမှ နေဖို့အဆင်ပြေမှာ။ ကျောင်းဟောင်းကြီးကိုပဲ အရင်ပြုပြင်ပေးတော့မယ်"

လို့ စဉ်းစားဆုံးဖြတ်ပြီး သံဃာတော်များ ချမ်းချမ်းသာသာသီတင်းသုံးနေနိုင်ဖို့အတွက် ကျောင်းဟောင်းကြီးကို စတင်ပြုပြင်တည်ဆောက်ပါတော့တယ်။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်ရောက်တဲ့အခါ အရှင်ဗာကုလဟာ လူ့ဝတ်ကြောင်ဘဝနဲ့ အသက် (၈၀) နေခဲ့ပြီး ရဟန်းပြုလို့ တရားအားထုတ်လိုက်တာ (၇) ရက်အတွင်း ရဟန္တာဖြစ်တော်မူခဲ့တဲ့အပြင် ရဟန်းဘောင်မှာ အသက် (၈၀) နေထိုင်ခဲ့ရပါတယ်။ ရဟန်းဘဝမှာ နံရံကိုမှီပြီး အိပ်စက်မှုဆိုတာလည်း မရှိခဲ့။ ရဟန်းဖြစ်တဲ့နေ့ကစလို့ ဆွမ်းသင်္ကန်းကျောင်းဆေးပစ္စည်းလေးပါးကို ဆွေမျိုးတွေဆီကသာ ရရှိအလှူခံရပါတယ်။ နှစ်ပေါင်း (၈၀) အတွင်း ပင့်ဖိတ်တဲ့ဒါယကာအိမ်ကို လုံးဝအလှူမခံခဲ့ရ။ အရှင်ဗာကုလမထေရ်ဟာ အသက်(၁၆၀)အထိအသက်ရှင်နေထိုင်ခဲ့ရပြီး အသက်ရှင်နေတဲ့သက်တမ်းတစ်လျှောက် အနာရောဂါဆိုလို့ နွားနို့တစ်ညှစ်စာအချိန်လေးတောင်မှမရှိခဲ့တဲ့အတွက် အနာရောဂါနဲ့စပ်လို့ ဆေးအဖြစ် သျှိသျှားသီးတစ်စိတ်ကိုတောင်မှ မစားခဲ့ဘူးပါ။

တွေးမိပါတယ်။ အရှင်ဗာကုလလိုမျိုး အခုခေတ်မှာရှိများရှိမယ်ဆိုရင် တကယ့်ဆေးခန်းတွေတော့ ဒေဝါလီခံသွားရနိုင်တယ်။ ဒီလိုတကယ့်တောင်းတဲ့ အကျိုးတရားတွေရရှိတာဟာ တကယ့်ကောင်းမှုကြီးကို ပြုလုပ်ခဲ့လို့ပါပဲ။

ဒီလိုနဲ့ နေမြင့်လေ အရှုးရင့်လေဆိုတဲ့အတိုင်း ဒီအကြောင်းကို တွေးလေလေ စိတ်ဝင်စားလေလေဖြစ်ခဲ့ပါတယ်။ လူတိုင်းအတွက် ကျန်းမာရေးဆိုတာ လိုအပ်တယ်။ ငါလည်း လူထဲကလူသာဖြစ်တဲ့အတွက် ကျမ်းမာချမ်းသာပြီး အသက်ရှည်ချင်တာ အမှန်ပါ။ ငါ့မှာလည်း နှစ်တိုင်းဆိုသလို ဘန်ကောက်ထွက်ပြီး ဆေးပြနေရတယ်။ ဒီဘဝတော့ ရှိစေတော့။ ဘဝသံသရာမှာ အရှင်ဗာကုလလို အသက်ရှည်ကျန်းမာဖို့လိုအပ်တယ်။ အဲဒါကြောင့် လူအများကျန်းမာဖို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိုလုပ်တော့မယ်လို့ ယတိပြတ်ဆုံးဖြတ်ချက်ချခဲ့ပါတော့တယ်။

ဒီလိုနဲ့ နှလုံးလှုဆရာဝန်များရဲ့ တိုင်ပင်ကြပါတယ်။ အဖွဲ့ကို နာမည်ပေးဖို့စဉ်းစားတဲ့အခါ အခြားအဖွဲ့အစည်းများရဲ့ဖိအားလည်းမပါ၊ အာဏာပိုင်များရဲ့ ဖိအားလည်းမပါဘဲ နှလုံးလှတဲ့အဖွဲ့ကလေးတစ်ခုအဖြစ်နဲ့ တည်ရှိစေချင်တာကြောင့် အနှောင်အဖွဲ့ကင်းပြီးဖြူစင်တဲ့သဘောဆောင်တဲ့ အဖြူရောင်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (White Medical Care) လို့ နာမည်ပေးဖြစ်ခဲ့ပါတယ်။

နှလုံးလှဆရာဝန်များကလည်း သူတို့ရဲ့ စိတ်ဆန္ဒဖြစ်ပေါ်တဲ့အတိုင်း ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးချင်ပါတယ်။ ဖြည့်ဆည်းနိုင်အောင်လည်း အမြဲတမ်းအဆင်သင့်ဖြစ်နေစေရမယ်လို့ဆိုကာ 'သင်တို့ရဲ့ ကျန်းမာရေးလိုအပ်ချက်အတွက် ငါတို့အမြဲတမ်းအဆင်သင့်ပါပဲ' ဆိုတဲ့ စာကြောင်းလေးလည်းထည့်ဖို့ တောင်းဆိုလာတဲ့အတွက် သူတို့ရဲ့ စိတ်ဆန္ဒအတိုင်းထည့်ပေးလိုက်ပါတယ်။

WHITE MEDICAL CARE (We Are Always Ready For Your Health Necessaries)

အဲဒီစာကြောင်းဟာ အဖွဲ့ရဲ့ နာမည်နဲ့သဘောထားကိုလည်း ဖော်ပြရာရောက်သွားပါတယ်။ ဒါလေးကိုပဲ အတည်ပြုခဲ့ပါတယ်။ နောက်တစ်ခုက ဆေးကုထွက်ရင် ဘယ်ကိုသွားပြီးတော့ ဆေးကုသကြမလဲဆိုတာကို စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

# ခုနှစ်နေ့သားသမီးများ
# နှစ်သက်ပျော်ရွှင်သောနေရာများ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ဗေဒအဘိဓာန်မှ -

၁။ တနင်္ဂနွေ - နတ်ကွန်း၊ နတ်အိမ်၊ ကုန်းမို့မို့နေရာများတွင် စိတ်ပျော်ရွှင်သည်။

၂။ တနင်္လာ - သစ်ပင်၊ ရေစင်၊ ရေရှိရာအရပ်တွင် စိတ်ပျော်ရွှင်နှစ်သက်၏။

၃။ အင်္ဂါ - ချုံစပ်၊ စျေး၊ ဆိပ်ကမ်း၊ မီးဖို၊ မီးမှာပျော်ရွှင်သည်။

၄။ ဗုဒ္ဓဟူး - ကျောင်း၊ ရေတွင်း၊ ရေကန်မှာ၊ အိပ်ရာနေရာမှာ၊ လမ်းမှာပျော်သည်။

၅။ ကြာသပတေး - ဘုရားစေတီ၊ ဂူ၊ ကျောင်း၊ ဇရပ်၊ ဘဏ္ဍာတိုက်မှာပျော်ရွှင်၏။

၆။ သောကြာ - အိပ်ရာနေရာ၊ လမ်းဆုံ၊ လမ်းမမှာ နှစ်သက်ပျော်ရွှင်သည်။

၇။ စနေ - တွင်း၊ တောင်ပို့၊ အညစ်အကြေးရှိရာမှာပျော်သည်။

၈။ ရာဟု - လိုဏ်ခေါင်း၊ ကွင်းပြင်၊ ရွံ့မြေ၊ သချိုင်း၊ တင်းလင်းပြင်မှာပျော်ရွှင်၏။ (ရာဟုနေ့သားသမီးဆိုသည်မှာ ဗုဒ္ဓဟူးနေ့ နေ့လယ် (၁၂)နာရီကျော်မှမွေးသူများဖြစ်သည်။)

၎င်းနေ့သားသမီးများအား သူတို့နှစ်သက်ပျော်ရွှင်သောနေရာများ၊ ဌာနများတွင် မိမိပြောလိုသောစကားများကို လိုက်ပြောပါက လွယ်ကူစွာအဆင်ပြေနိုင်သည်။

### လူငယ်များအားလုံးအတွက် ဂဏ္ဍာသယခေါ် အရေးကြီးကိစ္စများ ဆောင်ရွက်ပါ

□ အကောင်း၊ ကျောင်းအိပ်၊ စိတ်လက်မီးကင်၊ လလျှင်ရိပ်ကြည့်၊ ပသီထွက်ဝင်၊ သီးလျှင်ဝစား၊ နဂါးငြင်းခုန်မှတ်ကြကုန်။

ရွှေတောင်တော်ထိပ်ဆရာတော် စီရင်ရေးသားခဲ့သောဂဏ္ဍာသယအခါ[...] ခုနစ်နေ့သားသမီးများအတွက်၊ မိမိတို့အတွက် လိုအပ်သည့် ကိစ္စရပ်များ အောင်မြင်လိုသည့် အခက်အခဲများ အဆင်ပြေအောင်မြင်ကြစေရန် ဂဏ္ဍာသယအခါကို ဖော်ပြမျှဝေလိုက်ပါသည်။

### နေ့အလိုက်ဆောင်ရွက်ရန် မည်သည့်နေ့သားသမီးမဆို -

(၁) တနင်္ဂနွေနေ့၌ အရေးကြီး[...]သော မည်သည့်ကိစ္စမျိုးမဆို ပြုလုပ်[...]ဆောင်ရွက်ရန်သွားမည်ဆိုပါက ကုံ[...]ညွှန့်၊ ပျဉ်းတော်သိမ်၊ သပြေ (၃) ညွှန့်[...] ပေါင်း (၉) ညွှန့်ကို အုန်းရွက်နှင့်ပတ်[...] ဆောင်ပါ။ အ-အက္ခရာစာလုံး (နေ[...]

---

တယ်။ ဒါနဲ့စပ်လို့ မြို့ပေါ်ရှိလူအများကတော့ ဆေးအတွက်လွယ်ကူတယ်။ ဒါပေမယ့် ဝေးလံခေါင်သီတဲ့ ကျေးလက်တောရွာနေ ပြည်သူအများကတော့ ဆေးဝါးအတွက် မလွယ်ကူတဲ့အပြင် ဆရာဝန်လည်း ရှားပါးလှပါတယ်။ အချို့ဆိုရင် မြို့မတက်နိုင်လို့ ဆေးမြီးတိုလေးနဲ့ကုသကြရပြီး မဖြစ်သင့်တာတွေဖြစ်ခဲ့ကြရပါတယ်။ ဒါကြောင့် မြို့မှာ ဆေးကုမယ့်အစား တကယ်လိုအပ်နေတဲ့ ဝေးလံခေါင်သီတဲ့ ကျေးလက်တောရွာများကိုသွားပြီး ဆေးဝါးကုသမှုများ ပြုလုပ်ပေးရရင် ကောင်းမှာပါ။ ဒါကြောင့် အဖွဲ့ရဲ့ရည်ရွယ်ချက်တွေလည်း ပေါ်လွင်အောင် စိတ်ဓာတ်ခွန်အားလည်း ရရှိစေနိုင်တဲ့ ကဗျာလေးတစ်ပုဒ်ကို ကိုယ်တိုင်စပ်ဆိုဖြစ်ခဲ့ပါတယ်။

□ *ရောဂါကင်းစင် ပြုံးရွှင်နိုင်အောင်*
*ဝေးလံခေါင်သီ တောရပ်ဆီသို့*
*သွားဖို့လိုကသွားရပါမည်။*
*ပြည်သူအများ ချမ်းသာပွားရန်*
*စိတ်ထားကြည်ဖြူ တို့ဝိုင်းကူမည်။*
*ကျေးလက်သူတို့ ချမ်းသာဖို့။ ။*

စာရေးသူကိုယ်တိုင် ဒီလင်္ကာလေးဆိုလိုက်တိုင်း စိတ်ထဲတက်ကြွမှုတွေဖြစ်ခဲ့ပါတယ်။

ဒီလိုနဲ့ အဖြူရောင်အဖွဲ့သားများ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှာ တစ်ကြိမ်၊ ဒီဇင်ဘာလမှာ သုံးကြိမ်၊ ၁၈-၁-၂၀၁၅ အထိ၊ တစ်လပိုင်းမှာ နှစ်ကြိမ်၊ စုစုပေါင်း ခုနစ်ကြိမ်မြောက် အောင်မြင်စွာဆေးကုနိုင်ခဲ့ကြပါတယ်။ ဒီလိုဆေးကုသရတဲ့အခါမှာ လိုအပ်ချက်လေးတွေတွေ့မြင်လာရပါတယ်။ မှတ်မိပါသေးတယ်။ အဖြူရောင်အဖွဲ့ အလယ်ချောင်းကျေးရွာအုပ်စုပိုင် ကရင်စုကျေးရွာနဲ့ အနီးဝန်းကျင်ကရွာများကို ဆေးကုသပေးခဲ့စဉ်အခါတုန်းက အသက်ကြီးပြီဖြစ်တဲ့ အဘွားအိုတစ်ဦး ရင်ကျပ်တဲ့ဝေဒနာတော်တော်ကို ခံစားနေရရှာတယ်။ ဒါပေမယ့် သက်သာအောင်မပြုလုပ်ပေးနိုင်ခဲ့ဘူး။ ပြီးတော့ လူမမည်ကလေးငယ်တစ်ဦး အသက်ရှူမဝတဲ့အတွက် လက်ဖျားလေးတွေနဲ့ နှုတ်ခမ်းမှာပြာနှမ်းနေပြီး အောက်ဆီဂျင်အထူးလိုအပ်နေတဲ့အချိန်ပါ။ အဲဒီမှာလည်း ဘာမှမလုပ်ပေးနိုင်ခဲ့ရှာပါဘူး။ ဆရာဝန်များက[...] ဆေးရုံကိုအမြန်သွားဖို့ပဲ ညွှန်ပြပေး[...]ရပါတယ်။ ထိုလူနာများကို ဘာမှမလု[...] ဆောင်ပေးနိုင်တဲ့အတွက် စိတ်မကောင်း[...] ဖြစ်ခဲ့ရပါတယ်။ ခုနင်ကလူနာများအတွက်[...] ဘာတွေလိုအပ်သလဲ၊ ဘာများလုပ်ပေး[...] နိုင်စရာရှိလဲ၊ လိုအပ်တာတွေဝယ်မယ်[...] ပြီး ဆရာဝန်များနဲ့ တိုင်ပင်ပါတယ်[...] ဆရာဝန်များက အောက်ဆီဂျင်တင်[...] အငွေ့ရှူစက်တစ်စုံ၊ အောက်ဆီဂျင်တိုင်[...] တဲ့ကိရိယာတစ်ခု လိုအပ်တယ်လို့ပြော[...] လာတဲ့အတွက် ထိုပစ္စည်းများကိုဝယ်ခဲ့[...] တယ်။ နောင်မှာ အရေးပေါ်လူနာများ[...] အတွက် အဆင်ပြေအောင်လို့ပါ[...] အခြားအခြားသောလိုအပ်ချက်တွေလည်း[...] အများကြီးရှိနိုင်ပါသေးတယ်။ ပြည်သူ[...] အများကျန်းမာရေးအတွက် စွမ်း[...] သလောက် ဖြည့်ဆည်းပေးသွားမယ်[...] သန္နိဋ္ဌာန်ချလျက်။

သက်ရှည်ကျန်းမာအနာကင်းကြ[...]

ဦးဝေ[...](မြေ[...]



www.burmeseclassic.com

www.burmeseclassic.com

## စီရုံတိုင်ဌ္ဌတသဒ္ဒမ္မော

| | | |
|---|---|---|
| | သံ | |
| မ | ယျ | ဂုံ |
| | ပ | |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | န | | | | | |
| | | | | မော | တ | ဿ | | | | |
| | | | ဘ | ဂ | ဝ | တော | အ | | | |
| | | ရ | ဟ | တော | သ | မ္မာ | သ | ဗု | | |
| | ဒ္ဓ | ဿ | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ | အ | |
| ရ | ဟ | တော | ဘ | ဂ | ဝ | တော | တ | ဿ | န | မော |

| | | |
|---|---|---|
| | သံ | |
| ဂုံ | ယျ | မ |
| | ပ | |

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | ဘ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |

နမောပုံအင်းနှင့်ဂါထာ

…မှာ) လက်ညှိုးနှင့်ရေးပြီး အိမ်မှ …ခုကိုတောင်းယူ၍ ဆယ်ဖဝါးတိုင်း …သွား၊ အရှေ့မြောက်ထောင့်အရပ်ကို …နှာစတီလှည့်ပြီး စကားပြောလျှင် …လိုရှိတိုင်း ပြည့်စုံအောင်မြင်မည်။

၂။ တနင်္လာနေ့တွင် အရေးကြီး …သောကိစ္စရပ်များကို သွားရောက်ပြော …လုပ်ကိုင်ရမည်ဖြစ်ပါက ဆီးညွှန့်၊ …သစ်ညွှန့်၊ ဒန်းညွှန့် (၃) ညွှန့်စီ ပေါင်း (…) ညွှန့်ကို ကွမ်းရွက် (၃)ရွက်နှင့်ပတ်ပြီး …ဆောင်ပါ။ နဖူးမှာ က-အက္ခရာရေးပြီး …နှစ်ခန့်လှဲအိပ်ပါ။ အိမ်ကအထွက် …ဖဝါးတိုင်းသွားပါ။ တောင်အရပ်သို့ …နှာမူ၍ စကားပြောပါ။ ရွှေငွေ …လာဘ်များစွာရနိုင်၏။

၃။ အင်္ဂါနေ့တွင် ပြုလုပ်ရန် ကိစ္စ …အောင်မြင်ချောမွေ့စေရန် အုန်း၊ …လ၊ ဓနိညွှန့် (၃) ညွှန့်စီ ပေါင်း (၉) …ကို ညောင်ရွက်နှင့်ပတ်၍ဆောင်ပါ။ …ခေါင်းမှာ စ-အက္ခရာရေးပြီး လက်ကို မီးကင်၍ (၈)ဖဝါးတိုင်းသွားပါ။ အရှေ့တောင်အရပ်သို့မျက်နှာလှည့်၍ စကားပြောလျှင် မိမိဆန္ဒအောင်မြင်မည်။

၄။ ဗုဒ္ဓဟူးနေ့တွင် ကွမ်းရွက်၊ အုန်းညွှန့်၊ သပြေညွှန့် (၃)ညွှန့်စီ ပေါင်း (၉)ညွှန့်ကို ရဲယိုရွက်နှင့်လိပ်ပြီးဆောင်ပါ။ ခံတွင်းမှာ ယ-အက္ခရာရေးပြီး မိမိအရိပ်ကိုကြည့်၍ (၄)ဖဝါးတိုင်းသွားပါ။ အနောက်အရပ်သို့ မျက်နှာစတီလှည့်ပြီး စကားပြောပါ။ မိမိအလိုဆန္ဒအဆင်ပါလိမ့်မည်။

(၅) ကြာသပတေးနေ့တွင်ဆောင်ရွက်လုပ်ကိုင်မည်ဆိုပါက မြေအညွှန့်၊ ကံ့ကော်၊ သင်ညွှန့် (၃) ညွှန့်စီ၊ ပေါင်း (၉)ညွှန့်ကို သပြေရွက်နှင့်လိပ်၍ဆောင်ပါ။ မိမိ၏ညှပ်ရိုးမှာ ပ-အက္ခရာရေးပါ။ အိမ်ပေါက်ဝမှာ ဝင်လိုက်ထွက်လိုက်လုပ်ပြီးလျှင် (၃) ဖဝါးတိုင်း၍သွား၊ အရှေ့ဘက်မျက်နှာပြု၍ မိမိကိစ္စအတွက် စကားပြောပါ။

၆။ သောကြာနေ့တွင် အရေးကြီးကိစ္စလုပ်လိုပါက ဆီးညွှန့်၊ ဝါးညွှန့်၊ ဒန်းညွှန့် (၃) ညွှန့်စီ၊ ပေါင်း (၉) ညွှန့်ကို သီဟိုဠ်ရွက် သို့မဟုတ် သင်ရွက်နှင့်လိပ်ပြီးဆောင်ပါ။ ရင်ဝမှာ သ-အက္ခရာရေးပြီးတစ်ခုခုကိုစား။ (၁၂)ဖဝါးတိုင်း၍သွား၊ မြောက်အရပ်သို့ မျက်နှာလှည့် စကားပြောပါ။

၇။ စနေနေ့တွင် အရေးကိစ္စရှိလျှင် အုန်းညွှန့်၊ ပျဉ်းမညွှန့်၊ ရွက်လှညွှန့် (၃) ညွှန့်စီ ပေါင်း (၉) ညွှန့်ကို ထန်းရွက်နှင့်လိပ်ပြီးဆောင်ပါ။ မိမိ၏ချက်မှာ တ-အက္ခရာရေး။ အိမ်တွင် အငြင်းအခုံစကားပြော၍ (၉) ဖဝါးတိုင်းသွား။ အနောက်တောင်ထောင့်သို့ မျက်နှာကို စတီလှည့်ပြီး စကားပြောရမည်။

ခုနစ်နေ့သားသမီးများ တရားမျှတသောကိစ္စရပ်များ အဆင်ပြေချောမွေ့ အောင်မြင်မှုရရှိကြပါစေ။)

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

'ခါးပတ်ကျားနှင့် ကြွက်အုပ်ချုပ်ရေးမျုး' ဆိုသော ခေါင်းစီးလေးဖတ်ပြီး ဘယ်လိုလဲ ကြုံကြီးစည်ရာ၊ သပိတ်ကျင်း-ဖိုးကျော်တစ်ယောက်ပေါက်သွားပြီလားဟု သူရဿပရိသတ်ကြီးထင်ကြပေမည်။ ဟုတ်ပါသည်၊ ထင်မည်ဆိုလည်းထင်စရာကြီးဖြစ်ပါသည်။ ကြွက်မှာ အုပ်ချုပ်ရေးမျုးရှိလို့လား။

ဟုတ်ကဲ့ - ရှိပါသည်ဟု ဆိုရပါမည်။ သို့သော် အုပ်ချုပ်ရေးမျုးဟူ၍ မခေါ်ကြပါ။ ဥပမာ တောဆင်တစ်အုပ်တွင် ဗိုလ်လုပ်သော ဆင်ပြောင်ကြီးတစ်ကောင်ရှိစမြဲဖြစ်သလို ကြွက်အုပ်တစ်အုပ်တွင်လည်းအုပ်စီးသော ကြွက်ဖကြီးတစ်ကောင်ရှိ၏။ ယနေ့ခေတ်တွင်လည်း ဝေါဟာရနှင့်ဆိုရသော် အုပ်ချုပ်ရေးမျုးဟုပင် ဆိုရပါမည်။ ထို့ကြောင့်ပင် ကျွန်တော်၏ စာစုခေါင်းစီး၌ 'ခါးပတ်ကျားနှင့် ကြွက်အုပ်ချုပ်ရေးမျုး' ဟူ၍။

ကျွန်တော် ဖိုးကျော်သည် သူရဿမဂ္ဂဇင်းကြီးကို စွဲစွဲမြဲမြဲဖတ်ခဲ့သည်မှာ (၆)နှစ်ကျော်ခဲ့ပြီ ဖြစ်၏။ လစဉ်မဖတ်ရလျှင်မနေနိုင်အောင်ပင် သူရဿမဂ္ဂဇင်း Crazy ဖြစ်ပါသည်။ သူရဿမဂ္ဂဇင်းကြီးတွင်ပါဝင်သောထူးခြားဆန်းကြယ်ဂမ္ဘီရဖြစ်ရပ်တို့သည် အလွန်ပင် စိတ်ဝင်စားစရာကောင်းသလို သည်းထိတ်ရင်ဖိုလည်းဖြစ်ရ၏။ ဥပမာဖော်ပြရသော် ယခု ၂၀၁၆ ခု ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လတို့တွင် အခန်းဆက်ပါရှိနေသော ရွှေပြည်စိုး (မိုးကုတ်) ၏ 'ထွက်ပေါက်' ဝတ္ထုဇာတ်လမ်းသည် ကျောက်မျက်ရတနာတို့တူးဖော်ရသော လုပ်သားတို့၏ သက်စွန့်ဆံဖျားဘဝများ ကိုယ်တွေ့ဖြစ်ရပ်မှန်အား ရေးသားထားခြင်းဖြစ်ရာ ဖတ်ရင်းဖတ်ရင်း မိမိကိုယ်တိုင်ပင်လျှင် မြေအောက်လိုဏ်ခေါင်းအတွင်း၌ပိတ်မိနေသလို ခံစားမိ၏။

ကိုယ်တိုင်ခံစားရသလိုဖြစ်ရခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ။ ကျွန်တော်ဖိုးကျော်သည် သတ္တုတွင်းဝန်ကြီးဌာနရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနကြီး၌ (၁၉၅၉ ခုမှ ၁၉၉၆) အထိ နှစ်ပေါင်း (၃၇) နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပေရာ သတ္တုတွင်းမြေအောက်ဥမင်များအတွင်း၌လည်း တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။ ထို့ကြောင့် မြေအောက်ကမ္ဘာလိုဏ်ခေါင်းဥမင်အတွင်း ခံစားရသောစိတ်စေတသိက်ခံစားမှုများ ခံစားဖူး၏။

ကျွန်တော်ဖိုးကျော် တာဝန်ထမ်းဆောင်ခဲ့ဖူးသော တနင်္သာရီတိုင်းဒေသကြီး ကန်ပေါက်သတ္တုတွင်း၌ ခဲမဖြူအဖြိုက်နက်တူးဖော်ကြသော သတ္တုတွင်းလုပ်သား(၁၃)ဦး မြေအောက်ဥမင်ပြိုကျသဖြင့် အတွင်း၌ပိတ်မိကာ အသက်ဆုံးရှုံးရသည်ကိုတွေ့ဖူး၏။ နမ္မတူသတ္တုတွင်းမြေအောက်ဥမင်အတွင်း၌ သတ္တုတွင်းလုပ်သား ပရလောကသားတစ်ဦးနှင့်



သပိတ်ကျင်း

# ကျော်ကျော်ထွန်း

# ခါးပတ်ကျားနှင့်ကြွက်အုပ်ချုပ်ရေးမျုး



www.burmeseclassic.com

www.burmeseclassic.com

လည်း ဆုံတွေ့ဖူး၏။ ကျွားစခန်းမှ ပရလောကသူ တရုတ်မလေးတစ်ဦးနှင့်လည်း လူသားထင်၍ အင်တာနက်ချစ်သူဖြစ်ခဲ့ဖူး၏။ ထိုအကြောင်း သီးခြားရေးသားပါမည်။

ထိုထိုသော ဂမ္ဘီရဖြစ်ရပ်ဆန်းများကို မိမိကိုယ်တိုင် ကြုံတွေ့ဖူးသူဖြစ်၍ သူရဋ္ဌမဂ္ဂဇင်းကြီးတွင် အခြားသောဆရာများရေးသားကြသည့် ဂမ္ဘီရဖြစ်ရပ်များကို အထူးစိတ်ဝင်စားစွာ ဖတ်ရှုရခြင်းဖြစ်ပါသည်။ ကိုယ်တွေ့မကြုံဘူးသူများက အလကားပါကွာ ဟူ၍လည်းကောင်း၊ တိုက်ဆိုင်မှုပါကွာ ဟူ၍လည်းကောင်း ပေါ့ပေါ့တန်တန်ပင် ဆိုတတ်ကြ၏။ အလကားမဟုတ်သလို တိုက်ဆိုင်မှုဆိုသည်လည်း မမှန်ပါချေ။ အကျိုးဟူသည် အကြောင်းအားလျော်စွာဖြစ်လာ၏။ အကျိုးအကြောင်းဆက်စပ်မှုသည် အစဉ်တွဲလျက်ရှိ၏။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဖိုးကျော်သည် မြန်မာနိုင်ငံအရပ်ရပ်ရှိ တောတောင်ဒေသအများအပြားတို့တွင် ခာတ်သတ္တုသယံဇာတလေ့လာရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဘူမိဗေဒပညာရှင်များနှင့် တွဲဖက်ဆောင်ရွက်ရသူ ဆာဗေယာဖြစ်သည့်အတိုင်း ၁၉၈၉ ခုနှစ်တွင် ကဘော်ချိုင့်ဝှမ်း တမူးမြို့နယ်သို့ရောက်ရပြန်သည်။ ငယ်စဉ်ကသင်ခဲ့ရသော ဦးပန်းရီ၏ ပထဝီဝင်ဘာသာရပ်တွင် မြန်မာနိုင်ငံ၌ အရှေ့ရိုးမ၊ အလယ်ရိုးမ၊ အနောက်ရိုးမဟူ၍ တောင်တန်းကြီးများကို ပိုင်းခြားထား၏။ ယခု ကျွန်တော်တို့ ဘူမိဗေဒအဖွဲ့ရောက်ခဲ့ရသောနေရာကား အတွင်းရိုးမ ဟူ၏။

အတွင်းရိုးမ၏ အလယ်လောက်တွင် ဓားသွေးကျောက်ဟု အမည်တွင်သောချောင်းဝန်းကျင်၌ ကျောက်မီးသွေးသယံဇာတများကို လေ့လာရှာဖွေရခြင်းဖြစ်သည်။ ကျွန်တော်ရောက်ဖူးခဲ့သမျှ ကျောက်မီးသွေးသယံဇာတသိုက်များတွင် ယခုဓားသွေးကျောက်ချောင်းဝန်းကျင်မှ ကျောက်မီးသွေးကြောသည် အများဆုံးဖြစ်၏။ ကျွန်တော်တို့ ဘူမိဗေဒလေ့လာရေးအဖွဲ့သည် ထိုကျောက်မီးသွေးကြောဧရိယာ၏ အလယ်လောက်ရှိ ချော်နီချောင်းဘေးတွင် စခန်းပြုလုပ်နေထိုင်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ ရောက်ရှိနေသည့် အတွင်းရိုးမသည် သစ်တောဝါးတောကြီးများထူထပ်ပေါများသလို တောဆင်ရိုင်းများလည်းရှိသဖြင့် လုံခြုံရေးတပ်ဖြင့် အလုပ်လုပ်ရပါသည်။ ညဘက်တွင် တောသရဲကလည်း နှောင့်ယှက်သေး၏။ မေလ၏နေ့တစ်နေ့တွင် မိုးသည်းသည်းရွာသဖြင့် စခန်းတဲသို့ပြန်ခဲ့ကြရသည်။ ဝါးတောထဲဖြတ်၍လာကြစဉ် မိုးရေတို့ကလည်း ခြေမျက်စိတိုမြုပ်သည်အထိ စီးဆင်းလာ၏။ ထိုစဉ်မှာပင် ဝါးရုံများကြားမှ ရေစီးနှင့်အတူ အလုံးကြီးတစ်လုံး လိမ့်ပါလာသောကြောင့် ဘာလဲဟုကြည့်ကြ၏။

ကျွန်တော်နှင့်အတူ ဘူမိဗေဒအရာရှိလေးများဖြစ်ကြသော ကိုလွင်ကို၊ ကိုလှသန်းတို့ပါ၏။ ရေစီးနှင့်အတူ လိမ့်လာသောအလုံးကြီးသည် လူကြီးများကန်သည့်ဘောလုံးလောက်ကြီး၏။ ကျွန်တော်တို့သုံးယောက် ထိုအလုံးကြီးအား အသေအချာကြည့်ကြရာ အလွန်ထူးဆန်းသော အရာများဖြစ်နေသည့်အတွက် အံ့သြကြရပါသည်။ အခြားမဟုတ်ပါ။ မြောက်မြားလှသောဖားများ တစ်ကောင်ကိုတစ်ကောင် ဖက်တွယ်ထားကြသည့် ဖားဘောလုံးကြီးဖြစ်နေခြင်းကြောင့်ပါတည်း။

အားလုံးစားဖားအမျိုးအစားများသာဖြစ်ကြသည်။ ဘူမိဗေဒ ကိုလှသန်းက တွယ်ဖက်ထားသောဖားများကို တစ်ကောင်ချင်းစီခွာထုတ်ကြည့်ရာ ဖားအကောင်ရေ (၅၀) ကျော်တို့ ဝိုင်းဖက်ထားကြသည့် အတွင်းဆုံးမှအရာသည် လက်သီးလုံးလောက်ရှိသော ဖားမ (Female) ဖြစ်နေသည်ကို တွေ့ရပါသည်။ ကျန်အကောင်(၅၀)ကျော်သည် ဖားထီးများချည်းဖြစ်၏။

ဤတွင် ကိုလှသန်းက -

"မင်းတို့လောကမှာ အမ (Female) ဒါလောက်တောင်ရှားရသလားကွာ"

ဟု ဆိုရင်း ဖားမကို ဝေးရာသို့ လွှတ်ပေးလိုက်ပါသည်။ ထူးဆန်းလှသောဖားလုံးကြီးပါတည်း။

ယခုလည်း ဆရာရွှေပြည်စိုး (မိုးကုတ်) ၏ ထွက်ပေါက် ဖြစ်ရပ်မှန်ဂမ္ဘီရဇာတ်လမ်းအား ဖတ်ရှုရာမှ ကျောက်မျက်ရတနာတူးရင်းကျင်းပြိုကျကာ မြေအောက်တွင် ပိတ်မိနေသော လုပ်သားနှစ်ရာခန့်သည် ကိုငွားဆာနှင့် ကိုမြင့်မောင်တို့ ဦးဆောင်ရာနောက်လိုက်ပါလာကြရင်း ပေတစ်ရာခန့် ကျယ်ပြန့်သော ကျောက်သားလွင်ပြင်ကို တွေ့ရသဖြင့် အားလုံးခေတ္တရပ်နားနေကြခိုက် -

နာရီဝက်ခန့်အကြာ ဝေါဝေါဝေါ ဟူသော အသံတစ်ခုသည် တိတ်ဆိတ်မှုကိုဖြိုခွင်းလာလေ၏။ ဤတွင် ကိုငွားဆာကရုတ်ရုတ်သဲသဲဖြစ်သွားသောသူလူများအား -

'ဟေ့-အားလုံးငြိမ်ငြိမ်နေကြ။ ဒါ ကြွက်အုပ်ကြီးလာတဲ့အသံကွ။ ဒီကြွက်အုပ်ကြီးကို ငါတို့တစ်ခါမြင်ဖူးတယ်။ အောက်လှိုုလမ်းကြောင်းအတိုင်းလာနေတာ။ အဲဒါငါတို့ကံကောင်းတာပဲ'

ဟု ပြော၏။

'ဖျော ဖျော ဝေါ ဝေါ' ဟူသော အသံများသည် နီးသည်ထက်နီးလာကာ မည်းမှောင်နေသော ကြွက်အုပ်ကြီးသည် အောက်လှိုုလမ်းကြောင်းအတိုင်း အပြေးအလွှားသွားနေကြသည်မှာကြောက်ဖို့အလွန်ကောင်း၏။

"ဟာ - နည်းတဲ့ကြွက်ကြီးတွေလားကွာ' ဟု အပေါ်မှမီးထိုးကြည့်နေသူအပေါင်းက အံ့သြခြင်းကြီးစွာဖြင့်တီးတိုး ပြောကြ၏။ အကောင်တို့မှာ ကြောင်လ တစ်ကောင်မျှပင် ကြီးမားထွားကျိုင်းလှ ပေ၏။ ခာတ်မီးရောင်ကြောင့် ကြွက်တို့ ၏ မျက်လုံးများ ရဲရဲတောက်နေကြ ကြွက်အကောင်ပေါင်းသောင်းသိန်းချီ ရှိမည်ဟု ခန့်မှန်းရ၏။

အထက်ပါ စာပိုဒ်သည် ဆရာ ရွှေပြည်စိုး (မိုးကုတ်) ရေးသားသည့် ထွက်ပေါက်ဝတ္ထုဇာတ်လမ်းမှ ကြွက်အုပ် ကြီးတွေ့ရှိပုံ ဖြစ်၏။ မယုံသူများက ဒီလောက်လည်းများမယ် မထင်ပါဘူး ကွာဟု ဆိုချင်ဆိုကြမည်ဖြစ်၏။

ကြွက်ဆိုသော သတ္တဝါသည် ခေတ်အဆက်ဆက်တွင် သမိုင်းကြောင်း များ၌ တွေ့ရှိရသောသတ္တဝါ ဖြစ်၏။ ဗုဒ္ဓ စာပေတို့တွင် ဗုဒ္ဓလောင်းလျာ၏ 'နုမှ ငါးရာ' ဟု ဆိုသော ငါးရာ့ငါးဆယ် ဇာတကတို့တွင် ကြွက်နှင့်ပတ်သက် သောဇာတ်ကြောင်းတို့ပါရှိသည်ကို ဖတ် ရ၏။ နှစ်ပရိစ္ဆေဒမည်မျှဆိုသည်ကိုပင် မမှန်းဆနိုင်တော့သော အချိန်ကာလမှာ ပင် ကြွက်ရှိခဲ့ကြောင်း သိနိုင်၏။ ဗုဒ္ဓ၏ ပရိတ်ကြီး (၁၁) သုတ်တွင် ပါဝင်သော ခန္ဓသုတ်၌ ပင် 'ကြွက်' ပါ၏။

ကြွက်နှင့်ပတ်သက်သောဒဏ္ဍာ ပုံပြင်တို့သည် အများအပြားပင်ရှိ ထိုပုံပြင်များတွင် စလေအညာကပ ဆရာပုံပြင်သည် ကြွက်နှင့်ပတ်သက် လူသိများသောပုံပြင် ဖြစ်၏။ အလွ ကြောက်စရာကောင်းသည့်ပလိပ်ရော ဟူသော ကူးစက်ရောဂါသည် ကြွက် အရင်းခံဖြစ်ပေရာ ကြွက်သတ္တဝါ ပေါ့ပေါ့တွက်၍မရပေ။ထောင်သောင်း သောသတ္တဝါကို ပေါ့ပေါ့တွက်၍မရပေ ထောင်သောင်းချီသော ကြွက်အုပ်ကြီး ဖျက်ဆီးသောကြောင့် လယ်ယာသီး စိုက်ခင်းများ ပျက်စီးရ၏။

ထိုသို့ထောင်သောင်းချီ၍ များပြား လှသောကြွက်အုပ်ကြီးဖျက်ဆီးမှုကြော လွန်ခဲ့သော နှစ်ပေါင်း (၅၀) ခန့် တောင်ယာသီးနှံစိုက်ခင်းများ ပျက် ဆုံးရှုံးခဲ့ရသည့်ဖြစ်ရပ်အား ကျွန်တော် ဖိုးကျော်ကိုယ်တိုင် ကိုယ်တွေ့မျက်မြင် ကြုံတွေ့ခဲ့ဖူးပါသည်။ ခုနှစ်သက္ကရာ အတိအကျ မမှတ်မိသော်လည်း ၁၉၆၈- ၆၉ ခုနှစ်ကဟု ထင်ပါသည်။

နေရာဒေသမှာ နေပြည်တော် (ယခင်-ပျဉ်းမနား) အရှေ့ဘက်ရှမ်း ကြီးပေါ်တွင် နေထိုင်ကြသော ကရင် တိုင်းရင်းသားတို့၏ ပင်ရဲ့ မဲပေါ်



www.burmeseclassic.com

www.burmeseclassic.com

ဆစ်ထွေ၊ ဂမုန်းတောင်၊ မြေမျို၊ ဆောင်တောင်ကြီး၊ မြသီတာ၊ ပိန္နဲတိုက် စသောရွာများရှိသည်။ ထိုတောင်ပေါ် ရှိ ရှင်တိုင်းရင်းသားကျေးရွာများရှိရာ တောတောင်တို့တွင် မြေအောက်သယံ ဇာတဖြစ်သည့် ခဲမဖြူ၊ အဖြိုက်နက် သယံဇာတများလည်း ကြွယ်ဝပါသည်။

ယခင်ကိုလိုနီခေတ်ကောင်းစဉ်က ဒေသများတွင် ခဲမဖြူ၊ အဖြိုက်နက် သတ္တုတွင်းများ အများအပြား တူးဖော် ထုတ်လုပ်ခဲ့၍ စစ်ပြီးခေတ်တွင်လည်း ဆက်လက်ထုတ်လုပ်နေစဉ် ပြည်တွင်း ရောင်စုံသောင်းကျန်းမှုကြောင့် ရပ်ဆိုင်း သွားခဲ့ရပါသည်။ နာမည်ကျော် သတ္တု တွင်းများမှာ စတီးမိုင်း၊ လေတံခွန်မိုင်း၊ ဆောင်တောင်မိုင်း၊ စခန်းကြီး၊ ပဒတ်ချောင်း စသည်တို့ ဖြစ်သည်ဟု ဒေသခံတို့ကပြော သည်။ ထိုစဉ်က တောင်တန်းများကြား ရှိ ဆိတ်ဖူးတောင်ရွာ၌ ရေခဲစက်ပင်ရှိ သည်ဟု ဆိုပါသည်။

**ရန်ကုန်ဗဆွေ၏ 'ချီလေသော်လည်း' မှ ဂမ္ဘီရဖြစ်ရပ်**

ကျွန်တော်ငယ်စဉ်က ရှုမဝမဂ္ဂဇင်း သား မြဝတီမဂ္ဂဇင်းလား မမှတ်မိတော့ သောမဂ္ဂဇင်းတစ်အုပ်တွင် ရန်ကုန်ဗဆွေ ၏ ချီလေသော်လည်း ဆောင်းပါးရှည် ကို ဖတ်လိုက်ရပါသည်။ ဇာတ်လမ်း အကျဉ်းမှာ ထိုစဉ်ကာလ ၁၉၄၈ - ၄၉ ခုနှစ်များခန့်က ရောင်စုံသောင်းကျန်းသူ တောင်ငူမြို့ကို သိမ်းပိုက်ထား၏။ အတွက် မိတ္ထီလာရှိ အစိုးရတပ်မ တောင်ငူမြို့ကို တိုက်ခိုက်ရန် ချီတက် ဆောင်းပါး ဖြစ်၏။ ချီတက်ရာတွင် ကားလမ်း၊ ရထားလမ်းမှချီတက်ခြင်း ဘဲ အဆန်းထွင်ကာ တောင်တန်း မှ ခဲရာခဲဆစ်ချီတက်ခြင်း ဖြစ်၏။

ထိုတပ်မတော်တွင် ပါတီကေဒါ ဗဆွေပါ၏။ သူတို့တပ်မတော် ချီတက်လာနေကြောင်း အထက်တွင် ဖော်ပြခဲ့သော သတ္တုတွင်းနယ်မြေမှ ဒေသခံတို့ လုံးဝမသိခဲ့ကြချေ။ သို့ဖြစ် ၍ သတ္တုတွင်းတစ်ခု၏ သူဌေး သမီးသည် နံနက်လင်းသည်နှင့် အဖော်သူငယ်ချင်းများအား -

"ဒီနေ့မနက် ငါ့ချစ်သူရောက်လာ မယ်"

ဆိုကာ သူ့ချစ်သူလာလျှင် ဧည့်ခံ ဟင်းများကို အတော်များများ ချက်ပြုတ်ပြင်ဆင်ထား၏။ စီစဉ် ချက်ပြုတ်ထားရုံသာမဟုတ်သေးဘဲ -

"ငါ့ချစ်သူက လည်စည်းအနီစည်း လို့ ရှေ့ဆုံးကလာမယ်"

ဟုပါ ကြိုတင်ပြောထား၏။

သူဌေး၏ မွေးစားသမီး ကြိုတင် ပြောထား ပြင်ဆင်ထားသည့်အတိုင်းပင် မနက် (၁၀) နာရီတွင် ရန်ကုန်ဗဆွေ လိုက်ပါလာသောတပ်မတော်စစ်ကြောင်း ထိုသတ္တုမိုင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ရောက်လာ၏။ သူဌေးသမီး၏ ချစ်သူ ဆိုသော မောင် ××× (အမည်မမှတ်မိ တော့ပါ) လည်း လည်စည်းအနီဖြင့် ရှေ့ဆုံးမှချီတက်လာ၏။ သူဌေးသမီး လေးလည်း စိုးရွံ့ခြင်းအလျှင်းမရှိဘဲ အပြေးသွားရောက်ကာ သပြေပန်းဆက် ၍ ကြိုဆိုရင်း စားသောက်ဖွယ်ရာတို့ဖြင့် ဧည့်ခံကျွေးမွေး၏။

ထိုခေတ် (၁၉၄၉-၅၀) က ယနေ့ လို လက်ကိုင်ဖုန်းများမရှိသေးသလို စိတ်ကူးထဲတောင်မှမရှိသေးပေ။ တပ်မ တော်ပင်လျှင် (R.T)စက်ခေါ် ဆက်သွယ် ရေးစက်များ ရှားပါးသေး၏။ ထိုသူဌေး သမီးလေး မည်သို့သိလေသနည်း။ ထူးဆန်းသောဂမ္ဘီရဖြစ်ရပ်ဟုသာဆိုရပါ မည်။

တပ်မတော်စစ်ကြောင်းနှင့်အတူ သူပါလိုက်မည်လုပ်နေသဖြင့်အတော်ပင် တားမြစ်ရသည်ဟု ဖတ်ရပါသည်။ ထိုစဉ်က မဂ္ဂဇင်းတွင်သာဖတ်ခဲ့ရသော ဒေသသို့ ယခု ကျွန်တော်ရောက်ခဲ့ရပါ သည်။

ကျွန်တော်ဖိုးကျော်သည် ၁၉၆၉ ခုနှစ်တွင် ထိုသတ္တုတွင်းများရှိရာဒေသသို့ တာဝန်ထမ်းဆောင်ရန် ရောက်ရှိခြင်း ဖြစ်ပေရာ သတ္တုထုတ်လုပ်မှုပိသာစား စနစ်ဖြင့် ထုတ်လုပ်နေကြသော ထိုးမ တောင်မိုင်း၊ မြေမျို၊ ဆောင်တောင်ကြီး၊ မြသီတာ၊ စခန်းကြီး၊ ပိန္နဲတိုက်၊ စတီး စသော သတ္တုမိုင်းများ လှည့်လည်နေရ ပါသည်။

ထိုနှစ်များက ဝါးသုဉ်းသောနှစ် ဖြစ်၏။ သုဉ်းဆိုသည်မှာ ကုန်ဆုံးခြင်း၊ သေဆုံးခြင်း၊ အကြွင်းမရှိခြင်းဖြစ်ရာ ဝါးတောများ မျိုးပြုတ်သေဆုံးခြင်း ဖြစ် ၏။ ဝါးမျိုးတို့သည် အသီးအပွင့်ဖြစ်ပေါ် လာလျှင် သေဆုံးတော့မည့် သင်္ကေတ ဖြစ်သည်။ အသီးသီးပြီးသည်နှင့် ဝါး တစ်တောလုံးသေကြတော့၏။ ငှက်ပျော ပင်လည်း အသီးသီးပြီးလျှင် သေ၏။ အပင်ကြီးမျိုးဖြစ်သော ပေပင်တို့သည် လည်း အသီးသီးပြီးလျှင်သေ၏။

သုဉ်းခါနီး ပွင့်ကြ၊ သီးကြသော ဝါးတောတို့မှာ ထောင်သောင်းမကများ ၏။ ဝါးသီးအတွင်းမှာ ပေါ်ဆန်းမွှေး ဆန်စေ့အရွယ်ပမာဏရှိသော ဝါးစေ့ရှိ ၏။ စား၍ရ၏။ ဆန်အတိုင်း အရသာ ရှိပါသည်။ ပြုတ်စား၊ လှော်စားနိုင်၏။ တစ်တောလုံးတစ်တောင်လုံးပွင့်သီးကြ သော ဝါးသီး၊ ဝါးစေ့တို့မှာ တင်းတောင်း ဖြင့် ခြင်တွယ်လျှင် မနည်းမနောချေ။

ထိုဝါးသီးဝါးစေ့တို့ကို စားတတ် သော ရှဉ့်၊ ပွေး၊ ကြွက်တို့ စားကြ၏။ ကြွက်သတ္တဝါတွင် ကြွက်ဝမ်းဖြူခေါ် သောကြွက်က အများဆုံးဖြစ်၏။ ကြွက် ဝမ်းဖြူသည် လူနေအိမ်တို့တွင် တွေ့ရ သောကြွက်မျိုးပင်တည်း။ တောတောင် တို့တွင်လည်းရှိသည်။ ဝါးစေ့တွင် အာဟာရဓာတ်ကြွယ်ဝလှသဖြင့် ဝါးစေ့ ကို ထင်တိုင်းစားရသောကြွက်တို့ ယခင် က ကြွက်မတစ်ကောင်သည် တစ်ကြိမ် လျှင် သားပေါက်နှုန်း ခြောက်ကောင်ခန့် ရှိရာမှ ယခု အာဟာရကြွယ်သောဝါးစေ့ ကို စားရသဖြင့် နှစ်ဆတိုးပွားများလာ၏။ ထို့ကြောင့် ဝါးသုဉ်းသောနှစ်တွင် ကြွက် ဦးရေ နှစ်ဆမက တိုးပွားလာ၏။

ဝါးသုဉ်းခြင်း၊ ဝါးသီးခြင်းသည် နှစ်ပေါင်း (၂၅) နှစ်၊ (၃၀) ခန့်ကြာမှ တစ်ကြိမ်သာဖြစ်လေ့ရှိရာ ဝါးသီးဝါးစေ့ ကုန်သောအခါ လူတို့စိုက်ပျိုးထားသော တောင်ယာစိုက်ခင်းများကို စားသောက် ဖျက်ဆီးကြတော့၏။ ဝါးသီးအစွမ်း ကြောင့် ထောင်သောင်းမက များပြားလှ သော ကြွက်အုပ်ကြီးဖျက်ဆီးမှုကြောင့် တောင်ပေါ် ရွာတို့ ဒုက္ခရောက်ကြရ တော့၏။ ကြွက်များကို နှိမ်နင်းသတ်ဖြတ် ကြသော်လည်း မနိုင်ချေ။ ရင့်မှည့်စပြု နေပြီဖြစ်သော တောင်ယာစပါးခင်းတို့ ကြွက်အုပ်ကြီး တစ်ညစားရုံဖြင့်ကုန်သွား ၏။ ကြွက်အုပ်ကြီးဖျက်ဆီးမှုကြောင့် ဒေသခံတို့ရိက္ခာအခက်အခဲဖြစ်နေသည့် အတွက် ကိုယ်ထူကိုယ်ထ သတ္တုပိသာ စားစနစ် ထုတ်လုပ်ကြရန် အကူအညီ ပေးခြင်းအတွက် ကျွန်တော်တို့အဖွဲ့ ရောက်ရှိသွားခြင်း ဖြစ်ပါသည်။

**ခါးပတ်ကျားနှင့်ကြွက်အုပ်ချုပ်ရေးမှူး**

ကြွက်စားမခံရသေးသောအခင်း ရှင်တို့လည်း နေ့ချင်းပြီး ရိတ်သိမ်းကြရ သည်။ ခြွေလှေ့ခြင်းမပြုနိုင်သေးလျှင် တောင်ယာစောင့်တဲပေါ် တင်ထားရ၏။ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုသော စကားအတိုင်း များပြားလှသောကြွက်တို့



www.burmeseclassic.com

www.burmeseclassic.com

သည် အခင်းထဲမှ သီးနှံများမရှိတော့သောအခါ ညဘက်တွင် တဲပေါ်တင်ထားသည့် သီးနှံများကို လူစောင့်နေပါလျက် အတင်းတက်စားကြ၏။

မြသီတာရွာမှ ကိုထွန်းသည် တောင်ယာသာမကဘဲ လယ်ကေအနည်းငယ်ပါရှိ၏။ ကိုထွန်း၏ လယ်ကလေးသည် မြသီတာရွာ၏ အရှေ့ဘက် တောင်၊ မြောက်တန်းနေသော တောင်ကြားလွင်ပြင်(Valley)လေးတွင် ရှိသည်။ ရင့်မှည့်မှုလိုသေးသဖြင့် ရိတ်သိမ်းခြင်းမပြုနိုင်ဘဲ လူအများ ညဘက်စောင့်၍ ကြွက်ရန်ကာကွယ်နေရ၏။ ဤသည်ပင် ကြွက်အန္တရာယ်ကင်းသည်မဟုတ်ပေ။ ကြွက်ရန်ကာကွယ်ရာတွင် အိမ်ရှိလူအားလုံး ကလေးများချန်၍ ညဘက်သွားစောင့်ရခြင်း ဖြစ်၏။ လာသမျှကြွက်များကို ရိုက်သတ်၏။ ကြွက်အကောင်တစ်ရာကျော်သေလည်း လာဆဲဖြစ်၏။

ထိုကြွက်များကို ဦးဆောင်သည့် ကြွက်အုပ်ချုပ်ရေးမှူး (ကြွက်ဗိုလ်ကြီး) သည် ထူးထူးဆန်းဆန်း ခါးပတ်ကျားပါရှိ၏။ ခါးပတ်ကျားသည် ခါးတွင်ရှိသော အမွေးအရောင်က ကျားနေခြင်းမဟုတ်ဘဲ ခါးလယ်တွင် အဖြူပြောက်ကျားရောင်ကွင်းတစ်ခုစွပ်ထားခြင်း ဖြစ်၏။ သူလာလျှင် မမြင်ရဘဲသိ၏။ ခါးပတ်ကျားကွင်း(ကွင်း) နှင့် အမာခံအရာဝတ္ထုတို့ပွတ်တိုက်မိသည့်အသံ 'ဒေါက်ဒေါက်' ကို ကြားရခြင်းဖြင့် အုပ်ချုပ်ရေးမှူး ကြွက်ကြီးပါလာကြောင်း သိနိုင်၏။

ခါးပတ်ကျားကြွက်အုပ်ချုပ်ရေးမှူး၏နောက်တွင် ထောင်ဂဏန်းချီသော ကြွက်များလိုက်ပါလာ၏။ ကိုထွန်းတို့သည် ပရလောကနှင့် ပတ်သက်လျှင် ယုံကြည်သက်ဝင်သူများဖြစ်ကြပေရာ ထိုခါးပတ်ကျားကြွက်အုပ်ချုပ်ရေးမှူးကြီးအား ပရလောကမှ နာနာဘာဝဟု ထင်ရသဖြင့် ထိတ်လန့်နေကြ၏။ ထိုအကြောင်းကို နောက်နေ့တွင် ကျွန်တော်အား လာပြောပြသဖြင့် ကျွန်တော်လည်း ဒီည ကိုထွန်းတို့နှင့်အတူ လိုက်ခဲ့မည်ဟု ကတိပေးလိုက်ပါသည်။

ကိုထွန်းတို့လယ်စောင့်တဲလေးသို့ သွားရန် ပြင်ဆင်မှုများလုပ်ရပါသည်။ ထွေထွေထူးထူးတော့မဟုတ်ပါ။ ခါးပတ်ကျားနှင့်ဆိုသော ကြွက်ကြီးကိုပစ်ရန် လောက်လေးခွတစ်လက်နှင့် လောက်စာလုံး (၅၀) ခန့်၊ လက်နှိပ်ဓာတ်မီးတစ်လက်တို့ကို လွယ်အိတ်ထဲထည့်ခြင်းဖြစ်ပါသည်။ ကျွန်တော်၏ အလုပ်သမားဖြစ်သူ ဂေါ်ရခါးလူမျိုး 'မိုင်းလား' က သူပါလိုက်မည်ဆို၍ သူ့လက်စွဲတော်ဖြစ်သော 'ထရိသူလီ'လှံတံကို ယူကာ ကျွန်တော်နှင့်လိုက်ခဲ့ပါသည်။ မိုင်းလားက သူ၏ထရိသူလီလှံတံသည် သာမညလှံမျိုးမဟုတ်။ ဝိဇ္ဇာ၊ ဇော်ဂျီများသာကိုင်ဆောင်လေ့ရှိသော အစွမ်းထက်လှံတံဖြစ်၍ အသွားသုံးခွပါရှိကြောင်း နာနာဘာဝများကကြောက်ရသည့်ထရိသူလီလှံဖြစ်သည်ဟု ဆိုပါသည်။

ကိုထွန်းတို့လယ်ပွဲလေးရောက်ချိန်တွင် စပါးနှံများကို အားလုံး ရိတ်သိမ်းပြီး ဖြစ်သည်ကို တွေ့ရ၏။ ခြွေလှေ့နိုင်သမျှ ခြွေလှေ့ကာ ကျန်သေးသော ကောက်လှိုင်းစည်းများလောက်သာ တဲပေါ်တင်ထားသည်ကိုတွေ့ရ၏။ အခြားလယ်ပွဲမှ သူတို့လည်း လယ်စောင့်တဲဘေးတွင် မီးပုံကြီးများကို မြင်ရပါသည်။

ကိုထွန်းတို့သားအဖနှစ်ယောက်၊ ကျွန်တော်နှင့် မိုင်းလားတို့ကနှစ်ယောက် ပေါင်း၍ တဲဘေးမီးပုံကြီးနားထိုင်ရင်း ထွေရာလေးပါးပြောနေကြ၏။ ကြွက်အုပ်၏အရိပ်အယောင် မတွေ့ရသေးချေ။ အမှောင်ထုကလည်း တစ်စထက်တစ်စ ဖုံးလွှမ်းလာသလို လယ်ကွင်းနှင့်တောစပ်ဆီမှ 'တောက်၊ တောက်' ဟု အဆက်မပြတ် အော်မြည်နေသည့် မြွေဝပ်ငှက်၏ အသံများသာ ကြီးစိုးနေပါသည်။ ထိုအတောအတွင်းမှာပင် မြွေဝပ်ငှက်အော်မြည်သံများ ရုတ်တရက်တိတ်သွားသဖြင့် ကိုထွန်းက လက်ညှိုးတစ်ဖက်ထောင်ရင်း -

"ဟော - ကြွက်အုပ်လာပြီထင်တယ်"

ဟု ဆိုလိုက်ပါသည်။

တစ်ဆက်တည်းပင် ကြွက်အုပ်ရောက်လာပါက ချက်ချင်းရိုက်နှက်ခြင်းမပြုရန် သူ့သားအား တီးတိုးသတိပေးပါသည်။ ခါးပတ်ကျားနှင့်ကြွက်ကြီးအားပြလို၍ဖြစ်ပါသည်။

မကြာပါချေ၊ ရိတ်သိမ်းပြီး ရိုးပြတ်တောထဲမှ တဖြောဖြောတဝေါဝေါ တိုးဝင်ရှာဖွေနေသံများသောသောညံနေပါသည်။ အသံများကို နားထောင်နေရခြင်းဖြင့် မနည်းမနော ကြွက်အုပ်ကြီးဟု သိလိုက်ပါသည်။

စပါးနှံများကို ရိတ်သိမ်းပြီးဖြစ်၍ လယ်ကွက်ထဲတွင်မတွေ့လေသောအခါ တဲဆီသို့ ရောက်လာကြ၏။ တဲပေါ်တွင် ကောက်လှိုင်းစည်းများရှိနေသည်ကို အနံ့ရပုံရှိပါသည်။ လက်နှိပ်ဓာတ်မီးဖြင့်ထိုး ကြည့်ရာ မည်းမည်းလှုပ်နေသောကြွက် အုပ်ကြီးထိပ်ဆုံးတွင် ခါး၌ဖြူဖြူကျားကျ ခါးကွင်းပါသည့် ကြွက်တစ်ကောင်တွေ့ ရပါသည်။ ထိုကြွက်ကပင် ဦးဆောင်တာ တဲတိုင်ကိုတက်သည်တွင် အခြားကြွက် တို့လည်း နီးရာတိုင်များမှ အလုအယက် တက်ကြ၏။

ကျွန်တော်ဖိုးကျော်သည် ငယ်စဉ် က သပိတ်ကျင်း ဧရာဝတီမြစ်ပြင်၌ ဝဲ နေသောစင်ရော်များ၊ ရေစစ္စလီငှက်မျ ကိုပင် မလွတ်တမ်းပစ်ချနိုင်သူဖြစ်ပေ ယခု လူကိုပင်ကြောက်ရလန့်ရမှန်းမသိ သော ခါးပတ်ကျားနှင့်ကြွက်အုပ်ချုပ်ရေး မှူးကြီး တဲတိုင်ဖက်တက်နေစဉ် (၆) ပေ ခန့်အကွာမှ အနီးကပ်ပစ်ချက်ဖြင့်ပစ် လိုက်ရာ ရှေ့လက်ပြင်နေရာထိမှန်လွှ ကျသွားပါသည်။ တပည့်ကျော် မိုင်းလား ကလည်း ကျသွားသောခါးပတ်ကျားကြီး အား သူ၏လက်စွဲတော် ထရိသူလီလှံ ဖြင့် ထိုးစိုက်လိုက်ရာ ဘေးနားရှိ ကြွ နှစ်ကောင်ပါ ကိစ္စချောသွား၏။

ထရိသူလီလှံသွားတွင် အသ ပျောက်နေသော ကြွက်ကြီး၏ ခါးပ ကျားကို စစ်ဆေးကြည့်ရာ အချင်းတ လက်မခွဲခန့်ကျယ်သော တောင် ဖင်ရှည်အခွံမှ မျက်နှာဝကွင်းကြီးစွ နေခြင်းဖြစ်ကြောင်း သိကြရပါသည် တောင်ခရုဖင်ရှည်သည် ယနေ့ ပင်လ နှင့်နီးသော အောက်အရပ်ဒေသ၌ နေရသော အာဖရိကခရုကြီးမျိုးကဲ့ ပင် ဖြစ်ပါသည်။ တောင်ပေါ်ဒေသ ရှားရှားပါးပါးတွေ့ရခဲ့သောခရုမျိုးဖြစ် ထိုခရုခွံမျက်နှာဝနှင့် မည်သည့်အရွ က စွပ်နေမိသည်မသိ။ ခေါင်းပိုင်း အဆမတန်ကြီးထွားကာ ခါးသိမ် အောက်ပိုင်းရှူးနေသည့် ထူးခြားသော ကြွက်အုပ်ချုပ်ရေးမှူး (ကြွက်ထီးကြ ဘဝရောက်ရှိသွားခြင်း ဖြစ်ပါကြော ထူးခြားစွာတွေ့ရပါသတည်း။

နေရာဒေသမှန်၊ အမည်မှ အတိုင်းတင်ပြခြင်းဖြစ်ပါသည်။ မိတ်ဆေ ကြီးကိုထွန်းသာ သက်ရှိထင်ရှားရှိ သေးလျှင် အသက် (၉၀) ကျော်ပါမည် ကျွန်တော်ဖိုးကျော်ပင်လျှင် (၈၀) ကျော် ၍ . . . ။

သပိတ်ကျင်း-ကျော်ကျော်


ရှုမဝမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# စိုးမင်း(မြောက်စည်းရွာသစ်)

# နို့ကျိတ်နာနှင့်ဖွတ်ဥခြောက်

ဥတကာ ဥထဲတွင် ဖွတ်ဥသည် အကောင်းဆုံးစာရင်းထဲတွင် ပါဝင်ပါသည်။ ဖွတ်ဥတူးသည့်ရာသီရှိပါသည်။ တန်ခူး၊ ဝါဆို သည်နှစ်လသည် ဖွတ်ဥ များများရသောလများ ဖြစ်ပါသည်။

ထိုလများမှလွတ်လျှင် ဖွတ်ဥမတူးကြတော့ပေ။ အကြောင်းမှာ ထိုလများမှလွန်လျှင် ဖွတ်ဥသည် သန္ဓေကပ်၍ အကောင်လေးများ ထည့်သည့်အချိန် ဖြစ်ပါသည်။

ကျွန်တော်တို့ ယောနယ်တွင် နှစ်စဉ် ဖွတ်ဥတူးသူများရှိကြပါသည်။ ဖွတ်ဥတူးသူများသည် နေ့စွဲနှင့် အတိအကျ မှတ်သားလေ့ရှိ၏။ ဖွတ်သတ္တဝါသည် တောင်ပို့များတွင်သာဥလေ့ရှိပါသည်။ ဥချပြီးသည်အခါ မိခင်ဖွတ်မကြီးသည် ပတ်ဝန်းကျင် အနီးအနားမှသာ စောင့်ရှောက်၍ မိခင်မေတ္တာဓာတ်ဖြင့် အကောင်လေးများအဖြစ် ပေါက်ဖွားကြ၏။

ဖွတ်သားပေါက်များသည် ပေါက်ခါစတွင် အပြင်သို့မထွက်သေးပေ။ တောင်ပို့ထဲမှ ချကောင်လေးများအား စား၍ ကြီးပြင်းကြရ၏။ ကိုယ့်အား ကိုယ်ကိုးနိုင်လောက်သည့်အရွယ်ရောက်သော အပြင်ထွက်လေ့ရှိကြောင်း ဖွတ်ဥတူးသူတို့မှ ပြောပြလေ၏။

ဖွတ်ဥတူးသူများသည် တချို့က တူးနေကျတောင်ပို့အား နေ့စွဲနှင့် အတိအကျတူးကြ၏။ တချို့က ဖွတ်ဆင်းဖွတ်တက် ခြေရာကြည့်၍တူးကြ၏။ ဖွတ်ဥ တူးချင်လျှင် တန်ခူး၊ ကဆုန်လများမှာ ကြိုတင်မှာထားလျှင် များများရပါသည်။

ဖွတ်ဥသည် တခြားဥများနှင့်မတူ ထူးခြားပါသည်။ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသည့်ဥများနှင့်မတူပေ။ ထိုဥများအား ရေနွေးပွက်ပွက်ဆူဆူတွင် ထည့်ပြီးပါက မိနစ်ပိုင်းအတွင်းခဲ၍ ကျက်သော်လည်း ဖွတ်ဥကတော့မခဲပါ။ နာရီ (၂) နာရီပြုတ်လည်း မခဲပါ။ အတွင်းသားအနှစ်သည် အရည်အတိုင်း ရှိနေပါသည်။ ဖွတ်ဥပြုတ်ဟုဆိုသော်လည်း ကြက်ဥ၊ ဘဲဥကဲ့သို့ အခွံနွာ၍မရပါ။ အပေါက်ဖောက်၍ စုတ်သောက်ရပါသည်။ ဤသည်မှာ ဖွတ်ဥ၏ ထူးခြားချက်ဖြစ်ပါသည်။

ဖွတ်ဥအခြောက်ပြုလုပ်ပုံမှာ ရေနှင့်ပြုတ်ပါ။ (၁) နာရီခန့်ပြုတ်ပြီးလျှင် ပျော့စိစိဖွတ်ဥပြုတ်ရပါသည်။ထိုပျော့စိစိအတိုင်း နေမှာအခြောက်လှန်းပါ။ ရက်ကြာကြာ စိတ်ရှည်ရှည်လှန်းရပါသည်။

ပိန်ကပ်ကပ် ဖွတ်ဥခြောက်အား လေလုံဘူး၊ ပုလင်းထဲတွင် သေချာစွာသိမ်းထားပါ။ ထိုသို့မဟုတ်ဘဲ ပလတ်စတစ်အိတ်၊ စက္ကူတို့ဖြင့် ထုတ်သိမ်းထားလျှင် ပိုးစားပါသည်။ လုံခြုံစွာသိမ်းထားလျှင် (၂) နှစ်၊ (၃) နှစ် အကောင်းအတိုင်း အသုံးပြုနိုင်ပါသည်။

သားသည်မအေများ နို့ကြောင်းပိတ်ရာမှ နို့ကျိတ်နာဖြစ်တတ်ပါသည်။ နို့ပေါ်တွင် နီနီအဖုကလေးစပေါ်ရာမှ တဖြည်းဖြည်းနှင့်အနာရင်းကာ အကျိတ်အဖုအထိဖြစ်လာတတ်ပါသည်။ ထိုသို့ဖြစ်လျှင် ဆေးခန်းတွင် ခွဲစိတ်ကုသသူများပါသည်။ ခွဲစိတ်ပြီးသည့်အခါ အနာမှ ချုပ်ရိုးပြေ၍ မန်းရည်ကြည်များစီးကျကာ အနာမကျက်သူများရှိပါမည်။

တချို့ ခွဲစိတ်အပြီး ချုပ်မရသူတွေမှာ အနာခေါင်းထဲသို့ ပတ်တီးစထိုးသွင်းခံရသူလည်းရှိပါမည်။ နို့နာသည် တော်တော်တန်တန်နှင့် အနာမကျက်တတ်ပါ။ အဆီအားကောင်းသောနေရာကြောင့်ဟု ဆေးနည်းပေးသူက ပြောပြပါသည်။

သူ၏ ဇနီးသည်မှာ လွန်ခဲ့သော နှစ် (၃၀) ခန့် သားဦးမွေးစဉ်မှာ နို့ကျိတ်နာဖြစ်၍ ဆေးခန်းတွင် ခွဲစိတ်ခဲ့ဖူး၏။ ထိုစဉ်က ချုပ်မရသဖြင့် အနာထဲသို့ ပတ်တီးစထိုး၍ ကုသခဲ့သော်လည်း အနာမှာမကျက်နိုင်ဘဲရှိ၏။ နေ့စဉ်လိုလို ပတ်တီးစအထည့်ခံလာရသည်မှာ လပင်ကြာလာ၏။ ဒီအချိန် ယောကျ်ားဖြစ်သူမှ ဇနီးသည်အား ဆေးခန်းက အကိုက်အခဲပျောက်ဆေးလည်းတိုက်၏။ သူ၏ဆေးနည်းနှင့် ကိုယ်တိုင်သွေး၍ လူးပေး၏။ ထိုသို့သွေး၍ လူပေးရင်းမှ အနာမှာသက်သာလာ၏။ သက်သာလာသည်မို့ လိမ်းဆေးအား ပို၍ လိမ်းပေးရာမှ ရောဂါအရှင်းပျောက်သွားတော့၏။

ဖြစ်ခါစ နီနီအဖုကလေးနှင့် အကျိတ်ကလေးဖြစ်လာလျှင် ထိုနီနီအဖုကလေးအား ချန်လှပ်၍ ဘေးပတ်ပတ်လည်အား လိမ်းပေးပါ။ ခြောက်သွားလျှင် ဆက်လိမ်းပါ။ နောက်ထပ်တစ်ဖန် ဆက်လိမ်းပါ။ ထိုသို့လိမ်းပေးလျှင် မခွဲမစိတ်ရဘဲ သက်သာပျောက်ကင်းစေပါသည်။

ခွဲစိတ်ပြီး အနာမကျက်နိုင်သူများမှာ အနာ၏နှုတ်ခမ်းပတ်ပတ်လည်အား သွေးလိမ်းပါ။ ခြောက်သွားလျှင် နောက်ထပ်တစ်ဖန်ပြန်လိမ်းပါ။ ထိုသို့ဆက်ကာဆက်ကာ လိမ်းပေးလျှင် အမြန်ဆုံး ပျောက်ကင်းစေပါမည်။

ဖွတ်ဥအခြောက်သွေးသည့်အခါ စိတ်ရှည်ရပါသည်။ ဖွတ်ဥ၏အကာမှာ ပါးပါးလေးဖြစ်သလို အလွန်သည်းခံ၍ သွေးပါ။ ပြီးလျှင် အတွင်းသား အညိုရောင်အမှုန့်အား သင့်ရုံထည့်ပါ။ ဤသို့ အကာ အနှစ်တွဲ၍ အသုံးပြုရပါသည်။

မိတ်ဆွေကြီးမှ စာရေးသူအား ဖွတ်ဥခြောက်တစ်လုံးပေးထားပါသည်။ အသုံးလိုသူများ လာ၍ယူနိုင်ပါသည်။ မေတ္တာလက်ဆောင်အဖြစ်ပေးပါမည်။ ထိုထက် ပို၍လိုချင်လျှင် မိတ်ဆွေကြီးထံ၌ ဖွတ်ဥခြောက် (၁၅) လုံးခန့် သိမ်းထားပါသေးရာ သူ့အား စေတနာကြေးကန်တော့လျှင်ရပါမည်။

စိုးမင်း(မြောက်စည်းရွာသစ်)



www.burmeseclassic.com

www.burmeseclassic.com

ဇင်ဇင့်အဘိုး မကျွတ်မလွတ်သေးဘဲ အိမ်မှာရှိနေတယ်လို့ အမေ့ကိုပြောတော့ ဇင်ဇင့်အမေဒေါသဖြစ်ပါလေရော။

"အဖေ့ကိုဘာပြောတာလဲ၊ ဘာလို့ မကျွတ်ရမှာလဲ၊ ပေါက်ကရတွေမပြောကြစမ်းနဲ့"

ရယ်လို့ အော်တော့တာပဲ။

အဘိုးမကျွတ်သေးဘူးဆိုတာကို ဇင်ဇင်လည်းမယုံချင်ပါဘူး။ အဘိုး အသက်ရှင်စဉ်တုန်းက ဘုရားရှိခိုး၊ ပုတီးစိပ်နဲ့ ဘာသာရေးကို အတော်လေးလုပ်ခဲ့တာ ဇင်ဇင်တို့ မျက်မြင်ပဲလေ။ မြို့ဦးကျောင်းတိုက်ကိုလည်း အမြဲသွားရောက်ပြီး ဘုန်းကြီးကျောင်းဝေယျာဝစ္စတွေကို အားတက်သရော ဆောင်ရွက်ခဲ့တဲ့သူပါ။ အဘိုးက ဇင်ဇင့်အမေရဲ့အဖေပေါ့။သမက်ဆိုပေမယ့် သားတစ်ယောက်လို စိတ်သဘောကောင်းတဲ့ ဇင်ဇင့်အဖေကြောင့်လည်း ဇင်ဇင်တို့အိမ်မှာ အဘိုးလိုက်နေဖြစ်တော့ကာ ဇင်ဇင်တို့ မောင်နှမ (၃) ယောက်စလုံးကလည်း အဘိုးကို ချစ်ကြပါတယ်။

ဇင်ဇင်က ညောင်လေးပင်မြို့လေးနဲ့ သိပ်မဝေးတဲ့ ရွာကျောင်းမှာ ကျောင်းဆရာမပါ။မနက်ဆို တစ်အိမ်လုံးအတွက် ထချက်လုပ်ကိုင်ပေးပြီး ထမင်းချိုင့်ထည့်၊ ရေမိုးချိုး၊ ဖြီးလိမ်းပြင်ဆင်ပြီးတာနဲ့ ကျောင်းကိုသွားရရော။ တစ်နေကုန်ပြီးလို့ ညနေစောင်းမှ အိမ်ကိုပြန်ရောက်တော့တာ။ မောင်လေးက (၁၀) တန်းအောင်ပြီး စစ်ထဲကိုဝင်သွားလိုက်တာ အခုဆိုရင် ဘွဲ့ရလို့ တပ်ကြပ်ကြီးစာရေးဖြစ်နေပါပြီ။ သူကတော့ အိမ်နဲ့အနေဝေးတယ်လို့ ပြောရပါမယ်။ ညီမလေးက စာပေးစာယူနဲ့ တက္ကသိုလ်တက်ရင်း လမ်းထိပ်မှာ ဈေးဆိုင်ဖွင့်ထားတဲ့မိဘတွေဆိုင်မှာ ကူညီရောင်းချပေးပါတယ်။

အဖေနဲ့ အမေပါ ဆိုင်ထိုင်ကြတော့ အဘိုးက အိမ်စောင့်အဖြစ် အမြဲကျန်ရစ်ခဲ့တာပါ။

ဇင်ဇင်တို့အိမ်ရှေ့မှာ ပန်းခြံလေးတစ်ခြံဖြစ်အောင် ရေလောင်းပေါင်းသင်စိုက်ပျိုးထားလို့ အဲဒီခြံထဲကို အကောင်ပလောင်လေးတွေဝင်လာရင် အဘိုးက ခြောက်လှန့်မောင်းထုတ်ပေးပါတယ်။ ရွှံ့လေးတွေနဲ့ လောက်စာလေးကို ကိုယ်တိုင်လုံးထားပြီး အကောင်လေးတွေကို မထိအောင် လေးခွတစ်လက်နဲ့ အိမ်ပေါ်ကနေ ခြောက်လှန့်ရုံခြောက်လှန့်ပစ်တာပါ။ အဘိုးက လေးခွပစ်တော့ အတော်ကျွမ်းပါတယ်။ တစ်နှစ်က ဆိုက်ကားနဲ့ ဘုန်းကြီးကျောင်းအသွားမှာ ဆိုက်ကားမှောက်ပြီး အဘိုးခြေထောက်ကိုနည်းနည်းထိထားတဲ့အတွက်လည်း အိမ်ပေါ်ကနေ အိမ်အောက်ဆင်းရင် အခက်အခဲရှိလို့ လေးခွနဲ့ လောက်စာလုံးတွေ သူ့လက်တစ်ကမ်းမှာထားပြီးလှမ်းပစ်ရတာဖြစ်ပါတယ်။ အဘိုးက အိမ်ရှေ့ဝရန်တာလေးမှာ အမြဲတမ်းထိုင်နေတာပါ။

ဇင်ဇင်အိမ်မှာရှိလို့ နောက်ဖေးမှာ ချက်ပြုတ်နေလည်း အဘိုးကတော့ အဲဒီတာဝန်ကို အပြည့်အဝယူထားတာပဲ။ အဘိုးလက်နဲ့ယူလိုက်တဲ့လောက်စာလုံးတွေ ဖိတ်တစ်ဝက်စဉ်တစ်ဝက်နဲ့ ကြမ်းပြင်ပေါ် လိမ့်သွားသံကြားရပြီလားဆိုရင် ပန်းခြံထဲကို အကောင်တစ်ကောင်ကောင်ဝင်သွားပြီမှန်း ဇင်ဇင်ခန့်မှန်းလို့ ရပါပြီ။ ပြီးတော့ ဇင်ဇင် ဓာတ်ဘူးထဲ ထည့်ပေးထားတဲ့ ရေနွေးကို အကြမ်းပန်းကန်နှစ်လုံးနဲ့ အလဲအလှယ်သောက်မယ်။ ရေနွေးကုန်ပြီလားဆိုရင် ပန်းကန်လေးနှစ်လုံးကို တခွပ်ခွပ်နဲ့အချက်ပေးတီးမယ်။

အဲဒါဆိုရင် ဓာတ်ဘူးထဲကို ရေနွေးသွားဖြည့်ပေးလိုက်ရုံပါပဲ။

အဲဒီအလုပ်နဲ့တင် အိမ်ပေါ်မှာ အမြဲနေရပေမယ့် အဘိုးသိပ်မပျင်းရှာပါဘူး။ အဘိုးနဲ့သက်တူရွယ်တူမိတ်ဆွေတွေကလည်း အိမ်ကိုအမြဲဝင်ထွက်နေကြတော့ အဘိုးအတွက် စကားပြောဖော်ရနေပါသေးတယ်။

အဘိုးအသက် (၈၃) နှစ်ပြည့်တာနီးတစ်ရက်မှာပါ။ ဇင်ဇင် အစောကြီးထပြီး ထမင်းဟင်းချက်ပြုတ်နေခဲ့ပါတယ်။ ဆောင်းတွင်းဆိုတော့ အအေးဓာတ်ကလည်း စိမ့်နေတာပါပဲ။

"ငါ့မြေးရေ၊ အဘိုးမီးဖိုထဲလာခဲ့မလားဟေ့"

စောစောနိုးလာပုံရတဲ့ အဘိုးက မီးဖိုထဲမှာ ဇင်ဇင်ရှိမှန်းသိတော့ လှမ်းအော်လိုက်တာဖြစ်ပါတယ်။ ဇင်ဇင်တို့ မိသားစုတွေက တစ်ခါတစ်ရံ မီးဖိုနားဝိုင်းထိုင်ပြီး အချမ်းပြေအောင် မီးလှုံတာ ချက်ကြပြုတ်ကြ၊ စကားဝိုင်းဖွဲ့ပြောကြ လုပ်တတ်ကြပါတယ်။ အဲဒီအခါမှာ အဘိုးလည်းပါတာပေါ့။ အခု ဇင်ဇင်တစ်ယောက်တည်းရှိပေမယ့် အဘိုး မီးလာလှုံချင်လို့ လှမ်းအော်တာပါ။



# ငွေသော်တာလင်း
(ညောင်လေးပင်)

## စွဲလမ်းစိတ်ကို တည်ရာမှီရာ



www.burmeseclassic.com

www.burmeseclassic.com

"ဘကြီး၊ မီးဖိုထဲမသွားနဲ့လေ။ ကျွန်တော် ဘကြီးနားမှာသံပြားနဲ့အုတ်ခဲ ခြင်း မီးလာထည့်ပေးပါ့မယ်"

ဇင်ဇင်ဖြေမလို့လုပ်တုန်း အိမ်အောက်ဆင်းသွားတဲ့ အဖေက ကြားပြီး ညည်းအော်လိုက်တာပါ။ ဇင်ဇင်အဖေက ယောက္ခမကို ဘကြီးလို့ခေါ်ပါတယ်။ သံယောဇဉ်လည်း အရမ်းရှိရှာတာပါ။ ဒါ့ကြောင့် ခြေထောက်မကောင်းတဲ့ အဘိုး သက်သာအောင်လို့ အခန်းထဲမှာ မီးနှိုးပေးမလို့ စီစဉ်လိုက်တာဖြစ်ပါတယ်။

ထင်းခြောက်ကလေးတွေပွေ့ပြီး အဖေအိမ်ပေါ်တက်လာတော့ အဘိုး အခန်းထဲက တံခါးတွေလိုက်ဖွင့်နေသံကို ကြားလိုက်ရပါသေးတယ်။ မြန်ဆန်တက်ပုံက အဖေအခန်းထဲလည်းရောက်သွားရော ဗီရိုကြီးကိုမှီပြီး အဘိုးခေါင်းက စောင်းကျနေပါပြီ။ အဖေ့အော်သံကြောင့် အိမ်သားတွေအပြေးရောက်သွားတော့ အဘိုးအသက်မရှိတော့ပါဘူး။ ဇင်ဇင်တို့အကုန်လုံး တစ်အိမ်တည်းနေပြီး အဘိုးအသက်ကိုမမီလိုက်ကြတဲ့အတွက် ယူကျုံးမရဖြစ်ကြရပါတယ်။ ဒါပေမယ့် အသေအချာစဉ်းစားကြည့်ရင် အဘိုးအသေကောင်းတယ်လို့ ပြောရမှာပါ။

ရက်လည်ဆွမ်းသွတ်ပြီးလို့ ကိုးရက်မြောက်နေ့မှာ အဘိုးကို ဇင်ဇင်အိပ်မက်မက်ပါတယ်။ အဘိုးဆုံးသွားတုန်းက အလောင်းကို အိမ်အလယ်မှာ အလောင်းဆင်ထားတာပါ။ အိပ်မက်ထဲမှာ အဘိုးက အဲဒီနေရာလေးမှာ ဖျာကို ဖြန့်ခင်းပြီး ထိုင်လိုက်ပါတယ်။ ဘေးမှာလည်းအထုပ်အပိုးတွေချထားပါသေးတယ်။ ဘာမှတော့ မပြောပါဘူး။ မနက် ဇင်ဇင်နိုးတဲ့အချိန်မှာ အဘိုးကိုစိတ်စွဲပြီး မက်တာလို့ပဲ ယူဆမိပါတယ်။

ထူးတာက အဲဒီရက်နောက်ပိုင်းမှာ အဘိုးကို မကြာမကြာအိပ်မက်မက်တော့တာပါပဲ။ အဘိုးနေပူဆာလှုံနေတာ၊ အိမ်ပေါ်မှာသွားလာနေတာတွေကို အိပ်မက်လိုလို၊ တကယ်လိုလိုတွေ့တွေ့နေရပါတော့တယ်။ တစ်ခါများဆို အိပ်မက်ထဲမှာ သူမသေသေးဘူး။ ဒီအိမ်မှာ ဇင်ဇင်တို့ကိုစောင့်ရှောက်ပြီး နေနေရတယ်လို့ ပြောသွားပါတယ်။ အိပ်မက်



www.burmeseclassic.com

ဆိုတော့လည်း စိတ်စွဲရင်မက်တတ်တာမို့ ဂရုမထားမိပါဘူး။ ဒါကြောင့် အိမ်သား တွေကိုတောင် မပြောပြမိပါဘူး။

တစ်လပြည့်ဆွမ်းကျွေးပြီးတဲ့အခါ မှာ အမေတို့က အိမ်ကိုလည်းကျင်းပြီး အိမ်တွင်းအုန်းတွေလဲနဲ့သန့်ရှင်းရေးလုပ် ကြပါတယ်။ အဲဒီညမှာ ဇင်ဇင့်အိပ်မက် ထဲ အဘိုးရောက်လာပါတယ်။ အိမ်ပေါ် မှာ သူအမြဲနေလို့မရလို့ အိမ်အောက်က ကွပ်ပျစ်မှာဆင်းပြီးတော့နေရတော့မယ်။ တစ်ခါတစ်ရံမှ အိမ်ပေါ်တက်ခဲ့မယ်လို့ ပြောသွားပါတယ်။ အဲဒီအိပ်မက်မက်ပြီး ဇင်ဇင်သိပ်မသက်ာတော့ပါဘူး။ ဘာဖြစ် လို့ အဘိုးကို အိပ်မက်ခဏခဏမက်နေ ရမှန်းလည်း မသိတော့ပါဘူး။ ဇင်ဇင် အရမ်းကြောက်တတ်တာ အဘိုးလည်း သိပါတယ်။ ဒါပေမယ့် အိပ်မက်တွေက ဇင်ဇင်ချည်းပဲခဏခဏမက်နေတော့တာ ပါ။ အိမ်သားတွေမက်တယ်လို့ တစ်ခါမှ တောင်ပြောသံမကြားရပါဘူး။ နောက် တစ်ခါ အိပ်မက်ကပိုတောင်ထူးခြားလာ ပါတယ်။ အိပ်မက်ထဲမှာ အဘိုးက ပိန်ချုံး နေရှာပါတယ်။ ဇင်ဇင့်ဘေးမှာရှိနေတဲ့ အဖေ့ကို -

"သားရေ၊ ငါအစားမစားရတာ ကြာပြီကွာ။ မင်းတို့က ငါ့ကိုအစာလည်း မကျွေးကြဘူး။ အခုငါအရမ်းဆာနေပြီ"

လို့ ပြောပါတယ်။

အဖေက မီးဖိုထဲအမြန်ပြေးဝင်ပြီး ပန်းကန်ထဲထမင်းတွေထည့်လာပါတယ်။ အဘိုးကိုပေးတော့ လှမ်းမယူရှာပါဘူး။ ဇင်ဇင်လည်း သတိရပြီး ဆွမ်းတော်တင် ထားတဲ့ပန်းကန်ကို အပြေးသွားစွန့်မိပါ တယ်။ ပြီးတော့ ခြံပြင်ကို ပြေးအထွက် မှာ ခြံတံခါးတစ်ဖက်တစ်ချက်ကနေ အဝါ ရောင်နဲ့ အစိမ်းရောင်အဝတ်အစား ပြိုးပြိုးပြက်ပြက်ကို ဝတ်ဆင်ထားတဲ့ နတ်နှစ်ပါးက ဘာလုပ်မလို့လဲလို့ ဇင်ဇင့် ကိုလှမ်းမေးပါတယ်။ ဇင်ဇင်က အဘိုး ကိုကျွေးဖို့လို့ပြောတော့ ကျွေးပါကျွေးပါ လို့ ခွင့်ပြုတာနဲ့ ခြံပြင်ခုံတန်းလေးပေါ် ပန်းကန်တင်ကျွေးလိုက်ရာ အဘိုးက ပလပ်ပလပ်မြည်အောင်ကို အားရပါးရ စားရှာပါတယ်။

ဇင်ဇင် လန့်နိုးသွားတော့ အဲဒီ ပလပ်အသံကို နားထဲမှာကြားလိုက်ရ တော့တာပါပဲ။ ဇင်ဇင်ကြက်သီးတွေ တောင်ထသွားပါတယ်။ အဲဒီအိပ်မက် မက်ပြီးကတည်းက ဆွမ်းတော်စွန့်ရင် သတ္တဝါဝေနေယျများသာမက မကျွတ် မလွတ်သေးသူများအတွက်ပါ ဒါနပြုပါ တယ်လို့ပြောပြီးစွန့်မိပါတော့တယ်။

စိတ်ထဲမှာမတင်မကျနဲ့မို့ ဘယ်သူ့ ကိုမှ ဖွင့်မပြောဖြစ်ပါဘူး။ တစ်ရက်တော့ ညနေခင်းကျောင်းကပြန်လာပြီး မီးဖိုထဲ မှာ ချက်ပြုတ်နေပါတယ်။ ဆိုင်ကနေ ခဏပြန်လာကာ ရေမိုးချိုးပြီးသွားတဲ့ အဖေလည်း ဆိုင်ပြန်သွားပြီမို့ အိမ်မှာ ဇင်ဇင်တစ်ယောက်တည်းပါ။ အလုပ်ထဲ မှာ စိတ်နှစ်လုပ်ကိုင်နေတုန်း အိမ်ရှေ့ ခန်းကနေ လက်ဖက်ရည်ကြမ်းပန်းကန် နှစ်လုံးတခွပ်ခွပ်နဲ့ ရိုက်သံကိုကြားရပါ တော့တယ်။ ပထမတော့ ဇင်ဇင်ကြောင် သွားပါတယ်။အဲဒီအသံက အဘိုးရေနွေး ကြမ်းသောက်ရင်းကုန်သွားရင်လာထည့် ပေးဖို့ ဇင်ဇင်တို့အိမ်သားတွေကို အချက် ပေးခေါ်နေကျအသံပါ။ ဇင်ဇင်အိမ်ရှေ့ ကိုအပြေးထွက်ကြည့်တော့ ဘာမှမတွေ့ ရပါဘူး။ အကြမ်းပန်းကန်နှစ်လုံးကလည်း နံရံကပ်ထားတဲ့ ဗီရိုပေါ်မှာ တစ်လုံးနဲ့ ဧည့်ခန်းစားပွဲပေါ်မှာတင်ထားတဲ့တစ်လုံး ဟာ တစ်ခွက်နဲ့တစ်ခွက် အဝေးကြီးမှာ ပါ။ မီးဖိုထဲဇင်ဇင်ဝင်သွားတာနဲ့ ပြန်ကြား ရပြန်ပါတယ်။ ကြားလိုက်၊ ထွက်ကြည့် လိုက်နဲ့ (၃) ခါလောက်ဖြစ်ပြီးတဲ့အခါမှာ တော့ အရမ်းကြောက်တတ်တဲ့ ဇင်ဇင်ဟာ အိမ်ပေါ်မှာမနေရဲတော့ပါဘူး။ မိဘတွေ ရှိတဲ့ လမ်းထိပ်ကဈေးဆိုင်ကို တန်းပြေးခဲ့ တော့တာပါ။

အမေ့ကိုလည်း အဘိုးမကျွတ် မလွတ်သေးဘဲ အိမ်မှာရှိနေတယ်လို့ အခိုင်အမာပြောဖြစ်ပါတော့တယ်။ မက် ခဲ့သမျှ အိပ်မက်တွေကိုပါ စီကာပတ်ကုံး ပြောဖြစ်ခဲ့တာပါ။ အမေက မယုံသည့် အပြင် သူ့အဖေကို အဲဒီလိုပြောရပါ့ မလားဆိုပြီး စိတ်ဆိုးသွားပါရော။

အဲဒီတော့မှ ညီမလေးကလည်း ဝင်ပြောရှာပါတယ်။

"ဇင်ဇင်ကအရမ်းကြောက်တတ် လို့ သမီးဖွင့်မပြောခဲ့တာ။ အဘိုးက သမီး ကိုလည်း အိပ်မက်ပေးတယ်။ သမီးတို့ကို စိတ်မချလို့ ဒီအိမ်မှာ ခြောက်လနေပြီး စောင့်ရှောက်ပေးဦးမယ်တဲ့"

ဇင်ဇင်နဲ့ ညီမလေးတို့ ဘယ်လို ပြောပြော စိတ်ဆိုးနေတဲ့အမေက လုံးဝ လက်မခံပါဘူး။

"အဖေ့ကိုဘာပြောတာလဲ၊ ဘာလို့ မကျွတ်ရမှာလဲ၊ ပေါက်ကရတွေမပြော ကြစမ်းနဲ့"

ရယ်လို့ အော်တော့တာပဲ။

ဘာကြာလိုက်လို့လဲ။ ဇင်ဇင် ကျောင်းနောက်ကျတဲ့ တစ်နေ့မှာပါ။ အမေကိုယ်တိုင် ညနေခင်း ဆိုင်ကပြန် ပြီး ထမင်းဟင်းချက်ပါတယ်။ အဲဒီအချိန် မှာပဲ အိမ်ရှေ့ခန်းမှာ လောက်စာလုံးတွေ လိမ့်နေတဲ့အသံကိုကြားရပါတော့တယ်။ အမေထွက်ကြည့်တော့ ဘာမှမတွေ့ပါ ဘူး။ ခဏခဏကြားလို့ ခဏခဏ ထွက်ကြည့်တယ်။ ဘာမှမတွေ့တဲ့အခါ မှာ အမေယုံသွားပါတော့တယ်။ အဲဒီ တော့ ဝမ်းနည်းပြီးငိုရှာပါရော။

ဇင်ဇင်တို့တစ်အိမ်သားလုံး အဘိုး အတွက်,စိတ်မကောင်းဖြစ်ကြရပါတယ်။ ဒါပေမယ့် အိမ်မှာတော့ တစ်ယောက် တည်းစီမနေရဲကြတော့ပါဘူး။ အမြဲတမ်း နှစ်ယောက်လောက်တော့ အနည်းဆုံး နေရပါတော့တယ်။ အဖေကယောက်ျား လေးဆိုတော့ မကြောက်ပါဘူး။ အဖေ့ ကိုလည်း အဘိုးကအိပ်မက်တောင်မပေး ရှာပါဘူး။ ဇင်ဇင်ကတော့ အဘိုးကို ချစ်ပေမယ့် အရမ်းကြောက်နေပါတယ်။ ညီမလေးအိပ်မက်ထဲကအတိုင်းဆိုရင် အဘိုးက (၆) လနေရင် ထွက်သွားမှာ ဆိုတော့ ဇင်ဇင်တို့လည်း အသာစောင့် ကြည့်နေရပါတယ်။

(၆) လပြည့်ခါနီးမှာ ဇင်ဇင် အိပ်မက်ထပ်မက်ပါတယ်။ အိမ်မှာ အဘိုးအတွက် (၆) လပြည့်အလှူလုပ် ရာမှာ သံဃာတော်တွေသာမက သီလ ရှင်များကိုပါ ဆွမ်းကပ်ရပြီး အမျှဝေတဲ့ အခါမှာ ကြေးစည်ရိုက်ပြီး အမျှပေးဝေ ပေးကြပါတယ်။ အဲဒီအိပ်မက်အကြောင်း ကိုတော့ အိမ်သားတွေကို ပြောပြထား လိုက်ပါတယ်။

အပြင်မှာ အဘိုး (၆) လပြည့် တကယ်လုပ်တဲ့အခါမှာ မြို့ဦးကျောင်း က သံဃာတော် (၅) ပါးကို ပင့်ဖိတ်ပြီး ဆွမ်းကျွေးအလှူလုပ်ပါတယ်။ အဲဒီနေ့ က အဖိတ်နေ့ဖြစ်နေလို့ ကမ္မဋ္ဌာန်း ကျောင်းမှ သီလရှင်မျာ း ဇင်ဇင်တို့အိမ် ရှေ့ကို ဆွမ်းဆန်ခံကြွလာတာနဲ့ ကြ ကြိုက်သွားပါတယ်။ ဇင်ဇင်တို့က ပ ဖိတ်ပြီး ဆွမ်းကပ်တဲ့အခါ အမျှဝေတော့ သီလရှင်တစ်ပါးက ကြေးစည်ထုပေး အတွက် ကြေးစည်ရိုက်သံနဲ့ သာဓုခေ သံတွေလွှမ်းသွားပါတော့တယ်။ ဇင်ဇင် အိပ်မက်ထဲကအတိုင်း တိုက်ဆိုင်နေတာ မို့ အိမ်သားတွေအားလုံး အံ့ဩခဲ့ရ တော့တယ်။

ဆွမ်းကျွေးပြီး တစ်ပတ်လော ကြာတော့ အိပ်မက်ထဲမှာ မာစီးစီး အနက်ရောင်နဲ့ နောက်မှာ ဆလွန်းတ အဖြူရောင်တစ်စီး ဇင်ဇင်တို့အိမ်ရှေ့

www.burmeseclassic.com

ဒေါ်နေနေနိုင်ရည်
(တိုင်းရင်းဆေးပညာ)

# မြန်မာ့ဆေးစွမ်းကောင်း

ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် အေးချမ်းစွာနေခဲ့ကြသောကျွန်ုပ်တို့မြန်မာ လူမျိုးများသည် ရှေးဟောင်းရာဇဝင် အရုပ်ရုပ်တို့ဖြင့် လည်းကောင်း၊ ကျောက်စာပုံပြင်ဂန္ထဝင်အရုပ်ရုပ်တို့ဖြင့် လည်းကောင်း၊ ရှေးဟောင်းဆေးကျမ်း အရုပ်ရုပ်တို့ဖြင့် လည်းကောင်း၊ ကုထုံး ဝေဒအရုပ်ရုပ်တို့ဖြင့် လည်းကောင်း၊ နှိုင်းချိန်ဆ၍ကြည့်လိုက်သည်ရှိသော် ရောဂါဝေဒနာတို့အတွက် ပျောက်ကင်း ချမ်းသာစေနိုင်သော ဆေးစွမ်းကောင်း များနှင့်တကွ သမားကောင်းများကို တွေ့မြင်ရပေ၏။

ကျွန်ုပ်တို့ ငယ်ရွယ်စဉ်အခါက ဖတ်ခဲ့ဖူးသော ကြားနာဖူးသော စာပေ ကျမ်းဂန်များထဲ၌ မင်းတုန်းမင်းတရား ကြီးများ၏ ဆေးဘက်ဆိုင်ရာဗဟုသုတ များကို သိရှိခဲ့ရပါသည်။ ထိုအခါတွင် ကိုယ့်နန်းတွင်းမှဘုရင်မင်းမြတ်တို့အသိ အမှတ်ပြု၍ ခန့်ထားအပ်သော သမား တော်ကြီးများ၏ နဖူးပြင်၌ လယ်ယာမှ ထက်ဝဲသို့တိုင် ဣန္ဒြာဘိသက္ကစသော စာတမ်းကြီးများကိုလည်းကောင်း၊ မဟာ ဘိသက္က စသော စာတမ်းကြီးများကို လည်းကောင်း တွေ့မြင်ရသဖြင့် အလွန် ကြည်ညိုလေးစားမိပေ၏။

ထိုဆရာကြီးများကား -

အာယုဗ္ဗေဒသတ္တောဒက္ခာ၊ သတ္တ ညောပိယ ဒဿနာ၊ သေဌသီလ ဂုဏူ ပေတော၊ ဧသောဝဇ္ဇော၊ ပသံသိတော ဟူသော ရာဇနီတိကျမ်းလာ ဂါထာနှင့် အညီ -

၁။ အာယုဗ္ဗေဒကျမ်းကိုလည်း တတ်သိကျွမ်းကျင်ခြင်း ဤနေရာတွင် အာယုဗ္ဗေဒ ဟူသောစကားကို အချို့ ဆရာတို့က သက်ကြည့်ဗေဒင်ဟုအနက် ပြန်ဆိုကြသည်မှာ မသင့်ပေ။ အဘယ် ကြောင့်ဆိုသော် သဒ္ဒကပ္ပဒုမအဘိဓာန်၌ အာယုဗ္ဗေဒါတိ တိကစ္ဆာသတ္ထာဟု ဖွင့်ဆို သောကြောင့် အာယုဗ္ဗေဒမှာ ဆေးကျမ်း အမည်ဖြစ်ကြောင်းသိရ၏။

၂။ ပိဋကတ်ပညာဘုသ် အစရှိသော ဆေးကျမ်းအစောင်စောင်ကိုလည်းတတ် သိရခြင်း။

၃။ ရှုချင်စဖွယ် တင့်တယ်သော ရုပ်ဆင်းအင်္ဂါလက္ခဏာနှင့်လည်း ပြည့်စုံ ခြင်း။

၄။ မြင့်မြတ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့်ပြည့်စုံခြင်း ဟုဆိုအပ်သော သမားကောင်းသမားမြတ် တို့၏ လက္ခဏာအင်္ဂါတို့ရှိခြင်းကြောင့် အဘယ်မှာလျှင် မကြည်ညိုဘဲရှိနိုင်ပါ အံ့နည်း။ ထိုသို့သော အင်္ဂါလက္ခဏာ ပြည့်စုံသော သမားကြီးများ၏မိန့်ခွန်းစာ ကို ကြားသိ မှတ်သားရဖူးသည်မှာကား ရှေးအခါက မိဖုရားနှင့်တကွ နန်းတွင်း သူနန်းတွင်းသားဖြစ်ကြသည့် မင်းသား၊ မင်းသမီးတို့ကို လည်းကောင်း၊ ကိုယ်လုပ်မောင်းမမိဿံအပျိုတော်များ ကို လည်းကောင်း မမာမကျန်းဖြစ်သည့် အခါ၌ ယခုအခါကဲ့သို့ လက်ကိုဆွဲ၍ ဖြစ်စေ၊ ကိုယ်ကိုတွေ့ထိသုံးသပ်၍ဖြစ်စေ၊ စမ်းသပ်ခြင်းမပြုဘဲ သွေးတိုး၊ သွေးထွက်၊ အပူ၊ အအေးတို့ကို ရောဂါအမည်နှင့် တကွသိရန်အတွက် ကမ်းလှမ်းလိုက် သော လက်ချောင်းဖျားလေးကို သမား တော်၏လက်ညှိုးဖျားဖြင့် အနည်းငယ်မျှ တင်လိုက်ရုံနှင့်ပင် မည်သည့်ရောဂါဟု အမည်ပေးနိုင်၍ ဆေးချက်ကိုလည်း ပိုင်နိုင်စွာ ဝေဖန်လျက် ပျောက်ကင်း အောင် ကုသနိုင်ကြောင်း။ ဤနည်း အတိုင်းပင် လူတစ်ကိုယ်လုံးတွင်ရှိသော ကောဋ္ဌာသဟု ဆိုအပ်သော အစိတ် အပိုင်း(၃)မျိုးတွင် တစ်မျိုးမျိုးကိုမြင်တွေ့ ရုံမျှနှင့်လည်း ရောဂါ၏အမည်ကိုပေး၍ တိကျသောဆေးချက်ဖြင့် ပျောက်ကင်း ချမ်းသာအောင် ကုသနိုင်ကြောင်းကို ကြားသိခဲ့ရပေသည်။ ထို့မှတစ်ပါးလည်း တောင်တွင်းမင်း သီရိဇေယျာမောင်နှံတို့ ကောင်းမှုဖြစ်သော ပုဂံမြို့တက်နွယ် ကျောင်းကျောက်စာ၌ကား 'ပိဋကတ် ဋီကာ၊ ပိဋကတ်နိဿျည်း' ဟု ရေးထိုးထား ခြင်းဖြင့် ပုဂံခေတ် မူလအချို့ကျောက်စာ များ၌ မြွေဆေးများကိုပင်ရေးထိုးထား

ထွက်လာပါတယ်။နောက်က ကားအဖြူ ထဲမှာ ကုလားမလေးတွေလိုက်ပါလာပြီး ဆံနွှာတွေကိုပြင်ဆင်ထားသော်လည်း ဆံနွှာသေကြီးတွေနဲ့ပါ။ အဘိုးက ရှေ့ခုံမှာရှိတဲ့ကားအနက်ရောင်ပေါ်ကို [illegible]အပိုးတွေနဲ့တက်သွားပါတယ်။

"အဘိုး၊ မြို့အနောက်ဘက်က တောရွာမှာနေရမယ်။ အဲဒီဘုရားနဲ့ကပ် လျက်မှာ ဘုန်းကြီးကျောင်းရှိတယ်။ ကျောင်းပင်ကြီးတစ်ပင်နဲ့ ဘုရားငုတ်တို တစ်ဆူရှိသေးတယ်။ နောက် (၂) နှစ် ကြာရင် အဲဒီဘုရားငုတ်တိုကို ပြုပြင်ကြ လိမ့်မယ်။ အဘိုးသွားပြီနော်"

ရပ်ကြည့်နေတဲ့ ဇင်ဇင့်ကို အဘိုး လှမ်းပြောသွားတာပါ။ ကားကြီးနှစ်စီး လုံး တရွေ့ရွေ့ထွက်သွားတဲ့အခါမှာ အဘိုးက လက်ပြသွားရှာပါတယ်။ အဲဒီ နောက်တော့ အဘိုးကို ဇင်ဇင်အိပ်မက် မမက်တော့ပါဘူး။ ဇင်ဇင်တို့မိသားစု လည်း ယုံသလိုလို၊ မယုံသလိုလိုနဲ့နေ လာကြရာက နောက် (၂) နှစ်ကြာတဲ့ အခါမှာ အဘိုးပြောခဲ့သလို ညောင်လေး ပင်မြို့ အနောက်ဘက်အစွန်က ဘုရား ငုတ်တိုတစ်ဆူကို တကယ်ပဲပြန်လည် ပြုပြင်လျက်ရှိကြောင်း ဇင်ဇင်တို့ကြားရ ပါတော့တယ်။

တိုက်ဆိုင်မှုတွေများပြားလာခဲ့တဲ့ အတွက် ဇင်ဇင်တို့ မယုံလို့မရခဲ့ပါဘူး။ အဲဒီအဖြစ်အပျက်တွေက ဇင်ဇင်တို့ မိသားစုဘဝမှာ တကယ့်ကို အမှတ်တရ ရှိနေခဲ့ပါတော့တယ်။ ဒီအဖြစ်အပျက် အကြောင်းအရာလေးကို သိကြရမယ် ဆိုရင် အဲဒီလူတွေရဲ့စိတ်ထဲမှာ ဘယ်လို ယူဆကြမလဲဆိုတာ ဇင်ဇင်ဖြင့် သိချင် လိုက်တာ။

(အဖြစ်အပျက်မှန်တစ်ခုကို ဝန်ခံ ပြောပြခဲ့သော ညီမငယ်လေးမိသားစုကို ကျေးဇူးတင်ပါတယ်)

ငွေသော်တာလင်း
(ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့မြင်ရပြန်သည်။ ထိုသို့ပင် စွမ်းဆောင်နိုင်သော်လည်း အဆင်မပြေသော သို့မဟုတ် လူနာနှင့် သမားမအပ်စပ်သောအခါ၌ကား ကုသ၍ပင်မရနိုင်အောင် ဖြစ်တတ်ချေ၏။

ကြားဖူးသိမှတ်ဖူးသောအကြောင်းများမှ တောင်သာဆရာနှင့် စကြာဒေဝီမိဖုရားတို့အကြောင်းကို ပြောပါဦးမည်။ ကြားဖူးရသည်မှာ ပဥ္စမသံဃာယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ကျမ်းဂန်ရာဇဝင်ဗေဒင်နက္ခတ်အရပ်ရပ်တို့ကို နှံ့စပ်အောင် ကျွမ်းကျင်တတ်သိသော မိဖုရားခေါင်ကြီးဖြစ်သည့် စကြာဒေဝီမိဖုရားကြီးသည် အခါတစ်ပါး၌ မခံမရပ်နိုင်လောက်အောင် ခေါင်းကိုက်ဝေဒနာစွဲကပ်လာရာ နန်းတွင်းရှိ သမားတော်ကြီးများနှင့်ကုသော်လည်း ပျောက်ကင်းချမ်းသာခြင်း လုံးဝမရှိနိုင်ရကား ပြင်ပမှဆေးဆရာကောင်းများကို စုံစမ်းစေရာ တောင်သာဆရာကြီး ဆရာမှုန့်၏ ဆေးကုပုံစွမ်းရည်သတ္တိကို ကြားသိတော်မူသဖြင့် အမိန့်တော်မြတ်နှင့် ဆရာမှုန့်အား ရတနာပုံနေပြည်တော်သို့ ခေါ်ယူ ဆွေးနွေးလေရာ ဆရာကြီးက ပျောက်ကင်းအောင် ကုသနိုင်ကြောင်း ဝန်ခံကတိပေးသဖြင့် ကုသရန် အမိန့်ရရှိလေ၏။

ထိုအခါ ဆရာကြီးသည် မိဖုရားခေါင်ကြီးအား နွားကသော လှည်းကြမ်းပေါ် အခင်းထက်တွင်ထိုင်စေကာ အမဲခြောက်ဖုတ်ကိုရှူစေပြီးလျှင် လှည်းကိုခေါက်တုံ့ခေါက်ပြန်စိုင်းနှင်းစေ၍ ကုသသဖြင့် မိဖုရား၏ရောဂါမှာ မကြာခင်ပျောက်ကင်းသွားသော်လည်း လူနာမှာ ပင်ပန်းနွမ်းချည့်၍ ခြေမသယ်နိုင်လက်မသယ်နိုင်ဖြစ်ရတော့၏။

ထိုအခါ အရှင်မင်းတုန်းမင်းတရားကြီးက မိန့်တော်မူသည်မှာ -

"တောင်သာဆရာ၏ ကုသပုံမှာ ငါ၏မိဖုရားရောဂါမှာမူ ပျောက်တော့ပျောက်ကင်း ချမ်းသာပါ၏။ သို့သော် အလွန်တရာကြမ်းတမ်းလှပေစွ။ နန်းတွင်းသမားတော်ကြီးအဖြစ်မသုံးထိုက်ပေ"

ဟု မိန့်တော်မူပြီးလျှင် ဆုတော်လာဘ်တော်အဖြစ် ထန်းသမားဦးရေ (၁၀၀)တက်လောက်သောထန်းပင်တို့ကို တောင်သာမြို့တွင်စားစေဟု ထန်းလျှိုးဓား (၁၀၀) စားအဖြစ် ပေးတော်မူလေ၏။

မိတ္ထီလာမြို့၌လည်း တောင်သာဆရာမှုန့်၏သား ဆရာမှဲ့ဆေးကုကောင်းပုံမှာ မိတ္ထီလာမြို့သူကြီး ဦးမောင်ကလေး၏ဇနီး မြို့သူကြီးကတော်သည် တစ်ခါ၌ မီးယပ်သွေးဆုံးနှင့်ယှဉ်၍ မမာမကျန်းသဖြင့် တောင်သာဆရာမှဲ့အား ခြေကြွခငွေ (၁၀၀) ဖြင့် ပင့်ခေါ်လေရာ ဆရာကြီးက လူမမာ၏ ခေါင်းရင်းဘေးမှထိုင်ကာ နဖူးမှခြေဖျားအထိ နှစ်ခါပြန်ကြည့်ပြီးလျှင် ကျောက်ဆည်က အုန်းစိမ်းရည်ကိုတိုက်ရန်ပြောကြား၍ပြန်ကြွသွားလေ၏။

ကျန်ရစ်သူများလည်း ဆရာကြီးပြောသည်ကို သာမန်မျှအောက်မေ့ကာ မိတ္ထီလာဈေးထဲမှ အုန်းသီးကိုဝယ်၍ အရည်ကိုတိုက်လေရာ မပျောက်ဘဲရှိနေ၏။

သို့ဖြင့် တောင်သာဆရာမှဲ့အား ဒုတိယအကြိမ် ခြေကြွ ငွေ (၁၀၀) ဖြင့် ပင့်ရပြန်လေရာ ကြွလာပြီးစစ်ဆေးလျှင် သူပြောသည့်အတိုင်း ကျောက်ဆည်အုန်းရည်ကိုမတိုက်၍ အနည်းငယ်စိတ်ဆိုးပြီး -

"အခုငါပြောတဲ့အတိုင်း ကျောက်ဆည်အုန်းရည်ကိုတိုက်"

ဟု ပြောသည့်အတိုင်း ဝယ်၍တိုက်လေသော် မီးယပ်သွေးဆုံးယှဉ်၍ဖြစ်နေသောမြို့သူကြီးကတော်၏ရောဂါမှာ ယူပစ်သလို ပျောက်ကင်းသွားလေတော့၏။ ဆရာကြီးကရောဂါအကြောင်းနှင့် အုန်းပင်တို့ပေါက်ရာ ဇဂ်လအရပ်နှင့် နွောပကအရပ်တို့၏ ဓာတ်သဘောချင်းမတူ ကွဲလွဲပုံတို့ကို ပြောပြ၍ သွားပုံများကိုလည်း မှတ်သားဖတ်ခဲ့ရဖူးပါသည်။

စင်စစ်အားဖြင့် လူတို့၏ကျန်းမာမှုသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟုဆိုအပ်သော အကြောင်းတရား (၄) ပါး၏ ပြုပြင်မှုအပေါ်မှာတည်ကြောင်းကို ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည်။ ကံဆိုသည်ကား ကမ္မသဒ္ဒါမှလာ၍ ပြုမှုမှုပင်ဖြစ်ကာ ဘဝဟောင်းက ပြုခဲ့သော အတိတ်ကံ၊ မျက်မှောက်၌ ပြုလုပ်နေသောပစ္စုပ္ပန်ကံ၊ နောင်ဘဝတို့၌ ခံစားကြရန် ပြုလုပ်နေကြသော အနာဂတ်ကံ ဟူ၍ သုံးပါးရှိပေ၏။ ထို့ကြောင့် မိမိတို့ကျန်းမာရေးအတွက် သို့မဟုတ် ရောဂါဘေးမှကင်းဝေးစေရန်အတွက် ဘဝဟောင်းကပြုခဲ့သောကံကို မသိနိုင်ကြစေကာမူ ပစ္စုပ္ပန်၊ မျက်မှောက်၌ကား ကျန်းမာရေးအတွက် အာရောဂျံ ပရမံ လာဘံ ဟူ၍ ဓမ္မပဒပါဠိတော် ပဒေသနဒီကောသလမင်းကြီး၏ဝတ္ထု၌ ဟောတော်မူသည့်အတိုင်း ကိုယ်ပိုင်ဉာဏ်နှင့်ယှဉ်သောဝီရိယကံကို ပြုလုပ်ကြရမည် ဖြစ်ပေ၏။ ဒုတိယအချက်ဖြစ်သော စိတ်မှာလည်း လူတို့၏ရောဂါကင်းဝေးမှု ကျန်းမာရေးနှင့် အတော်ပင် သက်ဝင်လျက်ရှိသည်။

စိတ္တေနနိယတိလောကောဟူသော ဒေသနာတော်နှင့်အညီ လက်ရှိသတ္တဝါအပေါင်းတို့ကို စိတ်သည် ဆောင်ကြဉ်းလျက်ရှိသဖြင့် မိမိတို့၏စိတ်ဓာတ်ကိုလည်း မွန်မြတ်သန့်ရှင်းအောင် အထူးပင် မွေးမြူအပ်၏။ (၃)အချက်ဖြစ်သော ဥတုအရမှာလည်း အထူးပင်အရေးကြီးလှပေ၏။ ထိုတွင် အအေးဟု ဆိုအပ်သော သီတဥတု၊ အပူဟု ဆိုအပ်သော ဥဏှဥတုတို့သည် သက်ရှိသတ္တဝါတို့၏ ကျန်းမာရေး၊ ရောဂါရရေး၊ မရရေးတို့ကို ပြုပြင်တတ်ပေ၏။ ဆေးကျမ်းများ၌လည်း အအေး၊ အပူတို့ကိုသာမက ကုန်းကြည်းဟုဆိုအပ်သောဇဂ်လအရပ်၊ အင်းအိုင်ရွှံ့ညွန်ထူထပ်သောနွောပကအရပ်တို့ကိုလည်း ဆိုသည့်အပြင် သမားဆိုအိုစေဆိုသည့်အတိုင်း အတွေ့အကြုံများ၍ သမားသက်ရှည်စေရမည်ဟု ဆိုထားပေသည်။

ဤနေရာတွင် ကျွန်ုပ်တို့တွေ့ရှိရသမျှကို ဉာဏ်မီသမျှဖြင့် ရေးပြလိုသေးသည်မှာ ကျွန်ုပ်တို့မြန်မာလူမျိုးများသည် အဆိုပါ အအေး၊ အပူစသော ဇဂ်လ နွောပက စသည်အရပ်တို့မှ လူဖြစ်ကြသည်ဖြစ်စေ၊ အဆိုပါအရပ်တို့မှ လွတ်ကင်း၍ လူဖြစ်လာကြရသည်ဖြစ်စေ မိမိတို့၏ ရိုးရာအစားအသောက်များကို ဥတုအားလျော်စွာ စားသောက်မှီဝဲအပ်ပေ၏။ အဘယ်ကြောင့်ဆိုသော် မိမိရိုးရာသီဥတုအားလျော်စွာ လူဖြစ်၍လာသောသူတို့သည်၊ မိမိတို့၏ရိုးရာတိုင်းရင်းဖြစ် အစားအသောက်များဖြင့် ကြီးထွားလာသူများသည် ရောဂါဘယလည်းနည်းနိုင်သမျှ နည်း၍သွားမည့်အပြင် အကယ်၍ ရောဂါဖြစ်ပွား၍လာပြန်ကလည်း မြန်မာသမားရိုးကျဆေးဖြင့် ကုသပျောက်ကင်းချမ်းသာနိုင်မည်မှာ ပေသည်။

ဒေါ်ခြေနုနေနိုင်

(တိုင်းရင်းဆေးပညာ

**ကျမ်းကိုးကားချက်**

၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလထုတ်
သမားတော်စာစောင်



www.burmeseclassic.com

www.burmeseclassic.com

## ရောဝတီမြစ်လယ်က
## ...ဒေသတ် ကျွန်ဝစ်သား၊ ဓောလူးမင်းနဲ့ ရေမန်တို့ရဲ့
# ငြိမ်းတော်သာကျွန်းသို့တစ်ခေါက်
### ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)




ကျွန်းတော်ကျွန်းရဲ့ အထင်ကရ ပုဂံခေတ်က
ကုလားကျောင်းခံ မောင်တော်ဦးဘုရား

ညလေဟာ သန့်စင်အေးကြည်
နေပါတယ်။ သနပ်ခါးစိုက်ခင်း
တောကြားမှာ ရောက်နေရတာ
ထဲမှာလည်း တမာနဲ့တွေကသင်း
ချုပ်အိုကြီးရဲ့သစ်သားတံခါးပေါင်
ကိုတော့ကြည့်လိုက်တော့ ဖြူနုစ်နေ
ချောင်မှာ တမာပန်းအခိုင်ခိုင်တွေ
လှုပ်ရှားနေကြရဲ့။ သစ်ရွက်လှုပ်
ကြားမှာ စက်လှေ့ခုတ်မောင်း
တ ထိုးခွဲဝင်ရောက်လာပြန်ပေ့ါ။

ခပ်ဝေးဝေးဆီမှာ တဂျုန်းဂျုန်းမြည်နေတဲ့
အသံတွေကတော့ မြစ်ထဲကနေ ကျောက်
စရစ်တွေစုပ်ယူနေသံပါတဲ့။ လေအဝှေ့
မှာ ဆည်းလည်းသံတွေလွင့်ပျံလာပြန်
ပေ့ါ။ ဘုရားရင်ပြင်ပေါ် ကိုကြွေကျနေတဲ့
သစ်ရွက်တွေ မဟာရံတံတိုင်းဘက်ကို
တရှဲရှဲမြည်ရင်း ပြေးကပ်သွားနေရဲ့။
တမာနံ့တွေထုံရစ်တဲ့ည္တေစ်ညပါ။



ကျွန်းတော်ကျွန်းပေါ်က
ပုဂံခေတ်ရှေးဟောင်းဂူဘုရားများ



ကျွန်းတော်ကျွန်းရဲ့ အထင်ကရ ပုဂံခေတ်က ကုလားကျောင်းခံ မောင်တော်ဦးဘုရား



ကျွန်းတော်ကျွန်းပေါ်က
ပုဂံခေတ်ရှေးဟောင်းဂူဘုရားများ



ဓိကျောင်းရဲမြို့ဟောင်းက ဘုရားတစ်ဆူ



www.burmeseclassic.com

www.burmeseclassic.com



ဖောင်တော်ဦးဘုရားအတွင်းဂန္ဓကုဋိတိုက် အလယ်မဏ္ဍိုင်မှ ဆင်းတုတော်လေးဆူ



ဖောင်တော်ဦးဘုရားအတွင်းဂန္ဓကုဋိတိုက် အလယ်မဏ္ဍိုင်မှ ဆင်းတုတော်လေးဆူ



ဖောင်တော်ဦးဘုရားအတွင်းဂန္ဓကုဋိတိုက် အလယ်မဏ္ဍိုင်မှ ဆင်းတုတော်လေးဆူ




ဖောင်တော်ဦးဘုရားအတွင်းဂန္ဓကုဋိတိုက် အလယ်မဏ္ဍိုင်မှ ဆင်းတုတော်လေးဆူ





ကျွန်းတော်ရွာ၊ ဇာလီတိုက်ကျောင်းက ကိုရေနံနဲ့ မှန်စီရွှေချဘာတိုက်



ကျွန်းတော်ကျွန်းရဲ့ အထင်ကရ ပုဂံခေတ် ... ကုလားကျောင်းနဲ့ ဖောင်တော်ဦးဘုရား

ပြည်ထောင်စုနေ့မှာ ချင်းပြည်နယ် ကန်ပက်လက်မြို့အနီးက နတ်မတောင်ဝိတိုရိယတောင်ထိပ်ကိုရောက်ခဲ့ပါတယ်။ တောင်ဇလပ်ပန်းနီနီတွေကို တဝမွှေးရှိုက်ပြီးပြန်ဆင်းလာတဲ့အခါ ဆောမြို့အလွန်မှာ ခရီးဖော်ဖြစ်တဲ့ကိုမောင်မောင်ငွေက ဝါကြွင်ကြွင်ခတ်ပုံတစ်ပုံကိုပြပြီးပြောပါတယ်။

သူတို့ညီအစ်ကိုဟာ ကလေးဘဝက မိဘတွေအလုပ်နဲ့ သရက်မြို့ကိုရောက်တုန်း နွေကျောင်းပိတ်ရက် ဇာလီတောင်မှာ ကိုရင်ဝတ်ကြသတဲ့။ အဲဒီတုန်းက ကျေးလူရှင် ဇာလီတောင်ဆ... တော်ဘုရားကြီး (ဦးသီရိသုမင်္ဂလာ... သက်တော်ထင်ရှားရှိနေဆဲပင်ဖြစ်သ... သူတို့ကို ကိုရင်ဝတ်၊ ဘုရားစာတွေ... ပေးတဲ့ ဥပဇ္ဈာယ်ဆရာကတော့ ... ကြီး ဦးလာဘပါ။ ခုခါမှာ ဇာလီတော...



www.burmeseclassic.com

www.burmeseclassic.com




မြန်မာ့အရပ်အရှည်ဆုံးဖိနပ်ကလေး-
ခြေထောက်မှီပြင်ပြင်လှမ်းမိလဲတဲ့ရွှေဘုရား




ဖောင်တော်ဦးဘုရားအတွင်းဂန္ဓကုဋိတိုက်
အလယ်မဏ္ဍိုင်မှ ဆင်းတုတော်လေးဆူ



ကျွန်းတော်ကျွန်းပေါ်က
ပုဂံခေတ်ရွှေဟောင်းဂူဘုရားများ



ကျွန်းတော်ရွာ ဇာလီတိုက်ကျောင်းတောက စွယ်တော်ရှင်စေတီတော်



ကျွန်းတော်ကျွန်းရဲ့ အထင်ကရ ပုဂံခေတ်က
ကုလားကျောင်းခံ ဖောင်တော်ဦးဘုရား



ဖောင်တော်ဦးဘုရားအတွင်းဂူနံရံများမှ အဓိုးတန် နံရံဆေးရေးပန်းချီများ

ဆရာတော်ကြီးပျံလွန်တော်မူသွားပေမယ့် ဦးပဉ္စင်းကြီးကတော့ ဧရာဝတီမြစ်လယ်က ကျွန်းတော်ရွာ ဇာလီတိုက်ကျောင်း ဆရာတော်ကြီး (ဦးလာဘ) အဖြစ် သက်တော် (၉၄) နှစ်ရှိနေပြီး ကျန်းကျန်းမာမာပါပဲတဲ့။ အဲဒါ သူ့ဆရာ ပျံလွန်တော်မမူခင် သွားရောက်ဖူးမြော်ချင်လို့ သူ့ကားလေးနဲ့ ခရီးနှင်မယ်။ လိုက်ဦးမလားတဲ့။ ဒီလိုနဲ့ (စကားပြောရင် ကိုယ့်ဆရာ၊ ကိုယ့်ဆရာလို့ သုံးနှုန်းပြောတတ်လို့ ကိုယ်တို့အခေါ် ကိုယ့်ဆရာ) ရဲ့ ဥပဇ္ဈာယ်ဆရာရှာပုံတော်ခရီးကိုလိုက်ပါဖြစ်ခဲ့တယ်။ မတ်လ ၁၄ ရက်နေ့မနက်မှာ ကိုယ့်ဆရာ၊ သူ့ဇနီး ကျောက်မဲသူ မဝါ၊ ကျောက်မျက်သင်တန်းဖော်ညီမငယ် ဇာနည်တို့နဲ့အတူ ခရီးနှင်ခဲ့ကြပြီး အဝေးပြေးလမ်း သပြေရိပ်မှာ မနက်စာစားတော့မှ သူ့ကို ခရီးလမ်းကြောင်းက ဘယ်လိုလဲလို့မေးမိပါတော့တယ်။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com


ရေ၊ သူလည်း တစ်ခါမှမရောက်ဖူးဘူးတဲ့။ မိကျောင်းရဲထိသွားပြီး အဲဒီမှာမှ ရွာကလူတွေဆိုင်ကယ်နဲ့ လာကြိုမယ်တဲ့။ အဲဒီလိုနဲ့ ခရီးသွားဟန်လွှဲဆိုသလို လမ်းမှာလည်း တောင်တွင်းကြီးကို ဖြတ်ရတော့ ဗိဿနိုးပျူမြို့တော်ဟောင်းကို ဝင်ခဲ့ပါသေးတယ်။

တောင်တွင်းက ထွက်လွန်ခဲ့ပြီး 'မကွေး-သစ်ရာကောက်-ကိုးပင်-အောင်လံဖြတ်လမ်း' ဆိုတဲ့လမ်းညွှန်ဆိုင်းဘုတ်ကြီးလွန်တော့သစ်ရာကောက်ကိုရောက်ပါတယ်။ သစ်ရာကောက်အရောက်မှာပဲ ကျွန်းတော်က အကြိုထောက်သူတွေရဲ့ဖုန်းခေါ်သံကိုဖမ်းမိတယ်။ သူတို့က မိကျောင်းရဲကနေစောင့်ကြိုနေကြသတဲ့။






ကျွန်းတော်တလိုက်ကျောင်းရဲ့လက်ရှိ ဆရာတော်ဦးလာဘနဲ့ မှုလဆရာတော်ကြီးပုံ



ဖောင်တော်ဦးဂူဘုရားဆောက ဆေးဖက်ဝင် ကျွဲပေါက်ပင်



ခွင်ဖေါင်းပုံမှစ်ဦးနဲ့ ရှေးဘုရားတစ်ဆူရဲ့ မြေအောက်ခန်းအဝင်မှစ်



ကျွန်းတော်၊ တလိုက်ကျောင်းဆောက ကျောက်စာရုံ



ဖောင်တော်ဦးဘုရားအတွင်းဂူနံရံများမှ အဖိုးတန် နံရံဆေးရေးပန်းချီများ







ဗိဿနိုး-ပျူမြို့ဟောင်းသို့ အဝင်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ချိန်ညွှန်အမှတ်အသားမှာ မိကျောင်းရဲ သို့ (၁၁) မိုင်၊ မကွေးသို့ (၃၁) မိုင်၊ ဆောင်တွင်းကြီးသို့ (၂၁) မိုင်လို့ တွေ့ ကိုက်ရတယ်။ လမ်းဘေးဝဲယာကအညာ ဒေသရှုခင်းတွေကို ကြည့်ကောင်းနေ ချိန်မှာပဲ မကွေးမြို့နယ် မိကျောင်းရဲကို ရောက်ခဲ့ပေါ့။ အိမ်ခြေ (၇၉၀)၊ အိမ် ထောင်စု (၈၀၈)၊ လူဦးရေ (၄၂၀၀) ရှိတဲ့ ကိုက်နယ်မြို့ငယ်လေးပါ။ မိကျောင်းရဲ မြစ်တမ်းစပ်မှာ ကားကိုခဏရပ်ပြီးတော့ ကြီးမားလှတဲ့ကုက္ကိုပင်ကြီးတွေအောက် ကနေ ရောဝတီကိုငေးမောခဲ့ကြတယ်။ မြစ်ထဲမှာတော့ စက်လှေနဲ့ လှေတွေ ကြက်တောင်စိုက်ထိုးဆိုက်ထားကြတယ်။ ဘတ်ယာဘက်ခပ်ဝေးဝေးမှာတော့ ဧရာ ဝတီမြစ်ကူးမလွန်တံတားကြီးပါ။ ရောက် ကွန်းရောက်ခိုက်မှာ မြို့လယ်လမ်းက လောကမာရဇိန်ဘုရားဝင်းကို နေပူပူမှာ ခြသုတ်သုတ်ပြေးဝင်ပြီးဖူးခဲ့ကြတယ်။

မိကျောင်းရဲကနေ တောင်ခွင်ရွာ ကို ကားနဲ့ဆက်လက်သွားခဲ့ရတယ်။ ကြိုတော်ထောက်လာတဲ့ ဦးသိန်းလွင် ကိုဆိုင်ကယ်တွေက ရှေ့မလှမ်းမကမ်း ကနေ ဦးဆောင်ခေါ်သွားကြတာပါ။ ကြမ်းကြမ်းတောင်ကြားလမ်းလေးရဲ့ တံတားတံတားကျိုးနေလို့ ဘေးတောင် ဆောင်းတပန်းပြီးမောင်းခဲ့ရတယ်။ လမ်း ဘေးခပ်လှမ်းလှမ်းမှာတော့ ကျောက် တောင်ကြီးတွေ၊ ဝါခင်းဟောင်းတွေကို မြင်ရတယ်။ ပတ်ဝန်းကျင်တစ်ခွင်လုံး က အတော့်ကိုပူပြင်းလောင်မြိုက်နေရဲ့။ ဒီလိုနဲ့ ဖုန်တထောင်းထောင်းထနေတဲ့ လမ်းလေးကိုဝင်ခဲ့တယ်။ ဖုန်အလိမ်း နဲ့ဆိုင်းဘုတ်အရ 'တောင်ခွင်ရွာ' ပါ ။ ခပ်မြင့်မြင့်အိမ်ဝင်းတစ်ခုထဲ ကား ထောင်းတက်ပြီး ကျောက်စရစ်စုပ်တဲ့ ခေါင်းလုံးကြီးတွေပုံထားတဲ့ဘေးမှာ ကားရပ်ထားခဲ့ပြီး အဝတ်အိတ်တွေဆွဲ ပြီး ဧရာဝတီမြစ်ဆိပ်ကိုဆင်းခဲ့ကြတယ်။

စက်လှေရောက်လာတဲ့အခါမှာ ကျွန်းတော်ကို ခရီးဆက်ကြပါတယ်။ ကျွန်းတော်ဟာ ဧရာဝတီမြစ်လယ်က ကျွန်းလေးမို့ ရေလက်ကြားလို့ခေါ်တဲ့ ကျဉ်းကျဉ်းနေရာကနေမောင်းထွက် ကြတယ်။ ကျန်စစ်သားတို့ခေတ်တုန်း ကတော့ တောင်ခွင်ဘက်ကမ်းကနေ ရေဟာ ရေပြင်သိပ်မကျယ်ဘဲ ကျွန်း ဘက်တဆက်ခပ်ကျဉ်းကျဉ်းမို့ ကျွန်း ကိုဆီကို သိပ်မခက်ခဲဘဲ ကူးလာနိုင်ခဲ့ တယ်။ မိနစ် (၂၀) လောက် စက်လှေ မောင်းပြီးတဲ့ခါ ရွာကမ်းစပ်ကို ရောက် သွားတယ်။ သောင်ပြင်ကိုဖြတ်ပြီး အမြင့် ပိုင်းက ရွာထဲကိုတက်ခဲ့ကြတာ ဆိုင်ကယ် တွေနဲ့ ဘုန်းကြီးကျောင်းကိုဆက်သွားရ တယ်။

ဧရာဝတီမြစ်လယ်က မြေနုကျွန်း မဟုတ်တဲ့ ကျွန်းတော်ဟာ (၂) မိုင် ပတ်လည်ရှိလို့ ရွာတွေ၊ လယ်ကွင်း-စိုက် ခင်းတွေ၊ စာသင်ကျောင်းပါရှိနေရဲ့။ ကျွန်းပေါ်မှာ တုန်းကိုးကုန်း ၊ အင်းကိုး အင်း၊ အိုင်ကိုးအိုင်ရှိလို့ ဆန်းစပါး၊ ပဲကြီး၊ ကုလားပဲ၊ ပဲလွန်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ စတဲ့ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း၊ လူးတွေ စိုက်ပျိုးကြ၊ ဧရာဝတီမြစ်ကြီးကိုအမှီပြုပြီး ငါးဖမ်းကြတယ်။ ရွာရဲ့အိမ်တိုင်းမှာစိုက် ထားတဲ့ သနပ်ခါးပင်တွေလည်း တွေ့ရ တယ်။ 'ကျွန်းသနပ်ခါး' ဟာ နာမည်ကျော် ပြီး လေအိုက်လို့ အပင်လှီးရင်တောင် တစ်ပင်ကို နှစ်သောင်းခွဲ သုံးသောင်းရ ပြီး အပင်ကြီးပြီး အပွေးလှလှနဲ့ကောင်း ရင် ငါးသောင်း၊ ခြောက်သောင်း ရပါ တယ်။ ဒီလိုနဲ့ တမာပင်ကြီးတွေအုပ်ဆိုင်း နေတဲ့ဇာလီကျောင်းကိုရောက်ခဲ့ပါတယ်။ ကျွန်းတော်ရွာ၊ ဇာလီတိုက်ကျောင်းနဲ့ စွယ်တော်ရှင်စေတီ။

အုတ်တံတိုင်းထူထူကြီးနဲ့ ကျောင်း ဝင်းဝက အုတ်တိုင်ဝင်ပေါက်ရှေ့မှာ ဆိုင်ကယ်တွေရပ်ပြီး ဘုန်းကြီးကျောင်း ထဲဝင်ခဲ့ကြတယ်။ အုတ်နံရံမှာ ဇာလီ တိုက်ကျောင်းလို့ မှန်စီရွှေချအမည်ရေး ထိုးထားတဲ့ သုံးထပ်အုတ်တိုက်ကြီးပေါ် ကို အုတ်လှေကားကြီးကနေတက်ခဲ့ကြ တော့ ဆရာတော့်ကို တစ်ခန်းလုံးပြည့် မှန်စီရွှေချဘုရားကျောင်းဆောင်ရှေ့မှာ ဖူးတွေ့လိုက်ကြရတယ်။ သက်တော် (၉၄) နှစ်လို့ မယုံနိုင်အောင်ကြည်လင်တဲ့ မျက်နှာတော်နဲ့ ပိန်ပိန်ပါးပါး၊ သေးသေး သွယ်သွယ်ပါ။

ကိုယ့်ဆရာက ဆရာတော်ကို ငယ်ဟောင်းနှောင်းဖြစ်တွေပြောပြတော့ ဇဝေဇဝါဖြစ်နေလို့ သက်သေအဖြစ် အသင့်ယူလာတဲ့ပါကြင်ကြင်ဓာတ်ပုံတွေ ထုတ်ပြတယ်။ အသေအချာကြည့်ပြီးတဲ့ နောက်မှာ ဆရာတော်က ရိုးသားစွာပဲ ရယ်ကြကြနဲ့ -

"လုံးဝမမှတ်မိပါဘူးကွယ်။ ကျုပ် မှာ ဒီလိုသက်နှန်းဆီးဆီးပေးခဲ့ရတဲ့ကိုရင် လေးတွေက အများသားရယ်" တဲ့။

တိုက်ကျောင်းကြီးရဲ့ နံရံ တစ်လျှောက်မှာ ဇာတ်ကြီးဆယ်ဘွဲ့ ပန်းချီတွေရေးဆွဲပြီး ဗုဒ္ဓဘာသာနဲ့ ယဉ်ပါးအောင် ပညာပေးထားရဲ့။ ဒါ့ပြင် ကျွန်းတော်မှာရှိနေတဲ့ ပုဂံခေတ်ဂူဘုရား တွေရဲ့ အတွင်းလိုဏ်က နံရံဆေးရေး ပန်းချီတွေကိုလည်း ဓာတ်ပုံတွေရိုက်ပြ ထားပါတယ်။ အင်း - မမျှော်လင့်ဘဲ ရောက်လာရတဲ့နေရာမှာ ရှေးဟောင်း သုတေသနသမားရဲ့သည်းခြေကိုကိုင်လှုပ် တဲ့ နံရံဆေးရေးပန်းချီတွေ၊ ရှေးဟောင်း ဘုရားတွေရှိနေတာ တအံ့တသြသိလိုက် ရပေါ့။

ဆရာတော် ကျိန်းစက်တဲ့ အခန်း၊ ကျက်သရေခန်းတွေမှာလည်း ဇာတ်တော် ပုံတွေသရုပ်ဖော်ထားတဲ့ ရှေးဟောင်း မှန်စီ ရွှေချထည်၊ ရွှေဇဝါယွန်းသေတ္တာ ကြီးတွေ၊ ယွန်းကွမ်းအစ်ကြီးတွေ၊ ရှေးဟောင်းလက်ဆွဲမီးအိမ်တွေ အများ ကြီးပါ။ အပေါ်ထပ်ကိုတက်ကြည့်တော့ မှန်စီရွှေချထားလို့ ဖိတ်ဖိတ်လက်နေတဲ့ မှန်ရောင်ဘုရားဆောင်ကြီးကို တွေ့ရ တယ်။ ရွှေပိန်းချတရားဟောပလ္လင်ကြီး နှစ်ခုရှိပြီး တစ်ခုမှာ ဇာလီတောင်ဆရာ တော်ကြီးရဲ့ခဲခြစ်ပန်းချီကားကြီးကိုတင် ထားရဲ့။ အောက်ထပ် လှေကားရင်းက သစ်သားကြမ်းပြင်ကို သံကွင်းကြီးကနေ ဆွဲမပြတဲ့အခါ မြေအောက်ခန်းကိုပါမြင် လိုက်ရတယ်။လူတစ်ရပ်လောက်ကောင်း ကောင်းနက်တဲ့မြေတိုက်ခန်းမှာ ရိက္ခာ တွေနဲ့အတူ ပုန်းအောင်းနေနိုင်လောက် ရဲ့။ ဒီအစီအမံအားလုံးဟာ ဇာလီတောင် ဆရာတော်ကြီးရဲ့လက်ရာချည်းပါပဲတဲ့။

အဲဒီနောက် နေချိုပြီမို့ တိုက် ကျောင်းကြီးနဲ့ကပ်လျက်က စွယ်တော် ရှင်စေတီတော်ကြီးကို ဆက်လက်သွား ရောက်ဖူးမြော်ကြဖို့ ဆရာတော်က လိုက်ပို့ပေးတယ်။ အုတ်သားခြသေ့်ကြီး နှစ်ကောင်စောင့်တဲ့မုခ်ပေါက်ကို ဖြတ် တက်လိုက်တော့ ရွှေရောင်ထိန်းလက်နေ တဲ့စေတီတော်ကို ဖူးတွေ့လိုက်ရတယ်။ စေတီရင်ပြင်ပတ်လည်က အုတ်တံတိုင်း ထူထူကြီးအပြင်မှာတော့ ဆရာတော်ရဲ့ သနပ်ခါးခင်းပါ။

ဆရာတော်က ခပ်ပြုံးပြုံးနဲ့ -

"မင်းတို့ပြန်ရင် တစ်ယောက် တစ်ပင်ခုတ်သွား"

လို့ မိန့်ရင်း စွန့်ကြပါတယ်။

ဒီစွယ်တော်ရှင်ဘုရားပွဲကို ကဆုန် လမှာကျင်းပပြီး သပြေတော အပါအဝင် ရွာ (၇) ရွာက ဆွမ်းတော်ကြီးကပ်ပွဲနဲ့ စုပေါင်းလှူဒါန်းကြသတဲ့။

စေတီတော်တံတိုင်းနဲ့ ကပ်လျက် က သစ်သားဇရပ်ကြီးရဲ့ အပေါ်ထပ်မှာ နေရာချထားပေးလို့ ပစ္စည်းတွေချပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com

အခါမှာ ဧရာဝတီမြစ်ထဲရေချိုးဆင်းကြတယ်။ ရေထဲမှာစိမ်နေမိရင်း ဒါဟာ ငါတို့ချစ်တဲ့ဧရာဝတီမြစ်ကြီး၊ ငါတို့ရဲ့ အသက်သွေးကြော၊ အခု ဧရာဝတီက ငါတို့ကို ပွေ့ဖက်ထားတယ်၊ ဧရာဝတီရဲ့ရင်ခွင်က ငါတို့ရဲ့တစ်နေ့တာအမောတွေ၊အပူတွေကိုငြိမ်းအေးစေတယ်လို့လည်း သိရှိခံစားနေရရဲ့။

ဖွေးဖွေးလှုပ်အောင် အဆုပ်လိုက်အခဲလိုက်ပွင့်နေကြတဲ့ တမာပင်ကြီးများရဲ့ သင်းသင်းမွှေးနေတဲ့ တမာရနံ့။

တပေါင်းလဆန်း ၆ ရက်၊ ၇ ရက်ညများရဲ့ဆန်းစလအကွေး၊ ဇရပ်ခေါင်းရင်းဘက်နားအပင်ကကြွေကျထားတဲ့ဥသျှစ်သီးမွှေးမွှေး၊ ကပ်လျက်မှာရှိနေတဲ့ စေတီတော်ကြီးက ဆည်းလည်းသံလေးတွေပေါင်းစပ်လိုက်တဲ့အခါမှာတော့ ခြင်ထောင်မရှိဘဲ နှီးကြောဖျာကြမ်းပေါ်မှာ အိပ်ပျော်သွားကြပါတော့တယ်။ မနီးမဝေး ဧရာဝတီမြစ်ကြီးထဲက သွဲ့သွဲ့လွင့်ပျံ့လာတဲ့ စက်မောင်းသံတွေကလည်း စည်းချက်လိုက်နေသလို ချော့သိပ်နေလေရဲ့။

**□ ရွှေဟောင်းသုတေသနကျောက်စာတိုက်**

နောက်တစ်နေ့မနက်ကိုအရောက်မှာ ဆရာတော် ဦးလာဘကို ကန်တော့ပြီး ကျွန်းတော်တစ်ခွင်လှည့်လည်လေ့လာဖို့ ဦးသိန်းလွင်တို့ဦးဆောင်ပြီး ကျောင်းဝင်းထဲကထွက်ခဲ့ကြပါတယ်။

မမျှော်လင့်ဘဲ ရောက်လာရတဲ့ ကျွန်းတော်ဟာ ကိုယ်တို့အတွက် စိတ်ဝင်စားစရာတွေထပ်လို့ထပ်လို့သာပေးနေပေ့ါ။ ဇာလီတိုက်ကျောင်းအဝ လက်ယာဘက် အုတ်တံတိုင်းထူထူနိမ့်နိမ့်ကြီးအပြင်ဘက်ဘေး တမာပင်ကြီးအောက်မှာတော့ ဗိုလ်မှူးဘရှင်တို့လာရောက်လေ့လာသွားခဲ့တယ်ဆိုတဲ့ ကျောက်စာရုံလေးရှိပြီး ရွှေဟောင်းသုတေသနကျောက်စာတိုက်လို့ နဖူးစည်းအင်္ဂတေရေးခြစ်ထားရဲ့။ အတွင်းမှာ ထိပ်ပိုင်းမှာ ကနုတ်ပန်းတွေရေးထွင်းထားတဲ့ လူတစ်ရပ်နီးပါးရှိနှစ်ဖက်ထိုးကျောက်စာထူထူတစ်ချပ်စိုက်ထူထားတယ်။ ကျောက်စာထိပ်ပိုင်းအကျိုးတစ်ခုနဲ့ အပိုင်းပြတ်အသေးလေးတွေလည်း တစ်ဖက်တစ်ချက်မှာတွေ့ရတယ်။

ဘုန်းကြီးကျောင်းနဲ့ ယာကွက်တစ်ကွက်သာခြားတဲ့နေရာမှာတော့ လေးထောင့်ဂူဘုရားပျက်တွေကို တွေ့လိုက်ရပါတယ်။ ဘုရားဝန်းကျင်တွေမှာ တောမီးတွေရှို့ထားလို့ မီးခိုးတွေကအူလို့ပါ။ အရင်ဆုံးဖူးတွေ့လိုက်ရတဲ့ ဂူဘုရားနှစ်ဆူကတော့ ထိပ်ပိုင်း-သိခ၅အထိကျန်နေသေးရဲ့။ ဂူဘုရားပတ်လည်မှာ အင်္ဂတေပန်းတွေကျန်နေသေးပေမယ့် အုတ်ချပ်နီနီကြီးတွေအတော်ပေါ်နေပါပြီ။ ရွှေဟောင်းသုတေသနက ဘုရားပျက်တွေကို အမှတ်စဉ်တွေ ရေးထိုးပေးထားရဲ့။

ဘုရားအမှတ် (၅) ဗုဒ္ဓသီရိဂူဘုရားကြီးဟာ အောက်ခံအုတ်တိုက်အတော်ကြီးမားပြီး အဝင်မုခ်ဦးအပြင် ဘေးဘက်မှာပါ မုခ်ပေါက်တွေထုတ်ထားပါတယ်။ မုခ်ပေါက်တွေမှာ စိန်တောင်၊ ကနုတ်ပန်း၊ ဒေါင့်-ဘီလူးခေါင်းတွေ၊ တံကဲအစွန်းမှာ မကန်းရုပ်တွေနဲ့ အင်္ဂတေပန်းအလှတန်ဆာတွေလည်း ဟိုတစ်ကွက်ဒီတစ်ကွက်ကျန်ရှိနေရဲ့။ အင်္ဂတေကွာနေလို့ အုတ်စီအုတ်နင်းနဲ့ မုခ်အထက်ခုံးအလယ်မှာ သပ်အဖြစ်ထည့်ထားတဲ့ (၃) မြှောင့်ပုံအုတ်တွေကို အသေအချာမြင်နိုင်တယ်။ တံကဲ(၂)ထပ်နဲ့ မုခ်ပေါက်ကနေဝင်ကြည့်တော့ ဂူရဲ့အလယ်မဏ္ဍိုင်ကိုစန်းရံပြီး ဘူမိဖဿမုဒြာဟန် ဆင်းတုတော်တွေရှိနေရဲ့။ ဂူလယ်မှာ မဏ္ဍိုင်ကိုထောက်ထားတဲ့ ကြာဖူးပုံအုတ်တိုင်ကြီးကလည်း အတော်လှပြီး ထင်းခံနဲ့ပေါ် လွင်နေတယ်။ ဆင်းတုတွေရဲ့နောက်ခံနဲ့ မုခ်အမိုးတွေမှာ ဗုဒ္ဓပုံ၊ ရဟန္တာပုံနဲ့ ပန်းခက်ပန်းနွယ်တွေရေးဆွဲထားတဲ့ နံရံဆေးရေးပန်းချီအချို့ကျန်ရှိနေလေရဲ့။ အထဲမှာ ရွှေဟောင်းသုတေသနကထုတ်ပြန်ထားတဲ့ ဆိုင်းဘုတ်ကြီးကို ပေါက်ပေါက်ပြုပြု၊ ဖုန်အလိမ်းလိမ်းနဲ့ အလဲလဲအပြိုပြိုတွေ့လိုက်ရတယ်။

အဲဒီ 'ရွှေဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနမှ သတိပေးတားမြစ်ချက်များ' ကတော့ -

**□ ကျွန်းတော်ရွာ**

"၁။ မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျွန်းတော်ဒေသရှိ ရွှေဟောင်းစေတီ၊ ဘုရားနှင့် အုတ်ကုန်း (၂၇) ဆူကို ယဉ်ကျေးမှုဝန်ကြီးဌာန ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၁၉၅၇ ခုနှစ် ရွှေဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေနှင့် ၁၉၆၂ ခုနှစ် ရွှေဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ဇယားဝင် အဆောက်အအုံများအဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။

၂။ ဌာနက ဥပဒေအရသတ်မှတ်ထားသော ဇယားဝင်အဆောက်အအုံများနှင့်ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အောက်ပါလုပ်ဆောင်မှုများကိုမပြုလုပ်ရန် ၁၉၅၇ ခုနှစ် ရွှေဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေ ပုဒ်မ-၂၀ အရသတိပေးတားမြစ်လိုက်သည်။

က။ ရွှေဟောင်းစေတီ၊ ဘုရားနှင့် အုတ်ကုန်းတို့၏ ဥပစာအတွင်း (သို့) အနီးအနားတွင် အဆောက်အအုံဆောက်လုပ်ခြင်းနှင့် ထိုသို့ဆောက်လုပ်ရန်စီမံခြင်း။

ခ။ ရွှေဟောင်းအဆောက်အအုံများ၏မြင်ကွင်းကို ထိခိုက်စေသော ရွှေဟောင်းအဆောက်အအုံနှင့် မသက်ဆိုင်သော နတ်ရုပ်၊ နတ်ကွန်းများနှင့် အခြားအဆောက်အအုံများဆောက်လုပ်ခြင်း။

ဂ။ ရွှေဟောင်း စေတီ၊ ဘုရားနှင့် အုတ်ကုန်းများကိုတူးဖော်ခြင်း၊ ပြုပြင်ခြင်း၊ အသစ်တိုးချဲ့ခြင်းနှင့် မူလရွှေဟောင်း လက်ရာပုံစံများ ပျက်စီးအောင် ဆောင်ရွက်ခြင်း။

၃။ အထက်ပါ သတိပေးတားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်'

ရွှေဟောင်းသုတေသန
အမျိုးသားပြတိုက်ဦးစီးဌာ
ယဉ်ကျေးမှုဝန်ကြီးဌာ

အဲဒီစာအရ ဒီကျွန်းသေး လေးမှာ အုတ်ကုန်းဘုရားပျက် (၂၇) ရှိတာမို့ အတော်များတဲ့အရေအတွ ပါ။ ဆက်လက်လေ့လာရင်း ပုဂံခေ ဂူဘုရားတွေအကြောင်းပြောမိကြတ ပုဂံခေတ်မှာ စေတီတော်တွေရဲ့ ဗိသု ဟန်ပန်နဲ့ ပုံသဏ္ဌာန်တွေဟာ အ ပြောင်းလဲလာပါတယ်။ ရှေးဦးမြေ စေတီပုံနဲ့ ဂူဘုရားပုံတွေကိုပေါင်းစပ် တီထွင်ဆောက်လုပ်လာကြတယ်။ စိုက်စေတီတွေရဲ့ အောက်ခံ(၄)ထော ပစ္စယာအပိတ် (Solid) အစား (Hollow) ပါတဲ့ တိုက်ခန်းသဏ္ဌာန် ဂူ တွေပြုလုပ်လာတာယ်။ အနော်ရထာ က မြေစိုက်စေတီတော်တွေတည် ကျန်စစ်သားမင်းကတော့ တင့်တ ဂူဘုရားတွေတည်ခဲ့တယ်လို့ အကြ မှတ်သားနိုင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ပုဂံခေတ်ကုလားကျောင်းခံ-ဂူဘုရားများ

အုတ်ဟာ အိန္ဒိယဘာသာရေး အဆောက်အအုံတွေမှာ အဓိကသုံးတဲ့ ပစ္စည်းပါ။ (၄) ထောင့်တိုက်ခန်းခံ-ဂူဘုရားမျိုးကို သူတို့ဆီမှာ စတင်ပြုလုပ်ပြီး မြန်မာပြည်ဘက်ကူးလာပါတယ်။ ခေတ်ပိုင်းမှာ မြန်မာတို့ကလည်း အိန္ဒိယဒေသကိုယူလိုက်တာမို့ မူရင်းဒေသကိုစွဲပြီး (ကုလားကျောင်း) လို့ အမည်ပေးခဲ့ကြရဲ့။ ဒါ့ပြင် မုခ်ခံအိမ်စေတီ၊ တိုက်ခံစေတီ၊ တိုက်စေတီ စသဖြင့်လည်းခေါ်ကြပါသေးတယ်။ ကုလားကျောင်းခံစေတီတွေရဲ့ အားသာချက်ကတော့အတွင်းမှာ မိုးဒဏ်လေဒဏ်ကင်းလွတ်ကာ စိတ်အေး လက်အေး ဘုရားဖူးနိုင်ခြင်းပါ။ ဒါ့ပြင် အပြင်ဘက်မှနေပြီး စေတီတော်ကို ဖူးမြော်နိုင်သလို အတွင်းလိုဏ်မှာထားရှိတဲ့ ဆင်းတုရုပ်ပွားတော်တွေကိုလည်း ဖူးမြော်ကန်တော့နိုင်သေးရဲ့။ ဂူဘုရားတွေမှာ ပြောင်မြောက်တဲ့ဗိသုကာ၊ ပန်းတမော့လက်ရာ၊ စဉ့်ပန်းစဉ့်ချပ်တွေနဲ့လည်း အမွမ်းတင်ထားတတ်ကြတယ်။

အဲဒီဂူဘုရားအတွင်းဝင်ဖို့ဖောက်ထားတဲ့ မုခ်ပေါက်အရေအတွက်အရ ပုံစံကွဲတွေလည်းရှိလာပေ့ါ။ တစ်ဖက်တည်းသာ ဝင်ပေါက်ရှိတဲ့ တစ်ဖက်မုခ်ဂူ (တစ်ဝဂူ)၊ လေးဖက်လုံးမှာ မုခ်တွေရှိတဲ့ လေးမျက်နှာဂူနဲ့ မုခ်ပေါက် (၅) ခုရှိတဲ့ ငါးမျက်နှာ ငါးမုခ်ဂူဘုရားများပါ။ ပုဂံမှာ တစ်ဖက်မုခ်ဂူဘုရားများစွာရှိပြီး၊ ဝက်ကြီးအင်းတ အလိုပြည့်ဂူဘုရား၊ မင်းနန်သူက သိတိုင်ပုံဂူဘုရားနဲ့ နန္ဒာမညာဘုရားတွေဟာ ထင်ရှားပါတယ်။ (၄) ထောင့်စပ်ဂူဘုရားရဲ့ မုခ်(၄)ပေါက်ကို အရပ် (၄) မျက်နှာ (Four Cardinal Point) ဦးတည်ဖောက်လုပ်ထားတတ်ကြပြီး အဲဒီကနေ ဂူအတွင်းဝင်ရောက်နိုင်ရဲ့။ ဂူဘုရားအဝင်မုခ်ပေါက်တွေမှာ ရောင်ခြည်ဖြာ ခုံးပေါက် (The Radiating Arch) (True Arch) ပြုလုပ်ပြီး၊ သပ်ပုံ (Wedge-like) အုတ်ကိုသုံးကာ ခိုအမြီးဖြာသလို ဆက်သွားစေပြီး တံခါးပေါက်အထက်မှာ စက်ဝိုင်းခြမ်းအခုံးကိုဖန်တီးကြတယ်။

မုခ်ပေါက်တွေအထက်မှာ ဆင်းတုတော်နောက်ခံလို တံကဲ - စလစ်များ တပ်ဆင်ထားရဲ့။ မုခ်တံကဲတွေရဲ့ မူလအခြေခံဟာ ဗျူဒဂီးတွေမှာပါတဲ့ သီရိဂူ (ကျက်သရေရှိတဲ့ အိမ်မွန်) ပုံမှ တဖြည်းဖြည်းပြောင်းလဲလာတာပါ။ ပုဂံခေတ်မှာ တုရိုဏ် (တောရဏ) လို့ ခေါ်ကြတယ်။ မုခ်တံကဲတွေမှာ ရာမလက်ညှိုးတံကဲတွေကို မီးလျှံပုံတံကဲ(Flaming Arch Pediment) လို့ခေါ်တယ်။ မုခ်တံကဲ (၄) မျိုးခန့်ရှိပြီး ပထမမျိုးမှာ ပစ္စယံပုံဖော်ထားပြီး ကွမ်းတောင်နဲ့အထွတ်စေတီပေါ်တတ်ထားတယ်။ ဒုတိယမျိုးမှာ မီးလျှံပုံတံကဲ၊ ရာမလက်ညှိုးတွေနဲ့ တန်ဆာဆင်ထားတဲ့ စုလစ်မွမ်းချွန်တို့အချွန်အတက်များပါတဲ့ ဘေးဝဲယာတွေနဲ့ပါ။ အချို့မှာတော့ နှစ်ဆင့်နှစ်ထပ်နဲ့ ဘေးမှ အဖီတံကဲ၊ ဘေးဆွယ်တံကဲများပင်ပါသေးရဲ့။ ရာမလက်ညှိုးတွေကြားမှာ သမင်၊ ယုန်၊ ကိန္နရာ၊ ဂဠုန်၊ ငှက်၊ ခြင်္သေ့၊ နတ်ရုပ်တွေကို ပန်းခက်တွေအကြားအကြွဖော်ထားတာလည်းရှိရဲ့။ တံကဲအချို့အလယ်မှာ ကလသာအိုးပုံထည့်ကြပြီး ရာမလက်ညှိုးတွေကြားက ကြာမှောက်၊ ကြာလန် ကြာဖတ်ကြာဖူးတွေအကြား ကြာငယ်-ကြာညှပ်လေးတွေလည်းပါတတ်တယ်။ ရာမလက်ညှိုးအောက်မှာ ကွေ့ကောက်တက်လာတဲ့ကြေးခွေခေါ်တဲ့အပိုင်းလည်းရှိကာ ကြေးခွေတွေကောက်နေရင်တော့ ချိတ်ကွေးလို့ ခေါ်ပြန်တယ်။ ရာမလက်ညှိုးတွေရဲ့အလယ်ထိပ်မှာစေတီနဲ့ငှက်ပျောဖူးနှယ်အချွန်တွေလည်းရှိတတ်ရဲ့။ တတိယမျိုးမှာ အလယ်တည့်တည့်တွင် အချွန်တပ်ပြီး ဘေးတစ်ဖက်တစ်ချက်မှာ စိုင်သင္ကာပါပေါင်နဲ့တူတဲ့ စိုင်ပေါင်လေးတွေနဲ့ မွမ်းမံထားတယ်။ အလယ်အချွန်ကို ငှက်ပျောဖူးလို့ခေါ်ပြီး အဲဒီမှာ ပန်းခက်နဲ့ နတ်ရုပ်၊ ဘီလူးခံပြီး အထက်တွင် တင်ပျဉ်ခွေရှိခိုးနေဟန် နတ်ရုပ်တွေနဲ့လည်း ခြယ်မှုန်းကြရဲ့။ ငှက်ပျောဖူးအောက်တည့်တည့် ချိတ်ကွေး (၂) ခု ဆုံရာအပိုင်းကတော့ ဇီးကွက်ပေါက်ပါ။မကန်း(မကာရ)ခံတွင်းမှ ခြင်္သေ့ထွက်လာဟန် သရုပ်ဖော်ထားတတ်ကြသလို ငါးထွက်လာတာလည်းရှိ။ စိုင်ပေါင်မှာ ကိန္နရာရုပ်ပြုလုပ်ထားတာလည်းရှိရဲ့။ အချို့မှာတော့ နဂါးဦးခေါင်းတွေနဲ့ တန်ဆာဆင်ကြတယ်။ စတုတ္ထမျိုးဟာ ရှားပါးတံကဲမျိုးဖြစ်ပြီး အတန်းများခံကာ အပေါ်မှာ ကြာရိုးနဲ့ကြာပွင့်တွေပေါက်ပြီး နတ်ရုပ်တွေတင်ပျဉ်ခွေရှိခိုးနေဟန်နဲ့ ဆင်ယင်ထားတယ်။ အချို့တံကဲတွေမှာတော့ ဂူဘုရားတစ်ခုလုံးရဲ့ပုံအငယ်စား(Miniature)ပေါက်ထားပြီး၊ အချို့မှာတော့ သဇင်ခွေတန်းခေါ် ရိုးရိုးပန်းတွေသာရှိပါတယ်။

ဂူဘုရားအောက်ခြေဂူ - ကုလားကျောင်းတည်ဆောက်ရာမှာ ပန္နက်ပုံတွေရဲ့အုတ်ခုံကြမ်းပြင်ကို ရင်ပြင်လို့ခေါ်ပါတယ်။ စကြံကတော့ ဂူဘုရားအတွင်းရှိလိုဏ်ကိုပတ်ထားတဲ့ အုတ်ခုံအမြင့်ပါ။ အတွင်းအုတ်တိုက်ခန်းရဲ့အလယ်တည့်တည့်မှာတော့ အုတိုင်အဖြစ်အားပြုဖို့ ကုံ့ကူဆံတိုင်(အလယ်အုတ်မဏ္ဍိုင်) (Central Pillar) ကိုထည့်ပြီး တည်ဆောက်ကြတယ်။ အထက်ခေါင်မိုးထိမြင့်တက်သွားတဲ့အုတ်တိုင်ကြီး(Cube)ပါ။ ပေါင်းကူးတွေနဲ့မိုးထားတဲ့ပတ်လည်စင်္ကြံလည်းရှိတတ်ရဲ့။အလယ်အုမဏ္ဍိုင်ရဲ့လေးဖက်လေးမျက်နှာမှာတော့ ဆင်းတုတော်တွေကို ထုလုပ်တည်ထားကြပြန်တယ်။

အောက်ခံကုလားကျောင်း - ဂူအမိုးထက်မှာတော့ အပေါ်ကို တဖြည်းဖြည်းသေးငယ်ပြီးတက်သွားတဲ့ (၄)ထောင့်ပစ္စယာ(Terraces)အဆင့်ဆင့်တင်ကြပြီး အများအားဖြင့် ပစ္စယာ(၃)ဆင့်(အာလိန်သုံးဆင့်)ရှိတယ်။ ပစ္စယာထောင့်ချိုးတွေမှာ စေတီငယ်လေးတွေ၊ ထိုင်နေတဲ့ခြင်္သေ့ရုပ်တွေလည်းရှိတတ်ရဲ့။ ပစ္စယံဆင့်များအောက်မှာ စိန်တန်းရှိပြီး ပစ္စယံနဲ့ စိန်တန်းတွေမှာ ရောင်ပြန်ဟပ်ပြီး တောက်ပစေဖို့စဉ့်ရည်သုတ်ပန်းခက်နဲ့ ကြာပန်းများထည့်ထားလေ့ရှိကာ ယင်းတို့ကြားမှာ မိုးရေစီးကျဖို့ ရေထွက်ပေါက်များလည်းရှိတယ်။ ပစ္စယံနှစ်မျိုးရှိရာ အဝေပိုင်းဂူဘုရားများမှ မိုးလျှောပစ္စယံနဲ့ ပြင်ညီပစ္စယံ (Flat Terrace) လို့ ဖြစ်ပါတယ်။

ပစ္စယာများအထက်မှာ ပန်းတောင်း - ကွမ်းတောင်-သိခရ (Sikhara) ပေါက်ကာ၊ သိခရတိုင်ထိပ်စီးပေါ်မှာ လည်ပင်းတက်ကာ ခေါင်းလောင်း၊ ဖောင်းရစ်၊ ကြာမှောက်-ကြာလန်အစုံနဲ့ စေတီတည်ထားပြီး အထွတ်မှာတော့ သံထီးတော်တင်ကြတယ်။ (၄) ထောင့်ကွက် သိခရမျက်နှာစာတစ်ခုစီမှာ ခုံးမောက်ထွက်နေတဲ့အပြား (၄) ပြားရှိတယ်။ သိခရတွေဟာ တစ်ခုနဲ့တစ်ခု ကွေးဝိုက်ပုံ (Curvature)၊ အတိုအရှည်မတူပါ။ ယင်းကွမ်းတောင်မျက်နှာပြင်မှာ ရုပ်တုတော်တွေထည့်သွင်းရန် အခိုင့်-မုခ်ကပ် (Niche)၊ (၄)ထောင့်-အဝိုင်း-အကွက်တွေ၊ (၃)မြောင့်ပုံရှည်ရှည်-ကြက်လျှာတွေဖော်ထားကြရဲ့။ အချို့ကွမ်းတောင်အပိုင်းပေါက်နဲ့ သိခရထောင့်တွေမှာ အစောင့်နတ်ရုပ်တွေ ထားရှိတတ်ကြတယ်။ ကွမ်းတောင်အောက်-ပစ္စယာ (၃) ဆင့်အထက်မှာ ကလသာအိုး (Holly Water Pot) တွေလည်းခံထားတတ်တယ်။ ကွမ်းတောင်ထိပ်ထောင့်(၄)ထောင့်မှာ အထွတ်စေတီကိုထိန်းပြီး ထောက်ကန်ထားဖို့ စွန်ရုပ်-



www.burmeseclassic.com

www.burmeseclassic.com

စွန်ငုတ် (၄) ခုလည်းရှိရဲ့။

ဂူဘုရားများရဲ့ အောက်ခြေနံရံ အထက်ပိုင်းနဲ့ ခေါင်းလောင်းပုံစေတီတွေရဲ့ ခေါင်းလောင်းအထက်ပိုင်းပတ်လည်မှာတော့ အမွှမ်းတန်ဆာ၊ ပန်းခက်ပန်းနွယ် ပန်းဆွဲ (Frieze) တွေ ပြုလုပ်ထားကြပါတယ်။ ပန်းခက်ပန်းနွယ်တွေကိုဆွဲကိုင်ထားဟန် ဘီလူးခေါင်းပုံ (ဘီလူးပန်းဆွဲ) (ကာတိမုခ) (Kirtimukha Frieze) တွေနဲ့လည်း တန်ဆာဆင်တတ်ကြတယ်။ ပန်းနွယ်တွေကိုကိုက်ထားတဲ့ ဘီလူးခေါင်းပုံကိုတော့ ဘီလူးပန်းကိုက်လို့ခေါ်ရဲ့။

ဂူဘုရားရဲ့ အထက်မှအောက်သို့ အစဉ်လိုက်ဖော်ပြရရင်တော့ ထိပ်ဆုံးမှာ ထီးတော်စိုက်ထားတဲ့ အထွတ်စေတီ (ဂူအထွတ်) ရှိပြီး စေတီအများစုဟာ သီဟိုဠ်ပုံ (Singhalese Type) ဖြစ်တတ်ရဲ့။ ယင်းအောက်မှာတော့ ခရားသီး (ဝရ်ပဋ္ဌာလ) ရှိပြီး ခပ်ရှည်ရှည်ပုံဆိုရင် ငှက်ပျောဖူးလို့ ခေါ်ကြတယ်။ ယင်းအောက်မှာ ကြာမှောက်၊ ကြာလန် (ပဒ္မပတြ) ရှိပြီး ကြာဖတ်တွေကြားမှာ ပုလဲတန်း-အလုံးတန်းလေးရှိတယ်။ အဲဒီအောက်မှာတော့ ဆတ္တာဝလီ (ထီးတိုင်ထီးဆင့်) များနဲ့ပါ။ ခေါင်းလောင်းပုံနဲ့ ဖောင်းရစ်များကြားမှာ (၄) ထောင့်ပုံ (ဟာမိက-ဟမ္မိက) (Harmika) ရှိပြီး အထဲမှာ ဓာတ်တော်တွေထားလို့ ဌာပနာတိုက်- ဓာတ်တော်တိုက် (ဓာတုဂဗ္ဘ) လို့လည်းခေါ်ကြရဲ့။ ဟာမိကမှာ အချိုးအကွေ့တွေနဲ့ခုံနန်းချိုးတွေလည်း ပြုလုပ်တတ်ကြတယ်။ ယင်းအောက်မှာ ခေါင်းလောင်းပုံရှိပြီး အလယ်မှာ ခါးပတ်တန်းနဲ့ပါ။ အချို့ခါးပတ်တွေကို ဖောင်း (၃) တန်းပတ်ပြီး အောက်မှာ ဘီလူးပန်းဆွဲ၊ ပုလဲတန်းအထက်ပတ်ပတ်လည်မှာ (၃) ထောင့်ပုံ ပန်းအထောင်တန်း-ပန်းထောင်ကို တပ်ဆင်ထားတတ်တယ်။ စိန်တန်းအောက်ဖောင်းတန်းအထက်က ကြာမှောက်၊ ကြာလန်ပိုင်းကို 'ကြာအုံ' လို့ ခေါ်တယ်။ ခါးပတ်အထက်ကခေါင်းလောင်းပိုင်းဟာ သပိတ်မှောက်ထားတာနဲ့တူလို့ သပိတ်မှောက်၊ ခေါင်းလောင်းအောက်ခြေဟာ ကော့လန်နေတဲ့ခေါင်းလောင်းနားဖြစ်ပြီး အောက်မှာ (၁၂) မြောင့် (၁၆) မြောင့်ရှိတဲ့ ကျည်းဝန်းရှိတတ်တယ်။

အဲဒီအောက်မှာ ချင်မိတ်တိုး၊ ကြာအုံ၊ မျက်ရစ်နဲ့ မိုးလျောတို့ရှိကာ ချင်မိတ်တိုးထောင့်တွေမှာ သဲကျောက်တွေကို ဘီလူးခေါင်းပုံထုလုပ်ထည့်ထားတတ်ပြီး ဘီလူးမှုတ်ခွဲလေခင်းကျနေတဲ့ အပိုင်းကို မုတ်ဆိတ်လို့ ခေါ်ပါတယ်။ မုတ်ဆိတ်အထက်မှာထောင်နေတာကတော့ စိန်တောင်ပါ။ ချင်မိတ်တိုးပတ်လည်မှာ ရွှဲလုံးများနဲ့ရွှဲတန်းထည့်ထားပြီး အာမလက-ဖရုံတုံးလည်းရှိသေးတယ်။ ယင်းအောက်မှာမှ လက်ပင့်ရှိရဲ့။

ကုလားကျောင်းတံခါးတိုင်တွေကို တုရိဏ်တိုင်-တောရဏ (Torana) လို့ ခေါ်ကြပြီး ထောင့်တိုင်တွေရဲ့အောက်ပိုင်းနဲ့အထက်ပိုင်းမှာ ထိုးထွက်နေတဲ့ အဆင်တန်ဆာဟာ တိုင်ကလပ်ပါ။ ထောင့်တိုင်နဲ့ အချိုးအကွေ့တွေမှာ ထောင့်တိုင်ဖုံး (Pilaster) တွေလည်းရှိကြတယ်။ကုလားကျောင်းအလယ် ဆင်းတုတော်ကြီးစံရာအခန်းဟာ ဂန္ဓကုဋိတိုက်ဖြစ်ပြီး အလယ်က ပလ္လင်တော်မှာ ဆင်းတုတော်တင်ထားကိုးကွယ်တယ်။ ဆင်းတုနောက်ခံတံကဲကို သစ်ပင်အကိုင်းအခက်တွေ၊ ဆင်စွယ်တွေယှက်နေပုံနဲ့ အလှအပဖော်ထားရင် ဆင်စွယ်ဝန်းယှက်လို့ ခေါ်ပါတယ်။ ဆင်းတုမျက်နှာတော်ကို အလင်းရောင်ပေးဖို့ ရောင်လင်းပေါက်လည်းရှိရဲ့။ အောက်ခံဂူအတွင်း အလင်းရောင်ရရှိစေဖို့ ဂူနံရံတွေမှာ ကျောက်နဲ့ ပြုလုပ်ကာ အဝိုင်း - လေးထောင့် - ဆန္ဒင်းမကင်းပုံအပေါက်တွေဖော်ထားတဲ့ ကျောက်ဇာပြတင်း-ဇာပေါက်ပြတင်း (Perforated Window) များ ရှိတတ်တယ်။ ဂူနံရံတွေမှာ ကြောင်လိမ်လှေကားတွေဖောက်ထားတတ်ပြီး ပစ္စယာအဆင့်ဆင့် (အာလိန်) သို့မဟုတ် လသာပြင် (Terrace) တွေပေါ်မှာ အပေါ်ဆင့်ကိုတက်ဖို့ လသာလှေကား (နတ်လမ်း)များလည်း ပြုလုပ်ထားရဲ့။

မုခ်ပေါက်တစ်ခုတည်းသာရှိတဲ့ ဂူဘုရားတွေရဲ့မုခ်နဲ့ အာရုံခံကို အရှေ့ဘက်သို့သာလှည့်တတ်ကြရဲ့။ မုခ်ပေါက် (၄) ခုနဲ့ ဂူဘုရားတွေရဲ့ အောက်ခြေပန္နက်မှာတော့ ပန္နက်ပုံမှာ အညီထွက်ကြတယ်။ အာနန္ဒာဘုရားပန္နက်ပုံဟာ ကြက်ခြေခတ်ပုံပါ။ အချို့မှာ မျက်နှာမူတဲ့ဘက်ကို ပိုမိုရှည်ထားတတ်ရဲ့။ အချို့ဂူဘုရားတွေရဲ့အပြင်ဘက်အောက်ခံဟာ ပတ်လည်အဝိုင်းဖြစ်ပေမယ့် အတွင်းမှာ လေးထောင့်ခန်းဖြစ်နေပါတယ်။ အတွင်းအပြင်တူညီတဲ့အဝိုင်းပန္နက်ပုံချည်းလည်း ရှိပါရဲ့။ ပုဂံဘုရားတွေရဲ့အောက်ခြေမြေဝင် (Foundation) ဟာ အလွန်တိမ်ပြီး၊ မြေဝင်မရှိသလောက်နဲ့ ဘုရားတွေလည်းရှိတယ်။ ထုထည်ကြီးမားလှတဲ့ အဆောက်အအုံတွေဖြစ်ပြီး အုတ်နံ... လည်းထူတာမို့ မြေဝင်မလိုလို့ ယူဆဟန် တူပါတယ်။ ဒါ့ပြင် မိုးနည်းတဲ့အရပ်ဖြစ်... လို့ ကျုံ့ဝင်ခြင်းလည်း မရှိနိုင်ပါဘူး... အချို့ဘုရားတွေရဲ့ မြေဝင်အုတ်မြစ်... အောက်မှာ အာလူးကျောက်အရွယ်... ကျောက်စရစ်ခဲတွေကို ထုံး အင်္ဂတေနဲ့... ရောစပ်ခံထားကြတယ်။

အဲဒီနောက် စောင်ချမ်းပင်တွေ... ကိုကျော်ခဲ့ပြီး လေးမျက်နှာဘုရား... ရောက်ပါတယ်။ နောက်တစ်နေ့ရာမှာ... တော့ အတွင်းစည်းခုံဆိုတဲ့ ထူးဆန်းတဲ့... မြေစိုက်စေတီကို ဖူးတွေ့လိုက်ရတယ်... စေတီရဲ့အောက်ခြေကိုဝင်သွားလို့ရတဲ့... မုခ်ပေါက်တစ်ခုရှိနေပြီး၊ မြေအောက်ခန်း... ထဲရောက်တယ်လို့ပြောကြတယ်။ ပိုပြီး... ထူးဆန်းနေတာက လူတစ်ရပ်လောက်... ရှိတဲ့ အဲဒီမြေအောက်ခန်းအဝင်မုခ်ထိပ်... မှာ ခွပ်ဒေါင်းနှစ်ကောင်ခေါင်းချင်းဆိုင်... ရှိနေတာပါ။ နောက်ထပ်အံ့ဩစရာ... တော့ အဲဒီမုခ်ပေါက်ရှေ့ကမြေအပြင်... သမံတလင်းခင်းထားပြီး အရင်တုန်း... သံဖရိန်နဲ့အမိုးတွေ တွေ့နေရတယ်... သံပေါင်သံတန်းတွေနဲ့ သံအမိုးခုံးမဏ္ဍပ်... ကိုကြည့်ပြီး ဦးသိန်းလွင်က -

"တောခလေ့အတိုင်းပေါ့ဗျာ။ အင်... ချို့စက်သံတည်းနဲ့ ဒီမှာအလှူတွေလုပ်... ခဲ့ကြတာ"

လို့ ရှေးဖြစ်ဟောင်းကိုအောက်မေ့... တမ်းတနေသေးရဲ့။

ခွပ်ဒေါင်းစေတီကနေ ဆက်ပြီး... လှမ်းခဲ့ရာ တမာပင်ကြီးတွေအောက်က... နေ ဆူးတွေနဲ့ကန္တာရရှားစောင်း (Cactus) ချုံကြီးတွေကို ဖြတ်ခဲ့ရတယ်။ ... ခင်းကိုဖြတ်ကျော်လိုက်တဲ့အခါ သွပ်... အုတ်တိုက်တစ်ခုကို တွေ့လိုက်ရတယ်... အထဲမှာ ဒေါင်းလည်မြန်ရုပ်နှစ်ရုပ်ထိ... မှာပါတဲ့ ကျွန်းသားစာကိုက်သေတ္တာ... အဆင့်ဆင့်ကြီးတွေနဲ့မို့ လက်ရှိသုံးနေ... အဆောက်အအုံဖြစ်ပုံပါ။ အုတ်ပလ္လင်... နေပေမယ့်၊ အထက်က စကျင်ကျောက်... ဆင်းတုတော်ကို တူးရှင်းနဲ့ကလော်... ခွာပြီး မြက်တွေခင်းကာ တွန်းယူ... ဆင်းတုတော်လည်ပင်းမှာ ကြိုးနဲ့ချည်... ဆွဲယူခိုးသွားကြသတဲ့။

အဲဒီနောက် ကျောက်စရစ်တန်း... အနိမ့်အမြင့်တွေနဲ့လွင်ပြင်ကျယ်ကျယ်... ရောက်သွားပါတယ်။ နေအတော်... လာပြီး အညာနေပူပူမှာ နွားနှစ်ကောင်... ထွန်ရေးငင်နေတဲ့လူရွယ်တစ်ယောက်...



www.burmeseclassic.com

www.burmeseclassic.com

တွေ့လိုရှိရတယ်။ ကုန်းခေါင်ခေါင် ကျောက်စရစ်မြေမှာ ထွန်းယက်နေတာ က အတော်ထူးဆန်းတဲ့ မြင်ကွင်းပါ။ တစ်တုန်းလုံးဟာ ကျောက်စရစ်ကားကြီး မှောက်ကျထားသလို ကျောက်စရစ်တွေ များနေရဲ့။ မြေဆီမြေနှစ်မရှိတဲ့ ကျောက် တုံးတွေကြား နှမ်းစိုက်တာလို့ သိရပါ တယ်။

"ကျွန်းတော်မှာက ကျောက်စရစ် မြေ ရွံ့မြေ၊ နုန်းမြေရယ်လို့ မြေ (၃)မျိုး ။ ဒီကျွန်းဟာ ကျန်စစ်သား၊ စောလူး မင်းနဲ့ ငရမန်ကာန်းတို့ရဲ့ သမိုင်းဝင်တဲ့ ပြည်တော်သာကျွန်းပါ။ ကွင်းအမှတ်ကို က ပြည်တော်သာကွင်း"

လို့ ဦးသိန်းလွင်က လှမ်းပြောပြ တယ်။

ဩော်- အဲဒီ နုန်းမြေမှာ ငရမန် ကာန်းက စောလူးမင်း စစ်တိုက်ဖို့လာခဲ့ တာတို့ ဆင်၊ မြင်း၊ ကျွဲစတဲ့ ရွှံ့ရုပ်တွေ နဲ့သည့်စားပြီး စစ်သည်ဗိုလ်ပါတွေကို မှာနစ်စေပြီးဖမ်းယူခဲ့တာထင်ရဲ့။

ဒီကျွန်းဟာ ပုဂံခေတ်က ကျန်စစ် သား စောလူးမင်းနဲ့ ငရမန်ကာန်းတို့ရဲ့ အတိတ်ရုပ်ပုံလွှာများ ဘင်ဟပ်ခဲ့တဲ့ နေရာပါ။ ကျန်စစ်မင်းလှံတော်ကစားရာ မြေတောင်ဆိုတာနဲ့အတူ လှံမြှုပ်၊ လှံပျံ၊ လှံကျဆိုတဲ့ လှုပ်ရှားမှုအမည်တွေ၊ ကျန်စစ်သားတည်ခဲ့တဲ့ လှံမြှုပ်၊ လှံဝဲ၊ ဘုရားတွေလည်း ကျွန်းပေါ်မှာဖူး တွေ့နိုင်ရဲ့။ လူသူမနီးဘဲ အရောက် အပေါက်နည်းတဲ့ ပင်တိုင်စံကျွန်းလေး ဆိုမယ့် ဒီလိုသမိုင်းနောက်ခံတွေရှိနေလို့ သမိုင်းနဲ့ရှေးဟောင်းသုတေသန လာသူတွေ၊ နိုင်ငံခြားသားတွေလာ ရောက်လေ့လာကြတယ်။ ပြည်တွင်းက ရှင်တွေထက် ပြင်သစ်၊ အင်္ဂလိပ် ဥရောပသားတွေ၊ ဂျပန်နဲ့ကိုရီးယား သုတေသီတွေ တကူးတကမေးမြန်း ပြီး ပိုမိုရောက်လာတတ်ရဲ့။ ဒီကျွန်း ကြောင်းခြေရာကောက်တဲ့အခါ သမိုင်း အုပ်တွေထဲမှာ ခုလိုတွေ့ရဲ့။

ကျွန်းတော်ရာပုံတော် - ဦးကုလား-မဟာ ရာဇဝင်ကြီး (ပထမအုပ်၊ စာ-၁၇၁)

အနော်ရထာမင်းကြီးဟာ ဘုန်း၊ တန်ခိုး အာဏာနဲ့ပြည့်စုံတဲ့မင်းဖြစ်ပေ (မင်းစည်းစိမ် ၃၃-သုံးဆယ့်သုံးနှစ် သုံး သာသနာတော်မြတ်စီးပွား၊ တော်မြတ်စီးပွား၊ သားတော်အစဉ် တော်အဆက်မြစ်တော်အညွန့်တို့၏ ပြည်သူလူတကာတို့ စီးပွားကို ဆောင်တော်မူ၍ အိမ်နိမ့် ၃၃-သုံးဆယ့် သုံး၊ သက်တော် ၆၆-ခြောက်ဆယ့်ခြောက် သော် အနိစ္စရောက်တော်မူ. . . . . . ဦးကုလား၊ ပအုပ်၊ စာ-၁၈၀) ခဲ့ပါတယ်။

သက္ကရာဇ် ၃၉၇ မှာတော့ သား တော် စောလူးမင်းဖြစ်တော်မူပါတယ်။ စောလူးမင်းနန်းတက်ပြီး များမကြာမီမှာ မိဖုရားဦးဆောက်ပန်း ကြမ္မာကုန်၍ ဥဿာမင်းသမီးတော်သီရိစန္ဒာဒေဝီကို ခင်ဦးအမည်နဲ့ ဦးဆောက်ပန်းအရာကို ပေးတော်မူတယ်။ ဒါတင်မက ရှင်အရဟံ အစရှိတဲ့ မှူးတော်မတ်တော်၊ ကလန် သံပျင်အပေါင်းတို့က 'ကျန်စစ်သားသည် ကိုယ်တော်နှင့်မကွာကောင်းသောသူဖြစ် သည်။ ပုန်းရှောင်၍နေသည်ကို ခေါ် တော်မူပါ' လို့ နားတော်လျှောက်ကြလို့ စောလူးမင်းလည်း ခေါ်ရပါတယ်။

၂၇၆။ ကျန်စစ်သားကို တလသို့ ပို့တော်မူပြီးမှခေါ်တော်မူခြင်းအကြောင်း

တစ်ရံရောအခါ 'မိဖုရားခင်ဦးနှင့် အပြောအဟောရှိပြန်သည်'ဟူ၍ မောင်းမ တို့လျှောက်သောကြောင့် ကျေးစည်းစိမ် ကိုရုပ်၍ အောက်တလ(ရန်ကုန်တစ်ဖက် ကမ်း ဒလမြို့) သို့ ပို့ပြန်လေ၏။ အမှူး အမတ်တို့လည်း -

"ဘုန်းကြီးသည်အရှင်ခမည်းတော် အမျက်ရှ၍ ပုန်းရှောင်နေလေသည်ကိုမျှ ယူချင်မတတ်ရှိရသေး၏။ ယခုဘုန်းကြီး သည်အရှင်မျက်တော်မူ၍ တလဝယ် ထားတော်မူရာ ကိုယ်တော်နှင့်ကွာကောင်း ကွာသင့်သူမဟုတ်။ အလျင်ခေါ်တော်မူ ပါ"

ဟူ၍ နားတော်လျှောက်ကြ၏။

မင်းစောလူးလည်း ပြည်ရေးရွာမှု ကိုထောက်၍ ခေါ်တော်မူ၏။ ရောက် လျှင် စားမြဲသောကျေးစည်းစိမ်တို့ကိုပေး တော်မူပြန်၏။ အထိန်းသား ငရမန်ကို လည်း ဥဿာပဲကူးမြို့ကို ပေးတော်မူ၏။

မင်းကြီးနှင့်ငရမန် အန်ကစားကြ ရာတွင် ငရမန်နိုင်လေ၍ မလန်းပေါက် (လက်ခမောင်းခတ်) ထ၍ခတ်လေ၏။

မင်းစောလူးလည်း -

"နင်ငါ့ကိုအန်တစ်ပွဲမျှနိုင်သည်ကို မလန်းပေါက်ထ၍ခတ်သည်ကား နင် ယောကျ်ားဟုတ်နိုးသော် နင်စားသော ပဲကူးနှင့်ပုန်စားလေ"

ဟူ၍ မိန့်တော်မူ၏။

ငရမန်လည်း -

"အကယ်လော"

ဟုမေး၏။

မင်းကြီးလည်း -

"ငါတို့မင်းမည်သည်ကား မဟုတ် သောစကားကိုဆိုရာသည်လော"

ဟူ၍ မိန့်တော်မူ၏။

ငရမန်လည်း ကြံ၍နေသောသူ ဖြစ်သည်နှင့် မိမိစားသောပဲကူးသို့ သွားလေပြီးသော် ရဲမက်ဗိုလ်ပါ ဆင်လုံး မြင်းရင်းရုံးစု၍ ရေအား၊ ကြည်းအား ပေါက္ကာရာမသို့ချီလာ၏။ မရောက်ခင် ပြည်တော်သာကျွန်းတွင် တပ်မချ၍နေ လေ၏။

မင်းစောလူးလည်း 'ငရမန်ချီလာ ၍ ပြည်တော်သာကျွန်းသို့ရောက်ပြီ' ဟု ကြားတော်မူသော် ရဲမက်ဗိုလ်ပါ ဆင်လုံး မြင်းရင်းအများနှင့် ကျန်စစ်သားကို အလျင်ချီစေရ၏။ မင်းကြီးကား နောက် တပ်မပြု၍ချီတော်မူ၏။

ငရမန်လည်း ဤသို့ကြံ၏။

'ကျန်စစ်သားသည် စစ်အရာ၌ လိမ္မာလှသည်၊ တစ်စုံတစ်ခုသောဝက် ဝုတ္တိဖြင့်စီရင်မှသာ အောင်မြင်လွယ်မည်' ဟု နှလုံးထား၍ ဆင်ခင်းမြင်းခင်းမသာ၊ ရွံ့ညွန်များသောအရပ်တွင် နှီးနှင့်ဆင်ရုပ် လုပ်ပြီးသော် ပေါင်းဝန်းတင်၍ လူရုပ်ကို လည်း ဒိုင်း၊ လှံ၊ ကာ ကိုင်စေ၍ ဦးရန်း တပ် (ဆင်ရုပ်ရှေ့က ဒိုင်းကိုင်လူရုပ်များ စီစဉ်ထားခြင်း) လျက်ထား၏။

မင်းစောလူးနှင့်ကျန်စစ်သားလည်း ပြည်တော်သာကျွန်းသို့ရောက်လျှင် ယခု နေ့ မိုးချုပ်ပြီ ဖြစ်သည်၊ နံနက်မှတိုက် မည်ဟု တပ်ချ၍နေ၏။ ထိုအခါ ငရမန် က ညဉ့်လရောင်ဝိုးဝင်းကိုစစ်ရေးငင်လာ သည်ကို မစူးမစမ်း မဆင်မခြင်လိုက်၍ တိုက်ချေ၏။ မင်းကြီးလည်း ရွံ့တွင်လုပ် ၍ထားသော ဆင်ရုပ်ကို အကယ်ဆင် ထင်၍တိုက်လေသော် စီးတော်မူသော သန်လျင်စွာသည် ရွံ့သို့ကျ၍ ကျွံချေ၏။ မင်းစောလူးလည်း ဆင်ထက်က ဆင်း သက်၍ ပြေးပြီးသော် တောအုပ်တစ်ခု၌ ညောင်ခေါင်းတွင်ဝင်၍နေလေ၏။ ဆင် တော် သန်လျင်စွာကိုလည်း သူရလေ၏။ စစ်သည်ဗိုလ်ပါအပေါင်းတို့လည်း အဆီး အတားမရှိပျက်၍ပြေးရချေ၏။

ကျန်စစ်သားလည်း တောင်ခွင် ဟူသောအရပ်က မြင်းနှင့်တစ်ညဉ့်လုံး လာခဲ့သည်။ ပေါက္ကာရာမသို့ မိုးသောက် လျှင်ရောက်လေ၏။ ပေါက္ကာရာမတွင် ရှိနှင့်သောမှူးကြီးမတ်ရာတို့သည်လည်း ကျန်စစ်သားကိုဆိုနှင့်၏။

"ငါတို့အရှင်စောလူးမရှိပြီးသော် အရှင်မင်းကြီးမှတစ်ပါး ဤပြည်ကို စိုးအုပ်ထိုက်သသူ မရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ တံခါးလည်းဖွင့်နှင့်၏။ မင်းမြောက်တန်ဆာ(၅)ပါးတို့ကိုလည်းဆက်နှင့်၏။

ကျန်စစ်သားလည်း -

"ငါ့အရှင် ရှိ မရှိကို စူးစမ်းဦးမည်။ ငါ့အရှင်ရှိသော် အရှင်ကိုယူ၍ နန်းတင်မည်"

ဟု ဆို၏။

အမျူးအမတ်တို့ကဆက်နှင့်သော မင်းမြောက်တန်ဆာကိုလည်း ရွှေစည်းခုံဘုရားရှေ့တော်ဝယ်ထားလေ၏။

ငရမန်လည်း -

"စောလူးနှင့် ကျန်စစ်သားကိုမရလျှင် အမေ့အလျှော့မနေကောင်းချေ"

ဟူ၍ စစ်သည်ဗိုလ်ပါတို့ကို နှစ်၍ အလုံအခြုံတပ်ကြီးတည်၍နေလေ၏။

စောလူးမင်းဟာ ထမင်းသုံးနပ်ငတ်တော့ ဆာလောင်မွတ်သိပ်ပြီး မနေနိုင်တာနဲ့ ချောင်းခေါင်းမှထွက်လာတဲ့အခါ ငရမန်တပ်သားတစ်ဦး ထင်းခွေသွားရင်း ထမင်းစားနေတာကိုတွေ့ပါလေရော။ သူ့လက်စွပ်ကိုချွတ်ပေးပြီး၊ ထမင်းထုပ်နဲ့လဲလှယ်ရင်း သူနဲ့တွေ့ခဲ့ကြောင်းမပြောဖို့လည်း နှုတ်ပိတ်ပါသတဲ့။ သူဘယ်လိုပဲတားတား ထင်းခွေယောကျ်ားဟာ တပ်ကိုပြန်ရောက်တာနဲ့ အပေါင်းအဖော်တွေကို ကြွားပါတော့တယ်။ အဆင့်ဆင့်စကားနဲ့ ငရမန်ကြားတဲ့အခါ လက်စွပ်ကိုယူကြည့်ပြီး စောလူးမင်းပစ္စည်းမှန်းသိတော့ ထိုသူကိုကွပ်ညှပ်ပြီးစစ်ပါရော။ ထိုသူလည်း နာကျင်လှလို့ မှန်တဲ့အတိုင်း လျှောက်တင်ပါတော့တယ်။ ငရမန်လည်း စောလူးမင်းကိုသွားရှာဖမ်းပြီး ရေအား၊ ကြည်းအားဆန်ကာမြင်းကပါအရပ်မှာ တပ်ကြီးတည်လို့နေပါတယ်။ အဲဒီနောက်မှာတော့ ငရမန်ကာန်း စောလူးမင်းကိုအကျဉ်းချထားရာသို့ ကျန်စစ်သားက ဝင်ပြီးခိုးယူကယ်ဆယ်ခဲ့တယ်ဆိုတဲ့ဇာတ်ကြောင်းကိုတော့ ယနေ့တိုင် လူအတော်များများသိနေကြတယ်။

ကျန်စစ်သားဟာ -

ငါ့အရှင်သားကို နန်းတင်မယ်' ဆိုတဲ့ သစ္စာခံတဲ့စိတ်နဲ့ ခိုးယူခဲ့ပေမယ့် သူ့ပခုံးထက်မှာပါလာတဲ့ စောလူးမင်းကတော့ 'ကျန်စစ်သားကို ငါ့ခမည်းတော်မျက်မှာန်ရှုဖူးတယ်။ ငါကလည်းမုန်းခဲ့ဖူးတယ်။ ဒါကြောင့် ငါ့ကိုသတ်ဖို့လာခိုးတာဖြစ်မယ်။ ငရမန်ကတော့ ငါ့အထိန်းတော်ရဲ့သားပေမို့ ငါနဲ့နို့တစ်ယောက်တစ်ဖက်စို့ခဲ့သူမို့ ငါ့ကိုမသတ်တန်ရာဘူး' လို့စဉ်းစားနေရဲ့။ အဲဒါနဲ့ပဲ 'ကျန်စစ်သား ငါ့ကိုခိုးတယ်'လို့အော်ဟစ်လိုက်ပါတယ်။ အဲဒီအခါမှာ ကျန်စစ်သားလည်း 'ရန်သူ့လက်မှာ ခွေးသေဝက်သေသေရစ်ပေတော့' ဆိုပြီး ပစ်ချခဲ့ပါတော့တယ်။

**□ ဖောင်တော်ဦးဘုရားနဲ့ စီသုကာလက်ရာဆန်းများ**

ကျောက်စရစ်ကွင်းရဲ့ တစ်ဖက်အစွန်းမှာတော့ ပန်းဆီရောင်သုတ်ထားတဲ့၊ အုတ်တိုက်-ကုလားကျောင်းခံထားတဲ့ ဂူဘုရားတစ်ဆူလှမ်းမြင်လိုက်ရတယ်။ ဒီကျွန်းပေါ်မှာ အကြီးဆုံးနဲ့ လက်ရှိလည်း ကိုးကွယ်ဆည်းကပ်နေကြဆဲဖြစ်ပြီး အများဆုံး မြူပြင် မွမ်းမံထားတဲ့ ဖောင်တော်ဦးဘုရားပါ။ မူလဂူဘုရားကြီးကို မဏိစည်သူမင်းကြီးတည်ခဲ့ပြီး အခုလက်ရှိကတော့ ဇာလီတောင်ဆရာတော်ကြီး ပြန်လည် မြူပြင် မွမ်းမံထားတဲ့ လက်ရာဖြစ်ရဲ့။ ဂူဘုရားရဲ့ မူရင်းကိုယ်လုံးတော်ပေါ်မှာ ခေတ်ပေါ် စေတီတွေ ထပ်တည်ခဲ့တာပါ။ အဲဒီဂူဘုရားနားနီးလာတဲ့အခါ ထန်းပင်၊ ကန္တာရပင်တွေကို ခပ်စိပ်စိပ်တွေ့လာရတယ်။ ဘုရားဘေးမှာတော့ မရိုးပင်ရုံတွေက အပွင့်တဝေဝေနဲ့ပါ။ သူတို့က ကျွဲပေါက်ပင်လို့ခေါ်ပြီး ဒီအပင်ရဲ့အစေးကို ထိခိုက်ဒဏ်ရာနဲ့ သွေးထွက်ရာတွေမှာလိမ်းပေးရင် ပျောက်ကင်းစေနိုင်သတဲ့။

ဂူဘုရားအောက်ခြေကိုသုတ်ထားတဲ့ ပန်းသွေးရောင်ဟာ အတော့်ကိုတောက်ပလို့ ရှေးဟောင်းဘုရားနဲ့ မလိုက်ဖက်သလိုခံစားရတယ်။ မြို့တော်သိန်းအောင်ဇာတ်က မောင်ယဉ်အောင်ရဲ့ 'မပြာရောင်ပုဆိုးပေါ်က ချပ်ရိုးသစ်' ပြဇာတ်ကို သွားသတိရလိုက်တယ်။ အတွင်းလိုဏ်ရဲ့နံရံတွေမှာ နံရံဆေးရေးတွေ အတော်များများရှိနေတာကိုတော့ အားရစရာပါပဲ။ ဒါဟာပဲ ဒီဘုရားအတွက် အငြင်းမပွားနိုင်တဲ့ အဖိုးတန် ရှေးအမွေအနှစ်အစစ်ဖြစ်မယ်ထင်ရဲ့။

ဂန္ဓကုဋီတိုက်တော်အထဲမှာတော့ လေးမျက်နှာဘုရားဖြစ်တာနဲ့အညီပင် အလယ်မဏ္ဍိုင်ကိုပတ်ရံပြီး ဗုဒ္ဓဆင်းတုတော်(၄)ဆူတည်ထားတယ်။ ဒီဆင်းတုတော်တွေကို မူလက ရွှေအစစ်တွေချထားလို့ ခွာယူခံရပြီး အခုဝင်းဝါနေတာကတော့ ရွှေရောင်သုတ်ဆေးတွေနဲ့ပြန်သုတ်ထားတာ ဖြစ်ပါတယ်။ ဆင်းတုတော်တွေရဲ့နောက်က တံကဲတွေမှာတော့ အင်္ဂတေပန်းလက်ရာ၊ စိန်တောင်တွေ၊ ဆန္ဒင်းမကင်းကွက်ပုံတွေကို ဖောင်းကြွပြုလုပ်ထားတာကို လှပစွာတွေ့မြင်ရတယ်။ ပင်မဆင်းတုတော့်ကြီးဘေးကတံကဲအစွန်းတွေမှာတော့ ပဒ္မရုပရုပ်တွေနဲ့တန်ဆာဆင်ထားပါတယ်။ တံကဲတစ်ခုလုံးရဲ့အထက်ပိုင်းမှာတော့ ရာမလက်ညှိုးတွေကကော့ရရော့ထောင်လို့ပါ။ဆင်းတုကြီးပ ဘူမိဖဿမုဒြာဟန်နဲ့ဖြစ်ပြီးတော့ သင်္ကန်းတော်က ရေစိုအသားကပ်နဲ့ အတွန့်အရေး အထပ်မပါဘဲ ခပ်ရှင်းရှင်းဖြစ်ပါတယ်။

နောက်ဆင်းတုတော်ကြီးတစ်ဆူကတော့ မတ်ရပ်တော်ပါ။ လက်ဝဲလက်တော်ကို တံတောင်ကွေးကာ ရှေ့သို့ထုတ်ပြီး လက်ဖဝါးတော်အောက်သို့ခကာ ရှေ့သို့လှန်ထားစဉ် (အလှူခံတဲ့ဟန်လို့ ဦးသိန်းလွင်ကဆိုရဲ့) လက်ယာလက်တော်ကို တံတောင်ကွေးကာ ရှေ့သို့ထုတ်ပြီး လက်ဖဝါးတော်ရှေ့သို့လှန်ကာ လက်ချောင်းတော်များအထက်သို့ထောင်ထားပုံ-သန္တိဒမုဒြာဟန်ဖြစ်နိုင်ရဲ့။ (ဘေးမကင်းစေဖို့ အဘယမုဒြာလည်းဖြစ်နိုင်ရဲ့) ပုဂံခေတ်ဆင်းတုနဲ့ နံရံဆေးရေးတွေမှာတွေ့ရလေ့ရှိတဲ့မုဒြာမျိုးဖြစ်ပြီး ဝိရုဍ္ဍသတ္တရသတွေကို ပေါ်လွင်စေတဲ့မုဒြာပါ။ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ ဥပေက္ခာပါရမီ၊ မေတ္တာပါရမီစခန်းများသို့ ရည်ညွှန်းဆောင်ထားတဲ့မုဒြာမျိုးလို့ ဆရာကြီးစုဝ်ထွန်းမှတ်ဝင်းကဆိုခဲ့ပါတယ်။

အရှေ့ဝင်ပေါက်မုခ်ရဲ့ နောက်ကျောဘက်တည့်တည့်မှာ တည်ရှိနောက်ထပ်ဆင်းတုတော်တစ်ဆူကတော့ မျက်လွှာတော်ချပြီး မြောက်အရပ်ဦးခေါင်းပြုကာ လဲလျောင်းတော်မူနေမဟာပရိနိဗ္ဗာနမုဒြာဟန် ပရိနိဗ္ဗာန်စံတော်မူနေပုံ ဖြစ်ပါတယ်။ ဒီကုလားကျောင်းထဲက ဆင်းတုတော်ကြီးတွေမျက်နှာတော်တွေ သိသိသာသာပြုပြင်နေကြပေမယ့် ဒီတစ်ဆူမှာတော့ နှုတ်ခတော်စေ့တည်ထားရဲ့။ ဆင်းတုတော်တွေရဲ့သင်္ကန်းတော်တွေဟာ အတွန့်အခေါက်တွေမပါဘဲ ရှင်းပြောင်နေတယ်။ ရေစိုသင်္ကန်းပေါ့။

နောက်ဆုံးဆင်းတုတော်ကတော့ လက်ယာလက်တော်ကို မအောက်တန်းတန်းချထားကာ လက်ဝဲလက်တော်အား တံတောင်ကွေးလျက် အပေါ်မြောက်ပြီး လက်ဖျားတော်ကို ပခုံးထမှ သင်္ကန်းတော်အားထိကိုင်ထားပုံဟတ္တပုံတော်ပါ။ သင်းပိုင်၊ ကိုဒုကုဋ်သင်္ကန်းကြီး၊ အိပ်ရာ၊ မျက်



www.burmeseclassic.com

www.burmeseclassic.com

တ်ဝဝါ၊ ပရိက္ခရ ခါးပန်းကြိုး၊ နိသီဒိုင်ခင်း၊ မိုးရေခံသင်္ကန်း၊ အမာလွှမ်းသင်္ကန်း စတဲ့ သင်္ကန်း (၉) မျိုးထဲက တစ်ခုကိုကိုင်ဆုပ်ထားဟန်ဖြစ်ပါတယ်။ သင်္ကန်းအဓိဋ္ဌာန်တင်နေဟန်၊ ဝိကပ္ပနာပြုနေဟန်ဖြစ်ပြီး ပုဂံနဂါးရုံဘုရားမှာရှိတဲ့ ပ်တော်မူနဲ့တူတယ်။ စင်္ကြံကြွနေဟန် တ်ရုပ်တော်တွေမှာ တွေ့နိုင်ပါတယ်။ ရသကိုပေါ်လွင်စေတဲ့ဟန်လည်းဖြစ် ပါတယ်။ ဒီလိုဆင်းတုတော်မျိုးတည် းရင် မိမိစီးပွားဥစ္စာအဆင်တန်ဆာ များထိပါးပျက်စီးခြင်းက ကင်းလွတ်စေ တယ်လို့ စဝ်ထွန်းမှတ်ဝင်းကဆိုပါတယ်။ ဦးသိန်းလွင်ကတော့ လက်လေးချောင်း ောင်ပြီး သစ္စာလေးပါးတရားတော်ကို ကြားနေတာလို့ဆိုရဲ့။ လက်ချောင်း တော်တွေဟာ အလယ်အဆစ်တွေရဲ့ အပေါ်မှာပြတ်နေပါပြီ။ အတွင်းပိုင်း ဆင်းတုတော်တွေနဲ့နောက်ခံတံကဲတွေ၊ မှာရှိနေတဲ့ အင်္ဂတေပန်းလက်ရာ တွေကတော့ ရှေးလက်ရာအတိုင်းရှိနေ တာတွေ့ရတယ်။ ဆင်းတုတော်တွေမှာ သင်္ကန်းတွေကပ်လှူထားလို့ခဏခွာပြီး ကိုယ်လုံးတော်အတိုင်းပကတိကို ဓာတ်ပုံ ရိုက်ယူလိုက်ရပါသေးတယ်။

ဝင်ပေါက်မုခ်ဦး အာရုံခံဆောင်၊ ကုဋီတိုက်ရှေ့အခန်းတွေရဲ့ နံရံတွေ၊ င်းမိုးခုံးတွေမှာ နံရံဆေးရေးပန်းချီ ကားတော်များများရှိနေပါတယ်။ တ်တော်လာဇာတ်ကွက်တွေကို သရုပ် ဖော်ထားတာအပြင် ဆင်းတုတော်တစ်ဆူ ပုံကြီးတွေ၊ ဆင်းတုတော်ငယ်လေး တွေကို အဆင့်ဆင့်တန်းစီရေးဆွဲထား တာတွေ၊ ပန်းခက်ပန်းနွယ်တွေ၊ သစ်ကိုင်း တ်သစ်ရွက်သစ်ပင်နဲ့ ကိန္နရီကိန္နရာ ရုပ်ပုံ၊ ကျေးငှက်သာရကာပုံ၊ ဝါးရုပ်တွေ၊ ကျောင်း၊ တန်ဆောင်း၊ တဲ့လှည်းယဉ်ပြာသာဒ်၊ ပန်းရထား၊ ရုပ်နဲ့ ခေါင်းလောင်းပုံတွေကို တွေ့ရပါတယ်။ ဗုဒ္ဓရဲ့ဦးခေါင်း မှာ သဗ္ဗညုတဉာဏ်တော်ကိုကိုယ် တဲ့ ကြာဖူးပုံအချွန်လည်းထည့်ဆွဲ ပြီး တင်ပျဉ်ခွေထိုင်တော်မူနေတဲ့ ရှင်ရဲ့ ခြေဖဝါးတော်တွေဟာ တ်ကို မျဉ်းတစ်ကြောင့်တန်းနေ င်ကို လန်နေတယ်။ ဘုရားရှင်ကို တုပ်ပူဇော်နေတဲ့ ရဟန္တာ၊ နတ် မင်းမိဖုရားပုံတွေလည်းပါရဲ့။ တော်ရာပုံလည်း စက်လက္ခဏာတွေ ဖော်ပြထားတယ်။ လက်ရာ တ်လှပပြီး နေရာလပ်မကျန်အောင် အဖြည့်ပန်း၊ အဖြည့်ရုပ်၊ ခရုသင်း၊ ဆန္ဒင်းမကာင်းကွက်၊ အဝိုင်း-အစက်-အလုံးလေးတွေနဲ့ပါ ရေးဆွဲထားပါတယ်။ စက်ဝိုင်းပုံပန်းကွက်အချို့ကိုလည်း ဂျီဩမေတြီနည်းကျရေးဆွဲထားတာတွေ့ရ တယ်။ပန်းချီတွေရဲ့သုံးစွဲထားတဲ့အရောင် အသွေးမှာတော့ အနီနဲ့ အဝါ၊ အဖြူနဲ့ အနက်ရောင်တွေလွှမ်းမိုးနေတယ်။

နံရံဆေးရေးပန်းချီတွေမှာ သရုပ်ဖော်ထားတဲ့ အချို့သော ဇာတ်လမ်းဇာတ်ကွက်တွေကိုတော့ ဆိုင်ရာပန်းချီတွေရဲ့အောက်မှာ သရုပ်ဖော်စာတွေ ရေးထိုးဖော်ပြ ရှင်းလင်းထားပါသေးတယ်။ လက်ဝဲဘက်နံရံက ပုံနဲ့စာအရ 'ငရဲမင်းကြီး. . . မိသောဘ်. . . မိရင်စံ တို့နှင့်. . . ရပ်လေခံ၍နေဟန်' လို့ ဦးသိန်းလွင်က မပျက်မစီးကျန်ရစ်နေသေးတဲ့စာလုံးတွေကို အသံထွက်ဖတ်ပြရဲ့။ အဲဒီပုံရဲ့အထက်မှာ 'အောင်ခြင်းရှစ်ပါး' သရုပ်ဖော်ပုံလည်းရှိနေပါတယ်။ အောင်မြင်ခြင်းတွေထဲကတစ်ခုဖြစ်တဲ့ မာရ်နတ်မင်းကို အောင်တော်မူခန်းမှာတော့ မာရ်နတ်ရဲ့ပုံကို ထင်ထင်ရှားရှားမြင်ရတဲ့အပြင် အောက်မှာလည်း စာတစ်ကြောင်းရေးထိုးထားပါတယ်။ နာဠာဂိရိဆင်ကို အောင်မြင်တော်မူခန်းမှာတော့ ဆင်မည်းမည်းကြီးက ဘုရားရှင်ကို ရန်ပြုရာမှ ဝပ်စင်းကျနေဟန်ကို ရေးဆွဲထားတယ်။ အဖော်ပါလာတဲ့ ရှာသားကြီးတစ်ဦးက ရေဆွတ်ထားတဲ့ စုတ်တံအနုစားလေးနဲ့ ပုံတွေပေါ်ကနေ အသာအယာသုတ်ပေးလို့ ပုံတွေရဲ့အရောင်ဟာ စိုတောက်လာပါတယ်။ ဒီနည်းဟာလည်း အနည်းနဲ့အများဆိုသလို ပန်းချီပုံတွေအပေါ် ထိခိုက်မှာမို့နေပါစေလို့ ပြောရတယ်။

ငရဲခန်းတွေကိုသရုပ်ဖော်ထားတဲ့ပုံမှာ ငရဲပြည်ကိုဝင်ရောက်နေပုံ၊ လိမ်လည်ပြောဆိုသူတွေကို လျှာကို ညှပ်နဲ့ ချိတ်ဆွဲပြီး ညှဉ်းပန်းဒဏ်ပေးထားပုံတွေမြင်တော့ ကမ္ဘောဒီးယားက အန်ကောဝတ်ကျောင်းတော်ကြီးမှာ ကျောက်ပြားတွေပေါ် သရုပ်ဖော်ထုဆစ်ထားတဲ့ ငရဲခန်းတစ်ဖက်ဖောင်းကြွ (Relief) အရုပ်တွေကို မြင်ယောင်မိပါတယ်။ အဲဒီမှာတော့ အခုထက်ပိုပြီး ရက်ရက်စက်စက်ပြစ်ဒဏ်ပေးပုံတွေကို ဖော်ပြထားတယ်။

မိကျောင်းတူရိယာတီးခတ်နေပုံကိုလည်း ဦးသိန်းလွင်က ရှာဖွေပြပါသေးတယ်။ မိကျောင်းတူရိယာဟာ မွန်တို့ရဲ့ ရှေးရိုးရာတူရိယာမို့ ပုဂံခေတ်မှာ မွန်-မြန်မာတို့ရဲ့ယဉ်ကျေးမှုတွေ ဗုးသွားယှက်နွယ်နေတာကို ပြသနေသလိုပါပဲ။ မွန်ဆက်တွေရဲ့လက်ရာပေါ့။ ယနေ့ခေတ်ဘက်စုံပြပြင်မွမ်းမံရေးမှာဆေးရေးပန်းချီတွေကို ထုံးသုတ်ပစ်တဲ့ အဘတွေနဲ့အများကြီးမတွေ့ခဲ့တာဘဲ ကံကောင်းလှချည်ရဲ့လို့ ဝမ်းသာမိပါရဲ့။ ဒါတောင်အချို့နေရာတွေမှာ ထုံးသုတ်ထားတာတွေတွေ့နေရလို့ စိတ်ညစ်သွားပါတယ်။ နံရံတွေကိုသန့်စင်သွားအောင် စေတနာသဒ္ဓါတရားတို့ ရေစီးကမ်းပြိုလိုက်ပြီး သံဘရုပ်ရှုတွေနဲ့တိုက်ပစ်ကြတာမျိုးမလုပ်ဖို့လည်း သတိပေးခဲ့ရသေးတယ်။

ဂန္ဓကုဋိတိုက်အမိုးနဲ့ နံရံအပေါ်ဘက်တွေမှာအက်ကွဲပြီး အုတ်သားတွေပေါ်အောင်ဟကာ အက်ကြောင်းတွေလိုက်နေတာမို့ ဘယ်လိုကာကွယ်ရမလဲလို့ ဦးသိန်းလွင်က မေးပါတယ်။ ကိုယ်တို့ ရှေးဟောင်းသုတေသနထိန်းသိမ်းနည်းပညာတွေမှာ (groutting ?) ဆိုတဲ့ ဘိလပ်မြေဖျော်ထားတာကို ကွဲဟတဲ့ကြားထဲ မှုတ်ထည့်တဲ့နည်းတော့ရှိတယ်။ တာဝန်ရှိသူတွေကိုတင်ပြကြည့်ပါ၊ သူတို့လာလုပ်ပေးရင်တော့ အဆင်ပြေမှာပေါ့လို့ ပြောခဲ့ရတယ်။ ဩော် - ကူညီခွင့်ကြုံလျက်နဲ့ မကူညီနိုင်ခဲ့ပါလား။

မုခ်ဦးဆောင်ရဲ့ နံရံဆေးရေးပန်းချီတွေဘေးမှာ သောက်ရေအိုးတွေ့လို့ နွေနေပူပူနဲ့ အဖွဲ့သားတွေ ခပ်သောက်ကြတယ်။ အေးလိုက်တာ။

အောက်ထပ်ကနေအပေါ်ကို နံရံမှာကပ်ဖောက်လုပ်ထားတဲ့ လူတစ်ကိုယ်စာတစ်ဆစ်ချိုးလှေကားကျဉ်းကျဉ်းလေးကနေတက်ခဲ့ကြပါတယ်။ အဲဒီလှေကားတစ်ဆစ်ချိုးရဲ့ အထက်ပိုင်း အမိုးဟာနိမ့်လွန်းလို့ ခေါင်းနဲ့မလွတ်လို့ ငုံ့ပြီးတက်ခဲ့ကြရတယ်။ ရှေးဗိသုကာတွေဟာ ရရာနေရာလေးမှာ အပေါ်တက်ဖို့လှေကားလေးကို တပ်ဆင်ထားရဲ့။ ပိုဆိုးတာက အထက်အမိုးထောင့်မှာ ပျားစွဲပြီး ပျားအုံတစ်အုံရှိနေကာ ပျားတွေက မျက်နှာနားမှာ ဝဲပျံနေလို့ ပျားတုပ်မှာကြောက်ပြီး သတိနဲ့တက်ခဲ့ပေမယ့် ပျားတွေက အန္တရာယ်မပေးပါဘူး။ ဘုရားပျားတွေမို့ ဘုရားဖူးတွေကိုမတုပ်ပါဘူးလို့ ဒေသခံတွေက အာမခံအပြည့်နဲ့ အခိုင်အမာပြောရဲ့။

ကုလားကျောင်းခေါင်မိုးက ဘုရားပေါ်ရောက်တော့ မြင်ကွင်းက အလွန်လှပါတယ်။ တစ်ဖက်မှာလည်း ဧရာဝတီမြစ်ကြီးကို အပေါ်စီးမြင်နေကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com

လေကလည်းသန့်သန့်လေးတိုက်ခတ်နေလို့ နေပူတာကိုတောင်မေ့ပြီးနေမိကြတယ်။ မြစ်ကြီးရဲ့တစ်ဖက်က လှမ်းမြင်နေရတဲ့ စိမ်းညို့ညို့တောင်နဲ့တောတွေဟာ သပြေတောရွာပါတဲ့။ အသံချို့စက်နဲ့ရေဒီယိုခေတ်က ကျေးလက်အခြေပြုသီချင်းတွေမှာကြားရတတ်တဲ့ 'ကျွန်မတို့သပြေတောရွာ. . .' ဆိုတဲ့ ရွာကလေးပါတဲ့။ အဲဒီမြစ်အနောက်ဘက် သပြေတောမှာ ကျန်စစ်သားမင်းကြီးတည်ထားခဲ့တဲ့ လှံကျဘုရားရှိပါတယ်။ ကျန်စစ်သားမင်းလှံစမ်းတဲ့နေရာ၊ လှံမြှုပ်တောင်အရပ်ဆိုတာက အရှေ့ဘက်ကမ်းမှာရှိသတဲ့။ ကျွန်းတော်ဘက်မှာတော့ လှံဝဲဘုရားရှိပြန်ပါသေးတယ်။

ပုင်မအုတ်တိုက်ပေါ်မှာ ယနေ့ခေတ် ဆူးလေစေတီတို့လို ရှစ်ထောင့်ပုံစေတီကြီးတစ်ဆူထပ်ပေါက်ထားပြီး၊ ပစ္စယာဆင့်တွေရဲ့ ပတ်ပတ်လည်အပေါ်မှာလည်း ထောင့်စေတီငယ်လေးတွေ၊ မုခ်ပေါက်တွေ၊ ခြသေ့်ရုပ်၊ ကျားရုပ်တွေနဲ့ပါ။ ရှစ်ထောင့်ပုံအလယ်ပစ္စယံမှာတော့ မုခ်ပေါက်လေးတွေရှိပြီး ဆင်းတုတော်ငယ်လေးများကိန်းဝပ်နေပါတယ်။ မုခ်ပေါက်တစ်ခုခြားစီရဲ့အထက်မှာတော့ နတ်သားရုပ်တွေကမိုးလို့ပါ။ စေတီတော်ရဲ့ခေါင်းလောင်းပုံဟာ အဝိုင်းမဟုတ်ဘဲ ဆူးလေစေတီလို ရှစ်ထောင့်ဖြစ်နေရဲ့။ ခေါင်းလောင်းပုံအောက်အရစ်မှာ ကြာပွင့်တွေပတ်လည်စီထားသလို ခေါင်းလောင်းပုံအထက်က ဖောင်းရစ်တွေဟာလည်း ထောင့်ချိုးတွေနဲ့ပါ။

မုခ် (၄) ခုမှာ အရှေ့ဘက်မုခ်ကို အဆောင်ထပ်ထုတ်ထားပြီး အပေါ်မှာလည်း ခေါင်းလောင်းအဝိုင်းပါတဲ့ခပ်လတ်လတ်စေတီတစ်ဆူတည့်ထားပါတယ်။ ဒါပေမယ့်လည်း ခေါင်းလောင်းပုံအထက်မှာ ဓာတ်တော်တိုက်လို အရစ်ဝိုင်းငယ်တစ်ခုခံပြီး ခေါင်းလောင်းပုံထပ်ဆင့်ထားပြန်လို့ ဘယ်ခေတ်ရယ်လို့မပြောနိုင်အောင် ထူးဆန်းတဲ့ ဗိသုကာအဆင်တန်ဆာမျိုးဖြစ်နေရဲ့။ လခြမ်းကွေးနဲ့ ခြောက်ထောင့်ကြယ်အမှတ်တံဆိပ်ပါပါပြန်လို့ ဘာအဓိပ္ပာယ်မှန်း အကဲမဖြတ်တတ်အောင်ရှိရပါတယ်။ ဝိဇ္ဇာနည်းတွေနဲ့ သင်္ကေတပြုထားတာလို့တော့ ခန့်မှန်းလို့ရပါရဲ့။ ဂူအထက်ကအဆောက်အအုံ၊ အရုပ်၊ လှေကား စတဲ့ အရာရာကိုတော့ ရွှေရောင်သုတ်ဆေးတွေ အပြည့်သုတ်လိမ်းကပ်လှူထားလို့ ယင်းလက်ဝင်းဝါနေတာမို့ မကြာမတင်ကဘဲ ပြုပြင်ထားကြောင်းသိသာလှရဲ့။



စေတီတော်ကြီးရဲ့ ပစ္စယံအဆင့်တွေမှာ နတ်ရုပ်၊ မနုဿီဟရုပ်တွေ ပတ်ပတ်လည်မှာ ထုလုပ်ထားသလို စေတီတော်အပေါ်ကိုတက်တဲ့ အုတ်လှေကားလည်းရှိပါတယ်။ စေတီတော်နှစ်ဆူစလုံးနဲ့ အရံစေတီလေးတွေအပါအဝင်ရဲ့ ထီးတော်တွေဟာ ကြေး-သံထီးတော်တွေမဟုတ်ဘဲ ကျောက်သားထီးတော်တွေဖြစ်နေတာကလည်း ထူးဆန်းပါတယ်။ ဒါ့အပြင် စေတီကြီးရဲ့ထီးတော်အထက်မှာလည်း တံခွန်တိုင်များလို ဟင်္သာရုပ်ကြီးနဲ့ပါ။ အောက်ခံဂူတွေက ရှေးလက်ရာဖြစ်ပြီး မုခ်ပေါက်တံကဲတွေနဲ့ အပေါ်မှာပေါက်ထားတဲ့စေတီတွေဟာ ယနေ့ခေတ် ပြန်လည်ထပ်ဆင့်တည်ထားတဲ့ လက်ရာတွေဖြစ်ပုံရပါတယ်။ အောက်ခံဂူရဲ့နံရံတွေ၊ တံကဲပေါက်တွေကို ဘိလပ်မြေနဲ့ အချောပြန်ကိုင်ကာ ဆေးသုတ်ထားလို့ ပုဂံခေတ်လက်ရာကို ဖျက်ထားသလိုဖြစ်နေပါတယ်။

မြစ်ထဲမှာတော့ ဆန်တင်သင်္ဘောတွေ၊ ကျောက်စရစ်စုပ်စက်လှေတွေ အများကြီးပါပဲ။ ခုတ်မောင်းနေတဲ့စက်သံတွေလည်း တဒုတ်ဒုတ်နဲ့ဆူညံလို့ပါ။ မြစ်အထက်ဘက်မှာ မိကျောင်းရဲမြို့လေး၊ မလွန်တံတားနဲ့ အထက်မင်းလှတို့ရှိပြီး မြစ်ကြောင်းအတိုင်း (၁၄-၅)မိုင်လောက်စုန်ဆင်းသွားရင် ဧရာဝတီမြစ်ကမ်းမှာပဲရှိတဲ့ ဆင်ပေါင်ဝဲမြို့လေးကို ရောက်ပါသတဲ့။ မနေ့က ကိုယ်တို့ မိကျောင်းရဲကနေ တောင်ခွင်ရွာကို မောင်းလာခဲ့တဲ့ ခပ်ဆိုးဆိုးလမ်းဟာ ၂၀၁၂ ခုမှာမှ စတင်ပြီးဖောက်ခဲ့တဲ့ ဆင်ပေါင်ဝဲ- မိကျောင်းရဲမြို့ချင်းဆက်လမ်း၊ ဖြတ်လမ်းဖြစ်ပါတယ်။

ဘုရားအမိုးပေါ်ကနေ ပြန်ဆင်းလာခဲ့ကြပြီး ဧရာဝတီမြစ်ဘေးက ဦးသိန်းလွင် အရမ်းညွှန်းထားတဲ့ ကျွန်းတော်ရဲ့ ငပလီ ဆိုတဲ့ကမ်းခြေကိုရောက်အောင် ဘောလုံးတစ်ကွင်းစာလောက် သဲပြင်ကွက်လပ်ကြီးကို ဖြတ်ဆင်းခဲ့ကြရတယ်။ အဲဒီမှာ ပူလိုက်တာမှ အပေါ်ပူ အောက်ပူနဲ့ ငရဲပြည်ရောက်ရသလိုပါပဲ။ အရေးထဲ သဲထုကလည်း ခြေကိုဆွဲဆွဲ နေလို့ မနည်းရုန်းပြီးလမ်းလျှောက်ရပါတယ်။ ဖိနပ်ပါမြုပ်မြုပ်သွားလို့ ရွံ့ညွန် ထဲနစ်သလိုပြန်ဆွဲထုတ်နေရတော့ ချွေ[တ်] လျှောက်လည်းသဲပြင်ကပူလှချည့်။ မြစ်[...] ဖုတ်ထွေနင်းလျှောက်ဖို့ရာက မြွေပွေး[...] လည်း ကြောက်ရပြန်ပါရော။ အရမ်း[...] တယ်၊ လိုက်ခဲ့ပြီးရေချိုးကြပါ၊ သောင် ပြင်လည်းရှည်လျားလို့ ရေလည်းမန[...] ဘူးဆိုပြီး သူ့ဒေသရဲ့အလှကမ်းခြေ[...] ပြချင်ဇောနဲ့ခေါ်လာလို့ အားနာပြီးလို[က်] ခဲ့ကြတာ။ နောက်ကြောင်းပြန်လှည့်[...] ကလည်း မဖြစ်နိုင်တော့ပါဘူး။

သဲသောင်ပြင်နဲ့ မြစ်ရေဟာ တကယ်လည်းညွှန်းသလောက်ကောင်း အောင်သန့်တဲ့နေရာပါ။ မလှမ်းမကမ်း မှာလည်း ကျောက်ဆောင်ကျောက်တုံး ကြီးတွေရှိပါတယ်။ ရေမချိုးကြဘဲ ခဏ နေပြီးတဲ့အခါ လာလမ်းအတိုင်းပြန်[...] မယ့် အပူဒဏ်ကိုရှောင်ဖို့ မြစ်ကမ်း[...] တစ်လျှောက် ကျောက်ဆောင်တွေ[...] ကုတ်ကပ်လျှောက်ပြီးပြန်ခဲ့ကြတယ်။

ရိုးရာခလေ့ရွှေကျင်သူတစ်ယော[က်] တလေကို ကျောက်ဆောင်တွေအရင်[း] သဲပြင်စပ်မှာ ထိတ်လန့်စာစားကျင်[...] တာ တွေ့ရတယ်။ တစ်နေကုန်ရေထဲ[...] ဒယ်ဗန်းလေးတွေနဲ့ တကုပ်ကုပ်လုပ်[...] ကြရတဲ့သူတို့ကိုသနားမိပြီး ဧရာဝတီ[...] ထဲမှာ စက်လှေကြီးတွေသုံးပြီး စက်မော[င်း] သံတဖုန်းဖုန်းနဲ့ ကျောက်စုပ်ယူနေတာ[...] ဥပဒေကို လက်တစ်လုံးကြားလှည့်စား[...] ရွှေမှုန်ရွှေစတွေစုပ်ယူနေသူတွေကို အ[...] မိပါရဲ့။ ဒီလိုနဲ့ ကျွန်းရဲ့ကျောက်ကမ်း[...] စောက်တွေဘေးမှာကုပ်ကပ်သွားလာ[...] တည်းခိုရာ စေတီဘေးက ကမ်းပါး[...] ပြန်ရောက်လာကြပါတယ်။

နေ့လယ်နားပြီး မွန်းလွဲပိုင်းနေ[...] ကျတာနဲ့ မုဆိုးမက မုန့်ပျစ်စလ[...] ရောင်းရတဲ့မုန့်ဖိုးလေးတွေစုပြီး တည်[...] တဲ့ မုန့်ဘိုးဘုရား၊ လှံတင်ခုံဘုရား[...] လှံဝဲဘုရားဆိုတဲ့ ရှေးဟောင်းဂူဘုရား[...] တွေကို ဆက်လက် ဖူးမြော်လေ့လာ[...] မှာပါ။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး[...]

**စာကိုး** -

ဦးကုလား - မဟာရာဇဝင်[...]
(ပထမအုပ်၊ စာ-၁၈[...])၊ ရာပြည်[...]



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

# ဓနသိဋ္ဌိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)


ဓနသိဋ္ဌိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဋ္ဌိနက္ခတ် လင်္ဂဖြတ်ချိန်၊ ဓနသိဋ္ဌိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းအခါသုံးပါး အချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း အထူးသဖြင့် မဟာသဒ္ဒမန္တန်ကြီး အပါအဝင် ဓနလာဘ်ဆိုင်ရာ ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာ ခံစားရမည်မလွဲဖြစ်ပါသည်။ ၂၄-၂-၂၀၁၇ နေ့ ညနေ (၆း၃၈) နာရီတွင် ဓနသိဋ္ဌိနက္ခတ်သို့ စန်းသည် စတင်ဝင်ရောက်မည် ဖြစ်ပြီး ၂၅-၂-၂၀၁၇ နေ့ နံနက် (၆း၃၇း၂၇) နာရီတွင် စန်းသည် ဓနသိဋ္ဌိနက္ခတ်နှင့် ယှဉ်ဖက်နေကာ ၎င်းနေ့ ညနေ (၆း၃၇) နာရီတွင် စန်းသည် ဓနသိဋ္ဌိနက္ခတ်မှ ထွက်ခွာမည်ဖြစ်သည်။ (၂၅-၂-၂၀၁၇) နေ့ နံနက် (၅း၃၄း၃၉) နာရီမှ (၇း၃၂း၀၇) နာရီအတွင်း လင်္ဂသည် ဓနသိဋ္ဌိနက္ခတ်သို့ ဝင်ရောက်နေမည်ဖြစ်ပြီး ၎င်းနေ့ နေ့လယ် (၁၁း၅၆း၃၁) နာရီမှ (၁၂း၀၇း၄၃) နာရီအတွင်း မွန်းတည့်မျဉ်းသည် ဓနသိဋ္ဌိနက္ခတ်နှင့်ယှဉ်ဖက်နေမည် ဖြစ်သည်။

| လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| နေ့ | စဝင်ချိန် | စထွက်ချိန် | နေ့ | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၇း ၀၉း ၀၃ | ၉း ၀၆း ၃၁ | ၁ | ၁၃း ၃၁း ၅၃ | ၁၃း ၄၂း ၀၇ |
| ၂ | ၇း ၀၅း ၀၇ | ၉း ၀၂း ၃၅ | ၂ | ၁၃း ၂၇း ၅၇ | ၁၃း ၃၈း ၁၁ |
| ၃ | ၇း ၀၁း ၁၁ | ၈း ၅၈း ၃၉ | ၃ | ၁၃း ၂၄း ၀၁ | ၁၃း ၃၄း ၁၅ |
| ၄ | ၆း ၅၇း ၁၅ | ၈း ၅၄း ၄၃ | ၄ | ၁၃း ၂၀း ၀၅ | ၁၃း ၃၀း ၁၉ |
| ၅ | ၆း ၅၃း ၁၉ | ၈း ၅၀း ၄၇ | ၅ | ၁၃း ၁၆း ၀၉ | ၁၃း ၂၆း ၂၃ |
| ၆ | ၆း ၄၉း ၂၃ | ၈း ၄၆း ၅၁ | ၆ | ၁၃း ၁၂း ၁၃ | ၁၃း ၂၂း ၂၇ |
| ၇ | ၆း ၄၅း ၂၇ | ၈း ၄၂း ၅၅ | ၇ | ၁၃း ၀၈း ၁၇ | ၁၃း ၁၈း ၃၁ |
| ၈ | ၆း ၄၁း ၃၁ | ၈း ၃၈း ၅၉ | ၈ | ၁၃း ၀၄း ၂၁ | ၁၃း ၁၄း ၃၅ |
| ၉ | ၆း ၃၇း ၃၅ | ၈း ၃၅း ၀၃ | ၉ | ၁၃း ၀၀း ၂၅ | ၁၃း ၁၀း ၃၉ |
| ၁၀ | ၆း ၃၃း ၃၉ | ၈း ၃၁း ၀၇ | ၁၀ | ၁၂း ၅၆း ၃၁ | ၁၃း ၀၆း ၄၃ |
| ၁၁ | ၆း ၂၉း ၄၃ | ၈း ၂၇း ၁၁ | ၁၁ | ၁၂း ၅၂း ၃၅ | ၁၃း ၀၂း ၄၇ |
| ၁၂ | ၆း ၂၅း ၄၇ | ၈း ၂၃း ၁၅ | ၁၂ | ၁၂း ၄၈း ၃၉ | ၁၂း ၅၈း ၅၁ |
| ၁၃ | ၆း ၂၁း ၅၁ | ၈း ၁၉း ၁၉ | ၁၃ | ၁၂း ၄၄း ၄၃ | ၁၂း ၅၄း ၅၅ |
| ၁၄ | ၆း ၁၇း ၅၅ | ၈း ၁၅း ၂၃ | ၁၄ | ၁၂း ၄၀း ၄၇ | ၁၂း ၅၀း ၅၉ |
| ၁၅ | ၆း ၁၃း ၅၉ | ၈း ၁၁း ၂၇ | ၁၅ | ၁၂း ၃၆း ၅၁ | ၁၂း ၄၇း ၀၃ |
| ၁၆ | ၆း ၁၀း ၅၃ | ၈း ၀၇း ၃၀ | ၁၆ | ၁၂း ၃၂း ၅၅ | ၁၂း ၄၃း ၀၇ |
| ၁၇ | ၆း ၀၆း ၀၇ | ၈း ၀၃း ၃၅ | ၁၇ | ၁၂း ၂၈း ၅၉ | ၁၂း ၃၉း ၁၁ |
| ၁၈ | ၆း ၀၂း ၁၁ | ၇း ၅၉း ၃၉ | ၁၈ | ၁၂း ၂၅း ၀၃ | ၁၂း ၃၅း ၁၅ |
| ၁၉ | ၅း ၅၈း ၁၅ | ၇း ၅၅း ၄၃ | ၁၉ | ၁၂း ၂၁း ၀၇ | ၁၂း ၃၁း ၁၉ |
| ၂၀ | ၅း ၅၄း ၁၉ | ၇း ၅၁း ၄၇ | ၂၀ | ၁၂း ၁၇း ၁၁ | ၁၂း ၂၇း ၂၃ |
| ၂၁ | ၅း ၅၀း ၂၃ | ၇း ၄၇း ၅၁ | ၂၁ | ၁၂း ၁၃း ၁၅ | ၁၂း ၂၃း ၂၇ |
| ၂၂ | ၅း ၄၆း ၂၇ | ၇း ၄၃း ၅၅ | ၂၂ | ၁၂း ၀၉း ၁၉ | ၁၂း ၁၉း ၃၁ |
| ၂၃ | ၅း ၄၂း ၃၁ | ၇း ၃၉း ၅၉ | ၂၃ | ၁၂း ၀၅း ၂၃ | ၁၂း ၁၅း ၃၅ |
| ၂၄ | ၅း ၃၈း ၃၅ | ၇း ၃၆း ၀၃ | ၂၄ | ၁၂း ၀၁း ၂၇ | ၁၂း ၁၁း ၃၉ |
| ၂၅ | ၅း ၃၄း ၃၉ | ၇း ၃၂း ၀၇ | ၂၅ | ၁၁း ၅၇း ၃၁ | ၁၂း ၀၇း ၄၃ |
| ၂၆ | ၅း ၃၀း ၄၃ | ၇း ၂၈း ၁၁ | ၂၆ | ၁၁း ၅၃း ၃၅ | ၁၂း ၀၃း ၄၇ |
| ၂၇ | ၅း ၂၆း ၄၇ | ၇း ၂၄း ၁၅ | ၂၇ | ၁၁း ၄၉း ၃၉ | ၁၁း ၅၉း ၅၁ |
| ၂၈ | ၅း ၂၂း ၅၁ | ၇း ၂၀း ၁၉ | ၂၈ | ၁၁း ၄၅း ၄၃ | ၁၁း ၅၅း ၅၅ |



www.burmeseclassic.com

www.burmeseclassic.com



(ဥပဒေ)

စိုးထွန်း

# တောင်ပိုင်ရဲ့ရုပ်ဆင်းအင်္ဂါ


တောင်ပိုင်လို့ ဆိုလိုက်တာနဲ့ တချို့က တောင်ပိုင်ဆိုတာ သရဲတစ္ဆေ ပြိတ္တာတွေဖြစ်မှာပါလို့ ပြောလိုပြော၊ တချို့က ဘီလူးလိုပြိတ္တာကြီးလို့ ဝေဖန်လိုဝေဖန်၊ တချို့က ကမ္ဘဇိဒ္ဓိရှိတဲ့နတ်သူယောင်ဖြစ်မယ်လို့ ကောက်ချက်ချသူကချနဲ့ အမျိုးမျိုးဝေဖန်ကြပါလိမ့်မယ်။ ကျုပ်တို့ကတော့ ဒီပါရုံတောင်က တောင်ပိုင်ကို လူတစ်ယောက်မြင်သလို ဂေါပကလူကြီး (၃) ဦးစလုံး မြင်ဖူးလိုက်တာပါ။ ကျုပ်က အဲဒီအကြောင်းကို ပြောတော့မှာပါ။

ဒီအကြောင်းမပြောခင် ဒီပါရုံဘုရားတောင်ကို သွားချင်သူတွေသွားလို့ရအောင် နတ်လမ်းညွှန်လိုက်ပါမယ်။ ဒီပါရုံဘုရားတောင်ဟာ ပုသိမ်မြို့နဲ့ ရေမိုင် (၁၀) မိုင်လောက်တော့ ဝေးပါမယ်။ အခုခေတ်မှာ ပုသိမ်-မော်တင်လမ်းကြီးရှိနေလို့ ကားနဲ့သွားချင်ရင် ပုသိမ်ကြိုးတံတားကနေ (၁၈) မိုင်မောင်းလိုက်ရင် ရောက်ပါတယ်။ (၁၈) မိုင်နားရောက်ရင် ဆိုင်းဘုတ်အကြီးကြီးကို အ... ဆက်မှာရှာပါ။ တွေ့တာနဲ့ (၆) ဖာ... လောက် ဆက်မောင်းရင် ဒီပါရုံတော... ကို ရောက်ပါပြီ။

ကျုပ်က ရွှေ့မီနောက်မီဂေါပ... လူကြီးဆိုတော့ လွန်ခဲ့တဲ့နှစ်(၅၀)လော... က မြင်ကွင်းကိုအရင်ပြောပါမယ်။ အဲ... အချိန်ကလည်း တောင်ပိုင်ဆိုတာရှိ... ပါပဲ။ ဘုရားပွဲကို ဘယ်သူတွေကျင်း... သလဲဆိုရင် ကော်သူလေးဗိုလ်ကြီး... ဦးဆောင်ပြီး ကျင်းပပါတယ်။ ဒီဘု... သက်ဆိုင်တဲ့ရွာတွေက မဲဇလီကျေး... ရွှေတွင်းတူးကျေးရွာ၊ ချောင်ဝကျေး...

www.burmeseclassic.com

www.burmeseclassic.com



[illegible]တကွင်းကျေးရွာ၊ ရွာဟောင်းကြီးကျေးရွာ၊ ရခိုင်ကုန်းကျေးရွာ၊ ပိန္နဲကွင်းကျေးရွာ၊ ဇရပ်ဆိပ်ကျေးရွာ၊ ဝက်ကြီးကွင်းကျေးရွာတွေပဲ ဖြစ်ပါသည်။

အဲဒီခေတ်က အဲဒီနေရာမှာ [illegible]နစ်တွေ၊ ရဲဘော်ဖြူတွေမရှိဘူး။ ကော်သူလေးကြီးစိုးတဲ့နယ်မြေပဲဖြစ်ပါတယ်။ သူတို့က ဘယ်လိုဂုဏ်ယူသလဲဆိုရင် ဒီပါရဲ့ဘုရားပွဲတော်ကျင်းပတဲ့ [illegible]ပေါင်းလထဲမှာ ခုဖော်ပြတဲ့ ကျေးရွာ[illegible] (၉) ခုမှာ ခိုးတာလုတာ၊ ဓားပြ[illegible]တာ၊ မုဒိန်းမှုဖြစ်တာမရှိစေရဘူး [illegible]ကြွေးကြော်ထားတယ်။ အဲဒီအပြစ်[illegible]ကျူးလွန်ခဲ့ရင်တော့ စီရင်ချက်က 'ဒိုင်း' [illegible]ပြီးတာပါပဲ။

ဒါကြောင့် တပေါင်းလရောက်[illegible] အခုဖော်ပြတဲ့ ကျေးရွာအုပ်စုကြီး[illegible]မှာ တံခါးတွေကြိုက်သလိုဖွင့်အိပ်[illegible]သူမှမခိုးရဲဘူး။ တောတက်တဲ့[illegible]မတွေလည်း တစ်ယောက်တည်း[illegible]တောင် ဘေးမသီရန်မခစေရပါဘူး။ [illegible]ချုပ်တဲ့နယ်မှာ ဒီလိုအေးချမ်းရ[illegible] ကော်သူလေးဗိုလ်ကြီးက [illegible]ကြော်ထားတာပါ။

ဘုရားပွဲက တောဘုရားပွဲဖြစ်တာကြောင့် ဥသျှစ်ပင်ခြေရင်း မြေကွက်လပ်သေးသေးလေးဟာ ပွဲခင်းနေရာပါပဲ။ ပွဲကလည်း ဗလာပွဲပါ။ ပွဲစတဲ့နေ့မှာ ကော်သူလေးဗိုလ်ကြီးက ပွဲစင်ပေါ်တက်ပြီး သေနတ်နှစ်ချက်ဖောက်တယ်။ ဒါဆိုရင် လူထုစည်းဝေးပွဲခေါ်တာလို့ အားလုံးက သိကြတာပေါ့။ လူစုံတယ်ဆိုရင်ပဲ ဗိုလ်ကြီးက -

"ဟိုမှာကြက်ဝိုင်းရှိတယ်၊ ဟိုဘက်မှာကစားဝိုင်းရှိတယ်၊ ဟိုဘက်မှာအရက်တွေရောင်းတယ်။ အကုန်လုပ်၊ အကုန်သောက်။ မမူးနဲ့၊ မရမ်းနဲ့၊ သူများကိုဒုက္ခမပေးနဲ့၊ ဖြစ်လာရင် ဒါပဲ"

ဆိုပြီး သေနတ်တစ်ချက်ဖောက်တယ်။ ဒါဆို စည်းဝေးပွဲကြီးကပြီးသွားပါပြီ။ မူးပြီးရမ်းလို့ကတော့ 'ဒိုင်း' ဆိုတဲ့အသံကြားရင် ဒါဟာ တရားစီရင်လို့ပြီးသွားပြီလို့ လူတိုင်းသိနေတယ်။ သူတို့ခေတ်မှာ ငွေဒဏ်တွေ၊ ထောင်ဒဏ်တွေမရှိပါဘူး။ သေဒဏ်တစ်ခုပဲရှိပါတယ်။

ဒါကြောင့် ဒီပါရဲ့ပွဲနေ့တွေမှာ မူးပြီးရမ်းတာမရှိဘူး၊ လောင်းကစားဝိုင်းမှာ ငြင်းတာခုံတာတွေလည်းမရှိဘူး။ သားမျိုးသမီးမျိုးကို ထိကပါးရိကပါးလည်း မလုပ်ရဲကြဘူး။ အလွန်အေးချမ်းတဲ့ဘုရားပွဲလေးလို့ ဆိုနိုင်ပါတယ်။ ကျုပ်ကိုယ်တိုင်က ဒီကော်သူလေးပွဲကိုရောက်ဖူးခဲ့တာကိုး။ ပွဲဈေးတန်းမှာ ဆိုင်လေး (၄)၊ (၅) ဆိုင်လောက်သာရှိပြီး မီးခွက်ထွန်းပြီးရောင်းကြတယ်။ လှည်းလမ်းနဲ့လှေလမ်းပဲရှိပါတယ်။ ကားလမ်းဆိုတာ ဒီဘက်ခေတ်ရောက်မှ ပေါ်လာတာပါ။

ကော်သူလေးဗိုလ်ကြီးက လက်သန်ပြောင်သလို ဒီပါရဲ့တောင်ပိုင်ကြီးကလည်း ကော်သူလေးဗိုလ်နဲ့ လိုက်လျောညီထွေ လက်သန်ပြောင်ပါတယ်။ ဗိုလ်ကြီးကိုယ်တိုင်က တောခြင်းလေးရက်ပြီး ငှက်ပျောနှစ်ဖီးနဲ့ အုန်းသီးတစ်လုံးထည့်ပြီးတော့ တောင်ပိုင်ကို ပူဇော်ထားသဗျ။ ပြီးတော့ အရက်တစ်လုံးနဲ့ကြက်ကောင်လုံးပြုတ်



www.burmeseclassic.com

www.burmeseclassic.com

ကလည်းတစ်ပွဲ။ လာတဲ့သူတွေကလည်း ကောင်းနိုးရာရာတွေကပ်ထားလိုက်တာ ပွဲတွေကိုစုံနေတာပဲ။ ဘုရားပေါ် မှာကပ်တာတောင် ဒီလောက်မများပါဘူး။ ဒါက တောင်ပိုင်ကြီးကိုကြောက်ပြီးကပ်တာဖြစ်ပါလိမ့်မယ်။

တောင်ပိုင်ကြီးက ဘယ်လိုအရေးယူသလဲဆိုရင် တောင်တက်လမ်းမှာ တံထွေးလေးထွေးမိတာနဲ့ မူးမေ့ပြီး ပါးစပ်ကအမြှုပ်တွေထွက်တော့တာပါပဲ။ မမြင်ကွယ်ရာ အပေါ့သွားတဲ့နေရာဟာ ဒီပါရှိဘုရားတောင်ရဲ့ဧရိယာထဲဖြစ်တာနဲ့ မအားကရောင်ပါလေရော။ ဘုရားတောင်မှာ ဖရုသဝါစာပြောမိတာနဲ့ ပါးရွဲ့သွားတာကြည့်မလား။ အမြှုပ်တွေထွက်တာကြည့်မလား။ အိုး-နည်းနည်းလေးမှ အများမခံပါဘူး။ လူကြမ်းတော့နတ်ကြမ်းတယ်လို့ ဆိုရမလိုဖြစ်နေပါပြီ။

ဒီဘက်ခေတ်ရောက်တော့ ပထမစတဲ့ပွဲမှာ တောင်ပိုင်ကြီးက အများမခံတာ လက်တွေ့ပြသေးတယ်။ ရွှေပွဲလာပရိသတ်ကလည်း အနယ်နယ်အရပ်ရပ်ကလာတာဖြစ်လို့ လူတွေတအားများပါတယ်။ လူတစ်ယောက်အမြှုပ်ထွက်လိုက်၊ မူးမေ့လိုက်တွေ ခဏခဏတွေ့နေရတော့ ဂေါပကဥက္ကဋ္ဌကြီးက -

"ဒီလိုသာနည်းနည်းလေးများတာနဲ့ လက်ဖက်နဲ့ချောက်ရ တောင်းပန်ရတွေများလာရင် တောင်ပိုင်ကြီးရှိတဲ့ဘုရားကို လူတွေလာရဲမှာမဟုတ်တော့ဘူး၊ သာသနာပါကွယ်သွားလိမ့်မယ်"

အခုလို သာသနာနဲ့ကိုင်ပေါက်လိုက်တာနဲ့ တောင်ပိုင်ကြီးလည်း တစ်ခါတည်းငြိမ်တော့တာပဲ။ အခုအချိန်မှာ တောင်ပိုင်ကြီးက ဘာတွေလုပ်လုပ် တုတ်တုတ်တောင်မလှုပ်တော့ပါဘူး။ အမှတ်မဲ့ဆို တောင်ပိုင်မှရှိပါသေးရဲ့လားလို့ သံသယတောင်ဝင်မိတယ်ဗျ။ အခုလို တောင်ပိုင်ကြီးမရှိဘူးထင်တယ်ဆိုမှ တောင်ပိုင်ကြီးကို ကျုပ်တို့အဖွဲ့က အမှတ်မထင် မြင်လိုက်ကြရပါတယ်။ ဒီအကြောင်းကိုပြောပါတော့မယ်။

ကျုပ်တို့ ဂေါပကအဖွဲ့ဟာ ဘုရားပွဲမဖြစ်ခင် (၂) ရက်ကြိုပြီး အရင်သွားရတယ်။ ဒါတောင် ရွှေတွင်းတူးရွာသားတွေဆို ဘုရားပွဲမဖြစ်ခင် (၁) လအလိုလောက်ကတည်းက ဆိုင်ခန်းတွေ၊ ပွဲရုံတွေ၊ အိမ်သာတွေ၊ ရေချိုးခန်းတွေ ဆောက်လုပ်နေကြရတယ်။ ကျုပ်တို့လာတယ်ဆိုတာ ဒီလူတွေလုပ်ထားတာပြီးပြီလား၊ မပြီးသေးဘူးလား၊ ဘာအခက်



အခဲရှိသလဲလို့ ကွင်းဆင်းစစ်ဆေးရတဲ့ အဖွဲ့ပါပဲ။

ကျုပ်တို့ စီစဉ်ထားသလို အားလုံးပြီးနေပြီဆိုရင် ကျုပ်တို့အဖွဲ့က လျှပ်စစ်လိုင်းနဲ့တယ်လီဖုန်းလိုင်းကြီးတွေတပ်ဆင်ရတယ်။ ဒီဘက်ခေတ်မှာတော့ ကြိုးဖုန်းတွေမသုံးတော့ပါဘူး။ လက်ကိုင်ဖုန်းက နေရာယူလိုက်ပြီကိုး။ ကျုပ်တို့အိပ်တာက ထောင်ထိပ်မှာပါ။ တောင်ထိပ်မှာ ဘုရားရှိခိုးပြီး တောင်ခြေဆင်းမယ်အလုပ် ဒိုင်းဆိုတဲ့ သေနတ်သံတစ်ချက်ကြားလိုက်တယ်။ ကျုပ်တို့အဖွဲ့ထဲက တစ်ဦးက -

"ဒီအသံဟာ တောပစ်တဲ့နှစ်လုံးပြူးသေနတ်သံပဲ။ ဒီပါရှိနယ်နိမိတ်အတွင်းမှာ ဘာသားကောင်မှမပစ်ရလို့ အမိန့်ထုတ်ထားတယ်။ ဘေးမဲ့တောဖြစ်တာသိရက်နဲ့ ကျူးလွန်တဲ့ကိစ္စပဲ။ ရွာ(၉)ရွာက လူကြီးတွေမေးလိုက်ရင်ပေါ်နိုင်ပါတယ်။ တောင်ပိုင်ကြီးကလည်း ဒါမျိုးကျတော့ကြည့်နေရသလား။ ရှိတောင်ရှိသေးရဲ့လား မသိတော့ပါဘူး"

လို့ အပြစ်တင်သံလေးနဲ့ ပြောလိုက်တယ်။ ကျုပ်တို့က ညဘက်မှာ ကော်ဖီမစ်သောက်ဖို့ မေ့လာတာနဲ့ ကျုပ်တို့သုံးယောက် တောင်အောက်ကိုဆင်းရပြန်တာပေါ့။ လှေကားထစ်က (၁၅၆) ထစ်လောက်ရှိတယ်။ တောင်ခြေရောက်တဲ့အထိဆို အထစ်ပေါင်း (၂၅၀) ကျော်ပါလိမ့်မယ်။ လှေကားထစ်(၃၀)လောက်အရောက်မှာ ဘုရားဖူးဧည့်သည်တစ်ဦး တက်လာတယ်။

အသားခပ်ညိုညို၊ အရပ်အမောင်း ထောင်ကောင်းကောင်း၊ ပုဆိုးကတော့ ကရင်ပုဆိုးဖြစ်ပါလိမ့်မယ်။ အင်္ကျီ တော့ ရှမ်းတိုက်ပုံလိုလို၊ ကရင်အင်္ကျီလိုလို။ ဆောင်းထားတဲ့ခမောက်က ခပ်ငိုက်ငိုက်။ ကျုပ်တို့ကအဆင်းဖြစ်လို့ အတက်သမားကို ဦးစားပေးပြီး ဘေးဖယ်ပေးလိုက်ပါတယ်။ ဘုရားပွဲမစခင်တော့ ဒီလိုပဲတစ်ယောက်စနှစ်ယောက်စလောက်သာ ဘုရားဖူးတာရှိပါတယ်။ ဘယ်နေ့ရောက်မှလူလာကြသလဲဆိုရင် ပွဲကတဲ့နေ့ဟာ လူအစည်ဆုံးပါပဲ။ ဒီလို ညဘက်ရောက်တော့ ကျုပ်ကအိပ်မက်ပါတော့တယ်။

"ဆရာတို့ ဘေးမဲ့တော သတ်မှတ်ထားတာနဲ့ ဆတ်လာပစ်တဲ့ ကို မြွေတစ်ကောင်လွှတ်ပေးလိုက်တယ်။ ဒီကောင် သေနတ်နဲ့ (၃) ချက်တောင် ပစ်ပေမယ့်ကျည်မထွက်ဘူး။ ဘယ်ထွက် ပါ့မလဲ။ မြွေဟောက်ကြီးက ချိုးအမြ ကို အစာမှတ်ပြီးမျိုလိုက်လို့ ဒီကောင် ကျည်မထွက်တာနဲ့ တစ်ချိုးတည်းပြေး တော့တာပါပဲ။ ဆတ်ကိုပစ်တာလည်း မထိပါဘူး။ မနေ့ညနေဘက်မှာ ခမောက် ဆောင်းပြီး ကရင်ပုဆိုးနဲ့ တောင်ပေါ် တက်သွားတဲ့ ကရင်လိုလို၊ ရှမ်းလိုလို ရတဲ့ လူကြီးတစ်ယောက် ဆရာတို့ဘေး က ဖြတ်လျှောက်သွားတယ်မဟုတ် လား။ ဆရာတို့တောင် လမ်းဖယ် လိုက်သေးတယ်။ အဲဒီလူဟာ ဒီ တောင်ပိုင်ပါပဲ။ ဆရာတို့က ရှိတောင် သေးရဲ့လားမသိဘူးလို့ ပြောနေကြ ဆရာတို့မြင်ဖူးအောင်ပြလိုက်တာ"

ဒီလိုရှင်းပြတော့မှ ကျုပ် မနေ့ကမြင်လိုက်တဲ့ ကရင်အဘိုး ဟာ တောင်ပိုင်ပါလားလို့ သိခဲ့တာ အခုဆိုရင် ကျုပ်တို့ဂေါပကလူကြီး(၁၃ က တောင်ပိုင်ရဲ့အဝတ်အစား၊ အသား အရေ၊ အရပ်အမောင်းကို သေသေချာ သိလိုက်မြင်လိုက်ရတာပေါ့။ ဒါကြော ဒီပါရှိဘုရားတောင်ရဲ့ ဒုတိယတောင် မှာ ထုလုပ်ထားတဲ့ရုပ်တုဟာ စိတ်ကူး ထုတဲ့ရုပ်တုတော့မဟုတ်ပါဘူး။ တက အမှန်အကန် ရုပ်ဆင်းအင်္ဂါနဲ့ကိုက် အောင်ထုထားတဲ့ရုပ်တုပါပဲ။ ကျုပ် အိပ်မက်ထဲက ပုံကိုဒီပါရှိဘုရားရော ရင် ဝင်ကြည့်လိုက်ကြပါ။ အိပ်မက်ထ အတိုင်းပုံဖော်ထားတဲ့ရုပ်တုပဲ ဖြစ် တယ်။

စိုးထွန်း(ဥဩ



www.burmeseclassic.com

www.burmeseclassic.com

အောင်ရွှေစိုး

# ပေတပြိတ္တာ




သည်လတွင် 'ပြိတ္တာ' အကြောင်း ...ရှုစိုက်မိသည်။


ကျေးဇူးရှင် ဆရာတော်အရှင်မြတ် ...များ၊ ပညာရှိသူတော်ကောင်းကြီး ...က 'ငရဲရှိသည်၊ တိရစ္ဆာန်ရှိသည်၊ ...ရှိသည်၊ အသူရကာယ်ရှိသည်' ဟု ...အောင်ရွှေစိုးတို့အား မေတ္တာ၊ ကရုဏာ ...ဖြင့် အခွင့်သင့်တိုင်း၊ အကြောင်း ...တိုင်း သတိပေးလှေ့ရှိတော်မူကြ၏။ ...ပင် ဗုဒ္ဓဘာသာတော်ဝင် မြန်မာ ...မိဘများကလည်း မိမိတို့၏ သား ...များကို လူ့စကားနားမလည်သေး ... အရွယ်ကတည်းက ဗုဒ္ဓသာသနာ ...ယဉ်ကျေးမှုတို့နှင့်မကိုက်ညီသည့် ...အမှုလုပ်ရှားမှုများကို ပြုမိလေတိုင်း ...ရား၊ ငရဲကြီးတတ်တယ်' ဟူ၍ ...ခြောက်မှုမျိုးမဟုတ်သောဆုံးမမှုများ ...ပြုခဲ့ကြ၏။ ငရဲ ဟူသော ဝေါဟာရ ...ဓိပ္ပာယ်ကို ကလေးငယ်အနေဖြင့် ...လည်သော်လည်း တားမြစ်မှုဖြစ် ...ကိုတော့ သူတို့ရိပ်မှန်းမိကြ၏။ ...ကြောင့်ပင် အောင်ရွှေစိုးတို့သည် ...တစည်းက ငရဲကိုကြောက်ခဲ့၏။ ...ကြောက်လှပါ၏။ အောင်ရွှေစိုး ...တွင် ငရဲပြည်ကိုရောက်ကာမှရောက် ... ယခုကတည်းကတော့ ငရဲမရောက် ...အောင် တတ်နိုင်သမျှ ကြိုးစားနေထိုင် ...ရှိ၏။ ငရဲကိုကြောက်၍လည်း ငရဲ ...ကြောင်းကိုလေ့လာပြီး အောင်ရွှေစိုး ...ငရဲကြောက်စမွှမိတ်ဆွေများအတွက် ...ခဲ့ဖူးပါသည်။

ကျေးဇူးရှင်ဆရာတော်အရှင်မြတ် ...၏ အဆုံးအမ ဩဝါဒအရဆို ... ငရဲသာမက တိရစ္ဆာန်၊ ပြိတ္တာ၊ ...ကာယ်တို့လည်း ရှိပါသေး၏။ ...ကြောင့် သူတို့အကြောင်းကိုလည်း ...ရွှေစိုး စိတ်ဝင်စားမိ၏။ ငရဲ အကြောင်း လေ့လာတင်ပြပြီးပြီ ဖြစ်၍ တိရစ္ဆာန်အကြောင်း တွေးမိ၏။

တိရစ္ဆာန်များသည် အောင်ရွှေစိုးတို့ လူသားများနှင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်နေကြသောသတ္တဝါများ ဖြစ်၏။ တစ်ဘုံတည်း အတူစံသော သတ္တဝါများ ဖြစ်ကြ၏။ အောင်ရွှေစိုးတို့လူသားများနှင့်တိရစ္ဆာန်များကို ခြားနားခြင်းပြုရာအကြောင်းကို တွေးလိုက်သည့်အခါတွင် အောင်ရွှေစိုး၏အမြင်တွင် နှစ်မျိုးတွေ့ရ၏။ လူနှင့် တိရစ္ဆာန်ကို အကြောင်းမှန်၊ အကျိုးမှန်၊ အကောင်းအဆိုးနှစ်တန်ကို ဆင်ခြင်နိုင်မှုတရားနှင့် မြေပြင်ပေါ်တွင် ခြေနှစ်ချောင်းအားပြုပြီး ဦးခေါင်း၊ ခန္ဓာ မတ်ထောင်ကာ ဒေါင်လိုက်သွားလာတတ်ခြင်းတို့က စည်းသားခွဲခြားထားသည်ဟု အောင်ရွှေစိုး ဉာဏ်မီသလောက်တွေးမိပါသည်။

ဗုဒ္ဓသာသနာတော်ဝင်စာထဲပေထဲ လက်လှမ်းမီသမျှ စပ်စုလိုက်မိသောအခါတွင် တိရစ္ဆာန်နှင့်ပတ်သက်၍ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

တိရစ္ဆာန် ဟူသည် တိရိစ္ဆာနမှလာ၏။ 'တိရော' နှင့် 'အစ္ဆာန' ကို ပေါင်းထားခြင်း ဖြစ်၏။ 'တိရော' သည် အလျားလိုက်ဟူ၍ အဓိပ္ပာယ်ရ၏။ 'အစ္ဆာန' သည် သွားခြင်းဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် လူ၊ နတ်တို့ကဲ့သို့ အထက်အရှည်လိုက်မတ်မတ် မသွားဘဲ အလျားလိုက် မြေပြင်ကို မျက်နှာအပ်၊ ကောင်းကင်ကိုကျောပေးပြီးသွားလာတတ်သော ခြေလေးချောင်းရှိသောသတ္တဝါ၊ ခြေနှစ်ချောင်းရှိသောသတ္တဝါ၊ ခြေများစွာရှိသောသတ္တဝါ၊ ခြေမရှိသောသတ္တဝါတို့ကို 'တိရစ္ဆာန်' ဟု ခေါ်သည်။ ထိုတိရစ္ဆာန်တို့တွင် ဖြစ်ပေါ်နေထိုင်လှည့်လည်ကျက်စားရာ ဘုံဌာနသီးခြားမရှိဘဲ တိရစ္ဆာန်များ ဖြစ်၊ ပျက်နေသော၊ ထိုတစ်ခဏ ရုပ်နာမ်အခြေအနေကိုပင် 'တိရစ္ဆာန်ဘုံ' ဟု ခေါ်ဆိုအပ်၏။ ထိုတိရစ္ဆာန်တို့သည် လူတို့နေထိုင်သော လူ့ဘုံမှာပင် လူသားများနှင့် ရောနှောနေထိုင် ဆက်ဆံလျက် ရှိကြလေသည်။ ဤမျှအံပါယ်ဘုံသားသတ္တဝါတို့နှင့်အတူ လက်ပွန်းတတီး ရောနှောနေထိုင်ကြလျက်ရှိပါသော်လည်း အသိ



ပြိတ္တာများကို လူသားများက အစာအာဟာရချပေးနေပုံ (ဂျပန်ပုရပိုက်)

www.burmeseclassic.com



ပုရပိုက်မော်ပေါ်တွင် တွေ့ရသော ပြိတ္တာများ



ပြိတ္တာများ



ပြိတ္တာများ



အသားစိုင်ပြိတ္တာ

ဉာဏ်မြင့်မားသည်ဟုဆိုသော အောင်ရွှေစိုးတို့ လူသားအတော်များများသည် အပါယ်ဘုံကို ထိတ်လန့်ကာ သံဝေဂတရားဖြစ်ပွားခြင်း ထိထိရောက်ရောက်မရှိကြသည်ကိုလည်း အံ့ဩစွာတွေ့ရ၏။

ထိုတိရစ္ဆာန်လောကတွင် ရှေးကုသိုလ်ကောင်းရှိဖူးသော တိရစ္ဆာန်တို့သည် လူသားတို့နှင့် အလွန်ကျွမ်းဝင်နေထိုင်ခွင့်ရကြရုံမျှမက သားသမီးများပမာ ချစ်ခင်ကာ ပြုစုစောင့်ရှောက်ခြင်းကို တိရစ္ဆာန်နှင့် မလိုက်မျှအောင် ခံစားစံစားနေကြရပုံကိုလည်း စာဖတ်သူတို့ မျက်မြင်တွေ့ဖူးကြရပါလိမ့်မည်။ အောင်ရွှေစိုးတို့နှင့် ရောထွေးဆက်ဆံခြင်းရှိသော တိရစ္ဆာန်ဘုံမှ တိရစ္ဆာန်တို့၏အကြောင်းကို ထိုမျှဖြင့် ခေတ္တနားလိုပါသည်။

ဤဆောင်းပါး၏ လိုရင်းဖြစ်သော ပြိတ္တာတို့အကြောင်းဆက်ပါမည်။

## □ ပြိတ္တာ

ပြိတ္တာသည် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်' တည်းဟူသော အပါယ်ဘုံသားထဲမှ သတ္တဝါတစ်မျိုး ဖြစ်၏။

ပါဠိဘာသာဖြင့် 'ပေတ' ဟုခေါ်၏။ ပကဋ္ဌေနသုခတောက္ကတာဂတာတိ ပေတာ - ချမ်းသာသုခမှဝေးသောအားဖြင့်ဖြစ်တတ်သောကြောင့် ပေတ မည်၏။ တစ်နည်းအားဖြင့်လည်း မနုဿတ္တဘာဝတောအပေတ္တာပေတပရိယာယော ပိလဒ္ဓတိ-လူ့ခန္ဓာအတ္တဘောမှကင်းကွာကွယ်လွန်သွားသောကြောင့် ပေတဟုလည်းခေါ်၏။ ထို့ကြောင့် ပေတပြိတ္တာကို အပါယ်လေးဘုံသား ငရဲခံပြိတ္တာသတ္တဝါဟူ၍လည်း လူ့ခန္ဓာကြီးကိုသက်ရှိသဘောဖြင့် မဆောင်နိုင်တော့ဘဲ ပစ်ထားခဲ့ပြီး ကွယ်သွားသောသတ္တဝါဟူ၍လည်း အခြေခံသဘောအနေဖြင့် နားလည်နိုင်ပေသည်။ ပါဠိနှစ်ချက်အနက်နှစ်ပါးကို ခြုံငုံသုံးသပ်ပြီး ပေတဟူသည် ပြိတ္တာဘုံသို့ရောက်ရှိသွားသောသတ္တဝါ သို့မဟုတ် ပစ္စုပ္ပန်ခန္ဓာအားထားရစ်ခဲ့ပြီး အခြားဘုံတစ်ခုခုသို့ရောက်သွားပြီဖြစ်သောသူဟူ၍နားလည်မိ၏။

သူတစ်ဦး သို့မဟုတ် သတ္တဝါတစ်ခုသည် ကွယ်လွန်သွားပြီးနောက် မိမိ ခန္ဓာဟောင်းကိုထားရစ်ခဲ့ပြီး မည်သ ဘုံသို့ရောက်သွားပြီဟု ကိုအောင်ရွှေ တို့ကဲ့သို့သော သာမန်လူတို့အနေ အတပ်မသိနိုင်ပါသော်လည်း ပြိတ္တာ သို့ရောက်ပြီး ပြိတ္တာဘဝ၌ တည်နေ များက ၎င်းတို့၏ ကမ္မဇိဒ္ဓိဖြင့်အသိ လာလျှင်ကား ထိုသူသည် ပြိတ္တာဖြစ် ကြောင်းကို ကရုဏာသက်စွာ ခြင်း မရှိ အသိအမှတ်ပြုရပေတော့ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓရှင် မြတ်ကြီးကိုယ်တော်တိုင် ပြိတ္တာ အကြောင်းကို ပေတဝတ္ထုများဖြင့် ဟော ကြားတော်မူခဲ့သောကြောင့် ဖြစ်၏။

ပေတပြိတ္တာတို့သည် လူမှ ပြောင်းလဲကာ အကုသိုလ်ကံကို ကြရသောသူများ၏။ ထို့ပြင် ပြိတ္တာ 'ပြိတ္တာဘုံ' ဟု ဌာနအရာဖြင့် အမည်





www.burmeseclassic.com

www.burmeseclassic.com



ဓါးစစ်ပေါက်ရ မီးလျှံထွက်ပြိတ္တာ (ဂျပန်)





ရှေးဟောင်းဂျပန်ပုရပိုက်မှပြိတ္တာများ

...ပါသော်လည်း အမှန်အားဖြင့် သီးခြား ...ဌာနမရှိဘဲ လူတို့နှင့်ရောရှ၍ လူတို့ကို ...တာ နေထိုင်လှည့်လည်ကျက်စားကြ ...သူများ ဖြစ်ကြ၏။ လူ့ဘုံမှာပင် ...တို့မနေအပ်သောယုတ်ညံ့သည့်နေရာ ...များ လူတို့စွန့်ပစ်ထားသော အိုးအိမ် ...ကျောင်းဇရပ်များ၊ လူတို့နေထိုင်လေ့မရှိ ...သောသုသာန်သင်္ချိုင်းများ၊ လူတို့မဆက် ...ဆံသော တောပင်၊ သစ်အို၊ သစ်ငုတ်တို ...များ တုန်းကမူများ၌ တွယ်ကပ်နေထိုင် ...ကြရ၏။ ဤသို့ နေထိုင်ကြရသည်တွင် ...လည်း တစ်စွန်းတစ်စအားဖြင့်ထောက်ပံ့ ...နိုင်သော ကံအကြောင်းရှိလေပါမူ ...တို့နေထိုင်သော ရပ်၊ ရွာ၊ မြို့ပြများနှင့် ...နီးအနား၌ရှိသော အထက်ပါနေရာ ...များ၌ နေခွင့်ရကြ၏။ အထောက်အပံ့ ...ကံလေးတစ်မျှင်မျှလောက်ပင်မရှိသော ...ပြိတ္တာများအဖို့မူ မြို့ပြ၊ ကျေးရွာတို့ကို ...ကောင့်ရှောက်သော သက်ဆိုင်ရာပုဂ္ဂိုလ် ...တို့၏ ကံတန်ခိုးဖြင့် နှင်ထုတ်ခြင်းကိုခံကြ ...ရ၏။ လူနေအရပ်နှင့်ဝေးရာတွင်နေပြီး ...အစားအစာအလို့ငှာ အဝေးမှလာကာ ...ရပ်ဌာန၌ ခက်ခဲစွာရှာဖွေစားသောက် ...ကြရ၏။ ထို့ကြောင့် အလွန်ဆိုးသွမ်း ...သော၊ ကံအလွန်ခေါင်းပါးသော ပြိတ္တာ ...တွေဝါတို့သည် လူသူမနီးသည့် တော ...အုပ်ရှိတောချုံပိတ်ပေါင်း၊ တောင်စောင်း၊ ... လိုဏ်၊ တောစိုးသစ်ပင်၊ မီးလောင် ...သစ်ပင်တို့၌ ခိုမှီကာ ဆင်းရဲထူပြောစွာ ...နေထိုင်ကြရရှာ၏။

ပြိတ္တာများသည် အကုသိုလ်ကံ ...ကြောင့် ဖြစ်လာကြရသဖြင့် အဆင်း၊ ...အနံ့အရာတို့၌ လွန်စွာမှပင် ဆိုးရွား ...ယုတ်ညံ့လှ၏။ ကြောက်မက်ဖွယ်ထိတ် ...လန့်ဖွယ်ကောင်းလှ၏။ အသံမှာလည်း ...ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းလှ ...၏၊ အဆင်းလှ၊ အနံ့ကောင်းသောပြိတ္တာ ...၍ အကုသိုလ်များထဲတွင် အလွန် ...ကြီးသည့် ကုသိုလ်ကံစွက်ဖက်နေ ...သည့်ပြိတ္တာမျိုးစုတစ်ခုတည်းသာ ရှိ၏။ ...မျိုးစုကား မဟိဒ္ဓိကပြိတ္တာမျိုးဖြစ်၏။

ပြိတ္တာတို့သည် ၎င်းတို့ကျူးလွန်ခဲ့သော အကုသိုလ်အကြောင်းအရာကို လိုက်၍ ပြိတ္တာဘဝ၏ ဖြစ်ရာအကြောင်းများအရ အမျိုးမျိုးရှိ၏။ ပြိတ္တာမျိုးပေါင်းစုံဆောင်ဆိုလျှင် ပါရာဇိကကဏ်ပါဠိတော်၌ လည်းကောင်း၊ သံယုတ်ပါဠိတော်၌ လည်းကောင်း ပြိတ္တာမျိုး (၂၀) မျိုး ဟူ၍ လာရှိ၏။

ယင်း (၂၀) မျိုးသော ပြိတ္တာတို့မှာ -

၁။ အဋ္ဌိသင်္ခလိကပြိတ္တာ - အသားအသွေးမရှိဘဲ အရိုးစု၊ အရိုးဆက်အရိုးသက်သက်သာရှိသောပြိတ္တာ။
၂။ မံသပေသိကပြိတ္တာ - အသားတစ်သာရှိသောပြိတ္တာ။
၃။ မံသပိဏ္ဍပြိတ္တာ - အသားစိုင်သာရှိသောပြိတ္တာ။
၄။ နိစ္ဆဝိပုရိသပြိတ္တာ - အရေမရှိဘဲ ယောကျ်ားသဏ္ဍာန်ထင်သောပြိတ္တာ။
၅။ အသိလောမပြိတ္တာ - သန်လျက်အမွေးရောက်သောပြိတ္တာ။
၆။ သတ္တိလောမပြိတ္တာ - လှံအမွေးရောက်သောပြိတ္တာ။
၇။ ခုသုလောမပြိတ္တာ - မြားအမွေးရောက်သောပြိတ္တာ။
၈။ သူစိလောမပြိတ္တာ - အပ်အမွေးရောက်သောပြိတ္တာ။
၉။ ဒုတိယသူစိလောမပြိတ္တာ - အပ်တို့သည် ခေါင်းမှဝင်၍ ပါးစပ်မှထွက်သောပြိတ္တာ။
၁၀။ ကုမ္ဘဏ္ဍပြိတ္တာ - အိုးစရည်းခန့်ပမာဏဝှေးစေ့ရှိသောပြိတ္တာ။
၁၁။ ဂူထကူပနိမုဂ္ဂပြိတ္တာ - မစင်တွင်း၌ဖြစ်ရသောပြိတ္တာ။
၁၂။ ဂူထခါဒကပြိတ္တာ - မစင်ကိုသာစားရသောပြိတ္တာ။
၁၃။ နိစ္ဆဝိတ္ထိပြိတ္တာ - အရေမရှိသောပြိတ္တာမ။
၁၄။ ဒုဂ္ဂန္ဓပြိတ္တာ - အနံ့အလွန်ဆိုးသောပြိတ္တာမ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲရပ်အနီး ပြိတ္တာများ စုဝေးနေထိုင်ကြပုံ (ယိုးဒယား)

၁၅။ ဩကိလိနီပြိတ္တာ - မီးကျီးထင်းပုံ၌ အိပ်ရသောပြိတ္တာမ။

၁၆။ အသိသကပြိတ္တာ - ဦးခေါင်းမပါ ရင်၌သာ မျက်စိ၊ ခံတွင်းရှိသော ပြိတ္တာ။

၁၇။ ဘိက္ခုပြိတ္တာ - ဒုကုဋ်၊ သပိတ်၊ သင်္ကန်းတို့၌ အလျှံပြောင်ပြောင် တောက်သောရဟန်းပြိတ္တာ။

၁၈။ ဘိက္ခုနီပြိတ္တာ - သင်္ကန်းအပေါ်ခြုံ၊ ခါးဝတ်ရုံတို့၌ အလျှံပြောင်ပြောင်တောက်သော ရဟန်းမိန်းမ ပြိတ္တာ။

၁၉။ သိက္ခမာနပြိတ္တာ - အပေါ်ရုံ ခါးဝတ်တို့၌ အလျှံပြောင်ပြောင် တောက်သောသိက္ခမာန်မပြိတ္တာ။

၂၀။ သာမဏေရပြိတ္တာ - သင်္ကန်း၊ ခါးဝတ်၊ သင်းပိုင်၊ သပိတ် စသည် တို့၌ အလျှံပြောင်ပြောင်တောက် နေသော သာမဏေပြိတ္တာ။

၂၁။ သာမဏေရီပြိတ္တာ - သင်္ကန်း၊ ခါးဝတ်၊ အပေါ်ခြုံတို့၌ အလျှံ တပြောင်ပြောင်တောက်နေသော သာမဏေရီပြိတ္တာဟူ၍ ဖြစ်၏။

လောကတွင် အကုသိုလ်ဖြစ်ရာ အကြောင်းရင်းများကလည်းများလှသဖြင့် အကုသိုလ်အကျိုးပေးများကလည်းများ လှပါပေ၏။ သို့ဖြြင့် အကုသိုလ်အကျိုး သားများဖြစ်သော ပြိတ္တာတို့မှာလည်း ပုံစံအမျိုးမျိုးဖြင့် များပြားနေခြင်းဖြစ်ပေ မည်။ ထိုမျှ များပြားလှသော ပြိတ္တာများ ကို မျိုးတူဆင်တူများ စုစည်း၍လည်း လောကပညတ္တိကျမ်း၊ ဆေဂတိဒီပနီကျမ်း တို့၌ ဖော်ပြထားချက်များရှိသေး၏။

ဟိမဝန္တာတောင်နံပါး၌ ဝိဇ္ဈာဋဝီ အမည်ရှိသောတောအုပ်ကြီးတစ်ခုရှိ၏။ ထိုတောအုပ်ကြီး၏ အလယ်ကောင်၌ ပြိတ္တာတို့ စုဝေးနေထိုင်ကြသော မြို့ကြီး တစ်မြို့ရှိ၏။ ထိုမြို့၌ ပြိတ္တာမျိုး (၁၂)မျိုး နေထိုင်ကြ၏။

၎င်းတို့မှာ -

၁။ ဝန္တာသပြိတ္တာ - ထမင်း၊ ရေ၊ အစားအစာတို့လုံးဝမရအောင် ဝေဘ်မှတ်၍ဆာလောင်လှသောကြောင့် သူတစ်ပါး တို့ စွန့်ပစ်အပ်သော တံတွေး၊ နှပ်၊ အန်ဖတ်တို့ကို ရှာဖွေစားသောက်ရ သောပြိတ္တာ ဖြစ်၏။

၂။ ကုဏပါသပြိတ္တာ - မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူကောင်ပုပ် စသည့် သတ္တဝါအသေကောင်ပုပ်တို့ကို ရှာဖွေစားကြရ၏။ ထိုသတ္တဝါအကောင် ပုပ်တို့မျှမရလျှင် ပြင်းစွာသော ဝေဘ်မှတ်ခြင်းကိုခံနေကြရသောပြိတ္တာမျိုးဖြစ်၏။

၃။ ဂူထခါဒကပြိတ္တာ - အထက်တွင်ပြခဲ့ပြီးဖြစ်သည့် မစင်ကိုစားရသော ပြိတ္တာမျိုး ဖြစ်၏။

၄။ အဂ္ဂိဇာလမုခပြိတ္တာ - နေ့ညဉ့် ကာလပတ်လုံး ခံတွင်းမှ မီးလျှံထွက်ကာ မိမိ၏ နှုတ်ခမ်း၊ လျှာတို့လောင်ကျွမ်းကာ ဆောက်တည်ရာမရ ပြေးလွှားနေရ သောပြိတ္တာမျိုး ဖြစ်၏။

၅။ သူစိမုခပြိတ္တာ - အပ်နဖား ပေါက်လောက်သာအရွယ်ရှိသောခံတွင်း ရှိသောပြိတ္တာဖြစ်၏။ သို့သော် ထိုပြိတ္တာ တွင် ကြီးသောကိုယ်ထည်ကြီးနှင့်အလွန် ရှည်သောလည်ပင်းရှည်ကြီးရှိ၏။ အစာ ကိုရသောအခါ ခံတွင်းပေါက်က အပ်ပေါက်မျှသာရှိသဖြင့် အစာရေစာတို ပါးစပ်ပေါက်မှ သွတ်သွင်း၍မရဘဲ နှာခေါင်းပေါက်၊ နားပေါက်တို့မှ ထိုးသိပ် ထည့်သွင်းရလေသည်။ နှစ်လရှည်ကြာ စွာ ဝေဘ်မှတ်ခေါင်းပါး ခံစားနေရပြီး အစားအစာရပြန်သောအခါတွင်လည်း အလွန်ပင် ဆင်းရဲပင်ပန်းစွာ ဒုက္ခခံပြီး စားသောက်ရပြန်သောပြိတ္တာမျိုးဖြစ်၏။

၆။ တဏှာဒန္ဓိတပြိတ္တာ - ရေမွတ် သိပ်ခြင်းတဏှာဖြင့်ဒုက္ခဆင်းရဲခံစားနေ ရသောပြိတ္တာမျိုး ဖြစ်၏။ ထိုပြိတ္တာတ ရေစင်တစ်စက်မျှကိုပင် လျက်ဖူးရသည် ဟူ၍မရှိ။ ရေငတ်လွန်းသဖြင့် ရေတွင်း ရေကန်၊ မြစ်၊ ချောင်းများသို့ ပင်ပင်ပ ပန်းသွား၍ ကျင်ကြီးကျင်ငယ်ရေကဲ့ ထင်ရလေအောင်ဖြစ်သော ပြိတ္တာမျိုး ဖြစ်၏။

၇။ သုနိဇ္ဈာမကပြိတ္တာ-အကြွင်း မီးလောင်ထားသော မီးလောင်ငုတ်နှင့် တူသည့်ပြိတ္တာမျိုး ဖြစ်၏။

၈။ သတ္ထင်္ဂပြိတ္တာ - ချွန်မြထ မြက်သော ဓား၊ လှံ စသည့် လက်နက် များနှင့်တူသည့် အင်္ဂါခြေ၊ လက်ရှိ ဆာလောင်မွတ်သိပ်သည့်အခါ အခြ သော အစားအစာတို့ကို ရှာဖွေစား ကောင်းမှန်းမသိဘဲ မိမိကိုယ်မှအသား ဓားလက်နက်နှင့်တူသည့် လက်သည်း ခြေသည်းတို့ဖြင့် ထိုးဆွလှီးဖြတ် စားသောက်ကြရသောပြိတ္တာမျိုးဖြစ်

၉။ ပဗ္ဗတင်္ဂပြိတ္တာ - ခန္ဓာကိုယ် ပမာဏမှာ တောင်ပူအငယ်တစ်လုံး ပြီး နေ့ရော ညပါ တစ်ကိုယ်လုံး၌ အ ဖြိုက်ဖြိုက်ထွက်အောင် လောင်မြ ခြင်းကိုခံစားနေရသောပြိတ္တာမျိုး ဖြစ်

၁၀။ အဇဂရင်္ဂပြိတ္တာ - အ တပြောင်ပြောင်တောက်လျက်ရှိသော စပါးကြီးမြွေ၏ကိုယ်ဖြင့် ညဉ့်အ လှည့်သွားလာရှာဖွေစားသောက်ရ နေ့အခါ၌ အထူးထူးအပြားပြားသော ဆင်းရဲဒုက္ခကို ခံစားနေရသော ပြိတ္တာ မျိုး ဖြစ်၏။

၁၁။ ဝေမာနိကပြိတ္တာ - ကော သောကုသိုလ်ကံနှင့် မကောင်းသော အကုသိုလ်ကံတို့ ရောနေသော မိသ ကံကြောင့် ရံခါ၌ ကုသိုလ်ကံကြော နတ်ဗိမာန်၌ နတ်စည်းစိမ်ကို ခံစား ရံခါ၌ အကုသိုလ်ကံကြောင့် ဆင်းရဲ ကြီးစွာခံစားရသောပြိတ္တာမျိုး ဖြစ်

၁၂။ မဟိဒ္ဓိကပြိတ္တာ-ကံ၏ ကြောင့် တန်ခိုးကြီးမား၍ ပြိတ္တာ တို့၏အကြီးအမှူး သဖွယ်ဖြစ်သော အ



www.burmeseclassic.com

www.burmeseclassic.com

အဆင်းလှ၊ အလွန်စည်းစိမ်ကြီးမား သကဲ့သို့ထင်ရသော်လည်း ဘောဇဉ် အာဟာရကိုစားရသည်ဟူ၍မရှိ။ ရံခါ ထမင်းဖျော်ရည်စသောစားဖွယ်သောက် ဖွယ်ကိုရပါသော်လည်း စားသောက်ခွင့် မရောဘဲ ဒုက္ခပြင်းစွာခံစားရသောပြိတ္တာမျိုး ဖြစ်၏။

အထက်ပါပြိတ္တာ (၁၂) မျိုးကား ဆဂတိဒီပနီလာ ထင်ရှားသော ပြိတ္တာမျိုး များ ဖြစ်၏။ စင်စစ်အားဖြင့် ထိုပြိတ္တာမျိုး တို့ကို စာထဲတွင်မဟုတ်ဘဲ အပြင်လောက ရပ်ထဲရွာထဲ၌ ကြုံရဖူးသူ၊ မြင်ရဖူးသူတို့ လည်း မနည်းရှိ၏။

ဆဂတိဒီပနီမှတစ်ပါး သံဝေဂ ဒီပနီတွင်လည်း သူစိလောမပြိတ္တာ၊ ခရ လောမပြိတ္တာမျိုး၊ ဒီဃနခပြိတ္တာမျိုး၊ ကေ ဓါဒပြိတ္တာမျိုး၊ အနေကပါဒပြိတ္တာမျိုး၊ ဓောဟတ္ထပြိတ္တာမျိုး၊ ဧကနေတ္တပြိတ္တာမျိုး၊ အနေဇနေတ္တပြိတ္တာမျိုး ဟူ၍တွေ့ရသေး ၏။

ပြိတ္တာမျိုးစုပေါင်း မည်မျှပင်ရှိစေ သံဝါယနာတင် အဋ္ဌကထာဋီကာကျမ်း ကြီးတို့၌ အလံာရှိသည့်အတိုင်းဆိုလျှင် နှိုသမျှပြိတ္တာတို့သည် -

၁။ ပရဒတ္တူပဇီဝိကပြိတ္တာ
၂။ ခုပ္ပိပါသိကပြိတ္တာ
၃။ နိဇ္ဈာမတဏှိကပြိတ္တာ
၄။ ကာလကဉ္စိကပြိတ္တာ

ဟူသော (၄)မျိုး သော ပြိတ္တာမျိုး တို့တွင် နီးစပ်ရာ၊ တူညီရာပေါင်း၍ အညွှသွင်းသတ်မှတ်နိုင်ကြောင်း သိရှိရ လေသည်။

ထိုပြိတ္တာမျိုးများထဲတွင် ပရဒတ္တူ ပဇီဝိကပြိတ္တာမျိုးသည် ကံကောင်းသော ပြိတ္တာမျိုးဟု ဆိုချင်၏။ အဘယ်ကြောင့် ဆိုသော် လူ့ဘဝရှိ ဆွေမျိုးဉာတကာ မိတ်ဆွေတို့က ရည်ညွှန်း၍လှူဒါန်းသည် ကို ဝမ်းမြောက်စွာ သာဓုခေါ်နိုင်လျှင် စားသောက်ဖွယ် စသည့် ရည်စူးဝတ္ထု တို့ကို ရရှိနိုင်ကြသောကြောင့် ဖြစ်၏။ ကြီးမားသောကောင်းမှုဖြင့်ကြုံကာ သာဓု ခေါ်ရပါက ဆင်းရဲလှသော ပြိတ္တာဘဝ မှ လွတ်နိုင်သည်အထိ အကျိုးပေးနိုင် ၏။ သာဓုအနုမောဒနာဝမ်းမြောက်စွာ ခေါ်နိုင်ဖို့သာလို၏။

**ပြိတ္တာတို့၏အသွင်သဏ္ဌာန်နှင့် နေထိုင်စားသောက်ရပုံ**

ပြိတ္တာတို့သည် အတိတ်ဘဝက ပြုလွန်ခဲ့မိသော အကုသိုလ်ကံ ကြောင်း၏အကျိုးကို ခံစားနေကြရ သော ဘုံသားသတ္တဝါများဖြစ်သော ကြောင့် ၎င်းတို့၏ ပကတိအဆင်း သဏ္ဌာန်မှာ လွန်စွာဆိုးဝါးသည်ကို ဗုဒ္ဓ စာပေတော်ဝင် ပေတဝတ္ထုများတွင် ဖတ်ရှုသိရှိနိုင်ကြသလို အပြင်လောက တွင် ကံအားလျော်စွာ တိုက်ဆိုင်ကြုံ တွေ့ဖူးကြသူများ၏ ပြန်လည်ပြောကြား ချက်များအရလည်း သိနိုင်ပေသည်။

အကုသိုလ်ကံဆိုးကြောင့် အင်္ဂါ ကြီးငယ်ချွတ်ယွင်းခြင်း၊ အစီအစဉ် မလျော်ကန်ခြင်းတို့ဖြင့် အမြင်ဆိုးနေရ သည့်ကြားတွင် အနာကြီး၊ အနာသေး တို့ကလည်းပြည့်ပြီး သွေးစိမ်းပြည်ပုပ်တို့ တစိုစိုဖြင့် ပုပ်ဟောင်နံဆော်နေတတ် သည်ဖြစ်၍ မမြင်ဝံ့၊ မကြုံဝံ့အောင်ပင် ဆိုးဝါးလှပေ၏။ ထို့ကြောင့် ကံအား လျော်စွာ ကြုံတွေ့ကြရသည့် လူသားတို့ အသက်ရှူရပ်လောက်အောင် ထိတ်လန့် ကြခြင်းဖြစ်၏။ ထိုမျှ ကြောက်ဖွယ်အသွင် ကြောင့် လူသားတို့အား တမင်ခြောက် လှန့်ခြင်းမဟုတ်လင့်ကစား ခြောက်လှန့် သကဲ့သို့ထင်မှတ်ကာ 'သရဲခြောက်သည်' ဟု ဆိုကြခြင်း ဖြစ်၏။ သို့သော် ပြိတ္တာ ဘုံသားအတော်များများကား ခြောက် တတ်လှန့်တတ်ကြ၏။ အကုသိုလ်စိတ် ကြီးမားလွှမ်းမိုးနေသဖြင့် ဒေါသအား ကြီးခြင်း၊ အလိုရမ္မက်ကြီးခြင်းတို့ကြောင့် လည်း ခြောက်လှန့်တတ်၏။ အောင်ရွှေဦး တို့ လူသားကိုမဆိုထားနှင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုပင် သုမိလောမ ဘီလူးက ခြောက်လှန့်ဖူးသော သာဓက ရှိ၏။

ပြိတ္တာတို့၏ တူညီသော ဒုက္ခ ဆင်းရဲမှာ အစားဆင်းရဲခြင်း ဖြစ်၏။ ပြိတ္တာတိုင်းပင် အစားဆင်းရဲကြ၏။ ဗုဒ္ဓ စာပေတော်လာ ပေတဝတ္ထုများအရ ပြိတ္တာတို့သာ အစားအသောက်နှင့်ပတ် သက်၍ ထမင်းတစ်လုံး၊ ရေတစ်ပေါက် သောက်ရရေးမှာ အာသာငမ်းငမ်းရည် မှန်းရုံမျှသာရှိကြရသည်ကများသည်ကို တွေ့ရ၏။ ငတ်မွတ်နေကြရသည်သာ ဖြစ်၏။ စားရမည့်ကံလေးပါလျှင်ပင် လျှင် စားကြရသည့်အစာအာဟာရမှာ လူတို့စွန့်ပစ်ထားသော တံတွေး၊ နှပ်၊ အညစ်အကြေး၊ ထမင်းကျန်၊ ဟင်းကျန်၊ အပုပ်ကောင် စသည့်ရွံရှာဖွယ်များသည် သာ ဖြစ်၏။

ပြိတ္တာတို့အတွက် နေထိုင်စရာက လည်း လွန်ခက်ခဲဆင်းရဲလှ၏။ ပြိတ္တာတို့ သည် မိမိတို့ပြုလုပ်ခဲ့ဖူးသော အကုသိုလ် ကံများကြောင့် ကမ္မဇိဒ္ဓိရှိသည့် သတ္တဝါ တို့တွင် အဆင့်နိမ့်လွန်းလှ၏။ ထို့ကြောင့် လူသူတို့နှင့်နီးကပ်စွာနေထိုင်ခွင့်မရကြရ သည်က များလှ၏။ ရုက္ခစိုးနတ်ကြီးများ၊ ရပ်စောင့်နတ်၊ ရွာစောင့်နတ်ကြီးများ၊ အိမ်စောင့်နတ်များ၊ လူသားတို့၏ ကိုယ် စောင့်နတ်များက မိမိဆိုင်အနားသို့ အသီမခံကြဘဲ နှင်လွှတ်တတ်ကြ၏။ ကောင်းကောင်းမွန်မွန် နှင်၍မရလျှင် ရိုက်နှက်နှိပ်စက်ပြီး နှင်လွှတ်တတ်ကြ ၏။ ထို့ကြောင့် ပြိတ္တာတို့သည် အစာ ရေစာအတွက် ထမင်းလေးတစ်စေ့၊ ရေ လေးတစ်ပေါက် သောက်ရနိုးနိုးမျှော်ကိုး ကြီးကြီးဖြင့် ရပ်ထဲရွာထဲဝင်သည့်အခါ တွင် ဆိုင်ရာတို့ကိုတောင်းပန်ခွင့်တောင်း ပြီးဝင်ကြရ၏။ အလွန်မေတ္တာကြီးသည့် အဆင့်မြင့်နတ်ကြီးများနှင့်ကြုံပါမှ လွယ် ကူစွာ ဝင်ခွင့်ရကြ၏။ ဤသည်ပင်လျှင် နတ်ကြီးတို့ထံတွင် ကတိကဝတ်ထားပြီး ဝင်ကြရသည်ဟု သိရ၏။ ပြိတ္တာတို့သည် ပင်ကိုရုပ်သွင်မှာ ဆိုးဝါးလှသည်ဖြစ်၍ လူသားတို့မမြင်စေရန် ကမ္မဇိဒ္ဓိဖြင့် လည်းကောင်း၊ 'ဆေးမြစ်ဆေးခဲဖြင့် လည်းကောင်း ကိုယ်ယောင်ဖျောက်ကာ သွားလာကြလေ့ရှိ၏။ ထို့ကြောင့် ၎င်းတို့ ကို လူတို့မမြင်ကြရပေ။

ပြိတ္တာတို့၏ အစုအဝေးကို 'ဘုံ' တပ်ကာ 'ပြိတ္တာဘုံ' ဟု ခေါ်ပါသော် လည်း စင်စစ်အားဖြင့် ပြိတ္တာတို့တွင် သီးခြားဘုံမရှိ၊ လူ့ဘုံ၌သာ နေသာသလို နေကြ၏။ ပြိတ္တာတို့ရှိရာကိုသာ ဘုံဟု ဆိုရမည်ဖြစ်၏။ ပြိတ္တာတို့သည် လူ့ဘုံ၌ နေကြသည်ဆိုသော်လည်း များသော အားဖြင့် ရွာပြင်ရှိ ကုန်းမြင့်၊ ကမူမြင့်၊ လိုဏ်ဂူ၊ ချုံနွယ်ပိတ်ပေါင်း၊ သုသာန်၊ သချိုင်း၊ ဇရပ်ပျက်၊ ကျောင်းပျက်၊ မီး လောင်သစ်ငုတ် စသည်တို့၌သာ တွယ် ကပ်၍နေထိုင်ကြရရှာ၏။ ပြိတ္တာဘဝဆို သော်လည်း သားသမီးတွေကလည်းရှိ ကြသေး၏။

မဟိဒ္ဓိက ပြိတ္တာမျိုးထဲတွင်မူ ချမ်းသာစည်းစိမ်ကို အချိန်ပိုင်းနှင့် ခံစားနိုင်ကြသေး၏။ ဤသည်ကိုပင် ရပ်ထဲရွာထဲတွင် 'နေ့စံညခံ' ဟူ၍လည်း ကောင်း၊ 'နေ့ခံညစံ' ဟူ၍လည်းကောင်း ခေါ်ကြ၏။ လူတို့ အသိများ၊ အပြော များ၊ အကြုံများသော 'ကျတ်' ဟု ခေါ် သည့်အုပ်စုသည် မဟိဒ္ဓိကပြိတ္တာမျိုးနွယ် ဝင်ဖြစ်၏။ ကြုံဖူးသူများက ဝတ္ထုဖွဲ့၍ ရေးသားခဲ့ကြသည်များကို ဖတ်ဖူး၏။ အလွန်အံ့သြဖွယ်ရာများဖြစ်၏။ ရေးသူ ရှိက ဖတ်လိုပါသေးတော့၏။

www.burmeseclassic.com

▫ပြိတ္တာတို့အတွက်အလှူ

ပြိတ္တာဟူ၍ ဖြစ်လာလေလျှင် ကြီးစွာသော ဆင်းရဲခြင်းဒုက္ခကို ခံစားရ၏။ ထိုဒုက္ခဆင်းရဲမှ လွတ်မြောက်ရန် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးကို ပီပြင်ထိရောက်အောင် မှီခိုသမှုပြုရပါမှ လွတ်မြောက်နိုင်၏။ သို့သည့်တိုင်အောင် ပြိတ္တာတိုင်း မလွတ်မြောက်နိုင်။ လွတ်မြောက်ရန် မသေချာ။ စစ်မှန်သော ရတနာမြတ်သုံးပါးကို မှန်ကန်ထိရောက်စွာအမှီပြု၍ ဒါနမှု၏အဖို့ဘာဂ အမျှကိုရပါလေမှ လွတ်မြောက်၍ ချမ်းသာရာရမည် ဖြစ်၏။

ရတနာမြတ်သုံးပါးအပေါ် ယုံကြည်မှုနှင့် ကိုးကွယ်မှုအထုံပါခဲ့ဖူးသော ပြိတ္တာမျိုးသည် လူတို့နှင့် လွန်စွာယဉ်ပါးကြ၏။ လူတို့ကသနားသဖြင့်ဖြစ်သော စေတနာဖြင့်ရည်စူးကျွေးမွေးသည့်အစားကောင်း အသောက်ကောင်းတို့ကို စားသောက်ရခွင့်ရှိ၏။ ထို့အတူ လူတို့က ဒါန စသည် ကောင်းမှုပြုပြီး ပေးဝေသောအမျှကိုလည်း သာဓုခေါ်ရန် မျှော်လင့်ကြီးစွာ စောင့်စားတတ်ကြ၏။ အကယ်၍ လူသားတို့က ဒါန၊ သီလ၊ ဘာဝနာ စသည်တစ်ခုခုပြုပြီး အဖို့ဘာဂအမျှပေးဝေသည်ကိုလည်းကြားသည်၊ ထိရောက်သော ကုသိုလ်ကောင်းမှုလည်းဖြစ်သည် ဆိုလျှင် ထိုပြိတ္တာကျွတ်တော့၏။ အလှူပြုပြီး အမျှဝေသည်ကို သာဓုခေါ်တိုင်း ကျွတ်သည်မဟုတ်။ လှူဒါန်းသူကလည်း လှူဒါန်းစဉ်၌ သီလ၊ သမာဓိ၊ ပညာဖြစ်နေပြီး အလှူခံပုဂ္ဂိုလ်ကလည်း သီလ၊ သမာဓိ၊ ပညာပြည့်ဝသော၊ မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်ရမည်။ လှူသည့်အခါ၌လည်း အမျှပေးဝေလိုသူကို ရည်ညွှန်းမှုရှိရမည်။ ထိုသို့ အကြောင်းပေါင်းပြည့်စုံမှသာ သာဓုခေါ်ဆိုသောပြိတ္တာမှာကျွတ်မည် ဖြစ်၏။ ဗုဒ္ဓစာပေအရဆိုလျှင် လူတို့လှူပေးသောအလှူအကျိုးကို ခံစားနိုင်သော ပြိတ္တာမျိုးကို 'ပရဒတ္တူပဇီဝိက ပြိတ္တာ' မျိုးထဲ၌ ထည့်သွင်းထားသည်ကို တွေ့ရ၏။

ပေတပြိတ္တာတို့ကို ရည်ညွှန်း၍ လူတိုင်း အကျိုးမခံစားရပုံကို ပေတဝတ္ထုလာ စူဠသေဋ္ဌိပေတဝတ္ထု၌ တွေ့ရသည်ကို အတိုချုံး၍ ဖော်ပြလိုပါသည်။

အဇာတသတ်မင်းသည် ဒေဝဒတ်တိုက်တွန်းချက်အရ ခမည်းတော်ကိုလုပ်ကြံ၍ နန်းတက်၏။ ထို့နောက် နောင်တရလျက် စက်တော်ခေါ်၍မပျော်နိုင်ဘဲ ပြာသာဒ်ဆင့်၌ စကြံသွားနေစဉ် ကောင်းကင်၌ ပြိတ္တာတစ်ကောင်သည် ကမ္ဘဇိဗ္ဗိတန်ခိုးစွမ်းဖြင့် ပျံသွား၏။ ထိုပြိတ္တာကောင်မှာ အရိုးပေါ်အရေတင်လျက် ဦးပြည်းခေါင်းတုံးဖြစ်နေ၍ အဇာတသတ်မင်းက သူကိုးကွယ်သော တိတ္ထိတစ်ယောက် ချာန်ပျံသွားသည်ထင်၍ လှမ်းခေါ်ရာ တိတ္ထိမဟုတ်ဘဲ ပြိတ္တာတစ်ကောင်ဖြစ်နေလေသည်။ ထိုပြိတ္တာက သူသည် သူ၏သမီးက သူ့ကိုရည်ညွှန်း၍ အလှူလုပ်သဖြင့် အမျှယူ သာဓုခေါ်ရန်သွားမည်ဖြစ်ကြောင်းကို အဇာတသတ်မင်းအား ပြောပြလေသည်။

အဇာတသတ်မင်းက အမျှယူ၊ သာဓုခေါ်ပြီး အပြန်တွင် နန်းဆောင်သို့ ဝင်ခဲ့ရန် ပြိတ္တာကိုဖိတ်လိုက်၏။

ပြိတ္တာလည်း အဇာတသတ်မင်း ဖိတ်မှာထားသည့်အတွက် အလှူမှ သာဓုခေါ်ပြီးအပြန်တွင် အဇာတသတ်မင်းထံ တစ်ထောက်ဝင်၏။ ပြိတ္တာကလည်း အလှူမှ အမျှဝေသည်ကို သာဓုခေါ်ခဲ့ပါသော်လည်း ဘာမှမထူးကြောင်း အဇာတသတ်မင်းအားပြောရာ အဇာတသတ်မင်းက ဗုဒ္ဓရှင်တော်မြတ်ထံသွား၍ ဘုရားရှင်နှင့်တကွ သံဃာတော်အရှင်မြတ်တို့ကိုလှူပြီး အမျှဝေခြင်းကို သာဓုခေါ်မှ ကျွတ်မည့်အကြောင်း ပြောပြလေသည်။

ဤဝတ္ထုကိုထောက်၍ အမျှဝေ၍ သာဓုခေါ်ရတိုင်း မထူးနိုင်ကြောင်း သိရပေသည်။ ဤသို့သော ဝတ္ထုဇာတ်ကြောင်းများကို ပေတဝတ္ထုပါဠိတော်၌ အများအပြားဖတ်ရှုနိုင်၏။ ပေတဝတ္ထုများတွင် မကျွတ်မလွတ်ဘဲ ဒုက္ခကြီးစွာ ခံစားနေကြရသော အဆွေအမျိုး အစရှိသည့် ပြိတ္တာတို့အားရည်စူး၍ အလှူပေးကာ ချမ်းသာစေသောကိစ္စနှင့်ပတ်သက်၍ ဗုဒ္ဓရှင်တော်မြတ်လက်ထက်တော်က ဗိမ္ဗိသာရမင်းကြီး၏အလှူသည် လွန်စွာထင်ရှားလှ၏။

ဗုဒ္ဓရှင်တော်မြတ်လက်ထက်တော်က ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းကြီးသည် မင်းနန်းတော်၌ ကြီးစွာသော အလှူကိုပေး၏။ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးထံ၌သာ အာရုံရှိနေပြီး ဘုရားရှင် အမှူးပြုသော ရဟန္တာအရှင်မြတ်တို့ကို လှူဒါန်းသော အလှူ၏ ကောင်းမှုကုသိုလ်ကို အရည်အညွှန်းမပြု၊ အမျှပေးဝေခြင်းမပြုဘဲ မေ့လျော့နေလေ၏။

လွန်ခဲ့သော (၉၂) ကမ္ဘာကတည်းက ဆွေပေါင်းမျိုးပေါင်း ပြိတ္တာတို့က ဗိမ္ဗိသာရမင်းကြီးသည် ငါတို့အတွက် ရည်ညွှန်း ဘုရားအမှူးရှိတော်မူသော ရဟန္တာတို့ကို ကြီးကျယ်စွာလှူမည်၊ ထိုအခါ ငါတို့ရည်ညွှန်း၍ အမျှပေးဝေ အံ့။ ထိုအခါတို့သည် ကမ္ဘာအလီလီချို၍ ခံစားနေကြရသော ဒုက္ခဆင်းရဲတို့မှ လွတ်ကင်းချမ်းသာကြရပေတော့မည်ဟု မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်မျှော်နေ ကြရာ သူတို့မျှော်လင့်ထားသည့်အတိုင်း ဗိမ္ဗိသာရမင်းကြီးက မရည်ညွှန်းမိသဖြင့် အဆွေအမျိုးပြိတ္တာတို့သည် ညဉ့်အခါ မင်းကြီး၏နန်းတော်သို့ဝင်၍ ကြောက် မက်ဖွယ်ရာကောင်းလှသောအသံတို့ဖြင့် မင်းကြီးကို အသိပေးကြလေသည်။

နံနက်မိုးသောက်ရောက်လေသော် မင်းကြီးသည် ညဉ့်ကကြားခဲ့ရသည့် အကြောက်မက်ဖွယ် အသံဆိုးကြီးများ အကြောင်းကို ဘုရားရှင်ကိုယ်တော်မြတ် ကြီးအား လျှောက်ကြားမေးမြန်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မင်းကြီး၏ လွန်ခဲ့သော (၉၂) ကမ္ဘာကအဆွေအမျိုး တို့က အမျှရယူသာဓုခေါ်လို၍ မင်းကြီး အား အသိပေးခြင်းဖြစ်ကြောင်းကို အသေးစိတ် ရှင်းပြဟောကြားတော်မူ လေသည်။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် နန်းတော်သို့ပြန်၍ ကြီးစွာသော ဒါန အခင်းအကျင်းတို့ကို မင်းချင်းတို့အား စီစဉ်စေပြီး ဘုရားရှင်ကိုယ်တော်မြတ် ကြီးနှင့် ရဟန္တာအရှင်မြတ်သံဃာတော် အရှင်မြတ်တို့ကို ဖိတ်ကြားကာ 'ဤ အလှူသည် ငါ၏ဆွေမျိုးပေါင်းပြိတ္တာ တို့အားဖြစ်စေသတည်း' ဟု ရည်ညွှန်း ပေးဝေသော် ကုသိုလ်အမျှအဖို့တို့ ဆွေပေါင်းမျိုးပေါင်းပြိတ္တာတို့ရရှိ ပြီး နတ်၌ဖြစ်သောအာဟာရ၊ နတ်၌ဖြစ် သော အဝတ်၊ ပုဆိုး၊ အသုံးအဆောင် တို့ကိုရရှိကာ ချမ်းသာရကြလေ၏။

ဤသို့သော အမျှပေးဝေမှု သာဓုခေါ်ကာ ချမ်းသာရာရနိုင်သော ပြိတ္တာတို့ကား ပရဒတ္တူပဇီဝိကပြိတ္တာ မျိုးနွယ်ဝင်များဖြစ်ကြောင်း မှတ်သားရ သည်။

▫ပြိတ္တာနှင့်လူသားတို့ဆက်ဆံရေး

ပြိတ္တာတို့ မည်မျှပင်ဆိုးသည်ဖြစ် စေ၊ ယုတ်ညံ့သည်ဖြစ်စေ သူတို့သ ဒေါင်ရွေ့စိုးတို့ကဲ့သို့သော လူ စုတေကာ ပြိတ္တာလာကြခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကြောင်း၊ အောင်ရွှေစိုးတို့၏ ဆွေမျိုးသားချင်း၊ အသိမိတ်ဆွေအဖြစ်မှ မတင်းကြသည်ကတစ်ကြောင်း၊ ပြိတ္တာတို့နေထိုင်ရာ ဘုံဌာနသည် လူ့ဘုံပင်ဖြစ်နေခြင်းကတစ်ကြောင်းတို့ကြောင့် ပြိတ္တာတို့သည် အောင်ရွှေစိုးတို့ လူသားများနှင့် ကောင်းရာမကင်းကြောင်းဆက်စပ်မှုများ အခြေအနေအရ ကြုံတွေ့နိုင်ပေသည်။

အောင်ရွှေစိုးတို့ အသိုင်းအဝန်းတွင် ပြိတ္တာတို့နှင့် လူသားတို့ဆက်ဆံမှုပုံများကို မကြာခဏကြားသိနေရပေသည်။ အချို့ပြိတ္တာတို့သည် ကမ္ဘဇိဒ္ဓိအဖြင့် ကိုယ်ထင်ရှားပြပြီး မိမိ၏ဆင်းရဲဒုက္ခကို ပြောပြကာ လူတို့အား အလှူပြုပြီးလျှင် အလှူကောင်းမှု၏အဖို့ကို ရည်ညွှန်းအမျှပေးဝေပါရန် တောင်းပန်ပြောဆိုတတ်ကြောင်း ကြားဖူး၏။ အချို့သော ကမ္ဘဇိဒ္ဓိရှိသည့် ပြိတ္တာတို့ကလည်း မိမိတို့နှီးစပ်စွာသက်ဆိုင်ပတ်သက်နေသည့် လူသားတို့ကို စွမ်းနိုင်သမျှ စီးပွားဥစ္စာကူညီပေးပြီး ကောင်းမှုဒါနတစ်ခုခုပြုစေကာ ရည်ညွှန်းအမျှပေးဝေခိုင်းတတ်ကြကြောင်းကိုလည်း ကြားဖူး၊ မြင်ဖူး၏။ အချို့သောကိုယ်တွေ့ဖြစ်ရပ်မှန်ဝတ္ထုများတွင်လည်း ပြိတ္တာမျိုးနွယ်ထဲမှ အဆင့်မြင့်သော ကမ္ဘဇိဒ္ဓိရှိသည့်ပြိတ္တာနှင့် လူသားတို့ မေတ္တာမျှကာ အတန်ကြာအောင်ပင် ပေါင်းသင်းနေထိုင်ခြင်း ဇာတ်လမ်းများကို အံ့သြကြေကွဲဖွယ်ဖတ်ရှုရဖူးသေး၏။ အချို့ကလည်း ဖြစ်ရပ်မျိုးကို မယုံကြည်ကြ။

အောင်ရွှေစိုးအနေဖြင့်ကတော့ ဖြစ်နိုင်သောဖြစ်ရပ်ဖြစ်ကြောင်း ဆိုချင်ပါ၏။ ဤသို့သဘောမျိုးကို အောင်ရွှေစိုးတို့ လူသားများက ကျတ် ဟူ၍ လည်းကောင်း၊ ဖုတ်တစ္ဆေ ဟူ၍ လည်းကောင်း၊ ဥစ္စာစောင့် ဟူ၍ လည်းကောင်း၊ ဇာတ်ကောင်၏အခြေအနေကိုလိုက်၍ ခေါ်ကြသည်ကို တွေ့ရသည်။ စင်စစ် ၎င်းတို့မှာ အဆင့်မြင့်ပြိတ္တာအသုရာနွယ်ဝင်များဖြစ်ကြ၏။ ဤဇာတ်လမ်းမျိုးသည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကိုယ်တိုင်လက်ထက်တော်ကတည်းကပင်ရှိခဲ့ကြောင်း၊ ထိုပြိတ္တာကောင်က လူသားအမျိုးသမီးကို ဆောင်ယူပြီး မယားအဖြစ် ပြုစုထားကြောင်းကို ပါဠိလိပ္ပတ္တာဝတ္ထု၌လည်းကောင်း၊ ပြိတ္တာမကအရာဏာသီမင်းနှင့် ပျော်မွေ့ပုံကို ဥစ္စာမုဏ္ဍာပေတိဝတ္ထု၌ လည်းကောင်း တွေ့ရ၏။ ထို့ကြောင့် မဖြစ်နိုင် ဟူ၍ ငြင်းနိုင်ပါ။ ဖြစ်ရပ်မှန်ဇာတ်လမ်း တစ်ပုဒ် ဟုတ်သည်၊ မဟုတ်သည်ကိုသာ စဉ်းစားစရာဖြစ်၏။ စာရေးဆရာတို့၏ ကလောင်ချက်ကား ဖြစ်ရပ်မှန်ထက်ပင် ပို၍ ဆန်းကြယ်နိုင်၏။ ပြိတ္တာတို့အကြောင်းကောင်းကောင်းမသိခင်က အောင်ရွှေစိုးသည် ပြိတ္တာဆိုသည့်သတ္တဝါကောင်ကို အလွန်ပင်စက်ဆုပ်ရွံရှာခဲ့ဖူးပါသည်။ ပြိတ္တာကောင်ကို မြင်လည်း မမြင်စဖူး၊ ကြုံလည်းမကြုံစဖူး သေသေချာချာလည်းမသိပါဘဲလျက် အထင်သေး စိတ်ဖြင့်ရွံရှာနေခြင်း ဖြစ်၏။ တရားပွဲများနှင့် စာပေများကို အတွေ့အထိများလာသည့်အခါတွင် တရားပွဲများ၊ စာပေများထဲမှ ပြိတ္တာသတ္တဝါကောင်များ နိုးထထွက်ပြူလာက အောင်ရွှေစိုးအား လာရောက်မိတ်ဆက်လာပါတော့၏။ ထိုအခါ ပြိတ္တာတို့၏ဘဝ၊ ပြိတ္တာတို့၏ ရှင်သန်နေထိုင်ရမှုအခြေအနေများကို ပိုမိုသိရှိလာပြီး ပြိတ္တာတို့အပေါ် ကရုဏာစိတ်ဖြစ်လာခဲ့မိ၏။ ပြိတ္တာလောကတွင် ပြိတ္တာဆိုးများရှိသကဲ့သို့ ပြိတ္တာကောင်းများလည်း ရှိနေသည်ကို တွေ့လာသိလာရ၏။ လေးစားစွာ သာဓုခေါ်လောက်သည့် ပြိတ္တာမျိုးများကိုလည်း စာထဲပေထဲတွင် တွေ့လာရ၏။

ပြိတ္တာတို့သည် စင်စစ်အားဖြင့် အပါယ်လေးဘုံသားများဖြစ်သော်လည်း အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများလည်းရှိနေသေး၏။

အပါယ်ဘုံသားတို့သည် ပဋိသန္ဓေကပင် စ၍ အကုသလဝိပါက်အတိတ်ပဋိသန္ဓေနေခဲ့ကြသူများ ဖြစ်ကြ၏။ သို့သော် အချို့ပြိတ္တာတို့သည် သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပဋိသန္ဓေနေခဲ့ကြ၏။ ၎င်းပြိတ္တာတို့သည် ပြိတ္တာသတ္တဝါပင်ဖြစ်သော်လည်း သုဂတိအဟိတ် စသည်ဖြင့်ဖြစ်လာသောကြောင့် စတုမဟာရာဇ်ဘုံသား စတုမဟာရာဇ်နတ်မျိုးနွယ်ဝင်များ ဖြစ်ကြ၏။ သို့သော် သူတို့သည် စတုမဟာရာဇ်ဘုံသားများကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်းမရှိ။ ကံကြောင့်ဖြစ်သော အစွမ်းမျှလောက်သာ ရှိတတ်ကြ၏။ ၎င်းတို့ထဲတွင် ဒွိဟိတ်ပြိတ္တာ၊ တိဟိတ်ပြိတ္တာတို့သည် ဘုရား၊ ရဟန္တာအရိယာအရှင်ကောင်းအရှင်မြတ်များနှင့်ကြုံ၍ တရားနာယူရပါက ထိုဘဝဆိုးမှလွတ်နိုင်ကျွတ်နိုင်ကြပေသည်။ တရားထူးပင်ရနိုင်၏။

အချို့သော ပြိတ္တာတို့သည်ကား ဆန်းကြယ်လှ၏။ လဆုတ်ပက္ခ၌ ဆင်းရဲခံရပြီး လဆန်းပက္ခ၌ ချမ်းသာခံစားကြရကုန်၏။ ထိုပြိတ္တာမျိုးကို ဝိနိပါတိကပြိတ္တာဟုခေါ်၏။ ကျတ်မျိုးကျတ်နွယ်တို့သည်လည်း ဝိနိပါတိကပြိတ္တာမျိုးထဲတွင် ထည့်သွင်းသတ်မှတ်ကြ၏။ ထို့ထက် အဆင့်မြင့်ကာမြင့်ပြိတ္တာတို့မှာ ဝေမာနိကပြိတ္တာများ ဖြစ်၏။ စင်စစ် ဝိနိပါတိကပြိတ္တာ၊ ဝေမာနိကပြိတ္တာ၊ အသူရာပြိတ္တာတို့မှာ တစ်ခါတစ်ရံ ပုံစံတူဘဝတူတို့ဖြစ်နေသည်ကိုလည်း လေ့လာတွေ့ရှိရ၏။

မည်သို့ပင်ဖြစ်စေ အောင်ရွှေစိုးသည် ပြိတ္တာဘဝရောက်မှာ အလွန်ကြောက်၏။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတိုင်းလည်း ပြိတ္တာဖြစ်မှာ ဧကန်ကြောက်ကြပေလိမ့်မည်။ သို့ဖြစ်လျှင် ပြိတ္တာဘဝသို့ရောက်စေနိုင်သောအကြောင်းတရားများကိုရှောင်ရှားကြရမည်။ ဤသို့ရှောင်ရှားနိုင်ရန်အတွက်လည်း ထိုအကြောင်းတရားများကို သိထားရန်လိုသည်။

လူ့ဘဝလူ့လောကတွင်ရှိစဉ်အခါ အကောင်းတရား၌ဖြစ်စေ၊ အဆိုးတရား၌ဖြစ်စေ သူတစ်ပါးတို့ဆင်းရဲအောင်ပြုပြင်ပြုစုသဘောမဖြူခြင်း၊ အလှူဒါနနှင့်ပတ်သက်၍ မိမိကလည်းမလှူဒါန်း၊ သူတစ်ပါးတို့ လှူဒါန်းသည်ကိုလည်း အားမပေး၊ သူတစ်ပါး အလှူကောင်းမှုကို သာဓုမခေါ်နိုင်၊ ကိုယ်မလှူသည့်အပြင် သူတစ်ပါးလှူသည်ပင် ဟန့်တား၊ ဖျက်ဆီး၊ သူတစ်ပါးတို့ကောင်းစားသည်ကို မနာလို စသည့် စိတ်ရိုင်းများဖြင့် လူ့ဘဝမှ စုတေကွယ်လွန်ခဲ့သူတို့သည် ပြိတ္တာဘုံ၌ တစ်ဖန်ပြန်၍ မြင်ကြရ၏။ တစ်ဖန် မိမိရှိပစ္စည်းဥစ္စာ၊ သူတစ်ပါးရှိပစ္စည်းဥစ္စာ၊ မိမိသုံးဆောင်သောပစ္စည်းဥစ္စာတို့ကိုစွဲ၍လည်း ပြိတ္တာဖြစ်တတ်၏။ ဤမျှသိထားလျှင် ထိုအချက်တို့ကိုရှောင်၍ သီလဆောက်တည်၊ ဒါနပြု၊ ဘာဝနာပွား၊ တတ်အားသမျှ ကြိုးစားပြုလုပ်နေလျှင် ပြိတ္တာဘဝသို့မရောက်နိုင်ပြီ ဖြစ်၏။

ထို့ကြောင့် လူ့ဘုံလူ့ဘဝနှင့်တစ်ဆက်တည်းစပ်လျက် ဖြစ်ပျက်နေသည့် ပြိတ္တာတို့ကို ကြောက်လန့်ရွံမုန်းနေခြင်းထက် ကရုဏာထား သနားပြီး သူတို့အတွက် ကောင်းမှုကုသိုလ်ပြုပေးကာ အမျှပေးဝေခြင်း၊ သူတို့ဒုက္ခကို ဆင်ခြင်ပြီး သံဝေဂတရားများပွားများခြင်းဖြင့် အပါယ်လေးဘုံမှဝေးအောင် အားထုတ်သင့်ကြပေသည်။

အောင်ရွှေစိုး



www.burmeseclassic.com

www.burmeseclassic.com

# ဦးစန္ဒိမာ (ဝလင်း)

## သီတဂူဆရာတော်ကြီး၏ နှလုံးလှအဆုံးအမများ



၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်နေ့ စစ်ကိုင်းတောင်ရိုး သီတဂူဆေးရုံ၊ ရောက်ခိုက် သီတဂူဆေးရုံနှင့် သီတဂူဗုဒ္ဓတက္ကသိုလ်ကြီးကို လေ့လာဖြစ်သည်။ အကြိမ်ရေမနည်းမနောရောက်ဖူးသော်ငြား စစ်ကိုင်းတောင်ရိုးရှိ သမိုင်းဝင်နေရာများနှင့် သီတဂူဆေးရုံ၊ သီတဂူဗုဒ္ဓတက္ကသိုလ်တို့ကား လေ့လာလို့မကုန် ရေးသားလို့မပြီးနိုင်ရှိနေပါတော့သည်။ မိမိက ဘယ်အရပ်ရောက်ရောက် တွေ့တာမြင်တာကြားတာတွေ မှတ်တမ်းတင်ရေးသားချင်စိတ်က အမြဲရှိနေမှုကိုး။ စိတ်ဝင်စားစရာ တွေ့လိုက်သည်နှင့် အတိတ်သမိုင်းကြောင်းတွေ၊ မေးမြန်းချင်စိတ်တွေကလည်းရှိနေသည်။ စာရေးဖြစ်ခြင်းအကြောင်းတွေထဲမှာ ဒီတွန်းအားတွေလည်း ပါပါလိမ့်မည်။

ကျန်းမာရေးမကောင်းလေ့ရှိသည့် စာရေးသူကို ခင်မင်သူအချို့က ဝေဖန်လေ့ရှိပါသည်။ 'စာရေးနေရရင် ဘာသံမှမကြားရဘူး၊ လန်းလို့ဆန်းလို့၊ စာမရေးရလို့အားနေပြီလားဆိုရင် ဖင်နာသလေးခေါင်းကိုက်သလေးနဲ့ ရေးလည်း ရေးပ့ါ တကုပ်ကုပ်၊ ဖတ်လည်းဖတ်ပ့ါ တငုတ်တုတ်တုတ်' တဲ့လေ။ သူတို့ပြောလည်းပြောစရာပါ။ မိမိကလည်းစာရေးစာဖတ်လုပ်နေရလျှင် နေကောင်းထိုင်သာရှိနေမယ့်ဟာကို။ ဒါကြောင့်လည်း အခြေအရုံပရိသတ်မရှိခြင်းကိုရွေးချယ်ခဲ့သည်။ သို့သော် ကျန်းမာရေးမကောင်းသည့်အခါ၊ အလုပ်များသည့်အခါတွေမှာတော့ ပရိသတ်မရှိတာ ထောင့်မစေ့လှပါဘူး။ အဲ - ပရိသတ်ရှိပြန်သော်ငြား မလိမ္မာတာ၊ အလိုက်မသိတာနှင့်တွေ့ခဲ့လျှင် ပိုစိတ်ဆင်းရဲရပြန်ပါသည်။ လောကကြီးမှာ အရာရာပြည့်စုံနိုင်တယ်လို့တော့ရှိမည်မဟုတ်ပါ။ တစ်ခုပေးမှတစ်ခုရသည် မဟုတ်ပါလား။

သည်တစ်ခေါက် သီတဂူရောက်နေစဉ် ဝေါက်တာနေလင်းက သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ အဆိုအမိန့် အတွေးအခေါ်များစာအုပ်လှူပါသည်။ ဖတ်ကြည့်လိုက်တော့ လက်ကမချချင်။ စိတ်ထဲကျေနပ်လိုက်တာ၊ အင်အားတွေ ဖြစ်လိုက်တာ၊ ဗဟုသုတတွေရလိုက်တာ။ ဆရာတော်ကြီးကိုပိုလို့အကြည်ညိုတိုးရပြန်ပါသည်။ ထုံးစံအတိုင်း တန်ဖိုးရှိအရသာကောင်းသည့် ဟင်းတစ်ခွက်ကို ကိုယ်တစ်ပါးတည်း၊ မစားချင်မစားရက်။ သူတစ်ပါး အထူးသဖြင့် ကိုယ်လိုဝါသနာတူတွေကို မျှဝေချင်စိတ်ဖြစ်ပေါ်လာပြီး ထပ်ဆင့်မျှဝေ ရေးသားလိုက်ရပါတော့သည်။

လမ်းလျှောက်တဲ့အခါမှာ မျက်လုံးက လမ်းကောင်း၊ လမ်းဆိုးကို အရင်ကြည့်ရပါတယ်။ ခြေထောက်က ဆူးငြောင့်ခလုတ် စသည်ကို ရှောင်ပြီးတော့ လျှောက်ရပါတယ်။ ခရီးပေါက်ဖို့ဆိုရင်ခြေထောက်ကလျှောက်ဖို့လိုတယ်။ မျက်လုံးကောင်းပေမယ့် ခြေထောက်ကျိုးနေရင်လည်း ခရီးမပေါက်နိုင်ဘူး။ ခြေထောက်ကောင်းပေမယ့် မျက်လုံးကန်းနေရင်လည်း လမ်းကောင်း၊ လမ်းဆိုး မရွေးနိုင်ပါဘူး။

ဒါကြောင့် -

□ မျက်လုံးဆိုတဲ့ ပညာ (Education is the eye of men)၊ ခြေထောက်ဆိုတဲ့ကိုယ်ကျင့်တရား (Character is the foot of men) ပညာနဲ့ ကိုယ်ကျင့်တရား ဒီနှစ်ပါး ဟန်ချက်ညီမှုလည်း အရာရာတိုင်းဖွံ့ဖြိုးတိုးတက်ပါတယ်။

ဆရာတော်ဘုရားကြီးက ပညာနှင့် ကိုယ်ကျင့်တရားကို လူတိုင်းနားလည်လွယ်အောင် မိန့်ဆိုထားပါသည်။ အင်္ဂလိပ်လိုရော မြန်မာလိုပါပါတော့ ပိုပြည့်စုံသွားပါသည်။

□ ဖန်ဆင်းရှင်ဆိုတာ ကောင်းကင်ဘုံမှာရှိတယ်လို့ ယုံတဲ့သူတွေယုံတယ် ဘုန်းကြီးတို့ကတော့ မယုံပါဘူး။

Creative Power

It is not decended from heaven

ကိုယ့်ရဲ့ဘဝအကောင်း၊ အဆိုးကို ကိုယ်ကိုယ်တိုင်ပဲ ဖန်ဆင်းတာပါ။ လူတွေအားလုံးမှာ ဖန်ဆင်းနိုင်တဲ့ စွမ်းအားရှိတယ်။ ခြေထောက်နဲ့မျက်လုံး အားလုံးကောင်းနေမယ်ဆိုရင် အရှုံးဆုံးနေတဲ့ကိုယ့်ဘဝကို ကောင်းမွန်အောင် ဖန်ဆင်းနိုင်ပါတယ်။

လူငယ်တွေအတွက် ဆရာတော်ဩဝါဒက မျက်လုံးဖွင့်ပေးလိုက်တာပါ။ အများစု စာမဖတ်သူတွေ ဉာဏ်နုံ့သူအ,သူတွေက သူများပြောလျှင်ယုံလွယ်၊ အားကိုးလွယ်ပြီး ကိုယ်လုပ်သည့်အလုပ် အတွက် တာဝန်မယူချင်ကြပါ။ နောက်ဆုံး ကိုယ့်အပြစ် ဘယ်သူ့ကုလိမ့်မည်၊ ဘယ်ဝါကယ်လိမ့်မည်ဟု တစ်လွဲဆံ ကောင်းနေကြသည် မဟုတ်ပါ ဘုရားဟောသည့် ကံ၊ ကံ၏အကျိုး

www.burmeseclassic.com

မြတ်နိုးယုံကြည်ဖို့၊ ကိုယ့်အားကိုယ်ကိုးဖို့၊ ကိုယ်ချင်းစာတရား လက်ကိုင်ထားဖို့ ဩဝါဒကလမ်းပြနေပါတော့သည်။

လောကော သတ္တာန မာစေ။

▫လောကကြီး ဆိုတာ သတ္တဝါအားလုံးရဲ့ဆရာပါပဲ။

The whole is teacher of being.

ဘာကြောင့်ဆရာဖြစ်သလဲဆိုရင် အတ္တာနတ္တ ပဒဿကော - အကျိုးရှိ၊ အကျိုးမဲ့ကိုပြတတ်လို့ပါပဲ။

The world is showing benfit and unbenefit, advantages and disadventages in your life.

အကျိုးရှိတာ၊ ကောင်းတာဆိုရင် အတုယူသွားကြဖို့နဲ့ အကျိုးမဲ့တာ မကောင်းတာဆိုရင် ရှောင်ရှားကြဖို့ပါပဲ။

ကဲ - ဘယ်လောက်မွေမိဋ္ဌာန်ကျ ပါသလဲ ရှင်းနေပါသည်။

"ပုဂံခေတ်က စာပေတွေဖတ်ကြည့်ရင် အရည်းကြီးဆိုတဲ့စာလုံးတွေ တွေ့ရတတ်တယ်။ အရည်းကြီးဆိုတာ အရိယ ဆိုတဲ့စာလုံးကနေ ဖြစ်လာတာ၊ အရိယမှာ ယကိုညပြောင်းလိုက်တော့၊ အရိည ဆိုတာဖြစ်လာတယ်။ အရိယဆိုတာ သူတော်ကောင်းပဲ။

နောက်ဒုတိယအဓိပ္ပာယ်ကတော့ အရညဆိုတာ တောပဲ။ ညမှာ အသတ်တင်လိုက်ရင် အရည်းလို့ဖြစ်လာတယ်။ အရညဝါသီဆိုတာ တောနေအရိယာ သူတော်ကောင်းတွေပဲ။ အဓိပ္ပာယ်ကတော့ တကယ်ကောင်းမွန်ပြည့်စုံတဲ့ အရည်တွေပါပဲ။ ပန်းဦးလွှတ်တယ်ဆိုတာ တကယ်ဟုတ်၊ မဟုတ် တကယ်ရှိ၊ မရှိ ခိုင်ခိုင်မာမာ Research လုပ်ဖို့လိုတယ်"

ဆရာတော်ကြီး၏ဩဝါဒဖတ်ရင်း ဆိုင်းပါမောက္ခဒေါက်တာသန်းထွန်းကို အမှတ်ရမိသည်။

ဆရာက -

အရည်းကြီးဆိုတာ အရညက ဆင်းလာတာ။ တောနေရဟန်းလို့ အဓိပ္ပာယ်ရတယ်။ ပုဂံခေတ်တုန်းက အရည်းကြီးတွေပန်းဦးလွှတ်တယ်ဆိုတာ အထောက်အထားမရှိဘူးဆိုတဲ့ အခိုင်အမာဆိုထားလို့ပါ။ တကယ်တော့ အရည်းတို့၊ ခင်ကြီးတို့ဆိုတာ ရဟန်းတွေမြတ်ထားခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ ဥပမာ ခင်ကြီး၊ ခင်ကြီးဖျော်၊ ခင်ကြီးပြောင်၊ ခင်ကြီးထွေးဟု ရှေးက ဆရာတော်ကြီးတွေကို အဖျားဆွတ်ခေါ်သုံးစွဲခဲ့ကြပါသည်။ ယနေ့ထိ အောင်ပင် ပုဂံ၊ ညောင်ဦး၊ ပုပ္ပားနယ်တစ်ဝိုက်တွင် အဖေ့အစ်ကို၊ အမေ့အစ်ကိုကို အရီးကြီး၊ အဖေ့ထက်အငယ် အမေ့အောက် မောင်တွေကို အရီးလေးဟု တလေးတစား ခေါ်ဝေါ်လျက်ရှိနေပါသေးသည်။ ပထွေးဆိုတာလည်း အများသိနေကြတာက အမေ၏ ဒုတိယအိမ်ထောင်၊ အညာအရပ်အချို့မှာတော့ အဖေ့၏ညီကို ပထွေးဟု ခေါ်ဝေါ်ကြပါသေးသည်။ အမေ၏ အစ်မကို မိကြီးဟုခေါ်သလို အမေ့၏ညီမကို မိလေးဟုလည်း ခေါ်ကြပြန်သည်။

"မြတ်ဗုဒ္ဓက (၄၅) နှစ်ပတ်လုံး ဟောထားခဲ့တဲ့ စကားတော်တွေထဲမှာ ဓမ္မဆိုတဲ့လှပတဲ့စကားတစ်လုံးပါတယ်။ ဓမ္မဆိုတာ သင်ဖို့၊ ကျင့်ဖို့၊ သိနားလည်ဖို့ဖြစ်ပါတယ်။ ဘဝရဲ့စာမျက်နှာသစ်ကို ဖွင့်လှစ်ဖို့ အားသန်ကြတဲ့လူတွေဟာ ဓမ္မကိုသင်ကြ၊ ကျင့်ကြပါတယ်။ ဓမ္မဟာ မကောင်းမှုမှ ကောင်းမှုသို့လည်းကောင်း၊ ယုတ်ညံ့ခြင်းမှ မွန်မြတ်ခြင်းသို့ လည်းကောင်း၊ ဆူပူခြင်းမှငြိမ်းချမ်းခြင်းသို့ လည်းကောင်း ဘဝပြောင်းပေးနိုင်ပါတယ်"

ဆရာတော်က ဓမ္မအဓိပ္ပာယ်ကို အရှင်းဆုံး၊ အပေါ်လွင်ဆုံး အသိသာဆုံး ဖွင့်ဆိုထားခြင်း ဖြစ်သည်။ နားမလည်နိုင်စရာအကြောင်းမရှိပါ။

▫ပါရမီ ဆိုတာ ပရမာနံ ဥတ္တမ ပုရိသာနံ ကမ္မံ - သူတော်သူမြတ်တို့ရဲ့ ကျင့်စဉ်လုပ်ငန်းဟာ ပါရမီပါပဲ။ မင်းတို့ ငါတို့အားလုံးဟာ သူတော်သူမြတ်စိတ်ဓာတ်မွေးပြီးတော့ကျင့်ရမယ်။ သူတော်သူမြတ်ဖြစ်သူချင်တွေဟာလည်း ပါရမီ (၁၀) ပါးအကျင့်တရားကိုပဲ ကျင့်ကြံရမယ်။ ဒီကျင့်စဉ်ကို မကျင့်နိုင်ရင်တော့ သူတော်သူမြတ်မဖြစ်နိုင်ဘူး။

ဆရာတော်က ပါရမီအဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ မြန်မာလိုသာမက ခိုင်လုံသည်ထက် ခိုင်လုံအောင် ပါဠိလိုပါတွဲစပ်မိန့်ဆိုထားပါသည်။တိုတိုတုတ်တုတ်နှင့် ရှင်းထားတာမို့ မှတ်လွယ်သားလွယ်ရှိလှပါသည်။

"ဘုန်းကံ ဆိုတာ ပုညနဲ့ ကမ္မ ဒီနှစ်ခုကို ဘုန်းကံလို့ခေါ်တာ။ မြတ်ဗုဒ္ဓရဲ့ အကြီးမားဆုံး ဘုန်းကံကိုပြောပါဆိုရင် ပါရမီ (၁၀) ပါး အကျင့်တရားပါပဲ"

အမှန်တော့ ဘုန်းကံဆိုတာ ကောင်းသောအလုပ်ပါပဲ။ သို့သော် အပြောလွယ်ပြီး အလုပ်တော့ခက်သည်။ သို့သော် တကယ်လုပ်လျှင်လည်း အဟုတ်ဖြစ်သည်။ အဟုတ်ဖြစ်၍ ဘုရားရဟန္တာ၊ ပစ္စေကဗုဒ္ဓါဆိုတာ ပွင့်ပေါ်လာခြင်းပင် မဟုတ်ပါလား။ ဥပမာ ဘုရားဆုပန်ဖို့မလွယ်ဘူးဆိုပြီးပြောနေကြသော်ငြား တကယ်တော့ ဘုရားဆုပန်သူတွေ ရင့်မှာ တစ်ကျိပ် နှင်းရာဆိုသလို ရှေ့မှာ ဘုရားဆုပန်သူတွေအများကြီးရှိနေကြပါသည်။ ဂင်္ဂါဝါဠု သဲစုမက ဆိုသလို ပွင့်တော်မူခဲ့ကြသည့် ဘုရားတွေလည်း ရေတွက်ခြင်းမှာ မစွမ်းသာအောင်ရှိနေပါတော့သည်။

▫မင်္ဂလာဆိုတာ နေထဲကလည်း ဆင်းမလာဘူး။ လထဲကလည်း ဆင်းမလာဘူး။ သိကြားဗြဟ္မာတွေလည်းပေးမထားဘူး။ ကိုယ်ရဲ့အမူအရာ၊ နှုတ်ရဲ့အမူအရာ၊ စိတ်ရဲ့အမူအရာကသာလျှင် ကိုယ့်ကိုပေးတာဖြစ်တယ်။

မင်္ဂလာတွေ၊ မင်္ဂလာတွေ၊ မင်္ဂလာတွေရှိပါစေလို့ဆိုသူတွေ၊ အသံချဲ့စက်၊ စောင်းဘောက်နှင့်ဖွင့်သူတွေကို ဒီဩဝါဒကိုသာ အဖတ်ခိုင်းချင်ပါတော့သည်။

▫ငါသေသွားရင် တိုင်းပြည်နဲ့ လူမျိုးဘာသာသာသနာအတွက်ဘာထားခဲ့မလဲ။ ထားနိုင်အောင်ကြိုးစားကြပါ"

ဆရာတော်၏ ဩဝါဒဖတ်ပြီး မိမိကိုယ်ကိုမေးကြည့်ကြပါစို့။

▫ ကိုယ်ခန္ဓာကျန်းမာဖို့အတွက် ရေဟာ မရှိမဖြစ်လိုအပ်သလို စိတ်ခန္ဓာကျန်းမာဖို့အတွက် ဓမ္မတရားရေအေးဟာ မရှိမဖြစ် လိုအပ်ပါတယ်

▫ခေါင်းဆောင်ကောင်းဖြစ်ချင်သူ တစ်ယောက်ဟာ နောက်လိုက်ကောင်းဖြစ်ဖို့ အရင်ကြိုးစားရမယ်။

▫ဗုဒ္ဓဘာသာ ဆိုတာ ဘာလဲဆိုရင် -

**Buddhism is a right way of life.**

ထိုင်ရှိခိုးရမယ့် တရားမျိုး၊ ထိုင်ဆုတောင်းရမယ့်တရားမျိုး မဟုတ်ပါဘူး။ စရဏပြဋ္ဌာန်းတဲ့ကိုယ်တိုင်ကျင့်သုံးရမယ့် တရားမျိုးဖြစ်ပါတယ်။

▫ဘုရားလောင်းက အိုတာရယ်၊ နာတာရယ်၊ သေတာရယ် ဒီသုံးခုကိုမြင်ပြီးတော့ လွတ်မြောက်ချင်တဲ့စိတ်ဖြစ်ပေါ်လာတယ်။ လွတ်မြောက်ချင်တယ်ဆိုရင် စွန့်လွှတ်ရမယ်၊ မစွန့်လွှတ်နိုင်သေးရင်တော့ လွတ်မြောက်မှုကိုမရနိုင်ပါဘူး"

ကဲ - ဆရာတော်ဩဝါဒတွေဖတ်၊ အလင်းဓာတ်တွေကူးပြီး လွတ်မြောက်ရာ ထွက်လမ်းကို မပြတ်တမ်း ရှာဖွေနိုင်ကြပါစေ။

ဦးစန္ဒိမာ(စလေ)



www.burmeseclassic.com

www.burmeseclassic.com



မြင်းကသာဘူတာတွင် လမ်းခွဲကိုင်ဘဝနှင့် တာဝန်ထမ်းဆောင်ချိန် ညီအစ်ကိုတမျှချစ်ခင်ရသောသူငယ်ချင်း တစ်ယောက်ရှိပါသည်။ သူက မြင်းကသာသားတော့မဟုတ်ပေ။ ကောလင်းနယ်၊ (×××) ရွာသား ဖြစ်ပါသည်။

သူ့နာမည်က ကိုတင်သောင်း။ ကျွန်တော့ထက် (၃) နှစ်ခန့်ကြီးသလို သောက်ဖော်စားဖက်လည်း ဖြစ်ပါသည်။ သူနှင့်စတွေ့စဉ်က ၈၈ အရေးအခင်းကာလ။ ဒီအချိန် သူနှင့် ကျွန်တော်က ပျော်လို့ပါးလို့။ အရက်သောက်ကောင်းသောအချိန်ဖြစ်၏။ သူမရှိလျှင်ကိုယ်ရှိ ကိုယ်မရှိလျှင်သူရှိဖြင့် အတွဲညီလှသော သူငယ်ချင်းများ ဖြစ်ပါသည်။

ထိုစဉ်က သူ့အသက် (၂၅)၊ ကျွန်တော်က (၂၂) ဝန်းကျင်။ သူ့တွင် ဇနီးဖြစ်သူနှင့် ကျောင်းနေစသမီးလေး နှစ်ယောက်ရှိပြီး ကျွန်တော်က ဇနီးနှင့် သားလေးရပြီးချိန် ဖြစ်ပါသည်။

၈၉ ခုနှစ် ကုန်ခါနီးတွင် ကျွန်တော် အရက်ဖြတ်ပါသည်။ ဘာသာရေးဘက် လှည့်၍ လောကီပညာသင်ခါစအချိန်တွင် သူငယ်ချင်း ကိုတင်သောင်းက အသောက်မလျှော့သေးပေ။ ကျွန်တော် တောက်တိုမည်ရ ဆေးကုတတ်စတွင် သူသည်လည်း အားကျသည်ထင်၏။ လောကီပညာတစ်မျိုး သင်ယူလိုက်ပါသည်။

သူသင်ယူထားသော ပညာမှာ ဘာပညာဟု ကျွန်တော်မသိပေ။ သူနှင့်တွေ့စဉ် သူလည်း ပညာသင်ထားကြောင်းပြော၍သိထားခြင်း ဖြစ်၏။ သူ့ပညာကိုတော့ အထင်မသေးမိပါ။ သူ့ကိုယ်တိုင် နေ့စဉ်အရက်သောက်နေတာတွေ့တော့ ဘဝင်မကျမိတာတော့ အမှန်။ အခုလို နေ့စဉ်သောက်နေလို့ ပညာမပြယ်ဖူးလားလို့ သူ့ကိုမေးသည့်အခါ မပြယ်ဘူးတဲ့။ ဘာလုပ်လုပ် ပညာမပြယ်ဘူးတဲ့။ အံ့ဩစရာကောင်းသော စကားဖြစ်၍ ကျွန်တော်ပင်ဝေခွဲမရနိုင်ဖြစ်မိပါသည်။

ကျွန်တော့်မှာတော့ နေ့စဉ်(၅)ပါး သီလထိန်းရသည်။ သူ့ကျတော့ ဘာသီလမှထိန်းစရာမလို။ ဘယ်လိုပညာမျိုးလဲ ဉာဏ်မမီပါ။ သို့ဖြင့် မသိသလိုသာငြိမ်နေလိုက်ရပါသည်။

သူငယ်ချင်းမှာ ကျွန်တော့်ထက် သာတာရှိပါသည်။ သိုင်း (ငုံ့ဟိုးခါ) ပညာဆုံးသည်အထိ တတ်ကျွမ်း၍ လက်ထောက်အဆင့်ရှိသူ ဖြစ်သည်။ သူ့အနားတွင် သာမန်ယောကျာ်း(၄)၊(၅) ယောက်ပင် ကပ်ဖို့မလွယ်ပေ။ ထိုမျှစွမ်းပါသည်။ သူဒီလိုစွမ်းကြောင်း ကပြမှ ကျွန်တော်သိရပါသည်။ ကျွန်တော်ကတော့ ဟိုစပ်စပ်ဒီစပ်စပ်သာသင်ထားသဖြင့် သူ့ထက်အဆင့်နိမ့်လှပါသည်။ သူကပညာလိုချင်လျှင် အကုန်ပေးမည်ဟု ပြောဖူးသော်လည်း အိမ်ထောင်သည် ဘဝရောက်ပြီဖြစ်၍ မသင်ဖြစ်တော့ပေ။


သူသည် မြင်းကသာသူနှင့်အိမ်ထောင်ကျ၍ မယားထံလာနေသူ။ သူတို့ရွာမှာတော့ တောင်သူကြီး ဖြစ်၏။ သူတို့ရွာသို့အလည် တစ်ခေါက်ရောက်ဖူးပါသည်။ အမေမရှိ။ အဖေနှင့် ညီမငယ်နှစ်ယောက်။ သူ့ထက်အစ်ကိုကြီးအိမ်ထောင်ခွဲတစ်ယောက်။ သူတို့ပိုင်ဆိုင်သော လယ်ဧက (၁၀၀)နီးပါးအထိရှိပါသည်။ နှစ်စဉ် စပါးထောင်ချီရသောတောသူဋ္ဌေးမိသားစု ဖြစ်၏။

သူသည် မယားနောက်လိုက်နေ၍ ဘာအလုပ်မှ မည်မည်[illegible] မလုပ်တတ်ပေ။ ပိုက်ဆံမရှိလျှင် သူ[illegible] ပြန်။ ဆန်နှင့်ငွေအား လ[illegible]တောင်း[illegible]

www.burmeseclassic.com

# စိုးမင်း
(မြောက်စည်း-ရှာသစ်)

## တစ်ခါက ကျွန်တော့်သူငယ်ချင်းနှင့် သူ့နှမလေး ဘဝပျက်ခဲ့ရပုံ



နေသူဖြစ်၏။ သူတို့မိသားစုကလည်း သူ့အတွက်အမြဲတမ်းပေးကမ်းထောက်ပံ့ထား၏။

တစ်နေ့ မနက်ပိုင်း သူက အိမ်အလည်ခေါ်၍လိုက်သွားမိ၏။ သူက သူ့ပညာအားလက်တွေ့ပြဖို့အလည်ခေါ်ခြင်း ဖြစ်၏။ သူ့ယောက္ခမအိမ်ထဲတွင် သူတို့အိမ်လေးရှိ၍ နှစ်ဦးအား အိမ်ရှေ့ပရပ် တန်းလျားခုံတွင်ထိုင်လိုက်ကြပါသည်။ ထိုအချိန် သူတို့မိသားစုများ တစ်ဦးတစ်ယောက်မှမရှိ။ အလုပ်သွားနေချိန် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သူသည် ဗလာတစ်ရွက်အလွတ် စာရွက်အားယူ၍ စတုရန်းပုံခေါက်၍ ချိုးကာ ပိုတဲ့အပိုင်းအားဖြုလိုက်ပါသည်။ ထိုစတုရန်းပုံစာရွက်ထဲတွင် ဝလုံးအကြီးကြီးတစ်လုံးအား ခဲတံနှင့်အပြည့်ဆွဲလိုက်ပါသည်။ နှုတ်မှ ပွတ်တွတ်ပွတ်တွတ်ရွတ်အပြီး စာရွက်အား မီးရှို့လိုက်ပါသည်။ မီးလောင်နေသောစာရွက်အား သူ့လက်ဖဝါးနှစ်ဘက်မှ အောက်သို့ပြုတ်ကျမသွားအောင် ဘယ်၊ ညာထိန်ပေးအပြီး စက္ကူတစ်လုံး သူ့လက်ထဲမှာပင် ပြာဖြစ်သွားပါသည်။ ထိုပြာအား သူ၏ဘယ်လက်ဖဝါးအလယ်တွင် စုအပြီး ညာလက်ဖဝါးက အပေါ်မှဖိ၍ (၄)၊ (၅) ခါ ပွတ်ခြေအပြီး ညာလက်ဖဝါးဖယ်လိုက်သောအခါ ကျွန်တော်မျက်လုံးဝိုင်း၍ ကြောင်သွားပါတော့သည်။

သူ့ဘယ်လက်ဖဝါးတွင် ဝလုံးအကြီကြီးတစ်လုံး ထင်ထင်ရှားရှားပေါ်ထွက်နေပါတော့၏။ ဒီလိုပြကွက်မျိုး ကျွန်တော် တစ်ခါမှ မကြုံဘူးပေ။ အံ့သြစွာငေးကြည့်ရင်း ကြက်သီးများပင်ထမိပါသည်။ သူ့ပညာမသေးမှန်း ယခုမှသိရပါသည်။ ဝလုံးအားသေချာစွာပြပြီးသောအခါ သူက -

"ကျွန်တော့်လို ကိုစိုးမင်းကြီးလုပ်တတ်သလား"

သူ့အမေးကို ကျွန်တော်ဖြေနိုင်ပါသည်။

ကျွန်တော့်အဖြေက -

"ကျွန်တော်မလုပ်တတ်ဘူး။ ပညာက တကယ့်အံ့သြစရာကြီး"

ဆိုတော့ သူက ကျွန်တော်ကို ကြည့်၍ပြုံးကာ -

"ဒါအစပဲရှိသေးတယ်ဗျ။ ဆရာက နောက်ထပ်သင်ပေးဦးမှာ"

သူ၏ပြကွက်ကြောင့် ကျွန်တော်တွေဝေသွားပါသည်။ လက်တွေ့ပြနိုင်သော သူ့ပညာကို အားကျမိပါသည်။ ကိုယ်သင်ထားသောပညာအား ပြန်အမ်းချင်စိတ်ပေါက်လာပါသည်။ သို့ဖြင့် သူ့ပညာအားသင်ရလျှင် အကြံဖြစ်မိ၍ မေးကြည့်သောအခါ -

"ဆရာက တခြားဘယ်သူမှသင်မပေးဘူးတဲ့ဗျ။ ကျွန်တော့်ကို အစမ်းသဘောနဲ့သင်ပေးတာ။ ပြီးတော့ ဘယ်သူ့ကိုမှ မပြောရဘူးလို့လည်းမှာထားတယ်။ ကိုစိုးမင်းကြီးက ကျွန်တော်အချစ်ဆုံးမို့ ပြပေးတာ။ ဆရာ့ဆီမှာသင်ဖို့လွယ်မယ် မထင်ဘူး"

ကျွန်တော့်စာဒကတက်လိုက်ပါသည်။

"သူ့ဆီ သွားသင်မယ်ဆိုရင် မရနိုင်ဘူးလား"

"အဲဒါတော့ ကျွန်တော်လည်းမသိဘူး။ ဆရာ နယ်တကာလှည့်နေတာ။ တစ်နေရာကို တစ်လလောက်ကြာတတ်တယ်။ ဆရာက အမျိုးသမီး။ ယောဂီဝတ်နဲ့နေတာဗျ။ ခေါင်းတုံးမတုံးဘူး။ ဆံပင်ထိပ်မှာထုံးထားတာ။ အသက် (၃၅) တန်းလောက်ပဲရှိဦးမယ်"

ဆရာက အမျိုးသမီးဟုဆိုသည်နှင့် ကျွန်တော့်တစ်ကိုယ်လုံးကြက်သီးထမိသေး၏။ ဘာကြောင့်ကြက်သီးဖြန်းဖြန်းထသည်ကိုလည်း ဉာဏ်မရှိ၍ မသိပေ။

"ခင်ဗျားဆရာက အမျိုးသမီးပေမယ့် စွမ်းလိုက်တာ။ အခုလောလောဆယ် ဘယ်မှာနေတယ်ကြားလဲ"

"ကျွန်တော့်ရွာရဲ့မြောက်ဘက်ကရွာမှာ ရောက်နေတယ်။ အဲဒီမှာ ဗေဒင်ဟောတယ်။ ဆေးကုတယ်။ ငါးပိငါးခြောက်ရောင်းတယ်"

သူငယ်ချင်း၏ စကားထဲမှ ငါးပိ၊ ငါးခြောက်ရောင်းတယ် ဆိုသည်မှာ ဆန်းပြားနေ၏။ မေးပြန်လျှင်လည်း တစ်မျိုးထင်မည်စိုး၍ မမေးမိတော့ပေ။

"ကဲ - ကိုစိုးမင်းကြီး၊ စကားပြောလို့လည်းကောင်းတယ်။ မိန်းမအပြင်သွားတော့ ကျွန်တော်ထမင်းတည်လိုက်ဦးမယ်"

"ဟုတ်ကဲ့ - တည်ပါဗျာ"

သူငယ်ချင်းအား နှုတ်ဆက်၍ အိမ်သာပြန်ခဲ့ရသည်။ ခြေလှမ်းတိုင်းမှာ အတွေးကအပြည့်။ သူ့ပညာ သူ့ပညာ ဘာပညာလဲ ငါမသိ။ ငါ့ပညာ ငါ့ပညာလည်းငါမသိ။ ငါ့လောက်အ,တဲ့ကောင်ရှိပါဦးမလားအတွေးနှင့် အိမ်ရှေ့ရောက်ခဲ့ရ၏။

အတွေးကမရပ်ပေ။ တစ်ယောက်တည်း ဟိုဟိုဒီဒီတွေးရင်းက စိတ်ရိုင်းဝင်လာပြီး သင်ထားသောပညာဘယ်လိုလုပ်ရမည်နည်း၊ လွှင့်ပစ်လည်းမရ၊ ကိုယ့်အတတ်နှင့်ကိုယ်စူးပြီးသင်ပေးသည့်ဆရာကကော ပြန်ယူမှာလား။ ပြန်မယူလျှင် ဒီပညာကြီးနှင့်ငါတစ်သက်လုံး စိတ်ဆင်းရဲရမည်။ မနေနိုင်မထိုင်နိုင် စိတ်တွေရှုပ်လို့ သောကပိုရပြီ။ ဒီလိုတွေးနေလို့တော့မပြီး။ ဆရာ့ထံပြေးမေးရတော့၏။

ဆရာက ဒီပညာကြီးစားသင်ဦးတဲ့။ သူများပညာကိုလည်း ဒါလောက်နဲ့ အထင်မကြီးနဲ့တဲ့။ သို့လောသို့လောဖြင့် သာပြန်ခဲ့ရတော့၏။

ဒီလိုနှင့် ကျွန်တော်သင်ထားသော ပညာမှာအနည်းငယ်ထူးဆန်း၍လာ သည်။ အိပ်မက်များခဏခဏမက်လာ သည်။ အမိန့်ပေးတာ စေခိုင်းတာနှ ကန့်သတ်ချက်တွေတိုးလာ၏။ ပုတီးမစိ ဖြစ်သည့်ရက်ဆိုလျှင် မယ်သီလရှင်ကြီ တစ်ပါးက ဆွဲထုအော်ငေါက်သည့်အထိ ထိန်းချုပ်လာလေသည်။ သူတို့စကား နားမထောင်လျှင် ကျွန်တော့်အား ဒဏ် ပေးလာ၏။ အဆိုးဆုံးက ပုတီးတစ်ရက် နှစ်ရက်ပျက်လျှင်တောင် အိပ်ပျော်နေစ မြွေအကြီးကြီးတစ်ကောင်မှ ဘယ်လက် မောင်းအား ကိုက်ချီအဆောင့်ခံရ မြွေကြီး၏သွားများမှာ အလွန်စူးသည် အတွက် လက်မောင်း၏အရိုးတွင်းအထ စူး၍ ပြင်းထန်စွာနာကျင်သည့်ဝေဒန အား ခံစားလာရ၏။

ထို့ကြောင့် ဤဒဏ်မခံရစေရ စိပ်နေကျအတိုင်းသာ မချင့်မရဲကြီး နေရတော့၏။ တစ်ခါတစ်ရံ ရုပ်ရှ ကြည့်သလို ပြကွက်ကလေးများလည် မက်သေး၏။ ထိုမှ ကျွန်တော်၏စိ သည် မိမိ၏ပညာအား မကျိုးမပေါ် ထိန်းသိမ်းစောင့်ရှောက်ဖို့ တည်တံ့ ခဲ့ရပါသည်။

တစ်နေ့ သူငယ်ချင်းနှင့် လမ်းတွေ့ ဆုံရာမှ -

"ကိုစိုးမင်းကြီးရဲ့ပညာက ဘ လောက်စွမ်းသလဲဆိုတာ ကျွန်တော် ကြည့်မယ်။ ပညာချင်းဖလှယ်မှာပေ ရှုံးတဲ့သူက နိုင်တဲ့သူကို ဆရာလို့ခေါ် မယ်။ ကျွန်တော့်အိမ်မှာ လူတွေ တယ်။ လိုင်းခန်းသွားရအောင်။ ဖြစ်တ မို့လား"

ဆိုင်းမဆင့်ဗုံမဆင့် အံ့သြစ စကား။ ပညာချင်းဖလှယ်မယ်ဆို ကျွန်တော်ကြက်သီးဖျဉ်းဖျဉ်းထရပါသည် သူကစိန်ခေါ်လိုက်သော်လည်း ကျွန်တော် က ကိုယ့်ပညာကိုယ်အကြွင်းမဲ့မယုံ ကြောက်နေတာသာသိပါသည်။ သူ့ စိန်ခေါ်မှုကို ငြင်းဆန်ခဲ့လျှင် ကျွန်တော် ပညာ၏အဖြူအမည်းမပေါ်နိုင်။ သို့ ရဲဆေးတင်ကာ လက်ခံလိုက်ပါသည် အကယ်၍ ကျွန်တော် ရှုံးခဲ့လျှင်တော့ သူ့ကို ဆရာတင်ကာ သူ့ပညာသ ဆုံးဖြတ်ချက်ချနိုင်ပေမည်။

နှစ်ဦးသား လိုင်းခန်းပေါ်တ လိုက်သည်နှင့် နို့တိုက်နေသော သည်နှင့် ပက်ပင်းတိုးပါတော့ ဇနီးသည်က အရိပ်အကဲသိ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အား -

"ခင်ဗျားတို့နှစ်ယောက် ဘာလုပ်ကြမလို့လဲ"

"ငါတို့နှစ်ယောက် ပညာချင်းယှဉ်ကြမလို့ပါဟ။ သူ့အိမ်မှာ ညွှန့်သည်ရှိလို့ ဒီခေါ် လာတာ။ ခဏပါ မိန်းမရဲ့"

ဇနီးသည်မှာ မျက်နှာရှုံ့နေ၏။ ကြည်လင်သောမျက်နှာဖြင့် -

"လာလုပ်ပြန်ပါပြီ၊ ရှုပ်ရှုပ်ယှက်ယှက် ကျွန်မကတော့မလိုဘူး။ နေကြဦး နေကြဦး။ ကျွန်မ မဦးတို့အိမ်သွားလည်မယ်"

ဇနီးသည်မှာ အနီးပိုနှစ်ထည်ယူ၍ အလေးဆောင်းကာ ကလေးရင်ခွင်ပိုက်ဖြင့် ရွာထဲထွက်သွားလေတော့၏။

ဘုရားခန်းရှေ့ ကျွန်တော်နှင့် သူငယ်ချင်း ကိုတင်သောင်းနှစ်ဦးတည်း ရှိ၏။ အချိန်က မနက် (၈) နာရီထိုးပြီးစ။ သူငယ်ချင်းမှလုပ်ရမည့်အပေးအယူမှာ-

"ဘုရားခန်းမှာ တင်ပျဉ်ခွေထိုင်မယ်။ ကိုစိုးမင်းကြီးရဲ့ အစောင့်တွေ အကုန်လုံး ကျွန်တော့်ကိုအပ်မယ်။ အစောင့်တွေအပ်ပြီးရင် ကြိုက်တဲ့ဂါထာရွတ်လို့ရတယ်။ ပြီးရင် ထိုင်ရာကထပြရမယ်။ ကျွန်တော့်အလှည့်ရောက်ရင်လည်း အတိုင်းပဲလုပ်မယ်။ ပညာချင်းဖလှယ်ကြသဘောပဲနော်။ ဘာရန်ငြိုးမှမထားရဘူး။ ခင်ဗျားနဲ့ ကျွန်တော်က အချစ်ဆုံးသူငယ်ချင်းတွေ။ ဒီပွဲပြီးရင်လည်း အရင်လို သူငယ်ချင်းပဲ။ စိတ်မကွက်ကြေး"

သူ့စကားကို ကျွန်တော်သဘောကျပါသည်။ မျှမျှတတ်ရှိသလို တကယ့်သူငယ်ချင်းကောင်း ပီသလှပါသည်။ ဘယ်သူအရင်စထိုင်မလဲဆိုတော့ သူက ပြော၏ သူ့အရင်မထိုင်ဘူးတဲ့။ ကိုစိုးမင်းကြီးအရင်ထိုင်တဲ့။ ကျွန်တော်အလျှော့ပေးလိုက်ပါသည်။

ကျွန်တော်ဘုရားကျောင်းဆောင်မှာ တင်ပျဉ်ခွေထိုင်အပြီး သူငယ်ချင်းက အားမှရပ်လျက် ကျွန်တော့်ခေါင်းကိုင်လျက် စတင်ပြောသည်မှာ -

"ကဲ-အခုချိန်ကစပြီး ကိုစိုးမင်းကြီး စောင့်နေတဲ့အစောင့်တွေ ကျွန်တော့်ကို အကုန်အပ်ဗျာ"

ဆိုတော့ ကြောက်ကြောက်နှင့် ပြောလိုက်ပါသည်။

"ဟုတ်ကဲ့ - အပ်ပါသည်"

ကျွန်တော့်မှာ ဘယ်သူတွေစောင့်သည်လဲမသိ။ အပ်ခိုင်းလို့အပ်လိုက်မိသည်။ ဘာမှမသိသည့် ကျွန်တော်က မှိန်းမှိတလေးသာထိုင်နေစဉ် သူက -

"ကဲ - အခုချိန်ကစပြီး. . ."

ဟု အမိန့်တွေပြန်ပါသည်။

သူ့အမိန့်မျိုး ကျွန်တော်မပြောတတ်ပေ။ နားထောင်၍ကောင်းလှပါသည်။ အမိန့်တွေရွတ်ပြီး၍ ခဏအကြာ ကျွန်တော့်အား -

"ကဲ - ကိုစိုးမင်းကြီး ထတော့ဗျာ"

သူငယ်ချင်းမှ အစောင့်တွေအပ်ခိုင်းလို့ အပ်လိုက်သည်။ သူ့အမိန့်တွေပြန်တော့လည်း ကျွန်တော့်ခန္ဓာကိုယ်တွင်းကိုယ်ပ ဘာတစ်ခုမှဝိသေသမဖြစ်ပေ။ အမိန့်ပြန်ပြီး ယခုအထခိုင်းတော့လည်း မူလအတိုင်း ဘာမှမခံစားရပေ။ ထို့ကြောင့် တင်ပျဉ်ခွေထိုင်မှ သက်သောင့်သက်သာထ၍ မတ်တတ်ရပ်လိုက်ပါတော့၏။

သူသည် ကျွန်တော့်မျက်နှာအား စူးစူးစိုက်စိုက်ကြည့်နေရာမှ ကွက်ခနဲ မျက်နှာပျက်သွားပါသည်။ သူ့ကိုကြည့်၍ ကျွန်တော်ပြုံးပြသောအခါ သူက -

"ခင်ဗျားဘာမှမဖြစ်ဘူးလား"

"ဟင့်အင်း - ဘာမှမဖြစ်ဘူး"

"နည်းနည်းလေးမှကို မဖြစ်တာလား"

"ဟုတ်တယ်၊ ဘာမှမခံစားရဘူးဗျ"

"ဟားဗျာ သွားပြီ၊ ကျွန်တော်သွားပြီ"

သူ့မျက်နှာသည် မည်းမှောင်၍ စိတ်ဓာတ်အတော်ကျသွားသည်ပုံပေါ်နေ၏။ သူ့ကိုကြည့်၍ အနည်းငယ်အံ့ဩမိသော်လည်း စိတ်မကောင်းဖြစ်မိသေး၏။ သူ့ကိုယ်သူ ရှုံးသွားပြီဟု ကြိုတင်တွက်ထားမိ၍လားမသိပေ။ ဒါက သူ့အပိုင်းသာ ဖြစ်၏။ ကျွန်တော်ကတော့ သူ့လိုမှန်းရမ်းလုပ်ရပါဦးမည်မို့ စကားစလိုက်ရ၏။

"ကဲ - ကိုယ့်ဆရာ ကျွန်တော့်အလှည့်ရောက်ပြီ ထိုင်ပေတော့"

သူသည် မျက်နှာငယ်လေးဖြင့် ဟုတ်ကဲ့ ခေါင်းညိတ်ကာ တင်ပျဉ်ခွေထိုင်အပြီး သူ့ထံမှ အစောင့်များအား အအပ်ခိုင်းအပြီး ဆုတောင်းတစ်ခုအား စိတ်ထဲမှပင် စတင်တောင်းဆိုလိုက်ပါသည်။

'ကျွန်တော်၏ပညာသည် သူငယ်ချင်း၏ပညာထက် သာလွန်ပါလျှင် ယခုထိုင်နေရာမှထနိုင်ပါစေသား'

ဟု စိတ်နှင့်ရွတ်အပြီးတွင် သူငယ်ချင်းအား အထခိုင်းလိုက်ပါတော့၏။

"ကဲ - ဆရာသမား ထဗျာ"

"အား - မရဘူး၊ မရဘူး။ ထလို့မရတော့ဘူး။ လုပ်ပါဦးဗျ။ ကျွန်တော့်ကို ကူပါဦး"

မျက်နှာရှုံ့၍ လက်နှစ်ဖက်မှာ ကြမ်းပြင်ထောက် အားကုန်ရုန်းနေသော်လည်း သူ့ခန္ဓာကိုယ်မှာ တောင်ကြီး မြောက်သာယိမ်းနေ၏။ တင်ပါးနှင့်ကြမ်းမကွာပေ။ သူ့ကိုကြည့်၍ ကျွန်တော်သိသာယဝင်နေပါသည်။ သူ့ကျွန်တော့်ကိုလိမ်နေတာ။ ထနိုင်ရဲ့သားနှင့်သက်သက်ညစ်နေတာ။ ကျွန်တော့်စိတ်ယုံကြည်အောင်လုပ်ပြမည်။ ပြီးမှ လူအများရှေ့မှာ ဟာသလုပ်မည်။ သင်းအကြံမသိလျှင် ခက်မည်။

ထိုစဉ် ဘူတာမှ ဆရာသမား၏ ခေါ်သံကြား၍ ထွက်ကြည့်ရာ ရထားသွင်းဖို့ခေါ်နေ၏။ ဘူတာပေါ်တက်၍ အလံကိုင်ပြင့်သို့လာခဲ့ရသော်လည်း စိတ်က သူငယ်ချင်းဆီမှာ စိုးမိုးနေ၏။ နာရီဝက်ခန့်အကြာ ရထားသွင်းပြီး အိမ်ပေါ် အရောက် သူငယ်ချင်းအားကြည့်လိုက်ရာ အံ့ဩသွားပါသည်။ ဆံပင်မှအစ တစ်ကိုယ်လုံးသည် ရေချိုးထားသည့် အလား ရွှဲရွှဲစိုနေပါသည်။ ထိုင်နေသည့် ပုံစံလည်း မူလအတိုင်းပင် ဖြစ်၏။ သူ့ထံမှ စကားသံမထွက်။ ကျွန်တော့်အား အားကိုးသည့်အကြည့်သာ ကြည့်လျက် လက်ထောက်ရုန်းနေသေး၏။

သူ့ပုံစံအား အကဲခတ်ကြည့်သော် တကယ်မထနိုင်သည့်ပုံမှန်းပေါ် လွင်လာ၏။ အင်္ကျီလက်တိုဖြစ်၍ သူ၏လက်မောင်းသား လက်ဖျံတို့မှ ကြွက်သားအဖုများနှင့် သွေးကြောများက ဖောင်းကြွနေ၍ ဖြစ်၏။

ထိုစဉ် ကလေးပိုက်၍ ရွာထဲမှပြန်လာသော ဇနီးသည် အိမ်ပေါ် တက်လာ၏။ သူငယ်ချင်းအား သေချာငုံ့ကြည့်အပြီးတွင် အပြစ်စတင်ပါတော့၏။

"ဒီမယ် - ခင်ဗျားဘာတွေလုပ်ထားတာလဲ။ လူတစ်ဖက်ကသားကို နိုင်ချင်တိုင်းနိုင်လို့ ကောင်းတာမဟုတ်ဘူးရှင့်။ သူ့ခမျာ မောနေပြီ။ ခင်ဗျားအခုဖြေပေး"

ဇနီးသည် အပြစ်တင်လျှင်လည်း ခံရပေမည်။ ကျွန်တော်လုပ်ထားတာမှန်သော်လည်း သူမထနိုင်တာ ဘာကြောင့်လဲဆိုသည့်အဖြေရှာနေခြင်းသာ ဖြစ်ပါသည်။ နောက်ထပ် အဖြေတစ်ခုက သူပြန်ထနိုင်အောင် ကျွန်တော်၌အဖြေမသိသေးခြင်းဖြစ်၏။ နုနယ်သောပညာသည်ပေါက်စဖြစ်၍ ကိုယ်လုပ်သည့်ကိစ္စပင် တိတိကျကျမသိ ခပ်ညံ့ညံ့ဆရာသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။

ထိုစဉ် ဘူတာ တာဝန်ခံမှ အော်ခေါ်၍ ဘူတာပေါ်ပြေးတက်သွားရပြန်၏။ နောက်ထပ်ရထားတစ်စင်း၊ ထိုမှတစ်စင်းဖြင့်သူငယ်ချင်းဆီမရောက်သာ။ ဇနီးသည်မှာလည်း ကျွန်တော်နှင့်အတူ ဘူတာပေါ် တက်လိုက်လာ၏။ ဇနီး၏ စကားအတိုင်း ဖြေဖို့စဉ်းစားတုန်းရှိသေးချိန်။ ရထားများသာ စုန်ဆန်သွင်းနေရ၏။ စိတ်ကသူငယ်ချင်းဆီမှာ။ သူတစ်ခုခု ဖြစ်မှာလည်း စိုးရိမ်မိသေး၏။

ရထားများသွင်းပြီး၍ အချိန် (၁၁)နာရီကျော်လာ၏။ သူငယ်ချင်းဆီအသွား လမ်းတွင် သူ့မိန်းမနှင့်ပက်ပင်းတိုး၍မျက်လုံးပြူးသွား၏။

"ကိုစိုးမင်းကြီး၊ ကျွန်မယောကျ်ားမတွေ့ဘူးလား။ ထမင်းစားခေါ်တာ မလာလို့"

ဟု ကျွန်တော့်မျက်နှာကြည့်မေးတော့ ခေါင်းပင်မဖော်ချင်။ အိမ်မှာရှိတယ်ပြောမိရင်တော့ သေပြီ။ လိမ်ရပေမည်။

"စောစောက အနောက်ဘက်အိမ်သာသွားတယ်"

သံလမ်းအနောက်ဘက်တွင် အိမ်တစ်လုံးမှမရှိပေ။ ချုံနွယ်ပိတ်ပေါင်းများသာရှိ၍ ရွာထဲမှအတော်များများသည် ဤနေရာတွင် ခင်းကြီးခင်းလေးသွားလေ့ရှိကြ၏။

"ဩော် - ဒါဆို ကျွန်မပြန်တော့မယ်။ သူလာရင် ပြန်ခဲ့တော့လို့ပြောပေးပါဦး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ခေါင်းကျိန်းသက်သာသွားရ၏။ အိမ်သို့သုတ်သုတ်လာခဲ့ရ၏။ သူငယ်ချင်းကတော့ ချွေးတွေရွှဲလို့တွေ့ရ၏။ သူ့ကိုအမြန်ဆုံးထနိုင်ရန်လုပ်ပေးရမည်။ ဘယ်လိုလုပ်ရမည်နည်း။ တွေးရင်းတွေးရင်းမှ ရုတ်တရက်ရေအိုးမြင်လိုက်၍ ဝမ်းသာသွား၏။ သောက်ရေတစ်ခွက်ခပ်၍ သူ့ခေါင်းပေါ်တင်လျက်ရွှတ်တတ်သလို ရွှတ်လိုက်ရ၏။

"ကဲ - သူ့ကိုမထနိုင်အောင် လုပ်ထားတဲ့သူတွေ ဘေးကိုခွာပေးပါ။ သူ့မိန်းမ ထမင်းစားလာခေါ်နေပြီ။ အိမ်ပြန်နိုင်အောင် ကူညီကြပါ"

ဟုအသံထွက်ပြောလိုက်သည်နှင့် သူငယ်ချင်းမှာ အသံထွက်၍ရေတောင်းပါတော့၏။ သူ့အား ထိုင်လျက်ဖြင့် ရေတိုက်အပြီးတွင် ကောက်ကာငင်ကာ အိမ်ပြန်သွားပါတော့သည်။ သူပြန်သွားမှ ချွေးသံရွှဲရွှဲသူ့ကျောပြင်ကြည့်၍ဝမ်းသာနေမိနေတော့၏။ စိတ်ထဲမှ ဘာမှမသိပေမယ့် ကိုယ့်ပညာကဟုတ်တုတ်တုတ်ဟု ရေရွတ်မိလေ၏။

သူထိုင်ရာက မထနိုင်တာ အချိန် (၄)နာရီနီးပါး။ ကျွန်တော့်အစောင့်တွေကြောင့်လား။ သူ့အစောင့်တွေကြောင့်လား။ ဘိုးတော်တွေဆိုတဲ့ ဝိဇ္ဇာတွေကြောင့်လား။ ဒီအထဲမှ မည်သူတို့ဖြစ်မည်နည်း။ အတွေးမှအဖြေမရှိပေ။ ဒီကိစ္စအား သူငယ်ချင်းကိုမေးရမည်။ သူသိနိုင်သည်။ ထိုနေညနေပိုင်း၊ ညနေပိုင်းသာကုန်သွားသည် သူရောက်မလာ။

နောက်တစ်နေ့ မနက် (၈) နာရီခန့်တွင် ကျွန်တော့်အိမ်သို့ သူငယ်ချင်းရောက်လာပါတော့၏။ သူ့မျက်နှာက ညှိုးသောမျက်နှာဖြင့်-

"ကျွန်တော် ရှုံးသွားပြီ ကိုစိုးမင်းကြီးက ကျွန်တော့်ဆရာပါ"

အသံက ဆို့ဆို့နှင့်နှင့် မျက်နှာမှာလည်း အားငယ်မှုအပြည့်ပေါ်နေ၏။ သူကကျွန်တော့်ကို သူ့ဆရာဟုဝန်ခံစကားပြောသော်လည်း ဝမ်းသာမိ၏။ သို့သော် သူမသိအောင်တော့ မှင်သတ်နေရ၏။ ရင်ထဲမှ သိချင်သော စကားအား မေးလိုက်မိ၏။

"ကိုယ့်လူ၊ မနေ့ကအကြောင်းမေးချင်လို့စောင့်နေတာ။ သိချင်တာသက်သက်ပဲ။ မနေ့က ခင်ဗျားဘာလို့ထမရတာလဲ"

မျက်နှာမကြည်လင်နှင့်ခေါင်းယမ်း၍ မဖြေချင်၊ သိပုံဖြစ်နေ၏။ ဆက်မေးမိလေ၏။

"လုပ်ပါဗျ၊ ကျွန်တော်သိချင်လို့ပါ"

ဆိုတော့ မဖြေချင်ဖြေချင်ပြောပုံက -

"ကျွန်တော့်ကို တစ်ယောက်ယောက်က ဖိထားတာဗျ။ အတော်ကြီးတဲ့ကိုယ်ကြီးနဲ့။ ဒါကြောင့် ထမရတာ။ ခင်ဗျားအစောင့်က ကြီးကျယ်ပါတယ်ဗျာ"

အဖြေကပေါ်ပြီ။ တစ်ယောက်က ဖိထားတာတဲ့။ ဖိတဲ့သူဘယ်သူလဲ။ ယခုလည်း သူပြောလို့သိရတာ။ ကိုယ်တိုင်မသိတာ ဘာကြောင့်လဲ။

"ခင်ဗျားပြောလို့သာ ယုံရမှာ။ ကျွန်တော်ကတော့ မယုံချင်ဘူး"

"ကျွန်တော်လိမ်မပြောပါဘူးဗျာ။ ခံစားရတာက ကျွန်တော်ပါ။ ကျွန်တော့် ပေါင်ရင်းနှစ်ဖက်ကို ခြေဖဝါးတစ်ဖက်စီနဲ့ခွနင်းထားတာသိတယ်။ တအားလေးတော့ ဖင်တောင်မကြွနိုင်ဘူး။ ဒါအမှန်ပါပဲ"

"အေးဗျာ - ထူးဆန်းတာတော့ အမှန်ပဲ။ ဒါဖြင့် အဲဒီနင်းတဲ့သူရဲ့ပုံစံတော့ သိသေးလား"

ဆိုတော့ -

"ဒါတော့ မမြင်ရဘူးဗျ။ အနင်းခံထားရတာတစ်ခုပဲသိတယ်"

"ကျွန်တော်က ကိုယ့်ပညာဟုတ်လှပြီမှတ်တာ။ အခုတော့ အဖိုးမတန်သလိုဘဲဗျာ"

ဒီစကားကြားတော့ ကျွန်တော် စိတ်မကောင်းဖြစ်မိပါ၏။ နှစ်သိမ့်အား ပေးမိ၏။

"အဲဒီလိုလည်း အထင်မသေးပါနဲ့ဗျာ။ မနေ့က ကျွန်တော်ရှုံးခဲ့ရင်လည်း ခင်ဗျားကို ဆရာတင်ဖို့တပည့်ခံဖို့တောင် ဆုံးဖြတ်ပြီးသားပါ"

သူ့မျက်နှာမှာ ပြုံးရောင်သန်းဖြင့် တစ်ဖက်သို့ငေးကာ သူ့ပညာအကြောင်း စပြော၏။

"ကျွန်တော် သင်ထားတဲ့ပညာက ရုက္ခစိုးမှော်ပညာ။ ဆရာ့ဆီမှာမရမက တောင်းလို့ သင်ပေးခဲ့တာ။ ဆရာက အမျိုးသမီး ယောဂီဝတ်နဲ့ ပေဒင်ဟောတယ်။ ဆေးကုတယ်။ နယ်လှည့်ဆရာကြီးပေါ့ဗျာ။ မနက်ဖြန်ဆို ဆရာ့ဆီပြန်ရဦးမယ်။

ပညာကသင်ခါစဆိုတော့ အဆင့်နိမ့်သေးတယ်။ နောက်ထပ်သင်စရာတွေရှိသေးတယ်။ အခုတောင် ဒီကမလာချင်ဘူး။ မိန်းမနဲ့ ကလေးတွေ စားစရာမရှိမှာစိုးလို့ ဆန်နဲ့ငွေလာပို့တာ။ မနက်ဖြန် ကောလင်းပြန်မယ်။ ဆရာ့ဆီ အလည်လိုက်ခဲ့ပါလား"

"မလိုက်တော့ပါဘူးဗျာ။ အလုပ်က အားမှမအားဘဲ"

"ကဲ - ဒါဆို ကျွန်တော် အိမ်ပြန်လိုက်ဦးမယ်"

နှုတ်ဆက်ပြန်သွားသော သူငယ်ချင်းအားကြည့်၍ အတွေးနယ်ဝင်မိပြန်၏။ သူ့ပညာက ရုက္ခစိုးမှော်ပညာ။ ဒီပညာခုမှကြားဖူးတာ။ ဘယ်လိုသင်ရလိမ့်။ ညနေ သူ့အိမ်အလည်သွားရင်း ဒီပညာအကြောင်းမေးရတော့မည်။

ညနေစောင်းတော့ သူငယ်ချင်းအိမ်ဘက်ထွက်ခဲ့ရင်း သူတို့တစ်မိသားစုလုံးတွေ့ရ၏။ မီးဖိုချောင်တွင် ထမင်းဟင်းချက်နေသည့်ပုံ ဖြစ်၏။ အဝေးမှလှမ်း၍နှုတ်ဆက်ရ၏။

"ကိုယ့်လူ စားပြီးပြီလား"

www.burmeseclassic.com

"ချက်တုန်း ကိုစိုးမင်းကြီး၊ လာ အလည်ဝင်ဦး"

သူ့ဇနီးသည်မှ ဖိတ်ခေါ်၏။

သူငယ်ချင်းက တန်းလျားခုံတွင် ရေနွေးသောက်နေ၏။ သူနှင့်မျက်နှာချင်း ဆိုင်ထိုင်၍ ပတ်ဝန်းကျင်အား အကဲခတ် ရ၏။ သူ့အိမ်နံဘေးမှ (၅) တောင်ခန့် အကွာတွင် သူ့ယောက္ခမအိမ်ရှိသည်။ ဒီသားစုကလည်း (၇) ယောက်ခန့်ရှိ၏။ မေးချင်သည့်အကြောင်းသည် လျှို့ဝှက် ဆေးမှုသာ သင့်၏။ အသံကျယ်ကျယ် ပြော၍မသင့်ပေ။ သူ့မိန်းမကတော့ ဂရု ပြုစရာမလို။ နထော်ကြောင်ကန်းပမာ အူတူတူအတတ။ ယောကျ်ားဘာလုပ် လုပ် အပြစ်မပြောသည့်သူ။ ရိုးအလွန်း သော ရွှေဘိုသူစစ်ဆိုလျှင် မှန်လှပါ သည်။

နှစ်ကိုယ်ကြား တိုးတိုးသင့်ရုံပြော ချင် အဆင်ပြေမည်။ သို့ဖြင့် သူငယ်ချင်း အား-

"ကိုယ့်လူ၊ ခင်ဗျားသင်ထားတဲ့ ပညာအကြောင်း နည်းနည်းပြောပြဗျာ"

ဆိုတော့ ပြုံးစိစိနှင့် မပြောချင်သို ပြင်နေ၏။ မသိသလိုမကြားချင်ယောင် ဆောင်သည့်ဟန်ကပေါ်နေပြန်၏။

"လုပ်ပါဗျ၊ ဒီပညာအကြောင်း ခုမှ ကြားဖူးတာ။ ဗဟုသုတရအောင်ပြော ပါဦး"

ကျွန်တော်က ဇွတ်တရွတ်လုပ် နေတာ သူကသိ၏။ မရမကမေးမည် ကိုသိနေ၍ ဖြေရှာတော့၏။

"ဒီပညာကို တစ်ပတ်နဲ့သင်ထား တာ။ အဲဒီတစ်ပတ်ထဲမှာ ကျွန်တော်လုပ် ရတာ၊ အကျဉ်းပြောပြမယ်။

ကျွန်တော်တို့ရွာ အရှေ့ထိပ်က ကျောင်းကြတ်ပင်ကြီးကြီးကို ကိုစိုးမင်းကြီး သိတယ်မို့လား"

"သိတယ်လေ၊ အလည်ရောက် တုန်းက ခင်ဗျားပြထားတာပဲ"

"အဲဒီညောင်ပင်ကြီးမှာ အမိဌာန် ဝင်ပညာသင်ခဲ့တာ။ အိမ်မှာသင်ခဲ့တာ မဟုတ်ဘူး"

လမ်းတစ်ဖက်သို့ငေး၍ဆေးလိပ် ဖွာရင်း ပြောသင့်မပြောသင့်ချင့်ချိန်နေ ပုံရ၏။ ရွှေဘိုဒေါ်မဖက်ကြမ်းဆေးလိပ် ကိုသူပီပီ ဆေးလိပ်တိုအား နှုတ်ခမ်း ဖျားညှပ်သည့်အချိန်က အိပ်ချိန်မှသာ ချွတ်သည်ထင်၏။ သူ့ဆရာအပြစ်တင်မှာ ကို၍လားတစ်ခုခုပင်။ သိချင်သူမို့သည်းခံ ၍ ဆက်မေးရပြန်၏။

"ဆက်ပြောပါဦးဗျ ကိုယ့်လူရ"

ထိုအခါမှ သတိလည်လာသည့် ဟန်ဖြင့် -

"ဟုတ်ကဲ့-ပြောမှာပါ။အဲဒီညောင် ပင်ကြီးမှာ သန့်ရှင်းရေးလုပ်တယ်။ နတ် စင်အသစ်ရိုက်လှူတာယ်။ ညောင်ရေအိုး နဲ့ပန်းစုံလှူတယ်။ ဆွမ်းလှူတယ်။ (၃)ပွဲ လှူတယ်။ အမိဌာန်စဝင်တော့ ဆရာက မြေပြင်မှာ စည်းဝိုင်းဝိုင်းပေးတယ်။ အဲဒီ အထဲမှာ ပုတီးစိပ်ရတယ်။ နေ့ပိုင်း ထမင်းစားချိန် အပေါ့အပါးချိန်မှလွဲပြီး စည်းဝိုင်းထဲမှာပဲနေရတယ်။ ညပိုင်းမှာ တစ်ညလုံး ပုတီးစိပ်ရတယ်။

ဆရာကတော့ စည်းဝိုင်းထဲက သတိလွတ်ထွက်သွားမှာစိုးလို့ စောင့်ပေး ရှာတယ်။ ပြီးတော့ ဆေးတိုက်တယ်။ ဒါပါပဲ။

ကြာကြာ နားမထောင်လိုက်ရ။ ပြည့်စုံသလိုလိုနှင့် အကျဉ်းချုံးလွန်းလှ သည်။ အကြမ်းစားသိရသော်လည်း ကျေနပ်ပါ၏။ မိသားစုထမင်းစားချိန်နီး ၍ နှုတ်ဆက်ကာ အိမ်သို့ပြန်ခဲ့ရ၏။

ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦး သည် လောကီပညာမတူညီသည်မှလွဲ ၍ ဗီဇအကျင့်များ လွန်စွာဆင်တူလှ၏။ တစ်ယောက်နှင့်တစ်ယောက်မှာ အငြင်း အခုံမရှိ ပွင့်ပွင့်လင်းလင်းပင် ပြောဆို ဆက်ဆံပေါင်းသင်းကြ၏။ သူ့မိန်းမနှင့် ကျွန်တော့်မိန်းမ ဒီနှစ်ယောက်ကလည်း အတွဲညီပြန်၏။ သူတို့စကားဝိုင်းလည်း ရေပက်မဝင်ပေ။

ယခုအချိန် သိသိသာသာကွဲတာ က သူက ညနေအရက်သောက်နေခြင်း ဖြစ်သည်။ ရွာထဲ ဆိုင်ထဲမှာ မဟုတ်။ သူ့အိမ်မှာ တစ်ယောက်တည်းသောက် တော့၏။ ကျွန်တော်နှင့်ဘက်လွဲပြီးက တည်းက သူတစ်ယောက်တည်းသာ သောက်လေတော့၏။ ပင်ကိုစိတ်က အေးအေးဆေးဆေးနေသလို စီးပွားရှာ သည့်အလုပ်တော့ တစ်ခုမှမလုပ်ပေ။ ယောက္ခမအား ဝိုင်းဝန်းကူညီပေးခြင်း သာရှိ၏။

သူ့ကို တစ်ရွာလုံးက ချစ်ကြောက် ရ၏။ သူ၏ကိုယ်ခံပညာက အံ့မခန်းပေ မို့ အရှိန်နှင့်ပင်လန့်ရ၏။ ကျွန်တော်တ သူ့အရှိန်နှင့်မှိခိုရ၏။

နောက်တစ်နေ့ မနက်ပိုင်းတွင် ကောလင်းနယ်ပြန်သွားတော့၏။ သူ့ဇနီး နှင့် သမီးလေးနှစ်ယောက်က ရွာမှာ။ ဒီတစ်ခေါက် ရွာပြန်သွားသည်မှာကြာ ၏။ တော်တော်နှင့်ပေါ်မလာ။ ခါတိုင်း ရွာပြန်လျှင် အကြာဆုံးတစ်ပတ်မျှသာ။ ယခု (၂) လခန့်ကြာမှ ရွာသို့ပေါ်လာ တော့၏။

သူငယ်ချင်းသည် ဒီရွာရောက် သည်နှင့် သူ့အိမ်ဖေးမည့်ပစ္စည်းများပို့ပြီး သည်နှင့် ကျွန်တော့်ထံသာ အနေများ ၏။ သူဘယ်သွားသွား မိန်းမနှင့်ကလေး တွေဘာမှမသိ။ တစ်ယောက်တည်းသာ သွားလာ၏။ ထို့ကြောင့် သူ့မိန်းမအား သူ့ယောကျ်ားအကြောင်းမေးလျှင် သိတာ မရှိသလောက်အ၏။

ညနေပိုင်းတွင် ကျွန်တော့်အိမ်သို့ အလည်ရောက်လာ၏။ ကောက်ညှင်း ဆန်(၄)ပြည်လက်ဆောင်ပေး၍ စကား ပြောကြ၏။ သူ့မျက်နှာ အနည်းငယ် ချောင်၍မေးလိုက်၏။

"ကိုယ့်လူ၊ တော်တော်ချောင်သွား တယ်နော်"

"ဟုတ်တယ်၊ အိပ်ရေးပျက်များလို့။ ဆရာနောက်လိုက်ရတော့ အအိပ်အစား ပျက်တာများတယ်"

"ကျန်းမာရေးဂရုစိုက်ဗျ၊ ကိုယ်က သမီးနှစ်ယောက်ရှိသေးတယ်"

"ဟုတ်ကဲ့ပါဗျာ၊ ကဲ-ရောက်တုန်း လာနှုတ်ဆက်တာ။ မနက် ကောလင်း ပြန်ဦးမယ်"

ဒီနေ့မှရောက်သည်။ မနက်ပြန် မည်ဆိုတော့ ကျွန်တော်စိတ်တိုမိပြီ။ ဇနီး နှင့်ကလေးတွေ ပစ်ပယ်လွန်းသည်မို့ အပြစ်တင်လိုက်ရ၏။

"ကိုယ့်လူ၊ ခင်ဗျား ဒီနေ့မှ ပြန် ရောက်တာမို့လားဗျ"

"ဟုတ်တယ်လေ၊ ကြာကြာမှနေ လို့မရတာ။ ဆရာကခေါ်နေပြီ"

ကျွန်တော့်စိတ်ကတိုပြီးရင်းတိုရ ပြီး-

"ခင်ဗျားကလည်းဗျာ ဆရာခေါ် လည်းခေါ်ပေါ့။ ဒီမှာမယားနဲ့သမီးတွေ နဲ့ဗျာ။ သူတို့အတွက်လည်းငဲ့ဦးမှပေါ့။ ဒီမှာ တစ်ပတ် (၁၀) ရက်တော့နေဦးမှာ ပေါ့ဗျာ"

"ကျွန်တော်လည်းနေချင်ပါတယ်။ ဆရာကကြာကြာနေခွင့်မပေးတာ"

"ခင်ဗျားဆရာက ခင်ဗျားကို ချုပ်ချယ်တဲ့သဘောလား"

"အာ - အဲဒီလိုလည်းမဟုတ်ဘူး ဗျ။ ပညာသင်တုန်းဆိုတော့ သူနဲ့အတူ သူခိုင်းတာလုပ်ပေးနေရတဲ့သဘောပါ"

သူ့စကား ကျွန်တော်ဘဝင်မကျ။ ရွာက မိန်းမနှင့်သမီးသာ စောင့်ရှောက် သင့်သည်။ တစ်ခါလာ . . . ဆရာ နောက်လိုက်နေရသလိုနှင့် . . . ဒီသူ



www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြေ။ မသကာ ဆရာနှင့်ညားသွားလျှင်ဒုက္ခ။ ဒီကာမိန်းမနှင့်သမီးတွေလောပြီ။ ကျွန်တော် ဘဝင်မကျတာ သူသိသည်။ သို့ဖြင့် မသိသလို အိမ်ပြန်သွား၏။

နောက်တစ်နေ့ နေ့လယ်ရထားဖြင့်ပါသွားရာ တော်တော်နှင့်ပေါ်မလာ။ သူ့မိန်းမနှင့်တွေ့စဉ်မေးတော့ မသိတဲ့။ ဒီနေ့ ရထားနှင့် မင်းသားပေါ်လာပြန်ပြီ။ ရထားဆင်းတော့ သူ့ရုပ်ရည်က မလှ။ အတော်ပိန်သွားသည်ကိုမြင်လိုက်ရသေး၏။ အရင်တစ်ခေါက်ထက် ရက်ပိုကြာတာလည်း မှတ်မိနေ၏။ ညနေခင်းတွင် ကျွန်တော်ရှိရာ ဘူတာပလက်ဖောင်းပေါ်သို့တက်လာ၏။ သူ့မျက်နှာမလှ၊ မျက်ကွင်းများညို၍ အတော်ပင်ပိန်ကျနေ၏။ ကျွန်တော့်အနားရောက်တော့ လူရှင်းတဲ့လူနေရာသွားဖို့ပြောတော့လိုက်သွားရ၏။တောင်ဘက်ဘူတာဆိုင်းဘုတ်အနီးက ထနောင်းပင်အောက်မှာ နှစ်ဦးသားထိုင်ကြ၏။

"ကိုယ့်လူ၊ ခင်ဗျားတောင်တော်ပိန်သွားတာနော်။ ဘာတွေလျှောက်လုပ်နေတာလဲ။ လူရုပ်တောင်ပျောက်နေပြီ။ သတိထားဦးမှပေါ့"

အပြစ်တင်တော့ သူ့မျက်နှာက ညှိုးနေပြန်၏။

"ဒီတစ်ခေါက်လာတာ ကိုစိုးမင်းကြီးဆီ အကြံဉာဏ်လာတောင်းတာ။ ပေးမှာမို့လား"

"ပေါ့လူ၊ မဟုတ်ကဟုတ်ကတော့ မတောင်းနဲ့နော်"

ဆိုတော့ -

"အဲဒီမဟုတ်ကဟုတ်ကပဲပေါ့"

အတွေးဝင်လိုက်မိ၏။ သူမတော်တာရော်ပြောတော့မည်လား။ ထင်သည့်အတိုင်းပင် -

"ကျွန်တော်မိန်းမယူမလို့"

"ဗုဒ္ဓေါရေ၊ မိန်းမယူမလို့ ဟုတ်လား"

"ဟုတ်တယ်၊ အဲ့ဒါလာတိုင်ပင်တာ။ အကြံလာယူတာ"

"ဒီကမိန်းမနဲ့ ကလေးတွေ ဘယ်ချောင်ထားမှာလဲ"

"ဒါကတော့ သူတို့ဟာနဲ့သူတို့လုပ်စားပေါ့ဗျာ"

"ကိုယ့်လူ၊ စကားကိုလွယ်လွယ်မပြောနဲ့။ အခုတောင် သူတို့သားအမိတွေ အဆင်မပြေဘူး။ ခင်ဗျားမရှိရင် သူတို့ခမျာ ဘယ်လောက်မျက်နှာငယ်ရမလဲ။ ပိုက်ဆံမရှိ၊ ဆန်မရှိ၊ ဆီမရှိနဲ့။ အဖေအမေမျက်နှာရှေ့မှာသနားစရာဗျ။ ခင်ဗျားကိုယ်ချင်းစာသင့်တယ်။ ခင်ဗျားကိစ္စ ကျွန်တော်သဘောမတူဘူး"

ဆိုတော့ -

"ဒီလိုမပြောပါနဲ့ ကိုယ့်လူရယ်။ တိုင်ပင်စရာဆိုလို့ ခင်ဗျားပဲရှိတယ်။ ဒါလေးတော့ ခွင့်ပြုစမ်းပါဗျာ"

"ကိုယ့်လူ၊ ခုကိစ္စက မိန်းမတွေခွင့်မလွှတ်နိုင်တဲ့ကိစ္စကြီးနော်။ မဖြစ်မနေယူရမယ်ဆိုရင်လည်း ဒီကမိန်းမနဲ့ကလေးတွေလုပ်စားနိုင်အောင် စီစဉ်ပေးရမယ်။ အခုတောင် ခင်ဗျားမရှိရင် သူတို့ခမျာ လိမ်ပိန်စားနေရတာ သနားစရာပါဗျာ"

"နေစမ်းပါဦး၊ ခင်ဗျားနောက်မိန်းမယူမယ့်ကိစ္စ ခင်ဗျားအဖေနဲ့ညီမတွေက သဘောတူရဲ့လား ပြောပါဦး"

ခေါင်းယမ်းခေါင်းခါလျက်ဖြင့် -

"မတူဘူးဗျ။ လုံးလုံးသဘောမတူတာ။ အဲဒါခက်နေတာ"

"မခက်ဘူးဗျ၊ အဲဒါရှင်းတာ။ သူတို့လိုပဲ ကျွန်တော်လည်း သဘောမတူဘူးဗျာ"

မျက်နှာတင်းတင်းနှင့် ကျွန်တော့်အား ဖွင့်ချတော့၏။

"မတူလည်း ယူမှာဆုံးဖြတ်ထားပြီးသား"

စိတ်တော်တော်တိုမိသည်။ပြောလေကဲလေဖြစ်နေပြီ။

"ကိုယ့်လူ ပြောလေကဲလေမလုပ်ပါနဲ့ဗျာ။ စိတ်ထိန်းပါဦးဗျ"

"ဟုတ်တယ် ကိုစိုးမင်းကြီးရဲ့၊ သူ့ကို ကျွန်တော်မခွဲနိုင်တော့ဘူး။ အမှန်အတိုင်းပြောရရင် သူ့အနားမှာရှိနေရင်၊ သူ့ကိုမြင်နေရရင်ပဲ ကျွန်တော်ကျေနပ်နေမိတယ်။ စွဲစွဲလမ်းလမ်းချစ်မိနေပြီဗျာ။ ဒါကြောင့် အတည်ပြောတာပါ"

သူ့အခြေနေက ဟိုဘက်ပါနေပြီ။ ဒီကမိန်းမနှင့် ကလေးအတွက်မပါ။ ကျွန်တော်တားလျှင်လည်း ရမည်မထင်ပေ။ ထိန်းပေးရုံမှတစ်ပါး အခြားမရှိပေ။

"ကဲ - ဒါဖြင့်ခင်ဗျားယူမယ့်သူက ဘယ်သူလဲ။ ဘယ်ရွာကလဲ"

"ကျွန်တော့်ဆရာ ယောဂီယယ်ကိုယူမှာ"

"ဗုဒ္ဓေါရေ"

ကျွန်တော် ဘုရားတမိလိုက်၏။ သူ့ဆရာကိုသူပြန်ယူမည်တဲ့။

"ခင်ဗျားဆရာကိုယူမှာဟုတ်လား"

"ဟုတ်တယ်၊ သူ့ကိုမခွဲနိုင်ဘူး"

"ကဲ - ဒါဖြင့် ကျွန်တော်မေးမယ်။ သူကဘယ်ရွာသူလဲ။ အသက်ဘယ်လောက်လဲ။ သူ့မှာအခြားအနှောင်အ... ဘာတွေရှိလဲ။ သိသလောက်ပြောစ... ဗျာ"

ဆိုတော့ သူကြောင်သွားပြီ။ ဘာ... ပြောမည်ပင်ဆွံ့အသွားပြီ။ သို့ပေသည်... အရူးအမူးဖြစ်နေမို့ သူလိုရာဆွဲပြော... တော့ သေချာနေ၏။

"အဲ - ဒါတွေကျွန်တော်မသိ... ဗျာ"

လုပ်ချလိုက်ပြန်ပြီ။ ဘာမမသိ... သူ့ကိုယူမယ်တဲ့။ တကယ့်ဒုက္ခကြီးပါ...

"ကိုယ့်လူ အဖြေကရှင်းတယ်။ ... နာမည်ဘယ်လိုခေါ်လဲ"

"နာမည်လည်း တိတိကျကျ... မထားဖူးဗျ"

"ကောင်းဗျာ၊ အသက်ကတော..."

"(၃၅) နှစ်ရှိပြီပြောတယ်"

"ဒီအရွယ်ရောက်မှ အမြီးမပေါ်... တဲ့မျောက်ရှိပါ့မလားဗျာ။ နယ်တ... လှည့်နေတဲ့သူ။ ပြီးတော့ တစ်ယော... တည်းသမား။ ခင်ဗျားစဉ်းစားစမ်းပါ..."

"သူနေတဲ့အရပ်တို့၊ သူ့မိဘ... တခြားယောကျ်ားရှိ၊ မရှိတို့ မေးကြ... သေးလား"

"အဲဒါလည်းတစ်ခုမှမသိဘူး"

"ကောင်းလိုက်တာ၊ ဘာမှမသိ... သူ့ကိုယူမယ်တဲ့။ ကဲ-ယူပြီးရင် အဲဒီမိန်း... နဲ့ဘာလုပ်စားမှာလဲ။ မှန်မှန်ပြော... ဗျာ"

"အဲဒါတော့ ကြံ့သလိုလုပ်စား... ပဲ"

ကျွန်တော် ရူးချင်မိပါသ... တန်းတန်းစွဲဖြစ်နေတဲ့သူက ဘယ်... နားမဝင်တော့ပေ။ စကားကိုကြုံသ... ပြောနေတော့၏။

"ကြုံသလိုလည်း ခင်ဗျားမ... တတ်ပါဘူး။ ကိုယ်က တောင်သူတစ်... ပဲလုပ်တတ်တာ။ ခင်ဗျားတို့ရွာက... မှာ သူကနေနိုင်တဲ့လားဗျာ"

"ဒါတော့ စဉ်းရုံးရမှာပဲ"

ကျွန်တော် သူ့မျက်နှာကို မ... ချင်အောင် စိတ်ပျက်လာပြီး သူ့ကို... ပျက်လေ သူ့မိန်းမကိုသတိရလေ... မိန်းမခမျာ ကျွန်တော့်မိန်းမဆီခ... လာရှာသည်။ အလည်လာလျှင် အ... မပြေတာပဲကြားရ၏။ အဖေ၊အမေ... ရဲ့မျက်နှာကိုကြည့်စားရတဲ့အကြော... ပိုက်ဆံမရှိတော့ ဟိုချေးဒီချေးစာ... အကြောင်းစုံနေ၏။ တကယ့်သနာ... မိသားစု ဖြစ်၏။ သူ့အပေါ် ဒါ... နားလည်ပေးတဲ့မိန်းမကို ... ပယ်...



www.burmeseclassic.com

www.burmeseclassic.com

လှ၏။

"ခင်ဗျားက ပြောလည်းရတော့မယ်ပုံမပေါ်ဘူး။ ကဲ - ဒီတော့ အဲဒီမိန်းမကို အကုန်ဖွင့်ပြောထားပြီပေါ့။ ဟုတ်လား"

"မပြောရသေးဘူး"

သူ့မျက်နှာကြည့်အကဲခတ်တော့ မနာမငြိမ်သည့်ပုံက အထင်းသား။

"ဘယ်လို - မပြောရသေးဘူး ဟုတ်လား"

"ဟုတ်တယ်၊ ဘာမှကိုမပြောထားသေးတာ"

"ဒါနဲ့များဗျာ မပြောနဲ့ပေါ့။ သူလည်းဘာမှဖြစ်တာမဟုတ်။ ကိုယ်လည်း သေသလိုနေလိုက်ပြီးတာပဲ။ ဟုတ်ဖူးသားဗျ"

ဆိုတော့ သူက ဆင်ခြင်တွေပေးပြန်ပါ၏။

"ဟုတ်တာတော့ဟုတ်ပါတယ်။ ဒါပေမယ့် သူကကျွန်တော့်ချစ်နေတာသိနေပြီ။ ကျွန်တော်ပြောရင် သူကခေါင်းညိတ်မယ်ထင်တာပဲ။ ကျွန်တော့်အပြောစောင့်နေတာ။ ဒီကပြန်ရင် ကျွန်တော်ဖွင့်ပြောမှာမို့ လာတိုင်ပင်တာ။ အိမ်ကအကြီးတော့ သွားမဟလိုက်နဲ့ဦး။ မီးပွင့်ကုန်မယ်။ ကဲ - ကျွန်တော် ပြန်ပြီ"

သူ့ကိုကြည့်၍ငေးရပါသည်။ သူ့မိန်းမကတော့မသိရှာ။ ဒီလူကပြောလျှင်ပြောတဲ့အတိုင်းလုပ်တာ ကျွန်တော်သိသည်။ ယခုလည်းတား၍မရပါ။ အရူးအမူးဖြစ်နေရှာလေပြီ။ သိရက်သားနှင့် ကျွန်တော် ရေငုံနုတ်ပိတ်နေရပေတော့သည်။ နောက်တစ်နေ့ နေ့လည်ရထားဖြင့် ကောလှိုင်းပြန်သွားတော့၏။

သူပြန်သွားတာ (၃) လခန့်ရှိပြီ။ ဘာသတင်းမှမကြားပေ။ ဟိုယခင်က သူဘယ်သွားသွား ဘယ်ရောက်ရောက် ကျွန်တော့်ဆီ ဖုန်းဖြင့်အကြောင်းကြားသေး၏။ ယခုတော့ ဘာဖုန်းမှမကြားနိုင်ပေ။ သူ့ဇနီးခမျာမှာ သူ့ယောက်ျားအကြောင်း ကျွန်တော့်ထံ သတင်းမေးသည်မှာ အခါများလှပြီ။ မျက်ရည်စက်လက်နှင့်သာနေရရှာ၏။ သနားစရာကောင်းလှပါ၏။

ဒီနေ့ နေ့လယ်ရထားနှင့် သူ့ကိုတွေ့ရပြန်ပြီ။ ရုပ်တော်တော်ကျသွားပြီ။ အိမ်ရောက်မဆိုက်မီ ရွာထဲတန်းဝင်သွား၏။ သူလာမှသာ မေးချင်တာမေးရပေမည်။ ညနေပိုင်းတော့ ကျွန်တော့်ထံ ရောက်လာပါသည်။ မျက်နှာကတော့ ကြည်လင်၊ ရထားရှင်းချိန်မို့ ပလက်ဖောင်းပေါ် သူနှင့်ကျွန်တော်သာရှိ၏။ မကြည်လင်သောမျက်နှာဖြင့် သူငယ်ချင်းမှ စတင်နှုတ်ဆက်၏။

"ကိုစိုးမင်းကြီး၊ နေကောင်းတယ်နော်"

"ကောင်းတာမှ ဒေါင်ဒေါင်မြည်ပါဗျာ။ ခင်ဗျားပုံစံကြီးကဘယ်လိုကြီးလဲဗျ။ မျက်နှာတွေက မည်းမှောင်နေပါလား။ လူပုံကလည်း တစ်ဝက်လောက်ချောင်နေပြီ ကြည့်လုပ်ဦး"

သူ့မျက်နှာကပြုံးသာပြုံးရသည်။ စိတ်မပါသလို။

"ကျွန်တော့်ကြောင့် ကျွန်တော့်မိသားစုဒုက္ခရောက်နေပြီဗျာ"

သာကြောင်းမာကြောင်း စကားများအောက်မေ့ရာ သောကစကားနှင့် စပြန်ပြီ။ အရင်ကိစ္စပင်ထင်၍ မှန်းပြောလိုက်၏။

"ခင်ဗျားမိန်းမယူလို့မို့လား"

ခေါင်းတယမ်းယမ်းမကျေနပ်ဟန်ဖြင့်ဖြေလေ၏။

"မယူဖြစ်ပါဘူး။ မယူလို့ ဒုက္ခရောက်တာဗျ"

"ဆန်းလှချေလား ကိုယ့်လူရဲ့။ လင်းစမ်းပါဦး"

"ဒီလိုဗျာ။ အရင်တစ်ခေါက် ဒီကပြန်တော့ ဆရာယောဂီဆီသွားတွေ့တယ်။ သူ့ကိုလက်ထပ်ဖို့ ဖွင့်ပြောလိုက်တယ်။ သူကစကားမပြန်ဘူး။ ခပ်တည်တည်နေတယ်။ နှစ်ခါ၊ သုံးခါပြောတော့လည်းပြုံးတော့ပြတယ်။ တိတိကျကျမဖြေဘူး။ဒါနဲ့ သူက ကျွန်တော့်အိမ်အခြေအနေကို လေ့လာချင်တယ်တဲ့။ သူ့အတွေးက သူ့ကို ချွေးမတစ်ယောက်အဖြစ်လက်ခံနိုင်လားဆိုတဲ့အဖြေသိချင်ပုံပဲ။

သူ့သဘောအတိုင်းပဲ ရွာကို ကျွန်တော်တို့နှစ်ယောက်သွားကြတယ်။ အိမ်ရောက်တော့ ဆရာက သူ့အလုပ်သူလုပ်တယ်။ ကျွန်တော်က ဆရာခိုင်းတာလုပ်။ တစ်ရက်တစ်ရက်နဲ့ ကျွန်တော်တို့နှစ်ယောက် ရင်းရင်းနှီးနှီးနေတာတွေ့တော့ အိမ်ကလူတွေ မကြည်ဖြူတော့ဘူး။ အိမ်မှာ ပေဒင်မေးသူ၊ ဆေးကုသူနဲ့ လူကမပြတ်ဘူး။ အမျိုးတွေကလည်း ပွစိပွစိဖြစ်လာတယ်။ ကျွန်တော် အဖေ့ကို ဒီကိစ္စဖွင့်ပြောလိုက်တယ်။ အဖေကတော့ မင်းသဘောတဲ့။ ပြဿနာသိပ်မရှိဘူး။ သဘောမတူသူက ကျွန်တော့်နှမအငယ်နှစ်ယောက်ပဲ။ သူတို့က ဆရာကို လုံးဝသဘောမကျဘူး။ အမြဲလိုလို စောင်းမြောင်းနေတော့တာ။

အိမ်မှာ ကျွန်တော်တို့ တစ်လလောက်ကြာတယ်။ ဆရာ့ကို အိမ်မှာ မနေစေချင်တော့ဘူး။ ကျွန်တော် ပဲခင်းထွန်သွားတဲ့နေ့က ဆရာအိမ်ကထွက်သွားတာ။ ခုချိန်ထိ ရှာမတွေ့တော့ဘူး။ ညီမနှစ်ယောက်နဲ့ အမျိုးတွေကြောင့် ထွက်သွားရရှာတာ။ လိုက်ရှာပေမယ့် အနီးအနားရွာတွေကအစ သတင်းမကြားတော့တာ။ ခုချိန်ထိပါပဲဗျာ။

အခု ညီမအငယ်ဆုံးလေး အိပ်ရာထဲမှာလဲနေတယ်။ ကျွန်တော့်ကြောင့် ညီမလေးကိုတွယ်သွားတယ်။ ကျွန်တော့်ဆရာတွယ်သွားတာ"

စကားရပ်၍ ကျွန်တော့်အား အားကိုးသည့်အကြည့်ဖြင့်ငေးနေရှာ၏။ သူ့ညီမကို သူ့ဆရာကိုယ်တိုင်တွယ်သွားတာသူသိနေပါလားဟု။ ကျွန်တော်ပင် အံ့ဩမိသေး၏။ ကျွန်တော့်ထံမှ စကားမဟခင် သူက -

"ကျွန်တော်လည်း သေမှာပါ။ ကျွန်တော်သေတာ သေပါစေဗျာ။ ကျွန်တော့်ကြောင့် ညီမငယ်လေးကိုတော့ မသေစေချင်ဘူး။ အဲဒါကယ်ပေးပါဗျာ"

နောက်ဆုံးတော့ သူ့စကားက ကျွန်တော့်ထံပင် ပြန်လှည့်လာ၏။ သူလည်းဆရာ၊ သူ့ပညာနဲ့သူ့ညီမကို ပြန်ကုဖို့အကြံပေးလိုက်ရ၏။

"ကိုယ့်လူကို အကြံပေးမယ်။ ခင်ဗျားလည်းဆရာ ကိုယ့်နှမကိုယ်ပြန်ကုပေးလိုက်ပေါ့ဗျာ။ ဘာခက်တာမှတ်လို့"

"မရဘူးဗျ။ တတ်သလောက်ကုကြည့်သေးတယ်"

"ခင်ဗျား ကျွန်တော့်ထက်သာတယ်ဗျ။ ကိုယ့်ညီမပြုစားခံရတာတောင်သိနေတယ်။ ကျွန်တော်က ဘာမှမသိဘူး"

"အဲဒီလိုမပြောပါနဲ့ဗျာ။ ကိုစိုးမင်းကြီးရဲ့ပညာကမြင့်ပါတယ်။ ကျွန်တော့်ဆရာကိုတောင် နိုင်မှန်း ကျွန်တော်သိတယ်။ ဒီအကြောင်း အရင်ထဲကသိတာပါ။ အခု ကျွန်တော့်ညီမလေးရဲ့အသက်ကိုကယ်ပေးပါဗျာ။ ရွာကိုလိုက်ခဲ့ပေးပါ။ တကယ်အရေးကြီးလွန်းလို့ တကူးတကလာခဲ့ရတာပါ"

သူ့စကားက ကျွန်တော့်ဘက်သာလှည့်ပြီးရင်းလှည့်၏။ သူ့ညီမအငယ်ဆုံးလေးကို မျက်စိထဲတွင် မြင်ယောင်လာ၏။ သူတို့ရွာကို အလည်ရောက်စဉ်က ကျွန်တော့်အား ရေနွေးဝတ်ကျွေးပွန်လေ၏။ ထမင်းဟင်းကောင်းများနှင့် ဧည့်ခံကျွေး

www.burmeseclassic.com

မွေးသလို အိပ်ရာမှအစ ကိုယ်တိုင်ပြင်ဆင်ပေးသူ။ အသားညို၍ သင့်တင့်သောရုပ်ရည်ရှိ၏။ ရွာ၏ကွမ်းတောင်ကိုင်တစ်ယောက်ဖြစ်သလို ကာလသားတို့ မျက်စိကျသော ရိုးရိုးသားသားတောသူလေးဖြစ်ပါသည်။ ယခု အသက်(၂၀) ခန့်ရှိပေမည်။

သူတို့အိမ်တွင် သန်သန်မာမာ ယောကျာ်းသားမရှိပေ။ အဖေ အတိုးကြီးနှင့် သူတို့အပျိုညီအစ်မနှစ်ယောက်သာရှိ၏။ အစ်ကိုအကြီးဆုံးနှင့် သူငယ်ချင်းက အိမ်ထောင်ခွဲ။ သူတို့အိမ်နှင့်သူတို့နေ၏။

လယ်ဧက (၁၀၀) ကျော်အပြင် ကုန်းအဆင်း (၁၀) ဧကကျော်အတွက် သူတို့အပျိုညီအစ်မနှစ်ယောက်တည်းက ဦးဆောင်လုပ်နေရရှာ၏။ စာရင်းငှားများနှင့် သူတို့ညီအစ်မနှစ်ယောက်မှာနားရသည်မရှိပေ။ နေ့စဉ်နေ့တိုင်းပင်ပန်းကြ၏။ သူတို့လိုပင် ကျွန်တော်မလုပ်တတ်ပေ။ ယောကျာ်းများကဲ့သို့ သန်မာသေး၏။ အိမ်ထောင်ခွဲ အစ်ကိုနှစ်ယောက်က နွားကျွေးဖော်ပင်မရပေ။ ဒီအကြောင်းများသည် ကျွန်တော့်မျက်မြင်များ ဖြစ်၏။

ရွာတွင် (၃) ရက်လည်ပြီး၍ ကျွန်တော်တို့နှစ်ယောက် ပြန်မည့်နေ့တွင် ညီမငယ်လေးသည် မနက် (၂)နာရီထိုး တွင် နွားစာကျွေး (၃) နာရီမထိုးမီ ရွာမှ (၁၀)မိုင်ကျော်ဝေးသောကောလင်းသို့ လှည်းမောင်းပို့ရာ မနက်(၇) နာရီထိုးမှ ရောက်၏။ အပြန် (၁၀) မိုင်ကျော် တောလမ်းခရီးသူတစ်ယောက်တည်းပြန်ရမည်ဖြစ်၍ ကျွန်တော်ပင် စိတ်မကောင်းဖြစ်မိသေး၏။

တစ်လုတ်စားဖူး သူ့ကျေးဇူးရှိ၍ ညီမငယ်လေးအား ကူညီပေးရန် စဉ်းစားရတော့၏။ မိမိသည် အမှုထမ်းဖြစ်၍ အုပ်ချုပ်သူတို့ထံ ခွင့်တိုင်ရဦးမည်မို့ မယုတ်မလွန်စကားဆိုရ၏။

"ကဲ - ခင်ဗျားခေါ်တာ လိုက်ပေးမယ်။ အခုတော့မဟုတ်ဘူး၊ဆရာသမားဆီခွင့်တိုင်ဦးမယ်။ ရရင်လိုက်မယ်။ ကျေနပ်တယ်မို့လား"

သူငယ်ချင်းသည် အပြုံးနှင့် ဝမ်းသာသွားပါသည်။

"ကျေနပ်ပါတယ်။ ဝမ်းသာလိုက်တာဗျာ။ ကဲ-ကျွန်တော်အိမ်ပြန်ဦးမယ်"

အပြုံးနှင့် နှုတ်ဆက်သွားသော သူငယ်ချင်းအားကြည့်၍ စိတ်မကောင်း [illegible]

သေချာပေါက် လိုက်မည်၊ မလိုက်မည် တိတိကျကျမသိသေးပေ။ သူကတော့ အပိုင်တွက်ထားမည် ဖြစ်၏။

အကယ်၍ သူတို့ရွာလိုက်ခဲ့ရလျှင် တွေး၍ပူရသေး၏။ လွန်ခဲ့သော တစ်နှစ်ကျော်၊ သူတို့ရွာသို့ အလည်ရောက်စဉ် ကျွန်တော်ကအရက်သမား။ သူငယ်ချင်းနှင့်အတူ သူတို့အမျိုးတွေက အရက်နှင့် အမြည်းကောင်းကောင်း ဧည့်ခံကြ၏။ ယခု ဆေးဆရာပေါက်စနှင့်သွားရမည်။ သူတို့အမျိုးတွေ ယုံကြည်ကြပါ့မလား။ အိမ်ခြေ (၅၀) မျှရှိသော သူတို့တစ်ရွာလုံး ကျွန်တော့်အား အလွတ်ရနေ၏။ တွေးရင်းတွေးရင်း ရင်ထိတ်ရသေး၏။

သူငယ်ချင်း၏အလိုထက် သူ့ညီမငယ်လေးကိုသာ စိုးရိမ်ပိုပါသည်။ အတတ်နိုင်ဆုံး ကြိုးစားပေးဖို့ ဆုံးဖြတ်မိပါသည်။ ခွင့်ရလျှင် သူငယ်ချင်း၏ရွာသို့ လိုက်ပါဆေးကုပေးရမည်။ သို့ဖြင့် မိမိကြိုတင်ပြင်ဆင်ထားရပေမည်။ ထို့နေ့ညတွင် ပုတီးပြီး၍ စောင့်ရှောက်သော ပုဂ္ဂိုလ်တို့အား မေတ္တာပို့၍ အကြောင်းပြုလိုက်မိလေ၏။

ဘယ်အချိန် အိပ်ပျော်သွားသည် မသိပေ။ ကျွန်တော့်ရှေ့တွင် အမည်မသိ ယောဂီဝတ်နှင့်အမျိုးသမီးတစ်ယောက် ရပ်နေ၏။ မျက်နှာထားတင်း၍ကြည့်နေသဖြင့် ခြေဆုံးခေါင်းဆုံးအကဲခတ်လိုက်၏။

အသားဖြူဖြူ၊အသက်က(၃၅)ခန့်မျှ။ အညိုရောင်ယောဂီဝတ်စုံနှင့် လည်ပင်းတွင် ပုတီးတစ်ကုံးဆွဲလျက် ဆံထုံးအား ခေါင်းထိပ်တည့်တည့်ထုံးထားလေ၏။ စေ့စေ့ကြည့်လေ လုံးကြီးပေါက်လှနှင့် ချောမောလှပ၏။ အရွယ်ကောင်းတုန်း။ ရုပ်ရည်တင်တုန်း။ သူ့ဆံထုံးက တစ်ပတ်လျှိုမှ အပေါ်သို့ ခရုပတ်ရစ်ခွေထားသည်က ဆံပင်အုံမသေးသလို ဖြန့်ချထားလျှင်ပင် ခြေဖနောင့်နားပင်ရှိနိုင်ပေ၏။ ဆံပင်၏အလှက သူ့ပင်ကိုအလှကို ထပ်ဆင့်တန်ဆာဆင်သည့်အလား ယောကျာ်းများတိမ်းညွှတ်လွယ်သောအလှပိုင်ရှင် ဖြစ်၏။

သူသည် ကျွန်တော့်အား စကားတစ်ခွန်းမျှမပြောပေ။ တစ်ဖန် သူ့အနီးမျက်နှာညှိုးငယ်နေသောမျက်ကွင်းညိုညိုနှင့် ကျွန်တော့်သူငယ်ချင်းကိုရပ်လျက်တွေ့ရပြန်၏။ သူငယ်ချင်းအနီးတွင် အိပ်ရာထက်လဲနေသည့် အမျိုးသမီးငယ်တစ်ယောက် ပိန်၍အားပြတ်နေ [illegible]

အားလုံး ရုတ်ခြည်းပျောက်သွားတော့၏။

အိပ်ရာမှ လန့်နိုး၍ ဟိုဟိုဒီဒီကြည့်သော် ဘာမှမရှိပေ။ ထိုမှအိပ်မက်မက်နေမှန်းသိလိုက်ရ၏။

နောက်တစ်နေ့တွင် တာဝန်ခံမှ တစ်ဆင့် ရုံးသို့အရေးပေါ်ခွင့်တစ်ပတ်အား တောင်းခံလိုက်ပါသည်။ (၃) ရက် အကြာ ခွင့်သတင်းကြားရပါသည်။ လူစားမရှိ၍ မပေးနိုင်ဟု အကြောင်းပြန်ခဲ့ပါသည်။

ကျွန်တော်လည်း ဘာမှမတတ်နိုင်ပါ။ ခွင့်မရသဖြင့် ရွာသို့မလိုက်နိုင်သည့်အကြောင်းပြောပြသည့်အခါ သူ့ခမျာ အတော်ပင် စိတ်မကောင်းဖြစ်သွား[illegible]သည်။

"သွားပြီ။ ကျွန်တော့်ညီမလေး ဘဝပျက်ပြီ။ ညီမလည်းသေ၊ ကျွန်တော်လည်းနောက်ကလိုက်ရတော့မယ်"

ကြေကွဲသံပင်ပါ၏။ သူဒီလောက် ထိဖြစ်နေမှန်း ယခုမှ ကျွန်တော်ရိပ်[illegible] ခြင်း ဖြစ်ပါသည်။ ခေါင်းငိုက်စိုက်ချ၍ အိမ်ပြန်သွားတော့၏။ နောက်တစ်နေ့တွင် ကောလင်းသို့ သူတစ်ယောက်တည်း လော်ကယ်ရထားဖြင့်ပြန်သွားရှာ၏။

သူတို့ရွာသို့ မလိုက်ပါနိုင်သော်လည်း အိပ်မက်အကြောင်းအတွေး[illegible]မိ၏။ သူငယ်ချင်းစွဲစွဲလမ်းလမ်းဖြစ်ခဲ့[illegible] လည်းစွဲလမ်းစရာ။ သူ့ဆရာယောဂီမ[illegible]က တကယ်သန့်သန့်ပြန့်ပြန့်ချောမော[illegible] သူ၊ ဆံပင်ရဲ့ကောင်းခြင်းက နံပါတ် (၁) အဆင့်။ သူမနှင့်ထိတွေ့ဖူးသူသည် တိမ်းညွှတ်ရစ်မူးမိမည်သာ ဖြစ်ပေသည်။

သူငယ်ချင်းနှင့် သူ့ညီမလေး[illegible] သည် ခတ်ဆေးတစ်မျိုးမျိုးမိထား[illegible] အကြောင်းမှာ သူတို့၏ရှေ့တည့်တ[illegible] ဆေးတစ်ခွက်စီပြထား၍ ခန့်မှန်းသိ[illegible] နှစ်ယောက်စလုံးအား ဖြေမည်ဆို[illegible] ရ၏။ သေချာပေါက်ရ၏။

ဖြေနိုင်သည့်ဆရာသည် စွင့်ရ[illegible] အတတ်နှင့်သင်သော ဆရာဆို[illegible] မလွယ်လှပေ။ မဟာဂန္ဓာရီဆရာမှ[illegible] လျှင် အလွယ်တကူဖြေနိုင်ပါသည်[illegible] သို့ဆိုလျှင် ထိုယောဂီဆရာမသည် ဥပုသ်သီလဆောက်တည်ခြင်း၊ ပု[illegible] အလွန်စိပ်ခြင်းတို့ကြောင့် ပညာအ[illegible] မြင့်၍ဖြစ်ပါသည်။ ထို့အပြင် မော်ပ[illegible] ရပ်များ ဆက်ထိုက်အောင်ထားအ[illegible] အကြားအ[illegible] တစ်ယောက်အ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ခြင်း မဟုတ်ပါ။ စူဠဂန္ဓာရီနှင့် မဟာ ဂန္ဓာရီအကြောင်း စာဖတ်သူများအတော် အတန်သိကြပြီး ဖြစ်ပါသည်။ စူဠဂန္ဓာရီ ပညာရပ်သင်ယူထားသူကို မဟာဂန္ဓာရီ ပညာသည်က အချိန်အခါမလစ်ခေါ် နိုင် သလို ရှေ့တည့်တည့်သို့ပင် လာရောက် ပါသည်။ ဤမျှအဆင့်ပညာကွာခြားပါ သည်။)

ဤအတိုင်းဆိုလျှင် သူငယ်ချင်း မောင်နှမတို့ ရေတိမ်နစ်တော့မည်။ ကျွန်တော်လည်း ကယ်ခွင့်မရပေ။ သူငယ်ချင်းမပြန်မီ ကျွန်တော်လုပ်ပေး နိုင်တာပြောလိုက်သေးသည်။ ညီမလေး အား ဒီကိုခေါ်ဖို့။ ဒီမှာအစွမ်းကုန်ကုသ ပေးမည့်အကြောင်း ပြောပြသော်လည်း သူငယ်ချင်းက လူမမာညီမလေးအား ထယ်ချင်ဘူးတဲ့လေ။ အဲဒါကြောင့် ကျွန်တော် ဘာမှလုပ်မပေးနိုင်ခဲ့ပေ။ အလေးမှ စိတ်ပူပေးရုံမှတစ်ပါး အခြား မရှိပေ။

သူ ကောလင်းနယ်ပြန်ပြီး ရက် (၂၀) ကျော်အကြာ ကျွန်တော့်ရွာသို့ သတင်းဆိုးရောက်လာပါသည်။ သူ့နှမ သေဆုံးရှာပြီတဲ့။ ဒီရွာကအမျိုးတွေ လိုက်သွားကြ၏။

(၁၀) ရက်ခန့် ကြာသည့်အခါ ရွာကအမျိုးတွေ ပြန်ရောက်လာ၏။ သူငယ်ချင်းကတော့ ပါမလာပေ။ သူ့မိန်းမနှင့်ကလေးတွေသာ ပြန်လာ၏။ သူငယ်ချင်းအကြောင်း သူ့မိန်းမအား မေးသည့်အခါတွင်တော့ ငိုရှဲပြောရှာ၏။

"ကျွန်မယောကျ်ား ရူးကြောင် ကြောင်ဖြစ်နေပြီး သူ့ညီမမြေပုံဘေးမှာ သွားအိပ်နေတာ။ ခေါ် လို့လည်းမရ ဘူး ထမင်းဟင်းစားဖို့တောင်သတိမရ တော့ဘူးတဲ့။ သူ့ကိုကယ်ပေးလို့မရတော့ဘူး လား။ ကယ်နိုင်ရင် ကယ်ပါဦးရှင်"

မျက်ရည်ကျလို့ပြောနေပြန်တော့ ကျွန်တော် ရင်ဆို့နင့်ရပါသည်။ သူ့ ယောကျ်ားနှင့် ကျွန်တော်က အလွန်ချစ် သူငယ်ချင်းတွေပါ။ ယခုလည်း အကူ အညီတောင်းနေပြီ။ ကျွန်တော်ပေးရ မည်။

"တဲ-အစ်မ၊ ဒါလောက်လည်းဖြစ် မနေပါနဲ့ဗျာ။ သူဒီပြန်ရောက်တာနဲ့ ကျွန်တော်ဖြေပေးပါမယ်။ သူ့ကိုရောက် အောင်ခေါ် လိုက်ပါ။သူ့ရောဂါသက်သာ စေပါမယ်"

"ဟုတ်ကဲ့ - ဒါဆိုသူ့ကိုရွာပြန်ခဲ့ဖို့ ခေါ်လိုက်ပါ့မယ်"

မျက်ရည်သုတ်၍ ပြန်သွားသော အစ်မကြီးကို သနားရ၏။ အလွန်ရိုးသား လှ၏။ သူ့ယောကျ်ားအပေါ် အပြစ်မမြင် တတ်သော တကယ့်မိန်းမကောင်း တစ်ယောက် ဖြစ်ပါ၏။ တစ်ရက် တစ်ရက်နှင့် သူငယ်ချင်းပေါ် မလာ။ သူ့မိန်းမဆီမေးတော့လည်း ခေါ် လို့မရ တဲ့အကြောင်း၊ သူ့ညီမမြေပုံဘေးမှာပဲနေ တဲ့အကြောင်း၊ လာခေါ် လျှင် ခေါ် တဲ့သူ ရန်လုပ်လွှတ်ကြောင်း၊ သူ့နံဘေးမှာ ထမင်းထုပ်ပို့ပေးထားရကြောင်း၊ အဝတ် အစားမှအစ ရေမိုးမချိုးပေစုတ်နေတော့ ကြောင်း၊ လူရုပ်ပင်ပျောက်သလောက် ဖြစ်နေတဲ့အကြောင်းများသာ သိရ၏။ ကျွန်တော်ကိုယ်တိုင်သွားခေါ် ဖို့ အကြိမ် ကြိမ်ကြိုးစားသော်လည်း မသွားနိုင်ခဲ့ပါ။ သူ့ကံကဖယ်သည်ထင်ရ၏။

တစ်လလောက်အကြာတွင်တော့ သူငယ်ချင်းခမျာ သူ့ညီမမြေပုံဘေးမှာပဲ ဆုံးသွားရရှာပါသည်။ ရွာက အမျိုးတွေ လိုက်သွားကြ၏။ သူ့မိန်းမနှင့်ကလေးနှစ် ယောက်ကတော့ ပြန်မလာတော့ပေ။ ဟိုမှာပဲလုပ်စားတော့၏။ သူ့မိန်းမနှင့် သမီးလေးနှစ်ယောက်သည် ယခုတိုင် သက်ရှိထင်ရှားရှိနေပါသေးသည်။ ရွာ အမည်နှင့်နာမည်အား ပုဂ္ဂိုလ်ရေးငဲ့၍ ထိမ်ချန်ရပါသည်။

ယခုဖြစ်ရပ်မှန်အား စဉ်းစားသည့် အခါ သင်ခန်းစာယူစရာများတွေ့ရပါ သည်။ ပထမဆရာမှား၏။ ထို့မှ ပညာ မှားပြန်၏။ ထို့မှ လူမှုရေးကိစ္စများ အသက် စတေးရပြန်လေ၏။ ယခု သူငယ်ချင်း မောင်နှမနှစ်ယောက်အား ဉာဏ်မီသမျှ အဖြေရှာသော် ပြင်းထန်သောအတတ် ဖြင့် ပြုစားသည်မှာ ထင်ရှားလှ၏။

အကြောင်းမှာ ရူးကြောင်ကြောင် ဖြစ်ပြီးမှသေဆုံးခြင်း၊ သွေးဆင်းရာက အိပ်ရာထက်လဲ ရောဂါရှာမရ အားပြတ် သေဆုံးသွားခြင်းသည် သာမန်အတတ် တို့ထက်ပြင်းထန်ကြောင်းသိသာလှ၏။

သာမန် ထိခိုက်ခြင်း ဟူသည် အပေါ် ယံမျှသာဖြစ်၏။ ခေါင်းမူး၊ ခေါင်း ကိုက်ခြင်း၊ နောက်ကျောတက်ခြင်း၊ ညပိုင်းအိပ်ပျော်စဉ် မြွေ၊ ခွေး၊ ပြိတ္တာပုံစံ အယောင်ဆောင်၍ ခြောက်လှန့်ခြင်း၊ သဘာဝ၏ ဆန့်ကျင်ဘက်ဖြစ်သော ပူအိုက်နေမှန်းသိလျက် အနွေးထည်ဝတ် ထားခြင်း၊ ခိုက်ခိုက်တုန်ချမ်းနေပါလျက် အနွေးထည်မဝတ်နိုင်ခြင်း။

ထမင်းဆာနေလျက် ထမင်းဝိုင်း ရောက်၍ စားမည်ဟန်ပြင်ဆဲ ဗိုက်ဝ သကဲ့သို့စားလိုစိတ်မရှိတော့ခြင်း၊ ပွဲလမ်း သဘင်အလှူမင်္ဂလာပွဲထိုင်များဝတ်ဆင် ပြီးခါမှ ရုတ်ခြည်းပင် စိတ်ပြောင်းကာ ဝတ်ကောင်းစားကောင်းများအားချွတ် ပစ်ခြင်း၊ အလိုလိုဒေါသထွက်ခြင်း၊ အလိုလို ဝမ်းနည်းနေခြင်းများသည် သာမန်မျှ သာ။ ထိုထက်ပိုခဲ့လျှင်လည်း အသက် အန္တရာယ်ထိခိုက်စေရန် မမြန်ဆန်ပေ။ ဖြေမပေးလျှင်တော့ နှစ်ပေါင်းများစွာ စွဲကပ်သည့်ဝေဒနာသာခံစားနေရ၏။

အပြင်ပန်းပြုစားခြင်း၊ အတွင်း ပြုစားအဆင့်သာရှိပေ၏။ ယခုခြေရာ ကောက်အတတ်ထက် အဆင့်များစွာနိမ့် ၏။ ခြေရာကောက်အတတ်ပညာအား အနည်းငယ်ပြောပါမည်။ စူဠဂန္ဓာရီပညာ သင်ထားသောဆရာများသာ ဤအတတ် ကိုသုံးပါသည်။ ချစ်သောသူကို လည်းကောင်း၊ မုန်းသောသူကို လည်းကောင်း၊ တစ်ပါးသူမှ အခကြေး ငွေပေး၍ခိုင်းစေလျှင်သော်လည်းကောင်း ဤအတတ်ဖြင့် ပြုစားလေ့ရှိ၏။

သွတ်သွတ်ခါရူးသွားအောင်အဝတ် မပါလုပ်ခြင်း၊ တစိမ့်စိမ့်နှင့်ရောဂါရှာမရ အားပြတ်သေဆုံးသွားအောင်လုပ်ခြင်း၊ သူတစ်ပါး အချစ်ရေး၊ အိမ်ထောင်ရေးခွဲ ခြင်း၊ တစ်မိသားစုလုံးဖရိုဖရဲအကွဲကွဲအပြဲ ပြဲ ကြံစည်ခြင်းအပြင် အခြားစိတ်အလို အတိုင်း ကြံစည်နိုင်ကြ၏။

ခြေရာကောက်ဟု ဆိုခြင်းသည် ပြုစားခံရသူတို့ သွားနေကျလမ်းများမှ လည်းကောင်း၊ အိမ်ခြံဝင်ပေါက် တံခါးဝ မှလည်းကောင်း၊ အိမ်ထဲရှိ လှေကား တက်ခုံခြေရင်းမှလည်းကောင်း၊ သောက် ရေအိုးစင်အနီးမှလည်းကောင်း၊ ရေတွင်း၊ ရေဆိပ်၊ လမ်းဆုံလမ်းခွမှ လည်းကောင်း၊ ခြေဖဝါးအောက်ကခြေရာမြေစာမြေမှုန့် အားယူ၍ အခြားဆေးများနှင့် ရောနှော ပြုစားခြင်း ဖြစ်၏။ ရောစပ်သော တခြား ဆေးများအား မဖော်အပ်၍ ထိမ်ချန်ရ ပါသည်။

ရောစပ်ပြီးသော မြေမှုန့်အား ပုံစံတူလူရုပ်လုပ်၍ အထိကရသင်္ချိုင်း၊ လမ်းဆုံလမ်းခွ၊ ရေဆိပ်၊ ဘုရားခြေရင်း၊ သုသာန် စသည်တို့တွင် မြှုပ်နှံခြင်း၊ တစ်ပိုင်းတစ်စဖော်ထားခြင်း၊ မီးရှို့ခြင်း တို့ဖြင့် နည်းမျိုးစုံကြံစည်အားထုတ်ကြ လေ၏။

သာမန်လူတို့အဖို့ ကြောက်စရာ ကောင်းသော တိုက်ခိုက်မှုကြီးဖြစ်၏။ ငွေကြေးချမ်းသာသူတို့ပင် ဤမျိုးမခံနိုင် ပေ။ ကျွန်တော်မီသလောက်ညွှန်းရလျှင် ရတနာ(၃)ပါးမြဲသူ သီလရှိသူ၊ ပုတီးစိပ်

www.burmeseclassic.com

သူ၊ တရားထိုင်သူ၊ အလှူအတန်းပြုသူ ဤကောင်းမှုရှိသောသူတို့ပင် ခြေရာကောက်အတတ်ဖြင့် မလွတ်ကင်းပေ။ အနည်းငယ်မျှသောသူတို့သာလွတ်ကြ၏။

ဥပမာ အိမ်တစ်အိမ်အားဖွာသွားအောင်ကြံစည်လျှင် တစ်ဦးတစ်ယောက်မှာဘာမှမဖြစ်ဘဲကျန်တတ်သည်။ တချို့တစ်ဦးမှမခံနိုင်ရှာ။ မှတ်မှတ်ရရထူးခြားမှုတစ်ခုအားပြောပါမည်။

မဟာဂန္ဓာရီဆေးဆရာကြီးတစ်ယောက်သည် တပည့်များနှင့် နာမည်ရှိသူဖြစ်၏။ သူသည် သူ့အိမ်မှာမနေရဲ။ သူ့နှမအိမ်သွားအိပ်ရ၏။ အကြောင်းကသူ့သား (၁၈) နှစ်အရွယ်ကာလသားအားကြောက်၍ဖြစ်၏။ ထိုကောင်လေးသည် သူ့အဖေအား မြင်သည်နှင့် ငုတ်ကြီးတောင်မားကိုင်၍ လိုက်သတ်နေခြင်းဖြစ်၏။ ဒီကောင်လေးအား ဘယ်သူမှ မနိုင်။ နောက်ဆုံး အမျိုးတွေနှင့် ဝိုင်းဖမ်းကာ စိတ်ကျန်းမာရေးဆေးရုံသို့ ကြိုးများတုပ်လျက် အဖေကိုယ်တိုင်သွားပို့ရ၏။

ထိုစဉ်က ပညာနုသောကျွန်တော်ပင် အကဲခတ်နိုင်သေး၏။ ထိုဆေးဆရာကြီးကား ကိုယ့်သားရူးနေတာမကုတတ်။ သည်းခြေပျက်လို့ ရူးသည်ထင်၏။ အမှန်က ထိုဆရာကြီးသည် သူ့ကိုယ်သူအထင်ကြီးလွန်းခြင်းဖြစ်၏။ သူလိုဆရာကြီးတစ်ယောက်၏သားအား ဘယ်သူမှမပြုစားနိုင်။ ထို့ကြောင့် ဘာအမှောင့်ပယောဂမှမရှိဟု တထစ်ချယုံကြည်ထား၍ ဖြစ်၏။

ထိုဆရာကြီးသည် အသက် (၆၀) နား၊ ကျွန်တော်ကအစိတ်။ ရထားပေါ်မတက်ခင် သတိ (၃)၊ (၄) ခါပေးသော်လည်း လက်မခံပါ။ ငြင်းဆန်သွားပါသည်။ ခြေထောက်နှင့်လက်ပြန်ကြိုးထုပ် ရထားပေါ် ကျပ်ကျပ်တည်းတည်းလိုက်သွားသော ကာလသားလေးနှင့် ဆရာကြီးအား စိတ်မကောင်းစွာ နှုတ်ဆက်လိုက်ရပါသည်။

ကျွန်တော်တားပါသည်။ လုံးလုံးမရပါ။ ကျွန်တော့်အား လုံးလုံးမယုံပါ။ အသက်ငယ်လွန်း၍ထင်ပါသည်။ ရထားထွက်၍ လိုက်ပို့သော အမျိုးတွေအား ကျွန်တော် သတိပေးလိုက်ရပါသည်။ ဆေးရုံပို့လည်းမပျောက်ပါ။ သူတို့အိမ်အဝင်ပေါက်ဝ၊ ရေအိုးစင်၊ လှေကားတက်စုံ ဤနေရာများတွင်မြှုပ်ထားသောအင်း (၃) ချပ်အားဖော်မှသာ ကလေးရောဂါပျောက်မည့်အကြောင်း စေတနာဖြင့် သတိပေးလိုက်ရပါသည်။

ပြုစားသူသည် ထိုဆရာကြီး၏ညီအရင်းဖြစ်သလို အမွေကိစ္စမကျေနပ်၍ တစ်အိမ်လုံးအား လေလွင့်ခြင်းအပြင် စီးပွားပျက်အောင် အင်းနှင့်တစ်ဖက်လှည့်တိုက်ခံထားရခြင်း ဖြစ်၏။ ယခုမှအစပင်ရှိသေးသည်။ နောင်ဒီထက်ပိုဆိုးမည်သာဖြစ်လေသည်။ သည်ကိစ္စအားထိုဆရာကြီးမသိ၊ သူ့ကိုယ်သူအထင်ကြီးလွန်း၍ ဖြစ်သည်။ ဤအတိုက်အားသူ့ကိုယ်တိုင် အလွယ်ကလေးဖြေနိုင်၏။ ပညာမာန်တက်၍ ဒုက္ခရောက်ရခြင်းဖြစ်၏။ သူတို့ရွာနှင့် ဤဘူတာသည် (၅)မိုင်ခန့်ဝေး၏။ လိုက်ပို့သောဆွေမျိုးအားနှစ်သိမ့်ရင်း အကူအညီပေးလိုစိတ်ဖြစ်လာ၏။ သို့ဖြင့် မိမိ၏ပုဂ္ဂိုလ်တို့အားအကြောင်းပြုသည့်အခါ ခွင့်ပြုသဖြင့် ရွာမှ လူရင်းတစ်ဦးအား စေလွှတ်၍ သီးသန့်ခိုင်းစေရပါသည်။ ထိုအခါမှ အင်းတိုက်ပြေ၏။ တစ်လကျော်သည့်အခါ သားအဖ (၂) ဦး ကောင်းမွန်စွာ ရွာပြန်ရောက်ကြ၏။

ဆရာကြီးသားအဖသည် ကျွန်တော့်အားမသိ။ ကျွန်တော်လည်း သူတို့နှင့်မရင်းနှီး။ အတိုက်ဖြေသော ကျွန်တော်က ထိုဆရာကြီးအား မပြော။ ထိုဆရာကြီးလည်းမသိ။ ရွာက လူရင်းတစ်ဦးသာ သိလိုက်ရ၏။ ဖြစ်ရပ်မှန်အား ပြောပြခြင်း ဖြစ်ပါသည်။

စာရှုသူတို့အား သတိပေးလိုတာရှိပါသေးသည်။ ယနေ့အတော်များများသူတို့မှာ အပြောအဟောကောင်းလျှင် ပစ်ယုံကြ၏။ ခန္ဓာကိုယ်၊ ငွေကြေးဥစ္စာ ပုံအော်သူပင်များလှ၏။

အပြောအဟောကောင်းတိုင်းပုံ၍ မယုံလိုက်ပါနှင့်။ ဗဟုသုတသဘောမျှသာမှတ်ယူထားပါ။ စဉ်းစားပါ။ ထိထိမိမိ စဉ်းစားပါ။ ထိုမှသင့်ရာဆုံးဖြတ်ပါ။ ယနေ့ခေတ် ဆေးကု၊ အဟောအပြောကောင်းသောဆရာလိမ်များအတော်ပင်ကျန်သေး၏။ မဖြစ်ခင် ကြိုတင်တားနိုင်ဖို့ စေတနာဖြင့် နှိုးဆော်လိုက်၏။

လူသူပရိသတ်ကျအောင် သူတို့သည် တပည့်တပန်းမွေးခြင်း၊ စူဠဂန္ဓာရီပညာသင်ထားခြင်း၊ မျက်လှည့်ပညာနှင့်တစ်မျိုး၊ ဓာတုဗေဒဆေးဝါးများနှင့်တစ်ဖုံ၊ သဘာဝဘယဆေးများနှင့် နည်းမျိုးစုံဖြင့် လှည့်စားကြ၏။

ပရိသတ်သည် ဟာ. . . . ဟင် အာမေဍိတ်သံထွက်၍ ချီးမွမ်းကြ၏။ စွမ်းလိုက်တာ။ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်အဖြစ် ထင်မှတ်ကြ၏။ ထိုအခါ ငွေဖလားထဲသို့ ငွေစက္ကူတွေပလူပျံတော့၏။

ဤသို့အထင်ကြီးရာက ယုံကြည်မှုအားကောင်းလာသလို အားကိုးချင်လာပါသည်။ သူတို့အထင်ကြီးအားကိုးလာအောင်လည်း လုပ်ပြနေကြသည်။ ဖယောင်းတိုင်တွေတန်းစီထွန်း၊ မီးတွေငြိမ်း၊ တစ်တိုင်ချန်ထား။ ထိုမီးတိုင်မှ မီးအား လက်ဖဝါးနှင့်အုပ်သိမ်းငြိမ်း၊ ငြိမ်းထားတဲ့မီးတိုင်တွေဆီ လက်ဖဝါးဖြန့်ပို့ မီးတိုင်တွေအကုန်ပြန်လင်း။ ဤပြကွက် မျိုးမြင်သူမှာ ရုတ်တရက် အံ့ဩသွားမည်။ အထင်ကြီးသွားပြီ။

ဘယဆေး (၄) မျိုးပေါင်းအမှုန့် ကြိတ်ထားလျှင် မီးစုန်းဓာတ်မျိုးရ၏။ ထို မီးဟုန်းဓာတ်သားမှုန့်အား လက်ဖဝါး အလယ်အနည်းငယ်ပွတ်ထား၊ ထိုမီးစုန်း ဓာတ်မှ မီးအားဆွဲယူခြင်း၊ သိမ်းဆည်း ခြင်း၊ မီးတောက်ခြင်းတို့ ဖြစ်စေ၏။ မီးစုန်း ဓာတ်သိသောသူသည် ထိုဆရာလိမ်အား မည်သို့အမှတ်ပေးမည်နည်း။

ကွမ်းယာဝါးသည်နှင့် ပါးစပ် အဖြူခိုးတွေထွက်တော့ အထင်ကြီးပြ သည်။ ထုံးနှင့်ဓာတုဆေးတစ်မျိုးထိလျှင် အဖြူခိုးထွက်ကြောင်း ကျောင်းမှာသင် ဖူးကြ၏။ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစား တတ်ဖို့အရေးကြီးကြောင်း သတိထပ်ပေး ပါမည်။

တချို့သောမိဘတွေတစ်ယော မကများလှပြီ။

ကိုယ့်သားသမီးနုနုထွတ်က နေမကောင်းဖြစ်တော့ အဲဒီလိုဆရာ ဆီသွားပြ၊ ဆရာက တဏှာဘီလူးအ သမားပီပီ မြူဆွယ်ပြီ။ ကလေးမလေး ကျောင်းသူ။ အပျိုနုနုထွတ်ထွက် ပယော ဖြစ်တယ်၊ မဖြစ်ဘူးလည်း တိတိ မသိ။ မိခင်တွေ သတိထားဖို့ပြော အကြံသမားကဟိတ်နဲ့ဟန်နဲ့ခြိမ်းခြော ကလေးမလေးရဲ့ရောဂါက ဟိုဘ သလောက်ဖြစ်နေပြီ။ ပြင်းထန်တ အသက်သေနိုင်တယ်။ ဘယ်ဆ မနိုင်ဘူး။ သူဖြေမှပဲရမယ်။ (စက ဤကဲ့သို့သောစကားမျိုး စာ တစ်သက်တစ်ခါမျှ မပြောမိသေး

ဒီစကားမျိုးကိုပြောလိုက်တ မိခင်ဖြစ်သူပျာသွားပြီ။ ကြောက်သ ဒီဆရာကို အားကိုးချင်ပြီ။ ပုံအပ် ပြီး ဆရာရယ်ကယ်ပါဦးပေါ့။ ဖြစ် ဒီလိုပဲဖြစ်ရမယ်။ ခေါင်းတညိတ်ညိ ပေါ့ဗျာ။

ပြီးတော့ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# လာစေချင်လွန်းလို့သာ

ယခုတစ်လော ကျွန်ုပ်ထံသို့လာ ရောက်သူများထဲမှ အိမ်ကထွက်သွားကြ သူများအတွက် စိတ်ညစ်၊ စိတ်ဆင်းရဲ သောကရောက်သူများရက်ခြား၍ရောက် လာကြသည်။ အိမ်မှ တစ်ရပ်တစ်ကျေး သို့သွားကြသူများထဲတွင် ဇနီးမောင်နှံ အဆင်မပြေ၍ လည်းကောင်း၊ မိဘနှင့် သားသမီးကိုယ်လုပ်ချင်တာမလုပ်ရသော ကြောင့် ဆန္ဒပြသွားခြင်းမျိုး၊ ညီအစ်ကို မောင်နှမအချင်းချင်းစကားများ၍ အိမ် ထွက်သွားခြင်းမျိုးကအစ တော်တော် များကြားရသိရသည်။ ခုနစ်ရက်သားသမီး များဆိုတော့ လူစုံ၊ နေ့နံစုံ အလုပ်ရှာသွား သူများ ကျားကျား၊ မမ တော်တော် များများ အိမ်ကထွက်လာတာပိုများ၏။

ထိုအခါ ကျွန်ုပ်လည်း သူရဇ္ဇ မွေဇင်းစာတည်းချုပ်၏ ပြောစကားကို သတိရသွားသည်။

"ဆရာရေ ဘာသာရေးလည်းရေး၊ ပညာရပ်ဆောင်းပါးတွေလည်းရေးပါဦး" ဆို၍ ယခု ကျွန်ုပ် လေ့လာ သင်ကြားခဲ့သော မြင်ဆရာ၊ သင်ဆရာ၊ ကြားဆရာ၊ ညွှန်ကြားကူညီခဲ့သော ကျေးဇူးရှင်ပုဂ္ဂိုလ်တို့၏ ကျေးဇူးတရားကို အောက်မေ့သောအားဖြင့် ဤဆောင်းပါးကို ရေးသားအပ်ပါသည်။

အရပ်တစ်ပါးသွားသူများပြန်လာ ရန်-ယွှပ္ပတ်ဓာတ်၊ တြိရန်းခံ-အညွှန့်အုပ် ဓာတ်ရိုက်အလာ၊ နံနှစ်ပါးအတူထား အပြင်ဓာတ်ရိုက်နည်းမီးဓာတ် နည်းမျိုးစုံ ရှိရာ ငွေကုန်ကြေးကျမများသော၊ အကျိုး သက်ရောက်သောရှေးပညာရှိဆရာတော် ကြီးများ၏ပညာရပ် ဖြစ်ပါသည်။ ဓာတ် ရိုက်ဓာတ်ဆင်ပြုလုပ်ပေးသူအပေါ်၌ လည်း တည်သေး၏။ ပြုလုပ်ရမည့် နေ့ရက်၊ အချိန်အခါ၊ အသုံးပြုရမည့် ပစ္စည်းများ စသည့် အချက်အလက်များ ကလည်း မှန်ကန်တိကျဖို့ အရေးကြီးပါ သည်။

အရပ်တစ်ပါးသို့သွားသူပြန်မလာ ၍ ပြန်လာအောင် ပြုလုပ်ရသော နည်းပညာရပ်များသည် တစ်ဦးခေါင်း တစ်ပညာ ဆိုဘိသကဲ့သို့ ရှေးပညာရှိကြီး များကထားခဲ့သောပညာရပ်များဖြစ်ပေ သည်။ ယနေ့ခေတ်တွင် ထိုပညာရပ်များ ကို သင်ကြားပြသပေးမည့် ပုဂ္ဂိုလ်ကြီး များ အလွန်ရှားပါးနေပါပြီ။ ထိုပညာကို သင်ကြားလိုသည့် လူငယ်များလည်း မရှိ သလောက်ဖြစ်နေပါပြီ။ အဖိုးတန်သော ရှေးဟောင်းမြန်မာတို့၏ ဝိဇ္ဇာပညာရပ် များ မကွယ်လွန်သွားအောင် ထိန်းသိမ်း စောင့်ရှောက်ရန် အမျိုးချစ်သူတိုင်းမှာ တာဝန်ရှိပါသည်။

ထိုရှားပါးသော ပညာရပ်များကို တတ်ကျွမ်း နားလည်သည့် သက်ကြီး ပုဂ္ဂိုလ်ပညာရှင်ကြီးများက မိမိတို့သက်ရှိ ထင်ရှားနေစဉ် ပညာရပ်များကို မျှဝေ ပေးခဲ့စေလိုပါသည်။

**တြိရန်းခံ-အညွှန့်အုပ် ဓာတ်ရိုက်-အလာ**

၁။ တနင်္ဂနွေသားလာစေလိုသော် သြဇာခက်(၃)ခက်၊ ဒန်းကြီးညွှန့်(၂)ညွှန့် တို့ကို အရင်း၊ အဖျား မှန်မှန်ထား၍ ဝါးခြမ်းနှင့်သုံးချက်စည်းပါ။ မီးဖိုပေါ်က ဖောက်ထိုးဆွဲထားပါ။

၂။ တနင်္လာသား လာစေလိုလျှင် ဇလပ်ညွှန့် (၄) ညွှန့်၊ ဆီးညွှန့် (၃) ညွှန့် တို့ကို အရင်း၊ အဖျားမှန်စွာထားပြီး မဲကြိုးနှင့် (၄) ပတ်စည်း၊ သောက်ရေအိုး ထဲမှာ ဖောက်ထိုးစိုက်ထားပါ။

၃။ အင်္ဂါသား လာစေလိုသော် သပြေ (၅) ခက်၊ ဇလပ် (၄) ညွှန့်ကို အရင်း၊ အဖျားမှန်မှန်ထား၍ သင်္ကန်း အစုတ်ကို ကြိုးလုပ်ပြီး (၅) ချက်စည်း၊ လေသာခန်းမှာ ဖောက်ထိုးဆွဲထားပါ။

၄။ ဗုဒ္ဓဟူးသား လာစေလိုလျှင် ကသစ် (၆) ညွှန့်၊ သပြေ (၅) ညွှန့်ကို အရင်း၊ အဖျားမှန်စွာထားပြီး နှီးနှင့် (၆)ချက်စည်းကာ မီးဖိုပေါ် ကဖောက်ထိုး ဆွဲထားပါ။

၅။ ကြာသပတေးသားလာစေလို သော် ဒန်းညွှန့် (၇) ညွှန့်၊ ကသစ်(၆)ညွှန့်၊ အရင်း၊ အဖျားမှန်စွာထား၍ ချည်နီကို ကြိုးကျစ်ပြီး (၇) ချက်ချည်၊ အိမ်ခေါင် ၏လျောက်မှာဆွဲထားပါ။

၆။ သောကြာသား လာစေလို လျှင် အုန်း (၁) ညွှန့်၊ ဒန်း (၇) ညွှန့် အရင်း၊ အဖျားမှန်စွာထားလျက် သင်အူ ကြိုးနှင့် တစ်ချက်စည်း၊ ရေချိုးအိုးထဲမှာ ဖောက်ထိုးစိုက်။

၇။ စနေသား လာစေလိုသော် ကံ့ကော် (၂) ညွှန့်၊ အုန်း (၁) ညွှန့်ကို အရင်း၊ အဖျားမှန်စွာထားကာ ကြိမ်နှင့် (၂) ချက်စည်း၊ မီးဖိုပေါ် လေအောက် ဘက်က ဖောက်ထိုးဆွဲထားလေ။

စိတ်သောကရောက်နေကြသူများ အားလုံး စိတ်အေးချမ်းသာကြပါစေ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

ပြုစားတယ်ဆိုတာ ရှိုးတော့တာပေါ့။ အေက အကုန်ယုံ သူ့ဘက်အားလုံးပါ တာနဲ့ အပိုင်ချိန်တော့တာပဲ။ ရောဂါ ရောက်ချင်ရင် အသက်မသေချင်ရင် ဒီ တာစ်ညထားခဲ့။ ဒီဓာတ်ခန်းမှာ ဓာတ် ညှိရမယ်။ ဒါမှအတိုက်အခိုက်အကုန် ခံမယ်။ မအေကိုမနက်ဖြန်မှလာခဲ့ပေါ့။ အမေ သမီးလေးကို ထားရက်တယ်။ ထားခဲ့တာ။

သမီးလေးခမျာ ရေတိမ်နစ်ပြီ။ သိတဲ့ဗျာရှူးက ကလေးမလေးကို ဖျက်ဆီးတော့တာခင်ဗျ။ ပြောရင် သတ် ပစ်မယ်ဆိုတော့ ဘယ်သူ့မှမပြောရဲရှာ ဘူး။ မနက်လင်း မအေလာခေါ်တော့ လိုက်သွားရတာပေါ့။ ပျောက်ပြီဘာညာ ပေါ့။ ရှိုးလွှတ်လိုက်တာ။

အဲ (၅) လလောက်ကြာတော့ အဲဒီသမီးလေး ဗိုက်ပေါ်ပြီ။ တစ်အိမ်လုံး မီးလောင်ပြီ။ ဘယ်သူနဲ့လဲမေးတော့ အမေပို့တဲ့ ဆေးဆရာကြီးတဲ့။ ကဲ - ပြီးရော။ အသက်ကမညီ။ ကိုယ့်အဖေ၊ အဘိုးအရွယ်။ ပေးစားလို့လည်းမဖြစ်။ နောက်ဆုံး လင်ကောင်မပေါ်တော့ အဝေးမြို့ရှာသွား ကိုယ်ဝန်ဖျက် ဘဝ ပျက်သူတွေရှိနေသေး၏။မ,အဖို့သတိ ပေးရပါသည်။

ဒါကြောင့် စာရှုသူတို့အား မေတ္တာ စေတနာရှေ့ထားလျက် ဤဆောင်းပါး နှင့်အတူ လိမ်ညာမှုဒဏ်ကင်းဝေးကြပါ စေဟု ဆုမွန်တောင်းလိုက်ပါသည်။

စိုးမင်း(မြောက်စည်း-ရွာသစ်)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပုဂ္ဂိုလ်ကြီးတစ်ပါးကိုတွေ့ဖူးပါသည်။ ရွှေဘဝဟောင်းများစွာက အဖေတော်စပ်ခဲ့ဖူးသူတစ်ဦး ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးကို ဓမ္မစေတီမင်းခေါင်ဟုခေါ်ကြပါသည်။ ဓမ္မစေတီဆရာတော်ဟုလည်း ဆရာတော်ဘဝက ခေါ်ခဲ့သည့်သူတွေရှိပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ဒေါက်တာဘိုလေးနှင့် အရမ်းရင်းနှီးသည်ဟု သိရပါသည်။ ရှေးရှေးက ဗိုလ်ချုပ်ကြီး၊ ဗိုလ်မှူးကြီးအချို့နှင့်လည်း ရင်းနှီးသည်ဟု သိရပါသည်။ ထိုသူတို့သည် ထိုပုဂ္ဂိုလ်ကြီးဆရာတော်ဘဝက ရင်းနှီးကြတာဟု သိရပါသည်။ ကျွန်မတွေ့ဖူးတော့ လူဝတ်ကြောင်အညိုရောင်ဝတ်စုံကို ဝတ်ထားတာတွေ့ရပါသည်။

အဘဘိုးမင်းခေါင်ကိုလည်း ဓမ္မစေတီမင်းခေါင်ဟု ပြောကြပါသည်။ သို့သော်လည်း ကျွန်မတွေ့ဖူးသည့် ဓမ္မစေတီမင်းခေါင်သည် အဘဘိုးမင်းခေါင်နှင့် သူငယ်ချင်းများဖြစ်ကြပြီး အဲဒီအဘရန်ကုန်မြို့မှာရှိစဉ်က သူ၏ဘုရားခန်းတွင် အဘဘိုးမင်းခေါင်ကြွပြီး အလည်လာလေ့ရှိကြောင်း သိရပါသည်။ အဲဒီတုန်းက မင်းခေါင်ကြီးက ရွှေတိဂုံဘုရားမှာနေသည်ဟု ပြောပြပါသည်။

'မင်းခေါင် သူငယ်ချင်း'၊ 'မင်း'၊ 'ငါ' ဟု ခေါ်ပြောကြတာ တွေ့ဖူးပါသည်။ ၁၉၈၈ - ၈၉ ခုနှစ်လောက်ကပါ။

ဘုရားခန်း အဘထိုင်သည့်စားပွဲအနီးတွင် ပက်လက်ကုလားထိုင်နှစ်လုံးချထားပြီး တစ်လုံးစီတွင် ကနုတ္တဒက်ထီးဖြူကြီးများရှိပါသည်။ ကျွန်မတို့ကို အဲဒီကုလားထိုင်မှာ တက်မထိုင်ရပါ။ ကြမ်းခင်းပြင်မှာသာထိုင်ကြရပါသည်။ ဘုရားခန်းနှင့် ခပ်လှမ်းလှမ်းတွင် ကျွန်းဆက်တီတစ်စုံချထားပြီး သင်ဖြူးအသေးလေးတွေနှင့် ကတ္တီပါမှိုအုံး (၄)၊ (၅) ခုခန့် ရှိပါသည်။ အဲဒီအပေါ်မှာလည်း ကျွန်မတို့ မထိုင်ရပါ။

တစ်နေ့ အဘထံရောက်တော့ ဘုရားရှိခိုးပြီး တစ်အာရုံခန့်တရားမှတ်ပါသည်။ အဘက သူ့ဆီလာလျှင် ကျွန်မကိုတရားထိုင်မှသဘောကျပါသည်။ မေးချင်တာလည်းမေးလို့ရပါသည်။ ကျွန်မတရားထိုင်နေစဉ် စောစောက ဆက်တီပေါ်မှာ ပိတ်ဖြူစင်ကြယ်နှင့် အရပ်ပုပုသေးသေးတစ်ပါး၊ ဒေါက်ခြာဆောင်းအညိုဝတ်ရသေ့ကြီးတစ်ပါး၊ သက်န်းဝတ်ဝဝကြီးတစ်ပါးက ဗိုက်သားပေါ်နေတာ ကလိထိုးချင်စရာကြီး။ ကျွန်မ အဲဒီဗိုက်ကြီးကို ကလေးဘဝက ကလိထိုးနေကျဖြစ်ခဲ့ဖူးသည်ထင်ပါသည်။ ကျွန်မတရားထိုင်ပြီးတော့ -

"အဘ၊ ဆက်တီပေါ်ကသုံးပါးက ဘယ်သူတွေလဲ။ သမီး သုံးပါးတွေ့ရပါတယ်။ သမီးအကြောင်းတွေပြောပြီး ရယ်နေကြတယ်"

ဟု လျှောက်တော့ -

"ညည်းဘယ်ဆိုးလို့လဲ" တဲ့။

အဖ တိသရသေ့ကြီးရယ်၊ အဖေ ပထမံဘိုးဘိုးအောင်ရယ်၊ ဘားမဲ့ဆရာ တော်ဘုရားကြီးရယ်တဲ့။ ငါဂရုစိုက်ထား လည်း အဲဒီသုံးပါးပဲတဲ့။ ဘိုးဘိုးအောင် က ငါ့အဖေတော်ခဲ့တယ်တဲ့။ နှင်း မောင်နှမတော်စဉ်က တို့အဖေတော် တို့ကို ဥကြီးနှစ်လုံးက မွေးခဲ့တာ ဘားမဲ့ဆရာတော်ကြီးကတော့ ငါ့ဆရာ တဲ့။ တိသရသေ့ကြီးကလည်း အဘ တစ်ခုမှာတော်စပ်ခဲ့ဖူးတယ်တဲ့။ အဲဒီ ကြောင့် ဓမ္မစေတီမင်းခေါင်ကို တိသ ဓမ္မသီဟရာဇာလို့ခေါ်တယ်တဲ့။

အဘကို ကျွန်မသိချင်တာရှိရင် အကုန်မေးလေ့ရှိပါသည်။ တစ်ခါတလေ ကျွန်မတို့မမေးလည်း အဘက သိသင့် သိထိုက်တာတွေ ပြောလေ့ရှိပါသည်။ သင်ပြပါသည်။

❑

ကျွန်မသည် နာမ်လောကနှင့် သက်၍ နည်းနည်းပါးပါးအတွေ့အကြုံ ကြားဖူးနားဝရှိပါသည်။ အဘနား



www.burmeseclassic.com

www.burmeseclassic.com

ကြာကြာနေလျှင် ဖိုထိုးပြီးရွှေဖြစ်အောင် လုပ်တတ်လိမ့်မည်ထင်ပါသည်။ ဟိုးရှေးရှေးတုန်းက အဘဘုရားပြင်ချင်လျှင် ဖိုထိုးပြီးရသည့် ရွှေ (၁၆) ပဲရည်ကို ရွှေဘုံသာ လမ်းသွားပြီး ရောင်းပေးခဲ့ရသည့်ဦးလေးကြီးတစ်ဦးကိုလည်း တွေ့ဖူးပါသည်။ တစ်ခါရောင်းခိုင်းလျှင် (၇၅) ကျပ်သားခန့်ရှိကြောင်း သိရပါသည်။အဲဒီအဘထံတွင် သွပ်သေပြီးသားတွေ ရှိတယ်တဲ့။ ဒီနေ့ခေတ်မှာ မီးသွေးဖိုးနဲ့ မတတ်နိုင်တော့ဘူးတဲ့။ အဘဘယ်လိုလုပ်လိုက်လဲမသိပေ။ အခု ဘုရားပြင်တာ ဘောင်းဘီရှည်ကြီးတွေနှင့် ဘုရားပြင်ကြတာတွေ့နေရသည်။

တစ်ခါတစ်ရံ ပြင်ဖို့တော်တော်ခက်ခဲသည့်ဘုရားတွေဆိုလျှင် ကျွန်မအပါအဝင် ဘုရားနှင့်ပဋ္ဌာန်းဆက်ရှိသူများ၊ ဘုရားမြေပေါ်ကိုသွားပြီးနင်းပေးရခြင်း၊ ဘုရားသိုက်ချုပ်ဘိုးဘိုးကြီးနှင့် သိုက်စောင့်တွေအား-



# ရေနံ့သာ-ခင်လေး

## ကျွန်မတွေ့ဖူးသည့် ပုဂ္ဂိုလ်ကြီးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ပါပြီ၊ လူစုံပြီ"

လို့ပြောပြီး ဘုရားတစ်ပတ်ပတ်ပြီး ပြန်ကြရသည်။ ဘုရားတည်တဲ့သူတွေကတော့ သိချင်မှသိမှာပါ။ ပဲခူးက စိန်သာလျောင်းဘုရားကြီးပြင်တော့ မြန်မြန်ပြီးစေချင်လို့ ပဌာန်းဆက်ဆွေမျိုးတွေလူ (၃၀) လောက် ရန်ကုန်ကကားငှားပြီး ဘုရားမြေကိုနင်းပေးခဲ့ရဖူးတယ်လို့ ပြောပြကြသည်။ (စိန်သာလျောင်းဘုရားကြီး မပြင်ခင်က ကျွန်မဓမ္မစေတီကျောက်စာဖတ်ချင်လို့လိုက်ရှာရင်း ငိုခဲ့ရတဲ့အတွေ့အကြုံကို ကျွန်မ လှည်းကူး ဖောင်ကြီးသင်တန်းတက်ရင်း ကြုံခဲ့ရတာမို့ သီးခြားရေးသား ဖော်ပြပါဦးမည်။)

ရွှေတန်ခိုးကြီးဘုရားတော်တော်များများကလည်း ကျွန်မတို့၊ အဘတို့နှင့် ပတ်သက်ခဲ့သော ဘုရားစေတီကများပါသည်။ ကျွန်မဆိုလျှင် ဘုရားပြင်ဖို့ ပိုက်ဆံရှိစရာမလိုဘူးတဲ့။ ဘုရားမပြီးခင် အသတ်ခံရလို့၊ ငါမပါရင် ဒီဘုရားပြင်လို့ မရစေနဲ့လို့ ကျိန်စာထားခဲ့မိလို့ သမီးရဲ့ နှုတ်ဝစီအမျက်ကိုဖြေပေးတဲ့အနေနဲ့ အဲဒီဘုရားပြင်နေတဲ့မြေကြီးမှာနင်းပြီး ငါပါပြီ၊ ငါရောက်ပြီလို့ပြောခဲ့ဖူးသည်။ အဲဒီဘုရားက မင်းဘူးမြောက်ပိုင်းမှာရှိတဲ့ မမင်းပူးဘုရားကြီးပါပဲ။

အဘက သူ့ဆီကို နာမ်လောကသားတွေ ကမ္ဘာအနှံ့ကလာပြီးလျှောက်ထားကြသည်။

"ငါက ကမ္ဘာနဲ့ချီပြီးအလုပ်လုပ်ရတယ်တဲ့။ (၃၁) ဘုံနဲ့ချီပြီး အလုပ်လုပ်ရတယ်တဲ့"

အဘသည် အနှစ်ရာဂဏန်း၊ ထောင်ဂဏန်း၊ သောင်းဂဏန်းရှိတဲ့ မကျွတ်မလွတ်သေးသော နာမ်များနှင့်လည်း စကားပြောနိုင်ပါသည်။ အဘသည် ကိစ္စတစ်ခုကို အပ်ကျမတ်ကျ အတိအကျပြောနိုင်ပါသည်။ ကျွန်မမှာတော့ မသိသလို၊ သိသလိုလိုနှင့် မရေမရာ၊ မတိမကျ၊ ဇဝေဇဝါဖြစ်ရပါသည်။

ကျွန်မကို အဘက -

"ညည်း ထပ်ခနဲထပ်ခနဲသိနေရမှာ။ ဘာကြောင့် ပိတ်ထားရတာလဲ။ ညည်း ဒီလိုပိတ်ထားလို့ အလိမ်အညာတွေနဲ့ခဏခဏတွေ့တာ။ အလုပ်လုပ်တာလည်း နည်းတယ်"

ဆုံးမပါသည်။

ဟုတ်ပါသည်။ ကျွန်မ ကိုယ့်အတွက်ကိုယ်ပဲသိချင်၊ ကြားချင်၊ မြင်ချင်ပါသည်။ သူတစ်ပါးကိစ္စတွေ မသိချင်၊ မမြင်ချင်၊ မကြားချင်ပေ။ စိတ်ရှုပ်တယ်လေ။ တချို့ဆို အဘတပည့်သာဝကတွေထဲက အကြားအမြင်ဟောစားတဲ့ ဆရာအဆင့်တွေရှိပါသည်။ ဘုရားတည်၊ ကျောင်းဆောက်နိုင်ကြပါပြီ။ ဒါပေမယ့် ကျွန်မကို အဲဒီဆရာအဆင့်ရှိသူတွေက အရေးတယူရှိကြပါသည်။ ကျွန်မသည် မိန်းမဖြစ်သော်လည်း ဘုန်းရှိသူဖြစ်၍ ကား၊ ရထားပေါ်မှာ နေရာမရလျှင် ယောကျ်ားတွေကနေရာဖယ်ပေးရတယ်တဲ့။ ကျွန်မက မိန်းကလေးမို့ သနားလို့လားလို့ထင်နေမိတာ။ ကျွန်မကို ပုဂ္ဂိုလ်တွေအများကြီး စောင့်ရှောက်ကြောင်းသိရပါသည်။ ကျွန်မရင်ဘတ်ထဲမှာ ဘုရားတွေအများကြီးရှိသည်ဟု မြင်ဖူးသူတစ်ဦးက ဆရာတော်တစ်ပါးကို လျှောက်ထားခဲ့ဖူးပါသည်။

ထူးဆန်းသည်။ သူနှင့် ကျွန်မ အပြန်အလှန် မျက်နှာချင်းဆိုင်ပြီးမေတ္တာပို့၊ တရားထိုင်ကြရာက ကျွန်မရင်ဘတ်ထဲကဘုရားတွေအများကြီးတွေ့ရသည်ဟု ပြောခဲ့တာပါ။ ကျွန်မသည် မြတ်စွာဘုရားများစွာနှင့်ကြုံခဲ့ဖူးခဲ့ရပြီး အရိမေတ္တေယျဘုရားရှင်နှင့်မှ အတူကျွတ်တမ်းဝင်ဖို့ ဆုတောင်းမှားခဲ့သူမို့ သံသရာရှည်နေရသည်တဲ့။

❑

ကျွန်မတွေ့ခဲ့ဖူးသည့် အဘသည် ရသေ့ဝတ်နှင့် ကျိုက်ထီးရိုးဘုရားမှာ ကန်စွန်းဥပြုတ်စား၊ သက်သတ်လွတ်ဟင်းစားပြီး ကျင့်ကြံအားထုတ်ခဲ့ပြီး ရွှေတိဂုံဘုရားဓမ္မစေတီတန်ဆောင်းတွင်လည်း ရဟန်းဝတ်ဖြင့်နေခဲ့ဖူးကြောင်း၊ အဘိုးဆံရှည်ကိုယ်တော်ကြီးနှင့်လည်း သူငယ်ချင်းဖြစ်ကြောင်း သိခဲ့ရပါသည်။ အဘိုးဆံရှည်၏ဆံပင်က ဘယ်သင်တုန်းဓားနှင့်မှရိတ်မရကြောင်းသိခဲ့ရပါသည်။

ကျွန်မတို့နှင့်တွေ့တော့ အဘသည် ရသေ့ဝတ်ပြောရမလား၊ လူဝတ်ကြောင်အထက်အောက်အညိုဝတ်ပြောရမလားဝတ်ဆင်ပြီး (၃၁) ဘုံကို ကယ်တင်ကြောင်းသိရပါသည်။

အဘကို လူချင်းမတွေ့ဖူးခင်က ဆရာကြီးတစ်ဦးက -

"ညည်းတို့ချင်းတွေ့ဖူးပြီးသား"

ဟု ပြောပါသည်။

ထူးတော့ထူးဆန်းပါသည်။ အိမ်တစ်အိမ်ကိုအလည်သွားရာမှ ဘုရားခန်းမှာရှိတဲ့ သောက်ရေအိုးမှ ရေသောက်နေစဉ်မှာ သောက်ရေအိုးအနီးမှာရှိတဲ့ ဓာတ်ပုံကိုကြည့်မိရင်းက ဓာတ်ပုံထဲက လူတွေက လူအရှင်တွေလိုလှုပ်ရှားပြီး မျက်လုံးကလည်း မျက်တောင်ခတ်ပြီး ကျွန်မကိုကြည့်နေကြပါသည်။ ဒီဓာတ်ပုံထဲက ဘယ်သူတွေလဲမေးတော့ အိမ်ရှင်တွေက ဘိုးဘိုးအောင်နဲ့စကြာမင်းလေး လို့ပြောပါသည်။ ကျွန်မကို ရုပ်တုတွေ ဓာတ်ပုံထဲက လူတွေလှုပ်ရှားပြတာ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ပြတာ ခဏခဏကြုံဖူးပါသည်။ ပဲခူးစိန်သာလျောင်း ဘုရားကြီးမပြင်ခင်က စိန်သာလျောင်းဘုရားထဲက သိုက်ချုပ်ဘိုးဘိုးကြီးရုပ်တုကြီးက မျက်လုံးကို လူအရှင်လိုလှုပ်ပြတာ တွေ့ဖူးပါသည်။ ညမှာ သင်တန်းကျောင်းအဆောင်မှာ တရားထိုင်တော့ စိန်သာလျောင်းဘုရားထဲက ကျွန်မတို့စီးလာတဲ့ သုံးဘီးကားဝင်လာတော့ သိုက်စောင့်တွေနှင့် သိုက်ထဲက ဘိုးသူတော်ကြီး ပျာယာခတ်ပြီး သုံးဘီးကားကိုလာကြိုလိုက်၊ သိုက်ထဲပြေးပြီး ပြောလိုက်နှင့် ပျာယာခတ်နေတာကို အာရုံထဲမှာ တရားထိုင်ရင်းမြင်နေရတယ်။

နောက်ပြီး ကျွန်မအိမ်မှာ သီလရှင်ဆရာကြီးတစ်ပါးက ကိုးကွယ်ဖို့ပေးတဲ့ ဘိုးတော်အားလုံးနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေပုံပါတဲ့ဓာတ်ပုံကို ဘုရားခန်းမှာချိတ်ထားခဲ့ပါသည်။ ကျွန်မ ဘုရားရှိခိုးရင်း မော့ကြည့်လိုက်တော့ အဲဒီဓာတ်ပုံထဲက နောက်ဆုံးတန်းက အစွန်ဆုံးကဘုန်းကြီးဝတ်နှင့်ပုံက ကျွန်မကိုထိုးထွက်လှုပ်ရှားပြီးကြည့်နေပါသည်။ ဘုရားရှိခိုးပြီးလို့ အဲဒီဆရာတော်ပုံကြီးကို ကြည့်မိတော့ 'အရှင်နရိန္ဒာဘိဝံသဆရာတော်' လို့ သိရပါသည်။ တကယ်ထူးဆန်းအံ့သြရသည်။

မင်းဘူးက အသိတစ်ယောက်ဆီကဖတ်ဖို့ရခဲ့ဖူးတဲ့ ထွက်ရပ်ပေါက်ဆရာတော်တစ်ပါးအကြောင်းစာအုပ်ဖြစ်ပါသည်။။ အဲဒီစာအုပ်ထဲမှာ ဝိပဿနာနှင့် သမထအကြောင်း ရှင်းပြထားပါသည်။ ဝိဇ္ဇာတပသီတွေအကြောင်းလည်း ပါပါသည်။ ကျွန်မသည် အဘနှင့် သင်တော်ခဲ့၊ ဆွေမျိုးတော်ခဲ့၍လားမသိပါ။ ပုဂ္ဂိုလ်တော်တော်များများ ကျွန်မကို စောင့်ရှောက်ကြောင်း သိရှိခဲ့ရပါသည်။ ဘာအကြောင်းအရာပဲဖြစ်ဖြစ် ကျွန်မ သဘောပေါက်နားလည်လွယ်ပါသည်။

❑

ကျွန်မအဘက ဓမ္မစေတီမင်း... ဆိုတော့၊ ဓမ္မစေတီတန်ဆောင်းထဲ...



www.burmeseclassic.com

www.burmeseclassic.com

...ည်း ဆရာတော်ဘဝနှင့် ရွှေတိဂုံ ...ရားမှာအကြာကြီးနေခဲ့ဖူးတော့ ဓမ္မ ...တီခေါင်းလောင်းကြီးနှင့်လည်း ပတ် ...က်ပါသည်။ ဘားမဲ့ဆရာတော်ဘုရား ...ကြီးရဲ့တပည့်မို့ ဓမ္မစေတီခေါင်းလောင်း ...ကြီးမှာ အစီအရင်မျိုးစုံ၊ အင်းအစီ ...ရင်နှင့်အစောင့်အရှောက် နတ်ဘီလူး ...များရှိပါသည်။ ထိုအစောင့်အရှောက် ...အပင် အိန္ဒိယကိုအမြောက်ဆန်ကျို ...သွားတဲ့သင်္ဘောပေါ်ကနေပြီး ဒေါပုံ ...ဘော့မှာ ခေါင်းလောင်းစောင့်ဘီလူးကြီး ...အာ ဆွဲချခဲ့ကြတာပါ။

ထိုခေါင်းလောင်းစောင့်ဘီလူးကြီး ...အာ ရွှေတိဂုံကုန်းတော်ပေါ်မှာခေါင်း ...လောင်းကြီးရှိခဲ့စဉ်ကတည်းက ရွှေတိဂုံ ...ဘုရားကြီးကို ကြည်ညိုဦးခိုက်ဖူးမြော်နေ ...ခဲ့ဖြစ်ပါသည်။ ခေါင်းလောင်းကြီးရေ ...အောက်ကို ရောက်ပင်ရောက်ငြားသော် ...ည်း လပြည့်၊ လကွယ်နေ့များမှာ ...ခေါင်းလောင်းတော်၏ ပုစွန်တုပ်ကွေး ...ကိုနင်းလျက် ရွှေတိဂုံဘုရားကြီးတည် ...ရာကို ရည်မှန်းဖူးမြော်ကြည်ညိုလေ့ရှိ ...ကြောင်းကို တံငါသည်အချို့ တွေ့မြင် ...ရသည့်အတွက် လူတွေသိသွားရ ...ကြောင်း အဘကိုလျှောက်ထားသွားခဲ့ ...သည်။ အဘအလိုရှိပါက အချိန်မရွေး ...ပေးပါမည်ဟု လျှောက်ထားသွား ...ပါသည်။ အဘခွင့်ပြုချက်မရှိဘဲ ဘယ် ...မှပေါ်မပေးဘူးလို့လည်း သိထားပါ ...ယ်။ အဲဒါ ဓမ္မစေတီခေါင်းလောင်း ...ကြီးရဲ့ လျှို့ဝှက်ချက်ပါပဲ။

ဒါကြောင့်မို့ပေလား မသိပါ။ ဓမ္မ ...စေတီခေါင်းလောင်းကြီးကို ဂြိုလ်တုမှာ ...ဓာတ်ပုံနက်မှာပေါ်နေတယ်၊ ဆယ်လို့ ...ရတော့မယ်လို့ သတင်းကြားရတော့ ...ဘုတ်တကယ်ဆယ်လို့ရတော့မှာလား ...ကျွန်မတို့ စိတ်ဝင်တစားမျှော်လင့်မိ ...ပါသည်။ အမှန်တကယ်တော့ ဓမ္မ ...စေတီခေါင်းလောင်းတော်ကြီးကို ဆယ် ...မရသေးဘူးလို့ သိရပါသည်။

အမှန်တကယ် ဓမ္မစေတီခေါင်း ...လောင်းတော်ကြီးကို ပေါ်စေချင်တယ် ...ရင်တော့ ကျွန်မတို့အဘကိုလိုက်ရှာ ... ခွင့်ပြုချက်ရအောင် တောင်းပါလို့ ...ပြောချင်ပါတယ်။ အဲဒါမှငွေကုန်ကြေး ...ကုန်လည်းမများဘဲ အများတကာကြည် ...ကြည်ညို့ရှုခွင့်ရအောင် ခေါင်းလောင်း ...တကယ်ပေါ်လာမယ်လို့ မျှော်လင့် ...ပါသည်။

❑

ကျွန်မတို့အဘ ဓမ္မစေတီမင်း ခေါင်က တောင်တွင်းကြီးဆေးရုံကြီး၌ ၂၀၀၅ ခုနှစ်၊ ဧပြီလထဲမှာ အသက်(၈၀) အရွယ်တွင် ကွယ်လွန်ခဲ့ပြီး (၃) ရက်ရှိမှ သာဓကတွေစုံလင်မှ ဂူသွင်းသင်္ဂြိုဟ်ခဲ့ပါ တယ်။ အဲဒီအုတ်ဂူကို တောင်တွင်းမြို့မှ မြို့သစ်မြို့အထွက်ဘက်လမ်း ညာဘက် က ယာခင်းထဲမှာ လွမ်းစေတီတည်ခဲ့ပါ သည်။ အုတ်ဂူသွင်းစဉ်က အခေါင်းကို သံရိုက်ပိတ်ဖို့လုပ်တာကို သံရိုက်မပိတ် နှင့်ဟု ကျွန်မအော်ပြောခဲ့ပါသည်။ အဘ အရှင်ထွက်လို့ရအောင်ဖြစ်ပါသည်။

မကွယ်လွန်မီကပင် အဘနှင့်အမြဲ စကားပြောလေ့ရှိတဲ့သူတွေရှိပါသည်။ သေသေ၊ ရှင်ရှင်၊ ဘယ်နေရာပ်ရောက် ရောက် အဘနှင့်အမြဲစကားပြောလေ့ရှိ ပါသည်။ ကျွန်မ ဆရာကြီးတစ်ယောက် ကို အဘနဲ့တွေ့လား၊ ဘယ်မှာရှိနေလဲ ကျွန်မအရမ်းတွေ့ချင်တယ်လို့ပြောတော့ အဘ ကျိုက်ထီးရိုးမှာ အရင်ရုပ်၊ အရင် ခန္ဓာနဲ့ပဲရှိတယ်တဲ့။ ကျွန်မနှင့် အဘ မတွေ့ရသေးပါ။ ဒါပေမယ့် အဘမှာခဲ့ ဖူးတဲ့အတိုင်းပဲ ဘုရားရှင်ရှေ့မှာ အဘ ကိုရည်မှန်းပြီး ဖယောင်းတိုင်တစ်တိုင် ထွန်းပြီးတိုင်တည်ပြီး ကျွန်မပြောချင်တာ တွေလျှောက်လို့ရတယ်လေ။ ဒါကြောင့် ကျိုက်ထီးရိုးဘုရားအထိ လိုက်မရှာဖြစ် သေးပါ။ တစ်ခါတစ်ရံ အိမ်တွင်းနတ်များ ကို လည်းကောင်း၊ မြသလွန်ဘုရားမှ ဘောသော၊ ဘောကျော်တို့ကို လည်း ကောင်းခေါ်ပြီး ကျွန်မအကြောင်းမေး တတ်တယ်လို့သိရပါသည်။ အဘသည် သားသမီးများကို စိတ်ပူတတ်ပါသည်။

အဘနှင့် ကမ္ဘာဆွမ်း (၁၁) ပွဲ ကပ်လှူရတာလည်း ပျော်စရာကောင်း ပါသည်။ လူတွေ၊ ရဟန်းတွေကပ်သလို ပုဂ္ဂိုလ်တွေကို ထမင်းပန်းကန်ကြီးကြီးနှင့် ဆွမ်း၊ သက်သတ်လွတ်ဟင်းများနှင့် ကပ်လှူခြင်းဖြစ်ပါသည်။ အဲဒီဆွမ်းကပ် လျှင် တကယ်အကျိုးပေးတယ်လို့ သိရ ပါသည်။ အဲဒီ (၁၁) ပွဲက ဘယ်ပုဂ္ဂိုလ် တွေကို ရည်မှန်းပြီးကပ်လှူတာလဲဆို တာ ကျွန်မ မမှတ်မိတော့ပါ။ ပြန်မေး ကြည့်ရဦးမည်ဖြစ်ပါသည်။ တစ်ခုပဲမှတ်မိ ပါသည်။ အရိမေတ္တေယျအလောင်း တော်ကို ရည်မှန်းတဲ့ဆွမ်းပွဲကို ရအောင် စွန့်ပြီး လုစားရတာ အပျော်ဆုံးပါပဲ။

❑

မလေးရှားဇေယာဉ်ပျက်ကျတာ ကို ရှာမတွေ့တဲ့ကိစ္စအတွက် အဘရှိနေ လျှင် နာမ်လောကနှင့်အဆက်အသွယ် လုပ်ပြီး မေးလိုက်လျှင် တစ်ခဏချင်း အတွင်း သိနိုင်ပါသည်။ ဘယ်မြို့၊ ဘယ် ဒေသက အသက်ဘယ်လောက်ရှိသူ၊ သေသူအမည်ရဲ့နာမ်ကို ခေါ်မေးကြည့် လျှင် ဘာကြောင့်၊ ဘယ်နေရာမှာ လေယာဉ်ပျက်ကျပြီး သူတို့ဘယ်ဘုံ၊ ဘယ်နေရာမှာရောက်နေတယ်ဆိုတာ သိနိုင်ပါသည်။ အဘက ပြောဖူးသည်။ နာမ်က မလိမ်ဘူးတဲ့၊ အမှန်အတိုင်းပြော တယ်တဲ့၊ လူတွေက လိမ်ညာပြောတတ် တယ်တဲ့။ အဘနဲ့တွေ့ရတာ ဗဟုသုတ အများကြီးရပါသည်။

နောက်ဗဟုသုတတစ်မျိုးကတော့ ကျွန်မရဲ့မြေးဦးလေး ချွဲကြပ်ပြီး (၂) နှစ်နဲ့ (၇) လမှာ ဆုံးသွားတော့ ကလေးကွယ် လွန်သွားကြောင်း ကလေးကို အောက် လမ်းပညာတတ်တဲ့သူတွေက ဝိညာဉ်ကို ချုပ်ပြီး ခိုင်းမစားနိုင်အောင် အဘကို စောင့်ရှောက်ပေးဖို့ ပြောတဲ့အခါမှာ ကျွန်မအိမ်ဝိုင်းအတွင်းမှာရှိတဲ့ တမာပင် က ရုက္ခစိုးကြီးကို ကလေးစောင့်ရှောက်ဖို့ တာဝန်ပေးလိုက်သည်။အရွယ်မရောက် သေးတဲ့ ကလေးတွေ သေသွားခဲ့လျှင် ရုက္ခစိုးကြီးတွေက ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ရထားတို့နှင့်တိုက်မိမည်စိုး၍ သူရဲ့သစ်ပင်ပေါ်မှာ ကလေးတွေကိုတင် ထားပြီး စောင့်ရှောက်ရသည်တဲ့။ ဒါ ကြောင့် ရုက္ခစိုးဆိုတာ ကလေးထိန်းကြီး ပေါ့။ ဒါကြောင့် ရုက္ခစိုးဆိုတာ သူများ ကလေးတွေကို ဘယ်ထိန်းချင်ပါ့မလဲ။ တာဝန်ရှိလို့လုပ်ရတာပေါ့။ ဘယ်သစ်ပင် ပဲဖြစ်ဖြစ်၊ ရုက္ခစိုးကြီးတွေဆီမှာ သား ဆုပန်လျှင် ကလေးရတယ်ပြောကြတာ ဟာ သင့်တော်တဲ့ကလေးကိုပေးလိုက် တော့ ကလေးရကြတာပေါ့နော်။ ရုက္ခစိုး ကြီးတွေက ကလေးထိန်းကျောင်းဖွင့် ထားတာနဲ့ တူတယ်နော်။

နောက်ဗဟုသုတတစ်မျိုးကတော့ သိုက်တစ်ခုရဲ့ အချုပ်အချာအာဏာပိုင် ဟာ သိုက်ချုပ်ဘိုးဘိုးကြီးပဲဖြစ်တယ်တဲ့။ သိုက်ထဲက လူပြည်လွတ်ချင်ရင်လည်း သူပဲ။ ပြန်ခေါ်ချင်ရင်လည်း သူပဲတဲ့။ သိုက်ကြိုးဖြတ်ပေးတယ်ဆိုတာ အလဲ ကားတဲ့။ သိုက်ကြိုးက ဖြတ်မရဘူးတဲ့။ အသက်တိုတိုးပြီးတောင်းရတယ်တဲ့။

ဒီတော့ သိုက်တွေရဲ့အဓိက သော့ ချက်ကိုသိနေတဲ့ ကျွန်မသည် တစ်ဦး တည်းသော နှလုံးရောဂါသည်သမီးလေး အတွက် အသက် (၃၀) က ပြန်ခေါ်ဖို့ လုပ်တာ ကျွန်မအသက်တိုးပြီး တောင်း



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ကျွန်မသမီးအသက် (၅၀) မရောက်ခင်မှာ ထပ်ပြီး လူမြည်မှာထပ်နေခွင့်ကိုတောင်းဦးမှာဖြစ်ပါသည်။ သမီးနှင့်ပတ်သက်သော သိုက်ချုပ်ဘိုးဘိုးကြီးနှင့် သိုက်စောင့်ဝေနေယျတွေ (၃၁) ဘုံသားတွေကို ကျွန်မ မေတ္တာပို့၊ အမျှဝေလေ့ရှိပါသည်။ ကျွန်မသမီးနှလုံးအောင့်ပြီး ဇက်ကျိုးပြီးသေပြီးသားကို ပြန်ရှင်အောင် ပြန်တောင်းခဲ့ဖူးသည်။ (အသေးစိတ် နောက်မှရေးသားဖော်ပြပါမယ်။) ကျွန်မ သစ္စာဆိုပြီး သိုက်ဆွေမျိုးများကို မေတ္တာပို့ပြီး ပြန်တောင်းခဲ့ပါသည်။ (၁၀) ကြိမ် နှလုံးနှိုးခဲ့ရာမှာ (၆) ကြိမ်မြောက်မှာတော့ အသက်ပြန်ရှင်လာခဲ့ပါသည်။ ထူးဆန်းအံ့သြဖို့ကောင်းပါသည်။'

တစ်ခါက ဦးနှောက်နှင့်အာရုံကြောဌာနမှာတက်နေတဲ့ ဖခင်ဖြစ်သူကို သားနှစ်ယောက်မှဲ တစ်ယောက်တစ်လဲ ပြုစုနေကြတာ အညစ်အကြေးလည်း မရှုံမရှာ၊ ဖခင်ကြီးကလည်း အာရုံကြောထိခိုက်ပြီး၊ ခါးအောက်ပိုင်းမလှုပ်နိုင်ဘူး။ ကျွန်မနှင့်တစ်မြို့တည်းသား။ ရန်ကုန်ဦးနှောက်နှင့်အာရုံကြောဌာနမှာတက်နေရတာသွားတွေ့တော့ အစ်ကိုဖြစ်သူကို -

"နင်တို့ယုံ၊ မယုံမသိဘူး။ ပုဂ္ဂိုလ်ကြီးတစ်ပါးဆီ ငါလိုက်ပို့ပေးမယ်။ မေးကြည့်ပေးမယ်"

ဟု ခေါ်သွားပြီး အဘနှင့်တွေ့ပေးလိုက်ပါသည်။

အဘက -

"ဆေးရုံပေါ်က အကြီးဆုံးအကောင်ကြီး၊ အနှောင့်အယှက်မပေးပါနဲ့။ ရောဂါပျောက်ကင်းချမ်းသာအောင် ကူညီလိုက်ပါ"

ဟု ပြောပေးပါသည်။ အဲဒီလူနာ မကြာခင်ပဲ ရောဂါသက်သာလို့ နေရပ်ကိုပြန်ရောက်လာကြောင်း သိရပါတယ်။ ကျွန်မနှင့်ပြန်တွေ့တော့ -

"အဖေ နေကောင်းသွားပြီး လှုပ်ရှားသွားလာနိုင်ပြီ" တဲ့။

အံ့သြဖို့ကောင်းတယ်နော်။

❑

ကျွန်မ သိချင်တာတစ်ခုကိုမေးခဲ့ဖူးပါသည်။

"အဘရယ်၊ ဘုရားက အောက်လမ်းပညာတတ်သူတွေ၊ စုန်းမတွေ၊ ကဝေမတွေကို ဘာလို့ထားတာလဲ"

မေးကြည့်တော့ -

"ဘုရား၊ တရားမေ့နေသူတွေအတွက်ထားတာ။ လူတွေဟာ များသောအားဖြင့် ဒုက္ခရောက်မှဘုရားတကြတာ"

အဘကို ရှေးရှေးက ရာထူးကြီးကြီးပိုင်းက လူကြီးတွေကိုးကွယ်ကြသည်ဟုသိရသည်။ အဘက ပြောဖူးသည်။ လူကြီးတချို့ဟာ တရားအလုပ်လုပ်တာ နည်းပါးသည်။ လောဘသားတွေများသည်။ ငါ့ကို ကိုးကွယ်ပြီး ရာထူးတက်ဖို့ ချမ်းသာဖို့ချည်းကပ်ကြတာတဲ့။ သံသရာကောင်းဖို့ မလုပ်ကြဘူးတဲ့။ ရွှေတိဂုံဘုရားမှာရှိတဲ့ လိပ်ကန်ထဲက လိပ်ကလေးနှစ်ကောင် ဟိုယက်ဒီယက်သွားနေတာတွေ့ရလိမ့်မယ်တဲ့။ အဲဒါ ဘုရား ဂေါပကလူကြီးနှစ်ယောက် လိပ်ဖြစ်ပြီး ယက်ကန်ယက်ကန်ကူးနေရတာတဲ့။ ဘုရားကို အကြောင်းပြုပြီး မစားကောင်းတာစားမိရင်၊ လုပ်မိရင်၊ အပါယ်ငရဲနဲ့တိရစ္ဆာန်ဘုံကိုပဲရောက်မှာတဲ့။ အဘဆီက ဗဟုသုတအမျိုးမျိုးကို ကြားရ၊ သိရ၊ မှတ်သားရပါသည်။

နောက်ပြီး အဘက ဝေဒနာရှင်တွေကို သတ်သာရာသက်သာကြောင်းလည်း ဆေးကုတတ်ပါသည်။ အထူးသဖြင့် အနူရောဂါ(ကိုယ်ရေပြား)ရောဂါသည်တွေကို ဆေးကုပေးတယ်လို့ကြားဖူးပါသည်။ တချို့အရှင်းပျောက်ပြီးတချို့ရောဂါရှေ့မတိုးဘူးဟု သိရပါသည်။ အဘက တော်ရုံတန်ရုံရောဂါလောက်ကတော့ ရေမန်း၊ ဆီမန်းပေးပါသည်။ ကျွန်မကိုလည်း ဆေးရုံပေါ်ကမိတ်ဆွေလူနာအတွက် ဆေးရုံအခန်းကို ပေတုပစ္စယောနဲ့ ပတ်ပတ်လည်စည်းချစေပြီး ရေမန်း၊ဆီမန်းပေးစေပါသည်။ အဲဒီလူနာက အိပ်ရာပေါ်ပက်လက်။ အံရိုးပေါ်အရေတင်ရုံ ပိန်လှီနေသော်လည်း အစာစားချိန်မှာ မသဒ္ဒါအောင်စားကြောင်း ပြောပြတော့ မကောင်းဆိုးဝါးတွေကမှီပြီးစားတာတဲ့။ ပေါ်တုပစ္စယောနဲ့စည်းချလိုက်တော့ သရုပ်အမှန်ပေါ်လာပြီး ဆန်ပြုတ်အရည်တောင်ကောင်းကောင်းမဝင်တော့။ သမီးအသက်တစ်ချောင်းကယ်ကောင်းပါတယ်တဲ့။ ဘုရားကျောင်းဆောင်ပေါ်မှာ ရေမန်းခွက်ဖြစ်စေ၊ ဆီမန်းခွက်ဖြစ်စေ ဘုရားရှေ့မှာတင်ထားပြီး ဆေးဝိဇ္ဇာကြီး အဘိုးဇီဝကကိုပင့်ပြီး အဘိုး၊ ဆေးတော်အဖြစ် ရောဂါဝေဒနာများပျောက်ကင်းချမ်းသာရရှိအောင်ပြုပြင်ပေးတော်မူပါဟု ပြောပြီး ခဏထားလိုက်ပြီးမှ အသုံးပြုရပါသည်။ တကယ်ပင် ရောဂါဝေဒနာများပျောက်ကင်းပါသည်။ အဘက အဘိုးဆေးဝိဇ္ဇာကြီးဇီဝကကို ကျွန်မဆေးတော် အလိုရှိရင် ပေးလိုက်ပါဟု အမိန့်ချထားခဲ့ဖူးပါသည်။ ကျွန်မ တေဇောဘန်းပ… ဆီဘူးထဲ နှမ်းဆီထည့်ပြီး ဘုရားကျော… ဆောင်ပေါ် အဖုံးဖွင့်ပြီး ဆေးတော… တောင်းဖူးပါသည်။ အကြောရော… ဒူးနာ၊ခါးနာတွေလိမ်းပေးလျှင် သက်သာ… ပါသည်။ ခွေးကိုက်ခံရတဲ့သူကိုလည်း အဲဒီတေဇောဘန်းနှင့်ပင်ပွတ်ပေးလို… ပါသည်။ မြန်မြန်အနာကျက်လွယ်… သည်။ တနင်္ဂနွေ ရုံးအားရက်မှာ ကျွန်… သောက်ရန်ဆေးတော်ကို ဖန်ခွက်ပြော… အောင်ဆေးပြီး သောက်ရေအိုးမှ ကြည်… လင်၊အေးမြတဲ့ရေကို ထည့်ထားတာ… တစ်အောင့်ကြာ၍ဖန်ခွက်ယူကြည့်လို… တော့ ရေပေါ်မှာ ဖုန်မှုန့်တွေရှိပြီး တ… ရွက်ခြောက်ဝါဝါလေးတွေခြွေပြီးထ… ထားသလို တွေ့ရပါသည်။ ရေထဲ… လေမတိုက်ဘဲ အမှိုက်တွေကျနေသ… ဖြစ်နေတာမို့ မြောက်ဘက်ပြတင်းပေါ… က အပေါ်ယံရေကိုသွန်ပစ်လိုက်မိ… သည်။ ပြီးမှသောက်လိုက်ပါသည်။

အဘဆီရောက်တော့ -

"အဘိုးဇီဝက ဆေးဝိဇ္ဇာကြီး… သမီးကို ဆေးတော်ချပေးတာကို အခ… တစ်ခါလို မြောက်ဘက်ပြတင်းပေါ… ကနေ အမှိုက်တွေဆိုပြီးသွန်မပစ်လိုက်… သမီး" တဲ့။

ကျွန်မ အရမ်း အံ့သြရပါသည်… အမှိုက်မှတ်ပြီးသွန်မိကြောင်း ဝန်ခံရ… သည်။

❑

အဘနှင့် သိကျွမ်းသူတချို့… အဘကိုအရမ်းကြောက်ကြသည်။ကျွ… ကတော့ ထုံးစံအတိုင်း ကျွန်မမှန်လျှ… ဘယ်သူမှမကြောက်တတ်။ ဆတ်ဆ… လန် မဟုတ်မခံပြန်ပြောတတ်တယ်။ မ… တာတွေပြောတတ်တော့ လူတွေ… မကြိုက်ဘူးတဲ့။ ဒါကြောင့် နင် ဘုရ… အသက်ကိုခဏခဏခံခဲ့ရတာတဲ့။ကျွ… အသက်ခံရပေမယ့် အစိမ်းသရဲဘဝ… မနေခဲ့ရ။ လူ့ဘဝကိုခဏခဏပြန်ရော… ရတယ်လို့ထင်ပါသည်။ အဲဒါ ကျွန်မ… ပါရမီပါပဲ။

အဘက -

"မှန်တာပြောတာကို ဘုရား… တော့ကြိုက်တာပေါ့။ လူတွေကမကြို… ကြဘူး သမီး"

အဘနှင့်အနီးကပ်နေကြရ… က ဖိုထိုးသည့်ပညာသာမကဘဲတ…



www.burmeseclassic.com

www.burmeseclassic.com

ဉာဏဗဟုသုတတွေပါ ရကြပါသည်။ ဘအကြောင်းရေးလျှင် မကုန်နိုင်ဘူး ပါသည်။ ကျွန်မသိသလောက်ပဲရေး ပါ။

အဘက (၃၁) ဘုံသားတွေ အတွက် ဘုရားတည်ဖို့ ပန္နက်ရိုက်ပြီး ဒီရပ်တွက်ကလူတွေ ဖယ်ခိုင်းလျှင် နေရာမရှိမှာစိုးရိမ်သည့်အတွက် ဘုရား တည်သွားခဲ့သည့်စေတီပန္နက်ရှိသည်။ ကြောင်းဘူတာရုံနားက ဖန်ချက်စက်ရုံ အထဲမှာတွေ့ဖူးတယ်။ အဲဒီနားမှာ အဘ ဆရာတော်ဘဝနှင့် နေခဲ့သည့် ကျောင်းနှင့် ကြေးခူတင်ကြီးရှိတယ်။ အဘ အသိပညာ၊ ဗဟုသုတတော် ကြွယ်ဝတယ်။ ကျွန်မတို့ အဘနှင့် တွေ့တိုင်း သိချင်တာလေးတွေမေးလေ့ရှိ ။ ကျွန်မ မမေးလိုက်ရတဲ့အကြောင်း အရာတစ်ခုရှိပါသည်။ မြစိမ်းရောင် မင်းသမီးအကြောင်းပါ။ မြစိမ်းရောင် မင်းသမီးရှုလည်းမရှုဘူးပါ။ ကိုယ့်ကိုယ် ကိုယ် မြစိမ်းရောင်မင်းသမီး မဟုတ်မှန်း သည်း သိပါသည်။ ဒါပေမယ့်လည်း ကျွန်မ အစိမ်းရောင်ဆိုရင် စိမ်းပြာ၊ စိမ်း စိမ်းရင့်၊ စိမ်းနု၊ ငှက်ပျောစိမ်း၊ ခေါင်းစိမ်း၊ နှီစိမ်း၊ စိမ်းချင်သလိုစိမ်း အားလုံးကြိုက်ပါသည်။

ကျွန်မအဘကျောင်းကိုအကြောင်း ရှိသလို မေးစရာရှိရင်လည်း ရောက် သည်။ လျှူစရာရှိလျှင်လည်းရောက် သည်။ ဆွမ်းကွမ်းကိစ္စဆောင်ရွက်ကြ သည့် မိန်းကလေးတွေက ကျွန်မကို မန်နေဂျာမဟု သိထားကြသည်။

တစ်နေ့ ကျွန်မ မဟုတ်ဘဲ ကျွန်မ နှင့် ဆွတ်စွတ်တူသည့်မိန်းမတစ်ယောက် စိမ်းပြာရောင်ဝတ်စုံနှင့် ကျောင်းပေါ် တက်လာပြီး အိတ်တစ်လုံးကို ဗုန်းခနဲ ချပြီး အိတ်ကဇစ်ကိုဆွဲလှပ်ပြသည် အိတ်ထဲမှာ (၂၀၀) တန်တွေအုပ် လိုက်အပြည့်ပဲတဲ့။ ကျောင်းပေါ်က အမျိုး သမီးက ကျွန်မမှတ်ပြီး မန်နေဂျာမလို့ လိုက်တော့ ရှုးရှုးရှဲရှဲစိတ်ဆိုးပြီး -

"ငါ မန်နေဂျာမ မဟုတ်ဘူး။ မြစိမ်းရောင်မင်းသမီးတဲ့။ ဟိမဝန္တာက "

မာနလည်းကြီးပြီး ၊ ခက်ထန် တော့သည်။ ဘုရားဘည်ဖို့လာပေး ဆိုပြီးပြောသွားသည်တဲ့။ အဲဒီတုန်း (၅၀၀)၊ (၁၀၀၀) တန်တွေမပေါ် (၂၀၀) တန်က အကြီးဆုံးပဲရှိသေး သည်။ မြစိမ်းရောင်မင်းသမီးက ကျွန်မ နှင့်တစ်ထေရာတည်းတူသည်ဆိုတော့

ကျွန်မနှင့်ဆွေမျိုးနီးစပ်တော်မလားမသိ ပါ။ ကျွန်မကတော့ ဘယ်လိုမှစဉ်းစားမရ ပါ။ အကြားအမြင်ဆရာတွေကတော့ ကျွန်မ၏အတိတ်ဘဝကိုမြင်လျှင် အစိမ်း ရောင်ထိုင်မသိမ်းနှင့် ဆံပင်ရှည်ကြီးနှင့် မျက်ခုံးထူထူနှင့် မြင်ကြဖူးတာ (၇) ဦး လောက်ရှိပါသည်။မြစိမ်းရောင်မင်းသမီး အကြောင်းကို အဘထံမမေးလိုက်ရ။ ကျွန်မစိတ်မဝင်စားတာလည်းပါပါသည်။ ဒါပေမယ့် ကျွန်မနှင့် ရုပ်ချင်းတူသည် ပြောသဖြင့် ထူးဆန်းအံ့သြရပါသည်။

နောက်ပြီး ကျွန်မပိန်ပိန်ပါးပါးရှိ ခဲ့စဉ်က (ယခုတော့ ကျွန်မအရမ်းဝနေ တယ်) နိုင်ငံရေးခေါင်းဆောင်အစ်မ တစ်ယောက်နှင့်ခပ်ဆင်ဆင်တူခဲ့ပါသည်။ မင်းဘူးမြို့ကို စာဆိုတော်နေ့အခမ်း အနားဟောပြောပွဲလာကြတဲ့နိုင်ငံကျော် စာရေးဆရာကြီး မြသန်းတင့်၊ ကိုနေဝင်း မြင့်၊ ကဗျာဆရာကိုသွေးသစ်(ကွယ်လွန်) တို့အဖွဲ့နဲ့ဆုံကြပြီး ဆရာကြီးမြသန်းတင့် က ကျွန်မကိုကြည့်ပြီး ဒေါ်စုနှင့်တူသည် ဟုပြောတော့ -

"တူမှာပေါ့၊ ဆွေမျိုးနီးစပ်တော်ပါ တယ်"

ပြောတော့ ဆရာကြီးက -

"ဒေါ်စုအမျိုးဆို လေးစားတယ် ဗျာ" တဲ့။

ထရပ်ပြီး ကျွန်မကို အလေးပြု သည်။ အဘပြောပြောဖူးတဲ့ ဦးမင်းရောင် ဆွေမျိုးတွေမို့ ကျွန်မအဆင့်က (သား သမီး၊ မြေး၊ မြစ်၊ တီ၊ တွတ်မှာ) တီ အဆင့်တော်သူမို့ ဆွေမျိုးနီးစပ်တော်ရုံ လောက်ပေမို့ ကျွန်မက စပ်စပ်စုစုပဲ အစ်မနဲ့ပတ်သက်ပြီး အဘကို အစ်မရဲ့ အနာဂတ်အခြေအနေကို မေးကြည့်ခဲ့ပါ တယ်။ ၁၉၈၈ ခုနှစ်ကပါ။ နင့်အစ်မ အခြေအနေ ဘာမှဖြစ်မလာနိုင်သေးဘူး တဲ့။ အနှစ် (၂၀) လောက်ခံခဲ့ရတာကို ကျွန်မတို့လက်တွေ့မျက်တွေ့ပဲမဟုတ် လား။ ဒီအကြောင်းအရာကို ဘယ်သူမှ ပြောမပြဖြစ်ခဲ့ပါ။ ကျွန်မက လျှို့ဝှက်ရ မယ်ဆိုလျှင် ရင်ထဲကအပြင်ထွက်မလာ တတ်ပါ။ နိုင်ငံရေးကို အရမ်းပါသနာ ပါပါသည်။ နိုင့်ထက်စီးနင်းအပြုအမူ များလက်အောက်မှာတော့ ကျွန်မနိုင်ငံ ရေးမလုပ်ချင်ပါ။

အဘရဲ့တပည့် ဦးလေးကြီးတစ် ယောက်က ပြောခဲ့ဖူးသည်။ အာဇာနည် ခေါင်းဆောင်ကြီးတွေအားလုံးနတ်ပြည် မှာ ရောက်နေသည်တဲ့။ သူ့အဖေက သူ့ သမီးကို မစောင့်ရှောက်ဘဲနေမလားတဲ့။

အာဇာနည်ခေါင်းဆောင်ကြီးတွေအား လုံး ကိုယ်ကျိုးမဖက်ဘဲ၊ အသက်စွန့်ခဲ့ ရလို့ သေတော့ နတ်ပြည်ရောက်ကြ သည်တဲ့။

အဲဒီလိုပြောပြတဲ့ဆရာကြီးက -

"လူတစ်ယောက်ပျောက်သွားရင် သေတာလား၊ ပျောက်တာလား အရင် ဆုံး နတ်ပြည်ရှာ၊ နတ်ပြည်မှာမတွေ့ရင် ငရဲပြည်မှာရှာတယ်။ ငရဲပြည်မှာမတွေ့ ရင် သိုက်တွေထဲမှာရှာတယ်။ သိုက်တွေ မှာမတွေ့ရင် နာမ်ခေါ်ပြီး ဘယ်ရောက် နေလဲ၊ဘာလုပ်နေလဲမေးတယ်။ ရွှေမန်း တင်မောင်လည်းသေတော့ နတ်ပြည် ရောက်ရတယ်။ ဘုရားရဲ့ဖြစ်တော်စဉ်၊ ဗုဒ္ဓဝင်ဇာတ်တော်တွေကိုကပြလို့ပါ"

အဲဒီထူးဆန်းတဲ့အဘက ကျွန်မ တို့ကို အမြဲဆုံးမခဲ့တာကတော့ -

"ကိုယ့်တရားအလုပ် ကိုယ့်ဘာသာ လုပ်ပြီး ကိုယ့်အလုပ်ကိုကိုယ်တိုင်သိနေ ရမယ်"

တရားထိုင်တာကို အဘက သိပ် သဘောကျပါသည်။ စိတ်ကောင်း စေတနာကောင်းထားပြီး ဖြူစင်တာကို နတ်တွေ၊ ပုဂ္ဂိုလ်တွေကလည်း သဘော ကျပြီး စောင့်ရှောက်ပါသည်တဲ့။ ကျွန်မ အနေနှင့်တော့ ဖြစ်ခြင်း၊ ပျက်ခြင်းတရား ကို ကောင်းကောင်းနားလည်နေပါပြီ။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ 'ည အလုပ်ပေးတရားတော်' စာအုပ်၊ ပ၊ ဒု၊ တ သုံးအုပ်စလုံးကို ဖတ်ဖူးထားတော့ လူ့ဘဝဆိုတာကို တစ်ဖန်ပြန်လည်ရမှာ ကို အကြောက်ဆုံးအဖြစ် ခံစားရပါ သည်။ ဒီလိုပုဂ္ဂိုလ်ထူးကြီးတွေနှင့်တွေ့ဆုံ သိကျွမ်းခဲ့ရတော့လည်း အနာဂတ်မှာ ကိုယ်ဘာလုပ်ရမယ်ဆိုတာကို သိသာ မြင်သာရပါသည်။ သူတော်ကောင်းနတ် ကောင်းစောင်မတယ်ဆိုတော့ ကောင်း တဲ့အလုပ်တွေလုပ်နေသမျှတော့ ပုဂ္ဂိုလ် တွေ၊ နတ်တွေရဲ့ စောင့်ရှောက် စောင်မ ကြည့်ရှုခြင်းကိုခံရမှာ မလွဲဧကန်ပေါ့ နော်။ ထူးဆန်းအံ့သြဖွယ်ကောင်းသည့် အဘနှင့်တော့ ပြန်တွေ့ချင်မိပါသေး သည်။ (၃၁) ဘုံဘုရားကိုတည်ဖို့ ကျွန်မ တို့နှင့်ပြန်ဆုံကြရအောင်ဟု ဆုတောင်း မိပါသည်။

ဓမ္မစေတီမင်းခေါင် (ခေါ်) တီသ ဓမ္မသီဟရာဇာဆိုသည့် ပုဂ္ဂိုလ်ကြီးကို ရည်မှန်းလျက်


**ရေနံ့သာ-ခင်သေး**



www.burmeseclassic.com

www.burmeseclassic.com

# မဟာနွယ်
# ဝေသာလီမြို့တော်



ဝေသာလီမြို့တော်အကြောင်းကို ငယ်စဉ်ကတည်းကပင်ကြားဖူးခဲ့ပါသည်။ စိတ်ဝင်စားသည်။ ထိုမြို့တော်သို့ရောက်ချင်သောဆန္ဒပြင်းပြခဲ့သည်။ ဝေသာလီမြို့တော်တွင် နေထိုင်သူများသည် ပဥ္စသီငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်း စောင့်ရှောက်နေသူများ ဖြစ်ကြသည်။

အဆိုပါ ဝေသာလီမြို့တော်တွင် ရခိုင်မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး သီတင်းသုံးလျက်ရှိသည်။ ရခိုင်ဘုရင် မဟာစန္ဒာသူရိယဘုရင်မင်းမြတ် အုပ်စိုးနေစဉ်ကာလ မဟာနှစ် ၁၂၃ ခုနှစ်တွင် ဂေါတမဘုရားရှင်သည် နောက်ပါရဟန္တာငါးရာနှင့် ပြာသာဒ်ယာဉ်ပျံတော်မြတ်ကို စီးပြီး ကောင်းကင်ခရီးဖြင့် ရခိုင်ပြည်သို့ ကြွရောက်လာခဲ့ပါသည်။

မဟာစန္ဒာသူရိယမင်းပင့်လျှောက်တောင်းပန်ခြင်းကို အကြောင်းပြု၍ ကြွရောက်လာခြင်းပင် ဖြစ်ပါ၏။ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးသည် ယခုအခါ ရခိုင်ဝေသာလီမြို့တော်တွင် သီတင်းသုံးလျက်ရှိသည်။

ရခိုင်ဝေသာလီမြို့တော်ကြီးသည် မြို့ရှင်တော်တစ်ခု ဖြစ်သည်။ တစ်ခါတစ်ရံ မြောက်ဦးမြို့၌ ဘုရားပွဲတော်ကျင်းပနေချိန်တွင် ဝေသာလီမြို့သားတို့နှင့်တွေ့ဆုံမိကြ၏။ ထိုနေ့ ထိုအချိန်အခါမှာ လူများစွာရောက်ရှိလာကြသဖြင့် ဘုရားပွဲတော်မှာလည်း လွန်စွာစည်ကားလျက်ရှိ၏။

ဝေသာလီမြို့သားတို့၏ ထူးခြားချက်မှာ ဈေးဝယ်ယူရာ၌ တစ်ကျပ်၊ ငါးကျပ်၊ တစ်ဆယ် စသည်ဖြင့် ဈေးနှုန်းများကို သတ်မှတ်ထားသည့်အတိုင်း ဝယ်ယူကြသည်။ ဈေးမဆစ်ကြပါချေ။ ယင်းသို့ ဈေးဝယ်ယူခြင်းမှာ ဝေသာလီမြို့သားတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတစ်ခု ဖြစ်သည်။

မြောက်ဦးမြို့သားဦးဘထွန်းဆိုသူသည် ကွမ်းများကိုတောင်းနှစ်လုံး၌ထည့်၍ မြောက်ဦးဈေးသို့ ကွမ်းရောင်းရန်လာခဲ့သည်။ မိမိကွမ်းရောင်းနေကျနေရာ၌ ကွမ်းများကို ရောင်းချခဲ့ပါသော်လည်း အရောက်နောက်ကျသွားသဖြင့် ဝယ်ယူသူနည်းပါးသွားသဖြင့် ထင်သလောက်မစွံဘဲရှိနေ၏။ ဦးဘထွန်းသည် ကွမ်းများကိုထမ်းကာရောင်းနေသည်။

ထိုအခိုက် အမှတ်မထင် လူငယ်တစ်ဦးရောက်ရှိလာ၏။ ထိုလူငယ်က ဦးဘထွန်းအား -

"ကွမ်းရောင်းဖို့ ကျွန်တော့်နောက်ကိုလိုက်ခဲ့ပါ"

ဟု ခေါ်လာ၏။

သူသည် ထိုလူငယ်၏ခေါ်ဆောင်ရာသို့လိုက်ပါလာခဲ့လေ၏။

ကွမ်းပါလာသဖြင့် မြို့သူမြို့သားများသည် သူ့ထက်ငါဦးစွာဝယ်ယူလိုက်ကြ၏။ ကွမ်းများမှာလည်း ချက်ချင်းပင်စွံသွားလေ၏။ ငွေကြေးများမှာလည်း ကိုယ့်သတ်မှတ်ထားသည့်အတိုင်း ရရှိခဲ့လေသည်။

ဦးဘထွန်းသည် ကွမ်းများစွံသွား သဖြင့် အားရကျေနပ်နေလေ၏။

ဦးဘထွန်းက လူငယ်အား -

"ဒီမြို့နာမည်က ဘယ်လိုခေါ် သလဲ"

ဟုမေးရာ -

လူငယ်က -

"ဝေသာလီမြို့တော် ဖြစ်ပါတယ်"

သူအထူးစိတ်ဝင်စားသွား၏။

လူငယ်က သူ့အား-

"ဘုရားဖူးလိုက်မလား"

ဟု ထပ်မံမေးမြန်းပါ၏။

သူက -

"ဘုရားဖူးရမယ်ဆိုရင် ဖူးချင် တယ်"

"ဒီလိုဆိုရင် လာလိုက်ခဲ့"

သူသည် လူငယ်ခေါ်ဆောင် သို့လိုက်ပါလာ၏။ သူတို့သည် ဘုရား သီတင်းသုံးတော်မူရာ သိမ်တော် ရောက်ရှိလာကြသည်။

ဘုရားကား အခြားသော မဟုတ်ပါချေ။ ရခိုင်မဟာမြတ်မုနိရုပ် တော်မြတ်သာ ဖြစ်ပါ၏။

"ဒီဘုရားဘွဲ့တော်ကဘယ်လို ပါသလဲ"

ဟု လူငယ်အားမေးရာ -

"မဟာမြတ်မုနိရုပ်ရှင်တော် ဖြစ်ပါတယ်"

ဟု ပြောပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ သူသည် သဒ္ဓါစေတနာ ထက်သန်စွာဖြင့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား ဖူးလို့ပင်မဝဖြစ်နေပါ၏။ နေအိမ်မှာကျန်ရှိနေခဲ့တဲ့ သားသမီးနှင့် ဇနီးမယားတို့ကိုပါ သတိရအောက်မေ့တာ လွမ်းဆွေးစပြုလာ၏။

သူ၏ စေတနာက မြတ်ဗုဒ္ဓမဟာမြတ်မုနိရုပ်ရှင်တော်အား မိသားစုဝင်များက ဖူးမြော်ကြည်ညိုစေလိုသော ဆန္ဒသာဖြစ်ပါ၏။

ဘုရားရှင်အားကြည်ညို ဖူးမြော်ပြီးနောက် သူက -

"မောင်ရင်၊ ငါ့ရဲ့ပြန်လမ်းကို ညွှန်ကြားပါဦး"

ထိုအခါ လူငယ်က ပြန်ရန်လမ်းကို ပြသလေ၏။

"ဒီအတိုင်းသာသွားပါ။ ငှက်ခင်းကို တွေ့ပါလိမ့်မယ်။ ဒီတဆက်သွားရင် မြောက်ဦးမြို့ကို ရောက်ပါလိမ့်မယ်"

ဟု လမ်းညွှန်ပြလေ၏။

သူသည် လူငယ် လမ်းညွှန်ပြသည့်အတိုင်း မိမိနေထိုင်သောမြို့သို့ပြန်လာခဲ့သည်။ လမ်းခုလတ်၌ ငှက်ခင်းတစ်ခုကို တွေ့ရသဖြင့် ဝမ်းမြောက်သွားသည်။ ငှက်ခင်းပိုင်ရှင်အား ငှက်သီးအနည်းငယ် ပေးပါရန် တောင်းပန်လေ၏။

ငှက်ခင်းပိုင်ရှင်က မိမိနှစ်သက်သလို ခူးဆွတ်ယူရန် ခွင့်ပြုလာ၏။ သူက ပါလာသော တောင်း၌ တစ်ဖက် တစ်တောင်းစီ ဖြည့်ကာ ကောက်ယူလိုက်၏။ သူသည် ငှက်သီးများကိုထမ်းကာ မိမိမြို့သို့ပြန်လာခဲ့သည်။

ငှက်သီးက လေးလံလာသဖြင့် ငှက်သီးတစ်ဝက်ကို မြေ၌ပုံ၍ထားခဲ့လေသည်။ ဆက်လက်ပြီးပြန်လာရာ ငှက်သီးက လေးလံလာသဖြင့် တမ်းပိုးလာသော ငှက်သီးများကို စွန့်လွှတ်လိုက်ရ၏။ နေအိမ်သို့ရောက်သောအခါ ငှက်သီးထောင်းစားရန် ငှက်သီး (၉) တောင့်ကို ဝါးတောင်ဝှေးတွဲ၍ထည့်ကာယူလာလေသည်။ လမ်းတစ်လျှောက်တွင် ဝါးတောင်ဝှေးလေးကိုထောက်ကာ ထောက်ကာ ပြန်လာခဲ့လေ၏။

သူသည် လူငယ်လမ်းညွှန်ပြသည့်အတိုင်း တဖြည်းဖြည်းနှင့်လမ်းလျှောက်လာလေရာ အမှတ်မထင် ကျောက်တိုင်မှရှေ့သို့ ဆယ်လှမ်းခန့်သွားလိုက်သောအခါ မိမိနေအိမ်သို့ရောက်ရှိလာသလေ၏။ ညဥ့်နက်သန်းခေါင်အချိန် ဖြစ်သလေ၏။ အိမ်သူအိမ်သားများအားလုံးအိပ်နေသောအချိန်လည်း ဖြစ်၏။

ဦးဘထွန်းသည် နေအိမ်သို့ရောက်လာလျှင် သမီးဖြစ်သူအားခေါ်၏။

သမီးသည် ဖခင်၏အသံကိုကြား၍ အိပ်ရာမှထကာ မီးခွက်ကိုထွန်းညှိသည်။

"ကျွန်မတို့ဖေဖေလာမယ့်လမ်းကို မျှော်ကြပါသေးတယ်။ အဖေလာရင်စားသောက်ဖို့ ထမင်းပါချက်ထားပါတယ် ဖေဖေ"

"ထမင်းပြင်ပေတော့သမီး။ ဖေဖေ ဆာလှပြီ"

သမီးသည် ဖခင်စားသောက်ရန် ထမင်းဟင်းများကို ခူးခပ်ကာပြင်ပေး၏။ ဖခင်သည် ထမင်းကို မြိန်ရေရှက်ရေစားသောက်နေ၏။

ချစ်ဇနီးနှင့် အိမ်သူအိမ်သားများ နိုးလာကြ၏။

"ဖေဖေဘယ်အထိသွားရောက်ပြီး ကွမ်းရောင်းခဲ့ရတာလဲ"

သမီးတစ်ဦးက မေးလာ၏။

"ဒီတစ်ခေါက်တော့ ဖေဖေဟာ ဝေသာလီမြို့တော်ကို ရောက်သွားခဲ့တယ်။ ဝေသာလီမြို့တော်မှာ ပါလာတဲ့





www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း(လွှန်းဒေး)

# ကျောက်ကပ်ရောဂါအတွက် ကျားမှတ်ဆိတ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတလည်မြို့နေ မအိအိဝင်းခင် ဆိုသူ မိန်းကလေးတစ်ဦးက သူ၏(၅)နှစ် အရွယ်ရှိ သမီးဖြစ်သူတွင် လေးဖက်နာ ဝေဒနာခံစားနေရသဖြင့် တောဖရုံ ဆေးရွက်ရယူစားသုံးလိုကြောင်း ဖုန်းဖြင့် ဆက်သွယ်တောင်းခံလာပါသည်။

ထိုအချိန်က နွေကာလဖြစ်သည် မို့ ဆေးရွက်ကလည်းရှားပါးသည့် အခြေ အနေဖြစ်ပါသည်။ တောဖရုံဆေးရွက် အစစ်ကိုမပေးနိုင်၍ အစွမ်းအာနိသင် နည်းသော တောဖရုံတစ်မျိုးကိုပေးပို့ လိုက်ပါသည်။

ပေးပို့လိုက်သည့်တောဖရုံဆေးရွက် ဖြင့် သမီးဖြစ်သူကို ငါးခူတစ်ဆယ်သား နှင့် ချက်ကျွေးခဲ့ရာ သက်သာပျောက် ကင်းကြောင်း သိရပါသည်။ ထို့အပြင် ထိုဆေးရွက်အပင်မျိုး သူတို့ဒေသတွင်ရှိ ကြောင်း။ ၎င်းအပင်ကို ကျားမှတ်ဆိတ် ဟုခေါ်ကြောင်း ပြောပြကာ ဆေးပင် နှစ်ပင် ပေးပို့လာပါသည်။ ထိုဆေးပင်နှင့် စာရေးသူထံတွင်ရှိသော တောဖရုံပင်နှင့် အရွက်အမြစ်တို့ကို တိုက်ဆိုင်ကြည့်ရာ တူညီမှုရှိကြောင်း တွေ့ရှိရပါသည်။ သူတို့ဒေသတွင် ကျောက်ကပ်ရောဂါ အတွက် ကျားမှတ်ဆိတ်ပင်၏ ပဥ္စငါးပါး ကို ရေဖြင့် သန့်စင်အောင်ဆေးကြောပြီး သုံးခွက်တစ်ခွက်စာင် ကျိုချက်သောက် သုံးပါက ပျောက်ကင်းမှုရှိကြောင်း ပြော ပြသိရှိရပါသည်။

လက်တွေ့အနေဖြင့်ကတော့ -

မအိအိဝင်းခင်၏ ဖခင်ဖြစ်သူ သည် ကျောက်ကပ်ရောဂါဖြင့် ပြည်မြို့ ဆေးရုံကြီးတွင် ဆေးရုံတက်ကုသမှုခံယူ ခဲ့ရပါသည်။ (၁၀) ရက်ခန့် ဆေးရုံတက် ကုသမှုခံယူနေစဉ် ဆရာဝန်များက လူနာ ၏အခြေအနေမကောင်းတော့ကြောင်း၊ ကြိုးစားကုသသော်လည်း သက်သာမှု မရှိသည့်အတွက် နေအိမ်သို့ ပြန်လည် ခေါ်ယူ ပြုစုစောင့်ရှောက်လိုပါက ခေါ်ယူ နိုင်ကြောင်း ပြောကြားလာပါသည်။ ဖခင်ဖြစ်သူမှာလည်း မျက်မြင်တွင် သက်သာမှုမရှိ တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာသည့် အခြေအနေကြောင့် နေအိမ်သို့ ပြန်လည်ခေါ်ဆောင်လာခဲ့ပါ သည်။

နေအိမ်သို့ ပြန်လည်ရောက်ရှိပြီး (၂) ရက်ခန့်အကြာတွင် ဖခင်ဖြစ်သူထံ သို့လူနာမေးလာရောက်ကြသူများထဲမှ ဘကြီးတစ်ယောက်က ကျောက်ကပ် ရောဂါအတွက် ကျားမှတ်ဆိတ်အပင်၏ ပဥ္စငါးပါးကို ရေစင်စင်ဆေးပြီး သုံးခွက် တစ်ခွက်တင်ကျိုချက်သောက်သုံးပါက သက်သာ ကောင်းမွန်လာနိုင်ကြောင်း၊ မပျက်မကွက် တိုက်ကျွေးစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဘကြီးတစ်ဦး၏ အကြံပြုချက် အတိုင်း မအိအိဝင်းခင်က ၎င်းတို့အိမ် အနီးရှိ လယ်မြေများတွင် သဘာဝ အလျောက် ပေါက်ရောက်နေသော ကျားမှတ်ဆိတ်ပင်များကို နုတ်ယူပါ သည်။ ကျားမှတ်ဆိတ်ပင်တစ်ပင်လုံးကို ရေဖြင့် အထပ်ထပ်အခါခါ ဆေးကြော သန့်စင်ပါသည်။ ထို့နောက် ရေသန့်သန့် ဖြင့် သုံးခွက်တစ်ခွက်တင် ကျိုချက် အအေးခံကာ ဖခင်ဖြစ်သူကို တိုက်ကျွေး ပါသည်။

ကျားမှတ်ဆိတ်ပင်ကို ကျိုချက် သောက်သုံးခြင်းကြောင့် ဘေးထွက်ဆိုး ကျိုးဖြစ်ပွားမှုလည်းမရှိ၊ အကယ်၍ ပျောက်ကင်းခဲ့သော် အကျိုးကျေးဇူးကြီး မားရရှိမည်ဟူသော မျှော်လင့်ချက်ဖြင့် သုံးရက်ခြားတစ်ကြိမ် ဂရုတစိုက်ကျိုချက် တိုက်ကျွေးခဲ့ပါသည်။ (၁၅) ရက်တာ ကာလ (၅) ကြိမ်အထိ တိုက်ကျွေးပြီးစီး သည့်အခါ ဖခင်၏ကျန်းမာရေးအခြေ အနေမှ ၁ သိသာတိုးတက်သက်သာမှု ရှိလာပါသည်။ ဆက်လက်တိုက်ကျွေး သည်နှင့်အမျှ တစ်စထက်တစ်စ ပိုမို ကောင်းမွန်လာခဲ့ပြီး (၂) လခန့်အကြာ တွင် လူကောင်းပကတိပမာကျန်းမာလာ သည်ကို အားရဖွယ်တွေ့မြင်ရပါသည်။ မအိအိဝင်းခင်၏ ဖခင်သည် ဆေးရုံတ (၆) လခန့်မျှသာနေရတော့မည်ဟု ဆိုခဲ့ သော်လည်း ဆေးမြီးတိုကြောင့် နောက် ထပ် (၁၀) နှစ်ကျော် မိသားစု၏ ပြုစု စောင့်ရှောက်မှုဖြင့် ကုသိုလ်ကောင်းမှု များပြုကာနေသွားခဲ့ပါသည်။

အသက်ဆုံးရှုံးနိုင်သည့် အခြေ အနေတစ်ရပ်၊ ဝေဒနာတစ်ရပ်ကို တွေ့ ကြုံခံစားခဲ့ရသော်လည်း တစ်ခါတစ်ရံ တွင် ငွေကြေးကုန်ကျမှုမရှိ သဘာဝ ဆေးမြစ်ဆေးဥတို့ကို စီမံစားသုံးရသည့် ဆေးမြီးတိုနည်းများဖြင့် ပျောက်ကင်း ချမ်းသာ သေဘေးမှ လွတ်မြောက်ခဲ့ သည်ကို ယုံကြည်ရန်ခက်ခဲသူများရှိပါ လိမ့်မည်။

သို့သော်လည်း ကျားမှတ်ဆိတ် ဆေးပင်၏ ပဥ္စငါးပါးဖြင့် ကျောက်ကပ် ရောဂါပျောက်ကင်းချမ်းသာခဲ့ရသည်ကို သိရှိခဲ့ရပါသည်။ ဝေဒနာတူပါက ကျားမှတ်ဆိတ်ဆေးမြီးတိုဖြင့် ကျောက် ကပ်ရောဂါအား ကုစားပျောက်ကင်းနိုင် ပါကြောင်း သိရှိအသုံးပြုနိုင်ကြမည် ရေးသား တင်ပြအပ်ပါသည်။

နေဝင်းဝင်း(လွှန်းဒေး)

---

ကွမ်းတွေခဏလေးပဲရောင်းလိုက်ရတယ် သမီး။ တစ်နေ့ရာတည်းမှာပဲ ကုန်သွား တာပဲ"

ဟု ပြောလာ၏။

"သမီးလေး၊ ဖေဖေထောက်လှမ်း လာခဲ့တဲ့ ဝါးတောင်ဇေ့းထဲမှာ ငှက်ပျော်သီး ကိုးတောင့်ပါလာတယ်။ အဲဒီဝါးတောင် ဇေ့းလေးကိုယူလိုက်စမ်းပါ"

သမီးသည် ဝါးတောင်ဇေ့းကို ယူ လာ၏။ ဝါးတောင်ဇေ့းထဲ၌ထည့်ထားတဲ့ ငှက်ပျော်သီးများကို ထုတ်ယူလိုက်၏။ ငှက်ပျော်သီးများမှာ ရွှေငှက်ပျော်သီးများဖြစ် နေကြသဖြင့် အံ့အားသင့်စွာကြည့်နေ ကြ၏။

"ဖေဖေ၊ ရွှေငှက်ပျော်သီးတွေပါလား"

သမီးက အားရဝမ်းသာဖြင့် ပြော လာ၏။

ဖခင်ကြီးနှင့် မိသားစုဝင်များသည် ဝမ်းသာကြည်နူးစွာရှိကြလေသည်။ ဖခင် ကြီးမှာလည်း ဝေသာလီမြို့တော်တွင် တွေ့ကြုံခဲ့သမျှသော အကြောင်းအရာ တို့ကို မိသားစုဝင်တို့အား ပြန်လည်ပြော ပြကာ ကြည်နူးနေကြလေတော့သတည်း။

မဟာနွယ်(မန်းတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

# မြောက်ဦးခေတ်လယ် ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

(မန်းချိုထူး(လှ)ချမ်းမြောင်း သုတေသန)



ပုံ (၃၆)



ပုံ (၃၇)

ပုံ (၃၆) ပုံဆွဲဒီဇိုင်းလက်ရာသည် ထုတ္တန့်သိမ်ပုထိုးတော်ကြီးအဝင်ဝလိုဏ်ပတ်လမ်း၊ လက်ယာဘက်ကျောက်နံ့ရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၉၆)လက်ရာကို ကူးယူကာ ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၄၉) စင်တီမီတာခန့်၊ အကျယ်(၃၆)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူမှာ (၈) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာလုံးသွယ်ပြီး နှုတ်ခမ်းမှာပြုံးနေပါသည်။ မျက်ခုံး၊ မျက်လုံးချောမွတ်သောပေပြီ။ တင်ပါးအောက်မှကျောက်ဆက်အက်ကွဲနေပါသည်။

ပုံ(၃၆)အမျိုးသမီး၏ဆံထိုးပုံစံမှာ ကြာဝတ်ဆံဆံထုံးပုံစံမျိုးဖြစ်နိုင်သည်ဟု အနီးစပ်ဆုံး ခန့်မှန်းရပါသည်။ ဆံထုံးကို အဆင့်လေးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ဆုံးတွင် ပန်းလိပ်များသဏ္ဍာန်အလှဆင်ထားပြီး ပန်းလိပ်အောက်တွင် ပွင့်ဖတ်ဖြင့်ခံထားသည်ကို တွေ့ရှိရပါသည်။ ဒုတိယအဆင့်တွင် ပိုကြီးပိုကျယ်သည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်မှာ ဒုတိယအဆင့်ထက်ငယ်သည်ကို တွေ့ရှိရပါသည်။ စတုတ္ထအဆင့်မှာ တတိယအဆင့်ထက်ငယ်သည်ကိုတွေ့ရှိရသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများပန်ဆင်ထားပြီး မျက်နှာတွင် နှာခေါင်းနှင့် ပါးစပ်သာ ပေါ်လွင်မှုရှိသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ်လွင်ပါ၏။ ပခုံးနှစ်ဖက်တွင်တဘက်တင်၍ ခြုံထားပြီး တဘက်စနှစ်ဖက်ကို လက်ဝဲ၊ လက်ယာဖြန့်ချထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချကာ တံတောင်ဆစ်ကွေး၍ ညာဘက်သို့ပူး၍ထုတ်ထားသည်ကို တွေ့ရှိရပါသည်။ ပူးထားသောလက်နှစ်ဖက်တွင် ကြာပွင့်တစ်ပွင့်ကိုင်၍ဘုရားပူဇော်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံးတွင် တစ်ဖက်လက်ကောက်လေးကွင်းစီ အချောဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကို တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီမှာ အချောသာ တွေ့ရှိရပြီး တဘက်တွင် အစင်းကြောင်းများ၊ လှိုင်းတွန့်၊ ပွင့်ဖတ်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစနှစ်စကို ပေါင်ပေါ်တွင် အပြားလိုက်ချထားပါ၏။ ခါးကြိုးစအဖျားကို ပန်းဖွားသဏ္ဍာန်လုပ်ထားပြီး အရင်းကို ဆံကျစ်ဆံခွေသဏ္ဍာန်ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ တဘီကို အချောသာ ဝတ်ဆင်ထားပါသည်။ ပေါင်ပေါ်တွင် ထဘီခေါက်ဖော်ထားပါ၏။ ခြေချင်းဝတ်လောက်တွင် ထဘီအောက်နားရစ်အဆုံးသတ်ထားပြီး အရစ်တစ်ရစ်ဖော်ထားသည်ကို တွေ့ရှိရ၏။ ခြေဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားထောက်ကာ ညာဘက်သို့လှည့်၍ ဒူးကုပ်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။

ကြာဝတ်ဆံဆံထုံးထုံးဖွဲ့ထားသည့် ပုံ (၃၆) အမျိုးသမီးဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးရိုးနှင့်ယဉ်ယဉ်သာ တွေ့ရှိရပါသည်။ ဆံထုံးမှာတော့ လှပကြော့ရှင်းနေသည့် အနေအထားမျိုး တွေ့ရှိရပါသည်။ အတွင်းဝန် လက်သာအမတ်ကတော် ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခု ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

ပုံ (၃၇) ဒီဇိုင်းပုံဆွဲလက်ရာသည် ထုတ္တန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်လမ်း လက်ယာဘက် ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၉၇)မှကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဘုရားမုခ်ငယ် (၄၉) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွမြင့် (၄၇)စင်တီမီတာခန့်၊ အကျယ် (၂၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၃) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွမှာ မျက်နှာလုံးသွယ်ပြီး ပြုံးနေသည်ကို တွေ့ရှိရပါသည်။ ခါးမှ ကျောက်ဆက်အက်ကွဲကြောင်းဟနေသည်ကိုတွေ့ရှိရပါသည်။ နားတောင်းဝတ်ဆင်မှုမှာ တွဲလဲလဲချထားသည်မှာ ဆန်းနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၃၇) ပုံဆွဲလက်ရာ၏ ဘောင်းတော်ဖွဲ့စည်းပုံမှာ အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ဆုံးအဆင့်မှာငယ်ပြီး အချောသာ တွေ့ရှိရပါသည်။ ဒုတိယအဆင့်မှာ နှစ်ထပ်ပွင့်ဖတ်များဖြင့် ပတ်လည်အလှဆင်ထားပြီး ပွင့်ဖတ်များအထက်တွင် အရစ်တစ်ရစ်ဖော်ထားပါသည်။ တတိယအဆင့်မှာ ဖောင်းပြားကြီးတစ်ခုပေါ်တွင် ရွှဲလုံးများဖြင့် ပတ်ပတ်လည်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဘောင်းတော်ဖွဲ့စည်းပုံအနေအထားကိုကြည့်ခြင်းအားဖြင့် အတွင်းဝန်လက်ယာဘောင်းတော်နှင့် အနီးစပ်ဆုံး ဆင်တူနေသည်ကို တွေ့ရခြင်းအားဖြင့် အတွင်းဝန်လက်ယာဘောင်းတော်ဖွဲ့စည်းမှုဖြစ်သည်ဟု ခန့်မှန်းရပါသည်။ နားနှစ်ဖက်တွင် နားဆွဲကြီးကို နားကွင်းဖြင့်ပန်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ မျက်ခုံးနှစ်ဖက်မှာ စင်ရော်တောင်ပံခတ်နေသည့်ဟန် တွေ့ရှိရပါသည်။ မျက်လုံးနှစ်လုံးမှာ စပါးလုံးသဏ္ဍာန်မြင်တွေ့ရပါသည်။ နှာခေါင်းမှာ ပွကားနေပါ၏။ နှုတ်ခမ်းမှာပြုံးသော်လည်း တည်ငြိမ်မှုရှိသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ပါရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဘက်ပခုံးတွင် တဘက်စ တင်ထားပြီး ဘယ်ဘက်ခါးအထက်တွင် တဘက်စကိုဖြန့်ကားထား၏။ တဘက်စကို အစင်းကြောင်းများဖြင့် အလှဆင်ထားပါ၏။ လက်နှစ်ဖက်ကို အနည်းငယ် အောက်သို့ချပြီး တံတောင်ဆစ်မှကွေးကာ လက်များနှစ်ဖက်ကိုပူး၍ဘယ်ဘက်သို့ထုတ်ကာ ထောင်ထားပါသည်။ ထောင်ထားသည့် လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ ဘုရားကန်တော့နေသည့်ဟန်တွေ့ရှိရ၏။ လက်ကောက်ဝတ်လောက်တွင် အကျီလက်ရှည်အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ လက်မောင်းတွင်လည်း လက်မောင်းရင်းပတ်ပတ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ပတ်ထားပါ၏။ ခါးပတ်အောက်တွင် ဣန္ဒြေကာအပြားကိုပေါင်ပေါ်တွင် အပြားလိုက်ချထားပါသည်။ ပုဆိုးကိုခပ်စောင်းစောင်းအစင်းကြောင်းများ၊ ရပ်စောက်အစင်းကြောင်းများဖြင့် အဆင့်ဆင့်အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။ ဖနောင့်ကို တင်ပါးတွင်ကပ်ပြီး ခြေဖျားကော့ထောက်ကာ ဒူးတုပ်၍ ဘယ်ဘက်သို့ လှည့်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။

ပုံ (၃၇) ပုံဆွဲလက်ရာ၏ ဖွဲ့စည်းဝတ်ဆင်ပုံမှာ အတွင်းစိတ်လက်ယာတစ်ယောက်၏ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာပင်ဖြစ်သည်ဟု ဖောင်းတော်ဖွဲ့စည်းပုံကို ကြည့်ခြင်းအားဖြင့် သိရှိရပါသည်။ ဖောင်းတော်နှင့် နားတောင်းဝတ်ဆင်ပုံမှာ ဆန်းပြားလှသည်ကို တွေ့ရှိရပါသည်။

ပုံ (၃၈) မှာ ထုက္ကန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၉၈) ကို ကူးယူထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် (၅၀) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၉) စင်တီမီတာခန့်၊ အကျယ် (၃၀) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၉) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာဝန်းပြီး မေးစေ့ချွန်သည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်လောက်တွင် ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ဤအမျိုးသမီးဆံထုံးထုံးဖွဲ့ပုံမှာ အဆင့်သုံးဆင့်ဖြင့်ဆင့်၍ ဖွဲ့စည်းထုံးဖွဲ့



ပုံ (၃၈)

ထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ဆုံးအဆင့်တွင် ပွင့်ဖတ်များသဏ္ဍာန်ဖန်တီးထုံးထားပါ၏။ ဒုတိယအဆင့်တွင် အပေါ်ဆုံးအဆင့်ထက်ပိုကျယ်သည်ကို တွေ့ရှိရပါသည်။ ဒုတိယအဆင့်ထက် တတိယအဆင့် ပိုကျဉ်းသည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်တွင် ပန်းပွင့်တစ်ပွင့်ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းပွင့်ဖွဲ့စည်းပုံမှာ အလယ်ဝတ်ဆံဝန်းတစ်ဝန်းခံပြီး ဝတ်ဆံဝန်းပတ်ပတ်ပတ်လည်တွင် ပွင့်ဖတ်လေးဖတ်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်လက်ရာတွင် ဝတ်ဆံနှင့် ပွင့်ဖတ်များအလယ်တွင် ပတ္တမြားကျောက်မြုပ်ထားခဲ့သည့်တွင်းရာကလေးများ တွေ့ရှိရပါသည်။ ဤဆံထုံးဖွဲ့စည်းပုံကို ပတ္တမြားစူးထိုးဆံထုံးထုံးပုံဟူ၍ ခေါ်ဆိုကြသည်ဟု သိရှိရပါသည်။

နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးနှစ်ဖက်မှာ အားကောင်းလှပါ၏။ မျက်လုံးနှစ်ဖက်မှာသွယ်၍ စပါးစေ့သဏ္ဍာန်တွေ့ရှိရပါသည်။ နှာခေါင်းအောက်ခြေကျယ်၍ နှုတ်ခမ်းမှာပြုံးနေသည်ကို တွေ့ရှိရပါသည်။ ပါးစပ်မှာ အပေါ်နှုတ်ခမ်းထက် အောက်နှုတ်ခမ်းပိုထူသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်တွေ့ရှိရပါ၏။ ညာဘက်ပခုံးတွင် တဘက်စတင်၍ ဘယ်ဘက်ချိုင်းအောက်သွင်းပြီး ပတ်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စနှစ်ဖက်ကို ဘယ်ဘက်နှင့် ညာဘက်တွင် ဖြန့်ကား၍ ချထားသည်ကို တွေ့ရှိရပါသည်။ တဘက်စကို အစင်းကြောင်းများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါ

သည်။ လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချ၍ တံတောင်ဆစ်မှကွေး ကာ ညာဘက်သို့စောင်း၍လက်နှစ်ဖက် ကို ပူးထောင်ထားပါသည်။ ပူးထားသည့် လက်နှစ်ဖက်တွင် ပန်းဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ် တွင် လက်ကောက်ပြားကြီးတစ်ဖက်တ ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရ သည်။ အကျီကိုလည်း တင်ပါးဖုံးအောင် အထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရ သည်။ ထဘီကို ခြေချင်းဝတ်လောက် ရောက်အောင် ဝတ်ဆင်ထားသည် တွေ့ရှိရပါသည်။ ထဘီကိုအစင်းရစ်များ ဖြင့် အလှဆင်ထားပါ၏။ ဖနောင့် တင်ပါးတွင်ကပ်၍ ခြေဖျားကွ၍ထော ကာ ဒူးတုပ်၍ ညာဘက်သို့ လှည့်ထိုင် ထားသည်ကိုတွေ့ရှိရပါသည်။ ဤအမျိုး သမီးမှာ သံတော်ဆင့်ကတော်အရှိုးသ ရုပ်ဖြစ်သည်ဟုခန့်မှန်းရပြီး သံတော်ဆင့် ကတော်ဝတ်ဆင်ထုံးဖွဲ့မှုပင်ဖြစ်သည် ပြောရမည်ပင် ဖြစ်ပါသည်။ ဆံထုံး စည်းပုံမှာ ပတ္တမြားစူးထိုးဆံထုံးဖြစ်သ ဟု ဆိုကြပါသည်။ ဆံထုံးထုံးပုံမှာဆန်း ဝတ်ဆင်ပုံမှာ ရိုးရိုးကလေးသာ တွေ့ ရပါသည်။ ဤပုံ (၃၈)ဒီဇိုင်းပုံဆွဲလက် ကို ရိုးရိုးနှင့်ယဉ်ယဉ်ဝတ်ဆင်ထုံးဖွဲ့ထား သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

ပုံ (၃၉) ပုံဆွဲဒီဇိုင်းလက်ရာ ထုက္ကန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ် ပတ်လမ်း လက်ယာဘက်ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၉၉)လက် ကို ကူးယူရေးဆွဲထားသော ဒီဇိုင်း လက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်း လက်ရာကို ဘုရားမုခ်ငယ်နံပါတ် (၅ လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည် မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၄ စင်တီမီတာခန့်၊ အကျယ် (၂၃) စင် မီတာခန့်နှင့် ရုပ်ကြွအထု (၁၂) စင် မီတာခန့်ရှိသည်။ မူရင်းကျောက်ဆစ် ကြွလက်ရာတွင် ဖောင်းတော်ပီပြင် မတွေ့ရှိရ။ အရာသာတွေ့ရှိရပါ မျက်နှာလည်း ပီပြင်စွာမတွေ့ရှိရ မိုး ယိုစိမ့်မှုကြောင့်ပျက်စီးနေပေပြီ။ မျက် လုံးသွယ်ပြီး ခါးအထက်မှ ကျောက်ဆ ရာပေါ်ကာ အက်ကွဲနေသည်ကို တွေ့ ရပါသည်။

ပုံ (၃၉) ပုံဆွဲရုပ်လက်ရာ ဖောင်းတော်ဖွဲ့စည်းပုံမှာ ဖောင်း အောက်နားကို ဖောင်းပြားကြီး ၍ ဖောင်းပြားကြီးအထက်တွင် ပွင့်



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၃၉)

ကြီး၊ အသေးချွန်း၍ ရှေ့ဘက်တွင် လှုဆင်ထားပါ၏။ ပွင့်ဖတ်ငယ်များ အထက်တွင် ထိပ်ဆုံး၌ ပွင့်ဖတ်ကြီး စ်ဖတ်ကို မံကျိုင်ထား၍ လက်ဝဲ၊ ဘက်ယာပွင့်ဖတ်ချွန်ကြီးများဖြင့် အဆင့် ဆင့်အလှဆင်ထားသည်ကို တွေ့ရှိရပါ သည်။ ပုံ (၃၉) ၏ ဗောင်းတော်ဖွဲ့စည်း မှာ ဆန်းပြားနေသည့်ဟန် မြင်တွေ့ရ သည်။ နားနှစ်ဖက်စလုံးတွင် နားကွင်း များပန်ဆင်ထားသည်ကို တွေ့ရှိရပါ သည်။ မျက်နှာပြင်ရှိ မျက်ခုံး၊ မျက်လုံး၊ ခေါင်း၊ ပါးစပ်တို့မှာ မူရင်းလက်ရာ၌ အနေအကြောင်းအနေဖြင့်သာတွေ့ရှိရ သည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် လွှင်လှုပါသည်။ လက်နှစ်ဖက်ကို အောက်သို့အနည်းငယ်ချပြီး တံတောင် တွေးကာ ဘယ်ဘက်သို့လှည့်၍ များနှစ်ဖက်ပူးထောင်ထားပါသည်။ ထောင်ထားသည့် လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ ဘုရားတန်ဆောင် ခန်းဖူးတွေ့ရပါသည်။ အင်္ကျီကိုလုံးစွပ် အထား ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မောင်းပိုင်း (လက်ပိုင်း) အထား ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကို ရပ်စောက် ကြောင်းကလေးများဖြင့် ဝတ်ဆင် ပြီး အထက်လိုင်းပေါက်စွပ်အနား၊ အောက်ခါးရစ်ပတ်များအပြားလိုက်ဖော် ထားသည်ကိုတွေ့ရှိရပါသည်။ ညာဘက် မောင်းတွင်လည်း လက်မောင်းပတ် ဖော်ထားသည်ကိုတွေ့ရှိရပါသည်။ အောက်နားစမှ ကြွေကာပြား

တစ်ခုကို ပေါင်ပေါ်တွင် အပြားလိုက် တင်ထားသည်ကို မြင်တွေ့ရပါသည်။ ပုဆိုး (ဒယော) ကိုလည်း ပေါင်ရင်းမှ ဒူးထိအထပ်လိုက်အရစ်ဖော်ထားသည် ကို တွေ့ရှိရပါသည်။ ပုဆိုးကို ခြေချင်း ဝတ်ထိချဝတ်ထားပြီး ပုဆိုးအောက်နား တွင် အရစ်နှစ်ရစ်ဖော်ထားပါသည်။ ဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျား ထောက်ကာ ဒူးကုပ်၍ ဘက်ဘက်သို့ လှည့်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။

ဤပုံဆွဲ (၃၉)လက်ရာမှာ အဝတ် တန်ဆာရိုးသော်လည်း ဗောင်းတော် ဖွဲ့စည်းပုံဆန်းနေသည်ကို တွေ့ရှိရပါ သည်။ သံတော်ဆင့်အမတ်ဝတ်ဆင် ထုံးဖွဲ့မှုလက်ရာတစ်ခုဖြစ်သည်ဟု သိရှိ ရပါသည်။

ပုံ (၄၀) ဒီဇိုင်းပုံဆွဲလက်ရာသည် လည်း ထုဋ္ဋန့်သိမ်ပုထိုးတော်ကြီး၏ လက်ယာဘက်ကျောက်နံရံကျောက်ဆစ် ရုပ်ကြွနံပါတ် (၁၀၀) မှ ကူးယူရေးဆွဲ ထားသော ဘီလူးဒီဇိုင်းလက်ရာတစ်ခု ဝင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ် ဘီလူးရုပ်ကြွကို အလယ်လိုက်ပတ် အဝင် လက်ယာဘက်တွင် တွေ့ရှိနိုင်ပါ သည်။ လူအရုပ်များထက် အနိမ့်တွင် ထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွဘီလူးရုပ်အမြင့် (၅၆) စင်တီမီတာခန့်၊ အကျယ် (၄၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၃) စင်တီမီတာခန့်ရှိသည်ကိုတွေ့ရှိရသည်။ မူရင်းဘီလူးကျောက်ဆစ်ရုပ်ကြွရင်အုပ် အောက်တွင် ကျောက်ဆက်ရာအက် ကြောင်းပေါ်နေသည်ကို တွေ့ရှိရပါ သည်။

ပုံ (၄၀) ဘီလူးရုပ်ဗောင်းတော် မှာ ရေဖလားမှောက်ထားသည့်သဏ္ဌာန် တွေ့ရှိရပြီး ဗောင်းတော်အောက်နား တွင် ဖောင်းလုံးတစ်လုံးခံ၍ ဖောင်းလုံး အထက်တွင် ပွင့်ဖတ်များပတ်ကာ အစီ အရင်အလှဆင်ထားသည်ကို တွေ့ရှိရပါ သည်။ ဘီလူးမှာ နားရွက်နှစ်ဖက်ထောင် ကား၍ မျက်ခုံးနှစ်ဖက် တစ်ဆက်တည်း တွေ့ရှိရပါသည်။ မျက်လုံးနှစ်လုံးမှာ ပြူးကျယ်ပြီး မျက်ဆန်ဝိုင်း၍ဖော်ထား သည်ကို တွေ့ရှိရပါသည်။ နှာခေါင်းပွ ကား၍ ပါးစပ်ထဲတွင် အပေါ်သွားစွယ် နှစ်ချောင်းနှင့် အလယ်သွားများကိုသာ တွေ့ရှိရပါသည်။ သွားများအောက်တွင် အောက်နှုတ်ခမ်းဖော်ထား၏။ နှုတ်ခမ်း အောက်မုတ်ဆိတ်မွေးကို ရင်ညွန့်ထိချွန်း ၍ ချထား၏။ မုတ်ဆိတ်မွေးနှင့် ပါးသိုင်း



ပုံ (၄၀)

မွေးဆက်၍ နားအောက်ထိရောက်သည် ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်တွင် တုတ်လိုလို၊ ဓားလိုလို တစ်ဖက်တစ် ချောင်းကိုင်၍ ပခုံးနှစ်ဖက်ပေါ်တွင်တင် ထားသည်ကို တွေ့ရှိရပါသည်။ လက် နှစ်ဖက်စလုံးတွင် လက်မနှင့် လက်သန်း ကို ထောင်ထားပါသည်။ ဝမ်းမှာပူရှဲသာ တွေ့ရှိရပြီး ချက်ဖော်ထားပါသည်။ ခါးတွင် ခါးပတ်ပတ်၍ ခါးပတ်ပေါ်မှ ကြွေကာကို အပြားလိုက်ချထားပါ သည်။ ခါးပတ်နှင့် ကြွေကာကို အရစ် များဖြင့်အလှဆင်ထားပါသည်။ ဖနှောင့် နှစ်ဖက် တင်ပါးတွင်ကပ်၍ ခြေဖျားဘေး သို့ထုတ်ကာ ဒူးကုပ်ထိုင်ထားပါသည်။ ဒူးနှစ်ဖက်တွင် တံတောင်ဆစ်တင်ထား ပါ၏။ ဘီလူးထိုင်ထိုင်သည်ဆိုခြင်းမှာ ဤကဲ့သို့ထိုင်ခြင်းမျိုးကို ခေါ်လိမ့်မည် ထင်ပါသည်။ အောက်ပိုင်းတွင် ပုဆိုး ဝတ်ထားပြီး ပုဆိုးကိုအစင်းကြောင်းရစ် များဖြင့် အလှဆင်ထားပါသည်။ ဤပုံ (၄၀) ဒီဇိုင်းလက်ရာကို ကြည့်ခြင်းအား ဖြင့် မြောက်ဦးခေတ်လယ်ဘီလူးဝတ်ဆင် ထုံးဖွဲ့မှုတစ်ခုကိုလည်း လေ့လာသိရှိ နိုင်ပါသည်။

အထက်ဖော်ပြပါ ပုံဆွဲဒီဇိုင်း လက်ရာများမှာ မြောက်ဦးခေတ်လယ်၏ မင်းမှုထမ်း အမျိုးသား၊ အမျိုးသမီးနှင့် ဘီလူးဝတ်ဆင်ထုံးဖွဲ့မှုကိုဖော်ပြထားသော လက်ရာများပင် ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)



www.burmeseclassic.com

www.burmeseclassic.com

နွေသကြိန်ရက်က ဘုရားသုံးဆူ အနောက်ကျောင်းပရိယတ္တိစာသင်တိုက် (မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် (၂၆၄)၊ ရှားတောကျေးရွာ မြန်အောင်ရေနံ) (၂၈) ကြိမ်မြောက်တွင် (၇) ရက် အဓိဋ္ဌာန်တရားစခန်းပွဲဝင် ဖြစ်သည်။

ဦးစီးနာယက ပဓာနဆရာတော် ဘဒ္ဒန္တနာရဒမှ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်း ဒေသနာတရားတော်နှင့် သစ္စာတရားတော်များကို ဟောပြောပြသပေးပါသည်။ စခန်းပွဲမပြီးခင် တစ်ရက်တွင် စခန်းပွဲမှာ သွန်သင်ပြသခဲ့သော ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းဒေသနာနှင့် သစ္စာတရားတော်များကို စာမေးပွဲစစ်သည်။ ကြီးငယ်မဟူ ဝင်ရောက် ဖြေဆိုနိုင်၏။ စခန်းဝင်သူ (၁၀၀) ကျော်ထဲမှ ဒုလ္လဘ ရဟန်းနှင့် ကျွဲမ ယောဂီ၊ သီလရှင် (၃၀) ယောက်တို့ ဝင်ရောက်ဖြေဆိုကြသည်။

ထိုစာမေးပွဲတွင် (၁၅) နှစ်သမီးက (၁၀၀) မှတ်ဖြင့် ပထမ၊ (၁၁) နှစ်သမီးက (၁၀၀) မှတ်ဖြင့် ဒုတိယ၊ (အမှတ်တူပြီး အဆင့်ကွာသွားရသည်မှာ အဖြေ... သော်လည်း ရှေ့နောက်အထားလွဲ... ၍ဟု သိရ၏) စာရေးသူက အသ... (၅၈) နှစ်၊ အဆင့် (၈)၊ (၈၄) မှတ်... တချို့ အသက် (၄၊ ၅၊ ၆၀) တွေ (... ကျော်ကျော်ရ၍ အောင်ရှုံးသာ အော... ကြပါသည်။

ဆရာတော်က -

"ယခုလို စာမေးပွဲကျင်းပပေး... အကြောင်းက စာမေးပွဲစစ်မယ်ဆို... ပိုမှတ်ကြမယ်၊ ပိုသိကြမယ်။ တရား... ထုတ်တဲ့အခါ ပထမဉာဏပရိညာ... ဖြင့်သိထားဖို့လိုကြောင်း ဆရာတော်...

# စိုးလင်းအောင်
(မြန်အောင်)

## မသာတင်ခုတင်မှာ တစ်ညတာ





www.burmeseclassic.com

www.burmeseclassic.com

ဒီလိုအသေမဦးခင် ဉာဏ်ဦးအောင် အားအားထုတ်နိုင်မှ တန်ကာကျမယ်။ ကြောင့် ကံထက်၊ ဉာဏ်ထက်နေတဲ့ သူတွေကို ဝင်ရောက် စခန်းဝင်စေ ဒီ အခုလို စာမေးပွဲလုပ်ပေးတာ။ သက်ကြီးပြီး ကံမွဲဉာဏ်မွဲမှဆိုရင် တော်ကျသွားမယ်"

တု ပြောပါသည်။

စခန်းပွဲနောက်ဆုံးနှစ်ရက်တွင် သယ်ပိုင်း၌ ဒုလ္လဘရဟန်းများနှင့် ကျောင်းရှိရဟန်းသံဃာများ၊ ယောကျ်ား ကိုများ ဆွမ်းဆန်စိမ်းအလှူခံထွက်ရ သည်။ ဆွမ်းဆန်စိမ်းအလှူခံထွက်သော အခါ ဂေါပကအဖွဲ့ဝင်တစ်ဦးက စာရေးသူ အား ငွေဖလားပေးသောကြောင့် ရှေ့ဆုံး မှ ငွေဖလားပိုက်၍ သံဃာတော်များနှင့် အလှူခံထွက်ရသည့် နွေသကြိန်ကား ပူပြင်းလှပေ၏။ စာရေးသူက ခမောက် ဆောင်းထားသော်လည်း သံဃာတော် များက နေအပူဒဏ်ကို ယပ်တောင်ဖြင့် ကာကွယ်ရင်း ခေါင်းတုံးပြောင်ပြောင်ဖြင့် ဆွမ်းဆန်စိမ်းအလှူခံထွက်ကြရသည်မှာ ကြည်ညိုစရာကောင်းလှသည်။

ဆွမ်းဆန်စိမ်းလောင်းကြရာတွင် တစ်ပါးလျှင် တစ်ဇွန်းကျလောင်းနေ သောကြောင့် တစ်နေရာတစ်နေရာ အတော်ကြာ၏။ တစ်ခါတစ်ရံ ရှေ့ဆုံးမှ ရဟန်းအား အကပ်ခံ၍ ဘေးမှ ကပ္ပိယ တောင်းထဲသို့ ထည့်လိုက်ကြ၏။ အချို့ ရောက်လျှင်လည်း ရှေ့မှစောင့်နေရပါ သည်။

ဤလိုနှင့် ရှမ်းကွင်းမှဆွမ်းဆန်စိမ်း အလှူခံစတင်ထွက်ခဲ့ကြရာ ရှားတော သချိုင်းကုန်းနားရောက်လာ၏။ စာရေး သူနှင့် ရဟန်း (၄)၊ (၅) ပါးရောက်လာ သော်လည်း နောက်မှ ရဟန်းများနှင့်





www.burmeseclassic.com

www.burmeseclassic.com

ကိုရင်လေးများကို အချိုရည်ကပ်နေ၍ ကွာကျန်ရစ်ခဲ့၏။ ထို့ကြောင့် ရှားတော သချိုင်းကုန်းရှိ ညောင်မှတ်ဆိတ်ပင် အရိပ်တွင် ဝင်ရောက် အရိပ်ခိုလိုက်ကြ၏။

ညောင်မှတ်ဆိတ်ပင်ကြီးမှာကား ကြီးမားလှ၏။ လုံးပတ်မှာ အိမ်တစ်ခန်းစာလောက်ရှိ၏။ အမြင့်ကထန်းတစ်ဖျားခွဲခန့်မြင့်သည်။ အမြစ် (အနွယ်) များက အကိုင်းအသီးသီးမှ မြေကိုဆင်းသက်တွဲလောင်းကျနေသည်မှာ ငယ်ငယ်က ပြဇာတ်ထဲတွင်ကြည့်ခဲ့ရသည့် လူဆိုးတွေနေသည့် ညောင်ညိုပင်စခန်းနှင့်ပင် တူသေးသည်။

ယိုင်ရွဲ့ခြောက်ကပ်နေသောဇရပ်အိုကြီးမှနီညိုရောင်သံချေးတက်နေသည့် သွပ်ပြားများက လေတိုက်လျှင် တဂျုန်းဂျုန်းတကျိုကျိုနှင့် အသံမြည်နေသည်မှာ ချောက်ချားဖွယ်ကောင်းလှသည်။ ဇရပ်ရှေ့တွင် လူတွေသေလျှင်တင်ထားသည့် မသာတင်ခုတင်တစ်လုံး၊ ဖျာစုတ်တစ်ချပ်ခင်းထားပြီး ညစ်ထပ်ထပ်၊ ညိုစိုစိုနံသည့် ခေါင်းအုံးတစ်လုံးက အဆင်သင့်။ (ယခုအခါ ထိုခုတင်ကိုမသုံးတော့ပါ။ နာရေးကူညီမှုအသင်းမှ နိဗ္ဗာန်ယာဉ်ကိုသာ သုံးပါသည်။ သို့သော် မသာသချိုင်းကုန်းရောက်သောအခါ နိဗ္ဗာန်ယာဉ်ပေါ်မှ ခုတင်ပေါ်သို့ခဏတင်ထားပြီး သရဏဂုံတင် တရားနာစေပါသည်။ အမှန်က သေသူကို သရဏဂုံတင်သည်မဟုတ် ကျန်ရစ်သူများကိုသာ သရဏဂုံတည်စေပြီး ငါးပါးသီလယူစေခြင်း ဖြစ်သည်။)

အဖြူ၊ အညို၊ မည်းညစ်ညစ်၊ ရေညှိရောင်အုတ်ဂူပေါင်းစုံက သချိုင်းမြေတစ်ခုလုံး ပြည့်နှက်နေ၏။ လေတိုက်လျှင် တရှဲရှဲတရှပ်ရှပ်နှင့်မြည်နေသော ညောင်မှတ်ဆိတ်ရွက်များ၏ အသံနှင့် ဇရပ်အိုမှ တကျိုကျိုတဂျုန်းဂျုန်းမြည်သံတို့ကို ကြားရသူအဖို့ နေ့ခင်းကြောင်တောင်ပင်ဖြစ်လင့်ကစား ကြောက်စရာကောင်းလှသည်။ နေ့လယ်ခင်း အများနှင့်မို့ တော်သေး၏။ အကာလ ညအခါ တစ်ယောက်တည်းဆိုလျှင် သချိုင်းကုန်းဇရပ်ထဲကိုဝင်ဖို့အသာထား၊ သချိုင်းရှေ့ဖြတ်သွားဖို့ပင်အနိုင်နိုင်။ အားတင်း၍သွားရမည်သာ။ နောက်ပြီး ဤသချိုင်းကလည်း အခြောက်အလှန့်နာမည်ကြီးပါဘိ။

တော်ရုံတန်ရုံလူက ညပိုင်းဖြတ်မသွားရဲကြ။ သို့သော် အမူးသမားများက အုတ်ဂူပေါ်၊ ဇရပ်ပေါ်၊ ခုတင်ပေါ်တွင်



သူတို့၏တည်းခိုရာ ခိုနားရာစခန်းဟုပင် ထင်နေသည်။ ဒါကလည်း တစ်ယောက်တည်းမဟုတ်။ အုပ်စုလိုက်ဖြစ်၏။ တစ်ယောက်တည်းဆိုလျှင် သူတို့လည်း လောက်သားပေမို့ ကြောက်လန့်၍ မသွားရဲမနားရဲကြပါ။ ထိုသို့တစ်ယောက်တည်း မသွားရဲမနေရဲသည့် သချိုင်းဇရပ်ရှေ့ရှိ ညောင်မှတ်ဆိတ်ပင်အောက်က မသာခုတင်ပေါ် တစ်ညတာအိပ်စက်ခဲ့ရသော စာရေးသူ၏ ရွှေကျင်ဖော်ရွှေကျင်ဖက်ဖြစ်သော ကိုထွန်းဝေ၏ အဖြစ်မှာ. . .။

❑

ကိုထွန်းဝေတို့ မိသားစုသည် ရှမ်းကွင်းရွာတွင် နေထိုင်ကြသည်။ ကျောက်သယ်၊ သဲသယ်၊ ရွှေကျင်စသည်ဖြင့် ကြုံရာကျပန်းလုပ်ကိုင်စားသောက်နေကြရသည်။ ကိုထွန်းဝေမှာ ဝါးဖောင်ချ၊ စက်ဖောင်လိုက်၊ မော်တော်သဘော်လိုက်၍အလုပ်မျိုးစုံသောကြောင့် အပေါင်းအသင်း၊ အသောက်အစားက အစစုံလှသည်။

တစ်ခုသောရွှေကျင်ရာသီတစ်နေ့တွင် ကိုထွန်းဝေတစ်ယောက် ရွှေပါနှုန်းကောင်း၍ မှောင်လုနီးပါး ရွှေကျင်နေ၏။ ထို့နောက် ရွှေကျင်စာများကို ပြဒါးနှင့်နယ်ပြီး ရွှေဖမ်းကာ ရှားတောကျေးရွာရှိ ရွှေဆိုင်သို့ရွှေရောင်းထွက်ခဲ့သည်။

ရွှေပါနှုန်းကောင်းမွန်သောကြောင့် ရမည့်ငွေကို မျှော်မှန်းလျက် အဖော်မဆောင်ဘဲ တစ်ကိုယ်တည်းထွက်ခဲ့ခြင်းဖြစ်၏။ ရွှေရောင်းပြီး အမြန်ပြန်လာကာ သချိုင်းကုန်းအလွန် ‘မိမိတို့ရွာဘက်နီးကာမှ အမောပြေယမကာသုံးစွဲမည်ဟု

ဆုံးဖြတ်ခဲ့၏။

ရွှေဆိုင်ရောက်သော် ရွှေရော[...] သူတွေများနေသောကြောင့်စောင့်[...] ၏။ ဒီကြားထဲ ကိုယ့်ရွာမှ လူများ[...] ရောက်လာ၍ အချိန်ကြာဦးမည် [...] သည်။ ထို့ကြောင့် တအေ့အေ့တက်[...] သောလေကို ထိန်းချုပ်နိုင်စေခြင်း[...] ရွှေဆိုင်မှငွေယူ၍ နီးစပ်ရာ အရက်[...] သို့ သွားသောက်လိုက်၏။ အရက်[...] တွင် ရွှေကျင်ဖော်ရွှေကျင်ဖက်တွေ[...] တွေ့သောအခါ ထင်တာထက်ပို[...] သွားပြန်သည်။

သူတစ်လုံးကိုယ်တစ်လုံးနှင့် [...] နက်မှ ပြန်ဖြစ်တော့၏။ သူငယ်ချင်း[...] က မပြန်နိုင်လျှင် ဒီမှာအိပ်နေဖို့ [...] ပြောကြသော်လည်း -

“မဖြစ်သေးဘူးကိုယ့်လူတို့။ [...] ပြန်မှ အိမ်က ဆန်ဝယ်ဆီဝယ်နဲ့[...] မှာ ပြန်မယ်။ ရတယ် ဒီလောက်က[...] အပျော့ပေါ့။ ရွှေလည်းမရောင်းရ[...] ဘူး။ အခုလောက်ဆိုရင် ရွှေဆိုင်မ[...] လူရှင်းပြီ။ သွားပြီ ကိုယ့်လူတို့ ဂွတ်နိုက်[...] ဂွတ်နိုက်”

ဟု အာလေးလျှာလေးသံကြီး[...] နှုတ်ဆက်ကာ ရွှေရောင်းထွက်ခဲ့၏။

ရွှေဆိုင်တွင် ရွှေရောင်း[...] တစ်ယောက်မှ မရှိကြတော့။ မိမိ[...] ရွာသားများပင် မစောင့်နိုင်၍ ပြန်[...] ကြပြီ။ ရွှေဆိုင်ကပင် မူးနေလျှင်မပြ[...] အကြောင်း၊ ပိုက်ဆံတွေထွက်ကျနေ[...] နောက်နေ့မှယူပါလားဟု ပြောသေး[...] ကိုထွန်းဝေက ရတယ်၊ ရတယ်ဟုဆို[...] ပိုက်ဆံကို အိတ်ထဲထည့်ပြီး လမ်းမ[...] ပေါ်တက်လိုက်၏။

ရေသို့ ခြေတစ်လှမ်းလှမ်း[...] လည်း ယိုင်၍ဘေးနှင့်နောက်သို့နှစ်[...] သုံးလှမ်း ပြန်ရောက်လာသည်။ တစ်[...] ပြန်၍ ကြိုးစားတက်မှ တာလမ်းမ[...] ရောက်လေ၏။ လမ်းမပေါ်တွင်၊ စက်[...] ဆိုင်ကယ်တို့ရှင်းလင်းနေလို့တော်[...] သည်။ တစ်လမ်းလုံး ဘယ်၊ ညာပိုက်[...] လျှောက်လာလိုက်သည်မှာ သချိုင်း[...] ရှေ့သို့ပင်ရောက်လာသည်။

ကိုထွန်းဝေ၏ အမြင်အာရုံ[...] အရာအားလုံးက မှုန့်ဝါးဝါးဖြစ်နေ[...] ကြောက်စိတ်တော့မရှိ။ ကိုထွန်းဝေ[...] ဝါးဖောင်ချစဉ်က သချိုင်းကုန်းတ[...] တည့်တွင် ညအိပ်နားမိရာ တစ်ည[...] အိပ်မရအောင် ခြောက်လန့်ခံရဖူး[...] ကိုပင်မမှုခဲ့။ ဒီသချိုင်းကုန်းတွေ[...] တော့ သာသာလေးပေါ့။ [...]ခါတ[...]



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းအသင်းတွေနှင့်အသုဘာလိုက်ပို့ရင်း၊ မြေကျင်းတူးရင်း အရက်မူးပြီး ချောပေါ်၊ ဂူတွေပေါ် အိပ်နေကျ။

မှုန်ဝါးဝါး အမြင်အာရုံဖြင့် သချိုင်းကုန်းထဲသို့ကြည့်လိုက်၏။ ယိုင်နဲ့နေသောဇရပ်အိုကြီးက သစ်သားအိမ်ကြီးတစ်လုံးကိုမြင်လာသည်။ အိမ်ရှေ့တွင် တောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိပ်ရာခင်းတို့ စုံလင်စွာဖြင့် သေသပ်လှပစွာ ပြင်ဆင်ထားသော ခုတင်တစ်လုံး။ (အမှန်တော့ ခြင်ထောင်မဟုတ်။ ညောင်မှတ်ဆိတ်ပင်မှတွဲလဲကျနေသောညောင်မြစ်များသာ ဖြစ်သည်။)

သနပ်ခါးအဖွေးသားနှင့် အသက် (၅၀) ခန့် အမျိုးသမီးကြီးတစ်ဦးက ခါးထောက်ကာ သူ့ကိုပြုံး၍ကြည့်နေ၏။ ဘယ်သူလဲ။ ကိုထွန်းဝေစဉ်းစား၏။ မြင်ဖူးသလိုလိုတော့ရှိသည်။ မှုန်ဝါးဝါး အတွေးထဲဝယ် အမျိုးသမီးကြီးကို မှတ်မိလိုက်၏။ ရွာထိပ်က အကြော်သည် ဒေါ်ဘုမ။ ရှေ့မှာ အကြော်ဗန်းပြုပြီး နောက်မှာ တောအရက်ရောင်းနေသူ။ ကိုထွန်းဝေကျောက်သယ်ရင်း သောက်နေကျမို့ မှတ်မိလိုက်၏။ ကိုထွန်းဝေတို့အဖွဲ့က ဒေါ်ဘုမကို ဒေါ်ဘုဝှဟုခေါ်ကြ၏။ တစ်ခါတစ်ရံ ညနေအလုပ်သိမ်းမှ ငွေပေါ်ရစေဆိုတာကိုပင် ဒေါ်ဘုမက သတ်မခံ။အကြွေးမပေးဘဲခွကျနေတတ်သည်။ ဒေါ်ဘုမသဘောကောင်းပြန်တော့ အလုပ်မဆင်းရသည့်နေ့ပင်လျှင် အရက်ကို အကြွေးရောင်းနေပြန်သေးသည်။ အရက်မြည်းဖို့ အကြော်တောင် သတ်ဆောင်ပေးလိုက်၏။

ကိုထွန်းဝေစဉ်းစား၏။ ဒေါ်ဘုမ သေဆုံးခဲ့သည်မှာ (၅) နှစ် ကျော်ကျော် ရှိလေပြီ။ အာ-မဟုတ်သေးဘူး။ ဟိုနေ့ကမှ ဒေါ်ဘုမဆိုင်မှာအရက်သွားသောက်သေးတယ်။ ဟာ-ဒေါ်ဘုမဆိုင်မဟုတ် ဘူးထင်တယ်။ ကျောက်ခဲတို့ဆိုင်မှာလား ဘာလား။ အို - ငါမူးနေလို့ဖြစ်မယ်။ ဒေါ်ဘုမ မသေလို့တွေ့ရတာဖြစ်မှာပေါ့။ ဒါတော့ သူက ဝါးအိမ်နဲ့မဟုတ်တော့ဘူး။ သစ်သားအိမ်နဲ့တောင်ဖြစ်နေပါရောလား။ ကိုထွန်းဝေစိတ်တွေက မပီဝိုးတဝါး မှုန်ဝါးဝါး စဉ်းစားနေမိသည်။

"ဟဲ့-ထွန်းဝေ၊ ဘာတွေစဉ်းစားနေတာလဲ။ နင်မူးလာပြန်ပြီမဟုတ်လား။ ညမြန်နဲ့တော့ ငါ့အိမ်မှာအိပ်။ ဒီခုတင်ပေါ်မှာအိပ်။ ငါက အိမ်ပေါ်မှာ အိပ်မယ်။ လာလာ - ခုတင်ပေါ်တက်အိပ်"

ဟု ပြောကာ ခုတင်ပေါ်တက်ခိုင်းလေသည်။

အသိဉာဏ်တို့ မှုန်ဝါးသွားသောအခါ ဘာကိုမှမမြင်တော့။ တစ်နေ့လုံး ရွှေကျင်ခဲ့ရ၍ ပင်ပန်းနွမ်းနယ်မှု၊ အရက်မူးနေသောဒဏ်တို့ကြောင့် ခုတင်ပေါ် တက်ပြီးအိပ်လိုက်ပါတော့သည်။ တောခြင်ရိုင်းတို့၏ ကိုက်ခဲမှုများ၊ ညဥ့်ငှက်တကီးကီးအော်ဟစ်သံများက ကိုထွန်းဝေ၏ အိပ်မောကျနေမှုကို နိုးထအောင် မတတ်နိုင်ကြချေ။

"တုံ. . . တုံ. . . တုံ. . . တုံ"

ဘုရားသုံးဆူ အရှေ့ကျောင်းမှ တုံးခေါက်သံက ကိုထွန်းဝေနားထဲသို့ တိုးဝင်လာသည်။ လေးလံနေသော မျက်ခွံများကို အားယူ၍ ဖွင့်ကြည့်လိုက်၏။

"ဝုန်း"

လေအဝှေ့မှာ သစ်ကိုင်းခြောက်ကြီးက ဇရပ်သွပ်မိုးပေါ် ပြုတ်ကျလာသည်။ သချိုင်းမြေတစ်ခုလုံးသစ်ခြောက်ကိုင်းကျသံက လွှမ်းမိုးသွား၏။ အဝေးမှ မှုန်ပျပျ လမ်းမီးရောင်တွင် မထင်မရှား မြင်နေရသည်က အုတ်ဂူဖြူဖြူများ။ ယိုင်းရွဲနေသော ဇရပ်အိုတစ်ခုံ၊ အမြစ်တွေ မြေထောက်နေသော ညောင်မှတ်ဆိတ်ပင်ကြီး။ ညစ်ထေးထေး ညှီစို့စို့နံနေသော ခေါင်းအုံးတစ်လုံးနှင့်။ ဖျာစုတ်တစ်ချပ်ခင်းထားသော မသာတင်ခုတင်ပေါ်တွင်အိပ်နေမိသော မိမိခန္ဓာကိုယ်ကြီးကိုမြင်လိုက်သည်။ ပတ်ဝန်းကျင်ကို မြင်ပြီး ကိုထွန်းဝေအရက်မူးပြေသွား၏။

❑

"ဒကာကြီး ဒကာကြီး၊ ဒီခုတင်ကြီးကိုစိုက်ကြည့်ပြီးဘာတွေတွေးနေတာလဲ။ နောက်ကလူတွေရောက်လာပြီ။ ရှေ့ကိုအဝေးကြီးဆက်ပြီးသွားရဦးမှာ။ လာ-သွားစို့"

ဟု ရှေ့ဆုံးမှ ရဟန်းကြီးအသံပြုမှ စာရေးသူအတွေးကရပ်သွားပါတော့သည်။

ယခုတော့ အလုပ်မျိုးစုံလုပ်၊ အပေါင်းအသင်းစုံ၊ အသောက်အစားစုံခဲ့သော ကိုထွန်းဝေတစ်ယောက်မှာ ရေပေါင်လယ်လောက် သောင်စပ်တွင် အရက်မူးလဲပြီး သေဆုံးသွားခဲ့သည်မှာ (၅) နှစ်ကျော်ပင်ရှိခဲ့လေပြီတည်း။

စခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော်က ဝိပဿနာတရားအလုပ်ကို အမြဲမပြတ် အားထုတ်နေသော ယောဂီသူတော်စင်သည် သည်ဘဝမှာ မဂ်တရား၊ ဖိုလ်တရားမရခဲ့သည်ဖြစ်၍-

၁။ သတိလက်လွတ်သေခဲ့သော် နတ်ပြည်သို့ရောက်၍ သောတာပန်တည်ပါသည်။

၂။ သတိလက်လွတ်သေခဲ့သော် နတ်ပြည်သို့ရောက်၍ တန်ခိုးကြီးနတ်များ တရားဟောခြင်းကြောင့် သောတာပန်တည်ပါသည်။

၃။ သတိလက်လွတ်သေခဲ့သော် နတ်ပြည်သို့ရောက်၍ ဖိုးရိုးမမ္မကထိကများ တရားဟောခြင်းကြောင့် သောတာပန်တည်ပါသည်။

၄။ သတိလက်လွတ်သေခဲ့သော် နတ်ပြည်သို့ရောက်၍ အချင်းချင်းတွေ့ဆုံမေးမြန်းခြင်းဖြင့် သောတာပန်တည်ပါသည်။

"ကဲ-အားမထုတ်ချင်စရာဘာများရှိသေးလဲ ယောဂီ"

ဟု ဆုံးမခဲ့ပါသည်။

ဆရာတော်၏ဟောပြောချက်များ မှန်ကန်ပါသည်။ အရက်ရောင်းသူက မကျွတ်မလွတ်ဘဲ အရက်သောက်သူကို ကူညီသည်ဆိုလျှင် သူတော်ကောင်းအချင်းချင်း တွေ့ဆုံမေးမြန်းခြင်းဖြင့် သောတာပန်တည်သည်ဆိုသည်မှာ အမှန်ပင် ဖြစ်ပါလိမ့်မည်။

ကိုထွန်းဝေတစ်ယောက် အရက်မူးလဲ၍ ရေနစ်သေဆုံးပြီး တစ်ဘဝချုပ်ငြိမ်းခဲ့သော်လည်း သံသရာဝဋ်အတွင်းမှာပင် သက်ဆင်းကာ ကျင်လည်ရပေဦးမည်။

သံသရာကျင်လည်ရခြင်းတူသော်လည်း အောက်သံသရာ (အစုန်လမ်း) မကျင်လည်ဖို့ အရေးကြီးပါသည်။

လူ့ဘဝလည်းရ၊ သာသနာနှင့်လည်းကြုံခိုက် လူ့ဘဝ (ယခု) အခွင့်ကောင်းကို လက်မလွှတ်ကြပါစေနှင့်။ ထို့ကြောင့် အအိုမဦးခင်၊ အနာမဦးခင်၊ အသေမဦးခင် ဉာဏ်ဦးအောင်သာ . . .။

*သမ္မာဆန္ဒပြည့်ဝကြပါစေ*

စာရေးသူ ငယ်စဉ်ဘဝ ရွှေကျင်ခဲ့စဉ်က လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကိုနာမည်ပြောင်း၍ ရေးသားလိုက်ပါကြောင်း။

စိုးလင်းအောင် (မြန်အောင်)



www.burmeseclassic.com

www.burmeseclassic.com

ဒီအဖြစ်မျိုး အင်္ဂလိပ်ခေတ်တုန်းကလည်း ကြုံဖူးတာကြားဖူးတယ်။ လူတစ်ယောက် လောင်းကစားတာဝါသနာပါတယ်။ သူ့အဖေက ရန်ကုန်မှာ အမှုကြီးကြီးတစ်ခုနဲ့ရင်ဆိုင်ရတော့မှာ။ အမှုကကြီးတယ်။ ဒါပေသိ အထိုက်အလျောက် ပေးနိုင်ကမ်းနိုင်ရင်တော့ အမှုကလွတ်လောက်တယ်။ မပေးနိုင်မလိုက်နိုင်လို့ကတော့ အဲဒါ သေဒဏ်ပဲတဲ့။ ရွာကလူတစ်ယောက် သေရမယ့်အရေးအခင်းကြုံလာတော့ ဟိုကဒီကနေ တစ်ရွာလုံး ကူညီလိုက်ကြတာ ငွေအထိုက်အလျောက်ရလာတယ်။ အဲဒီငွေထုပ်နဲ့ သူတို့သားကို ရန်ကုန်မှာ အမှုရင်ဆိုင်နေရတဲ့ သူ့အဖေဆီလွှတ်တယ်။ အချိန်မီငွေသွားထိုးနိုင်မှသာ သေဒဏ်ကလွတ်တော့မှာကိုး။ အစောကပြောတဲ့ ဖဲသမားသားကို လွှတ်လိုက်တယ်။

အဲဒီခေတ်တုန်းက ဘယ်ကလာ ခုလိုကားတွေဘာတွေပေါပါလိမ့်ဦးမလဲ။ ဈေးသက်သာတဲ့ သင်္ဘောတို့ မီးရထားတို့ စီးသွားကြရတာပေါ့။ အဲဒီတုန်းက ငွေထုပ်ပိုက်လာတဲ့သားဟာ ရန်ကုန်ကို မီးသင်္ဘောစီးသွားပါတယ်။ သွားရမယ့်ခရီးကလှမ်းတော့ သင်္ဘောစီးတာကို သုံး၊ လေးည သင်္ဘောပေါ်တင်အိပ်စားသွားရတဲ့ရေလမ်းခရီး။ ဘယ်မှမသွားရ၊ ဘယ်မလာရ။ ကြာတော့ ညောင်းညာလာရော၊ ပျင်းလာလေရော။ ဒီတော့ သင်္ဘောပေါ်မှာတင် ဖဲဝိုင်းထောင်ကြတယ်။ လောင်းကစားသမားတွေရဲ့ထုံးစံအတိုင်း ငွေမျှောငွေနဲ့လိုက်ကြတာပေါ့။ မျက်စိတွေဆိုတာလည်း သူများအိတ်ထဲကပိုက်ဆံပဲမြင်နေတာ ကိုယ့်အိတ်ထဲက ပိုက်ဆံပါသွားတာ မမြင်ဘူး။

"ဟဲ့ - ကြည်ခင်၊ ရန်ကုန်မှာအဘနဲ့တွေ့ခဲ့လား။ ပိုက်ဆံတွေကောပေးခဲ့ရဲ့လား သေချာ"

"ပေးခဲ့ပါတယ်၊ အသေချာပါ။ ဒါပေမယ့် အဘကိုပေးရတာမဟုတ်ဘူး။ ရဲတို့တရားသူကြီးတို့နဲ့တွေ့ တိတ်တိတ်ပေးခဲ့ရတာ"

"ဘယ်လိုပေးပေး ပေးခဲ့ရရင်ပြီးပြီပဲ။ အဘနဲ့တွေ့တော့ဘာမှာသေးသလဲ။ တို့ကော မေးမနေဘူးလား"

"ဟာ - မေးတာမှ လူစုံကိုပဲ။ လိမ်လိမ်မာမာနေကြ၊ သူမကြာခင်ပြန်လာခဲ့မှာတဲ့"

"ကောင်းပါလေ့တော်၊ ငွေကုန်ရကျိုးနပ်တာပေါ့"


ရန်ကုန်မှာထောင်ကျနေတဲ့ အဘက ကြည်ခင်ကနေတစ်ဆင့် လိမ်လိမ်မာမာနေကြ၊ မကြာခင်ပြန်လာခဲ့မယ်လို့ ပြောတဲ့အဘပါပဲ။ နောက်နှစ်လခန့်ကြာတော့ အဘနဲ့အမှုတွဲထဲအတူပါတဲ့လူတွေအားလုံးကြိုးမိန့်ပေးလိုက်တယ်ကြားကြရတော့တာပါပဲ။ အခု ကိုသိန်းလွင်ရှေ့မှာ မြင်နေတွေ့နေရတဲ့ အဖြစ်အပျက်ကလည်း ဒါမျိုးပဲပေါ့။

နာမည်က ကိုထွေးမောင်တဲ့။ ကျောက်ပန်းတောင်းသား။ အသက်တ(၃၀)လောက်။ အဲဒီတုန်းက ကိုသိန်းလွင်က ဘော်ဒါဆောင်ကြီးမှာ ညလုံခြုံရေးလုပ်ရင်းက ကိုထွေးမောင်နဲ့တွေ့ဆုံခင်မင်ခဲ့ကြတာ။ အသားညိုညို၊ ပုပုလုံးလုံး မျက်လုံးကပြူးပြူးနဲ့ အရက်တိုအင်မတန်ကြိုက်တဲ့လူ။ သူတို့ပြောလိုက်ရင် မီးပူခံနိုင်အောင်သောက်ရတာပါဗျာလို့ ပြောသေးရဲ့။ ကိုထွေးမောင်ရဲ့အလုပ်က ဘော်ဒါဆောင်ကြီးမှာ လက်ထောက်စားဖိုမှူးဆိုပါတော့။ ဘာလို့အတိအကျပြောလို့မရသလဲဆိုတော့ သူတို့အထက်မှာ အဝယ်တော်တွေ၊ စားဖိုမှူးကြီးတွေလည်းရှိကြတယ်။ ကိုထွေးမောင်လို လက်ထောက် စားဖိုမှူးတွေဆိုတာကတော့ ဖောခြင်းသောခြင်းပါပဲ။ ဘာပြုလို့လဲဆိုတော့ အခုဒီဘော်ဒါဆောင်ကြီးမှာ

(ကျော့ဇမ်)

# ဟောင်သင်းထုံ

## ကုက္ကိုရိပ်တွေမရှိကြတော့ ရိုးရာအချို့လည်း အိပ်ပျော်သွားကြပြီ



www.burmeseclassic.com

www.burmeseclassic.com

ဘ ကျောင်းသူကျောင်းသားအဆောင်မှူး၊ ဝန်ထမ်းတွေပါဆိုရင် လူက နှစ်ထောင်ကျော်ရှိတာ။ အဲဒီနှစ်ထောင်စာအတွက် မနက်စာ၊ နေ့လယ်စာ၊ ညစာအပြင် တနင်္ဂနွေနေ့လိုဟာမျိုးကျတော့ ညကျွေးဆိုပြီး ညဦးလယ်စာတောင်မှ ချက်ပြုတ်ကျွေးရသေးရဲ့။ ကိုထွေးမောင်ထို့ လက်ထောက်စားဖိုမှူးတွေဘာလို့များသလဲဆိုလို့ ပြောပြနေရတာပါ။

"လာ - ကိုသိန်းလွင်၊ ကြက်ဆီဖူးကြော်အမြည်းနဲ့ ရေနွေးခါးသောက်ရအောင်"

"ဟကောင်-ထွေးမောင်၊ မင်းဟာ ထုတ်မှလည်းလုပ်ပါကွာ။ စားဖိုထဲက အဆောင်မှူးမသိအောင်ယူလာတဲ့ကြက်သားတွေဆိုရင် ငါမှာရှားရှားပါးပါးရထားတဲ့ ညစောင့်အလုပ်ကလေးပါပြုတ်နေပါဦးမယ်။ နေပါစေ"

"ဩော် - ကိုသိန်းလွင်၊ ခင်ဗျားဆိုတဲ့လူအတော်ရိုးတာပဲ။ ကျောင်းသူကျောင်းသားတွေကို အဆောင်ကကြက်ဆီဖူးဆိုတဲ့ကြက်ဖင်လုံးဝမကျွေးဘူးဗျ။ အဲဒါခုတ်ပယ်သားတွေကြော်ပြီး ခင်ဗျားတို့တစ်တွေစားရအောင် စေတနာနဲ့ယူလာတာ"

"အေးဟေ့-အဲဒီလိုဖြင့်စားမယ်ကွ။ လာပြီ လာပြီ"

ဟုတ်တော့လည်းဟုတ်တယ်ရယ်ဗျ။ ဒီမြို့မှာ ကိုသိန်းလွင်တို့ဝင်လုပ်နေကြတဲ့ ဘော်ဒါဆောင်ဆိုတာက အကြီးကြီး။ ကျောင်းသားတွေလည်း အများကြီး။ အဆောင်ကြေးကလည်းကြီးတာပဲ။ ဒီတော့လာ၊ အဆောင်မှာလာနေကြတဲ့ကျောင်းသူကျောင်းသားတွေဆိုတာ တစ်နိုင်ငံလုံးက ထိတ်ထိတ်ကြဲတွေရဲ့ သားသမီးတွေ၊ တချို့များဆို ဝန်ကြီးရဲ့ သားသမီးတွေတောင်မှပါလိုက်သေးရဲ့။ ဒီတော့လာ၊ အစားအသောက်နဲ့ပတ်သက်လာရင် သေချာကျွေးရတာ။ ဝက်သားချက်ရင် အရိုးမပါစေရဘူး။ ကြက်သားကျွေးရင် လည်ချောင်း၊ တောင်ပံ၊ ခြေထောက်ရိုးတွေ ချက်မကျွေးရဘူး။ အသားကန်ထရိုက်တွေနဲ့ အဆောင်က စာချုပ်ကတည်းက ဒီစည်းကမ်းချက်တွေကပါပြီးသားပါ။ ဟုတ်။

"ဟာ - ထွေးမောင် မင်းဟာက အပြောနဲ့အလုပ်က တခြားစီပါလားကွယေ။ ဘာပြုလို့ရမှာလဲ။ မင်းပြောတော့ သူဌေးသားသမီးတွေမို့လို့ ကြက်ရိုးမကျွေးရဘူးပြောတာ၊ ခုတို့စားနေကြတဲ့ ကြက်ဖင်ကျတော့ဘာပြုလို့"

"ကြက်ဖင်လောက်တော့ စားဖိုမှူးတွေခုတ်ထစ်ကြပေါ့ဗျာ။ နို့မို့ရင် အလုပ်မရှိမှာစိုးလို့နဲ့တူပါရဲ့။ ကြက်ကန်ထရိုက်တောင် ကြံဖန်ကျွေးဖူးတင်ရမှာရယ်ဗျ။ နို့မို့ ခုလိုတောင် ကြက်ဆီဖူးကြော်စားရမှာဟုတ်ဖူးရယ်"

"အမယ်လေး-ကျေးဇူးပါမောင်ရာ။ ငါ့လူ စားဖိုမှူးကြီးမြန်မြန်ဖြစ်ပါစေဗျာ. ဒါမှ . . ဒါမှ"

လုံခြုံရေး၊ ကျွေးမွေးရေး၊ သန့်ရှင်းရေး၊ . ဘော်ဒါဆောင်ကြီးတစ်ခုမှာ အောက်ခြေသိမ်းလုပ်ငန်းတွေလုပ်နေကြရခြင်း ဘဝမှာဒီလိုပါပဲလေ။ ကျရာတာဝန်ကျေပွန်အောင်ကြိုးပမ်းနေကြရတာပါ။ လုံခြုံရေးလုပ်နေရပေမယ့် ဘယ်သူဘယ်သူမှ အထင်သေးလို့မရပါ။ တစ်ခါက ပင်မ (၅) မှာ နေ့ခင်းဘက် လုံခြုံရေး



www.burmeseclassic.com

တာဝန်ယူသွားခဲ့သော ဦးမြအောင်ဆိုရင် ရှုပဗေဒနဲ့ မန္တလေးတက္ကသိုလ်မှာ နေ့ကျောင်းတက်၊ ဘွဲ့ရခဲ့တဲ့လူ။ ကဲ - ဘယ်လိုပြောမလဲ။ သူမိဘတွေက တစ်ချိန်က မြို့မျက်နှာဖုံးတွေ၊ သူကိုယ်တိုင်က မဆလပါတီမှာတုန်းက မြို့နယ်အသင်း အချိန်ပိုင်းတရားသူကြီး ကဲ. . . ။

ဈေးမှာ စက်ဘီးစတင်ဆောင့်တယ်။ အဆောင်မှူးလုပ်ဖူးတယ်။ ကျူရှင်ဆရာလည်း လုပ်ဖူးတယ်။ ဟော- ဒီအဆောင်မှာကျပြန်တော့ လုံခြုံရေး တာဝန်ယူနေရတယ်။ ဒီလိုပဲ ပင်မ(၃)က ညဂိတ်လုံခြုံရေးမှူး၊ စိုက်ပျိုးရေးကော်ပို ရေးရှင်းက ကျေးလက်မန်နေဂျာ။ ခုကိုသိန်းလွင်ကြည့်ဦးမလား။ နေ့ဘက်မှာ ဆောက်လုပ်ရေးဝန်ထမ်း၊ ဩဘ် - ဘဝမှာ ဘွဲ့တွေ၊ ပညာတွေ လုပ်သက်တွေနဲ့ ပေမယ့် ပိုသေတွက်လို့ပြောလို့မရပါဘူး။ မိသားစုစားဝတ်နေရေးနဲ့ယှဉ်လာတော့ ရွေးရနေအောင် မင်းကဘာကောင်လဲ ဆိုတဲ့ စိုင်းထီးဆိုင်ရဲ့သီချင်းထဲက စာသားလိုပါပဲလား။ ဝက်ဖြစ်မှတော့ မစင်ကို ကြောက်မနေကြတော့ပါဘူးလေနော်ဗျာ။

ထွေးမောင် ပြောပါတယ်။ ဒီကောင် ခုမှသာ လက်ထောက်စားဖိုမှူး ဆိုပြီး ပြောင်ပြောင်ရောင်ရောင်ဖြစ်နေတာပါ။ ရောက်ခါစက အလုပ်ဝင်ခါစ ကျွေး/သန့်နဲ့ဝင်လာတာပါ။ ကျွေး/သန့် ဆိုတာက ကျွေးမွေးရေး၊ သန့်ရှင်းရေးကို ပြောတာပါ။ ဘော်ဒါဆောင်ကြီးက ဒီမြို့မှာကြီးတော့ ကျောင်းသားဆောင်၊ ကျောင်းသူဆောင်တွေဆိုပြီးခွဲထားတယ်။ အဆောင်တစ်ဆောင်မှာ အဆောက် အအုံအကြီး၊အသေးကိုလိုက်ပြီး ကျောင်းသား(၅၀)ကနေ (၂၀၀)၊ (၃၀၀) အထိ ထားတတ်တယ်။တစ်ဆောင်တစ်ဆောင် မှာက အဆောင်မှူးတွေအပြင် နေ့လုံခြုံရေး၊ ညလုံခြုံရေးဆိုပြီးထားတယ်။ လုံခြုံရေးဆိုတာတွေက မိန်းကလေးအဆောင် ဖြစ်ဖြစ်၊ ယောကျ်ားလေးအဆောင်ဖြစ်ဖြစ် အမျိုးသားကြီးတွေပဲလုပ်ကြတယ်။ အစောကပြောသလို ပင်စင်စားတွေ၊ နေ့ဘက်ဝန်ထမ်းတွေပေါ့။

"ဟာ - ထွေးမောင်ကြီး၊ ဘယ်က တရုတ်ကလေးလေးကိုခေါ်လာတာလဲ။ ရှုပ်ကရှုပ်နဲ့ မင်းနော်။ ဘော်ဒါအုပ်နဲ့တွေ့ရင် အလုပ်ပြုတ်နေဦးမှာနော်"

"ကျွန်တော့် သမီးလေးပါဗျာ။ အိမ်မှာက ဘယ်သူမှမရှိ၊ သူ့အမေကလည်း မိန်းကလေးဆောင်မှာ တာဝန်ကျနေတော့ မဖြစ်မနေခေါ်လာရတာပါ။ ဘော်ဒါအုပ်အဆောင်တွေရောင်းမလှည့်လာပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ။ ခွကျလိုက်တာ"

ထွေးမောင်တို့လို ကျွေး/သန့် ဝန်ထမ်းတွေက တစ်ဆောင်မှာ နှစ်ဦးစီ လောက်ရှိတယ်။ ယောကျ်ားကလေး၊ မိန်းကလေးအဆောင်လိုက် အလုပ်ဝင်ရတာ။ သူတို့ကတော့ လူငယ်တွေ။သူတို့ လည်းပင်ပန်းတာပဲ။ မနက်ကျောင်းသားတွေမထခင်ကြိုထ၊ ရေနွေးအိုးဘာညာတည်ထား၊ မနက် (၅) နာရီမှာ ကျောင်းသားတွေကို ဘရိတ်ဘတ်(ခ်)ကျွေး၊ ကလေးတွေ စာသင်ခန်းဝင်တော့ သန့်ရှင်းရေးလုပ်၊ ပန်းကန်ခွက်ယောက်ဆေး၊ အဲဒီလိုပဲ အဆောင်ကကျောင်းသားတွေကို မနက်စာတစ်ခါကျွေး၊ ညစာတစ်ခါ ကျွေး၊ ပန်းကန်ခွက်ယောက်ဆေး၊ အဆောင်ဝန်းကျင် သန့်ရှင်းရေးလုပ်ကြရတယ်။ အဲဒါက နေ့စဉ် ပုံမှန်အလုပ်။

ဒီကျွေး/သန့်တွေဟာ တစ်ပတ်မှာ နှစ်ညသုံးညလားပဲ ညဂျူတီဆိုပြီး ဟိုကအဆောင်ကြီးမှာ တစ်နေ့စာ အဆောင်ကြီးတစ်ဆောင်လုံးစာကျွေးမွေးရေးအတွက် ချက်ပြုတ်ကြော်လှော်တဲ့နေရာကူညီဖို့ စောင်ထုပ်လေးပိုက်ဝင်ကြရပြန်ရော။ အလုပ်ပြီးတဲ့အချိန်က မနက် (၄) နာရီမှ။ အဆောင်တွေပို့တဲ့ ထမင်းကားနဲ့ ကိုယ့်အဆောင်ပြန်လာ၊ အဆောင်မှာကျန်ခဲ့တဲ့ ကျွေး/သန့် တစ်ယောက်ကို ပြန်ကူညီ၊ ဒါက နေ့စဉ် အလုပ်တွေပါပဲ။ ကျောင်းသူကျောင်းသားအဆောင်က ကလေးတွေကို အောက်ခြေသိမ်းလုပ်ပေးနေရ၊ အိမ်သာဆေး၊ အမှိုက်ကျုံးလုပ်ပေးနေရပေမယ့် တချို့ ကျွေး/သန့်တွေထဲမှာ ယောကျ်ားလေးဖြစ်ဖြစ် မိန်းကလေးဖြစ်ဖြစ် အဝေးသင်ဒုတိယနှစ်၊ တတိယနှစ်တက်နေကြတာတွေတောင်မှပါကြပေါ့။ ကဲ - သူတို့တစ်တွေ ဒီအဆောင်ကနေ စာပေးစာယူနဲ့ ဘွဲ့ရသွားခဲ့ကြပါပြီတဲ့။ ဒီအဆောင်မှာ ဂိုက်ဆရာမလိုလို၊ လက်ထောက်အဆောင်မှူးတို့လိုလို ကိုယ်ကပြန်လျှောက်ပါပြီတဲ့၊ ဘော်ဒါအုပ်က ပြန်ခန့်ပါမတဲ့လားဟင်။ သူက အဆောင်မှူးဆရာမလို့သာပြောတာ အရင်က ကျွေး/ သန့်ကြီးလို့ ကျောင်းသူတွေက ဝေဖန်ကြရင်တော့ ဘော်ဒါအုပ်က ငြင်းချင်ငြင်းမှာပါ။ ဒီတော့လား၊ အခြားဘော်ဒါဆောင်တွေ ပြန်လျှောက်ကြရုံပေါ့၊ ဟုတ်ဖူးလား။

ဒီလိုသာ ပြောနေရပေမယ့် ထွေးမောင်တို့ကတော့ ရှင်းပါတယ်။ လာကတည်းက တောကလာတာ၊ ဟိုးဘက် ကျောက်ပန်းတောင်းနယ်ထဲက တောသားပါ။ သူများတွေလို မျှော်လင့်ချက်ဘာညာတွေ မထားတားပါဘူး။ ဒီအဆောင်ဝင် ဒီအလုပ်လုပ်ဆိုပြီး ထွေးမောင်ဘဝက ကျွေး/သန့်အလုပ် သမားကစခဲ့တာပါ။ တခြားတော်တော် များများလည်း သူ့လိုလူတွေများပါတယ်။ လုပ်ရတဲ့အလုပ်က အိပ်ရေးပျက်တာကလွဲလို့ ပင်ပန်းတယ်လို့ပြောရအောင် ကိုယ်က ရွာမှာနေပူစပ်ခါးကြီးထဲတစ်နေ ကုန်လုပ်လာခဲ့ကြတဲ့သူတွေဆိုတော့ အ ဒီအဆောင်မှာလုပ်ရသလောက်ကတော့ တွဲတေးသိန်းတန်သီချင်းတောင်မှ ဆို လိုက်ချင်ပါသေးရဲ့။ 'ပျင်းတောင်ပျင်း သေးတယ်ဟေ့' လို့လေ။

လူကသာမည်းမည်းကြုတ်ကြုတ် မျက်လုံးပြူးပြူး၊ ပုတုတု။ ဟာ - အလုပ်ကျတော့ ဘာလုပ်သလဲမမေးနဲ့။ ဖင်ထ လည်းမတရားပေါ့တာ။ ပြီးတော့ လူထဲ ကလည်းခတ်တတ်ပ့ါ။ အဆောင်မှာ ဘော်ဒါအုပ်ရဲ့ မိတ်ဆွေ၊ သူငယ်ချင်း တွေရှိတယ်။ ဘော်ဒါရဲ့အုပ်ချုပ်ရေး ကော်မတီထဲပါကြတဲ့သူတွေပေ့ါ။ သူတို့ က ပညာတွေအများကြီးမတတ်ပါဘူး ဒါပေမယ့် အဆောင်မှာကျတော့ အခ ဗျ။ လူတွင်ကျယ်။ အဲဒီလူတွေညောင်း တဲ့အခါ ထွေးမောင်ကတော့ အလတာ နေအလကားဆိုပြီး ဇက်ကြောဆွဲပေး တယ်။ နင်းနှိပ်ပေးတယ်။ အပူထုတ်ပေး တယ်။ ကဲ - ဒီလိုဆိုတော့ ရာထူးတိုး လစာတိုးစရာရှိတဲ့အခါ 'ဆရာထွေးမောင် ကတော့မဆိုးဘူးဗျ၊ ဒီကောင်လေးက' လို့ဖြစ်လာပါရောလား။

ယောသူ အေးရွှေက မိန်းကလေး အဆောင်မှာ ကျွေး/သန့်လုပ်တယ် တောသူလို့သာပြောတာ အသားဖြူ ကြည့်လိုက်ရင် ရွာကတည်းကပါလာ နားသန်သီးလေးစတ်လို့။ စကားပြော တာလည်း ဝဲတဲဝဲတဲဆိုတော့ အဲဆောင် ကြီးမှာ ညဂျူတီကျတဲ့ခါ ချက်ရင်းပြုတ် ရင်းကတွေ့ကြပါရောလား။ စုပေါင်း ပေါင်းနဲ့ ထွေးမောင်နဲ့ အေးရွှေ သူတို့ နှစ်ယောက် မင်္ဂလာဆောင်ကြတော့ မြနန်းတော်ဟိုတယ်မှာ။ အဲဒီမှာ မင်္ဂလာ ဆောင်တဲ့အတွက် မေတ္တာလက်ဆောင် အနေနဲ့ ဟိုတယ်က တစ်ညတာတည်း ခွင့်အခမဲ့စီစဉ်ပေးပါတယ်။ အဲဒါ ဝန်ဆောင်မှုနေမှာပေါ့။ ဘော်ဒါအုပ် တောင် နှစ်ယောက်စလုံး သူ့အရင်း တွေမို့ ငွေတစ်သိန်းလက်ဖွဲ့ပေးသေးတော



www.burmeseclassic.com

“ဟော့ကောင် ထွေးမောင်၊ မင်း သမီးလို့သာပြောတာ ဟုတ်ရဲ့လားကွာ၊ ဖြူဖွေးနေတဲ့ဟာ”

“ကိုသိန်းလွင်ကလည်း ပြောက ချေမယ်။ သူ့အမေ အေးရွှေကဖြူတယ် လေဗျာ”

ခက်တာ သူတို့လင်မယား။ ယောက်ျားကလည်း အဆောင်မှာ အလုပ်လုပ်၊ မိန်းကလေးကလည်း အဆောင်မှာအလုပ်လုပ်၊ မင်္ဂလာသာ ဆောင်ပြီးတာ အတူနေကြရတယ်လို့မှ မရှိတာ။ ဒီလိုနဲ့ ကလေးလေးရလာတော့ အေးရွှေကိုအလုပ်ကထွက်ခိုင်း၊ ရပ်ကွက် ထဲမှာ အိမ်ငှားနေ၊ ထွေးမောင်ကတော့ အဆောင်မှာဆက်လုပ်နေတုန်းဆိုတော့ အိမ်ခန်းငှားတာတောင်မှ အဆောင်နဲ့နီး တဲ့ရပ်ကွက်ထဲရှာယူရတာပေါ့။ ခုတော့ သမီးလေးက သူငယ်တန်းတောင်မှ ကျောင်းတက်နေပါပြီ။ ခပ်သွက်သွက်မို့ ချစ်စရာလေး။ အေးရွှေတို့အိမ်က မူလတန်းကျောင်းနဲ့နီးတော့ တစ်ခါ ကလေးများ ကျောင်းသွားကျောင်းပြန် ကို သူတစ်ယောက်တည်းပဲသွားတာဆို။ လမ်းမှာ ဆိုင်ကယ်တွေ၊ ခွေးတွေနဲ့ကွာ ဆိုတော့ စိတ်မချပါဘူး။ မင်းမိန်းမကို လိုက်ပို့ခိုင်းစမ်းပါလို့ ကိုသိန်းလွင်က တောင် ပြောယူရတယ်၊ မှာရတယ်။

“ကိုသိန်းလွင်ရာ သိလား၊ ကျုပ် သမီးလေး ဘာဖြစ်မှန်းမသိဘူးဗျာ။ ခုတစ်လောတက်တက်နေလို့ပါဆို”

“ဟကောင် မပေါ့နဲ့နော်။ မွေးထား ပြီးမှ ကိုယ့်ကလေးကိုလည်း ဂရုစိုက်ကြ ဦး”

“မစိုက်ရှိမလားဗျာ၊ အခုဟာ အေးရွှေဘက်ရော ကျုပ်ဘက်ပါ အတက်ရောဂါမရှိဘဲနဲ့ သမီးလေးကျမှ ဝက်ရူးပြန်သလို တက်တက်နေလို့ပါ ဆိုနေ”

ကိုသိန်းလွင်မှာ ခက်တာက ထွေးမောင်နဲ့ အနီးကပ်စကားပြောရ တော့ ဒီကောင် နေ့ခင်းကြီးကို သူ့ပါးစပ် က အရက်စော်တွေကဟောင်နေတာ ။ မျက်လုံးတွေကလည်းနီ၊ ရီဝေရီဝေနဲ့။ သူ့ပြောတော့ ဟာဗျာ- ခင်ဗျားကလည်း နေပူခံမီးပူခံလေးပါဗျာ။ ကျုပ်တို့အလုပ် အချိန်ရေးမတရားပျက်တာ။ တစ်ဆောင် လုံးစာ တစ်ညလုံးချက်ရပြုတ်ရတာလို့ ပြောပါတယ်။ အဲဒီတော့ ထွေးမောင်က စားထောက်စာဖိုးမှူးဖြစ်နေပေါ့။ လခ ကလည်း အထိုက်အလျောက်ကောင်း ဆိုတော့ ဒီကောင်အရက်ကလေးတမြမြ



နဲ့ ဟုတ်နေတော့တာပေါ့။ တစ်ခုတော့ရှိ တယ်ဗျ။ ဒီကောင် လုပ်ငန်းချိန်မှာ အရက်တွေသောက်နေရကောင်းလား လို့ ဘော်ဒါအုပ်က ငြိုငြင်မှာတော့ မဟုတ်ဘူးရယ်။ ဘာပြုလို့လဲဆိုတော့ မူးယစ်ကင်းစင်နယ်မြေဆိုတဲ့ ဆိုင်းဘုတ် ကြီးအောက်မှာတောင် ဆေးလိပ်ဘာ ညာသာမသောက်ကြတာ အရက်နံ့တွေ က ထောင်နေဟောင်နေတာပါပဲဆို။ ဒါကြောင့်မို့ပြောတာ ထွေးမောင် အရက်သောက်လို့တော့ ဘာမှမဖြစ်စေ ရဘူး စိတ်ချ။

“ကိုထွေးမောင်၊ သမီးလေးဖြစ်နေ တာ ရိုးရာများလားပဲ။ ကျွန်မတော့ နတ် ကတော်ပင့်တိုင်ပင်ကြရအောင်လား”

ပြောရရင် ထွေးမောင်က ကျောက် ပန်းတောင်းနယ်သား၊ သူ့မှာလည်း ရိုးရာ နတ်ကိုးကွယ်တာရှိတယ်။ အေးရွှေတို့ ယောနယ်မှာလည်း မိဆိုင်ဖဆိုင်နတ် တွေဆိုတာရှိတာပဲ။ တချို့များ ရွာပြန်လူ ကြုံရှိလို့ ရေစင်ဖိုး၊ နတ်ကိုးဖိုးထည့်ပေး လိုက်လို့ရပေမယ့် တချို့ကျတော့ အိမ် ထောင်ဘာညာပြုပြီးတာနဲ့ ကိုယ့်အရပ် ပြန် နတ်ပြကြရသေးတာရယ်။ ကားသမား လင်မယားမှာ သူ့ယောက်ျား မျက်စိ တစ်ဖက်ထိခိုက်မိတော့ အဲဒါ ရိုးရာကိုင် တာလို့ပြောနေကြတာရော။ မယုံလို့က လည်း မရဘူးရယ်။

ကိုသိန်းလွင် ရုံးပိတ်ရက်ဘာရယ် မဟုတ် ထွေးမောင်တို့အိမ်ဘက်လည်း ရောက်ပေ့ါ။ ဒီတော့ သူတို့အကြောင်း တစ်စိတ်တစ်ဒေသမြင်နေကြားနေရတာ ပေါ့။ တစ်ခါများ သူ့မိန်းမ အေးရွှေ အိမ်ရှေ့မှာစကားတွေကောင်းပင်ကောင်း ရက်ပြောနေရာကထဖောက်ပါရောလား။ ‘ဘာမှမဖြစ်ပါဘူး၊ ကိုသိန်းလွင်ရာ၊ သူ့ဘက်ကအမျိုးတွေက မကျေနပ်တာ ရှိလို့ ဝင်ပူးပြောတာပါ။ ထိုင်မှာသာ ထိုင်စမ်းပါ။ တော်နေကြာ သူ့ဘာသာသူ ငြိမ်ကျသွားပါလိမ့်မယ်’ တဲ့ အဲဒီလိုရယ်။

သူ့သမီးလေး အလကားနေရင်း တက်တက်နေတော့ ကျောင်းကလည်း ပျက်တာနဲ့ ပယောဂဆရာနဲ့ပြတော့ လည်း ကိုသိန်းလွင်မြင်တာပဲ။ ကလေး လေးကအပမှီနေတာ၊ အစွဲချွတ်ရအောင် ပေးစမ်းပါ တုတ် ဆိုပြီး ပယောဂဆရာက တောင်းလို့ ကိုသိန်းလွင်တောင်မှ မယုံ တဲ့ကြားက ကလေးမနာအောင် နေကြာ ရိုးကောက်ပေးလိုက်ရပါသကော။ ဒါပေ မယ့် ကလေးကတော့ မသက်သာပါဘူး။

“ဒီလိုချည်းတော့နေလို့မရတော့ ဘူး ကိုထွေးမောင်၊ တော့်ပိုက်ဆံတွေ ကုန်ပစေ့ရော့၊ ဆေးခန်းပြချေပါ။ကလေး က ခွေးရူးပြန်တာလားလို့ပါ”

မအေးရွှေက အဲဒီလိုစိုးရိမ်လို့ပြော ပေမယ့် ထွေးမောင်ကတော့မယုံဘူး။ ပယောဂဆရာနဲ့ပြပြီးပြီပဲ။ အေးရွှေပြော သလို ကလေးခွေးရူးပြန်ရောဂါရတယ် ပြောရအောင် ဘယ်တုန်းက ခွေးကိုက် ခံရတာရှိလို့တုံး။ အဲဒီခွေးကရော ရူး တာမြင်လို့လား။ အဲဒီနေ့က မူးနေတဲ့ ထွေးမောင်က ကလေးလေးကို သူ့စက် ဘီးကယ်ရီယာပေါ်တင်၊ ဆေးခန်းဆီကို မယုံတစ်ဝက်ယုံတစ်ဝက်နဲ့သွားခဲ့လေရဲ့။ ဖြတ်သွားတော့အရက်စော်တွေကလည်း ထောင်းလမောင်းထလို့။ ဆေးခန်းသွား ပြချိန်လောက်အကြာမှပဲ အိမ်ပြန်လာပါ တယ်။

ကြာပေါ့၊ ကိုသိန်းလွင်လည်း လုံခြုံရေးအလုပ်ကထွက်တာ၊ ထွေးမောင် နဲ့မဆုံဘူး။ ခုဒီဖြူစင်မေတ္တာသွေးလှူဒါန်း ပွဲမှာမှ သူတို့ဘော်ဒါအုပ်က ကုသိုလ် အနေနဲ့ နံနက်စာကျွေးတော့ ဒီကောင် လာကြီးကြပ်နေရလို့ ကိုသိန်းလွင်နဲ့ကြုံ ရတာပါ။ ဆရာဝန်ကပြောတော့ သူတို့ သမီးလေးဆုံးတာ ခွေးရူးပြန်ရောဂါရလို့ တဲ့။ ထွေးမောင်ရင်ထဲမှာ ဘယ်လိုနေ မယ်မှန်းမသိပေမယ့် ကိုသိန်းလွင်ရဲ့ မျက်စိထဲမတော့ ဖြူဖြူချောချောလေးနဲ့ ထွေးမောင်ရဲ့သမီးမျက်နှာလေးကို ခုထိ မြင်ယောင်နေဆဲပါပဲလား။ ဖြစ်ချိန်တန် လို့ ဖြစ်တယ်ပဲထား၊ ကိုသိန်းလွင်ရင်ထဲ မတော့ ဘယ်လိုမှကိုမခံစားနိုင်တာပါ။

မောင်သင်းထုံ (ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com

# မင်းဟိန်းခိုင်

## ဘုရားကျွန် ရက္ခစိုးကြီး



မနက် အရုဏ်တက်အချိန်တွင် ကျွန်တော်နိုးသည်။ မနက်လေနှင့်အတူ ဆည်းလည်းသံများကို သာယာနာပျော်ဖွယ်ကြားရသည်။ ထို့ကြောင့် မျက်စိဖွင့်ကြည့်လိုက်ရာ ဇရပ်ကြီး၏ပြတင်းပေါက်မှ ဆုတ်ရက်လရောင်ဖြင့် ရွှေတောင်ကြီးသဖွယ် ရွှေရောင်များဖိတ်ဖိတ်တောက်လက်နေသော စရိယဘုန်းတိုးတန်းတင်မာတ်တော်စေတီတော်ကြီး၏ လုံးတော် (ငှက်ပျောဖူး) ကို လှမ်းမြင်လိုက်ရသည်။

ထို့ကြောင့် ကျွန်တော် အိမ်မှာမဟုတ်။ မနေ့က အဖေကိုယ်တိုင် မန်းဆရာကြီးဦးစံရွှေ (ဗိသုကာဒီဇိုင်နာ၊ ပန်းတော့၊ ပန်းရန် စသည်) ထံ၌ ပညာသင်ရန် လာအပ်ထားခဲ့သည်ကို သတိပြုမိသည်။

ညဉ့်ဦးတုန်းက ကျွန်တော့်ဘေးမှာ ယှဉ်ပြီးအိပ်နေကြသည့် အောင်ကျော်သန်း၊ မောင်တင်လှနှင့် ကိုညွန့်တင်တို့လည်း တစ်ယောက်ကိုမျှ မတွေ့ရတော့ပေ။ ခေါင်းရင်းဘက် ဘုရားကျောင်းဆောင်ရှေ့တွင် ဖယောင်းတိုင်၊ အမွှေးတိုင်များကို ပူဇော်ထားပြီး တရားရှုမှတ်နေသည့် ဆရာကြီးကို တွေ့နေရသည်။

ကျွန်တော် ကပျာကယာထပြီး စောင်ကိုခေါက်ကာ ခေါင်းအုံးမှာထပ်လိုက်ပြီး ဇရပ်ကြီးအောက်သို့ဆင်းလာခဲ့၏။ ဇရပ်အောက်မီးဖိုရုံမှာ မောင်တင်လှတို့လူစု မနက်စာထမင်းကြော်ပြီး ရေနွေးတည်နေကြသည်ကို တွေ့လိုက်ရသည်။

ကျွန်တော့်မှာ ထုံးစံအတိုင်း မျက်နှာသစ်၊ ရေစိမ်းသောက်ပြီး ဗိုက်နာတတ်၍ အိမ်သာကို တန်းပြေးရသည်။ ကျွန်တော် အိမ်သာမှပြန်လာရာ မိုးလင်းစပြုနေလေပြီ။

ဇရပ်ကြီးအောက်သို့ ပြန်ရောက်လာရာတွင်လည်း ကျွန်တော့်မှာ အလုပ်သင်ရန် ဝင်ခါစ လူသစ်ကလေးမျှသာရှိသေး၍ ဘာမှမနားမလည်ပေ။ ထို့ကြောင့် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်ကာ မောင်တင်လှတို့လူစု မနက်စာစီမံနေကြသည်ကိုသာ ရပ်ကြည့်နေမိသည်။

မောင်တင်လှ၊ အောင်ကျော်သန်း၊ ကိုညွန့်တင်တို့မှာလည်း ကျွန်တော်နှင့် တစ်ရွာတည်းသားများ ဖြစ်ကြသည်။ သို့သော်လည်း သူတို့သည် ကျွန်တော့်ထက် အသက်သုံးလေးနှစ်မျှကြီးကြပြီး ဆရာကြီးဆီမှ ဗိသုကာဒီဇိုင်နာပညာရပ်များကို သင်ယူနေကြသည်မှာလည်း (၃) နှစ်နီးပါးရှိနေကြပြီ။

ကျွန်တော့်မှာ ယခုမှ အသက် (၁၂) နှစ်ကျော်မျှသာရှိသေး၍ သူတို့၏ ညီအရွယ်မျှသာရှိသေး၏။ ထို့ကြောင့် သူတို့သည် ကျွန်တော့်ကို ဘာမှမ ... မခိုင်းကြသည်လောမသိ။

"မနေ့ကရောက်လာတဲ့ ... လေးနာမည် ဘယ်သူတုံး"

ဆရာကြီး လှမ်းမေးသံကို ... လိုက်ရသည်။

"မောင်ဘုန်းကျော်လို့ခေါ်ပါတယ် ဆရာကြီး"

ဟု အောင်ကျော်သန်းက လှမ်း... ပြောလိုက်သည်။

"အေး - ငါ့ဆီကိုလွှတ်လိုက်စမ်း"

"သွား၊ ဆရာကြီး မင်းကို ခေါ်... တယ်"

ဟု ပြောကာ တွန်းလွှတ်လိုက်... ကျွန်တော် ဇရပ်ကြီးပေါ်သို့ ခပ်သွက်... သွက်တက်သွားသည်။

"မင်းနာမည် ဘုန်းကျော်လား"

"ဟုတ်ကဲ့ပါ ဆရာကြီး"


"မင်းအဖေက ဝေထွန်းဦး..."

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မအေ... ဘုရားကြီးမှာ ... အရုက်ဘွ... တော သွားစွန့် ...က်"

ကျွန်... ဆရာကြီးရှေ့မှ ...ယိုယိုထ... ပေါ်မှ ခုန်ဆင်း ...သွားသည်... ရှေ့ တန်းလျား ...မှ ... ၁) တိုင်သည် ...ကတ်တစ်... ပြီး မှိတ်တုတ် ...ိတ်တုတ်... အမွှေးတိုင်များ ...ပြာဖြစ်...

ဆွ... တွေပန်းကန် ...ားကြီးဖြ... ာ်တစ်ပန်းကန်၊ ...င်းပန်းကန်... န့်။ ထို့နောက် ကော်ဖီပန်း... ်းကန်၊ မျက်နှာ သစ်တော်ရေ... သောက်တော်ရေ၊ သုံးတော်ရေ... ားကြီးသုံးလုံး။

ကျွန်တော်... ဘုရားကြီးကို ဦး (၃) ကြိမ်... လိုက်ပြီး ဆွမ်းနှင့် ဆွမ်းဟင်း... ၊ ကော်ဖီနှင့် မုန့် ပန်းကန်များ... ာ ပိတောက်ပင်



www.burmeseclassic.com

www.burmeseclassic.com

ကြီးအောက်မှာသွားသွန်လိုက်သည်။

ထိုအခိုက် တစ်ဖက်ဇရပ်ပေါ်မှ ပုံစုတ်စုတ်နှင့် အဘိုးအိုကြီးတစ်ယောက်သည် ခပ်သွက်သွက်ဆင်းလိုက်လာပြီး ကျွန်တော်ဆွမ်းတင်စွန့်သည်ကိုစိုက်ကြည့်နေသည်။

ကျွန်တော် နောက်တစ်ခေါက် ရေတော်ပန်းကန်များကိုစွန့်ယူပြီး ပြန်လာရာ ထိုအဘိုးအိုကြီးသည် ကျွန်တော်စွန့်စားခဲ့သော ဆွမ်း၊ ဆွမ်းဟင်းနှင့် မုန့်များကို ကောက်စားနေလေသည်။ ထို့ကြောင့် ကျွန်တော့်စိတ်ထဲတစ်မျိုးကြီးဖြစ်သွားမိသည်။

'ကိုယ့်အသက်ကိုမှမထောက်. . ဆွမ်းတင်ကိုကောက်စားရတယ်လို့. . .'

ကျွန်တော် ပန်းကန်များကို ထပ်ကိုင်ပြီး ဇရပ်ကြီးဆီ ပြန်လျှောက်လာရာ အောင်ကျော်သန်းက ခပ်တင်းတင်းအမူအရာဖြင့် ကျွန်တော့်အား စိုက်ကြည့်နေသည်ကိုတွေ့ရသည်။ အနားသို့ ရောက်လျှင်ပြောသည်။

"မင်း၊ အဲလိုဘာလို့လုပ်ရတာလဲ"

ကျွန်တော် နားမလည်ပေ။ အောင်ကျော်သန်း ဘာပြောမှန်းလည်း မသိ။

"ဆွမ်းတင်တွေကို ဟို-အဘိုးကြီးတော့ မပေးဘဲနဲ့"

"ဟ-ဆွမ်းတင်မို့လို့မပေးဘဲ စွန့်ပစ်တာလေ"

"ဆွမ်းတင်မို့လို့ပေးရမှာပေါ့ကွ"

ကျွန်တော်နှင့် အောင်ကျော်သန်း တစ်ယောက်တစ်ပေါက်ပြောနေကြသည်ကို ဆရာကြီး ရေနွေးသောက်ရင်းကြည့်ကာ ပြုံးနေသည်။ ထို့နောက်ခေါ်သည်။

"လာလာ-မင်းတို့နှစ်ယောက်လုံး"

အောင်ကျော်သန်း ရှေ့မှသွားသည်။ ကျွန်တော်က ပန်းကန်များကို မီးဖိုဆောင်ထဲထည့်ထားခဲ့ပြီးမှ ဆရာကြီးဆီကို ရောက်သွားသည်။ ဆရာကြီးက ထိုအခါတွင်လည်း တစ်ချက်ကြည့်ကာ ကျွန်တော့်ကိုမေးသည်။

"မင်း အဲဒီ ဘအိုကြီးကို မသိဘူးလား"

ကျွန်တော်စဉ်းစားရင်းက ခေါင်းခါပြလိုက်သည်။

"ဟာ - မင်း၊ ဆရာကြီးမေးတာကို ခေါင်းခါပြရသလား။ မသိရင် မသိဘူးလို့ ပြောရတယ်ကွ နွား"

ဟု ပြောကာ အောင်ကျော်သန်းက ကျွန်တော့်လက်မောင်းကို ဖွဖွလေး တွန်းသည်။

ဆရာကြီးက သဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီး ကျွန်တော့်ကိုမေးသည်။

"မင်းမိဘတွေနဲ့ ဟိုဘက် ကွဲကူးတောင်ရွာမှာနေခဲ့ပြီးမှ အခုနေတဲ့ တောင်ဖီလာရွာကိုပြောင်းသွားကြတာဆို။ ဒါတောင် ဒီဘအိုကြီးကို မသိဘူးလားကွ။ မင်း ဒီဘုရားကြီးကိုတော့ အခေါက်ခေါက် အခါခါရောက်ဖူးမှာပေါ့"

"ဟုတ်ကဲ့၊ ဘုရားပွဲတော်ချိန်တွေမှာရော အခြားအချိန်တွေမှာပါ ရောက်ဖြစ်ပါတယ်"

"ဒါတောင် ဒီဘအိုကြီးကိုမသိဘူးဆိုတော့ တယ်ညံ့ကိုးကွ ဟင်။ အေးလေ မင်းက ကလေးအရွယ်ဆိုတော့ အမှတ်တမဲ့ဖြစ်မှာပေါ့။ အမှန်က ဒီဘအိုကြီးဒီမှာနေတာ အနည်းဆုံး နှစ်ပေါင်း (၃၀) ကျော်လောက်ရှိရော့မယ်ကွ။ ဘုရားကျွန်လို့ ခေါ်တာပေါ့"

အောင်ကျော်သန်းက ထိုဘအိုကြီးအကြောင်းကိုသိနေပုံရသည်။ ဆရာကြီးက ဘအိုကြီးအကြောင်း ကျွန်တော့်အား ပြောပြနေသည်ကိုပင် အမှတ်ထင်ထင် နားထောင်ဟန်မရှိပေ။

"ဘုရားကျွန်ဆိုတာ ရှေးအခါက ရခိုင်မင်းတို့ ကျင့်သုံးခဲ့ကြတဲ့ သေဒဏ်ပါတဲ့လူအိုတွေကို ဘေးမဲ့ပေးနည်းမျိုးလို့ပဲပြောရမယ်ထင်တယ်။ သေစားသေစေ ကျလေ့ရှိကြတဲ့အထဲက အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ အသက်ခြောက်ဆယ်နဲ့အထက်ဆိုရင် မသတ်တော့ဘဲ ဘုရားနား၊ ကျောင်းတွေမှာ ဘုရားကျွန်ကျောင်းကျွန်အဖြစ်နဲ့ပဲလှူထားပေးလိုက်ကြတယ်။ သူတို့အသက်ရှင်နေသမျှ ကာလပတ်လုံး ဘယ်ကိုမှမသွားရဘူး။ အခြားဘာအလုပ်မှလည်းမလုပ်ရဘူး။ သက်ဆိုင်ရာက သတ်မှတ်ပြီး လှူဒါန်းထားခဲ့ကြတဲ့ဘုရားနား/ကျောင်းနားတွေမှာပဲ အမြဲတမ်းနေရတယ်။ ဆွမ်းတင်စွန့်ကြတာကိုစား၊ လူသေတွေက စွန့်ပစ်တဲ့ ဝတ်တွေကိုကောက်ဝတ်၊ ရစ်ပါးသီလကိုလည်း အမြဲတမ်းစောင့်ထိန်းပြီး မြက်နုတ်၊ ပေါင်းရှင်း၊ အမှိုက်ကောက်၊ ဘုရားရှိခိုး၊ တရားရှုမှတ် စတဲ့ အလုပ်တွေကိုပဲ အမြဲတမ်းလုပ်နေရပြီး သေတစ်ပန်သက်တစ်ဆုံး ဒီအတိုင်းပဲနေသွားကြရတယ်"

သည်အဖြစ်နှင့် အကြောင်းများကိုတော့ ကျွန်တော်ကြားဖူးသည်။ သို့သော်လည်း သည်ဘအိုကြီးကိုမူ ကျွန်တော်မသိပေ။ သည်စရိယဘုန်းတိုးတန်းတင်မာတ်တော်ဘုရားကြီးထံပါး အကြိမ်ပေါင်း မြောက်မြားစွာရောက်ဖူးနေသော်လည်း အမှတ်မဲ့ကြောင့်ထင်သည်။ သည်ဘအိုကြီးကိုလုံးဝမသိခဲ့ပေ။

"ဒီဘအိုကြီးဟာလည်း အရွယ်ကောင်းတုန်းက လူဆိုးကြီးလို့ဆိုတယ်ကွယ့်။ ခိုးဆိုးလုယက်သတ်ဖြတ်စတဲ့ မကောင်းမှုတွေကို မြောက်မြားစွာကျူးလွန်ခဲ့လို့ ပြည်သူ့ရဲဘော် (လက်ပတ်ဖြူ/အလံဖြူ) တွေ လက်ထက်က သူ့ကို လက်ရဖမ်းမိပေမယ့် ပြောခဲ့သလို အသက်(၆၀)ကျော်နေပြီဖြစ်လို့ မသတ်တော့ဘဲ ရှေးရခိုင်မင်းတို့ထုံးတမ်းစဉ်လာအတိုင်းပင် ဒီဘုရားကြီးနားမှာ ဘုရားကျွန်အဖြစ်လှူပေးထားခဲ့ကြတယ်လို့ဆိုတယ်။ အခုဆိုရင်ပဲ ဒီဘအိုကြီးဟာ အသက် (၉၀) ကျော်ရော့ပေါ့။ သူဒီဘုရားကြီးမှာ ဘုရားကျွန်ဖြစ်နေတာလည်း နှစ်ပေါင်း (၃၀) ကျော်လောက် ရှိလိမ့်မယ်လို့ထင်တယ်။ ငါလည်း အားနာလို့ သူ့ကိုအတိအကျတော့မမေးမကြည့်ပါဘူး။ ဒါကြောင့် တို့ဆွမ်းတင်စွန့်ရင် သူစားနေကျဖြစ်လို့ ခုတင်က မင်းဆွမ်းတင်စွန့်ဖို့လာတဲ့အခါ သူလိုက်လာတာပါ။ မင်းက သိတတ်လို့စွန့်ပေးရင်တော့ သူက ဖက်ကလေးနဲ့ သို့တည်းမဟုတ် အိုးခြမ်းပဲ့ကလေးနဲ့ ခံယူပြီး စားသောက်မယ်ပေါ့။ အခုတော့ မင်းက အမှိုက်ပုံထဲ သွန်ချလိုက်တော့ သူလည်း ဖြစ်သလိုပဲကောက်စားရတော့တာပေါ့"

ကျွန်တော် ခေါင်းတစ်ချက် နှစ်ချက်ညိတ်လိုက်သည်။

"နောက်ဆို မင်းလည်း ကုသိုလ်ရအောင် ဆွမ်းတင်စွန့်တဲ့အလုပ်ကို တာဝန်ယူပါ။ ဆွမ်းတင်စွန့်တိုင်းလည်း အဲဒီဘအိုကြီးကိုပဲ ပေးစွန့်လိုက်ပေါ့။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကျွန်တော် သက်မတစ်ချက်ကို ချလိုက်သည်။ စိတ်ထဲတွင် ကြီးမားသော ပြစ်မှုကြီးတစ်ခုကို ကျူးလွန်မိသလိုဖြစ်ကာ ဘအိုကြီးကိုလည်း အတော်လေး သနားသွားမိသည်။

ထို့နောက် အလုပ်မဆင်းရသေး၍ ဘုရားကြီးအနားက မာတ်တော်ရွာ (ယခု အောင်သပြေရွာဟု အမည်ပြောင်းထား သောရွာ) ကိုသွားသည်။ အောင်သပြေ ရွာမှာ အိမ်ထောင်ကျနေသော ကျွန်တော့် အစ်မကြီးရှိသည်။ အစ်မကြီးဆီမှ ပိုက်ဆံ (၁၀) ပြားတောင်းကာ မုန့်ဆီကြော် တစ်ထုပ်ကြီး ဝယ်ယူလာပြီး ထိုဘအိုကြီး ကို လိုက်ရှာသည်။

တောင်းစုတ်ကြီးတစ်လုံးဖြင့် ထင်း ရွက်များကို လိုက်ကောက်နေသော



www.burmeseclassic.com

www.burmeseclassic.com

ဘအိုကြီးကိုတွေ့ရသည်။

"ရော - ဘအိုကြီး။ ကျွန်တော်တို့လို ဆွမ်းတင်တွေကို အမှိုက်ပုံထဲသို့ စွန့်လိုက်မိတဲ့အတွက် အခု မုန့်ဆီကြော်တွေ ဝယ်လာတယ်။ ဒါကိုလည်း စားလိုက်ပါ"

ဘအိုကြီး ကျွန်တော့်ကို ပြုံးကြည့်ကာ ခေါင်းခါသည်။

"ဒီမုန့်ဆီကြော်တွေကိုလည်း စားလိုက်ပါဦး။ အားမနာပါနဲ့။ ကျွန်တော်တို့လို မနက်တုန်းက ဆွမ်းတင်တွေကို အမှိုက်ပုံထဲကို စွန့်လိုက်မိတာ အရမ်းပဲ စိတ်မကောင်းဖြစ်သွားမိပါတယ်။ အဲဒါကြောင့် အဲဒီအတွက် မုန့်ဆီကြော်တွေ ဝယ်လာပါတယ်"

ဘအိုကြီး ခေါင်းခါသည်။ ထို့နောက် ကျွန်တော့်ကို ကြည့်လိုက်၊ ဟင်းချက်ခြောက်များကို ကောက်လိုက်လုပ်နေသည်။ ထို့ကြောင့် ကျွန်တော်လည်း အားမလည်နိုင်၍ ဘအိုကြီးအတွက် ရည်စူးပြီးဝယ်လာသော မုန့်ဆီကြော်များကို ကိုယ်တိုင်လည်းမစား၊ သူများကိုလည်း မပေးတော့ဘဲ ဘုရားမှာ ဆွမ်းတော်တင်ကာ ဇရပ်ကြီးဆီသို့ ပြန်လာခဲ့သည်။

ထိုအချိန်၌ ဓောင်ကျော်သန်းတို့သူစုလည်း အလုပ်ဆင်းရန် ပန်းရန်ပစ္စည်းများကိုထည့်ထားသော သေတ္တာကြီးကိုပင် ကောက်ထမ်းနေကြလေပြီ။ ကျွန်တော်လည်း အရှည်မျှဉ်းတံကြီးတစ်ခုကိုကောက်ထမ်းကာ သူများနည်းတူလိုက်လာခဲ့သည်။

သူများတွေ ရေသယ်နေကြတုန်း ကျွန်တော် မုန့်ဆီကြော်ဆွမ်းများကို စွန့်ကာ ဘအိုကြီးအား သွားပေးပြန်သည်။ ထိုအခါမှ ဘအိုကြီးက ဖက်ရွက်ခြောက်ဖြင့်ခံယူပြီး စားလေသည်။

ထိုမှ ကျွန်တော်နားလည်လိုက်သည်။ ဘအိုကြီးမှာ ဘုရားကျွန်ဖြစ်နေ၍ ဆွမ်းတင်ကျကိုသာ စားသောက်ရမည်ဟူသော သက်ဆိုင်ရာတို့၏အထံ၌ ကတိသစ္စာခံယူထားဖူး၍ပင် ကျွန်တော် ဝယ်ကျွေးတုန်းကမစားဘဲ ယခုဆွမ်းတင်ကာ စွန့်ကျွေးမှ စားသောက်ခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် မနက်အရုဏ်တုန်းက ဆွမ်းထမင်း၊ ဆွမ်းဟင်းနှင့် မုန့်၊ ကော်ဖီများကို သွန်ပစ်စဉ်ကပင် ဘအိုကြီးကို သနားနေမိသည်။

ဘအိုကြီးသည် ဆွမ်းတင်စွန့်တိုင်း စားရနေကျဖြစ်၍ ကျွန်တော်ဆွမ်းတင်များကိုစွန့်ပစ်ရန်လာစဉ်ကပင် ဇရပ်ပေါ်မှမြန်မြန်ဆင်းလျှောက်လာပြီး ကျွန်တော် ဆွမ်းထမင်း၊ ဆွမ်းဟင်းနှင့် မုန့်၊ ကော်ဖီများ သစ်ရွက်ခြောက်ပုံထဲသို့ စွန့်ပစ်နေသည်ကို စိုက်ကြည့်နေသော ဘအိုကြီးအား သနား၍မဆုံးဖြစ်သွားရသည်။

စားလိုစိတ်ဖြင့်စိုက်ကြည့်နေသော၊ ထို့နောက် သစ်ရွက်ခြောက်ပုံထဲက ဆွမ်းထမင်း၊ ဆွမ်းဟင်းနှင့် မုန့်များ ကောက်စားနေသည့်ဘအိုကြီး၏ရုပ်သွင်ကိုလည်း အမြဲလိုလိုပင် မြင်ယောင်နေမိပါသည်။ ထို့ကြောင့် တကယ်သေရာပါမည့်အဖြစ်ဆိုးကြီးသဖွယ်ဖြစ်နေလေသည်။

အမှန်ကိုဆိုရလျှင် ကျွန်တော်သည် စိတ်ကောင်းရှိသော လူတစ်ယောက် မဟုတ်ပေ။ မဟုတ်မခံစိတ်ကြောင့် မကြာခဏ ရန်တွေ့တတ်ပြီး ရန်တွေ့တိုင်းလည်း ခေါင်းကွဲထိပ်ပေါက်ဖြစ်သွားအောင်လုပ်တတ်သည်။

မိမိအပေါ် အုပ်စုဖွဲ့၍ဖြစ်စေ၊ အနိုင်ကျင့်ခံထားရလျှင်လည်း တစ်နည်းနည်းနှင့်ပြန်လုပ်တတ်သည်။ ဤသည်မှာ အကျင့်ကောင်းမဟုတ်ပေ။ အကျင့်ဆိုးသာဖြစ်သည်။

သို့သော်လည်း အဘယ်ကြောင့်ရယ်မသိ။ ဘအိုကြီးကို အမှတ်မထင် ထိုကဲ့သို့ (မဆိုစလောက်) ပြုလိုက်မိသောအချိန်ကပင် တရားထူးတစ်ခုခုကို ရရှိသွားသော လူတစ်ယောက်သဖွယ် ဖြစ်ကာ ဆင်ခြင်တတ်လာခဲ့သည်။ မကောင်းသော စိတ်ဆိုးစိတ်မိုက်များသည်လည်း အထိုက်အလျောက်ကွာရှင်းသွားသည်။

ဘအိုကြီးကိုလည်း သူသည် လွန်ခဲ့သောအချိန်က လူဆိုးလူမိုက်ကြီး တစ်ယောက်ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် ယခု ကျောင်းကန်ဘုရားနားမှာ ကပ်မှီပြီး သူ၏ဆိုးမိုက်ခဲ့ဖူးသောအပြစ်များကို ဖြေရှင်းပေးဆပ်နေရသည်ဟူသောအသိစိတ်များ ကျွန်တော့်မှာမရှိဘဲ ကရုဏာစိတ်နှင့်ယှဉ်ကာ အလွန်အမင်း သနားနေမိသည်။

ထို့ကြောင့် ကျွန်တော်သည် ထိုနေ့ထိုရက်ကပင် နေ့/အရုဏ် မည်သည့် ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်၊ ကော်ဖီစသော ဆွမ်းတင်များကို ဂရုတစိုက် ဘအိုကြီးကိုသာ စွန့်ကြွေလှူရှိလေသည်။

ယခုအခါ ဘအိုကြီး၏ အသက်သည်လည်း (၉၀) ကျော်နေပြီဟု သိရသဖြင့် လူဆိုးလူမိုက်ကြီးအဖြစ်မှ သူ၏မိုက်ပြစ်များကို ခဝါချကာ သူတော်ကောင်းတို့၏ အလုပ်ဖြစ်သော စေတီယင်္ဂဏာဝတ်များကိုချည်းသာမပြတ်ပြုလုပ်နေဆဲ၌ ကောင်းကောင်းစားသောက်ကာ ကောင်းစွာ ဘဝကူးစေချင်သည့်ဆန္ဒဖြင့် ကျွန်တော်သည် ပုံမှန်အနေဖြင့် ဘအိုကြီးအား ဆွမ်းတင်များကိုစွန့်ကျွေးသည့်အပြင် ရံခါ ရွာထဲသို့သွားပြီးလည်း အစ်မဆီမှာ ပိုက်ဆံတောင်းကာ မုန့်ဆီကြော်များကို ဝယ်ယူဆွမ်းကပ်ပြီး ပြန်စွန့်၍ ဘအိုကြီးအား ကျွေးမွေးလေ့ရှိသည်။

ဘအိုကြီးကလည်း ကျွန်တော်က ထိုကဲ့သို့ ကျွေးမွေးနေသည်ကို သိဟန်ရှိသည်။ ထို့ကြောင့် ကျွန်တော့်ကို ခင်မင်လာကာ တွေ့တိုင်းမြင်တိုင်း နှုတ်ဆက်သည်။ ကျန်းမာရေးကို ဂရုစိုက်ရန်နှင့် ပညာကို ကြိုးစားပြီးသင်ယူရန်များကိုလည်း ပြောဆိုသည်။

သို့သော်လည်း ကျွန်တော်သည် ဘအိုကြီးနှင့်သိပ်ပြီးကြာကြာမနေခဲ့ရပေ။ သုံးလမျှသာနေခဲ့ရပြီး အခြားတစ်နေရာသို့ ပြောင်းရွှေ့ရန် အကြောင်းဖန်လာခဲ့သည်။

ကျွန်တော်တို့ လက်ရှိပန်းရန်လုပ်နေကြသည်မှာ အမ်းမြို့နယ်၌ တန်ခိုးအကြီးဆုံးဖြစ်သော နှစ်စဉ်နှစ်တိုင်းလည်း ဓာတ်ရောင်ခြည်တော်များ ကွန့်မြူးတော်မူသည့် စရိယဘုန်းတိုးတန်းတင်ဓာတ်တော်ဘုရားကြီး၏ ရင်ပြင်တော်၌ ကျောက်ပြားခင်းခြင်း၊ ကျောက်တံတိုင်းကာရံခြင်း၊ အရှေ့ဘက်မျက်နှာ၌ မုခ်ဦးပြုလုပ်ခြင်း၊ ဂန္ဓကုဋိတိုက်ဆောက်လုပ်ပြီး ဗုဒ္ဓပုဗ္ဗတီချုတ်ခန်းဘုရားတည်ခြင်း အလုပ်များပင် ဖြစ်သည်။

ထိုထိုအလုပ်များထဲမှ မုခ်ဦးကိုအချောကိုင်ရန်နှင့် ဗုဒ္ဓပုဗ္ဗတီဘုရားကြီးကို အပြီးသတ် အချောကိုင်ရန် အချိန်အနည်းငယ်စောင့်ရဦးမည်ဖြစ်၍ မဲရွာ၌ စေတီတစ်ဆူတည်ရန်၊ လုတ်ကျေးရွာဘုရား၌ တံကဲပန်းလိုးရန်၊ စောင်းတန်းနှင့် မုခ်ဦးပြုလုပ်ရန်သွားကြရသည်။

သို့သော်လည်း ကျွန်တော်တို့ထဲမှ လက်ထောက်ဆရာတစ်ယောက်နှင့် သန်လျက်ကိုင် သုံး၊ လေးယောက်တို့ လုံးတော်ကြီးကို မှန်သင်္ကန်းကပ်ရန်နှင့် ကျောက်တံတိုင်းကြီးကို မဆလာကိုင်ရန် ကျန်နေခဲ့ကြပြီး ကျွန်တော် အပါအဝင် လူသစ်၊ အလုပ်ကြမ်း၊ အုတ်ခဲထမ်း၊ မဆလာဖျော်အလုပ်သမား လေး ငါးယောက်နှင့် သန်လျက်ကိုင် သုံး၊ လေးယောက်တို့ ဆရာကြီးနှင့်အတူလိုက်သွားကြရသည်။

❑

ကျွန်တော်တို့သည် မဲရွာနှင့်



www.burmeseclassic.com

www.burmeseclassic.com

လုတ်ကျေးရွာများတွင် အလုပ်လုပ်ရင်း (၃) လကျော် ကြာခဲ့ကြသည်။ ထိုရွာများတွင်လည်း စေတီတော်နှင့်မုခ်ဦးအချောကိုင်ရန်ကျန်နေသည်များကို လက်ထောက်ဆရာတစ်ယောက်နှင့် သန်လက်ကိုင် သုံးယောက်တို့ကို ထားခဲ့ပြီး စရိယ ဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီးမှာ ခေါင်းလောင်းမှောက်အထက်အားလုံးကို ရွှေသင်္ကန်းကပ်ရန်နှင့် ဇမ္ဗူပတိ ဘုရားကြီးအား အချောကိုင်ရန်၊ မုခ်ဦးမှာ ဒေါင်းရုပ်လှီးရန်အတွက် ပြန်ရောက်လာကြသည်။

ကျွန်တော်သည် လမ်းမှာကပင် ဘအိုကြီးအတွက် ရည်ရွယ်ပြီး မုန့်ဆီကြော် ဆယ်ပြားဖိုးဝယ်ကာ ပေါက်ဖက်နှင့်ထုပ်ယူလာခဲ့သည်။ ကျွန်တော်တို့ နေထိုင်ကြသည့် ဇရပ်ကြီးနားကိုရောက်လျှင် အောင်ကျော်သန်း၏ မိခင်ဖြစ်သူ ဒေါ်ငယ်မဖြူကိုတွေ့ရသည်။

ဒေါ်ငယ်မဖြူသည် တစ်ခါတလေ ထမင်းဟင်းတို့ ကူညီချက်ပြုတ်ပေးရန် လာလေ့ရှိသည်။ ကျွန်တော် အိပ်ရာလိပ်နှင့် စောင်ထုပ်ကို ဇရပ်ပေါ်မှာတင်ထားခဲ့ပြီး ဘုရားကြီးဘက်ကိုလျှောက်လာခဲ့သည်။

တောင်ဘက် ဓမ္မာရုံဟောင်းကြီးနားမှာ တောင်းတစ်လုံးနှင့် ဘအိုကြီး သစ်ရွက်ခြောက်များ လိုက်ကောက်နေသည်ကို တွေ့ရသည်။ လမ်းမှဝယ်လာသော ဆီကြော်မုန့်ကို ဘုရားဆွမ်းတော်ကပ်၍ ဆွမ်းတင်စွန့်ပြီးမှ ဘအိုကြီးကို သွားကျွေးရင်း မာကြောင်းသာကြောင်း သတင်းသွားမေးတော့မည်။

အောင်ကျော်သန်းတို့လူစုသည် လုံးတော်ကြီးပေါ်မှာ မှန်သင်္ကန်းကပ်နေကြသည်။ အောင်ကျော်သန်း ကျွန်တော် ဘုရားမှာ မုန့်ဆွမ်းကပ်နေသည်ကို မြင်ပုံမရပေ။ ကျွန်တော်နှင့် ဆရာကြီးတို့သည် ဘုရားကြီးသို့ ပြန်လာကြသည်ကိုလည်း သိဟန်မတူ။

အောင်ကျော်သန်းက သန်လက်ကိုင်အဆင့်ရှိနေ၍ ကျွန်တော်တို့နှင့် အတူမလိုက်ဘဲ သည်ဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီးမှာပင် ဆရာကြီး၏သား လက်ထောက်ဆရာ ကိုဇော်ဝင်းနှင့်အတူ မှန်သင်္ကန်းကပ်ရန်အတွက် ကျန်နေခဲ့သည်။

"ဟာ-ဟိုက်ကောင်၊ မင်းဘအိုကြီး မရှိတော့ဘူးကွ။ သေပြီ"

ဟု အောင်ကျော်သန်းက ယခုမှ မြင်ဟန်ရှိပြီး လုံးတော်ကြီးပေါ်မှနေ၍ ကျွန်တော့်ကို ငုံ့ကြည့်ကာ လှမ်းပြောသည်။

"ဘာကွ"

ကျွန်တော် စိတ်တိုသွားသည်။ အောင်ကျော်သန်းက သူတစ်ပါးမနာလိုသည်ကို အတော်ပြောတတ်လေသည်။ ထို့ကြောင့် တစ်ခါတလေ ကျွန်တော် အောင်ကျော်သန်းကို မခေါ်ဘဲထားသည်။

"တကယ်ပြောတာကွ။ မင်းဘအိုကြီးသေပြီ။ သေတုန်းက ကောင်စီလူကြီးတွေနဲ့ ရဲတွေရော ရောက်လာကြတယ်။ မင်းတက်ဆရာတော်ကြီးကိုပင့်ပြီးတော့ အသုဘသင်္ဂြိုဟ်လိုက်ကြတယ်။ ရက်လည်မှာ တစ်အုပ်စုလုံးက ဆရာတော်တွေ ကြွကြတယ်။ တစ်နေ့ကပဲ ရက်လည်ပြီးသွားတာ"

. . . ခက်ပြီ။ တော်ကြာ ဒီကောင်ပြောနေတာကို ဘအိုကြီးကြားလို့ ဒေါသထွက်တော့မှာပဲ။ စ,တယ်ဆိုတာ ကနေရာတကာကောင်းတာမဟုတ်ပေ။ အောင်ကျော်သန်းက ကြီးမှန်း၊ ငယ်မှန်း မသိလည်း လျှောက်စတတ်သည်။ ထို့ကြောင့် ဘအိုကြီးနှင့်လည်း အခေါ်အပြောမရှိကြ။

ကျွန်တော်က ဘာမှဆက်မပြော၍ အောင်ကျော်သန်း ရေပုံးကိုဆွဲပြီး လုံးတော်ကြီး၏ထိုဘက်ကိုတွေ့ပတ်သွားသည်။

ကျွန်တော်မုန့်ဆွမ်းတင်ကိုစွန့်လိုက်ပြီးနောက် တောင်ဓမ္မာရုံဟောင်းဘက်ကိုလျှောက်သွားပြီး ဘအိုကြီးကိုလိုက်ရှာသည်။ တောင်ဘက်မှာ မတွေ့လျှင် အနောက်ဘက်ကို လိုက်သွားသည်။ အနောက်ကျင်တလင်း၏ ထိုဘက်အစွန် သပြေပင်ကြီးနားမှာ ဘအိုကြီး အမှိုက်သွန်နေသည်ကိုတွေ့ရသည်။ ထို့ကြောင့် ကျွန်တော် ထိုင်စောင့်နေသည်။

'ကျင်' ဟူသည်မှာ ကျွန်တော်တို့ ရခိုင်ရိုးရာယဉ်ကျေးမှု ကိုယ်ခံပညာရပ်ဖြစ်သည်။ ထိုးခြင်းသတ်ခြင်းမဟုတ်ဘဲ နှစ်ယောက်ချင်းသာ ပညာသားပါပါဖြင့် ဖက်လှဲကြရသည်။

နေ့လယ်ချိန်မှ ညနေမိုးချုပ်သည်အထိ ရွှေမောင်းတန်း၊ ငွေမောင်းတန်း၊ ပလာတန်းဟု ကျင်သမားပေါင်းမြောက်များစွာတို့ကို ဖိတ်ခေါ်ကာ သူ့ဝိတ်တန်း၊ သူ့အဆင့်နှင့်သူ ကျင်းပကြသည်။

ဒီဘုန်းတိုးတန်းတင်ဓာတ်တော် ဘုရားကြီးပွဲတော်မှာလည်း နှစ်စဉ်နှစ်တိုင်းပင် သင်္ကြန်ရက်များအတွင်း၌ ရိုးရာမပျက် ကျင်ပွဲကို ထည့်သွင်းကျင်းပလေ့ရှိသည်။

ထို့ကြောင့်လည်း ကျင်တလင်းဟူ၍ ဘုရား၏ အနောက်ဘက်တွင် တစ်ဧကကျော်ကျော် ကျယ်ဝန်းသော မြေညီပြင်တစ်ခုကို ပြုလုပ်ထားရသည်။

ကျွန်တော်တစ်အောင့်ကြာအောင် စောင့်နေကြည့်သော်လည်း ဘအိုကြီး ကားပေါ်မလာ။ ထို့ကြောင့် ကျွန်တော် စိတ်မရှိသလိုဖြစ်လာပြီး သပြေပင်ကြီး အောက်ကို ဆက်လိုက်သွားသည်။

ထိုအခါတွင်လည်း ဘအိုကြီး လည်း မတွေ့ရဘဲ ဘအိုကြီး အမှိုက် ကောက်လေ့ရှိသောတောင်းစုတ်တစ်လုံး သာ အမှိုက်ပုံတွင် တစ်ခြမ်းမြုပ်နေသည် ကို တွေ့ရသည်။ ထို့ကြောင့် ကျွန်တော် ဘအိုကြီးကို ဆက်မရှာတော့ပေ။

ခရီးက ရောက်ခါစဖြစ်၍ ပူအိုက်ပြီး တစ်ကိုယ်လုံးချွေးများနစ်နေသည်။ ထို့ကြောင့် ရေချိုးချင်၍ ထိုအနားမှထွက် လာခဲ့သည်။ ဘအိုကြီးနေသောဇရပ် မှ ဖြတ်လျှောက်ပြီး ဇရပ်ထဲကိုငုံ့ကြည့် ပြန်ရာတွင်လည်း ဘအိုကြီးကို မတွေ့ ပေ။ ဘအိုကြီးနေသောအခန်းကိုလည်း ဖြိုဖျက်ထားပြီး စောင်နှင့်ခေါင်းအုံးများ လည်း တစ်ခုမှမရှိတော့ပေ။ ဘအိုကြီး ကျိုသောက်ခဲ့သောရေနွေးအိုးလေးသည် ပင် ထန်းပင်ခြေရင်း၌ အစိတ်စိတ်အမွှာမွှာ ဖြစ်နေသည်ကိုသာတွေ့ရလေသည်။

ရော . . . ဒုက္ခပဲ။ အောင်ကျော် သန်းပြောတာ တကယ်များလား။ ဘအို ကြီးပင် တကယ်သေလေပြီလား။ ဒါ ရင် ခုတင်က ဘအိုကြီး အမှိုက်တော နေတာကို (၂) ကြိမ်တောင် မြင်လို ရတာက. . .။

ကျွန်တော် ထိုမျှသာတွေးခဲ့ ရေချိုးချင်လွန်းသဖြင့် ဇရပ်ကြီးဘ လျှောက်လာခဲ့ရာ အောင်ကျော်သန်း အမေ ဇရပ်ကြီးရှေ့သရက်ပင်အော တွင် မတ်တတ်ရပ်နေကာ ကျွန် အား အသံတိတ်လက်ယပ်ခေါ်နေသ ကို တွေ့လိုက်ရသည်။ ဘာလဲတော့ အနားသို့ရောက်လျှင် အောင်ကျော်သ ၏ အမေကတိုးတိုးပြောသည်။

"မောင်-ဟိုဆရာဝေတွန်းဦး တွေ့ကရာလျှောက်သွားမနေနဲ့။ အဘိုးအိုကြီး (ဘအိုကြီး) သေပြီး တစ္ဆေခြောက်နေတယ်"

ကျွန်တော်တွေ့သွားသည်။

"ဒါတာ နင့်ငါပြောဖို့မေ့တယ်"

"ဘယ်လိုခြောက်တာလဲကြီး"

"ဒီလိုပဲ ဟိုနားဒီနားတွေမှာ ရတယ်လို့ပြောကြတာပဲ။ ငါတွေ့ ဘူး။ ငါကကြောက်တတ်တော့ ဒီ



www.burmeseclassic.com

www.burmeseclassic.com

ကြီးနားအပြင် ဘယ်မှမသွားရဲဘူးလေ။ ဒါတွေကို အောင်ကျော်သန်းကပြောမပြဘူးလား"

"အောင်ကျော်သန်း ဘုရားကြီးပေါ်ကလှမ်းတော့ပြောပါတယ် ကြီးဖြူ။ ဒါပေမယ့် ကျွန်တော်က အောင်ကျော်သန်း စတယ်လို့ထင်ပြီး ဂရုမစိုက်မိလိုက်ဘူးလေ"

"အေး - နင်သတိထား။ နင်က ဘအိုကြီးနဲ့သင့်တော့ မခြောက်လို့ မပြောနိုင်ဘူး။ ဒါပေမယ့် မျက်လုံးပြူးပြူး စပ်ပြုပြုကြီးနဲ့တော့မဟုတ်။ နဂိုရုပ်အတိုင်းပဲတဲ့။ အမှိုက်လျှောက်ကောက်နေတာလည်းတွေ့တယ်လို့မြင်တဲ့သူတွေက ပြောကြတယ်"

ကျွန်တော် သက်မတစ်ချက်ကို ချလိုက်သည်။

"အခုလို ပြောပြတာကို ကျေးဇူးတင်ပါတယ် ကြီးဖြူ"

ကျွန်တော် ရေအိုးနှင့်ဆပ်ပြာခွက်ကိုယူကာ ကန်တော်ကြီးဘက်ကို ထွက်လာခဲ့သည်။

□

"ငါ့မြေး၊ ဘအိုကြီးကို မကြောက်နဲ့နော်။ ဘအိုကြီးက သရဲဖြစ်နေရပေမယ့် ယုတ်နိမ့်ပြီး လူတွေကို ခြောက်လှန့်စားပြီး ဒုက္ခပေးတတ်တဲ့ သရဲမျိုးမဟုတ်ဘူးကွယ့်။ သရဲတွေထဲမှာ အဆင့်မြင့်တဲ့ ရုက္ခစိုးနတ်မျိုးပါ။ ဒါလည်းအမှန်က နှစ်ပေါင်း (၃၀) လောက်အထိ ဒီဘုရားကြီးအနားမှာ စေတီယင်္ဂဏဝတ်တွေကို အသက်ဆုံးတိုင်လုပ်ကိုင်နေရင်း ကောင်းတဲ့ကုသိုလ်စိတ်တွေနဲ့ သေခဲ့ရတဲ့ အောင် အရွယ်ကောင်းပြီး နုပျိုသန်မာနေတုန်းက တစ်ကိုယ်တော်လူဆိုးကြီးအဖြစ်နဲ့ ခိုးဆိုး၊ လုယက်၊ သတ်ဖြတ်စတဲ့ မကောင်းမှု အကုသိုလ်တွေကိုချည်းလုပ်ခဲ့ဖူးလို့ အဲဒီမကောင်းမှုအကုသိုလ် အနှောင့်အယှက်တွေရှိနေတာကြောင့် အထက်နတ်ပြည်ကိုထိမရောက်နိုင်ဘူး။ ဒါပေမယ့် ဒီဘုရားကြီးနားမှာ ရုက္ခစိုးနတ်(အဆင့်မြင့်တဲ့သရဲမျိုး)အဖြစ် သက်ဆိုင်ရာနတ်မင်းတွေက စေတီယင်္ဂဏဝတ်တွေကိုပဲ ဆက်လုပ်ခွင့်ပြုထားလို့ နေရေးစားရေးကအစ အားလုံး အဆင်ပြေတယ်။ ဒါကြောင့် ဘအိုကြီး ဘုရားလင်းနားက သပြေပင်ကြီးမှာပဲ နေတယ်။ ဒီအကြောင်းကိုလည်း သက်ရှိထင်ရှားရှိခဲ့စဉ်ကပင် ခင်ရိုးစွဲရှိခဲ့ဖူးတဲ့ တစ်ယောက်တည်းကိုသာပြောတာကွယ့်။ အခြားလူတွေကို မပြောပါဘူး။ ဒါကြောင့်ပဲ ဒီနေ့ ငါ့မြေးခရီးကရောက်စ အချိန်မှာ ဘအိုကြီးအမှိုက်လိုက်ကောက်နေတဲ့ရုပ်ကိုပြပေးလိုက်တာလေ။ ကိုင်း- မြေးလေး၊ ဘအိုကြီးရဲ့အကြောင်းကို ဒီလောက်သိရရင် တော်လောက်ပြီပေါ့။ ဘအိုကြီးသွားပြီကွယ်"

ကျွန်တော် ဖျတ်ခနဲ လန့်နိုးသွားသည်။ ဝေါက်ခနဲထထိုင်ပြီးလည်း အနီးအနားတွေကိုကြည့်သည်။ ဘအိုကြီးကို မတွေ့ရပေ။ ကျွန်တော့်အနားမှာ အောင်ကျော်သန်းနှင့် ဖမောင်တင်လှတို့သာ တခူးခူးဖြင့်အိပ်ပျော်နေကြရှိသည်။

နွေရာသီဖြစ်၍ ပူအိုက်သောကြောင့် လေဝင်၊လေထွက်ပြတင်းပေါက်များကိုဖွင့်ထားသည်။ ဆုတ်(၈)လရောင်သည်လည်း ပြတင်းပေါက်မှတိုးဝင်နေသည်။ ထို့ကြောင့် ဇရပ်ကြီးတစ်ဆောင်လုံးဖယောင်းတိုင်မီးရောင်နီးပါးလင်းထိန်နေသည်။

ကျွန်တော်ရေတစ်ခွက်ထသောက်လိုက်သည်။ ထို့နောက် အိပ်ရာမှပြန်လှဲအိပ်ပြီးစဉ်းစားသည်။ မနေ့ကမပြတ်မသားဖြစ်နေခဲ့ရသည့် ဘအိုကြီးအကြောင်းသည်လည်း ယခုအိပ်မက်ထဲမှာ ဘအိုကြီးနှင့်တွေ့ရ၍လင်းရှင်းသွားပြီ။

ဘအိုကြီးသည် သည်ဘုရားကြီးနားမှာနေ၊ ဘုရားကြီးအနားမှာ သေဆုံးသွားပြီး ဘုရားကြီးအနားမှာပင် ရုက္ခစိုးနတ်ကြီးပြန်ဖြစ်ကာ သက်ရှိထင်ရှားရှိနေစဉ်ကကဲ့သို့ စေတီယင်္ဂဏဝတ်များကိုပင် ဆက်လက်ပြီး ပြုလုပ်နေသည်ဟု ပြောပြသွားသည်။

အရွယ်ရှိစဉ်က လူဆိုးလူမိုက်ကြီးတစ်ယောက်ဖြစ်ပြီး ပြစ်မှုပေါင်းများစွာကိုကျူးခဲ့ဖူးသော်လည်း ဘဝနောက်ဆုံးကာလကို ကုသိုလ်ကောင်းမှုများနှင့်သာ ကုန်လွန်စေခဲ့၍ ရုက္ခစိုးနတ်မင်းကြီးဖြစ်သည်ဟု ဆိုသည်။ ထိုထိုကုသိုလ်ကောင်းမှုများကိုလည်း ယခုလက်ရှိဘဝတွင် ဆက်လက်ပြီး ပြုလုပ်ခွင့်ရှိနေသည်ဟု သိလိုက်ရ၍ ကျွန်တော့်မှာ ဘအိုကြီးသေဆုံးသွားသည့်အတွက် စိတ်မကောင်းဖြစ်နေမိသော်လည်း တစ်နည်းတစ်ဖုံဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရလေသည်။

မင်းယာနိုးခိုင်

**စာကြွင်း -**

ကျွန်တော်ဘအိုကြီး၏အကြောင်းကို သုံးသပ်ကြည့်မိသည်။ ဘအိုကြီး၏နောက်ကြောင်းကိုပြန်ကြည့်ပြီးဆိုရလျှင် ဘအိုကြီးသည် အရွယ်ကောင်းစဉ်က လူမိုက်ကြီးဖြစ်ခဲ့ဖူးသည်။လူမိုက်ကြီးဖြစ်ခဲ့ဖူးသည့်အလျောက် ခိုးဆိုးလုယက်သတ်ဖြတ်စသောမကောင်းမှုမြောက်မြားစွာကိုလည်းကျူးလွန်ခဲ့ဖူး၏။ ထို့ကြောင့် သေဒဏ်ကျသည့်အဖြစ်သို့ ရောက်ရှိခဲ့သည်။

သို့သော်လည်း ကံကောင်းထောက်မ၍ ရခိုင်မင်းတို့၏ ထုံးတမ်းကိုမှီကာ သက်ကြီးလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် သည်ဘုရားကြီး၏ ရင်ပြင်တော်တွင် ကုသိုလ်ကောင်းမှုများကို သေတစ်ခန်းသက်တစ်ဆုံး ပြုလုပ်နေထိုင်ခွင့်ရရှိသွားသည်။သေဆုံးပြီးနောက် ရုက္ခစိုးနတ်ကြီးဖြစ်သွားသည်။

ထို့ကြောင့် ဘအိုကြီး၏အဖြစ်များနှင့် သတ္တဝါတို့၏ နောက်ဆုံးအချိန်ကို အဘိဓမ္မာအမြင်ဖြင့် ယှဉ်ကြည့်လျှင် ပဉ္စာနန္တရိယကံငါးပါး၊ နိယျတ မိစ္ဆာဒိဋ္ဌိသုံးပါး စသော ကြီးလေးသော ဂရုကံဆိုးကြီးများကိုသာ ကျူးလွန်ခဲ့ဖူးခြင်းမရှိလျှင် လူဆိုးဖြစ်စေ၊ လူကောင်းဖြစ်စေ၊ သေခါနီး၌ စိတ်ကောင်းတည်းဟူသော ကုသိုလ်စိတ်ဖြင့် သေရန်အလွန်အရေးကြီးသည့် အကြောင်း ထင်ရှားလေသည်။ အလွန်မှ မှတ်သားရန်သင့်လေသည်။

ဘအိုကြီးသည် သူ့အသက် သုံးပုံ နှစ်ပုံကို လူဆိုးအဖြစ်ဖြင့် မကောင်းမှုများကိုကျူးလွန်ရင်း သုံးဖြုန်းခဲ့သည်။ နောက်ဆုံးတစ်ပုံကို လူကောင်းအဖြစ်ဖြင့် ကုသိုလ်လုပ်ငန်းများကိုပြုလုပ်ရင်း သုံးခဲ့သည်။

ထိုထိုနောက်ဆုံး ကုသိုလ်စိတ်များကပင် သေဆုံးပြီးနောက် ဘအိုကြီးအား ရုက္ခစိုးနတ်ကြီးအဖြစ်သို့ ပို့ပေးလိုက်ကြောင်း ကျွန်တော်သင်ယူတတ်မှတ်ထားသော အဘိဓမ္မာတရားတော်က လင်းလင်းကြီးပြဆိုနေလေသည်။

၁။ **ဒိဋ္ဌဓမ္မ ဝေဒနီယ** - ထက်ဝက် အကျိုးပေးသည်။

၂။ **ဥပပဇ္ဇ ဝေဒနီယ** - သေဆုံးပြီးနောက် ဒုတိယဘဝတွင် ပဋိသန္ဓေအကျိုးကိုပေးသည်။

၃။ **အပရာပရိယ ဝေဒနီယ** - မှီရာ အဝတွင် အကျိုးပေးသည်။

ထိုကဲ့သို့ အဘိဓမ္မာလာသဖြင့် ဘအိုကြီး ရုက္ခစိုးနတ်ကြီးဖြစ်သွားရသည်ကိုကြည့်လျှင် ဥပပဇ္ဇဝေဒနီယ (ကုသိုလ်ကံက)အကျိုးပေးသွားသည်ဟုနားလည်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းချစ်ကျော်(ဟသ်ာတ)

# ဆီးချို သွေးချိုရောဂါအတွက် ပျောက်ကင်းစေသောဆေးနည်း

ဒေါ်ခင်အေးဟန်မှာ ဆိုက်ကား အစီး (၂၀) ကို အုံနာပေးထားသဖြင့် ရပ်ကွက်ထဲတွင် နေနိုင်စားနိုင်သူတစ်ဦး လည်း ဖြစ်သည်။ သူမအသက် (၄၀) ကျော်အရွယ်တွင် ခင်ပွန်း ကိုစောမောင် ဆုံးပါးသွားသဖြင့် သားသုံးယောက်ဖြင့် လုပ်ကိုင်ရှာဖွေစားသောက်ရင်းက ယခု လို ဆိုက်ကားပိုင်များအဖြစ် ချမ်းသာ လာခဲ့သည်ဟုဆိုရပေမည်။ သားကြီး မောင်စိန်လှက ကားဝပ်ရှော့မှာလုပ်ကိုင် သလို သားလတ်ဖြစ်သူ မောင်တင်ရွှေ က ဆိုင်ကယ်ပြင်ဆိုင်တွင်လုပ်သည်။ သားငယ် မောင်သန်းဝင်းက ဈေးထဲတွင် ကုန်စုံရောင်းသည်။ ဒေါ်ခင်အေးဟန်က နောက်အိမ်ထောင်မပြုဘဲ သားများနှင့် လုပ်ကိုင်စားခဲ့သည်မှာ ယခု သားတွေ အသက် (၂၀) ကျော် ကြီးစဉ်ငယ်လိုက် ပင် ဖြစ်သည်။

ကိုစောမောင်သေဆုံးရသည်မှာ ဆီးချို၊ သွေးချိုရောဂါ။ ထိုရောဂါကို ကြိုတင်မသိခဲ့ရ၍ အစားအသောက် မရှောင်သဖြင့် နဂိုသွေးတိုးကလည်းရှိရာ ဆီးချို သွေးချိုတက်ပြီး သေဆုံးသည်ဟု ဒေါ်ခင်အေးဟန်ကဆိုသည်။ ယခုလည်း ဒေါ်ခင်အေးဟန်တစ်ယောက် ယခင်က လို ဝဝစိုစိုပြည့်မဟုတ်တော့ဘဲ တစ်နေ့ တခြားပိန်လာသည်ကို တွေ့ရသဖြင့် သားကြီးဖြစ်သူ မောင်စိန်လှက -

"အမေ၊ ဆေးရုံမှာပြကြည့်မှ ရောဂါကို သေချာသိရမှာ။ ဆေးရုံတက် ပါလားအမေ၊ သားတို့ညီအစ်ကိုတွေ တစ်လှည့်စီစောင့်ပေးပါ့မယ်"

ဟု ဆိုသောအခါ ဒေါ်ခင်အေးဟန်က -

"အမေဆေးရုံမတက်ချင်ပါဘူး သားရယ်။ အမေရောဂါက မောတာပဲရှိတာပါ။ ဆေးရုံတက်ရင် ရောဂါတွေထပ် တိုးလာမှာ အမေကြောက်တယ်။ မင်း အဖေလည်း ဆေးရုံတက်ပြီးမှ ဆေးရုံက ဆင်းမှသေရတာ"

မောင်စိန်လှသည် ခေါင်းကိုခပ်ဖွဖွ ကုတ်ပြီး -

"အမေကလည်းဗျာ၊ မဟုတ်တာ တွေတွေးပြီးပြောနေပြန်ပြီ။ ဆေးရုံဆို တာ ရောဂါရှာဖွေတဲ့စက်တွေရှိတယ်။ ရောဂါကို သိရမှ ဆေးကုရတာလွယ်မှာ။ အဖေဆုံးတာက ဆေးရုံတက်နောက် ကျပြီး ရောဂါလွန်မှ သိရတော့တာ မဟုတ်လား"

သားလတ် မောင်တင်ရွှေနှင့် သားငယ် မောင်သန်းဝင်းတို့ကလည်း မိခင်ကို ဆေးရုံတက်ဖို့တိုက်တွန်းကြ သည်။ ဒေါ်ခင်အေးဟန်၏ရောဂါမှာ ဆီးချို၊ သွေးချိုရောဂါစဖြစ်ရုံပင်ရှိသေး သည်။ ဆေးကုသလို့ရသည်။ သို့သော် ဒေါ်ခင်အေးဟန်က မြန်မာတိုင်းရင်း ဆေးဆရာတို့နှင့်သာ ကုသချင်သည်။ သားသုံးယောက်ကို တိုင်းရင်းဆေးဆရာ များထံသို့စေလွှတ်၏။ သားသုံးယောက် ထဲတွင် အငယ်ဆုံး မောင်သန်းဝင်းက အသိအကျွမ်းများသည်။ ဈေးထဲတွင် ကုန်စုံရောင်းသူဆိုတော့ ဈေးဝယ်လာသူ များထံမှ ဒေါ်ကုလားမကို မေးကြည့် တော့ ဒေါ်ကုလားမက -

"အမေလည်း ဆီးချိုသွေးချို ရောဂါဖြစ်ဖူးပါတယ်။ အသက် (၅၀) လောက်ကဖြစ်တာပါ။ ဆေးရုံဆေးခန်း တွေတော့မပြလိုက်ရပါဘူး။ တို့ရွာထဲက တိုင်းရင်းဆေးဆရာကြီး ဦးအောင်ခိုင် ပေးတဲ့ ဆေးမြီးတိုနဲ့ပဲ ပျောက်တာပါ။ ယခု အမေအသက် (၇၀) ရှိပါပြီ။ ပြ... မဖြစ်တော့ပါဘူး။ ငါ့သားအမေအတွက် အမေဆေးနည်းပေးပါ့မယ်။ ဆေးနည်း က မခက်ပါဘူး။ မြင်းခွာရွက်ပဥ္စငါးပါး ကြက်ဟင်းခါးရွက်ပဥ္စငါးပါးကို ဆ... ရောပြီး ကြေညက်အောင်ထောင်းထား ပါ။ ပြီးလျှင် ကြက်သည်းခြေအနည်း ငယ်ရောပြီးနယ်ပါ။ နှံ့အောင်နယ်ပြီး အလုံးကလေးတွေလုံးပြီး အရိပ်ထဲမှာ ခြောက်သွေ့အောင်ထားပါ။ ပြီးရင် တစ်ခါသောက် သုံးလုံး သို့မဟုတ် ငါးလုံး သောက်ပါ။ တစ်နေ့သုံးကြိမ်သောက် ပေးပါ။ ဆေးကိုသောက်ပြီး အစားစား က (၁၅) မိနစ်ခြားပြီးမှစားပါ။ အမေ ကိုယ်တွေ့ပျောက်တဲ့ဆေးကွယ့်။ မင်း ဈေးအတွင်းဘက်မှာဟင်းရွက်သည် လည်းရှိနေတာပဲ၊ ငွေမကုန်၊ လူမပင် ပါဘူးကွယ်။ ဒီနေ့ဝယ်ပြီး ဆေး ပေတော့။ ငါတို့ရဲ့မြန်မာ့တိုင်းရင်းဆေး ဆိုတာ အထင်သေးလို့မရဘူးကွယ့်"

မောင်သန်းဝင်း ဒေါ်ကုလားမ ကျေးဇူးတင်စွာဖြင့် -

"စိတ်ချပါ အမေဒေါ်ကုလား ပေးတဲ့ဆေးနည်း ကျွန်တော်ဒီနေ့ပဲ ပြီး ဆေးလုံးပါတော့မယ်"

ဒေါ်ကုလားမပေးသောဆေး ကို ဒေါ်ခင်အေးဟန် တစ်နေ့သုံး တစ်ခါသောက် (၃) လုံးသောက်သုံး တစ်လအတွင်း ဆီးချို၊ သွေးချို ဆိုသိသာသာကျဆင်းပျောက်ကင်း ပါတော့သည်။ ဒေါ်ခင်အေးဟန်အသ (၆၀)ကျော်သော်လည်း စိုစိုပြည်ပြည် ဖြိုးဖြိုးဖြင့် ဘာသာတရားကို ယ နဲ့မတူ တစ်မူထူး၍ လေးစားပြီး အ ထားသည်ကို တွေ့ခဲ့ရလေတော့သည်။

မင်းချစ်ကျော်(ဟသ်ာ...

---

ထို့ကြောင့် စာဖတ်သူအပေါင်းတို့ မည်သည့်ဘဝတွင် ကျင်လည်ကြရသည် ဖြစ်စေ၊ ဘဝ၏ နောက်ဆုံးဖြစ်သော သေစိတ်သည် အလွန်အရေးကြီးကြောင်း၊ အကုသိုလ်စိတ်ဖြင့်သာ သေကြရန်လို ကြောင်း ကိုယ်တွေ့နှင့်ယှဉ်၍ တိုက်တွန်း လိုက်ရပေသည်။

❑

ဤဇာတ်လမ်း၏ အထိုင်ချသော နေရာသည် ရခိုင်ပြည်နယ် အမ်းမြို့နယ် တန်းတင်အုပ်စု တပ်တောင် - ရန်ကုန် ကားလမ်းဘေး စရိယာဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီး၏ ရင်ပြင်တော်နှင့် အနီးဝန်းကျင်ဖြစ်သည်။ ဘအိုကြီးရုက္ခစိုး နတ်ကြီးအဖြစ်ဖြင့်နေသည်ဟုဆိုသော သပြေပင်ကြီးသည်လည်း ယနေ့တိုင် အောင်ပင်ရှိနေသေးသည်။

ဤအဖြစ်သည်လည်း နှစ် (၄၀) ကျော်ကြာခဲ့ပြီဖြစ်၍ ဤစာ ကျွန်တော်သည်ပင် ဆိုခဲ့သည့် ဗိ ဒီဖိုင်နာ၊ ပန်းတော့၊ ပန်းရန် လုပ်ငန်းများကို လုပ်ကိုင်ပြီး အသ ဝမ်းကျောင်းလျက် အသက် (၆ ပြီ ဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

"ဘူးသီးကြော်၊ ပဲကြော်၊ ဗယာကြော်၊ ကြက်သွန်ကြော် ကြွပ်ကြွပ်ရွရွ ပူနွေးနွေးလေးတွေရပြီနော်။ တစ်ခုမှ ငါးဆယ်တည်းရယ်။ လာဝယ်၊ တော်ကြာကုန်သွားမယ်"

ဟု ဒေါ်ဗျော့၏အကြော်ရောင်းသည့်တဲမှ နေ့စဉ်နှင့်အမျှ နံနက်တိုင်း ဒေါ်ဗျော့အော်ဟစ်ရောင်းချနေသော အသံ ဖြစ်ပါသည်။

ဒေါ်ဗျော့၏အကြော်တဲလေးမှာ လေးတိုင်စင့်လေးတွင် မြက်သက်ငယ်လေးငါးချပ်မျှဖြင့် မိုးမလုံတလုံဆောက်လုပ်ထားသော မခိုင်တခိုင်တဲလေးဖြစ်ပါ၏။

ဒေါ်ဗျော့သည် အသက် (၅၀) ကျော် မုဆိုးမဖြစ်ပြီး သမီးဖြစ်သူ၏အိမ်တွင် မှီခိုနေထိုင်ရင်း အကြော်ရောင်းချနေရသူ ဖြစ်ပါသည်။

သမီးဖြစ်သူ မဝင်းမုံကလည်း အလုပ်အကိုင်မရှိ၍ ကလေး(၄)ယောက်နှင့် အိမ်မှုကိစ္စများလုပ်ရင်း ယောက်ျား တစ်ယောက်တည်း၏လုပ်စာကို စားသုံးနေကြရလေသည်။

စီးပွားရေးအဆင်ပြေစေရန်အတွက် ဒေါ်ဗျော့သည် တစ်ဖက်တစ်လမ်းက အကြော်ရောင်းရင်း ဝင်ငွေရှာရလေသည်။

"ဒေါ်ကြီးဗျော့ ဘူးသီးကြော်နှစ်ခု၊ ဗယာကြော်တစ်ခု၊ ကြက်သွန်ကြော်တစ်ခုပေးပါ။ ဒီမှာပိုက်ဆံနှစ်ရာ။ ကျွတ်ကျွတ်အိတ်နဲ့ထည့်ပေးနော်"

ဟု ပြောဆိုရင်း မောင်ဆုပန် အကြော်လာဝယ်လေသည်။

မောင်ဆုပန်ဆိုသည့်လူငယ်လေးမှာ ဒေါ်ဗျော့တို့၏အိမ်ခြေရင်းတွင်နေထိုင်သော အဌမတန်းကျောင်းသားလေး တစ်ဦးဖြစ်လေသည်။ စကားအပြောအဆိုအင်မတန်ရည်မွန်၍ လူချစ်လူခင်ပေါ်များသောကလေး ဖြစ်လေသည်။

မောင်ဆုပန်မှာ မွေးချင်း (၃)ယောက်ရှိသည့်အနက် သားကြီးဖြစ်ပြီး လပတ်စာမေးပွဲတို့၌ အဆင့် (၁)၊ အဆင့် (၂)၊ အဆင့် (၃) တစ်ခုခုရရှိပြီး ပညာတော်လေသည်။

ကျောင်းပိတ်ရက် (၂)ရက်မှလွဲ၍ ကျောင်းဖွင့်ရက်တွေတိုင်း ဒေါ်ဗျော့၏ အကြော်တဲသို့ မောင်ဆုပန် အမြဲတမ်း လာရောက်အကြော်ဝယ်လေ့ရှိ၏။

ထို့အတွက်ကြောင့် ဒေါ်ဗျော့မှ မောင်ဆုပန်အား ရင်းရင်းနှီးနှီးခင်ခင်မင်မင်ဖြစ်နေလေ၏။

"ကဲ - မောင်ဆုပန်၊ ဒီမှာခဏထိုင်ဦး။ ဒီမှာသားကြိုက်တဲ့ဘူးသီးကြော်လေးကို အချဉ်ရည်လေးနဲ့တို့စားလိုက်ပါဦးကွယ်။ ဒါက ဒေါ်ကြီးဗျော့က ပိုက်ဆံမယူပါဘူးကွယ့်။ အလကားကျွေးတာပါ"

ဟု ပြောဆိုကာ အကြော်တဲ၏ အပြင်ဘက်တွင်ထားရှိသော စားပွဲဝိုင်းလေးတွင် ဘူးသီးကြော်တစ်ချပ်အား ပန်းကန်ထဲထည့်၍ အချဉ်ရည်ခွက်လေး ဘေးချကာကျွေးလေ၏။

"စားပွဲပေါ်က ရေနွေးအိုးထဲမှာ ရေနွေးလည်းရှိတယ် သောက်ကွယ့်"

ဟု ဆိုကာ ဧည့်ခံကျွေးမွေးလေ၏။

မောင်ဆုပန်သည် ဒေါ်ဗျော့၏ အမြဲတမ်း ဖောက်သည်ဖြစ်နေသဖြင့် မကြာခဏဆိုသလို မောင်ဆုပန်အား ကျွေးလေ့ရှိ၏။

မောင်ဆုပန်သည် စားပွဲဝိုင်းလေးဘေးရှိ ဖင်ထိုင်ခုံသေးသေးလေးအား ယူထိုင်ရင်း ညစ်ထေးထေးဒန်ရေနွေးအိုးလေးထဲမှရေနွေးကြမ်းအား အကြမ်းပန်းကန်လုံးထဲသို့ငှဲ့ထည့်လိုက်ရင်း ဘူးသီးကြော်ကို အချဉ်ရည်ခွက်ထဲမှအချဉ်ရည်ဖြင့်တို့စားရင်း -



# ဦးကိုကိုကြီး

(စစ်ဆေးရေး) ကစစ(၁၂)၊ ဇော်ဇော်

# ရွှဲလပ်မိုးစိတ်

www.burmeseclassic.com

"ဒေါ်ကြီးဗျော့ သားကိုမကြာခဏ ကျွေးကျွေးနေတာ ဒေါ်ကြီးဗျော့အမြတ်နည်းနေပါဦးမယ်ဗျာ"

ဟု ဆိုလိုက်ပါသည်။

ဒေါ်ဗျော့မှ -

"သားက အမြဲတမ်းအားပေးနေတဲ့ဒေါ်ကြီးရဲ့ဖောက်သည်ပဲကွယ်။ ကျွေးရမှာပေါ့။အမြတ်အစွန်းတွက်မနေပါဘူးကွယ်။ သားကိုကျွေးလိုက်ရလို့ ဒေါ်ကြီးဗျော့ ကုသိုလ်တောင်ရပါသေးတယ်"

ဒေါ်ဗျော့မှပြန်ဖြေရင်း အကြော်ကြော်နေသောဒယ်အိုးထဲမှ အကြော်များအား ယောက်မနှင့်အထက်အောက်လှန်ရင်း ပြန်ဖြေလိုက်လေသည်။

ဒေါ်ဗျော့၏သမီးမဝင်းမှူမှာ သမီး (၄) ယောက်ဖြစ်နေသဖြင့် သားတစ်ဦးမှမပါသောကြောင့် မောင်ဆုပန်ကိုပဲ ဝိုင်းဝန်း၍ချစ်ခင်နေကြလေသည်။

မောင်ဆုပန်ကလည်း ကျောင်းပိတ်ရက်များတွင် အိမ်မှာအားနေပါက ဒေါ်ဗျော့၏အကြော်တဲတွင်သွားရောက်၍ အာလာပသလ္လာပစကားများပြောကာ ဝိုင်းဝန်းကူညီရောင်းချပေး၍ ဒေါ်ဗျော့အကြော်ရောင်း၍ကုန်သွားသည်အထိ လုပ်ကိုင် ဝိုင်းဝန်း သိမ်းဆည်းပေးလေသည်။

လုပ်ကိုင်ပေးရင်းက မောပန်းသွားသည့်အခါမှာလည်း မောင်ဆုပန်တစ်ယောက် အကြော်တဲမှာပင် ဖျာစုတ်လေးခင်း၍ တုံးလုံးလှဲရင်းက အိပ်ပျော်သွားတတ်လေရာ ဒေါ်ဗျော့မှ သူ၏ခေါင်းတွင်ပေါင်းထားသည့်ပုဆိုးလေးဖြင့် မောင်ဆုပန်အား လွှမ်းခြုံပေးထားလေ့ရှိ၏။ ယင်မနားစေရန်လည်း ယပ်တောင်လေးဖြင့် ယပ်တဖျတ်ဖျတ်ခတ်ပေးလေသည်။

ထိုသို့သော အနေအထားတို့ဖြင့် ဒေါ်ဗျော့နှင့်မောင်ဆုပန်တို့သည် တစ်ဦးနှင့်တစ်ဦး မိခင်နှင့်သားပမာ မေတ္တာကြီးမားကြလေသည်။

ဒေါ်ဗျော့၏ အကြော်သည် မုန့်ဟင်းခါးဆိုင်များ၊ ခေါင်းရွက်ဗျပ်ထိုးသည်များမှ နေ့စဉ်ဖောက်သည်ယူ၍ရောင်းချခြင်းဖြင့် လည်းကောင်း၊ ရပ်ကွက်သူရပ်ကွက်သားများ နေ့စဉ်ဝယ်စားသုံးကြသောကြောင့် လည်းကောင်း၊ အကြော်ကလည်း ကြွပ်ကြွပ်ရွရွစားကောင်းသဖြင့် ဒေါ်ဗျော့နာမည်ကောင်းတစ်လုံးရလျက် ရောင်းမကုန်သည့်နေ့ဟူ၍မရှိအောင် ရောင်းကောင်းလှပါသည်။

သို့သော်လည်း မိသားစုခုနစ်ယောက်အတွက် ရုန်းကန်လုပ်ဆောင်နေရသောကြောင့် ရရစားစားဘဝဖြင့်ပင် ဒေါ်ဗျော့တို့မိသားစု ဘဝရပ်တည်ရရှာပါသည်။ ဘဝအခြေအနေအရ ဘဝဆင်းရဲသော်လည်း ကြွေးမြီကင်းရှင်းသဖြင့် စိတ်တော့မဆင်းရဲကြရပေ။ စားသုံးကြသူများအပေါ်မှာလည်း ဖြစ်သလိုကြော်ခြင်းမျိုးမဟုတ်ဘဲ စေတနာပါပါဖြင့်လုပ်ဆောင်ပေးနေသလိုစိတ်နှလုံးအင်မတန်မှဖြူစင်သောအကြော်သည် ဒေါ်ကြီးဗျော့ဖြစ်ပါသည်။

သို့အတွက်ကြောင့်လည်း ဒေါ်ဗျော့အား လူချစ်လူခင်ပေါများကြလေသည်။

မောင်ဆုပန်၏ မိဘများကလည်း ဒေါ်ဗျော့မိသားစုမှ မောင်ဆုပန်အား ဝိုင်းဝန်းချစ်ခင်နေကြသည်ကိုသိသဖြင့် ဒေါ်ဗျော့မိသားစုဆီသို့ သွားလာနေမှုအား ပိတ်ပင်မှုမရှိကြချေ။

❑

သည်လိုနှင့် ရက်မှလ၊ လမှနှစ်များပြောင်းလာခဲ့ကာ မောင်ဆုပန်တစ်ယောက် (၁၀) တန်းအောင်မြင်ခဲ့သဖြင့် ပထမနှစ်တက်ရန် မြို့ကျောင်းသို့သွားရောက်ကျောင်းတက်ရလေသည်။

မြို့ကျောင်းရောက်သော်လည်း ကျောင်းပိတ်ရက်များတွင် အိမ်သို့ပြန်လာတိုင်း မောင်ဆုပန်သည် ဒေါ်ဗျော့၏အကြော်တဲလေးဆီသို့ သွားရောက်လုပ်ကိုင်ပေးမြဲ ဖြစ်ပေသည်။

မောင်ဆုပန်ရောက်လာသည်နှင့် ဒေါ်ဗျော့မှလည်း ငယ်ငယ်ကကဲ့သို့ ဘူးသီးကြော်ကျွေးရင်း -

"တက္ကသိုလ်ကျောင်းသားကြီးဖြစ်နေပြီဆိုတော့ ဒေါ်ကြီးရဲ့ဘူးသီးကြော်ကို မေ့နေပြီပေါ့ ဟုတ်လား"

ဟု စကားဆိုလေရာ -

မောင်ဆုပန်မှ -

"မမေ့ပါဘူး ဒေါ်ကြီးဗျော့ရယ်။ သားကလေ မြို့တက္ကသိုလ်ကျောင်းမှာနေနေရပေမယ့် ဒေါ်ကြီးဗျော့ရဲ့မီးခိုးမှိုင်းတွေကပ်နေတဲ့ အကြော်တဲလေးရယ်၊ ဟောဒီဘူးသီးကြော်ရယ် အမြဲသတိရနေတာပါ"

ဟု ပြန်ဖြေသဖြင့် ဒေါ်ဗျော့ကျေနပ်ဝမ်းသာရှာနေပါသည်။

မောင်ဆုပန် ကျောင်းပထမနှစ်တွင် ဒေါ်ဗျော့သည် ညဘက်လုံခြုံရေးအတွက် ခွေးမလေးတစ်ကောင်အား မဲလုံးဟု အမည်ပေး၍ မွေးထားလေသည်။

မောင်ဆုပန်မှာ ခွေးချစ်တတ်သူဖြစ်သဖြင့် မဲလုံးအား ပွတ်သပ်ကျီစယ်သမှုပြုရင်း မဲလုံးနှင့်ခင်မင်ရင်းနှီးသွားလေသည်။

ကျောင်းပိတ်ရက်ပြန်လာတိုင်းမှာလည်း မဲလုံးအတွက် စားစရာတစ်ခုပါလာပြီး မဲလုံးအားကျွေးသောကြောင့် မဲလုံးမှာ မောင်ဆုပန်ပြန်လာတိုင်း အမြီးလေးနန့်ကာ ကြိုဆိုသမှုပြုပါလေသည်။

❑

နွေမှမိုး၊ မိုးမှဆောင်း၊ ဆောင်းမှနွေ ရာသီအလီလီပြောင်းကာ နှစ်တွေကြာညောင်းခဲ့သည်နှင့်အမျှ မောင်ဆုပန်လည်း တစ်နှစ်တစ်တန်း ပုံမှန်အောင်မြင်လာသဖြင့် (မြန်မာစာ)စတုတ္ထနှစ်သို့ပင် ရောက်ရှိလာကာ စာမေးပွဲဖြေဆိုရမည့်အချိန်သို့ပင် ရောက်ရှိလာပါသည်။

မောင်ဆုပန်မှလည်း ဒီနှစ်ကြိုးစား၍ပြီးလျှင် ကျောင်းပြီးတော့မည်ဖြစ်သဖြင့် စာကို အထူးကြိုးစားအားထုတ်နေလေသည်။

စာမေးပွဲကြီးပြီး၍ အိမ်ပြန်ရောက်လျှင်လည်း ဒေါ်ကြီးဗျော့၏အကြော်တဲသို့သွားကာ ဒေါ်ကြီးဗျော့၏ ဘူးသီးကြော်ကိုစားရင်း ဒေါ်ကြီးဗျော့အား ကူညီလုပ်ကိုင်ပေးရဦးမည်တွေးတော ရင်းပျော်နေမိလေသည်။

အိမ်ကမိဘနှင့်ညီအစ်ကိုမောင်နှမများကို မောင်ဆုပန် ဒီလောက်သတိရခြင်းမျိုးမရှိဘဲ ဒေါ်ဗျော့ကိုသာလျှင်တမ်းတမ်းတတရှိနေလွန်းလှပါသည်။

သို့နှင့် စာမေးပွဲကြီး၏နောက်ဆုံးနေ့သို့ရောက်ရှိလာပြီး ဖြေဆို၍ပင်ပြီးဆုံးခဲ့လေပြီ။ မနက်ဖြန်ဆိုလျှင်အိမ်ပြန်ရမည်ကိုတွေးကာ မောင်ဆုပန်တစ်ယောက် ပျော်ရွှင်နေမိလေသည်။

အပြီးပြန်ရမည်ဖြစ်၍ မိမိအခန်းအိပ်ရာနှင့်ပစ္စည်းပစ္စယများသိမ်းဆည်းနေစဉ် တစ်ခန်းတည်းအတူနေ အခန်းဖော်သူငယ်ချင်း မင်းယာမှ -

"ဆုပန်ရေ မနက်ဖြန်ဆို ငါတို့တွေ ကိုယ့်အိမ်ကိုယ်ပြန်ကြရတော့မယ်ကွ။ မပြန်ခင် ဒီကနေ့ နောက်ဆုံးအနေနဲ့ ဆိုင်ကယ်ငှားပြီး မြို့ထဲလျှောက်လည်ကြရရင်မကောင်းဘူးလား"

ဟု ပြောလေသည်။

မောင်ဆုပန်မှ အနည်းငယ်စဉ်းစားပြီး-

www.burmeseclassic.com

"မလိုက်တော့ပါဘူးကွာ။ ငါ့မှာ သိမ်းစရာတွေရှိသေးတယ်ကွ"

ဟု ပြန်ဖြေလေရာ မင်းယာမှ -

"မင်းကလည်းကွာ၊ တို့နှစ်ယောက် အသင်နှစ်တွေမှာဘယ်မှမသွားခဲ့ကြပါဘူး။ ဒီတစ်ရက်လေးတော့ သွားလည်သင့်ပါတယ်။ လိုက်ခဲ့ပါ ဆုပန်ရာ"

ဟုပြောသောအခါ -

မောင်ဆုပန်မှ -

"မဟုတ်ဘူး မင်းယာ။ ငါ့စိတ်ထဲမှာ လိုက်ချင်စိတ်လည်းမရှိဘူး။ ခေါင်းသည်းလေးနေတယ်ကွ။ မင်းပဲသွားလိုက်ပါကွာ။ ငါမလိုက်တော့ပါဘူး"

ပြန်ပြောလေသည်။

မင်းယာမှ -

"အေး - ရတယ်၊ မင်းမလိုက်ချင်သည်းနေပေါ့ကွာ။ ငါလည်း မင်းကိုတစ်ခါမှဒီလိုမခေါ်ခဲ့ဖူးပါဘူး။ ဒီတစ်ခါလေး နောက်ဆုံးနေ့လေးမို့ အပျော်သဘောနဲ့ ခေါ်မိတာပါ။ နောက်ကိုမင်းကိုဘယ်တော့မှမခေါ်တော့ဘူး။ ငါလည်း မင်းစကားမပြောနဲ့။ မင်းလည်းငါစကားမပြောတော့ဘူး"

ဟု ပြောပြောဆိုဆို မျက်နှာကြီးမဲ့သုန်သုန်နှင့် စိတ်ဆိုးသွားလေတော့သည်။

ထိုအခါကျပြန်တော့ မောင်ဆုပန်မနေသာတော့ဘဲ -

"ကဲပါကွာ-စိတ်တော့ဆိုးမနေပါနဲ့ ငါလိုက်ခဲ့ပါ့မယ်။ ညနေထမင်းစားပြီးသွားကြတာပေါ့ ဟုတ်ပြီလား"

ဟု ပြန်ဖြေလိုက်ခါမှ မင်းယာမျက်နှာကြီး ပြုံးဖြီးဖြီးဖြစ်သွားရှာလေတော့သည်။

မောင်ဆုပန်နှင့်မင်းယာပြောဆိုနေကြသည်ကို အခန်းချင်းကပ်လျက်ရှိသူမောင်ဆုပန်တို့၏ သူငယ်ချင်း လင်းသူမှကြားနေရသဖြင့် ပြန်ပြောလိုက်ပုံက -

"မင်းတို့လင်မယား ပြေလည်မှုရသွားကြပြီလား ဟား ဟား ဟား"

ဟုပင်။

မောင်ဆုပန်နှင့် မင်းယာတို့မှာ ပထမနှစ်စတက်ကြကတည်းက တစ်ခန်းတည်း အတူတကွ နေထိုင်လာကြပြီး ကျောင်းပြီးသည်အထိ အတူမခွဲတတ်ခွဲတတ်နေထိုင်လာကြကာ တစ်ဦးအနံ့အတာတစ်ဦးခံ၍နေလာကြသော သူငယ်ချင်းနှစ်ယောက်ဖြစ်ကြသဖြင့် တစ်ယောက်အတိဆိုးမှာ တစ်ယောက်မလိုလားကြသူနှစ်ဦးဖြစ်ပါသည်။

ညနေ ရေချိုး ထမင်းစားပြီးကြ၍ မင်းယာနှင့်မောင်ဆုပန်တို့(၂)ဦးသည် ဆိုင်ကယ်ငှားပြီး မြို့ထဲသို့ထွက်သွားကြလေသည်။

ထွက်သွားချိန်ကတော့ ည(၇)နာရီဖြစ်ပါ၏။

❑

မနက်ဖြန်နံနက်တွင် မင်္ဂလာဆောင်တစ်ခုမှ အကြော် (၁၅၀) ခုလာမှာသဖြင့် နံနက်ပိုင်းသာ အကြော်ကြော်ရောင်းလေ့ရှိသောဒေါ်ဗျော့တစ်ယောက် ဒီနေ့ ညနေ (၅) နာရီလောက်ကပင် အကြော်တဲတွင် အကြော်ကြော်ရန်ပြင်ဆင်လုပ်ကိုင်နေရလေသည်။

အကြော်တစ်ခုပြီးတစ်ခုကြော်နေရင်းက အကြော် (၁၅၀) ပြည့်ရန် နောက်ထပ်မည်၍မည်မျှကြော်ရဦးမလဲဆိုသည်ကိုသိစေရန် ဒေါ်ဗျော့သည် မီးခွက်ကို လက်တစ်ဖက်ဖြင့်မြှောက်ကြည့်ရင်း ကျန်လက်တစ်ဖက်ဖြင့် အကြော်များအား ရေတွက်နေလေသည်။

အချိန်ကလည်း လမ်းသွားလူတစ်ယောက်အား ဒေါ်ဗျော့မှလှမ်းမေးကြည့်ရာ ည (၇)နာရီခွဲဖြစ်ကြောင်းသိရသဖြင့် အကြော်(၁၅၀)ပြည့်ရန် အကြော်(၁၀)ခုစာ လိုသေးသဖြင့် (၁၀)ခုစာအကြော်ကြော်ရန်ပြင်ရပါလေသည်။

ထိုအချိန်တွင် ဒေါ်ဗျော့ မီးခွက်မှာ လေမတိုက်ဘဲ ဖျတ်ခနဲမီးငြိမ်းသွားသဖြင့် ဒယ်ဝိုင်းထဲမှအကြော်များအား မမြင်ရသဖြင့် မီးတောက်နေသောထင်းစတစ်ချောင်းအားဆွဲရင်း ထင်းစမှမီးရောင်ဖြင့် လှမ်းကြည့်လိုက်ပါသည်။

ထိုအချိန်တွင် အကြော်တဲဘေးတွင်ထိုင်နေသောမဲလုံးမှ ရင်းနှီးသူတစ်ဦးအား 'ဝု အု အူ' ဟုအော်ရင်း နှုတ်ဆက်သည့်အသံကိုကြားရသဖြင့် ဒေါ်ဗျော့မှ ထင်းမီးစမှမီးနှင့် မီးခွက်အားမီးညှိလိုက်ပါသည်။ မှိန်ပျပျမီးခွက်၏ အလင်းရောင်ကြောင့် အကြော်တဲဘေးမှ မဲလုံးအား ခပ်ဝါးဝါးလှမ်းမြင်လိုက်ရပါသည်။

မဲလုံးသည် အမြီးတယမ်းယမ်းနှင့် လူတစ်ဦးအား အငမ်းမရကြိုဆိုနေသည်ကို ဒေါ်ဗျော့မြင်နေရ၏။ ထို့ကြောင့် ဒေါ်ဗျော့မှ -

"ဟဲ့-မဲလုံး၊ နင်ဘယ်သူ့ကိုမြင်လို့ နှုတ်ဆက်နေတာတုံး"

ပြောလိုက်ရာ ဒေါ်ဗျော့အသံကြားလိုက်ရသော မဲလုံးမှ ဒေါ်ဗျော့ထံ ပြေးလာပြီး တအီအီနှင့်အမြီးကလေးယမ်းခါလုပ်ပြနေပြန်သည်။

အကြော်တဲအပြင်မှာလည်းမှောင်နေသဖြင့် ဘယ်သူဘယ်ဝါရှိနေသည်ကို ဒေါ်ဗျော့မမြင်ရပေ။ ထို့နောက် ခြေသံလိုလိုကြားရပြီး ဒေါ်ဗျော့အကြော်တဲနားသို့ရောက်လာကာ 'ဒေါ်ကြီးဗျော့' ဟု ခေါ်သဖြင့် ဒေါ်ဗျော့မှာ အနည်းငယ်လန့်သွားပါသည်။

နောက်မှမီးရောင်မှိန်မှိန်အောက်တွင် မောင်ဆုပန်ကိုတွေ့လိုက်ရသဖြင့်-

"ဟယ် - မောင်ဆုပန်၊ ညကြီးမိုးချုပ်တော့မှပြန်ရောက်လာတာလား။ ဒါကြောင့် မဲလုံးကနှုတ်ဆက်နေသံကြားရတာကိုး"

ဟု ဆိုလိုက်ပါသည်။

မဲလုံးမှလည်း မောင်ဆုပန်ကိုနမ်းကြည့်လိုက်၊ အမြီးလှုပ်လိုက်လုပ်နေပါသည်။

"ဟုတ်တယ် ဒေါ်ကြီးဗျော့။ သားရောက်ရောက်ချင်းပဲ ဒေါ်ကြီးဗျော့ဆီတန်းလာတာ။ သားအိမ်တောင်မရောက်သေးဘူး"

မောင်ဆုပန်မှ ပြန်ဖြေပါသည်။

"ဒီမှာလေ မင်္ဂလာဆောင်က အကြော် (၁၅၀) မှာလို့ ဒေါ်ကြီးဗျော့ကြော်နေတာ။မင်းကြိုက်တဲ့ဘူးသီးကြော်တော့မပါဘူး၊ ပဲကြော်ပဲရှိတယ်။ ရော့-ယူစား"

ဟု ပေးလိုက်ပါသည်။

မောင်ဆုပန်မှ အကြော်တစ်ချပ်အား ယူစားလိုက်၏။ ထိုအခြေအနေကို ခပ်လှမ်းလှမ်းမှ အကြော်တဲတွင်သိမ်းစရာရှိသည်များသိမ်းရန်လာသော ဒေါ်ဗျော့သမီးမဝင်းမွံမှ မီးခွက်အလင်းရောင်ဖြင့် တဲအတွင်းရှိ ဒေါ်ဗျော့အားလှမ်းမြင်သဖြင့် ဒေါ်ဗျော့ ဘယ်သူနှင့်များ စကားပြောဆိုနေသလဲကိုသိရန် ဒေါ်ဗျော့နားသို့သွားစဉ်တွင် -

အကြော်စားနေရင်း မောင်ဆုပန်က -

"ဒေါ်ကြီးဗျော့၊ သားအိမ်ကိုသွားလိုက်ဦးမယ်။ မနက်ကျမှ ဘူးသီးကြော်လာစားရင်းလာခဲ့မယ်"

ဟု ပြောဆိုနှုတ်ဆက်သွားလေသည်။

ဒေါ်ဗျော့မှလည်း -

"အေးအေး - သွား သွား၊ မနက်ကျမှလာ။ ဒေါ်ကြီးဗျော့လည်း အကြော်ကြော်လို့ပြီးပါတော့မယ်ကွယ်"

ဟု ပြန်ဖြေလိုက်ရင်း အကြော်ဆက်ကြော်နေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မဝင်းမှုံမှ -

"အမေ၊ တစ်ယောက်တည်း ဘယ်သူနဲ့စကားပြောနေတာလဲ"

ဟု မေးလေရာ -

"ဩော်-ဝင်းမှုံရယ်၊ မောင်ဆုပန် မမှတ်မိတော့ဘူးလား။ မောင်ဆုပန်နဲ့ စကားပြောနေတာလေ။ ကျောင်းပြီးလို့ ပြန်လာတာရှိမှာပေါ့"

ဟု ဒေါ်ဗျော့မှ ပြန်ဖြေလေ၏။

"သမီးလှမ်းမြင်တာကတော့ အမေ တစ်ယောက်တည်းပဲစကားပြောတာမြင် တယ်။ မဲလုံးကိုလည်း အမြီးတလှုပ်လှုပ် နဲ့မြင်ရတယ်"

"သမီးကလည်း၊ မောင်ဆုပန်လာ လို့ အကြော်တစ်ခုတောင်ကျွေးလိုက် သေးတယ်။ မဲလုံးကလည်း တအုအု တအီအီနဲ့ နှုတ်ဆက်လို့ အလင်းရောင် အားနည်းလို့နင်မမြင်တာပါ"

မဝင်းမှုံသည် ဒေါ်ဗျော့အကြော် တစ်ခုကျွေးသည်ကိုပြောသဖြင့် အကြော် တဲအစပ်နားသို့ကြည့်လိုက်ရာ လူငယ် မျက်စိဖြစ်သဖြင့် ဒေါ်ဗျော့ကျွေးသည် ဆိုသောအကြော်မှာ မြေကြီးပေါ်တွင်ရှိ နေသည်ကို တွေ့လိုက်ရသဖြင့် ကောက် ယူကြည့်ရင်း မဝင်းမှုံမှ -

"အမေ၊ ဒီမှာအကြော်တစ်ခုပါ လား။ မြေကြီးပေါ်မှာ"

ဟု ပြောလိုက်သဖြင့် ဒေါ်ဗျော့မှ-

"မောင်ဆုပန်စားရင်းကျန်ခဲ့တာ ထင်ပါတယ်ကွယ်"

ဟုပြောရာ -

"မဟုတ်တာ့အမေရယ်၊ အကြော် က ကိုက်စားထားတဲ့အရာလုံးဝမရှိဘူး။ အကြော်က ပကတိအတိုင်းပဲ"

ဟု မဝင်းမှုံမှပြန်ပြောသောအခါ ဒေါ်ဗျော့မှ အကြော်အား လှမ်းယူကြည့် လိုက်ရာ -

"ဟုတ်ပါရဲ့၊ ငါ့ရှေ့မှာပဲစားနေ တာ ဘယ်လိုဖြစ်တာပါလိမ့်။ မဲလုံးက လည်း ကိုက်မချီတတ်ပါဘူး။ ငါလည်း အကြော်တဲက ဘယ်မှမခွာဘူး။ မျက်စိ တောင်လည်ကုန်ပါပြီ"

ဟု ပြောလိုက်လေသည်။

မဝင်းမှုံမှ -

"အမေ၊ စိတ်တော့မဖောက်ပါဘူး နော်"

ဟု ပြောရာ ဒေါ်ဗျော့မှ -

"အောင်မယ်၊ နင်ကငါ့များပြော နေလိုက်တာ စိတ်မဖောက်လို့ အကြော် ကြော်နေတာပေါ့ဟဲ့"

ဟု ပြောလိုက်လေသည်။

မဝင်းမှုံလည်း သူမ၏အမေ အပြောအဆိုအား သဘောမတွေ့သဖြင့် ခြေရင်းအိမ်ရှိ မောင်ဆုပန်၏အဖေ ကိုချွန်အားလှမ်းခေါ်လိုက်ပါသည်။

အိမ်ချင်းကပ်လျက်မို့ ကိုချွန်မှ ကြားသွားပြီး-

"ဘာလဲဝင်းမှုံ၊ ဘာလုပ်ပေးရမလဲ"

ဟု ပြန်မေးလေသည်။

"ဘာမှမလုပ်ပေးရပါဘူး အစ်ကို ချွန်ရယ်။ မောင်ဆုပန်ပြန်ရောက်နေပြီ လားလို့ လှမ်းမေးတာပါ"

"မရောက်သေးဘူး ဝင်းမှုံရဲ့၊ ဒီနေ့ စာမေးပွဲကြီးပြီးပြီလေ။ မနက်ဖြန်တော့ ပြန်ရောက်မှာပေါ့။ ဘာဖြစ်လို့လဲ"

ဟု ပြန်မေးရာ မဝင်းမှုံမှ -

"ဘာမှမဖြစ်ပါဘူး အစ်ကိုချွန်၊ ရောက်နေပြီထင်လို့ လှမ်းမေးကြည့်တာ ပါ"

ဟု ပြန်ပြောရင်း ဒေါ်ဗျော့အား 'ကဲ - ဘယ်နှယ်လဲ' ဆိုသည့်သဘောနှင့် မေးငေါ့ပြလိုက်ပါသည်။

ဒေါ်ဗျော့မှ 'သူကိုယ်တိုင်လည်း စကားပြောရတယ်။ မောင်ဆုပန်ကို သူ့ လက်နဲ့အကြော်ပေးလိုက်တယ်။ မောင် ဆုပန်ကိုယ်တိုင်လည်း သူ့ကိုစကားပြန် ပြောတယ်။ အကြော်ကိုလည်း သူ့ရှေ့မှာ စားသွားတယ်။ မဲလုံးကလည်း တအီအီ နဲ့နှုတ်ဆက်တာ ငါမြင်တယ်။ ငါဘယ် လိုလုပ်ပြီး ဝင်းမှုံကိုရှင်းပြရမှာပါလိမ့်။ ဝင်းမှုံပြောသလို ငါ့စိတ်တွေဖောက်သွား ပြီလား' စသဖြင့် အတွေးစိတ်များလွှမ်း ခြုံနေပါတော့သည်။

နောက်ဆုံး ဒေါ်ဗျော့တွေးလိုက် သည်မှာက မဲလုံးသာ လူဖြစ်ခဲ့ပါလျှင် သူ့အား ကူညီညာပြောပေးမှာသေချာပါ သည်။ ယခု မဲလုံးက ခွေးဖြစ်နေလေ တော့-

မဝင်းမှုံအား ဒေါ်ဗျော့သည် ဘာမှ ပြန်လည် ချေပ ပြောဆိုမနေတော့ဘဲ အကြော်ကို အမြီးသတ်ကြော်လှော်တာ သိမ်းစရာများသိမ်းဆည်း၍နေလေတော့ သည်။

❑

အချိန်ကား ည (၁၀) နာရီထိုးပြီ ဖြစ်ပါသည်။

ဒေါ်ဗျော့တို့မိသားစုလည်း တစ်နေ့ တာပင်ပန်းနွမ်းနယ်ခဲ့ကြသဖြင့် အိပ်မော ကျလျက်ရှိကြပါသည်။

ထိုအချိန်တွင် ဒေါ်ဗျော့တို့၏အိမ် ရှေ့တံခါးအား ဒုန်း . . . ဒုန်း . . . ဒုန်း ထုရင်း -

"ဒေါ်ဗျော့၊ ဝင်းမှုံ ထကြပါဦး"

ဟု ကိုချွန်၏အရေးတကြီးအော် ခေါ်သံကြားကြသဖြင့် အလန့်တကြား သားအမိနှစ်ယောက် အိပ်ရာမှ လူးလဲထ လိုက်ကြပါသည်။

ကိုချွန်၏အသံဖြစ်သဖြင့် ဝင်းမှုံ ကတမ်းကတမ်းထကာ တံခါးဖွင့်ရင်း-

"အစ်ကိုချွန်၊ အလန့်တကြား ဘယ်လိုဖြစ်တာလဲရှင်။ ညကြီးအချိန် မတော် ဘယ်သူနေမကောင်းဖြစ်လို့လဲ"

ဟု မေးလိုက်လေသည်။

ကိုချွန်မှာ အသံတုန်တုန်ယင်ယင် ငိုသံကြီးဖြင့် -

"ဝင်းမှုံ ဒီည (၇)နာရီခွဲလောက် က နင့်တူ မောင်ဆုပန် မြို့မှာ ကား သူတို့စီးတဲ့ဆိုင်ကယ်နဲ့ ဝင်တိုက်မိကြ မောင်ဆုပန်ရော သူ့သူငယ်ချင်း နေရာမှာတင် ပွဲချင်းပြီးဆုံးသွားကြ တယ်တဲ့။

သူတို့ကျောင်းက ဆရာ၊ ဆရာမ တွေ ကားနဲ့လာပြီး ငါ့ဆီကိုအခုလာ အကြောင်းကြားလို့ မြို့ကိုလိုက်သွား မယ်။ မောင်ဆုပန်တို့နဲ့ အခန်းချင်းကပ် နေတဲ့သူတို့ရဲ့သူငယ်ချင်း လင်းသူဆိုတဲ့ ကောင်လေးလည်းပါလာတယ်။

အဲဒါ ဝင်းမှုံရယ်၊ နင်တို့လင်မယား နှစ်ယောက်စလုံးလည်း ငါနဲ့အဖော်လိုက် ခဲ့ကြပါဦး။ ဆရာ၊ ဆရာမတွေရဲ့ကား တစ်ခါတည်းလိုက်သွားရမှာ"

ဟု ပြောလေရာ ဒေါ်ဗျော့သည် ထိုစကားကိုကြားလိုက်ရသည်နှင့် မိုက်ခနဲ ဖြစ်သွားပြီး လဲကျမသွားစေရန် ဘေးနား မှတိုင်ကို မနည်းသတိထား၍ကိုင်ထား လိုက်ရပါတော့သည်။

❑

"ကျွန်မရဲ့အဖြစ်ကတော့ အဲဒါ ပါပဲ စာရေးဆရာရေ။ မယုံမှာစိုး ဘယ်သူကိုမှတောင် မပြောပြခဲ့ပါဘူး ဆရာ့ကိုသာ စာရေးချင်ရေးပါစေတော့ ဆိုပြီးပြောပြတာပါ"

ဟု ဒေါ်ဗျော့မှ စာရေးသူအား သူမကြုံတွေ့ခဲ့ရသည့် အကြောင်း အပြည့်အစုံအား တစ်ဖက်က အကြော် ကြော်ရင်း၊ စာရေးသူကလည်း အကြော် ထိုင်စားနေရင်းက ရှင်းပြပြောဆို ဖြစ်ပါသည်။

စာရေးသူမှာ ဒေါ်ဗျော့၏အကြော် ဆိုင်သို့ မကြာခဏဆိုသလို သွားစားတတ်ပါသောကြောင့် ဒေါ်ဗျော့



www.burmeseclassic.com

www.burmeseclassic.com

# ကြည့်လွှင် တံဆိပ်ခေါင်းဝါသနာဆိုင်ရာ အတွေးစုများ

တံဆိပ်ခေါင်းဝါသနာနှင့်သက်ဆိုင်သောမှတ်စု၊ အတွေ့အကြုံ၊ အတွေးအမြင်တို့ကို 'အတွေးစုများ'ဟူ၍ စုစည်းဖော်ပြထားခြင်း ဖြစ်သည်။ ယခင်ခေတ်များကကဲ့သို့ မိမိစိတ်ထဲ၌ တွေးခေါ်ဆန်းစစ်သည့်ကိုပင် မဝံ့မရဲဖြစ်နေလေ့ရှိကြရာမှ ယခုအခါ ပိုမိုလွတ်လပ်စွာ စိတ်ကူးတွေးခေါ်နိုင်ကြပြီဖြစ်၍ တံဆိပ်ခေါင်းဝါသနာနှင့် ပတ်သက်သောအကြောင်းအရာများကို အတွေးနယ်ချဲ့၍ သုံးသပ်ထားခြင်း ဖြစ်ပါသည်။ ဤဆောင်းပါးမှာ တံဆိပ်ခေါင်းဝါသနာရပ်ကိုသာ ဇဟိုပြု၍ တွေးခေါ်သုံးသပ်ထားလေရာ လူပုဂ္ဂိုလ်၊ ဖြစ်ရပ်နှင့် အယူအဆများက အဓိကမကျပါပေ။ 'အတွေးစုများ(၁)'ဟု ခေါင်းစဉ်တပ်ထားရာ နောက်နောင်၌ ဆက်လက် ဖော်ပြည့်အတွေးစုများကို (၂)၊ (၃) စသည်ဖြင့် တင်ပြသွားမည် ဖြစ်ပါသည်။

**၁ ဒုတိယကမ္ဘာစစ်ကြီးနှင့် တံဆိပ်ခေါင်းဝါသနာ**

ယနေ့ခေတ်တွင် အသက် (၇၀) ဝန်းကျင်ရှိသည့်လူများသည်ပင် ဒုတိယကမ္ဘာစစ်ကြီး၏အနိဋ္ဌာရုံများကို ကြုံတွေ့ခဲ့ကြဖူးခြင်းမရှိသဖြင့် ထိုအသက်ထက်ငယ်သောသူများမှာ ကမ္ဘာစစ်ကြီး၏ အနိဋ္ဌာရုံများကို ရင်တွင်းခံစားချက်ဖြင့် လေးလေးနက်နက် သဘောထားကြမည်မထင်ပေ။ သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီးကို ကြုံတွေ့လိုက်ကြရသော လူကြီးသူမများ၏ ပြောဆိုစကားများနှင့် အတွေ့အကြုံတို့ကို ကြားဖူးကြသူများနှင့် ဖတ်ဖူးကြသူများအဖို့မှာမူ အနည်းအငယ် နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ကမ္ဘာစစ်ကြီးဖြစ်နေသောကာလအတွင်း အခက်အခဲများကို ကျော်လွှားခဲ့ရပြီး အမှန်တကယ်ကိုယ်တိုင် တွေ့ကြုံခဲ့ရသူတစ်ယောက်အတွက်ဆိုပါမူ မြင်တွေ့ခံစားခဲ့ရသောအခြေအနေများကို တစ်သက်တာအတွင်း မေ့ဖျောက်နိုင်တော့မည်မထင်ပေ။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အင်္ဂလန်နိုင်ငံမှပြည်သူများအဖို့ စစ်ဘေးဒဏ်အပြင် ဂျာမန်တိုက်လေယာဉ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကြီးလန့်စာစားနေထိုင်ကြရခြင်း၊ အစားအသောက်၊ အဝတ်အထည်နှင့် အခြားလူသုံးကုန်ပစ္စည်းများ ခြိုးခြံချွေတာစွာဖြင့် နေထိုင်ကြရခြင်းတို့အပြင် အခန့်မသင့်ပါက ဗုံးဆန်မှန်ပြီး သေဆုံးနိုင်ရခြင်း စသည့် ဒုက္ခများဖြင့် ရင်ဆိုင်ခဲ့ကြရပါသည်။ ယနေ့ အသက်ရှင်နေသော်လည်း နောက်တစ်နေ့တွင် အသက်ရှင်နေဦးမည်လားဆိုသည်ကိုလည်း မိမိကိုယ်ကိုယုံကြည်မှုမရှိကြပေ။ ကမ္ဘာစစ်မီးကြီး၏ တောက်လောင်မှုကလည်း မည်မျှအထိဆိုးရွားကျယ်ပြန့်လာမည်ကို မခန့်မှန်းနိုင်ပေ။ စစ်ပွဲကြီးရှုံးနိမ့်ပြီး မိမိတို့တစ်နိုင်ငံလုံးမှလူအားလုံးနီးပါး သေကျေပျက်စီးကုန်ကြမည်မဟုတ်ဟုလည်း တပ်အပ်မပြောနိုင်ပေ။ ၁၉၄၀ ပြည့်နှစ်ကျော်ကာလများမှာ ဥရောပတိုက်တစ်ခွင်၌ ဒုတိယကမ္ဘာစစ်မီးကြီးတစ်စတစ်စ လောင်ကျွမ်းနေချိန်ဖြစ်သလို ကမ္ဘာပေါ်၌ တံဆိပ်ခေါင်းဝါသနာရပ်ကိုလည်း လူကြိုက်များလှပြီး အရှိန်ရနေချိန် ဖြစ်သည်။

ကမ္ဘာစစ်ကြီးမည်မျှကျယ်ပြန့်လာမည်၊ မည်သည့်အချိန်တွင် ကမ္ဘာစစ်ကြီးရပ်တန့်ပြီးဆုံးမည်ကိုလည်း မည်သူကမျှ အတိအကျခန့်မှန်း၍မရနိုင်သောအခြေအနေမျိုး၌ စတင်လေဂစ်ဘွန်း (Stanley Gibbons)တံဆိပ်ခေါင်းမဂ္ဂဇင်းအယ်ဒီတာထံသို့ ပေးစာတစ်စောင်ရောက်ရှိလာသည်။ ထိုပေးစာ၌ အောက်ပါအတိုင်း

နှင့်ခင်မင်ရင်းနှီးခြင်းကိုရရှိခဲ့ပါသည်။

ဒေါ်ဖျော့ကြုံတွေ့ခဲ့ရသည့်အဖြစ်တို့သုံးသပ်မိသည်မှာ မောင်ဆုပန်ဆုံးသွားပြီးပြီးချင်း သူ့သတိရဆုံး၊ အစွဲလမ်းဆုံး ဒေါ်ဖျော့ထံသို့ ရောက်ရှိသွားကာ ကိုယ်ထင်ပြနှုတ်ဆက်နိုင်မှုသည် ထူးခြားသည့်အချက်အလက်ဖြစ်ပါသည်။

ပို၍ထူးဆန်းသည်က မောင်ဆုပန်တို့ ဒေါ်ဖျော့ မျက်ဝါးထင်ထင်မြင်တွေ့ရပြီး စကားပြောရခြင်း၊ အကြော်ကျွေးနေခြင်းတို့၏ပြုမူနေပုံကို မဝင်းမှုံကြည့်နေလျက် မမြင်မတွေ့နိုင်ရခြင်းတို့မှာ အံ့ဩစရာပင်မဟုတ်ပါလား။

သို့ကလို ဒေါ်ဖျော့နှင့်မောင်ဆုပန်တို့၏ ဖြစ်ရပ်မှန်အကြောင်းတို့သည် စာရေးသူ၏ရင်ကို ဆွဲကိုင်လှုပ်သလို ခံစားရပါသည်။

ထို့အတူ စတုတ္ထနှစ် (မြန်မာစာ) နောက်ဆုံးနှစ် ကျောင်းသားကလေး မောင်ဆုပန် (၂၁) နှစ်၏ ရင်နင့်ဖွယ်ရာ အဖြစ်ဆိုးကို ကြားသိရသူတိုင်းမှာလည်း ကြေကွဲဖွယ်ရာများဖြစ်ကြရပါလေသည်။

ပသို့ဆိုစေ ဘုရားဟောတရားတော်အရ ဆရာတော်ကြီးများမှ -

မသေခင် မည်သည့်အရာကိုမျှ အစွဲအလမ်းမထားကြရ။ ထားကြပါက စွဲလမ်းရာတွင် ဂတိငြိ၍ မကျွတ်မလွတ်ဖြစ်နေတတ်၏။ ထို့ကြောင့် တစ်ခုတည်းသောထားရမည့်စိတ်သည် ဓမ္မ ဟူသောတရား၌သာ နှလုံးသွင်း စိတ်တည်နေရမည်။

ဟု ဟောကြားတော်မူခဲ့လေသတည်း။

၂၀၁၃ ခုနှစ်က အကြော်သည်ကြီးဒေါ်ဖျော့ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်ကို မြို့၊ ရွာအမည်များချန်လှပ်၍ လူအမည်များကိုဖြင့် အမည်မှန်တိုင်း ရေးသားထားပါသည်။

သူရဇ္ဇမဂ္ဂဇင်းစာဖတ်ပရိသတ်တို့အနေဖြင့်လည်း လူ့လောကကြီးအတွင်းတွင် ဖြစ်တတ်သည့် အကြောင်းအရာများစွာတွေထဲမှ စာရေးသူရေးသားသည့် ဤအကြောင်းအရာအား ဖတ်ရှုလိုက်ရသည့်အတွက် စာရှုသူများသည် ဓမ္မဆိုသည့်စိတ်တွေ ပိုမိုထက်သန်ပွားများနိုင်ကြပါစေဆိုသောစေတနာမွန်ဖြင့် ရေးသား တင်ပြထားခြင်း ဖြစ်ပါသည်။

သူရဇ္ဇမဂ္ဂဇင်းကြီးနှင့်တကွ
စာဖတ်ပရိသတ်တို့အား
အစဉ်လေးစားလျက်

ဦးကိုကိုကြီး (စစ်ဆေး[illegible])
ကာစေ (၁၂)



www.burmeseclassic.com

www.burmeseclassic.com

ရေးသားထားသည်ကို တွေ့ရသည်။

*အယ်ဒီတာခင်ဗျား. . .*

*မှာကြားချက်အတိုင်း ပေးပို့လိုက်သဖြင့် လက်ခံရရှိသော စတင်လေဂစ်ဘွန်းတံဆိပ်ခေါင်းကက်တလောက်အတွက် ကျေးဇူးတင်လှပါတယ်။ ယခုအချိန်ကာလမှာ မည်သူသေပြီး မည်သူအသက်ရှင်ကျန်ရစ်မည်ကို မည်သူကမျှ မပြောနိုင်သောအခြေအနေဖြစ်ပါတယ်။ စစ်တလင်းပေါ်တွင် အားလုံးသေကျေကုန်ကြနိုင်သည်ကိုလည်း မဖြစ်နိုင်ဟု မပြောနိုင်ပါ။ ဘယ်လိုပင်ဖြစ်ပါစေ အတုံးအရုံးလဲကျနေကြသူများထဲမှနေ တစ်စုံတစ်ယောက်က ဦးခေါင်းနှင့်လက်ကို မြေပေါ်မှာဖော်ထားနိုင်ပြီး ဖျော့တော့သော အလင်းရောင်ဖြင့် တံဆိပ်ခေါင်းကက်တလောက်ကို မြင်နိုင်ဖတ်နိုင်သည်ဆိုပါက ကျွန်ုပ်တို့၏တံဆိပ်ခေါင်းဝါသနာမှာ ရှင်သန်နေဆဲဖြစ်ပါတယ်လို့ဆိုရမှာပါ။*

*လေးစားစွာဖြင့်*
*ဂျီ-ဝေလျှံ*

ရင်တွင်းခံစားပြီးအသေအချာဖတ်ကြည့်ပါက ထိုပေးစာလေးမှာ စစ်ကြီး၏ကြောက်မက်ဖွယ်ရာ အနိဋ္ဌာရုံများကို ပေါ်လွင်စေလိမ့်မည် ဖြစ်ပါသည်။ တံဆိပ်ခေါင်းဝါသနာ၏ ထိုခေတ်က ရေပန်းစားလူကြိုက်ပုံကလည်း ပေါ်လွင်လှပါသည်။ ဤပေးစာကို ထပ်ဆင့်ဖော်ပြခဲ့သည့်တံဆိပ်ခေါင်းမဂ္ဂဇင်းမှ ဤစာရေးသူက လက်ဖြင့်ကူးယူသိမ်းဆည်းခဲ့သည်မှာပင် နှစ်ပေါင်း (၄၀) ရှိပြီ ဖြစ်သည်။

**□ တံဆိပ်ခေါင်းစုတဲ့လူတွေက အရူးတွေလား**

အသေအချာစဉ်းစားကြည့်ပါက စာပို့တံဆိပ်ခေါင်း ဟူသည်မှာ စာတိုက်မှတစ်ဆင့် စာပို့ရာ၌ အခွန်အခကောက်ခံရန်အတွက် အစိုးရမှထုတ်လုပ်ထားသော 'အခွန်ဆောင်ပြီးကြောင်း" သက်သေခံစက္ကူစငယ်'သာ ဖြစ်သည်။ ထိုစာပို့တံဆိပ်ခေါင်းကိုကပ်ပြီး အခွန်အတိအကျထမ်းဆောင်ကြောင်းသေချာသည့်အခါ တံဆိပ်ခေါင်းကို နောက်တစ်ကြိမ်ထပ်မံသုံး၍မရနိုင်ရန် အနက်ရောင်မင်ဖြင့် စာတိုက်တံဆိပ်ထုနှိပ်ပစ်လိုက်ခြင်းဖြင့် ထိုတံဆိပ်ခေါင်းမှာ အမှိုက်ဘဝသို့ရောက်သွားတော့သည်။ ပုံမှန်အားဖြင့်ဆိုပါမူ ထိုအမှိုက်ကို အမှိုက်ခြင်း၊ အမှိုက်ပုံးအတွင်းသို့ ထည့်လိုက်ရန်သာ ဖြစ်သည်။

သို့ရာတွင် ဤသို့မဟုတ်ပါဘဲ 'တံဆိပ်ခေါင်းဝါသနာရှင်'ဟု အမည်ခံကြသူတို့က ထိုအမှိုက်များကို မြတ်နိုးစွာဖြင့် တယုတယကိုင်တွယ်ရှာဖွေစုဆောင်းလေ့ရှိကြသည်။ လမ်းဘေးအမှိုက်ပုံ၌ အမှိုက်ကောက်နေကြသောအရူးများကို တစ်ခါတစ်ရံ တွေ့မိကြဖူးပါလိမ့်မည်။ သူတို့မှာ ပုလင်းခွံ၊ ဘူးခွံကောက်သူများကဲ့သို့မဟုတ်ဘဲ အမှိုက်ကို အဓိပ္ပာယ်မရှိ သက်သက်မဲ့ကောက်ယူနေကြခြင်း ဖြစ်သည်။ ဤသို့ဆိုလျှင် အမှိုက် သို့မဟုတ် တံဆိပ်ခေါင်းများကို စုဆောင်းနေကြသူများကိုလည်း အရူးများဟု မခေါ်သင့်ဟု မဆိုနိုင်ပေ။

ဤထက်ပို၍ ဆိုးရွားသည်မှာ စာတိုက်မှရောင်းချသည့် အသုံးမပြုရသေးသောတံဆိပ်ခေါင်းများကို ဝယ်ယူစုဆောင်းခြင်း ဖြစ်သည်။ စာပို့ရန်အတွက် ထုတ်ဝေထားသော တံဆိပ်ခေါင်းများကို စာအိတ်တွင်ကပ်ပြီးအသုံးမပြုပါဘဲ သက်သက်သိမ်းဆည်းစုဆောင်းထားခြင်းမှာ ရူးသွပ်ခြင်းသာဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ချေ။ စေ့စေ့တွေးကြည့်ပါက မည်သည့်ပစ္စည်းမဆို (ပုံစံ-အဝတ်လျှော်စက်၊ ရေခဲသေတ္တာ စသည့်. . .) ဝယ်ယူပြီး နှစ်ရှည်လများ အသုံးမပြုဘဲ ဝယ်ယူခဲ့သည့် အခြေအနေအတိုင်း သိမ်းဆည်းထားခြင်းမှာ လူတို့၏ ပုံမှန်စိတ်ဖြင့် လုပ်ဆောင်ခြင်း မဟုတ်ပေ။ ယခုမှာမူ တံဆိပ်ခေါင်းများကို စာပို့ရန်အတွက် အသုံးမပြုပါဘဲ သိမ်းဆည်းစုဆောင်းထားကြရာ ထိုသို့သောလူများမှာလည်း စိတ်အခြေအနေပုံမှန်မရှိသူများသာ ဖြစ်ပေလိမ့်မည်။ ဤမျှဖြင့် မပြီးဆုံးသေးပေ။ ထိုတံဆိပ်ခေါင်းများကို လေလံပစ်ကြ၊ ပြပွဲ၌ယှဉ်ပြိုင်ပြသကြ၊ တံဆိပ်ခေါင်းဆိုင်ရာဂျာနယ်၊ စာအုပ်များထုတ်ဝေကြ၊ညီလာခံကြီးများကျင်းပကြဖြင့် မည်သို့သောအချိန်တွင်ကျမှ ဤတံဆိပ်ခေါင်းဝါသနာရူးသွပ်ပွဲကြီးပြီးဆုံးပါမည်နည်း။ စစ်စင် မှုမှန်စိတ်မရှိသော၊ စိတ်ရောဂါဖြစ်နေသော၊ ရူးသွပ်နေကြသော၊ 'တံဆိပ်ခေါင်းဝါသနာရှင်များ' ဟု မိမိတို့ကိုယ်မိမိတို့ အမည်တပ်ထားကြသော အရူးများရှိနေသရွေ့ ဤရူးသွပ်ပွဲကြီးမှာလည်း ပြီးဆုံးဦးမည် မဟုတ်ပေ။

အထက်တွင်ဖော်ပြခဲ့သောစာပိုဒ်များမှာ ၁၉၆၀ ပြည့်နှစ်ကျော်ကာလများက တံဆိပ်ခေါင်းမစုဆောင်းကြသောလူအချို့၏ အတွေးအခေါ် အယူအဆများ ဖြစ်လေသည်။ ထိုအယူအဆများကို အခြေခံ၍ တံဆိပ်ခေါင်းဝါသနာရှင်များအပေါ် ပြောကြဆိုကြ၊ ကဲ့ရဲ့ကြ[illegible]ဟားတိုက်ကြသော အတွေ့အကြုံများ[illegible]ကြုံခဲ့ကြရသည်။ ၁၉၇၀ ပြည့်နှစ်ကျော်နှစ်ဆာစ်နှစ်၌ အထင်ကရစာစောင်ကြီး[illegible]တွင် ဆောင်းပါးရှင်တစ်ဦးက အထ[illegible] ဖော်ပြပါ အကြောင်းပြချက်နှင့် အတွေး[illegible]အခေါ်များဖြင့် တံဆိပ်ခေါင်းဝါသနာရှ[illegible]များမှာ အရူးများသာဖြစ်ကြသည်ဟူသော[illegible]ဆောင်းပါးတစ်ပုဒ်ကို ပေါ်ပေါ်ထင်ထင်ရေးသားလိုက်ပါသည်။

ထိုဆောင်းပါးမှာ ကမ္ဘာတစ်လွှား[illegible] တံဆိပ်ခေါင်းဝါသနာရှင်များကို စော်ကား[illegible]မော်ကားဖြင့် လက်တွေ့ထိုးနှက်လို[illegible]ခြင်း ဖြစ်၏။ ဤသည်ကို မည်သည့်တံဆိ[illegible]ခေါင်းဝါသနာရှင်ကမျှ မနှစ်မြို့ကြ[illegible] ဤကဲ့သို့ တရားဝင်တိုက်ခိုက်ရေးသား[illegible]ရာတွင် တိကျမှန်ကန်မှုများရှိရပါမည်[illegible] စကားလုံးအဓိပ္ပာယ်များ ပြတ်သား[illegible]မည်။ အရူး ဟူသည်ကို လမ်းပေါ်[illegible] အမှိုက်ကောက်သူဟူ၍ လွယ်လွယ်[illegible]၍မရပေ။ အရူးဟုတ်သည် မဟုတ်သ[illegible]ကိုလည်း သာမန်လူတစ်ယောက်[illegible]ဆုံးဖြတ်၍မရနိုင်ပေ။ စိတ်ရောဂါ[illegible]ဆရာဝန်ကသည်သာလျှင် အရူးဟူသ[illegible]ကို အတိအကျ ဖော်ထုတ်နိုင်မည်[illegible]သည်။ တံဆိပ်ခေါင်းဝါသနာရှင်လည်း[illegible]ဖြစ်၊ စိတ်ရောဂါကုသမားတော်ကြီးလည်း[illegible]ဖြစ်သူ ဆရာဝန်ကြီးတစ်ယောက်[illegible] ထိုဆောင်းပါးအပေါ် မကျေနပ်သ[illegible]သိပ္ပံနည်းကျစစ်တမ်းကောက်ယူခဲ့သည်[illegible]ကောက်ယူပုံမှာ တံဆိပ်ခေါင်းဝါသ[illegible]ရှင်များ (ဦးရေထောင်ဂဏန်းကျော်)[illegible] စိတ်ဆေးပညာဖြင့် စမ်းသပ်ပြီး အ[illegible]တကယ် ရူး၊ မရူးစစ်ဆေးခဲ့ရာ တံဆိ[illegible]ခေါင်းဝါသနာရှင်များကြားတွင် အရူး[illegible]ခေါ်ဆိုနိုင်သော စိတ်ဝေဒနာရှင် (၁[illegible]ပင် မတွေ့ခဲ့ရပေ။ သူ၏ ပညာရပ်ဆိုင်[illegible]စာတမ်းဖြင့် ဖော်ပြပါဆောင်းပါးမှာ[illegible]ကြောင်းကို ပြန်လည် ခုခံချေပနိုင်ခဲ့[illegible]

**□ တံဆိပ်ခေါင်းသရဲနှင့်တံဆိပ်ခေါင်း[illegible]**

တံဆိပ်ခေါင်းသရဲ ဟူသည်[illegible] လူတို့ကြားဖူးကြသော သရဲ၊ တ[illegible] သဘက် စသည့်နာနာဘာဝများကို[illegible]ခြင်းမဟုတ်။ တံဆိပ်ခေါင်းများကို [illegible]မင်းရဲစီး၍ ထိန်းမနိုင်သိမ်းမရဖြင့် [illegible]သောလိုချင်စိတ်ဖြစ်ပေါ်ပြီး ဟန်မ[illegible]နိုင်ဘဲ အရယူလိုသော တံဆိပ်[illegible]ဝါသနာရှင်များကို ဆိုလိုခြင်းဖြစ်[illegible] ဤစာရေးသူသည် (၄)၊ (၅) [illegible]

www.burmeseclassic.com

အရွယ်က မော်လမြိုင်မြို့ရှိ နာမည်ကြီး ခရစ်ယာန်သာသနာပြုကျောင်း၌နေခဲ့ရရာ ဤစာရေးသူ အပါအဝင် အတန်းသားများ၏လေးပုံတစ်ပုံမှာ တံဆိပ်ခေါင်းစုဆောင်းကြသောကျောင်းသားများဖြစ်ကြသည်။ ကျောင်းအားလပ်ချိန်များတွင် မိမိတို့စုဆောင်းထားသောတံဆိပ်ခေါင်းများကိုထုတ်ကြည့်ကြ၊ လဲလှယ်ကြဖြင့် ဝါသနာအလုပ်ကိုလုပ်လေ့ရှိကြသည်။

အတန်းထဲတွင် မြန်မာကျောင်းသားများအပြင် အင်္ဂလိပ်ကပြားလေးများ၊ အိန္ဒိယနွယ်ဝင်ကျောင်းသားများ၊ တရုတ်လေးများလည်းရှိကြရာ အထူးသဖြင့် အိန္ဒိယနွယ်ဝင် ကျောင်းသားငယ်တို့သည် တံဆိပ်ခေါင်းလဲလှယ်ရာတွင် အသာစီးရလိုပြီး တံဆိပ်ခေါင်းလိုချင်စိတ်ပြင်းထန်လွန်းလှရာ ကျန်ကျောင်းသားများက သူတို့ကို 'တံဆိပ်ခေါင်းသရဲများ' (Stamp Devils) ဟု အင်္ဂလိပ်ထိုးနောက်ပြောင် ခေါ်ဝေါ်လေ့ရှိကြသည်ကို မှတ်မိနေပါသည်။ ကလေးသူငယ်အရွယ်မို့ တံဆိပ်ခေါင်းလောဘကြီးခြင်းဖြစ်သည်ဟု ထင်မှတ်ခဲ့ရာ ယခုအသက်ကြီးလာသည့်အခါ၌လည်း မိမိနှင့်အသက်တိမ်းမယိမ်းရှိကြသူများမှာ လောဘကိုအအောမသတ်နိုင်ဘဲ မိမိအတွက် တံဆိပ်ခေါင်းများရရှိရန် လူငယ်လူရွယ်များနည်းတူ အငမ်းမရဖြစ်နေသည့်အဖြစ်များကို မြင်တွေ့ရရာ 'တံဆိပ်ခေါင်းသရဲစိတ်ဓာတ်'မှာ အသက်အရွယ်နှင့်မပတ်သက်ဘဲ လူတစ်ဦးချင်းစီ၏ ကျင့်ကျက်မှု၊ လောဘစိတ်၊ အကျင့်သိက္ခာ၊ ထိန်းသိမ်းနိုင်စွမ်း စသည့်အချက်များနှင့်သာ သက်ဆိုင်ကြောင်းတွေ့ရှိလာရသည်။ စင်စစ် လူ့အသက်နှင့် တံဆိပ်ခေါင်းစုသက်တမ်းရရှိလာသည့်အလျောက် စူးစူးစိုက်စိုက် လေ့လာရသော ဘောင်ကျဉ်းကျဉ်းအတွင်းမှ တံဆိပ်ခေါင်းများကိုသာ စုဆောင်းပြီး လေ့လာမှုများပြုလုပ်ကာ တံဆိပ်ခေါင်းဝါသနာရပ်ကြီး ပြန့်ပွားဖွံ့ဖြိုးရေးအတွက် အတွေ့အကြုံများဖြင့်ယှဉ်ပြီး တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီကြိုးပမ်းသင့်ပေသည်။

ကျောင်းသားအရွယ် ငယ်ရွယ်စဉ်အခါက အချို့ကျောင်းသားများမှာ လူလစ်သောအချိန်၌ အခြားတစ်ယောက်၏တံဆိပ်ခေါင်းကို ခိုးယူလေ့ရှိကြသည်။ ထို့ကြောင့် အတန်းထဲသို့ တံဆိပ်ခေါင်းယူလာသည့်နေ့၌ မိမိတံဆိပ်ခေါင်းများကို သတိထားစောင့်ကြည့်ကြရသည်။ တံဆိပ်ခေါင်းသူခိုး၏ရန်ကို ကြောက်ရသောကြောင့် ဖြစ်သည်။ တံဆိပ်ခေါင်းသူခိုးကို တံဆိပ်ခေါင်းဝါသနာနယ်ပယ်ကြီးတစ်ခုလုံး၌မကြာခဏတွေ့ရှိရသည်။ ဆိုလိုသည်မှာ ကမ္ဘာ့တံဆိပ်ခေါင်းလောကကြီးအတွင်း၌လည်း တွေ့ရှိနေရသည် ဟူ၍ ဖြစ်သည်။

ထို့ကြောင့်ထင်သည်။ ကမ္ဘာကျော် တံဆိပ်ခေါင်းစောရမင်းသားများကိုဖမ်းဆီးနိုင်ရန် အင်္ဂလန်နိုင်ငံမှ နာမည်ကြီး စကော့တလန်ယာဒ် (Scotland Yard) ရဲတပ်ဖွဲ့၌ တံဆိပ်ခေါင်းကျွမ်းကျင်သူ ရဲဝန်ထမ်းများထားရှိရသည်ဆို၏။ တန်ဖိုးကြီးတံဆိပ်ခေါင်းများအကြောင်းနားလည်သူ ရဲစုံထောက်အရာရှိဖြစ်မှသာ တံဆိပ်ခေါင်းသူခိုးကို ဖမ်း၍ရနိုင်မည် မဟုတ်ပါလား။ ဤသို့ တံဆိပ်ခေါင်းသူခိုးများအကြောင်းရေးသားနေ၍ တံဆိပ်ခေါင်းဝါသနာရှင်အချို့က ဤဝါသနာရပ်ကို အထင်အမြင်သေးအောင်၊ သိက္ခာကျအောင်ဖော်ထုတ်ရေးသားရပါမည်လော ဟူ၍ နှာခေါင်းရှုံ့ကြပါမည်။ အမှန်စင်စစ် ဤဝါသနာရပ်နယ်ပယ်တွင်သာမဟုတ်၊ ကျန်အခြားနယ်ပယ်ပေါင်းစုံ၌လည်း 'ခိုးယူမှု' ဟူသည်မှာ ရှိစမြဲပင် ဖြစ်သည်။ မည်သူတွေက မည်သည့်အတွက်ကြောင့် တံဆိပ်ခေါင်းများခိုးယူကြရပါသနည်း။ ဤမေးခွန်းကို မဖြေမီ 'တံဆိပ်ခေါင်း' ဟူသည့်အရာကို ပြန်လှန်ဆန်းစစ်ကြည့်ရပါမည်။ 'တံဆိပ်ခေါင်းစုနည်းနိဿရည်း' စာအုပ်၏ အမှာစာ၌ စိန်၊ ရွှေ၊ ပတ္တမြား စသောပစ္စည်းများမှာ တန်ဖိုးကြီးသည်ဆိုသည်မှာ မှန်ပါသည်။ သို့သော် ထိုပစ္စည်းများမှာ ကုန်ခန်းသည်မရှိဘဲ ငွေကြေးတတ်နိုင်ပါက ဝယ်ယူ၍ရနိုင်ပေသည်။ သို့ရာတွင် ရှားပါးသော တံဆိပ်ခေါင်းများမှာ ကမ္ဘာပေါ်တွင် မျိုးတူတံဆိပ်ခေါင်းအဖြစ် (၄)၊ (၅) မျိုးခန့်သာရှိနိုင်ရာ မိမိလက်ဝယ်သို့ ရရှိရန်မှာ ခက်ခဲလှသည်' ဟူ၍ ပါရှိသည်။ ထို့ကြောင့် အလွန်ရှားပါးသော တံဆိပ်ခေါင်းကို တစ်ခါတစ်ရံ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်ပေ။ ထိုအတူ အခြားတံဆိပ်ခေါင်းများမှာလည်း သူ့အထိုက်အလျောက် ရှားပါးကြသည်ဖြစ်ရာ လိုချင်သူတစ်ယောက်အဖို့ တံဆိပ်ခေါင်းပိုင်ရှင်က မရောင်းလိုပါက ခိုးယူခြင်းနည်းတစ်လမ်းသာရှိပေတော့သည်။ သို့ဖြစ်၍ တံဆိပ်ခေါင်းခိုးယူခြင်းနှင့် ခိုးယူသူဟူ၍ ပေါ်ပေါက်လာတော့သည်။ တံဆိပ်ခေါင်းခိုးယူသူကို နှစ်မျိုးနှစ်စားတွေ့ရရာ စိတ်အခြေခံမမှန်သူနှင့်လောဘရမ္မက်ကြီးမားလွန်းသူ ဟူ၍ဖြစ်သည်။ ကမ္ဘာ့သန်းကြွယ်သူဌေးတံဆိပ်ခေါင်းဝါသနာရှင်ကြီးများမှာ သူတို့၏တန်ဖိုးကြီးတံဆိပ်ခေါင်းများကို နေအိမ်၌မထားရှိဘဲ လုံခြုံသောဘဏ်တိုက်ကြီးများတွင် အပ်နှံထိန်းသိမ်းထားလေ့ရှိသည်။ စာဖတ်သူအဖို့ 'တံဆိပ်ခေါင်းသူခိုးများ' အကြောင်း ဖတ်ရှုပြီးနောက် ရင်ထဲတွင် စနိုးစနောင့်ဖြင့် ဤဝါသနာရပ်အပေါ် အဆိုးမမြင်စေလိုပေ။ စင်စစ် ခိုးမှုဖြစ်ရပ်များမှာ ဝါသနာရှင်ဦးရေတစ်သောင်းတွင်မှ တစ်ယောက်ခန့်သာ ကြုံတွေ့ကြရလေ့ရှိသည်။ အမှန်မှာ ကမ္ဘာတစ်လွှား၌ တံဆိပ်ခေါင်းဝါသနာကို နိုင်ငံများတွင် ပျော်ရွှင်၊ ကြည်နူး၊ ကျေနပ်၊ ဝမ်းမြောက်စွာဖြင့် စုဆောင်းလုပ်ကိုင်နေကြသော ဝါသနာရှင်များ သန်းနှင့်ချီ၍ရှိနေကြသည်။

**□ တံဆိပ်ခေါင်းများ၏တန်ဖိုး**

အချိန်မှာ ညဦးသန်းခေါင်ယံအချိန် ဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာထဲ၌ ခုတ်မောင်းလျက်ရှိသည့် ခရီးသည်တင်ပင်လယ်ကူးသင်္ဘောကြီးမှာ ကျောက်ဆောင်ပြင့်တိုက်မိ၍ သင်္ဘောထဲသို့ ရေများဖြည်းဖြည်းဝင်လာပြီးနစ်မြုပ်နေသည်။ ခရီးသည်များမှာ သက်ကယ်လှေများဖြင့် သင်္ဘောကြီးနစ်ရာနေရာမှ စွန့်ခွာလျက်ရှိကြသည်။ သက်ကယ်လှေတစ်စီးပေါ်သို့ ချမ်းသာကြွယ်ဝသော တံဆိပ်ခေါင်းဝါသနာရှင်ကြီးဦးတင်ထွန်းက သားရေသေတ္တာနှစ်လုံးဖြင့် ခုန်ချနိုင်လိုက်သည်။ သူတစ်ယောက်တည်းသာပါသော သက်ကယ်လှေပေါ်သို့ အရိပ်မည်းမည်းလူသဏ္ဌာန်က အိတ်ကြီးတစ်လုံးကိုဆွဲ၍ တွယ်တက်လိုက်သည်ကိုတွေ့လိုက်ရသည်။ မိုးကောင်းကင်တစ်ခုလုံးမှာ နက်မှောင်နေပြီး နံနက်မိုးသောက်တွင်မှ သက်ကယ်လှေပေါ်တွင် သူနှင့်အတူပါလာသောလူကို တရေးရေးမြင်လာရသည်။ အသေအချာကြည့်တော့မှ ရန်ကုန်မြို့မှ ကိုခင်မောင်ထွန်းဖြစ်နေသည်ကိုသိရသော် -

"ဟာ - ခင်မောင်ထွန်း"

ဟု လှမ်းခေါ်မိလိုက်သည်။

ဤအခါတွင်မှ -

"ဟာ - ဦးတင်ထွန်းကြီးပါလား"

ဟုနှုတ်ဆက်နိုင်ကြသည်။ အခြားနိုင်ငံမှမဟုတ်ဘဲ မြန်မာနိုင်ငံသားနှစ်ဦးဖြစ်နေ၍ နှစ်ယောက်လုံး ဝမ်းသာကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးတင်ထွန်းမှာ တံဆိပ်ခေါင်းများကို အလွန်မက်မောမြတ်နိုးသူတစ်ယောက် ဖြစ်သည်။ ယခုမှာလည်း သက်ကယ်လှေပေါ်တွင် ပါလာသော သားရေနံသေတ္တာ(၂)လုံးထဲတွင် နိုင်ငံခြားမှဝယ်လာသော တံဆိပ်ခေါင်းများ အပြည့်ပါလာခဲ့သည်။ ဦးတင်ထွန်းမှာ ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ဖြင့် အသက် (၅၀) ဝန်းကျင်ရှိပြီဖြစ်သည်။ ကိုခင်မောင်ထွန်းမှာ အသက် (၂၀) သာသာခန့်ရှိပြီး အရပ်ရှည်ရှည်ဖြင့် တောင့်တင်းသော လူငယ်တစ်ယောက်ဖြစ်၏။ တံဆိပ်ခေါင်းစုဆောင်းသူတစ်ယောက်ဖြစ်သော်လည်း ဦးတင်ထွန်းလောက် တံဆိပ်ခေါင်းများကို မက်မောလှသူ မဟုတ်ပေ။ သင်္ဘောကြီးနစ်မြုပ်ရာမှ စွန့်ခွာလာခဲ့သည်မှာ (၂၄) နာရီ ကြာခဲ့ပြီဖြစ်သည့်တိုင် သူတို့ကိုကယ်တင်မည့်သင်္ဘော၊ ရဟတ်ယာဉ်တို့ကို အစအနပင်မမြင်ရပေ။ ကိုခင်မောင်ထွန်းသယ်လာသောအိတ်ကြီးထဲ၌ စီးကရက်၊ မီးခြစ်၊ မောင်းချများ၊ ပေါင်မုန့်ခြောက်(၃)ထုပ်နှင့် သောက်ရေသန့်ဘူး (၅) ဘူးပါရှိရာ ဦးတင်ထွန်းအတွက်မှာလည်း အဆင်ပြေလျက်ရှိသည်။

ပင်လယ်ထဲ၌မျောပါပြီး ဒုတိယနေ့ရောက်သော် ခပ်လှမ်းလှမ်း၌ သင်္ဘော (၂) စီးကိုတွေ့ရာ ဦးတင်ထွန်းရော ကိုခင်မောင်ထွန်းပါ မတ်တတ်ရပ်၍ အသံကုန်ဟစ်အော်ပြီး လက်ပြကြသော်လည်း ထိုသင်္ဘောများက သူတို့ကို မမြင်ကြပေ။ ဤအပြောကျယ်လှသော သမုဒ္ဒရာကြီးထဲ၌ သက်ကယ်လှေငယ်လေးတစ်စီးကို မည်သို့လွယ်လွယ်ဖြင့် တွေ့နိုင်ပါမည်နည်း။ တတိယနေ့ရောက်သော် ရေသန့်ဘူးတစ်ဘူးသာကျန်ပြီး ပေါင်မုန့်ခြောက်များလည်းကုန်လေပြီ။ ရှေ့ဆက်ပြီးအသက်ဆက်ရန် မလွယ်လှတော့ပေ။ ထိုနေ့ မွန်းလွဲအချိန်လောက်၌ သင်္ဘောတစ်စီးကိုအဝေးဆီ၌ တွေ့ရပြန်ရာ ကိုခင်မောင်ထွန်းက -

"ဦးတင်ထွန်း၊ ခင်ဗျားသေတ္တာတွေထဲကတံဆိပ်ခေါင်းတွေမီးရှို့လိုက်ပါလား။ ဒါမှ သင်္ဘောက ကျွန်တော်တို့ကို မြင်မှာ"

"ဟာ - ဘယ်ဖြစ်မလဲကွ"

ဟူ၍ .. အချေအတင်ဖြစ်နေရာ အချိန်ဖြင့်လုပ်ရမည့်အလုပ်ဖြစ်နေ၍ ကိုခင်မောင်ထွန်းက -

"မလုပ်လို့မဖြစ်ဘူး"

ဟု ပြောပြောဆိုဆို မောင်းချဖြင့် သေတ္တာ(၂)လုံးကိုဖြိုဖွင့်ပြီး တံဆိပ်ခေါင်းများကိုစုပုံ၍ မီးစတင်ရှို့တော့သည်။ ဦးတင်ထွန်းက သူ၏ခန္ဓာကိုယ်ကြီးဖြင့် တံဆိပ်ခေါင်းပုံပေါ်သို့ ဝမ်းလျားမှောက်ချပြီး ကာကွယ်သည်။ အချိန်က အလွန်ပင် အရေးကြီးနေပြီဖြစ်သဖြင့် ကိုခင်မောင်ထွန်းက ဦးတင်ထွန်း၏ မေးစေ့ကို လက်သီးဖြင့်ထိုးလိုက်ရာ မေ့လဲကျသွားတော့သည်။ တံဆိပ်ခေါင်းပုံ မီးမှမီးခိုးများမှာလည်း တလူလူမြင့်တက်လာတော့သည်။

ဦးတင်ထွန်း သတိရ၍ မျက်စိဖွင့်ကြည့်သော် ဧမ်ခံသင်္ဘောကြီး၏ အိပ်ခန်းခုတင်ပေါ်တွင် ရောက်နေမှန်းသိလိုက်ရတော့သည်။ ခုတင်ဘေးတွင် ထိုင်နေသော ကိုခင်မောင်ထွန်းက -

"ကျွန်တော်တို့ သက်ကယ်လှေပေါ်က မီးခိုးတွေတွေ့လို့ ဒီသင်္ဘောကြီး ကလာကယ်ခဲ့တာပါ။ ဘာမှစိတ်မပူပါနဲ့"

ဦးတင်ထွန်းမှာခေါင်းတညိတ်ညိတ်ဖြင့် ဆုံးရှုံးသွားသည့် တံဆိပ်ခေါင်းများအတွက် ဝမ်းနည်းရမည်လား၊ သူ့အသက်ရှင်နိုင်ခွင့်ရ၍ဝမ်းသာရမည်လားဆိုသည်ကို ဝေခွဲမရဘဲ တွေဝေလျက်ရှိသည်။ တံဆိပ်ခေါင်းများ၏တန်ဖိုးကား ကြီးမားလေစွ။ ဥပဒေသ - လူ့အသက်ထက် မည်သည့်အရာက *တန်ဖိုးရှိပါမည်နည်း။*

**▫ တံဆိပ်ခေါင်းဝါသနာရှင် လူပိန်-လူဝ**

ဒေါင်ဒင်ဒေါင်
ရေတွင်းထဲမှာကြောင်။
ကြောင်ကို ဘယ်သူ၊
ရေထဲချ။
ပိန်သေးရှေ့မျှင်ချ။
ကြောင်ကိုဘယ်သူ၊
ဆယ်ယူထုတ်။
မောင်ခိုင်ဝတုပ်တုပ်။

ကျောင်းသားလူငယ်များအတွက် ဖတ်စာစာအုပ်မှ ကဗျာလေးတစ်ပုဒ်ဖြစ်သည်။ ဤကဗျာလေးမှာ သာမန်အားဖြင့်ကြည့်လျှင် ကာရန်လိုက်ပြီး ရွတ်ဆိုရကောင်းသော ကဗျာလေးတစ်ပုဒ် ဖြစ်သည်။ သို့သော် ယခုခေတ်စကားရပ်ဖြင့်ဆိုရပါက ထိုကဗျာလေးသည် လူ့အခွင့်အရေးဘက်၌ တစ်စုံတစ်ယောက်ကို ထိခိုက်နေနိုင်သည်ဟူ၍ဖြစ်သည်။ ရေကြောက်တတ်သောကြောင်တစ်ကောင်ကို ရက်စက်စွာဖြင့် ရေတွင်းထဲသို့ပစ်ချသည့်လူပိန်ကလေးငယ်ကို ကဗျာရွတ်သူကျောင်းသားလူငယ်တို့အနေဖြင့် 'ပိန်သေးသော ကျောင်းသားလူငယ်များမှာ ရက်စက်ကြမ်းကြုတ်ကြသည်' ဟူ၍ အတွေးဝင်သွားနိုင်သလို ကြောင်ကို ဆယ်ယူကယ်တင်သော ဝတုတ်တုတ်ကလေးငယ်ကိုအစွဲပြုပြီး 'ခပ်ဝဝကျောင်းသားလူငယ်များမှာ စိတ်သဘောထားကောင်းကြသည်'ဟူသည့်အတွေးအမြင် ရရှိသွားနိုင်သည်။

ဤသို့ဖြင့် အသက်အရွယ်ကြီးရင့်လာသည့်တိုင် အနည်းအငယ်ဝသောသူတို့ကို 'ကောင်းသူ' (Good Guy) နှင့် ခပ်ပိန်ပိန်လူများကို 'ဆိုးသူ' (Bad guy) ဟု မသိစိတ်ထဲတွင်စွဲနေနိုင်ပါသည်။ ဤကဗျာလေးကိုအခြေပြု၍ လူတို့၏ စိတ် သန္တာန်၌ ပုံသေအစွဲတစ်ခု ဖြစ်တည် ... သွားပါက ပိန်သောသူများဘက်မှကြည့် ... ပါလျှင် 'လူ့အခွင့်အရေးဆုံးရှုံးခြင်း' ... လိုက်ရသည်ဟု ယူဆ၍ရနိုင်ပေသည်။ လူတို့၏လက်တွေ့ဘဝ၌ အမှန်တကယ် ... ပင် လူပိန်များက စိတ်ယုတ်မာကြ ... လူဝများက စိတ်ကောင်းရှိကြပါသလား ... ဤသို့သော လူပိန်၊လူဝတို့၏စိတ်သဘော ... သဘာဝတို့ကို နှိုင်းယှဉ်လေ့လာ၍ပြုလုပ် ... ထားသောသုတေသနရှိသည်၊ မရှိသည် ... ကိုတော့မသိပေ။ သို့သော် အတွေ့အကြုံ ... များအရ ပိန်သည့်သူက သဘောသတ္တာ ... ကောင်းမွန်ပြီး ဝသည့်ပုဂ္ဂိုလ်တို့ ... စိတ်ထားညစ်ပုပ်သည်ကို မကြာခဏ ... တွေ့ကြရလေ့ရှိသည်။

တံဆိပ်ခေါင်းဝါသနာရှင်များ ... တွင်လည်း ဤအစွဲ၏အယူအဆမျိုး ... ကြီးပြင်းလာရသော ဝါသနာရှင်များ ... ပါသည်။ အထူးသဖြင့် အထက်ဖော်ပြ ... ကဗျာကို ကျောင်း၌ သင်ကြားရွတ်ဆို ... ရသူများဆိုလျှင် ထိုအတွေးမျိုးရှိနေ ... ပါသည်။ မြန်မာနိုင်ငံ၏ တံဆိပ်ခေါင်း ... ဝါသနာအသိုင်းအဝန်းမှာ ဝါသနာ ... ဦးရေ ရာဂဏန်းလောက်သာရှိသည် ... ထိုအနည်းငယ်သော ဝါသနာရှင်များ ... ကြားတွင် ဝဝဖိုင့်ဖိုင့်ပုဂ္ဂိုလ်ကြီးများပါ ... သလို ပိန်ပိန်ပါးပါးဖြင့် လူငယ်၊ လူ ... များလည်းပါရှိကြသည်။ အထ ... ကဗျာ၏ အယူအဆသီဝရီပေါ် ... အခြေပြု၍ တံဆိပ်ခေါင်းဝါသနာ ... လူဝကြီးများက စိတ်သဘော ... ကောင်းသည်၊ မကောင်းသည် သို့ ... မဟုတ် ဝါသနာရှင်လူပိန်များ ... စိတ်သဘောထားကောင်းသည်၊မ ... သည်ဟူ၍ ပြန်လှန်သုံးသပ်စစ် ... ကြည့်မည်ဆိုပါက သုံးသပ်သူမှာ ... နေရာကိုဗဟိုပြု၍ တွေးခေါ်ယူ ... ဖြစ်ရာ မည်သူက စိတ်ထား ...



www.burmeseclassic.com

www.burmeseclassic.com

ညည်သူကစိတ်ထားဆိုးသည်ဟူသည်ကို သုံးသပ်သူတစ်ဦးချင်းအနေဖြင့် ဆုံးဖြတ်၍ ခံယူချက်ရယူကြမည်သာ ဖြစ်လေသည်။

**□သေသော်မှတည့်-ဩော်**

သတင်းစာဆရာကြီး ကြေးမုံအောင်ဗလ၏သတင်းထောက်ငယ်ဘဝ အတွေ့အကြုံစာအုပ်တစ်အုပ် ဖတ်ဖူးပါသည်။ ထိုစာအုပ်ထဲ၌ အောင်ဗလကို တာဝန်ပေးထားသည်မှာ ရန်ကုန်ဆေးရုံကြီးတွင် အသည်းအသန်ရောဂါဖြစ်၍ တက်ရောက် ကုသနေသော နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးကို ဆေးရုံကြီးအနီးမှ နေ့ရောညပါ စောင့်ကြည့်ရန်ဖြစ်သည်။ အကယ်၍ သေဆုံးသည်ကိုသိရသော် သတင်းစာတိုက်သို့ ချက်ချင်းဖုန်းဆက်ပြီးသတင်းပို့ပါက သတင်းထူးသတင်းဦးရရှိနိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။

အောင်ဗလမှာ ညဥ့်အိပ်ရေးပျက်သော်လည်း နေ့ခင်းနေ့လယ် မအိပ်တတ်သောကြောင့် (၃)၊ (၄) ရက်ခန့် ဆေးရုံကြီးအနီးတွင်စောင့်လာရသော် အလွန်ပင်ပန်းနွမ်းနယ်ပြီးချည့်နဲ့လာပါတော့၏။ အိပ်ရေးမဝသဖြင့် အားအင်ကုန်ခန်းလာသောကြောင့် အားရပါးရအိပ်လိုက်လိုပါသော်လည်း သတင်းထောက်တာဝန်ထွေးရှိနေပါသဖြင့် စိတ်ဒုက္ခကြီးစွာရောက်ခဲ့ရသည်။ ရက်ကြာလာသော် ဆက်လက်၍ သည်းမခံနိုင်တော့ဘဲ -

"ဒီလူကြီးကကွာ သေမှာဖြင့်လည်း မြန်မြန်သေလိုက်တာမဟုတ်ဘူး"

ဟု ရေရွတ်မိလိုက်တော့သည်။

တံဆိပ်ခေါင်းဝါသနာရှင်ဟူသည်မှာ တံဆိပ်ခေါင်းများကိုမြတ်နိုးတွယ်တာသောသူဖြစ်သည်။ သူ၏တစ်သက်တာစုဆောင်းထားသော တံဆိပ်ခေါင်းများကို တစိမ့်စိမ့်ကြည့်ကာ စောင့်ရှောက်နေတတ်လေ့ရှိသည်။ မိမိစုဆောင်းထားသော တံဆိပ်ခေါင်းများ၏ အလှအပ၊ တန်ဖိုး၊ မည်သို့ရရှိလာပုံ၊ ယခုမည်မျှဈေးပေါက်နေပုံ စသည်တို့ကို စိတ်ကူးယဥ်တွေးတောနေတတ်သူလည်းဖြစ်သည်။ လူတို့၏ ခင်မင်မက်မော တွယ်တာအခံရဆုံးသော သက်မဲ့ပစ္စည်းကိုပြောပါဆိုလျှင် 'တံဆိပ်ခေါင်း' ဟုဖြေဆိုပါက မှားညည်မထင်ပေ။သို့ရာတွင် ဤတွယ်တာမှု (Attachment)၏နောက်၌တရားသဘောထည့်၍ လက်တွေ့ကျကျ ထိန်းသိမ်းစုဆောင်းနိုင်ရမည်ဖြစ်သည်။ ဤတံဆိပ်ခေါင်းများမှာ မိမိနှင့်အမြဲအတူရှိနေမည်မဟုတ်ဟူသည်ကို နှလုံးသွင်းထားရမည်။ မိမိကွယ်လွန်သောအခါ တံဆိပ်ခေါင်းများကို အမွေဆက်ခံမည့်သူမှာ တံဆိပ်ခေါင်းပညာကို မည်မျှသိရှိပါသနည်း။ တံဆိပ်ခေါင်းပေါက်ဈေးနှင့် ထိတွေ့ကျွမ်းဝင်သူဟုတ်ပါသလား။ အမွေဆက်ခံရရှိထားသော တံဆိပ်ခေါင်းများကို တန်ရာတန်ကြေးဖြင့်ရအောင်ရောင်းနိုင်သူဟုတ်ပါသလား စသည့်မေးခွန်းများကို မိမိကိုယ်ကို ပြန်လှန်မေးကြည့်သင့်ပါသည်။

စင်စစ် ဆက်ခံသူမှာ တံဆိပ်ခေါင်းဝါသနာ စိတ်ဝင်စားသူမဟုတ်ပါက အထက်ဖော်ပြပါ မေးခွန်းများအတွက် အဖြေမှာ မဟုတ် (Negative) ဖြစ်နေပေလိမ့်မည်။ အကယ်၍ အမွေဆက်ခံမည့် သား၊ သမီး၊ တူ၊ တူမများမှာ တံဆိပ်ခေါင်းအကြောင်း နားလည်သူများမဟုတ်ပါက မိမိစုဆောင်းထားသော တံဆိပ်ခေါင်းများကို ဖက်တွယ်မနေသင့်ဘဲ အခြေအနေပေးလျှင် ပေးသည့်အချိန်၌ အချို့ကိုဖြစ်စေ၊ ထက်ဝက်ကျော်လောက်ကိုဖြစ်စေ ရောင်းချပစ်သင့်သည်။ ဤသို့ရောင်းချခြင်းဖြင့် ငွေကြေးအမြတ်အစွန်းရရှိသလို မိမိ၏တံဆိပ်ခေါင်းများမှာလည်း ဝါသနာရှင်များအကြားတွင်ပျံ့နှံ့ပြီး စုဆောင်းနိုင်ကြပေမည်။ တစ်နည်းအားဖြင့်ဆိုသော် တံဆိပ်ခေါင်းဝါသနာရပ်ပြန့်ပွားရန် သွယ်ဝိုက်၍ ပံ့ပိုးပေးလိုက်ခြင်း ဖြစ်လေသည်။ အထက်ဖော်ပြပါ အကြောင်းအချက်များကို ရိုးသားစွာဖြင့် တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးချင်းအပေါ် သာမက ဝါသနာရပ်ပြန့်ပွားရေးအပေါ် တွင်ပါ အကောင်းဘက်သို့ရှေးရှု၍ အကြံပြုထားခြင်း ဖြစ်သည်။

တံဆိပ်ခေါင်းဝါသနာရှင်ဆိုသည်မှာ တံဆိပ်ခေါင်းနှင့် ထိတွေ့နေရမှု၊ တံဆိပ်ခေါင်းစုဆောင်းနေရမှု ရှင်သန်နေရသူဖြစ်ရာ တံဆိပ်ခေါင်းများရောင်းချလိုက်လျှင် ဝါသနာပျောက်ပြီး ဟာတာတာကြီးဖြင့် စိတ်ခံစားမှုများကြောင့် အသေစောမည်မဟုတ်တုံလောဟု စောဒကတက်လိုပါမည်။ အမှန်မှာ အသက်အရွယ်ရလာပြီး ဝါသနာရပ်ပိုင်း၌ ရင့်ကျက်လာသူအဖို့ အလွန်ကျဉ်းမြောင်းသောဘောင်(Scope)ဖြင့် တံဆိပ်ခေါင်းအနည်းအငယ်ကို စူးစမ်းရှာဖွေ သုတေသနပြုမှုမျိုးကိုသာ လုပ်ကိုင်သင့်သည်။ ယခုအခါ ဤစာရေးသူ၏မျက်စိအောက်တွင်ပင် တံဆိပ်ခေါင်းဝါသနာရှင်(၁၅)ဦးမက ကွယ်လွန်ခဲ့ကြပြီ ဖြစ်သည်။ အချို့မှာ ကွယ်လွန်ပြီးနောက် အမွေဆက်ခံသူတို့ကမရောင်းတတ်ကြ၍ လှောင်ပိတ်သိမ်းဆည်းထားခြင်းခံနေရသော တံဆိပ်ခေါင်းများအတွက် နှမြောကြရသည်။

ဤစာရေးသူ၏ တံဆိပ်ခေါင်းစုသက်တမ်း (၁၅) နှစ်ခန့် ရှိသောအချိန်၌ မိတ်ဆွေတံဆိပ်ခေါင်းဝါသနာရှင်အဘိုးကြီးတစ်ယောက် ကွယ်လွန်သည့်အဖြစ်ကို ပထမဆုံး အကြိမ်ကြုံတွေ့ခဲ့ရသည်။ ကွယ်လွန်ပြီးနောက် ထုံးစံအတိုင်း မိသားစုဝင်များက ထိုအဘိုးကြီး၏ တံဆိပ်ခေါင်းများကို ရသည့်ဈေးဖြင့် ဖြစ်သလိုရောင်းချလိုက်ရသည်ဟုသိလိုက်ရသည်။ ဆက်လက်၍ ကြားသိရသည်မှာ ဝါသနာရှင်အဘိုးကြီး မကွယ်လွန်မီ အသည်းအသန်ဖြစ်နေစဥ်က တံဆိပ်ခေါင်းဝါသနာရှင်များ၊ တံဆိပ်ခေါင်းရောင်းဝယ်သူများက ထိုအဘိုးကြီးအိမ်သို့ လူနာမေးသကဲ့သို့ နေ့တိုင်းလာရောက်စနည်းနာကြသည် ဟူ၍ ဖြစ်သည်။ စဥ်းစားကြည့်မိသည်မှာ မိမိတို့လက်ဝယ်သို့ သက်သာသောဈေးဖြင့် တံဆိပ်ခေါင်းများ ရလိုသောကြောင့် အခြေအနေလာကြည့်ကြသူများကြားတွင် သတင်းစာဆရာကြီး အောင်ဗလငယ်ရွယ်စဥ်ကကဲ့သို့ 'ဒီအဘိုးကြီးကသေလည်း မသေနိုင်ဘူး။ သေမှာဖြင့်လည်း မြန်မြန်သေလိုက်စမ်း' ဟု တောင်းဆုခြွေသူများမပါနိုင်ဟု မည်သူကမှ တပ်အပ်မပြောနိုင်ပေ။ သေခြင်းတရား ဟူသည်မှာ သေမင်းနောက်သို့ ကြီး၊ ငယ်မဟူ မထင်မှတ်ဘဲ ရုတ်တရက်လိုက်ပါကြရရာ မိမိတို့စုဆောင်းထားသော တံဆိပ်ခေါင်းများအပေါ် တွယ်ကပ်စွဲလမ်းမနေသင့်ဘဲ အခါအားလျော်စွာ ရောင်းချပေးသင့်ပါကြောင်း သတိစကားပြောကြားအပ်ပါသည်။

**□သူတို့လာကြသော်ပြီ**

တော်လှန်ရေးအစိုးရတက်လာပြီး မကြာမီ၌ တောတွင်းမှ နိုင်ငံရေးအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရာ မအောင်မြင်ခဲ့ပေ။ တောတွင်းနိုင်ငံရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များမှာ တောတွင်းသို့ ပြန်လည်ထွက်ခွာသွားကြရာ သတင်းစာများထဲ၌ ကိုယ်စားလှယ်ကြီးများ ချောင်းတစ်ဖက်ကမ်းသို့ဖြတ်ကူးနေသည့်သတင်းဓာတ်ပုံ

www.burmeseclassic.com

နှင့် 'သူတို့ပြန်ကြလေပြီ'ဟူသည့် ခတ်ပုံစာတန်းမှာ စာဖတ်ပရိတ်သတ်များကြား၌ စွဲမြဲစွာမှတ်မိနေခဲ့ကြသည်။ ယခုခေါင်းစဉ်မှာ မြန်မာ့တံဆိပ်ခေါင်းဝါသနာဖြစ်စဉ်နှင့်ပတ်သက်သော 'သူတို့လာကြလေပြီ' ဟူ၍ ဖြစ်သည်။

မြန်မာ့တံဆိပ်ခေါင်းဝါသနာမှာ ခေတ်အဆက်ဆက်တွင် ရန်ကုန်မြို့၌သာ ဗဟိုပြုလှုပ်ရှားနိုင်ခဲ့ပြီး ယနေ့ထက်တိုင် အခြားမြို့ကြီးများသို့ ထိထိရောက်ရောက်ပျံ့နှံ့ ကူးစက် ထိုးဖောက်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ၁၉၈၀ ပြည့်နှစ်ကျော်လောက်တွင် ပြန်လည် နာလန်ထူပြီး လှုပ်ရှားလာခဲ့သော မြန်မာ့တံဆိပ်ခေါင်းဝါသနာမှာ ၁၉၉၀ ပြည့်နှစ်ကျော်ခန့်တွင် 'တံဆိပ်ခေါင်းစုအသိုင်းအဝန်း'ဟု ခေါ်ဆိုနိုင်လောက်သည့် တံဆိပ်ခေါင်းစုဆောင်းကြသူအရေအတွက် အတော်အသင့်ရှိလာခဲ့သည်။ ထိုကဲ့သို့သော အခြေအနေ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အဆင့်မြင့်ဝန်ထမ်းအချို့၏ တိုက်တွန်းချက်အရ တံဆိပ်ခေါင်းအသင်းတစ်ခုတည်ထောင်ရန် ဝါသနာရှင်များထဲမှ အထင်ကရပုဂ္ဂိုလ်အချို့တို့ဖြင့် အမှုဆောင်အဖွဲ့ဖွဲ့စည်းပြီး တရားဝင်လျှောက်လွှာတင်သွင်းခဲ့သည်။ ထိုခေတ်ထိုစဉ်က အခြေအနေပုံစံအရ အမှုဆောင်အဖွဲ့ဝင်များကို စစ်ထောက်လှမ်းရေးမှပုဂ္ဂိုလ်တို့က စစ်ဆေးမေးမြန်းမှုများရှိခဲ့သည်ဟု ကြားသိခဲ့ရသည်။ ဤသည်၏နောက်ပိုင်း၌ တံဆိပ်ခေါင်းအသင်းဖွဲ့စည်းရန်အတွက် ခွင့်ပြုချက်ရရှိရေးမှာ လွယ်မယောင်နှင့် ထင်သည်ထက် ပိုမိုခက်ခဲနေကြောင်း တံဆိပ်ခေါင်းဝါသနာရှင်တို့က နဖူးတွေ့ဒူးတွေ့ကြုံခဲ့ကြရသည်။ မည်သည့် 'နိုင်ငံရေးအဆိပ်အတောက်'မျှမရှိသည့် တံဆိပ်ခေါင်းအသင်းကဲ့သို့သော အသင်းဖွဲ့စည်းရန်ကိုပင် အစဉ်မချောဘဲဖွဲ့စည်းရန် ခက်ခဲလှရာမဆွဦးကပင်လျှင် အားကြီးမာန်တက်မရှိခဲ့ကြသော အမှုဆောင်အဖွဲ့ဝင် တံဆိပ်ခေါင်းဝါသနာရှင်များမှာ ချော်လဲရောထိုင်ပြီး လက်လျှော့လျက်နေလိုက်ကြတော့သည်။

ဤကဲ့သို့နေလိုက်ရင်းဖြင့် မိမိတို့၏ တံဆိပ်ခေါင်းဝယ်ယူသူဖောက်သည်အနည်းငယ်ထံ တံဆိပ်ခေါင်းများ ပုံမှန်ရောင်းနေရသည်ကပင်လျှင် မိမိတို့အတွက် ဖူလုံနေပြီဖြစ်ရာ တံဆိပ်ခေါင်းအသင်းတစ်သင်းဖွဲ့စည်းရန် လိုအပ်ပါ၏လောဟူသည့် အတွေးများလည်းဝင်လာခဲ့ကြပုံရသည်။ နောက်ဆုံး၌ မိမိတို့၏ လူမသိသူမသိတံဆိပ်ခေါင်းရောင်းဝယ်ရေးကမ္ဘာငယ်ကလေးများတွင်သာ မွေ့လျော်ကြည်နူးနေလိုက်ကြတော့သည်။ ထိုကမ္ဘာငယ်လေးများ၏ ဆွဲဆောင်အားကလည်းမသေးလှပေ။ ထိုဝါသနာရှင်ကြီးတို့မှာ တံဆိပ်ခေါင်းဝါသနာပြန့်ပွားရေးဆောင်ရွက်ရန်၊ တံဆိပ်ခေါင်းဆိုင်ရာသုတေသနများပြုရန်စသည်တို့ကိုပြုလုပ်ဖို့ဝေးစွ မိမိတို့၏ တံဆိပ်ခေါင်းရောင်းဝယ်ရေးကမ္ဘာငယ်လေးများထဲတွင်သာ အချိန်ကုန်နေကြလေတော့၏။ ကိုယ်စီကိုယ်စီသီးခြားကမ္ဘာငယ်လေးများဖြင့် လျှောက်လှမ်းလာခဲ့ကြရာ တံဆိပ်ခေါင်းဝါသနာရှင်အချင်းချင်းမှာလည်း စည်းရုံးမှုနည်းပါးလာကြတော့သည်။ ဤသို့ 'ဝါးအစည်းပြယ်'နေကြသော်လည်း သူတို့၏မသိစိတ်များအတွင်း၌ ကိန်းအောင်းနေသောအချက်တစ်ချက်ကတော့ ထူးခြားစွာ တူညီနေလေသည်။ ထိုအချက်မှာကား တစ်နေ့နေ့တစ်ချိန်ချိန်တွင် မိမိတို့တံဆိပ်ခေါင်းဝါသနာအသိုင်းအဝန်းအတွင်းသို့ လူတစ်စုလူတစ်အုပ်က လွှမ်းမိုးဝင်ရောက်လာကြတော့မည်ကို ကြိုတင်ခံစားသိရှိနေကြခြင်းပင် ဖြစ်တော့သည်။

တံဆိပ်ခေါင်းဝါသနာရှင်တို့တွင် စွဲမြဲစွာသံသယစိတ်ဝင်ခဲ့ကြသည့်အတိုင်းမှာပင် ၁၉၉၀ ပြည့်နှစ်လွန်ကာလများ၌ တံဆိပ်ခေါင်းအသိုင်းအဝန်းမှမဟုတ်သူလူတစ်သိုက်တို့က တံဆိပ်ခေါင်းဝါသနာကို သီးခြားစီဝင်လာသောပုံစံဖြင့် တစိမ့်စိမ့်တိုးဝင်လုပ်ကိုင်လာကြတော့သည်။ ဝင်လာကြသည်ဟု ဆိုရပါသော်လည်း ဝင်လာကြသူများအချင်းချင်းမှာလည်း တစ်ဦးနှင့်တစ်ဦးလွန်စွာအစေးကပ်ကြပုံမပေါ်ပေ။ ယခုမှာမူ သိသိသာသာပင် သူတို့ရောက်ရှိနေကြလေပြီ။ သူတို့ဆိုသည်မှာ ပန်းချီကားရောင်းဝယ်ကြသူများ၊ ပန်းချီကားစုဆောင်းသူများဖြစ်ကြသည်။ အနောက်နိုင်ငံများ၌ တန်ဖိုးကြီးပန်းချီကားများကို သန်းကြွယ်သူဌေးကြီးများက ဝယ်ယူစုဆောင်းလေ့ရှိကြရာ ယခုတံဆိပ်ခေါင်းစုဆောင်းရန်ရောက်ရှိလာကြသည့် ပန်းချီကားစုဆောင်းသူတို့မှာလည်း မြန်မာနိုင်ငံအဆင့်ဖြင့်ဆိုလျှင် ကြွယ်ဝချမ်းသာသူများ ဖြစ်ကြသည်။ တံဆိပ်ခေါင်းကို 'ပန်းချီကားအသေးလေး'ဟု တံဆိပ်ခေါင်းဝါသနာရှင်တို့က အမွှမ်းတင်လေ့ရှိကြရာ ယခုအချိန်အခါ၌မူ ပန်းချီကားကြီးစုဆောင်းသူတို့က ပန်းချီကားသေးစုဆောင်းသည့်နယ်ပယ်သို့ ကူးခုန်ဝင်ရောက်လာကြပြီဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တံဆိပ်ခေါင်းစုအသိုင်းအဝန်းတွင် တံဆိပ်ခေါင်းစုဆောင်းသူနှစ်မျိုးနှစ်စား ပေါ်ပေါက်လာခဲ့သည်။ တံဆိပ်ခေါင်းဝါသနာသက်သက်တစ်စိုက်မတ်မတ်စုဆောင်းလာသူများကို 'ပင်ရင်းတံဆိပ်ခေါင်းဝါသနာရှင်များ'ဟု ခေါ်ဆိုလိုပြီး ပန်းချီကားစုဆောင်းရေးနှင့်တွဲဖက်၍ တံဆိပ်ခေါင်းစုဆောင်းသူများကို 'တစ်ဆင့်ခံတံဆိပ်ခေါင်းဝါသနာရှင်များ' ဟု မှည့်ခေါ်လိုပါသည်။

ကနဦးကပင်လျှင် ကျစ်ကျစ်လျစ်လျစ်ဖြင့် စည်းရုံးနိုင်ခဲ့ခြင်းမရှိကြသော ပင်ရင်းတံဆိပ်ခေါင်းဝါသနာရှင်တို့မှာ ယခုမှ ရောက်ရှိလာကြသော တစ်ဆင့်ခံတံဆိပ်ခေါင်းဝါသနာရှင်များကို ဝမ်းပန်းတသာဖြင့် လက်ကမ်းကြိုဆိုလက်တွဲ ခေါ်ယူနိုင်ခြင်းမရှိခဲ့ပါသောကြောင့် တာဝန်မကျေမိဟု ခံစားမိပါသည်။ စင်စစ် တစ်ဆင့်ခံတံဆိပ်ခေါင်းဝါသနာရှင်တို့အနေဖြင့်မှာလည်း 'ပန်းချီစုဆောင်းခြင်းဝါသနာ'၏သဘောသဘာဝအယူအဆနှင့် ခံယူချက်တို့ကို 'တံဆိပ်ခေါင်းစုဆောင်းခြင်းဝါသနာ'ဘက်ဆီသို့ ကူးစက် သယ်ဆောင်လာနိုင်ပါသည်။

ယခုအခါမှာ 'ရိတ်သိမ်းချိန်လွန်ကာလ' ဟု ဆိုနိုင်သော တံဆိပ်ခေါင်းဝါသနာ၏ အခြေအနေတစ်ရပ်သို့ ဆိုက်ရောက်နေလေပြီ။ ဆိုလိုသည်မှာ ကြွယ်ဝချမ်းသာကြသော တစ်ဆင့်ခံတံဆိပ်ခေါင်းဝါသနာရှင်များ၏ရှေးခေတ်ဟောင်းမြန်မာတံဆိပ်ခေါင်းပစ္စည်းများကို ပြောင်တလင်းခါအောင် ရိတ်သိမ်းဝယ်ယူပြီးကြသော အချိန်ကာလသို့ ရောက်နေပြီ ဖြစ်ပါသည်။ ထို့အတူ အကြောင်းအရပ် အမျိုးမျိုးတို့ကြောင့် မြန်မာ့တံဆိပ်ခေါင်း ဝါသနာ၏ အခြေအနေမှာလည်း စိုးရိမ်ဖွယ်ရာကျဆင်းလျက်ရှိသည်။ ဤကဲ့သို့သော အချိန်ကာလမျိုး၌ 'အရေးကြီးလျှင်သွေးနီး' ဆိုသကဲ့သို့ မိမိတို့၏ ပညာ၊ မာန၊ ငွေအင်အားနှင့် ပုဂ္ဂိုလ်ရေးရာတို့ကို ခွေးဘေးဖယ်ခွာချပြီး မြန်မာ့တံဆိပ်ခေါင်းဝါသနာကို ကယ်တင်ဆယ်ယူ၍ တိုးတက်ဖွံ့ဖြိုးရန်အတွက် တံဆိပ်ခေါင်းဝါသနာရှင်အားလုံးတို့မှ ဝိုင်းဝန်းဆောင်ရွက်ကြရန် အချိန်တန်ပြီဖြစ်ကြောင်း တိုက်တွန်းအပ်ပါသည်။

ကြည့်

www.burmeseclassic.com

(၁)

"ဝင်းမြင့်ရေ"

"ဟာ - ဦးအောင်ကြည် လာဗျာ ထိုင်ဗျာ၊ ဘယ်ကပြန်လာတာလဲဗျ"

"မင်းဆီတမင်လာခဲ့တာကွ"

"ဟင် - ဟုတ်လား၊ ဘာကိစ္စ ကျွန်တော်ဘာလုပ်ပေးရမလဲပြောဗျ"

"ကိုယ်ဌာနကနေပင်စင်ယူလိုက်ပြီလေကွာ။ သက်စေ့ပင်စင်ပေါ့။ အခု အလုပ်အားသွားပြီ။ အဲဒီတော့ ကိုယ့်ကို တိုင်းရင်းဆေးပညာ အခြေခံကစပြီး သင်ပေးကွာ"

"ဟာ - ဒါများဗျာ မခက်ပါဘူးဗျ။ ကျွန်တော့်ဆီမှာ စာအုပ်တွေအများကြီး ရှိပါတယ်။ အဲဒါတွေဖတ်ဗျ၊ သိသင့်သိထိုက်တာတွေလည်း ပြောပြမှာပေါ့ဗျာ။ ဒါနဲ့ ခင်ဗျားအမျိုးသမီးကောနေကောင်းလား"

"အေး-ကောင်းပါတယ်ကွ။ အခု ကိုယ့်အမျိုးသမီးကို မြို့မဈေးကြီးထဲမှာ ဈေးရောင်းခိုင်းထားတယ်။ ကိုယ်ပင်စင်ယူတော့ သူကလည်း တစ်ဖက်တစ်လမ်းက စားဝတ်နေရေးအတွက် ငွေရှာရတာပေါ့ကွာ။ အဲ-သတိရလို့ပြောရဦးမယ်။ ကိုယ့်အမျိုးသမီး နှာရည်တွေယိုနေတာ တစ်လနီးပါးလောက်ရှိပြီ။ ထိပ်တပ်နာသဘောမျိုးပါပဲ။ မင်းဆီမှာ ဆေးရှိမှာပေါ့၊ ဆေးရှိရင်ပေးလိုက်စမ်းပါဦး"

"အေးဗျ ထိပ်ကပ်နာပျောက်ဆေး ကုန်နေတယ်၊ မဖော်ဖြစ်ပါဘူးဗျာ။ အဲဒီခင်ဗျားဖော်ပါလား။ ကျွန်တော် ဆေးနည်းရေးပေးလိုက်မယ်လေ"

"အေး - ကောင်းသားပဲ"


ကျွန်တော်သည် ဦးအောင်ကြည်ကို ထိပ်ကပ်နာပျောက်ဆေး အောက်ပါအတိုင်း ရေးပေးလိုက်ပါသည်။

| | | |
|---|---|---|
| ၁။ | ဒုတ္တာ | - ၆ ကျပ်သား |
| ၂။ | လက်ချား | - ၄ ပဲသား |
| ၃။ | ကျောက်ချဉ် | - ၄ ပဲသား |
| ၄။ | လေးညှင်း | - ၄ ပဲသား |
| ၅။ | ပရုတ် | - ၄ ပဲသား |
| ၆။ | ယမ်းစိမ်း | - ၄ ပဲသား |

ယင်း(၆)မျိုးကို အမှုန့်ပြု၊ လေလုံပုလင်းထဲထည့်၊ နေ့လယ် (၁၂) နာရီမှ (၂) နာရီအတွင်း ရွှေစေ့ခန့် နှာဝပွတ်

# မကွေးဝင်းမြင့်

## နှာရှူခြင်း၊ နှာနှတ်ခြင်းဥပဒေသ



www.burmeseclassic.com

ပေးပါ။ ပွတ်သည့်အခါ ပူလာပါလိမ့်မည်။ ရေမဆေးရပါ။ နာရီဝက်ခန့်အကြာ တဖြည်းဖြည်းအေးသွားပါလိမ့်မည်။

"ရော့ - ဦးအောင်ကြည်၊ အဲဒီအတိုင်းပဲဖော်ပေတော့။ နှာရည်တစွဲစွဲယိုနေသူတွေ၊ ခေါင်းကြီးအုံခဲပြီး ခေါင်းကိုက်ရောဂါခံစားနေရသူတွေ ရွှေစေ့ခန့် နှာဝပွတ်ပေးဗျ။ ပွတ်ရမယ့်အချိန်က နေ့လယ် (၁) နာရီခွဲ (၂) နာရီအတွင်း အကောင်းဆုံးအချိန်ပါပဲဗျာ"

"ကျေးဇူးပဲကွာ၊ မင်းဆီကိုမကြာမကြာလာမှာနော်။ ကိုယ့်ကို အခြေခံတိုင်းရင်းဆေးပညာသင်ပေးမယ်မဟုတ်လား"

"ရပါတယ်ဗျာ၊ ခင်ဗျားကြိုက်တဲ့အချိန်လာခဲ့၊ မခက်ပါဘူး"

"ကဲ - သွားဦးမယ် သူငယ်ချင်း။ ကိုယ့်မိန်းမ ဈေးရောင်းနေတာဆိုတော့ ကိုယ်က အဲဒီမှာထမင်းဟင်းချက်ပြုတ်ပို့ရ သေးတယ်ကွ"

"ဒါပေါ့ဗျာ၊ ဒါလောက်တော့လုပ်ရမှာပေါ့"

(၂)

"ဝင်းမြင့်ရေ၊ ဝင်းမြင့်"

"ဟာ - ဦးအောင်ကြည်ပါလား၊ ဈေးရောင်းနေတဲ့ ခင်ဗျားအမျိုးသမီးဆီ ထမင်းပို့ပြီးဝင်လာတာလား"

"ဒါပေါ့ကွာ။ ဒါနဲ့ ကိုယ့်ကို ဟိုတစ်နေ့က ထိပ်ကပ်နာပျောက် နှာချေဆေးကို မင်းရေးပေးလိုက်တဲ့အတိုင်း ဒေါ်စန်းပရဆေးဆိုင်က ဝယ်တယ်။ အိမ်ရောက်တော့ ဆေးထောင်းတဲ့ သံဆုံကို ရေစင်စင်ဆေး၊ အဝတ်နဲ့ကျကျနနသုတ်၊ ခြောက်သွားအောင် နေလှန်းထားပြီး ဆေးတွေကိုထည့်ထောင်းလိုက်ပါတယ်။ သံဆုံထဲမှာရေတွေကတစွဲစွဲပါကောကွ။ မင်းဟာ ဘယ်လိုဖြစ်တာလဲဟ"

"ဟာ - ခင်ဗျားဆေးတွေအကုန်ရောထောင်းပစ်တာကိုး"

"အကုန်ရောမထောင်းရလို့ ဘယ်လိုရောထောင်းရမှာလဲကွ"

"အေးဗျာ - ကျွန်တော်ကလည်း မပြောမိလိုက်ဘူး။ အဲဒီဆေးက တစ်ခုချင်းထောင်းရမှာဗျ။ ဆေး (၆) မျိုးမဟုတ်လား။ ပထမဆုံး ဒုတ္တာတစ်မျိုးတည်း သံဆုံထဲထည့်ထောင်းဗျ။ ညက်တော့ စတီးဇွန်းကလေးနဲ့ ခြစ်ယူ၊ အဲဒီဆေးကို ကြွေပန်းကန်ထဲထည့်ဗျ။ ဒုတ္တာပြီးတော့ လက်ချားကိုထောင်း၊ ညက်တော့ ဇွန်းနဲ့ ခြစ်ယူ၊ ခုနကကြွေပန်းကန်ထဲထည့်၊ အဲဒီလို ဆေးတစ်မည်ချင်းထောင်းရမှာဗျ။ ဆေး(၆)မျိုးစလုံးကို ထောင်းပြီးတော့ ရောမွှေလိုက်တော့ အဲဒါကို လေလုံပုလင်းထဲထည့် အသုံးပြုပေတော့ ဟုတ်လားဗျာ"

"မင်းဆိုတဲ့ကောင် အစကမပြောဘူး။ ငွေ(၅၀၀)ဖိုးဝယ်ခဲ့ရတာကွ။ အခုတော့ အရည်မရအဖတ်မရနဲ့ကုန်ပါရောလား"

"အေးဗျာ - ခင်ဗျားသိမှာပဲဆိုပြီး မပြောလိုက်မိတာ"

"ဘယ်ကလာသိရမှာလဲကွ။ ကိုယ်က သမဝါယမရုံးစာရေးကြီးဘဝကနေ ပင်စင် ယူလာတာ။ အခုမှ မင်းတို့ဆေးလောကထဲဝင်ဖို့ကြိုးစားနေတုန်းရှိသေးတယ်။ ကိုယ့်အဖို့ ဆေးလောကဟာ လောကစိမ်းလေကွာ"

"လောကစိမ်း ဟုတ်လား။ ဟားဟားဟား-ခင်ဗျားစာရေးဆရာလုပ်ဖို့ကောင်းတယ်။ ဝေါဟာရအသစ်အဆန်းတွေထွင်ပြောတတ်တယ်"

"လောကစိမ်းဆိုတာ ငါပြောတဲ့စကား မဟုတ်ပါဘူးကွာ။ အခုခေတ်ကလေးတွေပြောပြောနေတဲ့ စကားပါ။ ကဲ - ဒါတွေထားပါတော့။ ကိုယ့်ကို လက်တွေ့နှာချေဆေးလေးထောင်းပြပြီး ဆရာမပြ နည်းမကျတဲ့"

"ကောင်းသားပဲ၊ ဒါဖြင့်ရင် ဈေး သွားပြီး နှာချေဆေးတစ်ဖုံစာသွားဝယ်ချေ ဗျာ။ လက်တွေ့ထောင်းပြရမှာပေါ့"

"အင်း - နှာချေဆေးတစ်ဖုံဖော် တယ်။ အခု (၅၀၀) ထပ်ကုန်ရဦးမှာ တော့ ငွေတစ်ထောင်ချော်ပြီမောင်"

"ဒါပေါ့ဗျာ"

ဦးအောင်ကြည်သည် ပြော ဆိုဆိုနှင့် နှာချေဆေးတစ်ဖုံ ပြေးဝယ် သည်။

"ရော့ကွာ-လက်တွေ့ထောင်း"

"ဒီမှာကြည့် - ဦးအောင်ကြည် ဆေးထောင်းတယ်ဆိုတာ နေရာတိုင်း ထောင်းရတာမဟုတ်ဘူးဗျ။ ဆေးထောင်း တဲ့နေရာဟာ ဧည့်ခန်း ဒါမှမဟုတ် အိပ် ခန်း၊ ဘုရားခန်းနဲ့မနီးမဝေးမှာ ဟောင် ထောင်းရတာဗျ"

ကျွန်တော်သည် ဆေး (၆) မျိုး တစ်ခုချင်းထောင်းလျက် ဆေးများ သမအောင် ရောမွှေကာ သန့်စင်ထား သော ဖန်ပုလင်းထဲထည့်ပြီး ဦးအောင် ကြည်လက်ထဲထည့်ပေးလိုက်သည်။

"နှာချေဆေး၊ နှာနှတ်ဆေးတွေ အသုံးမပြုသင့်တဲ့သူရှိသေးတယ်နော် နှာချေဆေး၊ နှာနှတ်ဆေးမှာလည်း စည်းကမ်းဥပဒေရှိသေးသဗျ"

"ဟေ-ဟုတ်လား၊ ဒါဖြင့်ပြော ဦးကွ"

**ဆောင်ပုဒ်အစီအရင်**

| | |
|---|---|
| ၁။ ထမင်းစားပြီး | - ထမင်းစားပြီးနောက်မှ နှာနှတ်ခြင်းမပြုရ |
| ၂။ မိုးသားကြီးမား | - မိုးအုံ့သောနေ့၌လည်း နှာနှတ်ခြင်းကိုမပြုရ |
| ၃။ စားမှုနပ်ကျော် | - ထမင်းနပ်ကျော်စားသောသူကိုလည်းကောင်း |
| ၄။ သစ်သော်နာစေး | - အသစ်ဖြစ်သောနာစေးရောဂါရှိသူကိုလည်းကောင်း |
| ၅။ ကိုယ်လေးလက်ဝန် | - ကိုယ်ဝန်ဆောင်မိန်းမကိုလည်းကောင်း |
| ၆။ အဆိပ်မွှန်ထွေ | - အဆိပ်သင့်သောသူကိုလည်းကောင်း |
| ၇။ မကြေအဆာ | - အစာမကြေရောဂါနှိပ်စက်သောသူကိုလည်းကောင်း |
| ၈။ ဝမ်းချုပ်ထားအပ် | - ဝမ်းချုပ်ထားသောသူကိုလည်းကောင်း |
| ၉။ ထောပတ်ဆီအရက် | - ထောပတ်ဆီ အရက်တို့ကို သောက်ထားသော သူကိုလည်းကောင်း |
| ၁၀။ အမျက်ပွားသူ | - အမျက်ထွက်သောသူကိုလည်းကောင်း |
| ၁၁။ စိုးရိမ်သူနှင့် | - စိုးရိမ်သောကများသောသူကိုလည်းကောင်း |
| ၁၂။ ခြောက်ပူရေငတ် | - ရေငတ်ခြင်းဖြင့် နှိပ်စက်သောသူကိုလည်းကောင်း |
| ၁၃။ ကြီးလတ်သက်ရွယ် | - အသက်အရွယ်ကြီးသူကိုလည်းကောင်း |
| ၁၄။ ငယ်သူတစ်ပါး | - ကလေးသူငယ်ကိုလည်းကောင်း |
| ၁၅။ အဟုန်တားသူ | - လေ၊ ကျင်ကြီးကျင်ငယ် အဟုန်ကိုတားမြစ်ထား သောသူကိုလည်းကောင်း |
| ၁၆။ ရေမူချိုးထား | - ရေချိုးပြီးသောသူကိုလည်းကောင်း |
| ၁၇။ ချိုးပြောင်းနီးကပ် | - ရေချိုးခါနီးသောသူကိုလည်းကောင်း ၎င်းတို့အား နှာနှတ်ခြင်းမပြုရ |



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# နွေပဲသီးရွက်နှင့်ပွေး

နွေပဲသီးဆိုတာကိုတော့ လူအများ သိကြပါတယ်။ ပဲသီးက နည်းနည်းကြမ်းပေမယ့် နုရင်အရမ်းစားကောင်းပါတယ်။ ပြုတ်တို့လို့ရတယ်၊ သုပ်စားလို့ရတယ်၊ ကြော်စားလို့ရတယ်၊ မျိုးစုံလုပ်စားလို့ရတဲ့ပဲသီးပါ။

ပြီးတော့ နွေပဲသီးပင်ဟာ စိုက်ထားပြီး စင်ပေါ်တို့၊ အပင်ပေါ်တို့တင်ထားပေးရင် ထာဝရရှင်သန်ပြီး အမြဲအပင်နဲ့အသီးမပြတ်အောင်သီးပေးနေတဲ့ အပင်မျိုးမို့ (၁၂) ရာသီ ခူးစားနိုင်တဲ့ အပင်မျိုးပါ။ သူ့အသီးက အဖြူရောင်ပါ။

သီးချက်ကလည်း ရက်စက်ပါတယ်။ အခိုင်လိုက်၊ အပြွတ်လိုက်တွေ သီးတော့ကာ တစ်ပင်ရှင်သန်နေရင် အိမ်နီးချင်းတွေတောင်ကူပြီးစားပေးလို့ နိုင်နိုင်တဲ့အပင်မျိုးပါ။ နေရာတော့ နည်းနည်းပေးရတာပေါ့လေ။ သူ့အပွင့်က ခရမ်းနုရောင်ပါ။ အသီးက ပြားပြားကွေးကွေးပါပဲ။ တစ်တောင့်ချင်းသီးတာ မဟုတ်ဘဲ အပြွတ်လိုက်သီးတာက သူ့ရဲ့ဝိသေသပါ။

ဒီနွေပဲပင်မျိုး မိုးကုတ်ကျောက်ဖျာမှာနေစဉ်က ကိုကျော်တင်-မခင်စန်းလှိုင်တို့ရဲ့အိမ်နောက်ဖေးမှာစိုက်ထားလိုက်တော့ကာ အပင်က နှစ်ရှည်ပင်ဖြစ်ပြီး အစဉ်အမြဲစားနေရတော့ကာ ရင်းနှီးပြီးသိနေတယ်။ ကျွန်တော်သိတာက ဒါလောက်ပါပဲ။ သူ့အစေ့က ခြောက်သွားရင် အမည်းရောင်ပါ။ နွေပဲပင်ရဲ့ အရွက် ဆေးဖက်ဝင်မှန်း မသိခဲ့ပါဘူး။

၂၀၁၆ ခုနှစ် မိုးဦးမှာ မိုးကုတ်ကို အလည်ရောက်တော့ ကိုကျော်တင်တို့အိမ်မှာ အဲဒီနွေပဲပင်ကြီးမရှိတော့ဘူး။ မေးကြည့်တော့ ရှုပ်လို့ခုတ်ပစ်လိုက်တာကြာပြီတဲ့။ ခုတ်ပစ်မှ သေတဲ့အပင်မျိုးပါ။ အလွန်အသက်ပြင်းပါတယ်။ ရေလောင်းစရာမလိုဘူး။ ပြုစုစရာမလိုဘူး။ ဆေးဖျန်းစရာမလိုဘူး။စိုက်ပြီးပစ်ထားလိုက်ရုံပါပဲ။ အတော်အသုံးဝင်ပြီး ပြုစုရသက်သာတဲ့ သီးပင်စားပင်မျိုးပါ။ ကျွန်တော်ကအသီးအသုံးဝင်တာပဲသိတာ။ အရွက်အသုံးဝင်ပုံမသိခဲ့ပါဘူး။

မိုးကုတ်ရောက်တုန်းရောက်ခိုက် ပွေးအကြောင်းပြောကြတော့ ခယ်မဖြစ်တဲ့ မတူးက -

"ပွေးဖြစ်တာများ အလွယ်လေး။ နွေပဲသီးရွက်နဲ့ခူးပြီး ပွတ်စမ်းပါ။ ခဏနဲ့ ပျောက်ပါတယ်"

လို့ပြောပါတယ်။

အဲဒီမှာ ကျွန်တော်က -

"နင့်ဟာဟုတ်ရဲ့လားဟာ"

လို့ မေးတော့ -

"အိုး - ပွေးများစာဖွဲ့လို့။ ကျွန်မတို့ဆီမှာ နွေပဲရွက်နဲ့ခူးပြီးပွတ်လို့ပျောက်တဲ့လူတွေအများကြီး။ မယုံရင်စမ်းကြည့်"

လို့ ထပ်ပြီးပြောပြန်ပါတယ်။

အာမခံရဲပုံထောက်တော့ ဒါဟာ ဟုတ်ဟန်ရှိတယ်လို့ ကျွန်တော်သတ်မှတ်ပါတယ်။

နွေပဲရွက်ကတော့ ကျွန်တော်တို့ နေပြည်တော်ဝန်းကျင်မှာ ရှိပါတယ်။ စမ်းသပ်ဖို့ကျတော့ ကျွန်တော့်မှာလည်း ပွေးမရှိ၊ အိမ်နီးချင်းတွေလည်း ပွေးမရှိတော့ကာ အခက်ကြုံရပြန်ပါတယ်။ တစ်နေ့နေ့တော့ အရေပြားမှိုတက်တဲ့ မှိုဆေဒနာသွေးပေါက်တဲ့လူတွေ့လာမှာပါ။ အဲဒီကျရင် ဒီပွေးသတ်နည်းလေးကို ညွှန်ကြည့်ရမှာပါပဲ။

*ချမ်းမြေ့ကြပါစေ*

**နေပြည်တော်ကျော်ကျော်စိုး**

---

"တစ်ထိုင်ချင်းလက်တန်းထိုးတော့ ပြောနိုင်ဘူးဗျ။ မှတ်မိတာက ကိုယ်ဝန်ဆောင်အမျိုးသမီး၊ လသားအရွယ်ကလေးငယ်၊ ပြီးတော့ အသက်အရွယ်ကြီးရင့်သူပေါ့ဗျာ။ အဲဒီသုံးမျိုးလောက်တော့မှတ်မိတယ်၊ နေပါဦးဗျာ၊ ကျွန်တော်အပြည့်အစုံ စာအုပ်ထဲကကူးပေးလိုက်ပါဦးမယ်"

ကျွန်တော့်စာအုပ်စင်၌ အဆင့်သင့်ရှိနေသော သိင်္ဂရေသံဟိတာအမည်ရှိ ဆေးစာအုပ်ကြီးကိုယူလျက် သိင်္ဂရေရသေ့ကြီး မိန့်ဆိုသွားသော နှာရှူနှာနှုတ်ခြင်းပြုလုပ်သင့်သူ ဆောင်ပုဒ်လင်္ကာလေးကို အောက်ပါအတိုင်း အမိပ္ပာယ်နှင့်တကွ ကူးရေးပေးလိုက်ပါသည်။

နှာရှူ နှာနှုတ်ဆေး

မအေးအပ်သူ ဝေဒနာရှင် (၁၇) မျိုး

ထမင်းစားပြီး၊ မိုးသားကြီးမား၊ စားမှုနပ်ကျော်၊ သစ်သော်နှာစေး၊ ကိုယ်လေးလက်ဝန်၊ အဆိပ်မှန်တွေ၊ မကြေအဆာ၊ ရောဂါရှိသူ၊ ဝမ်းချူထားအပ်၊ ထောပတ်ဆီအရက်၊ သောက်လျက်သူများ၊ အမျက်ပွားသူ၊ စိုးရိမ်သူနှင့် ခြောက်ပူရေငတ်၊ နှိပ်စက်အပ်သည်၊ ကြီးလတ်သက်ရွယ်၊ ငယ်သူတစ်ပါး၊ အဟုန်တားသူ၊ ရေမူချိုးထား၊ ချိုးငြားနီးကပ်၊ သတ္တရသ်သည်၊ မအပ်နှာနှုပ်သင့်သူတည်း။

"ရော့ဗျာ - ဦးအောင်ကြည် ဆောင်ပုဒ်လင်္ကာလေးတစ်ခေါက်ဖတ်ကြည့်လိုက်ပါဦး၊ မရှင်းတာရှိရင်ပေးဗျ"

ဦးအောင်ကြည်သည် စာကြည့်မျက်မှန်ကလေးကိုထုတ်၍ဖတ်၏။

"အေးကွာ - မှတ်စရာချည်းပါပဲ။ ဒါနဲ့ သတ္တရသ်သည် မအပ်နှာနှုတ်သင့်သူတည်းတဲ့။ သတ္တရသ်ဆိုတာကကော ဘာအဓိပ္ပာယ်လဲကွ"

"သတ္တရသ်ဆိုတာက တစ်ကျိပ်ခုနစ်ယောက်လို့လည်း အဓိပ္ပာယ်ရတယ်။ (၁၇) ဦးလို့လည်း အဓိပ္ပာယ်ရတယ်လေဗျာ"

"အေး - ဟုတ်သားဟ၊ မင်းကဘုန်းကြီးကျောင်းထွက်ဆိုတော့ ပါဠိစာကျွမ်းသကိုး"

"ဟော့လူ ခင်ဗျားနဲ့ ကျွန်တော် မကွေး အထက(၁)မှာ ကျောင်းအတူတူတက်ဖူးတာ မေ့နေပြီလား"

"အေးပါကွာ-မင်းကိုချစ်လို့စတာပါ ဟား. . . ဟား. . . ဟား. . . "

**မကွေးဝင်းမြင့်**

www.burmeseclassic.com

တမာကုန်းရွာလေးသို့ ရောက်ရသည်မှာ -

အလွန်ပီတိဖြစ်ရပါသည်။ ဤလို အေးချမ်းသာယာပြီး လေကောင်းလေသန့်ရသော သဘာဝရှုခင်းများဟူသည် တကူးတကလာကြည့်မှသာ တွေ့နိုင်ရောက်နိုင်သောနေရာဒေသများဖြစ်သည်ဟုခံစားရင်း အိပ်ရာမှနိုးတိုင်း၊ မနက်မိုးလင်းတိုင်း ကြည်နူးနေရ၏။

ရောင်းဖို့ အထည်များကို အေးဆောင်နှင့် မကြီးအုန်းကြည်က ခေါင်းပေါ်ရွက်ရွက်သွားပြီး သူတို့ခင်သောအိမ်မှန်သမျှလိုက်ပြပြီးရောင်းပေး၏။ ကျွန်ုပ်ခေတ္တတည်းခိုရာ မကြီးအုန်းကြည်တို့အိမ်သို့လည်း လာကြည့်ကြ၏။

"ဟ - လက်ကြီးကရှည်ချက်ဟ"

"ဟယ် - ကိုယ်ထည်ကြီးက နွားနှစ်ကောင်လောက်သာသာခြုံထားလို့ရတယ်"

"အိုး - သောသောသီးသီးထဘီကြီးနဲ့ လျှောင်ပင်စျေးနေ့သွားလိုက်ရလို့ကတော့ ပြန်ရောက်ရင် ရေချိုးပြီးသားပဲဗျို့"

"ကြယ်သီးတွေဗျာ ကြီးချက်တာပန်းကန်ပြားတွေထပ်ထားသလားလို့"

"လွှတ်ထူပ့ါဗျာ၊ လေတောင်မဝင်လောက်ဘူး"

အကျီများကို တစ်ထည်ပြီး





www.burmeseclassic.com

www.burmeseclassic.com

တစ်ထည်ကြည့်ရင်းပြောနေကြသည်ကို ကြည့်၍ ကျွန်ုပ်မှာ ပါးစပ်စေ့မနေရ အလွန်သဘောကျ၏။ သူတို့စကားသံလေးများသည် ချစ်မွေးပါလှ၏ဟု တွေးနေမိ၏။ သူတို့စကားပြောသံလေးများကိုနားထောင်လျှင် နားထောင်၍မဝ ထပ်ထပ်မေးကြည့်ရ၏။ အလွန်ချစ်စရာကောင်းသော စကားပြောသံလေးများဖြစ်၏။ ကက်ဆက်ပါမသွား၍ သူတို့၏အသံလေးများကိုမသွင်းခဲ့ရ၊ ကက်ဆက်သာပါသွားလျှင် သူတို့ပြောစကားလေးများကိုအသံသွင်းပြီး အမေ့ကိုဖွင့်ပြလိုက်ရပါက 'ဟဲ့ - လူလေး၊ အေးဆောင်တို့ရွာကို ငါ့လိုက်ပို့စမ်း' ဟုပြောမည် ဖြစ်၏။ အလွန်ရိုးသား၍ အလွန်ပွင့်လင်း၏။ ချစ်စရာကောင်း၏။

ပွဲသောအကျီကြီးများကို ဝတ်ဆင်၍ ပုံမကျဖြစ်နေလျှင် တစ်ယောက်နှင့်တစ်ယောက်ကြည့်ပြီး အူတက်နေကြတော့၏။ ဝတ်ကြည့်လိုက်ကြ၊ ချွတ်လိုက်ကြနှင့် ပျော်စရာကောင်းလှ၏။ မကြီးအုန်းကြည်နှင့် အေးဆောင်ကြောင့် တော်တော်ရောင်းရ၏။ပိုက်ဆံလက်ငင်းရသည်လည်းရှိ၏။ လျှော်ပင်ဈေးနေ့မှ ပေးကြမည်လည်းရှိ၏။

လေကောင်းလေသန့်ရှူ၊ ရှမ်းဆန်စား၊ ကိုင်းကွက်ထဲက ပဲညွှန့်လေးများ၊ အခြားအညွှန့်လေးများ၊ မြေပဲများကြော်လိုက်ချက်လိုက်စားလိုက်၊ မနက်ဝေလီဝေလင်းထ၍ မအုန်းကြည်တို့ဝိုင်းကြီးထဲပတ်ပြေး၊ ကရာတေးလေ့ကျင့်နှင့် အတော့်ကိုဟုတ်နေပြီး လူမှာကျန်းမာရေးတွေဒေါင်ဒေါင်မြည်နေ၏။

ကီဝတ်ပြီး ညဘက် ကစားသည့်နေ့က မကြီးအုန်းကြည် ဒိုင်းစပ်တွင် ခိုးကြောင်ခိုးဝှက်နှင့် မှောင်ထဲမှကြည့်နေကြသူများ မနည်းလှ။ ကီက အဖြူရောင်ဖြစ်၍ ဟာ - ဖြူဖြူကြီးဟု ပြောနေကြ၏။ ဘာပါလိမ့် ဟူသောသဘောနှင့်ကြည့်နေကြ၏။ နောက်မှ သူတို့သိကြ၏။ ကရာတေးကိုမမြင်ဘူးကြ။ ကျွန်ုပ်က 'ကျား. . .' 'ရား. . .' ဟု မာန်သွင်း၍လေထဲတွင်ကန်ကျောက်ထိုးကြိတ်လျှင် သူတို့အူတက်နေ၏။ ဝါးလုံးတွင် အုန်းဆံကြိုးပတ်၍ 'မာကီဝါရာ' ပုံစံမျိုးထိုးလျှင် လာကိုင်ကြည့်ကြ၏။

"အယ် - ဂလိုကြီးတော့လုပ်ရဲပေါင်တော်"

ဟုပြောပြီး တွန့်နေကြ၏။

မကြီးအုန်းကြည်တို့နှင့် ဆွေလိုမျိုး



# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသော)

## ပညာရှင်

(အင်ဂျင်နီယာဂျိုရအသန်းဆက်ဝဏ္ဏရှည်)

www.burmeseclassic.com

www.burmeseclassic.com

လိုနေသော ကိုကြီးမှတ်သည် ကျွန်ုပ် ကစားတိုင်းလာလာကြည့်၏။ ကိုကြီးမှတ် စကားပြောလျှင်ပေးလေ့ရှိသော အချို့ ဥပမာများမှာ ကျွန်ုပ်အတွက်နားထောင် ၍မဝနိုင်ပါ။ အချို့အထည်များကို သူပါ လိုက်ရောင်းပေးသည်ဟု အေးဆောင် ကပြော၏။စပ်မည်ဆိုလျှင် အေးဆောင် တို့ဘကြီးတော်လောက်၏။

"ဗျို့ သရာလေး"

"ဗျာ"

"ခင်ဗျားခြေထောက်က သော့ခတ် ထားလို့လား"

"ဘာဖြစ်လို့လဲ ကိုကြီးမှတ်"

"ရေနွေးလာသောက်ပါဆို တောက် လျှောက်ခေါ်နေတာ"

"ဪ - ဟုတ်ကဲ့၊ လာပါ့မယ်"

အေးဆောင်ကိုခေါ်၍ ကိုကြီးမှတ် တို့အိမ် အလည်သွားဖြစ်ပါသည်။ လရောင်ဖြာနေ၍ ကိုကြီးမှတ်တို့အိမ်ရှေ့ ခုံတန်းလျားနှင့် စားပွဲချပြီးထိုင်ကာ ရေနွေးကြမ်းသောက်ဖြစ်၏။

"ကိုကြီးမှတ်၊ အိမ်တွေမှာ တံခါး မရှိတာများတယ်နော်။ ပစ္စည်းပျောက် တာတို့၊ သူခိုးတို့ပြောသံလည်းမကြားဖူး ဘူး။ မြေပဲစိုက်ခင်းတွေဆိုလည်း ဒီလိုပဲ ခူးမယ့်သူမရှိသလိုဘဲ"

"ကျုပ်တို့ဆီမှာ သူခိုးသူဝှက်ရှာ တွေ့ရင် ကိုင်းတစ်ကွက်ပေးမယ်"

"အေးဗျာ-အရမ်းကိုစိတ်ချမ်းသာ ဖို့ကောင်းတာပဲ"

"ဂလိုပဲ ကိုယ်တိုင်ကိုယ်နေကြတာ ပဲ"

"ဟုတ်ကဲ့"

တောင်ပြောမြောက်ပြောပြော ရင်း -

"ကိုကြီးမှတ်၊ ဒီမှာပညာနဲ့ပတ်သက် တဲ့ ဗဟုသုတလေးတွေ ပြောပြပါဦး။ ကျွန်တော်စိတ်ဝင်စားလို့ပါ။ နားထောင် ချင်လို့"

ကိုကြီးမှတ်က ပျော်ပျော်နေတတ် ပြီး ဘာကိုမှသိပ်အယုံအကြည်မရှိတတ် သူဖြစ်သောကြောင့် ကျွန်ုပ်မှာချော့မော့ မနည်းမေးရ၏။

ကိုကြီးမှတ် ပြောပြသည်မှာ ကြက်သီးထစရာ။

ရွာတောင်ဘက်အထွက်နားက မိသားစုတစ်စုကို လူတစ်ယောက်လာပြီး ခြိမ်းခြောက်ကြိမ်းမောင်းသည်ဟုဆို၏။ ဘာကိစ္စ မှန်းတော့မသိ။ ထိုလူသည် တစ်ပတ်ပင် မကြာ သွားရင်းလာရင်း ပိုးထိပြီးသေ သွားတော့၏။

တစ်ခါကလည်း ထိုအိမ်က ချာတိတ်လေးကို ဝိုင်းရိုက်လွှတ်လိုက် ကြ၏။ ကလေးချင်းဖြစ်၍ မိဘများက လာတောင်းပန်ရန် ပြောသော်လည်း လာမတောင်းပန်ကြ။ မကြာပါ၊ ဝိုင်းရိုက် သောကလေးများသည် ညနေစောင်းပြီ ဆိုသည်နှင့် မြွေကြီးဗျို့၊ မြွေကြီးဟုအော် ပြေးကြတော့၏။ သူတို့နောက်ကို မြွေကြီး တစ်ကောင်လိုက်နေသည်ဟု အော်ရင်း ပြေးကြ၏။ ခါးမှာပုဆိုးပင်မရှိ။ ထိုကလေး နှစ်ယောက် ညနေတိုင်း အရှက်ကွဲလွန်း မကကွဲ၊ ညသန်းခေါင်ထအော်ဖြစ်လွန်း မှ မိဘများက သွားတောင်းပန်ကြ၏။ ကလေးများလည်း ဘာမှမဖြစ်တော့ပါ။

သို့သော် သူပြောသောအိမ်ကို ကျွန်ုပ်စိတ်ဝင်စား၍သွားကြည့်သောအခါ မြို့မှာအလုပ်သွားလုပ်ကြသည်ဟု ဆို၏။ အသက်လေးဆယ်အရွယ်ဒေါ်ကြီးတစ်ဦး နှင့်သူ့သမီးလေးသာရှိ၏။ ဘုရားဆောင် မှာ အလွန်သပ္ပာယ်ပြီး ခမ်းခမ်းနားနား ပူဇော်ထားကြသောမိသားစု ဖြစ်၏။ ကျွန်ုပ် မရမက ခင်ခင်မင်မင်စကားပြော ကြည့်၏။ အလွန်ဖော်ရွေပြီး အလွန် ရိုးသားကြပါသည်။ အသက်လေးဆယ် အရွယ် ဒေါ်ကြီးကို ပညာရပ်များနှင့် စပ်ဆိုင်ပြီး ဒေါ်ကြီးကြားဖူးလားဟု သွယ်ဝိုက်မေးကြည့်ရာ -

"အင်း-ငွေရင်ကဒီနားမှာပြောသံ ကြားတာပဲ။ လူတွေကလည်း ပြောင်းတဲ့ လူကပြောင်းကုန်ကြတော့ ဒေါ်ကြီးတို့ လည်း မသိပါဘူး မောင်ပုရယ်၊ မကြား မိပါဘူး"

ဟုသာ ပြန်ပြော၏။ သဲလွန်စပင် မရ။

တစ်ဦးကို တစ်မျိုးကြားရ၏။

ရွာလေးမှာ အလွန်အေးချမ်းလှ ပါသည်။ တိတ်ဆိတ်ငြိမ်သက်လှသော ရွာလေးဖြစ်၏။ ရက်ကန်းခတ်သံလေး များဟိုတစ်စဒီတစ်စကြားနေရ၏။အလွန် ရိုးသားအလွန်ဖော်ရွေကြ၏။

ထိုသို့ ရိုးသားကြသောပုဂ္ဂိုလ်များ ကိုမေးရသည်မှာ ကျွန်ုပ်ကြားဖူးထား သည်များနှင့်ညီသည်လည်းရှိ၏။ မညီ သည်လည်းရှိ၏။ သူတို့သိထားဖူး၊ ကြား ထားဖူးသည်များကိုသာ အားရပါးရ ပြောပြကြ၏။

ကိုကြီးမှတ်ကတစ်မျိုးပြော၏။

မင်းကြီးခကျတော့ တစ်မျိုး။

"မင်းကြီး၊ ကျွန်တော် မင်းကြီးကို မေးကြည့်တာပါ"

"ဆို"

"ကျွန်တော်က လေထဲက... အပ်ချလောင်းဆိုပြီး လက်ဝှေ့ယမ်း... ပြလိုက်ရင် စားစရာတွေ၊ ပစ္စည်းတွေ... မာတ်လုံးတွေရောက်ရောက်လာတာ... သိပ်သဘောကျတာ ဦးကြီးရဲ့၊ အဲအဲ... မင်းကြီးရဲ့။ အဲဒီလိုယူပြနိုင်တဲ့သူတွေ... လည်း တွေ့ခဲ့တယ်။ ဒါပေမယ့် မ... ကြဘူး။ အေးဆောင်နဲ့စကားစပ်တော့... တို့ဘက်မှာ ဒါမျိုးတွေရှိတယ်လို့ သူ... ပြောတာ။ မင်းကြီးခနဲ့တွေ့ပေးမယ်... လည်း သူကပြောတယ်"

"ဂလိုရှိတယ်မောင်ပုရဲ့။ ဂလော... ကြီးတတ်တဲ့သူတွေကတော့ရှိသယ်... သာပြောသာ မသေချာပါဘူး။ ရှိ... လည်း သူတိုင်သူနေကြမှာပေါ့။ ဂလို... တာတော့ မကြားမိပါဘူး။ ကြားပဲကြား... ဖူးတာပါ။ ဒါကလည်း သူပြောလူပြော... မောင်ပုရယ်။ ရှေးရှေးဘိုးဘေးဘီဘင်... ထဲက ပညာတွေတော့ ပွေအရင်တုန်း... ရှိမှာပေါ့။ နောက်နားမှာမကြားမိပါဘူး...

ဒါပေသိ ကျုပ်ကြားဖူးတာတော့... တအားလွတ်ချောတဲ့ ကလေးမလေး... တစ်ယောက်ဟာ သားငါးရောင်းတဲ့... တစ်ယောက်ကို စကားတွေလွှတ်ရိုင်း... ပါးတွေဘာတွေရိုက်လိုက်တဲ့ထိဖြစ်သွား... တယ်။ အရိုက်ခံရသူက ဘာမှမပြော... ပြန်သွားတယ်။ဘာကြာလဲ၊ ဥပုသ်တစ်... ပေါ့။ ဟော - အဲဒီကလေးမလေး... ပါးမွေးတွေ၊ နှုတ်ခမ်းမွေးတွေထွက်... တယ်။ အဖြေရှာမရကြဘူး။ရိုပ်ရိုပ်ညှပ်... ကိုက်ကိုက်ဖြစ်နေရတယ်။ငါးရက်တစ်... ရိတ်ရတယ်။ ဈေးနေ့တစ်ခါရိတ်... အယ်. . . ခြောက်လလား၊ ခွင်နှလ... မဆိုနိုင်ဘူး ဟုတ် မြောက်ဘက်ကရ... တစ်ပါးကြွလာသာနဲ့ကြုံတော့ကုပေးတ... ရသေ့ကြီးမေတ္တာရပ်ခံပြီး ရွတ်ဖတ်... တဲ့ပရိတ်ရေကို မျက်နှာစိမ်လို... နှုတ်ခမ်းတွင်း၊ သွားကြားတွင်းတွေ... အဝတ်စတွေ၊ ကြက်ရိုးတွေ၊ ငါးရိုး... အသားတုံးအစတွေ ထွက်ကျလာ... နှုတ်ခမ်းကြီးကရှုံ့သွားတယ်။ ဝ... သွားပေမယ့် ကလေးမလေး... စိတ်ဆင်းရဲပြီး စိတ်ဝေဒနာတော... လျှောက်ဖြစ်သွားတယ်။ အဲဒါမင်း... ကြားတာ တစ်ဆင့်စကားပေါ့၊ ကြာ...

ကျွန်ုပ်သည် -

လောကီပညာရပ်များကို အ... ဝါသနာကြီးသူဖြစ်ရာ ဟိုစပ်စပ်ဒီစ... ကြားလျှင် မရရအောင်မေး၏။ ... အောင်ပေါင်း၏။ အောက်... စူးစမ်းလေ့လာ၏။ သို့သော် ကြားရ...



www.burmeseclassic.com

www.burmeseclassic.com

များမှာ အဖျားရှူးသွားကြသည်သာများ၏။

ဘယ်သူကပြောတာ၊ ဟိုးတုန်းက ဟူသောစကားများနှင့်သာ ပြီးသွား၏။ ကျွန်ုပ်က မရရအောင် သဲလွန်စလိုက်၏။ သူတို့သည်လည်း သူတို့ကြားဖူးကြသည်များကို သူတို့သိထားသလိုပြန်ပြောပြကြခြင်းများသာ ဖြစ်၏။ လိမ်ပြောကြခြင်းမဟုတ်ပါ။ အကြောင်းကိုသာ အစရှာမရခဲ့။

အေးဆောင်နှင့် ဟိုရွာလျှောက်ကြည့်လိုက် ဒီရွာလျှောက်ကြည့်လိုက်နှင့် သွားလိုက်၊ မြေပဲခင်းဘက်တွေလျှောက်လိုက်၊ သဲချောင်းတွင် ရေသွားချိုးလိုက်နှင့် အထည်ဖိုးလေးများ အတော်ပြန်စုမိလာသောအခါ အေးဆောင်တို့တွားအေးရှိသောရွာတန်းရွာသို့အလည်လိုက်သွား၏။ ရွာတန်းရွာသည် လျှော်ပင်မှလာလျှင် အရင်ဝင်ပြီးမှ တမာကုန်းကိုရောက်၏။

သာယာသော‌ရွာလေး ဖြစ်၏။

ထိုရွာလေးရှိ မင်းကြီးစံပွင့်တို့အိမ်လေးတွင် အေးအေးဆေးဆေးနေခွင့်ရ၏။ အေးဆောင် အထည်လျှောက်ရောင်းထားသည်မှာ ရွာတန်းသို့လည်း ရောက်၏။ ဒေသအခေါ် 'ယတန်း' ဟုခေါ်ကြသော ချစ်စရာရွာလေး ဖြစ်ပါသည်။ ထိုရွာလေးမှာ အိမ်ခြေသိပ်မများပါ။

ထိုရွာလေးရောက်လာသည်နှင့် ကျွန်ုပ်၏စိတ်တွေမှာ တစ်မျိုးဖြစ်လာပါသည်။ ဘာဖြစ်လို့ဖြစ်နေမှန်းမသိ တစ်ခုခုမှုလုပ်ရန် တစ်ဦးဦးကတိုက်တွန်းနေသလိုမျိုး ခံစားရ၏။ တားမနိုင်ဆီးမရ အဆတ်ဆတ်တုန်နေသလိုခံစားရသောကြောင့် -

"အေးဆောင်၊ မင်းကြီးစံပွင့်တို့ခြေရင်းဘက်အိမ်မှာ လူမမာရှိလားကြည့်စမ်း၊ မေးကြည့်စမ်း"

နာရီကိုကြည့်လိုက်ရာ သူရဇ္ဇအခါဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်ရှိသောနေရာ၏ခြေရင်းဘက်တွင် ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါတစ်ဦးဦးရှိရမည်။ ရှိလျှင် တစ်ခုခုဖြစ်နေရမည်ဟုတွေးရင်း အေးဆောင်ကို ပြောလိုက်ခြင်း ဖြစ်၏။

"အမေခင်၊ သရာ...ကမေးနေတယ်။ ခြေရင်းအိမ်မှာ လူမမာရှိလားတဲ့"

"ဟယ် - ဒုတ်ဒုတ်ထိများမြင်နေတာတော် သိချက်က။ ရှိပါ့၊ လှထွေးဆယ် နေဆိုးနေတယ်"

အမေခင် အားရပါးရပြောလိုက်သောစကားကြောင့် အေးဆောင်ကိုခေါ်၍ ခြေရင်းအိမ်ဘက်ဆီကူးသွား အကဲခတ်လိုက်ပါသည်။ ဟုတ်၏။ အိမ်ရှေ့တွင် အတော်ငယ်ညည်းညူနေသော အမျိုးသမီးကြီးတစ်ဦးဖြစ်၏။ ပက်လက်။

"အေးဆောင်"

"ဗျို"

"ဒေါ်လှထွေးဘေးကလူတွေက ဘယ်သူတွေလဲ"

"သူ့အစ်မကြီးတွေဗျ"

ကျွန်ုပ်တစ်ချက်အကဲခတ်လိုက်ပြီး ခံစားချက်တစ်မျိုးဖြစ်လာ၏။ 'စဖိုလယ် အမဲကင် - စုန်းမှင်နတ်တို့ရဲတတ်သဲည်' ဟူသောပညာခန်းနှင့်တည့်တည့်တိုးချေပြီ။

အင်း - တစ်ခုခုကြုံနေပြီ။ ငါလည်း ဘာမှမကုတတ်ဘူး။ ဒါပေမယ့် ငါငယ်ငယ်က ကန်တော်လေးက နတ်ဖဲဗေဒင်ဆရာလှခိုင်းလို့ အိမ်မှာပြဿနာတစ်ခုခုရှိရင် အမေ့ကိုရွာစာချခိုင်းတာရှိတယ်။ အဲသလိုလုပ်လိုက်ရင်ကောင်းသွားတာများတယ်။ ခု - ငါရောက်တုန်း လုပ်ပေးလိုက်မယ်။ ဘာပဲပြောပြော ငါ့မှာ ပယောဂမကုတတ်ပေမယ့် ဒီလိုလေး ရွာစာချလိုက်ရင် ငါနဲ့ တခြားပုဂ္ဂိုလ် တစ်ဦးဦးအကြားမှာ ပြဿနာမဖြစ်နိုင်လောက်ဘူး။ ငါက မေတ္တာနဲ့ကျွေးတာပဲ ဟု အရှည်ကြီးတွေးနေလိုက်ပြီး -

"ရတယ်၊ ညနေစောင်းရင်ကောင်းသွားစေရမယ်။ ကျွန်တော်လုပ်ပေးမယ်။ ဒါပေမယ့် ကျွန်တော်က ဆေးဆရာလည်း မဟုတ်ဘူး၊ ပယောဂဆရာလည်း မဟုတ်ဘူး။ လုပ်တတ်သလိုလေးလုပ်ပေးမှာနော်"

ဟုပြောလိုက်ရာ နေမကောင်းနေသူ၏အစ်မများကခေါင်းညိတ်၏။ ရိုးသားကြသူများဖြစ်၍ဘာစကားမှအပိုမပြော။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြ၏။

"အေးဆောင်"

"ဗျို့"

"မင်းနဲ့ ငါနဲ့ လျှော်ပင်ဘက် လျှောက်ရအောင်၊ ငါးသွားဝယ်ကြမယ်"

"သွားလေဗျာ"

ကိုယ့်အိတ်ထဲမှပိုက်ဆံကိုထုတ်၍ ငါးနှစ်ကောင်ဝယ်လာလိုက်၏။ လမ်းတွင် အပင်ရှားရှားပါးပါးရှာ၍ အနီရောင်နှင့်အဖြူရောင်အပွင့်များကိုရအောင်ရှာ၏။ ရွာတန်းပြန်ရောက်သည်နှင့် မင်းကြီးစံပွင့်ကို ထမင်းတောင်း၏။ မင်းကြီးစံပွင့်၏သားသမီးများက ကျွန်ုပ်ကိုမြင်သည်နှင့် သူတို့အစ်ကိုရင်းလို ခင်မင်ကြပြီး လိုအပ်သည်များကို ဝိုင်းလုပ်ပေးကြ၏။

ထမင်းကျက်ပြီဖြစ်၍ စကောထဲတွင် ဖက်ခင်း၊ ထမင်း (၇) ပုံပုံ၊ ပန်းဖြူပန်းနီထည့်၊ ငါးကြော်ထည့်ပြီး အေးဆောင်ကို ရေတစ်ခွက်နှင့် ယောက်မကိုင်ခိုင်းလိုက်၏။ ကျွန်ုပ်က ဒေါ်လှထွေးဆီသို့ စကောမ,သွားပြီး ခေါင်းနှင့် ခြေ (၇)ခါ ဝိုက်၍ နောက်လှည့်မကြည့်တော့။ တန်းထွက်ပြီး ရွာထိပ်နားသို့ စကောမ,သွားပါသည်။ အေးဆောင်က ရေခွက်နှင့် ယောက်မကိုင်၍ နောက်က ထက်ကြပ်မကွာ။

"ကိုင်း - သက်ဆိုင်ရာ မမြင်ရမြင်ရပုဂ္ဂိုလ်တို့၊ အသင်တို့ကို ကျွန်ုပ်က ဗုဒ္ဓဟူးသမီး မလှထွေးကိုယ်စားကျွေးပါတယ်။ အသင်တို့က စားပါသောက်ပါ။ ဗုဒ္ဓဟူးသမီးပြောမှားဆိုမှားရှိခဲ့ရင်လည်း ကျွန်ုပ်က တောင်းပန်ပါတယ်။ ကျေနပ်ပါ၊ ခွင့်လွှတ်ပါ၊ သည်းခံပါ။ အခုလို တောင်းပန်တဲ့အတွက် ဗုဒ္ဓဟူးသမီး မလှထွေးမှာ ခံစားနေရတဲ့ ရောဂါဝေဒနာတွေကို ပိန်းကြာရွက်ပေါ် ရေမတင်ဘိသကဲ့သို့ လျှောကျပျောက်ကင်းအောင် အသင်တို့က ခုချိန်ကစပြီး မေတ္တာထားပါ။ အသင်တို့ကို ကျွေးပါတယ်ခွေးပါတယ်"

ဟု တတ်သလောက်ပြောပြီး စကောကို မြေကြီးမှာချ၊ ယောက်မနှင့်ခေါက်ပြီး (၇)ခါပြောလိုက်၏။ ပြီးမှ ရေလောင်းလိုက်၏။ ခပ်လှမ်းလှမ်းတွင် ခွေးနက်ကျားတစ်ကောင်နှင့် ခွေးနက်နှစ်ကောင်က စောင်ကြည့်နေ၏။ ကျွန်ုပ်လည်း မေတ္တာပို့အမျှဝေပြီး အေးဆောင်ကိုခေါ်ရင်း ပြန်လှည့်၍ ခပ်လှမ်းလှမ်းမှ ကြည့်နေလိုက်၏။ ခွေးနှစ်ကောင်သည် ရစ်သီရစ်သီနှင့် အနားကပ်သွားပြီး ငါးကြော်ကို တစ်ကောင်ကတစ်ချက်ဟပ်လိုက်၏။ ကျွန်ုပ်ထင်သည်။ တစ်ကိုက်ခန့်သာဟပ်လိုက်ပြီး ငါးကြော်မှာ ဝစ်ဖွဲ့ခန့်ပင်ပါသွား၏။ ထိုခွေးမှာ စူးစူးငါးဝါးအော်ပြီး မြေကြီးတွင် လူးလှိမ့်နေ၏။ ဒိပြင်ခွေးတစ်ကောင်က ငါးကြော်ကို စိုက်ကြည့်နေပြီး လုံးဝမစားရဲ၊ တအီအီနှင့်အော်နေ၏။ မြေကြီးတွင်လှိမ့်နေသော ခွေးကိုကြည့်၍ကျွန်ုပ်တစ်မျိုးဖြစ်လာ၏။ လှိမ့်နေပုံမှာ တစ်မျိုးကြီး၊ တစ်ယောက်ယောက်က လှိမ့်ပိန့်ကန်နေ၍လိမ့်နေ

www.burmeseclassic.com

သလိုဖြစ်နေပြီး ငယ်သံပါအောင်အော်နေ၏။ ဘေးနားမှတစ်ကောင်မှာ တအီအီနှင့်တုန်နေပြီး ဟိုပြေးဒီပြေးယောက်ယက်ခတ်နေ၏။

"ဟာ - တစ်မျိုးကြီးဗျာ"

"အေး - ငါလည်းကြည့်နေတာကွ"

"ခင်ဗျားဟာကြီးက ထူးချက်ကြီးဗျာ"

"ထူးတာ၊ မထူးတာထက် လာ - အေးဆောင် သွားကြမယ်။ ငါဒီနားမှာ သိပ်မနေရဲတော့ဘူး။ နေဝင်စပြုနေပြီ"

နှစ်ယောက်သား နောက်လှည့်မကြည့်တော့။ ခပ်သုတ်သုတ်လျှောက်လာပြီး မင်းကြီးစံပွင့်အိမ်ဘက်သို့မရောက်ခင် ဒေါ်လှထွေးအိမ်ရှေ့အရောက်ကြိုတင်မှာထားခဲ့သည့်အတိုင်း ကျွန်ုပ်ပါးစပ်က လွတ်ပလားကျွတ်ပလားဟုသုံးခါမေး၏။ ဒေါ်လှထွေးအစ်မတွေက လွတ်ပြီကျွတ်ပြီဟု သုံးခါပြန်အော်၏။ ထိုသို့အော်နေချိန် တစ်ချိန်လုံးပက်လက်ဖြစ်နေခဲ့သော ဒေါ်လှထွေးမှာ ထထိုင်နေချေပြီ၊ ငုတ်တုတ်။

"ဟာ - ရန်တုန်သား စွမ်းချက်ဗျာ"

"မင်းကြီးရာ၊ စွမ်းတာမဟုတ်ပါဘူး။ မေတ္တာရပ်ခံလိုက်တာပါ"

"အိုး - နောက်နားတုန်းက လှထွေးတောက်လျှောက်နေဆိုးနေသာ။ သူတိုင်သူလမ်းမှမလျှောက်နိုင်သာ။ ဟား- ခုများ ကောင်းချက်ကွာ။ ရက်စက်တယ် မြန်ချက်"

ရွာတန်းရွာလေးတွင် ဒေါ်လှထွေးနေကောင်းသွားပြီဖြစ်၍ ကျွန်ုပ်အားကောင်းချီးပေးကြ၏။ လာကြည့်ကြ၏။ ကြည့်ကြသူတိုင်း တီးတိုးပြောကြသံမှာ-

"ဆံပင်ကြီးကလည်း ရှည်ချက်တော်"

ညဘက် -

အလွန်ချမ်းလှပါသည်။ တဘက်ကိုခေါင်းပေါင်းပေါင်းထားရသည့်ထိအေး၏။ ခိုက်ခိုက်တုန်နေ၏။ မင်းကြီးစံပွင့်တို့အိမ်ခေါင်းရင်းရှိ တမာပင်အောက်တွင် ကျွန်ုပ်နှင့် အေးဆောင်၊ မင်းကြီးစံပွင့်တို့ထိုင်နေကြစဉ် အိမ်နီးနားချင်းများရောက်လာကြပြီး စကားလာဝိုင်းပြောကြ၏။ လူနှစ်ဆယ်ခန့်ဖြစ်လာ၏။ ရန်ကုန်အကြောင်း၊ ဟိုအကြောင်းဒီအကြောင်း ထွေရာလေးပါး ဗဟုသုတများပြောကြရင်း ညဉ့်နက်(၁၀)နာရီခန့်တွင် တဝီဝီနှင့် အသံများဝဲပျံလာ၏။

"ဟာ-သရာလေး ပိတုန်းပိတုန်းတွေ"

ကျွန်ုပ်၏ခေါင်းပေါ်ဝဲဝဲသွားသော ပိတုန်းများကိုခေါင်းငုံ့၍ရှောင်ရင်း ခေါင်းတွင်ပေါင်းထားသောတဘက်ကိုချွတ်၍ လှမ်းရိုက်လိုက်၏။

"ဒိုး. . ."

"ဖုတ်. . ."

"ဝီ. . . ဝီ. . . ဝီ. . . ဝီ"

"ဖတ်. . . ဘုတ်"

စုစုပေါင်း (၇) ကောင် ဖြစ်၏။ ကျွန်ုပ်ကရိုက်လိုက်၊ ပြုတ်ကျသွားသော ပိတုန်းကို အေးဆောင်က လှမ်းယူလိုက်၊ အနားရှိ အုန်းမှုတ်ခွက်အကြီးကြီးနှင့် ကျွန်ုပ်က မှောက်အုပ်လိုက်လုပ်နေကြ၏။ စကားပြောလိုက်၊ လှမ်းရိုက်လိုက်နှင့် (၇)ကောင်ထည့်ပြီးချိန်တွင် ငြိမ်ချတ်သွားကောင်းနေတော့၏။ ပိတုန်းတွေလာသည့်ချိန်မှ ကျွန်ုပ်ရိုက်ချပြီးသည်ထိ ပူညံပူညံကျွက်စီကျွက်စီဖြစ်နေကြပြီး ယခုမှ စကားဝိုင်းငြိမ်သွား၏။ နှစ်ဦးက ကြောက်လန့်တကြားထပြေး၏။

"တစ်ခါမှဂလိုကြုံဖူးပေါင်တော်"

"အေးဟဲ့ - များချက်"

"အိုး-သရာလေးကိုလာနှုတ်ဆက်တာထင်ပ၊ ဟား ဟား ဟား"

တစ်ယောက်တစ်ပေါက်နှင့်ပြောနေကြ၏။ ကျွန်ုပ်လည်း စိတ်အနည်းငယ်လေးသွားပြီး စကားကို ခပ်သွက်သွက်မပြောဖြစ်တော့။

တစ်ယောက်ပြီးတစ်ယောက် ကျွန်ုပ်ကို နှုတ်ဆက်၍ပြန်သွားကြပါပြီ။ ညဉ့်လည်းနက်ပြီ။ အိမ်ပေါ်တက်ရန်အတွက် အင်း - သူတို့ကိုငါလှောင်ထားသလိုဖြစ်နေပြီ။ ပြန်လွှတ်ပေးလိုက်ပါ့မယ်လေဟု တွေးရင်း အုန်းမှုတ်ခွက်ကြီးကိုဖွင့်လှန်လိုက်ရာ -

"ဟာ. . ."

"ဟယ်. . ."

ဘာတစ်ခုမှမရှိတော့၍ မင်းကြီးစံပွင့်ရော အေးဆောင်ရော ကျွန်ုပ်ပါ စကားမပြောနိုင်လောက်အောင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အံ့သြနေကြ၏။ မြေကြီးကို သေချာစမ်းကြည့်၏။ မြေပျော့မဟုတ်၊ မြေမာ။ မြေကြီးပေါ်တွင် ကျင်းချိုင့်အက်ကြောင်း ဘာမှမရှိ။ မြေပြင်ပေါ်တွင်ပင် အုန်းမှုတ်ခွက်အောက်မှာ ပျောက်ခြင်းမလှပျောက်သွားကြချေပြီ။

ထိုည အိမ်ပေါ်တွင် မအိပ်ဖြ[illegible] တော့။ ဘေးအဖီကဲလားတွင် ဝါးကွပ်ပျ[illegible] ပေါ်၌ အေးဆောင်နှင့်နှစ်ယောက်သား[illegible] လှဲအိပ်ကြ၏။ ကဲလားမှာသေး[illegible] ဘေးတိုက်ကြည့်လျှင် ကောင်းကင်ပြ[illegible] ကြီးကိုမြင်နေရ၏။ တိမ်တိုက်တစ်ခုသ[illegible] တရွေ့ရွေ့နှင့်လာနေသလိုဖြစ်နေပြီး ကျွ[illegible] ၏ မြင်ကွင်းတည့်တည့်တွင် မရွေ့မလျ[illegible] ရပ်နေသလို - စိတ်ထဲကထင်နေမိ[illegible] တဖြည်းဖြည်းနှင့် ထိုတိမ်မှာကြည့်နေ[illegible] လူမျက်နှာကြီးလိုဖြစ်ပြီး ကျွန်ုပ်ကိုကြ[illegible] နေသလို ခံစားရ၏။ ဒိတ်ခနဲဖြစ်သွား[illegible]

"ဟေ့ကောင် အေးဆောင်"

"ဗျို - ဘာလဲဗျာ"

"ဩော် - အေး၊ ဘာမှမဟုတ[illegible] တော့ဘူး။ မင်း ဟိုဒင်း တိမ်တိုက်တ[illegible] ကြည့်မလား"

"ဘာဖြစ်လို့လဲဗျ"

"ဒီမှာ ဟာ - မရှိတော့ဘူးဟ"

"ဘာမရှိတာလဲ"

"တိမ်တိုက်တစ်ခုကွာ၊ ပုံစံ[illegible] တစ်မျိုးပဲ။ ငါကြည့်ရင်းကြက်သီးထ[illegible] လို့ မင်းကိုပြမလို့"

"ခင်ဗျားကလည်းဗျာ ဒါမျ[illegible] ကျုပ်ကဘာများလဲလို့"

"ဟ - မဟုတ်ဘူး၊ ထူးဆန်းတ[illegible] အေးဆောင်"

စကားပြောနေစဉ်မှာပင် ကော[illegible] ကင်ပြင်တွင် အလင်းတန်းတစ်ခု[illegible] သွား၏။ ကျွန်ုပ်ရော အေးဆော[illegible] ကြက်သေသေပြီး ဘာမှမပြောဘဲငြိမ်[illegible] မိကြ၏။

"အေးဆောင် အဲဒီလိုအလ[illegible] တန်းတွေ ငါတွေ့ဖူးတယ်။ အစ်မ[illegible] အုန်းကြည်တို့အိမ်မှာတုန်းကလေ [illegible] နှစ်ယောက် ဝါးကွပ်ပျစ်မှာ ညဘက်[illegible] တော့ အများကြီးပဲတွေ့ရတာ မင်း[illegible] မိလား"

"အင်း"

ပျော်စရာကောင်းလှသောရွာ[illegible] များဆီသို့ အေးဆောင်နှင့် မကြာ[illegible] လျှောက်လည်ခဲ့ဖူးပါပြီ။

မစားဘူးသော ဒေသထွ[illegible] အာဟာရများနှင့်လည်း အားရပါး[illegible] နေရပါပြီ။

ဘာမှထွေထွေထူးထူးမဟုတ်သေ[illegible] လည်း အလွန်စိတ်ချမ်းသာစရာကော[illegible] လှသည့် ရှုမျှော်ခင်းများ၊ မြင်ကွင်[illegible] နှင့် ကြည်နူးမဆုံးဖြစ်နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်အခါမျှ မေ့နိုင်တော့မည်မဟုတ်သော အညာဒေသစကားလုံးလေးများလည်း ကျွန်ုပ်၏နားတွင်၊ နှလုံးအိမ်တွင် ပဲ့တင်ထပ်နေပါပြီ။

အမြဲတမ်း သတိတရရှိနေရတော့မည့် အမြဲတမ်းအောက်မေ့နေရတော့မည့် ထိုအရပ်ဒေသမှ စေတနာမေတ္တာများ၊ သဒ္ဓါတရားများ၊ ဖြူစင်လှသော စိတ်ဓာတ်များ ကျွန်ုပ်၏ အသည်းနှလုံးဆီတွင် နေရာယူသွားကြပါပြီ။

"သရာလေး၊ ဘာလှည့်ကြည့်နေတာတုန်း"

"သြော် - မင်းကြီးစံပွင့်၊ တမာကုန်းရွာလေးလည်းကျန်ခဲ့ပြီ။ မင်းကြီးစံပွင့်တို့နေတဲ့ ယတန်းကိုလည်းကျော်လာခဲ့ပြီ။ ဒေါ်လှထွေးတောင် ရွာထိပ်ထိထွက်လိုက်ပြီးနှုတ်ဆက်ပြီးကျန်ခဲ့ပြီ"

"အမယ် - အမှတ်ရနေပုံရတယ် အေးဆောင် တို့သရာလေး"

"အမှတ်ရတာပေါ့၊ မကြီးအုန်းကြည်တို့ အေးဆောင်တို့နေကြတဲ့ တမာကုန်းရယ်၊ မင်းကြီးတို့နေတဲ့ ယတန်းရယ် ကျွန်တော့်တစ်သက်မှာဘယ်တော့မှမမေ့တော့မှာမဟုတ်တော့ဘူး။ တကယ်ပါ၊ နောင်များ အခါအခွင့်သင့်ရင် ယတန်းရယ်၊ တမာကုန်းရယ်ကိုမရောက်ရောက်အောင်ကိုလာဦးမှာ"

"ကျုပ်တို့လည်း သရာလေးကို မျှော်နေမှာနော်"

လျှော်ပင်ရောက်ပြီဖြစ်၍ လှည်းပေါ်မှဆင်းလိုက်ပြီး မင်းကြီးစံပွင့်နှင့် ကိုကြီးမှတ်တို့လက်များကို ဆုပ်ကိုင်ရင်းနှုတ်ဆက်လိုက်၏။

"အေးဆောင်၊ တို့လာတုန်းက ဟိုထမ်းဒီထမ်းနဲ့။ ခုတော့ ကျောပိုးအိတ်လေးတစ်လုံးတည်းနဲ့ဆိုတော့ ငါ့မှာပေါ့ရွှတ်ရွှတ်။ ဒီစားစရာလေးတွေ မင်းပြန်သယ်သွားပါကွာ"

"အိုး - မဟုတ်တာ ခင်ဗျားကလည်း"

အေးဆောင် မျက်နှာမကောင်းတော့၍ ကျွန်ုပ် ဘာမှမပြောတော့ပါ။ အိတ်နှင့်စုချည်ထားသော မြေပဲဆန်၊ အခြားပဲစေ့များ၊ ရှမ်းဆန်နှင့်ဒေသထွက်စားစရာလေးများကို ကျွန်ုပ်စိတ်ထဲမှ အေးဆောင်ကိုပေးနေမိ၏။ ရန်ကုန်သို့ရောက်မည့်ကားလာခါနီးပြီဖြစ်ကြောင်း လျှော်ပင်မှ ဈေးဆိုင်ပိုင်ရှင် အစ်ကိုကြီးတစ်ဦးက မင်းကြီးစံပွင့်ကိုပြောနေ၏။

ကျွန်ုပ်သည် မင်းကြီးစံပွင့်အိမ်မှာ ထမင်းစားခဲ့ဖူးပါသည်။ ညအိပ်တည်းခိုခဲ့ဖူးပါသည်။ ထိုကျေးဇူးနှင့် ဂရုစိုက်ခဲ့သည်များကို ကျွန်ုပ်ရင်ထဲမှ ဂါရဝများစွာဖြင့် မင်းကြီးစံပွင့်ကို မြေကြီးပေါ်တွင် ရိုသေစွာထိုင်ကန်တော့လိုက်၏။ ကိုကြီးမှတ်က တအံ့တဩကြည့်နေ၏။ မင်းကြီးစံပွင့်က ခေါင်းလေးငုံ့၍ ပွစိပွစိနှင့် ဆုပေးရင်း ခေါင်းပေါ်မှ တဘက်ကို ဖြုတ်လိုက်ပြီး မျက်နှာကိုအုပ်လိုက်၊ ပြန်ခွာပြီး မျက်လုံးပေကလပ်ပေကလပ်လုပ်လိုက်ပြန်အုပ်လိုက်နှင့်ဖြစ်နေ၏။

ထိုအချိန် အေးဆောင်သည် ဘာမပြောညာမပြောနှင့် ကျွန်ုပ်ကို ထိုင်ကန်တော့၏။ ကျွန်ုပ်က သူ့ပခုံးလေးကိုလှမ်းကိုင်ပြီး သူထသည်နှင့် ဖက်ထားလိုက်၏။ အေးဆောင်မျက်နှာမကောင်း။

ကျန်ခဲ့ပြန်ပါပြီ။

မိတ္ထီလာမြောက်ဘက်က အလွန်ချစ်စရာ၊ ခင်စရာကောင်းကြသော ညီအစ်ကိုမောင်နှမများ။

ကားသာထွက်လာသည်။ ကျွန်ုပ်၏မျက်နှာသည် တမာကုန်း၊ ယတန်း၊ ရွှေဖလားကန်၊ စိန်ပန်းမြိုင်ရွာများဘက်ဆီသို့ လှည့်ကြည့်လျက်။

ကန္တာရဆူးချုံလေးများတွေ့တိုင်း ငေးကြည့်လျက်။

❑

"သားလေး၊ အစောကြီးထထိုင်နေပါလား။ မိုးတောင်မလင်းသေးဘူး"

"ဟုတ်ကဲ့ - အမေ၊ တမာကုန်းမှာဆို သား ဝေလီဝေလင်းထပြီး ခြံကျယ်ကြီးထဲပတ်ပြေးတယ်၊ သူတို့ဓလေ့အခေါ် ဝိုင်းပေါ့။ ဝိုင်းထဲပတ်ပြေးတယ်။ ပြီးရင် ကရာတေးကစားတယ်။ သား. . . သူတို့ကို အရမ်းအောက်မေ့တာပဲ အမေရယ်"

"အေးပါ - အမေ သိပါတယ်။ ငါ့သားလေးထိုင်ပြီးငေးနေတာကိုက မြောက်ဘက်လှည့်နေတယ်လေ"

အမေပြောမှ သတိထားမိ၏။ မှန်ပါသည်။ မကြီးအုန်းကြည်အိမ်က ဝါးပက်လက်ကုလားထိုင်လေးကိုသတိရ၏။ ဘကြီးတို့ကို သတိရ၏။ အမြဲဂျစ်ကန်ကန်ပြောတတ်သောအေးဆောင်ကိုသတိရ၏။ ယတန်းမှ စကားအားရပါးရပြောတတ်သော မင်းကြီးစံပွင့်ကို သတိရ၏။ သူတို့နှင့် ကိုကြီးမှတ်ကို စကားလှမ်းပြောနေမိပါသည်။ မိုးမလင်းခင်ကထဲကထိုင်ပြောနေဖြစ်၏။ ပြောရင်း သူတို့ကို သတိတရနှင့် မျက်နှာက ပြုံးနေမှန်း ကိုယ့်ကိုယ်ကိုယ်သိ၏။

"သားအထည်တော်တော်များများ အလကားပေးခဲ့တယ်အမေ။ လမ်းစရိတ်သာသာလောက်နဲ့ မုန့်ဖိုး၊ ထမင်းဖိုးရတာနဲ့ ကျန်တာတွေ ပိုက်ဆံမတောင်းချင်တော့ဘူး"

အမေပြုံးနေ၏။

"ငါ့သားက သံယောဇဉ်တယ်ကြီးတတ်တာကိုး။ ဒီလိုပေါ့ သားရယ်၊ ခင်ရာဆွေမျိုးဆိုတာ အဲဒါပဲ"

"အမေ၊ သူတို့က သားကို အမျိုးထက်တောင် ဂရုစိုက်သေးတယ်"

"အေးပါ - အမေကလည်း သားကို ဂရုစိုက်လိုက်ကြတဲ့သူတွေကို မေတ္တာပို့ပါတယ်"

အမေနှင့် တမာကုန်းရွာလေးအကြောင်းပြောဖြစ်နေ၏။ ကျွန်ုပ်က ရင်ထဲကခံစားချက်အတိုင်း အားရပါးရပြောပြရာ အမေက မညည်းမညူနားထောင်ပေးရှာ၏။ ပြောရင်းပြောရင်းနှင့် -

"လူလေး"

"ဗျာ"

"သားကြားတာဟုတ်လား။ ပညာတတ်တဲ့သူတွေရှိတယ်ဆိုတာ"

"အဲဒါသားပြောမလို့။ အမေသိတဲ့အတိုင်း သားက အဲဒီပညာတွေဆိုရင် အရမ်းတတ်ချင်တာ။ ရအောင်သင်မယ်ဆိုတဲ့ရည်ရွယ်ချက်ကြီးကြီးနဲ့ကိုတက်သွားတာ။ ဟိုရောက်တော့ မတွေ့ဘူး အမေ။ သူတို့တွေလည်းပြောကြတယ်။ ဟိုလိုလို ဒီလိုလိုနဲ့ အစရှာမရဘူး။ သေချာမေးရင် မရေမရာဖြစ်ကုန်ရော။ သားက သေချာလေ့လာတာ။ ကြားတဲ့ရွာဆို သေချာသွားတာ။ ဟိုရောက်တော့ ဟိုးတုန်းက လိုလို၊ မရှိတော့ဘူးလိုလိုနဲ့ သူတို့လည်း ကြားဖူးတာပဲရှိတယ်။ တစ်ဆင့်စကားတွေချည်းပဲ။ ဟိုဘက်ရွာမှာ သားကို အရမ်းချစ်လို့ဆိုပြီးခေါ်ထားတဲ့ အမေစံဆိုရင် သူတို့က ဖွားသံခေါ်တယ်။ အဲဒီအမေစံဆိုရင် အဲဒီမှာလူပြောများတယ်။ သား သူ့ဆီမှာ ဆယ်ရက်လောက်နေခဲ့တာပဲ။ အေးဆောင်တောင် တမာကုန်းနဲ့ ပြန်လိုက်သွားလိုက်နဲ့ သားတစ်ယောက်တည်း အမေစံနဲ့ အတူနေရတာများတယ်"

"ဘယ်အရွယ်လောက်ရှိလဲ"

"ခြောက်ဆယ်ကျော် ခုနစ်ဆယ်လောက်ရှိပြီ အမေ"

"သြော် - ကြီးပြီပဲ"

www.burmeseclassic.com

"ဟုတ်တယ်၊သူ့မှာသွားတစ်ချောင်းမှမရှိဘူး။ အများကဘာပြောလဲဆိုတော့ လူတစ်ယောက်သတ်ရင်သွားတစ်ချောင်းနုတ်တာတဲ့။

သားသေချာအိမ်သားလိုနေတော့ မဟုတ်ပါဘူး အမေရယ်။ အမေစံမှာက သွားဖုံးရောဂါငယ်ငယ်ထဲကရှိတယ်။ သွားတွေကမကောင်းဘူး။ ဆေးရွက်ကြီးတအားငုံတယ်။ သူ့ခမျာ ရိုးလိုက်တာမှ သူ့ကိုခင်ကြချစ်ကြတော့ ဟင်းတစ်ခွက်တစ်ခွက်လာပေးကြတယ်။သူဟင်းမချက်ရဘူး။ အဲဒီတော့ ဘာပြောပြန်တယ်မှတ်လဲ။ သူက နည်းတဲ့အဆင့်မဟုတ်ဘူး။ ဒီတော့ ဆယ့်နှစ်ကြိုးလောက်အဆင့်တွေက ဟင်းလာလာဆက်ရတယ်ဖြစ်ပြန်ရော။ဘယ်နှကြိုးကပဲလာပေးပေးသားတော့ မြေပဲကြော်တို့၊ နှမ်းလှော်တို့ဆိုရင် စားတာပဲ။ အမေစံကလည်း စားခိုင်းတယ်။ ကျွေးတယ်။ ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူး။ သားက အမေစံကိုယုံတယ်။ သူကျွေးရင်စားတာပဲ။ ညဘက်ကောင်းကင်မှာ မီးလုံးတွေတက်တက်သွားတာတွေ့ တွေ့တယ်။ အမေစံရဲ့အိမ်ဝိုင်းစပ်မှာလည်း အဲဒီမီးလုံးတွေတစ်ခါတစ်ခါလာတယ်။ သားက မသိပါဘူး။ ခြံဝနားမှာ လူတစ်ယောက် ဓာတ်မီးလျှောက်ထိုးကြည့်နေတယ်မှတ်လို့။သေချာကြည့်မှ မီးလုံးက ရွေ့လျားနေပုံတစ်မျိုးကြီးပဲ။ ခြံဝကို သားသွားရင် အဲဒီမီးလုံးက ဝေးဝေးပြီးရွေ့သွားတယ်။ အမေစံကိုမေးကြည့်တော့ အမေဘာယ်သိမှာတုံးတဲ့။ သူ့ရွာသူ့ဓလေ့နဲ့သူတော့ရှိကြမှာပေါ့တဲ့။ အမေစံက ဘာမှမပြောပြဘူး။ ကြာတော့ သားလည်း မမေးတော့ပါဘူး"

"အမေတို့ငယ်ငယ်က ဘကြီးကိုမောင်မြကို အဲဒီလိုမီးတွေလိုက်တာကြားဖူးတယ်။ နောက်က ထက်ကြပ်မကွာလိုက်တာ။ သူရပ်နေရင် ဟိုကလည်းရပ်နေတယ်။သူသွားရင်နောက်ကလိုက်တယ်။ ကိုမောင်မြဖျားကိုယူရော။ ကြာအင်းမှာက ငယ်ငယ်ကဆို တွေ့ရတယ်။ အင်းပေါ့လေ၊ သားအဲဒါမျိုးတွေ့တာနေမှာပေါ့"

"အမေစံက ဘုရားရှိခိုး၊ ပုတီးစိပ်ပါတယ် အမေရယ်။ လူတွေကသာ တောင်ပြောမြောက်ပြောနဲ့။ သားထင်တာတော့ အမေစံက ရုပ်တော်တော်ဆိုးတယ်။ ဆံပင်ကနည်းတော့ ငယ်ထိပ်မှာထုံးထားရင် လောက်စာလုံးသာသာလေးပဲရှိတယ်။ လူက အသက်အရွယ်အရ



မျက်နှာအရေးအကြောင်းတွေတော့ရှိပါတယ်။ ဒါတွေကိုကြည့်ပြီးရမ်းပြောနေကြလားမသိပါဘူး။ အင်မတန်ဖြူစင်ပါတယ်။ ကြိုးပုတီးလေးတကိုင်ကိုင်နဲ့၊ သားပြန်တော့တောင် ထိုင်ကန်တော့တော့ သားလက်မောင်းကို သူ့လက်ကလေးနဲ့ ပိတ်ပိတ်ရိုက်ပြီးငိုတယ်။ ငါမခေါ်ဘဲလာတယ်၊ ငါ့ကို သံယောဇဉ်ဖြစ်အောင်လုပ်သွားတယ်ဆိုပြီးပြောပြောငိုတယ်။ သားကိုတကယ်ချစ်တာ။ သားဟိုမှာနေခဲ့ရတုန်းက သားကြားသလိုမျိုးပညာသည်တွေသာရှိရင် တစ်ခုခုတော့ထိမှာပေါ့"

"အေးပေါ့ - ဒါ ဟုတ်တာပေါ့"

"တောသူတောင်သားတွေတအားရိုးတယ် အမေ။ ကြားတာကတော့စုံနေတာပဲ။ ရွာတစ်ရွာသွားတုန်းကဆို ဘယ်လိုကြားလဲဆိုတော့ သိပ်ချောတဲ့မိန်းကလေးတစ်ယောက်ကို လက်လုပ်လက်စားမိသားစုကသွားတောင်းတာ လူမဆန်အောင် ပြောလွှတ်လိုက်လို့တဲ့။ အဲဒီမိန်းကလေးဟာ ပါးစပ်ဆိုင်းတီးပြီးလမ်းပေါ်ထွက်ပြီး ကွေးနေအောင်ကတယ်တဲ့။ ဘယ်လိုမှကုမရဘူး။ တစ်မိုးလောက်နီးနီးခံနေရတယ်။ နောက်ဆုံးအပြောခံလိုက်ရတဲ့သူတွေဆီသွားပြီးမိန်းကလေးမိဘတွေကိုယ်တိုင် ကန်တော့ပွဲနဲ့ တောင်းပန်ထိုင်ကန်တော့မှ အဲဒီမိန်းကလေးကောင်းသွားတော့တယ်တဲ့"

"ဩော်-ကြောက်ဖို့ကောင်းလိုက်တာ"

"လူတစ်ယောက်ဆိုရင် အဘွားအိုတစ်ယောက်နဲ့ လမ်းသွားရင်းလာရင်းစကားများတယ်။ လူက ပိုက်ဆံရှိပြီးလူရည်လည်တော့ ဘဝင်ကစွတ်မြင့်နေတာပေါ့။ သူကားလာတာ လမ်းမဖယ်ရကောင်းလားဆင်းပြောတာပေါ့။ အဘွားကြီးကိုလည်း ဒီအဘွားကြီး မျက်စိထဲမှာကြည့်မရဘူးတဲ့။ ဟော - တစ်ပတ်လောက်ကြာတော့ အဲဒီလူ အကောင်းသားကနေ မျက်စိနှစ်လုံးကြောင်တောင်ကန်းသွားတယ်"

"ဟယ် - အံမလေး၊ ဘုရားဘုရား"

"အဝတ်ဖြူကြီးကြည့်နေရသလိုဖြစ်သွားလွှဲပြီး ဘာမှမမြင်တော့ တတ်ကျွမ်းနားလည်သူတွေက သေချာမေးမြန်းပြီး သူပြောခဲ့တဲ့၊ သူစော်ကားပြောဆိုခဲ့တဲ့ အဘွားအိုကို သေချာကန်တော့တောင်းပန်ဖို့ပြောကြတယ်။ ဒါပေမယ့် သွားရောက်လာရင်း သူကြုံခဲ့ရပြီး ဘယ်မှာနေမှန်းမသိရတဲ့ အဘွားအိုကို သူ့မျက်လုံးနဲ့ မရှာနိုင်တော့ဘူး။ အဲဒီဝေဒနာကြီးနဲ့ သူဟာ ဘဝကိုနိဂုံးချုပ်သွားခဲ့ရတယ်။ ဒါကြားတာ အမေ။ တွေ့ခဲ့တာမဟုတ်ဘူး။ ပြောကြတာကြားတာ။ သူတို့ပြောတာတော့ အခိုင်အမာပဲ။ မတွေ့ခဲ့တာ သားကလည်း ရှာရှာဖွေဖွေရှာတာမတွေ့ဘူး။ ခြံတွေဘာတွေမှာစိုက်ထားတဲ့ အသီးအနှံတွေကိုသွားတောင်းရင် ဘယ်သူမဆိုမတွန့်ဘူး။ ပေးကြတာ။ သားဆို ပဲသီးတွေနုဖတ်နေတာ စားချင်လို့ တောင်းစားတာပေးကြတယ်။ချက်ချင်းခူးပြီး ဘယ်အသီးဖြစ်ဖြစ်ပါ စားချင်ရင် ချက်ချင်းခူးပေးတယ်။ သားကိုလည်း အေးဆောင်ကပြောတာကိုး။ မသိအောင်ခူးရင် ဗိုက်မခံမရပ်နိုင်အောင်ထိုးအောင့်တာတို့၊ အလိုလိုနေရင်း သွေးအန်တာတို့၊ ပါးစပ်ကအလိုလိုကျွန်ခံတော်ခိုး တယ်ဆိုပြီး ထထအော်တာတို့ဖြစ်တာဆိုတော့ သားလည်း ကြောက်တာပေါ့။ သူတို့ဆီမှာ ခြံတွေစိုက်တာ ဘာခြံစောင့်မှမထားဘူး။ မြေပဲခင်းတွေဆို တစ်မျှော်တစ်ခေါ်ကြီးပဲ"

"ငါ့သားလေးက တော်တော်ပျော်ခဲ့တာကိုး"

"ဟုတ်တယ် အမေ၊ သားဘာ ကိုမသွားချင်မလာချင်ဖြစ်နေတာကြာခုနေ မိတ္ထီလာ၊ မိတ္ထီလာဆိုပြီးအော် ခဲ့ကားရှိလို့ကတော့ အမေ့ကိုခွင့်တောင်းပြီး သားလိုက်သွားပြီးသားပဲ"

ကျွန်ုပ်အလွန်သတိရ၏။

အလွန်ကျယ်သောဝိုင်းကြီး ဝိုင်းကိုပတ်ပြေး၊ ကရာဘေးကျ အတော်ပျော်ခဲ့ပါသည်။ လူမှာမည် ဝဝကြီးဖြစ်လာ၏။ သူတို့ဆီမှာ နေပူရှိန်နှင့် ထီးမဆောင်းကြ။ ကျွန် အေးဆောင်နှင့်ရွာများလျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com

ထီးမဆောင်းလေရော အသားမည်းမည်းနှင့် လူမှာဝဝကြီးဖြစ်လာလေတော့၏။

❑

"ဘယ်လိုလဲကွ၊ ကျွဲပေါက်ကြီးဖြစ်နေပါလား"

..ဆရာသခင်အား ရှိသေစွာထိုင်ကန်တော့လိုက်ရင်း ပြုံးပြလိုက်ပါသည်။ ဆရာသည် သူ၏ဘေးတွင်ထိုင်နေသော အစ်ကိုကြီးနှစ်ဦးကို မေးငေါ့ပြလိုက်ပြီး ဒါတပည့်ပဲဟု ပြောလိုက်၏။ ကျွန်ုပ် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ဆရာ့နှုတ်မှ တပည့်ဟု အသိအမှတ်ပြုပေးသည့်အတွက် လူမှာ အလိုလိုနေရင်း ဘဝင်မြင့်သွားတော့၏။

အဘစိန်ဆီမှ ·စာရွက်လေးများအား ဆရာ့လက်တွင်းသို့ ရိုသေစွာအပ်ခဲ့ပြီးချိန်မှစပြီး ယခုမှ ဆရာ့ထံပြန်ရောက်ခြင်း ဖြစ်၏။

"မင်းပျောက်ချက်သားကောင်းနေလို့ ငါလူလွှတ်ပြီးခေါ်ခိုင်းသေးတယ်။ မင်းခရီးသွားတယ်ဆို။ စိန်ဂျွန်းဆိုင်ကရော"

"ဟို - လွှင့်ထားတယ် ဆရာ။ ကျွန်တော့်အကျိုးလက်ကျန်တွေလည်း သူ့ဗန်းမှာ ရောတင်ခိုင်းထားတယ်။ သူငယ်ချင်းပါပဲ။ ခရီးသွားတာက မိတ္ထီလာမြောက်ဘက်ကိုပါ။ ရှမ်းပြည်ဘက်လည်းရောက်ခဲ့ပြီးပါပြီ။ပုပ္ပားလည်း ရောက်ခဲ့ပြီးပါပြီ။ စုံသွားတယ်"

"မင်းလေ"

"ဟုတ်ကဲ့"

"ကောင်းတယ်၊ ယောက်ျားပဲ"

ဆရာ ဘာမှဆက်မပြောတော့။ သူ့ဘေးနားမှ လူနှစ်ယောက်နှင့်သာ စကားပြောနေတော့၏။ ကျွန်ုပ်ကလည်း ဆရာမပြောသမျှ ငြိမ်သက်စွာ ရိုရိုသေသေထိုင်နေတတ်သည့်ထုံးစံအတိုင်း ငြိမ်ထိုင်နေလိုက်၏။ ထိုနှစ်ယောက်ထဲမှ တစ်ယောက်သည် ကျွန်ုပ်ကို စိတ်ဝင်စားစွာဖြင့်လှမ်းကြည့်၏။ မကြာခဏကြည့်၏။ ဆရာသခင်အား ကျွန်ုပ်အလွန်ရိုသေသည်ကို သူတို့ထူးဆန်းနေလားသိ။

ထိုပုဂ္ဂိုလ်သည် ဆရာ့အား ဘာပြောသည်မသိ၊ တီးတိုးပြောလိုက်ပြီး ကျွန်ုပ်ကို ခပ်စောင်းစောင်းလှမ်းကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေသောကြောင့် သူ့မျက်နှာကိုကျွန်ုပ်ပြန်စိတ်ကြည့်လိုက်၏။ မျက်နှာမလွှဲတော့။ သူ့အကြည့်ကို ကျွန်ုပ်ဘယ်လိုမှမခံစားရပါ။ ကျွန်ုပ်အကြည့်တွင်လည်း ဘာမှထူးထူးခြားခြားမတွေ့။ သို့သော် သူ့ကိုကြည့်နေရင်း ကျွန်ုပ်၏နှာခေါင်းထဲတွင် ပုပ်စော်နံလာသလို ခံစားလိုက်ရ၏။ ထိုလူ့ပုံမှာ ညှင်းသိုးသိုးနှင့်။

"မင်းသူ့ကိုဘယ်လိုမြင်လဲ"

"မမြင်ဘူး ဆရာ၊ ဒါပေမယ့် သူ့ကို ကျွန်တော်ကြည့်ရင်း ပုပ်စော်နံလာသလိုပဲ"

"အေး - မင်းတို့ကို သူခုမှမြင်ဖူးတယ်နော်။ သူက ခုနကြားတဲ့အတိုင်းပဲ။ ခရီးသွားနေတာ။ ငါနဲ့မတွေ့တာ လကိုမနည်းတော့ဘူး"

ထိုလူနှစ်ယောက်ဘက်သို့ လှည့်ပြောလိုက်ပြီး ကျွန်ုပ်ဘက်သို့ပြန်ကြည့်၍ -

"အဆီအငေါ်တည့်သွားတယ်ပေါ့ကွာ။ အားတွေကောင်းနေတယ်ဟလား။ ပုပ်စော်နံမှာပေါ့။ သူက လူသေတဲ့အခါ တွင်းတူးပြီးမြေမြှုပ်တဲ့အလုပ်ကိုလုပ်တာ"

ထိုလူကလည်း ကျွန်ုပ်ကိုကြည့်၍ ခေါင်းညိတ်ပြ၏။ ကျွန်ုပ်ကလည်း ခင်မင်စွာပြန်ပြုံးပြလိုက်ပါသည်၊ ဆရာ့စကားတွင် 'အားတွေကောင်းနေတယ်ဟလား' ဟုပါ၏။ ကျွန်ုပ်ထင်၏။ ရှမ်းပြည်ရောက်ခဲ့စဉ်ကစ၍ ယခုထိမပျက်တမ်းစိပ်နေသော သရဏဂုံ-၃၀ကြောင့်ဖြစ်မည်ထင်ပါသည်။ ကျွန်ုပ်မှာ စားလည်းသရဏဂုံ-၃၀၊ သွားလည်း သရဏဂုံ-၃၀ ဖြစ်နေ၏။

ထိုနေ့မှစ၍ ကျွန်ုပ်ကို ဆရာခေါ်ခေါ်ပြီး နှာခေါင်းတစ်ဖက်စီအသက်ရှူရသောနည်း၊ လေကိုကြာရှည်စွာအောင့်ထားပြီးမှ ရှူသောအရှိန်နှင့် ထုတ်သောအရှိန်တူညီရသောနည်းတို့ကို သေချာသင်ပေးပါတော့သည်။ ပထမတော့ ဘာမှန်းမသိပါ။ ခိုင်းသည့်အတိုင်းလိုက်လုပ်ပြီးကျင့်နေလိုက်၏။ ကျင့်သားရလာသောအခါ မှောင်ထဲသို့ အာရုံစူးစိုက်ပြီး မေတ္တာလှမ်းပို့သောအကျင့်ကို ထပ်သင်ပေး၏။ သစ်ပင်ကြီးများကို မှတ်ထားရ၏။ ထိုသစ်ပင်ကြီးများကို မျက်လုံးထဲပေါ်အောင်ပုံဖော်အာရုံစူးစိုက်၍မေတ္တာပို့ရ၏။ အကြိမ်များစွာလုပ်ရ၏။ ထိုသစ်ပင်နှင့်ဆိုင်သောပုဂ္ဂိုလ်များကို အာရုံစူးစိုက်၍ မေတ္တာပို့ရ၏။ ဘုရားစေတီများသို့သွားခိုင်း၏။ ဘုရားစေတီရောက်လျှင် နေရာတစ်နေရာချောင်ကျကျတွင်ထိုင်ပြီး မေတ္တာပို့ခြင်းကိုဖြန့်ကြက်၍ပို့ခိုင်း၏။ မည်သူ့ရယ်မည်ဝါရယ် နာမည်မတပ်။ မေတ္တာဓာတ်ကိုသာဖြန့်ခိုင်း၏။ အာရုံကို အတတ်နိုင်ဆုံးမပျံ့လွင့်အောင်ကိုယ့်ခန္ဓာကိုယ်မှတဖြည်းဖြည်းချင်းဖြန့်ကြက်သွားခိုင်း၏။ ခန္ဓာကိုယ်သည် လင်းနေသော အလင်းအိမ်ကြီးထဲတွင် အေးချမ်းစွာရှိနေသည်ကို စိတ်နှင့်ပုံဖော်ရ၏။

ဆရာပြောသည်မှာ အလွန်လွယ်ပါသည်။ ကျွန်ုပ်လုပ်ရသည်မှာ အလွန်ခက်၏။ စိတ်ကမငြိမ်ပါ။ ဟိုလွင့်ဒီလွင့် ကယောက်ကယက်နှင့်ဘာလုပ်လို့လုပ်ရမှန်းမသိ လည်နေ၏။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အေးချမ်းကြပါစေ ဟူသော မေတ္တာပို့သခြင်းကိုသာ စိတ်နှင့်ဖြန့်ခိုင်း၏။

"မင်းမကျန်းမာချင်ဘူးလား"

"ကျန်းမာချင်ပါတယ် ဆရာ"

"အေး-ပုဂ္ဂိုလ်သတ္တဝါဝေနေယျာအားလုံးကလည်း မင်းကျန်းမာချင်သလို ကျန်းမာချင်ကြမှာပဲပေါ့။ ဒီတော့ မင်းကျန်းမာချင်တဲ့စိတ်ရှိသလို သူတို့လည်း ကျန်းမာကြပါစေဆိုတဲ့မေတ္တာဓာတ်ကိုထား"

"ဟုတ်ကဲ့"

"မင်းချမ်းသာချင်တယ်မို့လား"

"ဟုတ်ကဲ့ - မွဲလွန်းတော့လည်း ချမ်း. . ."

"တော် - လိုရင်းမပြောဘူး။ သူတို့လည်း မင်းလိုပဲ ချမ်းသာချင်ကြမှာပဲ။ ဒီတော့ မင်းချမ်းသာချင်သလို သူတို့ကိုလည်း ချမ်းသာကြပါစေဆိုတဲ့ မေတ္တာဖြန့်ကြက်ရမယ်။ ပြီးတော့ အေးချမ်းတာကို နှစ်သက်ကြတဲ့သဘောရှိတယ်။ မင်းလည်း အေးချမ်းချင်မှာပဲ။ ဒီတော့·မင်းအေးချမ်းချင်သလို ပုဂ္ဂိုလ်သတ္တဝါဝေနေယျတို့လည်း အေးချမ်းကြပါစေဆိုတဲ့စိတ်ကိုဆောင်ရမယ် ရှင်းလား"

"ဟုတ်ကဲ့"

ကျွန်ုပ်မှာအာနာပါနနှင့်ယှဉ်သော ထိုအကျင့်ဖြင့် လုံးလားထွေးလားဖြစ်နေပြန်တော့၏။ လူမှာတော့ အတော့်ကိုငြိမ်လာ၏။ ခပ်ကြမ်းကြမ်းလှုပ်ရှားတတ်သောမာန်တွေပင် လျော့ရဲရဲဖြစ်လာ၏။ စကားပြောလျှင် အလိုလိုနူးညံ့လာ၏။

တစ်နေ့ -

(ရှေ့လဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

လောကတွင် အသက် (၁၀၀) ပင်ရှိလင့်ကစား လူတိုင်းလူတိုင်းသည် မမေ့နိုင်စရာ ငယ်ဘဝပုံရိပ်များရှိကြစမြဲ သတိရအမြဲပင်ဖြစ်ရပါသည်။

ကျွန်တော် ငယ်စဉ်ကလေးဘဝက အင်မတန် ချူချာလွန်းလှပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးနု ရေးသားခဲ့သော တာတေစနေသား ဆိုသည့် စာအုပ် (Title) ခေါင်းစီးလိုပြော ရလျှင်ဖြင့် -

'ကျွန်တော်မောင်မောင် ကြာသပတေးသား မရဏဖွား' ဟု ဆိုရလောက်အောင်ပင် ဇာတာခွင် မဟာဘုတ်မှာ မရဏဖွားအဖြစ် မွေးဖွားလာခဲ့ရသဖြင့် မရဏဖွား လက်ာနှင့်အညီ ငယ်စဉ်က အမေ့မှာ ကလေးကိုကျောပိုးပြီး အရပ်ဌာကာနယ်တကာလှည့်၍ ဆေးလိုက်ကုရသည့်အခြေအနေမျိုးများနှင့် ကြုံခဲ့ရသည့် ချူချာခြင်းမျိုးပင် ဖြစ်ပါတော့သည်။

မိဘအဘိုးအဘွားများတို့ကလည်း ကျွန်တော်၏အထက် သားဦးကလေးမှာ (၆)လသားအရွယ်လောက်တွင် သူငယ်နာရောဂါရ၍ ဆုံးပါးသွားပြီးနောက် (၂) နှစ်ခန့်အကြာမှာ ကျွန်တော့်ကို ဒုတိယဖွားသားဦးအဖြစ် မွေးဖွားလာခဲ့ရသဖြင့် အားလုံးက အစိုးရိမ်လွန်ကာ အထူးဂရုစိုက်ပြုစုစောင့်ရှောက်ကြလေသည်။

ထိုသို့ အလွန်ဂရုစိုက်နေသည့်ကြားမှ ကျွန်တော်ကလည်း မရဏဖွားပီပီ ရောဂါတစ်ခုပြီးတစ်ခုဖြစ်၍ ချူချာလွန်းလှပြီး သားဦးအခွင့်အရေးကိုလည်း တင်းပြည့်ကျပ်ပြည့် ပိုပိုသာသာ အထူးအခွင့်အရေး ခံစားခွင့်အပြည့်အဝရရှိခဲ့ပါသည်။

ဤသို့ချူချာခြင်းများစွာတွေ့ထဲကမှ မိခင်ကြီးက အမှတ်တရပြောပြသည့် ကျွန်တော်ကိုယ်တိုင်ခံစားခဲ့ရပြီး ထူးခြားဆန်းကြယ်သည့် ဂမ္ဘီရဆန်းကြယ်ကုသနည်းများဖြင့် ကုသမှုခံယူခဲ့ရသော ဆေးနည်းကျော်များကို ယခု သူရိယမဂ္ဂဇင်းကြီးမှတစ်ဆင့် စာဖတ်သူများ ဗဟုသုတဖြစ်စေရန် ရည်ရွယ်၍ တင်ဆက်ရေးသားပါတော့မည်။ သို့ဖြစ်မယ့်



# ဦးမင်းဇင် (ရွှေနဝင်း)

## ငယ်ဘဝပုံရိပ်များနှင့် ထူးခြားဆန်းကြယ်လှသည့် ဂမ္ဘီရကိုယ်တွေ့ဆေးနည်းများ

အပိုင်း(၁)



www.burmeseclassic.com

www.burmeseclassic.com

ကျောပူ၊ ခေါင်းမူ၊ ကိုယ်နွေး၊ နှာစေး၊ ချောင်းဆိုး စသည့် ကလေးသူငယ်များဖြစ်လေ့ရှိသည့် အပယိကရောဂါများကတော့ စာမဖွဲ့လောက်ပေ။

အထူးတလည်စာဖွဲ့လောက်သည်များကိုသာ ရေးသားတင်ပြပါည်။ ပထမဦးဆုံး ကျွန်တော်အသက် (၁)နှစ်ကျော် (၂)နှစ်သားအရွယ်ဝန်းကျင်မှာ ထူးခြားစွာဖြစ်ပေါ်လာသည်က ကလေးငယ်၏ ကပ်ပယ်အိတ်နှစ်လုံးတွင် တစ်လုံးကြီးလာပြီး ကလေးမုတ်ရောဂါဖြစ်လာခြင်းပင်ဖြစ် ပါသည်။

ထိုသို့ ကလေးတွင် ထူးခြားစွာ ကပ်ပယ်အိတ်တစ်လုံးကြီးရောင်လာခြင်းကို မိဘများကသတိပြုမိပြီး ဆရာဝန်နှင့်ပြသကြပါတော့သည်။ ဆရာဝန်က စမ်းသပ်ကြည့်ပြီး ယခု ကလေးတွင်ဖြစ်နေသည့်ရောဂါမှာ ကလေးမုတ်ရောဂါခေါ် ကပ်ပယ်အိတ်တစ်လုံးကြီးသည့်ရောဂါဖြစ်ကြောင်းနှင့် ၎င်းကို ပျောက်ကင်းအောင်ကုသမည်ဆိုလျှင် ကလေးအသက် (၅) နှစ်၊ (၆) နှစ်ခန့်အရွယ်ရောက်ကာမှ ခွဲစိတ်ကုသ၍ရမည်ဟု မှတ်ချက် ချလေသည်။

ထိုအခါ မိဘ၊ ဘိုးဘွား၊ ဦးလေး၊ အဒေါ်များက အင်္ဂလိပ်ဆေးနည်းဖြင့် လောလောဆယ်အဆင်မပြေသေးလျှင် မြန်မာနည်းဖြင့် ကုသကြမည်ဆို၍ နည်းအမျိုးမျိုး ဆရာအထွေထွေတို့နှင့် ပြသကုသကြလေသည်။

သို့သော် ကလေး၏ရွှေဥမှာ ထူးခြားစွာ သက်သာမလာပါ။ ဒါနှင့် မည်သူကနည်းပေးသည်မသိ။ ဟင်းရွက်ရောင်းသည့်ဈေးသည်ထံမှ ဈေးသည်မသိအောင် ခရမ်းသီးကိုခိုးယူ၍ ကလေးကြီးနေသောရွှေဥကို ခရမ်းသီးဖြင့် (၇) ချက် အသက်အောင့်၍တို့ပြီး မီးဖိုချောင်ခိုးစင်တွင် စွဲချည်ထားလိုက်လျှင် ၎င်းခရမ်းသီးတဖြည်းဖြည်းခြောက်ပြီးရှုံ့သွားက ကလေး၏ရွှေဥသည်လည်း ပုံမှန်ပြန်၍သေးသွားမည်ဟုဆို၍ ဦးလေးဖြစ်သူများက ကျွန်တော့်အတွက် အရဲစွန့်ပြီး ဈေးသည်မသိအောင် ခရမ်းသီးကိုဝှက်ယူလာပြီး ၎င်းနည်းအတိုင်း အကောင်အထည်ဖော်ကြလေသည်။

ဒါပေသည့် ကိုရွှေဥကတော့ နေမြဲကျားနေမြဲပင် ထူးပြီးသေး၍ မလာပါ။

နောက်ဆုံး နည်းစုံဆရာစုံ၍ လက်လျှော့ပြီး ကလေးအသက် (၅)နှစ်၊ (၆)နှစ်ခန့်ရောက်မှသာ ဆရာဝန်နှင့်ခွဲစိတ်၍ကုသတော့မည်ဟု ဆုံးဖြတ်ခဲ့ကြလေသည်။

ကျွန်တော်ကတော့ ကလေးပီပီ ဆော့မြဲကစားမြဲ ဘာကိုမှအာရုံမထားပါ။

တစ်နေ့ မိဘများ၏ ဈေးဆိုင်ရှေ့တွင် ကစားနေရင်း ဆီးသွားချင်လာသဖြင့် အားရပါးရ ရှူးရှူးပန်းနေစဉ် ကရင်တိုင်းရင်းသား အဘကြီးတစ်ဦး ကျွန်တော့်ကို သေချာစူးစိုက်ကြည့်နေပြီး မိဘများကို ကျွန်တော်၏အကြောင်း ပြောဆိုမေးမြန်းနေလေသည်။

မိဘများကလည်း ယခုလို ကလေးကပ်ပယ်အိတ်တစ်ဖက်ကြီးရောင်နေသည်မှာ (၁)နှစ်ကျော်ခန့်ပင်ရှိနေပြီး မည်သို့ပင် နည်းအမျိုးမျိုးတို့ဖြင့်ကုသပါသော်လည်း မပျောက်ကင်းနိုင်၍ စိတ်မချမ်းသာဖြစ်နေကြကြောင်း ကရင်အဘကြီးအား ပြောပြကြပါသည်။

ကရင်အဘကြီးမှ -

"ဟယ် - ဒါများခက်တာလိုက်လို့ နင်တို့မသိလို့ပါ။ ငါ ဒီကလေးရောဂါကို တစ်ခါတည်းနဲ့ပျောက်အောင်လုပ်ပေးနိုင်တယ်။ ဒါပေမယ့် ငါက ဆေးကုတဲ့ဆေးဆရာတော့မဟုတ်ဘူး။ နင်တို့ယုံကြည်သဘောတူလက်ခံရင် ငါကုပေးမယ်"

ဟု တိုင်းရင်းသားပီပီ ရှင်းရှင်းဘွင်းဘွင်းကြီးပြောလေသည်။

မိဘများကလည်း ထိုစကားကို အလွန်အားရဝမ်းသာဖြစ်ပြီး -

"ကလေး၏ရောဂါကိုသာပျောက်ကင်းအောင်ကုသပေးပါ ဖထီးရယ်။ ဖထီးကျေနပ်လောက်အောင် ကန်တော့ပါ့မယ်"

ဟု ပြောဆို၍အပ်ကြပါသည်။

ကရင်အဘကြီးကလည်း -

"ဟော့ - ငါက ကလေးကိုမြင်ရပြီး သနားလို့ကုပေးတာပါ။ ငွေကြေးတွေ ငါမလိုဘူး။ ဒါပေမယ့် အခုတော့ကုပေးလို့မရသေးဘူး။ နောက် (၃)ရက်ကြာမှ ငါလာပြီးတစ်ခါတည်းနဲ့ပျောက်အောင် လုပ်ပေးမယ်။ နင်တို့စိတ်ချသာနေ"

ဟုပြောပြီး ပြန်သွားလေသည်။

သူ ကတိပေးထားသည့်အတိုင်း နောက် (၃) ရက်အကြာတွင် အဘကြီး ရောက်လာပြီး -

"ကဲ - ငါရောက်လာပြီဟေ့၊ ကလေးကိုခေါ်ပြီးဘောင်းဘီချွတ်ထား"

ဟု ဆိုပြီး သူ၏လက်တွင်ပါလာသော (၁) လက်မအရွယ်ခန့် အိမ်ရိုက်သံချောင်း (၇) ချောင်းနှင့် ကလေး၏ တစ်ဖက်ကြီးနေသောကပ်ပယ်အိတ်ကို သံတစ်ချောင်းလျှင် (၇) ချက်ဖြင့် စတိသဘောထိုးပေးပြီး ၎င်းသံ (၇) ချောင်းကို သေချာစွာထုပ်၍သိမ်းပြီး -

"ကဲ - ဒီနေ့ကစပြီး (၇) ရက်အတွင်း ဒီကလေးရဲ့ရွှေဥဟာ သူ့နဂိုနေအတိုင်းဖြစ်သွားပြီလို့သာမှတ်ပေတော့"

ဟုပြောပြီး ပြန်သွားလေသည်။

အမှန်တကယ်ပင် ထိုနေ့မှစ၍ တစ်နေ့ထက်တစ်နေ့ ကလေးငယ်၏ ကပ်ပယ်အိတ်မှာသေးမှန်းမသိသေးလာပြီး (၇)ရက်ပြည့်သည့်နေ့တွင် နဂိုအရွယ်ပုံမှန်သို့ ပြန်ရောက်သွားလေသည်။

မိဘများကတော့ အတိုင်းမသိအံ့သြဝမ်းသာကြလေသည်။ ငွေကြေးလက်မခံသဖြင့် ဆရာကြီးကို စားဖွယ်ပစ္စည်းစုံလင်စွာဖြင့် သွားကန်တော့ကြသည်။

ဆရာကြီးက -

"အေး - ငါက နင်တို့ဆီကဘာကိုမှမမျှော်လင့်ပါဘူး။ ကလေးကိုသနားလို့ကုပေးတာ"

ဟု ပြောပါသည်။

မိဘများကလည်း -

"ဆရာကြီးရယ် ကျွန်တော်တို့ကလေးရဲ့ရောဂါကို ဆေးစုံ၊ ဆရာစုံနဲ့ကုကြတာဘယ်လိုမှမနေဘဲ အခုဆရာကြီးသံ (၇) ချောင်းကိုမန်းပြီးကုသပေးလို့ ယူပစ်သလို ပျောက်ကင်းသွားတာ ကျွန်တော်တို့အတွက် ဘာနဲ့မှနှိုင်းလို့မရအောင်ပင် ဝမ်းသာရပါတယ်။

ဆရာကြီးစိတ်မဆိုးဘူးဆိုရင်တော့ တစ်ခုတော့မေးချင်ပါတယ်။ ယခု ဆရာကြီး ကလေးရဲ့ရောဂါကိုကုသပေးသောနည်းရဲ့သဘောအဓိပ္ပာယ်ကို ကျွန်တော်တို့နားလည်သဘောပေါက်အောင်ရှင်းပြပေးပါ"

ဟု တောင်းဆိုကြသည်။

ထိုအခါ ဆရာကြီးက -

"အေး - ဒီနည်းကတော့ ငါတို့ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်းကတိသစ္စာဆိုပြီး သင်လာခဲ့ရတဲ့ ဂမ္ဘီရပညာရပ်တစ်ခုဖြစ်ပါတယ်။

နည်းကိုတော့ အပြင်လူ ဘယ်သူ့ကိုမှပေးလို့မရပါဘူး။ သဘောတရားတော့ သိသာအောင်ပြောပြပေးလို့ရပါတယ်။

ကုသတဲ့ သဘောအဓိပ္ပာယ်ကတော့ အခု ကလေးကိုကုသပေးခဲ့တဲ့ သံ(၇)ချောင်းဟာ ရိုးရိုးသံချောင်းတွေ မဟုတ်ဘူး။

www.burmeseclassic.com

မညာကျော်

# ရတနာလိုတန်ဖိုးထားရမည့် လျှာပွတ်ဆေး

စနေနေ့။

တိတိကျကျပြောရမည်ဆိုလျှင် ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် (စနေနေ့) က ဖြစ်ပါသည်။ ကိုးစနေရောက်တိုင်း၊ ကြုံလာတိုင်း ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိက ဘုရားရှင်အပေါင်းကို အာရုံထား၍ ဂုဏ်တော်တို့ကို ရည်ရွယ်မှန်းထားပြီး အထူးတလည်စီမံအပ်သောကန်တော့ပွဲ ကိုကပ်လှူမြဲဖြစ်ပါသည်။

ထိုသို့ ကိုးစနေကြုံတိုင်း မြို့ပေါ်ရှိ တပည့်များနှင့် မြို့နှင့် (၅) မိုင်၊ (၆) မိုင် အဝေးလောက်မှာနေကြသော တပည့် များကလည်း တစ်ခုတ်တစ်ရအရောက် ပါကြမြဲဖြစ်လေသည်။ ထိုအထူးစီမံအပ် သောကန်တော့ပွဲကို အောက်ပါအတိုင်း စီမံပါသည်။

**□ ကန်တော့ပွဲတွင်**

- ဖီးကြမ်းငှက်ပျော (အခိုင်ခုဏ် အစိမ်း) သုံးဖီး (သို့မဟုတ်) ငါးဖီး။
- အုန်းသီးတစ်လုံးအလုံးလုလု (အပြစ် ကင်းသောအုန်းသီး) ကွက်မြီး ကောင်းကောင်း။
- သက်န်း (၁) ထည် (အလျှဉ်းသင့် သည့်သင်္ကန်း)
- အမွှေးတိုင်အထုပ်ကြီး (၁) ထုပ်။
- ဖယောင်းတိုင် (၅) ထုပ်။
- ရွှေထီး (၁) လက်။
- ထီးဖြူ၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ ယပ်၊ သာသနာ့အလံတို့ ဖြစ် သည်။

**□ သီးသန့်ပြင်ဆင်လှူဒါန်းခြင်းများ**

- ဆွမ်းဆန် (၉) ဘူး သို့မဟုတ် (၁၀) ဘူး
- ဆီ (၁) ပုလင်း
- မုန့်မျိုးစုံ (အစို၊ အခြောက်)
- ယိုမျိုးစုံ
- သစ်သီးစုံ

တို့ကို သီးခြားစီ စီမံပြင်ဆင်ထ လှူရပါသည်။

ထိုကိုးစနေပွဲကို တစ်ဦးတည်း တာဝန်ယူပြီး ကပ်လှူချင်ကြ တောင်းဆိုကြသော်လည်း ကွန့်ပ်အနေ ဖြင့် တစ်ဦးတည်းကပ်လှူခြင်းကို ခွင့်မပြု

---

သချိုင်းကုန်းက သံ(၇)ချောင်းကို ဂါထာရွတ်ပြီး အချိန်အခါအလိုက်နုတ် ယူပြီးမန်းရတယ်။ ကုသရင်လည်း ငွေ ကြေးအဖိုးအခမတောင်းပါလို့ သစ္စာဆို ပြီးမှ ကုသလို့ရပါတယ်။

ငါ ဒီလောက်ပဲပြောလို့ရပါတယ်။ ကျန်တာတွေကိုတော့ "ပြောပြလို့မရ ဘူး"

ဟု ဆရာကြီးကရှင်းပြလေသည်။

မည်သို့ပင်ဖြစ်စေ အထက်ပါဖြစ် စဉ်များသည် ကျွန်တော်၏ယေဘုယျအစ ချူချာမှုများထဲမှ အမှတ်တရထူးခြား ဆန်းကြယ်ဖြစ်စဉ် နံပါတ် (၁) ဟု ဆိုနိုင် ပါတယ်။

နောက်ထပ် ထူးခြားဆန်းကြယ် ဖြစ်စဉ်များရှိပါသေးသည်။

(ရှေ့လများတွင် တင်ဆက်ပေးပါ ဦးမည်။)

ယခု အရွယ်ရောက်၍ မိမိကိုယ် တိုင် ဆေးပညာရှင်ဖြစ်လာတော့ ငယ် စဉ်ကလေးဘဝက ကိုယ်တိုင်တွေ့ကြုံခဲ့ ရသည့် ကရင်ဆရာကြီးကုသပေးသော ကုသနည်းသည် အင်မတန်မှ နက်နဲလှ သည့် ဂမ္ဘီရဆန်းကြယ်ပညာကုထုံးနည်း ဖြစ်ပြီး ပညာမျိုးဆက်ပြတ်၍ တိမ်မြုပ် ပျောက်ကွယ်သွားပြီဟုမှတ်ယူရပါသည်။

အလွန်အဖိုးတန်လှသောပညာရပ် များ ပညာအမွေဆက်ခံမှုအားနည်းခြင်း ကြောင့် ပျောက်ကွယ်သွားကြသည်မှာ လွန်စွာဝမ်းနည်းဖွယ်ကောင်းလှပါသည်။

အကယ်၍များ ယခု ကျွန်တော် ရေးသား တင်ပြခဲ့သော ကိုယ်တွေ့ဂမ္ဘီရ ဆန်းကြယ်ပညာရပ်များကို လက်ရှိတည် ရှိနေသော ပညာမျိုးဆက်သစ်များ ယခု သက်ရှိထင်ရှားရှိနေခဲ့ကြလျှင် ပညာ အမွေကို စနစ်တကျ မျိုးဆက်မပြတ် အောင် ထိန်းသိမ်း၍ အဓွန့်ရှည်အောင် လက်ဆင့်ကမ်း၍ ထိန်းသိမ်းပေးကြပါဟု စာရေးသူမှ အနူးအညွတ် ပန်ကြားအပ် ပါသည်။

အနှစ်ချုပ်ဆိုရလျှင် မြန်မာ့ရိုးရာ ဂမ္ဘီရဆန်းကြယ် ပညာရပ်များသည် 'ပြောမယုံ ကြုံဖူးမှသိ' ဆိုရမလောက်ပင် အမှန်တကယ်ရှိပြီး ထူးခြားဆန်းကြယ် ကြပါသည်။

ပညာအမွေ ဆက်ခံသူ မျိုးဆက် သစ်များကလည်း စေတနာ၊ မေတ္တာ အရင်းခံပြီး ကတိသစ္စာတည်မြဲမှသာ အစွမ်းထက်စေသည့် ဂမ္ဘီရဆန်းကြယ် ပညာရပ်တို့ဖြစ်လာကြပြီး ရောဂါဝေဒနာ များကို ထူးခြားထိရောက်စွာ သက်သာ ပျောက်ကင်းစေနိုင်ပါမည်။

အထက်ပါ စည်းကမ်းချက်များ ချိုးဖောက်မှုတစ်ခုခုရှိခဲ့သော် ရော ဝေဒနာများကို ဂမ္ဘီရဆန်းကြယ်နည်း ဖြင့်ကုသကြသော်လည်း ပျောက်ကင်း မရှိကြသည်ကို တွေ့မြင်ကြရပေမည်။

ထိုအခါ ပညာရပ်အစစ်အမှန် အပေါ် အများကအထင်မြင်သေး နိုင်ပါသည်။

အမှန်တကယ်ကတော့ ပညာ အမွေဆက်ခံသူ မျိုးဆက်သစ်များ သီလ၊ သမာဓိ၊ ကတိသစ္စာစောင့်ထိန်း နိုင်မှုတို့သည် ဤဂမ္ဘီရဆန်းကြယ် ပညာရပ်များ၏ အသက်ဝိညာဉ်ပင် ပါတော့သည်။ အသက်ဝိညာဉ်တည် သာ အစွမ်းသတ္တိဆိုသည့် အကျိုး သည်လည်း ကောင်းစွာပေါ်ထွန်းလာ မည်ဖြစ်ပါသည်။

ဝါသနာရှင်တိုင်း ဆန်းကြယ် သည့်ဂမ္ဘီရဆေးပညာရပ်များကိုဖော် ပြီး လက်တွေ့ အစွမ်းထက်မြက် အသုံးချနိုင်ကြပါစေ။

ဦးမင်းဇင် (ရွှေနည်း)




www.burmeseclassic.com

www.burmeseclassic.com

ပါ။ အများပေါင်းစု၍ ကပ်လှူခြင်းကိုသာ ခွင့်ပြုထားပါသည်။ (ကိုယ်တွေ့ကြုံခဲ့ခဲ့စားရဖူးသူများက ထောင်းဆိုခြင်း ဖြစ်ပါသည်။) အများစုပေါင်းကပ်လှူခြင်းအတွက် တစ်ပွဲတည်းနှင့်ပြီးမသွားပါ။ တစ်ဆက်တည်း (၃) ပွဲ တစ်ခါတစ်ရံတွင် (၅) ပွဲဆက်သွားပါတော့သည်။ ကိုးစနေပွဲလှူသည့်အချိန်တွင် ဘုရားရှိခြင်းခြင်း၊ သီလခံယူခြင်း၊ ပုတီးစိပ်ခြင်း၊ သစ္စာပြု၍ဆုမွန်တောင်းခံခြင်းတို့နှင့်အတူ မေတ္တာပို့သကာ ကုသိုလ်အမျှပေးဝေရပါသည်။ အဓိဋ္ဌာန်ကျင့်စဉ်ဖြင့် သွားလိုသူများကိုလည်း အဓိဋ္ဌာန်ကျင့်ပေးလိုက်ရမြဲဖြစ်ပါသည်။

မိမိတို့သဒ္ဓါအာရုံအတိုင်းဆောင်ရွက်ကြသဖြင့် အရင်ပြီးသူများလည်းပြီးနေကြပြီ ဖြစ်ပါသည်။ ထိုအချိန်မှ မောင်ခင်မောင်ဝင်းတစ်ယောက် ရေကြီးသုတ်ပျာနှင့်ရောက်လာလေတော့သည်။

ရောက်မဆိုက် မောင်ခင်မောင်ဝင်းမှ အောက်ပါအတိုင်း ရှည်လျားစွာပြောပြပါတော့သည်။

"မပြောချင်ပါဘူး ဆရာရယ်။ အမြဲတမ်းပဲ စောစောရောက်နေကြ။ ကျွန်တော်ဒီတစ်ခါနောက်ကျနေရတယ် ဆရာ။ သားကြီးကဖျားပြီးငန်းဖမ်းသလိုဖြစ်နေတာမို့ ဆေးတိုက်ပြီးမှာစရာရှိတာမှာထားခဲ့ပြီးမှ လာရတာမို့ နောက်ကျနေတာ။ ကျွန်တော်တို့အညာမိုးက အမှားမခံဘူးလေ။ ဟိုတစ်နေ့က ညဘက်ရွာတဲ့မိုးသည်းကြီးထဲမှာ နွားစာတွေမိုးလုံရာရွှေ့၊ ရေသွားကောင်းအောင် မြောင်းဖော်နဲ့ အအေးပတ်သွားပုံရတယ် ဆရာရဲ့။ နောက်နေ့မနက်ကစပြီးဖျားတော့တာပါပဲ။

ကျွန်တော်တို့ မိသားစုကလည်း အင်္ဂလိပ်ဆေးဆိုရင်ဘာမှသုံးတာမဟုတ်ဘူး။ ဗမာဆေးဆို ဗမာဆေးမှမို့ အိမ်မှာရှိတဲ့ အခိုးထုတ်ဆေးကိုပဲတိုက်ထားခဲ့ရတာပေါ့။ ဆရာ့ဆီက ဆေးကိုလည်း အမြန်မှာတောင်းသွားရမှာပဲ"

ဟု ပြောနေပါတော့သည်။

"အေးပါကွာ၊ မင်းမြန်မြန်တော့ သတ်တလောတိုက်ဖို့ ဆေးလည်းပေးလိုက်ပါမယ်။နောက်ပြီးတော့ ဆေးနည်းတစ်လက်တည်းပေးလိုက်မယ်။ ဆေးနည်းအတိုင်းဖော်ပြီး အိမ်သုံးသက်စောင့်ဆေးအဖြစ်ထားပေတော့။

အခုပေးလိုက်တဲ့ ဆေးနည်းကလျှာပွတ်ဆေးနည်းပါ။ လျှာပွတ်ဆေးနည်းတွေကလည်းစုံအောင်ပေါပါတယ်။

ထိုမြန်မာနိုင်ငံထဲမှာ နေထိုင်ကြတဲ့လူတွေအတွက် ဒေသလိုက် မြန်မာတိုင်းရင်းဆေးဆရာ (သမားတော်ကြီး) များကတော့ လက်တွေ့အိမ်သုံးနဲ့ကုသဆေးအဖြစ် အသုံးပြုနေတာမို့ အတော်များများသိနေကြမှာပါ။

တို့ကို ပညာပေးခဲ့ကြတဲ့ဆရာများရဲ့အဆိုကိုပြောရရင် ဆေးတစ်ဖုံ ဆေးတစ်လက်ဖော်တော့မယ်၊ အသုံးပြုတော့မယ်ဆိုရင် ဦးစွာသတိပြုသင့်တဲ့အရေးကြီးတဲ့အချက်တွေရှိတယ့်ကွယ့်။ ဘာတွေလဲဆိုတော့ -

အလွန်အစွမ်းထက်တဲ့ဆေးဖြစ်နေပါစေ။ ဆေးနည်းမှာပါတဲ့ဖော်စပ်ရမယ့်ဘယဆေးမယ်တွေဟာ -

၁။ အလွယ်တကူမရနိုင်ခြင်း၊
၂။ တစ်နှစ်ပတ်လုံးမရနိုင်ခြင်း၊
၃။ တန်ဖိုးလွန်စွာကြီးခြင်း

စတဲ့ အကြောင်းတွေဖြစ်နေရင်စဉ်းစားရမယ်ကွယ့်။

ဒီတော့ ဆေးတစ်လက်အသုံးပြုရာမှာ ကုကွက်ကောင်းတယ်၊ ရောဂါကိုပျောက်ကင်းစေတာမှန်ရင် -

၁။ အလွယ်တကူရနိုင်တဲ့ဆေးအမယ်၊
၂။ တစ်နှစ်လုံး အချိန်မရွေးရနိုင်တဲ့ဆေးအမယ်၊
၃။ တန်ဖိုးအားဖြင့်လည်း သင့်တင့်မယ်ဆိုရင် ဖော်စပ်သုံးစွဲအပ်တယ်။

လို့ အဆိုအမိန့်ပြုထားတာကို သိခဲ့ရတယ်။

အခုပေးလိုက်တဲ့ လျှာပွတ်ဆေးအဲနေနဲ့ဆိုရင် အမယ်ရေအားဖြင့် (၉)မျိုးသာပါလို့ အမယ်မများဘူးကွ။ တို့ဆရာကဆိုရင်လေ သူ့ဆေးကို နတ်ဆေးလို တန်ဖိုးထားတာနော်"

ဟု ကျွန်ုပ်မှာလည်း ရှည်လျားစွာ ရှင်းလင်းကြော်ငြာပြရလေသည်။

"ဆေးနည်းက လက်ဘွဲ့စပ်ထားတာမို့ မှတ်လို့လည်းကောင်းပါတယ်။ တချို့ဆိုရင် (စာချစ်သူမိတ်ဆွေများပင်) သိပြီးသားဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုရင် မြန်မာတို့ရဲ့ဘယဆေး စစ်စစ်ဖြစ်နေလို့ပါ"

ကိုယ့်လူမျိုးကိုယ့်ဆေးကိုမှသုံးလိုသူများအတွက် အောက်တွင်ဆေးနည်းကို ဖော်ပြလိုက်ပါသည်။

**ဆေးနည်းလင်္ကာ**

❑ *အစာမှားရေချိုးနှင့် ကိုးရာပြည့်ငန်းဆင်၊ ဇာလေးစမုံတွင်၊ ချင်းကျဇုပင်၊ သိန္ဓောမှန်ရောင်နှင့် ကန့်ချုပ်ပြင် ပိတ်ချင်းနှင့် နကျယ်အိမ်မီးသင်းကာ၊ ဆီနှင့်ဆွတ်-လျှာပွတ်မှရှင်း -*

ဟု ဖြစ်ပါသည်။

၁။ ဇာတိပ္ဖိုလ်၊
၂။ လေးညှင်းပွင့်၊
၃။ စမုံမျိုးငါးပါး၊
၄။ သဘော်ချင်း (ဂျင်း)၊
၅။ ကြစု၊
၆။ သိန္ဓော၊
၇။ ကန့်ချုပ်နီ၊
၈။ ပိတ်ချင်း၊
၉။ နကျယ်အိမ် (နဂျီအိမ်)

ထိုဘယဆေးမည် (၉) မျိုးကို အလေးချိန်အဆတူရောပြီး အမှုန့်ပြုလုပ်လျှင် (အမှုန့်၊ အတောင့်၊ အခဲအလုံး) နှစ်သက်သလိုစီမံ၍ထားရှိနိုင်ပြီ ဖြစ်ပါသည်။

ထိုဘယဆေးမည်များတွင် ပါဝင်သော နကျယ်အိမ်ကိုမီးသင်းရပါသည်။ သည်အတိုင်းတိုင်းမသုံးရပါ။

ထိုသို့ ဖော်စပ်ပြီးသည်နှင့် နန်းတွင်းလျှာပွတ်ဆေး၊ ဘုန်းကြီးပိုးလျှာပွတ်၊ ရှင်ငယ်ဆရာတော်၏လျှာပွတ် စသည့် အခြားလျှာပွတ်ဆေးများတွင်သုံးရသကဲ့သို့ ရေလဲအမျိုးမျိုးနှင့် ရောဂါဝေဒနာ၏ အနေအထားအရ သုံးစွဲနိုင်ကြမည် ဖြစ်ပါသည်။

ကျွန်ုပ်၏တပည့် မောင်ခင်မောင်ဝင်းကို ဆေးနည်းပေးလိုက်သကဲ့သို့ စာချစ်သူ မိတ်ဆွေများအနေဖြင့်လည်း မြန်မာဆေးကိုမှ နှစ်သက်ပါသည်ဆိုလျှင် အိမ်တိုင်းအမြဲပင်ဆောင်ထားသင့်သော ဆေးကောင်းတစ်လက်အနေဖြင့် ပါရမီအလို့ငှာ မေတ္တာဖြင့် ရေးသားလိုက်ရပါတော့သည်။

ယခုဖော်ပြလိုက်သော လျှာပွတ်ဆေးသည် ကျွန်ုပ်၏ဆရာအစဉ်အဆက်သုံးခဲ့သောဆေးဖြစ်သလို ကိုယ်တိုင်သုံးစွဲနေသောဆေးလည်းဖြစ်ပါသည်။ ကျွန်ုပ်ဆရာ၏အခေါ်မှာ ယခုလျှာပွတ်ဆေးကို လျှာပွတ်ဆေးငယ်ဟုခေါ်ပါသည်။

တိုင်းရင်းဆေးပညာထင်ရှားသောစေလိုခြင်းကြောင့် ယခုဆေးနည်းကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

*ရောဂါကင်းကွာ၍*
*ကျမ်းမာကြပါစေ*

ပညာကျော်



www.burmeseclassic.com

www.burmeseclassic.com

(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)

# ဦးဉာဏ်ဇော်

## ပြုသည့်ကောင်းမှု တောင်းဆုအတွေတွေ (၁)

### ▫ စကားဦး

လူအမျိုးမျိုးရှိသည်။ စိတ်ဆန္ဒအမျိုးမျိုးရှိသည်။ ကြီးပွားရှင်သန်ရာပတ်ဝန်းကျင်အမျိုးမျိုးရှိသည်။ ကောင်းမှုအမျိုးမျိုးကိုပြုလုပ်ကြသည်။ တောင်းဆုအမျိုးမျိုးကို တောင်းဆိုကြသည်။ မြတ်စွာဘုရားရှင်၏အဆုံးအမသာသနာတော်မြတ်ကြီးကို တရားဟောခြင်း၊ ကမ္မဋ္ဌာန်းနည်းများပြသခြင်း၊ ကိုယ်တိုင်ကျင့်ကြံအားထုတ်ခြင်းဟူသောပဋိပတ္တိလုပ်ငန်းဖြင့် လည်းကောင်း၊ စာပေပို့ချခြင်း၊ ကျမ်းဂန်များပြုစုခြင်း ဟူသောပရိယတ္တိလုပ်ငန်းဖြင့် လည်းကောင်း ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့ကြ၏။ ထိုသာသနာပြု သာသနာစောင့်ပုဂ္ဂိုလ်ကြီးများသည် အများအကျိုးပြုလုပ်ငန်းများ အောင်မြင် ပြီးစီးသည့်အခါ ကုသိုလ်အစုစုကို အမျှဝေခြင်း၊ ဆုတောင်းခြင်းများတွင် ကျမ်းပြုပုဂ္ဂိုလ်များ၏တောင်းဆုများမှာ ကျမ်းစာအားဖြင့် မှတ်တမ်းရှိသဖြင့် ပိုမိုထင်ရှားစွာကျန်ရှိတွင်ကျယ်နေတတ်ပေ၏။ အဖုံဖုံအစားစား ကွဲပြားလှသော ထိုထိုသောကျမ်းပြုပုဂ္ဂိုလ်ကျော်များ၏ တောင်းဆုများကို စုဆောင်း ရွေးကောက် တင်ပြလိုက်ပါသည်။

### ▫ သဒ္ဒမ္မောပါယနကျမ်းပြုဆရာတော်၏ဆုတောင်း

ဗုဒ္ဓဘာသာများ ကျင့်သုံးရမည့်အခြေခံလမ်းစဉ်များကို အကျယ်တဝင့်ဖွင့်ဆိုထားသော အောင်မြင်ထင်ရှားသော သဒ္ဓမ္မောပါယနမည်သော မဟာကဗျာကျမ်းတစ်စောင် ပေါ်ထွက်ခဲ့ဖူးသည်။ ရဟန်းဘဝကိုစွန့်၍ လူထွက်လိုနေသော ရင်းနှီးသောမိတ်ဆွေ အရှင်ဗုဒ္ဓသောမကို လူမထွက်ရန် အကြံပေးလိုသောကြောင့် ဤကျမ်းကို ရေးသားခဲ့သည်။ ဤကျမ်းကို ၁၂ ရာစုနောက်ပိုင်းတွင် သီဟိုဠ်ကျွန်းနေ ကဝိစက္ကဝတ္တိအာနန္ဒဟု ထင်ရှားသော အဘယဂိရိဂိုဏ်းဝင် အရှင်အာနန္ဒပြုစုခဲ့၏။ အရှင်အာနန္ဒသည် သီဟိုဠ်ဆရာတော် အရှင်ဝေဒေဟ (သိမန္တကူဋဝဏ္ဏနာနှင့် ရသဝါဟိနီကျမ်းပြု) နှင့် အရှင်ဗုဒ္ဓပ္ပိယ (ပဇ္ဇမဓုနှင့် ရူပသိဒ္ဓိကျမ်းပြု) တို့၏ ဆရာမူလဋီကာကျမ်းပြုအရှင်အာနန္ဒဝနရတနနှင့် ခေတ်ပြိုင်ဖြစ်သည်။ ကဝိစက္ကဝတ္တိအာနန္ဒမထေရ်မြတ်၏ ဆုတောင်းများသည်လည်း ထောင့်စေ့လှသဖြင့် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကျမ်းပြုဆရာတော်သည် သဒ္ဓမ္မောပါယနကျမ်း၏နိဂုံးၖ် ဂါထာ(၈)ပုဒ်ဖြင့် သူ၏ဆန္ဒအာသီသများကို ဖော်ပြထားသည်။

### ▫ ဂါထာနံပါတ် (၁)

မြင်အပ်၊ မမြင်အပ်သောမိတ်ဆွေများနှင့်တကွ အားလုံးသော သူတော်ကောင်းအပေါင်းတို့သည် ကျမ်းပြုသည့် ဤကောင်းမှုကို ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ နိဗ္ဗာန်သို့ရောက်နိုင်ကြပါစေ။

### ▫ ဂါထာနံပါတ် (၂)

မင်းပဒေသရာဇ်မင်း ဧကရာဇ်မင်း အမတ် အမတ်ကြီးအစရှိသော သူတော်ကောင်းအပေါင်းတို့သည် ကျမ်းပြုသည့် ဤကောင်းမှုကို ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ နိဗ္ဗာန်သို့ရောက်နိုင်ကြပါစေ။

### ▫ ဂါထာနံပါတ် (၃)

မကျွတ်မလွတ်သေးသောသတ္တဝါမိတ်ဆွေ ရန်သူအားလုံးသော သတ္တဝါတို့သည် ကျမ်းပြုရသည့်ဤကောင်းမှုကို ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ နိဗ္ဗာန်သို့ရောက်နိုင်ကြပါစေ။

### ▫ ဂါထာနံပါတ် (၄၊ ၅၊ ၆)

နိဗ္ဗာန်မရသေးမီ သံသရာတစ်ခွင်၌ ကျင်လည်နေရသမျှ ကာလပတ်လုံး ဇာတိသရဉာဏ်ရှိသူ၊ တိပိဋကပဋိသမ္ဘိဒါရှိသူဖြစ်ရ၍ ပွင့်တော်မူပြီးသောဘုရားရှင်ပွင့်တော်မမူသေးသော ဘုရားရှင်





www.burmeseclassic.com

www.burmeseclassic.com

အထံ၌ ပါရမီအားလုံးကို ဖြည့်ကျင့်၍ မင်္ဂလဘုရားရှင်ကဲ့သို့ လောက၌ အမြတ်ဆုံးဖြစ်သော ဘုရားအဖြစ်ကိုရ၍ သံသရာ၌ ကျင်လည်နေကြကုန်သော သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ဓမ္မလှေတော်ဖြင့် အားလုံးသောသတ္တဝါများကို ဘဝပင်လယ်မှ ကူးမြောက်စေရပါလို၏။

▫ ဂါထာနံပါတ် (၇၊ ၈)

မြတ်စွာဘုရားရှင်၏ စကားတော်ကို လိုက်နာသောအားဖြင့် ဝိပဿနာ ဖွားများ၍ စင်ကြယ်ကြပါစေ။ အဦးအစ အားထုတ်ခြင်း၊ အထွေထွေသုတ၊ ဒေသ ဘာသာ၊ အာဂုံပါဌ်၊ မေးမြန်းခြင်း၊ ထိုးထွင်းသိမြင်ခြင်း၊ ဆရာသမားကိုမှီခိုခြင်း၊ မိတ်ဆွေကောင်းပြည့်စုံခြင်းတို့ကို အခြေခံ၍ ပဋိသမ္ဘိဒါဉာဏ်ကို ရရှိကြပါစေ။

ကျမ်းပြုဆရာတော်ကြီး၏တောင်းဆုများမှာ စုံလင်သဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော်လည်း စကားထပ်ကာ အသုံးအနှုန်းဖောင်းပွလျက်ရှိသည့်အပြင် ယခုကြည့်ရှုရသော ဒေဝနာဂရီမူသည်လည်း စာအနေသန့်ရှင်းမှုမရှိချေ။

▫ တောင်ဖီလာဆရာတော်၏ဆုတောင်း

တိပိဋကာလင်္ကာရရာဇဂုရုဘွဲ့တံဆိပ်တော်ရ အရှင်မုနိန္ဒဃောသဘွဲ့အမည်ရှိသော တောင်ဖီလာဆရာတော်ကြီး၏ ဆုတောင်းများမှာ ထူးခြားဆန်းပြားစိတ်ဝင်စားဖွယ်ကောင်းလှပါပေသည်။ တောင်ဖီလာဆရာတော်ကြီးသည် ဝိနယသင်္ဂဟ၌ကထာအဖွင့်ဖြစ်သော ဝိနယာလင်္ကာရဋီကာကျမ်းကြီးနိဂုံး၌ လိုလားသောဆန္ဒများကို ထုတ်ဖော်ထားသည်။ ဝိနယာလင်္ကာရဋီကာကျမ်းကို ဂါထာပေါင်း (၂၃) ပုဒ်ဖြင့် နိဂုံးအုပ်ထားသည်။ ဂါထာပေါင်း(၂၃)ပုဒ်တွင် ရှေ့ပိုင်းဂါထာ (၁၂) ပုဒ်ဖြင့် ဋီကာပြုစုရာခေတ်၊ ကျမ်းပြုပုဂ္ဂိုလ်၏ အကြောင်းအရာ၊ ကျမ်းပြုရခြင်း၏အကြောင်းနှင့် ကျမ်းပြီးနှစ်များကိုပြဆိုထားသည်။ နောက်ပိုင်းဂါထာ (၁၁) ပုဒ်ဖြင့် လိုလားသောတောင်းဆုများကို ဖွင့်ဟပြထားသည်။

▫ ဂါထာနံပါတ် (၁၃၊ ၁၄၊ ၁၅)

ဤဋီကာကျမ်းကို ရေးသားပြုစုရသော ကောင်းမှုကြောင့် လည်းကောင်း၊ အခြားသော ကောင်းမှုကြောင့် လည်းကောင်း၊ နောက်ဘဝ၌ ဟိမဝန္တာဒေသရှိ နန္ဒမာဒနတောင် ပတ္တမြားလိုဏ်ဂူ မဥ္ဇူသကနတ်ပန်းပင်အနီး၌ ပညာဝီရိယနှင့်ပြည့်စုံပြီး မြတ်ဘုရားသာသနာကို ချစ်မြတ်နိုးသော အသက်တမ်းရှည်သော ဘုမ္မစိုးနတ်ဖြစ်ရပါလို၏။

▫ ဂါထာနံပါတ် (၁၆၊ ၁၇၊ ၁၈)

မြတ်ဘုရားသာသနာ ရှိနေသမျှကာလပတ်လုံး စေတီကိုရှိခိုးခြင်း၊ ဗောဓိပင်ကိုပူဇော်ခြင်း၊ သံဃာကိုပူဇော်ခြင်းများကို ကျေကျေနပ်နပ်ပြုလုပ်ရပါလို၏။ တရားကျင့်ကြံအားထုတ်ကြကုန်သော ရဟန်းတော်များ၏ ယုံမှားသံသယများကို ပယ်ဖျောက်ပေးရပါလို၏။ သာသနာတော်ကို ချီးမြှောက်ကြသောမင်းများကို ကူညီနိုင်ရပါလို၏။ သာသနာတော်ကို ဖိနှိပ်သောမင်းများကို တားမြစ်နိုင်ရပါလို၏။

▫ ဂါထာနံပါတ် (၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃)

သာသနာကွယ်ပသောအခါ၌တား မဥ္ဇူသကနတ်ပန်းပင်နှင့် နန္ဒမူလိုဏ်ဂူကို အမြဲပူဇော်ရပါလို၏။ ပစ္စေကဗုဒ္ဓများ ပွင့်တော်မူလာသောအခါ အမြဲမပြတ် ပြုစုလုပ်ကျွေးနိုင်ရပါလို၏။ မြတ်ဘုရား ပွင့်တော်မူသည်အထိ ဘုမ္မစိုးနတ်အဖြစ်ဖြင့်နေရ၍ မြတ်ဘုရားပွင့်တော်မူသော အခါ လူ့အဖြစ်ကိုရရပါလို၏။ မေတ္တေယျဘုရားရှင်သာသနာတော်၌ ရဟန်းပြု၍ ဘုရားရှင်ကို နှစ်သက်စေလျက် မြတ်ဆုံးသောဗျာဒိတ်ကို ရပါလို၏။ ဗျာဒိတ်ရပြီးနောက် ပါရမီအလုံးစုံကိုဖြည့်ကျင့်၍ နောင်အနာဂတ်ကာလ၌ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ရပါလို၏။

ဤမျှလောက် ပြည့်စုံပြီး စနစ်ကျလှသည့်ဆုတောင်းမျိုး ရှားပါးလှသည် ဖြစ်၍ နည်းယူမှတ်သားကျင့်ကြံအားထုတ်သင့်လှပေသည်။

▫ သီလဝိသောဓနီကျမ်း

ဝိနယာသဘမည်ကျော် တတိယနံမော်ဆရာတော်ကြီး ရေးသားသော သီလဝိသောဓနီမည်သောကျမ်းစာသည် ၁၁၉၉ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၌ ပြီးဆုံးပါသည်။ သီလကို သုတ်သင်ရာသုတ်သင်ကြောင်းဖြစ်ခြင်းကြောင့် သီလဝိသောဓနီမည်သောကျမ်း၌ ရဟန်းတော်များလိုက်နာကျင့်ရမည့် ဝိနည်းဥပဒေများနှင့် ရှေးဆရာတော်ကြီးများ အစဉ်အဆက် ကျင့်သုံးပုံနည်းလမ်းများ ပါဝင်ပေသည်။ သာသနာပြုလိုသူများသည် ရဟန်းဝိနည်းကို တတ်သိနားလည်ရန် လိုအပ်ပေသည်။ ဝိနည်းနားလည်မှသာ သာသနာပြုလုပ်ငန်းစဉ်များ ချောမွေ့၍ ပိုမိုအကျိုးများနိုင်ပေသည်။ ကုသိုလ်ကံထောက်မပါက ကိုယ်တိုင်ပင်လျှင် ရဟန်းဘဝဖြင့် ကျင့်ကြံအားထုတ်ခွင့်ကို ရရှိနိုင်ပေသည်။

▫ သီလဝိသောဓနီကျမ်းပြု တတိယနံမော်ဆရာတော်ကြီး၏ တောင်းဆု

သီလဝိသောဓနီကျမ်း၏ နိဂုံးကို ဂါထာ (၁၅) ပုဒ်ဖြင့် ပြဆိုထားရာ ရှေ့ဂါထာ (၁၅) ပုဒ်ဖြင့် ကျမ်းစာပြုစုရာ ခေတ်ကာလ၊ ကျမ်းပြုပုဂ္ဂိုလ်၏ အခြေအနေနှင့် အာသီသတို့ကို ပြဆိုထားပြီး နောက်ဂါထာ (၃) ပုဒ်ဖြင့် ဤကျမ်းစာပြုစုခြင်းဖြင့် ရရှိသောကောင်းမှုကြောင့် ရလိုသောတောင်းဆုကို ပြဆိုထားသည်။

▫ ဂါထာနံပါတ် (၁၃)

ကျမ်းဂန်ပြုစုခြင်းဖြင့် ရရှိအပ်သောကုသိုလ်၏ အာနုဘော်ကြောင့် ယုတ်မာသောသဘောရှိသော အလဇ္ဇီရဟန်းတို့လွင့်စေကုန်သတည်း။ စင်ကြယ်သောသီလရှိကုန်သော လဇ္ဇီရဟန်းကောင်းတို့ ထွန်းကားခြင်းသို့ ရောက်စေကုန်သတည်း။

▫ ဂါထာနံပါတ် (၁၄)

ဤသီလဝိသောဓနီကျမ်း၌ ညွှန်ပြအပ်သောရဟန်းတို့သည် သီလစင်ကြယ်သောရဟန်းများဖြစ်ကြသည့်နည်းတူ ငါတို့လည်းဖြစ်ကုန်အံ့ဟု အမြဲမပြတ် အောက်မေ့စေကုန်သတည်း။ ဤသီလဝိသောဓနီကျမ်းသည် ရိုသေအပ်သောကျမ်း၊ မြတ်သောကျေးဇူးရှိသောကျမ်းတည်းဟု အမြဲအောက်မေ့စေကုန်သတည်း။

▫ ဂါထာနံပါတ် (၁၅)

ငါတမူကား မနိုင်းယှဉ်အပ်မြတ်သောကျေးဇူးနှင့် ပြည့်စုံတော်မူသော မေတ္တေယျဘုရားရှင်၏ အထံတော်၌ ထိုမေတ္တေယျဘုရားရှင်က ရဟန်းကောင်းဟူ၍ ချီးမွမ်းအပ်သောရဟန္တာအဖြစ်သို့ ရောက်ရပါလို၏။

ထူးခြားသောတောင်းဆုများဖြစ်၍ မှတ်သားကြည်ညိုဖွယ်ပါသည်။

ဦးဉာဏ်ဖော်
(သာမဏေကျော်၊
ဓမ္မာစရိယ၊ MA)



www.burmeseclassic.com

www.burmeseclassic.com



# မျိုးသစ်

## အကုသိုလ်လက်ပြောင်းလက်လွှဲ

ဗုဒ္ဓဘာသာ မြန်မာတို့သည် ကိုယ်တိုင် ကုသိုလ်ဒါနမပြုလင့်ကစား အခြားသူတို့ပြုခဲ့သည့် ကုသိုလ်အဖို့ကို ပတ္တိဒါနအရပေးဝေသောအမျှအတန်းအား ပတ္တာအနုမောဒနာအနေနှင့် ဝမ်းမြောက်ဝမ်းသာသာဓုခေါ်ခြင်းကပင် ကုသိုလ်ရစေသည်။ ထို့အတူ အကုသိုလ်ပြုသူများ၏လုပ်ရပ်ကို အားကျခံမင်ရှိမိသူများမှာ အလိုလိုအကုသိုလ်ရစေသည်ဟူ၍လည်း သိနားလည်ခဲ့ရ၏။ သို့ဖြင့်. . . အကုသိုလ်ပြုသူတစ်ဦးကို အကုသိုလ်စိတ်ဖြင့် ပြစ်မှားမိသူတစ်ဦးအဖို့ ရလာသော အကုသိုလ်ရလဒ်မှာ ဆိုးရွားပေစွ။ စကားဝိုင်းမှ အမှတ်မထင်ကြားလာရသည့် ယင်းအဖြစ်အပျက်ကို အကုသိုလ်လက်ပြောင်းလက်လွှဲဟူ၍ အမည်တပ်ကာ တင်ပြလိုက်ပါသည်။ အကုသိုလ်ဟူသည်. . . ပွားစီးကောင်းသောအရာမဟုတ်။

❑

ဦးထင်ကျော်နေသည့်ရပ်ကွက်မှာ ပဝေသဏီကတည်းက ဖစ်တည်ခဲ့သည့် ရပ်ကွက်များတွင်မပါဝင်ပါ။ တစ်စတစ်စ တိုးပွားများပြားလာသော လူဦးရေအရ နေမှုထိုင်မှုတို့အဆင်ပြေစေရန်အတွက်လည်းကောင်း၊ ဧရာဝတီမြစ်ကမ်းပါးတွင်ရှိနေသောမြို့ဖြစ်သည့်အားလျော်စွာ ကမ်းပြိုသဖြင့် မြစ်ကမ်းအနီးမှ လူနေရပ်ကွက်များပြောင်းရွှေ့နိုင်ရေးအတွက်လည်းကောင်း ရပ်ကွက်အသစ်များ ပေါ်ပေါက်လာရခြင်းပင်။ ယခင်က တာကလေးရစ် သံလမ်းကုန်းကျော်လျှင် လမ်းဘေးဝဲ၊ ယာအိမ်ခြေတိုက်တာများ အနည်းအကျဉ်းသာရှိ၍ တစ်ဆက်တည်း ပန်းပဲတန်းတွင် အိမ်စုလေးများရှိသည့်တိုင် မစည်ကားသေး။ ကတ္တရာလမ်းနှင့် အပြိုင် အဝေးဆီမှာ ဖောက်လုပ်ထားသည့် ဟင်္သာတ-ပုသိမ်ရထားလမ်းတွင် ရထားခုတ်မောင်းသွားသည်ကို လမ်းမပေါ်ကမြင်နေရတုန်း။ အိမ်များမှာ ကျိုးတိုးကျဲတဲ။

ယခုအခါတွင် ရပ်ကွက်ကြီးများ၊ ရပ်ကွက်ငယ်များ အထပ်ထပ်ခံပြီးနေသောကြောင့် ရထားသံကိုပင်ကြားရပေတော့မည်။ ရထားကိုမြင်လိုပါက သံလမ်းကုန်းမှ စောင့်ကြည့်ရမတတ်

အနေအထား။ လူတွေအတွက် သေနှုန်းက နည်းပါးပြီး မွေးဖွားနှုန်းက အဆမတန်ပါ။ နယ်မှစီးပွားရေးကောင်းသူများကလည်း အနာဂတ်မိသားစု၊ ပညာရေး လူမှုရေး၊ စီးပွားရေးကောင်းသထက်ကောင်းစေရန် မြို့ကိုခိုဝင်လာခြင်းများ ပါဝင်ခဲ့ပါသည်။ အိမ်ခြံမြေဈေးနှုန်းများ တရိပ်ရိပ်တက်လာပြီး ဆိုဈေးများက မချိမဆံ့ပင်။ ဝယ်သူရှိလာသော်လည်း ရောင်းမည့်သူမရှိပါ။


ထိုသို့သော ရပ်ကွက် တွင် ၁၉၇၀ ခုနှစ်က အိမ်ပါမြေတစ်ကွက်ဝယ်နေခဲ့မိခြင်းကစရပေမည်။ ရပ်ကွက်သတင်းစုံကို တကူးတကစုံစမ်းရန်မလို။ အမြဲတမ်း ဦးထင်ကျော်ကို သူသိသမျှ သတင်းပေး ပြောနေသောမိတ်ဆွေတစ်ဦးနှင့် အိမ်နီး ချင်းဖြစ်ခဲ့လေသည်။ သူက (ပါလေရော) ဦးစိုးညွန့်။

နယ်ပေါင်းစုံမှ လူပေါင်းစုံစုနေ သောအခါ စရိုက်အမျိုးမျိုး။ မိသား အစဉ်အဆက် ဦးပိုင်ဖြစ်ခဲ့သောရပ်ကွက် များကဲ့သို့ မသန့်လှပေ။ လူတန်းစား အများအပြားဖြစ်လာသောအခါတွင် အမူအကျင့်တို့ခြားနားမည်မှာ မွေတာ ငွေကြေးမနတို့ဆင်းရဲ ချမ်းသာမှုထက် အကျင့်စရိုက်က လူနေမှုဘဝကိုပိုင်းခြား ထား၏။ မိုးလင်းက မိုးချုပ်သည်အထိ အရက်ကို တမက်တမော ဆိုင်ပေါင်းနေ ဝင်ထွက်သွားရောက်သောက်လေ့ရှိတာ ဆူပူအော်ဟစ်ပြီး တစ်ဖက်သား လူမထင်သူမျိုး။ တစ်မိသားနှင့်တစ်မိသား အသေးအဖွဲ့ကိစ္စလေးကအစ အယူ အနတ္တစုံလင်စွာ ဆဲရေးတိုင်းထွာရန်ပြ ရန်ဝန်မလေးသောသူမျိုး။ ရလိုမှုရှိလှ ပြုံးဆင်မျက်နှာချိုသွေးတတ်သော်လည်း အကြောင်းကြောင်းကြောင့် ငွေစရှင် က ဟိတ်တစ်လုံးဟန်တစ်လုံးဖြစ်သ တတ်သူမျိုး။ ငွေကြေးကိစ္စနှင့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဆွေမျိုးရင်းချာပင်မချန် လိမ်လည်သည့်စား စကားမမှန်သူမျိုးအားလုံးကို တွေ့နိုင်သည်မှာအမှန်။ ရိုးဖြောင့်သူများ ရှိသည့်တိုင် ရာခိုင်နှုန်းနည်းပေမည်။ အများဆုံးရှိနေတတ်သူများအနေနှင့် တစ်နည်းမဟုတ်တစ်နည်း အကုသိုလ် နှင့်မကင်းကြပါ။ ပြောလိုက်သည့်စကား တရားဟောမွှကထိကကပင် ပါးစပ်အဟောင်းသားဖြစ်လောက်ပါရဲ့။ ကျမ်းကြီးကျမ်းခိုင်တွေ နှံ့စပ်သယောင်၊ လူမှုရေး နိုင်ငံရေးအမြင်တွေကမြင့်မားနေသယောင်။ တကယ်တမ်း ဆန်းစစ်လျှင် ဟာနယ်တစ်စောင်၊ နှစ်စောင်ဖတ်ပြီး အင်တာနက်နှင့် ဖုန်းဆက်သွယ်ကာ သူစွာလူတတ်လုပ်နေကြသူများပါပေ။ သူတို့တွေ နေရာတိုင်းမှာတွင်ကျယ်နေ၏။

ယင်းသို့သော ရပ်ကွက်တွင် အကုသိုလ်ထူပြောနေခြင်းမှာ အဆန်းမဟုတ်ပါလေ။

❑

သူ့ကိုတစ်ရပ်ကွက်လုံးက ထူးခြားသူအဖြစ်သိနေကြ၏။

သူက အများထက် ချမ်းသာသူလည်းမဟုတ်၊ စာတတ်ပေတတ်ကြီးလည်းမမည်။ ဩဇာတိက္ကမမရှိသူဟူ၍ဆိုနိုင်။ လူတကာထက် ချောမောလှပသည်ဆိုလျှင်လည်း လုံးဝမမှန်ပါ။ အများတကာထက် သာသည်ကတော့ အကုသိုလ်။ အကုသိုလ်အလုပ်တစ်ခုမဟုတ်တစ်ခုကို လုပ်နေတတ်သည်က သူ့အကျင့်။ နွေအကုန်မိုးအကူး မိုးကျကာလကစ၍ အပိုင်းရပ်ကွက်ထဲတွင် ငါးရှာဖားရှာလုပ်ငန်းစပေပြီ။ မြှုံးထောင်၊ ပိုက်ထောင်နှင့် အလုပ်တွေစခဲ့သည်။ လမ်းဘေးရေမြောင်းများရေမဆင်းဘဲ အိုင်နေလျှင် မြေးကြည့်စရာမလို၊ ရေဆင်းမြောင်းကြီးအဝတွင် တုတ်ရိုက်ပြီး ပိုက်ထောင်ထားသည်က သူ့လက်ချက်။ လမ်းဘေးရေမြောင်းတွင်ရေရောက်ပြီး မကြာမီ သူနှင့်သူ့အဖော်များ နိုင်လွန်ပိုက်တိုများဖြင့် ငါးကျော့ကြပေတော့မည်။ အိုင်များ၊ မြောင်းရှည်များခန်းစပြုလျှင် အိုင်ပက်ချိန်ရောက်လာ၏။ မိုးစွတ်စွတ်ရေစွတ်စွတ်ကလည်း ညနေတိုင်း စက်ဘီးတစ်စီးနှင့် ကိုယ့်တိုင်ရက်ထားသည့်ပိုင်များနှင့် ငါးထောင်သည်။ နေ့ခင်းနေ့လယ်တွင် လမ်းကြို လမ်းကြားမြောင်းရှိရာအရပ်တို့မှာ သူ့စားကျက်၊ ငါးမမျှားသည့်နေ့ ငါးစာအတွက် တီတူး၊ ဝါးပိုးရှာ၊ ခါချဉ်အုံလိုက်ခူးရသည်က အလုပ်တစ်လုပ်။ ငါးကို နည်းမျိုးစုံဖြင့် ဒုက္ခပေးသကဲ့သို့ ခရုများကိုလည်း ကတော့ပုံပိုက်များဖြင့် လိုက်လံဆယ်ယူပြီး ရောင်းစားခဲ့သည်။ စည်ပင်သာယာ၏ နယ်မြေတစ်ခွင်လုံးက သူ့အတွက် စည်ပင်ပြီး သာယာစေသည်

www.burmeseclassic.com

မဟုတ်ပါလား။ ပိုင်ဖြင့် ငါးထောင်သော အခါ ငါးမျိုးစုံနှင့် ငါးရှဉ့်တို့ရလာတတ်သည်။

"မှတ်ထား၊ ငါးပက်တုန်းက ခြေကြို့ခြေကြားတိုးပြီး ရွှံ့ထဲနွံထဲဝင်သွားတဲ့ ငါးရံ့၊ ငါးသင်းအုံနဲ့ ငါးခေါင်းတိုတွေဟာ အိုက်ပက်တဲ့ည ပိုင်ထောင်ထားရင် ပိုင်ထဲတိုးဝင်တော့တာပဲ"

သူက လူငယ်တွေကို သူ့အတွေ့အကြုံတွေဖြန့်ဖြူးပေးလေ့ရှိ၏။ လူငယ်တွေမှာ ငါးများတံမရှိသေးပါက ငါးများတံငှားသည်။ ငါးကျော့ဖို့ ပိုက်မရှိသေးလျှင်လည်း ပိုက်ငှားသည်။ အခမဲ့တော့ မဟုတ်။ ရသည့်ငါးတစ်ဝက်ပေးရမည့် ကတိစကားနှင့်ငှားခြင်းပါ။

သူကိုယ်တိုင် အကုသိုလ်လုပ်သကဲ့သို့ တစ်ပါးသူလုပ်ရန်ကိုလည်း တိုက်တွန်း နှိုးဆော်လေ့ရှိသည်။ သူ့နာမည်က အောင်ကျော်စိုး။ သူ့အလုပ်က မည်မည်ရရမရှိ။ ဇနီးသည် ဈေးရောင်းသည့်ဝင်ငွေနှင့်စားရုံသာမက အသောက်လည်းပါသေး၏။ တစ်မိုးတွင်း ငါးရှာ၊ ဖားရှာ၊ အလုပ်စုံလုပ်သဖြင့် ဝင်ငွေကောင်းနေသောကြောင့် ဇနီးသည်က ရေငုံနှုတ်ပိတ်။

❑

သူ့အိမ်နှင့် သုံးအိမ်ကျော်တွင် နေသူတစ်ယောက်ကလည်း နာမည်တစ်လုံးနှင့်ပါ။ သာမန်အညတရတစ်ဦး မဟုတ်ပေ။ ခိုးမှုနှစ်မှုနှင့် ထောင်ကျပြီးနောက် ခြေချုပ်ဖြင့်နေရသူ။ ဗိုဇကိုက လိမ်ညာကောက်ကျစ်ခိုးဝှက်တတ်သူမို့ တလိမ်ကကျစ်ဆိုသောတွဲ့မှာ နာမည်ရှေ့ကပါလာသော နာမဝိသေသနတစ်ခုပင်။ သူဆိုးတေသမျှဒဏ်ကို မိဘနှစ်ပါးက အလူးအလဲခံနေရသည်။ အသက်အရွယ် ကြီးရင့်နေပြီဖြစ်သည့် မိဘနှစ်ပါးအတွက် ပေါင်စရာနှံ့စရာ ပစ္စည်းများက ပါးရှားသွားချိန်ဝယ် အိမ်ခြံကိုအပိုင်းပိုင်းဖြတ်ရောင်းခဲ့ရသည်တွင် အိမ်ခြံ ပေ (၆၀) × (၉၀) ခြံကြီးကတဲအိမ်တစ်ကွက်စာမျှကျန်ကောင်းကျန်ခဲ့သောအနေအထား။ သူကလိမ်ညာခဲ့သော်လည်း ပိရိသေသပ်သည့်လုပ်နည်းလုပ်ဟန်မဖြစ်သောကြောင့် ထွေထွေထူးထူးရှာစရာမလိုပါ။ နေ့မကူးမီ လက်ပူးလက်ကြပ်မိသည်ကများပေမည်။ မိသည့်အခါ မိဘတွေမှာ ရှိခိုးဦးချ တောင်းပန်ရစမြဲ။

"ဦးသက်ဆွေ၊ သွပ်ဆိုင်က ပုဆိုး ဆယ်ထည်အဆင်ကွဲတွေပေးလိုက်ပါတဲ့"

ဦးသက်ဆွေ၏ သွပ်ဆိုင်လိပ်စာကတ်ပြားနောက်တွင် ပုဆိုးဆယ်ထည်ဟုရေးထားသည်မှတစ်ပါး ငွေကြေးတစ်ပြား တစ်ချပ်ပါမလာ။ ဦးသက်ဆွေသားနှင့် ပုဆိုးဆိုင်ရှင် ဦးတင်စိန်၏ သားတို့က ငယ်သူငယ်ချင်းတွေဖြစ်၍ လူကြီးများကလည်း ခင်မင်ရင်းနှီးကြသဖြင့် သံသယမရှိ။ လွယ်လင့်တကူ ပေးလိုက်၏။ သတိကောင်းသူ ဦးတင်စိန်က ကတ်ပြားပေါ်တွင် ဆိုက္ကားနံပါတ်နှင့် ဂိတ်အမည်ကို အမှတ်မထင်ရေးထားလိုက်သည်။ ဝယ်သူရှင်းသော နေ့လယ်ပိုင်းရောက်မှ အမှတ်ရလာသောကြောင့် တယ်လီဖုန်းဆက်ရန် သတိဝင်လာ၍ ပုဆိုးဆယ်ထည်အကြောင်း တယ်လီဖုန်းဆက်လိုက်သည်။

"ဟာ-ဦးတင်စိန်ရေ၊ တစ်ခုခုလွဲနေပြီ။ ကျွန်တော်အယူမခိုင်းခဲ့ဘူးဗျ။ တစ်ယောက်ယောက်က ကြားဖြတ်လိမ်သွားတာပဲ။ လာယူတဲ့ဆိုက်ကားနံပါတ်မှတ်လိုက်သေးလား။ စိတ်မကောင်းဘူးဗျာ"

"လိုလေးမဲ့လိုလေး - မှတ်လိုက်တယ်။ ဂိတ်ကိုလည်းသိတယ်။ ရဲထဲက တူတော်မောင် ဒုရဲအုပ်ကို အကူအညီတောင်းရမှာပဲ။ ရဲဆိုတော့ လူဆိုးတွေအကြောင်းသိမှာပါ"

မကြာခင် မျက်နှာစပ် လည်ပင်းတစ်ဝိုက်တွင် ပွေးတွေအပြည့်ရှိသည့် ဆိုက်ကားသမားဂိတ်မှ (တလိမ်ကကျစ်) မင်းမင်းကို လက်ကျန်ပုဆိုးခြောက်ထည်နှင့် အတူမိပြီး ပုဆိုးရောင်းထားသူ သုံးဦးထံတွင် လိမ်ယူလာခဲ့သည့် ပုဆိုးသုံးထည်ကို သိမ်းဆည်းနိုင်ခဲ့၏။ တစ်ထည်က နယ်မှလာသူတစ်ဦးကို ရောင်းလိုက်သောကြောင့် မိဘများက တောင်းတောင်းပန်ပန်နှင့် လျော်လိုက်ရသည်။ အကုသိုလ်ကြီးသူ မင်းမင်းကို ဦးတင်စိန်က အမှုမဖွင့်ဘဲ ပစ္စည်းပြန်ရရေးအတွက်သာလုပ်ခဲ့ဖြင့်တော်သွားခဲ့၏။ နို့မဟုတ်ပါက ယခင်ပြစ်ချက်များနှင့်အတူ ခြေချုပ်ဖောက်ဖျက်မှုကြောင့် ထောင်ကျပေဦးမည်မှာ မလွဲသေချာ။

*

အပိုင်းထဲရပ်ကွက်ထဲမှအကုသိုလ်သမားတွေအများအပြားရှိသော်လည်း သူတို့နှစ်ဦး ရေစက်ဆုံကြပုံကလည်း အဆန်းတကြယ်။ မင်းမင်းမှာ အလိမ်အပတ်နှင့် ခိုးဝှက်မှုတွေမလုပ်ရသဖြင့် ခြေငြိမ်နေရသည့်တိုင် ဗိုဇစရိုက်ကြောင့် နေမထိထိုင်မသာ။ မိဘတွေကျွေးသည့် ထမင်းအေးအေးဆေးဆေးစားနေရလ... ကစား သူက မကျေနပ်လှ။ ကိုယ်တိုင် ကိုယ်ကျမလှုပ်ရှားရဘဲ လူမမာလိုမျိုး တငူငူတငိုင်ငိုင်မနေချင်သည်က သူ့ဆန္ဒ...

"အမေတို့ကျွေးတဲ့ထမင်းစားရတာ မျိုမကျဘူး။ ကျွန်တော်အလုပ်လုပ်ချင်တယ်။ အဖေတို့၊ အမေတို့ကို အေးအေးဆေးဆေးနေစေချင်တာပါ"

"အောင်မလေး - မောင်မင်းကြီး သားအလုပ်မလုပ်ပါနဲ့။ တောင်းပန်ပါ... စေ။ စားစရာမရှိလျှော်စရာရှိ နေ... အိမ်ကလေးပြောင်းပြေးရမှာစိုးလို့ပါ"

"ဝင်ငွေနေ့စဉ်ရတဲ့အလုပ်တစ်... လုပ်မလားလို့စဉ်းစားမိတယ်။ ကော... ရောင်းကောင်းဝယ်အလုပ်မျိုးလုပ်မှာ... ဒီတစ်ခါတော့ တကယ်လုပ်ချင်တယ်"

မင်းမင်းအမေက သူ့စကား... မယုံ။ ခံရပေါင်းကများခဲ့ပြီပဲ။

"တော်စမ်းပါ၊ နင်လုပ်တဲ့အလု... တိုင်းက အနှောင့်အသွားမလွတ်ဘဲ ... ပေးနေတာပဲဟာ။ နင်အလုပ်လုပ်မှ... တို့တကယ်စိုးရိမ်တယ်"

မင်းမင်းခေါင်းကို တဖြင်းဖြ... ကုတ်လိုက်ပြီး အိမ်က စိတ်ပျက်လ... ပျက်နှင့်ထွက်သွားသည်။ ခြေဦးတ... ရာထွက်ခဲ့သော်လည်း မင်းမင်း... စိတ်ကူးတစ်ခုရလာ၏။ အရပ်စ... အရပ်နားမို့ အောင်ကျော်စိုးတစ်ယော... ရပ်ကွက်ထိပ်မှကန်ကြီးကို တပည့်တ... များနှင့်ပက်နေကြသည်ဟုကြားရသ... အကြံအဖန်ခွင်တစ်ခုဖန်တီးရန် ... သွားခဲ့၏။ မင်းမင်းတို့က နောက်ပြေ... လာသူများဖြစ်၍ တရင်းတနှီးမရှိ... အောင်ကျော်စိုးမှန်တမ်းဆက်ဆံသ... အချုပ်ကျ ထောင်ကျသမားတစ်ဦး... ရဲဌာနအဝင်အထွက်ရှိခဲ့ရုံမျှသာမ... သတင်းပေးအဖြစ်သုံးခဲ့လေသလား... ဖြစ်ပုံအရ သူတို့ရပ်ကွက်တွင်းမှ နှ... သုံးလုံးထိရောင်းသူတစ်ဦးကို ဒု... ခဲ့ခြင်းအား အမှန်ပင် အောင်ကျော်... တွေ့မြင်သိရှိခဲ့ရသည်။ ထိုစဉ်က... ကပင် တစ်ပိုင်းတည်းသားအချင်း... မတွေ့ချင်မြင်နေရမို့ အောင်ကျော်... အလိုက်အထိုက်ဆက်ဆံခဲ့၏။ အ... ကြောင်းကြောင့် အမုန်းမခံလိုခြင်း... ပါပေမည်။

"ဟာ - ကိုမင်းမင်းပါလား ... ပက်တာလာကြည့်တယ်နဲ့တူတ...

"အေးဗျာ၊ ဘာရယ်မဟုတ်...

www.burmeseclassic.com

www.burmeseclassic.com

ခင်များတို့လူအုပ်က အများသားပဲ။ ရ ကောရကြရဲ့လား"

"မဆိုးပါဘူးဗျာ၊ အဆင်ပြေ လောက်ပါတယ်"

အောင်ကျော်စိုး၏ အနေအထား က အခြေအနေကောင်းမည့်ဖြစ်သည့် ထိုင် လျှောပြောနေသည်မှာ အထင်း သား။ မင်းမင်းကလည်း ပါးလိုက်သမှ ရွှေတောင်စက္ကူက အဘခေါ် ရသူပါ။ ပုံးတွေတောင်းတွေထဲမှာ ငါးများက အင်ကျွမ်း။ မြင်မကောင်းဆင်မကောင်း။

"ဟေ့ကောင် ပွား၊ ကိုမင်းမင်းကို ငါးဟင်းစားပေးလိုက်ပါကွာ"

အောင်ကျော်စိုး၏အပြောကြောင့် ပွားက ပလတ်စတစ်အိတ်ထဲ ငါးဟင်း စားထည့်ပေးလိုက်သည်။ ငါးကအချိန် တစ်ပိဿာမရှိတရှိ။ နှုတ်ဆက်ပြန်လာ ရသည့်တိုင် မင်းမင်းမျက်စိထဲတွင် ပုံးထဲ တောင်းထဲမှာ ပြည့်သိပ်နေသောငါးများ အမြင်ယောင်ပြီး သွားရည်ယိုရုံမှတစ်ပါး။

❑

မူလသွားစဉ်က အကြံအဖန်လုပ် ရန်ဖြစ်စေကာမူ အောင်ကျော်စိုးက အတင်းပါး။ အလိုက်သိစွာရှေ့ရှေ့ရှုရှု ပေးလိုက်သောကြောင့် မင်းမင်းရှေ့ဆက် မတိုးသာ။ ငါးဟင်းစားထုပ်ဖြင့် ပြန်လာ ရသော်လည်း မကျေနပ်လှပေ။ တစ်ခုခု အကြောင်းပြု၍ ပြောမည့်အစီအစဉ်က ပျက်သွားခဲ့ရပေပြီ။ သူက တောက် တစ်ချက်ပြင်းပြင်းခေါက်မိ၏။

"မှတ်ထား၊ ငါပက်တုန်းက ခြေကြို ခြေကြားတိုးပြီး ရွှံ့ထဲနွံထဲဝင်သွားတဲ့ငါး ရဲ့ ငါးသင်းအုံနဲ့ ငါးခေါင်းတိုတွေဟာ ပိုင်ပက်ထဲညလိုက်ထောင်ထားရင် ပိုင် ထဲတိုးဝင်တော့တာပဲ"

တစ်ခါက ဆရာကြီးလုပ်ပြီးပြော ခဲ့သော အောင်ကျော်စိုးစကားများကို မင်းမင်းကြုံကြိုက်သဖြင့်ကြားခဲ့ဖူးသည်။ သို့ဖြစ်လျှင် မလွဲမသွေ ဒီည ပိုင်ထောင် ထဲမှာ အသေအချာ။ ည (၆) နာရီခန့် တွင် ထောင်ထားသည့်ပိုက်များသိမ်းနေ ချိန် သူလုပ်ရှားနိုင်သည့်အချိန်မှာ လုံလုံ လောက်လောက်ကြီးပါ။

ပိုင်ဆိုသည်မှာ ခေါင်းပိုင်းသိမ်ပြီး အောက်ပိုင်းကြီးကာ အပေါ်ပိုင်းတစ် ခေါက်ချိုးထားသောကြောင့် ငါးရှဉ့်နှင့် ငါးအဝင်လွယ်သော်လည်း အထွက်ခက် သည့်ငါးဖမ်းခြင်းတစ်မျိုး။ တောနယ်များ တွင် မြုံး၊ ရင်တွန်း၊ ကျားများကဲ့သို့ ဖမ်းသည့်ပစ္စည်း။ မြုံးဆိုရာတွင်လည်း မြုံးကတုံး၊ မြုံးကျစ်၊ မြုံးပေါင်းလဲ၊ မြုံးဖုံလုံ၊ မြုံးရက်ဖောက်၊ မြုံးရင်ကွဲ၊ မြုံးသားလှည့် ဟု အမျိုးမျိုးရှိပြန်သည်။

အောင်ကျော်စိုးမှာ ရပ်ကွက် အတွင်းရောင်းရသည့်အပြင် ဈေးပို့ရောင်း ရမည့်ငါးများကရှိသော်လည်း အတော မသတ်သည့်လောဘကြောင့် (ပိုင်) ထောင်ခဲ့ခြင်းပါ။ အောင်ကျော်စိုး၏ပိုင် များကို ငါးထုတ်ယူပြီး အိမ်ခြံထဲပစ်ခဲ့ပါ က လုပ်သူ ကာယကံရှင်တွေ့နိုင်မည် မဟုတ်ပါ။ အကယ်တန္တြ ပိုင်ကိုဖော်သူ မှာ မင်းမင်းဟု သိစေဦးတော့ ဂရုစိုက် စရာမလို။ စခန်းမှူးက ငါးစားချင်၍ ပေးလိုက်ရခြင်းဖြစ်ကြောင်း လှီးလွှဲပြော ရန်အသင့်။ မည်သူတစ်ဦးတစ်ယောက် မျှ မေးစမ်းဝံ့မည်လည်းမထင်။

မင်းမင်းသူ့အတွေးနှင့်သူ အံကိုက် ဖြစ်နေသောကြောင့်တပြုံးပြုံးခက်သည် က ရွှံ့ထဲဖွက်ထဲဆင်းရန် သူ့မှာမဝံ့မရဲ။ တစ်ယောက်ကို အသုံးချရပေဦးမည်။ အောင်ကျော်စိုးကဲ့သို့ ငါးရှာဖားရှာသူ တစ်ယောက်ယောက်ကို အကူအညီ တောင်းရမည်မဟုတ်ပါလား။ မတည့်သူ ဆိုလျှင် ပို၍အဆင်ပြေမည်။ ထိုစဉ် လယ်ကွင်းစပ်တွင်နေသည့် ညက်ကြီးကို သတိရလာ၏။ ညက်ကြီးက ရှုစပ်စပ်။ အောင်ကျော်စိုးကိုကြည့်မရသူ။ နောက် ဆုံး ညက်ကြီးကိုကြံပြီးညှိထားရန်အကြံ ရသွားခဲ့သည်။ ညက်ကြီးကို အထိုက်အ သင့် ပိုက်ဆံပေးကာခိုင်းဖို့အထိ ပြင်ဆင် ခဲ့၏။

မင်းမင်း ချက်ချင်း လယ်ကွင်းစပ် ဆီသို့ ခြေလှမ်းစလိုက်သည်။

❑

ငါးရှာဖားရှာသူချင်း အထာသိ သဖြင့် ညက်ကြီးက နာရီဝက်အတွင်း ပိုင်ဆယ်ခုဖော်ပေးလိုက်၏။ နံနက်ဝေလီ ဝေလင်းမို့ အသွားအလာရှင်းသည်။ အောင်ကျော်စိုး၏မိန်းမက ဈေးသို့သွား ပြီဖြစ်သော်လည်း ယမန်နေ့ညက အောင်ကျော်စိုးတို့ထင်သည့်ထက် နှစ်ဆ ခန့်ရသောကြောင့် အပျော်ကြူးကြ သဖြင့် မိုးစင်စင်လင်းသည်အထိ အိပ်ရာ ကမနိုးသေး။ ညက်ကြီးကိုပေးလိုက် သည့်ပိုက်ဆံမှာ ရမည့်ငါးနှင့်စာလျှင် အသေးအဖွဲပါ။ သဘောကောင်းသော ညက်ကြီးက ပိုင်များကို မင်းမင်းအိမ် လိုက်ပို့ပေးခဲ့သည်။

"အောင်ကျော်စိုးက စခန်းမှူးပေး ရမယ့်ငါးကို သူထောင်ထားတဲ့ပိုင်ထဲက ယူပါဆိုလို့ ဖော်ယူရတာပါ။ သိပ်တော့ မကျွမ်းဘူး ကိုညက်ကြီးရဲ့"

"မခက်ပါဘူးဗျာ ပိုင်အောက်မှာ ပါတဲ့အပိတ်ကိုဖွင့်လိုက်ရင် အထဲမှာ မိနေတဲ့သတ္တဝါတွေထွက်ကျလာမှာပဲ ဟာ"

ညက်ကြီးက ဖွင့်ပုံဖွင့်နည်းကို အသေအချာ ပြသပေးလိုက်သည်။ ညက်ကြီးရှိနေစဉ် ငါးများကို မဖွင့်သေး ဘဲ ဟိုယောင်ယောင်ဒီယောင်ယောင် လုပ်နေလိုက်၏။ သူမမြင်စေလိုသည့် အကြောင်းကလည်း လောဘဇောတက် မည်ကို မလိုလား။ တက်စားတက် သူပဲ တက်မည်ဟု စိတ်ကူးရခဲ့သည်ပဲလား မသိပါလေ။

ရေအတန်အသင့်ထည့်ထားသည့် ဇလုံကြီးနှစ်လုံးထဲသို့ယူလာသည့်ပိုင်များ ကို တစ်ခုချင်းဖွင့်ထည့်သည်။ မမျှော်လင့် ဘဲ ငါးများက ပိုင်ထဲမှကျလာကြသည်။ ငါးရှဉ့်တွေလည်းပါသည်။ ငါးများကို စဉ့်အိုးငယ်ထဲ ပြောင်းထည့်ပြီး ရှစ်ခု မြောက်ပိုင်ကိုဖွင့်ပြီး ထည့်လိုက်၏။ အထဲမှအကောင်ကလုံးဝမကျ။ အားဖြင့် ဆောင့်ထုတ်လိုက်ရာ အကောင်ရှည် ရှည်တစ်ကောင်ကျလာစဉ် အကွက်များ ကို မြင်လိုက်ရ၍ လန့်သွားသည်။

"ဟာ - မြွေပွေးကြီးပါလား"

ဆောင့်လိုက်သည့်အရှိန်ကြောင့် ရေဇလုံထဲမရောက် ခြေထောက်အနီး ဖုတ်ခနဲအကျတွင် လျှင်မြန်စွာကိုက်သွား သဖြင့်က မီးစကြီးနှင့်ထိုးသည့်နှယ် မီးဝင်းဝင်းတောက်လုခမန်း။

"အောင်မလေးဗျ"

ကိုက်လိုက်သည့်နေရာက ခြေခွ ကြား (အကြောဆုံ)။ မင်းမင်းအော်သံ ကြောင့် အဖေနှင့် အမေ ကမန်းကတန်း ဆင်းလာ၏။ မင်းမင်းမျက်ဖြူလန်နေပေ ပြီ။ ရပ်ကွက်ကလူနာကို သုတ်သုတ်ပျာပျာ ဆေးရုံပို့သော်လည်း ဆေးရုံအထိ အသက်မပါခဲ့ပါလေ။

တစ်ဦးတစ်ယောက်ပြုလုပ်ခဲ့သော အကုသိုလ်မှုကို လက်ပြောင်းလက်လွှဲ လုပ်ခဲ့မိသူတစ်ဦးမှာကား အကုသိုလ် ဟူသည် ပွားစီးကောင်းသောအရာ မဟုတ်။

သဗ္ဗေသတ္တာကမ္မသကာ

မျိုးသစ်

ဝန်ခံချက်။ ။အလကကျောင်းအုပ် ဆရာကြီး (အငြိမ်းစား) ဦးထင်ကျော် ပြောပြသည့်ဇာတ်လမ်းအား အမည် နာမလွှဲ၍ ဇာတ်အိမ်ဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ရွှေနွယ်ရိုး

## အရှင်းမပါ ဆေးမဟာ



အနာသိလျှင်ဆေးရှိသည်။ အနာနှင့်ဆေး သင့်အောင်ပေး ပျောက်ရေးမခက်ပါဟု ဆိုလင့်ကစား အမြစ်ပြတ်ပျောက်ကင်းအောင်ကုသ၍ မရနိုင်သေးသော အနာရောဂါများလည်း ယနေ့တိုင် ကျန်ရှိနေပါသေးသည်။

ထိုရောဂါများတွင် ယခုတစ်လောအဖြစ်များခေတ်စားနေသော ဆီးချို၊ သွေးချိုရောဂါလည်း ပါဝင်၏။ ဆီးချို၊ သွေးချိုရောဂါကို အနောက်တိုင်းဆေးပညာနည်းဖြင့် လည်းကောင်း၊ မြန်မာတိုင်းရင်းဆေးနည်းများဖြင့်လည်းကောင်း အမြစ်ပြတ် ပျောက်ကင်းအောင် ကုသနိုင်စွမ်း ယနေ့တိုင်မရှိသေးပါ။ ရောဂါပိုမိုဆိုးရွားမလာစေရန်အတွက် စားဆေး၊ ထိုးဆေးဖြင့် ထိန်းသိမ်းစောင့်ရှောက်ကုသပေးရုံမျှသာတတ်နိုင်ပါသေးသည်။

၁၉၆၈ ခုနှစ်ခန့်ဆီကဖြစ်ပါသည်။ အမေရိကန်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးတွင်နှစ်ချီကြာရှည်စွာစွဲကပ်နေသော ဆီးချို၊ သွေးချိုရောဂါကို အမေရိက၌ ခေတ်မီဆေးသိပ္ပံ (အနောက်တိုင်းဆေး) ပညာဖြင့်ကုသရာ အမြစ်ပြတ် မပျောက်ကင်းနိုင်ခဲ့ပါ။

သို့သော် အာယုဗ္ဗေဒဆေးသိပ္ပံဆရာတော်က မြန်မာ့အာယုဗ္ဗေဒဆေးသိပ္ပံနည်းဖြင့် နှစ်လကျော်အတွင်း အမြစ်ပြတ် ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့သဖြင့် သံအမတ်ကြီးက ထိုဆေးနည်းကို ကမ္ဘာ့ဆေးသိပ္ပံပညာအသင်းကြီးမှနေ၍ ကမ္ဘာသိ ထုတ်ဖော်ကြေညာရန် လျှောက်ထားသောအခါ ဆရာတော်ကြီးက တတ်နိုင်သမျှထိန်းထားဝှက်ထားဦးမည်ဖြစ်ကြောင်း၊ ဂါထာပေးတေးဖြစ်ဆိုတာများဖြစ်တတ်ကြောင်း၊ မလိုအပ်သူတွေ လက်ထဲရောက်သွားပါက "မြင်းကိုချိုတပ်ပေးသလိုဖြစ်သွားမှာစိုးကြောင်း၊ ထိန်းနိုင်သမျှထိန်းထားပြီး နောက်များမှထုတ်ဖော်ကြေညာပေးမည်ဖြစ်ကြောင်း မိန့်ကြားပုံကို ရန်အောင်စာပေမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော ရှင်ဓမ္မစာရာဘိဝံသ (အင်းလေး) အမျိုးသားပထမကျော်၊ သာသနာ့ပါလ ဓမ္မာစရိယ သာသနာ့ဓဇ အစိုးရဓမ္မာစရိယ၊ မဟာဝဏ္ဏဒီပါဠိပါရဂူ၏ ဆီးချိုရောဂါနှင့် စွယ်စုံကုထုံးများမှတ်တမ်း စာမျက်နှာ (၅၅)၊ (၅၆) နှင့် (၆၀)၊ (၆၂) တို့တွင် ဖတ်ရှုရပါသည်။

ယခုသော်ကား ထိုဆရာတော်ကြီးပျံလွန်တော်မူရာတွင် ထိုဆေးနည်းလည်း ပျောက်ကွယ်သွားခဲ့ပါသည်။ အစားထိုးမရနိုင်သောဆုံးရှုံးမှုကြီးတစ်ရပ်ဟု ဆိုချင်ပါသည်။ အခြားမြန်မာတိုင်းရင်းဆေးစွမ်းကောင်းများလည်း ထိုနည်းတူ ပျောက်ပျက်ဆုံးရှုံးသွားမည်ကို စိုးရိမ်မိပါသည်။ ထို့ကြောင့်လည်း ဤဆောင်းပါးကို ကြိုးစားပမ်းစား ရေးသားရခြင်း ဖြစ်ပါသည်။

ဆီးချို၊ သွေးချိုရောဂါကုဆေးများမှာ အလွန်ဈေးကြီးပါသည်။အထူးသဖြင့် ဂျာမနီနိုင်ငံကုမ္ပဏီထုတ်ဆေးဝါးများမှာ ပိုဆိုးပါသည်။ ထို့ကြောင့် စာရေးသူအပါအဝင် လက်လုပ်လက်စား ဆင်းရဲသားများ လက်လှမ်းမမီနိုင်ပါ။ သို့ဖြစ်၍ ဆီးချို၊ သွေးချိုရောဂါကို သူဌေးရောဂါဟုပင် တင်စားခေါ် ဝေါ် လေ့ရှိကြပါသည်။

ထို့ကြောင့် ဆင်းရဲသားလက်လုပ်လက်စားများ လက်လှမ်းမမီနိုင်မည့် ဆီးချို၊ သွေးချိုရောဂါကုတိုင်းရင်းမြန်မာဆေးနည်း တစ်ခုကို ဇီဝိတဒါနအဖြစ် မျှဝေပါမည်။ ဗန်းကျိနှင့် ပခန်းနယ်စပ်ရှိ ပန်းမြိုင်... ရွာမှ ရွာဦးကျောင်းဆရာတော်ကြီး... နည်းဖြစ်ပြီး ပန်းမြိုင်တောဆေး... နာမည်ကြီးပါသည်။

ဆေးနည်းမှာ ငရုတ်ခါး... ဆေးခါးကြီးပင် ပခွင်ပါးကို ရေသန့်... ဖြင့် စင်ကြယ်အောင်ဆေးပြီးအခြော... လှန်းရပါသည်။ အရိပ်ထဲတွင်ထား... အခြောက်ခံပါက ပိုကောင်းပါသည်... နေအောင်ခြောက်ပြီဆိုပါက ပေါင်... လို နုညက်အောင်ကြိတ်ပြီး ထိုအ... ဆန်မှုန့် သို့မဟုတ် ဂျုံမှုန့်ကော်... ရောနှောပြီးသမအောင်မွှေပေးရပါ... ကော်မှုန့်ကို အများကြီးမထည့်... လုံးဖြစ်ရုံသာထည့်ရပါမည်။ ထို့နော... ရွှေးစေ့အရွယ်အလုံးကလေးများ... အခြောက်လှန်းရပါသည်။ အရိပ်ထဲ... အခြောက်ခံပါက ပိုကောင်းပါသ...

ထိုဆေးလုံးလေးများကို တစ်... စားလျှင် (၄) လုံး တစ်နေ့ (၃)... ထမင်းစားပြီးတိုင်း မျိုချစားစေ...



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# အရပ်တစ်ပါးသွားသူ ပြန်လာစေရန် ပဒ္ဒပွတ်စာတတ်

မိမိနေအိမ်မှ အခြားအရပ်သို့သွားသောသူအား ပြန်လာစေလိုပါလျှင် ပဒ္ဒပွတ်စာတတ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

**တနင်္ဂနွေသားသမီးအတွက်** ကြာသပတေးအခါမှာ ပေါက်ရွက်တွင် ခရီးသွားသူ၏အမည်ကို ပြောင်းပြန်ရေး။ ဥပမာ ခရီးသွားသူ အောင်သန်းဖြစ်လျှင် ပြောင်းပြန် 'သန်းအောင် အမြန်ပြန်လာ' ဟု ပေါက်ရွက်မှာရေး။ အုန်းပင်မှာ ဇောက်ထိုးဆွဲ၍ တနင်္ဂနွေသား ၎င်းအမည်ဖြင့် မြန်မြန်ပြန်လာပါဟုခေါ်ပါ။

**တနင်္လာသားသမီး** သောကြာအခါမှာ သီဟိုဠ် သို့မဟုတ် သင်ရွက်တွင် ခရီးသွားသူ၏အမည်ကို ပြောင်းပြန်ရေးပြီး ကုက္ကိုပင်၊ ကံ့ကော်ပင်မှာ အမည်ကိုခေါ်၍ တနင်္လာသား အမြန်ပြန်လာဟု ထိုအပင်မှာ ဇောက်ထိုးဆွဲထားပါ။

**အင်္ဂါသားသမီးအတွက်** စနေအခါ ထန်းရွက်၊ ခနိရွက်တစ်ခုခုမှာ အင်္ဂါသား၏အမည်ကို ပြောင်းပြန်ရေး၍ ဆီးပင်မှာ ဇောက်ထိုးဆွဲကာ အင်္ဂါသား အမြန်ပြန်လာဟုခေါ်ပါ။

**ဗုဒ္ဓဟူးသားသမီးအတွက်** တနင်္ဂနွေအခါ အုန်းရွက်မှာ ခရီးသွားသူ၏အမည်ကို ပြောင်းပြန်ရေး။ ဝါးပင်မှာဇောက်ထိုးဆွဲပြီး ဗုဒ္ဓဟူးသား အမြန်ပြန်လာဟုခေါ်ပါ။

**ကြာသပတေးသားသမီးအတွက်** တနင်္လာအခါ ကြံရွက်မှာ အမည်ကို ပြောင်းပြန်ရေးပြီး ပေါက်ပန်းဖြူပင်မှာ သို့မဟုတ် ပျဉ်းမပင်မှာ ဇောက်ထိုးဆွဲ၍ အမြန်ပြန်လာဟုခေါ်ပါ။

**သောကြာသားသမီးအတွက်** အင်္ဂါအခါ ညောင်ရွက်မှာ အမည်ကို ပြောင်းပြန်ရေးပြီး သံသတ်ပင်၊ သီဟိုဠ်ပင်တစ်ပင်ပင်မှာ ဇောက်ထိုးဆွဲ၍ သောကြာသား အမြန်ပြန်လာဟု ခေါ်ပါ။

**စနေသားသမီးအတွက်** ဗုဒ္ဓဟူးအခါမှာ ဝါးရွက်တွင် အမည်ကို ပြောင်းပြန်ရေး ထန်းပင်၊ ခနိပင်၊ ထိမ်ပင်တစ်ခုခုမှာ ဇောက်ထိုးဆွဲထားပြီး ခရီးသွားသူ စနေသားအမည်ကိုခေါ်၍ အမြန်ပြန်လာဟုပြောပါ။

**ရေးရန် နေ့၊ အချိန်** သစ်ရွက်များတွင် အမည်ကိုပြောင်းပြန်ရေးရမည့်အချိန်အခါမှာ တနင်္ဂနွေသားအတွက် ကြာသပတေးနေ့ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်းရေး။ တနင်္လာသားအတွက် သောကြာနေ့။ အင်္ဂါသားအတွက် စနေနေ့။ ဗုဒ္ဓဟူးသားအတွက် တနင်္ဂနွေ။ ကြာသပတေးသားအတွက် တနင်္လာနေ့။ သောကြာသားအတွက် အင်္ဂါနေ့။ စနေသားအတွက် ဗုဒ္ဓဟူးနေ့ဖြစ်၏။ မည်သည့်နေ့သားဖြစ်စေ ရေးရမည့် အချိန်မှာ နံနက်(၆)နာရီမှ(၇)နာရီအတွင်း ဖြစ်၏။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

အနည်းဆုံး(၃)ရက်၊ အများဆုံး(၅)ရက် ခန့်ကြာသော် အပူဝမ်းများသွားတတ်ပါသည်။ဆီးလည်းအနည်းငယ်ပူလာတတ်၊ ဝါလာတတ်ပါသည်။ စအိုဝပါပူလာပါက ဆေးကို တစ်ကြိမ်စားလျှင် သုံးလုံးသာစားရပါမည်။ စအိုဝမပူပါက မူလစားမြဲနှုန်းအတိုင်း ပုံမှန်မပျက်ဆက်စားရပါမည်။

သို့ရာတွင် ဆီးချို၊ သွေးချိုရောဂါကို ဆေးချည်းသက်သက်ဖြင့် ကုသ၍ကား မရပါ။ အစာလည်းဆေး၊ ဆေးလည်းအစာဆိုသည့်အတိုင်း အစာဖြင့်လည်း ကုသဖို့လိုပါသည်။

ဆန်ကြမ်းကိုထမင်းရည်ငှဲ့ချက်ပြီး ထမင်းခြောက်လှန်းပါ။ ထိုထမင်းခြောက်ကို ထမင်းအဖြစ် ကြိုက်သလို ချက်စားပါ။ ဝအောင်စားနိုင်ပါသည်။ သို့ရာတွင် တစ်နေ့လုံး (၃) ကြိမ်ထက်ကား ပိုမစားသင့်ပါ။ အချိန်မှန်စားရပါမည်။ သို့မှသာ ဆေးစားလည်း အချိန်မှန်ပါမည်။

ထမင်းစားရာတွင် ထမင်းကို လေးပုံတစ်ပုံ ဟင်းသီးဟင်းရွက်ကိုတစ်ဝက်၊ ငါးဟင်းကိုလေးပုံတစ်ပုံ အချိုးကျစားရပါမည်။ ငါးဟင်းကို တစ်လနှစ်ကြိမ်စားရုံနှင့် လုံလောက်ပါသည်။ ငါးဟင်းမပါသောနေ့များတွင် ထမင်းကို အချိုးကျထက် ပိုမစားပါနှင့်။ ဟင်းသီးဟင်းရွက်ကိုသာပိုစားပါ။ စားသင့်သောဟင်းသီးဟင်းရွက်များမှာ ခရမ်းသီး ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲတောင့်ရှည်၊ ပဲလွန်းသီး၊ ပဲလွန်းရွက်၊ စားတော်ပဲရွက်၊ ဘူးသီး၊ ဘူးရွက်၊ ချဉ်ပေါင်ရွက်၊ ချဉ်ပေါင်သီး၊ ကန်စွန်းရွက် (ကန်စွန်းရိုးနီဆိုလျှင် ပိုကောင်းပါသည်။)၊ ရုံးပတီသီး၊ ပဲပင်ပေါက်၊ ခဝဲသီး၊ ဂေါ်ရခါးရွက်၊ ဂေါ်ရခါးသီး၊ မန်ကျည်းရွက်၊ မန်ကျည်းသီး၊ ကင်းပုံအခါးမျိုးအရွက်နှင့်အသီး၊ ဖရုံသီး စသည်တို့ဖြစ်ပါသည်။ မချိုသောအခွံမာအသီးများနှင့် အနီရောင်ပန်းသီးတို့ကိုလည်း စားနိုင်ပါသည်။

ချိုသောအစာဟူသမျှနှင့်စားအုန်းဆီ၊ တိရစ္ဆာန်အဆီ၊ ထောပတ်၊ အာလူး၊ မုန်လာဥနီ၊ မုန်လာဥဝါ၊ ကျောက်ဖရုံသီးတို့ကို ရှောင်ရပါမည်။

ဆေး၏မူလပိုင်ရှင်ဆရာတော်ကြီးမှာ ပျံလွန်တော်မူသွားပြီးဖြစ်သော်လည်း ဆေးနည်းကိုမူ အမွေပေးထားခဲ့ပါသည်။ ဗန်းကို၊ ပခန်းနှင့် ကနီနယ်တောင်ပိုင်းတို့တွင် ထိုဆေးမှာ ယနေ့တိုင်တွင်ကျယ်နေရာ အစွမ်းထက်သောဆေးတစ်ပါး ဖြစ်ကြောင်း ထင်ရှားပါသည်။

ငရုတ်ခါးခေါ် ဆေးခါးကြီးပင်မှာလည်း မြန်မာပြည်အနှံ့ အလွယ်တကူပေါက်ရောက်ရှင်သန်နိုင်သော အပင်မျိုးဖြစ်ပြီး စိုက်ပျိုးရန်လည်း မခက်ခဲပါ။ ထို့ကြောင့် ဆေးခါးကြီးဖော်စပ်ရန်မှာ မခဲယဉ်းပါ။ ငွေရင်းငွေနှီးလည်းမလိုပါ။ အရင်းမပါဘဲ ဖော်ဆောင်တိုးနိုင်သောဆေးမျိုးဖြစ်ပေရာ ဆင်းရဲသူဆင်းရဲသား၊ လက်လုပ်လက်စားတို့နှင့် အလွန်သင့်တော်သော အရင်းမပါ ဆေးမဟာဟုဆိုလိုက်ချင်ပါသည်။

ဆီးချို၊ သွေးချို ဝေဒနာရှင်များ၊ သက်တမ်းစေ့နေနိုင်အောင် ဤအရင်းမပါဆေးမဟာက ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့၊ ပေးဆဲ၊ ပေးဦးမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။

ရွှေနှယ်သိဂ်



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလအားဖြင့် ၁၉၇၇ခုနှစ်ဖြစ်သည်။

ထိုစဉ်က ကျွန်ုပ်တို့တောရွာ၏ အနေအထားမှာ တစ်နေ့ကုန်တစ်နေ့ခန်း ဆိုသလို ကျွဲနွားများနှင့် ရုန်းကန်လှုပ်ရှားပြီး မည်မျှပင်ပန်းခဲ့ကြစေကာမူ ညအချိန်ရောက်ပြီဆိုသည်နှင့် ည (၁၀) နာရီ၊ (၁၁) နာရီအထိ ရွာရိုးကိုးပေါက် တစ်အိမ်တက်တစ်အိမ်ဆင်းဖြင့်လည်ကြသည်။

အိမ်ရှင်ကတော့ဖြင့် ရေနွေးအိုးကို မပြတ်တမ်း တည်ထားကြရ၏။ လာရောက် လည်ပတ်ကြသောသူများအား မိမိတို့အိမ်ရှိ လက်ဖက်သုပ်၊ မြေပဲပြုတ်၊ မြေပဲလှော်၊ မြေပဲကြော် အစရှိသဖြင့် တည်ခင်းဧည့်ခံကျွေးမွေးတတ်ကြသေး၏။ လည်ပတ်ကြသူများမှာ အမျိုးအစားကစုံလင်သည်။ လူပျိုလှည့်ခြင်းများပါဝင်သလို အချို့ကား ဘာရယ်မဟုတ် အပျင်းပြေလည်ပတ်ကြခြင်းသာဖြစ်ပါသည်။ မည်သို့ဆိုစေ ကျွန်ုပ်တို့တောရွာမှာ ထိုကဲ့သို့ တစ်အိမ်တက်တစ်အိမ် ကူးလူးဆက်ဆံလည်ပတ်ရင်းပျော်ရွှင်စရာကောင်းခဲ့သည်မှာတော့ အမှန်ပါ။

ထိုကဲ့သို့ လည်ပတ်ကြသောသူများထဲတွင် အချို့သောသူများက သူတို့၏ အတွေ့အကြုံများကို အာပေါင်အာရင်းသန်သန်ဖြင့်ပြောပြတတ်သူများလည်း ပါဝင်တတ်ကြသည်။ ထိုကဲ့သို့သောသူများမှာ အခြားသောတစ်နယ်တစ်ကျေးသို့ သွားရောက်ပြီး ပြန်လာကြသူများသာ ဖြစ်ကြသည်။

ကျွန်ုပ်တို့ရွာ၏လူအများစုမှာ မိမိတို့ ဟုမ္မလင်းမြို့နယ်၏ အပြင်ဘက်သို့ပင် မရောက်ဘူးသူကများလှပါသည်။ ထိုအထဲတွင် ကျွန်ုပ်လည်းပါ၏။ ဘယ်မှရောက်ဖူးပေါက်ဖူးသူများမဟုတ်သဖြင့် ရောက်ဖူးပေါက်ဖူးသူတို့ ပြန်လာသောအခါ သူတို့ပြောသမျှကို ကျွန်ုပ်တို့တပါးစပ်အဟောင်းသားဖြင့် နားထောင်ကြရသည်။

ထိုအထဲတွင် အထက်ချင်းတွင်းဒေသသို့သွားပြီး သစ်မွှေးရှာရာမှပြန်လာသော ထွန်းစိန်ဆိုသောလူငယ်က -

"သစ်မွှေးသွားရှာရတာလွယ်တယ် မထင်နဲ့ဗျို့။ တောထဲတောင်ထဲကို ကိုယ့်ရိက္ခာကိုယ်ပိုးပြီး နှစ်ညအိပ်၊ သုံးညအိပ်အထိ တောထဲကိုသွားကြရတာ။ တောတနက်လာလေ အန္တရာယ်ကပိုပြီးများလာလေပါပဲ။ အန္တရာယ်ဆိုတာက နှစ်မျိုးနှစ်စားရှိတယ်။ သဘာဝသားရဲတိရစ္ဆာန်တွေရဲ့အန္တရာယ်ကတစ်မျိုး၊ နောက်တစ်မျိုးကနာနာဘာဝတွေရဲ့အန္တရာယ်ဆိုပါတော့။

နာနာဘာဝဆိုတဲ့အထဲမှာ အဲဒီတောမှာရှိနေတဲ့ ဆိုင်ရာပိုင်ရာများလည်းပါတယ်။ သူတို့မကြိုက်တာသွားလုပ်မိလို့ကတော့ တောမှောက်တာ၊ တောခြောက်တာ၊ အဲဒီအပြင်ကျားဆွဲခံရတဲ့အထိ ဖြစ်ကြတာတွေတောင်ရှိတယ်"

# ချစ်ဆိုင်

## ပျောက်ဆုံးခဲ့သော ထိုတောရွာ





www.burmeseclassic.com

www.burmeseclassic.com

ဟုပြောပြီး ရေနွေးကြမ်းသောက်၏။ သောက်ပြီးသောအခါ -

"ငါတို့အဖွဲ့ထဲမှာတောင် အိုက်တန်ဆိုတဲ့လူက ငါတို့တဲအစောင့်ထားခဲ့တုန်း အယုံအကြည်မရှိဘူးဆိုပြီး စလောင်းဖုံးကိုသွားတီးလိုက်တာမှာ ဘာပြောကောင်းမလဲ အဲဒီနေ့မှာတင် ကျားဆွဲခံရတော့တာပဲ"

ကျွန်ုပ်တို့မှာတော့ သူပြောသမျှကို ထိတ်ထိတ်လန့်လန့်ဖြင့် နားထောင်ရ၏။

"ထွန်းဦးဆိုတဲ့လူတစ်ယောက်ကလည်း တောထဲမှာမျက်စိလည်ပြီးထွက်သွားလိုက်တာမှာ ရက်ပေါင်း(၂၀)နီးပါးကြာမှ ခန္တီးမြို့ကို ပြန်ရောက်ခဲ့ရတော့တယ်။ ငါတို့နဲ့ပြန်တွေ့တော့ သူပြောပြချက်အရ တောထဲမှာတွေ့ရတဲ့ ရေသဖန်းသီး၊ ကြိမ်သီး၊ တောငှက်ပျောအူ၊ ငါး၊ ခရု အစရှိတဲ့ဟာတွေကို အလျဉ်းသင့်သလိုစားပြီး အသက်ဆက်ခဲ့ရတယ်လို့ဆိုတယ်။ နောက်ဆုံးမှာတော့ ငှက်ပျောဖောင်တစ်ခုကိုဖွဲ့ပြီး ချောင်းတစ်ခုကနေပြီး မျောဆင်းလာခဲ့ရတာတဲ့။ ချောင်းဆုံးတော့ ချင်းတွင်းမြစ်ထဲရောက်၊ ချင်းတွင်းမြစ်ကနေဆက်ပြီးမျောလာတော့ ခန္တီးမြို့ကိုပြန်ရောက်ခဲ့ရတာပေါ့။ သူ့ခမျာမသေကောင်းမပျောက်ကောင်း။ အဲလိုမျိုးနဲ့လည်း ရင်ဆိုင်ရတတ်တယ်။ လွယ်တယ်မထင်နဲ့ဗျို့။ တော်ရုံတန်ရုံလူမျိုးတွေနဲ့ မဖြစ်နိုင်ဘူး"

ထိုကဲ့သို့သောသူမျိုးအပြင် ခန္တီးမြို့ဘက်တွင် ကျောက်စိမ်းသွားတူးရာက ပြန်လာသော လူမောင်ဆိုသူက -

"ကျောက်စိမ်းသွားတူးရတာလွယ်တယ်မထင်နဲ့ဗျို့။ မြို့ကနေပြီး ကျောက်စိမ်းတွင်းရှိရာဆီကို ကိုယ့်ရိက္ခာကိုယ်ပိုးပြီး သုံးညအိပ်လောက်ကိုသွားရတာ။ ကျောက်စိမ်းတွင်းတစ်လျှောက်ကိုရောက်ပြီဆိုတာနဲ့ တောထဲမှာ တဲပုန်းတွေကိုထိုးပြီး ပုန်းနေကြရတာ။ ဘာကြောင့်လဲဆိုတော့ အဲဒီမှော်ထဲမှာ ခလရ (xxx) က စစ်တပ်တွေရှိတယ်လေ။ အဲ - သူတို့ကို မမြင်အောင်ပုန်းပြီးနေကြရတာပေါ့။

ည (၇) နာရီ၊ (၈) နာရီလောက်ရောက်မှ ကိုယ်တူးမယ့်ကျောက်တွင်းနေရာကို မီးအုပ်ဆောင်းတွေ၊ ဓာတ်မီးတွေနဲ့ထိုးပြီးသွားကြရတာ။ ရောက်ပြီဆိုတာနဲ့ တစ်ညလုံးဆိုသလို ခိုးပြီးတူးကြရတာပေါ့ကွာ။ ဖယောင်းတိုင်ကို လေး၊ ငါးတိုင်ပူးပြီးထွန်းထားရတာ။ အဲလိုတူးရင်းနဲ့ တချို့လည်း ကျင်းတွေပိပြီးသေတဲ့သူကသေ၊ စစ်တပ်နဲ့တွေ့လို့ အရိုက်ခံ





www.burmeseclassic.com

www.burmeseclassic.com

ရသူကခံနဲ့ အဲလိုမျိုးတွေရင်ဆိုင်ရတယ်။ တစ်ညလုံးတူးပြီး မနက် လေးနာရီ ငါး နာရီလောက်ဆိုရင်တော့ ကိုယ်နေတဲ့ တဲအိမ်ဆီကိုပြန်ရတာပေါ့။ အဲလိုမျိုးတွေ နဲ့လုပ်ကြရတာ။

သစ်မွှေးသွားရှာရသူထက်ပိုလာ တဲ့အန္တရာယ်တစ်ခုက စစ်တပ်ဆိုပါတော့။ တစ်ခါတလေ သူတို့က ဟိုပစ်ဒီပစ်ပစ် တတ်ကြသေးတာ။ မသကာ အဲဒီကျည် ဆန်ထိပ်ဖူးက တစ်ခုခုကိုထိပြီး ကျုပ်တို့ ဘက်ချော်ထွက်မလာနိုင်ဘူးလို့ ဘယ်သူ ကအာမခံနိုင်မှာလဲ မဟုတ်ဘူးလား။ ပြီးတော့ သူတို့ပေါ်တာဆွဲချင်တဲ့အခါမှာ တောနင်းပြီးရှာတော့တာပဲ။ဒီအခါ ငါတို့ မှာတော့ ပြေးပေါက်မှားကြရတော့တာ ပေါ့"

ထိုသူပြောသမျှကိုလည်း ကျွန်ုပ် တို့က ရင်တမမနှင့်နားထောင်ကြရသည် သာ။ ဘာတတ်နိုင်မှာလဲ၊ ကိုယ်ကမှ ဘာအတွေ့အကြုံရယ်လို့မှ မည်မည်ရရ မရှိတာဘဲ။

အဆိုးဆုံးကတော့ စစ်တပ်ထဲတွင် နှစ်နှစ်၊ သုံးနှစ်လောက်တာဝန်ထမ်းပြီး လက်ကြောမတင်းရာကနေ စစ်ပြေးဖြစ် လာသော ထွန်းထွန်းဆိုသူပင်ဖြစ်သည်။ ကျွန်ုပ်တို့ရွာသားမဟုတ်ပါ။ စစ်ပြေးဖြစ် ရာကနေ ထောင်ကျပြီး ကျွန်ုပ်တို့ရွာ တွင် လာရောက် သောင်တင်နေသူ ဖြစ် သည်။

ကျွန်ုပ်တို့ရွာကတော့ ထိုစစ်ပြေး ဆိုသူကိုလည်း အထင်ကြီးကြသည်သာ ဖြစ်သည်။ အဘယ်ကြောင့်ဟုမူ ကျွန်ုပ် တို့အနေဖြင့် ထိုသူလောက်မှ စစ်တပ်ထဲ မဝင်ရဲ၍ဖြစ်ရတော့သည်။ ထိုစဉ်အခါ က စစ်တပ်ဆိုသည်မှာ ချင်းတွင်းမြစ်ရိုး တစ်လျှောက်တွင် မုံရွာမြို့နှင့်ခန္တီးမြို့တွင် သာရှိ၏။ စစ်သားများကို တစ်နှစ်နေ၍ တစ်ခါမြင်ဖူးရဖို့မလွယ်ပါ။ ချင်းတွင်းမြစ် ကြောင်းအတိုင်း စုန်ချည်ဆန်ချည်လုပ် နေသောသင်္ဘောများပေါ် စစ်သားများ ပါလာပြီဆိုလျှင်ကား ကျွန်ုပ်တို့ရွာကလူ များအနေဖြင့် ကမ်းလုံးညွတ်မျှထွက်ကာ ကြည့်ကြ၏။ တကယ့်ကိုမှ အားကျစရာ ကြီးပါပဲ။သူတို့တစ်တွေသည် ကျည်ဆန် ကြားများထဲတွင် သက်စွန့်ဆံဖျားလုပ်နိုင် ကြသော တကယ့်သူရဲကောင်းကြီးများ ပါပေ။

တစ်ညတွင် အဆိုပါထောင်ထွက် စစ်ပြေးထွန်းထွန်းဆိုသူက -

"ကျုပ်တို့စစ်သားတွေရဲ့အလုပ်က သာမန်သစ်မွှေးရှာပြီး ကျောက်စိမ်းတူးရ တာတွေထက်ပိုပြီး ခက်ခဲကြမ်းတမ်းတာ ပေါ့ဗျာ။

ကိုယ့်ရိက္ခာကိုယ်ပိုး၊ကိုယ့်သေနတ် ကိုထမ်းပြီး သစ်ငုတ်သင်ဖြူးဆူးကိုမွှေ့ရာ လိုသဘောထားပြီးသွားလာကြရတာကိုး ဗျ။

အဲ - တိုက်ပွဲများဖြစ်လိုက်ပြီဆိုမှ ဖြင့် ဘာပြောကောင်းမလဲဗျာ။ ရှေ့က ပစ်လာတဲ့ကျည်ဆန်ကိုရှောင်တိမ်းရသလို ကောင်းကင်ပေါ်ကကျလာတဲ့ပုံးသီးတွေ ကိုလည်း လွတ်အောင်ရှောင်ရတယ်။ အဆိုးဆုံးကတော့ မြေကြီးထဲကမမြင်ရ တဲ့အန္တရာယ်ကြီးပါပဲ။ အဲဒါက မိုင်းပေါ့။ ရန်သူတွေက မြေကြီးထဲအထိ မိုင်းတွေ မြှုပ်ပြီးမှ တိုက်ခိုက်ကြတာ။ ကျုပ်အနေ ဟိုတိုက်ပွဲမှာဆိုရင်ဖြင့်. . . "

ဟု အစချီကာပြောလိုက်တဲ့ သူ့ရဲ့ တိုက်ပွဲအတွေ့အကြုံ။ ကျွန်ုပ်တို့မှာတော့ အဆိုပါ ထွန်းထွန်းဆီကထွက်လာသော ပါးစပ်သေနတ်ကျည်ဆန်တွေ၊ ကွဲလွင့်စဉ် လာတဲ့ အမြောက်စိန်ပြောင်းလက်နက် ကြီးတွေရဲ့အစတွေကို မနည်းမနော ရှောင်တိမ်းရင်း နားထောင်နေရသည်။ တစ်နှစ်တွင်မှ တစ်ခါသာ လာပြသော နယ်လှည့်ရုပ်ရှင်ထဲကတိုက်ပွဲထက်ပင် ကြမ်းတမ်းပါသေး၏။

သူပြောတာတွေက ဟုတ်မယ်ဆို လည်းဟုတ်နိုင်လောက်ပါသည်။ သူတို့ က ပန်းနှင့်ပေါက်နေကြတာမှမဟုတ်ဘဲ ဟုလည်း တွေးမိပါသည်။

ထိုကဲ့သို့ ညဉ့်နက်သန်းခေါင်အထိ တစ်နယ်တစ်ကျေးသို့သွားပြီးပြန်လာကြ ပါသော လူစွန့်စားတို့၏ အတွေ့အကြုံ များကို ကြားရဖန်များလာသောအခါ ဘာအတွေ့အကြုံမှမည်မည်ရရမရှိကြ သော ကျွန်ုပ်နှင့် ကျွန်ုပ်၏သူငယ်ချင်း ဝင်းမြင့်က မခံချိမခံသာဖြစ်ခဲ့ရပါသည်။ လူ ကလည်း လူပျိုပေါက်တွေဖြစ်လာပြီ။ ရည်းစားနောက်ပိုးပိုးဖို့အတွက် အချော အလှလေးတွေရှေ့မှာ အာပေါင်အာရင်း သန်သန်နှင့်ကြွားလုံးထုတ်စရာဟူ၍လည်း ဘာတစ်ခုမှမရှိပါ။

သူငယ်ချင်း ဝင်းမြင့်ကတော့ ကျွန်ုပ်တို့ရွာသားမဟုတ်ပါ။ အောက် ပြည်အောက်ရွာကနေပြီး ကျွန်ုပ်တို့ရွာကို ရောက်ရှိလာခြင်း ဖြစ်သည်။ မြို့ပေါ် ရောက်ဖူးသော အတွေ့အကြုံမရှိသလို တောထဲတောင်ထဲရောက်ဖူးသောအတွေ့ အကြုံလည်းမရှိပါ။

❑

တစ်နေ့တွင် ကျွန်ုပ်တို့နှစ်ယောက် က တိုင်ပင်ကြ၏။ တိုင်ပင်ဖြစ်သော အကြောင်းအရာမှာ ရွာကထွက်ပြေးပြီး စစ်တပ်ထဲသို့သွားဝင်ရန်ဖြစ်သည်။ အိမ် ကိုတိုင်ပင်လျှင်ကား မည်သူကမျှခွင့်ပြု ကြမည်မဟုတ်။ နှစ်ယောက်သားတိုင်ပင် ပြီးသောအခါတွင် တစ်နေ့သောနံနက် (၄)နာရီအချိန်လောက်တွင် ကျွန်ုပ်ရှိရာ ဆီလာပြီး ဝင်းမြင့်က လာခေါ်သည်။ ကျွန်ုပ်က အသင့်ပြင်ထားသော လက်ဆွဲ အိတ်ကို အိမ်အောက်သို့ပစ်ချကာ အိမ် အောက်ကိုဆင်းခဲ့၏။

ဤသည်ကို ကျွန်ုပ်၏မိခင်ဖြစ်သူ ဒေါ်အုန်းညွန့်ကသိသွားပြီး ကျွန်ုပ်၏ ဖခင် ဦးအောင်ချယ်အား အသိပေးနေ သေး၏။ ကျွန်ုပ်က ဂရုမစိုက်တော့ပါ။ အိမ်အောက်ရောက်သည်နှင့် ရွာအောက် ပိုင်းဆီသို့ ထွက်ပြေးခဲ့၏။ ကျွန်ုပ်၏ဖခင် ကလိုက်လာသေး၏။ ကျွန်ုပ်တို့က အိမ် တစ်အိမ်တွင် တက်ပုန်းနေလိုက်သဖြင့် ရှာမတွေ့ဘဲပြန်သွား၏။ နေ့ခင်းလောက် ရောက်သောအခါ ရွာကသောက်သုံးရေ သောချောင်းထဲသို့ဆင်းပြီး ထိုမှတစ်ဖန် မြေပဲခင်းထဲကိုဝင်ခဲ့ကြသည်။

မြေပဲခင်းထဲက နေကြာပင်နှင့် ပြောင်းဖူးပင်များကို အကာအကွယ်ပြု ပြီး ချင်းတွင်းမြစ်ကြောင်းရှိရာ ရွာ၏ အနောက်မြောက်ထောင့်ရှိရာဘက်ဆီ ဆက်၍ထွက်ခဲ့ကြသည်။ မြစ်ကမ်းဘေး သို့ရောက်သောအခါ သင်္ဘောဆိပ်ရှိရာ နောင်ဆန်းကျင်ရွာသို့ မြစ်ကမ်းဘေး အတိုင်းသွားရန် စီစဉ်ထား၏။

ကံကောင်းသည်ဟုပြောရပါမည် ကျွန်ုပ်တို့နှစ်ယောက် မြစ်ကမ်းဘေး ရောက်သောအခါ ဟုမ္မလင်းမြို့မှ မုံရွာ မြို့သို့သွားရန်အတွက်စုန်ဆင်းလာသော ပန်းနွယ်သင်္ဘောကြီးက ကျွန်ုပ်တို့လည်း မြစ်ကမ်းဘေးသို့အရောက် သင်္ဘော[illegible] လည်း သောင်တင်သွားပါတော့သည်။

ခရီးသည်များက သင်္ဘော[illegible] ဆင်းပြီးတွန်းချနေကြစဉ် ကျွန်ုပ်[illegible] နှစ်ယောက်မှာလည်း သင်္ဘောရှိရာ[illegible] ကူးခပ်သွားပြီး သင်္ဘောသောင်မှ[illegible] ပြီးထွက်ခွာသောအခါတွင် ကျွန်ုပ်[illegible] နှစ်ယောက်ပါ လိုက်ပါသွားခဲ့ရပါ[illegible] ၏။ သင်္ဘောမှာ မကြာခဏသောင်[illegible] နေသဖြင့် လေးညအိပ်ပြီး ငါးရက်မြောက် [illegible] သောညကျမှ မုံရွာကိုရောက်ကြရ[illegible] သည်။

မုံရွာမြို့တွင် စစ်တပ်ရှိ၏။ [illegible] ကျွန်ုပ်တို့ကမဝင်ကြသေး။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ငွေမကုန်မချင်းသွားနေကြမည်။ ငွေကုန်သောမြို့ကိုရောက်မှ တပ်ထဲကိုဝင်မည်။ ထိုကဲ့သို့ငွေကုန်ထားမှ တစ်နည်းအားဖြင့် လမ်းစရိတ်မရှိတော့သောအခါ ဘယ်မှသွား၍မရနိုင်တော့ဘဲ စစ်တပ်ထဲမြဲနေမည်ဟု ခံယူထားသည်။ လမ်းစရိတ်ရှိနေလျှင် ထွက်ပြေးချင်က အချိန်မရွေးထွက်ပြေးနိုင်၏။ နှစ်ယောက်သား စစ်တပ်ထဲဝင်မည့်စီမံကိန်းကြီးမှာ ဘုရင့်နောင်အောင်ဖျက်ပြီး တိုက်ပွဲဝင်မည့်ပုံစံမျိုးဟု ပြောသော်ရ၏။

သို့ဖြင့် ထိုညတွင် သင်္ဘောဆိပ်တစ်လျှောက်တွင်ရှိနေသော အကြော်ဆိုင်တစ်ခုထဲသို့ဝင်ကာ အိပ်စက်ကြရတော့သည်။ မိုးလင်းလာသောအခါ မန္တလေးသို့သွားမည့် ကားနေရာအား မေးမြန်းစုံစမ်းသောအခါ ဆိုက်ကားသမားတစ်ယောက်က ရတနာပုံကားရှိသည်ဟုဆိုကာ သူကပင် ကားဂိတ်အထိ လိုက်ပို့၏။ ဆိုက်ကားခရှင်းပေးပြီး မန္တလေးသို့သွားမည့် ဘတ်(စ်)ကားပေါ်သို့တက်ထိုင်ကာ လိုက်ပါဖြစ်ခဲ့ရပြန်၏။

ကားမှာ တစ်မြို့ပြီးတစ်မြို့၊ တစ်ရွာပြီးတစ်ရွာဖြင့် ဖြတ်သန်းမောင်းနှင်လာခဲ့ရာ နေ့လယ်လောက်တွင် မန္တလေးမြို့ကို ရောက်ကြရတော့သည်။ ကားခရှင်းပေးလိုက်သောအခါ ငွေက တစ်ဆယ်ကျပ်သာကျန်တော့သည်။

ထိုအခါကျမှ မြင်းလှည်းဆရာတစ်ယောက်အား စစ်သားစုဆောင်းရေးရုံးရှာဆီသို့ ပို့ခိုင်းရပါတော့သည်။ မြင်းလှည်းဆရာက ဟိုကွေ့သည်မောင်းဖြင့် မန္တလေးနန်းတွင်းအဝင်ပေါက်တစ်ခုတွင် ပို့ပေး၏။ ရောက်သောအခါ သူက-

"အဲ - ဟိုမှာတွေ့လား၊ စစ်သားစုဆောင်းရေးတပ်ဆွယ်တဲ့။ အဲဒီကိုသွားကြတော့"

ဟု ပြောပြီး မြင်းလှည်းတစ်ဆယ်ကျပ်တောင်း၏။ ပေးလိုက်သောအခါ အိတ်ထဲမှာတစ်ပြားတစ်ကျပ်မှမရှိတော့ပါ။

သို့ဖြင့် စစ်သားစုဆောင်းရေးဟု ရေးထားသောနေရာသို့သွားပြီး တပ်ထဲဝင်လိုကြောင်းသွားပြောရာ တစ်ယောက်သောသူက မှတ်ပုံတင်ပါလားဟုမေး၏။ ကျွန်ုပ်တို့နှစ်ယောက်က မပါဘူးဟုပြောလိုက်သောအခါ ထိုသူက ခေါင်းကိုသာ ခါနေတော့သည်။

ကျွန်ုပ်တို့နှစ်ယောက် သဘောပေါက်လိုက်ပါပြီ။ ကျွန်ုပ်တို့နှစ်ယောက်အား မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ကြောင်းကိုပါ။

ထိုအခါကျမှ ကျွန်ုပ်တို့နှစ်ယောက်မှာတော့ သောင်ပြင်ပေါ်အလွတ်ခံရသည့် ခွေးကမှ တော်ကာကျပေဦးမည်။ စားစရာကလည်းငွေမရှိ၊ အိပ်စရာနေရာကလည်းမြေမရှိ၊ အကူအညီတောင်းဖို့ အသိမိတ်ဆွေကလည်းဗလာနတ္ထိဖြစ်နေကြရပေပြီ။

ထိုင်နေလျှင် အကောင်းသား၊ ထသွားမှကျိုးမှန်းသိဆိုတာ ကျွန်ုပ်တို့နှစ်ယောက်ကိုပြောခဲ့ကြလေသလားဟု ထင်မှတ်မှားရ၏။ သို့ဖြင့် နှစ်ယောက်သား ကြံရာမရဖြစ်ကာ ကျုံးနံဘေးတစ်လျှောက်တွင်တွေ့ရသော ပန်းခြံများထဲသို့ တစ်ခုပြီးတစ်ခုဝင်ခဲ့ကြတော့သည်။ နှစ်ယောက်သားအစီအစဉ်မှာ အဖမ်းခံလို၍ဖြစ်၏။ ထိုပန်းခြံထဲတွင် လူတွေဝင်ခွင့်ရှိမရှိကို ကျွန်ုပ်တို့မသိပါ။ အကယ်၍ ဝင်ခွင့်မရှိဖြစ်ခဲ့ပါမူ တာဝန်ရှိသူတစ်ဦးဦးက ကျွန်ုပ်တို့အား လာ၍ဖမ်းမည်။

ထိုကဲ့သို့လာဖမ်းပြီး အချုပ်ခန်းထဲသို့ရောက်ပြီဆိုလျှင် ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့နှစ်ယောက်ထက် ပျော်ရွှင်စရာကောင်းသောသူများမရှိနိုင်တော့ဟုထင်ပါသည်။ အကြောင်းမူ မျောက်သစ်ကိုင်းလွတ်ကသကဲ့သို့ဖြစ်နေသော ကျွန်ုပ်တို့နှစ်ယောက်အဖို့ ဘာပဲပြောပြော ခေတ္တခဏတော့ဖြင့် ခိုနားစရာနေရာတစ်ခုရမည်။ စားစရာလည်း ထမင်းကြမ်းခဲလေးတော့ရသွားနိုင်၍ဖြစ်တော့သည်။

မကြာခင် လူတစ်ယောက်ယောက်မှ လာပြီးဖမ်းပါစေဟု ဆုတောင်းရင်းလျှောက်လာကြရာ ဆုတောင်းမပြည့်ခဲ့ပါ။ သို့ဖြင့် ရေပေါ်သို့ဖြတ်ဆောက်ထားသောတံတားပေါ်သို့ကျော်ကာ မြို့ထဲရှိရာဆီသို့ ခြေဦးတည့်ရာလျှောက်ခဲ့ပြန်၏။ လမ်းများကို ဖြတ်ကူးသည့်အခါ ကူး၍ရသည့်နေရာလား၊ ကူး၍မရသည့်နေရာလားဆိုသည်ကိုမသိပါ။ မည်သူ့ကိုမျှလည်း မမေးပါ။ အကယ်၍ မဖြတ်ကူးရသည့်နေရာအား ဖြတ်ကူးမိ၍လာဖမ်းလျှင်ကား ကျွန်ုပ်တို့နှစ်ယောက်က စိတ်ဆိုးမည်မဟုတ်ပါ။ ထိုသူကား ကယ်တင်ရှင်ကဲ့သို့သတ်မှတ်ပြီး ရှိခိုးချင်ရှိခိုးမိနိုင်ပါသေးသည်။ တင်ပြခဲ့သည့်အတိုင်း အချုပ်ခန်းထဲသို့ စံမြန်းလို၍ပင်ဖြစ်တော့သည်။ ကမ္ဘာပေါ်တွင် မည်သူကမျှအဖမ်းခံထိပြီး အချုပ်ခန်းထဲရောက်လိုကြမည်မဟုတ်။ သို့သော် ကျွန်ုပ်တို့မှာတော့ လောကပြောင်းပြန်ဖြစ်နေကြရသည်။

သို့ဖြင့် ဟိုဖြတ်ဒီကူးလုပ်ရင်းက လျှောက်လာခဲ့ကြရာ တစ်နေရာသို့အရောက်တွင် နာရီစင်ကြီးတစ်ခုကိုတွေ့ရလေတော့သည်။

ထိုအခါ ဝင်းမြင့်က -

"ဟေ့ ဝင်းဖေ၊ ဒါဟာ မန္တလေးနာရီစင်ကြီးဖြစ်ရမယ်ကွ။ ငါရုပ်ရှင်ထဲမှာတွေ့ဖူးခဲ့တယ်"

ဟု ပြောလာသည်။

ကျွန်ုပ်ကလည်း တစ်နှစ်မှာတစ်ခါလာပြီးပြတတ်သော နယ်လှည့်ရုပ်ရှင်တစ်ခုတွင် တွေ့ခဲ့ရဖူးသည်ဖြစ်၍ -

"အေးကွ၊ အဲဒီနာရီစင်ကြီးက မန္တလေးဈေးချိုနားမှာကွ။ သေချာအောင် အောက်ကိုငုံ့ကြည့်စမ်း"

ဟုပြောပြီး နာရီစင်၏အောက်ကိုကြည့်လိုက်သောအခါ ဟုတ်ပါသည်။ နာရီစင်တွင် စာရေးထား၍ဖြစ်သည်။ ကျွန်ုပ်တို့နှစ်ယောက်မှာ နာရီစင်ကြီးကိုကြည့်ကာ ဝမ်းသာသလိုဖြစ်သွားကြရသေးသည်။ အမှန်စင်စစ် ထိုနာရီစင်ကြီးသည် ကျွန်ုပ်တို့နှစ်ယောက်၏ အခက်အခဲကို ဘာတစ်ခုမှဝင်ပြီးဖြေရှင်းပေးနိုင်သည့်အရာကား မဟုတ်ပါပေ။

ထိုအခိုက် -

"မုံရွာကို၊ မုံရွာကို"

ဟု ကားစပယ်ယာတစ်ယောက် လှမ်းခေါ်နေသည့်အသံကို ကြားရတော့သည်။ နှစ်ယောက်သား ကြံရာမရတော့ဘဲ ထိုကားပေါ်သို့ပြေးတက်ကြသည်။ လက်ထဲမှာတော့ ငွေကတစ်ပြားမှမရှိ။ သို့သော် နောင်ခါလာနောင်ခါချေး သဘောထားကာ ပြေးတက်ကြသည်။ လာရာလမ်းသို့ပြန်ရုံမှတစ်ပါး အခြားမရှိခဲ့ချေပြီ။ ကားစပယ်ယာဆိုသူမှာလည်း လူသားထဲကလူတစ်ယောက်မို့ အကျိုးအကြောင်းပြောလျှင် လက်ခံမည်ဟုလည်း ယုံကြည်ထားပါသည်။

သို့ဖြင့် မန္တလေးမြို့မှထွက်လာပြီး မကြာခင် ကျွန်ုပ်က ကားစပယ်ယာအား အသနားခံပြီးညှိနှိုင်းရာ ထိုသူက ကျွန်ုပ်ဝတ်ထားသော ဖော့ရှုံ့အကျီကိုတောင်း၏။ ကျွန်ုပ်ချုပ်ခဲ့စဉ်က (၈၀) ကျပ်ကုန်ခဲ့ပါသည်။ ယခု သူကား ကားခနုတ်ပြီး ငွေ (၃၅) ကျပ်ပြန်ပေး၏။ ထိုနည်းဖြင့် မုံရွာသို့ မိုးချုပ်မှပြန်ရောက်ခဲ့ရ၏။

မုံရွာသို့ရောက်သောအခါ သူက အိပ်ခဲ့သော အကြော်တဲဆီသို့သွားကာ အိပ်ခဲ့ရပြန်၏။ မိုးလင်းသောအခါ ပန်းဝါ သင်္ဘောကြီးက ဟုမ္မလင်းသို့ဆန်တက်

www.burmeseclassic.com

မည်ဆိုသောအခါ ကျွန်ုပ်တို့နှစ်ယောက်က လိုက်ခဲ့ရပြန်၏။

ပါလာသောအဝတ်အစားများကို ရောင်းခဲ့ကြရသည်မှာလည်း နောက်ဆုံး လက်ဆွဲအိတ်ပင်မကျန်တော့ပါ။

❏

သင်္ဘောသည် တစ်ရက်ပြီးတစ်ရက်ဆန်တက်လာရာ ဟူမွလင်းမြို့နှင့် သိပ်မဝေးလှတော့သော တုံဟဲ့ရွာ သင်္ဘောဆိပ်သို့ ရောက်ခဲ့ရတော့သည်။ တုံဟဲရွာတွင် အိန္ဒိယနယ်စပ်ဘက်သို့ သွားသောကားလမ်းရှိကြောင်း ကျွန်ုပ်က သိထားပါသည်။ သနန်ရွာတွင်နေထိုင်သော ကိုကျော်သိန်းဆိုသူက အိန္ဒိယဘက်မှလာသော လက်လေးစက်ဘီးနှင့် ပါတိတ်ထဘီများကို ကျွန်ုပ်၏အိမ်တွင် လာရောက်တည်းခိုပြီးရောင်းခဲ့ဖူးပါ၏။ ထိုသူက ကျွန်ုပ်ကိုမှာထားခဲ့ဖူး၏။ 'တုံဟဲရွာကနေ ကားလမ်းအတိုင်းလာရင် ငါနေတဲ့ သနန်ဆိုတဲ့ရွာကို ရောက်တယ်။ အခါအခွင့်သင့်ရင်လာခဲ့ပေါ့'ဟု မှာထားခဲ့ဖူး၏။

သို့ဖြင့် ကျွန်ုပ်တို့နှစ်ယောက်က တုံဟဲရွာကိုရောက်သောအခါ ဆင်းပြီး ကျန်ခဲ့ပါသည်။ အကြောင်းမူကား ကိုကျော်သိန်းရှိရာ သနန်ရွာကိုသွားလို၍ ဖြစ်သည်။ ကိုကျော်သိန်းအပြောအရ သူတို့တစ်လျှောက်တွင် နိုင်ငံတော်အစိုးရက ဦးစီးပြီးလုပ်ကိုင်နေသော လယ်ယာလုပ်ငန်းခွင်ရှိကြောင်း သိထားခဲ့သည်။ ကျွန်ုပ်တို့ ရည်ရွယ်ချက်မှာ ထိုလယ်ယာလုပ်ငန်းခွင်သို့သွားပြီးလုပ်ကိုင်မည်။ ထိုကဲ့သို့လုပ်ကိုင်ရင်း မှတ်ပုံတင်ရရှိရေးကိစ္စများဆောင်ရွက်မည်။ မှတ်ပုံတင်ရပြီဆိုလျှင်ဖြင့် ကျွန်ုပ်တို့ဖြစ်ချင်သော စစ်သားဘဝသို့ရောက်ရန် ထပ်မံ၍ကြိုးစားမည်။ ထိုကဲ့သို့ ရည်ရွယ်ချက်ဖြင့် ဆင်းကျန်ခဲ့ခြင်း ဖြစ်သည်။

တုံဟဲရွာကိုဆင်းကျန်ခဲ့ပြီး သနန်ရွာသို့သွားသောကားလမ်းအားမေးသောအခါ လူတစ်ယောက်ကလိုက်ပြပေး၏။ သို့ဖြင့် ကားလမ်းအတိုင်းဆက်ပြီးထွက်ဖြစ်ခဲ့တော့သည်။ ကားလမ်းမှာ တောင်တက်လမ်းဖြစ်၍ အချို့နေရာများတွင် လွန်စွာမှ ကွေ့ကောက်နိုင်လှပါသည်။ သို့ဖြင့် အချို့သောနေရာများတွင်လူသွားဖြတ်လမ်းလေးများကရှိသည်။ ထိုဖြတ်လမ်းလေးများကို ကျွန်ုပ်တို့နှစ်ယောက်က တစ်ခါ၊ နှစ်ခါဖြတ်ပြီးသွားကြလေရာ အတော့်ကိုအဆင်ပြေလှပါသည်။ ခရီးအဝေးကြီးသွားရမည့်အခြေအနေမျိုးတွင် ခဏာလောက်နှင့်ရောက်ရတော့သည်။

သို့ဖြင့် တစ်နေရာတွင် ကားလမ်း၏ဘယ်ဘက်အခြမ်းတွင်ဆင်းသွားသော လူသွားလမ်းကလေးကိုတွေ့ရာ ကျွန်ုပ်တို့နှစ်ယောက်က ဖြတ်လမ်းအထင်နှင့် လိုက်ပြီးဆင်းသွားကြလေရာ ရှေ့တွင် ကားလမ်းကို ပြန်မတွေ့ကြရတော့ပါ။ လမ်းမှာလည်း တဖြည်းဖြည်းချင်းပျောက်တော့မလိုပင်ဖြစ်ခဲ့ရတော့သည်။ တောင်ယာဟောင်းများ၊ မီးသွေးဖိုဟောင်းများကိုတွေ့ရသည့်အခါ တွေ့ရသည်။

နံနက်ပိုင်း (၉) နာရီကျော်ကျော်လောက်ကတည်းက ထွက်လာခဲ့ကြရာ ရွာသားများ၏ပြောပြခဲ့ချက်အရ ညနေ (၅) နာရီလောက်တွင် သနန်ရွာကို ရောက်နိုင်၏။ ယခုဆိုလျှင် (၅)နာရီပင်ကျော်ခဲ့ပါပြီ။ သနန်ရွာကိုမပြောနှင့် ကားလမ်းပေါ်ကိုပင် ပြန်မတွေ့ရတော့ဘဲရှိနေရတော့သည်။

သို့ဖြင့် ရှေ့ကိုဆက်တိုးလာရာ မကြာခင်အချိန်အတွင်း တောတွင်းထဲကရွာတစ်ရွာကို ဘွားခနဲတွေ့လိုက်ကြရတော့သည်။ ရွာမှာ တောအုပ်ကြီးအတွင်းထဲကရွာတစ်ရွာဖြစ်နေ၍ ကျွန်ုပ်တို့က အဝေးမှမမြင်ခဲ့ရခြင်း ဖြစ်သည်။

ရွာသို့ရောက်ရောက်ချင်း အိမ်တစ်လုံးအောက်တွင် အဘွားတစ်ယောက်ကရပ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်က -

"အဘွား၊ ဒီရွာကဘာရွာလို့ခေါ်ပါသလဲ"

ဟု မေးလိုက်ရာ အဘွားက -

"ဆိုင်းခေါင်လို့ခေါ်တယ်ကွယ့်"

"သနန်ရွာက ဝေးသေးလား အဘွား"

"ဝေးသေးတာပေါ့ကွယ်။ သနန်ရွာကိုသွားမယ်ဆိုရင် ဒီကနေ တုံဟဲရွာကို အရင်သွားရတယ်ကွယ့်။ အဲဒီတုံဟဲရွာကမှတစ်ဆင့် တောင်ပေါ်ကကားလမ်းအတိုင်းသွားရတာကွယ့်"

ဟု ပြောပါသည်။

ကျွန်ုပ်က -

"ကျွန်တော်တို့က အဲဒီတုံဟဲကနေပြီး သနန်ရွာကိုသွားနေတာပါ"

ဟု ပြောလိုက်သောအခါ ကျွန်ုပ်တို့နှစ်ယောက်မှာ မျက်စိလည်လမ်းမှားလာကြောင်းသိသွားကာ -

"အချိန်မရှိတော့ဘူးလေ၊ ဒီမှာပဲ ညအိပ်သွား"

ဟုပြောပါသည်။

ကျွန်ုပ်တို့ စကားပြောနေကြ... လူရွယ်တစ်ယောက်သည် ခြံထော... တစ်နေရာကနေပြီး ကျွန်ုပ်တို့အား... လှမ်းကြည့်နေကြောင်း တွေ့ရသည်... ဘာမှတော့မပြောဆိုဖြစ်ကြပါ။

အဘွားက -

"ကဲ- ရေချိုးကြဦး၊ အဘွားလည်း... ထမင်းချက်လိုက်ဦးမယ်"

ဟုပြောပြီး အိမ်ပေါ်သို့တက်သွား... လေသည်။ ကျွန်ုပ်တို့နှစ်ယောက်... လည်း အိမ်နောက်ဘေးရှိ ရေတွင်း... သွားကာ ရေချိုးကြသည်။ ရေချိုး... အိမ်ရှေ့သို့ ပြန်ထွက်လာသောအ... ကျွန်ုပ်တို့စကားပြောနေစဉ်လာပြီးကြ... နေသောလူရွယ်က -

"နောင်ကြီးတို့၊ ဒီအဘွားအိမ်... မတည်းပါနဲ့ဗျာ။ သူက စေတနာတော... ပေမယ့် ဆင်းရဲတယ်။ ကျွန်တော့်အိမ်... လိုက်တည်းပါ။ အိမ်မှာ ကျွန်တော်... လင်မယားနှစ်ယောက်ပဲရှိတယ်။ အ... အားနာစရာမလိုဘူး"

ဟု ပြောပြီး လာခေါ်ပါသည်။

ကျွန်ုပ်တို့လည်း အဘွားအ... အဆင်ပြေအောင်ပြောဖြကာ ထိုသူ... ရာနောက်ကို လိုက်ခဲ့ပါတော့သည်... လူရွယ်၏အမည်မှာ စံပျော ဟူ၍... သည်။ပျဉ်ခင်းဝါးထရံကာပြီး သက်... မိုးထားသော နေအိမ်ကျယ်ကြီး... လင်မယားနှစ်ယောက်တည်း နေထို... ခြင်း ဖြစ်သည်။

အနည်းငယ်မျှ မှောင်လာသော... အခါ ထမင်းစားရန် ပြင်ဆင်ကြသည်... ထိုအခါ ကျွန်ုပ်တို့ တည်းခိုရန်လုပ်... သော အဘွားထံမှ ကျွဲနို့တစ်ပန်း... လာပို့ပေးနေသည်ကိုလည်း တွေ့... အခြားသော သုံး၊ လေးအိမ်မှသူ... လည်း ဟင်းခွက်များလာပို့နေကြ... ၏။သို့ဖြင့် ထိုညစာအတွက် ဟင်းအ... ဖွယ်ဖွယ်ရာရာဖြင့် စားသုံးခဲ့ကြ... သည်။

စားသောက်ပြီးသောအခါ၌... အိမ်ရှင်ကတော့ ဧည့်ဝတ်ကျေပွန်... လှပါသည်။ လက်ဖက်သုပ်၊ မြေ... ကြော်ဖြင့် ဧည့်ခံပြန်၏။ အခြား... အိမ်များမှလူငယ်လေး၊ငါးဆယ်... လောက်ကလည်း လာပြီးလည်... အထူးသဖြင့် ကျွန်ုပ်တို့ရောက်လာ... ဆို၍ လာပြီးလေ့လာစူးစမ်းလို... ဖြစ်ပါမည်။ ဧည့်စိမ်းရောက်လာ... စနည်းနာခြင်းပင်။

ကျွန်ုပ်တို့က တပ်ထဲဝင်ရန်အ...



www.burmeseclassic.com

www.burmeseclassic.com

မုံရွာ-မန္တလေးမြို့အထိရောက်ခဲ့ရပြီးမှ ခတ်ပုံတင်မရှိ၍ ဒုက္ခပေါင်းများစွာနှင့် ပြန်ခဲ့ကြရကြောင်း ပြောပြသောအခါ သူတို့က မုံရွာနှင့် မန္တလေးမြို့တို့၏ အကြောင်းကိုမေးကြ၏။ ကျွန်ုပ်တို့က သည်း တွေ့ခဲ့ရသမျှကို ခင်မင်ရင်းနှီးစွာ နှင့် ပြန်ပြောပြရပါ၏။

သူတို့မှာလည်း ကျွန်ုပ်တို့ကဲ့သို့ပင် ညသည့်မြို့ကိုမျှရောက်ဖူးပုံမပေါ်ပါ။ သူတစ်ခုအဆုံး ၎င်းတို့၏မြို့နယ်ဖြစ်သော ဘူမွလင်းမြို့ကိုမှရောက်ဖူးပါလေစဟု မေးရမလိုဖြစ်နေ၏။

သို့ဖြင့် ထိုနေ့ညတွင် ညဉ့်နက် သည်အထိပြောဆိုကြပြီးကာမှ ညအိပ် ဖြစ်ခဲ့ကြရတော့သည်။

❑

နောက်တစ်နေ့ မိုးလင်းလာပြန် တော့လည်း ကျွန်ုပ်တို့တည်းခိုနေသော အိမ်တွင် လူရွယ်အချို့လာပြီးစကားပြော ဆိုကြပါသည်။ ထမင်းစားမည်ဆိုသော အခါတွင်လည်း အခြားသောအိမ်များက ပါလာပြီး ဟင်းများပို့ပေးနေကြသည်ကို တွေ့ရပြန်၏။ လွန်စွာမှစိတ်ထားဖြူစင် ကြသော တောသူတောင်သားများပင် ဖြစ်မည်။ ထမင်းများစားသောက်ပြီး ရေနွေးကြမ်းဝိုင်းဖြင့် ဧည့်ခံစကားပြော ကြသောအခါ အိမ်ရှင် ကိုစံပျောက -

"ဒါနဲ့ စကားမစပ်ဗျာ၊ နောင်ကြီး တို့ကြည့်ရတာ သိုင်းပညာတတ်ပုံရ တယ်။ တတ်ရင်သင်ခဲ့ပေးပါလားဗျာ။ ကျွန်တော်တို့က သိုင်းပညာဆိုတာကြား ဖူးခဲ့ကြားဖူးတာပါ။ သင်ဖူးဖို့နေနေသာ မြင်တောင်မမြင်ဖူးဘူးဗျ"

ဟု ပြောဆိုတောင်းခံလာလေ တော့သည်။

ထိုအခါ ကျွန်ုပ်က -

"ဟာ- မတတ်ပါဘူးဗျာ၊ တကယ် ပြောတာပါ"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် သူ က မယုံပါ။

အမှန်တကယ့်လည်း ကျွန်ုပ်က သိုင်းပညာများကိုမတတ်ပါ။ သို့သော် အမြင်အားဖြင့်တော့ များစွာမှယဉ်ပါး ခဲ့သူ ဖြစ်သည်။ အမြင်အားဖြင့် ယဉ်ပါး ခဲ့ရသည်မှာလည်း ကျွန်ုပ်တို့၏ရွာတွင် သိုင်းဆရာသုံးယောက်ရှိသည်။ ထိုသိုင်း ဆရာသုံးယောက်ထဲတွင် တစ်ယောက် သောသူက ကျွန်ုပ်၏ ဖခင်အရင်းဖြစ် သော ဦးအောင်ချယ်ဖြစ်သည်။ နောက် တစ်ယောက်မှာလည်း ဆွေ့ရိပ်မျိုးရိပ် မကင်းလှသော ဘလေးသာဆင့် ဖြစ် သည်။ နောက်တစ်ယောက်မှာ ဖိုးစိုးလင်း ဖြစ်သည်။

ဖိုးစိုးလင်းသိုင်းသင်ရာသို့ ကျွန်ုပ် ကသွားပြီးမကြည့်ဖြစ်သော်လည်း ကျွန်ုပ် ၏ ဖခင်နှင့်ဘလေးများ သိုင်းပေးရာနေ ရာများဆီသို့ ကျွန်ုပ်ကသွားပြီးကြည့်ဖြစ် သည်ကများသည်။ ထိုကဲ့သို့ သူငယ်ချင်း များနှင့်သွားကြည့်ကြပြီး တစ်ခါတစ်ရံ ကိုယ်အစီအစဉ်နှင့်ပြန်လေ့ကျင့်သည့်အခါ လည်းရှိခဲ့၏။ ဆရာနှင့်လက်ထပ်ပြီး သင်ယူရသည့်အနေအထားတွင်မရှိ၍ တင်းပြည့်ကျပ်ပြည့်တော့ မရခဲ့နိုင်ပါ။ တစ်ခါတစ်ရံမှသာ သွားကြည့်သည့် အတွက် သွားမကြည့်ဖြစ်သည့်အခါ သူတို့သင်သော အချို့သောပညာရပ် များကို ကျွန်ုပ်မရခဲ့ပါ။ ရခဲ့သည့်အဆင့် ပင်လျှင် တင်ပြခဲ့သည့်အတိုင်းလက်ထပ် ပြီးသင်ယူခဲ့ရသည်မဟုတ်၍ များစွာမှ အားနည်းချက်ရှုတွေ့ရှိနိုင်ပါသည်။ ဆရာ သမားနှင့်တွဲပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ယူမှသာရနိုင်၏။ သို့ဖြင့် ကျွန်ုပ် ကဘူးခါလိုက်သောအခါ အိမ်ရှင်က -

"လုပ်ပါဗျာ၊ ကျွန်တော်က သိုင်း ပညာကို တအားတတ်ချင်တာဗျ။ တတ် ချင်ပေမယ့် သင်ပေးမယ့်ဆရာကမရှိဘူး ဖြစ်နေလို့ပါပဲဗျာ"

ဟု မကြာ့ခဏပြော၏။ ပြောလာ တိုင်း ကျွန်ုပ်ကငြင်းဆန်ခဲ့မြဲဖြစ်၏။ မိမိ ၏အဆင့်မှာ ပညာဝယ်အဆင့်ပင်မရှိပါ ဘဲနှင့်သိုင်းပညာလုပ်ပြီးသင်ပေးနေမြို့ဆို ပါစို့။ အကယ်၍ ပညာသည်နှင့်တွေ့ရပြီ ဆိုလျှင် ဒုက္ခကောင်းကောင်းကြီးရောက် နိုင်၍ ကျွန်ုပ်က ငြင်းဆန်နေရခြင်းဖြစ် ၏။

သိုင်းပညာရပ်နှင့် ပတ်သက်လာ လျှင် ကျွန်ုပ်၏ဖခင်နှင့် ဘလေးတို့မှာ ကျွန်ုပ်အတွက် မြင်ဆရာများဖြစ်ခဲ့၍ အလှပြကပြရသော ကကွက်တော်တော် များများကို ကျွန်ုပ်က ကပြနိုင်ပါသည်။ ကျွန်ုပ်ကဲ့သို့ပင် သူငယ်ချင်း ဝင်းမြင့်က လည်း အတော်အသင့် ကပြနိုင်ပါသည်။ သူ့တွင်လည်း သင်ဆရာဟူ၍မရှိခဲ့။ မြင်ဆရာအဆင့်တော့ ရှိခဲ့ဖူးသည်သာ။ သိုင်း ပညာရပ်တွင် ထိုကဲ့သို့ကပြတတ် ရုံနှင့်မပြီးပါ။

ကပြရသော ကကွက်များထဲတွင် တစ်ဖက်သားတိုက်ခိုက်လာမှုကိုပြန်လည် ခုခံကာကွယ်ပြီး တန်ပြန်တိုက်ခိုက်ရသော အကွက်များပါ၏။ သို့သော် လူတော်တော် များများကမသိပါ။ ထိုကဲ့သို့ တစ်ဖက် ရန်သူ၏ တိုက်ခိုက်လာမှုကို ပြန်လည် ခုခံကာကွယ်ထားပြီး တန်ပြန်တိုက်ခိုက် ရသောနည်းများကို ဒေသအခေါ် အရ 'တင်း' ဟု ခေါ်သည်။

အဆိုပါ 'တင်း' ဟုခေါ်သောပညာ ရပ်များကို သိုင်းဆရာအသီးသီးတို့က လူရှေ့သူရှေ့တွင်မပြကြပါ။ တောထဲ တောင်ထဲတွင်သော် လည်းကောင်း၊ မိမိ တို့နေအိမ်တွင်ဖြစ်ပါက အိမ်ပေါ်သို့ခေါ် ပြီး တံခါးများအလုံပိတ်ကာ လူအများ မမြင်အောင် လျှို့ဝှက်စွာဖြင့် သင်ကြား ပေးကြပါသည်။

သို့သော် ကျွန်ုပ်ကတော့ တပည့် မခံသော်လည်းလိုက်ကြည့်၏။ ကြည့်ဖန် များလာသောအခါ မျက်စိတွင်ယဉ်ပါး လာပြီး အကွက်တော်တော်များများကို ပါမှတ်မိထားသူ ဖြစ်၏။ သိုင်းပညာရပ် သည် မှတ်မိရုံဖြင့် မလုံလောက်ပါ။ ပြင်းပြင်းထန်ထန်လေ့ကျင့်ယူမှ ရနိုင်အပ် သောပညာရပ် ဖြစ်သည်။

ကျွန်ုပ်တို့နှစ်ယောက် ထိုရွာတွင် နေထိုင်ခဲ့သည်မှာ သုံးညအိပ်ပြီးနောက် လေးရက်မြောက်သို့ရောက်လာခဲ့ရသည် အထိ ာမှလိုလေသေးမရှိအောင်ကျွေး မွေးခဲ့ြ သည်ကိုလည်း ပြန်၍အားနာ လာခဲ့ပါသည်။ ကျွန်ုပ်တို့ကသွားတော့ မည်ဟုပြောလေတိုင်း သူတို့က ဝိုင်းပြီး တားကြ၏။ သို့ဖြင့် ခေါင်တင်နေရခြင်း ဖြစ်သည်။ ၎င်းတို့အနေဖြင့်လည်း သိုင်း ပညာသင်ပေးရန်ကိုသာ နိစ္စဓူဝပြောနေ လေရာ ကျွန်ုပ်ကလည်း ထမင်းရှင်ဟင်း ရှင်များကို ကျေးဇူးဆပ်သောအနေဖြင့် နှစ်ယောက်သားတိုင်ပင်ပြီးသောအခါ-

"ကဲ- မထူးဘူးဗျာ။ သင်ပေးတယ် ရယ်လို့တော့မဟုတ်ဘူး။ ကျွန်တော်မြင် ဖူးခဲ့တဲ့သိုင်းအလှပြကွက်အချို့ကိုတော့ ဒီည (၈) နာရီမှာ ကပြပေးမယ်။ တစ်ခု ကြိုပြောထားလိုတာကတော့ ကျွန်တော် ဟာ ပညာသည်အဆင့်လုံးဝမဟုတ်ဘူး ဆိုတာကိုပါပဲ။ ပညာဝယ်အဆင့်လောက် တောင်မရှိချင်သေးတဲ့အဆင့်ပါ။ ခုဟာ က အားနာလွန်းလို့ပြီးတော့ နောင်ကြီး တို့မှာလည်း သိုင်းပညာရပ်နဲ့ပတ်သက် ရင် သင်ဖူးဖို့နေနေသာသာ မြင်တောင် မမြင်ဖူးဘူးဆိုကြလို့ပါ"

ဟု ပြောလိုက်သောအခါ အိမ်ရှင် လင်မယား အပါအဝင် လာလည်နေကြ သောလူရွယ်တို့ကပါ သိန်းဆုကြီးပေါက် သွားသူများကဲ့သို့ ဝမ်းသာမဆုံးတပြုံးပြုံး နှင့်ဖြစ်သွားကြတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ည(၈)နာရီမတိုင်ခင်ကတည်းက အိမ်ရှေ့ကွက်လပ်တွင် ရေနံဆီမီးခွက် ခပ်ကြီးကြီး (၆) လုံးကို လူတစ်ရပ်နီးပါး မြင့်သောတိုင်ထိပ်တွင်တင်ပြီးထွန်းထားကြပါသည်။ ရွာထဲတွင်ရှိနေကြသော သက်ကြီးရွယ်အိုအချို့နှင့် လူငယ်လူရွယ်တော်တော်များများကလည်း ကျွန်ုပ်တို့ သိုင်းကပြမည့်မြေကွက်တွင်ဝိုင်းပြီးစောင့်နေကြ၏။ ခန့်မှန်းခြေ လူ (၆၀)၊ (၇၀) လောက်ရှိမည်ထင်ရသည်။ အချို့ဆိုလျှင် သားသည်အမိများပင် ပါလာကြ၏။

ည(၈)နာရီထိုးသောအခါ ကျွန်ုပ်နှင့် သူငယ်ချင်း ဝင်းမြင့်တို့က အိမ်အောက်ကိုဆင်းပြီး တုတ်သိုင်း၊ ဓားသိုင်း၊ လက်သိုင်းတို့ကို (၅) ကွက်သိုင်း၊ (၇) ကွက်သိုင်း၊ (၉)ကွက်၊ (၁၂)ကွက်မှသည် (၂၄)ကွက်အထိ ကပြရသော အလှပြကကွက်များကို တစ်မျိုးပြီးတစ်မျိုး ကပြလိုက်ကြသည်။

ည(၉)နာရီကျော်မှပြီးတော့သည်။ ကျွန်ုပ်တို့နှစ်ယောက်မှာလည်း ချွေးဒီးဒီး ပင်ကျနေပါတော့သည်။ လာရောက်ကြည့်ရှုကြသော ရွာသူရွာသားများမှာတော့ ကျွန်ုပ်တို့အား တကယ့်သိုင်းသမားအကျော်အမော်များဟု ပြောဆိုကာ ချီးကျူးနေကြ၏။

ကျွန်ုပ်တို့နှစ်ယောက်က ရေချိုးပြီး အိမ်ပေါ်သို့ပြန်တက်လာသောအခါတွင် အိမ်ပေါ်၌လည်း လူတော်တော်များများကိုတွေ့ရသေးသည်။ ကျွန်ုပ်တို့အတွက် ရေနွေးကြမ်း၊ လက်ဖက်သုပ်နှင့် ပြောင်းဖူးပြုတ်များကို တည်ခင်းဧည့်ခံထားလေရာ ကျွန်ုပ်တို့က ရေနွေးကြမ်းကိုသောက်ကြသည်။

အိမ်ပေါ်တွင်ရောက်နေသောရွာသားထဲက အသက် (၆၀)ကျော်လောက်ရှိမည့် သျှောင်တစောင်းနှင့်လူက -

"အဘကတော့ ဒီရွာရဲ့ရွာသူကြီးဆိုပါတော့ကွယ်။ ဒါနဲ့ ငါ့တူတို့က ဘယ်ရွာကလဲ"

ဟု မေးလာရာ ကျွန်ုပ်က -

"ရေလဲ (မြင်သာ) ရွာကပါ အဘ"

"အဖေနာမည်က"

"ဦးအောင်ချယ်ပါ။ သိုင်းဆရာပါ"

"အောင်ချယ်ကိုတော့ မသိဘူး။ အောင်ချယ်ရဲ့အဖေနာမည်က"

ဟု မေးလာပြန်ရာ ကျွန်ုပ်က -

"ဦးဘိုးသန့်ပါ။ အဘွားကတော့ ဒေါ်ဖွားဆိုင်ပါ"

ဟုဖြေလိုက်သောအခါ ရွာလူကြီးက -

"ဪ ဪ . . . သိပြီ သိပြီ။ ကဲကဲ- ငါ့တူတို့ ဘာမှပြောမနေကြနဲ့တော့။ မနက်ဖြန်ကစပြီး ဒီရွာမှာ သိုင်းသင်ပေးကြတော့ပေ့ါ"

ဟု အားရပါးရ လက်ခုပ်တီးပြီး ပြောလေတော့သည်။

ထိုအခါ ကျွန်ုပ်က -

"မ. . . မလုပ်ပါနဲ့ အဘ"

ကျွန်ုပ်စကားမဆုံးမီ -

"ဘာမှပြောမနေပါနဲ့တော့ကွာ၊ သားတို့ ခုနက ကပြသွားခဲ့ကတည်းက အဘရိပ်မိပြီးသားပါ။ ဒီသိုင်းရဲ့အဆင့်ကလည်း ဘယ်အထိရှိနေတယ်ဆိုတာ အဘသိတာပေ့ါ။ ငါ့မြေးပြောသွားတာ ကြည့်လိုက်ခြင်းအားဖြင့် ဒီသိုင်းပညာဟာ ဦးဘိုးသန့်၊ ဦးသန့်ဆီကတစ်ဆင့် သူ့သား ဦးအောင်ချယ်၊ ဦးအောင်ချယ်ဆီကတစ်ဆင့် သူ့သားဖြစ်တဲ့ ငါ့မြေးဆီ ဆင်းသက်လာခြင်းပါပဲ။ တကယ်တော့ ဦးဘိုးသန့်ဆိုတာ တခြားလူမဟုတ်ပါဘူး။ အဘနဲ့သိုင်းပညာသင်ဖော်သင်ဖက်တွေပါ။ ဆရာတစ်ယောက်တည်းဆီမှာ ပညာရင်နို့အတူတူစို့ခဲ့ကြသူတွေပါပဲ။ သူငယ်ချင်းတွေဆိုလည်းမမှားဘူး။ ဒီတော့ သူငယ်ချင်းရဲ့မြေးဆိုတော့ ငါရဲ့မြေးပဲပေ့ါ။

ဒီရွာမှာ စားရေးသောက်ရေး၊ နေထိုင်ရေး၊ လုံခြုံရေးကအစ ဘာမှမပူနဲ့။ အဘအားလုံးတာဝန်ယူတယ်။ ခုနက သားတို့ကပြနေကတည်းက ဒီရွာက ကလေးတွေ၊ သူတို့ကိုသင်ခိုင်းပေးဖို့ အဘကိုလာပြီးနားပူနားဆာလုပ်နေကြတာအများကြီးပဲ။ သားတို့သင်ပေးလိုက်ပါ။ လူတစ်ယောက်ကို (၄၅) ကျပ်နဲ့ တစ်မတ် ပညာပူဇော်ခတင်ပေးခိုင်းပါ့မယ်"

ဟုပြောလာတော့သည်။

ထိုအခါ ကျွန်ုပ်က -

"သားတို့က ခရီးသွားတွေပါ။ အဘက ဒီပညာတတ်နေတာပဲ၊ သင်ပေးလိုက်ပေ့ါ"

ဟု ပြောလိုက်ရာ -

"သင်ပေးလို့မရဘူး ငါ့မြေးတို့ရဲ့၊ အဘက ဆရာကြီးမှာထားတဲ့စကားကို နားမထောင်တာတစ်ခုကိုလုပ်မိခဲ့တယ်။ ဒီအခါ ဆရာကြီးကစိတ်ဆိုးပြီး ဒီပညာ ရပ်နဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ ထပ်ဆင့်လို့သင်ကြားခွင့်မပေးခဲ့တော့ဘူး။ကျိန်စာတိုက်ပြီးမှကို လွှတ်လိုက်ခြင်းခံခဲ့ရသူတစ်ယောက်မို့ပါ"

ကျွန်ုပ်သည် ယခုမှ တကယ့်[illegible] ဘေးကျပ်နံကျပ်ဘဝကိုရောက်နေရ[illegible] သည်။

အိမ်ရှင်နှင့်တကွ အခြားသော[illegible] ရွယ်အချို့တို့ကလည်း သင်ပေးရန်[illegible] သာ ထပ်ခါတလဲလဲတောင်းဆိုနေကြ[illegible]

ဤသို့ဖြင့် ထိုနေ့ည ည၌[illegible] သန်းခေါင်တိုင်သည်အထိ ပြော[illegible] ကြဖြင့်ဖြစ်နေခဲ့ကြရလေရာ ကျွန်ုပ်[illegible] ပေါက်သည့်နဖူး မထူးဟုဖတ်ခင်း[illegible]

"ဒါဆို ဒီလိုလုပ်မယ် အဘ[illegible] ကျွန်တော်တို့က ပညာသည်တွေလည်း[illegible] မဟုတ်တဲ့အပြင် ခရီးသွားတွေလည်း[illegible] ဖြစ်နေလေတော့ ခုနစ်ရက်တစ်[illegible] လောက်တော့သင်ပေးခဲ့မယ်။ ဒီပညာ[illegible] က အနည်းဆုံး (၄၅) ရက်လော[illegible] သင်ပေးရတာမျိုးပါ။ အဲဒီလိုရက်တို[illegible] သင့်ပေးခဲ့ပြီးရင်တော့ ကိုယ့်ဟာကို[illegible] တန်းမဖြုတ်သေးဘဲ ဆက်ပြီးလေ့[illegible] သွားကြပေ့ါ။ အဲလိုဆိုရင်ကော"

ဟု ပြောလိုက်လျှင် အားလုံး[illegible] ဝမ်းသာအားရဖြင့် လက်ခံခဲ့ကြပါ[illegible] သည်။

သို့ဖြင့် နောက်တစ်နေ့တ[illegible] သင်ပေးရန် သဘောတူဖြစ်ခဲ့ကြ[illegible] သည်။

❑

နောက်တစ်နေ့သို့ ရောက်[illegible] အခါ နေ့ဘက်တွင် သိုင်းအလှ[illegible] များကိုသင်ပေးရသည်။ ညရောက်[illegible] အခါ ရန်သူ၏ တိုက်ခိုက်လာမှု[illegible] ကာကွယ်ပြီး ပြန်လည်တိုက်ခိုက်[illegible] နည်းများကို တက်သုတ်ရိုက်ပြီးသင်[illegible] ရတော့သည်။

ကျွန်ုပ်တို့က ကိုယ့်ဟာကို[illegible] ပါဟုခံယူထားသော်လည်း သူတို့[illegible] တော့ မမြင်ဖူး မူးကို မြစ်ဟုထင်[illegible] သည်။ ကျွန်ုပ်တို့မှာတော့ အ[illegible] သည့်တောတွင် ကြက်ဆူပင်မင်း[illegible] သကဲ့သို့ဖြစ်နေရတော့သည်။

ကျွန်ုပ်က -

"ကဲ - အခု တစ်ယော[illegible] လက်နက်မဲ့တိုက်ခိုက်နည်းထဲက[illegible] ပြမယ်။ ဒီအထဲကတစ်ယောက်[illegible] ခဲ"

လူရွယ်တစ်ယောက်က [illegible] ကျွန်ုပ်၏ရှေ့ကိုရောက်လာသော[illegible] ကျွန်ုပ်က -

"ညာခြေကို ရှေ့တစ်[illegible] ညာလက်နဲ့ ငါ့ကိုထိုး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ ထိုသူက ကျွန်ုပ်ပြောသလို ညာခြေရှေ့တစ်လှမ်းတိုးပြီး သူ၏ညာလက်ဖြင့် ကျွန်ုပ်အားထိုးလာ၏။ ကျွန်ုပ်က ကြိုသိထားပါသဖြင့် ထိုသူ၏လက်သီးနှင့်လွတ်အောင် ကျွန်ုပ်၏ ခန္ဓာကိုယ်အား ဘယ်ဘက်သို့ယိမ်းလိုက်၏။ တစ်ဆက်တည်းပင် ကျွန်ုပ်၏ညာခြေအား ထိုသူ၏ညာခြေနောက်သို့ ရောက်အောင်ထိုးချိတ်လိုက်ပြီး ကျွန်ုပ်၏ ညာလက်ဝါးဖြင့် ထိုသူ၏ရင်ဘတ်အား တွန်းထုတ်လိုက်ရာ ထိုသူနောက်သို့ပက်လက်လှန်ကာ လဲကျသွားရတော့သည်။

လာရောက်ကြည့်ရှုသူများက -

"တယ်ဟုတ်တဲ့တိုက်ကွက်ပါလား။ တအားကြီး အားနဲ့တောင်မလုပ်လိုက်ရဘူး။ တစ်ဖက်လူက ဗိုင်းခနဲပက်လက်လှန်ထွက်သွားတော့တာပဲ"

ဟု ပြောလေတော့သည်။

ထိုသူအား တိုက်ခိုက်ပြပြီးသောအခါ ကျွန်ုပ်က -

"ဒီတစ်ခါမှာတော့ဖြင့် ရန်သူနှစ်ယောက်နဲ့ ကိုယ်တစ်ယောက်ဆိုပါတော့။ ကဲ. . . ဒီတစ်ခါ နောက်ထပ်နှစ်ယောက်ထပြီးလာခဲ့ကြ"

ကျွန်ုပ်စကားဆုံးသောအခါတွင် အတန်းထဲကလူနှစ်ယောက်ထလာပြန်၏။ ရောက်လာသောအခါ ကျွန်ုပ်က -

"မင်းတို့နှစ်ယောက် ငါ့ရဲ့လက်တစ်ဖက်စီကို အားနဲ့ဆွဲထား"

ထိုသူနှစ်ယောက်က ကျွန်ုပ်၏လက်နှစ်ဖက်ကို အားနှင့်ဆွဲထားသောအခါ ကျွန်ုပ်က -

"ဒီလိုလူနှစ်ယောက်ညှပ်ပြီးအဆွဲခံထားရပြီဆိုရင် ဒီမှာကြည့်။ ဘယ်သူက အားပိုများသလဲဆိုတာ အရင်စမ်းကြည့်ရတယ်"

ဟုပြောပြီး ကျွန်ုပ်၏ ခန္ဓာကိုယ်အား ဘယ်ညာသို့ယိမ်းပြီးဆွဲကြည့်၏။ ထိုအခါတွင် ဘယ်ဘက်လူကအားသာကြောင်းသိရလေ၏။သို့ဖြင့် ကျွန်ုပ်က -

"အဲလိုဆွဲကြည့်တော့ ဘယ်ဘက်လူကအားကောင်းနေတာကိုတွေ့ရတယ်။ ဒီလိုအားကောင်းနေသူဘက်ကို အရင်ဆုံးတိုက်ရတယ်။ အခုအားနွဲ့တဲ့သူနဲ့ငါနဲ့နှစ်ယောက်ပေါင်းပြီးဆွဲယိမ်းလိုက်ရင် အားကောင်းတဲ့သူလည်း တစ်ယောက်နဲ့နှစ်ယောက်ဆိုတော့မခံနိုင်ပါဘူး။ သူပါရောပြီး ကိုယ့်ဘက်ပါလာရတယ်။ အဲဒီလိုပါလာပြီဆိုတာနဲ့တစ်ပြိုင်နက် ရုတ်တရက်ဆိုသလို အားကောင်းတဲ့သူဘက်ကို လက်နှစ်ဖက်ကြားထဲကို ခုလိုထိုးသွင်းပြီး ကလော်လိုက်ရတယ်။

ဆွဲထားတဲ့သူ့ရဲ့လက်နှစ်ဖက် ခုလိုပြုတ်ထွက်သွားတာနဲ့ ကိုယ့်ရဲ့လက်ဖျံနဲ့ သူ့ရဲ့မျက်နှာကို ခုလိုရိုက်ထုတ်လိုက်ရတယ်။ ရိုက်ထုတ်ပြီးတာနဲ့ ညာဘက်မှာဆွဲထားတဲ့သူကိုလည်း ခုလိုပဲ ကိုယ့်ရဲ့ညာတံတောင်နဲ့ ခုလိုထိုးသွင်းပြီး ကလော်ထုတ်လိုက်ရတယ်။ အခုလို သူ့ရဲ့လက်နှစ်ဖက်လွတ်ထွက်သွားတာနဲ့ ခုနကအတိုင်းပဲ ကိုယ့်ရဲ့ညာလက်ဖျံနဲ့ သူ့ရဲ့မျက်နှာကိုဖြတ်ရိုက်လိုက်ရတယ်။ ဒါဟာနှစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်နည်းပါပဲ"

ဟု ကျွန်ုပ်က လက်တွေ့သရုပ်ပြရင်း ရှင်းပြလိုက်ရာ သင်တန်းသားအပါအဝင် လာရောက်ကြည့်ရှုနေသူများက-

"အတော်ကလေးကိုကောင်းတဲ့တိုက်ကွက်ပါပဲ"

ဟု ပြောဆိုချီးမွမ်းကြ၏။ လက်ခုပ်သံများပင် ထွက်ပေါ်လာသေး၏။ ၎င်းနောက် ကျွန်ုပ်က -

"ကဲ- ဒီတစ်ခါ သုံးယောက်တစ်ယောက်ဆိုပါတော့။ကိုယ်ကတစ်ယောက် ရန်သူက သုံးယောက်ဆိုပါတော့"

ဟု ပြောလိုက်ရာ အားလုံးက -

"သုံးယောက်တစ်ယောက်တဲ့ဟေ့၊ ကြည့်ကောင်းလိုက်မယ့်အမျိုး"

ဟု အသံတွေထွက်လာပြန်တော့သည်။

ကျွန်ုပ်က -

"သုံးယောက်ထဲကတစ်ယောက်က ဓားပါမယ်။ ဒီတော့ ဓားအစား ဝါးခြမ်းပြားကိုယူကိုင်ခဲ့ပါ။ နောက်နေ့လာရင်တော့ သစ်သားကို ဓားအဖြစ်ခုတ်ထစ်ပြီးလုပ်ခဲ့ကြ။ ဒီညတော့ ဓားအစား ဝါးခြမ်းပြားပေါ့ကွာ"

ဟုပြောလိုက်ရာ နောက်ထပ်လူသုံးယောက်ကထလာပြီး တစ်ယောက်သောသူက ဓားအစား ဝါးခြမ်းပြားကိုပါယူလာ၏။

"အဆင်သင့်ဖြစ်ပြီဆိုရင် ဓားကိုင်တဲ့သူက ဟိုမှာသွားရပ်နေ၊ ကျန်နှစ်ယောက်က ငါ့ရဲ့လက်တစ်ဖက်ဆီကိုလာပြီးဆွဲထားကြ"

သူတို့သည် ကျွန်ုပ်ခိုင်းသကဲ့သို့ ပြုလုပ်ပြီးသောအခါ -

"ကဲ- ရှေ့ကဓားကိုင်တဲ့သူက ငါ့ခေါင်းကိုဝင်ပြီးခုတ်"

ဟု ပြောလိုက်ရာ ထိုသူကဝင်ပြီးခုတ်၏။

ထိုအခါ ကျွန်ုပ်က အားနွဲ့သူရှိရာဘက်ဆီသို့ ခန္ဓာကိုယ်အားဆွဲယိမ်းလိုက်သည်။ အားကောင်းသူက ကျွန်ုပ်ရှိရာဆီသို့ရောက်ရှိလာပြီး ဝင်ခုတ်လာသူ၏ဓားချက်က ထိုသူ၏ ဦးခေါင်းကိုထိမိတော့သည်။ ထိုသူက ကျွန်ုပ်၏လက်ကိုလွတ်လိုက်သောအခါ ဆွဲယူခြင်းမခံရတော့သည့် ကျွန်ုပ်၏ကျန်လက်တစ်ဖက်မှ တံတောင်ဆစ်ဖြင့်ဖမ်းဆွဲထားသောတစ်ဖက်လူ၏လက်နှစ်ဖက်ကြားထဲသို့ ကွေးထည့်ပြီးကလပ်ထုတ်လိုက်ရာ လွတ်ထွက်သွားရတော့သည်။ တစ်ပြိုင်တည်းဆိုသလို လက်ဖျံဖြင့်လည်း ထိုသူ၏မျက်နှာကိုရိုက်ထုတ်လိုက်ရာ ရန်သူနှစ်ယောက်စလုံး အထိနာသွားရတော့သည်။

ဓားကိုင်ထားသောသူအား ကျွန်ုပ်ကဆက်ခုတ်လာရန် လက်ပြလိုက်သောအခါ ထိုသူ ကျွန်ုပ်အား ဝင်ပြီးခုတ်လာ၏။ ကျွန်ုပ်က ထိုသူအား အနီးကပ်တိုးဝင်ပြီးခုတ်ချလာသောသူ၏လက်နှစ်ဖက်ကိုပင့်တင်ထားကာ ကျွန်ုပ်၏ညာခြေကိုလည်း ထိုသူ၏ခြေထောက်နောက်ကိုရောက်အောင်ထိုးချိတ်၍တွန်းထုတ်လိုက်ရာ ထိုသူက ပက်လက်လန်လဲသွားပါတော့သည်။

"ကောင်းတယ်ဟေ့၊ ဒီလိုတိုက်ကွက်မျိုးကတော့ကွာ"

ဟု ပြောဆိုချီးမွမ်းပေးနေကြ၏။

ကျွန်ုပ်က -

"ကဲ - ဒီညမှာတော့ဖြင့်ဒီလောက်ပဲသင်ပေးမယ်။ အဲဒါကို ကိုယ့်အချင်းချင်း တစ်လှည့်စီ ကျွမ်းကျွမ်းကျင်ကျင်ဖြစ်လာသည်အထိ လေ့ကျင့်ကြ"

ဟုပြောဆိုပြီး ကျွန်ုပ်က နားလေတော့သည်။သူတို့ကတော့ ညဉ့်အတော်နက်သည်အထိ လေ့ကျင့်ကြ၏။

ကျွန်ုပ်တို့အိမ်ပေါ်သို့တက်လာသောအခါ ကျွန်ုပ်တို့တည်းခိုနေသောအိမ်၏ဘေးချင်းကပ်တွင်နေထိုင်သောနော်မပွားလည်းလိုက်တက်လာ၏။ သူမသည် ကျွန်ုပ်တို့ရောက်လာကတည်းက ကျွန်ုပ်၏ စားရေးသောက်ရေးကိစ္စများတွင် အမြဲတမ်းလာပြီး ကူညီလုပ်ကိုင်ပေးနေသူ ဖြစ်သည်။ကျွန်ုပ်ထက်အနည်းငယ်မျှငယ်ပြီး ရွာ၏ကွမ်းတောင်ကိုင်ဟုပြောရလောက်သူဖြစ်သည်။

"မောင်ကြီးက သိုင်းပညာအရမ်းတော်တာပဲနော်"

ဟု ရေနွေးကြမ်းငှဲ့ပေးနေရင်းပြောလာရာ ကျွန်ုပ်က -

www.burmeseclassic.com

"ဒီလောက်လည်း မဟုတ်ပါဘူး နော်ရယ်"

ဟု ပြောလိုက်သောအခါ သူမက-

"ဘာရယ်၊ နော် ဟုတ်လား"

"အေးလေ၊ ဘယ်လိုခေါ်ရမှာလဲ။ နော်မပွားလို့ အပြည့်အစုံခေါ်ရမှာလား"

"အဲ. . အဲလိုမဟုတ်ပါဘူး။ အခုခေါ်သလို နော်လို့ခေါ်တာကို သဘောကျလို့ပါ။ ပြီး. . . ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"

"ဪ - မောင်ကြီး ဒီရွာမှာသိုင်းပညာသင်ပေးရင်းနေပါလားလို့"

"အဲ - ဒါတော့မဖြစ်ဘူး နော်ရဲ့၊ ရွာကထွက်လာစဉ်က တပ်ထဲကိုဝင်မယ်ဆိုပြီး ရွာကလူတွေကိုပြောပြီးထွက်လာခဲ့တာ။ ရွာပြန်သွားလို့မှ တပ်ထဲမဝင်ဖြစ်ရင် လူတွေရယ်စရာဖြစ်တော့မှာပေါ့"

ဟု ကျွန်ုပ်ကပြန်ပြောလိုက်လျှင် မျက်နှာကလေးညှိုးငယ်သွားကြောင်းကိုမူ ကျွန်ုပ်က မီးခွက်အရောင်၏အောက်တွင် ကောင်းစွာ မြင်တွေ့လိုက်ရပါတော့သည်။

အတော်လေးညဉ့်နက်မှ သူတို့အားလုံးနှင့်အတူ နော်မပွားလည်းပြန်သွားကြပါသည်။ ရွာကထွက်လာတုန်းကတော့ တပ်ထဲဝင်ဖို့ပါပဲ။ ခုတော့ သိုင်းဆရာလုပ်နေရ၏။

ကျွန်ုပ်တို့ နှစ်ယောက်မှာတော့ ခုတ်ရာတခြားရှရာတလွဲဆိုသလိုမျိုးများ ဖြစ်နေလေပြီလား မသိတော့ပါချေ။

❑

သို့ဖြင့် ကျွန်ုပ်တို့နှစ်ယောက်မှာ သိုင်းဆရာများမဟုတ်ခဲ့ကြရပါဘဲ ယခုတော့ သိုင်းဆရာတစ်ပိုင်းလုပ်နေရသည်။ နေ့ခင်းပိုင်းတွင် တုတ်သိုင်း၊ ဓားသိုင်းနှင့် လက်သိုင်းများကိုသင်ပေးပြီး ညပိုင်းတွင် တင်းဟုခေါ်သော လူတစ်ဖက်သား ခုခံတိုက်ခိုက်နည်းတို့ကို သင်ပေးနေကြရသည်။

လာရောက် ကြည့်ရှုသူများထဲက အချို့သည် အမြဲတမ်းပုံမှန်လာပြီးကြည့်ကြသည်မဟုတ်သော်လည်း ရွာလူကြီးနှင့် နော်မပွားလေးကတော့ အမြဲလိုလို လာရောက်ပြီး အားပေးနေကြပါသည်။ ရွာလူကြီးကတော့ ကျွန်ုပ်တို့အတွက် အခက်အခဲရှိကကူညီရန်အတွက်ဖြစ်နိုင်သလို နော်မပွားလေးကတော့ ကျွန်ုပ်တို့နှစ်ယောက်၏ စားရေးသောက်ရေးများကို လိုလေသေးမရှိအောင် လုပ်ကိုင်ပေးနေသူ ဖြစ်ပါသည်။

ကျွန်ုပ်အနေဖြင့် မြင်တွေ့ရသမျှသော အပျိုဖြန်းကလေးများထဲတွင် နော်မပွား၏အလှက သူများတွေထက်သာသည်ဟုခံစားမိခဲ့ရသည်မှာ အမှန်ပါ။ သို့သော် အချစ်ရေးထက် စစ်ရေးခက်ဆိုသလို စစ်ထဲဝင်ရေးကိုသာဦးစားပေးနေရ၏။

ယနေ့ညသည် ကျွန်ုပ်တို့၏သိုင်းပညာသင်ပေးရခြင်း၏ နောက်ဆုံးညဆိုက မမှားပါ။ လာပြီးတပည့်ခံကြသောလူရွယ်များမှာလည်း ပညာကို လိုလိုလားလားဖြင့် သင်ယူနေကြသည်ဖြစ်၍ အတော်လေးခရီးရောက်နေပြီဟုဆိုရလောက်နိုင်ပါသည်။ ကျွန်ုပ်တို့သင်ကြားပေးခဲ့သော တုတ်သိုင်း၊ ဓားသိုင်း၊ လက်သိုင်းအမျိုးစုံတို့ကို အခြေခံအားဖြင့် သူတို့တစ်တွေတတ်မြောက်ခဲ့ပြီ ဖြစ်သည်။ သို့သော် ထိုမျှနှင့်မပြီးဆုံးနိုင်သေးပါ။ အမြဲတမ်းဆိုသလို လေ့ကျင့်ကြရဦးမည်ဖြစ်ကြောင်း ကျွန်ုပ်က မှာကြားခဲ့ပါသည်။ အင်အား(၃၀)ခန့်ရှိသော တပည့်များကလည်း ရိုသေစွာ နာခံနေကြပါသည်။

ထိုည ကျွန်ုပ်က အိမ်နောက်ဖေးဘက်ရှိ ခုံတန်းတစ်ခုပေါ်တွင် နော်မပွားနှင့် နှစ်ယောက်သားထိုင်ပြီး စကားတွေအများကြီးပြောဖြစ်ခဲ့ကြပါသည်။နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့နှစ်ယောက်ကခရီးဆက်ရတော့မည်ကိုသိထားသဖြင့် နော်မပွားက -

"တကယ်တော့ မောင်ကြီးကို ဘယ်မှမသွားခိုင်းစေချင်တော့ပါဘူး။ ဒါပေမယ့် မောင်ကြီးကတားလို့မှမရနိုင်တော့တာဘဲ။ ဘာပဲဖြစ်ဖြစ် မောင်ကြီးဖြစ်ချင်တဲ့စစ်သားကြီးလုံးလုံးဖြစ်လာပြီးတဲ့အခါမှာတော့ နော်ရှိတဲ့ ဟောဒီရွာလေးကိုတော့ဖြင့် တစ်ခါတစ်ခေါက်လောက် အရောက်ပြန်လာခဲ့ပါဦးလို့ မှာလိုက်ပါရစေ။ နော့်အနေနဲ့လည်း မောင်ကြီးနဲ့ ပြန်လည်ဆုံတွေ့ရမယ့်ရက်ကို နေ့စဉ်နဲ့အမျှ မျှော်ကိုးနေမယ်ဆိုတာ မမေ့လိုက်ပါနဲ့နော်"

ဟု တိုးညင်းသောလေသံလေးဖြင့် တဖွဖွမှာနေ၏။

ကျွန်ုပ်ကလည်း -

"ကံမကုန်သေးရင်တော့ ပြန်လည်ကာဆုံတွေ့ရနိုင်ပါတယ် နော်ရယ်"

ဟု ပြောဆိုကာ နှစ်သိမ့်ပေးခဲ့ရပါသည်။ ရင်ထဲမှာတော့မချိလှပါ။

နောက်တစ်နေ့နံနက်ခပ်စောစောလောက်တွင် ကျွန်ုပ်တို့နှစ်ယောက်က ခရီးဆက်ရန်ပြင်ကြရတော့သည်။ နံနက်စာကိုလည်း ခပ်စောစောလေးစားလိုက်ကြသည်။ ရွာလူကြီးနှင့် သိုင်းပညာသင်ယူနေကြသော လူရွယ်တစ်စုက လည်း ကျွန်ုပ်တို့ခရီးဆက်ရတော့မည်ကိုသိ၍ အိမ်သို့ရောက်နေကြသည်။ ရွာလူကြီးက သိုင်းပညာသင်ယူခဲ့ကြသောသူများထံမှ ငွေကြေးအချို့ကိုစု ကျွန်ုပ်တို့အားပေးပါသော်လည်း ကျွန်ုပ်တို့က မယူခဲ့ကြတော့ပါ။

သူတို့အနေဖြင့်လည်း ကျွန်ုပ်တို့နှစ်ယောက်အား သူတို့ရှိရာရွာဆီသို့ အချိန်မရွေးပြန်လာနိုင်ကြောင်းကို တ မှာကြားပါသည်။ ကျွန်ုပ်တို့နှစ်ယော မှာလည်း အခါအခွင့်သင့်ပါက အရော လာခဲ့မည်ဖြစ်ကြောင်း ပြန်လည်တ ပြောပြရ၏။ နော်မပွားလေးကတော မျက်ရည်လေးဝဲတဲဝဲတဲဖြင့် ဘာမှဆ ပြီးမပြောနိုင်ရှာတော့ပါ။ တပည့်ခံသ များက ကျွန်ုပ်တို့အား ကန်တော့သော အခါ သူမပါဝင်ကန်တော့၏။

အားလုံးအဆင်သင့်ဖြစ်သောအ ကျွန်ုပ်တို့နှစ်ယောက်က အိမ်အောက်သို့ ဆင်းခဲ့ကြတော့သည်။

ရွာသားတစ်ယောက် ဦးဆော ပြီး ရှေ့ကခေါ်၏။ ကျွန်ုပ်တို့နှင့်တ ရွာသားအုပ်စုတို့ကလည်း ထိုသူနော ကို လိုက်ခဲ့ကြ၏။ ရွာမှာ တကယ့်တော အုပ်ကြီးထဲတွင် တည်ထားကြောင်း ကျွန်ုပ်တို့ ယခုအခါမှသာ ပိုပြီးသိရတော့ သည်။ရွာဘေးပတ်လည်တွင် မည်သည့် ကွင်းပြင်ကိုမျှမတွေ့ရပါ။

လူနေအိမ်ဆုံးပြီး ဘယ်လော မထွက်ခဲ့ကြရပါ။ ကွင်းပြင်ကြီးကို တော ကာ တွေ့ရတော့သည်။ ထိုကွင်းပြင် ရှိနေသော လူသွားလမ်းကြောင်း ရောက်သောအခါ သူတို့က အဲဒီ အတိုင်းလျှောက်သွားကြပါဟုပြော ကျန်ရစ်ခဲ့ကြပါတော့သည်။ ကျွန် နှစ်ယောက်မှာ သူတို့ပြသောလမ်း အတိုင်းလျှောက်လာပြီး နောက်သို့ လှည့်ကြည့်သောအခါ လူအုပ် မတွေ့ရတော့ပါ။ ရွာကတော့ တော ထဲမှာမို့ မြင်ရနိုင်စရာအကြောင်းမ

ကျွန်ုပ်တို့နှစ်ယောက်မှာ စိတ်မကောင်းဖြစ်မိကြရသည်မှာ အမှန်ပါ။ အချိန်တိုရက်တိုလေးအ လာရောက်ပြီး တွေ့ဆုံခဲ့ရဖူးသူမ ပါသော်လည်း တကယ့်ဆွေမျိုး များလို ခင်မင်သံယောဇဉ်ဖြစ်ရ

www.burmeseclassic.com

ထိုသူတို့အပေါ်တွင်ရှိခဲ့ကြရပါသည်။ သို့သော် မတတ်နိုင်ပါ။

တွေ့ကြုံ ဆုံကွဲ ဖြစ်မြဲဓမ္မတာ ဆိုသကဲ့သို့ မခွဲချင်သော်လည်း ခွဲခဲ့ကြရတော့သည်။ ဖြစ်ချင်တာကဆန္ဒ ဖြစ်နေရတာက ဘဝပါ။ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျဖို့ဆိုသည်မှာ မလွယ်လှပါ။

ကျွန်ုပ်တို့နှစ်ယောက်မှာ သူတို့ပြသော လမ်းကြောင်းကလေးအတိုင်း ဆက်လက် ထွက်ခွာလာခဲ့ကြရာ နာရီဝက်ကျော်ကျော်လောက်တွင် တုံဟဲရွာကိုရောက်ခဲ့ကြပါသည်။ တုံဟဲရွာကိုရောက်သောအခါ ယခင်အခါကအတိုင်း ကားလမ်းပေါ်သို့တက်ကာ ဆက်ပြီးလျှောက်ခဲ့ကြပြန်သည်။ ဒီတစ်ခါမှာတော့ဖြင့် ဖြတ်လမ်းကို သေချာမှသာ ဖြတ်ခဲ့ကြသည်။ မိမိရှေ့တွင် ကားလမ်းကြီးကိုမြင်တွေ့ရပါမှ ဖြတ်ကူးကြသည်။ ထိုနည်းဖြင့်ထွက်ခဲ့ကြရာ သနန်ရွာသို့ ညနေ (၅) နာရီကျော်ကျော်လောက်တွင် ရောက်ပါသည်။

ရွာသားတစ်ဦးအား ကိုကျော်သိန်းတို့၏အိမ်ကိုမေးရာ ထိုသူက လိုက်ပို့ပေးခြင်းဖြင့် ရောက်ရှိသွားခဲ့ပါတော့သည်။ ကိုကျော်သိန်းမှာလည် ကျွန်ုပ်တို့အား ဖော်ရွေရင်းနှီးစွာဖြင့် ကြိုဆိုပါသည်။ ကျွန်ုပ်တို့၏လာရင်းကိစ္စကို ပြောပြသောအခါ သူက ကူညီမည်ဟုပြောပါသည်။

သို့ဖြင့် ထိုအိမ်တွင် သုံးညအိပ်ပြီး မိုးလင်းလာသောအခါ မြို့သစ်ဘက်ဆီသို့ ခေါ်ခဲ့သည်။ သူကပင် ကမကထပြုပြီး (ပလနတွင်) အလုပ်ရရှိရေးကို ကူညီဆောင်ရွက်ပေးခဲ့ရာ ကျွန်ုပ်တို့နှစ်ဦး အလုပ်ရပါသည်။ ကျွဲ၊ နွားများနှင့်အပြင် လယ်ထွန်စက်ကြီးများနှင့်ပါ ထွန်ယက်စိုက်ပျိုးရသောလယ်ယာလုပ်ငန်းခွင်ကြီးဖြစ်ပါသည်။

တစ်ရက်လျှင် လုပ်အားခသုံးကျပ်နှင့် ရှစ်ဆယ့်ငါးပြား။ တစ်လလျှင် တစ်ရာတစ်ဆယ့်ငါးကျပ်ရရှိပါသည်။ ကျွန်ုပ်တို့နှစ်ယောက်မှာ ထိုလုပ်ငန်းကို လုပ်ကိုင်ရင်း မှတ်ပုံတင်ရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ အဆင်ပြေခဲ့ပါတော့၏။ အဆင်ပြေသောအခါ ခလရ(xxx) ခန္တီးမြို့သို့ဒုတိယအကြိမ်သွားဝင်ရာ ဝင်၍ရခဲ့သည်။ ခလရ (xxx)မှ မြစ်ကြီးနားစစ်သားစုဆောင်းရေးတပ်သို့အပို့ခံရပြီး ၁၆ - ၆ - ၇၈ ရက်နေ့တွင် ဆေးစစ်ရာ အောင်မြင်ခဲ့ပါသည်။ သူငယ်ချင်းဝင်းမြင့်ကတော့ ပါမလာတော့ပါ။

ဆေးစစ်၍အောင်မြင်သောအခါ အခြေခံတပ်သားသစ်သင်တန်းအမှတ်စဉ် (၅/၇၉). အား အမှတ် (၃) တိုင်းဗဟိုလေ့ကျင့်ရေးစခန်း ဗထူးတပ်မြို့တွင် တက်ရသည်။ သင်တန်းဆင်းပြီးသောအခါ အမှတ်(၂) ခြေမြန်တပ်ရင်းကျိုက်ထို (မွန်ပြည်နယ်)၊ ၎င်းမှတစ်ဆင့် အမှတ် (xxx) ခြေမြန်တပ်ရင်း၊ ဝန်းသိုမြို့ (စစ်ကိုင်းတိုင်း)၊ ၎င်းမှတစ်ဆင့် အမှတ် (xxx) ခြေမြန်တပ်ရင်း၊ ရသေ့တောင်မြို့ (ရခိုင်ပြည်နယ်) အစရှိသဖြင့် နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့ရပြီး ၁၉၉၇ခုလောက်တွင်မှ ဖောင်းပြင်မြို့တွင်ရှိသော အမှတ်(xxx)ခြေမြန်တပ်ရင်းသို့ တာဝန်ထမ်းဆောင်ခွင့် ရခဲ့ပါတော့သည်။

ဖောင်းပြင်မြို့ဆိုသည်မှာ ကျွန်ုပ်၏ဇာတိမြေနှင့်လည်း မဝေးလှပါသဖြင့် ကျွန်ုပ်အတွက်ကတော့ အတိုင်းမသိ ဝမ်းသာခဲ့မိရပါသည်။

ကျွန်ုပ်ရောက်ရှိသွားသောအခါ အဆိုပါ တပ်ရင်းအနေဖြင့် ရွှေကျင်၊ ကျောက်ကြီးဒေသသို့ စစ်ဆင်ရေးဝင်ရောက်နေရပါသည်။ စစ်ဆင်ရေးမှာ ရှေ့တန်းတစ်နှစ်သွားပြီး နောက်တန်းတွင် တစ်နှစ်နားရသောစနစ်ကို ကျင့်သုံးနေပါသည်။ ရွာကိုလည်း ခွင့်ယူ၍သွားရောက်လည်ပတ်နိုင်ခဲ့ပြီ ဖြစ်သည်။

ကျွန်ုပ်လည်း ရှေ့တန်းသို့ တစ်နှစ်လိုက်သွားရပြီး ပြန်လာသောအခါ တစ်နှစ်နားခွင့်ရတော့သည်။ ထိုကဲ့သို့ နားရသည့်ကာလအတွင်း မြစ်ကြောင်းလုံခြုံရေးတာဝန်များကိုပါ အလှည့်ကျတာ ဝန်ထမ်းဆောင်ရသည်။ ကျွန်ုပ်တို့ ဖောင်းပြင်မြို့သည် ချင်းတွင်းမြစ်ကမ်းဘေးတွင်တည်ရှိသောမြို့ ဖြစ်သည်။ သဘော်ဆိပ်လည်းရှိ၏။

မြစ်ကြောင်းလုံခြုံရေးတာဝန်ကို ထမ်းဆောင်ရသောအခါ ဖောင်းပြင်မြို့မှ အထက်ဘက်သို့ (ဟုမ္မလင်းမြို့ဘက်သို့အသွား)ဆန်တက်ပြီး တာဝန်ထမ်းဆောင်ရသည်။ ဖောင်းပြင်မြို့မှ အထက်ဘက် လောင်းမင်းရွာအထိတာဝန်ယူရပါသည်။ လောင်းမင်းရွာအထက် နောင်ဆန်းကျင်ရွာမှ ဟုမ္မလင်းမြို့အထိတွင် ဟုမ္မလင်းမြို့ရှိ တပ်ရင်းများက တာဝန်ယူရပါသည်။

တုံဟဲရွာသည် ဖောင်းပြင်မြို့နှင့် လောင်းမင်းရွာအကြားတွင်တည်ရှိနေ၍ ကျွန်ုပ် တစ်ချိန်က သိုင်းပညာများကို သင်ကြားပြသပေးခဲ့ရသော ဆိုင်းခေါင်ရွာကို ပြန်လည်ကာ အမှတ်ရခဲ့ပါသည်။ ၁၉၇၇ ခုနှစ်ကရောက်ဖူးခဲ့ရသည်ဖြစ်၍ ယခု ၁၉၉၈ ခုဆိုတော့ ခွဲခွာခဲ့ရသည်မှာ နှစ်ပေါင်း (၂၀) ကျော်မျှရှိခဲ့ပြီဖြစ်သည်။ သို့သော် ကျွန်ုပ် မမေ့နိုင်ပါ။ စိတ်ထားဖြူစင်ပြီး ရိုးသားကြသော တောသူတောင်သားများကို လည်းကောင်း၊ စစ်သားကြီးလုံးလုံးဖြစ်၍ ပြန်လာမည့်ရက်ကို နေ့စဉ်နှင့်အမျှ စောင့်မျှော်နေမည်ဆိုသော၊ ချစ်စရာကောင်းသော နော်မပွားလေးကို လည်းကောင်း သတိရလျက်ရှိပါ သည်။

သူသည် ကျွန်ုပ်အား မြင်တွေ့ရလျှင် လွန်စွာမှပင် အံ့အားသင့်သွားမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်နေပါဦးမည်။အကြောင်းမူ သူမအနေဖြင့် ကျွန်ုပ်အား စစ်သားကြီးလုံးလုံးအဖြစ်ကိုသာ မြင်ရရုံတင်မကဘဲ ကျွန်ုပ်တွင် ထိုက်သင့်သည့်ရာထူးများပါရရှိထားသူဖြစ်လေရာ ဘယ်သွားသွား နောက်လိုက်တပည့်တပန်းလေးများနှင့်ဖြစ်နေ၍ပါတည်း။

မည်သို့ဆိုစေ ကျွန်ုပ်မြစ်ကြောင်းလုံခြုံရေးတာဝန်ထမ်းဆောင်ရစဉ်အတွင်း တင်ပြခဲ့သည့်ဧရိယာအတွင်းရှိကျေးရွာများသို့ တစ်ရွာပြီးတစ်ရွာ ညအိပ်ညနေနေတာ သွားလာလှုပ်ရှားခဲ့ရပါသည်။ ထိုကဲ့သို့ သွားလာလှုပ်ရှားနေခဲ့ရစဉ်အတွင်း ကျွန်ုပ်ပြန်တွေ့ချင်သော ဆိုင်းခေါင်သားများကို တွေ့လိုလှပါသဖြင့် မေးမြန်းစုံစမ်းကြည့်ခဲ့ပါသည်။ သို့ရာတွင် မည်သူကမျှ ထိုရွာရှိကြောင်းကိုမသိဟု ဖြေဆိုခဲ့ကြပါသည်။ တုံဟဲရွာဆိုလျှင် ကျွန်ုပ်ဆယ်ခါမကရောက်ခဲ့ဖူးပါ၏။ ဥက္ကဋ္ဌလုပ်သူမှာ အသက် (၆၀) ကျော်လောက်ရှိပြီထင်ပါသည်။

ထိုဥက္ကဋ္ဌကလည်း -

"ငါတို့ရယ် အဘက ဒီတုံဟဲရွာသားစစ်စစ်ကြီးပါ။ တုံဟဲရွာရဲ့ငယ်မွေးခြံပေါက်ကြီးပဲပေါ့။ ဒီတုံဟဲရွာရဲ့ဆယ့်လေးငါးမိုင်ပတ်လည်အတွင်းမှာတော့ အဘခြေရာမချဖူးခဲ့တဲ့နေရာရယ်လို့ မရှိတော့ပါဘူး။ အခု ငါ့တူပြောတဲ့ရွာဆိုတာကြီးကတော့ ကြားလည်းမကြားဖူးပါဘူး။ အဘတို့ကျေးရွာအုပ်စုထဲမှာလည်းမရှိသလို ရွာနီးချုပ်စပ်က ကျေးရွာအုပ်စုတွေရဲ့ အမည်စာရင်းမှာလည်း မပါပါဘူး။ငါ့တူသာ အမှန်တကယ်တွေ့ခဲ့တယ်ဆိုရင် ဒါဟာ ထူးဆန်းတဲ့ရွာတစ်ရွာပါပဲ။

ဒီတစ်လျှောက်ကလူတွေကိုကြည့်စမ်းပါဦး။ဘယ်မှာများ ချောင်တစောင်းနဲ့လူတွေတွေ့ရလို့လဲ။ ပြီးတော့ ငါ့တူပြောတဲ့ နော်မပွား ဟုတ်လား၊ အဲဒါမျိုး နော်ကစပြီးပေးတတ်တဲ့နာမည်မျိုး ဒီ တစ်လျှောက်မှာမရှိပါဘူး။ နော်ကစပြီး



www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း(မြောက်စည်း-ရွာသစ်)

# ဖြူနေတဲ့ဆံပင်တွေကြောင့် စိတ်ညစ်နေပါသလား

ဆံပင်ဖြူကြောင့်စိတ်ညစ်နေများအတွက် ဆေးနည်းကောင်းလေးမျှဝေပါမည်။ ဦးစွာပထမ မေတ္တာရပ်ခံစရာရှိပါသည်။ ဆေးနည်းကရှားပါသည်။ ထို့ကြောင့် ခက်ခဲသောဆေးနည်းပေးသူအဖြစ် အပြစ်တင်မည်စိုး၍ ဖစ်ပါသည်။ ဆေးနည်းက ဝံဆီ(ဝက်ဝံဆီ)ရမှ အသုံးပြုနိုင်ပါမည်။

ဝံဆီရနိုင်သော နေရာများအား အနီးစပ်ဆုံးစဉ်းစားရသော် မိမိတို့နှင့်ရင်းနှီးသော မုဆိုးများထံ ချဉ်းကပ်လျှင် ရနိုင်ပါသည်။ သစ်တောထွက်ပစ္စည်းစုဆောင်းထားသူများထံတွင်လည်း ရနိုင်ပါသည်။ တချို့ပရဆေးဆိုင်များတွင်လည်း ရနိုင်ပါသည်။

ယခုလောလောဆယ် ဝံဆီရနိုင်သောနေရာမှာ ကလေး - ဂန့်ဂေါကားလမ်းအနီး တောင်ခင်ရန်းရွာ ရေကန်ကျောင်းဆရာတော်ကြီးထံတွင်သာရှိပါသည်။ ယခုဆေးနည်းမှာလည်း ထိုဆရာတော်ကြီးပေးသောနည်းကောင်းဖြစ်ပါသည်။

ဆေးနည်းပြောသူက မြောက်ခင်ရန်းရုံပိုင် ကိုတင်နိုင် ဖြစ်၏။ သူနှင့်ကျွန်တော် ဆိုင်တွင် ကော်ဖီသောက်ရင်းပြောပြသွားတဲ့နည်းဖြစ်၏။ သူ့ကိုရေကန်ကျောင်းဆရာတော်ကြီးက -

"ဒကာကြီး၊ ဒကာမကြီးကို တစ်ခေါင်းလုံး ခေါင်းတုံးတုံးပေးလိုက်။ ပြီးရင် ဒီဝံဆီလိမ်းပေးလိုက်။ တစ်ခေါင်းလုံးနက်သွားလိမ့်မယ်"

ဟုပြော၍ အပြန်တွင် ဝံဆီနှစ်ကျပ်ခွဲသားခန့်အား ပုလင်းသေးဖြင့်ထည့်ပေးလိုက်ပါသည်။ အိမ်ရောက်တော့ သူ့ဇနီးက ဆံပင်နှမြော၍ မတုံးပေ။ ဆေးပုလင်းသာ သိမ်းထားလိုက်၏။

သူ့မိန်းမ၏ဆံပင်မှာ ကျဲ၍အုံမထူပေ။ ဆံပင်အဖြူတွေက ကွက်တိကွက်ကျားမို့ စေတနာဖြင့် နည်းပေးလိုက်ခြင်းဖြစ်၏။

အမျိုးသားအတွက် ခေါင်းတုံးတုံးရတာ လွယ်ကူလှသော်လည်း အမျိုးသမီးများအတွက်တော့ ခက်ခဲပြန်ပါသည်။ ခေါင်းတုံးတုံးလို့ ဆေးလိမ်းပါရဲ့။ ဆံပင်တွေမနက်လျှင်လည်း သျှောင်ထုံးဦးမည်တွေး၍ပူရသေးသည်။ ဒါလည်း အပြစ်မဖို့သာပါ။

အမျိုးသမီးများအတွက် အကြံပြုလိုသည်မှာ မိမိ၏အရွယ်ကို ချင့်ချိန်ပါ။ အသက်လည်းငယ်သေးသည်၊ အရွယ်နှင့်မမျှ ဆံပင်ဖြူတွေများနေလျှင်လည်း ဆံပင်နက်ဆေးက ခဏမျှတာရှည်မခံပေ။ သို့ဆိုလျှင် ခေါင်းတုံးတုံးသင့်၏။ (၃) နှစ်ခန့်ဆိုလျှင် ဆံကေသာအလှပိုင်ရှင်ဖြစ်လာပါမည်။

ထိုသို့ တစ်ကြိမ်၊ လိုအပ်လျှင် နှစ်ကြိမ် ခေါင်းတုံးတုံးပြီးလျှင် နက်မှောင်လာသောဆံပင်သည် မူလဆံပင်ထက် ဆံလုံးကြီးခြင်း၊ ဆံပင်ပွားခြင်း၊ သန်မာခြင်းများပါ တစ်ခါတည်း ပိုင်ဆိုင်သွားပါမည်။

ဝံဆီလိမ်း၍ ဆံကေသာအလှဆင်နိုင်ကြပါစေ။

စိုးမင်း(မြောက်စည်း-ရွာသစ်)

နာမည်ပေးတတ်တဲ့လူမျိုးတွေက ကရင်တိုင်းရင်းသားတွေပဲရှိတာပါ။ မပွားဆိုတဲ့နာမည်ကတော့ ထားပါတော့။ ဒါကလည်း လက်ပွားထားတာကိုအကြောင်းပြုပြီးခေါ်တာပဲနေမှာပါ။

တစ်ခုထည့်ပြီးစဉ်းစားရမှာက အခုအဘတို့ရဲ့ တုံဟဲရွာဆိုတာက ဟိုအရင်ဂျပန်ခေတ်က ဂျပန်တွေစစ်စခန်းချခဲ့တဲ့နေရာကြီးပါ။ ငါ့တူလည်းတွေ့မှာပါ။ ဒီရွာနားတစ်လျှောက်က တောင်ကုန်းတွေပေါ်ကိုတက်ကြည့်ရင် သူတို့စခန်းချခဲ့စဉ်ကနေထိုင်ပြီး တူးထားတဲ့ဆက်သွယ်ရေးမြောင်းတွေ၊ ပစ်ကျင်းတွေဟာ ခုထိရှိနေတုန်းပဲလေ။ ပြောချင်တာ သူတို့တွေစစ်ရှုံးလို့ပြန်ပြေးရစဉ်မှာ ဒီကနေ ကားလမ်းအတိုင်း တမူးဘက်ကိုပြေးကြရတယ်။ မပြေးခင်မှာ သယ်မသွားနိုင်တဲ့ရတနာပစ္စည်းအချို့ကို မြှုပ်ပစ်ခဲ့ကြရတယ်။ အဲဒီလိုမြှုပ်ရစဉ်မှာ ဒေသခံလူတွေထက် အခြားတစ်နယ်တစ်ကျေးကလူတွေကို အသုံးပြုတတ်ကြတယ်။

အဲဒီလိုကျင်းတူးမြေမြှုပ်ခိုင်းရမှာ အသုံးပြုခဲ့တဲ့သူတွေကို နှုတ်ပိတ်တဲ့သဘောအရ သတ်ပစ်ခဲ့တာမျိုးလည်းရှိတယ်လို့ ကြားသိရပါတယ်။ အဲဒီလိုမျိုးအသတ်ခံခဲ့ရဖူးသူတွေလား။ ဒါစဉ်းစားစရာအချက်တစ်ခုပေါ့"

ဟု ရှည်လျားစွာဖြင့် ရှင်းပြပေးခဲ့ပါသည်။

ကျွန်ုပ်အနေဖြင့် ထိုမျှသာမကသေးဘဲ တုံဟဲရွာနှင့်သိပ်မဝေးလှသော အထက်ဘက်တွင်ရှိ ရွာများကိုသော်လည်းကောင်း၊ အောက်ဘက်ရှိရွာများသို့သော် လည်းကောင်း ရောက်ရှိသောအခါ မေးမြန်းစုံစမ်းမှုများကိုပါ ပြုလုပ်ခဲ့၏။ ထိုသူတို့မှာလည်း တုံဟဲဥက္ကဋ္ဌကဲ့သို့ပင် ဘူးချင်းကတူညီနေကြတော့သည်။

သို့ဖြစ်၍လည်း ကျွန်ုပ်ပြန်တွေ့ချင်လှပါသော အဆိုပါတောရွာလေး၏ ရွာပုံတော်ခရီးစဉ်ကြီးမှာလည်း အဆုံးသတ်ခဲ့ရပါတော့သည်။

မည်သို့ပင်ဖြစ်ခဲ့စေကာမူ -

ကျွန်ုပ်အနေဖြင့် ထိုတောရွာကလေးအား ဘဝတစ်လျှောက်လုံး ပြန်မတွေ့ရနိုင်တော့ဘဲ ပျောက်ဆုံး... ပြီဖြစ်သော်လည်း သဘောဖြူအူစင်း... ရိုးသားကြသော ရွာသူရွာသားများ... သော်လည်းကောင်း၊ သိုင်းပညာရပ်... ကို မတောက်တခေါက်လေးသင်ပေး... သောတပည့်များကိုသော်လည်းကော... ကျွန်ုပ်အား စစ်သားကြီးလုံးလုံးဖြစ်... သောအခါ သူမရှိရာထိုတောရွာက... ဆီသို့ တစ်ခါတစ်ခေါက်လောက်ဖြစ်... ပြန်လာခဲ့ပါရန် အတန်တန်မှာပြီး... အနေဖြင့်လည်း ပြန်လည်ဆုံတွေ့ရ... ရက်ကို နေ့စဉ်နှင့်အမျှ မျှော်ကိုးနေ... ဟု အမှာစကားပါးခဲ့သော နော်... လေးကို လည်းကောင်း ကျွန်ုပ်၏... အသည်းထဲတွင် မည်သည့်အခါ... ပျောက်ဆုံးနိုင်တော့မည် မဟုတ်... တကား။

လောကကြီးသည် ဆန်း... လွန်းလှပါဘိ။

ရွှင်လန်းချမ်းမြေ့...




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ
# စီးပွားရေးဗေဒင်ဟောကိန်း

မင်းရှိန်အောင်




(၁-၂-၂၀၁၇) နေ့ သာယနဇာတာခွင် (၁၁-၂-၂၀၁၇) နေ့ သာယနဇာတာခွင် (၂၁-၁-၂၀၁၇) နေ့ သာယနဇာတာခွင်

ပထမဆယ်ရက်တာကာလတွင် ရွှေဈေးပြုတ်ကျတတ်သော်လည်း အမြင့်ဈေးကိုမျှော်၍ရ၏။ ငွေကြေးဈေးကွက် တက်ရိပ်ကျရိပ် ရှုပ်ယှက်ခတ်နေမည်။ ကျောက်မျက်ဈေးကွက်ငြိမ်သက်သော်လည်း ဖြုန်းခနဲ ပြောင်းလဲတတ်မည်။ စတော့ရှယ်ယာဈေးကွက် မတည်ငြိမ် အပြောင်းအလဲမြန်ဆန်မည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာ၊ သံနှင့်သတ္တုဆိုင်ရာ၊ ကုန်မာနှင့်ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာဈေးကွက်ကမောက်ကမဖြစ်မည်။ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာနှင့် ဖြေဖျော်ရေးဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ယာဉ်စက်ဆိုင်ရာဈေးကွက်ကို ငြိမ်သက်သလိုလို နှင့် ရုတ်တရက် ဖောက်ပြန်တတ်မည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာဈေးကွက် အတက်အကျမငြိမ်သက်နိုင်။အိမ်ခြံမြေဈေးကွက်နှင့် ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက် ဖောက်ပြန်မှုများနေမည်။ ရေလုပ်ငန်းဆိုင်ရာဈေးကွက် ပုံမှန်မဟုတ်၊ စိုက်ပျိုးမွေးမြူဈေးကွက်တက်ဈေးရှိသော်လည်း မခိုင်မြဲချေ။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးနှုန်းပြုတ်ကျပြီး ဆောင့်တက်လိုက်ရှိမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်တို့အနိမ့်ဈေးများသော်လည်း အမြင့်ဈေးထောင်တက်တတ်မည်။ ငွေကြေးဈေးကွက် ကပြောင်းကပြန်ဖြစ်တတ်မည်။ ကျောက်မျက်ဈေးကွက် တက်ဈေး၊ ကျဈေး အလုအယက်လှုပ်ခတ်နေမည်။ စတော့ရှယ်ယာဈေးကွက် ကျရိပ်ပြင်းထန်သော်လည်း တက်ရိပ်ထောင်တက်တတ်မည်။ ရေဒီယို၊ လျှပ်စစ်၊ အီလက်ထရွန်နစ်ဆိုင်ရာ၊ သံနှင့်သတ္တုများဆိုင်ရာ၊ ကုန်မာနှင့်ဆောက်လုပ်ရေးပစ္စည်းဆိုင်ရာ ဈေးကွက်ဖောက်ပြန်မှုပြင်းထန်မည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာနှင့်ဖြေဖျော်ရေးဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ယာဉ်စက်ရောင်းဝယ်ရေးလုပ်ငန်းဈေးကွက်မူမမှန်ပြောင်းလဲတတ်မည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဆိုင်ရာဈေးကွက်ကျဈေးများသော်လည်း အမြင့်ဈေးခုန်တက်တတ်မည်။ အိမ်ခြံမြေဈေးကွက်ကမောက်ကမဖြစ်မည်။ ရေလုပ်ငန်းဆိုင်ရာဈေးကွက်ပျက်တတ်မည်။ စိုက်ပျိုး၊ မွေးမြူပစ္စည်း ကျဈေးများသော်လည်း တက်ဈေးမျှော်၍ရသည်။

တတိယဆယ်ရက်တာကာလတွင် ရွှေဈေးကွက် ငြိမ်သက်သော်လည်း ရုတ်တရက် ဖောက်ပြန်တတ်မည်။ ငွေကြေးဈေးကွက် တက်ရိပ်၊ ကျရိပ် ရှုပ်ယှက်ခက်နေမည်။ ကျောက်မျက်ဈေးကွက်မူမမှန်မှု ပြင်းထန်နေမည်။ စတော့ရှယ်ယာဈေးကွက် တက်လွယ်၊ ကျလွယ် ရှုန်းရင်းဆန်ခတ်ဖြစ်နေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးကွက် မမျှော်လင့်သော အပြောင်းအလဲများဖြစ်ပေါ်တတ်မည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာ၊ သံနှင့်ဆက်စပ်ပစ္စည်း၊ သတ္တုနှင့်ဆက်စပ်ပစ္စည်း၊ ကုန်မာနှင့်ဆောက်လုပ်ရေးပစ္စည်းများဈေးကွက်ဝရုန်းသုန်းကားဖြစ်မည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာနှင့် ဖြေဖျော်ရေးဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ၊ သယ်ပို့နှင့်ယာဉ်ကားဆိုင်ရာဈေးကွက် တက်ရိပ်၊ ကျရိပ်ရှုပ်ယှက်ခတ်နေမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာဈေးကွက် အတက်နှေးအကျမြန်နေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဆိုင်ရာဈေးကွက်ပျက်တတ်မည်။ အိမ်ခြံမြေဈေးကွက်တက်ရိပ်၊ ကျရိပ်ရှုပ်ထွေးနေမည်။ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာဈေးကွက်ကမောက်ကမဖြစ်မည်။ ရေလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာဈေးကွက်တက်ဈေးရှိသော်လည်း ကျဈေးမိသည်ကများမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

❑ သိုးကလေ
*ပုပ္ပားနတ်တောင်*
*အခေါင်မြင့်ဖျား၊ စုံတောပြား၌*
*နံ့ရှားကြိုင်လွင့် ခါတန်ပွင့်သည်*
*ရွှေနှင့်ယိုးမှား၊ ပန်းစံကား။*

အထက်ပါ ကဗျာလင်္ကာလေးသည် ပုပ္ပားနတ်တောင်ဖွဲ့လင်္ကာ၏ ပထမပိုဒ်ချီလေးပင် ဖြစ်ပါသည်။

အိမ်တွင်းမင်းမဟာဂီရိနတ်မောင်နှမနှင့်ပတ်သက်လာလျှင် ပုပ္ပားတောင်အား မေ့ထား၍မရသလို ပုပ္ပားတောင်သည်လည်း မင်းမဟာဂီရိနတ်မောင်နှမကြောင့် ပုဂံခေတ်မှ စတင်၍ နာမည်ကြီးခဲ့လေ၏။ အထက်ပါကဗျာလေးသည် အစချီပုံ၊ အဆုံးချုပ်ပုံတို့နှင့် ဖွဲ့နွဲ့ပုံတို့မှာ ရတုသဘောသို့များစွာသက်ဝင်နေခြင်းကြောင့် ပုပ္ပားနတ်တောင်ဖွဲ့သည့်ရတုဖြစ်သည်ခေါ် ဆိုက မှားမည်မဟုတ်ဟု ဆရာကြီးဦးဖေမောင်တင်ကဆိုခဲ့သည်။ ပုဂံခေတ်အဆုံး ပင်းယခေတ်တွင် ပေါ်ပေါက်လာဟန်ရှိသည်ဟု ဆရာကြီးက မှတ်ချက်ပြုပါသည်။ အချို့ပညာရှိများက လင်္ကာပါစကားများ၏အဓိပ္ပာယ်ကိုထောက်ပြီး ပုဂံသေဉ်လည်ကြောင်မင်းကြီးလက်ထက်တွင် ပေါ်ပေါက်ဟန်တူသည်ဟုယူဆကြ၏။ ကျောက်စာအထောက်အထားမရှိ၍ ပုဂံခေတ်တွင် ပေါ်ပေါက်ခဲ့ပါသည်ဟုကား အတပ်ပြော၍မရပါ။

မည်သို့ပင်ဆိုစေကာမူ မင်းမဟာဂီရိနတ်မောင်နှမသည် ပုဂံခေတ်၌ ပေါ်ပေါက်လာခဲ့သောနတ် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ နေရာဒေသအနှံ့ အိမ်အတော်များများမှာ မိသားစုအိုးအိမ်အား ကာကွယ်ပေးသော အိမ်စောင့်နတ်တစ်နည်းအားဖြင့် အိမ်တွင်းဖခင်ကြီးဟု သမုတ်၍ ကိုးကွယ်ကြသည်။

ဤနေရာ၌ တစ်ခုဆိုချင်သည်မှာ မိရိုးဖလာနတ် ဟူသည် ကိုးကွယ်ချင်လည်းရ၏။ မကိုးကွယ်ချင်လည်းရပါသည်။ သူ့နေရာနှင့်သူရှိနေသော မမြင်ရသည့်နတ်ဒေဝတာများအား မကိုးကွယ်ချင်လျှင်ရသည်။မစော်ကားမိဖို့ရည်ရွယ်ရင်း ဤဝတ္ထုအား ရေးသားရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်ဘဝတွင် ဖြတ်သန်းလာခဲ့ရသောအတွေ့အကြုံများအရ အိမ်တွင်းမင်းမဟာဂီရိနတ်နှင့် ပတ်သက်၍ ထူးဆန်းတိုက်ဆိုင်စွာဖြစ်ခဲ့ရသော အကြောင်းအရာများရှိခဲ့သလို မိတ်ဆွေကြီးဖြစ်သော ပန်းချီဆရာ ကိုမိုးသည်လည်း ထူးခြားစွာ တွေ့ကြုံခဲ့ဖူးလေ၏။ ကိုမိုး၏ သူ့အဖြစ်အပျက်၊သူ့ယောက္ခမ၏ထူးဆန်းသော အဖြစ်အပျက်များအားပြောပြပြီး ဝတ္ထုဆန်ဆန်ရေးပေးပါရန် တိုက်တွန်းသဖြင့် ရေးသား ဖော်ပြလိုက်ရခြင်း ဖြစ်၏။

❑





www.burmeseclassic.com

www.burmeseclassic.com

နတ်သုံးမျိုးရှိသည်။ သမ္မုတိနတ်၊ ဝိသုဒ္ဓိနတ်၊ ဥပပတ္တိနတ် ဟူ၍ ဖြစ်ပါသည်။ သမ္မုတိနတ် ဟူသည် လူတို့၏ဘုရင်မင်းကေရာဇ်ကိုခေါ် ၏။ ဝိသုဒ္ဓိနတ်ဆိုသည်မှာ ကိလေသာစင်ကြယ်ပြီးသော ဘုရား၊ ရဟန္တာများအားခေါ် ဆိုခြင်း ဖြစ်၏။ ဥပပတ္တိနတ် ဆိုသည်မှာ ဥပပါတ်ပဋိသန္ဓေဖြင့်ဖြစ်သော နတ်၊ ဖြဟ္မာတူသရွေ့ကို ခေါ် ဆိုပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင်မက အရှေ့တောင်အာရှ အာဖရိကနိုင်ငံအချို့၊ တရုတ်၊ ဂျပန်နိုင်ငံများ၌ပင် နတ်ကိုးကွယ်မှုဓလေ့အား လေ့လာတွေ့ရှိခဲ့ရပါသည်။ မြန်မာပြည်တွင် လူအများစုကိုးကွယ်ကြသော (၃၇) မင်းနတ်ရှိသည်။ ၎င်းတို့မှာ ဗုဒ္ဓဘာသာ (၃၇) မင်းနတ်၊ အတွင်း (၃၇) မင်းနတ်၊ အပြင် (၃၇) မင်းနတ် ဟူ၍ ခွဲခြားထားပါသည်။ ဗုဒ္ဓဘာသာကျမ်းစာအရ ရေတွက်ရသော ဗုဒ္ဓဘာသာ (၃၇) မင်းနတ်၊ ပုဂံခေတ်အနော်ရထာမင်းလက်ထက် ပုဂံရွှေစည်းခုံဘုရားတံတိုင်းအတွင်း၌ ရုပ်ပုံနှင့်တကွထားသော အတွင်း (၃၇) မင်းနတ်နှင့် ဘုရားတံတိုင်းအပြင်ဘက်တွင် ရုပ်ပုံနှင့်တကွဖော်ပြထားသော အပြင်(၃၇)မင်းနတ် ဟူ၍ ရှိသည်။

မြန်မာပြည်တွင် လူအများစုကိုးကွယ်ကြသော (၃၇) မင်းနတ်များသည် အပြင် (၃၇) မင်းနတ် ဖြစ်၏။ အိမ်တွင်းမင်းမဟာဂီရိသည် အပြင်(၃၇)မင်းနတ်တွင်ပါသည်။ (၃၇)မင်းနတ်အားဝါစဉ်အရစီသောအခါ အမှတ်စဉ် (၁) သိကြားနတ်ပြီးသည်နှင့် အမှတ်စဉ် (၂) သည် မင်းမဟာဂီရိနတ်ဖြစ်သည်။ ပြီးမှ မင်းမဟာဂီရိနတ်၏ ဆွေတော်မျိုးတော်များအားအစဉ်လိုက်စီထားသည်ကိုတွေ့ရ၏။

မြန်မာပြည်တွင် အကြီးကျယ် အထင်ရှားဆုံး နတ်ကိုးကွယ်မှုများမှာ ပုဂံခေတ် သေဉ်လည်ကြောင်မင်း (ကောဇာနှစ် ၂၆၆-၃၁၉) လက်ထက်၌ ပေါ်ပေါက်လာသော မောင်တင့်တယ် မောင်နှမ သေ၍နတ်ဖြစ်နေသည်ဆိုပြီး ကိုးကွယ်ကြရာမှ မင်းမဟာဂီရိနတ်မောင်နှမဟု အမည်တွင်၍ ထိုနတ်မောင်နှမအား ပုပ္ပားတောင်တွင်ထားကာ ဘုရင်ကစပြီးတော့ တိုင်းသူပြည်သားတို့ နှစ်စဉ်ကြီးကျယ်သောပွဲလမ်းသဘင်ကို ကျင်းပပြုလုပ်ကြ၏။

# သန့်ဇင်

## အိမ်တွင်းမင်းမဟာဂီရိ





www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီမြစ်အထက်ပိုင်း တကောင်းမြို့နေ ပန်းပဲလုပ်ငန်းလုပ်ကိုင်သော မောင်တင့်တယ်သည် ခွန်အားကြီးမား သန်စွမ်း၏။ပဒေသရာဇ်ခေတ်၌ ခွန်အားဗလသည်သာ ဘုန်းတန်ခိုးဖြစ်၍ ဤမျှခွန်အားကြီးမားသော မောင်တင့်တယ်သည် တစ်နေ့နေ့၌ သူ၏ ထီးနန်းအား လုယူမည်ကို တကောင်းဘုရင်က စိုးရိမ်လာပါသည်။ ထို့ကြောင့် ဘုရင့်အမိန့်ဖြင့် မောင်တင့်တယ်အား ဖမ်းယူစေ၏။ မောင်တင့်တယ်က အဖမ်းမခံဘဲထွက်ပြေးရာ မောင်တင့်တယ်နှမကို ဘုရင်က မိဖုရားမြှောက်ပြီး မောင်တင့်တယ်အား မြို့သူကြီးခန့်အပ်မည်ဟု မိဖုရားအား ဖြားယောင်းခေါ်ယူစေပြီးလျှင် ဖမ်းဆီးကာ စံကားပင်တွင်ချည်၍ ဖိုကျင်ထိုးမီးရှို့သတ်လေသည်။ မိဖုရားကလည်း ငါ့မောင် ငါ့ကြောင့်သေရလေသည်ဟု ထိုမီးပုံတွင်ပင် ခုန်ဆင်း၍ သတ်သေသွားသည်။

သူတို့မောင်နှမနှစ်ယောက်သည် သေလွန်ပြီးနောက် အစိမ်းနတ်များအဖြစ် ထိုစံကားပင်တွင်နေ၍လူတို့အား ဖမ်းစားလှသဖြင့် စံကားပင်ကြီးအား တူးနုတ်ပြီး ဧရာဝတီမြစ်အတွင်းမျှောလိုက်ရာ ပုဂံသို့ရောက်ရှိလာပါသည်။ သူတို့မောင်နှမသည် ဤစံကားပင်ကြီး၌ နတ်ဖြစ်၍ အစွဲပြုပြီးနေထိုင်ကြပါသည်ဟု ပုဂံဘုရင် သေဥ်လည်ကြောင်မင်းအား အသိပေးရာ ဘုရင်က ရေထဲမှဆယ်ယူပြီး စံကားတုံးကို နတ်မောင်နှမရုပ်တုပြုလုပ်၍ ပုပ္ပားတောင်တွင် နတ်ကွန်းနှင့်ထားလေသည်။ ယခုတိုင်ရှိပါသည်။

ထိုအခါမှစ၍ နှစ်စဉ်နတ်တော်လရောက်တိုင်း ဘုရင်၊ မင်းသား၊ မင်းမြေး၊ မှူးမတ်၊ ပြည်သူကျေးလက်တောရွာမကျန် ပုပ္ပားတောင်သို့တက်၍ နတ်ပွဲအကြီးအကျယ်ကျင်းပပူဇော်ကြပါသည်။ ဤသို့ပူဇော်ရာတွင် ကျွဲ၊ နွား၊ ကြက်၊ ဝက်တို့အား သတ်ဖြတ်၍ ပသပြီးလျှင် ဦးခေါင်းတို့အား အိမ်ရှေ့နတ်တိုင်၌ ဆွဲထားတတ်ကြသည်။ နတ်ပူဇော်ပွဲကာလရောက်တိုင်း ကျွဲ၊ နွား၊ ဝက်များအားသတ်ဖြတ်၍ သေအရက်များဖြင့် ပူဇော်ပြီး လူအများမူးရူးသောင်းကျန်းလွန်းသည်ကို အနော်ရထာမင်းကြီး လက်ထက်ရောက်သော် မင်းကြီးသည် ဤအခြင်းအရာများအား မနှစ်မြို့ပေ။ အနော်ရထာဘုရင်သည် မြန်မာနိုင်ငံ၌ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာအား စတင်မျိုးစေ့ချ၍ တရားမှန်များထွန်းကားလာအောင် ရှင်အရဟံမထေရ်၏ အကူအညီဖြင့် ကြိုးစားလုပ်ဆောင်ခဲ့သော သာသနာပြုမင်းတစ်ပါး ဖြစ်သည်။ အရည်းကြီးတို့၏ မိစ္ဆာဒိဋ္ဌိအယူဝါဒအား ပယ်ဖျောက်စေ၏။ နတ်နဂါးကိုးကွယ်မှုအားလည်း မင်းမိန့်ဖြင့်ပယ်ဖျောက်စေ၏။ အိမ်ရှေ့တွင် နတ်ကွန်းများထားပြီး နတ်ရုပ်များတင်၍ ကိုးကွယ်နေသည်ကို မင်းမိန့်ဖြင့်ဖျက်စေ၍ နတ်ရုပ်တို့အားစုရုံးသံကြိုးဖြင့်ချည်တွဲကာ ပုဂံရှိ ရွှေစည်းခုံစေတီတော်တစ်နေရာ၌ စုပုံထားလေသည်။ ထိုနေရာအဆောက်အအုံအား နတ်လှောင်ကျောင်းဟု ခေါ်ပါသည်။

တိုင်းသူပြည်သားတို့သည်လည်း မင်းအမိန့်ကို မလွန်ဆန်ဝံ့ဘဲ နတ်ရုပ်အစား အိမ်တွင်းတွင် မင်းမဟာဂီရိနတ်မောင်နှမကိုယ်စား အုန်းသီးအား ဗောင်းတော်စအဖြူရောင်ချည်၍ ကိုးကွယ်ကြ၏။ အိမ်အား စောင့်ရှောက်သည့်အနေဖြင့် တနင်္ဂနွေနံ အုန်းသီးအပြင် မီးရှို့၍ အသတ်ခံရပြီး နတ်ဖြစ်လေရာ အုန်းစိမ်းရည်မှာ မီးလောင်မှုကို သက်သာစေသဖြင့် နတ်အုန်းသီးဆွဲသောဓလေ့သည် အနော်ရထာဘုရင်ခေတ် အေဒီ၁၀၄၄-၁၀၇၇ မှ စတင်၍ အခြေတည်လာခဲ့ပါသည်။

သို့သော် နှစ်စဉ် နတ်တော်လရောက်တိုင်း ကျွဲ၊ နွား၊ ဝက်၊ ကြက်များအားသတ်ပြီး သေအရက်များဖြင့် ယဇ်ပူဇော်သည့်ဓလေ့သည် မပျောက်နိုင်ဘဲရှိရာမှ တောင်ငူခေတ် ဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီး အေဒီ ၁၅၅၀ - ၁၅၈၁ လက်ထက်တွင် တိရစ္ဆာန်များအား သတ်ဖြတ်ပြီး နတ်များအား ယဇ်ပူဇော်သည့်ဓလေ့အား ဖျက်သိမ်းစေခဲ့ပါသည်။ ညောင်ရမ်းခေတ် အနောက်ဘက်လွန်မင်းခေတ်တွင်လည်း တစ်ကြိမ်မင်းမိန့်ဖြင့်တားဆီးခဲ့ရသည်။

❑

မြန်မာပြည်အနှံ့ နေအိမ်အတော်များများတွင် အိမ်တွင်းအုန်း (မင်းမဟာဂီရိ) ဆွဲသောဓလေ့အားတွေ့ရ၏။ ထိုင်းနိုင်ငံတွင် အိမ်တိုင်းအိမ်တိုင်း ခြံဝင်းထဲတွင် နတ်ကွန်းများရှိသည်။ မိမိမယုံကြည်လျှင် မကိုးကွယ်ဘဲနေလို့ရပါသည်။

သို့သော် ကျွန်ုပ်၏ မိတ်ဆွေကြီး ပန်းချီကိုမိုးသည် မိရိုးဖလာအိမ်တွင်းနတ်ကိုးကွယ်သောဓလေ့အား ပယ်ဖျက်ပြီး အိမ်ထောင်ကျ၍ တစ်အိုးတစ်အိမ်ခွဲနေရာမှ အခက်အခဲအမျိုးမျိုးတွေ့ရပုံများ၊ မိရိုးဖလာအားပြန်ဖော်ပြီး အိမ်တွင်းနတ်မင်းမဟာဂီရိအားပူဇော်သည့် နတ်အုန်းဆွဲခြင်းကိုပြန်ပြုလုပ်မှ အဆင်ပြေလာပုံကို ကျွန်ုပ်အား ပြောပြလေသည်။

သူ့အဖြစ်အပျက်က ဤသို့ဖြစ်ပါသည်။

ကိုမိုး အိမ်ထောင်ကျတော့ ပန်းချီလောကတွင် နာမည်ရစပြုလာနေပြီ ဖြစ်သည်။ ဝတ္ထု၊ မဂ္ဂဇင်း၊ မျက်နှာဖုံး၊ အတွင်းသရုပ်ဖော်ပန်းချီလောကတွင် ပန်းချီကိုမိုးဟု နာမည်တစ်လုံးတွင်၍ ဝင်ငွေအတော်အသင့်ရပြီး အဆင်ပြေနေ၏။ မိဘအိမ်မှာလည်းမနေ၊ ယောက္ခမအိမ်မှာလည်းမနေ။တစ်အိုးတစ်အိမ်ထူထောင်ပြီးနေကြသည်။ အိမ်ထောင်ဦးတည်ခါစဖြစ်၍ လိုအပ်သည်များကို ဝယ်စုနေရသည်။ ဒီတော့ကာ စုမိဆောင်းမိမရှိသေးပါ။ ဒါပေမယ့် ဝတ္ထုမျက်နှာဖုံးပန်းချီအပ်မည့်သူလာ၍ စရန်ငွေပေးသွားသည်နှင့် ကုန်ကျစရာတစ်ခုမဟုတ်တစ်ခုပေါ်ထွက်လာတတ်၏။ သူသတိမထားမိသေး။ သို့ဖြင့် သမီးဦးလေးမွေးဖွားလာသည်။ စာပေလောကတွင် ပန်းချီကိုမိုးဟု နာမည်တစ်လုံးအခိုင်အမာရပ်တည်နေနိုင်ပြီဖြစ်သည်။ ဝင်ငွေလည်းကောင်းလာ၏။

သို့သော် ကိုမိုးသည် တိုက်ဆိုင်လာတတ်သည့်တစ်စုံတစ်ခုကိုသတိထားမိလာပါတော့သည်။ အဲဒါကတော့ ထုတ်ဝေသူနှင့် အလုပ်ကိစ္စစကားပြောပြီးလျှင် ပန်းချီရေးဆွဲခငွေလုံးခနဲခဲနဲရလာတိုင်း အိမ်မှာ အကြောင်းတို့သည် တစ်ခုမဟုတ်တစ်ခုပေါ်သည်။ ယုတ်စွအဆုံး သမီးနေမကောင်းဖြစ်၍ ဆေးခန်း၊ ဆေးရုံသို့ပြေးရတော့သည်။ ကိုမိုးတို့ဇနီးမောင်နှံတိုင်ပင်ရပြီဖြစ်သည်။

"မိန်းမရယ် ငါတို့အိမ်မှာဘာ… မှားနေလဲ။ ဒါမှမဟုတ် ဘယ်သူတွေ… မလိုမုန်းထားဖြစ်ပြီး အတိုက်အခိုက်… များလုပ်ထားသလဲမသိဘူး။ ငွေရ… တိုင်း ကုန်စရာတွေဖြစ်ဖြစ်လာတယ်"

"ကျွန်မလည်း ဒါကိုပဲစဉ်းစား… တာ ယောက်ျားရဲ့။ တစ်ခုခုတော့ဖြစ်… တာသေချာပြီ"

လင်မယားနှစ်ယောက် တိုင်… သာ တိုင်ပင်တတ်ကြသည်။ ဘာလု… မည်မှန်းတော့မသိပါ။

ဤသို့ဖြင့် -

တစ်နေ့ သူတို့အိမ်သို့ ကို… ယောက္ခမကြီးရောက်ချလာသည်။ … မြစ်ဝကျွန်းပေါ်ရှိ မြို့တစ်မြို့တွ…



www.burmeseclassic.com

www.burmeseclassic.com

သူဖြစ်ပါသည်။ သမီးက မြေးဦးလေးမွေးသည်ဆိုတော့ ဘိုးအေဖြစ်သူသည် မြေးကိုတွေ့ချင်လာသည့်စိတ်ကြောင့် သမီးရှိရာမြို့သို့တက်လာခြင်း ဖြစ်သည်။

"အစ်ကိုရေ၊ အဖေလာတယ်။ မေးပေးအဖေ။ အဖေ့အိတ်တွေကလည်း လေးလိုက်တာ၊ ဘာတွေသယ်လာလဲ မသိဘူး"

ယောက္ခမကြီးသည် အိတ်များ၊ ခြင်းများဖြင့် အိမ်ပေါ်သို့တက်လာသည်။ သမီးနှင့်သမက်အတွက် မြစ်ဝကျွန်းပေါ် ဒေသထွက် ငါးပိ၊ ငါးခြောက်တွေသယ်လာခြင်း ဖြစ်သည်။

ယောက္ခမကြီးသည် အိမ်ပေါ် ရောက်ပြီး ပက်လက်ကုလားထိုင်တွင် ထိုင်သည်။ အမောပြေ သမီးခပ်တိုက်သည့်ရေအားသောက်ပြီးနောက် သမီးအိပ်နေသည့်အိမ်ခန်းလေးအား စေ့စေ့ကြည့်သည်။ သမီးအိမ်မှာတစ်ခုခုလို နေပါလား။

"သမီး၊ နင်တို့အိမ်မှာ အိမ်တွင်းခင်ကြီးကိုမကိုးဘူးလား။ အဖေတို့မှာ အိမ်တွင်းမင်းမဟာဂီရိကို ကိုးကွယ်တဲ့ဓလေ့လာရှိတယ်လေ။ မောင်မိုး၊ မင်းတို့ ဆီတွေမှာလည်း အိမ်တွင်းအုန်းမဆွဲကြဘူးလား"

"ဆွဲပါတယ် အဖေ၊ ဒါပေမယ့် သားတော်တို့က အိမ်ထောင်ခွဲထွက်လာတော့ အဲဒါတွေမလုပ်ဘဲဖြစ်ထားတာပါ"

"အဖေပြောမယ်။ ဘုရား၊ တရား၊ သံဃာဆိုတာ အမွန်မြတ်ဆုံးရတနာသုံးပါး ဗုဒ္ဓဘာသာဝင်အနေနဲ့ ယုံကြည်ကိုးကွယ်ဆည်းကပ်ရမယ်။ အိမ်တွင်းမင်းမဟာဂီရိနတ်ဆိုတာ အဖေတို့မြန်မာလူမျိုးအတော်များများက အိမ်ကိုအကာအကွယ်ပေးပြီး စောင့်ရှောက်နေတဲ့ အိမ်စောင့်နတ်ဆိုပြီးကိုးကြတာ။ ရတနာသုံးပါးကိုတော့မကျော်စေနဲ့။ သူတို့ကိုအိမ်တွင်းမှာနေရာတစ်ခုပေးပြီး ဂါရဝတရားထားကန်တော့ကွန်းနဲ့ပူဇော်ပြီး အလှူဒါနပြုရင်အမျှဝေတာလည်း အိမ်ကိုပြန်ပြီးတော့စောင့်ရှောက်တယ်။ စီးပွားလာဘ်လာဘများပြီးတိုးတက်လာအောင်၊ အိမ်ပြင်ပထွက်သွားမယ့်ဘေးအန္တရာယ်၊ မမြင်ရတဲ့သတ္တဝါသတ္တဝါတွေရဲ့အနှောင့်အယှက်တွေကို အကာအကွယ်ပေးတယ်ကွယ့်။ ဟိုးငယ်ငယ်ကဖြစ်ခဲ့ဖူးတဲ့အဖြစ်အပျက်ကို ပြောပြမယ်။ အဖေက မကိုးကွယ်ရုံမကဘူး။ အိမ်တွင်းနတ်ကိုပြဿနာရှာခဲ့တဲ့သူ။ အဲဒါတွေကြောင့် အဖေတွေ့ကြုံခဲ့ရတာတွေဟာ ထူးဆန်းတိုက်ဆိုင်လွန်းပြီး နောက်ဆုံး အိမ်တွင်းမင်းမဟာဂီရိကို မျက်ဝါးထင်ထင်မြင်လိုက်ရတော့မှ အဖေယုံကြည်သွားတာ။ အဖေပြောပြမယ် နားထောင်"

❑

တိုးမြစ်ကမ်းနံဘေးရှိ အလယ်စုရွာလေးသည် ဒေးဒရဲမြို့နယ်အတွင်း၌ တည်ရှိသည်။ လယ်ယာလုပ်ငန်း၊ တံငါလုပ်ငန်းဖြင့် အသက်မွေးကြသည်။ ကိုမောင်လေးက တစ်ဦးတည်းသောသား။ မိဘတွေက လယ်ယာချောင်းမြောင်း၊ ဓနိခြံတွေပိုင်တော့ ငွေကြေးချမ်းသာသည့်အရှိန်အဝါဖြင့် ဆိုးချင်တိုင်းဆိုးသည်။ ထင်ရာကိုလုပ်သည်။ စိတ်မထင်လျှင် လက်မြန်ပြီးလူခဏခဏ ရိုက်သဖြင့် ဖခင်ကြီးက ငွေထုပ်ပိုက်၍ လိုက်ရှင်းရပေါင်းများလှပြီ။

သောက်သောက်စားစားဖြင့် ဘာကိုမှလည်း အယုံအကြည်မရှိပါ။ သူ့သူငယ်ချင်းက ရွာထဲမှ ဖိုးသောင်ဖြစ်သည်။ နှစ်ယောက်စလုံးက အတွဲညီသည်။ သောက်တော့လည်းအတူတူ၊ ရန်ဖြစ်လျှင် ရိုက်တော့လည်းအတူတူ။ ဘယ်သွားသွား နှစ်ယောက်တွဲ။ ယုတ်စွအဆုံး သူတို့နှစ်ယောက်မူးပြီးတွဲလာလျှင် ရွာလယ်လမ်းကခွေးတွေကအစ ဝေးဝေးရှောင်သည်။ မတော်လို့ဟောင်မိလျှင်တော့ ခါးကျိုးအောင်အရိုက်ခံရမှာကြောက်၍ ဖြစ်သည်။

တစ်နေ့ ကိုမောင်လေး နံနက်ပိုင်းကတည်းက အိမ်မှထွက်သွားပြီး ရွာပြင်ရှိ ချက်အရက်တဲမှာ ဖိုးသောင်နှင့် အရက်သောက်ကြ၏။ မီးတောက်ချက်အရက်နှင့် ပုစွန်တုပ်ကြီးမီးဖုတ်သည် လိုက်ဖက်လိုက်သည့်ဖြစ်ခြင်း။ သောက်ကောင်းကောင်းနှင့် သောက်လိုက်ကြသည်မှာ မီးတောက်အရက်နှစ်လုံးကုန်သွားသည်။ လူတွေလည်း အတော်မူးနေကြ၏။

"ဖိုးသောင်ရာ တော်ပြီကွာ။ အိမ်ပြန်ပြီး ထမင်းစား တစ်ရေးအိပ်လိုက်ဦးမယ်။ ညနေမှပြန်ဆုံကြတာပေါ့"

"အေး-ငါလည်းတော်တော်မူးနေပြီ။ အေ့ - အရက်ဆိုတာ သောက်ရင်မူးမှကောင်းတာ အေ့"

"ဟေ့ကောင် မင်းအရမ်းမူးနေပြီ။ ကြို့တွေလည်းထိုးကုန်ပြီ။ လာ- ပြန်ကြမယ်"

ဖိုးသောင်က ရွာအရှေ့ပိုင်းသူ့အိမ်မှာ ကျန်ရစ်ခဲ့သည်။ ကိုမောင်လေး ခြံဝရောက်တော့ အိမ်မှာ ဘယ်သူမှမရှိကြ။ အဖေက ဓနိခြံထဲသွားသည်ထင်သည်။ အမေက ချက်ပြုတ်ပြီး၍ အစ်မရှိရာ အနောက်အိမ်သို့သွားစကားပြောနေမှာ သေချာ၏။ အိမ်ပေါ်သို့ရောက်ပြီးနောက် ဧည့်ခန်းအား - လှည့်ပတ်ကြည့်ပြီး ပက်လက်လှန်လဲချလိုက်သည်။ ထိုအခါ သူ့မြင်ကွင်းထဲ၌ ဧည့်ခန်းအတွင်း ထောင့်ရှိ အိမ်တွင်းအုန်းနတ်စင်အား မြင်သွားသည်။

ထိုသို့မြင်သွားမှ စိတ်ထဲ အုန်းသီးစားချင်စိတ်ဖြစ်ပေါ်လာသည်။ အိမ်တွင်းအုန်းကိုမြင်ရလေ အုန်းသီးစားချင်သောစိတ်ကဖြစ်လာလေမို့ ကိုမောင်လေးလှဲနေရာမှထသည်။ မသာက အုန်းသီးစားချင်လျှင် ခြံထဲမှာ အုန်းပင်တွေရှိသည်ပဲ။ တစ်ယောက်ယောက်ကို တက်ခိုင်းပြီး ခွဲခိုင်းလို့ရသည်။ ဒါပေမယ့် ကိုမောင်လေးသည် အိမ်တွင်းနတ်စင်ရှိ အုန်းသီးကိုမှ စားချင်စိတ်ဖြစ်နေ၏။

သူလှဲအိပ်နေရာမှထပြီး နတ်စင်ရှိရာသို့သွားသည်။ ကြိမ်ဆွဲခြင်းအားချိတ်ထားရာမှချွတ်လိုက်ပြီး ပေါင်းတော်အနီစအားဖြုတ်လိုက်သည်။ အုန်းသီးအား ထုတ်ယူလိုက်ပြီး -

"အုန်းသီးစားချင်လို့ယူမယ်နော်။ အဖေပြန်လာရင်အသစ်ပြန်ရမှာပေါ့"

အုန်းသီးလေးပိုက်၍ နောက်ဖေးဝင်သွားပြီး ဓားမယူပြီးခွဲကာ အတွင်းမှ အသားများအား တစ်မြောင်းချင်းခွဲစားနေပါတော့သည်။ စားလို့ဝတော့ အုန်းခွံများ အုန်းသီးစိတ်များအားပစ်ထားပြီး အိမ်ရှေ့ထွက်လာခဲ့သည်။ အိမ်ရှေ့မှာ ရပ်၍ ဘာရယ်မဟုတ် အိမ်အပြင်ဘက်ကိုကြည့်မိသည်။ လူကလည်း မူးနေသည်မဟုတ်လား။

ရုတ်တရက် ကိုမောင်လေး၏မြင်ကွင်းသည် မှောင်အတိကျသွားသည်။

"ဘုရားဘုရား၊နေကြတ်တာလား"

သူမျက်လုံးအားပွတ်သပ်၍ အိမ်တွင်း၊ အိမ်ပြင်ရှိ လောကတစ်ခွင်အား ကြည့်မိသည်။ သို့သော် သူ့အမြင်အာရုံ၌ လောကကြီးသည် မှောင်အတိကျနေ၏။ နေ့ခင်းကြောင်တောင် ညအမှောင်ထဲမှာရောက်နေသကဲ့သို့ ခံစားနေရသည်။

ဘာတွေဖြစ်ကုန်ပြီလဲ၊ ငါမျက်လုံးကန်းသွားတာလား။

အမူးတွေပြေကုန်ပြီ။ သောက်ထားသည့်ချက်အရက်၊ စားထားသည့်



www.burmeseclassic.com

www.burmeseclassic.com

ပုစွန်တုပ်ကြီးမီးဖုတ်၊ ပြီးတော့ စောစောက အုန်းသီးစိတ်တွေဘယ်ရောက်ကုန်ပြီမသိ။ လူမှာအလိုလိုကြောက်လာ၏။ တစ်ကိုယ်လုံးကြက်သီးတွေတဖြန်းဖြန်းထနေ၏။ ခေါင်းမှဆံပင်မွေးတွေထောင်နေသည်။ သွေးခုန်နှုန်းတွေမြန်လာ၏။ သူ့နှလုံးခုန်သံကိုသူပြန်ကြားနေရသည်။

မှောင်အတိကျနေသောအိမ်ရှေ့မှ မြင်ကွင်းသည် ရုတ်တရက် ဝင်းခနဲဖြစ်သွားသည်။ အိမ်မြေခြံဝင်းထဲမှာ ကွက်ကွက်ကလေးလင်းထိန်နေခြင်းပင်တည်း။ သူဝမ်းသာသွားပြီးကြည့်လိုက်တော့ -

နှုတ်ခမ်းမွေးသဲ့သဲ့၊ ထောင်ထောင်မောင်းမောင်း ခံ့ညားသောလူကြီးတစ်ယောက် ပန်းရောင်အဝတ်စတစ်ခုအားပေါင်း၍ အစအား ညာဘက်သို့ချထားသည်။ တောင်ရှည်ပုဆိုး၊ ရင်ဖုံးအင်္ကျီပန်းရောင်ဖြင့် ထိုလူကြီးသည် တင်းမာခက်ထန်သောအကြည့်ဖြင့် သူ့အား ခါးထောက်၍ကြည့်နေသည်။ မျက်လုံးအစုံသည် ဝင်းဝင်းတောက်လျက်။ ထိုလူကြီးနောက်မှာက အမျိုးသမီးတွေ နန်းဝတ်နန်းစားဖြင့် ကျီ့ကျီ့ရှီရှီလေးတွေရပ်နေကြသည်။ သူတို့အားလုံး အိမ်ဘက်လှည့်ပြီး အိမ်ပေါ်မှသူ့အားစိုက်ကြည့်နေကြသည်။

အိမ်ရှေ့ရွာလမ်းတစ်ဖက်မှာ ငါးပိငါးခြောက်လုပ်သည့်အိမ်တွေတန်းစီနေကြသည်။ ငါးပိအိုးတွေ ခြံဝင်း ငှက်ပျောပင်တွေအောက်မှာ တန်းစီနေသည်။ ငှက်ပျောပင်ပေါ်မှဘာကောင်တွေမှန်းမသိဆင်းလာပြီး ငါးပိအိုးများအားနှိုက်စားနေကြသည်။ ကိုမောင်လေးသည် ထိုမြင်ကွင်းများအားကြည့်ပြီး ကြောက်ဒူးတုန်လာပြီးနောက် ဒူးနှစ်ဖက်ခွေကျသွားသည်။ ဒူးထောက်လျက်သား အိမ်ရှေ့ကိုကြည့်လျက် ခေါင်းငိုက်စိုက်ကျနေ၏။

"ဟေ့ကောင် ငါ့သား ဘာဖြစ်နေတာလဲ"

သူ့အသိစိတ်တွေပြန်ဝင်လာသည်။ ဖခင်ဖြစ်သူက အိမ်အဝမှာ ဒူးထောက်ပြီး ခေါင်းငိုက်စိုက်ကျနေသော သားဖြစ်သူကိုကြည့်ပြီး တစ်ခုခုထူးခြားနေပြီဟု သိလိုက်သည်။ အိမ်ဧည့်ခန်းအားလှည့်ပတ်ကြည့်လိုက်တော့ အိမ်တွင်းနတ်အုန်းစင်သည် ဖရိုဖရဲဖြစ်နေ၏။ အုန်းဆွဲသည့်ကြိုးခြင်းက အောက်မှာလဲကျလျက်။ အိမ်နောက်ဖေးဘက်မှာက အုန်းသီးခွံတွေ၊ အုန်းသီးစိတ်တွေနှင့်ဗောမတစ်လက်။

"မင်းကွာ တော်တော်မိုက်တာပဲ။ မလုပ်သင့်တာကိုသွားလုပ်တာကိုး။ သွား ဘုရားခန်းရှေ့မှာသွားထိုင်နေ။ အဖေ ချက်ချင်းပြန်လာခဲ့မယ်"

အဖေက သူတပည့်အုန်းသီးအား အော်ခေါ်၍ ရွာထဲထွက်သွားသည်။ အဖေပြန်လာတော့ အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး၊ ဆိုင်းခြင်းတစ်လုံး၊ သူ့တပည့်အုန်းသီးက စကောတစ်ချပ်ထဲတွင် မုန့်အဖြူ၊ မုန့်အနီများ၊ ဘဲဥပြုတ်နှစ်လုံး၊ နွားနို့တစ်ပုလင်း၊ လက်ဖက်တစ်ထုပ်၊ ပေါက်ပေါက်ဆုပ်တွေပါလာ၏။

အဖေသည် ချက်ချင်းပင် အိမ်တွင်းအုန်းနတ်စင်အား သန့်ရှင်းရေးလုပ်၏။ တရော်ကင်ပွန်းများဖြင့် ဆေးကြောသည်။ ထို့နောက် ဆိုင်းခြင်းအသစ်အားချိတ်ပြီး နတ်စင်အောက်မှာ စားပွဲခုံတစ်လုံးခင်း၍ အုန်း၊ ငှက်ပျောပွဲများအားပြင်ပါသည်။ အမေကအဖေပြော၍ အကြောင်းစုံသိသွားပြီဖြစ်သောကြောင့် စံပယ်ပန်းများ၊ သပြေပန်းများယူလာသည်။ ကန်တော့ပွဲထဲမှ အုန်းသီးအပေါ်တွင် စံပယ်ပန်းများ လှလှပပဆင်လိုက်ပြီး အဖေက အမွှေးနံ့သာများအား သပြေခက်နှင့်ပက်ဖျန်းနေသည်။ စားပွဲပေါ်တွင် လက်ဖက်ခုနစ်ပုံ၊ မုန့်ဖြူခုနစ်ချပ်၊ မုန့်နီခုနစ်ချပ်၊ ဘဲဥနှစ်လုံး၊ နွားနို့တစ်ခွက်၊ ပေါက်ပေါက်ဆုပ်ကစ်ပန်းကန်တင်၍ -

"အိမ်တွင်းဖခင်ကြီးခင်ဗျား. . . ၊ ကျွန်တော့်သားဟာ မသိမိုက်မဲ့များမိပါတယ်။ သားသမီးမကောင်းရင်မိဘခေါင်းပါ။ ကျွန်တော့်မှာလည်းအပြစ်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မိသားစုဟာ အိမ်တွင်းဖခင်ကြီးကို ဒီအိမ်ကြီးရဲ့အကြီးအကဲသဖွယ် ဂါရဝထားပြီး အမြဲတမ်းရှိသေလေးစားခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ကုသိုလ်ကောင်းမှုတွေကိုလည်း အိမ်တွင်းဖခင်ကြီးကို အမျှအတန်းဝေခဲ့ပါတယ်။ ဒါတွေကိုထောက်ထားပြီး အပြစ်ဟူသမျှ ခွင့်လွှတ်ပေးပါ။ သားတော်ကြီးတောင်းပန်ပါတယ်"

အဖေသည် နှုတ်မှတတွတ်တွတ်ရွတ်ပြီး ပွဲများအား တစ်ခုပြီးတစ်ခုနတ်ကွန်းနှင့်တိုက်နေ၏။ ပြီးနောက်ကန်တော့ပွဲထဲမှအုန်းသီးအား အသာမ၍ နတ်ကွန်း၍ ဆိုင်းကြိုးတွင်ချိတ်လိုက်သည်။ ဗောင်းတော်စအနီအား အုန်းသီး၌ အနေတော်ပတ်လိုက်ပြီး ဗောင်းတော်စနှစ်ဖက်ထိပ်မှာ သပြေပန်းတစ်ခက်အားချိတ်လိုက်၏။ အုန်းသီးညာဘက်ယပ်အားယူ၍ နတ်ကွန်းသို့တဖြည်းဖြည်း ခုနစ်ချက်ခတ်နေသည်။

"စီးပွားလာဘ်လာဘတွေဝင်လာပါစေ၊ ကံကောင်းခြင်းတွေ ဝင်လာပါစေ ကြီးပွားတိုးတက်မှုတွေဝင်လာပါစေ"

ပြီးနောက် ယပ်အား အမြင့် ခုနစ်ချက်ခတ်ပြန်သည်။

"အိမ်တွင်းမှ မကောင်းသော ... ရန်တွေထွက်ပါစေ။ ကံဆိုးခြင်း၊ ရော... ဘယတွေထွက်သွားပါစေ။ အနှော... ပယောဂအတိုက်အခိုက်တွေထွက်သွားပါစေ"

ပြီးနောက် ယပ်အား နတ်အုန်းသီး၏ လက်ယာဘက်တွင်ထား၍ ဗော... တစ်လက်အား လက်ဝဲဘက်တွင်ထော... ထားလိုက်ပါသည်။ နတ်ကွန်းအော... တွင် တင်မြှောက်လှူဒါန်းထားသော... စားဖွယ်သောက်ဖွယ်များအား ဤအတိုင်းထား၏။ အဖေနှင့်အမေသည် ဘုရား... ဆောင်ရှေ့တွင် အိမ်တွင်းဖခင်ကြီးအား... ရည်စူး၍ ဂုဏ်တော်ပုတီးစိပ်နေကြ... သည်။

"အဖေ"

"ဟင် - ဘာလဲ သား"

"ကျွန်တော့်မျက်လုံးတွေပြန်မြ... လာပြီ။ စောစောက ဘာမှမမြင်ရ... ဘူး။ ကန်းသွားသလိုမှောင်သွား... အိမ်ရှေ့မှာလည်း ဘယ်ကလူကြီးလဲ... ဘူး။ မင်းသားကြီးလိုလို ရှေးတုန်း... အဝတ်အစားတွေနဲ့ မိန်းမတွေလည်း... တယ်။ ကျွန်တော့်ကိုခါးထောက်ပြီးကြ... နေကြတာ ကြောက်စရာကြီး"

"အခုကောရှိသေးလား၊ ကြည့်... လိုက်ပါဦး"

"မတွေ့တော့ဘူးလေ။ အား... နေ့ခင်းလိုပဲပြန်လင်းလာပြီ"

"မင်းမူးနေသေးလား"

"မမူးတော့ဘူး အဖေ"

"ငါ့သား နောက်ကို တို... မိရိုးဖလာနတ်တွေကို ဘယ်တော့... မစော်ကားမိစေနဲ့။ မင်းကံကောင်း... တယ်။ နောက်မလုပ်နဲ့ ငါ့သား"

ကိုမောင်လေးသည် ထိုအ... စ၍ အိမ်တွင်းမင်းမဟာဂီရိနတ်... ပမာမခန့်မလုပ်ရဲတော့ပါ။ သူမ... ထင်ထင်မြင်လိုက်ရသည်ဖြစ်၍ ... သွားပြီဖြစ်ပါတော့သည်။

သို့သော် အရက်ကတော့... ၍သောက်သည်။ အိမ်ပေါ်...


၂၀၁၅ခုနှစ် ဩဂုတ်လ အတွဲ(၁၅)အမှတ်(၂)

www.burmeseclassic.com

www.burmeseclassic.com

လျှင် ဘယ်လောက်မူးမူး အိမ်တွင်းနတ်စင်ရှေ့ရောက်လာလျှင် ခေါင်းလေးငုံ့ပြီး လျှောက်၏။ ဤမျှကြောက်သွားသော ကိုမောင်လေးတည်း။

❑

"ဒါပါပဲ ငါ့သားရယ်၊ မင်းတို့တွေ အိမ်မှာ စီးပွားတက်မလိုဖြစ်လိုက်ကုန်သိုက်ဖြစ်နေတာ အိမ်တွင်းဖခင်ကြီးကို မင်းတို့မေ့နေကြလို့ပါ။ မီးရှူးဖလာကိုပြန်ဖော်ပြီး အိမ်တွင်းအုန်းဆွဲပါ။ အဖေအားလုံးစီမံပေးမယ်"

ယောက္ခမကြီးသည် အိမ်တွင်းအုန်းဆွဲခြင်းအား အစအဆုံးစီစဉ်ပြီးပြုလုပ်ပေးသည်။ ဗောင်းတော်မျက်နှာဝဖွင့်သည်မှအစ ကွက်မြီးအား အိမ်အပြင်ဘက်သို့လှည့်ထားရပုံ၊ ဘုရားကျောင်းဆောင်၊ ဆရာတော်ကြီးများ၊ အထက်ဗုဒ္ဓိလ်ကြီးများ၏ပွဲစင်များထက်နိမ့်ထားရပုံတို့ကိုမှာကြားပြီး အားလုံးစီစဉ်ပေး၏။

တိုက်ဆိုင်သည်ပဲလား၊ တကယ်ပဲဖြစ်နေသည်လားတော့ ကိုမိုးညွန့်မသိပါ။ မမြင်ရသည့် နတ်ဒေဝတာလောကသည် သူကဲ့သို့ သာမန်လူတစ်ယောက်အတွက် အဆင့်မြင့်လွန်းလှပါသည်။ သီလ၊ သမာဓိရှိသည်။ ဆရာတော်၊ ဝိဇ္ဇာမဟိဒ္ဓိရှင်များကတော့ ဤကိစ္စများအား အသေးအဖွဲ့ သဖွယ်မြင်တွေ့နေကြမည်မှာ သေချာပါသည်။

ကိုမိုး စီးပွားရေးအဆင်ပြေလာသည်။ ယခင်ကလို ငွေဝင်လာလျှင် ကုန်ကျစရာတွေမရှိတော့။ စုမိဆောင်းမိလေးရှိလာတော့ သမိုင်းဘက်တွင် အိမ်လေးတစ်လုံးဝယ်ပြီး အိုးပိုင်အိမ်ပိုင်ဖြင့်နေနိုင်လာပါသည်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား အမြဲတစေ ဦးထိပ်ထားသည့် အကျိုးကျေးဇူးတွေလည်း ပါမည်ထင်၏။ သူ့ဆရာတွေကတော့ ပန်းချီမောင်မောင်သိုက်၊ ပန်းချီစံတိုး၊ ပန်းချီမျိုးမြင့်၊ ပန်းချီကျော်သောင်း အစရှိသောပန်းချီဆရာများ ဖြစ်သည်။

❑

"အဲဒါပဲ စာရေးဆရာ။ ဒါ ကျုပ်သက်တွေ့ဖြစ်ခဲ့တာရော ကျုပ်ယောက္ခမကြုံခဲ့ရတာတွေပါ ပြောပြတာ"

"အင်း - ခင်ဗျားယောက္ခမကအတွေ့အကြုံတော်တော်များမယ်ထင်တယ်။ သူ့မှာ တခြားထူးခြားတဲ့အတွေ့အကြုံတွေကော ခင်ဗျားကို မပြောပြခဲ့ဘူးလား"

"ပြောပြပြီကောဗျာ၊ အဲဒါတွေပြောချင်လို့ စာရေးဆရာကိုချိန်းတာ။ ပြောပြမယ် နားထောင်။ စာမူခရရင်သာ ဘီယာတိုက်ဖို့မမေ့နဲ့နော်"

"စိတ်ချ။ စာမူခရရင် ခင်ဗျားကြိုက်သလောက်သောက်"

ပန်းချီကိုမိုးသည် သူ့ယောက္ခမငယ်စဉ်က တွေ့ကြုံခဲ့သည်များအား စိတ်ဝင်စားဖွယ် ဆက်လက်ပြောပြပြန်ပါသည်။

သူ့ယောက္ခမဖြစ်သူကိုမောင်လေးသည် လူစုံပေါင်းသလို နယ်စုံသည်။ ရွာမှာနေချင်သည့်အခါနေသလို တိုးမြစ်တစ်ကြော ရွာစဉ်လှည့်၍လည်း အရက်လည်သောက်သည်။

တစ်နေ့သ၌ တိုးမြစ်မှတစ်ဆင့်လှေစီးပြီး သံဒိပ်မြစ်ဝဘက်သို့ အဖော်ကောင်းသည်နှင့်လိုက်သွားသည်။ တံငါသည် ကိုမဲကြီးအဖော်ခေါ်၍လိုက်သွားခြင်းဖြစ်၏။ ကိုမဲကြီးက သံဒိပ်မြစ်ဝပင်လယ်တစ်ကြောမှ လူမိုက်ကြီးဖြစ်သည်။ လူမိုက်ကြီးဖြစ်၍ မြစ်ဝကျွန်းပေါ်ဒေသမှ လူမိုက်အချင်းချင်းသိကျွမ်း၏။

ကိုမဲကြီး၏တံငါတဲကား သံဒိပ်မြစ်ကမ်းမှ ခြေတံရှည်အိမ်လေးဖြစ်သည်။ အိမ်နှင့်ငါးခြောက်လှန်းစင်ကတွဲလျက်။ ပင်လယ်ဒီရေတက်လာလျှင် ရေပြင်သည် အိမ်ကြမ်းပြင်နှင့်လွတ်ရုံသာရှိသည်။ အိမ်ရှေ့မှာ ငါးခြောက်လှန်းသည့်စင်ကြီးက ကြီးမားလှသည်။ ရသမျှငါးတွေ ဆားနယ်၊ အခြောက်လှန်းသည့်အလုပ်အား ကိုမဲကြီးမိန်းမက ဒိုင်ခံလုပ်သည်။ ကိုမဲကြီးက ငါးလှေအားဦးစီးပြီးအလုပ်လုပ်ရုံသာ။

သူ့အိမ်သို့ ကိုမောင်လေးရောက်သွားတော့ အသက်လေးဆယ်ခန့် ထောင်ထောင်မောင်းမောင်းလူကြီးနှစ်ယောက်ရောက်နေကြသည်။ ထိုအူနှစ်ယောက်မှာ ရုပ်ချင်းလည်းဆင်တူသည်။

"မောင်လေး၊ အဲဒါ ပြင်စလူဘက်က ကိုကြီး၊ ကိုလေးဆိုတဲ့ညီအစ်ကိုနှစ်ယောက်ပဲ။ နာမည်ကြီးတွေပေါ့ကွာ။ မင်း တိုးမြစ်မှာနာမည်ထွက်သလို သူတို့တွေကလည်း ပြင်စလူဘက်မှာ နာမည်ကြီးတွေ။ ဒါနဲ့နေပါဦး၊ ကိုကြီး၊ ကိုလေးတို့ ဘာစိတ်ကူးပေါက်ပြီး ကျုပ်အိမ်ရောက်လာကြတာလဲ"

"ထုံးစံအတိုင်းပေါ့ကွာ၊ ငါတို့ကိုခွာရာတိုင်းပြီးနေရာလုချင်တဲ့နှစ်ကောင်ကို အပြတ်ရှင်းပြီး မင်းဆီမှာလာခိုနေတာ။ ဖြစ်တယ်မဟုတ်လား"

"ဘာမဖြစ်စရာရှိရမှာလဲ ကိုကြီးရာ ပျော်သလောက်နေ။ ကျုပ်သောက်ဖို့စီစဉ်လိုက်ဦးမယ်"

ကိုမဲကြီးအိမ်ထဲဝင်သွားပြီး ပုလင်းနှစ်လုံးဆွဲထွက်လာသည်။ မိန်းမအား ငါးခြောက်ဖုတ်ခိုင်း၏။ ကိုမောင်လေး သူတို့ အနားမှာထိုင်လိုက်သည်။

"ငါ့ညီကြည့်ရတာ လက်စလက်နအတော်ရှိမယ့်ပုံပဲ"

"ဒီလောက်လည်း မဟုတ်ပါဘူးအစ်ကိုရာ။ ဒါပေမယ့် ဖြစ်လာရင် ကိုယ်ကအရင်လက်ဦးအောင်လုပ်မှ။မလုပ်ရင် ကိုယ့်ကိုလုပ်သွားမှာ"

"ဟားဟားဟား-ကိုယ်ကလက်ဦးအောင်လုပ်လို့ ကိုယ့်ကိုမလုပ်ရလို့ တခြားဟာကိုသဲကြီးမဲကြီးသွားလုပ်နေတာ မင်းတွေ့ဖူးလား"

"အစ်ကိုပြောတာ ကျွန်တော်မရှင်းဘူး"

"ဒီလိုကွ။ အစ်ကိုတို့ အခုဒီဘက်ကိုရှောင်လာတဲ့ပြဿနာမှာ အဲဒီကိစ္စတွေဖြစ်လာလို့ရယ်၊ ရဲတွေကိုရှောင်ချင်လို့ မဲကြီးဘက်ထွက်လာတာ။ တို့ရွာမှာဖြစ်ခဲ့တာကွ"

ပြင်စလူမှ ကိုကြီးသည် သူ့အဖြစ်အပျက်အား ပြောပြပါတော့သည်။

❑

ပြင်စလူမြစ်ဝမှ အုန်းချောရွာလေးသည် ပင်လယ်လေကြမ်းကြမ်းမှာ မလှုပ်မယှက်တည်ရှိနေပါသည်။ အုန်းပင်များကြားမှရွာလေးသည် တည်ငြိမ်အေးချမ်းသလောက် မတည်ငြိမ်ဖြစ်နေသည်က အုန်းတောထဲမှ လူနှစ်ယောက်။ အရက်ထိုင်သောက်ရင်း စကားအချေအတင်ဖြစ်နေကြသည်။

"ကျော်ကြီး၊ မင်းငါ့ကိုအကျော်အခွလုပ်သွားတာလား။ ကျော်တာလား၊ ခွတာလား။ မင်းက ငါ့ခြေရာတိုင်းတာလား"

"ဒီမှာကိုကြီး၊ခင်ဗျားထင်ချင်သလိုထင်နိုင်တယ်။ ကျုပ်က လွန်ခဲ့တဲ့ငါးနှစ်ကကျော်ကြီး မဟုတ်တော့ဘူး။ ကျုပ်လက်စကိုလည်း ကိုကြီးသိပါတယ်"

"ဒီတော့က မင်း ငါ့နေရာကိုယူချင်နေပြီပေါ့"

"ကိုကြီးရာ၊ ခင်ဗျား အသက်ကြီးပါပြီ။ အေးအေးဆေးဆေးနေပါတော့။ လူမိုက်ဆိုတာ အသက်ကြီးလာရင် မိုက်လို့မကောင်းတော့ဘူး။ ကျုပ်တို့လူငယ်တွေလို သွက်သွက်လက်လက်မှကောင်းတာ"

www.burmeseclassic.com

ကျော်ကြီး ချက်အရက်တစ်ခွက်အား မော့သောက်လိုက်ပြီး တံတွေးတစ်ချက်ပျစ်ခနဲထွေးလိုက်သည်။ သူ့တံတွေးစက်တို့က ကိုကြီးဘက်သို့လွင့်လာ၏။

အင်း - ဒီကောင်လေး စော်ကားနေပြီ။ ငါ့ကိုမပြောရုံတမယ် စိန်ခေါ်နေတာပဲ။ ပွင့်ပွင့်လင်းလင်းမေးမှဖြစ်တော့မယ်။

"ကျော်ကြီး၊ ဒီတော့ မင်းဖြစ်ချင်တာက"

"ခင်ဗျား အဆိပ်မရှိတော့ဘူး။ ရေမြွေဖြစ်သွားပါပြီဆိုတာ အားလုံးသိအောင်သက်သေပြပါ"

ကျော်ကြီးဆိုလိုရင်းက အားလုံးအရှေ့မှာ အညံ့ခံခိုင်းခြင်း ဖြစ်သည်။ ဒီလိုဆိုရင် အရင်ကဇာတ်လမ်းဟောင်းတွေပြန်ပေါ် လာပြီး ကိုကြီးဇာတ်သိမ်းသွားမည်ဖြစ်သည်။ နောက်ပေါက်သည်ရှေ့လူအား စိန်ခေါ် ကာ ဗိုလ်လုနေချေပြီဖြစ်သည်။

"ငါမလုပ်နိုင်ဘူးဆိုရင်ကောကွာ"

"ဒါဆိုရင် ကျုပ်လုပ်ပေးမယ်။ တစ်ဗိုလ်ကျရင် တစ်ဗိုလ်တက်လာလိမ့်မယ်လေ"

ကျော်ကြီး သူ့ကိုအပြတ်ရှင်းတော့မည်။ ကျော်ကြီးထိုင်နေသည့်နောက်ဘက်ခြံစည်းရိုးတွင် အုန်းပင်အားမှီထောင်ထားသည့် မှိန်းရှည်တစ်ချောင်းရှိသည်။ ကျော်ကြီး၏အနီးဆုံးလက်နက်က ထိုမှိန်းတစ်ချောင်းသာဖြစ်၏။ကိုကြီး ဒီလောက်မညံ့ပါ။ ဒီကောင်နှင့် အရက်အတူတူမသောက်ခင်ကတည်းက ဖျာအောက်သဲထဲမှာ ငှက်ကြီးတောင်ဓားရှည်အား ကြိုပြီးမြှုပ်ထားခဲ့သည်။ ထိုဓားသည် လူ့သွေးမကြာခဏသောက်သည့်ဓားရှည်ဖြစ်သည်။

ကိုကြီး ရုတ်တရက် ထိုင်နေသည့်ဖျာအား ဆွဲလှန်လိုက်သည်။ အရက်ပုလင်းတွေ၊ ခွက်တွေ၊ အမြည်းပန်းကန်တွေ လွင့်စဉ်ထွက်ကုန်သည်။ ကျော်ကြီးနောက်သို့ခုန်ဆုတ်သွားသည်။ ဖျာလွင့်သွားသည်နှင့် ကိုကြီးက သဲထဲမြှုပ်ထားသောဓားရှည်အား ဖော်ယူလိုက်သည်။ ဒါကိုမြင်သောကျော်ကြီးကနောက်လှည့်ပြီး အုန်းပင်မှာမှီထောင်ထားသောမှိန်းဆီသို့ပြေးသည်။ ကိုကြီးလက်ထဲမှ ငှက်ကြီးတောင်ဓားသည် ဝှီးခနဲမြည်သွားပြီး ကျော်ကြီးဇက်ကို ပိုင်းချလိုက်ပါတော့သည်။ ကျော်ကြီးမှာ ခေါင်းပြတ်သွား၏။ သူ့ခေါင်းမှာ လွင့်ထွက်သွားပြီး အုန်းပင်အခြေအမြစ်များပေါ်သို့ရောက်သွား၏။ ခန္ဓာကိုယ်က ဒူးထောက်လျက်သားကျသွားပြီး လည်ပင်းမှသွေးတွေပန်းထွက်လျက်။

ခေါင်းပြတ်ကြီးသည် မျက်လုံးကြီးပြူးထွက်လျက် ဒေါသတကြီးဖြင့် အုန်းပင်အမြစ်များအား သွားဖြင့်ကိုက်နေသည်။ သေသွားတာတောင် ဒေါသကြီးနေသောခေါင်းပြတ်က အုန်းပင်အမြစ်များအား မလွှတ်တမ်း တဂျစ်ဂျစ်ကိုက်နေသည်ကို သူတအံ့တသြငေးကြည့်နေမိသည်။ ခေါင်းပြတ်ကြီးသည် သွားတွေပွဲ့ကျလာသည်အထိ မျက်လုံးကြီးပြူးလျက်ကိုက်နေရင်း ငြိမ်ကျသွားသည်။ ခေါင်းပြတ်ကြီးက အုန်းပင်အခြေအမြစ်တွေပေါ် မှာတန်းလန်းကြီး။ ကိုကြီး သူ့ညီကိုလေးရှိရာ ပြင်စလူမြောက်ဘက်သို့ တစ်ချိုးတည်းထွက်လာခဲ့ပါတော့သည်။

❑

မြောက်ပြင်စလူရွာလေးမှာ မုဆိုးမခင်ချောသည် ကလေးတစ်ယောက်အမေ။ အသက်သုံးဆယ်ခန့်ရှိသော်လည်း လုံးကြီးပေါက်လှ ညိုချော။ အပျိုတွေရှုံးသည်။ တပ်မက်စရာ ကိုယ်လုံးကိုယ်ပေါက်နှင့် သနားကမားရုပ်ရည်ကြောင့် ကယ်တင်ချင်သူတွေကမရှား။ ကိုလေးက ခင်ချောကို သဘောကျသည်။ ခင်ချောကလည်း မိုက်ဂုဏ်ဖြင့်တစ်ရွာလုံးမော့မကြည့်ဝံ့သောကိုလေးကို အားကိုးချင်သည်။ ဒါကို ရွာထဲက လူပျိုသိုးရဲမြင့်ကမကြည်။ သူက ခင်ချောကိုမြင်လျှင် သွားရည်ကျနေသူတည်း။ ဒီတော့ ကိုလေးကို ရှင်းပစ်လိုက်လျှင် ခင်ချောကို သူပိုင်ရမည်။ ခင်ချော သူ့ကိုချစ်တာ၊ မချစ်တာ သိပ်စိတ်မဝင်စား။ အရေးကြီးတာက လူကိုအပိုင်ရဖို့ဖြစ်သည်။ ခင်ချောကိုရလျှင် သူ့ကိုချစ်သွားလိမ့်မည်ဟုယုံနေသည်။ ဒီတော့ ကိုလေးအသွားအလာကိုလေ့လာသည်။ကိုလေးခင်ချောတို့အိမ်လာနေကျလမ်းကိုမှတ်ထားသည်။

ခင်ချော၏အိမ်သည် ပြင်စလူမြစ်ကမ်းဘေး လမုတောများ၏နောက် ဓနိပင်များအကြားမှာရှိ၏။ ကိုလေးသည် လှေဖြင့်လာလေ့ရှိပြီး ကမ်းစပ်လမုပင်၌ လှေကိုချည်သည်။ ပြီးနောက် လမုတောများကြားမှလာလေ့ရှိသည်။ သို့ဖြင့် တစ်နေ့၌ ကိုလေး ခင်ချောတို့အိမ်သို့ အလာ နေဝင်ရီတရောအချိန်ခန့်တွင် -

"ဟိတ်"

လမုပင်ပေါ် မှ လူရိပ်တစ်ခု[illegible]
လာသည်။ ကိုလေး ရုတ်တရက် နော[illegible]
သို့ခုန်ဆုတ်လိုက်သည်။ ထိုသူက ရဲမြင့်[illegible]
လက်ထဲမှာ ဓားမြှောင်တစ်လက်ကို[illegible]
ထားသည်။

"ရဲမြင့်၊ မင်းဘာသဘောလဲ"

"ကိုလေး၊ မင်းကိုအပြတ်ရှင်းချ[illegible]
နေတာ သေပေတော့"

ရဲမြင့်က ဓားမြှောင်ဖြင့်ပြေးထိုး[illegible]
သည်။ ကိုလေး ခြေတစ်လှမ်းဆုတ်[illegible]
ရှောင်သည်။ ပြီးနောက် လွယ်ထားသော[illegible]
ဓားအား ဓားအိမ်မှဆွဲထုတ်လိုက်သည်[illegible]
ရဲမြင့်သည် မစိတ်မွန်နေ၍ တစ်ဖက်[illegible]
၏ အနေအထားအား မခန့်မှန်းတတ်[illegible]
သူရင်ဆိုင်နေရသူသည် မြွေပွေးမှ[illegible]
ရေမြွေမှန်း သူမသိ။ ရှေ့ခြေတစ်လှမ်း[illegible]
ပြီး ဓားမြှောင်ဖြင့်ထိုးသည်။ ဓားရှည်ကို[illegible]
ထားသူအား ဓားမြှောင်ဖြင့်ပြေးထိုးလို[illegible]
သည်ဟုပင် သူ့အမှား။

"ဝိုး. . . ဒုတ်. . . အား"

ကိုလေး၏ငှက်ကြီးတောင်ဓား[illegible]
ဝှစ်ခနဲနှင့် အသံတစ်ချက်ထွက်သွား[illegible]
လည်ကုပ်ပေါ် ဓားထိသံ၊ ရဲမြင့်အော်[illegible]
တို့က လမုပင်တွေကြားမှထွက်ပေါ် လာ[illegible]
သည်။ ရဲမြင့်ခေါင်းပြတ်ထွက်သွားသည်[illegible]
သို့သော် သူ့ကိုယ်ခန္ဓာသည် လဲပြို[illegible]
မရှိဘဲ လက်မှာဓားမြှောင်ကိုင်၍ရပ်[illegible]
သည်။ သွေးတို့က တစ်ကိုယ်လုံး[illegible]
မြင်မကောင်း။ ကိုလေး ဓားရှည်ကိုင်[illegible]
အခြေအနေကို စောင့်ကြည့်နေသည်[illegible]
ခေါင်းမရှိတော့သော ရဲမြင့်၏ခန္ဓာကို[illegible]
မှကိုင်ထားသောဓားမြှောင်လွတ်ကျသွား[illegible]
သည်။ ကိုလေးကိုင်ထားသောဓားရှည်[illegible]
အား ရွှံ့တောထဲစိုက်လိုက်၏။

ရုတ်တရက် ရဲမြင့်၏ခေါင်းပြတ်[illegible]
ကိုယ်ကြီးသည် လှုပ်ရှားလာသည်။[illegible]
နှစ်ဖက်ဆန့်တန်း၍ သူ့ဆီသို့ပြေးဝင်လာ[illegible]
သည်။ ကိုလေး ရှောင်ချိန်မရလိုက်[illegible]
ခန္ဓာကိုယ်နှစ်ခုပူးပြီးလုံးထွေးသွားသည်[illegible]
လမုပင်တွေကြား ရွှံ့တောထဲမှာ သ[illegible]
နှင့် သက်မဲ့ ခန္ဓာကိုယ်နှစ်ခု နပန်းလုံး[illegible]
ကြသည်။ အသက်ရှိစဉ်က ရဲမြင့်အား[illegible]
ကိုလေးမကြောက်။ ယခု အသ[illegible]
ခေါင်းပြတ်ကိုယ်ကြီးကျမှ အနည်း[illegible]
ကြောက်လာသည်။

လက်သီးချက်များက သူ့မျက်[illegible]
ပေါ် သို့တရစပ်ဝင်လာနေ၏။ သူ့အ[illegible]
ပြီး ဒူးနှင့်တိုက်၏။ ခြေဖြင့်ဖြတ်[illegible]
သည်။ နံကြား၊ ရင်အုံများသို့[illegible]
သည်။ သူ့မျက်နှာမှာလည်း လူ[illegible]
ကောင်၏ထိုးချက်များကြောင့် ဖူးရော[illegible]



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ ဤသို့လုံးနေကြရင်း သူ့စား ရှည်စိုက်ထားသောနေရာသို့ရောက်လာ သောအခါ ဓားရှည်အားဆွဲနှုတ်၍ ရင်ဝသို့ အဆုံးထိုးသွင်းလိုက်ပါတော့သည်။

ခေါင်းမရှိသောကိုယ်ကြီးမှ အသံနက်ကြီးတစ်သံထွက်ပေါ် လာ၏။

"အား"

ရဲမြင့်ကိုယ်ကြီး ရွှံပြင်ပေါ်သို့ ဗိုင်းခနဲလဲကျသွားသည်။ တုတ်တုတ်မလှုပ်တော့။ သူလည်း ခင်ချောအိမ်သို့ ဆက်မသွားတော့ဘဲ အိမ်ပြန်၊ ပိုက်ဆံနှင့် အဝတ်အစား အနည်းငယ်ယူပြီး အစ်ကိုဖြစ်သူ ကိုကြီးရှိရာရွာဘက်သို့ ထွက်ပြေးလာခဲ့ပါတော့သည်။

❑

"ငါတို့ညီအစ်ကိုနှစ်ယောက် လမ်းမှာဆုံကြတာ၊ တစ်ယောက်အဖြစ်အပျက် တစ်ယောက်တစ်ပြန် ပြောပြရင်း မဲကြီးတို့ရွာဘက်ထွက်ပြေးလာကြတာ"

ကိုကြီး၊ ကိုလေးတို့ညီအစ်ကိုနှစ်ယောက်ပြောပြသည်ကို နားထောင်ရင်း ကိုမောင်လေး ကြက်သီးထလာသည်။ အဖြစ်အပျက်တွေက ထူးဆန်းလွန်းလှသည်။

"ခေါင်းတောင်ပြတ်နေပြီပဲ။ ဘာဖြစ်လို့ အသက်ဝင်နေရတာလဲ"

ကိုမောင်လေးက မရှင်းသဖြင့်မေးသည်။

"အပမှီတာပေါ့ကွာ။ ကုန်းလမိုင်း၊ ရေလမိုင်းဆိုတာရှိတာပဲ။ တော်သေးတာပေါ့။ ကိုကြီး၊ ကိုလေးတို့က သတ္တိအလွန်ကောင်းလို့၊ တော်ရုံလူဆို အသက်ပါသွားလောက်တယ်"

သူတို့ညီအစ်ကိုတွေပြောပြတာ နားထောင်လိုက်၊ အရက်သောက်လိုက်ဖြင့် ကိုမောင်လေး ထိုညက အရက်သောက်သည့်ငါးခြောက်စင်ပေါ် မှာပင် အိပ်ပျော်သွားခဲ့ပါတော့သည်။

❑

"အဲဒါပဲ စာရေးဆရာ၊ ကျွန်တော့်ယောက္ခမကြုံတွေ့ခဲ့ရတာတွေက"

ပန်းချီကိုမိုးအိသည် ပြောပြပြီး အာညောင်းသွား၍လားမသိ။ ဘီယာခွက်အားမော့လိုက်သည်။ ကြက်ဥမွှေကြော်တစ်ဖတ်စားပြီး စီးကရက်အား မီးညှိသည်။

"ကျွန်တော်လည်း အိမ်တွင်းမင်းယောဂီရိပ်နဲ့ပတ်သက်ပြီး တိုက်ဆိုင်ကြုံတွေ့ခဲ့ရတာတစ်ခုရှိတယ်၊ ပြောပြမယ်"

"အင်း - ပြောစမ်းပါဦး၊ စာရေးဆရာရဲ့ကိုယ်တွေ့ပေါ့"

"ဒီလိုဗျ"

❑

ကျွန်နုပ် ပဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အစပ်ဖြစ်သော ကျီတော်ရပ်ကွက်တွင်နေစဉ်ကဖြစ်သည်။ မြို့ထဲမှာ သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်တွင် အာရိုက်ကြပြီး အိမ်ပြန်ရောက်တော့ ညရှစ်နာရီထိုးပြီ ဖြစ်၏။ တိုက်ခန်းဝတံခါးအားခေါက်တော့ ဇနီးဖြစ်သူက တံခါးဖွင့်ပေးသည်။ အိမ်ထဲရောက်ရောက်ချင်း ကြက်သီးကဖြန်းခနဲဖြစ်သွားသည်။ ဘာမှန်းမသိ။

ဇနီးဖြစ်သူက -

"ရှင်အိမ်ပြန်တာလည်း နောက်ကျလိုက်တာ"

"ဘာလဲကွ၊ ညရှစ်နာရီကနောက်ကျနေလို့လား"

"ခါတိုင်း ညနေဆိုပြန်နေကျလေ။ ဒီနေ့မှ ရှစ်နာရီမှပြန်လာလို့ပါ"

မိန်းမအား ဘာမှပြန်မပြောတော့ဘဲ အိပ်ခန်းထဲဝင်ပြီး အဝတ်အစားလဲ၏။

စောစောက မိန်းမပြောသော စကားအား ပြန်စဉ်းစားမိပြီး စိတ်ထဲက ဘာမှန်းမသိ ဒေါသတွေထွက်လာ၏။ အိမ်ရှေ့ခန်းသို့ထွက်လာပြီး ပက်လက်ကုလားထိုင်တွင်ထိုင်သည်။ စီးကရက်တစ်လိပ်အား မီးညှိသောက်လိုက်သည်။ ကြည့်နေကျတီဗွီသည် ခါတိုင်းနေရာမှာ မဟုတ်နေရာပြောင်းသွားသည်။ စိတ်ထဲမှာ ဒေါသတွေက ဘယ်ကပေါ်လာမှန်းမသိအလိပ်လိုက်အလိပ်လိုက်ထွက်ထွက်လာ၏။

"မင်းက ငါအိမ်ပြန်နောက်ကျတာကိုပဲ အပြစ်ပြောချင်နေတာလား"

"မဟုတ်ပါဘူး၊ ကိုဒီနေ့မှနောက်ကျလို့ပြောတာပါ"

မိန်းမက ခပ်အေးအေးပင် တီဗွီဆက်ကြည့်နေသည်။

"မင်းက ငါ့ကိုအပြစ်တင်ဖို့ပဲကြည့်နေတာ၊ မင်းကဘာမို့လို့လဲ၊ ဒီအိမ်မှာ ငါလုပ်စာစားနေတာ။ ငါအိမ်ထောင်ဦးစီး။ ငါ့ကိုဘာမှလာပေဖန်မနေနဲ့"

"ကိုကိုဘာပြောလို့လဲ၊ ကိုဘာဖြစ်လို့ စိတ်တိုနေတာလဲ"

"ငါကွာ ဒီမိန်းမပြန်ပြောနေတယ်။ လုပ်လိုက်ရ"

ပါးစပ်ကလုပ်လိုက်ရဟုသာပြောသည်။ လက်ကရောက်သွားပြီဖြစ်၏။

"ဖြန်း..."

"ဟင်..."

"အီး... အီး မေမေရဲ့"

မိန်းမ၏အုံ့အားသံ၊ သားငယ်လေး၏ငိုသံတွေ အိပ်ခန်းတွင်းမှထွက်လာ၏။

"ဗုန်း..."

မိန်းမ၏ပခုံးအား နောက်တစ်ချက်ရိုက်ချလိုက်ပြန်သည်။ မိန်းမကပြန်မလှုပ်ပါ။ ငိုနေသောသားငယ်အား ပွေ့ချီ၍ချော့နေသည်။ မိန်းမပါးပြင်ပေါ်တွင် မျက်ရည်တွေကအပြည့်။ ကျွန်နုပ်လည်း နှစ်ချက်ခန့်ရိုက်ပြီးမှ ဘုရားခန်းဘက်သို့ မျက်နှာမူလိုက်သည်။ ဘုရားကျောင်းဆောင်အနီးမှ သာမညဆရာတော်ကြီး၏ ကြည်လင်ပြုံးနေသောမျက်နှာတော်ပုံအား မြင်တွေ့လိုက်ရသောအခါ စောစောတုန်းကဖြစ်ပေါ်နေသောဒေါသများသည် ပြေလျော့သွားပါသည်။ မိန်းမသည် ဆရာတော်ကြီး၏ပုံတော်ရှေ့တွင် သောက်တော်ရေခွက်နှင့် ဖယောင်းတိုင်မီးပူဇော်ထားသည်။ ထိုအချိန်က သာမညဆရာတော်ကြီးမှာ မပျံလွန်တော်မူသေးပါ။ သက်ပြင်းရှည်ကြီးချပြီး ပက်လက်ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ချလိုက်ပါသည်။ တီဗွီမှပြနေသော တရုတ်ဇာတ်လမ်းတွဲအား စိတ်မသက်မသာဖြင့်ကြည့်မိသည်။ ဘာဖြစ်လို့ စိတ်တွေထိန်းမရဖြစ်ပြီး မိန်းမကိုရိုက်မိပါလိမ့်။ ကျွန်နုပ်သည် ဇနီးဖြစ်သူအား လက်ထပ်ပြီးသည့်အချိန်မှစ၍ တစ်ခါမှမရိုက်ဖူးခဲ့။ ယခု ဘာဖြစ်သွားသည်မသိပါ။ သူကလည်း ကျွန်နုပ်၏ပြောင်းလဲသွားသောဟန်ပန်အား အံ့အားသင့်နေသလို နှစ်နှစ်သားကလေး ကျွန်နုပ်၏သားငယ်သည် ကျွန်နုပ်ပုံစံအားကြည့်ပြီး လန့်၍အော်ငိုနေပါသည်။

တီဗွီအားကြည့်ရင်း တစ်ခုခုလွဲနေသလိုခံစားရ၏။ တီဗွီနေရာပြောင်းသွားသည်က ယနေ့မှဖြစ်သည်။ ထိုစဉ်က ဖလက်တီဗွီတွေမပေါ်သေးပါ။ တီဗွီကြီးတွေက အိမ်ရှည်ကြီးတွေ ဖြစ်သည်။ သေသေချာချာကြည့်လိုက်တော့မှ အိမ်တွင်းနတ်အုန်းစင်နှင့်တီဗွီသည် အလွန်နီးကပ်စွာတည်ရှိနေခြင်း ဖြစ်လေ၏။ ရုတ်တရက်ထသွားပြီး တီဗွီနောက်မှနေ၍ လက်တံအား ခံထားကြည့်မိသည်။ ထိုတီဗွီများသည် ရှေ့မှအရှည် ထွက်နေလျှင် အနောက်ဘက်က အပူလှိုင်းများထွက်၏။ လေပူတွေတိုက်နေသလိုက်တွေပူလာသည်။ ထိုအပူလှိုင်းသည်



www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

## ရောဂါလည်းပျောက် လျှာလည်းလောက်သည့်


# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်)၂၉

□ **အာဟာရပြည့်စားမြိန် ခုန်းထောပတ်ထမင်း**

အုန်းသီးကို အရှေ့တောင်အာရှနိုင်ငံအတော်များများမှာ အချိုပွဲ၊ ထမင်း၊ ဟင်းလျာ စသည့် စားဖွယ်ရာ အရသာကောင်းမွန်လှသောအစားအစာအမျိုးမျိုးတို့ကို အုန်းသီး၊ အုန်းနို့၊ အုန်းရည်တို့ဖြင့် ရိုးရာဓလေ့အားလျော်စွာ စီမံချက်ပြုတ်ကြသည်ကို များစွာတွေ့မြင်ရပါသည်။

စာရေးသူတို့၏ နိုင်ငံမှာလည်း အုန်းသီးနှင့်လွတ်ကင်းသည့်စားဖွယ်ရာ ရိုးရာမုန့်ဆိုတာ မရှိသလောက်ပင်ဖြစ်၏။ အုန်းသီးက ဇာတ်လိုက်ကျော်ပါပဲ။ အုန်းသီး၏ပင်ကိုသဘာဝအရသာကိုကအေးချိဆိမ့်ပြီး သူနှင့်တွဲဖက်ချက်ပြုတ်



ပြုလုပ်လိုက်သည့်စားဖွယ်ရာဟူသမျှတို့ရဲ့ မူလပင်ကိုအရသာထက် ပိုမိုထူးကဲစွာကောင်းမွန်လာမှုကြောင့် အုန်းသီးကို မပါမဖြစ် သုံးစွဲနေကြခြင်း ဖြစ်ပါတယ်။

ရှေးယခင်က အရသာကောင်းမွန်မှုကို အရင်းတည်အသုံးပြုခဲ့ကြပါသော်လည်း ယနေ့တိုးတက်ခေတ်မီလာတဲ့ ဆေးသိပ္ပံအာဟာရဗေဒသုတေသနပြုလုပ်ချက်များအရ အုန်းသီးသည် လွန်စွာဆေးဖက်ဝင်လှသော အာဟာရဓာတ်များစွာပါဝင်နေခြင်းကြောင့် ပိုလို့မင်အသုံးဝင်ခဲ့ပါသည်။

အုန်းသီးအဆန်ကနေထွက်ရှိတဲ့ အုန်းဆီဟာ HDL ခေါ် အကျိုးပြုကိုလက်စထရောကိုမြှင့်စေပြီး LDLခေါ် အဆီဆိုးများကိုလျော့နည်းစေသည့်အင်တီအောက်ဆီးဒင့်ဓာတ်ပြည့်ဝစွာပါဝင်နေပါသည်။

ဒါ့အပြင် သဘာဝကပေးတဲ့ နတ်ရေစင်ဟုခေါ်ကြသည့်အုန်းရည်ဟာလည်း လွန်စွာဆေးဖက်ဝင်တဲ့ ဗီတာမင်နှင့် ဓာတ်ဆားများဖြစ်သည့်အီလက်ထရို

အိမ်တွင်းနတ်အုန်းစင်သို့ တိုက်ရိုက်ထိတွေ့နေသည်။ ကျွန်ုပ်သဘောပေါက်သွားပါတော့သည်။ တီဗွီစင်အားချက်ချင်း ဧည့်ခန်းအတွင်းဘက်သို့ရွှေ့ပစ်လိုက်ရသည်။

"မိန်းမ၊ မင်းဘာဖြစ်လို့ တီဗွီကိုနတ်အုန်းစင်နားရွှေ့ထားလိုက်ရတာလဲ"

"ဧည့်ခန်းကျယ်သွားအောင်လို့ပါ။ ဘာဖြစ်လို့လဲဟင်"

"မင်းက တီဗွီကို နတ်အုန်းစင်နားရွှေ့တော့ အိမ်တွင်းဖခင်ကြီးနတ်စင်ကို အမှုနဲ့တိုက်နေသလိုဖြစ်နေတာပေါ့ကွ။ အိမ်တွင်းနတ်က အပူကြောက်တယ်။ သူတို့ဟာ မီးအရှို့ခံရပြီးသေခဲ့ကြတာ။ မီးပူဇော်လို့မှမရတာ မင်းမသိဘူးလား"

"ကျွန်မလည်း တီဗွီကအပူတွေထွက်နေတာ ဘယ်နားလည်မလဲ။ နေရာကျယ်သွားအောင်ရွှေ့မိတာ"

နှစ်ယောက်သား အိမ်တွင်းဖခင်ကြီး မင်းမဟာဂီရိအား ရှိခိုးတောင်းပန်ကြရပါသည်။ သားငယ်လေးက ငိုခြင်းမရှိတော့ဘဲ ပြုံးရွှင်စွာဆော့ကစားနေပါသည်။

မိန်းမက ကျွန်ုပ်အား ပြန်ပြောမြ၏။

"စောစောက ဒေါသဖြစ်နေတဲ့ အစ်ကိုရုပ်က မူလရုပ်မဟုတ်ဘူး။ သိပ်ကြောက်စရာကောင်းတဲ့ရုပ်ကြီးဖြစ်နေတယ်။ ကျွန်မဖြင့် ကြောက်လိုက်တာ။ အခုပုံနဲ့ဘာမှမဆိုင်ဘူး။ အဲဒါကြောင့် ကျွန်မသားလေးက အစ်ကို့ကိုကြည့်ပြီးငိုနေတာ"

ကျွန်ုပ်ဘာမှပြန်မပြောမနေတော့ပါ။ မယုံကြည်လျှင် မကိုးကွယ်ပါနှင့်။ သို့သော် စော်ကားမော်ကားမပြောမိပါစေနှင့်။ ကိုယ်က အရိယာသူတော်စင်လည်းမဟုတ်၊ သမထတန်ခိုးပေါက်မြောက်နေသည့် ဝိဇ္ဇာကြီးလည်းမဟုတ်၊ စူဠသောတာပန်အဆင့်တောင်မရောက်သေး။ ငါးပါးသီလမပြောနှင့်၊ တစ်ပါးတောင်မလုံသည့်သူက တောပြောတောင်ပြောလျှောက်ပြောနေလျှင် အုတ်ကျင်းဘူတာနားကလူတစ်ယောက်လို ရထားလာနေသည်ကို ရှင်လောင်းလှည့်လာသည်ဟုမြင်ပြီး ပိုက်ဆံကြဲတာပြေးကောက်လိုက်ရာ ရထားအရပ်မှာ ဝင်တိုက်မိသွားပြီး ပေါင်ကျိုးသွားသည့်အဖြစ်မျိုးရောက်သွားနိုင်သည်။

ကိုးကွယ်ထားလျှင်လည်း သက်ကြီးဝါကြီး ကိုယ့်အိမ်အားစောင့်ရှောက်ပေးနေသည့် အကြီးအကဲတစ်ယောက်ကဲ့သို့ ဂါရဝတရားထားပြီး လေးစားသမှုရှိပါ။ သင့်အိမ်အား အမှန်တကယ် စောင့်ရှောက်ပေးပါလိမ့်မည်။ အိမ်မှာ မိသားစုတွေ ကျန်းမာရေးမကောင်းခြင်း၊ အိမ်ထောင်ဦးစီး အလုပ်အကိုင်အဆင်မပြေလင်မယားတကျက်ကျက်ရန်ဖြစ်လာရလျှင် အိမ်တွင်းအုန်းနတ်စင် အား ဂရုပြုပြီးကြည့်ပါ။ တစ်ခုခုချို့ယွင်းနေခြင်းအုန်းသီးခြောက်နေခြင်းမျိုးဖြစ်နေတတ်၍ ပြန်လည်အသစ်တင်ပြီး ဗလိနတ်စာဖြင့်ပူဇော်လျှင် ပြဿနာများပြေလည်သွားပါလိမ့်မည်။

စာဖတ်ပရိသတ်ကြီး ကျန်းမာချမ်းသာကြပါစေသတည်း။

သန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်များနှင့် ကာဗွန်ဟိုက်ဒြိတ်တွေ ကြွယ်ဝစွာပါဝင်နေသည့် သဘာဝပေးသောဆေးဖက်ဝင်အုန်းရည်ဖြစ်ပါသည်။

အုန်းစိမ်းရည်တစ်ဖန်ခွက် (၂၄၀ ဂရမ်) မှာ ကယ်လိုရီဓာတ် (၄၆)ကယ်လိုရီရရှိပြီး -

၁။ ကစီဓာတ်(ကာဗိုဟိုက်ဒြိတ်)၉-ဂရမ်
၂။ Fiber အမျှင်ဓာတ် ၃-ဂရမ်
၃။ Protein အသားဓာတ် ၂-ဂရမ်
၄။ Vit.C ၁၀ရာခိုင်နှုန်း
၅။ မဂ္ဂနီဆီယမ် (mg) ၁၅-ရာခိုင်နှုန်း
၆။ ပိုတက်စီယမ် (k) ၁၇-ရာခိုင်နှုန်း
၇။ မဂ္ဂနီး(စ်) (Mn) ၁၇-ရာခိုင်နှုန်း
၈။ ဆိုဒီယမ် (Na) ၁၁-ရာခိုင်နှုန်း
၉။ သစ်သီးသကြားဓာတ်

တို့ ပါဝင်နေကြပါသည်။

ဒါကြောင့်လည်း အုန်းစိမ်းရည်ကို ဝမ်းပျက်ဝမ်းလျှောနေသူများ၊ ခန္ဓာကိုယ်မှာ အပူဒဏ်ကြောင့် ရေဓာတ်နှင့် အာဟာရသတ္တုဓာတ်ဆားများလျော့နည်းနေသူများ၊ မီးလောင်ဒဏ်ရာရသူများနဲ့ ကိုယ်ဝန်ဆောင်မိခင်များအတွက် အလွန်အဖိုးတန်လှသည့်သဘာဝကပေးသော-ဆေးရည်ဖြစ်ပါသည်။

လိပ်ခေါင်း၊ မြင်းသရိုက်၊ စအိုကွဲခြင်း စသည်ကြောင့် သွေးစိမ်းပါ (သွေးဝမ်းသွား) နေသူများကို အုန်းစိမ်ရည် လတ်လတ်ဆတ်ဆတ်ကို ကျောက်ချဉ်၊ (၁) ပဲသားနဲ့ အုန်းစိမ်းရည် တစ်ဖန်ခွက် ရောစပ်ကာတိုက်ပေးပါက ထူးခြားစွာ သွေးတိတ်၊ သွေးထိန်းနိုင်သည့်သတ္တိထူးများကိုတွေ့ရပါမည်။

သို့သော် အုန်းသီးနှင့်အုန်းစိမ်းရည်တို့မှာ ဆေးဖက်ဝင်အကျိုးပြု အာဟာရဓာတ်ပြည့်ဝစွာ ပါဝင်နေပါသော်လည်း သွေးတိုးရောဂါနှင့် သွေးချို၊ ဆီးချိုရောဂါရှင်များကတော့ အထူးရှောင်ကြဉ်သင့်ပါသည်။

အုန်းထမင်း၊ အုန်းနို့ခေါက်ဆွဲ စသည်တို့ကို ၎င်းရောဂါရှင်များစားမိပါက ကျိန်းသေ သွေးချို၊ ဆီးချိုတက်ပြီး သွေးပေါင်ချိန်ကို မြင့်တက်စေပါသည်။ အထူးသတိပြုရှောင်ကြဉ်ကြပါ။

ယခု စာရေးသူ တင်ပြမည့် လူတိုင်းနှင့်သင့်တော်ပြီး ကလေးသူငယ်ရင်သွေးငယ်လေးများပါမကျန် အလွန်ကြိုက်နှစ်သက်သည့်နှုတ်မြိန်ပြီးအရသာကောင်းမွန်လှသည့်စားဖွယ်အာဟာရဖြစ်သော -

အုန်း၊ ထောပတ်၊ သီးစုံထမင်းချက်နည်းစနစ်ကို ဖော်ပြပါမည်။



အုန်းနို့အဆီကိုမသုံးဘဲ အုန်းစိမ်းရည်၊ ထောပတ်အနည်းငယ်နှင့် တွဲဖက်ပြီးချက်ရသည့်နည်းစနစ်ဖြစ်ပါသည်။

ဒါကြောင့် ဆီးချို၊ သွေးချိုရောဂါရှင်များမှလွဲပြီး ကျန်ကလေး၊ လူကြီး အရွယ်မရွေး အာဟာရပြည့်ဝပြီး အရသာကောင်းမွန်သည့် စားကောင်းသောအာဟာရဖြစ်ပါသည်။

၁။ ပေါ်ဆန်းဆန် (သို့) ဘတ်စ်မာတီဆန် (၃) ခွက်
၂။ အုန်းစိမ်းရည် (ယိုးယားအုန်းစိမ်းမွှေး) (၆) ခွက်
၃။ ကြက်သွန်နီဥသေး (အခွံသင်ပြီးသား) (၇) လုံး
၄။ ဆားအနည်းငယ်
၅။ ထောပတ်(ငါန်းဇွန်ထောပတ်) (၃) ဇွန်း
၆။ အစေ့ပါသည့် စပျစ်ခြောက် (၅) ကျပ်သား
၇။ ပဲစိမ်းလုံး (၃) ဇွန်း
၈။ သီဟိုစေ့ (၅) ကျပ်သား
၉။ ကျောက်ဖရုံယို (အတုံးလေးလှီးထား ပါ) (၃) ချောင်း

□ **စီမံချက်ပြုတ်နည်း**

ဘတ်စ်မာတီဆန်ကို သန့်စင်၊ ရေဆေးပြီး အသင့်ထားပါ။ ထမင်းပေါင်းအိုးတွင် ထောပတ် (၃) ဇွန်းကို အပူပေးပြီး ထောပတ်ပျော်လာချိန်တွင် ဆန်ကို ထည့်၍မွှေပေးပါ။ တစ်ခါတည်း ဆားသင့်ရုံထည့်ပြီး ကြက်သွန်နီဥသေးများပါ ထည့်ပြီး အုန်းစိမ်းရည်ကို ထမင်းရေခန်းချက်သည့်ပုံစံအတိုင်းပင်ချင့်၍ထည့်ပြီး ထမင်းပေါင်းအိုးတွင်ပေါင်းပါ။

ထမင်းရည်ခန်းခါနီးအချိန်တွင် သီဟိုစေ့၊ စပျစ်သီးခြောက်၊ ကျောက်ဖရုံယိုနှင့် ပဲစိမ်းလုံးတို့ကိုထည့်၍ အသာမွှေပေးပါ။ ထမင်းနပ်၍လာပြီဆိုရင် ထမင်းအိုးအဖုံးကခွေးကို (၃)၊ (၄) ခါလှုပ်ပြီး ခွေးသုတ်ပေးလိုက်လျှင် အုန်း၊ ထောပတ်၊ သီးစုံ ထမင်းမွှေးမွှေးနှင့် အရသာပြည့်စုံသည့်စားဖွယ်အာဟာရကို သုံးဆောင်နိုင်ကြပါပြီ။

ဟင်းစပ်အတွဲအနေနှင့်ကတော့ -

ကြက်သား၊ ဒိန်ချဉ်နှင့်နှပ်ချက်တဲ့ ကြက်သားဟင်း ဒါမှမဟုတ် ကြက်သားမွကြော် (သို့) ပုစွန်တုပ်၊ မဆလာဟင်း စသည်တို့နှင့် ချဉ်ပေါင်မှန်ရောင်ဟင်းချို (သို့) ကြံမဆိုင်ဟင်းချိုတို့နှင့် တွဲဖက်ပြီး အအီပြေ ချပ်တနီးအချဉ်ကို သခွားသီး၊ ကြက်သွန်နီ၊ ငရုတ်စိမ်းပါးပါးလှီးပြီး ဒိန်ချဉ်နှင့်ရောသုပ်တဲ့အချဉ် (ချပ်တနီး) လေးနှင့်တွဲဖက်၍ သုံးဆောင်နိုင်ပါသည်။

*စားသမျှအားဖြစ်၍*
*ကျန်းမာကြပါစေ*

ရွှေနဝင်း (ပုသိမ်)






www.burmeseclassic.com

www.burmeseclassic.com

# ဘသုန် ယနေ့ခေတ်သုံး လက္ခဏာကွန်ရက်




**Palm Print 34**
**The Humanitarian Heart Line**

**လူလူချင်းစာနာထောက်ထားစိတ်ရှိကြောင်း ကိုယ်စားပြုဖော်ပြသည့်နှလုံးလမ်းကြောင်း**

**လူလူချင်းစာနာထောက်ထားစိတ်ရှိကြောင်း ကိုယ်စားပြုဖော်ပြသည့်နှလုံးလမ်းကြောင်း**

လူလူချင်းစာနာထောက်ထားစိတ်ရှိကြောင်းဖော်ပြသည့်နှလုံးလမ်းကြောင်းသည် လက်ဝါးပြင်အနှံ့ ရှည်လျားဖြောင့်တန်းလျက်ပါရှိတတ်သည်။

**လိင်မှုကိစ္စအပေါ် စိတ်ဝင်စားခြင်းအား ဖော်ပြခြင်း**

လိင်မှုကိစ္စအပေါ် စိတ်ဝင်စားမှုအတိုင်းအတာ မည်မျှပါရှိသည်ကိုသိရှိနိုင်ရန် နှလုံးလမ်းကြောင်းကိုသာ အဓိကစိစစ်ရပါမည်။ နှလုံးလမ်းကြောင်းသည် မိခင်ဝမ်းကြောတိုက်အတွင်း သန္ဓေသားဘဝကတည်းကပင် မှတ်တမ်းသဖွယ်တည်ဆောက်ပါရှိပြီးဖြစ်သည်။နှလုံးလမ်းကြောင်းတိုတောင်း၍ အသက်လမ်းကြောင်းဆီသို့ ချိတ်သဏ္ဍာန်ကောက်၍ သွားနေခဲ့ပါက ကလေးဘဝကတည်းကပင် လိင်မှုကိစ္စအရှုပ်အထွေးများရှိနေခဲ့ကြောင်းသိနိုင်ပါသည်။

အကယ်၍ လက်သန်းအနေအထားတွန့်လိမ်နေပါက လိင်ကိစ္စ၌ အဖြစ်သည်းတတ်သူ၊ အတွေ့အကြုံလုံးဝမရှိ၍ ကြောက်ရွံ့တွန့်ဆုတ်တတ်သူဖြစ်ပါမည်။ ဝဲဘက်လက်သန်း၏လက်ချောင်းရိုး (အောက်ခြေပိုင်း) လက်ဗွေသည် ညာဘက်လက်သန်းလက်ချောင်းရိုး (အောက်ခြေပိုင်း) လက်ဗွေထက်သိမ်နေပါက လိင်မှုကိစ္စပြဿနာဖြေရှင်းရတတ်ပါသည်။

ဝဲဘက်လက်သန်း၏လက်ချောင်းရိုး (အောက်ခြေပိုင်း)၏လက်ဗွေသည် ပြည့်ဝ၍ ညာဘက်ခြမ်းကလည်း အားနည်းချက်မရှိပါက အခြားသူတစ်ဦးဦး (ဆန့်ကျင်ဘက်လိင်)နှင့်ဆက်ဆံလိုစိတ်မရှိဘဲ မိမိဘာသာ ဆန္ဒဖြေဖျောက်တတ်သူဖြစ်ကြောင်း ဖော်ပြပါသည်။


**နှလုံးလမ်းကြောင်းအစတွင် မြားများပါရှိနေခြင်း**

အဆိုပါလက္ခဏာသည် မနာလိုဝန်တိုစိတ်ကြီးခြင်း၊ မိမိထက်သာသူအပေါ် ဖျက်လိုဖျက်ဆီးလုပ်လိုခြင်းရှိတတ်သည်။


ဇနီးဖြစ်သူနှင့်ကွာရှင်းပြတ်စဲခြင်း မပြုမီ (၃) လအလို၌ ကူးယူထားသော အမျိုးသားတစ်ဦး၏ လက်ဝါးပြင်နမူနာ Plam Print 36 (ဦးခေါင်းလမ်းကြောင်း အနေအထား မကောင်းခြင်းကြောင့် ဆက်ဆံရေးပျက်ပြားခြင်း၊ ဆုံးဖြတ်ချက်မချနိုင်ခြင်းတို့ကို ဖော်ပြသည်။)

**Palm Print 35**
**Arrows at the start of the Heart Line**

**နှလုံးလမ်းကြောင်းအစတွင် မြားများ ပါရှိနေခြင်း**



**Palm Print 36**
**Relationship problems**
**A print taken three months before this man decided to separate from his wife. Can you see the signs of relationship trouble and indecision in his Head Line? See the section on fuzzy Head Lines on page 180.**



www.burmeseclassic.com

www.burmeseclassic.com

**မိဘအုပ်ထိန်းမှုအောက်မှလွတ်ကင်းနေခြင်း**

လက်သူကြွယ်နှင့်လက်ခလယ်တို့ နီးကပ်စွာရှိနေခြင်း (အထူးသဖြင့် လက်ခလယ်က ကွေးညွတ်နေခြင်းရှိပါက) လိင်မှုကိစ္စ၌ စိတ်ပျော်ရွှင်ခြင်းရှိကြောင်း၊ မိဘအထိန်းအကွပ်အောက်မှလွတ်ကင်းနေကြောင်း ဖော်ပြပါသည်။

အကယ်၍ လက်သန်းသည် ပုပျစ်နေပါက တရားမျှတမှုရှိစွာမဆုံးဖြတ်နိုင်ခြင်း၊ မိဘနှင့် ချစ်သူ (အိမ်ထောင်ဖက်) အကြား ပျာများရခြင်းနှင့် ကြုံတွေ့ရပါမည်။

အသက်လမ်းကြောင်းသည် ကျွန်းတစ်ခုနှင့်အစပြုထားပါက ကလေးဘဝမှာပင် မိသားစုအတွင်း စိတ်မပျော်ရွှင်မှုများနှင့် ကြုံတွေ့ရပါမည်။

အသက်လမ်းကြောင်းမှ (လက်ညှိုးဆီသို့) ထောင်တက်လာသောလမ်းကြောင်းများ၌ ချိန်းကြိုးသဏ္ဌာန် (သို့) ကျွန်းပုံစံများတွဲလျက်ပါရှိခဲ့ပါက ကလေးဘဝမှာပင်ခက်ခဲကြမ်းတမ်းသောအတွေ့အကြုံများဖြင့် ရင်ဆိုင်ရတတ်ပါသည်။ အသက်လမ်းကြောင်းမှ (လက်ညှိုးဆီသို့) ဖြာတက်လာသောလမ်းကြောင်းများသည် ကြိုးစားအားထုတ်မှုအရာမှန်သမျှအား အရာမထင်စေဘဲ ဖျက်ဆီးပစ်သည့်သဘော၊ စိတ်လေလွင့်စေပြီး ပျော်သလိုလွတ်လပ်စွာနေထိုင်လိုသည့်သဘောများကို ကိုယ်စားပြုသည်။

မိသားစုနှင့်ဆက်ဆံရေးကိုကိုယ်စားပြုသည့် Family Ringနှင့်Thumb chain အမှတ်အသားတို့က လက်မ၏ အောက်ဘက်လက်ဆစ်ပေါ်တွင်ပါရှိပါက မိသားစုအပေါ် သံယောဇဉ်ကြီးကြောင်း ဖော်ပြပါသည်။

အကယ်၍ ဝမ်းနည်းကြေကွဲမှုပြလမ်းကြောင်းတိုပါရှိပါက မိဘများဆုံးရှုံးရပြီးနောက်ပိုင်း ကာလအတော်ကြာဖြေမဆည်နိုင်သည့်သဘော ဖော်ပြနေပါသည်။

တံလမ်းကြောင်းသည် အသက်လမ်းကြောင်းအနီးမှအစပြုပါက များစွာသော မိသားစုတာဝန်များယူရတတ်ကြောင်း ဖော်ပြပါသည်။


**ပုံပျက်နေသော (သို့) အနေအထား မမှန်သော လက်မတည်ဆောက်ပုံ**

လက်မတည်ဆောက်ပုံ (ပုံပျက်) နေပါကအောက်ပါစရိုက်လက္ခဏာများ ပါရှိကြောင်းတွေ့ရှိရပါမည်။

စိတ်ခံစားမှု မြင့်တက်ခြင်း၊ စိတ်အတက်အကျပြောင်းလဲမှု မြန်ဆန်ခြင်း၊သဘောထား တင်းမာတတ်ခြင်း၊ အစွန်းရောက်သည့် အပြောဆိုအပြုမူရှိခြင်း၊ ရုတ်တရက် ဒေါသထွက်ခြင်းအပေါ် မထိန်းချုပ်နိုင်ခြင်း၊စိတ်ဖိစီးမှုဝေဒနာခံစားရတတ်ခြင်း၊ ဇီဇာကြောင်တတ်ခြင်း၊ ခံရစေ့တွင်းကျလိုက်တတ်ခြင်း၊ အထိမခံတတ်ခြင်း၊ ကိုင်တွယ်ရခက်ခြင်းတို့ပင် ဖြစ်သည်။

Diagram 15:

**The Clubbed Thumb**




**လက္ခဏာနှင့်ကျန်းမာရေးဆိုင်ရာကိစ္စများ**

နေ့စဉ်ကျန်းမာရေးစစ်ဆေးမှုပြုနိုင်ရန် ကျန်းမာရေးကိုယ်စားပြုလမ်းကြောင်းအား လေ့လာရန်လိုပါသည်။ အဆိုပါလမ်းကြောင်းများသည် လက်သန်းအနီးမှစတင်ပြီး အသက်လမ်းကြောင်းသို့ ဦးတည်သွားသောလမ်းကြောင်းများပင်ဖြစ်သည်။ ၎င်းလမ်းကြောင်းများသွားရာလမ်းတစ်လျှောက် ၊ လက်ဝါးပြင်အသားအရောင်ပန်းရောင်သန်းနေမှသာ ကျန်းမာရေးကောင်းမည်ဖြစ်ပြီး ညိုမည်းနေပါက ကျန်းမာရေးညံ့နေကြောင်း ဖော်ပြပါသည်။

**အများဆုံးတွေ့ရှိရသည့် ကျန်းမာရေးပြဿနာများ**

**Diagram 16**




မူရင်းစာအုပ်ပါ နမူနာလက်ဝါးပြင်ပေါ်မှ a,b,c,d,e,f တို့၏ ဖော်ပြချက်များကို အောက်ပါအတိုင်း တွေ့ရှိရသည်။

(a) စိတ်ချောက်ချားထိတ်လန့်တုန်လှုပ်ခြင်း (တစ်ခါတစ်ရံ ဦးခေါင်းထိခိုက်မိ၍ မေ့သွားခြင်း)

(b) အစာအိမ်အချဉ်ပေါက်ခြင်း (အစာခြေအင်္ဂါအဖွဲ့၌ ပြဿနာရှိနေခြင်း)

(c) ကျောက်ကပ်တွင် အဆိပ်တောက်များရှိနေခြင်း (ရေများများသောက်၍ ဆီးသွားစေခြင်းဖြင့် ဆေးကြောသန့်စင်ပေးရပါမည်။)

(d) အသက်လမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းကြောင့် ကျန်းမာရေး

www.burmeseclassic.com

ဆေးစစ်ချက်ပုံမှန်လုပ်ပေးရပါမည်။

(e) အမျိုးသမီးဖြစ်ပါက မီးယပ်-သားဖွားဆိုင်ရာ ရောဂါဝေဒနာများနှင့် နောက်ဆက်တွဲရောဂါအဖြစ် စိတ်ပူပင်သောက၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်းရှိလာနိုင်ပါသည်။ အကယ်၍ အမျိုးသားဖြစ်ပါက အူကျရောဂါဖြစ်တတ်ပါသည်။

(f) သောကြာခါးပတ်ပေါ်တွင် ကြယ်ပွင့်ပုံစံပါရှိနေပါက လိင်ဆက်ဆံခြင်းမှတစ်ဆင့် ကူးစက်ရောဂါအမျိုးမျိုးရလာနိုင်ပါသည်။

**ကိုယ်အလေးချိန်ဆိုင်ရာ ကျန်းမာရေးပြဿနာများ**

လက်ချောင်းရိုး(အောက်ပိုင်း)ကြီးထွားသူဖြစ်ပါက အဝလွန်သူ၊ အဆီပိတ်သူဖြစ်ပါမည်။ လက်ချောင်းများတည်ဆောက်ပုံအနေအထား သဘာဝကျကျသေးသွယ်နေတတ်သော်လည်း လက်ဆစ်(လက်ချောင်းရိုး) တုတ်-မတုတ်စိစစ်လေ့လာရပါမည်။ လက်ချောင်းရိုး(အောက်ပိုင်း)အား လက်ညှိုးနှင့်လက်မအကြားထား၍ ဖိညှစ်ကြည့်ပါက လက်ဖွေအနေအထား ပျောက်ကွယ်သွားလျှင် အစားအသောက်ချင့်ချိန်စားသောက်တတ်ရန်လိုကြောင်း အသိပေးနေပါသည်။

**အဆစ်အမြစ်ရောင်ရမ်းသည့်ရောဂါ(Gout)**

လက်ညှိုးထိပ်ဖျားသည် လက်ခလယ်ရှိရာဘက်သို့ ကွေးဝင်သွားပါက အဆစ်အမြစ်ရောင်ရောဂါဖြစ်လာနိုင်ပါသည်။

**ကျောရိုး၊ လည်ပင်းနှင့် ကျောကုန်းဆိုင်ရာရောဂါဝေဒနာများ**

အသက်လမ်းကြောင်းထိပ်ဖျားမှအောက်ခြေထိလက်ဝါးပြင်အနှံ့ပြေးနေခြင်းသည် ကျောရိုး၏အရှည်အား ကိုယ်စားပြုထားပြီး အဆိုပါ အသက်လမ်းကြောင်းအောက်ခြေအဆုံး၌ ကျွန်းခံနေပါက ကျောကုန်းနှင့်ပတ်သက်သောရောဂါဝေဒနာခံစားရဖွယ်ရှိနေပါသည်။ အချို့သော လက္ခဏာရှင်များက ကျောရိုး၏အရှည်အား ကံလမ်းကြောင်းဖြင့်တိုင်းတာကြသည်။

အကယ်၍ လက်ခလယ်သည် သိသာစွာကွေးညွှတ်နေပါက ကျောရိုး(သို့) ကျောကုန်းနှင့်ဆိုင်သောဝေဒနာတစ်ခုခုခံစားရနိုင်ပါသည်။

**အမျိုးသားများ၏သုက်ရည်ဂလင်းနှင့်ဆိုင်သောရောဂါများ**




**လက်သန်း၏လက်ချောင်းရိုးထိပ်ပိုင်း အတွင်းဘက်သို့ကွေးဝင်နေပုံ**

လက်သန်း၏လက်ချောင်းရိုး(ထိပ်ပိုင်း)ကအတွင်းဘက်သို့ကောက်လုနီးပါးကွေးဝင်နေလျှင် ၊ အမျိုးသားများ၏သုက်ရည်ဂလင်းနှင့်ဆိုင်သောရောဂါများခံစားရဖွယ်ရှိသည်။


**နှလုံးနှင့်ဆိုင်သောရောဂါဝေဒနာများ**

နှလုံးနှင့်ဆိုင်သောရောဂါဝေဒနာများရှိ မရှိ Simiam Line အား စစ်ဆေးခြင်းဖြင့် သိရှိနိုင်သည်။ အထူးသဖြင့် လက်သူကြွယ်အောက်ဘက်တည့်တည့် လက်ဝါးပြင်ရှိ အသားဖုထူးထူးခြားခြား မြင့်နေပါက နှလုံးရောဂါခံစားရရန် သေချာသောအခြေအနေတွင် ရှိနေပါမည်။

**ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်စရာများအပေါ် ကြိုတင်သိမြင်နိုင်ရန်ဖော်ပြသည့်ဓာတ်ကြီး (၄)ပါး ကိုယ်စားပြုလက်ဝါးပြင်များ**

မီးဓာတ်ကိုယ်စားပြုလက်ဝါးပြင်ဖြစ်ပါက မီးလောင်တတ်ခြင်း၊ မတော်တဆထိခိုက်မိတတ်ခြင်း ဖြစ်လာနိုင်ပါသည်။

မြေဓာတ်ကိုယ်စားပြုလက်ဝါးပြင်ဖြစ်ပါက စိတ်ဖိစီးမှုများခြင်း ကိုယ်စိတ်ပင်ပန်းခြင်းရှိပါမည်။



Palm A Palm Print taken in 1993



Palm B The same palm printed in 1999

**နှလုံးရောဂါဝေဒနာခံစားရသူ၏ လက်ဝါးပြင်နမူနာ**




**နှလုံးရောဂါကြောင့် နှစ်ကြိမ်တိုင်တိုင် ခွဲစိတ်ကုသခံရသူ၏လက်ဝါးပြင်**




www.burmeseclassic.com

www.burmeseclassic.com


လေဓာတ်ကိုယ်စားပြုလက်ဝါးပြင် ခေါင်းကိုက်ခြင်း၊ အအေးမိခြင်း၊ အဖုအကျိတ်ထွက်ခြင်း၊ အစားမှားခြင်းဖြစ်နိုင်ပါသည်။

ရေဓာတ်ကိုယ်စားပြုလက်ဝါးပြင် အဖုအကျိတ်ထွက်ခြင်း၊ ပန်းဖျားဖျားတတ်ခြင်း၊ ဆေး (တာရှည်စွဲ)သောက်နေရခြင်းရှိနေပါမည်။


ခေါင်းတစ်ခြမ်းကိုက်ခြင်းဝေဒနာ ဦးခေါင်းလမ်းကြောင်းပေါ်၌ အစက်အပြောက်များစီတန်းလျက်ပါရှိနေပါက ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ (လုံး၀) ဖြစ်လာနိုင်ပါသည်။



**Palm Print 40**
**Signs of a recent operation**
A print showing illness (the String of Pearls effect) and indicating a recent operation (two diagonal white lines).



**Palm Print 41**
**Signs of illness and an operation**
Note the two white diagonal lines. The patient was also told that she needed to 'breathe better'. This is shown by the Heart Line not extending up towards the index finger.



**Palm Print 42**
**The print of a man on a cocktail of anti-depressants**
Note the doubling-up of the major lines.

**ကိုယ်ခံအားကောင်းခြင်း၊ မကောင်းခြင်း**

လက်ဝါးပြင်ပေါ်ပါ string of pearls ကိုလေ့လာခြင်းဖြင့် ကိုယ်ခံအားကောင်း၊ မကောင်း အဖြေထုတ်နိုင်ပါသည်။

၎င်းလက်ဝါးပုံစံကိုလေ့လာပါက string of pearls၏အကျိုးသက်ရောက်မှုကြောင့် မကြာသေးမီက ခွဲစိတ်ကုသခံခဲ့ရကြောင်း ဖော်ပြပါသည်။

၎င်းနမူနာလက်ဝါးပြင်ကိုလေ့လာပါက အဖြူရောင်ထောင့်ဖြတ်လိုင်း(၂)ခုကိုတွေ့ရပါမည်။ ၎င်းလိုင်း(၂)လိုင်းသည် နှလုံးလမ်းကြောင်းက လက်ညှိုးရှိရာဘက်သို့ဆက်မသွားနိုင်ရန် ဟန့်တား (ဖြတ်တောက်) သည့် သဘောဆောင်နေသောကြောင့် နှလုံးရောဂါ၊ အသက်ရှူမဝသောရောဂါနှင့် ခွဲစိတ်ကုသခံရဖွယ်ရှိနေကြောင်း ဖော်ပြပါသည်။

**ဆေးဝါးသုံးစွဲမှုနှင့် အစားအသောက်ဓာတ်မတည့်ခြင်းကြောင့်ဖြစ်ပေါ်လာသောရောဂါလက္ခဏာများ**

ဆေးဝါးမှီဝဲမှုလွန်ကဲခြင်း၊ အစားအသောက်ဓာတ်မတည့်ခြင်းနှင့် ဓာတုဗေဒနည်းဖြင့်ပြုလုပ်ထားသည့် အစားအသောက်များကြောင့် ရောဂါဖြစ်လာနိုင်သည့် အနေအထားအား Allergy Line တွင် လေ့လာ တွေ့ရှိနိုင်သည်။


လက်ဝါးပြင်တစ်ခုလုံး လက်ဗွေနှိပ်၍စစ်ဆေးကြည့်ပါက လက်သူကြွယ်အောက်ဘက် နှလုံးလမ်းကြောင်းပေါ်ရှိ လက်ဗွေများ တစ်စိတ်တစ်ပိုင်းပျောက်နေပါက တုပ်ကွေးရောဂါနှင့် အဆုတ်ရောဂါတစ်ခုခုဖြစ်လာနိုင်ကြောင်းကြိုတင်သိနိုင်ပါသည်။ အကယ်၍ ဆေးလိပ်အလွန်အကျွံ သောက်သုံးပါကလည်း လက်ဗွေများမထင်ရှားဘဲရှိတတ်သည်။

အထက်ပါအနေအထားအပြင် အစားအသောက်နှင့် ဆေးဝါးဓာတ်မတည့်ခြင်းကို ကိုယ်စားပြုသည့် Allergy Line ပါရှိနေပါက အမျိုးသားဖြစ်လျှင် အဆုတ်ရောဂါ၊ အမျိုးသမီးဖြစ်လျှင် ရင်သား၌ ကင်ဆာအဖုအကျိတ်များထွက်လာနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



**Palm Print 43**
**A palm print showing two different types of Allergy Line**



**Palm Print 44**
**Signs of eye problems**

**မျက်လုံးနှင့်ပတ်သက်သောရောဂါများ**

ဦးခေါင်းလမ်းကြောင်းအဆုံးတွင် ကြီးမားသောကျွန်းတစ်ခုပါရှိနေပါက မျက်စိနှင့် အမြင်အာရုံချို့ယွင်းသည့်ရောဂါများဝင်ရောက်လာတတ်ပါသည်။ Palm Print-44 ၌ အမြင်အာရုံထိခိုက်နိုင်မည့်လက္ခဏာအနေအထားကိုဖော်ပြထားသည်။

**လုပ်ငန်းများကိုင်တွယ်ဖြေရှင်းနိုင်မှုမရှိခြင်း၊ စိတ်ဖိစီးခြင်း**




အလုပ်အကိုင် (သို့) မိသားစုနှင့်ပတ်သက်၍ စိုးရိမ်သောကပူပန်မှုများလာရာမှ စိတ်ဓာတ်ကျဆင်းသောရောဂါ (depressiom) ဝင်ရောက်လာတတ်ပါသည်။ ထို့မှတစ်ဆင့် အရာရာစိတ်ဝင်စားမှုနည်းပါးခြင်း၊ မိမိကိုယ်မိမိ အထင်သေးခြင်း၊ ယုံကြည်မှုကင်းမဲ့ခြင်း၊ နေ့စဉ်လူနေမှုဘဝအတွင်းရင်ဆိုင်ရတတ်သော ကိစ္စ-ပြဿနာများအားမဖြေရှင်းနိုင်ခြင်း၊ သွေးတိုး၊ သွေးတက်ခြင်း၊ ချွေးထွက်များခြင်း၊ အစားအသောက်ပျက်ခြင်း (ခံတွင်းမကောင်းခြင်း) တို့အပြင် အဓိပ္ပာယ်မဲ့စွာ ကြောက်လန့်စိုးရိမ်နေရတတ်ခြင်းများ ရှိလာပါမည်။ အထက်ဖော်ပြပါ (စိတ်ပိုင်းဆိုင်ရာ) ကျန်းမာရေးအခြေအနေမကောင်းသည့် လက္ခဏာများအား ဦးခေါင်းလမ်းကြောင်းထည်ဆောက်ပုံကိုကြည့်၍ လေ့လာအဖြေရှာနိုင်ပါသည်။ ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံအနေအထား မကောင်းခြင်းအား Diagram-17 တွင် လေ့လာပါက -

a. ငှက်မွေးသဏ္ဍာန်ပွရောင်း၍ ဆင်ခြေလျှောပုံစံရှိနေပြီး ပြတ်တောင်း၊ တိုတောင်းနေသည့် ဦးခေါင်းလမ်းကြောင်းပါရှိနေခြင်း (စိတ်ဓာတ်ကျနေခြင်းကိုဖော်ပြပါသည်။)

b. လက်ချောင်းထိပ်ဖျားများပေါ်၌ အလျားလိုက် (လိုင်းများ) ပါရှိနေခြင်း (စိတ်ဖိစီးနေခြင်းကိုဖော်ပြသည်။)

c. ဦးခေါင်းလမ်းကြောင်းသည် လက်ခလယ်အောက်၌ ခုံးနေခြင်း (သို့) ရှင်းနေရာမှ လက်ဝါးပြင်အောက်ဘက်သို့ထိုးစိုက်နေခြင်း (စိတ်ကျရောဂါဝင်ရောက်နေခြင်းကို ကိုယ်စားပြုသည်။)

d. ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်း (မိမိအပေါ် ဖိအားပေးခံရခြင်း၊ စိတ်ဖိစီးမှုခံရခြင်းသဘောများကို ဖော်ပြသည်။)

(စိတ်ဖိစီးမှုများသော၊ ဖိအားပေးခံရမှုများသောအလုပ်၊ အပြိုင်အဆိုင်များသောအလုပ်များကို တတ်နိုင်သမျှ ရှောင်ကြဉ်သင့်သည့်လက္ခဏာဖြစ်၏။)

**လက်သူကြွယ်ရှည်လျားနေခြင်း**- လက်ညှိုးထက် လက်သူကြွယ်ကပိုမိုရှည်လျားနေပါက အမျိုးသားအဂါမှထွက်သော ဟော်မုန်းဓာတ်များနေခြင်းကိုပြသောကြောင့် စိတ်ဓာတ်ကျဆင်းသည့်ရောဂါ(လုံးဝ) ဖြစ်လာနိုင်ပါသည်။ လက်သူကြွယ်ရှည်လျားခြင်းသည် အပြိုင်သဘောဆောင်သောအမြင်၊ အကောင်းမြင်တတ်သောသဘာဝရှိကြောင်းဖော်ပြသော်လည်း လိုသည်ထက်ပိုမိုရှည်လျားပါက အထက်ပါရောဂါဖြစ်ရန် အလားအလာများနေပါသည်။




ကျွန်း(၂)ခုခံနေသော ဦးခေါင်းလမ်းကြောင်းက စိတ်ဖိစီးခံနေရကြောင်း ကျွန်း(၂)ခုအနက် အပေါ်ဘက်ကျွန်း... အလုပ်နှင့်ပတ်သက်၍ စိတ်ဖိစီးမှုခံရမှု... ပိုရှိနေကြောင်းဖော်ပြသည်။

ဦးခေါင်းလမ်းကြောင်းပေါ်... ကြီးမားသော ကျွန်းတစ်ခုပါရှိနေ... ကြောင့် (လက်ဝါးပိုင်ရှင်အမျိုးသ... ဝဲဘက်လက္ခဏာအား စစ်ဆေး... အရ) သူမလက်တွဲဖော်၏ ညှ... နှိပ်စက်မှုဒဏ် (၁၀) နှစ်ကြာခံ... ကြောင်း လေ့လာသိရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျခြင်းတို့ကို ကိုယ်စားပြုသောအခြား (မှတ်သားစရာ) လက္ခဏာများ**

လက်ဝါးပြင်လက်ဖွဲ့တစ်ခုလုံး၏ အလယ်ကောင်နေရာပျောက်ဆုံးနေခြင်း။

Major Lines (နှလုံး၊ ဦးခေါင်း၊ အသက်လမ်းကြောင်း) (၃) ခုစလုံးအားနည်းနေခြင်း၊ ပြတ်တောက်နေခြင်း (သို့) မထင်ရှားမှုန်ဝါးနေခြင်း။

ဦးခေါင်းလမ်းကြောင်းအား ကန့်လန့်လိုင်း (Bar Lines) များကဖြတ်သန်းနေခြင်း။

(လက်ဖွဲ့ပုံစံနှိပ်ယူရာတွင်တွေ့ရသည့်အတိုင်း) ဦးခေါင်းလမ်းကြောင်းက ငှက်မွေးသဏ္ဍာန်ပွရောင်းနေခြင်း (သို့) ဖွာထွက်နေခြင်း။

ဦးခေါင်းလမ်းကြောင်းအတွင်းလိုင်းများပြတ်တောက်၍ တစ်ခုပေါ်တစ်ခုထပ်နေခြင်း စသည်တို့အားဖြင့် စိတ်ပိုင်းဆိုင်ရာရောဂါဝေဒနာများအား လေ့လာတွေ့ရှိနိုင်ပါသည်။

**လက္ခဏာရှင်၏ခွန်အားကို တိုင်းတာခြင်း**

**လက်တည်ဆောက်ပုံအနေအထား-** မီး (သို့) မြေဓာတ်ကိုယ်စားပြု လက်ဝါးဖြစ်ပါက ထူးထူးခြားခြားခွန်အားကောင်းသူဖြစ်ပါမည်။

လေဓာတ်ကိုယ်စားပြုလက်ဝါးဖြစ်ပါက အာရုံကြောများအားကောင်းပြီး ရေဓာတ်ကိုယ်စားပြုလက်ဝါးဖြစ်ပါက စိတ်ခံစားမှုအပိုင်းအားကောင်းသူ ဖြစ်ပါမည်။

**သန်မာခိုင်မာသောလမ်းကြောင်းများ-** အသက်လမ်းကြောင်း ထင်ရှားကောင်းမွန်၍ လက်ဝါးပြင်အတွင်းသို့ စောက်နက်ထင်ရှားစွာကွေးညွှတ်ဝင်သွားပါက သန်မာသောလမ်းကြောင်းများ ပိုင်ဆိုင်သူလက္ခဏာရှင်ဖြစ်ပါမည်။အသက်လမ်းကြောင်းခွန်အားရှိခြင်းကြောင့် ကိုယ်၊ စိတ် (၂) ပါး ကြံ့ခိုင်ပေါ့ပါး၍ ဘဝ၏ပျော်ရွှင်မှုအရသာများ အပြည့်အဝခံစားနိုင်ပါမည်။

**(Mars Line) အင်္ဂါဂြိုဟ်လမ်းကြောင်းပါရှိခြင်း -** ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်းရှိသည့် လုံလောက်သောစွမ်းအင် (ခွန်အား) များရှိကြောင်း၊ ကိုယ်ခံအားကောင်းခြင်းကြောင့် ပြင်ပရောဂါတစ်စုံတစ်ရာ အလွယ်တကူ မဝင်ရောက်နိုင်ကြောင်း အထက်ပါလမ်းကြောင်းက ကိုယ်စားပြုဖော်ပြသည်။

**လက်ချောင်းထိပ်ဖူးကားနေခြင်း-** အားကစားတစ်ခုခု (သို့) ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ရန် စိတ်ပါဝင်စားသူဖြစ်ကြောင်း ဖော်ပြပါသည်။

**လက်ဝါးပြင်(အောက်ခြေ)အဆုံး(လက်ကောက်ဝတ်)နေရာကြီးခြင်း-** ၎င်းလက်အနေအထားကိုကြည့်၍ ပြေးခုန်ပစ်အားကစားသမားတစ်ဦးဖြစ်ကြောင်း အခိုင်အမာပြောနိုင်ပါသည်။

**ခွန်အား(သို့) ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းနေခြင်းကိုဖော်ပြသည့် လက္ခဏာများ**

အသက်လမ်းကြောင်းပေါ်၌ကျွန်းခံနေခြင်း (အထူးသဖြင့်) ၎င်းအသက်လမ်းကြောင်း၏အစနှင့်အဆုံးသတ်နေရာတို့၌ ကျွန်းခံနေခြင်း။

အသက်လမ်းကြောင်းမထင်ရှားလောက်အောင် သေးမျှင်၊ မှုန်ဝါးခြင်း (သို့) အသက်လမ်းကြောင်းတိုတောင်းနေခြင်း။

အသက်လမ်းကြောင်းက တစ်ကြောင်းတည်းပုံစံဖြင့် အဆုံးသတ်ခြင်း၊ (စိတ်ပိုင်းနှင့်ရုပ်ပိုင်း) အခြေအနေတိုးတက်စေရန် လေ့ကျင့်ခန်းလုပ်ပေးရပါမည်။

**စိတ်ပင်ပန်းနွမ်းနယ်စေသည့် မကောင်းသောလက္ခဏာများ**

စိတ်ပင်ပန်းနွမ်းနယ်နေခြင်း၊ အိပ်မပျော်ရောဂါဖြစ်နေခြင်းတို့ကြောင့် စိတ်ပူပင်သောကများနှင့်ပေါင်းစပ်ကာ စိတ်ဖိစီးခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အလုပ်ပိတ်ခြင်းစသည့် စိတ်ပိုင်း-ရုပ်ပိုင်းဝေဒနာများ ဝင်ရောက်လာတတ်ပါသည်။ လက်ချောင်းရိုးများပေါ်၌ ဒေါင်လိုက်ပုံစံရှိလိုင်းများထင်ရှားနေပြီး လက်ဖွဲ့များ မှေးမှိန်လာပါက အိပ်ရေးဝဝအိပ်ရန် သတိပေးနေသည်ကို ဂရုပြုရပါမည်။

ဘသုန်

**လက်ချောင်းရိုးပေါ်၌ ဒေါင်လိုက်လိုင်းများ ပါရှိနေပုံ**







www.burmeseclassic.com

www.burmeseclassic.com

# မဟာသျှုံ
## အမျိုးဇာတ်နိမ့်သူ



ကိုလှဖေကို ကျွန်တော်သိသည်မှာ ကြာလေပြီ။ မှတ်မှတ်ရရ ၂၀၀၀ ပြည့်နှစ်ခန့်က ရန်ကုန်တက္ကသိုလ်တွင် ဒီဘီအယ်(လ်)ခေါ် စီးပွားရေးဆိုင်ရာ ဥပဒေသင်တန်းစဖွင့်သည်။ ထိုသင်တန်းကိုတက်ရန်အတွက် စာရင်းသွားပေးရာ ရက်အနည်းငယ် နောက်ကျနေသဖြင့် တစ်ဆင့်နိမ့်သော စီဘီအယ်(လ်)ခေါ် လက်မှတ်ရ စီးပွားရေးဆိုင်ရာဥပဒေသင်တန်းကို တက်လိုက်ရသည်။

အတန်းထဲတွင် ကျောင်းသား(၈၀) ခန့်ရှိသည်။ အပြင်က ကျောင်းတက်လိုသူများကိုခေါ်သော သင်တန်းဖြစ်သဖြင့် အလုပ်ထဲရောက်နေသူက များသည်။ အထူးသဖြင့် ဥပဒေနှင့်ပတ်သက်နေသောကြောင့် ရှေ့နေကပိုများသည်။ ကျန်လူများမှာ ဌာနဆိုင်ရာဝန်ထမ်းက အများစုဖြစ်သည်။ အတန်းတက်သောအခါ ကျွန်တော်ကအဝင်အထွက်လွယ်စေရန် နောက်နားကျကျခုံတွင်ဝင်ထိုင်ရာ ဘေးတွင်ကုလားဆင်လူတစ်ယောက်နှင့်မကြာခဏအတူထိုင်ဖြစ်သည်။ ထိုသူမှာ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ ဆံပင်ငွေရောင်၊ အရပ်က ပုပျပ်ပျပ်၊ မျက်မှန်က ဂန္ဓီမျက်မှန်အဝိုင်းနှင့် ကုလားဆင်ပုံမျိုး ဖြစ်သည်။

သူက ရှေ့နေဖြစ်ရာ သူနှင့်အတူ အပေါင်းအပါလေးငါးယောက်ခန့်လည်း သင်တန်းကိုတက်နေကြသည်။ သို့နှင့် မကြာမီ ထိုအဖွဲ့နှင့် ပေါင်းမိသွားသည်။ သူတို့က လေးယောက်ဖြစ်ပြီး နောက်ထပ် ဥပဒေဝန်ထမ်းတစ်ယောက်တိုးလာသည်။ ထိုသူနှင့်ဆက်စပ်ပြီးရုံးအရာရှိနှစ်ယောက်ပါလာပြန်သည်။ ကျွန်တော့်တွင်လည်း ဌာနတူဝန်ထမ်းနှစ်ယောက်ရှိရာ မကြာမီ အားလုံးပေါင်းမိသွားသည်။

ထိုစဉ်တွင် ကျွန်တော်တို့နှင့် ခုံနံပါတ်ချင်းကပ်နေသော မိန်းကလေးနှစ်ယောက်ထပ်တိုးလာ၏။တစ်ယောက်မှာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးပြည်သူ့လွှတ်တော်တွင်ပါနေသော မစန္ဒာ ဆိုသည့် မိန်းကလေး ဖြစ်သည်။ အားလုံးပေါင်းလိုက်သော် (၁၂) ယောက်ခန့် ရှိသည်။ ထို (၁၂) ယောက်သည် မကြာမီ ရင်းနှီးသွားပြီး အတန်းထဲတွင် အတူထိုင်ကာ အတန်းနားပါက ကန်တင်းတွင် ဆက်ထိုင်ကြပြန်သည်။ ကျောင်းဆင်းလျှင်လည်း အားလုံး မြို့ထဲသို့ပြန်ပြီး ရုံးတက်ကြရမည်ဖြစ်ရာ ကားပါလာသူများက တင်လာသဖြင့် တစ်ပြုံလုံးလိုက်လာကြပြန်နှင့် တဖြည်းဖြည်းပိုမိုရင်းနှီးသွားပြီး မိသားစုသဖွယ် အတူသွားအတူလာ ဖြစ်သွားကြတော့သည်။

သည်လိုနှင့် တစ်နေ့တွင် ကိုလှဖေက သူ့ညီမအိမ်တွင်အလှူရှိသည် လာခဲ့ပါဆိုသဖြင့် အလှူနေ့တွင် သယ်န်းကျွန်းတွင်ရှိသော သူ့ညီမအိမ်သို့ရောက်သွားကြသည်။ သူ့ညီမမှာ တစ်ထပ်တိုက်လေးတစ်လုံးတွင်နေသူဖြစ်ရာ နေရာအနည်းငယ်ကျယ်သည်။ သူတို့က စီးပွားရေးအသိုင်းအဝိုင်းမှဖြစ်သဖြင့် ဧည့်သည်အလွန်များသည်။

ထိုအိမ်ရောက်သော် ခေါင်းရင်းပိုင်းဘုရားဆောင်ရှေ့တွင်ထိုင်နေသော ကိုလှဖေကိုတွေ့ရလျှင် အားလုံးအံ့အားသင့်သွားကြတော့သည်။ သူသည် ခေါင်းတုံးနှင့်ဖြစ်နေပြီး အဖြူရောင်ပိတ်ပိုင်းကြီးကို ခါးတောင်းကျိုက်ထားကာ ကိုယ်အပေါ်ပိုင်းတွင်လည်း ပိတ်ဖြူတစ်ထည်ပတ်ထားသေးသည်။ ဟိန္ဒူဘုန်းကြီးနှင့်တူနေသည်။ ဘုရားဆောင်ဘက်လှည့်ပြီး ဂါထာမန္တရားများကိုရွတ်ဖတ်ခြင်း၊ ဘုရားမီးများကို ပူဇော်ခြင်း၊ အမွှေးနံ့သာများ ပက်ဖျန်းခြင်း စသည်ဖြင့် ဘုရားအလုပ်များကိုလုပ်နေသည်ကို တွေ့မြင်နေရပါသည်။ မည်သူ့ကိုမျှ မကြည့် ဂရုမစိုက်ဘဲ ဘုရားကိုသာဦးခိုက်ပူဇော်နေသဖြင့် သူ့အနီးလည်း မကပ်နိုင်၊ စကားပင်ပြောခွင့်မရခဲ့ပေ။ ကျွန်တော်တို့လည်း အလှူရှင်တည်ခင်းသော စားဖွယ်များကို စားသောက်ပြီးသော် ပြန်ရန်ပြင်သည်။ ကိုလှဖေကို နှုတ်ဆက်မည်ပြုသော်လည်း သူက ဘုရားစာများကိုသာ ငုံ့ပြီးရွတ်ဖတ်နေသဖြင့် နှုတ်မဆက်ဖြစ်တော့ဘဲပြန်ခဲ့ကြရသည်။

နောက်ပိုင်း ကျောင်းမှာ ပြန်ဆုံသောအခါ မေးကြည့်သည်။

"ခင်ဗျားက နဖူးမှာရော မျက်ခုံးမှာပါ ပြာတွေသုတ်၊ အဝတ်ဖြူစကြီးတွေကိုယ်မှာပတ်ထားလိုက်တာ တကယ့်ဟိန္ဒူဘုန်းကြီးကျနေတာပဲ"

"ဟိန္ဒူဘုန်းကြီး မဟုတ်ဘူးဗျ ဗရာမင်လို့ခေါ်တယ်"

"ဪ - ဟုတ်လား၊ မသိပါဘူးဗျာ။ ကျွန်တော်တို့က ခင်ဗျားကို ဟိန္ဒူဘုန်းကြီးပဲအောက်မေ့နေတာ။ ဗရာမင်ဘုန်းကြီးဆိုတာက ဘယ်လိုလဲ"

"ဒီလိုဗျ၊ ကျုပ်က ဟိန္ဒူမဟုတ်ဘူး နေပါလီလို့ခေါ်တဲ့ ဂေါ်ရခါးလူမျိုးဗျ"

"ဪ - ခင်ဗျားက ဂေါ်ရခါး ကိုး။ ဒါပေမယ့် ခင်ဗျားနာမည်က ဗမာ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဒူးလည်း မဟုတ်ပါလား"

"ဂေါ်ရခါးတိုင်း ဗဟာဒူးမဟုတ်ပါဘူး။ စစ်သားမျိုးရိုးတွေကသာ နာမည်ရှေ့မှာ ဗဟာဒူးတပ်တာ။ ကျုပ်က အခုဆိုရင် မောင်နှမထဲမှာ အကြီးဆုံးဖြစ်နေတော့ ကျန်တဲ့ညီတွေ၊ ညီမတွေ အလှူပွဲတို့၊ ဘုရားပွဲတို့ရှိတယ်ဆိုရင် ဦးဆောင်ပြီး ဘုရားစာရွတ်ရတယ်။ ကုသိုလ်ရအောင်ဆိုပြီး ကျုပ်က ဘုန်းကြီးပါဝတ်ပြီး ရွတ်ပေးတာပါ။ ဗရာမင်ဆိုတာကတော့ ဗြာဟ္မဏဆိုတဲ့အဓိပ္ပာယ်ရတယ်"

"ဩော် - ဒီလိုဆိုရင် ခင်ဗျားက ဗရာမင်ဘုန်းကြီးမျိုးရိုးကလာတာပေါ့"

"ဗရာမင်ဆိုတာ ဘုန်းကြီးမဟုတ်ပါဘူး၊ မျိုးနွယ်ပါ။ ကျုပ်တို့မှာ မျိုးနွယ်လေးမျိုးရှိတယ်။ ဘုရင်မျိုးရယ်၊ ဗရာမင်ဆိုတဲ့ ပညာတတ်တဲ့အမျိုးရယ်၊ လူလတ်တန်းစား ကုန်သည်မျိုးရယ်၊ ဆင်းရဲသားမျိုးရယ်ဆိုပြီး အမျိုးအစားလေးမျိုးရှိတယ်။ အခုတော့ ဘုရင်မျိုးနွယ်တွေမရှိတော့ ဗရာမင်တွေကမျိုးနွယ်တွေထဲမှာ အမြင့်ဆုံးပေါ့။ သူတို့က ဘုန်းကြီးတွေလည်းရှိတယ်၊ ရိုးရိုးလူလည်းရှိတယ်"

"ကျွန်တော်ကြားဖူးတာက ဗရာမင်တွေဟာ မျိုးရိုးမြင့်တဲ့အတွက် နေထိုင်စားသောက်ရာမှာ သူများတွေနဲ့ မရောဘဲ သီးသန့်နေကြတယ်လို့ဆိုတယ်။ အခုတော့ အလှူမှာ ခင်ဗျားညီတွေညီမတွေဟာကျတော့ လာတဲ့လူတွေနဲ့ရောကြိတ်နေကြပါလား"

"အင်း - ခင်ဗျားပြောလည်းပြောစရာပဲ။ ဒီလိုဖြစ်သွားအောင် ကျုပ်တို့ဘဝက ဖန်တီးခဲ့တာကိုး"

"ပြောပါဦးဗျ၊ ဘယ်သူကဖန်တီးလို့ မျိုးရိုးပါပြောင်းသွားရတာလဲ။ စိတ်ဝင်စားစရာပဲ"

"ပြောရရင်တော့ ဇာတ်လမ်းက အရှည်ကြီးပါပဲဗျာ။ ကျုပ်တို့ အဘိုးရဲ့ အဘိုးခေတ်ကဆိုတော့ အတော်တော့ကြာသွားပါပြီ။ အဖြစ်အပျက်ကလည်း ထူးထူးဆန်းဆန်းဖြစ်သွားခဲ့တာပါပဲ"

❑

ပရာဒက်(ရှ်)ကူးမားနှင့် ယရှောဒေဗီတို့လင်မယားသည် ကရာချိမြို့တွင် နေထိုင်ကြသော အမျိုးမြင့်မြတ်သည့် ဗရာမင်မျိုးနွယ်စုမှ ဖြစ်သည်။ စာပေကျမ်းဂန်များကို လေ့လာခြင်း၊ သင်ကြားပို့ချခြင်းဖြင့် အေးချမ်းစွာနေထိုင်လာခဲ့ကြသည်။ ထိုစဉ်အချိန်က အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ ဟူ၍လည်း မခွဲခြားသေးရာ ကရာချိမြို့မှာ အိန္ဒိယနိုင်ငံ၏ မြောက်ပိုင်းမြို့တော်အဖြစ် တည်ရှိနေခဲ့ဖြစ်သည်။

သို့နှင့် ယရှောဒေဗီတွင် ကိုယ်လေးလက်ဝန်ရှိလာသည်။ နေ့လစေ့လာသောအခါ သူတို့လူမျိုးထုံးစံအရ ယရှောဒေဗီကို သူမ၏မိဘများထံ ပြန်လည်ပို့ဆောင်ရန်ဖြစ်လာသည်။ ထိုစဉ်အခါက ရှေးခေတ်လည်းဖြစ်ရာ ဗုဒ္ဓဘာသာတွင် ဘုရားသခင်ကို ကိုယ်လေးလက်ဝန်ရှိစဉ် မယ်တော်မာယာက ခမည်းတော်၊ မယ်တော်များရှိရာ ဒေဝဒဟတိုင်းသို့ ပြန်လည်ကြွချီသောထုံးစံရှိသကဲ့သို့ပင် ယရှောဒေဗီကိုလည်း မိဘများထံသို့ ပြန်လည် ပို့ဆောင်ပေးခြင်း ဖြစ်သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံတွင် အင်္ဂလိပ်အုပ်စိုးနေပြီး တစ်နေရာနှင့်တစ်နေရာ သွားလာရေးအတွက် ရထားပေါ်နေပြီဖြစ်ရာ ပရာဒက်(ရှ်)ကူမာတို့လင်မယားသည် ဘူတာရုံသို့ဆင်းရန် လန်ချားနှင့်လာနေသည်။

ထိုသို့ လန်ချားဖြင့် ဇနီးမောင်နှံစီးလာနေစဉ် ဘူတာရုံသို့သွားရာလမ်းတွင် ကမ္ဘာလေလှုပ်ရှားလာပြီး မီးဖွားဖို့ဖြစ်လာသည်။ နောက်ပြန်လှည့်ရအောင်ကလည်း မဖြစ်တော့ပေ။ ထို့ကြောင့် လန်ချားကို လမ်းဘေးထိုးရပ်ပြီး အနီးအနားတွင် နေပါလီလူမျိုးအိမ်ကိုရှာသည်။ ထိုခေတ်က ဆေးရုံ၊ ဆေးခန်းရှိသော်လည်း အားကိုးလိုစိတ်မရှိသေးပေ။ အိမ်မှာသာ မွေးဖွားသောထုံးစံရှိသည်။ သို့သော် အမျိုးဂုဏ်ကိုစောင့်ထိန်းသည့် အနေဖြင့် နေပါလီခေါ် ဂေါ်ရခါးလူမျိုးအိမ်တော့ ရှာဖြစ်အောင် ရှာလိုက်သေးသည်။

ကံအားလျော်စွာ ထိုလမ်းဘေးတွင် နေပါလီအိမ်တစ်အိမ်သွားတွေ့သည်။ သို့နှင့် ယရှောဒေဗီကိုတွဲ့ချီယူလာပြီး အကျိုးအကြောင်းပြောရာ အိမ်ရှင်များကလည်း ဝမ်းမြောက်ဝမ်းသာလက်ခံသည်။ သူမကို မွေးဖွားဖို့ပြင်ဆင်ကြသည်။ အရပ်ဝမ်းဆွဲသည်ခေါ်၊ အိမ်အနီးအနားက ဂေါ်ရခါးအမျိုးသမီးများ မကြာမီရောက်လာပြီး ဝိုင်းဝန်းစောင့်ရှောက်ပြုစုပေးလိုက်ရာ ယရှောဒေဗီသည် သားယောကျ်ားလေးတစ်ယောက်ကို မွေးဖွားလိုက်တော့သည်။

ပရာဒက်(ရှ်)ကူမာလည်း ထိုအခါကျမှ ဝမ်းပန်းတသာဖြစ်ပြီး အိမ်ရှင်များကို ကျေးဇူးတင်စကားပြောကြားရင်း မျိုးနွယ်ကိုစုံစမ်းမေးမြန်းကြည့်သောအခါ သူတို့ရောက်နေသည့်အိမ်မှာ နေပါလီလူမျိုးဖြစ်သော်လည်း ပန်းထိမ်သည်အိမ်ဖြစ်နေသည်ကိုသိရတော့သည်။ ပန်းထိမ်သည်မျိုးရိုးမှာ သူတို့နေပါလီတွင် ဆင်းရဲသားမျိုးရိုးဖြစ်သည်။ သူ့သားကို လက်လုပ်လက်စားဆင်းရဲသားမျိုးအိမ်တွင် မွေးဖွားလိုက်လေပြီ။

ထိုအခါ ပရာဒက်(ရှ်)ကူမာသည် ထိုင်နေရာမှ ချက်ချင်းထပြီး အိမ်ပြင်ထွက်သွားသည်။ ဗြာဟ္မဏမျိုးရိုးသည် သူဆင်းရဲတို့နှင့်မအပ်စပ်။ ရောယှက်ခြင်းငှာလည်းမထိုက်သဖြင့် အိမ်ထဲမှာလည်း မထိုင်။ ဘာမှလည်းမစားပေ။ သူ့ဇနီးကိုလည်း အိမ်ပြင်မှပင်လှမ်းပြောသည်။

"ယရှောဒေဗီ၊ သင်သည် မူလက အမျိုးမြင့်မြတ်သူဖြစ်သော်လည်း ယခု သည်ကလေးမွေးဖွားချိန်တွင် မျိုးရိုးနိမ့်သော ဤအိမ်တွင် မွေးဖွားခဲ့လေပြီ။ ထို့ကြောင့် ဤကလေးသည် ငါ့ကလေး မဟုတ်၊ ငါ့မျိုးရိုးမဟုတ်၊ ငါခေါင်းမဲ့အေး လို့၊ ငါပြုစုကျွေးမွေးခြင်းငှာမထိုက်။ သင့်ကိုရော ကလေးကိုပါ ငါစွန့်လွှတ်သည်။ သင်ရော ကလေးပါ နေရစ်ပေတော့။ သို့သော် သင်တို့သားအမိဘဝ ဆက်လက်ရှင်သန်နေနိုင်ရေးအတွက် သင့်တွင် ငါဆင်ထားသော ရွှေ၊ ငွေလက်ဝတ်တန်ဆာများကိုငါပေးခဲ့မည်၊ ငွေအသပြာအချို့လည်းပေးခဲ့မည် နေရစ်ပေတော့"

ဟု ဆိုကာ ငွေဒင်္ဂါးတစ်ထုပ်ကို ချခဲ့ပြီး နောက်ကြောင်းပြန်ကာ ထွက်သွားတော့သည်။ နောက်ပိုင်းကိုလည်း လှည့်မျှပင်မကြည့်တော့ပေ။ သူမ မွေးကင်းစကလေးကို သည်အတိုင်း ပစ်ခဲ့တော့သည်။ ယရှောဒေဗီလည်း မွေးကင်းစကလေးကိုပိုက်ပြီး ပူဆွေး ခဲ့သည်။ ထိုအခါတွင် အိမ်ရှင်ပန်းထိမ် သည်ကြီးက အားပေးသည်။

"ကဲ - သမီး၊ ဘာမှအားငယ် နဲ့။ အဘတို့နဲ့အတူနေ။ ဗြာဟ္မဏ ပြောတာလည်းမှန်တယ်။ သမီးက တို တိုက်ဆိုင်ဆိုင် အဘတို့အိမ်မှာမှလာ ဖွားတာကိုး။ အဘတို့မှာလည်း သမီး ဘူး။ သမီးကို ကိုယ့်သားသမီးလိုသ ထားပြီး တစ်သက်လုံးစောင့်ရှောက် ကြားလား။ ဘာမှအားငယ်စရာမလို သားသမီးလိုသဘောထားပြီးနေ။ သ မွေးတာလည်း သားယောကျ်ားတ ဆိုတော့ အဘတို့မှာ မင်္ဂလာရှိတ"

ယရှောဒေဗီမှာ ယခုအခါ စရာလည်းမရှိ၊ သွားစရာနေရာလည်း မရှိတော့ရာ ပန်းထိမ်သည်ကြီး



www.burmeseclassic.com

www.burmeseclassic.com

သည့်အတိုင်း စိတ်နှလုံးကို တုံးတုံးချပြီး ထိုအိမ်မှာပင်နေထိုင်လိုက်ရတော့သည်။

❑

"အဲဒါပဲဗျာ၊ ဒါနဲ့ ကျုပ်တို့လည်း အဲဒီကစပြီး ပန်းထိမ်မျိုးရိုးဖြစ် ပန်းထိမ်ဘဝကနေကြီးလာတော့တာပဲ"

"အဲဒီကလေးက ခင်ဗျားတို့နဲ့ ဘယ်လိုတော်တာလဲ"

"အဲဒီကလေးက ကျုပ်ရဲ့အဘိုးရဲ့ အဘိုးတော်တယ်ဗျ။ အဘိုးခေါ်မလားဘဲ"

"ဒါနဲ့ ခင်ဗျားတို့က ဒီမြန်မာပြည်ကို ဘယ်လိုရောက်လာကြတာလဲ"

"အဲဒီပန်းထိမ်သည်အိမ်မှာမွေးတဲ့ကလေးက အရွယ်ရောက်လာတော့ အိမ်ထောင်ကျတယ်။ သူက ပန်းထိမ်သည်မျိုးရိုးဖြစ်သွားတော့ ပန်းထိမ်မျိုးရိုးနဲ့ပဲ အိမ်ထောင်ကျတာပေါ့ဗျာ။ သားသမီးတွေမွေးပေါ့။ သူတို့လည်း ပန်းထိမ်အလုပ်ပဲလုပ်ကြပေါ့။ သူတို့ထဲက တစ်ယောက်က အိမ်ထောင်ကျပြန်တော့ သားမွေးတယ်။ အဲဒီအချိန်မှာ ဒုတိယကမ္ဘာစစ်ဖြစ်နေပြီ။ အဲဒီသားက အရွယ်ရောက်လာတော့ စစ်ထဲဝင်ရတယ်။ အဲဒီစစ်သားက ပထမအိန္ဒိယမှာ တာဝန်ထမ်းဆောင်ရတယ်။ နောက်ကျတော့ အင်္ဂလိပ်စစ်တပ်တွေ မြန်မာပြည်ထဲကိုဝင်တော့ သူလည်း လေထီးစစ်သားဘဝနဲ့ မြစ်ကြီးနားကိုရောက်လာတယ်။ စစ်ပြီးတော့ သူမပြန်တော့ဘူး၊ မြန်မာပြည်မှာပဲကျန်ခဲ့တယ်။ အိမ်ထောင်ကျတာပေါ့ဗျာ။ စစ်အပြီးမှာ မြစ်ကြီးနားမှာ ကျန်ခဲ့တဲ့စစ်သားတွေကမနည်းမနောဘဲ။ သူကမွေးတဲ့သားကျတော့ ကျွန်တော်တို့ အဖေဖြစ်လာပြီ။ သူလည်းစစ်သားပဲ။ ဘာမှမလုပ်တတ်တော့ စစ်ထဲဝင် စစ်သားဖြစ်ပေါ့။ တပ်ထဲရောက်တော့ တိုရောက်သည်ရောက်နဲ့ နောက်ပိုင်းကျတော့ မေမြို့(ပြင်ဦးလွင်)ကိုရောက်၊ အဲဒီမှာနေရင်း ကျွန်တော်တို့ကိုမွေးတာ"

"ဒါဖြင့်ရင် ခင်ဗျားလည်း စစ်သားမျိုးရိုးပေါ့။ ဗဟာဒူးလို့နာမည်တပ်ရင်ရတာပေါ့"

"ကျွန်တော့်အဖေကိုတော့ တပ်ထဲမှာ ဗဟာဒူးသားပါးလို့ ခေါ်တယ်။ ဒါပေမယ့် ကျွန်တော်တို့ကျတော့ စစ်ထဲလည်းမဝင်၊ ကိုယ့်မျိုးရိုးအမှန်ကလည်း စစ်သားမျိုးရိုးမဟုတ်တော့ ကျွန်တော်တို့ကျတော့ ဗဟာဒူးလို့မခေါ်တော့ပါဘူး။ မျိုးရိုးအရပ်သားနာမည်ပဲခေါ်တော့တယ်"

"ခင်ဗျားက ဒီနောက်ကြောင်းသမိုင်းတွေကို မှတ်မိလှချေလား"

"မှတ်မိတာက ကျွန်တော်က သားသမီးထဲမှာ အကြီးဆုံးကိုး။ ဒီတော့ ဆွေမျိုးရာဇဝင်ကိုမှတ်ထားရတယ်။ ဒါ မျိုးရိုးဓလေ့ပဲ။ ဒီလိုမှတ်ထားလို့လည်း ဘယ်သူကဘယ်မျိုး၊ ဘယ်သူကဘယ်မျိုးနဲ့ ပြောနိုင်တာပေါ့"

ကျွန်တော်က ကြုံတုန်းမေးကြည့်မိသည်။

"ခင်ဗျားညီတွေ၊ ညီမတွေကျတော့ အိမ်ထောင်တွေကျနေလိုက်ကြတာ။ ခင်ဗျားကျတော့ လူပျိုကြီးဖြစ်နေတာကကော"

"အင်း - ဒါလည်း အမျိုးနဲ့ဆိုင်တယ်။ ကျွန်တော်က သားအကြီးဆုံးဆိုတော့ အမျိုးဂုဏ်ကိုစောင့်ထိန်းဖို့တာဝန်ရှိတယ်။ မျိုးရိုးက ပန်းထိမ်သည်မျိုးရိုးဖြစ်နေတော့ ပန်းထိမ်မျိုးနဲ့ပဲဆက်ရမှာ။ ခုခေတ်မှာ ပန်းထိမ်လုပ်တဲ့ဂေါ်ရခါးဆိုတာရှိမရှိတော့တာ။ ဒီတော့ စောင့်ရင်းစောင့်ရင်းနဲ့ အသက်တွေလည်းကြီးကုန်တာပေါ့ဗျာ"

"တခြားမျိုးရိုးထဲက ဂေါ်ရခါးမနဲ့ ယူလို့မဖြစ်ဘူးလား။ ခင်ဗျားညီတွေ၊ ညီမတွေယူတာကကော ပန်းထိမ်မျိုးရိုးပဲယူရမှာလား"

"သူတို့က နှောင်းလူတွေဖြစ်သွားပြီ။ ခုခေတ်တော့ယူချင်တာယူကြတယ်။ ကျွန်တော်က အကြီးဆုံးဆိုတော့ ယူချင်တာယူလို့မရဘူး။ ပန်းထိမ်မျိုးရိုးကိုပဲယူရမှာ။ ဒါက မျိုးရိုးရဲ့ဓလေ့ထုံးစံပဲလေ။ စောင့်ရမှာ"

"ဟင် - ခင်ဗျားဥစ္စာကလည်း အခက်ကြီးပါလား။ ဒါနဲ့ ကျွန်တော်တွေ့နေတာကတော့ ဂေါ်ရခါးလူငယ်တွေဟာ အထူးသဖြင့် ပညာတတ်အသိုင်းအဝိုင်းမှာ ခရစ်ယာန်တွေတွေ့ရတယ်။ ခပ်များများကတော့ ဗုဒ္ဓဘာသာယူပြီး တချို့ဆိုရင် ဗုဒ္ဓအဘိဓမ္မာကိုတောင် လေ့လာနေတာကို တွေ့ရတယ်။ ခင်ဗျားလေ့ကျင့်နေတဲ့ ဗြာဟ္မဏအယူဝါဒကို စွန့်ကြတယ်။ ဘယ်လိုဖြစ်ကုန်တာလဲ"

"အင်း - ပြောရရင်တော့ ဇာတ်ပေါ့ဗျာ။ကျွန်တော်တို့နေပါလီလူမျိုးမှာ အမျိုးဇာတ်လေးမျိုးရှိတယ်ဆိုတာပြောပြီးပြီနော်။ မင်းမျိုးတွေမရှိတော့တဲ့နောက်မှာ ဗြာဟ္မဏမျိုးရိုးက အမြင့်ဆုံးဆိုပြီး ထားကြတယ်။ အဲဒီ ဗြာဟ္မဏတွေဟာ ကျန်မျိုးနွယ်စုကလူတွေနဲ့ မရောနှောရဘူး။ သီးသန့်နေလေ့ရှိတယ်။ သူတို့ထိုင်တဲ့စားပွဲမှာ ကျုပ်တို့ ဝင်မထိုင်နိုင်ဘူး။ သူတို့စားနေတဲ့ထမင်းဝိုင်းမှာ ကျုပ်တို့ဝင်မစားနိုင်ဘူး။ ယုတ်စွအဆုံးဗျာ သူတို့ သောက်တဲ့ရေခွက်တောင် ယူသောက်လို့မရဘူး။ ခုခေတ်ကကျယ်ပြန့်လာပြီ။ ဥပမာဗျာစာသင်ကျောင်းမှာဆိုပါတော့။ အားလုံးရောထိုင်ကြရတာ၊ ခွဲခြားနေလို့မှမရတာ။ စားသောက်ဆိုင်တွေမှာ သူငယ်ချင်းတွေဝင်စားတယ်ဆိုရင် တစ်ဝိုင်းတည်းစားကြရမှာ။ နီပေါမှာဆိုရင် မရဘူး၊ ဗြာဟ္မဏက ဗြာဟ္မဏပဲ၊သီးခြားနေရတယ်။ ဒီတော့ လူငယ်တွေဟာ စိတ်ပျက်ပြီး ဇာတ်ပြောင်းကုန်ကြတယ်။ ဆရာဝန်တွေ၊ နာ့(စ်)တွေ၊ အင်ဂျင်နီယာတွေ၊ ဘွဲ့ရလူငယ်တွေဟာ ဇာတ်ပြောင်းကြတယ်။ ဇာတ်မတူတော့ ရောလို့ရသွားတာပေါ့။ ဒီလိုနဲ့ နောက်ပိုင်း ခေတ်ပညာတတ်လူငယ်တွေဟာ ဘာသာပြောင်းကုန်ကြတာပဲ။ စစ်ထဲဝင်ကြတယ်ဆိုတာလည်း ဒီသဘောပဲ။ စစ်ထဲမှာက ဇာတ်ဆိုတာမှမရှိတာ။ စစ်သားဆိုရင် အတူတူချည်းပဲဟာကိုး"

"ခင်ဗျားကော ဇာတ်ပြောင်းဖို့မရှိဘူးလား။ ကိုယ်လုပ်ချင်တာလုပ်လို့ရအောင်လေ"

ဟု ကျွန်တော်ကမေးသည်။

"မပြောင်းပါဘူးဗျာ၊ ဒီဘဝဒီမျှသာဆိုတဲ့အတိုင်းနေရမှာပဲ။ မောင်နှမတွေထဲမှာ ကျုပ်က အကြီးဆုံးဆိုတော့ မျိုးရိုးဂုဏ်ကိုစောင့်တဲ့အနေနဲ့ ဒီဇာတ်နဲ့ပဲနေရမှာ"

"ခင်ဗျားမိန်းမယူဖို့ကျတော့ကော"

"ပန်းထိမ်မျိုးရိုးကို စောင့်ရမှာပဲ။ မြစ်ကြီးနားမှာရှိတယ်လို့တော့ကြားတယ်။ ရှိရင်တော့ယူဖြစ်မယ်။မရှိဘူးဆိုရင်တော့လည်းနေရမှာပေါ့။ တခြားမိန်းမကိုတော့ စိတ်မကူးပါဘူးဗျာ"

သူသည် ပြောသည့်အတိုင်းနေထိုင်သူ ဖြစ်သည်။ လွှတ်တော်ရှေ့နေဖြစ်သောကြောင့် ငွေကြေးအခက်အခဲမရှိ အဆင်ပြေသည်။ သုံးစွဲနိုင်သည်။ သို့သော်လည်း မိန်းကလေးများနှင့်ပတ်သက်လျှင် ကင်းရှင်းသည်။ သူ့အလုပ်ထဲတွင် ချိန်ဘာဟုခေါ်သော အလုပ်သင်ရှေ့နေလူငယ် ယောကျ်ားလေး၊ မိန်းကလေးများစွာရှိသည်။ အလုပ်အတူတွဲလုပ်နေကြသည်။ သူတို့နှင့်လည်း ကင်းကင်းရှင်းရှင်းပင်နေသည်။ ဆရာတပည့်ဆက်ဆံရေးထက်မပိုပေ။ သူသည် ပေါ်လာလတ္တံ့သော ပန်းထိမ်မျိုးရိုးမှ သတို့သမီးကိုစောင့်ရင်း အသက်ကြီးခဲ့နေရသူ ဖြစ်ပေသည်။

မဟာဒ္ဓျ



www.burmeseclassic.com

www.burmeseclassic.com

# ဖိုးကျော့

(ဇာတ်သိမ်းပိုင်း)

# ဟူးကောင်းကျား

သူရ နှင့် မဂ္ဂဇင်း အခန်းဆက်ဝတ္ထု၊ရှည်

*(ယခင်လမှအဆက်)*

"အဘိုးထောင်လွှေက ဦးဒိန်လျှံကို အဲသလိုနေ့တိုင်းခိုင်းနေတော့ ရွာလူကြီး ဦးဒိန်လျှံက ဘယ်လိုသေသွားလဲ ကနိမ်း။ ပြောင်တိုက်လို့လား၊ ဆင်နင်းလို့လား။ ဘယ်လိုသေလဲ"

ခွန်လွှေက သူ့ဘကြီးတော်ထန်ဖူး ပြောပြသော သူ့အဘိုးနှင့် ဦးဒိန်လျှံတို့ အကြောင်းကို စိတ်ဝင်စားလွန်းသဖြင့် ကြားဖြတ်မေးလိုက်သည်။

"ဦးဒိန်လျှံကံကောင်းတယ်ပဲပြောရမှာပေါ့။ မင်းအဘိုးက ပြောင်သားလာပို့ရမယ်လို့ခိုင်းလိုက်တဲ့နေ့မှာပဲ ကနိမ်းတို့ဆီ ဘယ်ကဘယ်လိုရောက်လာကြတယ် မသိတဲ့ လူဖြူသခင်ကြီးတစ်ယောက်နဲ့ အိန္ဒိယကကုလားပုလိပ်တွေရောက်လာကြတယ်။ လားတွေ၊ သေနတ်တွေနဲ့ လူပေါင်းကို တစ်ဆယ်ကျော်တယ်။ လက်စသတ်တော့ ဦးဒိန်လျှံ အမှည့်ခြွေပွဲလုပ်တာကို သတင်းရသွားလို့ ရောက်လာကြတယ်ထင်တာပဲ။ အဲဒီတုန်းက မြောက်ပိုင်းသားတွေတောင် အမှည့်ခြွေပွဲအကြွေချပွဲမလုပ်ရတော့ဘူးတဲ့။ အဲဒါကြောင့် ဦးဒိန်လျှံကို ရာထူးကချပြီး စစ်ဆေးမေးမြန်းကြတယ်။ ဦးဒိန်လျှံက သူတစ်ယောက်တည်းသဘောနဲ့လုပ်တာ မဟုတ်ပါဘူး။ တစ်ရွာလုံးကလူတွေ သူ့ကိုလုပ်ခိုင်းလို့လုပ်ရတာပါဆိုပြီးပြောလို့ သက်သာသွားတယ်။ နောက်ကို အမှည့်ခြွေပွဲလုံးဝမလုပ်ရတော့ဘူးလို့ ပညတ်သွားတယ်။ ဟိုဘက်ရွာမှာ သူတို့ ဘုရားကျောင်းဆောက်ပြီး သူတို့ဘုန်းကြီး ဆိုတာ တစ်ယောက်ကိုလည်းထားသွားကြ တယ်။ ကလေးသူငယ်တွေအတွက် အချိုထုပ်လေးတွေပေးတယ်။ ကလေးမလေးတွေအတွက် ဘီး၊ မှန်၊ နားဆွဲတွေ ပုတီးတွေ၊ ဖန်လက်ကောက်တွေလည်း ပေးတယ်။ ကာလသားတွေအတွက် နားပန်တွေလည်းပေးတယ်။ သူတို့ သာသနာပြုတယ်ဆိုပါလား"

"ငါတို့အဘိုးကိုတော့ ကနိမ်း။ ဦးဒိန်လျှံကဘီလိုပဲတစ်နှစ်လုံးသားကောင်ရှာပေးနေရတာပဲလား"

"သူ ရွာလူကြီးအရာကျသွားတော့ မရှာပေးရတော့ဘူးလေ။ မင်းအဘိုး ငါ့ဘကြီးကလည်း သခင်ကြီးတွေကို ကြောက်လို့ အသာငြိမ်နေလိုက်ရတယ်။ ဦးဒိန်လျှံကို အတင်းအကျပ်တောကောင်သားမတောင်းရဲတော့ဘူးပေါ့။ အဲဒီကစပြီး ကနိမ်းတို့ဆီမှာလည်း အမှည့်ခြွေပွဲ ဘယ်သူမှမလုပ်ရဲကြတော့တာ ဒီနေ့အထိပဲ ဆိုပါတော့။ အခု လူလေးတာ ဘကြီးကို ဖရနာန်မေးဖို့လာတယ်ဆို တော့ ဘကြီးက ဘယ်လိုဖရနာန်ပေးရမလဲ။ အဲဒါကိုလည်း သခင်ကြီးတို့တာမကြိုက်ဘူးနော်။ ခု တို့တောင်ပေါ်မှာ သူတို့ဘုန်းကြီးတွေကိုထားတာ အဲဒီတို့ရှလို့တောင် ပြောကြတယ်။ အဲဒီတော့ လူလေးလည်း ဖရနာန်လုပ်ဖို့ စိတ်မကူးနဲ့တော့နော်။ လူလေး အဘိုး ငါ့ဘကြီးကိုလည်း လျှံထောင်တို့ အဘိုး ဦးဒိန်လျှံသတ်ခဲ့တာမှမဟုတ်တာ။ အများဆန္ဒတိုဦးဆောင်ပြီးလုပ်ပေးရတာပဲရှိတာတို့။ အဲဒါကြောင့် ငါက မင်းကို ဘာဖရနာန်မှပေးလို့မရတာ"

သူ့ဘကြီး၏စကားကိုကြားလိုက်ရစဉ် ခွန်လွှေမှာ လျှံနေ၏မျက်နှာကို မြေမြင်မိလိုက်သည်။ အကယ်၍ သူ့အစ်တိုလျှံထောင်ကိုသတ်ရန် ကျောက်ပိုးထိုးရွာက ဦးလေးထော်ထန်ဆီအရင်မသွားခဲ့ဘဲ တိန်ခါရွာက ဘကြီးတော်ဆီသာအရင်ရောက်ခဲ့လျှင် ယခုလောက်ဆိုသူနှင့်လျှံနေ မင်္ဂလာပင်ဆောင်ပြီးနေကြပြီးဖြစ်မည်ဟုသောအတွေးကို တွေးမိလိုက်သည်။

ထိုအခါ ခွန်လွှေမှာ ယခုပင်လျှံနေဆီ ပြေးသွားချင်စိတ်ပေါက်လာသည်။ထိုအချိန်မှာပင် သူ့ဘကြီး ဆလိုင်းထန်ဖူး၏သားများဖြစ်ကြသော ထန်တိန်နှင့်ထန်တာတို့ အိမ်ကိုရောက်လာကြသည်။ သူတို့မှာ စောစောက တောင်ယာထဲရောက်နေကြရာ သူကြီး၏မင်္ဂလာမောင်းထုခေါ်သံကြောင့် သူကြီးအိမ်တို



www.burmeseclassic.com

www.burmeseclassic.com

တန်းသွားခဲ့ကြရသည်။ သူကြီးအိမ်သို့ရောက်သောအခါ စုမိသမျှလူများနှင့် မီးလမ်းကြည့်ကာ ခွန်လှေပစ်သတ်ထားခဲ့သောပြောင်ကြီးကို သွားရောက်ဖျက်ယူလာကြသည်။ ထို့ကြောင့်လည်း သူတို့လက်ထဲတွင် ပြောင်သားတစ်ယောက်တစ်တွဲအပြင် ပြောင်ခေါင်းကြီးကိုလည်း ပိုင်ရှင်ဖြစ်သောခွန်လှေကိုပေးရန် ထမ်းယူလာကြသည်။

ထန်တိန်နှင့်ထန်တာတို့ကလည်း ရောက်ရောက်ချင်း ပြောင်ခေါင်းကြီးကို ခွန်လှေအားအပ်ပြီး ချီးကျူးစကားဂုဏ်ပြုစကားဝိုင်းပြောကြ၏။ သို့သော် ခွန်လှေမှာကား အစ်ကိုဝမ်းကွဲနှစ်ယောက်ပြောသော ဂုဏ်ပြုစကားကို မကြားတစ်ခွန်းကြားတစ်ခွန်းသာ။ သူ့စိတ်မှာ လျှံနေဆီသာရောက်နေသည်။ ထို့ကြောင့်လည်း စိတ်နှင့်ကိုယ်ပင်မကပ်နိုင်ဖြစ်နေ၏။

တစ်ချိန်လုံး လျှံနေဆီသာ စိတ်ရောက်နေသောခွန်လှေက ညနေထမင်းစုစားပြီးကြသည်နှင့်-

"ဖရနာန်လည်း ရှာစရာမလိုတော့ဘူးဆို။ မနက်ဖြန်မနက် ငါပြန်မယ်ကနိမ်း"

ဟု သူ့ဘကြီးကိုပြောလိုက်၏။

မဖြစ်နိုင်၍ မသင့်တော်၍သာ။ သို့မဟုတ်လျှင်ကား ခွန်လှေသည် ညတွင်းချင်းပင် သူ့ရွာကူပွန်ဆီပြေးသွားပြီး မိုင်သန်းယာတို့အပျိုစုအိမ်တွင်ရှိနေလိမ့်မည့် လျှံနေ၏ ဝင်းဝင်းပပမျက်နှာကို တဝကြီးကြည့်ချင်လှပြီ။ မြင်ချင်လှပြီ။

သို့သော် သူ့ဘကြီး ထန်ဗူးက -

"ဟော့ကောင်ရာ၊ ဘယ်လိုဖြစ်တာလဲ။ ချက်ချင်းပြန်လို့ဘယ်ဖြစ်မလဲကွ။ အကောင်ကြီးရရင် ဆာအိုက်ပွဲလုပ်ရတယ်လေ။ မင်းကို ငါတို့ရွာကလူတွေ ဆာအိုက်ပွဲလုပ်ကြဖို့ သူကြီးကိုယ်တိုင် ငါ့ကိုလာပြောထားပြီးပြီ။ မင်းကိုဂုဏ်ပြုကြတဲ့ ဆာအိုက်ပွဲမတက်ဘဲမင်းပြန်သွားရင် တစ်ရွာလုံးကငါ့ကိုဘာပြောကြမလဲ။ ကချင်ခုန်ချင်နေကြတဲ့ကောင်မလေးတွေနဲ့ကာလသားတွေကခြေတကြွကြွဖြစ်နေကြတာ။ မနက်ဖြန်မနက် မင်းပြန်လို့



ဘယ်ဖြစ်မလဲ။ ငါ့မျက်နှာ၊ မင်းအစ်ကိုတွေမျက်နှာ၊ အမျိုးမျက်နှာမဖျက်ပါနဲ့ကွာ"

ဟု သူ့ဘကြီးနှင့်သူ့အစ်ကိုများဖြစ်ကြသော ထန်တိန်နှင့်ထန်တာတို့အပြင် သူ့မရီးကြီးနှစ်ယောက်နှင့် လူကြီးသူကြီးတို့ကပါ ဝိုင်းပြောဝိုင်းတားထားကြရာ ခွန်လှေမှာ တိန်ခါရွာက ဆာအိုက်ပွဲကိုစောင့်ရင်း သူ့ဘကြီးအိမ်တွင် သုံးလေးရက်ကြာသွားပြန်သည်။

တစ်ရွာတစ်ကျေးကနေလာသော ဧည့်သည်အာဂန္တုတစ်ယောက်က သူတို့ရွာသူရွာသားတွေ စားသောက်ရန် ပြောင်ကြီးတစ်ကောင်ကိုသတ်ပေးထားခဲ့သောအဖြစ်မှာ ယခင်ကတစ်ကြိမ်တစ်ခါမှ မကြုံဘူးကြသဖြင့် ထူးထူးဆန်းဆန်း ဂုဏ်ပြုပွဲလုပ်ကြမည် ဖြစ်၏။ ပြီးတော့ သူတို့၏အစဉ်အလာအရ ဆင်၊ ပြောင်



www.burmeseclassic.com

www.burmeseclassic.com

စိုင်တို့မှာ ပထမတန်းစား တောတိရစ္ဆာန် ထဲပါသဖြင့် ခွန်လေ့မှာ သွားရင်းလာရင်း သူ့ရဲကောင်းလိုဖြစ်နေပြန်သည်။

ထိုကာလတွင် သူ့အမေ၊ သူ့နှမ၊ လျှံနေနှင့် တစ်ရွာလုံးကလည်း ခွန်လေ့ကို အမျှော်ကြီးမျှော်နေကြ၏။ ထိုသို့ မျှော်နေကြရသည့်အကြောင်းမှာ ခွန်လေ့မရှိသည့်ရက်ပိုင်းအတွင်း ကျားဆိုးကြီး တစ်ကောင်သည် အရမ်းသောင်းကျန်းလာပြီး ရွာထဲအထိဝင်လာက ခြံထဲရှိ နွားနောက်ကိုကိုက်၊ ဝက်ကိုကိုက်၊ ဆိတ်ကိုကိုက်သည့်အပြင် လူကိုကိုက်သတ်သွားသည်မှာလည်း ကူပွန်ရွာက တစ်ယောက်အပါအဝင် လူလေးယောက်၊ နွားနောက်ငါးကောင်နှင့် ဝက်ကောင် တစ်ဆယ်ကျော်တို့ကို တစ်ပတ် ရှစ်ရက် အတွင်းကိုက်သတ်ခံနေကြရသဖြင့် ဖြစ်သည်။

ဤသည်မှာ ခွန်လေ့လွန်ပီးဖြစ်ပြီး ဖီလာရွာကပြန်လာကတည်းက သူတို့ရွာကလူများသည် ခွန်လေ့ကို ဆာအိုက်ပွဲလုပ်မပေးကြသဖြင့် တောနတ်၊ တောင်နတ်တို့က နတ်ကျားနှင့်တိုက်ခြင်းဟု အချို့ကယူဆကြသည်။ နတ်ဆရာကလည်း ထိုသို့ပင် အဟောထွက်သည်။

အမှန်မှာ ခွန်လေ့အား သူတို့ရွာ၌ ဆာအိုက်ပွဲလုပ်ပေးရအောင်ကလည်း ခွန်လေ့သည် ဖီလာရွာတောခြောက်အမဲလိုက်ပွဲကပြန်လာပြီး တစ်ညသာ မိမိအိမ်၌နားပြီး အိမ်ကထွက်သွားသဖြင့် ဆာအိုက်ပွဲလုပ်မပေးကြခြင်းသာဖြစ်၏။

ထိုသို့လုပ်မပေးကြသဖြင့် သူတို့ရွာသားတစ်ယောက်ကို တောင်ယာက ပြန်တွင် ကျားဆွဲသွားသည်။ မော်စောရွာက လူနှစ်ယောက်ကိုမူ စမ်းပေါက်သို့ ရေချိုးသွားစဉ် ရက်ခြားကိုက်သတ်သွားသည်။ ပုံလောရွာသူကိုမူ တောင်ယာတဲ၌ ထမင်းချက်နေစဉ် နေ့လယ်ကောင်ကြီးဝင်ဆွဲချသွားခြင်းဖြစ်သည်။

ဤမျှဆိုးသောကျားကို ရွာမုဆိုးများစုပေါင်း၍ ဗိထောင်ခြင်း၊ ခုပ်ထောင်ခြင်း၊ နွားနောက်သေနှင့် သုတ်ကိုင်းထောင်ခြင်း၊ လူသေ၊ နွားသေ၊ ဝက်သေတွေနှင့် အစာပစ်၍ တောတိုက်သတ်ဖြတ်ရန်အကြိမ်ကြိမ်ကြိုးစားခဲ့ကြရသော်လည်း ယခုအထိ မအောင်မြင် မဖမ်းမိ မသတ်နိုင်ခြင်းဖြစ်နေကြ၏။

ခက်နေသည်မှာ ဤကျားသည် ယခင်က လူနှင့် တိရစ္ဆာန်များကို ကိုက်သတ်ဖူးသောကျားများလို အစာပစ်ထောင်ကြသော်လည်းပြန်လာမစားခြင်းပင်။ ယခင်က ကျားများမှာမူ လူနှင့် တိရစ္ဆာန်တစ်ဦးဦး၏ အသေကောင်ကို ဆီထည့်၊ ခေါင်းဖြီး၊ ပန်းပန်၊ သနပ်ခါးလိမ်း တောတိုက်လိုက်သည်နှင့် ထိုကျားသည် သူကိုက်သတ်ထားခဲ့သောအသေကောင်ရှိရာသို့ ပြန်ရောက်လာပြီး ဗိ၌လည်းကောင်း၊ ထောင်ချောက်၌လည်းကောင်း၊ သုတ်ကိုင်း၌လည်းကောင်းမိ၍ သေရသည်ချည်းသာ။

ယခုကျားကမူ သူကိုက်သတ်လိုက်သော လူသေ၊ တိရစ္ဆာန်သေတွေကို တစ်ဖဲ့တစ်ကိုက်ပင် စားမသွား။ သွေးသာဖောက်သောက်သွားပြီး အသေကောင်ကိုပစ်ထားခဲ့သည်။ ထိုအသေကောင်ရှိရာသို့လည်း နောက်ထပ်လုံးဝ ပေါ်မလာ။ မုဆိုးတို့၏အတတ်ပညာနှင့် အကြိမ်ကြိမ် တောနတ်တောင်နတ်တို့ကို ပသ၍ခေါ်ခိုင်းကြသော်လည်း ထိုကျားကား လာကိုမလာ။ ဤရွာတွင် လူတစ်ယောက်ကို ကိုက်သတ်သွားခဲ့သော ကျားသည် ထိုနေ့မှာပင် လူ သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ကောင်ကို နောက်တစ်ရွာ၌ ကိုက်သတ်သွားပြန်ပြီဟူသော သတင်းစကားကိုသာကြားကြရသည်။

ထိုအခါ လူစုလူဝေးနှင့် ကျားရှိနေမည်ထင်ရသောတောတောင်ကို လူစုလူဝေးနှင့် တောပြုတောင်ပြုလိုက်၍ ဝိုင်းသတ်ကြရတော့မည်။ တောခြောက်လိုက်ကြတော့မည်ဆိုသောအခါ နတ်တိုက်ကျား၊ သွေးသောက်ကျားဟူသော အစွဲအလမ်းကြောင့် ဦးဆောင်မည့်မုဆိုးများပင်မရှိဖြစ်နေကြပြန်၏။ ဤလိုကျားမျိုးကို ဒူးလေး၊ ဝါးမြောင်း၊ ဓား၊ လှံ လက်နက်တို့နှင့် တောခြောက်လိုက်ရဲသူမရှိ။ သူတို့ရွာတွင် မုဆိုးဟု အမည်ခံနေကြသူတွေရှိသော်လည်း ပထမတန်းစားသားကောင်ကြီးများကိုသတ်ဖူးသူ လွန်ပီးဘွဲ့ရ မုဆိုးသူရဲကောင်းမရှိ။ ထို့ကြောင့်လည်း လွန်ပီးဘွဲ့ရ သူရဲကောင်းမုဆိုးဖြစ်သူ ခွန်လေ့ကို မျှော်လင့်တောင့်တနေကြခြင်း ဖြစ်သည်။

ထိုအခါ ခွန်လေ့ကိုလိုက်ခေါ်ရန်အတွက် သူ့အမေ၊ သူ့နှမကို မေးကြရ၏။ ဖီလာရွာ တောခြောက်ပွဲကပြန်လာသော ခွန်လေ့သည် မိမိအိမ်၌ တစ်ညသာအိပ်ခဲ့ပြီး ဘယ်အရပ်ဘယ်ဒေသသို့ ထွက်သွားသည်ကို သူ့အမေ၊ သူ့နှမကိုလည်း မပြောခဲ့ဟုဆိုသည်။ ထိုအခါ ရွာလူကြီးတွေမှာ မကြံတတ်မရှာတတ်ဖြစ်သွားကြပြန်၏။ ထို့ကြောင့် လူတွေမှာ မိမိ၏ တောင်ယာသို့ပင် မသွားရဲမတက်ရဲဖြစ်ကုန်ကြကာ တောတိရစ္ဆာန်တွေကို အစာကျွေးထားသလိုဖြစ်ကုန်ကြသည်။

နောက်တော့ ခွန်လေ့သည် သူ့ဆရာလည်းဟုတ်၊ သူ၏အောင်ရာမြေ ဆိုလျှင်လည်းဟုတ်သော ဖီလာရွာက မုဆိုးကြီးဗွန်သွမ်းဆီများ ပြန်ရောက်နေလေသလားဟု ရွာလူကြီးတွေက ဖီလာရွာသို့ အခေါ်အကြည့်လွှတ်ကြရသည်။ သို့သော် ဖီလာရွာ၌လည်း ခွန်လေ့မရှိ။ ဆလိုင်းကြီးဗွန်သွမ်းက သူ့ကို သေနတ်အပ်ပြီး ဆာအိုက်ပွဲလုပ်ပေးလိုက်ပြီးက တည်းက သူ့ဆီ တစ်ခေါက်မှ ခွန်လေ့ ရောက်မလာသေးဟု ဆိုသည်။

ထိုအခါ လွန်ပီးသူရဲကောင်းမုဆိုးမရှိသော ကူပွန်ရွာနှင့်ပတ်ဝန်းကျင်ရွာသားတွေက တော်ဝင်မုဆိုးကျော်ကြီး ဆလိုင်းဗွန်သွမ်းကို အကူအညီတောင်းကြသည်။ သူတို့အကူအညီလာတောင်းကြသည်ကို မုဆိုးကျော်ကြီးဗွန်သွမ်းက-

"ငါ့လက်ထဲ သေနတ်လည်းမ... တော့ဘူး။ ငါ့ခြေတစ်ဖက်လည်းမသ... တော့ဘူး။ အသက်ကလည်း ခုနစ်ဆယ်ကျော်ပြီ။ ဒီလောက်တောင်ရဲတင်းနေ... သွေးသောက်ကျားနတ်တိုက်ကို ငါလည်း... ဒူးလေး၊ ဓား လှံလက်နက်လောက်... တောလျှောက်တောင်လျှောက်ငါလို... မရှာဝံ့ဘူး။ လောလောဆယ် သေနတ်... လက်ဝယ်ရှိတဲ့ ခွန်လေ့ကိုသာ မင်းတို့... ရအောင်လိုက်ရှာပြီး ဒီကျားရဲကြီး... သတ်ခိုင်းလိုက်ကြပါ။ မောင်တို့ပြော... သလို ဒီကျားက သူကိုက်သတ်ထားခဲ့... အကောင်သေကိုလည်းပြန်လာမစား... သွေးပဲသောက်သွားတယ်ဆိုတော့ ... သောက်ကျား၊ နတ်တိုက်ကျားဆို... လည်း ကြုံဖူးပါတယ်။ ခုကျားက ... တော့အဆန်းသားဟ။ ဒါပေမယ့် လူ... ရင် ဘယ်နတ်တိုက်ကျားကမှမခံနိုင်... ဘူး။ ဘာကျားပဲဖြစ်ဖြစ် ခွန်လေ့ကို... ရင်ငါ့ဆီလွှတ်လိုက်။ ငါကကိုယ်တိုင်... မစွမ်းနိုင်တော့ပေမယ့် ဒီကျားကို... နိုင်တဲ့နည်း ခွန်လေ့ကို ငါပြောပြလိုက်... မယ်။ မင်းတို့ ခွန်လေ့ကိုသာ အရင်... အောင်သွားရှာကြ။ လောလော... သူမြို့ကိုလည်းဆင်းမသွားသေးဘူး... ပါတယ်"

ဟုဆိုသည်။

သိက္ခာရလွန်ပီးလက်ဟောင်း... ကျော်ကြီးက ထိုသို့ပြောလိုက်... ရပ်သူရွာသားတွေမှာ ပိုလန့်... သည်။ အတွေ့အကြုံများသော...



www.burmeseclassic.com

www.burmeseclassic.com

ဘော့်ကြီးက ဆန်းတော့အဆန်းသားဟု ပြောသလို သူမစွမ်းနိုင်တော့ပါဟု ပြောလိုက်ခြင်းမှာ ဧကန္တ နတ်ကျားမှန်းသိ၍ အချို့က ပို၍ပြီးတုန်လှုပ်ချောက်ချားကုန်ကြပြန်သည်။

မည်သို့ဆိုစေ အဘိုးကြီးပြောသလို ခွန်လွှေကိုသွားရှာကြရအောင်ကလည်း ဘယ်အရပ်ဘယ်ဒေသထွက်သွားသည်ကို သူ့အမေ၊ သူ့နှမကပင် မပြောဖြတ်သောအခါ ကူပွန်ရွာနှင့်တကွ ရွာနီးချုပ်စပ်ကလူများမှာ နေညိုသည်နှင့် နွားနောက်၊ ဝက်၊ ဆိတ်တို့ကို အိမ်အောက်သွင်းကာ အလုံအခြုံလုပ်၍သာ နေနေကြရတော့သည်။

❑

ကျားဆိုးတစ်ကောင်သောင်းကျန်းနေ၍ ကူပွန်ရွာနှင့် ရွာနီးချုပ်စပ်ကရွာသူရွာသားများ ကျီးလန့်စာစားဖြစ်နေကြသည်ကို ဘာမှမသိသော လွန်ပီးကြီး ခွန်လွှေကမူ တိန်ခါရွာ၏ ဂုဏ်ပြုပွဲပြီးသည်နှင့် နောက်တစ်နေ့မနက်မှာပင် မိမိရွာကိုပြန်လာသည်။ သို့သော် အသွားတုန်းကလို တစ်ယောက်တည်းမဟုတ်။ သူညီ လွန်ပီးသူရဲကောင်းကြီးကို ထန်တိန်နှင့် တန်တာတို့ကလိုက်ပို့ကြသည်။

ခွန်လွှေနောက်ကပါလာကြသော အစ်ကိုတော်နှစ်ယောက်မှာတစ်ယောက်က ခွန်လွှေ၏ ပြောင်ချိုကြီးကိုထမ်းပြီး နောက်တစ်ယောက်က ခွန်လွှေ၏ ကုပ်ချိုးသေနတ်ကို ဂုဏ်ယူဝင့်ကြွားစွာလွယ်ကာ လိုက်ပါလာကြ၏။ ခွန်လွှေကမူ ဒူးလေးကိုလွယ်၊ လှံရှည်တစ်ချောင်းကိုကိုင်ကာ လျှံနေ၏မျက်နှာကို မြန်မြန်မြင်လိုဇောနှင့် ကူပွန်ရွာဘက်သို့သာ မပြေးရုံတစ်မည်လာနေလေသည်။

အသွားတုန်းက လမ်းတွင် တစ်ညအိပ်ပြီးသွားခဲ့ရသော တိန်ခါရွာနှင့်ကူပွန်ရွာကို ယခုတော့ သူ့ဘကြီးမှာလိုက်သည့် လမ်းကြောင်းအပြင် အစ်ကိုနှစ်ယောက်ကလည်း အဖော်လမ်းပြအဖြစ်ပါလာကြရာ ရွာစမ်းချောင်းနားကို မှောင်စပြုချိန်တွင်ရောက်လာကြ၏။

ထိုစမ်းချောင်းနားကိုရောက်လာသော ခွန်လွှေမှာ လျှံနေနှင့် ဤစမ်းချောင်းတိုလက်တွဲကူးခဲ့ကြပုံ၊ ဤစမ်းချောင်းနား၌ပင် သူ့အစ်ကိုလျှံထောင်ကို ဖရနာန်ရှာမသတ်ရန် လျှံနေငိုယိုတောင်းပန်သည်တိုမြင်မိကာ -

"လျှံနေ၊ နင့်အစ်ကိုလျှံထောင်ကို ငါမသတ်တော့ပါဘူး။ သတ်ဖို့လည်း မလိုတော့ဘူး။ နင်တို့အဘိုးကလည်း ငါ့အဘိုးကိုမသတ်နိုင်ခဲ့ပါဘူး။ သတ်ရအောင် ဖရနာန်လည်းမရှိပါဘူး"

ဟု ရင်ထဲနှလုံးသားထဲက အော်ပြောလာသည်။

သည်လိုနှင့် ခွန်လွှေတို့ညီအစ်ကိုသုံးယောက် ကူပွန်ရွာတုတ်ပေါက်လမ်းဝသို့ ခြေလှမ်းစဝင်ခါစသာရှိသေး၏။

"ကျားဟေး. . . ကျား. . . ကျားနတ်ကျားလူတစ်ယောက်ကိုကိုက်ချီသွားပြန်ပြီ။ လာကြပါ၊ ကူကြပါ၊ မြန်မြန်လာကြပါ"

ရွာဘက်မှ လူတစ်ယောက်အော်လိုက်လာသံကို ရုတ်တရက်ကြားလိုက်ကြရသည်။

ထို့နောက်မှာ -

"ကျားဟေ့. . . ကျား. . . ကျားလူကိုကိုက်ချီသွားတယ်တဲ့။ လိုက်ကြ၊ လိုက်ကြ"

ပထမ လူအော်သံ၊ အကူအညီတောင်းသံနှင့် မရှေးမနှောင်းမှာပင် ရွာသားကြီးများ သူတို့ရှေ့တည့်တည့်ဘက် ပြေးလိုက်လာကြသံကိုကြားသည်နှင့် ထန်တိမ်က -

"ညီလေ ကျားတဲ့ဟ၊ ဒီဘက်ကိုပြေးလိုက်လာကြသံပဲ။ ရော့ - မင်းသေနတ်"

ဟု သူလွယ်လာသော ကုပ်ချိုးသေနတ်ကို ထန်တာက ကမန်းကတန်း ခွန်လွှေကိုလှမ်းပေးလိုက်သည်။

ခွန်လွှေ၏ ခေါင်းထဲ ချက်ချင်းအတွေးတစ်ခုဝင်လာသည်။ ကျားမှာ ရွာထဲကိုပင် ဝင်ကိုက်ရဲသောကျားဆိုလျှင် ဤဖိုင်းတုတ်ပေါက်လမ်းကလွဲ၍ အခြားဘေးဘီကိုထွက်စရာပြေးစရာမရှိ။ ဤတုတ်ပေါက်လမ်းအတိုင်း စမ်းဘက်ကိုပြေးလာနိုင်သည်။ ဤဖိုင်းတုတ်ပေါက်လမ်းမှာ နှစ်ရှည်လများ ရွာသူရွာသားတွေသွားလာထားကြသဖြင့် ချော်ဝလမ်းပေါက်လိုဖြစ်နေသည်။ မိုးရေများတိုက်စားထားမှုတို့ကြောင့်လည်း လမ်းနှစ်ဖက်မှာ လူကြီးနှစ်ရပ်ကျော်ကျော် တောင်ကမ်းပါးယံလိုဖြစ်နေသည်။ သူထင်သည့်အတိုင်းသာ စမ်းချောင်းကိုဖြတ်ပြေးပြီး တောနက်ထဲဝင်ပြေးမည့်ကျားဆိုလျှင် ဤလမ်းကပင်ပြေးလာ၍ သူတို့နှင့် မုချရင်ဆိုင်တွေ့ကြတော့မည်။

"အစ်ကို၊ သေနတ်ကိုယူသာထား။ လှံကိုမြဲမြဲကိုင်ပြီး နောက်ကလိုက်လာခဲ့ကြ။ ငါတို့ရှေ့ကလူတွေလိုက်လာသံကြားတယ်။ ကျားကိုမြင်ရင်လည်း သေနတ်နဲ့ လှမ်းပစ်လို့မဖြစ်သေးဘူး။ ကျားကိုမထိဘဲ ကိုက်ချီလာတဲ့လူကိုထိမှာစိုးရတယ်။ လိုက်လာကြတဲ့လူတွေကလည်း အများကြီး။ လှံသာမြဲမြဲကိုင်ပြီးလိုက်လာခဲ့ကြ"

သူ့အစ်ကို ထန်တာ လှမ်းပေးနေသောသေနတ်ကို ခွန်လွှေကမယူဘဲ လှံရှည်ကိုသာ အသင့်ချိန်ကိုင်ပြီး တုတ်ပေါက်လမ်းအတိုင်း ရွာဘက်သို့တက်လာသည်။ လူအော်ကြသံများကလည်း ပိုနီးလာသည်။

ခွန်လွှေ၏တွက်ဆချက်က သေနတ်ကိုင်ခါစသူသည် အေးအေးဆေးဆေး ထိုင်၍ချိန်ပစ်မှ ပစ်မှတ်ကိုတိတိကျကျ ထိမှန်နိုင်မည်။ ယခုလို ရှေ့ကိုပြေးလိုက်နေရရင်း ကျားကိုမြင်ပြီးလှမ်းပစ်လျှင် ပစ်မှတ်တည့်တည့်ကိုမထိမမှန်နိုင်၊ ကျားကိုမထိဘဲ ပြေးလိုက်လာကြသောလူတစ်ယောက် သို့မဟုတ် ကျားချီလာသောလူကိုလည်းထိနိုင်သည်။ သေနတ်ကိုင်ခါစသူသည် သေနတ်ပစ်လည်း မကျွမ်းကျင်သေး။ ထို့ကြောင့် သူ အနှစ်နှစ်အလလက ကိုင်သုံးစွဲလာခဲ့သော လက်စွဲတော်လှံကိုသာသုံးရမည်ဟုတွက်လိုက်သည်။

ခွန်လွှေတွက်ထားသည့်အတိုင်းပင် လူတစ်ယောက်ကို ကိုက်ချီလာသော ကျားရဲသည် မတ်စောက်သောဘေးနှစ်ဖက်ကိုလည်း ကုတ်ခြစ်တက်ပြေး၍မရ။ ထိုအခါ တုတ်ပေါက်လမ်းလယ်လောက်တွင် ခွန်လွှေနှင့်ကျားရဲတို့ မျက်နှာချင်းဆိုင် ပက်ပင်းတိုးမိနေကြသည်။

ဤဘက်၌ လူသံမကြား၊ လူမရှိဟုထင်ပြီး လူတစ်ယောက်၏ကုပ်ပိုးကိုခဲကာ ဒရွတ်တိုက်ဆွဲပြေးလာသောကျားကြီးမှာ ယခု သူ့ရှေ့ကလူဆီးနေသည်ကို မြင်သောအခါ ရုတ်တရက်လန့်ပြီးကိုက်ချီလာသောလူကို လွှတ်ချလိုက်ပြီး ခွန်လွှေကို ဟိန်းဟောက်သံကြီးနှင့်အတူ ခုန်အုပ်လိုက်သည်။

ရန်လိုသောဝမ်းခေါင်းသံကြီးနှင့်အတူ သူ့ကိုခုန်အုပ်လာသောကျားကြီးအား သတိနှင့်အသင့်ဖြစ်နေသူ ခွန်လွှေကလည်း လက်ထဲကလှံရှည်နှင့် ကျားကြီး၏ရင်ဝလည်မျိုကို တအားထိုးထည့်လိုက်ရာ ထုတ်ချင်းခတ်ဖောက်ထွက်သွားသလားထင်လိုက်ရသည်။ သို့သော် ကြီးမားသောကျားကြီး၏အလေးချိန်ကို လှံကိုင်၍မထိန်းလိုက်နိုင်သောခွန်လွှေမှာ လှံကိုမြဲမြဲကိုင်ပြီး ကျားကိုယ်ပေါ် အုပ်ကျသွားသည်။ ထိုအခါ လည်မျိုကို လှံစူးခံထားရသောကျားကြီးမှာ ခွန်လွှေ



www.burmeseclassic.com

www.burmeseclassic.com

ကို ပါးစပ်နှင့်မကိုက်နိုင်တော့ဘဲ ခြေလက်တို့နှင့်သာ ကုတ်ခြစ်တော့သည်။ သူကိုယ်နှင့်ကျားကြီးတို့ လုံးထွေးနေကြရသော်လည်း ခွန်လှေကား လှံရိုးကိုလုံးဝမလွှတ်၊ မြဲမြဲဆုပ်ကိုင်ကာ လမ်းဘေးကမ်းပါးယံထဲ လှိမ့်သွားမြုပ်ဝင်သွားသည်အထိ တအားဖိထိုးထားလိုက်သည်။

ထိုအချိန် သူ့အစ်ကိုနှစ်ယောက်ကလည်း ကျားကြီး၏ ဝမ်းဗိုက်နှင့်ဘေးနံတစ်ဖက်တစ်ချက်စီကိုဝင်ထိုးဖို့နှစ်ထားလိုက်ကြသည်။

"လာကြပါဗျို့ မြန်မြန်လာကြပါ၊ မြန်မြန်လာကြပါ။ ကျားကြီးကို ကျုပ်တို့လှံနဲ့ထိုးထားပြီးပြီ။ မကြောက်ကြပါနဲ့။ မြန်မြန်လာကြပါ"

လှံရိုးကိုမလွှတ်ဝံ့သေးဘဲ တအားဖိနှစ်ထိုးထားသော ခွန်လှေက သတိရ၍ အော်ပြောလိုက်သည်။

လှံမားကိုယ်စီနှင့် ရွာသားကြီးများ သူတို့အနားရောက်လာမှ ညီအစ်ကိုသုံးယောက်မှာ ကျားကြီးကိုယ်ပေါ်ကလှံကိုဆွဲနုတ်လိုက်ကြသည်။ ထိုအခါ ကျားကြီးမှာလည်း ဆန့်ငင်ဆန့်ငင်နှင့် ပါးစပ်နှာခေါင်းတို့မှ သွေးလျှံထွက်ကာ တုတ်ပေါက်လမ်းထဲတွင် ဆန့်ဆန့်ကြီးလဲနေ၏။

လူအုပ်ကြီး၏ရှေ့ဆုံးကလှံကိုင်၍ ပြေးလိုက်လာသော လျှံထောင်သည် ခွန်လှေတို့နှင့်တစ်လံကွာလောက်တွင်လဲနေသော ပဇံကိုမြင်လိုက်ရသောအခါ ငိုပြီးလက်ထဲကလှံကို ပစ်ချလိုက်သည်။ ပြီးကမန်းကတန်း ပဇံကိုပြေးပွေ့သည်။

ရွာသားကြီးတွေမှာ စောစောကလူကို ကျားကြီးကိုက်ချီသွားပြီး လာကြပါ လိုက်ကြပါ၊ လာကယ်ကြပါဟု ရှေ့လူတစ်ယောက်က အော်ဟစ်ပြောလိုက်သွား၍သာ ချက်ချင်းရရာ လက်နက်ဆွဲကိုင်ပြီး နောက်ကပြေးလိုက်ပါလာကြသော်လည်း မည်သူမည်ဝါကို ကျားကြီးကိုက်ချီသွားမှန်း မသိခဲ့ကြ။ အရပ်ထုံးစံအတိုင်း ကူရန်ကယ်ရန်သာ လိုက်လာခဲ့ကြရာ ယခုမှ ကျားကိုက်ချီသွားခြင်းခံရသူမှာ လျှံထောင်မိန်းမ ပဇံဖြစ်နေသည်ကိုသိကြရသည်။

"ဟင် လျှံထောင်၊ ဘယ်လိုဖြစ်လို့ပဇံကကျားကိုက်ခံရတာလဲကွ"

လျှံထောင်၏ရင်ခွင်ထဲရောက်နေသော်လည်း သတိမရတစ်ချက်ရတစ်ချက်နှင့်ဖြစ်ကာ ညည်းညူနေသောပဇံကိုငုံ့ကြည့်ကာ ပဇံအဖေ ဇောင်ဇံက အော်မေးလိုက်သည်။

"ငါ ငါ ခေါင်ပေါက်ပြီး အိမ်ပေါ်ခဏလှဲနေတာ၊ အဲဒါ ဟီး ဟီး အီး"

"တောက် - ဟင် ခုမှငိုမနေနဲ့။ မင်းက ဆယ့်နှစ်ရာသီမူးနေတဲ့ကောင်။ ငါ့သမီးအစား ကျားကြီးက မင်းကိုကိုက်ဖို့ကောင်းတာ။ ငါလေ. . ."

ပဇံအဖေမှာ သူ့သမီးကုပ်နှင့်လက်ပြင်အထက်ရှိ ကျားကိုက်ရာမှဒဏ်ရာကိုမြင်သောအခါ စိတ်ပေါက်ပေါက်နှင့် စိတ်မထိန်းနိုင်ဖြစ်ကာ သူ့သမက်ကိုဆဲ၏။

"ငါ ငါသိလိုက်တယ်လေ။ အိမ်အောက်မှာမွေးထားတဲ့ ကြက်တွေ၊ ဝက်တွေ ရုန်းရင်းဆန်ခတ်ဖြစ်နေကြသံကြားလို့ ပဇံကအိမ်အောက်ဆင်းကြည့်တော့ ကျား . . . ကျားကြီးက ပဇံကိုကိုက်ချီပြေးတာ ဟင်း ဟင်း ဟီး အီး"

"ဟေ့ကောင် လျှံထောင်၊ မင်းဒီလိုငိုနေလို့ မင်းမိန်းမအသက်ထွက်သွားဦးမယ်။ ဒူရဇာပါကဆေးခန်းကိုမြန်မြန်ပို့ကြမှဖြစ်တော့မပေါ့။ ကဲ - ကနိမ်းတို့လည်း လုပ်ကြလေ မြန်မြန်"

သတိမရတစ်ချက်၊ ရတစ်ချက်နှင့် ညည်းတွားနေသော ပဇံကိုဖက်ကာ ငိုရှိုက်နေသော လျှံထောင်ကို ဆလိုင်းဝါက ခြေထောက်နှင့် ခေါင်းကိုကန်ပြီး သတိပေးလိုက်၏။

ထိုအခါမှာ လျှံထောင်အပြင် ပဇံအဖေနှင့် ပဇံအစ်ကိုတို့ကလည်း အံကြိတ်ကာ လှုပ်ရှားလာကြသည်။

ဘာစကားတစ်လုံးမှဝင်မပြောဘဲ လှံထောက်ကာ သူတို့အနား၌ မတ်တတ်ရပ်နေသော ခွန်လှေကို ခုမှ သတိပြုမိသော ဆလိုင်းဝါက -

"ခွန်လှေ၊ မင်းလည်း ဆေးခန်းလိုက်သွား။ ကြည့်စမ်း - တစ်ကိုယ်လုံးလည်းသွေးချည်းပဲ။ မင်းကိုယ်ကိုကော ဘယ်နေရာတွေကျားကိုက်သွားသေးလဲ မှန်းစမ်း"

"ငါ့ကိုကျားမကိုက်ပါဘူး။ ကျားကုတ်သွားတဲ့ လက်သည်းရာတွေပါ။ အရေးမကြီးပါဘူး ဆလိုင်းဝါ၊ ပဇံ ပဇံကိုသာ. ."

"ဟေ့ကောင်၊ အရေးမကြီးလုပ်မနေနဲ့။ မင်းနဖူးကကျားကုတ်ရာသွေးတွေစီးကျနေပြီ။ လာလာ - လိုက်ခဲ့၊ ငါလည်း လိုက်ခဲ့မယ်"

ထိုအခါမှ လူတွေမှာ ဆလိုင်းဝါ၏စကားကြောင့် သူတို့ရွာနှင့်အနီးဆုံးဖြစ်သော ဒူရဇာပါကဆေးခန်းကိုသွားရန် အရေးပေါ်စီစဉ်လိုက်ကြသည်။

❑

ဤနေ့သည် ခွန်လှေအား ဆာအိုး[…] ဂုဏ်ပြုပွဲနေ့ဖြစ်သည်။

ကူပွန်ရွာ၏ စာသင်ကျောင်း[…] လည်းဟုတ်၊ ဘုရားကျောင်းလည်းဟုတ်[…] သောခန်းမထဲတွင် လူကြီး၊ လူရွယ်[…] ကလေးသူငယ်၊ မိန်းမ၊ ယောကျ်ားများ[…] နှင့်ပြည့်နေသည်။ တခြားရွာနီးချုပ်[…] က ဖိတ်ကြားထားသော ရွာလူကြီးများ[…] အပြင် ဒူရဇာပါကျန်းမာရေးဆေးခန်း[…] ကျန်းမာရေးမှူးနှင့် သူနာပြု၊ ဝမ်း[…] ဆရာမများလည်း အစုံအလင်ပင် တ[…] ရောက်ကြသည်။

အခမ်းအနားအဖွင့်၏ မိန့်ခွန်း[…] ကူပွန်ရွာသား ဆလိုင်းဝါက ပြောကြား[…] သည်။

"အားလုံး မင်္ဂလာပါ။ ဒီကနေ့[…] ဒီဂုဏ်ပြုပွဲအခမ်းအနားကတော့ အားလုံး[…] သိကြ၊ ကြားကြတဲ့အတိုင်း ကျွန်တော်[…] တို့ကူပွန်ရွာက ကျွန်တော်တို့ရွာသား[…] လွန်ပီးခွန်လှေကိုဂုဏ်ပြုတဲ့အခမ်းအနား[…] ပါ။ ကျွန်တော်တို့ ဒီလိုအခမ်းအနား[…] ဘာ့ကြောင့် ဂုဏ်ပြုကြရသလဲဆိုတော့[…] လွန်ပီးခွန်လှေဟာ အိမ်မွေးတိရစ္ဆာန်တွေ[…] နဲ့ လူသားတစ်ယောက်ပြီးတစ်ယော[…] ကိုကိုက်သတ်သွေးသောက်နေတဲ့လူသား[…] တွေရဲ့ရန်သူ အန္တရာယ်ကောင်ဖြစ်[…] ဇရာမကျားဆိုးကြီးတစ်ကောင်ကို လွန်[…] တဲ့အပတ်က လှံနဲ့ထိုးသတ်နိုင်ခဲ့[…] အတွက် ဆာအိုက်ပွဲနဲ့ဂုဏ်ပြုကြခြင်း[…] ပါတယ်။ လွန်ပီးခွန်လှေဟာ ဒီကျား[…] ကြီးတစ်ကောင်ကိုသာသတ်ခဲ့တာမဟုတ်[…] ပါဘူး။ လွန်ခဲ့တဲ့ တစ်လကျော်လော[…] က ဖီလာတောခြောက်ပွဲမှာလည်း ကျား[…] သစ်တစ်ကောင်ကို သတ်နိုင်ခဲ့သ[…] တိန်ခါရွာကသူ့ဘကြီးတော်ဆီသွားလ[…] တုန်းကလည်း သွားရင်းလာရင်း မြွေ[…] ကြီးတစ်ကောင်ကို သတ်နိုင်ခဲ့တယ်[…] ပြီးတော့ ကျွန်တော်တို့ တောင်ပေါ်[…] အလွန်ရှားပါးပြီး တွေ့ရခဲကြုံရခဲ[…] ခြောက်တောင်ဗျိုင်းဖြူကြီးတစ်ကော[…] ကိုလည်း ရှားရှားပါးပါး ရရှိခဲ့တဲ့ လွန်[…] ပါပဲ။ ခု ဒီမှာမြင်နေတွေ့ကြတဲ့အတိုင်း[…] ပါ"

ဆလိုင်းဝါသည် သူ့နောက်ကျော[…] နံရံတွင် အရေခွာကာ ကားကြက်[…] ထားသော ကျားကြီးအရေခွံ၊ ကျား[…] အရေခွံနှင့် ပြောင်ချို၊ ပြောင်ခေါ[…] ဗျိုင်းငှက်ဖြူကြီးတို့ကို လက်ညှိုးထိုး[…] စကားဆက်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အခု လောလောဆယ် လွန်ပီး ခွန်လွေသတ်လိုက်တဲ့ကျားကြီးဟာ လူ သုံး၊ လေးယောက်နဲ့ အိမ်မွေးတိရစ္ဆာန် အကောင်တစ်ဆယ့်ကျော်ကိုကိုက်သတ်သွားတဲ့ ဇရာမကျားကြီးပါ။ ဘယ်မုဆိုးကမှမသတ်နိုင်တဲ့ကျားဆိုးကြီးကို ခွန်လွေ နောက်ဆုံး လှံနဲ့ထိုးသတ်လိုက်တာဟာ ကျွန်တော်တို့ ရွာသူပဇံကို ကိုက်ချီပြေးသွားတုန်းက သတ်လိုက်တာပါ။ ဒါဟာ ပဇံတစ်ယောက်တည်း တစ်ဦးတည်းကို တစ်နည်းပြောရရင် လူတစ်သက်ကို ကယ်လိုက်နိုင်တာမဟုတ်ဘဲ လူသား နှစ်ယောက်ရဲ့အသက်ကို ကယ်တင်လိုက်ခြင်းပါပဲ။အမှန်က အဲဒီနှစ်ယောက် နှစ်သက်မကပါဘူး။ သားကောင်းမိခင် တစ်ယောက်ကို ကယ်လိုက်နိုင်တာဟာ လူသားအများကြီးရဲ့အသက်ကို ကယ်လိုက်နိုင်တယ်လို့ပြောရင်လည်း မမှားနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လျှံထောင်နဲ့ ပဇံတို့ဇနီးမောင်နှံတို့မှာ နောက်ထပ် ကလေးဘယ်နှယောက်မွေးကြဦးမလဲမှ မသိတာ"

ဆလိုင်းဝါ၏ စကားကို အားလုံး လက်ခုပ်လက်ဝါးတီးပြီး ပွဲကျသွားကြသည်။

ဆလိုင်းဝါက စကားခဏရပ်ပြီး ပဇံဆီကို လှမ်းကြည့်လိုက်ရာ ပဇံမှာ ရှက်ရှက်နှင့် ခေါင်းငုံ့နေ၏။

"ဒီနောက် ကျွန်တော်အရင်ကတုန်းလည်း အကြိမ်ကြိမ်ပြောဖူးခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဘိုးစဉ်ဘောင်ဆက် အယူသီးမှု၊ အစွဲအလမ်းကြီးကြမှုနဲ့ ပတ်သက်လို့လည်း ထပ်ပြောပါရစေဦး။ သည်းခံကြပါ။ ဒါအခွင့်အခါကြုံတုန်း သခုလို လူပရိသတ်စုံတုန်း ကြုံကြတုန်း မှာမို့ပါ။ ခု ခွန်လွေသတ်လိုက်တဲ့ကျားတို နတ်တိုက်ကျားမို့ဘာမို့ဆိုပြီး ဘယ်မုဆိုးကမှမသတ်ဝံ့ကြဘူး။ မသတ်နိုင်ခဲ့ကြဘူး။ ဆိုပါတော့ အဲဒီဘယ်မုဆိုးမှ မသတ်နိုင်တဲ့ကျားကို အခု ကျွန်တော်တို့ ရွာသား လွန်ပီးခွန်လွေက သတ်လိုက်ပါပြီ။ ကဲ - ခင်ဗျားတို့ဘာပြောကြဦးမလဲ။ သတ်လိုက်တာမှ သေနတ်နဲ့ပစ်သတ်လိုက်တာမဟုတ်ဘူး။ ရိုးရာမုဆိုးတို့လက်သုံးတော်အတိုင်း လှံနဲ့ကိုထိုးသတ်လိုက်တာ။ ဘယ်နတ်ကမှ မကယ်နိုင်ကြဘူး။ အဲဒီ ရိုးရာဖြစ်တဲ့ လှံ၊ ဓား၊ လေးမြားတွေနဲ့သတ်နိုင်တဲ့မုဆိုးကိုမှ တကယ့်မုဆိုးကျော်ကြီးလို့ အစဉ်အလာ အသိအမှတ်ပြုကြတယ် ဟုတ်လား။ မှတ်မိကြဦးမှာပေါ့ လွန်ခဲ့တဲ့ သုံးလလောက်ကမှ ဆုံးသွားရှာတဲ့ မုဆိုးကျော်ကြီး ဆလိုင်းထန်တောင်ကို သူတို့မုဆိုးလောကက ဘယ်လို နာမဝိသေသနတပ်ပြီး ဂုဏ်ပြုခေါ်ခဲ့ကြလဲ"

ဆလိုင်းဝါက စကားခဏရပ်ပြီး ပရိသတ်များဆီဝေ့ဝဲကြည့်လိုက်၏။

"ကဲ-ပရိသတ်ထဲက၊ မုဆိုးတွေထဲက ပြောကြပါ။ ဆလိုင်းကြီးထန်တောင်ကို ဘယ်လိုခေါ်ခဲ့ကြပါသလဲ"

"ဟူးကောင်းကျားလို့ တင်စားခေါ်ခဲ့ကြပါတယ်"

မုဆိုးတစ်ယောက် ထအော်ပြောလိုက်၏။

"ကောင်းပြီ။ ကဲ - ခု ဆလိုင်းကြီးထန်တောင်လည်းမရှိတော့ဘူးဆိုတော့ ပြောကြပါ။ ကျယ်ကျယ်အော်ပြောကြပါ။ ခု ဟူးကောင်းကျားဟာ ဘယ်သူလဲ"

"လွန်ပီး ခွန်လွေ"

"လွန်ပီး ခွန်လွေ"

"လွန်ပီး ခွန်လွေ"

ဤတစ်ခါတော့ မုဆိုးကြီးငယ်များ အားလုံးက တစ်ပြိုင်တည်းထအော်ပစ်လိုက်ကြ၏။

"ဟုတ်ပြီ၊ ဒါဆို ဆလိုင်းကြီးထန်တောင်ရဲ့အမွေကိုဆက်ခံတဲ့ ဟူးကောင်းကျားဟာ ဘယ်သူလဲဗျို့၊ ခု ဟူးကောင်းကျားဟာ ဘယ်သူလဲ"

"လွန်ပီး ခွန်လွေ"

"လွန်ပီး ခွန်လွေ"

"လွန်ပီး ခွန်လွေ"

ဤတစ်ခါတော့ မုဆိုးများသာမက ပရိသတ်များအားလုံးက ဝိုင်းအော်လိုက်ကြသည်မှာ ခန်းမတစ်ခုလုံး ဘောင်ဘင်ခတ်သွားလေသည်။

"ကောင်းပြီ၊ ဒီပွဲဟာ လွန်ပီး ခွန်လွေကိုဂုဏ်ပြုပွဲဖြစ်သလို ဘွဲ့ထူးဂုဏ်ထူးအမည်နာမပေးတဲ့မင်္ဂလာနေ့တစ်နေ့လည်းဖြစ်သွားပါပြီ။ ဒီနေ့ဟာ မင်္ဂလာနေ့တစ်နေ့ဆိုတော့ အမင်္ဂလာဖြစ်တဲ့၊ မကောင်းတဲ့၊ တစ်နည်းပြောရရင် လူသားအချင်းချင်း၊ ကိုယ့်လူမျိုးအချင်းချင်း မလုပ်သင့်မလုပ်ထိုက်တဲ့ ရိုးရာအစွဲအလမ်း၊ အကျင့်ဆိုး၊ စရိုက်ဆိုးတစ်ခုဟာလည်း ကျွန်တော်တို့ဆီမှာ ဘိုးစဉ်ဘောင်ဆက် အရိုးစွဲခံယူလာကြတာရှိနေပါတယ်။ ပွင့်ပွင့်လင်းလင်းပဲပြောပါရစေ။ အဲဒါဟာ ဘာလဲဆိုတော့ တစ်ဦးနဲ့တစ်ဦး တစ်မျိုးနဲ့တစ်မျိုး၊ တစ်ရွာနဲ့တစ်ရွာ ကလဲ့စားချေသတ်ဖြတ်ခဲ့ကြတဲ့အကျင့်ဆိုး၊ စရိုက်ဆိုးတစ်ခုပါပဲ။ အဲဒါဟာလည်း ခုတော့မရှိကြတော့ပါဘူး။ ဒါပေမယ့် အဲဒီစရိုက်ဆိုး၊ အလေ့အထဆိုးကို လူငယ်တချို့ရဲ့စိတ်ထဲမှာ အစွဲအလမ်းကြီးတစ်ခုလိုရှိကောင်းရှိနေကြပါဦးမယ်။ တကယ်လို့ရှိနေခဲ့ရင်၊ ရှိနေသေးတယ်ဆိုရင် အဲဒီစရိုက်ဆိုး၊ အကျင့်ဆိုး ရိုးရာဆိုးတွေကို ဒီနေ့ ဒီနေရာက မလုပ်ကြဖို့ ကျွန်တော် သတိပေးပါတယ်"

ဤတစ်ခါတော့ သူ့ဘေးတွင်ထိုင်ပြီး မဂ်လာယူနေသော လွန်ပီးခွန်လွေဆီလှမ်းကြည့်ပြီး ဆလိုင်းဝါက ဆက်ပြောသည်။

"အဲဒီတော့ လူလူချင်း တစ်ဦးနဲ့တစ်ဦး၊ တစ်မျိုးနဲ့တစ်မျိုး၊ တစ်ရွာနဲ့တစ်ရွာ တိုက်ခိုက်သတ်ဖြတ်ကြမယ့်အစား လူ့အဖွဲ့အစည်းကိုဒုက္ခပေးနေတဲ့ လူသားတွေကိုအန္တရာယ်ပြုနေတဲ့ လူ့ရန်သူတွေကိုပဲ ကျွန်တော်တို့ ဟူးကောင်းကျား လွန်ပီးခွန်လွေလို သတ်ဖြတ်အနိုင်ယူပြီး လူသားတွေရဲ့ အသက်အိုးအိမ်တွေကို ကာကွယ်စောင့်ရှောက်ကြပါစို့လို့ပြောချင်ပါတယ်။ နောက်ဆုံးတစ်ခုအနေနဲ့ကတော့ ကျားကြီးကို သတ်လိုက်နိုင်တဲ့ ခွန်လွေလွန်ပီးနဲ့ ကျားကိုက်ခံရတဲ့ပဇံကို ဆေးကုသပေးကြတဲ့ ဒူရဇာပါကဆေးမှူးကြီးနဲ့ ဆရာ၊ ဆရာမများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ကျေးဇူးကမ္ဘာဖြစ်ပါကြောင်း လျှံထောင်၊ ပဇံ ခွန်လွေနဲ့တကွ ရပ်သူရွာသားအားလုံးကိုယ်စား ပြောကြားပါတယ်။ပြီးတော့ ပဇံရဲ့ခင်ပွန်း လျှံထောင်ရဲ့ ကျေးဇူးတင်စကားကိုလည်း နားဆင်ကြည့်ကြပါဦး ခင်ဗျား"

ဆလိုင်းဝါ ထိုင်လိုက်သည်နှင့် လျှံထောင်က စင်ပေါ်တုန်တုန်ချည့်ချည့် တက်လာပြီးပြော၏။

"ကျွန်. . . ကျွန်တော်ကတော့ ဆလိုင်းဝါလို အဲ - စကားမပြောတတ်ပါဘူး"

"ဟေ့ကောင် ခု မင်းပြောနေတာ စကားမဟုတ်လို့ ဘာလဲ၊ ပြောဝမ်းပါ။ မင်းရင်ထဲရှိတာပြောလေကွာ"

လူကြီးတစ်ယောက်က တုန်တုန်လှုပ်လှုပ်ဖြစ်နေသောလျှံထောင်ကို လူအုပ်ထဲကလှမ်းအော်လိုက်၏။

"အဲ - ခု ခုနက ဆလိုင်းကြီးပြောသွားသလိုပါပဲ"

ဟုပြောပြီး လူအုပ်ကြီးဆီ မဝံ့မရဲ လှမ်းကြည့်နေပြန်၏။

"ဒုက္ခော"

ဟု တစ်ယောက်ကအော်သံထွက်သောအခါ လူတွေက လျှံထောင်ကို ဝိုင်းဟားကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ လူတွေက ဝိုင်းဟားကြလေ လျှံထောင်မှာ ကယောက်ချောက်ချား ဖြစ်နေသည်ကို နောက်တစ်ယောက်က-

"မင်းကလေးတစ်ယောက်အဖေ ဖြစ်တော့မယ်၊ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားတောင်မပြောတတ်ဘူးလား"

ထိုသူစကားမဆုံးမီပင် ခွန်လွေနှင့် လျှံနေတို့၏အကြောင်းကိုသိထားသူတစ်ယောက်က-

"ဒါဆိုလည်း မင်းယောက်ဖကြီး လွန်ပီးခွန်လွေကို ကျေးဇူးတင်ပါတယ် ပြောလိုက်ကွာ"

ဟု မကြားတကြားဆိုလိုက်ပြန်သည်။

"ပြောပါပကော၊ ခု. . . ခုနက ဆလိုင်းဝါပြောသွားသလိုပါပဲဆို။ ကျုပ်က . . ."

ဟုပြောပြီး လူအုပ်ကြီးဘက်ကြည့်နေပြန်ရာ -

"လာပြန်ပြီ"

ဟု တစ်ယောက်အော်လိုက်ရာ လူတွေဝိုင်းရယ်ကြသော်လည်း ဤတစ်ခါတော့ ဆလိုင်းဝါက -

"မင်းကို ငါပြောခိုင်းထားသလို ပြောလိုက်လေကွာ"

ဟု လျှံထောင်ကို လှည့်ကြည့်၍ ပြောလိုက်၏။

"မေ့သွားလို့ပါ ဆလိုင်းဝါ၊ အိမ်း- ကျွန်တော့်မိန်းမနဲ့ ကျွန်တော်မမြင်ရသေးတဲ့ ပဖံဗိုက်ထဲကကလေးကို ကျားပါးစပ်ထဲကလုယူပေးတဲ့လွန်ပီးခွန်လွေနဲ့ ဆေးကုပေးကြတဲ့ဆရာကြီးဆရာမကြီးများကို ကျေးဇူးအထူးတင်ပါတယ်။ ထိုင်ပြီးကန်တော့ပါတယ်"

လျှံထောင်က ထိုင်ပြီး စင်ပေါ်က လက်အုပ်ချီကန်တော့ပါတယ်နှင့် စကားမဆက်ဘဲလုပ်နေပြန်သဖြင့် ဆလိုင်းဝါက ဆက်ပြောဦးလေကွာဟုပြောလိုက်သောအခါမှ -

"ခွန်လွေတို့၊ ဆရာဆရာမကြီးတို့ကို ကျွန်တော်တစ်ယောက်တည်းကသာ ကျေးဇူးတင်တာမဟုတ်ပါ။ ကျွန်တော်တို့အမျိုးတွေ၊ ပဖံတို့အမျိုးတွေကလည်း ကိုယ်စားကျေးဇူးတင်ပါတယ်။ ခွန်လွေကို ကျွန်တော့်ရဲ့ကွေ့ (အချစ်ဆုံးသူငယ်ချင်း) တစ်ယောက်အဖြစ် ရင်ထဲမှာ တစ်သက်လုံးထားမှာပါ။ အဲ - နောက်နောက်တစ်ခုကတော့ ခွန်လွေကို ကျွန်တော် အထူးတောင်းပန်တယ်။ ဘာလဲဆိုတော့ လွန်ခဲ့တဲ့ကာလကို အဲ့ကာလက ဆလိုင်းကြီးထောင်အသုဘမှာ ကျွန်တော်ခေါင်ပေါက်ပြီး ခွန်လွေလူ လူမသတ်ရဲပါဘူးလို့ ပြောမိဆိုမိတာကို တောင်းပန်ပါတယ်"

"ဒါကျတော့လည်း ငပေါက်အဟုတ်ကြီးပဲ"

ဟု ချီးကျူးလိုက်သံကိုကြားသွား၍လားမသိ။ လျှံထောင်က-

"ဆလိုင်းဝါ ကျွန်တော်ဘာပြောရဦးမလဲ"

တီးတိုး မေးလိုက်ပြန်၏။

"တော်ပါပြီကွာ"

ဟု ပြောလိုက်သည်။ လူအုပ်ထဲကတစ်ယောက်နှင့် ဆလိုင်းဝါကလည်း လျှံထောင်ကို တော်ပါပြီ ဟူသောသဘောနှင့် လက်ပြလိုက်ရာ လျှံထောင်စင်ပေါ်ကဆင်းသွားပြီး ပဖံနားသွားထိုင်နေသည်။

"ကဲ - ခု နောက်ဆုံးကျေးဇူးတင်စကားပြောမယ့်သူကတော့ ဒီကနေ့ ဂုဏ်ပြုခံပုဂ္ဂိုလ် ဟူးကောင်းကျားလွန်ပီးခွန်လွေပါပဲ။ ကဲ - မုဆိုးကျော်ကြီးလွန်ပီးခွန်လွေ ဟူးကောင်းကျားကြီး ကျေးဇူးတင်စကားပြောကြားပေးပါခင်ဗျား"

အခမ်းအနားမှူးဆိုလည်းဟုတ်၊ သဘာပတိလည်းဟုတ်သော ဆလိုင်းဝါက ထိုသို့ဖိတ်ခေါ်လိုက်ရာ လွန်ပီးခွန်လွေ စင်မြင့်ပေါ် မဝံ့မရဲတက်လာပြန်၏။

ပရိသတ်ကမူ ခွန်လွေဘာပြောမည်နည်းဟု ဟူးကောင်းကျားလွန်ပီးခွန်လွေကို မျက်တောင်မခတ်စိုက်ကြည့်နေကြ၏။

"ငါ. . . အဲ - ကျွန်တော်လည်း စကားမပြောတတ်ပါဘူး။ လျှံထောင်ပြောသွားသလို ကျေးဇူးတင်ပါတယ်"

လူအုပ်ထဲကရယ်သံတွေထွက်လာသဖြင့် ခွန်လွေမှာ ဝမ်းသာ၊ ဝမ်းနည်းနှင့် စကားမဆက်တတ်ဘဲဖြစ်သွားရာ လူအုပ်ထဲကတစ်ယောက်က -

"မင်းကိုဒီလိုဂုဏ်ပြုကြတဲ့အတွက် ကျေးဇူးတင်ပါတယ်ပေါ့ကွာ"

ဟု ပြောလိုက်ရာ ဆလိုင်းဝါကလည်း လျှံထောင်ကို သင်ထားသလို ခွန်လွေကိုမသင်ထားမိရာ ခွန်လွေက ယောင်ယောင်မှားမှားနှင့် -

"ဟုတ်. . . ဟုတ်ကဲ့၊ မင်းကို ဒီလိုဂုဏ်ပြု. . ."

ဤတစ်ခါမှ ပရိသတ်များမှာ ပတ်တုတ်မရဖြစ်ကုန်ကြသဖြင့် လွန်ပီးခွန်လွေ ဟူးကောင်းကျားကြီး ဘာဆက်ပြော၍ ဘယ်လိုပြောလိုက်သည်ကိုပင် မကြားလိုက်ကြရတော့ဘဲ စင်ပေါ်က ဆင်းသွားသည်ကိုသာ မြင်လိုက်ကြရသည်။

ထိုအခါ ပွဲစီစဉ်သူသဘာပတိကြီး ဆလိုင်းဝါကလည်း တဟားဟားရယ်ပြီး-

"ကဲကဲ. . . . မုဆိုးကျော်ကြီး လွန်ပီးဟူးကောင်းကျားကို ရာထူးထပ်လက်ဆောင်ဂုဏ်ပြုခေါင်ရည်တိုက်နိုင်ကြပါပြီဗျိုး။ ဟူးကောင်းကျားကြီးတို့ ဂုဏ်ပြုခေါင်ရည်တိုက်နိုင်ကြပါပြီ"

မတ်တတ်ထကာ ကမန်းကတန်း အော်ပြောလိုက်ရသည်။

ဆလိုင်းဝါ၏စကားအဆုံးမှာပင် ပဖံနှင့် လျှံနေတို့က နှစ်ချို့ခေါင်အိုးကို ခွန်လွေရှေ့ကမ်းပေးထားကြ၏။ ပဖံနှင့် လျှံနေတို့ကမ်းပေးထားသော ဂုဏ်ပြုခေါင်ရည်အိုးကို ခွန်လွေက ဝါးကျည်ထိုးဖောက်ပြီး စတိသောက်လိုက်သည်။ လက်ခုပ်သံများညံထွက်လာပြန်သည်။ ခေါင်ရည်ငှဲ့ရင်းက လျှံနေ၏မျက်နှာကို ခွန်လွေက ပြုံးပြလိုက်ရာ လျှံနေလည်း အပြုံးတမြမြနှင့် လူအုပ်ထဲပြန်ဝင်လာ၏။

ထို့နောက်မှာ ခွန်လွေရှေ့ကို ဂုဏ်ပြုခေါင်ရည်အိုး တစ်လုံးပြီးတစ်လုံး ရောက်လာလေသည်။ ခွန်လွေကလည်း ရောက်လာသမျှသောခေါင်ရည်အိုးတွေကို တစ်အိုးပြီးတစ်အိုး စတိသောက်ရသည်။ ခေါင်ရည်စတိသောက်ပြီးသွားသောခွန်လွေက လျှံနေရှေ့ မတ်တတ်သွားရပ်ပြီး လက်ကမ်းလိုက်သည်။ ခွန်လွေကမ်းလာသောလက်ကို လှမ်းဆွဲတာ လျှံနေလည်းအလိုက်သင့်ပင်ထလာတော့၏။ လက်ခုပ်သံများညံစီသွားပြန်သည်။

လျှံနေနှင့် ခွန်လွေတို့ ကခုန်လိုက်ကြသောအခါ ကာလသမီး၊ ကာလသားများကလည်း ကိုယ်စီကိုယ်ငှ မိမိတို့အတွဲကိုယ်စီနှင့် ဝိုင်းကြီးပတ်ပတ် မြူးမြူးကြွကြွကခုန်ကြတော့သည်။ နောက်ဆုံးမှာ အားလုံးလက်ချင်းဆက်၍ သီဆိုကခုန်လိုက်ကြသံမှာ ခန်းမကြီးတစ်ခုလုံး လျှံထွက်သွားလေတော့သည်။

*(အခန်းကျဉ်းလေးတစ်ခန်းတွင် နှစ်ရှည်လများ အတူနေခဲ့ကြရသော သူငယ်ချင်း ဇန်နော် (အမေရိက) သို့ အထူးသတိရလျက်)*

*ပြီးပါပြီ။*

...မိုးကျော့

www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## မရှိ ချမ်းသာ

လွန်ခဲ့သည့် တော်သလင်းလပြည့်နေ့ (၁၆-၉-၁၆) မနက်(၈)နာရီခန့်က ကျွန်တော် ခြောက်ထပ်ကြီးဘုရားသို့ ရောက်ခဲ့ပါသည်။ တနင်္ဂနွေဆောင့်တွင် ဘုရားရှိခိုးပြီးနောက် လက်ယာရစ်ပတ်ခဲ့ရာ စနေထောင့်နားအရောက် ရဟန်းတော်တစ်ပါးနှင့်ဆုံပါသည်။ ဖြူဖြူဝဝ ခန့်ခန့်သာမဏာသာရုပ္ပနှင့်ပြည့်စုံသည်။ ကျွန်တော့်ကိုကြည့်ပြီးဦးတည်လာသဖြင့်



ရပ်ပြီး တောင်ဝှေးကို လက်နှစ်ဖက် အလယ်မှာထားကာ လက်အုပ်ချီထားလိုက်ပါသည်။

အနားရောက်တော့ -

"ဒကာကြီးအလိုရှိရာသုံးဖို့အတွက် ဘုန်းကြီး ကလှူတာ"

ဟု ဆိုကာ တစ်သောင်းတန် တစ်ရွက်ကမ်းပေးပါသည်။

ကျွန်တော်က ရှိရိုသေသေလက်ခံ ယူလိုက်ပြီး -

"ဘုန်းတော်ကြီးများကို တစ်ခါမှ ဆုမပေးဘူးလို့ ဘယ်လိုပေးရမှန်းမသိဘူးဘုရား။ ကျေးဇူးတင်ပါသည်၊ ကျန်းမာပါစေ ချမ်းသာပါစေဘုရား"

လို့ ဆုပေးလိုက်ပါသည်။

ဘုန်းတော်ကြီးက -

"ရဟန်းတရားကို ပွားများအား ထုတ်နိုင်ပါစေလို့ပါထည့်ပြီးဆုတောင်းပေး"

ဟု မိန့်တော်မူပါသည်။

ကျွန်တော်က -

"တင်ပါ့ဘုရား၊ ရဟန်းတရားကို အောင်မြင်ပြီးမြောက်အောင် ပွားများအားထုတ်နိုင်ပါစေဘုရား"

ဟု လျှောက်ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်ကြီးက -

"ဒကာကြီးဆုက ပိုပြည့်စုံတယ်။ သာခု၊ သာခု သာခု ကြိုးစားပါ့မယ်"

ဟု မိန့်ကြားပြီး -

"ဒကာကြီး၊ အသက်ဘယ် လောက်ရှိပြီလဲ"

ဟု မေးပါသည်။

"ကျွန်တော်က (၈၆) နှစ်ပြည့် တော့မယ်ဘုရား"

လို့ လျှောက်တော့ -

"အင်း - ဘုန်းကြီးထက် (၅) နှစ် ကြီးတာပဲ။ ဒကာကြီးကို စကားတစ်ခွန်း မှာခဲ့မယ်။ အသက်ကြီးပြီ၊ ချမ်းသာ အောင်နေ"

ဟု မိန့်ကြားကာ ရှေ့ဆက် လျှောက်သွားပါတော့သည်။

ရဟန်းတော်၏ မိန့်ကြားချက်မှာ အလွန်လေးနက်သောအဓိပ္ပာယ်များရှိ ပါမည်။ 'နောက်မှဖြည်းဖြည်းစဉ်းစားယူ တော့မည်'ဟု နှလုံးသွင်းပြီးပြန်ခဲ့ပါသည်။

"ဟေ့ကောင်-နေကောင်းလားကွ"

အိမ်ပြန်ရောက်ပြီး နာရီဝက်ခန့် ကြာတော့ အရင်းနှီးဆုံး ရေးဖော်သူငယ် ချင်းရောက်လာပြီး အထက်ပါအတိုင်း နှုတ်ဆက်ပါသည်။

ကျွန်တော်က -

"အေး - အခု သက်သာလာပြီ။ တစ်လောက အစာအိမ်ရောဂါပြန်ထလို့ ဆေးကုရတယ်"

ဟု ပြန်ဖြေတော့ သူက -

"ငါ မင်းဆီ စိတ်တော့မကြာခဏ ရောက်ပါတယ်။ လူကတော့ ဘယ်လိုမှ အချိန်မရလို့မလာနိုင်ဘူး။ အခုတောင် ဘိုးဘွားရိပ်သာမှာရေးကွက်လေးရစရာ ရှိလို့ ဟာမစ်တစ်ကဖြတ်မယ်ဆိုပြီး မင်း ဆီပါ လမ်းသင့်လို့ဝင်လာတာ။ ကဲ - ကန်တော့ပြီ"

ဟု ဆိုကာ စာအိတ်တစ်အိတ်ရှေ့ ချပြီး ပုဆိန်ပေါက်ကန်တော့ပါသည်။ စာအိတ်ကိုဖွင့်ကြည့်ဖို့မလိုပါ။ (၁) နှစ် (၂) ခါ ကန်တော့နေကျပါ။ တစ်သောင်း မပိုမလျော့ပါ။

"ငွေရေးကြေးရေးကောအဆင်ပြေ ရဲ့လားကွ"

ကျွန်တော်ဆုပေးနေတုန်း သူဖြတ် မေးပါသည်။

ကျွန်တော့်က -

"အဆင်ပြေပါတယ်။ ငါက မရှိ ချမ်းသာသားပဲကွ"

ဟု ပြန်ဖြေလိုက်ပါသည်။

သူက -

"ဟေ - မရှိဆင်းရဲသားလို့သာ ကြားဖူးတယ်၊ မင်းလက်ထက်ကျမှ။ ဒါပေမယ့် မင်းလိုကောင်က အဓိပ္ပာယ် မရှိတဲ့စကားပြောမှာမဟုတ်ဘူး။ ငါသိ ချင်တယ်။ ဒါပေမယ့် အချိန်မရတော့ ဘူး။ ချိန်းထားတဲ့အချိန်ကိုရောက်နေပြီ"

ဟုဆိုကာ ထပြေးပါတော့သည်။

"ငါ့သူငယ်ချင်း သေဖို့တောင် အချိန်ရပါ့မလားမသိဘူး"

ဟု ရေရွတ်မိပါသည်။

စာရှုသူ လမ်းသွားရင်း သဘော ကျသည့်ကားတစ်စီးတွေ့လျှင် 'အင်း - ဒီကားမျိုးစီးရရင် ကောင်းမှာပဲ' ဟု တွေး မိလိမ့်မည်။ နောက်အတန်ငယ်သွားမိ တော့ အိမ်လှလှကလေးတစ်လုံးတွေ့ပြန် ရော။ အဲဒီအခါမှာ ကားကိုမေ့ပြီး 'အင်း ဒီလိုအိမ်မျိုးနဲ့နေရရင်ကောင်းမှာပဲ' ဟု တွေးမိပြန်လိမ့်မည်။

နောက်တော့ ထိုကားရော အိမ် ကိုပါ မေ့သွားပါလိမ့်မည်။ အကယ်၍ နှစ်မျိုးစလုံးကို ဝယ်လိုက်နိုင်ပြီဆိုက ကိုယ်ပိုင်ဖြစ်သွားသောကြောင့် ထိုကား နှင့်အိမ်တို့တွင်ဖြစ်တတ်သည့်အန္တရာယ် အမျိုးမျိုးတို့အတွက် အမြဲပူပန်ဆင်းရဲနေ ရပေမည်။

ကျွန်တော့်သူငယ်ချင်းအကြောင်း ဆက်ပြောပါမည်။ သူက ပထမတန်းစား စာရေးဆရာဖြစ်ပါသည်၊ တစ်လဝင်ငွေ (၁၀) သိန်းခန့်ရှိပါသည်။ ကျွန်တော်က စတုတ္ထတန်းစား။ သူ့ဝင်ငွေ (၁၀) သိန်း ခန့်အတွက် အလုပ်နှင့်လက်မပြတ်ရပါ။ ဟောပြောပွဲများလည်းသွားရသေးသည်၊ အစည်းအဝေးများကလည်းတက်ရသေး သည်။ အသက်က (၈၀) ကျော်ပြီ ဖြစ် သော်လည်း ကျန်းမာရေးကောင်းပါ သည်။ တစ်ခါတစ်ရံ စာရေးရင်း စားပွဲ ပေါ်တွင် မှောက်လျက်အိပ်ပျော်ခြင်းဖြင့် အိပ်ခြင်းကိစ္စပြီးရသည်။

သူ့မှာကား(၂)စီးရှိသည်။ ကိုယ် တိုင်မောင်းသည်။ တစ်လှည့်စီသုံးသည်။ ကိုယ်ကတိုက်မိ၍၊ သူများကတိုက်မိ၍ ရန်ဖြစ်ရ၊ ဒေါသထွက်ရ၊ စိတ်ဆင်းရဲ သည်မှာ မနည်းလှပေ။

ပေ (၄၀)၊ ပေ (၆၀) မြေနှစ်ကွက် ဝယ်ပြီး အလယ်တွင် တစ်ထပ်တိုက် သေးသေးလှလှလေးဆောက်ထားသည်။ တိုက်ပတ်လည်တွင် အဖိုးတန်ပန်းများ ဖြင့် ပန်းဥယျာဉ်တစ်ခုဖန်တီးထားသည်။ ကိုယ်တိုင်မလုပ်နိုင်။ သူ့စရိတ်ကမသေး လှ။ ပန်းခြံထဲဆင်းထိုင်သည့်အချိန်များ ရှိသည်။ သို့သော် စာဆင်းရေးခြင်းဖြစ်၍ ပန်းအလှနှင့်ပန်းရနံ့ကို သူမခံစားနိုင်။

ပန်းခြံလုံခြုံမှုကိုလည်း မကြာခဏ ကြည့်ရသည်။ စစ်လျက်ပင် တစ်ခါတစ်ရံ ဘယ်အပေါက်ကနေဘယ်လိုဝင်လာမှန်း မသိသည့်ခွေးများကမစင်စွန့်ကြသည်။ အချင်းချင်းကိုက်ကြပြီး ပန်းပင်တွေ ပျက်စီးကုန်သဖြင့် ဒေါသထွက်ရ၊ စိတ်ဆင်းရဲရသည်မှာလည်း မနည်းလှ။

ခြံနှင့် အိမ်လုံခြုံရေးအတွက် မီးချောင်း (၁၀) ချောင်းခန့် ညဘက် ထွန်းထားရသည်။ အင်ဗိုင်တာ(၂)လုံး နှင့် မီးစက်(၁)လုံးဆောင်ထားရသည်။ ရန်ကုန်မြို့တွင်း မည်သည့်နေရာရောက် နေရောက်နေ သူတို့ဘက်အပိုင်းက 'မီး' ဟု အသံကြားလျှင် စိုးရိမ်ထိတ်လန့်စွာ နှင့် အပြေးမြန်ခဲ့ရသည်။

အများက သူ့ကို စာရေးဆရာ လူချမ်းသာဟု သမုတ်ကြသည်။ သူ့မှာ တော့ မိုက်ဆဲကလွဲပြီး ထင်ပေါ်ကျော် ကြားသည့်ဂုဏ်သတင်းကလွဲပြီး လူလည်း ဆင်းရဲ စိတ်လည်းဆင်းရဲရပါသည်။

ကျွန်တော် ၁၉၇၂ ခုနှစ်က ဘိုကလေးဈေး အောက်လမ်းတွင် တိုက်ခန်းရပါသည်။ မြေညီထပ်ပါ။ မင်္ဂလာဒုံ (၃) (၈) ရပ်ကွက် ကွင်းပြင် ထဲကနေပြီးပြောင်းခဲ့ရပါသည်။ အိမ်နှင့် ရုံးက တစ်ခေါ် သာသာခန့်ဝေးသဖြင့် အတိုင်းမသိပျော်ခဲ့ပါသည်။

ချက်ချိန်ပြုတ်ချိန် အလင်းရောင် ရဖို့ နောက်ဖေးတံခါးဖွင့်ထားတုန်းမှာ အပေါ်ထပ်များကပစ်ချသောအမှိုက်များ ချက်နေသည့်အိုးထဲဝင်သဖြင့် ဒေါသ ထွက်ရဆင်းရဲရပါသည်။

တိုက်က တိုက်ဟောင်းဖြစ်သည် အပြင် နောက်ဖေး အတွင်းနံရံတွေက အင်္ဂတေမရှိ၊ ပပ်ကြားအက်နေသည်။ အပေါ်ထပ်များကသုံးသည့်ရေများနံရံမှ စီးကျပြီး ကျွန်တော့်ဆီလာအိုင်ပါသည်။ ဆိုးသည်မှာ အပေါ်ထပ်မိလ္လာအိုးကွဲပြီး မစင်များ ရေနှင့်အတူစီးဆင်းပါသည်။ ပို၍ဆိုးသည်မှာ အပေါ်ထပ်များက အိမ်သာတွင် စက္ကူများသုံးသဖြင့် အောက်ဆုံးမှာလာဆို့ပြီး ကျွန်တော် မိလ္လာအိုးလျှံတက်ပြီး လူမဝင်နိုင်ပါ။ အလုပ်သမား များရှာမရမီ (၂) ရက် (၃) ရက် သူတစ်ပါးအိမ်သွား အသုံးပြု ပါသည်။ ကိုယ်ရောစိတ်ပါ ဆင်းရဲရ သည်။ ဤဒုက္ခကို (၂၈)နှစ်ခံခဲ့ရပါသည်။

နောက်တော့ ဒဂုံမြို့သစ်အ ပိုင်းကိုပြောင်းရပါသည်။ ပေ (၄၀) ပေ (၆၀) မြေမှာ နှစ်ထပ်တိုက်လေး





www.burmeseclassic.com

www.burmeseclassic.com

မကြာပါ။ ငလျှင်ဒဏ်ကြောင့် အတော်ပြင်လိုက်ရသည်။ ကျွန်တော့်သူငယ်ချင်းခြံက ခွေးသာဝင်ပါသည်။ ကျွန်တော့်ခြံက ခွေးရောနွားပါဝင်သည်။ ခဏခဏ ပိတ်ရသည်။ အဆိုးဆုံးက အိမ်ထဲသို့ မကြာခဏ မြွေဟောက်ဝင်ခြင်း ဖြစ်ပါသည်။

နောက်တော့ ကျွန်တော့်က လေဖြတ်၊ ဇနီးက ဆီးချို၊ သွေးချို၊ နှလုံးရောဂါများဖြင့် ကြွေးထူပြီး အိမ်ရောင်းလိုက်ရသဖြင့် အိမ်ခြံတို့၏ ရှိဒုက္ခမှ လွတ်ခဲ့ပါသည်။

ကြွေးဆပ်ပြီး ကျန်သည့်ပိုက်ဆံ ဘဏ်အပ်ကာ ချွေတာသုံးခဲ့ပါသည်။ (၂) နှစ်ခန့်ကြာတော့ ကျွန်တော့်ဇနီးမှာ အသည်းကင်ဆာဖြစ်ပါသည်။ ဆေးဖိုးက တအားထောင်းပါသည်။ ရသမျှ ပိုက်ဆံ မလှူနိုင်၊ မစားနိုင်ဖြင့် ဆေးဖိုးထဲ ထည့်ရပါသည်။ အဆင်းရဲဆုံးအချိန်ပါ။ အသည်းကင်ဆာဟု သိရသောအချိန်တွင် မည်မျှစိတ်ဆင်းရဲကြမည်ကို သိနိုင်ကြပါသည်။ (၁) နှစ်ကျော်ခံပြီးနောက် ကွယ်လွန်သွားပါသည်။

နောက်ဆုံး ဘဏ်ထုတ်ငွေ (၅) သောင်းအကျန်တွင် လူမခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲ၍ ဆေးပလတ်စတာဝယ်ကပ်ရာ (၅) သောင်းပေးရပါသည်။ ညဘက်ကပ်ပေးရပြီး သက်သက်သာသာချမ်းချမ်းသာသာဖြင့် နောက်နေ့နံနက်တွင် သူကွယ်လွန်သွားပါသည်။

နှစ် (၆၀) နီးပါးပေါင်းခဲ့ရသဖြင့် စိတ်မကောင်းသော်လည်း အမှန်အတိုင်းဝန်ခံရသော် ငွေကြေးအတွက်ပေါ့သွားပါသည်။ ကျွန်တော့်ဝင်ငွေကို ပုံမှန်ဆေးဖိုး၊ မုန့်ဖိုးချန်ပြီးတော့ အကုန်လှူရပါသည်။ ပူစရာမရှိပါ။ နာလျှင် ပြည်သူ့ဆေးရုံရှိသည်။ သေလျှင် ကျော်သူရှိသည်။

သို့ဖြစ်၍ ကျွန်တော် မရှိချမ်းသာသားဖြစ်ပြီလား။ (၁၀) ရာခိုင်နှုန်းခန့်တော့ဖြစ်မည်ထင်ပါသည်။ ကျွန်တော့်တစ်ကိုယ်လုံး ငယ်ထိပ်အစ ခြေမအဆုံးမှာ ရောဂါဝေဒနာပေါင်းစုံရှိပါသည်။ တစ်လက်မမျှပင် ကွက်လပ်မရှိပါ။ ပြင်းထန်သည်ကတော့ သွားခံတွင်း၊ ဆီးနှင့် အစာအိမ်ဖြစ်ပါသည်။ အဆိုးဆုံးက အစာအိမ်ဖြစ်ပါသည်။ ဆန်ပြုတ်ပင်လက်မခံပါ။ လိပ်ခေါင်းကလည်း မကြာခဏသွေးကျထတ်ပါသေးသည်။ ရောဂါတစ်မျိုးကိုသက်သာစေသောဆေးသည် အခြားရောဂါများကို တိုးပွားစေပါသည်။



အမြဲနာကျင်ကိုက်ခဲခြင်းဒုက္ခကို ခံနေရပါသည်။

ခန္ဓာငါးပါးကိုရထားခြင်းဟာ ဒုက္ခတုံးကြီးကိုရထားတာပဲဟု နကုလပီတာကို မြတ်စွာဘုရား မိန့်ကြားဖူးပါသည်။

ဒုက္ခခန္ဓာက သုခဝေဒနာကို မထုတ်လုပ်ဘူးဟု နှလုံးသွင်းပြီး သည်းခံရပါသည်။ ခုထိတော့ သည်းခံနိုင်ပါသေးသည်။ သည့်ထက်ပြင်းထန်လာလျှင် သည်းခံနိုင်မည်မဟုတ်ပါ။ သည်းမခံနိုင်ဘဲ ဒေါသစိတ်ဖြင့်သေက လားရာဂတိကောင်းနိုင်မည် မဟုတ်ပါ။

ဝိပဿနာ အခြေခံ အတော်ရမှ ကျော်နိုင်ပါမည်။ ကျွန်တော်က ရမထားပါ။

ဤတွင် အခြေအနေပေးသဖြင့် ရောဂါအားလုံး ပျောက်ကင်းအောင် ကုလိုက်နိုင်ပြီဆိုက လွတ်မြောက်ပါမည်လော။ အများဆုံး (၁၀) ရာခိုင်နှုန်းသာ ထပ်လွတ်နိုင်မည်ထင်ပါသည်။

ဆင်းရဲပူပန်မှုအခြေခံများက ထုထည်နှင့်တကွ ကျန်ပါသေးသည်။

ရင်းတို့မှာ -

လောဘမီး၊ ဒေါသမီး၊ မောဟမီး စသည့် ကိလေသာမီးများ ဖြစ်ပါသည်။

ဤဆင်းရဲဒုက္ခများသည် သေ၍လည်း မလွတ်မြောက်နိုင်ပါ။ သမားတော်ကြီးများဖြင့် ကုသ၍လည်း မလွတ်မြောက်နိုင်ပါ။ ထိုကိလေသာမီးပုံများအကြား ပူလောင်ဆင်းရဲခြင်းကိုခံနေရပါဦးမည်။ ဤမီးများမှ ဘယ်အခါလွတ်မြောက်ပါမည်နည်း။ ဤဆင်းရဲအပေါင်းမှ ဘယ်အခါလွတ်မြောက်ပါမည်နည်း။

ဒုက္ခတုံးကြီးဖြစ်သည့် ဤခန္ဓာငါးပါးမရှိတော့မှ လုံးဝလွတ်မြောက်ရပါမည်။

လောဘ၊ ဒေါသ အစရှိသည့် ကိလေသာကုန်စင်မှ ခန္ဓာငါးပါးချုပ်ငြိမ်းပါမည်။ ကိလေသာကို ကုန်စင်အောင် သတ်နိုင်သည့် တစ်ခုတည်းသော လက်နက်မှာ မဂ်ဖြစ်ပါသည်။ခန္ဓာငါးပါး ချုပ်ငြိမ်းပြီးထာဝရချမ်းသာသောပန်းတိုင်မှာ နိဗ္ဗာန်ပင်ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ လျှောက်လှမ်းခြင်းသည် မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ဖြင့် ဝိပဿနာတရားပွားများအားထုတ်ခြင်းပင် ဖြစ်ပါသည်။

စတင်အားထုတ်သည်နှင့် ပန်းတိုင်ကို စတင်လှမ်းလျှောက်ပြီ ဖြစ်ပါသည်။ ပန်းတိုင်သည် မှည်မျှဝေးသည်၊ အချိန်မည်မျှသွားရမည်ကိုမသိပါ။ သို့သော် ခြေတစ်လှမ်းလှမ်းလိုက်သည်နှင့် နိဗ္ဗာန်ပန်းတိုင်သို့ တစ်လှမ်းစာဦးသွားပြီ ဖြစ်ပါသည်။

ကျွန်တော့်အဖို့ ခြေတစ်လှမ်း စတင်သည်ဟုသာ မှတ်ယူပါသည်။ ပန်းတိုင်မရောက်မချင်း ဆင်းရဲခြင်းဒုက္ခများကို အနည်းနှင့်အများ ကြုံတွေ့နေရဦးမည် ဖြစ်ပါသည်။

ထိုဆင်းရဲမှုများလျော့ပါးနိုင်သမျှ လျော့ပါးအောင် လောဘ၊ ဒေါသစသည့် ကိလေသာများကို တတ်နိုင်သမျှ အစွမ်းကုန်ထိန်းချုပ်ရမည် ဖြစ်ပါသည်။

ထိုသို့ ထိန်းချုပ်ရာတွင် ကြီးမားသောအထောက်အကူကား -

မေတ္တာပင် ဖြစ်ပါသည်။ မေတ္တာပွားနေသူသည် မေတ္တာပွားနေခိုက်တွင် ဆင်းရဲဒုက္ခမှလွတ်မြောက်ပြီး ချမ်းသာသုခကို ခံစားနေရပါသည်။ ချမ်းသာအောင် ဤနည်းဖြင့်နေရပါမည်။

ခြောက်ထပ်ကြီးဘုရားတွင်ဖူးတွေ့ခဲ့ရသော ဘုန်းတော်ကြီးက -

"အသက်ကြီးပြီ၊ ချမ်းသာအောင်နေပါ"

ဟု မိန့်ကြားသွားခြင်းသည် လောဘ၊ ဒေါသ စသည်တို့ကို အဘတ်နိုင်ဆုံး ထိန်းချုပ်ပြီး မေတ္တာဖြင့်နေရန် ဖြစ်မည်ဟု ထင်ပါသည်။

*အားလုံးချမ်းသာအောင်
နေနိုင်ကြပါစေ*

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



# ပေါင်ပေါင်မိုးအောင်

(တပေပိမာန်တစ်မှုတရ)

အုန်းမောင်းတစ္ဆေ

တန်ဆောင်မုန်းလအရုဏ်တက်ချိန်သည် အေးစိမ့်နေသည်။ ထိုစဉ် ရွာဦးကျောင်းက အုန်းမောင်းခေါက်သံကြားရသည်။ အုန်းမောင်းခေါက်သံကြောင့် ကျွန်ုပ်အိပ်ရာမှနိုးလာသည်။ အုန်းမောင်းခေါက်သံမှာ အချက်စိပ်နေရာမှ တဖြည်းဖြည်းခေါက်ချက်ကျဲလာသည်။ ထို့နောက် ခေါက်ချက်စိပ်စိပ်ကြားရပြန်သည်။ အရုဏ်ဦးအုန်းမောင်းခေါက်သံကြားရချိန်သည် ကျွန်ုပ်အိပ်ရာမှ နိုးထနေကျအချိန် ဖြစ်သည်။ ယခုခေါက်သံကြားနေရသော အုန်းမောင်းသည် ကျွန်ုပ် အသက် (၂၀) ဝန်းကျင်အရွယ်က ကိုယ်တိုင် ပြုလုပ်ထွင်းထုပြီး ရွာဦးကျောင်းတွင် တပ်ဆင်ချိတ်ဆွဲခဲ့သောအုန်းမောင်းကြီး ဖြစ်လေသည်။ ခြောက်ပေခန့်အရှည်ရှိပြီး ယောကျ်ားကြီးတစ်ဖက်စာခန့် လုံးပတ်ရှိသည်။ ယခုကျွန်ုပ် အသက် (၇၀) ကျော်ခဲ့ပြီဖြစ်ရာ ထိုအုန်းမောင်း၏ သက်တမ်းမှာလည်း နှစ်ပေါင်း (၅၀) ကျော်ခဲ့ပြီ ဖြစ်သည်။ ကျောင်းထိုင်ဆရာတော်ပင် နှစ်ဆက်ပြောင်းခဲ့ပြီ ဖြစ်သည်။

ကျွန်ုပ်ငယ်စဉ်က လက်သမားအလုပ်လုပ်ခဲ့သည်။ သစ်ဝါးအကြောင်းအထိုက်အလျောက် နားလည်ခဲ့သည်။ ကျွန်ုပ်ကိုယ်တိုင်ထွင်းထုချိတ်ဆွဲခဲ့သော ထိုအုန်းမောင်းကြီးသည် ယောကျ်ားကြီးလေးငါးဦး ဝိုင်းဝန်းပင့်မ,ပြီးချိတ်ဆွဲခဲ့ရသည်။ အလွန်လေးလံသောအုန်းမောင်းကြီးဖြစ်သည်။ အုန်းမောင်းခေါက်သံဆုံးသွားသည်နှင့် ကျွန်ုပ်၏ဇနီးသည်ကို နှိုးလိုက်သည်။

"မစိန် မစိန်ထတော့၊ အုန်းမောင်းခေါက်ပြီးသွားပြီ။ ဒီနေ့ဆွမ်းချက်မယ်ဆို၊ ထတော့လေ"

"နိုးနေပါပြီ၊ ညကတည်းကအသင့်ပြင်ပြီးသားပါ။ ချက်ရုံပါပဲ"

ကျွန်ုပ်တော့်ဇနီး အိပ်ရာမှထ
မီးဖိုချောင်ဘက်ထွက်သွားသည်။ ယ
လပြည့်နေ့ ဖြစ်သည်။ ရွာဦးကျောင်း
ဆွမ်းချိုင့်ပို့ရမည် ဖြစ်သည်။ လပြ
လကွယ်နေ့တိုင်း ရွာဦးကျောင်းသို့
ချိုင့်ပို့နေကျ ဖြစ်သည်။ နံနက်ရှစ်
ကျော်ခန့်တွင် ရွာဦးကျောင်းမှကိုရင်
တစ်ပါး ကြွရောက်လာသည်။
အတွက် ဆွမ်းချိုင့်လာယူခြင်းဖြစ်သ



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းချိုင့်လည်း အသင့်ပြင်ပြီးသား ဖြစ်သည်။ ကျွန်ုပ်၏ဇနီးက ကိုရင်ကြီးကို ဦးသုံးကြိမ်ချပြီး ဆွမ်းချိုင့်ကပ်လှူသည်။

"ဒကာ မောင်တင့် ရှိလား"

"ဘာကိစ္စရှိ လို့လဲ ကိုရင်ကြီး"

"ဆရာတော်က အုန်းမောင်းကြီး ချိတ်ဆွဲထားတဲ့ ကြိုးဆွေးနေလို့ အသစ်လဲမလို့တဲ့။ အဲဒီအတွက် ဒကာမောင်တင့်ကို ခေါ်ခဲ့ပါတဲ့"

မောင်တင့်မှာ ကျွန်ုပ်၏ သားကြီးဖြစ်သည်။ ကျွန်ုပ်တို့ ဇနီးမောင်နှံ၌ သားယောကျ်ား တစ်ဦး၊ သမီးမိန်းကလေး နှစ်ဦး ရှိသည်။ သားကြီးက ကျွန်ုပ်ထံမှ လက်သမားပညာကို လက်ဆင့်ကမ်း အမွေဆက်ခံခဲ့သူ ဖြစ်သည်။ သားကြီးလည်း လက်သမားပညာနားလည်တတ်ကျွမ်းသူ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် လိုက်သွားရမလား အဖေ"

"ဆရာတော်အခေါ်ရှိနေမှတော့ လိုက်သွားပေါ့။ ဒီအုန်းမောင်းကြီးက အဖေ လူပျိုပေါက်အရွယ်ကတည်းက အဖေကိုယ်တိုင်လုပ်ပြီး တပ်ဆင်ချိတ်ဆွဲခဲ့တာ။ နှစ်တွေကြာလာတော့ ကြိုးတွေလည်း ဆွေးရောပေ့ါလေ"

သားကြီးကိုပြောရင်း ကျွန်ုပ်က ကိုရင်ကြီးကိုမေးလိုက်သည်။

"ဆရာတော်က ဘယ်လိုကြိုးမျိုးနဲ့လဲတပ်မှာလဲ"

"သံကြိုးတော့တွေ့ခဲ့တယ် ဒကာကြီး"

"သံကြိုးဆိုရင်တော့ ကောင်းတာပေါ့။ ကဲ - သား ကိုရင်ကြီးနဲ့လိုက်သွားလိုက်။ အဖေမှာလိုက်မယ်။အုန်းမောင်းအပေါ်မှာ နဖားပေါက်ရှိတယ်။ အဲဒီနဖားပေါက် ခိုင်၊ မခိုင် သေချာကြည့်၊ အုန်းမောင်းက တော်တော်လေးတာ၊ သတိထားနော်"

ကိုရင်ကြီးက ဆွမ်းချိုင့်ဆွဲသည်။ သားကြီးက လက်သမားသေတ္တာထမ်းကာ ရွာဦးကျောင်းဘက်သို့ထွက်သွားသည်။ နံနက်စာစားချိန်အထိ သားကြီးပြန်မရောက်ခဲ့ပါ။ ကျောင်းတွင်ပင် နံနက်စာစားမည်ထင်သည်။ သားကြီးကိုမစောင့်တော့ဘဲ နံနက်စာစားလိုက်သည်။ ထမင်းစားနေဆဲမှာပင် နံနက်က ဆွမ်းချိုင့်လာယူသောကိုရင်ကြီး ရေးကြီးသုတ်ပျာဖြင့် မျက်စိမျက်နှာပျက်လျက် ရောက်လာသည်။

"ဒကာကြီး စံသိန်း၊ ခုချက်ချင်းကျောင်းကိုလိုက်ခဲ့ပါ။ ဒကာကြီးသား မောင်တင့်. . ."

ကိုရင်ကြီး စကားမဆက်တော့ဘဲ ကျွန်ုပ်တို့မိသားစုကိုကြည့်နေသည်။

"မောင်တင့် ဘာဖြစ်လို့လဲ ကိုရင်ကြီး"

ကျွန်ုပ်၏ အမေးကို ကိုရင်ကြီး ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ဖြေသည်။

"ဟိုလေ အုန်းမောင်းကြီးကို ကြိုးအသစ်လဲဖို့လုပ်နေတုန်း အုန်းမောင်းပြုတ်ကျလို့ အဲဒါ"

"ဘုရား ဘုရား အုန်းမောင်းပြုတ်ကျတယ်ဟုတ်လား။ သားကြီး ဘာဖြစ်သွားသေးလဲ"

"ဆရာတော်က ဒကာကြီးစံသိန်းကို သာပါအောင်ခေါ်ခဲ့ပါတဲ့"

"ကဲ- လာ ကျောင်းကိုသွားမယ်။ သားကြီးတစ်ခုခုဖြစ်နေပြီထင်တယ်"

ကိုရင်ကြီးနှင့်အတူ ကျွန်ုပ် ရွာဦးကျောင်းသို့လိုက်သွားသည်။ သားဇောကြောင့် ခြေလှမ်းများသွက်နေသည်။ ကျွန်ုပ်တို့အိမ်မှာ ရွာလယ်ပိုင်းတွင်ရှိ၍ ကျောင်းနှင့်မဝေးလှပါ။ ခြေလှမ်းများသွက်နေ၍ထင်သည်။ မိနစ် (၂၀)ခန့်အတွင်း ကျောင်းသို့ရောက်လာသည်။ ကျောင်းပေါ်တက်သည်နှင့် အုန်းမောင်းအနီးတွင် လူများဝိုင်းအုံနေကြသည်ကို တွေ့ရသည်။ ကျွန်ုပ်ကိုမြင်သည်နှင့် အားလုံးက ဘေးသို့ဖယ်ပေးကြသည်။ အုန်းမောင်းကြီးမှာ ကြမ်းပြင်ပေါ်လဲကျနေပြီး အုန်းမောင်းဘေးတွင် သားကြီးအား ပက်လက်အနေအထားဖြင့်လဲနေသည်ကိုတွေ့လိုက်ရ၏။ ပါးစပ်မှလည်း သွေးများစီးကျနေသည်။ မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်ုပ်ရင်ထဲဆို့နစ်သွားခဲ့သည်။ သားကြီးမှာ အသက်မရှူတော့ပါ။ သားကြီးဘေးတွင် ဆရာတော်ရပ်နေသည်။ကျွန်ုပ်က ဆရာတော်ကို အလျင်အမြန်မေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ဘုရား၊ သားကြီးအဖြစ်ကမကြည့်ရက်စရာပါလား"

"တရားနဲ့သာဖြေပါတော့ ဒကာကြီးသား မောင်တင့် အသက်မရှိတော့ဘူး"

"ဘယ်လိုဖြစ်ရတာလဲ၊ တပည့်တော်ကိုပြောပြပါဦး"

"အုန်းမောင်းကြိုးကဆွေးနေလို့ သံကြိုးနဲ့အသစ်လဲဖို့ဘုန်းကြီးစီစဉ်ခဲ့တာ။ ကိုရင်ကြီးကတန်းပေါ်တက်ပြီးကြိုးဖြုတ်တယ်။ မောင်တင့်နဲ့ ဦးပဉ္ဇင်းနှစ်ပါးက အောက်ကနေ ပင့်ထားကြတယ်။ တန်းပေါ်ကကြိုးဖြုတ်နေတုန်း ရုတ်တရက်ကြိုးပြတ်ပြီး အုန်းမောင်းကြီးပြုတ်ကျလာတယ်။ မတော်တဆဖြစ်ခဲ့တာပါ။ အုန်းမောင်းကြီးဟာ အလယ်ကပင့်ထားတဲ့မောင်တင့်အပေါ်ပိကျခဲ့တာ။ ပိကျတာမှ ရင်ဘတ်အပေါ်တည့်တည့်ပိကျတာ၊ မြင်တဲ့အတိုင်းပဲ။ ဘုန်းကြီးလည်း တော်တော်ခံစားရတယ် ဒကာကြီး"

ဆရာတော်က တရားသမားမို့ တရားနှင့်ဖြေနိုင်ခဲ့သော်လည်း ကျွန်ုပ်မဖြေနိုင်ခဲ့ပါ။ သားကြီးမှာ လေးလံလှသောအုန်းမောင်းကြီးရင်ဘတ်အပေါ် တည့်တည့်ပိကျသောဒဏ်ရာဖြင့်သေဆုံးရရှာပြီ။ ပါးစပ်တွင်သွေးများပေကျံနေသည်ကိုတွေ့နေရသည်။

"အုန်းမောင်းကြီးပိပြီး အတော်ကြာ မှဆုံးသွားတာ။ သူ့ရင်ဘတ်ပေါ်က အုန်းမောင်းကြီးဖယ်လိုက်ပြီးမှ အသက်ထွက်သွားတာ"

ဆရာတော်ပြောနေသောစကားများ ကျွန်ုပ်နားထဲမဝင်နိုင်တော့ပါ။ ရင်ထဲတွင် ပရိဒေဝမီးတောက်လောင်နေခဲ့သည်။ မိမိကိုယ်တိုင် ထွင်းထုပြုလုပ်ချိတ်ဆွဲခဲ့သောအုန်းမောင်းကြီးက မိမိ၏သားကြီးကိုသတ်လိုက်ပြီလားဟု ကျွန်ုပ်စဉ်းစားနေမိ၏။ သားကြီးရုပ်အလောင်းကို (၃)ရက်သာထားပြီး ရွာသင်္ချိုင်းတွင်ပင် မြေမြှုပ်သဂြိုဟ်ခဲ့သည်။ ဆရာတော်အမှူးပြုသော သံဃာတော်များက သရဏဂုံတင်ပေးခဲ့သည်။ သားကြီးဆုံးပြီးနောက်ပိုင်းတွင် ဆရာတော်ကြီးက အုန်းမောင်းကြီးကို ကျောင်းပေါ်တွင် မထားတော့ဘဲ ကျောင်းနှင့်မလှမ်းမကမ်းရှိ ဆောက်နေလက်စ ဓမ္မာရုံအတွင်းသို့ ပြောင်းရွှေ့ချိတ်ဆွဲစေခဲ့သည်။ ဆောက်လက်စဓမ္မာရုံမှာ အုတ်မြစ်ချပြီးရုံသာရှိသေးပြီး တိုင်များထိုးထိုးထောင်ထောင်ရှိနေသည်။ အမိုးအကာလုံးဝမရှိသေးပါ။ အုန်းမောင်းချိတ်ဆွဲထားသောနေရာမှာ အမိုးအကာမရှိသဖြင့် တစ်နေ့လုံးနေပူနေသည်။ နေပူကျဲကျဲအောက်တွင် အုန်းမောင်းကြီးကို ချိတ်ဆွဲထားသည်။ အုန်းမောင်းကြီးအပေါ်သို့ တစ်နေ့လုံးနေအပူရှိန်ကျရောက်နေသည်။

သားကြီး၏အသုဘရက်လည်ပြီးသည့်တိုင် ဝမ်းနည်း ကြေကွဲစွာ ခံစားနေရဆဲ ဖြစ်သည်။ သားကြီးစိတ်ဖြင့် အအိပ်ပျက်အစားပျက်ဖြစ်ခဲ့ရပါသည်။ ကျွန်ုပ်သည် အရုဏ်တက် အုန်းမောင်းခေါက်သံနှင့်အတူ အိပ်ရာမှ နိုးထနေကျဖြစ်သဖြင့် အုန်းမောင်းခေါက်သံကိုသတိထားမိခဲ့၏။ အရုဏ်တက်အုန်းမောင်းခေါက်သံမကြားရတော့သည်ကို သတိထားလာမိသည်။ အုန်းမောင်းကြီး ဓမ္မာရုံထဲရွှေ့ထားပြီးမှ မကြားရတော့ခြင်း ဖြစ်သည်။ ကျွန်ုပ်စိတ်ထဲမှာထူးသလိုဖြစ်နေသည်။ သားကြီးဆုံးပြီးနောက်ပိုင်း ကျွန်ုပ်အိမ်အပြင်သို့ အထွက်နည်းခဲ့သည်။ အိမ်တွင်းအောင်းနေခဲ့မိသည်။

တစ်နေ့ ဆွမ်းခံကြွလာသော ဦးပဉ္ဇင်းတစ်ပါးကို မေးကြည့်လိုက်သည်။

"ဦးပဉ္ဇင်း ခုတစ်လောအုန်းမောင်းခေါက်သံမကြားရတော့ပါလား"

"ဆရာတော်က မောင်တင့်သေပြီးနောက်ပိုင်း အုန်းမောင်းကိုဆောက်လက်စဓမ္မာရုံထဲရွှေ့ထားလိုက်တယ်။ ... တော့ ပုံမှန်ခေါက်နေတာပဲ။ ဒါပေ...

"ဘာဖြစ်လို့လဲ ဆက်ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"အုန်းမောင်းခေါက်ဖို့တာဝန်ပေးထားတဲ့ကိုယ်တော်တွေက မခေါက်ကြတော့လို့ပါ"

"အစဉ်အလာကိုဖျက်လို့ရမလား။ ဘာဖြစ်လို့ အုန်းမောင်းမခေါက်ကြတော့တာလဲ"

"ဒါတော့ ဦးပဉ္ဇင်းလည်းမပြောတတ်ဘူး။ ဆရာတော်ကိုသာမေးကြည့်ပေတော့"

ဦးပဉ္ဇင်းက ကျွန်ုပ်မျက်နှာကိုလှမ်းကြည့်ရင်း စကားဖြတ်ကာ ပြန်ကြွသွားပါတော့သည်။ အုန်းမောင်းခေါက်သံမကြားရတော့သည်မှာ ရက်အတန်ကြာခဲ့ပြီ။ အုန်းမောင်းခေါက်ရန် တာဝန်ပေးထားသောကိုယ်တော်များ မည်သည့်အကြောင်းကြောင့် အုန်းမောင်းမခေါက်ကြတော့သည်ကို သိချင်လာမိသည်။ ထိုသို့ အုန်းမောင်းမခေါက်ကြသည်ကို ဆရာတော် အဘယ့်ကြောင့်မပြောရပါသနည်း။ ဆရာတော်မပြောဘဲနေမည်မဟုတ်ချေ။ မည်သည့်အကြောင်းကြောင့် အုန်းမောင်းမခေါက်သည်ကို သိချင်လာမိသည်။သားကြီးနှင့်ပတ်သက်နေမည်လားဟု တွေးလိုက်မိသည်။

တစ်မနက် ဈေးသို့သွားမည့် ဇနီးသည်ကို လှမ်းပြောလိုက်သည်။

"မစိန်၊ မင်းဆရာတော့်ကျောင်းဘက်ရောက်မလား။ ဘာလို့အုန်းမောင်းခေါက်သံမကြားရတော့တာလဲ။ ဘာလို့ အုန်းမောင်းမခေါက်တော့တာလဲဆိုတာ မေးခဲ့စမ်းပါ"

"စိတ်ချ၊ကျွန်မမေးခဲ့မယ်။ တစ်နေ့က ဆွမ်းခံကြွလာတဲ့ဦးပဉ္ဇင်းကိုမေးတော့လည်း ဘာမှတိတိကျကျမပြောဘူး။ ကျွန်မစုံစမ်းခဲ့ပါ့မယ်"

ဇနီးသည် ဈေးခြင်းတောင်းဆွဲပြီး ဈေးဘက်သို့ထွက်သွားသည်။ အချိန်သိပ်မကြာလိုက်ပါ။ ကျွန်ုပ်ဇနီးမစိန် ပျာယီးပျာယာဖြင့် အိမ်ပြန်လာသည်။

"ဘယ်လိုဖြစ်တာလဲ, မစိန်၊ ဈေးသည်းဘာမှမဝယ်ခဲ့ဘူး။ ဘာလို့ပြန်လာရတာလဲ"

"ဈေးထဲကနေ အုန်းမောင်းနဲ့ပတ်သက်ပြီးကြားရတဲ့သတင်းကြောင့် ချက်ချင်းပြန်လာခဲ့တာ"

"ကဲ- ပြောစမ်းပါဦး။ ငါလည်းသိချင်နေတာ။ ဘာသတင်းကြားခဲ့ရတာလဲ"

"အုန်းမောင်းခေါက်သံမကြားရတာက အုန်းမောင်းက တစ္ဆေခြောက်လို့ခေါက်ရဲကြလို့တဲ့။ မနက် အရုဏ်တက်အုန်းမောင်းခေါက်ဖို့ အုန်းမောင်းအနားကပ်လိုက်တာနဲ့ အုန်းမောင်းက အသံမြည်ပြီးခြောက်လှန့်တာတဲ့။ အုန်းမောင်းခေါက်ဖို့သွားတိုင်း အုန်းမောင်းက အသံမြည်ပြီးခြောက်လှတ်တာတဲ့"

"မဖြစ်နိုင်ဘူးထင်တယ်"

"ဒီထက်စိတ်ဝင်စားဖို့ကောင်းတဲ့သတင်းရှိသေးတယ်။ ရှင်တို့ ကျွန်မတို့ သားမသိတာ၊ ရွာထဲမှာ ဒီသတင်းကပြန့်နေပြီ။ အဲဒီအုန်းမောင်းမှာခြောက်တဲ့တစ္ဆေဟာ ကျုပ်တို့သားမောင်တင့်တဲ့။ မောင်တင့်က အုန်းမောင်းပိပြီးသေလို့ မကျွတ်မလွတ်ဘဲ အုန်းမောင်းမှာရှိနေတာတဲ့။သူတို့လာလာခေါက်နေကြတော့ မခေါက်ရဲအောင်အသံပြုပြီးခြောက်ခြောက်လှတ်တာတဲ့"

"ဘာ. . . ဘာပြောတယ်၊ တို့သားမောင်တင့်က တစ္ဆေခြောက်တယ်ဟုတ်လား။ ဘယ်သူက ဘယ်လိုသိလို့ ခုလိုပြောနေကြတာလဲ"

"အုန်းမောင်းခေါက်ဖို့တာဝန်ပေးထားတဲ့ကိုယ်တော်တွေကိုယ်တိုင်ကြုံခဲ့တာ၊ အုန်းမောင်းခေါက်ဖို့သွားတိုင်း တကျွီကျွီတဖျစ်ဖျစ်နဲ့အသံပေးပြီးခြောက်တာတဲ့။ ရှင်မယုံရင် အဲဒီကိုယ်တော်တွေကိုသွားမေးပေတော့။ ကျွန်မတို့ သားမှဖြစ်ရတယ်လို့ရှင်"

"မယုံဘူး၊ ငါကိုယ်တိုင်ဆရာတော်ကိုသွားမေးမယ်"

ကျွန်ုပ်စိတ်ထဲဒေါသတို့ဆူဝေလာသည်။ မရောက်ဖြစ်သည်မှာရက်အတန်ကြာပြီဖြစ်သော ရွာဦးကျောင်းဘက်သို့ ထွက်လာခဲ့သည်။

ကျောင်းတွင် ဆရာတော်ကို အဆင်သင့်ဖူးတွေ့ရသည်။ ဦးချပြီးပြီးချင်း ဆရာတော်ကို မေးလိုက်သည်။

"အုန်းမောင်းက တစ္ဆေခြောက်တယ်ဆို။ ပြီးတော့ ခြောက်တဲ့တစ္ဆေက တပည့်တော်ရဲ့သားလို့ ရွာထဲမှာပြောနေကြတယ်။ ဒါ အမှန်ပဲလား ဘုရား"

"အုန်းမောင်းခေါက်တဲ့ကိုယ်တော်တွေကိုယ်တိုင်ပြောပြလို့ ဘုန်းကြီးသိခဲ့ရတာ။ သူတို့ပြောတာမယုံလို့ ဘုန်းကြီးကိုယ်တိုင်သွားခဲ့တာ။ သူတို့ပြောတဲ့အတိုင်း အုန်းမောင်းက အသံမြည်ပြီးခြောက်တာတွေ့ရတယ်။ဘုန်းကြီးလည်းဘယ်လိုပြောရမှန်းမသိတော့ဘူး။ အုန်းမောင်းပြုတ်ကျလို့ မောင်တင့်သေပြီးမှ အခုလိုဖြစ်လာတော့ မောင်တင့် တစ္ဆေခြောက်တယ်လို့ပြောကြတာပေါ့"

"ဒီကျောင်းဝင်းက သာသနာ့နယ်မြေပဲ၊ ကျောင်းဝင်းထဲ တစ္ဆေသရဲနေနိုင်ပါ့မလား"

"ဒါဆိုလည်း ဒကာကြီးကိုယ်တိုင်လက်တွေ့စောင့်ကြည့်ပါလား"

"တင်ပါ့ဘုရား၊ အုန်းမောင်းခေါက်ချိန်အသံမြည်ပြီးခြောက်လှတ်တာ ကိုယ်တိုင်ကြားချင်တယ်။ ဒီည ကျောင်းမှာလာအိပ်ပါ့မယ်"

"ကောင်းပါလေရဲ့၊ တစ္ဆေခြောက်တယ်ဆိုတဲ့အုန်းမောင်းကြီးကိုသွားကြည့်လိုက်ပါဦး"

အုန်းမောင်းကို ချိတ်ဆွဲထားရာဆောက်လက်စမွှာရုံဘက်သို့ ထွက်လာခဲ့သည်။ နံနက်ပိုင်း (၁၀) နာရီခန့်သာရှိသေးသော်လည်း နေမှာပူပြင်းနေပြီ။ နေရောင်က အုန်းမောင်းပေါ် တိုက်ရိုက်ကျရောက်နေသည်။ အုန်းမောင်းမှာ အမိုးမဲ့ဓမ္မာရုံထဲ နေပူပြင်းပြင်းအောက်တွင် တည်ရှိနေသည်။ မည်သို့ပင်ဖြစ်စေ အသံမြည်၍ ခြောက်လှန့်တတ်သော အုန်းမောင်းကို ကိုယ်တိုင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ကျွန်ုပ် မကျေနပ်သေးသဖြင့် အုန်းမောင်းခေါက်သည့် ကိုယ်တော်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"မယုံမရှိနဲ့ ဒကာကြီး၊ ဒကာကြီးရဲ့သား မောင်တင့် မကျွတ်မလွတ်ဘဲ အုန်းမောင်းမှာ သူ့ဝိညာဉ်တွယ်ကပ်နေတာ အသေအချာပဲ။ အုန်းမောင်းခေါက်ဖို့ ဓမ္မာရုံထဲဝင်လိုက်တာနဲ့ အသံပေးပြီး ခြောက်လှတ်တော့တာပဲ။ ကျုပ်ကိုယ်တိုင်ကြုံခဲ့တာ"

"ဒီည တပည့်တော် ဒီကျောင်းမှာ အိပ်မယ်။ အရုဏ်တက်အုန်းမောင်းခေါက်ချိန် တပည့်တော်ကိုခေါ်ပါ"

"ကောင်းပြီလေ၊ ဒကာကြီးပါရင်တော့ ဓမ္မာရုံထဲလိုက်ရဲပါတယ်"

ထိုနေ့ ညနေစောင်း၌ ခေါင်းအုံး၊ စောင်များယူပြီး ဆရာတော့်ကျောင်းသို့သွားခဲ့သည်။ အုန်းမောင်းခေါက်သော ဦးပဉ္ဇင်းနှင့်အတူအိပ်သည်။ သို့သော် လွယ်လွယ်နှင့် အိပ်မပျော်ခဲ့ပါ။ စိတ်က အုန်းမောင်းကြီးဆီရောက်နေပါသည်။ ဆောင်းရာသီမို့ ထူထဲသောစောင်ခြုံထားသော်လည်း အေးစိမ့်နေသည်။ ယခုနှစ်ဆောင်းရာသီ ပို၍အေးသည်ဟုပင်ထင်မိသည်။

ကျွန်ုပ် မှေးခနဲအိပ်ပျော်သွားစဉ် တစ်စုံတစ်ဦးက လှုပ်နှိုးလိုက်သဖြင့် အိပ်ရာမှနိုးခဲ့သည်။ အတူအိပ်နေသော ဦးပဉ္ဇင်းက ကျွန်ုပ်ကိုနှိုးလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

"ဒကာကြီးထတော့၊ အုန်းမောင်း ခေါက်ချိန်ရောက်ပြီ"

"တင်ပါ့၊ နိုးပါပြီ ဦးပဥ္စင်း"

ဦးပဥ္စင်းနှင့်အတူ ကျောင်းအောက်သို့ဆင်းခဲ့ကြသည်။ ဆောက်လုပ်ဆဲ ဓမ္မာရုံမှာ ကျောင်းနှင့် အတန်ငယ် အလှမ်းဝေးသည်။ ဦးပဥ္စင်းက လက်နှိပ်ဓာတ်မီးထိုး၍ လမ်းပြပေးသည်။ အုန်းမောင်းချိတ်ဆွဲထားသောဓမ္မာရုံဘက်သို့ ရောက်လာသည်။ ဦးပဥ္စင်းက ဓမ္မာရုံ အဝင်ဝမှ လက်နှိပ်ဓာတ်မီးဖြင့်ထိုးလိုက်သည်။ တိတ်ဆိတ်မှောင်မည်းနေသော အချိန် အုန်းမောင်းကြီးကို ချောက်ချားဖွယ် တွေ့လိုက်ရသည်။ ထိုစဉ် လေပြင်းတစ်ချက် တိုက်ခတ်လိုက်လေသည်။ ဆောင်းတွင်းမို့ အေးစိမ့်သွားသည်။ ဓမ္မာရုံထဲဝင်စမှာပင် ဖျစ်ဖျစ်ကျွိကျွိကျွိနှင့် အသံများ အုန်းမောင်းကြီးဆီမှပေါ်ထွက်လာသည်။

"ကြားတယ်မဟုတ်လား ဒကာကြီး၊ သူ့အနားမလာဖို့ခြောက်လှတ်နေတာ"

"နေပါဦး၊ ခဏလေးပါ"

ကျွန်ုပ်တို့ မလှမ်းမကမ်းတွင် ရပ်နေစဉ် ဖျစ်ဖျစ်ကျွိကျွိအသံများ အုန်းမောင်းကြီးမှ ပေါ်ထွက်နေဆဲ ဖြစ်သည်။ ပထမတော့ ဦးပဥ္စင်းနည်းတူ ကြောက်စိတ်ဝင်ခဲ့မိသေးသည်။ ယခုတွင်မူ ကြောက်စိတ်မရှိတော့ပေ။

"လာ - ဦးပဥ္စင်း၊ အနီးကပ်သွားကြည့်ကြမယ်"

"ဟာ- ဦးပဥ္စင်းမလိုက်တော့ဘူး။ ဒကာကြီးကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားခဲ့ရပြီပဲ၊ မယုံသေးဘူးလား။ သွားကြစို့"

"ကဲ - ဒါဆို လက်နှိပ်ဓာတ်မီးပေးခဲ့။ ဦးပဥ္စင်းမလိုက်ရဲရင်လည်း ကျောင်းပေါ်ပြန်တော့။ တပည့်တော် တစ်ယောက်တည်း အသေအချာကြည့်လိုက်ဦးမယ်"

ကျွန်ုပ်ကို လက်နှိပ်ဓာတ်မီးကမ်းပေးပြီး ဦးပဥ္စင်းက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကျောင်းပေါ်ပြန်တက်သွားသည်။ ကျွန်ုပ်လက်နှိပ်ဓာတ်မီးထိုး၍ အုန်းမောင်းအနီးတိုးကပ်သွားလိုက်၏။ အုန်းမောင်းဆီမှ ဖျစ်ဖျစ်မြည်သံပေါ်ထွက်နေဆဲဖြစ်၏။ ရုတ်တရက်အဲသံများပျောက်သွားပြန်၏။ ခဏအကြာပြန်မြည်လာသည်။ ဆက်တိုက်မမြည်ပါ။ ဖျစ်ဖျစ်မြည်သံပျောက်သွားလိုက်၊ ပေါ်လာလိုက်ဖြစ်နေသည်။ လက်နှိပ်ဓာတ်မီး၏အရောင်ဖြင့် အုန်းမောင်းကြီးကို အသေအချာကြည့်လိုက်သည်။ လွန်ခဲ့သောနှစ်ပေါင်း (၅၀) ကျော်က ကျွန်ုပ်ကိုယ်တိုင် ထွင်းထုပြုလုပ်ခဲ့သော အုန်းမောင်း ဖြစ်ပါသည်။ ထိုစဉ်က ကျွန်ုပ်လူပျိုအရွယ်သာရှိသေးသည်။ အုန်းမောင်းတစ်ခု အလျှင်အမြန်လိုအပ်နေ၍ ရရာသစ်ဖြင့် အုန်းမောင်းလုပ်ခဲ့သည်။ ထိုစဉ်ကတည်းက သစ်မှာလိမ်နေလေသည်။ ထိုသစ်လိမ်ဖြင့်ပင် အုန်းမောင်းကြီးပြုလုပ်ခဲ့သည်။ သစ်လိမ်နေကြောင်းပြောခဲ့သော်လည်း လူကြီးများဆန္ဒအတိုင်း ပြုလုပ်ပေးခဲ့ရသည်။ ကျွန်ုပ်ကြည့်နေစဉ်မှာပင် တဖျစ်ဖျစ်မြည်သံ အုန်းမောင်းဆီမှ ထွက်လာပြန်သည်။ မည်သည့်ဝိညာဉ်တစ္ဆေကိုမျှမတွေ့ရပေ။ အေးချမ်းတိတ်ဆိတ်သောပတ်ဝန်းကျင်ဝယ် ဖျစ်ဖျစ်မြည်သံက ကျယ်လွန်းသည်ဟုထင်ရသည်။ ကျွန်ုပ်ကျေနပ်သည်အထိ ကြည့်ရှုလေ့လာပြီးမှ ကျောင်းပေါ်ပြန်တက်လာခဲ့သည်။ ကျောင်းပေါ်တွင် အရုဏ်ဆွမ်းအတွက် ပြင်ဆင်နေချိန်ဖြစ်သည်။

"ကဲ - ဘယ်လိုလဲ ဒကာကြီး၊ အုန်းမောင်းက အသံမြည်ပြီးခြောက်လှတ်တယ်မဟုတ်လား"

"တင်ပါ့ဘုရား၊ ဆရာတော်ကို လျှောက်တင်စရာရှိပါတယ်။ ဆွမ်းဘုဉ်းပြီးတော့မှ တပည့်တော်ပြောပါ့မယ်"

"ကောင်းပြီလေ၊ ဒကာ့သဘောပဲ"

ဆရာတော်အရုဏ်ဆွမ်းဘုဉ်းပေးနေချိန် ကျွန်ုပ်စောင့်နေလိုက်သည်။ ဆွမ်းဘုဉ်းပေးအပြီး အချိုပွဲဘုဉ်းပေးနေစဉ် ဆရာတော်က ကျွန်ုပ်ကို သူ့အနားသို့ ခေါ်လိုက်သည်။ ဆရာတော်နှင့် နှစ်ဦးတည်းသာရှိနေသည်။ အနီးတွင် အခြားသူများမရှိပါ။

"ကဲ- ဆိုစမ်းပါဦး၊ ဒကာကြီးဘာပြောစရာရှိလဲ။ ဘယ်လိုထင်လဲ"



ကျွန်ုပ်က စိတ်ထဲတွင်ရှိသော စိတ်ကူးများ၊ ဖြစ်ချင်သောဆန္ဒများ အုန်းမောင်းကြီး၊ လက်ရှိအခြေအနေ အပြည့်အစုံကို ဆရာတော်ထံ လျှောက်တင်လိုက်သည်။ ကျွန်ုပ်၏ တင်ပြချက် အဆုံးတွင် ဆရာတော်က -

"အမိုးမရှိနေပူထဲမှာချိတ်ဆွဲထားတဲ့အုန်းမောင်းကြီးကို သူ့နေရာဟောင်းမှာ ပြန်ထားရမယ်ဆိုပါတော့"

"တင်ပါ့ဘုရား၊ အဲဒီအတိုင်း ဆောင်ရွက်ပေးစေချင်ပါတယ်။ တပည့်တော်သားကြီးမောင်တင့် မကျွတ်မလွတ်ဘဲ ဒီအုန်းမောင်းမှာ သူ့ဝိညာဉ်ကပ်နေပြီး ခြောက်လှန့်နေတယ်ဆိုတဲ့သတင်းတ တစ်ရွာလုံးပြန့်နေပါတယ်ဘုရား"

"ကောင်းပြီလေ၊ ဒကာကြီးတ ဒီအုန်းမောင်းကြောင့် သားကြီးသေဆုံးခဲ့ရတယ်။ ပြီးတော့ မယုံနိုင်စရာသတင်းတွေလည်းပြန့်နေတယ်။ ဒီအုန်းမောင်းက ဒကာကြီးကိုယ်တိုင်လွန်ခဲ့တဲ့နှစ်(၅၀) ကျော်က ထွင်းထုပြုလုပ်ခဲ့တဲ့အုန်းမောင်းလည်းဖြစ်တယ်။ ဒကာကြီးဆန္ဒအတိုင်း ဘုန်းကြီးဆောင်ရွက်ပေးပါ့မယ်။ ဒကာကြီးဆန္ဒပြည့်ပါစေလို့ ဘုန်းကြီးဆုတောင်းပေးပါတယ်"

"တင်ပါ့ဘုရား၊ တပည့်တော်တို့ ခွင့်ပြုပါဦးဘုရား။ အုန်းမောင်းခေါက်သံ ပြန်ကြားရမယ်လို့ တပည့်တော်ယုံကြည်နေပါတယ်"

"စိတ်ချ ဒကာ၊ ဒကာပြောခဲ့တာတွေအားလုံး ဒီနေ့ကစပြီးဆောင်ရွက်ပေးမယ်"

ဆရာတော်ကို ဦးချပြီး ကျွန်ုပ် အိမ်ပြန်လာခဲ့သည်။ ညနေစောင်းအချိန်တွင် ရွာထဲအညောင်းပြေလမ်းလျှောက်ထွက်ခဲ့သည်။ ထိုစဉ် သတင်းမျိုးစုံကြားခဲ့ရသည်။

"တစ္ဆေခြောက်တဲ့အုန်းမောင်းကြီး ကျောင်းပေါ်ပြန်ရွှေ့ဖို့ အမိန့်ချလိုက်တဲ့"

"ဆောက်လက်စဓမ္မာရုံထဲမှာထား လို့ တစ္ဆေခြောက်တာများလား"

"အုန်းမောင်းပိပြီးတော့သေသွားတဲ့ မောင်တင့်ဝိညာဉ်က ကျောင်းပေါ် အထိတက်လာပြီးခြောက်ဦးမှာလား"

"မောင်တင့်ဝိညာဉ် အုန်းမောင်းမှာ ပူးကပ်နေတာ သေချာပါတယ်။ ဒါကြောင့် အုန်းမောင်းလာခေါက်တဲ့ ကိုယ်တော်တွေကို ခြောက်လှတ်နေတာပေါ့"

"သူ့အဖေလုပ်ခဲ့တဲ့အုန်းမောင်း



www.burmeseclassic.com

www.burmeseclassic.com

ဒါကိုစိတ်ထဲစွဲပြီး သူ့အဖေအုန်းမောင်းမှာ မကျွတ်မလွတ်ဘဲရှိနေတာပေါ့"

ညနေ မှောင်စပျိုးမှ ကျွန်ုပ်အိမ်ပြန်လာခဲ့သည်။ အိမ်ပေါ် ရောက်ရောက်ချင်းပင် မစိန်က -

"ဆရာတော်က အုန်းမောင်းကြီးကို ကျောင်းပေါ်ပြန်ရွှေ့ထားလိုက်ပြီတဲ့။ ပြီးတော့ ကျွန်မတို့ရဲ့သားကြီးဝိညာဉ်က"

"တော်တော့ မစိန် မပြောနဲ့တော့။ ငါရွာထဲကကြားခဲ့ပြီးပြီ။ အုန်းမောင်းခေါက်သံပြန်ကြားကြမှ ဒီအပြောတွေ ရပ်ကြမယ်ထင်တယ်"

"အုန်းမောင်းကိုခေါက်ရဲတဲ့သူမှ မရှိတာ ဘယ်လိုလုပ်အသံပြန်ကြားရမှာလဲ"

"မင်းစောင့်ကြည့်နေပါ မစိန်ရယ်"

ကျွန်ုပ်အစီအစဉ်ကို ဆရာတော်သာသိသည်။ အုန်းမောင်းခေါက်သံကြားရမှ အများသိအောင်လုပ်ရမည်။ သို့မှသာ ကျွန်ုပ်သားကြီးနှင့်ပတ်သက်၍ ထွက်ပေါ်နေသော မနှစ်မြို့ဖွယ်သတင်းစကားများကို ချေဖျက်နိုင်မည်ဖြစ်သည်။ ဆရာတော်ကလည်းကူညီမည်ဖြစ်သည်။ နံနက်အရုဏ်တက်ချိန်တိုင်း အုန်းမောင်းခေါက်သံကို နားစွင့်နေမိသော်လည်း သုံး၊ လေးရက်ကြာသည်အထိ မကြားရပါ။ ကျွန်ုပ်စိတ်ထဲတွင် သံသယများဝင်လာမိသည်။ ကျွန်ုပ်၏တွေးထင်ချက်များ မှားလေပြီလားဟုထင်ခဲ့၏။ နောက်နေ့ အရုဏ်တက်ချိန်တွင် မမျှော်လင့်ဘဲ အုန်းမောင်းခေါက်သံကြားလိုက်ရသည်။ ကျွန်ုပ် ထခုန်လုမတတ် ဝမ်းသာသွားခဲ့ရသည်။ နံဘေးတွင် အိပ်ပျော်နေသော ဇနီးမစိန်ကို လှုပ်နှိုးလိုက်သည်။

"မစိန် ထပါဦး။ ဆရာတော်ကျောင်းက အုန်းမောင်းခေါက်သံမဟုတ်လား"

ခေါက်သံစိပ်နေရာမှ ခေါက်သံကျဲကျဲအုန်းမောင်းသံကို တုံတုံတုံတုံနှင့် ကြားလိုက်ရသည်။

"ဟုတ်တယ်၊ အုန်းမောင်းပြန်ခေါက်နေပြီ။ အုန်းမောင်းခေါက်သံကြားတာနဲ့ ဘာလို့ဒီလောက်ဝမ်းသာနေရတာလဲ"

"ငါတွေးထင်တာမှန်ခဲ့ပြီ။ တို့သားကြီးဝိညာဉ် အုန်းမောင်းမှာပူးကပ်နေပြီး တစ္ဆေခြောက်နေတယ်ဆိုတာမဟုတ်ဘူး။ တို့သားကြီး လွတ်ရာကျွတ်ရာသွားခဲ့ပြီဆိုတာ သက်သေပြနိုင်ပြီ"

"အုန်းမောင်းခေါက်သံကြားရုံနဲ့ ရှင်က ဘယ်လိုလုပ်ပြီး သက်သေပြမှာလဲ"

"ငါ သက်သေပြဖို့ မလိုပါဘူး။ ဆရာတော်ကိုယ်တိုင်ပြောပြလိမ့်မယ်။ ဪ - ဒါနဲ့ မနက်ဖြန်ဆို တို့သားကြီးဆုံးခဲ့တာ တစ်လပြည့်တဲ့နေ့ပဲ။ လပတ်ဆွမ်းကပ်ဖို့ စီစဉ်ပြီးပြီလား"

"ရှင်က အုန်းမောင်းခေါက်သံပဲ မျှော်နေတာကိုး။ ကျွန်မ အားလုံးစီစဉ်ပြီးပြီ။ ဆရာတော်ကိုလည်းလျှောက်ထားပြီးပြီ။ လပြည့်နေ့နဲ့တိုက်ဆိုင်နေတယ်။ သားအတွက်ရည်စူးပြီးလုပ်မယ့်အလှူကို ကျွန်မမေ့ပါ့မလား"

"မနက်ဖြန် တို့ဆွမ်းကပ်ပြီးရင် ဆရာတော်ကိုယ်တိုင် ၊ သီလပေးလိမ့်မယ်။ အလှူလည်းရှိတော့ ရွာကလူတွေ တော်တော်လာမယ်ထင်တယ်။ အဲဒီမှာ ဆရာတော်မိန့်ကြားလိမ့်မယ်"

"ဆရာတော်က ဘာကိုမိန့်ကြားမှာလဲ"

"တို့သားကြီးနဲ့ပတ်သက်တာတွေပေါ့။ ဆရာတော်မိန့်ကြားတော့မှ မင်းသိလိမ့်မယ်"

နောက်တစ်နေ့ လပြည့်နေ့တွင် ကျွန်ုပ်တို့မိသားစုက ကွယ်လွန်ခဲ့သူသားကြီး တစ်လပြည့်အလှူအဖြစ် ဆွမ်းကပ်လှူသည်။ ရေစက်ချတရားအပြီး ဆရာတော်က ပရိသတ်ကို ပြောကြားသည်။

"သီလလည်းပေးပြီးပြီ။ ရေစက်ချတရားလည်းဟောပြီးပြီ။ ကွယ်လွန်သူကို ရည်စူးပြီး အမျှအတန်းလည်းပေးဝေပြီးပြီ။ ဒီနေ့ အရေးကြီးတဲ့ကိစ္စ ဘုန်းကြီးပြောချင်တယ်။ အဲဒါကတော့ ကျောင်းက အုန်းမောင်းကြီး တစ္ဆေခြောက်တဲ့ကိစ္စပဲ။ ခြောက်တဲ့တစ္ဆေက ဒီနေ့ ဆွမ်းအလှူရှင် ဒကာကြီးစံသိန်းနဲ့ ဒေါ်စိန်တို့ရဲ့သား မောင်တင့်လို့ ရွာထဲမှာပြောနေကြတယ်။ အဲဒါဟာ လုံးဝမဟုတ်ဘူးလို့ ဘုန်းကြီးပြောချင်တယ်"

ထိုစဉ် ပရိသတ်များထံမှ တဝေါဝေါနှင့် စကားပြောသံများထွက်လာသည်။ တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာပြောဆိုနေကြပြီး ဆရာတော်မိန့်ကြားသည့်စကားကို ဝေဖန်နေကြသည်။ အောင်မြင် ပြတ်သားလှသော ဆရာတော့်အသံ ဆက်လက်ထွက်ပေါ်လာမှ ဆူညံနေသောစကားသံများတိတ်သွားတော့သည်။

"အဲဒီအုန်းမောင်းကြီးကို လွန်ခဲ့တဲ့ နှစ် (၅၀)ကျော်လောက်က ကိုယ်တိုင်ထွင်းထုပြုလုပ်တပ်ဆင်ခဲ့တဲ့သူဟာ ဒီနေ့ ဆွမ်းအလှူရှင် ဒကာကြီးစံသိန်းပဲ ဖြစ်တယ်။ အသားလိမ်နေတဲ့သစ်ကိုပဲထွင်းထုပြီး အုန်းမောင်းလုပ်ခဲ့တာ။ ကြိုးတွေဆွေးလာတော့ ကြိုးသစ်လဲဖို့ပြင်ဆင်ရတယ်။ ပြင်ဆင်နေတုန်း မတော်တဆကြိုးပြတ်ကျပြီး အုန်းမောင်းကြီးပြုတ်ကျခဲ့တာ။ ရင်ဘတ်ပေါ်ပိကျခဲ့လို့ မောင်တင့်သေခဲ့ရတယ်။ မောင်တင့်သေတော့ အုန်းမောင်းကို ဘုန်းကြီးက ဆောက်လက်စဓမ္မာရုံထဲရွှေ့ထားလိုက်တယ်။ အမိုးမရှိသေးတော့ နေပူကျဲကျဲထဲမှာ တစ်နေကုန်အပူဒဏ်ခံနေရတာ။သစ်တို့ရဲ့သဘောက နေပူဒဏ်ခံထားရတော့ ပူပြီးပြန့်ကားလာတယ်။ ညဘက်ကျတော့ အေးပြီး ပြန်ကျုံ့လာတယ်။ ပြန်ရှုန်းလာတယ်။ နဂိုကတည်းက အသားလိမ်နေတဲ့သစ်ဆိုတော့ တဖျစ်ဖျစ်တကျွိကျွိအသံတွေမြည်ပြီး ကျုံ့ဝင်တော့တာပေါ့။ ဆောင်းတွင်းအရုဏ်တက်ချိန် ပိုအေးတော့ သစ်က ပိုပြီးတော့ရှုန်းတာပေါ့။ တိတ်ဆိတ်နေတဲ့ညမှာ အသံကပိုကျယ်တာပေါ့။ ဖျစ်ဖျစ်ဖျစ်ကျွိကျွိကျွိအသံတွေ ခဏခဏမြည်တယ်။ ဒီအသံကို တစ္ဆေခြောက်တယ်လို့ထင်ကြတယ်။ ပထမတော့ ဘုန်းကြီးကိုယ်တိုင်တောင်တစ်မျိုးထင်ခဲ့သေးတယ်။ ဒကာကြီး စံသိန်းက သစ်အကြောင်းကို သိထားသူဆိုတော့ အုန်းမောင်းကြီးကို အမိုးအောက်နေရိပ်တဲ့နေရာ ပြန်ရွှေ့ဖို့အကြံပေးတယ်။ ဘုန်းကြီးလည်း ပြန်ရွှေ့ထားလိုက်တယ်။ အမိုးအောက်ပြန်ရောက်တော့ နေပူမထိတော့ဘူး။ ပြန့်ကားတာ၊ ပြန်ကျုံ့တာလည်းမဖြစ်တော့ဘူး။ အသံမြည်တာလည်းမဖြစ်တော့ဘူး။ဘာအသံမှ ထွက်မလာတော့ဘူး။ ဘာတစ္ဆေခြောက်တာမှမဟုတ်ဘူး။ ရွာသားအားလုံးသိအောင်ပြောလိုက်ကြဦး။ နောက်ကို ဘုန်းကြီးကျောင်းက အုန်းမောင်းတစ္ဆေခြောက်တယ်ဆိုတဲ့အသံ မကြားချင်ဘူး။ အဖြစ်မှန်ကိုသိကြပြီ မဟုတ်လား"

"တင်ပါ့ဘုရား၊ ခုမှပဲ အဖြစ်မှန်ကို ရှင်းရှင်းလင်းလင်းသိရပါပြီဘုရား"

ပရိသတ်ထံမှ စကားသံများ ဆူညံစွာထွက်ပေါ်လာသည်။ ကျေနပ်ပီတိပြုံးပြုံးနေသော ကျွန်ုပ်မျက်နှာကို ဆရာတော်တွေ့သွားမည်ထင်သည်။


မောင်မောင်မိုးအောင်
(အမျိုးသားစာပေဆု)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အောင်မြင့်ဦး (ထားဝယ်ချောင်)

# သေသူက သတ်သူကို ဖြီးရက်လေရော့သလား

ရှေးထုံးကိုလည်းမပယ်နဲ့ ဆိုသော စကားအရ ခေတ်ကာလတွေ ဘယ်လို ပင်ပြောင်းလဲနေသော်လည်း၊ ခေတ်မီ ဆန်းသစ်သော လုပ်ငန်းပိုင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ မည်မျှပင် ပေါ်ပေါက်လာခဲ့သော်လည်း ယခင်က ရှေးရိုးထုံးစံကိုတော့ ပယ်ဖျောက်၍မရ နိုင်ပေ။

စာရေးသူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တွင် နှစ်ပေါင်း(၃၀)ကျော်တာဝန်ထမ်း ဆောင်ခဲ့ပြီး တွေ့ကြုံခဲ့ရသော အတွေ့ အကြုံများကို ရေးသားလာခဲ့ရာ ရဲလက်စွဲ၊ ရဲကျင့်ထုံးဥပဒေတို့တွင် မပါရှိသော ရှေးယခင်က ရဲတပ်ဖွဲ့ဝင်ကြီးများအသုံး ပြုခဲ့သည့် ယခုအခါ အချို့ဆရာကြီးများ မှ ဆက်လက် ကျင့်သုံးနေသေးသော သေသူကူညီ၍ တရားခံဖမ်းဆီးရမိခဲ့ပုံကို တင်ပြလိုခြင်း ဖြစ်ပါသည်။

ယခင်က တပ်ဖွဲ့ဝင်ဟောင်းကြီး များသည် လူသတ်မှုတစ်မှုကျူးလွန်ပြီဆို သည်နှင့် အခင်းဖြစ်နေရာစစ်ဆေးခြင်း၊ ဒဏ်ရာအခြေအနေစစ်ဆေးခြင်း၊ အသုံး ပြုသည့်လက်နက်တို့အားစစ်ပြီး မြေပုံ ကြမ်းရေးဆွဲခြင်းများ ဆောင်ရွက်ပြီး သည်နှင့် သေသူအား ဒီအမှုအမြန်ဆုံး ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် 'မင်းကိုယ်တိုင် ငါနဲ့ပူးပေါင်းဆောင်ရွက်ရ မယ်။ ဒါအမိန့်ပဲ' ဟုပြောဆိုပြီးမှ အမှုကို ဆက်လက်စုံစမ်းဆောင်ရွက်ကြပါသည်။

ဆရာကြီးများ ပြန်လည်ပြောပြ ချက်အရ တစ်ခါတစ်ရံ သေသူမှ သတ် သူအား ဝင်စီးပြီး ရဲစခန်းသို့ခေါ်လာပုံ၊ သေသူမှ တရားခံရှိသောနေရာသို့ နည်းမျိုးစုံဖြင့် ဖမ်းဆီးရမိရေး အသိပေး ပုံများကို နောင်အခွင့်သင့်က ရေးသား သွားပါမည်။ ဆရာကြီးများ၏ ရှေးထုံးကို



www.burmeseclassic.com

www.burmeseclassic.com

အသုံးပြု ဖော်ထုတ်နိုင်ခဲ့သော အဖြစ်အပျက်တစ်ခုကို သတိရမိပါသည်။

၁၉၉၄ ခုနှစ်ခန့်က တာဝန်ကျရာ ဒဂုံမြောက်မြို့နယ်အတွင်း ဖြစ်ပေသည်။ မြို့သစ်များတည်ထောင်ခါစ လမ်းပန်းဆက်သွယ်ရေးကလည်း မပြေပြစ်သေးသည့်အချိန်။ ထိုနေ့က တာဝန်ကြပ်ကြီးတာဝန်ထမ်းဆောင်နေစဉ် တာဝန်မှူးမှ-

"ဆရာကြီး၊ အမှုကြီးတစ်မှုတော့ တက်ပြန်ပြီ"

"မြို့နယ်မှူး၊စခန်းမှူးကိုသတင်းပို့လိုက်ပါဦး"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကျွန်တော်တို့အရင်သွားနှင့်ကြမယ်"

"မြို့နယ်မှူးအစည်းအဝေးရောက်နေတယ်။ စခန်းမှူးလိုက်မယ်ပြောတယ် ဆရာကြီး"

"ကဲ - သွားကြရအောင်"

အခင်းဖြစ်နေရာရောက်ရှိသည်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ရမည်များကို စစ်ဆေးဆောင်ရွက်ပြီး သေသူမှာ အသက်(၄၀)ကျော်ခန့်ရှိ အမျိုးသားတစ်ဦး။ တောင်ဘက် ဦးခေါင်းပြုပြီးလဲကျသေဆုံးနေပြီး ဝဲဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာနှစ်ချက်၊ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာသုံးချက်ဖြင့် သေဆုံးနေခြင်း ဖြစ်ပေသည်။

"တာဝန်မှူးနဲ့ ဆရာကြီးပဲ ဆက်လုပ်လိုက်ကြတော့ဗျာ။ ကျွန်တော် အထက်ဌာနတွေကို သတင်းပို့လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ စခန်းမှူး"

"ဆရာကြီး၊ ကျွန်တော်ဘာလုပ်ရမလဲ"

"အထမ်းသမားတွေလာရင် ဗိုလ်လေး ဆေးရုံလိုက်သွားလိုက်ပါ။ ရင်ခွဲစမ်းသပ်ချက် ဘယ်အချိန်လုပ်မလဲဆိုတာ ဆရာဝန်ကြီးမှာလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

သေသူ၏အမည်မှာ အနီးပတ်ဝန်းကျင်ပြောပြချက်အရ မောင်သိန်းဟု သိရပါသည်။ ကိုယ့်တာဝန်နှင့်ကိုယ် အလုပ်ရှုပ်နေကြစဉ် ယခင်က ဆရာကြီးများထုံးစံအတိုင်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် သေသူမောင်သိန်းအား လက်ဖြင့်ပုတ်၍ -

"မောင်သိန်း၊ အခုအချိန်ကစပြီး မင်းကိုသတ်တဲ့သူကို ငါတို့နဲ့ပူးပေါင်းပြီး ဖမ်းဆီးရမယ်။ ငါတို့ပြောတဲ့အတိုင်း လိုက်နာရမယ်။ ဒါ အမိန့်ပဲ"



*"ဆရာကြီး၊ ကျွန်တော်တို့ဆေးရုံကိုသွားလို့ရပြီလား"*

"သေသူရဲ့ အဝတ်အစားတွေကို ဆေးရုံမှာရှာဖွေပုံစံနဲ့ တစ်ခါတည်းသိမ်းခဲ့ပါ ဗိုလ်လေး"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကျွန်တော်တို့ တရားခံသတင်း ဆက်စုံစမ်းလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

တရားခံသတင်းကို စုံစမ်းနေခဲ့ရာ နှစ်ပတ်ခန့်ပင်ရှိပေပြီ။ မသင်္ကာသူ(၃)ဦးအား ရီမန်ယူစစ်ဆေးနေခဲ့သည်မှာလည်း တရားစွဲတင်ပို့နိုင်လောက်သည့် အထောက်အထား တစ်စုံတစ်ရာမရရှိသေး။ စစ်ဆေးပေါ်ပေါက်ချက်များအရ မသင်္ကာသူတစ်ဦးအား ချက်ချင်းဖမ်းဆီးစစ်ဆေးရန်ရှိလာသဖြင့် -

"ရဲဘော်နှစ်ယောက်လောက် ငါနဲ့လိုက်ခဲ့ကွာ"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်နဲ့ တိုးဝင်းလိုက်ခဲ့မယ်"

"အမြန်လုပ်ကြကွာ၊ ငါတို့အခုထွက်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ - မောင်သိန်း၊ ငါတို့နဲ့တရားခံဖမ်းလိုက်ခဲ့။ အဲဒီကောင်ကိုမိမှ အမှုကို ဖော်ထုတ်နိုင်မှာ"

ဆိုင်ကယ်နှစ်စီးဖြင့် ဆရာတပည့်သုံးဦးထွက်လာခဲ့ကြပြီး မသင်္ကာတရားခံနေထိုင်ရာ နေအိမ်ရှေ့လမ်းတစ်လျှောက် ခွေးအူသံ၊ ခွေးဟောင်သံများ ဆူညံသွားသဖြင့် ကျွန်တော် စိတ်လေးမိတော့၏။ မသင်္ကာတရားခံလွတ်ထွက်သွားမည်စိုးသောစိတ်ကြောင့် ဖြစ်သည်။ ယခင်က ဒီနေရာဒေသကို နယ်မြေလှည့်ကင်းအနေဖြင့် မကြာခဏ ရောက်ခဲ့ဖူးသော်လည်း ဒီလိုခွေးဟောင်သံ၊ ခွေးအူသံများ မကြားရပေ။ တစ်ခါတစ်ရံမှသာ ခွေးတစ်ကောင်၊ နှစ်ကောင်ခန့်ဟောင်တတ်သည်။ ဆရာကြီးများ၏ စကားအရ နယ်ထိန်း ခွေးမဟောင်စေရ၊ ခွေးဟောင်သည့် နယ်ထိန်း လုပ်ငန်း မအောင်မြင်ဆိုသောစကားနှင့်အညီ နယ်ထိန်း[illegible] အနေဖြင့် ခွေးကအစ ပေါင်းသင်းထားပေသည်။

ရပ်ကွက်လူကြီးများ [illegible] မသင်္ကာတရားခံ ငထွန်းနေ [illegible] တက်ရောက်ရှာဖွေခဲ့ရာ ငထွန်း[illegible] ရပေ။ ၎င်း၏ဇနီးအား စစ်မေးနေ[illegible]ပင် နေအိမ်နှင့်ခပ်လှမ်းလှမ်းရှိအိမ်သာဘက်ဆီမှ -

*"အမလေး - ကြောက်ပါပြီ[illegible] လာ ကြပါဦး"*

"ဆရာကြီး၊ အဲဒါ ငထွန်းအသံပဲ"

"လာ - သွားကြည့်ကြရအောင်"

"ဟုတ်တယ် ဆရာကြီး၊ ဒီကောင် ငထွန်းပဲ"

ဓာတ်မီးသုံးလေးလက်၏အလင်းရောင်အောက်တွင် ငထွန်းအား ခွေးသီးခွေးပေါက်များဖြင့် ခန္ဓာကိုယ်တစ်ခုလုံး ကတုန်ကယင်ရှိကာ ကြောက်စိတ်လွန်ကဲနေသည်ကိုတွေ့ရသဖြင့် ငထွန်းအား ကောင်းမွန်စွာဖြင့် ရဲစခန်းသို့ခေါ်လာခဲ့တော့သည်။

ရဲစခန်းသို့ရောက်သည်နှင့် ငထွန်းမှာ ကြောက်စိတ်မပြေသေးသောကြောင့် အမှုကိစ္စအား မေးမြန်းခြင်းမပြုနိုင်သေးသဖြင့် ခဏအနားပေးထား၍ တပည့်နှစ်ဦးအားခေါ်ပြီး နယ်မြေလှည့်ကင်း ဆောင်ရွက်ရန် ထွက်လာခဲ့တော့သည်။ ဘေလီတံတားထိပ်မရောက်မီ ကျွန်တော့်ရှေ့မှဆိုင်ကယ်စီးနေသော တပည့်နှစ်ယောက်၏ဆိုင်ကယ်မှာ ထိုးရပ်သွားသဖြင့်-

"တိုးဝင်း၊ ဆိုင်ကယ်ဘာဖြစ်တာလဲ"

"မသိပါဘူး ဆရာရယ် ဆိုင်ကယ်ကိုထိန်းလို့မရအောင်ဖြစ်နေတယ်"

"သေသေချာချာ ကြည့်ပါဦး ဆိုင်ကယ်ဇက်ချောင်နေတာလား"

"မဟုတ်ဘူး ဆရာ၊ ဝင်းရွှေအောင် နောက်ကနောက်နေတယ်ထင်နေတာ"

"ငါမနောက်ပါဘူးကွ၊ ဒီအတိုင်း ထိုင်လိုက်လာတာပဲ"

"ဦးဝိစာရလမ်းဘက်တ[illegible] ဖြည်းဖြည်းစီးလာခဲ့ကြ"



www.burmeseclassic.com

www.burmeseclassic.com

ဦးဝိစာရလမ်းပေါ် အရောက်တွင် ကျွန်တော်၏ဆိုင်ကယ်အား နောက်မှ လူတစ်ဦးထိုင်၍ လှုပ်ရှားလိုက်ပါလာ သလိုခံစားရမိပြီး ကျွန်တော့်အနေဖြင့် အတွေ့အကြုံအရ သဘောပေါက်လိုက် ပါပြီ။

"တိုးဝင်း၊ စခန်းကိုပြန်မောင်း တော့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ - မောင်သိန်း၊ မင်းအေးအေး ဆေးဆေးလိုက်ခဲ့၊ ငါတို့စခန်းပြန်ကြမှာ"

ရဲစခန်းဝင်းသို့ရောက်သည့်အထိ ဘာမှဖြစ်မလာတော့။ မောင်သိန်းအား ရဲစခန်းအရောက်တွင် ဆင်းရန်ပြောပြီး ညကဖမ်းဆီးရမိလာသော ငထွန်း၏ အခြေအနေအားကြည့်ရှုရာ အတော် လေး တည်ငြိမ်လာပြီဖြစ်သဖြင့် တပည့် နှစ်ယောက်အား မသင်္ကာသူ ငထွန်းကို စစ်ကြောရန်၊ အခန်းသို့ခေါ်လာရန်ပြော ပြီး စစ်ဆေးရေးကို စတင်လိုက်တော့ သည်။

"ငထွန်း၊ မင်း အိမ်သာထဲဝင်ပုန်း နေတုန်း ဘာဖြစ်တာလဲ"

"သေသွားတဲ့မောင်သိန်း ကျွန်တော့် ကို အိမ်သာပေါ်က ဆွဲချတာ ဆရာ။ ကျွန်တော်အခုတောင်ကြောက်နေတုန်း ပဲ ဆရာကြီး"

"အေး - အဲဒီတော့ မင်းမှန်မှန် ပြော။ မောင်သိန်းကိုသတ်တာ ဘယ်သူ လဲ"

"ကျွန်တော်မဟုတ်ပါဘူး ဆရာ ကြီး"

"မင်းမဟုတ်ရင် ဘယ်သူလဲလို့မေး နေတာလေ"

မသင်္ကာသူငထွန်းအား စစ်ဆေး နေစဉ်မှာပင် အခြားတရားခံ (၃)ဦးအား လည်း အလှည့်ကျစနစ်ဖြင့် စစ်မေးနေ သောကြောင့် ဒီနေ့တော့ တရားခံအစစ် အမှန်ပေါ်ပေါက်စေရမည်ဟု တွေး တောနေစဉ်မှာပင် စစ်ကြောရေးအခန်း သို့ အကူစာရေး ဒုတပ်ကြပ်ဝင်းရွှေ ရောက်လာပြီး -

"ဆရာကြီး သက်သေခံပစ္စည်း အခန်းထဲကဝုန်းဒိုင်းအသံတွေကြားနေရ တယ် ဆရာကြီး"

"မင်းနားကြားလွဲနေတာဖြစ်မှာပါ။ သေချာရဲ့လား"

"ကင်းသမားတွေလည်း ကြားရ တယ် ဆရာကြီး"

"ဂါတ်စာရေးကြီးသွားနှိုးပြီး သော့ ဖွင့်ကြည့်ကွာ"



"ဟုတ်ကဲ့ပါ ဆရာကြီး"

အိပ်ရေးမဝသည့်အသွင်ဖြင့် ဂါတ် စာရေးကြီးရောက်လာပြီး သက်သေခံ ပစ္စည်းအခန်းအား သော့ဖွင့်ကြည့်ရာ ထားရှိသော သက်သေခံပစ္စည်းများမှာ လည်း ပုံမှန်အတိုင်းရှိနေပြီး အကူစာရေး သတင်းပို့သလို ဝုန်းဒိုင်းဖြစ်စရာ ဘာတစ်ခုမှမတွေ့ရသောကြောင့် ဂါတ် စာရေးကြီးမှာ စိတ်ဆိုးဒေါသဖြစ်ရပြီး တပည့်ဖြစ်သူ အကူစာရေးအား ခေါင်းကိုရိုက်ပုတ်ပြန်သွားသောအခါတွင် ကျွန်တော်၏ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာပေရာ -

"မောင်သိန်း ငါနဲ့လိုက်ခဲ့၊ မင်းကို သတ်တဲ့ကောင်ပါရင် အမှန်အတိုင်းဝန်ခံ လာအောင် မင်းကူညီပေး၊ ငါခိုင်းတာ ထက်ပိုမလုပ်နဲ့"

သက်သေခံပစ္စည်းခန်းမှ ဂါတ် စာရေးပြဿနာ ဖြေရှင်းပြီးနောက် စစ်ကြောရေးခန်းထဲသို့ ပြန်ဝင်လာခဲ့ရာ မသင်္ကာတရားခံ(၄)ဦးအား စစ်ဆေးနေ ကြသောတပ်ဖွဲ့ဝင်များမှာလည်း အတော် ပင် စိတ်ပျက်စပြုနေပေပြီ။ တရားခံများ မှာလည်း အတော်ခေါင်းမာနေကြသဖြင့် နေ့ညမပြတ် အချိန်ပြည့်မနားတမ်း စစ်မေးခဲ့သော်လည်း ပြောင်းလဲ ထွက်ဆိုလာခြင်းမရှိကြပေ။

ကျွန်တော်ထိုင်ခုံတစ်လုံးတွင်ထိုင် ပြီး ဆေးလိပ်သောက်လိုသဖြင့် ဆေးလိပ် အား မီးညှိရုံသာရှိပေဦးမည်။ တရားခံ (၄) ဦးအနက် ဖိုးလုံးဆိုသူ တရားခံမှာ 'အား အား' ဟု အော်ဟစ်နေပြီး -

"လုပ်ကြပါဦး၊ ဆရာကြီးကယ်ပါ ဦး"

"ဖိုးလုံး ဘာဖြစ်တာလဲ၊ ရေနဲ့ပက် စမ်း"

"အမလေးဗျ၊ မောင်သိန်းကို ကျွန်တော်သတ်တာပါ။ ဟုတ်ပါတယ် ကျွန်တော်သတ်တာပါ။ ကျွန်တော့်ကို ကယ်ပါဦး"

"အေး-မင်းအမှန်အတိုင်းဝန်ခံမှာ လား"

"ဟုတ်ကဲ့ ဝန်ခံပါ့မယ် ဆရာကြီး"

"ကဲ - မောင်သိန်း၊ မင်းဒီအခန်း ထဲကနေ အပြင်ထွက်နေ၊ မင်းဝင်မရှုပ်နဲ့ ဦး။ ဒါအမိန့်ပဲ"

ကျွန်တော်မှ သေသူ မောင်သိန်း အားအမိန့်ပေးပြီး စစ်ကြောရေးအခန်း အပြင်ထွက်စေ၍ ဖိုးလုံးအား စိတ်တည် ငြိမ်အောင်ပြုလုပ်ပြီး အမှုနှင့်ပတ်သက် ၍ အသေးစိတ် စစ်ဆေးခဲ့ရာ လယ် ကွက်ထဲရှိ စပါးနွားစားသည့်ကိစ္စနှင့်ပတ် သက်၍ စကားများကြရာ မောင်သိန်းမှ ထမ်းပိုးဖြင့်ရိုက်သောကြောင့် ဓားဖြင့်ထိုး ရခြင်းဖြစ်ကြောင်း၊ ထိုစဉ်က ငထွန်း လည်းရှိနေကြောင်း ဝန်ခံထွက်ဆိုပေ တော့သည်။ ထိုစဉ် တပည့်ဖြစ်သူတိုးဝင်း မှ -

"ဆရာကြီး၊ ကျွန်တော်တောင် ကြောက်လာပြီ"

"အမှုမှန်ပေါ်ပေါက်ရေးကို နည်း လမ်းမျိုးစုံသုံးရမှာပဲ။ ဒါကြောင့် ရှေး ဆရာကြီးတွေရဲ့ ရှေးထုံးကိုလည်း သုံး သင့်ရင်သုံးရတာပဲ"

"ဟုတ်ပါတယ် ဆရာကြီး၊ မောင်သိန်းကို ဘယ်လိုဆက်လုပ်မှာလဲ"

"သူလည်း သူ့ကိုသတ်တဲ့တရားခံ ပေါ်သွားပြီဆိုတော့ စိတ်ချမ်းသာသွား ပြီပေါ့ကွာ။ မောင်သိန်း ကောင်းရာမွန် ရာရောက်ဖို့ ကျန်ခဲ့သူတွေက အလှူ အတန်းပြု အမျှပေးဝေရမှာပေါ့ကွာ"

"ကျွန်တော် သဘောပေါက်ပါပြီ ဆရာကြီး"

ဖြစ်စဉ်နှင့်ပတ်သက်၍ မှန်သည်၊ မှားသည်၊ ယုံကြည်သည်၊ မယုံကြည် သည်ကို မပြောလိုပါ။ အမှန်တကယ်ပင် အမှုမှန်တော့ပေါ်ပေါက်ခဲ့ပေပြီ။ မည်သို့ ပင်ဆိုစေ အမှုမှန်ပေါ်ပေါက်ရေးသည် သာ အဓိကဖြစ်သဖြင့် ရှေးထုံးကိုလည်း မပယ်ကြစေရေး လိုအပ်ပေသည်၊ ဘာသာရေး အယူအဆအရလည်း သေသူကို ရက်လည်သည်အထိ နေအိမ် တွင်ရှိနေစေပြီး သေသူအား ရည်စူး၍ အလှူအတန်းပေး၊ အမျှပေးဝေပြီးမှ သွားလိုရာသို့သွားစေသောအယူအဆ လည်း ရှိပေသည်။ ကျွန်တော်၏စိတ် ထဲတွင်တော့ 'မောင်သိန်း၊ မင်းတာဝန် ကျေပေပြီ၊ မင်းကောင်းရာမွန်ရာရောက် ပါစေ' ဟုဆုတောင်းနေမိပါတော့သည်၊

အောင်မြင့်ဦး (ထားဝယ်ချောင်)

www.burmeseclassic.com



ကျောင်းက ပြန်ရောက်သည်နှင့် ရေချိုး၊ ထမင်းစားပြီး ပင်လယ်ကမ်းစပ်သို့ အပြေးအလွှားဆင်းခဲ့သည်။ နေဝင်ဆည်းဆာကိုကြည့်ရင်း အတွေးနယ်ချဲ့တတ်သည့်အကျင့်က ဖျောက်၍မပျောက်ချင်။

နေလုံးကြီးမှာ အနောက်ဘက်မိုးကုပ်စက်ဝိုင်းသို့ ချင်းနင်းဝင်ရောက်လျက် ပင်လယ်အတွင်းငုပ်လျှိုးရန်အသင့်ရှိနေပြီ။ ဆောင်းဝင်စဖြစ်၍ တိမ်ညိုတို့မစင်တတ်သေး။ ဟိုတစ်စုဒီတစ်ကွက်ပြန့်ကျဲနေသောတိမ်ဦးတိမ်မျှင်များအပေါ် အလင်းတန်းကျမှုကြောင့် ရောင်စဉ်များဖြာထွက်လျက်ရှိ၏။ တိမ်တောက်ဆည်းဆာကြောင့် ဂျိတ္တောကမ်းခြေမှာ ပို၍တင့်တယ်လှပနေပြန်သည်။

မိုးရာသီအတွင်း နတ်မောက်ကျောက်တန်းနှင့် ကမ်းစပ်သောင်ခုံတို့အား တဝုန်းဝုန်းရိုက်ပုတ်ပြီး ထင်တိုင်းကြခဲ့သောလှိုင်းများမှာ ဘယ်ဆီသို့ရောက်သွားလေပြီမသိ။ ပင်လယ်ပြင်တစ်ခုလုံးစိမ်းပြာရောင်ကတ္တီပါစခင်းထားသည့်နှယ်ရှိသည်။ အနောက်မြောက်လေခပ်ပါးပါးတိုးခွေ့မှုကြောင့် လှိုင်းကြက်ခွပ်လေးများဖြစ်ပေါ်လာပြီး နေရောင်အထိတွင် စိန်ပွင့်လေးများဖြန့်ကြထားသည့်နှယ်ရှိနေသည်။

အနောက်မြောက်ဘက်အရပ်တွင် မာန်အောင်၊ စကု၊ ရဲကျွန်း၊ တိုက်ကျွန်းတို့ကို ခပ်ရေးရေးမြင်ရသည်။ ထိုမှဆုံးစမထင်သောပင်လယ်ပြင်ကိုငေးကြည့်ရင်း ကျွန်းနံ့သာ (နံ့သာကျွန်း) ရှိရာဘက်သို့ အကြည့်ရွှေ့လိုက်သည်။ ထိုကျွန်းမှာ အနောက်တောင်ဘက်အရပ်၌ သီးခြားတည်ရှိနေကာ ပင်လယ်ပြင်အတွင်း ပေါလောပေါ်နေသော ကျွန်းတစ်ကျွန်းလိုဖြစ်တည်နေသည်။

နတ်မော်ကျောက်တန်းနှင့်အပေါ် ရေကျွန်းသို့သွားပြီး ငါးများ၊ ရေမျောက် (ရေဘဝဲ) ထိုး၊ ကရင်း (ကျောက်မှာကပ်နေသည့် ခရုတစ်မျိုး) ခတ်၊ ကြွေ၊ ဂျေး၊ ဂျိတ်၊ ပေါင်း (စေတီပုံခရု) ရှာသူများပြန်လာကြပြီ။ ကလေးများမှာ ကမ်းခြေသောင်ပြင်၌ အော်ဟစ်ပြေးလွှားဆော့ကစားနေကြ၏။

"ဟော့ - ဟိုမှာကြည့်လိုက်စမ်း၊ ပင်လယ်ထဲမှာ မီးလောင်နေတယ်"

ကလေးတစ်သိုက်၏ ဆူညံစွာအော်ဟစ်ပြောဆိုသံကြောင့် သူတို့ညွှန်ရာသို့လှမ်းကြည့်မိသည်။ ကျွန်းနံ့သာရှိရာ ပင်လယ်ပြင်၌ အလျှံတညီးညီးတောက်လောင်နေသော မီးပုံကြီးတစ်ခုကို ထူးဆန်းစွာတွေ့ရသည်။ ကလေးများနှင့် ငါးရှာပြန်သူများ၏ အော်ဟစ်ပြောဆိုသံကြောင့် ရွာထဲမှလူများသည် ကမ်းစပ်သို့ တဖွဲဖွဲရောက်လာကြသည်။

"အဲဒါ နဂါးမီးတောက်တာဟော့။ ကျွန်းနံ့သာနဂါးကြီးဆီကပဲ"

ဆိုသည့် စကားသံများ ကမ်းခြေတစ်ခုလုံးညံသွားတော့၏။

မီးသည် ဆယ်မိနစ်ခန့် တောက်လောင်ပြီးငြိမ်းသွားခဲ့သည်။ ရွာသားများသည် နဂါးမီးပြန်ပေါ်လာလိမ့်နိုးဖြင့် ပင်လယ်ပြင်တစ်ခွင်သို့ လှမ်းမျှော်ကြည့်နေကြ၏။ အချိန်ကြာသည့်တိုင်ပေါ်မလာသဖြင့် နေအိမ်များသို့ အသီးသီးပြန်ကုန်ကြပြီ။ ကျွန်တော်သည်သာ အတွေးနယ်ချဲ့ရင်းကျန်ခဲ့သည်။

'နဂါးမီး' ဟု ဘာကြောင့်ခေါ်သနည်း။ နဂါးဆိုသည်မှာ မည်သို့သော သတ္တဝါဖြစ်သနည်း။ ကျွန်းနံ့သာ၌ အမှန်တကယ် နဂါးကြီးရှိသလော။

(၂)

"ကဲ - ကျွန်းနံ့သာရောက်ပြီဟေ့"

ဖိုးအောင်သင်းက တက်မကိုင်နေရာမှ အော်ဟစ်ပြောဆိုလိုက်သည်။ အဖွဲ့သားများခတ်တက်ကိုယ်စီသိမ်းပြီး အကြောအခြင်ဆန့်ကြသည်။လာရသည့်ခရီးကဝေးလွန်းသည်။ မော်ရုံရွာသို့ရောက်အောင် မြောက်လေကိုအားပြု၍ တစ်နေကုန် ရွက်လွှင့်ခဲ့ရသည်။ မော်ရုံတွင်ခေတ္တနားပြီး ညဘက်စုန်လေဆင်းသည်နှင့် တက်ကူ၊ ရွက်ကူအသုံးပြုကာ ခြောက်နာရီခန့်ကြာအောင်လာခဲ့ရ၏။

သူတို့အဖွဲ့တွင် လူကိုးဦးပါဝင်ပြီး ကမ်းဆွဲပိုက်ဆွဲရန်ရောက်လာကြ ခြင်းဖြစ်သည်။ ယခုလို ဆောင်းဦးပေါက်ရာသီတွင် ကျွန်းနံ့သာကမ်းစပ်သို့ ငါးသျှား(မြီးတံသွယ်ငါး)၊ ငသရွှဲ(ငါးတံခွန်)၊ ငဒလာ(မျက်ဆန်ကျယ်)အမြောက်အမြား လာရောက် ကျက်စားလေ့ရှိသည်။

ဖိုးအောင်သင်းမှာ ကမ်းခြေဒေသများတွင် ကျွမ်းဝင်နှံ့စပ်ပြီး ပင်လယ်ပြင်အတွေ့အကြုံကြွယ်ဝသူတစ်ယောက်ဖြစ်သည်။ ပင်လယ်လိပ်ထိုးရန်လာရင်း ကျွန်းနံ့သာသို့ တစ်ခါနှစ်ခါ ရောက်ဖူးသည်။ သူက လှေပေါ်မှဦးစွာဆင်းလိုက်




www.burmeseclassic.com

www.burmeseclassic.com

# (ဂျိုတ္တော) ငွေဝင်း သက်နိုင်

## နဂါးမီး



ပြီး-

"ဖိုးဖေက ငါနဲ့လိုက်ခဲ့။ ကျန်လူတွေက ဝန်စည်စလယ်တွေကိုကမ်းပေါ်တင်ထားကြ"

ဟု ပြောပြီး သဲသောင်ပြင်ကိုဖြတ်ကာတောစပ်ရှိရာသို့လျှောက်ထားသည်။ ဖိုးဖေကနောက်ပါးမှနေ၍ -

"ကိုအောင်သင်း၊ ဒီကျွန်းက တောင်တစ်လုံးတည်းပဲရှိနေတာလား"

"ဟုတ်တယ် ဖိုးဖေ၊ အေး-မင်းကိုမှာထားရဦးမယ်။ အပြောအဆိုဆင်ခြင်နော်"

ဖိုးဖေမှာ အစအနောက်သန်ပြီး အရာရာစူးစမ်းချင်စိတ်ရှိသူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် အများမလုပ်မိစေရန် သတိပေးလိုက်ခြင်း ဖြစ်သည်။ ဖိုးအောင်သင်းက အကြီးဆုံးသစ်ပင်အောက်တွင်ရပ်လိုက်ပြီး ကျွန်းပေါ်၌ စခန်းချငါးရှာခွင့်ပြုရန် တောင်းပန် သိုက်သည်။

"ကဲ-ကျန်တဲ့လူတွေကိုပစ္စည်းတွေသယ်ခိုင်းလိုက်တော့။ ဒီနေရာမှာ ခန်းဆောက်ကြမယ်"

ဖိုးဖေက ကမ်းစပ်မှ လူမ္ာ းကိုအော်ဟစ်ခေါ်ပြီး အောင်သင်းဘ က်သို့ ပြန်လှည့်လိုက်သည်။ တုတ်တစ်ချောင်းဖြင့် စည်းချနေသည်ကိုတွေ့သဖြင့် -

"ဘာလုပ်နေတာလဲ ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com

သင်း"

"အိပ်မယ့်နေရာ၊ ချက်ပြုတ်စားသောက်မယ့်နေရာ၊ အပေါ့အလေးသွားမယ့်နေရာတွေ သတ်မှတ်နေတာ"

"ခုလို အတိအကျလုပ်ဖို့လိုလို့လား ကိုအောင်သင်းရဲ့"

"လိုတယ်ကွ။ ဒီကျွန်းက နတ်နဂါးကြီးစိုးတဲ့ကျွန်း အမှားမခံဘူး"

ဖိုးအောင်သင်းက ပြန်ပြောပြီး ပစ္စည်းသယ်လာသူများဘက်သို့ လှည့်လိုက်သည်။

"ကဲ-စည်းသားပေးထားတဲ့နေရာအတွင်းမှာပဲ စခန်းဆောက်မယ်။ အမိုးဆက်ကို ပင်လယ်ကူး (ဘယ်တင်၊ ညာတင်) မဖြစ်စေနဲ့၊ ယင်နားမကျအောင်လည်း ဂရုစိုက်ကြ။ မင်းတို့မှာပါတဲ့ပစ္စည်းကို ကိုယ်အိပ်မယ့်နေရာမှာပဲထားကြနော်။ ဟိုနေရာဒီနေရာပြောင်းပြီးအိပ်ခွင့်မရှိဘူး။ ထမင်းစား၊ အပေါ့အလေးသွားတာကို သတ်မှတ်နေရာမှာ စနစ်တကျလုပ်ရမယ်။ စားကြွင်းစားကျန်နဲ့အညစ်အကြေးကို နေမဝင်ခင် ကျင်းတူးပြီးမြှုပ်ဖို့မမေ့ကြနဲ့။ အထူးသဖြင့် နတ်လမ်းနဂါးလမ်းရှိတဲ့ ကျွန်းအနောက်ခြမ်းကို ဘယ်သူမှမသွားရဘူး။ ညနေရောက်မှ ဦးရှင်ကြီးပင့်ပြီး ဆုတောင်းပွဲလုပ်ကြတာပေါ့"

(၃)

အလှည့်ကျ ချက်ပြုတ်ရင်း ကိုအောင်သင်း ချမှတ်ထားသည့် စည်းကမ်းများကို ဘဝင်မကျဖြစ်နေသည်။ နတ်နဂါးကြီးစိုးတဲ့ကျွန်းဆိုတာ အမှန်ဖြစ်သလော။ နတ်လမ်းနဂါးလမ်းဆိုတာ ဘယ်လိုပုံစံရှိသလဲ။ ဤကျွန်းမှ မပြန်မီ သိအောင်စုံစမ်းရမည်။ တခြားအဖွဲ့သားများကို အဖော်ညှိလို့မဖြစ်။ ကိုအောင်သင်း၏စကားကို ပယ်လှန်ဝံ့သူ တစ်ယောက်မျှမရှိ။ တစ်ကိုယ်တည်းသာ တိတ်တဆိတ်စုံစမ်းရပေတော့မည်။

ထမင်းချက်ပြုတ်ပြီးသွားသည်နှင့် ကမ်းစပ်သို့ အကဲခတ်ကြည့်လိုက်၏။ အဖွဲ့သားအားလုံးအလုပ်ရှုပ်နေသည်ကို တွေ့သည်။ ဤမျှကောင်းသည့်အခွင့်အရေးမျိုး နောက်တစ်ကြိမ် မရနိုင်။ သို့ဖြင့် ဓားတစ်ချောင်းယူကာ တောင်ခြေတစ်လျှောက် လှည့်ပတ်ကြည့်ရန် ထွက်လာခဲ့၏။

ကျောက်ဆောင်ကျောက်တုံးများကို အများဆုံးတွေ့ရသည်။ သဲဖြူကွက်များရှိသော စခန်းဆောက်ထားသည့် သဲသောင်ပြင်နောက် ကျယ်ဝန်းမှုမရှိ။ ဆပ်သွားဖူးချုံ၊ သဝန်ပင်၊ ပင်လင်ပင် (ပင်လယ်ကဗွီး) များ တွေ့ရသည်။ လိပ်ကြိုက်နွယ် (ပင်လယ်ရေကန်စွန်းပင်) များ သဲသောင်ပြင်အနှံ့ တွားသွားလျက်ရှိသည်။ ကဏန်းအိပ်ပင်များမှာနွယ်ပင်များကြားမှ ထိုးထွက်ပြီး အရွက်ဖားဖားနှင့် စိမ်းစိုနေကြ၏။ ကြီး၊ ငယ်၊ ရှည်လတ်အခွံမျိုးစုံနှင့် ဝင်ကစွပ်ကောင်လေးများမှာ တလှုပ်လှုပ်တရွရွသွားနေကြသည်။

ကျောက်ဆောင်တစ်ခုလွန်သည်နှင့် မြေတလင်းလို ပြောင်ရှင်းနေသော နေရာတစ်ခုကို တွေ့သည်။ ခဲတစ်ပစ်အကွာအဝေးခန့်ကျယ်ပြီး တောင်ပေါ်သို့တိုင် လမ်းတစ်ခုသဖွယ်ဖြစ်နေသည်။ တောင်ခြေတစ်လျှောက်မသွားတော့ဘဲ ထိုလမ်းကြောင်းအတိုင်း တောင်ပေါ်သို့ တက်ခဲ့၏။

လမ်း၏မြေသားမှာ တောင်မြေကဲ့သို့ နီကြင်ကြင်မဟုတ်သည်ကို သတိထားမိသည်။ ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးငယ်များအစီအရီပေါက်ရောက်နေကြ၏။ ကျေးငှက်တို့၏အော်မြည်သံ၊ ရှဉ့်တောက်သံ၊ ချေဟောက်သံများအပြင် သတ္တဝါများ၏ တောတိုးသံကိုပါကြားလာရသည်။ ခပ်လှမ်းလှမ်းမှ ထွက်ပေါ်လာသည့်ကျားဟိန်းသံကြောင့် မြန်လှည့်လျှင်ကောင်းမလားဟု တွေးမိသေးသည်။ တောင်ထိပ်သို့ရောက်လုပြီဖြစ်၍ အားတင်းကာ ဆက်တက်ခဲ့၏။

တောင်ထိပ်အနီး၌ အောက်ခြေမှ တက်လာသော အခြားလမ်းကြောင်းတစ်ခုနှင့်လာဆုံနေသည်။ လမ်းနှစ်သွယ်ကိုကြည့်ပြီး ကိုအောင်သင်းပြောသည့် နတ်လမ်းနဂါးလမ်းဆိုသည်ကို သတိရသွားသည်။ နတ်နဂါးများ ဤလမ်းမှ အဆင်းအတက်လုပ်ကြသလော။ သူတို့လာရာအရပ်က အဘယ်မှာနည်း။ သိချင်စိတ်ကြောင့် လမ်းဆုံးထိလိုက်ကြည့်ရန် ဆက်ပြီးတက်လာခဲ့သည်။

လမ်းအဆုံး၌ ဝါးအပြန်နှစ်ဆယ်ခန့်ကျယ်ဝန်းသည့်ရေကန်တစ်ခုကိုအံ့သြဖွယ်တွေ့ရပြန်သည်။ နတ်နဂါးများနေထိုင်ရာရေကန်ပေလော။ ကန်ပတ်လည်၌ သစ်ကြီးဝါးကြီးများအုပ်ဆိုင်းစိမ့်ညိုပြီး နေပြောက်မထိုးအောင်ပင်ရှိနေပါသည်။ ပင်လယ်ပြင်မှတိုက်ခတ်လာသောလေမှာ သစ်ပင်ကြီးငယ်များတိုးဝှေ့ပြီး ကန်ရေပြင်၌ လှိုင်းကြက်ခွပ်လေးများဖြစ်ပေါ်စေသည်။ အဆိုပါ လှိုင်းကလေးများပေါ်သို့ နေရောင်ကျရောက်မှုကြောင့် အလင်းများဖြာထွက်လျက်ရှိနေပြန်သည်။

ရေကန်အနေအထားကို အကဲခတ်ကြည့်နေစဉ် အလျှင်အမြန်နီးကပ်လာနေသော တောတိုးသံနှင့်တရှဲရှဲမြည်သံကို ကြားရသည်။ အထိတ်တလန့်ကြည့်လိုက်ရာ တစ်ယောက်ဖက်မကတုတ်ခိုင်ကြီးမားသောခန္ဓာရှိသည့် မြွေသဏ္ဌာန်သတ္တဝါကြီးနှစ်ကောင်ကို တွေ့ရသည်။ တစ်ကိုယ်လုံးမှာ ရွှေရောင်တဝင်းဝင်းတောက်ပနေ၏။ ပါးစပ်မှမီးလုံးကြီးများမှုတ်ထုတ်ပြီး အပြင်းအထန်တိုက်ခိုက်လျက်တောင်ပေါ်သို့တက်လာနေသည်။ ကြောက်လန့်စိတ်ကြောင့် တောင်အောက်သို့ ဒရောမျောပါးပြေးဆင်းခဲ့တော့၏။

(၄)

"ဦးလေးဖိုးဖေက နဂါးကြီးဆိုပြီး အော်ဟစ်ပြေးလာတော့ အဖွဲ့သားအားလုံး ထိတ်လန့်ကုန်တယ်။ ကျွန်းပေါ်မှာ ဆက်ပြီးမနေရဲလို့ ပစ္စည်းတွေသိမ်းပြီး ချက်ချင်းပြန်ခဲ့ကြရတယ်"

"ဦးဖိုးဖေ ဘာဖြစ်သွားသေးလဲ ကိုဆိုး"

ကိုဆိုးမှာ ဖိုးအောင်သင်း၏သားအငယ်ဆုံးဖြစ်သည်။ သူက ဆက်၍ -

"ဦးဖိုးဖေက အကြောက်လွန်ပြီး သွေးပျက်သွားတယ်ထင်ရဲ့။ ရွာကိုပြန်ရောက်တာနဲ့ ဗိန္ဒောဆရာပင့်ပြီး တစ်လ လောက်ဆေးကုလိုက်ရတယ်"

"သူတွေ့ခဲ့တာ နဂါးဟုတ်လို့လား ကိုဆိုး"

ကိုဆိုးက ခေတ္တစဉ်းစားဟန်ပြု ပြီး -

"အင်း - နှစ်ချို့မြွေကြီးတွေဖြစ်နိုင် တယ်။ မြွေကြီးရင် နဂါးဖြစ်တယ်လို့ လူကြီးသူမတွေကပြောကြတယ်"

"ဒါနဲ့ အဲဒီအကောင်ကြီးတွေ က ရွှေရောင်အလင်းထွက်တာ ဖြစ်နိုင် ပါ့မလား ကိုဆိုးရဲ့"

"ဖြစ်နိုင်တာပေါ့။ သက်ရှိသတ္တဝါ ရဲ့ ခန္ဓာကိုယ်က ရောင်စုံအလင်းတန်း ဖြာထွက်နေတာကို သိပ္ပံပညာရှင်တွေ တွေ့ရှိထားတယ်။ အလင်းဆိုတာ အ စွမ်းအင်တစ်မျိုးလို့လည်း ပြောကြတယ် ဒီကောင်ကြီးတွေက နှစ်ချို့တွင်းအောင် သတ္တဝါကြီးတွေလေ။ သာမန်သတ္တဝါ တွေထက် အပူဓာတ်ပိုကြီးမှာပေါ့။ အဲ ကြောင့်လည်း သူတို့အဆင်းအတက် လုပ်ရာ လမ်းကြောင်းတစ်လျှော သစ်ပင်ကြီးငယ်တွေ မရှင်သန်နိုင်

www.burmeseclassic.com

ဖြစ်လိမ့်မယ်"

"ပါးစပ်ကမီးထွက်တာက ဘယ်လိုဖြစ်လို့လဲ"

"မင်းတို့ငါတို့ ပါးစပ်ကတောင် အပူငွေ့ထွက်သေးတာပဲကွာ။ ဒီသတ္တဝါကြီးတွေရဲ့ပါးစပ်ကမီးထွက်တာဆန်းတာမှတ်လို့။ နောက်ပြီး ကျမ်းဂန်မှာလည်း နတ်နဂါးတွေမီးမှုတ်ထုတ်လေ့ရှိတယ်လို့ ဆိုထားတာပဲ။ မနေ့က တို့တွေမြင်ခဲ့တဲ့ နဂါးမီးဆိုတာ အဲဒီကောင်ကြီးတွေ ရေကစားရင်းမှုတ်ထုတ်လိုက်တဲ့ မီးတောက်မီးလျှံပဲဖြစ်လိမ့်မယ်"

"ဒါဆိုရင် အဘိုးအောင်သန်းက နဂါးရှိတာသိလို့ စည်းကမ်းချက်တွေ ထုတ်တာပေါ့နော်"

"နဂါးကိုတွေ့ဖူးတယ်ဆိုပြီး အဖေ့ဆီက ပြောသံဆိုသံမကြားမိဘူး ပေါက်စကြီးရဲ့။ တခြားအရပ်ဒေသတစ်ခုခုမှာ အလုပ်လုပ်ရင် ခုလိုစည်းကမ်းမျိုးထုတ်ကြတာ တံငါသည်တွေရဲ့ထုံးစံလေ။ ဒီတော့ ကျွန်းနံ့သာမှာ နဂါးရှိခြင်း၊ မရှိခြင်းထက် သက်ဝင်ယုံကြည်မှုဆိုင်ရာဓလေ့ထုံးစံအရ စည်းကမ်းသတ်မှတ်ပေးတယ်လို့ ဆိုရမှာပေါ့"

ကိုဆိုး၏ ပြောစကားအရ နဂါးရှိခြင်း၊ မရှိခြင်းဆိုသည်မှာ. . .။

သက်နိုင် (ဂျီတွေ)

**နောက်ဆက်တွဲ**

၁၉၇၅ခုနှစ်ဝန်းကျင်က အဖြစ်အပျက်ဖြစ်ပါသည်။ ကျွန်းနံ့သာ (ခေါ်) နံ့သာကျွန်းမှာ ဆယ်မိုင်ပတ်လည်ခန့်ရှိသော မီးတောင်ဟောင်းတစ်ခုဖြစ်သည်။ ကျွန်း၏ အနောက်ခြမ်း၌ ချော်ရည်များစီးဆင်းရာလမ်းကြောင်းနှစ်သွယ်ရှိသည်။ တောင်ထိပ်မီးတောင်ဝမှာရေကန်အဖြစ်တည်ရှိနေသည်။ ယခင်က ကျွန်းပေါ်သို့ သွားရောက်ပြီး လုပ်ကိုင်စားသောက်ခဲ့ကြသော်လည်း ယခုအခါ စစ်တပ်နယ်မြေဖြစ်သွားပေပြီ။ ရပ်သူရွာသားများ ကျွန်းပေါ်သို့ခြေချခွင့်မပြုတော့။

ပညာရှင်များက ရခိုင်ကမ်းလွန်ပင်လယ်ပြင်၌ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်တို့အမြောက်အမြားရှိသည်ဟု သံတင်းထုတ်ပြန်ထားသည်။ ဆိုပါလျှင် ကျွန်တော် ငယ်စဉ်က တွေ့မြင်ခဲ့သော နဂါးမီးမှာ အနီးသိုက်မှ စိမ့်ထွက်လာသော ရေနံ (သို့) သဘာဝဓာတ်ငွေ့ကို မီးလောင်ကျွမ်းရာမှထွက်ပေါ်လာသည့် မီးလျှံကြီးပင်ဖြစ်ပေလိမ့်မည်။

## ဆရာဦးမောင်မောင်သန်း
### (ရှင်ကိုအေးမြစေသား)

(၃၃၇) ကြိမ်မြောက်
ထီဖွင့်ပွဲကြီးနီးလာပါပြီ။
ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် -

**တနင်္ဂနွေသားသမီးတို့သည်**

ဇန်နဝါရီလ ၇၊ ၁၂၊ ၁၃၊ ၂၁၊ ၂၅၊ ၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်ကို တစ်ရက်ခြား (သို့) နေ့စဉ်ဖြစ်စေ အကြော်စုံနှင့် ဆွမ်းတော်ကပ်ပါ။ သရဏဂုံကို ပွားများနေပါ။ အင်္ဂါနာမည်ထီဆိုင်မှာ အထူးထိုးပါ။

ဖေဖော်ဝါရီလတွင် ၃၊ ၄၊ ၈၊ ၅ ဂဏန်းများကံစပ်ပါသည်။

**တနင်္လာသားသမီးများတို့သည်**

ဇန်နဝါရီလ ၈၊ ၁၂၊ ၁၃၊ ၁၉၊ ၂၅၊ ၃၀ ရက်များမှာထီထိုးပါ။

အင်္ဂါနံဘုရားစေတီတစ်ဆူဆူသို့ သွားပါ။ ဘုရားရှင်ကို ဆွမ်း (၃) ပွဲနှင့် ကပ်လှူပူဇော်ပါ။ သစ်သီးဆွမ်းများဖြစ်ပါသည်။ အပြန်မှာ ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၅၊ ၃၊ ၁၊ ၈ ဂဏန်းများ ကံစပ်ပါသည်။

**အင်္ဂါသားသမီးတို့သည်**

ဇန်နဝါရီလ ၆၊ ၁၂၊ ၁၃၊ ၂၀၊ ၂၇၊ ၃၀ ရက်များမှာထီထိုးပါ။

တစ်နေ့တည်း ဘုရား(၃)ဆူသွားဖူးပါ။ ဘုရားတိုင်းမှာရှိသော ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၃) တိုင်ထွန်း၊ သရဏဂုံ အခေါက် (၃၀) ရွတ်ကြည်ညိုပူဇော်ပြီး အပြန်မှာထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၃၊ ၆၊ ၇၊ ၁ ဂဏန်းများ ကံစပ်သည်။

**ဗုဒ္ဓဟူးသားသမီးတို့သည်**

ဇန်နဝါရီလ ၆၊ ၇၊ ၁၂၊ ၁၃၊ ၂၀၊ ၃၀ ရက်များမှာ ထီထိုးပါ။

အောင်သိဒ္ဓိ၊ အောင်ဗောဓိ၊ အောင်တော်မူ၊ အေးစေတီ၊ အောင်ဇမ္ဗူ စသော တနင်္ဂနွေနံဘွဲ့အမည်ရှိသည့် ဘုရားသို့သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ အုံးဖူး၊ အုံးပန်းများဝေနေအောင် ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၅၊ ၄၊ ၈၊ ၁ ဂဏန်းများ ကံစပ်ပါသည်။

**ကြာသပတေးသားသမီးတို့သည်**

ဇန်နဝါရီလ ၇၊ ၁၂၊ ၁၃၊ ၂၂၊ ၂၅၊ ၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်ကို သစ်သီး (၆) မျိုးနှင့် ဆွမ်းတော်ကပ်ပါ။ အနည်းဆုံး(၃)ရက်၊ (၅) ရက်၊ (၇) ရက် အဆင်ပြေသလို ကပ်ပြီးမှ ထီထိုးပါ။ ဆွမ်းတော်ကပ်စဉ် သရဏဂုံကိုပုတီးစိပ်ပါ။

ဖေဖော်ဝါရီလတွင် ၆၊ ၅၊ ၃ ဂဏန်းများ ကံစပ်ပါသည်။

**သောကြာသားသမီးတို့သည်**

ဇန်နဝါရီလ ၉၊ ၁၂၊ ၁၃၊ ၁၉၊ ၂၃၊ ၃၀ ရက်များမှာ ထီထိုးပါ။

ရွှေ ဘွဲ့အမည်ရှိ ဘုရားစေတီတစ်ဆူဆူသို့သွားပါ။ ရောက်လျှင် ဖယောင်းတိုင် (၃) တိုင်ထွန်းညှိပူဇော်ပြီး ရွတ်ဖတ်ပါ။ ပုတီးစိပ်ပါ။ (၃) ကြိမ်သွားပြီးမှ ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၁၊ ၄၊ ၈၊ ၃ ဂဏန်းများ ကံစပ်သည်။

**စနေသားသမီးတို့သည်**

ဇန်နဝါရီလ ၉၊ ၁၂၊ ၁၃၊ ၂၀၊ ၂၄၊ ၂၇၊ ၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား အုန်းသီးစိတ်ဆွမ်းများနှင့် ကပ်လှူပူဇော်ပြီး သရဏဂုံကို ပုတီးစိပ်ပါ။ (၃) ရက် ဆက်ပူဇော်ပြီးမှ ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၅၊ ၆၊ ၁၊ ၂ ဂဏန်းများ ကံစပ်ပါသည်။

ဤလတွင်၁၃-၁-၂၀၁၇ သောကြာနေ့နှင့်

၃၀-၁-၂၀၁၇ တနင်္လာနေ့များတွင် -

(၇) ရက်သားသမီး မည်သူမဆို ထီထိုးပါ။

(၃၃၇) ကြိမ် (၁၃) ရက်၊ (၃၀) ရက်များကိုကြည့်ပါ။

(၃)ဂဏန်းများအလွန်အားကောင်းနေရာ (၃) ကို များစွာ ကံစမ်း၍ ထီထိုးရပါလိမ့်မည်။

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ဟိုတစ်လောက ဆောင်းပါး တစ်ပုဒ်ဖတ်လိုက်ရတယ်။ 'မသိတုန်းက မကြောက်ပေမယ့် သိတော့ကြောက် သွားတဲ့အကြောင်း' ပါ။ ဖတ်ပြီး တစ်လ၊ နှစ်လလောက်ကြာတော့ အလားတူ ဇာတ်လမ်းလေးတွေ ရေးမယ်အကြံနဲ့ Introduce လုပ်ဖို့ အဲဒီဆောင်းပါးကို လည်း ပြန်ရှာရော နက္ခတ္တ၊ ဂမ္ဘီရ၊ သူရဋ္ဌ၊ လပြည့်ဝန်း ဘယ်မဂ္ဂဇင်းမှာမှရှာမရ တော့ဘူး။ ဘယ်မဂ္ဂဇင်းထဲမှာဖတ်လိုက် မိမှန်းလည်း မမှတ်မိတော့ဘူး။ အသက် ကလေးများရလာတော့ ဒီလိုပဲဗျို့။ မေ့တတ်လိုက်တာ ပြောမပြောချင်တော့ ဘူး။

ဒါပေမယ့် ဇာတ်ကြောင်းလေးကို တော့ မှတ်မိနေသေးတယ်။ ဒီလိုဗျ။ ဆောင်းပါးရှင်ဟာ ဇာတိရွာကို ပြန်မရောက်တာကြာပြီဆိုပဲ။ တစ်နေ့ တော့ အလုပ်ကိစ္စနဲ့ ပြန်ရောက်သွား တယ်။ သူရောက်သွားချိန်က ညနေပိုင်း၊ အိမ်ရောက်ပြီးခဏကြာတော့ သူတို့ရွာနဲ့ မလှမ်းမကမ်းရွာမှာနေတဲ့ သူငယ်ချင်းဆီ စက်ဘီးနဲ့ထွက်ခဲ့တယ်။ ရွာထိပ်အနား ရောက်တော့ သူတွေ့ချင်တဲ့သူငယ်ချင်း ကို စက်ဘီးနဲ့တွေ့လိုက်တယ်။ သူငယ် ချင်းက ကိစ္စရှိလို့ တစ်နေရာကိုသွား လိုက်ဦးမယ်။ မင်းငါ့အိမ်ကိုသွားနှင့်။ တော်ကြာ ပြန်လာခဲ့မယ်ဆိုလို့ အဲဒီ သူငယ်ချင်းအိမ်ကိုသွားနှင့်တယ်။ အဲ - ဟိုရောက်လို့ သူငယ်ချင်းမိဘတွေနဲ့တွေ့ တော့မှ သူမလာခင် ရက်အနည်းငယ်က တည်းက သူငယ်ချင်းကသေနှင့်ပြီလို့သိ ခဲ့ရတာလေးတွေကို သွားပြီးသတိရမိ တယ်။ ကျုပ်ငယ်ငယ်ကလည်းဒီလိုပဲဗျ။ မသိခင်က ဗိုလ်အောင်ဒင်၊ သိလည်း သွားရော ချက်ချင်း မမြဝင်းဖြစ်သွားတဲ့ ကိုယ့်အကြောင်းကိုယ်တွေးပြီး အသံ ထွက်အောင်ရယ်လိုက်မိတယ်။

ဖြစ်ပုံက ဒီလိုပါ။

ကျုပ် အသက် (၁၀) နှစ်၊(၁၂)နှစ် လောက်က ကျုပ်တို့ရွာနဲ့ ဘုန်းတော်ကြီး ကျောင်းနဲ့က အခုလို တစ်ဆက်တည်း မဟုတ်ဘူးဗျ။ တစ်ခေါ်သာသာ လောက်ဝေးတယ်။ ကျောင်းကိုသွားတဲ့ လမ်းခုလတ်မှာ မန်ကျည်းပင်ကြီးတစ်ပင် ရှိတယ်။ ရွာနဲ့လည်းမနီး၊ ကျောင်းနဲ့ လည်းမနီးပေါ့။ မန်ကျည်းပင်ကြီးက လမ်းရဲ့တောင်ဘက်မှာကပ်ပေါက်နေ တာဆိုတော့ ကျောင်းသွားကျောင်းပြန် သူ့အောက်ကဖြတ်သွားရတာ။မန်ကျည်း ပင်ကြီးရဲ့ အနောက်ဘက်မှာ မြောင်းကူး သစ်သားတံတားကလေးတစ်ခုရှိတယ်။ သူတို့နှစ်ခုက အလွန်ဆုံးရှိလှ ဝါးတစ်ပြန် ပေါ့ဗျာ။

အဲဒီတုန်းက ကလေးအရွယ်မို့ ဘာမှမတွေးတတ်သေးဘူး။ ကြောက်ရ မှန်းလန့်ရမှန်းလည်း မသိဘူး။ မနက် ဝေလီဝေလင်း (၄) နာရီခွဲ (၅) နာရီ လောက်ဆိုလည်း ဘဘုန်းကြီးကို အရုဏ်ဆွမ်းကပ်ဖို့ တစ်ယောက်တည်း သွားတာပဲ။ အမေက အဖော်ခေါ်သွားဖို့ ပြောတာတောင် ရပါတယ်ဆိုပြီးတော့ တစ်ယောက်တည်းသွားတာ။ ဒီနေရာနဲ့ ဒီနေရာသွားတာများ အဖော်ခေါ်စရာမှ တောင် တစ်ယောက်တည်းနေရဲသေး တာ။ ကိုယ်က အဖော်ခေါ်သွားရင် ယောက်ျားမပီသရာရောက်သွားမှာပေါ့။ ရှက်စရာကြီး၊ ဟုတ်ဖူးလား။

ကိုယ့်နေရာ ကိုယ့်ဒေသမို့ ဒီလိုပဲ တစ်ယောက်တည်းသွားနေရာက တစ်နေ့ တော့ ဘာဘာညာညာသတင်းတစ်ခု ကြားရတော့တာပဲဗျို့။ တခြားဟုတ်ပါ ရိုးလား။ ကျုပ်တို့ရွာအနောက်ပိုင်းက ဒွေးလေးမြဆိုတဲ့ အဘွားကြီးပေါ့။ မနက် စောစော လူလုံးမကွဲတကွဲမှာ အရုဏ် ဆွမ်းပို့ဖို့ ကျောင်းကိုအသွား မန်ကျည်း ပင်ကြီးနားက မြောင်းကူးတံတားလေး လည်းရောက်ရော လူတစ်ယောက်က ဆေးလိပ်မီးတောင်းသတဲ့။ အဘွားကြီး က ချွေးခံအကျီအိတ်ထဲပါလာတဲ့မီးခြစ် ကိုနှိုက်ရင်း အဲဒီလူကိုကြည့်လိုက်တော့ လား. . . လား. . . ခေါင်းမရှိဘူးဆိုဘဲ ဗျ။ ဘာပြောကောင်းမလဲ အဘွားကြီး လန့်ပြီးပြေးလိုက်တာ ဆွမ်းအုပ်လည်း မြောင်းထဲတလိမ့်ခေါက်ကွေးကျ၊ လူလည်း မနည်းနှာနှုတ်ယူရသတဲ့လေ။ အဲဒီတော့ မှ ကျုပ်သွားတွေးမိတယ်။ ဝေလီဝေလင်း ဆွမ်းပို့သွားတိုင်း ဆေးလိပ်မီးတဖွားဖွား နဲ့ မြောင်းကူးတံတားလေးပေါ်ထိုင်နေတဲ့ လူဟာ ဘုရား. . . ဘုရား။ အဲဒီနောက် မနက်စောစော အရုဏ်ဆွမ်းပို့ဖို့ တစ်ယောက်တည်းဘယ်သွားရဲတော့လို့ လဲ။ ထင်ချင်သလိုသာထင်ကြပေတော့ ဗျာ၊ တတ်နိုင်ဘူး။

နောက်ရှိသေးတယ်။ အကြောင်း မသိခင်က ဗိုလ်အောင်ဒင်၊ သိလည်း သွားရောမမြဝင်းဖြစ်သွားတဲ့အကြောင်း



# ကိုစနေ

## အကြောင်းမသိခင်

ရတယ်။ စောစောပိုင်းတုန်းကမသိလို့ မကြောက်ပေမယ့် သိလည်းသွားရော ရွာကိုတောင်မပြန်ရဲတော့တဲ့အကြောင်း ရေးထားတာပါ။(အနည်းငယ်လွဲကောင်း လွဲနိုင်ပါသည်။)

အဲဒီဆောင်းပါးကို ဖတ်ပြီးတော့ တစ်ဆက်တည်းဆိုသလို ဟိုတုန်းကကြုံ မလိုတာဗျာသွားနေကျပဲ။ ကြောက်စရာ မဟုတ်တာ။ တစ်ခါတစ်ရံ မန်ကျည်း ပင်ကြီးနားက မြောင်းကူးတံတားလေး မှာ ကြွက်ထောင်၊ ငါးထောင်၊ ငါးရှဉ့် ထောင်တဲ့လူထင်ပါရဲ့။ ဆေးလိပ်မီး တဖွားဖွားနဲ့ထိုင်နေတာတောင် တွေ့ရ တတ်သေးတယ်။ ဘယ့်နှယ် အဲဒီလူ

လွန်ခဲ့တဲ့ ၁၉၆၈ ခုနှစ် ... နဝမတန်းကျောင်းသားအရွယ်က ... အဲဒီနှစ်က အဖေ ပဲခူးတိုင်းဒေသ... ဇီးကုန်းမြို့ကို တာဝန်နဲ့ပြောင်းရ... ကျုပ်လည်း ဇီးကုန်းအထက်... ကျောင်းမှာပဲတက်ခဲ့ရတာပေါ့။ ... သားသမီးဆိုတာ ဒီလိုပဲ ... ဟိုပြော...



www.burmeseclassic.com

www.burmeseclassic.com



ဒီပြောင်းဟိုကျောင်းတက်ဒီကျောင်းတက်နဲ့ အတည်တကျကိုမရှိဘူး။ ဒါပေမယ့် ကောင်းတာတစ်ခုတော့ရှိတယ်။ မြို့တော်တော်များများမှာ ကျောင်းနေဖက် သူငယ်ချင်းတွေလည်း တော်တော်များများရှိတာပေါ့။ တစ်မြို့ထဲမှာ မူလတန်းကနေ အထက်တန်းအောင်တဲ့အထိ နေခဲ့ရတဲ့လူတွေအဖို့ ကျုပ်တို့လို ဝန်ထမ်းသားသမီးတွေလောက် သူငယ်ချင်း ပေါပေါများများ ဘယ်ရှိလိမ့်မလဲ။ ကဲ- ထားတော့။

အဲဒီလို ဖီးကုန်းမြို့မှာ ကျောင်းတက်ရင်း စိုးလှိုင်ဆိုတဲ့ အတန်းတူ သူငယ်ချင်းတစ်ယောက်နဲ့ရင်းနှီးခဲ့တယ်။ စိုးလှိုင်က သိမ်ကြီးရိုးလမ်းမှာနေတယ်။ ဒီကောင်က ရုပ်ရှင်အတော်ကြိုက်တာဗျ။ ဒါပေမယ့် နေ့ပွဲတွေပဲကြည့်တယ်။ ကျုပ်က အေးအေးဆေးဆေး ညပွဲပဲကြည့်ချင်တာ။ စနေ၊ တနင်္ဂနွေလိုကျောင်းပိတ်ရက်တွေမှာ ညပွဲကြည့်ပြီး ရုပ်ရှင်ဖြုတ်ချိန်မှာ မြို့ထဲလျှောက်လည်ဖို့ အဖော်စပ်တော့ အင်တင်တင်လုပ်နေတွာယ်။ ဘာကြောင့်လဲလို့ မရမကမေးကြည့်တော့ ရုပ်ရှင်ဖြုတ်ပြီး မြို့ထဲလျှောက်လည်ချင်သပဆိုလည်းလိုက်မယ်။ ဒါပေမယ့် အိမ်အထိလိုက်ပို့ပေးမလားလို့ ပြန်မေးတယ်ဗျ။ ဒီတော့မှ စိုးလှိုင် ဆိုတဲ့ငနဲ သူရဲဘောကြောင်မှန်းသိပြီး အားရပါးရ လှောင်ရယ်



www.burmeseclassic.com

www.burmeseclassic.com

မိတယ်။ လူကြည့်တော့ ကျားကိုးစီး စားမကုန်ဘူး။ သရဲကျတော့ ကြောက်သတဲ့ဗျာ။

ဒါနဲ့ပဲ ရုပ်ရှင်ဖြုတ်ရင် အိမ်ထဲအထိလိုက်ပို့မယ်လို့ ကတိပေးပြီး ကျောင်းပိတ်ရက်ညပိုင်းတွေမှာ ကျုပ်တို့ နှစ်ယောက် ရုပ်ရှင်ကြည့်ကြတယ်ဗျ။ ည (၉) နာရီကျော်ကျော်လောက်မှာ ရုပ်ရှင်ဖြုတ်တော့ စိုးလှိုင်ကို သူ့အိမ်အထိလိုက်ပို့ပြီးမှ ကျုပ်အိမ်ကိုပြန်လေ့ရှိတယ်။

ဒီလိုနဲ့ နှစ်လ၊ သုံးလလောက်ကြာတော့ ညရုပ်ရှင်ဖြုတ်ချိန်တိုင်း စိုးလှိုင်ကို အိမ်လိုက်ပို့ရတဲ့အကြောင်း မြို့ခံ သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ခင်မောင်ဦး သိသွားပါရောလား။ ဒီတော့ ကျုပ်ကို အံ့ဩစရာသတ္တဝါတစ်ကောင်လို ပြုံးကြည့်ပြီး -

"အောင်မယ်လေး လေး. . . မင်းက သူရဲကောင်းကြီးလုပ်နေတာပေါ့ ဟုတ်လား။ ကြည့်လုပ်နော်၊ တော်ကြာ လက်သည်မပေါ်ဘဲ ကုပ်ကျိုးပြီးသေနေဦးမယ်"

လို့ ပြောတယ်ဗျ။

အဲဒီတော့ ကျုပ်က -

"ဘာဖြစ်လို့လဲ ပြောပါဦး"

ဆိုတော့ -

"ဘာဖြစ်ရမှာလဲကွ။ စိုးလှိုင်တို့ အိမ်ခေါင်ရင်းဘက်က ဘုန်းကြီးကျောင်းကိုတွေ့တယ်မို့လား၊ ရှေးဟောင်းသစ်သားကျောင်းအမြင့်ကြီးလေ။အဲဒီကျောင်းမှာသရဲရှိသတဲ့မောင်ရေ။ အရင်တုန်းက မယုံတဲ့လူတချို့ ဘုန်းကြီးဆီသွားပြီး သရဲမမြင်ဘူးလို့ ပြပါလို့ပြောသတဲ့။ ဘုန်းကြီးက ကြည့်ရဲရင်ကြည့်ဆို ပြီးခေါ်လိုက်တော့ ကလေးတွေကုန်းပိုးပြီး ကျောင်းပေါ်တက်လာတဲ့ သရဲမိသားစုကို တကယ်တွေ့ရသတဲ့။ အဲဒီတော့မှ ကြောက်လန့်ပြီး ဘုန်းကြီးသင်္ကန်းထဲ အတင်းတိုးဝင်လို့ သရဲတွေကို ပြန်လွှတ်လိုက်ရသတဲ့။ အကြောင်းသိသူတွေဆို နေ့ခင်းဘက်တောင် အဲဒီကျောင်းရှေ့က ဖြတ်မသွားရဲကြဘူး။ မင်းကဘာမသိဘာမသိနဲ့သူရဲကောင်းလုပ်နေ၊ တော်ကြာမှ လျှာတစ်တောင်လောက်ထွက်ပြီး သေနေဦးမယ်"

(မှတ်ချက်။ ။ မြို့ခံသူငယ်ချင်း ခင်မောင်ဦး၏ပြောပြချက် ဖြစ်ပါသည်။ မှန်ကန်မှုရှိ၊ မရှိမသိပါ။ စာရေးသူအား တမင်ခြောက်လှန့်ခြင်းလည်း ဖြစ်နိုင်ပါသည်။)

အကြောင်းသိပြီးတဲ့နောက် ကဲ- စိုးလှိုင် မင်းလည်း ရုပ်ရှင်ကြည့်ချင်ကြည့်၊ မကြည့်ချင်နေ ငါလိုက်မပို့နိုင်တော့ဘူးလို့ပြောတော့ ငနဲက ကျုပ်ကို ပြုံးစိစိကြီးလုပ်ပြီးကြည့်နေတယ်ဗျ။ ကဲ- မှတ်ကရော။ သူ့တုန်းကလျှော့င်ပြီးရယ်ခဲ့တာလေ။ ကိုယ့်ကျတော့ ဒီလောက်တော့ခံရမှာပေါ့။

အဲဒီအကြောင်းတွေက ငယ်ငယ်ကကြုံခဲ့တာပါ။ အခု ဆက်ပြီးတင်ပြမယ့်အကြောင်းကတော့ ကျုပ် အသက် (၃၅) နှစ်လောက်မှာ ဖြစ်ခဲ့တာဗျ။

ဒီလိုဗျာ။ ကျုပ်ပဲခူးတိုင်းဒေသကြီး မင်းလှမြို့မှာနေတုန်းကပါ။ တစ်နေ့ ညနေ အစိုးရရုံးတစ်ရုံးက သူငယ်ချင်း မြင့်ဦးတစ်ယောက် အိမ်ကိုရောက်လာတယ်။ အကြောင်းက မိုးညိုမြို့မှာရှိတဲ့ သူတို့ဌာနတူရုံးကို အရေးကြီးစာတစ်စောင်သွားပို့ရမယ်။ အဖော်လိုက်ခဲ့ပါပေါ့။

ကျုပ်က -

"ဆင်နားရွက်ဝက်တပ်ကွာ။ မင်းတို့ရုံးကတစ်ယောက်ကို ခေါ်သွားပေါ့။ မင်းတို့ကိစ္စ ငါနဲ့ဘာဆိုင်လို့လဲ"

အဲဒီတော့ သူငယ်ချင်းကမျက်နှာငယ်လေးနဲ့ -

"ငါ့တာဝန်ဖြစ်နေလို့ပါကွာ။ ကျန်တဲ့လူကို ဘယ်ခေါ်လို့ရမလဲ"

လို့ ဆိုတယ်။

"ဒါဆိုလည်း ဖုန်းနဲ့ပြောလိုက်ပေါ့ကွာ။ သွားရမယ့်အချိန်လည်းကြည့်ဦး။ ညနေ (၃) နာရီခွဲနေပြီ။ သွားရမယ့်ခရီးနဲ့ သွားချိန်၊ ပြန်ချိန်နဲ့ နောက်ပြီး လမ်းကလည်းကောင်းတာမဟုတ်ဘူး"

"ဖုန်းက ခေါ်လို့ကိုမရဘူးဟ။ နောက်နေ့ တိုင်းမှူးက မိုးညိုရုံးကိုသွားမှာဆိုတော့ လိုအပ်တာတွေ ကြိုတင်ပြင်ဆင်နိုင်အောင် အချိန်မီသွားပြောနိုင်မှဖြစ်မှာ"

လို့ အမဲခြောက်ကို မီးထဲထည့်လိုက်တဲ့ရုပ်နဲ့ဆိုတယ်ဗျ။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ အဲဒီအချိန်က အစိုးရရုံးတွေမှာ တစ်ပေလောက်ရှိတဲ့ ခေတ်ခဲကြီးတွေနဲ့ ဆက်ပြီးမှပြောလို့ရတဲ့ လက်လှည့်ဖုန်းတွေသုံးနေတဲ့အချိန်၊ တဂျီးဂျီးနဲ့ လက်မောင်းပြုတ်ကျအောင် လှည့်ပြီးခေါ်လည်းရချင်မှရတယ်။ ရပြန်တော့လည်း သူ့အသံ ငါမကြား၊ ငါ့အသံ သူမကြား၊ သူ့စကား ငါမသိ၊ ငါ့စကား သူမသိနဲ့ အတော်စိတ်ပျက်စရာကောင်းတဲ့အချိန်ပေါ့။ ကဲ - မတတ်နိုင်ဘူး။ အားကိုးတကြီးနဲ့ လာပြီးအကူအညီတောင်းနေတာဆိုတော့ သူငယ်ချင်းတစ်ယောက်ဆီက Jawa ဆိုင်ကယ်ကြီးငှားပြီး နှစ်ယောက်သား လစ်ရတော့တာပေါ့။

ကျုပ်တို့ စထွက်တော့ ညနေ (၄) နာရီထိုးပြီ။ မင်းလှနဲ့ မိုးညိုက (၁၈) မိုင် (ထိုစဉ်က မိုးညိုမြို့ဟောင်း) ဆိုတော့ ခပ်သွက်သွက်မောင်းမယ်ဆိုရင်တောင် (၅) နာရီနီးပါးလောက်မှရောက်မယ်။ ရုံးဆင်းချိန်မို့ ဦးစီးမှူးအိမ်လိုက်သွားရမှာနဲ့တွေ့ပြီး အကျိုးအကြောင်းပြောရမှာနဲ့ဆို အစောဆုံး (၅) နာရီခွဲလောက်မှ ပြန်နိုင်လိမ့်မယ်။ နားချိန်တောင်ရမယ်မထင်ဘူး။ ဒါကအရေးမကြီးဘူး။ အရေးကြီးတာက တစ်ခုမကဘူး နှစ်ခုရှိတယ်။ ပထမတစ်ခုက အင်းဘုတ်ကုန်းရွာအနောက်ဘက် တစ်မိုင်ခွဲ၊နှစ်မိုင်လောက်မှာ ဆီးတောကြီးရှိတယ်။ အဲဒီဆီးတောမှာ မကြာခဏဓားပြတိုက်လေ့ရှိသတဲ့။ နောက်တစ်ခုက ဆီးတောကိုလွန်ပြီး တစ်မိုင်လောက်ကျရင် လမ်းတောင်ဘက်မှာ အဓိကရလက်ပံပင်ကြီးတစ်ပင်ရှိတယ်။ အဲဒီလက်ပံပင်ကြီးမှာနေတဲ့နာနာဘာဝက ဖြတ်သွားဖြတ်လာတွေကို ခြောက်တတ်သတဲ့။ တချို့က ပြောတော့ အဘွားကြီးတဲ့။ တချို့က ပြောတော့လည်း အမျိုးသမီးငယ်ငယ်ချောချောလေးဆိုပဲဗျ။

အဲဒီသတင်းကြားခါစက ကျုပ်ဖြင့်ရယ်လိုက်ရတာ အူတက်မတတ်ဘဲ။ ကြုံကြုံဖန်ဖန်ဗျာ ဒီသရဲနှယ်၊ ဘယ်က အိုးခွက်ပန်းကန်ရလို့ ချက်ပြုတ်စားသောက်နေပါလိမ့်လို့။ ဒါ တမင်ရယ်စရာပြောကြတာပဲမှတ်တာ။ နောက်တော့မဟုတ်ဘူးဗျို့။ ဈေးဝယ်ပေးဖူးတဲ့သူ လေး၊ ငါး၊ ဆယ်ယောက်လောက်ရှိတယ်ဆိုတော့မှ ယုံရတော့မလိုဖြစ်လာတာ။ အရေးကြီးတာက အဲဒီနှစ်နေရာ၊ အဲဒီနေရာတွေကို အထူးသတိထားပြီးသွားမှ။ သွားချိန်က အလင်းရောင်ရှိသေးပေမယ့် ပြန်ချိန်က အကြောင်းမသင့်ရင် မှောင်နိုင်တယ်မို့လား။

ဒီလိုနဲ့ ကျုပ်တို့သူငယ်ချင်းနှစ်ယောက် ဆိုင်ကယ်ကို ခပ်သွက်သွက်မောင်းလာကြတယ်။ မင်းလှမြို့ကထွက်ပြီး မကြာခင် ကြို့တုန်း၊ အောက်ကိုင်းသဲကောရွာတွေကိုဖြတ်ကျော်ပြီး အင်းဘုတ်ကုန်းရွာကိုရောက်တယ်။ အင်းဘုတ်ကုန်းကိုရောက်တော့ (၄) နာရီခွဲနေပြီ။ အင်းဘုတ်ကုန်းကထွက်တော့ ဆိုင်ကယ်ကို စောစောကထက် အရှိန်ပို



www.burmeseclassic.com

www.burmeseclassic.com

မြင့်ပြီးမောင်းခဲ့ကြတယ်။ နာမည်ကြီး နေရာတွေကို ဖြတ်ရတော့မယ်မို့လား။ ကျုပ်တို့နှစ်ယောက် ဆိုင်ကယ်ပေါ်မှာပဲ တိုင်ပင်လာကြတယ်။ လမ်းမှာတားတဲ့ လူတွေ့ရင် ဘာအကြောင်းနဲ့ဖြစ်ဖြစ် ရပ်မပေးဘဲ အတင်းမောင်းပြေးမယ်ပေါ့။ ပြောသာပြောရတယ် ရင်ကတော့ ခပ်တုန်တုန်ရယ်။ သူငယ်ချင်းအခက် အခဲကူညီချင်လို့သာ လိုက်လာရတယ်။ မှားများမှားပြီလားလို့တောင် တွေးလိုက်မိတယ်။

ကျုပ်တို့နှစ်ယောက် ဆိုင်ကယ်ကို ခပ်ပြင်းပြင်းမောင်းလာလိုက်တာ အင်းဘုတ်ကုန်းရွာအနောက် တစ်မိုင်ခွဲ၊ နှစ်မိုင်လောက်ရောက်တော့ လမ်းဘေးဝဲယာမှာ ဆီးပင်တွေပိတ်ကျပ်နေအောင် ပေါက်နေတဲ့ ဆီးတောကိုရောက်လာတယ်။ ကျုပ်တို့လည်း ကြောက်ကြောက်နဲ့ သမ္မာဒ္ဒေရွတ်ရင်း မောင်းလာလိုက်တာ ဘယ်နေရာကများ ဘွားခနဲထွက်တားမလဲ၊ ရပ်မပေးလို့ သေနတ်နဲ့များလှမ်းပစ်ရင် ဘုရား. . . ဘုရား. . . တွေးရင်းတွေးရင်း ချွေးစေးတွေတောင်ထွက်လာတယ်။ အသက်ရှူရတာလည်းမဝသလိုပဲဗျာ။ ဒီလိုနဲ့ မကြာခင် ဆီးတောကိုလွန်လာကြတယ်။ဒီတော့မှ သက်ပြင်းချပြီး အသက်ရှူနိုင်တော့တယ်ဗျို့။ အဲဒါတောင် ရဲရဲတင်းတင်းရှူနိုင်သေးတာမဟုတ်ဘူး။ ဟိုးရှေ့က လက်ပံပင်နားကျ ဈေးမှာတဲ့လူနဲ့တွေ့ချင်တွေ့နေဦးမှာ။

လက်ပံပင်ကြီးကို ဟိုးအဝေးကြီးကတည်းက လှမ်းမြင်နေရတာဗျ။ နီးလာလေ ရင်ခုန်မြန်လာလေပါပဲဗျာ။ ဒီတစ်ခါ ရင်ခုန်တာက စောစောထက်တောင် ဆိုးမလားဘဲ။ ခပ်လှမ်းလှမ်းကတည်းက လက်ပံပင်အနီးတစ်ဝိုက်နဲ့ တာပေါ်ကို လှမ်းအကဲခတ်လိုက်တော့ လမ်းကြောင်းရှင်းနေတာတွေ့ရလို့ တော်ပါသေးရဲ့။

နာမည်ကြီး နှစ်နေရာလုံးကို အခက်အခဲမရှိ ကျော်ဖြတ်လာနိုင်တော့ ကျုပ်စိတ်ထဲ တစ်မျိုးတွေးလာမိတယ်။ တကယ့်တကယ်ကျတော့ ဆီးတောနဲ့ လက်ပံပင်ကြီးက ကြားရသလောက် မဆိုးပါလား။ လူတွေကိုက တစ်စိတ်ကို တစ်အိတ်လုပ်ပြီး စကားကားနေကြတာဖြစ်မယ်။ ခေတ်တွေ၊ စနစ်တွေပြောင်းလာတာနဲ့အမျှ မားပြဆိုတာ ဘယ်ရှိတော့မလဲဗျာ ဟုတ်ဖူးလား။ နာနာဘာဝဆို ပိုတောင်ဆိုးဦးမယ်လို့တွေးပြီး ရင်ပေါ့သွားတယ်။ အပြန်ခရီးအတွက်လည်း ဘာမှစိုးရိမ်မနေတော့ဘူး။ ပြန်ချင်တဲ့အချိန်မှပြန်ပေါ့။ ဘာအရေးလဲ။ နောက်ပြီး ကျုပ်တို့နှစ်ယောက်လုံးက လည်း နလပိန်းတုံးတွေမှမဟုတ်တာ။ ကိုယ်ခံပညာလေးတွေလည်း အနည်းအပါးတတ်ထားကြတာဆိုတော့ ဟဲဟဲ ကြောက်ပါဘူး။ လေးခွနဲ့ လေးသီးလည်း အသင့်။ ဘာပူစရာရှိလဲ၊ ယောကျ်ားတွေပဲ တွေ့သမျှ ရင်ဆိုင်လိုက်ရုံပေါ့။

တွေးရင်း အားတင်းရင်း မောင်းလာလိုက်တာ ပျဉ်းမကုန်း၊ ထန်းပင်ကုန်း၊ ချောင်းနက်၊ သရက်ကုန်း၊ လဖျော်ပင်ရွာတွေကိုဖြတ်ပြီး မိုးညိုကို ညနေ (၅) နာရီ ခွဲကျော်ကျော်လောက်ရောက်တယ်။ မိုးညိုမှာ လုပ်စရာရှိတာလုပ်ပြီး လက်ဖက်ရည်ဆိုင်မှာစိတ်အေးလက်အေး နာရီဝက်လောက်ဝင်ထိုင်လိုက်သေးတယ်။ အေးဆေးပေါ့။ အလကား အမိုက်ဟာယ်မရှိ သူများခြောက်တိုင်း ကြောက်ပြီးတော့ ဆိုင်ကယ်ကို အပြေးမောင်းလာတော့ ဗိုက်ချောင်ပြီး ဗမ်းကဟာနေပြီလေ။ သူများကြားရင် ရှက်ဖို့တောင်ကောင်းသေး။

စားသောက်ပြီး မိုးညိုကပြန်ထွက်တော့ (၆) နာရီခွဲကျော်သွားပြီ။ ကိစ္စမရှိပါဘူး၊ သူငယ်ချင်းကြောက်မှာစိုးလို့ ဘာမှမကြောက်နဲ့ဘာညာပြောတော့ သူက ကျုပ်ထက်တောင် စိတ်အေးပုံရသေးသဗျာ။ ဒီလိုနဲ့ ခပ်မှန်မှန်ပဲမောင်းရင်း စောစောကရွာတွေကို တစ်ရွာပြီးတစ်ရွာ ဖြတ်ကျော်ပြန်ခဲ့တယ်။ ပျဉ်းမကုန်းကို ကျော်ပြီး မကြာခင်မှာ လက်ပံပင်ကြီးဆီကိုရောက်တော့မယ်။ အချိန်ကလည်း (၇) နာရီလောက်ဆိုတော့ မှောင်နေပြီပေါ့။ အဲဒီအချိန်မှာ အသက် (၆၀) ကျော်ကျော်လောက် ပုပုဝဝနဲ့ ဘကြီးတစ်ယောက် ပုဆိုးကွက်ကျဲကြီးတိုတို ဝတ်လို့ ရှားစေးရောင်တိုက်ပုံနဲ့ လွယ်အိတ်ဖောင်းဖောင်းကြီးတစ်လုံးလွယ်ပြီး ကျုပ်တို့ဘက်ကိုလာနေတာတွေ့ရတယ်။ မကြာခင်မှာ ကျုပ်တို့ဆိုင်ကယ်နားက ဖြတ်ပြီး ပျဉ်းမကုန်းရွာဘက်ကို ဆက်လျှောက်သွားတယ်။ ဒါကိုကြည့်ပြီး ကျုပ်ပြုံးလိုက်မိတယ်။

"ကဲ - ဘယ့်နှယ်ရှိစ။ တို့ကတော့ ကြောက်လိုက်ရတာ အသည်းတုန်အူတုန်။ စောစောကဘကြီးကျတော့လည်း အဖော်မပါဘာမပါနဲ့ တစ်ယောက်တည်းသွားနေလိုက်တာ စိတ်အေးလက်အေးပဲဟေ့"

သူငယ်ချင်းကရယ်တယ်ဗျ။ ရှက်ရယ်ရယ်တာဖြစ်မယ်။ အဲဒီခရီးသွားဘကြီးကိုတွေ့ပြီးမှ ကျုပ်တို့ ပိုပြီးတော့တောင် စိတ်အေးသွားသေးတယ်။ ဟိုအရင်က အခြေအမြစ်မရှိ တောတောတောင်တောင်ပြောခဲ့တဲ့လူတွေကိုလက်ဆွဲခေါ်ပြီးတော့တောင်ပြလိုက်ချင်သေးတယ်။ ခင်ဗျားတို့ပြောတော့တစ်မျိုး။ အခုတော့ ကြည့်ပါဦးဆိုပြီးတော့ပေါ့။ လူတွေများ အဲဒါခက်တာဗျ။ ရွာထိပ်မှာခလုတ်တိုက်တာကို ရွာလယ်ကျတော့ ဖားပြုပ်ကိုက်တယ်၊ ရွာဖျားကျတော့ တရုတ်ရိုက်တယ် ဆိုတာမျိုး အတော်ပြောချင်ကြတယ်။ ဒါမျိုးတွေ မကြာခဏကြားနေရတော့ ဒီသတင်းကြားစက ကျုပ်လှောင်ရယ်ခဲ့တာ မလွန်ပါဘူးနော်။

လရောင်ရေးရေး လေအေးအေးနဲ့ ဖြည်းဖြည်းမှန်မှန်မောင်းလာတဲ့ ကျုပ်တို့ဆိုင်ကယ်ဟာ နာမည်ကြီးလက်ပံပင်ကြီးကို အသာလေးဖြတ်ကျော်လာခဲ့တယ်။ လက်ပံပင်ကြီးကိုကျော်ပြီးတစ်မိုင်နီးပါးရောက်တော့ လူတစ်ယောက် ကျုပ်တို့ဘက်ကို လျှောက်လာတာ ဆိုင်ကယ်မီးကြောင့် တွေ့ရပြန်တယ်။ အင်း - ဘုမသိဘမသိလူတွေသာ တောပြောတောင်ပြောလျှောက်ပြောနေကြတာ။ သူတို့ နယ်ခံသားတွေကျတော့လည်း အကြောင်းသိမို့ထင်ပါရဲ့။ မပူမပင်သွားနေလိုက်ကြတာလို့ တွေးမိတယ်။ အဲဒီလူ ကျုပ်တို့နဲ့တဖြည်းဖြည်းနီးလာတော့ သဲသဲကွဲကွဲမြင်လာရပြီ။ အဲဒီအချိန်မှာ ကျုပ်စိတ်ထဲ ဇဝေဇဝါဖြစ်လာတယ်ဗျ။ ဒီလူကို ငါဘယ်မှာတွေ့မိပါလိမ့်ပေါ့။ လူပုံက ပုပုဝဝ၊ အနီရောင်ပုဆိုးကွက်ကျဲကြီးကို တိုတိုဝတ်လို့ ရှားစေးရောင်တိုက်ပုံအောက်မှာ ညစ်ထေးထေးစွပ်ကျယ်တစ်ထည်နဲ့။ နောက်ပြီး လွယ်အိတ်ဖောင်းဖောင်းကြီးတစ်လုံးကို တစောင်းလွယ်ထားတဲ့ဒီလူကို ငါဘယ်မှာများတွေ့မိပါလိမ့်လို့ တွေးနေတုန်း သူငယ်ချင်းက နားနားကပ်ပြီး-

"ဟော့ကောင် တို့ကိုသရဲခြောက်နေတာဖြစ်မယ်။ စောစောကတွေ့ခဲ့တာလည်း ဒီဘကြီး၊ အခုလည်း ဒီဘကြီးပဲ"

လို့လည်းပြောလိုက်ရော အဲဒီတော့မှ သတိရပြီး ကယောင်ကတမ်းနဲ့ လီဗာကိုဆွဲချလိုက်တာ အင်းဘုတ်ကုန်းကို ဘယ်လိုဘယ်လိုရောက်သွားမှန်းမသိတော့ဘူး။ ဖြစ်ပုံများ အဲဒါသာတွက်ကြည့်ကြပေတော့ဗျို့။

ကိုစော

www.burmeseclassic.com



# မင်းရှိန်အောင်

## စကြဝဠာတေးဆိုင်ရာပုံရိပ်များ

ရှေးရခိုင်ပြည် မြောက်ဦး ရွှေပြည်ရွှေနန်းရှင် သီရိသုဓမ္မရာဇာမင်း (သာလွန်မင်းနှင့် ခေတ်ပြိုင်) ထံ အခါတစ်ပါးတွင် ပါရှားပြည်(ယခု အီရန်ပြည်)မှ မိုဟာ ဗေဒင်လောကီပညာရှင်ဆရာကြီးတစ်ဦး ရောက်ရှိလာပြီး -

အရှင်မင်းကြီးကို တစ်ကမ္ဘာလုံး၏ ဧကရာဇ်ဘုရင်ကြီးအဖြစ်သို့ရောက်ရှိစေအောင် ဖန်တီးပေးနိုင်သော သိဒ္ဓိဆေးတစ်ဖုံကို အရှင်မင်းကြီး လိုအပ်လျှင် ဖော်စပ်ပေးနိုင်ကြောင်း သွေးဆောင်လျှောက်တင်လေသည်။ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေသည်က ရခိုင်မြောက်ဦးရွှေပြည်၏ အနောက်ဘက်တစ်ကြောအိန္ဒိယတိုက်ငယ်တွင် အစ္စလာမ်ဘာသာဝင် မဂိုမင်းတို့က တောခြောက်တောကြီးကို တောမီးလောင်ကျွမ်းသလို နယ်ချဲ့လာသည်မှာ နောက်ဘက်တံခါးဝ ဘင်္ဂါ (၁၂)ပြည်ထောင် (ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ) ကိုပင် ရောက်ရှိနေသည်။

အရှေ့ဘက်တွင်လည်း အင်းဝပြည့်ရှင် အနောက်ဘက်လွန်မင်း၊ သာလွန်မင်းတို့၏ အောင်မြင်စွာ စွမ်းအောင်နိုင်သော လက်နက်နိုင်ငံတိုးချဲ့မှုက ရခိုင်မြောက်ဦးရွှေပြည်ကို ခြိမ်းခြောက်နေသည်။ တောင်ဘက် ဘင်္ဂလားပင်လယ်အော်ထဲတွင်လည်း ပေါ်တူဂီကြေးစားစစ်သင်္ဘောတို့လှုပ်ရှားမှုများ၊ ဒပ်ချ်ကြေးစားသင်္ဘောတို့၏ လှုပ်ရှားမှုတို့ကလည်း အချိန်မရွေး ဒုက္ခပေးနိုင်သည့် သဘောတို့ဆောင်နေပေသည်။

ထိုထက် အရေးကြီးသည်က သီရိသုဓမ္မရာဇာမင်းသည် ဘင်္ဂလားပင်လယ်အော်ကို ကြီးစိုးခြယ်လှယ်နိုင်သော ရေတပ်တော်ကို ပိုင်ဆိုင်ခဲ့သော သူ၏ ဘိုးလောင်းတော်၊ ဘေးလောင်းတော်၊ ဘီလောင်းတော် မြောက်ဦးပြည့်ရှင်မင်းများဖြစ်ကြကုန်သော မင်းဗာကြီးမင်း၊ မင်းဖလောင်းမင်း၊ မင်းရာဇာကြီးမင်း၊ မင်းခမောင်းမင်းဆိုသည့် စစ်ဘုရင်ကြီးများ၏ခြေရာကိုပင် လိုက်မီနိုင်စွမ်းမရှိသဖြင့် စိတ်အားလျော့နေချိန် ဖြစ်သည်။

ထိုကဲ့သို့ စိုးရိမ်စိတ်ကြီးမားနေချိန်၊ စိတ်အားလျော့နည်းချိန်တွင် တိုင်းရက်သောပက္ကလာ မိုးရွာသည်နှင့်အဆင်သင့် ဆိုသလိုပင် သီရိသုဓမ္မရာဇာမင်းသည် လောကီပညာရှင်ဆရာကြီး၏ကမ်းလှမ်းချက်ကို လွယ်လင့်တကူ လက်ခံလိုက်သည်။

ထိုအခါ လောကီဆရာကြီးက သီရိသုဓမ္မရာဇာမင်းထံတွင် အဆိုပါ သိဒ္ဓိဆေးဖော်စပ်ရန်အတွက် ချီးဖြူ အကောင်(၂၀၀၀)၏ နှလုံးသားများ၊ နွားမအဖြူအကောင် (၄၀၀၀) ၏ နှလုံးသား၊ လူသား(၆၀၀၀)၏ အသည်းနှလုံးတို့ကို တောင်းခံလေသည်။ ဗုဒ္ဓဘာသာဝင်မင်းတစ်ပါးဖို့ ထိုလှ်လန့်စိုးရွံ့စရာဖြစ်သော်လည်း ကမ္ဘာကြီးတစ်ခုလုံး၏ ဧကရာဇ်မင်း(ဝါ)စကြာဝတေးမင်းဖြစ်လိုဇောဖြင့် ထိုတောင်းခံမှုကိုလက်ခံခဲ့သည် ဟူ၍ ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ်က သူ၏ (THE LAND OF THE GREAT IMAGE) (မဟာမုနိရွှေမြေ) စာအုပ်ထဲတွင် တသင်တရှားဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ လက်တွေ့တွင် ထိုလောကီဆရာကြီး၏ ဖော်ဆောင်ချက်သည် ဘာမှမဖြစ်လာခဲ့။ သီရိသုဓမ္မရာဇာမင်းအဖို့ ပြည်သူတို့အကြည်အညိုပျက်ခြင်းသာ အဖတ်တင်ခဲ့သည်။

အမှန်မှာတော့ ထိုသီရိသုဓမ္မရာဇာမင်း၏ ဘီလောင်းတော်ဖြစ်တော်မူသော မင်းဗာကြီးမင်း (ဇာပင်ရွှေ မင်း၊ ဘုရင့်နောင်မင်းတို့နှင့်ခေတ်ပြိုင်) သည်လည်း စကြဝတေးမင်းအဖြစ်သို့ ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com

ရည်သတ္တိမျိုးရရှိစေနိုင်သော မဏ္ဍိုင်ကြီးငါးရပ်အစီရင်ကို ပြုလုပ်ခဲ့ဖူးသည်။ ထိုမဏ္ဍိုင်ကြီးငါးရပ်အစီအရင်ကို တတ်ကျွမ်းသူနှင့် သီရိသုဓမ္မရာဇာမင်း မတွေ့ဆုံခဲ့ရသည်ကတော့ သူ၏ ကံတရားပင်ဖြစ်သည်။

သို့ဆိုလျှင် မဏ္ဍိုင်ကြီးငါးရပ်အစီရင် ဟူသည် အဘယ်နည်း။ မဏ္ဍိုင်ကြီးငါးရပ် အစီအရင်ဆိုသည်မှာ -

၁။ ဗုဒ္ဓမဏ္ဍိုင်၊
၂။ ဗြဟ္မမဏ္ဍိုင်၊
၃။ သိကြားမင်းမဏ္ဍိုင်၊
၄။ စတုပါလနတ်မင်းကြီးမဏ္ဍိုင်၊
၅။ မနုဿဘုရင်မင်းမြတ်မဏ္ဍိုင်

တို့ ပါဝင်သော စေတီပုထိုးတော်ကို စီရင်တည်ထားကိုးကွယ်ခြင်းပင် ဖြစ်သည်။ ထိုသို့စီရင်ထားသော စေတီပုထိုးလိုဏ်ပတ်လမ်းတစ်လျှောက် ဝင်လျှင် လက်ယာရစ်အားဖြင့် ပထမဗြဟ္မမဏ္ဍိုင်၊ ဒုတိယ မနုဿလူမင်းမဏ္ဍိုင်၊ တတိယ သိကြားမင်းမဏ္ဍိုင်၊ စတုတ္ထ စတုပါလနတ်မင်းကြီးမဏ္ဍိုင်၊ ပဉ္စမနောက်ဆုံးအားဖြင့် ဗုဒ္ဓမဏ္ဍိုင်တို့ကို တွေ့ကြည်ညိုရသည် ဟူ၏။

တစ်ခါ ဗြဟ္မမဏ္ဍိုင်သည် ဗြဟ္မာဘုံ (၂၀) ကို ကိုယ်စားပြုသည်။ မနုဿလူမင်းမဏ္ဍိုင်သည် လူ့ဘုံကိုကိုယ်စားပြုသည်။ စတုပါလနတ်မင်းကြီးမဏ္ဍိုင်သည် အပါယ်လေးဘုံကို ကိုယ်စားပြုသည်။ သိကြားမင်းမဏ္ဍိုင်သည် နတ်ပြည်ခြောက်ထပ်ကို ကိုယ်စားပြုသည်။ ဗုဒ္ဓမဏ္ဍိုင်သည် (၃၁) ဘုံကို ကိုယ်စားပြုသည်။ ထိုမဏ္ဍိုင်ကြီးငါးရပ်၏ အကြီးအချုပ်သည် ဗုဒ္ဓမဏ္ဍိုင်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်အလောင်းအလျာ သိဒ္ဓတ္ထမင်းသား မွေးဦးစက ဘုရားဖြစ်လျှင်ဖြစ် မဖြစ်လျှင် စကြာမင်း (စကြဝတေးမင်း) ဖြစ်လိမ့်မည် နိမိတ်ဖတ်ဗေဒင်ဟောကြားခြင်းခံခဲ့ရသည်ဖြစ်၏။ သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသောအခါတွင် မာရ်နတ်က လမ်းခုလတ်က ဖျက်ဆီးဟန့်တားရာ၌ နောက် (၇) ရက်ကြာလျှင် စကြာရတနာရောက်ရှိလာပြီး စကြဝတေးမင်း မုချဖြစ်လိမ့်မည်ဟု ထည့်သွင်းပြောဆိုခဲ့သည်။ ဆိုချင်သည့်သဘောက စကြဝတေးမင်းနှင့် ဗုဒ္ဓဘုရားရှင်သည် ဒင်္ဂါးတစ်ပြား၏ ပန်းနှင့်ခေါင်းလိုပင် ဖြစ်သည်။ ဘုရားဆုပန်ခြင်းသည် စကြဝတေးမင်းအဖြစ် ခံလိုခြင်းပင် ဖြစ်သည်။ စကြဝတေးမင်းအဖြစ် ခံယူလိုခြင်းသည် ဘုရားဆုပန်ခြင်းပင် ဖြစ်သည်။ အနှစ်ချုပ်က မဏ္ဍိုင်ကြီးငါးရပ်အစီရင်သည် စကြဝတေးမင်းကဲ့သို့ အရှိန်အဝါ သြဇာတိက္ကမဂုဏ်သတ္တိရရှိစေသော ယတြာအစီရင်ပင်ဖြစ်သည်။ ရခိုင်ဂန္ထာရီပညာရှင် ဦးမြဝါသည် မြောက်ဦးရွှေနန်းရှင် မင်းဗာကြီးမင်းအတွက် ဤမဏ္ဍိုင်ကြီးငါးရပ် အစီရင်ကို ရန်အောင်ဇေယျပုထိုးတော်ကြီး ခေါ် သျှစ်သောင်းဘုရားကို တည်ထားရာတွင် ထည့်သွင်းစီမံခဲ့သည် ဟူ၏။ တိုက်ဆိုင်သည်က မင်းဗာကြီးမင်းသည် ကြီးမားသော ရေတပ်တော်ကို ပိုင်ဆိုင်သော စစ်ဘုရင်တစ်ပါးဖြစ်ခဲ့ရုံသာမက နောင်နှစ်ပေါင်းတစ်ရာနီးပါး မင်း(၇)ဆက်တို့ အရှိန်အဝါကြီးမားသော လက်နက်နိုင်ငံအဖြစ် မြောက်ဦးရွှေပြည်ရွှေနန်းသည် ကြီးကျယ်ထည်ဝါခဲ့သည်။

ဤနေရာမှာ မေးစရာ တွေးစရာဖြစ်လာသည်။ စကြာမင်း (ဝါ) စကြဝတေးမင်းဟူသည်အဘယ်နည်း။ မြန်မာစာအဘိဓာန်ထဲတွင် စကြဝတေးမင်း ဆိုသော ဝေါဟာရကို စကြာယာဉ်ရသောမင်းဟု အနက်ပေးထားသည်။ စကြာမင်းဆိုသည်မှာ စကြဝတေးမင်းကိုခေါ်ဆိုသော အတိုကောက်ဟုဆိုရမည်ထင်သည်။ ဗုဒ္ဓစာပေများထဲတွင် စကြဝတေးမင်းကို စကြဝဠာကြီးတစ်ခုလုံးကို အုပ်စိုးရသောမင်းအဖြစ် ဖော်ပြကြသည်။ ယေဘုယျအားဖြင့်ပြောရလျှင် စကြဝဠာဟူသည်ကား ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်ငါးရာ၊ သမုဒ္ဒရာကြီးလေးစင်း၊ မြင်းမိုရ်တောင်ကြီး၊ သီတာခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ်၊ စကြာဝဠာတောင်ဝိုင်းကြီး အပါအဝင် ရေလေမြေမိုးကောင်းကင်နေလနက္ခတ်တာရာ၊ (၃၁) ဘုံပါဝင်သော လောကဓာတ်အဝန်းအဝိုင်းကို ခေါ်ဆိုခြင်းပင် ဖြစ်သည်။ တစ်နည်းဆိုရသော် စကြဝဠာဆိုသည်မှာ ကမ္ဘာကြီးတစ်ခုလုံးကိုရည်ညွှန်းရာရောက်သဖြင့် စကြဝတေးမင်းဆိုသည်မှာ ကမ္ဘာကြီးတစ်ခုလုံးကို တစ်ဦးတည်းအုပ်ချုပ်ရသောမင်းဟု ဆိုရာရောက်နေပေသည်။ နောက်တစ်မျိုးပြောရသော တိုင်းပြည်အများကြီးကို အုပ်ချုပ်ရသောမင်းဟု ဆို၍ရနေပေသေးသည်။

ထိုကဲ့သို့ တိုင်းပြည်အများအပြားကို အုပ်ချုပ်ရသောမင်းကို ဧကရာဇ်မင်းဟု သမုတ်ရမည် ဖြစ်သည်။ အင်္ဂလိပ်ဝေါဟာရဖြင့်ဆိုသော် (Emperor) အင်ပါယာဖြင့် ထပ်တူရိုးစွဲဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။ အနည်းငယ်ထင်ရှားအောင်ဆိုရလျှင် ဝိနည်းပါဠိတော် အဠကထာထဲ၌ -

၁။ **ပထဗျာရာဇာ** - မြေအလုံးစုံကို အစိုးရသည့် စကြာမင်းကဲ့သို့သောမင်း။

၂။ **ပဒေသရာဇာ** - တစ်ခုသော ကျွန်းတွင် တစ်စိတ်တစ်ဒေသကို အစိုးရသောမင်း။

၃။ **မဏ္ဍလိကရာဇာ** - ကျွန်းတစ်ခုတွင် တစ်မြို့နှစ်မြို့ကိုစားရသောမင်း။

၄။ **အန္တရဘောဂိကရာဇာ** - မင်းနှစ်ပါးတို့၏အကြားတွင် နှစ်ရွာသုံးရွာ၏ အရှင်ဖြစ်သောမင်း။

၅။ **အက္ခဒဿရာဇာ** - ဓမ္မသဘင်ရုံးတော်၌နေ၍ အပြစ်အားလျော်စွာ လက်၊ခြေစသည်ဖြတ်၍ဆုံးမတတ်သော တရားစီရင်ရသည့် တရားသူကြီးမင်း။

၆။ **မဟာမတ္တရာဇာ** - ထိုထိုရွာနိဂုံးစသည်တို့၌နေ၍ မင်း၏ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်တတ်သော ဘုရင်ခံ၏ ရာထူးဌာနရှိသူအမတ်ကြီးမင်း။

၇။ **ယေဝါပနရာဇာ** - မင်းတို့ကို မှီ၍လည်းကောင်း၊ မိမိ၏ဝီရိယကိုမှီ၍လည်းကောင်း သတ်ဖြတ်ခွဲစိတ်ခြင်းကို ပြုလုပ်စီရင်တတ်သောမင်း။

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဤနေရာမှာ ညွှန်းဆိုရမည်က ပထဗျာရာဇာသည် အထက်ကဆိုသော စကြဝတေးမင်းနှင့် ထပ်တူဟုဆိုရမည်ထင်သည်။ စကြဝတေးမင်းသည် အထက်ကဆိုခဲ့သော ဧကရာဇ်မင်း (Emperor) ထက် ပိုမိုသာလွန်သည်ဟုဆိုရမည်ဖြစ်သည်။

ဥဒါဟရဏ်ဆိုရသော် ဘီစီ ၂၆၄ ခုနှစ်လောက်ကထင်ရှားခဲ့သောဇာတိယသင်္ဂါယနာတင်ဒါယကာသီရိဓမ္မာသောကမင်းခေါ် အာသောကမင်းကြီးသည် အာဖဂန်နစ္စတန် အပါအဝင် အိန္ဒိယတိုက်ငယ်တစ်ခုလုံးလိုလိုကို အုပ်စိုးနိုင်ခဲ့သော ဧကရာဇ်မင်းတစ်ပါးဖြစ်သည်။ သူနှင့်မရှေးမနှောင်းတွင် ပေါ်ပေါက်ခဲ့သော အလက်ဇန္ဒားမင်းသည် ရောမပြည်မှသည် အာရှအရှေ့အလယ်ပိုင်း၊ အာဖရိကမြောက်ပိုင်း၊ တောင်အာရှနှင့် အိန္ဒိယတိုက်ငယ် အနောက်ဘက်ပိုင်းထိ ပိုင်ဆိုင်ခဲ့သော ဧကရာဇ်မင်းပင် ဖြစ်သည်။ အေဒီ ၁၂ ရာစုခေတ် ဝန်းကျင်လောက်က ဂျင်ဂျစ်ခန်၊ ကူဗလေခန်၊ တီမူး စသော မွန်ဂိုမင်းများသည် အရှေ့ဖျားအာရှအပါအဝင် အာရှတိုက်(ဆိုဗီ

www.burmeseclassic.com

www.burmeseclassic.com

ယက်ရှရှား) တစ်ခုလုံးလိုလိုနှင့်တကွ အရှေ့ဥရောပတိုက်ထိ အုပ်စိုးနိုင်ခဲ့သော ဧကရာဇ်မင်းများ ဖြစ်ကြသည်။ ပြင်သစ်ပြည်၏ စစ်ဘုရင်ချာလီမိန်း၊ ပြင်သစ်ပြည်၏ စစ်ဘုရင် နပိုလီယန်၊ အရှေ့ဥရောပဘုရင် ကွန်စတင်တိုင်တို့သည် ဧကရာဇ်မင်းဟု ဆိုထိုက်သူများဖြစ်ကြသည်။ စင်စစ် အထက်ကဆိုခဲ့သော ဧကရာဇ်မင်းများကို ဧကရာဇ်မင်းများဟု ဆိုရသည်ထက် ပထဗျာရာဇာမင်းများ ဆိုလျှင် မှားလွဲနိုင်မည်မထင်။ တစ်နည်းဆိုရသော် စကြဝတေးမင်းဟု ဆိုရမည်ထင်သည်။ သို့သော် ဗုဒ္ဓစာပေက သတ်မှတ်သောစံနှင့်တော့ အံမဝင်ပေ။ နောက် ဗုဒ္ဓစာပေက သတ်မှတ်ထားသော စကြဝတေးမင်းစံက မေတ္တာတရားနှင့် သစ္စာတရားကို အခြေခံထားသည်။

ဗုဒ္ဓစာပေအလိုအရ စကြဝတေးမင်းဆိုသည်မှာ-

၁။ စကြာရတနာ
၂။ ဆင်ရတနာ
၃။ မြင်းရတနာ
၄။ မြကျောက်ရတနာ
၅။ မိဖုရားရတနာ
၆။ သူဌေးကြီးရတနာ
၇။ သားကြီးရတနာ

ရတနာ (၇) ပါးကို လက်ခံရရှိ ပိုင်ဆိုင်သူ ဖြစ်သည်။

ထိုရတနာ (၇) ပါး၌ ကိုယ်ပိုင်စွမ်းရည်ဂုဏ်သတ္တိ ကိုယ်စီကိုယ်ငှါရှိကြသည်။ ထိုအထဲတွင် စကြာရတနာသည် အဓိကဖြစ်သည်။ စကြာရတနာဆိုသည်မှာ တခြားမဟုတ်။ စကြာယာဉ်ပျံကို ခေါ်ဆိုခြင်းပင် ဖြစ်သည်။ ထိုစကြာယာဉ်ပျံကိုစီးနင်းလျက် ကမ္ဘာ့ရေလေမြေအနှံ့ စကြဝဠာရေလေမြေအနှံ့သွားလာနိုင်လေသည်။ မိုးကောင်းကင်ပေါ် ထိုးထောင်တက်လျက် တာဝတိံသာနတ်ပြည်ကိုပင် အရောက်သွားနိုင်သည်။ ယခုခေတ် အာကာသယာဉ်ပျံဖြင့် နှိုင်းယှဉ်စရာကောင်းလှပေသည်။ နောက်တစ်မျိုးပြောရလျှင် စကြဝတေးမင်း၏ ရတနာ (၇) ပါးကို -

၁။ ယာဉ်ပျံစကြာ
၂။ ဆင်စကြာ
၃။ မြင်းစကြာ
၄။ မြစကြာ
၅။ မိဖုရားစကြာ
၆။ သူကြွယ်စကြာ
၇။ သားကြီးစကြာ



ဟု မှတ်ဆို၍ရနိုင်ပေသေးသည်။

ဤနေရာမှာ ဆက်နွှယ်ပြောချင်စရာတစ်ခုမှာ ငါးရာငါးဆယ်နိပါတ်တော်လာ ဒဓိပါဟနဇာတ်တော်ထဲတွင် သိကြားမင်းက ယခင်ဘဝက တော်စပ်ခဲ့ဖူးသော ရသေ့ညီနောင်သုံးပါးတို့အား အကြီးရသေ့ကို ပဲခွပ်စကြာ၊ အိတ်စကြာ၊ မိုးပွတ်စကြာတို့အား လည်းကောင်း၊ အလတ်ရသေ့ကို စည်တော်စကြာကို လည်းကောင်း၊ အငယ်ရသေ့ကို နို့ဓမ်းအိုးစကြာကို လည်းကောင်း ပေးနှင်းခဲ့သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

တစ်ခါ မှန်ရာဇဝင်၌ မင်းမြောက်တန်ဆာငါးပါးတို့၏ အစွမ်းကြောင့် ကောင်းကင်ခရီးဖြင့်သွားနိုင်သောမင်းများ၊ ကောင်းကင်ခရီးဖြင့်သွားလာနိုင်သော ဆင်ရတနာ၊ မြင်းရတနာကိုပိုင်ဆိုင်သောမင်းများ၊ သန်လျက်စကြာ၊ မြားစကြာ၊ လှံစကြာ၊ အင်္ကျီစကြာ၊ ခြေနင်းစကြာစသည်တို့ကိုပိုင်ဆိုင်သောမင်းတို့ရှိခဲ့သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။ ရခိုင်ရာဇဝင်တွင်လည်း ရခိုင်ဝေသာလီပြည့်ရှင် မဟာတိုင်းစန္ဒြားမင်းလက်ထက်တွင် အရိန္ဒမာလှံပျံကို ဆက်သရရှိလာသည်။ ထိုအရိန္ဒမာလှံပျံ၏အရိုးသည် ရွှေဖြစ်ဖြင့်ပြီး၏။ သုံးတောင်ရှည်၏။ အသွားစိန်ဖြင့်ပြီး၏။ အလျားသုံးမိတ်ရှည်၏။ မိုးကြိုးလက်ကောက်ငါးခြည်ဝတ်လျက်ပါ၏။ အခွေလည်း မိုးကြိုးဖြင့်ပြီး၏။ အောက်မီးပွင့်ကား အနီ၊ အောက်ခံ ကတော့ကား ပတ္တမြားဖြင့်ပြီး၏။ ထိုအရိန္ဒမာလှံပျံကို စေလွှတ်သော် တခြားသောမင်းအပေါင်းတို့သည် လက်အောက်ခံရောက် ခစားလာပြီး အခွန်ဘဏ္ဍာဆက်သလာကြသည်ဟူ၏။ မင်းကြီးက ဒေါသဖြင့် ထိုအရိန္ဒမာလှံပျံကို ပစ်လွှတ်သော် ထိုမင်း၏ ထိုးစိုက်လျက် ဒေါသမဲ့ပစ်လွှတ်လျှင် ထိုမင်း၏ နန်းရင်ပြင်တွင် ထိုးစိုက်လာသည်ဆို၏။ ထိုဝေသာလီပြည့်ရှင် မဟာတိုင်းစန္ဒြားမင်းနောက် ဝေသာလီမင်း (၉) ဆက်တွင်လည်း ထိုအရိန္ဒမာလှံပျံ ရရှိခဲ့ကြသည်ဟူ၏။

သရေခေတ္တရာရာဇဝင်တွင်လည်း သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးသည်လည်း သီလဝံသခါး၊ အရိန္ဒမာလှံ၊ စည်တော်ကြီး၊ ခေါင်းလောင်းကြီး စသည်တို့ကို ရရှိလက်ခံခဲ့ရသည်ဟူ၏။ ဒွတ္တဘောင်မင်းကြီးသည် လှံထိုးတောင်ပေါ် တက်ပြီး အဓိဋ္ဌာန်ဖြင့် လှံထိုးပစ်လျှင် တစ်ဖက်မင်းတို့သည် မခံနိုင်ဘဲ လက်ဆောင်ပဏ္ဏာ၊ အခွန်ဘဏ္ဍာများပေးလျက် အညံ့ခံကြရမြဲဟု ဆို၏။ ပုဂံရာဇဝင်တွင်လည်း အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့သည်လည်း အရိန္ဒမာလှံပျံကို ပိုင်ဆိုင်ခဲ့ကြရသည်ဟု ဆိုထားပါသေးသည်။ ယင်းသို့ပင်လျှင် ရခိုင်ရာဇဝင်ထဲက မာရယုမင်း၊ ပုဂံရာဇဝင်ထဲက ပျူစောထီးမင်းတို့သည်လည်း အစွမ်းထက်မြားလက်နက်များကို ရယူပိုင်ဆိုင်ခဲ့ကြသည် ဖြစ်၏။ နောက် ရခိုင်ရာဇဝင်ထဲက စူဠစန္ဒြားမင်း၊ သရေခေတ္တရာရာဇဝင်ထဲက ဒွတ္တဘောင်မင်း၊ ပုဂံရာဇဝင်ထဲက အလောင်းစည်သူမင်းတို့သည် လက်ညှိုးညွှန်ရာသွားလာနိုင်သော ထူးခြားအစွမ်းထက်သည့်ဖောင်တော်များကို ပိုင်ဆိုင်ခဲ့သည်ဟူ၏။ ၎င်းဖောင်တော်ကို ဖောင်စကြာဟု ခေါ်ဝေါ်သမုတ်ကြသည် ဖြစ်၏။ ဆိုချင်သည်က အဆိုပါ အရိန္ဒမာလှံ၊ အစွမ်းထက်မြားလက်နက်၊ ဖောင်တော်တို့ကို လှံစကြာ၊ မြားစကြာ၊ ဖောင်စကြာဟု ဖော်ပြမှုများကိုလည်း တဝေတဆာ တွေ့ရှိရပေသေးသည်။

အားလုံးကိုခြုံ၍ အနှစ်ချုပ်လိုရင်း ဆိုရလျှင် စကြဝတေးမင်းသည် သူ့ဘုန်းသူ့ကံအလျောက် စကြာရတနာများကို ပိုင်ဆိုင်ရသလိုပင် တချို့သော ဘုန်းရှင်ကံရှင် တန်ခိုးကြီးမင်းတချို့တို့သည်လည်း သူ့အိုးနှင့်သူ့ဆန် လိုက်လျောညီထွေစွာသော စကြာရတနာတို့ ရရှိခဲ့ကြသည်ဟုဆိုလျှင် မှားလွဲနိုင်မည်မထင်ပါ။

ဤနေရာမှာ နှီးနွှယ်ဖြည့်စွက်ပြောဆိုချင်သည်က ကဝိသေတ္တာမဉ္ဇူသာကျမ်းထဲတွင် စကြဝတေးမင်း(၅)မျိုးရှိသည်ဟု ထူးထူးခြားခြား ဖော်ပြမှုပင် ဖြစ်သည်။ ၎င်းတို့မှာ -

၁။ **အာဝုဓစက္ကဝတ္တိရာဇာ** - လှံ သတ်လက်နက် စက်အမျိုးမျိုးကို အစိုးရသော၊ ယခုခေတ် အဏုမြူလက်နက်ရှင်၊ ရှေးခေတ် အဇာတသတ်မင်းတို့ကဲ့သို့ လက်နက်စကြာမင်းမျိုး။



www.burmeseclassic.com

www.burmeseclassic.com

၂။ **ပုညဝမ္မစက္ကဝတ္တိရာဇာ** - ဇောတိက၊ ဇဋိလ၊ ကာကောဏ္ဍ၊ မေဏ္ဍက စသော သူဌေးကြီးတို့၏ ဆိတ်ရုပ်၊ ကျေးရုပ်၊ ရွှေတောင်၊ ထမင်းအိုး စသည်တို့မှ သုံးမကုန်ယူမလျော့တိုးပွား ခြင်းသမုဒ္ဒရာလေးစင်းကိုပင်ပြည့်အောင် ဖုံးနိုင်လောက်သော ဥစ္စာရွှေငွေရတနာ များ ကုံလုံပြည့်စုံကြသော ပုညဝမ္မစကြာ မင်းမျိုး။

၃။ **အာဏာစက္ကဝတ္တိရာဇာ**-သက်မဲ့ အဝိဥာဏကဖြစ်သော ရွှေခြေချင်းကို စေလွှတ်၍ မဒ္ဒဝပြည်ကို အစိုးရသော ကာလနဂါးမင်းအား ခြေချင်းဖြင့်ခတ်၍ ခေါ်နိုင်ခြင်း၊ အာဏာဖြင့်ရွှေလှောင်ချိုင့် အား စေလွှတ်လျက် ကရဝိက်ငှက်မင်း အား ဖမ်းဆီးဆောင်ကြဉ်းနိုင်သည့် အာဏာရှိသည့် သီရိဓမ္မာသောကမင်း ကဲ့သို့ အာဏာစကြာမင်းမျိုး။

၄။ **ပုညပဒစက္ကဝတ္တိရာဇာ** - မဟာ သုဒဿနစကြာမင်း၊ ကလိင်္ဂဗောဓိ စကြာမင်း စသော စကြာမင်းတို့၏ ဖွားစကပင် ခြေတွင် စကြာပုံတောင်း တံဆိပ်လက္ခဏာပါခြင်းကြောင့် ကျွန်း ကြီးလေးကျွန်းနှင့်တကွ ယုဂန္ဓိုရ်တောင် အထက် အာလိန်ငါးဆင့်ရှိ နတ်တို့ကိုပါ အစိုးရလတ္တံ့ဟု သိစေနိုင်သော စကြာ ပုံတောင်း ရတနာကိုရကြသည်။ ပုညပဒ စကြာမင်းမျိုး။

၅။ **ဂန္ဓာရီစက္ကဝတ္တိရာဇာ** - ရှေး စာဟောင်းတို့၌ ကန္တရအတတ်ဟု ရေးရှိ ကြသည့် ခဲ၊ သံ၊ ပြဒါး၊ ကြေးနီ စသည့် ဓာတ်တို့အား ရွှေငွေမနောမယဓာတ်လုံး များဖြစ်လာအောင် ချက်လုပ်နိုင်ခြင်း၊ မြေလျှိုးမိုးပျံနိုင်ခြင်းတို့၊ ထိုသို့ဆန်းကြယ် လှစွာသော ဂါထာမန္တန်၊ မန္တရား၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့ စသော လောကီ ပယောဂဟူသမျှတို့၏တန်ခိုးဖြင့်မြေလျှိုး မိုးပျံနိုင်ခြင်း၊ စိတ်အလိုအတိုင်းပြီးခြင်း စသည်တို့ကို ဖြစ်စေနိုင်သော လောကီ ဝိဇ္ဇာ မှော်ဆရာအပေါင်းတို့သည် သမ္မာ ပယောဂက္ကဒ္ဒိဝမ္မစက္ကရာဇာခေါ် ဂန္ဓာရီ စကြာမင်းမျိုး စသည်တို့ ဖြစ်ကြကုန် သည်ဟူ၏။

ဤတွင် စကားချပ်အဖြစ် ထည့်သွင်း ပြောချင်စရာလေးတစ်ခုက တော့ ရခိုင်ရာဇဝင်ထဲမှာ မင်းစကြာခေါ် စကြာဝတေးမင်း (ဘုရင့်နောင်မင်းနှင့် ခေတ်ပြိုင်) ဆိုသော မင်းတစ်ပါးသည် ရှိခဲ့ဖူးပါသည်။ တန်ခိုးကြီးသောမင်း ဟုပြော၍မရ။ ဘိုးတော်မင်းတရားကြီးမင်း (ဒုတိယမြောက်ဦးမြို့တည်နန်းတည်မင်း) ၏ ဘုန်းရိပ်ကံရိပ်ကို ခိုလှုံ၍ လင်းလက် ခဲ့ရသောသူသာ ဖြစ်သည်။ နန်းသက် (၇) နှစ်ရှိခဲ့သည်။ နောက်ထပ် ဖြည့်စွက် ပြောချင်စရာတစ်ခုကတော့ မြန်မာ့ ရာဇဝင်ထဲက ကုန်းဘောင်ရာဇဝင်ထဲက စကြာမင်းသားလေးပင် ဖြစ်သည်။ ဘိုးတော်မင်း၏ မြေးတော်ဘကြီးတော် မင်းနှင့် ဆင်ဖြူမယ်မိဖုရား၏သားတော် ညောင်ရမ်းမြို့စား စကြာမင်းသားလေး ပင် ဖြစ်လေသည်။ ထိုစကြာမင်းသားလေး ၏ ဘဝဇာတ်ကြောင်းသည်ကား အလွန်ရှုပ်ထွေးပွေလီလှပေသည်။

အတိတ်တွေ၊ နိမိတ်တွေ၊ တဘောင်တွေ၊ သိုက်စာတွေ၊ ဝိဇ္ဇာမိုရ် ပုဂ္ဂိုလ်ထူး ဘိုးဘိုးအောင်ဘဝပုံရိပ်တွေ၊ ဝိဇ္ဇာမယဂိုဏ်း၊ ပုတီးဂိုဏ်း စသည်တို့၏ နိမိတ်ပုံတွေ၊ ထီးနန်းအမွေဆက်ခံခွင့် အရေးကိစ္စတွေ၊ နန်းတွင်းရေး၊ ပြည်ထဲ ရေးအရှုပ်အထွေးတွေတို့နှင့် စကြာမင်း သားလေး၏ ဘဝဇာတ်လမ်းသည် ရောသမမွှေပွေလီနေသည်။

လိုရင်းချုပ်ပြောရလျှင် ပြည်သူ ကြားထဲမှထွက်ပေါ်လာသော အသံဗလံ များသည် ညောင်ရမ်းစားစကြာမင်းသား လေးကို ဖခမည်းတော် ဘကြီးတော်မင်း ပြီးလျှင် ထီးမွေနန်းမွေ ဆက်ခံခွင့်ပေးရန် ရည်ညွှန်းနေသော်လည်း စကြာမင်းသား လေးသည် ရေချကွပ်မျက်ခဲ့လေသည်။ သို့တစေ အများပြည်သူကတော့ စကြာ မင်းသားလေးသည် ရေချကွပ်မျက်ခံရ သော်လည်း ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူး ဘိုးဘိုးအောင်က ကယ်တင်သွားသဖြင့် အသက်ဘေးမှလွတ်မြောက်သွားသော ကြောင့် တစ်နေ့နေ့တစ်ချိန်ချိန်မှာပြန် လာပြီး တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရလိမ့် မည်ဟု တိုင်းသူပြည်သားတို့ စောင့်မျှော် နေခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

နမူနာတစ်ခုကိုထုတ်ပြရသော် -

□ သော-သတ်-အဋ္ဌ-နဝ-သဉ္ဇာ
စွန်းကောဇာတွင်၊ မိစ္ဆာလွှမ်းမိုး
စက်ရောင်ညှိုး
မုဆိုးပွဲကြီးသိမ်းလိမ့်မည်။
ပွဲကြီးသိမ်းလျှင်၊ ဘုန်းမီးနေလ
ထီးနန်းရ၊ ဗုဒ္ဓရာဇာ
ဘွဲ့မည်သာနှင့်
စကြာမင်းလောင်းပေါ်လိမ့်မည်။

ဆိုသော သိုက်တဘောင်စကား ပင် ဖြစ်သည်။ ဤသိုက်တဘောင်စကာ မူလက ဘိုးတော်မင်းမြေး စကြာမင်း သားလေးကို ရည်ညွှန်းခဲ့သော်လည်း ကာလအဆက်ဆက်ပြောင်း ခေတ်အ ဆက်ပြောင်းလဲခဲ့သည့်အခါ၌ အဆိုပါ စကြာမင်းသားလေးကို မဟုတ်တော့ဘဲ တခြားမင်းလောင်းတစ်ပါးပါးကို ညွှန်းဆို ပြောင်းလဲလာခြင်းပင် ဖြစ်သည်။

ထင်ရှားသောသာဓကက သီပေါ မင်းပါတော်မူပြီးနောက် လူမျိုးခြား၊ ဘာသာခြား ဗြိတိသျှကိုလိုနီအစိုးရ အုပ်စိုးလာသည်ကို မကျေနပ် မနှစ်မြို့ နိုင်သဖြင့် မိမိတို့နှင့် ဘာသာတူလူမျိုးတူ မင်းလောင်းတစ်ပါးပါးကို မျှော်တလာ ခြင်းပင် ဖြစ်သည်။ သာသနာတစ်ဝက် မင်းကောင်းတစ်ဆက်ဆိုပြီး ဗုဒ္ဓရာဇာ စကြာမင်းတစ်ပါးပါး ပေါ်ပေါက်လာ မည်ကို တောင့်တမျှော်လင့်သော မင်း လောင်းမျှော် အယူဝလေ့တစ်ခုသည် စကြာမင်းနှင့် ဆက်နွှယ်လျက်ရှိနေခဲ့ သည်က ဝေဖန်စောကြောစရာပင်။ ဤ နေရာမှာ ကမ္ဘာမပျက်မီ နှစ် တစ်သိန်း ကကျော်မှု၊ ဘုရားမပွင့် နှစ်တစ်ထောင် ကကျော်မှု၊ စကြာမင်းမပေါ်မီနှစ်တစ်ရာ ကကျော်မှု၊ မင်္ဂလသုတ်တရား မဟော ကြားမီ (၁၂) နှစ်ကကျော်မှု၊ မောနေယျ ပဋိပဒါကျင့်ပုဂ္ဂိုလ် မပေါ်ပေါက်မီ (၇) နှစ်ကကျော်မှုဟူသော ကောလာဟလ (၅) ပါးနှင့် ထပ်တူပြု၍ မဖြစ်နိုင်ဟုထင် သည့် ယခု စကြာမင်းသည် တကယ့် စကြဝတေးမင်းကို ကိုယ်စားပြုနေသော ကြောင့် ဖြစ်သည်။

စိတ်ဝင်စားစရာတစ်ခုက ဤ စကြာမင်းလောင်းမျှော်ဝလေ့နှင့် စကြာ သိုက်စာနှင့် ဆက်နွှယ်နေမှုပင် ဖြစ် သည်။ သိုက်စာဆိုသည်မှာ အယူတော် မင်္ဂလာပညာလာ ပညာရပ်တစ်မျိုးဖြစ် သည်။ သိုက်စာ ဟူသည် တဘောင် စကားတစ်မျိုး ဖြစ်သည်။ စကြာသိုက် စာအလိုရ 'ကုန်းဘောင်နေမျိုး၊ သတိုး မပျက် မုဆိုးဆက်၊ စကြာမင်းမြတ်၊ ဗုဒ္ဓ ရာဇာပေါ်လာမည်' ဟူသော ညွှန်းဆိုမှု များကို တွေ့ရသည်။ ဤနေရာမှာ မေးစရာ၊ တွေးစရာဖြစ်လာသည်။ ဤ စကြာသိုက်စာသည် ညောင်ရမ်းစား စကြာမင်းသားလေးနှင့်သာဆိုင်သလား၊ တခြားမင်းလောင်းတစ်ပါးပါးကို ရည် ညွှန်းနေသလား။

အားလုံးကိုခြုံ၍ ဆိုရလျှင် စကြ ဝတေးမင်း (၀) စကြာမင်းနှင့် နီးနွှယ် နေသည်များကို ဆန်းစဉ်ရာ ကျည်ပွေ့ လိုက်တင်ပြရမည်ဆိုရသော် ပြောမဆုံး ပေါင်တောသုံးထောင်ဖြစ်နေလိမ့်မည်။

**မင်းရှိန်အောင်**



www.burmeseclassic.com



www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြဝေဆေး)

## မြင်ရတွေ့ရ ကြုံရဆုံရခြင်းများ

ညီလေးများ၊ တပည့်များနှင့် -

ဘုရားဖူးပြီးပြန်အလာ အိမ်ရှေ့ဆီသို့ ကားရပ်ထားလိုက်၏။ ညီလေးတစ်ယောက်ကတံခါးဆင်းဖွင့်၏။ ထိုစဉ်အိမ်ရှေ့အိမ်အုတ်ခုံတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးထိုင်စကားပြောနေ၏။

စပ်စပ်စုစုမလုပ်တတ်၍ သေချာမကြည့်ဖြစ်လိုက်ပါ။

အိမ်ထဲသို့ကားသွင်းပြီး အမောဖြေမည်အပြု -

"ဒီမှာ"

စောစောက ထိုင်နေသောယောက်ျား၏အသံ။ ခြံဝတွင် ခြံတံခါးကိုကိုင်၍ရပ်နေချေပြီ။ ဘေးမှာ သူ့ဇနီးဖြစ်ဟန်တူသူ။

"မင်းတို့ ဒါမျိုးမလုပ်နဲ့ သိလား၊ ဒါမျိုးမလုပ်နဲ့"

ကျွန်ုပ်တို့အားလုံးကြောင်သွား၏။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြ၏။

ကျွန်ုပ်က -

"ဘာဖြစ်လို့လဲမသိဘူး"

"ဘာဖြစ်ရမလဲ၊ ဒါမျိုးတွေကရိုးနေပြီ ဟေ့ကောင်။ ဒါမျိုးလာမလုပ်နဲ့၊ မပြောချင်လို့ကြည့်နေတာ"

သူ့ဇနီးဖြစ်ဟန်တူသူကပါဝင်ပြောတော့၏။ အော်ကျယ်အော်ကျယ်နှင့်ပြောလေရာ ကျွန်ုပ်လည်းဘာပြောရမှန်းမသိ၍ ညီလေးများကိုသာလှည့်ကြည့်နေလိုက်၏။ အားလုံး၏ မျက်နှာများမှာ တဖြည်းဖြည်းနီရဲလာကြပြီးအံတွေကြိတ်လာကြပြီဖြစ်၏။ ခြံဝဆီသို့ သိမ်းငှက်မျက်လုံးများနှင့် စူးစူးရဲရဲကြည့်နေကြပြီး အိမ်ပြင်ထွက်ရန် ဟန်ပြင်ကြပြီဖြစ်၍-

"မင်းတို့ဘာမှပြောစရာမလိုဘူး။ တစ်ယောက်မှမဟနဲ့။ မင်းတို့ဟာမင်းတို့နေ။ သူဘာကိုအထင်လွဲနေတယ်မသိဘူး။ ငါရှင်းမယ်၊ မင်းတို့နောက်ဆုတ်"

"လာ - ပြန်မယ်"

အမျိုးသားက ပြောသော်လည်း အမျိုးသမီးက -

"အို-ဘာလို့ပြန်ရမှာလဲ။ ရောက်လက်စနဲ့ မပြန်ဘူး ဝင်မယ် အထဲကို"

ကျွန်ုပ်လည်း သူတို့ပြောသည်ကိုလှမ်းကြည့်နေလိုက်ပါသည်။

အတော်ကိုဒေါသအမျက်ခြောင်းခြောင်းဖြစ်နေကြ၏။ အခါကိုသတိထားလိုက်ရာ အင်္ဂါအခါလည်း ဖြစ်နေ၏။ ကျွန်ုပ်၏နာမည်မှာလည်း တိုင်အောက်တွင်ရောက်နေပြီဖြစ်၍ ဘာမှမပြောချင်တော့။ သူတို့က နှစ်ဦး ခိုက်နေ၏။

သောကြာတည်းဟူသောအသံက စတုရန်းမှာရောက်နေ၏။ တစ်မျိုးပြောရလျှင် ဒဏ်ရာမှာဖြစ်နေ၏။

အသံကို အသက်ဝင်စွာ သောကြာနိမိတ်ဆောင်နေကြသောသူများမှာလည်း နှစ်ယောက်ဖြစ်နေ၏။

နဝင်းမှာ စနေရှိနေပြီလည်း ဖြစ်၏။

၀ - **နဝင်း**

၄

၁

**အင်္ဂါအခါ** - ၃

၆ - **အသံနှင့်ဆိုင်သောဂြိုဟ်**

၂ - **ခိုက်** **/စကား**

၅ - **နာမည်**

အခါအလိုအရ နံတော်စဉ်ပညာနှင့်ကြည့်လျှင် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ ဖြစ်၏။ ‹ပ›ပ်ဆိုင်းသွားသောအခါဖြစ်၏။

အမျိုးမျိုးချိန်ဆခြင်း‹တ›့ စက္ကန့်ပိုင်းအတွင်း ပြုလုပ်လိုက်ပြီး ကို‹ယ›်တိုင် တံခါးသွားဖွင့်ပေးလိုက်၏။ ထိုနှစ်ယောက်သည် ကျွန်ုပ်ကိုပင်ဝင်တိုက်‹မ›ပြီး အိမ်ထဲသို့ အတင်းဝင်ရောက်၍ထိုင်နေကြ၏။ ကျွန်ုပ်က ညီလေးများကို မီးဖိုချောင်ဘက်သွားနေရန် မျက်ရိပ်ပြလိုက်စဉ် ကျွန်ုပ်ကို စောစောကအမျိုးသားက -

"ဘယ်လိုလဲကွ ဆရာ‹မ›ရှိဘူးလား"

"ရှိပါတယ်"

ကျွန်ုပ်လည်း သူတို့နှစ်ယောက်ထိုင်နေရာ ကုလားထိုင်‹မ›ျားရှေ့မှပင် လျှောက်သွားရင်း ဟောခ‹န်›းထဲဝင်ထိုင်လိုက်ပါသည်။

လိုက်ကာကာထား၍ ကျွန်ုပ်ထိုင်သည်ကို သူတို့မမြင်။

"လာလေ ဒီကို"

နှစ်ယောက်သား ‹ဝ›င်လာကြပြီး ကျွန်ုပ်ကို မြင်သည်နှင့် ပါးစပ်များအဟောင်းသားဖြစ်သွားပြီး ‹တ›စ်ယောက်မျက်နှာတစ်ယောက်ကြည့်‹န›နေကြတော့၏။

"ထိုင်လေ"

နှစ်ယောက်လုံးထိုင်‹ခ›ိုက်ကြပြီး-

"ဟာ - ဆရာလား"

"ဟုတ်ကဲ့ - ‹က›ျွန်တော်ပါ မောင်မောင်သန်းပါ"

"ဗျာ-ဟာဗျာ- ဆရ‹ာ›. . .ဟာ"

"ဘာဖြစ်လို့လဲ"

"ဟာ - သွားပြီ၊ ‹စ›ိတ်မဆိုးပါနဲ့ ဆရာ။ ကျွန်တော်တို့ အိပ်‹မ›ရှေ့ပျက်ခံပြီး မနက်ထဲကလာစောင့်နေရ‹လ›ို့ပါ"

"သြော် - ကျွန်တေ‹ာ်›ဘုရားသွားလို့ပါ"

"ပြီးတော့ အကြာ‹က›ြီးစောင့်နေရပြီး ဆေးဖော်ကြောဖက်‹ာ› မလုပ်တော့တင်းပြီးပြောမိတာပါဆရာ"

"သြော်- ဒါက သူ‹မ›ျားတကာစပ်စပ်စုစုမကြည့်တတ်၊ မ‹ေ›ပြာတတ်ပါ။ ကိုယ့်အကြောင်းနဲ့ကိုယ်ထိုင်နေသူတွေများဖြစ်နေရင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

မေးလိုက်တဲ့အခါ စိတ်အနှောင့်အယှက် ဖြစ်သွားမှာစိုးလို့ပါ။ ပြီးတော့ အိမ်ရှေ့ အိမ်ကိုလာတဲ့ဧည့်သည်လား ဆိုတာကို လည်း သတိထားလိုက်မိလို့ပါ။ စိတ်အ နှောင့်အယှက်ဖြစ်သွားမှာစိုးလို့ ကိုယ့်အ ကြောင်းနဲ့ကိုယ် ထိုင်နေတယ်ထင်ပြီး မနှောင့်ယှက်မိအောင်နေလိုက်တာပါ"

"ဟာဗျာ - မှားသွားပြီ၊ ကျွတ်"

စုတ်သပ်လိုက်ပြီး သူဇနီးဖြစ်ဟန် တူသူဘက်သို့ လှည့်ကြည့်၏။ သူဇနီးဆို ခေါင်းလုံးဝမဖော်တော့ပါ။

"မမှားပါဘူး၊ ဒါဖြစ်တတ်ပါတယ်။ ဟုတ်တာပေါ့။ အစောကြီးအိပ်ရေးပျက် ခံပြီးတော့လည်း ထလာရသေးတယ်။ ဒီကျ မမေးတော့ စိတ်တိုမှာပေါ့။ ဒါ ဟုတ်တယ်၊ ဗိုက်တွေလည်းဆာနေ လောက်ကြပြီ"

"ဟုတ်ကဲ့ - ဆရာ"

"ကဲ - ပြော၊ ဘာလိုလဲ"

"ကျွန်တော် အိမ်ရောင်းချင်လို့ပါ ဆရာ။ ငွေကြေးအကျပ်အတည်းတွေ တအားဖြစ်၊ တအားဆုံးရှုံးနေလို့၊ ခဏ လေး ဆရာ"

"ဟုတ်ကဲ့"

"အိမ်ရောင်းရင် ဓာတ်ရိုက်ခဲ၊ ယတြာခတွေက"

"ဒီမှာရေးထားတာပဲလေ လေယာဉ် ပျံကြီးရောင်းလည်းဒါပဲ။ သင်္ဘောကြီး ရောင်းလည်းဒါပဲ။ ဆယ်ထပ်တိုက်ကြီး ရောင်းလည်းဒါပဲ။ အဲဒီရေးထားတာပဲ"

"ဟာ-မထင်ဘူးဗျာ၊ ပြောလိုက် တဲ့လူတွေက ဒီလောက်ပိုက်ဆံလေးကို မပြောဘဲ သောင်းဂဏန်းတွေလာပြော နေတယ်"

"ခု မြင်တဲ့အတိုင်းပဲလေ။ ဘယ် အချိန်လာလာ၊ ကြိုက်တဲ့အချိန်လာ ဒါပဲ။ ဘယ်သူလာလာ ဒါပဲ"

"ဪ - ဆောရီးပါ ဆရာ။ ကျွန်တော် တော်တော့်ကိုရိုင်းသွားပါ တယ်။ တော်တော်မှားသွားပါဘယ်။ ကန်တော့ပါ ဆရာ"

"မရိုင်းပါဘူး။ ဒါက စိတ်တိုလို့ လွှတ်ခနဲပြောကြရင် စကားလုံးဆိုတာ ဒီလိုပဲထွက်တတ်တယ်။ ကျွန်တော်ဆို လည်း စိတ်တိုရင်ဒီလိုပဲပြောမိမှာပဲ"

ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်၏ ပေါ ကိန်းများကို နားထောင်ရင်း လိုက်ရေး မှတ်ရင်း -

"ဘုရားလှူဖို့တွေချည်းပဲနော် ဆရာ"

"ဟုတ်တယ်လေ၊ ဒါအကောင်း ဆုံး ကုသိုလ်ဆက်ခြင်းပဲ"

သူ့အမျိုးသမီးသည် ကျွန်ုပ်ကို ရိုကျိုးသောအမူအရာနှင့် သေချာကြည့် လိုက်ပြီး -

"ကျွန်မတို့က ညည်း ဆရာ့ကိုမသိဘူး လေ၊ မထင်ဘူးလေ။ ဆရာ ကြီးရဲ့တပည့်တွေပဲလို့ထင်နေ တာ။ စိတ်မရှိပါနဲ့ ဆရာ။ ကျွန်မတို့ လည်း မိုးမလင်းခင်ထဲက လာတော့ စိတ်တွေကလည်းတို. . ."

"ဟုတ်ကဲ့ - ကျွန်တော်သဘော ပေါက်ပါတယ်။ စိတ်မရှိပါဘူး။ ဒီလိုပြော လိုက်တာကို ကျွန်တော်ကသည်းခံနိုင် အောင်ကျင့်ခဲ့ပါတယ်။ အဲဒီလိုသည်းခံ





www.burmeseclassic.com

www.burmeseclassic.com

နိုင်အောင်ကျင့်နိုင်တဲ့အထိ ပါရမီဖြည့်ပေးတာကိုပဲ ကျွန်တော်က ကျေးဇူးတင်ရမှာပါ"

ထိုနှစ်ယောက်သည် ကျွန်ုပ်အား အလွန်မှအားနာလွန်းသောအမူအရာများ၊ စကားလုံးများနှင့် ပြောဆိုနေတော့၏။ ကျွန်ုပ်ကလည်း ခင်မင်စွာပြန်ပြောလိုက်ပါသည်။

ထိုနေ့က -

သူများမလုပ်နိုင်သောအလုပ်တို့ကို ကျွန်ုပ်လုပ်နိုင်ခဲ့ပါသည်။

ကျွန်ုပ်သည် -

အသတ်အပုတ်ဝါသနာထုံသော အားကစားသမားတစ်ဦး ဖြစ်ပါသည်။ လူလူချင်း လက်ရုံးရည်နှင့်ရှင်းရပါက (၃)မိနစ်မျှပင် ကြာလိုက်မည်မဟုတ်ပါ။ သို့သော် သူများမခံနိုင်သော အကြောင်းတရားတစ်ခုကို ကျွန်ုပ် အောင်မြင်စွာ ခံယူခဲ့ပါသည်။

ဆရာသခင်ကျေးဇူးရှင်သည် ကျွန်ုပ်ရန်ဖြစ်သည်ကြားလျှင် -

"မင်းဟာ အရည်အချင်းမရှိတဲ့ကောင်ပဲ။ ဘယ်တော့မှပညာရှင်ဖြစ်လာမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ထစ်ခနဲဆိုလက်ပါချင်နေ့၊ မင်းမှာဘာနှလုံးရည်ရှိလဲ၊ ကာယကိုပဲအားကိုးတဲ့ကောင် ဉာဏ်ဆိုတာအဝေးကြီး"

ဟူ၍ အမြဲဆုံးမလေ့ရှိ၏။

"ဘယ်တော့မှ ဉာဏ်နဲ့မရှင်းတတ်ဘူး"

ဟူသော စကားသည် ကျွန်ုပ်၏ နှလုံးအိမ်တွင်အမြဲတည်နေတော့၏။

ဆရာ၏ သွန်သင်ဆုံးမမှုများသည် ကျွန်ုပ်အတွက် ဉာဏ်မမီခဲ့ပါ။ အလွန်အဆင့်မြင့်သောစကားများ၊ စကားပုံများ၊ ဥပမာများနှင့် ဆုံးမတတ်သော်လည်း ကျွန်ုပ်မှာဉာဏ်မမီခဲ့ပါ။ လိုက်နာနိုင်သလောက်သာ လိုက်နာခဲ့ရပါသည်။

သူများမလုပ်နိုင်တာကို လုပ်ရမယ်ဟူသောစကားကိုတွင်တွင်ပြော၏။ ယခုလို သည်းခံလျှင် ဆရာအလွန်သဘောကျပြီးပြုံးနေတတ်၏။

ဆရာခိုင်းသလို -

ရေလိုလည်းကျင့်ပါသည်။

မြေလိုလည်းကျင့်ပါသည်။

ယခုကိစ္စကိုကြည့်ပါ။

လာချိန်သည် အင်္ဂါအခါ ဖြစ်၏။

အလွန်ရန်ဖြစ်တတ်သောအခါများထဲမှတစ်ခုဖြစ်၏။

ယခု အခါအလိုအရ ကျွန်ုပ် သူ့ကို အနိုင်အထက်ပြောလိုက်၍ရပါသည်။ အနာဂတ်တိုင်တွင် ကျွန်ုပ်၏နာမည်သည် တိုင်ထိပ်ရောက်သော 'သူရဋ္ဌ' အခါ ဖြစ်သွားပါပြီ။

သို့သော် -

ထိုနဝင်းကြာသပတေးသည် အခိုက်စနေ၏အရှိန်ကို လုံးဝခံနိုင်မည်မဟုတ်ပါ။ အနိုင်နှင့်သွားလျှင် ကျိန်းသေသည်။ အခိုက်က လှမ်း၍အစွမ်းပြချေတော့မည်။

ငြိမ်သက်ခြင်းဖြင့်သွားလျှင် ထိုအခိုက်စနေသည် ကြာသပတေးအတွက် အထောက်အကူပင်ဖြစ်သွားနိုင်၏။

| | | | |
|---|---|---|---|
| | ၀ | | နဝင်း - ၅ - နာမည် |
| | ၄ | | ၂ |
| | ၁ | | ၆ |
| ယခု | ၃ | အင်္ဂါ→သူရဋ္ဌ | ၁ အနာဂတ် |
| | ၆ | | ၄ |
| | ၂ | အခိုက် - | ၀ |
| | ၅ | | ၃ |

လာမည့်အနာဂတ်တိုင် သူရဋ္ဌတွင် နဝင်းရှိကြာသပတေးသည် အခိုက် စနေနှင့်မကင်းနိုင်တော့ပါ။ မလွတ်နိုင်တော့ပါ။ ထိုအခါအင်္ဂါအခါတွင် ကျွန်ုပ်ကတစ်ဖက်သားအား စိတ်ဆင်းရဲမိစေခဲ့သည် ဟူငြားအံ့။

ကျွန်ုပ်၏လုပ်ရပ်သည် လေလာရာအရပ်သို့ ဖုန်မှုန့်နှင့်ပက်လိုက်သည်သို့နှယ်သာဖြစ်တော့မည်တည်း။

❑

ထို့ကြောင့် -

ပညာရပ်တစ်ခုသည် ရှောင်ရန်၊ ဆောင်ရန်များကို လိုက်နာခြင်းဖြင့် ကောင်းကျိုးမင်္ဂလာများဖြစ်လာစေသည်ဟု ကျွန်ုပ်တွေးရင်း ပြုံးနေလိုက်ပါသည်။

ထိုသို့ဖြစ်ပြီး မကြာပါ။

တစ်ပတ်အတွင်းတွင် ထပ်ကြုံလာပြန်၏။

ယခုတစ်ခါကြုံသည်မှာ ကျွန်ုပ်က အရဖြစ်ပါသည်။

လွန်ခဲ့သော (၂) လနီးပါးခန့်က-

ဘယ်လိုမှရောင်းမထွက်သော မြို့ထဲမှတိုက်ခန်းတစ်ခုအား ကျွန်ုပ်ဓာတ်ရိုက်ထုတ်လိုက်ရာ (၂) လမပြည့်ခင် ထိုတိုက်ခန်းထွက်သွားပါတော့သည်။ တိုက်ခန်းကို ထွက်အောင်ကြိုးစားခဲ့ကြသည်မှာ (၃) နှစ်ကျော်ပြီဖြစ်ပြီး မည်သည့်နည်းနှင့်မျှမထွက်ခဲ့ပါ။

ကျွန်ုပ်ထံသို့ ထိုတိုက်ခန်းပိုင်ရှင် လူမျိုးခြားအဘွားရောက်လာစဉ်က အိမ်တွင် သူ၏ညီမတော်သူသည် လွန်ခဲ့သော (၆) နှစ်လောက်က ဆုံးသွားကြောင်း၊ အရိပ်များတွေ့ရကြောင်း၊ တစ်ခါတစ်ခါ အသံများကြားရကြောင်း အဘွားက သူ့ဟာသူပြောပြနေ၏။ သူ့ကိုအိပ်မက်ပေးလျှင် မကျေနပ်သောအမူအရာအမြဲပြကြောင်း ပြော၏။

"သူက ဟိုတုန်းကထဲက ဒီအိမ်ကို မရောင်းချင်ဘူး။ သူနဲ့ငါနဲ့ အသက်ကြီးရင် လှူဖို့တန်းဖို့ထားမယ်ဆိုပြီးအမြဲပြောတယ်"

ဟု ပြော၏။ ဘယ်ဓာတ်မှရိုက်၍ မရကြောင်း ပြော၏။

ကျွန်ုပ်သိလိုက်ပါသည်။

ဤတိုက်ခန်းဓာတ်ရိုက်၍မရပါ။

"ဘုရားဆောင်ရှေ့ ခုံဘစ်လုံးချပုလင်းတစ်လုံးတင်ပြီး အမွှေးတိုင်(၃)တိုင်ထည့်ထွန်း၊ နေ့တိုင်းလုပ်ရမယ်နော်။

ပြီးရင် သူ့နာမည်ခေါ်၊ နင့်အတွက် ဘုရားကို အမွှေးနံ့သာများတစ်ဆင့်လှူပေးပါတယ်။ နင်ကတစ်ဆင့် ဘုရားရှင်ကိုပူဇော်ပါ။ ဒီအိမ်ကိုရောင်းတော့မယ်။ နင်လက်ခံနိုင်တဲ့သူမျိုးကို နင့်ဟာနင်လက်ခံပါ။ ရှာဖွေခေါ် မယ်ဆိုလည်းခေါ်ပါ။ အိမ်ထွက်ပြီဆိုတာနဲ့ နင့်အတွက် သံဃာတော်အရှင်သူမြတ်ငါးပါးကို သင်္ကန်းလှူပေးပြီး အမျှဝေပါ့မယ်"

ဟု ပြောခိုင်းရပါတော့သည်။

မည်သည့်နည်းနှင့်မျှ ရောင်းမရသောတိုက်ခန်းထွက်သွားတော့၏။

အဘွားသည် သင်္ကန်းကို ဘယ်လိုလှူပေးရမည်ကိုလာမေးရင်း၊ တိုက်ခန်းထွက်သွားကြောင်း အားရဝမ်းသာလာပြောရင်း ကျွန်ုပ်ကို ကတ္တီပါဘူးအနီဝိုင်းလေးတစ်ခုလှမ်းပေးပါသည်။

ကျွန်ုပ်ကယူပြီးဖွင့်ကြည့်လိုက်ရာ အလွန်မှ လက်ရာမြောက်သော တရုတ်နဂါးပုံလက်စွပ် ဖြစ်၏။ မျက်လုံးမှာ ပတ္တမြားလေးများတပ်ထား၍ ရဲရဲနီနေ၏။

ကျွန်ုပ်သက်ပြင်းချလိုက်ပါသည်။

ကျွန်ုပ်၏ကံသည် ရွှေ၊ ရွှေရောင်ပစ္စည်း၊ အနီရောင်ပစ္စည်း လုံးဝဝင်၍မရသောကံဖြစ်နေပါသည်။

ကျွန်ုပ်သည် ပညာကို အလွန်ချစ်၊ အလွန်ရှိသေသူဖြစ်ရာ ကျွန်ုပ်အတွက် ဘာလုပ်ရမှန်းပင်မသိတော့။

ရွှေဝင်၍ မရသည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

# ရေတိမ်အတွက် မျက်စဉ်းဆေး

ကျွန်တော့်ရဲ့ မိတ်ဆွေကြီး ဦးဌေးကြိုင်မှာ ရေတိမ်ရောဂါရှိပါတယ်။ ဖြစ်တာမှ တစ်လုံးတည်းမဟုတ်ပါဘူး။ မျက်စိနှစ်လုံးစလုံးဖြစ်တာပါ။ ရေတိမ်ရောဂါဟာ ခွဲစိတ်မှုမမြန်ရင်လည်း မျက်စိကွယ်တတ်တယ်လို့ပြောပါတယ်။ ဦးဌေးကြိုင်ဟာ ညာဘက်မျက်လုံးခွဲစိတ်ခဲ့ပေမယ့် အချိန်လွန်သွားလို့ ဘာမှမမြင်ရတော့ပါဘူး။ ဒါကြောင့် ဘယ်ဘက်ကို ဆက်ပြီးခွဲလိုက်လို့ အချိန်မီတာနဲ့ ဘယ်ဘက်မျက်စိတော့ကောင်းပါတယ်။

နောက်ပိုင်းမှာ အဲဒီဘယ်ဘက်မျက်စိတောင် မှုန်ဝါးဝါးဖြစ်လာတာကြောင့် လိုရာခရီးကို ကျွန်တော်ကတွဲပြီး ခေါ်ရပါတယ်။

ကျွန်တော်က -

"ခင်ဗျား၊ လမ်းတောင်မမြင်ရဘူးလား"

"မြင်တော့မြင်တယ်။ ဝါးတားတားဖြစ်နေတယ်ဗျ"

ဒီလိုနဲ့ (၁) လလောက်အကြာမှ ဦးဌေးကြိုင်နဲ့ ကျွန်တော်ပြန်ပြီး ဆုံပြန်တယ်။ ဒီတစ်ကြိမ် ကျွန်တော်တွဲပြီး မခေါ်ခင် သူက -

"အခု ဝါးတားတားဖြစ်တဲ့မျက်စိက ကြည်လင်ပြီးလင်းသွားတာပဲ။ ဆရာတွဲပြီး ခေါ်စရာမလိုတော့ဘူး။

"ဟုတ်လှချေလား။ လုပ်ပါဦး ဘာဆေးတွေနဲ့တည့်သွားတာလဲ"

"ဆေးနည်းက လွယ်လွယ်ကလေးပါ။ ဆရာကြားရရင် ယုံမှာတောင် မဟုတ်ဘူး။ ကျွန်တော်ကတော့ မြန်မာ့ဆေးမြီးတိုနဲ့ပျောက်ခဲ့တာခင်ဗျ။ ရေတိမ်ဖြစ်ပြီး မျက်စိမြင်ကွင်းမှုန်ဝါးနေရင် ကျွန်တော့်ဆေးနည်းလေးပြောပြပါ့မယ်။ ငွေတစ်ပြားမှမကုန်ဘဲ ဖော်စပ်လို့ရပါတယ်။ ဆေးနည်းက ထမင်းကြမ်းခဲ ကွမ်းသီးစေ့လောက်ကို ဖန်ဘူးထဲသည့်၊ ရေစိမ်၊ ညသိပ်ထား။ မနက်ရောက်ရင် အဲဒီထမင်းကြမ်းခဲရေစိမ်ကို ပိုက်သန့်သန့်နဲ့စုတ်၊ မျက်စိကို တစ်နေ့သုံးကြိမ်ခတ်ပေတော့။ (၃) ရက်လောက်ဆိုဆေးစွမ်းပြပြီး ကြည်ကြည်လင်လင် ပတ်ဝန်းကျင်ကိုမြင်ရပါလိမ့်မယ်။

ဒီအကြောင်းကတော့ ကျွန်တော့်မိတ်ဆွေပျောက်ကင်းခဲ့တဲ့ဆေးနည်းပါပဲ။ ရေတိမ်ဖြစ်တဲ့လူတွေအတွက် အဖိုးနည်းဝန်ပါဆေးနည်းလေးကို အများသိစေဖို့ တင်ပြလိုက်တာပါ။

(ဆေးနည်းပြောပြသောမိတ်ဆွေကြီး ဦးဌေးကြိုင်အား ကျေးဇူးတင်စွာဖြင့်)

စိုးထွန်း(ဥပဒေ)

---

ထို့ကြောင့်မယူပါဟု ဆိုလိုက်သောအခါ အဘွားသည် မျက်စိမျက်နှာပျက်သွားပြီး-

"ဘာလဲဆရာ၊ ငါကနင့်ကိုကျေးဇူးအရမ်းတင်သွားတာလေ။ နင်စွမ်းတယ်၊ နင်လုပ်နိုင်တယ်။ ငါ့အိမ်ကိုနင်လုပ်လိုက်တာထွက်သွားပြီ။ ဒါကြောင့် နင့်ကို ငါကျေးဇူးတင်တာ။ ကျေးဇူးတင်လို့ ငါပေးတာလေ။ နင်ဘာလို့ငြင်းတာလဲ။ နင့်လိုမျိုးငါမတွေ့ဖူးဘူး။ ပေးတာကိုမယူတဲ့ဟာမျိုး ငါမတွေ့ဖူးဘူး။ ဘာဖြစ်တာလဲ။ ဒါအဖိုးတန်တယ်လေ။ နင်ဘာလို့ငြင်းတာလဲ"

ဟူ၍ခပ်မာမာပြောပါတော့သည်။

ဘေးမှပါလာသော သူ့သမီးက -

"အမေက ပြောတယ်။ ဆရာသိပ်တော်တာပဲ။ ငါရောင်းချင်နေတာကြာပြီ။ သူလုပ်ပေးလိုက်တယ်။ ဆရာ့ကို ငါကျေးဇူးဆပ်ချင်လို့ နဂါးလက်စွပ်တစ်ကွင်းဝယ်ပေးစမ်းဆိုပြီးဝယ်ခိုင်းပြီး ယူလာတာ။ အမေက ဆရာ့ကိုတကယ်လေးစားတာပါ။ အမေက လူတစ်မျိုး။ သူဒါမျိုးဘယ်သူ့ကိုမှမပေးဘူး။ တကယ်လေးစားလို့ သူဝမ်းသာပြီးပေးတာ"

ဟု ပြော၏။

ကျွန်ုပ်ကလည်း ရှောင်၍မရသော ကံကို သေချာရှင်းပြရ၏။

အဘွားသည် ကျွန်ုပ်ကို ပြုံးကြည့်လိုက်ပြီး-

"ဘာလဲ၊ နင့်ကိုအောက်လမ်းနဲ့လုပ်မှာကြောက်လို့လား၊ သေချာကြည့်ပါဦး"

"ဟာ - မဟုတ်ရပါဘူး အဘွားရယ်။ ကျွန်တော့်ကံမှာ. . ."

"မတွေ့ဖူးဘူး ဒါမျိုး။ ကဲကဲ - ပြီးရော ပြီးရော"

ဟု ခပ်မာမာပြောရင်း မျက်နှာလွှဲထားလိုက်ပါတော့သည်။ သူ့သမီးက ကျွန်ုပ်လက်ခံရန် မျက်ရိပ်လှမ်းပြနေ၏။

တစ်အောင့်လောက်အကြာတွင် သဘောဖြူကာ တဲ့တိုးပြောတတ်သော အဘွားသည် ဘာမပြောညာမပြော ထပြန်သွားလေတော့၏။ စိတ်ဆိုးသွား၏။

ပေါ်လာပါသည်။

ပြေးမလွတ်ပါ။ စနေသည် မဖြစ်မနေ ပေါ်တော့ပေါ်လာပါသည်။

ပထမ အင်္ဂါအခါတွင် ငြိမ်သက်ခြင်းများစွာနှင့် ဖြတ်သန်းခဲ့၍ အနာဂတ်တိုင် သူ့ရဋ္ဌအခါတွင် နဂါးပုံကြဲဖန်ပေါ်လာရပါသည်။ စနေသည် ပြေးမလွတ်ပါ။

ကျွန်ုပ်ကို ဒုက္ခမပေးသော စနေဖြစ်၏။

ကျွန်ုပ်အတွက် အဖိုးတန်သော စနေအဖြစ်ပေါ်လာခြင်း ဖြစ်၏။

ကောင်းခြင်းနှင့်ပေါ်လာခြင်းဖြစ်၏။

သို့သော် -

ပညာကိုရှိသေသော -

ပညာကိုဆန့်ကျင်ခြင်းမပြုရဲသော ကျွန်ုပ်အတွက် နဂါးက ပြန်ထွက်သွားရပါတော့သည်။ ဒုက္ခပေးမသွားပါ။

❑

ပညာရပ်များဟူသည် -

ကြောင်းကျိုးဆက်နွယ်လျက်ရှိကြောင်း -

ဖြစ်မည်ဆိုလျှင် ဖြစ်ကိုဖြစ်တတ်ကြောင်း -

ရှောင်တတ်၊ ဆောင်တတ်ရန်သာလိုကြောင်း -

မြင်ရတွေ့ရကြုံရဆုံရလေးများထဲမှ အမှတ်ရစရာလေးများကို ပြန်ပြောင်းသတိရရင်း -

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

အောင်စကြာကျောင်း
ဆရာတော်ဘုရား. . .

တပည့်တော် မဟာဘွဲ့ရ မူလတန်းပြဆရာမတစ်ဦး ဖြစ်ပါတယ်ဘုရား။

သူရဋ္ဌမဂ္ဂဇင်းကိုလည်း လစဉ်မပြတ် မှန်မှန်ဖတ်ရှုပါတယ် ဘုရား။ မှတ်သားစရာတွေပါရှိရင်လည်း မှတ်စုစာအုပ်လေးမှာ ရေးမှတ်ထားပါတယ်ဘုရား။

ဦးတင်ပါသည် ဘုရား။

တပည့်တော်မမှာ လွန်ခဲ့တဲ့(၁)နှစ်ခန့်က လိပ်ခေါင်းဝေဒနာ (PILES) လို့ခေါ်တဲ့HEMORRHOIDS စတင်ခံစားရပါတယ်ဘုရား။

စာတွေဖတ်ပြီးအညောင်းထိုင်များလို့ ဝမ်းချုပ်ရာကနေပြီး ဤဝေဒနာကို ခံစားရပါတယ် ဘုရား။

ပထမ ဆေးမြီးတိုတွေနဲ့ပြောသူ့ကပြောပြလို့ လုပ်ကြည့်ပါတယ် ဘုရား။ မသက်သာပါဘူးရား။

ဒါနဲ့ပဲ အမျိုးသမီးဆရာဝန်နဲ့ပြသပါတယ်ဘုရား။

အမျိုးသမီးဆရာဝန်မက သဘောကောင်းပါတယ်ဘုရား။ လိပ်ခေါင်းဝေဒနာဖြစ်ရခြင်းအကြောင်းများကိုလည်း စိတ်ရှည်ရှည်နဲ့ ရှင်းပြပါတယ် ဘုရား။

ဒီဝေဒနာဖြစ်ရခြင်းအကြောင်းရင်းတွေကရှတော့ ကိုယ်ဝန်ဆောင်အမျိုးသမီးများဝမ်းချုပ်တတ်ခြင်း၊ ကြာကြာအညောင်းထိုင်ခြင်း၊ အိမ်သာ(ရေအိမ်)မှာကြာကြာထိုင်ခြင်း၊ အရမ်းအဝလွန်ခြင်း၊ အသည်းကျွတ်ရောဂါဖြစ်နေရခြင်း၊ ပြင်းပြင်းထန်ထန်ဝမ်းလျှောရခြင်း၊ အသားနှင့်အဆီများအစားများရခြင်း၊ ဟင်းသီးဟင်းရွက်များမစားသုံးခြင်း၊ အူမကြီးရောဂါဖြစ်နေရခြင်း၊ စိတ်ဖိအားများနေခြင်း၊ စအိုဝကိုလိင်ဆက်ဆံလေ့ရှိခြင်းစသည်စသည့်အကြောင်းများကြောင့်ဖြစ်ရတယ်လို့ ပြောပြပေးပါတယ်ဘုရား။

ယခု တပည့်တော်မမှာ ဖြစ်ရတဲ့ဝေဒနာကတော့ အညောင်းထိုင်များပြီးဝမ်းချုပ်လို့ဖြစ်ရပါတယ်ဘုရား။

ဆရာဝန်မက တပည့်တော်မကိုသေသေချာချာ လက်အိတ်စွပ်ပြီးစစ်ဆေးပေးပါတယ် ဘုရား။

အတွင်းလိပ်ခေါင်းနဲ့ အပြင်လိပ်ခေါင်း (၂) မျိုးရှိတယ်လို့ ပြောပြပါတယ်ဘုရား။ စအိုဝမှာ နာကျင်ကိုက်ခဲပါတယ်။ ခမြင်းထွေခံလို့ညှစ်ပြီးဝမ်းသွားရတာ ပိုမိုဆိုးဝါးပါတယ် ဘုရား။

တစ်ခါတစ်ရံ ယားယံတတ်ပြီးနေရထိုင်ရခက်ပါတယ် ဘုရား။ သွေးယိုတာတော့ မဖြစ်ပါဘူး ဘုရား။

ဆရာဝန်မက မြန်မြန်ပျောက်ချင်ရင်တော့ ဆေးရုံတက်ပါတဲ့။ သူကိုယ်တိုင် လိပ်ခေါင်းကို ဖြတ်တောက်ပေးပါမယ်တဲ့ဘုရား။

အောင်စကြာ

# အရှင်သုစမ္မသာရ

## လိပ်ခေါင်းရောဂါပျောက်ကင်းခြင်း

(သိဒ္ဓိဝင်ပုဒ်ရည်နောက်ဆက်တွဲဓောင်းပါး)



www.burmeseclassic.com

www.burmeseclassic.com

စေတနာလည်း ကောင်းပါတယ် ဘုရား။ အခကြေးငွေလည်းမယူပါဘူးတဲ့ ဘုရား။

တပည့်တော်မက ဆေးရုံတက်ရမှာ ကြောက်ရွံ့ပါတယ်ဘုရား။ ခွဲစိတ်ဖြတ်တောက်ကုသရမှာကိုလည်း အလွန်ကြောက်ရွံ့ပါတယ်ဘုရား။ သတ္တိနည်းပါတယ်ဘုရား။

ဒါနဲ့ပဲ မခွဲမစိတ်ဘဲ ဆေးရုံမတက်ဘဲ အိမ်သို့ပြန်လာခဲ့ပါတယ် ဘုရား။

တပည့်တော်တို့အိမ်ကို နေ့စဉ်နေ့တိုင်း ဆွမ်းခံကြွတော်မူတဲ့ ရဟန်းအိုတစ်ပါးရှိပါတယ်ဘုရား။

တပည့်တော်မခံစားနေရတဲ့ရောဂါဝေဒနာကို သိရှိသွားပါတယ် ဘုရား။

ဘုန်းကြီးကိုယ်တိုင် လိပ်ခေါင်းရောဂါဖြစ်ဖူးကြောင်း ပြောပြပါတယ် ဘုရား။

ပြီးတော့ လိပ်ခေါင်းရောဂါနဲ့ပတ်သက်ပြီး ဆေးနည်းပေးပါတယ် ဘုရား။

ဘုန်းကြီးကလည်း တပည့်တော်မတို့နဲ့ ဆွေမျိုးတော်ပါတယ် ဘုရား။

ဆွမ်းခံဘုန်းကြီးပေးတဲ့ ဆေးနည်းကတော့ -

၁။ ကြွက်သွန်နီအစိမ်းရည် (၂) ဇွန်း၊
၂။ သကြား (၁) ဇွန်း၊
၃။ ပျားရည်က (၂) ဇွန်း

(၃) မျိုး ရောစပ်ပြီးတော့ တစ်နေ့ (၃) ကြိမ် သောက်ခိုင်းပါတယ် ဘုရား။

ရှားစောင်းလက်ပပ်အနှစ်ကိုခြစ်ပြီး စအိုဝမှာအုံခိုင်းပါတယ်ဘုရား။

သလဲသီးအခွံကိုရေနဲ့ပြုတ်၊ အဲရည်စစ်ယူပြီး တစ်နေ့ (၂) ကြိမ် သောက်ခိုင်းပါတယ်ဘုရား။

ပျားရည်သောက်လို့ ဝမ်းပျော့ပျော့မသွားရင် ထန်းလျက်နဲ့ မန်ကျည်းသီးအမှည့်ကို စိမ်ခိုင်းပြီး မန်ကျည်းဖျော်ရည်သောက်ရပါတယ်ဘုရား။

ဆေးတွေသောက်ပြီး တစ်ပတ်ခန့်ကြာတော့ တော်တော်သက်သာသွားရပါတယ်ဘုရား။

(၁၀) ရက်ခန့်သောက်ပြီးတော့-

၁။ ပျားရည်လက်ဖက်ရည်ဇွန်း(၂)ဇွန်း၊
၂။ သံပရာရည်လက်ဖက်ရည်ဇွန်းနှင့် (၃) ဇွန်း

(၂) မျိုးရောပြီး တစ်နေ့ (၃) ကြိမ် (၇) ရက်သောက်ရပါတယ်ဘုရား။

ယခုတော့ ဘုရားတပည့်တော်မ လိပ်ခေါင်းရောဂါ လုံးဝကင်းစင်ပျောက်ကင်းသွားရပါပြီဘုရား။

ဆရာတော်ရဲ့ သိဒ္ဓိဝင်ပျားရည် ဆောင်းပါး စာအဖြစ် ဆက်လက်ပြီး ရေးသားနိုင်ဖို့ တပည့်တော်ရဲ့ ကိုယ်တွေ့ လိပ်ခေါင်းရောဂါပျောက်နည်းဆေးနည်းကိုပါ ရှိသေစွာ၊ လေးစားစွာ ရေးသားပေးပို့လိုက်ပါတယ် ဘုရား။

ဘုန်းကြီးက လူ့ဘဝတုန်းက တိုင်းရင်းသမားတော်ကြီး ဖြစ်ပါတယ် ဘုရား။

ဘုန်းကြီးမှာတာတွေရှိပါသေးတယ် ဘုရား။

၁။ ငရုတ်သီးအစပ်တွေမစားပါနဲ့။
၂။ ကြာကြာအညောင်းမထိုင်ပါနဲ့။
၃။ ဝမ်းချုပ်မခံပါနဲ့။
၄။ စိတ်သောကဖြစ်နေရင် ဖျောက်ပါ။
၅။ အဆီအဆိမ့်တွေသိပ်မစားပါနဲ့။
၆။ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်စားပါ။
၇။ မုန်လာဥနီကို အစာမစားခင်ဝါးစားပါ။
၈။ အမျှင်ပါသော အစားအစာများ စားပေးပါ။

ရေအိမ်မှာသုံးတဲ့ရေကို သန့်သန့်ထားပေးပါ။ စက္ကူသုံးရင်လည်း နူးနူးညံ့ညံ့ TISSUE ကိုသာ သုံးပါတဲ့။

အကောင်းဆုံးကတော့ ရေအိမ်မှာ ရေသန့်သန့်ထားပြီးသုံးပါ။ ဆပ်ပြာသုံးပါတဲ့။

ပြီးတော့ နေ့စဉ်မှန်မှန် -

၁။ နွားနို့ချက်ပြီး လက်ဖက်ရည်ခွက် (၁) ခွက်၊
၂။ ပျားရည်လက်ဖက်ရည်ဇွန်း(၂)ဇွန်း ရောပြီး ညအိပ်ရာဝင်တိုင်းမှာ သောက်ပါတဲ့။ အိပ်ရေးလည်းဝပါတယ်။ လူလည်း ကျန်းမာပါတယ်တဲ့ ဘုရား။

ဘုရားတော်မ အရှင်ဘုရားရဲ့ သိဒ္ဓိဝင်ပျားရည် ဆောင်းပါးများလည်း စုဆောင်းထားပါတယ်။

အခြားသော ပုဂ္ဂိုလ်များကိုလည်း မျှဝေ၍ ပြောပြပေးပါတယ် ဘုရား။

ဆရာတော် သာသနာအသက်ရှည်ရှည်နဲ့ပြုနိုင်ပါစေဘုရား။

မသဇင် (ဝိဇ္ဇာဘွဲ့)
မူလတန်းပြဆရာမ၊
တောင်ငူမြို့။

အောင်စကြာ
အရှင်သုမင်္ဂလာရ
အငြိမ်းစားကျန်းမာရေးမှူး

## နတ်မောက်မင်းသန့်နိုင်
# နွားနာလောက်တက် ဆေးကုချက်

စက်မှုလယ်ယာထွန်းကားတိုးတက်လာသည်မှန်သော်လည်း မြန်မာ့လယ်ယာမြေလုပ်ငန်းခွင်တွင် ကျွဲ၊ နွား၊ မြင်းတို့ကို ယနေ့တိုင် လက်လွှတ်မရသေးဘဲ အသုံးပြုနေရဆဲ ဖြစ်ပါသည်။

ထိုခိုင်းကျွဲ၊ ခိုင်းနွားများတွင် လုပ်ငန်းခွင်၌ မတော်တဆ ထိခိုက်မိ၍သော် လည်းကောင်း၊ အချင်းချင်းတိုးဝှေ့တိုက်ခိုက်ရာမှ လည်းကောင်း ထိခိုက်ဒဏ်ရာရရှိတတ်ပါသည်။ ထိခိုက်ပေါက်ပြဲဒဏ်ရာရရှိသည်ကို သခင်ဖြစ်သူ မသိမမြင်သဖြင့် ဆေးကုသမှုမပေးနိုင်လျှင် ရက်ကြာလာသောအခါ ပိုးဝင်လောက်တက်ပြီးအနံ့ဆိုးထွက်လာပါသည်။ ပိုးဝင်လောက်တက်မှ အနံ့ဆိုးထွက်လာသဖြင့် သခင်ဖြစ်သူမှ အမြန်ဆုံးရောဂါမကျမ်းမီ ထိရောက်သော ဆေးကုသချက်ပြုပေးနိုင်ရန်အတွက် တင်ပြရေးသားလိုပါသည်။

တောတောင်ထဲသို့သွားလာစဉ်တွင် မမျှော်လင့်မထင်မှတ်စွာ မြွေအရေခွံလဲထားသည်များဖြူဖြူဖွေးဖွေးလေးတွေ့ကြုံရတတ်ပါသည်။ မည်သည့်မြွေအရေခွံမဆို ဆေးစွမ်းထက်သဖြင့် ကောက်ယူသိမ်းထားဆောင်ထားအပ်ပါသည်။

ကျွဲ၊ နွားများ အနာပိုးဝင်လောက်တက်လျှင် ထိုမြွေအရေခွံလဲကိုလုံးခြေပြီး နွားကို ခွံ့ကျွေးပေးလိုက်ပါ။ ထို့နောက် ဝါးအနု မျှစ်စို့ မျှစ်နုအဖျားအစိမ်းအတိုင်း ညက်စွာထောင်းပြီး အနာပေါ်သို့ ဖိသိပ်ထည့်ပေးပါ။ သို့မဟုတ် အရည်ညှစ်ချပြီး ထည့်ပေးထားပါ။ တစ်ကြိမ်ကျွေး၊ တစ်ကြိမ်ထည့်ပေးရုံဖြင့် သုံးရက်အတွင်း လောက်တက်သောအနာပျောက်ကင်းပါသည်။


အထူးမှာ ဖွေးနာ၊ ယားနာ၊ ဝဲနှင်းခူနာပေါက်လျှင် မြွေပွေးအရေခွံကို ထန်းလျက်နှင့် ရောလုံးစားပေးလျှင် တစ်လအတွင်း ပျောက်ကင်းသည်ကို တွေ့ဖူး၍ကြောင်း တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



# ထွန်းတောက်

## သစ္စာစကား အကျိုးများသည်

သစ္စာသည် အရှိတရား၊ အမှန်တရား၊ ကိုယ်၌ထင်ရှားသောအကြောင်းအရာစသည်များနှင့်သာ သက်ဆိုင်၏။ အသက်ကြီးသည် ငယ်သည်နှင့်မဆိုင်သလို ကိုယ်ကျင့်သီလ၊ သမာဓိ၊ ပညာများပြည့်စုံမှ သစ္စာမြောက်သည်၊ သစ္စာဆို၍ အောင်မြင်သည်ဟုလည်း မယူဆအပ်ပေ။

စာရေးဆရာ၊ ကဗျာဆရာများကဲ့သို့ ဖွဲ့နွဲ့ပြီးဆိုရန်မလိုဘဲ ဇာတ်သမားများဖြစ်ကြသည့် မင်းသား၊ မင်းသမီးများကဲ့သို့လည်း အသံနေအသံထား၊ အသံကျ၊ စည်းကိုက်ဝါးကိုက်ဆိုတတ်ရန်လည်း မလိုပေ။

ကိုယ်တိုင်ဖြစ်ခဲ့ဖူးသော၊ ကိုယ်၌တည်သည့်အကြောင်းအရာစသည်များနှင့်သာ သက်ဆိုင်၍ ထင်ရှားစွာဖြစ်ခဲ့ဖူးသည့် အကြောင်းအရာကိုဆိုခြင်းဖြင့် သစ္စာ၏အောင်မြင်ခြင်း၊ ပြီးမြောက်ခြင်းကိုရောက်သည်။

ထို့ကြောင့် သစ္စာဆိုခြင်းနှင့် ပတ်သက်ပြီးသာ၍ထင်ရှားစေရန်အတွက် ဤ၌ ရေးသားရန် ရွေးချယ်ထားသော အကြောင်းအရာသို့မသွားမီ ဦးစွာ အနိမ့်ဆုံးမှ အမြင့်ဆုံးဟုဆိုရမည့် သစ္စာဝတ္ထုတစ်ပုဒ်ကို ထုတ်ပြဦးမည်။

ထိုအကြောင်းဝတ္ထုသည်ကား -

သီရိဓမ္မာသောကမင်းလက်ထက်တော်က ဂင်္ဂါမြစ်ရေကြောက်ခမန်းလိလိ လွှမ်းတက်လာ၍ မင်းနေမြို့ကြီးတစ်ခုလုံး ရေအောက်သို့ စုံးစုံးမြုပ်ရတော့မည့်အဖြစ်သို့ ဆိုက်ရောက်လာလေသည်။

သီရိဓမ္မာသောကမင်းကြီးသည်ကား နှယ်နှယ်ရရပုဂ္ဂိုလ် မဟုတ်ပေ။ မူလငယ်နာမည် အသောကဖြစ်သည်။ အသောကဟူသည်မှာ သောကမရှိဟု အဓိပ္ပာယ်ရသည်။ ထို့နောက် မိစ္ဆာဒိဋ္ဌိ ဂိုဏ်းဘာသာမှ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာအဖြစ်သို့ကူးပြောင်းလာပြီးနောက်မှ သီရိဓမ္မာသောကမင်းဟူသော ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသည့်ဘွဲ့တော်ကို ခံယူလိုက်သည်။

**သီရိ** - ကျက်သရေ၊ **ဓမ္မ** - တရား၊ **အသောက** - သောကမရှိ။


အနက်ကို ချောအောင်ကြံရပါမူ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပြီး တရား၌တည်သော သောကမရှိသည့်မင်းဟု ဆိုရမည်ထင်သည်။

သီရိဓမ္မာသောကမင်းကြီးသည် ဘုန်းတန်ခိုးကြီးမြတ်တော်မူသောကြောင့် ဇမ္ဗူဒီပအလုံးစုံနှင့် မြေအောက်တစ်ယူဇနာ၊ မြေပေါ်ကောင်းကင်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယူဇနာတိုင်အောင် ဘုန်းကန့်ခိုး လွှမ်းမိုးသော မင်းထူးမင်းမြတ်ကြီး သည်း ဖြစ်တော်မူသည်။

ထို့ကြောင့် ကာလနဂါးမင်းကိုပင် ဘုန်းအာဏာဖြင့်ခေါ်ယူကာ ဘုရားရှင် အဖြစ်ဖန်ဆင်းပြီးပြစေနိုင်ခဲ့သည်။ ၎င်း နည်းအတူပင် ကရဝိက်ငှက်ကိုသည်း သာယာသောအသံဖြင့် တွန်ကျူးစေနိုင် ခဲ့သည်။ ထို့နောက် ကျေးငှက်၊ ရှဉ့်၊ မျောက်စသော အဟိတ်တိရစ္ဆာန်တို့က



www.burmeseclassic.com

www.burmeseclassic.com

အခွန်ဘဏ္ဍာဆက်သသည်ကိုလည်းခံယူနိုင်ခဲ့သည်။

ထိုမျှအထိ အာဏာတန်ခိုးလွှမ်းမိုးကာ ကျက်သရေမင်္ဂလာအပေါင်းတို့နှင့်ပြည့်စုံပြီး တရားဓမ္မနှင့်လည်းညီစွာ အုပ်ချုပ်သည့် သောကကင်းသော မင်းထူးမင်းမြတ်ကြီးသည် ယခုအခါ ဂဂ်ါမြစ်ရေလွှမ်းတက်လာလေရာ ၎င်း၏ ကျက်သရေမင်္ဂလာ၊ ဘုန်းတန်ခိုး၊ တရားဓမ္မများဖြင့်ကြီးစိုးသည့် မင်းထူးမင်းမြတ်ကြီးလည်း မတတ်နိုင်တော့၍ သောကကြီးကြီးရောက်နေရလေသည်။

လက်နက်ဘေး၊ ရန်သူဘေး၊ ဥတုရာသီဘေး စသောဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ဆိုးများ ကျရောက်ခံစားရခြင်းမှာ တိုင်းပြည်ကိုအုပ်ချုပ်ပြီး မင်းလုပ်နေသူနှင့်သာ တိတိကျကျကြီးသက်ဆိုင်နေသောကြောင့် ပြည်ပိုင်ဆံဦး မင်းထူးမင်းမြတ်ကြီးဖြစ်သော သီရိဓမ္မာသောကမင်းကြီးမှာ ဤဂဂ်ါမြစ်ရေလွှမ်းတက်လာခြင်းနှင့်ပတ်သက်ပြီး များစွာအခက်တွေ့နေရလေသည်။

ထိုအခိုက်မှာပင် တစ်ယောက်သောသူသည်ပေါ်ထွက်၍လာလေသည်။ ဤဂဂ်ါမြစ်ရေလွှမ်းတက်လာနေသည်ကို တားဆီးခြင်းငှာ သူစွမ်းနိုင်သည်ဟုဆို၏။

ထို့ကြောင့် မင်းကြီးနှင့်တကွ ပြည်သူပြည်သား ဖုန်းတောင်းယာစကာမှ မကျန် အံ့ဩကြရကုန်သည်။ ယုံနိုင်စရာမရှိ။ မဖြစ်နိုင်။ ယုတ္တိမတန် စသည်ဖြင့် စကားစွက်၍ပွက်လောညံသွားလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုစကားကိုဆိုလာသူမှာ ပြည်ကြီးတန်ဆာမ ဗန္ဓုမတီဖြစ်နေသောကြောင့်ပေတည်း။

သို့သော်လည်း ဗန္ဓုမတီသည်ကား အလျှော့မပေးပေ။ အဘယ်ကြောင့်ဆိုသော် သူ၌စွမ်းနိုင်သောအကြောင်းအရာတစ်ခုရှိသည်။ ထို့ကြောင့်လည်း သူကိုယ်သူ ယုံကြည်သည်။ သူကိုယ်သူယုံသောကြောင့်ပင် ထပ်မံ၍ မင်းကြီးအား -

"အရှင်မင်းကြီး၊ ဤဂဂ်ါမြစ်ရေလွှမ်းတက်ခြင်းနှင့် ပတ်သက်၍ စိုးရိမ်တော်မမူပါလင့်။ ကျွန်တော်မျိုးမအားယုံကြည်စွာဖြင့် စွမ်းဆောင်ရန်ကို ခွင့်ပြုတော်မူပါ။ ဤဂဂ်ါမြစ်ရေတစ်မုဟုတ်ချင်းလျှော့နည်းကျဆင်းသွားစေရန် ကျွန်တော်မျိုးမအတွက်အခက်မရှိပါ အရှင်မင်းကြီး"

အချိန်ကား မရှိတော့ပေ။ အရေးသည်ကားနီးနေလေပြီ။ ထို့ကြောင့်ပင် သီရိဓမ္မာသောကမင်းကြီးက -

"ပြည်ကြီးတန်ဆာမ၊ သင်သည် အဘယ်သို့စွမ်းဆောင်မည်နည်း။ ယခုပင်လျှင် ဤဂဂ်ါမြစ်ရေကိုကျစေပါလော့"

သီရိဓမ္မာသောကမင်းကြီး၏အမိန့်တော် အာဏာသံကို နားခံပြီးလျှင်ပင် ပြည်ကြီးတန်ဆာမ ဗန္ဓုမတီသည် သူ၌ထင်ရှားရှိသည့် တစ်စုံတစ်ခုသော သစ္စာစကားကိုဆိုလေသည်။

"ငါသည် ပြည်ကြီးတန်ဆာမဖြစ်ပေသည်။ ပြည်တန်ဆာမဖြစ်သည့်အလျောက် သတ်မှတ်ပိုင်းဖြတ်၍ တောင်းဆိုထားသော ဥစ္စာငွေကြေးကို သာရရှိပါမူ ဘုရင့်သား၊ သူဌေးသား၊ ဆင်းရဲသား ဟူ၍ ခြားနားခြင်းမရှိပါဘဲ လျှတ် တန်းတူရည်တူသာလျှင် ပြုစုပေးပါသည်။ ဤစကားသည် မှန်သောကြောင့်လည်း သစ္စာမည်ပါသည်။ ဤမှန်သောသစ္စာစကားကြောင့်ပင် ဤဂဂ်ါမြစ်ရေသည် တစ်မုဟုတ်ချင်းကျဆင်းပါလော့"

ပြည်ကြီးတန်ဆာမ ဗန္ဓုမတီ၏ သစ္စာစကားအဆုံးတွင် ဂဂ်ါမြစ်ရေသည် လူစကားကို နားလည်သည့်အလား အမောင်းနှာသည့်ကျွဲနွားများပမာ ခဏချင်းရှေးဦးကျိုး၍ လျော့ရာမှနည်းကာ အလုံးစုံကျဆင်းခြင်းသို့ရောက်လေ၏။

ထို့ကြောင့် မင်းကြီးနှင့်တကွ ပြည်သူအပေါင်းတို့ သောင်းသောင်းဖြဖြ ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်လျက် ဗန္ဓုမတီအား ကောင်းချီးများစွာဆိုကြလေ၏။မင်းကြီးလည်း ချီးမွမ်းထောမနာတော်မူ၍ အသပြာထောင်ထုပ်ကို ပြည်ကြီးတန်ဆာမ ဗန္ဓုမတီအား ချီးမြှင့်ပေးသနားတော်မူလေသည်။

ဤမျှလောက်ဆိုလျှင်ပင် ဒါန၊ သီလ၊ ဘာဝနာမြှမှ သစ္စာအကျိုးဖြစ်ထွန်းသည်ဟု မယူဆအပ်ဘဲ ထင်ရှားရှိသော အကြောင်းဝတ္ထုကို မိမိတတ်သလိုတိုင်တည်ပြောဆိုခြင်းသည်ပင် သစ္စာမြောက်သည့်အကြောင်းကို ပြည်ကြီးတန်ဆာမ ဗန္ဓုမတီက သက်သေပြသွားလေပြီ။

ထို့ကြောင့် ဦးတည်ချက်ဖြစ်သည့် စစ်သား (စစ်ဗိုလ်) ဖြစ်သူတစ်ယောက်၏ တိုင်တည်ထုတ်ဆိုဖူးသော သစ္စာအကြောင်းကို ဆက်ကြဦးစို့။

❑

ညနေ (၃) နာရီအချိန်တွင်ဖြစ်သည်။ ရာသီဥတုသည်လည်း သာယာလျက်ရှိသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံးမှသည် အဝေးဆီတိုင်အောင်မြင်နေရ၍ စိမ်းညို့မှိုင်းလျက် ပင်လယ်ဒီလှိုင်းကြီးများသဖွယ် အနိမ့်အမြင့်မညီ အလိပ်လိပ် အခွေခွေ နိမ့်ရာမှ မြင့်မှန်းမသိမြင့်၍ မိုးသားတိုင်အောင်ထိုးဖောက်သွားသော ရှမ်းရိုးမကြီးကိုလည်း တငေးတမော ရှုမြင်နေရသည်။

ယခုအခါသည် မိုးရာသီဖြစ်သောကြောင့် မိုးသားတိမ်စင်တို့ကင်းရှင်းချိန်၌ ပတ်ဝန်းကျင်များသည် လင်းရှင်းရှုံးသာမက ကြည်လင်ပြီးတောက်ပ၍ပင်နေပေသည်။ မှန်ရီရီညို့ဆိုင်းဆိုင်းကောင်းကင်အောက်တွင် စိမ်းလက်ညိုပြာသော တောင်စဉ်တောင်တန်းကြီးများမှာလည်း ကမ္ဘာကျော်ပန်းချီကြီးများရေးသားဖွဲ့သီရန်ပင်ခက်လောက်သည်အထိ ဆွဲဆောင်အား ကြီးမားနေပေသည်။

သို့သော်လည်း ဤရဲဘော်များအစုအဖွဲ့တွင် အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်သော ဗိုလ်ကြီးကိုလေးသည်ကား ထိုထိုမြင်ကွင်းနှင့် ပတ်ဝန်းကျင်အဖြာဖြာတို့ကိုခံစား၍ တက်ကြွရွှင်မြူးနိုင်ခြင်းမရှိပေ။ ငှက်ဖျားဝင်သည်ကို ဆေးရုံတက်ပြီးကုသနေရင်း စစ်သားစစ်ဗိုလ်ဖြစ်သည့်အလျောက် တာဝန်နှင့်ဝတ္တရားများက တောင်းဆိုလာ၍ ဆင်းခွင့်ပြုရန် ဆရာဝန်အား တောင်းပန်ကာ ယခုသည် ခရီးသို့နှင်လာခဲ့ခြင်း ဖြစ်သည်။

ဗိုလ်ကြီး ကိုလေး ဦးစီးသော အကြပ်စစ်သည် (၃၀) ကျော်တို့သည် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် အောင်သပြေရွာကြီးဆီသို့ ဦးတည်ပြီး ခပ်ပြင်းပြင်းလျှောက်လှမ်းနေကြသည်။ ရန်သူအခြေအနေများကိုအကဲခတ်ပြီး ပတ်ဝန်းကျင်ရှုခင်းများကိုလည်းငေးမျှော်ရင်း (၃) နာရီမှ ခပ်ပြင်းပြင်းခရီးနှင်လာကြရာ ညနေ (၆) နာရီခန့်အချိန်တွင် အောင်သပြေရွာကြီးသို့ ရောက်လာကြသည်။

အောင်သပြေရွာကိုရောက်သည်နှင့် ဗိုလ်ကြီးကိုလေးသည် ငြိမ်းအဖွဲ့များအား ခေါ်ယူတွေ့ဆုံကာ ရန်သူ၏သတင်းအချက်အလက်များကို မေးမြန်းစုံစမ်းသည်။ လိုအပ်သော အကြံဉာဏ်များကိုလည်း တောင်းခံသည်။ထို့နောက် ရှေ့ခရီးကိုဆက်ရန် အချိန်အနည်းငယ်လိုနေသေး၍ နားနေကြရင်း ဗိုလ်ကြီးကိုလေးသည် သူ၏မှတ်တမ်းစာအုပ်ကို လှောလှန်ကြည့်သည်။

'ဒုအရာခံဗိုလ်စိန်ဖေ၏ အဖွဲ့... ပူးပေါင်းကာ မန်ဟိုရွာသို့ချီတက်...



www.burmeseclassic.com

www.burmeseclassic.com

မန်ဟိုရွာ၌ ရန်သူအမာခံစိုင်းအောင်ကို ခေါ်ယူလာရန်။ စိုင်းအောင်မှာ သူပုန်များအတွက် ဆက်ကြေးကောက်ပေးခြင်း၊ သူပုန်တပ်များအတွက် တပ်သားအသစ်များစုဆောင်းခြင်းမပြတ်ပြုလုပ်ပေးနေသည်ဟုသိနေရသော်လည်း ၎င်း၏အဆိုပါ(ရန်သူတို့၏အမာခံတစ်ယောက်ဖြစ်သည်ဟူသော)သတင်းအချက်အလက်ကို တိကျခိုင်လုံစွာဖြင့် မရနိုင်သေး၍ သူပုန်ရန်သူတစ်ယောက်ကို ဖမ်းဆီးသကဲ့သို့ ကြမ်းတမ်းစွာ ဖမ်းဆီးခြင်းမပြုဘဲ လိမ္မာပါးနပ်စွာဖြင့်ပင် ခေါ်ယူလာရန်။ ယခု စိုင်းအောင်သည် သူ့အိမ်မှာပင်ရှိနေကြောင်း တပ်နယ်မှူး (ဗျူဟာကြီး) မှ ကြေးနန်းဖြင့် ညွှန်ကြားထားသည်။

မန်ဟိုရွာသည် ရန်သူတို့နှင့် အလွန်နီးကပ်လျက်ရှိနေသောကြောင့် အန္တရာယ်များလွန်း၍ စိုင်းအောင်ကို အနုနည်းဖြင့် ပြောဆိုခေါ်ဆောင်ပြီးနောက် ထိုရွာမှ ချက်ချင်းထွက်ခွာလာရန် စသည်ဖြင့် . . .

ဗိုလ်ကြီးကိုလေး မှတ်တမ်းစာအုပ်ကို ပြန်ပိတ်လိုက်ပြီး စဉ်းစားသည်။ သည်အောင်သပြေရွာမှ ည (၈) နာရီဝန်းကျင်လောက်ထွက်လျှင် မန်ဟိုရွာကို မိုးသောက်အရုဏ်တက်အချိန်ရောက်နိုင်သည်။

ထိုသို့သဘောရှိနေသောကြောင့် ရန်သူ့နယ်မြေထဲသို့လင်းရှင်းသောအချိန်တွင်မသွားလို၍ ယခုအောင်သပြေရွာမှာ ခေတ္တမှုနားနေကြခြင်း ဖြစ်သည်။

စိုင်းအောင်ကိုလည်း လင်းရှင်းသော မနက် စသည့်အချိန်၌ ရွာထဲသို့ ဝင်တွေ့ခေါ်ဆောင်၍အဆင်ပြေနိုင်ဖွယ်မရှိပေ။ မိမိဘက်မှာ (၃၀) ယောက် လူသူလက်နက်အင်အားပါလာသော်လည်း စိုင်းအောင်မှာ သူ့နယ်မြေဖြစ်နေ၍ ကျွမ်းကျင်မှုရှိပြီး ရန်သူများနှင့်လည်း နီးစပ်မှုရှိနေသောကြောင့် သူတင်ကိုယ်တင်တိုက်ပွဲဖြစ်သွားလျှင် ရန်သူဘက်က မိမိတို့ထက် များပြားသောအင်အားဖြင့် ရောက်မလာဟု မပြောနိုင်ပေ။

ထိုသို့သဘောရှိနေ၍ပင် ယခုအောင်သပြေရွာ၌ အချိန်ကိုစောင့်ဆိုင်းရင်းနားခိုနေပြီး ည (၈) နာရီခန့်တွင် အောင်သပြေရွာမှထွက်လျှင် မန်ဟိုရွာကို မိုးသောက်အရုဏ်တက်တွင်ရောက်နိုင်မည်ဖြစ်၍ စိုင်းအောင်အား ရှောင်တခင် ဝင်တွေ့ခေါ်ယူရန်အချိန်ကောင်းဖြစ်ပေမည်။

သို့သော် . . . ဗိုလ်ကြီးကိုလေး ထိုသို့စိတ်ကူးဖြင့်ပုံဖော်ကာ အကွက်ချကြည့်နေခိုက်မှာပင် မိုးကတဖွဲဖွဲ အုန်းအုန်းဖြင့် ရွာချလာလေသည်။ အဟုန်ကြီးပြီး ရွာပါသောကြောင့် ဗိုလ်ကြီးကိုလေး စိုးရိမ်သွားမိသည်။ မိုးတဖြောက်ဖြောက်ဖြင့်သွားရသည်ကို နှစ်သက်သော်လည်း မိုးကြီးလျှင် တောင်ရေ၊ ချောင်းရေများ ဒလဟောကျလာမည်ဖြစ်၍ မန်ဟိုရွာကိုသွားရမည့်လမ်းတစ်လျှောက် တောင်ကျချောင်းများအတန်တန်ရှိနေသောကြောင့် အခက်များစွာတွေ့နိုင်သည်။

အဆိုးဆုံးမှာ အောင်သပြေရွာ၏ အရှေ့ဘက်မှာ (ရွာနှင့်ကပ်လျက်)ရှိနေသော နန်းအက်ချောင်းပင် ဖြစ်သည်။ နန်းအက်ချောင်းမှာ တောင်ကျရေများ၊ ဒလဟောစီးဆင်းနေလေပြီ။ မဖြစ်မနေ နန်းအက်ချောင်းကိုလည်း ဖြတ်သွားကြရပေမည်။

'ဒုက္ခပဲ၊ ဒီည ဒီနန်းအက်ချောင်းကိုသာဖြတ်ကူးပြီးမသွားနိုင်ရင် စီမံချက်တွေလွဲချော်တော့မယ်။ အထက်အမိန့်ကိုလည်း ကျေပွန်အောင် ထမ်းဆောင်နိုင်ခြင်းမရှိဖြစ်ပေတော့မယ်'

ဗိုလ်ကြီးကိုလေး ညည်းတွားလိုက်မိသည်။

ထို့နောက် တစ်အောင့်ကြာအောင် စဉ်းစားရင်း နန်းအက်ချောင်းကိုဖြတ်ကူးရန်အခက်တွေ့နေသောကြောင့် နောက်ညမှ ခရီးဆက်လိုသဖြင့် စိုင်းအောင်အကြောင်းကို ငြိမ်းချမ်းရေးခေါင်းဆောင်အားမေးမြန်းကြည့်ရာ 'စိုင်းအောင်ရွာမှာမရှိပါဘူး' ဟု ဆို၍ အနည်းငယ်မျှ စိတ်သက်သာရာရသွားမိသည်။

ထို့ကြောင့် သည်အကြောင်းကို ဆသရစက်ဖြင့် တပ်နယ်မှူးထံတင်ပြလိုက်ရာ -

"ဘာလို့မရှိရမှာလဲ၊ ငါတိတိကျကျသတင်းရထားလို့သာ မင်းကိုကွက်တိကျအောင်သွားခိုင်းလိုက်တာပဲ။ ဘယ်သူ့စကားကိုမှမယုံနဲ့။ ငါပြောတဲ့အတိုင်းပဲ တိတိကျကျလိုက်လုပ်ပါ။ အခုပဲ အဲဒီရွာ (အောင်သပြေရွာ) က ထွက်လိုက်ကြတော့ ဒါပဲ"

ဗိုလ်ကြီးကိုလေး သက်မတစ်ချက်ကိုချလိုက်သည်။ မတတ်နိုင်၊ စစ်မိန့်ဟူသည်မှာလည်း ကြားဖူးသိဖူးကြသည့်အတိုင်း ရေအူးပေါက်အသည်ကိုမလိုချင်၊ ရေပါသည်ကိုသာ လိုချင်သည် ဟူ၏။

တွေးရင်းက ဗိုလ်ကြီးကိုလေး သက်မတစ်ချက်ကိုထပ်၍ချလိုက်သည်။

ထို့ကြောင့် မိမိမှာ ငှက်ဖျားရောဂါအရှိန်မသေသေး၍ သက်ဆိုင်ရာ တပ်နယ်ဆရာဝန်အားခွင့်ပန်ကာ ထမင်းကိုပင်ကောင်းစွာမစားနိုင်သေးသဖြင့် ဘာလီဖျော်ရည်ကိုသောက်ပြီးသာ အားပြုပြီးထွက်လာခဲ့ရသောအဖြစ်ကိုပင် တဒင်္ဂ၌ မေ့နေမိသည်။ သည်အချိန်၌ ဘူးပေါက်သော်လည်း ရေပါရန်သည်သာ အဓိကကျနေလေသည်။

သို့သော်လည်း သည်အတိုင်းထွက်သွား၍မဖြစ်သေးပေ။ ရေစီးသန်ပြီးရေကျကြမ်းလျက်ရှိနေသော နန်းအက်ချောင်းရေကို ထည့်တွက်ရဦးမည်။ ဤနန်းအက်ချောင်းရေသည် ရဲဘော်တို့အား အမှတ်ထင်ထင် ဒုက္ခကြီးကြီးပေးနိုင်သည့်အနေအထားမှာရှိနေသည်။

ရဲဘော်အားလုံးတို့သည်လည်း ရေကူးသန်ကြသည်ချည်းတော့မဟုတ်ပေ။ ရေကူးမသန်သောရဲဘော်များအဖို့ ရေကျသန်နေသော တောင်ကျချောင်းရေကို ဖြတ်ကူးရာ၌ အခက်များစွာတွေ့ရတတ်ပြီး အသက်အန္တရာယ်လည်းဖြစ်သွားနိုင်သည်။

ထိုသို့တွေးပြီး ဗိုလ်ကြီးကိုလေးသည် ချက်ချင်းပင်အပြောင်းအလဲတစ်ခုကို ပြုလုပ်လိုက်သည်။ တပ်စုတစ်စုအားရန်စီစဉ်ထားသည်ကို လျှော့ချပြီး မိမိ အပါအဝင် လူသန်လူမာ ရေကူးကျွမ်းကျင်သော ရဲဘော်(၁၀)ယောက်တို့ကို လက်ရွေးစင်အဖြစ် ရွေးထုတ်ပြီး ဖွဲ့စည်းလိုက်သည်။ ဤ (၁၀) ယောက်နှင့်ပင် ရည်မှန်းချက်ကို အမြန်ဝင်အမြန်ထွက်ပြောက်ကျားစနစ် ကျင့်သုံးရပေတော့မည်။ ထို့နောက် အစီအစဉ်ကို ဆရာကြီးစိန်ဖေအား ပြောပြလိုက်သည်။

"ဆရာကြီးစိန်ဖေ၊ ကျွန်တော်နဲ့ လက်ရွေးစင် (၁၀)ယောက်ပဲ အမြန်ဝင်၊ အမြန်ထွက်ပြောက်ကျားစနစ်ကိုသုံးပြီး ရည်မှန်းချက်ကိုသွားမယ်။ ကျန်တဲ့ရဲဘော်တွေက နန်းအက်ချောင်းအန္တရာယ်ရှိနေတာကြောင့် ဒီမှာပဲကျန်နေခဲ့ကြပါ။ ဒုတပ်ကြပ်ဉာဏ်လင်းအောင်နဲ့ ရဲဘော် (၃)ယောက်က ငြိမ်းချမ်းရေးခေါင်းဆောင်ကြီးကိုပြောပြ အကူအညီတောင်းပြီး ရွာထဲကကြိုးတွေကိုရသလောက် ယူလာကြပါ။ ဒုတပ်ကြပ်စိန်ဝင်းနဲ့ နှစ်ယောက်တို့က နန်းအက်ချောင်းဖြတ် ဘက်/အောက် တစ်ဖက်ကမ်းမှာရှိတဲ့ သစ်ပင်ကြီးဝါးရုံကြီးများကိုသွားရှာကြပါ"

ဟု သီးခြားစီတာဝန်များခွဲပေး

www.burmeseclassic.com

အပ်လိုက်သည်။

တာဝန်ကျ အကြပ်ရဲဘော်များလည်း အစီအစဉ်အတိုင်း ထွက်ခွာသွားကြသည်။ မိုးရပ်နားခြင်းမရှိသေး၍ နန်းအက်ချောင်းရေသည်လည်း အဟုန်ဖြင့် စီးဆင်းနေဆဲ ဖြစ်သည်။

နာရီဝက်ခန့်အကြာတွင် သစ်ပင်ကြီး၊ ဝါးရုံကြီးများကိုရှာဖွေရန် စေလွှတ်လိုက်သောအဖွဲ့က ပြန်ရောက်လာကြသည်။ သို့သော်လည်း ထင်ထားသလိုဖြစ်မလာခဲ့ပေ။ သစ်ပင်ကြီး၊ ဝါးရုံကြီးများမတွေ့ရသည့်အကြောင်းကို ပြောပြကြသည်။

ထို့နောက် ရွာထဲသို့ ကြိုးများရှာဖွေရန်လွှတ်လိုက်သောအဖွဲ့ရောက်လာကြသည်။ ငြိမ်းချမ်းရေးခေါင်းဆောင်ကြီးက ကူညီတောင်းခံ ရှာဖွေပေးလိုက်၍ ကြိုးများတစ်ထွေးကြီးရလာကြသည်။

ထိုကြိုးများကို တစ်ပင်ချင်းဆက်လိုက်ရာ ပေတစ်ရာကျော်ခန့်ဖြစ်သွားလေသည်။ ကြိုးတစ်စကို သစ်ပင်မှာချည်နှောင်ကာ ရေကူးသန်သည့်ရဲဘော်ငမောက်ကို တစ်ဖက်ကြိုးစကိုင်ပြီး ထိုဘက်ကမ်းကိုကူးစေသည်။ ထို့နောက် ထိုဘက်ကမ်းကိုရောက်လျှင် ကြိုးစကို အဆင်ပြေမည့် (သည်ဘက်ကမ်းမှ မားလွယ်ခွသဖွယ်ဖြစ်နေသည့်) သစ်ပင်မှာ ချည်နှောင်ကာ ကြိုးတန်းဖြစ်အောင် ဖန်တီးလိုက်သည်။

"ကိုင်း - ရဲဘော်တို့၊ အထိုက်အလျောက်တော့ အဆင်ပြေသွားပြီ။ ညလည်းနက်လာပြီ။ (၉)နာရီတောင်ကျော်နေပြီ။ လုပ်ငန်းစကြစို့"

ဟုပြောကာ ကြိုးတန်းကိုအမှီပြုပြီး တစ်ယောက်ပြီးတစ်ယောက် မျော/ ဖောကူးစေသည်။ (၉)ယောက်မြောက်အဖြစ် ဗိုလ်ကြီးကိုလေးကကူးသည်။ နောက်ဆုံးကူးသောရဲဘော် ကမ်းသို့ရောက်လာသည်နှင့် -

"ကိုင်း - အားလုံးပဲ ပင်ပန်းတယ်လို့ သဘောမထားကြနဲ့။ နောက်(၇)မိုင်လောက် ဆက်လျှောက်ကြရဦးမှာ။ မိုးရာသီဖြစ်လို့ လမ်းပျက်တဲ့အတွက် အဲဒီ (၇)မိုင်ခရီးကိုပင် မိုးသောက်အရုဏ်မန်ဟိုရွာကိုရောက်အောင် ကြိုးစားပြီး လျှောက်ကြရမယ့်သဘောရှိနေတယ်။ ဒါကြောင့် ဆက်ထွက်ကြစို့"

"ဗိုလ်ကြီး၊ ခဏလေးနေပါဦး။ ကျွန်တော်တို့ ဗိုလ်ကြီးအပါအဝင် (၁၀) ယောက်ကူးကြတာမှာ အခု (၉)ယောက်တည်းဖြစ်နေလို့ တစ်ယောက်ပျောက်နေပါတယ်။ ဒါကြောင့် ကျွန်တော် လိုက်ရှာကြည့်လိုက်ပါဦးမယ်"

ဟု တပ်ကြပ်ကြီးချက်စိန်အောင်ကပြောလိုက်၍ ဗိုလ်ကြီးကိုလေး စိုးရိမ်သွားရသည်။

တပ်ကြပ်ကြီးချက်စိန်အောင်လည်း မှောင်မှောင်မည်းမည်း မိုးဖွဲဖွဲအောက်တွင် ရဲဘော်များအမည်များကို တိုးတိုးခေါ်ကာ လိုက်ရှာနေသည်။

ချောင်းကိုဖြတ်ကူးလာရ၍ ချမ်းအေးနေကြသည့်အပြင် မိုးဖွဲဖွဲရွာနေပြီး လေအေးလည်းသုတ်ဖြူးနေ၍ ရဲဘော်အားလုံးတို့မှာ ခိုက်ခိုက်တုန်မျှ အအေးဒဏ်ကိုခံစားနေကြရသည်။

"ဆရာကြီး၊ မြန်မြန်လိုက်ရှာပါ။ မန်ဟိုရွာကို မနက် (၄) နာရီလောက် အရောက်သွားနိုင်မှဖြစ်မှာ။ မိုးလင်းသွားရင်တော့ အဆင်မပြေလောက်ဘူးလေ"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး၊ ဗိုလ်ကြီးနားနေပါ"

ဟု ပြောပြီး ဆရာကြီးချက်စိန်အောင် ချောင်းကမ်းနဖူးတစ်လျှောက် တိုးတိုးခေါ်ပြီး လိုက်ရှာနေလေသည်။

ဗိုလ်ကြီးကိုလေးလည်း အတော်လေးပင်စိတ်ပူနေလေပြီ။ ရဲဘော် ရေနစ်ပြီး သေဆုံးလျှင်လည်း ယခုခရီးတွင် ဦးစီးတာဝန်ခံဖြစ်သော ဗိုလ်ကြီးကိုလေးမှာ တာဝန်မကင်းပေ။

"ဆရာကြီး သိပ်ပြီးမအော်နဲ့ဗျ။ ကျွန်တော် ဒီမှာပါ"

ဟု (ပျောက်နေသော) ရဲဘော်ချစ်သောင်းက တိုးတိုးပြောသည်။

"ဟာ-မင်းကဒီမှာဘာလုပ်နေတုံး။ ဒီလောက်ထိ အရေးကြီးနေပါတယ်ဆိုမှ"

"ကျွန်တော်ကြောက်လို့ ဗိုလ်ကြီးကို သတင်းမပို့ရဲတာဗျ။ ကျွန်တော့်သေနတ် ချောင်းထဲကျသွားပြီ"



"ဟာ - ဒုက္ခပဲ ချစ်သောင်းရယ်၊ သွားပြီပေါ့။ ဒီလောက်ထိအရေးကြီးပြီး အလျင်လိုနေတဲ့အထဲ။ မင်းကွာ . . . . တောက်"

"ရပါတယ် ဆရာကြီး၊ ကျွန်တော်လိုက်ရှာနေတာပဲ။ ရေလည်းငုပ်နိုင်ပါတယ်"

"ငုပ်၊ မြန်မြန်"

ဟု ပြောကာ ဆရာကြီးချက်စိန်အောင် ထွက်ခွာလာခဲ့သည်။

"ဟာ - ဆရာကြီး ဘယ်လဲ"

"မင်းသေနတ်ချောင်းထဲကျသွားတဲ့အကြောင်းကို ဗိုလ်ကြီးသွားတိုင်ရမှာပေါ့"

"အဲလိုတော့မလုပ်နဲ့လေ။ဗိုလ်ကြီးသိသွားရင် ကျွန်တော်အထုခံရမှာဗျ"

"ထုထု၊ မတိုင်လို့ရမလားကွ"

"ဒုက္ခပဲ"

ဆရာကြီး ချက်စိန်အောင်လည်း ခပ်သုတ်သုတ်ပင်လျှောက်လာခဲ့သည်။ အနားသို့ရောက်လျှင် ဗိုလ်ကြီးကိုလေးကမေးသည်။

"ဆရာကြီး၊ ဘယ်လိုလဲ"

"ဟိုမှာ ချစ်သောင်း သေနတ်ချောင်းထဲကျသွားလို့ ငုပ်နေပါတယ် ဗိုလ်ကြီး"

"ဟာ - ဒါမှဒုက္ခ"

ဗိုလ်ကြီးကိုလေး အလွန်အမင်းစိုးရိမ်ကာ ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။ ဆရာကြီးချက်စိန်အောင်လည်း ဘာပြောရမှန်းမသိဖြစ်ကာ ကြောင်နေမိသည်။

"အရင်လိုရတဲ့အထဲ အရေးအကြီးဆုံးအဖြစ်ဆိုးကြီးကဖြစ်ရသလားဗျာ။ ကိုင်းကိုင်း - ပေါက်တဲ့နဖူး ဘယ်ထူးတော့မှာလဲ။ ရေငုပ်သန်တဲ့ရဲဘော်တွေလိုက်သွားပြီး ကူငုပ်ရှာလိုက်ကြပါကွာ။ ရေစီးကသန်နေတော့ ကျတဲ့နေရာအောက် အနည်းဆုံး ဆယ်ပေကျော်လောက်မှာရှိနိုင်တယ်။ တောက် - ဒုက္ခပါပဲကွာ"

ဗိုလ်ကြီးအနားမှာ သုံးယောက်မျှသာကျန်နေခဲ့ပြီး အခြားရဲဘော်အားလုံး ဆရာကြီးချက်စိန်အောင်နှင့်လိုက်သွားကြသည်။

ထိုနေရာကိုရောက်လျှင် ဇရာဝတီတိုင်းသား ရေငုပ်ကျွမ်းကျင်သည့် ရဲဘော် ငမောက် အပါအဝင် အခြားရဲဘော်များနှင့်အတူ ဆရာကြီးချက်စိန်အောင်လည်း ကူငုပ်ရလေသည်။

ထိုအချိန်က ဗိုလ်ကြီးကိုလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးသုံးယောက်တို့ တပ်မတော်မှ အငြိမ်းစားယူရန်ရှိနေကြသည်။ စစ်သက် (၂၀) ထမ်းဆောင်ပြီးကြသူများဖြစ်၍ ဗိုလ်ကြီးကိုလေး အပါအဝင် စစ်မှုထမ်းကောင်းတံဆိပ်ရရှိပြီးသူများလည်း ဖြစ်ကြသည်။

ထို့အပြင် ရွှေရတုတံဆိပ်လည်း ရရှိထားကြပြီး ယခုပင်စင်ယူခါနီးတွင် သင်္ဂဟတံဆိပ်ကိုလည်း မျှော်မှန်းထားကြ၏။ မျှော်မှန်းနိုင်သောအနေအထားမှာလည်းရှိကြသည်။ ဤတံဆိပ်သုံးခုလုံးသည် ဂုဏ်ကျက်သရေလည်းကြီးမားသည်။

တပ်မတော်တွင် တာဝန်ထမ်းဆောင်သည်မှ အငြိမ်းစားယူသည်အထိ မလိုလားအပ်သောစည်းကမ်းချိုးဖောက်ခြင်းစသည့် ပြစ်မှုတစ်စုံတစ်ရာမရှိသည့် ရဲဘော်များကိုသာ ဤတံဆိပ်ကိုချီးမြှင့်လေ့ရှိသည်။

ထိုအထဲတွင် သင်္ဂဟတံဆိပ်သည် သာ၍ပင် ဂုဏ်ဟိတ်အကျိုးကျေးဇူးများလေသည်။ အငြိမ်းစားယူပြီး သက်တမ်းတစ်လျှောက်နှင့် အငြိမ်းစားရဲဘော်စသည် သေဆုံးပြီးနောက် ဇနီးဖြစ်သူပါ ဆက်လက်၍ ခံစားပိုင်ခွင့်ရှိလေသည်။

"သွားပြီ . . . ခုတော့။ ရဲဘော်ချစ်သောင်းရဲ့သေနတ်ကိုသာပြန်မရရင်"

စစ်ဗိုလ်၊ စစ်သားအားလုံးတို့သည် ပင် တပ်မတော်မှ ခံစားခွင့်များကို မျှော်လင့်ကြသည်။ ၎င်းတို့မှာ စစ်ဗိုလ်၊ စစ်သားများဖြစ်သည့်အလျောက် အနားပင်စင်ယူသည်အထိ အခြားမည်သည့် ရပေါက်ရလမ်းစီးပွားရေးလုပ်ငန်းများမျှ မရှိကြပေ။

နိုင်ငံ့တာဝန်ကို ထမ်းဆောင်ပြီး နိုင်ငံတော်မှကျွေးသည်ကို စားသောက်ကာ စစ်တိုက်ရင်းဖြင့်ပင် အနားယူလာကြသည်ဖြစ်ရာ အနားယူချိန်တွင်လည်း သက်ကြီးပိုင်းကိုရောက်ပြီဖြစ်၍ စီးပွားရေးမရှိသောကြောင့် နိုင်ငံတော်မှ ပေးကမ်းချီးမြှင့်ထောက်ပံ့ရေးရလဒ်ကိုသာ မျှော်လင့်ကြရသည်။

ယခု ဗိုလ်ကြီးကိုလေးနှင့် ဆိုခဲ့သည့် ဆရာကြီးများမှာလည်း ဤနည်းလည်းကောင်းသာဖြစ်သည်။ သက်ပြည့် (သတ်မှတ်) ပင်စင်ယူကြရတော့မည်ဖြစ်၍ ရိုးသားကျေပွန်စွာဖြင့် ရဲရဲတောက်တိုက်ပွဲဝင်လာကြသော ရဲဘော်များဖြစ်ကြသည့်အလျောက် ထိုထိုဆုတံဆိပ်များနှင့် အခွင့်အရေးထူးကြီးကို ရရှိပိုင်ဆိုင်ကြတော့မည်ဖြစ်၍ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြလေရာ ယခုတော့ ထိုထိုအခွင့်အရေးများဆုံးကြရတော့မည်ထင်ပါရဲ့။

ဤရဲဘော်ချစ်သောင်း၏ရေမျောသေနတ်သည်သာ အပြီးတိုင်ပျောက်ဆုံးခြင်းသို့ရောက်သွားလျှင်လည်း ဗိုလ်ကြီးကိုလေးမှစ၍ အဆင့်ဆင့်အုပ်ချုပ်ရေးမှူးများဟုဆိုရမည့် ထိုထိုဆရာကြီးများ၏ ထိုထိုအခွင့်အရေးများသည်လည်း ရဲဘော်ချစ်သောင်း၏ ရေမျောပျောက်ဆုံးသေနတ်နှင့်အတူ ပျောက်ဆုံးခြင်းသို့ ရောက်သွားရပေတော့မည်။

တွေးရင်းက ဗိုလ်ကြီးကိုလေး သက်မတစ်ချက်ကိုချလိုက်၏။ ထို့နောက် မိမိ၏အနားတွင်ရှိနေသော ရဲဘော်လေးတစ်ယောက်အားသေနတ်ကိုငုပ်ရှာနေကြသည့် ဆရာကြီးချက်စိန်အောင်တို့ထံသို့သွားပြီး အခြေအနေကိုသွားမေးခိုင်းလိုက်သည်။

ရဲဘော်လေးသည် သွက်သွက်ထသွားပြီး ချက်ချင်းပင်ပြန်ရောက်သည်။

"သူတို့ကြိုးစားပြီးငုပ်ရှာနေကြပါတယ်။ အခုအချိန်တော့ မရသေးဘူးလို့ ပြောပါတယ် ဗိုလ်ကြီး"

ဗိုလ်ကြီးကိုလေးမှာတ်ခဲလက်ပတ်နာရီကို ခလုတ်နှိပ်ပြီးကြည့်သည်။ ည (၁၁)နာရီကျော်နေလေပြီ။ ထို့ကြောင့် အချိန်လည်းသိပ်ပြီးမကျန်တော့ပေ။

မပျက်မကွက်ရှေ့ကိုဆက်ရမည့် ရည်မှန်းချက်ခရီးတစ်လျှောက်သည်လည်း လမ်းပျက်ပြီး (၇) မိုင်ကျော်မျှရှိနေသောကြောင့် ယုတ်စွအဆုံး ယခု (၁၀) နာရီလောက်ကို နောက်ဆုံးထားပြီးသွားနိုင်ပါမှ သင့်ရုံကျပေလိမ့်မည်။

သို့သော် ယခုအချိန်အထိလည်း ရဲဘော်ချစ်သောင်း၏ သေနတ်ကို ပြန်မရနိုင်ကြသေးပေ။

ဗိုလ်ကြီးကိုလေးသည် စိုးရိမ်စိတ်များရောထွေးကာ စဉ်းစားနေရင်းက လင်းလက်သောဉာဏ်အမြင်တစ်ခုဖြစ်ပေါ်လာသည်။ ၎င်းမှာ သစ္စာဆိုရန်ပင် ဖြစ်လေသည်။ မိမိ၌ထင်ရှားရှိသော အကြောင်းအရာတစ်ခုကို သစ္စာဆိုပြီး ရဲဘော်ချစ်သောင်း၏သေနတ်ကို ရေငုပ်ရှာဖွေရန်မှတစ်ပါး အခြားမရှိတော့ပေ။

ဤသည်မှာ နောက်ဆုံးအဆင့်၊ နောက်ဆုံးယုံကြည်ချက်၊ မျှော်လင့်ချက်သာ ဖြစ်၏။ ဤယုံကြည်ချက်၊ မျှော်လင့်ချက်သည်သာ မအောင်မမြင်ဖြစ်ခဲ့ပါမူလည်း ဆိုခဲ့သည့် ရလဒ်အားလုံးတို့မှာ ဤချောင်း၊ ဤရေပြင်၌ မြုပ်နှံသင်္ဂြိုဟ်ပြီး ဖြစ်သွားပေလိမ့်မည်။

ဗိုလ်ကြီးကိုလေးသည် အနီးအနားတွင်ရှိသော ကျောက်တုံးကြီးသုံးလေးတုံး၏အလယ်တွင်ပေါက်နေသည့် သစ်ပင်ကြီးတစ်ပင်အနားသို့ကပ်သွားကာ မိမိ၌ထင်ရှားရှိသော ဘာသာရေးယုံကြည်ချက်သစ္စာစကားများကို တိုင်တည်ထုတ်ဆိုရန် ပြင်ဆင်လေသည်။

ဦးစွာ မိမိမှာ ဆေး၊ ထမင်းအဖြစ်သုံးဆောင်မှီဝဲနေသော ဘာလီရည်ကို ပုလင်းထဲမှထုတ်၍ ဖက်ကတော့ဖြင့် ထည့်ပြီး ကျောက်ဆောင်ပေါ်တွင်ဖိတ်စဉ်မကျအောင်တင်သည်။ ထို့နောက် ရေစီးကြောင်းထဲကရေတစ်ခွက်ကိုလည်း ထိုနည်းလည်းကောင်း ဖက်ကတော့ဖြင့် ကျောက်ဆောင်ပေါ်တွင်တင်လိုက်သည်။ ထို့နောက် ဖက်ကြမ်းတစ်လိပ် စသည်ဖြင့် တင်မြှောက်ပူဇော်ကာ ငါးပါးသီလကို အကျဉ်းမျှရွတ်ဆိုပြီး ဆောက်တည်လျက် သရဏဂုံမည်တော်မူသည့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား အာရုံပြုလက်အုပ်ချီကာ တစ်အောင့်ကြာမျှ ငြိမ်သက်နေသည်။

ဗုဒ္ဓါနုဿတိဘာဝနာ၊ ဓမ္မာနုဿတိဘာဝနာ၊ သံဃာနုဿတိဘာဝနာ တရားမြင့် တို့အား ပွားများနေခြင်းပင် ဖြစ်သည်. တစ်နည်း ဗုဒ္ဓါရမ္မဏပီတိ၊ ဓမ္မာရမ္မဏပီတိ၊ သံဃာရမ္မဏပီတိနှင့် တကွ သက်ဆိုင်ရာဈာန်တရားများကို ခေတ္တမျှပွားများအားထုတ်နေခြင်းလည်း မည်လေသည်။

တစ်အောင့်မျှလောက်အကြာမှာပင် မြတ်စွာဘုရားရှင်သည် တပည့်သံဃာများနှင့်တကွ တန်းစီကာ ကြွချီတော်မူလာပြီး နောက်တော်မှလည်း အမျိုးမျိုးသော နတ်ဒေဝါအပေါင်းတို့သည် တန်းစီခြံရံ၍လိုက်ပါလာကြသောကြောင့် အဖုံဖုံအမျိုးမျိုးသောတန်ခိုးဣဒ္ဓိပါဒ်များကို ဗိုလ်ကြီးကိုလေး ကြည်ညိုခွင့် ရရှိလေသည်။

အကာလိကော ဩပနေယျိကော ဟူ၍ ဟောတော်မူသည်ကို အာရုံ၌ ထက်ဝယ်ဖူးတွေ့ ကြည်ညိုခံစားခွင့်ကို ရရှိနေခြင်းလည်းမည်လေသည်။

ရဲဘော်လေးသုံးယောက်တို့မှာလည်း ရန်သူနယ်မြေထဲမှာရှိနေသည့်အလျောက် သတိနှင့်တာဝန်ကိုအလွတ်မခံဘဲ သေနတ်များကို အသင့်အနေအထားပြင်ကာ သူတို့ဆရာ ဗိုလ်ကြီး ကိုလေး၏ဘာဝနာလုပ်ငန်းကို ပံ့ပိုးကူညီသည့်သဘောဖြင့် စောင့်ကြည့်လျက်ရှိနေကြလေသည်။




www.burmeseclassic.com

www.burmeseclassic.com

## သုဒ္ဓ(နဝင်းမြို့)

# ရှားရှားပါးပါး ဂဠုန်မင်းစမ



ငွေရောင်အဆင်းနှင့်ဂဠုန်မင်းစမ

တစ်နေ့သ၌ -

ကျွန်ုပ်သည် စာအုပ်များကိုသန့်ရှင်း ပြီး ကြံ့ခိုင်ရေးအတွက်ပရုတ်လုံးများထည့် နေချိန် လက်ရေးမူအင်းစမကျမ်းများ စာအုပ်ကိုတွေ့ရပါသည်။ ထိုစာအုပ်နှင့် ကပ်လျက် သိဒ္ဓိရာဇာဆရာအောင်၏ လက်ရေးမူဖြစ်သောအင်းစမကျမ်းစာအုပ် ကိုလည်း တွေ့ရပြန်သည်။

ထိုစာအုပ်တို့ကို တစ်အုပ်ပြီး တစ်အုပ်လှန်ဖတ်မိပါသည်။ အတော်ကြ ဟောင်းနွမ်းနေသောလက်ရေးမူအင်းစ ကျမ်းစာအုပ်ထဲတွင် အနှစ် (၅၀) ကျော် လောက်လေ့လာလိုက်စားခဲ့သော်လည်း တစ်ခါတစ်ရံမှ မတွေ့ဘူးသေးသည့် စ များ (ရုပ်စမများစွာ) ကို တွေ့ရလေ သည်။

ရှေးက လူကြီးသူမများအနေဖြင့် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနတ် များစွာတို့ကို မေတ္တာပို့သ၊ ကုသိုလ်အမျှ ပေးခြင်းကို ပြုလုပ်ကြမြဲဖြစ်လေသည်။ ယခုစာအုပ်ထဲတွင် ရုပ်စမပေါင်းများစွာ ထဲမှ ဂဠုန်မင်းစမဟု အမည်ရှိသော ရုပ်စမတစ်လုံးကို တွေ့လိုက်လေ၏။

ထို့နောက်မှ ဗိုလ်ကြီးကိုလေး သည်လည်း သူ့၌ထင်ရှားရှိသောမှန်ကန် သည့်အကြောင်းအရာတို့ကို ရှိရှိသေသေ ရွတ်ဆို၍သစ္စာပြုလေသည်။

"ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော် အရှင်သူမြတ်တို့ဘုရား၊ ဘုရားတပည့်တော်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် မိဘ၊ ဆရာ စသော အနန္တောအနန္တငါးပါးတို့အား ဦးထိပ်မှာထား၍ ကိုးကွယ်ကြည်ညိုပါ သည်။ သိတတ်သောအရွယ်မှစတင်၍ ကျေးဇူးရှင်များအဖြစ် စာရင်းထားကာ သညာပြုကြသည့် ကျွဲသား၊ အမဲသား များကိုလည်း မစားသောက်ပါ။ သူတစ်ပါး တို့၏သမီးမယားများကိုလည်း မပြစ်မှား ပါ။ ဤစကားအမှန်ပင် ဖြစ်ပါသည်။ မှန်ကန်သောစကားသည် သစ္စာလည်း မြောက်သောကြောင့် ရတနာမြတ်သုံးပါး၊ အနန္တောအနန္တငါးပါးနှင့် နတ်အပေါင်း တို့၏ ဘုန်းတန်ခိုးအာနုဘော် ကျေးဇူး တော်တို့ကြောင့် ယခု ရေမျော၊ မြုပ်၍ ပျောက်ဆုံးနေသော တပည့်မောင်ချစ် ကောင်း၏သေနတ် ခဏမဆိုင်း ရရပါ စေသား"

ထို့နောက် ဗိုလ်ကြီးကိုလေးသည် နေရာမရွေ့ ပြကတေ့အားဖြင့်ရွတ်ဆိုပြီး သစ္စာပြုထားသောတရားများကိုပြန်လည် ဝင်စားလျက် ပွားများနေလေသည်။

"သောက်ကျိုးနည်း - အေးလိုက် တာကွာ"

"မင်းကိုငါမပြောဘူးလား။ ကျ သွားတဲ့နေရာက အောက်တက်ကို သိပ်ပြီး မမျှောလောက်ပါဘူးလို့"

"ရှီး. . ."

အနားတွင်ရှိနေသည့် ရဲဘော် လေးတစ်ယောက်က သူ့နှုတ်ခမ်းကို လက်ညှိုးဖြင့်တေ့မှုတ်ကာ ဗိုလ်ကြီး ဘာဝနာပွားများနေသည်ကို မေးထိုးပြ လိုက်သည်။ ထို့ကြောင့် သေနတ်ငုပ်ရာ မှ ချမ်းချမ်းအေးအေးဖြင့် စကားပြောဆို ကာ ပြန်လာကြနေသော ဆရာကြီး ချက်စိန်အောင်နှင့် ရဲဘော်များ ခဏမျှ တိတ်ဆိတ်သွားကြသည်။ ထို့နောက် ဆရာကြီးချက်စိန်အောင်ကပင် လေသံ တိုးတိုးဖြင့် -

"ဒီမှာ (၁၂) နာရီထိုးနေပြီကွ၊ အချိန်မရှိတော့ဘူး။ ဒါကြောင့် ရည်မှန်း ချက်ကို မြန်မြန်ဆက်ထွက်နိုင်အောင် သေနတ်ရလာပြီဆိုတဲ့အကြောင်း ဗိုလ်ကြီး ကို ချက်ချင်းပြောပြမှဖြစ်မှာပေါ့"

သူတို့တွေပြောဆိုနေကြသည်ကို ဗိုလ်ကြီးကိုလေး ကြားလိုက်မိသည်။ သစ္စာအကျိုး တန်ခိုးပြလေပြီဟုလည်း နားလည်စိတ်နှင့်အတူ ကြည်ညိုလိုက် သည်။ ထို့ကြောင့် တစ်ချက်မျှအသံပြုပြီး ရတနာမြတ်သုံးပါးတို့အား ဦးသုံးကြိမ် ချ၍ရှိခိုးလိုက်ပြီး နေရာမှထလိုက်သည်။

ဆရာကြီးချက်စိန်အောင်လည်း လေးစားကြည်ညိုသည့် ကိုယ်အမူအရာ ဖြင့် ဗိုလ်ကြီးကိုလေး၏အနားသို့တိုးကပ် လာပြီး -

"ဗိုလ်ကြီး၊ ရဲဘော်ချစ်ကောင်းရဲ့ သေနတ်ကိုရလာပါပြီ"

ဟု တိုးတိုးပြောသည်။

"ဝမ်းသာပါတယ် ဆရာကြီး၊ ကိုင်း ကိုင်း - ရဲဘော်လေးတွေလည်း အေးကြ ရှာပေါ့။ အဝတ်ခြောက်တွေကိုလဲဝတ် ပြီး ခဏတစ်ဖြုတ်နားကြဦးမလား"

"ရပါတယ် ဗိုလ်ကြီး၊ အချိန်လည်း မရှိတော့ဘူး။ (၁၂)နာရီတောင်ကျော်နေ ပါပြီ။ ရဲဘော်တွေလည်း အဲလောက်ထိ မပင်ပန်းကြပါဘူး။ အေးတာလေး လောက်ပါ။ အဝတ်ခြောက်တွေထို လဲဝတ်လိုက်ရင် အဆင်ပြေပါပြီ"

ထွန်းဘာက



www.burmeseclassic.com

www.burmeseclassic.com

ဂဠုန်နှင့် ပတ်သက်ပြီး ဇာတ်တော်များတို့တွင် ပါဝင်ခဲ့ကြပါသည်။ စက်ကြီးတစ်ဆယ့်သုံးပါးတွင်လည်း 'တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်' ဟူ၍ပင် တစ်နေရာယူထားသည်ကို တွေ့မြင်ကြမည် ဖြစ်ပါသည်။

ဗေဒပညာ၏ အနွယ်တစ်ခုဖြစ်သော မဟာဘုတ်ခွင်နှင့်အဋ္ဌလက်ခွင်တို့တွင် တနင်္ဂနွေကို ပြဆိုထားလေသည်။ တနင်္ဂနွေကို ဂြိုဟ်အားဖြင့်ကောက်လျှင် ဂဠုန်ကို အရကောက်ကြရလေသည်။ ထို့ကြောင့်ပင် 'တနင်္ဂနွေ ဂဠုန် အရှေ့မြောက်ကြံ့ နေတုံခြောက်နှစ်မျှ' ဟု သီတံထိုးထားသဖြင့် ဆိုရမှတ်ရလွယ်ကူလှပါသည်။

ဂဠုန်ကိုနတ်တို့နှင့်တန်းထားသည့်အတွက် အစွမ်းသိဒ္ဓိဖြင့်ပြည့်စုံစေကြောင်းသဘောကို ကောင်းစွာသိနိုင်ကြမည်ပင် ဖြစ်ပါသည်။ ဂဠုန်ဆိုလျှင် ဂြိုဟ်တို့၏ ပရိယာယ်သဘောသဘာဝတို့ဖြင့်ဖလှယ်ထားမှုကြောင့် တနင်္ဂနွေနှင့် ဂဠုန်တို့ကို ဂုဏ်ရည်အတူသတ်မှတ်ထားသည်ဟုဆိုနိုင်ပါသည်။

ဂဠုန်သည် နေ့သား၊ နေ့သမီးတို့၏အလိုအရ ဖွင့်ပြသည်မှာ မူလအရင်းအဖြစ် တနင်္ဂနွေနေ့သား၊ နေ့သမီးဟု နားလည်ထားကြရပါသည်။ တနင်္ဂနွေနှင့် ကြာသပတေး၊ တနင်္ဂနွေနှင့် တနင်္လာ စသည့်အပြင် ဦးဝေ၊ အန္တော စသည်တို့ကိုသုံးသပ်ကြည့်ပါလျှင် ရန်ကိုဖြစ်စေ၊ မိတ်ကိုဖြစ်စေ၊ ဓာတ်ကိုဖြစ်စေ တနင်္ဂနွေနှင့် ပြဆိုထားသည့်အတွက် တစ်နည်း ဂဠုန်နှင့် ဂုဏ်တူအပ်ထားသည်ဟုလည်း ဆိုနိုင်မည် ဖြစ်ပါသည်။

လက်တွေ့ပကတိဖြစ်တည်မှုဝါဒ အရကြည့်မည်ဆိုလျှင် နဂါးသည် စနေဖြစ်သည်။ စနေနဂါးသည် အဖုအကျိတ်အနာ စသည်နှင့် သတ္တဝါ၊ မြွေ၊ နဂါးနှင့် အဆိပ်ပါသော အဆိပ်ရှိသောသတ္တဝါများသည် စနေဟုဆိုနိုင်မည်ဖြစ်ပါသည်။

သို့ဆိုပါလျှင် စနေ၏ ပရိယာယ်များစွာတို့ကို ဂဠုန်၏ ပရိယာယ်ဖြစ်နေသည့်တနင်္ဂနွေ တစ်နည်း ဂဠုန်သည် နိုင်စေမည်ဖြစ်ပါသည်။ အကြောင်းကောင်းပေါင်းများစွာတို့မှ ရရှိမည်ဖြစ်သည့် ဂဠုန်စမသည်လည်း အစွမ်းထက်သောစမ ဖြစ်မည်ပင် ဖြစ်လေသည်။

ဂဠုန်စမကို 'ငွေရောင်အဆင်းရှိသော ဂဠုန်စမရုပ်သည် 'ဒ-ဝ-မ-ဍ' စမ လေးလုံးဖြင့် စီမံထားရှိလေသည်။ သို့ဖြစ်၍ စီးပွားရေးသမားများ၊ ဝန်ထမ်းများတို့အနေဖြင့် ထိုဂဠုန်စမကို အမြဲဆောင်ထားစေပါသည်။ အမြဲတမ်းဆောင်ထားသောယောဂီသည် ကိစ္စအရပ်ရပ်တို့တွင် လေအဟုန်ကဲ့သို့ လျင်မြန်စွာပြီးမြောက်စေသည်။ ခွန်အားကြီးခြင်း စသည့်အကြောင်းများစွာတို့ဖြင့် ဖွဲ့စည်းထားခဲ့ခြင်း ဖြစ်ပါသည်။

မိမိအားပြိုင်သူများခြင်း၊ အတိုက်အားကြီးခြင်းတို့နှင့် မျက်မှောက်ကြုံနေရသူ ယောဂီအနေဖြင့် ယခုစီမံထားအပ်သော ဂဠုန်စမတို့ မိမိနှင့်မကွာ အကွာ မခံရအောင် လုံခြုံစွာ သိမ်းထုပ်ပြီး ဆောင်ထားရမည် ဖြစ်ပါသည်။

အရောင်းအဝယ်သမားများအနေဖြင့် ယခုပုံစံဖြင့် နမူနာစမရုပ်ကို ကူးယူပြီး အလူမီနီယမ်ပေါင်ခတ်၍ အရောင်းအဝယ်ပြုလုပ်ရာအခန်း၊ လူအများထင်သာမြင်သာသောနေရာတို့တွင် ချိတ်ဆွဲထားရမည် ဖြစ်ပါသည်။

နောက်ပို့ဆောင်ဆက်သွယ်ရေး ယာဉ်များတွင်လည်း ဦးခန်းတွင် ငွေရောင် ဂဠုန်စမကို ချိတ်ဆွဲထားသင့်ပါသည်။ ထိုသို့ ချိတ်ဆွဲထားခြင်းပြုလုပ်ပါက ဘေးအန္တရာယ်အသွယ်သွယ်မှကင်းလွတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် အများ၏ယုံကြည်အားကိုးမှုကိုခံရခြင်း စသည်တို့ဖြင့် ပြည့်စုံမည် ဖြစ်ပါသည်။

ဂဠုန်စမသည် သုခုမပညာတစ်ရပ်ဟုခေါ်နိုင်ခြင်း၊ လက်ရာမြောက်အရုပ်ပန်းချီလက်ရာဖြစ်ခြင်း၊ လျှို့ဝှက်နက်နဲသောဂမ္ဘီရပညာတို့ဖြင့် ထုံမွမ်းထားသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်ဆရာတစ်ယောက်၏အဆိုအမိန့်တစ်ခုကို တင်ပြလိုပါသည်။ ဆရာပြောပြခဲ့သည်မှာ ရှေးအတိတေကာလများကဆိုလျှင် ယခုခေတ်လို ယမ်းမီးဖောက်လက်နက်များမရှိကြပါ။

ဓား၊ လှံ၊ လေး၊ မြားတို့ကိုသာ အသုံးပြုကြသဖြင့် ဓားရေး၊ ဆင်ရေး၊ မြင်းရေး အခြင်းအရာ (၃၇) ပါးတို့ဖြင့် စစ်ဗျူဟာဆင်ကြရတိုက်ခိုက်ကြရသဖြင့် လေအလျင် လေအဟုန်ကဲ့သို့ခုန်ပျံတက်နိုင်စွမ်းသောသိဒ္ဓိထူးကိုပင် ပေးစွမ်းသည် ဟုဆိုပါသည်။

ယခုခေတ် တက်တူးထိုးနှံသကဲ့သို့ပင် ဝိဇ္ဇာဓရဂမ္ဘီရပညာဖြင့် ဆေးများဖော်စပ်ပြီး အရုပ်များ၊ ရုပ်စမများ၊ စမအင်းများကိုထိုးနှံခဲ့ကြကြောင်း ပြောပြခဲ့ဖူးပါသည်။ မည်သို့ပင်ဆိုပါစေ တစ်ခေတ်တစ်ခါက သူ့အခြေအနေတွင် မားမားမတ်မတ်ရပ်တည်ခဲ့သော ပညာတစ်ရပ်ပင် ဖြစ်ပါသည်။


မိမိတို့လူမျိုး၏ တစ်ချိန်ကစုံချိန်မီသုံးစွဲခဲ့သောပညာရပ်သည် ကိုယ့်လူမျိုး၏ဂုဏ်သိက္ခာကို မြင့်မားစေခြင်းသာ ဖြစ်ပါသည်။ ရှားပါးသော ဝိဇ္ဇာဓရပညာနယ်ထဲမှ အံ့သြဖွယ်တို့ကို ဆက်လက်တင်ပြပါဦးမည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

သုဇ္ဇ(နဝင်းမြို့)

မှီငြမ်း -

လက်ရေးမူစမကျမ်း




ငွေရောင်အဆင်းနှင့်ဂဠုန်မင်းစမ



www.burmeseclassic.com

www.burmeseclassic.com

ကယားတို့တွင်လည်း နတ်အမျိုးမျိုးရှိသည်။ မြန်မာတို့ကဲ့သို့ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ် ဟူ၍ ဖြစ်သည်။ ပြစ်မှားမိလျှင် ထိုနတ်များက ဖမ်းစားတတ်သည်ဟု ဆိုသည်။

ကယားတို့သည် လုပ်ငန်းဆောင်တာများ၊ ရာသီပွဲတော်များနှင့် ပတ်သက်၍လည်း နတ်အမျိုးမျိုးရှိကြသည်ဟု ယုံကြည်သည့်အတွက် အောက်ပါ တန်ခိုးရှင်နတ်များကို ပူဇော်ပသကြသည်။

ယင်းနတ်များမှာ -

၁။ ကေနတ်

၂။ တဖရူနတ်

၃။ ကီဆိုးနတ်

၄။ ကူထိုးဘိုးနတ်

ဟူ၍ ဖြစ်သည်။

ကူထိုးဘိုးနတ်သည် မိုးရေကို ပေးစွမ်းနိုင်သောနတ် ဖြစ်ပါသည်။ မိုးကောင်းစွာရွာသွန်းပြီး သီးနှံဖွံ့ဖြိုးတိုးတက်စေရန် ကယားတို့က ကူထိုးဘိုးနတ်ကို ပသကြသည်။

တံခွန်တိုင်ပွဲ သို့မဟုတ် နတ်ပူဇော်ပွဲကို ကြယ်ခိုးကြီး၊ ဖားဆောင်းနယ်များတွင် တွေ့ရပါသည်။ ယဇ်ပူဇော်ရန် သတ်မှတ်ထားသောကျွဲကို တန်ဆာပလာဆင်ယင်ပြီးနောက် နတ်စင်ကိုပတ်၍ပြရသည်။ ထို့နောက် ကျွဲကို ဓား၊ လှံတို့ဖြင့်ထိုးသတ်ကြပြီး စုပေါင်းဝိုင်း၍ကကြသည်။ ကခုန်ရာတွင် အမျိုးသမီးများ မပါဝင်ကြပေ။ အမျိုးသမီးများက ဘေးမှနေ၍ ကနေသူများနှင့် ကျွဲကို ရေဖြင့် ပက်ဖျန်းပေးရသည်ဆို၏။ ကျွဲကို လှံဖြင့်ထိုး သို့မဟုတ် ဓားဖြင့်ခုတ်၍လဲကျသွားသောအခါ ကျွဲဦးခေါင်းလှည့်ရာကို မှတ်၍ အတိတ်နိမိတ်ဖတ်ကြသည်။ ကျွဲခေါင်းလှည့်ရာဘက်ဒေသများသည် မိုးကောင်းပြီး အသီးအနှံများဖွံ့ဖြိုးမည်ဟု အတိတ်ယူသည်။ ကျွဲကိုသတ်ပြီးသောအခါ ကျွဲသားနှင့် ခေါင်းရည်တို့ တံခွန်တိုင်အသစ်နှင့် အဟောင်းနေရာမကျန်၌ ပူဇော်ပသကြသည်။ သို့ဖြင့် လုပ်ငန်းဆောင်တာများ အောင်မြင်မည်ဟု အယူရှိကြသည်။

အောက်ပါတို့မှာ ကယားပြည်နယ်မှ မျိုးနွယ်စုတို့၏ ရိုးရာနတ်ကိုးကွယ်မှု ဖြစ်သည်။

□ ဂေခိုတို့၏ရိုးရာနတ်

ဂေခိုတို့တွင် နတ်ဆရာ၊ စုန်းနှင့် မှော်ဆရာဟု မရှိပေ။ ကလေး၊ လူကြီး



မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့

မောင်သန်းဆွေ (ထားဝယ်)

၈၇

ကယားရိုးရာနတ်များနှင့်ကရင်ရိုးရာနတ်များ



www.burmeseclassic.com

www.burmeseclassic.com

ရောဂါရလျှင် ဆေးဆရာပင့်၍ကုရသည်။ ဆရာက ဆေးကုမရ၍နတ်ဖမ်းစားသည်ဟုထင်က နတ်ပူဇော်ရန်ညွှန်ကြားသည်။ ထိုဆေးဆရာကိုယ်တိုင်ကပင် နတ်ပူဇော်ပသရန် ပစ္စည်းများနှင့် တောအတွင်းသို့ သွားရောက်၍ ပူဇော်ပသပေးသည်။

**□ ဂေဘားတို့၏ ရိုးရာနတ်**

ဂေဘားတို့သည် ရိုးရာနတ်ကို ကိုးလည်းကိုးကွယ်သည်။ နတ်စားသော ဓလေ့ထုံးစံအတိုင်းလည်းလုပ်သည်။

**ကယမ်းတို့၏ ရိုးရာနတ်**

သူတို့၏ ရိုးရာနတ်သည် တံခွန်တိုင်နတ်ဖြစ်၍ နှစ်စဉ်နှစ်တိုင်း ပူဇော်ပသလေ့ရှိသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ်တို့ကိုလည်း ယုံကြည်သည်။ နတ်ဖမ်းစားသည်ဟု ယူဆလေလျှင် နတ်စင်တွင် ဘူးခြောက်ခွံနှင့်ထည့်ထားသောရေအိုး၌ ကြက်သွန်ဖြူ၊ ကွမ်း၊ ဆေးတို့ဖြင့် ပူဇော်ပသပြီး တောင်းပန်ရသည်။

နတ်ဆိုးကို နှင်ထုတ်လိုလျှင် နတ်ရုပ်ကို ဒူးလေးဖြင့်ပစ်သည်။ အိမ်တွင် အိမ်စောင့်နတ်အတွက် အခန်းငယ်သီးသန့်ထား၊ ထိုအခန်းငယ်တွင် စင်လုပ်ထားပြီး ဆူး၊ သစ်ကိုင်းများစိုက်ထားသည်။ မိန်းမများဓမ္မတာလာချိန်တွင် နတ်စင်သို့မသွားရပါ။ သွားမိ၍ ယားနာ၊ ဗိုက်နာ၊ ခေါင်းကိုက်ဖြစ်လာလျှင် ဆန်တစ်ဆုပ်ပက်ပြီး တောင်းပန်ရသည်။

နာမကျန်းဖြစ်၍ နတ်ဖမ်းစားသည်ဟုယူဆလျှင် နတ်ဆရာပြောသည့်အတိုင်း ဝက်သားစိမ်း သို့မဟုတ် ကြက်သားစိမ်း၊ ကွမ်း၊ ခေါင်ဖက်တို့ဖြင့် ပသ၍ ဆုတောင်းရသည်။ ပူဇော်ပွဲကို အိမ်တွင်း၊ အိမ်ဖြင်ကြိုက်ရာ၌ လုပ်နိုင်သည်။

**□ ပရဲတို့၏ ရိုးရာနတ်**

ပရဲတို့က ဥဒိုးခေါ် ရွာစောင့်နတ်ကို ဘေးရန်အန္တရာယ်အသွယ်သွယ်မှ ကင်းရန် ရွာ၌ တစ်နှစ်တစ်ကြိမ် ပူဇော်လေ့ရှိပါသည်။

**□ မနုမနောတို့၏ ရိုးရာနတ်**

သူတို့သည်လည်း တောင်စောင့်နတ်၊ တောင်စောင့်နတ်များကိုပင် ကိုးကွယ်သည်။ ဖျားနာလာလျှင် နတ်ဖမ်းစားသည်ဟု ယုံကြည်ကြသည်။ မည်သည့်နေရာသို့သွား၍ မည်သည့်သားကောင်ဖြင့်ပူဇော်ရမည်ကို ကြက်ရိုးထိုး၍မေးသည်။ ဟောကိန်းထွက်သည့်အတိုင်း နတ်ကြိုက်သော သားကောင်ဖြင့် ပူဇော်သည်။

သစ်ခေါက်ဖြင့်လူသဏ္ဌာန်ပြုလုပ်၍ သစ်ငုတ်ပေါ်တွင် ထိုင်ခိုင်းထားပြီး မြားနှင့်ပစ်ရသည်။ လူကိုဖျားနာအောင်ပြုသောနတ်အားပစ်ခြင်းဟုဆိုသည်။ (အဘယ်ကြောင့် သေနတ်နှင့်မပစ်သည်နည်းဟုမေးရာ ရှေးက သေနတ်မရှိ၍ လေးမြားနှင့်ပစ်ခဲ့သည့် အစဉ်အလာအတိုင်း ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုပါသည်။)

ရှေးအခါက ရွာပြင်တွင် သစ်ပင်ကြီးတစ်ပင်အနီး၌ နတ်စင်ပြုလုပ်ထားပြီး ထိုနတ်စင်တွင် ပစ္စည်းများဖြင့်တင်၍ ပူဇော်သည်။ သူတို့က တန်နာဟူသော ဘုရားရှိကြောင်း ယုံကြည်၍ အတိဒုက္ခရောက်သောအခါ တန်နာကိုတ,ကြသည်။ မကောင်းမှုပြုသူကို တန်နာက ကောင်းအောင်လုပ်ပေးမည်ဟု ယုံကြည်သည်။

မနုမနောတို့ယုံကြည်၍ကြောက်ရွံ့ပူဇော်လေ့ရှိသော နတ်များမှာ -

၁။ ဂါဘိုနတ်

၂။ ကေဒနတ်

၃။ သော်ဗော်နတ်တို့ ဖြစ်သည်။

ဂါဘိုနတ်ကို ဝက်သားဖြင့် ပူဇော်ရသည်။ ကေဒနတ်ကို ခွေးသား၊ ဆိတ်သားဖြင့် ပူဇော်ရသည်။ သော်ဗော်နတ်သည် အစိမ်းသေမှ နတ်ဖြစ်ဖြင့် လူတစ်ယောက် အစိမ်းသေသေလျှင် ထိုနတ်ဝိညာဉ်က ကောင်းရာရောက်အောင်လုပ်ပေးရန် ပူဇော်ပသခြင်း ဖြစ်သည်။

**□ ယင်းဘော်ရိုးရာနတ်**

တံခွန်တိုင်နတ်ပင်ဖြစ်၏။ နှစ်စဉ်နှစ်တိုင်းတံခွန်တိုင် ပွဲတော်ကျင်းပပူဇော်သည်။

ပျိုးကြသည့်အခါ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်တို့ကို ပူဇော်ရသည်။ ထိုနေ့တွင် အမျိုးသမီးများ ရွာပြင်ထွက်၍ အလုပ်မလုပ်ဘဲ အိမ်မှာနေရသည်။ ရွာ၏ ဝင်ပေါက်၊ ထွက်ပေါက်များကို ဆူးခက်များဖြင့် ပိတ်ထားသည်။ ဧည့်သည်များကလည်း ရွာတွင်းသို့ဝင်ခြင်း၊ ဖြတ်ကျော်ခြင်းမပြုရ။ ပြုခဲ့သော် လျော်ကြေးပေးရသည်။

ထိုနေ့၌ အမျိုးသားတို့ အမဲလိုက်၍ရသောသားကောင်၏ အသွေးအသား အနည်းငယ်စီဖြင့် နတ်တင်ရသည်။ မပြုလုပ်လျှင် ပျိုးကြရာ မအောင်မြင်ဟုဆိုသည်။ စပါးရိတ်သိမ်းခါနီးတွင်လည်း စပါးခင်းထဲမှ စပါးပင်ကြီးကြီးတစ်ပင်ကို ထမင်း၊ ခေါင်ရည်တို့ဖြင့် ပူဇော်ပြီးမှ ရိတ်သိမ်းကြသည်။ သို့မှသာ စပါးအထွက်များသည်ဟု ယုံကြည်သည်။

**□ ယင်းတာလဲရိုးရာနတ်**

သူတို့သည်လည်း တံခွန်တိုင်စိုက်ထူသောနေရာတွင် ပူထိုးဘိုနတ်စင်နှင့် နတ်အတွက် ဟော်ထားရှိသည်။ တစ်စုံတစ်ယောက် မကျန်းမမာဖြစ်သောအခါ ကြက်ရိုးဗေဒင်မေးပြီး ဘိုးဘွားတို့၏ ဝိညာဉ် သို့မဟုတ် အခြားနတ်များဖမ်းစားသည်ဟုသိရလျှင် သက်ဆိုင်ရာကို ပူဇော်ပသကြသည်။

**□ ကရင်ရိုးရာနတ်များ**

နတ်စားကရင်တို့က မြစ်၊ ချောင်း၊ တော၊ တောင်၊ သစ်ပင်၊ မုန်တိုင်း၊ မိုးကြိုး၊ နေ၊ လ စသောအရာများသည် မြင့်မြတ်သော တန်ခိုးတော်များကို ပိုင်ဆိုင်ကြပြီး တန်ခိုးရှိသော နတ်တို့မှီခိုရာဖြစ်သည်ဟု ယူဆကြသည်။

**□ တောင်ပေါ်ကရင်**

တောင်ပေါ်ကရင်တို့သည် ကျောက်တုံး၊ ကျောက်တောင်၊ သစ်ပင်၊ ရေအိုင်ကြီးများကိုတွေ့လျှင် ပူဇော်ပသသည်။ ရွာမှညောင်ပင် သို့မဟုတ် သစ်ပင်ကြီးတစ်ပင်တွင် နတ်ကွန်းဆောက်လုပ်၍ ကိုးကွယ်သည်။ အနီးအနားရှိ ကျေးရွာများကပါစုပေါင်း၍ ကြက်၊ ဝက်၊ အရက်၊ ကောက်ညှင်း၊ မုန့်တို့ဖြင့် တစ်နှစ်တစ်ခါ ပူဇော်ပသလေ့ရှိသည်။ ကြီးကျယ်သောအချို့ပူဇော်ပွဲတွင် ကျွဲဖြင့်ပူဇော်သည်။

ကရင်တိုင်းရင်းသားတို့သည် ရိုးရာနတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ လယ်စောင့်နတ် စသည်တို့ကိုလည်း လက်ခံယုံကြည်သည်။ နတ်များအလိုမပြည့်လျှင် အတိတ်နိမိတ်ပြတတ်သည်ဟုယုံသည်။ အတိတ်နိမိတ်ပြလျှင် နတ်မေးခြင်း၊ ကြက်ရိုးထိုးခြင်းများပြုလုပ်၍ ဘေးအန္တရာယ်မှကာကွယ်တားဆီးလေ့ရှိသည်။

မြန်မာတို့ကဲ့သို့ပင် ကရင်တို့ကလည်း ညောင်ပင်တွင် ရုက္ခစိုးနတ်ရှိသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် နတ်ကွန်း၊ နတ်နန်းဆောက်ပြီး ပူဇော်ကြခြင်း ဖြစ်၏။

မြေလျှင်လှုပ်လျှင် မြေစောင့်နတ်



www.burmeseclassic.com

www.burmeseclassic.com

က သတိပေးသည်။ မိုးကြိုးပစ်လျှင် မိုးနတ်ကသတိပေးသည် စသည်ဖြင့် ခံယူ၍ ကြက်၊ အရက်များဖြင့်ပသကြသည်။ ဥက္ကာပျံခြင်းကိုပင် ဥစ္စာစောင့်များ နေရာပြောင်းသည်ဟု အယူရှိသည်။

**□ စကောကရင်**

စကောကရင်တို့က တော်သလင်းလတွင် မိရိုးဖလာနတ်စားခြင်း၊ လိပ်ပြာခေါ်ခြင်းများ ပြုလုပ်သည်။ ထိုသို့ပြုလုပ်သည်ကို သူတို့၏ ဘာသာစကားဖြင့် 'အော်လာခူ' ဟု ခေါ်သည်။

**□ ပိုးကရင်**

ပိုးကရင်တို့သည် အောက်ပါ ရိုးရာနတ်တို့ကိုယုံကြည်သည်။

၁။ ဒူဝေရိုးရာနတ်

၂။ လိပ်ပြာရိုးရာနတ်

၃။ ပန်းရိုးရာနတ်

၄။ ဖူးဖာဒို (ခေါ်)ဘိုးဘိုးကြီးနတ် ရုက္ခစိုးနတ်၊ ရိုးရာနတ် စသည်တို့ကိုလည်း နှစ်စဉ်နှစ်တိုင်း အချိန်မှန်မှန် ပသလေ့ရှိသည်။

**□ ဒူဝေရိုးရာနတ်**

ဇွဲကပင်တောင်ခြေရှိ ဒူဝေစေတီကိုမှီ၍ပေါ်လာသည်။ မင်္ဂလာဆောင်သည့်အခါ၊ ရှင်ပြုသည့်အခါ၊ ခရီးထွက်သည့်အခါများတွင် ဒူဝေနတ်ကွန်းသို့ လာ၍ ကန်တော့ကြသည်။ ဒူဝေရိုးရာကိုးကွယ်သူများသည် အခြားရိုးရာနတ်ကိုးကွယ်သူများနှင့် အိမ်ထောင်ပြုနိုင်သော်လည်း ဒူဝေရိုးရာနတ်ကိုပင် ဆက်လက်၍ ကိုးကွယ်ပသကြသည်။ သားသမီးများထွန်းကားလျှင် ဒူဝေရိုးရာနတ်ဘက်ကိုသာလိုက်ရသည်။ ဒူဝေရိုးရာနတ်ဆရာကြီးသည် ဒုံရင်းနယ် အောက်ရေတံခွန်ကျောက်တိုင်အနီးဒူဝေစေတီတွင်နေသည်။ ကြာအင်းနယ်၊ လောက်ကိုင်ကျေးရွာနှင့် ဘားအံ ကော့ကရိတ်ခရိုင်အနှံ့အပြားတွင်လည်း ဌာနခွဲများထားသည်။ ဒူဝေရိုးရာနတ် ကန်တော့ရာတွင် ထမင်း၊ နှမ်း၊ အုန်းသီးဖြင့် သက်သက်လွတ်ပူဇော်ရသည်။

**လိပ်ပြာရိုးရာနတ်**

သူတို့က သေလွန်ပြီးသော မိဘအပေါ် ပြစ်မှားမိက ဝန်ချတောင်းပန်လျှင် ဇနီး၊ ခင်ပွန်းက နှစ်ဖက်မိဘကို ကန်တော့ရသည်။ ဤသည်ကိုပင် နတ်စားသည်ဟုခေါ်သည်။ နတ်စားရိုးရာတွင် အိမ်ရှင်မသည် အရေးပါသည်။



ရှေးအခါက ဝက်၊ ကြက်တို့ဖြင့် နတ်စားသည်။ ယခုဗုဒ္ဓဘာသာပိုးကရင်တို့သည် ငါးငယ်ဖြင့်လည်းကောင်း၊ မုန့်၊ နှမ်းတို့ဖြင့်လည်းကောင်း နတ်စားသည်။ နတ်စားသည့်အခါ မိသားစုအစုံပါရသည်။ အဝေးရောက်လျှင်လည်း ပြန်လာရသည်။ သားများမှာမူ ရဟန်းဝတ်သွားလျှင် လည်းကောင်း၊ အိမ်ထောင်ကွဲသွားလျှင် လည်းကောင်း ပြန်လာရန်မလိုတော့ပေ။ လာလိုက လာနိုင်ခွင့်ရှိသည်။ အိမ်ထောင်စုမှ မလာရောက်နိုင်သူတို့ ခွင့်တောင်း၍ ကန်တော့ပွဲပို့ရသည်။

နတ်စားရာတွင် အကြေးပါသော ငါးငယ်များကို ဖက်နှင့်ထုပ်၍ထားသည့် ငါးကင်၊ ထမင်းတို့ဖြင့် ဝါးကျည်တောက်တွင် ရေထည့်ကာ စကောထဲတွင်ထည့်၍ နတ်တင်ရသည်။ ပြီးလျှင် လူတိုင်းကို ဝေငှနိုင်သည်။ (အခြားအသေးစိတ် အကြောင်းအရာများရှိသေးသည်။)

သေလွန်ပြီးသူများနှင့်ပတ်သက်၍ အသက်ရှင်သူတို့၏ လိပ်ပြာပူးကပ်ပါဝင်သွားလျှင် လိပ်ပြာကြိုးချည်ပေးရသဖြင့် လိပ်ပြာနတ်စာ ရိုးရာဟုခေါ်ခြင်းဖြစ်သည်။

နတ်စားရာ၌ နယုန်လ၊ ဝါဆိုလ၊ သီတင်းကျွတ်လများတွင်စားကြသည်။ ဒေသတစ်ခုနှင့်တစ်ခု နတ်စားပုံချင်းမတူပါ။

**□ ပန်းရိုးရာနတ်**

ဗုဒ္ဓဘာသာ ပိုးကရင်အချို့သည် ပန်းရိုးရာနတ်ကို ကိုးကွယ်ကြသည်။ ပန်းကို ရှိခိုးသည်။ မင်္ဂလာရှိသည်။ အတိတ်နိမိတ်ကောင်းသည်ဟု ယုံကြည်သည်။ မင်္ဂလာဆောင်မည့်သတို့သားနှင့် သတို့သမီးမောင်နှံက ကန်တော့လေ့ရှိသည်။ ယင်းကို ညောင်ရေအိုးနတ်ဟု ခေါ်သည်။ အိမ်၏ အတွင်းခန်းတွင် ညောင်ရေအိုးနှင့် ပူဇော်ထားရသည်။ တစ်နှစ်လျှင်တစ်ကြိမ်ပူဇော်ပသရသည်။ ညအချိန် ထမင်း၊ ကြံ၊ ငှက်ပျောသီး၊ မုန့်မျိုးစုံ ၊ နတ်ပန်းရုံနှစ်ပွင့်၊ ပျားဖယောင်းတိုင် (၈) တိုင်တို့ကို နံ့သာရည်ဖျန်းပြီး ပူဇော်သည်။ အိမ်ထောင်ပြုလျှင် ကြိုတင်၍ နတ်ကန်တော့ရသည်။ လူသေ၍ သပိတ်သွပ်သည့်အခါ သို့မဟုတ် အလှူဒါနပြုသည့်အခါ ညောင်ရေအိုးနတ်အား ကန်တော့၍ ကြိုတင်အကြောင်းကြားရသည်။ ညောင်ရေအိုးနတ် ပူဇော်ပသရာ အခန်းအတွင်းသို့ လူစိမ်း၊ လူပျို၊ အပျိုမဝင်ရ။ ဝင်မိလျှင် လျော်ကြေးပေးရသည်။ ညောင်ရေအိုးနတ် (ပန်းရိုးရာနတ်)သည် အိမ်ထောင်ကိုစောင့်ရှောက်၍ ကာကွယ်ပေးသည်။

**□ ဖူးဖာဒို (ခေါ်) ဘိုးဘိုးကြီးနတ်ရိုးရာများ**

ဘိုးဘိုးကြီးနတ်သည် တစ်နည်းအားဖြင့် ရုက္ခစိုးဖြစ်သည်။ ကျေးရွာအလိုက် ရွာလုံးကျွတ် နတ်တင်ပသ၍ ကန်တော့ကြသည်။ ကျေးရွာတစ်ဒေသနှင့် တစ်ဒေသ မတူညီချေ။ အချို့က သက်သတ်လွတ်တင်၍ အချို့ကအသားနှင့်ဆားမပါဘဲပြုတ်၍တင်သည်။ ဖာပွန်နယ်နတ်စားကရင်များက ဝက်ဖြင့်ပူဇော်သည်။ လှိုင်းဘွဲ့မြို့အနီးကမူ ဝက်သွေး၊ ကြက်သွေးများပါမှ ပူဇော်ရသည်။မုတ္တမနယ်တွင်မူ သက်သတ်လွတ်တင်သည်။

ပိုးကရင်တို့သည် နတ်စားခြင်းဖြင့် လူ၊ တိရစ္ဆာန်သည် ရောဂါအန္တရာယ်တို့မှ ကင်းဝေးသည်။ ဆန်ရေစပါးပေါများသည်ဟု ယုံကြည်သည်။

မောင်သန်းဆွေ (ထားဝယ်)

**ကိုးကားချက် -**

၁။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှမောင်(ယင်းတလဲလူမျိုး)၏ပြောပြချက်များ

၂။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စောအောင်ကျော်နိုင်နှင့်ဆွေးနွေးချက်များ။

၃။ စည်သူမြိုင် (သုတေသန) ၏ တိုင်းရင်းသားရိုးရာနတ်များ။



www.burmeseclassic.com

www.burmeseclassic.com

စိတ္တဇရမြန်မာ့အဂ္ဂိရတ်ပညာ (၇၁)

# ဆရာဦးဆက်ထွန်းလင်း

(အာယုဗေဒ)

## စိတ္တဇရလောကဓါတ်ဆရာများ

ပြီးခဲ့သောလက ဓာတ်လုံးတည်ခြင်းနှင့် ပဋိသန္ဓေနေခြင်းတို့ကို ယှဉ်တွဲဖော်ပြခဲ့၏။ ပဋိသန္ဓေဖြစ်ရာတွင် တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ၊ အာကာသအစဉ်အတိုင်းဖြစ်ရကြောင်း ဖော်ပြခဲ့၏။ ထိုသည်ပင် ရုပ်ဖြစ်ကြောင်း၏ ဓမ္မတာသဘော ဖြစ်၏။ ထို့ကြောင့် ဓာတ်လုံးတည်ရာတွင် ဤဓာတ်စဉ်အတိုင်းပင်တည်ရမည်။ တည်သင့်သည်ပင် ဖြစ်သည်။ ဤအခြင်းအရာနှင့်



တစ်ဆက်တစ်စပ်တည်းပင် အလျဉ်းသင့်သဖြင့် ရုပ်ချုပ်ကြောင်း၊ ရုပ်ပျက်ကြောင်းတို့သည် ဆေးပညာအရရော သဘောတရားအရပါ အရေးကြီးသဖြင့် ဆက်လက် ဖော်ပြလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ဖြစ်ကြောင်းကို ဂဏန်းသင်္ကေတဖြင့်ဖော်ပြလျှင် ၃၊ ၄၊ ၂၊ ၁၊ ၀ ဖြစ်၏။ ထိုသည် ရုပ်ဖြစ်ကြောင်းဖြစ်လျှင် ရုပ်ချုပ်ကြောင်းသည် အပြန်သဘောအားဖြင့် ၀၊ ၁၊ ၂၊ ၄၊ ၃ ပင် ဖြစ်၏။ ထို့ကြောင့် ရုပ်ချုပ်လျှင် အာကာသမှ စချုပ်ပြီး တေဇောတွင်ဆုံး၏။ ရုပ်ဖြစ်လျှင် တေဇောမှစပြီး အာကာသတွင်ဆုံး၏။ ဆေးပညာအရ ရုပ်ချုပ်လျှင် အာကာသစပျက်ရ၏။ ထိုလက္ခဏာများကို သေနိမိတ်လက္ခဏာများတွင် တွေ့ရသည်။ ထိုလက္ခဏာအချို့မှာ သူငယ်အိမ်ကျယ်ခြင်း၊ နားခေါင်း၊ နားရွက်များလန်ခြင်း၊ စအိုဖွင့်ခြင်း စသည့် လက္ခဏာများသည် အာကာသပျက်လက္ခဏာများဖြစ်၏။ အာကာသပျက်ပြီးသောအခါတွင်မှနှလုံးခုန်ရပ်ခြင်း၊ ဦးနှောက်လုပ်ငန်းများရပ်ခြင်း စသည့် ပထဝီပျက်၏။ ထို့နောက် သွေးဆုတ်ခြင်း စသည့် အာပေါပျက်၏။ ထို့နောက် လှုပ်ရှားဝါယောချုပ်၏။ ပြီးသောအခါတွင်မှ နောက်ဆုံးတွင် ဥသ္မာတေဇော စသည့်တေဇောဓာတ်ချုပ်ခြင်း ဖြစ်ရ၏။

အဋ္ဌကလာပ်ရုပ်သည် (၈) ပါးရှိ၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောနှင့် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ စသည့် (၈) ပါးရှိ၏။ ထိုအထဲမှ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့သည် ဓာတ်လေးပါးနှင့်ဆက်စပ်နေသည်။ ဝဏ္ဏသည် တေဇောနှင့် လည်းကောင်း၊ ဂန္ဓနှင့် ဝါယောတို့သည် လည်းကောင်း၊ ရသနှင့် အာပေါတို့သည် လည်းကောင်း၊ ဩဇာနှင့် ပထဝီတို့သည် လည်းကောင်း အသီးသီးဆက်စပ်နေပါ၏။ ထို့ကြောင့်လည်း ဓာတ်လုံးတည်သည့်နေရာတွင် ရွေးချယ်အသုံးပြုသည့် ပထဝီဓာတ်က အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် ပထဝီဓာတ်သည် ဩဇာဓာတ်နှင့်ဆက်စပ်နေသောကြောင့် ဖြစ်၏။ ဩဇာဓာတ်သည် ဤဓာတ်လုံးတည်သည့် အဂ္ဂိရတ်လုပ်ငန်းစဉ်ကြီးတစ်ခုလုံး၏ အနှစ်သာရဖြစ်နေသောကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် အသုံးပြုသည့် ပထဝီညံ့လျှင် ရရှိလာသည့် ဩဇာဓာတ်သည် ညံ့မည်ကိုကား သတိပြုသင့်၏။ သို့ပါ၍ အဆိုပါ ကောင်းမွန်ဆုံးသော ပထဝီသည်သာ အကောင်းဆုံးသော ဩဇာဓာတ်ကိုအဆုံးအဖြတ်ပြုနိုင်မည် ဖြစ်၏။ ဓာတ်လေးပါးပြည့်စုံသည့် ဓာတ်လုံးဟု ဆိုရာတွင် နောက်ထပ် အရေးပါသည့် ဓာတ်လေးပါးအတွဲတစ်မျိုးသည် အရေးကြီးပါသဖြင့် ဆက်လက် ဖော်ပြပါမည်။

**▫ အဖွဲ့တွက်ဓာတ်လေးပါးနှင့် ပဟိဒ္ဓဓာတ်လေးပါး**

ရှေးပိုင်းတွင် အဇ္ဈတ္တ၊ ဂဗ္ဘ၊ စရေ၊ ဝံသေ ဟူသည့် ဓာတ်လေးပါးကို ဖော်ပြခဲ့ပြီး ဖြစ်၏။ ထိုတွင် ပါပဓာတ်ချည်းတွဲသောဓာတ်နှစ်ပါးနှင့် သောမဓာတ်ချည်းတွဲသောဓာတ်နှစ်ပါး စသည်ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ ဤဓာတ်တို့သည် ပါပဓာတ်ချည်း၊ သောမဓာတ်ချည်းဖြစ်သဖြင့် အားကြီး၏။ အဖို၊အမလိုက်ဖက်စွာတွဲထားသဖြင့် ခိုင်မြဲ၏။ ထိုဓာတ်လေးပါးသည် ဓာတ်သဘောအားဖြင့် လည်းကောင်း၊ သီတ၊ ဥဏှ အပူအအေးအားဖြင့် လည်းကောင်း တိကျသဘော၊ ပြတ်သားရှင်းလင်းရမည့်သဘော၊ ဥတုနှင့်အလားတူသော ဦးစီးပဓာနသဘောတို့ကိုဆောင်ရသည်ဖြစ်သဖြင့် ဗဟိဒ္ဓသဘောကိုဆောင်ထားသည်။ အပြင်ဆိုင်ရာဓာတ်လေးပါးပင် ဖြစ်၏။

ထိုဓာတ်လေးပါးအပြင် အဖွဲ့တွက်အတွင်းသဘောဆိုင်ရာ ဓာတ်လေးပါးသည် အရေးပါ၏။ ထိုဓာတ်လေးပါးသည် အာဟာရအသွင်ဦးဆောင်သည့်သဘောဖြစ်သဖြင့် အဖွဲ့တွက်အတွင်းဆိုင်ရာဖြစ်၏။ ဤဓာတ်လေးပါးဂြိုဟ်တွဲသည် ပါပနှင့် သောမဂြိုဟ်များတွဲထား၊ အဖိုသဘောနှင့် အမသဘောလည်း တွဲထား၏။ ထို့ကြောင့် သမတာဂုဏ်ဖြစ်၏။ ညီညွတ်၏။ အပူ၊ အအေး ဟူသော သီတ၊ ဥဏှတို့သည်လည်း မျှတ၏။ ထို့ကြောင့် အဖွဲ့တွက်အခြေအနေနှင့် လိုက်လျောညီထွေ၏။

**▫ ဓာတ်လုံးတည်ခြင်းနှင့်သမုဋ္ဌာန်လေးပါး**


သမုဋ္ဌာန်လေးပါးဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့သည်လည်း ရုပ်ဖြစ်ကြောင်း သဘောတရားဖြစ်သကဲ့သို့ ရုပ်ချုပ်ကြောင်းသဘောတရားလည်း ဖြစ်ပါသည်။ ယခု ဓာတ်လုံးတည်သည့်ကိစ္စတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော သမုဋ္ဌာန်လေးပါးစလုံးသည် အရေးကြီး၏။ ဤနေရာတွင် ကံသမုဋ္ဌာန်နှင့် စိတ္တသမုဋ္ဌာန်တို့သည် ဓာတ်လုံးတည်သည့်ပုဂ္ဂိုလ်၏ သီလ၊ သမာဓိ၊ ပညာတို့နှင့် သက်ဆိုင်၏။ ကမ္မသတ္တိဆိုင်ရာကောင်းမွန်စေမှုများအတွက် လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာကောင်းမွန်စေမှုများအတွက် လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာစွမ်းအင်သတ္တိများအားကောင်းစေရန်အတွက် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ စာရိတ္တသီလ၊ ဝါရိတ္တသီလများ ဆောက်တည် ကျင့်သုံးခြင်းဖြင့် လည်းကောင်း၊ သမထအားထုတ်ခြင်း၊ ပုတီးစိပ်၊ တရားထိုင်ခြင်း စသည့်သမာဓိဆိုင်ရာအကျင့်များသည် လည်းကောင်း၊ အသိပညာ၊ ဉာဏ်ပညာ၊ ဓာတ်ပညာ၊ အတွေးအခေါ်ပညာဆိုင်ရာ စသည့် 'အ' အက္ခရာသေသော ဝိဇ္ဇာဆိုင်ပညာတို့သည် လည်းကောင်း ကံ၊ စိတ်ဟူသည့် သမုဋ္ဌာန်နှစ်ပါးနှင့် သက်ဆိုင်လေ၏။ ထို့အတူ ဥတုသမုဋ္ဌာန်သည် ဗဟိဒ္ဓသဘောနှင့် သက်ဆိုင်၏။ အာဟာရသမုဋ္ဌာန်သည် အဖွဲ့တွက်သဘောနှင့် သက်ဆိုင်နေ၏။ ဤသမုဋ္ဌာန်လေးချက်စလုံးနှင့် ကိုက်ညီမှုသာလျှင် အောင်မြင်ပြီးမြောက်သော ဓာတ်လုံးတစ်လုံးဖြစ်နိုင်ပါသည်။ ထို့ကြောင့် သမုဋ္ဌာန်လေးပါးတွင် အဖွဲ့တွက်ဓာတ်လည်း ပါဝင်သဖြင့် ဆက်လက် ဖော်ပြပါမည်။

**▫ အဖွဲ့တွက်ဓာတ်လေးပါး**

အဖွဲ့တွက်ဓာတ်လေးပါး ဟူသည်မှာ အောက်ပါ ဓာတ်တွဲ (၄) ခုဖြစ်၏။

၁။ ဦးသာ (၁+၆)
၂။ စိန်ပန်း (၃+၅)
၃။ ဒါန်းလှ (၀+၄)
၄။ ကိုရှာ (၂+၈)
တို့ ဖြစ်၏။

ဓာတ်တွဲပုံမှာ-




ဤတွင် ဦးသာသည် တနင်္ဂနွေဂြိုဟ်နှင့် သောကြာဂြိုဟ် တွဲထားခြင်း ဖြစ်၏။ တနင်္ဂနွေသည် ပါပ၊ သောကြာသည် သောမ ဖြစ်၏။ တနင်္ဂနွေသည် အဖို၊ သောကြာသည် အမ ဖြစ်သည်။ တနင်္ဂနွေဂြိုဟ်သက်သည် ပါပဂြိုဟ်များတွင် အငယ်ဆုံး(၆)နှစ်ဖြစ်၍ သောကြာသည် သောမဂြိုဟ်သက်များတွင် အကြီးဆုံး (၂၁) နှစ်ဖြစ်၏။ ထိုဂြိုဟ်သက်နှစ်ကိုပေါင်းလျှင် (၆+၂၁-၂၇=၉) ရ၏။ ထိုသည်ပင်လျှင် နဝင်းတစ်လုံး ဖြစ်၏။ ထိုနဝင်းကို ဦးသာနဝင်းခေါ်၏ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com

မှာ ဝါယောဓာတ်ဖြစ်၏။

ဒုတိယအိတွင်းဓာတ်လေးပါးမှာ ကိုရှာ ဟူသော တေဇောဓာတ်ဖြစ်၏။ ထိုတွင် တနင်္လာသည် သောမ၊ ရာဟုသည် ပါပ၊ တနင်္လာသည် အဖိုဓာတ် ရာဟုသည် အမဓာတ်ဖြစ်၏။ တနင်္လာဂြိုဟ်သည် သောမဂြိုဟ်များတွင် ဂြိုဟ်သက်အငယ်ဆုံးဖြစ်ပြီး (၁၅) နှစ်၏။ ရာဟုသည် ပါပဂြိုဟ်များတွင် ဂြိုဟ်သက်အကြီးဆုံး (၁၂) နှစ် ဖြစ်၏။ ထိုဂြိုဟ်သက်နှစ်ရပ်ကိုပေါင်းလျှင် (၁၅ + ၁၂- ၂၇ - ၉) ဖြစ်၏။ ဤသည်ပင် တေဇောနဝင်းဖြစ်၏။

တတိယဓာတ်မှာ စိန်ပန်းဟူသော ပထဝီဓာတ်ဖြစ်၏။ အင်္ဂါဂြိုဟ်သည် ပါပဂြိုဟ်၊ ကြာသပတေးဂြိုဟ်သည် သောမဂြိုဟ် ဖြစ်၏။ အင်္ဂါသည် အဖိုဂြိုဟ်ဖြစ်၏။ ကြာသပတေးသည် အမဂြိုဟ်ဖြစ်၏။ အင်္ဂါသည် ပါပဂြိုဟ်များတွင် ဒုတိယအငယ်ဆုံးဂြိုဟ်ဖြစ်ပြီး ဂြိုဟ်သက်မှာ (၈) နှစ်ဖြစ်၏။ ကြာသပတေးဂြိုဟ်သည် သောမဂြိုဟ်များတွင် ဒုတိယဂြိုဟ်သက်အကြီးဆုံး (၁၉) နှစ်ဖြစ်၏။ ထိုဂြိုဟ်သက်နှစ်ရပ်ပေါင်းမှာ (၈+၁၉-၂၇-၉) နဝင်းတစ်လုံးဖြစ်၏။ ပထဝီနဝင်းပင်ဖြစ်၏။

စတုတ္ထအဖွဲ့တွင်ကနဝင်းဓာတ်မှာ ဒါန်းလှဟူသော အာပေါနဝင်းဓာတ်ဖြစ်၏။ ထိုတွင် စနေဂြိုဟ်သည် ပါပ၊ ဗုဒ္ဓဟူးဂြိုဟ်သည် သောမ ဖြစ်၏။ စနေသည် အမဂြိုဟ်ဖြစ်ပြီး ဗုဒ္ဓဟူးသည် အမဂြိုဟ်ဖြစ်၏။ စနေသည် ပါပဂြိုဟ်များတွင် တတိယအငယ်ဆုံးဖြစ်ပြီး ဂြိုဟ်သက်မှာ (၁၀) နှစ် ဖြစ်၏။ ဗုဒ္ဓဟူးဂြိုဟ်သည် သောမဂြိုဟ်များတွင် တတိယအကြီးဆုံး ဂြိုဟ်သက်ရှိပြီး ဂြိုဟ်သက်မှာ (၁၇) နှစ်ဖြစ်၏။ ထိုဂြိုဟ်သက်နှစ်ခုပေါင်းမှာ (၁၀ + ၁၇ - ၂၇ - ၉) နဝင်းပင် ဖြစ်၏။ ဤသည်ပင် အာပေါနဝင်း ဖြစ်၏။

အထက်ပါ ဓာတ်နဝင်းလေးပါး စလုံးသည် ပါပသောမတွဲထားခြင်း၊ အဖို အမတွဲထားခြင်း၊ ဂြိုဟ်သက်အားလုံး ပေါင်းမှာ (၂၇) စီ သတ္တဗီသနဝင်းကျေ သဖြင့် အားကြီး၏။ သတာဇာတဖြစ်၏။ သမဘာဂဖြစ်၏။ မိတ်ဓာတ်သဘော ဆောင်၏။ ထို့ကြောင့် ဤဓာတ်လေးပါး အတွဲကို နာမ်ဓာတ်သဘောဆောင်သဖြင့် နာမ်နဝင်း ဖြစ်၏။ ထိုဓာတ်လေးပါးကို လည်း အသေအချာရွေးချယ်ရမည် ဖြစ်၏။

## ◻ စကောနှစ်ချပ်အတောင်တပ်

အထက်ပါစကား၏အဓိပ္ပာယ်မှာ စကောနှစ်ချပ်ကို အတောင်သဖွယ် အသုံးပြုနိုင်ကြောင်းဆိုခြင်း ဖြစ်၏။ အဓိပ္ပာယ်မှာ အတောင်နှစ်ဖက်ဖြင့် ကောင်းကင်တွင် ပျံနိုင်ကြောင်းဆိုခြင်း ဖြစ်၏။ ဆိုလိုသည်မှာ သိဒ္ဓိမဟိဒ္ဓိရရှိပြီး ဈာန်အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင် ခရီးသွားနိုင်ကြောင်းဆိုခြင်း ဖြစ်၏။

အဆိုပါ အတောင်နှစ်ဖက်ဆိုသည်မှာ 'အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေ' ဟူသော ဓာတ်လေးပါး အတောင်တစ်ဖက် နှင့် 'ဦးသာ၊ စိန်ပန်း၊ ဒါန်းလှ၊ ကိုရှာ' ဟူသည့် အတောင်တစ်ဖက်ဖြစ်၏။ ထိုအတောင်နှစ်ဖက်ကို မှန်ကန်စွာ ရွေးချယ်နိုင်ရမည် ဖြစ်၏။

ဤစကောနှစ်ချပ်နှင့်ပတ်သက်ပြီး လင်္ကာဖွဲ့ဆိုထားရာတွင် -

လိုရာသိဒ္ဓိ၊ တန်ခိုးရှိအောင်၊ ကြီးဘိပညာ စီရင်ရာ၌၊ ရှစ်ဖြာဂြိုဟ်မင်း ဓာတ်ခပင်းကို၊ မယွင်းထုတ်ကာ၊ လင်္ကာစကား ဆိုခဲ့ထားပြီ၊ ထောင်နားစေ့စေ့၊ ကောက်မကွေ့နှင့်၊ ခြသေ့ပါပ၊ သောမမှာကျား၊ ထိုနှစ်ပါးကို၊ သူပြောသရွေ့၊ စာကိုတွေ့သည်။ ခြသေ့နှင့်ကျားဆိုသည်များမှာ၊ စာသွားသဘော၊ စကောနှစ်ခု၊ သဘောရှု၍၊ ကောက်မူ 'စ' မှာ ခြသေ့သာထား၊ 'ကော' ကား ကျားမင်း၊ နှစ်လီသွင်းသော်၊ ဓာတ်ရင်းလေးခု၊ ညီအောင်ပြုပြီး၊ ငါးခုခန့္ဓာ၊ ဟိုင်းမှာသက်သေ၊ တစ်ထွေကျန်ခြင်း ဓာတ်မင်းတေဇော၊ အာပေါ ကြွက်ဝင်၊ ဓာတ်လျှင်ပညတ်၊ ပရိယတ်မို့ ထိုဓာတ်နှစ်ပါး၊ ပျောက်ငြားဝါယု၊ - သဘောရှုပေါ့'

ဟု စပ်ဆိုထားပါသည်။

ထို့အပြင် 'ဏကြီးသတ်ဉာဏ်' ဟူသည်တွင်လည်း 'ဏ' ကြီးမှာ မီးဖြစ်၏။ 'ကြီး' မှာမူ ပထဝီမြေ ဖြစ်၏။ 'သတ်' ဟူသည် အာပေါရေဓာတ် ဖြစ်၏။ 'ဉာဏ်' မှာမူ ဝါယော လေဓာတ်ပင် ဖြစ်၏။ ထိုဏကြီးသတ်ဉာဏ်ကို နံအားဖြစ် ကောက်ယူရာတွင် 'ဏ' သည် စနေနံ '၇' ဖြစ်၏။ ကြီးသည် တနင်္လာနံ '၂' ဖြစ်၏။ 'သတ်' သည် သောကြာနံ '၆' ဖြစ်၏။ ဉာဏ်ပညာဟူသည် အင်္ဂါနံ '၃' ဖြစ်၏။ ၎င်းတို့ကို ပေါင်းလိုက်ပါက (၇+ ၂+၆+၃=၁၈=၉) နဝင်းဂဏန်းရ၏။ ထိုဂြိုဟ်တို့၏ ဂြိုဟ်သက်များဖြစ်သော ၁၀၊ ၁၅၊ ၂၁၊ ၈ တို့ကို ပေါင်းလိုက်သော အခါ (၅၄)ဖြစ်၏။ ထိုသည်ပင် ကိုးနဝင်း ဖြစ်၏။

ထိုအတူ စပ်၊ ပူ၊ ခါး၊ ယားတွင်လည်း 'စပ်၊ ခါး' ဟူသည် ကျားနှင့်ခြသေ့ပင် ဖြစ်၏။ 'ပူ၊ ယား' ဟူသည် ကြွက်နှင့် ဟိုင်းပင် ဖြစ်၏။

ထို့အတူ 'ဋ္ဌ သံညှင်းချိတ်'ဟူသည့် စကားတွင် ဋ္ဌ၊ သ၊ ည၊ ခ ပါ၏။ ဋ္ဌသည် '၇'၊ သံသည် '၆'၊ ညသည် '၃'၊ ခသည် '၂'။ ထို ၇+၆+၃+၂ တို့ကိုပေါင်းပါက ၁၈ = ၉ နဝင်းရ၏။ ဂြိုဟ်သက်အရမူ စနေ (၁၀) နှစ်၊ သောကြာ (၂၁) နှစ်၊ အင်္ဂါ (၈) နှစ်၊ တနင်္လာ (၁၅) တို့ကို ပေါင်းပါကလည်း (၁၀+ ၂၁+၈+၁၅) စုစုပေါင်း (၅၄) ရ၏။ ထိုသည်ပင်လျှင်လည်း နဝင်းပင် ဖြစ်၏။ ဓာတ်အားဖြင့် ခွဲလျှင်လည်း စနေသည် အန္တောမီးဓာတ်၊ သောကြာသည် အာပေါ ရေဓာတ်၊ အင်္ဂါသည် စရေ ဝါယောဓာတ်၊ တနင်္လာသည် ဂဗ္ဘော ပထဝီဓာတ်ဟူ၍ အသီးသီး ဖြစ်ကြ၏။ ဤတွင် ဓာတ်ပစ္စည်းများ၏ ဂြိုဟ်နေအိမ်ကို ဖော်ပြမှသာ ပြည့်စုံပါမည်။

## ◻ ဓာတ်ပစ္စည်းများနှင့်အင်္ဂလက်ခွင်

သက်ဆိုင်ရာ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ စသည့်ဂြိုဟ်နေအိမ်များအလိုက် ပိုင်ဆိုင်သော ဓာတ်ပစ္စည်းများသည်ရှိကြ၏။ ထိုဂြိုဟ်နေအိမ်အလိုက် ဓာတ်ပစ္စည်းများကို ကောက်ယူနိုင်၏။

| | | |
|---|---|---|
| နာ ၁ | ဌွတ် ၂ | သံ ၃ |
| သွပ် ၆ | | ၄ ဘင် |
| ၈ ဘော် | ၅ ပြဒါး | ၀ ဒါန် |

လင်္ကာအချိုးများအတိုင်း ဓာတ်တို့ကိုကောက်ယူမည်ဆိုပါက ရန်အောင်ဗလ၊ စည်သူကျော်ထင် စသည်တို့တွင် 'ရန်' သည် ရာဟု (၈) ဂဏန်း၊ 'အောင်' သည် တနင်္ဂနွေ (၁) ဂဏန်း၊ 'ဗ' သည် ကြာသပတေး (၅) ဂဏန်း၊ 'လ' သည် ဗုဒ္ဓဟူး (၄) ဂဏန်း ဖြစ်၏။ ထို့ကြောင့် ဂြိုဟ်နံများဖြစ်သည့် ၈၊ ၁၊ ၅၊ ၄ တို့ကို ပေါင်းပါက ၁၈ = ၉ ဖြစ်၏။ ၎င်းတို့၏ ဂြိုဟ်သက်များဖြစ်သော ၁၂၊ ၆၊ ၁၉၊ ၁၇ တို့ကို ပေါင်းပါက ၅၄ = ၉ နဝင်းပင် ဖြစ်၏။ ထိုအခါ ရာဟုအဖြစ် ဘော်ကို



www.burmeseclassic.com

www.burmeseclassic.com

ကောက်၏။ တနင်္ဂနွေအဖြစ် နာကို ကောက်၏။ ကြာသပတေးအဖြစ် ပြဒါးကိုကောက်၏။ ဗုဒ္ဓဟူးအဖြစ် ဘင်ကို ကောက်၏။ ဤကား သာမကအဖြစ် သာကောက်ခြင်း ဖြစ်၏။ ထိုတွင်လည်း အပြောင်းအလဲ အဆုတ်အတက်များ ရှိနိုင်၏။ သာမကအားဖြင့် မြန်မာ့ရိုးရာ ဝိဇ္ဇာရေဆေးပညာတွင် အဓိကလက်ကိုင်ထားပြီး အသုံးပြုသောအစွမ်းထက်သည့် ဓာတ်ဆေးတစ်မျိုးရှိ၏။ ၎င်းကို ဝါဠုကယန္တယားဆေးဟု ခေါ်၏။ ဝါဠုက၏ အဓိပ္ပာယ် 'သဲ' ဟူ၍ အဓိပ္ပာယ်ရှိ၏။ ထို့ကြောင့် ဝါဠုကယန္တယားမှာ သဲဖိုတိုက်ယန္တယားဟူသော အဓိပ္ပာယ်ပင် ဖြစ်၏။ ထိုသဲဖိုတိုက်နှင့်ဖုတ်သောဆေးဖြစ်သောကြောင့် ဝါဠုကဆေးဟုခေါ်ခြင်း ဖြစ်၏။ ဝါဠုက ဟုဆိုလိုက်သည်နှင့် ဘင်၊ ပြဒါး၊ ကန့်၊ ဇဝက်သာတို့ ပါဝင်သောဆေးအဖြစ်သာတွဲ၍နားလည်ကြတော့၏။ ထိုကိုပင် အလွန်အသုံးများသဖြင့် ဝါဠုကနှင့် ဘင်၊ ပြဒါး၊ ကန့်၊ ဇဝက်သာတို့ကို တစ်ထပ်တည်းယူဆနေခြင်းဖြစ်၏။ အဆိုပါ ဝါဠုကဖိုတိုက်တွင်လည်း ဘင်၊ ပြဒါး၊ ကန့်၊ ဇဝက်သာ သာမက အခြားသော ဆေးဖက်များစွာလည်းထည့်ဖုတ်ပြီး ဆေးဖက်၌ အသုံးပြုနိုင်ပါသည်။

**□ဝါဠုကနှင့်ဘော်၊ ဂ္ဂျတ်(ကြွပ်)၊ သွပ်၊ ပြဒါး**

မြန်မာ့ရိုးရာ အဂ္ဂိရတ်ပညာတွင် နာမည်ကြီးသောဓာတ်တွဲလမ်းစဉ်တစ်ခုရှိ၏။ ထိုလမ်းကိုလည်း အဂ္ဂိရတ်ပညာရှင်အကျော်များများသည် တွဲ၍ထိုးကြ၏။ အလွန်ကောင်းသောဓာတ်ကွဲတစ်ခုလည်း ဖြစ်၏။ ထိုဓာတ်တွဲသာမကကိုကြည့်၍ မြန်မာ့ရိုးရာ ဝိဇ္ဇာမရေ ဆေးပညာ၏ အဓိကလက်သုံးဖြစ်သော ဝါဠုကယန္တယားဆေးကို ဖော်ထုတ်ထားခြင်း ဖြစ်၏။ ဤတွင် မူလအဂ္ဂိရတ်ပညာဓာတ်တွဲမှာ ဘော်၊ ဂ္ဂျတ်(ကြွပ်)၊ သွပ်၊ ပြဒါးဖြစ်သော်လည်း ဝါဠုကတွင် ဘင်၊ ကန့်၊ ဇဝက်သာ၊ ပြဒါး ဟူ၍ ဖြစ်သွားသည်မှာ အဘယ်ကြောင့်ပါနည်း ဟူ၍ စဉ်းစားကြည့်ရန်လိုပါသည်။

အထက်ပါ ဓာတ်တွဲနှစ်ခုကိုကြည့်ပါက အောက်ပါအတိုင်း တွေ့ရမည်ဖြစ်၏။

ဘော်၊ ဂ္ဂျတ်၊ သွပ်၊ ပြဒါး
ဘင်၊ ကန့်၊ ဇဝက်သာ၊ ပြဒါး
ဟူ၍ ဖြစ်၏။

ဤတွင် အတိအကျတူညီသည်မှာ ပြဒါးတစ်မျိုးသာရှိ၏။ ကျန် (၃) မျိုးကို မတူညီဟုပြောနိုင်ပါသည်။ သို့သော် တနင်္လာ ဂ္ဂျတ်(ကြွပ်)နှင့် သောကြာ သွပ်တို့တွင် ၎င်းတို့သည် ရုပ်ဓာတ်များ ဖြစ်ကြသည်။ ထိုရုပ်ဓာတ်နေရာတွင် သက်ဆိုင်ရာနာမ်ဓာတ်ကို အစားထိုးလိုက်ပါက တနင်္လာ၏ နာမ်ဓာတ်သည် ကန့်ဖြစ်ပြီး၊ သောကြာ၏ နာမ်ဓာတ်သည် ဇဝက်သာဖြစ်နေ၏။ ထို့ကြောင့် သက်ဆိုင်ရာ ရုပ်ဓာတ်နေရာများတွင် နာမ်ဓာတ်ကို အစားထိုးထားခြင်းပင် ဖြစ်၏။ ထိုအခါ ဓာတ်သုံးမျိုး ထပ်တူညီသွားပြီဖြစ်သည်။ မတူညီတာဆို၍ ဘော်နှင့် ဘင်သာကျန်တော့၏။

ဤတွင်ခိ စဉ်းစားကြည့်ရန်မှာ ဘော်သည် ရာဟုနံဖြစ်၍ ဘင်သည် ဗုဒ္ဓဟူးနံဖြစ်၏။ ရာဟုနံဟူသည် ဗုဒ္ဓဟူးညနေအဖြစ် ဗေဒင်ပညာ၌ ကောက်ယူ၏။ ထို့ကြောင့် ရာဟုနှင့် ဗုဒ္ဓဟူးသည် ညီအစ်ကို၊ မောင်နှမပင် ဖြစ်၏။ ရာဟုနံ (၈) ဂဏန်းသည် ဗုဒ္ဓဟူးနံ (၄) ဂဏန်း၏ နှစ်ဆကိန်းဖြစ်၏။ ဘော်သည် ရုပ်သဘောဖြစ်၏။ ဘင်သည် ရုပ်ပင်ဖြစ်သော်လည်း နာမ်သဘောဆောင်ထား၏။

ထို့ကြောင့် ဆေးပညာတွင် အလွယ်တကူ စီမံ၍ပြီးမြောက်စေရန် ရုပ်နေရာ၌ နာမ်သဘောသက်ဝင်သည့် ဓာတ်ပစ္စည်းများကို အစားထိုးသုံးစွဲခြင်း ဖြစ်၏။ ထို့ကြောင့် ဘော်နေရာတွင် ဘင်ဟူသော နာမ်သဘောသက်ဝင်သည့် ဓာတ်ပစ္စည်းကို ထည့်သွင်းသုံးစွဲခြင်း ဖြစ်၏။ ထို့ကြောင့် ဘော်၊ ဂ္ဂျတ်(ကြွပ်)၊ သွပ်၊ ပြဒါးရှမ်း ဓာတ်တွဲလမ်းစဉ်နေရာတွင် ဘင်၊ ကန့်၊ ဇဝက်သာ၊ ပြဒါးတို့ ဟူ၍ ဖြစ်သွားတော့၏။ ဤတွင် ပြဒါးကလည်း ပြဒါးအတိုင်း ပြန်ပါရခြင်းမှာ ပြဒါးသည် ရုပ်ဖြစ်သော်လည်း နာမ်သဘော အာကာသသဘောတို့ကို တစ်မျိုးတည်းဖြင့်ပင် ဆောင်နိုင်သောကြောင့် ဖြစ်၏။

ထို့ကြောင့် ဓာတ်ပစ္စည်းတို့ကို ကောက်ယူရာတွင် တစ်မျိုးတည်းပုံသေဟူ၍ မရှိပေ။ အခြေအနေနှင့် အသုံးပြုပုံတို့အပေါ် မူတည်ပြီး အမျိုးမျိုးပြောင်းလဲနိုင်သည်။ အရေးကြီးသည်က အဂ္ဂိရတ်ဉာဏ်၊ ဓာတ်ဉာဏ်ပေါက်ရန်သာ လိုရင်းဖြစ်ပါသည်။ ဓာတ်ဉာဏ်ပေါက်ပါမှလည်း 'အ' အကဲ့ရာသေသောဝိဇ္ဇာ ဖြစ်မည်။ 'အ' သော ဝိဇ္ဇာမှသာ ပညာဖြစ်နိုင်ပါမည်။ ပညာမဖြစ်သေးသမျှ 'အ' သေပြီဟု ဆိုနိုင်မည်မဟုတ်ကြောင်းသတိပြုရမည် ဖြစ်၏။

ဤနေရာတွင် ပညာ ဟူသည်နှင့် အခြားသော အတန်းပညာများ၊ သညာများ၊ ပညတ်များနှင့်လည်း မရောထွေးမိစေရန်လို၏။ တစ်ခါတစ်ရံတွင် ကြားခံ ပညတ်ဆိုင်ရာပြောဆိုမှုများ၏ အမှတ်အမှူလွဲမှုများ၊ ကောက်ချက်လွဲမှုများကြောင့်လည်း တကယ့်ပညာအစစ်အမှန်နှင့် လွဲချော်ရနိုင်မှုများရှိတတ်ပါသဖြင့် ဤနေရာတွင် ဤကိစ္စနှင့်ပတ်သက်ပြီး စဉ်းစားနိုင်ပါစေရန် သာဓကတစ်ရပ်ကို ထုတ်ဖော် တင်ပြလိုပါသည်။ အဆိုပါ အကြောင်းခြင်းရာမှာ မြန်မာ့ဝိဇ္ဇာမရေ ပညာရပ်တို့တွင် တစ်ခုအပါအဝင်ဖြစ်သော ဝိဇ္ဇာရေမန္တန်ပညာတွင် မပါလျှင် မဖြစ်အရေးပါလှသော 'ဥုံ' ဟူသည့် ဝေါဟာရကိစ္စပင် ဖြစ်၏။

**□အဓိကကျသောဥုံမန္တန်**

အဆိုပါ 'ဥုံ' ဟူသော ဝေါဟာရကို ဝေါဟာရရေးထုံးအားဖြင့် ဥုံ ဟူ၍လည်းကောင်း၊ ဥုမ်ဟူ၍လည်းကောင်း၊ အုမ် ဟူ၍လည်းကောင်း၊ အြွ (အရွှမ်ဟ်) ဟူ၍လည်းကောင်း၊ အြွမ်ဟုလည်းကောင်း စသည့် ရေးထုံးအမျိုးမျိုးဖြင့်ရေးလေ့ရှိ၏။ ထိုဥုံကိုလည်း အချို့သောနေရာဌာနအလိုက် ဩောင်းဟူ၍လည်းကောင်း၊ ဟရီ ဟူ၍ လည်းကောင်း ထည့်သွင်းသုံးနှုန်းသည်လည်းရှိ၏။ သို့သော် အဓိကကျသည်မှာ ဥုံပင်ဖြစ်၏။ ဤနေရာ၌ ဥုံကိုအဓိကကျသော မန္တန် ဟူ၍ ဆိုရခြင်းမှာ ဥုံခံပြီး ရွတ်ဆိုသရဇ္ဈာယ်ရမည့် မန္တန်တစ်ခုတွင် ဥုံကိုဖြုတ်ပြီး ရွတ်ဖတ်ပွားများပါက အကျိုးအဖြစ်ရရှိလာမည့် မန္တန်၏အားအစွမ်းသည် အလွန်ကွာခြားသွားပြီ ဖြစ်၏။ ဥုံထည့်ရွတ်ရမည့်မန္တန်ကို ဥုံမထည့်ဘဲရွတ်ပါက အကျိုးကျေးဇူးလုံးဝမရခြင်းတော့မဟုတ်ပေ။ ထိုက်သင့်သောအကျိုးကိုကား မရနိုင်ဟုဆိုလိုခြင်းဖြစ်ပါသည်။

ဤနေရာ၌ ထိုက်သင့်သောအကျိုးဟူသည်မှာ အဘယ်ကိုဆိုလိုပါသနည်းဟုမူ အနည်းငယ်မျှရှင်းလင်းရန်လိုမည်ထင်ပါသည်။

မန္တန်ရွတ်သည်ဆိုရာတွင် သာမန်ကုသိုလ်ရရန် ရွတ်ဖတ်သည့်ကိစ္စများတွင် ဥုံမပါခြင်း၊ ပါခြင်းသည် အထူးဆိုရန်မရှိသော်လည်း တကယ့်ကျင့်စဉ်ကြီးများကိုကျင့်ရာ၌ လည်းကောင်း၊ လမ်းစဉ်ကြီးများကျင့်ရာ၌လည်းကောင်း၊ အဓိဋ္ဌာန်ကြီးများကိုဝင်ရာ၌လည်းကောင်း၊ နောက်ဆုံးထွက်ရပ်ပေါက်မန္တန်များကို



www.burmeseclassic.com

www.burmeseclassic.com

ကျင့်ရာ၌လည်းကောင်း စသည့်ကိုစ္စများတွင်ကား အထူးပင် ထင်ရှားသိသာလေ၏။ ယုတ်စွအဆုံးဆိုရလျှင် ထင်ရှားသိသာရုံမျှမက အဆုံးအဖြတ်ပင်ဖြစ်စေနိုင်တော့၏။ ဆိုလိုသည်မှာ ထွက်ရပ်ပေါက်မန္တန်တစ်ခုတွင် ဉုံပါရှိနေသည်ကို ဉုံဖြုတ်ပြီး ကျင့်ကြံအားထုတ်နေပါက လိုရင်းပန်းတိုင်သို့ နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် မရောက်ရှိနိုင်ဘဲလည်းရှိတတ်ပါသည်။ သို့တည်းမဟုတ် လုံးဝထွက်ရပ်မပေါက်တော့သည့်အခြေအနေမျိုးဖြင့်လည်း ကြုံတွေ့ရကောင်း ကြုံတွေ့ရနိုင်ပါသည်။

မန္တန်ဆိုင်ရာ ထွက်ရပ်ပေါက်ကျင့်စဉ်ဟူသည် တော်ရုံကျင့်စဉ်မျိုးမဟုတ်။ အပြင်းအထန်ကျင့်ရခြင်း ဖြစ်ပါသည်။အပြင်းအထန် ဟူသောဝေါဟာရကိုသုံးရခြင်းမှာ မန္တန်ဆိုင်ရာထွက်ရပ်ပေါက်ကျင့်စဉ်ကို စတင်ကျင့်ပြီဆိုကတည်းက နေရာအဆင့်သတ်မှတ်ချက်အဆင့်သုံးမျိုးဖြင့် စွဲ၍ကျင့်ရသောကြောင့် ဖြစ်၏။

**□ ထွက်ရပ်ပေါက်မန္တန်ကျင့်စဉ်ကျင့်ရာတွင် နေရာဒေသသတ်မှတ်ချက်အဆင့်များ**

မိမိသည် မူလဆန္ဒအာသီသကတည်းက ဝိဇ္ဇာခရထွက်ရပ်ပေါက်စခန်းသို့ မန္တန်ပညာဖြင့်ထွက်မည်ဟု ရည်မှန်းပါက ရှေးဦးစွာ အမှန်တကယ်ထွက်ရပ်ပေါက်စေနိုင်မည့် မန္တန်တစ်ပုဒ်ရရှိအောင် မဖြစ်မနေအားထုတ်ကြိုးပမ်းရမည်ဖြစ်၏။ ဤမန္တန်ရရှိရေးဟူသည့်ကိစ္စသည်ပင်လျှင် အလွန်ပင်ခက်ခဲသည့်ကိစ္စ ဖြစ်၏။ ရရန်လည်း အလွန်ပင်မလွယ်ကူသည့်ကိစ္စ ဖြစ်၏။ ဘုန်းကံပါရမီပါမှသာ ဖြစ်နိုင်ကောင်းပါသည်။

သို့ပါ၍ မိမိတွင် ဘုန်းကံပါရမီကောင်း အဘယ်မျှ ပါ၊ မပါကို သိရှိနိုင်ရန်အတွက် ပရိကံဖြစ်သော သီလ၊ သမာဓိ၊ ပညာဆိုင်ရာလုပ်ငန်းများကို အားထုတ်လုပ်ကိုင်ကြည့်ရမည် ဖြစ်၏။ ထိုသို့ အားထုတ်ကြည့်သောအခါတွင်မှ မိမိတွင် ဘုန်းကံပါရမီအခြေခံရှိ၊ မရှိ သိနိုင်၏။ အကယ်၍ ဘုန်းကံပါရမီအခြေခံရှိလျှင် ဆရာကောင်းနှင့်တွေ့နိုင်မည်ဖြစ်၏။ ထိုအခါ ထိုဆရာသခင်ပင်သော်လည်းကောင်း၊ သို့တည်းမဟုတ် ထိုဆရာသခင်နှင့် ဆက်စပ်ပတ်သတ်၍လည်းကောင်း၊ အခြားတစ်နည်းဖြင့်သော် လည်းကောင်း အကြောင်းတရားများ ပြည့်စုံလုံလောက်ကာ ထွက်ရပ်



ပေါက်မန္တန်ကို ရရှိပါလိမ့်မည်။ သို့သော်သူပြောငါပြောစကားများလည်း၊ ထွက်ရပ်ပေါက်မန္တန်ဆိုတိုင်းကိုလည်း လက်သင့်မခံသင့်ပေ။ နည်းအမျိုးမျိုးဖြင့် စမ်းသပ်သင့်၏။ ယုံကြည်စိတ်ချရလောက်စေရန်အတွက် အဘက်ဘက်သော ရှုထောင့်တို့နှင့်သုံးသပ်ပြီးသောအခါတွင်မှ အသုံးပြုရန် ဆုံးဖြတ်သင့်၏။ အဘယ်ကြောင့်ဆိုသော် မန္တန်ကျင့်စဉ်ကို ကျင့်ပြီဆိုသည်နှင့် ခက်ခဲကြမ်းတမ်းသောနေရာဒေသများသို့ သွားရောက် ကျင့်ကြံရသည်။ ကျင့်ရာတွင်လည်း အနည်းဆုံး (၁)နှစ်မှသည် (၂) နှစ်၊ (၃) နှစ်၊ (၅) နှစ်၊(၁၀)နှစ်စသည်ဖြင့် ကြာမြင့်နိုင်၏။

ထို့ကြောင့် မိမိတို့အသုံးပြုမည့် မန္တန်သည် အကယ်၍ အစစ်အမှန် မဟုတ်ခဲ့လျှင်သော် လည်းကောင်း၊ မပြည့်မစုံဖြစ်နေသောမန္တန်သော်လည်းကောင်း ဖြစ်ခဲ့လျှင် ကြိုးစားခဲ့သမျှအားလုံးသည်လည်းကောင်း၊ အချိန်ကာလတို့သည်လည်းကောင်း အဟောသိကံဖြစ်သွားတော့မည် ဖြစ်၏။ အကယ်၍ ဉုံထည့်ရွတ်ရမည့် ထွက်ရပ်ပေါက်မန္တန်ကို ဉုံမထည့်ဘဲ တောက်လျှောက်ကျင့်မိလျှင်လည်း ကြီးစွာသော နစ်နာဆုံးရှုံးမှုဖြစ်ရပါလိမ့်မည်။

ထွက်ရပ်ပေါက်မန္တန်တို့ကိုကျင့်ရာတွင် ပထမဆုံးကျင့်ရာတွင် သတ်မှတ်ထားသည့်နေရာမှာ ဂါမာဝါသီဖြစ်၏။ ဂါမာဝါသီဆိုသည်မှာ လူနေကျဲပါးသော မြို့ရွာတို့၏ အစွန်အဖျားအရပ်ဒေသတွင် ကျင့်ရမည်ဖြစ်၏။ ဤအဆင့်ကိုဖြတ်ကျော်အောင်မြင်ပြီးသောအခါတွင်မှ ဒုတိယအဆင့်နေရာသို့ ပြောင်းရွှေ့ကျင့်ကြံရမည်ဖြစ်၏။ ထိုနေရာမှာ ရိညာဝါသီဖြစ်၏။ ထိုနေရာ၏ သတ်မှတ်ချက်မှာ ပထမနေရာထက် လူသူအရောက်အပေါက် လွန်စွာနည်းပါးသောနေရာသို့ သွားရောက်ကျင့်ရမည်ဖြစ်၏။ ထိုနေရာတွင် ကျင့်ကြံအောင်မြင်သွားသောအခါတွင်မှ တတိယနေရာဖြစ်သော သုညာဝါသီသို့ သွားရောက်ကျင့်ရမည် ဖြစ်၏။

အဆိုပါ သုညာဝါသီ ဟူသော နေရာသည် လူသူအရောက်အပေါက် လုံးဝမရှိရသောနေရာဖြစ်၏။ လွန်စွာပင်သစ်ကြီးဝါးကြီးထူထပ်စွာပေါက်ရောက်သော တောခေါင်ခေါင်နေရာဖြစ်ရမည်ဖြစ်၏။ ထွက်ရပ်ပေါက်မန္တန်ကျင့်စဉ်ကိုကျင့်ပြီးဆိုသည်နှင့် အထက်ဖော်ပြပါ ဂါမာဝါသီ၊ ရိညာဝါသီ၊ သုညာဝါသီတို့သို့ တစ်ကိုယ်တည်းသော်လည်းကောင်း၊ အလွန်ဆုံးအဖော်တစ်ယောက်ကိုသော်လည်းကောင်း ခေါ်ပြီးသာသွားပြီးကျင့်ရမည်ဖြစ်၏။ အထက်ပါသွားရောက်ကျင့်ရမည့် တောသုံးတောတွင် အသေအချာ ရှုပ်ရှုပ်ကျွတ်ကျွတ်ကျင့်နိုင်မည်ဆိုလျှင်ပင် တစ်တောတွင် တစ်ရာသီအနည်းဆုံးကျင့်ရမည် ဖြစ်၏။ တောသုံးတောဆိုသည်အတွက် သုံးရာသီတော့အနည်းဆုံးကျင့်ရမည်ဖြစ်၏။ တစ်ရာသီ၊ တစ်ရာသီဆိုသည်မှာ နွေတစ်ရာသီ၊ မိုးတစ်ရာသီ၊ ဆောင်းတစ်ရာသီဟူ၍ ဆက်တိုက်ကျင့်ရမည် ဖြစ်၏။ ထို့ထက်အချိန်အကန့်အသတ်မရှိ ပို၍သာကျင့်လျှင်ကျင့်ရမည်ဖြစ်၏။ လျော့ပြီးကျင့်ရန်ကား မဖြစ်နိုင်ပေ။

ထို့ကြောင့် မန္တန်ကျင့်သည်ဆိုသည်ဆိုသည်မှာ တော်ရုံတန်ရုံ ပေါ့ပေါ့ပါးပါးကျင့်ရသည်မျိုးတော့ မဟုတ်ပေ။ အတော်ပင် စွန့်စွန့်စားစားသွားရောက်ပြီး ဖောင်ဖျက်၍ကျင့်ရမည့်ကျင့်စဉ်မျိုးဖြစ်၏။ သို့ပါသောကြောင့် အထက်ပါအခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်လျှင် အတော်ပင်စွန့်လွှတ်အနစ်နာခံပြီးကျင့်ရမည့်အခြေအနေမျိုး။ အတော်ပင်ဒုက္ခခံရမည့်အခြေအနေမျိုး၊ အခြားသောဘေးအန္တရာယ်အသွယ်သွယ်တို့သည်လည်း အချိန်မရွေး ကျရောက်နိုင်မည့်အခြေအနေတို့နှင့် ရင်ဆိုင်ဖြတ်ကျော်ရပါမည်။ ထို့ကြောင့် မည်သည့်နေရာတွင်မှ မှားယွင်းချွတ်ချော်တိမ်းစောင်း၍မရပေ။

ဤကဲ့သို့ အမှားအယွင်းအတိမ်းအစောင်းမခံသည့်ကိစ္စရပ်များတွင် ဉုံသည် မန္တန်၏သော့ချက် ဖြစ်သည်။ ထို့ကြောင့် ဉုံကိစ္စကို ခပ်လျော့လျော့ခပ်ပေါ့ပေါ့စဉ်းစား၍မရပေ။ အလေးဂရုပြုရမည် ဖြစ်၏။ သို့ပါ၍ ဉုံ၏အရေးပါပမာဏကျစေသော အကြောင်းအရင်းများကို ဆက်လက် ဖော်ပြပါမည်။

*(ရှေ့လဆက်ဖတ်ပါရန်)*

**ဆရာဦးဆက်ထွန်းသင်း(အာယုဗ္ဗေဒ)**



www.burmeseclassic.com

www.burmeseclassic.com



(မင်းရဲ)

# ကိုထွန်း ကြောက်ကွဲခတ်တော့ သေတတ်တယ်

အချိန်ကား ၁၉၉၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ပတ္တော်ရွာလေးသည် သင်္ကြန်တွင်းကာလဖြစ်၍ အလှူအတန်းလုပ်သူများ၊ ဘုန်းကြီးကျောင်းသွား၍ ဥပုသ်စောင့်သူများနှင့်စည်ကားနေကြ၏။ ပတ္တော်ရွာသည် ရေကင်းမြို့၏ မြောက်ဘက်တွင်ရှိပြီး ရွာကလေးဆိုသော်လည်း အိမ်ခြေ (၄၀၀) ကျော်ရှိသောရွာ ဖြစ်ပါသည်။ ဧရာဝတီမြစ်ကမ်းပါးတွင် တည်ရှိသဖြင့် မိုးတွင်းကာလ မြစ်ရေတက်သောအခါ ရွာကုန်းမှတစ်ပါး ရေမြုပ်ပါသည်။ မြစ်ရေဖြင့်ပါလာသော နုန်းမြေများကြောင့်လည်း မြေဩဇာမှာ အလွန်ကောင်းပါသည်။ ထို့ကြောင့် လယ်ယာကိုင်းကျွန်းသီးနှံများအထွက်အလွန်ကောင်းပါသည်။ ထိုမြေများတွင် အများအားဖြင့် ပဲ၊ ပြောင်း၊ နှမ်း၊ ဆေးရွက်ကြီး၊ ငရုတ်သီးနှံများစိုက်ပျိုးကြပါသည်။ မိုးဦးကာလတွင် ဂုန်လျှော်နှင့် နှမ်း၊ မြေပဲများစိုက်ကြပြီး ဆောင်းကာလတွင် ပဲမျိုးစုံ၊ ပြောင်း၊ ဆေးရွက်ကြီးများ၊ စိုက်ပျိုးကြပါသည်။ အချို့လယ်မြေများတွင် စပါးသီးနှံများလည်း ဖြစ်ထွန်းသဖြင့် စိုက်ပျိုးရေးထွန်းကားသော ရွာကြီးတစ်ရွာအဖြစ်တည်ရှိနေပါသည်။

ရွာသားအများစုမှာ ရိုးသားကြပါသည်။ အခြားစီးပွားရေးလုပ်ငန်းအနေဖြင့် ရေလုပ်ငန်း(အင်းလုပ်ငန်း)လုပ်ကိုင်ကြသည်။ ပတ္တော်ရွာသည် ဧရာဝတီမြစ်နှင့် မြစ်သာချောင်းဆုံရာတွင် တည်ရှိသဖြင့် ရွာအနီးပတ်ဝန်းကျင်တွင် အင်းများစွာရှိပါသည်။ ပတ္တော်အင်း၊ မြစ်သာအင်း၊ အင်းဝင်းကြီး၊ အင်းဝင်းလေးအင်းများမှာ နာမည်ကြီးအင်းများ ဖြစ်ကြပါသည်။ ထိုအင်းများမှ " မိုးရောနွေပါငါးများထွက်ရှိကြပါသည်။ ထိုအင်းများမှ နိုင်ငံတော်အတွက်လည်း အခွန်ငွေများစွာရရှိပါသည်။ ရွာသားများအတွက်လည်း အလုပ်အကိုင်များစွာရရှိကြပါသည်။ ထို့ကြောင့် စီးပွားရေးအဆင်ပြေသော ရွာတစ်ရွာအဖြစ် တည်ရှိနေပါသည်။

သို့သော် ယခင် သောင်းကျန်းသူများရှိစဉ်က သောင်းကျန်းသူလက်ကိုင်တုတ် 'ကျောရိုး' ခေါ် လူဆိုးကြီးများကြီးစိုးခဲ့ဖူးပါသည်။ လူသတ်မှု၊ ဓားပြမှုများဖြစ်ခဲ့ဖူးပါသည်။ ယခုအခါမှာတော့ သောင်းကျန်းသူများလည်း မရှိတော့။ ရွာလူကြီး ဦးအေးထွန်း၏စည်းရုံးမှုဖြင့် ရွာသူရွာသားများသည် စည်းစည်းရုံးရုံးရှိနေကြပါပြီ။ ထိုရွာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲကင်းတစ်ကင်းလည်းချထားပေးပါသည်။ ရဲတပ်ဖွဲ့မှ နေ့စဉ်၊ ညစဉ်ကင်းလှည့်လှုပ်ရှားမှုများကြောင့် အရက်သောက်တတ်သူများပင် ဆူဆူညံညံမရှိတော့ပါ။ ရွာလူကြီး ဦးအေးထွန်းနှင့် ကျန်းမာရေးမှူးဖြစ်သူ ဦးလှမြင့်တို့၏ စည်းရုံးမှုကြောင့် ရွာဆေးပေးခန်းမှသည် ဆေးရုံအဆောက်အအုံတစ်ခုပင် ကျေးရွာမှ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားပြီ ဖြစ်ပါသည်။ အစိုးရမှ အသိအမှတ်မပြုသေး၍ ဆရာဝန်၊ သူနာပြုများမရသော်လည်း ဆေးမှူးဦးလှမြင့်နှင့် သားဖွားဆရာမဒေါ်မြဝင်းတို့က လူနာများ လက်ခံ ကုသပေးနေကြပါသည်။ (ယခုအခါမှာတော့ တိုက်နယ်ဆေးရုံ ခွင့်ပြုချက်ရရှိသွားပါပြီ။)




www.burmeseclassic.com

www.burmeseclassic.com

ရှာသားများမှာ စီးပွားရေး၊ လူမှုရေး အဆင်ပြေလာသောအခါ ဘာသာရေး ကိုလည်း အလေးပေးလာကြပါသည်။ ရှာဦးကျောင်းဆရာတော် ဦးဥတ္တမ၏ ဟောပြော သင်ကြားပေးမှုများကြောင့် ဘာသာရေးကိုလည်း အထူးဦးစားပေး လာကြပါသည်။ ဝါတွင်းကာလဥပုသ်နေ့ များတွင် ဥပုသ်စောင့်သူများ (၁၀၀) ခန့် ပင်ရှိလာပါသည်။ ယခုနှစ် နွေရာသီ တွင်သိင်္ကြာထပ်၊ ရဟန်းခံ၊ ရှင်ပြုပွဲများ (၅) ပွဲခန့် ဖြစ်ပါသည်။ ရှာလယ်လမ်းကို အုတ်လမ်းမှ ကျောက်လမ်းအဖြစ်လည်း ရှာလူကြီးဦးအေးထွန်းနှင့် ရဲကင်းမှူးတို့ ဦးဆောင် လုပ်ကိုင်ခဲ့ဩဖြင့် ယခုနှစ် လမ်းခင်းပြီး၍ လမ်းဖွင့်ပွဲကို မြို့နယ်မှ လူကြီးများပင် လာရောက်ဖွင့်ပေးခဲ့ပါ သည်။ လမ်းဖွင့်ပွဲတွင် အိုးစည်၊ ဒိုးပတ် ဝိုင်းများဖြင့် အလွန်စည်ကားခဲ့ပါသည်။ အလွန်ပင်ပျော်စရာလည်းကောင်းလှပါ သည်။

သို့သော် ပတ္တော်ရှာတွင် ထိုမျှ ပျော်စရာကောင်းနေပါသော်လည်းပဲ ပျော်စရာမကောင်းသည်က သူမိုက် လှဝင်း။ လူမိုက်လှဝင်းသည် ကျောရိုး လက်ကျန်ဟောင်း ဖြစ်သည်။ လူသတ်မှု၊ ခားခုတ်မှုများဖြင့်လည်း ထောင်နှစ်ခါ ကျဖူးသည်။ ယခုအချိန်အထိလည်း ပြောင်းလဲခြင်းမရှိပါ။ နေရာတကာ အနိုင်ကျင့်၊ လူမိုက်ဝါဒကျင့်သုံးတုန်းပင် ဖြစ်ပါသည်။ ရှာထဲ အိမ်ဆောက်လျှင် အရက်ဖိုး၊ အလှူလုပ်လျှင်လည်း သူ့ကို အရင်အရက်တိုက်ရပါသည်။ သူ့အလို မကျလျှင် ဝင်ရောက် ဆူညံဆဲဆိုပြီး ပွဲဖျက်တတ်ပါသည်။ အများကလည်း ၎င်းနှင့်တုပြီးမမိုက်ချင်ကြပါ။ အလျှော့ ပေးနေရပါသည်။ တစ်နည်းအားဖြင့် သူ့အားကြောက်နေကြပါသည်။ ရှာထဲ ဝက်ပေါ် လျှင်လည်း ၎င်းက ဘာမှမပြော





www.burmeseclassic.com

www.burmeseclassic.com

ညာမပြော ဝင်ပြီးတစ်တွဲဆွဲသွားတတ်ပါသည်။ မပြောရဲကြပါ။ အင်းထဲငါးဖော်လျှင်လည်း သူ့အကြိုက် ကြီးမှေ့ဆိုသည့်ငါးကိုမှလာရောက်ယူသွားတတ်ပါသည်။ မည်သူမျှမပြောရဲပါ။

ရွာထဲရဲကင်းထားလိုက်သောအခါ လှဝင်း အနည်းငယ်ငြိမ်သွားပါသည်။ မငြိမ်၍လည်းမရ။ ရဲကင်းမှူး ရဲတပ်ကြပ်ကြီး သိန်းဆွေကိုတော့ ငယ်ကြောက်ဖြစ်သည်။ မကြောက်၍လည်းမရ။ လူမိုက်လှဝင်း ထောင်နှစ်ခါကျခဲ့သည်မှာလည်း တပ်ကြပ်ကြီးသိန်းဆွေဖမ်းပြီးထောင်ချခဲ့ခြင်းပင် မဟုတ်ပါလော။ လှဝင်းဘယ်လောက်မိုက်မိုက် တပ်ကြပ်ကြီးသိန်းဆွေလက်ကမလွတ်။ လှဝင်းထက် တပ်ကြပ်ကြီးသိန်းဆွေက ပိုလျှင်သည်။ ပိုသွက်သည်။ တပ်ကြပ်ကြီးသိန်းဆွေ၏ စတင်းဂန်းသေနတ်ကလည်းအလွန်ဖြောင့်သည်ကို လှဝင်းသိသည်။ ထို့ကြောင့် ပထွော်ရဲကင်းမှူးတပ်ကြပ် ကြီးသိန်းဆွေရောက်ကတည်းက လှဝင်းသိပ်မဆိုးတော့ပါ။

သို့သော် လှဝင်းသည် အပြင်ပန်းက ဆိုးသည်မှာ အနည်းငယ်ငြိမ်သွားသော်လည်း အတွင်းပိုင်းက ဆက်ဆိုးမြဲပင် ဖြစ်သည်။ ရွာထဲမှချောချောလှလှအိမ်ထောင်ရှိမိန်းမငယ်များအား ၎င်းကဖျက်ဆီးနေဆဲပင်ဖြစ်သည်။ လှဝင်းသည် စီးပွားရေးလည်း အသင့်အတင့်ရှိသည်။ လူမိုက်ဆိုသော ဂုဏ်ကလည်းရှိသဖြင့် အချို့မိန်းကလေးများမှာ မပြောရဲကြပါ။ မိန်းကလေးများကို ငွေနှင့်လည်းစည်းရုံးသည်၊ ချဉ်းကပ်သည်။ ပြီးတော့ သူ့ယောကျ်ားအင်းထဲ၊ လယ်ထဲသွားနေခိုက် ဝင်၍ဖောက်ဖျက်တတ်သည်။

ထိုအထဲတွင် ဖိုးကျော့နှင့်မငယ်တို့ လည်းပါသည်။ ဖိုးကျော့မှာ ပထွော်ရွာထိပ်တွင်နေသည်။ ဖိုးကျော့မိန်းမ မငယ်မှာ လုံးကြီးပေါက်လှ ဖြစ်သည်။ ဖိုးကျော့နှင့် ကလေးတစ်ယောက်ရပြီး ဖြစ်သည်။ သားကလေးပင် (၃) နှစ်သားဖြစ်နေပါပြီ။ ဖိုးကျော့မှာလည်း အလွန်ရိုးသားပါသည်။ လယ်ကလေး (၃) ဧက ခန့်လုပ်ပါသည်။ မငယ်က နံနက်ပိုင်း ရွာထဲလှည့်ဈေးရောင်းသည်။ ဖိုးကျော့နှင့်မငယ်တို့မှာ လှဝင်းအား ငယ်ကြောက်များဖြစ်ကြပါသည်။ အိမ်လာလျှင် အစ်ကိုကြီး၊ အစ်ကိုကြီးနှင့် အိမ်ဦးခန်းတွင် အရက်နှင့် အမြည်းတည်ပေးထားရပါသည်။ လာလျှင်လည်း ညပိုင်းမိုးချုပ်မှ လာတတ်သည်။ ခါးမှာ (ဉ) လက်မခန့်ရှိ ဓားမြှောင်အမြဲထိုးလာပါသည်။



"ဟေ့ - ဖိုးကျော့"

"ခင်ဗျာ အစ်ကိုကြီး"

"သွား ရွာထဲမှာ အရက်သွားဝယ်စမ်း"

"ဟာ - အစ်ကိုကြီး ရွာထဲမှာ အအရက်မရောင်းဘူး။ ရွာလူကြီးက ပိတ်ထားတယ်"

"ဟေ့ကောင်၊ တာလမ်းထိပ်က လူမော်ဆီသွား။ ငါလွှတ်လိုက်တယ်ပြော။ ရော့ - ပိုက်ဆံယူသွား"

"ဟုတ်"

ဖိုးကျော့ ကြောက်ကလည်း ကြောက်သဖြင့် ဓာတ်မီးယူပြီး ဦးလူမော်ဆိုင်သို့သွားရပါသည်။ ဦးလူမော်ကလည်း အရက်မရောင်းဟုပြောပါသည်။ သို့သော် လှဝင်းအဝယ်ခိုင်းသည်ပြောမှ အရက်တစ်လုံးထုတ်ပေးပါသည်။

ဖိုးကျော့ ကြောက်၍သာအရက်သွားဝယ်ရသည်။ လှဝင်း၏အကြံအစည်ကို သိပြီးဖြစ်သည်။ လှဝင်း အရက်သောက်ပြီးဖြစ်ပါလျက် ဘာကြောင့်အရက်အဝယ်ခိုင်းသည်ကိုလည်းသိပါသည်။ ဤကဲ့သို့ခိုင်း၍ အရက်ဝယ်ပေးခဲ့ရသည်မှာလည်း သည်တစ်ကြိမ်မဟုတ်၊ အကြိမ်များခဲ့ပြီ။ ဖိုးကျော့ အသံမပေးဘဲ၊ ဓာတ်မီးမထိုးဘဲ အိမ်ခြံဝင်းအတွင်းသို့ ဝင်လာပါသည်။ အိမ်ခြေရင်းထမင်းစားသည့်နေရာတွင် မီးတိုင်ခွက်ထွန်းထားပြီး လှဝင်းရော မငယ်ပါ မတွေ့တော့ပါ။ အိမ်ခေါင်းရင်းမှကပ်၍နားထောင်ကြည့်ရာ လှဝင်းနှင့် မငယ် အိပ်ခန်းထဲရောက်နေသည်ကို သိလိုက်ပါသည်။ ဖိုးကျော့အရင်ကတော့ သိတော့သိနေသည်။ ခုတော့ ရင်ထဲမခံနိုင်အောင်ဆို့နင့်သွားတော့သည်။ အသားများကလည်း တဆတ်ဆတ်တုန်နေပါသည်။ လှဝင်းကိုကြောက်တဲ့စိတ်လား၊ မငယ်ကိုချစ်တဲ့စိတ်လား မဝေခွဲတတ်ပါ။ ဖိုးကျော့ စိတ်ကိုငြိမ်အောင်ထားလိုက်သည်။ ခြေဖွနင်းပြီးခြံအပြင်ကိုထွက်လိုက်ပါသည်။ လက်ထဲကိုင်ထားသောအရက်ပုလင်းကိုမော့ပြီးသောက်ချလိုက်ပါသည်။ ဖိုးကျော့ အရက်တစ်ခါမှမသောက်ဘူးပါ။ ထူပူသွားပါသည်။ ခြံအပြင်တာပေါ်မှ အသံပေးလိုက်ပါသည်။

"အဟမ်း. . အဟမ်း အစ်ကိုကြီးကိုလှဝင်း အရက်ရလာပြီ"

"အေးအေး - ယူခဲ့ညီလေး။ မင်းလိမ္မာတယ်ကွ၊ အရက်ရအောင်ရှာနိုင်တယ်"

ဟု ဆိုကာ ဖိုးကျော့၏ကျောကိုသပ်လိုက်ပါသည်။ လှဝင်းဓားမြှောင်မှာလည်း လှဝင်း၏ခါးတွင် ထိုးမြဲထိုးထားသည်၊ အရိုးကတော့ အပြင်ထွက်နေပါသည်။

"အစ်ကိုကြီးသောက်၊ ကျွန်တော် အမြည်းယူပေးမယ်"

ဟု ဆိုကာ မီးဖိုချောင်ထဲမှ ကြက်သားဟင်းပန်းကန်တို့ချပေးလိုက်ပါသည်။

"ငါ့ညီက သိပ်တော်တာပဲ။ ဒါကြောင့် မင်းတို့လင်မယားကိုချစ်တာ"

လှဝင်းမူးနေပြီ။ ဖိုးကျော့လည်း ရီဝေဝေဖြစ်နေပြီ။ လှဝင်း စားပွဲပေါ်မှ အရက်ခွက်အား လှမ်းယူပြီးတော့ မော့အသောက် ခါးကြားမှထိုးထွက်နေသော ခါးရိုးအားဆွဲပြီး လှဝင်း နံကြားထဲသို့ တစ်ဆုံးထိုးထည့်လိုက်ပါသည်။

"အင့် - ဟေ့ကောင် မင်းကများ"

လှဝင်းက ဓားကိုပြန်လုပါသည်။ လူလုံးချင်းကမမျှပါ။ ဖိုးကျော့လက်ထဲမှ ဓား လှဝင်းရသွားပါပြီ။

"မင်းသေပေတော့"

လှဝင်းပြောသာပြောနိုင်သည်။ လက်မမြှောက်နိုင်တော့။ ငယ်ကြောက်ဖိုးကျော့လက်ချက်ဖြင့် ထိုနေရာတွင်ပင်သေလေပြီ။ ဖိုးကျော့ အိမ်မှရဲကင်းသို့တန်းပြေးပြီး တပ်ကြပ်ကြီးသိန်းဆွေထံ အဖမ်းခံပါသည်။ ဖြောင့်ချက်ပေးသည်။ တပ်ကြပ်ကြီး သိန်းဆွေပြောလိုက်သည်ကတော့ -

"ဩော် - ကြောက်ကွျဲခတ်တော့ သေတတ်တယ်" တဲ့။

(ကာယကံရှင်များ၏ အမည်များကိုလွှဲထားသည်မှအပ ဖြစ်ရပ်မှန်ဖြစ်ပါသည်။)

သတ္တဝါအားလုံး
ကျန်းမာချမ်းသာကြပါစေ

ကိုထွန်း(ပင်းလှ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကော့သောင်း ဆီအုန်းစိုက်ပျိုးရေးစခန်းသို့ ၁၉၈၄ ခုနှစ်တွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ မြစ်ကြီးနားသင်္ဘောကြီးဖြင့် ဖြစ်သည်။ ပျားဂေဟာ၊ ကေဒါဆင်း၊ မွေးမြူရေး၊ စိုက်ပျိုးရေးဝါသနာပါသူပီပီ မျိုးစေ့မျိုးစုံနှင့် တိရစ္ဆာန်ကုသရန် ဆေးဝါးမျိုးစုံ၊ ဆေးထိုးအပ် (syring) များကိုလည်း သယ်ဆောင်ခဲ့သည် ပဲခူးရိုးမအမြန်လမ်းစီမံကိန်းတွင် (၂) နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီဖြစ်၍ တောစခန်းများတွင် နေထိုင်ရန် ဝန်မလေးတော့ပါ။ ကျွန်တော်တို့ခေတ်က ဆရာမြောင်းမြမောင်ကိုတို့ခေတ်ကလို မြို့ပေါ်ရှိထောင်များတွင်သာ တာဝန်ကျပြီး ဇိမ်ရစ်နေရသောခေတ်မဟုတ်တော့ မဆလခေတ် ဦးပိုင်းကစပြီး ဖွင့်လှစ်လိုက်သည့် အလုပ်စခန်းတွေကြောင့် ထောင်ကျသည်နှင့် အကျဉ်းသားများအား ရဲဘက်အဖြစ်စခန်းအသီးသီးသို့ထုတ်၍ အလုပ်ခိုင်းသော လုပ်အားပေး သို့မဟုတ် ပေါ်တာခေတ်ဖြစ်ချေတော့သည်။ 'ပြစ်မှုကြွေးချေးဖြင့်ဆပ်ရမည်' ဟူသော ဆောင်ပုဒ်အတိုင်း အသက်ကိုပင်ပေးလျှ၍ဆပ်ကြရသည်။

ထိုခေတ်က ပြည်ထဲရေးဝန်ကြီးကတော့ အပြစ်သားများကို ထောင်အတွင်း၌ အလကားထမင်းမကျွေးနိုင်။ သူတို့ဆိုက (MAN POWER) လုပ်အားကိုထုတ်၍ နိုင်ငံတော်အတွက် အကျိုးရှိသောလုပ်ငန်းများတွင် အသုံးပြုရမည်ဟုဆိုပါသည်။ ထားတော့။ သူတို့က ပြစ်မှုအမျိုးမျိုးကြောင့် အပြစ်ဒဏ်အသီးသီးကျခံနေရသော အပြစ်သား။ ကျွန်တော်တို့ကတော့ ထောင်ဇာတာပါပြီး လခရိက္ခာစားရသော အစိုးရဝန်ထမ်း အနေအထားတော့ကွာသည်။ သို့သော်လည်း လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် တစ်လှေတည်းစီးခရီးသည်များဖြစ်ကြပါသည်။ အေးအတူပူအမျှ ငတ်တစ်လှည့် ပြတ်တစ်လှည့် ပူးပေါင်း၍ အတူတာဝန်ထမ်းဆောင်ကြရခြင်း ဖြစ်သည်။

မြစ်ကြီးနားသင်္ဘောကြီးသည် နံနက် (၉း၃၀) တွင် ပန်းဆိုးတန်းဆိပ်ကမ်းမှ ထွက်လာခဲ့သည်။ အကျဉ်းဦးစီးဌာနစင်းလုံးငှားသင်္ဘောကြီးဖြစ်၍ အခြားခရီးသည်မပါ။ ဝန်ထမ်း (၅၀) ကျော်နှင့် ရဲဘက်(၄၀၀)သာပါဝင်သည်။ ထို့ကြောင့် ကျွန်တော်လည်း ဝါသနာအလျောက် မွေးမြူရန် အင်းစိန်ထောင်ဝင်းအတွင်းရှိနေအိမ်တွင် မွေးမြူထားသော မန်ဒါလီအထီး၊ အမ (၁၀) ကောင်ကို ကြက်ခြင်းကြီးဖြင့်ထည့်သွင်းပြီး သယ်ဆောင်လာခဲ့သည်။ သူတို့အတွက် အစာကတော့ ရဲဘော်များ စားသုံးပြီး ထမင်းကျန်ဟင်းကျန် ဖြစ်သည်။ မန်ဒါလီများက ဘဲ၊ ကြက်လိုမဟုတ် အကြမ်းပတမ်းအတော်ခံနိုင်ရည်ရှိသည်။

ပင်လယ်အတွင်း၌ တစ်အိပ်ပြီး နောက်တစ်နေ့ ညနေ (၃) နာရီတွင် ကော့သောင်းမြို့ဆိပ်ကမ်းအနီးရောက်၏။ ပင်လယ်ကူးသင်္ဘောကြီးဖြစ်၍ ကော့သောင်းမြို့ဆိပ်ကမ်းဖော်ယာတွင် ကပ်မရ။ ရေလယ်



# ထောင်မှူးကြီးသိန်းဝင်း
## ငှက်များဆို ချိန်နဲ့လား

တွင် ကျောက်ချရပ်နားပြီး ရောက်ရှိကြောင်း ဥဩဆွဲ၍ အချက်ပေးရသည်။

"ဘော်. . . ဘော်. . . ဘူ"

ကော့သောင်းဆိပ်ကမ်းမှ စက်လှေကြီးများ လာကြိုကြသည်။ လက်ယာဘက်ကမ်းတွင် ထိုင်းနိုင်ငံ ရနောင်းမြို့ကြီး၊ မိုးမျှော်တိုက်ကြီးများဖြင့် လွန်စွာခမ်းနားကြီးကျယ်လှသည်။ လက်ဝဲဘက်တွင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံပိုင်တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့ငယ်ကလေး ဖြစ်သည်။ ရောင်စုံသွပ်မိုးများဖြင့် အိမ်ကလေးများ အစီအရီရှိပါသည်။ ကြီးမားသောတိုက်ကြီးများ လုံးဝမရှိ။ ကမ်းစပ်တွင် မြေတော်ကျွန်းဘုရားနှင့် မြို့အရှေ့ဘက်၌ တည်ဆောက်ထားသော ရွှေရောင်တဝင်းဝင်းဖြင့် မြို့ဦးစေတီကိုတော့ သပ္ပာယ်စွာဖြင့် ဖူးတွေ့ရသည်။ ထို့ကြောင့်လည်း အမောပြေရပါသည်။

❑

ကျွန်တော်တို့ ကော့သောင်း ဆိပ်ကမ်းပေါ်သို့ ရောက်တော့ စခန်းမှကားများ လာကြိုနေသည်။ HINO. TE ကားတစ်စီးနှင့် ရိန်းဂျားကားနှစ်စီးဖြစ်သည်။ ရိက္ခာများအား သင်္ဘောကြီးပေါ်မှ စက်လှေပေါ်သို့ချသလို ရဲဘက်သစ်များနှင့် ဝန်ထမ်းအသစ်များကို ဆီအုန်းကွပ်ကဲမှုစခန်းမှ ထောင်ပိုင်၊ ထောင်မှူးဝန်ထမ်းဟောင်းများက နွေးထွေးပျူငှာစွာ ကြိုဆိုကြပါသည်။

လုံခြုံရေးအတွက် ရဲဘက်အသစ်များအား ကားများဖြင့် အလျင်ပို့ပြီးသင်္ဘောကြီးဖြင့် သည်ဆောင်လာသောရိက္ခာပစ္စည်းများအား ဆိပ်ကမ်းတွင်စနစ်တကျစုပုံချထားရသည်။ ကျွန်တော်သယ်ဆောင်လာသော မန်ဒါလီခြင်းကြီးကိုလည်း မျက်စိကျနေကြ၏။ ကျွန်တော်တို့ထက် အလျင်ရောက်နေခဲ့ကြသောအရာရှိများက ကျွန်တော်တို့အလည့်ကားစောင့်ရင်း စားသောက်ဆိုင်တွင်စည့်ခံကြသည်။ ထိုခေတ်က မှောင်ခိုခေတ် ဖြစ်သည်။ ကော့သောင်းမြို့မှာ မြန်မာပြည်တောင်ပိုင်း အစွန်ဆုံးမြို့

www.burmeseclassic.com

ဖြစ်သဖြင့် နိုင်ငံခြားပစ္စည်းအလွန်ပေါသည်။ မြန်မာငွေ(၈၆)ကျပ်ကို ဘတ်ငွေ(၁၀၀) တန်ဖိုးရှိသောခေတ် ဖြစ်သည်။

ကျွန်တော်တို့အား SINGEK ဘီယာ၊ မက်ချီ၊ အရက်များဖြင့် ဧည့်ခံသည်။ မြန်မာအရက်နှင့် ဘီယာကို လုံးဝမသုံးကြပါ။ မက်ခုန်း (မဲခေါင်) အရက်ပုလင်းကြီး (၁) လုံးလျှင် (၉၀) ကျပ်သာရှိပြီး ကွမ်ခေါ် သမင်တံဆိပ် အရက်က (၇၀) ကျပ်၊ ငှက်အရက်က အပေါဆုံး (၄၅) ကျပ်သာရှိသည်။ မြန်မာအရက်များလို မပြင်းသော်လည်း ရနံ့သင်းသင်းကလေးနှင့် တဖြည်းဖြည်းမူးသည်။ မဲခေါင်ခေါ် အရက်ကို ထိုင်းလူမျိုးများက ဂုဏ်ယူပြီးသောက်သုံးကြသည်ဟု သိရသည်။ ကော့သောင်းမြို့ကလေးသည် ပင်လယ်ဆိပ်ကမ်းမြို့၊ ထိုင်းနိုင်ငံနှင့်နီးသောကြောင့် အစားအစာမျိုးစုံပေါသည်။ အဝတ်အထည် အသုံးအဆောင်များလည်း အလွန်ပေါပြီး ဈေးချိုသည်။

မိုးချုပ်စမှ ကျွန်တော်တို့အလှည့်ကြုံ၍ ကားစီးပြီး စခန်းသို့ထွက်ခဲ့ကြရသည်။ (၃) မိုင်ကိုလွန်သည်နှင့် တောင်တက်ခရီးပင်လယ်ကမ်းစပ်တောင်ပတ်လမ်း၊ ထိုမှ (၇) မိုင် လေယာဉ်ကွင်း၊ (၁၀) မိုင်ရွာရောက်တော့ (၁၀) မိုင်ရွာ၊ ကတ္တရာလမ်း လက်ဝဲဘက်သို့ ဖဲ့ပြီးဆင်း၍ တောထဲဝင်ရသည်။ ကတ္တရာလမ်းအတိုင်းဆက်သွားလျှင်တော့ ဘန်းကချွန်ရွာသို့ရောက်သည်ဟု သိရသည်။ ဘန်ဒကချွန်ရွာကြီးနှင့် ကျွန်တော်တို့ဆီအုန်းစခန်းများကို တနင်္သာရီရိုးမတောင်ကြီးက အလယ်တွင် ကာဆီးထားခြင်း ဖြစ်သည်။ (၁၀) မိုင်ရွာမှ မြေလမ်းအတိုင်း (၃) မိုင်ခန့်ဝင်မိတော့ အကျဉ်းဦးစီးဌာနပထမဆုံး ဆီအုန်းစခန်းနှင့် ကွပ်ကဲမှုရုံးအခြေစိုက်ဖွင့်လှစ်ထားသော ရေတံခွန်ဆီအုန်းခြံသို့ရောက်သည်။ ထိုစခန်းတွင် ကျွန်တော်တို့ ညအိပ်ကြရမည်ဖြစ်ပြီး မနက်ဖြန်မှ တာဝန်ကျရာစခန်းများသို့ ထပ်မံ ပြောင်းရွှေ့ကြဦးမည် ဖြစ်သည်။

ကျွန်တော်တို့အား ညစာအဖြစ် ပင်လယ်စာမျိုးစုံ၊ တောဝက်သား၊ ချေသားဟင်းတို့ဖြင့် ဧည့်ခံသည်။ မော်တော်ယာဉ်အဖွဲ့နှင့် ရေတံခွန်စခန်းဝန်ထမ်းများ၊ ရဲဘက်များကတော့ တစ်ညလုံး ကော့သောင်းစခန်းမှ ရိက္ခာပစ္စည်းများကို သယ်ဆောင်ကြရဦးမည်ဖြစ်ပါသည်။ ထိုညက တောင်ပေါ် စခန်းရုံးကလေးထဲတွင်အိပ်ရရာ ပင်လယ်အော်ဘက်မှ တိုက်ခတ်လာသော လေနုအေးကလေးများကြောင့် ခရီးပန်းပြီး လွန်စွာအိပ်ပျော်သည်။ ဆီအုန်းစိုက်ပျိုးရေးစခန်းများမှာ ဘင်္ဂလားပင်လယ်ကြီးနှင့် တနင်္သာရီရိုးမတောင်ကြား ကမ်းမြောင်ဒေသအတွင်း တည်ရှိပါသည်။

နောက်နေ့မနက်တွင် ကျွန်တော် စခန်းသစ်တစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရရန် ပြင်ဆင်ရသည်။ ကွပ်ကဲမှုတာဝန်ခံ ထောင်ပိုင်ကြီးနှင့် စခန်းတာဝန်ခံကတောင်းသဖြင့် မန်ဒါလီ (၄)ကောင်ပေးခဲ့ရသေးသည်။ ကျွန်တော့်အား HINO (RANGER) ကားကြီးဖြင့် တာဝန်ကျရာစခန်းဖြစ်သော ပါဆယ်ပါညန်းစခန်းသို့ လိုက်ပို့သည်။ ရေတံခွန်စခန်းနှင့် (၄) မိုင်ခန့်သာဝေးသော်လည်း တောင်တက်၊တောင်ဆင်း မြေလမ်းခရီးဖြစ်သည်။ ပွင့်လင်းရာသီ၌သာ HLNO ကားကြီးများသွားလာနိုင်ပြီး မိုးရာသီတွင် သွားမရတော့။ ထွန်စက်ခေါင်းတွဲနှင့် မော်တောဆိုင်ကယ်များသာသွားလာနိုင်တော့သည်။ ထွန်စက်လည်း မကြာခဏ မှောက်တတ်သည်။ ဆိုင်ကယ်လည်း မှောက်သည်။

စောမောင်ချစ်တောင်တက်လမ်းကြီးမှာ လွန်စွာမြင့်ပြီးလမ်းချော်လှသောကြောင့် အတက်တွင် ထွန်စက်မှောက်ပြီး တော့သောင်းမြို့မှအပြန်စီးလာသော တပ်ကြပ် ဦးစောမောင်ချစ်က ခေါင်းထိ၍ ဆေးရုံကအဆင်း ကြုံလာသော လုံထိန်းရဲတပ်သားက လက်ကျိုးသွားသည်။ ထွန်စက်မောင်းသမားကတော့ လွင့်စဉ်ပြီး ကံကောင်း၍မသေသော်လည်း ဒဏ်ရာရသည်။ ထို့ကြောင့် ထိုတောင်ဆင်း၊ တောင်တက်ခရီးကို စောမောင်ချစ်ကုန်းဆင်းဟုခေါ်ကြသည်။ ထိုနေရာသို့ရောက်လျှင် ဆိုင်ကယ်သမားပင် နှစ်ယောက်စီး၍မရ။ နောက်က တစ်ယောက်ဆင်းပြီး နံပါတ်ဝမ်းဝီယာကြီးထည့်၍ ခြေထောက်နှစ်ဖက်ဖြင့်ထောက်ပြီး သတိထားဆင်းရသည်။ ရွှံ့တောင်ဖြစ်၍ မိုးကာလ၌ အလွန်အန္တရာယ်များသည်။ ပသျှူးလူမျိုးရွာ၊ နှစ်ရွာသုံးရွာကိုကျော်ပြီးနောက် ပါဆယ်ပါညန်းဆီအုန်းစခန်းသို့ရောက်သည်။ အုပ်စုထောင်ပိုင် ဦးယဉ်မောင် အုပ်ချုပ်သောစခန်းခကြီး ဖြစ်သည်။ ထိုစခန်းတွင် ကျွန်တော်တာဝန်ကျသည်။

❑

ကျွန်တော့်ကား ပါဆယ်ပါညန်းစခန်း 'ထောက်'ထောင်မှူးအဖြစ်တာဝန်ပေးသောကြောင့် ရိက္ခာရုံကြီးဖြင့်တွဲဖက်ဆောက်ထားသော အခန်းကလေးတွင် စခန်းစာရေး မောင်တင်ဦးနှင့် တွဲဖက်နေရသည်။ အစားအသောက်ကတော့ စခန်းတာဝန်ခံက စီစဉ်ပေးသောကြောင့် အရာရှိဖိုက ချက်ပြုတ်ပြီး စုပေါင်းစားကြရသည်။ ကျွန်တော့်အလျင်ရောက်ရှိနေသော ထောင်မှူးဦးမြင့်ဦးက 'မီး'ဌာနနှင့် 'ရေ'ဌာနကိုတာဝန်ယူသည်။ ထောင်မှူးဦးထွန်းအောင်လွင်ကတော့ ရှေ့တန်းရဲဘက်တပ်ခွဲမှူး ဖြစ်သည်။ တောတွင်းအတူနေကြ၍ ညီအစ်ကိုအရင်းလိုခင်မင်ကြသည်။

ပါဆယ်ပါညန်းစခန်းတွင် မန်ဒါလီ (၆)ကောင်အား မွေးမြူထားသော်လည်း မျိုးမပွားပါ။ အထီး (၂) ကောင်၊ အမ (၄) ကောင်ဖြစ်၍ မိတ်လိုက်သည်ကိုလည်းတွေ့ရသည်။ သို့သော် လွတ်လပ်စွာလွှတ်ထားသောကြောင့် မည်သည့်နေရာတွင် သွားဥမှန်းမသိ။ ဥခိုးစားသူရှိ၍လည်း ဖြစ်နိုင်သည်။ မန်ဒါလီများမှာ သွေးဝမ်းရောဂါသာဖြစ်တတ်၍ ကျွန်တော်က ဇာကွယ်ဆေးတိုက်ထားသဖြင့် ကျန်းမာသန်စွမ်းကြသည်။

ပါဆယ်ပါညန်းစခန်းတွင် စခန်းတာဝန်ခံ ထောင်ပိုင်ဦးယဉ်မောင်မွေးမြူထားသော မြန်မာမျိုး ဝက်မည်း (၆)ကောင်ရှိသည်။ (၁)နှစ်ခန့်သက်တမ်းရှိသော်လည်း ကြီးထွားမလာသဖြင့် ပျားဂေဟာ၊ ကေဒါသင်တန်းဆင်း ကျွန်တော့်အား အကူအညီတောင်းသည်။ စစ်ဆေးကြည့်တော့ ဝက်များတွင် သန်ကောင်နှင့် ဝဲရောဂါစွဲကပ်နေသောကြောင့် ဖြစ်သည်။ ကျွန်တော် ကော့သောင်းမြို့ဆင်း၍ ဆေးဝယ်ရာ တိရစ္ဆာန်ဆေးမရ၊ တစ်ဖက်ကမ်းရနောင်းမြို့သို့ သီးသန့်မှာမှရနိုင်မည်ဆိုသဖြင့် လူသောက် စားဆေးနှင့် လိမ်းဆေးကိုသာ ဝယ်လာနိုင်ခဲ့ပါသည်။

စခန်းပြန်ရောက်သည်နှင့် ဝက်များအား သန်ချဆေးတိုက်သည်။ သန်ကောင်များအထွေးလိုက်ကျသည်။ ရေနွေးစဉ်ချိုးခိုင်းပြီး လိမ်းဆေးများလိမ်းပေး၏။ ပြီးနောက် လူသုံးဆေး အားပလက်နှင့် $B_{12}$ အားဆေးထိုးသည်။ ကျွန်တော် ယူလာဆောင်လာခဲ့သော Up John Company ထုတ်အားဆေးများကို အစာနှင့်ရော၍ ကျွေးပေးရာ ဝက်များသည် အသားအရေစိုပြည်ပြီး တစ်လအတွင်း ပေါင်ချိန်တက်လာသဖြင့် စခန်းတာဝန်ခံက လွန်စွာသဘောကျစေသည်။

www.burmeseclassic.com

တစ်နေ့ညနေစောင်းတွင် ထောင်ပိုင်ခေါ်သည်ဆို၍ ကျွန်တော်သွားတွေ့ရာ-

"ဦးသိန်းဝင်းရေ၊ ဒီမှာ ကျွန်တော့်တပည့်တပ်ကြပ်ကိုကုလား ငှက်ဖျားတက်ပြီး အခြေအနေတော်တော်ဆိုးနေတယ်။ ကော့သောင်းမြို့ကိုဆင်းရအောင်လည်း ကားကမရှိ၊ ဆိုင်ကယ်ပဲရှိတာ။ ဒီကောင်တောင်ဆင်း၊ တောင်တက်စီးနိုင်မှာ မဟုတ်ဘူး။ ကူညီစဉ်းစားပါဦးဗျာ၊ ကျွန်တော့်မှာ အရေးပေါ်ဆောင်ထားတဲ့ QUININE ထိုးဆေးတော့ရှိတယ်။ ဆေးထိုးအပ်မရှိဘူး"

"ဆရာ၊ ကျွန်တော့်မှာကလည်း တိရစ္ဆာန်ထိုးတဲ့ Lower Mont Auto syring ပဲရှိတာ။ လူသုံးပစ္စည်းမဟုတ်ဘူး။ အပ်တွေကလည်းအကြီးကြီးတွေ"

ထိုစဉ် တပ်ကြပ်ကိုကုလားက -

"လုပ်ပါ ဆရာရယ်၊ ကျွန်တော်အနာခံနိုင်ပါတယ်။ ဒီညဆေးမထိုးရင် ကျွန်တော် သေရတော့မယ်ထင် ဆရာ။ တစ်ချက်တစ်ချက် မျက်လုံးတွေပြာပြီး သတိတောင်လစ်ချင်တယ်။လုပ်ပါဆရာရယ်"

"ဆရာ၊ ကျွန်တော် ဒေါက်တာရမ်းကုဖြစ်နေဦးမယ်။ ဆရာလည်း တာဝန်ယူရမယ်နော်"

"လူ့အသက်တစ်ချောင်း ကယ်ကောင်းပါတယ်ဗျာ။ ဆေးက ကျွန်တော်ဆောင်ထားတဲ့ဆေး၊ ဝ်ဆေးမှားစရာအကြောင်းမရှိပါဘူး"

"အဲဒါဆိုရင်တော့ ကျွန်တော့်အပ်တွေကို အိုးအသစ်နဲ့ရေနွေးပွက်ပွက်ဆူအောင်ပြုတ်ရတော့မှာပေါ့ဗျာ"

ကျွန်တော်ဆေးထိုးရန် အသင့်ဖြစ်တော့ -

"ကိုကုလား၊ ကျွန်တော်ဆေးထိုးတော့မယ်နော်။ Auto syring ဖြစ်လို့ စစ်ခနဲပဲတစ်ချက်နာမယ်။ အကြာကြီးမနာဘူး"

"နာပါစေ ဆရာရယ်၊ ရောဂါပျောက်ဖို့အရေးကြီးပါတယ်။ ကျွန်တော်ခံစားနေရတာ အတော်ဆိုးတယ်ဆရာ"

"ကောင်းပါပြီ၊ ကျွန်တော်အသေအချာလုပ်ပေးမှာပါ။ ဆေးထိုးပြီးတာနဲ့ ခင်ဗျားရောဂါ သက်သာ ပျောက်ကင်းစေရမယ်။ စိတ်ချ"

ကျွန်တော် သွတင်ပါးတစ်နေရာအား အရက်ပြန်ဆွတ်ထားသော ဂွမ်းစကလေးဖြင့် ပွတ်သပ်ပေးပြီး Auto syring အား တစ်ချက်တည်းစိုက်ချလိုက်သည်နှင့် ဆေးထိုးခြင်းကိစ္စပြီးစီးသည်။ Auto syring ၏စနစ်မှာ ထိုးလိုသော ဆေးပမာဏ ဥပမာ (၁) စီစီ၊ (၂) စီစီကို ချိန်ပြီး အပ်စိုက်သွင်း၍ တစ်ချိန်တည်း ခလုတ်အားဖိလိုက်သည်နှင့် ဆေးထိုးခြင်းကိစ္စ ပြီးစီးသည်။ တစ်ခါနာသည်။ ဆေးသွင်းနေစဉ်၌လည်း အတော်နာသည်။ ကျွန်တော် ဆေးထိုးသောနေရာကား သန့်ရှင်းရေးလုပ်ပြီး လက်ဖဝါးဖြင့် ဆေးခဲမနေစေရန် ပွတ်သပ်ဖိချေပေးလိုက်ပါသည်။

ထောင်ပိုင်ဦးယဉ်မောင်က -

"ဦးသိန်းဝင်း၊ တော်တယ်ဗျာ၊ တကယ့်ဆရာဝန်အတိုင်း ဆေးထိုးတတ်တာပဲ"

"ဆရာရေ၊ ပျားဂေဟာ ကေဒါသင်တန်းဆင်းမို့ ကျွဲတွေ၊ နွားတွေ၊ ဝက်တွေ၊ ကြက်တွေကိုတော့ ဆေးအကြိမ်ကြိမ်ထိုးဖူးပါတယ်။ လူကိုတော့ အခုတစ်ကြိမ် ပထမဆုံးထိုးဖူးတာပါ ဆရာရယ်"

အဖျားကျသွားဟန်တူသည်။လူနာကိုကုလား အိပ်ပျော်သွားတော့သည်။ အဖျားရောဂါကြောင့် မအိပ်နိုင်၊ မစားနိုင်သည်မှာ ကြာပြီဖြစ်ကြောင်းလည်း သိရသည်။ ထို့ကြောင့် လူနာနိုးလာလျှင် လာလျှင် သောက်နိုင်ရန် ငါးဆန်ပြုတ်ပြုတ်ခိုင်းရသည်။ ဆန်ပြုတ်သောက်ပြီး (၁)ရက်၊ (၂)ရက်အတွင်းအဖျားပျောက်တော့ ထမင်းစားချင်ကြောင်းတောင်းဆိုလာသည်။ ကျွန်တော် ပြဒါးတိုင်နှင့် အဖျားတိုင်ကြည့်သည်။ NORMAL (၉၈. ၆)၊ ယခင်က အဖျားဒီဂရီ (၁၀၈-၁၁၀)။ ဒေါက်တာရမ်းကုအလုပ်များပြီ။ အစားအသောက်ရှားပါးသောနေရာဖြစ်၍ ကျွန်တော်မွေးထားသော မန်ဒလီတစ်ကောင်အားရိုက်၍ ချက်ခိုင်းရတော့သည်။ အရာရှိဖိုက စပါယ်ရှယ်ချက်ပေး၍ ကျွန်တော်တို့လည်း စားရပါသည်။

ထမင်းမစားရသည်မှာကြာသဖြင့် ကိုကုလားမှာ မန်ဒလီဟင်းဖြင့် အတော်စားနိုင်သဖြင့် မလွန်ကျွံစေရန် တားထားရပါသေးသည်။ ကိုကုလားက ရောဂါပျောက်ကင်းသွား၍ ကျွန်တော်အား မဲခေါင်အရက်ပုလင်းကြီးတစ်လုံးနှင့်မန်ဒလီအသားဖိုး ငွေ (၅၀) ကျပ် ကန်တော့သည်။ စခန်းတာဝန်ခံ ထောင်ပိုင်ဖြစ်သူ ဦးယဉ်မောင်ကလည်း သူ့ဝက်များရောင်း၍ ကျွန်တော့်အား မုန့်ဖိုး (၅၀၀) ကျပ် ပေးပါသည်။ သူ့ဝက်ရောင်းသည်က ပသျှူးဒေသတွင် အပြင်သို့ရောင်းခြင်း မဟုတ်၊ သူ့အုပ်စု ရေတံခွန်ရဲဘက်စခန်း၊ ပါဆယ်ပါညန်းစခန်း၊ အောက်ချိုင့်ခြံစခန်းနှင့် လဲမွန်ရဲဘက်စခန်းများသို့ ကော့သောင်းမြို့ပေါက်ဈေးဖြင့် အသားပေါ်၍သွင်းခြင်း ဖြစ်သည်။

(၆) လခန့်ကြာတော့ ကျွန်တော် အောက်ချိုင့်ခြံစခန်းသို့ခြံတာဝန်ခံအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ အောက်ချိုင့်စခန်းနှင့်ဟွဲ၍ ဆေးရုံတစ်ခုဆောက်ရသဖြင့် ဆရာဝန်နှင့် ဆေးမှူးများ ရောက်လာကြသလို အသစ်ဖွင့်လှစ်သောစခန်းများမှ ဝန်ထမ်းနှင့် ရဲဘက်လူနာများလည်း ဆေးကုသရန် ရောက်ရှိလာကြသဖြင့် ကျွန်တော်တို့အောက်ချိုင့်ခြံစခန်းမှာ လူများ၍ စခန်းကြီးဖြစ်လာသည်။ ဆေးရုံတက်လူနာများနှင့်အတူ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ငှက်ဖျားရောဂါနှင့် ဝမ်းရောဂါများလည်း ပါလာသည်။ အလွန်သန့်ရှင်းသော ကျွန်တော်တို့စခန်းတွင် ဝန်ထမ်းနှင့် ရဲဘက်များ ငှက်ဖျားရောဂါတစ်စတစ်စ ကူးစက်ပြန့်ပွားလာသည်။

ကံကောင်းချင်တော့ ထိုအချိန်တွင် မြန်မာပြည်မြောက်ဖျား နောင်မွန်ပြည်သူ့ဘဏ်တွင် မန်နေဂျာအဖြစ် တာဝန်ကျနေသော ကျွန်တော့်အစ်ကိုကြီး ဦးအောင်သန်းက ခန်းတောက်မြစ်ကို ပါဆယ်ဖြင့်ပို့ပေးခြင်း ဖြစ်သည်။ သူ့ဆေးနည်းက ဒေသခံ ကချင်ရိုးရာဆေးနည်း။ ခန်းတောက်မြစ်ကိုပါးပါးလှီးပြီး ရေနွေးဆူဆူဖြင့် အဖုံးပါမတ်ခွက်အတွင်းထည့်ပြီး အရက်တစ်ဇွန်း၊ ပျားရည်တစ်ဇွန်းထည့်ပြီး သမအောင်မွှေ၍ ပူပူလေးသောက်ရခြင်း ဖြစ်သည်။ ကျွန်တော်ကတော့ တစ်ပတ်တစ်ကြိမ် ကာကွယ်ဆေးအဖြစ်သောက်သည်။

အခြားငှက်ဖျားရောဂါဖြစ်ပွားနေသော ဝန်ထမ်းနှင့် ရဲဘက်အချို့အား တိုက်ကြည့်ရာ၌လည်း တစ်ခွက်တည်းဖြင့်ရောဂါပျောက်ကင်းချမ်းသာကြ၏။ ကျွန်တော် ကော့သောင်း ဆီအုန်းစခန်းတွင် (၂) နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ရာ ငှက်ဖျားရောဂါလုံးဝမဖြစ်ပွားခဲ့ပါ။ ရန်ကုန်မြို့သို့ ပြန်လည် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြန်တော့လည်း ခန်းတောက်မြစ်ကျေးဇူးကြောင့် ငှက်ဖျားရောဂါသာမက အခြားအဖျားရောဂါများလည်း မဖြစ်ပွားတော့ပါ။ ချမ်းစိမ့်စိမ့်ဖြစ်လာလျှင်တော့ ကာကွယ်ဆေးအနေဖြင့် ကြိုတင်သောက်သုံးရန်လိုပါသည်။ ခန်းတောက်မြစ်သည် အဖြူအမြစ်ထက် ခန်းတောက်ရွှေဝါမြစ်က ပိုဈေးကြီးပြီး ဆေးဖက်ဝင်ပါသည်။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# တင်နိုင်ဝင်း (ထမင်းဈေးမြို့)

## မိကျောင်းတစ်ကောင်လို ဝင့်ကြွားဒုက္ခ

(၁)

ပင်လယ်နှင့်မဝေးလှသောကင်းဝန်ရွာကလေးသည် ကင်းဝန်ချောင်းနံဘေးမှာပင်တည်ရှိလေ၏။ ထိုကင်းဝန်ချောင်းအတိုင်း မိုင်ဝက်ခန့်စုန်ဆင်းလိုက်လျှင် ချောင်းဝကိုရောက်၍ ပင်လယ်ရေပြင်ကို လှမ်းမြင်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကင်းဝန်ရွာသားအများစုမှာ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းကြပြီး အချို့ကတော့ ရွာဝန်းကျင်၌ ဆားဖိုတည်၍ ဆားချက်ကြလေသည်။

ရွာသူရွာသားအများစုသည် အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်၊ အယူအဆမှစ၍ အရာရာတောဆန်နေ၏။ ရှေးဆန်နေ၏။ စိတ်ရင်းကောင်းကြသလို အကျင့်စာရိတ္တလည်း အလွန်ကောင်းကြသူများဖြစ်ပြီး ဖော်ရွေပျူငှာမှုလည်းရှိကြပါသည်။ ထိုရွာကလေးသည် ဆားနှင့်ငါးလှိုင်လှိုင်ကြီးထွက်ရှိသဖြင့် မြို့ပေါ်မှ ကုန်သည်များလည်း မကြာမကြာရောက်ရှိလာလေ့ရှိသည်။

ထိုအထဲတွင် ဖြိုးဝင်းအောင်ဆိုသော ကုန်သည်ပေါက်စတစ်ဦးလည်း ပါဝင်လေသည်။ သူ၏အသားအရေက ဖြူဝင်းနေပြီး ရုပ်ရည်ကလည်း ချောမောလှပါသည်ဆိုသော ကင်းဝန်ရွာသူတို့ကပင် ပြန်၍ငေးကြည့်ရလောက်အောင် ကျက်သရေရှိလှ၏။


တစ်နေ့တွင် ရွာကွမ်းတောင်ကိုင် စိန်မေအေးသည် ရေခပ်လေဟန်ဖြင့် ချောင်းဆင်းတံတားသို့အသွား ချောင်းကမ်းစပ်အနီး၌ ဝါးကွပ်ပျစ်ကလေးတစ်ခုကိုတွေ့၍ ၎င်းပေါ်တွင်ထိုင်ကာ စဉ်းစားခန်းလုပ်နေသည်။ ထိုစဉ် ကူးတို့လှေဖြင့်ရောက်လာပြီး ချောင်းဆင်းတံတားပေါ်သို့တက်လာသည့် ဖြိုးဝင်းအောင်သည် ငူငူလေးထိုင်နေသော စိန်မေအေးကို မြင်သွား၏။ စိန်မေအေးအား တစ်ချက်လှည့်ကြည့်လိုက်စဉ် ဖြိုးဝင်းအောင်နှင့် မျက်လုံးချင်းတစ်ချက်ဆုံတွေ့သွားကြလေ၏။ စိန်မေအေးကို ကြေကွဲနေပုံနှင့်တွေ့လိုက်ရသဖြင့် ဖြိုးဝင်းအောင်၏ ရင်ထဲလှိုက်ခနဲဖြစ်သွားသည်၊ သူ၏ခြေလှမ်းများကလည်း စိန်မေအေး၏ ကွပ်ပျစ်လေးခြေရင်းသို့ ဖြည်းဖြည်းချင်းချဉ်းကပ်သွားနေသည်။ ထိုစဉ် ခြေတစ်စုံသည် တုံ့ခနဲရပ်ဆိုင်းသွားပြီး ပျားရည်လို အလွန်ချိုမြွေးသော ကြင်စဖွယ်စကားသံကလေးများပေါ်ထွက်လာလေသည်။

"ဩော် - ဒါ ရွာအဖေရှ့ပိုင်းက ညီမလေးကိုး။ မကြာမကြာတွေ့တွေ့နေတယ်နော်"

"ဟုတ်ပါတယ် အစ်ကို။ အစ်ကိုကော ဘယ်ကနေလာတာလဲ၊ ကုန်ဝယ်ဖို့ပဲလား"

"ဟုတ်ပါတယ်၊ ဟိုဘက်ကမ်းကလေ၊ ရွာထဲမှာ ပိုက်သမားတွေရောက်နေတယ်ဆိုလို့ ဒီကိုလာခဲ့တာပါ။ ငါးလေးပုစွန်လေးဝယ်ရင်းပေါ့။ ဒါနဲ့ ငါ့ညီမ နံ့နာမည်က"

"ဩော် - ကျွန်မနာမည်က စိန်မေအေးပါ။ မေအေးလို့သည်းခေါ်လို့ရပါတယ်"



ပြီးတော့ 'ချောတာလှတာ တောရွာကပါ' ဆိုသည့်သီချင်းကသည်ရွာသူတွေကို တမင်ညွှန်းဆိုရေးသလားဟုပင် ထင်ရလောက်အောင် ရွာသူတွေလည်းချောမောလှပကြသည်။ အချို့ရွာသူလေးများဆိုလျှင် ဥစ္စာစောင့်ဝင်စားတာဟုပင် တီးတိုးပြောဆိုခံရလေ



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုတာ ဖြိုးဝင်းအောင်ပါ"

"ဪ - အစ်ကို၊ ဒီမှာထိုင်လေ"

သူတို့နှစ်ယောက် ထိုကွပ်ပျစ်ကလေးပေါ်တွင်ထိုင်ကာ အတော်ကြာအောင် စကားပြောဖြစ်ကြ၏။ အတန်ငယ်ကြာသောအခါ ဖြိုးဝင်းအောင်က မိန်းကလေးအား နှုတ်ဆက်ပြီး ရွာထဲသို့ ဝင်သွားလေသည်။ မိန်းကလေးသည် ဖြိုးဝင်းအောင်၏ကျောပြင်ကို တိတ်တခိုးငေးမောကြည့်ရင်း ကျန်ရစ်ခဲ့သည်။

(၂)

ထို့နောက် မကြာမီရက်ပိုင်းအတွင်း ဆူညံပူညံအသံများထွက်ပေါ်လာသည်။ ထိုအထဲတွင် စိန်မေအေးအပေါ် အပြစ်တင်သံများလည်းကြားနေရ၏။

"ဒီကလေးမ၊ တော်တော်မိုက်တာပဲ၊ ကိုယ်နဲ့လည်းမသိဘဲနဲ့ လိုက်သွားရတယ်လို့"

"ဟုတ်ပါ့ကွာ၊ တော်ကြာဒီကောင်က ရောင်းစားလိုက်မှဖြင့်"

"ဟုတ်တယ် ကိုကြင်ခဲ။ ဒီရွာက ကလေးမလေးတွေ လင်နောက်လိုက်သွားတယ်သာဆိုတယ် ပြန်ရောက်မလာကြတာကများတယ်"

"အေး - ဒါဟာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်တော့ဘူးကွ။ ဒုစရိုက်သမားတွေရဲ့ လက်ချက်ပဲဖြစ်ရမယ်။ ဒါတို့ ရွာကို သက်သက်မဲ့စော်ကားနေတာ"

"ဟုတ်တယ်ကွ ဟုတ်တယ်။ ကဲ-ပြောနေတာကြာတယ်၊ စိန်မေအေးတို့နောက်ကို အမီလိုက်မယ်ကွာ။ အင်း - တွေ့ရင်တော့ စိန်မောင့်အကြောင်းကောင်းကောင်းသိကြသေးတာပေါ့"

မကြာမီ ရွာသားများ လေးဖက်လေးလံအရပ်များဆီသို့ ထွက်ခွာသွားကြသည်။ ရွာတွင်လည်း ယောကျ်ားသားဟူ၍ မကျန်တော့လောက်အောင်ဖြစ်သွားလေသည်။ ရွာတွင် ကျန်ရှိနေသူ အမျိုးသမီးနှင့် ကလေးငယ်အများစုမှာလည်း စိုးရိမ်ထိတ်လန့်မှုများစွာဖြင့် ကျန်ရစ်ခဲ့ကြလေသည်။

နောက်နေ့တွင် ကင်းဝန်ချောင်းတစ်နေရာမှ အလွန်ထူးဆန်းသော သတင်းတစ်ရပ်ကထွက်ပေါ်လာသည်။ အခြားမဟုတ်။ အလွန်ကြီးမားသော မိကျောင်းကြီးတစ်ကောင်သေပြီး ရေပြင်သို့ သူ့အလိုလိုပေါ်လာသောသတင်းဖြစ်သည်။ ထို့ထက် ထူးဆန်းသွားသည်က ထိုမိကျောင်းကြီး၏ ပူတင်းနေသော ဝမ်းဗိုက်ကို ခွဲစိတ်ကြည့်ကြရာမှ ၎င်းဝမ်းဗိုက်ထဲတွင် အမျိုးသမီးတစ်ဦး၏ ပုပ်ပွနေသော အလောင်းတစ်ခုကိုတွေ့ရှိလိုက်ရခြင်း ဖြစ်သည်။

ထိုသတင်းကြောင့် ကင်းဝန်ရွာသူရွာသားများ ရောက်ရှိလာပြီး အသေအချာစစ်ဆေးသောအခါ ပျောက်ဆုံးနေသော စိန်မေအေး၏ အလောင်းဖြစ်နေသဖြင့် သတင်း၏ ထူးဆန်းချက်မှာ အထွတ်အထိပ်သို့ ရောက်ရှိသွားလေသည်။ ထို့ကြောင့် သက်ဆိုင်ရာကို အကြောင်းကြားပြီး စမ်းသပ်ရန် ဆေးရုံသို့တင်ပို့ကြသဖြင့် ထိုသတင်းသည် မြို့ပေါ်သို့ပါ ကူးစက်ပျံ့နှံ့သွားလေသည်။

(၃)

ထိုသတင်းသည် မြို့ပေါ်တွင်သာ ရှိနေသေးသော ဖြိုးဝင်းအောင်ထံသို့ မလွဲမသွေရောက်ရှိထိတ်လန့်စေဦးမည်။ အဘယ်ကြောင့်ဆိုသော် ယခုမိကျောင်းမျို၍သေဆုံးသွားသော စိန်မေအေးကို သူချစ်ခဲ့မိပြီမဟုတ်လား။ မှန်ပါသည်။ ထိုသတင်းသည် အနည်းငယ်နောက်ကျစွာ ဖြိုးဝင်းအောင်ထံသို့ ရောက်ရှိလေ၏။ ကြားကြားချင်း ဆေးရုံရှိ ရင်ခွဲရုံသို့ အမြန်ရောက်ရှိသွားသော်လည်း စိန်မေအေး၏အလောင်းသည် ရွာသူရွာသားများ ပြန်ယူသွားပြီဖြစ်ကြောင်းသာကြားသိခဲ့ရလေသည်။

ထို့ကြောင့် ဖြိုးဝင်းအောင်သည် သူငယ်ချင်းဖြစ်သူ အောင်စည်ကို ဖုန်း



www.burmeseclassic.com

www.burmeseclassic.com

လှမ်းဆက်ခေါ်ယူ၍ ကင်းဝန်ရွာသို့လိုက်သွားရန် ပြင်ဆင်နေလေသည်။ မကြာမီပင် အောင်စည် ရောက်ရှိလာခဲ့ပြီး ရောက်ရောက်ချင်းပင် -

"ဟေ့ကောင် ဖြိုးဝင်း၊ မင်းသွားလို့ လုံးဝမဖြစ်ဘူး။ ငါသတင်းတစ်ခုထပ်ကြားလာတယ်"

"ဘာဖြစ်လို့မသွားရမှာလဲ။ ကိုယ်ချစ်တဲ့မိန်းကလေးတစ်ယောက်လုံးဆုံးပါးသွားတဲ့ကိစ္စပဲဥစ္စာ"

"အဲဒါတွေ အသာထားစမ်း။ ငါကြားလာရတဲ့ အဖြစ်အပျက်ကိုလည်း သေသေချာချာနားထောင်ဦး"

"ဘာတွေကြားလာပြန်ပြီလဲ ပြောစမ်း"

အောင်စည်သည် ကုလားထိုင်တစ်လုံးပေါ် ထိုင်ချလိုက်ပြီး အေးဆေးစွာ ရှင်းလင်းပြောပြလေ၏။

"ဒီလိုကွ၊ အဲဒီမိန်းကလေးမသေမီကလည်း သူတို့ရွာသူတွေ ပျောက်ပျောက်သွားကြတာ ပြန်ပေါ်မလာကြတော့ဘူး။ ဒီကိစ္စကို ရွာလူကြီးတွေ အဖြန်မှန်ရှာနေတာကြာပြီ။ ခုမှ အဖြေမှန်ပေါ်ပြီတဲ့။ အဲ-အဲဒီအဖြေမှန်ဆိုတာကလည်း မှားနေသေးတယ်ကွ"

"အောင်စည်ရာ၊ မင်းဟာကလည်း ရှုပ်ကုန်ပြီ"

"ငါရှင်းပြပါ့မယ်။ သူငယ်ချင်း သူတို့မှားနေသေးတယ်ဆိုတာက အဲဒါက မိကျောင်းကြီးဟာ လူယောင်ဆောင်ကုန်းပေါ် တက်လာပြီး မိန်းကလေးချောချောလှလှတွေတွေ့ရင် အဲဒီမိန်းကလေးကို ဖြားယောင်းသွေးဆောင် ရေစပ်နားခေါ်သွားတတ်တယ်တဲ့။ ပြီးတော့ လူလစ်ရင် အဲဒီမိန်းကလေးကို ရေထဲဆွဲချပြီး မျိုချပစ်တော့တာပဲတဲ့။ အဲဒီလို အယူအစွဲမျိုး ကင်းဝန်ရွာမှာဖြစ်နေပြီ။ ဒါက ပထမအချက်"

"ပြီးတော့ကော"

"ဒုတိယအချက်ကတော့ အခုပေါ်ပြီးသေလာတာ မိကျောင်းမကြီးဖြစ်နေတယ်တဲ့။ ပြီးတော့ ရွာသားတွေက ဘာကိုထပ်မံပြီးအယူသီးကြပြန်သလဲဆိုတော့ စိန်မေအေးကို ဆွဲချသွားတဲ့ မိကျောင်းကြီးဟာ အထီးဖြစ်တယ်။ ဒီမိကျောင်းအထီးက စိန်မေအေးကိုဆွဲသွားပြီး ဇနီးမယားဖြစ်တဲ့ မိကျောင်းမကြီးကို ကျွေးလိုက်တာတဲ့။ အဲဒီလိုကျွေးလိုက်တော့ မိကျောင်းမက မျိုအချမှာ စိန်မေအေးလက်ထဲမှပါလာတဲ့ အဆိပ်ပုလင်းကပွင့်ထွက်သွားပြီး မိကျောင်းမအဆိပ်တက်သေသွားတာတဲ့။ ဆေးရုံသွားစုံစမ်းကြည့်တော့လည်း မိကျောင်းမကြီး အဆိပ်မိတာ အမှန်ပဲကွ"

"ဟော - ဟုတ်လား"

"ပြီးတော့ တတိယအချက်က မသေဘဲကျန်ရှိနေတဲ့ လူယောင်ဆောင်မိကျောင်းအထီးရဲ့ ပုံပန်းသဏ္ဌာန်ကိုလည်း ရွာသားအချို့က မြင်ဖူးနေတာကြာပြီတဲ့။ အဲဒီပုံပန်းသဏ္ဌာန်ရှိတဲ့လူဟာ စိန်မေအေးမသေဆုံးမီ အချိန်ကလေးကပဲ ကမ်းနားစပ်ကွပ်ပျစ်ပေါ်မှာ စိန်မေအေးနဲ့ နှစ်ယောက်သားကပ်ပြီး စကားတီးတိုးပြောနေခဲ့ကြောင်း ကူးတို့သမားတစ်ယောက်ကလည်း သေသေချာချာမြင်တွေ့လိုက်ရတယ်တဲ့"

"ဟင် - အဲဒီလူက"

"ရှင်းရှင်းပြောရရင်တော့ တစ်ရွာလုံးက မင်းကိုလူယောင်ဆောင်မိကျောင်းတစ်ကောင်လို့ ထင်သွားကြပြီကွ။ မင်းကိုတွေ့ရင်လည်း တွေ့တဲ့နေရာမှာ အပြတ်ရှင်းပစ်ဖို့ ရွာသားအချို့တိုင်ပင်ထားကြပြီးပြီတဲ့။ မင်းအဲဒီရွာကိုသွားလို့ကတော့ အသတ်ခံရမှာကျိန်းသေပဲ။ မင်းသေရင်လည်း တစ်ရွာလုံးအမှုပတ်ဦးမယ်"

"ဟုတ်ပါ့မလား အောင်စည်ရယ်။ ဒီရွာသားတွေဒီလောက်တောင်အယူသီးကြမယ် မထင်ပါဘူး"

"သိပ်ဟုတ်နိုင်တာပေါ့ကွာ။ ရွာသူတွေ မကြာခဏပျောက်ပျောက်သွားတာ ခေါင်းမီးတောက်နေတုန်း စိန်မေအေးကိစ္စ ပေါ်ပေါက်လာတာကြောင့် တစ်ရွာလုံး စိုးရိမ်ဒေါသမိုးမွှန်နေကြတဲ့ အချိန်အခါမျိုးမှာ ဒီလိုအယူမျိုးပေါ်လာတာ တရားသဘောအရ ဘာဆန်းလို့လဲ"

"ဒီတော့ ငါဘာလုပ်ရင်ကောင်းမလဲ အောင်စည်"

"အကောင်းဆုံးကတော့ အဖြေမှန်တွေ့လာတဲ့အထိ ရွာသားတွေနဲ့ မတွေ့အောင် အိမ်ထဲမှာကြာကြာလေး ပုန်းအောင်နေဖို့ပဲ"

အောင်စည်၏အကြံပြုတင်ပြချက်သည် ဖြိုးဝင်းအောင်အတွက် အမိန့်တစ်ရပ်လိုဖြစ်သွားပြီး ခေါင်းငိုက်စိုက်ကျသွားလေသည်။

မိမိ၏ချစ်သူ သေဆုံးသွားသည်ကိုပင် သွားရောက်ကြည့်ရှုခွင့်မရသည့်အပြင် မိမိကိုပါ မိကျောင်းတစ်ကောင်အဖြစ် မှားယွင်းစွာသတ်မှတ်ချက်ခံလိုက်ရသည်။ အဖြစ်မျိုးကား နှလုံးသားပျော့ပျောင်းသူ ဖြိုးဝင်းအောင်အဖို့တော့ ငရဲတမျှ ခံစားနေရပါသည်။ ထို့အပြင် လောကကို ကြောက်ရွံ့နေရသော မိချောင်းတစ်ကောင်ပမာ အိမ်ထဲတွင် နာရီပေါင်းများစွာ ပုန်းအောင်းနေရပေဦးမည်။

တကယ်တော့ စိန်မေအေးသည် အခြားလူငယ်တစ်ယောက်နှင့်ချစ်ကြပြီး ထိုလူငယ်အချိန်မီရောက်မလာသောအခါ အဆိပ်သောက်အဆုံးစီရင်ရန်အတွက် ထိုဝါးကွပ်ပျစ်ပေါ်သို့ ရောက်လာခြင်းဖြစ်သည်။ ထိုစဉ် ဖြိုးဝင်းအောင်နှင့်တွေ့ဆုံ အဆင်ပြေသွားသဖြင့် သူမ၏ အဆိပ်သောက်ရန်အစီအစဉ်ကိုဖျက်သိမ်းလိုက်ပြီး ထိုအဆိပ်ပုလင်းကိုချောင်းထဲပစ်ချရန် အဝကို လက်မဖြင့်ပိတ်ပြီး ချောင်းဆင်းတံတားပေါ် ရောက်အလာ လူသားစားနေကျ မိကျောင်းတစ်ကောင်က အမြီးနှင့်ရိုက်ချကာ မျိုချပစ်လိုက်ခြင်း ဖြစ်သည်။ ထိုအဖြစ်အပျက်ကား စိန်မေအေးအနားမှ ဖြိုးဝင်းအောင်ထွက်ခွာသွားပြီး တစ်နာရီကျော်ခန့်တွင် ဖြစ်ပျက်ခဲ့သည့်အတွက် ရုတ်တရက်အားဖြင့် ဖြိုးဝင်းအောင် မသိလိုက်ရ။

အကယ်၍သာ ဤသို့မဖြစ်ဘဲ စိန်မေအေးသာ ကွပ်ပျစ်ပေါ်တွင်အဆိပ်သောက်သေဆုံးပါက ထိုမိကျောင်းမသည်လည်း သေဖွယ်ရာအကြောင်းမရှိတော့ပဲ ရွာသူရွာသားတို့ကို ဆက်လက်ဒုက္ခပေးနေဦးမည် ဖြစ်သည်။ အထူးသဖြင့် ချောင်းစပ်သို့ ရေခပ်ဆင်းလာသော ရွာသူကလေးများကို မျိုချပစ်ပေဦးမည်။

ခုတော့ အဆိပ်သောက်မည့်သူကို တားမြစ်နိုင်ခဲ့သည့်အတွက် လူသားစားမိကျောင်းမသေဆုံးသွား၍ ကျေးဇူးတင်ရမည့်အစား တစ်ရွာလုံးက လူသားစစ်စစ်တစ်ယောက်ကို မိကျောင်းအမှတ်နှင့်သတ်ပစ်ဦးမည်ဆိုတော့ကာ ဘယ်လိုလူမျိုးက ခံစားနိုင်ပါမည်နည်း။

ဤတွင် ချစ်သူတစ်ယောက်လုံးဆုံးရှုံးသွားရသည့်အပြင် မိကျောင်းအဖြစ်ပါစွပ်စွဲခံနေရသော ဖြိုးဝင်းအောင်သည် မိကျောင်းတစ်ကောင်အဖြစ်နှင့်ပင် လျှင် အိမ်တွင်းအောင်းကာ ကိုယ်ရောစိတ်ပါ နှိပ်စက်တတ်သော လောကဓံကပေးသည့်ဝဋ်ဒုက္ခများကို ဆင်းရဲကြီးစွာခံစားနေရရှာတော့လေသည်။

အဖြေမှန် ငုပ်လျှိုးနေသမျှတော့ အထင်အမြင်မှားမှုက ကြီးစိုးနေဦးမည်မှာ ဧကန်မလွဲပေ။

တင်နိုင်ဝင်း(ထားဝယ်ဈေးမြို့)



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်စစ်ကိုင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ကိုယ်းချုပ်

၂၃

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ

မောင်ထွန်းမြိုင်သည် ကိုယ်ပွားက ဆွဲခေါ်လာသဖြင့် ဘုမသိဘမသိဖြင့် အိမ်ကြီးထဲရောက်သောအခါ တောင်၊ မြောက်၊ ဝဲ၊ ယာ လှည့်လည်ကြည့်ရှုလိုက်သောအခါ အိမ်ထဲတွင် အိမ်ထောင်ပရိဘောဂဟူ၍ ထူးထူးခြားခြားမရှိဘဲ ခုတင်ကြီးတစ်လုံး၊ ဖျာတစ်ချပ်၊ ခေါင်းအုံးအချို့၊ သောက်ရေအိုးစင်နှင့် စားပွဲတစ်လုံးတို့ကိုသာ တွေ့ရှိခဲ့ရသဖြင့် ကိုယ်ပွားအား -

"ဒီအိမ်ကြီးမှာဘာထူးခြားတာရှိလို့လဲ။ ဘာဖြစ်လို့ ဒီအိမ်ကြီးထဲ ကျုပ်ကို ခေါ်လာခဲ့ရတာလဲဗျ"

ဟု မေးလိုက်ရာ ကိုယ်ပွားက -

"ဒီကိုခေါ်လာတာက ကျွန်တော် ကိုထွန်းမြိုင်ကိုကြည့်ရတာ ခရီးပန်းပြီး နွမ်းနယ်နေပုံရနေလို့ ခေတ္တခဏနားရအောင်ဆိုပြီး ဒီနေရာကိုခေါ်လာရတာပဲ။ ဒီနေရာမှာခေတ္တခဏလောက်ပဲဖြစ်ဖြစ် နားလိုက်တာနဲ့ ခင်ဗျားဟာ ပြန်ပြီး လန်းဆန်းတက်ကြွတဲ့အာနိသင်တွေကို ရရှိလာလိမ့်မယ်ဗျာ။ ဒါကြောင့် ခင်ဗျား နားရအောင် ဒီနေရာကိုခေါ်လာရတာပဲဗျ"

"ဪ - ဒီလိုလား၊ ဒါဆိုဒီနေရာက ဘယ်လိုနေရာမျိုးလဲ"

"ဘယ်လိုနေရာမျိုးလဲ ဆိုတော့ အတွင်းထူပါရဲ့နားနေခန်းလို့ပဲခေါ်ခေါ်၊ တည်းခိုခန်းလို့ပဲခေါ်ခေါ် ခေါ်လို့ရမယ် ထင်တယ်။ အထူးသဖြင့် ဒီလိုဝိဇ္ဇာရေဆိုင်ရာအထူးနေရာကို ရောက်လာတဲ့ ဧည့်သည်တွေ တည်းခိုဖို့ပေါ့ဗျာ။ အခု ကိုထွန်းမြိုင်လိုမျိုးပေါ့လေ။ ဒါကြောင့် ဒီနေရာမှာခေတ္တခဏတော့နားလိုက်ပါ။ နောက်ပြီး ခင်ဗျားယူလာတဲ့ ရိက္ခာတွေလည်းကုန်လောက်ပြီ။ ဒါကြောင့် ခင်ဗျား ဝမ်းဟာနေရော့မယ်။ ဟိုစားပွဲပေါ်က ဝါးဆန်ခါခုံးကလေးအောက်ထဲမှာ နွယ်တစ်မျိုးကနေထုတ်ထားတဲ့ နို့နဲ့စသာစပါးတို့ကိုပြုတ်ထားတဲ့ အာဟာရတစ်မျိုးရှိတယ်။ အဲဒါကိုသောက်လိုက်ပါ။ အဲဒါကို မတင်းတိမ်ရင် ဟိုခေါင်းရင်းကတိုင်မှာ ငှက်ပျောသီးတစ်ဖီးရှိတယ်၊ ဖြုတ်စားပေါ့ဗျာ။ နောက် ရေဆာရင် သောက်ရေအိုးစင်ပေါ်ကအိုးထဲမှာ ရေရှိတယ်။ ခပ်သောက်နိုင်ပါတယ်"

ဟု ပြောပြီး ထွက်မည့်ဟန်ပြင်လိုက်သဖြင့် မောင်ထွန်းမြိုင်က -

"ဒါနဲ့ ကိုယ်ပွားက ဘယ်သွားမလို့လဲ"

"ဒီနေရာမှာ ခင်ဗျားအနားယူနေတုန်း ကျွန်တော် ညီလာခံကျင်းပတဲ့ တာဝန်ခံနဲ့သွားတွေ့ပြီး ခင်ဗျားတက်ခွင့်ရအောင်လို့ သွားခွင့်တောင်းမလို့ပါ၊ ဘာဖြစ်လို့လဲဗျ"

"ဪ - စော စောတုန်းက ဂူရှေ့မှာ အမေစပါယ်နဲ့ ပတ် သက်တဲ့အကြောင်းပြော တုန်းက သာကီဝင်တွေ ကျုပ်တို့ မြန်မာပြည်ထဲ မလာခင်တုန်းကတည်းက မြန်မာပြည်ထဲမှာ နောင် မြန်မာဖြစ်လာမယ့် ပျူတွေ ရှိနေပြီးသားလို့ဆိုပြီး ခင်ဗျား ပြောတဲ့အထဲမှာ ပါသွားတယ်။ ဒါဆို မြန်မာအစ တကောင်းက ဆိုတဲ့ စကားတွေ၊ မြန်မာအစ ကျောက်ဆည်က ဆိုတဲ့ စကားတွေ၊ နောက်ပြီး မြန်မာအစ တိဗက်မြန်မာလူမျိုးစုကြီးက ဆိုတဲ့စကားတွေ၊ အဆိုအမိန့်တွေ၊ ကြားဖူးနားဝတွေနဲ့ ဝိရောဓိသဘောဆောင်နေလို့ ရှင်းသွားအောင် ခင်ဗျားကိုမေးချင်လို့ပါ"

"ဟာ - ခင်ဗျားမေးတဲ့မေးခွန်းက တကယ့်မေးခွန်းကြီးပဲ။ အချိန်နည်းနည်းယူပြီးမှပြောလို့ ပြည့်ပြည့်စုံစုံနားလည်နိုင်မယ်ဗျ။ ဒါကြောင့် ကျွန်တော်ပြန်လာမှပြောမယ်၊ ခုတော့ ခင်ဗျားနည်းနည်းလောက်နားလိုက်ပါဦးဗျာ"

ဟု ပြောပြီး ကိုယ်ပွားသည် ထွက်သွားလေ၏။

ထိုအခါ မောင်ထွန်းမြိုင် စားပွဲဆီသို့လျှောက်သွားပြီး အုပ်ဆောင်းကိုဖွင့်လိုက်သောအခါ အဖြူရောင်အာဟာရတစ်မျိုးကို တွေ့ရှိသဖြင့် ကိုယ်ပွားပြောသည့်အတိုင်း ယူငင်စားကြည့်လိုက်သောအခါ အရသာထူးခြားနေသဖြင့် ယူပြီးစားကြည့်ရင်းစားကြည့်ရင်းနှင့်ပင် တစ်ပန်းကန်လုံးကုန်သွားတော့သည်။ ထို့နောက်တော့ မောင်ထွန်းမြိုင်သည် ခေါင်းရင်းတိုင်ရှိ ငှက်ပျောဖီးမှ ငှက်ပျော





www.burmeseclassic.com

www.burmeseclassic.com

သီးတစ်လုံးကိုဖြုတ်ပြီးစားလိုက်ပြန်၏။ ထိုငှက်ပျောသီး၏ အရသာကလည်း လေးနက်စွာပင် ချိုမြိန်နေကြောင်း သတိပြုမိ၏။ ပြီးလျှင် သောက်ရေအိုးစင်ထဲမှ ရေတစ်ခွက်ခပ်ပြီးအားရပါးရသောက်ချလိုက်ရာ သူ၏ရင်ထဲတစ်ခုလုံး အေးပြီးငြိမ်းသွားသောရသတစ်မျိုးကိုခံစားလိုက်ရလေတော့၏။ မောင်ထွန်းမြိုင်သည် စားသောက်မှုကိစ္စတို့ ပြီးစီးသောအခါ ခုတင်ဆီသို့သွားပြီး ခေါင်းအုံးတစ်လုံးချကာ ခေတ္တမျှတုံးလုံးလှဲပြီး အနားယူလိုက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် လှဲချလိုက်၏။ သို့သော် သူသည် ခေါင်းအုံးနှင့် ခေါင်းထိလိုက်သည်နှင့် တစ်ပြိုင်နက် နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေတော့၏။

❑

မောင်ထွန်းမြိုင် အိပ်ပျော်သွားပြီး (၁) နာရီပျော့ပျော့ခန့်ရှိသောအချိန်တွင် ကိုယ်ပွားလည်း အိမ်အတွင်းသို့ဝင်ရောက်လာပြီး မောင်ထွန်းမြိုင်အားနှိုးလိုက်လေ၏။ သူ့ကိုနှိုးလိုက်သောအခါ ကမန်းကတန်းထလာပြီး -

"ကျုပ်ဘယ်လိုအိပ်ပျော်သွားမှန်းမသိဘူး။ အချိန်တော်တော်ကြာသွားပြီလားဗျ"

ဟု မေးလိုက်ရာ ကိုယ်ပွားက -

"သိပ်မကြာသေးပါဘူးဗျာ။ သွားစရာရှိလို့နှိုးလိုက်ရတာပါ။ ဘယ်လိုလဲ အိပ်ရေးဝရဲ့လား"

"ဟာ-အိပ်ရေးဝပါတယ်။ တစ်ညလုံး အိပ်ရသလောက်ကိုပဲ အိပ်ရေးဝပါတယ်။ ခုမှသတိထားမိတယ်။ တစ်ကိုယ်လုံးပေါ့ပါးပြီးလန်းဆန်းသွားသလိုခံစားရပါတယ်။ ခါတိုင်းထက်တောင် အများကြီး ကြည်ကြည်လင်လင်ဖြစ်လာတယ်ဗျ။ ဒီအတွင်းထူပါရုံနဲ့ အထူးတည်းခိုခန်းမှာစားသောက်ခဲ့ရတဲ့ဩဇာဓာတ်အပြည့်အဝပါတဲ့အစားအစာတွေကြောင့်ပဲထင်ပါတယ်။ တစ်သက်နဲ့တစ်ကိုယ်မစားဘူးတဲ့အာဟာရတွေပါပဲဗျာ"

ဟု မှတ်ချက်ပြုလိုက်၏။

ထိုအခါ ကိုယ်ပွားက -

"ကဲ - ဒါဆိုလည်း ကိုထွန်းမြိုင်အပြင်ထွက်ပြီး ကိုယ်လက်သန့်စင်လိုက်ပါဦး။ ပြီးရင် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်တွေရဲ့ အ[illegible]လာခံကျင်းပတဲ့နေရာကို သွားရမယ်။ ခင်ဗျားကို လေ့လာသူအဖြစ် တက်[illegible] တာဝန်ခံပုဂ္ဂိုလ်ကိုသွားပြောတာ အဆင်ချောခဲ့ပြီဗျ။ ဒါကြောင့် ခင်ဗျားတက်ခွင့်ရတယ်"

"ဟုတ်လားဗျာ၊ ဝမ်းသာလိုက်တာ။ ကျုပ်တစ်သက်မှာ ဒီတစ်ခါလောက် ဝမ်းသာတာမျိုး မရှိခဲ့ဖူးဘူး။ အခုလို အကျိုးဆောင်ပေးတဲ့ ခင်ဗျားကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ"

"ကျွန်တော့်ကိုတော့ ဒီလောက်ကျေးဇူးတင်စရာမလိုပါဘူး။ ကျွန်တော်က တာဝန်အရလုပ်ရတာပါ"

ထို့နောက် မောင်ထွန်းမြိုင်နှင့် ကိုယ်ပွားတို့သည် ထိုအိမ်ကြီးမှထွက်ခဲ့ကြလေ၏။ ညဉ့်သည် ပို၍နက်သည်ထက်နက်လာခဲ့ပြီ ဖြစ်၏။ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး တိတ်ဆိတ်ငြိမ်သက်နေလေ၏။ လရောင်ကြောင့် သူတို့သည် ရှေ့တွင်ရှိ ပတ်ဝန်းကျင်တစ်ခွင်လုံးကို ထင်ရှားစွာ တွေ့မြင်ရလေ၏။ ထိုသို့လမ်းလျှောက်ရင်း ကိုယ်ပွားက -

"ခုန ခင်ဗျားမအိပ်ခင် အိမ်ကြီးထဲမှာတုန်းက ကျွန်တော့်ကို မြန်မာလူမျိုးတွေရဲ့အစနဲ့ပတ်သက်ပြီး မေးခဲ့တယ်လေ"

"ဟုတ်ကဲ့ - ဒီကိစ္စကိုစိတ်ဝင်စားလို့။ နောက်ပြီး ဒါနဲ့ပတ်သက်ပြီး အရမ်းကိုသိချင်ပါတယ် ပြောပြစမ်းပါခင်ဗျာ"

ဟု မေးလိုက်ရာ ကိုယ်ပွားက -

"ဒီကိစ္စနဲ့ပတ်သက်ပြီးပြောရရင်တော့ ရှည်ရှည်လျားလျားပြောပြမှ ဇာတ်ရည်လည်မှာ။ ဒါပေမယ့် ခုတော့ အရေးတကြီးကိစ္စကြီးတစ်ခုကရှိနေတော့ အချိန်အကန့်အသတ်ရှိနေတယ်။ တတ်နိုင်သမျှချုံးပြီး ကျွန်တော်ပြောပြပါ့မယ်။ အခု ကျွန်တော်ပြောတဲ့ဇာတ်ကြောင်းက ကျွန်တော်တို့ရဲ့ဝိဇ္ဇာဓရဆိုင်ရာမှတ်တမ်းတွေအရပြောတာပါ။ သမိုင်းပညာရှင်တွေရေးသားခဲ့တဲ့ ရာဇဝင်တွေ၊ သမိုင်းပညာရှင်တွေ ရေးသားခဲ့တဲ့ ရာဇဝင်တွေ၊ သမိုင်းမှတ်တမ်းတွေအရပြောမှာမဟုတ်ပါဘူး။ ဒါကြောင့် ခင်ဗျားဉာဏ်နဲ့စဉ်းစားချင့်ချိန်ကြည့်ပါ။ ကျွန်တော်ပြောတာကို တစ်ဖက်သတ်လက်ခံခိုင်းတာမဟုတ်ပါဘူး"

"ပြောသာပြောပါ ကိုယ်ပွား။ ခင်ဗျားသိထားတာကိုသာ ကျွန်တော်က သိချင်တာပါ။ ကျွန်တော်တို့ သာမန်လူသားပညာရှင်တွေ အဲ - သမိုင်းပညာရှင်တွေဆိုပါတော့ဗျာ။ သူတို့ရေးတဲ့ သမိုင်းတွေကို ကျွန်တော်တော်တော်များများဖတ်ခဲ့ဖူးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ မြန်မာလူမျိုးရဲ့သမိုင်းရယ်၊ မြန်မာလူမျိုးတွေစတင်ဖြစ်တည်မှုသမိုင်းဟာကြီးသလား၊ ဘယ်လောက်အတိုင်းအတာအထိရှိမလဲ မသိသင့်ဘူးလားဗျာ"

"သိပ်သိသင့်တာပေါ့ ကိုထွန်းမြိုင်ရယ်။ ဒီကိစ္စတွေကို ခင်ဗျားမှမဟုတ်ဘူး၊ မြန်မာလူမျိုးတိုင်းသိသင့်တာပေါ့ဗျာ"

ဟု ပြောလိုက်ရာ ကိုထွန်းမြိုင်က-

"နောက်တစ်ခုက ခုနကျုပ်ပြောခဲ့တဲ့ သမိုင်းပညာရှင်ဆိုတဲ့ပုဂ္ဂိုလ်တွေရဲ့ မှတ်တမ်းစာပေတွေကိုလည်း လေ့လာရင်း လေ့လာရင်းနဲ့ တဖြည်းဖြည်း မယုံကြည်နိုင်ဘူးဖြစ်လာတယ်။ ဒီလိုပြောတာက ဒီပုဂ္ဂိုလ်တွေကို မလေးမစားပြောတာမဟုတ်ပါဘူး။ ကြုံတွေ့လာရတဲ့အခြေအနေကိုပြောတာပါ"

ဟု ပြောလိုက်ရာ ကိုယ်ပွားက-

"အဲဒီမယုံကြည်လောက်တဲ့အခြေအနေမျိုးတွေဆိုတာနဲ့ပတ်သက်ပြီးတော့ သာဓကလေးနည်းနည်းပါးပါးလောက် ဥပမာပေးပါလားဗျာ"

"ပြောရရင်ဗျာ မြန်မာအစကိုမူရင်းက မြန်မာပြည်ထဲမှမဟုတ်ဘဲ တရုတ်ပြည်၊ ကန်စုနယ်ထဲက ရွှေ့ပြောင်းပြီး ကျောက်ဆည်ကနေတစ်ဆင့် မြန်မာပြည်ထဲကို ပြောင်းရွှေ့ဝင်လာတယ်။ နတ်ထိပ်တောင်ကြားကနေဝင်လာတယ်လို့ပြောကြားပြောရဲ့။ တိဗက်မြန်မာလူမျိုးစုကြီးကနေ ဆင်းသက်လာသလိုပြောကြားပြောရဲ့။ နောက်တစ်ခုက ခင်ဗျားပြောခဲ့သလို မဇ္ဈိမဒေသကဝင်လာတဲ့ သာကီဝင်တွေကပဲ စသလိုလိုမျိုးစုံအောင်ပြောနေကြတာပဲ။ နောက်ပြီး အဆိုးဆုံးက မြန်မာဆိုတာ မြန်မာပြည်ထဲကို နောက်အကျဆုံးဝင်လာတဲ့ လူမျိုးတစ်မျိုးအဖြစ်ဆိုကြတာပဲ။ အဲဒါထက်ပိုဆိုးတာက နောက်ဆုံးဝင်လာတဲ့ မြန်မာတွေဟာ သူ့အရင်ရှိနှင့်ပြီးတဲ့ ပျူစတဲ့ လူမျိုးကြီးတွေကို ဝါးမျိုပြီး မြန်မာဖြစ်လာတယ်ဆိုတဲ့အချက်ပဲဗျ။ ကျုပ်တို့မြန်မာလူမျိုးတွေရဲ့ ဇာစ်မြစ်ကိုသေးသိမ်အောင် တမင်များလုပ်နေသလားလို့တောင်ထင်မိတယ်။ သမိုင်းဆိုတာလည်း ခက်သားကလား ကိုယ်ပွားရယ်။ ကိုယ်လိုချင်တဲ့ရှုထောင့်ကနေ ပိုရာဆွဲပြီး ငါပညာရှင်ဆိုတဲ့ ဂုဏ်ထူးငံသေသတွေ ပြောချင်သလိုပြော၊ ရေးချင်သလိုရေးလို့ရတာယ်မဟုတ်လားဗျာ"

"အဲဒါပဲပေါ့ ကိုထွန်းမြိုင်ရဲ့ သမိုင်းဆိုတာ အဲဒီလိုပဲရေးတဲ့ပုဂ္ဂိုလ်ရဲ့ အဂတိတွေ၊ ပုဂ္ဂိုလ်ရေးဘွေ၊ အတ္တလိုက်မှုတွေ၊ ကိုယ်ကျိုးစီးပွားရေး အနာဂတ်

www.burmeseclassic.com

အလားအလာတွေနဲ့ မကောင်းနိုင်ဘူး မဟုတ်လား။ ဘာပဲဖြစ်ဖြစ် သူတို့ဟာ ပုထုဇဉ်တွေဆိုတာကိုလည်း ထည့်တွက်ပါဦး ကိုထွန်းမြိုင်ရယ်"

"သူတို့တွေဟာ ပုထုဇဉ်တွေဆိုတာသိပါတယ်။ ဒါပေမယ့် ကိုယ့်တိုင်းပြည်နဲ့ လူမျိုးဆိုင်ရာကိစ္စတွေကိုတော့ သိပ်ပြီး လက်လွှတ်စပယ်မပြောသင့်၊ မရေးသင့်ဘူး မဟုတ်လား။ ဒီကိစ္စဟာ ပေါ့သေးသေးကိစ္စ မဟုတ်ဘူး။ ကိုယ့်လူမျိုးတစ်ခုလုံး၊ နောင်မျိုးဆက်တွေ၊ အနာဂတ်တွေအားလုံးနဲ့ဆိုင်တဲ့ကိစ္စဖြစ်လို့ အရမ်းကိုကြီးကျယ်ပါတယ်။ အရေးလည်းကြီးပါတယ်။ ဒါကြောင့် အဲဒီလမ်းကြောင်းနဲ့မတူတဲ့ အခြားလမ်းကြောင်းတစ်ခုရဲ့ အယူအဆတွေကို သိချင်လို့ပါ"

"ဒီကိစ္စကဒီလိုပါ။ မြန်မာနိုင်ငံရဲ့ သမိုင်းကိုလေ့လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့အစ၊ မြန်မာလူမျိုးတွေရဲ့အစ၊ သတ္တဝါတွေရဲ့အစ၊ နိုင်ငံတည်ရှိမှုရဲ့အစကို ဦးစွာသိရမယ်ဗျ။ သမိုင်းကိုသိဖို့ ပထဝီဝင်ကိုသိဖို့လိုသလို မနုဿဗေဒကိုလည်း သိရမယ်။ ရှေးဟောင်းဗေဒတွေကိုလည်း သိရမယ်။ ဗုဒ္ဓသာသနာဝင်၊ ထူပဝင်၊ ဒီပဝင်. . . စတဲ့ ဝင်ကိုးဝင်တွေကိုလည်း သိရမယ်။ ဂမ္ဘီရ၊ ဝိဇ္ဇာမရဗေဒ၊ နက္ခတ္တအာကာသဗေဒတွေ၊ ဘူမိဗေဒတွေကိုလည်း သိရမယ်။ ဒါမှ ပြည့်ဝကုံလုံအောင် ဘက်ပေါင်းစုံမှ သုံးသပ်နိုင်ရမယ်ဗျ။ ဒါမှလည်း ပကတိဖြစ်ပျက်ခဲ့တဲ့ အခြေအနေတွေနဲ့ အနီးစပ်ဆုံးသုံးသပ်နိုင်မှာ"

"ဟင်-သမိုင်းဆိုင်ရာသုံးသပ်ချက်တစ်ခုရဖို့ သိုင်းဝန်းသိရှိရမယ့်ပညာရပ်တွေက မနည်းပါလား။ တော်တော်ကျယ်ဝန်းတာပဲနော်။ အဲဒါဆို သမိုင်းဘာသာရပ်တစ်ခုထဲမှာ ပါရဂူတစ်ဦးဖြစ်ရုံနဲ့ တခြားမနုဿဗေဒဆိုင်ရာတွေ၊ လူမျိုးနွယ်စုဆိုင်ရာတွေ. . . စတဲ့ ကျယ်ပြန့်လှတဲ့ နယ်ပယ်ကြီးတစ်ခုလုံးကို ငါသိငါတတ်ထင်ပြီးလိုက်ဝေဖန်ပိုင်းခြားနေလို့ကတော့ ဘယ်နည်းနဲ့မှဖြစ်နိုင်မှာမဟုတ်ဘူးဆိုတာ ကောက်ချက်ဆွဲလို့ရနိုင်တယ်"

"ဟုတ်တာပေါ့ဗျာ၊ လက်ရှိမြန်မာနိုင်ငံရဲ့သမိုင်းကိုပဲကြည့်ကြည့်ပါ။ မြန်မာနိုင်ငံဟာ ကမ္ဘာ့သမိုင်းဆိုင်ရာမှာရော၊ သာသနာ့သမိုင်းမှာရော၊ လူမျိုးနွယ်စုသမိုင်းမှာရော၊ မနုဿဗေဒသမိုင်းမှာရော တခြားဘယ်နိုင်ငံနဲ့မှမတူတဲ့ထူးခြားချက်များစွာရှိတဲ့နိုင်ငံဖြစ်တယ်ဆိုတာကို ပထမဆုံးသိဖို့လိုတယ်။ ဒါကိုမသိဘဲ တခြားနိုင်ငံရဲ့ သမိုင်းဖြစ်စဉ်တွေ၊ အဖြစ်အပျက်တွေကိုပဲကြည့်ပြီး၊ နမူနာယူပြီး သမိုင်းဆရာဆိုတဲ့လူတွေက ခပ်တိမ်တိမ်ပဲ သုံးသပ်ဆုံးဖြတ်လို့ကတော့ တခြားနိုင်ငံတွေ၊ လူမျိုးတွေလိုပဲ ထူးမခြားနားတဲ့သမိုင်းမျိုးပဲပေါ်လာမှာပဲ။ အဲဒီလိုတိုင်းရင်းသမိုင်းဆရာ၊ နိုင်ငံခြားသားသမိုင်းဆရာတွေရဲ့ သာမန်ကာလျှံကာ သမိုင်းဆိုင်ရာရေးသားချက်တွေကြောင့် အရင်ဆုံးနစ်နာကြရမှာက ကျွန်တော်တို့မြန်မာတွေပဲ။ ဒါကို သတိပြုဖို့လိုတယ်။ ရှင်းရှင်းပြောရရင်ဗျာ ကျွန်တော်တို့ရဲ့ သမိုင်းဟာ အခြားလူမျိုးတွေရဲ့သမိုင်းနဲ့ မတူဘဲ တစ်မူထူးခြားခမ်းနားလှပါတယ်"

"ကိုယ်ပွားပြောတာနဲ့တင် ကျုပ်အဖို့ အရမ်းကိုစိတ်ဝင်စားစရာဖြစ်နေပြီဗျ၊ လုပ်စမ်းပါဦး"

"ကိုထွန်းမြိုင်က ခုလိုအားတက်သရောရှိတာမြင်ရတော့ ကျွန်တော်ဖြင့် အထူးဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်ဗျာ။ ဒီလိုဆို ကျွန်တော် ခုပြောမယ့် မြန်မာလူမျိုးတွေနဲ့ မြန်မာသမိုင်းအစရဲ့ အစတွေကိုပြောရရင် ဟိုးသမိုင်းမတင်မီပဝေသဏီခေတ်တွေကစပြီးပြောရမယ်။ အဲဒီမှာ သက်သေအထောက်အထားမပါဘဲပြောရင် နောင်းလူတွေက ယုံတမ်းစကားလို့ထင်မယ်။ ဒါမှမဟုတ် ဒဏ္ဍာရီလို့ပြောချင်ပြောမယ်။ ဒါကြောင့် အခု ခင်ဗျားကို သက်သေနဲ့တကွအသေအချာလိုက်ပြပြီးပြောမယ်ဗျာ။ အချိန်ကလည်း အစည်းအဝေးချိန်တောင် နည်းနည်းနီးလာတော့ ခပ်သုတ်သုတ်သွားပြီး ခင်ဗျားကိုပြစရာရှိတာပြမယ်၊ ပြောမယ်ဗျာ။ လာဗျို့-ကိုထွန်းမြိုင်"

ဟု ပြောပြောဆိုဆိုဖြင့် ကိုယ်ပွားသည် ဘယ်ဘက်သို့ ချိုးကွေ့ဝင်သွားသဖြင့် မောင်ထွန်းမြိုင်လည်း နောက်မှ ခပ်သုတ်သုတ်လမ်းလျှောက်ပြီးလိုက်လေ၏။ ထို့နောက် မောင်ထွန်းမြိုင်လည်း တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားပြီး -

"ဒီမယ်ဒီမယ်-ကိုယ်ပွား၊ ခင်ဗျားတို့ဆီမှာ မြန်မာလူမျိုး၊ မြန်မာ့သမိုင်းတွေရဲ့ သမိုင်းမတင်မီခေတ်က သက်သေတွေ၊ အထောက်အထားတွေရှိတယ်ဟုတ်လား"

"ရှိပ့ါဗျာရှိပ့ါ၊ လက်တွေ့ပြပါမယ်။ ရှိတယ်ဆိုတဲ့နေရာမှာတောင် သမိုင်းမတင်မီခေတ်တွင်မကဘူး ကိုထွန်းမြိုင်ရေး။ ဟိုးကမ္ဘာတည်စ ဘဒ္ဒကမ္ဘာကြီးဖြည်စကအထောက်အထားတွေ ဒီဘဒ္ဒကမ္ဘာရဲ့ဦးဆုံးပွင့်တော်မူခဲ့တဲ့ ကကုသန်မြတ်စွာဘုရားရှင်နဲ့ ပတ်သက်တဲ့ အထောက်အထားတွေပါရှိတာပေါ့ဗျာ"

## ❑ဘဒ္ဒကမ္ဘာရဲ့သာသနာ့မဏ္ဍိုင်

မောင်ထွန်းမြိုင်နှင့် ကိုယ်ပွားတို့ အတော်အတန်သွားမိကြသောအခါ တစ်နေရာတွင် လုံးလုံးခုံးခုံးအဆောက်အအုံတစ်ခုကိုတွေ့ရလေ၏။ ကိုယ်ပွားသည် မောင်ထွန်းမြိုင်ကို ထိုအဆောက်အအုံထဲသို့ ခေါ်ဆောင်သွားလေ၏။ ထိုအဆောက်အအုံထဲသို့ စဝင်ခါစတွင် မှောင်မှောင်မည်းမည်းဖြစ်နေသော်လည်း ဝင်းရင်းဝင်းရင်း တစ်စထက်တစ်ပလင်းလာလေ၏။

ထိုအခါ မောင်ထွန်းမြိုင်က -

"ကိုယ်ပွား၊ ဒီအဆောက်အအုံကြီး ကဘာကြီးလဲ".

ဟု မေးလိုက်၏။

"ဒါ အဆောက်အအုံမဟုတ်ဘူး ကိုထွန်းမြိုင်ရဲ့၊ ရှေးဟောင်းစေတီကြီးတစ်ဆူပဲ"

"ဒီစေတီဟာ အခုဂေါတမဘုရားသာသနာမှာတည်ထားတဲ့ဘုရားမဟုတ်ဘူး။ ရှေးရှေးဘုရားရှင်တွေရဲ့လက်ထက်တော်ကတည်းကတည်ထားတဲ့ဘုရားပါ။ ဒါကြောင့် ဒီပုံစံမျိုးခင်ဗျားမဖူးဘူးတာဖြစ်ပါလိမ့်မယ်"

"အခု ဒါနဲ့ ကျုပ်တို့ဘယ်ကိုသွားနေတာလဲဗျ"

"ကျွန်တော်တို့ သွားနေတာက စောစောပိုင်းတုန်းက ခင်ဗျားဖူးခဲ့တဲ့ အတွင်းထူပါရုံဘုရားရဲ့ဌာပနာတိုက်ကို သွားနေတာပဲဗျ။ ဒါမြေအောက်လိုဏ်ရဲ့ အထူးလျှို့ဝှက်လမ်းကြောင်းကနေဝင်လာတာပဲ။ မကြာတော့ပါဘူး၊ ရောက်တော့မှာပါ"

ဟု ပြောဆိုပြီး ကိုယ်ပွားသည် ခပ်သုတ်သုတ်သွားနေ၍ မောင်ထွန်းမြိုင်လည်း သွားနှုန်းအရှိန်ကိုမြှင့်ကာ လိုက်ရလေ၏။ သွားနေရင်း မောင်ထွန်းမြိုင်သည် ဘေးဘီနံရံများတွင်လည်း အထူးအဆန်းများကိုတွေ့သဖြင့် စိတ်ဝင်တစား ကြည့်ရှုပြီး လျှောက်နေလေ၏။ နံရံပေါ်တွင် တွေ့ရှိရသည်မှာ စက်ယန္တရားပုံများ၊ လူနှင့်သိပ်မတူသောလူပုံစံများ၊ ထူးဆန်းသောယာဉ်ပုံစံများ၊ အမျိုးအမည်မသိသောလက်နက်များ စသည်တို့၏ ရုပ်ပုံများကို တွေ့ရှိရသဖြင့် မောင်ထွန်းမြိုင်သည် အလွန်ပင်အံ့ဩရပါသည်။

ထိုထက်ပို၍ အံ့ဩစရာကောင်းသည်မှာ ဗျည်းအက္ခရာများကို အစက်အပြောက်များဖြင့် အနှံ့အပြား ရေးထွင်းထားခြင်းပင် ဖြစ်၏။ မောင်ထွန်းမြိုင်



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုဗျည်းအက္ခရာများကို တွေ့လိုက်ရသောအခါ စိတ်ဝင်စားသဖြင့် ကိုယ်ပွားအား -

"ကိုယ်ပွားရေ့ နံရံတွေပေါ်မှာ ဗျည်းအက္ခရာတွေကို အစက်အပြောက်လေးတွေရံပြီး ရေးထားတာတွေ့ရဲ့။ အဓိပ္ပာယ်ကဘာသဘောလဲဗျ"

ဟု မေးလိုက်၏။

"ဒီဗျည်းအက္ခရာတွေကို အစက်အပြောက်တွေဝန်းရံထားတာက အစီအရင်ပြုထားတာပဲဗျ။ အဲဒီအစက်အပြောက်တွေကို ဗိန္ဒုလို့ခေါ်တယ်။ ဒါအစီရင်ဆိုပေမယ့် ပေါ့သေးသေးအစီအရင်တွေမဟုတ်ဘူး။ ကမ္ဘာတည်အစီအရင်ကြီးတွေဗျ။ တကယ့်မြန်မာ့ပညာကြီးတွေဗျ။ ဒီ ဗိန္ဒုဗျည်းအက္ခရာတွေနဲ့ ဟောဒီကမ္ဘာကြီးတစ်ခုလုံးကိုလင်းစေနိုင်တယ်။ မှောင်မိုက်သွားအောင်လည်း လုပ်နိုင်တယ်ဗျ။ ဒါကို ဝိဇ္ဇာမရလောကဆိုင်ရာဝေါဟာရနဲ့ပြောရရင် မာမန္တရဖြစ်စဉ်နဲ့ ပလာယနဖြစ်စဉ်ခေါ်တယ်လို့ အချို့ကဆိုကြပါတယ်။ အခု ဒီမှာတော့ အထူးအကာအကွယ်ဆိုင်ရာလုံခြုံရေး အစီအရင်ကြီးအဖြစ် အသုံးပြုထားတာ တကယ့်အရေးပါဆုံးနေရာကို မသက်ဆိုင်တဲ့သူတွေမဝင်နိုင်အောင် တားဆီးထားတဲ့သဘောပဲ။ ဒီပညာရပ်က သိပ်မြင့်တော့ နောက်ပိုင်း ခင်ဗျားနားလည်တတ်မြောက်မှာပါ။ ခုတော့ ဒီလောက်ပဲသိထားပါဦး"

ဟု ပြောရင်းဆိုရင်း ခန်းမပြင်ကျယ်ကြီးတစ်ခုထဲသို့ရောက်ကြလေ၏။ ထိုအထဲသို့ ရောက်ရှိသောအခါတွင်မှ မောင်ထွန်းမြိုင်သည် - အသေအချာကြည့်ရှုလိုက်သောအခါ ခန်းမပြင်ကျယ်ကြီးမဟုတ်ဘဲ ခန်းမ၏အစပ်သည် ရေပြင်ကြီးဖြစ်ကြောင်း တွေ့ရလေ၏။ ထိုရေပြင်ပေါ်တွင် ရွှေလှေကြီးကို တွေ့ရလေ၏။ ထိုရွှေလှေကြီးနှင့်ပတ်သက်ပြီး မောင်ထွန်းမြိုင်က မေးမြန်းရာ ကိုယ်ပွားက -

"အဲဒီရွှေလှေကြီးထဲမှာ ရှေးဘုရားလေးဆူဖြစ်တဲ့ ကကုသန်၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ စတဲ့ ဘုရားရှင်တို့ရဲ့ ဓာတ်တော်မွေတော်တွေ ပူဇော်ထားတယ်ဗျ။ ဒီကာလက အထူးကာလဖြစ်နေတော့ အပေါ်တက်ပြီး ပူဇော်လို့မရဘူး။ ဒီကနေပဲ အာရုံပြုပြီး ကန်တော့လိုက်ဗျာ။ နောက်ပြီးတော့ ဟောဒီရေတွေက ပင်လယ်နဲ့တစ်ဆက်တစ်စပ်တည်းပဲ။ ရေတက်ရေကျရှိတယ်"

ဟု ဆိုလိုက်ရာ မောင်ထွန်းမြိုင်က -

"ဟင် - ဒါဆို ဒီပုံစံက ရွှေတိဂုံဘုရားရဲ့ ဥာပနာတိုက်အောက်ခြေပုံစံမျိုးပဲပေါ့"

"ဟုတ်ပါတယ်။ ကုန်း၊ ရေအဆက်အစပ်သဘောတရားနဲ့အမြဲတမ်းလှုပ်ရှားနေတဲ့ရှင်သန်နေတဲ့သဘောတရားကိုယူထားတာ"

"ဘယ်လိုဘယ်လို အမြဲလှုပ်ရှားရှင်သန်နေအောင် ဟုတ်လား ကိုယ်ပွား"

"အမြဲရှင်သန်လှုပ်ရှားနေတယ်ဆိုတာ ဘယ်လိုသဘောလဲ ကိုထွန်းမြိုင် စဉ်းစားကြည့်ပါ။ လှုပ်ရှားနေဖို့အတွက် စွမ်းအင်တစ်မျိုးမျိုးလိုတယ်လေ။ အဲဒီစွမ်းအင်ကို ဘယ်ကရလဲဆိုတော့ ဒီရေအတက်အကျကနေပြီး ရအောင်စီရင်ထားတာပေါ့။ ဒါကြောင့် ဒီမှာ စီရင်ထားတဲ့အစီအရင်တွေ၊ ယန္တရားတွေဟာ စီရင်ထားတာ ရှေးဘုရားရှင်လက်ထက်တော်တွေထဲကပဲဆိုတော့ နှစ်ကာလသက်တမ်းသောင်းသိန်းသန်းမကအောင် ရှိနေခဲ့ပေမယ့် ယနေ့ချိန်အထိ အလုပ်လုပ်နေသေးတယ်ဆိုတာ ဒီစွမ်းအင်ကြောင့် တစ်စိတ်တစ်ပိုင်းပတ်သက်နေတယ်ဆိုတာလည်း သဘောပေါက်နိုင်တယ်ဗျ"

"အင်း - ဒီပညာတွေက လေ့လာရင်းနဲ့ တော်တော်လေးနက်လာပါလား ကိုယ်ပွားရယ်"

"ဒါထက် လေးနက်တာတွေတွေ့ရမယ် ကိုထွန်းမြိုင်။ ဟိုဘက်က ခန်းမထဲသွားရအောင်"

- ဟု ခေါ်သဖြင့် မောင်ထွန်းမြိုင်လည်းလိုက်သွားရာ ရွှေကလပ်၊ ရွှေကြုတ်၊ ရွှေအုပ်ဆောင်းနှင့် ရတနာကလပ်၊ ရတနာကြုတ်၊ အုပ်ဆောင်းများဖြင့် ထည့်သွင်းထားသိုထားသောပစ္စည်းများကို တွေ့ရသဖြင့် မောင်ထွန်းမြိုင်က မေးရာ ကိုယ်ပွားက -

"ဒီပစ္စည်းအသုံးအဆောင်တွေကို ကြည့် ကိုထွန်းမြိုင်။ ဒါတွေဟာ ဒီဘဒ္ဒကမ္ဘာတည်စ ဗြဟ္မာတွေက ဒီကမ္ဘာမှာ ဘုရားငါးဆူပွင့်မယ့်အတွက် ကြိုတင်ဆက်ကပ်ထားတဲ့ သပိတ်တော်တွေပဲ။ နောက်ပြီး ဒီကျိုင်းတွေ၊ ဝရိမ်၊ သန်လျက်တွေက ကမ္ဘာတည်ပြီးလူတွေစဖြစ်လာပြီးတဲ့နောက် ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းဖြစ်စအချိန်မှာ. ပထမဆုံးဖြစ်လာတဲ့ မဟာသမ္မတမင်းနဲ့ နောက်မင်းအစဉ်အဆက် ဘုန်းကံကြီးမားတဲ့မင်းတွေ အသုံးပြုခဲ့တဲ့ အသုံးအဆောင်တွေပဲ။ ဟိုဘက်မှာတွေ့နေရတာတွေက အရိန္ဒမာလိုလှံမျိုးတွေ၊ နောက်ပြီး တန်ခိုးရှိတဲ့ ကနက္ကဒဏ်ထီးတွေ၊ သားမြီးယပ်တွေပဲ။ နောက်ဒီဘက်ကတောင်ဝှေးတွေ၊ ဝေါယာဉ်တွေက ခေတ်အဆက်ဆက်သာသနာပိုင်ဆရာတော်ကြီးတွေရဲ့ပစ္စည်းတွေပဲ ကိုထွန်းမြိုင်"

ဟု ဆိုရာ မောင်ထွန်းမြိုင်က -

"ခုန ခေတ်အဆက်ဆက်ဆိုတာ ပျူခေတ်တို့၊ ပုဂံခေတ်တို့၊ အင်းဝခေတ်တို့ဆိုတာတွေကိုပြောတာလားကိုယ်ပွား"

"အဲဒီခေတ်တွေလည်း ပါတယ်။ အခုခင်ဘုရားရှင်တွေလက်ထက်ကမြန်မာ့လူ့အဖွဲ့အစည်းရဲ့ခေတ်အဆက်ဆက်ကလည်းပါတယ်"

"ဒါနဲ့ နေပါဦး ကိုယ်ပွား။ ကျုပ်မရှင်းတာတစ်ခုရှိသေးတယ်။ ဒီဘဒ္ဒကမ္ဘာမှာပွင့်တော်မူခဲ့တဲ့ ဘုရားရှင်လေးဆူစလုံးရော နောက်ပွင့်တော်မူမယ့် အရိမေတ္တေယျဘုရားရှင်ရဲ့ ဓာတ်တော်၊ မွေတော်တွေပါ ဘယ်လိုဖြစ်ပြီး ကျုပ်တို့နိုင်ငံမှာအများဆုံးလာရှိရတာလဲ။ တခြားနိုင်ငံတွေမှာကော မရှိဘူးလား"

"တခြားနိုင်ငံတွေမှာလည်းရှိတော့ရှိတာယ် အနည်းစုပဲ။ အဓိကက ကျွန်တော်တို့နိုင်ငံမှာပဲ ကိုထွန်းမြိုင်"

"ဟင် - ဒါဆိုရင် မဇ္ဈိမဒေသမှာဘုရားတောင်သွားပွင့်သေးတာပဲ။ အဲဒီမဇ္ဈိမဒေသရှိတဲ့ အိန္ဒိယနိုင်ငံက အဓိကမဖြစ်ဘူးလား"

"ကိုထွန်းမြိုင်ပြောတာ ဟုတ်ပါတယ်။ ဘုရားရှင်အစဉ်အဆက် မဇ္ဈိမဒေသမှာပွင့်ပါတယ်။ ဒါကြောင့် အိန္ဒိယနိုင်ငံဟာ အဓိကဖြစ်သင့်ပါတယ်။ ဒါပေမယ့် အဲဒီလိုမဟုတ်ဘူး။ မဇ္ဈိမဒေသဟာ ဘုရားအလောင်းတော်တွေ ဘုရားအဖြစ်ကို ရောက်တော်မူဖို့ပဲ။ သို့သော်လည်း ဘုရားရှင်တွေရဲ့သာသနာတော်တွေဟာ မဇ္ဈိမဒေသမှာ မတည်မြဲဘူး။ မြန်မာပြည်မှာပဲ သာသနာတော်ဟာ ရွှေ့ပြောင်းပြီးတည်ရတဲ့ အစဉ်အလာသဘောမျိုးပဲ။ ဒါကြောင့် မဇ္ဈိမဒေသဟာ ဗုဒ္ဓဘာသာအတွက် ဗောဓိမဏ္ဍိုင်ဖြစ်ပြီး မြန်မာနိုင်ငံတော်ဟာ သာသနာ့မဏ္ဍိုင်ဖြစ်တယ်လို့ သဘောပေါက်ရမယ် ကိုထွန်းမြိုင်။ ဒါကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ အခြားနိုင်ငံတွေနဲ့မတူတဲ့ တစ်မူထူးခြားတဲ့နိုင်ငံလို့ပြောတာဖြစ်တယ်။ ဒီတော့ ဗုဒ္ဓဘာသာအတွက် မြန်မာနိုင်ငံဟာ အဓိကအဝဆုံး ဘူမိနက်သန်ဆိုတာ အခိုင်အမာသတ်မှတ်လို့ရနိုင်ပါတယ်"

(ရွှေလက်ဖတ်ရည်
ပထမအကြိမ်ရေးဦးအောင်စွာ)




www.burmeseclassic.com

www.burmeseclassic.com

ဖန်းမော်ညိုသူ

# သင်ငါပြီး ဘာသိများနေသလား မကြောက်နဲ့... ဆေးရှိပါတယ်



© BBC 20th Century Fox

ရောဂါတစ်ခုကို သံသယဝင်လာလို့ ကျွန်တော် မန္တလေးကိုသွားပြီး ဆေးစစ်ခံခဲ့ပါတယ်။ ဘာရောဂါမှမတွေ့တဲ့အတွက် စစ်ကိုင်းမှာနေတဲ့ သားရဲ့အိမ်မှာ တစ်လခွဲနေခဲ့ပါတယ်။ ဖန်းမော်ကိုပြန်ရောက်လို့ (၂) ရက် (၃) ရက်ကြာတော့ ကျွန်တော်နံနက်တိုင်း စားနေကျဖြစ်တဲ့ ချာပါတီဆိုင်ကိုသွားပါတယ်။ ချာပါတီ ဆိုင်ပိုင်ရှင်ဟာ ဦးဂျမားဖြစ်ပါတယ်။ ဦးဂျမားကိုဖြုန်းခနဲမြင်လိုက်တော့ မမှတ်မိအောင်ဖြစ်သွားပါတယ်။

"ဘယ်လိုလဲ ဦးထွန်းယဉ်။ ဆိုင်မလာတာကြာပြီ၊ ဘယ်များသွားနေတာလဲ"

ဦးဂျမားရဲ့နှုတ်ခွန်းဆက်သံကြားလိုက်မှ ဦးဂျမားဖြစ်မှန်း သေချာသွားတယ်။

"ကျွန်တော်မန္တလေးသွားပြီး ဆေးစစ်ခံနေတာ။ ခင်ဗျားဘယ်လိုဖြစ်သွားတာလဲ။ ဒီလောက်ဝနေပြီး ဗိုက်ကြီးရွှဲနေတဲ့သူက ဗိုက်လည်းမရှိတော့ဘူး။ လူကလည်း ပုံမှန်ဖြစ်နေပြီး ကြည့်ကောင်းနေပါလား။ ဘာဆေးများတွေ့သွားလို့လဲဗျ"

ကျွန်တော်က မေးလိုက်တဲ့အခါ ဦးဂျမားက ပြုံးပြုံးလေးနဲ့ပြောလိုက်ပုံက-

"ပြီးခဲ့တဲ့ လဆန်းပိုင်းလောက်က ကျွန်တော့်ဆိုင်ကို တိန်းသော်ရွာက အဘိုးကြီးတစ်ယောက်ရောက်လာတယ်။ သူ့နာမည်က ဦးဘဆန်းလို့ခေါ်တယ်။ အသက် (၇၀) လောက်ရှိပါပြီ။ ချာပါတီကို ဟင်းနဲ့မှာစားပါတယ်။ ကျွန်တော် နွေးနွေးကွေးကွေးသွားလာလှုပ်ရှားနေတာမြင်တော့ သူ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်ထင်တယ်။ ဘာဘူ၊ ဒီလောက်ဝနေတာ ဘာတွေစားနေလို့ ဝနေတာလဲလို့ သူက ကျွန်တော့်ကို ဖြုန်းခနဲမေးပါတယ်။ ကျွန်တော်က ဘာမှထွေထွေထူးထူးလည်း မစားပါဘူး။ စားနေကျပုံမှန်ဟင်းနဲ့ ထမင်းပဲစားနေပါတယ်။ ဘာဖြစ်လို့ဝလာမှန်းမသိဘူး။ ဒီကြားထဲ ဆီးချိုနဲ့ သွေးတိုးကဖြစ်လာသေးတယ်။ ကျွန်တော် စောစောစီးစီးသေမယ်ထင်တယ်ဗျာလို့ ရင်းနှီးမှုမရှိသေးတဲ့သူကို ကျွန်တော့်စိတ်ထဲမှာဖြစ်နေတဲ့ခံစားချက်ကို ပြောလိုက်မိပါတယ်။

"ခင်ဗျားမသေပါဘူးဗျာ။ ကျွန်တော်ပေးတဲ့ဆေးကိုသောက်ချင်ရင်သောက်ပါ။ ဆေးကတော့အလွယ်လေးပဲ။ သက်ရင်းကြီးမြစ်ကိုသွေးပြီးတော့ မနက်အိပ်ရာထတစ်ဇွန်း၊ ညအိပ်ရာဝင်ခါနီး တစ်ဇွန်းသောက်ပါ။ ဟင်းသောက်ဇွန်းနော်။ နှစ်ပတ်လောက်သောက်လိုက်ရင် ခင်ဗျားဝနေတဲ့ဗိုက်လည်းလျော့သွားလိမ့်မယ်။ အဆီတွေလည်းရှိတော့မှာ မဟုတ်ဘူး။ နောက်ပြီး ခင်ဗျားမှာဖြစ်နေတဲ့ ဆီးချိုနဲ့ သွေးတိုးလည်း ပျောက်သွားလိမ့်မယ်။ မယုံရင်စမ်းကြည့်ပါ။ ခင်ဗျားသောက်မယ်ဆိုရင် ကျွန်တော်သက်ရင်းကြီးမြစ် ယူခဲ့ပေးမယ်။ ခင်ဗျားတို့မြို့ထဲမှာတော့ ရှိမှာမဟုတ်ဘူး။

"ကျွန်တော် သောက်ပါ့မယ် ဦးလေး။ အဲဒီဆေးမြစ်သာယူခဲ့ပေးပါ"

"ဆေးသောက်ပြီဆိုရင် ပြောထားတဲ့အတိုင်း ပုံမှန်သောက်ရမယ်နော်။ ရက်မပျက်စေရဘူး။ ကျွန်တော်ဆေးမြစ်ယူခဲ့ပေးမယ်"

တိန်းသော်ရွာမှ ဦးလေးကြီးဟာ စားသောက်ပြီးပြန်သွားပါတယ်။ (၂)ရက်လောက်ကြာတော့ ပြန်ရောက်လာပါတယ်။ သူ့လက်ဆွဲအိမ်မှာထည့်ထားတဲ့ သက်ရင်းကြီးမြစ်ကိုပေးပါတယ်။

"ဘာဘူ၊ ဒီဆေးမြစ်သောက်ဖြစ်အောင်သောက်နော်။ နောက်(၁၅)ရက်ကြာမှပြန်လာမယ်။ ကျွန်တော်သွားမယ် ဘာဘူ"

ဆိုပြီးဆိုင်ထဲမှထွက်သွားပါတယ်။ ဘာမှမစားသွားတော့ပါဘူး။

ကျွန်တော်လည်း မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ တိန်းသော်ဦးလေးကြီးပေးသွားတဲ့ သက်ရင်းကြီးမြစ်ကိုသူပြောထားတဲ့အတိုင်း သောက်ပါတယ်။ (၁၀) ရက်ကြာတဲ့အခါမှာ ကျွန်တော့်ဗိုက်ဟာ သိသိသာသာကြီးကို လျော့သွားခဲ့တယ်။ သွေးတိုးနဲ့ ဆီးချိုကို သွားစမ်းကြည့်တော့လည်း ဘာမှမရှိတော့ဘူး။ Normal ကိုပြနေကြောင်းတွေ့ရပါတယ်။ ကျွန်တော် အရမ်းအံ့ဩသွားခဲ့ပါတယ်။ ဒီဆေးမြစ်ဟာ ဒီလောက်အစွမ်းသတ္တိရှိပါလားဆိုတာသိလိုက်ရလို့ ဒီဆေးမြစ်ကိုပေးတဲ့ တိန်းသော်ရွာက ဦးလေးကြီးကို ကျေးဇူးတင်မဆုံးဖြစ်နေပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံခြားဆေးသာ အထင်ကြီးကြတယ်။ တိုင်းရင်းမြန်မာဆေးကို အထင်သေးကြပါတယ်။ အခုလို ကျွန်တော်ဖြစ်နေတဲ့ အဝလွန်ပြီး ဆီးချို၊ သွေးတိုးကျတော့ နိုင်ငံခြားဆေးဟာမတိုးနိုင်အောင်ဖြစ်ခဲ့တယ်။ငွေလည်းသောက်သောက်လဲကုန်ခဲ့ပါတယ်။ မြန်မာတိုင်းရင်းဆေး (သက်ရင်းကြီးမြစ်) နဲ့သာ သက်သာပျောက်ကင်းခဲ့ပါတယ်။ အဲဒါကြောင့် (၁၅) ရက်ကြာမှ ဆိုင်ကိုရောက်လာတဲ့ တိန်းသော်ရွာမှ ဦးလေးကြီးကို အဝတ်တစ်စုံနဲ့ ငွေ (၁၀၀၀၀) ကျပ် ကန်တော့လိုက်ပါတယ် ဦးထွန်းယဉ်ရေ"

ဖန်းမော်ညိုသူ



www.burmeseclassic.com

www.burmeseclassic.com




*(ယခင်လမှအဆက်)*

**□ ပတ္တမြားသိုက်ကြီး**

မောင်ပုသည် စိစိဘောင်းဘီတိုနှင့် ရေထဲသို့ဆင်းငုပ်ရန်အသင့်ဖြစ်နေပေပြီ။ သံချောင်းတိုပါသွားရမည်။ သံချောင်းတိုဖြင့် ဖြုန်းတူး၍ အိတ်ထဲထည့်ကာ ထိုအိတ်ကို ကြိုးချည်၍ ဆွဲတင်ရပေမည်။ ပွေးထူက ဆွဲတင်ရမည်ဖြစ်ပြီး စကာလှည့်ရမည်ဖြစ်သည်။

"ဟော့ကောင် အောက်ကကြိုးဆောင့်ဆွဲမှဆွဲတင်နော်"

"အေးပါဟ၊ ဒါလောက်တော့ ငါသိပါတယ်"

"မဟုတ်ဘူး၊ ကြိုးချည်ရင် ကြိုးကလှုပ်မှာမို့ အလွဲလွဲအမှားမှားဖြစ်မှာစိုးလို့မှာရတာ"

"ရပါတယ် မောင်ပုရာ။ ဆင်းမှာဆင်းစမ်းပါ။ (၁၂) နာရီထိုးပြီဟ"

"အေးပါကွာ"

ဟု ပြောပြီး မောင်ပု ရေထဲခြေချလိုက်သည်။

"အား . . . ရေကအတော်အေးတယ်ဟေ့"

ဟု ပြောလိုက်စဉ်မှာပင် လူးထဲ၌ မြည်သံကြီးတစ်ခုထွက်လာလေသည်။ ထို့ကြောင့် နှစ်ဦးသားတန့်သွားသည်။

"ဝီ . . . ဟီ . . . ဟီ . . . ဟီ . . ဟီ"

"ဟော့ကောင် - မဆင်းနဲ့၊ မဆင်းနဲ့ နေဦး။ ဘာသံကြီးလဲဟ"

"အေး-ဘာသံကြီးလဲကွာ။ အိုင်ထဲမဆင်းရဲအောင် လူးခြောက်တာနေမှာကွ"

အသံကြီးကား တရစပ်မနားတမ်း မြည်ဟည်းနေရာ ဓာတ်မီးဖြင့်ဝေ့ပတ်ထိုးကြည့်ရင်း ကြောက်လန့်နေကြသည်။

ထိုစဉ် မောင်ပုသည် အိုင်ရေပြင်သို့ ဓာတ်မီးရောက်သောအခါ လွန်စွာအံ့အားသင့်သွားတော့၏။

"ပွေးထူ၊ ပွေးထူ"

"ဘာလဲ၊ မင်းဟာက ဒီမှာ စိတ်ချောက်ချားပါတယ်ဆိုမှ"

"ရေတွေကို ကြည့်လိုက်စမ်း ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ - ရေတွေခန်းသွားခဲ့ပြီကွ။ ဆန်းကြယ်လိုက်တာနော်"

"အေး - ဘာသဘောလဲတော့ ငါလည်းမသိဘူး။ ခဏနေရင် ရေကလုံးဝခန်းခြောက်သွားတော့မှာ။ ငါတို့ အိုင်ထဲဆင်းကြည့်လို့ရပြီပေါ့ကွာ"

"ဘုရားမတာပဲကွ။ နတ်တွေက ငါတို့ကိုစောင့်ရှောက်တာနေမှာ"

ထိုသို့ ထိုင်ကြည့်နေစဉ်၌ပင် နက်ရှိုင်းကျယ်ဝန်းသော ရေအိုင်ကြီး၌ ရေတစ်ခွက်စာမျှပင် မကျန်အောင် ခန်းခြောက်သွားလေ၏။

"ကဲ - ပွေးထူ၊ အိတ်ယူခဲ့။ ဆင်းကြမယ်"

ဟု ပြောကာ မောင်ပု ဦးဆောင်ပြီး အောက်သို့ကြိုးဖြင့်လျှောချခဲ့လေ၏။ အိုင်၏ နံရံပတ်ပတ်လည်ကား စကျင်ကျောက်နံရံတို့ဖြင့်ဖွေးနေလေ၏။ အိုင်ကြီး၏အောက်ခြေမျက်နှာပြင်အရောက် ဝယ် သူတို့သည် အောက်ခြေကို ဓာတ်မီးဖြင့်ထိုးကြည့်ကာ နှစ်ယောက်သား မှင်တက်မိသွားကြတော့၏။

"ဟာ - ဟေ့ကောင် မင်းနဲ့ ငါ ပတ္တမြားသိုက်ကြီးပေါ်မှာရောက်နေကြတာကွ။ မင်းနဲ့ ငါတော့ တစ်သက်စားမကုန်နိုင်တော့ဘူးကွ။ ပွေးထူရေ ပွဲပြီကွ။ ပွေးထူနဲ့ အောင်ပုတို့ သူဌေးဖြစ်ပြီကွ ဟား. . . ဟား. . . ဟား"

ဝမ်းသာအားရပြောကာ မာကျောကျစ်လျစ်နေသော ပတ္တမြားပြင်ကြီး အား သံချောင်းတို့ဖြင့်တူးဆွကာ ဆာလာအိတ်ခွံထဲအတင်းထည့်နေလေ၏။ အိတ်ပြည့်သည်နှင့် ကြိုးဖျားတွင်ချည်လိုက်သည်။ ပတ္တမြားပြင်ကြီးကား ရဲရဲထ၍နေလေ၏။

"ကဲ - ပွေးထူ၊ အပေါ်မှာကျန်တဲ့ ဆာလာအိတ်ပါချပေးလိုက်။ ဒီအိတ်ကို ဆွဲတင်လိုက်။ တော်ကြာ ရေတွေပြန်ရောက်လာမယ်ထင်တယ်။မြန်မြန် ဘက် ဟေ့ကောင်"

ဟုဆိုရာ လောဘစိတ်၊ ဝမ်းသာစိတ်တို့ကြောင့် ကြိုးကိုပေါ့ပါးစွာဆွဲဘက် သွားသည်မှာ ခဏနှင့်ရောက်သည်။

www.burmeseclassic.com

အပေါ်ရောက်သည်နှင့် ပတ္တမြားအိတ်ကြီးကိုဆွဲ၍တင်သည်။ သို့သော် နေရာပင်မရှေ့ပါ။ ပတ္တမြားဟူသည် သံတုံးသံခဲကဲ့သို့ အလွန်လေးလှ၏။

"ဟေ့ကောင် ပွေးထူ၊ ဆွဲတင်လေကွာ"

"ဆွဲနေတာပဲ မောင်ပုရ။ ငါ့ရဲ့အားနဲ့ပတ္တမြားတစ်အိတ်ကိုမနိုင်ဘူးဖြစ်နေတယ်။ အဲဒါ မင်းပါလာဆွဲတင်မှရမှာ"

"ပျော့လိုက်တာ ပွေးထူရာ၊ ကဲကဲ- ငါတက်ခဲ့မယ်"

ဟု ပြောကာ ကြိုးကိုအမြန်ဆွဲတက်လိုက်သည်။

"ကျောက်ဆိုတာလေးတဲ့အမျိုးကွ။ ဆာလာအိတ်တစ်လုံးထည့်ထားတော့ကာ ထည့်တာများသွားတယ်ကွ။ အိတ်တစ်ဝက်လောက်ဆိုရင် နိုင်နိုင်တယ်။ ခုဟာက. . ."

"ကဲပါကွာ - ဆွဲမှာဆွဲစမ်းပါ။ စကားများမနေစမ်းပါနဲ့"

ဟု ပြောပြီး အားထည့်ကာ နှစ်ဦးသား အတင်းဆွဲတင်ကြပြန်၏။ သို့သောလောဘတကြီးအိတ်အပြည့်ထည့်ထားသောကျောက်အိတ်ကြီးကား အပေါ်သို့တစ်စက်ကလေးမှမကြွပါ။

"ဟာ - ဒုက္ခပါပဲကွာ၊ ငါထည့်တာ လောဘကြီးသွားတယ်။ တစ်ဝက်ပြန်လျှော့ဦးမှရမယ်။ ကဲ - မင်းအပေါ်ကစောင့်"

ဟု ပြောပြီး ကြိုးဖြင့်လျှောဆင်းကာ အိတ်တစ်ဝက်ပြန်သွန်ချလိုက်ပြီး အိတ်ဖျားကိုစုကာ ကြိုးပြန်ချည်လိုက်စဉ်မှာပင် စိစိ. . . စိစိ. . . စိစိ ဟူသော ရေစီးသံတို့ကြားရပြီးနောက် ချက်ချင်းပင် ခြေမျက်စိမြုပ်မျှတက်လာ၏။ မြန်လိုက်သည့်ဖြစ်ခြင်း။

"မောင်ပု၊ ရေတွေတက်လာပြီ။ အမြန်ပြန်တက်တော့ဟ"

"အေးပါဟာ"

ဟု ပြောပြီး မောင်ပုကြိုးချည်၍ အမြန်တက်လာ၏။ အပေါ်ရောက်သော် ကျောက်အိတ်အား နှစ်ဦးသားအားထည့်၍ဆွဲတင်ရာ ခဏအတွင်း အပေါ် ရောက်လာ၏။ အချိန်အားဖြင့် မကြာလိုက်ပါ။ မိနစ်အနည်းငယ်အတွင်းမှာပင် ရေအိုင်ကြီးရေအပြည့်ဖြစ်လျက် ရေမျက်နှာပြင်တွင် လှိုင်းကြက်ခွပ်ငယ်များ လှုပ်ရှားနေလေ၏။

ပွေးထူနှင့် မောင်ပုတို့မှာ ရေပြင်ကြီးအား ရင်တုန်ပန်းတုန်ထိုင်ကြည့်နေကြသည်။ ရေတို့ဘာကြောင့်ခန်းကုန်သည်ကို သူတို့နားမလည်ပါ။ သို့သော် လပြည့်ည၏ည (၁၂) နာရီတိတိတွင် ခန်းကာ ခန်းချိန်သည် (၁၅) မိနစ်ကျော်ကျော်မျှစာကြာသည်ကိုတော့သိကြသည်။ သို့သော် ထိုကိစ္စအား ဆွေးနွေးနေနိုင်စွမ်းမရှိပါ။ သူတို့သည် အပြင်သို့ နံနက် (၃) နာရီတွင်ထွက်ရပေမည်။ သို့ကြောင့် ကျောက်အိတ်အား နှစ်အိတ်ခွဲ၍လွယ်ရန်ပြင်၏။ မောင်ပုမှာ အဝတ်တွေအမြန်ပြန်ဝတ်လိုက်သည်။

"ဟေ့ကောင် ကြိုးခွေဘယ်လိုလုပ်မလဲ"

"ထားခဲ့ကွာ၊ သူ့ကိုသယ်မနေနိုင်တော့ဘူး။ ဒီအတိုင်းသာ ထားခဲ့လိုက်ပါကွာ။ ဒီကျောက်တွေရောင်းလိုက်ရင် မင်းနဲ့ ငါ ဒီလူ့မှာလာခိုးစရာမလိုတော့ဘူးလေ"

"အင်း- ဟုတ်သားပဲ။ ကဲ-သွားကြစို့"

ဟု ပြောကာ နှစ်ဦးသားဝင်လာခဲ့သော ထွက်ပေါက်ဆီဦးတည်လိုက်ကြလေ၏"

"ဩော် - ဟေ့ကောင်၊ ငါတို့သံချောင်းတို ရေအိုင်ထဲကျန်ရစ်ခဲ့ပြီကွ"

"ပွေးထူရာ၊ မင်းကလည်း ဘာမှတန်ဖိုးမရှိတဲ့သံချောင်းတိုများသံယောဇဉ်ငြိနေရတယ်လို့"

"အေး - သူက ငါ့ရဲ့လုပ်ဖော်ကိုင်ဖက်လေးကွ"

"တော်စမ်းပါကွာ"

မောင်ပု ဦးဆောင်ရာနောက်သို့ ပွေးထူသွက်သွက်လေးလိုက်နေရလေ၏။ ပတ္တမြားအိတ်ကိုလွယ်ထားရသဖြင့် စိတ်တို့က ပေါ့ပါးသွက်လက်နေသလို ကိုယ်ကလည်း သွက်လက်ဖျတ်လတ်နေလေ၏။

**ဒရှာ၍မတွေ့သော ထွက်ပေါက်**

ဆင်းခဲ့စဉ်က နိမ့်လျှော၍ဆင်းခဲ့သော ကျောက်ချေးလမ်းကြောင်းသည် အပြန်ဝယ် အနည်းငယ်မော့တက်သဖြင့် ကျောက်အိတ်ကိုလွယ်ထားရသောသူတို့နှစ်ဦးသည် ချွေးပင်ပြန်လာ၏။ သို့သော် လောဘ၏အပျော်စိတ်တို့ကြောင့် မောမှန်း မသိကြပေ။ မောင်ပုသည် ယောင်နနဖြစ်နေလေ၏။ မိနစ်အနည်းငယ်သွားကြည့်လေရာ ဟုတ်ဟန်မတူ၍ နောက်ကြောင်းပြန်လှည့်ခဲ့၏။ လမ်းကြောင်းအတော်ကျဉ်းသွား၍ဖြစ်သည်။

"ငါတို့ဝင်တုန်းက အပေါက်ရဲ့အဝင်ဝမှာ အမှတ်အသားလုပ်ခဲ့ရမှာမေ့နေတယ်ကွာ။ အပေါက်တွေက ဆင်တူရိုးမှားတွေကွ။ အရင်လိုပါတယ်ဆိုမှ အနှေးဖြစ်ရတယ်ကွာ တောက်"

"အေးကွာ၊ မောတောင်မောလာပြီ။ ဒီတစ်ခါတော့ မှန်မှာပါကွာ။ တစ်ခုမဟုတ်တစ်ခုပေါ့ ဟုတ်ဖူးလား"

သူတို့သည် ဒုတိယအပေါက်သို့ လိုက်ခဲ့ကြပြန်၏။ နာရီဝက်နီးပါးသာ ကြာသွားသည်။ စီးကြောင်းလမ်းက မဆုံးနိုင်ပေ။ ထို့ပြင် သူတို့သံချောင်းတိုဖြင့်ရိုက်ခဲ့သောအမှတ်အသားများလည်း မတွေ့ရာ လမ်းကြောင်းလွဲချော်နေမှန်းသိသွားကြ၏။ သို့ကြောင့် နောက်ကြောင်းပြန်ကွေ့ကာ ဟောလ်ခန်းကျယ်ကြီးဆီပြန်ရောက်လာကြပြန်၏။

သို့နှင့် နောက်တစ်လမ်းပြောင်းကာ ဝင်ခဲ့ကြပြန်ပါသည်။ မိနစ်အတန်ကြာသော် ချွန်ထက်သော ကျောက်ဆူးတောများပေါက်နေသည့်အခင်းလမ်းကို တွေ့ရသဖြင့် နောက်ကြောင်းပြန်လှည့်ရပြန်လေ၏။

"ငါဖြင့် သေချင်စော်ကိုနံနေပြီ မောင်ပုရာ"

"မပူနဲ့။ မင်းနဲ့ ငါအချိန်နောက်ကျမှထွက်ရင် ဖမ်းမိသွားမှာသေချာတယ်။ ဒါဆို ငါတို့ကို ရှုံးတို့၊ ဂါတ်တို့ကို ပို့နေမှာမဟုတ်ဘူး။ ငါးဖယ်တေသလို ဝိုင်းတေကြမှာ။ မင်းပြောသလို သေချင်စော်နံမှာ သေချာပြီးသားပဲ"

ပတ္တမြားတို့အတိပြီးသောအိုင်ကြီးထဲတွင် ပတ္တမြားတန်ချိန် မည်မျှရှိမည်ကို ခန့်မှန်း၍မရနိုင်ပါ။ ထိုအကျယ်အဝန်းတို့၊ နက်ရှိုင်းမှုတို့အတွင်းဝယ် နှစ်သန်းပေါင်းများစွာကပင် ဖြစ်တည်ခဲ့သော မိုင်းရှူးပတ္တမြားတို့သည် တန်ဖိုးအားဖြင့် အနန္တထိုက်တန်ပေမည်။ ထို့အပြင် ထိုက်တန်သော ဘုန်းရှင်ကံရှင် လောပန်ကိုလည်း မျှော်လင့်နေဟန်ရှိသည်။

ပွေးထူနှင့် မောင်ပုတို့မှာမူ မျက်စိဖြင့် တပ်အပ်မြင်ခဲ့ရသူဖြစ်၍ မျက်စိထဲမှမထွက်ကြ။ သို့သော် တစ်နိုင်တစ်ပိုင်ရခဲ့ကြသဖြင့် ကျေနပ်ကြပါသည်။ လေးလံသောကျောက်အိတ်တို့ကိုပိုးထားရသဖြင့် ကျောပြင်ဝယ် ချွေးတို့ဖြင့်ရွှဲနစ်နေ၏။ အချိန်အတန်ကြာသော် စီးကြောင်းဝင်ပေါက်ဆုံးလျက် ဟောလ်ခန်းကျယ်ကြီးထဲသို့ ပြန်ရောက်ကြသည်။ အတော်ပင် ရှည်လျားသောလမ်း ဖြစ်သည်။

"မောင်ပု၊ နားဦးမလား"

"နားမနေနဲ့ ဟေ့ကောင်။ စောစော



www.burmeseclassic.com

www.burmeseclassic.com

ပြန်တက်နိုင်လေ့ ငါတို့အန္တရာယ်ကင်းလေပဲကွ"

ဟု ပြောကာ ထွက်ပေါက်ဟုထင်သော လက်ကြားပေါက်ထဲသို့ ဝင်လိုက်ပါသည်။

"ငါတို့ဝင်လာတုန်းက ဒီအပေါက်နော် ဟေ့ကောင်"

"အင်း - ဟုတ်မှာပါ"

ဟု ပွေးထူက ထောက်ခံလိုက်၏။ ထိုဟောလ်ခန်းမကြီးထဲသို့ စီးဝင်ရာလမ်းကြောင်းပေါက်တို့သည် များလှရာ -

"ငါတို့ဘယ်လိုလုပ်ကြမလဲ"

"ငါ့အထင်တော့ ဒီပတ္တမြားအိုင်ကြီးဟာ အရမ်းဆန်းကြယ်တယ်။ ဒီပတ္တမြားတွေ ငါတို့နဲ့ထိုက်တန်မတူဘူး။ ဒီတော့ အချိန်ဘယ်လောက်ကျန်သေးလဲ"

"တစ်နာရီခွဲကျော်ကျော်လောက်ပဲကျန်တော့တာ"

"ဒါဆို အမြန်လုပ်။ ဒီပတ္တမြားတွေ သူ့မူလအိုင်ကြီးထဲသွားပြီးသွန်ထည့်လိုက်ရအောင်"

"ဟာကွာ - မင်းဟာက မဟုတ်တာ။ နှမြောစရာကြီးဟ"

"ဟေ့ကောင်၊ အသက်ထက်ဘာမှတန်ဖိုးပိုမရှိဘူး။ လာ သွားမယ်၊ မြန်မြန်လုပ် အချိန်မရှိဘူး"

ဟု ပြောပြောဆိုဆို အနိမ့်ပိုင်းစီးကြောင်းပတ္တမြားအိုင်ကြီးသို့သွားရာလမ်းအတိုင်း ခပ်သုတ်သုတ်ဆင်းခဲ့ကြတော့၏။ ပတ္တမြားအိုင်ကြီးကား ငြိမ်သက်စွာရှိနေလေ၏။ ချွေးတို့ရွှဲရွှဲနစ်အောင် စိုနေကြတော့သည်။

ပတ္တမြားအိတ်ထဲမှ ပတ္တမြားတို့အား ရေထဲသို့သွန်ချရင်း -

"ပတ္တမြားကိုစောင့်ရှောက်ကြကုန်သော အရှင်သခင်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်တို့ယူသွားသောပတ္တမြားတို့ကို အရှင်သခင်တို့ထံ ပြန်လည်ပေးအပ်ပါသည်။ မျက်စိလည်ပြေ၍ ထွက်ပေါက်တွေ့အောင် စောင့်ရှောက်တော်မူကြပါ အရှင်သခင်အပေါင်းတို့ခင်ဗျား။ မိုက်မှားမိခဲ့သမျှကိုလည်း သည်းခံခွင့်လွှတ်ပေးတော်မူပါ"

ဟု မောင်ပုမှ တောင်းပန်ကာရှိခိုးလျက် နောက်ကြောင်းခပ်သုတ်သုတ်ပြန်တက်ခဲ့ကြလေ၏။ ဝန်မပါတော့၍ ပေါ့ပါးသည်၊ အပြင်အချိန်မီရောက်ရန်ဟူသောဇောက ပြန်လည်ဦးစီးလာသဖြင့် မောသည့်စိတ်ပျောက်ကွယ်သွားပြန်လေ၏။

လူးတွင်းသည် ရှိသမျှတွင်းအားလုံး (၂၄) နာရီ နေ့ဆိုင်း၊ ညဆိုင်းဖြင့်ဆင်းရာ သူတို့အဖွဲ့ နောက်ကျနေပါက လွတ်လမ်းမမြင်ပေ။ တွင်းသူခိုးမိခဲ့သော် ဝါသနာပါသူတို့သည် ကြိုးတုပ်၍စိတ်တိုင်းကျ ရိုက်နှက်လေ့ရှိရာ ကံမကောင်းပါက အသက်ပင်သေသွားနိုင်၏။ အချို့လည်း လူစဉ်မမီအောင်ဖြစ်သွားရသူတို့ပင် ရှိကြ၏။

ဖက်စပ်တိုင်းတွင် အထက်ကိုဖား၍ လက်စွမ်းပြချင်သူတို့ရှိကြလေရာ ဥပဒေဘောင်အတွင်းသို့မပို့ဘဲ တွင်းသူခိုးကျောက်သူခိုးတို့အား သူတို့စိတ်တိုင်းကျ ရိုက်လေ့ရှိကြသည်။ သူခိုးတို့သည် ဥပဒေဘောင်သို့ပို့ပါစေဟု ဆုတောင်းကြသော်လည်း အများအားဖြင့် မပို့ကြပေ။ သူခိုးတို့သည် ဥပဒေကို မကြောက်ကြပါ။ အချုပ်ကျမည့်၊ ထောင်ကျမည့် ထိုပြစ်ဒဏ်ခံရမှုသည် သူခိုးတို့အတွက် အပျော်ခရီးမျှသာ သဘောထားကြ၏။ သို့သော် ရိုက်နှက်ညှဉ်းပန်းမှုကိုတော့ လွန်စွာကြောက်ကြ၏။ ကံမကောင်းပါက သေသွားနိုင်သောအနေအထားရှိ၏။ နိုင်ငံတော်တာဝန်ရှိသူတို့မှ မည်မျှပညာပေးပါစေ ဂရုမထားဘဲ ထိုသို့ပြုမူလေ့ရှိသဖြင့် သူခိုးတို့သည် မိမှာအလွန်ကြောက်ကြခြင်းဖြစ်ပေ၏။မိသူတို့လည်း များစွာရှိခဲ့ကြ၏။ တစ်ရာတစ်ယောက်ထောင်ထဲရောက်ခဲ့၏။

□ **ကံကောင်းပေလို့**

ခပ်သုတ်သုတ်ပြေးတက်ကြရာ ကျယ်ဝန်းသောခန်းမကြီးသို့ရောက်သည်နှင့် ထွက်ပေါက်ဖြစ်နိုင်သည်ဟု ခန့်မှန်းသော အပေါက်ထဲဝင်ကာ အသော့နှင်ရပြန်၏။ အတန်ငယ်လျှောက်မိသော် သွားရင်းလာရင်းထုခြေခဲ့သော ကျောက်တက်တို့ကိုတွေ့ရရာ မောင်ပုသည် ဝမ်းသာအားရ -

"ဟေ့ကောင်၊ ဒါ ငါတို့ဝင်ခဲ့တဲ့လမ်းဟုတ်တယ်ကွ။ အချိန်သိပ်မရှိတော့ဘူး။ သုတ်သုတ်သွားမှ"

ဟုပြောပြီး အတင်းပြေးလုမတတ်သွားသည်။ ပွေးထူလည်း နောက်မှ ထပ်ကြပ်မကွာလိုက်နေလေ၏။ နံနက် (၃) နာရီတွင် သူတို့စဝင်ရာအပေါက်ကိုရောက်ခဲ့ပြီး လုပ်ကွက်တွေကိုဖြတ်ကျော်ရပြန်သည်။ လုပ်ကွက်များမှလွန်သော် လူးဝင်ပေါက်ရှိရာသို့ အချိန်ကြာမြင့်စွာလျှောက်ရပြန်ရာ (၄) နာရီနီးမှ လူးဝသို့ရောက်သည်။

တွင်းဆင်းချိန်က နံနက်(၄)နာရီခွဲဖြစ်ရာ လုပ်ကွက်ထဲ၌ လူအချို့သွားလာလှုပ်ရှား၍နေပေပြီ။ အချို့လည်း မြို့ထဲမှတွင်းဆင်းအမီ ပြန်လာနေကြသဖြင့် လွတ်လပ်မှုသိပ်မရှိကြတော့ပေ။ နံနက် (၃) နာရီအချိန်သာ လွတ်လပ်စွာသွားလာနိုင်ချိန် ဖြစ်သည်။

"ဘယ်လိုလုပ်မလဲ ဟေ့ကောင်"

"အသာထွက်ပြီး ခပ်တည်တည်သွားကြတာပေါ့ကွာ။ ဓာတ်မီးကလွဲပြီး ဘာမှမပါစေနဲ့တော့။ ကြည့်နေ လူလစ်တာနဲ့ ငါတို့ထွက်ကြမယ်"

ဟု ပြောကာ လူးဝကျောက်ဆောင်အေး၌ကပ်ကာ အလစ်ကိုစောင့်နေကြလေ၏။ လူပြတ်သည်နှင့် မောင်ပုပွေးထူကို လက်တို့ကာ လူးဝမှ ခပ်တည်တည်ထွက်ခဲ့ကြလေ၏။ သူတို့၏ဦးတည်ရာသည် ဝင်းတံခါးထွက်ပေါက်ဖြစ်ရာ လုံခြုံရေးအင်ချက်ဖြစ်ဟန်တူသူ နှစ်ဦးက ခပ်လှမ်းလှမ်းမှမြင်သွားရာ -

"ဟေ့ - ဟိုနှစ်ယောက်နေဦး"

ဟု လှမ်းအော်၍တားမြစ်ခြင်းခံလိုက်ရတော့၏။ထို့ကြောင့် အခြေအနေလုံးဝမကောင်းတော့ကြောင်း သဘောပေါက်သော ပွေးထူနှင့်မောင်ပုတို့သည် ကင်းတံခါးကို လှစ်ခနဲဆွဲဖွင့်ကာ ခြေကုန်သုတ်လေတော့၏။ အနောက်မှဓာတ်မီးတဝင်းဝင်းထိုး၍ ပြေးအားသည် ပို၍မြန်လာ၏။ ခဏအတွင်းမှာပင် မီးရောင်များ၊ လူသံများဝေး၍ဝေး၍ကျန်ခဲ့ပါတော့သည်။

သို့နှင့်ပင် လူအများသွားလာရာဝဲကန်လမ်းမကြီးဆီရောက်ခဲ့ကြသည်။ သူတို့သည် စိတ်မအေးနိုင်အောင်ရှိကာနေထိုင်ရာ ဘုရားငါးဆူရပ်ကွက်သို့ အသော့နှင်ခဲ့ကြတော့၏။ ပွေးထူနေထိုင်ရာ မိုးကာတဲလေးဆီရောက်ခဲ့ကြပြီး တံခါးဖွင့်ကာ ဝင်ထိုင်လိုက်ကြ၏။ ရွှဲရွှဲနစ်နေသောချွေးတို့ကို ပွေးထူကသုတ်ပြီးသောအခါ မျက်နှာသုတ်ပဝါကို မောင်ပုဆီလှမ်းပေးလိုက်၏။

"ကံကောင်းလို့ပါလားမောင်ပုရာ။ မင်းနဲ့ ငါ ဒီကောင်တွေလက်ထဲရောက်သွားလို့ကတော့ မချောင်ဘူးကွ။ သူတို့အင်ချက်အုပ်စုမှာ မှေးကြီးဆိုတဲ့ကောင်ဟာ လက်သံတော်တော်ပြောင်တယ်လို့ နာမည်ကြီးတယ်။ မိသွားလို့ကတော့ မတွေးဝံ့စရာပါကွာ"

"အေးကွာ၊ လူကတော့ ဖတ်ဖတ်ကိုမောသွားတာပဲ။ တကယ်ကိုသေစေနိုင်သွားတာကွ။ ဒါထက် ဟေ့ကောင်



www.burmeseclassic.com

www.burmeseclassic.com

တို့ရဲ့ဂိတ်စောင့် ဦးသာတူးလည်းမချောင်ဘူးထင်တယ်ကွ"

"အင်း - အနည်းဆုံးတော့ အလုပ်ပြုတ်ပြီထင်တာပဲ"

"ရတနာအိုင်ကြီးတွေ့ထားတော့ လပြည့် ညရေခန်းချိန်မှာ ရတနာတွေဝင်ကျုံးရုံပဲလို့ ထင်ထားတာ။ တကယ်တော့ အတော်ဒုက္ခပေးတဲ့ ရတနာအိုင်ကြီးပါကွာ"

"အေးကွာ၊ နောက်ထပ်လည်းဝင်ဖို့ အခွင့်အလမ်းရနိုင်မယ် မထင်တော့ပါဘူး။ ဦးသာတူးရှိနေလို့ တို့ကအလွယ်ဝင်ခိုးလို့ရနေတာ။ ဦးသာတူးကြီးဒုက္ခမရောက်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

"ပွေးထူ၊ မင်းတော့မသိဘူး။ ငါတော့ အရမ်းအိပ်ချင်နေပြီကွာ။ ငါအိမ်ပြန်အိပ်တော့မယ်"

"အေး-ငါလည်းအိပ်မယ်။ အိပ်ရာမှနိုးတော့မှ လက်ဖက်ရည်ဆိုင်ထိုင်ကြရအောင်"

"အေးအေး-သွားမယ် ပွေ့ကောင်"

ဟု နှုတ်ဆက်ကာ မောင်ပုပြန်သွားတော့၏။ ပွေးထူ၏အိမ်နှင့် မောင်ပု၏အိမ်ကား သိပ်မဝေးလှပါ။ ဘုရားငါးဆူရပ်ကွက်၏ ပြွတ်သိပ်နေသော မိုးကာအိမ်လေးများသည် ဖရိုဖရဲနိုင်လွန်းလှပေ၏။ အနယ်နယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်သူတို့ ဖြစ်သလိုဆောက်ထားသော မိုးကာနီပြာတဲအိမ်လေးများကား တစ်ဦးလက်တစ်ဦးလွှဲကာ အသီးသီးပိုင်ဆိုင်သူတို့ရှိခဲ့ဖူးကြ၏။ ပွေးထူနှင့် မောင်ပုတို့လည်း ပြန်သွားသူတို့ထံမှ ဈေးပေါပေါဖြင့်ပေါချောင်ရထားကြခြင်းဖြစ်ပေ၏။ ဦးသာတူး၊ ပွေးထူ၊ မောင်ပုတို့သည် ကာလအတန်ကြာအတူတွဲ၍ လုပ်ခဲ့ကြသောရောင်းရင်းများ ဖြစ်ပေ၏။

**□ အလုပ်ပြုတ်ခဲ့ပြီ**

"မောင်ပု၊ မောင်ပု ပွေ့ကောင်ထစမ်းပါဦးဟ။ ပွေ့ကောင် မောင်ပုထစမ်းပါဦးကွ။ ငါသာတူးပါဟ"

အဝင်မိုးကာတံခါးအား တဗုန်းဗုန်းပုတ်၍နိုးသံကြောင့် မောင်ပုအိပ်ရာကနိုးလာ၏။

"မောင်ပု ပွေ့ကောင် မောင်ပု"

"ဗျာ"

"ငါပါဟ သာတူးပါ"

မောင်ပုတံခါးထ၍ ဖွင့်ပေးလိုက်ရာ အထုပ်အပိုးများ မြေတွင်ချ၍စောင့်နေသော ဦးသာတူးကိုတွေ့ရလေ၏။

"ဟာ - ဦးသာတူး လာဗျာ"

ဟု ကြိုဆိုကာ မောင်ပုသည် အထုပ်အပိုးများ အိမ်လေးထဲသို့ သယ်၍ထည့်သည်။

"နေဦး၊ ကျွန်တော်မျက်နှာသစ်ရိုက်ဦးမယ်။ ခုဘယ်နှနာရီလောက်ရှိပြီလဲ"

"ညနေ (၄) နာရီထိုးပြီးပြီ။ မင်းတို့က အတော်အိပ်တဲ့ကောင်တွေပဲ"

"အေးဗျာ - မောမောနဲ့အိပ်လိုက်တာ တစ်ရေးပဲ။ ခု ဦးသာတူးနှိုးမှ နိုးတာလေ"

"ကဲကဲ-လုပ်၊ မျက်နှာသစ်ပြီးရင် ပွေးထူတို့အိမ်သွားရအောင်"

မျက်နှာသစ်ပြီးသည်နှင့် အိမ်လေးအားသော့ခတ်ကာ ပွေးထူတို့အိမ်ဘက်လာခဲ့ကြသည်။ ပွေးထူမှာနိုးနေပြီဖြစ်ပြီး အဝတ်ပင်လဲပြီးသားဖြစ်နေ၏။

"ခုပဲ မောင်ပုအိမ်လာတော့မလို့"

"ကဲ- လက်ဖက်ရည်ဆိုင်သွားကြစို့ကွာ"

ဟု ပြောပြီး သုံးယောက်သားကျောက်ချွန်းဘက်သို့ ထွက်လာခဲ့ကြသည်။

ထိုစဉ် မောင်ပုကမေး၏။

"ဘယ်လိုလဲ ဦးသာတူး၊ ခေါ်တိုပြုတ်ခဲ့တာလား"

"ဘာအော်တိုမလဲ။ မင်းတို့နှစ်ကောင်နောက်ကျနေတာနဲ့ ငါ့မှာဒုက္ခရောက်တော့မလို့။ ငါကသွင်းတာပါဆိုပြီး အင်ချက်တွေကရိုက်မယ်နက်မယ်တကဲကဲနဲ့ စစ်လိုက်ဆေးလိုက်ကြတာ အကြိမ်ကြိမ်ပဲကွ။ ငါကလည်း အိပ်ပျော်သွားတာမို့ မသိရပါကြောင်း အကြိမ်ကြိမ်ငြင်းရတာပေါ့ကွာ။ ဒါနဲ့ကွာ ဒီလအတွက် လစာမဲ့နဲ့ပြုတ်ခဲ့တာပဲကွ"

"ဘေးကင်းရန်ကင်းနဲ့ပြန်ထွက်ရတာပဲ။ ကံကောင်းလှပါပြီဗျာ"

"ဒါထက် မင်းတို့ကောင်တွေ မနက် (၃) နာရီမှာ ပြန်ထွက်ဖို့ အသေအချာမှာလိုက်ရဲ့သားနဲ့ ဘာဖြစ်လို့ နောက်ကျနေရတာလဲ။ ငါ့မှာအပေါ်ကနေစိတ်မောလိုက်ရတာ သေလုမတတ်ပါဘဲ။ ပေါ-ထင်တဲ့အတိုင်းပါပဲ။ မင်းတို့လည်း ခွေးပြေးဝက်ပြေးပြေးရ၊ ငါလည်း အလုပ်ပြုတ်နဲ့ တယ်ဂိုက်မကျတဲ့အကောင်တွေပါဘဲကွာ"

"မိုင်းရှူးတောင်ပေါ်မှာ အလုပ်မရှားပါဘူး ဦးသာတူးရာ မပူစမ်းပါနဲ့။ ဒါနဲ့ ကျွန်တော်တို့အကြောင်းမဲ့နောက်ကျနေတာ မဟုတ်ဘူးဗျ"

ဟု နီဒါန်းပျိုးကာ ရတနာသိုက်ကြီးအကြောင်းအား စေ့စေ့ငငပြောပြလိုက်လေ၏။

"ဟုတ်ရဲ့လား မောင်ပုရာ၊ မင်းတို့ဟာက ပုံပြင်လိုဖြစ်နေတယ်ဟ"

"ဩော်-ဦးသာတူးရာ၊ ကျွန်တော်တစ်ယောက်တည်းကပြောရင်ဟုတ်တာပေါ့။ ခုဟာက ကျွန်တော်တို့နှစ်ယောက်စလုံး လောဘတကြီးလုပ်ခဲ့မိလို့ ခုလိုဒုက္ခရောက်ရတာဗျ။ ဒါတောင် ဒီကောင်က ရတနာတွေ မစွန့်လွှတ်နိုင်အောင်ရှိနေသေးတာဗျ။ ကျွန်တော်အကြံညာဏ်ကောင်းလို့ နှစ်ဦးစလုံးကံကောင်းသွားတာ။ နို့မို့ရင်တော့ ကျွန်တော်တို့ အမှုန့်ဖြစ်ကြရမှာ"

"အေးကွာ - အံ့ဩစရာကောင်းလိုက်တာ။ မင်းတို့ပြောလို့သာ ယုံရတာ ဒီလောက်များတဲ့ပုတ္တမြားတွေ အိုင်ကြီးထဲအပြည့်ဆိုတော့ ယုံချင်စရာတောင်မရှိပါဘူးကွာ"

"အောင်မလေး ပတ္တမြားခဲကြီးကိုရဲနေတာပဲ။ အညာမှာ ငရုတ်သီးခြောက်တွေလှန်းထားသလားလို့တောင် အောက်မေ့ရတယ်။ ခုတ်မီးရောင်အောက်မှာ ဖိတ်ဖိတ်တောက်နေတာပဲ။ သူရဲ့အကျယ် ဘယ်ရွေ့ဘယ်မျှဆိုတာ အမြင်အထင်မို့ ခန့်မှန်းနိုင်ပေမယ့် အောက်အနက်ဘယ်လောက်ရှိမယ်ဆိုတာ မခန့်မှန်းနိုင်ဘူးဗျ။ အဲဒီရတနာအိုင်ကြီးသာဖော်ထုတ်လို့ရနိုင်ရင် လူတစ်ဦးမဆိုထားနဲ့ တိုင်းပြည်တောင်ချမ်းသာနိုင်တယ်သိလား"

"မင်းပြောတာနဲ့တင် ငါ့မှာရင်တုန်ပန်းတုန်ကြီးခံစားရပါတယ် မောင်ပုရာ"

"ဒါပေမယ့် လူတွေနဲ့ထိုက်တန်မတူပါဘူး ဦးသာတူးရာ။ အလွန်ကိုဆန်းကြယ်ပြီး အစောင့်တွေအများကြီးရှိမယ်လို့ ယူဆရတာပဲ။ လပြည့်ည (၁၂) နာရီတိတိမှာ ရေတွေတစ်စက်မကျန် အချိန်တိုအတွင်းခန်းကုန်တာကလည်း အလွန်ဆန်းတယ်ဗျ။ ပြီးတော့ ရေတွေပြန်ပြည့်တော့လည်း မြန်ချက်တကမ်းကုန်တယ်။ ပင်လယ်ဒီရေကြီးကျုံးသလို ရေတွေဝင်လာတာမြန်မှမြန်ဗျာ ကြောက်စရာကြီးဗျ"

"အေးကွာ၊ မိုင်းရှူးရတနာမြေတစ်ခွင်လုံးမှာ အကြီးဆုံးသဘာဝရတနာသိုက်ကြီးပဲကွ။ ဒီအကြောင်းတွေဖက်စ်မှာပြန်တင်ပြပြီး မင်းတို့ငါတို့ဦးစီးလို့တိုင်ခွင့်ရရင် ကောင်းမှာနော်"

"တော်စမ်းပါ ဦးသာတူးရာ။ သွား

www.burmeseclassic.com

ပြောလိုက်လို့ကတော့ ကိုယ့်လည်ပင်းကိုယ်ကြိုးကွင်းစွပ်တာနဲ့ အတူတူပဲနေမှာ။ ဒီကိစ္စနှုတ်လုံလုံနဲ့နေပါ။ ဘယ်သူ့ကိုမှသွားမပြောပါနဲ့။

"အင်းပါကွာ အင်းပါ"

စကားတပြောပြောနှင့် ကျောက်ချွန်းအောက်ပြန့်ရှိ လက်ဖက်ရည်ဆိုင်သို့ ရောက်ခဲ့ပြီး မိမိတို့ကြိုက်ရာမှာကြကာ ဝမ်းဖြည့်ကြ၏။ စားသောက်ဆိုင်တို့သည် အချိန်တိုင်း လူတို့ပြည့်နေတတ်၏။

## ▫ ကာလအတန်ကြာပြီးနောက်

ဖက်စပ်ဆွဲသည်ဆိုရာဝယ် ထိုဖက်စပ်သည် ကျောက်ထွက်အားအလွန်ကောင်းပါမှ လောပန်အတွက် အဆင်ပြေ၏။ ကျောက်ထွက်နည်းသောတွင်းတို့အတွက်မှာမူ လောပန်တို့သည် တောင့်မခံနိုင်ဘဲ အရှုံးကြီးရှုံးကာ အရင်းပြုတ်ကြရလေ၏။ ထိုအခါ ဖက်စပ်လည်းပတ်မူရပ်ဆိုင်းကုန်ကြရ၏။ ထိုသည်မှာ ကုန်ကျစရိတ်ကြီးမားမှုကြောင့် ဖြစ်သည်။

မိုးကုတ်ပတ္တမြားမြေ၌ (၅)ယောက်မျှနှင့်လုပ်၍ရနိုင်သောအလုပ်အား မိုင်းရှူးပတ္တမြားမြေတွင် လူ (၅၀) မျှ လူတွေပုံအော၍ လုပ်ကိုင်ကြသောကြောင့် ဖြစ်ပေ၏။ မလိုအပ်ပါဘဲနှင့် လူတွေပုံအော၍ လုပ်ကိုင်ကြသောအခါ လုပ်ရသူတို့ သက်သာကြသော်လည်း ငွေကြေးစိုက်ထုတ်ရသည့် လောပန်တို့မှာမူ မသက်သာကြပေ။ ပြုတ်ပြုတ်ပြုန်း၍ မွဲသွားသူတို့ ရှိသကဲ့သို့ ရူးသွပ်သွားသူ၊ ဆေးသမားဖြစ်သွားသူတို့ပင်ရှိခဲ့ကြသည်။ ကျောက်ဟူသည် ကြောက်စရာကောင်းလှပေ၏။ ကြွေတစ်လက် ကြက်တစ်ခုန် ဟူဘိသို့ ကံအလှည့်ပြောင်း အကြောင်းမျိုးစုံတို့သည် လူပေါင်း လေ၊ ငါးသိန်းမျှ မှီခိုလုပ်ကိုင်နေသော ရတနာတောင်တန်းကြီးအပေါ်၌ ကြည့်တတ်လျှင် ပြက်ပြက်ထင်မြင်နေရပေ၏။

မိုင်းရှူးရတနာမြေပေါ် စဦးတုန်းက တည်းတရောက်နေကြသော ဦးသာတူး၊ ပွေးထူ၊ မောင်ပုတို့သည်လည်း မှော်ကြာကြီးများဖြစ်နေကြရာ ကြုံရာကျပန်း လုပ်ကိုင်စားလျက် လူ့ဘဝ၊ လူ့အရသာကို ပျော်ပျော်ကြီးစံစားခံစားနေခဲ့ကြ၏။ ပွေးထူနှင့်မောင်ပုတို့နှစ်ဦးမှာ လက်တွဲမြဲခဲ့သော်လည်း အကြိုက်ချင်းမတူသော ဦးသာတူးနှင့်မူ ပူးတုန်ခွာတုန်ရှိခဲ့ကြ၏။

ထိုသို့ရှိစဉ် မောင်ပုသည် မူးယစ်ဆေး၏သားကောင်ဖြစ်ကာ သူချစ်သော မိုင်းရှူးရတနာမြေကို မျက်ကွယ်ပြုသွားခဲ့၏။ အပျော်စည်းစိမ်မက်သော ပွေးထူမှာမူ အပျော်ကြောဥ္စနစ်မြောကာ နောက်ဆုံးပေါ်ရောဂါဖြင့် ခေတ်မီစွာ မိုင်းရှူးရတနာမြေအား ကျောခိုင်းသွားခဲ့ပြန်ပါသည်။ အရက်လေးတမြမြနှင့်နေတတ်သော ဦးသာတူးသာ မိုင်းရှူးရတနာမြေတွင်ကျန်ရစ်ခဲ့လေ၏။

၂၀၀၀ပြည့်နှစ်တွင် မိုင်းရှူးရတနာမြေသည် လူးတွင်းအချို့ခေတ်မှိန်ကာ စကျင်ကျောက်သားထဲမှ ပတ္တမြားထုတ်လုပ်သော ခဲတွင်းများလွန်စွာခေတ်စားခဲ့ပြီး စည်ကားမှုယုတ်လျော့ခြင်းသိပ်မရှိသေးပေ။

ပွေးထူနှင့်မောင်ပုတို့ ရတနာသိုက်ကြီးတွေ့ခဲ့ရာလူးမှာလည်း အရှုံးပေါ်သဖြင့် ဆုတ်ခွာသွားခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။ သို့သော် မူလဝင်ပေါက်များမှာ ယမ်းခွဲ၍ချဲ့ထွင်မှုကြောင့် ပြိုကျပျက်စီးကုန်ကာ ဝင်ပေါက်ပျောက်ကွယ်နေပြီး သဘာဝကျောက်တောင်ငယ်အဖြစ် ကျန်ရစ်သည်။

ထိုလုပ်ကွက်အနီးတွင် တရုတ်လောပန်ကြီးတစ်ဦးသည် ဖက်စပ်ဆွဲကာ အတိမ်ပိုင်းခဲတွင်း လုပ်ကိုင်နေသည်။ နှစ်ကွက်ပူးဆွဲ၍လုပ်ကိုင်ရာ လုပ်သားသုံး၊ လေးရာမျှရှိပြီး လုပ်ငန်းအောင်မြင်မှုရရှိသောတွင်း ဖြစ်သည်။ မိုင်းရှူးတောင်ပေါ်၌ နာမည်ကြီးတွင်းများတွင် ပါဝင်ပါသည်။

ထိုလောပန်ကြီးသည် အားလုံးအပေါ်၌လည်းကောင်း ခွေးချစ်တတ်သူဖြစ်၍ ခွေးများအပေါ်၌ လည်းကောင်း အလွန်ကောင်းကာ လူတိုင်းက ချစ်ခင်ကြသည်။ အပေးအကမ်းလည်းရက်ရောလှသဖြင့် တပည့်များကလည်း သစ္စာရှိကြဝါသည်။

ထိုသို့ ခဲတွင်းလုပ်ငန်းအောင်မြင်နေစဉ် ဦးသာတူးနှင့် လောပန်ကြီးဆက်မိကာ ဦးသာတူး၏ နတ်လမ်းညွှန်မှုကြောင့် ထိုလူးနေရာဖက်စပ်ကို လောပန်ကြီးကဆွဲကာ လူးလမ်းကြောင်းကိုခန့်မှန်း၍ ဖောက်တွင်းဖောက်ကာ ဖြတ်လမ်းမလိုက်ပါသည်။

သို့သော် လမ်းကြောင်းမှာ မူလလမ်းကြောင်းဟောင်းမဟုတ်ဘဲ လမ်းကြောင်းအသစ်ဖြစ်၍နေပါသည်။ ထိုလူးလမ်းကြောင်းတွေ့ပြီး မကြာမီမှာပင် ဟောလ်ခန်းငယ်တစ်ခုကို တွေ့ရှိရာ ထိုဟောလ်ခန်းငယ်၌ လုပ်သားများနားနေဆောင်ဆောက်ထား၏။ အလွန်ငြိမ်သက်တိတ်ဆိတ်ပြီး သဘာဝကျောက်ခက်၊ ကျောက်တက်၊ ကျောက်ပန်းဆွဲတို့ဖြင့် ရှုမငြီးအောင်လှပသော ထိုဟောလ်ခန်းငယ်၌ လောပန်ကြီးသည် မကြာမကြာ ညဉ့်အိပ်ညနေအပန်းဖြေတတ်လေ၏။

ထိုဟောလ်ခန်းငယ်၏ထောင့်စွန်းတစ်နေရာတွင် ရေတံခွန်ငယ်တစ်ခုရှိရာ သောက်ရေ၊ သုံးရေ၊ ချိုးရေအတွက်လည်း အဆင်ပြေလှ၏။ လူးလမ်းကြောင်းတို့၌ တွင်းလုပ်ကွက်ဟောလ်ခန်းများတွေ့သော်လည်း မက်မောလောက်သောကျောက်ထွက်ပမာဏမရှိသေးပါ။

လောပန်ကြီးသည် လူးဟောလ်ခန်းတွင် ခပေါင်းစီးကာ ရက်ရှူရင်း ကမ္ဘာတွင် အကြီးဆုံးပတ္တမြားရတနာအိုင်ကြီးဟု ထင်မှတ်ရသော ဦးသာတူး ပြောပြသည့်ထိုအိုင်ကြီးကို စိတ်ကူးဖြင့်ခံစားနေလေ့ရှိ၏။ သူ့တပည့်များကိုလည်း အားတက်ဖွယ် ဖိအားပေးလေ့ရှိသည်။ လောပန်ကြီး၏စိတ်အား ပတ္တမြားအိုင်ကြီးက ဖမ်းစားထားလေ၏။

## ▫ ကျွန်ုပ်နှင့်လောပန်ကြီး

လုပ်ငန်းများကြီးသဖြင့် လောပန်ကြီးဟုခေါ်ကြသော်လည်း လောပန်ကြီးကား အသက် (၅၀) ကျော်ရုံမျှသော အရွယ်ကောင်းဖြစ်သည်။ ကိုယ်လုံးကိုယ်ထည်ကြီးမားကြံ့ခိုင်၏။ လောပန်ချင်းဆက်နွယ်မှုကြောင့် မန်နေဂျာဖြစ်သော ကျွန်ုပ်နှင့် သိကျွမ်းပါသည်။ မိုင်းရှူးရတနာမြေတွင် ဖက်စပ်ပေါင်းရာချီရှိသော်လည်း လူအများကတော်သည်၊ ကောင်းသည် စိတ်ထားဖြင့်မြတ်သည်ဟု ချီးကျူးခံရသော လောပန်ဟူသည် လက်ချိုးရေတွက်သော် လက်ဆယ်ချောင်းပင်မပြည့်ပါ။ မပြောပလောက်သောပမာဏလေးသာရှိ၏။ ထိုချီးကျူးခံရသောလောပန်တို့တွင် ထိုလောပန်ကြီးပါရာ ကျွန်ုပ်အနေနှင့် လေးစားချစ်ခင်ပါသည်။

ကျောက်ဈေးများလွန်စွာကျဆင်းပြီးနောက်ပိုင်း ဖက်စပ်တို့နားကုန်ကြရပါသည်။ ကျောက်တစ်ပိသာကို သိန်းတစ်ရာ ယခင်ကရခဲ့သော်လည်း ကျောက်ဈေးကျပြီးနောက်ပိုင်း ကျောက်တစ်ပိသာကို သိန်းနှစ်ဆယ်မျှသာရှိတော့ရာ လောပန်တို့တောင့်မခံနိုင်ကြတော့ဘဲ အားလုံးနီးပါးနားကုန်ကြရပါသည်။

ကျောက်တစ်ပိသာ၏ထုတ်နှုန်း



www.burmeseclassic.com

www.burmeseclassic.com

မှုစရိတ်သည် ပျမ်းမျှသိန်းငါးဆယ်ရှိပါသည်။ သိန်းနှစ်ဆယ်သို့ ကျသွားသောအခါ တစ်ပိဿာထုတ်တိုင်း သိန်းသုံးဆယ်အရှုံးပေါ်နေပါသည်။ ထို့ကြောင့် ရေရှည်ထုတ်နိုင်စွမ်းမရှိတော့ဘဲ ဖက်စပ်တို့ နားလိုက်ရခြင်း ဖြစ်ပါသည်။

လောပန်ကြီး၏လုပ်ကွက်သို့သွားရာလမ်းတွင် တောင်ကုန်းငယ်တစ်ခုရှိကာ ထိုတောင်းကုန်းပေါ်၌ အိမ်တစ်လုံးဆောက်ကာ လောပန်ကြီးနေထိုင်ပါသည်။ ကြီးမားသောဖက်စပ်ကြီးတွင် အစောင့်တို့သာရှိပါသည်။ တစ်ခါသော် ကျွန်ုပ်နှင့်ဆုံဖြစ်၏။ ထိုအခါ အထက်ပါအကြောင်းအရာတို့ကို စိတ်ဝင်စားဖွယ်ပြောပြခြင်းဖြစ်ပါသည်။ လောပန်ကြီးက အထက်ပါအကြောင်းအရာတို့ကို ပြောပြပြီး တစ်ဆက်တည်းပင် သူ့ယူဆချက်တို့ ထပ်ဆင့်ပြောပြပြန်ပါသည်။

"ကိုကျော်စိုးရေ ဒီမိုင်းရှူးရတနာမြေမှာ ရတနာတွေထုတ်လုပ်ကြတာ အချိန်က ကုန်မြီလို့ထင်နေကြတယ်။ ဟုတ်တယ်၊ အပေါ်ယံခဲကြောတွေ အနေနဲ့ ကုန်သလောက်ရှိနေပေမယ့် အဲဒီခဲကြောတွေအောက်မှာ လူးတွေ မြောက်မြားစွာရှိတယ်။ အဲဒီလူးတွေရဲ့ ဝမ်းဗိုက်တွေထဲမှာ ထုတ်လို့မကုန်နိုင်အောင်များပြားတဲ့ ရတနာသိုက်ကြီးတွေရှိတယ်။ ကျွန်တော်သိထားတဲ့ ရတနာသိုက်ကြီးဆိုရင် တန်ပေါင်းများစွာ ကျုံးယူလို့ရတဲ့အနေအထားမှာရှိတယ်။ ဒါမျိုးပတ္တမြားတွေ စုပေါင်းနေထိုင်တဲ့ အိုင်ကြီးတွေဟာ မြေအောက်ကမ္ဘာမှာ မည်မျှရှိမယ်ဆိုတာ မသိနိုင်ပါဘူး။ ဒီတော့ ဖွဲလုံ့လဝီရိယနဲ့လုပ်နိုင်ကြမယ်ဆိုရင် အဲဒီရတနာသိုက်ကြီးတွေဟာ ကျွန်တော်တို့ရတနာမုဆိုးတွေရဲ့လက်ထဲကို အမှန်ရောက်ရမှာပါ။

ကျွန်တော့်အနေနဲ့ ပွေးထူနဲ့ မောင်ပုတို့ကို စောစောကတည်းကတွေ့ခဲ့ရမှာ။ တွေ့ခဲ့ရင် သူ့ရဲ့မှုလလူးဝင်ပေါက်ကို ရအောင်ရှာနိုင်ရင် အဲဒီရတနာအိုင်ကြီးဆိုတာ လက်တစ်ကမ်းမှာပဲရှိနိုင်ပါတယ်။ အခုတော့ ရတနာသိုက်ထဲလက်တွေ့ရောက်ခဲ့သူမဟုတ်ဘဲ တစ်ဆင့်စကားသာ ကျွန်တော်ကရလိုက်တာလေ။ ဒါပေမယ့် ရတနာသိုက်ကြီးအမှန်တကယ်ရှိနေမယ်ဆိုတာတော့ ယုံတယ်။ အဲဒါကြောင့်လည်း အဲဒီလုပ်ကွက်ကို ထပ်ဆွဲဖြစ်တာပါ။

အခုထုတ်လုပ်မှုတွေဟာ တန်ပေါင်းများစွာရတယ်ဆိုစေဦးတော့ အဲဒါအကင်းပဲရှိသေးတာပါ။ လူးထဲက ရတနာသိုက်ကြီးတွေနဲ့နှိုင်းရင် ပြောပလောက်တဲ့ပမာဏမဟုတ်ပါဘူး။ လူးထဲမှာ တန်ပေါင်းများစွာ ကျန်ရှိနေသေးတယ်လို့ ကျွန်တော်ယုံပါတယ်။ တန်ပေါင်းများစွာဆိုတာထက် တန်ပေါင်းမရေတွက်နိုင်လောက်အောင်ကျန်ရှိနေဦးမယ်လို့ ယူဆထားပါတယ်။

ကျောက်ဈေးတွေပြန်ကောင်းလာပါစေလို့ ကျွန်တော်ဆုတောင်းတယ်။ ဈေးကောင်းတာနဲ့တစ်ပြိုင်နက် ခဲတွင်းရောလူးတွင်းပါ အမြန်ဆုံးပြန်ပြီးလည်ပတ်ဖို့ကြိုးစားမယ်။ ရတနာဆိုတာထိုက်ဖို့ပဲလိုတာ။ ထိုက်ရင် လွယ်လွယ်နဲ့ရပါတယ်ဗျာ။ ကိုကျော်စိုးလည်း မိုးကုတ်ကပဲ။ ပြောပြနေစရာတောင်မလိုပါဘူး ဟုတ်ဖူးလား"

ဟု ပြောပြလေ၏။

လောပန်ကြီးနှင့်တွေ့ဆုံစဉ်အခါက ထိုအကြောင်းအရာတို့ကို ကြားရပြီးနောက်ပိုင်း မကြာမီ ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလဆန်း၌ ကျွန်ုပ် မိုးကုတ်မြို့သို့ ပြန်ခဲ့ပါတော့သည်။ လောပန်ကြီးပြောပြသော လပြည့်ည (၁၂) နာရီတွင် ရေရေတွခန်းခြောက်လျက် ပတ္တမြားတို့အတိပြီးသောထိုရေအိုင်ကြီးအားလည်း မျက်စိထဲတွင် မကြာမကြာလာ၍ပေါ်တတ်၏။ ထိုရတနာအိုင်ကြီးနှင့်အတူ ပွေးထူ၊ မောင်ပု၊ ဦးသာတူး၊ လောပန်ကြီးတို့ကိုလည်း ပုံဖော်ခံစားကြည့်လေ့ရှိသည်။

လောပန်ကြီးကမူ ထိုရတနာသိုက်ကြီးကိုမျှော်လင့်ကာ သူနေထိုင်ရာမြို့နှင့် မိုင်းရှူးရတနာမြေရှိ သူ၏စံအိမ်ကို သွားချည်ပြန်ချည်ပြုလျက် စံအိမ်ကြီးပြတင်းဝတွင်ထိုင်ကာ ခပေါင်းစီးကရက်ရှူရင်း စိတ်ကူးတွေယဉ်နေဦးမည်ဟု ထင်မြန်မိပါသည်။ ယခုသော် မိုင်းရှူးရတနာမြေသို့ ခြေဆန့်ရန်မလွယ်တော့ပေ။

□ ငပြုံးနှင့်ကျွန်ုပ်

၂၀၁၀ တွင် မိုးကုတ်တွင်နေ၍ ၂၀၁၁ တွင် ကျွန်ုပ်နေပြည်တော်သို့အပြီးပြောင်းလာကာ မိဘအမွေဖြစ်သောမြေကွက်၌ အိမ်ငယ်လေးဆောက်ကာ တစ်ဦးတည်းနေပါသည်။

ကျွန်ုပ် မိုင်းရှူးမှ ပြန်ရောက်လာသည်ဟုသိသော ကျွန်ုပ်၏တူ လူပေလူတေငပြုံးသည် တစ်နေ့သ၌ ကျွန်ုပ်ထံရောက်လာ၏။ ငပြုံးသည် မိုးကုတ်သို့ရောက်လာကာ ကျွန်ုပ်နှင့်ကျောက်တွင်းလုပ်ဖူး၏။ မိုင်းရှူးရတနာမြေပေါ်သောအခါတွင်လည်း သူများထက် နောက်မကျဘဲ ခေတ်ဦးကပင်လျှင် မိုင်းရှူးသို့ရောက်နေ၏။ ကျွန်ုပ်၏ဆွေစုမျိုးစုတို့သည် ပြန်ကပြေးမှ အုပ်စုလိုက် မိုင်းရှူးရောက်နေကြရာ ငပြုံး၏ဆိုးဒဏ်ကို မျှဝေခံစားကြရပါသည်။ ကြာသော် ဆွေမျိုးများခံနိုင်ရည်မရှိတော့ဘဲ ငပြုံးကို မောင်းထုတ်ကြ၏။

ထိုအခါ ငပြုံးကိုမဲပေါက်သွားသူတို့မှာ ဘုန်းကြီးများ ဖြစ်သည်။ ရပ်ကွက်ထဲမှ ဆွေမျိုးတွေလက်မခံသောအခါ ဘုန်းကြီးကျောင်းများသို့ သွားနေလေ၏။ ဘုန်းကြီးများတန်းစီဆွမ်းခံရာတွင် ရှေ့မှကြေးစည်ထုပေး၏။ ကြာသော် ဘုန်းတော်ကြီးတို့မှာလည်း ငပြုံး၏ဆိုးဒဏ်ကိုခံနိုင်ရည်မရှိဘဲ အပြန်စရိတ်ပေးကာ မောင်းထုတ်ယူရသည်ဟု သိရ၏။ သို့နှင့် တောင်ပေါ်မှ တောင်အောက်သို့ ရောက်သွားတော့၏။

ကျွန်ုပ် မိုင်းရှူးရောက်သော် ငပြုံးနှင့်မတွေ့ရတော့ပါ။ အောက်မိုင်းရှူးဝန်းကျင်ရှိ တောကြီးများထဲတွင်သစ်ခုတ်ဝါးခုတ်လုပ်နေကြောင်း ကြားသိရ၏။ ကျန်သောဆွေမျိုးတို့ထုထည်နှင့်တွေ့ရ၏။ မိုင်းရှူးတွင် ငပြုံးနှင့် မဆုံဖြစ်ပါ။ သို့ကြောင့်လည်း ကျွန်ုပ် နေပြည်တော်ပြန်ကပြေးသို့ ပြန်ရောက်ခဲ့ပြီဟု သိသိချင်း မိုင်းရှူးအကြောင်းများ ပြောချင်လွန်း၍ထင်၏။ ရောက်ပြီးနောက်နေ့မှာ ပင်ပေါက်ချလာလေ၏။

ငပြုံးသည် အတော်ပင်ကြီးရင့်ခဲ့ပြီ ဖြစ်သည်။ မတွေ့သည်မှာလည်း နှစ်ပေါင်း (၃၀) နီးပါးရှိပြီ ဖြစ်သည်။ သို့သော် အားခွန်ဗလမှာကောင်းတုန်းရှိနေသေး၏။ ထိုအခါ မိုင်းရှူးအတွေ့အကြုံများ အမြှုပ်ထွက်မတတ်ပြောပြလေ တော့၏။

ထိုအထဲတွင် လူးထဲသို့ဆက်ပြေးပေး၍ ခိုးဝင်ရာမှ လျှောက်၍လည်ပတ်ကြည့်ရှုရင်း ရေအိုင်ကြီးတစ်အိုင်သို့ ရောက်သွားကြောင်းပါ၏။ ထိုရေအိုင်အကြောင်းမပါသော်လည်း နားထား၍ အစောင့်သာရှိသော လူးတွင်းဖက်စပ်၌ အစောင့်အား ဆက်ကြေးပေး၍ လူးထဲဝင်ခိုးကြသော အကြောင်းအရာတို့ကို ကျွန်ုပ်ထံလုပ်ကြသောတွင်းသမားတို့က မကြာမကြာပြောပြတတ်ကြ၏။

ထိုလူးတွင်းထဲသို့ ဆင်းကြသူအများသည် တွင်းများမှစိတ်တိုင်းကျ



www.burmeseclassic.com

www.burmeseclassic.com

ဖြူနီးတင်ဆေးနိုင်ကြ၏။ ကံကောင်းသူတို့မှာ အထိုက်အလျောက်ရကြသော်လည်း ကံမကောင်းသူတို့မှာ ဘာမှမရကြပေ။ သို့သော် ဆက်ကြေးအရင်းမရှုံးအောင် နေ့စဉ်ကြံကြဖန်ကြပါသည်။ ထိုသည်မှာ ကြီးမားသောအင်္ကျီကြီးမှ လူးထဲသို့ မီးပို့လွှတ်သော ဝိုင်ယာကြိုးတုတ်တုတ်ကြီးကို ဓားမဖြင့်ခုတ်ဖြတ်ကာ ခါးတွင်ဂိတ်စောင့်မမြင်အောင် ခါးပတ်ကဲ့သို့ပတ်၍ခိုးယူခြင်း ဖြစ်ပေ၏။

ကြေးနီဈေးသည် အလွန်ကောင်းလှ၏။ ဘူးခွံ၊ ပုလင်းခွံ၊ ပစ္စည်းအဟောင်းအမြင်း၊ ကြေးနီ၊ သံ၊ သွပ်စသောပစ္စည်းများ ဝယ်သောဆိုင်တို့ကလည်း မိုင်းရှူးရတနာမြေတွင် ပေါလှ၏။ ကြေးနီဆိုပါက သူ့ထက်ငါ ဈေးပိုပေး၍ဝယ်ကြ၏။ ထို့ကြောင့် ဝိုင်ယာကြေးနီကြိုးများ။ မော်တာ၊ ဒိုင်နမို စသည်တို့တွင်သုံးသော ကြေးနီကြိုးများသည် အခြားပစ္စည်းများကဲ့သို့ ဈေးစကားပြောစရာ လုံးဝမလိုဘဲ ပါသမျှကောက်ချိန်ကာ ကျသင့်ငွေရယူရုံသာရှိရာ ကြေးနီမှာ ပစ္စည်းအဟောင်းအမြင်းတွင် မျက်နှာကြီးလှပေ၏။

ထိုဝိုင်ယာကြိုးအတုတ်ကြီးအား ခါးတွင် တစ်ပတ်စာမျှပါခဲ့လျှင် ထိုနေ့ အရင်းမရှုံးတော့ဟုဆိုကြ၏။ လောဘကြီး၍ နှစ်ပတ်၊ သုံးပတ်ပတ်၍မရဟု ဆိုကြသည်။ ဝိုင်ယာက ထိုမျှတုတ်လေ၏။

မိုင်းရှူးခေတ်ဦးတွင် ဟုတ်နိုးနိုးဖြင့် အားသွန်၍ အကြီးအကျယ်လုပ်ကြသော လောပန်အချို့သည် ကြာသော် တွက်ရေးမကိုက်ဘဲ အစောင့်မျှသာထားကာ နားတုန်သည်တို့အများအပြားရှိရာ မိုင်းရှူးဝမ်ကန်ရတနာတောင်တန်းကြီး၏ အနောက်မြောက်ဝန်းကျင် လူးတို့တွင် ထိုလူးလည်း အပါအဝင်ဖြစ်သည်။

ငပြူးသည် ထိုလူးအကြောင်း ပြောခြင်းဖြစ်ကြောင်း ကြားဖူးနားဝရှိပြီးဖြစ်သော ကျွန်ုပ်ကအလိုလိုသိလိုက်လေ၏။ ထိုခေတ်ကို ကျွန်ုပ်မမီလိုက်ပါ။

□ ရေငုပ်၍

အစောင့်သုံးလေးဦးမျှသာရှိသော ဖက်စပ်ပျက်ကြီး၌ လူးတွင်းဆင်းလိုသူတို့သည် ဆက်ကြေးပေးကာ ဆင်းကြရပါသည်။ တာဝန်ရှိသူတို့သည် လူးတွင်းထဲမှ ပစ္စည်းများပစ္စည်းများ မပျောက်ပျက်စေရန် ပြန်တက်တိုင်း စစ်ဆေးလေ့ရှိသည်။

ခါးတစ်ပတ်မျှသော ဝိုင်ယာကို ခါးတွင်ပတ်၍ဖွက်ကြရပါသည်။ စစ်ဆေးသည်ဆိုသော်လည်း သေသေချာချာ စစ်ဆေးခြင်းမဟုတ်ဘဲ အပေါ်ယံကြည့်၍စစ်ဆေးရာ ဝိုင်ယာကြိုးမိသည်ဟူ၍ မရှိပါ။ နက်ရှိုင်းသော လူးလမ်းကြောင်းတွင်သွယ်ထားသော ဝိုင်ယာကြိုးကြီးများမှာ အောက်ထဲ၌ လေး၊ ငါးမိုင်မျှရှိမည်ထင်၏။ ထို့ကြောင့် ဘယ်လောက်ဖြတ်ဖြတ် ကုန်နိုင်ခြင်းမရှိပေ။

ငပြူးနှင့် သူ၏ရောင်းရင်းရဲဘော် ဖိုးဇော်တို့သည် အများနည်းတူ ထိုလူးဖက်စပ်တွင် ဆက်ကြေးပေး၍ဆင်းကြပါသည်။ တစ်နေ့တွင် လူးထဲ၌လိုက်၍ လည်ကြရာ အတန်ငယ်ကျယ်ဝန်းသော ရေကြည်အိုင်ကြီးတစ်အိုင်ကို တွေ့ကြပါသည်။ စိမ့်ရေအိုင်ကြီးဖြစ်၍ ထွက်ပေါက်မရှိပေ။

လူးဆင်းသူတို့၏ ထုံးစံအတိုင်း ကြိုးခွေ စသော ပစ္စည်းများပါကြရာ ထိုရေအိုင်ကြီးကို သုတေသနပြုချင်သောစိတ်တို့က ငပြူးအနေနှင့် တားဆီးမရဖြစ်နေလေ၏။

"ဟေ့ကောင် ဖိုးဇော်၊ မင်းရေငုပ်တတ်လား"

"ဩော် - ငါက တောင်သာနယ်က အညာသားလေကွာ။ ကူးစရာရေပြောလို့ သောက်ဖို့ရေတောင် ခပ်ရှားရှားဥစ္စာ ဘယ်လိုလုပ်ကူးတတ်မှာလဲ။ ဘာလဲ၊ မင်းကကောကူးတတ်လို့လား"

"ငါ ပျဉ်းမနားသားလေကွာ။ ငါတို့ပြန်ကပြေးမှာ ငလိုက်ချောင်းရှိတယ်ကွ။ မိုးတွင်းဆို ထင်းဆယ်သစ်ဆယ်နဲ့ ကူးနေကျကွ"

"ဘာလဲ၊ ငုပ်ကြည့်မလို့လား"

"ဒီရေအိုင်ကြီးရဲ့ အောက်ခြေဖြူနီးမှာ ကျောက်ရှိနိုင်တယ်ကွ။ ငါစမ်းကြည့်ချင်တယ်။ အဲဒါရေဘယ်လောက်နက်လဲဆိုတာစမ်းကြည့်ပြီး ငါဆင်းငုပ်မယ်ကွာ"

"ဒါဆို ရေအနက်တိုင်းကြည့်လိုက်ရအောင်"

ဟုပြောကာ ကျောက်တက်တစ်ခုရိုက်ချိုး၍ ကြိုးချည်ကာချကြည့်၏။ ရေအနက်သည် ဝါးတစ်ရိုက်ခန့်နက်သည်ကို တွေ့ရလေ၏။

"ဒါလောက်အနက်တော့ ငပြူးတို့က ပျင်းတောင်ပျင်းသေးတယ်"

ဟု ပြောကာ တွင်းဝတ်တို့ကိုချွတ်၍ ကျောက်ငုတ်တွင်ကြိုးချည်ကာဆွဲဆင်းသွားလေတော့၏။ ရေနှင့်ထိသည်နှင့်-

"ဟာ - အေးလိုက်တာ ရေခဲစိမ်ရေကျလို့ဟ"

ဟု ဆိုပြီး သံချောင်းတိုနှင့်ဆာလာအိတ်ကိုင်ကာ ငုပ်သွားပါတော့သည်။ ဖိုးဇော်မှာ စိတ်မောမောနှင့် အပေါ်မှစောင့်နေလေ၏။ သိပ်မကြာလိုက်ပါ။ အောက်မှ ကြိုးဆောင့်ဆွဲခြင်းကြောင့် ဖြူနီးအိတ်ကိုဆွဲတင်လိုက်ပါသည်။ ဖြူနီးအိတ်အပေါ်တွင် ငပြူးလည်း ဘွားခနဲ ပေါ်လာလေတော့၏။

"ဟေ့ကောင် - ကြိုးမြန်မြန်ပြန်ချကွ။ ဒီမှာ အေးလို့သေတော့မယ်"

"အေးပါဟာ လာပါပြီ"

ဟု ပြောရင်း အိတ်သုံးပုံတစ်ပုံခန့်ပါသော ဖြူနီးအိတ်ကိုအမြန်ဖြုတ်ကာ ကြိုးအမြန်ပြန်ချရသည်။ ငပြူးကားမျောက်တစ်ကောင်ပမာ ပေါ့ပါးစွာကြိုးဆွဲတက်လာ၏။ အိုင်မှာ စကျင်ကျောက်နံရံများဝိုင်းထားသော ဇောက်နက်သည့် အိုင်ဖြစ်သည်။

"တောက်-အေးချက်ကွာ၊ ဒီထက်ဆက်နေရင် နားထင်ကြောတွေပြတ်ထွက်ကုန်မလား အောက်မေ့ရတယ်။ အေးချက်ကတော့ ရေခဲတိုက်တောင် သူ့လောက်အေးမယ်မထင်ဘူး အဟောင်းဟင်း ဟင်း"

ဟု ညည်းတွားကာ အဝတ်တို့ကို တုန်တုန်ယင်ယင်ဖြင့် ကောက်ဝတ်နေလေ၏။

"ကဲ - ဖိုးဇော် လှည့်ကြည့်ဖို့ခက်မယ်။ အိုင်က အိုင်ဇောက်ဖြစ်နေတော့ ဘယ်နေရာကမှ ဆင်းလှည့်လို့မရဘူး။ ဘယ်လိုလုပ်မလဲ"

"ငါတို့လာခဲ့တဲ့လမ်းမှာ စမ်းချောင်းတွေပေါလွန်းလို့။အဲဒီအထိထမ်းသယ်ရမှာပေါ့"

"ဩော်-မင်းတောင်မင်းငုပ်ရဲသေးတာ။ ငါကဘာလို့မထမ်းနိုင်ရမှာလဲ"

"ကဲ - ဒါဆို သွားကြစို့"

ဟု ဆိုကာ လာရာလမ်းကြောင်းအတိုင်းပြန်ခဲ့ကြလေ၏။ ခက်ခက်ခဲခဲပင် ဖြူနီးအိတ်ကိုထမ်းသယ်ခဲ့ရပြီး စမ်းချောင်းငယ်တစ်ခုအရောက်၌ ဝိုင်းစကာဖြင့် ဆေးကြည့်ရာ ကျောက်ကြီးကျောက်ကောင်းမပါသော်လည်း ကျောက်မှာ စနိုးဘူးတစ်ဘူးမျှရသဖြင့် ထိုရေအိုင်ကြီး၏အောက်ခြေ၌ မိုင်းရှူးပတ္တမြားတို့ များစွာရှိကြောင်းသိကြရပါသည်။

သို့သော် ရေခဲရေတမျှအေးလွန်းသော ထိုရေအိုင်သို့ ငပြူးတို့ နောက်တစ်ခေါက် မရောက်ဖြစ်တော့ကြောင်း လုပ်ရန်ခက်ခဲသော အနေအထားရှိ၏။ ဥမင်ဖောက်၍ ရေထုတ်လမ်းလုပ်

www.burmeseclassic.com

ရေများဖောက်ထုတ်နိုင်ပါက လူတို့အတွက် အလွန်အကျိုးရှိသော ရတနာသိုက်ကြီးတစ်ခုဖြစ်နိုင်ကြောင်း သဘောပေါက်ပါသည်။

• ထိုရတနာအိုင်၊ ရတနာသိုက်တို့သည် ကမ္ဘာဦးမှသည်စ၍ သန္ဓေတည်ကာ နှစ်သန်းပေါင်းများစွာကြာရှိတည်နေသောရတနာတို့ ဖြစ်၏။ ထိုရတနာတို့သည် ရတနာထိုက်သူတို့ကို စောင့်မျှော်ကြိုလင့်နေကြပေမည်။

## ❑ မြေအောက်ရေအောက်၌

မြန်မာနိုင်ငံ၌ ပထမဦးဆုံးပေါ်သော ပတ္တမြားမြေသည် မိုးကုတ်ဒေသဖြစ်သည်။ ဒုတိယပေါ်သောနေရာသည်ကား ဖားကန့်ကျောက်စိမ်းမြေမှ နန့်ယားပတ္တမြားမြေဖြစ်၏။ ထိုနန့်ယားတွင် အင်္ဂလိပ်တို့ထုတ်လုပ်သွားသော တွင်းဟောင်းကြီးများရှိကြောင်း မိုးကုတ်မှသွားလုပ်သူတို့ထံမှ သိရသည်။

ထို့နောက် အရေးအခင်းဖြစ်ပြီးနောက်ပိုင်း၌ မိုင်းရှူးပတ္တမြားမြေပေါ်လာ၏။ ပတ္တမြားမြေတို့၌ အစည်ကားဆုံးနှင့် ကျောက်ထွက်အားအကောင်းဆုံးပတ္တမြားမြေ ဖြစ်သည်။

ကျွန်ုပ် မိုင်းရှူး၌ မန်နေဂျာတာဝန်ထမ်းဆောင်နေစဉ် အခြားဖက်စပ်တို့မှ မန်နေဂျာတို့နှင့် ခင်မင်ရင်းနှီးပါသည်။ ထိုအခါ အလုပ်ကိစ္စ၊ ကျောက်ထွက်နှုန်းကိစ္စတို့ပြောဖြစ်ကြသည်။

ကျွန်ုပ်မှာ ခဲတွင်းမန်နေဂျာဖြစ်ပြီး အခြားသူတို့သည် လူးတွင်းမန်နေဂျာတို့ဖြစ်ကြ၏။ တစ်ခါတွင် ကျောက်ထွက်နှုန်းကိစ္စနှင့်ဆက်နွှယ်၍ လူးမန်နေဂျာတစ်ဦးကို မေးဖြစ်၏။

"မန်နေဂျာတို့အနေနဲ့ တစ်လကို ဘယ်နှပိဿာထွက်သလဲ"

"ဩော် - ကိုကျော်စိုးကလည်း ပိဿာနဲ့မမေးစမ်းပါနဲ့ တန်နဲ့မေးစမ်းပါ။ တစ်လကို ဘယ်နှတန်ထွက်သလဲလို့သာမေးစမ်းပါ"

ဟု ဆိုလေရာ သူတို့လူး၏ထွက်နှုန်းကား ကြောက်ခမန်းလိလိဖြစ်ပေ၏။ ထို့ကြောင့် မကောင်းတတ်သဖြင့် ဆက်မမေးဖြစ်တော့ပါ။ တစ်တန်လျှင်ပိဿာချိန် (၆၃၀) ရှိရာ ရတနာသိုက်ကြီးပေါက်ထားကြောင်း သဘောပေါက်ရပါသည်။ ထိုသို့ထွက်သောကျောက်တို့အား ပီပါများဖြင့်ထည့်ရကြောင်း မမြင်ဘူးသော်လည်း ကြားနေရပါသည်။ မှုဒိတာပွားဖွယ်ဖြစ်သည်။ နှစ်ရှည်လများလုပ်ကိုင်နိုင်သော ရတနာသိုက်တို့သည် မြေအောက်ကမ္ဘာ၌ များစွာရှိနေကြပါသည်။ ကျောက်တို့တန်ပေါင်းများစွာရှိနေကြပါသည်။

လူးတွင်းလုပ်ကိုင်ဖူးသော တွင်းဆရာတို့သည် သူတို့အတွေ့အကြုံကို ပြောပြလေ့ရှိကြသည်။

"ဖြုန်းတွေကို နော်ဇယ်နဲ့ထိုးခြေတဲ့အခါ မီးရောင်အောက်မှာ ပတ္တမြားတွေ ထစုန်နေကြတာ ရဲပတောင်းခတ်နေတာပဲ"

ဆိုသည့်စကားမျိုးတွေ မကြာမကြာကြားရတတ်လေ၏။ ထိုအခါ 'ပိဿာနဲ့ မပြောစမ်းပါနဲ့ တန်နဲ့ပြောစမ်းပါ' ဟူသော စကားသည် အမှန်ဖြစ်ကြောင်း သဘောပေါက်ရလေ၏။

ကြီးမားကျယ်ဝန်းသော မိုင်းရှူးပတ္တမြားမြေ၊ လူးကမ္ဘာမြေအောက်၌ လူတို့မတွေ့သေးသော ရတနာသိုက်တို့များစွာတည်ရှိနေကြပေမည်။ ထုတ်ယူသွားသောပမာဏသည် အနည်းငယ်မျှဟုသာဆိုနိုင်ပါသည်။ သို့သော် အများအားဖြင့် ရေအိုင်ကြီးများ၌သာ တည်ရှိနိုင်ပါသည်။

မိုင်းရှူးပေါ်ပြီး မကြာမီပင် ပြင်လုံရတနာမြေ ပေါ်ပေါက်ခေတ်စားလာခဲ့လေ၏။ သို့သော် ပြင်ပလူတို့လုပ်ခွင့်မရကြ။ နိုင်ငံတော်နှင့်ဒေသခံတို့သာထုတ်လုပ်ကြပြီး နိုင်ငံတော်အတွက် ငါးကာရက်ရှိ စံပြတော်ဝင်ပတ္တမြားတစ်ပွင့်ထွက်ခဲ့ပါသည်။ သို့သော် တည်နေရာကျဉ်းမြောင်းခြင်းကြောင့် နှစ်တိုပိုင်းအတွင်းမှာပင် ကုန်ခန်းသွားခဲ့ပါသည်။

မြန်မာနိုင်ငံတော်၌ စကျင်ကျောက်ရှိသော တောင်တန်းတို့တွင် ပတ္တမြားများထွက်နိုင်ခြေရှိ၏။ ဆင်းတူရုပ်ပွား ကမ္ပည်းကျောက်စာများ ထုဆစ်သော မန္တလေးရှိ စကျင်တောင်သည် တစ်ခါက ပတ္တမြားထွက်သဖြင့် ခေတ်စားဖူး၏။ ကျဉ်းမြောင်းသောဧရိယာဖြစ်ခြင်း၊ အရည်အသားစံချိန်မမီခြင်းတို့ကြောင့် ခေတ်တိမ်မှေးမှိန်ပျောက်ကွယ်သွားရ၏။

မိုးကုတ်ပတ္တမြားမြေသည်လည်း ယခုခေတ်ဖက်စပ်များလုပ်ကိုင်ကြသောအခါ တိုးတက်သော ရေစုပ်စက်များကြောင့် အောက်ခြေစကျင်အခံပေါ်သည့်တိုင်အောင် လုပ်ကိုင်ကြသဖြင့် ပတ္တမြားအရင်းအမြစ်တို့ ကုန်ခန်းကာ ပြောင်သလင်းခါသွားပြီ ဖြစ်သည်။

သို့သော် နိုင်ငံခြားအတတ်ပညာရှင်တို့ကမူ မိုးကုတ်၏ကျောက်ထုတ်လုပ်မှုသည် အပေါ်ယံကြောမျှသာဖြစ်၍ စီးပွားမဖြစ်နိုင်။ နက်ရှိုင်းသော မြေအောက်ကမ္ဘာမြေမှ ပတ္တမြားသိုက်တို့ကို ဖော်ထုတ်နိုင်မှသာ ကြွယ်ဝချမ်းသာနိုင်မည်ဟုပြောကြောင်း ကြားဖူးပါသည်။

ထို့ကြောင့် မိုးကုတ်မိုင်းရှူးနန့်ယားစသော ပတ္တမြားမြေတို့၌မြေအောက်၊ ရေအောက်တို့၌ ပတ္တမြားရတနာသိုက်များ များပြားစွာကျန်ရှိနေသေးသည်ဟု ယူဆရမည် ဖြစ်သည်။ အချိန်ကာလ၊ ခေတ်အခါအားလျော်စွာ ပတ္တမြားရတနာထိုက်သော ကံထူးရှင်တို့ပေါ် လာမည်ဟု မျှော်လင့်ရမည်ဖြစ်သည်။

ကျွန်ုပ် မိုင်းရှူးပတ္တမြားမြေကနန်းကျင်းရပ်ကွက်ရှိ ဖလ (၇၉) လူးဖက်စပ်တွင် မန်နေဂျာတာဝန်ထမ်းနေစဉ်အခါက အထက်ဘက်လူးတွင်းတစ်ခုမှ မန်နေဂျာနှင့်တွေ့ရာ သူတို့လူးလမ်းကြောင်း၌ အလွန်ကြီးမားသောရေသေအိုင်ကြီးတွေ့ကြောင်း၊ ရေထွက်ပေါက်မဖန်တီးနိုင်၍ ဘာမှလုပ်၍မရကြောင်း ပြောပြရာ ကျွန်ုပ်သည် ထိုရေအိုင်ကြီးမှ ရေတို့ကို ဖောက်ထုတ်ချင်စိတ်ပြင်းပြစွာ ဖြစ်မိသည်။ သို့သော် ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ပါ။ ထိုလမ်းကြောင်းကိုမှန်းဆ၍ လူးလမ်းကြောင်းကို အထက်သို့လှန်၍ လိုက်ခိုင်းရာ ဟောလ်ခန်းများတွေ့သော်လည်း ထိုအိုင်ကြီးကား ဘယ်မှာရှိနေမှန်း မသိဘဲ စိတ်ကူးနှင့်လွမ်းကာ နောက်ဆုံးလူးကို စွန့်လွှတ်၍ ခဲတောင်မှ ခဲတွင်းမန်နေဂျာအဖြစ် ရွှေ့ပြောင်းတာဝန်ထမ်းခြင်းဖြင့် လူးတို့နှင့်ဝေးကွာခဲ့ရလေ၏။

လူးဟူသည် ကျောက်တို့ထုထည်နှင့် အိုင်ဖွဲ့သိုက်ဖွဲ့ကာနေတတ်ကြောင်း ပတ္တမြားရှာဖွေသူတို့ သိကြပါသည်။ အခါအခွင့်သင့်သော် လူးလိုက်ချင်ပါသေးသည်။

## ❑ ရေငုပ်ရတနာစစ်စစ်

ကျောက်စိမ်းရေငုပ်၍ရှာဖွေခြင်း ပတ္တမြားရေငုပ်၍ရှာခြင်းသည် စင်စစ်ရေငုပ်တွင်းမဟုတ်ကြပါ။ အချိန်အခါကာလအားလျော်စွာ အလျဉ်းသင့်သလိုလုပ်ကြရသော ရေငုပ်တွင်းများဖြစ်ပေ၏။ ရေကိုနိုင်အောင်ထုတ်၍ ရေထွက်မှတ်အောက်၌အောင်းနေသော ရတနာတို့ကို အလွယ်တကူ ထုတ်ယူနိုင်ကြ[illegible]ဖြစ်သည်။ ရေထွက်ဥမင်ဖောက်[illegible]စက်ကြီးများဖြင့် စုပ်ထုတ်ခြင်းတို့[illegible]ငုပ်စရာမလိုတော့ဘဲ စိတ်တိုင်းကျထုတ်

www.burmeseclassic.com

ယူနိုင်ခြင်းကြောင့် မိုးကုတ်၊ ဖားကန့်တို့၌ ရေငုပ်တွင်းများ မရှိကြတော့ပြီ။

ရေငုပ်တွင်းများမဟုတ်သော်လည်း ရေငုပ်၍ရှာခဲ့ရသောရတနာရှိသည်။ ထိုသည်မှာ မုတ်ကောင်များမှထွက်သော ပုလဲရတနာဖြစ်သည်။ ရှေးကလည်း အစဉ်အဆက် ပုလဲငုပ်ခဲ့ကြ၏။ ယခုလည်း ငုပ်နေဆဲရှိ၏။ နောင်တွင်လည်း သဘာဝပုလဲကိုငုပ်နေဦးမည်ဖြစ်သည်။

နက်ရှိုင်းကျယ်ဝန်းသောသမုဒ္ဒရာကြီး၏ကျွန်းတို့၌ မုတ်ကောင်များတည်ရှိကြရာ၊ ပုလဲထွက်သော မုတ်ကောင်တို့ကို ပုလဲငုပ်သူတို့မှရှာဖွေနေကြပါဦးမည်။ ဒုတိယကမ္ဘာစစ်အပြီးတွင်မူ ဂျပန်တို့က ပုလဲများစွာထုတ်လုပ်နိုင်ခဲ့သည်။ ပုလဲတုတွေဟု ကမ္ဘာကအထင်ရှိသော်လည်း အမှန်သော် ပုလဲအစစ်တို့ ဖြစ်သည်။ ထိုမျှများပြားသောပုလဲတို့ကို မည်သို့မြူသနည်းဟု လေ့လာသော် ဂျပန်တို့သည် မုတ်ကောင်၊ ကမာကောင်တို့ကို မွေးမြူ၍ထုတ်လုပ်မှန်း ကမ္ဘာကသိသွားပြီး ပုလဲမွေးမြူရေးသည် ကမ္ဘာသို့ ပျံ့နှံ့သွားခဲ့လေ၏။ ထိုပုလဲမွေးမြူရေးသည် မြန်မာနိုင်ငံ၌ပင်ရှိရာ ရေအောက်မှဲ ခက်ခဲစွာ ထုတ်လုပ်ရသောပုလဲကို ရေငုပ်စရာမလိုပဲ ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်သည်။

ရှေးအခါက ဆလုံလူမျိုးအများစုသည် ပုလဲငုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြ၏။ သူတို့သည် ခေတ်မီရေငုပ်ကိရိယာဘာမှမပါဘဲ အလွတ်ငုပ်ကြခြင်းဖြစ်ရာ ရေအငုပ်နိုင်ဆုံးသူတို့ဖြစ်သည်။ ရေငုပ်ရတနာစစ်စစ်ကား ပုလဲသာလျှင် ဖြစ်သည်။

ကျောက်စိမ်းငုပ်ခြင်း၊ ဝတ္တမြားငုပ်ခြင်းတို့မှာမူ အခါကာလအားလျော်စွာ ခေတ္တဖြစ်ပေါ်ခဲ့သောအရာတို့ ဖြစ်ပေ၏။ သို့ကြောင့် ယခုအခါတွင်မရှိတော့ပြီ ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်ကိုယ်တိုင် ရေငုပ်တွင်းဆင်းခဲ့ဖူး၍ အတိတ်အကြောင်းကို ပြန်ပြောင်းသတိရသော် ရင်မောစရာဖြစ်ပေ၏။

ထူးဆန်းသောအချက်ရှိသေး၏။ ထိုသည်မှာ ရေငုပ်တွင်းဆင်းနေကျလူတို့သည် ရေအောက်၌ လေပိုက်ကို ပါးစပ်ထဲငုံကာ အိပ်ချင်ပါက တစ်ခုခုကို မှီ၍ အိပ်တတ်ကြကြောင်း သိရခြင်းဖြစ်ပါသည်။

ချမ်းမြေ့ကြပါစေ

ရွှေပြည်မိုး (မိုးကုတ်)

# လျှမ်းထက်
# သိပ္ပံအလွန်ဖြစ်ရပ်ဆန်းများ

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၁၂ ခု၊ မေလ ၁ ရက် ထုတ်ဝေသော ကြေးမုံသတင်းစာကြီး၌ အောက်ဖော်ပြပါ ထူးဆန်းသော ဖြစ်စဉ်တစ်ခုကို စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်ကို ကျွန်တော်တို့ဖတ်ရှုခဲ့ရ၏။

**ငှက်ကြီးဝန်ပိုကောင်ရေ**
**(၅၀၀)ကျော်သေဆုံးရမှု**
**ပီရူးအာဏာပိုင်များစုံစမ်းစစ်ဆေး**

*လီမာ၊ ဧပြီလ ၃၀။*

ပီရူးနိုင်ငံမြောက်ပိုင်းကမ်းခြေတွင် ကီလိုမီတာ (၇၀) (မိုင် ၅၀) အတွင်းတွင် ငှက်ကြီးဝန်ပိုကောင်ရေ (၅၀၀) ကျော် သေဆုံးရမှုကို ပီရူးနိုင်ငံအာဏာပိုင်များက စစ်ဆေးမှုများပြုလုပ်နေကြောင်း ဧပြီလ ၃၀ ရက် အင်တာနက်သတင်းများတွင် ဖော်ပြထားသည်။ ကမ်းခြေပေါ်တွင်တွေ့ရသော ငှက်ကြီးဝန်ပိုအသေကောင်များမှာ လွန်ခဲ့သောရက်အနည်းငယ်အတွင်းက သေဆုံးခဲ့ကြခြင်း ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ငှက်ကြီးဝန်ပို အသေကောင် (၅၄)ကောင်အပြင် သေဆုံးနေသည့် ပင်လယ်ဖျံအချို့နှင့် ပင်လယ်လိပ်တစ်ကောင်တို့ကိုလည်း ပီရူးသိပ္ပံပညာရှင်များက တွေ့ရှိခဲ့ရကြောင်း သတင်းတွင် ဖော်ပြထားသည်။

ၡင်းတို့အနေဖြင့် ငှက်ကြီးဝန်ပိုများသေဆုံးနေမှုကို တွေ့ရှိခဲ့ရသည်။ ဒေသမှာ ယခုနှစ်စောစောပိုင်းကဖြစ်ပွားခဲ့သော လင်းပိုင်ကောင်ရေ (၈၀၀) ကျော် ကမ်းတင်သေဆုံးမှုဖြစ်ခဲ့ရသည်။ ဒေသတွင်း၌ပင်ဖြစ်ကြောင်း၊ အဆိုပါလင်းပိုင်များ သေဆုံးရသည့်အကြောင်းရင်းကို စုံစမ်းဖော်ထုတ်ဆဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ငှက်ကြီးဝန်ပိုများသေဆုံးမှုဖြစ်ရပ်အတွက် အကြီးအကျယ်စိုးရိမ်မိကြောင်း ပီရူးအစိုးရကပြောကြားသည်။

ရှေးဦးရရှိသော အစီရင်ခံစာများတွင် ငှက်ကြီးဝန်ပိုများသေဆုံးခဲ့သည့် အထောက်အထားမရှိခဲ့ကြောင်းဖော်ပြခဲ့သော်လည်း ပင်လယ်ကမ်းခြေတွင် ငှက်ကြီးဝန်ပို အသေကောင်များကို မြင်တွေ့ခဲ့ရသည်။

(အင်တာနက်)

ကျွန်တော်မှတ်သားမိသလောက် ၂၀၁၁ ခုနှစ်ဆန်းပိုင်းအတွင်းကလည်း တောင်အမေရိကတိုက်နိုင်ငံအချို့နှင့် မြောက်အမေရိကတိုက်ကမ်းခြေအချို့တွင် လင်းပိုင်များ၊ ဝေလငါးများ အစုလိုက်အပြုံလိုက်သေဆုံးရမှုကို သတင်းမီဒီယာများက ဖော်ပြခဲ့ပြီး စီအင်အင်ရုပ်သံလွှင့်ဌာနမှလည်း ထိုလင်းပိုင်များ၊ ဝေလငါးများသေဆုံးရမှုကို ဓာတ်ပုံအထောက်အထားများနှင့် တင်ပြခဲ့သည်သာမက ဘီဘီစီရုပ်သံလွှင့်အစီအစဉ်ကလည်းထုတ်လွှင့်သွားသည်ကို ကျွန်တော်များကြည့်ရှုရသည်။ ထိုကဲ့သို့ သတ္တဝါများ အစုလိုက်အပြုံလိုက် အဘယ်ကြောင့်သေဆုံးရသည်ကို သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် ရှင်းရှင်းလင်းလင်း ထုတ်ဖော်ကြေညာခြင်းမရှိခဲ့ဟု ထိုဖြစ်ရပ်များကို စောင့်ကြည့်လေ့လာသူများက ဆိုသည်။ ဤဖြစ်ရပ်များကို သိပ္ပံပညာရှင်များ၊ အဏ္ဏဝါသုတေသီများ၊ ဆေးပညာရှင်များကိုယ်တိုင် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သော်လည်း ထိုတိရစ္ဆာန်များသေဆုံးရခြင်းမှာ အဆိပ်များမိ၍ သေဆုံးခြင်းလော သို့မဟုတ် တိရစ္ဆာန်များတွင် ဖြစ်လေ့ဖြစ်ထရှိသောကူးစက်ရောဂါဝေဒနာကြောင့်လောဆိုသည်ကို မည်သူမျှ ရှင်းရှင်းလင်းလင်း လူအများနားလည် သဘောပေါက်လာအောင် ရှင်းပြနိုင်ခြင်းမရှိ။ အချို့သုတေသီများကမူ သဘာဝတရား၏ လျှို့ဝှက်ချက်တစ်ခုပင်ဖြစ်သည်ဟူ၍သာဆိုကြ၏။

သို့သော် ဆိုခဲ့သောဖြစ်ရပ်ဆန်းမျိုးဖြစ်ပွားခဲ့ခြင်းပင် ယခုမှ ဖြစ်ပွားခဲ့သော ရွှေကြာပင်မဟုတ်ပါ။ ၁၉ ရာစုနှင့် ၂၀ ရာစုနှစ်များအကြားက အလားတူ တိရစ္ဆာန်အများအပြားစုပြုံသေဆုံးမှုများကို အင်္ဂလန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတိုက်နိုင်ငံအများအပြားတွင် ဖြစ်ပွားခဲ့ပါသည်



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြစ်ပွားခဲ့ကြောင်းကို အမေရိကန်ပြည်ထောင်စုသား ကမ္ဘာကျော်ဖို့မှတ်စုဟု နိုင်ငံတကာမှပညာရှင်များ၊ သုတေသီများက တညီတညွတ်တည်း ကင်ပွန်းတပ်ထားသော ချား(လ်)ဖို့(စ်)ဆိုသူရေးသားပြုစုသော ထူးဆန်းထွေလာမှတ်တမ်းပဒေသာ (The Book of The Damned) တွင် အထောက်အထား သာဓကခိုင်ခိုင်မာမာနှင့် ဖော်ပြထားခဲ့၏။ ထိုကျမ်းစာအုပ် သို့မဟုတ် စွယ်စုံကျမ်းကြီး ထုတ်ဝေနိုင်ရန်အတွက် သုတေသီချား(လ်)ဖို့(စ်)မှာ သူကလေးဘဝကပင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားခဲ့သော လောကီလွန်သဘာဝလွန်ထူးခြားဖြစ်စဉ်များကို မှတ်တမ်းတင် စုဆောင်းထားသည်။ ထိုမှတ်တမ်းများမှာ နိုင်ငံတကာမှထုတ်ဝေသောသတင်းစာများ၊ ဂျာနယ်များ၊ နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာများ ဂျာနယ်များ၊ နိုင်ငံတကာအစိုးရအဖွဲ့များမှ ထုတ်ပြန်သော ကြေညာချက်များ၊ အစီရင်ခံစာများစသည်များကို တစိုက်မတ်မတ် လက်လှမ်းမီသလောက် စုဆောင်းထားခဲ့သည်သာမက သူအရွယ်ရောက်လာသည်နှင့် ကမ္ဘာကျော် ဗြိတိသျှပြတိုက်ကြီး၊ ပြင်သစ်နိုင်ငံ ပါရီမြို့မှ လုဗွားပြတိုက်ကြီး၊ စပိန်နိုင်ငံ ပတ်ဒရစ်မြို့မှ ပြတိုက်ကြီး၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှပြတိုက်ကြီးများတွင် နှစ်ပေါင်းများစွာ လေ့လာခဲ့ပြီး နိုင်ငံတကာမှ ထူးခြားဖြစ်စဉ်ပေါင်း (၆၀၀၀) ကို စနစ်တကျ မှတ်တမ်းတင်နိုင်ခဲ့၏။


ချား(လ်)ဖို့(တ်)သည် ဤမှတ်တမ်းများကို စုဆောင်းမှတ်တမ်းတင်ထားရာတွင် သူနှင့်သူ့မိတ်ဆွေများသာဖတ်ရှုရန် ရည်ရွယ်ထားရှိခဲ့သည်။ သို့သော် နောင်အခါတွင် သူ့မိတ်ဆွေအပေါင်းအသင်းများက သူ့မှတ်တမ်းမှတ်စုများကို စာအုပ်အဖြစ် ရေးသားထုတ်ဝေရန် ဖွတ်တိုက်တွန်းကြရာမှ အထက်ဖော်ပြပါ မှတ်တမ်း (၆၀၀၀၀) အနက် အထောက်အထားခိုင်မာသည်၊ မှန်ကန်သည်ဟု ယူဆရသော ထူးခြားဖြစ်စဉ် (၄၀၀၀၀) ကို စနစ်တကျစီစစ်၍ စုစုစည်းစည်း အကြိမ်ကြိမ်သုတ်သင်ပြင်ဆင်တည်းဖြတ်ပြီး ထူးဆန်းထွေလာ မှတ်တမ်းပဒေသာစာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ သောက်သောက်လဲရောင်းချရပြီး ထူးထူးခြားခြားအုတ်အော်သောင်းတင်းဖြစ်ခဲ့ရသောစာအုပ်ဖြစ်၏။ (ဤစာအုပ်နှင့်စာအုပ်ပြုစုသူ ချားလ်(စ်)ဖို့(တ်)၏အတ္ထုပ္ပတ္တိကို ကျွန်တော်သည် ၂၀၀၂ ခုနှစ်၊ ဇွန်လထုတ် သိဒ္ဓိမိုးမဂ္ဂဇင်းတွင် အနောက်တိုင်းမှ နန်းတွင်းပရပိုက်ဖျူအမည်ဖြင့် ဆောင်းပါးတစ်စောင် ရေးသား ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

ဤထူးဆန်းထွေလာမှတ်တမ်းပဒေသာ (The Book of The Damned) စာအုပ်တွင် ဤဆောင်းပါးအစတွင် ဖော်ပြထားသော အင်တာနက်၊ သတင်းစာပါ ငှက်ကြီးဝန်ပိုများစုပြုံသေဆုံးရသည့်သတင်းဆန်းမျိုး ထူးခြားဖြစ်စဉ်ကို ၁၉၁၀ ပြည့်နှစ်ခန့်မှစ၍ နှစ်အလိုက်၊ နိုင်ငံအလိုက် ဖော်ပြထားသည်ကို ကျွန်တော်များ ဖတ်ရှုကြရ၏။

အစဉ်အလာအရ တိရစ္ဆာန်များကို သတ်ဖြတ်စားသောက်ကြသော သဘာဝရန်သူ သားရဲတိရစ္ဆာန်မှုဆိုးတို့မှာ လင်းယုန်၊ သိမ်းငှက်၊ ဖွန်၊ ဝံပုလွေ၊ မြေခွေး၊ ငှက်ဆိုး စသည်တို့ ဖြစ်ကြ၏။ ထိုမုဆိုးတိရစ္ဆာန်များသည် တောတွင်း၌ရှိကြသော တိရစ္ဆာန်များ၊ လူများမွေးမြူထားကြသော ကျွဲ၊ နွား၊ ကြက်၊ သိုး၊ ဆိတ်တို့ကို ကိုက်ချီသွားခြင်း၊ တွေ့ရသည်နေရာတွင် သတ်ဖြတ်ကိုက်စားခြင်းများပြုကြပါသည်။ ဤသို့ ကိုက်ချီစားသောက်ရာတွင် ဦးခေါင်း၊ အရိုး၊ အသားစများ၊ စားကြွင်းစားကျန်များ ကျန်ရစ်ခဲ့ကြလေ့ရှိပါသည်။ အိမ်မွေးတိရစ္ဆာန်များကို အစုလိုက်အပြုံလိုက် သွေးစသွေးနမရှိဘဲ လှီးဖြတ်ထားခြင်း၊ သေဆုံးနေသော တိရစ္ဆာန်များ၏သွေးစသွေးနကို အင်္ဂါကလီစာများကိုထုတ်ယူသွားသည်ဆိုသော ဖြစ်ရပ်များမှာမူ ထူးခြားဖြစ်စဉ်များဟုဆိုရမည်ဖြစ်သည်။ သာဓကအားဖြင့် ၁၉၁၀ပြည့်နှစ်အတွင်း အင်္ဂလန်နိုင်ငံ ဒီဗွန်ရှိုင်ယာပြည်နယ်၊ ဆာရေပြည်နယ်နှင့် ဥရောပတိုက်ရှိ ဘယ်ဂျီယန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ဟန်ဂေရီနိုင်ငံနှင့် ဥရောပတိုက်အရှေ့ပိုင်းနိုင်ငံအများတွင် သိုးများ၊ နွားများ၊ မြင်းများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ထားသည်ကိုတွေ့ကြရ၏။ ဤသို့တွေ့ရှိရကြောင်းကို ယင်းနိုင်ငံများမှ အာဏာပိုင်များကိုယ်တိုင်မှတ်တမ်းတင်ခဲ့သည်သာမက စောင့်ကြည့်လေ့လာခဲ့သည်ကို တွေ့ရသည်။

အင်္ဂလန်နိုင်ငံ ဒီဗွန်ရှိုင်ယာပြည်နယ်တွင် သိုးအကောင် (၄၀) အား အစုလိုက်အပြုံလိုက်သတ်ဖြတ်ထားသည်မှာ အံ့ဖွယ်သရဲပင် ဖြစ်သည်။ လူအများထိတ်လန့်ချောက်ချားစေရန် လူပြောင်လူနောက်များက ဖန်တီးခဲ့သလော။ အဘယ်ကြောင့် အထက်ဖော်ပြပါတိရစ္ဆာန်များကို အကြောင်းမဲ့သတ်ဖြတ်ခဲ့ကြသနည်း။ သက်ဆိုင်ရာ အာဏာပိုင်များကလည်း အစုလိုက်အပြုံလိုက် သေဆုံးရသော တိရစ္ဆာန်ပိုင်ရှင်များနှင့်တွေ့ဆုံပြီး စနစ်တကျ သိပ္ပံနည်းကျ စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သော်လည်း အများလက်ခံနိုင်သည့်သဘာဝကျသောအဖြေကိုရရှိခြင်းမရှိခဲ့။

အချို့ပုဂ္ဂိုလ်အများအမှု ဤသို့





www.burmeseclassic.com

www.burmeseclassic.com



အိမ်မွေးတိရစ္ဆာန်များကို စုပြုံသတ်ဖြတ်သူများမှာ လောကီပညာရှင်များ (သို့) ဗူဒူးပညာရှင်များ ဂိုဏ်းတက်ရာတွင် တိရစ္ဆာန်များကိုသတ်၍ ယဇ်ပူဇော်ခြင်းလော။ ရဲနှင့် စုံထောက်တို့ကလည်း ထိုကိစ္စရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်း၊ ကင်းပုန်းချထား၍ အနီးကပ်စောင့်ကြည့်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ထိုတိရစ္ဆာန်များကို အဘယ်ကြောင့် အစုလိုက်အပြုံလိုက် သတ်ထားသည်ဟူသော တိကျမှန်ကန်သည့်အဖြေမရ။ နောက်ဆုံးတွင် စုံစမ်းစစ်ဆေးသူများပင် လက်လျှော့ထားခဲ့ရသည့်အခြေအနေရောက်ခဲ့သည်။

ကောလာဟလသူပြောကိုယ်ပြောပါးစပ်ပြောဂေဇက်များအရဆိုရလေလျှင် ထိုအစုအပြုံလိုက်သေဆုံးနေသောသိုးများအနီးတွင် အလွန်ကြီးမားသော ခွေးနက်ကြီးကိုတွေ့ရသည်၊ ဝံပုလွေကြီးတစ်ကောင်တွေ့ရသည် စသောကောလာဟလသတင်းများထွက်လာခဲ့ဖူး၏။

၁၉၁၀ ပြည့်နှစ်၊ မေလအတွင်း အင်္ဂလန်နိုင်ငံ ဆာရေပြည်နယ် သိုးမွေးမြူရေးခြံများတွင် နေ့စဉ် သိုးကောင်ရေ (၆) ကောင်မှ (၈) ကောင်အထိ သတ်ဖြတ်ထားသည်ကို အံ့ဩဖွယ်တွေ့ရသည်ဟု ချား(လ်)ဖို့(တ်)၏ ထူးဆန်းထွေလာမှတ်တမ်းပဒေသာစာအုပ်တွင် ထိုစဉ်က ယင်းပြည်နယ်မှထုတ်ဝေသော ဒေသခံသတင်းစာများနှင့်ဒေသအာဏာပိုင်များ၏ကြေငြာချက်ကို အထောက်အထားပြု၍ ဖော်ပြခဲ့သဖြင့် ထိုဖြစ်ရပ်မှာ မှန်ကန်သည်ဟု ယူဆရမည်ဟုဖြစ်ပါသည်။

၁၉၆၇ ခုနှစ်၊ စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စု ကိုလိုရာဒိုပြည်နယ် ဆန်ရာဝစ်တောင်ကြားဒေသ မောင့်ဘလင်တောင်အနီးရှိ နွားမွေးမြူရေးမှ မြင်းမလေးတစ်ကောင် ထိုခြံအနီးရှိ ယာတောတစ်ခုထဲ၌ အသတ်ခံထားရသည်ကိုတွေ့ရှိကြရ၏။ ထိုမြင်းကလေး၏ ကုပ်မှ တင်ပါးအထိ အသားများကို လှီးချထားသည်။ လှီးထားသည်မှခွဲစိတ်ဖြတ်တောက်မှုတွင် အထူးကျွမ်းကျင်သူများက ဖြတ်တောက်ခွဲစိတ်ခြင်းဖြစ်သည်ဟု ယူဆရပြီ။ ထိုမြင်းကလေးကို ခွဲစိတ်ထားသည့်နေရာတွင်း ခွဲစိတ်သွားသူများ၏ခြေရာလက်ရာသဲလွန်စတစ်စုံတစ်ရာမတွေ့ရ။ သွေးကွက်သွေးစွန်းများလည်းမမြင်။ ထိုမြင်းသေကလေး၏ ပတ်ဝန်းကျင်တွင် မည်သည့်သဲလွန်စသက်သေမကောင်းဖွယ်မတွေ့ရ။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမည် ဖြစ်ရသည်။ ထိုမြင်းကလေးအား ခွဲစိတ်ဖြတ်တောက်သွားခြင်းမပြုမီ ရက်သတ္တပတ်ခန့်က အခင်းဖြစ်ပွားသောနေရာဒေသ တစ်နံတစ်လျား ထက်ကောင်းကင်တွင် အမျိုးအမည်မသိရသော အာကာသယာဉ်ကြီးများကိုမြင်ရသည်ဟူသောသတင်းကို ဒေသခံသတင်းစာများက ဖော်ပြခဲ့သည်။

အံ့ဖွယ်ကောင်းသည်မှာ အထက်ဖော်ပြပါ မြင်းကလေးကို ခွဲစိတ်ဖြတ်တောက်ရာတွင် အလွန်အပူရှိန်မြင့်သော အဆင့်မြင့်လေဆာရောင်ခြည်ကို အသုံးပြုခြင်းဖြစ်သည်ဟု သိရသဖြင့် ထိုခွဲစိတ်ဖြတ်တောက်သူသည် ထူးထူးခြားခြား အဆင်မြင့် သိပ္ပံပညာကို တတ်မြောက်ထားသူဖြစ်ရမည်ဟု သုတေသီများက ယူဆကြပြီး မြင်းသေကလေး၏ အနီးရှိ မြက်ပင်ချုံပင်များတွင် ရေဒီယိုရောင်ခြည်တို့ ပျံ့လွင့်နေသည်ကို တွေ့ရသည်ဟု ဆိုသည်။

ဤကဲ့သို့ဖြင့် နွားသိုးတိရစ္ဆာန်များ မကြာခဏအသတ်ခံရမှုနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် အင်္ဂလန်နိုင်ငံမှ တိရစ္ဆာန်မွေးမြူသူများသည် သက်ဆိုင်ရာအာဏာပိုင်များကို တိုင်ကြားကြသော်လည်း သက်ဆိုင်ရာအာဏာပိုင်များက ရေငုံနှုတ်ပိတ်နေကြသည်။ သို့ဖြစ်၍ ယင်းကိစ္စရပ်များသည် သက်ဆိုင်ရာအာဏာပိုင်များက ဇီဝလက်နက်တစ်မျိုးစမ်းသပ်ခြင်းဖြစ်တန်ရာသည်ဟု စွပ်စွဲခဲ့ကြ၏။

၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှ ထုတ်ဝေသော မီယာမီ သံတော်ဆင့်သတင်းစာကြီး၏ မျက်နှာဖုံးတွင် အလားတူ တိရစ္ဆာန်များ သတ်ဖြတ်ခံရမှုများကို အထောက်အထားသာဓက ခိုင်ခိုင်မာမာ ဓာတ်ပုံများနှင့်ဖော်ပြပြီး ထိုဖြစ်ရပ်များဖြစ်ပွားနေစဉ် ဖလော်ရီဒါပြည်နယ် ထက်ကောင်းကင်တွင် အမျိုးအမည်မသိရသော UFO ခေါ် အာကာသယာဉ်မှူးကြီးများ တွေ့ရသည်ဆိုသော သတင်းများလည်း ထွက်ပေါ်လျက်ရှိရာ ထိုတိရစ္ဆာန်များသတ်ဖြတ်ခံရမှု၊ သေဆုံးရမှုသည် အခြားကမ္ဘာက အမျိုးအမည်မသိရသောအာကာသယာဉ်များနှင့် လိုက်ပါလာသူများနှင့် သက်ဆိုင်နေသလော။

အမေရိကန်ပြည်ထောင်စုမှ ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ထုတ် တနင်္ဂနွေကြေးမုံသတင်းစာတွင်လည်း အထက်ဖော်ပြပါသတင်းကဲ့သို့ တိရစ္ဆာန်များ အသတ်ခံရမှုကို ဖော်ပြခဲ့သည်။ အလားတူဖြစ်ရပ်များကိုလည်း ၁၉၈၃ နှင့် ၁၉၈၇ ခုနှစ်များတွင် ဖြစ်ပွားခဲ့ရာ ယခုဆောင်းပါးအစတွင် ဖော်ပြခဲ့သော တိရစ္ဆာန်များအစုအပြုံသေဆုံးရခြင်းသည် အခြားကမ္ဘာကလာရောက်သော ဂြိုဟ်သားများ၏ဇီဝလက်နက်စမ်းသပ်မှုလော။ စဉ်းစားစရာဖြစ်ပါကြောင်း။

လှျမ်းသက်

Ref;

**Unexplained.**



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ သွပ် (Zinc) ဓာတ်ချို့တဲ့အားနည်းနေပြီဆိုရင် သွပ် (Zinc) (၆၀) မီလီဂရမ်ပါတဲ့ဆေးကို နံနက်၊ ည မှီဝဲပေးပါ။ သို့မဟုတ် ပညာရှင်နှင့်တိုင်ပင်၍ ကုသမှုကိုခံယူပါ။

ယနေ့ ဆေးသိပ္ပံပညာကုသရေးနယ်ပယ်မှာ သွပ်(Zinc) ဓာတ်ကို အထူးသဖြင့် -

၁။ သုက်ဓာတ်အားနည်းပြီးမျိုးပီဇဖြစ်ထွန်းမှုအားနည်းသူများ၊

၂။ ပန်းနာသေး၊ ပန်းညှိုးသူများနှင့်

၃။ အသည်းရောင်စီပိုးကူသတဲ့ကုထုံးတွေမှာ သွပ် (Zinc) ဓာတ်ဟာ အလွန်အသုံးတည့်ပြီး စီပိုးသေဆေးသုံးစွဲနေတဲ့ကာလမှာ သွပ် (Zinc) ဓာတ်ပါတဲ့ဆေးကိုတွဲ၍ သောက်သုံးစေပါသည်။

၄။ အသည်းခြောက်ရောဂါနှင့် စိတ်ကယောက်ကယက်ဖြစ်၊ သတိလစ်နေသည့်လူနာများ၊ အရက်စွဲနေကြသူများမှာ သွပ် (Zinc) ဓာတ်ကို ဖြည့်စွက်သောက်သုံးပေးကြရပါမည်။

သွပ် (Zinc) ဓာတ်ဟာ အသည်းရောဂါသည်တွေအတွက် အထူးအသုံးဝင်တဲ့ တွင်းထွက်သတ္တုဓာတ်တစ်မျိုးဖြစ်သဖြင့် အသည်းခြောက်ရောဂါရှိသူတွေဟာ (Zinc) ဓာတ်ကို မှန်မှန်သုံးစွဲသင့်ပါသည်ဟု ဆေးသိပ္ပံပညာရှင်များက တညီတညွတ်တည်းအတည်ပြုသတ်မှတ်ခဲ့ပါသည်။

လူတစ်ဦးအတွက် သာမန်အားဖြင့် သွပ် (Zinc) တစ်နေ့တာလိုအပ်ချက်မှာ -

၁။ လူကြီးတစ်ဦးအတွက် 12 mg

၂။ ကိုယ်ဝန်ဆောင်မိခင်အတွက် 16 mg

၃။ နို့တိုက်မိခင်အတွက် 18 mg

လိုအပ်ပြီး သွပ် (Zinc) ချို့တဲ့နေတဲ့ ရောဂါဝေဒနာရှင်တို့အတွက် Zinc 60 mg နံနက်၊ ည လိုအပ်ပါသည်။

ထို့ကြောင့် အင်္ဂလိပ်ဝါသနာရှင်ပညာသင်သုတေသီများ မိမိတို့လေ့လာရှာဖွေစမ်းသပ်၍ ရရှိခဲ့ကြသော သွပ်ပြာများကို မိမိကျန်းမာရေးအတွက် သုံးစွဲတော့မည်ဆိုလျှင်-

ဦးစွာပထမ -

**၁။ သွပ်ပြုသေး၊ မသေကို အရင်ခွဲခြမ်းလေ့လာစမ်းသပ်**

ဥပမာ သွပ်ပြာသေဆိုလျှင် ကင်းပုံသီးမှည့်ကဲ့သို့ နီရဲနေအောင် အပူပေးထားသောလုံပက်ထဲသို့ သွပ်ပြာကိုထည့်ကြည့်လိုက်ပြီး မီးအနည်းငယ်ဆက်ထိုးလိုက်ပါက လုံးဝအခိုးမီးတောက်ငြိမ်နေပြီဆိုမှ သွပ်ပြာသေဖြစ်ပါသည်။

၎င်းသို့ သွပ်ပြာသေဖြစ်ပြီဟုသေချာသွားပြီဆိုမှ စိတ်ချစွာ သုံးစွဲရပါမည်။



## မင်းချမ်းမြေ

## သွပ်ဓာတ်ဇါပရိယာယ်နှင့် ၅ သွပ်ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com

**၂။ သွပ်ပြာသေကိုသုံးစွဲမှီဝဲနည်း**

(က) သွပ်ပြာသေကို ခန္ဓာကိုယ် ရုပ်ဓာတ်ကျန်းမာရေးအတွက်သုံးဆောင် မှီဝဲတဲ့နည်းနှင့် -

(ခ)ရောဂါဘယများပျောက်ကင်း အောင် ကုသ၊ သောက်သုံးနည်း ဟူ၍ (၂) မျိုးရှိပါသည်။

(က) ခန္ဓာကိုယ်ရုပ်ဓာတ်ကျန်းမာ ရေးအတွက် သုံးဆောင်မည်ဆိုလျှင် -

သွပ်ပြာသေ (၁) မူး (၂-ပဲသား) ကို ပျားရည်စစ်စစ်ကောင်းကောင်း (၁) ပိဿာကို အဝကျယ်ဖန်ပုလင်းတွင် ထည့်ပြီး (ဖန်ပုလင်းတွင် ပျားရည်ကို ဆူသာပွက်သာနေရာချန်ထားပါ။ပုလင်း အပြည့် ပျားရည်ထည့်လိုက်လျှင် အချို့ သွပ်ပြာက ဝါယော၊ အာကာသသတ္တိရှိ သည့်အတွက် ပျားရည်နှင့်စပ်ခါစမှာ ပျားရည်ဆူပွက်ထလာပြီး ပုလင်းမှလျှံကျ နိုင်၍ဖြစ်သည်။)

သွပ်ပြာသေကို ပျားရည်ထဲသို့ ထည့်၍ ကြွေဇွန်းဖြင့် သေချာနှံ့စပ်သွား အောင် စိတ်ရှည်ရှည်နှင့်မွှေပေးပါ။ (သံ၊ ကြေး၊ သတ္တုဇွန်းများမသုံးရပါ။)

အချို့ သွပ်ပြာသည် ပျားရည်နှင့် တစ်သားတည်းရောသွားပြီး ပျားရည် အရောင်အတိုင်း အရောင်မပြောင်း သော်လည်း အချို့ ဝါယော၊ အာကာသ သတ္တိပြင်းသော သွပ်ပြာသေဆိုလျှင် ပျားရည်ဆူပွက်လာပြီး အဖြူရောင် (သို့) မီးခိုးပြာရောင် (သို့) ပျားရည်အရောင် ပြောင်းသွားပြီး (၁) ပတ်၊ (၁၀) ရက်ခန့် ကြာမှ မူလပျားရည်အရောင် အသား ကဲ့သို့ရောက်သည်ကိုတွေ့ရတတ်ပါသည်။ ထိုသို့ ပျားရည်ထဲ သွပ်ပြာဆေးကို နှံ့စပ်- အောင် ကြွေဇွန်းနှင့်မွှေပေးပြီးလျှင် ပျားရည်ဖန်ပုလင်းကို အဝတ်စသန့်သန့် ဖြင့်အုပ်၍ သေချာစွာ စည်းနှောင်ပြီး နေပူတွင် (၇) ရက်ခန့်ထုတ်၍ နေလှန်း ပေးပါ။

(၁) ပတ်ခန့် နေလှန်းပေးပြီး တဖေဖေသွင်းလိုက်လျှင် သွပ်ပြာသေ အနှစ်များ ပျားရည်ဖန်ပုလင်းအောက် ခြေသို့လာစုပြီးနေမည်ဖြစ်သည်။

ထိုအခါ ပြာဆေးစပ်ထားတဲ့ဆေး ပျားရည်ပုလင်းလုံးဝမမွှေနှောက်ခြင်းမပြု ရဘဲ နေ့စဉ် ညအိပ်ရာဝင်လျှင် ပုလင်း အပေါ်ယံမှ ဆေးပျားရည်ကို လက်ဖက် စားဇွန်းဖြင့် (၁) ဇွန်းခပ်ယူ၍ ရေကျက် အေးဖြင့် ညစဉ်ပုံမှန်သုံးဆောင်မှီဝဲသွား ပါ။

ဆေးပျားရည်ပုလင်းတစ်ဝက်ကျိုး သည့်အချိန်တွင် နောက်ထပ်ပျားရည် အသစ်နဂိုအနေထပ်ဖြည့်ပြီး နေ(၇)ရက် ပြုပြီး ယခင်အတိုင်းသောက်သွားပါ။

ဤသို့ သွပ်ပြာသေ(၁)မူးသားကို ပျားရည် (၃)ပိဿာ၊ (၄)ပိဿာခန့်အထိ ရှင်းအတိုင်းထပ်ဖြည့်၍ ပွားပြီးသောက် ပါ။

ပျားရည် (၃)၊ (၄)ပိဿာကုန်သွား မှ နောက်ထပ် သွပ်ပြာသေ(၁)မူးသားနှင့် ပျားရည်အသစ် (၁) ပိဿာထပ်စပ်ပြီး ယခင်နည်းအတိုင်း သုံးစွဲသောက်သုံး သွားမည်ဆိုလျှင် -

သွပ်ပြာသေဆေးလွန်သည်ဟူ၍ မရှိတော့ဘဲ လိုအပ်သောဆေးအာနိသင် ကိုရရှိပြီး သင့်ခန္ဓာကိုယ်အတွက် လိုအပ် သလောက်သော သွပ်ပြာသေသတ္တိထူး ကို ရရှိခံစားရပြီး အကျိုးကျေးဇူးကိုရရှိ နိုင်ပြီ ဖြစ်ပါသည်။

သွပ်ပြာသေကောင်းကောင်း (၁)မူး သားခန့်ဆိုလျှင် နှစ်နှင့်ချီပြီးသုံးစွဲလို့ရပါ သည်။

ဒါကြောင့် ဆေးဆရာကြီးများက 'ဆေးကောင်းလျှင်သန်းခေါင်း' သောက် နှင့် အသုံးဝင်လှပါကြောင်း ဆိုစကား ထားခဲ့ခြင်း ဖြစ်ပါသည်။

**ခ။ ရောဂါဘယများအတွက် ပျောက်ကင်း အောင်ကုသသုံးစွဲနည်း**

သွပ်ပြာသေကို ရောဂါဘယများ ပျောက်စေရန်အတွက် အသုံးပြုမည်ဆို လျှင် -

အသုံးပြုမည့်ရောဂါပေါ် မူတည် ပြီး ဆေးအစွယ် ရေလဲနှင့်ပြောင်းပြီးသုံး စွဲသွားရပါသည်။

ဥပမာ -

၁။ သွေးချို ဆီးချိုရောဂါများ အတွက် သွပ်ပြာသေဆန်စေ့(၁)စေ့ခန့် ကို ရှောက်ရည်ဖြင့်ဖျော်၍ ရေနွေးဖြင့် တိုက်ပါ။ ရောဂါအတက်အကျပေါ် မူ တည်၍ (၄)၊ (၅) ကြိမ်ခန့်တိုက်နိုင်ပါ သည်။

သွပ်ပြာသေအစွမ်းထက်လျှင် (၄)၊ (၅)ကြိမ်နှင့်ရောဂါပျောက်ကင်းပါသည်။ ပြာ၏အစွမ်းသတ္တိပေါ်တွင် မူတည်ပါ သည်။

၂။ လေဖန်း၊ လေဖြတ်ရောဂါများ အတွက် သွပ်ပြာသေ ဆန်စေ့(၁)စေ့ကို ရှောက်ရည်နှင့်ဖျော်စပ်ပြီး ကွမ်းရွက် ပြုတ်ရည်နွေးနွေးဖြင့်တိုက်ပါ။

၃။ ပန်းသေ၊ ပန်းညှိုးရောဂါများ တွင်-

သွပ်ပြာသေ (၁)၊ (၂) ရွေးခန့်ကို စတုမဓု (၅၀) သားနှင့် ရောသမအောင် မွှေပြီး ညအိပ်ရာဝင် စားပွဲဇွန်း (၁) ဇွန်း ရေနွေးနှင့်တိုက်ပါ။

၄။ အသည်းရောဂါ၊ ကင်ဆာ ရောဂါများ စသည့်ရောဂါများကို -

ပျားရည် (၅၀) သားတွင် သွပ်ပြာ သေ (၁) မတ်သားစပ်၍ နံနက် ည စားပွဲဇွန်း(၁)ဇွန်း ရေကျက်အေးဖြင့်တိုက် ပါ။ (နံပါတ် (က) မှာ ဖော်ပြခဲ့တဲ့ နည်း စနစ်အတိုင်းဆေးစပ်ပါ။)

၅။ အရက်ဖောဖောနေသူ၊ အရက် ကြောင်ကြောင်နေသူများအတွက် -

သွပ်ပြာသေဆေးပျားရည် စားပွဲ ဇွန်း (၁) ဇွန်းကို ဆီးသီးပြုတ်ရည်၊ သကြားနှင့်စပ်၍ ဖျော်ပြီးတိုက်ပါ။

၆။ ဦးနှောက်အာရုံကြောရောဂါ၊ အကြောအားနည်းရောဂါများကို -

သွပ်ပြာသေဆေးပျားရည်စားပွဲ ဇွန်း (၁) ဇွန်းကို မြင်းခွာရွက်သတ္တုရည် (၁) ဇွန်းနှင့် ဆီးစေ့ဆန်အမှုန့်ရွှေးကြီးစေ့ ခန့်ထည့်၍စပ်ပြီး ရေကျက်အေးဖြင့် တိုက်ပါ။

နိဂုံးချုပ်ရသော် ယခု စာရေးသူ တင်ပြခဲ့သည်တို့မှာ အဂ္ဂိရတ်ဓာတ်ဆေး ပညာရပ်အနေဖြင့် ဓာတ်ပြာတို့၏သုံးစွဲ မှုကို စနစ်တကျနှင့် ဓာတ်ခိုက်သည့် အန္တရာယ်မကြုံတွေ့ရလေအောင် -

ဓာတ်ပြာသေစမ်းသပ်စိစစ်နည်း များဖြင့် သေချာစိစစ်စမ်းသပ်ပြီးမှသာ သုံးစွဲကြပါရန် အထူးအလေးပေး၍ တင်ပြထားပါသည်။

ပြာဆိုးပြီးရော အရမ်းကာရော မသုံးစွဲမိကြစေရန် စေတနာတရားဖြင့် စာရေးသူ လေ့လာသိရှိထားသမျှ မချွင်းမချန် တင်ပြထားပါသည်။

အကယ်၍များ စာရေးသူ မသိ သေးသော လစ်ဟာမှုလေးများရှိခဲ့လျှင် လည်း ပညာရှင်များသည်းခံ၍ မေတ္တာ ထားကာ ဝါသနာရှင်ပညာသင်များ အတွက် ပညာပွားပေးကြပါရန် ပန်ကြား တိုက်တွန်းလိုက်ပါသည်။

အားလုံးသောဝါသနာရှင်များ
ပညာပြည့်ဝနှလုံးလှ၍
ကျန်းမာရွှင်လန်းကြပါစေ

မင်းချမ်းဇော်

www.burmeseclassic.com

www.burmeseclassic.com



# ဖုန်းရှိအောင်

## မိုးကောင်းကင်က ပြသနေသော နိမိတ်များ

□ လေးဆယ်ကိုးယူဇနာ၊ ဝင်းဝင်းဝါသာ၊ စန္ဒာမည်မှတ်၊ လပြာသာဒ်နှင့် ဂြိုဟ်မြတ်အံ့ဂီ၊ တွေ့ကြိမ်ခါဝယ်၊ ရာဇာထွင့်ဖျား၊ မင်းတရားတို့၊ ဖြစ်မှားကျူးလွန်၊ တိုင်းစွန်ရပ်နေ၊ လူတစ်ထွေတို့၊ မထေ ×××၊ ပြုမိမှားလိမ့်၊ တရားပျော်မြူး၊ ဗုဒ္ဓဟူးဟု၊ ဂြိုဟ်ထူအိမ်ရှေ့၊ နန်းအိမ်ဧွေ့နှင့် တွေ့လေသောခါ၊ ပြည်ရွာတိုင်းကား၊ ငတ်မွေ့ရှားလိမ့်၊ ဗိုလ်များဆရာ၊ မည်သာပညတ်၊ ဇီဝါနတ်နှင့် ပြာသာဒ်ငွေဘူး၊ ပြိုင်ရှုည်ပူးမူး၊ မိုးဦးလယ်နှောင်း၊ မကောင်းသောအား၊ စပါးနှမ်းဝါ၊ များစွာပျက်စီး၊ တိုင်းကြီးရွှေပြည်၊ မစည်မပင်၊ ငြိုငြင်ချောက်ချား၊ စောဖျားမင်းကျော်၊ ကိုယ်တော်မသာ၊ အနာတွေ့တတ်၊ လနန်းနတ်နှင့် ဂြိုဟ်မြတ်သောကြာ၊ ရာသီနဝင်း၊ တပ်ခြင်းမယွန်း၊ မွန်းမတည့်မီ၊ ရှည်မှီလတ်သော်၊ လူပေါ်ရာဇ၊ နရိန္ဒ၏၊ နန်းမညာတင်၊ ရှစ်သောင်းရှင်သည်၊ ကျင့်အင်ယွင်းချွတ်၊ သူတို့လွတ်လိမ့်၊ ခေါင်ထွတ်ထွန်းစည့်၊ လမွန်းတည့်ကို၊ ရှည်သည့်သောကြာ၊ ပြည်ရာဇာနှင့်၊ ××× လူပေါင်း၊ မကောင်းကြည့်ရှောင်၊ မြားမြောင်အလျှူ ×××၊ ပေးဝေကြလိမ့်၊ ထိုမရှည်တွဲ၊ လမွန်းလွဲတွင်၊ ရဲရဲသောကြာ၊ ×××လာသော်၊ ခြောက်ဖြာပြစ်ကင်း၊ သွတ်နွဲ့ရှင်းနှင့်၊ ဆင်မြင်းပဏ္ဏာ၊ ဆက်သလာအံ့၊ ရောင်ဖြာပဝင်း၊ ငွေလမင်းနှင့်၊ ယင်းသောကြာဂြိုဟ်၊ ထိန်ကျွန်းညီသို့၊ နိုက္ခာနီတွင်၊ မှီသည်မြင်က၊ မရှင်မလန်း၊ တိုင်းခမ်းရွှေပြည်၊ ရှိမြပင်တည့်၊ ယခင်ငွေသားလရထားနှင့်၊ ပတ္တမြားရောင်သွယ်၊ စနေကြယ်တို့၊ မိုးလတ်တိမ်မြင်၊ ထိကြချင်သော်၊ မင်းတွင်ဥပဒ်၊ ကျိုက်ပတ်၊ နိုးလျှပ်၊ လနတ်နန်းတုံ၊ ဝန်းလာအုံ့မှု၊ မယုံတရာ၊ ကျင့်ဖောက်ပြား၍ အများပြည်သူ အိုးသို့ဆူသည်၊ ပူဇော်မီးနှယ် မအေးတည်း. . .

(နက္ခတ်ပျို့)

ရှေးရှေးတုန်းက မြန်မာကြီးတို့သည် မိုးကောင်းကင်ပေါ်က အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ် အစရှိ ပဥ္စတာဂြိုဟ်တို့သည် ငွေစန္ဒာလဝန်း (တနင်္လာဂြိုဟ်) နှင့် နီးကပ်သောအခါတွင် ပူးကပ်သောအခါတွင် မြေကမ္ဘာပေါ်က လူပြည်လူရွာသို့ရိုက်ခတ်မှုများရှိခဲ့သည်။ ကောင်းကျိုး၊ ဆိုးကျိုးများဖြစ်ပွားစေခဲ့သည်ဟု ရှေးဝေဒပညာကျမ်း၊ နက္ခတ်ကျမ်းတို့တွင်ဖော်ပြထားသည်။ အထက်ပါ၌ အမြည်းအစမ်းသဘောထိတွေ့သိရှိနိုင်သည်။ မှတ်သားစရာတစ်ခုက ထိုသို့ လဝန်းနှင့် ပဥ္စတာဂြိုဟ်တို့ နီးကပ်၊ ပူးကပ်သွားသည်။ လကိုချဉ်းသည်၊ လကိုနင်းသည်၊ လကိုနားသည်ဟု ဖော် ပကြသည်။

တစ်ခါ ရှေးရခိုင်နက္ခတ်ကျမ်းတစ်ခုတွင် ကြာသပတေးကြယ်၊ သောကြာကြယ် လတွင်ချဉ်းသော် မင်းမိဖုရားနှလုံးမသာဖြစ်အံ့။ ဗုဒ္ဓဟူးကြယ် လတွင်ချဉ်းသော် ဆည်မြောင်းချောင်းကန်တိမ်အံ့။ စနေကြယ်လတွင်ချဉ်းသော် ပြည်စွန်ပြည်နား စစ်ထွက်အံ့။ အင်္ဂါကြယ်လတွင်ချဉ်းသော် မင်းမိဖုရား နှလုံးမသာဖြစ်အံ့။ ရွှေမိုးငွေမိုးရွာအံ့။ လမြောက် လတောင် အချင်းချင်းများသော် ထဘီဝတ်နှင့် ပုဏ္ဏားတို့ နာဖျားအံ့။ လတွင် ကြယ်သွားမူ မင်းဖောက်လွဲသောအကြောင်းနိမိတ်တည်ဟု ဖော်ပြထားသည်ကို နမူနာအဖြစ်ထုတ်ပြလိုရပါသည်။ ဤနေရာမှာ ကြယ်ဟုဖော်ပြချက်မှာ ဂြိုဟ်ကိုရည်ညွှန်းခြင်းဖြစ်သည်။

ဤတွင် ဆက်နွှယ်ပြောချင်စရာဖြစ်လာသည်က ယခု ပစ္စုပ္ပန်မြန်မာနိုင်ငံ၏မိုးကောင်းကင်ပေါ်တွင် ၂၄-၁၁-၂၀၁၆ နေ့ ညက ဗုဒ္ဓဟူးဂြိုဟ်နှင့် စနေဂြိုဟ်တို့ လကိုချဉ်းခဲ့သည်။ ၂၅-၁၁-၂၀၁၆ နေ့ ညက ကြာသပတေးဂြိုဟ်သည် လကိုချဉ်းခဲ့သည်။ ၃-၁၂-၂၀၁၆ ရက်နေ့ ညက သောကြာဂြိုဟ်သည် လကိုချဉ်းခဲ့သည်။

ဤသည်တို့နှင့်ပတ်သက်၍ မြန်မာ့သမိုင်းထဲက ဥဒဟရုဏ်တချို့ထုတ်ပြရလျှင် သရေခေတ္တရာပြည့်ရှင်ရန်မန်မင်း ပါပိရန်မင်း၊ ပုဂံပြည့်ရှင် ပျူစောထီးမင်း ထီးမင်းယဉ်မင်း၊ ယဉ်မင်းပိုက်မင်း၊ ခဲလူမင်း၊ နရသူမင်း၊ ဥဇနာမင်း၊ နရသီဟ



www.burmeseclassic.com

www.burmeseclassic.com

ပတော့မင်း၊ ကျော်စွာမင်း၊ ပင်းယတစ်စီးရှင် သီဟသူမင်း၊ အင်းဝသတိုးမင်းဖျားမင်း၊ အင်းဝမင်းရဲကျော်စွာမင်း၊ အင်းဝမင်းရဲကျော်ခေါင်မင်းတို့ နတ်ပြည်စံလိုသောအခါတွင် ကြာသပတေးဂြိုဟ်သည် လသို့ချဉ်းခဲ့သည်ဟု ဆို၏။ စစ်ကိုင်းပြည်၊ ပင်းယပြည်ပျက်လိုသောအခါ၌လည်း ကြာသပတေးဂြိုဟ်သည် လသို့ချဉ်းခဲ့သည် ဆို၏။ ထို့ပြင် သရေခေတ္တရာပြည် ဘိဿမင်း၊ ပုဂံကွမ်းဆော်ကြောင်ဖြူမင်း၊ မြင်းစိုင်းအသင်္ခယာမင်း၊ အမရပူရပုဂံမင်း နတ်ပြည်စံခါနီး သောကြာဂြိုဟ်သည် လသို့ချဉ်းခဲ့သည် ဟူ၏။ မှတ်သားစရာတစ်ခုက အင်းဝပထမမင်းခေါင်မင်း၊ နတ်ပြည်စံခါနီးတွင် စနေဂြိုဟ်နှင့် သောကြာဂြိုဟ်တို့ လကိုချဉ်းခဲ့သလို အင်းဝမဟာသီဟသူရမင်း နတ်ပြည်စံလိုသောအခါတွင်လည်း စနေဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ လသို့ချဉ်းခဲ့သည်ဆို၏။

ဤတွင် ဝေဖန်စောကြောစရာတစ်ခုက ထိုသို့ဖြစ်၍ ပြည့်ရှင်မင်း နတ်ပြည်စံရသည်ဆိုခြင်းကို ထိုးဖောက်ပြီး ထိုသို့ဖြစ်၍ ထီးရေးနန်းရေး၊တိုင်းရေးပြည်ရေး အပြောင်းအလဲဖြစ်ရသည်။ တွေးဆကပို၍ကောင်းမည်ဟုထင်သည်။

စိတ်ဝင်စားစရာတစ်ခုကတော့ ၁၄-၁၂-၂၀၁၆ ရက်နေ့ နတ်တော်လပြည့်ညက အရှေ့မြောက်ဘက် မေထုန်ရာသီရပ် ကြယ်စုခွင်မှ ကြယ်မိုးရွာ (ကြယ်ကြွေ) ခဲ့သလို ၂၂-၁၂-၂၀၁၆နေ့ နံနက် အရုဏ်တက်ချိန်တွင်လည်း မူဝံ ကြယ်ပါသော ခုနစ်စင်ကြယ်စုခွင်မှ ကြယ်မိုးရွာသည်ဟုဆို၏။ အနီးကပ်ဆုံးပြောရလျှင် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲပြုလုပ်ပြီးစ ၁၃-၁၂-၂၀၁၆ နေ့ညက ကြယ်မိုးရွာခဲ့သည်။ နိုင်ငံတော်၌ အစိုးရအဖွဲ့အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဖွန်လလောက်က ကြယ်မိုးရွာခဲ့ရာ ထိုစဉ်က နိုင်ငံတော်အစိုးရအဖွဲ့ ထိပ်သီးဖြစ်ခဲ့သော မှော်ဝန်းသား ဦးခင်ညွန့်နှင့် အပေါင်းအပါတို့ ကြွေကျမြေခခဲ့ရသည်။ မြန်မာ့ရာဇဝင်ထဲတွင်လည်း သီပေါမင်းပါတော်မူခါနီးတွင် ကြယ်မိုးအကြီးအကျယ်ရွာသွန်းခဲ့သည်။ မွန်ဘုရင် သုရှင်တကာရွတ်ပိမင်း၏ ဟံသာဝတီ ရွှေပြည်ရွှေနန်း ကေတုမတီပြည့်ရှင် တပင်ရွှေထီးမင်းထံ ပါတော်မမူမီ နယ်စပ်မှတ်တိုင်များ လဲပြိုသည်။ ရာဇပလ္လင်ထက် ကျီးဝင်နားသည်။ အိမ်ပြုံးတောင်ပြိုသည်၊ ကြယ်မိုးရွာသည်ဟု ဆို၏။

ဤနေရာမှာ နှိုးနွယ်၍ တင်ပြချင်စရာလေးတစ်ခုကတော့ ၂-၁၁-၂၀၁၆ နေ့ ညနေစောင်းမှာ ပြည်မြို့ဆယ်ထပ်ကြီးဘုရား မိုးကောင်းကင်တစ်ခွင်မှာ ဘုရားရောင်ခြည်တော်ကွန့်မြူးနေသလို မိုးတိမ်တောင်မိုးတိမ်လွှာများ ရောင်စုံလင်းလက် ရွှန်းပျက်နေသည် ဆို၏။ ဒီဇင်ဘာလစောစောပိုင်းကလည်း သံတွဲမြို့နယ် လောင်းကျိုးရွာ မိုးကောင်းကင်တစ်ခွင် ထူးဆန်းသော တိမ်တောင်တိမ်လွှာများ ရောင်စုံတောက်ပခဲ့သည်စသည်တို့ ဖြစ်၏။

ရှေးမြန်မာ့နက္ခတ်ကျမ်းတချို့တွင် တိမ်သည် နွားမရုပ်သဖွယ်ထင်လတ်မူကား ချမ်းသာရအံ့။ တိမ်သည် နွားလားရုပ်သဏ္ဌာန်ထင်သန်းမူကား ခိုက်ရန်ဖြစ်အံ့။ တိမ်သည် လက္ခဲအဆင်းကဲ့သို့သန်းလတ်မူကား နှစ်သက်သောလာဘ်လာဘရအံ့။ တိမ်သည် ဦးခေါင်းကဲ့သို့သန်းလတ်မူကား ခင်ပွန်းကောင်းရအံ့။ တိမ်နီသည် လက်ယာကသန်းမူ မကောင်း။ လက်ဝဲက အတန့်တန့်သန်းမူကား လာဘ်ရအံ့။ သူရဲသေအံ့။ တိမ်ဖြူသည် လက်ဝဲက အတန့်တန့်သန်းမူကား ဘုန်းတန်ခိုးကြီးအံ့။ တိမ်ဖြူသည် လက်ယာကသန်းမူ ကြောင့်ကြအံ့။ တိမ်နက်၊ တိမ်နီ၊ တိမ်ဖြူရော၍သန်းမူ စစ်ရောက်အံ့။ အထိနာအံ့။ တိမ်သည် မီးကျောက်လက်တဲ့သို့ လက်ဝဲကသန်းမူ လာဘ်ရအံ့။ တိမ်သည် အိမ်၊ ဓား၊ လှံကဲ့သို့ ရှေ့ကသန်းလတ်မူ မကောင်း။ လာသောသူ မအောင်မြင်သည်ဖြစ်အံ့။ တိမ်သည် မိန်းမရုပ်ရှေ့တသန်းမူ လာဘ်ရအံ့။ လက်ယာတသန်းမူ မကောင်းဖြစ်အံ့။ တိမ်တံခွန်ထွက်သော်၊ တိမ်ပြာသာဒ်ထွက်သော် မကောင်းသောနိမိတ်တည်း ဟူ၍ အမြည်းအစမ်းတင်ပြရလိုက်ရပေသည်။ ခိုင်းနှိုင်းအတွေးနယ်ချဲ့စရာပင်။

ဤနေရာမှာ အထူးတလည် တင်ပြခြင်းသည်ကတော့ ယခု ၂၀၁၆ ခုနှစ်၌ ဆူပါမွန်း (ထူးကဲကြီးမားတောက်ပလပြည့်ဝန်း) လပြည့်ဝန်း (၃) ကြိမ်ထွက်သည်ကိုပင်ဖြစ်၏။ တကယ်တော့ ဆူပါမွန်းလပြည့်ဝန်းသည် တစ်နှစ်မှာ တစ်ကြိမ်သာ ဖြစ်လေ့ဖြစ်ထရှိစမြဲ။ သို့သော် နှစ်စဉ် နှစ်တိုင်းမဟုတ်ပါ။ ဖြစ်တောင့်ဖြစ်ခဲထဲမှာ ထည့်ထားရမည်သာဖြစ်၏။

ပြီးခဲ့သော နှစ် ၂၀၁၆ ခုနှစ် ဆူပါမွန်းလပြည့်ဝန်းထွက်မှု (၃) ကြိမ်မှာ ၁၆-၁၀-၂၀၁၆ နေ့ည သီတင်းကျွတ်နေ့ညမှာ တစ်ကြိမ်၊ ၁၄-၁၁-၂၀၁၆ နေ့ည တန်ဆောင်မုန်းလပြည့်နေ့ညမှာ တစ်ကြိမ်၊ ၁၄-၁၂-၂၀၁၆ ရက်နေ့ည နတ်တော်လပြည့်နေ့ညမှာ တစ်ကြိမ်တို့ ဖြစ်ကြပါသည်။ ဤဆူပါမွန်းလပြည့်ဝန်း (၃) ကြိမ်ထွက်ရာတွင် ဒုတိယမြောက် တန်ဆောင်မုန်းလပြည့်ဝန်းဆူပါမွန်းသည် အတောက်အပဆုံး၊ အကြီးမားဆုံးဖြစ်သည်။ ၂၁ ရာစုတွင် စံချိန်အမြင့်ဆုံးဖြစ်မည် ဆို၏။ ဤဆူပါမွန်း ၁၉၄၈ ခုနှစ်က တစ်ကြိမ်ထွက်ပေါ်ခဲ့ဖူးသည် ဆို၏။ လာမည့် ၂၀၃၄ ခုနှစ်သို့ရောက်မှသာ အခုလိုဆူပါမွန်းမျိုးထွက်ပေါ်မည်ဆို၏။

မှတ်သားစရာတစ်ခုက မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဆူပါမွန်းထွက်ရှိမှု၏ တုံ့ပြန်သက်ရောက်မှုသည် ထိုနှစ်၌ ရောင်စုံသောင်းကျန်းသူများ ပေါ်ပေါက်ခဲ့ခြင်းပင် ဖြစ်သည်။ အနီးစပ်ဆုံး ဥဒါဟရုဏ်တချို့ပြရလျှင် ၅-၅-၂၀၁၂ ရက်နေ့၌ ကဆုန်လပြည့် ဆူပါမွန်းထွက်ခဲ့သည်။ ယင်းနောက်တွင် ရခိုင်ပြည်နယ်၌ ဘင်္ဂါလီပဋိပက္ခအကြိမ်ကြိမ်ဖြစ်ခဲ့သည်။ ၂၉-၉-၂၀၁၅ရက်နေ့ တော်သလင်းလပြည့် ဆူပါမွန်းထွက်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံ၌ အစိုးရအပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်၊

ဤ ၂၀၁၆ ခုနှစ်၌လည်း ဆူပါမွန်း (၃) ကြိမ်ဆက်တိုက် ထွက်ပေါ်ခဲ့သည်။ 'အမောင်လည်းရောက် ငါ့နွားပျောက်၊ အမောင်နွားခိုး ငါမရိုး' ဆိုသလိုပင် ၉-၂-၂၀၁၆ နေ့မှစပြီး ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီအကြမ်းဖက်နယ်မြေလုပွဲစတင်သည်။ ၂၀-၁၁-၂၀၁၆ရက်နေ့တွင် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းလက်နက်ကိုင်ပဋိပက္ခစတင်ခဲ့၏။ ၁၇-၁၂-၂၀၁၆ ရက်နေ့ဝန်းကျင်တွင် ကချင်ပြည်နယ်မြောက်ပိုင်း၌ လက်နက်ကိုင်ပဋိပက္ခမှုများပြင်းထန်လာသည်။ ၎င်းတို့နှင့်နှီးနွယ်နေသော နိုင်ငံတကာဖိအားပေးမှုများ၊ နိုင်ငံတကာထိုးနှက်တိုက်ခိုက်များအပါအဝင် ပြဿနာပေါင်းစုံ ကြုံဆုံရသည်။ တကယ်တော့ ဆူပါမွန်း (၃) ကြိမ်တွေ့ရခြင်းသည် ကောင်းသည်ဟု မဆိုသာပါ။ လက်ဖက်ရည်တစ်ခွက်တွင် သကြားသင့်ရုံတန်ရုံထည့်လျှင် အရသာကောင်းမွန်သော်လည်း အလွန်အကျွံထည့်ခဲ့လျှင် အရသာပျက်သွားမည်မှာ သေချာပေသည်။ ယခုလည်း ယင်းသို့ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

မြေပူရာကင်းမှောင့် ဆိုသလိုပင် တခြားနိမိတ်ဖြစ်ထွန်းမှုကရှိနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ-နွားမျက်စိအတွင်း ပိုးကောင်များကျရောက်ခြင်း

ဆလိုင်းငွန်သိန်း(ရမည်းသင်း)

ကျွန်တော် တပ်ကုန်းမြို့နယ် ရွှေမြို့မှာ တာဝန်ထမ်းဆောင်စဉ်ကပေါ့။ ရွှေမြို့ဆိုတာ တပ်ကုန်းမြို့တောင်ဘက် (၇) မိုင်လောက်ဝေးတဲ့နေရာမှာ တည်ရှိပါတယ်။ ကားလမ်းကနေလာမယ်ဆိုရင် အရင်တုန်းကအခေါ် ဂျန်းတုံး၊ ခုတော့ သပြေချောင်းရွာလို့ခေါ်ပါတယ်။ ကားတွေမှာအသုံးပြုတဲ့ဂျန်းတုံး(ကျမ်းတုံး) တွေလုပ်တဲ့ ရန်ကုန်-မန္တလေးကားလမ်းဘေးကရွာမို့ ဂျန်းတုံးလို့ခေါ်တာပါ။ သပြေချောင်းရွာကနေ ဆင်သေချောင်းကြီးဖြတ်သွားရပါတယ်။ အခုကတော့ ခေတ်မီတဲ့ တံတားကြီးတွေဆောက်ပြီးပါပြီ။ တံတားထိပ်မှာ ရွှေမြို့ကြီးရွာဆိုတာရှိပါတယ့်။ အဲဒီရွာကနေ (၁) မိုင်လောက်သွားလိုက်ရင် ရွှေမြို့ဆိုတဲ့ရွာကြီးကိုရောက်ပါတယ်။ မီးရထားလမ်းလည်းရှိလို့ ရွှေမြို့ဘူတာရွာလို့လည်းခေါ်ကြပါတယ်။ လယ်ယာစိုက်ပျိုးရေးကောင်းတဲ့ရွာကြီးပေါ့။ စိုက်ပျိုးရေးကိုအားထားရတော့ နွားကောင်းတွေကိုကိုင်ကြပိုင်ကြတယ်။ နွားပြာကြီးတွေ၊ နွားပြာစိမ်းတွေ၊ နွားရွှေနီတွေစုံအောင်ရှိတယ်။ မိုးများတဲ့ဒေသမို့ တချို့ရွာတွေက ကျွဲတွေသုံးကြပါတယ်။ နွားများတော့ ရောဂါတွေကလည်းစုံနေအောင်တွေ့ရတယ်။

တစ်နေ့တော့ သပြေချောင်းရွာက ကျောင်းသားလေးတစ်ယောက် ရွှေမြို့ကို ကျောင်းတက်လာရင်းနဲ့ ကျွန်တော့်အိမ်ကိုဝင်လာတယ်။

"အဘက အိမ်လာခဲ့ပါဦး" တဲ့။

"ဘာဖြစ်လို့လဲ"

လို့ မေးတော့ -

"ကျွန်တော်လည်းမသိဘူး။ အဘက အခေါ်ခိုင်းလိုက်လို့"

ကျွန်တော်နဲ့ ရင်းနှီးတဲ့ သပြေချောင်းရွာက ဦးအောင်သိန်းရဲ့သားလေးဖိုးချစ်ပါ။ ဒါနဲ့ ကျွန်တော်လည်း ဆိုင်ကယ်လေးနဲ့ထွက်ခဲ့ပါတယ်။ ဌာနကပေးတဲ့ HONDA 125 လေးနဲ့ပေါ့။ ဆင်သေချောင်းထဲမှာ ရေက တစ်ပေခွဲလောက်ပဲရှိပါတယ်။ ကျွန်တော်ချောင်းကိုဖြတ်စီးသွားပါတယ်။ အားလုံးကဝိုင်းကြည့်နေကြတာပေါ့။ ရွှေမြို့တစ်နယ်လုံးမှာ ကျွန်တော်တစ်ယောက်တည်း ဆိုင်ကယ်စီးတဲ့သူရှိတယ်။ အသက်ကလည်း (၃၀) လောက်ပဲရှိသေးတာဆိုတော့ ဝင့်ဝင့်ကြွားကြွား ကြော့ကြော့မော့မော့ပေါ့။ ဘေးက ကလေးတွေက လက်ခုပ်တီးပြီးတော့တောင်အားပေးကြသေးတယ်။

ဒီလိုနဲ့ ရွာထဲရောက်သွားတော့လည်း ကလေးတွေ ဆိုင်ကယ်နောက်ကလိုက်လာကြတယ်။ ဦးအောင်သိန်းအိမ်အထိပါပဲ။ ကျွန်တော့်ကိုတွေ့တယ်ဆိုရင်ပဲ ဦးအောင်သိန်းက -

"ဆရာလေးရယ်၊ ကျုပ်ဖြင့်တစ်ခါမှ မမြင်ဖူးပါဘူး။ ကျုပ်နွားကြီးရဲ့မျက်စိထဲမှာ ပိုးကောင်လေးတွေရောက်နေတယ်ဗျ ကြည့်ပါဦး"

ဆိုတော့ ကျွန်တော် နွားမျက်စိကိုဖြကြည့်ပါတယ်။ မျက်စိထောင့်မှာ ဒဏ်ရာလေးဖြစ်ပြီး ယင်ဥသွားတာပါ။ တချို့ရွာတွေကတော့ ဒါမျိုးကို လိပ်ပြာစုပ်တယ်လို့ခေါ်ကြတယ်။ ဘာကြောင့်ပဲဖြစ်ဖြစ် မျက်စိမှာ ဒဏ်ရာရသွားတာကတော့ သေချာပါတယ်။ ဦးအောင်သိန်းက ကွမ်းစားတဲ့သူဆိုတော့ အိမ်မှာ ဆေးရွက်ကြီးက အဆင်သင့်ရှိပြီးသားပါ။ ကျွန်တော် ဆေးရွက်ကြီး (၂) လက်မပတ်လည်လောက်တောင်းပြီး ရေအေးလက်ဖက်ရည်ကြမ်းတစ်လုံးစာနဲ့ စိမ်ထားလိုက်ပါတယ်။ ဦးအောင်သိန်းနဲ့ ကျွန်တော်တောအကြောင်းတောင်အကြောင်းတွေပြောကြတာပေါ့။ တောင်ဆိုလို့ အဲဒီနားမှာ ရွှေဥဒေါင်းတောင်ဆိုတာရှိတယ်။ ဆရာတော်ဘုရားကြီးတွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ သီတင်းသုံးသွားတဲ့နေရာပေါ့။ သာသာယာယာရှိပါတယ်။ (၁၀) မိနစ်လောက်ကြာတော့ ဦးအောင်သိန်းကို -

"ဆေးရွက်ကြီးစိမ်ထားတဲ့အရည်နဲ့ နွားကိုမျက်စဉ်းခတ်လိုက်ပါ"

လို့ ပြောလိုက်ပါတယ်။

မျက်စဉ်းလည်းခတ်လိုက်ပြီးရော နွားကြီးမှာ စပ်လွန်းလို့ ခုန်ပေါက်ပြီး ဆီးတွေ၊ ဝမ်းတွေသွားကုန်တယ်။ ဦးအောင်သိန်းနဲ့ ကျွန်တော် စကားပြောကောင်းပြောနေကြတာ နာရီဝက်လောက်ကြာသွားတယ်။

ဒါနဲ့ ကျွန်တော်က -

"နွားကိုသွားကြည့်လိုက်ပါဦး"

ပြောတော့ ဦးအောင်သိန်းက -

"ဆရာလေးရေ၊ နွားမျက်စိမှာ ပိုးကောင်လေးတွေ မရှိတော့ဘူးဗျ။ ကောင်းလိုက်တာ"

မြန်မာ့တိုင်းရင်းဆေးကို ဦးကြီးတို့ ကြုံရင် သုံးကြည့်လိုက်ပါနော်။

ဆလိုင်းငွန်သိန်း(ရမည်းသင်း)

---

၂၄-၁၁-၂၀၁၆ ရက်နေ့က ကျောက်ဖြူမြို့နယ်တွင် ပန်းရှည်နဂါးတောင် (ရှုံမီးတောင်) ပေါက်ကွဲ၏။ ၁၂-၁၂-၂၀၁၆ နေ့ စစ်ကိုင်းမြို့နယ် မင်းကွန်းတိပိဋကရေမွှေဘဏ္ဍာဂါရိကဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသမဟာထေရ်သီတင်းသုံးတော်မူခဲ့သော ဓမ္မနာရဒကျောင်းတိုက်မှ ပိဋကတ်ကျောင်းဆောင်မီးသင့်ခဲ့၏။ မာန်အောင်မြို့နယ် ဆားချက်ပင်လယ်ကမ်းခြေတွင် ပင်လယ်ငါးများ အစုလိုက်အပြုလိုက်သောင်တင်သည်။

ဆိုခဲ့သမျှကို အနှစ်ချုပ်လိုက်လေလျှင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ အချုပ်အချာအာဏာကို ထိပါးသော၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံပိုင်နက်နယ်မြေကိုပွတ်တိုက်သော၊ နိုင်ငံတော်အစိုးရပုံရိပ်ကိုညစ်ထေးစေသောပဋိပက္ခများ၊ ဝိရောဓိများ၊ ပြဿနာတို့ရှည်များနှင့် ကြုံဆုံရတတ်မည်။ နိုင်ငံတကာ(ဝါ) ပြည်ပ အသိုင်းအဝိုင်းတို့နှင့်နှီးနွှယ်နေလျှင် ပိုဆိုးတတ်သည်။ ထိုထက်အရေးကြီးသည်က အမျိုးဘာသာသာသနာကို(ဝါ) အထူးသဖြင့် ဗုဒ္ဓဓမ္မဒေသနာကိုထိပါးပွတ်တိုက်မှုကို ကြုံဆုံရတတ်သည်။ သို့ပင်ဆိုစေ ကံသေကံမဟုတ်သည့်တိုင် စောင့်ကြည့်လေ့လာသင့်သော ပြည်အတိတ်ပြည်နိမိတ်ဆောင်များဖြစ်နေသည်က ဧကန်ပင်။

ပုန်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

## သုရိန်ထွန်း(ဝိဇ္ဇာစရဏ)ပြည်

# လမ်းမှန်လျှင် ကံမယွင်းပါ

အင်္ဂလိယတ္တံ ကရောတီတိ အင်္ဂလိယတ္တံ ဟူသော ဒေသနာအရ မီးဖြင့်အားထုတ် လုပ်ဆောင်ရသောကြောင့် အင်္ဂလိယတ် မည်၏ ဘုရားလောင်း ရသေ့မြတ်တို့ ဓာတ်လေးပါးကို ကြံစည်စီရင်ကုန်သော ကြောင့် အင်္ဂလိယတ်ဓာတ်ကျမ်း၊ ဆေးကျမ်း၊ နက္ခတ်ကျမ်း စသည့် ကျမ်းပေါင်းများစွာ ပညာရပ်အနေဖြင့် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ ထို့ကြောင့် ကမ္ဘာ့သိပ္ပံပညာရှင် တို့က 'အင်္ဂလိယတ်မှ သိပ္ပံပညာရပ်သို့' ဟု သတ်မှတ်ခဲ့ပါသည်။ အင်္ဂရတ်ပညာကို လိုက်စားကြံစည်ခြင်းမှ လောကဓာတ် သိပ္ပံပညာကို တတ်မြောက်တိုးတက်လာ ခြင်း ဖြစ်သည်။ ကမ္ဘာ့သိပ္ပံပညာရှင်တို့ အင်္ဂရတ်ပညာကို မအောင်မြင်နိုင်သော အကြောင်းမှာ ဓာတ်လေးပါး၏သဘာဝ ဂုဏ်သတ္တိတို့ကို အနုသုခုမထိအောင် ပိုင်းခြား၍မသိနိုင် မကြံနိုင်သောကြောင့် ဖြစ်ပါသည်။ မျက်မြင်ဖြစ်သော သက်ရှိ သက်မဲ့ အစိုင်အခဲဃနတို့ကိုသာ ဓာတ် ဟု ထင်မှတ်လျှင် မဟာဘူတဓာတ်ကြီး လေးပါး အခြေခံ၍ ဖြစ်တည်လာသည့် ခန္ဓာငါးပါး၊ အဋ္ဌကလာပ်ရှစ်ပါးတို့ကို မသိရှိမကြံစည်နိုင်ပါ။ သာမန်လူသား ပုထုဇဉ်များဉာဏ်မမီနိုင်အောင် နက်နဲ ကျယ်ဝန်းလှပါသည်။ ဓာတ်တို့သည် ဥတုနှင့် အာဟာရကြောင့် ပေါင်းစုဖြစ် တည်လာသကဲ့သို့ ဥတုနှင့် အာဟာရ ကြောင့်ပင် ဖောက်ပြန်ပြောင်းလဲပြိုကွဲ ပျက်စီးရခြင်း ဖြစ်ပါသည်။ သို့သော် အလွန်သေးငယ်လှသည့် ပရမာဏုမြူ တိုင်အောင် (သဘောသဘာဝဓာရေတိ) မိမိသဘာဝကိုမစွန့်ကြပါ။

ကမ္ဘာ့သိပ္ပံပညာရှင်ရောဘတ်ဘွိုင်း က ၁၆၂၇ ခုနှစ်လောက်မှ စတင်၍ ဂရိ နှင့်အိန္ဒိယမှရရှိသော အင်္ဂရတ်ကျမ်းများ ကိုလေ့လာ၍ စတင်စမ်းသပ်လုပ်ဆောင် ခဲ့ပါသည်။ မအောင်မြင်ပါ။ သူ၏အယူ အဆမှာ သာမန်သတ္တုတစ်ခုနှင့်တစ်ခု ရောစပ်ခြင်းအားဖြင့် သတ္တုအကောင်း စား (ရွှေ) ဖြစ်လာမည်ဟုယူခဲ့ခြင်း ဖြစ် သည်။ ဆက်လက်၍လည်း ကမ္ဘာ့သိပ္ပံ ပညာရှင်များက အင်္ဂရတ်ကျမ်းများကို ရှာဖွေကြိုးစားကြံစည်ကြပါသော်လည်း မအောင်မြင်ခဲ့ပါ။ ထို့ကြောင့် အင်္ဂရတ် ပညာကို သာမန်သတ္တုများအချိုးအစား အလိုက် ရောစပ်ပေးခြင်းအားဖြင့် ရွှေ ဖြစ်လာနိုင်သော အတတ်ပညာသည် အင်္ဂရတ်ပညာမည်၏ဟု မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြခြင်း ဖြစ်သည်။ ဤ ဓာတ်လေးပါးကို အခြေခံ၍ ပြုလုပ် ဆောင်ရွက်ရသော အင်္ဂရတ်ပညာသည် ထိုမျှသေးသိမ်သောပညာ မဟုတ်ပါ။ အလွန်ကြီးမြတ်၍ အကျိုးများသော ပညာရပ်ဖြစ်သည်။ သာမန်လူတို့ကြံစည် ကြိုးစား၍မရရှိနိုင်သော သိဒ္ဓိဆယ်ပါးကို ပေးစွမ်းနိုင်သောပညာ ဖြစ်သည်။ ဓာတ် လေးပါးကို အခြေခံ၍ လောကဖြစ်လာ ရခြင်းကြောင့် အရာအားလုံး ဓာတ်ချည်း ဖြစ်သည်။ ဓာတ်လေးပါးနှင့်ကင်းသော သက်ရှိ သက်မဲ့ဟူ၍ ဤလောကတွင် မရှိပါ။ သိပ္ပံပညာရပ်ကို အလေးထား သောသူတို့က အင်္ဂရတ်ကျမ်းများသည် ထင်ရာမြင်ရာရေးထားသော ကျမ်းများ ဖြစ်သည်ဟူ၍ လည်းကောင်း၊ အချို့က နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော ကြောင့် အက္ခရာပုဒ်ပါဌ်မှားယွင်းချွတ်ချော် ၍ ရှေးကမှန်သော်လည်း ယခုအခါမမှန် နိုင်ဟု ဆိုကြပါသည်။ အမှန်စင်စစ် ပရမတ်အစစ်ဓာတ်အနှစ်ကို ပိုင်းခြား ဝေဖန်သိနိုင်သောပညာဉာဏ်မရှိကြသော ကြောင့် တေဇောဓာတ်၊ ဝါယောဓာတ်၊ အာပေါဓာတ်၊ ပထဝီဓာတ်ဟု အထင် အရှားရေးသားခြင်းမရှိသော ဆေးမြီးတို များကဲ့သို့ ကျမ်းမြီးတိုများကြောင့် ဆိုကြ ခြင်းဖြစ်ပါသည်။ ဓာတ်လေးပါးကိုသာ အခြေပြု၍ စီရင်ကုန်သောကျမ်းတို့မှာ မည်မျှပင် ကြာညောင်းပါစေ မှားယွင်း ခြင်း မဖြစ်နိုင်ပါ။ ဓာတ်လေးပါးကိုစီရင် ရသောကြောင့်ဖြစ်သည်။ ဤဓာတ်လေး ပါးမှတစ်ပါး အခြားအခြားသောအတတ် ပညာတို့သည် အချိန်ကာလကြာမြင့် သည်နှင့်အမျှ ပုဒ်ပါဌ်အက္ခရာအနက် အဓိပ္ပာယ်တို့လည်း ချွတ်ယွင်းလာတတ် ကာ အတတ်ပညာတစ်ခုလုံးသော်လည်း မှားယွင်းသွားတတ်၏။ ရှေးခေတ်ကမ္ဘာ့ သိပ္ပံပညာရှင်ကြီးများ၏ လုပ်ဆောင် ချက်ပညာရပ်အချို့သည် ယခုအခါ မှားယွင်းနေကြောင်း ထင်ရှားလာ၏။

ဤသို့ဖြစ်ရသည်မှာ မဟာဘူတ ဖြစ်သောဓာတ်ကြီးလေးပါးကို အခြေပြု မထားသောကြောင့်ဖြစ်သည်။ ဥပမာ အာပေါဓာတ်ဖောက်ပြန်မှုကြောင့်ဖြစ်ရ ခြင်းဖြစ်ပေါ်လာသော ရောဂါဝေဒနာ တွင် အမည်ရာထောင်ပင်ပညတ်စေကာ မူ ဤကား အာပေါဓာတ်ဖောက်ပြန်လာ ခြင်းကြောင့်ဖြစ်ရခြင်းဟူ၍ ဒေသနာတော် အရ ကောက်ချက်ချထားလျှင် မည်သည့် အခါမှမှားယွင်းမှုမဖြစ်နိုင်ပါ။ ရောဂါ အသစ်အဆန်းတွေ့တိုင်း အမည်မညတ် အသစ်တပ်ရသော် ဆုံးနိုင်မည်မဟုတ် ပါ။ ထို့ကြောင့် ဓာတ်လေးပါးကိုအခြေခံ ၍ ရသေ့မြတ်တို့စီရင်ထားသည့်အင်္ဂရတ် ဓာတ်ကျမ်းတို့သည် မည်သည့်အခါမျှ မှားယွင်းခြင်းမဖြစ်နိုင်ပါ။ အင်္ဂရတ်ကျမ်း တို့တွင် တစ်ကျမ်းနှင့်တစ်ကျမ်း ပညတ် အာဘော်ချင်း မတူညီသည့်အတွက် အယူအဆချင်းများစွာ ကွာခြားလျက်ရှိ ပါသည်။ ထို့ကြောင့် 'စွယ်စုံဉာဏ်ရှင်၊ လင်းလင်းမြင်စိမ့်' ဆိုသည့်အတိုင်း ဉာဏ်၊ ပါရမီ၊ ဝီရိယ၏ အရာဖြစ်သောကြောင့် ကျမ်းမစုံလျှင် ဂုဏ်မမောက်နှင့်ဆိုသည် နှင့်အညီ ကျမ်းပေါင်းစုံလေ့လာဆည်းပူး ရန်လိုပါသည်။ ကျမ်းဆရာ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ဓာတ်လေးပါးအကြောင်းခံ ၍အဖြေထုတ်ပါ။ မီးနှင့်ရေသည် ရန်ဓာတ် ဖြစ်ပါသည်။ ပဋိပက္ခဓာတ်ဖြစ်ပါသည်။ မီးလွန်လျှင် ရေခန်းခြောက်ရပါသည်။ ရေများလျှင်လည်း မီးငြိမ်းရပါသည်။ ရေ နှင့် မီးတွေ့ဆုံလျှင် အလုံးစုံရက်မကူးပါ ဘူးဟူ၍ ဆရာရှင်မထီး မည်သည်ကို ရည်ညွှန်း၍ ရေးခဲ့သည်ကို စဉ်းစားပါ။

တေဇောဓာတ်မှာ ပူမှု၊ အေးမှု ဟူသော ဆောင်ရွက်မှုနှစ်မျိုးမှလွဲ၍ အခြား သောဆောင်ရွက်မှုကို ပရမာဏုမြူတိုင် အောင် မပြုလုပ်ပါ။ ထို့အပြင် တေဇော ဓာတ်ဟူသည် ဝါယောဓာတ်၏ထောက်ပံ့ မှုကြောင့်ဖြစ်ပေါ်လာရခြင်းကိုသတိပြုပါ။ ထို့အတူ အာပေါဓာတ်တို့၏ လုပ်ဆောင် ချက်သည် ပထဝီဓာတ်ဖြစ်ပေါ်စေခြင်း ၏အကြောင်းရင်းဖြစ်သည်။ ထို့ကြောင့် 'မီးသည် လေနှင့် မြှောက်ကုန်သင့်၍ နှိုင်းချင့်အဟုတ် နာမ်သမုတ်၏။ ပထဝီ အာပေါ ရုပ်ဟုဟောသည်။ ရှိသောထုံးစံ မှီကာကြံလေ' ဟူ၍ ကဏ္ဍရာသီဓာတ် ကျမ်းမှ ပြဆိုခဲ့ခြင်းဖြစ်ပါသည်။ ဝါယော ဓာတ်နှင့် တေဇောဓာတ်တို့ ပေါင်းစည်း ဖြစ်ပေါ်လာသော စွမ်းအင်သတ္တိကို အခြေခံ၍ ရုပ်တရားများဖြစ်ကြသော အာပေါဓာတ်၊ ပထဝီဓာတ်တို့ကို တိုးပွား ခိုင်မာစေခြင်း၊ ဖောက်ပြန်ပျက်ယွင်းစေ

www.burmeseclassic.com

www.burmeseclassic.com

ခြင်းဆိုသည့် သဘာဝနိယာမအတိုင်း ဖြစ်စေပျက်စေနိုင်သော အတတ်ပညာများကို ဗုဒ္ဓဂေါတမဘုရားမပွင့်ထွန်းမီကပင် ဝေဒကျမ်းများ၌ လာရှိသောကြောင့် (၃၂) ပါးသော ပုရိသလက္ခဏာတို့ဖြင့် ဗုဒ္ဓအစစ်၊ အတု စစ်ဆေးကြည့်ရှုပြီး ဆုံးဖြတ်ရကြောင်း စာပေကျမ်းဂန်တွင် လာရှိပါသည်။

ထို့ကြောင့် ပုဏ္ဏားတော်ဇာနက္ကကျမ်းတွင် 'ဝေဒတရကျမ်းဂန်ပြသည်၊ ဂေါဝိန္ဒ အဂ္ဂမဟာ၊ ဓမ္မရာဇာဂုရု၊ ဆင်ဖြူသွင်၊ နတ်လျှံပုံ့မွှေး၊ ယူတော့ပေးသည့်၊ ဘွဲ့ရေးအက္ခရာ၊ ဘောင်းနီဝါနှင့်၊ မဟာပညာကျော်၊ပုဏ္ဏားတော်သည်၊ထုတ်ဖော်ဖွဲ့ချီး၊ အောင်သုံးတီးလျက်၊ ရေကြီး မြေကြီး၊ လေမီးလေးပါး၊ နေရထားနှင့် ယန္တရားဥစန်းက္ကန္တကို လောကုပတ်၊ မကြံရာ၌ အက္ခရာပေဒင်၊ တတ်ကြောင်းသင်သည်၊ သိမြင်ကြစေ၊ သဝေနှစ်သွယ်၊ ဂယ်နှစ်ခု၊ ဥရုစ်ထု၊ စတုပညာနက်နဲစွာသည်' ဟူ၍ ကျမ်းပြုခဲ့ပါသည်။

'နဂါးကို အကောက်မှားလို့၊ မှောက်မှားကြဗိုလ်ပုံ၊ ရေနှင့်မီးတွေ့ဆုံလျှင်၊ အလုံးစုံရက်မကူးပါဘု၊ တချက်ထူးနဂါးနီနှော်၊ ရှေးကအခေါ်၊ မလွဲနဲ့ လူမော်ရယ် ဖြူတော်မူအုန်းမယ်ပလေး' ဟူ၍ ဆရာတော် ရှင်မထီးမှ စာချီးခဲ့သည့်အတိုင်းပင် နဂါးကို အကောက်အယူလွဲ၍ နှစ်ပေါင်းများစွာ ကြိုးစားကြံစည်ကြပါသော်လည်း ဉာဏ်ကြီးသမ္မအလဟာဿဖြစ်ကာ ပျံတော်မူရှာကြသည့်ဆရာတော်ဘုရားများ မြန်ပြည်တစ်လွှားတွင် အများအပြားကြားသိနေရပါသည်။ လူပုဂ္ဂိုလ်များလည်း ထိုနည်းအတူပင် ကွယ်လွန်နေကြ၏။ သို့ပါ၍ ဤဂန္ဓာရီပညာရပ်သည် ဒဏ္ဍာရီတစ်ခုပမာ ပြောဆိုရေးသားမှတ်ယူနေကြသော ဝိရိယရှင် တိဟိတ်ပုဂ္ဂိုလ်အပေါင်းတို့အတွက် 'ဝီရိယသန်၊ လုပ်ထုံးမှန်က၊ ဘယ်ကံကိုမှ မယိုးပါနှင့်' ဆိုသော ကျမ်းလာစကားနှင့်အညီ အကောက်အယူတည့်မှန်စေရန် စာရေးသူဉာဏ်မီသရွေ့ ရေးသားဖော်ပြသတိပေးနေခြင်း ဖြစ်ပါသည်။

တစ်ကျောင်းတစ်ဂါထာတစ်ရွာတစ်ပုဒ်ဆန်းရှိနေသော မူဟောင်းမူမှန်ကျမ်းစကား၏ များပြားလှစွာသော ပညတ်များကို ပရိမတ်အစစ်ဓာတ်အနှစ်အဖြစ် မြင်သိကောက်ယူကြိုးစားနိုင်ပါက သိဒ္ဓိဆယ်ပါးရရှိနိုင်ပါသည်။ ပြဒါးဓာတ်ကို ပထဝီဓာတ်ခိုင်မာအောင် ကြံစည်လုပ်ဆောင်နိုင်လျှင်ပင် အောက်သိဒ္ဓိငါးပါးဆိုသော ကာယသိဒ္ဓိ၊ ပီဃသိဒ္ဓိ၊ ပထဝီသိဒ္ဓိများရရှိနိုင်ကြောင်း ဓာတ်ကျမ်းများတွင် အတိအလင်းဖော်ပြထားပါသည်။ ပြဒါးမသေသော်လည်း ထိုကဲ့သို့ သိဒ္ဓိများရရှိအောင် ကြံဆောင်နိုင်သူကိုပင် အများလူတို့ကလည်း ဝိဇ္ဇာထင်၊ ၎င်းဓာတ်ပိုင်ဆိုင်သူကလည်း ကိုယ့်ကိုယ်ကိုယ် ဝိဇ္ဇာထင်၍ ကြွေးကြော်ကြိမ်းဝါးရင်း သေလွန်နေကြသည်မှာ ခေတ်အဆက်ဆက်မှသည် ယနေ့တိုင်အောင်ရှိနေကြပါသည်။ ဓာတ်များကို ရသာယနဖြစ်အောင် ပြုပြင်နိုင်သောစွမ်းအားမှာ ပြဒါးဓာတ်သေပြီးနောက် နာမ်ရုပ်အစုံဖြင့် ဖြစ်တည်လာသော ရုပ်သစ်နာမ်သစ်ရတနာသတ်မှတ်ထိုက်သော ဓာတ်အနှစ်တွင်သာရှိပါသည်။ အခြားနည်း လောကတွင်မရှိပါ။ လူတို့၏ခန္ဓာမှာ ဓာတ်လေးပါးမကျိုင်ထား၍ အဌကလာပ်ရှစ်ပါး မပျက်မစီးတည်ရှိနေသရွေ့ သေဆုံးခြင်းမဖြစ်ပါ။ ကံ၊ စိတ်၊ ဥတုဆိုသော အကြောင်းတရားသုံးပါးမှလည်း သက်တမ်းကို ပိုင်းဖြတ်မပေးနိုင်ပါ။ လူတို့သတ်မှတ်သော အနှစ်(၈၀)၊ နှစ်(၁၀၀) ဆိုသည်မှာလည်း ဖောက်ပြန်လာသော ကမ္ဘာ့ရာသီဥတုကို တည်မှီ၍ ဖြစ်ပေါ်သီးပွင့်လာသော ဩဇာဓာတ်နည်းပါးလှသည့် အာဟာရကို စားသုံးဖြစ်တည်နေကြသော သတ္တဝါအားလုံးအတွက်မှန်ပါသည်။ 'နာမ်ရုပ်အစုံဖြစ်ပြီးတုံမှ နိဗ္ဗာန်နသို့ကြွအောင် တစ်လီကြံစဉ်စီ၍ ထုံးသစ်မလောင်း ထုံးဟောင်းမဖျက် အဆက်ဆက်တွင် လုပ်ထုံးအင်ကိုသိမြင်ကြစေ' ဟူသော ကျမ်းလာစကားကို ထောက်ချင့်ဝေဖန်အကြံပြုတင်ပြအပ်ပါသည်။

လွန်စွာတိုးတက်လာသော သိပ္ပံပညာရပ်သည် ဗုဒ္ဓမပွင့်ပေါ်မီ သမထအရာတွင် ဈာန်အဂါခုနစ်ဆင့်ပေါက်မြောက် အောင်မြင်ပြီးသော အာဠာရ၊ ဥဒကရသေ့မြတ်များကဲ့သို့ ဖြဟ္မာ့ပြည်တွင် လမ်းဆုံး၍ မဟာကပ်ကမ္ဘာခြောက်သောင်းကုန်လျှင် သံသရာတွင်ပြန်လည်ရောက်ရှိပါမည်။ နိဗ္ဗာန်ကူးတို့ယာဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါးမသိရှိ မကျင့်ကြံသရွေ့ နိဗ္ဗာန်ကို မရနိုင်ပါ။ ထိုနည်းအတူပင် အဌကလာပ်ရှစ်ပါး၊ ဓာတ်လေးပါးကို မသိရှိမကြံစည်နိုင်သရွေ့ အသက်ရှည်မှုအာယုဝဍ္ဍကို မရရှိနိုင်ပါ။ သေလွန်ရမည်သာ ဖြစ်ပါသည်။

'အရှင်မှာ ဂေါတမ၊ သမင်မှာ ရောဟဏ၊ ခြင်္သေ့တဲ့ပီပီ၊ ရေဝတီဆိုတဲ့ ကျားနဲ့ ညားခဲ့ပြန်ပြီ။ ပဥ္စငါးလီအတွေ့ အဌမဂ္ဂင်နှင့်၊ ရွှေဉာဏ်ရှင်ဖောင်တော်ဦး ကူးမည့်ယနေ့' မဟာဘူတဖြစ်သော ဓာတ်လေးပါးတွင် တည်ရှိနေသော ဆောင်ရွက်မှုစွမ်းအင်ရှစ်မျိုးတို့ ညီညွတ်မျှတစွာ ပေါင်းစည်နေမှုကြောင့် သက်ရှိသတ္တဝါခန္ဓာငါးပါး ဖြစ်တည်ရပါသည်။ ထိုရှစ်ပါးသော ဓာတ်သဘောတို့တွင် တစ်ခုယုတ်လျော့လျှင် ဝေဒနာဖြစ်ပါမည်။ ယုတ်လျော့သောဓာတ်ကိုညီညွတ်မျှတအောင် ဖြည့်ဆည်းမပေးနိုင်၍ ပျက်စီးခြင်းသို့ရောက်ရှိပါက ခန္ဓာငါးပါးမှ ဓာတ်လေးပါးဖြစ်သည့်နေ့ (ဝါ) သေနေ့ပင် ဖြစ်ပါသည်။ သက်မဲ့အရာဝတ္ထုအားလုံးမှာ ဓာတ်လေးပါးအစုအဝေးပင်ဖြစ်ပါသည်။ အဂ္ဂိရတ်ပညာတွင် ကျမ်းများမှညွှန်ပြသော ဓာတ်ကြီးကိုးပါးမှလေးဖြာသောဓာတ်တို့ကို တည့်မှန်အောင်ကောက်ယူ၍ ရှစ်ပါးသော အဌကလာပ်စွမ်းအင်များ ရရှိစေရန်ဆောင်ရွက်ကြရာ၍ 'ပိဋကတ်မှာ နှောက်၍ရှာ' ပေဒင်ကြောင်းနှင့်ပေါင်းလိုက်ပါ'ဆိုသည်နှင့်အညီ 'ပါပဓာတ်ဝယ် သောမခြယ်၊ နှစ်သွယ်နဝင်း၊ တတ်သတည်း' ဆိုသော ကျည်းကန်ရှင်၏ အမေးပုစ္ဆာညွှန်ပြမှုအတိုင်း နဝင်းဓာတ်နှစ်ပါးဖြစ်ရန် ဦးစွာပထမကြံစည်ဆောင်ရွက်ရပါမည်။ ထိုသို့ကြံစည်ကြိုးစားရာတွင် အားထားလောက်သော ဓာတုဘေဒနီကျမ်းမှ 'ဆွဲယူအမှတ် စန်းနက္ခတ်သည်၊ လှည့်လည်မွှန်းလွဲ၊ သန်းခေါင်လွဲသော်၊ မည်ကွဲထပ်ဆို၊ ကိတ်မင်းကြိုဟ်တည့်၊ နဂိုကိုးစု၊ နဝင်းလုက ခေါ်မူကောလီ၊ ပထဝီသေလာ၊ ကျားရာဇာကို၊ တည်ပါအမြဲဓာတ်မလွဲနှင့်၊ ယှဉ်တွဲကပ်ဆို ဗုဒ္ဓဟူးဂြိုဟ်သည်၊ နဂိုသွားမြဲ မွှန်းလျှင်လွဲက၊ မည်ကွဲရာဟု သန်းခေါင်လုသော်၊ ရှစ်ခုအရ ဟိုင်းကိုပြ၏။ ပါပလေဓာတ် မှန်တိုင်းခတ်လျှင်၊ ဤဓာတ်နှစ်ဆူ ရုပ်ကိုယူသော်၊ ကျားမူ ခြင်္သေ့၊ နှစ်ပါးတွေ့လိမ့်၊ ပေါင်း၍သတ်ဆေး၊ ကြာသပတေးကားတရေးမှဘိ၊ သန်းခေါင်ရှိသော်၊ ပြောင်း၏ဘွဲ့ဆို မိတ္တာဂြိုဟ်သို့၊ နဂိုဒဿ သူရဲ့ဟု၊ ဓာတ်ရအနှော နှစ်ပါးဟော၏' ဟူ၍ ပေဒင်နက္ခတ်နှင့်ယှဉ်သော အဆိုအမိန့်ဖြင့် ညွှန်ကြားကျမ်းပြုခဲ့ပါသည်။ အခြားအခြားသော ဓာတ်ကျမ်းများနှင့်သဘောညီစွာကောက်ယူနိုင်ကြစေရန်နှင့် အထူလျှို့ဝှက်ခဲ့သော ဓာတ်သွားဓာတ်လာများကို ပညတ်အမျိုးမျိုးဖြင့် ရှိထိုး ပြသ



www.burmeseclassic.com

www.burmeseclassic.com

ရေးသားခဲ့သောကြောင့် ဓာတုဗေဒနီကျမ်းမှ မတွေ့ဘူးမဖတ်ဘူးလျှင် ဓာတ်လေးပါးပင် ထင်ထင်ရှားရှားမခွဲနိုင်ပါ။ ဓာတ်လေးပါးကိုပင် ပီပြင်အောင်မသိသောဝိဇ္ဇာ ဟူ၍ လောကတွင် မရှိပါ။ ထို့ကြောင့်ပင် 'ပါပ၊ သူရဋ္ဌ၊ အမိတ္တ၊ ကောလီမညီသောအခါ မအောင်ရာ' ဟု ကျမ်းမှအခိုင်အမာဆိုထားခြင်းဖြစ်သည်။ ထိုဓာတ်လေးပါး၏ဆောင်ရွက်မှုသဘောအနုသယ၊ သုခုမသဘောတိုင်အောင် ဉာဏ်အမြင်ပေါက်မှသာ အောင်မြင်နိုင်ပါသည်။

သက်ရှိ၊ သက်မဲ့အရာအားလုံး၏ ဖြစ်ပေါ်တည်ရှိမှု အကြောင်းတရားအခြေခံမှာ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာဆိုသည့်အတိုင်း ညီညွတ်မျှတ၍ ကြီးပွားခိုင်မာစေမည့်အာဟာရလိုပါသည်။ အာဟာရမရှိလျှင် ရုပ်တစ်ခုမဖြစ်နိုင်ပါ။ အာကာသ တေဇောဓာတ်ဖြစ်သောပြဒါးကို ရုပ်တစ်ခုဖြစ်စေရန်မှာ အာဟာရအဓိကဖြစ်ပါသည်။ သို့ပါ၍ ထွက်ရပ်စခန်းသို့ တက်လှမ်းတော်မူကြသည့်ဆရာမြတ်တို့က ပြဒါး၏အာဟာရဓာတ်တို့ကို ပညတ်အဖုံဖုံဖြင့် ဖွင့်ဆိုရေးသားကြရာ၌ ဆရာတော် ဣန္ဒာစရိယက 'ဒန်နာသုတရဇတကို ဝဝကျွေး၍ ဆယ်လေးမက ဟိုင်းကပေါက်၍တက်ဆိုချက်တိုင်း လုပ်လေရာသည် ငါ့မှာ ဆေးထူးမရှိဘူး' ဟု ဩဝါဒမေတ္တာစာတွင် အတိအလင်းဖွင့်ဆိုထားပါသည်။

ဆရာတော် ရှင်မထီးကလည်း 'ကျားမင်းခြေသေ့်၊ နှစ်ပါးတွေ့မူ ရွှေဂူလှိုင်တွင်း သီတင်းသုံးနေ ရပ်ပါစေမှ ဟိုင်းအငှနှင့်၊ ကြွက်လှနှစ်ပါး၊ ထိုနည်းထားလော့ မမှားစေရ ဧကန်တတည့်' ဟူ၍လည်းကောင်း ကဏ္ဍရာသီဓာတ်ကျမ်းတွင်လည်း 'ဧကနှင့်ဒွေး နှစ်ခုထွေးသော် လုပ်ရေးပြီးပိုင် ဆုံးခန်းတိုင်သည် ပြည့်လှိုင် ကျေးဇူးအပေါင်းတည်း' ဟူ၍ ပြဒါး၏အာဟာရကိုပဏ္ဍာပြု၍ရေးသားကြပါသည်။ ထိုသို့ဖွင့်ဆို ရေးသားကြရာ၌ ပညတ်အမျိုးမျိုးပြောင်းလဲ၍ အကြိမ်ကြိမ်အထပ်ထပ် ပါဝင်နေသောဓာတ်စကားမှာ နဂါးဆိုသော ဝေါဟာရပင်ဖြစ်ပါသည်။ 'တည်လျက်နဂါး တဘို့ထား၍ ထပ်ပွားဂဠုန် သုံးကြိမ်ကုန်အောင် ချက်တုံပြီးမှ အကျန်ရှုသော် ပုံတုပတ္တမြား နီထွားထွားကို မှာထားရှေ့က အန္တောပြလျက် အစတည်ရန် ဓာတ်အမှန်' ဟု ဆိုသောဓာတ်မှာ တနင်္ဂနွေဓာတ်ခွင်တွင်နေသော ခဲနှင့် စနေခွင်ရှိသော ကြေးနီဓာတ်ကိုဆိုခြင်း ဖြစ်ပါသည်။ 'နဂါးလည်ပင်း ဂဠုန်နင်းလျက်၊ မြီးရင်းဟိုင်းစီး၊ ကြွက်ကြီးဝမ်းဖောက်၊ ကျောင်းအိမ်ဆောက်တိုင်း၊ ခုံမြှောက်ဟူးရား၊ အခါကြားသည် မှတ်သားပညာ သတိတည်း' ဆိုသောနဂါးမှာ ပြဒါးကိုဆိုလိုရင်းဖြစ်ပါ၏။

ပြောင်းလွဲလာသော ဓာတ်သဘာဝကိုလိုက်၍ ပညတ်အမျိုးမျိုးဖြင့် တင်စားရေးသားကြသည့်နဂါးမှာ ကြေးနီဓာတ်ကိုပင် ရေးသားကြခြင်း ဖြစ်ပါသည်။ အခြားသောဓာတ်များနှင့်ပေါင်းစပ်ပြုပြင်၍ ပြောင်းလဲလာသည့်သဘာဝအလိုက် ပညတ်အမျိုးမျိုးဖြင့် ရေးသားထားခြင်းဖြစ်ပါသည်။ 'နီဗွာန်အစ ဒါန်ကိုပြမည် ပါပမှာ အခြေ ဝါတမှာလေ ရသမှာရွှေ ပဋိသန္ဓေအဆုံး ဓာတ်သုဉ်းရင်သေ' ဟူသော ကျမ်းစကားမှာလည်း ကြေးနီကို သေအောင်သတ်ရန် ပြဆိုခြင်းဖြစ်ပါသည်။ 'နဂါးဌာန ဘောဂဝတီစိန်အုပ်စီသို့ စိုးတည်မှလျှင် သုံးညနှင့်တစ်အသက်ဖြစ်၏ တစ်တလုံးမှာ လက်ပန်စိုးသည့် ထိုရာဇာ အရပ်ပါပ ဒေါင့်တန်းချ၊ ပြလျှင်နားလည်စေ' ဟူ၍ နဂါးကို ဂဠုန်မင်းကနိုင်ကြောင်းဖြစ်သောကြောင့် ဂဠုန်ဖြစ်နေလျှင် 'ဂဠုန် ဂဠုန်ဆိုပါတုံလည်း၊ တမှီမွှားမွှားအယူမှား၍ နဂါးမသေ ဘားမကြေက တပြေမဝမစားရ။ နဂါးမဟုတ်ဘားခပြုတ်ကို ဟုတ်လိမ့်နိုးနိုး ဆင်ကန်းတိုးသို့ အကျိုးအကြောင်းမကောင်းစေတတ်၊ ကျမ်းမတတ်က မအပ်မရာဟူ၍ ဂဠုန်ဓာတ်ကောက်ယူကြရာတွင်လည်း အလွန်ပင်အသိရခက်ကြောင်း။ ထို့ကြောင့် ရွှေစဉ်ကိုယ်လေးပေး၍ ထပ်တူဉာဏ်ပညာကိုရအောင်ယူဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။ ပရမတ္ထဖြစ်သောဓာတ်များကိုကောက်ယူကြရာ၌ ပညတ်အကောက်အယူများဖြစ်သော အင်းအိုင်ခါးလှည့်လက်ဖွဲ့ဆေးဝါးအကောက်အယူများဖြင့်ရောထွေးနေသဖြင့် ပရမတ်အနှစ်ကို တည့်မှန်အောင်ကောက်ယူနိုင်ရန် အလွန်ပင်ခက်ခဲပါသည်။ သို့သော် 'မသိလျှင်ကျယ်၊ သိလျှင်လွယ်စိမ့်၊ တစ်ဆယ်တွင်ခွဲ တစ်ခုထဲကို ခေါ်မြဲဂဠုန်၊ သုံးညနဂါးဓာတ်နှစ်ပါးကို၊ ချင်ထားအနေသိတတ်စေ' ဟူ၍လည်းကောင်း၊ 'ကျမ်းလျှောက်မဆုံးပေါက်လျှင်တစ်လုံး အလျှားလိုက်မြစ်ပြင်၊ ဉာဏ်မရှင်ကူးသည်သို့ထုံး' ဆိုသောကျမ်းလာညွှန်ပြချက်များကိုလည်း အထူးသတိပြုရန်လိုပါသည်။ အကြောင်းမှန်လျှင် မလွဲဧကန်ဖြစ်ပါသည်။ မည်သည့်တန်ခိုးရှင်ကမျှ မတားဆီးနိုင်ပါ။ မြေ၊ ရေ၊ လေ၊ နေ အကြောင်းလေးပါး ပြည့်စုံလျှင် အောင်မြင်သော မျိုးစေ့အားလုံးအပင်ပေါက်ပါသည်။ သဘာဝအားလုံးကိုတားဆီး၍ မရပါ။ အသိရအလွန်ခက်သော သုခုမသဘောမှာ ဥဏှတေဇောမှ သီတတေဇောသို့ ကူးပြောင်းရောက်ရှိစေမှုပင်ဖြစ်သည်။ လူ၏အင်္ဂါလက္ခဏာပြည့်စုံသော်လည်း လူမျိုးဆက်လက်ဖြစ်ပေါ်မှုမှာ ဖို၊ မဆိုသောအကြောင်းနှစ်ပါးဆုံမှသာ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့်ပင် 'နေယုန်ဒေါင်းစက် ဒွန်နှစ်ချက်ကိုဇတဒက်ပိုင်မကြံနိုင်သော်၊ ကြံနိုင်ခဲ့စွာ' ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ သက်ရှိ သက်မဲ့အရာအားလုံး နိယာမဖြစ်စဉ်အတိုင်း ဖြစ်ပျက်နေကြပါသည်။ ပူမှု၊ အေးမှုဟူသော တေဇောဓာတ်ကြောင့် ဓာတ်နုများဖြင့် ဖွဲ့စည်းဖြစ်ပေါ်လာရသော သက်ရှိ သက်မဲ့အရာအားလုံး၏ ပြောင်းလဲခြင်းသဘောများကို ဆယ်စုနှစ်တစ်ခုအတွင်းသိရှိနိုင်သော်လည်း ခိုင်မာသောဓာတ်သတ္တုများ၏ ပြောင်းလဲလာမှုကိုမူ ရာစုနှစ်စောင့်ကြည့်လေ့လာမှ သိရှိနိုင်ပါသည်။ ထိုသို့သော နိယာမသဘောကြောင့် အခိုင်အမာ တည်ရှိနေသောဓာတ်များကို သဘောညီရာဓာတ်ဖြင့် ဖြိုခွဲ၍ ဩဠာရိကရုပ်မှ သုခုမရုပ်ဖြစ်အောင်ပြုပြင်ရပါမည်။ ဓာတ်ကျမ်းမှညွှန်းဆိုသောဒန်မှာ ကြေးနီဓာတ်၏ သုခုမရုပ်ဖြစ်ပါသည်။ 'ရှင်တော်အရာ၊ ဓာတ်လေးဖြာကို' ဆိုသည့်အတိုင်း ဉာဏ်အရာဖြစ်သောကြောင့် ဥတုသဘာဝကြောင့် သယံဇာတအနေဖြင့် ဤကမ္ဘာတွင်မဖြစ်ပေါ်နိုင်ပါ။ နေ့တွင် နေလှန်း၊ ညတွင် သံပုရာစိမ်ရုံမျှဖြင့် ပြီးမြောက်အောင်မြင်မည်ဆိုပါက သဘာဝဥတုကြောင့်ဖြစ်တည်နေသော ပြဒါးရှင်လုံးများ ကောင်းကင်ယံတွင် ကြယ်၊ လပမာ ထင်ရှားစွာတွေ့မြင်နေရပါမည်။ 'သကီမျိုးဟော့ တို့ဗမာ' ဟု ကြွေးကြော်နိုင်လောက်သော သဒ္ဓါ၊ ဝီရိယ၊ ပညာကို မြတ်ဗုဒ္ဓအဆုံးအမအောက်မှ မြန်မာလူမျိုးတိုင်းတွင်ရှိပါသည်။ ဗုဒ္ဓဟောကြားခဲ့သော ဒေသနာသဘာဝမှုများနှင့်အညီ ကြံစည်လုပ်ဆောင်ကြပါက အထိုက်အလျောက် ပေါက်မြောက်အောင်မြင်နိုင်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။

သူရိန်ထွန်း(ဝိဇ္ဇာစရဏ)ပြည်



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း (ရှင်ကိုအေးမြ ဝေဿဝေ)

## မေတ္တာမျှကြသူများအတွက် သုရဥ္စလက်ဆောင်

"ယောကျ်ား"

"ဟေ"

"ပိုက်ဆံအိတ်လေး ဒီဘက်ပစ်လိုက်"

"စောစောထဲက မိန်းမပဲယူထားပါဆိုနေ ရော့"

အကဲခတ်လိုက်၏။

အသက်နှစ်ဆယ်ဝန်းကျင်လေးများဖြစ်၏။ ပြည့်ပင်မပြည့်လောက်သေး။

"သားနဲ့ သမီးက ဟို. . . . အိမ်ထောင်ပြုလိုက်ကြပြီလား"

လူငယ်လေးလည်း ပြုံးရွှင်သွက်လက်စွာဖြင့် -

"ဟာ - ဘယ်ပြုရဦးမလဲ ဦးရ။ သားက (၁၉)၊ သူက (၁၇) ပဲရှိသေးတယ်။ သားတို့နှစ်ယောက်လုံး ဆယ်တန်းမအောင်ကြသေးဘူး။ ကျနေကြလို့ ဒီနှစ်ပြန်ဖြေမလို့ ဦးနဲ့လာတိုင်ပင်တာ"

"ဟေ - ဟုတ်လား"

"ဟုတ်"

"သားတို့ရှေ့ရေးကိုရော၊ ရှေ့ရေးအတွက်ကိုရော ရည်ရွယ်ထားကြလို့လား"

"အယ် - ဘာဖြစ်လို့လဲ ဦး"

"ဩော် - ဒီပြင်ဟာမဟုတ်ပါဘူး။ သားတို့ ခုနပြောနေကြတဲ့အထဲမှာ ယောကျ်ားတို့၊ မိန်းမတို့ဖြစ်နေလို့ပါ။ ဦးက ဇနီးမောင်နှံတောင်ထင်လို့"

"ဩော် - ရည်ရွယ်ထားပါတယ်"

"ဒီလိုဆို အခေါ် အဝေါ်လေးတွေ နည်းနည်းပြောင်းခေါ်ကြည့်ပါလားသား"

"ဘာဖြစ်လို့လဲ ဦး၊ မကောင်းဘူးလား"

"အေး - ချစ်သူတို့ဘဝမှာ လင်မယားခေါ် သလိုခေါ်ကြတဲ့သူတွေ တော်တော်များများ တွေ့ဖူးတယ်။ တော်တော်များများတော့ အင်း. . . မညားကြဘူး။ တော်တော်များများလည်း စိတ်တွေညစ်ကြ၊ ပြဿနာတွေတက်ကြနဲ့ တော်တော်များများလည်း မဆုံစည်းကြဘူး"

"ဟုတ်လား"

"အေး - ဦးတော်တော်များများတွေ့ဖူးနေလို့ပါ။ ဒါကြောင့် စေတနာနဲ့ အကြံပေးတာပါ။ ကလေးတို့ကို လမ်းမခွဲကြစေ့ချင်ဘူး"

လူငယ်လေးသည် ကလေးမလေးဘက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်ပြီး -

"အဲဒါတော့ဟုတ်တယ်ဦး။ သူက အမြဲတမ်းဂျေဂျောင်ဖတ်တယ်၊ အီတယ်။ ကျွန်တော်က အီဂလယ်ဆိုမကြိုက်ဘူး"

ကျွန်ုပ်ဘာမှနားမလည်တော့ပါ။ ထိုလူငယ်လေးကို ပြုံး၍သာကြည့်နေပြီး ခေါင်းညိတ်နေလိုက်၏။ ဘာမှန်းတော့ မသိပါ။ ကျွန်ုပ်စဉ်းစားနေ၏။ မြန်မာစကားတော့ မြန်စာစကားပဲ။ ဒါပေမယ့် ငါလိုခပ်ညံ့ညံ့လူမျိုးနားမလည်တာဘဲဖြစ်မယ်။

"အေးအေး - အီဂလယ်ကဖတ်ရင် ဘာ - ဘာဖြစ်တယ်"

"ဂျေဂျောင်ဖတ်တာ ဦး၊ ဂျေဂျောင် ဂျေဂျောင်"

"ဩော်"

"အီတာကို ကျွန်တော်မကြိုက်ဘူး"

ကလေးမလေးသည် ချာတိတ်လေးဘက်ကြည့်လိုက်ပြီး -

"အမယ် - ဘသူကအီဂလယ်လဲ။ သွားနားပါ အင်ဂုလိက. . ."

သူတို့အသံလေးတွေသည် မကျယ်ကြပါ။တိုးပါသည်။ စကားလုံးများလည်း မမာပါ။ လေပြေလေးနှင့်သာခပ်အေးအေး ခပ်ပြုံးပြုံးပြောနေကြခြင်း ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်အတွက်မူ စကားပြန်လိုနေချေပြီ။

"ကဲကဲ - သားတို့၊ သမီးတို့ကို အခု ဘာလုပ်ပေးရမှာလဲ"

"စာမေးပွဲကလည်း ထပ်ဖြေရဦးမယ်။ ရန်ကနေ့တိုင်းဖြစ်နေတော့ အဲဒါ ကျွန်တော်ရော သူရော ယတြာလေး ဘာလေးများချေရမှာလားဆိုပြီး"

"ဩော် - ဦးသဘောပေါက်ပြီ။ နှစ်ယောက်သင့်မြတ်ချင်တာလည်းပါတာပေါ့"

ကလေးနှစ်ယောက်သည် မဲ့လိုက်ရွဲ့လိုက် မျက်စောင်းထိုးလိုက်နှင့် အသံတိတ်ပြဿနာရှာနေကြသော်လည်း ကျွန်ုပ်မှာ သူတို့ကိုကြည့်၍ပျော်နေ၏။ ကြည့်ကောင်းကောင်းနှင့် ပြုံးကြည့်နေလိုက်၏။ တစ်အောင့်ကြာမှ ငြိမ်သွားမှ -

"ပြီးပြီလား"

"ဗျာ"

"ဩော် - ဦးပြောရတော့မလားလို့"

နှစ်ယောက်သား ပြုံးနေရာမှ အားရပါးရရယ်နေကြတော့၏။

"မင်းတို့နှစ်ယောက် မွေးနေ့လေးတွေပြော"

"xxx"

"ဒီနှစ်ဖြေကြပါ။ ပညာရေးကံကောင်းတဲ့နှစ်ကျမှ မဖြေဘူးမလုပ်ချင်ကြနဲ့။ ဒီနှစ်က အောင်ခြေအပြည့်ပဲ။ ဖြေပေတော့။

လူချင်းသင့်မြတ်ချင်ရင် စောစောက ဦးပြောသလိုလေးစဉ်းစားပြီး တခြားအသုံးအနှုန်းလေးတွေနဲ့ ပြောကြည့်ကြပါလား။ နည်းနည်းပေါ့ ကြိုးစားပြီး"

"ဟုတ် - ပြောပါ့မယ်"

"ဒီမှာက စကားကြောင့်အမှားပါတာတွေတွေ့တယ်။ ဒါဆို သားတို့သမီးတို့ဖုန်းပြောရင် အကြာကြီးပြောတာဆင်ခြင်ရလိမ့်မယ်။ ဘာလို့လဲဆိုတော့ ပြောစရာမရှိတော့ရင် ဒါပဲအပ်ကြောင်းထပ်ထပ်ပြီး ပြောရင်းပြောရင်းကနေ တစ်ယောက်နဲ့တစ်ယောက်သည်းမခံချင်တဲ့စကားလုံးတွေ ပါပါလာတတ်တယ်။ စကားဟောင်းတွေ၊ ပြဿနာဟောင်းတွေကိုပြန်ပြောရော။ ပြောစရာမရှိတော့



www.burmeseclassic.com

www.burmeseclassic.com

သမီးမကြိုက်တဲ့စကားလုံး သူ့ကိုသွားပြောလို့ သူကြိုက်ပါ့မလား"

ကလေးမကလေးသည် ပြုံး၍ ခေါင်းလေးခါ၏။ ပြီးမှ သူ့ချစ်သူဘက် လှည့်ကြည့်၏။

"ဒီသားကလည်း ဒီလိုပဲ။ မင်းမကြိုက်တဲ့စကားလုံးမျိုး မင်းကိုပြောရင်၊ မခံချင်ဖြစ်တတ်တဲ့စကားလုံးမျိုး သမီးကိုသွားပြောရင် ကောင်းပါ့မလား မင်း



တာကိုး။ ပြောချင်တာ၊ လိုအပ်တာ ပြောရင်ပြီးတာပဲ။ ပြောချင်တာ၊ လိုအပ်တာထက်ပိုလာပြီဆိုရင် အဲဒါ သတိသာထားပေတော့။ ပြဿနာဖြစ်ကြတာတွေကိုကြည့်ရင် အဲဒါမျိုးတွေချည်းပဲ။ ချစ်ခြင်းကိုဖြစ်စေတာ ဒီနှုတ်ပဲ၊ ဒီစကားပဲ။ မုန်းခြင်းကိုဖြစ်စေတာလည်း ဒီနှုတ်ပဲ၊ ဒီစကားပဲ။ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်တာ၊ သတ်ချင်ဖြတ်ချင်တာလည်း ဒီနှုတ်ပဲ၊ ဒီစကားပဲ။ နှုတ်ကြောင့်ဖြစ်နေတာများတယ်။

စဉ်းစားလေ၊ သမီးကိုပြောရင်



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစား။ မင်းကိုပြောရင် ဘယ့်နှယ်နေမလဲ"

"ဟုတ်ကဲ့"

"အေး - ဒါဆိုပြီးပြီ။ ဘာမှမဖြစ်တော့ဘူး စိတ်ချ။ စိတ်ချမ်းချမ်းသာသာနဲ့ နေကြတော့။ အခု ဦးပြောလိုက်သလို သူ့ကိုတစ်ခုခုပြောတော့မယ်ဆို ဒီစကားကို ငါပြောလိုက်ရင်ကောင်းပါ့မလား၊ သူကြိုက်ပါ့မလား။ ဒီစကားရဲ့နောက်ဆက်တွဲမှာ ဘာတွေဖြစ်လာနိုင်လဲ။ တကယ်လို့ ငါမပြောလိုက်ရင် ဘာတွေထိခိုက်လာနိုင်လဲ။ မထိခိုက်နိုင်ဘူးဆိုရင် ငါမပြောတော့ဘူး။ အဲသလိုတော့ စဉ်းစားပေးပါ။ ဒါ နှစ်ယောက်လုံးကို ဦးကပြောပြတာ"

"ဟုတ်ကဲ့"

"ဟုတ်"

"အေး - ဟုတ်ပြီ။ သားတို့သမီးတို့ ဘုရားသွား၊ တစ်ယောက်ရဲ့ဂြိုဟ်တိုင်မှာ တစ်ယောက်က ရေသပ္ပာယ်။ မင်းက အင်္ဂါဆိုတော့ ဟိုကလေးမလေးက အင်္ဂါထောင့်ဂြိုဟ်တိုင်ဘုရားမှာ ရေသပ္ပာယ်၊ ကြည်ညိုတဲ့စိတ်နဲ့ ဘုရားဂုဏ်တော်တွေရွတ်ပြီးသပ္ပာယ်၊ ဘယ်နှခွက်ရယ်မဟုတ်ဘူး။ ခွက် (၃၀)၊ (၄၀)၊ (၅၀) လည်းဖြစ်ချင်ဖြစ်မယ်။ ရင်ထဲမှာအေးတဲ့ဓာတ်ထိလာတဲ့ထိသပ္ပာယ်။ ပြီးမှ မျက်လုံးထဲမှာကြည့်လိုက်ရင် အေးနေတဲ့အရောင်မျိုးပေါ့ကွာ။ ပန်းအဖြူလေးတွေလိုမျိုးပေါ့။ အဲဒီလိုပန်းတွေနဲ့ ဝေဝေဆာဆာပူဇော်၊ ဘုရားရှိခိုး၊ နှစ်ယောက်လုံးနော်"

"သူတစ်ယောက်တည်းမဟုတ်ဘူးလား ဦး"

"မဟုတ်ဘူးလေ၊ မင်းရဲ့မွေးနံဂြိုဟ်မှာ အရင်စပူဇော်တာ။ ဟိုကလေးမလေးပါပူဇော်ရမှာ။ ပြီးမှ မင်းက သူ့မွေးနံဂြိုဟ်တိုင်ကိုလိုက်သွား၊ ခုလိုပဲ နှစ်ယောက်ပူဇော်"

"ဩော် - သူက စနေဆိုတော့ အင်္ဂါထောင့်ပြီးမှ သူ့ထောင့် စနေကိုသွား။ နှစ်ယောက်လုံးပူဇော်။ အဲလိုပေါ့နော် ဦး"

"အေး - ပြီးတာနဲ့ အဲဒီထောင့်နှစ်ခုလုံးမှာရှိတဲ့အမှိုက်တွေ အကုန်ကောက်၊ တံမြက်စည်းလှည်းသင့်လှည်း"

"ခုန အင်္ဂါထောင့်မှာ ပြီးတာနဲ့ တန်းလုပ်ခဲ့ရမှာပေါ့နော်"

"မဟုတ်ဘူး၊ အေးချမ်းသွားတာမျိုးအရင်ပူဇော်၊ ပြီးမှသာ အမှိုက်တွေရှင်း"

"ဩော် - ဟုတ်"

"အေး - အဲလိုမျိုးခဏခဏသွားပူဇော်ကြ။ တံမြက်စည်းသွားလှည်းကြ။ ခဏခဏသွား၊ ဒါဆိုပြီးပြီ။ မင်းတို့နှစ်ယောက်လုံးအေးပြီး ဘာမှမဖြစ်တော့ဘူး။ စိတ်ချမ်းချမ်းသာသာနဲ့ ဘဝကိုဖြတ်သန်းရပြီ။ တိုင်တိုင်ပင်ပင်နဲ့ဖြတ်သန်းရပြီ၊ ပြီးပြီပေါ့။ ဒါ-လိုရင်းပဲ။ အရေးကြီးတာ စိတ်ချမ်းသာကြဖို့၊ သင့်မြတ်ကြဖို့။ ဘယ့်နှယ် ချစ်သူအဖြစ်နဲ့ချစ်ကြပါတယ်ဆိုကာမှ အမြဲတမ်းပြဿနာကတက်နေတော့ စိတ်ဆင်းရဲမှုတွေကို အခြောက်တိုက်ရင်ဝယ်ပိုက်နေသလို၊ လက်ယပ်ခေါ်နေသလိုဖြစ်နေပြီပေါ့။ ဒါလောက်မသာယာနေရင် ဘာလုပ်တော့မှာလဲ။ အလုပ်တောင်ရှုပ်သေးတယ်။ မဟုတ်ဘူးလား ဟုတ်လား"

"ဟုတ်"

"ကြာလာရင် လူကြီးမိဘတွေလည်းစိတ်မချမ်းသာဖြစ်ကုန်မယ်။ ခုထဲကတောင် ဒါလောက်ဖြစ်နေရင် ယူပြီးရင်တော့ ဘယ်လိုတွေဖြစ်ကုန်မယ်မသိဘူးဆိုပြီး သူတို့တွေးတော့မှာ။ ဘယ်ကောင်းတော့မလဲ"

"ဟုတ်ကဲ့"

"အေးအေး - ဒါဆိုရပြီ။ ဦးပြောတဲ့အတိုင်း သွားပြီးကုသိုလ်ဆက်ကြ။ ဘာမှခဲခဲယဉ်းယဉ်းမဟုတ်ဘူး။ အချိန်တော့ပေးရမယ်။ ဘယ်နေ့သွားသွား၊ ဘယ်အချိန်သွားသွား အနည်းဆုံး တစ်နာရီလောက်တော့ အချိန်ပေးရမယ်။ ကဲ - ဒါဆို"

ကလေးနှစ်ယောက်သည် ကျွန်ုပ်ကို နှုတ်ဆက်၍ပြန်ရန်ဟန်ပြင်ကြပြီဖြစ်၏။ သူတို့အမူအရာမှာ သူတို့ရင်ထဲပေါ့သွားသလိုခံစားသွားကြပြီမှန်းသိသာ၏။

❑

ချစ်သူဘဝတွင်ပင် -

အတော်ကို မသင့်မြတ်ကြသူများရောက်ရောက်လာလေ့ရှိ၏။ ထိုလူငယ်လေးများကို လေ့လာလိုက်လျှင် သူတို့ပြောတာ အမှန်ဟုပင်သူတို့ဆို၏။ မှန်ပါသည်။ရှုထောင့်တစ်ခုအမြင်မှကြည့်လျှင် သူသည် မှန်ကောင်းမှန်ပါလိမ့်မည်။ သို့သော် တစ်ဖက်ရှုထောင့်ကိုပြောင်းကြည့်လိုက်ပါက သူ့အကြည့်ထဲတွင် ထပ်မံဖြည့်စွက်စရာများရှိနေသည်ကို သတိထားမိလာမည် ဖြစ်၏။

အချို့ကဖြည့်ကြည့်၏။

အချို့က ဇွတ်အနိုင်ယူ၏။

အနိုင်ယူပါများလာသည့်အခါ မေတ္တာတရားသည် အလိုလိုပျောက်ကွယ်မှေးမှိန်သွားသည်ကို သတိချပ်ရမည်။

အလျှော့ပေးရပါများလာသူ၏ရင်ထဲတွင်လည်း ထို့သို့ပင်။ မေတ္တာတရား တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားနိုင်၏။

ကြာလာသော် သည်းခံခြင်းမှသည် ရင်ထဲတွင် နာကြည်းချက်များအဖြစ်သို့ ပြောင်းလဲသွားနိုင်၏။

မေတ္တာတရားကို မှေးမှိန်ပျောက်ကွယ်သွားစေနိုင်သောအရာမှန်သမျှကို အထူးဆင်ခြင်၍သတိထားသင့်ပါသည်။

မူလပင်ကိုစိတ်ထဲမှာကိုက မခံချင်စိတ်များနှင့် ပြည့်နှက်နေလျှင်၊ အနိုင်ယူလိုစိတ်များ ပြည့်နှက်နေလျှင်၊ တစ်ဖက်သားရှုထောင့်ကတွေးမပေးလျှင် -

ယခုပြသလိုက်သည့် အေးချမ်းသောကုသိုလ်ပြုယတြာကြီးများပြုလုပ်၍ ဘာမှထူးလာမည် မဟုတ်ပါ။ ကုသိုလ်သာရပြီး လူချင်းကမသင့်ပြီးရင်းမသင့်ရင်းသာဖြစ်နေပါလိမ့်မည်။ ထို့ကြောင့်-

ထိုစိတ်များကိုမထိန်းချုပ်နိုင်ပါက ဤကုသိုလ်ပြုယတြာကြီးများကိုလုပ်လည်း ထူးခြားမည် မဟုတ်ပါ။

ငြင်းခုံခြင်းသည် -

မုန်းတီးခြင်းအတွက် လမ်းဖွင့်လိုက်သည်သို့နှယ် ခံစားတတ်ကြသူများရှိနေကြပါသည်။

သူ့ရှုထောင့်က သူပြောနေတာပါလား၊ ငါမြင်တာ ငါ့ရှုထောင့်တစ်ဖက်တည်းပဲ။ သူ့ရှုထောင့်ကနေ ငါဝင်ကြည့်ရင် ဟူသော စိတ်ကလေးရှိဖို့သာလိုပါသည်။ ထိုစိတ်ကလေးနှင့် ကိုယ်တိုင်ဝင်စားကြည့်သင့်ပါသည်။ တစ်ဖက်ပုဂ္ဂိုလ်က နင်ကိုယ်ချင်းစာကြည့်ပါလား၊ ကိုယ်ချင်းစာတရားမရှိဘူးဟူသော စကားလုံးမျိုး မည်မျှပြောနေပြောနေ ထိုစကားကြောင့် ဒေါသအရှိန်တက်ဆူဝေသွားကြမည်သာ ဖြစ်၏။ မည်သူမျှ ကိုယ်ချင်းစာမည်မဟုတ်။

ကိုယ်ချင်းစာစိတ်သည် ကိုယ်တွင်ဖြစ်ပေါ်လာမှသာလျှင် အကောင်းဆုံးဖြစ်၏။

ကိုယ်က သူ့မိဘနှင့်ပတ်သက်ပြီး တစ်စုံတစ်ခုပြောလိုက်သည် ဆိုပါစို့။ သူကကော ကိုယ့်မိဘကို ယခုလိုပြောလျှင် ကိုယ့်ရင်ထဲမှာ ဘယ်လိုဖြစ်သွားမည်ကို စဉ်းစားပေးရပါမည်။

ကိုယ်မခံစားနိုင်လျှင် သူ့မိဘကို



www.burmeseclassic.com

www.burmeseclassic.com

လည်းမပြောသင့်ပါ။

ကိုယ်ကျမခံစားနိုင် ဆတ်ဆတ်ထိမခံ၊ သူ့မိဘကျ ကိုယ်ပြောချင်တိုင်းပြောဆိုလျှင် ကြာလာသည့်အခါ မျှဉ်းပြိုင်ဖြစ်သွားနိုင်ပါသည်။ မဆုံစည်းနိုင်တော့ပါ။

❑

ကြွားစရာလည်းမလိုပါ။

သူငယ်ချင်းအချင်းချင်းဆုံသည့်အခါ ကိုယ့်ချစ်သူကို ကိုယ်ကဘယ်လောက်ချုပ်ကိုင်ထားနိုင်ကြောင်း၊ ဟော့ဆိုလျှင် ဘယ်လိုမီးသေကြောင်း၊ တစ်ခွန်းမှပြန်မပြောရဲကြောင်း၊ ကိုယ်ကြိုးဆွဲရာက,ရကြောင်းပြောကြသူတွေရှိနေကြပါသည်။ အချို့ပါ။

ဤသည်လည်း အနည်းငယ်လွဲနေပါသည်။

ဤမျှကြိုးကိုင်ချုပ်ကိုင်ထားနိုင်စွမ်းသူ၊ ကြိုးဆွဲထားနိုင်သူ၏ဘဝထဲသို့ ကိုယ့်သမီး၊ ကိုယ့်သားကို မည်သည့်မိဘကမျှ ထိုးအပ်ချင်မည်မဟုတ်ပါ။ ကိုယ့်သားသမီးသည် မယူခင်၊ ဇနီးမောင်နှံအဖြစ်ဘဝကိုမတည်ဆောက်ခင်ကပင် ဤမျှပြားပြားဝပ်နေရသည်ကို မည်သည့်မိဘကမျှ လက်မခံနိုင်ပါ။

ဤအကြောင်းတရားများကြောင့် ကိုယ့်သားကိုယ့်သမီးကို သတိပေးရင်း၊ စည်းကမ်းသတ်မှတ်ရင်းမှ ချစ်သူတို့ဘဝတွင် စကားလုံးများပိုလာပါလိမ့်မည်။ မိဘများကြောင့်ဟူသောစကားလုံးများပိုလာပြီး ချစ်သူချင်းအဆင်ပြေနိုင်တော့မည်မဟုတ်ပါ။

တွေ့လိုက်ဆုံလိုက်တိုင်း မိဘများနှင့်ပတ်သက်၍ စကားစလိုက်သည်နှင့် သက်ပြင်းကြီးများချနေရသည့်ဘဝသို့ ရောက်သွားကြပါလိမ့်မည်။

ထို့ကြောင့် ငါကဘယ်လိုနိုင်ရတာ၊ ဘယ်လိုချုပ်ကိုင်ထားနိုင်တာဟူသော တလွဲမာနများကို ဂုဏ်ယူတတ်ကြသည်ကိုလည်း ဆင်ခြင်ရပါလိမ့်မည်။

ဤအကြောင်းတရားလေးများသည် ဘာမှမဟုတ်တာလေးများဟု မတွေးပါနှင့်။ ဘာမှမဟုတ်သော အကြောင်းမဟုတ်ပါ။ အလွန်ကြီးကျယ်လာမည့်အကြောင်းဖြစ်ပါသည်။ မယူခင်ကတည်းက ဤမျှပြားပြားဝပ်နေရလျှင် ယူလိုက်သည့်အခါ -

စဉ်းစားပေးပါ။ ကိုယ့်ကိုယ်ကိုယ် စဉ်းစားပေးပါ။

ကြိုးကိုင်စရာလည်း မလိုပါ။ ချုပ်ချယ်စရာလည်း မလိုပါ။ မေတ္တာတရားဟူသည် ခြိမ်းခြောက်၍ယူမရပါ။

နားလည်မှုသာ အရေးကြီးပါသည်။

ငါ ဒီလိုနိုင်နေတာ၊ ငါချုပ်ကိုင်နေတာ သူ့မိဘများသိသွားခဲ့ရင် စိတ်ကောင်းပါ့မလားဟူသော ကိုယ်ချင်းစာတရားသည်သာ အကောင်းဆုံးဖြစ်ပါသည်။ ချစ်သူတို့ဘဝသည် အလွန်မှပျော်ရွှင်ရမောင်းလှသောဘဝဖြစ်ပါသည်။ စား၊ ဝတ်၊ နေရေးအပူအပင်များ ဝင်ရောက်မလာသေးသောကာလ ဖြစ်ပါသည်။

တစ်ဖက်ကိုလည်း သစ္စာတရား၊ ကိုယ်ကျင့်တရားမထိခိုက်သောလွတ်လပ်ခွင့်ကိုပေးရ၍ ကိုယ်လည်း နစ်နာဆုံးရှုံးစရာမရှိပါ။

အမြဲချုပ်ချယ်ချုပ်ကိုင်ခြင်းဖြင့် လူကိုသာရသွားကြသူများကိုတွေ့ဖူးပါသည်။ တစ်နှစ်မပြည့်ခင် မေတ္တာတရား၊ သစ္စာတရား ကွယ်ပျောက်သွားကြသည်ကို တွေ့ဖူးပါသည်။

အပြစ်မမြင်ပါနှင့်။

နေရာတစ်နေရာကိုသွား၍ ကိုယ်မသိလိုက်ရသည့်အခါ အပြစ်တစ်ခုကို နင်းကန်ပြောခြင်းရှောင်ပါ။ သူဘာကိစ္စကြောင့်၊ ဘာကြောင့်သွားရသည်ကို ဦးစွာစဉ်းစားပေးလိုက်ပါ။

အကြောင်းကိုမသိဘဲ အပြစ်တွေချည်းတအားပြောရင်း လမ်းခွဲသွားကြသည့်ချစ်သူများကို များစွာတွေ့ဖူးပါသည်။

အကြောင်းကိုသိအောင်ရှာပါ။

ဒီနေ့ ငါ သူ့ကိုသုံးနာရီမှာခေါ်ထားတာ၊ ခု လေးနာရီခွဲပြီ ဘာလို့မလာတာလဲ။ တွေ့မှသိမယ်။

ဆိုတာမျိုးထက် သူဘာအကြောင်းရှိလို့ ခုလိုနောက်ကျရတာလဲဟူသည်ကို စဉ်းစားပေးပါ။

ယခု -

ပြသနေသော အကြောင်းအရာများသည် နေ့စဉ်နှင့်အမျှ လာရောက်တိုင်ပင်တတ်ကြသည့်၊ အကြံဉာဏ်ယူတတ်ကြသည့် ချစ်သူစုံတွဲလေးများထံမှပင် ဗဟုသုတများစွာ၊ အတွေ့အကြုံများစွာရရှိခဲ့ခြင်းဖြစ်ပါသည်။ မြင်ခဲ့ရခြင်း၊ ကြားခဲ့ရခြင်း၊ မြင်နေကြားနေရခြင်းဖြစ်ပါသည်။

ဤအကြောင်းအရာလေးများကို သိပြီးသူများကလည်း ထပ်ဆင့်သိပြီး သူငယ်ချင်းအချင်းချင်း သတိပေးနိုင်အောင် -

မသိကြသေးသူများကလည်း ကြော် - ဒီလိုလေးတွေရှိတတ်ပါလား။ ဒါကြောင့် ခဏခဏပြဿနာတက်နေတာကိုးဟူသော အတွေးအမြင်လေးများ တွေးကြည့်မြင်ကြည့်နိုင်အောင် -

ဤသူရဇ္ဇလက်ဆောင် ဖြစ်ပေါ်လာခဲ့ရပါသည်။

သို့ဆိုလျှင် -

အတ္တကြီးခြင်းကို လေ့လာပြီး အတ္တကြီးခြင်းအကြောင်းတရားတွေကို သတိနှင့်ကြည့်ရှုဆင်ခြင်ခြင်း -

ကိုယ့်ကိုယ်ကိုယ် သတိထား၍ ကြည့်ရှုခြင်း -

လူသည် ကိုယ့်အကြောင်းထက် သူများအကြောင်းကို 'အလွန်သိချင်သောသဘောရှိရာ ကိုယ့်ကိုယ်ကိုယ် မမြင်တတ်သော သဘောလေးများရှိတတ်၏။ -

ကိုယ်ချင်းစာတရား -

ဤသည်တို့သည် ခဲခဲယဉ်းယဉ်း လုပ်ဆောင်နေရမည့်ကိစ္စများမဟုတ်ပါ။ သို့သော် ဤသို့သောအသေးအဖွဲလေးများမှစ၍ ချစ်သူများလမ်းခွဲသွားကြရသည်များရှိနေပါသည်။

ထိုချစ်သူများကပင်ပြောပြသော အတွေ့အကြုံ၊ အကြောင်းအရာ ဗဟုသုတများနှင့် သူတို့ရင်တွင်းခံစားချက်များကို -

ယခုကဲ့သို့ တင်ဆက်ပြရခြင်းဖြစ်ပါသည်။

လိုအပ်သောထိုအကြောင်းအရာ ကွက်လပ်လေးများကို ဖြည့်လိုက်ပြီဆိုသည်နှင့် ချစ်သူတို့လျှောက်သောလမ်းကလေး လှပနေပါပြီ။ ကြည်နူးစရာများနှင့်ပြည့်နေပါပြီ။ ချမ်းမြေ့သာယာပျော်ရွှင်နေပါပြီ။

ဤကောင်းခြင်းလေးများနှင့်ပင် ထပ်ဆင့်၍ -

တင်ပြခဲ့သောကုသိုလ်ပြုကုသိုလ်ဆက်ကောင်းခြင်းများကို ပွားများပါလေ။ လစဉ် (သို့) သတိရတိုင်း ဘုရားသို့သွား၍ ကုသိုလ်ဆက်ပါလေ။

စိတ်ချမ်းသာ ပျော်ရွှင်၍ အထစ်အငေါ့မှန်သမျှ ပြေပျောက်သွားပါလိမ့်မည်ဟု -

မေတ္တာစကားပြောကြားရင်း -

ချစ်သူများအတွက် သူရဇ္ဇလက်ဆောင်ပါးလိုက်ရပါသည်။


စိတ်ချမ်းသာ ပျော်ရွှင်ခြင်းနှင့် ပြည့်စုံကြပါစေသတည်း။

ဆရာဦးမောင်မောင်သင့်
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

ကိုးထက်

# နာနာဘာဝစီးသောယာဉ်များ



ဂျိမ်း(စ်)ဒင်း၏ ပိုရှေးဆပိုက်ဒါပြိုင်ကား

ဤလောကမှ အသေဆိုးဖြင့် သေဆုံးသွားခဲ့သည့်တိုင်အောင် မိမိစီးနင်းခဲ့ရာယာဉ်မှ မကျွတ်မလွတ်ဆက်၍ ဝင်ရောက်ခိုခံနေရပါသောနာနာဘာဝကောင်များစွာရှိနေလေသည်။ ယင်းတို့ မခွဲနိုင်မခွာရက်ဖက်တွယ်ထားသည့်ယာဉ်များတွင် မော်တော်ယာဉ်များ ပါဝင်သလို လေယာဉ်ရေယာဉ်များလည်း ပါဝင်ကြသည်။ ဤနာနာဘာဝစီးနေသောယာဉ်များနှင့်ပတ်သက်၍ ယုံသူများရှိသလို မယုံကြည်သူများလည်းရှိသည်။ မည်သို့ပင်ဆိုစေ ယင်းဖြစ်စဉ်များအကြောင်းကား ခေတ်သစ်ယုံတမ်းပုံပြင်များကဲ့သို့ အပျင်းပြေပြောစရာဖြစ်ရပ်များ ဖြစ်ကြသည်မှာ အမှန်ပင်။ ယင်းတို့တွင် ထိပ်တန်းနာမည်အကြီးဆုံးယာဉ်ကား ရုပ်ရှင်မင်းသားချော ဂျိမ်းစ်ဒင်း၏ ပိုရှေးဆပိုက်ဒါပြိုင်ကားပင် ဖြစ်သည်။

ဂျိမ်းစ်ဒင်းသည် သူ့ခေတ်သူ့အခါက ဟောလီဝုဒ်၏ထိပ်တန်းမင်းသားဖြစ်ခဲ့သည်။ ရုပ်ဖြောင့်သည်။ သရုပ်ဆောင်အရည်အသွေးရှိသည်။ သူ့အတွက် အနာဂတ်အလားအလာလှန်းစွာကောင်းနေခဲ့သည်။ ထိုစဉ် ရုတ်ခြည်း အရွယ်ကောင်းချိန်၊ နာမည်ရခါစအချိန်တွင် ရုတ်တရက်သေဆုံးခဲ့ရသည်။ ဂျိမ်းစ်ဒင်းသည် ပြိုင်ကားမှောက်ပြီး သေခဲ့ရသည်။ သူသည် သူ့ပိုရှေး (၅၅၀) ဆပိုက်ဒါကားအား ခွေးမသားလေးဟု ချစ်စနိုးခေါ်ခဲ့သည်။ တိမ်းမှောက်ပျက်စီးသွားခဲ့သော ထိုခွေးမသားလေးကို ၁၉၆၀ ပြည့်နှစ်များကာလ ရုပ်သံစီးရီးဖြစ်သော လင်းနို့လူသားဇာတ်ကားအတွက် လင်းနို့လူသား၏မော်တော်ယာဉ်ကို တည်ဆောက်ပေးခဲ့သလို အခြားနာမည်ကြီးယာဉ်အချို့ကို စိတ်ကြိုက်ပုံစံဖန်တီးထုတ်လုပ်ပြုလုပ်ပေးခဲ့သူ မော်တော်ယာဉ်လုပ်ငန်းရှင် ဂျော့ခ်ဘာရစ်က ဝယ်ယူခဲ့သည်။

ဂျော့ခ်ဘာရစ်သည် စုတ်ပြတ်သတ်နေသော သရုပ်ဆောင် ဂျိမ်းစ်ဒင်း၏ကားကို နှစ်စီးခွဲလိုက်သည်။ တစ်စီးမှာ ပိုရှေးအင်ဂျင်ဟောင်းကို ပြုပြင်ပြန်လည်တပ်ဆင်လိုက်သော လိုတပ်စ်ကိုယ်ထည်နှင့် ကားတစ်စီးဖြစ်ပြီး နောက်တစ်စီးမှာ ရှေးကိုယ်ထည်ဟောင်းကိုပင် ပြန်လည်ထုလုပ်ပြုပြင်ထားသော ယာဉ်တစ်စီးဖြစ်ခဲ့သည်။ ယင်းအပိုင်းသည် မကြာခင်မှာပင် နာမည်ဆိုးဖြင့် ကျော်ကြားလာခဲ့သည်။

ယင်းသည် ထူးထူးဆန်းဆန်း ကြုံတောင့်ကြုံခဲယာဉ်တိုက်မှုများဖြစ်ပွားခဲ့ပြီး တစ်မှုတွင်ဆိုလျှင် လူသေသည်အထိဖြစ်ခဲ့သည်။ ထိုဆန်းဆန်းပြားပြားဖြစ်ချက်အားလုံး လမ်းပေါ်တွင်သော်လည်းကောင်း၊ ကားပြိုင်ပွဲပြေးလမ်းတွင်လည်းကောင်းဖြစ်ပွားခဲ့သည်များ မဟုတ်ချေ။ တစ်ကြိမ်တွင် ကားဂိုဒေါင်ထဲတွင် အလိုလိုမီးထလောင်ခဲ့သည်။ နောက်တစ်ကြိမ်တွင်မူ အလုံပိတ်ကွန်တိန်နာထဲမှပျောက်သွားခဲ့သည်။

ဂျိမ်းစ်ဒင်း၏ သရဲစီးသော ကားဇာတ်လမ်းများ ထင်ရှားခဲ့ပါသော်လည်း ဇာတ်လမ်းအများစုမှာ ဂျော့စ်ဘာရစ်ကိုယ်တိုင်၏ လုပ်ကြံဇာတ်များဖြစ်သည်ဟု ယူဆရသည်။ ဘာရစ်သည် ထိုကားစုတ်မှ အမြတ်ထုတ်လို၍ လူတို့စိတ်ဝင်စားအောင် လုပ်ကြံဖန်တီးသတင်းဖွခဲ့ခြင်းဖြစ်သည်ဟု အချို့ကဆိုသည်။

သို့တိုင်အောင် ဒင်း၏သေဆုံးမှုနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာကောင်းသလို စိတ်ချောက်ချားဖွယ်ရာကောင်းသော အချက်တစ်ချက်လည်းရှိသည်ကို မငြင်းနိုင်ချေ။ သူယာဉ်တိုက်မှုဖြစ်ပြီး သေဆုံးမည့်အကြောင်းကို သူနှင့်လုပ်ဖော်ကိုင်ဖက် ရုပ်ရှင်မင်းသား အဲလက်ဂျီနီစ်က ကြိုတင်ဟောကြားခဲ့သည်ဟုဆိုသည်။ ယာဉ်တိုက်မှုမဖြစ်ခင် ဒင်းက သူ့ကားကို ဘယ်လိုသဘောရသလဲဟု အဲလက်ဂျီနီစ်ကို မေးမြန်းခဲ့သည်ဟု ဆိုသည်။

ဂျီနီစ်က -

"မင်း အဲဒီ ပိုရှေးပေါ် တက်လို့ကတော့ နောက်သီတင်းတစ်ပတ်အတွင်း သေမှာပဲ"

ဟု တုပ်အပ်ပြောခဲ့သည်။

ဂျီနီစ် ထိုသို့ပြောလိုက်ပြီးနောက် ခုနစ်ရက်တိတိအကြာတွင် ဂျိမ်းစ်ဒင်း သေဆုံးခဲ့သည်။

လူပြောသူပြောများထင်ရှားသော အခြားမော်တော်ယာဉ်ကား ဖာဒီနန် မင်းသား၏ကားဖြစ်သည်။ ထိုကားသည် ဖရန့်ဖာဒီနန်လုပ်ကြံခံရစဉ်က စီးနင်းခဲ့သောကား ဖြစ်သည်။

ဥရောပနိုင်ငံများအကြား အခြေအနေတင်းမာမှုတို့၏ နောက်ဆုံး ကျောကော့စေသည့်ရိုက်ချက်ကား ဖရန့်ဖာဒီနန်လုပ်ကြံခံရမှုပင် ဖြစ်သည်။ ယင်းလုပ်ကြံမှုသည် ပထမကမ္ဘာစစ်ကို တာလွှတ်ပေးလိုက်သော သေနတ်ပစ်ချက်ရင်းမြစ်ခံရာဖြစ်လာခဲ့၏။ ထိုလုပ်ကြံသတ်ဖြတ်မှု၏ နိုင်ငံရေးနှင့် သမိုင်းအကျိုးဆက်ကို လူတိုင်းသိသော်လည်း ယင်းနှင့် ပတ်သက် ဆက်နွှယ်နေသော တစ္ဆေဇာတ်လမ်းအကြောင်း လူသိနည်းသည်။ ဂရပ်အင်စတစ်ဖ်မော်တော်ကားကုမ္ပဏီထုတ် ၁၉၁၀ ပြည့်နှစ် ဒဗ်ဘက်ပေတွန်မော်ဒယ်ကားအား ပိုင်ဆိုင်လာသမျှလူတို့ အသေဆိုးပြီး သေခဲ့ကြရသည်။

ဖာဒီနန် အသတ်ခံရပြီးနောက် ၁၂နှစ်ကာလတွင် ထိုကားသည် ပိုင်ရှင် (၁၅) ဦးလက်ပြောင်းခဲ့သည်။ ထိုပိုင်ရှင် (၁၅) ဦးလက်ပြောင်းသည့် (၁၂) နှစ်ကာလတွင် မတော်တဆတိုက်ခိုက်မှု အကြိမ်ကြိမ်ဖြစ်ခဲ့ပြီး လူအသေအပျောက် (၁၃) ယောက်အထိရှိခဲ့သည်။ ကားကို ပိုင်ဆိုင်ခဲ့သော ဩစတြီးယားဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com


တစ်ဦးသည် ရှူးသွပ်သွားခဲ့ပြီး စိတ်ရောဂါကုဆေးရုံတွင် ဘဝကုန်ခဲ့သည်။ ဗိုလ်ကြီးတစ်ဦးဖြစ်ခဲ့သော နောက်ပိုင်ရှင်တစ်ဦးသည် ကားဝယ်ပြီး (၉) ရက်အကြာမှာပင် တောသားနှစ်ဦးနှင့်သစ်ပင်တစ်ပင်ကို ဝင်တိုက်မိပြီး ပိုင်ရှင်ပါသေဆုံးသွားခဲ့သည်။ နောက်ပိုင်ရှင်တစ်ဦးကမူ သူ့ကိုယ်သူသတ်သေသွားခဲ့သည်။

ဖြစ်စဉ်များက ပို၍ဆိုးဝါးလာသည်။ ယူဂိုစလပ်ဘုရင်ခံသည် ထိုမော်တော်ယာဉ်ကို လက်ဝယ်ပိုင်ဆိုင်ထားချိန်တွင် လေးကြိမ်မျှ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီး တစ်ကြိမ်တွင် လက်မောင်းတစ်ဖက်ဖြတ်ပစ်ခဲ့ရသည်။ သူ့မိတ်ဆွေဆရာဝန်က ထိုကျိန်စာသင့်ကားကို စိန်ခေါ်ဝယ်ယူလိုက်ရာတွင် ကားမှာတစ်ပတ်ကျွမ်းပစ်သွားပြီး ဆရာဝန်လည်း ကားအောက်တွင်ပြားသွားခဲ့၏။ ကားကိုဝယ်လိုက်ပြန်သည့် ဆွစ်လူမျိုးပြိုင် ကားမောင်းသမားလည်း အလားတူကံကြမ္မာဆိုးကိုကြုံခဲ့ရသည်။ ထိုကားကိုဝယ်ယူလိုက်သည့် ဆာဘီးရားလယ်သမားတစ်ဦးကား ကားမောင်းခွင့်ပင်မရလိုက်ချေ။ ကားကိုဆွဲယူသွားနေချိန်မှာပင် ကားက သူ့အပေါ်လန်ကျပြီး သူပိပြားသွားခဲ့သည်။

နောက်ဆုံးပိုင်ရှင် ဖြစ်ခဲ့သော ရူမေးနီးယားနိုင်ငံသားကမူ အကုသိုလ်ကို အထွတ်အထိပ်ခံစားရလိုက်သည်။ သူနှင့် သူ့မိတ်ဆွေငါးဦး မင်္ဂလာဆောင်တစ်ခုသို့သွားနေစဉ် မော်တော်ယာဉ်သည် ရုတ်တရက် အထိန်းအကွပ်လွတ်ထွက်ပြီးမှောက်သွားသည်။ ယင်းအပေါ်ပါသူငါးဦးစလုံး သေဆုံးသွားခဲ့သည်။

ယင်းတို့သည်ကား ဤကားနှင့်ပတ်သက်၍ ဆိုရိုးဇာတ်လမ်းများပင်ဖြစ်သည်။ ဟုတ်သည်၊ မဟုတ်သည် တိုက်ဆိုင်မှုများသက်သက်လား မည်သူမျှတပ်အပ်မပြောနိုင်ချေ။ မည်သို့ပင်ဆိုစေ ထိုမရဏအရိပ်လွှမ်းနေသော မော်တော်ကားသည် ယခုအချိန်တွင် သြစတြီးယားနိုင်ငံရှိ ပြတိုက်တစ်ခုတွင် ငြိမ်သက်စွာ တည်နေသည်ဟုပင် ဆိုရမည်။

လန်ဒန်မြို့မှ နှစ်ထပ်ဘတ်စ်ကားယာဉ်၏ဖြစ်စဉ်သည်လည်း စဉ်းစားစရာသဘာဝလွန်ဖြစ်ရပ်ဟု ဆိုရပါမည်။ ၁၉၃၄ခုနှစ်တွင် လန်ဒန်မြို့မှယာဉ်မောင်းတစ်ဦးသည် ကမ်ဘရစ်ချ်ဂါးဒင်းလမ်းအတိုင်း ကားမောင်းလာစဉ် ရုတ်တရက်ကားကိုဘေးသို့ဆွဲချလိုက်ခဲ့သည်။ သူ့



ပြတိုက်တွင် ပြသထားသည့် မရဏအရိပ်လွှမ်းနေသော ဖာဒီနန်မင်းသား၏ကား



နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် ရုတ်တရက်ပေါ်ထွက်လာတတ်သော နှစ်ထပ်ဘတ်(စ်)ကားတစ္ဆေ

ကားက အုတ်တံတိုင်းတစ်ခုကိုဝင်တိုက်ပြီး ပေါက်ကွဲမီးလောင်သွားသောကြောင့် သူလည်း ပက်ပက်စက်စက်အသေဆိုးဖြင့် သေသွားခဲ့ရသည်။ မည်သည့်အတွက်ကြောင့် သူထိုသို့ကားကိုလမ်းဘေးဆွဲချလိုက်ကြောင်း မသိနိုင်ပါသော်လည်း ဖြစ်နိုင်ခြေကို ထောက်ပြသက်သေထွက်ခဲ့သောသူအများအပြားပေါ်ခဲ့သည်။ သူတို့ထောက်ပြခဲ့သောတရားခံမှာ လန်ဒန်မြို့မှ တစ္ဆေဘတ်စ်ကားပင်ဖြစ်သည်။

၁၉၃၀ပြည့်နှစ်များမှသည် ၁၉၉၀ ပြည့်နှစ်များကာလအတွင်းတွင် လန်ဒန်သူလန်ဒန်သားအများအပြားက မြင်ဖူးပါသည်ဟု တပ်အပ်သက်သေထွက်ပြောကြသော၊ တစ်နည်းရည်ညွှန်းကြသော ဘတ်စ်ကားမှာ လန်ဒန်မြို့တွင် ပြေးဆွဲနေကျ အနီရောင်ကိုယ်ထည်နှင့် နှစ်ထပ်ဘတ်စ်ကားဖြစ်သည်။ ယင်းတွင် အမှတ် (၇) လိုင်းဟု ဆိုင်းဘုတ်ပါသည် ဟုဆိုသည်။

ယင်းကားသည် အမြဲတစေပင် မနက် (၁) နာရီမှ (၁၅) မိနစ်ခန့်တွင် နေရာတစ်နေရာမှ ပေါ်ထွက်လာပြီး ယာဉ်မောင်းများ အထိတ်တလန့်ဖြစ်အောင် မျက်နှာချင်းဆိုင် အရှိန်ကုန်မောင်းဝင်လာတတ်သည်ဟု ဆိုသည်။ ယင်းကား၏မီးရောင်များမည်သည့်အခါမျှဖွင့်ထားခြင်းမရှိသလို ယာဉ်မောင်းကိုလည်း မမြင်ရဟုဆိုသည်။ ယင်းကို ကြုံတွေ့ရသည့်ဒရိုင်ဘာများက အထိတ်တလန့် လက်မတင်လေး ရှောင်တိမ်းလွတ်မြောက်၍ နောက်ပြန်လှည့်ကြည့်လိုက်လျှင်လည်း မည်သည့်ဘတ်စ်ကားကိုမှ မြင်ရ၊ တွေ့ရ ကြားရလေ့မရှိချေ။

အံ့ဖွယ်ထူးဆန်းစွာကြုံတွေ့ကြရသော နှစ်ထပ်ဘတ်စ်ကားတစ္ဆေဟုပင် ဆိုရမည်လားမသိတော့ချေ။

တိုးဟန်



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံလှ (B.Sc)

**ဖေဖော်ဝါရီလ ၁ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့် အရဟံ အောင်သိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၃ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဗိနော (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၄ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ဗေဒါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၅ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ သံယာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၆ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၇ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်ကအပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ မမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၈ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၉ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၀ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်ကအပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ



www.burmeseclassic.com

www.burmeseclassic.com

အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၁၁ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၁၂ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၁၃ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၁၄ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်စေမြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၁၆ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၁၇ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၁၈ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၁၉ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၂၀ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သားက တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၂၁ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန်အတွက် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၂၃ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၂၄ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၂၅ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၂၆ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၂၇ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဖေဖော်ဝါရီလ ၂၈ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)

www.burmeseclassic.com

မြည့်သိန်းကျော်

# ကံမြင့်ကြောင်း အစီအရင်

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး မုန့်ပေါင်းစုံဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကိုခုတ်မရိုက်ပါနှင့်။ စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်စတိပက်ဖျန်းပြီး စနေနာမည်ရှင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အိမ်နှင့်နီးသော ဘုရားစေတီတစ်ဆူသို့ လမ်းလျှောက်သွားပြီး ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသကို ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ယခုတစ်လလုံး မေတ္တသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - နေ့စဉ် သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်က လျှော့ပေးလိုက်ပါ။
**ကျန်းမာရေး** - တန်ခိုးကြီးဘုရားစေတီသို့သွား၍ ရွှေသင်္ကန်းများကပ်လှူပါ။
**ထီကံကောင်းလိုသူများ** - ဘုရားဖူးခရီးသွားရင်းဖြစ်စေ၊ ဘုရားဖူးသွားမည့်လူကြုံနှင့်ဖြစ်စေ ထီထိုးလာပါ။ ကြိုက်ရာထိုးလာပါစေ။ ကံကောင်းပါမည်။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် ရွှေရောင်ပစ္စည်းအကျိုးအပျက်များကို ရှင်းလင်းစွန့်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာ အစာကျွေးပါ။
**ကျန်းမာရေး** - ငါးအရှင်လေးများကို ဈေးမဆစ်ဘဲ တစ်နိုင်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသောထီကားများတွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီ အစချီသောဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိ မကြာခဏရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား (၃) ဆူ တစ်နေ့တည်းလှည့်၍ ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသင်္ဂါသတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်လေးများမဝတ်ပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနိုင်သလောက်ထိုးထားပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသနေ့စဉ်ရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမညွန့်လက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျီးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာ'နံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံ (၅) မျိုး ကပ်လှူပူဇော်ပြီး အမိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ရွှေရောင်ပစ္စည်းအကျိုးအပဲ့များရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များတွင်လှည်းရန် တံမြက်စည်းများ နိုင်သလောက်လှူပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အမည်းရောင်ပစ္စည်းမပေးပါနှင့်။
**ကျန်းမာရေး** - ဆင်းရဲနွမ်းပါးသောဒုက္ခိတများကို ဆေးဝါး၊ ငွေကြေး၊ မာတ်စာလှူပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသောထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်၊ ငွေကြေးများစွာလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'စနေ'နံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ၂၄-ပစ္စည်းကို နေ့စဉ် ဗြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်လေးများဝတ်မသွားပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံထိဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အမြဲဒ္ဒါန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီး စနေနာမည်ရှင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'စနေ'နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အမြဲဒ္ဒါန် ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အလှပြင်ပစ္စည်းအဟောင်းများ၊ စက်ပစ္စည်းအစုတ်များရှင်းလင်း စွန့်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ဂြိုဟ်သက်အလိုက် ရေသပ္ပာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျိုး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - လေထိထားသောဝေဒနာရှင်များကို တတ်နိုင်သမျှ ဆေးဝါး၊ ငွေ၊ ဓာတ်စာလှူပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ နိုင်သလောက် ရွေးချယ်ကံစမ်းထားပါ။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမြဲဒ္ဒါန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - နံနက်ဝေလီဝေလင်း အိပ်ရာမှထ၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသကို (၉) ရက် ဆက်ရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တစ်နေကုန် သန့်ရှင်းရေးပြုလုပ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - 'စနေ'နံ ဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ အရဟံသိဒ္ဓိကို မညောင်းမချင်းစိပ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်၊ အမည်းရောင်လေးများ ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး၊ သုံးဘီးဆိုင်ကယ်တို့နှင့်ရောင်းသော ထီသည်ထံမှာ (၅) အစ၊ (၃)အဆုံး ထီလက်မှတ်များနှင့် ကံစပ်နေပါသည်။

ယခုလတွင် -
အင်္ဂါ-တနင်္လာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုကျင့်ကြံ ရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများစွာကိုရယူပါ။
စံခို၊ ဇင်ကြိုင်၊ ညိုကောင်း။

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းဇော်

www.burmeseclassic.com


၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

ဆရာဦးမောင်မောင်သန်း

(ရစ်ဆိုဖေအေးမြဲဖေဆ၊ဝး)

# ခုနစ်ရက်သားသမီး

## ဟောကိန်း



**တနင်္ဂနွေသားသမီးများ**

ဒီအောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီအထောက်အပံ့များရရှိပါလိမ့်မည်။ (၂) ဂဏန်း လုံးဝအကျိုးမပေးသဖြင့် ရှောင်လိုက်ပါ။ ရွှေဝင်လာပြီး ပြန်ထွက်သွားတတ်၍ မိသားစုထဲမှတစ်ဦးဦးကိုဆင်ပေးလိုက်ပါ။ ငွေကြေးအပေးအယူကိစ္စများ သတိထားပါ။ အရှုပ်အရှင်းဖြစ်တတ်သည်။ လုပ်ငန်းခွင်အတွင်း အပြိုင်အဆိုင်၊ အတိုက်အခံများပေါ် တတ်ပါသည်။ စိတ်မတိုပါနှင့်။ မာနကြီးခြင်း၊ မောက်မာခြင်းများဆင်ခြင်ရပါမည်။ ကျန်းမာရေးကောင်းမည်။ ကိုယ်နှင့်မတည့်သော အစားအသောက်များ သာရှောင်လိုက်ပါ။ မိသားစုစိတ်ချမ်းသာမှုရှိစေရန်ဆူဆူပူပူမဖြစ်ပါစေနှင့်။ ပညာရေးကောင်းလာပါလိမ့်မည်။ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားပါ။ သင်တန်းများတက်ရတတ်သည်။ အလုပ်ခွင်စာမေးပွဲများအောင်မည်။ ပဋ္ဌာန်းပူဇော်ပွဲကြီးများနှင့်ကြုံ၍ ပူဇော်ခွင့်ရတိုင်းပူဇော်ပါ။ လှူပါ။ မေတ္တာသုတ်များများရွတ်ပြီး မေတ္တာပွားများပါ။ ချစ်တတ်သူများ ပြဿနာဖြစ်စေမည့်စကားဟောင်းများ ပြန်လည်မပြောမိပါစေနှင့်။ ခိုလေးများကို မကြာမကြာအစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိပါလိမ့်မည်။ ဒိဝါတတိဂါထာကို နေ့စဉ် ပုတီး (၂) ပတ်၊ (၃) ပတ်စိပ်ပါ။ ထစ်ငေါ့နေသော ငွေကြေးကိစ္စများ ပြေလည်လာပါလိမ့်မည်။ ထီထိုးမည်ဆိုပါက တနင်္ဂနွေနံထိဆိုင်တွင် (၇၊ ၅၊ ၁၊ ၄) ဂဏန်းများနှင့် ကံစပ်နေပါသည်။

ယတြာ။ ။ *နီးရာဘုရားစေတီသို့ လမ်းလျှောက်သွားပါ။ ဘုရားမှာ (၁) နာရီလောက် တံမြက်စည်းလှည်း၊ သန့်ရှင်းရေး လုပ်ပါ။*



www.burmeseclassic.com

www.burmeseclassic.com

**တနင်္လာသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် သောကြာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အောင်မြင်ပါလိမ့်မည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရွှေထည်ပစ္စည်း အဟောင်း၊ စက်အဟောင်းများမဝင်ပါစေနှင့်။ အိမ်ထဲရှိ ရွှေရောင်ပစ္စည်းအကျိုးအပဲ့များ၊ အင်းပျက်၊ အဆောင်ပျက်များ စွန့်ထုတ်ပစ်လိုက်ပါ။ ငွေဝင်နေပါသော်လည်း ကြံဖန်ပြီးအကုန်အကျများနေတတ်သည်။ မကြာခဏစိတ်တိုစရာကိစ္စများကြုံ တတ်သည်။ စီးပွားရေးအတွက် စိတ်မညစ်ရဘဲ လူမှုရေးကိစ္စများကြောင့် စိတ်ညစ်ရတတ်ပါသည်။ အခက်အခဲကြုံတိုင်း မေတ္တာ သုတ်နှင့် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတို့ကို အမြဲဒ္ဓာန်ဝင်ပြီးရွတ်ပါ။ အဆင်ပြေလာပါလိမ့်မည်။ ကျန်းမာရေးကောင်းနေပါမည်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ အစားကိုအချိန်နှင့်စားပါ။ လွန်ကဲစွာအဆာမခံပါနှင့်။ လိုအပ်ပါက ဗောဇ္ဈင်္ဂသုတ်ရွတ်ပါ။ ဘုရားဖူးခရီးများ၊ အလည်အပတ်ခရီးများထွက်ဖြစ်မည်။ လောင်းကစားကိစ္စများရှောင်ပါ။ ပညာရေးကံများကောင်းမည်။ လုပ်ငန်းခွင်အတွင်းရှိသူများ ရာထူးတိုးပါတော့မည်။ ချစ်တတ်သူများ စိတ်ချမ်းသာရပါမည်။ ပျော်ရွှင်ဖွယ်ရာနေ့ရက်များ ဖြစ်ပါသည်။ မမျှော်လင့်ဘဲ ချစ်အဖြေရတတ်ပါသည်။ ထီထိုးမည်ဆိုပါက ခရီးသွားရင်း လမ်းမှာ ထီဆိုင်တွေ့ပါက စဉ်းစား မနေဘဲ ချက်ချင်းပြေးထိုးလိုက်ပါ။ ကံကောင်းတတ်ပါသည်။

ယတြာ။ ။ *ဘုရားရှင်အား ပန်းပေါင်းစုံ (၆) မျိုးနှင့်ပူဇော်ပါ။*

**အင်္ဂါသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ သောကြာ နာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ကူညီပံ့ပိုးမှုများရရှိပါလိမ့်မည်။ (၁) ဂဏန်း အကျိုးမပေး၍ ရှောင်လိုက်ပါ။ အတူ နေညီအစ်ကိုမောင်နှမများ၊ မိသားစုဝင်များနှင့် စိတ်အခန့်မသင့်ဖြစ်တတ်ပါသည်။ အင်းပျက်၊ အဆောင်ပျက်၊ ရွှေရောင်ပစ္စည်း အကျိုးအပဲ့များရှိနေလျှင် စွန့်ပစ်လိုက်ပါ။ မိမိမွေးနေ့တွင် အသားစားရှောင်ပြီး ကုသိုလ်ကောင်းမှုတစ်ခုခုကိုဆောင်ရွက်ပါ။ ဘာသာရေးကျင့်ကြံအားထုတ်မှုများ မမေ့မလျော့ဆောင်ရွက်ပါ။ အညံ့များကင်းစင်သွားပါမည်။ ကျန်းမာရေးစိုးရိမ်စရာမရှိ ပါ။ အချိန်မှန်အိပ်၊ အချိန်မှန်စား၍ အာရုံကြောများခဏခဏအနားပေးပါ။ ပညာရေးကံများကောင်းနေပါသည်။ ပိုမိုမြင့်မား သောပညာရပ်များသင်ကြားခွင့်ရတတ်သည်။ အလုပ်အကိုင်ရှာဖွေနေသူများ အဆင်ပြေသလို အလုပ်စဝင်လိုက်ပါ။ နောက်ပိုင်း တိုးတက်လာပါလိမ့်မည်။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာကို အမြဲဒ္ဓာန်ပုတီးစိပ်ပါ။ ချစ်တတ်သူများ စကားပြောရင်း အမှားပါသွားတတ်ပြီး 'ကတောက်ကဆဖြစ်ရတတ်၍ သတိထားပါ။ မေတ္တာသုတ်ကို နေ့စဉ်ရွတ်ပြီး မေတ္တာပွားပါ။ ပဋ္ဌာန်း ဥဒ္ဒေသနိဒ္ဒေသတော်ကို အချိန်ယူ၍ ရွတ်ဖတ်ပူဇော်ပါ။ ထီဝါသနာပါသူများ စနေနံထီဆိုင်တွင် (၇၊ ၅၊ ၃၊ ၆) ဂဏန်းများ ပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ။ ။ *ဘုရားရှင်အား ပန်းပေါင်းစုံ (၇) မျိုးနှင့် ပူဇော်ပါ။*

**ဗုဒ္ဓဟူးသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ တနင်္လာနာမည်ရှင်များတိုင်ပင်ဆောင်ရွက်ပါ။ မည်သည့်ကိစ္စမဆို ကိုယ့်စကားမအောင်သောကာလဖြစ်၍ စကားပြောဆင်ခြင် ရပါမည်။ ငွေကြေးကိစ္စများတွင် ကြားဝင်မပါ,ပါနှင့်။ ငွေဝင်နေသော်လည်း အကုန်အကျများနေမည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ခွေးလေးများ၊ ငှက်လေးများကို အမြဲလိုလိုအစာကျွေးပါ။ ကျန်းမာကောင်းနေသော်လည်း စိတ်ဖိစီးမှုများခြင်း၊ မကြာခဏစိတ်တိုစရာကိစ္စများနှင့် ကြုံတွေ့နေရခြင်းများရှိတတ်ပါသည်။ အာရုံကြောများခဏခဏအနားပေးပါ။ ပညာသင် နေသူများ ပညာရေးကံများ အလွန်ကောင်းနေပါသည်။ ရည်မှန်းချက်ပန်းတိုင်ရောက်မည်။ တန်ဖိုးကြီးမားသော ပညာရပ်များ သင်ကြားခွင့်ရမည်။ လုပ်ငန်းခွင်တွင်းရှိသူများ သင်တန်းများတက်ရန် ရွေးချယ်စေလွှတ်ခြင်းခံရပါမည်။ တန်ခိုးကြီးဘုရားများ ဖူးမြော်ရမည်။ ချစ်တတ်သူများ ပျော်ရွှင်စရာနေ့ရက်များ ဖြစ်ပါသည်။ စကားငြင်းခုံခြင်းတွေရှောင်လိုက်ပါ။ ထီဝါသနာရှင် များအတွက် ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယတြာ။ ။ *ဘုရားရှင်အား မုန့်လုံးရေပေါ်များနှင့် ကပ်လှူပူဇော်ပါ။*



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး လူမှုရေး ပညာရေး ကျန်းမာရေး စသောကိစ္စများအတွက် စနေနာမည်ရှင် အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ဥပဒေနှင့်ဆန့်ကျင်၍ ဒုစရိုက်ပြုလုပ်ရန်ဝန်မလေးသူများနှင့် သွားအတူလာအတူ [illegible] သမ္မရှောင်ပါ။ အစစအရာရာထိန်းချုပ်ပါ။ သည်းခံပါ။ လှူတာစွန့်ကြဲတာတွေလည်း [illegible] နှိမ့်ချခြင်း၊ ငြိမ်းချမ်းခြင်းများဖြင့် အကောင်းဆုံး အောင်မြင်တတ်ပါသည်။ ကျန်းမာရေးကောင်းမည်။ [illegible] လွန်စွာအဆာခံခြင်း၊ လွန်စွာအိပ်ရေးပျက်ခံခြင်းများမဖြစ်ပါစေနှင့်။ ပညာရေးကံများကောင်းမည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ လုပ်ငန်းခွင်စာမေးပွဲဖြေဆိုရသူများ အောင်မြင်ပါလိမ့်မည်။ ပညာတော်သင် [illegible] ထွက်ခွာဖြစ်မည်။ ချစ်တတ်သူများ စကားအချေအတင်ခဏခဏမပြောပါနှင့်။ စိတ်လျှော့ပါ။ [illegible] အစာကျွေးပါ။ စိတ်ချမ်းသာမှုရှိလာပါမည်။ အာမခံတာတွေသတိထားပါ။ ကိုယ့်ကိုပြန်ပတ်တတ်ပါသည်။ [illegible] စနေနံ့ထီဆိုင်တွင် (၇၊ ၆၊ ၃၊ ၂) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ။ ။ *လေထိထားသောဝေဒနာရှင်များကို [illegible]*

**သောကြာသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကျန်းမာရေး [illegible] ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ ကူညီပါလိမ့်မည်။ [illegible] ဆောက်ပံ့ကူညီမှုရရှိမည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မည်သူကိုမှ အာမမခံပါနှင့်။ [illegible] ဖြစ်တတ်ပါသည်။ အချိန်ရတိုင်း ဂုဏ်တော်တွေပွားနေပါ။ အပျော်အပါးလျှော့ပါ။ [illegible] ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သော အစားအသောက်များ [illegible] လေးများကို အစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။ ပညာရေးကံများအောင်မြင်[illegible] တစ်ခုတက်ရပြီး အောင်မြင်ပါမည်။ အပျော်အပါးလျှော့ပါ။ [illegible] ရတတ်ပါသည်။ ချစ်တတ်သူများ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိပေးရပါမည်။ [illegible] အဆင်မပြေဖြစ်နေပါက ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။ စိတ်ချမ်းသာမှုရှိလာပါမည်။ [illegible] ကြာသပတေးနံ့ထီဆိုင် (၂) ဆိုင်ခွဲထိုးပါ။ (၅) ဂဏန်းများစွာပါအောင်ရွေးပါ။

ယတြာ။ ။ *ပဋ္ဌာန်းဥဒ္ဒေသနီဒ္ဒေသတော်ကို နေ့စဉ်ရွတ်ဖတ်ပူဇော်ပါ။*

**စနေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် အင်္ဂါနာမည်ရှင် [illegible] နာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေကြေးကိစ္စများ [illegible] စေရန် ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ အလုပ်ထဲတွင် မပျော်ရွှင်ဘဲ ဖိအားတွေများလွန်းပြီး စိတ်[illegible] နေတတ်ပါသည်။ အိမ်မှ လမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့သွား၍ ရင်ပြင်တော် [illegible] အမှိုက်များကောက်ပါ။ အဆင်ပြေလာပါလိမ့်မည်။ အများနှင့်ဆိုင်သောငွေရေးကြေးရေးကိစ္စများကိုင်ထားရသူဖြစ်ပါက [illegible] ဇယားများ အထူးဂရုစိုက်ပါ။ စာရင်းမှားခြင်း၊ စာရင်းတွေကွာခြင်း၊ စိုက်ရခြင်းများ ဖြစ်တတ်ပါသည်။ ကျန်းမာရေးအတွက် စားချိန်၊ အိပ်ချိန်မှန်အောင် ဂရုစိုက်ပါ။ ရင်၊ ဝမ်းနှင့်ဆိုင်သောကျန်းမာရေးဂရုစိုက်ပေးပါ။ အာရုံကြောများမကြာခဏအနားပေးပါ။ ပညာရေးကောင်းပါသည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ ချစ်တတ်သူများလည်း အဆင်ပြေနေစေရန် တစ်ယောက်နှင့်တစ်ယောက် နိမ်သလိုဖြစ်သွားစေနိုင်သောစကားများဆင်ခြင်ပါ။ ခိုစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိလာပါမည်။ ထီထိုးမည်ဆိုပါက စက်ဘီး၊ သုံးဘီးဆိုင်ကယ်တို့နှင့် လှည့်လည်ရောင်းချနေသောထီသည်များထံတွင် (၃) ဂဏန်း များစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။ မမျှော်လင့်ဘဲ ထီပေါက်တတ်ပါသည်။

ယတြာ။ ။ *တစ်နေ့တည်း ဘုရား (၃) ဆူပြည့်အောင်သွား၍ ဘုရားရှိခိုးပါ။ ဘုရားတိုင်းရှိ ရှပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၃) တိုင်စီ ထွန်းညှိပူဇော်ပါ။*

ရ င် ကို ဗေ ဒ ါး မြ ဝေ ဒ သ ါ း
**ဆရာဦးမောင်မောင်သန်း**
အမှတ် (၈၂) ကုန်းဘောင်(၁၀)လမ်း။ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်



www.burmeseclassic.com